မာတိကာသို့ ▶▶▶



- မြန်မာအဘိဓာန်ဟူသည်
မြန်မာဝေါဟာရတို့ကို အက္ခရာစဉ်၍
မြန်မာဘာသာဖြင့် အနက်အဓိပ္ပာယ်ဖွင့်ပေးသော
ကျမ်းဖြစ်သည်။

- မြန်မာစာအဖွဲ့သည်
မြန်မာအဘိဓာန်(အကျဉ်းချုပ်) ၅ တွဲကို
ဦးစွာထုတ်ဝေပြီးနောက်
တစ်အုပ်တည်းတွင် က မှ အ အထိ
အက္ခရာအားလုံးပါဝင်သော
မြန်မာအဘိဓာန်ကို ပြုစု၍
၁၉၉၁ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။

- ယင်းအဘိဓာန်ကို
ခေတ်နှင့်အညီမွမ်းမံပြင်ဆင်ကာ
ဤခရီးဆောင်မြန်မာအဘိဓာန်ကို
ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။

http://www.lknt11.com ...

စာမူခွင့်ပြုချက်အမှတ် ၆၅၄/၉၉(၈)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၅၄၄/၉၉) (၉)

ပထမအကြိမ် ပုံနှိပ်ခြင်း

၁၉၉၉ ခုနှစ်၊ စက်တင်ဘာလ

အုပ်ရေ - ၅၀၀၀

ထုတ်ဝေသူ

ဦးစံလွင်

ညွှန်ကြားရေးမှူးချုပ်

မြန်မာစာအဖွဲ့ဦးစီးဌာန

၂၇၊ ပြည်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ

ဦးမြင့်သူ

ဥက္ကာကျော်ပုံနှိပ်တိုက်

၅၆ (က)၊ အင်းလျားလမ်း၊ ရန်ကုန်။

ကွန်ပျူတာစာစီ

မြန်ကွန်စာပေအကျိုးဆောင်လုပ်ငန်း

မာတိကာသို့ ▶▶▶

ခရီးဆောင်မြန်မာအဘိဓာန်

မာတိကာ

၁။	ထုတ်ဝေသူ၏အမှာ	.... က
၂။	အသုံးပြုပုံ	.... ခ
၃။	အတိုကောက်	.... ဂ
၄။	အက္ခရာစဉ်ဇယား	.... ဃ
၅။	အဘိဓာန်(စာကိုယ်)	.... ၁ - ၃၉၆
၆။	နောက်ဆက်တွဲ	.... ၃၉၇ - ၄၀၂

ထုတ်ဝေသူ၏အမှာ

မြန်မာလို ပြောဆိုရာတွင်ဖြစ်စေ၊ မြန်မာစာရေးသားရာတွင်ဖြစ်စေ မိမိဆိုလိုရင်းကို မှန်ကန်တိကျစွာနှင့် ထိထိမိမိ ပြောဆိုရေးသားခြင်းဖြင့် ဆက်သွယ်မှုအရာ ရောက်စေသကဲ့သို့ အမျိုးသားစာပေ တည်တံ့နိုင်မှာရေးကိုလည်း လက်တွေ့အကျိုးပြုရာ ရောက်ပေသည်။ မြန်မာဝေါဟာရတို့၏ အသံထွက်၊ စာလုံးပေါင်းသတ်ပုံ၊ အနက်အဓိပ္ပာယ်တို့ကို အလွယ်တကူ ရှာဖွေလေ့လာရည်ညွှန်း အသုံးပြုနိုင်စေရန် ရည်သန်၍ ဤအဘိဓာန်ကို ပြုစုခဲ့ပါသည်။ မြန်မာစာအဖွဲ့က ပြုစုထုတ်ဝေပြီးဖြစ်သော မြန်မာအဘိဓာန်များ၊ မြန်မာသဒ္ဒါ၊ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း၊ မြန်မာ-အင်္ဂလိပ်အဘိဓာန် စသည်တို့နှင့် ညှိနှိုင်းတိုက်ဆိုင်ကာ လက်တွေ့ အသုံးပြုရာတွင် အများဆုံး အသုံးဝင်မည်ဟု ခန့်မှန်းရသော ဝေါဟာရ တစ်သောင်းရှစ်ထောင်ကျော်ကို ရွေးနုတ်၍ ဤအဘိဓာန်တွင် ထည့်သွင်းထားပါသည်။ ပေါ့ပေါ့ပါးပါး နေရာမရွေး ယူဆောင်အသုံးပြုနိုင်ရန်အတွက် လည်းကောင်း၊ မြန်မာစာကို တန်ဖိုးထား လေ့လာလိုသူများထံ တတ်နိုင်သရွေ့ စေ့ငအောင် ဖြန့်ဖြူးနိုင်ရေးကို ရည်မှန်း၍ လည်းကောင်း စာအုပ် အရွယ်အစားကို အဖိုးနည်းဝန်ပါဖြစ်မည့် ပုံစံဖြင့် ထုတ်ဝေပါသည်။ မြန်မာစကား၊ မြန်မာစာပေ ဖြစ်စဉ်တစ်လျှောက် အခါအခွင့် ပေါ်ပေါက်သည့်အားလျော်စွာ အခြားသော ဘာသာစာပေတို့မှ ကူးဝင်လာသော ဝေါဟာရများတွင်လည်း အရင်းအမြစ်ဖြစ်သော ဘာသာစကားနှင့် သက်ဆိုင်ရာပုဒ်တို့ကို ဖော်ပြပါသည်။ သို့ဖြစ်၍ အလုံအထည်အားဖြင့် ဤအဘိဓာန်သည် ငယ်သော်ငြားလည်း အသုံးပြုသူတို့ လိုအပ်ရာအချက်အလက်များ ရှာဖွေရရှိနိုင်ရန် ကြိုးပမ်းပြုစုထားသော အဘိဓာန် ဖြစ်ပါသည်။

ဤအဘိဓာန် ဖြစ်မြောက်ရေးအတွက် ကြပ်မတ် စိစစ်မွမ်းမံပေးခဲ့ကြသော မြန်မာစာအဖွဲ့ဝင် ဆရာကြီး ဆရာမကြီးများအားလည်းကောင်း၊ တာဝန်ခံဆောင်ရွက်ခဲ့သော မြန်မာအဘိဓာန်ဌာန စာတည်းမှူး ဦးဆန်းမောင်အား လည်းကောင်း ကျေးဇူးတင်ရှိကြောင်း ဖော်ပြမှတ်တမ်းတင် ပါသည်။

(စံလွင်)
ညွှန်ကြားရေးမှူးချုပ်
မြန်မာစာအဖွဲ့ဦးစီးဌာန

အသံထွက်လမ်းညွှန်

၁။ အသံထွက်ဖော်ပြရာ၌ အောက်ပါ အသံထွက်ပြဗျည်းများကို အသုံးပြုသည်။

က	ခ	ဂ	င	ပ	ဖ	ဗ	မ
စ	ဆ	ဇ	ည	ယ	ရ'	လ	ဝ
တ	ထ	ဒ	န	သ	သ႒	ဟ	ဟ႗

ရှင်းလင်းချက်

ရ' = 'ပရိဘောဂ'တွင်ပါသော 'ရ'သံကဲ့သို့ လျှာလိပ်သံဆိုရန်

သ႒ = 'သတိ'၊ 'သတင်း'တို့တွင်ပါသော 'သ'သံကဲ့သို့ဆိုရန်

ဟ႗ = 'မောင်ဘရေ' ဟု ခေါ်လိုက်သောအခါ 'မေး'ဟု ပြန်ထူးသံတွင် ပါသည့် 'ဟ' သံကဲ့သို့ ဆိုရန်

၂။ သရသံများကို အောက်ပါအတိုင်း ပြသည်။

အ႒ = 'လူနံ့လူအ'၊ 'ဒုဂါးအသည်'တို့တွင် ပါသော 'အ'သံကဲ့သို့ အသံပြည့်ထွက်သော အသံမျိုး အတွက် ပြသည်။

သာဓက။ ။ ကပြား/ကာ့များ/ စား/ စဲ့စား/

အ = 'အပြော'၊ 'အဆို'တို့တွင်ပါသော 'အ'သံကဲ့သို့ အသံတစ်ဝက်ထွက်သော အသံမျိုးအတွက် ပြသည်။

သာဓက။ ။ ကစား/ ဂစား/ ခပါး/ ခစား/

-င် = 'အင်၊ အဉ်' သံအတွက် ပြသည်။

-တ် = 'အတ်၊ အပ်' 'အိတ်၊ အိပ်' 'အုတ်၊ အုပ်' သံတို့အတွက် ပြသည်။ ('ကီလိုဝပ်'သံကဲ့သို့ ပသတ်(ပ်)သံ ထင်ရှားထွက်လျှင် ပသတ်(ပ်) ဖြင့်သာ ပြသည်။)

-န် = 'အံ၊ အန်၊ အမ်'၊ 'အိန်၊ အိမ်'၊ 'အုံ၊ အုန်၊ အုမ်'သံတို့အတွက် ပြသည်။ ('မြူစွမ်'ကဲ့သို့ မသတ်(မ်)သံ ထင်ရှားထွက်လျှင် မသတ်(မ်)ဖြင့်သာ ပြသည်။

၃။ ယပင့်၊ ရရစ်သံတို့ကို အပင့် (ျ)ဖြင့်သာ ပြသည်။

၄။ ရေးထားသည့်အတိုင်း အသံထွက်သော တည်ပုဒ်တို့၌ အသံထွက် မဖော်ပြပါ။

၅။ ရေးထားသည့်အတိုင်းမဟုတ်ဘဲ ပြောင်းလဲ၍ အသံထွက်ရသော တည်ပုဒ်တို့၌ အသံထွက် ဖော်ပြပါသည်။

မှတ်ချက် (၁)။ ။ အသံပြည့်၊ အသံဝက် ထွက်သော အက္ခရာနှင့်ပတ်သက်၍ အသံပြည့် ထွက်သော အက္ခရာမျိုးပါဝင်သည့် တည်ပုဒ်၌သာ အသံထွက် ဖော်ပြပါသည်။

မှတ်ချက် (၂)။ ။ 'ယ' သံ၊ 'ရ'သံ (လျှာလိပ်သံ)နှင့်ပတ်သက်၍ လျှာလိပ်သံထွက်သော တည်ပုဒ်၌သာ အသံထွက် ဖော်ပြသည်။

၆။ ဦ၊ ဿ စသည်ပါသော ပုဒ်များနှင့် ပါဠိဆင့်များကို အသံထွက်ရခက်ဖွယ်ရှိလျှင် အသံထွက် ဖော်ပြပါသည်။

၇။ သံတူကြောင်းကွဲပုဒ်များ၌ အထက်တည်ပုဒ်တစ်ခု၌သာ အသံထွက် ဖော်ပြသည်။ / သင်္ကေတနေရာတွင် အထက်တည်ပုဒ် အတိုင်း အသံထွက်ရန် ဖြစ်သည်။

၈။ အချို့ အထက်အောက် တည်ပုဒ်အစဉ်၌ အသံတူပါရှိလျှင် ၎င်းအသံတူကို အောက်တည်ပုဒ်၌ မြှုပ်ချန်ထားပါသည်။ –သင်္ကေတတွင် မြှုပ်ချန်ထားသော အသံတူကို ထည့်၍ ထွက်ဆိုရန် ဖြစ်သည်။

အတိုကောက်

ကချင်	ကချင်စကား
ကဗျာ	ကဗျာသုံး
ကျမ်းဂန်	ကျမ်းဂန်သုံး
ကြိ	ကြိယာ
ကြိဝိ	ကြိယာဝိသေသန
ခေတ်ကုန်	ခေတ်ကုန်ဝေါဟာရ
ခြင်း	ခြင်းလုံးဝေါဟာရ
ဂီတ	ဂီတပညာရပ်သုံး
ဂျပန်	ဂျပန်စကား
ဂျိန်ဖော	ဂျိန်ဖောစကား
စပိန်	စပိန်စကား
စာပေ	စာပေပညာရပ်သုံး
စည်း	ပစ္စည်း
ဇီဝ	ဇီဝဗေဒသုံး
တမီလ်	တမီလ်စကား
တရုတ်	တရုတ်စကား
ထောင်	ထောင်သုံး
ထိုင်း	ထိုင်းစကား
ဒဿ	ဒဿနိကသုံး
ဒပ်ချ်	ဒပ်ချ်စကား
ဓာတု	ဓာတုဗေဒသုံး
ဓမ္မသတ်	ဓမ္မသတ်သုံး
န	နာမ်
နစ	နာမ်စား
နဝိ	နာမဝိသေသန
နန်း	ထီးသုံးနန်းသုံး
ပထဝီ	ပထဝီဝင်သုံး
ပါ	ပါဠိစကား
ပါမျက်	ပါဠိမျက်ဝေါဟာရ
ပါပြန်	ပါဠိဘာသာပြန်
ပါရှင်	ပါရှင်စကား
ပါသဒ္ဒါ	ပါဠိသဒ္ဒါသုံး
ပေါ	ပေါရာဏ
ပေါ်တူဂီ	ပေါ်တူဂီစကား
ပုံနှိပ်	ပုံနှိပ်လုပ်ငန်းသုံး
ပြင်သစ်	ပြင်သစ်စကား
ဗိ	ဗိသုကာသုံး
ဗေဒင်	ဗေဒင်သုံး
ဗန်း	ဗန်းစကား
ဘူမိ	ဘူမိဗေဒသုံး
ဘောဂ	ဘောဂဗေဒသုံး
မရာဌီ	မရာဌီစကား
မလေး	မလေးစကား
မြန်	မြန်မာစကား
မွန်	မွန်စကား
မွန်ပြန်	မွန်ဘာသာပြန်
ရခိုင်	ရခိုင်စကား
ရဝမ်	ရဝမ်စကား
ရုရှား	ရုရှားစကား
ရူပ	ရူပဗေဒသုံး
ရက်ကန်း	ရက်ကန်းသုံး
ရိုင်း	စကားရိုင်း
ရှေး	ရှေးသုံး
ရှမ်း	ရှမ်းစကား
လိပ်	အင်္ဂလိပ်စကား
လိပ်ပြန်	အင်္ဂလိပ်ဘာသာပြန်
လွှတ်	လွှတ်ရုံးသုံး
ဝိ	ဝိဘတ်
ဝိနည်း	ဝိနည်းသုံးစကား
သ	သက္ကတစကား
သပြန်	သက္ကတဘာသာပြန်
သမိုင်း	သမိုင်းသုံး
သီဟိုဠ်	သီဟိုဠ်စကား
သင်္ချာ	သင်္ချာသုံး
သဒ္ဒါ	သဒ္ဒါသုံး
သိပ္ပံ	သိပ္ပံသုံး
သမ်	သမ္ဗန္ဓ
ဟိန္ဒီ	ဟိန္ဒီစကား
ဟိန္ဒူ	ဟိန္ဒူစတာနီစကား
အပြော	အပြောဘာသာစကား
အရဗီ	အရဗီစကား
အရပ်	အရပ်သုံး
အာ	အာမေဍိတ်
အီတလီ	အီတလီစကား
အဂ္ဂိ	အဂ္ဂိရတ်သုံး
ဥပစာ	ဥပစာစကား
ဥပဒေ	ဥပဒေသုံး

အက္ခရာစဉ်ဇယား

(က) ဗျည်းစဉ်

ဒီမှာ
နှိပ်၍သွား

က	ခ	ဂ	ဃ	င
စ	ဆ	ဇ	ဈ	(ဉ)ည
ဋ	ဌ	ဍ	ဎ	ဏ
တ	ထ	ဒ	ဓ	န
ပ	ဖ	ဗ	ဘ	မ
ယ	ရ	လ	ဝ	သ
	ဟ	ဠ	အ	

(ခ) သရနှင့် အသတ်စဉ်

အ
အာ
(အာ့)
အား
(အာ့း)
အိ/ဣ
အီ/ဤ
(အီ့)
အီး
(အီ့း)
အု/ဥ
အူ/ဦ
(အူ့)
အူး/ဦး
(အူ့း)
အေ/ဧ
အေ့
အေး
အဲ
အဲ့
အော/ဩ
အော့
အော်/ဪ

အံ
အံ့
အို
အို့
အိုး
အက်
(အိက်)
(အုက်)/(ဥက်)
အောက်
အိုက်
(အုခ်)
(အဂ်)
(အိဂ်)
(အုဂ်)
အင်
အင့်
အင်း
(အိင်)
အောင်
အောင့်
အောင်း
အိုင်
အိုင့်

အိုင်း
အစ်
(အာစ်)
(အိစ်)/(ဣစ်)
(အုစ်)/(ဥစ်)
(အဇ်)
(အိဇ်)
အဉ်
အဉ့်
အဉ်း
(အာဉ်)
(အိဉ်)
(အုဉ်း)
(အေဉ်)
အည်
အည့်
အည်း
ဧည့်
(အဋ်)
(အိဋ်)/(ဣဋ်)
(အုဋ်)
(အေဋ်)
(အောဋ်)

(အာဍ်)
(အဏ်)
(အာဏ်)
(အိဏ်)
(အုဏ်)/(ဥဏ်)
(အိုဏ်)
(အိုဏ်း)
အတ်
(အာတ်)
အိတ်/(ဣတ်)
အုတ်/(ဥတ်)
(အေတ်)
(အဒ်)
(အာဒ်)
(အိဒ်)/(ဣဒ်)
(အုဒ်)
(အိုဒ်)
အန်
အန့်
အန်း
(အာန်)
အိန်/(ဣန်)
အိန့်

ယ-၂

အိန်း	အမ်	အယ်	(အသ်)
အုန်	အမ့်	အယ့်	(အာသ်)
အုန့်	အမ်း	(အာယ်)	(အိသ်)/(ဣသ်)
အုန်း	အိမ်	(အိုယ်)	(အုသ်)/(ဥသ်)
အပ်	အိမ့်	(အိုယ့်)	(အေသ်)
အိပ်	အိမ်း	(အာရ်)	(အိုသ်)
အုပ်/(ဥပ်)	အုမ်/(ဥမ်)	(အေရ်)	(အဟ်)
(အောပ်)	အုံ/(ဥုံ)	(အိုရ်)	(အာဟ်)
(အဗ်)	အုမ့်	(အလ်)	(အိဟ်)
(အိဗ်)	အုံ့	(အိလ်)	(အိုဟ်)
(အုဗ်)	အုမ်း	(အုလ်)	(အိုဠ်)
(အာဘ်)	အုံး	(အိုလ်)	

(ဂ) ဗျည်းတွဲစဉ်

◌ျ (ယပင့်) ◌ျွ (ယပင့်ဝဆွဲ) ◌ွှ (ဝဆွဲဟထိုး)
◌ြ (ရရစ်) ◌ြွ (ရရစ်ဝဆွဲ) ◌ျွှ (ယပင့်ဝဆွဲဟထိုး)
◌ွ (ဝဆွဲ) ◌ျှ (ယပင့်ဟထိုး) ◌ြွှ (ရရစ်ဝဆွဲဟထိုး)
◌ှ (ဟထိုး) ◌ြှ (ရရစ်ဟထိုး)

မှတ်ချက်။ ၁။ ပါဠိဆင့်ပုဒ်များ၊ ကင်းစီးပုဒ်များကို ရိုးရိုးအသတ်ပါပုဒ်များနှင့် တစ်ပေါင်းတည်းစဉ်သည်။

၂။ အောက်ပါ သံယုက်ဗျည်းတွဲများကို အမြင်အတိုင်း ရိုးရိုးအက္ခရာနောက်မှ စဉ်သည်။
ဉ ၊ ည။ ယ၊ ယျ။

၃။ အမြစ်ပါသော ပုဒ်တို့ကို အမြစ်မပါသော ဆိုင်ရာ မူလပုဒ်နောက်မှ စဉ်သည်။
အာ၊ အှာ။ အား၊ အှား။
အိ၊ အှိ။ အီး၊ အှီး။
အူ၊ အှူ။ အူး၊ အှူး။

၄။ ဝိသဇ္ဇနီသ ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ဓာလုံးပေါင်းအတိုင်း စဉ်သည်။
ဧချင်း (အေအုပ်စု)
ဧရာဝတီ (အေအုပ်စု)
သင်္ခါရ (အင်အုပ်စု)
သင်္ဘော (အင်အုပ်စု)
ယန္တရား (အန်အုပ်စု)
မန္တန် (အန်အုပ်စု)

၅။ ဣ၊ ဤ၊ ဥ၊ ဦ၊ ဦး၊ ဧ၊ ဩ၊ ဪ အက္ခရာများကို အိ၊ အီ၊ အု၊ အူ၊ အူး၊ အေ၊ အော၊ အော် တို့နှင့် ကာရန်အလိုက် ရော၍ တစ်ပေါင်းတည်း စဉ်သည်။

က

က[၁]၊ န–ဗျည်းသုံးဆယ်သုံးလုံးတွင် အဝဗျည်း။ (ကကြီး ဟုခေါ်သည်။) ~ **ကြီးထွန်** /ကဒ့ဂျီးထွန်/ န– အသွားသုံးခုမှ ခုနစ်ခုအထိပါသော ထွန်တစ်မျိုး။ **~ဖျက်ယဖျက်** / ကဒ့ဖျက်ယဒ့ဖျက်/ကြိဝိ– ဖျက်လိုဖျက်ဆီး။

က[၂]၊ ကြိ–ခေါင်း၊ခါး၊ခြေ၊ လက် စသည်တို့ကို ရှုချင်စဖွယ် ညွှတ်ကွေးလှုပ်ရှားပြသည်။ **~ကြိုး**[၁]/ကဒ့ဂျိုး/န–၁၊ ကနည်းကဟန် စနစ်။ ၂၊ကနည်းစနစ် အလိုက် တီးပေးရသော တီးလုံး။ **~ချေသည်** /ကဒ့ချေသယ်/န–ကပြဖျော်ဖြေခြင်းဖြင့် အသက်မွေးသူ။ **~ဇာတ်** /ကဒ့ဇက်/ န–၁၊ ဇာတ်ပွဲများတွင် နောက်ပိုင်း ကပြသော ဇာတ်ထုပ်ဇာတ်လမ်း။ ၂၊နောက်ခံ တေးသီချင်းဖြင့်သာ သရုပ်ဖော် ကပြသော ဇာတ်တစ်မျိုး။

က[၃] ၊ ဝိ –၁၊ ပြုသူ၊ဖြစ်သူကို ညွှန်ပြသော စကားလုံး။ "မောင်ဘ –ပြော–"။ ၂၊ ပြုရာ ဖြစ်ရာ ရှိရာ အရပ်၊ အချိန်တို့ကို ပြသော စကားလုံး။ "စားပွဲပေါ် ~စာအုပ်။ မနေ့ ~မိုးရွာ–။"

က[၄]၊ ဝိ– [အပြော] ထွက်ခွာရာအရပ်ကို ပြသော စကားလုံး။ မှ။ "မန္တလေး ~ လာ–။"

က[၅]၊ သမ်– အကြောင်းအရာ တစ်ခုသည် အခြား အကြောင်းအရာ တစ်ခုပေါ်တွင် မှီ၍သာလျှင် ဖြစ်မည့်အကြောင်း ဆက်စပ် ညွှန်ပြသောစကားလုံး။ လျှင်။ "သူလာ ~ငါသွားမည်။"

က[၆]၊ကြိ–မပိုမသာ ဖြစ်သည်။ (မနှင့် တွဲ၍ ပိုသာသည် အနက်ဖြင့် အသုံးများသည်။)

က[၇]၊ကြိ–၁၊လှည်း၊ ရထားစသည်တို့၌ ကျွဲ၊နွား၊ မြင်းတို့ကို တပ်ဆင်သည်။ ၂၊ ဆင်၊ မြင်းတို့ကို ကကြိုးတန်ဆာ တပ်ဆင်သည်။ န–ဆင်၊မြင်း တို့တွင် လူထိုင်ရန် ပြုလုပ်ထားသော အရာ။ **~ကြိုး**[၂] /ကဒ့ဂျိုး/ န–၁၊ဆင်၊ မြင်း စသည်၏ ကကို ထိန်းသော ကြိုး။ ၂၊ဆင်၊ မြင်းစသည်၏ အဆင်တန်ဆာများ။ **~တောင်** / ကဒ့ဒေါင်/ န– မြင်းက၏ ဘေးတစ်ဖက်တစ်ချက်တွင် တွဲလျား ချထားသော က အစိတ်အပိုင်း။

က[၈]၊န–မွန်ဘာသာ၌ ငါးသတ္တဝါ အနက်ရသောစကား။ [မွန်၊က] **~ကတစ်**/ကဒ့ဂဒစ်/ န– ရေချို ရေငန်နေ အကြေးရှိ ငါးကြီးတစ်မျိုး။ [မွန်၊ ကစတောတ်] **~ကူရံ**/ကဒ့ကူယန်/န–ကော်လုပ်ရန် စည်ဖောင်း ရသော ပင်လယ်ငါးကြီး တစ်မျိုး။ [မွန်၊ကခူရင်] **~ဘီလုံး**/ကဒ့ဗလုံး/န–ခေါင်းသေး၍ မျက်လုံး ပြူးသော ရေချိုရေငန်နေ ငါးတစ်မျိုး။ [မွန်၊ ကဖလုဟ်] **~သပေါင်း** / ကဒ့သဗေါင်း / န– ကကတစ် အကြီးစား။ [မွန်၊ ကခဖင်]

ကကုသန်/ကဒ့ကုသန်၊ကောက်ကသန်/ န–ဤဘဒ္ဒကမ္ဘာတွင် ဦးစွာပွင့်တော်မူသော မြတ်စွာဘုရား။ [ပါ၊ကကုသန္ဓ]

ကချလာ/ကချလာ/ န–ညံ့ဖျင်းသောအရာ။ [ဟိန္ဒီ၊ ကစရာ]

ကချော်ကချွတ် ၊ ကြိဝိ– ၁၊ အလွဲလွဲအမှားမှား။ ၂၊ ပေါ့တန်စွာ။

ကချင်၊ န– တိဗက်မြန်မာအုပ်စုဝင် ဘာသာစကား တစ်မျိုးကို ပြောသော မြန်မာ တိုင်းရင်းသားတစ်မျိုး။ (ကချင်ပြည်နယ်၊ ကသာခရိုင်၊ ရှမ်းပြည်နယ် မြောက်ပိုင်းတွင် အများအားဖြင့် နေထိုင်သည်။)

ကစား/ဂဇား/ကြိ–၁၊ ကိုယ်လက်လှုပ်ရှား ပျော်ပါးသည်။ ၂၊ လောင်းကစားသည်။ ၃၊ ကျီစားသည်။ ၄၊ မတည်မငြိမ် ဖြစ်သည်။ မတည်မငြိမ် ဖြစ်အောင် လုပ်သည်။ "လှည်းဘီး ~ –။ ဈေး ~ –။" **~ခုန်စား** / ခုန်ဇား/ န အားကစား လှုပ်ရှားမှု။ **~ဝိုင်း** /–ဝိုင်း/ န– ဝိုင်းဖွဲ့ လောင်းကစားနေသော လူစု။

ကစီ/ဂဇီ/ န–ညက်အောင်လုပ်ထားသော ထမင်းနှစ်။ ကော်ရည်။ [မရာဌီ၊ကာဇီ]

ကစော့[၁] /ဂဇော့/ န–ဒန့်ကျဲပင်နှင့်ဆင်၍ အသီးတောင့်သီးသော လမ်းဘေးပေါက် ချုံပင်ငယ် တစ်မျိုး။ (ချောင်းဆိုးရောဂါကို နိုင်သည်။ ကာသမဒ္ဒ၊ ကစော့ဖုပ်၊ ရှမ်းကစော့ ဟုလည်း ခေါ်သည်။)

ကစော့[၂]၊ န– ခရမ်းလုံးငယ်ပင်တစ်မျိုး။

ကစော်/ဂဇော်/ န– ကောက်ညှင်း၊ ထန်းလျက် စသည်ကို တဆေးနှင့်ဖောက်သော သေရည် တစ်မျိုး။

ကစိုကရွား/ ဂစိုဂယွား/ ကြိဝိ–[ပေါ]ဆင်းရဲပင်ပန်းစွာ။

ကစဉ့်ကရဲ/ဂဇင့်ဂယဲ/ ကြိဝိ–ဖရိုဖရဲ။ ပရမ်းပတာ။ ကစဉ့်ကလျား။

ကစိန်းကဝါး/ဂဇိန်းဂဝါး/ ကြိဝိ–ရှုးရှုးစိုက်စိုက်။

ကဆုန်၊န– မြန်မာဆယ့်နှစ်လတွင် ဒုတိယလ။

ကဆုန်ပေါက်၊ ကြိဝိ– နွား၊ မြင်း စသည် ရှေ့ခြေစုံ နောက်ခြေစုံ မြှောက်ခုန်၍ (ပြေးသည်)။

ကညာ၊ န – ၁၀ နှစ်အရွယ် မိန်းကလေး။ အပျိုစင်။ [ပါ ၊ ကညာ]

ကညို့၊ န– လယ်ကွင်းတွင် ပေါက်လေ့ရှိသည့် တို့မြုပ် စားရသော ရိုးတံနီ ပင်ငယ်တစ်မျိုး။

ကညင်၊ န – အဆင့်မှရသော အဆီကို မီးထွန်းရသည့် အင်ပင်မျိုးဝင် သစ်ပင်ကြီး၊

ကညစ်၊ န – ထန်းရွက်၊ ပေရွက်တွင် စာရေးရသော သံချွန်။ [မွန်၊ ကျှေဟ်]

ကညွတ်၊န – အစို့အညှောက်ကို ချက်စားရသော

အပင်ငယ်တစ်မျိုး။

ကဏန်း/ဂနန်း/ န–ပုစွန်လုံးတစ်မျိုး။ [မွန်၊ ခတာဲ] **~မြင်း**/–မျင်း/န– ပင်လယ်ကမ်းစပ်တွင် တွေ့ရသော အနီရောင် ကဏန်းတစ်မျိုး။ **~လက်မ**/–လက်မှာ/န– မူလီခေါင်း ဖြုတ်ရ တပ်ရသည့် အစွပ်ပါသော ကိရိယာ။ ခွ။

ကတညုတ/ကတင်ညုတာ/ န– သူ့ကျေးဇူးကို သိတတ်ခြင်း။ [ပါ၊ ကတညုတာ]

ကတိ/ ဂဒိ/ န–၁၊ သဘောတူညီချက်။ ၂၊ ပြောသည့် အတိုင်း လုပ်ပါမည်ဟု အာမခံချက်။ [ပါ၊ ကတိကာ] **~ကဝတ်**/ ဂဒိဂဝတ်/ န– ကတိပြုချက်။ [ပါ၊ ကတိကဝတ္တ]

ကတီ၁/ဂဒီ/ န– လဲ မှို့ စသည် သွတ်ထားသော နန်းတွင်းသုံးဖုံ၊ မွေ့ရာ။ [ဟိန္ဒီ၊ ဂဒ္ဒီ]

ကတီ၂/ဂဒီ/ န – ခတီ နှင့်အတူတူ။

ကတူး/ဂဒူး/ န – တိဗက်မြန်မာအုပ်စုဝင် ဘာသာစကား တစ်မျိုးကို ပြောသော မြန်မာတိုင်းရင်းသား တစ်မျိုး။ (ကသာဒေသ၊ အထက်ချင်းတွင်းဒေသတို့တွင် အများအားဖြင့် နေထိုင်သည်။)

ကတောကမျော/ဂဒေါဂမျော/ ကြိဝိ– ကတိုက်ကရိုက်။

ကတော့/ဂဒေါ့/ န–၁၊ အဝကျယ်၍ အောက်ခြေပြွန်တံရှုံ့သွားသော ခွက်။ ၂၊ ထိုပုံသဏ္ဌာန်ဖြစ်အောင် ဖက်ရွက်၊ စက္ကူစသည်ကို လိပ်ထားသည့် ထည့်စရာ။ [မွန်၊ ကဒအ်]

ကတော်၁/ဂဒေါ်/ န–ဂုဏ်ရှိသူ၏ မယား။ [မွန်၊ ကနှဝ်]

ကတော်၂/ ကြိ–ကြက်မ ကတော်ကတော် ဟူသော အသံကို ပြုသည်။

ကတို့၁/ဂဒို့/ န–**ကူးတို့** ရှု။

ကတို့၂/ စည်း [အပြော] **ကွယ်တို့**နှင့်အတူတူ။

ကတိုး/ ဂဒိုး/ န–၁၊ နံ့သာအိတ်ရှိသော ဒရယ်တစ်မျိုး။ ၂၊ ယင်းဒရယ်ဖို၏ ချက်အထက် အိတ်ငယ်တွင် တည်သော နံ့သာခဲ။ ၃၊အနံ့မွှေးသော ဆေးဖက်ဝင် ပဇွန်ငါးမျိုး။ (ကတိုးစစ်၊ ကြောင်ကတိုး၊ တွင်းနက်ကတိုး၊ သက်ရင်းကတိုး၊ ကွမ်းကတိုး)။ [သ၊ကဿူရိ] **~ခွာ**/ ဂဒိုးခွာ၊ ဂဒိုးဝါ/ န–၁၊ ကတိုးကောင်၏ ချက်အထက် ကတိုးနံ့သာ ရှိသော အိတ်ငယ်။ ၂၊ကောက်ညှင်းနှင့် ဆန်ကြမ်း ရောယောင်းပြီး ထန်းလျက်နှင့် ပဲ ဌာပနာ၍ ကြော်ထားသော မုန့်၊

ကတောက်/ဂဒေါက်/ န – ရေစပ်ရေတိမ်တို့၌ ပေါက်သည့် အပြာရောင်အပွင့် ပွင့်သောအပင်။

ကတောက်ကဆတ်/ –ဂဆတ်/ ကြိဝိ – မသင့်မတင့်။ စိတ်သဘော မညီမညွတ်။

ကတောက်ကတက်/ –ဂဒက်/ ကြိဝိ –စိတ်မတည်မတံ့၊ မငြိမ်မသက်။

ကတောက်စပ်/–စတ်/ န–အင်းအိုင်ရေစပ်တွင် ပေါက်လေ့ရှိသည့် ဇေဒါနှင့်ဆင်သည့် အပင်ငယ်။

ကတိုက်ကရိုက်/ဂဒိုက်ဂယိုက် / ကြိဝိ–အချိန် မရှိတော့သဖြင့် အောလျင်စွာ။ အရေးကြီး၍ လျင်မြန်စွာ။

ကတင် /ဂဒင်/ န– သုံးပုံဖဲတွင် မြန်မာဘက်က အငယ်ဆုံးဖြစ်သော လေးပွင့်ပါဖဲချပ်။

ကတောင်ချောက်ချား/ ဂဒေါင်ချောက်ချား/ ကြိဝိ– **ကယောင်ချောက်ချား** နှင့်အတူတူ။

ကတစ်ဆည်/ ဂဒစ်ဆယ်/ န – ရေကြောင်းထဲ ဝင်လာသော ငါးများ အထက်သို့ ပြန်လည် ဆန်တက်မသွားနိုင်ရန် ပြုလုပ်ထားသော ဆည်တစ်မျိုး။

ကတည်းက/ ဂဒဲဂ/ သမ်– အစပြုရာ ကာလကို ပြသော စကားလုံး။

ကတတ်နေ်း/ ဂဒတ်ငန်း/ န –၁၊ တတိုင်းမွှေးပင်။ ၂၊ စံကားစိမ်းပင်။ [မလေး၊ kenanga]

ကတုတ်/ဂဒုတ်/ န– ရန်သူကို ပစ်ခတ်ရန်နှင့် ရန်သူ၏ ပစ်ခတ်မှုကို ကာကွယ်ရန် ပြုလုပ်ထားသော အကာအကွယ်။

ကတုန်ကယင်/ ဂဒုန်ကယင်/ ကြိဝိ– စိတ်တုန်လှုပ်ချောက်ချားလျက်။

ကတုန်းကတိုက်/ ဂဒုန်းဂဒိုက်/ ကြိဝိ– နှစ်ဦးနှစ်ဖက်ကြား ကုန်းတိုက်၍ (ပြောသည်)။

ကတမ်းကရမ်း/ ဂဒန်းကယန်း / ကြိဝိ– အစဉ်းစား အဆင်ခြင်မဲ့စွာ။

ကတိမ်းကပါး/ဂဒိန်းဂဗား/ကြိဝိ–၁၊မှားယွင်း ချွတ်ချော်လျက်။ ၂၊ကွယ်လွန်ခြင်းသို့ (ရောက်သည်)။

ကတိမ်းကယိမ်း/ ဂဒိန်းဂယိန်း/ ကြိဝိ– တလွဲတချော်။

ကတုံကနက်/ ကဒုန်ကနက်/ န– ဆေးဖက်ဝင် အပင်တစ်မျိုး။

ကတုံး/ ဂဒုန်း/ န – **ခေါင်းတုံး** ရှု။

ကတွတ်၁/ ဂဒွတ်/ န – ကန်သင်းရိုးရှိ ရေထွက်ရန် အပေါက်။

ကတွတ်၂/ န– ယိုထိုးစားလေ့ရှိသော သီးလုံးငယ်များ ပင်စည်တွင် ပြွတ်၍သီးသော သဖန်းမျိုးဝင် အပင်။ [မွန်၊ကဒေါတ်] **~မုန့်**/ –မုန့်/ န– ကြော်ထားသော ဟိန္ဒူမုန့်ချိုလုံး တစ်မျိုး။

ကထိက/ န –စာပေပို့ချသူ။ [ပါ၊ ကထိက]

ကထိန်/ န –ကထိန်အာနိသင် ငါးပါး မြဲမြံခိုင်ခံ့စွာ ရရှိစေနိုင်သော သင်္ကန်းအလှူ။ (သီတင်းကျွတ်လပြည့်ကျော် ၁ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အတွင်း လှူဒါန်းနိုင်သည်။) [ပါ၊ ကထိန] **~ခင်း**/ ကြိ– သိမ်အတွင်း သံဃာက ကထိန်ခံခွင့်ရသော

ရဟန်းအား ဝိနည်းကံနှင့်အညီ ပေးအပ်သော ကထိန်သင်္ကန်းကို ရဟန်းက လက်ခံ၍ ကထိန်အကျိုး ငါးပါးကို ခံစားခြင်းဖြစ်စေသည်။ **~သင်္ကန်း** /ကထိန်သင်ဂန်း/ န– ကထိန်ခင်းခြင်းငှာ ညီမှတ်၍ လှူဒါန်းသော ဒုကုဋ်၊ ဧကသီ၊ သင်းပိုင်ဟူသော သင်္ကန်းသုံးထည်တွင် တစ်ထည်ထည်။ **~အာနိသင်**၊ န– ကထိန်ခင်းသော ရဟန်း၊ ကထိန်အနုမောဒနာပြုသော ရဟန်းတို့ ကထိန်ခင်းသော နေ့မှ တပေါင်းလပြည့်နေ့အထိ ရရှိနိုင်သော အာနိသင်။ (၁၊ အနီးရှိ ရဟန်းတို့အား မပန်ကြားဘဲ မြို့တွင်း ရွာတွင်းသို့ ဝင်ထွက်သွားလာနိုင်ခြင်း ၂၊ တိစီဝရိတ် တင်သော သင်္ကန်းကို မယူဆောင်ဘဲ သွားလာနိုင်ခြင်း ၃၊ ရသမျှသင်္ကန်းကို အဓိဋ္ဌာန်၊ ဝိကပ္ပနာမပြုဘဲ အလိုရှိသလောက် ထားရှိသုံးဆောင်နိုင်ခြင်း ၄၊ မအပ်စပ်သော အသုံးအနှုန်းဖြင့် ပင့်ဖိတ်ခြင်း၊ တောင်းခံခြင်းဖြင့် ရရှိသည်ကို ခံယူသုံးဆောင်နိုင်ခြင်း ၅၊ ကထိန်ခင်းရာ ကျောင်းတိုက်အတွင်း ဖြစ်ပေါ်ရရှိလာသော သင်္ကန်းတို့ကို ကထိန်ခင်းသော ရဟန်းတို့သာ သုံးစွဲနိုင်ခြင်းဟူ၍ ကထိန်အာနိသင်ငါးပါး ရှိသည်။)

ကဒူဥ၊ န– ကောက်ရင်ပန်း နှင့်အတူတူ။

ကဒတ်/ ဂဒတ်/ န– ဟင်းချက်စားရသော ချွဲသော ဥရှိ မျောက်ဥမျိုးဝင် ဆူးနွယ်ပင်။ [မွန်၊ ကဒါတ်]

ကနကုတ်/ ကနဂုတ်/ န– ဒီရေရှိသော ချောင်းများတွင် နေသော အဆိပ်မဲ့မြွေ။ [မွန်၊ က+ ဓဂုက်]

ကနစီ၊ န– အသီးဆန်ကို ဝမ်းနုတ်ဆေး ဖော်ရသော သစ်ပင်တစ်မျိုး။ [ဟိန္ဒီ၊ ကနကာ]

ကနစို/ ကနဇို/ န – ထင်းအတွက် သုံးသော မြစ်ဝကျွန်းပေါ်ဒေသ သစ်ပင်တစ်မျိုး။

ကနစိုနွာ/ –နွာ/ န – ဒန္ဒရိ ရှု။

ကနစိုး/ ကနဇိုး/ န – အရသာ အချိုအချဉ်ရှိသော သီးလုံးငယ်များ အခိုင်လိုက် ဝွဲလျားသီးသော သစ်ပင်တစ်မျိုး။

ကနဖော့/ ကနဖော့/ န – တို့စားရသော ခေါင်းပွပင်ငယ် တစ်မျိုး။

ကနဦး၊ န – လက်ဦး။ အစ။

ကနား၊ န – ပရိသတ်စုဝေးရာ ယာယီတဲ။ [မွန်၊ ကနာ]
~စီး / ကနားဇီး / န – နတ်ကနား ပေးပွဲတွင် ဦးဆောင်သည့် နတ်ဝင်သည်။ **~ဖျင်း** / ကနဖျင်း/ န – အမိုးပြန့် ယာယီ အဆောက်အအုံငယ်။

ကနကမာ၊ **ကမာ**၊ န – အသားစားရသော ပင်လယ်ယောက်သွားကြီး တစ်မျိုး။ ၎င်း၏အခွံ။ [မွန်၊ ကနကမာ]

ကနုတ်/ ကနုဒ်/ န – သံဃာတော်များ ကုဋီ တက်ရာတွင် သုံးသော တုတ်ချောင်း။ [မွန်၊ ကဏော်၊ မြန်၊ အတဲ]

ကနေ့ / ဂနေ့ / န– [အပြော] ယနေ့။

ကနဲ့ညည်း – ခနဲ့ ရှု။

ကနက္ကဒဏ်/ ကနက်ကဒန်/ န–မင်းခမ်းတော်မှပါအဝင် ဖြစ်သော ရွှေရိုးတပ် ထီးဖြူတော်။ [ပါ၊ ကနက + ဒဏ္ဍ]

ကနုတ်၊ န–၁၊ အနွယ်၊ အခက်၊ အရွက် စသည် ရစ်ပတ်ထွေးယှက်နေသော ပုံသဏ္ဌာန်ရှိသည့် အပြောက်အမွမ်း။ ကနုတ်ပန်း။ ၂၊ ကြာဖူး၊ ကြာငုံ၊ ကြာစွယ် စသည်၏ အကွေးအကောက် အခွေအလိပ် ပုံစံရေးဆွဲသော ရှေးရိုးမြန်မာ ပန်းချီရေးဆွဲနည်း။ (ကပိ၊ ဂဇာ၊ နာရီတို့လည်းရှု)[ပါ၊ ကောကနဒ/ထိုင်း၊ **kanok**]

ကနန်း/ဂနန်း/ န– တိဗက် မြန်မာအုပ်စုဝင် ဘာသာစကားတစ်မျိုးကို ပြောသော မြန်မာတိုင်းရင်းသား တစ်မျိုး။ (ကသာဒေသ၊ အထက်ချင်းတွင်းဒေသ တို့တွင် အများအားဖြင့် နေထိုင်သည်။)

ကနွဲ့ကလျ / ကနွဲ့ကလယာ့၊ကနွဲ့ကယာ့ / ကြိဝိ– နွဲ့နှောင်း ပျော့ပျောင်းစွာ။

ကပိလဝတ်၊ န– အိန္ဒိယမြောက်ပိုင်း သာကီဝင် မင်းမျိုးတို့ စိုးစံရာ နေပြည်တော်။ [ပါ၊ ကပိလဝတ္ထု]

ကပိ၊ န–၁၊ မျောက်ရုပ်၊ ဘီလူးရုပ် စသည် ရေးဆွဲသော ရှေးရိုးမြန်မာ ပန်းချီရေးဆွဲနည်း။ (ကနုတ်၊ ဂဇာ၊ နာရီတို့လည်းရှု) ၂၊ ယိုးဒယား ကနည်း တစ်မျိုး။ [ပါ၊ ကပိ]

ကပိုကရို/ ဂပိုဂယို/ကြိဝိ–သပ်ရပ်စွာ ဖြီးလိမ်း ပြင်ဆင်ခြင်း မပြုဘဲ။

ကပေါက်ချိကပေါက်ချာ /ဂဗောက်ချိဂဗောက်ချာ/ ကြိဝိ– အစီအစဉ်မကျဘဲ။ ကျိုးကြောင်း ဆက်စပ်မှု မရှိဘဲ။ ကပေါက်တိကပေါက်ချာ။

ကပိုင်¹/ ဂပိုင် / န – ယိုင်ရာအခင်း။

ကပိုင်²/ ဂပိုင် / န – ပင်လယ်ကမ်းစပ်တွင် ပေါက်တတ်သော သစ်ပင်ငယ် တစ်မျိုး။ (ရေမဒမ၊ မဒမရော ဟုလည်း ခေါ်သည်။)

ကပျာကယာ/ ဂပျာဂယာ/ ကြိဝိ –ကတိုက်ကရိုက်။ ကပျာကသီ။

ကပျစ်ကညစ် / ဂပျစ်ဂညစ် / ကြိဝိ – ညစ်ပတ်ပေကျံလျက်။ မသပ်မရပ်။

ကပြား/ ကဗျား/ န–လူမျိုးချင်းမတူသော မိဘ နှစ်ပါးမှ ပေါက်ဖွားသူ။

ကပြက်ကချော် / ဂပြက်ဂချော်/ ကြိဝိ– ပေါ့ပေါ့ တန်တန်။ ဖြစ်ကတတ်ဆန်း။

ကပြင်/ဂပျင်/ န– အိမ်မနှင့် တစ်ဆက်တည်း ထုတ်

ထားသော အမိုးမဲ့ကြမ်းပြင်။

ကဗျာ /ဂဗျာ/န- စည်းမျဉ်းများနှင့်အညီ စာလုံး၊ စာပိုဒ် အရေအတွက်၊ ကာရန်အချိတ်အဆက်၊ အသံအနေအထား စသည်ဖြင့် စီကုံးထားသော အဖွဲ့အနွဲ့။ [သ၊ ကာဗျ] **~လွတ်** /-လွတ်/ န- သီချင်းမပါဘဲ ခြောက်လုံးပတ်၊ စည်း၊ ဝါးတို့ဖြင့် ကရသော အခြေခံအက။

ကဗွီး ၊ န-ထင်းရှူးပင်နှင့်ဆင်သော ပင်လယ်ကမ်းနားပေါက် သစ်ပင်တစ်မျိုး။ [?]

ကဘုန်းသား /ဂဗုန်းသား/န- [ဒေသ] ပင်လယ်ယောက်သွား တစ်မျိုး။

ကမကထ /ကမ့ာကထာ့/ ကြိဝိ -ဦးဆောင်၍။ ကြီးကြပ်၍။

ကမချ /ကာ့မချော့/ န -ဗျည်း သုံးဆယ့်သုံးလုံးကို သင်ရိုးသရဆယ့်နှစ်လုံးနှင့်တွဲ၍ပြသော သင်ပုန်းကြီး။ [သ၊ကြမဂး]

ကမာကျီ ၊ န-ကောက်ကြီးစပါးတစ်မျိုး ။

ကမူ /ကမူ၊ ဂမူ /န- မိုမောက်နေသော ကုန်းမြေ။ ကုန်းမူ။

ကမူးရှူးထိုး / ဂမူးယှူးဒိုး / ကြိဝိ- မဆင်မခြင်။ တစ်ဇွတ်ထိုး ။

ကမောက်ကမ ၊ ကြိဝိ- တိမ်းလွဲချွတ်ချော်လျက် ။ [ပါ၊ ကမ+ ဩက္ကမ/ မြန်၊က-က-+မှောက်မှား]

ကမန်း /ဂမန်း/ စည်း- **ခမန်း** ရှု ။

ကမန်းကတန်း /-ဂဒန်း /ကြိဝိ- ကတိုက်ကရိုက် ။ ကမျောသောပါး။

ကမျဉ်း ၊ န -ကဏ္ဍုကမျဉ်း နှင့်အတူတူ။

ကမျဉ်းနီ ၊ န- အဆိပ်ရှိသည့် အလွန်သေးငယ်သော ပိုးကောင်နီတစ်မျိုး။

ကမြော ၊ ကြိ- [အပြော] မတည်မကြည် ပေါ်ပြက်ပြက် ပြောဆိုပြုမူသည်။

ကမြင်း ၊ ကြိ- ၁၊ အလွန်ဆော့သည်။ ၂၊ လော်လည်ဖောက်ပြားသည်။

ကယား ၊ န- တိဗက်မြန်မာအုပ်စုဝင် ဘာသာစကား တစ်မျိုးကို ပြောသော၊ ကယားပြည်နယ်တွင် နေထိုင်သည့် မြန်မာတိုင်းရင်းသားတစ်မျိုး။

ကယီ ၊ ကြိ- ၁၊ ရေ စသည်စိုစွတ်သဖြင့် ညစ်ပတ်ကျိုချွဲသည်။ ၂၊ ဟင်းသီးဟင်းရွက် ရေနာ၊ ရေလောင်သဖြင့် နွမ်းရိကျိုချွဲသည် ။

ကယုကယင် ၊ ကြိဝိ- ချစ်ခင်ကြင်နာစွာ။

ကယော[၁] ၊ န-ဒီရေရောက်သစ်တောတွင် ပေါက်လေ့ရှိသော အစေးတွင် အဆိပ်ရှိသည့် ပင်လတ်တစ်မျိုး။

ကယော[၂] ၊ န-ပင်စည်ပွားရွက်လက်များ အဆင့်ဆင့် ဖြာထွက်သည့် ရှားစောင်းပင်တစ်မျိုး။

ကယောက်ကယက် /ဂယောက်ဂယက် /ကြိဝိ- မငြိမ်မသက် မတည်မတံ့။

ကယောင်ကတမ်း /ဂယောင်ဂဒန်း /ကြိဝိ -အယောင်ယောင်အမှားမှား။

ကယောင်ကယင် / ဂယောင်ဂယင် /ကြိဝိ- စိတ်မတည်မတံ့ တုန်လှုပ်လျက်။

ကယောင်ချောက်ချား /ဂယောင်ချောက်ချား /ကြိဝိ- စိတ်မတည်မငြိမ် လှုပ်ရှားလျက်။

ကရကဋ် /ကရကတ်/န- ဆယ့်နှစ်ရာသီတွင် ပုစွန်လုံးရုပ်ဖြင့် မှတ်အပ်သော စတုတ္ထရာသီ။ [သ၊ကက်ဋ]

ကရကတ်/ န- ရေဝမ်းဘဲငယ်တစ်မျိုး။

ကရကွက်/ကာရင့်ကွက်/န-ကွက်ကွက် ကွက်ကွက်ဟု အော်မြည်တတ်သော ရေကြက်တစ်မျိုး။

ကရနီ /ကရနို ၊ ကလနို/ န- ကိုယ်ထည်တစ်ခုတွင် တပ်ထားသည့် အငုတ်အစို့။ “ထိုင်မသိမ်းအင်္ကျီ ~။ ထွန်ထမ်းပိုး ~။”

ကရမက်/ကရမက်၊ ကလမက်/န-အသား နံ့သာပင် တစ်မျိုး။ [မလေး၊ **kalambak**]

ကရဝေး/ကရဝေး၊ ကလဝေး/ န-အရွက်ကို ဟင်းခတ်အမွှေးအကြိုင်အဖြစ်သုံးသော သစ်ပင်ကြီးတစ်မျိုး။ [အရဗီ၊ **karawiyā**]

ကရဝိက်/ကရဝိတ်/န-အသံအလွန်သာသည့် ကျမ်းဂန်လာငှက်တစ်မျိုး။ [ပါ၊ကရဝိက] **~ဖောင်**/-ဖောင်/ န-ကရဝိက်ငှက်ပုံ ပြုလုပ်ထားသော ဖောင်တော်။

ကရာ၊စည်း -မိုင်းခြား ရွေးချယ်ခြင်း မရှိသည့် အနက်ဖြင့် ထောက်ပံ့သော စကားလုံး။ “တွေ့~။”

ကရာတေး/ကရာတေး/န-ဂျပန်ကိုယ်ခံပညာ တစ်မျိုး။ [ဂျပန်၊ **karate**]

ကရား /ကယား၊ ခယား/ န- နှုတ်သီး၊ လက်ကိုင်ပါသောအိုး။ [သ၊ ကရက] **~ ရေပိတ်စကား** /ကယားယေဗိတ်ဇဂါး/န- တစ်ဖက်သား စောဒကမတက်နိုင်အောင် ပြောသောစကား။

ကရိကထ ၊န- ၁၊ ဆင်းရဲပင်ပန်းခြင်း။ “~ မခံနိုင်။” ၂၊ ထွေထွေရာရာ ပြုလုပ်ဆောင်ရွက်ဖွယ်။ “~ များ -။”

ကရုဏာ /ဂယုနာ/န- သနားကြင်နာခြင်း။ [ပါ၊ ကရုဏာ] **~ ရှသ**/-ရှာသ့/ န- သနားကြင်နာမှုရသ။

ကရေကရာ၊ န- ဒေါက်ဒေါက်မှုန့်ကို သကာနှင့်ရော၍ လုပ်ထားသော မုန့်တစ်မျိုး။

ကရောသောပါး /ဂယောသောဗား/ ကြိဝိ-ကတိုက်ကရိုက်။

ကရော့၊ စည်း-[အပြော] ကြိယာအချို့ကို လေးနက်အောင် ထောက်ပံ့သော စကားလုံး။ ပေးတော့။

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

"မှတ် ~။"

ကရော်ကမည်/ကယော်ကမျီ၊ ကယော်ကမယ်/ကြိဝိ-နေ့စပ်သေချာမှု မရှိဘဲ။ ပြွက်တီးပြွက်ချော်။

ကရို့၊ စည်း – [အပြော] ကွယ်တို့ နှင့်အတူတူ။

ကရက် /ကံရက်/ န –၁၊ ကျောက်မျက်ရတနာ ချိန်တွယ်ရာတွင် သုံးသော အလေးချိန်တစ်မျိုး။ (တစ်ကရက်သည် ၃၁/၅ ဂရိန်ခန့် လေးသည်။) ၂၊ ရွှေနှင့် အခြားသတ္တု ရောယှားသော ဒြပ်တစ်ခုတွင် ရွှေပါဝင်နှုန်း။ ရွှေရည်ချိန်တစ်မျိုး ။ [လိပ်၊ carat]

ကရင် ၊န–တိဗက်မြန်မာအုပ်စုဝင် ဘာသာစကားတစ်မျိုးကို ပြောသော မြန်မာ တိုင်းရင်းသားတစ်မျိုး။ (စကောကရင်၊ ပိုးကရင် စသည်ဖြင့် ရှိသည်။ ကရင်ပြည်နယ်နှင့် မြန်မာနိုင်ငံ အောက်ပိုင်းတွင် အနှံ့အပြားနေထိုင်သည်။) **~ဝါး**၊ န – ထီးရိုးဝါးနှင့် အသွင်တူ၍ အကြောမာပြီး အသားပါးသော ဝါးတစ်မျိုး။ **~ဩသံ** /ကယင်အောသုန်/ န– ကရင်တိုင်းရင်းသားတို့၏ ရိုးရာဂီတသံကို အခြေခံ၍ ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် ပေါ်ပေါက်ခဲ့သော တေးသံတစ်မျိုး။

ကရောင်း/ကရောင်း/န –စည်တိုနှက်သံကို အမြေပြု၍ တီးရသော ယိုးဒယားတီးလုံး တစ်မျိုး။ [ထိုင်း၊ gklaung]

ကရိုဏ်/ ကရိုင် /န – မေကရိုဏ်။ [ပါ၊ မကေရဏ]

ကရိုဏ်း /ကရိုင်း /န – ၁၊ [သဒ္ဒါ] အက္ခရာတို့၏ ဖြစ်ကြောင်းဖြစ်သော လျှာလယ်၊ လျှာဖျား စသည်။ ၂။[ဗေဒင်] အမှုကိစ္စ မဆောင်ရွက်ကောင်းသော အချိန်ပိုင်းတစ်မျိုး။ [ပါ၊ ကရဏ]

ကရိန်း /ကရိန်း /န –ဝန်ချီစက်။ [လိပ်၊ crane]

ကရွတ်၊ န –အိုးအောက်ခံအခွေ ။ **~ကင်းလျှောက်** /ကယွတ်ကင်းယှောက်/ ကြိဝိ –[ဥပစာ] တဝဲလည်လည်။

ကလတက် /ကလဒက် /န –တီးခေါက်အချက် ပေးရန် သုံးသည့် အခေါင်းထွင်းသစ်တုံး။ အုန်းမောင်း။

ကလနား ၊န – ရက်ထည်၏ အနားသတ်။ [ကန့်လန့် +အနား]

ကလန့်၊ န – အနံ့တို ပိတ်ပိုင်း။ [ကန့်လန့်+ အနံ့]

ကလမောင်း ၊န – ဆွဲချိန်ခွင်တစ်မျိုး။[ကန့်လန့်+မောင်း]

ကလလရည်ကြည် /ကလလာ့ယေကျီ/ န–ပဋိသန္ဓေတည်စရပ်စု။ ခန္ဓာကိုယ်ဖြစ်စရည်ကြည်။ [ပါ၊ ကလလ+မြန်၊ရည်ကြည်]

ကလအော် ၊န –သံနုတ်ကိရိယာတစ်မျိုး။ [ကလော်]

ကလအုံးဆောင်းထပ် /ကလအုန်းဆောင်းဒတ်/ န–ကုလားအုံးဆောင်းထပ် ရှု ။

ကလီ၊ကြိ – မခံချိမခံသာဖြစ်အောင် ပြောဆို၊ ပြုမူသည်။ မူလအခြေအနေ ပျက်အောင် ဆွသည်။ **~ထိုး** /ဂလီထိုး/ကြိ–ခါး၊ ချိုင်းကြား စသည်ကို တရွရွ တို့ထိ ကစားသည်။

ကလီယုဂ် /ကလိယုတ်/န – လူတို့ မကောင်းမှု အပြုများသော ကပ်ဆိုး။ ဆုတ်ကပ်။ [ပါ၊ကလိယုဂ]

ကလီကမာ၊ ကြိဝိ –မဟုတ်မမှန်လိမ်လည်လျက်။

ကလီစာ /ကလီဇာ/န –သတ္တဝါ၏ အသည်း၊ နှလုံး၊ အဆုတ် စသော ဝမ်းတွင်းအင်္ဂါများ။ [ဟိန္ဒီ၊ ကလေဇာ]

ကလူ၊ ကြိ –[ပေါ] ၁၊ မြူးထူးကစားသည်။ ၂၊ ကျီစယ်သည်။ ၃၊ ညှိုန်းပန်းနှိပ်စက်သည်။

ကလေကချေ၊ န – အခြေအနေမဲ့သူ။ လေလွင့်နေသူ။

ကလေး /ကလေး၊ ခလေး /န – ၁၊ သားငယ် သမီးငယ်။ ၂၊ အသက်ငယ်ရွယ်သူ။ ၃၊ အရွယ်မရောက်သေးသူ။ ကြိ– ဂုဏ်သိက္ခာနှင့် မညီအောင် ပြုမူပြောဆိုသည်။ နဝိ–သေးငယ်သော၊ ငယ်ရွယ်သော။ "လိပ်ပြာ ~"။ စည်း – အနက်ကို ပျော့ပျောင်းအောင်၊ ယဉ်ကျေးအောင်၊ နှစ်သက်ဖွယ်သဘော သက်ရောက်အောင် ထောက်ကူသော စကားလုံး။ "ပုပု ~။ ယဲ့ယဲ့ ~။ သူ ~ ။ မီး ~တစ်တို့။" **~ကလား**၊ ကြိဝိ – ဂုဏ်သိက္ခာနှင့် မညီအောင်။

ကလဲ့ /ဂလဲ့ /န – အလှည့်အကြိမ်။ **~စားချေ**/–ဇားချေ/ ကြိ – မိမိအပေါ် မကောင်းပြုသောသူကို မိမိကပြန်၍ မကောင်းပြုသည်။

ကလော ၊န – အရေကို ကုန္ဒနှာ ဆေးဖော်ရာတွင် သုံးရသော သစ်ပင်တစ်မျိုး။ [ပါ၊ ကောလ]

ကလော်၊ ကြိ – ကော်၍ထုတ်သည်။ **~တုတ်**၊ ကြိ – ရှင့်သီးသော စကားများဖြင့် ဆဲသည်။ ဟစ်တစ်ခွခွ ဆဲသည်။

ကလက်၊ ကြိ – ကျွန်မြွေမဲ့သည်။ ကလေးကလား ပြုမူသည်။

ကလက်သိမ်၊ န – ဆေးဖက်ဝင် ချုံပင်တစ်မျိုး။

ကလောင် ၊န – ၁၊ မင်တို့၍ ရေးရသော စာရေးကိရိယာတစ်မျိုး။ ခင်တံ။ ကလောင်တံ။ ၂၊ ဆန်အိတ်ကဲမှ ဆန်နမူနာကို ထိုးယူရသော ထိပ်ချွန်သံပြွန်။ [ဟိန္ဒူ၊ kalam] **~နာမည်** /ကလောင်နာမယ် /န – စာပေ ရေးသားရာတွင် စာရေးသူခံယူသော အမည်။

ကလိုင်[၁]/ဂလိုင် /န – ၁ ၊ တွင်း။ လိုဏ်။ အခေါင်း။ ၂၊ အဆန်ကို လှုပ်ခတ်၍ အသံမြည်စေသော ခေါင်းလောင်းငယ်။

ကလိုင်[၂]၊န – ထန်းပြင်ရာတွင် ထန်းလက် အရင်းကို ထိုးကလန့်၍ ထိုင်ရသော ဟုတ်ချောင်း။

ကလိုင်[၃] /ကလိုင်၊ မလိုင်/ န –ကြေးအိုး ကြေးခွက် သုတ်လိမ်းရသော သံဖြူရည်။ [ဟိန္ဒီ၊ ကလဤ]

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ကလစ်၊ န – စက္ကူ၊ ဆံပင်စသည်ကို ပူးတွဲမိညှပ်ရသည့် အရာ။ [လိပ်၊ clip]

ကလန် ၁၊ န – ရှေးခေတ်က ရွာကိုအုပ်ချုပ်ရသော အကြီးအကဲအမတ်။ [မွန်၊ ကလန်]

ကလန် ၂၊ န – ကာကျူပွတ်ပင်။

ကလန်ကဆန် /ဂလန်ဂဆန်/ ကြိဝိ – ဖီဆန်လျက်။ ဆန့်ကျင်လုက်။

ကလန်ကလား /ဂလန်ဂလား/ နဝိ – ကိုယ်ခန္ဓာပိန်၍ ခြေတံလက်တံရှည်ကာ အချိုးအစားမကျသော။

ကလန့်၊ ကြိ – အချောင်းအတံဖြင့် ထိုးသွင်းကျှာဟ စေသည်။

ကလိန်းကလက်၊ ကြိဝိ – မတည်မကြည် မဖြောင့်မမှန်။

ကလပ် ၁၊ န – ၁၊ အခြေတစ်ချောင်းပါသော ဗျပ်ငယ်။ ၂၊ ပြာသာဒ်တွင် ထုပိကာအောက်ခံ အစိတ်အပိုင်း။ ၃၊ ဖျဉ်ခုံ နှင့်အတူတူ။ **~ကြီးကြီး**၊ န – သီတာအစချီ ကြီးသီချင်း။ **~ကြီး**၊ န – မြန်မာဂီတသင်ရိုး အခြေခံ ဖြစ်သော သီတာ၊ သာယာကြီးသီချင်း။ **~ငယ်ကြီး**၊ န – သာယာအစချီကြီးသီချင်း။

ကလပ် ၂၊ န – လူတို့စုဝေးရာ အသင်းအဖွဲ့တစ်မျိုး။ [လိပ်၊ club]

ကလာပ်စည်း၊ န – ၁၊ သက်ရှိတို့၏ အခြေခံအကျဆုံး ရုပ်အဖွဲ့အစည်း။ ၂၊ နိုင်ငံရေးအဖွဲ့အစည်းတစ်ခု၏ အခြေခံအဖွဲ့။ [ပါ၊ကလာပ+မြန်၊စည်း]

ကလိမ်၊ န – ဆူးထူ၍ နွယ်များ ယှက်လိမ်ရှုပ်ထွေးသော ချုံပင်။ **~ကျ**၊ ကြိ – လိမ်လည်လှည့်ဖြားသည်။ **~ချုံ** /ကလိန်ချုန်/ န – [ဥပစာ] ၁၊ အရှုပ်အထွေး။ "ဒီလောက ~ထဲ မဝင်ချင်ပါဘူး။" ၂၊ ကလိမ်ကျ တတ်သူ။ **~စေ့ငြမ်းဆင်**/ကလိန်ဇိညန်းဆင်/ ကြိ – မဖြစ်နိုင်သည်ကို လိမ်လည်လှည့်ဖြားချဲ့ထွင် ပြောဆိုသည်။

ကလယ်၊ န – အိန္ဒိယတောင်ပိုင်း ကေရလတိုင်းမှ လာသော လူမျိုးတစ်မျိုး။ [သ၊ ကေရလ]

ကလယ်ကလယ်၊ ကြိဝိ – ဟိုကြည့်သည်ကြည့် မျက်လုံး လည်လျက်။ မျက်ရည်ဝဲလျက်။

ကလျာ/ ကလယာ / န – ၁၊ (အမျိုးသမီးတို့၏) ကောင်းခြင်း လက္ခဏာ။ (၁၊ အရေ၏ကောင်းခြင်း ၂၊ အသား၏ကောင်းခြင်း ၃၊ ဆံပင်၏ကောင်းခြင်း ၄၊ အရိုး၏ကောင်းခြင်း ၅၊ အရွယ်၏ကောင်းခြင်း ဟူ၍ ငါးပါးရှိသည်။) [ပါ၊ကလျာဏ] ၂၊ ကောင်းခြင်း ငါးပါးနှင့်ပြည့်စုံသော အမျိုးသမီး။ [ပါ၊ ပဉ္စကလျာဏီ]

ကလျော့ကလျည်း/ကယော့ကယီး/ ကြိဝိ – လုံ့လ နည်းပါးလျက်။ ပေါ့ပေါ့ဆဆ။

ကလွန်တောင်/ကလွန်ခေါင်/ န – [ဒေသ] ကျား လက်သည်း နှင့်အတူတူ။

ကဝိ၊ န – ၁၊ပညာရှိ။ ၂၊ စာဆို။ [ပါ၊ ကဝိ]

ကဝေ၊ န – ၁၊ကဝိ။ ၂၊ ပြုစားတတ်သော စုန်းတစ်မျိုး။ [ပါ၊ ကဝိ]

ကဝိန်၊ န – ပညာရှိ။ ကဝိ။ [ပါ၊ ကဝိ+ဣန္ဒ]

ကသိကအောက်၊ ကြိဝိ – ကိုယ်စိတ် မသက်မသာ။

ကသီ၊ ကြိ – ကိုယ်စိတ် ပင်ပန်းဆင်းရဲသည်။ ဗျာများ သည်။ **~ကရီ**၊ ကြိဝိ – ကသီလျက်။ ကသီလင်တ။

ကသောကမျော / ကသောဂမျော / ကြိဝိ – ကတိုက် ကရိုက်။ ကသုတ်ကရက်။

ကသောက်ကရောက်/ကသောက်ဂယောက်/ကြိဝိ – ကပေါက်ချိကပေါက်ချာ။

ကသောင်းကနင်း၊ ကြိဝိ – ရတ်ရတ်သဲသဲ။ ရုန်းရင်း ဆန်ခတ်။

ကသောင်းမြောင်တိုက်၊ န – မြန်မာမင်းများလက်ထက် ဝတ်မိုးဝတ်မြေမှ ကောက်ခံရရှိသော အခွန်အတုတ် အပါအဝင် သာသနာရေးဆိုင်ရာ အခွန်အတုတ် အမျိုးမျိုးကို သီးခြားသိမ်းဆည်းထားရာ ဌာန။

ကသစ် ၁၊ န – အမွှေးထူပွ၍ ဆူးရှိသောသစ်ပင် တစ်မျိုး။ (အပွင့်နီရဲသော ပင်လယ်ကသစ်၊ အပွင့် ကြက်သွေး ရောင်ရှိသော တောင်ကသစ် ဟူ၍ နှစ်မျိုးရှိသည်။)

ကသစ် ၂၊ န – [ဗေဒင်] ဆိုင်ရာ ရာသီ၌ အစွမ်းကုန် ထွန်းပသော ဂြိုဟ်။ ရာသီ၏ သခင်ဂြိုဟ်။ အိမ့်ရှင် ဂြိုဟ်။ [သ၊ ကေ့ြတ]

ကသည်ကပင် /ကသီဂဗင်/ ကြိဝိ – [ပေါ] စုံစုံ မက်မက်။ လေးလေးစားစား။

ကသည်း /ကသဲ/ န – အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် နေထိုင်သော လူမျိုးတစ်မျိုးကို မြန်မာတို့က ခေါ်သော အမည်။ [ဟိန္ဒီ၊ ကစာရ်]

ကသိုဏ်း /ကသိုင်း/ န – တရားအားထုတ်သော ပုဂ္ဂိုလ်များ သမာဓိရရန် ရှုးစိုက်ကြည့်ရှု ပွားများ ရသော အရာ။ [ပါ၊ကသိဏ]

ကသယ် ၁၊ န – [ရှေး] ၁၊ ရေချိုးသောအခါ ကြေးတွန်း ရသော အမှုန့်တစ်မျိုး။ ၂၊ လိမ်းသပ်ဖွယ် အမှုန့် တစ်မျိုး။ [သ၊ ကဗာယ]

ကသယ် ၂၊ န – အရွက်ခါးသော ဆေးဖက်ဝင်အပင် တစ်မျိုး။

ကာ ၁၊ ကြိ – ၁၊ ပိတ်ဆို့သည်။ ဘားသည်။ ကွယ်သည်။ ၂၊ ဆီးသည်။ ကန်သည်။ န – လက် ဆုပ်လျှိုကိုင် ကွယ်၍ မြားလုံစသည် ကာကွယ်ရသော လေး ထောင့်ပုံပစ္စည်း။ **~ကွယ်** /ကာဂွယ်/ ကြိ – ဆီးတား ပိတ်ပင်သည်။ လုံခြုံစေသည်။ **~ချင်း**/ ကာဂျင်း/ န – ကာကိုင်၍ ကသောအခါ သီဆိုသော ရှေးခေတ် သီချင်းတစ်မျိုး။ **~ဆွဲပေါက်**/ကာဆွဲဗောက်/ န –

မာတိကာသို့ ▶▶▶

မြို့ရိုးသူရဲခိုတို့၌ ကန့်လန့် ဖောက်ထားသော အပေါက်။ **~တောင်း** /ကာဒေါင်း/ န – ကာ အသေးစား။ **~ပြန်**၊ ကြိ – ကျေးရွာရှင်ကို ဖက်ပြိုင် ခုခံသည်။ **~ဖက်** /ကာဖက်/ န – ရှေးအခါက သေနတ်လက်နက် ပစ်ဖောက်ရာတွင် ယမ်းနှင့် ကျည်ကို ထိန်းကာရန် ထည့်ရသောအရာ။ **~မိ**၊ ကြိ – ငွေအဝင်အထွက်၊ အရနှင့်အကုန် စသည် မျှတသည်၊ ထေမိသည်။

ကာ[၁]၊ သမ် – ၁၊ တစ်ပြိုင်နက်ပြုမူဖြစ်ပျက်သည်ကို ဖော်ပြသော စကားလုံး။ လျက်။ "ရယ်မော ~ ပြောဆို – ။" ၂၊ တစ်ခုပြီးတစ်ခု ပြုမူဖြစ်ပျက်သည်ကို ဖော်ပြသော စကားလုံး။ ၍။ "လူဆိုးကို ရဲကဖမ်း ~ ရဲစခန်းသို့ ခေါ်ဆောင်သွား – ။"

ကာ[၂]၊ စည်း – ကြိယာကို သာမန်မျှဟူသော အနက်ဖြင့် ထောက်ပံ့သော စကားလုံး။ "ကြိုးစားမှ တန်~ကျမည်။" **~မတ္တ**၊ စည်း – ကြိယာကို သာမန်မျှဟူသော အနက်ဖြင့် ထောက်ပံ့သည့် စကားလုံး။ [မြန်၊ ကာ+ပါ၊ မတ္တ]

ကာကာဆိုင် /ကာကာဇိုင်/ န – အိန္ဒိယတိုင်းရင်းသား အချို့တည်သည့် လက်ဖက်ရည်နှင့် ကုန်စုံဆိုင်။ [ဟိန္ဒီ၊ ကာကာ+မြန်၊ ဆိုင်]

ကာကီ၊ န – မြေညက်ရောင် ။ အညိုနုရောင်။ [ဟိန္ဒူ၊ khā ki]

ကာကျူပွတ်၊ န – အရွက်မှ ဆေးဖက်ဝင်အဆီ ထုတ်ယူရသည့် သစ်မာပင်ကြီးတစ်မျိုး။ [မလေး၊ kayu - putih]

ကာချယ်၊ န – အမျိုးသမီးများ မျက်ခွံမျက်ခမ်းတွင် ခြယ်သော မင်တစ်မျိုး။ [ဟိန္ဒီ၊ ကာဇလ်]

ကာတယ်၊ န – ကုန်ထုတ်လုပ်မှု၊ ကုန်ဈေးနှုန်း၊ ဈေးကွက် စသည်တို့ကို ညှိနှိုင်းထိန်းချုပ်ရန် အရင်းရှင် ကုမ္ပဏီကြီးများ ပူးပေါင်းဖွဲ့စည်းသည့် အဖွဲ့အစည်း။ [လိပ်၊ cartel]

ကာတွန်း[၁]၊ န – ရယ်ရွှင်ဖွယ်ဖြစ်အောင် အချိုးအစား ပြောင်းလဲရေးဆွဲထားသော ရုပ်ပုံ။ [လိပ်၊ cartoon]

ကာတွန်း[၂]၊ န – ၁၊ စီးကရက်ဘူး၊ ဘီယာဘူး စသည်ကို စက္ကူထူဖြင့် ထုပ်ထားသောအထုပ်။ ၂၊ ချပ်ထူ စက္ကူသေတ္တာ။ [လိပ်၊ carton]

ကာဗွန်၊ န – [ဓာတု] စိန်၊ ဂရပ်ဖိုက်တို့တွင်ပါသော ဒြပ်စင်။ [လိပ်၊ carbon] **~စက္ကူ**၊ န – မင်ခံစက္ကူ။

ကာဘော်လစ်ဆီ၊ န – ရောဂါပိုးမွှားများနှင့် အနံ့ဆိုးများကို နှိမ်နင်း ကာကွယ်ရာ၌ သုံးသော အနံ့ပြင်း အဆိပ်ရည် တစ်မျိုး။ [လိပ်၊ carbolic+မြန်၊ ဆီ]

ကာမ၊ န – ၁၊ တပ်မက်နှစ်သက်ခြင်း။ ၂၊ ယောကျ်ားနှင့် မိန်းမတို့ တစ်ဦးနှင့်တစ်ဦး တပ်မက်စိတ်ဖြင့် သာယာမှု။ [ပါ၊ ကာမ] **~ဂုဏ်**၊ န – စွဲလမ်းတပ်မက်ဖွယ် အာရုံ။ **~ပိုင်** /ကာမပိုင်/ န – လင်ယောကျ်ား။ **~ဘုံ** /ကာမဘုံ/ န – အများအားဖြင့် ကာမတဏှာ ကျက်စားရာဖြစ်သော အပါယ်လေးဘုံ၊ လူ့ဘုံ၊ နတ်ပြည်ခြောက်ထပ်ဟူသော ၁၁ ပါးသောဘုံ။ ကာမဘဝ။

ကာယ၊ န – ကိုယ်။ ခန္ဓာ။ [ပါ၊ ကာယ] **~ကံ** /ကာယကန်/ န – ကိုယ်ဖြင့် ပြုလုပ်မှု။ (ဝစီကံ၊ မနောကံ တို့လည်း ရှု။) **~ကံမြောက်**/-မှောက်/ ကြိဝိ – ကိုယ်တိုင်လက်ရောက်။ **~ကံရှင်**/-ယှင်/ န – ကိစ္စနှင့် တိုက်ရိုက် သက်ဆိုင်သူ။ **~ပညာ** /ကာယဗျင်ညာ/ န – ကိုယ်လက်ကြံ့ခိုင်ရေးပညာ။ **~လုပ်သား** /ကာယလုတ်သား/ န – ခွန်အားကို ရင်း၍ အလုပ်လုပ်သူ ။ **~သိဒ္ဓိ** /ကာယသိတ်ဒိ/ န – ဓားလှံ လက်နက်တို့ မထိုးမဖောက်နိုင်သော ကိုယ်ခံ အပြီးအစီး။

ကာယိန္ဒြေ /ကာယိန်ဒရေ/ န – ကိုယ်လက်အမူအရာကို ထိန်းသိမ်းစောင့်စည်းခြင်း။ [ပါ၊ ကာယိန္ဒြိယ]

ကာရက /ကာရကာ/ န – [ပါ၊ သဒ္ဒါ] သွားခြင်း၊ ချက်ခြင်း၊ ပြုလုပ်ခြင်း အစရှိသော ကြိယာကို ပြီးစေတတ်သော သတ္တိ။ ကြိယာ၏ အဓိပ္ပာယ်ကို ပေါ်လွင်စေသော သတ္တိ ။ (ခြောက်ပါးရှိသည်။) [ပါ၊ ကာရက]

ကာရိုက်ကြိယာ/ကာရိုက်ကရိယာ/ န – [ပါ၊ သဒ္ဒါ] ဖြစ်စေခြင်း၊ ပြုစေခြင်း၊ ရှိစေခြင်းကို ပြသော ကြိယာ။ (မြန်မာမှု၌ ဖြစ်စေခြင်းကိုပြသော ချိုး၊ ဖွင့်၊ ချက် စသော ကြိယာတို့ကိုကာရိုက်ကြိယာ အဖြစ်ယူကြသည်။) (သုဒ္ဓကြိယာနှင့်နှိုင်းယှဉ်) [ပါ၊ ကာရိတ+ကြိယာ]

ကာရန်၊ န – [စာပေ] ၁၊ အက္ခရာ၏ အဆုံးဖြစ်သော သရသံ ။ ၂၊ ကဗျာလင်္ကာတွင် စည်းမျဉ်းအရ စပ်ထားသော စကားလုံးတို့၏ ညီညွတ်သော အသံ။ [ပါ၊ ကာရဏ] **~သင့်**၊ ကြိ – [ဥပစာ] အဆင်ပြေသည်။ အကြောင်းညီညွတ်သည်။

ကာလ၊ န – ၁၊ အချိန်အခါ ။ အခိုက်အတန့်။ ၂၊ ရောက်ဆဲခေတ်။ [ပါ၊ ကာလ] **~တန်ဖိုး**/ ကာလဲ့တန်ဖိုး/ န – အချိန်ကာလအလျောက် ဖြစ်သော ကုန်ပစ္စည်းတန်ဖိုး။ **~နဂါး** /ကာလဲ့နဂါး/ န – ၁၊ ဘုရားတစ်ဆူပွင့်မှ တစ်ကြိမ် နိုးသည် ဆိုသော ကျမ်းဂန်လာ နဂါးကြီး။ ၂၊ [ဥပစာ] အအိပ် ကြူးသောသူ။ [ပါ၊ ကာလ+နာဂ] **~ပေါ်** /ကာလဲ့ဘော်/ နဝိ – မျက်မှောက်ကာလ၌ ဖြစ်ပေါ်သော။ ခေတ်အလိုက် ဖြစ်ထွန်းလာသော ။ **~ပေါ်ဈေး**

/ကာလာ့ပေါက်ဖော်/န –လောလောဆယ် ဖြစ်နေသော ဈေးနှုန်း။ **~ဝမ်း**/ကာလာ့ဝမ်း/ န – ဝမ်းသွား အော့အန်သည့် ကူးစက်ရောဂါဆိုး။ ကာလနာ။ **~သမီး** /ကာလာ့သမီး/န – မိန်းမပျို။ မိန်းမရွယ်။ **~သား**/ကာလာ့သား/န – လူပျိုလူရွယ်။ **~သားခေါင်း**/–ဂေါင်း/န – ကာလသားတို့၏ အကြီးအကဲ။ လူပျိုခေါင်း။ **~သားချက်**/–ဂျက်/န – ကြက်သားကို ဆီလည်ရေလည် လွယ်လွယ် ချက်သောနည်း။ **~သားရောဂါ** /–ယောဂါ/ န – ကာမဆက်ဆံရာမှ ကူးစက် ဖြစ်ပွားတတ်သော ရောဂါမျိုး။

ကာဠသုတ်/ကာလာ့သုတ်/န – ငရဲကြီးရှစ်ထပ်တွင် လူ့ဘုံအောက် ယူဇနာ၁၅၀၀၀ ဝေးကွာသော ဒုတိယငရဲ။ [ပါ၊ ကာဠသုတ္တ]

ကား[၁]၊ကြိ – ၁၊ ပြန့်ကျယ်သည်။ ပြန့်ကျယ်စေသည်။ ၂၊ အမှန်ထက်ပို၍ ပြောဆိုသည်။ န – ၁၊ ဘောင်ပေါ်တွင် ကြက်ထားသောပိတ်။ ၂၊ ဓာတ်ရုံတွင် တင်၍ ပိတ်ဖွင့်လုပ်ရသော ကန့်လန့်ကာကြီး။ ၃၊ ဆီဆုံခါးကို ခွထောက်ထားသော ပျဉ်ချပ်ကြီး။ ၄၊ ပုံပါသော စက္ကူချပ်ပြား၊ ကော်ပြား စသည်။ "ပန်းချီ ~။ ရုပ်ရှင် ~။" /ဂါး/ ၅၊ပင်လယ်ရေတိမ်ပိုင်းတွင် ငါးဖမ်းရန် ယင်းများဖြင့် ပြုလုပ်ထားသော ထောင်ချောက်တစ်မျိုး။ **~ကြက်**၊ကြိ– ၁၊အောက်ခံ တစ်ခုခုပေါ်တွင် အဝတ်၊ သားရေ စသည်တို့ကို တင်းအောင် ဖြန့်ကားစွဲနှောင်သည်။ ၂၊လူကို ကားစင်တင်၍ ခြေလက်တို့ကို ဖြန့်ကားစွဲနှောင် သည်။ **~စင်**/ကားဇင်/န–ရာဇဝတ်သားကို ကားကြက်၍ သတ်ရန် ပြုလုပ်ထားသော စင်။ **~ရား**၊ ကြိဝိ–ခြေလက်တို့ ဖြန့်ကားလျက်။ **~လိပ်**၊ န–လိပ်တင်ထားနိုင်သော ဓာတ်ပွဲသုံး ကန့်လန့်ကာ။

ကား[၂]၊ န – မော်တော်ကား။ [လိပ်၊ car]

ကား[၃]၊ စည်း – နာမ်ပုဒ်၊ ကြိယာပုဒ်တို့ကို လေးနက်စေတတ်သော စကားလုံး။ "ဤသူ ~ မိုက်မဲ၏။ ပေး ~ ပေး၏ မရ။"

ကိမိလဗေဒ/ကိမိလာ့ဗေဒ/န – ပိုးမွှားများကို လေ့လာသော ပညာရပ်။ [ပါ၊ကိမိလ + ဗေဒ]

ကိရိယာ/ကရိယာ/န – အသုံးအဆောင်။ တန်ဆာပလာ။ [ပါ၊ကိရိယာ]

ကိလေသဝဋ်/ကိလေသာ့ဝတ်/န – သံသရာကို လည်စေတတ်သော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ဟူသော တရားသုံးပါး။ [ပါ၊ ကိလေသ+ ဝဋ္ဋ]

ကိလေသာ၊န – စိတ်ကို ညစ်ညူးစေတတ်၊ ပူပန်စေတတ်သောတရား။[ပါ၊ ကိလေသ] **~ကာမ**၊ န – အလိုရှိတတ်သော လောဘတရား။ (ဝတ္ထုကာမလည်းရှု)

ကိလိဋ္ဌဒေါသ /ကိလိတ်ထာ့ဒေါသာ့/ န–[စာပေ] အဓိပ္ပာယ်အသိခက်သော ပုဒ်များဖြင့် ဖွဲ့ဆိုထားသော ကြောင့်သင့်သော ဒေါသ။ [ပါ၊ကိလိဋ္ဌ + ဒေါသ]

ကီလို၊န – ၁၊ မက်ထရစ်စနစ်တွင် အဆတစ်ထောင်ကို ပြသော စကားလုံး။ ၂၊ ကီလိုဂရမ်။ [လိပ်၊kilo] **~ဂရမ်**/ကီလိုဂရန်/န – အလေးချိန် ဂရမ်ပေါင်းတစ်ထောင်။ [လိပ်၊kilogramme] **~မီတာ**၊န – မီတာ တစ်ထောင်။ (၃၂၈၀ .၁၉ ပေနှင့်ညီမျှသည်။) [လိပ်၊ kilometre] **~ ဝပ်**၊ န – လျှပ်စစ်ဓာတ် ဝပ်ပေါင်းတစ်ထောင်။[လိပ်၊kilowatt]

ကီဝီ၊ န – တောင်ပံနှင့် အမြီးမရှိသည့် မပျံနိုင်သော ငှက်ငယ်။ (နယူးဇီလန်တွင်သာ တွေ့ရသည်။) [လိပ်၊ kiwi]

ကု၊ကြိ – အနာရောဂါပျောက်အောင် ဆေးဝါးဖြင့် ပြုပြင်ပေးသည်။ ကုသသည်။ **~စား**/ကုဇား/ကြိ – ၁၊ ဆေးကုသည်။ ၂၊ပြုမိသော မကောင်းမှုတို့ကို ပပျောက်အောင်လုပ်သည်။

ကုဋီ၊ န – ၁၊ တိုက်ခန်း။ အိမ်။ ကျောင်း။ ၂၊ ရဟန်းတော်များ ကျင်ကြီးကျင်ငယ်စွန့်ရာ အဆောက်အအုံ။ [ပါ၊ကုဋိ]

ကုဋေ /ဂဒေ/ န – ဆယ်သိန်းရှိသော အရေအတွက်။ [ပါ၊ ကောဋိ] **~ကုဋာ**/–ဂဒါ/န – များစွာသော အရေအတွက်။ [ပါ၊ကောဋိ + ကောဋိ]

ကုတို့ /ဂဒို့/န – **ကုဋီတို့** ရှု။

ကုဗ၊န ၁၊သုံးဖက်ညီဒြပ်။ အန်စာတုံး။ ၂၊[သင်္ချာ] အလျား၊ အနံ၊ အမြင့်တို့ကို မြှောက်၍ရသော ထုထည်။ [လိပ်၊cube]

ကုမုဒြာ/ကုမုတ်ဒရာ/န – လရောင်ဖြင့်ပွင့်သော ကြာဖြူ။ [သ၊ကုမုဒ]

ကုလလေးတာ/ကုလာ့လေးတာ၊ ကလလေးတာ/ န – **ကုပ်လုပ်လေးတာ** နှင့်အတူတူ။

ကုလသမဂ္ဂ/ကုလာ့သာ့မက်ဂ/န – ကမ္ဘာ့နိုင်ငံပေါင်းစုံ အဖွဲ့ကြီး။ [ပါ၊ကုလ+ သမဂ္ဂ]

ကုလား/ကလား/န – ၁၊အိန္ဒိယတိုက်ငယ်ဒေသမှ လာသော လူမျိုးများ။ ၂၊ သာမန်အားဖြင့် မြန်မာနိုင်ငံ၏ အနောက်ဘက်ရှိ တိုင်းနိုင်ငံများမှ လာသူများ။ ၃၊ စက္ကူဖဲတွင် ဂျက်၊ ကွင်း၊ ကင်း ဖဲချပ်ကို ခေါ်သောစကား။ နဝိ –နိုင်ငံခြားမှ လာသော။ နိုင်ငံခြားမှဖြစ်သော။ "~ကင်ပွန်း။ ~ရွှေ။" [ပါ၊ ကုလ] **~ကာ**/ကလာဂါ/ န –**ကန့်လန့်ကာ** ရှု။ **~ကျောင်း**/ကလာကျောင်း/န –၁၊ ရေးက သာသနာရေးဆိုင်ရာ အုတ်ကျောင်း။ ၂၊ ဂူဘုရား အောက်ခံ အုတ်တိုက်။ **~တက်**/ကလာဒက်/ န – **ကုလတက်**

http://www.lknt11.com ...

ရှ။ **~ဒည်**/ကလဒယ်/န – မရန်းသီး၊ သရက်သီး စသည်တို့ကို ဆီ၊ မဆလာ၊ ငရုတ်မှုန့် စသည်တို့နှင့် နယ်၍ ဆိစိမ်ထားသော စားဖွယ်။ သနပ်။ **~တိုင်**/ကလတိုင်/န – ခြေ လေးချောင်းနှင့် အမိုပါသော ထိုင်ခုံ။ **~ပဲ**/ကလပဲ/န –၁၊(ဆင်ခေါင်းသဏ္ဍာန်) အညိုရောင် အစေ့ရှိ ပါသော သီးတောင့်များ သီး သည့် ပဲပင်တစ်မျိုး။ ၂၊ ဒင်းပဲစေ့အခြမ်း။ **~ဖန်ထိုး** /ကလဖန်ထိုး/ကြိ – ၁၊ဖဲချပ်များကို လက် တစ်ဖက်စီတွင် အထပ်လိုက် ကိုင်ပြီး ရောယှက် သွားအောင် လုပ်သည်။ ၂၊[ဥပစာ]မိမိလိုရာ ဖြစ်အောင် အကွက်ဆင်သည်။ **~ဖြူ** /ကလဖျူ/ န– ရှေးမြန်မာများက အသားဖြူသော ဥရောပ တိုက်သားများကို ခေါ်သောအမည်။ **~မှ ခြေထောက်** /ကလမှာ့ချီဒေါက်/န – ကန့်လန့် ခြေနှင်း တပ်ထားသော သစ်သားလုံးရှည် သို့မဟုတ် ဝါးလုံး ရှည်တစ်စုံ။ **~မျက်စိ**/ကလားမျက်စိ/န – ဆေး ဖက်ဝင် နွယ်ပင်တစ်မျိုး။ **~ရွေ** /ကလယွေ/ န –ဝါးလွှာစွာ ပြုလုပ်ထားသော ရောင်စုံသတ္တုပြား တစ်မျိုး။ ရောင်ပြား။ **~သောကုလားမော**/ကလသော့ ကလမော/ ကြိဝိ–[ဥပစာ] ခြေပစ်လက်ပစ် နှစ်နှစ်ခြိုက်ခြိုက်(အိပ်သည်)။ **~ဟင်း**/ကလား ဟင်း/ န –အာလူး၊ ခရမ်းသီး စသည်တို့ကို မန်ကျည်းနှစ်၊ မဆလာတို့နှင့် ချက်သောဟင်း။ **~အော်**/ကလအော်/န – အလွန်စပ်သော ငရုတ် သီး တစ်မျိုး။ **~အုတ်**/ကလအုတ်/န –ဘို့တစ်လုံး သို့မဟုတ် နှစ်လုံးပါသော သဲကန္တာရ ခရီးသုံး လှူစီး၊ ဝန်တင် တိရစ္ဆာန်။ [ပါ၊ ကုလ + ဩဋ္ဌ] **~အုံးဆောင်းထပ်**/ကလအုန်းဆောင်းဒတ်/န – စားမြိန်ဖြန်တတ်သော သတ္တဝါ၏ အစာအိမ် အစိတ် အပိုင်း တစ်မျိုး။

ကုသိနာရုံ၊န –၁၊မြတ်စွာဘုရား ပရိနိဗ္ဗာန်စံရာမြို့ အမည်။ ၂၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပုံ ထုလုပ် ထားရှိရာ ဇရပ်တန်ဆောင်း။ [ပါ၊ကုသိနာရာ]

ကုသိုလ် /ကုသို/န – ကောင်းသောအမှု။[ပါ၊ကုသလ]

ကုဟည်း/ကုဘ်ဟီး/န – **ကုတ်ဟည်း**နှင့်အတူတူ။

ကူ[၁]၊ကြိ –ဖေးဆောင်ရွက်ပေးသည်။ မစသည်။ ကူညီ သည်။ **~ဖော်လောင်ဖက်**/ ကူဖော်လောင်ဖက် / န –ဝိုင်းဝန်း ကူညီပေးသူ။

ကူ[၂]၊ကြိ–(ချိုးငှက်) တွန်မြည်သည်။

ကူထိုးမိုး/ဂုထိုးမိုး/န – ကယားအမျိုးသားတို့၏ တံခွန် တိုင်ပွဲ။ [ကယား၊ကူထိုးမိုး]

ကူပွန်၊န –ကုန်ပစ္စည်း ဝယ်ယူနိုင်ရန်၊ ပစ္စည်း တစ်ခုခု နှင့် လဲလှယ်နိုင်ရန်အတွက် ဆိုင်ရာက ထုတ်ပေး ထားသော လက်မှတ်တစ်မျိုး။ [လိပ်၊ coupon]

ကူရှပ်/ကူယှတ်/န – ရှေးခေတ်စစ်လှေကြီးတစ်မျိုး။ [မွန်၊ ခရော်]

ကူလီ၊ န –[ခေတ်ကုန်] ၁၊အခယူ၍လုပ်သော အလုပ်ကြမ်း။ ၂၊ အခစား အလုပ်ကြမ်းသမား။ [ဟိန္ဒီ၊ ကူလီ]

ကူး၊ကြိ – ၁၊ပြောင်းသည်။ ရွှေ့သည်။ "နှစ် ~–။" ၂၊ပျံ့နှံ့သွားသည်။ ၃၊ကျော်ဖြတ်သွားသည်။ ၄၊ ရေတွင် ခြေလက်တို့ကို ယက်ကန်လှုပ်ရှား၍ ကိုယ်ကိုရွှေ့စေသည်။ ၅၊စာ၊ရုပ်ပုံ စသည်ကို မှပွားသည်။ **~ခပ်**၊ကြိ– ၁၊ ဤဘက်မှ ထိုဘက်သို့ ရောက်အောင်သွားသည်။ ၂၊**ကူး**၊ ၄၊ နှင့်အတူတူ။ **~တို့**/ဂဒို့/န – ရေလမ်းတွင် တစ်နေရာမှ တစ်နေရာ သို့ ပို့ဆောင်သော လှေသင်္ဘော။ **~တို့ခ**/–ဂါ့/ န – သင်္ဂြိုဟ်မည့် လူသေ၏ ခံတွင်း၌ ထည့်လိုက် သော ကြေးငွေ။ **~တို့လျား**/–လယား/န – မြစ်ကြောင်း အစုန် အဆန် ခရီးရှည် ပို့ဆောင်သော ကူးတို့။ (ဖြတ်ကူးတို့ လည်း ရှိ) **~နာယဉ်းနာ**၊န – ကူးစက်ပြန့်ပွားလွယ်သော ပလိပ်ကဲ့သို့သော ရောဂါ ဆိုးမျိုး။ **~လူးဆက်ဆံ**၊ကြိ – ရောနှော ပေါင်းသင်း သည်။ အပြန်အလှန် အဆက်အသွယ် လုပ်သည်။ **~သန်း**၊ကြိ – တစ်နေရာမှ တစ်နေရာသို့ သွားလာ သည်။ **~သန်းရောင်းဝယ်**၊ကြိ – ဘစ်ရပ်မှ တစ်ရပ် သို့ ကုန်ပစ္စည်းသယ်ယူ ရောင်းဝယ်သည်။

ကေစိဝါဒ၊န – အချို့အချို့သော ပုဂ္ဂိုလ်တို့ ယူဆသော ဝါဒ။ [ပါ၊ကေစိ + ဝါဒ]

ကေချွာကျမ်း/ကေတုဗာကျန်း/န – အသက်ာကျမ်း။ [ပါ၊ ကေချွာ + မြန်၊ ကျမ်း]

ကေတိကာတိလုပ်၊ကြိ – အကြောင်းအမျိုးမျိုးပြ၍ ငြင်းဆန်သည်၊ တွက်ကတ်သည်။

ကေဒါ၊န – အဖွဲ့အစည်း၏ လုပ်ငန်းရပ်ကို ဆောင်ရွက် ရန်အတွက် ရွေးချယ် လေ့ကျင့်ထားသော လက်ရွေးစင် အမြဲတော ရဲဘော်။ [လိပ်၊cadre]

ကေသရာဇာ/ကေသရာဇာ/န – ၁၊ခြင်္သေ့မင်း။ ၂၊ပန် ဆေးပင်တစ်မျိုး။ [ပါ၊ ကေသရ+ ရာဇာ]

ကေသာ၊န –[ကဗျာ] ဆံပင်။ [ပါ၊ကေသာ]

ကဲ[၁]၊ကြိ – ၁၊ပိုသည်။ သာသည်။ ၂၊ကြီးမှူးသည်၊ ၃၊ထပ်ဖြည့်သည်။ "ဆား ~လိုက်ပါ။" ၄၊အလွန် အကြူး ပြုမူသည်။ **~ကြည့်**၊ကြိ – အပေါ်မှ စီး၍ လှမ်းကြည့်သည်။

ကဲ[၂]၊စည်း–[အပြော]နားထောင်သူ၏ အာရုံကို ဆွဲ ဆောင်ရန် သုံးသောစကား။

ကဲလား၊န – ၁၊အထက်သို့ မ တင်ဖွင့်နိုင်သော အကာ အရံ။ ၂၊ဒေါက်ထောက်၍ ဖွင့်ရသော တံခါးတစ်မျိုး။

ကဲ့၊ကြိ–တဖြည်းဖြည်း သယ်ယူသည်။ နည်းနည်းချင်း

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

သယ်ယူသည်။

ကဲ့ရဲ့၊ ကြိ – ရှုတ်ချပြောဆိုသည်။ ကဲ့ရဲ့သဂြိုဟ်သည်။

ကဲ့သို့/ကဲ့သို့/စည်း – တူညီချက်ကိုပြသော စကားလုံး။ သဖွယ်။ လို။ နှယ်။

ကော³၊ ကြိ – ၁၊ မြစ်၊ ချောင်း စသည်တို့တွင် မြေဖို့၍ ရေတိမ်လာသည်။ ၂၊ လယ်ယာ၊ ချောင်း စသည် တဖြည်းဖြည်း ပျက်စီးသည်။ ၃၊ အချည်းနှီးဖြစ်သည်။

ကော⁴၊ စည်း – [အပြော] ၁၊ ပေါင်းစည်းသည့် သဘောဖြင့် ထောက်ပံ့သော စကားလုံး။ ၂၊ အမေးသဘောဖြင့် ထောက်ပံ့သည့် စကားလုံး။

ကောဇကြိုဟ်၊ န – [ဗေဒင်] ၁၂ ရာသီခွင်တွင် အသီးသီး ရောက်ဆဲတည်ဆဲဖြစ်သော ဂြိုဟ်အစု။ [သ၊ ဂေါစရ + ဂြဟ]

ကောဇာသက္ကရာဇ်၊ န – ယခုအသုံးပြုနေသော မြန်မာ ခုနှစ်။ [သ၊ ဂေါစရ + သကရာဇ]

ကောဏာဂုံ၊ န – ဤဘဒ္ဒကမ္ဘာတွင် ဒုတိယပွင့်တော်မူသော မြတ်စွာဘုရား။ [ပါ၊ ကောဏာဂမန]

ကောလာဟလ၊ န – ၁၊ တစ်စုံတစ်ရာ ဖြစ်ပေါ်မည့် အကြောင်း ကြိုတင်သတိပေးသော ကြွေးကြော်စကား။ ကြိုတင်ဖြစ်ပေါ်နေသော သတင်း။ ၂၊ အမြစ်အမြစ်မရှိသော သတင်း။ [ပါ၊ ကောလာဟလ]

ကောလိသိန်၊ န – အမြစ်ကို အားတိုးဆေးဖော်ရသော ကရုက်ပရဆေးပင်တစ်မျိုး။ [တရုတ်၊ gaoli shen]

ကောလိကြေ၊ ကြိ (ဆေးအမည်များ ရောကြိတ်ရာ၌) မုန့်မုန့်ညက်ညက်ဖြစ်သည်။ [သ၊ ဂေါလီ + မြန်၊ ကြေ]

ကောလိပ်၊ န – တက္ကသိုလ်တစ်ခုနှင့် ဆက်သွယ် ပေါင်းကူးထားသော အဆင့်မြင့် ပညာသင်ကျောင်း။ [လိပ်၊ college]

ကော့၊ ကြိ – ၁၊ အနားစွန်းလန်တက်သည်။ ၂၊ ယင်းသို့ လန်တက်အောင်ပြုသည်။ ၃၊ မျက်နှာပြင် တစ်ဖက်တွင် ဟိုက်၍ တစ်ဖက်တွင် မိုမောက်သည်။ ၄၊ ယင်းသို့ မိုမောက်အောင်ပြုသည်။ **~ကော့ကော့ကား**၊ ကြိဝိ – မတော်မလျော်။ ကိုးရိုးကားရား။ မဖွယ်မရာ။ **~ရုရော**၊ ကြိဝိ – ကော့ညွတ်လျက်။

ကော်¹၊ ကြိ – ၁၊ တစ်စုံတစ်ရာဖြင့် ထိုးယူမြှောက်တင်သည်။ ၂၊ [ဇန်း] ရလာင့်သည်ထက် ပို၍ အကျိုးဖြစ်ထွန်းသည်။ **~စီကော်**၊ ကြိ – [ရက်ကန်း] ရက်ကန်းတိုင်ချည်များကို ကော်စီတံဖြင့် နှုတ်ပေါက်အတွင်း သွင်းသည်။ **~စီတံ** /ကော်စီဒံ/န – [ရက်ကန်း] ရက်ကန်းတိုင်ချည်များကို နှုတ်ပေါက်အတွင်း ကော်သွင်းယူသည့် လက်ကိုင်ပါ အဖျား ကောက်သံချောင်းငယ်။ **~လုံးကတ်လုံး**၊ န – ဆင်ခြေ ဆင်လက်ဖြင့် ဆန့်ကျင်ပြောဆိုသော စကား။

ကော်²၊ န – ၁၊ ဆန်၊ ဂျုံ၊ သားရေ စသည်တို့ကို ပြုပြင်ထားသည့် စေးကပ်သော အရည်ပျစ်။ ၂၊ ဓာတုဗေဒနည်းဖြင့် ပြုလုပ်ထားသော ပလတ်စတစ် စသည် ပစ္စည်း။ **~တရာ**၊ န – [ဥဒါစာ] အလွန် ကပ်စေးနှဲသူ။ **~ပြား**/ကော်ဗျား/န – ဖလင်။ **~ဖတ်** /ကော်ဗတ်/ န – သစ်သားစသည်ကို အချောတိုက်ရန် သဲမှုန့် စသည် ကပ်ထားသော စက္ကူချပ်။ **~ဖတ်ပင်** /–ပင်/န – ရော်ဘာပင်။

ကော်³၊ န – ဟိဗက်မြန်မာအုပ်စုဝင် ဘာသာစကား တစ်မျိုးကို ပြောသော မြန်မာတိုင်းရင်းသား တစ်မျိုး။ (ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် နေထိုင်သည်။)

ကော်ဇော၊ န – ၁၊ သိုးမွေး၊ သားမွေး စသည်ဖြင့် ရက်လုပ်သည့် ပန်းပြောက်ဖော်ထားသော ထိုင်စရာ အခင်း။ ၂၊ ကြမ်းပြင်၊ လှေကား စသည်၌ ခင်းသည့် အခင်းယု၊ [ပါ၊ ကောဇဝ]

ကော်ပီ၊ န – ၁၊ လက်ရေးစာမူ။ ၂၊ မိတ္တူစာမူ။ မိတ္တူ ဗတ်ပုံ။ [လိပ်၊ copy]

ကော်ပိုရေးရှင်း/ကော်ပိုရေးယှင်း/န – သက်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရန် အစိုးရက ဥပဒေဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်း။ [လိပ်၊ corporation]

ကော်ပြန့်၊ န – ဂျုံလွှာတွင် အဆာသွတ်၍ လိပ်ထားသော စားဖွယ်။ [တရုတ်၊ baobing]

ကော်ဖီ/ကာဖီ၊ကော်ဖိ/န – ၁၊ အသီး၏ အစေ့ကို လှော် ကြိတ်၍ ဖျော်စပ်သောက်သုံးရသော အပင်တစ်မျိုး။ ၂၊ ယင်းအစေ့မှုန့်နှင့် ဖျော်စပ်ထားသောသောက်ဖွယ်။ [လိပ်၊ coffee]

ကော်မတီ၊ န – ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ရွေးချယ်တာဝန်ပေးထားသော ပုဂ္ဂိုလ်စု။ [လိပ်၊ committee]

ကော်မရှင်၊ န – ၁၊ အရေးကြီးသော ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် အစိုးရက ဖွဲ့စည်းပေးထားသော အာဏာပိုင်အဖွဲ့။ ၂၊ ပွဲခ။ [လိပ်၊ commission]

ကော်ရော်၊ ကြိ – [ပေါ] အရိုအသေပြုသည်။ ရှိခိုးသည်။

ကော်ရင်ဂျီ /ဂေါ်ရင်ဂျီ/န – အိန္ဒိယတောင်ပိုင်း ကလိင်္ဂ တိုင်းမှ လာသော လူမျိုးတစ်မျိုး။ [သ၊ ကောရင်] **~ဆေး** /–ဆေး/ န – ဆေးပြင်းလိပ် လိပ်ရသော ဆေးရွက်ကြီး တစ်မျိုး။

ကော်ရစ်၊ န – ယိုးကွင်း။ မင်ကြောင်း။

ကော်လာ၊ န – လည်စွပ်နှင့်အတူတူ။ [လိပ်၊ collar]

ကော်လံ၊ န – စာတိုင် နှင့်အတူတူ။ [လိပ်၊ column] **~စား** /ကော်လန်စား/ န – ၁၊ သတင်းစာတိုက်သို့

မာတိကာသို့ ▶▶▶

http://www.lknt11.com

သတင်းရေးသားပေးပို့ရာ၌ သတင်းစာကော်လံ အလိုက် အခကြေးငွေ ရရှိသော သတင်းထောက်။ ၂။ ကော်လံအလိုက် စာစီရသော စာစီသမား။

ကံ၊ န – ၁။ ကိုယ်၊ နှုတ်၊ စိတ်တစ်ခုခုဖြင့် ပြုလုပ်သော အမှု။ ကောင်းကျိုး၊ မကောင်းကျိုးကို ဖြစ်စေသော အကြောင်း။ ၂။ [သဒ္ဒါ] ပြုလုပ်ခြင်းခံရသောသူ၊ အရာကို ပြသောပုဒ်။ [ပါ၊ ကမ္မ] **~ကုန်**၊ ကြိ – သေသည်။ **~ကြီး**၊ ကြိ – ကုသိုလ်ကံ အားကောင်းသည်။ **~ကြီးကံငယ်**/ကန်ကြီးဂန်ငယ်/န – [ဝိနည်း] သိမ်အတွင်း ဉတ်ကမ္မဝါစာဖြင့် ဆောင်ရွက်ရသော ရဟန်းခံခြင်းစသည့် ဝိနည်းကံနှင့် ထိုသို့ ဆောင်ရွက်ရန် မလိုသော ဒေသနာကြားခြင်း စသည့် ဝိနည်းကံ။ **~ကြီးထိုက်**/ကန်ကြီးထိုက်/ ကြိ – အာနန္တရိယကံကို ကျူးလွန်သည်၊ ကျူးလွန်သဖြင့် ဒုက္ခရောက်သည်။ **~ကြမ္မာ**/ကန်ကျမ်မာ/ န – ကံတရား။ **~ကျွေး**/ကန်ကျွေး၊ ဂျွေး/န – ၁။ ထောက်ပံ့ပေးကမ်းသော ပစ္စည်း၊ ရိက္ခာ။ ၂။ အခွန် အတုတ်နှင့်တကွ မင်း ပေး သော မြို့ရွာနယ်ပယ်။ ၃။ လက်ခ။ ၄။ လက်ခစား လုပ်ကိုင်သူ။ ၅။ နောင်ဘဝ အကျိုးအတွက် ရည်ရွယ် ပြုလုပ်သော ကောင်းမှု။ **~ကျွေးချ**/–ချာ/ကြိ – ၁။ နောင်ဘဝ အကျိုးအတွက် ကောင်းမှု ပြုလုပ်သည်။ ၂။ [သမိုင်း] မြေရှင်ပဒေသရာဇ်များက မိမိသဖွားခံများအား မြေယာခွဲဝေငှားရမ်း၍ မြေ ကွက်များကို လုပ်ကိုင်စေသည်။ **~စပ်**၊ ကြိ – ကုသိုလ်ကံချင်း ညီညွတ်သည်။ **~စမ်း**၊ ကြိ – မဲနှိုက်ခြင်း၊ ထီထိုးခြင်း စသည် တို့ဖြင့် ကံကို စမ်းသပ်ကြည့်သည်။ **~စွပ်**၊ ကြိ – မမျှော်လင့် မထင်မှတ်ဘဲ ကောင်းကျိုး ရရှိသည်။ **~စွပ်ကံညား**/ကန်စွတ်ကန်ညား/ကြိဝိ – ကုသိုလ် ကံ အခွင့် ပေးလိုပေးငြား။ **~ဆိုးမိုးမှောင်ကျ** /ကန်ဆိုးမိုးမှောင်ကျ/ ကြိ – အလွန်ကံဆိုးသည်။ **~ဆောင်**၊ ကြိ – သိမ်တွင် ရဟန်းခံခြင်း စသော အမှုကို ဆောင်ရွက်သည်။ **~တူအကျိုးပေး**/ကန်ဒူ အကျိုးပေး/န – တူမျှသော ကံကြောင့် တူမျှ သော အကျိုးခံစားရသူ။ **~လိုက်**၊ ကြိ – ပြုလုပ် ဆောင် ရွက်တိုင်း ဖြစ်မြောက်အောင်မြင်သည်။ **~သီ**၊ ကြိ – အနည်းငယ်မျှသော ကုသိုလ်ကံကြွင်း ရှိ သေးသည်။ **~သေကံမ**/ကန်သေကန်မာ/ကြိဝိ – စေကန်မုချ။ သေသေချာချာ။ **~သုံးပါး**/ကန် သုံး ဗား/န – ကာယကံ၊ ဝစီကံ၊ မနောကံဟူသည့် ဟူသော ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် ပြုလုပ်သော အမှုသုံးမျိုး။

ကံရှာ၊ န – သူငယ်တို့ ကစားသော ဖန်ဂေါ်လီလုံး။ [ဟိန္ဒီ၊ ကံစာ]

ကံပြင်း/ဂပျင်း/န – အရွက်ကို ပြုပ်စားရသော အပင် တစ်မျိုး။

ကံမြစ်/ကန်မျစ်၊ ကမျစ်/ကြိ – [ရှေး] တားမြစ်သည်၊ ဆုံးမသည်။

ကံ့ကူ/ကန့်ဂူ/န – နူးညံ့ပျော့ပျောင်းသော တွင်းထွက် ကျောက်တစ်မျိုး။ **~ဆံ**/ကန့်ဂူဇန်/န – ပုရပိုက် စသည်တွင် ရေးသော ကံ့ကူကျောက်အဆံ။ **~တံ**/ကန့်ဂူဒန်/န – ကံ့ကူဆံတပ်ရန် အတံ။ **~လက်လှည့်ဆရာ**/ကန့်ဂူလက်လှဲ့ဆယာ/ န – စာရေးတတ်အောင် ငယ်စဉ်က လက်ထပ်သင်ကြား ပေးသောဆရာ။ ငယ်ဆရာ။

ကံ့ကော်/ဂန့်ဂေါ်/န – ပွင့်ချပ်ဖြူ၊ ဝတ်ဆံဝါ၊ ရနံ့ မွှေးသော အပွင့်ပွင့်သည့် တန်ခူးလ၏ ရာသီပန်းပင်။

ကို¹၊ ဝိ – ကံပုဒ်ကို ညွှန်ပြသော စကားလုံး။

ကို²၊ ဝိ – [အပြော] သို့။

ကို³၊ ဝိ – [အပြော] အား။

ကို⁴၊ စည်း – ယဉ်ကျေးသော အားဖြင့် ယောက်ျားအမည် ရှေ့က တပ်သုံးသော စကားလုံး။ **~ရင်**၊ န – သင်္ကန်းဝတ်လျက် ဆယ်ပါးသီလ စသော ကျင့်ဝတ် များကို စောင့်ထိန်းသူ။ သာမဏေ။

ကို⁵၊ စည်း – [အပြော] ပုဒ်တို့ကို လေးနက်စေသော စကားလုံး။ "သူ ~က၊ လုပ် ~လုပ်ရမယ်။"

ကိုက၊ န – မူလက တောင်အမေရိကတွင် ပေါက်သော ချုံပင်တစ်မျိုး။ [လိပ်၊ coca]

ကိုကိုး၊ န – ၁။ အစေ့မှုန့်ကို သောက်ဖွယ်၊ ချောကလက် စသည် ပြုလုပ်ရသော အသီးသီးသည့် အပင်။ ၂။ ယင်းအမှုန့်နှင့်ဖျော်စပ်ထားသော သောက်ဖွယ်။ [လိပ်၊ cocoa]

ကိုကင်း၊ န – ကိုကပင်၏အရွက်မှ ထုတ်လုပ်သော မူးယစ်ထုံထိုင်းဆေး။ [လိပ်၊ cocaine]

ကိုဒဥပဒေ/ကိုဒ်ဥပဒေ/န – [ဥပဒေ] စနစ်တကျ စုစည်းထားသော တရားရေးဆိုင်ရာဥပဒေစု။ ဥပဒေ ပေါင်းချုပ်။ [လိပ်၊ code+ပါ၊ ဥပဒေသ]

ကိုလိုနီ၊ န – တိုင်းတစ်ပါးလက်အောက်ခံနယ်မြေ၊ နိုင်ငံ။ [လိပ်၊ colony]

ကိုး¹၊ န – ရှစ်နှင့် တစ်ဆယ်အကြားရှိ အရေအတွက်။ ၉၊ **~ကုန်းကိုးကျင်း**/ကိုးဂုန်းကိုးဂျင်း/ကြိဝိ – နေရာ အနှံ့။ နေရာတကာ။ **~ကြောင်း**/ကိုးကျောင်း/ န – [ရှေး] ကိုးအလီမှ တစ်အလီအထိ ရှိသော အလီ ပေါင်းစု။ **~မီး**၊ န – စက္ကူပြဲသုံးချပ်စီ ဝေ၍ ကစားသော ဖဲကစားနည်း တစ်မျိုး။ **~သား** /ကိုးသား/န – ကတ်ဖဲတွင် ကိုးပွင့်ပါဖဲချပ်။ (အနီ လေးပွင့်၊ အဖြူငါးပွင့် ပါသော ကိုးသားနီ၊ ကိုးပွင့် စလုံး အဖြူဖြစ်သော ကိုးသားဖြူ ဟူ၍ ၂မျိုး ရှိသည်။)

ကိုး၂၊ ကြိ – ၁၊ အားထားမှီခိုသည်။ ၂၊ အထောက်အထားပြုသည်။ အထောက်အထားအဖြစ် ဖော်ပြသည်။ **ကိုးကားသည်။** ၃၊ ဘုရား၊ တရား စသည်ကို ယုံကြည်ကိုးကွယ်သည်။ ယည်းကပ်ပူဇော် အားထားသည်။ ကိုးကွယ်သည်။ ၄၊ နတ်ကို ပူဇော်ပသပါမည်ဟု ငွေကို စတီတင်၍ ကတိ ပြုသည်။ **~စား**/ ကိုးဇား / ကြိ–အထူးအားကိုးသည်။

ကိုးရိုးကားရား၊ ကြိဝိ – ကမောက်ကမ ။ မသေမသပ်။

ကိုးလိုးကန့်လန့်၊ ကြိဝိ – ဆန့်ကျင်လျက်။ ဗီလာ။

ကက်၁၊ န – ၁၊ အဖြူ အနီပွင့်များပါသော သစ်သားပြားဖဲချပ်။ (တစ်ဖုံတွင် ဖဲချပ် ၆၄ ပြား ရှိသည်။) ၂၊ ယင်းဖဲချပ်များအနက် အဖြူဆယ်ပွင့် အနီတစ်ပွင့်ပါသော ဖဲချပ်။ ၃၊ ယင်းဖဲချပ်တို့ဖြင့် ကစားသော ဖဲကစားနည်း။

ကက်၂၊ န – စပါး ၆၄ တင်းဝင်သော ပုတ်ကြီး။ ယင်း၏ ချင့်ဝန်။ **~ဆောင်**/ကက်ဇောင်/ န – လှည်းကက်အိမ်တွင် ရံတိုင်စိုက်သော အောက်ခံသစ်သားတန်း။ **~အိမ်**၊ န – နွားလှည်းတွင် ပစ္စည်းတင်ရန်၊ လူစီးရန် နေရာ။ လှည်းအိမ်။

ကက္ကရာ/ ကက်ကရာ/ န – သန္တာခွဲကဲ့သို့ အရောင်စိမ်းသော မြကျောက်တစ်မျိုး။ [သ၊ကက်ရီ]

ကက္ကရ/ ကက်ကရ/ န – နတ်ပြည်ရှိ ပန်းတစ်မျိုး။ [ပါ၊ ကက္ကာရ]

ကက္ကု၊ န – ကွဲခေါင်းသီးပင်။ [ပါ၊ကက္ကု] ? **~ဆူး** /ကက်ကုဖူး/ န – ၁၊ ကက္ကုသီးတွင် ပေါက်သော အခွသုံးခွရှိ ဆူး။ ၂၊ ဆူး လေးခုရှိ ပစ်တိုင်းထောင် ဆူးကြောင့်ခလုတ်။ **~ဆူးချိုကက္ကုဆူးချ**/–ချိကက် ကုဖူးချဉ/ န – [စာပေ] ပိဋကတ်ရေးရာတွင် အရှိအချ ရေးနည်း။

ကက္ကုကမျဉ်း၊ န – မီးရှို့လျှင် မွှေးကြိုင်သော အနံ့ထွက်သည့် သစ်စေးတစ်မျိုး။ လောဗန်။ [ပါ၊ကက္ကု၊ မလေး၊kèunènyan]

ကက်ကော်တကန့်/ကက်ကော်ဒကန့်/ ကြိဝိ– မိဘ ဆရာ သမား စသည်ကို ပြန်လှန်၍ ရိုင်းပျစွာ (ပြောဆိုသည်)။

ကက်ကက်လန်၊ ကြိဝိ – စွာစွာလောင်လောင်။

ကက်ကင်းတတ်၊ န – [ဗေဒင်] ပြောင်းပြန်ဖြစ်သော နံဓာတ်။

ကက်ဆက်၊ န – တိပ်ခွေထည့်၍ အသံသွင်းနိုင် ဖွင့်နိုင်သောစက်။ [လိပ်၊ cassette]

ကက်တလောက်၊ န – ၁၊ ကုန်ပစ္စည်း ကြော်ငြာသည့် စာအုပ်။ ၂၊ စာအုပ် စသည်တို့၏ အမည်စာရင်း။ [လိပ်၊catalogue]

ကက်ဗိနက်၊ န – အစိုးရအဖွဲ့။ ဝန်ကြီးများအဖွဲ့ ။ [လိပ်၊ cabinet]

ကုက္ကလံ၊ န – လှေ၊ သင်္ဘောတွင် လေကြောင်းကို သိရန် လွှင့်ထူသော တံခွန်။

ကုက္ကား၊ န – ဘုရားကို ပူဇော်ရသော တံခွန်တစ်မျိုး။

ကုက္ကို၊ န – ၁၊ ဆီဆုံ၊ အိုးစည် စသည်လုပ်ရသော အသားရှိသည့် သစ်ပင်ကြီး။ မြန်မာကုက္ကို။ ၂၊ လမ်းဘေးစိုက် အရိပ်ကောင်း သစ်ပင်ကြီးတစ်မျိုး။ ကုလားကုက္ကို။ သင်္ဘောကုက္ကို။

ကုက္ကုစ္စ /ကုတ်ကုဘ်စ/ န – ၁၊ နောင်တပူပန်ခြင်း။ ၂၊ [အရပ်] နှမြောတွန့်တိုခြင်း။ [ပါ၊ကုက္ကုစ္စ]

ကောက်၁၊ န – စပါး ။ **~ကြီး**၊ န – သက်ရင့်စပါးမျိုး။ **~ကွက်**၊ န – စပါးမျိုးပင်စိုက်ရာတွင် တစ်ချက်စိုက်နှင့် တစ်ချက်စိုက် အကွာအဝေးဖြစ်သော ကြားနေရာ။ **~ငန်း**၊ န – ပိုင်းခြားထားသော ကောက်စိုက်ရာလုပ်ငန်းခွင်။ **~ငယ်**၊ န – သက်နုစပါးမျိုး။ ကောက်စော ။ ကောက်လျင်။ **~စိုက်တံ**၊ န – ကောက်စိုက်ရာတွင် သုံးသည့် အခွသုံးခုပါ တုတ်တံ။ **~ဆ**၊ န – ဆန်ကျော်နှင့်အတူတူ။ **~ဆိုင်ပုံ** /ကောက်ဆိုင်ဗုန်/ န – ကောက်နံ့ချင်း ဆိုင်၍ စုပုံထားသော ကောက်လှိုင်းစု။ **~ဆန်ကြွေ** /ကောက်ဆန်ငွေ/ န – ကောက်လှိုင်းတိုက်ရာတွင် လှည်းပေါ်၌ ကြွေကျသော စပါး။ **~ဆုပ်**၊ န – လက်တစ်ကိုင်ရှိသည့် ရိတ်ပြီးကောက်ပင်စု။ **~ဆွ**၊ န – စပါးနယ်ရာတွင် ကောက်ပြန့်ကို စပါးနှင့်ကောက်ရိုး တခြားစီဖြစ်အောင် ထိုးဆွမြှောက်ကော် ရသော အဖျားကောက် ဝါးတုတ်။ **~ညှင်း**၊ န – ချက်သောအခါ ပျော့ပျောင်းစေးကပ်သည့် စပါးတစ်မျိုး။ **~ညှင်းကျည်တောက်**/ ကောက်ညှင်းကျီဒေါက်/ န – ဝါးစိမ်းကျည်တောက်တွင် ကောက်ညှင်းသွတ်၍ မီးဖုတ်ထားသော စားဖွယ်။ ပေါင်းတင်းကျည်။ ခဲလဲချောင်း။ **~တီ**၊ န – မုရင်း စပါးတစ်မျိုး။ **~ပဲသီးနှံ**၊ န – စပါး၊ ပဲ၊ ပြောင်း စသော သီးနှံမျိုးစုံ။ **~ပင်ရိတ်လိုး**၊ န – တစ်ဖက်သား စကားကို ပိုင်နိုင်စွာဖမ်း၍ ချေပပြောသော စကားပြောနည်း။ **~ပြန့်**၊ န – စပါးနယ်ရန် အနံကို အပေါ်ဘက်ထား၍ သိစပ်ဖြန့်စီထားသော ကောက်လှိုင်းစု။ **~ရိုး**၊ န – အသီးခြွေပြီးသော ကောက်ပင်ခြောက်။ **~ရိုးနွယ်**၊ န – ရိုးပြတ်များတွင် မှီတွယ်၍ ပေါက်တတ်သော အရွက် ရှည်သွယ်သည့် နွယ်ပင်။ **~ရိုးမီး**၊ န – [ဥပစာ] ခဏသာခံသည့် ဖွဲ၊ လုံ့လ စသည်။ **~ရင်ပန်း**/ကောက်ယင်ဗန်း/ န – မျောက်ခေါင်းကဲ့သို့သော ဥရှိသည့် ဆေးဖက်ဝင် နွယ်ပင်တစ်မျိုး။ ကဒ္ဒူဥ။ **~လတ်**၊ န – သြမ်မထ စသော သက်လတ်စပါးမျိုး။ **~လှိုင်း**၊ န – ရိတ်ပြီး စုစည်းထားသော

မာတိကာသို့ ▶▶▶

ကောက်ပင်စု။ **~သားထည့်**/ကောက်သားထဲ့/ ကြိ–စပါးနှံတွင် အနှစ်အသား ပြည့်ဝ လာသည်။ (ကောက်သားတက်သည်၊ ကောက်သား ဝင်သည် ဟုလည်း ခေါ်သည်။) **~သင်း**၊န–စပါး ရိတ်သိမ်း ပြီးနောက် လယ်ကွက်ထဲတွင် ကြွင်းကျန်နေသော စပါးနှံများ။ **~သင်းကောက်**၊ ကြိ–၁၊ ရိတ်သိမ်းပြီး ကြွင်းကျန်နေသော စပါး စသည့် သီးနှံကို ရှာဖွေ ကောက်ယူသည်။ ၂၊[ဥပစာ] အကြွင်းအကျန် ကလေးများကို စုဆောင်းသိမ်းယူသည်။ **~သင်း ကောက်စကား** /ကောက်သင်းဂေါက်ဇေါ:/ န– [ဥပစာ] အဆက်အစပ်မရှိ တွေ့ရာမြင်ရာ ပြောဆို သော စကား။ **~သစ်စားပွဲ**/ကောက်သစ်စားဗွဲ/ န–ပေါ်ဦးပေါ်ဖျား ဆန်ကိုချက်၍ ကျွေးမွေးသော တိုင်းရင်းသားအချို့၏ ပွဲတစ်မျိုး။ **~ဦး**၊န–ဦးဦး ဖျားဖျားပေါ်သော စပါး။

ကောက်[၂]၊နဝိ–မဖြောင့်သော။ ကွေးသော။ လိမ်သော။ ကြိ–၁၊ကွေးအောင်၊ လိမ်အောင်ပြုသည်။ ၂၊မြဲ၍ စိတ်ဆိုးသည်။ /ဂေါက်/ န–၁၊ စက်ကိရိယာကို လှည့်ရန် နှစ်ဆစ်ကွေးထားသော လက်လှည့် သံချောင်း။ ၂၊ လျှပ်စစ်ဖြင့် ရေနွေးကျိုရသော ကိရိယာ။ **~ကစင်း**/ကောက်ဂဇင်း/န–[ပေါ] မဟောက်သည့်နေရာကောက်၍ ဖြောင့်သည့် နေရာ ဖြောင့်သော လမ်းကြောင်း။ **~ကျစ်**၊နဝိ–၁၊ ကွေ့ လိမ်သော။ ၂၊ မရိုးသားသော။ စဉ်းလဲသော။ **~ကြောင်း**၊န–၁၊တစ်ကြောင်းဆွဲပုံဖော်မျဉ်း။ ၂၊ မျဉ်းတစ်ကြောင်းဆွဲ ရုပ်ပုံ။

ကောက်[၃]၊ကြိ–၁၊ကျနေသောအရာကို ကုန်းယူသည်။ ၂၊တောင်းခံသိမ်းယူသည်။ "အခွန် ~–။" ၃၊ တစ်ဦးချင်းထံမှ စုဆောင်းရယူသည်။ "စာရင်း ~–။ အထည် ~–။" ၄၊ ထုတ်ဖော်ယူသည်။ "အဓိပ္ပာယ် ~–။ ခြေရာ~–။" ၅၊ ချစ်မြတ်နိုး သဖြင့် သိမ်းပိုက်သည်။ "နဘ် ~–။ တော် ~–။" ၆၊စားကျက်တွင် လွှတ်ထားသော တိရစ္ဆာန်များ ကို ပြန်လည်သိမ်းဆည်းသည်။ ၇၊ ကျွဲ၊ နွားတို့ကို လှည်း စသည်တို့တွင် တပ်ဆင်သည်။ **~ကာ ငင်ကာ** /ကောက်ခါငင်ဂါ/ကြိဝိ–ကြိုတင် ပြင်ဆင် မှု မရှိဘဲ လျင်မြန်လွယ်ကူစွာ။ **~ကောက်ပါ**၊ ကြိဝိ–ယက်ကြပ်မကွာ (လိုက်သည်)။ မဆိုင်းမတွ (လိုက်သည်)။ **~ခံ**၊ ကြိ–အခွန် စသည်ကို ကောက်သည်။ **~ချက်**၊ န–[လွှတ်] ၁၊ နှစ်ဖက် အမှုသည်တို့၏ အငြင်းပွားရင်း အချက်။ ၂၊အမှု အခင်းအတွက် ဆုံးဖြတ်ချက်။ **~ချက်ချ**၊ ကြိ– ထင်မြင်သူဆ သုံးသပ်ချက်ကို ထုတ်ဖော်သည်။ **~နုတ်**၊ကြိ–ရွေးချယ်ထုတ်ယူသည်။

ကောက်လန်းတီ၊န–လယ်ကန်သင်းပေါ်တွင် ပေါက် သော ခရမ်းရောင်အပွင့်ပွင့်သော အပင်ငယ်။ [မွန်၊ က်လဲင်တိ]

ကိုက်[၁]၊ကြိ–၁၊သွားဖြင့် ဖိညှပ်သည်။ ၂၊နှုတ်သီး ဖြင့် ညှပ်ယားသည်။ ၃၊(မြင်) နှုတ်သီးချွန်ဖြင့် ထိုးသည်။ ၄၊ (မြွေ)အစွယ်ဖြင့် ပေါက်သည်။ ၅၊ကတ်ကြေး စသည်ဖြင့် ဖြတ်သည်။ ၆၊ အခံ ခက်သော ဝေဒနာမျိုးကို ခံစားရသည်။ ၇၊ သင့် လျော် ညီညွတ်သည်။ အံဝင်သည်။ ၈၊ အမြတ် အစွန်း ရသည်။ /ကိုက်၊ဂိုက်/ န–၁၊ ပြုတ်တူ တစ်မျိုး။ ၂၊ လေ့နံနှစ်ဖက်ရှိ ကြွက်လှေ့ခေါက် အစုံ ကို ချုပ်ထားသည့် သစ်သားတန်း။ ၃၊သတ္တုပြား ဖြတ် ကတ်ကြေးတစ်မျိုး။ ၄၊သစ်သားကို အချော တိုက်ရသော ကိရိယာတစ်မျိုး။ ၅၊ ဘူးဖောက်ရ သော ကိရိယာတစ်မျိုး။ **~ထိုး**[၁]/ကြိ–ကိုက်ဖြင့် သစ်သားကို အချောတိုက်သည်။

ကိုက်[၂]/ဂိုက်/န–သုံးပေ(နှစ်တောင်)နှင့်ညီမျှသော အတိုင်းအတာ။[ဟိန္ဒီ၊ဂဇ်] **~တံ**/ဂိုက်တန်/န– တစ်ကိုက်ရှိသော ဘိုင်းတာစရာ တုတ်တံ။ ကိုက် တောင်။ **~ထိုး**[၂]/ဂိုက်ထိုး/ကြိ–ကိုက်တံဖြင့် တိုင်း တာသည်။

ကိုက်လန်၊န–အရွက်ကြော်စားရသော မုန်ညင်း မုန်လာမျိုး ဟင်းလျာပင်။ [တရုတ်၊ gailan]

ကင်၊ကြိ–အပူရှိန် ထိရောက်ပုံ့နှံ့စေရန်၊ ကျက်နပ်စေရန် မီးနားမှာ ထားသည်။ **~ဖျစ်**/ကင်ဇုစ်/န–သားငါး ကင်ရန် ဝါးကို ရက်ထားသော ပစ္စည်း။

ကင်္ကာ၊န [ပေါ]မျက်မှောက်။

ကင်ဆာ၊န–ခန္ဓာကိုယ်တွင် ပုံမှန်မဟုတ်သော ဆဲလ်ပေါင်း စည်းများ ပြန့်ပွားကြီးထွားသည့် ရောဂါ။ [လိပ်၊ cancer]

ကင်ပလင်း/ကင်ဗလင်း/န–ချဉ်ဖြုံ့ဖြုံ့ အရသာ ရှိသော အသီးငယ်များ အခိုင်လိုက်သီးသော အပင်ငယ် တစ်မျိုး။

ကင်ပေတိုင်၊န–ဒုတိယကမ္ဘာစစ်အတွင်းက ရှိခဲ့သော ဂျပန်စစ်ဘက် ထောက်လှမ်းရေးအဖွဲ့။ [ဂျပန်၊ Kempeitai]

ကင်ပိမ့်/ကင်ဗိန့်/န–အရွက် အသီးကို စားရသော အရိုးနီ နွယ်ပင်တစ်မျိုး။

ကင်ပွန်း /ကင်ဗွန်း၊ကင်မွန်း/ န– အရွက်အဖူးကို ချက်စားရ၍ အသီးတောင့်ကို ခေါင်းလျှော်ရာ၌ သုံးသော နွယ်ယောင်ပင်ယောင်တစ်မျိုး။ **~တပ်** /–တတ်/ ကြိ–မွေးစကလေးကို ကင်ပွန်းရည် စသည်တို့ဖြင့် ခေါင်းဆေးမင်္ဂလာပြု၍ နာမည် ပေးသည်။

မာတိကာသို့ ▶▶▶

ကင်မရာ/ကင်မရာ/ န – ဓာတ်ပုံရိုက်ကိရိယာ။ [လိပ်၊ camera]

ကင်း¹၊ ကြိ – ၁၊ မရှိ။ ၂၊ အဆက်အဆံမရှိ။ အတူတကွ မဟုတ်။ "သူနှင့် ~ နိုင်သော ပုဂ္ဂိုလ်မရှိ။" **~လွတ်ကုန်**၊ န – အစိုးရက ရောင်းဝယ်ခွင့် ပြုထားသော ကုန်ပစ္စည်း။ **~လွတ်ခွင့်**၊ န – စည်းကမ်း သတ်မှတ်ချက် တစ်စုံတစ်ရာမှ လွတ်ငြိမ်းသော အခွင့်အရေး။

ကင်း²၊ န – ၁၊ ရေ၊ မီးစသော ဘေးမှ ကာကွယ်နိုင်ရန် စောင့်ကြည့်သူ။ ၂၊ အခွန်အတုတ် ကောက်ခံရာ ရေဆိပ် စသည်။ **~စောင့်**၊ ကြိ – ရေ၊ မီး၊ ရန်သူတို့၏ အခြေအနေကို စောင့်ကြည့်သည်။ **~စမ်းကိုး**၊ ကြိ – ရန်သူ၏ အမခြေအနေကို သိရှိရန် ထောက်လှမ်းသည်။ **~စမ်းလေ**၊ န – ရေပြေး တိုက်လာသော လေ။ **~တဲ** /ကင်းဒဲ/ န – ကင်းစောင့်ရာတဲ။ **~ထောက်**၊ ကြိ – ရန်သူ၏ အခြေအနေကို စုံစမ်းသည်။ **~ပုန်း**/ကင်းဗုန်း/ န – လျှို့ဝှက်စွာ စောင့်နေသော ကင်း။ **~ဝပ်** /ကင်းဝတ်/ ကြိ – ရန်သူ၏ အခြေအနေကို ပုန်းကွယ် ထောက်လှမ်းသည်။

ကင်း³၊ န – ကင်းခြေများ၊ ကင်းမြီးကောက်စသည့် အဆိပ်ရှိသော အကောင်မျိုး။ **~ခြေများ**/ကင်းချီများ/ န – ရှည်လျားပြီး အဆစ်များစွာပါသော ကိုယ်တွင် ခြေထောက် များစွာရှိသော ကင်း။ **~စီး** /ကင်းဇီး/ န – က၊ ခ၊ ဂ၊ ဃ၊ ဘ၊ လ၊ သ အက္ခရာတို့အထက်တွင် ဆင့်တင်ထားသော သောက် အမှတ်အသား။ (ꩻ)။ **~စုန်း**/ကင်းဇုန်း/ န – အမှောင်တွင် အရောင်တောက်သော ကင်းတစ်မျိုး။ **~ပုစွန်** /ကင်းဗစွန်/ န – ၁၊ ကင်းမြီးကောက်၏ အမြီးနှင့်တူသော အမြီး၊ ပုစွန်၏ လက်မနှင့်တူသော လက်မ ရှိသည့်ကင်း။ ကင်းမလက်မည်း။ ၂၊ ပင်လယ်ပုစွန် တစ်မျိုး။ **~မြီးကောက်**/ကင်းမီးေါက်/ န – လက်မ အစုံနှင့် ကောက်သောအမြီးရှိ ဖြည့်ညည့် ကင်းငယ်။ **~မြီးကောက်ထောင်**/-ထောင်/ ကြိ – လက် နှစ်ဖက်ထောက်ကာ ခြေနှစ်ချောင်းကို မြှောက် ဆောင်၍ ကွေးထားသည်။ **~မွန်**၊ န – စုပ်ခွက်များ ပါသော လက်ဖဝါးရှစ်ချောင်းနှင့် လက်ဘဲရှည် နှစ်ချောင်းရှိပြီး ရေမြှုပ်ခေါ် အရိုးပွတစ်မျိုးပါသော ပင်လယ် သတ္တဝါ။ (ပြည်ကြီးငါး လည်းရှ) **~လိပ် ချော**၊ န – ကိုယ်သည် ပြောင်ချောသည့် တွားသွား ကောင် တစ်မျိုး။

ကင်း⁴၊ ကြိ – အပွင့်အသီး ထွက်ပြူစပြုသည်။

ကင်း⁵၊ န – ၁၊ စက္ကူဖဲတွင် သရုပ်ဆောင်၊ ဘုရင်ရုပ် ပါသော ဖဲချပ်။ ၂၊ ၁၁ ကောင်ကျား ကစားရာတွင် ပြိုင်ဘက်၏ နောက်ဆုံးတန်း ကျားတစ်ကွက်ကွက် သို့ ထိုးဖောက် ရောက်ရှိသွားသဖြင့် ခုန်ကျော်၍ ရွှေ့နိုင်၊ စားနိုင်ခွင့် ရရှိသွားသော ကျား။ [လိပ်၊ king]

ကင်းပုံ/ကင်းဗုန်/ န – အရွက်အသီးစားရသော နွယ်ပင် တစ်မျိုး။

ကောင်၊ န – အကောင်နှင့်အတူတူ။ စည်း – ပိုးမွှား တိရစ္ဆာန် စသည်ရေတွက်ရာတွင် သုံးသော စကား။ **~ကလေး** /ကောင်ဂလေး/ န – အသက် ငယ်သော ယောကျာ်းကလေး။ **~မ**၊ န – ရင်းနှီး၍ ဖြစ်စေ၊ နှိမ်လို၍ဖြစ်စေ အမျိုးသမီးကို ရည်ညွှန်း ခေါ်သော စကား။ **~မကလေး** / ကောင်မာ့ဂလေး / န – အသက်ငယ်သော မိန်းကလေး။

ကောင်စီ၊ န – အကြံဉာဏ်ပေးခြင်း၊ စီမံခန့်ခွဲခြင်း စသည့် ကိစ္စတို့ကို ဆောင်ရွက်သော အဖွဲ့အစည်း။ [လိပ်၊ council]

ကောင်စစ်ဝန်၊ န – နိုင်ငံခြားတွင် မိမိနိုင်ငံနှင့် သက်ဆိုင် သည့် ကိစ္စများကို ဆောင်ရွက်ရန် ခန့်အပ်ထားခြင်း ခံရသည့် အစိုးရကိုယ်စားလှယ် အရာရှိ။ [လိပ်၊ consul + မြန်၊ ဝန်]

ကောင်တာ၊ န – အရောင်းအဝယ်၊ ငွေ၊ ပစ္စည်းအထုတ် အသွင်း စသည်ပြုလုပ်ရာ၌ ရေတွက်စစ်ဆေးနိုင်ရန် ထားရှိသည့် တင်စရာ။ [လိပ်၊ counter]

ကောင်ဟန်၊ န – မြန်မာမင်းများလက်ထက် လက်နက် ကိုင် ရှမ်းအမှုထမ်းအစု။ [ရှမ်း၊ ကောင့် + ဟန်]

ကောင်း၊ နဝိ – ၁၊ နှစ်သက်ဖွယ်ဖြစ်သော။ မှန်မြတ်သော။ ၂၊ သန့်စင်သော။ "လေ ~လေသန့်။" ၃၊ သင့်လျော် သော။ စည်း – ၁၊ ဖြစ်နိုင်ဖွယ်ရှိသည့် အနက်ဖြင့် သုံးသော စကားလုံး။ "မိုးရွာ~ရွာမည်။" ၂၊ သင့် လျော်သည်ဟူသော အနက်ဖြင့် ထောက်ပံ့သော စကားလုံး။ "ဤအသီးစား ~၏။" **~ကောင်း ကန်းကန်း** /ကောင်းဂေါင်းကန်းဂန်း/ ကြိဝိ – မကောင်းသည်ကို အကောင်းလုပ်လျက်။ **~ချီး** /ကောင်းဂျီး/ န – ချီးကျူးစကား။ **~ချီးပေး**/-ပေး/ ကြိ – ချီးကျူးစကားဆိုသည်။ **~စား** /ကောင်းဇား/ ကြိ – ကြီးပွားတိုးတက်သည်။ **~တေ**/ကောင်းဒေ/ နဝိ – [ပေါ] ကောင်းမြတ်သော။ **~မှု**၊ န – ၁၊ ဒါန၊ သီလ စသော မှန်မြတ်သော အလုပ်။ ၂၊ ပေါ၍ ခိုင်ခံ့သော အသားထွက်သည့် သစ်ပင်ကြီးတစ်မျိုး။ **~ရာ ကောင်းကြောင်း**/ကောင်းယာကောင်းကျောင်း/ န – ကောင်းမှုနှင့် အကြောင်းကိစ္စ၊ အလုပ်။

ကောင်းကင်/ကောင်းဂင်/ န – ဤကမ္ဘာမြေအထက်၌ ရှိသော လဟာပြင်ကျယ်ကြီး။

ကိုင်၊ ကြိ – ၁၊ လက်ဖြင့် ဆုပ်သည်။ လက်၌ ထားသည်။ ၂၊ အသုံးပြုသည်။ သုံးစွဲသည်။ "ဤထီးကို အမေ ပဲ ~သည်၊ ရာသီမပိုင် ဆေးမ ~နှင့်။" ၃၊ လုပ်ငန်း

http://www.lknt11.com ...

ဆောင်ရွက်သည်။ ကြပ်မတ် ကွပ်ကဲသည်။ "တရင်း ~-။ စည်းကမ်း ~ -။" ၄၊ ပြုပြင်သည်။ မွမ်းမံသည်။ "အင်ကျင်း ~-။ အင်္ကျီ ~-။" ၅၊ ခုတ်ထစ် ပြုပြင်သည်။ "ငါး ~-။" ၆၊ မလွန်သာအောင် ချုပ်နှောင်သည်။ "နိုင်ငံရာနှင့် ~-။ သူ့စကားနှင့် သူ့ကို ပြန် ~-၊" ၇၊ မီးယပ်၊ ဒူလာစသည် ရောဂါ စွဲကပ်သည်၊ "သွေးဆုံး ~-၊" ၈၊ နတ်စသည် ဖမ်းစားသည်။ "ရှိုက်ရှော ~-။"/ ငိုင်/ န - [ဇန်း] သုံးရန်ငွေ။ **~ကန်**၊ ကြိ-[ပေါ] ရေဘွက်သည်။ **~တွယ်**၊ ကြိ - ၁၊ လက်ဖြင့် ကိုင်သည်။ ၂၊ စီမံဆောင်ရွက်သည်။

ကိုင်း[၁]၊ န - ၁၊ နုန်းတင်မြေနုတွင် ပေါက်လေ့ရှိသော မြက်ပင်ရှည်ကြီးတစ်မျိုး။ ၂၊ မြစ်ရေကျသောအခါ ပေါ်လာသော နုန်းတင်မြေနု။ ၃၊ ထိုမြေနုတွင် ရှိသော စိုက်ခင်း၊ စိုက်ပင်စသည်။ **~ဆတ်မြီး** /ကိုင်းဆတ်မီး/ န - ကိုင်းမြက်တစ်မျိုး။ **~ပန်းပြား** /ကိုင်းဗဗျား/ န - ပန်းပြားပင်။ **~မျှ** /ကိုင်းမျှာ/ န - မြစ်ကမ်း၊ ချောင်းကမ်းတွင် ပေါက်လေ့ရှိသော ချုံပင်ငယ်တစ်မျိုး။ **~ဖြူမြီး**/ကိုင်းဗျူမြီး/ န - မြက်တစ်မျိုး။ စပါးလင်မွှေး။ **~ဥ**၊ န - ကိုင်းပင်၏ အဆစ်၌ဖြစ်ပေါ်သော ဆိမ့်အီသည့် သစ်ဖု။

ကိုင်း[၂]၊ နဝိ - ညွတ်သော။ အောက်သို့ကွေးသော။ /ငိုင်း/ န - ၁၊ ညွတ်ကွေးနေသောအရာ။ လက်ကိုင်း။ "လေး ~။" ၂၊ အကိုင်း။ **~ထောက်** /ငိုင်းထောက်/ ကြိ - ငါးမျှားတံတစ်မျိုးဖြင့် ငါးဖမ်းသည်။ **~ရှိုင်း**၊ ကြိ - အရိုအသေပြုသည်။

ကိုင်း[၃]၊ စည်း - [အပြော] နားထောင်သူ၏ အာရုံကို ဆွဲဆောင်ရန် သုံးသော စကားလုံး။

ကစ္စည်း၊ န - ရှင်ကစ္စည်းပင်။ [ပါ၊ ကစ္စာယန] **~ကျမ်း**၊ န - ရှင်မဟာကစ္စည်း ပြုစုသော ပါဠိသဒ္ဒါကျမ်း။

ကိစ္စ၊ န - ပြုဖွယ်အမှု။ [ပါ၊ ကိစ္စ] **~ချော**/ ကိဘ်စချော/ ကြိ - [အရပ်] သေသည်။ ကိစ္စတုံးသည်။ **~မရှိ** /ကိတ်စမယိ/ ကြိ - အမှုမထားလောက်ဖြစ်သည်။ **~များ**/ ကိဘ်စများ/ ကြိ - ဒုက္ခရောက်သည်။ **~ဝိစ္စ** / ကိတ်စဝိတ်စ/ န - ကိစ္စအထွေထွေ။

ကုဋ္ဌ/ ကုတ်ထ/ န - အနာကြီးရောဂါ။ နူနာ။ [ပါ၊ ကုဋ္ဌ]

ကောဋ္ဌာသ/ ကွတ်ထာသ/ န - ခန္ဓာကိုယ်တွင်ပါသော ဆံပင်၊ မွေးညင်းစသော အဖို့အစု။ [ပါ၊ ကောဋ္ဌာသ]

ကဏ္ဍကောဇ/ ကန်ဒကောဇ/ ကြိဝိ - ဆန့်ကျင်ကျက်၊ ဗီဆန်လျက်။ [ပါ၊ ကဏ္ဍက]

ကဏ္ဍာဠာန်/ ကန်ယာ့ယန်/ န - [ပါ၊ သဒ္ဒါ] (အ၊ အာ၊ က၊ ခ၊ ဂ၊ ဃ၊ င၊ ဟ အက္ခရာ ရှစ်လုံးဖြစ်ရာ) လည်ချောင်းအရပ်။ (ဠာန်လည်းရှု) [ပါ၊ ကဏ္ဍ + ဠာန]

ကဏ္ဍ/ ကန်ဒ/ န - အပိုင်း။ အခန်း။ [ပါ၊ ကဏ္ဍ]

ကဏ္ဍကမြင်း/ ကန်ဒကာ့မျင်း/ န - ဘုရားလောင်း သိဒ္ဓတ္ထမင်းသား၏ ဖွားဖက်တော် ခုနစ်ပါးတွင် ပါဝင်သော စီးတော်မြင်း၏အမည်။ [ပါ၊ ကဏ္ဍက + မြန်၊ မြင်း]

ကဏ္ဍသုခ/ ကန်နှာ့သုခ/ န - နားဝင်ချိုခြင်း။ [ပါ၊ ကဏ္ဍ + သုခ]

ကတ်[၁]၊ ကြိ - ၁၊ ခဲယဉ်းသည်။ ခဲယဉ်းအောင် လုပ်သည်။ ကုတ်ကတ်သည်။ ကတ်သတ်သည်။ "ငွေပေးရန် ~-။" ၂၊ မနှစ်မြို့ဖွယ် ဖြစ်သည်။ "အကြား ~-။ အမြင် ~-။" **~တီးကတ်ဖဲ့**၊ ကြိဝိ - ဆင်ခြေဆင်လက်ထူစွာ။ ကတ်ဖိုးကတ်ဖဲ့။ **~ဖဲ့**၊ ကြိဝိ - ဆန့်ကျင်၍။ **~သီးကတ်သတ်**၊ ကြိဝိ - ၁၊ ကျဉ်းမြောင်း ကျပ်တည်းစွာ။ "အခန်းကျဉ်း၌ ~ နေရ-။" ၂၊ ခဲယဉ်းစွာ။ "စက်ကို ~ ပြင်ရ-။" ၃၊ ကတ်တီးကတ်ဖဲ့။

ကတ်[၂]၊ န - စက္ကူချပ်ပြား စသည်။ [လိပ်၊ card]

ကတ်ကြေး /ကတ်ကျီး/ န - အသွားအစုံကို စို့ရိုက်ပူးတွဲထားသော ကိုက်ဖြတ်ရသည့် ကိရိယာ။ [ပါ၊ ကတ္တရိကာ]

ကတ္တရာသခဲ/ ကတ်တရာ့သင်ချေ/ န - အရွက်ပေါ်တွင် ကအာန်းလက်မသဏ္ဍာန် ဆေးဖက်ဝင်ပိုးအိမ် ဖြစ်ပေါ်စေသော ပင်လတ်သစ်မာပင်။ [သ၊ ကဂ္ဂ + ဂိဂိ]

ကတ္တရာ၊ န - ခတ္တာကြီးပင်။ **~ဆေး**/ ကတ်တယာဆေး/ န - ကျောက်မီးသွေး၊ ရေနံစသည်တို့မှ ထုတ်ယူသော မည်းနက်သည့် အဆေး။

ကတ္တရီ၊ န - ခတ္တာကလေးပင်။

ကတ္တဝါ၊ န - အမောက်ရှိသော ကြက်တူရွေးကြီးတစ်မျိုး။ [ဟိန္ဒီ၊ ကတ္တဝါ]

ကတ္တား[၁]၊ န - [သဒ္ဒါ] ပြုသူ၊ ဖြစ်သူ၊ ရှိသူကို ပြသော ပုဒ်။ [ပါ၊ ကတ္တု] **~ခြား**၊ ကြိ - ၁၊ တသီးတခြားဖြစ်အောင်ပြုသည်။ ၂၊ တသီးတခြားဖြစ်သည်။ [ပါ၊ ကဏ္ဍ/ ကတ္တု + မြန်၊ ခြား]

ကတ္တား[၂]၊ န - ဝန်ချိန်ကိရိယာကြီးတစ်မျိုး။ [ဟိန္ဒီ၊ ကဲ့ဋာ]

ကတ္တီပါ /ဂဒီဗာ/ န - တစ်ဖက်တွင် နုးညံ့သော အမွေးရှိသည့် ပိုးစသည် အထည်။ [အရဗီ၊ qatifa]

ကတ္တူ၊ န - ၁၊ ပင်လယ်ကမ်းရိုးတန်းသွား ရွက်လှေကြီးတစ်မျိုး။ ၂၊ ရှေးခေတ်သုံး စစ်လှေတစ်မျိုး။ [မွန်၊ ကာတ်တူ]

ကတ်ဖို၊ န - အနံ့မွှေးသော ဆေးပင်ငယ်တစ်မျိုး။ ကတ်ဖိုကတ်မ။ [သ၊ ကင်္ဖလ]

ကိတ်၊ န - [ဗေဒင်] ဂြိုဟ်ကြီးကိုးလုံးတွင် နဝမဂြိုဟ်။ [သ၊ ကေတု]

http://www.lknt11.com ...

ကိတ္တိမ၊နဝိ–မွေးစားသော(သားသမီး)။ [ပါ၊ ကိတ္တိမ]

ကိတ်မုန့်၊န – ဂျုံမှုန့်ညက်၊ ထောပတ်၊ သကြား စသည်တို့ကို ရောဖုတ်ထားသော မုန့်တစ်မျိုး။ [လိပ်၊ cake+မြန်၊ မုန့်]

ကုတ် ^၁^၊ကြိ – လက်သည်း၊ခြေသည်းတို့ဖြင့် ခြစ်သည်။ န – ကော်မရာတွင် သုံးသောတုတ်။ **~ကတ်** ၊ကြိ – ၁၊ ခဲယဉ်းသည်။ ၂၊ နခြောတွန့်တိုသည်။

ကုတ် ^၂^၊ကြိ –[မြူး] ကိန်းချင်းစားသည်။ ကိန်းချင်းနုတ်သည်။

ကုတ်သဲ၊ ကြိ –[ပေါ] မြေပြင်ကို ညှိသည်။

ကုတ်ဟီး၊န –အသက်ရှုပြင်းသော ချောင်းဆိုးနာတစ်မျိုး။

ကုတ်ဟည်း၊န – လက်ပံပင်နှင့် ဆင်တူသော လဲဝါပင်ကြီး။

ကုတ်အင်္ကျီ/ကုတ်အင်းကျီ/န – အနောက်နိုင်ငံသားတို့၏ အပေါ်အင်္ကျီတစ်မျိုး။ [လိပ်၊ coat+ဟိန္ဒီ၊ အံဂိယာ]

ကန် ^၁^၊ကြိ–သတ်မှတ်ဖော်ပြသည်။ "သံပိုင်း ~–။ အနက် ~–။"

ကန် ^၂^၊ကြိ –၁၊ ခြေဖြင့်ခတ်သည်။ ၂၊ ဘစ်ဇုံတစ်ရာဖြင့် ထောက်တွန်းသည်။ ၃၊ အရှိန်ဖြင့် ပြန်လှန်တွန်းသည်။ "မောင်း ~–။" ၄၊ ချွာသည်။"ဆိပ်ကမ်းမှ ဖောင်တော် ~–။" ၅၊ပွင့်ထွက်သည်။ "အပု ~–။ အဖိုး ~–။" ကြိဝိ–တစ်အားး။ အလွန်။ "– အိပ်–။" **~ကြိုး** /ကန်ဂျိုး/ န –လှည်းမောင်းရာတွင် နွားကို ထိန်းချုပ်သော လက်ကိုင်ကြိုးရှည်။ **~ကြိုးဖက်** /–ဖက်/ န–ခေါက်ထားသော ကြိုးနှစ်ခုကို တစ်ခုနှင့်တစ်ခု လျှိုသွင်း၍ ချည်သော ချည်နည်း။

ကန် ^၃^၊န –အများအားဖြင့် တူးဆည်ထားသော ရေအိုင်။ ကြိ –ဆုံသည်။ ကာသည်။ "ဤအခန်းနှင့် ပ ~ ပါ။" **~စွန်း**/ဂဇွန်း/န – အများအားဖြင့် ရေတွင်ပေါက်သော ခေါင်းပွဟင်းရွက်နွယ်ပင် တစ်မျိုး။ **~စွန်းကြီး**/–ဂျီး/န –ဥစား တုန်းကန်စွန်း။ **~ပေါင်** /ကန်ဗောင်/န–ရေကန်ပတ်လည်ဘွင် ဆည်ဖို့ထားသော မြေရိုး။ **~ပိုင်** /ကန်ဗိုင်/န[ပေါ] ကန်ပေါင်ရိုး။**~သင်း**/ဂဇင်း/န–လယ်ကွက်အဖြစ် ခြားကန့်ထားသော မြေရိုး။ **~သင်းဆွဲ**/–ဆွဲ/ ကြိ–လယ်ကွက်ရှိ မို့နေသော မြေများကို ထွန်ဖြင့် တိုက်၍ ကန်သင်းရိုးကို ဖို့သည်။

ကန် ^၄^၊န – ဆယ့်နှစ်ရာသီတွင် လေ့စီး သဘို့သမီးရုပ်ဖြင့် မှတ်အပ်သော ဆဋ္ဌမရာသီ။ [သ၊ကန္ယာ] **~ဆင်းမိုး**/ ကန်ဇင်းမိုး/န – အတာတက်ပြီးနောက် ၁၅၄ ရက် အရောက် ကန်ရာသီတော်သလင်းလတွင် ရွာသောမိုး။

ကန္တာရ /ကန်ဘာရာ၊ကန်ဒါယာ/ န – သွားလာရန် ခက်ခဲသော ခရီး။ [ပါ၊ကန္တာရ]

ကန္တိဂုဏ်၊န –[စာပေ] အဆိုအမိန့် မလွန်ကဲသဖြင့် နှစ်သက်ဖွယ်ဖြစ်သော ဂုဏ်။ [ပါ၊ကန္တိ ၊ ဂုဏ]

ကန်တော့/ဂဒေါ့/ကြိ – လက်အုပ်ချီ၍ အရိုအသေပြုသည်။ ဦးညွှတ်သည်။ **~ဆွမ်း**/–ဆွန်း/န – လှူရန် အကြောင်း မညီညွတ်သဖြင့် ရဟန်းအား အရိုအသေ လျှောက်ထားသော စကား။ **~ပွဲ** /–ဗွဲ/န – ပူဇော်ရန် ပြင်ဆင်ထားသော အုန်း၊ ငှက်ပျော စသည့် ပစ္စည်းစု။

ကန်ထရိုက်တာ/ ကန်ထရိုက်တာ/န–လုပ်ငန်း ဆောင်တာ တစ်ခုခုအတွက် အလုပ်ရှင်နှင့် သဘောတူစာချုပ် ချုပ်ဆို၍ အလုပ်လုပ်သူ။ [လိပ်၊ contractor]

ကန္ဒရဝတီ/ကန်ဒရာ့ဝဒီ/န– ကယားလူမျိုးတို့ နေထိုင်ရာ ဒေသကို ခေါ်သော အမည်။ [ပါ၊ကန္ဒရ+ဝတီ]

ကန့် ^၁^၊န–ဝါဖျော့သော အဆင်းရှိ၍ မီးတောက်လောင်တတ်သည့် ဆေးဖက်ဝင်သော ကျောက်တစ်မျိုး။ [သ၊ဂန္ဓက]

ကန့် ^၂^၊ကြိ –၁၊ ဆီးတားသည်။ ၂၊ သီးသန့် ခွဲခြားထားသည်။ **~ကွက်**/ကန့်ဂွက်/ကြိ – သဘောမတူကြောင်း ပြသည်။ **~ထောက်**/ကန့်ဒေါက်/န– လှေတွင် လှေသမားထိုင်ရန် လှေနံတွင် ကန့်လန့်ရိုက်ထားသော ပျဉ်ချပ်။ **~လန့်**၊ ကြိဝိ–ဖီလာပြုလျက်။ ဆန့်ကျင်လျက်။/ဂလန့်/န –တံခါးကို ပိတ်ရသော အချောင်း၊ အတံ။ ကန့်လန့်ကျင်။ တံခါးကျင်။ **~လန့်ကာ** /ကလဂါ/ န–ဆီးကာကွယ်ရသော ဖျင်စသည်။ **~သတ်**၊ကြိ–ပိုင်းခြားသတ်မှတ်သည်။

ကန့်ကလော/ဂန့်ဂလော/န –ခါးသော အရသာရှိသည့် မြေပပ်ပင်ငယ်တစ်မျိုး။

ကန့်ချုပ်/ကန့်ဂျုတ်/န– ပရဆေးပင်တစ်မျိုး။ (အပွင့်အရောင်ကို စွဲ၍ ကန့်ချုပ်နီ၊ ကန့်ချုပ်နက်၊ ကန့်ချုပ်ဖြူ ဟူ၍ ပြားသည်။)

ကန့်ပလူ/ကန့်ဗလူ/န –ဥမွေးသော နံ့သာပင်ငယ်တစ်မျိုး။

ကန့်အိတ်၊န – ဝမ်းဖောဝမ်းရောင် ပျောက်စေတတ်သော ဆေးပင်တစ်မျိုး။

ကန်း၊ ကြိ– ၁၊ မျက်စိကွယ်သည်။ ၂၊ ကောသည်။ ပပျောက်သည်။ "ရေတွင်း ~–။" **~မ**/ဂန်းမ့/ န –မိန်းမတစ်ဦးဦးအား ရှုတ်ချ ဆဲရေးသော စကား။

ကိန္နရာ၊န –လူခေါင်းနှင့် ငှက်ကိုယ်ရှိသည်ဆိုသော သတ္တဝါ။ [ပါ၊ကိန္နရ] **~နာ**၊န –ချိုင်းကြားတွင် ပေါက်သော ပြည်တည်နာ။

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ကိန္နရီ၊န – ကိန္နရာအမ။ [ပါ၊ကိန္နရီ]

ကိန်း¹၊ကြိ – အတွင်း၌တည်သည်။ **~ဝပ်**/ကိန်းဝတ်/ ကြိ–အတွင်း၌ (မြင့်မြတ်သောအရာ) တည်နေသည်။ **~အောင်း**၊ကြိ – အတွင်း၌ တည်နေသည်။

ကိန်း²၊န –၁၊ အရေအတွက်။ တွက်ချက်ရန် အခြေခံဂဏန်း။ ၂၊ဖြစ်ပျက်ရန် အကြောင်းအခွင့်။ [သ၊ကေန္ဒ] **~ကြီးခန်းကြီး**/ကိန်းဂျီးခန်းဂျီး/ကြိဝိ – ဟန်ကြီးပန်ကြီး။ **~ခန်း**၊ န – ဂြိုဟ်နက္ခတ် တာရာတို့၏ အနေအထားအရ ဖြစ်ပျက်လာမည့် အခြေအနေ။ [သ၊ကေန္ဒ+ခဏ္ဍ] **~ပြည့်**/ကိန်းဗျို၊ကိန်း ဗျေ့/န –[သင်္ချာ]အပိုင်းမဟုတ်သောကိန်း။ **~ရော**၊န –[သင်္ချာ]ကိန်းပြည့်နှင့် အပိုင်းကိန်း ရောထားသော ကိန်း။ **~ရင်း**၊န –[သင်္ချာ] ထပ်ကိန်း၏ မူလကိန်း။ **~ရှင်**၊န –[သင်္ချာ]မည်သည့် ကိန်းဂဏန်းကိုမဆို အစားထိုး တွက်နိုင်သဖြင့် တန်ဖိုးပြောင်းလဲနိုင်သော ဂဏန်း။ **~သေ**၊ကြိ – သေချာသည်။ ကျိန်းသေသည်။ /ကိန်းသေ့/န –[သင်္ချာ] မည်သည့် ကိန်းဂဏန်းကိုမျှ ထည့်သွင်း နိုင်ခွင့် မရှိသော တန်ဖိုးပြောင်းလဲ မရသည့် ဂဏန်း။ **~သေပေါက်**/–ဗောက်/ကြိဝိ–မလွဲမသွေ။ ကေန်မုချ။ ကျိန်းသေပေါက်။

ကုန်¹၊န – ရောင်းဝယ်ရန်ပစ္စည်း။ **~ကြမ်း**/ကုန်ဂျမ်း/ န– ကုန်ချောပြုလုပ်ရန် ကုန်အရိုင်း။ **~ချော**/ကုန်ချော/န – ကုန်ကြမ်းမှ လူသုံးပစ္စည်းဖြစ်အောင် ပြုလုပ်ထားသောကုန်။ **~ခြောက်**/ကုန်ချောက်/ န – ငရုတ်၊ ကြက်သွန် စသော ခြောက်သွေ့သည့် ကုန်မျိုး။ **~စလယ်**၊ကြိ–ကုန်သွယ်သည်။ န– ရောင်းဝယ်မှု။ **~စည်**/ကုန်စီ/န – ကုန်များ။ **~စည်ဒိုင်**/–ဒိုင်/န – ပွဲရုံ။ **~စိမ်း**/ကုန်စိမ်း/န– ဟင်းသီး ဟင်းရွက်စသော ကုန်မျိုး။ **~တိုက်**/ကုန်ဒိုက်/န – ကုန်အမျိုးမျိုးရောင်းချရာ အဆောက်အအုံကြီး။ **~ထုတ်ကိရိယာ**/ကုန်ထုတ်ကရိယာ/ န –ကုန်ထုတ်အရင်းအနှီးများတွင် ပါဝင်သည့် စက်ကိရိယာ၊စက်ရုံစသည်။ **~ထုတ်စွမ်းအား** န – လူ၏ကြံစည်အားထုတ်မှု၊ အတတ်ပညာ၊ ကျွမ်းကျင်လိမ္မာမှု စသော လူ့စွမ်းရည်နှင့် ကုန်ထုတ်အရင်းအနှီးများ။ **~ထုတ်အရင်းအနှီး**၊န–ကုန်ပစ္စည်းထုတ်လုပ်ရာတွင် အရင်းအနှီးအဖြစ် ပါဝင်သည့် မြေယာများ၊ သစ်တောကြီးများ၊ မြစ်ချောင်းများ၊ ဘဏ်တိုက်များ၊ အစုရှယ်ယာများ အစရှိသည်တို့ကို ခြုံခေါ်သော အမည်။ **~နုပ်**၊န တွယ်ရိုတ်၊ ဆံညှပ် စသောအသေးအဖွဲ ကုန်ပစ္စည်း။ ကုန်သေး။ **~ပဒေသာဆိုင်**/ကုန်ဗဒေသာ့ဇိုင်/န –ကုန်မျိုးစုံရောင်းသော ဆိုင်ကြီး။ **~ပုပ်**/ကုန်ဗုပ်/န – မရောင်းရဘဲ ကြွင်းကျန်နေသော ကုန်ဟောင်း။ **~မား**၊ န–ပဏ္ဏာသံ၊ဝက်အူစသော အဆောက်အအုံသုံး ကုန်မျိုး။ **~လုပ်ဆက်ဆံရေး**၊န – ကုန်ထုတ်လုပ်ငန်းအတွင်းရှိ အလုပ်ရှင်နှင့် အလုပ်သမား၊ အလုပ်သမား အချင်းချင်း စသည်တို့၏ ဆက်ဆံရေး။ **~သည်**/ကုန်သယ်/န – ကူးသန်းရောင်းဝယ်ခြင်းဖြင့် အသက်မွေးသူ။ **~သည်လေ**/–လေ/ န –[ပထဝီ] ယဉ်စွန်းထန်း နှစ်ခုမှ အီကွေတာဆီသို့ မှန်မှန် တိုက်ခတ်သောလေ။ [လိပ်ပြန်၊ trade wind] **~သွယ်**၊ ကြိ –ကုန်ကူးသန်းရောင်းဝယ်သည်။

ကုန်²၊ကြိ –၁၊ အကြွင်းအကျန် မရှိဖြစ်သည်။ ၂၊ ငွေကြေး စသည်အထွက်ရှိသည်။ စည်း – အများပြကြိယာပစ္စည်း။ **~ကုန်**/ကုန်ဂုန်/ကြိဝိ – တစ်ခုမကျန်အောင်။ အဆုံးစွန်။ **~ကျ**၊ကြိ – ငွေကြေးအထွက်ရှိသည်။ ကြေးငွေပေးရသည်။ **~ခန်း**၊ကြိ – လျော့ပါးပျောက်ပျက်၍ မကျန်သော အဖြစ်သို့ ရောက်သည်။ **~စင်**၊ကြိ –တစ်ခုမျှ မကျန်သော အဖြစ်သို့ ရောက်သည်။ အလုံးစုံ ကုန်ပျောက်သည်။

ကုန်း၊ကြိ – ၁၊ကိုယ်ခန္ဓာကိုင်းညွတ်သည်။ ၂၊ ကိုယ်ခန္ဓာကို ကိုင်းညွတ်အောင်လုပ်သည်။ ၃၊ မိုမောက်မြင့်တက်သည်။ "လက်ပြင်—။" န –၁၊မိုမောက်သော မြေအရပ်။ ၂၊မြေပြင်။ ၃၊ ကျောကုန်း။ ၄၊ ကုန်းနှီး။ ကြိဝိ–အစွမ်းကုန် (ကြိုးစားအားထုတ်သည်)။ "အလုပ်ကို ~လုပ်မှ တော်ကာကျမည်။" **~ကြောင်း**/ကုန်းဂျောင်း/န – မြေကျင်း၊ လှည်း၊ ရထား စသည်ဖြင့် သွားရသော မြေလမ်းခရီး။ ကုန်းလမ်း။ မြေကျင်ခရီး။ **~ချော**/ဂုန်းချော/ ကြိ – တစ်ဦးနှင့် တစ်ဦးအကြား အခင်အမင်ပျက်အောင် ပြောသည်။ ကုန်းတိုက်သည်။ **~တပ်**/ကုန်းဒတ်/န – ကြည်းတပ်နှင့်အတူတူ။ **~နှီး**၊န – ဆင်၊ မြင်း စသည်၏ကျောပေါ်တွင် ထိုင်ရန်အခင်း။ **~ဖိုး** /ဂုန်းဖိုး/ ကြိ– လူ့ကျောကုန်းပေါ် တင်၍ သယ်ဆောင် သည်။ **~ပေါင်**/ကုန်းဗောင်/န –၁၊ မို့မောက်သော ကုန်းမြေတန်း။ ကုန်းရိုး။ ၂၊ လှေ၊ ဖောင် စသည်နှင့် ကမ်းကို ဆက်ခင်းရသော ပျဉ်ချပ်။ **~ပတ်**/ကုန်းဗတ်/န – လှေသင်္ဘော စသည်၏ ဝမ်းအထက်ရှိ ကြမ်းပြင်။ **~ပတ်ကြိုး** /–ကျိုး/န – ကုန်းနှီး ခိုင်အောင် ချည်ရသောကြိုး။ **~ပြင်မြင့်** /ကုန်းဗျင် မျင့်/ န – ကျယ်ပြန့်သော ကုန်းမြင့်ဒေသ။ **~ပြန်**၊ ကြိ – အဝတ်အထည်၏ ချုပ်ရိုးယောင်းကို ဖြတ်၍ အတွင်းအပြင် လှန်ချုပ်သည်။ **~ဘောင်ခေတ်**၊ န – မြန်မာ့သမိုင်းတွင် အလောင်းမင်းတရားမှ သီပေါမင်းအထိ မင်း ၁၁

မာတိကာသို့ ▶▶▶

ဆက် အုပ်စိုးခဲ့သော ခေတ်။ ~မ /ဂုန်းမာ့/ န– ၁၊ ကျောကုန်းကိုင်းညွတ်သော မိန်းမ။ ၂၊ ကုန်းတိုက် တတ်သောမိန်းမ။ ~မှူး၊ န–ကမှူး။ ~လယ်စီး /ကုန်းလယ်စီး/ န– ဆင်ကျောက်ကုန်း၏ အလယ်တွင် စီးရသော အမှုထမ်း။

ကုန်းဘောင်ကြီး/ကုန်းဖောင်ဂျီး/န–ကြက်သားကို တုံး၍ ကြက်သွန်အကွင်းလိုက်၊ ရေတ်သီး အတောင့်လိုက်တို့ဖြင့် အခြောက်ကြော်ထားသော စားဖွယ်။ [တရုတ်၊ **gong baoji**]

ကပ်¹၊ကြိ–၁၊နီးသည်။ နီးစေသည်။ ၂၊ငြိတွယ်သည်။ ငြိတွယ်စေသည်။ ၃၊(ရတနာသုံးပါးအား) ရိုသေစွာ ပေးဆက်သည်။ ကပ်လှူသည်။ ၄၊ အခွင့်အလမ်း တစ်စုံတစ်ရာကို မျှော်၍ ပေါင်းသင်းဆက်ဆံသည်။ န–၁၊ ဝါးကို ခွဲဖြာ၍ ရက်ထားသော အချပ်။ ၂၊ လှေနှာ၊ လှေသေကောင်ကို သယ်ဆောင်ရသော ထမ်းစင်တစ်မျိုး။ **~ကိုး**၊ကြိ–ဆင်ခြေပေး၍ ရှောင်တိမ်းသည်။ **~ခေးနဲ့**/ကတ်ခေးနဲ့၊ကတ်စီးနဲ့/နဝိ–နမြောတတ်သော။ န–၁၊ တွယ်ကပ် တတ်သော အသီးရှိသည့် အပင်ငယ်မျိုး။ ၂၊ အချို့သော မုန့်ပြုလုပ်ရာ၌ ထည့်သုံးရသော ကောက်ညှင်းနှင့် လုပ်သည့်အစေး။ စေးကပ်သော မုန့်တစ်မျိုး။ **~ပါး**၊ န–၁၊ တစ်ရပ်တစ်ကျေးမှ လာရောက် နေထိုင်သူ။ (အသည်၊ အလာ၊ ဝင်နေ တို့လည်းရှိ) ၂၊ အခြား သက်ရှိကို မှီတွယ်၍ အသက်ရှင်သော (သန်ကောင်၊ ခွေးလှေး၊ မွှား စသည်) အကောင်မျိုး။ ၃၊ အခြား သစ်ပင်ကို ကပ်တွယ်၍ ထိုအပင်မှ အာဟာရ ရယူသော အပင်မျိုး။ (သစ်ကပ်ပင်နှင့် နှိုင်းယှဉ်) **~ပါးရပ်ပါး**၊ န–သူတစ်ပါးထံတွင် ကပ်မြှောင်၍ နေထိုင်သူ။ **~မြှောင်**၊ ကြိ–မှီခို အားကိုးသည်။ ကပ်ရပ်သည်။

ကပ်²၊န–၁၊ကာလအပိုင်းအခြား။ (၁၊ အာယုကပ် ၂၊ အန္တရကပ် ၃၊ အသင်္ချေယျကပ် ၄၊ မဟာကပ် ဟူ၍ လေးမျိုးရှိသည်။) ၂၊ ဘေးဆိုက်သော ကာလ။ ဘေးဆိုက်ချိန်။ (၁၊သတ္ထန္တရကပ် ၂၊ ရောဂန္တရကပ် ၃၊ ဒုဗ္ဘိက္ခန္တရကပ် ဟူ၍ သုံးမျိုး ရှိသည်။) ၃၊ ဘေးဥပဒ်။ "~သင့်–။" [ပါ၊ကပ္ပ] **~ကျော်ဘုရား** /ကတ်ကျော်ဖယား/ န–ကပ်ကြီး သုံးပါး လွန်မြောက်ရန်အတွက် တည်ထားကိုးကွယ်သော စေတီဘုရား။ **~ဆေး**၊ ကြိ– ၁၊ ကပ်ကြီး တစ်ပါးပါးကျရောက်၍ မကောင်းသူများကို ဖယ်ရှင်း သည်။ ၂၊ကပ်တိုက်ပြီးနောက် မိုးကြီးရွာချ၍ သန့်စင်စေသည်။ **~ဆိုက်**၊ ကြိ–၁၊ ကပ်ကြီးသုံးပါး ဘေး ကျရောက်သည်။ ၂၊ ဒုက္ခရောက်သည်။ **~တိုက်**–ကြိ၊ ကပ်ကြီး သုံးပါးတွင် တစ်ပါးပါး ဆိုက်ရောက်သည်။ **~နာ**၊ န–အနိုက်အတန့် အားလျော်စွာ အများအပြား ဖြစ်ပေါ်တတ်သော ရောဂါဆိုး။

ကပ္ပကျမ်း /ကတ်ပါ့ကျန်း/န–ပုဏ္ဏားတို့၏ ယဇ်ပူဇော်ခြင်း အခမ်းအနား စည်းကမ်းများကို ပြဆိုသောကျမ်း။ [ပါ၊ကပ္ပ+မြန်၊ ကျမ်း]

ကပ္ပဋ္ဌိတိ/ကတ်ပါ့ထိတိ/န–ကမ္ဘာပတ်လုံး တည်သောအရာ။ (၁၊ လဝိမာန်ရှိ ယုန်ရုပ်အရေး ၂၊ ငုံးမင်းဇာတ်လာ မီးကွင်းရာအရပ် ၃၊ ဃဋိကာရ အိုးထိန်းသည်၏ အိမ်နေရာ ၄၊ နဠ ပါနကန်အနီးရှိ ကျူပင်တို့ အဆစ်မရှိဘဲ တည်ခြင်း ဟူ၍ လေးပါး ရှိသည်။) [ပါ၊ကပ္ပဋ္ဌိတိ] **~ပြုမိုး**၊န–ကမ္ဘာလောင်မီး အေးငြိမ်းသောအခါ ရွာသောမိုး။ ကမ္ဘာပြုမိုး။ **~ရောဂါ** န–ပလိပ်ရောဂါ၊ ကျောက်ရောဂါ စသော ရောဂါဆိုးမျိုး။

ကပ်ကလျှ၊န–လက်ပံပင်၌ အသိုက်လုပ်လေ့ရှိသော ခင်ပုပ်ငှက်တစ်မျိုး။

ကပ္ပနာ၊န–[ဗေဒ] အထီး ကျွန်သူ။ [ပါ၊ကပ္ပဏ]

ကပ္ပဗိန္ဒု /ကတ်ပါ့ဗိန်ဒု/ န–သင်္ကန်းတော်ခွန်း၌ အပ်စပ်အောင် ရေးမှတ်ရသော အစက်အပြောက်။ [ပါ၊ကပ္ပ+ဗိန္ဒု]

ကပ္ပလီ၊ န–အာဖရိကတိုက်ဇာတိ၊ အသားမည်း၊ ဆံပင်ကောက်၊ နှုတ်ခမ်းထူလူမျိုးများ။ [အရဗီ၊ **kāfir**]

ကပ္ပိ၊ ကြိ– ရဟန်းတော်နှင့် အပ်စပ်အောင် ဆောင်ရွက်ပေးသည်။ [ပါ၊ကပ္ပိယ] **~ယ**၊န–ရဟန်းတော်နှင့် အပ်စပ်အောင် ဆောင်ရွက်ပေးသူ။ ကပ္ပိယကာရက။ [ပါ၊ကပ္ပိယ] **~ယဝတ္ထု** / ကတ်ပိယာ့ဝတ်ထု/န–ရဟန်းတို့နှင့် အပ်စပ်သော ဝတ္ထုပစ္စည်း။

ကပ္ပိတန်၊န–သင်္ဘောကို ကွပ်ကဲသူ။ [ပေါ်တူဂီ၊ **capitana**]

ကပ်ဖုယ်၊န–၁၊ချိန်ခွင်ငယ်တစ်မျိုး။ ၂၊ဒေးစေ့။ [မွန်၊ ကပါ]

ကုပ်၊ကြိ–၁၊ကွေးညွတ်သည်။ ၂၊ မြဲမြံစွာတွယ်သည်။ ၃၊အိမ်စသည်မှ ပြင်ပသို့ မထွက်ဘဲနေသည်။ ၄၊[အရပ်]ဖမ်းဆီးသည်။ /ဂုတ်/ န–၁၊ လည်ပင်း၏နောက်ဘက်။ ၂၊ ဝါးပိ စသည်ကို ဖိနှိပ်ရန် ဝါးနီးစသော အရာ။ ၃၊ သားငှက် ထောင်သော ကိရိယာတစ်မျိုး။ **~ကမြင်း**၊ န–အမြင်အားဖြင့် ပိပြားရှိသားဟန်ရှိသော်လည်း ပိပြားရှိသားခြင်း မရှိသူ။ **~ကုပ်ရုပ်ရုပ်**၊ ကြိဝိ–ပိပြားသေဝပ်စွာ။ **~ကျစ်**၊ ကြိ–ပိပြားသေဝပ်သည်။ **~ချောင်းချောင်း** /ကုတ်ချောင်းချောင်း/ကြိဝိ–ကြောက်သလို ရှိသလို မပွင့်လင်းသော အမူအရာဖြင့်။ **~ဆက်**/ဂုတ်ဆက်/ န–ကျောရိုးနှင့် လည်ကုပ်ရိုးဆက်ရာ အစိတ်

မာတိကာသို့ ▶▶▶

အပိုင်း။ ~နှိပ်/ဂုတ်နှိတ်/ကြိ-(ငါးပိ စသည်ကို) ကုပ်ဖြင့်ဖိနှိပ်သည်။ ~နှိပ်ကြိုး/-ကျိုး/န-လှည်းစည်းကုံး။ ~ပိုး/ဂုတ်ပိုး/န-ပခုံးရိုးနှစ်ခု ဆက်စပ်ရာ၌ မို့မောက်နေသော အသားစိုင်။ ~အိမ်/ဂုတ်အိန်/န-လမ်းဆောင့်အိမ်၏ ကျောဘက်တွင် တည်သော အိမ်။

ကုပ်ကရွး/ကုတ်ကရွး/န-ငှက်ဆွးနှင့်အတူတူ။

ကုပ်ကလူ၊န-ကပ်ကလူနှင့်အတူတူ။

ကုပ်ကလောင်၊န-လည်မျိုပြာသော ဖိုးခေါင်ငှက်မျိုး။

ကုပ်လုပ်လေးတာ၊န-လေးတောင်အရှည်ရှိ လေးဖြင့်တိုင်းသည့် အကွာအဝေး။

ကုပ်သလုပ်၊န-ကပ်ကလူနှင့်အတူတူ။

ကုဗ္ဘီး/ကုတ်ဖီး၊ဂုတ်ဖီး/န-၁၊သေသူအားရည်စူး၍ ကျွေးသောစားဖွယ်။ ၂၊နတ်တင်သော ဘောဇဉ်။ ၃၊အိမ်တိုင် ၆လုံးတွင် အနောက်မြောက်ထောင့်ရှိ တိုင်၏အမည်။[သ၊ကချ]

ကမ္ဗလွေ/ဂဗလွေ၊ကမလွေ/န-ဝါးခြမ်း၊ ဖျင် စသည် ဖြင့် ရက်ထားသော ပေစာလုပ်သည့်ပစ္စည်း။

ကမ္ဗည်း/ဂမျီး/န-၁၊အက္ခရာအရေးအသား။ ၂၊ စာအမှတ်အသား။

ကမ္ဗတ်/ကန်ဗတ်၊ဂဗတ်/န-၁၊အဝတ်အထည် စသည်၏ အနားပတ်။ ၂၊စာပေကျမ်းဂန်၏နိဂုံး။ [မွန်၊ကမာတ်] ~သီး/-သီး/န-သက်န်း ကမ္ဗတ်၏ ကွင်းတွင် တပ်ရသောအသီး။

ကမ္ဗလာ[၁]/ဂဗလာ/န-သားမွေးစသည်ဖြင့် ရက်သော အထည်။ [ပါ၊ကမ္ဗလ]

ကမ္ဗလာ[၂]/န-ရှောက်သံပရာမျိုးအဝင် အပင်တစ်မျိုး။ [ဟိန္ဒီ၊ကမလာ]

ကမ္ဘာ/ဂဘာ/န-၁၊ အလွန်ရှည်လျားသော ကာလ အပိုင်းအခြား။ ၂၊ သတ္တဝါများ နေထိုင်ရာ တောတောင် ရေမြေ။ ၃၊[သိပ္ပံ] နေရှိရာမှ အစဉ်အားဖြင့် တတိယဖြစ်၍ အရံဂြိုဟ်တစ်လုံးရှိသော ဂြိုဟ်။ [ပါ၊ကပ္ပ] ~နာ/-နာ/န-လူတို့တွင် ကျရောက်မြဲဖြစ်သည်ဟု အယူရှိသော ကျောက်၊ ဝက်သက် စသည့်အနာမျိုး။ ~ဖြူမှိုး/-ပျူမှိုး/န-ကပ်ဖြူမှိုးနှင့်အတူတူ။ ~လေးရပ် /-လေးယတ်/ န-[ဓမ္မသတ်] မီးလွှန်းခြင်း၊ ဆန်ဝါးခြင်း၊ ရေလားခြင်း၊ ခဲဆောက်ခြင်း ဟူသော ရှေးခေတ် တရားစီရင်နည်း တစ်မျိုး။

ကမ္ဘာ့ရက်သတ်မျဉ်း/ဂဘာ့ယက်သတ်မျင်း/ န-လောင်ဂျီတွဒ် ၁၈၀° ၌ ပစိဖိတ်သမုဒ္ဒရာကို ဖြတ်၍ ကမ္ဘာ့တောင်ဝင်ရိုးစွန်းနှင့် မြောက်ဝင်ရိုးစွန်းတို့ကို ဆက်ဆွဲထားသော စိတ်မှန်းမျဉ်း။ (၎င်းမျဉ်းကို ဖြတ်၍ အရှေ့မှ အနောက်သို့သွားလျှင် တစ်ရက် တိုး၍ အနောက်မှ အရှေ့သို့သွားလျှင် တစ်ရက် နောက်ဆုတ်ရသည်။)

ကမ္မဇရုပ်/ကမဇာ့ယုတ်/န-ကံကြောင့်ဖြစ်သော ရုပ်။ [ပါ၊ ကမ္မဇ+ရူပ]

ကမ္မဇလေ /ကမဇာ့လေ/န-သားဖွားနိုင်အောင် တွန်းပေးသောလေ။ [ပါ၊ကမ္မဇ+မြန်၊လေ]

ကမ္မဒိဋ္ဌိ/ကမဒိတ်ဒိ/န-ကံကြောင့်ဖြစ်သော တန်ခိုး။ [ပါ၊ကမ္မဒိဋ္ဌိ]

ကမ္မဝါ/ကမဝါ/န-၁၊ဝိနည်းကံပြုရာ၌ ရဟန်းတော်တို့ ရွတ်ဖတ်ရသော ဆိုင်ရာဆိုင်ရာ ပါဠိတော်။ ကမ္မဝါစာ။ ၂၊ယင်းပါဠိတော် ရေးသားထားသော စာထုပ်။ [ပါ၊ကမ္မ+ဝါစာ]

ကမ္မဝဋ် /ကန်မာ့ဝတ်/ ပဋိသန္ဓေကို ဖြစ်စေသော ကုသိုလ်၊ အကုသိုလ်ကံအကြောင်းတရား။ [ပါ၊ ကမ္မ+ဝဋ္ဋ]

ကမ္မသကာ/ကန်မာ့သဂါ/ကြိဝိ-ကံစီမံသည့်အတိုင်း။ ကံစီမံရာ။ [ပါ၊ကမ္မသက]

ကမ္မဋ္ဌာန်း/ကမထန်း/န-ချမ်းအေးချမ်းသာနှင့် မဂ်ဖိုလ် ရကြောင်းဖြစ်သော လုပ်ငန်း။ [ပါ၊ကမ္မ+ဋ္ဌာန]

ကမ်း[၁]၊န-ပင်လယ်၊ မြစ်၊ ချောင်း၊ တောင်တို့၏ နံပါးအရပ်။ ~ကုန်၊ကြိ-(ပြုမှုလုပ်ဆောင်ရာတွင်) အဆုံးစွန်သို့ရောက်သည်။ ~ခြေ /ကမ်းချေ/န-ကမ်းနှင့်ဆက်စပ်နေသော မြေအရပ်။ ~စပ် /ကန်းဇတ်/န-ကမ်းနှင့်ရေပြင် ဆက်စပ်နေသော နေရာ။ ~တက်၊ကြိ-ရောင့်တက်သည်။ ~နား၊န-ပင်လယ်၊ မြစ်၊ ချောင်းတို့၏ အနီးအပါးအရပ်။ ~ပါး/ကန်းဗား၊ဂဗါး/န-မြစ်၊ ချောင်း၊ တောင်၊ ချောက် စသည့်တို့၏ နံပါးအရပ်။ ~ဖို့ထိုး/ကန်းဖို့ထိုး/ကြိ-မြေကြီးအကြားအလပ် မကျန် အောင် ထယ်ထိုးသည်။ ~မြောင်ဒေသ၊ န-ပင်လယ်နှင့် တောင်တန်းကြားရှိ ကျဉ်းမြောင်း ရှည်လျားသော ဒေသ။ ~ယံ၊န-တိဗက်မြန်မာ အုပ်စုဝင် ဘာသာစကားတစ်မျိုးကို ပြောသော ရှေးဟောင်း မြန်မာ တိုင်းရင်းသား တစ်မျိုး။ (ရခိုင်ပြည်နယ်တွင် နေထိုင်ခဲ့သည်။) ~ယံ၊န-ကမ်းပါးမြေပြင်။ ~ရိုးတန်း /ကန်းယိုးဒန်း/ န-ပင်လယ်ကမ်းစပ်တစ်လျှောက်။ ~လွန် ပင်လယ်၊ န-ကမ်းခြေနှင့် များစွာမဝေးသော ပင်လယ်ပြင်။

ကမ်း[၂]၊ကြိ-၁၊လှမ်းပေးသည်။ ၂၊ဝေငှသည်။ ~လှမ်း၊ ကြိ-အဆက်အသွယ်ပြုသည်။

ကုမ္ပဏီ/ကုန်ပနီ/န-ကူးသန်းရောင်းဝယ်ရေး စသော လုပ်ငန်းတို့ကို လုပ်ဆောင်သော အဖွဲ့အစည်း။ [လိပ်၊ company]

ကုမ္ဘဏ်/ဂုန်ဗန်/န-နတ်ဘီလူးတစ်မျိုး။ [ပါ၊ကုမ္ဘဏ္ဍ]

http://www.lknt11.com ...

ကုမ္မာရီ၊န – ၁၂ နှစ်အရွယ် မိန်းကလေး။ အပျိုရွယ်။ [ပါ၊ ကုမာရီ]

ကုံ[၁]၊နဝိ – ပြည့်စုံသော။ လုံလောက်သော။ **~ကာယ်**၊ ကြိ – [ပေါ] ပြည့်စုံသည်။ **~င**၊နဝိ – [ပေါ] ပြည့်ဝသော။ **~ တွင်**၊ကြိ – ဆောင်ရွက်မှု ပြီးစီးအောင်မြင်သည်။ စရီးရောက်သည်။ **~ထံ**၊နဝိ – [ပေါ] ပြည့်စုံသော။ ကြွယ်ဝသော။ **~လုံ**၊နဝိ – [ပေါ] ပြည့်စုံသော။ လုံလောက်သော။

ကုံ[၂]၊ န – ဆယ့်နှစ်ရာသီတွင် အိုးယမ်းယောက်ျားရုပ်ဖြင့် မှတ်အပ်သော ကောဒသမ ရာသီ။ [သ၊ ကုမ္ဘ]

ကုံကုမံ/ဂုန်ဂမန်/ န – နီဝါရောင်ဝတ်ဆံကို ပရဆေးအဖြစ်၊ နံ့သာအဖြစ်၊ ဒ်ပေါက်စသည်တွင် ဆိုးဆေးအဖြစ် သုံးရသော အပိုးတန် အပင်ငယ်။ [သ၊ ကုင်္ကုမ]

ကုံး၊ ကြိ – (ပန်းစသည်ကို ချည်မျှင်စသည်ဖြင့်) ဖွဲ့သိသည်။ **~ကျင်**/ဂုန်းဂျင်/ န – လည်းစည်းကုံး။ **~စပ်ထဘီ**/ဂုန်းဇတ်ထမိ(မိန်)/ န – နှစ်ခုံစပ်ထဘီ။

ကယ်[၁]၊ ကြိ – ပြည့်လျှမ်းသည်။

ကယ်[၂]၊ ကြိ – ဘေးဒုက္ခမှ လွတ်မြောက်အောင် ဆောင်ရွက်ပေးသည်။ ကယ်ဆယ်သည်။ ကယ်တင်သည်။ **~ပါ** / ကယ်ဗာ/ န [ခေတ်ကုန်] သူတောင်းစား။ **~ပေါက်**/ ဂယ်ဗောက်/ န – ဘေးရန်မှ လွတ်မြောက်အောင် ပြေးထွက်ရန် ပြုလုပ်ထားသော အပေါက်ငယ်။

ကယ်လောင်း/ဂယ်လောင်း/ န – [ပေါ] သေးငယ်သော ကြွက်တစ်မျိုး။

ကိုယ်/ န – ၁၊ သတ္တဝါ၏ ခန္ဓာ။ ၂၊ ခြေ၊ လက်၊ ဦးခေါင်းမှ အပဖြစ်သော ခန္ဓာပင်မ အစိတ်အပိုင်း။ နစ – ၁၊ [အပြော] မိမိကိုယ်ကို ရည်ညွှန်းသော စကားလုံး။ ကျွန်ုပ်။ ငါ။ ၂၊ [ရှေး] သင်။ မင်း။ **~ကျိုးနည်း** /ကိုဂျိုးနဲ/ ကြိ – မိမိအကျိုးဆုတ်ယုတ်ပျက်စီးသည်။ **~ကျိုးရှာ**/ ကိုဂျိုးယှာ/ ကြိ – မိမိအကျိုးသက်သက် အတွက် လုပ်ကိုင်ရှာဖွေသည်။ **~ကျင့်တရား**/ကိုဂျင့်တယား/ န – ကိုယ်၊ နှုတ်၊ နလုံးစောင့်စည်းမှု။ အကျင့်သိက္ခာ။ **~ခံ**/ကိုဂန်/ န – ၁၊ ခန္ဓာကိုယ်၏ မူလခွန်အား အခြေအနေ။ ၂၊ တစ်စုံတစ်ဦးတွင်ရှိသော မူလ အနေအထား။ ၃၊ မြား လှံ လက်နက် မထိနိုက်စေရန် ဆောင်သော လက်ဖွဲ့ စသည် အကာအကွယ်။ **~ခံပညာ** /–ပျင်ညာ/ န – (သိုင်း၊ ကရာတေး ကဲ့သို့သော) မိမိကိုယ်ကို ကာကွယ်နိုင်သော ကျွမ်းကျင်မှု။ **~ချင်းစာ** /ကိုဂျင်းစာ/ ကြိ – မိမိအလိုနှင့် နှိုင်းယှဉ်စာနာသည်။ **~ခွဲ** /ကိုဂွဲ/ န – ဆောင်ရွက်စရာများကို မိမိနှင့် အတူဝေမျှ လုပ်ကိုင်ပေးနိုင်သူ။ **~စား**/ကိုဇား/ န – တစ်စုံတစ်ယောက် ဆောင်ရွက်ရမည့် ကိစ္စကို တာဝန်ယူ ဆောင်ရွက်ပေးသူ။ **~စားလှယ်** /ကိုဇလှယ်/ န – ကိုယ်စားဆောင်ရွက်ခွင့် ပေးအပ်ခြင်း ခံရသူ။ **~စီကိုယ်င**/ ကိုဇီကိုငှာ/ ကြိဝိ – တစ်ဦးချင်းစေ့ငှ။ **~ စွမ်းကိုယ်စ**/ ကိုစွမ်းကိုဇာ/ န – မိမိ၏ အရည်အချင်းအစွမ်းအစ။ **~ တိုင်**/ ကိုဒိုင်/ ကြိဝိ – အခြားသူ မဟုတ် မိမိပင်လျှင်။ **~တိုင်ကိုယ်ကျ** /–ကိုဂျ/ ကြိဝိ – မိမိကိုယ်တိုင်။ **~တိုင်ကိုယ်ကြပ်** /–ကိုဂျတ်/ ကြိဝိ – ကိုယ်တိုင် ကြပ်ကြပ်မတ်မတ်။ **~တွေ့**/ ကိုတွေ့/ န – ကိုယ်တိုင် တွေ့ကြုံရသော အဖြစ်အပျက်။ **~ထိလက်ရောက်**/ ကိုဒိလက်ယောက်/ ကြိဝိ – ကိုယ်စားထား၍ ပြုလုပ်ခြင်း မဟုတ်ဘဲ။ ကာယကံ မြောက်။ **~ထီးကျန်**/ ကိုဒီးကျန်/ ကြိ – အထီးတည်း ဖြစ်သည်။ **~ ထုကိုယ်ထ**၊ ကြိဝိ – ကိုယ်တိုင် ထထကြွကြွ ကြိုးစားလျက်။ **~ထူး** /ကိုဒူး/ ကြိဝိ – တစ်ကိုယ်တည်း။ အထီးတည်း။ **~ထူးကိုယ်ချွန်**/ ကို့ဒူးကိုချွန်/ ကြိဝိ – မိမိဘာသာ အောင်မြင်အောင် ကြိုးစား လုပ်ကိုင်လျက်။ **~ထင်ပြ**/ ကိုဒင်ပျာ/ ကြိ – တန်ခိုးဖြင့် ရုပ်သွင်ကို မြင်အောင်ပြသည်။ **~ထည်** / ကိုဒယ်/ န – ၁၊ လည်ပင်းနှင့် ခါးအကြား ကိုယ်ခန္ဓာ။ ၂၊ အရင်းခံ အထည်ဒြပ်။ "ကား ~။ အင်္ကျီ ~။" **~နေကိုယ်ဟန်**၊ န – ကိုယ်ခန္ဓာ၏ အနေအထား၊ ဟန်ပန်။ **~ပူ**၊ ကြိ – အဖျားသွေးရှိသည်။ **~ပိုင်** / ကိုဗိုင်/ န – မိမိပိုင်သောအရာ။ **~ပိုင်အုပ်ချုပ်ရေး**/ –အုတ်ချုတ်ယေး/ န – မိမိတို့၏ ပြည်ရွာနိုင်ငံကို မိမိတို့ ဘာသာ စီမံခန့်ခွဲမှု။ **~ပစ်လက်ပစ်**/ ကိုဗျစ်လက်ပျစ်/ ကြိဝိ – မောပန်း၍ ခြေလက်တို့ကို မသယ်နိုင် မ မနိုင်ဖြစ်လျက်။ **~ပြည့်လက်ပြည့်**/ ကိုဗျေ့လက်ပျေ့/ ကြိဝိ – ကိုယ်ဝန် အရင့်အမာ။ **~ဖိရင်ဖိ**/ ကိုဖိယင်ဖိ/ ကြိဝိ – ကိုယ်တိုင် ကြပ်ကြပ် မတ်မတ် ဖိဖိစီးစီး။ **~ယောင်ပြ**၊ ကြိ – ၁၊ လူရိပ်လူယောင် ပြသည်။ ၂၊ ရုပ်သွင်ကို တန်ခိုးဖြင့် ပြသည်။ **~ယောင်ဖျောက်**၊ ကြိ – ၁၊ ရုပ်သွင်ကို တန်ခိုးဖြင့် ကွယ်ပျောက်စေသည်။ ၂၊ ပုန်းကွယ်နေသည်။ **~ရေးကိုယ်တာ** /ကိုယေးကိုဒါ/ န – မိမိနှင့်သာဆိုင်သော အရေးကိစ္စ။ **~ရေးမှတ်တမ်း**၊ **~ရေးရာဇဝင်**၊ န – ကိုယ်ရေးကိုယ်တာ အကြောင်းအရာများကို ရေးမှတ်ထားသော မှတ်တမ်း။ **~ရေးအရာရှိ**၊ န – ဌာနဆိုင်ရာ အကြီးအကဲသည်၏ အရေးကိစ္စ အတွက် သီးသန့် တာဝန် ထမ်းဆောင်ရသော အရာရှိ။ **~ရောစိတ်ပါ**၊ ကြိဝိ – အထူးတလည် စိတ်ဝင်စားစွာ။ **~ရုံကြီး**/ ကိုယန်ဂျီး/ န – ဂမုန်းမျိုးဝင် ရွက်တောင်ဥပင် တစ်မျိုး။ **~ရုံတော်**/ ကိုယန်ဒေါ် /

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

န – သက်တော်စောင့်။ **~ရင့်တတ္တ**/ကိုယင့်ဒတ္တ/ ကြိဝိ – မိမိနှင့် တန်းတူ။ **~ရောင်ကိုယ်ဝါ**၊ န – ကိုယ်ခန္ဓာမှ ထွက်သော အရောင်အဆင်း။ **~ရည်သွေး**၊ ကြိ – မိမိ၏ ဂုဏ် အရည်အချင်းတို့ကို ထုတ်ဖော်သည်။ **~ရုံ**၊ န – ကောသိ သက်န်း။ **~ရှိန်သတ်**၊ ကြိ – ပြုမှုပြောဆိုမှု အရှိန်ကို ရပ်တန့်သည်။ **~လေးလက်ဝန်**၊ န – ရင့်မာသော ပဋိသန္ဓေ။ **~လက်နှီးနော**၊ ကြိ – ၁၊ မေထုန် မှီဝဲသည်။ ၂၊ မေထုန်စိတ်ဖြင့် ယောက်ျား နှင့်မိန်းမတို့ ကိုယ်လက်အင်္ဂါကို ကိုင်တွယ် သုံးသပ်သည်။ **~လက်သုတ်သင်**၊ ကြိ – ကျင်ကြီးကျင်ငယ် စွန့်သည်။ **~လုပ်**၊ **လုပ်တော်**၊ န – ၁၊ မင်းမိဖုရား အပါးတွင် ခစား၍ အလုပ်အကျွေးပြုရသော မိန်းမ။ ၂၊ ရှင်ဘုရင်၏ မယားအငယ်။ **~လုံးကိုယ်ပေါက်**/ကိုလုန်းကိုဗောက်/ န – ကိုယ်ခန္ဓာ အလုံးအဖန်။ **~လွတ်ရုန်း**၊ ကြိ – မိမိ တစ်ကိုယ်တည်းသာ လွတ်အောင် အားထုတ်သည်။ **~လွတ်လက်လွတ်**၊ ကြိဝိ – ၁၊ ကြောင့်ကြမှု မရှိဘဲ။ ၂၊ မည်သည့်အရာကိုမျှ မယူဆောင်ဘဲ။ ၃၊ အိမ်ထောင်သည် မဟုတ်ဘဲ။ **~ဝန်**၊ န – အမိဝမ်း၌ တည်လာသော သားလောင်း။ **~ဝန်ဆောင်** /ကိုဝန်ဆောင်/ န – ပဋိသန္ဓေရှိသော မိန်းမ၊

ကိုယ့်မင်းကိုယ့်ချင်း၊ န – မိမိတို့နိုင်ငံကို မိမိတို့ဝင် အုပ်ချုပ်ခြင်း။

ကဿပ/ကတ်သပ/ န – ဤဘဒ္ဒကမ္ဘာတွင် တတိယ ပွင့်တော်မူသော မြတ်စွာဘုရား။ [ပါ၊ကဿပ]

ကျ၊ ကြိ – ၁၊ အမြင့်မှ အနိမ့်သို့၊ အမြတ်မှ အယုတ်သို့၊ အများမှအနည်းသို့ သက်ဆင်းဆိုက်ရောက်သည်။ "စားပွဲပေါ်သို့ ရေ~~။ ငရဲ~~။ ဈေး~~။" ၂၊ (တစ်စုံတစ်ခုသော အခြေအနေ၊ အချိန်ကာလသို့) ရောက်သည်။ "နေရာ~~။ တော~~။ သင်္ကြန်~~။" ၃၊ တစ်စုံတစ်ခုသော အရေအတွက်သို့ ရောက်သည်။ "လက်ကောက် ငါးရန်~ပြီ။" ၄၊ ကြွင်းကျန်သည်။ "တ~~။" ၅၊ အမြောက်အမြားလာသည်၊ ရောက်သည်။ "ဈေးဝယ် များ~နေပြီ။" ၆၊ နှစ်သက်သည်။ ကြိုက်သည်။ "~အောင်ပြောတတ် ~။" ၇၊ လျော့ပါး ဆုတ်ယုတ်သည်။ "အရွယ်~ ~။" ၈၊ မအောင်မမြင် ဖြစ်သည်။ "စာမေးပွဲ~ ~။" ၉၊ (ရန်သူလက်ချက်ကြောင့်) အနိစ္စ ရောက်သည်။ ကျဆုံးသည်၊ ၁၀၊ (မြို့ပြ ပြည်ရွာ) ရန်သူ့ လက်တွင်းသို့ သက်ဆင်းသည်။ ကျဆုံးသည်။ ၁၁၊ (စီးပွားရေး၊ နိုင်ငံရေး စသည်တို့) နာလန်မထူ နိုင်အောင် ဆုတ်ယုတ်ပျက်ပြားသည်။ ကျဆုံးသည်။ စည်း–အရေအတွက် အတိအကျ ဖြစ်ကြောင်းပြသော စကားလုံး။ "တစ်ဦးလျှင် နှစ်ခု~ယူပါ။" **~ကျောက်**/ကျကျောက်/ န – ကျောက်ဆေးမထိုးဘဲ ပေါက်သောကျောက်။ **~ခံ**၊ ကြိ – ၁၊ ကုန်ကျစရိတ်ကို တာဝန်ယူသည်။ ၂၊ ပြစ်ဒဏ်ခံစားသည်။ **~န**၊ ကြိ – သေချာသည်။ **~နေ**၊ န – မွန်းတည့် နောက်ပိုင်း နေ။ မွန်းလွဲပိုင်းနေ။ **~ပန်း**/ကျဗန်း/ ကြိဝိ – ကြုံရာ၊ သင့်ရာ (ပြောဆို၊ လုပ်ကိုင်သည်။) **~လူ**၊ န – ၁၊ သက်ကြီးရွယ်ရင့်ပိုင်းသို့ ရောက်နေသူ။ ၂၊ အာဏာအရှိန်အဝါ ဆုတ်ယုတ်သွားသူ။ **~သင့်**၊ ကြိ – သင့်ရောက်သည်။ "တန်ဖိုး~~။ ပြစ်ဒဏ်~ ~။"

ကျဗဟုံး၊ န – ၁၊ သူငယ်နာ ရောဂါတစ်မျိုး။ ၂၊ ဝက်ရူးရောဂါအတွက် အမြစ်ကိုသုံးရသော ချုံပင်ငယ်တစ်မျိုး။

ကျားမှတ်/ကျားဗှတ်/ န – အဖျားတွင် ကြိုးတပ်ထားသော နှင်တံတစ်မျိုး။ [ဟိန္ဒီ၊ စာဗုက်]

ကျား[၁] န – အဝါရောင်တွင် အနက်စင်းများရှိသည့် ကြောင်မျိုးဝင် သားရဲတိရစ္ဆာန်ကြီး။ နဝိ – အရောင်အသွေး ရောယှက်၍ အစင်းအကွက်ဖြစ်သော။ **~ကုတ်ကျားခဲ**/ကျဂုတ်ကျခဲ/ ကြိဝိ – [ဥပစာ] မရမနေ ဖွဲ့ဖွဲ့မြဲမြဲ။ **~ကြီးဆည်**/ကျားဂျီးဆယ်/ န – မိုးကုန်သောအခါ အိုင်မ၊ ချောင်း၊ မြောင်း၊ ရေလျှံကွင်းတို့မှ ဆင်းလာသော ငါးများကို ဖမ်းရန် ရေကြောင်းကို ဖြတ်ဆောက်ထားသောဆည်။ (မိုးနှောင်းဆည်၊ တောကျဆည် ဟူ၍လည်း ခေါ်သည်။) **~နာ**/ကျနာ/ န – [ဥပစာ] နာကြည်းစွာ ခံထားရ၍ တုံ့ပြန် ရန်မူလိုသောသူ။ **~ပါးစပ်**/ ကျားဇဘတ်/ န – ၁၊ ရေစီးကြောင်းတွင် ဖွင့်ခံထားရသော ကတော့ပုံ ငါးဖမ်းပိုက်ကြီးတစ်မျိုး။ ၂၊ အကျဉ်းဆောင် တံခါးမတွင် ရှိသည့် မလွယ်ပေါက်။ ၃၊ အပွင့် ရောင်စုံပွင့်သော ပန်းပင်ငယ်တစ်မျိုး။ ၄၊ ကြွက်ထောင်ချောက်ကြီး တစ်မျိုး။ ၅၊ ဝန်ချီစက်တစ်မျိုး။ **~ဖိန့်တွယ်**/ကျဖိန့်တွယ်/ ကြိဝိ – [ဥပစာ] မိမိရရ မလွှတ်တမ်း။ **~မျက်လုံး**၊ န – မှန်ဘီလူးတပ် တစ်ဖက်လင်း မီးအိမ်။ **~မြီးဆွဲမိ**/ကျားမီးဆွဲမိ/ ကြိ – [ဥပစာ] အခက်အခဲနှင့် တွေ့နေရပြီး မဆုတ်သာ မတက်သာ ဖြစ်သည်။ **~လက်သည်း** /ကျားလက်သဲ/ န – စားရသော ပင်လယ်ယောက်သွားကြီးတစ်မျိုး။ ကလွန်ကောင်။ **~လိုက်တုတ်ခုတ်**/ကျားလိုက်ဒုတ်ခုတ်/ ကြိဝိ – [ဥပစာ] တင်ကြိုစီမံမှု မရှိခဲ့ဘဲ အနီးကပ်ခါမှ အလောတကြီး(လုပ်ဆောင်သည်)။ **~လျှာ**/ကျားယှာ/ န – သစ်သားကို တိုက်စားရသော တံစဉ်းကြမ်း တစ်မျိုး။ **~သားမိုးကြိုး**/ကျားသားမိုးဂျိုး/ အာ – မဖြစ်စကောင်း မဖြစ်နိုင်ဟု ငြင်းပယ်ရာတွင် သုံး

မှာတိကာသို့ ▶▶▶

သော စကားလုံး။ **~သစ်**/ကျသစ်/န- ညိုဝါရောင်အခံ တွင် အနက်ပြောက်ရှိသော ကြောင်မျိုးဝင်သားရဲ တိရစ္ဆာန်ကြီး။

ကျား၂၊န-၁၊ အကွက်ရေးထားသော ချပ်ပြားတွင် ကျားဟု ခေါ်သောအရာကို ရွှေ့ကစားရသောကစားနည်း။ ၂၊ ယင်းချပ်ပြားပေါ်တွင် ရွှေ့ကစားရသော အရာ။ **~ထိုး**၊ကြိ- ကျားကစားသည်။

ကျား၃၊န-အဆောက်အအုံစသည်တို့ကို မယိုင်မလဲအောင် ထောက်ကန်ထားရသော အရာ။ **~မော့**/ကျမော့/န-ထုပ်နှင့် လျောက်တို့ကို မလျှပ်ရှားအောင် ထုပ်လယ်မှ ခေါင်လျောက်သို့ ကန့်ထောက်ထားသော သစ်သား။

ကျား၄၊န-ယောကျ်ားကို အတိုကောက်ခေါ်သော စကားလုံး။ **~ကျားလျားလျား**/ကျားကျားယားယား/ကြိဝိ- ယောကျ်ားပီသစွာ။

ကျိ၊နဝိ- ၁၊ ချွဲသော။ ၂၊များပြားသော။ **~ကျိတက်**/ကျိဂျိတက်/ ကြိဝိ- အလွန် (ချမ်းသာသည်)။ **~ကျူး**၊ကြိ-[ပေါ] ချွတ်ယွင်းသည်။

ကျိ၁၊န-စပါးပဲစသည် သိုလှောင်ရာ အဆောက်အအုံ။

ကျိ၂၊ ကြိ-ရွှေ၊ ငွေ၊ ဖန် စသည်ကို ကျို၍ အတုံးအခဲဖြစ်စေသည်။

ကျိစား/ကျိဇား/ ကြိ- ပျော်ရွှင်လိုသော သဘောဖြင့် နှောက်ပြောင်သည်။ ကျိစယ်သည်။

ကျိး၊ **ကျိးကန်း** /ကျိးဂန်း/န- လုယက် ထိုးသုတ်စားတတ်သော ငှက်နက် တစ်မျိုး။ ကျိးကန်း။ **~ကန်းတောင်းမှောက်**/-တောင်းမှောက်/ ကြိဝိ- [ဥပစာ] ဟိုကြည့် သည်ကြည့် ထိတ်ထိတ်ပျာပျာ။ **~ကန်း ပါးစပ်**/-ဗဇပ်/ န- လူ့ပါးစပ် အစွန်နှစ်ဖက်တွင် ကွဲ၍ ဖြစ်တတ်သောအနာ။ **~ချေ**/ကျိးချိ/န-၁၊ ရိုးတံ နီ၍ အရွက်လက်ခြားရှိသော ဟင်းစားအပင်ငယ်။ ၂၊ သစ်သားတွင် ရိုက်နက်ကုပ်တွယ်ရန် ကျိးခြေသဏ္ဌာန် လုပ်ထားသော အဖျား နှစ်ဖက်ချွန် သံချောင်း။ **~စောင့်ကြက်နှင်**/ကျိးစောင့်ကျက်နှင်/ န-အလုပ်မည်မည်ရရ မလုပ်နိုင်သော်လည်း အဖော်ရရုံမျှထားသူ။ **~နှင့်ဖုတ်ဖုတ်**/ကျိးနဲ့ဖုတ်ဖုတ်/ ကြိဝိ- [ဥပစာ] လူသူကင်းမဲ့ခြောက်သွေ့လျက်။ **~မြည်**၊ကြိ- ညအခါကျိးများ အထိတ်တလန့် အော်မြည် ပျံသန်းသည်။ **~မနားထန်းရွက်**၊န-လွက်ခါစ ထန်းရွက်။ **~မနိုးပွဲ**/ကျိးမနိုးဗွဲ/ န- တန်ဆောင်မုန်း လပြည့်နေ့ညတွင် ကာလသားများ သူတစ်ပါးအိမ်မှ ပစ္စည်းများကို မိုးမလင်းမီ ဟိုရွှေ့သည်ပြောင်း ပြုလုပ်ပျော်ရွှင်သည့်ပွဲ။ **~ရန်း**၊န-ဗြာသာဒ် အဖျားတွင် ထုလုပ်ထားသော အပြောက်တစ်မျိုး။ **~လန့် စာစား**/ကျိးလန့်စာဇား/ကြိဝိ-အထိတ်ထိတ်အလန့်လန့်။ **~သာ**၊ ကြိ-ကျိးငှက်သာယာသော အသံကို ပြုသည်။ **~အ**၊ န-တောကျိးကန်း။ **~အာ**၊ န-မှည့်လျှင် အခွံနီမြန်း၍ အတွင်းသား မည်းသော အသီးသီးသည့် နွယ်ပင်။ **~အက်**၊ န-၁၊ အိမ်ဆောင်မကြီးမှ လက်ဝဲဘက်သို့ ချထားသော အစွန်း။ (နိမြီး၊ လက်တီးတို့လည်းရှ)၂၊အိမ်၏ မြင်းမိုရ်ပိတ်အခြေမှ ချထားသော အမိုးငယ်။

ကျိးပေါင်း/ကျိးဗောင်း/န-၁၊ သစ်ပင်တွင် တွယ်ကပ်ကြီးပွားတတ်သော ချုပင်တစ်မျိုး။ ၂၊ရောဂါ ပိုးမွှားဒဏ်ရာ စသည်ကြောင့် သစ်ပင်၊ အရိုးတွင် ဖြစ်ပွားသော ဖြစ်ရိုးဖြစ်စဉ် မဟုတ်သည့် အဖု အထစ်။ **~တက်**/-တက်/ ကြိ-အရိုး၊ သစ်ပင် စသည်တို့၌ အဖုအထစ် တိုးပွားလာသည်။

ကျူ၁၊ န-ရေစပ်တွင် ပေါက်လေ့ရှိသော မြက်မျိုးဝင် ကိုင်းပင်ကြီးတစ်မျိုး။ **~ကပိုင်**/ကျူဂပိုင်/ န- ကျူပင်ကို စိတ်ဖြာ ရက်လုပ်သောဖျာ။

ကျူ၂၊ ကြိ-၁၊ အသံရှည်ရှည်ပြုသည်။ ၂၊ နှဲ၊ ပလွေကို အသံရှည်ရှည် ဆွဲ၍မှုတ်သည်။ ၃၊ သမီးရည်းစား၊ လင်မယားတို့ တစ်ဦးနှင့်တစ်ဦး ချစ်ခင်စွာ ကျီစယ်ပြောဆိုသည်။ **~ကျူပါအောင်**၊ ကြိဝိ- အဆက်မပြတ် အော်ဟစ်လျက် (ငိုကြွေးသည်)။

ကျူတ်/ကျူဒန်/န-ဘီလီယက် ကစားရာတွင် ဘောလုံးငယ်ကို ထိုးရသော တုတ်တံ။ [လိပ်၊ cue+မြန်၊တံ]

ကျူလယာဆိုင်/ကျူလယာဇိုင်/န- ကုန်နုပ် ကုန်သေးရောင်းသောဆိုင်။ [ဟိန္ဒီ၊ စုလိယာ+ မြန်၊ ဆိုင်]

ကျူး၁၊ ကြိ-၁၊ ကျော်သည်။ လွန်သည်။ ၂၊ (ကာလ၊ ဒေသ) ဝေးကွာသည်။ **~ကျော်**၊ကြိ- သူတစ်ပါးပိုင်နက်ထဲသို့ အခွင့်မရှိဘဲ ဝင်ရောက်သည်။ **~လွန်**၊ ကြိ- ၁၊ ဥပဒေကို ဖောက်ဖျက်သည်။ ၂၊မှောက်မှားသည်။ ၃၊ လွန်ကဲသည်။

ကျူး၂၊ ကြိ-သီဆိုသည်။ မြွက်ဆိုသည်။ **~ရင့်**၊ ကြိ-သာယာစွာ သီဆိုသည်။ ဝမ်းမြောက်စွာ မြွက်ဆိုသည်။

ကျူး၃၊န-သုံးပုံဖဲတွင် ရှမ်းဘက်က အကြီးဆုံးဖြစ်သော ကိုးပွင့်ပါ ဖဲချပ်။ (ကျူးဖြောင့် ကျူးကောက်ဟူ၍ တစ်စုံပါသည်။) (တရုတ်၊ iiv)

ကျေ၊ ကြိ-၁၊ ပျောက်ပျက်သွားသည်။ ၂၊ပြေငြိမ်းပြီးပြတ်သည်။ ၃၊ တာဝန်ဝတ္တရား ပြီးမြောက်အောင် လုပ်သည်။ ကျေပွန်သည်။ "ညှော်ဝတ် ~။" "တာဝန် ~။" **~ကွဲ**၊ကြိ-လစ်ဟင်းမှုမရှိ ဖြစ်သည်။ **~ချမ်း**၊ ကြိ-(ဒေါသ၊ အာဃာတ စသည်) ပြေငြိမ်းသွားသည်။ **~ညက်**၊ကြိ- ရေလည်ရှင်းလင်းစွာ သဘောပေါက်သည်။ **~နပ်**၊ ကြိ- စိတ်တိုင်းကျဖြစ်သည်။ နှစ်သက်အားရသည်။ **~ပ**၊ ကြိ-၁၊ (အကြွေးအငမ်း) ဆပ်ပြီးသည်။ ၂၊တရားအမှု

မှာတော်ကာသို့ ▶▶▶

ဖြီးပြေသည်။ ~ပျောက်၊ ကြိ- ပျောက်ကွယ်သွားသည်။ ~လည်/ကျေလယ်/ ကြိ- ပြေလည်သည်။ ~အေး၊ ကြိ-(ရန်၊ စစ်၊ အမှုအခင်း) ပြေငြိမ်းသည်။

ကျေး[၁]၊ န-ကြက်တူရွေး။ ကျေးသား။ ~**ကုလား** /ကျေးကလား/ န- ဦးခေါင်း ညိုမှိုင်းသော ကြက်တူရွေးကြီးတစ်မျိုး။ ~**ကျွတ်**/ကျေးဂျွတ်/ န-လည်ပင်းတွင် အနီရစ်ပါသော ကြက်တူရွေးငယ်တစ်မျိုး။ ~**ငှက်**၊န- ငှက်အမျိုးမျိုးကို ခြုံခေါ်သော အမည်။ ~**စေတိုင်**/ကျေး ဇေဒိုင်/န-၁၊ နန်းတော်၊ အိမ်တော် စသည်တို့၏ တံခါး၀၌ စိုက်ထူထားသည့် ပွတ်လုံးတိုင် တစ်မျိုး။ (ရှေးက စေလွှတ်သည့်ကျေးနားရန် ရည်ရွယ် ပြုလုပ်သည်။) ၂၊ လှေကြီးများတွင် လှဲထားသော ရွက်တိုင်တင်ရန် တန်းထိုးထားသည့် တိုင်နှစ်တိုင်။ ~**တမာ**၊ န-ဦးခေါင်းပန်းရောင်၊ နှုတ်သီး ၀ါ ကြန့်ကြန့် အဆင်းရှိသော ကြက်တူရွေးတစ်မျိုး။ ~**နှုတ်**/ကျီးနှုတ်/ န-၁၊ ကျေးနှုတ်သီးသဏ္ဌာန် အသီးသီးသော နွယ်ပင်တစ်မျိုး။ ၂၊သံနှုတ်ကိရိယာတစ်မျိုး။ ~**ဖောင်းကား**/ကျေးဖောင်းဂါး/ န-အနီရောင် လည်ရစ်ရှိသော ကြက်တူရွေးကြီးတစ်မျိုး။ ~**မြီး**/ကျေးမီး/န-၁၊ ကြက်တူရွေးအမြီးပုံ အရွက်ထွက်ပေါ်စ ထန်းပင်ငယ်။ ၂၊ ဆေးဖက်၀င် ချုံပင်ငယ်တစ်မျိုး (အဖိုအမရှိသည်။) ၃၊ရင်းထောင် ကို ပို၍ ရှည်စေရန် ထိပ်ဖျားဘက်မှ ဆက်သော ၀ါး။ ~**သန္တာ**/ကျေးသန်ဒါ/န-နှုတ်သီးနှင့် မြီးထူးနီ၍ ရင်ပုံတွင် အပြာကွက်ရှိသော ကြက်တူရွေးငယ် တစ်မျိုး။

ကျေး[၂]၊န-ခရိုင်အတွင်းမြို့မှ အပဖြစ်သော လူနေအရပ်။ ~**ကျွန်**၊န-ကြွေးမြီစသော အကြောင်းတစ်ခုခုကြောင့် သူတစ်ပါးထံတွင် ကျွန်အဖြစ် အခိုင်းအစေခံရသူ။ ~**တော**/ကျေးဒေါ/န-မြို့မှဝေးခေါင်သောကျေးရွာ။ ~**လက်**၊န-တောရွာ။

ကျေးစွပ်၊ကြိ-ကျေးဇူးကန်းသည်။

ကျေးဇူး၊ န- ၁၊ တစ်ဦးက အခြားတစ်ဦးအပေါ်တွင် ပြုသော အကျိုးဆောင်မှု။ ၂၊ကောင်းကျိုး။ [သ၊ ကပ်တဉ္စုတာ+ကတညုတ] ~**ကန်း**၊ကြိ- ပြုဖူးသော ကျေးဇူးကို မထောက်ဘဲ ပြောဆိုပြုမူသည်။ ~**ခံကျေးဇူးစား** /ကျေးဇူးဂန်ကျေးဇူးဇား/ န-ကျေးဇူးကို ခံယူသူ။ ~**တင်**၊ ကြိ-သူတစ်ပါးက ပြုသောကျေးဇူးကို အောက်မေ့သည်၊ ချီးကျူးပြောဆိုသည်။ ~**ပြု**၊ ကြိ-အကျိုးဖြစ်ထွန်းစေသည်။ အကျိုးပြုသည်။ ~**ရှင်**၊ န-ကျေးဇူးပြုသောသူ။

ကျဲ၊န၀ိ-၁၊ မပျစ်သော။ ၂၊ တစ်ခုနှင့်တစ်ခု ကွာလှမ်းသော။ မစိပ်သော။ ~**ကျဲတောက်**/ ကျဲဂျဲတောက်/ ကြိ၀ိ-(နေပူရှိန်) ပြင်းပြစွာ။ ~**တောက်တောက်**၊ ကြိ၀ိ-၁၊ (အရည်) မပျစ်ဘဲ။ ၂၊ နေရောင်ရှိန်အနေ့။

ကျော[၁]၊ န-၁၊ ၀မ်း၊ ရင်၏ နောက်ဘက်။ ၂၊ ပေ၊ စာရွက် စသည်၏ နောက်ဘက်။ ~**ကုန်း** /ကျောဂုန်း/ န-သတ္တ၀ါတို့၏ ကျော။ ~**ခင်း**၊ ကြိ- ပက်လက်အိပ်သည်။ ~**ခိုင်း**၊ ကြိ-၁၊ ကျောပေး၍ နေသည်။ ၂၊ [ဥပစာ] ဂရုမစိုက် လျစ်လျူရှုသည်။ ~**ခိုင်းနံစပ်**/ ကျောခိုင်းနန်ဇတ်/ ကြိ၀ိ-အကြားမရှိ ကပ်လျက်၊ စပ်လျက်။ ~**ချမ်း**၊ကြိ-[ဥပစာ] ကြောက်ရွံ့သည်။ ~**ထောက်နောက်ခံ** /ကျောဒေါက်နောက်ခန်/န-လိုအပ်လျှင် ကူညီနိုင်မည့်သူ၊ အထောက်အကူပစ္စည်း။ ~**ပူ ခေါင်းပူ** /ကျောဗူဂေါင်းဗူ/န-ကလေးများတွင် ဖြစ်တတ်သော ကျောနှင့်ခေါင်း ပူသည့်အဖျား။ ~**ပေး**၊ ကြိ-မျက်နှာချင်းမဆိုင် ကျောလှည့်ထား သည်။ ~**ပိုး**၊ကြိ-ကုန်းပိုးသည်။ ~**မွဲ**၊န-[ဥပစာ] ဆင်းရဲသား။ ~**ရိုး**၊န-အားထားရာ အခြေခံ၊ အမာခံ။

ကျော[၂]၊ကြိ-၁၊ သူတစ်ပါးထက် သာလွန်ပိုကဲသည်။ ၂၊မိမိကိုယ်ကျိုးအတွက် သူတစ်ပါးကို မတရား အသုံးပြုသည်။ စီးပိုးသည်။

ကျော[၃]၊န၀ိ-ချောပြောင်သော။ စင်ကြယ်သော။ ~**ငွေ**၊ န-ငွေစင်ငွေကောင်း။

ကျော့၊ကြိ-၁၊ ကွင်းလျှော့ကြိုးဖြင့် ဆင်စသည်ကို ထောင်ဖမ်းသည်။ ၂၊ နောက်တစ်ကြိမ် ထပ်၍ လုပ်သည်။ ၃၊ ကြိုး၊ အပ်စသည်ကို အောက်သို့ လျှိုသွင်းသည်။ ၄၊ မျက်နှာပြင်အပေါ်ယံ၌ သုံ့ခပ်ယူသည်။ ~**ကွင်း**/ကျော့ဂွင်း/န-ညှတ်ကွင်း။ ဆင်စသည်ကို ကျော့သော ကြိုးကွင်း။

ကျော့ကျည်း၊ကြိ၀ိ-[ပေါ] ပေါ့ပေါ့လျော့လျော့၊ ပျင်းပျင်းရိရိ။

ကျော်၊န၀ိ- ၁၊သတင်းမွှေးနှံ့ ထင်ရှားသော။ ကျော်ကြားသော။ ကျော်စောသော။ ၂၊ လွန်သော။ ပိုသော။ ကြိ- တစ်ဖက်မှ တစ်ဖက်သို့ အပေါ်က ကူးသည်။ ~**ခုံကေး**၊န- ငှားဖားငယ်တစ်မျိုး။ ~**နင်း**၊ကြိ-၁၊ စည်းကမ်းထုံးစံကို လွန်ကျူးပြုမူသည်။ ၂၊ လွန် မြောက်သည်။ ~**ပလွေ**၊န- သေးတိုက်မှုတ်ရသော ပလွေရှည်။ (ခင်ပလွေလည်းရှု) ~**လေးပါး**/ကျော် လေးဗား/ န- သာသနာ၀င်တွင် ထင်ရှားသော ရဟန်းတော်လေးပါး။ (၁၊ သဒ္ဒနီတိကျမ်းပြု ပုဂံအရှင်အဂ္ဂ၀ံသ ၂၊မဏိသာရမဉ္ဇူသာကျမ်းပြု စစ်ကိုင်းအရှင်အရိယ၀ံသ ၃၊ မဏိကုဏ္ဍလကျမ်းပြု အင်း၀အရှင်၀ရာဘိသင်္ဃနာထ ၄၊ ၀ိနယာလင်္ကာရ ကျမ်းပြု တောင်ဖီလာ ဆရာတော် အရှင်မုနိန္ဒ ဃောသ) ~**သွား**၊ကြိ-၁၊ အထက်မှ ဖြတ်သွားသည်။ ၂၊ ကျူးလွန်သည်။ ၃၊ အစက်အစဲမှ

မာတိကာသို့ ▶▶▶

http://www.lknt11.com

လွန်မြောက်သည်။
ကျံ၊ကြိ–အပြန့်ညီအောင် သုတ်လိမ်းသည်။
ကျံကျံ/ကျန်ဂျန်/ကြိဝိ–အသံမြည်လျက်။
ကျိ၊ ကြိ–၁၊ရေသို့မဟုတ် အရည်ကို ချက်သည်။ ၂၊ အခဲကို အရည်ဖြစ်အောင်ချက်သည်။
ကျိ၊ ကြိ–နိမ့်ချယေသည်။
ကျိုး၊ကြိ–၁၊ နှစ်ပိုင်း သို့မဟုတ် အပိုင်းပိုင်း ဖြစ်သွားသည်။ ၂၊(အချိန်ကာလ) ကုန်သည်။ "နေ့ တစ်ဝက် ~ပြီ။" ၃၊ ဥပုသ်၊သီလ ပျက်ပြယ်သည်။ **~နွံ**၊ကြိ– ၁၊ ထောင်လွှားမောက်မာစိတ် လျော့ကျသည်။ ၂၊ ပိပိပြားပြားလုပ်ကိုင်သည်။
ကျိုးကျည်၊ကြိဝိ–[ပေါ] စွဲစွဲမြဲမြဲ။
ကျိုးကျွန်/ကျိုးချွန်/စည်း–ဟန်ဆောင်ခြင်းအနက်ရှိသော စကား။ "မကြား ~။ မမြင် ~။"
ကျိုးတိုးကျဲတဲ/ကျိုးဒိုးကျဲဒဲ/ကြိဝိ– အနည်းငယ် ကျဲလျက်။
ကျက် [၁]၊ကြိ – ၁၊အိုး၊ အုတ် စသည်ကို့ကို ဖုတ်သဖြင့် အသုံးပြုနိုင်သော အခြေအနေသို့ ရောက်သည်။ ၂၊အနာစသည် ပျောက်ကင်းသည်။ ၃၊ထမင်း၊ ဟင်း စသည်ကိုချက်သဖြင့် စားနိုင်သော အခြေအနေသို့ ရောက်သည်။
ကျက် [၂]၊ ကြိ –မှတ်မိအောင် အကြိမ်ကြိမ်ဖတ်ရွတ် လေ့လာသည်။ **~စား**၊ ကြိ– ၁၊ တစ်နေရာတည်းတွင် မပြတ်သွားလာသည်။ ၂၊ စိတ်ဝင်စား သုံးသပ်လေ့လာသည်။ ၃၊တိရစ္ဆာန်များ လှည့်လည် သွားလာ၍ အစာရှာဖွေသည်။ **~မိ**၊ ကြိ– (အသံ၊ ရုပ်ကို) မှတ်မိသည်။
ကျက်သရေ၊ န – အသရေ နှင့်အတူတူ။ [မွန်၊ ကျာက် + သ၊ ကြိ] **~ခန်း**/ကျက်သယေခန်း/န – ဘုန်းကြီးကျောင်းတွင် ခံဖွယ်သောဓာဦ စသည် ထားရာအခန်း။
ကျောက် [၁]၊န – ၁၊ သဘာဝအလျောက် ခိုင်မာစွာဖွဲ့စည်းနေသည့် မြေသားအစိုင်အခဲမျိုး။ ၂၊စိန်၊ မြ၊ ပတ္တမြား စသော ရတနာမျိုး။ ၃၊ကျောက်ဆူး။ **~ကိုက်**၊ကြိ – ချထားသော ကျောက်ဆူးမြဲမြံစွာ ငြိတွယ်နေသည်။ **~ကျော**၊န – ၁၊ပင်လယ်ရေမှော်တစ်မျိုးမှ ပြုလုပ်ထားသော အမျှင်၊အမှုန့်။ ၂၊ ယင်းကို သကြား၊ အုန်းနို့ စသည်တို့နှင့် ရောကျို၍ လုပ်ထားသော မုန့်။ **~ခက်**၊ န – ၁၊အခက်အလက်သဖွယ်ဖြစ်နေသော ပင်လယ် သန္တာကောင် အစုအဝေး။ ၂၊ကျောက်ခက်နှင့် တူသော အရွက်ရှိသည့် အပင်ငယ်။ **~ခေတ်**/ကျောက်ခစ်/န – [သမိုင်း] ကျောက်ကို လက်နက် ပြုလုပ်သုံးစွဲသော ကာလ။ **~ချ**၊ကြိ – ကျောက်ဆူးကို ရေတွင်ချသည်။ **~ချဉ်**၊ န–ချဉ်ဖန့်ဖန့် အရသာရှိသော ဓာတ်ဆားခဲတစ်မျိုး။

~ငွမ်း/ကျောက်ငွမ်း/န – မီးမကျွမ်းနိုင်သော အမျှင်များ ရှိသည့် ကျောက်။ **~စရစ်**၊န – မှာ၍ ပြောင်ချောသော ကျောက်ခဲလုံးငယ်။ **~စာ**၊န – ကျောက်ချပ်၊ ကျောက်တိုင်တို့၌ ရေးထိုးထားသော စာ။ **~စက်**၊ န–ထုံးကျောက်ဂူအမိုးမှ ထုံးဓာတ်ပါသောအရည် တစက်စက် ယိုကျသောကြောင့် အမိုးနှင့် ကြမ်းပြင်တို့တွင် ဖြစ်ပေါ်နေသော ကျောက်စွယ်ကျောက်သွားများ။ **~စက်ပန်းဆွဲ**/ကျောက်စက်ပန်းဇွဲ/န–အမိုးမှ ပန်းဆိုင်းသဖွယ် တွဲလျားကျနေ သော ကျောက်စက်မျိုး။ **~စက်မိုးမျှော်**၊န–ကြမ်းပြင်မှ အစွယ်အသွားသဖွယ် ထိုးထောင် တက်နေသော ကျောက်စက်မျိုး။ **~စက်ရေ**၊န –ကျောက်ကြားမှ စိမ့်ထွက်သော ကြည်လင် အေးမြသည့်ရေ။ **~စည်**၊ န–ကလတက်ကဲ့သို့ တီးခတ်ရသော ကျောက်တုံးရှည်၊ ထိုးစည်။ **~စိမ်း**၊န –အများအားဖြင့် အစိမ်းရောင်ရှိသော အမျက်ကျောက် တစ်မျိုး။ **~ဆူး**၊န –လှေသင်္ဘော ရပ်တည်နိုင်အောင် ကြိုးတပ်၍ ရေတွင် ချထားရသော ကျောက်၊ သံဆူး စသည်။ **~ဆောင်**၊န – ရေတွင် တည်နေသော ကြီးမားသော ကျောက်အစိုင်။ **~ဆစ်**၊ န –ကျောက်ကို ထုထွင်း၍ ပုံဖော်သော အတတ်။ **~တံ**၊န – ကျောက်သင်ပုန်းတွင် စာရေးရန် ကျောက်မှ တစ်မျိုးဖြင့် ပြုလုပ်သော အချောင်းငယ်။ **~တန်း**၊န –ပင်လယ်စသည်တွင် အတန်းလိုက် ဖြစ်ပေါ်နေသော ကျောက်ဆောင်စု။ **~ထီး**၊န–၁၊ဘုရားစေတီအနီးတွင် စိုက်ထူသည့် ကျောက်ဖြင့် လုပ်သောထီး။ ၂၊[ဥပစာ] အလေးဂရုပြုအပ်သော ပုဂ္ဂိုလ်။ **~ထွန်**၊ကြိ–ကျောက်ဆူးသည် မြေကြီး၌ ကောင်းစွာမငြိဘဲ လှေဆွဲရာသို့ ပါလာသည်။ **~ဒိုး**၊န – ကျောက်ခေါ်လီလုံး။ **~ပတ်တီး**၊န– ကျိုးအက်သော အရိုးကို ဆက်ရာတွင် စည်းရသော ဂျစ်ပဆမ်ကျောက်မှုန့်ပါသည့် ပတ်တီး။ **~ပျဉ်**၊ န –သနပ်ခါးစသည် သွေးရသော ကျောက်ချပ်ဝိုင်း။ **~ပွင့်**၊န –စားရသော ပင်လယ်ရေညှိပင်တစ်မျိုး။ **~ဖရုံ**၊န –ဝန်းလျားသော အသီးလုံးကြီးသီးသည့် နွယ်ပင်။ **~ ဖြစ်ရုပ်ကြွင်း**၊န –နှစ်ပေါင်းများစွာ မြေတွင် နစ်မြုပ်၍ ကျောက်ဖြစ်နေသော အပင်၊ တိရစ္ဆာန် စသည်။ **~ဖြုန်း** [၁]၊န – ၁၊ကျောက် အစအန များ။ ၂၊အရည်အသွေးညံ့သော ကျောက်မျက် အစအနများ။ **~မီး**၊န –ယမ်း၊ကျည်ဆံစသည်ကို ပြောင်းဝမှ ထိုးထည့်ကာ မီးခတ်ကျောက် တပ်ထားသည့် မောင်းဖြင့်ရိုက်၍ မီးပွင့်စေပြီး ပစ်ခတ်ရသော ရှေးခေတ်သေနတ်။ **~မီးသွေး** /ကျောက်မီးသွေး/ န –မြေမတူးဖော်ရရှိ၍ လောင်စာအဖြစ်သုံးသော မည်းနက်မာကျောသည့် ကျောက်။

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

~မျက်၊နာ–ကျောက်စိမ်း၊ နီလာ၊ ပတ္တမြား စသည့် ရတနာမျိုးစုံ။ **~ရိုင်း**၊န–မသွေးရသေးသော အမျက်ကျောက်။ **~သံပတ္တမြား**/ကျောက်သန့်ဗဒများ/ န–ကျောက်ချက်မျိုးစုံ။ **~သင်ပုန်း** / ကျောက်သင်ပုန်း/ န–ကျောက်လွှာဖြင့် လုပ်ထားသော သင်ပုန်း။ **~သဘော** /ကျောက်သင်းဘော/န–**သံပမြုပ်** နှင့်အတူတူ။

ကျောက်[၂]၊န–အဖုအလုံးများပေါက်သည့် ကူးစက်ရောဂါတစ်မျိုး။ **~ကြီး**၊န–ကျောက် ရောဂါဆိုးကစ်မျိုး။ **~တင်းကပ်**/ကျောက်တင်းဂတ်/န–ဖျား၍ ကိုယ်လက် ကိုက်ခဲသော ကျောက်ရောဂါ။ **~ပေါက်မာ**၊ န–ကျောက်ပေါက်ပြီးနောက် ကျန်ရစ်သော အမာရွတ်။ **~ ဖြုန်း**[၂]၊န–မျက်နှာတွင် ကျောက်ပေါက်မာများရှိသူ။

ကျောက်[၃]၊ကြိ–ကန်သည်။ **~လှည့်**/ကျောက်လှဲ့/ န–[ဒေသ]ဝက်အူလှည့်။

ကျောက်ကာထည်/ကျောက်ကာဒယ်/န–၁၊မူလက မုံရွာမြို့အနီး ကျောက်ကာရွာတွင် ပြုလုပ်သော ယွန်းထည်။ ၂၊အတွင်းအနီ၊ အပြင်အနက် ပြုလုပ်ထားသော ယွန်းထည်။

ကျောက်ကုန်း၊န–ကျောကုန်း။

ကျောက်ကပ်၊န–သွေးထဲမှ အညစ်အကြေးကို ကျင်ငယ်အဖြစ် ခွဲထုတ်ပေးသော ကိုယ်တွင်းအင်္ဂါ။

ကျောက်မြင်း၊န–ကျစ်လျစ်မာကျောသော မြင်းပုမျိုး။

ကျိုက်[၁]၊ကြိ–သောက်သည်။ မျိုသည်။

ကျိုက်[၂]၊ကြိ–ပုဆိုးရှေ့အစကို ပေါင်ကြားမှ လျှိုသွင်း၍ ခါး၌ ညှပ်သည်။

ကျိုက်[၃]၊န–မွန်ဘာသာ၌ ဘုရားစေတီအနက်ရသော စကား။ " ~ထီးရိုး။ ဇင်း~။"[မွန်၊ ကျာက်]

ကျိုက်ကျိုက်ဆူ၊ကြိ–ရေ၊ အရည် အလွန်ဆူပွက်သည်။

ကျင်[၁]၊ကြိ–နာသည်။ နဝိ–(အရွက်များ) အချိန်ကြာသည့်ကြောင်း၍ ရင့်ရော်သော။ **~ကြီး**/ကျင်ဂျီး/ န–ချေး။ မစင်။ **~ရှောင်း**/ကျင်ရှောင်း/န–ယောကျ်ားအင်္ဂါ။ **~ငယ်**၊န–သေး။ ဆီး။ **~ပြော နာ**/ကျင် ဗျောနာ/န–ဆီးလွှန်ရောဂါ။

ကျင်[၂]၊ကြိ–၁၊နံ့ စပ်ကျိမ်းကျင်သည်။ လည်လည် ပတ်ပတ် ဖြစ်သည်။ ၂၊ မြေကြီးနှင့် ရောနေသော ရွှေမှုန့်၊ ငွေမှုန့် စသည်ကို ကျင်ခွက်တွင် ယည့်၍ ရေတွင် ဒေါ်ကိုက်ယူသည်။ **~ကိုင်**၊ ကြိ–[ရခိုင်] တစ်ဦးနှင့်တစ်ဦး အနိုင်အရှုံး နပန်းလုံးသည်။ **~ခွက်** /ကျင်ဂွက်/န–ရွှေ ငွေ စသည် ကျင်ရန် အလွန် ပက်သော သစ်သားခွက် စသည်။ **~လည်** /ကျင်လီ၊ ကျင်လယ်/ကြိ–၁၊ လှည့်လည် သွား လာ သည်။ ၂၊တတ်ကျွမ်း သည်။ ကျွမ်း ကျင်သည်၊

ကျင်[၃]၊န–အချောင်းအတံပုံရှိသော အရာ။ "တံခါး~။ တံ~။" **~စွယ်**/ကျင်ဇွယ်/န–အဖျားစွန်း ကော့တက်သော နှုတ်ခမ်းမွေး။ **~တွယ်**၊န–ထောင့်မှန်တိုင်း လက်သမားကိရိယာ။

ကျင်စပ်၊န–ရွှေချည် ငွေချည်တို့နှင့် ရောရက်ထားသော ပိုးထည်တစ်မျိုး။ [ဟိန္ဒီ၊ကိမ်ခါဗ်]

ကျင့်၊ကြိ–ထပ်တလဲလဲ ပြုမူသည်။ စွဲစွဲမြဲမြဲ ပြုလုပ်သည်။ **~ ကြံ**၊ ကြိ–ကြံစည်ပြုမူသည်။ **~ စဉ်** /ကျင့်ဇင်/န–၁၊ အစဉ်အဆက်ပြုလုပ်မြဲ ထုံး။ ကျင့်ထုံး။ ၂၊လိုက်နာရန် နည်းလမ်းအစဉ်။ **~တမ်း** /ကျင့်ဒန်း/န–ကျင့်ရိုးကျင့်စဉ်။ **~ဝတ်**၊န–လိုက်နာစောင့်ထိန်းအပ်သော ဝတ္တရား။ **~သားရ** /ကျင့်သားယာ့/ကြိ–အလေ့အကျင့်ရသည်။ **~သုံး**၊ကြိ–အမြဲ ပြုမူဆောင်ရွက်သည်။

ကျင်း[၁]၊န–၁၊ ချိုင့်နေသောမြေ။ တူးထားသောတွင်း။ ချိုင့်။ ၂၊စားခွက်ကဲ့သို့ ရှည်လျားသော သစ်သားခွက်။ ၃၊ လှေသင်္ဘော ပြုပြင်တည်ဆောက်ရာ အရပ်။ ၄၊ မှိုတစုတဝေး ပေါက်ရာအရပ်။ ၅၊ အလျား ၁၀' အနံ ၁၀' အနက် ၁' ရှိသော မြေ၊ ကျောက် စသည်၏ပမာဏ။ **~ထိုး**၊ကြိ–သင်္ဘော စသည်ကို ပြုပြင်ရန် သင်္ဘောကျင်းတွင် တင်သည်။ လွန်းကင်သည်။

ကျင်း[၂]၊ကြိ–၁၊ဖြန့်ခင်းသည်။ ၂၊အလင်းရောင်ပြန့်သည်။ "အရုဏ်~ပြီ။" **~ပ**၊ကြိ–ပွဲလမ်းအခမ်းအနား ပြုလုပ်သည်။ **~ယက်**၊ကြိ–လွှမ်းခြုံးဆွေးခန်း စသည်ဖွင့်ရန် အစပျိုးသည်။

ကျင်း[၃]၊ကြိ–၁၊အိုးခွက်စသည်တွင် ရေလည်ပတ်စေ၍ သံမန်ဆေးကြောသည်။ ၂၊ ဓား၊ ကတ်ကြေး စသည်ကို ထက်အောင် ရေတ်ဆုံ စသည်တွင် ဘယ်ပြန်ညာပြန် ခတ်သည်။

ကျောင်း၊ န–၁၊ ရဟန်းသျှင်လူတို့ သီတင်းသုံးရာ အဆောက်အအုံ။ ၂၊အတတ်ပညာ သင်ယူရာဌာန။ ကြိ–(ကျွဲ၊နွား စသည်ကို) စားကျက်တွင် လွှတ်၍ ထိန်းစောင့်သည်။ **~ကန်**၊န–သာသနာရေးဆိုင်ရာ ကျောင်း၊ဇရပ်၊ရေကန် စသည်တို့ကို ခြုံ၍ခေါ်သော အမည်။ **~ခေါ်ကြိမ်** /ကျောင်းခေါ်ဂျိန်/ န–ကျောင်းသူကျောင်းသားတို့ ကျောင်းတက်သည့်အကြိမ်။ **~ဆင်း**၊ ကြိ–၁၊ အတတ်ပညာတစ်ခုခု အောင်မြင်ပြီး၍ ကျောင်းမှထွက်သည်။ ၂၊စာသင်ချိန်ပြီးဆုံးသည်။ ကျောင်းလွှတ်သည်။ **~ဆောင်** /ကျောင်းဆောင်/န–၁၊ဗုဒ္ဓရုပ်ပွားတော် စသည် ပူဇော်ကန်ရာ အဆောင်ငယ်။ ၂၊ကျောင်းတိုက်တွင် အပါအဝင်ဖြစ်သော အဆောင်။ ၃၊ကျောင်းအိပ် ကျောင်းသားများနေသော အဆောင်။ **~တက်**၊ကြိ–

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

၁၊ကျောင်း၌ပညာသင်ယူသည်။ ၂၊ ကျောင်းသို့ သွား၍ စာသင်သည်။ ၃၊စာသင်ချိန် စတင်သည်။ **~တိုက်**/ကျောင်းဒိုက်/န-အုပ်ချုပ်မှု တစ်ခုတည်း အောက်တွင်ရှိသော ဘုန်းကြီးကျောင်းစု၊ စာသင်ကျောင်းစု။ **~ထား**။ကြိ- ကျောင်းတွင် ပညာသင်ယူစေသည်။ ကျောင်းအပ်သည်။ **~ထိုင်**၊ ကြိ- ဘုန်းကြီးကျောင်းတွင် အကြီးအကဲလုပ်၍ သီတင်းသုံးသည်။ /ကျောင်းဒိုင်/န - ယင်းသို့သော ဘုန်းကြီး။ **~ထွက်**၊ ကြိ-ကျောင်းတွင် ပညာသင်ယူရာမှ နုတ်ထွက်သွားသည်။ **~နေ**၊ ကြိ- ကျောင်းတွင် ပညာသင်ယူသည်။ **~နေဖက်** /ကျောင်းနေဖက်/န -ကျောင်းတွင် အတူတကွ ပညာသင်ယူသည့် သူငယ်ချင်း။ **~ပျက်**၊ ကြိ- ကျောင်းမတက်ဘဲနေသည်။ **~ပြေး**၊ ကြိ-ကျောင်းတက်ရမည်ဖြစ်လျက် မတက်ဘဲ တိမ်းရှောင်နေသည်။ /ကျောင်းဖျေး/န-ယင်းသို့ ကျောင်းမတက်ဘဲ နေသူ။ **~လွှတ်**၊ကြိ-ကျောင်းစာသင်ချိန်ပြီးသည်။ **~သား**/ကျောင်းသား/န-၁၊ ကျောင်းတွင် ပညာသင်ယူနေသူ။ ၂၊ကျောင်းတွင် ပညာသင်ယူ နေသည့် ယောက်ျားငယ်။ **~သူ**/ကျောင်းသူ/ န-ကျောင်းတွင် ပညာသင်ယူ နေသည့် မိန်းမငယ်။ **~အမ**၊ န -ကျောင်းဆောက်လုပ် လှူဒါန်းသော ဒါယိကာမ။ **~အိပ်ကျောင်းစား**/ကျောင်းအိတ်ကျောင်းစား/ န-ကျောင်းဆောင်တွင် နေထိုင်၍ ပညာသင်ယူနေသူ။ **~အုပ်**၊န-စာသင်ကျောင်းကို ကွပ်ကဲအုပ်ချုပ်သူ။

ကျိုင်း[၁]၊န -ကောက်ပဲသီးနှံတို့ကို ဖျက်ဆီးတတ်သော ပိုးကောင်တစ်မျိုး။

ကျိုင်း[၂]၊န-မင်း၊ မှူးမတ်စသည်တို့၏ အဆောင်အယောင်ဖြစ်သော ထီးနှင့်သဏ္ဌာန်တူသော အရိုးရှည်တပ်ပစ္စည်း။ **~ခေါင်းမြွေ**/ကျိုင်းဂေါင်းမြွေ/ န -ကြက်ဥခိုးမြွေ။

ကျိုင်း[၃]၊နဝိ -ဖွံ့ဖြိုးကြီးထွားသော။

ကျစ်၊ ကြိ- လျှော်မျှင်စသည်ကို ကြိုးဖြစ်အောင် လိမ်ရစ်သည်။ နဝိ -သိပ်သည်းသော။ **~စာ**၊ န - ကျူးဖောက်၊ ထွန်ယက်ရာမှ ထွက်လာသော မြေတုံးငယ်များ။ "တိ~စာ။ ထွန်~စာ။" **~ဆံနီ**၊ န- လှေ ထေးဖာရန် ဖြတ်ထားသော အုန်းဆံကြိုး။ **~ဆံမြီး** /ကျစ်ဆန်မီး/ န -အစုခွဲ၍ တစ်စုပေါ် တစ်စုကျော်၍ လိမ်ရစ်ထားသော ဆံပင်။ **~တွန့်တက်**/ကျစ်တွန့်တက်၊ ကျက်တွန့်တက်/ ကြိ-၁၊ကြိုးကျစ်ရာတွင် မညီမညွတ် အဖုအထုံးဖြစ်သည်၊ တွန့်လိမ်သည်။ ၂၊[ဥပစာ] အတွန့်တက်သည်။ **~လျစ်**/ကျစ်လစ်/နဝိ -၁၊သိပ်သည်းသော။ ၂၊ပိရိသော။

ကျဉ်[၁]၊နဝိ -သေးသွယ်သော။

ကျဉ်[၂]၊န-ပုရွက်အကောင်ကြီးတစ်မျိုး။ (ကျဉ်နီ၊ ကျဉ်နက် ဟူ၍ရှိသည်။)

ကျဉ်[၃]၊ ကြိ-သွေးသွားလာမှု မမှန်သောကြောင့် ကဖျဉ်းဖျဉ်းဖြစ်သည်။

ကျဉ်း၊နဝိ -အနံငယ်သော။ မကျယ်သော။ ကြိ- [သင်္ချာ] အပိုင်းဂဏန်းများကို ငယ်သွားအောင် ၁ ထက်ကြီးသော ကိန်းပြည့်ဖြင့် စားသည်။ **~ကျုတ်** /ကျင်းကျုတ်/ နဝိ - ကျဉ်းကျပ်သော။ **~မြောင်း**၊ နဝိ - မချောင်မချိဖြစ်သော။ မကျယ်ပြန့်သော။

ကျည်၊န -၁၊တစ်ဖက်ပိတ်ဝါးဆစ်။ ယင်းကဲ့သို့ သော ထည့်စရာမျိုး။ ၂၊ သေနတ် စသည်တွင် ထည့်သွင်း ပစ်ခတ်ရသော ယမ်းထည့်ထားသည့် အကောင့်။ ကျည်ဆန်။ ကျည်တောင့်။ ယမ်းတောင့်။ **~တောက်** /ကျီဒေါက်/ န -ဝါးကျည်အိုငယ်စား။ တစ်ဖက်ပိတ်ဝါးဆစ်။ **~ဖွေ့** /ကျီဖွေ့၊ကျဖွေ့/ န -ဆုံတွင် ထောင်းကြိတ်ရန် သုံးသည့် သစ်သား၊ ကျောက် စသည်။ **~မှုး**/ကျီမှုး/ န -ကျည်ဆန်ထိပ်တွင် စွပ်ထားသော အဖျားချွန်သတ္တု။

ကျည်ကျည်လောင်လောင်/ကျီကျီလောင်လောင်/ကြိဝိ- အသံကျယ်လောင်စွာ။

ကျည်နဲ့ကျည်နဲ့၊ကြိ -[ပေါ]ကြာနေသည်။

ကျည်း[၁]၊န - တွဲလျားကျသော ညာတံတွင် ပွင့်သီးသော ပင်လတ်တစ်မျိုး။

ကျည်း[၂]၊န-တုတ်တံ။ ကန့်လန့်ကျင်။ **~ကွေး**/ကျီးကွေး၊ ကျေးကွေး/ န -စုလစ်တွင် အကွေးအဝိုက် ထုလုပ်ထားသော အပြောက်တစ်မျိုး။ **~ခွေ**/ကျီးခွေ/ န - (မြေမပြိုစေရန်) ရေတွင်းအောက်ခြေတွင် ခံသော သစ်သားခွေ၊ ဝါးခွေ စသည်။ **~ပေါင်** /ကျီးဖောင်/န -ဘဲခါးရွက်တပ်ရန် သစ်သားခွေ။ **~ဝန်း**၊န -စေတီတွင် ခေါင်းလောင်းနားနှင့် ပစ္စယာ အကြားရှိ အစိတ်အပိုင်း။ **~သား**/ကျီးသား/န - တစ်တောင့် ထွာခန့် တုတ်ချောင်းငယ်ဖြင့် ရိုက်နှက် ကစား ရသော အဖျားနှစ်ဖက်တွင် တစောင်းခွေ ဖြတ်ထား သည့် တစ်ထွာခန့် တုတ်ချောင်းငယ်။

ကျည်း[၃]၊ န -၁၊ အိန္ဒိယတောင်ပိုင်းနယ်။ ၂၊ ယင်း နယ်သား။

ကျုတ်[၁]၊န -သဲကျောက်မြေစေးပါသော မြေပြင်။ ကျုတ်တိုးကုန်း။ ကျက်တီးမြေ။ **~နိုင်ရေ**၊ န- ကျုတ်တွင်းရှိ ငန်သောရေ။ **~တွင်း**၊န -တောတွင်း တိရစ္ဆာန်များ ဆားအလို့ငှာလျက်ရ သောက်ရသော ဆားကွင်း။

ကျုတ်[၂]၊န -မြေတွင် နေသော မကောင်းဆိုးဝါးတစ်မျိုး။

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ကျိတ် ၊နဝိ – (အထည်၏အသား) ကျစ်လျစ်သော။ ကြိဝိ – သူတစ်ပါးမသိအောင် တိတ်တဆိတ်။ "~လုပ် –။ ~ကြံ –။" /ဂျိတ်/န – အစေ့ကို ပုတီး၊ လက်ကောက်လုပ်ရသော အလေ့ကျပေါက် အပင်တစ်မျိုး။ **~နာ** ၊န – ၁ ၊လူ၏မေးရိုးအောက်တွင် ပေါက်တတ်သော အနာတစ်မျိုး။ ၂ ၊ပေါင်ပုပ် လက်ပုပ်ရောဂါ။ **~လမန်း** /ဂျိတ်လမန်း/န – နံစားပြောင်းတစ်မျိုး။ **~လိတ်သော** ၊ကြိ – ပိရိသေချာသည်။ **~ဝိုင်း** ၊န – ကျိတ်လုပ်သော လောင်းကစားဝိုင်း၊ အရက်ဝိုင်း စသည်။

ကျိတ်ဓား ၊န – ဓားမြှောင်တစ်မျိုး။ [မလေး၊kris+ မြန်၊ ဓား]

ကျုတ်/ဂျုတ်/န – အသားကို လှည်းဘီးအစို့ သည် လုပ်ရသော သစ်ပင်။

ကျွန် ၊ကြိ – ၁၊ မကုန်။ ကြွင်းသည်။ ၂၊ပိုသည်။ စွန်းသည်။ မြတ်သည်။ ၃၊ကျန်ရစ်သည်။ **~ရစ်** ၊ကြိ – ၁၊ ခံတုမပါ နောက်တွင်ရှိနေခဲ့သည်။ ၂၊ မပါဝင်။ ကြွင်းသည်။ န – ချစ်သူ၏ ပစ်ပယ်ခြင်း ခံရသူ။

ကျန်း ၊ကြိ – ၁ ၊ခိုင်မာသည်။ ၂ ၊အနာရောဂါကင်းသည်။ **~ခံ** ၊ကြိ – ကျန်းမာတောင့်တင်းသည်။ **~ဘော**/ကျန်းဒေါ/ကြိ – ၁၊ ကျန်းခံ့သည်။ ၂ ၊ကျန်းတန်း သည်။ **~တန်း** /ကျန်းဒန်း/ကြိ – မပျောင်းပျော့။ ခက်ထန်သည်။ **~မာ** ၊ ကြိ – အနာရောဂါ ကင်းသည်။ နေကောင်းသည်။

ကျိန် ၊ **ကျိန်တွယ်** ၊ ကြိ – ၁၊မည်သို့ပြုလျှင် မည်သို့ ဖြစ်ပါစေဟု တစ်ဖက်သားယုံအောင် တိုင်တည် ပြောဆိုသည်။ ၂ ၊တစ်ဖက်သား အန္တရာယ်ဖြစ်ရန် တောင့်တပြောဆိုရေရွတ်သည်။ **~စာ** /ကျိန်ဇာ/ န – မည်သို့ပြုလျှင် မည်သို့ဖြစ်ပါစေ ဟု ကျိန်ထားသည့် စကား၊ စာ။ **~စာတိုက်**/–တိုက်/ ကြိ – ၁၊ ကျိန်စာကို ရွက်၍ ဖြစ်စေ၊ ကိုင်၍ ဖြစ်စေ သစ္စာပြုစေသည်။ ၂၊ မည်သို့ပြုလျှင် မည်သို့ ဖြစ်ပါစေဟု ကျိန်သည်။ **~စာဝ** /–ဝ/ ကြိ – အကြိမ်များစွာ အကျိန်ခံရသည်။ **~ဆဲ**/ကျိန်ဆဲ/ ကြိ – ဘေးတွေ့ပါစေဟု ရေရွတ် ပြောဆိုသည်။

ကျိန်း [၁] ၊ကြိ – (ဘုရား၊သံဃာတော်)အိပ်သည်။

ကျိန်း [၂] ၊ကြိ – စပ်ဖျဉ်းနာကျင် မခံသာဖြစ်သည်။

ကျိန်း [၃] ၊န – ကိန်း[၂]နှင့်အတူတူ။ **~ကျေ** ၊ကြိ – သေးငယ် သော အကျိုးအပြစ်ကြောင့် ကြီးမားသော အကျိုး အပြစ် ပျောက်ပြယ်သည်။ **~ချေ** ၊ကြိ – ကျရောက် အံ့သော ဘေးဥပဒ် ပပျောက်စေရန် အစီအမံ ပြုလုပ်သည်။ **~သေ** ၊ကြိ – မလွဲကေန်ဖြစ်သည်။ **~သေပေါက်**/ကျိန်းသေဗောက်/ကြိဝိ – သေချာ ပေါက်။

ကျပ် ၊ကြိ – ၁ ၊လျော့ခြင်း၊ ချောင်ခြင်းမရှိ။ ကျဉ်းမြောင်း သည်။ ၂ ၊လျော့ခြင်း၊ ချောင်ခြင်း မဖြစ်အောင် လုပ်သည်။ "ဝက်အူ ~ –။" ၃၊ ငွေကြေးစသည် မချောင်လည်။ "ပိုက်ဆံ ~ –။" ၄၊ ခက်သည်။ "အပြောရ ~ –။" ၅၊ လွတ်လပ်မှုမရှိ။ ၆ ၊နား စသည် တွင် ကြက်တောင် စသည်သွင်း၍ ပွတ်လှည့်သည်။ န – ၁၊ ခြေလက်စသည်ကျိုးသောအခါ စည်းနှောင် ရာ၌သုံးသော ဝါးခြမ်းပြားစသည်။ ၂၊ အထည် အလိပ် တို့ကို ထုပ်ပိုးရာ၌ အောက် အထက် ညှပ်ရသော ဖျဉ်ချပ်။ ၃ ၊လည်ပင်း၌ ဖြစ်တတ်သော အနာတစ်မျိုး။ ၄ ၊ကျပ်တိုက်ရာဇင်။ ၅၊ ငါးခြောက် လှန်းရန် လုပ်ထားသော ဇင်မြင့်။ ၆၊တစ်ပိဿာ၏ တစ်ရာပုံ တစ်ပုံ အလေးချိန်။ ၇ ၊မြန်မာနိုင်ငံသုံးငွေ။ ၈၊အစောက်နက်သော ဗောင်းငယ် တစ်မျိုး။ **~နိုး** ၊န – မိုးနိုးမဖြစ်သည့် ငြိကပ်တတ်သော အမှုန့်။ **~နိုးဇင်**/ကျတ်နိုးဇင်/န – မိုးဖိုအထက်တွင် လုပ်ထား သော ဇင်။ **~ချွတ်**/ဂျတ်ချွတ်/နဝိ – (ကျပ်မှ ချွတ်ယူ စ အထည်ကဲ့သို့) အသစ်စက်စက် ဖြစ်သော။ **~စည်း** ၊ ကြိ – ၁၊ကျိုးသော ခြေလက်စသည်ကို ဝါးခြမ်းပြား စသည်ညှပ်၍ တင်းကျပ်စွာ စည်း နှောင်သည်။ ၂ ၊လူသေအလောင်းကို အဝတ်စဖြင့် တင်းကျပ်စွာ အထပ်ထပ် ရစ်ပတ်သည်။ **~တိုက်** ၊ ကြိ – အမဲ၊ သား၊ ငါး စသည်တို့ကို မီးကျီးဖြင့် ခြောက်သွေ့စေသည်။ ကျပ်တင်သည်။ **~တည်း** /ကျတ်တီး၊ ကျတ်တဲ/ကြိ – ကျဉ်းမြောင်းသည်။ မချောင်လည်။ **~ပြား** ၊န – ၁၊ သတ္တု အလေးချိန် လေးမတ်သား ရှိသော ဒင်္ဂါး။ ၂၊ ပြားတစ်ရာ တန်ဖိုးရှိသော ငွေဒင်္ဂါး။ **~မပြည့်**/ကျတ်မပြေ့/ ကြိ – စိတ်မနှံ့၊ ရူးပေါပေါ ဖြစ်သည်။ **~မြင်းမိုရ်** ၊န – မင်းသုံး မင်းဆောင် ခွက်အုပ်တစ်မျိုး။ **~လုံး** ၊န – အချင်း တစ်လက်မရှိသော အချောင်းအတံ။ **~လျား** /ကျတ်လယား/န – လက်ဝဲမင်းခမ်းတော်တွင် ပါဝင် သော ခွက်အုပ်တစ်မျိုး။

ကျိုပ် ၊စည်း – လူနှုတ်တို့ကို ရေတွက်ရာတွင် ဆယ်ပြည့် ကိန်းကို ညွှန်ပြသော စကားလုံး။ "ရဲဘော်သုံး –။"

ကျုပ် ၊နစ – [အပြော]ကျွန်ုပ်။

ကျမ်း ၊န – ၁ ၊ပေစာရွက်များကို ညီအောင် ထိန်းညှပ် သော ဖျဉ်ချပ်။ ၂ ၊ကျမ်းဂန်။ ၃ ၊ကျိန်ဆိုရာတွင် ကိုင်ရွက်ရသော ကျိန်စာအရေးအသား။ ကြိ – ညီအောင် ညီသည်။ **~ကိုး**/ကျန်းဂိုး/န – ၁၊ ကျမ်း ကြီး ကျမ်းခိုင်မှလာသည့် အထောက်အထား။ ၂ ၊ကိုးကားသောကျမ်း။ **~ကိုင်** ၊ **~ကျိန်** ၊ **~ရွက်** ၊

http://www.lknt11.com ...

ကြိ – ကျိန်စာကို ကိုင်တည်၍ ကျိန်ဆိုသည်။ **~ကျေ**၊ ကြိ – ၁၊စာပေ နှံ့စပ်ကျွမ်းကျင်သည်။ ၂၊ တစ်စုံတစ်ခုသော ကိစ္စတွင် ကျွမ်းကျင်နှံ့စပ် နိုင်နင်းသည်။ **~ကြီးကျမ်းနိုင်** /ကျန်းကျီးကျန်းကိုင်/ န – အားကိုးလောက်သော၊ ခိုင်မာသောကျမ်း။ **~ဂန်**၊ န – ၁၊ တစ်စောင်တစ်ဖွဲ့ ဖြစ်အောင် ရေးထားသော ဂန္ထဝင်မြောက်စာပေ။ ၂၊ဗုဒ္ဓဘာသာဆိုင်ရာ စာပေ။ [မြန်၊ကျမ်း+ပါ၊ဂန္ထ] **~ စူး**၊ ကြိ – ကျမ်းကျိန် ခဲ့သည့်အတိုင်း ဘေးသင့်သည်။ **~တုံး** /ဂျန်းဒုန်း/ န – ၁၊ တမန်း မြေနိုင်ခဲသို့ရန်၊ ကြိပြီးသော မျိုးစေ့ဖုံးအုပ်သွားရန် ကျွဲ၊ နွားနှင့် တိုက်ဆွဲရသော သစ်တုံး။ ၂၊ဘီး မလိမ့်ရန် ခုရသော သုံးမြောင့် သစ်သားတုံး။ **~ဖြူ**၊ ကြိ – ကျမ်းတစ်စောင်တစ်ဖွဲ့ ရေးသည်။ **~ရိုး**၊ န – သင်ရိုးသင်စဉ်ကျမ်း။ **~ဦး စကား** /ကျန်းအူးဇဂါး/ န – ကျမ်းအစတွင် ရေးသော အချီးစကား။

ကျုံ [၁]၊ နဝိ – ချို့တဲ့သော။ **~စား** /ကျုန်ဇား/ ကြိ – အောက်ခံ မြေကို ရေလှိုက်စားသည်။ **~ဆို့နာ** /ကျုံန်ဇို့နာ/ န – အစားအသောက်ပျက်၍ ကိုယ်သားကိုယ်ရေ ညစ်နွမ်းပိန်ကြုံသော ရောဂါ။

ကျုံ [၂]၊ စည်း – [ရှေး]အကြွင်းမဲ့ဟူသော အနက်ဖြင့် ကြိယာကို ထောက်ပံ့သော စကားလုံး။ "ယုံ ~။ မှတ် ~။"

ကျုံ့၊ ကြိ – အလျားအနံ့ကျဉ်းသွားသည်။ **~ကျုံ့** /ကျုန့်ဂျုန့်/ ကြိဝိ – ပိပိပြားပြား။ **~ကျုံ့ယုံ့ယုံ့** /–ယုန့်ယုန့်/ ကြိဝိ – သေဝပ်ပိပြားစွာ။

ကျုံး၊ ကြိ – ပေါင်းစုသိမ်းယူသည်။ ကြိဝိ – အားစိုက်ခွန်စိုက်။ န – ၁၊ မြို့ရိုး ပတ်လည်တွင် တူးဖော်ထားသော မြောင်းကြီး။ (အခြောက်ကျုံး၊ ညွန့်ကျုံး၊ ရေကျုံးဟူ၍ သုံးမျိုးရှိသည်။) ၂၊တောဆင်တို့ကို ဖမ်းလှောင်၍ ယဉ်အောင် လုပ်သောနေရာ။ **~သွင်း**၊ ကြိ – ၁၊တောဆင်ကို ဆင်မဖြင့် ဖြားယောင်း၍ ကျုံးတွင်းသို့ ဝင်လာအောင် ပြုသည်။ ၂၊ [ဥပစာ] မိမိဘက်သို့ပါအောင် သွေးဆောင် သိမ်းသွင်းသည်။

ကျယ်၊ နဝိ – ၁၊တစ်ဖက်နှင့် တစ်ဖက်ကွာလှမ်းသော။ မကျဉ်းမြောင်းသော။ ၂၊ အသံအလွန်မြည်သော။ ၃၊စွာသော။ ၄၊သုံးပုံဖဲကစားရာတွင် နောက်ဆုံးအဖုကို ရအောင် ကစားသည်။ **~ပြော**၊ နဝိ – အလွန် ကျယ်ပြန့်သော။ **~လောင်**၊ နဝိ – အသံအလွန် ကျယ်သော။

ကြ [၁]၊ န – စပါး ၂၅၆ တင်း ဆံ့သော အဆောက်အအုံ။

ကြ [၂]၊ စည်း – အများပြုကြိယာပစ္စည်း။

ကြစက် /ကျစက်/ န – ဆူးပေါက်သော ဝါးတစ်မျိုး။

ကြငှန်း /ကျငှန်း/ န – ၁၊နန်းတော်ရှိ သလွန်တွင် စိုက်ထူထားသောထိ။ ၂၊ [ပေါ]နန်းတော်။ ၃၊ အထွတ်အမြတ်။ **~ဖို** /–ဖို/ န အိမ်တိုင် ၆ လုံးတွင် မြောက်ဘက်ရှိတိုင်၏ အမည်။ **~မ** /–မာ့/ န – အိမ်တိုင် ၆လုံးတွင် တောင်ဘက်ရှိတိုင်၏ အမည်။

ကြစု /ကျစု/ န – အသီးကို ဆေးဖော်ရသော သစ်ပင်ကြီး။

ကြလို /ကျလို/ န – ဝါးပိုးဝါး။

ကြလဲ့ /ကျလဲ့/ န – [ပေါ]ဝဲဩဃ။

ကြသောင်း /ကျသောင်း/ န – အသားထူ၍ အဆစ်ကျဲသော ဝါးတစ်မျိုး။

ကြာ [၁]၊ န – ၁၊အရွက်ဝန်း၍ အပွင့် အဖြူ အနီစသည် ပွင့်သော ရေတွင် ပေါက်သည့် အပင်။ (ကုမုဒြာကြာ၊ ကြာပုဏ္ဍရိက်၊ ပဒုမ္မာကြာ၊ ကြာနီ၊ ကြာညို ဟူ၍ ငါးမျိုးရှိသည်။) ၂၊ မြင်း၊ နွားတို့၏ ဦးခေါင်း၊ ရင်ဝတို့တွင် ရှိတတ်သော အမွေးဖြူကွက်။ ၃၊ စုံမက်စွဲလမ်းအောင် လှုံ့ဆော်သော မျက်နှာအမူအရာ။ **~ကလပ်**၊ န – ၁၊ ကြာချပ်ပုံများဖြင့် မွမ်းမံပြုလုပ်ထားသော ကလပ်။ ၂၊ ပြာသာဒ်တွင် ထုပိကာအောက်ရှိ အစိတ်အပိုင်း။ ၃၊ကြာချပ်များဖြင့် မွမ်းမံထားသော အလောင်းတင်ခုံ။ **~နီ**၊ ကြိ – သူတစ်ပါး၏ မယားနှင့် တိတ်တဆိတ် ဖောက်ပြားသည်။ **~ရှည်** /ကျာဂျီ/ န – ကြာရိုးရှိ အလွန်နူးညံ့သေးငယ်သော အမျှင်။ **~ချပ်** /ကျာဂျပ်/ န – ကြာပွင့်ဖတ်။ **~ခြည်** /ကျာဂျီ/ န – [နန်း] ခြင်ထောင်။ **~စွက်** /ကျာဇွက်/ န – ကြာစေ့အိမ်။ **~စွယ်** /ကျာဇွယ်/ န – ကြာမြစ်မှထွက်သော အစို့အညှောက်။ **~ဆူး** /ကျာဇူး/ န – အဖြေပြားပေါ်တွင် ပေါက်တတ်သော ပဒုမ္မာကြာဆူးသဏ္ဌာန် အဖုငယ်များ။ **~ဆံ** /ကျာဇန်/ န – ဆန်မှုန့်၊ပဲမှုန့်တို့ကို အမျှင်ဖြစ်အောင် လုပ်ထားသော စားဖွယ်။ **~တဲဆိပ်** /ကျာဒဇိတ်/ န – ကြာဖြူပင် တစ်မျိုး။ **~နု**၊ န – စေတီတွင် ကြာလန်နှင့် ရွှဲအကြား၊ ရွှဲနှင့် ကြာမှောက်အကြားရှိ အစိတ်အပိုင်း။ **~ပစ်** /ကျာပျစ်/ ကြိ – ကြာအမူအရာ လုပ်ပြသည်။ **~ဖက်နင်း** /ကျာဖက်နင်း/ န – ခြေတံ၊ ခြေချောင်း၊ အမြီး ရှည်လျား၍ ကြာဖက်များကို နင်းကာ သွားလာကျက်စားလေ့ရှိသော ငှက်။ ဘီကျား။ **~မုံ**၊ န – ကြာငုံ၊ ကြာဖူး။ **~မှောက်**၊ န – စေတီတွင် ရွှဲနှင့် ဖောင်းရစ်အကြားရှိ မှောက် ထားသော ကြာပုံအစိတ်အပိုင်း။ **~ယပ်**၊ န – မဏ္ဍပ်ကနား သေည်တွင် ဆွဲဆင်ထားသော နဖူးစည်း အဆင်တန်ဆာတစ်မျိုး။ **~ရင်**၊ န – စေတီတွင် ကြာလန်အထက်နှင့် ကြာမှောက် အောက်တို့တွင် ပြုလုပ်ထားသော ဒေါင်လိုက်အတွန့်။ **~လန်**၊ န – စေတီတွင် ရွှဲနှင့် ငှက်ပျောဖူးကြားရှိ လှန်ထားသော ကြာပုံအစိတ်အပိုင်း။ ကြာပြန်။

မာတိကာသို့ ▶▶▶

~သင်္ကန်း။ န -၁၊ ကမ္ဘာဦး၌ ကြာပွင့်မှရသော သင်္ကန်း။ ၂၊ ကြာပင်မှ ကြာမျှင်များကို ခဲရာခဲဆစ် ရယူပြီး ရက်လုပ်သော သင်္ကန်း။ ၃၊ ဘုရားလှူရန် အဆင်တန်ဆာတို့ဖြင့် တင့်တယ်စွာ ချုပ်လုပ်ထားသော သင်္ကန်း။

ကြာ၂ ။ နဝိ-၁၊ အချိန်ကာလ ရှည်လျားသော။ ၂၊ နှောင့်နှေးသော။ ဖင့်နွှဲသော။

ကြာညို ။ န-[ဒေသ] ပဲငံပြာရည်အမှုန့်။ [တရုတ်၊ jiang you]

ကြာသပတေး/ကျာသ့ဗဒေး/ န -၁၊ နေ့ခုနစ်နေ့တွင် ပဉ္စမနေ့။ ၂၊ [ဗေဒင်]ဂြိုဟ်ကြီးကိုးလုံးတွင် ပဉ္စမဂြိုဟ်။ ၃၊ [သိပ္ပံ]နေရှိရာမှ အစဉ်အားဖြင့် ပဉ္စမဖြစ်၍ အရံဂြိုဟ် ၁၆ လုံးရှိသောဂြိုဟ်။ [သ၊ ဝါကျသ္သတိ /ဗႋဟသ္သတိ] ~ထောင့်/-ဒေါင့်/ န -အနောက်ဘက် အရပ်။

ကြား၁/ ကျား/ န -အချိန်၊ နေရာ နှစ်ခု၏အတွင်း။ ~ချောင် /ကျားချောင်/ ကြိ -လစ်လပ်ကြွင်းကျန်နေသည်။ ~နေ /ကျားနေ/ ကြိ - ဘက်မလိုက်ဘဲနေသည်။ ~ပေါက် /ကျားဖောက်/ န- ရှိနေကျ ငွေကြေးအပြင် အပို ရရှိသော ငွေကြေးဥစ္စာ။ ~ဖျဉ် /ကျားဖျင်/ ကြိ -နှစ်ဦးနှစ်ဖက်ကြားဝင်၍ ဖျန်ဖြေသည်။ကြားဖျန်သည်။ ~ဖြတ် /ကျားဖျတ်/ ကြိဝိ- ကြားမှ ဖောက်ဝင်လျက်။ နဝိ- လုပ်ငန်းတစ်ခုအတွင်းကြားမှ ဖောက်ဝင်လာသော။ "~သတင်း။"

ကြား၂။ ကြိ -၁၊ နားဖြင့်သိသည်။ ၂၊ သိစေသည်။ ပြောသည်။ ~ဖြင်း/ကျားချင်း/ ကြိ-ကြား၍ နား၌ မသာယာ။ မကြားချင်။ ~ဖြင်းကတ် /-ကတ်/ ကြိ- မကြားချင် ဖြစ်သည်။ ~မှုနားဝ /ကျားမှုနားဝဲ/ န -အတန်အသင့် ကြားမှုနာဖူးခြင်း။ ~ရောက်၊ ကြိ - အဝေးမှနေ၍ အကျိုးအကြောင်း ပေးပို့ သိစေသည်။

ကြိတိကြောင်တောင် /ကျိဒိကျောင်ဒေါင်/ ကြိဝိ- (ထိတ်လန့်၍ဖြစ်စေ၊ အံ့အားသင့်၍ဖြစ်စေ) ကြောင်တက်တက်ဖြစ်လျက်။

ကြိယာ/ကရိယာ/န -[သဒ္ဒါ] ပြုခြင်း၊ ဖြစ်ခြင်း၊ ရှိခြင်းကို ပြသော ပုဒ်။ [ပါ၊ကြိယာ] ~ဝိသေသန /-ဝိသေသနာ/ န -[သဒ္ဒါ] ကြိယာကို အထူးပြုသော ပုဒ်။

ကြီး၊ နဝိ-၁၊ မသေးသော။ မငယ်သော။ ၂၊ ပိုလွန်သော။ ကဲသော။ ၃၊ အသက်ရင့်သော။ ကြိ- အသက်အရွယ် စသည် တိုးပွားသည်။ စည်း- ပူးတွဲပါပုဒ်ကို ထူးခြားလေးနက်စေသော စကားလုံး။ "ဖြူဖြူ ဖွေးဖွေး~။" ~ကောင်ဝင်/ကြီးဂေါင်ဝင်/ ကြိ -သူငယ်ဘဝမှ လူရွယ်ဘဝသို့ ဝင်ရောက်စပြုသည်။ ကြီးကောင်ဝင်သည်။ ~ကျယ်၊ နဝိ -၁၊ သာမန်ထက် ပိုလွန်သော။ ခမ်းနားသော။ ၂၊ မောက်မာစွာ ပြောဆို ပြုမူသော။ ကိုယ်နှင့်မတန်မရာ ပြောဆို ပြုမူသော။ ~ကြပ် /ကြီးဂျပ်/ ကြိ- နှိုးနှိုးကပ်ကပ် စီမံကွပ်ကဲသည်။ ~ခိုး /ကြီးခိုး/ ကြိ-၁၊ အုပ်ချုပ် စီမံသည်။ ၂၊ မင်းမူသည်။ ~စဉ်ငယ်လိုက် /ကြီးဇင်ငယ်လိုက်/ ကြိဝိ-အကြီးအငယ် အစဉ်လိုက်။ ~တော်/ကြီးဒေါ်/ န -မိခင်၏ အစ်မ။ ~နိုင်ငယ်ညှဉ်း၊ ကြိဝိ -အင်အားကြီးသူက အင်အားငယ်သူကို နိုင်လိုမင်းထက် (ပြောဆို ပြုမူသည်)။ ~ပေါင်း/ကြီးဗေါင်း/ န -၁၊ အသက်ကြီးမှ ပေါင်းသင်းခင်မင်ရသူ။ ၂၊ ပထမ အိမ်ထောင် မဟုတ်၊ နောက်ထပ်ထူထောင်သည့် အိမ်ထောင်။ ~ဖြင်း /ကြီးချင်း/ နဝိ-အသက်အရွယ် တိုးပွားလာသော။ လူလားမြောက်သော။ ~ပွား/ကြီးဗွား/ နဝိ-အခြေအနေတိုးတက်သော။ ကောင်းစားသော။ ~မှူး၊ ကြိ -ဦးဆောင်သည်။ ~ရင့်၊ နဝိ -အသက်အရွယ်ကြီးသော။ အိုမင်းသော။ ~လေး၊ နဝိ- ကြီးမားသော။

ကြူ၊ ကြိ -ရန့်သင်းသည်။

ကြူး၊ ကြိ -လွန်လွန်ကဲကဲပြုမူသည်။ လိုက်စားသည်။ "အစား ~။"

ကြေ၊ ကြိ -၁၊ မှုန့်မှုန့်ညက်ညက်ဖြစ်သည်။ ကြေညက်သည်။ ကြေမွသည်။ ၂၊ အတွန့်တွန့် အခေါက်ခေါက်ဖြစ်သည်။ "အင်္ကျီ ~။" ~ကွဲ၊ ကြိ -မချိတင်ကဲ ဝမ်းနည်းပူဆွေးသည်။ ~မြည့်၊ ကြိ -ဆွေးမြည့်ပုတ်စီးသည်။

ကြေညာ ၊ န - အောက်အရပ်နှင့် အထက်အရပ်။ အရပ်ခပ်သိမ်း။ ကြိ -သတင်းစကား စသည်ကို အများကြားသိအောင် လုပ်သည်။

ကြေး၁/ကျီး၊ကျေး/ န -၁၊ ကြေးနီကြေးဝါတို့ကို ခြုံခေါ်သော စကား။ ၂၊ အသပြာ။ တန်ဖိုး။ ၃၊ ပေးဆောင်ရန် သတ်မှတ်ထားသော အဖိုးအခ။ "လစဉ် ~။ အဆောင် ~။" ၄၊ ကြေးနီ၊ ခဲကြွပ်၊ ဘင် စသည် ရောစပ် ပြုလုပ်ထားသော တူရိယာ မျိုး။ ၅၊ လောင်းကြေး။ ~ကိုင် /ကျေးဂိုင်/ န - အခွန်တော်ငွေ ကောက်ခံသူ။ ~ကြီး၊ နဝိ- ၁၊ အဖိုးများသော။ ၂၊ လောင်းတမ်းနှုန်း မြင့်သော။ ~စာ /ကျေးဇာ/ န - ကြေးနောင်ကို အသံညှိရာတွင် သုံးသည့် ခဲပုပ်နှင့် ဖျားဖယောင်း။ ~စား /ကျေးဇား/ န - အပျော်တမ်း မဟုတ်ဘဲ အခကြေးငွေယူ၍ အလုပ်လုပ်သူ။ ကြေးတမ်းစား။ ~စည် /ကျီး(ကျေး)ဇီ/ န - သာသနာရေး ဆိုင်ရာတွင် တီးခတ် အသုံးပြုသော သုံးထောင့်သဏ္ဍာန် ကြေးပြား။ ~တူရိယာ/ကျေးတူရိယာ/ န -ကြေးနောင်၊

မာတိကာသို့ ▶▶▶

http://www.lknt11.com

သံလွင်၊ ကြေး ပတ္တလား၊ မောင်း စသည်တို့ကို ခြုံခေါ်သောအမည်။ **~တိုက်**/ကျေး (ကျီး)ဒိုက်/ န - ရှေးမြန်မာမင်း လက်ထက်က ရာဇဝတ်သား များကို သွင်းလှောင်ထားရာ တိုက်ခန်း။ **~တိုင်** /ကျေးဒိုင်/န-အခွန်ငွေ သတ်မှတ်နိုင်ရန် လယ်မြေ ယာမြေကို ပိုင်းခြား စိုက်ထူသောတိုင်။ နဝိ- လယ်မြေ တိုင်းတာခြင်း၊ အခွန်ငွေ သတ်မှတ်ခြင်း စသည့် လုပ်ငန်းများနှင့် ဆိုင်သော။ **~တမ်းတိုက်** /ကျေးအန်းတိုက်/ကြိ-တွက်ကတ်သည်။ **~တွက်**၊ ကြိ-၁၊ ငွေကြေး ရေတွက်သည်။ ၂၊ လက်ခက် သည်။ **~ထမ်းကြီး**/ကျေးဒန်းဂျီး/န-မြန်မာမင်း လက်ထက် ကျေးရွာများမှ အခွန်တော်ငွေ ကောက်ခံ ပေးရသော ရွာလူကြီး။ **~နီ**/ကျီး (ကျေး)နီ/ န- နီညိုသော အဆင်းရှိသည့် မြေတွက် သတ္တုတစ်မျိုး။ **~နင်း**၊ န-ကြေးတူရိယာ တစ်မျိုး။ မောင်း။ **~နောင်** /ကျေး(ကျီး)နောင်/ န-ကြေးဝိုင်းတွင် ချည်ဆွဲတီးခတ်ရသော ကြေးမောင်းငယ်။ **~နန်း** /ကျေး(ကျီး)နန်း/ န- ၁၊ ကြေးမျှင်ကြိုး။ ၂၊ ကြေးကြိုး ဆက်သွယ်၍ ရပ်ဝေးသို့ ပေးပို့သော သတင်းစကား။ သံကြိုးစာ။ **~နန်းရိုက်**/-ယိုက်/ ကြိ-ကြေးနန်းဖြင့် သတင်းစကား ပေးပို့သည်။ သံကြိုးရိုက်သည်။ **~ပါ**၊ကြိ- တန်ဖိုးမြင့်သည်။ **~မုံ**၊န-ရှေးခေတ်က ကြည့်မှန်အဖြစ် အသုံးပြုသော ကြေးပြား။ **~မုံခွက်တာရာ**/ကျေးမုန်ဂွက်တာယာ/ န-အပြင်တာရာတစ်လုံး၏ အမည်။ **~ရတတ်** /ကျေးယဒတ်/န-ပစ္စည်းဥစ္စာ ချမ်းသာသူ။ **~ဝါ** /ကျီး(ကျေး)ဝါ/န-ကြေးနီနှင့်သွပ် ရောစပ်ထား သော အဝါရောင် သတ္တုစပ်။ **~ဝိုင်း** /ကျေး(ကျီး) ဝိုင်း/န-ကြေးနောင်များ ကြီးစဉ် ငယ်လိုက် ဆွဲချည် ထားသော တူရိယာ။

ကြေး[၂] /ဂျီး/ န- ငြိကပ်ပေကျံနေသော မြူမှုန်။ ကြေးညှော်။ **~ချွတ်**/ဂျီးချွတ်/ကြိ-ကပ်ငြိနေသော အညစ်အကြေးကို ကင်းစင်အောင် တိုက်ပွတ် သည်။ **~တွန်း**/ဂျီးတွန်း/ကြိ-(ရေချိုးသောအခါ) ကိုယ်မှ အညစ်အကြေးကို ပွတ်တိုက်ပစ်သည်။ **~ထူ** /ဂျီးထူ/ ကြိ-၁၊ အညစ်အကြေးများသည်။ ၂၊ [ဥပစာ] အလိုမကျနိုင် ဖြစ်သည်။ ကျေနပ် နိုင်ခဲသည်။ ကြေးများသည်။

ကြဲ၊ကြိ-၁၊အနှံ့အပြားရောက်အောင်ပစ်သည်။ ၂၊ [အရပ်]အားထုတ်လုပ်ကိုင်သည်။ "စိတ်ထင်တိုင်း ~နေ-။" **~ခင်း**/ကျဲဂင်း/န-မျိုးပင်ကို မစိုက်ဘဲ မျိုးစေ့ကို ကြဲပက်စိုက်ပျိုးသည့် လယ်ကွက် မြေကွက်။ (စိုက်ခင်း၊ ပျိုးခင်းလည်း ရှု) **~ဖြန့်** ကြိ- အနှံ့အပြား ဖြန့်ပက်သည်။

ကြဲသေး/ကျဲသေး/န-ရှေးခေတ် စစ်ဝတ်သံချပ်အင်္ကျီ။

ကြော၊န-ပင်လယ်၊ မြစသည်၏ ရှည်လျားသော မျက်နှာပြင်။ တောင်စသည်၏ ရှည်လျားသော အတန်း။ **~စည်း**၊ကြိ-[ပေါ] ကျစ်လျစ်သန်မာသည်။ **~တံ**/ကျောဒန်/န-အတိုင်ချည်များ မရှုပ်ထွေး အောင် ချည်လျှာနှစ်ထပ်ကြား ထိုးသွင်းသောဝါးတံ။ **~တင်**၊ကြိ-ရက်ပြီး ရက်ကန်းသား အထည်ကို လက်လိပ်တွင် လိပ်ထည့်သည်။

ကြော့၊နဝိ-ကြွကြွရွရွ လှပတင့်တယ်သော။ ကြော့မော့ သော။ **~ရှင်း**၊ နဝိ-သပ်ရပ်တင့်တယ်သော။ အချိုးအစားကျသော။

ကြော့ကြမ်း၊နဝိ- ဆိုးသွမ်းသော။

ကြော်[၁]၊ကြိ-ဟစ်အော်သည်။ **~ငြာ**၊ကြိ-၁၊အော်ဟစ် သည်။ ၂၊ သတင်းစကား စသည်ကို လူအများ ကြားသိအောင် လုပ်သည်။ န-အများသိအောင် လုပ်ရသော အရေးအသား စသည်။ "ဆေး~။ ရုပ်ရှင်~။"

ကြော်[၂]၊ ကြိ-ဆီပူတွင် ထည့်၍ ကျက်နပ်အောင် လုပ်သည်။

ကြံ[၁]၊ကြိ-စိတ်ကူးဉာဏ်ထုတ်သည်။ စီစဉ်စိတ်ကူး သည်။ **~ကြီးစည်ရာ**/ကျန်ကြီးစီယာ/န-မဖြစ်နိုင် မဖြစ်ကောင်းသည့် အရာ။ မဟုတ်မဟတ်။ **~ကြံ စည်စည်**/ကျန်ဂျန်စီဇီ/ကြိဝိ-ထူးခြား ဆန်းပြား စွာ ဉာဏ်ထုတ်လျက်။ ကြံကြံဖန်ဖန်။ "~သော့ ကစားတတ်သည့် ကလေး။" **~စည်**/ကျန်စီ/ ကြိ-တွေးတော စိတ်ကူးသည်။ **~ထက်**၊န- [ပေါ] ၁၊ထက်မြက်သော ဉာဏ်ပညာ။ ၂၊ထက် မြက်သော ဉာဏ်ပညာရှိသူ။ **~ပုံထုတ်**/ကျန် ဗုန်ထုတ်/ကြိ-စိတ်ကူးထုတ်သည်။ ဉာဏ်ထုတ် သည်။ **~ဖန်**၊ကြိ-တစ်မျိုးတစ်ဖုံ တွေးတောစီစဉ် လုပ်ကိုင်သည်။ **~ရာပါ**/ကျန်ယာဗာ/န-ပြစ်မှု တစ်ခုခု ကြံစည်၊ ကျူးလွန်ရာတွင် အတူတကွ ပါဝင်သူ။

ကြံ[၂]၊န-အရည်ကို သကြားလုပ်ရသော အဆစ်ရှိအပင်။ **~ဆစ်**/ကျန်ဇစ်/နဝိ-ကြံပင်အဆစ်ပုံ လုပ်ထား သော။ **~ပန်းနိုင်**/ကျန်ပန်းဂိုင်/န-ကြံဆစ်ပိုင်း ကလေးများကို ဝါးခြမ်းတံကလေးများတွင် ပန်းနိုင် သဖွယ် ထိုးထားသော သရေစာ။ **~ပတ်** /ကျန် ဗတ်/ န-ကြံပင်အဆစ်၏ အခွံ။ **~သကာ** /ကျန်သဂါ/န-ကြံရည်ကို ကျိုချက်ပြုလုပ်သော စားစရာ အချပ်အပြား။

ကြံဇာ/ကျန်ဇာ/န-စိမ်းယောင်ယောင် ပန်းပွင့်သော နွယ်ယောင်ပင်ယောင် ချုံပင်ကြီးတစ်မျိုး။

ကြံညွှတ်၊န-ရှဉ့်မတက်ပင်။

မာတိကာသို့ ▶▶▶

http://www.lknt11.com

ကြံတိုင် /ကျန်ဒိုင်/ န –အိမ်ကာရန် ဒေါင်လိုက်ရိုက်ထားသော တန်း။ (ကြွက်လျှောက်လည်း ရှု)

ကြံဟင်း၊ န –သုံးမြှောင့်ပုံ ရိုးတံရှိ ဟင်းချက်စားရသည့် နွယ်ပင်တစ်မျိုး။

ကြံ့၊ နဝိ –ခိုင်မာသော ။ တောင့်တင်းသော။ န –၁၊ နှာပေါ်တွင် ချိုပေါက်သော အရေထူသတ္တဝါကြီး။ ၂၊ ပြာသာဒ်အလယ်ရှိ ပိန္နဲတိုင်ကို ထောင့်လေးဖက်မှ ကန့်ထားသောကျား။ ~ကြံ့/ကျန့်ဂျန့်/ ကြိဝိ –ခိုင်မြဲစွာ။ မရွေ့မလျား။ ~ခိုင်၊ နဝိ –တောင့်တင်းမြဲမြံသော။ ~တိုင် /ကျန့်ဒိုင်/ န – လယ်အပိုင်းအခြားနယ်နိမိတ်ကို သတ်မှတ်ရန် စိုက်ထူသောတိုင်။ ~ထိုးမိုးဆင်း /ကျန့်ဒိုးမိုးဇင်း/ န –ကြံ့ထောက်၍ အမိုးထည့်ထားသော ယာယီ ပြာသာဒ်။ –မိုး ၊န –ဈေးပိုးယိုး။ ဆင်ပိုး။ ~လျှော်/ကျန့်ယော့်/ န –နှာတံပေါ်တွင် ချိုနှစ်ချောင်း ပေါက်သော ကြံ့တစ်မျိုး။ ~သူတော်/ကျန့်သူဒေါ်/ န –ဦးခေါင်း၊ လည်ပင်း၊ ပခုံးနှင့် ခြေထောက်နက်၍ ကျန်အပိုင်းများ ဖြူသော သတ္တဝါတစ်မျိုး။ တရှူး။

ကြို၊ ကြိ–သွားရောက်တွေ့ဆုံ ခေါ်ယူသည်။ ကြိဝိ–မပြုမီ၊ မဖြစ်မီ၊ စောစွာ။ ကြိုတင်။ ~ဆို /ကျိုဆို့/ ကြိ–၁၊ ဧည့်ရိပ်မှလာသူကို စောင့်၍ ဖျူဖြာစွာ တွေ့သည်။ ကြိုသည်။ ၂၊ ဝမ်းမြောက်စွာ အားပေး ထောက်ခံသည်။

ကြို့ /ဂျို့/ န –အသားအလွှန်မာသော ပင်စောက်ကြီးတစ်မျိုး။

ကြို့ထိုး /ဂျို့ထိုး/ ကြိ –ဝမ်းတွင်းမှလေ အထက်သို့ အသံမြည်အောင် ထိုးဆောင့်၍တက်သည်။

ကြိုး[၁]၊ န –၁ ၊ ချည်တုပ်ရန်၊ သွယ်တန်းရန် သုံးသော ရှည်လျားသည့်အရာ။ ၂၊ သံရိုးပိုင်းဝင် သီချင်းကြီးတစ်မျိုး။ ၃၊ ပတ္တမြား၊ နီလာ၊ ကြောင် စသည့် အမျက်ကျောက် အချို့တွင် ပါသော အရေးအကြောင်း။ ၄၊ ကြိုးတပ်တူရိယာမျိုး။ ~ကိုင်၊ ကြိ–ခြယ်လှယ် နှင့်အတူတူ။ ~ကြိုးရိုက်/ကျိုးဂျိုးဂျိုက်/ န –ကြိုးပေါ်အောင် ရက်လုပ်ထားသော အချိတ်ဆင်တစ်မျိုး။ ~ချွေ၊ န –မျောက်အော်သံ။ ~စင် /ကျိုးဇင်/ န – သေဒဏ် သင့်သူကို ကြိုးပေး၍ သတ်ရာစင်။ ~ဆွဲ၊ ကြိ –၁၊ ရုပ်သေးစင်တွင် အရုပ်များ လှုပ်ရှားအောင် ကြိုးများကို ဆွဲသည်။ ၂၊ [ဥပစာ]နောက်ကွယ်မှနေ၍ ခြယ်လှယ် စေခိုင်းသည်။ /ကျိုးဇွဲ/ န –ရုပ်စုံစင်တွင် အရုပ်ကြိုးများ ဆွဲသူ။ ~ဆွဲချ/–ချာ့/ကြိ –လည်ပင်းကို ကြိုးကွင်းစွပ်၍ သေကြောင်းကြံသည်။ –ဒဏ်၊ န –လည်ပင်းကို ကြိုးကွင်းစွပ်၍ သတ်ရန် စီရင်သော ပြစ်ဒဏ်။ ~ပေး၊ ကြိ– ကြိုးဒဏ် ကျခံစေသည်။ ~မဲ့ ကြေးနန်း၊ န –ရေဒီယိုဖြင့် သတင်းပေးပို့သော စနစ်။ ~မိန့်၊ န –ကြိုးဒဏ်ခံစေဟု ချမှတ်သော အမိန့်။ ~လွှန်း၊ န– ကြိုးကျစ်ရန် ရစ်လိမ်ထားသော လျှော်မျှင်စသည်။ –ဝိုင်း၊ န –၁၊ အစိုးရက သီးသန့်ထိန်းသိမ်းထားသော သစ်တော။ ၂၊ လက်ဝှေ့စင်ပတ်လည်တွင် တားထားသော ကြိုး။

ကြိုး[၂]၊ ကြိ –အားထုတ်သည်။ ~ကုတ်၊ ကြိ –လွန်ကဲစွာ အားထုတ်သည်။ ~စား /ကျိုးဇား/ ကြိ–အားထုတ်သည်။ လုံ့လပြုသည်။ ကြိုးပမ်းသည်။ ~စား ပမ်းစား/–ပန်းဇား/ကြိဝိ–လုံ့လကြီးစွာဖြင့်။

ကြိုး[၃]၊ ကြိ–အသံပြင်းစွာ မြည်ဟည်းသည်။

ကြိုးကြာ /ဂျိုးဂျာ/ န –အသံသာသော ခြေတံရှည် ရေငှက်ကြီးတစ်မျိုး။

ကြိုးကြားကြိုးကြား/ကျိုးဂျားကျိုးဂျား/ ကြိဝိ –ရံဖန်ရံခါ။

ကြိုးကြွ၊ ကြိဝိ–လှုပ်လှုပ်ရွရွ။

ကြက်[၁]၊ န –ခြေဖြင့်ယက်၍ အစာရှာဖွေစားတတ်သော အတောင်ရှိ သတ္တဝါတစ်မျိုး။ ~ချေးစုချည်/ကျက်ချေးဇုချီ/ န–နီးစသည်၏ အစနှစ်ခုကို လိမ်၍ ထပ်ကာထပ်ကာ လှည့်ရစ်သော ချည်နည်း။ ~ခြေ၊ န –၁၊ ကြက်ခြေခတ်။ ၂၊ အရေးအကြောင်း နှစ်ခုကို ကန့်လန့်ဖြတ်ထားသော ပုံ။ + ။ ~ ခြေခတ် /ကျက်ချေဂတ်/ န –၁၊ မှားကြောင်းပြသော ကြက်ခြေပုံ အမှတ်အသား။ x ။ ၂၊ စာမတတ်သူတို့ လက်မှတ်အစား ရေးထိုးသော ကြက်ခြေပုံ အမှတ်အသား။ x။ ကြိ– ယင်းအမှတ်အသားကို ရေးမှတ်သည်။ ~ခြေနီအသင်း၊ န –ဘေးဒုက္ခရောက်သူတို့ကို ကူညီ ကယ်ဆယ်စောင့်ရှောက်သော အသင်း။ ~ဆူ ၊န –အစေ့မှ ရသော အဆီကို ဝမ်းနုတ်ဆီအဖြစ် သုံးရသော အပင်။ ~ဆူး၊ န –၁၊ ကြက်ခြေထောက် အတက်။ ၂၊ တိမ်ကြောင့် မျက်လုံးစူထွက်သော မျက်စိရောဂါ။ ၃၊ တည်ကြက်ချည်ရာ တိုင်။ ၄၊ လှေသမ္မန်ချည်ရာ တိုင်။ ~ဆင် ၊န –အသားစားရန် မွေးသော ဦးခေါင်းနီ၍ နှာဝမှ အသားပို တွဲလျားကျနေသော ငှက်တစ်မျိုး။ ~ဆောင်းလ၊ န –တပေါင်းလ။ မိန်ရာသီ။ ~ဆုတ်ခွပ်ပစ်/ကျက်ဆုတ်ခွတ်ပျစ်/ န –(ကြက်ခွပ်ရာတွင် နောက်ဆုတ်ဟန် ပြ၍ ခွပ်သာမှ ခွပ်သကဲ့သို့) သူ့အလိုသို့ လိုက်တန်လျှင် လိုက်၍ အခွင့်သာမှ ပြီးပြတ်အောင် ပြောဆိုသော စကားပြောနည်း။ ~ ညှာ၊ န –သုငယ်နှာ ချောင်းဆိုးတစ်မျိုး။ ~တူရွေး၊ န –လူကို တုံ၍ စကားပြောတတ်သော ကိုယ်ရောင်စိမ်း၍ နှုတ်သီးနီသောကျေး။ ~ တူရွေးတန်း /ကျက်တူယွေးဒန်း/ န –မျဉ်းပြိုင်ပုံ၊ ကျားကွက်ပုံ

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ရိုက်ကပ်ထားသောတန်း။ **~တော**၊န -လည်ပင်းတွင် အနီရစ်ပါသော ကြက်တူရွေးကြီး တစ်မျိုး။ **~တက်**၊ န-၁၊ ကြက်ခြေထောက်ရှိ အတက်။ ၂၊ တောင်ကသစ်ပင်။ ၃၊အရွက်ကို လက်ဖက်ကဲ့သို့ သုပ်စားရသော နွယ်ပင် တစ်မျိုး။ **~တင်း**၊န-ကြက်မ ဥရန်၊ ဝပ်ရန် ကောက်ရိုး စသည်ဖြင့် ပြင်ဆင်ထားသော ခေါင်း၊ ခြင်း စသည်။ **~တောင်**၊န -တက်ထံ ရိုက်ရန် ဖော့လုံးငယ်တွင် အမွေးအတောင် စိုက်တပ်၍ ပြုလုပ်ထားသည့် အားကစားပစ္စည်း။ **~တောင်စည်း**/ကျက်တောင်ဇီး/ န -အရင်းကစု၍ စည်းနှောင်ထားသော ဆံပင်တို အစု။ **~တောင်ပြန်**/ကျက်တောင်ဗျန်/ န -အမွေးအတောင် ကော့လန်နေသော ကြက်။ **~တောင်ရိုက်**/န -ကြက်တောင်ကို ပိုက်တစ်ဖက်မှ တစ်ဖက်သို့ ရောက်အောင် အပြန်အလှန် ရိုက်ကစားရသော အားကစား။ **~နင်း**၊န -ခနီမိုး၊ သက်ကယ်မိုးတို့ကို လေတိုက်လျှင် မလန်အောင် ဖိကပ်ထားရသော ဝါးကပ်ကျဲ။ **~ပေါင်**၊န -၁၊ကြက်ပေါင်သဏ္ဌာန်ရှိသော၊ ချဉ်ဖြုံးဖြုံး အရသာရှိသော အသီးသီးသည့် နွယ်ပင်။ ၂၊ ရော်ဘာပင်။ **~ပေါင်စေး** /ကျက်ပေါင်ဇေး(ဇီး)/ န -ရော်ဘာပင်မှ ထွက်သော အစေး။ **~ပျံမကျ**၊ ကြိဝိ- အလွန်စည်ကားစွာ။ **~ပျောက်ငှက်ပျောက်**၊ကြိဝိ-အလျှိုလျှိုပျောက်ကွယ်သွားလျက်။ **~ဖင်**၊န -မျက်နှာတွင် ပေါ်တတ်သော ဖျော့တော့သော အရောင်ရှိ အကွက်တစ်မျိုး။ **~မအုပ်**၊န -အရွက် ပန်းလျှား၍ ပန်းရောင်အပွင့်ငယ်ပွင့်သော အပင်ငယ် တစ်မျိုး။ **~မောက်**၊ န -၁၊ အသီးခွံတွင် အမွေး စုတ်ဖွားရှိ၍ အရသာကောင်းသော အသီးသီးသည့် အပင်တစ်မျိုး။ ၂၊ကြက်၏ အမောက်နှင့်တူသော အပွင့်ပွင့်သည့် ပန်းပင်ငယ်။ ၃၊[ဗိ] ပြာသာဒ်ဆောင် အဆင်တန်ဆာ တစ်မျိုး။ **~မျက်သင့်**၊ကြိ -(ကြက်ကဲ့သို့) ညအခါ မျက်စိ ကောင်းစွာ မမြင်ဘဲရှိသည်။ **~မွေး**၊န -ကြက်မွေး၊ ဘဲမွေးဖြင့် လုပ်ထားသော တံမြက်စည်း။ **~ရိုးထိုး**၊ကြိ -ပေစာကို ကြက်ရိုးဖြင့် ထိုးလှုပ်၍ ကောင်းကျိုးဆိုးပြစ်တို့ကို နိမိတ်ကောက်သည်။ **~ရင်**၊န-ကြက်၏ ရင်ပုံသဏ္ဌာန်ရှိသော ဗိသုကာဆိုင်ရာ အဆင်တန်ဆာတစ်မျိုး။ **~ရင်း**၊ ကြိ-ကြက်ပွဲတွင် ရှုံးသော ကြက်က ခွပ်ရင်းနောက်ဆုတ်သည်။ **~ရှန်း**၊န -စံပယ်ပင်တစ်မျိုး။ **~လျှာ**/ကျက်ယှာ/န -ကြက်၏ လျှာသဏ္ဌာန် သုံးထောင့်ချွန်းပုံ။ **~လျှာစည်း**/-ဇီး/န-ထုပ်ဆီးတိုးကွင်းတွင် ဒုတိယစည်းနှင့် ခေါင်စည်းဆုံရာမှ ထိပ်စည်းနှင့် ထမင်းရည်ပူစည်းဆုံရာတို့သို့ ရေးဆွဲထားသောစည်းကြောင်းနှစ်ကြောင်း။ **~လျှာစွန်း**/-ဇွန်း/န -လမ်းနှစ်သွယ်ဆုံရာ၌ ဖြစ်ပေါ်နေသော ကြက်လျှာပုံမြေအစွန်း။ **~သဟင်း**၊န -အရွက်ကို ဟင်းချက်စားရသော ပင်ပျပ်တစ်မျိုး။ **~သီးထ**/ကျက်သိန်းထာ့/ကြိ-ချမ်းခြင်း၊ ကြောက်ခြင်း စသည်ကြောင့် အရေပြားပေါ်တွင် တဖျဉ်းဖျဉ်း ဖြစ်လျက် အဖုကလေးများ ကြွတက်လာသည်။ **~သီးနွေး** /ကျက်သိန်းနွေး/ န- နွေးရုံမျှအနေ။ **~သီးမွေးညင်းထ**/ကျက်သိန်းမွေးညင်းထာ့/ကြိ -ကြက်သီးထ၍ မွေးညင်းများထောင်လာသည်။ **~သေသေ**၊ ကြိ -ထိတ်လန့်အံ့အားသင့်၍ ကြောင်တက်တက်ဖြစ်သည်။ **~သွေး**၊န -အနီရင့်ရောင်။ **~ဟင်းခါး**/ကျက်ဟင်းဂါး/န-ပြုပ်ထသော အသီးခါးသီးသည့်နွယ်ပင်။(အချို့အရပ်တွင် ကျင်ခါးဟုခေါ်သည်။) **~ဥနီးမြေ**/ကျက်အုဂိုးမွေ/န -ကြက်ဥ ငှက်ဥများကို မျိုတတ်သော အဆိပ်မဲ့ မြွေကျားငယ်။ ကျိုင်းခေါင်းမြွေ။ **~ဥဆန်ရောင်**/ကျက်အုဆန်ရောင်/ န- မလတ်ဆတ်၍ သားမပေါက်သော ကြက်ဥ။ **~ဦးတွန်**/ကျက်အုးဒွန်/န -နံနက် လေးနာရီခန့်အချိန်။

ကြက်၂၊ကြိ -ပိတ်စသည်ကို ဘောင်ပေါ်တွင် တောင့်တင်း ပြန့်ကားအောင် တပ်သည်။ **~တက်ရည်** / ကျက်တက်ယီ၊ ကျက်တက်ယေ/န -အရည်နှင့်အဖတ် ရောနှောနေရာမှ အနည်ထိုင်၍ အပေါ်ယံတွင် ရှိနေသော အရည်။

ကြက်သွန်၊န -အနံ့ရှူးသော ဟင်းခတ်ဥပင်တစ်မျိုး။ (ကြက်သွန်နီ၊ ကြက်သွန်ဖြူဟူ၍ ရှိသည်။) [မွန်၊ ကသိန်] **~ခေါင်း** /ကျက်သွန်ဂေါင်း/ န- [ဗိ] ပြာသာဒ်တွင် ထုပိကာထိပ်ပိုင်း။ **~မြိတ်**/ကျက်သွန်မိတ်/န -ကြက်သွန်ဥမှ ပေါက်သော အရွက်ရှည်။

ကြောက်၊ကြိ-စိတ် တုန်လှုပ်ချောက်ချားသည်။ ရွံ့သည်။ ထိတ်လန့်သည်။ **~ကန်ကန်**၊ ကြိ-ကြောက်ကြောက်လန့်လန့်ဖြင့် ပြန်လှန် တိုက်ခိုက်သည်။ **~ခမန်းလိလိ**၊ ကြိဝိ-ထိတ်လန့်ဖွယ် ဖြစ်လောက်အောင်။ **~ခံခံ**၊ ကြိ -ကြောက်ကြောက်နှင့် ခုခံ ကာကွယ်သည်။ **~ချေးပါ**/ကျောက်ချီးပါ/ ကြိ-[ဥပစာ] အလွန်အမင်း ကြောက်လန့် တုန်လှုပ်သည်။ ကြောက်ဒူးတုန်သည်။ ကြောက်သေးပါသည်။ **~ဆုတ်ကြောက်ဆုတ်**၊ ကြိဝိ -မဝံ့မရဲ။ **~မက်**၊ ကြိ - အလွန်အမင်း ကြောက်သည်။ **~အားလန့်အား**၊ကြိဝိ -ရုတ်တရက် ထိတ်လန့်တိုးရိမ်လျက်။

ကြိုက်၊ ကြိ-၁၊တွေ့ကြုံသည်။ ၂၊ အလိုနှင့်တိုက်ဆိုင်သည်။ နှစ်သက်သဘောကျသည်။ သမ်-အဖြစ်

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

အပျက်တစ်ခုခုနှင့် တိုက်ဆိုင်သော အခိုက်အတန့်ကို ပြသော စကားလုံး။ **~ညီ**၊ ကြိ–သဘောချင်း တိုက်ဆိုင်သည်။

ကြင်၊ ကြိ–ချစ်သည်။ ခင်သည်။ **~ဦး**/ကျင်ဇာ့အူး/ န– ၁၊ [ကဗျာ] ရည်းစားအဖြစ် ရှေးဦးဆုံး ချစ်ရသောသူ။ အချစ်ဦး။ ၂၊ အိမ်ထောင်ကျခါစဖြစ်၍ ချစ်ခင်ကြင်နာမဆုံး ဖြစ်ရသော လင် သို့မဟုတ် မယား။ **~နာ**၊ကြိ–သနားချစ်ခင်သည်။ **~ရာ**၊န–ဇနီး။ ခင်ပွန်း။

ကြောင်၊န–၁၊အမှောင်တွင် မြင်နိုင်စွမ်းသော၊ ကြွက်ခုပ်တတ်သော သားစားအိမ်မွေးတိရစ္ဆာန်။ ၂၊ ကြောင်မျက်စိကဲ့သို့ အရောင်အမျိုးမျိုးထွက်သော အချက်ကျောက်။ ကြိ–၁၊ အရောင်၊ အသံ မပြေမပြစ်ဖြစ်သည်။ ၂၊ ကြောင်တက်တက် ဖြစ်သည်။ ၃၊ အိပ် လိုပါလျက် အိပ်မရ ဖြစ်သည်။ "မျက်စိ~~။" ၄၊ အရည်အသွေး မပြည့်မဝဖြစ်သည်။ "သတ္တု~~။" **~ကတိုး** /ကျောင်ဂဒိုး/န–၁၊နံ့သာအိတ်ပါသော တောကြောင်တစ်မျိုး။ ၂၊ ကြောင်ကတိုး နံ့သာအိတ်မှရသော နံ့သာခဲ။ **~ချစ်** /ကျောင်ဂျစ်/န–အပွင့် ဝါ၍ အမွှေးတောင်ပံရှိ ဆူးချုံပင်ကြီးတစ်မျိုး။ **~တက်တက်**၊ ကြိဝိ–ရုတ်တရက် ဘာလုပ်ရမှန်း မသိ ဖြစ်လျက်။ **~တောင်ကန်း**၊ ကြိ–မျက်စိပုံပန်း မပျက်ဘဲနှင့် မမြင်ရဖြစ်သည်။/ကျောင်ဒေါင်ဂန်း/န–ကြောင်တောင်ကန်းသူ။ **~တောင်နိုက်**၊ကြိ–သူတစ်ပါး၏ လင်ယောကျ်ားကို ခြောင်ကျကျ အရယူသည်။ **~ပန်း**/ကျောင်ဗန်း/န–အရွက်အနံ့ ပြင်းသည့် ဆေးဖက်ဝင် ချုံပင်တစ်မျိုး။ **~ဖျစ်** /ကျောင်ဖျစ်/ န–ဟင်းချက်စားရသော အပင် တစ်မျိုး။ **~ဖား** /ကျောင်ဖား/ န– ကြီးထွားသော ကြောင်ထီး။ **~မြီးတူ** /ကျောင်မီးဒူ/ န– ပွင့်တံ တစ်လျှောက် အပွင့်ငယ်များ ဖွတ်ခဲပွင့်သော သစ်ခွတစ်မျိုး။ **~ရိုသေ** /ကျောင်ယိုသေ့/ န– အပွင့် သေးငယ်၍ စိမ်းပြီး အရွက်နား ခွေးသွားစိပ်ပုံရှိသော အလေ့ကျ ဆေးဖက်ဝင် ပင်ပျော့တစ်မျိုး။ (အမြစ်ကို ကြောင် အလွန် နှစ်သက်သည်။) **~လက်သည်းဖုက်**/ကျောင်လက်သဲဖုက်/ ကြိဝိ– [ဥပစာ] အရေး မဆိုက် ရောက်ခင် ကိုယ်စွမ်းသတ္တိ၊ ဉာဏ်စွမ်းသတ္တိကို မပြဘဲ။ **~လည်ကြောင်ပတ်** /ကျောင်လယ်ကျောင်ပတ်/ ကြိဝိ– ကွေ့လည်ကြောင်ပတ်။ ဇွေလည် ဇွေလည်။ **~လည်ခန်း**/ကျောင်လယ်ဂန်း/န–ဆောင်မကြီးကို ဝန်းရံ ဆောက်လုပ်ထားသော အမိုးပါ အကာမဲ့ အဆောင်။ **~လိမ်လှေကား** /ကျောင်လိန်လှေဂါး/န–ခရုပတ်ပုံ လှေကား။ **~လျှာ**/ကျောင်ယှာ/န–ခါးသော ရှည်ရှည် ပြားပြား အသီးသီးသည့် အပင်တစ်မျိုး။ **~ဝံပိုင်**/ကျောင် ဝန်ဗိုင်/န–ကောက်ညှင်းပေါင်း အနံ့ထွက်သည့် တောကြောင်။ **~ဝင်**၊န–အိမ်ခေါင်နှင့် ကျိုးအကြား သုံးထောင့်ပုံ ကွက်လပ်။ **~ဝင်သစ်**၊ န– အခေါင်းရှိသော သစ်သား။ **~သူတော်**/ကျောင် သူဒေါ်/န–[ဥပစာ] သူတော်ကောင်းယောင် ဟန် ဆောင်သူ။ **~သမ်း** /ကျောင်သုန်း/ န–သမ်းဝေနေသော ကြောင်ရုပ်ပုံ ထိုးထားသည့် မင်ကြောင်။ **~ဥကျည်**/ကျောင်အုဂျီ/န–အနံ့ပြင်းသော တောကြောင် တစ်မျိုး။ **~အိမ်**၊န–စားဖွယ်သောက်ဖွယ် ထားသိုရာ ဗီရိုငယ်။

ကြောင့်၊ဝိ–အကြောင်းကို ညွှန်ပြသော စကားလုံး။ "ကြိုးစားမှု~အောင်မြင်–။"

ကြောင့်ကြ/ကျောင့်ဂျ/ကြိ–စိုးရိမ်သည်။ ပူပန်သည်။

ကြောင်း၊န–၁၊ လမ်းခရီး။ "ရေ~။ လေ~။" ၂၊ အရေး ကိစ္စ။ "လောက~။ မွေ~။" ၃၊ နည်းလမ်း။ အမျိုး အစား။ "ဤသည်လည်း တစ်~။" စည်း– ၁၊ ကြိယာနာမ် ပြုလုပ်ရာ၌ ဆက်တွဲသော စကားလုံး။ "ဖြစ်~ ပျက်~။" ၂၊အစီရင်ခံသော သဘောမျိုး ပါဝင်သည့် ဝါကျအဆုံးသတ် စကားလုံး။ "တင်ပြလိုက်ရပါ~။" **~ကြောင်း**/ကျောင်း ကျောင်း/ကြိဝိ–[ရှေး]တန်းတန်းမတ်မတ်။ ဖြောင့် ဖြောင့်။ မယိမ်းမယိုင်။ "~ထ–။ ~သွား–။" **~တူသံကွဲ**/ကျောင်းဒူ သန်ကွဲ/န–[စာပေ] အနက်တူ သော်လည်း အသံကွဲသော စကားလုံးမျိုး။ (သံတူ ကြောင်းကွဲနှင့် နှိုင်းယှဉ်) **~ပေး**၊ ကြိ–ရှေ့က ဦးဆောင်၍ ဖတ်ရွတ်ပြသည်။ ဆိုပြသည်။ **~လမ်း**၊ ကြိ –ထိမ်းမြားရန် စေ့စပ်ပြောဆိုသည်။

ကြိုင်၊နဝိ–မွှေးသော။ **~မျှ**၊နဝိ–ရနံ့သင်းသော။ **~ကြစ်**၊ ကြိ–နေ၊ လ၏အရောင် ခြေတွကွယ်ပျောက်သည်။ ကြတ်သည်။

ကြည့်၊ကြိ–အဆက်အခံမပြုဘဲ ဖြတ်ထားသည်။ ရှောင် သည်။

ကြည် [1]၊ကြိ–နှစ်သက်သည်။ သဘောကျသည်။ နဝိ– မြူအညစ်အကြေး၊ ဒေါသစသည် ကင်းစင်သော။ စင်ကြယ်သော။ ကြည်လင်သော။ **~ညို**၊ကြိ– အလေးအမြတ်ပြုသည်။ ရိုသေလေးစားသည်။ **~နူး**၊ ကြိ–နှစ်သက်သဘောကျသည်။ ရွှင်ပျသည်။ **~ပြာ ရောင်** /ကျီဗျာယောင်/ န–ကြည်လင်သော အပြာ ရောင်။ **~ဖြူ** /ကျီဖြူ/ ကြိ– လိုလိုလားလား ရှိသည်။ သဒ္ဒါသည်။ **~သာ**၊ နဝိ–စိတ်ရွှင်လန်း ချမ်းသာသော။

ကြည် [2]၊န–ကြယ်။ "ပုန်းမ~ ။"

မာတိကာသို့ ►►►

http://www.lknt11.com ...

ကြည့်၊ကြိ–၁၊မျက်စိဖြင့် မြင်ရအောင် အားထုတ်သည်။ ၂၊စောင့်ရှောက်သည်။ ဂရုစိုက်သည်။ "ကလေးကို ~ထားလိုက်ပါ။" ၃၊ သတိပြုသည်။ စည်း–စူးစမ်းသော အနက်ဖြင့် ကြိယာကို ထောက်ပံ့သော စကားလုံး။ "လုပ် ~ –။ စား ~ –။" ~ချင်ပွဲ /ကျိုဂျင်ဗွဲ/ န–ဗလာပွဲ နှင့် အတူတူ။

ကြည်း၁၊န–ကုန်းမြေ။ ~ကြောင်း/ကျီးဂျောင်း/န–ကုန်းလမ်းခရီး။ ကုန်းကြောင်း။ ~ခံတက်/ကျီးဂခက်/န–အရှက်နကို ချဉ်ဖတ်တည်ရသော ခံတက်ပင် တစ်မျိုး။ ~တပ်/ကျီးဒတ်/န–ကုန်းမြေတွင် တိုက်ခိုက်ရန် ဖွဲ့ထားသော မြင်းတပ်၊ ခြေလျင်တပ် စသော စစ်တပ်။

ကြည်း၂၊နဝိ–[ပေါ]ကြည်လင်သော။ သန့်စင်သော။

ကြည်း၃၊ ကြိ – [ပေါ] စိတ် အလွန်ထိခိုက်သည်။ နာကြည်းသည်။

ကြည်း၄၊ကြိ–[ပေါ]အောင့်အည်းသည်။

ကြည်း၅၊ကြိ–[ပေါ]အသံမြည်ဟည်းသည်။ ~ညည်း၊ ကြိ–ညည်းညူသည်။ ညည်းတွားသည်။

ကြည်း၆၊ကြိ–[ပေါ]မပျစ်။ ကျဲသည်။

ကြည်း၇၊ကြိ–[ပေါ]တုတ် စသည်ဖြင့် ကော်သည်။

ကြတ်၊ကြိ–နေ၊လ၏အရောင် ခေတ္တကွယ်ပျောက်သည်။ ကြစ်သည်။

ကြတ္တိကာ၊ န–သာမန်မျက်စိဖြင့် ၆လုံး ၇လုံးခန့် ကြက်သငယ်စုပုံ မြင်ရသော ကြယ်အစု။ ပျောက်ဆိပ်ကြယ်။ [သ၊ ကာ႙ တ္တိကာ]

ကြတ်နှန်၊န–ဒီရောက်သော အရပ်တွင် ပေါက်လေ့ရှိသော ပင်စောက်တစ်မျိုး။

ကြိတ်၊ကြိ–၁၊မာသော အရာချင်း ဖိနှိပ်ပွတ်တိုက်သည်။ ၂၊ယင်းသို့ ဖိနှိပ်ပွတ်တိုက်၍ တစ်စုံစုံကို အခွံကျွတ်အောင်၊ အရည်ထွက်အောင်၊ အမှုန့် ဖြစ်အောင် လုပ်သည်။ "စပါး ~ –။ ပဲ ~ –။" ၃၊ တစ်စုံတစ်ရာကို ကား စသည်က တက်နင်း ဖြတ်သွားသည်။ ၄၊အားစိုက်သည်။ န–စပါးကို ဆန်ဖြစ်အောင် ကြိတ်ခွဲရသော ကိရိယာ။ ~ကြိတ်တိုး၊ ကြိ– (လူသူ) အလွန် များပြားစည်ကားသည်။ ~ခံ၊ကြိ–အံကြိတ်လျက် အောင့်အည်းသည်းခံသည်။ ~ဆုံ၊ န–၁၊စပါး၊ ပဲစသည်ကို အခွံကျွတ်အောင် ကြိတ်ရသော ဆုံ။ ၂၊ ဆန်စသည်ကို ရေစိမ်၍ ကြိတ်ရသောဆုံ။ ~တိုး၊ ကြိ–ကြိတ်ဆုံဖြင့် ကြိတ်သည်။ ~နှန်း၊ န–စုပေါင်းပြီး အချိုးကျွတ်၍ ရသောနှုန်း။ ပျမ်းမျှခြင်း။ ~မနိုင်ခဲမရ၊ ကြိဝိ–ကြိတ်မှိတ် နေရသော်လည်း မခံမရပ်နိုင်ဖြစ်လျက်။ ~မှိတ်၊ ကြိဝိ–အောင့်အည်း သည်းခံလျက်။

ကြိတ်မှန်၊န–အရွက်ချွန်း၍ အမွေးနရှိသော ဆေးဖက်ဝင် အပင်တစ်မျိုး။

ကြွတ်၁၊န–အဖုံးပါသည့် ခွက်အုပ်တစ်မျိုး။

ကြွတ်၂၊နဝိ–မည်းမှောင်သော။

ကြွတ်ကြွတ်၊န–မြည်သံတစ်မျိုး။

ကြန်၊ န– ကိုယ်အင်္ဂါ၊ မြေစသည်တို့၏ ထူးသော လက္ခဏာ။ [သ၊ကလက်] ~ရုံ/ကျန်စုန်/န–ကြန်လက္ခဏာနှင့် ပြည့်စုံသောနွား စသည်။ ~အင်္ဂါ၊ န– ကိုယ် အစိတ်အပိုင်းတို့၏ လက္ခဏာ အမှတ်အသား။

ကြန့်ကြာ/ကျန့်ဂျာ/ကြိ–နှောင့်နှေးသည်။ ဖင့်နွှဲသည်။

ကြပ်၊ကြိ–၁၊ထိန်းသိမ်းကွပ်ကဲသည်။ ၂၊မကွဲမကွာဖြစ်စေသည်။ မြဲစေသည်။ ~ကြပ်၊ကြိဝိ–စွဲစွဲမြဲမြဲ။ ~ကြပ်တင်းတင်း/ကျတ်ကျတ်တင်းဒင်း/ကြိဝိ–ဖိဖိစီးစီး။ ကြပ်ကြပ်တည်းတည်း။ ~မတ်၊ကြိ–ကွပ်ကဲဆောင်ရွက်သည်။ ကြီးကြပ်သည်။

ကြပ်ထုပ်၊န–ဒဏ်ကျေအောင် ဖိနှိပ်ပေးရသည့် ဆား၊ နနွင်း စသည်ပါသော အထုပ်။ ~ထိုး၊ကြိ–ကြပ်ထုပ် ဖြင့် ဒဏ်ကျေအောင် ဖိနှိပ်ပေးသည်။

ကြပ်ပွတိုက်၊ ကြိ–လက်ဖဝါးချင်း ပူအောင် ပွတ်၍ဖြစ်စေ၊ အဝတ်စကိုလုံးပြီး အာငွေ့မှုတ်၍ဖြစ်စေ ထိခိုက်သော ဒဏ်ရာကို ဖိနှိပ်ပေးသည်။

ကြွပ်၊န–[ပေါ]အဆင့်အယပ်။

ကြမ္မာ/ကျမာ/န–ပြုသောအမှု။ ကံ။ [သ၊ကမ်]~ငင် /–ငင်/ကြိ–ကံဆိုးသည်။

ကြမ်း၁၊န–၁၊ အဆောက်အအုံ၏ အခင်းပြင်။/ဂျမ်း/ ၂၊အခြေတွင်အလေးဆွဲ၍ ငါးများကို သိမ်းကျုံးဖမ်းယူသော ယင်းတန်း။ ~ကြားလေကြား/ ကျန်းဂျားလေဂျား/န–သူတစ်ပါး ကြားမည်စိုး၍ မပြောရန် သတိပေးသော စကား။ ~ကြော၊ကြိ–ကြမ်းခင်းသည်။ ~ခင်းချေး/ကျန်းဂင်းဇေး/န–လေလံတင်မည့် ပစ္စည်းအတွက် အနိမ့်ဆုံး သတ်မှတ်ထားသော တန်ဖိုး။ ~တစ်ပြေးတည်း/ကျန်းဒပြေးဒီး/ကြိဝိ–ကြမ်းပြင် တစ်သီတည်း။ ~တွင်းပေါက်/ကျန်းဒွင်းဖောက်/န–ကြမ်းခင်းတွင် ဖောက်ထားသော အပေါက်။ ~ပိုး/ဂျပိုး/န–၁၊ ကြမ်းအကြိုအကြား စသည်တို့တွင် ခိုအောင်း၍ သွေးစုပ်တတ်သော နံသည့် ပိုးကောင်။ ၂၊ လေလွင့် ပုက်စီးနေသူ။ တေလေ။ ~ပြင် /ကျန်းဗျင်/န–၁၊ခင်းထားသော ကြမ်းအပြင်။ ၂၊ ပင်လယ် သမုဒ္ဒရာ စသည်၏ အောက်ခြေအပြင်။

ကြမ်း၂၊နဝိ–နူးညံ့ချောမွေ့ခြင်း ကင်းသော။ ရုန့်ရင်းသော။ ပြင်းထန်သော။ ခက်ထန်သော။ ကြမ်းတမ်းသော။ ~ကြော/ကျန်းဂျော/နဝိ–ကြော့ကြမ်းနှင့်

မှာတိကာသို့ ▶▶▶

http://www.lknt11.com ...

အတူတူ။ ~ကြွတ်/ကျွန်းဂျွတ်/နဝိ-ခက်ထန်သော။ ရုန့်ရင်းသော။ ရက်စက်သော။ ~ထော်နဝိ-ကြမ်းတမ်းမာကျောသော။

ကြိမ်[၁]။ န-စိတ်ပြာ၍ အသုံးအဆောင်ပစ္စည်းလုပ်ရသော၊ ရှည်တုပ်ရာတွင် သုံးသော ဆူးရှိသည့် နွယ်ပင်တစ်မျိုး။ ~ခြမ်းတံခွဲ/ကျိန်ဂျန်းဒခင်း/န-ပန်းထိမ်သုံး ကြိမ်လုံးခြမ်းပုံ တံခွဲ။ ~ဝိုက်တော/ကျိန်ဝိုက်တော/န-ကြိမ်ပင်များ ထူထပ်ရှုပ်ထွေးစွာ ပေါက်ရောက်ရာတော။ ~ဖျစ်/ကျိန်ဖျစ်/န-အလွန်ထူထပ်ရှုပ်ထွေးစွာ ပေါက်သော ကြိမ်မျိုး။ ~ရိုင်း၊ န-ကြိမ်ကို ခွဲစိတ်ရက်လုပ်ထားသော အချပ်။ ~လုံး၊ န-ကြိမ်တုတ်။

ကြိမ်[၂]၊ ကြိ-တွေ့ကြုံသည်။ အခန့်သင့်သည်။ စည်း-အခေါက်အခါကို ရေတွက်ရာ၌ သုံးသော စကားလုံး။

ကြိမ်း၊ ကြိ-၁။ မိမိဂုဏ်ကို ကျယ်သော အသံဖြင့် ထုတ်ဖော်ပြောဆိုသည်။ ၂။ ခေါက်ငမ်းပြောဆိုသည်။ ၃။ ခြိမ်းခြောက်သည်။ ၄၊ ကြောက်သည်။ ~ပ၊ ကြိ-ကြုံးဝါးသည်။ ~မောင်း၊ ကြိ-ပြင်းထန်စွာ ခေါက်မမ်း ပြောဆိုသည်။ ~ဝါး၊ ကြိ-၁။ ခြိမ်းခြောက်ပြောဆိုသည်။ ၂။ ကြုံးဝါးသည်။

ကြုံ[၁]။ ကြိ-တိုက်ဆိုင်သည်။ ဆုံသည်။ ကြိုက်သည်။

ကြုံ[၂]။ နဝိ-ဖိန်သော။

ကြုံးဝါး၊ ကြိ-မိမိဂုဏ်ကို ထုတ်ဖော်ကြွေးကြော်သည်။

ကြယ်။ န-၁၊ ညအခါ၌ ကောင်းကင်တွင် အလင်းရောင်အပွင့်ကလေးအဖြစ် မြင်ရသောအရာ။ ၂။ ယင်းပုံသဏ္ဌာန်ရှိသော အရာ။ ၃၊ ယင်းကဲ့သို့ ပြုလုပ်ထားသော အဆင်တန်ဆာ။ ~ကြွေ၊ ကြိ-ကမ္ဘာလေထုထဲ ဥက္ကာခဲ ကျရောက်၍ အလင်းရောင်တန်း ရုတ်တရက် ဖြစ်ပေါ်ပြီး ပျောက်ကွယ်သွားသည်။ ~ငါး၊ န-ရေလက်ဝါး။ ~တံခွန်/ကျယ်ဒခွန်/န-အမြီးသဖွယ် အလင်းရောင်တန်းများ ဖြာထွက်တတ်ပြီး နေပတ်လမ်းအတိုင်း ရွေ့လျားနေသော ကြယ်။ ~နီ၊ န-နေမထွက်မီ အရှေ့ကောင်းကင်၌ ထောက်ပနေသော ကြယ်။ ~ပြာပန်း/ကျီပြာပန်း/န-ကြယ်ပွင့်သဏ္ဌာန် အပြာရောင်ပန်း ပွင့်သည့် အပင်။ ~မိကျောင်း/ကျယ်မိကျောင်း/န-ခုနစ်စဉ်ကြယ်။ ~မြင်လမြင် /ကျယ်မျင်လာ့မျင်/ ကြိဝိ-အိမ်အမိုးဟောင်းနွမ်း၍ ကျိုးတိုးကျဲတဲဖြစ်လျက်။ ~လွှဲမိုး/ကျီလွှဲမိုး/န-ဖျောက်ဆိပ်ကြယ် မှုန်းလွဲသော ကာလ၌ ရွာသွန်းသောမိုး။ ~သီး/ကျယ်(ကျီ)သီး/န-အကျီ စသည်တွင် အစ တစ်ခုနှင့်တစ်ခု ဆက်စပ်မိရန် သဏ္ဌာ၊ ပိတ်စ စသည်ဖြင့် လုပ်ထားသော အရာ။

ကွ[၁]။ ကြိ-ပေါင်တွင်းကြော နာပြီး ခွင်သည်။ နဝိ-အရပ်ပုံ၍ ပေါင်ခွင်သော။

ကွ[၂]။ စည်း-[အပြော] ရွယ်တူချင်းနှင့် ငယ်သူကို စကားပြောရာတွင် သုံးသော ဝါကျအဆုံးသတ် စကားလုံး။

ကွာ[၁]။ ကြိ-၁။ တွယ်ကပ်နေရာမှ တခြားစီဖြစ်သွားသည်။ ၂။ ကွဲပြားသည်။ ခြားနားသည်။ ကွာခြားသည်။ ၃။ အလှမ်းဝေးသည်။ ကွာခြားသည်။ ၄၊ လင်မယားအဖြစ်မှ ပြတ်စဲသည်။ ကွာရှင်းသည်။ ~ဟ၊ ကြိ-တစ်ခုနှင့်တစ်ခု မဆက်စပ်ဘဲရှိသည်။ ကွာခြားသည်။

ကွာ[၂]။ စည်း-[အပြော] ရွယ်တူချင်းနှင့် ငယ်သူကိုစကားပြောရာတွင် သုံးသော စကားလုံး။

ကွာစေ့။ န-လှော်ထားသော ဖရဲစေ့။ [တရုတ်၊ guazi]

ကွာတာ။ န-နှစ်ဆယ့်ရှစ်ပေါင်နှင့် ညီမျှသော ချိန်ဝန်။ [လိပ်၊ quarter]

ကွာတားကြေး/ကွာတားကျေး/န-သုံးလလျှင် တစ်ကြိမ်ကျ၊ တစ်နှစ်လျှင် လေးကြိမ်ခွဲ၍ ပေးဆောင်ရသော မြေခွန်၊ အိမ်ခွန် စသည်။ [လိပ်၊ quarter + မြန်၊ ကြေး]

ကွာတားချ။ ကြိ-စစ်တပ်၊ ရဲတပ်တို့တွင် အပြစ်ပြုသောသူကို ချုပ်ထားသည်။ [လိပ်၊ quarter guard + မြန်၊ ချ]

ကွီနိုင်၊ န- ငှက်ဖျားရောဂါအတွက် အသုံးပြုသော ဆေးတစ်မျိုး။ [လိပ်၊ quinine]

ကွေကင်း၊ ကွေကွင်း၊ ကြိ-ကွဲကွာသည်။ တကွဲတပြားစီ ဖြစ်သည်။

ကွေ့[၁]။ ကြိ-ဘေးတစ်ဖက်သို့ လှည့်ဝိုက်၍ သွားသည်။ /ဂွေ့/န-အထောင့်ဖြစ်နေသော နေရာ။ ~လှည့်ကြောင်ပတ်/ကွေ့လယ်ကျောင်ဗတ်/ ကြိဝိ-ကွေ့ပတ် ရှောင်တိမ်းလျက်။

ကွေ့[၂]/ဂွေ့/န-ရှမ်းပြည်နယ် ဒေသအချို့တွင် နေထိုင်ခဲ့သော လူမျိုးတစ်မျိုး။

ကွေ့နီ/ဂွေ့နီ/န-မြေနီစေးပါသော သဲကျောက်တစ်မျိုး။

ကွေး ကြိ-၁။ ကွေ့ဝိုက်အောင်လုပ်သည်။ ၂။ ခွေ၍နေသည်။ "ချမ်း၍~နေ-။" ၃၊ [ပေါ] (ထင်းစများကို) ခွေဝိုက်သည်။ နဝိ-ကွေ့ဝိုက်သော။

ကွဲ[၁]။ ကြိ-၁။ ထက်ခြမ်း သို့မဟုတ် အစိတ်စိတ် ဖြစ်သွားသည်။ ၂။ အတူတကွ၊ တစည်းတရုံးတည်း ရှိရာမှ တခြားစီဖြစ်သွားသည်။ ကွဲကွာသည်။ "လူစု~-။ ဈေး~ပြီ။" ၃။ မတူညီ၊ တစ်မျိုးတစ်ဖုံ ဖြစ်နေသည်။ ခြားနားသည်။ ကွဲပြားသည်။ ကွဲလွဲသည်။

ကွဲ[၂]/ဂွဲ/န-သစ်ဖောင်ဝါးဖောင်ကို ကြိုးဆိုင်း၍ ဆိုက်ကပ်ရန် ကမ်းပါး၌ စိုက်ရသော တစ်ဖက်ချွန်

မာတိကာသို့ ▶▶▶

တိုင်။ ~သတ်/ငွဲသတ်/ကြိ-ဖောင်ကို ကွဲနှင့်ချည်၍ အရှိန်သတ်သည်။

ကွဲ.၊စည်း-[အပြော]ရင်းနှီးသူ၊ငယ်ရွယ်သူတို့နှင့် ပြောရာတွင် သုံးသော ဝါကျအဆုံးသတ် စကားလုံး။

ကွက်၊ ကြိ-စွန်းထင်းသည်။ အကွက်ပုံ စွန်းထင်းအောင်လုပ်သည်။ ကြိဝိ-ပိုင်းကန့်ခြားနားလျက်။ "~ပြော-။" **~ကျား**၊ကြိဝိ-ရှိသည့်နေရာတွင် ရှိ၍ လပ်သည့်နေရာတွင် လပ်လျက်။ **~ကျော်**၊ကြိဝိ-အဆင့်ကျော်၍။ အလားအလာကို မျှော်မှန်း၍။ "~လုပ်-။ ~ကစား-။" **~ကွက်ကွင်းကွင်း**/ကွက်ကွက်ကွင်းဂွင်း/ကြိဝိ-ထင်ရှားပေါ်လွင်စွာ။ **~စိပ်**၊န-ရှေးဟောင်းပုံပြင် စသည်မှ ဇာတ်ကောင်အချို့မျိုး၏ ဟန်အမူအရာ အသံနေအသံထားဖြင့် တစ်ယောက်တည်းက သရုပ်ဖော် ရွတ်ဆိုဟောပြောချက်။ **~စိပ်ရိုက်**၊ ကြိ-စေ့စပ်စွာ စီမံသည်။ **~တိ**၊ ကြိဝိ-အပိုအလို မရှိဘဲ။ **~တိကွက်ကျား**၊ ကြိဝိ- ကွက်ကျားဖြစ်လျက်။ **~လပ်**၊ န-လပ်နေသော နေရာ။

ကွက္ကရာ¹/ကွက်ကရာ/န-**အက္ကရာမှ**။

ကွက္ကရာ²/ န-အပွင့်ဝါ၍ စိမ်းပြာသော အခေါက်ထူရှိသော ဆေးဖက်ဝင် အပင်တစ်မျိုး။ [ဟိန္ဒီ၊ အကရာကရာ]

ကွင်း¹/ကွင်း၊ဂွင်း/န-၁၊ခွေဝိုက်ပြုလုပ်ထားသော အဝန်းအဝိုင်း။ ၂၊ကျယ်ပြန့်၍ ဟင်းလင်းဖြစ်သော မြေမျက်နှာပြင်။ ၃၊စာ၊ ဂဏန်း စသည်ကို သီးသန့်ဖော်ပြရာ၌ သုံးသည့် ပုဒ်ဖြတ်ပုဒ်ရပ် သင်္ကေတ တစ်မျိုး။ "ဝိုက်-။ ထောင့်-။" ကြိ-၁၊အဝန်းအဝိုင်း ဖြစ်အောင်ပြုသည်။ ၂၊ရှောင်လွှဲသည်။ "မီး-~။" **~စက်**/ဂွင်းစက်/န-ထယ်ခံခြေရာတွင် အသုံးပြုသော ဂယ်ပုံ သံကွင်းများ တပ်ထားသော တလိမ့်တုံး။ **~ဆက်**/ဂွင်းဆက်/န-[ဥပစာ] တစ်ခုနှင့်တစ်ခု ဆက်နွယ်နေသော အကြောင်းအရာ။ **~ဆင်း**၊ ကြိ-လုပ်ငန်း၏ အခြေခံရှိရာ အရပ်သို့သွား၍ လေ့လာလုပ်ကိုင်သည်။ **~ထိုးဖိနပ်**/ဂွင်းနိုးဖနပ်/န-ခြေဦးကို ကွင်းထဲထိုး၍ စီးရသောဖိနပ်။ **~လုံးကျွတ်လွတ်**/ဂွင်းလုန်းဂျွတ်လွတ်/ကြိ-ပြစ်မှုမှ အတားအဆီး အနှောင့်အယှက် လုံးဝ မရှိဘဲ လွတ်သည်။ **~လျှော**/ဂွင်းယှော/ န-ကြိုးကွင်းကို လျှော၍ တင်း၍ရအောင် ချည်နည်း။

ကွင်း²၊န-ဖဲကစားပွဲတွင် ဘုရင်မရုပ်ပါသော ဖဲချပ်။ [လိပ်၊queen]

ကွတ်၊န-တစ်ဂါလန်၏ လေးပုံတစ်ပုံ ရှိသော ချင့်ဝန်။ [လိပ်၊quart]

ကွန်၊ကြိ-[ပေါ] ပျံသည်။ န-ဖြန့်ကြဲ၍ပစ်ကာ ငါး စသည်ကို အုပ်ဖမ်းရသော ပိုက်။ **~ခနောက်**၊န-လက်ပစ်ကွန်၏ အနားစွန်းတွင် ဆွဲထားသော ခဲအလေး။ **~ချာ**၊န-၁၊ပိုက်ကွန်တွင် လက်ကိုင်ရာ ထိပ်အုပ်။ ၂၊ ပိုက်ကွန်။ ၃၊ အမြင့်အမြတ်။ အကြီးအကဲ။ အထွတ်အထိပ်။ **~ချက်** / ကွန်ဂျက်/ န-ကွန်ပစ်၍ ငါးများများ ရနိုင်သော နေရာကောင်း။ **~ဖတ်**/ကွန် ဖျတ်/ကြိ-ပိုက်ကွန်ကို ငါးစသည်ဖမ်းရန် ဖြန့်၍ ကြဲပစ်သည်။ ~ **ရက်**၊**~ရွက်**၊ န-ပိုက်ကွန်။ ပိုက်ကွန်ကဲ့သို့ အကွက်ပုံ ရက်ထားသော အရာ။

ကွန်ကရစ်/ကွန်ဂရစ်/န-ဆောက်လုပ်ရာတွင် သုံးသည့် ကျောက်စရစ်၊ ဘိလပ်မြေ၊ သဲ၊ ရေ စသည်ကို အချိုးကျ ရောစပ်ထားသော အရာ။ [လိပ်၊ concrete]

ကွန်ဂရက် / ကွန်ဂရက် / န-မျက်နှာစုံညီ အစည်းအဝေးကြီး။ ညီလာခံ။ [လိပ်၊ congress]

ကွန်တိုမျဉ်း၊န-ပင်လယ်ပြင်ထက် အမြင့်ပေ တူညီသော နေရာ အသီးသီးကို ဆက်၍ ဆွဲထားသော စိတ်မှန်းမျဉ်း။ အမြင့်ညီမျဉ်း။ [လိပ်၊ contour+မြန်၊ မျဉ်း]

ကွန်ပါ၊န-၁၊ စက်ဝိုင်းပုံဆွဲရန်၊ အကွာအဝေး တိုင်းရန် ကိရိယာ။ ၂၊ **အိမ်မြှောင်** ၂ နှင့် အတူတူ။ [လိပ်၊ compass]

ကွန်ပေါင်ဒါ၊န-ဆေးရုံ၊ ဆေးခန်းတွင် ဆေးစပ်ပေးသောသူ။ [လိပ်၊ compounder]

ကွန်ပျူတာ၊န-သိုမှီးထားသော အချက်အလက်များကို စီစဉ်ညွှန်ကြားသည့်အတိုင်း တိုက်ဆိုင်စိစစ်၍ လိုအပ်သော အဖြေ၊ ပုံစံဇယားစသည်ကို ထုတ်လုပ်ပေးနိုင်သည့် အီလက်ထရွန်နစ် စက်ကိရိယာ။ [လိပ်၊ computer]

ကွန်ဖရင့်/ကွန်ဖရင့်/န-မျက်နှာစုံညီအစည်းအဝေး။ [လိပ်၊conference]

ကွန်မြူနစ်ဝါဒ၊န-ကုန်ထုတ်လုပ်မှု၊ ဖြန့်ချိမှု၊ လဲလှယ်မှု စသည်ကို ပြည်သူအများက ပိုင်ဆိုင်ကာ အဖွဲ့ဝင်တိုင်းသည် စွမ်းအားရှိသလောက် အလုပ်လုပ်၍ လိုအပ်သလောက်ကိုသာ ရယူသော လူနေမှုစနစ်။ [လိပ်၊communist+ပါ၊ဝါဒ]

ကွန့်၊ကြိ-၁၊[ရှေး] ရွေ့လျားထွက်ခွာသည်။ "-မြန်း။" ၂၊ [ရှေး]ထက်ဝန်းကျင် ပျံ့နှံ့သည်။ "~မြူး။" ၃၊ ဝေဆာဆာဖြစ်အောင် ဖန်တီး ပြုလုပ်သည်။ ၄၊ လိုသည်ထက်ပို၍ ပြုမူပြောဆိုသည်။ **~မြူး**၊ ကြိ-၁၊(အရောင်) တင့်တယ်စွာ လှုပ်ရှားသည်။ "ရောင်ခြည်တော် ~-။" ၂၊(ဥဒါန်း)စေစားသည်။ **~မြန်း**၊ ကြိ-ကြွမြန်းသည်။ ကြွချီသည်။

ကွန်း၊န–၁ မင်းတို့ ယာယီစံရာတဲတော်။ ၂၊နတ်တို့ နေရာအိမ်။ **~နီး**၊ကြိ–ခရီးလမ်းတွင် အရိပ်ခို ရပ်နားသည်။ **~စင်ခန်း**/ကွန်းဇင်ဂန်း/န–အိမ်၊ ကျောင်း စသည့်တွင် အလယ်ခန်း။ **~စင်တိုင်**/ကွန်းဇင်ဒိုင်/န–ခေါင်တိုင်။ **~တည်**၊ကြိ–[ပေါ] စတင် ဆောင်ရွက်သည်။ **~ထောက်**၊ ကြိ–ခရီးတွင် စခန်းချသည်။ **~ပြောက်** /ကွန်းဗျောက်/ န– [ပေါ] အပြောက်အမွမ်း ခြယ်ထားသောနန်း။ **~ဖူး**/ကွန်းဘူး/ န–ပြာသာဒ်တွင် ထီးအစား တပ်ဆင်သော အထွတ်။

ကွန်းစား/ကွန်းဇား/န–လက်ဆယ့်ခြောက်ဆုပ်နှင့် ညီမျှသော ချင့်ဝန်။ [သ၊ကုဋ္ဌ]

ကွပ်/ကွတ်/ကြိ–၁၊ဆုံးမသည်။ ပဲ့ပြင်သည်။ ၂၊ တောင်း၊ ဖျာ စသည်၏အနားကို ထိန်းချုပ်သည်။ ၃၊စီမံအုပ်ချုပ်သည်။ ကြီးကြပ်သည်။ ကွပ်ကဲသည်။ ၄၊ သေဒဏ် ပေးသည်။ အဆုံးစီရင်သည်။ ကွပ်မျက်သည်။ ၅၊သင်းသည်။ **~ညှပ်**/ကွတ်ညှတ်/ကြိ–၁၊တောင်းကျပ်စွာ ဆုံးမသည်။ ၂၊ကြီးမှူးအုပ်ချုပ်သည်။ ၃၊မင်းပြစ်မင်းဒဏ်ပေးသည်။ **~မျစ်** /ကွတ်ဗျစ်/ န–ဝါး၊ ဖျဉ် စသည်တို့ဖြင့် ပြုလုပ်ထားသော ကျယ်ပြန့်သည့်ခုံ။ **~သိမ်းချက်**/ကွတ်သိန်းဂျက်/ န–၁ ၊[ရှေး]တရားနိုင်ပုံ အကြောင်းအရာကို လိုရင်းကောက်နုတ်ရေးသားထားချက်။ ၂၊[စာပေ] လေးချိုးစပ်ရာတွင် ဒုတိယပိုဒ် အဆုံးကာရန်ကို သိမ်းဆည်းသည့်အနေဖြင့် အသံတူစပ်ရသော တတိယပိုဒ်ရှိ ကာရန်။ (သာဓက။ ။ "ရွှေဝကပါ၊ ပန်းမာလာ၊ အညာမရှိ၊ တုံးတိတိ" ဆိုရာတွင် "ညာ"မှာ ကွပ်သိမ်းချက် ဖြစ်သည်။)

ကွမ်၊ကြိ –အမျက်ကျောက်ရိုင်းတုံး၏ အရည်အသွေး သိရန် မျက်နှာပြင် တစ်နေရာကို ပွတ်တိုက်သည်။ [တရုတ်၊**kuang**]

ကွမ်း/ကွန်း၊ကွမ်း/န–၁၊အရွက်ကို ထုံး၊ကွမ်းသီး စသည်နှင့် စားရသောနွယ်ပင်။ ၂၊ယင်းအပင်၏ အရွက်။ ၃၊ကွမ်းသီး၊ထုံး စသည်ထည့်ထားသော ကွမ်းရွက်ထုပ်။ ကွမ်းယာ။ ကွမ်းပန်း။ **~ကတုံး**/ကွန်းကဒုန်း/ န– ကွမ်းယာနှင့်လက်ဖက် ရောထုပ်ထားသော အထုပ်။ **~ကလပ်**/ကွန်းကလတ်/န–ကွမ်းရွက်၊ ကွမ်းသီး စသည်ထည့်ရသော ကလပ်။ ကွမ်းကပ်။ **~ကျုပ်**/ကွန်းဂျုတ်/န–ကွမ်းထည့်စရာ တစ်မျိုး။ ကွမ်းချပ်။ **~ဆော်** / ကွန်းဆော် / ကြိ–[ရှေး] ၁၊ရှင်ဘုရင်အား ကွမ်းတော်ဆက်သသည်။ ၂၊ အခွန်ကောက်ခံသည်။ /ကွန်းဇော်/န–၁၊ကွမ်းတော် ဆက်သူ။ ၂၊ အခွန်ကောက်ခံသော အရာရှိ။ **~ညှပ်** /ကွန်းညှတ်/န–ကွမ်းသီးကို ခွဲစိတ်ရသော ကိရိယာ။ **~တောင်**/ကွန်းဒေါင်/န– ၁၊ ကွမ်းထည့်သည့် ကလပ် တစ်မျိုး။ ၂၊ကွမ်းအစ်တင်ထားသော ကလပ် တစ်မျိုး။ ၃၊ဂူဘုရားတွင် ပစ္စယာအထက် ထီးအောက်ရှိ အစိတ်အပိုင်း။ **~တောင်ကိုင်**/–ဂိုင်/ န–၁၊ရှင်လောင်း လှည့်ရာတွင် ကွမ်းတောင်ကို ကိုင်၍ လိုက်ရသည့် အမျိုးသမီး။ ၂၊[ဥပစာ] အရပ်ထဲတွင် အလုသုံး မိန်းမငယ်။ **~တစ်ယာညက်** /ကွန်းတယာညက်/ န–တိုတောင်းသော ကာလအပိုင်းအခြား။ **~ထည့်**/ကွန်းထိ/ကြိ–[ပေါ] ထူးမြတ်သော ပုဂ္ဂိုလ်အဖြစ် ရည်မှန်းထားသည်။ **~ပုံ**/ကွန်းဗုန်/န–ကွမ်းရွက်ကို နုပ်နုပ်လှီး၊ ဘိန်းဆီနှင့်နယ်၍ မီးရှို့ရှုရှိုက်ရသော မူးယစ်ဆေး။ **~ပြင်ရည်**/ကွန်းဗျင်ယီ/န–ကွမ်းသွေး အဆင်းရှိသော ပတ္တမြားမျိုး။ **~ဖိုး**/ကွန်းဖိုး/န–၁ ၊ တရားရုံးသူကရုံးကို ပေးရသော စရိတ်။ ၂၊ ကောက်ခံ၍ရသော အခွန်အတုတ်။ **~လင်**/ကွန်းလင်/န–အကိုင်းများ အစုံလိုက် ခွထွက်၍ အခက်ဖျား၌ အရွက်များ စုထွက်သော အပင်တစ်မျိုး။ **~သီးကြိုက်ချေး** /ကွန်းသိုးကျုက်ချီး/န–ကွမ်းသီးနုအခြောက်။ **~သီးဝင်** /ကွန်းသိုးဗင်/န–ကွမ်းရွက်နှင့် ရောဖက် စားရသော အသီးသီးသည့် ထန်း၊ အုန်းမျိုးဝင် အပင်တစ်မျိုး။ [ပါ၊ကမုက+မြန်/သီး+ပင်] **~သောင်** /ကွန်းသေ့ာင်/န–ကွမ်းသီးပင် တစ်မျိုး။ **~သွေး** /ကွန်းသွေး/န–ကွမ်းဝါးရာမှ ထွက်သောအရည်။ **~အစ်**/ကွန်းအစ်/န–ကွမ်းရွက်၊ ကွမ်းသီး၊ ထုံး စသည်ကို ထည့်ထားရသော အစ်။

ကွယ်¹၊ကြိ–၁၊မမြင်ရမတွေ့ရသော အခြေအနေသို့ ရောက်သည်။ ၂၊ကာဆီးသည်။ ၃၊သူတစ်ပါး မမြင်ရအောင် ပုန်းလျှိုးနေသည်။ ၄၊ အမှန်ကို ဝန်မခံဘဲ ငြင်းပယ်သည်။ ၅၊ မျက်စိမမြင်ရ ဖြစ်သည်။ **~တမေ့ရ**၊ကြိဝိ–သူ့မျက်ကွယ် လစ်လပ်ခိုက်။ **~တောင့်**၊ကြိ–ထိမ်ချန် ဖုံးကွယ်သည်။ **~ပျောက်**၊ ကြိ– ပျောက်ပျက်သည်။ **~ပြော**၊ ကြိ–ထိမ်ချန် ထွက်ဆိုသည်။ **~ရာ**၊ န–မမြင်နိုင်သော နေရာ။ **~လွန်**၊ကြိ–သေသည်။ အနိစ္စရောက်သည်။ **~ဝှက်** /ကွယ်ဝှက်၊ ကွယ်ဖွက်/ ကြိ–ဝှက်သည်။ ဖုံးကွယ်သည်။

ကွယ်²၊စည်း–[အပြော] ရင်းနှီးခင်မင်စွာ ပြောရာတွင် သုံးတတ်သော ဝါကျအဆုံးသတ် စကားလုံး။ **~တို့**၊ စည်း–[အပြော] သူတစ်ပါးအား တိုင်တည် ပြောဆိုသည့် စကားလုံး။ ကတို့။ ကရို့။

ကျွေး¹၊ကြိ–၁၊အစာစသည်ကို စားစေသည်။ ၂၊ ထပ်လောင်း ကည့်သွင်းသည်။ "ရွှေ~။ ဆီ~။" **~မွေး**၊ကြိ–၁ ၊အစားအစာကို ကျွေးသည်။ ၂၊

http://www.lknt11.com ...

စားဝတ်နေရေးအတွက် ကြည့်ရှု စောင့်ရှောက်သည်။

ကျွေး[၂]။န–ဥစား နှယ်ပင်တစ်မျိုး။

ကျွဲ ။န–ရွံ့ညွန်တွင် လူးတတ်သော လယ်ယာသုံး ခြေလေးချောင်း တိရစ္ဆာန်ကြီး။ **~ကော်**/ကျွဲဂေါ်/ န–၁ ။ ကျွဲသားရေ စသည်ဖြင့် လုပ်သော ကော်။ ၂။မျက်မှန်ကိုင်း၊ ခတ်ပုံကော်ပြား စသည်ကို ပြုလုပ်ရန် ဓာတုဗေဒနည်းဖြင့် ဖော်စပ်ထားသော ပစ္စည်း။ **~ကျောင်းဖျိုင်း** /ကျွဲချောင်းဖျိုင်း/၊ န– ကျွဲနောက်လိုက်၍ အစာရှာတတ်သော ဖျိုင်း တစ်မျိုး။ **~ခေါင်းသီး**/ကျွဲဂေါင်းသီး/န– ကျွဲဦးခေါင်းနှင့်သဏ္ဌာန်တူသော စားရသည့် အသီး သီးသည့် ရေပေါက်ပင်ငယ်။ ကဏ္ဍုသီးပင်။ **~နံ**၊ န–ကြွက် လျှောက်ခနှင့်အတူတူ။ **~နားခေါင်းရိုက်** /ကျွဲနခေါင်းကိုက်/န–လက်တံပေါ်တွင် ဆူးသီးငယ် များ တန်း၍ သီးနေသောချုံပင်။ **~ပဲ့**။န–အထိ အပွန်းများ၍ မာကြမ်းနေသော အရေပြား။ **~မြီးတို** /ကျွဲမီးတို/ကြိ–[ဥပစာ] စိတ်တိုသည်။

ကျွဲကော/ကျွဲဂေါ/န–ချို၍ အခွံထူပွသော အသီး သီးသည့် ရှောက်မျိုးဝင် အပင်တစ်မျိုး။

ကျွံ ။ကြိ–၁ ၊ နစ်ဝင်သည်။ ၂ ။လွန်သည်။ ကျူးသည်။ "စကား ~~။ နယ် ~~။"

ကျွက်ကျွက်ဆူ။ကြိ–၁။ (ရေ) ပွက်ပွက်ဆူသည်။ ၂။ ရှုပ်ထွေးသော အသံများဆူညံ ဖြစ်သည်။

ကျွတ်[၁]။ကြိ–အငြိအတွယ် အနှောင်အဖွဲ့စသည်မှ လွတ်မြောက်သည်။ ပြုတ်ထွက်သည်။ **~တမ်းဝင်**၊ ကြိ–သံသရာမှ ထွက်မြောက်ရာ လမ်းသို့ ရောက် သည်။ အရိယာပုဂ္ဂိုလ် ဖြစ်သည်။ **~လွတ်**၊ ကြိ–အနှောင်အဖွဲ့စသည်မှ လွတ်မြောက်သည်။

ကျွတ်[၂]။န–၁။စိုစွတ်သောအရပ်တွင်နေ၍ တွယ်ကပ် သွေးစုပ်တတ်သော ကျောရိုးမဲ့ အကောင်ငယ် တစ်မျိုး။ ၂။ မိမိအောက် ဆွေမျိုးခုနစ်ဆက်တွင် ဆဋ္ဌမ ဆွေမျိုးဆက်။ **~နွယ်**၊ န–ဒန်ပူ၊ ကြိုး စသည်လုပ်ရသော ချုံနွယ်ပင် တစ်မျိုး။

ကျွတ်[၃]။န–တာယာ၏ အတွင်းခံ လေသွင်းရသော ကြက်ပေါင်စေးပိုက်လုံးခွေ။ [လိပ်၊tube]

ကျွန်[၁]။န–သူတစ်ပါး၏ စိုးပိုင်စေခိုင်းခြင်းကို ခံရသူ။ **~ခံ**။ကြိ –ကျွန်အဖြစ်ဖြင့် စေခိုင်းခြင်းကို ခံသည်။ **~တော်** /ကျွန်ဒေါ်၊ ကျနော်/ နစ–ယောကျ်ားက မိမိကိုယ်ကို ရည်ညွှန်းသော စကားလုံး။ **ကျွန်ုပ်** /ကျနုတ်/နစ–မိမိကိုယ်ကို ရည်ညွှန်းသော စကား လုံး။ **~မ**/ကျမ/နစ– မိန်းမက မိမိကိုယ်ကို ရည်ညွှန်းသော စကားလုံး။ **~ယုံတော်**/ကျွန်ယုန် ဒေါ်/န–အရှင်သခင် ယုံကြည်အားကိုး ရသော ကျွန်။ **~သပေါက်**/ကျွန်သုဗောက်/န–ကျွန်မှ မွေး သော သားသမီး။

ကျွန်[၂]။စည်း–ဟန်ဆောင်ခြင်းအနက်ဖြင့် ကြိယာကို ထောက်ပံ့သော စကားလုံး။ "ရူး ~ပြု–။ မမြင် ~ ပြု–။"

ကျွန်း[၁]။န–၁။ရေပတ်လည်ဝိုင်းရံလျက်ရှိသော ကုန်းမြေ အရပ်။ ၂ ။မိုးလွန်၍ ရေကျသောအခါ ကျန်ခဲ့သည့် မြေသြဇာ ကောင်းမွန်သော နုန်းမြေ။ **~ကြီး လေးကျွန်း**/ကျွန်းဂျီးလေးချွန်း/န–[ကျမ်းဂန်] စကြဝဠာအတွင်း မြင်းမိုရ်တောင်ကို ဗဟို ပြု၍ တည်ရှိသော အရှေ့ကျွန်း၊ အနောက်ကျွန်း၊ တောင် ကျွန်း၊ မြောက်ကျွန်းဟူသော ကျွန်းကြီးလေးကျွန်း။ **~စု**/ကျွန်းဇု/န–တစုတဝေးတည်းရှိနေသော ကျွန်း များ။ **~ဆွယ်**/ကျွန်းဇွယ်/န–ရေထဲသို့ ထိုးထွက် နေသော ကုန်းမြေ။ **~မျော**။န–ရေတွင် ပေါလော ပေါ်နေသော ဒိုက်မြေ အစုအပုံ။

ကျွန်း[၂]။န–၁ ။အဖိုးတန်သော သစ်မာပင်ကြီးတစ်မျိုး။ ၂။[ရှေး]တော။ **~ကသိုး**/ကျွန်းဂသိုး/န–အနံ့ပြင်း သော စိမ်းဝါရောင် အပွင့်ငယ်များပွင့်၍ ပရုတ်နံ့ ထွက်သော ဝါဖန့်ဖန့်အသားရှိသည့် သစ်ပင်။ တောဆိတ်နံကြီး။ **~ခေါက်နွယ်** /ကျွန်းဂေါက် နွယ်/န–လွင်ပြင်သစ်တောတွင်ပေါက်သော အသား အညိုရောင်ရှိသော ပင်လက်တစ်မျိုး။ (ကြက်ရိုးပင် ဟုလည်းခေါ်သည်။) **~စုတ်**။ကြိ–ယာလုပ်ရန် တောရှင်းသည်။ **~တိုက်**။ကြိ–ယာလုပ်ရန် တောမီး ရှို့သည်။ **~ဖို**/ကျွန်းဖို/န–၁ ။အသားကို ရက်ကန်း လက်ခတ်၊ လှန်းစသည် လုပ်ရသော၊ ဝါဖျော့သော အပွင့်ငယ်ပွင့်သည့် သစ်ပင်ကြီး။ ကျွန်းလုလင်။ ၂။ညိုဝါရောင်မာသောအသား ရှိပြီး ပန်းပုထွင်းထုရန် အကွက်လှသောသစ် ရနိုင်သော သစ်ပင်။ **~လုလင်** /ကျွန်းနလင်/န–၁။အနံ့ပြင်းသောအရွက်၊ မာ၍ ဖြူသော အသားရှိသော သစ်ပင်။ ကြက်ရိုး။ ဆိတ်နံကြီး။ ၂။**ကျွန်းဖို** ၁ နှင့်အတူတူ။

ကျွန်း[၃]။ကြိ–[ပေါ]ကုန်ဆုံးသည်။ မဲ့သည်။ မရှိ။

ကျွမ်း[၁]/ကွန်း၊ကျွမ်း/ကြိ–၁။မီးလောင်၍ပျက်စီးသည်။ ၂ ။(ရောဂါအခြေအနေ)လွန်သည်။

ကျွမ်း[၂]။ကြိ–၁။ရင်းနှီးသည်။ ခင်မင်သည်။ ၂။အရာဌာန တစ်ခုခုတွင် တတ်သိလိမ္မာသည်။ ကျွမ်းကျင်သည်။ /ချွန်း/န– ၁။ ကျွမ်းထိုးကစားသော အတတ်ပညာ။ ၂ ။လက်ရက်ကန်းစင်တွင် နတ်ကြိုးအတက်အဆင်း ဖြစ်စေရန် ပြုလုပ်ပေးသော စက်သီး။ ကျွမ်းသီး။ **~ထိုး**/ချွန်းထိုး/ ကြိ–ဦးခေါင်းဇောက်ထိုး လုပ်၍ ကိုယ်ကို တစ်ပတ်လည်စေသည်။ **~ထိုးကောင်** /ချွန်းဒိုးဂေါင်/န–လောက်လမ်း။ **~ထိုးမှောက်ခုံ** /ချွန်းထိုးမှောက်ခုန်/ကြိဝိ–၁။ဦးဇောက် ပြောင်းပြန်။

မာတိကာသို့ ▶▶▶

http://www.lknt11.com

၂၊ဖရိုဖရဲ။ ကစဥ့်ကလျား။ **~ပစ်**/ ဂျွန်းပျစ်/ကြိ–၁၊ကိုယ်ကို ခေါင်လိုက် တစ်ပတ်လည်အောင် စုန့်၍ ကျွမ်းထိုးသည်။ ၂၊[ဥပစာ] ဒုက္ခရောက်သွားသည်။ **~ပြန်** /ဂျွန်းပျန်/ ကြိ–ဦးခေါင်းဇောက်ထိုး တလိမ့်ခေါက်ကွေး ဖြစ်သွားသည်။ **~ဘား**/ ဂျွန်းဗား/ န–တန်းပေါ်တွင် ကျွမ်းထိုးကစားသော အားကစားနည်း။ [မြန်၊ကျွမ်း+လိပ်၊ bar] **~ဝင်**၊ ကြိ–ခင်မင်ရင်းနှီးသည်။ **~သဒ္ဒါလန်** /ဂျွန်းသဒ္ဒါလန်/ကြိ–[ဥပစာ] နစ်နာဆုံးရှုံးမှု များစွာဖြစ်သည်။ [ကျွမ်း+ကျေးသဒ္ဒါ+လန်]

ကြွ၊ကြိ–၁၊ခုံးမို့သည်။ ၂၊မူလအနေအထားမှ အထက်သို့ အနည်းငယ်တက်သည်။ ၃၊(မြင့်မြတ်သော ပုဂ္ဂိုလ်) လာသည်၊ သွားသည်။ ကြွချီသည်။ ၄၊ [ဗန်း] သေသည်။ **~ကြွရွရွ**/ ကျွာ့ပျွာ့ယွာ့ယွာ့/ကြိဝိ–ညင်သာ သိမ်မွေ့စွာ။ တင့်တယ်ပေါ်လွင်စွာ။ **~စောင်းစောင်း**/ ကျွာ့စောင်းဇောင်း/ကြိဝိ–ဆောင့်ကြွားကြွား။

ကြွား၊ကြိ–၁၊ပေါ်ထင်သည်။ ၂၊သူ့ကစ်ပါး အထင်ကြီးအောင် ပြောဆိုပြုမူသည်။

ကြေွ[၁]၊န–၁၊ခရုဖြူငယ်တစ်မျိုး။ ၂၊ယင်းခရုဖြူငယ် ခြောက်လုံးကို ပန်းကန်စောက်ထဲသို့ ပစ်ချ၍ ကစားရသော ကစားနည်း။ ၃၊ ကြွေထည်ပစ္စည်း ပြုလုပ်ရာတွင် အကြမ်းထည်ကို ဖြူ ဖွေးချောမွတ်စေရန် သုတ်လိမ်းရသော ကျောက်မှုန့်အရည်။ **~စက္ကူ**၊န–ပြောင်ချောသော စက္ကူတစ်မျိုး။ **~ထည်** /ကျွေဒယ်/န–မြေထည်ကို ကြွေရည်သုတ်၍ ပြုလုပ်ထားသော အိုးခွက်ပန်းကန်စသည်။ **~ပန်း** /ကျွေဗန်း/န–အပွင့်ပြောင်ချောသော ပန်းပင်ငယ်တစ်မျိုး။ **~ပုပ်**/ ကျွေဗုတ်/ န–မွဲပြာရောင်တွင် အဖြူပြောက်ပါသော ကြွေခရုကြီး။ **~ရည်သုတ်** /ကျွေယေသုတ်/နဝိ–ကြွေရည် ကဲ့သို့သော ပစ္စည်းဖြင့် သုတ်လိမ်းစီမံထားသော (သတ္တုထည်)။ **~အန်**၊ န–ကြွေစေ့နှင့် ကစားရသော ကစားနည်း။

ကြွေ[၂]၊ကြိ–သဘာဝအလျောက် တည်ရှိရာမှ ပြုတ်ကျသည်။

ကြွေ့၊ကြိ–[ပေါ]များပြားသည်။ **~ကြွေ့ရမ်းရမ်း**/ ကျွေ့ ဂျွေ့ယမ်းယမ်း/ကြိဝိ–[ပေါ]များစွာ။

ကြွေး[၁]၊န–အကြွေး။ **~ကျ**၊ကြိ–အကြွေးရောင်းရများသည်။ **~ချ**၊ကြိ–၁၊ငွေကို အတိုးနှင့်ချေးသည်။ အကြွေးပေးသည်။ မြီချသည်။ ၂၊[ဥပစာ] နောင်အခါ အကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်၍ ကုသိုလ်ဒါန ပြုသည်။ **~ဆယ်မြီချ**၊ကြိ–ငွေတိုးချသည်။ **~မှု** /ကျွေးမှု/န– လတ်တလော ပေးဆပ်ရမည့်အကြွေး။ **~အေး**၊န–လတ်တလော ပေးဆပ်ရန် မလိုသည့် အကြွေး။

ကြွေး[၂]၊ ကြိ–အော်ဟစ်သည်။ **~ကြော်**၊ ကြိ–အော်ဟစ်သည်။ စုပေါင်းဟစ်ကြွေးသည်။ **~ကြော်သံ** /ကျွေးကျော်သန်/ န– ၁၊ ချီတက်ပွဲ၊ ဆန္ဒပြပွဲ စသည်တွင် ဦးတည်ချက်ကို ဖော်ဆောင်သည့် စုပေါင်း ဟစ်ကြွေးသောအသံ။ ၂၊ထိုကဲ့သို့ ဟစ်ကြွေးရန် ရေးဖွဲ့ထားသော စာ။

ကြွက်[၁]၊ န–အိမ်၊ လယ်ယာ စသည်တွင် တွေ့ကရာကိုက်ဖြတ်ဖျက်ဆီး စားသောက်တတ်သော ရှေ့သွားထက်မြက်သည့် ခြေလေးချောင်း သတ္တဝါငယ်။ **~ကျ**၊ကြိ–ပလိပ်ရောဂါကြောင့် ကြွက်သေသည်။ **~စုတ်**၊န–နှုတ်သီးချွန်း၍ မျက်စိမှေးပြီး ကိုယ်နံ့နံ့သည့် ကြွက်။ **~နားပေါင်း**/ ကျွက်နဖောင်း/န–အရွက်ထူပိန်းသော မြေလျှောက်နွယ်ပင်တစ်မျိုး။ **~နို့**၊န–လက်ခြေ စသည်တွင် ပေါက်ပွားတတ်သော အသားမာ ဖုတစ်မျိုး။ **~မြီး**/ ကျွက်မီး/န–အုန်းသီးအညှာနှင့် ကပ်၍ပေါက်သော အတံ။ **~မြီးတန်း** /–တန်း/ကြိ–ကော်ခပ်လိုက်သောအခါ အရည်ပျစ်ပျစ်တန်းလျက်ပါလာသည်။ **~လျှောက်**/ ကျွက်ယှောက်/ န–၁၊ အိမ်တွင်ထရံကပ်ရန် ကန့်လန့်ရိုက်ထားသော သစ်သားတန်း။ ကျွဲနံ။ ၂၊လှေနံ ဝဲယာအတွင်းဘက်တွင် အလျားလိုက် ရိုက်ကပ်ထားသောတန်း။

ကြွက်[၂]၊**~သား**၊ န–လှုပ်ရှားမှုကို ပြုလုပ်ပေးသော ခန္ဓာကိုယ်ရှိ အသားစိုင်။ **~တက်**၊ ကြိ–ခြေသလုံး စသည်၏ ကြွက်သားများ မခံသာအောင် တောင့် တင်း နာကျင်သည်။

ကြွင်း၊ ကြိ– ၁၊ ကျန်သည်။ ၂၊ ဂဏန်းတွက်ရာတွင် စား၍ မပြတ်ဘဲကျန်သည်။

ကြွပ်[၁] /ကျွတ်/ နဝိ–ကျိုးလွယ်သော။ ဆတ်သော။ ရွသော။ **~ဆတ်ဆတ်**/ ဂျွတ်ဆတ်ဆတ်/ကြိဝိ–(အပြောအဆိုအပြုအမူ)မပြေပြစ် မပျော့ပျောင်းဘဲ။

ကြွပ်[၂]/ ဂျွတ်/ န–တံတောင်ဆစ်၊ ဒူးဆစ် စသည်တွင် ပြုပ်ထနေသော အရာ။ **~တက်** /ဂျွတ်တက်/ ကြိ–၁၊ တံတောင်ဆစ်၊ ဒူးဆစ် စသည်တွင် ကြွပ်ဖြစ်နေသည်။ ၂၊အိုးစသည်တွင် ဆေးကြောရ မလွယ် အောင် အညစ်အကြေးထု စွဲကပ်နေသည်။

ကြွပ်[၃]၊န–နီဖျော့သော သတ္တုတစ်မျိုး။

ကြွမ်း/ ဂျွန်း/ န–ကမ္ဘောဇတိုင်းသားများကို ရှေးက ခေါ်သော အမည်။

ကြွယ်၊ နဝိ – ပေါများသော။ ပြည့်စုံသော။ **~ကြီး** /ကျွယ်ဂျီး/ န–ကောက်ကြီးစပါး တစ်မျိုး။ **~လုံး**၊ န– ၁၊ ကောက်ညှင်းစပါးတစ်မျိုး။ (ဆန်သားညိုနက်ရောင် ရှိသည်။) ၂၊ အစက်အပြောက်များ

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ပါသော၊ မာကျစ် နေသော ဝါပေါက်။ ညံ့သော၊ မအောင်သော ဝါပေါက်။ ~ဝ၊နဝိ-ပေါမျှား ပြည့်စုံသော။

ခ

ခ¹၊န-ဗျည်း သုံးဆယ့်သုံးလုံးတွင် ဒုတိယဗျည်း။ (ခခွေးဟု ခေါ်သည်။) ~**ဆပဉ္စကိန်း**/ခါ့ဆာ့ပျင်စာ့ကိန်း/န-ပုဂံပြည် ပုပ္ပားစောရဟန်းမင်း နှစ်ပေါင်း ၅၆၀ ကို ဖြိုသော သင်္ကရာဇ်ဖြိုကိန်း။ (ခ=၀။ ဆ=၆။ ပဉ္စ=၅။ ခေါ်ခေါ်ရသကိန်း လည်းရှိ)

ခ²၊ကြ-၁၊ရှိသေစွာဆည်းကပ်သည်။ အောက်ကျို့သည်။ ခယသည်။ ၂၊ ရောက်လာထိခိုက်သည်။ "သေးမသိရန်မ—။" ~**စား**/ခါ့ဇား/ကြ-အစေအပါးခံရန် အနီးတွင်ရှိနေသည်။ ခယမ်းသည်။ ~**ညောင်း**၊ကြ- ရိုသေစွာ ခစားသည်။ ~**ယ၀ယ**/ခယာ့ဝယာ/ကြဝိ-ခယယ။ ကျိုးကျိုးနွံနွံ။

ခဏ၊န-၁၊ အလွန်တိုတောင်းသော အခိုက်အတန့်။ ၂၊လက်ဖျစ်ဆယ်တွက်နှင့် ညီမျှသောကာလ။ [ပါ၊ ခဏ] ~ **ချင်း** /ခနာ့ချင်း/ ကြဝိ- ချက်ချင်း။ ~**တစ်ဖြုတ်**/ခနာ့တဖြုတ်/ကြဝိ-အချိန် အနည်းငယ်။ ~**ပန်း**/ခနာ့ဗန်း/ကြဝိ-လက်ငင်း။ အခိုက်အတန့်။

ခတီ/ဂဒီ/န-မုန့် စသည် ထည့်သောခွက်၊ ကလပ်။ [သ၊ဃဋီ]

ခနဲ၊စည်း-ရုတ်ခြည်းဖြစ်ပုံကို ညွှန်းသော စကားလုံး။

ခနဲ့၊ကြ-သူတစ်ပါးကို မခံချိမခံသာဖြစ်အောင် ငေါ့ပြောသည်။

ခနော်ခနဲ့၊ကြဝိ-တောင့်တင်းခိုင်မာခြင်း မရှိဘဲ။

ခနီးခနဲ့၊ကြဝိ-မခံချိမခံသာဖြစ်အောင် ငေါ့လျက်။

ခနောက်စိမ်း၊န-ဖြူ ဖွေးကြွပ်ဆတ်သော သတ္တုတစ်မျိုး။

ခနောင်း၊န-[ပေါ]ရေတွင် ဖြစ်ပေါ်သောဝဲ။ [မွန်၊ကနုင်]

ခနောင်းခနဲ့၊န-ဆေးဖက်ဝင် အပင်တစ်မျိုး။

ခနပ်၊န-အိုးလုပ်ရာတွင် ပုံကျအောင် ရိုက်ရသော လက်ရိုက်။

ခနုံထုပ်/ခနုန်ဒုတ်/န-ဘဲဥနှင့် ဆန်မှုန့် သို့မဟုတ် ဂျုံမှုန့်ကို ခပ်ပါးပါးကြော်ကာ အသားဌာပနာ၍ အထုပ်ငယ်သဏ္ဍာန် ကြော်ထားသည့် မုန့်တစ်မျိုး။ [ထိုင်း၊kanom+မြန်၊ထုပ်]

ခနွဲ၊န-လယ်တွင် ရေသွင်းရန်၊ လှေတွင် ရေထုတ်ရန် သုံးသော အရိုးရှည်တပ် ပက်ခွက်။

ခပင်း/ခဗင်း/န-[ပေါ]ခပ်သိမ်း။ အားလုံး။ ခပဲ။

ခပေါင်း/ခဘောင်း/န-လိမ္မော်ရောင် လုံးဝိုင်းသော အသီးသီးသည့် ပင်စောက်တစ်မျိုး။ ~**ရေကြည်**/-ယေကြီ/န-သေးငယ်သော အပွင့်စိမ်းပွင့်ပြီး လုံးဝိုင်းသော အသီးသီးသည့် သစ်ပင်။

ခမာ၊စည်း-[ရှေး] ခမျှာ နှင့်အတူတူ။

ခမီ၊န-တိဗက်မြန်မာအုပ်စုဝင် ဘာသာစကား တစ်မျိုးကို ပြောသော မြန်မာတိုင်းရင်းသား တစ်မျိုး။ (ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တွင် နေထိုင်သည်။)

ခမောက်ကြိုး၊န-ချိန်ခွင်ပေါင်ငြိမ်အောင် ဆိုင်းထားသော ကြိုး။

ခမောက်၊ န - ဝါးပယ်၊ ဝါးနီး စသည်တို့ဖြင့် လုပ်သော အလယ်မောက်၍ အနားဝိုင်းပြန့်သော ခေါင်းဆောင်းစရာ။

ခမည်း/ခမျိုး၊ခမဲ/န-၁၊[ရှေး] ရင်းချာသော ဆွေမျိုးသားချင်းကို ချစ်ခင်စွာ ခေါ်သောစကား။ ၂၊ဖခင်။ ၃၊မကျန်းမာသောကလေး ကျန်းမာလာအောင် ရည်ရွယ်၍ လူကြီးမိဘကပေးသော လက်ဆောင်ပစ္စည်း။ ~**ခမက်**/ခမီးခမက်/န-လင်၏မိဘနှင့် မယား၏မိဘတို့ အပြန်အလှန် တော်စပ်ပုံ။

ခမန်း၊စည်း-လုနီးပါး။ လုနီးနီး။

ခမျှာ၊နစ-သနားကြင်နာစိတ်ဖြင့် လူ၊ တိရစ္ဆာန်တို့ကို ရည်ညွှန်းသော စကားလုံး။ စည်း-သနားကြင်နာခြင်းအနက်ဖြင့် အထောက်အကူပြုသော စကားလုံး။

ခယောင်းတော /ခယောင်းဒေါ/ န- မညီမညွတ် ကြမ်းတမ်းသော မြေ။

ခရာ¹၊ကြ-သနားချစ်ခင်ဖွယ်ရာ ချွဲနွဲ့၍ ပြောဆိုပြုမူသည်။

ခရာ²၊န-၁၊မှုတ်ရသော တူရိယာတစ်မျိုး။ ၂၊ဝါးလုံးကို အဆစ် တစ်ဖက်ချန်ပြီး အလုံးမပျက် စိတ်ဖြာရက်ထားသော မြှုးတစ်မျိုး။ [မွန်၊ခရာ] ~**တုတ်**၊ ~**တွတ်**၊ ကြ-ခရာကိုမှုတ်၍ အချက်ပေးသည်။

ခရာ³၊န-အရွက်တွင် ဆူးရှိသော ရေငန်ပိုင်းအရပ် ပေါက် အပင်။ [မွန်၊ကရး]

ခရာ⁴၊န-၁၀-လယနှင့် ညီမျှသော အခိုက်အတန့် ကာလ။ [သ၊ကလာ]

ခရာ⁵၊န-အကွရာ။ ~**စောက်အင်း**/ခယားဇောက်အင်း/န-မျဉ်းမတ် ဖယားကွက်။

ခရာသီ/ခရာသီ၊ခလာသီ/န-ခလာသီနှင့်အတူတူ။

ခရီး၊န-တစ်နေရာမှ တစ်နေရာသို့ သွားလာရာလမ်း။ ~**ကြမ်း**/ခယီးဂျမ်း/န-သွားလာရ မလွယ်ကူသော ခရီး။ အပြင်းအထန်သွားရသော ခရီး။ ~**ကြို**၊ကြ-သွားလာခိုက် ကြုံကြိုက်သည်။ ~**တောင်း**/ခယီးဂဒင်း/န-တိုထိုကြုံကြုံ ခရီးသွားလာခြင်း။ ~**စရိတ်** /ခယီးဇယိတ်/န-၁၊ခရီးသွားရာတွင် ကုန်ကျသော ငွေ။ ၂၊အစိုးရတာဝန်ဖြင့် ခရီးသွားသော အမှုထမ်းအား ထုတ်ပေးရသော ငွေ။ ~**စဉ်** /ခယီးဇင်/န-

မှာတော်ကာသို ▶▶▶

http://www.lknt11.com ...

လမ်းခရီး အစီအစဉ်။ **~တစ်သောင်း** / ခယီး တသောင်း/ န–တာတစ်သောင်း။ ဆယ်တိုင် အကွာ အဝေး။ မိုင်နှစ်ဆယ်ခန့်။ **~တွင်၊ ~ပေါက်၊** ကြိ– ၁၊ခရီး သွားရာတွင် အရောက်အပေါက် မြန်သည်။ ၂၊[ဥပစာ] အလုပ်လုပ်ရာတွင် လုပ်ငန်းပိုမိုပြီးစီး သည်။ **~တောင့်၊**ကြိ–သွားလာရာတွင် မချောင်မချိ ဖြစ်သည်။ လမ်းခရီးမချောင်။ **~မတ်တတ်၊**ကြိဝိ– ခရီးသွားနိုက်။ **~ယာယီ၊**န–[ဗေဒင်] ခရီး အခိုက် အတန့်သွားခြင်း။ **~ရောက်၊** ကြိ–သောင်ရွက်မှ ထိရောက်အောင်မြင်သည်။ **~ရောက်မဆိုက်၊**ကြိဝိ– ခရီးမှ ရောက်လျှင်ရောက်ချင်း။ **~လွန်၊**ကြိ–၁၊ခရီး သွားရာမှ ပြန်ရောက်ချိန်တန်လျက် မရောက်ဘဲ တခြားတစ်နေရာသို့ ရောက်နေသည်။ ၂၊ သွားရမည့် ခရီးထက်ပို၍ ရောက်သွားသည်။ ၃၊[ဥပစာ] ပြုပြင်၍ မရသော အခြေအနေသို့ ရောက်သည်။ **~သည်** /ခယီးသယ်/ န–ခရီးသွားသူ၊ ခရီးသွား။ ခရီးသွား ခရီးလာ။ **~ဦးကြိုဆို**/ခယီးအူးကျိုဆို/ ကြိ–ရောက် လာသော ဧည့်သည်ကို ဆီးကြိုခေါ်ယူသည်။ ကြိုဆို သည်။

ခရု၊န–အသားနိုင်ကို အခွံမာဖုံးလျက်ရှိသော ကျောရိုးမဲ့ ရေသတ္တဝါ။ [မွန်၊ကနု] **~စုတ်**/ခယုစုတ်/န– ၁၊ခရု များကို ရှာဖွေစားမျိုတတ်သော၊ နှုတ်သီး ကောက် သယောင်ရှိသော ခြေတံရှည် ငှက်တစ်မျိုး။ (ခရုစုတ် အနက်၊ ခရုစုတ်အဖြူ ဟူ၍ရှိသည်။) ၂၊ ကုလားကောက် ဟုလည်းကောင်း၊ မိန်းမ လက်သည်းဟု လည်းကောင်း ခေါ်သော နှုတ်သီး ကောက်သယောင်ရှိ ခြေတံရှည် ငှက်တစ်မျိုး။ **~တုတ်**/ခယုဒုတ်/န–မြစ်ချောင်း ရေအိုင် ရှိသော တို့တွင် ကျက်စားတတ်သော နှုတ်သီး တုတ် သယောင်ရှိ ခရုစား ခြေတံရှည် ငှက်တစ်မျိုး။ **~ပတ်**/ခယုဗတ်/န– ၁၊ ခရုအချို့၏ အခွံတွင် ရှိသော တစ်ဆင့်ပြီးတစ်ဆင့် ရစ်ပတ်နေသော ပုံသဏ္ဌာန်။ ၂၊ ငွေစင် ဖြူရာခိုင်နှုန်း ပါသော ငွေခွက်။ **~သင်း**/ခယုသင်း/န–၁၊ ဘိသိက် အခမ်း အနား စသည်တွင် မှုတ်ရသော ပင်လယ် ခရုခွံကြီး။ ၂၊ အဖြူကွက်များပေါ်သော အရေပြားရောဂါ တစ်မျိုး။ [မွန်၊ကနု+ပါ၊သင်္ခ]

ခရေ၊န–မွှေးသော အပွင့်ငယ်များပွင့်သည့် သစ်ပင်ကြီး။ ချရား။ **~စေ့တွင်းကျ** /ခယေဇိတွင်းကျ/ ကြိဝိ– စုံစုံ စေ့စေ့ သေသေချာချာ။

ခရော်ခရွတ်၊ကြိဝိ–မညီမညွတ်။

ခရိုး၊န–ခြစည်းရိုး။

ခရင်း၊န–ပင်လယ်ကျောက်ဆောင် စသည်တွင် တွယ် ကပ်နေတတ်သော ခရုငယ်တစ်မျိုး။

ခရိုင်၊န–၁၊မြို့နယ်များကို စုပေါင်းထားသော အုပ်ချုပ်မှု ဆိုင်ရာနယ်မြေ။ ၂၊ထီးတွင် ထီးကိုင်းကို ထောက် ကန်ထားသော အတံအုံ။ ၃၊နတ်ကွန်း။ နတ်စင်။ **~ဝန်၊** န–[ခေတ်ကုန်]အရေးပိုင်နှင့်အတူတူ။

ခရစ်/ခရစ်/န–ခရစ်ယာန်ဘာသာကို တောင်ဖြန့်ခဲ့သော ပုဂ္ဂိုလ်မြတ်။ ခရစ်တော်။ [လိပ်၊ Christ+မြန်၊တော်] **ခရစ္စမတ်** /ခရစ်စမတ်/ န– ခရစ်တော်မွေးနေ့ အထိမ်းအမှတ်အဖြစ် ဒီဇင်ဘာ ၂၅ရက်နေ့တွင် ကျင်းပသော ခရစ်ယာန် ဘာသာရေးပွဲ။ [လိပ်၊ Christmas] **~နှစ်** /ခရစ်နှစ်/ န– ခရစ်တော် ဖွားမြင်သော နှစ်မှစ၍ ရေတွက်သော နှစ်။ [လိပ်၊ Christian + မြန်၊ နှစ်] **~ယာန်** /ခရစ်ယန်/ န–ခရစ်တော်၏ တရားကို ယုံကြည်သက်ဝင်သူ။ [လိပ်၊ Christian]

ခရမ်း၊န–ပြောင်ချောသော အသီးမျိုးသီးသော ဟင်းလျာ ပင်။ **~ကဇော်**/ခယန်းဂဇော်/န–သီးလုံးငယ်များ အပြွတ်လိုက်သီးသော ခရမ်းတစ်မျိုး။ **~ကြွပ်** /ခယန်းဂျွတ်/န–လုံးဝန်း ကြွပ်ဆပ်သော အသီး သီးသည့် ခရမ်းတစ်မျိုး။ **~ခေါင်း**/ခယန်းခေါင်း/ န–ချက်စားရသော ခရမ်းမျိုးကို ခြုံ၍ခေါ်သော အမည်။ **~ချဉ်**/ခယန်းချဉ်/န–အသီးမှည့်သောအခါ နီသွားသော ခရမ်းတစ်မျိုး။ **~စပ်**/ခယန်းဇတ်/ န–အရွက်တွင် ဆူးပေါက်သော ဆေးဖက်ဝင် ခရမ်းတစ်မျိုး။ **~ပိန္နဲ**/ခယန်းဗိန်/န–လိမ္မော်သီးငယ် တစ်မျိုး။ ခရမ်းပိ။ **~ရောင်၊**န–အနီနှင့် အပြာကို ရောစပ်၍ ဖြစ်လာသော အရောင်။ **~လွန်ရောင်ခြည်** /ခယန်းလွန်ရောင်ကျီ/န–ရောင်စဉ်၌ ခရမ်းရောင် အထက်တွင် ရှိ၍ ပကတိမျက်စိဖြင့် မမြင်နိုင်သော ရောင်ခြည်။ [လိပ်ပြန်၊ultraviolet rays]

ခရွတ်ခရော်၊ကြိဝိ–ခရော်ခရွတ် နှင့်အတူတူ။

ခလာသီ၊န–သင်္ဘောသား။ [အရပ်၊khalasi]

ခလောက်၊ကြိ–ဖွန်း စသည်ဖြင့် ခပ်ဆတ်ဆတ် ခေါက် မွှေသည်။ န–အသံမြည်စေရန် အခေါင်းတွင် အဆန် တပ်ထားသော ပစ္စည်း။ **~ဆန်၊**ကြိ–[ဥပစာ] နှစ်ဦး နှစ်ဖက်စပ်ကြားတွင် မသင့်မတင့်ဖြစ်အောင် ဖန်တီး သည်။ **~ဆွဲ၊** န–အိမ်ရှေ့၊ အိမ်ဘေးတို့တွင် တစ်ဆက်တည်း ထုတ်ထားသော ကြမ်းပြင်နိမ့်။

ခလုတ်၊န–၁၊ သွားလာရာတွင် ခြေဖြင့် တိုက်မိခိုက်မိ တတ်သောငုတ်။ ၂၊လျှပ်စစ်၊ စက်ယန္တရား စသည် တို့ကို ထိန်းချုပ်သော ကိရိယာ။ **~ခုံ၊**န–ခလုတ်များ တပ်ဆင်ထားသည့် ခုံ။ "စနှုရား ~။"

ခလယ်၊န–နေရာနှစ်ခု အကြား။ ဗဟိုနေရာ။ အလယ်။

ခဝါ၊န– အဝတ်လျှော်သော လုပ်ငန်း။ **~ချ၊** ကြိ– လျှော်ဖွပ်သည်။

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ခဲ၊န–၁၊စောင်းရှိသောအသီးတောင့် သီးသည့်ဟင်းလျာ နွယ်ပင်တစ်မျိုး။ ၂၊ တန်ဆောင်မုန်းလ၏ ရာသီပန်းပင်တစ်မျိုး။ [မွန်၊ခဝေါ]?

ခအောင်း၊န–သဖန်းရိုင်း။ တောသဖန်း။

ခအုံး၊ န–အသီးအခေါက်ကို အနာကြီးရောဂါအတွက် သုံးရသော သစ်ပင်တစ်မျိုး။

ခါ[၁]၊ ကြိ–၁၊ လှုပ်ယမ်းသည်။ ၂၊လှုပ်ခါ၍ ကင်းကွာစေသည်။ "ဖုန် ~~။"

ခါ[၂]၊စည်း–အကြိမ်အဖန် အရေအတွက်ကို ပြသော စကားလုံး။ **~တော်မီ**/ခါဒေါ်မီ/ကြိဝိ–အခါကြီးရက်ကြီး ပွဲကြီးလမ်းကြီး အချိန်နှင့်ကိုက်၍။ **~တင်က** /ခါဒင်ဂါ/ကြိဝိ–မကြာသေးမီကာလက။ ခုတင်က။ **~လည်** /ခါလယ်/ န–တစ်ပတ်လည်လာသော အခါကာလ။ **~လည်ခါကျူး**/–ခါကျူး/ ကြိဝိ–အချိန်ကြာမြင့်စွာ။

ခါ[၃]၊န–တက်တက်တူခါးခါးဟု အော်မြည်တတ်သော အမြီးတိုငှက်။ **~တိန်ညင်**/ခါတညင်/န–ခါငှက်အရိုင်းများကို တည်ရန် မွေးထားသော ခါငှက်အယဉ်။

ခါကျာမုန့်/ခါဂျာမုန့်/န–ဂျုံကို အထပ်အထပ်ဖြစ်အောင် လုပ်၍ကြော်ပြီး သကြားရည်လောင်းထားသော မုန့်တစ်မျိုး။ [ဟိန္ဒီ၊ခါဇာ+မြန်၊မုန့်]

ခါချဉ်/ခါဂျင်/န–သစ်ရွက်များကို အုံဖွဲ့၍နေသော ပုရွက်နီ။

ခါသာ၊န–ရေးခေတ်သုံး ပိတ်ချောတစ်မျိုး။ [အရဗီ၊ **khaddar**]

ခါး[၁]၊န– ကိုယ်ခန္ဓာ၊ ကိုယ်ထည်၏ အလယ်ပိုင်း။ **~ကြောင်** /ခကျောင်/န–ခါး၌ထိုးသော မင်ကြောင်း။ **~ချိုးလုပ်**၊ ကြိ–[ဥပစာ] ကြိုးပမ်းလုပ်ကိုင်သည်။ **~ချည့်**၊နဝိ–ပိန်၍ ခွန်အားနည်းပါးသော။ ကြိ–[ဥပစာ]အလွန် ပင်ပန်းသည်။ **~ချစ်**/ခချေတ်/န–ရင်အထိမဝတ်ဘဲ ခါး၌ဝတ်သော ထဘီရင်ကွဲ။ (ရင်ရှားလည်း ရှု) **~စောင်းတင်** /ခစောင်းတင်/ ကြိ–၁၊ ခါးထစ်၌ တင်ထားသည်။ ၂၊ [ဥပစာ] မိမိ လက်ဝယ်သို့ ရောက်စေ၍ မိမိထင်သလို ခြယ်လှယ်သည်။ **~စဉ်း**၊ ကြိ–ခါးသေးသည်။ ခါးသိမ်သည်။ **~စည်း**/ခါးဇီး/န–၁၊ ခါးကို စည်းရသော ကြိုးတန်ဆာ။ ခါးရန်းကြိုး။ ၂၊ သိမ်သော ခါးနေရာ။ **~စည်းခံ**၊ ကြိ–[ဥပစာ] ဘေးဒုက္ခကို ကြုံကြိုခံသည်။ **~ဆီးပတ်** /ခဇီးပတ်/ န– [ရှေး] ၁၊ သူတစ်ပါးအိမ်ရာ ပြစ်မှားသော မကောင်းမှုအတွက် မလွှဲမသွေ ခံစားရမည့် ပြစ်ဒဏ်၊ ဝဋ်ကြွေး။ ၂၊ကြွေးမြီ၊ ကြွေးဟောင်း။ **~ဆီးပတ်တင်**/–တင်/ ကြိ–နှတ်ကြွေး တင်သည်။ နှတ်ကြွေး ရှိသည်။

~တောင်အင်္ကျီ/ဂဒေါင်အင်းကျီ/ န– အငြိမ့်မင်းသမီးတို့ ဝတ်လေ့ရှိသော ခါးစွန်းထောင်နေသော အင်္ကျီ။ **~တောင်းတချိုက်** /ဂဒေါင်းကျိုက်/ ကြိ–ဝတ်ထားသော ပုဆိုးကိုပင့်၍ အစကို ပေါင်ကြားမှ လျှိုယူကာ ခါးနောက်ပိုင်းတွင် ညှပ်သည်။ **~ထောက်**၊ ကြိ–လက်ကို ခါးတွင်ထောက်သည်။ **~ထစ်** /ဂဒစ်/ န–နံရိုးနှင့် တင်ပါးရိုးကြားရှိ အထစ်ဖြစ်နေသော ခါးနေရာ။ **~ထစ်ခွ** /–ခွာ/ကြိ–(ကလေးငယ်ကို) ခါးထစ်တွင် ခွတင်ထားသည်။ ခါးထစ်ခွင်သည်။ **~ပိုက်** /ဂဗိုက်/ န–ဝတ်ထားသော ပုဆိုး၏ ရှေ့ပိုင်းတွင် အိတ်သဖွယ်ဖြစ်နေသော ပုဆိုးစ။ **~ပိုက်ဆောင်တပ်** /–ဆောင်တတ်/ န– နိုင်ငံအတွက် မဟုတ်ဘဲ သီးသန့်ဖွဲ့စည်းသော ပုဂ္ဂလိကတပ်။ **~ပိုက်နှိုက်**/–နှိုက်/ကြိ–ကိုယ်နှင့် ပါသော ပစ္စည်းကို ခါးပိုက်၊ လွယ်အိတ်စသည်တို့မှ အလစ်တွင် နှိုက်ယူသည်။ /န–ယင်းသို့ နှိုက်ယူသူ။ **~ပတ်**/ဂဗတ်/ န–ပုဆိုး၊ ဘောင်းဘီစသည်တို့ကို ခါးတွင် မြဲအောင် ပတ်ရသော သားရေပြား စသည်။ **~ပန်း**/ဂဗန်း/ န–၁၊ခါးတွင် သင်းပိုင်ပေါ်က စည်းရသောကြိုးပြား။ ၂၊ဆင့်နှင့်ကြမ်းပြင် အစွန်းများ မပေါ်အောင် ရိုက်ထားသော ပျဉ်ချပ်။ ၃၊ အလယ်ပိုင်း။ "တောင် ~။" **~ပန်းကွင်း** /–ဂွင်း/ န– ခါးပန်းကြိုးတွင် ခါးပန်းသီး တပ်ရသော ကြိုးကွင်း။ **~ပန်းသီး** /–သိုး/ န–ခါးပန်းကွင်း၌ တပ်ရသောအဖု။ **~ပန်းသတ်**/–သတ်/ကြိ–၁၊ ခါးပန်းပျဉ်ဖြင့် ဖုံးဖိကပ်ရိုက်သည်။ ၂၊ အဆုံးသတ်သည်။ **~ပုံစ** /ဂဗုန်ဇာ/ န–ပုဆိုးဝတ်သောအခါ ရှေ့၌အနည်းငယ် ထွက်နေသော ပုဆိုးစ။ **~ပြတ်** / ကြိ– လုပ်ငန်းတစ်ခုခု၌ ရှေ့နောက် မဆက်စပ်မိဘဲ ဖြစ်နေသည်။ **~ဗုံမုန်လာ**/ခဗုံမုန်လာ/ န–နီကိုဥ။ **~လျှည်**/ခလှဲ့/ န–ခါးတွင် ကြိုးဖြင့် ရစ်ပတ်ဆောင်ထားရသော လက်ဖွဲ့။ **~ဝတ်**၊ န–ခါးတွင် ဝတ်သော ထဘီ၊ ပုဆိုး။

ခါး[၂]၊နဝိ–တမာရွက်၏ အရသာမျိုးရှိသော။ **~ခါးသီးသီး**/ခါးဂါးသီးသိုး/ကြိဝိ–မညာတာ မထောက်ထား ရင့်သီးစွာ။ **~ချစ်**၊နဝိ–အရသာ အလွန်ခါးသော။ **~သီး**၊ကြိ–မနှစ်မြို့ဖွယ်ဖြစ်သည်။ **~သက်**၊ နဝိ–အနည်းငယ်ခါးသော။

ခု[၁]၊ကြိ–၁၊အောက်မှ တစ်စုံတစ်ခုဖြင့် ခံထားသည်။ အောက်မှ တစ်စုံတစ်ခု ခံနေသည်။ ၂၊(တစ်စုံတစ်ဦးကို) မကျေမနပ်ဖြစ်သည်။ ၃၊ထောက်ကူ ဖြည့်စွက် သည်။ "ဆန်မလောက်၍ ပြောင်း ~ ရ–။" **~ခံ**/ခုဂန်/ကြိ–ပြန်လှန်တိုက်ခိုက်သည်။ **~တုံးလုပ်** /ခုဒုန်းလုတ်/ကြိ–[ဥပစာ] ကိုယ်ကျိုးအတွက်

မာတိကာသို့ ▶▶▶

သုတစ်ပါးကို အသုံးချသည်။ ~နှိမ်၊ ကြိ–ပေးရန်ရှိသည့်အထဲမှ ရရန်ရှိသည်ကို နုတ်ယူသည်။ ~လုခုလု၊ ကြိဝိ–ခိုးလိုးခုလု။ ~လတ်၊န–အစနှင့် အဆုံးကြား နေရာ။ ခလယ်။

ခု၂၊န–၁၊ခုဆယ်ရော စသော ဆယ်ဆတက်ကိန်းစဉ်တွင် ပထမကိန်း။ ၂၊အစဉ်အတိုင်း ရေတွက် မှတ်သားခဲ့သော နှစ်အရေအတွက်။ ခုနစ်။ စည်း–ဝတ္ထုပစ္စည်းအချို့ကို ရေတွက်ရာတွင် သုံးရသော စကားလုံး။

ခု၃/ခုဂု/န–လတ်တလော။ ယခု။ ~တင်၁/ခုဒင်/န–မကြာသေးမီကာလ။ ခုန။ ခုလေးတင်။ ~တင်ခု/–ဂု/ကြိဝိ–ခဏခဏ။

ခုတင်၂/ဂဒင်/န–အခြေတပ်ထားသော အိပ်စရာခုံ။ [သ၊ ခဋ္ဋာ]

ခုနစ် /ခွန်နစ်/ န– ခြောက်နှင့်ရှစ် အကြားရှိ အရေအတွက်။ ၇။ ~စဉ်ကြယ်/ခွန်နစင်ကျယ်/န–ရုပ်ဝံကြယ်ကို ဗဟိုပြု၍ လှည့်ပတ်နေသော ကြယ်ခုနစ်လုံးအစု။ ~ထွေကာ/ခွန်နထွေဂါ/န–ဓော်ကာ၊ ဘီလူးကာ၊ မျောက်ကာ၊ ဝန်ကာ၊ အိုးစည်ကာ၊ ဒိုးပတ်ကာ၊ ခြော(သို့မဟုတ်) စည်တော်ကာ ဟူသော အကခုနစ်မျိုး။ ~ပေါက် /ခွန်နပေါက်/ န–[ဂီတ]၁၊ အသံခုနစ်ပါးတွင် ခြောက်ပေါက်အောက် တစ်ဆင့်နိမ့်သော အသံ။ ၂၊ ယင်းအသံဖြင့် မူတည်သည့် သံစဉ်။ ညှင်းလုံး။ ~ရက်သားသမီး/ခွန်နယက်သားသမီး/ န–လူ့တိုင်း။ လူအားလုံး။ ~သံရှိ/ခွန်နသန်ရှိ/န–[ဂီတ]ဆိုင်းတွင် ပတ်လုံးတစ်လုံးကို ခုနစ်ပေါက်ညှိ၍ စတင် ပတ်စာတပ်ရသော သံစဉ်။ (နတ်ကတော်၊ အမျိုးတော်ပို့ တီးချက်နှင့် အချို့ပတ်ပျိုးများ တီးရာတွင် သုံးသည်။)

ခူ၁၊န–၁၊ လိပ်ပြာဥ၊ ဖလံဥမှ ပေါက်သော ယားစေသော အမွေးထူရှိသည့် အရွက်စား ပိုးကောင်။ ၂၊ ငါးဖန်ခွက်။ ~နှာ၊ န–လက်ချောင်းထိပ်တွင် ပေါက်တတ်သော အနာမျိုး။

ခူ၂၊န–၁၊ရက်ကန်းစင်တွင် ပိုမိုတောင့်တင်းရန် ခုံတိုင်တစ်ခုနှင့်တစ်ခု ဆက်သွယ် ထောက်ကန်ထားသော သစ်သားတန်း။ ၂၊မောင်းလက်ကဲ့သို့ ခြေဖြင့်နင်း၍ လယ်များကို ရေသွင်းရသော အခေါင်းထွင်း သစ်တုံး။ ခူမောင်း။ ~ဆံ /ခူဇန်/ န–အခေါက်ထူ၍ အသားပွသော သစ်ပင်ကြီးတစ်မျိုး။ ~သံ၊ န–လှည်းဖနောင့်သံ။

ခူး၊ကြိ–၁၊ အသီးအပွင့်၊ အရွက်၊ အညွန့် စသည်တို့ကို ဆိတ်ဖြတ်ဆွတ်ယူသည်။ ၂၊ ထမင်းကို အိုးမှ ကော်ယူသည်။

ခေ၊နဝိ–ညှိုမှိုင်းသော။

ခေမာ၊န–ဘေးဒုက္ခကင်းရာ၊ ငြိမ်းရာနိဗ္ဗာန်။ [ပါ၊ခေမ]

ခဲ၁၊ ကြိ–၁၊ ခက်သည်။ ၂၊ သိပ်သည်း မာကျောသွားသည်။ အစိုင်အခဲဖြစ်သွားသည်။ ၃၊စုဝေးပြွတ်သိပ်သည်။ /ဂဲ/န–မြေတုံးငယ်။ ကျောက်တုံးငယ်။ စည်း–ပြုလေ့ ဖြစ်လေ့မရှိသော၊ ကြာမြင့်သော၊ ခက်ခဲသော အနက်ဖြင့် ကြိယာကို ထောက်ပံ့သော စကားလုံး။ "အရက်သောက် ~–။ ရေဆူ ~–။ တတ် ~–။" ~ကတ်၊ကြိ–ခက်သည်။ မလွယ်။ ~တစ်ပစ်/ဂဲဒဗျစ်/န–လက်ဖြင့် ခဲကိုပစ်ရာတွင် ရောက်သည့် အကွာအဝေး။ ~ဖိုး/ဂဲဖိုး/န–မင်္ဂလာဆောင်ရာ အိမ်ကို ခဲနှင့်မပစ်အောင် ကာလသားများအား ပေးရသော ငွေ။ ~ယဉ်း၊ကြိ–ခက်သည်။ မလွယ်။ ~ရာခဲဆစ်/ခဲယာခဲဇစ်/န–ခက်ခဲသော အချက်အလက်၊ အကြောင်းကိစ္စ။ ~လှော်၊ကြိ–[ပေါ] ခက်ခဲသည်။

ခဲ၂၊န–၁ ၊ပျော့ပျောင်းလေးလံသော သတ္တုတစ်မျိုး။ ၂၊ခဲတံ၌ အဆံအဖြစ် ထည့်ရသော ဂရပ်ဖိုက်။ ~စာလုံး/ခဲဇလုန်း/န–ထိပ်မျက်နှာပြင်တွင် အက္ခရာပုံသွန်းထားသော ခဲတုံးငယ်။ ~တံ /ခဲဒန်/ န–သစ်သားချောင်းတွင် ခဲဆံသွတ်ထားသော စာရေးကိရိယာ တစ်မျိုး။ ~ဖျက်/ခဲဖျက်/န–ခဲတံဖြင့် ရေးခြစ်ရာကိုဖျက်ရန် ကြက်ပေါင်စေး အတုံးငယ်။ ~မနက်/ခဲမှနက်/န–ခဲသတ္တု။ ~မပုပ်/ခဲမှဗုတ်/န– ကန့်ပါသော ခဲသတ္တုရိုင်း။ ခဲပုပ်။ ~မဖြူ/ခဲမှဖြူ/န–သံဖြူ။ ~မသော/ခဲမှသော့/န–အလွန်ကြွပ်ဆတ်၍ လေးသော သတ္တုတစ်မျိုး။ (လျှပ်စစ်မီးလုံးတွင် မီးစာနန်းကြိုးလုပ်ရသည်။ သံကို ပိုမိုမာကျောအောင် ရောစပ်ရသည်။) ~ယမ်းမီးကျောက်/ခဲယန်းမီးကျောက်/န–ကျည်ဆန်၊ ယမ်းတောင့် စသည့် ပစ္စည်းစု။

ခဲ၃၊ကြိ–၁၊ သွား၊ နှုတ်သီးစသည်တို့ဖြင့် ကိုက်ထားသည်။ ၂၊(ဦးခေါင်းတွင်) အစ်ရခက်သော ဝေဒနာတစ်မျိုး ခံစားရသည်။ ကိုက်သည်။ ၃၊ အားတင်းသည်။ ~ဖွယ်/ခဲဖွယ်/န–၁၊ ဘောဇဉ်ငါးပါးမှအပဖြစ်သော စားဖွယ်။ ၂၊စားစရာ။ [ပါ၊ခါဒနီယ]

ခဲလံကျည်တောက်/ခဲလန်ကျီဒေါက်/န–တောက်သွင်းကျည်တောက်။ ခဲလံချောင်း။ [ရှမ်း၊ ခေါက်လမ်+မြန်၊ကျည်တောက်]

ခဲအို၊န–၁၊အမျိုးသမီးတစ်ဦး၏ အစ်မ၏ခင်ပွန်း။ ၂၊လင်ယောက်ျား၏အစ်ကို။

ခဲ့၊ စည်း – အမှန်တကယ်သဘောဖြင့် ကြိယာကို ထောက်ကူသော စကားလုံး။

ခေါ၁၊နဝိ–ငေါထွက်သော။ "သွား ~။"

ခေါ၂၊န–မကောင်းဆိုးဝါးကို အစာထည့်ကျွေးရသော

မျက်ကွက်ခြင်းငယ်။ ခေါ်ခွက်။ [မွန်၊ ခဝ်] ~စာပစ် /ခေါ်စာပျစ်/ကြိ-ပကောင်းဆိုးဝါးတို့ နှောင့်ယှက်ခြင်းမှ ကင်းစေရန် ရည်ရွယ်၍ ၎င်းတို့အား အစာကျွေးသည်။ ~ပန်းတောင်း/ခေါ်မဒေါင်း/န-အောက်ခံအခြေပါသော ခေါ်ခွက်၊

ခေါ်ပုတ်၊န-ကောက်ညှင်းပေါင်းကို နှမ်းထည့်ထောင်း၍ လုပ်ထားသော မုန့်။ [ရှမ်းခေါက်ပွတ်]

ခေါ်ပျဉ်၊န-ကောက်ညှင်းပေါင်းကို ထောင်း၍ အပျဉ် လုပ်ထားသော မုန့်။ [ရှမ်းခေါက်+မြန်အပျဉ်]

ခေါ်၊ကြိ-၁၊အမည်တွင်သည်။ ပညတ်သည်။ သမုတ်သည်။ ခေါ်ဝေါ်သည်။ "ငယ်နာမည် မောင်ဘဟု ~~။" ၂၊တစ်စုံတစ်ယောက် ကြားသိအောင် အမည်ကို ဟစ်အော်သည်။ ၃၊လာအောင် ပြောဆိုသည်။ "ပွဲသွားလျှင် သူ့ကိုလည်း ~ပါ။" ၄၊တစ်ပါတည်း လိုက်ပါစေသည်။ "ကားဖြင့်~မည်။" ၅၊ခေါ်ခေါ် ပြောပြောရှိသည်။ "သူကိုနှစ်ယောက် မ ~တာ ကြာပြီ။" **~ခေါ်ပြောပြော**/ခေါ်ဂေါ်ပျောပျော/ကြိဝိ-သင့်သင့်မြတ်မြတ်။ အဆက်အဆံရှိလျက်။ **~ဗုံ**၊ န-မြောစသည်ကို မတီးမီအစပျိုးတီးရသော ဗုံငယ်။

ခေါ်တော၊န-စစ်တကောင်းမြို့ဘက်မှ ရောက်လာသော ဘင်္ဂါလီများကို မြန်မာတို့က ခေါ်သောအမည်။

ခံ[၁]၊န-ပန်းပွင့်ဖြူကလေးများပွင့်၍ ချဉ်ဖန်သည့် အသီးငယ်များသီးသည့် ပင်ပျပ်တစ်မျိုး။ **~စပ်**/ခန်ဇတ်/ န-ခံပင်တစ်မျိုး။

ခံ[၂]၊ကြိ-၁၊ကျလာသည်ကို ရယူသည်။ "မိုးရေ~~။" ၂၊ (ပေးသည့်အရာ၊ လှူဒါန်းသည့်အရာကို) ရယူသည်။ "ဆွမ်း~~။ အလှူခံ~ ။" ၃၊ကိုယ်စိတ်ဆင်းရဲခြင်း ချမ်းသာခြင်း စသည်အဖြစ်၊ အခြေအနေကို ခံစားသည်။ "ဒုက္ခ ~~။ စည်းစိမ် ~~။" ၄၊ သူတစ်ပါး၏ အပြုအမူကို မတုံ့ပြန်ဘဲနေသည်။ သည်းခံသည်။ "အညှဉ်းဆဲ ~~။ အမုန်း ~~။ မ~နိုင်၍ ပြန်ပြော-။" ၅၊ရှေ့နောက် အထက်အောက်ကြားစသည် တစ်နေရာရာတွင် တစ်စုံတစ်ခု အတားအဆီး ဖြစ်နေသည်။ ခုနေသည်။ ယင်းသို့ ဖြစ်စေသည်။ "ရေစစ်သောအခါ သောင် ~နေ၍ လှေမထွက်နိုင်ပါ။" ၆၊ မပျောက်မပျက် တည်သည်။ "တစ်နှစ် ~ပင်။ ကြာရှည်မ~။" ၇၊ ခံနိုင်ရည်ရှိသည်။ "အပူ ~~။ အေးစိမ့်~~။" **~ရို**၊ ကြိ-ခံနိုင်စွမ်းသည်။ **~စား** /ခန်ဇား/ ကြိ- ကိုယ်၊ စိတ်ဆင်းရဲမှု ချမ်းသာမှု ဖြစ်ပေါ်သည်။ **~စားမှု** /-မှု/န-၁၊ ဝေဒနာ။ ၂၊ အနုပညာဆိုင်ရာ ရသတစ်မျိုးမျိုးကို စိတ်ဖြင့်ခံစားခြင်း။ **~စစ်** /ခန်ဇစ်/ န- ရန်သူကို ခုခံတိုက်ခိုက်သော စစ်ဆင်မှု။ **~တောင်း**/ခန်ဒေါင်း/ န-အဝကျယ်၍ အောက်တိမ်သော တောင်း။ **~တပ်** /ခန်ဒတ်/ န- ရန်သူကို ခုခံရန် အုတ်၊ ကျောက်၊ သစ် စသည်တို့ဖြင့် အခိုင်အခံ့ လုပ်ထားသော စစ်စခန်း။ **~တွင်း** /ခန်(ဂ)ဒွင်း/ န- ပါးစပ်အတွင်းပိုင်း။ **~တွင်းကောင်း**/ဂဒွင်းကောင်း/ ကြိ-စားသောက်၍ မြိန်သည်။ **~တွင်းချဉ်**/ဂဒွင်း ချဉ်/ကြိ-စားသောက်ပြီးစတွင် ခံတွင်း၌ ချဉ်သော အရသာဖြစ်ပေါ်သည်။ **~တွင်းတောင်း**/ဂဒွင်းတောင်း/ကြိ-တစ်ခုခုကို စားချင်သောက်ချင် ဖြစ်နေသည်။ **~တွင်းတွေ့** /ဂဒွင်းတွေ့/ကြိ-၁၊ စား၍ အရသာရှိသည်။ ၂၊ [ဥပစာ] ကြိုက်နှစ်သက်သည်။ **~တွင်းပေါက်**/ ဂဒွင်းပေါက်/ကြိ-ခံတွင်းပျက်ရာမှ ပြန်ကောင်းလာသည်။ **~တွင်းပျက်**/ဂဒွင်းပျက်/ကြိ-စားရာတွင် အရသာမတွေ့၊ မစားချင် မသောက်ချင် ဖြစ်သည်။ **~တွင်းရှင်း**/ဂဒွင်းယှင်း/ကြိ-ခံတွင်း ချဉ်ခြင်း စသည် ပြေပျောက်သည်။ **~တွင်းလိုက်** /ဂဒွင်းလိုက်/ကြိ-စားသောက်၍ ကောင်းသည်၊ အရသာတွေ့သည်။ **~နိုင်ရည်**/ခန်နိုင်ယိ(ယေ)/ န-ကြံ့ကြံ့ခံနိုင်စွမ်း။ **~ပြင်း**/ခန်ဗျင်း/ကြိ-စိတ်မခံချိ မခံသာဖြစ်သည်။ အခံရခက်သည်။ **~မြို့**၊န-မြို့ရိုးနှင့်တကွ အခိုင်အခံ့ တည်ဆောက် ထားသော ခံတပ်ကြီး။ **~ယူ**၊ ကြိ-၁၊ ကျလာသည်ကို ရယူသည်။ ၂၊သဘောပေါက်ပြီး ယုံကြည်လက်ခံသည်။ ၃၊ ဘွဲ့အမည် စသည်ကို ရယူသည်။ **~ယူချက်** /ခန်ယူဂျက်/န-လက်ခံယုံကြည်ချက်။ လက်ခံလိုက်နာသော သဘောတရား။ **~ရပ်**၊ကြိ-၁၊ခိုင်မြဲစွာ ရပ်တည်သည်။ ၂၊သည်းခံနိုင်သည်။ (ပဋိသေဓ ပုဒ် "မ"နှင့် တွဲသုံးလေ့ရှိသည်။) **~ဝန်**၊ ကြိ-တာဝန်ယူကတိပြုသည်။ အာမခံသည်။ **~ဝန်ချက်** /ခန်ဝန်ဂျက်/ န-အာမခံသောစကား။ တာဝန် ယူသော ကတိစကား။ **~ဝန်ချုပ်**/ခန်ဝန်ဂျုတ်/ န-အာမခံချက်၊ တာဝန်ယူချက်တို့ကို လက်မှတ် ရေးထိုးသောစာချုပ်။ **~ဝန်ပေး**၊ ကြိ- ကတိပြု လက်မှတ်ရေးထိုးသည်။ အာမခံပေးသည်။ **~သာ** /ခန်သာ/ကြိ-သည်းခံနိုင်လောက်ဖွယ် ဖြစ်သည်။ သက်သောင့် သက်သာရှိသည်။

ခံတက် /ဂဒက်/ န- အပွင့်ဖြူများပွင့်၍ ရွက်နုကို ချဉ်ဖတ်ထည့်စားရသော အပင်တစ်မျိုး။

ခံ့၊နဝိ-ခမ်းနားသော၊ ထည်ဝါသော။ **~ကျန်း**၊ကြိ- ကျန်းခံ့ နှင့်အတူတူ။ **~ညား**၊နဝိ-၁၊ ခမ်းနား ထည်ဝါသော။ ခံ့ထည်သော။ ၂၊ရိုသေလေးစားဖွယ် ဖြစ်သော။

ခို[၁]၊န-ခြေနိမ့်မြန်းသော၊ ငြီးငွေ့စဖွယ် အော်ညည်း တတ်သော ငှက်။ **~နန်းချိုး**/ခိုနန်းဂျိုး/န-စေတီ၊

http://www.lknt11.com ...

မြို့ရိုး စသည်တွင်ရှိသော အထောင့်အကွေး။ ~ပြာရောင်/နီဗျာယောင်/န–အပြာရောင်နှောသော မီးနီးရောင်။ ~မြီး/နီမီး/န–အိမ်မကြီးမှ လက်ယာဘက်သို့ ထိုးထုတ်ထားသော အမိုးစွန်း။

နီ၂၊ကြိ–၁၊အရိပ်အာဝါသ၊ လုံခြုံရာအတွင်းသို့ ချဉ်းကပ်ဝင်ရောက်သည်။ မှီခိုသည်။ ၂၊ အထက်တွင်ရှိ ပန္နည်း တစ်စုံတစ်ရာကို ဆွဲကိုင်၍ တွဲလဲနေသည်။ ၃၊လိုအပ်သလောက် မလုပ်ဘဲ လျှော့ပေါ့လုပ်သည်။ ~ကိုး၊ကြိ–မှီခိုအားကိုးသည်။ ~ကတ်၊ကြိ–အလုပ်ကို ကောင်းစွာ မလုပ်ဘဲ ရှောင်ခိုသည်။ ~ကပ်၊ကြိ–မှီခို နေထိုင်သည်။ ~နှီး၊ကြိ–မှီခိုသည်။ ~လှုံ၊ကြိ–အားကိုးအားထားပြု၍ နေထိုင်သည်။

နီဒါ၊န–အစ္စလာမ်ဘာသာဝင်တို့၏ ဘုရားသခင်။ [အာရှ၊ Khoda]

နိုး ၁၊ကြိ–၁၊ ပိုင်ရှင်မပေးဘဲ တိတ်တဆိတ်ယူသည်။ နိုးဝှက်သည်။ ၂၊အတုနိုးသည်။ ကြိဝိ–သူတစ်ပါး မသိမမြင်အောင် တိတ်တဆိတ်။ ~ကြောင်နိုးဝှက် /နိုးကျောင်နိုးဝှက်/ ကြိဝိ–သူတစ်ပါး မသိမမြင်အောင်။ တိတ်တိတ်ပုန်း။ ~ချ၊ ကြိ–၁၊ (စာမေးပွဲတွင်) သူတစ်ပါး မသိမမြင်အောင် ကူးရေးသည်။ ၂၊သူတစ်ပါး၏ အရေးအသား၊ အပြုအမူ စသည်တို့ကို ကိုယ့်အရေးအသား အပြုအမူ ဖြစ်လေဟန် ပြုလုပ်သည်။ ~ထုပ်နိုးထည်/နိုးဒုတ်နိုးဒယ်/န–နိုးယူခဲ့သောပစ္စည်း။ နိုးရာပါပစ္စည်း။ ~ရာလိုက်၊ ကြိ–မယားအဖြစ် ပေါင်းသင်းရန် ယောကျ်ားခေါ်ရာသို့ မိန်းမက တိတ်တဆိတ် လိုက်သည်။ ~သားစားပြ/နိုးသားဒမျာ/န–သူနိုးစားပြကို ခြုံခေါ်သောစကား။ ~သေးမီးမွှား/နိုးသေးမီးဖွား/ န–အသေးအဖွဲ နိုးယူမှု။

နိုး ၂၊ ကြိ–မီး၏အနီး ပျံ့နှံ့ထိနိုက်သည်။ ~လိုးစုလု၊ ကြိဝိ– ၁၊ တစ်ခုခုခံနေသဖြင့် ကသိကအောက်ဖြစ်လျက်။ ၂၊ (စိတ်)မတင်မကျ၊ မပြေမလည်ဖြစ်လျက်။

ကော်၊နဝိ–၁၊မလွယ်ကူသော။ ခက်ခဲသော။ ၂၊ တင်းမာသော။ ကြိ–သိုင်းယှက်ထိန်းဖွဲ့သည်။ စည်း–ပန်းခက်၊ သစ်ခက်စသည်ကို ရေတွက်ရာတွင် သုံးသောစကားလုံး။ ~ဆစ်၊ န–သိရန်မလွယ်ကူသော အချက်အလက်။ ~တရော်၊ နဝိ–[ပေါ] တောင့်တင်းသော။ မာကျောသော။ ~တင် မောင်းနင်း၊ န–မတင်မကျပြောသော စကားပြောနည်းတစ်မျိုး။ ~ထန်၊ နဝိ– (ကိုယ်၊စိတ်) ကြမ်းတမ်းသော။ ~မ၊ န–၁၊ ပင်စည်မှ ထွက်သော အကိုင်းကြီး။ ၂၊ ခြေနှစ်ချောင်း၊ လက်နှစ်ချောင်းနှင့် ဦးခေါင်းအင်္ဂါ အစိတ်အပိုင်း။ ခက်မငါးဖြာ။ ~မာ၊ နဝိ–မပျော့ပျောင်းသော။ ပနူးညံ့သော၊ ~ရင်း /ခယင်း/န–၁၊ အသွား နှစ်ချောင်း သုံးချောင်း စသည်ပါသော လက်နက် တစ်မျိုး။ ခက်ရင်းခွ။ ၂၊ ထိုးကော်စားရန် အသုံးပြု သည့် အသွားနှစ်ချောင်း သုံးချောင်း စသည်ပါသော အသုံးအဆောင် တစ်မျိုး။

ခေါက် ၁၊ကြိ–၁၊မာသောအရာဖြင့် ခပ်ဆတ်ဆတ်ရိုက်ခတ်သည်။ ၂၊ ဒွန်းစသည်ဖြင့် ခပ်ဆတ်ဆတ် နှောက်မွှေသည်။ ~ခေါက်၊ ကြိဝိ–အရင်းအချာ စစ်စစ်။ ~ရက်၊ကြိဝိ–[ပေါ] ငွေညှာတောက်ထားမှု မရှိဘဲ။ ~ရှာငှက်၊န–သစ်တောက်ငှက်။

ခေါက် ၂၊ကြိ–၁၊အပြားအလွှာကို ချိုး၍ထပ်သည်၊ ၂၊ ချိုးထားသကဲ့သို့ ထပ်နေသည်။ ၃၊နောက်သို့ ပြန်ဆုတ်သည်၊ နဝိ–ခေါက်၍ရသော။ "~ခုတင်။" စည်း–အကြိမ်အဖန် အရေအတွက်ကို ပြသော စကားလုံး။ ~ချိုး၊ န–ထက်ဝက်။ တစ်ဝက်။ ~တုံ့ခေါက်ပြန်၊ ကြိဝိ–၁၊အပြန်ပြန် အလှန်လှန်။ ၂၊ သွားလိုက်ပြန်လိုက်။ ~ တုံ့ချည်၊ ကြိ–ကြိုးစတစ်ဖက်ကို ဆွဲလိုက်လျှင် အလွယ်တကူ ပြေနိုင်အောင် ချည်သည်။ ~ပြန်ပေး/ခေါက်ပျန်ဗေး/ န–ကုန်ကို ယူရောင်းပြီး နောက်တစ်ခေါက် ကုန်ဝယ်သောအခါ ယခင်ကုန်ဖိုးငွေကို ပေးချေရသောစနစ်။

ခေါက်ဆွဲ၊န–ဂျုံမှုန့်ညက်ကို အမျှင်ပြုလုပ်ထားသော စားဖွယ်တစ်မျိုး။ [ရှမ်း၊ခေါက်ဆွိုင်း]

ခိုက်၊ကြိ–၁၊ထိသည်။ တိုက်သည်၊ ရောက်သည်။ ၂၊အားဥပဒ် ဖြစ်စေသည်။ "ဤအိမ် ~။" ကြိဝိ–(စကားဖြင့်) ထိပါးပုတ်ခတ်လျက်။ "အမျိုးကို ~ မပြောနှင့်။" သမ်–အခိုက်အတန့်ကို ပြသော စကားလုံး။ "သွား ~ လာ ~ " ~ခိုက်တုန်၊ ကြိ–(ချမ်းလွန်း၍) ကိုယ်ခန္ဓာ တစ်ခုလုံး ဟာဆတ်ဆတ် လှုပ်သည်။ ~ရန်၊ ~ရန်ဒေါသ၊န–ရန်ဖြစ်ခြင်း။

ခင် ၁၊ကြိ–၁၊ချစ်ခင်သည်။ ခင်မင်သည်။ ၂၊[ရှေး] အခွင့်သာသည်။ အဆင်သင့်သည်။ ('မ'နှင့် တွဲဖက်သုံးသည်။) စည်း–၁၊[ရှေး] ကြိယာပြီး ဖြစ်ပြီးကြောင်း ညွှန်ပြသော စကားလုံး။ ၂၊'မ' ရှေ့ဆက်ပါသော ကြိယာနှင့် တွဲဖက်သုံးသောအခါ မပြုသေး၊ မဖြစ်သေးကြောင်း ညွှန်ပြသောစကားလုံး။ ၃၊ ချည်ခင်ကို ရေတွက်ရာတွင် သုံးသောစကားလုံး၊ ~ခင်၊ န–မြန်မာမင်းများ လက်ထက် မှူးမတ်သမီးများကို ခေါ်သောအမည်။ ~ ခင်မှတ်မှတ်/ခင်ဂင်မှတ်မှတ်/ကြိဝိ–မက်မောကမ်းတ လျက်။ ချစ်ခင်မြတ်နိုးလျက်။ ~တုရင်/ခင်ဒယင်/န–သော့်ကား၊ ဝေါ၊ ရထားတို့တွင် မုခ်ချုံးအစွန်း ထုတ်ထားသော အမိုးပါသည့် ထိုင်ရာနေရာ။ [မြန်၊ ခင် + ပါ၊ ထောရဏ]? ~တဲ/ခင်ဒန်/န–ဈောင်းကောက်တွင်

ညှို့ချည်ရန် အပေါက်ကလေးများပါသော အစိတ်အပိုင်း။ ~ကွယ်၊ ကြိ- ချစ်ခင် ကွယ်တာသည်။ ~ပလွေ၊နှ-အခင်ပါသော အတည့်မှတ်ရသည့် ပလွေ။ (ကျော်ပလွေလည်းရှ) ~ပွန်း/ခင်ဖွန်း/ နှ-၁၊လင်ယောက်ျား။ မယား။ ခင်ပွန်းသည်။ ၂၊ မိတ်ဆွေ။ ~ပွန်းကြီး/-ကြီး/နှ-မပြစ်မှားအပ်သော ပုဂ္ဂိုလ်။ (၁၊ ဘုရား ၂၊ပစ္စေကဗုဒ္ဓါ ၃၊ရဟန္တာ ၄၊ အဂ္ဂသာဝက ၅၊ အမိ ၆၊အဖ ၇၊ အလေးပြုအပ်သူ ၈၊ ဆရာ ၉၊ တရားဟောပုဂ္ဂိုလ် ၁၀၊ မိမိအား ပေးကမ်းသူ ဟူ၍ ၁၀ပါးရှိသည်။) ~ပွန်းပစ် /-ပျစ်/ နှ-အဆွေခင်ပွန်းကို ပစ်ပယ်သူ။

ခင်²၊ နှ-မိုမောက်သော ကုန်းမြေတစ်လျှောက်။ ခင်တန်း။ ခင်ရိုး။

ခင်³နှ-စောင်းပြားကဲ့သို့သော ကြိုးတပ်တူရိယာ တစ်မျိုး။ [တရုတ်၊qin]

ခင်ကြီး /ခင်ဂျီး/နှ-ဘုန်းတော်ကြီး။

ခင်တိတ်/ဂင်ဒိတ်/နှ-လေးလံသော ဝတ္ထုပစ္စည်းများကို တင်ဆောင်ရသည့် ဘီးတပ်ယာဉ်တစ်မျိုး။

ခင်ထိတ်/ခင်ဒိတ်/နှ-ညဉ့်ငှက်တစ်မျိုး။

ခင်ပုတ်/ခင်ဗုတ်/နှ-၁၊သိမ်းငှက်နှင့်ဆင်သော ညဉ့်ငှက် တစ်မျိုး။ ၂၊စားဖိုပြာရောင် အခေါက်ရှိသော နွယ်ပင် တစ်မျိုး။ ~စင်/-ဇင်/ နှ- လှေကြီးများ ပဲ့ပိုင်းရှိ တက်မကိုင် ထိုင်ရာစင်။

ခင်ဗျာ၊စည်း-၁၊ယောက်ျား၏ အယဉ်အကျေး ထူးသံ။ ၂၊အရိုအသေ ပြန်ပြောသော ယောက်ျား အာလုပ် စကား။

ခင်ဗျား/ခင်ဗျား၊ခများ/နစ-ယောက်ျားက မိမိစကား နားထောင်သူအား ရည်ညွှန်းသော စကားလုံး။ စည်း-အရိုအသေပြန်ပြောသော ယောက်ျား အာလုပ် စကားလုံး။

ခင်း၊ကြိ-၁၊ (ကော်ဇော၊ ဖျာ စသည်ကို) ဆန့်၍ ဖြန့်သည်။ ၂၊အောက်ခံမျက်နှာပြင် ဖြစ်အောင် လုပ်သည်။ ၃၊နေရာတကျထားသည်။ စည်း- အချိန်၊ ပမာဏ တစ်ဝိုက်တစ်ဝန်း ဖြစ်ကြောင်း ပြသောစကားလုံး။ "နံနက် ~။ ငါးသိန်း ~။" ~ကျင်း၊ကြိ-နေရာတကျ စီခင်းထားသည်။ ~ကြီး ခင်းငယ်/ ခင်းကြီးခင်းငယ် / နှ-၁၊ ကိစ္စကြီးငယ်။ ၂၊အလေးအပေါ့ သွားခြင်းကိစ္စ။ ~နီး၊ နှ- ထိုင်ရန်၊ လျောင်းအိပ်ရန် ခင်းရသောအရာ။

ခေါင်၊ နဝိ- ၁၊ အလွန်မြင့်သော။ ၂၊ အလွန်ဝေးကွာသော။ ၃၊ လူသူအရောက်အပေါက် နည်းသော။ ၄၊ နည်းပါးသော။ ရှားပါးသော။ နှ-၁၊ အဆောက်အအုံတွင် အမိုး၏ အမြင့်ဆုံးနေရာ။ ၂၊ အမြင့်မြတ်ဆုံး။ အကောင်းဆုံး။ ~ကောင်း/ ခေါင်ဂေါင်း၊ ဂေါင်ကျောင်း/နှ-ထုပ်ဆိုးတိုးကွင်းတွင် အလယ်တည့်တည့်၌ အလျားလိုက် သားထားသော မျဉ်းကြောင်း။ ခေါင်စည်းကြောင်း။ ~ခိုက်၊ ကြိ- အမြင့်ဆုံး အခြေ အနေသို့ ရောက်သည်။ ~ခေါင် /ခေါင်ဂေါင်/နဝိ- အတွင်းပိုင်းကျသော။ စစ်စစ် ဖြစ်သော။ "တော~။ နွေ~။" ~ချုပ်၊ ကြိ- အိမ်ခေါင်ကို လုံခြုံစေရန် ဖုံးအုပ်သည်။ /ခေါင်ဂျုတ်၊ ဂေါင်ဂျုတ်/နှ- အထွတ်အထိပ် အကြီးအကဲ ဖြစ်သူ။ ~စီးဝါး/ခေါင်စီးဝါး/နှ-အမြင့်ဝါးများကို ခေါင်တွင် တွဲသီထားသော ဝါး။ ~တိုင်/ခေါင်ဒိုင်/ နှ-အိမ်တွင် အမြင့်ဆုံးတိုင်။ ~တန်း/ခေါင်ဒန်း/ နှ-ခေါင်တိုင်တို့၏ ထိပ်တွင် အလျားလိုက် တင်သော တန်း။ ခေါင်လျှောက်။ ~ဖျား/ခေါင်ဖျား/ နှ-အမြင့်ဆုံးနေရာ။ ~မိုး၊နှ-အိမ်စသည်တို့၏ အမိုး။ ~ရေ/ဂေါင်ယေ/ နှ- တစ်လတစ်လတွင် အမြင့်ဆုံး တက်သော ဒီရေ။ ~ရုံ၊ နှ-မြင်း၏ ရှေ့သွား နှစ်ချောင်းကို ရုံနေသောသွား။ ~ရည် /ခေါင်ယေ/နှ-ကောက်ညှင်းကို ဖြူကြမ်းနှင့် ရောစပ် ပေါင်းချက်ကာ ကဇော်ဖောက်ယူထားသော အရက် တစ်မျိုး။ ~ရန်း၊နှ-အပွင့်အရောင် အမျိုးမျိုးရှိသော အလှစိုက် ချုံပုတ်ပင်တစ်မျိုး။ ~ဝါး၊ နှ-၁၊ နီမိုး၊ သက်ငယ်မိုး အိမ်တို့တွင် ခေါင်မိုး မလန် စေရန် ခေါင်အုပ်အပေါ် က ဖိထားသော ဝါးလုံး။ ခေါင်ဖိဝါး။ /ဂေါင်ဝါး/ ၂၊ အကျွမ်းကျင်ဆုံး လှေထိုးသား။ ~ သူကြီး /ဂေါင်သူကြီး/နှ- ဦးဆောင်သူ။ အကြီးအကဲလုပ်သူ။ ~အုပ်၊နှ- အိမ်ခေါင် စပ်ကြောင်းကို မိုးလုံအောင် အုပ်မိုး ထားသော သစ်သား၊ သွပ်၊ ခနဲ စသည်။

ခေါင်း¹/ ဂေါင်း/ နှ- ၁၊ သတ္တဝါတို့တွင် မျက်စိ၊နား၊ နှာခေါင်း၊ ဦးနှောက် စသည်တို့ တည်ရှိရာ ကိုယ် အစိတ်အပိုင်း။ ၂၊တစ်စုံတစ်ရာ၏ ထိပ်ပိုင်း၊ ရှေ့ ပိုင်း။ "မီးရထား ~။ ဝက်အူ ~။ သင်ပုန်း ~။" ၃၊ တံဆိပ်ခေါင်း။ ၄၊ ဒင်္ဂါးပြား၊ ပိုက်ဆံပြားတွင် အရုပ်ပါသော မျက်နှာဘက်။ (ပန်း³ ၃ နှင့် နှိုင်း ယှဉ်)။ ၅၊ အပင်တို့၏ အမြစ်အဖု။ "ငှက်ပျော ~။" ၆၊ ဦးဆောင်သူ။ "ကာလသား ~။" ၇၊ [ဥပစာ] တာဝန်။ "တပည့်မကောင်း ဆရာ့~။" ၈၊ ပြည် တန်ဆာတို့ဖြင့် စီးပွားရှာသူ။ ~ကောင်း/ဂေါင်း ကောင်း/ ကြိ- မှတ်ဉာဏ်ရှိသည်။ ဉာဏ်ကောင်း သည်။ ~ကျိန်း/ဂေါင်းကျိန်း/ကြိ-ဖြစ်တင် ကြိမ်း မောင်းခံရ၍ စိတ်ညစ်ညူးသည်။ ~ကြီး/ဂေါင်းကြီး/ ကြိ-ရိုးရိမ်ထိတ်လန့်သည်။ ခေါင်းနားပန်း ကြီး သည်။ /ဂေါင်းကြီး/ နှ-ခေါင်းကြီးပိုင်းနှင့်အတူတူ။ ~ကြီးပိုင်း /-ဗိုင်း/နှ- ၁၊ သတင်းစာ၊ စာစောင်

http://www.lknt11.com ...

စသည်တို့၏ အာဘော်အဖြစ် ရေးသားချက်။ ၂၊ ဦးစီးဦးဆောင်ပြုသော ပုဂ္ဂိုလ်စု။ **~ကွဲ**/ဂေါင်းကွဲ/ ကြိ– တစုတစည်း တည်ရှိရာမှ တကွဲတပြား ဖြစ်သွားသည်။ "ဖာတ် ~။ ငွေ ~။" **~ခါ**/ဂေါင်းခါ/ ကြိ–(သဘောချင်း မတိုက်ဆိုင်ကြောင်း၊ နားမလည်ကြောင်း စသည်ဖော်ပြရန်) ဦးခေါင်းကို ဘယ်ညာ လှုပ်သည်။ ငြင်းပယ်သည်။ **~ခု**/ဂေါင်းဂု/န– ဝန်ကိုရွက်ရာတွင် ခေါင်းပေါ်တွင် တင်ခုရသော အဝတ်ခွေစသည်။ **~ခေါက်**/ဂေါင်းခေါက်/ကြိဝိ– [ဥပစာ]အကောင်းဆုံးကို စိစစ်လျက် (ရွေးသည်၊ ယူသည်)။ **~ချ** /ဂေါင်းချ/ ကြိ–(နေရာဒေသ တစ်ခုခုတွင်) ကွယ်လွန်သည်။ **~ချင်းဆိုင်**/ဂေါင်း ဂျင်းဆိုင်/ ကြိ– တိုးတိုးတိတ်တိတ် ဆွေးနွေး တိုင်ပင်သည်။ **~ချင်းရိုက်**/ဂေါင်းဂျင်းယိုက်/ကြိ– ရုတ်တရက် ပေါ်ပေါက်သောကိစ္စကို အရေးတကြီး ဆွေးနွေးတိုင်ပင်သည်။ **~ခြောက်**/ ဂေါင်းချောက်/ ကြိ–စိတ်ရှုပ်သည်။ အကြံအိုက်သည်။ ဦးနှောက် ခြောက်သည်။ **~စီး**/ဂေါင်းဇီး/န–၁၊ စာအရေးအသား၊ အစီအကုံး တစ်ခုခု၏ အချုပ်သဘောကို ဖော်ပြသော အမည်။ ခေါင်းစဉ်။ ၂၊စာရေးစက္ကူ၏ ထိပ်ပိုင်းတွင် ဖော်ပြထားသော အမည်၊ နေရပ်။ **~စီးခေါင်းကိုင်**/–ဂေါင်းကိုင်/န–လုပ်ငန်းတစ်ခုခုကို ကြီးမှူးသူ။ **~စဉ်**/ဂေါင်းဇင်/န–၁၊အရေးကြီးသော အကြောင်းအရာ အချက်အလက်တို့ကို စီစဉ်ထားသော စာရင်း။ မာတိကာ။ ၂၊ခေါင်းစီး။ **~ဆေး** /ဂေါင်းဆေး/ကြိ–မင်္ဂလာအလို့ငှာ ဦးခေါင်းကို တရော်၊ ကင်ပွန်းတို့နှင့် ဆေးလျှော်သည်။ **~ဆောင်** /ဂေါင်းဆောင်/ ကြိ– အကြီးအမှူး ပြုသည်။ ဦးဆောင်သည်။ ခေါင်းပြု သည်။ /ဂေါင်းဆောင်/ န–ခေါင်းဆောင်သူ။ **~ညိတ်**/ဂေါင်းညိတ်၊ (ညိန့်)/ ကြိ– (သဘောတူညီခြင်း စသည်ကို ပြရန်) ဦးခေါင်းကို အထက်အောက် လှုပ်သည်။ သဘောတူညီသည်။ **~တည်**/ဂေါင်းတိ(တယ်)/ကြိ– ၁၊အကြီးအမှူးအရာ ထားသည်။ ၂၊ပဓာနထားသည်။ "အရေးကြီးသောကိစ္စကို ~ ၍ ဆွေးနွေးကြ–။" **~တပ်**/ဂေါင်းတတ်/ကြိ–၁၊အမည်နာမကို ဖော်ထုတ်ညွှန်ပြသည်။ လိပ်စာရေးမှတ်သည်။ ၂၊ သတင်းခေါင်းစဉ်ရေးသည်။ **~တိမ်း**/ဂေါင်းတိန်း/ ကြိ–တာဝန် ဝတ္တရားကို ရှောင်သည်။ ခေါင်းရှောင်သည်။ **~တုံး** /ဂုန်း/န–ဆံပင်ကို ခပြောင်အောင် ရိတ်ထားသော ဦးခေါင်း။ ဦးပြည်း။ **~တုံး ဆံတောက်** /–ဇေါက်/ န– အတိုညှပ်ထားသော ယောကျာ်းဆံပင်ပုံစံ တစ်မျိုး။ **~ထောင်**/ဂေါင်း ထောင်/ကြိ–[ဥပစာ]၁၊ပြန်လည် ကြီးပွားလာသည်။ ပြန်လည်နိုးကြားထကြွသည်။ ၂၊(အပင်) ပြန်လည် ရှင်သန်လာသည်။ လူ၍လာသည်။ **~နောက်**/ဂေါင်း နောက်/ ကြိ–စိတ်ရှုပ်သည်။ ခေါင်းရှုပ်သည်။ **~ပေါင်း**/ဂေါင်းဘောင်း/န–၁၊ဦးခေါင်းကို ရစ်ပတ်ထားသော ပဝါ။ ၂၊ပိုးပဝါဖြင့် အသင့် ပေါင်းထားသော အမျိုးသား ဦးခေါင်းဆောင်း အဆင်တန်ဆာ။ **~ပေါင်းစ**/–ဇ/န–ခေါင်းပေါင်း၏ အစွန်းအမြိတ်။ **~ပန်းလှန်**/ဂေါင်းပန်းလှန်/ကြိ–ဝိုက်ဆံပြားကို မြှောက်လှန်၍ ခေါင်းဘက် ပန်းဘက် ကျရာဖြင့် ဆုံးဖြတ်သည်။ ခေါင်းပန်း လှန်၍ လောင်းကစားသည်။ **~ပုံဖြတ်**/ဂေါင်းဗုန်ဖျတ်/ကြိ–သူတစ်ပါး လုပ်၍ရသော အကျိုးအမြတ်ကို မတရားဖြတ်စား၊ လျှပ်စားလုပ်သည်။ အညွန့်ချိုးသည်။ **~ဖြူစွယ် ကျိုး**/ဂေါင်းဖျူစွယ်ဂျိုး/န–အသက်ကြီးရင့်သူ။ အိုသောသူ။ **~မာ**/ဂေါင်းမာ/ကြိ–ပြောဆို ဆုံးမရ ခက်ခဲသည်။ အယူအဆ အစွဲအလမ်း ကြီးသည်။ **~မြီးခြုံ**/ဂေါင်းမီးချုန်/ကြိ–အဝတ်ဖြင့် ဦးခေါင်းကို ရစ်လွှမ်းဖုံးအုပ်သည်။ **~ရင်း**/ဂေါင်းယင်း/န–အိပ် သောအခါ ဦးခေါင်းထားရာ အရပ်။ **~ရွက်ဖျပ်ထိုး** /ဂေါင်းယွက်ဖျတ်ထိုး/န–ဆိုင်နေရာ အတည်တကျ မရှိသော ဈေးသည် အငယ်စား။ **~ရှင်း**/ဂေါင်း ယှင်း/ကြိ–စိတ်အနှောင့်အယှက်မရှိ ကြည်လင် သည်။ ခေါင်းရှုပ်နေသည်ကို ပျောက်သွားအောင် လုပ်သည်။ **~လေး**/ဂေါင်းလေး/ကြိ–၁၊ဝေဒနာ တစ်မျိုးမျိုးကြောင့် ခေါင်းအုံနေသည်။ ၂၊အလုပ်ကိစ္စ တစ်ခုခုကြောင့် စိတ်မပေါ့မပါး ဖြစ်နေသည်။ **~ဝင်ကိုယ်ဆံ့**/ဂေါင်းဝင်ကိုဆန့်/ကြိဝိ–မည်သည့် အခြေအနေမျိုးတွင်မဆို အဆင်ပြေအောင် နေထိုင် ဆက်ဆံနိုင်လျက်။ **~အေး**/ဂေါင်းအေး/ကြိ– စိတ်အေးလက်အေး ရှိသည်။ သောကကင်းသည်။ **~အုံ**/ဂေါင်းအုန်/ကြိ–ခေါင်းထဲတွင်၊ ထိုင်းမှိုင်း နောက်ကျိသည်။ **~အုံး**/ဂေါင်းအုန်း/န–အိပ်သော အခါ ဦးခေါင်း တင်ထားရသော ပစ္စည်း။ **~အုံးစွပ်** /–ဇွက်/န–ခေါင်းအုံးကို စွပ်လျှိုရသော အဝတ်။

ခေါင်း[၂]၊စည်း–အမျှင်စည်းတို့ကို ရေတွက်ရာတွင် သုံးသော စကားလုံး။ "ချည်တစ် ~။ မုန့်တီတစ် ~။"

ခေါင်း[၃]၊န–လူသေအလောင်းထည့်သော သေတ္တာ။ **~တိုင်**/ခေါင်းဒိုင်/န–မီးခိုးလွှတ်ရန် အခေါင်းရှိသည့် တိုင်။ **~ပါး**/ခေါင်းဘား/ကြိ–၁၊ရှားပါးသည်။ ချို့တဲ့ သည်။ နည်းသည်။ ၂၊ညစ်နွမ်းသည်။ ၃၊ခြိုးခြံစွာ ကျင့်သည်။ **~ပိတ်**/ခေါင်းဗိတ်/န–အခေါင်းပေါက် မရှိသော အချောင်း၊ အတံ။ စတိ။ **~ပွ**/ခေါင်း ဗွ/န–အခေါင်းပေါက်ရှိသော အချောင်း၊ အတံ။ **~လောင်း**၊န–၁၊ကြေး၊ ငွေ စသည်ဖြင့် သွန်းလုပ်

မာတိကာသို့ ▶▶▶

http://www.lknt11.com

ထားသည့် လုံးပတ်ဝန်း၍ အဝကားသော တီးခတ်စရာပစ္စည်း။ ၂၊ အခေါင်းတွင်းရှိ အဆန်ကို ခတ်လှုပ်၍ အသံမြည်စေသော ခွက်ပုံသဏ္ဌာ ကိရိယာ။ **~လောင်းနား**၊ န-စေတီတွင် ခေါင်းလောင်းပုံ၏ အောက်ဘက် အစွန်း။ **~လောင်းပုံ**၊န-စေတီတွင် ပစ္စယာအထက် ဖောင်းရစ်အောက် ဖြစ်သော အစိတ်အပိုင်း။

ခိုင်၊နဝိ-၁၊မစုတ်လွယ်၊ မပြတ်လွယ်သော။ ၂၊ မလှုပ်မရှား၊ မယိုင်မနဲ့ ဖြစ်သော။ ခိုင်ခံ့သော။ ၃၊ စွဲမြဲသော၊ မြဲမြံသော။ န-အစု။ အဖို။ "ဆယ်ခိုင့်တစ်~။" **~ကျည်**၊ နဝိ-[ပေါ]ခိုင်မာမြဲမြံသော။ **~ကြေး**/ခိုင်ဈေး/န-အခွန်တော် ကောက်ခံ ပေးရသည့်အတွက် အရိုးကျရငွေ။ **~နှုန်း**၊န-ရာခိုင်နှုန်းနှင့်အတူတူ။ **~ဖြိုး**၊နဝိ-[ပေါ] ပေါများ ပြည့်စုံသော။ **~မာ**၊ နဝိ-၁၊ တောင့်တင်း မာကျောသော။ ၂၊ အချက်အလက် အထောက်အထား ပြည့်စုံ လုံလောက်သော။ ခိုင်လုံသော။ **~မျဉ်**၊ ကြိ-[ပေါ] ခိုင်းမျဉ်နှင့်အတူတူ။

ခိုင်း¹၊ကြိ-အမှုကိစ္စတစ်ခုခုကို လုပ်ဆောင်ရန် ညွှန်ကြားသည်။ အလုပ်လုပ်စေသည်။ **~နွား**၊န-အလုပ်ခွင်တွင် သုံးရသော နွား။ **~ဖက်**/ခိုင်းဖက်/န-[အရပ်] ခိုင်းသမျှကို လုပ်ဆောင်ပေးနေရသူ။

ခိုင်း²၊ ကြိ-၁၊ ယှဉ်နှိုင်းသည်။ ခိုင်းနှိုင်းသည်။ "ပုံ~။" ၂၊ယှဉ်မှီသည်။ ယှဉ်စပ်သည်။ "ကျောချင်း~။ နောက်~။" ၃၊ လှေကို ကမ်းမှခွာထွက်အောင် လှော်တော်သည်။ **~မက်**၊ကြိ-လှေကို ပဲ့သည်။

ခိုင်းမျဉ်၊ကြိ-[ပေါ] ဆီးတားသည်။

ခတ်၊ကြိ-၁၊ထုနှက်သည်။ တီးသည်။ ရိုက်ပုတ်သည်။ "ရွှေကို အပြား~။ မောင်း~။" ၂၊ဦးချိုဖြင့် တိုးဝှေ့သည်။ ၃၊ရိုက်နှိပ်သည်။ ရေးခြစ်သည်။ "တံဆိပ်~။ ကြက်ခြေ~။" ၄၊ရှေ့နောက်ဝဲယာ ယက်အောက် အကြိမ်ကြိမ်လှုပ်သည်။ "ယပ်~~။ လှော်~။" ၅၊ ခြေဖြင့်ကန်သည်။ "ခြင်း ~~။" ၆၊ ပစ်သည်။ "ငှက်~ ~။ အန်~ ~။" ၇၊ထည့်သည်။ "ဆား~။" ၈၊(ကျောက်မျက်ရတနာ တို့ကို) စီမြှုပ်သည်။ ၉၊ မြဲမြံစွာ ချုပ်နှောင်သည်။ "သော့~။" ၁၀၊ ပိုင်းခြားသတ်မှတ်သည်။ "ခြံ~။" ၁၁၊(အပြစ်ဒဏ်ကို)ရယူစေသည်။ "ဒဏ်~။" **~ကွင်း**၊န-လှေသမ္ဗန်၏ ခတ်တိုင်တွင် ခတ်တက်ကို သွင်းလျှိုရာ အထိန်းကြိုးကွင်း။ **~ခုံ**၊န-ခတ်တိုင်တပ်ရာ အခြေခံသစ်တုံး။ **~တက်**၊ န-လှေ၊သမ္ဗန်လှော်ခတ်ရသော တက်ကြီး။ **~တိုင်**၊ န-ခတ်တက်တပ်ဆင်ရသော ကိုင်ငုတ်။ **~နှိပ်**၊ကြိ-(တံဆိပ်အမှတ်အသားကို) ထုရိုက်ဖိနှိပ်၍ ထင်စေသည်။ **~လှေ**၊န-ခတ်တက်ဖြင့် ခတ်၍ သွားရသော လှေ။

ခတ်ရှိုး၊န-အညွန့်ကို တို့စားရသော၊ မြေတွင် တွားပေါက်သည့် ဆူးနွယ်ပင်။

ခတ္တာ၊န-မိုးကျသည်နှင့် မြေအောက်ရှိဥမှ အဖူးတံထွက်၍ အော်လန်ပုံ ပန်းပွင့်သည့် အပင်ငယ်။ (ဝါခေါင်လ၏ ရာသီပန်းဖြစ်သည်။)

ခတ္တိယ¹၊န-မင်းမျိုး။ [ပါ၊ခတ္တိယ]

ခတ္တိယ²၊န-အဆင်းဝါပြောက်ပြောက်ရှိသော စိန်တစ်မျိုး။ [ပါ၊ခဒိရ]?

ခုတ်၊ကြိ-၁၊ဓား စသည်ဖြင့် ပစ္စည်းတစ်ခုခုကို ကွဲပြတ်အောင် လုပ်သည်။ ၂၊ စက်ကို လည်ပတ်စေသည်။ (မီးရထား၊ သင်္ဘော) မောင်းနှင် သွားလာသည်၊ ခုတ်မောင်းသည်။ **~ထွင်**၊ကြိ-တောချုံတို့ကို ခုတ်ဖြတ်ရှင်းလင်းသည်။ **~သား**၊န-ခုတ်လှီး ထားသော ငါးကြီးများ၏အသား။

ခေတ်/ခစ်/န-၁၊နယ်ပယ်အပိုင်းအခြား၊ (ဇာတိခေတ်၊ အာဏာခေတ်၊ ဝိသယခေတ်ဟူ၍ သုံးပါးရှိသည်။) ၂၊တစ်စုံတစ်ခုသော အဖြစ်အပျက်၊ အခြေအနေအရ သတ်မှတ်သည့် ကာလအပိုင်းအခြား။ "ဂျပန်~။" ၃၊ ကာလ။ အခါ။ "~ဆိုး။" နဝိ-မျက်မှောက်ကာလနှင့်ဆိုင်သော။ "~စာပေ။ ~လူငယ်။" [ပါ၊ခေတ္တ] **~ကောင်း**/ခစ်ကောင်း/န-ငြိမ်းချမ်းသောကာလ။ ကြီးပွားထွန်းကားသော ကာလ။ ကြိ-ကြီးပွား ထွန်းကားသည်။ ကောင်းစားသည်။ **~ကုန်**/ခစ်ကုန်/ကြိ-၁၊အကျိုးပေးချိန် ကုန်ဆုံးသွားသည်။ ၂၊ ခေတ် မစားတော့သော အခြေအနေသို့ ရောက်သွားသည်။ **~စား**/ခစ်စား/ ကြိ-လူများ၏ နှစ်သက်ခြင်း ခံရသည်။ တွင်ကျယ်သည်။ **~စမ်းစာပေ**/ခစ်စန်းစာပေ/န-[စာပေ] ၁၉၃၀ပြည့်နှစ်တစ်ဝိုက်တွင် တက္ကသိုလ်၌ စမ်းသပ်သော သဘောဖြင့် ရေးသားကြသော မြန်မာစာပေ အရေးအသားမျိုး။ **~ဆန်** /ခစ်ဆန်/ နဝိ-မျက်မှောက်ခေတ်ဟန်ပန် အမူအရာရှိသော။ **ခေတ္တ**/ခစ်တ/ကြိဝိ-ခဏမျှ။[ပါ၊ခေတ္တ] **~ထ**/ခစ်ထ/ကြိ-ပေါ်ပေါက်ထွန်းကားသည်။ ခေတ်စားသည်။ **~နောက်ကျ**/ခစ်နောက်ကျ/နဝိ-ခေတ်မမီဖြစ်သော။ **~နှောင်း**/ခစ်နှောင်း/န-ခေတ်ကာလတစ်ခု၏ နောက်ဆုံးပိုင်း။ **~ပညာ**/ခစ်ပျင်ညာ/န-ခေတ်မီတိုးတက်သော ပညာရပ်။ **~ပေါ်**/ခစ်ပေါ်/နဝိ-မျက်မှောက်ကာလတွင် ဖြစ်ထွန်းလာသော။ **~ပျက်** /ခစ်ပျက်/န-စစ်ဘေးစစ်ဒဏ် စသည်တို့ကြောင့် တိုင်းပြည်မငြိမ်မသက် ဖြစ်နေ

မာတိကာသို့ ▶▶▶

http://www.lknt11.com

သော ကာလ။ **~ပြောင်း**/ခစ်ပျောင်း/ကြိ–လူတို့၏ အတွေးအခေါ် အပြုအမူဟောင်းတို့ ကွယ်ပျောက်၍ အတွေးအခေါ် အပြုအမူသစ်တို့ ပေါ်ပေါက်လာသည်။ **~ပြောင်းတော်လှန်ရေး**/–တော်လှန်ယေး/ န–ခေတ်ဟောင်း စနစ်ဟောင်းမှ ခေတ်သစ် စနစ်သစ်သို့ ကူးပြောင်း ရောက်ရှိအောင် အရှိန်အဟုန်ပြင်းစွာ အားထုတ်လုပ်ကိုင်ခြင်း။ **~မြိုင်**/ခစ်မျိုင်/နဝိ–တစ်ခေတ်တည်းတွင်အတူပေါ်ပေါက်သော။ **~မီ**/ ခစ်မိ /ကြိ–မျက်မှောက်ကာလ အတွေးအခေါ် အခြေအနေစသည်တို့နှင့် လိုက်လျောကိုက်ညီသည်။ **~မှိန်** /ခစ်မိန်/ ကြိ– ထွန်းကားတွင်ကျယ်ရာမှ ဆုတ်ယုတ်သွားသည်။ **~ရှေ့ပြေး**/ခစ်ယေ့ပျေး/ ကြိ–မျက်မှောက် ခေတ်ကာလ၏ အတွေးအခေါ် အခြေအနေ စသည်ထက် ကျော်လွန်နေသည်။

ခန်တမာ၊န–ထမင်းချက်။ [ဟိန္ဒူ၊ khānsāma]

ခန္တီ၊န–သည်းခံခြင်း။ [ပါ၊ခန္တီ]

ခန္ဓာ၊န–၁၊(ရုပ်နာမ်တရား) အစု။ (ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ဟူ၍ခန္ဓာငါးပါးရှိသည်။) ၂၊ သတ္တဝါ၏ ကိုယ်အင်္ဂါ အစိတ်အပိုင်းအစု။ [ပါ၊ခန္ဓ] **~ဝန်**၊ န–ဝန်ထုပ်ဝန်ပိုး သဖွယ်ဖြစ်သော ခန္ဓာငါးပါး။ [ပါပြန်၊ ခန္ဓဘာရ]

ခန့်[၁]၊ ကြိ–၁၊ ရာထူး၊ အလုပ်တာဝန် တစ်ခုခုကို ထမ်းရွက်စေသည်။ ၂၊အရေအတွက် ပမာဏကို မှန်းဆသည်။ ၃၊ နှိုင်းယှဉ်သည်။ ၄၊ ရည်ရွယ်သည်။ ရည်မှန်းသည်။ စည်း–အရေအတွက် ပမာဏကို မှန်းဆရာတွင် သုံးသော စကားလုံး။ **~ခွဲ**၊ ကြိ–စီမံသည်။ **~စာ** /ခန့်ဇာ/ န–တစ်စုံတစ်ယောက်အား အလုပ်ခန့်ကြောင်း ဖော်ပြပါရှိသော အမိန့်စာ။ **~မှန်း**ကြိ–(အခြေအနေ၊ အချိန်အခါ၊ အရေအတွက် ပမာဏကို) မှန်းဆသည်။ **~မှန်းခြေ**/ခန့်မှန်းချေ/ န–ခန့်မှန်းသည့် ပမာဏ။

ခန့်[၂]၊ ကြိ–ကြောက်သည်။ ရွံ့သည်။ **~ညား**၊ ကြိ–[ရှေး]ကြောက်သည်။ ရွံ့သည်။

ခန်း[၁]၊ကြိ–အပူရှိန်ကြောင့် ရေခန်းတ်ကုန်သည်။

ခန်း[၂]၊န–အခန်း နှင့်အတူတူ။ **~ဆီး**/ခန်းဇီး/န–၁၊ အခန်းဖြစ်အောင် ကန့်ထားသည့် အကာ။ ၂၊ ပြတင်း ပေါက်၊ တံခါးပေါက်တို့တွင် ကာထားသော အရာ။ **~နေ**၊န–ကျောင်းထိုင်မဟုတ်သော ရဟန်း။ **~ဖွင့်** /ခန်းဖွင့်/န– အိမ်မတွင် တိုင်တစ်ခုနှင့် တစ်ခု အကြားရှိ အကွာအဝေး။ **~မ**၊န–ကျယ်ဝန်းသော အခန်းကြီး။ **~ဝါ**၊ န–[ပေါ] နေရာ။ အရပ်။ **~ဝင်ပစ္စည်း**/ခန်းဝင်ပျစ်စီး/န–လက်ထပ် မင်္ဂလာတွင် နှစ်ဖက်မိဘတို့က ချီးမြှင့် ပေးကမ်းသော ဥစ္စာပစ္စည်း။

ခန်းတောက်၊န–အမြစ်မတွင် အမျှင်နှင့်သားတက်ဥရှိ၍ အရသာခါးသော ဆေးပင်တစ်မျိုး။ [ရဝမ်၊ ခမ်းဒေါက်]

ခုန်၊ကြိ–၁၊ ခြေထောက်ကို ကွေးညွှတ်အားယူကာ ကိုယ်ကို အထက်သို့ မြောက်အောင်လုပ်သည်။ ၂၊ အကြိမ်များစွာ တိုးကြွလှုပ်ရှားသည်။ "နှလုံး ~။ သွေး ~။" ၃၊ခုန်လှုပ်ကျော်လွှားသည်။ **~ကျီ ခုန်ကျော်**၊ ကြိဝိ–အစီအစဉ်မမှန်၊ ဟိုရောက် သည်ရောက်။ **~ပေါက်**၊ ကြိ–အပေါ်သို့ မြောက်ထက်အောင် ခုန်သည်။ **~ပျံ**၊ကြိ–မြင့်မားစွာ ခုန်သည်။

ခပ်[၁]၊ကြိ–ဇွန်း၊ ခွက် စသည်တို့ဖြင့် ယက်ကော်ထည့်ယူသည်။ **~ချို**၊န–ယောက်ချိုတစ်မျိုး။ **~သိမ်း**၊နဝိ–အလုံးစုံ။ အားလုံး။ **~သွတ်**၊ကြိဝိ–[ပေါ] အလျင်အမြန်။

ခပ်[၂]၊ကြိ–၁၊(ဤမှာဘက်မှ ထိုမှာဘက်သို့) ကူးရောက်သည်။ ၂၊(တန်ဖိုး)တစ်စုံတစ်ရာသော အတိုင်းအတာသို့ ရောက်သည်။ စည်း–ဂုဏ်ရည်ပြပုဒ်ကို လျော့ပေါ့သော အနက်ဖြင့် ထောက်ပံ့သော စကားလုံး။ "~ဝိန်ဝိန်။" **~တန်းတန်း**/ခတ်တန်းဒန်း/ ကြိဝိ–အရောတဝင်မဟုတ် ခပ်မှန်မှန်။ **~ဆိတ်**၊ ကြိဝိ–စကားမပြောဘဲတိတ်ဆိတ်စွာ။

ခပ်ပြာ၊န–ကြေးနီနှင့်သွပ် ရောကျိုထားသော သတ္တုစပ်။ [သ၊ခပါရ]

ခုပ်၊ကြိ–လက်ဖြင့် လျင်မြန်စွာ အုပ်ယူဖမ်းဆီးသည်။ "ကြွက်ကို ကြောင် ~။ ဖယ် ~။"

ခမ်းနား၊နဝိ–ကြီးကျယ်ကြည်ဝါသော။

ခုံ၊န–၁၊မြင့်သော မိုမောက်သောအရာ၊ အရပ်။ "အုတ် ~။ သောင် ~။" ၂၊တင်စရာ၊ ထိုင်စရာ အဖြစ် အသုံးပြုသည့် အခြေတပ်ထားသော ပရိဘောဂ တစ်မျိုး။ ၃၊သဘောတူ တင်မြှောက်ထားသော တရားသူကြီး။ ၄၊အမှုစစ်ဆေးရန် ဖွဲ့စည်း ပေးထားသော စုံစမ်းရေးအဖွဲ့။ ၅၊ အလောင်းတင်သော စင်။ ၆၊ မြင်းခုံတိုင်။ ၇၊ခြေရှိုး ၃၊နှင့်အတူတူ။ **~တိုင်** /ခုန်ဒိုင်/န–၁၊ကြံ့ခိုင်စွာ စိုက်ထားသော တိုင်။ အမာခံတိုင်။ ၂၊တရားသူကြီး။ အကြီးအကဲ။ ၃၊ မြင်းကို လိမ္မာအောင် ကျင့်ရာတွင် ချည်ထားရာ တိုင်။ **~တန်းလျား**/ခုန်တန်းယား/န–ထိုင်ခုံရှည်။ **~ဖိနပ်**/ခုန်ဖနတ်/န–သစ်သားဖြင့် ပြုလုပ်ထားသော ဖိနပ်တစ်မျိုး။ **~ဖွဲ့**၊ ကြိ–တရားစစ်ဆေး စီရင်ရန်အတွက် ပုဂ္ဂိုလ်များကို အာဏာပိုင်က ဖွဲ့စည်းပေးသည်။ **~ရုံး**၊န–၁၊ခုံအဖွဲ့ဝင်များ တရားစီရင်ရာဌာန။ ၂၊ဆိုင်ရာအာဏာပိုင်က အကြောင်းအားလျော်စွာ ဖွဲ့စည်းပေးသော တရားစစ်ဆေးရေး

မာတိကာသို့ ▶▶▶

အဖွဲ့။ ~လူကြီး/ခုန်လူဂျီး/န– အမှုကိစ္စ တစ်ခုခုတွင် စစ်ဆေးဆုံးဖြတ်ရန် သဘောတူ တင်မြှောက်ထားသော ကရားသူကြီး။ ခုံသမာဓိ။ ~လောက်။န– ဖိနှိပ်လောက်နှင့်အတူတူ။ ~သမတ်။န–ခုံလူကြီး။ [မြန်၊ခုံ+ပ်၊သမ္မတ]

ခုံညင်း/ဂုန်ညင်း/န–၁၊လက်ဖြင့်ထိုးလိမ့်၍ ကစားရသော အစေ့ကြီးများပါသည့် သီးတောင့်ရှည်သီးသော နွယ်ပင်။ ၂၊ဒူးဆစ်ရှိ အရိုးဝိုင်း။

ခုံတမင်၊ကြိဝိ–[ပေါ] ၁၊စုံစုံမက်မက်။ ၂၊အလျှင်အမြန်။

ခုံမင်၊ကြိ–တပ်မက်စွဲလမ်းသည်။ ကြိဝိ–[ပေါ] အလျင်အမြန်။

ခုံး၊နဝိ–မို့မောက်ကွေးဝိုက်သော။ /ဂုန်း/န–မို့မောက်ကွေးဝိုက်သော အရာ။ ~ကောင်/ဂုန်းဂေါင်/န–ရေစပ်တွင် နေလေ့ရှိသော အခွံနှစ်ခြမ်းပါသည့် ခရုမျိုးဝင် ရေသတ္တဝါတစ်မျိုး။ ~တံတား/ဂုန်းဒဒါး/န–ကားလမ်း၊ ရထားလမ်း စသည် အပေါ်မှ ဖြတ်ကျော်ဆောက်လုပ်ထားသော တံတား။

ခယ်မ၊န–၁၊မယား၏ညီမ။ ၂၊ညီ၏မယား။

ချ၊ကြိ–၁ ၊အထက်အရပ်မှ အောက်အရပ်သို့ ရောက်စေသည်။ ကျအောင်လုပ်သည်။ နိမ့်ကျစေသည်။ ၂၊မှတ်တိုက်သင်ကြားပေးသည်။ ၃၊အရေးအကြောင်း ရေးဆွဲသည်။ "မျဉ်း ~။ ဇယား ~။" ၄၊ တစ်စုံတစ်ခုသော အခြေအနေသို့ ရောက်စေသည်။ အခြေတကျဖြစ်စေသည်။ နေရာတကျ ထားသည်။ "အိမ်ထောင် ~။ နေရာ ~။" ၅၊ ရိုက်သည်။ "ကျော ~မှ ဓားပြမှန်းသိ။" ၆၊ရန်မူသည်။ တိုက်ခိုက်သည်။ ၇၊ ကုန်ပစ္စည်းတစ်စုံတစ်ရာကို သယ်ဆောင်သည်။ "ဘိန်း ~။ မှောင်ခို ~။" စည်း–ကြိယာကို လေးနက်စေသော စကားလုံး။ ~နက်၊ န–နံစိန်နှင့်အတူတူ။ ~မှတ်၊ ကြိ–အမိန့်၊ လုပ်ငန်းစဉ်စသည်ကို သက်ဆိုင်ရာက အတည်ပြု သတ်မှတ်ပေးသည်။ ~ရိုး၊န–ဆရာ အစဉ်အဆက် အသုံးပြုခဲ့သော သင်နည်း။

ချပါတီ /ချပါတီ/ န– ဂျုံကြမ်းကို အပြား ပြုလုပ်၍ အိုးကင်းပုတိုက်သော မုန့်တစ်မျိုး။ [ဟိန္ဒီ၊စပါတီ]

ချရား/ချယား/န–ခရေပင်။ ~သီး/–သိုး/န–ဆေတီ၊ ပြာသာဒ်တို့တွင် ထီးအောက်ရှိ ချရားသီးပုံ အစိတ်အပိုင်း။ (ငှက်ပျောဖူးပုံ ရှိလျှင် ငှက်ပျောဖူးဟု ခေါ်သည်။)

ချလန်/ချလန်/န–ဘဏ်တွင် ကိစ္စတစ်စုံတစ်ခုအတွက် ငွေသွင်းပြီးကြောင်း ဖော်ပြထားသော အထောက်အထား စာရွက်။ [ဟိန္ဒီ၊စလာန်]

ချာ[1]၊န–[ကဗျာ] အလယ်။ ဗဟို။ အချာ။ ကြိ–လည်သည်။ ~ချာလည်/ချာဂျာလယ်/ကြိ–အကြိမ်များစွာ လည်သည်။ ချာလပတ်လည်သည်။ ~ရစ်/ဂျာယစ်/န–ဆံရစ်နှင့် ဆံထုံးကို ရိတ်လိုက်သော အခါ အကြားတွင် ရစ်ဝိုင်းပေါ်နေသော အရေးအကြောင်း။

ချာ[2]၊နဝိ–ညံ့ဖျင်းသော။ ~တူးလံ၊နဝိ–အလွန်ချာသော။

ချာတိတ်၊န– ငယ်ရွယ်သော ယောကျ်ားကလေးကို ကြီးသူက ခေါ်သောအမည်။

ချား၊န–၁၊ချာချာလည်သောအရာ။ ၂၊ချည်ရစ်သော ကိရိယာ။ ၃၊ကလေးများစီးကစားရန် မြင်းရုပ်စသည် တပ်ဆင်ထားသော လည်ပတ်နေသည့်အရာ။ ~ခုံ/ချားဂုန်/န–ချည်ရစ်ရသော ချား၏အောက်ခံခုံ။ ချစ်ခုံ။ ~ပုတ်၊ ကြိ–ရက်ကန်းရှယ်သောအခါ ချားကို လက်ဖြင့် ပုတ်၍လှည့်သည်။

ချိ၊ကြိ–၁ ၊မှုံပြားသည်။ ၂၊ခံနိုင်ရည်ရှိသည်။ ခံနိုင်စွမ်းသည်။ (ပဋိသေဓ 'မ' နှင့် တွဲသုံးလေ့ ရှိသည်။) ၃၊စိမ်ခန့်ခွဲသည်။

ချီ၊ကြိ–၁၊ပင့်သည်။ ကြွစေသည်။ ၂၊ မယူမွေ့မိုက်သည်။ ၃၊ကိုက်၍ ယူဆောင်သည်။ ၄၊ သွားသည်။ ချီတက်သည်။ "စစ် ~။" ၅၊ စတင်ပြုလုပ်သည်။ စည်း–၁၊ အစပြု၊ အခြေတည်သည့် သဘောကို ပြသော စကားလုံး။ "သိန်း ~ချမ်းသာ–။" ၂၊ဖွဲ့အကြိမ်ကို ရေတွက်ရာတွင် သုံးသော စကားလုံး။ ~ကောက် /ချီဂေါက်/န–တစ်ချီ၊ တစ်ခေါက်အတွက် ပေးရသော အဖိုးအခ။ ~တက်၊ ကြိ–၁၊စစ်ရေးစစ်ရာအတွက် စစ်သားများ ထွက်ခွာသည်။ ၂၊လိုရာသို့ ရောက်အောင် အများစုပေါင်း၍ သွားသည်။ ~တုံချတုံ/ချီဒုန် ချာဒုန်/ကြိဝိ–(စိတ်) မတင်မကျ(ဖြစ်သည်)။ သို့လောသို့လော (တွေးသည်)။ ဝေခွဲမရ(ဖြစ်သည်)။

ချီး[1]၊ကြိ–မြှောက်စားသည်။ ~ကျူး၊~မွမ်း၊ကြိ–ဂုဏ်ကျေးဇူးကို ထုတ်ဖော်ပြောဆိုသည်။ ~မွမ်းခြေကျောက်/ချီးမွန်းချေကျောက်/န–ချီးမွမ်းပန်းပြ၍ ကဲ့ရဲ့ပြစ်တင်ခြင်း။ ~မြှောက်၊ကြိ–ဂုဏ်မြှောက်အောင်လုပ်သည်။ မြှောက်စားသည်။ ~မြှင့်၊ကြိ–၁၊ ဂုဏ်မြင့်အောင် ပြုသည်။ ၂၊ ကူညီသည်။

ချီး[2]၊န–ပြာသာဒ်ဆိုင်ရာဗိသုကာ လက်ရာတစ်မျိုး။

ချူ[1]၊န– အတွင်းတွင် အဆန်လွတ် ထည့်ထားသော သတ္တုခြလောက် အလုံးငယ်။ ~ချာ/ချူဂျာ/ကြိ–မကြာခဏ ဖျားနာတတ်သည်။ ~နာသည်/ချူနာသယ်/န–အားနည်းချည့်နဲ့သူ၊ ချူချာသူ။ ~သံပါအောင်/ချူသန်ပါအောင်/ကြိဝိ–ကြားရသူ ငြီးငွေ့ဖွယ်ဖြစ်အောင် (ညည်းညူသည်)။

ချူ[2]၊ကြိ–၁၊ပန်း၊ သစ်သီး စသည်တို့ကို တံချူဖြင့် ဆွတ်ခူးသည်။ ၂၊တစ်စုံတစ်ရာဖြင့် ကျင်ကြီး

http://www.lknt11.com ...

ကျင်ငယ် စသည်ကို ထွက်လာအောင် လုပ်သည်။ ၃၊ရယူရန် ဖြားယောင်းသည်။

ချေ၁ / ချီ / န- ဟောက်တတ်သော ဒရယ်မျိုးဝင် သားကောင်။

ချေ၂/ စည်း-ကြိယာကို လေးနက်ပြေပြစ်စေသော စကားလုံး။

ချေ၃/ ချေ၊ချီ/ကြိ-နှာခေါင်းနှင့် ပါးစပ်မှ လေခါ လှုပ်မြည်ထွက်သည်။ ချေဆတ်သည်။ နှာချေသည်။

ချေ၄၊ကြိ-၁၊ပပျောက်စေသည်။ မကျစေသည်။ ၂၊ သူတစ်ပါး ပြောဆိုသည်ကို ကျေပျက်အောင် ပြန်လည်ဖြေကြားသည်။ ချေပသည်။ ၃၊ပစ္စည်း ဝယ်ရာတွင် တန်ဖိုးကို ပေးသည်။ ၄၊ချေမှုတ် အောင် လိမ်းသပ်သည်။ **~ကိန်း** / ချေကိန်း / န- မကောင်းသော ကံကြမ္မာကို ကျေပျက်စေရန် စီရင်ထားသော ဗေဒင်ကိန်း။ **~ချွတ်**၊ကြိ-အကျွတ် ဟရားရအောင် ဟောပြောသည်။ **~ငံ**၊ကြိ-အပြော အဆို ယဉ်ကျေးသိမ်မွေ့သည်။ ပြေပြစ် ပြည့်စုံသည်။ **~ဖျက်**၊ကြိ-ကျေပျက်စေသည်။ ပျောက်ကွယ် စေသည်။ **~မှုန်း**၊ကြိ-လုံးဝပျက်စီးအောင်လုပ်သည်။ **~လဲ**၊ကြိ-ပြန်လည်ချေပ ပြောဆိုသည်။ နှုတ် တုံ့ပြန်သည်။

ချေ၅၊န-[ပေါ]မှဲ့။

ချေး၁/ ချီး၊ကျီး/ န-၁၊[ရိုင်း] ကျင်ကြီး။ မစင်။ ၂၊ အညစ်အကြေး။ "ဆီ~။" **~ကုန်း**/ ချီးကုန်း/ ကြိ- [ရိုင်း] မစင်စွန့်ပြီးသောအခါ သုတ်သင်သည်။ **~ပါ** / ချီးပါ/ ကြိ-[ရိုင်း] ကျင်ကြီးစွန့်သည်။ နောက်ဖေးသွားသည်။ **~ပိုးထိုး** / ချီးပိုးဒိုး/ န- နွားချေးပုံ မြေဆွေးပုံတို့၌ ပေါက်ပွားသည့် အတောင်မာ အင်းဆက်ပိုးကောင် တစ်မျိုး။

ချေး၂/ ချေး၊ချီး/ကြိ-၁၊သူတစ်ပါးအား ငွေစသည်ကို ခေတ္တပေးသည်။ ၂၊သူတစ်ပါးထံမှ ငွေစသည်ကို ခေတ္တယူသည်။ ချေးငှားသည်။

ချေး၃၊န-အပင်မှ သစ်စေးထွက်၍ အသီးမှ မင်စေး ထွက်သော သစ်ပင်။

ချေးထူ/ ကျီးထူ/ကြိ-ကြေးထူ ရှ။

ချေးများ/ ကျီးများ/ကြိ-ကြေးများ ရှ။

ချဲ၊ကြိ-တစ်ခုနှင့်တစ်ခု ကျဲအောင်လုပ်သည်။

ချဲ့၊ကြိ-ကျယ်အောင်လုပ်သည်။ **~ထွင်**၊ကြိ-ရှိရင်းထက် ကျယ်ပြန့်အောင် လုပ်သည်။

ချဲ့ချဲ့/ ချဲ့ဂျဲ့/ကြိဝိ-[ပေါ]တုန်တုန်လှုပ်လှုပ်။

ချော၁၊နဝိ-၁၊သိညွတ်ပြေပြစ်သော။ ၂၊လှပပြေပြစ် သော။ ၃၊ချော်စေတတ်သော။ ကြိ-၁၊သိညွတ် ပြေပြစ်အောင် လုပ်သည်။ ၂၊အလုပ်ကိစ္စအောင်မြင် ပြီးမြောက်သည်။ ၃၊ကုန်သည်။ ဆုံးသည်။ "ဖဝိုင်း မှာ ပါသမျှ ငွေ~ရော။" **~ကျို**၊နဝိ-ကျိုချွဲသော။ **~တား**၊ **~ပစ်**၊ ကြိ-ကုန်းတိုက်သည်။ **~ဆီ**/ ချော့ဆီ/ န-ဘီး၊ ဝင်ရိုးတို့ကို ချောမွတ်စွာ လည်ပတ်စေရန် ယည့်ရသောဆီ။ **~တိုင်**/ ချောဒိုင်/ န-ပျော်ပွဲရွှင်ပွဲ တွင် တက်ရန် အဆီ သုတ်လိမ်းထားသော ပါးပိုး တိုင်။ **~မော**၊နဝိ-၁၊ အနှောင့်အယှက် အခက်အခဲ မရှိသော၊ ၂၊ လှပ ပြေပြစ်သော။ **~မွေ့**၊ နဝိ- ပြေပြစ် ချောမောသော။ **~မွေ့**၊နဝိ-နုနယ် ချောမော သော၊ **~မွတ်**၊နဝိ-ညက်ညောသော။

ချော၂၊န-၁၊ခရီးစခန်း တစ်ခုမှ တစ်ခုသို့ ခရီးသည်၊ ကုန်ပစ္စည်း စသည်တို့ကို အဆင့်ဆင့်ပို့ဆောင်ခြင်း။ ၂၊ချောစာ။ [ဟိန္ဒီ၊ဆေပ်] **~စာ**/ ချောဇာ/ န-ချောဖြင့် ပို့သောစာ။ စာတိုက်မှ ပို့သောစာ။ **~ဆွဲ**၊ ကြိ- ဝန်ထုပ်ဝန်ပိုးတို့ကို ပို့ဆောင်ပေးရန် လူ၊ လှည်း၊ မော်တော်ကား စသည်ကို ခေတ္တယူငင်သုံးသည်။ **~တောက်**၊ ကြိ- ခရီးစခန်း တစ်ခုမှ တစ်ခုသို့ အဆင့်ဆင့် ပို့ဆောင်သည်။ **~ထုပ်**/ ချောဒုတ်/ န-ချောဖြင့်ပို့သော ပစ္စည်းထုပ်။

ချောကလက်၊န-ကိုကိုးအမှုန့်ကို သကြား၊ နို့ စသည် တို့နှင့် ရော၍ အတုံးအခဲလုပ်ထားသော စားဖွယ်။ [လိပ်၊chocolate]

ချော့၊ကြိ-၁၊တစ်ဖက်သား စိတ်ပြေအောင် နှစ်သိမ့် သည်။ ၂၊မိမိအလိုသို့ ညွတ်ယိမ်းလိုက်ပါ လာစေရန် ဖြားယောင်းသည်။ **~မော့**၊ ကြိ- အသာအယာ ချော့သည်။

ချော်၊န-၁၊ငွေသတ္တု စသည်ကို ကျိုချက်ရာမှ ထွက်လာ သော အညစ်အကြေး။ ၂၊ စဉ့်ရည်ပြုလုပ်ရသော အခဲတစ်မျိုး။ ကြိ-၁၊ကိုင်၍ ကုပ်၍ မမြဲဘဲရှိသည်။ ၂၊လွဲသည်။ **~ တောငေါ်**၊ ကြိ-[အရပ်] လိုရာမှ ချော်ထွက်သွားသည်။ ဘလွဲသို့ ရောက်သည်။ **~ရည်**/ ချော်ယေ၊ချော်ယီ/ န-မီးတောင်မှ စီးထွက် သော အရည်၊

ချို၁/ ဂျို/ န- ကျွဲ၊ နွား၊ သမင်၊ ဒရယ် စသည်တို့၏ ဦးခေါင်း၌ ပေါက်သည့် မာသော အချွန်အတက်။ **~ကျိုးနားရွက်ပဲ့**/ ဂျိုကျိုးနယွက်ပဲ့/ န-[ဥပစာ] ယိုယွင်းနေသော၊ ညံ့ဖျင်းသော သက်ရှိ သက်မဲ့များ။ **~ကြွ**/ ဂျိုကျွ/ ကြိ- [ဥပစာ] မောက်မာ ဝါကြွား သည်။ လူတစ်ဖက်သားကို ရန်ရှာသည်။ ချိုထောင် သည်။ **~ခေါင်း**/ ဂျိုခေါင်း/ န-နွားသယ်အထက် ဖြစ်သော ခေါင်းအစိတ်အပိုင်း။ **~တည်လှူး** / ဂျိုတယ်လှူး/ န-တစ်ချောင်းထောင်၍ တစ်ချောင်း ကုပ်နေသောချိုအစုံရှိ နွား၊ ကျွဲ။ **~ပက်ကား** / ဂျိုပက်ကား/ န-ချိုနှစ်ချောင်း ဘေးကား၍ နောက် ကော့သော နွား၊ ကျွဲ။ **~သွေး**/ ဂျိုသွေး /ကြိ-

မာတိကာသို့ ▶▶▶

http://www.lknt11.com

၁၊နွားသည် မာန်ဖီ၍ ဦးချိုဖြင့် မြေစိုင်ကို ဇော့တိုက်သည်။ ၂၊[ဥပစာ] တစ်ဖက်သားကို ရန်ပြုရန် စိစဥ်ပြင်ဆင်သည်။

ချို²၊နဝိ-၁၊ထန်းလျက်၊ သကြားတို့၏ အရသာမျိုးရှိသော။ ၂၊ သာယာနာပျော်ဖွယ် ဖြစ်သော။ ၃၊ ကြည်လင်ရှင်ပျသော။ **~ချဉ်**၊ န- ချိုချိုချဉ်ချဉ် အရသာရှိသောသကြားခဲ။ **~ချဉ်ကြော်**/ ချိုချင်ကျော်/ န-သားငါး ပုစွန် စသည်ကို ချိုချဉ်သော အရသာရှိအောင် ကြော်ချက်ထားသောဟင်း။ **~မျှမျ**/ချိုပျှာဖျှာ/ န-အနည်းငယ်ချိုသော အရသာ။ ချိုမြမြ။ **~မိုင်မိုင်**၊န-နို့စို့အရွယ် ကလေးငယ်တို့ ရှင်မြူးစွာ လက်ကို ဆုပ်ချည်ဖြန့်ချည် ကဟန်ပြုရန် ဆိုပေးသောအသံ။ **~ရဲရဲ**၊န-မနှစ်သက်ဖွယ် ချိုသော အရသာ။ **~လိမ်**၊န-နို့လိမ်နှင့်အတူတူ။ **~သာ**¹၊ နဝိ-၁၊သာယာနာပျော်ဖွယ်ဖြစ်သော။ ၂၊ကြည်လင်ရှင်ပျသော။ **~အေး**၊ နဝိ-သာယာ နာပျော်ဖွယ်ရှိသော။

ချို³၊ကြိ-၁၊လျော့နည်းသည်။ "နေ ~-။ ကိုယ်ပူ ~-။ ဈေး ~-။" ၂၊[အရပ်]အစွမ်းကုန် မဟုတ်ဘဲ လျော့ထားသည်။ "ခြေကုန်မကစားဘဲ ~ ထားသော ဘောလုံးအသင်း။" **~သာ**²၊ နဝိ-ဈေးနှုန်းလျော့နည်းသက်သာသော။

ချို့၊ ကြိ- ပြည့်စုံခြင်းမရှိ။ **~ငဲ့**၊ **~တဲ့**၊ ကြိ- လိုနေသည်။ ချို့သည်။ **~ယွင်း**၊ ကြိ-ပကတိ အခြေအနေမှ ယုတ်လျော့ပျက်ယွင်းသည်။

ချိုး¹/ချိုး/န-တကူကူး ဟူ၍ ကူတတ်သော ခိုမျိုးဝင်ငှက်။ **~စိမ်း** /ဂျိုးဇိမ်း/န-အတောင်စိမ်းသော ချိုးတစ်မျိုး။ **~နီတို**/ချိုးနီတို/န-ကျွင်းပြင်တွင် အုပ်ဖွဲ့ နေလေ့ရှိ၍ ကျောနှင့်အတောင် အုတ်နီရောင်အသွေးရှိသော ချိုးငှက်။ ချိုးနီပု။ **~ပိန်တူး**/ဂျိုးပိန်တူး/န-တောနက်ရာတွင် နေလေ့ရှိသော ချိုးငှက်တစ်မျိုး။ **~မှုတ်**/ဂျိုးမှုတ်/ကြိ-ချိုးကူသံမျိုးဖြစ်အောင် လက်ခုပ်တွင်းသို့ လေမှုတ်သွင်းသည်။ **~လင်းပြာ**/ဂျိုးလင်းပျာ/န-ကိုယ်ရောင်မွဲပြာသော ချိုးငှက်တစ်မျိုး။ **~လည်ပြောက်**/ဂျိုးလယ်ပျောက်/န-လည်ကုပ်တွင် အပြောက်များရှိသော ချိုးငှက်တစ်မျိုး။ **~သိမ်း**/ဂျိုးသိန်း/န-ကိုယ်မွေး မွဲပြာ၍ ရင်အုံတွင် နီညိုရောင် အစင်းများရှိသော ငှက်ရဲတစ်မျိုး။

ချိုး²၊ န-မီးပေါ်တွင် အထားကြာ၍ အကျက်လွန်ကာ အိုးတွင်ကပ်နေသော ထမင်းဟင်း စသည်။ **~ကပ်**/ဂျိုးကတ်/ကြိ-၁၊မီးပေါ်တွင် အထားကြာသွား၍ ချက်သောအရာသည် အကျက်လွန်ကာ အိုးတွင်ကပ်တွယ်သည်။ ၂၊အဆီ၊ အနည်စသည်နှင့်မြဲစွာ စွဲကပ်နေသည်။

ချိုး³၊ကြိ-၁၊ကျိုးအောင်လုပ်သည်။ ကျိုးစေသည်။ ၂၊ အချင်အလွှာမျိုးကို ခေါက်သည်။ "စက္ကူကို ၃ချိုး ~ပါ။" ၃၊ကွေးအောင်ညွတ်အောင် လုပ်သည်။ ၄၊ နံဘေးဘက်သို့ ကွေ့သွားသည်၊ လှည့်သွားသည်။ ၅၊ရုတ်ခြည်းကဗျာဖွဲ့ဆိုသည်။ "စာ ~-။" ၆၊ပစ္စည်း တစ်စုံတစ်ရာကို အချိုးကျအောင် ပြုလုပ်သည်။ "မီးပုံပျံ ~-။" ၇၊(ဝံချိန်တစ်ခုခုကို) အောင်နိုင်သည်။ ၈၊ ဖဲဝေရန် ဖဲပုံကို ပိုင်းသည်။ ၉၊ မလိုလားဖွယ် ပုံစံမျိုးဖြင့် ပြောဆို ပြုမူသည်။ စည်း-ပိုင်းခြား ကန့်သတ်ထားသော အစုအဖို့ကို ရေတွက်ရာတွင် သုံးသောစကား။ **~ချိုးဖွဲ့ဖွဲ့**/ချိုးဂျိုးဖွဲ့ဗွဲ့/ကြိဝိ-(သူတစ်ပါးအား) နစ်နာအောင် နှိမ်လျက်(ပြောသည်)။ **~နှိမ်**၊ကြိ-၁၊အစွန်းအစ အလားအလာကို ဖျက်ဆီးပစ်သည်။ ၂၊(စိတ်ဆန္ဒကို) ဖိနှိပ်ထိန်းချုပ်သည်။ **~ဖျက်**၊ကြိ-ကျိုးစေပျက်စေသည်။ နှိမ်နင်း ဖျက်ဆီးသည်။

ချက်¹၊န-၁ ၊အလယ်။ ဗဟို။ ၂ ၊သတ္တဝါတို့၏ ဝမ်းဗိုက် အလယ် ချက်ကြိုးခြွေရာမှ ကျန်ရစ်သော နေရာ။ ၃၊ပုလင်းဖင်တွင် ခွက်ဝင်နေသော နေရာ။ ၄၊ ငှက်ပျောသီး၊ ဘူးသီး စသည်တို့တွင် အပွင့်ကြွေပြီး ကျန်ရစ်နေသော နေရာ။ /ဂျက်/ ၅၊ အဓိက ကျသော အရာ။ ၆၊ ကန့်လန့်။ တံခါးကျင်။ စည်း-၁၊ အကြောင်းအချက်ကို ရေတွက်ရာတွင် သုံးသော စကားလုံး။ ၂၊ ကြိယာကို နာမ်ပုဒ်ဖြစ်အောင်ဆက်သောစကားလုံး။ **~ကလိ** /ဂျက်ကလိ/ န-ချိုင်း။ **~ကောင်း**/ဂျက်ကောင်း/န-၁၊အရေးကြီးသောနေရာ။ အဓိကကျသော နေရာ။ "~ကို သေနတ်မှန်-။" ၂၊အခွင့်ကောင်း အခါကောင်း။ "အချင်းချင်း ကွဲနေသည်ကို ~ယူ-။" **~ကုံ**၊ ကြိဝိ-[ပေါ]အလုံးစုံ။ အကြွင်းမဲ့။ အကုန်အစင်။ **~ကျ**/ဂျက်ကျ/ကြိ-ထိထိမိမိရှိသည်။ **~ကျလက်ကျ**/-လက်ကျ/ကြိဝိ-အကျိုးသင့်အကြောင်းသင့် အချက်ကျကျ။ **~ကြိုး**၊န-အမိ ဝမ်းတွင်းရှိ ကလေး၏ ဝမ်းဗိုက်နှင့် အချင်းကို ဆက်သွယ်ထားသောကြိုး။ **~ကြွေ**၊န-မွေးဖွားရာအရပ်။ ဇာတိအရင်။ **~ ချာ**၊ ကြိ-သွက်လက် ဖျတ်လတ်သည်။ လိမ္မာရေးခြားရှိသည်။ **~စေ့လက်စေ့** /ဂျက်စိလက်စိ/ကြိဝိ-အချက်အလက် ပြည့်ပြည့်စုံစုံဖြင့်။ **~ပိုင်**/ဂျက်ပိုင်/ကြိ-ထိထိမိမိရှိသည်။ ပိုင်နိုင်သည်။ **~မ**၊န-အလယ်ဗဟို ဖြစ်သော အရပ်။ **~မြှုပ်**၊ န-၁၊မွေးဖွားရာအရပ်။ ၂၊ဇာတိသား။ **~ရှိ**၊ကြိဝိ-[ပေါ]များပြားပြည့်စုံစွာ။ **~သီလက်သီ** /ဂျက်သီလက်သီ/ကြိဝိ-အရေးကြီးသော အချက်အလက်

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

တို့ကို သေသေချာချာ သိလျက်။ **~သွန်**၊ကြိဝိ–[ရှေး] ပေါပေါများများ။ ရက်ရောစွာ။

ချက်၂၊န–ရိုက်ခတ်ရာမှ ထွက်သော မြည်သံ။ "~ဆိုနားခွက်က မီးတောက်။" စည်း–ရိုက်ပုတ် တီးခတ်သည့် အကြိမ်ကို ရေတွက်ရာတွင် သုံးသော စကားလုံး။ **~ချင်း**၊ကြိဝိ–မဆိုင်းမင့်။ **~တစ်ဖြုတ်**/ချက်တဖျုတ်/ကြိဝိ–ခဏချင်း။ ရုတ်တရက်။ **~လှည့်**/ဂျက်လှဲ့ဂန်/ကြိဝိ–တစ်လှည့်တစ်ပြန်စီ။

ချက်၃၊န–ဘဏ်တိုက်မှ ငွေထုတ်ယူခွင့် ရှိသော လက်မှတ်စာရွက်။ [လိပ်၊cheque]

ချက်၄၊ကြိ–၁၊ထမင်း၊ ဟင်း စသည်ကို မီး စသည်ဖြင့် ကျက်နပ်အောင် ပြုလုပ်သည်။ ကျက်စေသည်။ ၂၊သံ၊ သတ္တုရိုင်း စသည်ကို အရည်ကျို၍ စင်ကြယ်အောင် ပြုလုပ်သည်။ ၃၊ အရည်ကို ဖြစ်စေ၊ အတုံးအခဲအဖတ်ကို ဖြစ်စေ ပစ္စည်းတစ်ခုခု ဖြစ်အောင် မီးဖြင့် ပြုပြင်သည်။ "အရက် ~။ ဆေးပတ် ~။" **~ကျောက်**၊န–အမျက်ကျောက်နှင့်တူအောင် ပြုလုပ်ထားသော ကျောက်အတု။ **~ဆား**၊န–ရေငန် စသည်ကို ချက်၍ရသော ဆား။ **~အရက်**၊န–မီးတွင် ပေါင်းချက်၍ ပေါင်းခွေးမှ ရသော သေရည်။

ချက်၅၊ကြိ–တောက်ပသည်။ **~ချက်**၊ ကြိဝိ–တောက်ပစွာ။

ချောက်/ဂျောက်၊ချောက်/န–၁၊ တောင်၊ ကုန်းမြေ စသည်တို့ နှစ်ခုအကြားရှိ နိမ့်ရှိုင်းသော နေရာ။ ၂၊ ရေတိုက်စားသဖြင့် နိမ့်ရှိုင်းကျန်ရစ်သော နေရာ။ **~ကျ**/ဂျောက်ကျ/ကြိ–[ဥပစာ]ဒုက္ခရောက်သည်။ အခက်အခဲနှင့် တွေ့သည်။ **~ချ** /ဂျောက်ချ/ ကြိ– [ဥပစာ] သူတစ်ပါးကို ချောက်ကျအောင် လုပ်သည်။ ချောက်တွန်းသည်။ **~ပေါက်**/ဂျောက်ပေါက်/န–[ဥပစာ]ဒုက္ခဖြစ်မည့် ကိစ္စ။

ချောက်များ၊ကြိ–၁၊(စိတ်)တုန်လှုပ်သည်။ ၂၊နုံ့စပ်စွာ တတ်မြောက်သည်။

ချောက်ချီးချောက်ချက်၊ကြိဝိ–ဖြစ်ဖြစ်မြောက်မြောက် မဟုတ်ဘဲ။

ချင်၊စည်း–၁၊ပြုလို၊ ဖြစ်လိုသည့်သဘောကို ပြသော စကားလုံး။ ၂၊ဖြစ်ပျက်မည့် အရိပ်အယောင်ရှိသည့် သဘောကိုပြသော စကားလုံး။ "မိုး ~ သလိုဖြစ်နေပြီ။" **~ခြင်း**/ချင်ဂျင်း/န–ပြင်းပြစွာတောင့်တခြင်း။ **~ရဲမြေ**၊ကြိ–အာသာဆန္ဒပြေသည်။

ချင်ရွှေ၊န–၁၊ အသီးတောင့်မှ မာကျောပြောင်ချောသော အစေ့ငယ်များထွက်သည့် ချုံနွယ်ပင်တစ်မျိုး။ ၂၊ယင်းအစေ့နှင့် အလေးချိန် ညီမျှသော ချိန်ဝန်ငယ်။

ချင့်၊ကြိ–၁၊စေပါ၊ ဆန်စသည်ကို တင်းပြည် စသည်တွင် ထည့်၍ ပမာဏကို သိအောင်လုပ်သည်။ ၂၊ တွက်ဆသည်။ မှန်းဆသည်။ချင့်ချိန်သည်။ **~ချိန်**/ချင့်ဂျိန်/ကြိ–ကောင်း မကောင်း၊ သင့် မသင့် စသည်ကို တိုင်းဆဆင်ခြင်သည်။ **~ဝန်**၊န–တင်း၊ ပြည် စသည်တို့ဖြင့် တွက်ယူသော အတိုင်းအတာ မျိုး။

ချင်း၁၊နစ–သင်း။ သူ။ စည်း–၁၊ တစ်ခုစီ၊ တစ်ဦးစီ ဖြစ်ပျက်ခြင်း သဘောကို ပြသော စကားလုံး။ "တစ်ဦး ~ခေါ်ပါ။ စာတစ်ရွက် ~လှန်ပါ။" ၂၊ တစ်ပြိုင်နက်၊ တစ်ချက်တည်းဖြစ်သော သဘောကို ပြသော စကားလုံး။ "ရောက်လျှင် ရောက် ~။" ၃၊ တူညီလိုက်လျောသော အဖြစ်ကို ပြသော စကားလုံး။ "လူလူ ~စာနာပါ။"

ချင်း၂/ဂျင်း/န–အရသာ ပူစပ်သော အမြစ်တက်ရှိသည့် အပင်ငယ်တစ်မျိုး။

ချင်း၃၊ကြိ–ထိုးဖောက်သည်။ **~နင်း**၊ကြိ–ထိုးဖောက်ဝင်ရောက်သည်။

ချင်း၄၊န–တိဗက်မြန်မာအုပ်စုဝင် ဘာသာစကား တစ်မျိုးကိုပြောသော မြန်မာတိုင်းရင်းသား တစ်မျိုး။ (ချင်းပြည်နယ်နှင့် ရခိုင်တောင်ရိုး တစ်လျှောက်တွင် အများအားဖြင့် နေထိုင်သည်။)

ချင်းတ၊န–အဖြစ်အပျက်။ အကြောင်းအရာ။

ချင်းယား၊န–အမွေးပြောင်ချော၍ အညှာဆိုင်အရွက်ရှိ ချုံပင်ငယ်တစ်မျိုး။

ချောင်၁၊နဝိ–၁၊ကျဉ်းကျပ်ခြင်း၊တင်းကျပ်ခြင်း၊ပြည့်တင်းခြင်းမရှိသော။ ၂၊သက်သာလွယ်ကူသော။ ချောင်လည်သော။ "အနေ ~။ လုပ်ကိုင်ရသည်မှာ မ ~။" **~ချိ** /ချောင်ဂျိ/နဝိ–၁၊မတင်းကျပ်၊ မကျဉ်းမြောင်းသော။ ၂၊နေထိုင်စားသောက်ရေး၊ ငွေရေးကြေးရေး မကျပ်တည်းသော။ ချောင်လည်သော။

ချောင်၂/ဂျောင်/န–အတွင်းကျသော နေရာ။ လူသူအရောက်အပေါက် နည်းပါးသော နေရာ။ **~ကုပ်**/–ကုတ်/ကြိ–ချောင်ကျသော နေရာတွင် သိုသိပ်စွာနေသည်။ ပြင်ပသို့မထွက်ဘဲ သိုသိပ်စွာနေသည်။ **~ကျ**/–ကျ/နဝိ–အတွင်းဘက်ကျသော။ လူသူအရောက်အပေါက်နည်းသော။ **~နှိ** /–နှိ/ ကြိ–၁၊ချောင်ကျသော အရပ်တွင် မထင်မရှားနေသည်။ ၂၊အချောင်နှိုသည်။ **~ထိုး** /ဂျောင်ထိုး/ ကြိ– ဂရုမစိုက်ဘဲ ပစ်ထားသည်။ လျစ်လျူရှုထားသည်။

ချောင်း၁၊ န– မြစ်လောက်မကြီးသော ရေစီးကြောင်း။ **~ကော** /ချောင်းဂေါ/ န–မြေပို့သွားသောချောင်း။ **~ခေါင်း** /ချောင်းဂေါင်း/ န– ချောင်းအုပ်ဖျား လက်ထောက် အမှုထမ်း။ **~ခြောက်**၁/ချောင်းဂျောက်/န–ရေမရှိသောချောင်း။ **~စလုတ်**/ချောင်း

မာတိကာသို့ ▸▸▸

http://www.lknt11.com

ဇလုတ်/န-ရေစီးကျ၍ ဖြစ်သော ချိုင့်ကြီး။ ~စီး၊ ကြိ-[ဥပစာ](သွေး၊ မျက်ရည် စသည်) အဆက် မပြတ် များပြားစွာ စီးဆင်းသည်။ ~ပေါက်၊ကြိ-၁၊ချောင်းဖြစ်လာသည်။ ၂၊[ဥပစာ]သွားရလာရသည့် အကြိမ်များသည်။ ~ရိုး၊န-၁၊ချောင်း တစ်လျှောက်။ ၂၊ချောင်းတစ်လျှောက်တွင် တည်ရှိသော အရပ်ဒေသ။ ~ဦးတို/ချောင်းအူးဒို/န-ထုံးအိုင် နွံအိုင် အတွင်းသို့ စီးဝင်သော ချောင်းငယ်ကလေး။ ~အုပ်၊ န-သစ်တောကြီးပိုင်းရှိ သစ်ကွက်များနှင့် သစ်မှော လုပ်ငန်းတို့ကို ကြီးကြပ်ရသော အမှုထမ်း။

ချောင်း၂၊ ကြိ - ၁၊ ပုန်းအောင်း စောင့်ကြည့်သည်။ ချောင်းမြောင်းသည်။ ၂၊အခွင့်ကောင်းကို ရယူရန် တိတ်တဆိတ် စောင့်ဆိုင်းသည်။ ~မြောင်း၊ကြိ-[ပေါ] ချောင်းမြောင်းသည်။

ချောင်း၃၊န-၁၊ချောင်းဆိုးရောဂါ။ ၂၊ချောင်းဆိုးသကဲ့သို့သော အသံ။ ~ကတ်၊ ကြိ- ချောင်းဆိုးရာတွင် လည်ချောင်း ကတ်သည်။ ~ခြောက်၂ / ချောင်းချောက်/ န- သလိပ်ကောင်းစွာ မထွက်သော ချောင်းဆိုးနာ။ ~ဆိုး၊ ကြိ-အဆုတ်တွင်းမှ လေကန်ထွက်၍ အဟွတ်အဟွတ် ဟူသော အသံဖြစ်သည်။ ~ဆိုးသွေးပါ/ချောင်းဆိုးသွေးဗါ/န-ချောင်းဆိုးသောအခါ သွေးပါလာတတ်သော ရောဂါ။ အဆုတ်နာ။ ~ဟန့်၊ကြိ-အဟမ်း အဟမ်း ဟူသော အသံကို ပြုသည်။

ချောင်း၄၊န-အချောင်းနှင့်အတူတူ။ စည်း-၁၊အချောင်း အတုံးစသည်မျိုးကို ရေတွက်ရာ၌ သုံးသော စကားလုံး။ ၂၊[ဥပစာ]ဒြပ်မဲ့သဘောနှင့် ဖက်တွဲ သုံးသော စကားလုံး။ "အသက်တစ်~။" ~ရုံ၊န-မြင်း အထက်ခေါင်သွားနှစ်ချောင်း၏ ဝဲဘက် ယာဘက်၌ ပေါက်သော သွားနှစ်ချောင်း။

ချောင်းကြား/ချောင်းဂျား/န-သေးငယ်သော အပွင့်ဖြူ ပွင့်၍ အရွက်လုံ့သွားပုံရှိ ဆေးဖက်ဝင် ချုံနွယ်ပင် တစ်မျိုး။ (ပင်စည်တွင် အမွေးနုရှိသည်။)

ချိုင်၁၊ကြိ-၁၊သစ်ပင်၊ သစ်ကိုင်း စသည်တို့ကို ခုတ် ပိုင်းသည်။ ၂၊[ဥပစာ] အရယူသည်။

ချိုင်၂/ဂျိုင်/န-ချိုင့်ဝှမ်းသော နေရာအရပ်။ "ရွှေဝါ ~။"

ချိုင့်၊နဝိ-၁၊အတွင်းသို့ ခွက်ဝင်သော။ ၂၊တာရှည် ကြာမြင့်သော။ ၃၊ပြည့်စုံကြွယ်ဝသော။ "အခုတော့ အိမ်နှင့် ယာနှင့် ~ နေပြီ။" / ဂျိုင့် / န -၁၊ နိမ့်ဝှမ်းနက်ရှိုင်းသော အရပ်။ ၂၊ထမင်း၊ ဟင်း၊ ရေစသည်ထည့်ရသော ဆွဲကိုင်စရာပါသည့် ခွက် အဆင့်။ ၃၊ တောရိုင်းတိရစ္ဆာန်များကို ဖြစ်စေ၊ မင်းဒဏ်သင့်သူများကိုဖြစ်စေ သွင်းလှောင်ထားရာ နေရာ။ ~ခွက်/ဂျိုင့်ခွက်/န-မျက်နှာပြင် အနည်းငယ် နိမ့်၍ တွင်းသဖွယ်ဖြစ်နေသော နေရာ။ ~ဝှမ်း /ဂျိုင့်ဝှမ်း/ န- မြေမြင့်နှစ်ခု အကြားရှိ နက်ရှိုင်းသော အရပ်။

ချိုင်း /ဂျိုင်း/န-ပခုံးအောက် လက်မောင်းရင်းရှိ ချိုင့်ခွက်။ လက်ကတီး။ ချိုင်းကလီ။ ချိုင်းကြား။ ခုက်ကလီ။ ~ထောက်/ဂျိုင်းဒေါက်/န-ခြေမသန် သူတို့ လမ်းလျှောက်သောအခါ ချိုင်းကြားတွင် ထောက်၍ အသုံးပြုရသည့် တုတ်။

ချစ်၁၊ ကြိ-မေတ္တာရှိသည်။ ခင်သည်။ ~ကြည်ရေး၊န-တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ခင်မင်ရန် ကိစ္စ။ ~ကျွမ်းဝင်၊ကြိ-ခင်မင်ရင်းနှီးသည်။ ~ခင်၊ကြိ-နှစ်သက်မြတ်နိုးသည်။ မေတ္တာသက်ဝင်သည်။ ~စနိုး၊ကြိဝိ-ချစ်ခင်မြတ်နိုးစွာ။

ချစ်၂၊ကြိ-အပူရှိန်ကြီးသဖြင့် တူးသည်၊ ကျွမ်းသည်။ ~ချစ်တောက်၊ကြိဝိ-အပူရှိန်ပြင်းထန်စွာ။

ချစ်စုံ၊န-ချားစုံနှင့် အတူတူ။

ချစ်တီး၊ န-၁၊ မြန်မာပြည်သို့ လာရောက်၍ ငွေတိုး ချေးစားလေ့ရှိသော အိန္ဒိယတောင်ပိုင်းသား တစ်မျိုး။ ၂၊ [ဥပစာ] အလွန်ကပ်စေးနှဲသူ။ [တမိလ်၊ စေဋ္ဌိ]

ချဉ်၊နဝိ-ရှောက်သီး၊ သံပရာသီးတို့၏ အရသာမျိုး ရှိသော။ ကြိ- [ဥပစာ] မုန်းသည်။ ~ချဉ်တူးတူး၊ ကြိဝိ-ဆိုးချင်ဆိုးပါစေ၊ မည်သို့ပင်ဖြစ်စေ။ "~မူး ရင်ပြီးရော။" ~စူး၊ နဝိ-အလွန်ချဉ်သော။ ~စော်ကား /ချင်ဇော်ဂါး/ န- ၁၊ ရေတပ်မှုန့်၊ မန်ကျည်းမှည့်၊ ငံပြာရည် စသည်တို့ကို ရောထားသော အရည်။ ၂၊ အလွန်ချဉ်သော အသီးလုံးများ သီးသည့် အပင်တစ်မျိုး။ ~စုတ်၊ နဝိ-အလွန် ချဉ်သော။ ~ပေါင် /ချင်ဘောင်/န-အရွက်၊ အသီးကို ဟင်းချက်စားရ၍ လျှော်မျှင် ထုတ်လုပ်နိုင်သော အပင်တစ်မျိုး။ ~ပစ် /ချင်ဗျစ်/ န- အသီးတောင့် ရှည်များ သီးသော ပင်လတ်တစ်မျိုး။ ~ပြွတ် /ချင်ဗျွတ်/ န- အပင်တစ်မျိုး။ ~ဖတ်/ချင်ဖတ်/ န-၁၊ အချဉ် တည်ထားသော ဟင်းသီးဟင်းရွက်။ ၂၊ [ဥပစာ] လူအများ မနှစ်မြို့ခြင်းခံရသူ။ ~ဖြုန်ဖြုန် /ချင်ဖျုန်ဖျုန်/ န-အနည်းငယ် ချဉ်သော အရသာ။ ချဉ်ဖြုံးဖြုံး။ ~ယုတ်၊ န-အသားကို လေ၊ သေတ္တာ စသည် လုပ်ရသော တောသစ်ပင်ကြီး တစ်မျိုး။ ~ရည်ဟင်း /ချင်ယေဟင်း/ န-အရသာချဉ်အောင် ချက်ထားသော အရည်များသည့်ဟင်း။

ချဉ်း၊ကြိ-၁၊ အနီးသို့ ကပ်သည်၊ သွားသည်။ ၂၊ကျဉ်း အောင်လုပ်သည်။

ချည်၁၊န-ဝါ၊ ပိုးမျှင်စသည်ကို ကျစ်ထားသည့် အလွန် သေးငယ်သော ကြိုး။ အလွန်သေးငယ်သော အမျှင်။ ~ကျော်/ချီကျော်/န-ရက်ကန်းရက်ရာတွင် ရှိုးရှိုးရှိစဉ်

http://www.lknt11.com ...

မဟုတ်ဘဲ ကျော်နေသော အတိုင်ပင် သို့မဟုတ် အဖောက်ပင်။ **~ခင်**/ချိဂင်/န-ချည်ထိန်း ထည့်ထားသော ချည်မျှင်ကွင်း။ **~ ခင်စွပ်**/-ဇွတ်/န-ရေစပ်ကမ်းနားပေါ်င် ကျက်စားလေ့ရှိသော၊ နှုတ်သီးနှင့် ခြေတံရှည်၍ လည်တံဖြူသော ငှက်တစ်မျိုး။ **~ချ**၊ကြိ-ချည်ခင်ကို ချားတွင်စွပ်၍ တည်င်းလုံးသို့ ကူးပြောင်းရစ်သွင်းသည်။ **~ငင်**၊ **~ငင့်**၊ ကြိ-ဗိုင်းငင့်သည်။ **~စာ**/ချိဇာ/န-ချည်မျှင်များကို တောင့်တင်းခိုင်မာစေရန် တင်ရသော ကစီရည်၊ ကော်ရည် စသည်။ **~စာကျွေး** /ချိဇာကျွေး/ကြိ-ချည်ခင်ကို ကျစ်လျစ်သိပ်သည်း စေရန် ကစီရည် စသည်တွင် နှစ်သည်။ **~စာဖြီး** /ချိဇာဖီး/ကြိ-ချည်စာကျွေးပြီး ချည်ခင်များကို သိပ်သည်း ချောမွေ့လာအောင် ဆပ်သွားသီးဖြင့် ခြစ်ပေးသည်။ **~ထိန်း** /ချိဒိန်း/ န- ချည်ခင်တွင် ချည်မျှင် မရောထွေးအောင် ရှည်နှောင် ထားရသော ကြိုး။ **~ထွေး**/ချိဒွေး/ န-ရယ်ပြီးသော ရက်ကန်း ချည်ကို ရစ်ထားသော ချည်လုံး။ **~မျက်**၊န-ချည်ခင်တွင် ချည်ထိန်းကြိုးဖြင့် ပိုင်းကန့်ထားသော ချည်မျှင်စု။ **~ဝင်**၊န-ချည်ငင်ပြီး၍ ဝင်ရိုးမှ ချွတ်ထားသော ချည်လုံးကလေး။ **~ဝင်အုပေါက်** /ချိဝင်အုဖောက်/ န-ရှုပ်ထွေးနေသော ချည်ဝင်။ **~သွေး**၊ ကြိ-ချည်ဝင်ကို ချည်ခင်ဖြစ်အောင် လုပ်သည်။ ချည်သွတ်သည်။ /ချိသွေ့/န-ယင်းသို့ လုပ်သော ကိရိယာတစ်မျိုး။

ချည်[၂]၊ကြိ-ကြိုး၊ နွယ်စသည်ဖြင့် ရစ်ပတ်တုပ်နှောင်သည်။

ချည်[၃]၊စည်း-အလှည့်အလည်ဖြစ်သည့် သဘောကို ညွှန်ပြသော စကားလုံး။ "သွား ~ လာ ~။"

ချည်ချောင်း/ချိကျောင်း/န-အတိုအရှည်စဉ်ထားသော ဝါးများကို တွဲထားသည့် လေမှုတ်တူရိယာ၊ တွဲပလွေ။

ချည့်၊နဝိ-ခွန်အားချို့ငဲ့ နည်းပါးသော။ မကြံ့ခိုင်သော။ ချည့်နဲ့သော။ **~ချည့်ပါးပါး**/ချိဂျိပါးဗား/ကြိဝိ-ဝိန်ပါးချည့်နဲ့စွာ။

ချည်း၊စည်း-တစ်ဦးတည်း၊ တစ်မျိုးတည်း၊ အရောအနှော မရှိ၊ အထူးအခြားမဟုတ်သော အဖြစ်ကို ပြသည့် စကားလုံး။

ချိတ်ကြိ-၁၊ အချောင်းအတံတွင် ပစ္စည်းတစ်ခုခု ငြိတွယ်မြဲမြံနေသည်။ ၂၊ ယင်းသို့ ငြိတွယ်စေသည်။ ၃၊ ထိကပါး ရိကပါး သွယ်ဝိုက်ပြောဆိုသည်။ "ရယ်စရာလိုလိုနှင့် ~ လိုက်-။" /ဂျိတ်/ န-၁၊ အဖျားကောက်သည့် ချိတ်စရာအချောင်းအတံ။ ၂၊အင်္ကျီစသည် ချိတ်ရသော ကိရိယာ။ ၃၊တွယ်ချိတ်။ **~ကုန်တိုက်ကုန်**၊န-ချိန်ခွင်ဖြင့် ချိန်ကာ ရောင်းဝယ်ရသော ကုန်မျိုး။ **~ဆက်**/ဂျိတ်ဆက်/န-အဆက်အသွယ်။ အချိတ်အဆက်။

ချန်၊ကြိ-ကျန်စေသည်။ ကြွင်းစေသည်။

ချန်ပီယံ၊န-ပြိုင်ပွဲတွင် ဖြိုင်ဘက်အားလုံးထက် သာသူ၊ ဘဲခွန်စိုက်။ [လိပ်၊champion]

ချိန်၊ကြိ-၁၊ကတ္တား၊ ချိန်ခွင် စသည်တို့ဖြင့် ပစ္စည်းတစ်ခုခု၏ အလေးပမာဏကို သိရအောင်လုပ်သည်။ ချိန်တွယ်သည်။ ၂၊စဉ်းစားချင့်ချိန်သည်။ ၃၊ရည်မှန်းသည်။ ရွယ်သည်။ ချိန်ရွယ်သည်။ န-၁၊ပစ္စည်းတစ်ခု၏ အလေးကို သိရအောင် ချိန်ရသော ကိရိယာ၊ ၂၊နံရံ၊ ကိုင်စသည်တို့ အထက်နှင့်အောက် တည့်မတ်အောင် နှင်းယှဉ်ရသော ကြိုးများတွင် ခဲအလေး ကပ်ထားသည့် ကိရိယာ။ **~ကိုက်**၊ ကြိ-၁၊ရေချိန်၊ ချိန်သီးကြိုး စသည်ဖြင့် အလျားလိုက် ဒေါင်လိုက် ညီမညီ တိုင်းတာသည်။ ၂၊သင့်မြတ်အောင် ကြိုတင်ညှိနှိုင်းသည်။ ၃၊စာရင်းဇယား ကိန်းဂဏန်း စသည်မှန်မမှန် စစ်ဆေးကြည့်သည်။ **~ခွင်**/ချိန်ဂွင်/န-ဝတ္ထု ပစ္စည်းတို့၏ အလေးချိန်ကို ချိန်ရသော ခွက်နှစ်ခု တွဲလဲပ်သည့် ကိရိယာ။ **~ခွင်ပေါင်**/-ဖောင်/န-ချိန်ခွင်လက်၏ အလယ်၌ တည့်ရှိသော လက်ကိုင်ရာအပိုင်း။ **~ခွင်လက်** /-လက်/န-အစွန်း နှစ်ဖက် တွင် ချိန်ခွင်ခွက်အစုံကို ချိတ်ဆွဲထားရာ မောင်းတံ။ **~ခွင်လျှာ**/-ယှာ/ န-ချိန်ခွင်ပေါင် အတွင်း၌ရှိ၍ အလေးသာရာဘက်သို့ ထွက်ပြူပြသည့် လက်တံ။ **~စက်**၊ကြိ-ပစ္စည်းနှင့် အလေးကို ချိန်ခွင်ခွက် တစ်ဖက်စီတွင် ထည့်၍ တူမျှအောင် နှိုင်းယှဉ်သည်။ **~စဉ်းလဲ**၊န-အလေးချိန်ကို မှန်ကန်စွာ မပြနိုင်အောင် ပြုပြင်ထားသော ချိန်ခွင်။ **~ဆ**၊ ကြိ-၁၊ ပစ္စည်း၏ အလေးချိန်ကို မှန်းကြည့်သည်။ ၂၊စဉ်းစား ချင့်ချိန်သည်။ **~ထိုး**၊ကြိ-နှိုင်းဆဆင်ခြင် ကြည့်သည်။ **~ထုပ်**/ချိန်ဒုတ်/န-တိုင်၊ နံရံစသည် တည့်မတ်ရန် ချိန်ကိုက်ရသော ကြိုးတပ်ထားသည့် ခဲအလေး။ မှန်ထုပ်။ **~ဝန်**၊န-ချိန်ခွင်မျိုးဖြင့် ချိန်ယူရသော အတိုင်းအတာမျိုး။ **~သားကိုက်** /ချိန်သားကိုက်/ ကြိ-၁၊မှန်းချက်နှင့်အညီ ဖြစ်သည်။ ၂၊ချိန်ရွယ်ရာ၌ တည့်မတ်သည်။ **~သီး**/ချိန်သီး/န-၁၊ တိုင်ကပ် နာရီတွင် လက်ဝဲလက်ယာ လွှဲနေသော တွဲလဲကျ ခဲအလေး။ ၂၊တိုင်စသည် တည့်မတ်မှု ရှိမရှိ ချိန်ရသော ကိရိယာပါအလေး။ ၃၊ သေနတ်ပြောင်းဝနှင့် ပစ်မှတ်တို့၏ ဖြောင့်တန်းမှုကို ချိန်နိုင်ရန် ပြောင်းဝထိပ်တွင် ပြုလုပ်ထားသော အသီးအဖု။

မာတိကာသို့ ▶▶▶

ချိန်း၊ကြိ–ကိစ္စတစ်စုံတစ်ရာအတွက် အချိန်၊နေရာကို နှစ်ဦးနှစ်ဖက် ကြိုတင်သတ်မှတ်သည်။ ချိန်းချက်သည်။ ချိန်းဆိုသည်။

ချိန်းကြိုး/ချိန်းဂျိုး/န–ဘီးလည်အောင် ဆက်သွယ်ထားသော ကွင်းဆက်သံကြိုး။ [လိပ်၊ chain+မြန်၊ ကြိုး]

ချိန်း၊ကြိ–ပြင်းထန်စွာ မြည်ဟည်းသည်။

ချပ်၊ကြိ–၁၊အကြားအလပ်တွင် တစ်စုံတစ်ခုကို ထည့်သည်။ ကြားညှပ်သည်။ ၂၊မျက်နှာပြင် ဖိပြားသည်။ န–၁၊ သံနန်းကြိုး၊ သံကွင်း စသည်တို့ဖြင့် ပြုလုပ်ထားသော ရှေးခေတ် စစ်ဝတ်အင်္ကျီ။ ၂၊ ကုန်းမြင့်နှစ်ခုအကြား နိမ့်ဝှမ်းသောနေရာ၊ တောင်ကြားအရပ်။ /ဂျတ်/ ၃၊ ဘီးမှုတ်ရာတွင် စည်းနှင့် တွဲသုံးရသော သစ်သားပြားဝယ် အစုံ။ ၄၊ ရုပ်ရှင်ကားဆက်ရာတွင် အသံနှင့်ရုပ် ကိုက်ညီစေရန် လည်းကောင်း၊ ရိုက်ချက်အစန်းစဉ်ကို သိရှိနိုင်ရန် လည်းကောင်း အမှတ်အသားပြုထားသော သစ်သားပြားနှင့် မောင်းတံပါ ကိရိယာ။ စည်း–အပြား၊ အပျဉ် စသည်ကို ရေတွက်ရာတွင် သုံးသော စကားလုံး။ **~ခဲ** /ဂျတ်ခဲ/န–အချပ်လိုက် အပြားလိုက် ခဲနေသောအရာ။ **~ချပ်ရပ်ရပ်**၊ ကြိဝိ–မျက်နှာပြင် ဖိပြားလျက်။ **~ထူ** /ဂျတ်ထူ/ န–မာတောင့်သော စက္ကူအထူစား။ **~ပြား**/ဂျတ်ပျား/ န–မာတောင့် သော စက္ကူအထူစား။ ပြားချပ်သောအရာ။ **~ဘီး** /ဂျတ်ဖိန်း/န–ပျဉ်ချပ်ထူထူသုံးခုကို စပ်၍လုပ်သော ရှေးခေတ်လှည်းဘီး။ ('စပ်' နှင့် 'မ'လည်းရှ) **~မိန်ညို**၊ န–ချပ်အင်္ကျီ။ ချပ်ဝတ်တန်ဆာ။

ချိပ်၊န–ချိပ်ပိုးမှ ထွက်သည့် အစေးနီ။ [ဟိန္ဒီ၊ဆပ်] **~တံဆိပ်**/ချိတ်ဒဓိတ်/န–ချိပ်ပေါ်တွင် ခတ်နှိပ်ထားသော တံဆိပ်။ **~ပိုး**၊န–သစ်ပင်မှ သစ်ရည်ကို စုပ်ယူပြီး အနီရောင် အစေးထုတ်သော ပိုးကောင်။ **~ပိတ်**၊ကြိ–၁၊အရေးကြီးသော စာအိတ်၊ အထုပ် စသည်တို့ကို လုံခြုံစိတ်ချရအောင် ချိပ်ဖြင့်ပိတ်သည်။ ၂၊ အဆောက်အအုံ စသည်ကို အသုံးမပြုနိုင်ရန် ဥပဒေအရ ချိပ်ပိတ်၍ တားမြစ်သည်။ **~သင်ဖြူး** /ချိတ်သင်မျူး/န–ပရဆေးပင်တစ်မျိုး။ **~သတ်ပင်**၊ န–ချိပ်ပိုးကျရောက်သဖြင့် သေသွားသော သစ်ပင်။

ချုပ်၊ကြိ–၁၊မရွေ့မရှားနိုင်အောင် ပြုလုပ်ထားသည်။ ဖမ်းကိုင်သည်။ ၂၊ထောင်၊ အချုပ်ခန်း စသည်တွင် သွင်းလှောင်သည်။ ၃၊အပ်နှင့် ချည်မျှင် စသည်ဖြင့် ခိုင်မြဲအောင် ထိုးသီနှောင်ဖွဲ့သည်။ ၄၊ (ဆီး၊ ဝမ်း စသည်) မသွားနိုင်ဖြစ်သည်။ ၅၊ ဒေါသစိတ် စသည်ကို သိမ်းဆည်းသည်။ ထိန်းအုပ်သည်။ ၆၊ ဆေးရောဂါစသည်ကို နိုင်အောင်လုပ်သည်။ ၇၊လူစုလူဝေးစသည်ကို အကြီးအကဲမှူးသည်။ အုပ်စီးသည်။ ကြီးစိုးသည်။ ၈၊တိုအောင်၊ ကျဉ်းအောင်လုပ်သည်။ ချုံးသည်။ ၉၊ (ဖြစ်သည်၏ ဆန့်ကျင်ဘက်) ပျက်သည်။ ပျောက်ကွယ်သည်။ ၁၀၊ အဆုံးသို့ရောက်သည်။ **~ကိုင်**၊ကြိ–၁၊မရွေ့မရှားနိုင်အောင် ဖမ်းချုပ်သည်။ ၂၊စိုးမိုးခြယ်လှယ်သည်။ **~ချယ်**၊ကြိ–တစ်ဖက်သား၏ အခွင့်အရေး၊ လွတ်လပ်မှုစသည်ကို ဟန့်တားပိတ်ပင်သည်။ **~ဆေး**၊န–ဆေးအရောင် နိုင်အောင် လုပ်သောဆေး။ **~ဆို**၊ကြိ–သဘောတူညီချက်ကို ခိုင်မြဲရန် စာဖြင့် ရေးသား အသိအမှတ်ပြုသည်။ **~တည်း**၊ ကြိ–ကိုယ်၊ နှုတ်၊ နှလုံးကို သိမ်းဆည်းစောင့်ထိန်းသည်။ **~တိုင်း**၊ကြိ–ပိတ်ဆို့အုံ့မှိုင်းသည်။ **~ရိုး**၊န–အဝတ်၊ အသား စသည် ချုပ်စပ်ရာ အရေးအကြောင်း။

ချမ်း၊နဝိ–အေးသော။ အေးသော အတွေ့ကို ခံစားရသော။ **~ချမ်းစီးစီး** /ချန်ဂျန်းစီးဇီး/ န– အလွန်အေးသော ရာသီဥတု အခြေအနေ။ **~မြ**၊**~မြေ့**၊ နဝိ–အေးချမ်းသာယာသော။ **~သာ** /ချမ်းသာ/ နဝိ–၁၊ကိုယ်၊ စိတ်ဆင်းရဲခြင်း ကင်းသော။ အနှောင့်အယှက် ကင်းသော။ ၂၊ပစ္စည်းဥစ္စာ ပေါများကြွယ်ဝသော။ **~သာပေး**/–ပေး/ကြိ–အပြစ်ဒဏ်၊ အသက်ဘေး စသည်တို့မှ ကင်းလွတ် စေသည်။

ချိမ့်၊စည်း–အနာဂတ်ကာလကို ပြခြင်းဖြင့် ကြိယာကို ထောက်ပံ့သော စကားလုံး။ ချေအံ့။

ချုံ၊န–အကိုင်း၊ အခက်၊ အရွက်၊ အနွယ်တို့ ထွေးယှက်ပေါက်ရောက်နေသော အပင်စု။ **~ခိုတိုက်**၊ ကြိ–ရန်သူကို လမ်းမှ ပုန်းစောင့်၍ တိုက်ခိုက်သည်။ **~တိုးကျိုင်း**၊န–ရေစပ်ချုံများ၌ ကျက်စားလေ့ရှိသော ကိုယ်ရောင်မွဲသည့် ကျိုင်း။ **~ပုတ်**/ချုံဗုတ်/န–ငယ်သောချုံ။

ချုံ့၊ကြိ–တိုအောင် ကျဉ်းအောင်လုပ်သည်။ကျုံ့စေသည်။

ချုံး၊ကြိ–ချုံ့သည်။ နဝိ–ပိန်ကြုံသော။ **~ကျ**၊ကြိ–အလွန်ပိန်သွားသည်။ **~ချုံးကျ**/ချုန်းဂျုန်းကျ/ ကြိ–အလုံးစုံ လျော့ပါးဆုတ်ယုတ်သည်။ **~ပွဲချ** /ချုန်းဗွဲချ/ကြိဝိ–ရှိုက်ကြီးတငင်(ငိုသည်)။

ချယ်ဂါရီ/ချယ်ဂါရီ၊ချယ်ဂါလီ/န–ကုန်ပစ္စည်း သယ်ဆောင်ရာတွင် သုံးသော လက်တွန်းလှည်း။ [ဟိန္ဒီ၊ ချယ်ဂါရီ]

ချယ်ရီ/ချယ်ရီ/န–အေးသောဒေသတွင် ပေါက်၍ ပန်းရောင်အပွင့်များ ပင်လုံးကျွတ်ပွင့်သော ပင်လတ်တစ်မျိုး။ [လိပ်၊cherry]

ခြံ[၁]၊ န– တာအုပ်၊ အဝတ်၊ သစ်သား စသည်တို့ကို ကိုက်ဖျက်တတ်သော၊ မြေကို အုံဖွဲ့၍နေသော

မာတိကာသို့ ▶▶▶

အင်းဆက်ပိုးကောင်။ ခြပုန်း။ **~တက်**။ကြိ–ဗတ္တူ၊ သစ်သား စသည်ကို ခြသတ္တဝါ ကိုက်ဖြတ် ဖျက်ဆီးသည်။ **~သံ**/ချာ့သန်/န–ခြတောင်ပို့မြေမှ ရသော သံသတ္တု။

ခြွ၊ကြိ–[ပေါ]ကွဲအက်သည်။

ခြွာ၊ကြိ–တစ်ဆက်တည်းမဟုတ် အကြားလပ်သည်။ "သားသမီး ~–။"

ခြား၊ကြိ–၁၊ပိုင်းကန့်သည်။ တသီးတသန့် ဖြစ်စေသည်။ ၂၊ကွဲပြားသည်။ တစ်မျိုးတစ်ဖုံ ဖြစ်သည်။ **~နား**၊ကြိ–၁၊ကွဲပြားသည်။ ခြားသည်။ ၂၊ပုန်ကန်သည်။

ခြူး၊န–၁၊လည်ဆံမွေး ဖားဖားကျနေသည့် ခြသေ့နှင့်တူသော အရုပ်။ ခြူးဘူ။ ၂၊ခြူးရုပ် ခေါ်နှိပ်ထားသော ပိုက်ဆံ။ တန်ဖိုးအနည်းဆုံး အသပြာ။ ၃၊ကနုတ်ပန်း။ ခြူးပန်းခြူးနွယ်။ [တရုတ်၊shi]

ခြေ[၁]၊ကြိ–ကြေစေသည်။ **~မွ**၊ကြိ–အပိုင်းပိုင်း အစစ ဖြစ်အောင်၊ ကြေအောင် ခြေသည်။

ခြေ[၂]/ချေ၊ချီ/န–ခန္ဓာကိုယ် ပေါင်ရင်းမှ ခြေဖဝါးအထိ အစိတ်အပိုင်း။ ပည်း– များသောအရေအတွက်ကို ပြသော စကားလုံး။ "အိမ် ~။ လူ ~။" **~ကုန်** /–ကုန်/ကြိ–သွားနိုင် ပြေးနိုင်စွမ်း ကုန်ခန်းသည်။ **~ကုန်သုတ်** /ချေ(ချီ)ဂုန်သုတ်/ကြိ–၁၊ အမြန်ဆုံး သွားသည်။ ၂၊ [ဥပစာ] အမြန်ဆုံး ပြီးမြောက်အောင် အားထုတ်သည်။ **~ကုပ်** /ချေ(ချီ)ဂုတ်/ န–ဘတ်ဆင့်လှမ်းရန် အခိုင်အမာယူထားသော နေရာ။ **~ကျ** /ချေ(ချီ)ကျာ့/ ကြိ– ဘောလုံးကစားရာ အပြေးပြိုင်ရာ စသည်တို့တွင် ယခင်ကကဲ့သို့ ကောင်းစွာ မကစားနိုင် မပြေးနိုင် ဖြစ်သည်။ **~ကျင်**/ချေ(ချီ)ဂျင် /ကြိဝိ–ယာဉ်ကို အသုံးမပြုဘဲ ခြေဖြင့်သာလျှင် (သွားသည်)။ **~ကြွ** /ချေ(ချီ)ဂျွာ့/ န– ပင့်ခေါ်ရာသို့ လိုက်ပါလာသည့် အတွက် ဆရာဝန်၊ ဆေးဆရာ စသူတို့အား လူနာရှင်က ပေးရသည့် အခကြေးငွေ။ **~ခလယ်** /ချေ(ချီ) ခလယ်/န– ခြေချောင်း ငါးချောင်းတွင် အလယ် ခြေချောင်း။ **~ခင်းလက်ခင်းသာ** /ချေ(ချီ) ဂင်းလက်ခင်းသာ/ ကြိ–သွားလာရန် ရာသီဥတု သာယာသည်။ **~ခုံ**/ချေ(ချီ)ဂုန်/န–ခြေဖမိုး။ **~ချော်လက်ချော်** /ချေ(ချီ)ဂျော်လက်ချော်/ ကြိဝိ–အမှတ်မဲ့ မှားယွင်းချွတ်ချော်လျက်။ **~ချင်း**/ချေ(ချီ) ဂျင်း/န– ခြေမျက်စိအထက်တွင် ဝတ်ရသော အကွင်းအဆင်တန်ဆာ။ **~ချင်းလိမ်**/ ချေ(ချီ) ဂျင်းလိမ်/ ကြိ– [ဥပစာ]ကိစ္စ တစ်စုံတစ်ခုအတွက် ရှုပ်ယှက်ခတ်အောင် လှုပ်ရှားသွားလာသည်။ **~ချင်းဝတ်**/ချေ(ချီ)ဂျင်းဝတ်/န–ခြေမျက်စိ အထက်နားရှိ အစိတ်အပိုင်း။ **~ချုပ်မိ** /ချေ(ချီ) ဂျုတ်မိ/ ကြိ–၁၊ သတ်မှတ်ပေးထားသော နေရာ အတွင်းမှသာ သွားလာ လှုပ်ရှားခွင့် ရှိသည်။ ၂၊[ဥပစာ] တစ်နေရာရာမှ ထွက်ခွင့်မရဘဲ ရှိသည်။ **~ခြောက်မြစ်မြစ်** /ချေဂျေမျစ်မျစ်/ကြိဝိ–အခြေခံကျကျ။ ခိုင်ခိုင်လုံလုံ။ **~ခွင်ရိုက်**/ချေ(ချီ)ဂွင်ယိုက်/ကြိ–ခြေကိုခွင်၍ ခြေအတွင်းဘက်ဖြင့် ခြင်းကို ခတ်ကစားသည်။ **~စလက်စ**/ချေ(ချီ)ဇာ့လက်စာ့/ န–အစွမ်းအစ၊ အရည်အချင်း။ **~စောင့်လက်စောင့်** /ချေ(ချီ) ဇောင့်လက်စောင့်/ န–လိုအပ်သောအခါ ရနိုင်အောင် အသင့်ဆောင်ထားသောအရာ။ **~စစ်ပွဲ** /ချေ(ချီ)ဇစ်ပွဲ/န–(ဘောလုံးကစားခြင်း၌) အသင်းလိုက် စွမ်းရည်ကို စမ်းသပ်စစ်ဆေးသည့်ပွဲ။ **~စမ်းပွဲ** /ချေ(ချီ)ဇန်းပွဲ/န– (ဘောလုံး ကစားခြင်း၌) တစ်သင်းနှင့်တစ်သင်း စွမ်းရည်ကိုသိရန် အစမ်း ကစားသောပွဲ။ **~စုံပစ်ဝင်** /ချေ(ချီ)ဇုန်ပျစ်ဝင်/ ကြိ [ဥပစာ]လုံးလုံးလျားလျား ဝင်ရောက်သည်။ "နိုင်ငံရေးလောကသို့ ~–။" **~စွယ်ငုတ်** /ချေ(ချီ) ဇွယ်ငုတ် / ကြိ–ခြေသည်း ဒဏ်အားစွန်းအသားထဲသို့ ဖူးပင်သည်။ **~ဆော့လက်ဆော့** /ချေ(ချီ)ဇော့လက်ဆော့/ ကြိဝိ–အလွယ်တကူဖြစ်လျှင် ခိုးယူဟပ်လျက်။ **~ဆံလက်ဆံ**/ချေ(ချီ)ဇန် လက်ဆန်/ န–ခြေချောင်းလက်ချောင်း။ **~ဆင်း** /ချေ(ချီ)ဆင်း/ ကြိ– ထိုင်၍ ခြေထောက်ကို ဆန့်တန်းသည်။ /ချေဇင်း၊ ချီဇင်း/န–[ဂီတ] သီချင်းအစတွင် နိဒါန်းချီသည့် သဘောဖြင့် သီဆိုတီးမှုတ်သော အပိုဒ်။ **~ဆင်းလဲလှ**၊ ကြိဝိ– ခြေဆင်းလျက် အေးအေးလူလူ။ **~ဆုပ်လက်နယ်**/ချေ(ချီ)ဇုတ်လက်နယ်/ ကြိဝိ–လူကြီးမိဘ စသည်၏ ခြေလက်တို့ကို ဆုပ်နယ်ကာ ယုယုယယ ပြုစုလျက်။ **~ဆုံးခေါင်းဆုံး**/ချေ(ချီ)ဇုန်းဂေါင်းဇုန်း/ ကြိဝိ–တစ်ကိုယ်လုံးအနှံ့။ **~ညောင်းလက်ဆန့်**/ချေ(ချီ) ညောင်းလက်ဆန့်/ ကြိဝိ– အညောင်းအညာ ပြေစေရန် ခြေလက်တို့ကို လှုပ်ရှားလျက်။ **~ညှိုး** /ချေ(ချီ)ညှိုး/န– ခြေမနှင့် အနီးဆုံးဖြစ်သော ခြေချောင်း။ **~တို** /ချေ(ချီ)တို/ ကြိ– [ဥပစာ] သွားလာရသည့် အကြိမ်များသည်။ **~တစ်ပေါင်ကျိုး**/ချေ(ချီ)ဒဖောင်ဂျိုး/ကြိဝိ–ခြေတစ်ချောင်းကို ခေါက်၍ အခြား ခြေတစ်ချောင်းဖြင့် ထောက်ကာ။ **~ထိုး**/ချေ(ချီ)ထိုး/ကြိ–၁၊ သူတစ်ပါးခြေလှမ်း သွားခိုက် လဲအောင် ခြေဖြင့်ထိုးခံသည်။ ၂၊[ဥပစာ] သူတစ်ပါး၏ အကြံအစည်၊ အလုပ်အကိုင်ပျက်စီးရာ ပျက်စီးကြောင်း ကြံစည် ပြုလုပ်သည်။ /ချေ(ချီ)ဒိုး/ န–ခြေကို ရှေ့သို့ ထိုးလျက် ကပုံကနည်း တစ်မျိုး။

http://www.lknt11.com

~ထောက် /ချေ(ချိ)ဒေါက်/ န- ၁၊ ပေါင်ရင်းမှ ခြေဖဝါး အထိ အစိတ်အပိုင်း။ ၂၊ပင်မကိုယ်ထည်ကို ခုခံထောက်ပင့်ထားသော အချောင်းအတံ။ "စားပွဲ ~။" **~နင်း** /ချေ(ချိ)နင်း/ န-၁၊ မင်းမြောက် တန်ဆာငါးပါး အပါအဝင်ဖြစ်သော ဖိနပ်။ ၂၊ နောက်ပိတ် ဖိနပ်။ ၃၊အပ်ချုပ်စက်၊ စက်ဘီး၊ ရက်ကန်းစင် စသည်တို့တွင် ခြေဖြင့် နင်းရသော အစိတ်အပိုင်း။ **~နင်းဖတ်**/ချေ(ချိ)နင်းဖတ်၊/ န- ၁၊လူအများ သွားလာရာတွင် ခြေဖဝါးအောက်ရှိ အရာဝတ္ထု သို့မဟုတ် နေရာ။ ၂၊[ဥပစာ] အလွန် အောက်ကျသော ဘဝ။ **~နိုင်လက်နိုင်**/ချေ(ချိ) နိုင်လက်နိုင်/ကြိဝိ-ဝန်နှင့်အား မျှတစွာ။ ပြုလုပ် ဆောင်ရွက်နိုင်သလောက်။ **~ပေါ်**/ချေ(ချိ)ပေါ်/ ကြိ-ဘောလုံးကန်ရာ၊ အပြေးပြိုင်ရာတွင် အရည် အချင်း ရှိသလောက် ပေါ်လွင်သည်။ **~ပစ် လက်ပစ်**/ချေ(ချိ)ဗျစ်လက်ပျစ်/ ကြိဝိ-ကိုယ်လက် အင်္ဂါတို့ကို မသယ်ချင် မ မချင်လောက်အောင် ဖြစ်လျက်။ **~ပုန်းခုတ်** /ချေ(ချိ)ဗုန်းခုတ်/ ကြိ- [ဥပစာ]အကြံအစည်၊ အလုပ်အကိုင် အထ မြောက်ရန် တိတ်တဆိတ် လုပ်ကိုင်သည်။ **~ဖွား** /ချေ(ချိ)ဖွား၊/ န-ခြေချောင်းငါးချောင်း အပြင် အပို ပါရှိသော ခြေချောင်း။ **~ဖွတ်တိုင်လည်**/ချေ(ချိ) ဖွတ်တိုင်လယ်/ ကြိ-ထိနိုက်မိ၍ ခြေမျက်စိ အတွင်း ဘက်ရှိ ခြေထောက်ရိုး အနေအထား ပျက်သည်။ **~ဖျားထောက်**/ချေ(ချိ)ဖျားထောက်/ ကြိ-၁၊ ဖနောင့်ကိုကြွ၍ ခြေဖျားဖြင့်ရပ်သည်။ ၂၊[ဥပစာ] မောက်မာဝင့်ကြွားသည်။ စိတ်ကြီး ဝင်သည်။ **~မ** /ချေ(ချိ)မာ့/ န-ခြေချောင်း ငါးချောင်းတွင် အကြီးဆုံးခြေချောင်း။ **~ မကိုင်မိ လက်မကိုင်မိ** /ချေ(ချိ)မကိုင်မိလက်မကိုင်မိ/ ကြိဝိ- စိတ်လှုပ်ရှား လွန်းသဖြင့် ဘာကိုလုပ်ရမှန်းမသိ ဖြစ်လျက်။ **~များ**/ချေ(ချိ)များ/ကြိ-[ဥပစာ]အကြံအစည်ဖြင့် သွားလာလှုပ်ရှားမှု များသည်။ **~မျက်စိ**/ချေ(ချိ) မျက်စိ/ န-ခြေချင်းဝတ်၏ တစ်ဖက်တစ်ချက်တွင် ရှိသော အဖုနှစ်ခု။ **~မြန်တော်**/ချေ(ချိ)မုန်ဒေါ်/ န-အရေး တကြီးကိစ္စများအတွက် စေခိုင်းရသော ခရီးသွား မြန်သည့် မင်းမှုထမ်း။ **~မြန်တပ်** /ချေ(ချိ)မုန်တတ်/ န-ရန်သူရှိရာသို့ အလျင်အမြန် ချီတက် တိုက်ခိုက်ရသော ခြေလျင်တပ်။ **~မြန် လက်မြန်** /ချေ(ချိ)မျန်လက်မျန်/ ကြိဝိ-လျင်မြန် သွက်လက်စွာ။ **~မွေးမီးမလောင် လက်မွေး မီးမလောင်** /ချေ(ချိ)မွေးမီးမလောင် လက်မွေး မီးမလောင်/ ကြိဝိ-အိမ်မှုကိစ္စကို ဘာမျှမလုပ်ရဘဲ သက်သက်သာသာ။ **~ရာ** /ချေ(ချိ)ယာ/ န-ထင် ကျန်ရစ်သော ခြေဖဝါး၏ ပုံသဏ္ဌာန်။ **~ရာ ကောက်** /ချေ(ချိ)ယာကောက်/ ကြိ- ခြေရာ ခံ သည်။ **~ရာခံ** /ချေ(ချိ)ယာခန်/ ကြိ-၁၊ ခြေရာ ကို အစဉ်တစိုက်ကြည့်၍ ခြေရာရှင်ရှိရာသို့ လိုက် သည်။ ၂၊[ဥပစာ] အကြောင်းအချက်များကို အစဉ် တစိုက် လေ့လာ၍ အဖြစ်မှန်ကို သိရအောင် လုပ် သည်။ **~ရာတိုင်း**/ချေ(ချိ)ယာတိုင်း/ ကြိ- [ဥပစာ] အန်တုသည်။ **~ရာနင်း** /ချေ(ချိ)ယာနင်း/ ကြိ- [ဥပစာ] ရှေ့သွားလူ၏ လုပ်ပုံကိုင်ပုံကို လိုက် ၍ လုပ်ကိုင်သည်။ **~ရာဖျောက်**/ချေ(ချိ)ယာဖျောက်/ ကြိ-၁၊ခြေရာခံ၍ မရအောင်လုပ်သည်။ ၂၊ရှာမတွေ့ အောင် ရှောင်နေသည်။ **~ရာလက်ရာ**/ချေ(ချိ)ယာ လက်ယာ/ န- ၁၊ ဘစ်စုံတစ်ဦး၏ လုပ်ကိုင် ဆောင်ရွက်သွားမှု အစအန။ ၂၊ရှေ့လူတစ်ဦး တစ်ယောက်၏ လုပ်ကိုင်သွားသော အလုပ်အကိုင်။ **~ရင်း** /ချေ(ချိ)ယင်း/ န-၁၊သဏ္ဌာဝါတို့၏ ခြေတည် ရှိရာအရပ်။ ခေါင်းရင်း၏ ဆန့်ကျင်ဘက်အရပ်။ ၂၊သက်မဲ့အရာ တို့၏ အခြေအမြစ်တည်ရှိရာအရပ်။ "တောင် ~။ သစ်ပင် ~။" **~ရှည်**/ချိယေ့/ ကြိ- အသွားအလာ များသည်။ **~ရှုပ်**/ချေ(ချိ)ယှုတ်/ ကြိ-၁၊သွားလာမှုတွင် အနှောင့်အယှက်ဖြစ်သည်။ "ကလေးကို ခေါ်မသွားပါနှင့်၊ ~လှုသည်။" ၂၊ပြဿနာ ဖြစ်အောင် စွက်ဖက်နှောင့်ယှက်သည်။ **~လျင်**/ ချေလယင်/ န-ခရီး အသွားလျင်မြန်သော မင်းမှုထမ်း။ ကြိဝိ- ခြေကျင် နှင့်အတူတူ။ **~လျင်တပ်**/ချေ(ချိ)လယင်တတ်/ န-ခြေလျင် ချီတက်တိုက်ခိုက်သော စစ်တပ်။ **~လွန်လက်လွန်**/ ချေ(ချိ)လွန်လက်လွန်/ ကြိဝိ-၁၊ သူတစ်ပါး ပျက်စီးဆုံးရှုံး သွားအောင် အလွန်အကျွံ (ပြုမိသည်)။ ၂၊(တစ်ဦးနှင့်တစ်ဦး)ကျူးကျူးလွန်လွန် (ဖြစ်သည်)။ **~လှမ်း** /ချေ(ချိ)လှန်း/ န-[ဥပစာ] ကြံစည် လုပ်ကိုင်ပုံ။ **~လှမ်းကျဲ** /ချေ(ချိ)လှန်းကျဲ/ ကြိ- [ဥပစာ] ကြံစည်လုပ်ကိုင်ပုံ ကျယ်ပြန့်လာသည်။ **~လှမ်းပျက်**/ချေ(ချိ)လှန်းပျက်/ကြိ-[ဥပစာ] အပြု အမူခါကိုင်းနှင့် မကူပြောင်းလဲ ဖောက်ပြန်သည်။ **~လှမ်းပြင်**/ချေ(ချိ)လှန်းပျင်/ ကြိ-[ဥပစာ] ကိစ္စ တစ်စုံတစ်ရာကို စတင်ဆောင်ရွက်ရန် စီစဉ်သည်။ **~လှမ်းမှား** /ချေ(ချိ)လှန်းမှား/ ကြိ-[ဥပစာ] လုပ်ကိုင်ပုံ ချွတ်ယွင်းတိမ်းစောင်းသည်။ **~သဖွတ် လိုက်**/ချေ(ချိ)သဖွတ်လိုက်/ ကြိ- ဖိကြိတ် နင်းမိ သော ဒဏ်ရာကြောင့် ခြေဖဝါးတွင် အတွင်းသား ကြေ၍ အနာဖြစ်သည်။ **~သလုံး**/ချေ(ချိ)သလုန်း/ န-ဒူးဆစ်၏အောက် ခြေမျက်စိ၏ အထက်ဖြစ် သော ခြေထောက် အစိတ်အပိုင်း။ **~သလုံးအိမ်တိုင်**

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

/–အိန်ခိုင်/န–နေရပ်၊ နေအိမ် အတည်တကျမရှိ လှည့်ပတ်သွားလာနေသောသူ။ ~သာ/ချေ(ချီ) သာ/ ကြိ–အမြေးပြိုင်ပွဲ၊ ဘောလုံးပွဲ စသည်တွင် စွမ်းရည်ပိုသည်။ ~သူကြွယ်/ချေ(ချီ)သုဂွယ်/န– ခြေသန်းနှင့် ခြေခလယ်အကြားရှိ ခြေချောင်း။ ~သည်လက်သည်/ချေသိုလက်သီ/ န – သာရေး နာရေးကိစ္စ စသည်တို့တွင် အဘွင်းကျကျ စီမံ ဆောင်ရွက်သူ။ ခြေသည်းလက်သည်း။ ~သည် သူရဲ/ချေသီသယဲ/န–ခြေလျင်သွား၍ စစ်တိုက်သော စစ်သား။ ~သည်း/ချေ(ချီ)သဲ/န–ခြေချောင်းတို့၏ အဖျား၌ရှိသော အနှံမာ။ ~သုတ်ဖုံ/ချေ(ချီ) သူတ်ဖုန်/န–အုန်းဆံ စသည်ဖြင့် ပြုလုပ်ထားသော ခြေသုတ်စရာ။ ~သန်း/ချေ(ချီ)သုန်း/ န–ခြေ ချောင်း ငါးချောင်းတွင် အလယ်ဆုံး ဖြစ်သော ခြေချောင်း။ ~သိမ်းခေါင်းဝိုက် /ချေ(ချီ)သိန်း ဂေါင်းဝိုက်/ ကြိဝိ–ကိစ္စအလုံးစုံကို သိမ်းကျုံးလျက်။ ~သွက်/ချေ(ချီ)သွက်/ ကြိ–[ဥပစာ] အကြံအစည် အလုပ်အကိုင် လျင်မြန်သည်။ ~ဟန်လက်ဟန် /ချေ(ချီ)ဟန်လက်ဟန်/န–လက်ဟန်ခြေဟန်နှင့် အတူတူ။ ~ဦးတည့်ရာ /ချေ(ချီ) အူးတဲ့ယာ/ ကြိဝိ– ရည်ရွယ်ချက် မရှိဘဲ သွားမိသွားရာ။ ~ဦးလှည့် /ချေ(ချီ)အူးလှဲ့/ ကြိ–(တစ်နေရာရာသို့) ရှေးရှုသွားသည်။ ~အိတ် /ချေ(ချီ)အိတ်/ န–ခြေ ကို စွပ်ဝတ်ရသော သိုးမွေးအိတ် စသည်။ ခြေစွပ်။ ဆော်စာ။

ခြေ[၂]။ကြိ–[ကဗျာ]နှစ်သက်ဖွယ်ဖြစ်သည်။

ခြံ။ကြိ–နံဘေးမှ ဝန်းပတ်ဝိုင်းရံသည်။ န–၁။ဝန်းပတ် ဆီးကာန့်ထားသော အကာအရံ။ ၂။ဝန်းပတ်ဆီးကာန့် ထားသော နေရာ။ ၃။[ဥပစာ]သီးပင်ပွင့်ပင် အစုအဝေး။ "ရော်ဘာ ~။" ~ခုန်၊ ကြိ–[ဥပစာ]၁။ အိမ်ထောင်ရှိလျက် အခြားတစ်ယောက်နှင့် ဖောက် ပြန်သွားသည်။ ၂။ အသင်းအဖွဲ့ တစ်ခုမှ အခြား တစ်ခုသို့ ကူးပြောင်းသည်။ ~ထွက် /ချန်ဒွက်/ န– မိမိခြံမှ ထွက်သောပစ္စည်း။ ~ပေါက်/ချန် ဗောက်/န–၁။ မိမိခြံတွင် ပေါက်ဖွားသော ကျွဲ၊ နွား စသည်။ ၂။ငယ်မွေးခြံပေါက်။ ~ပွတ်/ချန် ဗွတ်/ န–ခြံစည်းရိုး။ ~လမှ၊ န– ဗဝန်း နှင့် အတူတူ။

ခြိုးခြံ/ချိုးဂျန်/ကြိ–၁။ချို့ချို့တဲ့တဲ့ ပင်ပင်ပန်းပန်း ကျင့်သည်။ ၂။ချွေတာသည်။

ခြောက်[၁]။န–ငါးနှင့် ခုနစ်အကြားရှိ အရေအတွက်။ ၆။ ~စထောင်လှည်း /ချောက်စ့ဒေါင်လှဲ/ န–အစ ခြောက်စထောင်နေသော လှည်းယဉ်တစ်မျိုး။ ~စောင်း။န–မျက်စိစောင်းသော သူ။ ~တစ်။န– ကက်ဖဲတွင် အဖြူခြောက်ပွင့် အနီတစ်ပွင့်ပါ ဖဲချပ်။ ~တစ်မ။န–ကက်ဖဲတွင် အနီလေးပွင့် အဖြူ သုံးပွင့်ပါ ဖဲချပ်။ ~ပေါက်။န–[ဂီတ] ၁။အသံ ခုနစ်ပါးတွင် ငါးပေါက်အောက် တစ်ဆင့်နိမ့်သော အသံ။ ၂။ ယင်းအသံဖြင့် မူတည်သည့်သံစဉ်။ ခြောက်သွယ်ညွှန့်။ ~ပေါက်မ။န–သုံးပုံဖဲ ရှမ်းအုပ်စု တွင် ခြောက်ပွင့်ပါ ဖဲချပ်။ ကက်ဖဲတွင် အနီလေးပွင့် အဖြူ နှစ်ပွင့်ပါ ဖဲချပ်။ ~ပြစ်ကင်းသဲလဲစင် /ချောက်ပျစ်ကင်းသဲလဲဇင်/န–အပြစ်လုံးဝ ကင်း သော အဖြစ်။ ~လပန်း /ချောက်လ့ဗန်း/ န– အဖြူရောင်၊ ပန်းရောင်၊ ပြာလဲ့လဲ့အရောင် ကြာရှည်ခံ ပန်းများ အဆုပ်လိုက် ပွင့်သည့် ပန်းပင်တစ်မျိုး။ ~လုံးပတ် /ချောက်လုန်းဗတ်/ န– ကြေးဝိုင်း၊ ပတ်ဝိုင်း စသည်နှင့် တွဲဖက်၍ တီးရသော ပတ်လုံး ခြောက်လုံးအစု။ ~လုံးပြူး /ချောက်လုန်းဗျူး/ န–ဆုံလည်တွင် ကျည်ဆန် ခြောက်ခုထည့်၍ ပစ်နိုင်သော ပြောင်းတို သေနတ်ငယ်။ ~သွယ်ညွှန့်၊ န–[ဂီတ] ခြောက်ပေါက်သံဖြင့် မူတည်သည့် စောင်းသံစဉ်။

ခြောက်[၂]။နဝိ–၁။စွတ်စိုခြင်း မရှိသော။ သွေ့သော။ ၂။စိုပြည်သာယာခြင်း ကင်းသော။ ပျင်းရိငြီးငွေ့ဖွယ် ကောင်းသော။ ~ကပ်။နဝိ–အလွန်ခြောက်သော။

ခြောက်[၃]။ကြိ–၁။ကြောက်အောင်လုပ်သည်။ ၂။ ကြောက် အောင်ပြု၍ မောင်းထုတ်သည်။ ~လုံးလှန့်လုံး။န– တစ်ဖက်သား ကြောက်လန့်လာအောင် ခြိမ်းခြောက် သော စကားလုံးများ။

ခြိုက်[၁]။နဝိ–အတွင်းသို့ ခွက်ဝင်သော။ ဟိုက်သော။

ခြိုက်[၂]။ကြိ–နှစ်သက်သည်။ သဘောကျသည်။ ~ခြိုက်ခြိုက်။ကြိဝိ–နှစ်နှစ်သက်သက်။

ခြင်[၁]။န–သွေးစုပ်တတ်သော အင်းဆက်ပိုးကောင်ပျံ တစ်မျိုး။ ~ကျား/ချင်ဂျား/န–သွေးလွန်တုပ်ကွေး ဖြစ်စေနိုင်သော အဖြူနှင့် အနက်ကျား ခြင်ကောင်။ ~ထောင်/ချင်ဒေါင်/ န–ခြင်မဝင်နိုင်အောင် ပိတ်၊ ဇာ စသည်တို့ဖြင့် ချုပ်လုပ်ထားသော အကာအရံ။ ~ဖုန်း/ချင်ဗုန်း/န–မောင်ကုရာအရပ်တွင် ပုန်းခို နေလေ့ရှိသောခြင်။ ~ယပ်၊ န– ခြင်မောင်းရန် ယပ်တစ်မျိုး။ ~ရန်၊ ~ရန်း။န–[ရှေး]ခြင်ထောင်။

ခြင်[၂]။ကြိ–၁။[ရှေး]ပစ္စည်း တစ်မျိုးနှင့်တစ်မျိုး တန်ဖိုး တူချင်း ဖလှယ်သည်။ ၂။ စပါး၊ ဆန် စသည်တို့ကို တောင်းတင်း စသည်တွင် ထည့်၍ ပမာဏကို သိအောင် လုပ်သည်။ ခြင်ဘွယ်သည်။

ခြင်ခံ/ချင်ဂန်/န–အခြင်အောက်က ခံသောတန်း။

ခြင်ဆီ/ချင်ဇီ/န–သတ္တဝါတို့၏ အရိုးတွင်း၌ရှိသော အဆီ။

မာတိကာသို့ ▶▶▶

http://www.lknt11.com

ခြင်ညှပ်၊နု–အခြင်ကို မရွေ့ရှားအောင် ညှပ်ထားသော တန်း။

ခြင်ပိတ်/ချင်ဗိတ်/နု–အခြင်တန်း၏ အစွန်းများကို ဖုံးပိတ်ကပ်ရိုက်ထားသော ပျဉ်ပြား။

ခြင်သေ့/ချင်သေ့/နု–ရဲရင့်ခြင်း၊ ဟိန်းဟောက်ဟတ်ခြင်း၊ လည်ဆံမွေးရှိခြင်းတို့ကြောင့် ထင်ရှားသော သားရဲ တိရစ္ဆာန်ကြီး။ [သ၊သိံဟ]? ~လည်ပြန်/ချင်သေ့ လယ်ဗျန်/နု–ရကန်၊ သျှိုးလိုက်ရတုတို့ကဲ့သို့ စာ နှစ်ပိုဒ် သုံးပိုဒ်ခြားပြီးမှ အခံကာရန်ကို အအုပ် ကာရန်ဖြင့် အုပ်ကာရေးသော စာစပ်နည်း၊ (သာဓက။ ။ထမ်းစင်စီး၍ ထီးရိပ်မိုး၊ မြင်းမိုရ် မြင့်မား ဝဏ်ဖျားက၊ နက်သားကျွသလိုနှင့်။ သျှိုး)

ခြင်း၁၊နု -၁၊ဝါး၊ကြိမ်စသည်တို့ကို ဖြာ၍ ရက်လုပ် ထားသော တောင်း။ ၂၊ခြေဖြင့်ခတ်၍ ကစားရန် ကြိမ်နီးကို လုံးလုံးဝိုင်းဝိုင်း ရက်ထားသော အရာ၊ ခြင်းလုံး။ ~ကြား /ချင်းဂျား/ နု– အကွက်ကျဲကျဲ ရက်လုပ်ထားသော ခြင်း။ ~ပေါင်းကား/ချင်း ဗောင်းဂါး/နု–၁၊ဆင်ပုခက်တစ်မျိုး။ ၂၊ခြင်းကြား ကြီး။ ~ရိုင်ခတ်၊ကြိ–ခြင်းလုံးကို လူအများဝိုင်း၍ ခတ်ကစားသည်။

ခြင်း၂၊ စည်း– ကြိယာပုဒ်ကို နာမ်ပုဒ်ဖြစ်အောင် ဆက်ပေးသော စကားလုံး။ "သွား ~။ လာ ~။" ~ရာ၊နု–အကြောင်းအရာ။ အဖြစ်အပျက်။

ခြင်းခြင်းနီ/ချင်းဂျင်းနီ/နုဝိ–အလွန်နီသော။

ခြောင်းခြောင်း /ချောင်းဂျောင်း/ ကြိဝိ–အရှိန်အဟုန် ပြင်းစွာ။

ခြစ်၊ကြိ–၁၊အချောင်းအတံတစ်ခုဖြင့် မျက်နှာပြင်တစ်ခု ပေါ်တွင် ဖိပွတ်သည်။ ၂၊အုန်းခြစ်၊ သခွားခြစ် စသည့်ကိရိယာမျိုးဖြင့် အစအနများ ဖြစ်လာအောင် ဖိတိုက်သည်။ ၃၊ မီးခြစ်ဖြင့် မီးပွင့်မီးတောက် ဖြစ်အောင် လုပ်သည်။ /ဂျစ်/နု–အုန်းခြစ်၊ သခွား ခြစ်ကဲ့သို့သော ခြစ်စရာ ကိရိယာ။ ~ခြစ် ကုတ်ကုတ်၊ ~ခြစ်ခြုတ်ခြုတ်၊ ကြိဝိ–ခြိုးခြိုးခြံခြံ၊ အလွန်ချွေတာလျက်။ ~သား၊နု–ပျဉ်ချပ်ပေါ်တွင် အနားနှင့် မျဉ်းပြိုင်များဖြစ်အောင် ခြစ်ရသော လက်သမားကိရိယာ။

ခြည်၊နု–အလင်းရောင်တန်း၊ "နေ ~။" စည်း–ရတနာ၊ လက်ကောက်၊ လက်စွပ် စသည်တို့ကို ရေတွက်ရာ၌ သုံးသော စကားလုံး။

ခြုတ်ခြုတ်၊ကြိဝိ–အဆုံးအစွန်းသို့တိုင် (ရောက်သည်၊ ထိသည်)။

ခြုတ်ခြယ်၊ကြိ–တစ်ဖက်သားကို ဆင်းရဲငြိုငြင်အောင် လုပ်သည်။ ရန်ရှာသည်။ (ချုပ်ချယ်နှင့်နှိုင်းယှဉ်)

ခြမ်း၊ကြိ–ထက်ဝက်ခွဲသည်။ ခွဲသည်။

ခြိမ့်ခြိမ့်/ချိန့်ဂျိန့်/ကြိဝိ–ပြင်းထန်ဆူညံစွာ။ ~သဲ /–သဲ/ကြိဝိ–၁၊အပြင်းအထန် မြည်ဟည်းလျက်။ ၂၊အလွန်စည်ကားများပြားစွာ။

ခြိမ်း၊ကြိ–၁၊အသံဖြင့် ကြောက်စေသည်။ လန့်စေသည်။ ၂၊မြည်ဟည်းသည်။ ထစ်ချုန်းသည်။ ~ခြောက် /ချိန်းချောက်/ကြိ–ကြောက်အောင်ပြောသည်။ လှန့်သည်။ ~မောင်း၊ကြိ–၁၊ခြိမ်းခြောက် ကြိမ်းမောင်း သည်။ ၂၊မြည်ဟည်းသည်။ ထစ်ချုန်းသည်။

ခြုံ၊ကြိ–အပေါ်က လွှမ်းအုပ်သည်။ ကြိဝိ–စုစည်း သိမ်းရုံးလျက်။ ခြုံငုံလျက်။

ခြယ်၊ကြိ–ပန်းချီဆေး၊ နံ့သာစသည်ဖြင့် တင့်တယ် အောင် လုပ်သည်။ ~မှုန်း၊ကြိ–ဆန်းကြယ်စွာ မွမ်းမံသည်။ ~လှယ်၊ ကြိ–၁၊ တင့်တယ်ဆန်းကြယ် အောင် ဖန်တီးသည်။ ၂၊အရာရာကို မိမိစိတ်တိုင်းကျ ဖြစ်အောင် စီမံခန့်ခွဲလုပ်ကိုင်စေသည်။ ကြိုးကိုင် သည်။

ခွ၊ကြိ–၁၊အကိုင်းအလက်စသည် နှစ်ခု သုံးခု ခွဲထွက် သည်။ ၂၊ခြေထောက်စသည်ကို တစ်စုံတစ်ခု၏ တစ်ဖက်တစ်ချက်၌ တည်စေသည်။ ကြိဝိ–အားရ ပါးရ၊ "~စား–။ ~ဆဲ–။"/ဂွ/နု–၁၊ အကိုင်း၊ အလက်၊ လမ်းစသည် နှစ်ခု သုံးခုဖြာထွက်ရာနေရာ။ ၂၊ကဏန်းလက်မ။ ၃၊သစ်သားစသော ခွ၏ ထိပ်နှစ်ဖက်တွင် ရော်ဘာကြိုးတပ်၍ လောက်စာလုံး နှင့် ပစ်ခတ်ရသော ကိရိယာ။ ၄၊ ဟိုမရောက် သည်မရောက် အကျပ်အတည်းဖြစ်နေသော အခြေ အနေ။ ~ကျ/ဂွကျ/ ကြိ– ဟိုမရောက် သည် မရောက် ဖြစ်သည်။ ~ကြမ်း/ဂွဂျန်း/နု– ကောက်ကြီးစပါး တစ်မျိုး။ ~ကွက်/ခွာဂွက်/နု– စစ်တုရင်ကစားရာတွင် တစ်ဖက်အရုပ်က အခြား တစ်ဖက်မှ တစ်ခုထက် ပိုသော အရုပ်များကို စားနိုင်သော နေရာ။ ~စာ/ဂွစာ/နု–သူတစ်ပါးနှင့် ဖီလာကန့်လန့် ပြောဆိုပြုလုပ်တတ်သူ။ ~ဆုံ /ဂွဆုန်/နု–အကိုင်း၊ အလက်၊ လမ်း နှစ်ခုသုံးခု စသည်ဆုံရာ နေရာ။ ~တို/ဂွဒို/နု–ခါးကြော့ရှည်၍ ပေါင်တံတိုကာ ခြေသလုံး ခွင်သောသူ။ ~တိုး /ဂွဒိုး/ နု–ကောက်ကြီးစပါး တစ်မျိုး။ ~တိုက် /ဂွတိုက်/ကြိ–ဖီလာကန့်လန့် လုပ်သည်။ ~တုတ်၊ ကြိ–ထိုဘက် ဤဘက် နှစ်ဖက်စလုံးမှ အခွင့်အရေး ရနိုင်သမျှ ယူသည်။ ~ရှင်/ဂွယှင်/နု–အတိုး အလျှော့ ပြုပြင်၍ရသော ခွအရှင်၊ ကဏန်းလက်မ အရှင်။

ခွာ၁၊နု–မြင်း၊ ကျွဲ ၊နွား၊ ဆိတ်စသည်တို့၏ ခြေဖျားတွင် ဖုံးအုပ်လျက်ရှိသော အရိုးကဲ့သို့ မာသည့်အရာ။ ~တိုင်/ခွာဒိုင်/နု–လှေသမ္မန်တို့တွင် ရွက်တိုင် ထူရန်

မာတိကာသို့ ▶▶▶

http://www.lknt11.com

နိုက်ထားသော အမြေခံတိုင်တို။ **~နာလျှာနာ**/ နွား နာ ယှာနာ/ န–ကျွဲ၊ နွား စသည်၏ခွာနှင့် ပါးစပ် အတွင်းပိုင်းတွင် အပူဖုပေါက်သော ကူးစက်အဖျား ရောဂါ။ **~ရာတိုင်း**၊ကြိ–[ဥပစာ] အနိုင်တုသည်။ **~ရည်စီး**/ ခွာယေစီး/ကြိ–ပြေး၍မောသဖြင့် မြင်း၏ ချွေးသည် ခွာသို့တိုင် စီးကျသည်။ ခွာရည်သောက် သည်။ **~ရုပ်**၊ကြိ–(ဒေါသထွက်၍)နွားစသည် မြေကို ခွာနှင့်ယက်သည်။ **~လိပ်**၊ကြိ–ပြေးလွှားစဉ် မြင်းခြေ ခေါက်သွားသည်။ **~သစင်**/ ခွာသုဇင်/ န–ခြေလှမ်း စိပ်သော နွားပြေးပုံတစ်မျိုး။ **~အိုး**၊န– ဆင်၊ မြင်း၊ နွား စသည်၏ခွာအုံ။

ခွာ[၂]၊ကြိ–၁၊တစ်စုံတစ်ရာတွယ်ကပ်နေသည်ကို ကွာ အောင်လုပ်သည်။ ၂၊ဖဲကြဉ်ခွဲထွက်သည်။ **~ပြံ**၊ ကြိ–[အရပ်]ကျွမ်းဝင်ပေါင်းသင်းရာမှ မသင့်မတင့် ဖြစ်ကာ ကွဲကွာသည်။

ခွာ[၃]၊န–၁၊ခဝါသည်။ ၂၊အလျှော်အဖွပ်တာဝန်ယူရသော ဘုရားကျွန်။

ခွာညို၊န–ပြာသိုလ၏ ရာသီပန်းဖြစ်သည့် ညိုပြာရောင် ပန်းပွင့်လေ့ရှိသော နွယ်ပင်။

ခွာပြာ/ ခွာဗျာ/ န–အပွင့်ပြာပွင့်သော ခွာညိုမျိုးဝင် ပန်းပင်။

ချွေး၊ကြိ–၁၊ကွေးသည်။ ကွေးဝိုက်တည်ရှိသည်။ ၂၊ အဝန်း အဝိုင်းဖြစ်အောင် လုပ်သည်။ ကွေးစေသည်။ ၃၊ ထုံး၊ အိုးမဲစသည်ဖြင့် အမှတ်အသား ပြုသည်။ ၄၊ (ထင်းကို) ရှာဖွေစုဆောင်းသည်။ ၅၊ပင်ပန်းခြင်း၊ ထိခိုက်မိခြင်း စသည်ကြောင့် တိမ်းညွတ်လဲပြိုသည်။ ၆၊စစ်တုရင် ကစားရာတွင် တစ်ဖက် မင်းကြီးကို စားနိုင်သော အကွက်သို့ မိမိ၏အရုပ်ကို ရွှေ့သည်။ ၇၊[ဥပစာ]ဟန့်တားသည်။ ဆီးတားသည်။ /ငွေ/ န–အဝန်းအဝိုင်း ပုံသဏ္ဌာန်ရှိသောအရာ။ အဝန်း အဝိုင်းဖြစ်အောင် လုပ်ထားသော အရာ။

ချွေ့၊ကြိ–ရွေ့ရှု။

ချွေး၊န–ဟောင်တတ်၊ ကိုက်တတ်သည့် အိမ်မွေး တိရစ္ဆာန်။ **~ကတက်**/ ခွေးဂါက်/ န–အိပ်မကြမ်းပြင် အောက်နိမ့်၍ ဆောက်လုပ်ထားသော အဆင့်။ ဖိနပ်ချွတ်။ **~ကိုက်** /ခွေးဝိုက်/ န–ပျဉ်အခုံး အ မောက်ကို ညိုသော ပြုတ်တူနှင့်ဆင်သည့် ကိရိယာ။ **~ကျကျ**/ ခွေးဂျာ့ကျာ့/ ကြိ–အခြေအနေ၊ အဆင့် အတန်း စသည်တို့ ဆိုးဆိုးဝါးဝါးလျော့ကျသည်။ **~ကျင့်ခွေးကြံကြံ** /ခွေးချင့်ခွေးဂျန်ကုန်/ ကြိ– ယုတ်ယုတ်မာမာ ကျင့်ကြံသည်။ **~ခေါ်ရစ်**၊ န– ခွေးခေါ်ရစ်ဟု အော်မြည်တတ်သော ဦးခွန်းမွေးချွန်ရှိ ဥသြမျိုးဝင်ငှက်။ **~ခြေ**/ ခွေးချီ/ န–ခြေလေးချောင်း တပ် အမှီမပါသော ထိုင်ခုံတစ်မျိုး။ **~ဂရင်ဂျီနာ**၊န– ဘရင်ဂျီနာ။ ခွေးဘရင်ဂျီနာ။ **~စားဝက်စားစား** /ခွေးဇားဝက်ဇားဇား/ ကြိ– အငမ်းမရစားသည်။ **~စပ်**/ ခွေးဇပ်/ န–ခွေးတစ်မျိုး။ **~ဆွဲ** /ခွေးဇွဲ/ န–တင်ပါးဆွဲ။ **~ဇာတ်ခင်း**၊ကြိ–အောက်တန်း ကျသော၊ ယုတ်နိမ့်သော အခြေအနေသို့ ရောက် သည်။ ယင်းအခြေအနေသို့ ရောက်အောင် ပြုမူ သည်။ **~တရော်**၊န–ဖက်သက် တရော်နှင့်အတူတူ။ **~တူဝက်တူ**/ ခွေးဒူဝက်တူ/ န–နုတ်သီးရှည်၍ ခြေတို သော၊ ညထွက်တွင်းအောင်း သားစားတိရစ္ဆာန် ငယ်တစ်မျိုး။ **~တိုး** /ခွေးဒိုး/ န– အိမ် စသည် လေးလံသော အရာများကို အောက်မှ လျှို၍ ပင့်မရသော ကိရိယာ။ ဂျိုက်။ **~တိုးဝက်ဝင်** /–ဝက်ဝင်/ကြိဝိ–[ဥပစာ]အခြေအနေ နိမ့်ပါး သိမ်ငယ်၍ သူတစ်ပါး၏ မလေးမစားပြုခြင်းကို ခံရလျက်။ **~တောက်**/ ငွေးဒေါက်/ န–ဒါးသော အသီးအရွက်ရှိသည့်နွယ်ပင်။ **~ပုပ်**/ ခွေးဗုတ်/ န– တောခွေးတစ်မျိုး။ **~ပြေးဝက်ပြေးပြေး** /ခွေးဗျေး ဝက်ပျေးပျေး/ ကြိ– အလန့်တကြား ပြေးမိပြေးရာ ပြေးသည်။ **~ဖြစ်**၊ ကြိ–[ဥပစာ] နိမ့်ကျယုတ်ညံ့ သော အဖြစ်သို့ ရောက်သည်။ **~ဘီလူး**/ ခွေးဗလူး/ န–ဦးခေါင်း ပိပြား၊ အောက်မေး ငေါ်ထွက်၍ တုတ်ခိုင်သော ခွေးတစ်မျိုး။ **~မြီးပုတ်**/ ခွေးမိးဗုတ်/ န–ခွေးမြီးပွ ကလေးနှင့်တူသော အပွင့် ပွင့်သည့် မြက်တစ်မျိုး။ ခွေးမြီးမြက်။ **~ရူးပြန်**၊ ကြိ– ခွေးရူးကိုက်၍ ဖြစ်သော ရောဂါထသည်။ **~လှေ ကြမ်းပိုး** /ခွေးလှေးဂျမိုး/ န–[ဥပစာ] အသုံးမကျ အရာမဝင်သူ။ **~လှေးပျား**၊န–တော အနှံ့နေတတ် သော၊ တုပ်တတ်သော ပိုးကောင်ပျံ တစ်မျိုး။ **~လှေးယား**၊ န– ထိလျှင် အလွန်ယားယံစေသော အမွေးထူ သီးတောင့် သီးသည့် နွယ်ပင်တစ်မျိုး။ **~လျှာ** /ခွေးယှာ/ န–ချိန်ထုပ်။ မုန်ထုပ်။ **~ဝင်စား** /ခွေးဝင်ဇား/ န–လာရောက်ကပ်ဝိုနေသော ခွေး။ **~သဘင်** /ခွေးသုဗင်/ န–တွေ့မြင်ရာ လူနောက် သို့ တကောက်ကောက် လိုက်ပါနေတတ်သော ခွေး။ **~သမင်**၊န–ကျောလျားရှည်သော အမဲလိုက် ခွေးကြီးတစ်မျိုး။ **~သေးပန်း**/ ခွေးသေးဗန်း/ န– အရွက် အနားတွန့် ပါ၍ ကျောဘက်နှင့် ရိုးတံတွင် အမွေးနု ရှိသော ဆေးဖက်ဝင် ချုံပင်တစ်မျိုး။ **~သွားစိပ်**/ ခွေးသွား ဇိတ်/ န–စက်အရိုန် သွယ်ပို့ ပေးသော ဘီး၏ အနား ပတ်လည်တွင် စိပ်စိပ် ပြုလုပ်ထားသော အထစ်များ။ **~အာကပ်**/ ခွေး အာဂတ်/ န–အလွန်စေးသော ကောက်ညှင်းတစ်မျိုး။

ခွဲ၊ကြိ–၁၊ထက်ခြမ်းသော်လည်းကောင်း၊ အစိတ်စိတ် သော်လည်းကောင်း ကွဲအောင်ပြုသည်။ ၂၊တသီး

မှာတော်ကာသို့ ▶▶▶

တခြားစီဖြစ်စေသည်။ "ဝတ္ထုကို အခန်း ၅ခန်း ~၍ ရေး-။" ၃၊အတူတကွ တည်နေရာမှ ဖဲရှောင် ခွာထွက်သည်။ ၄၊(အခွန်အတုတ်စသည်) သတ်မှတ် တောင်းခံသည်။ န-(တစ်နာရီ၊ တစ်တင်း၊ တစ်ကျပ်သား စသည်၏) ထက်ဝက်။ **~ခြား** /ခွဲဂျား/ ကြိ- တသီးတသန့်စီပိုင်းကန့် သတ်မှတ်သည်။ **~ခြမ်း**/ခွဲဂျမ်း/န-အခြမ်းဖြစ်အောင် ခွဲထားသောထင်း။ **~စိတ်**၊ ကြိ-၁၊အကွဲကွဲ အစိတ်စိတ် ဖြစ်အောင် လုပ်သည်။ ၂၊ ခန္ဓာကိုယ်ကို ခွဲစသည့် ကိရိယာ တစ်ခုခုဖြင့် ခွဲ၍ ကုသသည်။ **~တမ်း** /ခွဲဒန်း/န-၁၊ ခွဲဝေရာတွင် သတ်မှတ်ထားသော နည်းစနစ်။ ၂၊ **ခွဲထား**နှင့် အတူတူ။ ၃၊ငွေကြေး ပစ္စည်းစသည် ခွဲဝေ သတ်မှတ်ချက်။ ၄၊ယင်းသို့ ခွဲဝေသတ်မှတ်သည့် ဝေပုံကျ အဖို့အစု။ **~ထား** /ခွဲဒါး/န-[စာပေ] ကာရန်မိအောင် စပ်ထားသော သံကူကြောင်းကွဲ စကားလုံးများ။ (သာဓက။ ။ အလွန် ဆန်းကြယ်၊ ထိုနည်းကျယ်ကို။ ။ရသာ ထွေပြား၊ ဆိုဖွားတင်လဲ။)

ခွံ၊န-အခွံနှင့်အတူတူ။ **~နီ**၊ န-၁၊ အခွံနီညိုသော ကောက်ညှင်းစပါး တစ်မျိုး။ ၂၊ကောက်ကြီးစပါး တစ်မျိုး။ **~ပြောင်း** /ခွန်ပျောင်း/န-ပင်စည်ကို ခုတ်စဉ်း၍ နွားစာအဖြစ် သုံးရသော နံစားပြောင်း တစ်မျိုး။ **~ဝါ**၊န-ကောက်ညှင်းတစ်မျိုး။

ခွံ့၊ကြိ-၁၊စားစရာ စသည်ကို သူတစ်ပါး၏ ပါးစပ်ထဲသို့ ထည့်ပေးသည်။ ၂၊[ဥပစာ]လာဘ်ထိုးသည်။

ခွက်၊နဝိ-မျက်နှာပြင် ချိုင့်ဝှမ်းသော။ န-၁၊ ချိုင့်ဝှမ်းသောနေရာ။ ၂၊ချိုင့်ဝှမ်းသောထည့်စရာ၊ ၃၊တစ်ပြည်၏ယက်ဝက်ဖြစ်သော ချင့်ဝန်။ ၄၊တစ်ပိဿာနှင့် ညီမျှသော ချိန်ဝန်။ **~ချင်းပြီး**/ခွက်ချင်းဗီး/နဝိ-တစ်ခွက်တည်းနှင့် ရောဂါပျောက်ကင်းနိုင်သော (ဆေး)။ **~ခြင်**၊ န-ဆန်၊ ပဲ၊ ဆီစသည်တို့ကို စံခွက်တစ်မျိုးမျိုးဖြင့် တစ်ခွက်ချင်း ခြင်တွယ်ခြင်း။ **~ခွက်လန်**၊ ကြိဝိ- အလွန်အကျွံ၊ ဆိုးဆိုးဝါးဝါး (ရှုံးသည်၊ မှားသည်)။ **~ငွင်း**၊န-[ပေါ] လင်းကွင်း တစ်မျိုး။ **~စောင်းခုတ်**၊ကြိ-[ဥပစာ] ဘဝတူ အချင်းချင်း ရန်ဖြစ်သည်။ **~ထိုးခွက်လန်**၊ ကြိဝိ-[ဥပစာ] အလွန်အမင်း (ရယ်မောသည်)။ **~ပုန်း**၊ ကြိဝိ- သူတစ်ပါး မသိအောင် (အရက်သောက်သည်)။

ခွင်၊နဝိ-(ခြေ စသည်)အနည်းငယ် ကွေးသော။/ခွင်၊ ဂွင်/န-၁၊သတ်မှတ်ထားသော နေရာအပိုင်း အခြား။ "လူ ~။ နက် ~။" ၂၊ ဗိုခံလောက်ဆိုင် လုပ်ထားသော မီးဖို။ ၃၊ဒိုးကစားရာတွင် ဒိုးစိုက်ရာဖွင်းများ။ ၄၊မှန်ကူကွက်ပုံ ကာလက်နက်။ ကြိ-မီးဖိုဖြစ်အောင် ဗိုခံလောက်ဆိုင် ပြုလုပ်သည်။ **~ကျ**/ဂွင်ကျ/ ကြိ- နေရာတကျရှိသည်။ အံကိုက်သည်။ **~ရာ** /ဂွင်ယာ/န-ခုံညင်းထိုးခြင်း၊ ဖယ်ခုပ်ခြင်း စသည် ကစားရာတွင် ခုံညင်းများ ဖယ်များ တည်ရာနေရာ။ **~လုံးကျွတ်**/ဂွင်လုန်းဂျွတ်/ကြိဝိ-ခွင်ထဲရှိသမျှ တစ်ခုမကျန်၊ အားလုံး။

ခွင့်၊န-၁၊အခွင့်အလမ်း။ အခွင့်အရေး။ "လွတ်လပ် ~။" ၂၊ရုံးတက်ခြင်း၊ ကျောင်းတက်ခြင်း စသည်မှ ခေတ္တပျက်ကွက်နိုင်သည့် အခွင့်အရေး။ **~လွှတ်**၊ ကြိ-၁၊အပြစ်မယူဘဲ ချမ်းသာခွင့်ပေးသည်။ ၂၊ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပေးသည်။

ခွင်း၊ကြိ-၁၊ထွင်းဖောက်သည်။ "အမှောင် ~၍ အလင်း ဆောင်အံ့။" ၂၊ကင်းကွာစေသည်။ "ရစ်ခြင်းကို မ ~ပါနှင့်။" ၃၊ပစ်ခတ်နှိမ်နင်းသည်။ "ဗုံးနှင့် ~-။" "လေးနှင့် ~-။" **~ချေ**၊ကြိ-ချေဖျက်သည်။

ခွန်[၁]၊ န- အခွန်နှင့်အတူတူ။ **~နုတ်**၊ န-လယ်ယာ ကိုင်းကျွန်းစသည်မှ ထွက်သော ပစ္စည်း။ **~ရှင်**၊ န-[ရှေး]အခါအားလျော်စွာ အတိုးအလျှော့လုပ်၍ ကောက်ခံသော အခွန်။ **~သေ**/ခွန်သေ့/န-[ရှေး] မည်မျှ မည်မျှဟု အပြီးအပြတ် သတ်မှတ်ကောက် ခံသောအခွန်။ **~အား**၊န-ကိုယ်ကာယ၏ အလုပ် လုပ်နိုင်သော စွမ်းအင်။ ကာယဗလ။

ခွန်[၂]၊န-သစ်ခုတ် သစ်ရွှေ့ရာတွင်သုံးသော အရိုးရှည်တပ် ပုဆိန်တစ်မျိုး။

ခွန်း၊န-စကား။ စည်း-စကားကို ရေတွက်ရာတွင် သုံးရသော စကားလုံး။ **~ကြီးခွန်းငယ်** /ခွန်းဂျီး ခွန်းငယ်/န-တစ်ဦးနှင့် တစ်ဦး ဒိတ်လိုက် မာန်ပါ အပြန်အလှန်ပြောဆိုသော ဒေါသ မကင်းသည့် စကားစု။ **~တုံ့ပြန်** /ခွန်းဒုန့်ပျန်/ ကြိ- ပြန်လှန်ပြောသည်။ **~သောက်** /ခွန်းဒေါက်/ န-[ဂီတ] ဇာတ်သဘင်တွင် မင်းသားမင်းသမီးတို့ ခရီးနှားခိုက် သီဆိုသော ဒွေးချိုး၊ လေးချိုး။

ခွပ်/ခွတ်/ကြိ-၁၊ကြက်စသည် နှုတ်သီး၊ အတက်၊ အတောင် စသည်ဖြင့် ထိုးဆိတ်တိုက်ခိုက်သည်။ ၂၊[ဗန်း]အချင်းချင်း ထိခိုက်ပုတ်ခတ်သည်။ **~လက်** /ခွတ်လက်/န-တိုက်ကြက်၏ ခွပ်ပုံခွပ်နည်း။

ချွေ၊ကြိဝိ-ချွေတာလျက်။ "ငွေကို~သုံးပါ။" **~တာ**၊ ကြိ-ငွေကြေး၊ ပစ္စည်းစသည် အကုန်အကျ နည်းပါးအောင် အသုံးအစွဲကို ဆင်ခြင်သည်။

ချွေး၊န-၁၊မွေးညင်းပေါက်တို့မှ ယိုထွက်လာသော အရည်။ ၂၊အိုးခွက် စသည်တို့တွင် ရေစိုးရေငွေ့မှ ပြန်ဖြစ်သော ရေ။ **~ကန်**၊ ကြိ-ချွေး အလွန်အမင်း ထွက်သည်။ **~ခံ** /ချွေးဂန်/န-မိန်းမဝတ် အတွင်းခံ အင်္ကျီ။ **~ဝုပ်**၊ ကြိ-ထွက်သင့်သည့်ချွေး မထွက်ဘဲ နေသည်။ **~စေး**/ချွေးဇီး/န-ထိတ်လန့်ခြင်း၊ ဖျား

http://www.lknt11.com

နာခြင်း စသောအကြောင်းများကြောင့် ထွက်သော ဆေးထန်းသည့်ချွေး။ **~တဒီးဒီး**၊ **~တပြိုက်ပြိုက်**၊ **~တလုံးလုံး**၊ ကြိဝိ–ချွေးများပြားစွာ အဆက်မပြတ်။ **~တပ်** /ချွေးဒတ်/ န–ဒုတိယကမ္ဘာစစ် အတွင်းက အလုပ်ကြမ်းလုပ်နိုင်ရန် အဓမ္မ စုဆောင်း သော အလုပ်သမားတပ်။ **~ထုတ်**၊ ကြိ– ဆေး သောက်ပြီး စောင်ခြုံ၍ဖြစ်စေ ချွေးပေါင်းတွင် ဝင်၍ဖြစ်စေ ချွေးထွက်အောင် လုပ်သည်။ **~နံ့ဓာ** /ချွေးနံဓာ/ န–ပင်ပန်းစွာ လုပ်ကိုင် ရှာဖွေရရှိသော ပစ္စည်း။ **~ပေါင်း**/ချွေးဗောင်း/န–ချွေးထုတ်ရန် မှာရိုင် စသည်တို့ဖြင့် လုပ်ထားသော အကာအရံ။ **~ပြန်**၊ ကြိ–၁၊ချွေးများစွာ ထွက်သည်။ ၂၊အစိုးအငွေ့ အဖြစ်မှ ချွေးအဖြစ်သို့ ပြောင်းသည်။ **~လန့်**၊ ကြိ– ချွေးထွက်နေရာမှ ရုတ်တရက် တိတ်သွား သည်။ **~သီးချွေးပေါက်** /ချွေးသိုးချွေးဗောက်/ န– အစက်အပေါက်ကြီးများ ဖြစ်နေသော ချွေး။ **~သံ**၊ န– ကိုယ်မှထွက်သော ချွေးရည်။ **~ သိပ်**၊ ကြိ–၁၊ ချွေးထွက် ရပ်စဲအောင် အမောအပန်း ဖြေ သည်။ ၂၊ [ဥပစာ] ခေတ္တမျှ ကျေနပ်အောင် လုပ် သည်။ **~အေး**၊န–အားနည်းခိုက် ရောဂါကြောင့် ထွက်သော ချွေး။ **~အောင်း**၊ ကြိ–ချွေးထွက်အောင် ပိတ်လှောင်သော အခန်းတွင်း၌ စောင်ခြုံ၍ ဖြစ်စေ၊ ချွေးပေါင်းတွင် ဝင်၍ဖြစ်စေ ငြိမ်သက်စွာနေသည်။

ချွေးမ၊ န– သား၏ ဇနီး။

ချွဲ၊နဝိ–၁၊စေးကပ်ချောကျိုသော။ ချွဲကျိုသော။ ၂၊အသံ ပျော့ပျော့ပျောင်းပျောင်း ဆွဲဆွဲငင်ငင်ရှိသော။ ကြိ– [ဥပစာ]ပျော့ပျောင်းစွာ တီတီတာတာ ပြောဆိုပြုမူ သည်။ န–သလိပ်။ **~ကျပ်**၊ ကြိ– ရင်ထဲတွင် ချွဲသလိပ်များသဖြင့် အသက်ရှူရခက်သည်။ **~ခန်း** /ချွဲဂန်း/န–ချွဲပျစ်။ **~ချွဲပစ်ပစ်**/ ချွဲချွဲပျစ်ပျစ်/ကြိဝိ– ပျော့ပျော့ပျောင့်ပျောင်း ဆွဲဆွဲငင်ငင် တီတီတာတာ။ **~ပူထ**/ချွဲဗူထ/ကြိ–ကိုယ်ပူစေသော ချွဲ ထကြွ သည်။ **~ယိုင်ဆေး** /ချွဲယိုင်ဆေး/ န– ချွဲထသော ရောဂါကို ပျောက်ကင်းစေနိုင်သော ဆေးတစ်မျိုး။

ချွံချွံ/ ချွန်ဂျွန်/ကြိဝိ–ရှေ့တူရှူသို့ ထိုးဖောက်လျက်။ **~ရက်ရက်**/ ချွန်ဂျွန်ယက်ယက်/ကြိဝိ–ဆုတ်နစ်ခြင်း မရှိ ရဲရင့်စွာ ရှေ့တိုးလျက်။

ချွတ်[၁]ကြိ–၁၊အညစ်အကြေး အစွန်းအထင်း စသည်ကို ကင်းစင်အောင် လုပ်သည်။ ၂၊ဆွပ်တပ် ဝတ်ဆင် ထားသည့် အရာကို ကျွတ်စေသည်။ ၃၊အစွဲအလမ်း၊ ဝဋ်ဆင်းရဲဒုက္ခတို့မှ ကင်းကွာစေသည်။ **~ခြုံကျ**၊ ကြိ–[ဥပစာ]ဘာမျှ မရှိ လောက်အောင် မွဲသည်။ **~ချွပ်**ကြိဝိ–တဆေရာတည်း(တူသည်)။ **~လား**၊န– (လှေပွဲမြင်းပွဲ စသည်တွင်) အနိုင်အရှုံး ဆုံးဖြတ်သော နောက်ဆုံးအချီ။

ချွတ်[၂]၊ န– [ဂီတ] ဓာတ်သဘင်တွင် တိတ်တဆိတ် လှုပ်ရှားစေနိုင် ကပြရာ၌ တီးရသည့် ဘီးလုံး။ [ထိုင်း၊ chjot] **~နင်း**၊ ကြိဝိ– (ချွတ်တီးလုံးကို တီး၍ လျှောက်လှမ်းသော အခါတွင်ကဲ့သို့) အသံ မကြားရအောင် ခြေကို ဖော့ကာ နင်းလျက်။

ချွတ်[၃]၊**~ယွင်း**၊ကြိ–လွဲသည်။ မှားသည်။ **~လွှဲ**၊ကြိ– ပယောဂအစွဲကို ပျောက်ကင်းအောင် ကုသသည်။

ချွန်၊ ကြိ– အဖျားသွယ်အောင်၊ ရှူးအောင်လုပ်သည်။ နဝိ–၁၊အဖျားချွန်သော။ ၂၊ယုံးချွန်သော။ **~ဓက်** /ချွန်ဓက်/ န–ခဲတံကို ချွန်ရသော ကိရိယာ။

ချွန်း၊ န– ၁၊ ဆင်ကိုပေါက်၍ချိတ်၍ နိုင်းစေရာ၌ အသုံးပြုသည့် အဖျားတွင် သံချူးကောက် တပ်ထား သည့် ကိရိယာ။ ၂၊ သုံးပေါက်ချွန်းနှင့် အတူတူ။ ၃၊ ဝက္ကူဖုတ်ပွင် ဆန့ငင်းမကင်းပုံ အနီရောင်ဖဲပွင့်။ နဝိ–အဖျားချွန်လွန်းသော။ **~တောင်း**/ ချွန်းဒေါင်း/ န–၁၊ဆင်ကိုထိုးချိတ်ရသည့် ချွန်းတို။ ၂၊သစ်သီး ဆွတ်ခူးရသော တံချူ။ ၃၊သံတင်းပုတ်။ **~ဖွင့်**၊ကြိ– ဆင်ကို ချွန်းဖြင့် မထိန်းတော့ဘဲလွှတ်ပေးသည်။ **~မ**၊န–ချွန်းအကြီးစား။ **~သီး**/ ချွန်းသိုး/ န–ချွန်း ထိပ်တွင်ရှိသော သံကောက်။ ချွန်းသွား။ **~သတ်**၊ ကြိ–ဆင်ကို ချွန်းဖြင့်ပေါက်၍ ထိန်းချုပ်သည်။ **~အုပ်**၊ကြိ–၁၊ဆင်ကို ချွန်းဖြင့်ထိန်းသည်။ ၂၊[ဥပစာ] (စိတ်ကို) ထိန်းသိမ်းချုပ်တည်းသည်။

ချွေ၊ကြိ–ကြွေအောင်လုပ်သည်။

ချွေ၊ကြိ–ကြွေအောင်ပြုသည်။ **~ရံသင်းပင်း**/ ချွေယန် သင်းဗင်း/ န–အနီးအပါးတွင် ဝိုင်းဝန်းခစားနေသူ အစု။ အခြွေအရံ။

ချွင်း၊ကြိ–ကြွင်းကျန်စေသည်။ ချန်သည်။ **~ချက်** /ချွင်းဂျက်/ န–သတ်မှတ်ထားသော အချက်များတွင် မပါဝင်သောအချက်။

ဂ

ဂ၊န–ဗျည်းသုံးဆယ့်သုံးလုံးတွင် သုံးလုံးမြောက်ဗျည်း။ (ဂငယ်ဟု ခေါ်သည်။) **~ယနဏ** /ဂါဂါနာနာ/ ကြိဝိ–ကွဲကွဲပြားပြား၊ သေသေချာချာ။

ဂဇသျှုတ္တရ/ ဂဇာ့ယုတ်တရာ/ န–ဆင်တို့၏ ကြံ့ခိုင် လက္ခဏာကို ဖွင့်ဆိုသောကျမ်း။ ဆင်ကျမ်း။ [သ၊ဂဇဂါ[သ္တ]]

ဂဏာ၊န–ဆင်ရုပ်၊ မြင်းရုပ် စသည် ရေးဆွဲသော ရေးရိုးမြန်မာပန်းချီ။ (ကနုတ်၊ ကပီ၊ နာရီတို့လည်း ရှိ) [ပါ၊ဂဏ]

ဂဏန်း၊န–၁၊ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၀ ဟူသော သင်္ချာအမှတ်အသား။ ၂၊ကိန်းအရေအတွက်။ ၃၊

မာတိကာသို့ ▶▶▶

ရေတွက်ခြင်းအတတ်။ [ပါ၊ဂဏနာ] ~ခြေ /ဂနန်းချေ/ န-တစ် နှစ် စသော ဂဏန်းတို့ကို ပြသော အမှတ် လက္ခဏာ။ (၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၀ တို့ဖြစ်သည်။) ~သင်္ချာ၊န-အပေါင်း၊ အနုတ်၊ အမြှောက်၊ အစား စသော ရေတွက်ခြင်း အတတ်။

ဂတိ/ဂဒိ/န-သတ္တဝါတို့ လားရာဘဝ။ [ပါ၊ဂတိ]

ဂဒူး၊န-ဗိလမ နှင့်အတူတူ။ [မွန်၊ဂဒိုဝ်]

ဂဒေ၊န-အိုးလုပ်ငန်းတွင် အိုးရိုက်သောအခါ အတွင်းက အမာခံအဖြစ် သုံးရသော မြေကျက်လုံး။

ဂနာမငြိမ်၊ကြိ-လူမြေ့မရဖြစ်သည်။ တည်တည်တံ့တံ့ မရှိ။

ဂနိုင်၊န-၁၊သစ်ပင်ကြီးများစည်ကားစွာ ပေါက်ရောက် လျက်ရှိသောလှည်းလည်ကြည့်ရှု ချင်စဖွယ် သာယာ သောတော။ ၂၊[ပေါ]တော။ [မွန်၊ဂိုင်]

ဂနိုင်ကျက်သရေ၊န-ကိုင်းဖျားရှိ အနီရောင်အရွက်နုများမှ အဝါရောင် အပွင့်ငယ်များပွင့်သော အပင်။

ဂမုန်း၊န-အများအားဖြင့် အနံ့ရှိသော ဥရှိသည့် အပင်ငယ်မျိုးကို ခြုံ၍ခေါ်သော အမည်။ ~**အင်**၊န-နတ်တော်၊ ပြာသိုလတို့တွင် သစ်ပင်ကြီးများ၌ တွယ်ကပ်ပွင့်တတ်သော သစ်ခွတစ်မျိုး။

ဂယက်၊န-၁၊လှိုင်းကြောင့်ဖြစ်စေ၊ ဝဲကြောင့်ဖြစ်စေ အဆက်မပြတ် ပျံ့နှံ့စွာ ဖြစ်ပေါ်သော ရေ၏ လှုပ်ရှားရိုက်ခတ်မှု။ ၂၊ ဂယက်ကဲ့သို့ ပြန့်ကား ကျယ်ပြန့်သွားသောအရာ။ "စီးပွားရေး~။" ~**ရိုက်**၊ ကြိ-ပျံ့နှံ့ကူးစက် ထိခိုက်သွားသည်။

ဂရု/ဂရု/န-နှစ်မတြာ ရှည်ကြာသော အသံ။ [ပါ၊ဂရု] ~**စိုက်**၊ကြိ-အရေးတယူပြုသည်။ ~**ပြု**၊ကြိ-သတိမူသည်။

ဂရုကံ/-ကန်/န-ကြီးလေးသောကံ။ တစ်ပါးသော ကံက မတားမြစ်နိုင်အောင် အားကြီးသော ကံ။ [ပါ၊ဂရုက+ကမ္မ]

ဂရို၊န-အရေအတွက်မှတ်ရာတွင် သုံးရသော နီးပြား၊ တုတ်ချောင်း စသည်။ တာလီ။ ~**ချိုး**၊ ကြိ-ဂရိုကို ချိုး၍ဖြစ်စေ၊ တစ်ချောင်းချင်းသုံး၍ဖြစ်စေ မှတ်သား ရေတွက်သည်။

ဂရင်ဂျီနာ၊န-ဘရင်ဂျီနာနှင့် အတူတူ။ [ဟိန္ဒူ၊farangi +မြန်၊နာ]

ဂရင်းနစ်စံတော်ချိန် /ဂရင်းနစ်စန်ဒေါ်ချိန်/ န-လန်ဒန်မြို့၊ ဂရင်းနစ်အရပ်ကို ဖြတ်သန်းသော လောင်ဂျီတွဒ်ကို သုညဒီဂရီသတ်မှတ်၍ တွက်ချက် သော ကမ္ဘာ့စံတော်ချိန်။ [လိပ်၊ Greenwich+ မြန်၊စံတော်ချိန်]

ဂရန့်မြေ၊န-အစိုးရက ကာလအပိုင်းအခြားဖြင့် နေထိုင် လုပ်ကိုင်ခွင့်ပြုထားသော မြေ။ [လိပ်၊grant +မြန်၊ မြေ]

ဂရိန်/ဂရိန်/န-သေးငယ်သော အရာများကို ချိန်ရာ၌ သုံးသော ချိန်ဝန်တစ်မျိုး။ [လိပ်၊ grain]

ဂရပ်ဖိုက်/ဂရက်ဖိုက်/ န-အမည်းရောင် ကာဗွန်ခြပ် တစ်မျိုး။ [လိပ်၊ graphite]

ဂရမ် /ဂရန်/ န - မက်ထရစ်စနစ်တွင် အခြေခံ အလေးချိန်။ (နောက်ဆက်တွဲ၌ရှု) [လိပ်၊gramme]

ဂရွတ်/ဂရွတ်/န-ဆယ့်နှစ်ဒါဇင်။ တစ်ရာလေးဆယ့် လေးခု။ [လိပ်၊ gross]

ဂလိုင်၊န-ကလိုင်[2]ရှု။

ဂလစ်ဆရင်/ဂလစ်ဆရင်/န-အရောင်မဲ့ ဆီကြည်အချို။ အလှုဆီ။ (ဆေးဝါး၊ အလှကုန်၊ ဆပ်ပြာ၊ မဲယမ်း မီးကျောက် စသည့်လုပ်ငန်းများတွင် အသုံးပြုရ သည်။) [လိပ်၊ glycerine]

ဂဝံကျောက်၊န-ခြစ်စေးနှင့် သံချေးရောသောကျောက်။ [မွန်၊ တွံဝါန်+မြန်၊ကျောက်]

ဂဝံရုပ်၊န-လူရိုး၊ ကိုးပေါင်းသား စသည်တို့ကို မိန်းမရုပ် ထုလုပ်၍ မန္တန် မန်းမှုတ်စီရင်ထားသော အဆောင်။ (သားပိုက်ဟန်၊ တင်ပျဉ်ခွေဟန် စသည်ဖြင့် ထုလုပ်သည်။)

ဂဟေ၊န-သတ္တုများကို အပူပေးပြီး ဆက်ရာတွင် သုံးသည့် အရည်ပျော်လွယ်သော သတ္တု။ [ပါ၊ဂဟ] ? ~**ဆော်**၊ကြိ-ဂဟေဖြင့် ဆက်စပ်သည်။

ဂဠုန်၊န-ငှက်တို့၏မင်း၊ နဂါးတို့၏ ရန်သူဖြစ်သည် ဆိုသော ကျမ်းဂန်လာ ငှက်ကြီး။ [ပါ၊ဂရုဠ] ~**တောင်ရွက်**/ဂလုန်ဒေါင်ယွက်/န-အထက်ဘက် အစွန်းချွန်နေသော လေရွက်အစုံ။ ~**လက်သည်း** /ဂလုန်လက်သဲ/ န-အဖျားချွန်၍ အတွန့်အတွန့်နှင့် လက်မြားရွက်ရှိသော အလှစိုက် အပင်ငယ် တစ်မျိုး။

ဂါထာ၊န-၁၊ဆန်းကျမ်းတွင် ပြဆိုထားသည့် စည်းကမ်း တို့နှင့်အညီ ရေးစီသော ပါဠိကဗျာ။ ၂၊လိုအင် ဆန္ဒပြည့်ဝစေကြောင်း ဩဘာ၊ ဥုံခံ၍ ရွတ်ရသော စာ။ [ပါ၊ဂါထာ]

ဂါမဝါသီ /ဂါမာ့ဝါသီ/ န-မြို့ရွာနေရဟန်း။ (အရညဝါသီ နှင့် နှိုင်းယှဉ်) [ပါ၊ဂါမဝါသီ]

ဂါရဝပြု /ဂါရဂါပြု/ ကြိ- အလေးအမြတ်ပြုသည်။ အရိုအသေ ပေးသည်။ [ပါ၊ဂါရဝ+မြန်၊ပြု]

ဂါလန်၊န-အရည်ပမာဏကို ခန့်တွက်သော ချင့်ဝန် တစ်မျိုး။ [လိပ်၊gallon]

ဂါဝုတ်၊န-[ကျမ်းဂန်] ခရီးအကွာအဝေးကို တိုင်းတာ သော အတိုင်းအတာ။ တစ်ယူဇနာ၏ လေးပုံတစ်ပုံ အတိုင်းအတာ။ (နောက်ဆက်တွဲ ရှု) [ပါ၊ဂါဝုတ]

ဂါဝန်၊န-အနောက်နိုင်ငံသူများ ဝတ်သည့် အင်္ကျီရှည်။

http://www.lknt11.com

[လိပ်၊ gown]

ဂိမှာန်/ဂိန်မှန်/န–နွေဥတု။ [ပါ၊ဂိမှာန]

ဂိလာန/ဂိလာနာ့/န–မကျန်းမာသူ။ သူနာ။ [ပါ၊ ဂိလာန]

ဂီတ၊န–သီချင်း။ [ပါ၊ဂီတ]

ဂီတာ /ဂီတာ၊ ဂစ်တာ/ န– များသောအားဖြင့် ကြိုး ခြောက်ချောင်းတပ်သော တူရိယာတစ်မျိုး။ [လိပ်၊ **guitar**]

ဂီယာ၊ န– စက်ယန္တရား မောင်းနှင်ရာတွင် အနေး၊ အမြန်၊ ရှေ့တိုး၊ နောက်ဆုတ် ပြောင်းလဲပေးသော စက်အစိတ်အပိုင်း။ [လိပ်၊ gear]

ဂီဝါရ၊ကြိ–[ပေါ]အစဉ့်အလာကို ရရှိသည်။

ဂုဏဝုဒ္ဓိ /ဂုနာ့ဝုတ်ဒိ/ န–ဂုဏ်အားဖြင့် ကြီးခြင်း။ (ဝယဝုဒ္ဓိလည်းရှု) [ပါ၊ ဂုဏဝုဒ္ဓိ]

ဂုဏဝန်၊န–ဂုဏ်ရှိသူ။ [ပါ၊ ဂုဏဝန္တ]

ဂူ၊န–၁၊ကျောက်တောင် စသည်တို့ နံရံတွင် ရှိသော တွင်းခေါင်းကြီး။ လိုဏ်။ အုတ်အင်္ဂတေတို့ဖြင့် ပြုလုပ်ထားသော လိုဏ်။ ၂၊လူသေရုပ်အလောင်းကို သွင်းမြှုပ်ထားရာ အုတ်တိုက်။ [ပါ၊ဂုဟာ] ~ဘုရား /ဂူဖယား/န–ကုလားကျောင်းခံ၍ ကွမ်းတောင် ပေါက်သော ဘုရား။

ဂူလီ၊န–၁၊မြင်းစီးလျက် တုတ်တံဖြင့် ရိုက်ခတ် ကစားရသော သစ်သားလုံး။ ၂၊ယင်းသို့ ရိုက်ခတ် ကစားရသော ရှေးခေတ် အားကစားနည်း။ [သ၊ ဂေါလီ]

ဂေဇက်/ဂဇက်/န–အစိုးရအရာရှိတို့ကို ခန့်ထားခြင်း၊ ရွှေ့ပြောင်းခြင်းမှစ၍ အစိုးရ လုပ်ငန်းအသီးသီးနှင့် သက်ဆိုင်သောကြေညာချက်တို့ကို ထုတ်ပြန်သည့် ပြန်တမ်း။ [လိပ်၊gazette] ~တီးယား/ဂဇက်တီးယား/န–ဒေသန္တရပထဝီဝင်ဆိုင်ရာ အချက်အလက်များကို ဖော်ပြသော မှတ်တမ်း။ [လိပ်၊ **gazetteer**]

ဂေဟာ၊န–နေအိမ်။ [ပါ၊ဂေဟ]

ဂေါစာကြိုဟ်၊န–ဂောစာဂြိုဟ်နှင့်အတူတူ။

ဂေါတမ/ဂေါဒမာ့/န–ဤဘဒ္ဒကမ္ဘာတွင် စတုတ္ထ ပွင့်တော်မူသော မြတ်စွာဘုရား။ [ပါ၊ဂေါတမ]

ဂေါဒန်ကျောက်၊န–အဖြူရောင် ကျောက်တစ်မျိုး။ [သ၊ ဂေါဒန္တ+မြန်၊ကျောက်]

ဂေါပက၊န–စေတီပုထိုးစသည်ကို စောင့်ရှောက် ထိန်းသိမ်းသူ။ [ပါ၊ ဂေါပက]

ဂေါယာ၊န–မြင်းမိုရ်တောင်၏ အနောက်ဘက်တွင် ရှိသည် ဆိုသော ကျွမ်းဂန်လာကျွန်းကြီး။ [ပါ၊ ဂေါယာန]

ဂေါရာစဉ်း /ဂေါယာဇင်း/ န–နွား၏သည်းခြေမှ ဖြစ်သော ဆေးဝါခဲ။ [သ၊ ဂေါရောစန]

ဂေါရီ/ဂေါရီ/န–ရှစ်နှစ်အရွယ်အမျိုးသမီး။ [ပါ၊ ဂေါရီ]

ဂေါဝိန်ဂြိုဟ်၊န–မွေးဖွားသော အချိန်၌ ၁၂ရာသီခွင်တွင် ရှိသော ဂြိုဟ်။ [ပါ၊ဂေါဝိန္ဒ+သ၊ဂြဟ]

ဂေါ့ပလ္လင်/ဂေါ့ပလင်/န–ဘုရားရုပ်တု တည်ရာပလ္လင်။ [ပါ၊ ဂုဟာ + ပလ္လင်္က]

ဂေါ်¹၊န–မြေကြီးစသည်ကို တူးထုတ်ရသော၊ မ ရိုးရသော ကိရိယာတစ်မျိုး။ ~ပြား/ဂေါ်ဗျား/န–၁၊ မြေကို တူးဆွ ကော်ယက် ခပ်ယူရသော ငန်းပြားကြီး။ ၂၊အမှိုက် သိမ်းယူရာတွင် သုံးသော ပစ္စည်း။

ဂေါ်²၊န–အမျက်ကျောက်တွင် ပါတတ်သော အပြစ်အနာ တစ်မျိုး။ [သ၊ဂါ်ရ] ~ကြိုး/ဂေါ်ဂျိုး/န– ကျောက်မျက် ရတနာများတွင် ပါတတ်သော အရေးအကြောင်း။

ဂေါ်³၊ကြိ–[ဗန်း]ပိုးပန်းသည်။

ဂေါ်ဖီ၊န–[ကဗျာ]ကံ့ကော်နှင့် သရဖီ၊

ဂေါ်ဖီထုပ်/ဂေါ်ဖီဒုတ်/န–ထုပ်နေသော အရွက်များ ရှိသည့် ဟင်းလျာပင်တစ်မျိုး။ [ဟိန္ဒီ၊ဂေါဘီ+ မြန်၊ထုပ်]

ဂေါ်ဖီပန်း/ဂေါ်ဖီဗန်း/န–အပွင့်သဖွယ် ဖြစ်နေသော အခိုင်ကို စားရသော ဟင်းလျာပင်တစ်မျိုး။ ပန်းမုန်လာ။ [ဟိန္ဒီ၊ဂေါဘီ+မြန်၊ပန်း]

ဂေါ်မိတ်၊န–အဖြူ၊ အဝါနု၊ အနီ၊ အပြာရင့်ဟူ၍ လေးမျိုးပြားသော အမျက်ကျောက်။ [သ၊ဂေါမေဒ]

ဂေါ်မုတ်၊န–နွားကျင်ငယ်ရောင်၊ နနွင်းသားရောင်ရှိသော အမျက်ကျောက်။ [ပါ၊ ဂေါမုတ္တ]

ဂေါ်ရခါး/ဂေါ်ရခါး/န–၁၊နီပေါနိုင်ငံတွင် နေထိုင်သော လူမျိုးတစ်မျိုး။ ၂၊ဟင်းချက်စားရသော လက်သီးဆုပ်ခန့် အသီးသီးသည့် နွယ်ပင်တစ်မျိုး။ [ဟိန္ဒီ၊ ဂေါရခါ]

ဂေါ်ရာ၊န–ဥရောပတိုက်သား စစ်သည်။ မျက်နှာဖြူစစ်သား။ [ဟိန္ဒီ၊ ဂေါရာ] ~ဖျင်၊ န– နိုင်ငံခြားမှ လာသော ဖိုင်ဖြူ ကြမ်းတစ်မျိုး။

ဂေါ်လီ၊န–ကလေးများ ပစ်ကစားသော လောက်စာလုံးနှင့်တူသည့်ဖန်၊ ကျောက် အလုံးငယ်။ [သ၊ ဂေါလီ]

ဂေါ်သဇင်/ဂေါ်သဇင်/န–၁၊သဇင်ပန်းပင်။ ၂၊သဇင်ပန်းနှင့်ဆင်သော ပန်းပွင့်သည့် နွယ်ပင်တစ်မျိုး။ ၃၊ သဇင်ပန်းနှင့် ဆင်သော ပန်းပွင့်သည့် ပင်စောက် တစ်မျိုး။ [မွန်၊ ကဵဂဇင်]

ဂိုဒေါင်၊န–ကုန်စည်များ သိုလှောင်ရာရုံ။ [မလေး၊ **godown**]

ဂိုး၊န–၁၊ဘောလုံး၊ ဟော်ကီဘော စသည် ကစားရာတွင် ဘောလုံးသွင်းရသည့် အပေါက်။ ဂိုးပေါက်။

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

၂။ဘောလုံးကစားရာတွင် ဂိုးပေါက်တွင်းသို့ ဘောလုံးဝင်ခြင်း။ ကြိ–ဂိုးဝင်သည်။ [လိပ်၊goal] **~စောင့်** /ဂိုးဆောင့်/န–ဂိုးအတွင်းသို့ ဘောလုံး မဝင်အောင် ကာကွယ်သူ။ ဂိုးသမား။ **~စည်း** /ဂိုးဇီး/ န–ဂိုးမျက်နှာစာတွင် သတ်မှတ်ထားသော စည်း။ **~တိုင်**/ဂိုးဒိုင်/ န–ဂိုးပေါက်ဖြစ်ရန် စိုက်ထားသော တိုင်။ **~ဝင်**၊ကြိ–ဂိုးပေါက်အတွင်းသို့ ဘောလုံးဝင်သည်။ **~သွင်း**၊ကြိ–ဘောလုံးကို ဂိုးပေါက်တွင်း ဝင်အောင် လုပ်သည်။

ဂေါက်၊န–ခေါင်းပိတ်ဘောလုံးငယ်ကို တုတ်တံဖြင့် ရိုက်ခတ်၍ ကျင်းစိမ်ကစားရသော ကစားနည်း။ [လိပ်၊golf] **~သီး**၊ န– ဂေါက်ရိုက်ကစားရသော ခေါင်းပိတ် ဘောလုံးငယ်။

ဂိုက်¹၊န–[အပြော]ဟန်ပန်အမူအရာ။ ပုံပန်း။ [လိပ်၊guise] **~ဖမ်း**၊ ကြိ–တစ်စုံတစ်ဦး၏ ဟန်ပန်အမူအရာကို တုပသည်။ "ရုပ်ရှင်မင်းသား ~နေ–။"

ဂိုက်²၊ န–ကိုက် ရှု။

ဂင်္ဂါ/ဂင်းဂါ/န–၁၊အိန္ဒိယပြည်ရှိမြစ်ကြီး တစ်စင်း၏ အမည်။ ၂။[ကဗျာ] မြစ်။ [ပါ၊ဂင်္ဂါ]

ဂင်တို/ဂင်ဒို/န–ကိုယ်လုံးတုတ်၍ အရပ်ပုသော သူ။

ဂိုင်၊န–[ဗန်း] ကိုင်၊န နှင့် အတူတူ။ **~ထောင့်**၊ကြိ–[ဗန်း]ငွေကြေးပြည့်စုံသည်။

ဂိုင်း၊န–ချိန်ခွင်ကြီးတစ်မျိုး။

ဂစ်လှေ၊န–(အနောက်နိုင်ငံသုံး)ရှည်လျား ပေါ့ပါးသော ပြိုင်လှေတစ်မျိုး။ [လိပ်၊ gig+မြန်၊လှေ]

ဂိဇ္ဈကုဋ်/ဂိတ်ဇကုတ်/န–ရာဇဂြိုဟ်ပြည်ကို ဝန်းရံနေသည့် တောင်ငါးလုံးအနက် တောင်တစ်လုံး၏ အမည်။ [ပါ၊ဂိဇ္ဈ+ကူဋ]

ဂဏ္ဌိ/ဂန်ထိ၊ဂန်ဒိ/န–ပုဒ်စဉ်ပါဠိလျှောက် မဟုတ်ဘဲ ခက်ခဲမည်ထင်ရသော ပုဒ်များကိုသာ ဖွင့်ဆိုသော ကျမ်း။ ခက်ဆစ်အဖွင့်ကျမ်း။ [ပါ၊ဂဏ္ဌိ]

ဂုဏ်၊န–၁၊သက်ရှိသက်မဲ့တို့၏ အရည်အချင်း၊ အစွမ်းသတ္တိ။ ၂။[စာပေ] အရေးအသား အစီအကုံးတွင် ကောင်းမြတ်သော အရည်အချင်း။[ပါ၊ဂုဏ] **~ခံ**၊ ကြိ–မိမိဂုဏ်ကို အားကိုး၍ မောက်မာသည့် အမူအရာကို ပြသည်။ **~ငယ်**၊ကြိ–မျက်နှာငယ် သည်။ **~တုဂုဏ်ပြိုင်** /ဂုန်ဒုဂုန်ဗျိုင်/ကြိဝိ–တစ်ဦးနှင့် တစ်ဦး တစ်ဖက်နှင့်တစ်ဖက် ဂုဏ်ချင်း ပြိုင်ဆိုင်လျက်။ **~တော်**/ဂုန်ဒေါ်/န–ရတနာသုံးပါး၏ ဂုဏ်။ **~တင်**၊ကြိ–တစ်စုံတစ်ဦး၏ အရည်အချင်း၊ အစွမ်းသတ္တိ စသည်ကို ပေါ်လွင်အောင် ချီးမွမ်းသည်။ **~ထူး** /ဂုန်ဒူး/ န–ထူးကဲသော အရည်အချင်း။ ထူးကဲသော ပညာရည်အဆင့်။ **~ထူးဆောင်**/–ဆောင်/နဝိ–၁၊အခကြေးငွေကို မယူဘဲ လုပ်ငန်း၏ဂုဏ်ကို ပဓာနထား၍ အမှုဆောင်ရွက်သော။ ၂။ထူးကဲသော အရည်အချင်း အစွမ်းသတ္တိနှင့်ပြည့်စုံကြောင်း အသိအမှတ် ပြုထားသော။ "~လက်မှတ်။" **~ဒြပ်**၊န–ဂုဏ်ရည်အဆင့်အတန်း။ **~ပကာသန**၊ န–မိမိ၏ ဂုဏ်အဆင့်အတန်း၊ ဥစ္စာနေအင်အားကို အများသိအောင် ထုတ်ဖော်ပြခြင်း။ **~ပုဒ်**၊န–ဂုဏ်အရည်အချင်း။ **~ပြု**၊ကြိ–အခမ်းအနား ပြုလုပ်၍ ဂုဏ်အရည်အချင်းကို ထုတ်ဖော် ချီးကျူးသည်။ ချီးကျူးအသိအမှတ် ပြုသည်။ **~ယူ**၊ ကြိ–ထူးခြားသည့် စွမ်းရည်သတ္တိ တစ်ခုခု ကြောင့် ဝမ်းသာအားရ ဖြစ်သည်။ **~ရည်**၊ န–ဂုဏ်အရည်အချင်း၊ အဆင့်အတန်း။ **~သရေ**၊ န–ဂုဏ်တို့ဖြင့် တင့်တယ်မြင့်မြတ်ခြင်း။ [ပါ၊ ဂုဏ+သ၊ဂြီ] **~သိက္ခာ**၊န–စောင့်စည်း ထိန်းသိမ်း အပ်သော ဂုဏ်။ **~သိန်**၊န–ဂုဏ်သရေ။ **~သိမ်**၊ န– သိမ်မွေ့ထက်မြက်သော ဂုဏ်။

ဂိုဏ်း၊န–၁၊အဖွဲ့။ အစု။ အသင်း။ ၂။[ပါ၊သဒ္ဒါ]ရုပ်ပြီး ပုံချင်းတူရာတူရာကို စုရုံးထားသော ပုဒ် အပေါင်း အစု။ ၃။[ဆန်း]သုံးလုံးတစ်တွဲစီ သတ်မှတ်ထားသော အက္ခရာစု။[ပါ၊ဂဏ] **~ချုပ်**/ဂိုင်းဂျုတ်/န–သာသနာ တော်တွင် ဝါဒတူညီသော ဂိုဏ်းတစ်ခုလုံး၏ အကြီးအကဲ။ **~ခွဲ**၊ကြိ–၁၊မူလဂိုဏ်းမှ ခွဲထွက်၍ ဂိုဏ်းတသီးတခြား ပြုလုပ်သည်။ ၂။အချင်းချင်း သွေးကွဲအောင် လုပ်သည်။ **~ဂဏ**၊န–ဝါဒတူသူများ အုပ်စု။ အဖွဲ့အစည်း။ [ပါ ဂဏ+ ဂဏ] **~ထောက်** /ဂိုင်းဒေါက်/ န– ဂိုဏ်းအုပ်ဆရာတော်၏ လက် ထောက် ဖြစ်သော ဆရာတော်။ **~သင့်**၊ ကြိ–၁၊ရိုသေအပ်သည်တို့ကို ပြစ်မှားမိ၍ ဘေးဖြစ်သည်။ ၂။[ဆန်း]ဆန်းဂိုဏ်း တစ်ခုခုတွင် ကျရောက်သည်။ **~အုပ်**၊န–သာသနာဆိုင်ရာ ဂိုဏ်းတွင် ဂိုဏ်းချုပ် အောက်ဖြစ်သော အကြီးအကဲ။

ဂါတ်တဲ၊န–[ခေတ်ကုန်]ရဲစခန်းကို ယခင်ကခေါ်သော အမည်။ [လိပ်၊ guard+မြန်၊တဲ]

ဂါတ်ဗိုလ်၊န–[ခေတ်ကုန်] မီးရထားနှင့် လိုက်ပါ၍ မီးရထားသွားလာမှုကို ကြီးကြပ်သူ။ [လိပ်၊guard +ပါ၊ဗလ]

ဂိတ်¹၊န–၁၊စက်ရုံ၊ အလုပ်ရုံ စသည်၏ ဝင်းခြံအထွက် အဝင် တံခါးပေါက်ကြီး။ ဝင်းပေါက်။ ၂။ယာဉ် စသည် အဝင်အထွက် စည်းကြပ်ရာ နေရာ။ ယာဉ်ဂိတ်ထိုးရာ နေရာ။ ၃။မြင်းပွဲတွင် တာလွှတ်ရာ နေရာ။ [လိပ်၊gate] **~ကြေး**၊န–ဂိတ်ဖြတ်ခွင့်ရရန်၊ ဂိတ်ထိုးခွင့် ရရန် ပေးရသော ငွေကြေး။ **~ထိုး**၊ကြိ– မော်တော်ကား၊ ဆိုက်ကားစသည်တို့ သတ်မှတ်

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ထားသော ဂိတ်တွင် နေရာယူသည်။

ဂိတ်²။န-၁။သွပ်ပြား၊ သံပြားစသော သတ္တုပြား အထူ အပါးကို တိုင်းရသော စံ။ ၂။နန်းကြိုး၊ မှုလီသေည် တို့၏ အကြီးအသေးကို တိုင်းရသော စံ။ [လိပ်၊ **gauge**]

ဂန်ကျာ။န-ဆေးခြောက်။ [ဟိန္ဒီ၊ဂန်ကျာ]

ဂန္ထုစုရ/ဂန်ထာ့ခုရှာ၊ဂန်ဒါ့ခူရှာ/န-ပိဋကတ်စာပေကို သင်ယူခြင်း၊ ပို့ချခြင်း ဟူသော ရဟန်းတို့တာဝန်။ (ဝိပဿနာဓုရလည်းရှိ) [ပါ၊ဂန္ထုစုရ]

ဂန္ထဝင်/ဂန်ထဝင်၊ ဂန်ဒဝင်/န-ခေတ်အဆက်ဆက် မှတ်တမ်းတင်ခံရသော စာပေ။ [ပါ၊ဂန္ထဝံသ]

ဂန္ဓဗ္ဗ ရ။န-ကျွမ်းဂန်အပေွေပွေ။ [ပါ၊ဂန္ဓဗ္ဗ ရ]

ဂန်ဒူး။န-[အရပ်]မိန်းမလျာ။ [ဟိန္ဒီ၊ဂေါ်ဒူ]

ဂန်ဒယ်၊ န - သစ်စက်တွင် သစ်ခွဲသည့်ဘက်က ခေါင်းဆောင်။ [လိပ်၊**ganger**]

ဂန္ဓကုဋိ/ဂန်ဒါ့ဂုဒိ/န-မြတ်စွာဘုရားသခင်ကိန်းအောင်း မွေ့လျော်တော်မူရာ အဆောင်။ [ပါ၊ဂန္ဓကုဋိ]

ဂန္ဓမာ။န-အဖြူ၊ အဝါ စသည်မှုင်ချပ် အထပ်ထပ်ရှိ ပန်းများပွင့်သည့် အပင်တစ်မျိုး။ [ပါ၊ဂန္ဓမာဒန]

ဂန္ဓာရီ/ဂန်ဒါရီ/န-ကိုယ်ပျောက် စေနိုင်သည်ဆိုသော အတတ်။ [ပါ၊ဂန္ဓာရီ]

ဂန္ဓာရုံ။န-အနံ့အာရုံ။ [ပါ၊ဂန္ဓာရမ္မဏ]

ဂန္ဓဗ္ဗ/ဂန်ဒဘ်ဗာ့/န-မြင်းမိုရ်တောင်၏ အာလိန်ငါးဆင့် အနက် အထက်ဆုံးအဆင့်တွင်နေသည့် နတ် သီချင်းသည်မျိုး။ [ပါ၊ဂန္ဓဗ္ဗ]

ဂန်စလား။န-[ထောင်]နောက်ဖေးအိုး။ [ဟိန္ဒီ၊ဂမလာ]

ဂုန်။န-ကြိုး၊ အိတ် စသည်လုပ်ရသော လျှော်ထွက် သည့် အပင်။ [ဟိန္ဒီ၊ ဂေါနီ] ~**နီ**၊ န- ဂုန်လျှော်ဖြင့် ပြုလုပ်ထားသော ပစ္စည်း။ [ဟိန္ဒီ၊ ဂေါနီ] ~**လျှော်** /ဂုန်ယှော်/န-ဂုန်ပင်။ ဂုန်ပင်မှ ထွက်သော လျှော်။

ဂုဏ္ဍန်/ဂုန်ဒန်/ န- ကျောက်မျက်မြုပ်သွင်း စီခြယ် ချုပ်လုပ်သော အတတ်။ [ထိုင်း၊ **gkoo-dan**]

ဂန္ဓီရ /ဂန်ဗီရာ/ နဝိ- ခက်ခဲ နက်နဲသော (ဉာဏ်)။ [ပါ၊ဂမ္ဘီရ]

ဂါမ္ဘဒေါသ /ဂန်မာဒေါသာ့/ န-[စာပေ] ရှန့်ရင်း ကြမ်းတမ်းစွာ ဖွဲ့ဆိုရေးသားသောကြောင့် သင့်သော စာပေဒေါသ။ [ပါ၊ဂါမ္ဘ+ဒေါသ]

ဂုံ¹။န-ထိုင်းတရုတ်အုပ်စုဝင် ဘာသာစကား တစ်မျိုးကို ပြောသော မြန်မာတိုင်းရင်းသား ရှမ်းလူမျိုး တစ်မျိုး။ (ကျိုင်းတုံဒေသတွင် နေထိုင်သည်။)

ဂုံ²။န-အရွက်ကို ဟင်းချက်စားရသော နွယ်ပင်တစ်မျိုး။

ဂုံ³။န-ဆေးဖက်ဝင် နွယ်ပင်တစ်မျိုး။ (ဂုံချို၊ ဂုံခါး၊ ဂုံဖောခီ၊ ဂုံလက်တို၊ ဂုံသများ ဟူ၍ ငါးမျိုးရှိသည်။)

ဂုံစက္ကူ။န-နမ်းကြတ်ပင်အခေါက်ဖြင့် လုပ်သည့် စက္ကူတစ်မျိုး။

ဂုံမင်း။န-အစို့ကို ဟင်းချိုချက်စားရသော အပင်တစ်မျိုး။

ဂျပိုး/ဂျဗိုး/န-ကြမ်းပိုး ရှု။

ဂျမဒါ /ဂျမဒါ/ န- ၁၊ အိန္ဒိယတပ်တွင် အရာရှိငယ် အဆင့်တစ်မျိုး။ ၂။လုံခြုံရေးဆိုင်ရာ အမှုထမ်းတစ်စု ကို အုပ်ချုပ်ရသူ။ [ဟိန္ဒူ၊ **jamedar**]

ဂျလေဘီ /ဂျလေဗီ/ န-အိန္ဒိယတိုင်းရင်းသားတို့၏ မုန့်ချိုတစ်မျိုး။ [ဟိန္ဒီ၊ဇလေဗီ]

ဂျာကင်။န-သားရေစသည်ဖြင့် ချုပ်လုပ်၍ အများ အားဖြင့် လက်များ၊ ခါးနေရာတို့၌ ကျပ်သော ရင်ကွဲအင်္ကျီတစ်မျိုး။ [လိပ်၊ **jerkin**]

ဂျာစီ။န-လည်ပင်းပေါက်မှ ခေါင်းစွပ်ရသော ကိုယ်ကျပ် အင်္ကျီတစ်မျိုး။ [လိပ်၊ **jersey**]

ဂျာနယ်။န-တစ်ပတ်တစ်ကြိမ်၊ နှစ်ပတ်တစ်ကြိမ် စသည်ဖြင့် ထုတ်ဝေသော စာစောင်။ [လိပ်၊ **journal**]

ဂျာရစ်။န-ချာရစ် ရှု။

ဂျီအိပတ္တများ/ဂျီအိပတ်တာ့များ/ကြိ-ဂြေးထူသည်။ အဆာကျယ်သည်။

ဂျီသြမေတြီ/ဂျော်မေထရီ၊ဂျီအော်မေထရီ/န-အမှတ်၊ မျဉ်းဆောင့်၊ မျက်နှာပြင်စသည်တို့ အချင်းချင်း ဆက်သွယ်ပုံကို ပြသော သင်္ချာပညာ။ [လိပ်၊ **geometry**]

ဂျီး၊ န-[အပြော]ဂြေးညော်။ " ~ထူ။ ~များ။ ~ချွတ်။"

ဂျူဒို။န-လက်ခြေတို့ကို အသုံးပြု၍ နပန်းလုံးခြင်း၊ ချုပ်ကိုင်ခြင်း စသည့် ဂျပန်ကိုယ်ခံပညာတစ်မျိုး။ [ဂျပန်၊ **judo**]

ဂျူရီ/ဂျူရီ/န-၁။ပြစ်မှု ဆိုင်ရာတရားရုံးတွင် အမှု အခင်းကို ကြားနာ၍ ထင်မြင်ချက်ပေးရန် အစိုးရက ခန့်အပ်ထားသော အရပ်သားအဖွဲ့။ ၂။ယင်းအဖွဲ့ဝင် ပုဂ္ဂိုလ်။ [လိပ်၊ **jury**]

ဂျူး။န-၁။ယဟူဒီလူမျိုးကို ခေါ်သော အမည်။ ၂။အမြစ်၊ အဖူးကို စားရသော ကြက်သွန်မျိုးဝင် ဟင်းလျာပင်။ [လိပ်၊**Jew**]

ဂျော်ဂျက်။န-နူးညံ့ပျော့ပျောင်း၍ အတွန့်ပါသော ပိုးထည်တစ်မျိုး။ [လိပ်၊ **georgette**]

ဂျိုကာ။န-၁။ဖဲကစားနည်းအချို့တွင် လိုရာဖဲအဖြစ် သုံးနိုင်သော ဖဲချပ်။ ၂။[ဥပစာ] နေရာတကာတွင် ဝင်ရောနိုင်သူ။ [လိပ်၊ **joker**]

ဂျက်လေယာဉ်ပျံ /ဂျက်လေယင်ဗျန်/ န- လေယာဉ် သားရာ၏ ဆန့်ကျင်ဘက်သို့ စက်ခေါင်းမှ ပန်း ထွက်သော လေလုံး၏ တွန်းကန်အားဖြင့် ပျံသန်း သော လေယာဉ်။ [လိပ်၊ **jet**+ မြန်၊ လေ+ ပါ၊ ယာန+မြန်၊ ပျံ]

မာတိကာသို့ ▶▶▶

ဂျောက်၊ န – [ပုံနှိပ်] ပုံနှိပ်လုပ်ငန်းတွင် ပင်မအလုပ်မဟုတ်သော ဖိတ်စာ၊ ကြော်ငြာ စသည့် ရိုက်နှိပ်သော ကြားပေါက်လုပ်ငန်း။ [ဖြစ်ပ် jobbing]

ဂျောက်ဂျက်၊ န – ၁၊ ကြက်၊ ဆင်၊ ကျား၊ လိပ်၊ ငါး၊ ပုစွန်ရုပ်များကို တစ်မျက်နှာလျှင် တစ်ကောင် ရေးထားသည့် အန်စာလုံးသုံးလုံးကို လှုပ်ချကစားရသော လောင်းကစားနည်း။ ၂၊ အတွင်း၌ ခဲလုံးကလေးများထည့်ထား၍ လှုပ်လျှင် အသံမြည်သော ကလေးကစားစရာ။

ဂျိုက်၊ န – ဝက်အူရစ် သို့မဟုတ် ဖိအားကို အသုံးပြု၍ ဝန်အလေးကို ထမ်းပင့်နိုင်သော ကိရိယာ။ မြွေးဟိုး။ [လိပ် jack]

ဂျိုက်သိုး၊ န – ကိုယ်ပူလာပြီး အရေပြားတွင် အနီစက်မ်များထွက်သော ရောဂါတစ်မျိုး။

ဂျင်၊ န – ၁၊ ကြိုးနှင့်ရစ်၍ ပေါက်ကစားရသော သံဆူးအခြေပါသည့် သစ်သားလုံးငယ်။ ၂၊ လေးကောင်ဂျင်၊ ၃၊ [ဥပစာ] အလှုန်ပါးနပ် လည်ပတ်သောသူ။ **~ကလည်**/ ဂျင်ကလယ်/ န – အသီးငယ် စသည်တွင် တုတ်ထိုး၍ လက်ဖြင့် လှည့်ကစားရသောအရာ။ **~ခြေလည်** / ဂျင်ဂျီလယ်/ ကြိ – [ဥပစာ] အလုပ် အလှုန်များသည်။ **~ဖု**/ ဂျင်ဖု/ န – လွှ၊ ခပ်တက် စသည်ကဲ့သို့သော အရာမျိုးတွင်ရှိသော ကိုင်တွယ်စရာ အဖုအလုံး။

ဂျင်ဂလယ်၊ န – ၁၊ ရွာသိမ်ရွာငယ်။ ၂၊ သေးငယ်သော၊ အရာမရောက်သော အရာ။ [သ၊ ဇင်္ဂလ]

ဂျင်နရေတာ/ ဂျင်နရေတာ/ န – စက်အားကို လျှပ်စစ်အားဖြစ်အောင် ပြောင်းလဲပေးသည့် စက်။ [လိပ်၊ generator]

ဂျစ်ကား၊ န – လေးဘီးလုံးမောင်းနိုင်သော အကြမ်းခံ အထွေထွေသုံး ကားငယ်တစ်မျိုး။ [လိပ်၊ jeep + car]

ဂျစ်ကန်ကန် / ဂျစ်ကန်ဂန်/ ကြိဝိ – ပမာမခန့်၊ ဝေကက်ကက်။

ဂျစ်ပဆမ်၊ န – ကျောက်ပတ်တီး၊ အင်္ဂတေ စသည်လုပ်ရသော တွင်းထွက်ပစ္စည်း တစ်မျိုး။ [လိပ်၊ gypsum]

ဂျုတ်၊ န – ရှေးနိုင်ငံမြေ အဆိပ်ပြင်းသော မြွေတစ်မျိုး။ [မွန်၊ (ဖြ)ထောက်]

ဂျုတ်၊ န – ၁၊ တလင်းမြေညီရာ၊ အမှိုက်ရှင်းရာ၊ နယ်ပြီး စပါး စသည်ကို စုရာတွင် သုံးသော၊ သစ်သားပြားခုံးခုံးတွင် လက်ကိုင်ရိုးရှည် တပ်ထားသော ကိရိယာ။ ၂၊ ကြိုစိုက်ခင်းတွင် ထယ်ကြောင်းနက်အောင် ဆွဲရသော ကိရိယာ။ ၃၊ ရွှေပေါ်ငယ်တစ်မျိုး။ ၄၊ မှတ်ဆိတ်ရိတ်ရသော ကိရိယာ။

ဂျိန်ဖော၊ န – ကချင်လူမျိုးတစ်မျိုး။ (ကချင်ပြည်နယ်၊ ကသာခရိုင်၊ ရှမ်းပြည်နယ် မြောက်ပိုင်းတွင် အများအားဖြင့် နေထိုင်သည်။)

ဂျိန်းဘာသာ/ ဂျိန်းဘာသာ/ န – အိန္ဒိယပြည်တွင် ဘိတိဖြရာစုခန့်က မဟာဝီရထူထောင်ခဲ့သည့် ထင်ရှားသော ဘာသာအယူဝါဒ။ [သ၊ ဇိန + ပါ၊ ဘာသာ]

ဂျုပ်၊ န – အတိုင်ချည်ကို ခါးတွင်ဂန်း၍ အန်သေးအထည်ရက်လုပ်သော ရက်ကန်းတစ်မျိုး။ **~ကောင်**၊ န – အမွေးအမှင်ကြားတွင် နေတတ်သော ကိုယ်သန်းတစ်မျိုး။ **~ကြိုးပြား**/ ဂျုတ်ကျိုးပျား/ န – ရက်လုပ်ထားသော အန်သေးကြိုးပြား။ **~ရက်**၊ ကြိ – အန်သေးအသားထူသော အထည်မျိုးကို ရက်လုပ်သည်။

ဂျမ်းဖြစ်၊ ကြိ – စက်ကိရိယာအစိတ်အပိုင်း လှုပ်ရှား၍မရဖြစ်သည်။ [လိပ်၊ jam + မြန်၊ ဖြစ်]

ဂျုံ၊ န – အမှုန့်ပြု၍ ပေါင်မုန့်၊ နံပြား စသည် လုပ်ရသည့် ကောက်စပါးတစ်မျိုး။ [ဟိန္ဒီ၊ ဂေဟုံ]

ဂြိုဟ်၊ န – ၁၊ [ဗေဒင်] လူတို့၏ ကံကြမ္မာကို ဖော်ညွှန်းနိုင်သည်ဆိုသော ကောင်းကင်ကြယ်။ (အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေ ဟု ငါးလုံးလည်းရေတွက်ကြသည်။ ရာဟုနှင့် ကိတ်ကို ထည့်၍ ခုနစ်လုံးလည်း ရေတွက်ကြသည်။ တနင်္ဂနွေ (နေ) နှင့် တနင်္လာ (လ) တို့ကိုပါထည့်၍ ကိုးလုံးလည်း ရေတွက်ကြသည်။ ကိတ်ကို ချန်၍ ရှစ်လုံး လည်း ရေတွက်ကြသည်။) ၂၊ [သိပ္ပံ] နေကို ဗဟိုပြု၍ လှည့်နေသော ကိုယ်ပိုင်အလင်းမဲ့သည့်ကြယ်။ (ဗုဒ္ဓဟူး၊ သောကြာ၊ ကမ္ဘာ၊ အင်္ဂါ၊ ကြာသပတေး၊ စနေ၊ ယူရေးနတ်၊ နက်ပကျွန်း၊ ပလူတို ဟူ၍ ကိုးလုံး ရှိသည်။) [သ၊ ဂြဟ] **~ကောင်**/ ဂျိုဂေါင်/ န – [ဥပစာ] မကောင်းကျိုးကို ပေးတတ်သော သူ။ **~ကျ**၊ ကြိ – [ဥပစာ] ဒုက္ခရောက်သည်။ ဒုက္ခပေးသည်။ **~စာ** / ဂျိုဇာ/ န – ဂြိုဟ်တို့ကို တင်မြှောက်သော စားဖွယ်။ **~စားသက်ရောက်** / ဂျိုဇားသက်ယောက်/ န – [ဗေဒင်] တစ်စုံတစ်ယောက်သောသူ၏ အသက်သည် ဂြိုဟ်တစ်လုံးလုံး၏ အသက်နှင့် ယှဉ်တွဲနေကြောင်းပြသော တွက်နည်း။ **~စီးဂြိုဟ်နင်း** / ဂျိုဇီးဂျိုနင်း/ န – မူလဂြိုဟ်ရှိရာ ရာသီခွင်သို့ ရောက်ဆဲဂြိုဟ် ဝင်ရောက်လာခြင်း။ **~ဆိုး**/ ဂျိုဆိုး/ န – မကောင်းကျိုး ပေးတတ်သော ဂြိုဟ်။ **~တု** / ဂျိုဒု/ န – ဂြိုဟ်၊ အရံဂြိုဟ်စသည်တို့၌ ပတ်လမ်းအတိုင်း လှည့်ပတ်နေရန် လူသားတို့ ပြုလုပ်လွှတ်တင်ထားသည့် ကိရိယာ။ **~တိုင်**/ ဂျိုဒိုင်/ န – ဘုရား စေတီပတ်လည် အရပ်ရှစ်မျက်နှာတွင် နေ့နံ အလိုက် သတ်မှတ်စိုက်ထူထားသော ဂြိုဟ်ရုပ်ပါသည့်တိုင်။ **~ပြေနံပြေ** / ဂျိုဗျေနန်ဗျေ/ န –

မကောင်းသော ဂြိုဟ်တို့၏ အနှောင့်အယှက်များ ပြေပျောက်စေမှု။ **~မွေ**၊ ကြိ-[ဥပစာ]အမျိုးမျိုး အဖုံဖုံ ဒုက္ခပေးသည်။ **~ရုပ်**၊န-တနင်္ဂနွေ၊ တနင်္လာ စသော ဂြိုဟ်တို့၏ အမှတ်အသားဖြစ်သည့် ဂဠုန်ရုပ်၊ ကျားရုပ်စသည်။ (နောက်ဆက်တွဲ-ရှု) **~ဝင်**၊ကြိ-[ဥပစာ] စိတ် အနှောင့်အယှက် ဖြစ်ရသည်။ အန္တရာယ် တွေ့ကြုံရသည်။ ဒုက္ခရောက်သည်။ **~သက်**/ဂျိုသက်/န-ဂြိုဟ်စေအသက်တမ်း။ (နောက်ဆက်တွဲ-ရှု)

ဂွရော/ဂွကျော/န-အကောင်အကြီးအလတ်များသော ဖြစ်သော ငါးပိငါးခြောက်။

ဂွဒီး၊န-အကောင်လတ်ဖြစ်သော ငါးဖယ်အောင်းငါးပိ။

ဂွေး၊န-စိမ်းစားငါးပိလုပ်ရသော ပုဇွန်ငယ်တစ်မျိုး။

ဂွမ်း/ဂွမ်း၊ဂွန်း/န-ဝါဖတ်လေးဖြင့် ဖတ်ပြီး၍ ညက်ညောနေသော ဝါသား။ **~ကပ်**/ဂွန်းဂပ်/န-၁၊ စောင်ပြုလုပ်ရန် အပ်ချည်မျှင်များဖြင့် ထိန်းသိထားသော ဂွမ်းထပ်။ ၂၊ယင်းကို ဖျင်စဖြင့် ဖုံးအုပ်ချုပ်သီထားသော စောင်တစ်မျိုး။ **~စက်**/ဂွန်းဂက်/ န-ချည်ကြိုးဖြင့်ထိန်းကာ အလွှာ ပြုလုပ်ထားသော ဂွမ်း။ **~ထိုး**/ဂွန်းဒိုး/ နဝိ-ဖျင်နှစ်ထပ်ကြားတွင် ဂွမ်းထည့်ချုပ်သော (အထည်)။

ဂျုံ၊န-အညံ့အကောင်း၊ အကြမ်းအချော၊ အသေးအကြီး စသည် ရောထွေးနေသော အရာ။

ဂျတ်၊န-ယားနာတစ်မျိုး။

ဂျမ်း/ဂျန်း/န-ကြမ်း ရှု။

ဃ

ဃ၊န-ဗျည်း သုံးဆယ့်သုံးလုံးတွင် လေးလုံးမြောက် ဗျည်း။ (ဃကြီးဟုခေါ်သည်။)

ဃဋီ၊န-နှစ်ဆယ့်လေးမိနစ်နှင့် ညီမျှသော ကာလ အပိုင်းအခြား။ မြန်မာနာရီ ဘစ်နာရီ။ [သ၊ဃဋိကာ]

ဃနာနို့ဆွမ်း/ဂနာနို့ဆွန်း/န-နွားနို့ဖြင့် ကျိုချက်သော ဆွမ်း။ [ပါ၊ဃန+မြန်၊နို့ဆွမ်း]

ဃရာဝါသ /ဂရာဝါသ/ န- အိမ်ထောင်ပြုခြင်း။ [ပါ၊ဃရာဝါသ]

ဃောသအက္ခရာ၊ န- အသံပြင်းသော အက္ခရာ။ သံပြင်းအက္ခရာ။ (ဂ၊ ဃ၊ ဇ၊ ဈ၊ ဍ၊ ဎ၊ ဒ၊ ဓ၊ ဗ၊ ဘ၊ င၊ ည၊ ဏ၊ န၊ မ၊ ယ၊ ရ၊ လ၊ ဝ၊ ဠဟူ၍ အက္ခရာ အလုံး ၂၀ရှိသည်။) [ပါ၊ဃောသ+အက္ခရ]

င

င၊ န-ဗျည်းသုံးဆယ့်သုံးလုံးတွင် ငါးလုံးမြောက်ဗျည်း။

ငါ၊ကြိ-စေ့စုံသည်။ လုံလောက်သည်။

ငါ၊စည်း-ယောက်ျားအမည် ရှေ့တပ် စကားလုံး။ **~တိ**၊**~နဲ**၊ န-[အပြော] နှိမ်လိုသော သဘောဖြင့် ယောက်ျားကို ခေါ်သော စကားလုံး။ **~မှန်ကန်သိုက်**၊န-ပုဂံခေတ်က ဟူးရားဟာဟ် ငမှန်ကန် ဟူသော ပုဂ္ဂိုလ်ထားခဲ့သည့် အနာဂတ်ပေါ သိုက်ဘာ။

ငကြောင်၊န-သရွားတစ်မျိုး။

ငကြဲ၊န-ကောက်ကြီးစပါးတစ်မျိုး။

ငချိပ်၊န-ခရမ်းရင့်ရောင် အဆင်းရှိသော ကောက်ညှင်း မျိုး။ **~သွေး**၊န-ခရမ်းရင့်ရောင်။

ငစိုင်ရှင်၊န-အရွက်လုံးဆွမ်းပုံရှိ၍ ပင်စည်တွင် ဆူးကလေး များရှိသော အမြစ်ဆေးဖက်ဝင် ပင်လတ်တစ်မျိုး။ သရက်ပန္နက် အမပင်။

ငစိန်၊န-သက်ရင့်စပါးမျိုးစုတစ်ခု။

ငဆစ်၊န-အသီးကွင်း အဖြူသိုင်းပုံ အရေးအကြောင်း ပါသော သရွားတစ်မျိုး။

ငပြေရှင်/ငဗျေယှင်/န-အပင်တိပ်မှ အဖူးတံရှည်များ ထွက်၍ အမြစ်ဂျုံးမြစ်နှင့် တူသော နွယ်တက် သော ဆေးဖက်ဝင် အပင်သေး တစ်မျိုး။ သရက် ပန္နက် အဖိုပင်။

ငပြုပ်၊န-အခွံတွင် ပြုပ်ထနေသော သရွားတစ်မျိုး။

ငပွကြီး /ငပွာဂျီး/ န- [ဥပစာ] ပြဿနာဖြစ်တိုင်း ပါဝင်လေ့ရှိသူ။

ငဖန်ဆေး/ငဖန်ဇေး/န-သွေး၍ အနာကို လိမ်းရသော နွယ်ပင်တစ်မျိုး။

ငမြှောင်တောင်/ငမြှောင်ဒေါင်/န-စပါးပင်များကို ကိုက်ဖြတ်ဖျက်ဆီးတတ်သော ပိုးကောင်။

ငရမန်၊န-မရမန် ²နှင့် အတူတူ။

ငရဲ၊န-မကောင်းမှု ပြုလုပ်သူများ သေပြီးနောက်မလွတ်တမ်း ဆင်းရဲကြီးစွာ ခံရရာအရပ်။ ငရဲအိုး။ [ပါ၊နိရယ] **~ကြီး**၊ ကြိ-ငရဲတွင် ခံရသည်။ /ငယဲဂျီး/ န- အရင်းခံငရဲ။ (သိဉ္ဇိဝ်း၊ ကာဠသုတ်၊ သင်္ဃာတ၊ ရောရုဝ၊ မဟာရောရုဝ၊ တာပန၊ ပတာပန၊ အဝီစိ ဟူ၍ ရှစ်ပါးရှိသည်။) **~မီး**၊န-ပြင်းသော အကျစ်စစ်။ **~သစ်ငုတ်**၊ န-၁၊ ငရဲတွင် ကြာရှည်လေးမြင့်စွာ အပြစ်ခံရသူ။ ငရဲမှ ကျွတ်လွတ်နိုင်ခဲသူ။ ၂၊ မြစ်ချောင်း ကမ်းစပ်ရှိ သစ်ပင်များ နုတ်ချိုင်ရာမှ ကျန်နေသော သစ်ငုတ်။ ၃၊ ဒီချောင်းအရပ်တွင် နုန်းထဲမှ အညောက်သဖွယ် ထိုးထောင် ထွက်နေ သော လမုမြစ်စသည်။

ငရုံ့ပတူ/ငယန့်ဗဒူ/န-အရွက်ချွန်းအပွင့်ဖြူ ရှိသော အပင်ငယ် တစ်မျိုး။

ငရုတ်၊န-ပူစပ်သော အသီးတောင့်သီးသည့် အပင်ငယ် တစ်မျိုး။[သ၊မရိစ] **~ကောင်း**၊ န-ပူစပ်သော အစေ့ရှိ

http://www.lknt11.com ...

အသီးသီးသည့် နွယ်ပင်တစ်မျိုး။ [သာ၊မရိုစ]

ငလျင်/ငယင်/န-မြေလွှာထု ပြိုကွဲရွေ့လျားမှု၊ မီးတောင် ပေါက်ကွဲမှု စသည်ကြောင့် မြေကြီးတုန်လှုပ်ခြင်း။ **~မှတ်စက်**/-မှတ်စက်/န-ငလျင်လှိုင်းအားကိုတိုင်းတာသော စက်။

ငသလွန်၊န-ကောက်ကြီးစပါးတစ်မျိုး။

ငဟစ်၊န-ရေစပ်တွင် ကျက်စားသော ငှက်သီး၊ လည်ပင်း၊ ခြေတံရှည်ငှက်ကြီး။

ငါ၊နစ-ကြီးသူကငယ်သူကို ဖြစ်စေ၊ ရွယ်တူတန်းတူချင်း ဖြစ်စေ ပြောဆိုရာတွင် မိမိကိုယ်ကို ရည်ညွှန်းသော စကားလုံး။ **~စွဲ**/ငါစွဲ/န-၁။ဤခန္ဓာငါးပါးအစုသည် ငါပိုင်ဖြစ်၏၊ ငါဖြစ်၏ ဟူ၍ စွဲလမ်းခြင်း။ ၂။ မိမိ ပြုလုပ် ဆောင်ရွက်သည်ကိုမှ မှန်သည်ဟု စွဲလမ်းခြင်း။ **~တကောကော** / ငါဒဂေါကော/ ကြိ-သူတစ်ပါးကို အမှုမထားဘဲ မိမိထင်ရာပြောဆို ပြုလုပ်သည်။

ငါ့ရှင်၊န-ရဟန်းကြီးက ရဟန်းငယ်အားဖြစ်စေ၊ ရွယ်တူ ရဟန်းအချင်းချင်းဖြစ်စေ ခေါ်သော စကား။

ငါး၂၊န-ပါးဟက်ရှိ၍ များသောအားဖြင့် အကြေးခွံဖုံးအုပ်နေပြီးလျှင် ရေယက်ဖြင့် သွားလာသော ကျောရိုးပါ ရေနေသွေးအေး သတ္တဝါ။ **~ကျည်း** /ငျီး/ န-အဆိပ်ရှိသော ရင်ဆူးတောင်နှင့် နှုတ်ခမ်းမွေးပါသော အကြေးမဲ့ ရေချိုငါးငယ်တစ်မျိုး။ **~ကျည်းခြောက်**/-ချောက်/န-၁၊ ကျပ်တိုက်ထားသော ငါးကျည်း။ ၂၊ [ဥပစာ] ပိန်ပြီး မည်းခြောက်သောသူ။ **~ကြီးဆီ**/ငါးဂျီးဇီ/န-၁၊ ကောဒ်ခေါ် ငါးတစ်မျိုး၏ အသည်းမှရသည့် ဆေးဖက်ဝင် အဆီ။ ၂၊ဝေလငါး စသည်တို့မှ ထုတ်ယူသော အဆီ။ (သင်္ဘောဆေးဖော်ရာတွင် သုံးလေ့ရှိသည်။) **~ကြီးအန်ဖတ်** /ငါးဂျီးအန်ဖတ်/ န - အပူပိုင်း ပင်လယ်တွင် မျောနေသည်ကို လည်းကောင်း၊ ဝေလငါးတစ်မျိုး၏ အူမထဲတွင် လည်းကောင်းတွေ့ရသော ဖယောင်းနှင့်တူသည့် အရာဝတ္ထု။ (နံ့သာအဖြစ်၊ ပရဆေးအဖြစ် အသုံးပြုသည်။) **~ကြင်း**/ငျင်း/န-အကြေးရှိသော ရေချိုငါးတစ်မျိုး။ **~ကြင်းမွှတ်** /-မွတ်/ န-နစ်ကောင်သုံးကောင် စုနေသော ငါးကြင်း။ **~ကြင်းမြီး** /-မီး/န-၁၊နာရီစက်ကို သွားစေသော သံဆူးခွ။ ၂၊လက်ဖဝါးတွင် ငါးကြင်း၏ အမြီးသဏ္ဌာန် ဖြစ်ပေါ်နေသော လက္ခဏာ။ **~ကွမ်းရှပ်** /ငကွန်းရှပ်/ န-ကိုယ်ထည်ရှည်၍ ပြားပြီး ဆူးတောင်ရှိသော ပင်လယ်ငါးတစ်မျိုး။ **~ခူ** /ငခူ/န-နှုတ်ခမ်းမွေးပါသော အကြေးမဲ့ ရေချိုငါးတစ်မျိုး။ **~ခုံးမ** /ငခုန်းမ/န-အမြီးရင်း၌ အနက်ပြောက် ရှိသော ရေချိုငါးငယ်တစ်မျိုး။ **~ချဉ်** /ငချင်/န-ငါးကို ထမင်းနှင့် ဆားထည့်ကာ ဖိသိပ်၍ လည်းကောင်း၊ စည်းနှောင်၍လည်းကောင်း ချဉ်အောင် ပြုလုပ်ထားသော စားဖွယ်။ **~ခြောက်** /ငချောက်/န-ခွဲစိတ်၍ ဆားနယ်ကာ အခြောက် လှန်းထားသော ငါး။ **~ခြောက်ငါးခြမ်း**/-ငချန်း/န-ငါးခြောက်၊ ပုစွန်ခြောက်စသော စားဖွယ်များကို ခြုံခေါ်သော အခေါ်။ **~စင်စပ်**/ငဇင်ဇတ်/န-ချောင်းမြောင်းတို့တွင် နေသည့် အရိုးများသော ငါးငယ်တစ်မျိုး။ **~စင်ရိုင်း**/ငဇင်ယိုင်း/န-ဦးထိပ်ကြမ်း၍နှုတ်ခမ်းမွေးနှင့် အဆိပ်ရှိသော ဆူးတောင်ပါသည့် ရေချိုငါးတစ်မျိုး။ **~ဆားနယ်** /ငဆနယ်/ န- ရက်အနည်းငယ် အတွင်း စားသုံးရန် ငါးကိုဆားလူးဖိသိပ်ထားသော စားဖွယ်။ **~ဆုပ်** /ငဆုတ်/န-ငါးအသားကို စဉ်း၍လည်းကောင်း၊ ခြစ်၍ လည်းကောင်း ထောင်းပြီး အဆုပ် ပြုလုပ်၍ ချက်ထား ကြော်ထားသော စားဖွယ်။ **~တန်** /ငဒန်/ န- မြစ်ချောင်းတို့တွင် ကျက်စားလေ့ ရှိသော နှုတ်ခမ်းမွေးပါသည့် ငါးကြီးတစ်မျိုး။ **~ထုပ်** /ငထုတ်/န-ငါးပေါင်းထုပ်။ **~ထွေ**/ငထွေ/န-ဦးခေါင်း အလွန်ကြီး၍ နှုတ်ခမ်းမွေးပါသော မြစ်ငါးကြီး တစ်မျိုး။ **~ထွေရေ**/-ယေ/န-မနလွန်း မရင့်လွန်းသော ဟင်းရွက်။ **~နုသန်း**/ငနုသန်း/န-နှုတ်ခမ်းမွေးပါသော ငွေရောင်တောက်သည့် ရေချိုငါးငယ် တစ်မျိုး။ **~နှပ်**/ငနှတ်/န-သွားငယ် အထပ်ထပ် ရှိပြီး လျှာတွင် ဆူးငယ်များ ပေါက်သော ကိုယ်သေးသွယ်နုးညွှံသည့် ငါး။ အာပွဲခြောက် လုပ်ရသော ငါး။ **~ပနော်**/ငပနော်/န-ငါးရံ့နှင့်တူသော ငါးငယ်တစ်မျိုး။ **~ပိ**/ငပိ/ န-ငါး၊ ပုစွန် တို့ကို ဆားပက်ထောင်းနယ် ပြုပြင်ထားသော စားဖွယ်။ **~ပိကောင်**/-ဂေါင်/န-ငါးကို ဆားသိပ်၍ ကြာရှည် ခံအောင် ပြုလုပ်ထားသည့် စားဖွယ်။ **~ပိရည်**/-ယေ/န-နူးနပ်နေသော ငါးပိကို ရေသင့်ရုံ ထည့်ကာ ကျိုထားသော အရည်။ **~ပိရည်ကျို** /-ယေကျို/ န- ငါးပိရည်။ **~ပိလိမ္မာကြော်**/-လိန်မာကျော်/န-၁၊ငါးပိကောင်ကို တုံးတစ်၍ ငရုတ်၊ ကြက်သွန်တို့နှင့် ရောကြော်ထားသော စားဖွယ်။ ၂၊စိမ်းစားငါးပိကို ငရုတ်၊ ကြက်သွန် စသည်တို့နှင့် ရောကြော်ထားသော စားဖွယ်။ **~ပိသိပ်ငါးချဉ်သိပ်** /-သိတ်ငချင်သိတ်/ ကြိဝိ- [ဥပစာ] အလွန် ပြည့်သိပ် ကျပ်တည်းစွာ။ **~ပုတင်း**/ငဗုဒင်း/န-ကိုယ်ကို ဒလဖြင့် ဖောင်းအောင် လုပ်နိုင်၍ ထက်သော နှုတ်သီးဖြင့် တွပ်တတ်သော၊ သည်းခြေတွင် အဆိပ်ရှိသည့် ငါး။

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

~ပက်၊ ကြိ–ငါးဖမ်းရန် အိုင်၊ ချောင်း စသည်မှ ရေကို ပက်ထုတ်သည်။ ~ပေါင်းကြော်/ပေါင်း ကျော်/န–ငါးကလေးများကို ပုံးဖွဲနေရန် ဆန်မှုန့်နှစ် ဖြင့်နယ်၍ ကြော်ထားသော စားဖွယ်။ ~ပေါင်းထုပ် /ပေါင်းဒုတ်/န–ငါးကို တစ်၍ အမွှေးအကြိုင် တို့ဖြင့်နယ်ကာ အထုပ် ပြုလုပ်၍ ပေါင်းထားသည့် စားဖွယ်။ ~ပုဏ္ဏား /ပုန်နား/န–ရင်ဆူးတောင် အမျှင်များသည် ကိုယ်အလျားထက် ရှည်သော ရွှေဝါရောင် ငါးတစ်မျိုး။ ~ပတ် /ပက်/န– ပါးစပ်ပြဲ၍ နှုတ်ခမ်းမွေး ရှည် သော အကြေးမဲ့ အသားစား ငါးကြီးကစ်မျိုး။ ~ပတ်မွှေ /–မွှေ/ န–ငါးပတ်ကို ရေတ်၊ ကြက်သွန် တို့ဖြင့် မွှေ၍ ချက်ထားသောဟင်း။ ~ပုတ်သင် /ပုတ်သင်/ န– စည်ဖောင်းပါသော မြစ်ငါး တစ်မျိုး။ ~ပုပ်ခြောက် /ပုတ်ချောက်/ န–အများအားဖြင့် ကကူရံ၊ ကသပေါင်း ငါးကိုခွဲ၍ ဆားသိပ်အပုပ်ခံ ပြုလုပ်ထားသော ငါးခြောက်။ ~ပျံ/ပျန်/န– အတောင် ကဲ့သို့သော ဆူးတောင်များ ပါရှိ၍ ရေပေါ်တွင် ခုန်ပျံနိုင်သော ပင်လယ် ငါးငယ်။ ~ဖြူမ /ဖျူမာ့/ န– ဆူးတောင်ရှိ၍ လေကို တိုက်ရိုက်ရှူနိုင်သော ရေချိုငါး တစ်မျိုး။ ~ပြက် /ပျက်/န–၁၊ ရေတိမ်ငါးလုံးငယ် တစ်မျိုး။ ၂၊ ပင်လယ်ကမ်းခြေ ငါးတစ်မျိုး။ ~ဖောင်ရိုး/ဖောင် ယိုး/န–၁၊ ရှည်လျား၍ လုံးသောကိုယ်၊ နှုတ်သီး ကဲ့သို့ ငေါထွက်နေသော ပါးစပ်ရှိ ငါး တစ်မျိုး။ ၂၊ [ဥပစာ] အရပ်ရှည်ပြီး ပိန်သူ။ ~ဖန်ခွက် /ဖန်ခွက်/န–ကျောက်ကျောတုံး နှင့် တူသော ပင်လယ်သတ္တဝါ တစ်မျိုး။ ~ဖန်းမ /ဖန်းမာ့/ န–ကျောခုံး၍ ငွေရောင် အကြေးရှိသော ငါးတစ်မျိုး။ ~ဖိန်း/ဖိန်း/န–အင်းလေးကန်တွင် တွေ့ရသည့် ရွှေရောင် အကြေးရှိသည့် ငါးတစ်မျိုး။ ~ဖယ် /ဖယ်/န–ကိုယ်မှာ ပြားချပ်၍ ဝမ်းဘက်သို့ တဖြည်းဖြည်း ပါးလွှာသွားသော အဖြူရောင် ငါး တစ်မျိုး။ ~ဖယ် တတော/–ဒတော/ကြိ–[ဥပစာ] ထပ်ခါထပ်ခါ ထုသည်။ ~ဖယ်ပြန်/–ပျန်/ကြိဝိ– [ဥပစာ] ကိုယ်ကို ဘယ်ပြန် ညာပြန် လူးလိမ့်လျက်။ ~ဖယ်အောင်း/–အောင်း/န–ကျောခုံး၍ အမြီးရှ ရှည်သော အကြေးရှိ ငွေရောင်ငါးတစ်မျိုး။ ~ဖျံ /ဖျန်/န–ဒီချောင်း ကမ်းစပ် လတာပြင်များတွင် တစ်နေရာမှ တစ်နေရာသို့ ခုန်ကာ ကျက်စားတတ် သော ငါးငယ်။ ~ဖျင်းသလက်/ဖျင်းသလက်/ န–လီမွှော်ရောင် အရစ်များရှိ၍ မျက်စိနီသော အစိမ်းရောင် ငါးငယ်တစ်မျိုး။ ~ဘဲဖြူ/ဗဲဖျူ/ န–ငွေရောင်ကဲ့သို့ ဖြူဖွေးသော ရေချိုငါးငယ် တစ်မျိုး။ ~မုတ်/မုတ်/န–ကိုယ်ထည်ပြား၍ ဝန်းသော ပင်လယ်ငါး တစ်မျိုး။ ~မန်း/မန်း/ န–ကိုယ်နံဘေးတွင် ပါးဟက်များရှိပြီးလျှင် ဦးခေါင်း အောက်ဘက်တွင် ပါးစပ်ပေါက်ရှိသော ပင်လယ် ငါးရှည်မျိုး။ (အမျိုး များစွာ ရှိသည်။) ~မန်းကား /–ဂါး/န–ကိုယ် ပြန့်ကား၍ ငါးမန်းနှင့် ဆင်သော ပင်လယ်ငါး တစ်မျိုး။ ~မန်းကျွဲ/–ဂျွဲ/န–ဦးခေါင်း မှာ တူသဏ္ဌာန် ဘေးနှစ်ဖက်သို့ စွန်းထွက်နေသော ငါးမန်းတစ်မျိုး။ ~မန်းခေါင်းဝိုင်း/–ဂေါင်းဝိုင်း/ န– ဦးခေါင်းရှေ့သို့ ထိုးထွက်၍ ခွေးသွားစိပ် ကဲ့သို့သော သွားများ ရှိသည့် ငါးမန်းတစ်မျိုး။ ~မန်းစွယ်/–စွယ်/န–၁၊လွှသွားကဲ့သို့ အသွား နှစ်ဖက်ပါသော ငါးမန်းစွယ်သည့်၏ နှာရိုး။ ၂၊သစ်ဖြတ်ရသော နှစ်ယောက်ဆွဲ လွှကြီးတစ်မျိုး။ ~မန်းစွယ်သည်/–စွယ်သယ်/န–ငါးမန်းနှင့်တူ၍ နှစ်ဖက်လွှ သွားကဲ့သို့ နှာရိုးရှိသော ငါးလိပ်ကျောက် မျိုး။ ~မန်းတောင်/–ဒေါင်/န–၁၊ငါးမန်း၏ ဆူး တောင်။ ၂၊သဘောကို သွားစေသော ရေရဟတ်။ ~မန်းဟိုင်း/–ဟိုင်း/န–ကိုယ်အပေါ်ပိုင်း နီညိုရောင် ရှိ၍ အောက်ပိုင်းဖြူသော ငါးမန်းတစ်မျိုး။ ~မုန့် / မုန့်/န– ငါးကွမ်းရှပ်၊ ငါးဖယ် စသည်တို့၏ အသားနှင့် မုန့်ညက်ကို ရောထောင်းပြီး အပြား ငယ်လုပ်၍ အခြောက်လှန်းပြီး ကြော်စားရသော စားဖွယ်။ ~မျက်စိ၊န–၁၊အရေပြားပေါ်တွင် ပေါက် တတ်သော အသားမာဖုကလေးတစ်မျိုး။ ၂၊ခြေဖဝါး တွင် ဖြစ်ပေါ်တတ်သော အသားမာ တစ်မျိုး။ ~မြင်း/မျင်း/ န– ခေါင်းတို၍ ကိုယ်ပြားပြီး နှုတ်ခမ်းမွေးပါသည့် အကြေးမဲ့ ရေချိုငါးတစ်မျိုး။ ~မြင်းရင်း /–ယင်း/ န– ငါးမြင်းထက် ကိုယ် အနည်းငယ် ပိုရှည်၍ ခေါင်းလည်းအနည်းငယ် ပိုချွန်သော ငါးတစ်မျိုး။ ~မြင်းအုပ်ဟား/–အုတ်ဟား/ န–ငါးမြင်းနှင့်တူပြီး ခေါင်းပြား၍ ဆူဖြိုးသော ငါးငယ် တစ်မျိုး။ ~မြစ်ချင်း /မျစ်ချင်း/န– ရှည်လျား၍ အမြီးပိုင်းဆီသို့ ရှူးသွားသော ကိုယ်၊ တိုသော နှုတ်ခမ်းရှိသော ငါးတစ်မျိုး။ ~မှုန် /မှုန်/န–ငါးမှုန်မှုန်သေးသေး တစ်မျိုး။ ~မွေ့ထိုး /မွေ့ဒိုး/န–ရွှံ့နွံတွင် တိုးဝပ်နေတတ်သော နှုတ် ချွန်သည့်ငါးတစ်မျိုး။ ~မျှား/မျှား/န–အဖျားတွင် အစာတပ်၍ ငါးဖမ်းရသော သံဆူးချိတ်။ ငါးမျှား ချိတ်။ ~မျှားတံ/–ဒန်/န–ငါးမျှားကြိုး ချည်ရသော ဝါးတံ၊ တုတ်တံ။ ~ရံ့/ယန့်/န–ကိုယ် အနည်း ငယ် လုံး၍ ဦးခေါင်း ပိပြားသော ရေချို ငါးတစ်မျိုး။ ~ရံ့ကိုယ် /–ကို/ န–(မိန်းမတို့၏) လုံးကျစ် ပြည့်ဖြိုးသော ခန္ဓာကိုယ်။ ~ရံ့ခေါင်းတို/–ဂေါင်းဒို/

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

နှ-ခေါင်းတိုသည့် ငါးရံ့ တစ်မျိုး။ **~ရံ့နိုင်း**/-နိုင်း/နှ-အမြီးနားတွင် စက်ဝိုင်း အမည်း ပြောက်တစ်ခုပါသော ငါးရံ့တစ်မျိုး။ **~ရံ့ပြာလူး** /-ပျာလူး/ကြိဝိ-[ဥပစာ] ဆောက်တည် ရာ မရ ဖြစ်လျက်။ **~ရိုးချုပ်**/ငယိုးဂျုတ်/နှ-ငါးရိုး သဏ္ဍာန်ပေါ်အောင် ချုပ်သော အပ်ချုပ်နည်း တစ်မျိုး။ **~ရောင်** /ငယောင်/ နှ- နှုတ်ခမ်းမွေး ပါသော ဒီရောင်း ငါးတစ်မျိုး။ **~ရစ်**/ငယစ်/နှ-(မိုးဦးကျတွင်) မိတ်လိုက်ရန် ဥချရန် မြူးထူးစွာ တက်လာသော ငါး။ **~ရစ်တက်**/-တက်/ကြိ-၁၊ငါးများ မိတ်လိုက်ရန် ဥချရန်ချောင်းများ အင်း အိုင်လယ်ကွက်များသို့ မြူးထူးစွာ တက်လာသည်။ ၂။[ဥပစာ]ဣန္ဒြေကင်းမဲ့စွာ ပြောဆိုပြုမူ လှုပ်ရှားသည်။ **~ရွှေး**/ငယွေး/နှ-ပင်လယ်ငါးကြီး တစ်မျိုး။ **~ရွှဲ**၊နှ-ငါး လက်ကား ရောင်းသူ။ **~ရှဉ့်**/ငယှဉ့်/နှ-မြွေကဲ့သို့ လုံးလျားသော ကိုယ်၊ ချောကျိသော အရေရှိသည့် ရွှံ့နှံ့အောင်း ငါးတစ်မျိုး။ **~ရှဉ့်ပွက်ထ**/-ဗွက်ထာ/ကြိ-အနာဒေးပွင် အနာဝ အများအပြားပေါ်၍ ပြည်တွက်နေသည်၊ **~ရွှေ**/ငယွှေ/နှ-ရွှေရောင်အဆင်းရှိ၍ ရှည်လျားသည့် ပင်လယ်ငါးတစ်မျိုး။ **~လူး** /ငလူး/ နှ-ထုံးအိုင်တို့တွင် နေတတ်သော သွားမရှိသည့် ငါးငယ်တစ်မျိုး။ **~လဲ** /ငလဲ/နှ-နှာရောင် ကွဲကျနေသော ဆူးတောင်နက်သည့် ရေချိုငါးငယ် တစ်မျိုး။ **~လင်ပန်း** /လင်ဗန်း/ နှ-နှုတ်ခမ်းထူသည့် ငါးရှဉ့် တစ်မျိုး။ **~လိပ်ကျောက်**/ငလိတ်ကျောက်/နှ-လိပ်ကျောက်နှင့်အတူတူ။ **~ဝက်မ**/ငဝက်မာ့/နှ-ကန့်လန့်စင်းများပါသော အညိုရောင် ငါးတစ်မျိုး။ **~ဝန်** /ငဝန်/နှ-ကိုယ်ရောင်ပြာသော ဝေလငါးတစ်မျိုး။ **~သလဲထိုး**/ငသလဲဒိုး/နှ-သဲထဲတွင် တိုးနေတတ်သော ညိုဝါရောင် ငါးငယ်တစ်မျိုး။ **~သလောက်** /ငသလောက်/ နှ- မိုးဦးကျအခါ ပင်လယ်မှ မြစ်ကြောင်း သို့ဆန်တက် ဥချလေ့ရှိသော စား၍ အလွန် အရသာရှိသည့် ငါးတစ်မျိုး။ [မြန်၊ငါး၊မွန်၊ကသလဲ] **~သံရိုက်**/ငသန်ဂျိုက်/နှ-ငါးပတ်မျိုးအဝင် ငါးငယ်တစ်မျိုး။ **~သင်တုန်း**၊ /ငသင်ဒုန်း/ နှ-ငါးတစ်မျိုး။ **~သိုင်း**/ငသိုင်း/ နှ-ခေါင်းကြီးပြီး ကိုယ်မှာ အနံ့ကျယ်၍ ပြားချပ်ချပ် ရှိသော မြစ်ငါးကြီး တစ်မျိုး။ **~သေတ္တာ**/ငါးသစ်တာ/ နှ-ကျက်နပ်အောင် ပြုပြင်ပြီး စည်သွတ် ထားသော ဟင်းလျာငါး။ **~သန်**/ငသန်/နှ-ငါးကြင်း၊ ငါးတန်၊ ငါးမြင်း စသော ငါးကြီးတို့မှ ပေါက်သော ငါးသားပေါက်။

ငါး²၊နှ-လေးနှင့်ခြောက်အကြားရှိ အရေအတွက်။ ၅။

~စပ်ဆောင်/ငါးဇတ်ဆောင်/နှ-အနံ့တို ဖျင်ငါးစကို အလျားလိုက်လေးစ ကိုပ်ဘက်တွင် တစ်စ စပ်ထားသော ဆောင်။ **~ဆူ**/ငါးဇူ/နှ-အမြွှာင့်ငါးခုရှိသော အသီးသီးသည့် ပင်လက်တစ်မျိုး။ **~ပါးမှောက်** /ငါးဗားမှောက်/ကြိ-[ဥပစာ]အကြံအစည်၊ အမှုကိစ္စ တစ်စုံတစ်ရာ ချွတ်ယွင်း ပျက်စီးသည်။ အကျိုးနည်းဒုက္ခရောက်သည်။ **~ပါးသီလ**/ငါးဗားသီလာ့/နှ-အလေးအမြတ်ပြု၍ အမြဲ စောင့်ထိန်းအပ်သော ကုဋ်ဝတ်ငါးပါး။ (၁၊သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်မှု ၂၊သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်မှု ၃၊သူတစ်ပါးသားမယားကို ဖြစ်မှားကျူးလွန်ခြင်းမှ ရှောင်ကြဉ်မှု ၄၊မဟုတ်မမှန်သော စကားကို ဆိုခြင်းမှ ရှောင်ကြဉ်မှု ၅၊သေရည်သေရက် သောက်ခြင်းမှ ရှောင်ကြဉ်မှု) **~ပေါက်**/ငါးဗောက်/နှ-၁၊[ဂီတ]အသံခုနစ်ပါးတွင် လေးပေါက်အောက် တစ်ဆင့်နိမ့်သော အသံ။ ယင်းအသံဖြင့် မှုတည်သည့် သံစဉ်။ မြင်းစိုင်း။ ၂၊သုံးပုံဖဲနှင့် ကက်ဖဲတွင် ငါးပွင့်ပါ ဖဲချပ်။ (ငါးပေါက်ခုံး၊ ငါးပေါက်ချွန်းဟူ၍ ခွဲခြားခေါ်သည်။) **~ရာတွင်း** /ငါးယာတွင်း/နှ-လေးတောင်တစ်တာ တာပေါင်း ငါးရာ ရှိသော ခရီး။ **~သား**/ငါးသား/နှ-ကက်ဖဲတွင် အနီရောင် ငါးပွင့်ပါ ဖဲချပ်။

ငု၊နှ-၁၊ငုရွှေ။ ၂၊ငုရွှေ၊ ငုစပ်၊ ငုသိမ်တို့ကို ခြုံ၍ခေါ်သော အမည်။ **~စပ်**/ငုဇပ်/နှ-အကိုင်းပေါ်တွင် ပန်းရောင် အပွင့်များ အဆုပ်လိုက် အခိုင်လိုက် ပွင့်သော ငုပင်တစ်မျိုး။ **~ရွှေ**၊နှ-အဝါရောင် ပန်းပွင့်များ အဆိုင်းအဆိုင်း ပွင့်သောငုပင်။ **~သိမ်** /ငုသိန်/နှ-ငုစပ်ပင်နှင့် ဆင်သော ငုပင်။

ငုရုံ/ငုဇုန်/နှ-နှစ်ပေါက်ပါသော အနံ့တာမျက်နှာ။ [တရုတ်၊ ॥ ?+မြန်၊ရုံ]

ငူ၊နှ-အရောင်စိမ်းသော ချိုးငှက်မျိုးစုကို ခြုံခေါ်သော အမည်။

ငူတူတူ/ငူတူဒူ/ကြိဝိ-ငေးငိုင်လျက်။

ငေး၊ ကြိ-တွေတွေဝေဝေ စိုက်ကြည့်နေသည်။ **~မော**၊ ကြိ-ငေးငိုင်သည်။

ငဲ့¹၊ကြိ-၁၊အနည်းငယ်စောင်းသည်၊ တိမ်းသည်။ ၂၊ ယောက်ထားသည်။ ညှာတာသည်။ စာနာသည်။ ငဲ့ကွက်သည်၊ ငဲ့ညှာသည်။

ငဲ့²၊စည်း-[ရှေး] [အပြော] ရှေးရှုခေါ်ဝေါ်ရာ၌ သုံးသော အာလုပ်စကားလုံး။ ရဲ့။ "မောင်မောင် ~။ အထိန်းတော် ~။"

ငေါ၊နဝိ-အစွန်းပြူထွက်သော။ ခေါသော။

ငေါ့၊ကြိ-၁၊ရှေးရှုရာသို့ စွန်းထွက်စေသည်။ ၂၊ တစ်ဖက်သားမခံချင်အောင် မထိတထိပြောဆိုသည်။

မာတိကာသို့ ▶▶▶

http://www.lknt11.com

~လုံး၊န–ငေါ၍ပြောသော စကားလုံး။

ငေါ၊ကြိ–[ရှေး] ၁၊အော်သည်။ ဟစ်သည်။ ခေါ်သည်။ ပြောဆိုသည်။ ၂၊ထင်ရှားစွာဖြစ်သည်။ နဝိ–၁၊စွန်းထွက်သော။ ၂၊မနှစ်သက်ဖွယ် အနံ့အရသာ တစ်မျိုးရှိသော။ **~ငက်**၊ကြိ–[ပေါ] နားမခံသာ ဖြစ်သည်။

ငံ၊ကြိ–[ပေါ] ပြည့်စုံလုံလောက်သည်။ ကုံလုံသည်။

ငံပြာရည်/ငံပျာယေ/န–ငါးပိမှထွက်သော အရည်။ [ထိုင်း၊numbplah+မြန်၊အရည်]

ငံ့၊ကြိ–စောင့်မျှော်သည်။ ဆိုင်းသည်။ **~စား**/ငံ့ဇား/ကြိ–ရပ်ဆိုင်းစောင့်မျှော်သည်။ **~လင့်**၊ကြိ–စောင့်ဆိုင်းသည်။ စောင့်မျှော်သည်။

ငို၊ကြိ–၁၊ဝမ်းနည်းခြင်း၊ နာကျင်ခြင်း စသည်တို့ကြောင့် မျက်ရည်ယိုကျသည်။ ၂၊အစိုပြန်သည်။ **~ကြီးချက်မ**/ငိုကြီးချက်မာ့/ကြိဝိ–ရှိုက်ကြီးတငင်ငိုကြွေးလျက်။ **~ကြွေးရည်**/ငိုကြွေးယေ့/ကြိ–ကြာရှည်စွာ မရပ်မနား ငိုသည်။ **~ကြွေး**၊ကြိ–အသံထွက်၍ ငိုသည်။ **~ချင်း**/ငိုဂျင်း/န–ဓာတ်သဘင်၊ဘုန်းကြီးပျံ စသည်တွင် ငိုသောအခါ သီဆိုသော သီချင်း။ **~ချင်းချ**/-ချာ့/ကြိ–ငိုချင်းဆို၍ ငိုသည်။ **~ချင်းသည်**/-သယ်/န–ဘုန်းကြီးပျံ စသည်တွင် အခယူ၍ ငိုချင်း သီဆိုသူ။ **~ယို**၊ကြိ–မျက်ရည်စီးကျအောင် ငိုသည်။ **~သံပါ**/ငိုသန့်ပါ/ကြိ–ငိုချင်သောကြောင့် တုန်ရီသောအသံ ဖြစ်ပေါ်သည်။

ငို့ဘ၊န–ကိုယ်ကျိုးအတွက်သာလျှင် ကြံစည်ဆောင်ရွက်သူ။ (ငါ့ဖို့၏စကားလိမ်)

ငိုးတိုးငေါက်တောက်၊ကြိဝိ–ထိုးထိုးထောင်ထောင်။

ငေါက်၊ကြိ–၁၊ဒေါသဖြင့် ပြစ်တင်ကြိမ်းမောင်းသည်။ ၂၊(ခေါင်းငုက်)အော်မြည်သည်။ **~ခနဲ**၊ကြိဝိ–ရုတ်တရက်ထောင်လျက်။ **~ငမ်း**၊ကြိ–ဒေါသဖြင့် ပြစ်တင်ကြိမ်းမောင်းသည်။ **~ဆတ်ဆတ်**၊ကြိဝိ–(အသံ)မာမာပြတ်ပြတ်။ **~တောက်**၊ **~လောက်**၊ ကြိဝိ–ထောင်လျက်၊ ထိုးထိုးထောင်ထောင်။

ငိုက်၊ကြိ–၁၊အိပ်ချင်၍ ဦးခေါင်းညွတ်ကျသည်။ ၂၊(ဦးခေါင်း၊စပါးနှံ စသည်) ညွတ်ကျသည်။ **~မျဉ်း**/ငိုက်မျင်း၊ ငိုက်မျိုး/ကြိ–အိပ်၍ မပျော့တပျော် ရှိသည်။ **~စွမ်း**၊ကြိ–(စပါး စသည်) ရင့်မှည့်ညွှတ်ကျသည်။

ငင်၊ကြိ–၁၊ဆွဲယူသည်။ ၂၊ချည်ဖြစ်အောင် ဝါမျှင်ကို ဗိုင်းတောင့်မှ ဆွဲထုတ်၍ ရစ်ဖြင့် ကျစ်သည်။ ငင့်သည်။

ငေါင်း၊န–ခြေတစ်ချောင်းတည်း ရှိသည်ဟုဆိုသော ငှက်တစ်မျိုး။ **~စင်းစင်း**/ငေါင်းစင်းဇင်း/ကြိဝိ–အထီးတည်း သိသာထင်ရှားစွာ။

ငိုင်၊ကြိ–တွေဝေငေးမောသည်။

ငတ်၊ကြိ–၁၊မွတ်သိပ်ဆာလောင်သည်။ ၂၊စားရမဲ့ သောက်ရမဲ့ ဖြစ်သည်။ **~ကြီးကျ**၊ကြိ–စားချင်လွန်း၍ အငမ်းမရဖြစ်သည်။ **~ပေါက်**၊န–ငတ်ပြတ်၍ ဒုက္ခရောက်မည့် အကြောင်း။ **~ပြတ်**၊ကြိ–၁၊ စားစရာမရှိဖြစ်သည်။ အစားအစာ ကုန်ခန်းသည်။ ၂၊ဆင်းရဲမွဲတေသည်။ **~မွတ်ခေါင်းပါး**/ငတ်မွတ်ခေါင်းဗား/ကြိ–အစာရေစာ အလွန်အမင်း ရှားပါးပြတ်လပ်သည်။

ငုတ်၊န–၁၊အနည်းငယ်စွန်းထွက် ထိုးထောင်နေသော အရာ။ ငုတ်တိုင်။ ၂၊[ဥပစာ] ကြွင်းကျန်နေသော အစိတ်အပိုင်း။ "ရန်~။" **~တုတ်**၊ကြိဝိ–၁၊ ထောင်လျက်။ ထိုင်လျက်။ ၂၊မတုန်မလှုပ်။ ငြိမ်သက်လျက်။ "ဤအတိုင်း ~ခေါင်းငုံ့ခံမည် မဟုတ်။" ၃၊အထင်အရှား၊ မျက်မြင်ထင်ရှား။ "လင်~ရှိသော မိန်းမ။" **~လုတ်**၊ကြိဝိ–[ရှေး] ငုတ်တုတ်။

ငန်၊နဝိ–ဆား၏ အရသာမျိုးရှိသော။ **~ပြင်း**၊န–အနည်းငယ် ငန်သော အရသာ။

ငန်း[1]၊န–ငန်းစောင်း၊ ငန်းပုပ်စသည့် မြွေမျိုးစုကို ခြုံခေါ်သော အမည်။ **~စောင်း**/ငန်းဇောင်း/န–ငန်းမြွေတစ်မျိုး။ **~စွယ်**/ငန်းဇွယ်/န–ဆေးဖက်ဝင် အပင်တစ်မျိုး။ **~တော်ကျား**/ငန်းဒေါ်ဂျား/န–အဝါတစ်ရစ် အနက်တစ်ရစ်ကျားသော ငန်းမြွေ။ **~ပုပ်**/ငန်းဗုတ်/န–ပါးပျဉ်းထောင်ကာ အမြီးထောက်၍ လူနောက်သို့ ပြေးလိုက်လျက် အန္တရာယ်ပြုတတ်သော ငန်းမြွေ။

ငန်း[2]၊န–သည်းခြေ၊ လေ၊ သလိပ်တို့ တစ်ပါးချင်းဖြစ်စေ၊ နှစ်ပါးပေါင်း၍ ဖြစ်စေ၊ သုံးပါးလုံးဖြစ်စေ ဖောက်ပြန်၍ ဖြစ်သော ရောဂါ။ (ငန်းနီ၊ငန်းပုပ် စသည်ဖြင့်ရှိသည်။) **~ဆေး**/ငန်းဇေး/န–ငန်းနှင့် ယှဉ်သော အဖျားရောဂါများကို ကုရသော ဆေး။ **~ဖမ်း**၊ကြိ–ငန်းဖျား ပြင်းထန်စွာဖြစ်သည်။ **~မန်း**၊န–ရောဂါပိုးတို့ကြောင့် သွေးတွင် အဆိပ်ဖြစ်ခြင်း၊ အနာရောင်ရမ်းခြင်း။ **~ရူး**၊ န–ငန်းဖျားရောဂါ ဒဏ်ကြောင့် အနည်းငယ် စိတ်ဖောက်ပြန်နေသူ။ **~လျှာမန်းရည်**၊န–ငန်းမန်းကြောင့် အနာမှထွက်သော ပြည်ပုပ်သွေးပုပ်အရည်။ **~သန္နိပါတ်**/ငန်းသန်နိဗတ်/န–သည်းခြေ၊ လေ၊ သလိပ် သုံးပါး ဖောက်ပြန်၍ဖြစ်သော ငန်းဖျား။ [မြန်၊ငန်း+ပါ၊ သန္နိပါတ]

ငန်း[3]၊န–ဝမ်းဘဲထက် ကိုယ်ထည်ကြီး၍ လည်ပင်းရှည်ပြီး ရေပြင်ကျက်စားသည့် ခြေယက်ပြားရှိ ငှက်တစ်မျိုး။ **~ပြား**/ငန်းဗျား/န–အသွားရှိသော သံပြားခုံးတွင် လက်ကိုင် အရိုးရှည်တပ်ထားသော

http://www.lknt11.com

မြေတူးကိရိယာ။

ငန်း[၅]၊နာ–ပိုင်းခြားခွဲဝေပြီးသော တာဝန်ကျရာ လုပ်ခင်းလုပ်ကွက်။ ~ဆော်၊ကြိ–ကောက်ငန်းခွင်ဝင်ရန် ဆော်ဩသည်။ ~တာ၊နာ–ဆောင်ရွက်ရန် တာဝန်ကျသော လုပ်ခင်းလုပ်ကွက်။ ~တိုက်၊ကြိ–အလုပ်ကို အကွက်အကန့် မှတ်သားခွဲဝေကာ အစမှအဆုံးတိုင် အစဉ်တစိုက် ဆောင်ရွက်သည်။ ~ဖွဲ့၊ကြိ–အလုပ်တာဝန် သတ်မှတ်သည်။ ~ဦး၊နာ–ငန်းတာ၏ အဦးအစနေရာ။

ငပ်၊ကြိ–[ပေါ] ဟသည်။ ကွာသည်။ ~ငါး၊ကြိဝိ–[ပေါ] ဟင်းလင်းပွင့်လျက်၊ ဟလျက်။

ငုပ်၊ကြိ–၁၊ရေတွင် မပေါ်အောင် ကိုယ်ကို မြှုပ်သည်။ ၂၊ တိမ်မြုပ်သည်။ ကွယ်ပျောက်သည်။ အတွင်း၌အောင်းသည်။

ငမ်း၊ကြိ–အလွန်မက်မောသည်။ မက်မောစိတ်ဖြင့် စူးစိုက်ကြည့်သည်။ ~ငမ်းတက်၊ကြိ–အာသာဆန္ဒပြင်းပြသည်။

ငုံ၊ကြိ–၁၊ပွင့်ချပ်များစု၍ မွှပွထွေးထွေး ဖြစ်သည်။ ၂၊ ခံတွင်းထဲတွင် ထည့်ထားသည်။ ၃၊တစ်စုံတစ်ရာကို အပြင်မှ လွှမ်းခြုံဖုံးအုပ်သည်။ "စေတီဟောင်းကို ~၍တည်ထားသော စေတီကြီး။" ~မိ၊ ကြိ–၁၊အားလုံးခြုံ၍ သဘောပေါက်သည်။ ၂၊အားလုံးခြုံ၍ အုပ်မိသည်။

ငုံ့၊ ကြိ–ဦးခေါင်းကို မတ်နေရာမှ ရှေ့သို့ငိုက်ကျစေသည်။ ~ငုံ့ပစ်/ငုန့်ငုန်ဗျစ်/ကြိဝိ–မည်သည့်အရာကိုမျှ အလေးမမူဘဲ၊ ဂရုမထားဘဲ။ "မတုန်မလှုပ် ~ထိုင်နေ–။"

ငုံး၊နာ–အမြီးတိုသော ငှက်ငယ်တစ်မျိုး။ ~တိ/ငုန်းဒိ/နာ–တိုသော တုံးသော အဖြစ်။ ငုံးတို။ ~မြက်၊နာ–မောင်ရင်ငိုမြက်။

ငယ်[၁]၊နာဝိ–၁၊အရွယ်ပမာဏ မကြီးသော။ သေးသော။ ၂၊အသက်နုသော။ ~ကျိုးငယ်နာ/ငယ်ကျိုးငယ်နာ/နာ–(နိမ့်ချလို၍ ပြောဆိုသော) ငယ်စဉ်က ဖြစ်ပျက်ခဲ့သည့် နိမ့်ကျသော အကြောင်းအရာ။ ~ကြောက်/ငယ်ကျောက်/နာ–အသက်ငယ်စဉ်ကစ၍ ကြောက်လာခဲ့ရသူ။ ~ကျွန်/ငယ်ဂျွန်/နာ–မင်းညီမင်းသားတို့ အသက်ငယ်ရွယ်စဉ်ကစ၍ အမှုထမ်းလာသော ကျွန်။ ~ချေး/ငယ်ချိး/နာ–၁၊မွေးခါစကလေး စွန့်သော ကျင်ကြီး။ ၂၊ သေခါနီးစွန့်သော ကျင်ကြီး။ ~ချေ/ငယ်ဂျေငယ်ဂျီ/နာ–၁၊အသက်နုစဉ်ကအကျင့်အကြံ။ ၂၊အသက်နုစဉ်ကရှိခဲ့ဖူးသော အရည်အချင်း။ ~စဉ်ကြီးလိုက်/ငယ်ဇင်ကျီးလိုက်/ကြိဝိ–အငယ်အကြီး အစဉ်လိုက်။ ~စဉ်တောင်ကျေး/ငယ်ဇင်တောင်ဂျေး/နာ–ကလေးသူငယ်ဘဝ။ ~ဆရာ၊နာ–ငယ်စဉ်က ပညာသင်ကြားပြသပေးသော ဆရာ။ ~ထိပ်/ငယ်ဒိတ်/နာ–မွေးခါစကလေး ဦးခေါင်းထိပ်ရှိ ပျော့သောနေရာ။ ယင်းငယ်ထိပ်ရှိခဲ့ဖူးသောနေရာ။ ~နိုင်၊နာ–၁၊အသက်ငယ်စဉ်ကစ၍ နိုင်လာခဲ့သူ။ ၂၊ယောကျ်ား၏ လိင်တန်ဆာ။ ငယ်ပါ။ ~ပေါင်း/ငယ်ဖောင်း/နာ–၁၊အသက်ငယ် စဉ်ကစ၍ ဆက်ဆံ ပေါင်းသင်းလာခဲ့သူ။ ၂၊အသက်ငယ်စဉ်ကစ၍ အိမ်ထောင်ဖက်ဖြစ်လာသူ။ ~ပေါင်းကြီးဖော်/–ကျီးဖော်/နာ–အသက်ငယ်စဉ်ကစ၍ ကြီးသည့် တိုင်အောင် ဆက်ဆံပေါင်းသင်းလာသူ။ ~ဖူး/ငယ်ဗူး/နာ–အိမ်ထောင်မပြုဘဲ ငယ်စဉ်ကစ၍ ရဟန်းပြုလာသူ။ (တောထွက်နှင့် နှိုင်းယှဉ်) ~မူ ငယ်ရာ၊ နာ–အသက်ငယ်ရွယ်သူတို့၏ အပြုအမူ။ ~မူငယ်သွေး/ငယ်မူငယ်သွေး/နာ–အသက် ငယ်ရွယ်သူတို့၏ အမူအရာ၊ ရုပ်ရည်။ ~မူပြန်၊ကြိ–အသက်ငယ်စဉ်ကကဲ့သို့ ပြုမူပြောဆိုသည်။ ~မည်၊ နာ–ကလေးဘဝက နာမည်။ ~မွေးချိုပေါက်/ငယ်မွေးချန်ဘောက်/နာ–၁၊မိမိခြံထဲတွင်မွေးကတည်းက ကျွေးမွေးထိန်းကျောင်းလာသော တိရစ္ဆာန်။ ၂၊ ငယ်စဉ်မှစ၍ မိမိကြည့်ရှုစောင့်ရှောက်လာသောသူ။ ~ရွယ်၊ကြိ–အသက်အရွယ်နုနယ်သည်။ ~လင်ငယ်မယား၊ နာ–အပျို လူပျို ငယ်စဉ်ကစ၍ အသက်ကြီးသည့်တိုင်အောင် ပေါင်းသင်းလာသော လင်နှင့် မယား။ ~သား/ငယ်သား/နာ–အကြီးအကဲအောက်တွင် အမှုဆောင်ရွက်ရသူ။ နောက်လိုက်။ ~သံပါအောင်/ငယ်သန်ပါအောင်/ကြိဝိ–ကြောက်လန့်တကြား စူးရှကျယ်လောင်စွာ(အော်ဟစ်သည်)။ ~သွား/ငယ်သွား/နာ–လူစသော နို့တိုက်သတ္တဝါတို့တွင် ပထမအကြိမ် ပေါက်သောသွား။

ငယ်[၂]၊နာ–ချေနှင့်တူသော တိရစ္ဆာန်ငယ်တစ်မျိုး။

ငယ်[၃]၊စည်း–[ရှေး][အပြော]နာမ်ပုဒ်ကို လေးနက်အောင် ထောက်ပံ့သော စကားလုံး။ ရယ်။

ငြာ၊ကြိ–ကြွေးကြော် ဟစ်အော်သည်။ ~သံပေး/ညာသန်ပေး/ကြိ–ဟစ်အော်ကြွေးကြော်၍ ပတ်ဝန်းကျင်ကို လှုံ့ဆော်သည်။

ငြား၊စည်း–ကြိယာကို လေးနက်စေသော စကားလုံး။ ခဲ့သော်။ သည်ရှိသော်။

ငြိ၊ကြိ–၁၊တွယ်သည်။ ကပ်သည်။ တွယ်ချိတ်နေသည်။ ၂၊ဥပဒေ၊ သိက္ခာပုဒ် စသည်တို့နှင့် မလွတ်မကင်းဖြစ်သည်။ ၃၊ချစ်ကြိုက်သူအချင်းချင်း မလွတ်မကင်းဖြစ်သည်။ ငြိစွန်းသည်။

ငြိး၊ကြိ–နှစ်သက်ခြင်း လျော့နည်းသွားသည်။ ငြီးငွေ့သည်။ ~စီစီ/ညီးစီဇီ/ကြိဝိ–ကိုယ်စိတ်ပင်ပန်း၍ မအီမသာဖြစ်လျက်။ ~စော်နံ/ညီးဇော်နန်/ကြိ–

မာတိကာသို့ ▶▶▶

http://www.lknt11.com

၁၊အခန့်မသင့်ကောင်း ဖြစ်သည်။ ၂။[ဥပစာ] နှစ်သက်ခြင်း မရှိ ငြီးငွေ့သည်။ ~နောက်နောက်၊ ကြိဝိ-ငြီးစီစီ ဖြစ်၍ မူးဝေလျက်။

ငြေး။ကြိ-မလိုလား မရှုဆိတ် မကြည်ဖြူ ဖြစ်သည်။

ငြိုငြင်။ကြိ-၁၊ခက်ခဲဆင်းရဲမှုကို တွေ့ကြုံရသည်။ ၂၊ မကြည်ဖြူ မရှုဆိတ်ဖြစ်သည်။ မသဒ္ဓါ။

ငြိုး။ကြိ-ရန်မှုရန် လက်တုံ့ပြန်ရန် တေးထားသည်။ ~သူရန်ဘက်/ညိုးသူ့ရန်ဖက်/န-ရန်သူ။

ငြိုးငြိုးငြိမ့်ငြိမ့်။ကြိဝိ-ငြိမ့်ညောင်းသာယာစွာ။

ငြင်း[၁]။ကြိ-၁၊လက်မခံနိုင်ကြောင်း၊ မလိုက်နာ နိုင်ကြောင်း စသည်ဖော်ပြသည်။ ငြင်းဆန်သည်။ ငြင်းပယ်သည်။ ၂၊သူမှန်သည် ငါမှန်သည် စသည် ဖြင့် စကားအချေအတင် ပြောဆိုသည်။ ငြင်းခုံသည်။ ~ကွယ်။ကြိ-မမှန်မကန် ထိမ်ဝှက်ပြောဆိုသည်။

ငြင်း[၂]။န- ဘူးသီးခြောက် စသည်တွင် ပလွေ တပ်ထား သော လေမှုတ်တူရိယာတစ်မျိုး။

ငြောင့်။န-ငုတ်ချွန်။ ~တံသင်း/ညောင့်ဒသင်း/န- ၁၊ ငြောင့်။ ၂၊[ဥပစာ]အတားအဆီး။ အနှောင့် အယှက်။

ငြမ်း။န-၁၊မြင့်မားသော အဆောက်အအုံများကို တည် ဆောက်ရာတွင် လူတက်နိုင်ရန် ယာယီ လုပ်ထား သော စင်။ ၂၊လင့်စင်။ ၃၊[ဥပစာ] အမှီပြုရာ၊ အားကိုးရာ။ ၄၊ထုံးတမ်း။ အစဉ်အလာ။

ငြိမ်။ကြိ-၁၊လှုပ်ရှားခြင်းမရှိ။ ၂၊အသံမရှိ တိတ်ဆိတ် သည်။ ~ချက်သားကောင်း/ညိန်ဂျက်သားကောင်း/ ကြိ-ထူးထူးခြားခြား ငြိမ်သက်သည်။ ~ဆိမ်/ညိန် ဇိန်/ ကြိ- တိတ်ဆိတ် ငြိမ်သက်သည်။ ~ဝပ် /ညိန်ဝတ်/ကြိ-အလှုပ်အရှား၊ အဆူအပူကင်းမဲ့ သည်။ ငြိမ်သက်သည်။

ငြိမ့်။နဝိ-လှုပ်ရှားမှု ညင်သာသော။ ~ညောင်း။နဝိ- (အသံ) သာယာချိုအေးသော။

ငြိမ်း။ကြိ-မီးစွဲလောင်ခြင်း၊ ဒုက္ခဖြစ်ခြင်း၊ နှောင့်ယှက် ခြင်း စသည် ရပ်စဲသည်၊ ကင်းသည်။ ~ချမ်း /ညိန်းဂျန်း/ကြိ-ဆူပူလှုပ်ရှား ထကြွခြင်း၊ နှောင့် ယှက်ခြင်း စသည်တို့ ကင်းမဲ့သည်။ ~ချမ်းရေး /-ယေး/န-ဆူပူလှုပ်ရှား ထကြွခြင်း၊ စစ်မက် စသည်တို့ ကင်းမဲ့သော အဖြစ်။

ငွားငွားစွင့်စွင့်/ငွားငွားဖွင့်ဖွင့်/ကြိဝိ-အလွန်ထင်ရှားစွာ။ မြင့်မားစွာ။ "~ပွင့်နေသော ပန်း။"

ငွေ။န-၁၊တွင်းထွက်သတ္တုဖြူ ရတနာတစ်မျိုး။ ၂၊ ရောင်းရာဝယ်ရာတွင် ပစ္စည်းနှင့် လဲလှယ်ရသော ကြားခံပစ္စည်း။ ပိုက်ဆံ။ ~ကုန်ကြေးကျ/ငွေဂုန် ကျေးဂျ/န-ငွေကုန်ကျမှု။ ~ကုန်လူပန်း/ငွေဂုန် လူဗန်း/န-ငွေကုန်၍ လူပင်ပန်းပြီး အကျိုးမရှိ ဖြစ်ခြင်း။ ~ကုန်သံပြာ/ငွေဂုန်သန်ဗျာ/န-ငွေကုန် ခံ၍ ပြောဆို ကြိုးပမ်းသော်လည်း အကျိုးမရှိ ဖြစ် ခြင်း။ ~ကြေး။န-ငွေစက္ကူ။ ငွေဒင်္ဂါး။ ~ခွက်/ ငွေပွက်/န-[ရှေး] ရောင်းဝယ်ရာတွင် အသပြာအဖြစ် သုံးရန် ငါးကျပ်သားမှ တစ်ပိဿာအထိ အချိန် အမျိုးမျိုးဖြင့် ခွက်သဏ္ဌာန် ပြုလုပ်ထားသော ငွေခဲ။ ~စ/ငွေဇ/န-၁၊ငွေခွက်မှ ဆောက်ဖြင့် ဖြတ်ယူ ထားသော ငွေသားအစ။ ၂၊ ပိုက်ဆံ။ ~စား။ကြိ- အဂတိလိုက်၍ ငွေကိုလက်ခံရယူသည်။ လာဘ်စား သည်။ ~စက္ကူ။န-အစိုးရက တန်ဖိုးသတ်မှတ် ထုတ်ဝေသည့်အတိုင်း ငွေကြေးအဖြစ် လည်ပတ် သုံးစွဲရသည့် စက္ကူ။ ~ညှစ်။ကြိ-ခြိမ်းခြောက်၍ ဖြစ်စေ၊ လှည့်ဖြား၍ ဖြစ်စေ ငွေရအောင် လုပ်သည်။ ~တိုးချ/ငွေဒိုးချ/ကြိ-ငွေကို အတိုးနှင့် ချေးသည်။ ~တိုက်/ငွေဒိုက်/န-ပြည်သူတို့ထံမှ ကောက်ခံ ရရှိသော ငွေကို လက်ခံထိန်းသိမ်းရာ၊ ပြည်သူတို့ အတွက် ပေးရန်ရှိသောငွေကို ထုတ်ပေးရာဌာန။ ~တန်ဖိုး/ငွေတန်ဖိုး/န-၁၊ငွေ၏ဝယ်နိုင်စွမ်းအား။ ၂၊ငွေလဲနှုန်း။ ~ထိုး ။ကြိ-မိမိအလိုသို့ လိုက်စေလို၍ တစ်ဖက်သားအား ငွေကို တံစိုးအဖြစ်ပေးသည်။ ~ထိန်း/ငွေဒိန်း/န-အသင်းအဖွဲ့၊ ကုမ္ပဏီစသည် တို့၏ ငွေကြေးကိစ္စကို တာဝန်ယူ၍ ဆောင်ရွက်သူ။ ~ပေါ်။ကြိ-အရင်းမြှုပ်ထားသော ပစ္စည်းကိုရောင်း၍ ငွေပြန်ရသည်။ ~ပင်ငွေရင်း/ငွေဗင်ငွေယင်း/န- လုပ်ငန်းတစ်ရပ်ရပ်ကို တည်ထောင်ရန် မတည်သော အခြေခံ ငွေအင်အား။ ~ပန်း /ငွေဗန်း/ န- ဗုဒ္ဓ သရဏဂုံနှင့်ဆင်၍ ဖြူဖွေးခမ္ဘီးကြိုင်သော ပန်းပွင့် သည့် ပန်းပင်။ ~ဖြူ/ငွေဖျူ/န-တရားဝင်ဖြစ်သော ငွေ။ ~မည်း /ငွေမဲ/ န- တရားမဝင်သော နည်း ဖြင့် ရရှိသောငွေကြေး။ [လိပ်ပြန်၊ black money] ~ယား။န-၁၊ ထိကိုင်လျှင်ဖြစ်စေ၊ သုံးစွဲ လျှင်ဖြစ်စေ၊ အစား ပြန်မထားလျှင်ဖြစ်စေလူကို ယားစေဘတ် သည် ဆိုသော ငွေ။ ၂၊သုံးစွဲချင်စိတ် ဖြစ်ပေါ်စေသော ငွေ။ ~ယိုပေါက်/ငွေယိုဗောက်/န-ငွေမကုန်သင့်ဘဲ လျက် ကုန်ကျသည့်အကြောင်း။ ~ရတု/ငွေယဒု/ န-၂၅နှစ်မြောက် အခါသမယ။ [လိပ်ပြန်၊silver jubilee] ~ရပေါက် /ငွေယဗောက်/န-ငွေရစရာ၊ ငွေဝင်စရာအကြောင်း။ ~ရင်း။န-မတည်သောငွေ။ ~ရည်စိမ်/ငွေယီ(ယေ)ဇိန်/န- ငွေရောင် တင်ထား သော သတ္တုထည်။ ~ရှင်ကြေးရှင်။န-၁၊ သူတစ်ပါး အား ငွေချေးငှားသူ။ မြီရှင်။ ၂၊ပစ္စည်းဥစ္စာ ချမ်းသာ သူ။ ~ရွှင်။ကြိ-ငွေအရများသည်။ ဝင်ငွေများသည်။ ~လဲနှုန်း။န-တစ်နိုင်ငံသုံးငွေနှင့် အခြားတစ်နိုင်ငံသုံး ငွေချင်း လဲလှယ်ရာတွင် သတ်မှတ်သည့် စံနှုန်း။

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

~လည် /ငွေလယ်/ကြိ–သုံးစွဲရန်ငွေ လက်ဝယ်ရှိသည်။ ~လှည့်/ငွေလှဲ့/ကြိ–ငွေကို ချေးယူသည်။ ~လွှဲ၊ ကြိ–တစ်နေရာမှ တစ်နေရာ၊ တစ်ဦးမှ တစ်ဦးသို့ ငွေထုတ်ယူခွင့်၊ ပိုင်ဆိုင်ခွင့်ကို စာဖြင့် လွှဲပြောင်းပေးသည်။ ~သား/ငွေသား/န–၁၊ ငွေခဲ။ ၂၊ ငွေစက္ကူ။ ~သီး၊ ကြိ–ငွေကို အလွယ်တကူ အဆက်မပြတ် များစွာရရှိသည်။ ~အိပ်၊ကြိ–၁၊ ရင်းနှီးသုံးစွဲခြင်း မရှိသောကြောင့် ငွေ မတိုးပွားဘဲ နေသည်။၂၊အရင်းမြုပ်ထားသော ပစ္စည်းကို မရောင်းရသဖြင့် ငွေမပေါ်ဘဲရှိသည်။

ငွေ့၊န–အငွေ့နှင့်အတူတူ။ ~ငွေ့၊ကြိဝိ–အရှိန်အငွေ့ အနည်းငယ်၊ မဆိုစလောက်။ ~ရည်ဖွဲ့၊ကြိ–အအေးတတ်ကြောင့် အခိုးအငွေ့မှ အရည်အစက်အပေါက် အဖြစ်သို့ ပြောင်းလဲသည်။

ငှ၊ကြိ–ဝေပေးသည်။

ငှာ၊ပ် တစ်စုံတစ်ရာကို ရည်စူးကြောင်း ဖော်ပြသော စကားလုံး။ "ပျံသန်းခြင်း ~ မစွမ်းနိုင်။"

ငှား၊ ~ရမ်း၊ ကြိ–သက်ရှိသက်မဲ့ တစ်စုံတစ်ရာကို အခနှင့်ဖြစ်စေ၊ အခမဲ့ဖြစ်စေ ခေတ္တအသုံးပြုခွင့် ရယူသည်၊ အသုံး ပြုခွင့်ပေးသည်။

ငုံ့၊ကြိ–ခိုးခွက်စသည်ကို စောင်း၍ အတွင်းရှိရေ၊ အရည်ကို သွန်ချသည်။

ငှက်၊ န–၁၊ဥမှပေါက်ဖွားပြီး ခြေနှစ်ချောင်းနှင့် အမွေး အတောင်ပါသော သွေးနွေးသတ္တဝါမျိုး။ ၂၊ကူးတို့ သမ္ဗန်ငယ်။ ၃၊ငှက်ဖျား။ ~ကုလား/ငှက်ကုလေး/ န–နွတ်သီး၊ လည်တံ၊ ခြေတံရှည်၍ ရေစပ်ကမ်းနား တွင် ကျက်စားသော ငှက်ကြီး။ တုံးကုလားငှက်။ ~ကုလားအုတ် /ငှက်ကုလအုတ်/ န– မပျံနိုင်ဘဲ လျင်မြန်စွာ ပြေးနိုင်သော အာဖရိကဟိုက်ဖာဟိ ငှက်ကြီး။ ~ကျား၊န–၁၊ ရေစပ်ကမ်းနားတွင် ကျက်စားတတ်သော အဖြူအနက် ကျားသော အတောင်ပံရှိ ငှက်ကြီး တစ်မျိုး။ ၂၊အတောင်ရင်းနှင့် မြီးထုးဆက်တွင် အဖြူကျားသော ငှက်နက်ငယ်။ ၃၊တောင်တန်း ဒေသတွင် တွေ့ရသော ဝမ်းဗိုက်ဖြူ တောင်ပံကျား မြီးတံရှည်ငှက်နက်။ ~ကြီးတောင် /ငှက်ကျိုးဒေါင်/ န–အဖျား တော့ချွန်သော ဓားရှည် တစ်မျိုး။ ~ကြီးတုံးစပ် /ငှက်ကျီးခုန်းဇတ်/န– တွဲလျားကျသော စလုတ်နီရှိရေစပ်နေ ငှက်ကြီး။ သင်တိုင်းဝတ်ငှက်။ ~ကြီးဝန်ပို/ငှက်ကျိုးဝန်ပို/ န–စလုတ်အိတ်ကြီးရှိ၍ ရေစပ်တွင် ကျက်စားလေ့ ရှိသော ငှက်ကြီး။ ~ခါး၊န–မြင့်ရာ၌နားလေ့ရှိသော စိမ်းပြာရောင် ငှက်တစ်မျိုး။ ~ခါးတောင်/ငှက်ခါး ဒေါင်/န–ငှက်ခါး၏ အတောင်ကဲ့သို့ စိမ်းပြာရောင် ရှိသောထန်းရည်ခါးအကောင်းစား။ ~ချေးခံ/ငှက် ချေးကန်/န ၁၊အခေါင်းဝင်အထက်တွင် မိုးထားသောဖျင်။၂၊သစ်ရွက်တွင် နေထိုင်ရာဘက်။ ~ငွား၊ န–နွားတွန်သကဲ့သို့ တွန်ညည်းတတ်သော ရိုးစိမ်းကြီး။ ~စာ၊န–ငှက်ဖျားရောဂါကို ဖြစ်စေတတ်သည် ဆိုသော အစာမျိုး။ ~စာဆော်၊ကြိ–ပင်ပျိုတွင် အသီး အနည်းငယ် စတင်သီးသည်။ ~စပ်၊န– ဦးခေါင်းနက်၍ ကျောကုန်းပြာပြီး အမြီးဖျား ဖြူသောငှက်။ (ငှက်တော်ပြာ၊ ငှက်အောင်မ ဟုလည်း ခေါ်သည်။) ~ဆိုး၊န–မကောင်းသော နိမိတ်ဟု ယူဆရသည့် စူးရှဆိုးရွားသော အသံဖြင့် ညဦးအခါ အော်မြည်တတ်သောငှက်။ မိန်ကောင်း။ ယင်ကောင်မိုး။ ~ဆင်၊န–ဆင်ကဲ့သို့ နှာမောင်း ပါသော ကျမ်းဂန်လာ ငှက်ကြီး။ ထီးလိုင်ကာငှက်။ [ပါဠိမြန်၊ ဟတ္ထိလိင်္ဂ သကုဏ] ~တောခွေးတော/ငှက်တော ခွေးဒေါ်/န–ငှက်ဖျားရောဂါ ဖြစ်ပွားတတ်သော အရပ်ဒေသ။ ~တော်၊န–အမြီးရှည်၍ အဖျား နှစ်ခွရှိသည့် ငှက်နက်တစ်မျိုး။ ~ပြာစိတ်/ငှက် ပျာဇိတ်/န–အမြဲစိမ်း သစ်တောများတွင် ကျက်စား တတ်သော နှုတ်သီးနှင့် ခြေသောက် နက်သောငှက်။ (အဖိုတွင် စိုပြည်သော အပြာရောင် ရှိပြီး အမတွင် မှိုင်ပြာသော အရောင်ရှိသည်။) ~ပြင်း၊ န– မြေဝပ် ငှက်။ ~ဖျား၊ န–ချမ်းတုန်၍ ကိုယ်ပူပြင်းသော အဖျားရောဂါ။ ~ဖျဉ်း၊ န–ငှက်ဖျားကြောင့်ဖြစ်သော ဖျဉ်းရောဂါ။ ~မြတ်နား/ငှက်မနား/န–ဘုရား စေတီ၊ ကျောင်း ပြာသာဒ်၊ နန်းပြာသာဒ်တို့၏ ထီးအထွတ်တွင် ကြက်လျှာသဏ္ဌာန် လုပ်ထားသော အဆင်တန်ဆာ။ ~ဝါ၊ န–အသံသာ၍ အဆင်း ဝင်းဝါသော ငှက်တစ်မျိုး။ ~သိုက်၊န–စိဝိုးငှက်၏ ဆေးဖက်ဝင်သောအသိုက်။ ~သိုက်မုန့်၊ န–သကြား ကို အမျှင်ထွေးဖြစ်အောင် လုပ်ထားသောမုန့်။ ~သင့်၊ ကြိ–ငှက်ဖျားမိသည်။

ငှက်ပျော /ငပျော/ န– ရည်ပြန့်သော အရွက်ရှိ၍ အဖီးအဆင့်ဆင့်ရှိသော အသီးခိုင်ထွက်သည့်အပင်။ ~ပပ်/–ဖတ်/န–ငှက်ပျောပင်စည်၏ အခွံလွှာ။ ~ပွဲ/–ဖွဲ/န–ငှက်ပျောသီး၊ အုန်းသီး စသည်ဖြင့် ပြင်ထားသော ကန်တော့ပွဲ။ ~ဖူး/–ဘူး/န–စေတီနှင့် ပြာသာဒ်ဘွင် ထီးအောက်၌ရှိသည့် ငှက်ပျောဖူး သဏ္ဌာန် အစိတ်အပိုင်း။ (ချရားသီးပုံရှိလျှင် ချရားသီးဟုခေါ်သည်။)

ငြှိမ်း၊ကြိ–ငြိမ်းစေသည်။

ဉ

ဉ၊န–ဗျည်းသုံးဆယ့်သုံးလုံးတွင် ခြောက်လုံးမြောက် ဗျည်း။ (ညလုံးဟု ခေါ်သည်၊)

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

စ[၂]ကြိ–ရှေးဦးပြုသည်။ **~တင်**/စတင်/ကြိ–အစပြုသည်။

စ[၃]ကြိ–ကျီစားသည်။ နောက်သည်။ ပြောင်သည်။

စ[၄]စည်း–၁။အမေးကို ပြသော စကားလုံး။ "ဟုတ်ပါလေ–။" ၂။ကြိယာကို လေးနက်အောင်၊ ပြေပြစ်အောင် ထောက်ပံ့သော စကားလုံး။ "မမြင်–ဖူး။ ရှက်–နိုး။"

စက/စဂ/နာ–အလယ်အလယ်ဖြစ်ခြင်း။

စကာ/စဂါ/နာ–**ဆန်ခါ** ရှု။

စကား/စဂါး/နာ–၁။အနက်အဓိပ္ပာယ်ရှိသော နှုတ်မြွက်သံ၊ ပြောဆိုချက်။ ၂။ဆိုရိုးစကား။ ၃။ဘာသာစကား။ **~ကောင်း**/စဂါးကောင်း/ကြိ–စကားကို လက်စမသတ်နိုင်ဘဲ စိတ်ဝင်စားစွာ ပြောသည်။ **~ကုန်**/စဂုန်/ကြိဝိ–နောက်ထပ်ပြောစရာ မကျန်၊ အပြီးအပြတ်၊ **~ကျ** /စဂျ/နာ–သက်ရောက်သော အဓိပ္ပာယ်။ **~ကြီးစကားကျယ်**/စကြီးစဂျယ်/နာ–ကြီးကြီးကျယ်ကျယ်၊ အည်ထည်ဝါဝါ ပြောဆိုသော စကား။ **~ကြီးဆယ်မျိုး**/စဂါးကြီးဆယ်မျိုး/နာ–ရေကူးညာတင်၊ ခကာက်ပင်ရိုက်လှီး၊ ရေစီးဖောင်ဆန်၊ အိုးတန်ဆန်စဝ်၊ ဆီပွတ်ကျည်ပွေ့၊ ဆင်ဇေ့ရန်ရှောင်၊ ဘောင်သူယာခုတ်၊ ကြက်ဆုတ်ခွပ်ပစ်၊ ရေစစ်ကရား ရေသွားသောသွင်၊ ခက်တင်မောင်းနင်း ဟူသော စကားပြောနည်း ဆယ်မျိုး။ **~ကြာရှည်**/စဂျာယှေ/ကြိ–စကားကို အချိန်ကြာကြာ ရှည်လျားစွာ ပြောသည်။ **~ခေါ်**/စဂါးခေါ်/ကြိ–မိမိ၏ အလိုဆန္ဒကို အရိပ်အခြည် ဖော်ပြ ပြောဆိုသည်။ **~ခံ**/စဂါးခန်/ကြိ–ပြောလိုသည့် အကြောင်းအရာကို တိုက်ရိုက် မပြောသေးဘဲ အခြေခံအဖြစ် စကားတစ်ရပ်ရပ်ကို ပြောဆိုသည်၊ **~ခင်း**/စဂါးခင်း/ကြိ–တစ်ဖက်သား အာရုံ ပြုလာအောင် စကားအစ ပျိုးသည်။ **~ချီး**/စချီး/နာ–ရှေ့ပြေးအဖြစ် ပြောဆို ရေးသားချက်။ **~ချပ်** /စချပ်/နာ–ရေးရင်းစာနှင့် ဆက်နွယ်သော အကြောင်းအရာ တစ်ရပ်ရပ်ကို အနည်းငယ် ညှပ်ထည့်ထားသော စာ၊ စကားညှပ်။ **~စ**/စဂါးစ/ကြိ–အခြားအကြောင်းအရာကို မပြောကြားမီ ယင်းအကြောင်းအရာနှင့် ပတ်သက်၍ တင်ကြို ပြောကြားသည်။ /စဂစ/နာ–၁။စပြောရန် စကား။ "–ရှာပြီးပြော–။" ၂။ပြော၍ အဆုံးမသတ် ရသေးသော အကြောင်းအရာ။ "–မပြတ်နိုင်ဘဲ ရှိ–။" **~စမြည်**/စဂါးစမျိ/နာ–ရင်းနှီးစွာ ပြောဆိုသောစကား။ **~စစ်ထိုး**/စဂါးစစ်ထိုး/ကြိ–၁။အချေအတင် အပြန်အလှန် ပြောဆိုသည်။ ၂။ စကားရည်လုသည်။ **~စပ်**/စဂါးစတ်/ကြိ–ပြောဆိုရန် အခါအခွင့် ကြုံကြိုက်သည်။ စကား အလျဉ်းသင့်သည်။ /စဂဇတ်/ နာ–စကားနှင့် ဆက်စပ်နေသော အကြောင်းအရာ။ **~တံရှည်**/စဂဒန်ယှေ/ကြိ–စကားကြော်ရှည်သည်။ **~တင်းဆို**/စဂဒင်းဆို/ကြိ–အတင်းပြောသည်။ **~ထာ**/စဂထာ/နာ–အနက်အဓိပ္ပာယ် မြှုပ်ထားသော ဥာဏ်စမ်း စကား။ ပဟေဠိ။ (သာဓက။ ။သွားတော့ ရွေ့ရွေ့၊ နေတော့စင်းစင်း။) **~ထာဖွက်**/–ဖွက်/ကြိ–ဖြေဆိုရန် စကားထာတစ်ခုခုကို ဆိုသည်။ **~တည့်**/စဂါးထဲ့/ကြိ–မိမိဆန္ဒအတိုင်း ဖြစ်စေရန် တစ်စုံတစ်ဦးအား ကြိုတင်၍ ပြောထားနှင့်သည်။ **~နာထိုး**/စဂနာထိုး/ကြိ–မကျေနပ်သံဖြင့် မထိတထိ အပြစ်တင် ပြောဆိုသည်။ **~နိုင်လု**/စဂနိုင်လု/ကြိ–တစ်ဖက်သားကို စကားဖြင့် အနိုင်ရအောင် ဇွတ် ငြင်းခုံပြောဆိုသည်။ **~နှိုက်**/စဂါးနှိုက်/ကြိ–တစ်ဖက်သားထံမှ မိမိသိလိုသော စကားကို ရအောင် ဖန်တီးပြောဆိုသည်။ **~နှစ်ခွ**/စဂါးနှစ်ခွ/နာ–အဓိပ္ပာယ်နှစ်မျိုး ကောက်ယူနိုင်သော စကား။ မပြတ်သားမသေချာသော စကား။ **~ပေါက်စကားစ**/စဂဗောက်စဂဇ/နာ–အရှုပ်အထွေးပြဿနာပေါ်စေနိုင်သော စကားမျိုး။ **~ပုံ**/စဂဗုန်/နာ–လူအများ ဆင်ခြင်မှတ်သားဖွယ် ဖြစ်အောင် စံပြုပုံနှိုင်း ပြောဆိုလေ့ရှိသော ထိရောက်ကျစ်လျစ် ပြေပြစ်သည့် စကား။ **~ပလ္လင်ခံ**/စဂါးပလင်ခန်/ကြိ–ပြောမည့် အကြောင်းအရာနှင့် ဆက်စပ်သည့် စကား အနည်းငယ်ကို ပြောသည်။ **~ပျိုး**/စဂါးပျိုး/ကြိ–အကြောင်းအရာတစ်ခုကို မပြောဆိုမီ ယင်းနှင့် စပ်ဆိုင်သည့် အကြောင်းအချက်ကိုကို ရှေ့ပြေး အဖြစ် ပြောဆိုသည်။ **~ပျက်**/စဂါးပျက်/ကြိ–ကတိ ပျက်သည်။ **~ပြေ**/စဂဗျေ/နာ–၁။လင်္ကာမျိုး မဟုတ် ပြေပြစ်စွာ ရေးသားပြောဆိုသော စာ။ ၂။ပြေရာပြေကြောင်း ပြောဆိုသော စကား။ **~ပြော**/စဂါးပျော/ကြိ–[ဥပစာ] အကြောင်းအရာ၊ အခြေအနေ မှန်ကို (တစ်စုံတစ်ရာက) သိသာစေသည်။ "အပင်ပန်းမခံနိုင်ပါ။ အသက်က–လာပြီ။" **~ပြောကြေးနန်း**/စဂါးပျောကျေးနန်း/နာ–တယ်လီဖုန်း။ **~ပြန်**/စဂဗျန်/နာ–ဘာသာစကား မတူသူ နှစ်ဦး အကြားတွင် ဘာသာပြန်၍ပြောပြသူ။ **~ဖာ**/စဂါးဖာ/ကြိ–စကားကို တစ်မျိုးလဲလှယ် ပြောဆိုသည်။ စကားဖာသည်။ **~ဖာ**/စဂါးဖာ/ကြိ– ပြောမှားဆိုမှားဖြစ်ခဲ့သည့် စကားကို ပြေပြေလည်လည် ဖြစ်အောင် ပြန်လည်ဖန်တီး ပြောဆိုသည်။ **~ဖို စကားမ** /စဂဖိုစဂမာ/ နာ– ပင်မစကားလုံးနှင့် အတွဲအဖက်ဖြစ်သော စကားလုံး။ (သာဓက။ ။အားဘောင်အားနာ၊ သက်သောင့်သက်သာတွင်

မှာတိကာသို့ ▶▶▶

http://www.lknt11.com

"အားနာ၊ သက်သာ" သည် စကားမ၊ "အားဆောင့်၊ သက်သောင့်"သည် စကားဗိုဖြစ်သည်။) **~ဖောင်ဖွဲ့**/ဇဂဖောင်ဖွဲ့/ကြိ-ဝိုင်းဖွဲ့၍စကားများစွာပြောသည်။ **~ဖန်ထိုး**/ဇဂဖန်ထိုး/ကြိ-စကားကို လိုရာ ရောက်အောင် သိုင်းဝိုင်းပြောဆိုသည်။ **~မစပ်**/ဇဂါးမစပ်/ကြိဝိ-စကားအဆက်အစပ် မရှိပါဘဲလျက်။ **~မေးမရ**/ဇဂမေးမယာ့/ကြိ-သတိလစ်သည်။ မေ့မြောသည်။ **~များ**/ဇဂါးများ/ကြိ-၁။စကား အလွန်ပြောသည်။ ၂။ရန်ဖြစ်သည်။ **~ရောဖောရော**/ဇဂယောဖောယော/ကြိဝိ-ဟိုလိုလို သည်လိုလို (ပြောလျက်)။ ရောရောယောင်ယောင် (ပြောလျက်)။ **~ရောင်းစကားဝယ်**/ဇဂယောင်းဇဂဝယ်/န-မိမိက ပြောသင့်သလောက်ပြော၍ မိမိသိလိုသည်ကို သိရအောင် စကားအပေးအယူ လုပ်ခြင်း။ **~ရည်လုပွဲ**/ဇဂယေလုဗွဲ/န-အကြောင်းအရာ တစ်ရပ်ရပ်ကို တစ်ဖက်နှင့်တစ်ဖက် စကားအချေအတင် ပြောဆိုယှဉ်ပြိုင်သောပွဲ။ **~ရိပ်**/ဇဂယိတ်/န-ပြောလိုသော အကြောင်းအရာနှင့်ဆိုင်သည့် အရိပ်အမြွက်ပါသော စကား။ **~လက်ဆုံကျ**/ဇဂါးလက်ဆုန်ကျာ့/ကြိ-စကားလက်စ မပြတ်နိုင်အောင် စိတ်ဝင်စားစွာ ပြောဆိုသည်။ **~လိမ်**/ဇဂလိန်/န-ကာရန်ကို ရှေ့နောက် ပြောင်းပြန်ပြု၍ ပြောသော စကား။ (သာခကာ။ ။နိမ့်မှသောင်။ ငိုဘာ။) **~လုံး**/ဇဂလုန်း/န-အနက်အဓိပ္ပာယ်ရှိသော စကားတစ်ခု။ **~လွန်**/ဇဂါးလွန်/ကြိ-အခြားသူအား ကတိစကား ပေးပြီးဖြစ်သည်။ **~ဝိုင်းဖွဲ့**/ဇဂဝိုင်းဖွဲ့/ကြိ-လူအများစု၍ စကားပြောသည်။ **~ဝှက်**/ဇဂဝှက်/န-ဆိုလိုချက်ကို ဆက်သွယ် သူချင်းသာ သိအောင် ကြိုတင်သတ်မှတ်ထားသော စကား။ **~သွားစကားလာ**/ဇဂသွားဇဂလာ/န-စကား၏အခြေအနေ။ **~ဟောင်း**/ဇဂါးဟောင်း/န-ရှေးလူကြီးတို့၏ အဆိုအမိန့်။ ရှေးစကား။ **~အူပေါက်**/ဇဂါးအူဖောက်/န-ရောက်တတ်ရာရာ ပြောသော စကား။ **~ဦးသန်း**/ဇဂအုးသန်း/ကြိ-စကားအရိပ်အမြွက် ကြိုပြောသည်။ **~အိုး**/ဇဂအိုး/န-စကားများစွာ ပြောသောသူ။

စကုဖြတ်/ဇဂုဖျတ်/န-စပါးကောင်း တစ်မျိုး။

စကေး၊န-မြေပုံစသည်တို့ကို ရေးဆွဲရာ၌ ချဲ့ပြ၊ ချုံ့ပြထားသော အချိုးအတိုင်းအတာ။ [လိပ်၊scale]

စကော/ဇဂေါ/န-ဆန်ကော ရှ။

စကောကရင်၊န-ကရင်လူမျိုးတစ်မျိုး။

စကောစက/ဇဂေါဇဂါ/နဝိ-ဟိုမရောက် သည်မရောက်ဖြစ်သော။

စကျင်ကျောက်/ဇျင်ကျောက်/န-ဘုရားဆင်းတုတော်စသည် ထုလုပ်ရသော ကျောက်ဖြူတစ်မျိုး။

စကြဝဠာမင်း/စက်ကျဝဒေးမင်း/န-စကြာရတနာကို ရ၍ လေးကျွန်းကို အစိုးရသောမင်း။ [သ၊ စကြဝတ်တိန် + မြန်၊ မင်း]

စကြဝဠာ/စက်ကျာဝလာ/န-၁။မြင်းမိုရ်တောင်၊ ကျွန်းကြီး လေးကျွန်း၊ သမုဒ္ဒရာကြီးလေးစင်းတို့ကို တံတိုင်းသဖွယ် ပတ်ရံထားသော တောင်။ ၂။ယင်းတောင်ဖြင့် နယ်နိမိတ်သတ်မှတ်ထားသော အပိုင်းအခြား။ ၃။ကမ္ဘာ၊ နေ၊ လ၊ နက္ခတ်၊ တာရာ စသည်တို့ သဘာဝအလျောက် ဖြစ်ပေါ် တည်ရှိနေသော ဩကာသလောက။ [သ၊စကြဝါလ]

စကြာ/စက်ကျာ/န-၁။အဝန်းအဝိုင်း။ ၂။စကြဝတေးမင်း စီးသောယာဉ်။ ၃။လက်နက်အထူး။ ၄။တစ်ရာ့ ရှစ်ကွက်သော စက်လက္ခဏာတို့ ပါရှိသည့် မြတ်စွာဘုရား၏ ခြေတော်။ ထူးသောအမှတ်လက္ခဏာ ပါရှိသည့် ဘုန်းကြီးသူတို့၏ ခြေ။ ၅၊ တရားတော်။ ၆၊ လေတိုက်လျှင် လည်ပတ်နေသော ကလေးကစားစရာ၊ ရဟတ်။ [သ၊စကြ] **~ဖြန့်**/စက်ကျာဖျန့်/ကြိ-ထူးမြတ်သော ပုဂ္ဂိုလ်တို့ ခရီးကြွမြန်းသည်။

စကြော/ဇကျော့/န-လေးဖက်ချထားသော အမိုး။

စခန်း၊န-၁။ခရီးသည်တို့ နားနေရာ။ ၂။တပ်စသည်တို့ အခြေစိုက်ရာနေရာ။ ၃။အခြေအနေ။ "သည်ကိစ္စဘယ် ~ရောက်နေပြီလဲ။" **~ကြီး**၊ကြိ-ဘဝင်မြင့်သည်။ မာနကြီးသည်။ **~ချ**၊ကြိ-၁။ခရီးသွားနိုက်ခွေ ရပ်ဆိုင်း နားနေသည်။ ၂။ဇာတ်၊ ရုပ်သေးတို့တွင် နှစ်ပါးသွားအက ပြီးဆုံးသည်။ **~ထ**၊ကြိ-၁။ခရီးတစ်ထောက် စခန်းချနေရာမှ ဆက်လက်ထွက်ခွာသည်။ ၂။ဇာတ်၊ ရုပ်သေးတို့တွင် နှစ်ပါးသွားအက စတင်ကသည်။ ၃။တိမ်မြုပ်နေရာမှပြန်လည်ပေါ်ထွက်သည်။ ၄။အသစ်ထွက်ပေါ်ကာ စွမ်းရည်ပြသည်။ **~ထောက်**၊ကြိ-ခရီးလမ်းတွင် ခေတ္တရပ်နားသည်။ စခန်းချသည်။ **~တောင့်**၊ကြိ-ခရီးတောင့်သည်။ **~သိမ်း**၊ ကြိ-၁။ဇာတ်၊ ရုပ်သေးတို့တွင် နှစ်ပါးသွား ပြီးဆုံးရပ်စဲသည်။ ၂။အလုပ်ကိစ္စပြီးဆုံးခြင်းသို့ ရောက်သည်။ **~သွား**၊ကြိ-၁။ဇာတ်၊ ရုပ်သေးတို့တွင် နှစ်ပါးသွား အကကို ကသည်။ ၂။ ပြုမူနေထိုင်သည်။ "လူအမျိုးမျိုးနှင့် ~ရမည့် လောကကြီး။"

စချိမဟာ၊န-[ရှေး]စာရေးစာချီ။

စခွန့်၊န-ဒေါက်ခွပေါ်တင်၍ တီးရသော နှစ်ဖက်ပိတ်စည်။ [ထိုင်း၊ dta-pon]

စဆွဲ၊န-မှစ်ဦးဇရပ်။ ဇရပ်။

စတီ/ဇဒီ၊ သုဒီ/န-၁။ခေါင်းပိတ်။ /ဇဒီ/၂။အနည်းအကျဉ်းမျှအဖြစ်။ အမည်ရရုံမျှအဖြစ်။

မာတိကာသို့ ▶▶▶

စတီရီယို/စတီရီယို/နဝိ–၁။အနီးအဝေးကွဲပြားစွာ ရုပ်လုံးကြွမြင်ရသော (ဓာတ်ပုံ၊ ရုပ်ရှင်စသည်)။ ၂။အနီးအဝေးကွဲပြားစွာ အသံနက်စ်ဖက်ကြားရသော (ဓာတ်ပြား ၊ တိပ်ခွေ စသည်)။ [လိပ်၊stereo]

စတု၊န–လေးခုအရေအတွက်။ [ပါ၊စတု] **~ဂံ**၊န–အနားလေးဖက် ထောင့်လေးထောင့်ရှိသော မျက်နှာပြင်ပုံ။ [ပါ၊စတုရဿကာ] **~ဒိသာ**၊န–၁။အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ် လေးမျက်နှာ။ ၂။အရပ်လေးမျက်နှာမှ ရောက်လာသူ မှန်သမျှကို ကျွေးမွေးခြင်း။[ပါ၊စတု+ဒိသာ] **~မဓူ**၊န–ထောပတ်၊ ပျားရည်၊ သကာ၊ နှမ်းဆီ ဤလေးမျိုးကို ရောသော ဆေး။ [ပါ၊စတု+မဓုရ] **~မဟာရာဇ်**၊န–၁။မြင်းမိုရ်တောင်၏ အရပ် လေးမျက်နှာ၌ အုပ်စိုးနေကြသော နတ်မင်းကြီးလေးပါး။ ၂။ယင်းနတ်မင်းကြီးများနေသော၊ နတ်ပြည်ခြောက်ထပ်တွင် အောက်ဆုံးနတ်ပြည်။ [ပါ၊စတုမဟာရာဇ] **~ရင်**၊န–၁။ဆင်၊ မြင်း၊ ရထား၊ ခြေသည်သူရဲ စစ်အင်္ဂါလေးပါး။ ၂။စစ်တုရင် ရှ။ [ပါ၊စတုရင်] **~ရန်း**၊န–၁။[ကျမ်းဂန်]သမုဒ္ဒရာကြီးလေးစင်း၏ အစွန်းတို့ဖြင့် သတ်မှတ်ထားသော နယ်။ ၂။အနားလေးဖက်ညီ ထောင့်မှန်ပုံ။ [ပါ၊စတုရန္တ] **~လောကပါလ/**စတုလောကာပါလာ/န–လောကကို စောင့်ရှောက်သော ဓတရဋ္ဌ၊ ဝိရုဠှက၊ ဝိရူပက္ခ၊ ကုဝေရ ဟူသော နတ် မင်းကြီးလေးပါး။ (အရှေ့–ဓတရဋ္ဌ၊ တောင်–ဝိရုဠှက၊ အနောက်–ဝိရူပက္ခ၊ မြောက်–ကုဝေရ။) [ပါ၊စတု+လောကပါလ]

စတူဒီယို၊န–ရုပ်ရှင်၊ ဓာတ်ပုံ၊ ပန်းချီစသည့် အနုပညာလုပ်ငန်းဆောင်ရွက်ရာ အဆောက်အအုံ၊ အခန်း။ အသံလွှင့်ရာ၊ အသံသွင်းရာအခန်း။ [လိပ်၊studio]

စတောကြိဝိ–[ပေါ] စင်စစ်။ စောက်နက်။

စတေး/စေး/ကြိ–၁။ရှေးအခါက မြို့တည်ခြင်း၊ ကန်၊ ဆည်မြောင်း တူးဖော်ခြင်း စသည်ကိစ္စတို့တွင် လုပ်ငန်း ပြီးဆုံးအောင်မြင်ရေးအတွက် နတ် ပသသည်။ ၂။[ဥပစာ] (ယုံကြည်ချက်အတွက်) အသုံးရှုံးခံဆောင်ရွက်သည်။ [သ၊ဂါရွှီ]

စတော့၊န–၁။အစိုးရကို ချေးသည့် အတိုးမှန်မှန် ရနိုင်သော ငွေပင်ငွေရင်းအစု။ ၂။ကုမ္ပဏီသို့မဟုတ် ကော်ပိုရေးရှင်း တစ်ခုခုတွင် ပါဝင်သူတို့ ဝယ်ယူသည့် ငွေပင်ငွေရင်းအစု။ [လိပ်၊stock]

စတော်ဘယ်ရီ/စတော်ဘယ်ရီ/န–အစေ့ငယ်များပါသော ချဉ်ဖြုံဖြုံအရသာရှိသည့် သီးလုံးနီသီးသော မြေကပ်ပင်တစ်မျိုး။ [လိပ်၊strawberry]

စတိုင်၊န–ဟန်အမူအရာ။ [လိပ်၊style]

စတည်းချ/စဲချာ/ကြိ–စခန်းချ ရပ်နားသည်။

စတုတ်/စဒုတ်/န–စပါး၊ ဆန်စသည်တို့ကို စလား၊ တောင်း၊ တင်းတို့နှင့် ခြင်ရာတွင် ညှိရသော တုတ်။ **~တိုက်/**–တိုက်/ကြိ–စတုတ်ဖြင့် ညှိသည်။

စတုတ္ထ/စဒုတ်ထ/နဝိ– လေးခုမြောက်ဖြစ်သော။ [ပါ၊ စတုတ္ထ]

စတန့်၊န–၁။အစွမ်းသတ္တိကို အထူးတလည်ပြခြင်း။ ၂။အထင်ကြီးခံရအောင် လုပ်ခြင်း။ [လိပ်၊stunt]

စတုန်၊န–တစ်ဆယ့်လေးပေါင်နှင့် ညီမျှသော ချိန်ဝန်။ [လိပ်၊stone]

စတမ်း/ခန်း/စည်း–ကတိကဝတ်ပြုခြင်းအနက်ဖြင့် ကြိယာကို ထောက်ပံ့သော စကားလုံး။ "မလုပ် ~။"

စတွန်းကြိ–[ပေါ](အရိပ်ကိုခြေဖဝါးဖြင့်) တိုင်းတာသည်။

စနဆောင်/စနဆောင်/န–ဘုန်းကြီးကျောင်း၊ နန်းတော်တို့တွင် အဆောင်ကြီးနှစ်ဆောင်ကို ဆက်၍ ဆောက်ထားသော အဆောင်။ [မွန်၊ စွံကဏာသင်+မြန်၊ဆောင်]

စနေ၊န–၁။နေ့ခုနစ်နေ့တွင် နောက်ဆုံးနေ့။ ၂။[ဗေဒင်] ဂြိုဟ်ကြီးကိုးလုံးတွင် သတ္တမဂြိုဟ်။ ၃။[သိပ္ပံ] နေရှိရာမှ အစဉ်အားဖြင့် ဆဋ္ဌမဖြစ်၍ အရံဂြိုဟ် ၁၆လုံးရှိသော ဂြိုဟ်။ [သ၊ဇနိ] **~ထောင့်/**စနေ ဒေါင့်/န–အနောက်တောင်ထောင့် အရပ်။

စနိုးစနောင့်/စနိုးဇနောင့်/ကြိဝိ–စိုးရိမ်ကြောင့်ကြလျက်။

စနက်၊န–၁။ဗုံးစသော ပေါက်ကွဲစေတတ်သည့်အရာသို့ မီးကူးစေသည့် ကြိုး စသည်။ ၂။မကောင်းကျိုးတစ်ခု ခုကို ဖြစ်ပေါ်စေသော လုပ်ရပ်၊ လက်ချက်။ **~တံ**၊ န–ဗုံးစသည်တို့ကို ပေါက်ကွဲစေရန် ပြုလုပ်ပေးသော အတံငယ်။

စနောင်စနင်ကြိဝိ–[ပေါ]ဇရိုဖရို။ ကိုးရိုးကားရား။

စနောင့်စနင်း/ဇနောင့်ဇနင်း/ကြိဝိ–စိတ်ထင့်လျက်။ စနိုးစနောင့်။

စနစ်ကြိ–၁။တိုင်းတာသည်။ ၂။[ပေါ] အဝတ်အထည်စသည်ကို ခေါက်သည်။ န–၁။အတိုင်းအတာ။ ၂။အကြောင်း။ အဖြစ်။ သနစ်။ ၃။ထုံးနည်း အစဉ်အလာ။ စည်းကမ်း။ ၄။ဝါဒသဘောတရား။ ၅။တစ်စုံတစ်ရာသော ဖွဲ့စည်းပုံဥပဒေသ။ နည်းလမ်း။ "ကမ္ဘာ့ငွေကြေး–။ အဝေးထိန်း–။" [မွန်၊ဇွတ်] **~ပုံ**၊န–အဆောက်အအုံ စသည်တို့၏ မူလ အတိုင်းအတာကို အချိုးအစားဖြင့် ချုံ၍ ပြသောပုံ။

စနည်း[၁]/စနီး၊ဇနဲ/န–ရှေ့ပြေးနိမိတ်အနေဖြင့် ကြားရသော အသံ။ **~နာ/**ဇနဲနာ/ကြိ–လူအများ ပြောသံဆိုသံကို ထောက်လှမ်းသည်။

စနည်း[၂]၊န–နေရာဝါးသွယ်အနက် တတိယနေရာ။ စနည်း။

http://www.lknt11.com ...

စနယ်မြေ၊နု–ညွန်စေးမြေ။ တနယ်မြေ။

စပရင်/စပရင်/နု–ဆွဲအားကန်အားအတွက် အသုံးပြုသော အဆင့်ဆင့်ရစ်ထားသည့် သံမဏိ စသော သတ္တုနန်းလိမ်။ [လိပ်၊spring]

စပါး/ဇဘား/နု–၁၊ဆန်အလို့ငှာ စိုက်ပျိုးရသော ကောက်ပင်။ ယင်းအပင်၏ အသီးစေ့။ ၂၊မုယော၊ ဂျုံ၊ ပြောင်း၊ ပဲစသည်တို့ကို ခြုံခေါ်သော အမည်။ [သ၊ယဝ] **~ညှို့နက်ပိုး**/ဇဘားညိုနက်ပိုး/နု–စပါး ပျိုးခင်းများကို ဖျက်ဆီးတတ်သော ပေါက်ဖတ်ကောင်။ (ပိုးတောင့်တဲ၊ ကွက်နာပိုး၊ ရောက်ဆူးပိုး စသည်ဖြင့်လည်း ခေါ်ကြသည်။) **~ညှင်း**/ဇဗညှင်း/နု–စပါးခေါင်ရိုန်တွင် ပျောက်သည်ဟုဆိုသော ညှင်း တစ်မျိုး။ **~နက်**/ဇဗနက်/နု–အခွံညိုနက်သော မြီးတုံးစပါး တစ်မျိုး။ **~ပေး**/ဇဗပေး/နု–စပါး ပေါ်သောအခါ စပါးပေးပါမည်ဟု ကတိပြုကာ ကြိုတင် ကန့်သတ်ထားသော နှုန်းဖြင့် ငွေချေးခြင်း။ **~ဖုံး**/ဇဗဖုန်း/နု–စပါးစေ့သန့်စင်ရန် အပင်ဖျားတွင် ဖုံရှုံ၍လာသော နေရာ။ **~မြီး**/ဇဗမီး/နု–စပါးမွေး။ **~မွေး**/ဇဗမွေး/နု–စပါးစေ့ထိပ်တွင် ပေါက်သော အမျှင်။ **~ရောမွှဲရော**/ဇဗယောမွှဲယော/ကြိဝိ–အရောရော အနှောနှော။ **~လင်**/ဇဗလင်/နု–မြက်မျိုးဝင် ဟင်းခတ်အမွှေးအကြိုင်ပင် တစ်မျိုး။ **~လုံး**/ဇဗလုန်း/နု–ဆန်နှင့် ထမင်းတို့တွင် ပါသော စပါးစေ့။ **~အုရှောက်ပိုး**/ဇဘားအုယောက်ပိုး/နု–စပါးပင်စည်ကို ဖောက်ဝင်၍စားသော ပိုးကောင်။ ဆစ်ပိုး။

စပါးကြီး/ဇဗကျီး/နု–အစာဖြစ်သော အကောင်ကို ကိုယ်ဖြင့် ပတ်ရစ်ဖျစ်ညှစ်၍ စားမျိုသော အဆိပ်မဲ့ မြွေကြီး။ **~ချက်**/–ချက်/နု–သားကောင်ကို ညှို့ရာ၌ အသုံးပြုသည်ဆိုသော စပါးကြီးမြွေ၏ ချက်ခေါ်သောအရာ။

စပါးကြည့်ကြည့်/ဇဗကျိကျိ/ကြိ–မျက်နက်ကို ထောင့်ကပ်၍ မသိမသာကြည့်သည်။

စပါးအုံး/ဇဗအုန်း/နု–စပါးကြီးနှင့်တူသော မြွေကြီး။

စပေါ်/ဇဗော်/နု–ငှားသော ပစ္စည်းအတွက် အာမခံ အဖြစ် ကြိုတင်ပေးထားရသော ငွေ။

စပျစ်[၁]/ဇဗျစ်/နု–အစိမ်းဖြစ်စေ၊ အခြောက်ဖြစ်စေ၊ အရည်ညှစ်၍ဖြစ်စေ စားသုံးရသော သီးလုံးငယ်များ အခိုင်လိုက်သီးသော နွယ်ပင်။ သပျစ်။ [အာရဗီ၊ zabib]

စပျစ်[၂]/နု–နီးဖြင့်ရက်သော ထည့်စရာတစ်မျိုး။

စဖို၊နု–စားဖို ရှု။

စဖွယ်၊စည်း–ကြိယာကို ကြိယာနာမ်အဖြစ်သို့ ပြောင်းရာတွင် ဆက်တွဲရသော စကားလုံး။ “ချစ်~။”

စမ၊နု–အင်း စသည်တို့တွင် သွတ်သွင်းအသုံးပြုလေ့ရှိသော စ၊ ခ၊ ဗ၊ ဝ စသည့် အက္ခရာစု။

စမူ၊နု–[ဗန်း] အမျိုးသမီး။

စမူဆာ၊နု–ဂျုံလွှာတွင် အဆာထည့်၍ သုံးထောင့်ပုံ ထုပ်ပြီး ကြော်ထားသော စားဖွယ်။ [ဟိန္ဒူ၊ samosā]

စမဲ၊နု–စားဖွယ်ဟင်းလျာ။

စမုတ်၊နု–နန်းတော်နှင့် ကျောင်းတော်တို့၏ အဝင် အထွက် အဆောင်ငယ်။ [မွန်၊စမုက်]

စမုန်စပါး/စမုန်ဇဘား/နု–စပါးစေ့ပုံ ရနံ့မွှေးသော အသီး သီးသည့် အပင်ငယ်။ [သ၊အဇမောဒ?+ယဝ]

စမုန်နက်၊နု–အပြာနုရောင် ပန်းပွင့်၍ ဆေးဖက်ဝင် အမည်းနက်ကလေးများထွက်သည့် အပင်ငယ်။ [သ၊ အဇမောဒ?+မြန်၊နက်]

စမြဲ၊စည်း–အစဉ်အမြဲအနက်ဖြင့် ကြိယာကို ထောက်ပံ့သော စကားလုံး။ “လုပ်~။”

စမြင်[၁]၊နု–အဆောင်မကြီး ဘေးပတ်လည်တွင် ထုတ်ထားသော အမိုး။ [မွန်၊စမြိုင်]

စမြင်[၂]၊နု–မြေနေရာ တိုင်းတာ သတ်မှတ်ရေးနှင့် ဆိုင်သော ရှေးခေတ် အရာရှိ တစ်မျိုး။ [မွန်၊စမြင်]

စမြင်း၊နု–အစာဟောင်းအိမ်တွင် ကျစ်ခဲမာတောင့် နေသော ကျင်ကြီး။

စမြောင်၊နု–ထွက်တော်မူရာတွင် အသံဗင်´ မရှိစေရန် ကားမြစ်ရသော ဗြိတိုက် အမှုထမ်းငယ်တစ်မျိုး။ [မွန်၊စ+ခွေါင်]

စမြိတ်၊နု–အပွင့်ဝါ၍ မွှေးသော ဟင်းစားရွက်ပင် တစ်မျိုး။

စမွှတ်၊နု–အသီးမှ အဆီထုတ်ယူရသော စမုန်စပါး မျိုးဝင် ဆေးပင်တစ်မျိုး။ [သ၊အဇမောဒ]

စရဏ/စရနာ/နု–အကျင့်တရား။ [ပါ၊စရဏ]

စရနယ်/စရနယ်/ကြိ–သမဆောင် မွှေနှောက်သည်။

စရာဘုတ်/စရဗုတ်/နု–[ပေါ] မီးတင်းကုပ်။

စရာ၊စည်း–ကြိယာပုဒ်ကို ပြုဖွယ်၊ ဖြစ်ဖွယ်အနက်ဖြင့် ထောက်ပံ့လျက် နာမ်ပုဒ်အဖြစ် ပြောင်းစေသော စကားလုံး။

စရောစလိုက်/ဇယောဇလိုက်/ကြိဝိ–လိုက်လျောညီထွာ။ အလိုက်သင့်အလျားသင့်။

စရို၊နု–ကွမ်းရွက်နှင့်ဆင်သောအရွက်ရှိ၍ သစ်ပင်ကို တွယ်ကပ်ပေါက်တတ်သော နွယ်ပင်တစ်မျိုး။ [သ၊စဗျ]

စရိုက်/ဇယိုက်/နု–အပြုအမူ။ အလေ့။ အကျင့်။ [ပါ၊ စရိတ]

စရည်း[၁]၊နု–အသားအရသာ အလွန်ခါးသော၊ တစ်ခက် လျှင် အရွက်ခုနစ်ရွက်ရှိသော သစ်ပင်တစ်မျိုး။

မာတိကာသို့ ▸▸▸

http://www.lknt11.com ...

[ဟိန္ဒီ၊စဠီ]

စရည်း ၂/စယီး/န-အိုးကြီး။ [သ၊စာဋိ]

စရိတ် ၁/စယိတ်/န-ကိစ္စတစ်ခုတစ်ရာအတွက် ကုန်ကျသောငွေ။ **~ငြိမ်း**/-ညိန်း/န-သယ်ယူခ စသည် ကုန်ကျစရိတ်အားလုံး အပါအဝင်ဖြစ်သော ပစ္စည်းတန်ဖိုး။ **~က**/-ဂါ/န-ကုန်ကျစရိတ်။

စရိတ် ၂/န-များသောအားဖြင့် နှစ်လုံးပြူးသေနတ်တွင် အသုံးပြုသည့် ခဲလုံးငယ်အများပါဝင်သော ယမ်းတောင့်။ [လိပ်၊ grape]?

စရန်၊န-ကျသင့်ငွေအတွက် ကြိုတင်ပေးထားရသော ငွေ အချို့အဝက်။

စရွေး၊န-စရွေးတံ စရွေးပေါက်တို့ကို အသုံးပြု၍ သစ်သားဆက်ပုံဆက်နည်း။ [မွန်၊ဇြဲ] **~တံ**/စယွေးဒန်/ န- သစ်သားချင်း ဆက်ရာတွင် တစ်ဖက်သစ်သားရှိ အပေါက်တွင် စွပ်ရန် ပြုလုပ်ထားသော အခြားသစ်သားရှိ အစွန်း။ **~ပေါက်**/စယွေးဖောက်/ န-စရွေးတံစွပ်ရန် ထွင်းထားသော အပေါက်။

စရွက်/စယွက်/န-နှစ်ပြည်ဝင် အချင့်။

စလထာ/စလထာ/န-ပန်းပင်တစ်မျိုး။ [မွန်၊ ဇလဲာ ထဝ်]?

စလူ၊န-ယပ်တောင်ပုံအရွက်ရှိ၍ ရိုးတံတွင် ဆူးပေါက်သော အုန်းထန်းမျိုးဝင် အပင်ငယ်တစ်မျိုး။

စလိုစလာ/စလိုစလာ/ကြိဝိ-၁၊လိုလိုမည်မည်။ လိုရမည်ရ။ ၂၊ဘာသာဘာဝ။

စလင်း/စလင်း၊သလင်း/န-ကြည်လင်သော အသားရှိသည့် တွင်းထွက်ကျောက်တစ်မျိုး။

စလောင်း၊န-၁၊စေတီအထွတ်၏ အဖုံး။ ၂၊ လက်ကိုင်ရော အထွတ်ပါသော မြေအိုးဖုံး။ ၃၊မြေအိုးစလောင်းအပြည့်ရှိသော ချင့်ဝန်။ ၄၊မီးအုပ်ဆောင်း။ [မွန်၊ ဆ္လောင်] **~မြေ**/စလောင်းမျေ/န-စလောင်းဖုံး လက်ကိုင်။ **~စာ**/စလောင်းဇာ/န-တရွှေ၊ မှင်စာ တို့ကို ကျွေးရန် စလောင်းဖုံးတွင်ထည့်ထားသော အစာ။

စလုတ်/စလုတ်/န-၁၊လူ၏လည်စေ့။ ၂၊ကြက်ငှက် စသည်တို့၏ လည်ချောင်းအဆုံးနားတွင် ရှိသော အစာအိတ်။

စလုံး၊စည်း-အားလုံးပါဝင်သည့်အနက်ဖြင့် ထောက်ပံ့သော စကားလုံး။

စလုံးစေ့/စလုန်းစေ့/ကြိဝိ-မာသောအတုံးအခဲငယ်များ နှစ်ခံနေလျက်။

စလယ်၊န-နှစ်လမယ်ရှိသော ချင့်ဝန်။

စလွန်၊န-လွန်ကိရိယာ။

စလွယ်၊န-(များသောအားဖြင့်) ပခုံးတွင် သိုင်း၍ လွယ်ထားရသော အဆင်တန်ဆာ။ [ဟိန္ဒီ၊ဇနေဉ်]

~သိုင်း၊ကြိ-ကြိုးစသည်ကို စလွယ်သဖွယ် ကိုယ်တွင် ဆွဲသည်။/စလွယ်သိုင်း/ကြိဝိ-တဆောင်း။

စလှေ့၊န-ခြင်းလုံးခတ်နည်းတစ်မျိုး။

စသာ/ဇသာ/န-ဆန်လုံးသေးသော ကောက်လျှင်စပါးတစ်မျိုး။ (လူမမာများ စားလေ့ရှိသည်။ စဇဟုလည်း ခေါ်သည်။)

စအို၊န-ကိုယ်ခန္ဓာတွင်ရှိသော ကျင်ကြီးစွန့်ရာအပေါက်။

စာ ၁၊န-၁၊အက္ခရာအရေးအသား။ ၂၊သုတဆိုင်ရာ ရသဆိုင်ရာအရေးအသား။ ၃၊ကိုယ်ရေးကိုယ်တာ၊ လုပ်ငန်းဆိုင်ရာ အကြောင်းအရာ ရေးသားပေးပို့ချက်။ ၄၊ကျောင်းသင် ပညာရပ်ဆိုင်ရာ အရေးအသား။ "~တော်-။" ၅၊ကဗျာ။ "~ချိုး-။ ~စပ်-။" ၆၊ လူ၏ကိုယ်၌ အမိဝမ်းတွင်းမှ ပါလာသော အမှတ်အသား။ "ပေါင်မှာ ~နက်၊ ချက်မှာ ~ဖြူ။" **~ကူးစက်**/စာဂူးဇက်/န-စာမိတ္တူကူးရန် အသုံးပြုရသော စက်။ **~ကိုယ်**/စာဂို/ န-မူရင်းဖြစ်သောကျမ်း။ ပဓာနဖြစ်သော စာသား။ **~ကျိုးစာပျက်**/စာဂျိုး ဇာဗျက်/န-ပုဒ်ပါဌ်အက္ခရာ၊ အကြောင်းအရာ အချွတ်အယွင်း များသော စာပေ။ **~ကြီးပေကြီး**/စာဂျီးဗေဂျီး/ န- အခိုင်အမာ အားကိုးရသော စာပေ။ **~ကြောင်း**/စာကျောင်း/န-ဖြောင့်တန်းစွာ ရေးသားထားသော၊ ပုံနှိပ်ထားသော စာ။ စာတန်း။ **~ကြည့်**၊ ကြိ- အသံမထွက်ဘဲ စာကိုဖတ်သည်၊ လေ့လာသည်။ /စာကြီ/န-[ရှေး] တည်းဖြတ် ပြင်ဆင်ထားသော စာကို ကြည့်ရှု စိစစ်ရသူ။ **~ကြည့်တိုက်**/စာကျီ ဒိုက်/န-ကြည့်ရှုလေ့လာရန်၊ ငှားရမ်းရန် စာအုပ်များကို သိမ်းဆည်းထားရာ အဆောက်အအုံ။ **~ကြပ်စာမ**/စာကျတ်စာမှ/န-ရှေးခေတ်စာပြန်ပွဲတွင် ကြီးကြပ်ရသော ပုဂ္ဂိုလ်။ **~ကြမ်း**/စာဂျန်း/ န-အတည်မပြုရသေးသော စာအကြမ်း။ စာမူကြမ်း။ **~ခေါင်း**/စာခေါင်း/န-၁၊မည်သူက မည်သူ့ထံ အကြောင်းကြားသည်ဟု စာ၏အဦးအစတွင် ရေးသားချက်။ ၂၊ ခေါင်းစီးစာသား။ ၃၊လိပ်စာ။ **~ခုံ**/စခုန်/န-ပုံနှိပ်ခဲစာလုံးများကို ထားရာခုံ။ **~ချ**၊ ကြိ-ဘုန်းကြီးကျောင်းတွင် ဆရာက တပည့်တို့အား ပိဋကတ်တော် စသည်ကို အနက်အဓိပ္ပာယ် ပြောပြ သင်ကြားပေးသည်။ စာပို့သည်။ /စာချ/န- စာချသော ပုဂ္ဂိုလ်။ **~ချီ**/စချီ/န-၁၊စာရင်းအင်း များကို မှတ်သားထိန်းသိမ်းရသော ရှေးခေတ် မင်းမှုထမ်းတစ်မျိုး။ ၂၊အတွင်းရေးမှူးကို ယခင်က ခေါ်သောအမည်။ **~ချီး**၊ကြိ-ပုဂ္ဂိုလ်တစ်ဦးဦးအား ကဲ့ရဲ့ပြောင်လှောင် ဝေဖန်လိုသည့်သဘောဖြင့် ကဗျာ ဖွဲ့သည်။ **~ချုပ်**/စာဂျုတ်/ န-စာရေးထားသည့်

မာတိကာသို့ ▶▶▶

http://www.lknt11.com

စက္ကူ၊ ပေရွက်၊ ထန်းရွက် စသည်။ **~ချုပ်**၊ကြိ–နှစ်ဖက်သဘောတူညီချက်ကို ခိုင်မာအောင် စာဖြင့်ရေးသားအသိအမှတ်ပြုသည်။ စာချုပ်စာတမ်း။ စာချုပ်ပေတည်း။ /စာဂျုတ်/ န–ယင်းသို့ရေးသားအသိအမှတ်ပြုသောစာ။ **~ခွက်**/ စခွက်၊စာဂွက်/ န–စာခုံကွင်ရှိသော ပုံနှိပ်ခဲစာလုံးများကို ထားရာခွက်။ **~ချွန်**/ စာဂျွန်/ န–မြန်မာဘုရင်များလက်ထက်က ရာထူးခန့်ထားခြင်း၊ တာဝန် ပေးအပ်ခြင်း စသည်တို့ကို ရေးမှတ်ထားသော တစ်ဖက်ချွန် သို့မဟုတ် နှစ်ဖက်ချွန် ထန်းရွက်ရှည်။ **~စကား** /စာဇဂါး/ န–စာပေတွင်သုံးသော စကား မျိုးဖြင့် ပြောဆိုချက်၊ ရေးသားချက်။ **~စီ**၊ကြိ–၁၊အကြောင်းအရာ တစ်ခုခုကို ပြေပြစ်စွာ ရေးသည်။ ၂၊စာပုံနှိပ်ရန် ခဲစာလုံးများကို စီသည်။ /စာဇီ/ န–စာပုံနှိပ်ရန် ခဲစာလုံးများကို စီသူ။ **~စီစာကုံး**/–စာဂုန်း/ န–(ကျောင်းသားကျောင်းသူတို့) အကြောင်းအရာ တစ်ရပ်ရပ်ကို ဖတ်ချင်စဖွယ် ကောင်းအောင် စကားပြေဖြင့် ရေးသည့်စာ။ **~စောင်**/ စာဇောင်/ န–၁၊ တစ်စောင် တစ်ဖွဲ့ ရေးသားထားသည့်စာ။ ၂၊ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ စသည်တို့ကို စုပေါင်း၍ အပတ်စဉ်၊ လစဉ် စသည်ဖြင့် ပုံနှိပ်ထုတ်ဝေသောစာ။ **~စစ်**၊ကြိ–စာမေးပွဲဖြေစေပြီး အရည်အချင်းကို စစ်ဆေးသည်။ /စာဇစ်/ န–စာမေးပွဲ စစ်ဆေးသူ။ **~စဉ်**/ စာဇင်/ န–အကြောင်း တစ်ရပ်ကို မှတည်၍ အစဉ်လိုက် ထုတ်ဝေသော စာစောင်။ **~စပ်**၊ကြိ–ကဗျာရေးသည်။ /စာဇတ်/ န–[ပါ၊သဒ္ဒါ] ဝါကျတွင် ပါဝင်သော ပုဒ်တစ်ခုနှင့်တစ်ခု မည်သို့ဆက်စပ်သည်ကို ပြခြင်း။ **~ဆို**၊ကြိ–၁၊ကဗျာဂီတကို ကိုယ်တိုင် သီကုံး ရွတ်ဆိုသည်။ ကဗျာဂီတ ဖွဲ့စပ်သည်။ ၂၊ စာပေ ရေးသားပြုစုသည်။ ၃၊စာချ ဘုန်းကြီးက ချပေးသော စာကို အခြားပုဂ္ဂိုလ်တို့ နားထောင်ရအောင် တစ်ဦးသောပုဂ္ဂိုလ်က လိုက်၍ ရွတ်သည်။ ၄၊တစ်ဦးသော ပုဂ္ဂိုလ်က မိမိ သင်ကြားရမည့် ကျမ်းစာကို ကြိုတင်လေ့လာလျက် စာချ ဆရာတော် နှင့် စာလိုက် ရဟန်းတော်များ၏ ရှေ့တွင် ရွတ်ဆိုပြသည်။ /စာဇို/ န–၁၊ကဗျာဂီတကို ကိုယ်တိုင် သီကုံး ရွတ်ဆိုသူ၊ ဖွဲ့ဆိုသူ။ ကဝိ။ ၂၊ စာပေရေးသား ပြုစုသူ။ ၃၊စာချဘုန်းကြီး ချပေးသော စာကို အခြားပုဂ္ဂိုလ်တို့ နားထောင်ရအောင်လိုက်၍ ရွတ်ရသော ပုဂ္ဂိုလ်။ ၄၊ မိမိ သင်ကြားရမည့် ကျမ်းစာကို ကြိုတင်လေ့လာလျက် စာချဆရာတော်နှင့် စာလိုက် ရဟန်းတော်များ၏ ရှေ့တွင် ရွတ်ဆိုသောသူ။ **~ညွှန့်**၊န–[စာပေ] အကြောင်းအရာ တစ်ရပ်ရပ်ကို လှပယဉ်နသော စကားလုံးများဖြင့် ဖွဲ့ထားသော စကားပြေတစ်မျိုး။ **~ညှင်း**/ စညှင်း/ န–၁၊ မန်ကျည်း ခေါ ကမ္ဘာဝါစာလုံး ရေးသားနည်းမျိုး မဟုတ်သော သာမန် အက္ခရာ အရေးအသား။ ၂၊ ရေးမြဲစာလုံးထက် ငယ်သော စာလုံး။ ၃၊[ပုံနှိပ်] စာရွက်ထဲရှိ အသုံးများသော ခဲစာလုံး။ (စာပိုလည်းရှ) **~တော်ပြန်** /တခေါ်ဗျန်/ န–ဗြိတိသျှ အစိုးရ လက်ထက်က အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုရသူ အမှုထမ်း အရာထမ်း။ **~တိုပေစ** /စာဒိုပေဇာ/ န–အနည်းအကျဉ်း၊ အသေးအဖွဲ ရေးသားစီကုံး မှတ်သားထားသော စာ။ **~တက်**၊ ကြိ–စာချ ပုဂ္ဂိုလ်ထံတွင် စာပေကျမ်းဂန် သင်ယူသည်။ **~တိုက်** /ဇဒိုက်၊ စာဒိုက်/ န–၁၊ခေပ၊ ပုရပိုက်စာများ ထည့်ရာ သေတ္တာ၊ မီရီ။ /စာဒိုက်/ ၂၊ချောစာ၊ ပါဆယ် စသည် များကို လက်ခံပေးပို့ရာ ဌာန။ **~တိုက်သေတ္တာ**/ စာဒိုက်သစ်တာ/ န–ဗဟို စာတိုက်ကြီးတွင် အခယူ၍ သီးသန့်ထားပေးသော စာဝေသေတ္တာ။ [လိပ်ပြန်၊ postoffice-box] **~တိုင်**/ စာဒိုင်/ န–စာမျက်နှာတွင် ဒေါင်လိုက်ခြား၍ ခွဲထားသော စာကြောင်းစု။ ကော်လံ။ **~တည်း**၊ကြိ–စာမူများကို တိုက်ဆိုင်စိစစ်သည်။ /စာဒီး/ န–စာမူများကို တိုက်ဆိုင်စိစစ်သူ။ (စာကြည့်လည်းရှ) **~တတ်ပေတတ်** /စာဒတ်ပေဒတ်/ န–ကျမ်းဂန် စာပေ နံ့စပ် ကျွမ်းကျင်သူ။ **~တန်း**/ စာဒန်း/ န–စာကြောင်း။ **~တမ်း**၊ န–၁၊ အခိုင်အမာ အထောက်အထား ပြုအပ်သော စာ။ ၂၊ရေးသူဟောင်းတို့၏ ကျင့်ရိုးကျင့်စဉ် ယုံးတမ်း အစဉ်အလာကို ရေးမှတ်ထားသော စာ။ **~တွေ့** /စာဒွေ့/ န–စာဖတ်ခြင်းဖြင့် ရရှိသော ဗဟုသုတ။ **~ထောက်စာမ**/ စာဒေါက်စာမာ့/ န–စာပြန်ပွဲတွင် စာပြန်သောပုဂ္ဂိုလ် မေ့လျော့ ရပ်ဆိုင်း နေလျှင် အစဖော်၍ ကူညီပေးသောပုဂ္ဂိုလ်။ **~နာ**၊ ကြိ–ဖတ်ရွတ်ဟောပြောသည်ကို နားထောင်သည်။ **~နယ်ဇင်း**၊န–သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း တို့ကို ခြုံခေါ်ထားသော အမည်။ **~ပတွေ့**၊န–ကမ္ဘာတွေ့ နှင့်အတူတူ။ **~ပေ**၊ န–အကြောင်းအရာ၊ အဖြစ်အပျက်၊ အတွေးအခေါ်တို့ကို ရသမြောက်အောင်၊ သုတ ပွားအောင် ရေးဖွဲ့ထားသည့်စာ။ **~ပေလုပ်သား**၊ န–စာနယ်ဇင်းစသော လူထု ဆက်သွယ်မှု လုပ်ငန်းများတွင် စာရေးသားပြုစုခြင်း၊ ဘာသာပြန်ခြင်း၊ တည်းဖြတ်ခြင်း၊ သုတေသနပြုခြင်း စသည့် တို့ကို ဆောင်ရွက်သော ဉာဏလုပ်သား။ **~ပေးစာယူ**/ စာပေးစာယူ/ န– အပြန်အလှန် စာရေးသားပေးပို့ခြင်း။ **~ ပို**/ စပို/ န–[ပုံနှိပ်] သာမန် စာရွက်တွင် မပါဝင်သော အသုံးနည်းသော ပုံနှိပ်

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ခဲစာလုံး။ (စာညှင်းလည်း ရှ) ~ချို၊ ကြိ-၁၊ စာချ သည်။ ၂၊ ချောစာ ရေးသား ပေးပို့သည်။ /စာဒို့/ န-စာတိုက်တွဲ၊ စာတိုက်ခန်း ပါသော မီးရထား၊ သင်္ဘော စသည်။ ~ပို့လုလင်/-လုလင်/ န-ချောစာ၊ ချောထုပ် စသည်ကို သက်ဆိုင်ရာသို့ လိုက်လံဝေငှပေးရသော အမှုထမ်း။ ~ပန်/စာပုန်/ ကြိ-၁၊အမည်မဖော်ဘဲ တိုင်ကြားစာ ပို့သည်။ ၂။[ပုံနှိပ်] ပုံနှိပ်ပြီး ခဲစာလုံးများကို ဆိုင်ရာ စာခွက် ထဲသို့ ပြန်ပစ်ထည့်သည်။ ~ပိုဒ်/စာ ဒိုက်/ န-ဝါကျအစု။ ~ပြ၊ ကြိ-စာသင်ပေးသည်။ ~ပြု /စာပျူ/န-စာအုပ်စာတမ်း ပြုစုသူ။ ~ပြော/စာ ပျော/န-ကွက်စိပ် ပြောခြင်း။ ~ပြင်/စာပျင်/န-ပုံနှိပ်စာမူကြမ်းကို မူရင်းနှင့် တိုက်ဆိုင်၍ ပြင်ဆင် ပေးသူ။ ~ပြောင်/စာပျောင်/န-ပြောင်လှောင်သည့် သဘောဖြင့် ရေးသောစာ။ သရော်စာ။ ~ပြန်၊ ကြိ-၁၊ကျက်၍ ရပြီးသောစာကို ပြန်၍ ရွတ်ဆိုသည်။ ၂၊ ပြန်ကြားစာ ရေးသားပေးပို့သည်။ ~ဖွဲ့၊ ကြိ-၁၊စာစီကုံး ရေးသားသည်။ ၂၊[ဥပစာ] ချီးကျူး အမွှမ်းတင် ပြောဆိုသည်။ ~မူ၊န-ရေးသားပြုစုထား သော မူရင်းစာ။ ~မေးပွဲ /စာမေးပွဲ/န-ပညာ အရည်အချင်း စစ်ဆေးမှု။ ~မျက်နှာ၊န-စာအုပ် စာတမ်းတွင် ပါသော စာရွက်၏ တစ်ဖက်ဖက်။ ~ရေး/စယေး/န-စာပေးစာယူ ပြုခြြင်း၊ စာရင်းအင်း ကိုင်ခြင်း စသော လုပ်ငန်းတို့ကို ဆောင်ရွက်သော ရုံးအမှုထမ်း တစ်မျိုး။ ~ရေးကိရိယာ/စာရေး ကရိယာ/န-စက္ကူ၊ ခဲတံ၊ ခဲဖျက် စသည့် စာရေးသား ရိုက်နှိပ်ရာတွင် အသုံးပြုသော ပစ္စည်းများ။ ~ရေး ဆရာ၊ န-၁၊ သီချင်း၊ ဇာတ်စကား စသည်ကို ရေးသားသူ။ ၂၊စာပေ ရေးသားပြုစုသူ။ ~ရေးတံ /စယေးဒန်/န-ဆွမ်းစသည်ကို ပေးလှူရာတွင် ကံစမ်းမဲအဖြစ် အသုံးပြုရသော အချောင်း အတံ၊ မဲလိပ်စသည်။ ~ရင်း/စယင်း/န-အမျိုးအမည်၊ အရေအတွက် တို့ကို ရေးမှတ်ထားချက်။ ~ရင်းကိုင် /-ဂိုင်/န-စာရင်းကို စနစ်တကျ ပြုစုထိန်းသိမ်းသူ။ ~ရင်းကုပ်/-ကုတ်/ကြိ-[ရှေး] ရေတွက်မှတ်သား သည်။ ~ရင်းချုပ် /-ချုတ်/ ကြိ- ဆိုင်ရာစာရင်း အားလုံးကို စုပေါင်းတွက်ချက် ရေးမှတ်သည်။ ~ရင်းငှား/-ငှား/န-သူရင်းငှား ရှု။ ~ရင်းတိုင် /-ဒိုင်/န-သူရင်းတိုင် ရှု။ ~ရင်းပိတ်/-ပိတ်/ ကြိ-ရေးမှတ်ထားသော စာရင်းတို့ကို တွက်ချက်၍ အဆုံးသတ် လိုက်သည်။ ~ရင်းဖွင့်/-ဖွင့်/ကြိ- စာရင်းအသစ် ရေးမှတ်သည်။ (ဘဏ်စသည်တွင်) စာရင်းအင်း အသစ်ပြုလုပ်သည်။ ~ရင်းရှင်အပ်ငွေ /-ယှင်အတ်ငွေ/န-ဘဏ်၌ မိမိအပ်နှံထားသော ငွေကို အလိုရှိသည့်အခါတွင် ထုတ်ယူခွင့်ရှိသည့် ငွေအပ် နည်း။ ~ရင်းရှင်း/-ယှင်း/ကြိ-ဖြသဿနာ တစ်ရပ်ရပ်ကို ပြေလည်သည်အထိ ဖြေရှင်းသည်။ ~ရင်းရှင်းတမ်း/-ယှင်းဒန်း/န-ပြုစုထားသော စာရင်းကို စစ်ဆေး အတည်ပြုထားသော စာရင်း။ ~ရင်းရှုပ် /-ယှုတ်/ ကြိ-၁၊အမှုကိစ္စထွေးယှက် ရှုပ်ပွေသည်။ ၂၊ခွက်ပက် နှောင့်ယှက်သည်။ ~ရင်း သေအပ်ငွေ /-သေအတ်ငွေ/န-ဘဏ်၌ အပ်နှံ ထားသော ငွေစုဘဏ် စာရင်းရှိငွေကို သတ်မှတ် ကာလအတွင်း ထုတ်ယူခွင့် မရှိသည့် ငွေအပ်နည်း။ ~ရင်းအင်း /-အင်း/န-၁၊ ဇယားအင်းစောက်ဖြင့် မှတ်သားထားသော စာရင်း။ ၂၊ကိန်းဂဏန်း စာရင်း ဇယား အချက်အလက်များ။ ~ရွက်၊န-စာရေးရန် စက္ကူ။ ~ရွက်စာတမ်း/စာယွက်စာဒန်း/န-အကြောင်းအရာ၊ အရေးကိစ္စတို့ကို ရေးမှတ်ထား သော စာရွက်များ။ ~လိုက်၊န-စာချုပ်ကိုလ်ထဲတွင် စာပေကျမ်းဂန် လိုက်နာမှတ်သားသူ။ ~လုံး၊န-အက္ခရာ အမှတ်အသား။ အက္ခရာ အရေးအသား။ ~လုံးပေါင်း၊ ကြိ-ဗျည်းသရ၊ အပင့်အရစ်၊ အသတ် စသည်တို့ဖြင့် စာလုံးဖြစ်အောင် ပေါင်းစပ်သည်။ /စာလုန်းဗောင်း၊ စလုန်းဗောင်း/န-ယင်းသို့ ပေါင်း စပ်ပုံ။ ~ဝါ၊န-၁၊ဘုန်းကြီးကျောင်းတွင် စာပေ ပို့ချသင်ကြားသော အကြိမ်။ ၂၊ရဟန်းတော်များ အလှည့်ကျ လိုက်သော စာ။ ~သေ/စာသေ/န-လိပ်စာရှင် ရှာမတွေ့၍ သိမ်းဆည်းထားသောစာ။ [လိပ်ပြန်၊ dead- letter] ~သင်တိုက်/စာသင် ဒိုက်/န-ရဟန်းတော်များ စာပေကျမ်းဂန် သင်ယူရာ ကျောင်းတိုက်။ ~သင်သား/စာသင်သား/န-ဘုန်းကြီးကျောင်းတွင် စာပေကျမ်းဂန် လိုက်နာ သင်ယူသူ။ ~သွား၊ကြိ-စာကို အထစ်အငေါ့မရှိ သွက်သွက်ဖတ်နိုင်သည်။/စာသွား/န-စာရေးပုံ သားပုံ။ စာဟန်။ ~သွားစာလာ /စာသွားစာလာ/ န-၁၊စာရေးပုံသားပုံ။ ၂၊စာတွင် ပါရှိသော ဆိုလို ချက်။ ~ဟော၊ကြိ-ကွက်စိပ် ပြောသည်။ ~ဟောင်း၊ န-ရှေးကရေးသားထားသော စာ။ ~အံ၊ ကြိ-စာကို နှုတ်တက်ရအောင် အခေါက်ခေါက် ဆိုသည်။ ~အိတ်၊န-ပေးပို့ရန်စာကို ထည့်ရသော စက္ကူအိတ်။ ~အိတ်ခေါင်း/စာအိတ် ခေါင်း/န-၁၊ တံဆိပ်ခေါင်း ရိုက်နှိပ်ထားသော စာအိတ်။ ၂၊စာအိတ်တွင် ကပ် သော တံဆိပ်ခေါင်း။ ~အုပ်၊န-စုပေါင်း ချုပ်ထား သော စာရွက်များ။

စာ²၊န-စာကလေး၊ စာဘုန်းကြီး စသည့်ငှက်ငယ်များကို ခြုံခေါ်သောအမည်။ ကြိ-အသံသေးငယ်စူးရှသည်။ ~ကလေး/စာဂလေး/န-လူနေအိမ်ကို မှီခို၍

မာတိကာသို့ ▶▶▶

http://www.lknt11.com

နေတတ်သော စာငှက်။ ~ကလေးမျှေး/-ချိုး/န-ပဲမှုန့်ကို နှမ်းရွှေညှစ်၍ ကြော်ထားသော မုန့်တစ်မျိုး။ ~ခြောက်ရုပ်/စာချောက်ယုတ်/န-လယ်ယာများတွင် ငှက်များကို ခြောက်လှန့်မောင်းနှင်ပစ်ရန် ကောက်ရိုး စသည်ဖြင့် ပြုလုပ်ထားသည့် လူရုပ်။ ~ဘူးတောင်း/စာဗူးခေါင်း/န-ထိပ်ဝါ စာကလေးများ ရက်လုပ်သည့် တွဲလျားကျနေသော အသိုက်ရှည်။ စာပေါင်းသိုက်။ ~ဘုန်းကြီး/စာဖုန်းကျီး/န-တစ်ကိုယ်လုံးဝါသော စာကလေးငှက်တစ်မျိုး။ စာဝါ။ ~ဝတီး/စာဝဒီး/န-ကိုင်းတော၊ မြက်တောတို့တွင် အသိုက်လုပ်၍ နေတတ်သော အိမ်စာနှင့် ဆင်ဆင်တူသည့်ငှက်။ ~ဥ/စာဥ၊စာအု/န-အကွက်အပြောက်ပါသောနွား။

စာ[2]၊ကြိ-၁၊နှိုင်းယှဉ်သည်။ ၂၊ဆင်ခြင်ထောက်ထားသည်။ စည်း-အနည်းအများ ပမာဏကို ပြသောစကားလုံး။ "တစ်ခွက်~။ တစ်နေရာ~။" ~နာ/၊ကြိ-ထောက်ထားငဲ့ညှာသည်။

စာ[3]၊စည်း-[ရှေး] စရော။

စာဂ၊န-စွန့်လွှတ်ခြင်း။ ပေးလှူခြင်း။ [ပါ၊စာဂ]

စာတီ၊န-[ရှေး] စေတီ။ [ပါ၊ စေတိယ]

စာမရီ/စာမရီ/န-အာရှအလယ်ပိုင်း ကုန်းမြင့်ဒေသတွင် တွေ့ရသော ဝန်တင်နို့စားမွေးရည် နွားတစ်မျိုး။ တိဗက်နွား။ [သ၊စမရီ]

စာရိတ္တ/စာရိတ်တ/န-ကိုယ်ကျင့်တရား။ အကျင့်။ [ပါ၊စာရိတ္တ]

စာသင်/စာသင်/န-[ခေတ်ကုန်] ရဲကြပ်ကြီးကို ခေါ်သောအမည်။ [လိပ်၊ sergent]

စား[1]၊ကြိ-၁၊ဝါး၍မျိုသည်။ မှီဝဲသုံးဆောင်သည်။ ၂၊ မြို့ရွာစသည် သတ်မှတ်၍ အခွန်အတုတ်ကို ကောက်ခံ သုံးစွဲပိုင်ခွင့် ရရှိသည်။ ၃၊အသက်မွေးဝမ်းကျောင်း (တစ်ခုခု)ကို ပြုသည်။ "ဈေးရောင်း~။" ၄၊လောင်းကစားပွဲတွင် ရှုံးသူ၏ လောင်းကြေးကို နိုင်သူက သိမ်းယူသည်။ ၅၊တဖြည်းဖြည်းပျောက်ပျက် ကုန်ဆုံးပြုန်းတီးစေသည်။ "နေ့ကို လ~။ သံချေး~။" ၆၊[သင်္ချာ] ကိန်းနှစ်ခုရှိရာ တစ်ခုသည် အခြား တစ်ခုတွင် အကြိမ်မည်မျှ ဝင်နိုင်ကြောင်းကို တွက်သည်။ ~ကိန်း/စားဂိန်း/န-[သင်္ချာ] ကိန်းတစ်ခုကို အလီလီဝင်၍ စားသော ကိန်း။ စားခြေ။ ~ကျေးစားလက်/စားကျေးစားလက်/န-ဘုရင်က ပေးသနားသော ကျေးလက်။ ~ကျက်/စကျက်/န-၁၊တိရစ္ဆာန်တို့ လှည့်ပတ်သွားလာ ရှာဖွေ စားသောက်ရာအရပ်။ ၂၊ [ဥပစာ] စီးပွားရှာရာအရပ်။ ၃၊[ဥပစာ]မကြာခဏ သွားလာကျက်စားရာ အရပ်။ ~ကျင်း/စကျင်း/န-နွား၊ မြင်းစသည်ကို အစာထည့်ကျွေးရန် လုပ်ထားသော သစ်သား ခွက်ရှည်။ ~ချည်ပြန်/စချင့်ပျန်/ကြိ-အစာမကြေ လေချဉ်တက်သည်။ ~ခွက်/စားဂွက်၊စခွက်/န-၁၊စားစရာထည့်စားရသောခွက်။ ၂၊ခွေး၊ ဝက် စသည် အစာထည့်ကျွေးရသော ခွက်။ ~ခွက်လု /စခွက်လု/ကြိ-[ဥပစာ]အလုပ်အကိုင်၊ အခွင့်အရေး စသည်ကို အကြိတ်အနယ်လုသည်။ ~ဆေး/စားဇေး/န-၁၊စားမျိုရသော ရောဂါပျောက်ဆေး။ ၂၊အနာ၏ ပုပ်ဆွေးနေသောအပိုင်းကို စားသောဆေး။ ~တော်ကဲ/စဒေါ်ကဲ/န-ရှင်ဘုရင် စသည်တို့အတွက် အစားအစာကို ချက်ပြုတ်ရာတွင် ကွပ်ကဲ ကြီးကြပ်ရသောသူ။ ~တော်ခေါ်/စားဒေါ်ခေါ်၊ စဒေါ်ခေါ်/ကြိ-မင်းမိဖုရားတို့ စားစရာကို သုံးဆောင်သည်။ ~တော်တိုက် /စဒေါ်တိုက်/ကြိ-နတ်ကို စားဖွယ် သောက်ဖွယ်ဖြင့် ပူဇော်ပသသည်။ ~တော်ပဲ /စဒေါ်ဗဲ/ န-ပြုတ်၍ လှော်၍ စားရသော ပဲလုံး တစ်မျိုး။ ~နေကျကြောင်ဖား/စားနေဂျာ့ကျောင်ဖား/န-[ဥပစာ] မိမိကိုယ်ကျိုး သက်သက် ကြည့်၍ မတရားသောနည်းဖြင့် လုပ်လေ့လုပ်ထ ရှိသောသူ။ ~နပ်ရိက္ခာ၊န-စားသုံးရန်ရိက္ခာ။ ~နပ်စားပေါက် /စနတ်စဖောက်/န-စားကြွင်း စားကျန်။ ~ပိုးနင့် /စပိုးနင့်/ကြိ-အလွန်အကျွံစား၍ ဝမ်းဗိုက်ကယ်ပြီး မခံမရပ်နိုင်ဖြစ်သည်။ ~ပေါက်/စားဖောက်/န-[ဥပစာ] ကိုယ်ကျိုးရှာနိုင်သည့် အချက် ကောင်း။ စားလမ်း။ ~ပွဲ/စပွဲ/န-၁၊ထမင်းစားရန်၊ စာရေးရန် စသည်အတွက်သုံးသော အခြေတပ် မျက်နှာပြင်ညီ ခုံ။ /စားဗွဲ/ ၂၊လူအများ စုဝေး စားသောက်သည့် အခမ်းအနား။ "ညစာ~။ မိတ်ဆုံ ~။" ~ပွဲခင်း /စဗွဲဂင်း/န-စားပွဲပေါ်တွင် ခင်းရသော ပိတ်၊ ဖျင်စသည်။ ~ပွဲခွန်း/စဗွဲခွန်း/န-ထမင်း စားရာတွင် ခက်ရင်းနှင့်တွဲသုံးရသော ဇွန်း။ ယင်း ဇွန်းမျိုး၏ ချင့်ဝန်ပမာဏ။ ~ပွဲထိုး/စဗွဲဒိုး/န-ထမင်းဟင်း စသည်ကို ထမင်းစားပွဲသို့ သယ်ဆောင်တည်ခင်း ပေးသူ။ ~ဖား/စားဖား/န-၁၊ စားရသော ဖား တစ်မျိုး။ ၂၊[ဥပစာ]စားနေကျကြောင်ဖားနှင့် အတူတူ။ ~ဖို/စဖို/န-ထမင်း ဟင်း ချက်ပြုတ်ရာ မီးဖို။ ~ဖိုမှူး/-မှူး/န-ထမင်း ဟင်း စီမံချက်ပြုတ်သော ကိစ္စကို ကြီးမှူးရသူ။ ~မာန်ရပ်/စမန်ခုတ်/ကြိ-၁၊(ကြောင်၊ခွေး စသည်တို့) မိမိစားနေသော အစာကို သူတစ်ပါးလုယက် စားသောက်မည်စိုး၍ ရန်စောင်သည်။ ၂၊[ဥပစာ] မိမိ၏ ရပေါက်ရလမ်းကို သူတစ်ပါး လုယူမည်စိုး၍ ရန်စောင်သည်။ ~မာန်ထ /စမန်ထာ့/ ကြိ-အစားအသောက်နှင့် စပ်လျဉ်း၍ ဒေါသထွက်သည်။ ~မြိန်စာ/စမျိန်စာ/

http://www.lknt11.com ...

န-လမ်းခရီးတွင်စားရန် စီမံထားသော စားကောင်းသောက်ဖွယ်။ **~မြို့ပြန်**/စမျုန့်ပျန်/ကြိ-၁။သိုး၊ ဆိတ်၊ နွားစသည်တို့ မျိုပြီးသော အစာကို အစာအိမ်မှ ပြန်ထုတ်၍ ဝါးသည်။ ၂။[ဥပစာ] ထပ်တလဲလဲပြန်လည်ခံစားသည်၊ တွေးတောသည်၊ ပြောဆိုသည်။ **~ရမဲ့သောက်ရမဲ့**။န-စားစရာ၊ သောက်စရာမရှိသောအဖြစ်။ ချို့တဲ့သောအဖြစ်။ **~ရေရိက္ခာ**။န-စားသုံးစရာရိက္ခာ။ **~လဒ်**။န-[သင်္ချာ] ကိန်းတစ်ခုကိုစား၍ရသော အဖြေ။ ရလဒ်။ [မြန်၊စား+ပါ၊လဒ္ဓ] **~သုံးကုန်**/စားသုန်းဂုန်/န-လူတို့ နေ့စဉ် စားသောက် ဝတ်ဆင် သုံးစွဲနေသော ကုန်ပစ္စည်းများ။ **~ဦးစားဖျား**/စားအူးစားဖျား/န-အဦးအဖျားဖြစ်သော စားစရာ။ **~အိုးစားခွက်** /စားအိုးစားဂွက်/ န- ချက်ပြုတ်စားသုံးရာ၌ သုံးသော အိုးခွက်ပန်းကန်။ **~အိမ်သောက်အိမ်**။န-အစိုးရနှင့် မ္လေး ဝင်ထွက် စားနိုင်သောက်နိုင်သော ခင်မင်ရင်းနှီးသူ၏ အိမ်။

စား[၂]။ကြိ-ပိုလွန်သည်။ "သူသည် ကျွန်တော့်ထက် အရပ်အမောင်း အနည်းငယ်~~။"

စား[၃]။စည်း-ကြိယာကို လေးနက်အောင် ထောက်ပံ့သော စကားလုံး။ "စံ ~။ ကြိုး ~။"

စိစိညက်ညက်/စိဇိညက်ညက်/ကြိဝိ-အလွန် ညက်အောင်။

စိစိမွမွ/စိဇိမွှာမွှာ/ကြိဝိ-အစိတ်စိတ်အမြွာမြွာ ဖြစ်အောင်။

စိစစ်/စိဇစ်/ကြိ-ဓေ့ဓေ့စပ်စပ် စစ်ဆေးသည်၊ စုံစမ်းသည်၊ မေးမြန်းသည်။

စိတြ/စိတ်တရာ/န-ကြယ်တစ်လုံးသာ ထင်ရှား၍ ပုလဲပုံသဏ္ဌာန်ရှိသော နက္ခတ်။ [သ၊စိတြာ]

စိ။ကြိ-၁။အစဉ်လိုက်တည်ရှိသည်။ ယင်းသို့ တည်ရှိစေသည်။ ၂။ရေးသားသီကုံးသည်။ ၃။ပုံနှိပ်ရန် ခဲစာလုံးများကို နေရာတကျ ထည့်သွင်းထားရှိသည်။ ၄။အဆက်မပြတ် ရေဝေးဖြစ်ပေါ်သည်။ "အမြုပ်~~။" ၅။(အကျိုးအမြတ်၊ အခကြေးငွေ) မှန်မှန်ရရှိသည်။ စည်း-ဓေ့ဓေ့ငေ့မျှမျှတတရှိသည်ကိုပြသော စကားလုံး။ **~ကာပတ်ကုံး**/စီဂါပတ်ကုန်း/ကြိဝိ-အစီအစဉ် ကျနစွာ(ပြောသည်၊ ရေးသည်)။ **~ကုံး**။ကြိ-ဖတ်ချင်စဖွယ်ကောင်းအောင် ရေးသည်။ **~မြယ်**။ကြိ-(ကျောက်မျက်တို့ကို) လှပတင့်တယ်အောင် တပ်ဆင်သည်။ **~စဉ်**/စီဇင်/ကြိ-စနစ်တကျဖြစ်အောင် ပြင်ဆင်သည်။ **~မံ**။ ကြိ-ပြုလုပ်ဆောင်ရွက်သည်။ ဖန်တီးသည်။ ခန့်ခွဲသည်။ **~မံကိန်း**/စီမန်ဂိန်း/န-လုပ်ပုံလုပ်နည်းနှင့်တကွ စနစ်တကျစီစဉ် ရေးသားထားသော လုပ်ငန်းစဉ်။ **~မံချက်** /စီမန်ဂျက်/ န- မည်သို့မည်ပုံ စီစဉ်ဆောင်ရွက်မည်ကို စနစ်တကျ ရေးသားထားချက်။ **~ရီ**။ကြိဝိ-အစဉ်အတန်းလိုက် များပြားစွာ။ **~ရင်**။ကြိ-၁။စီမံခန့်ခွဲသည်။ "အုပ်ချုပ် ~ပိုင်ခွင့်။" ၂။ပြုလုပ်သည်။ "ဆေး ~~။" ၃။(တရား) အဆုံးအပြတ် ပေးသည်။ ၄။အပြစ် အလျှော့သတ်သည်။ **~ရင်ချက်**/စီယင်ဂျက်/န-တရားဆုံးဖြတ်ချက်။ **~ရင်စု**/စီယင်စု/န-[ခေတ်ဟောင်း] မြို့၊ ရွာကို စုပေါင်းထားသော အုပ်ချုပ်မှုဆိုင်ရာ နယ်မြေအပိုင်းအခြား။ **~ရင်ထုံး**။န-အမှုစီရင်ရာ၌ ကိုးကားရသော အစဉ်အလာ စီရင်ချက်များ။

စီစီညည်/စီဇီညန်ညန်/ကြိဝိ-ရှည်စွာ။

စီတင်း။န-သုံးပုံဖဲနှင့် ကက်ဖဲတွင် ခုနစ်ပွင့်ပါ ဖဲချပ်။ (သုံးပုံဖဲတွင် ရှမ်းဘက်က တတိယအကြီးဆုံးဖြစ်သည်။ စီတင်းဖြောင့်၊ စီတင်းကောက် ဟူ၍ နှစ်ချပ်တစ်စုံပါသည်။ ကက်ဖဲတွင် စီတင်းတံ 'ခြောက်တစ်'၊ စီတင်းကောက်'ခြောက်တစ်မ'ဟူ၍ ခွဲခြားခေါ်သည်။) [တရုတ်၊?]

စီး[၁]။ကြိ-၁။ဆင်၊ လှည်းစသော ယာဉ်ပေါ်တက်၍ လိုရာသို့သွားသည်။ ၂။ဖိနပ်ကိုစွပ်သည်။ ၃။အချိန်ပမာဏရှိသည်။ လေးသည်။ ၄။ဦးစီးသည်။ "အိမ်ဆောင်ကို ~နေရပြီ။" ၅။စီးပိုးသည်။ တင်စီးသည်။ ၆။ဝင်ရောက်တိုက်ခိုက်သည်။ "ရန်သူ့နယ်ကို~လိုက်ပြီ။" ၇။အစိမ်းသရဲတို့ ဝင်ရောက်ကပ်မှီ နေသည်။ "သရဲ~~။ ဘီလူး~~။" စည်း-စီးစရာယာဉ်ကို ရေတွက်ရာတွင် သုံးရသော စကားလုံး။ **~ကျောင်းတိုက်**/စီးကျောင်းတိုက်/ကြိ-ကျွဲ၊ နွားတို့ကိုစီးလျက် ထိန်းကျောင်းသည်။ **~ချင်းထိုး**/စီးဂျင်းထိုး/ကြိ-ဆင်၊ မြင်းစီး၍ တစ်ယောက်ချင်းတိုက်သည်။ စီးချင်းတိုက်သည်။ **~နင်း**။ကြိ-၁။ယာဉ်ပေါ်တက်၍ လိုရာသို့သွားသည်။ ၂။ ဖိနပ်ကိုဝတ်သည်။ ၃။ဝင်ရောက်တိုက်ခိုက်သည်။ **~ပိုး**။ကြိ-သူတစ်ပါးအပေါ်တွင် အနိုင်ယူလိုသည်။ အသာယူသည်။ တင်စီးသည်။ **~ဖြန်း**။ကြိ-တရား သဘောကို ထပ်တလဲလဲဆင်ခြင် ရွတ်ဆိုသည်။ **~သားရိုက်**။ကြိ-၁။မြင်းမြင်း၏ အစွမ်းကိုသိရန် အစမ်းစီးကြည့်သည်။ ၂။[ဥပစာ] ကြိုတင်၍ တိုင်ပင် ညှိနှိုင်းသည်။

စီး[၂]။ကြိ-မြင့်ရာမှ နိမ့်ရာသို့ ရေ၊ အရည် လျှောဆင်းသည်။

စီးကရက်/စီးကရက်/န-ပါးလွှာသော စက္ကူဖြင့် လိပ်ထားသော ဆေးလိပ်ငယ်။ [လိပ်၊cigarette]

စီးဓောင်း/စီးဓောင်း/န-ရှားစောင်းပင်။

စီးပွား။ကြိ-တိုးပွားသည်။ /စီးဗွား/န-၁။ပစ္စည်းဥစ္စာ။ ၂။အကျိုး။ **~ဖက်**/-ဖက်/န-ပစ္စည်းဥစ္စာကို အတူ

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

တကွ ပူးပေါင်း ရှာဖွေသူ။ ~ရေး/-ယေး/န-၁၊ပစ္စည်းဥစ္စာရှာဖွေ စုဆောင်းရေး။ ၂၊လူ့ဘို့၏ စားဝတ်နေရေးအတွက် ကုန်ပစ္စည်း ထုတ်လုပ်သုံးစွဲခြင်း။

စု၊ကြိ-၁၊အတူတကွ တည်ရှိသည်။ ၂၊ယင်းသို့ တည်ရှိစေသည်။ ၃၊(ပစ္စည်းဥစ္စာကို)သိမ်းသည်။ ~ကိုင်/စုကိုင်/န-မြန်မာမင်းလက်ထက် အမြောက်အစု၊ မြင်းအစု စသည်ကို အုပ်ထိန်းရသော အရာရှိ။ ~ကြီး/စုကြီး/န-စုရင်းနှင့်စုခြား နှစ်ရပ်ပေါင်း ပါဝင်သော အစု။ ~ကြမ်း/စုကျန်း/န-မြန်မာမင်းများလက်ထက် ထောင်သား၊ လက်မရွံ့၊ ခင့်သီး၊ ဗိုင်းကာ စသော အစုများ။ ~ခြား/စုကျား/န-မြန်မာမင်းများလက်ထက် လူမျိုးခြား လက်နက်ကိုင်အမှုထမ်းအစု။ ~စုပေါင်း/စုစုပေါင်း/န-အားလုံး။ အလုံးစုံ။ ~စုရုံ/စုစုယုံ/န-အစုစု။ အားလုံး။ ~စည်း/စုစီး/ ကြိ-ပေါင်းရုံးသည်။ ပေါင်းစုသည်။ ~ဆောင်း/စုဆောင်း/ကြိ-ထပ်ကာထပ်ကာ စုသည်။ ~နံ၊န- ရွှေချည်ထိုးလုပ်ငန်း၊ ငွေ့ချိန်ထိုး လုပ်ငန်း စသည်ကို လုပ်ဆောင်သောအစု။ ~ပေါင်း၊ကြိ-အတူတကွ ဖြစ်သည်။ အတူတကွ ဖြစ်စေသည်။ ~ပေါင်းလယ်ယာ၊န-အကျိုးအမြတ်ကို ညီတူညီမျှ ခွဲဝေ စားရန် လူအများစုပေါင်းလုပ်ကိုင်သော လယ်ယာ။ ~ပေါင်းအိမ်ရာ၊န-အစိုးရပိုင် မြေပေါ်တွင် အိမ်ပိုင်ရှင်၏ငွေ၊ အစိုးရ၏ ကြီးကြပ်မှုဖြင့် စုပေါင်း ဆောက်လုပ်သောအိမ်။ ~ပုံ၊ကြိ-တစ်နေရာတည်းတွင် အများအပြား ထပ်ဆင့်တည်နေသည်၊ ထပ်ဆင့်တည်နေစေသည်။ ~ဘူး၊န-ပိုက်ဆံစုရသောဘူး။ ~ရေး၊န-မြန်မာမင်းလက်ထက်အမြောက်အစု၊ မြင်းအစု စသည်တွင် ရေးမှတ်ရသော အရာရှိ။ ~ရင်း၊န-မြန်မာမင်းများ လက်ထက် မြန်မာလူမျိုး လက်နက်ကိုင် အမှုထမ်းအစု။ ~ရပ်၊ န-တစ်နေရာရာသို့ အတူသွားရောက်ရန် စုရုံးသော နေရာ။ ~ရုံး၊ကြိ-အတူတကွ ပေါင်းဆုံသည်။ ပေါင်းဆုံစေသည်။ ~လည်း၊န-ဆံပင်ကို အရင်းက စုစည်းကားသော ဆံမြိတ်လဲနေသည့် ရှေးခေတ်ဆံထုံးနည်း တစ်မျိုး။ ~ဝေး၊ကြိ-အများအပြား ပေါင်းဆုံသည်၊ ပေါင်းဆုံစေသည်။ ~သေး/စုသေး/န- ရှေ့တော်ပြေး၊ စံမြောင်း၊ ရွှေကိုက်စောင့်၊ ကသောင်းမြောင်တိုက်စောင့် စသော အစုများ။

စုတိ၊ကြိ-သေသည်။ [ပါ၊စုတိ] ~စိတ်ကျ၊ ကြိ-သေလွန်သည်။ [ပါ၊စုတိ+စိတ္တ+မြန်၊ကျ]

စုတေ၊~တေ့၊ကြိ-ဘဝပြောင်းသည်။ သေသည်။ [ပါ၊စုတိ]

စုဒိတက၊န-မေးမြန်းစစ်ဆေးခြင်းခံရသူ။ စွပ်စွဲ ပြစ်တင်ခြင်း ခံရသူ။ (စောဒက လည်းရှု) [ပါ၊ စုဒိတက]

စုလစ်၊န-အမိုးပြာသာဒ်၊ ပလ္လင်တံကဲ၊ မုခ်ခုံးစသည်တို့၏ အထွတ်အဆင်တန်ဆာ။[မွန်၊ ဍွစ်] ~မွမ်းချွန်/စုလစ်မွန်းချွန်/န-အမိုးပြာသာဒ်တွင် တန်ဆာဆင်ထားသော အထွတ်။

စုလျား/စုလယား/န-[ပေါ] အဝတ်စအရှည်။ ပဝါ။ ~ရစ်ပတ်/-ယစ်ပတ်/ကြိ-သတို့သားနှင့် သတို့သမီးတို့၏ လက်ကို စုလျားဖြင့်ရစ်ပတ်၍ လက်ထပ်ပေးသည်။

စူ၊နဝိ-မိုမောက်ချွန်ထွက်သော။ ~ဆောင့်၊ကြိ-မကျေမနပ်ဖြစ်သောကြောင့် နှုတ်ခမ်းစူ၍ ခြေလက် စသည် ဆောင့်သည်။ ~အောင့်၊ကြိ-မသာယာသော မျက်နှာဖြင့် မကျေနပ်မှုကို ပြသည်။

စူကာ၊န-အပြာရင့်ရောင် ပန်းပွင့်သော နွယ်ပင်တစ်မျိုး။ [ဟိန္ဒီ၊ချူမ်ကာ]

စူကာနီ၊န-သင်္ဘောတက်မကိုင်။ သင်္ဘောစာရေး။ [ပါရှင်၊ sukkāni]

စူဠာ၊ ကြိ-[ပေါ] ၁၊ဖျက်သည်ကို ပြင်သည်။ ၂၊စုပေါင်းသည်။ စုစည်းသည်။

စူလာနဖာ၊ န- တော်သလင်းလတွင် တောင်ယာ၌ ပေါက်တတ်သော ဆေးပင်ငယ် တစ်မျိုး။ [သ၊ဒုရာလဘာ]

စူလီနဖာ၊န-အသေးအဖွဲ ပစ္စည်းမျိုးစုံ။ တိုလီမိုလီ။

စူဠာမဏိ၊န-ဘုရားလောင်း သိဒ္ဓတ္ထမင်းသား၏ ဆံတော်ကို ဥာပနာ၍ တာဝတိံသာတွင် တည်ထားသော စေတီ။ [ပါ၊ စူဠာမဏိ]

စူး၊ကြိ-၁၊ချွန်ထက်သောအရာ ထိုးဖောက် ဝင်ရောက်သည်။ ၂၊အလင်းရောင် ထိနိုက်၍ မျက်စိကျိန်းစပ်သည်။ ၃၊ထက်မြက်သည်။ ပြင်းသည်။ "အနံ့ ~။" ၄၊အပြစ်ဒဏ် သင့်ရောက်သည်။ "ကျိမ်း ~။" န-ထိုးဖောက်ရသည့် ချွန်ထက်သောအရာ။ ~ဂေါက် /စူးဂေါက်/ န- လက်ကိုင်ဖောက်တွင် အသွားတပ်၍ ဖိလျက် လှည့်ဖောက်ရသော လွန်ပူ။ ~စား/စူးဇား/ကြိ-[ပေါ]၁၊ဆင်ခြင်သည်။ ၂၊ရှာဖွေသည်။ စုံစမ်းသည်။ ကြဝိ-စူးစူးစိုက်စိုက်။ ဖြောင့်ဖြောင့်တန်းတန်း။ ~စူး /စူးဇူး/ ကြဝိ-ဖြောင့်ဖြောင့်။ တည့်တည့်။ "အရှေ့ ~။" ~ဝါးဝါး/-ဝါးဝါး/ ကြဝိ- (အနံ့၊ အသံ) စူးစူးရှရှ။ စူးစူးရားရား။ စူးစူးရှားရှား။ ~စိုက်/စူးဇိုက်/ကြိ-(အာရုံ) စွဲမြဲသည်။ ~စမ်း/စူးဇန်း/ကြိ-စုံစမ်းသည်။ ~ရှ၊ကြိ-၁၊ချွန်ထက်သောအရာ စူးသည်။ ၂၊ထက်မြက်သည်။ "အာဏာ ~။"

စေ၊ကြိ-၁၊အမှုကိစ္စ လုပ်ဆောင်ရန်နိုင်းသည်။ ၂၊တစ်စုံ တစ်ခုဆောင်ရွက်ရန်လွှတ်သည်။ ဝိ-၁၊ဆန္ဒ

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ပြုခြင်းကို ပြသောစကားလုံး။ ၂။အမိန့်ပေးရာတွင်၊ နှင်ပြုရာတွင် သုံးသော စကားလုံး။ "သတ်~။ သွား~။" စည်း–စိမ်ခန့်ခွဲခြင်း သဘောကိုပြသော စကားလုံး။ "ခုတ်~။ ပေါက်~။" **~ကာမှ** /စေဂါမှ/သမ် –ဝါကျတစ်ခုနှင့်တစ်ခုကို ဆန့်ကျင်သည့် သဘောဖြင့် ဆက်စပ်ပေးသော စကားလုံး။ "ဆင်းရဲ~ စိတ်ထား မြင့်မြတ်၏။" **~မလို** ဝိ–[ရှေး] တောင့်တခြင်း အနက်ကိုပြသော စကားလုံး။ **~စား**/စေစား/ကြိ–အထူးလုပ်ဆောင်စေသည်။ "ဉာဏ်ကို ~၍လုပ်ပါ။" **~တစ်လုံး**/စေတလုန်း/ န–ဖြစ်စေဟု နှုတ်မြွက်ရုံနှင့် ဖြစ်ပေါ်လာစေနိုင်သည် ဆိုသောအစွမ်း။ **~ပါး**၊ ကြိ–၁၊စေနိုင်းသည်။ စေလွှတ်သည်။ စေပါသည်။ /စေဖား/န–အစေ အခိုင်း။ အစေခံ။ စေပါ။

စေတနာ/စေဒနာ/န–၁၊ကောင်းကျိုးကိုရည်ရွယ်၍ ပြုသော စိတ်ထား။ ၂၊ကုသိုလ်အကုသိုလ်စိတ်များ၏ တိုက်တွန်းတတ်သော တရား။ ၂၊သူတစ်ပါးအကျိုးကို လိုလားသော သဘောထား။ [ပါ၊ စေတနာ] **~ပြတ်**/–ပျတ်/ ကြိ–ကောင်းသောအားထုတ်မှုတရား မယုတ်မလျော့ တည်ရှိသည်။ နှမြောတွန့်တိုမှု ကင်းသည်။

စေတနာ့ဝန်ထမ်း/စေဒနာ့ဝန်ဒန်း/ကြိဝိ–အမှုကိစ္စကို အခကြေးငွေမယူဘဲ(ဆောင်ရွက်သည်)။

စေတသိကဒုက္ခ/စေတသိကာ့ဒုတ်ခ/န–စိတ်ဆင်းရဲမှု။ [ပါ၊ စေတသိက+ဒုက္ခ]

စေတသိက်၊န–(လိုချင်ခြင်း၊ အမျက်ထွက်ခြင်း၊မသိခြင်း စသည်ကဲ့သို့သော) စိတ်၌ယှဉ်သောသဘော။ [ပါ၊ စေတသိက]

စေတီ/စေဒီ/န–၁၊ရိုသေပူဇော်အပ်သည့်အရာ။ ၂၊ ဓာတ်တော်မွေတော် စသည်တို့ကို ဌာပနာထားသော အဆောက်အအုံ။ [ပါ၊ စေတိယ] **~ယင်္ဂဏ**/–ယင်ဂနာ/န–စေတီရင်ပြင်။ [ပါ၊စေတိယင်္ဂဏ] **~ရံ** /–ယန်/န–စေတီကြီးကို ဝန်းရံ၍ တည်ထားသော စေတီငယ်။

စေ့/စေ့စိ/ကြိ–၁၊အရေအတွက်ပြည့်စုံသည်။ သေသည်။ ၂၊(သတ်မှတ်သောအချိန်သို့)ရောက်သည်။ ၃၊ အကြားအလပ်မရှိ ထိစပ်သည်၊ ထိစပ်စေသည်။ ၄၊တိကျသေချာသည်။ **~ကောက်**/စေ့(စိ)ဂေါက်/ ကြိ–သတ်သားချောင်းချင်း တွေ့ဆက်ရာတွင်ဖြစ်စေ၊ စရွေးတံစွပ်ရာတွင်ဖြစ်စေ ဆက်ကြောင်း စေ့အောင် လွှဖြင့်တိုက်စားသည်။ **~ကောက်လွှ**/–လွှ/န– စေ့ကောက်ရာတွင် သုံးသောလွှ။ **~ကုတ်**၊ **~ငု**၊ ကြိ–[ပေါ] စေ့စေ့စပ်စပ် လေ့လာဆင်ခြင်သည်။ **~ငုံ**၊ကြိ–[ပေါ]နီးကပ်သည်။ **~စေ့**/စေ့စေ့စိစိ/ ကြိဝိ–သေသေချာချာ။ စေ့စေ့စပ်စပ်။ "~ ကြည့်ပါ။" **~စပ်**/စေ့ဇတ်/ကြိ–၁၊သဘောတူညီချက် ကျေအေးချက်ရရှိရန် တိုင်ပင်ဆွေးနွေး ဆက်သွယ်သည်။ ၂၊ယောက်ျား မိန်းမတို့ မင်္ဂလာဆောင်ရန် အတွက် စကား အဆက်အသွယ် လုပ်သည်။ ကြောင်းလမ်းသည်။ မြန်းသည်။ ၃၊ကျနသည်။ သေချာသည်။ **~စပ်ရေး** /–ယေး/ န–သဘော တူညီချက် ကျေအေးချက်ရရှိရန် တိုင်ပင် ဆွေးနွေး ဆက်သွယ်ခြင်း။ **~ဆော်**၊ကြိ–နှိုးဆော် တိုက်တွန်းသည်။ **~ဖွတ်**၊ကြိ–စေ့စပ်သေချာသည်။ **~မြေ**၊ ကြိ–[ပေါ] သေချာကျနသည်။

စေး/စေးစီး/နဝိ–ချွဲပျစ်သော။ ကပ်သော။ န–၁၊ ချုံနွယ်များ ရှပ်ထွေးပြီးယှက်နေသော တော။ စေးချုံ။ ၂၊[ပေါ]တော။ စေးပျစ်။ **~ထန်း**/စေးထန်းစီးထန်း/ နဝိ–စေးကပ်သော။ **~နဲ**/စေးနဲစီးနဲ/ကြိ–ကပ်စေးနဲ သည်။ နှမြောသည်။ **~ပိုင်**/စေးပိုင်စီးပိုင်/နဝိ– စေးညက်သော။ **~မခန်း**၊ န–အရွက်သုံးခွပုံရှိ၍ အပွင့်နီသော၊ အစေးထွက် ဆေးဖက်ဝင် ပင်ပျပ် တစ်မျိုး။

စဲ၊ကြိ–ပြုခြင်း၊ ဖြစ်ခြင်းကိစ္စတစ်ရပ်ရပ် အဆုံးသို့ ရောက်သည်။

စဲစဲ/စဲစဲ/စည်း–[ပေါ] စက်စက်နှင့်အတူတူ။

စော[၁]၊ကြိ–အချိန်ကာလ၏ အဦးအစကျသည်။ အလျင် အဦးဖြစ်သည်။ နဝိ–မြင့်မြတ်သော။ **~စောစီးစီး** /စောစောစီးဇီး/ကြိဝိ–နောက်မကျဘဲ။ အလျင် ဦးစွာ။ စောစွာ။ **~ထီး**/စောထီး၊စောဒီး/န–[ပေါ] မြင့်မြတ်သောသူ။

စော[၂]၊ကြိ–အာရုံစိုက်သည်။ တွေးတောသည်။ **~ကြော**၊ ကြိ–[ပေါ]မေးမြန်းသည်။ စုံစမ်းသည်။

စောဒက/န–၁၊မေးမြန်းစိစစ်အပြစ်တင်ဆိုသောသူ။ ၂၊အပြစ်တင်ဆိုချက်။ ၃၊ဆင်ခြေဆင်လက်။ [ပါ၊ စောဒက] **~တက်**/စောဒကာ့တက်/ကြိ–အကြောင်း အကျိုးကို ဖော်ပြ၍ ဆင်ခြေတက်သည်။

စောဒနာ၊န–အပြစ်တင်သောစကား။ ကြိ–အပြစ်တင် သည်။ မေးမြန်းစိစစ်သည်။ [ပါ၊စောဒနာ]

စောပြာ/စောဗျာ/န–အသားမွှေး၍ အလွန်ပေါ်ပြီးသော ဗွာ၊ မီးခြစ်စသည်ပြုလုပ်ရသော ပင်စောက်ကြီးတစ်မျိုး။ (ရှောပြာဟုလည်း ခေါ်သည်။)

စောရ၊န–သူခိုး။ ခိုးသား။ [ပါ၊စောရ]

စော်၊န–အနံ့အသက်။ "ညှော်~။ ပုပ်~။"

စော်ကား/စော်ဂါး/ကြိ–တစ်ဖက်သားကို ရိုင်းစိုင်းစွာ ပြောဆိုပြုမူသည်။ **~မော်ကား**/–မော်ဂါး/ကြိဝိ– စော်စော်ကားကား။

စော်ကဲ၊န–ရှေးခေတ် ကရင်လူမျိုးတို့၏ အကြီးအကဲ။

စော်ဘွား၊န–ရှေးခေတ် ရှမ်းလူမျိုးတို့၏ အကြီးအကဲ။ [ရှမ်း၊ စဝ်ဖ] **~ကန်**၊န–စော်ဘွားများ။

http://www.lknt11.com

စံ ၁ ။န–အကောင်းဆုံးနမူနာ။ နှိုင်းယှဉ်ရန် အခြေခံပြုထားသောအရာ။ နှိုင်းယှဉ်အပ်သောအရာ။ **~ချိန်**/ဇန်ဂျိန်/န–စံအဖြစ် အမြင့်ဆုံးသတ်မှတ်ချက်။ **~ချိန်ကျိုး**/–ကျိုး/ကြိ–မူလစံချိန်ထက် သာလွန်သည်။ **~ညွှန်း**။န–ဖော်ညွှန်းထားသောစံ။ **~တော်ချိန်**/စန်ဒေါ်ဂျိန်/န–နိုင်ငံ သို့မဟုတ် ဒေသ တစ်ခု၏ တည်ရာ လောင်ဂျီတွဒ်ကို မူတည်၍ စံအဖြစ် သတ်မှတ်ထားသော အချိန်နာရီ။ **~ထား**။ကြိ–စံအဖြစ် သတ်မှတ်သည်။ **~တည်**။ကြိ–စံအဖြစ်ထား သည်။ **~ထိုး**။ကြိ–စံနှင့် ညီမညီ နှိုင်းယှဉ်သည်။ **~နှုန်း**။န–စံအဖြစ် သတ်မှတ်ထားသောနှုန်း။ **~ပြု**/စန်ပျု/န–စံအဖြစ် သတ်မှတ်ခံရသော သူ၊ အရာ။ **~ရွေး**/ဇန်ယွေး/ကြိ–အလိုမကျနိုင်ဖြစ်သည်။ ဇီဇာကြောင်သည်။ **~သီး**/ဇန်သီး/န–[ကဗျာ] အလွန်တင့်တယ်လှပသော မိန်းမ။

စံ ၂ ။ကြိ–ချမ်းသာစွာနေသည်။ စံစားသည်။ **~ကျောင်း**/စန်ကျောင်း/န–၁။ရဟန်းသံဃာတို့ စံမြန်းတော်မူရာ ကျောင်း။ ၂။ဘုန်းတော်ကြီး၏ ရုပ်ကလာပ်ကို ယာယီထားရာကျောင်း။ **~ပယ်** ၁ ။ကြိ–၁။တင့်တယ်သည်။ ကျက်သရေရှိသည်။ ၂။ခမ်းနားကြီးကျယ် တင့်တယ်စွာ နေထိုင်သည်။

စံကား/ဇဂါး/န–အနံ့မွှေးသည့် ပန်းပွင့်သော အမြဲစိမ်း ပင်စောက်တစ်မျိုး။ (အရောင် အဖြူ၊ အဝါ၊ နီဝါ ဟူ၍ ရှိသည်။) [ပါ၊စမ္ပက] **~စိမ်း**/ဇဂစိန်း/န–စိမ်းဝါရောင် ရနံ့မွှေးသော ပန်းပွင့်သည့် ပင်စောက်တစ်မျိုး။ ကတတ်ငန်း။

စံနံ။န–[ပေါ] စပါးနံ။

စံပယ်/ဇဗယ်/န–မွှေးသော အပွင့်ဖြူငယ်များပွင့်သည့် ချုံပင်တစ်မျိုး။ [ဟိန္ဒီ၊ စမေလီ] **~တင်မှဲ့**/ဇဗယ်ဒင်မှဲ့/န–ပါးပြင်ပေါ်တွင် ပေါက်သော မှဲ့။ **~ထပ်**/ဇဗယ်ဒတ်/န–မူလခေါင်မိုးပေါ်တွင် ဒိုင်းဆင့်ကာ အမိုးငယ် မိုးထားသော ခေါင်မိုး။

စံ့။စည်း–အမေးကိုပြသော စကားလုံး။ စ။

စို။နဝိ–၁။ရေ၊ အရည် စွဲဝင်တည်ရှိသော။ ၂။ကြည်လင်တောက်ပြောင်သည့် အရောင်ရှိသော။ **~စိစိ**/စိုဇိဇိ/ကြိဝိ–၁။မခြောက်မသွေ့ဖြစ်လျက်။ ၂။အေးတိအေးစက်။ မပွင့်မလင်း။ မြစိစိ။ **~ထိုင်းဆာ**/စိုထိုင်းဇာ/န–လေထုတွင် ရေငွေ့မည်မျှ ပါဝင်နေသည်ကို ပြသောကိန်း။ **~ထန်း**။နဝိ–အနည်းငယ်စိုထိုင်းသော။ **~ပြည်**/စိုပျိုစိုပျေ/နဝိ–လန်းဆန်းကြည်လင်သော။ စည်ပင်သော။

စို့ ၁ ။ကြိ–၁။(မျက်ရည်၊ချွေး၊သွေး)အနည်းငယ် ထွက်စပြုသည်။ ၂။နို့ရည်ကိုခံတွင်းဖြင့် စုပ်ယူသည်။ န–၁။အနောက်ဘက်တွင် ပေါ်ပေါက်သော သက်တံ့စို့တံကိုင်း။ ၂။သစ္စာပြုတ်ရာ၊ ကျောက်ဆစ်ရာတွင် သုံးသည့်ဆောက်တစ်မျိုး။ ၃။သစ်သားစသည်နှစ်ခု စပ်ရာတွင် ရိုက်သွင်းသည့် အချောင်းအတံ။ **~ငုတ်တို**။န–အပြည့်အစုံ မပေါ်သောစို့။ **~နို့ဖိုဖို**/စို့နို့ဖို့ဖို့/ကြိဝိ–လုံလုံလောက်လောက်၊ ဖောဖောသီသီ။ **~တံခါးပိတ်**/စို့ဒဂါးပိတ်/န–နှစ်ထပ် ဆင့်၍ ပေါ်သော စို့။

စို့ ၂ ။န–ဂျင်ပေါက်ကစားရာတွင် ဂျင်ကိုကြိုးဖြင့် ရစ်ပတ်မြှောက်ယူ၍ လက်ဖြင့်ဖမ်းကိုင်စဉ် အော်ဆိုသော စကား။ ဝိ–ညှိနှိုင်းခြင်း အနက်ဖြင့် ထောက်ပံ့သော စကားလုံး။

စိုး ၁ ။ကြိ–အုပ်ချုပ်သည်။ **~စံ**။ကြိ–တိုင်းပြည်ကို အုပ်ချုပ်၍ မင်းစည်းစိမ်ကို ခံစားသည်။ **~ပိုင်**၊ ကြိ–ပိုင်ဆိုင် အုပ်ချုပ်သည်။ **~မိုး**။ကြိ–လွှမ်းမိုး အုပ်ချုပ်သည်။ မင်းပြုသည်။

စိုး ၂ ။ကြိ–စိုက်ပူသည်။ ကြောင့်ကြသည်။ ကြောက်သည်။ **~ရိမ်**။ကြိ–စိတ်ပူသည်။ ကြောင့်ကြသည်။ ပူပန်သည်။

စိုးစဉ်း/စိုးဇင်း/န–အနည်းငယ်။

စက် ၁ ။န–၁။လှည်းဘီးကဲ့သို့ ဝန်းဝိုင်းသောအရာ။ ၂။လုပ်အားစွမ်းရည်ကို ဖန်တီးနိုင်သော ကိရိယာများ တပ်ဆင်ထားသော အဆောက်အဦ။ ယန္တရား။ ၃။လက်နက်။ ၄။ဘုန်းတန်ခိုးအာဏာ။ ဘုန်းတန်ခိုးအာဏာလက္ခဏာ။ ၅။မြင့်မြတ်သူတို့၏ခြေတော်။ [ပါ၊စက္က] **~ကလေး**။န–များသောအားဖြင့် နှစ်ချောင်းခေါက် တပ်ဆင်ထားပြီး ကျည်ကပ်ဖြင့် ပစ်ခတ်ရသော စက်သေနတ် အမျိုးအစား။ (စက်လတ်၊ စက်ကြီးတို့နှင့် နှိုင်းယှဉ်) **~ကိရိယာ**/စက်ကရိယာ/န–စက်ယန္တရားနှင့်ဆိုင်သော အစိတ်အပိုင်း တန်ဆာပလာ။ **~ကတ်ကြေး**/စက်ကတ်ကျိုး/ န–ဆံပင်စသည်ညှပ်ရန် အသွားစိပ်နှစ်ထပ်ပါသော ကတ်ကြေးတစ်မျိုး။ **~ကျ**။ကြိ–[ဥပစာ] ခဏခဏ သွားလာသည်။ **~ကြီး**။န–၃၀ လက်မ သို့မဟုတ် ၇.၆၂မီလီမီတာ အချင်းထက်ကြီးသော ပြောင်းဝ ရှိပြီး အများအားဖြင့် ယာဉ်တွင် တပ်ဆင်ပစ်ခတ် ရသော စက်သေနတ် အမျိုးအစား။ **~ကြိုး**။န–၁။စက်ဝိုင်းလှည့်ရာတွင် တစ်ဖက်စွန်းကို ဗဟိုစက်တိုင်တွင်ချည်၍ လှည့်ပတ်ဆွဲရသော ကြိုး။ ၂။စက်ယန္တရား တပ်ဆင်ထားသောကြိုး။ ၃၊ ပုခက်ငယ်ကို လွှဲရသောကြိုး။ **~ကွင်း**။န–၁၊ တန်ခိုးထက်မြက်သော စက်လက်နက်။ ၂၊ လက်နက်ပစ်လွှတ်၍ လက်တည့်စမ်း လေ့ကျင့်ရသော ပစ်ကွင်း။ ၃၊ လျှပ်စစ်၊ သံလိုက် စသည်တို့၏ အား ပျံ့နှံ့သက်ရောက်ရာဒေသ။ ၄၊ ကောင်းကင်

မှာတိကာသို့ ▶▶▶

http://www.lknt11.com

မှ ကျဆင်းသော မိုးကြိုးလျှပ်စီး၏ အင်အားပျံ့နှံ့ရာ နယ်နိမိတ်။ ၅၊ ဩဇာ၊ အာဏာ စသည်ပျံ့နှံ့သက်ရောက်ရာ နယ်ပယ်ဒေသ။ ~ခေါင်း/စက်ဂေါင်း/န–၁၊စက်တပ်ယာဉ်များ၌ ရှေ့လျားမှုကို ဖန်တီးပေးသော ပင်မစက်။ ၂၊အပ်ချုပ်စက်၌ စက်ခုံပေါ်တွင်တပ်၍ အသုံးပြုရသော စက်ကိရိယာ ခု။ ~တော်ဖြန့်၊ကြိ–(မင်းမိဖုရားတို့)ကြွချီသည်။ ~တော်ရာ၊န–မြတ်စွာဘုရား၏ ခြေတော်ရာ။ ~တိုင်၊ န–၁၊ လေး၊ လှံ၊ သေနတ် တို့ကို လက်တည့် မတည့် ပစ်လွှတ်စမ်းသပ်ရာ စက်ဝိုင်းများ ရေးထား ကပ်ထားသောတိုင်။ ၂၊ စက်ဝိုင်းပုံဖော်ရာတွင် စက်ကြိုးချည်ရာတိုင်။ ပန်းလည်တိုင်။ ၃၊ကြိုးစင်။ ~တုံး၊န–လယ်တွင် ပေါင်းသင်ရန်၊ သမန်းမြေညက်စေရန်အတွက် အသွားများတပ်၍ နွားဖြင့် ဆွဲရသော တလိမ့်တုံး။ ~နာရီ၊န–တစ်ရက်ကို ၂၄ နာရီ ပိုင်းခြား သတ်မှတ်သော အချိန်ကာလ။ ~ပစ်ကွင်း/စက်ပျစ်ကွင်း/န–သေနတ်လက်တည့်စမ်းရာ မြေကွက်။ ~ပန်း၊န–အဝတ်ပေါ်တွင် စက်ဖြင့်ထိုးသော ပန်း။ ~ပုန်းနုတ်၊ ကြိ–[ဥပစာ]တိတ်တိတ်ပုန်း ကြံစည် လုပ်ကိုင်သည်။ ~ဘီး /စက်ဗိန်း/ န– ဘီးနှစ်ခု တပ်ထားသော ခြေနင်းယာဉ်။ ဘိုင်စကယ်။ ~မဲ့လေယာဉ်၊ န–လျှောအား၊ ဆွဲအားဖြင့် အရှိန်အဟုန် ယူ၍ ပျံသန်းသော၊ အင်ဂျင်စက် မတပ်သည့် လေယာဉ်။ ~မှုလယ်ယာ၊န–စက်ယန္တရားများဖြင့် လယ်ယာ စိုက်ပျိုးလုပ်ကိုင်ခြင်း။ ~ရုပ်၊န–၁၊စက်ကိရိယာ တပ်ဆင်ထားသော ကစားစရာအရုပ်။ ၂၊အချို့သော အလုပ်များကို လူသားသဖွယ် လုပ်ဆောင်နိုင်ရန် စီမံထားသည့် စက်ယန္တရား။ ~လက်၊န–နှစ်ချောင်းခေါက် သို့မဟုတ် သုံးချောင်း ခေါက်ခုံ တပ်ဆင်ထားပြီး အများအားဖြင့် ကျည်ခါးပတ်ဖြင့် ပစ်ခတ်ရသော စက်သေနတ် အမျိုးအစား။ (စက်ကလေး၊ စက်ကြီး တို့နှင့် နှိုင်းယှဉ်) ~လုံး၊န–ဘောလုံးကဲ့သို့ ညီညာစွာ လုံးဝန်းသော သဏ္ဌာန်ရှိသည့် အရာ။ ~လှေ၊န–စက်တပ်ထားသော လှေကြီး။ ~လှေကား/စက်လှေဂါး/န–စက်အားဖြင့် ရွေ့လျားနေသော လှေကားထစ်များပေါ် စီးနင်းလိုက်ပါ၍ တက်ဆင်းရသော လှေကား။ ~လှည့်၊ကြိ–[ဥပစာ] ကြိုးဆွဲသည်။ ကြိုးကိုင်သည်။ ~ ဝိုင်း၊ န– ၁၊ဝိုင်းဝိုင်းစက်စက် ပုံသဏ္ဌာန်။ ၂၊စက်လက်နက်။ ~သီး၊န–ဝန်ကို ကြိုးဖြင့်ဆွဲ၍ ချီမရန်အတွက် ကြိုးသွားလမ်း ထွင်းထားသော ဘီးတပ် ကိရိယာ။ ~သေနတ် /စက်သနတ်/ န–တစ်ကြိမ် မောင်းတင်ပြီးနောက် ယမ်းမိုး၏ တွန်းကန်အားဖြင့် သို့မဟုတ် ကျည်ခွံ၏ တွန်းကန်အားဖြင့် ဆက်တိုက်ပစ်ခတ်နိုင်သော သေနတ်အမျိုးအစား။ ~သေနတ်ငယ်/စက်သနတ်ငယ်/န–ကျည်ခွံ၏ တွန်းကန်အားဖြင့် ဆက်တိုက် ပစ်ခတ်နိုင်သော ပေါ့ပါးသေးငယ်သည့် စက်သေနတ်အမျိုးအစား။ (စက်သေနတ် လည်းရှု)

စက်[၂]၊ကြိ–ချိန်နှိုင်းသည်။ ချိန်တွယ်သည်။

စက်[၃]၊ကြိ–ဆက်လက် ကူးပြောင်းပျံ့နှံ့သည်။ ~စက်၊ စည်း–သစ်လွှင်တောက်ပသော သဘောဖြင့် တောက်ပုံသော စကားလုံး။ ~တန့်/စက်တန့်၊ သက်တန့်/န–အများအားဖြင့် ပေါင်ခြံတွင် အတန်းလိုက် နီနီရဲရဲ ပေါက်သော ပြည်တည်နာ တစ်မျိုး။ ~လက်၊ကြိဝိ–(သွေး၊မျက်ရည် စသည်) အဆက်မပြတ် စီးယိုကျလျက်။

စက်[၄]၊~တော်ခေါ်၊ကြိ–(မင်းမိဖုရားစသူတို့)အိပ်သည်။

စက္ကတုံး/စက်ဂုန်း/န–(အသားကို စည်၊ အရုပ်၊ မီးခြစ် စသည် လုပ်ရသည့်) မြစ်ချောင်းကမ်းစပ် ပေါက် သစ်ပင်ကြီးတစ်မျိုး။

စက္ကရီတေရီ/စက်ကရီတေရီ/န–[ခေတ်ကုန်] အတွင်းရေးမှူး။ [လိပ်၊secretary]

စက္ကဝါက်၊န–အဖိုအမနှစ်ကောင်တွဲ၍ နေတတ်သော ရေဘဲတစ်မျိုး။ [ပါ၊စက္ကဝါက]

စက္ကူ၊န–ရေးသားပုံနှိပ်ရန် စသည်အတွက် (ဝါး၊ သစ်သားစသည်) ပျော့ဖတ်ဖြင့် ပြုလုပ်ထားသော အချပ်အလွှာ။ ~ပန်း/စက်ကူပန်း/န–အနီ၊ အဖြူ၊ ခရမ်းစသည့် အပွင့်များ အဆုပ်လိုက်ပွင့်သည့် အလှစိုက် နွယ်ယောင်ပင်ယောင်ပန်းပင်။

စက္ကန့်၊န–တစ်မိနစ်၏ အပုံခြောက်ဆယ်တွင် တစ်ပုံဖြစ်သော အခိုက်အတန့်။ [လိပ်၊second]

စက္ခု၊န–မျက်စိ။ [ပါ၊စက္ခု] ~ပသာဒ၊ န–၁၊ မျက်နက်ဝန်းအလယ်၌ တည်သော အကြည်ဓာတ်။ မျက်စိထဲတွင် ရုပ်ပုံ အရိပ်ထင်ရာဓာတ်။ ၂၊မျက်စိအမြင်တွင် တင့်တယ်မှု။ **စက္ခုဒြေ**/စက်ခုန်ဒရေ/န–၁၊မျက်စိအကြည့်ကို စောင့်ထိန်းခြင်း။ ၂၊[ဝိနည်း] လေးတောင်ခန့် အကွာအဝေးကို မြင်သာရုံ မျက်လွှာကို ချခြင်း။ [ပါ၊စက္ခုန္ဒြိယ]

စက်ဆုပ်၊ကြိ–ရွံရှာသည်။ မသတီဖြစ်သည်။

စက်တင်ဘာ၊န–အင်္ဂလိပ်ဆယ့်နှစ်လတွင် နဝမလ။ [လိပ်၊September]

စက်ရှင်ရုံး၊န–လူသတ်မှုစသောပြစ်မှုစသည့် ရာဇဝတ်မှုကြီးများကို မူလစစ်ဆေးကြားနာရသော ကိုလိုနီခေတ် ရာဇဝတ်တရားရုံး။[လိပ်၊sessions+မြန်၊ရုံး]

စောက်၊ကြိ–အထက်အောက် တစ်ဖြောင့်တည်း ဖြစ်သည်။ ~မှန်းကမ်းမှန်း /စောက်မှန်းကန်းမှန်း/ ကြိဝိ–အကောင်းအဆိုး၊ သင့်မသင့်၊ လျော်မလျော်၊

မာတိကာသို့ ▶▶▶

http://www.lknt11.com

ခွဲခြားလျက်။

နိုက်၊ကြိ–၁၊အရေး၊ အဥစသည်ကို ပေါက်လာအောင် မြေကြီးတွင် ချမြှုပ်သည်။ ၂၊အပင်၊ တိုင်စသည်ကို ဒေါင်လိုက် တစ်ပိုင်းတစ်စမြှုပ်သည်။ ၃၊စူးဝင်သည်။ စူးဝင်စေသည်။ "မြား —။ ဘီး —။" ၄၊(လှံလ စသည်ကို) စွဲမြဲစွာအားထုတ်သည်။ ၅၊ ရင်းနှီး မြှုပ်နှံသည်။ ၆၊(မိမိပိုင်ပစ္စည်းကို) ယာယီထုတ်ပေး ထားသည်။ ကြိဝိ–အောက်သို့အောက်သို့ (ကျ သည်)။ ~တပ်လိုက်၊ ကြိ–စိုက်ပြီးစ ကောက်ပင်များ ရေမရ၍ မအောင်မမြင်ဖြစ်သည်။ ~ခင်း၊ န– ပျိုးပင်များကို ပြောင်းရွှေ့စိုက်သည့် မြေကွက်၊ လယ်ကွက်။ (ကြိခင်းလည်းရှိ) ~ငွေ /စိုက်ငွေ/န– ကောက်စိုက်တဲ။ ~စိုက်၊ ကြိဝိ– တည့်တည့် ဖြောင့်ဖြောင့်။ ~လိုက်မတ်ထတ်၊ ကြိဝိ–အစဉ် တစိုက်။ စွဲစွဲမြဲမြဲ။ တစ်သမတ်တည်း။

စင်[၁]၊န–တင်ရန်၊ တက်ရန် ခပ်မြင့်မြင့် ပြုလုပ်ထားသော အပြင် အပြန့်။ ~စီး /စင်စီး/န–ဇာတ်သဘင်ကို ဖြစ်စေ၊ လုပ်ငန်းတစ်ခုတစ်ရာကိုဖြစ်စေ တာဝန်ယူ အုပ်ချုပ်ရသူ။ ~တော် / စင်ဒေါ်/န–နန်းတွင်း ရုပ်သေးအဖွဲ့။ ~ပြိုင် /စင်ဗျိုင်/န–[ဥပစာ] တစ်ချိန် တည်းတွင် ပေါ်ပေါက်သော ပြိုင်ဘက်။ ~ယှဉ် ပြဿာဒ်/စင်ယှင်ပျတ်သတ်/န–ဘုန်းတော်ကြီး ရုပ် ကလာပ်ကို စံကျောင်းမှ ပြောင်းရွှေ့သည့်အခါ တင်ရန် ပြဿာဒ်ဆောင်။

စင်[၂]၊နဝိ–အညစ်အကြေးစသည်ကင်းသော။ စည်း– စင်စစ်၊ မုချဟူသော အနက်ဖြင့် ထောက်ပံ့သော စကားလုံး။ ~ကြယ်၊နဝိ–သန့်ရှင်းသော။ ~စင် /စင်ဇင်/ကြိဝိ–လုံးလုံးလျားလျား။ အကြွင်းမဲ့။ "မိုး –လင်းပြီ။" ~စစ်/စင်စစ်/ကြိဝိ–အမှန်။ တကယ်။ ~ရော်/စင်ယော်/န–ပင်လယ်ဝ မြစ်ဝတို့တွင် သွားလာ ကျက်စားသော ရေငှက်။

စင်ကိုနာ၊န–အဖျားကို ကုနိုင် ငှက်ဖျားဆေးလုပ်သော သစ်ပင်။ [လိပ်၊cinchona]

စကြံ /စင်္ကျန်/န–၁၊ခေါက်တုံ့ခေါက်ပြန် လမ်း လျှောက်ရာ လမ်းကြောင်း။ ၂၊အဆောင်းပြေ လမ်းလျှောက်ရာ အဆောင်ရှည်။ ၃၊မီးရထား၊ မော်တော်ကားလမ်းဘေးတွင် လူလျှောက်ရန် မြှင့်ထားသော မြေညီပြင်။ [သ၊စင်္ကြမ] ~လျှောက် /–ယှောက်/ကြိ–ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက် သည်။

စင်ကြမ်း/စင်ဂျန်း/န–စောင်ချမ်းပင်။

စင်တီဂရိတ်/စင်တီဂရိတ်/န–ရေခဲမှတ်သုညဒီဂရီ၊ ရေဆူမှတ် ၁၀၀ ဒီဂရီမှတ်သားပါရှိသော အပူချိန် တိုင်း ပြဒါးတိုင် အမှတ်အသား။ (ဖယ်ရင်ဟိုက် လည်းရှိ) [လိပ်၊centigrade]

စင်ပြွမ်း/စင်ဗျွန်း/န–အခွံထူ၍ ချဉ်ဖန်သော အသီး သီးသည့် သစ်ပင်တစ်မျိုး။

စင်း၊ကြိ–၁၊အကောက်အကွေ့မရှိ ဖြောင့်တန်းသည်။ ၂၊(မျက်လုံး မျက်တောင်) မလှုပ်မရှက် ငြိမ်သက်စွာ တည်နေသည်။ ၃၊ ဆန့်သည်။ "လည်ကို ~ ပေး–။" စည်း–ထီး၊ မြား စသည်နှင့် ယာဉ်အချို့ကို ရေတွက်ရာ၌သုံးသော စကားလုံး။ ~လုံးချော/စင်း လုန်းချော/န–အပြစ်လုံးဝကင်းရှင်းသောအဖြစ်။ စင်းချော။ ~လျင်း /စင်းလယင်း/ ကြိဝိ– [ပေါ] ၁၊ စန့်စန့်။ ဖြောင့်ဖြောင့်။ ၂၊အမြဲ။ ~လျော/စင်း ယှော/န–ဆင်ခြေလျှော၊ မျက်နှာပြင်စောင်း။

စောင်၊ကြိ–၁၊လိုသောအခါ အသင့်ရှိအောင် ရံထား သည်။ ၂၊နှစ်ဦးနှစ်ဖက် ရန်ပြုရန် ပြင်ဆင်သည်။ န–လွှမ်းခြုံရန်အထည်။ စည်း–သတင်းစာ၊ ပေးစာ စသည်ကို ရေတွက်ရာ၌ သုံးသော စကားလုံး။ ~ချမ်း/စောင်ဂျန်း/န–အပင်တွင် ဆူးချွန်များ ပေါက်၍ အသီးဆန်ကို အရည်တည် စားရသော အပင်တစ်မျိုး။ ~ခြမ်း/န–မြေအိုးကွဲ အပိုင်းအစ။ ~မ၊ကြိ–ထောက်ပံ့သည်။ ~ရန်း၊န–ခြံစည်းရိုး။

စောင့်၊ကြိ–၁၊ငံ့ဆိုင်းသည်။ ၂၊ထိန်းသိမ်းသည်။ ~ကြပ်၊ ကြိ– ကြည့်ရှုထိန်းသိမ်းကာကွယ်သည်။ ~စား /စောင့်ဇား/ကြိ–မျှော်လင့်ငံ့ဆိုင်းသည်။ ~စည်း /စောင့်စီး/ကြိ–၁၊ထိန်းသိမ်းသည်။ချုပ်တည်းသည်။ စောင့်သုံးသည်။ ၂၊ကျေးစူးသစ္စာကို ရိုသေလေးစား သည်။ ~ရှောက်၊ကြိ–ထိန်းသိမ်းကြည့်ရှုသည်။ ~လင့်၊ကြိ–ငံ့ဆိုင်းမျှော်ရှုသည်။ ~သိ၊ကြိ–(ကျေးဇူး သစ္စာကို) ထိန်းသိမ်းသည်။

စောင်း[၁]၊န–စောင်းကောက်၊ စောင်းပြားစသည့် ကြိုးတပ် တူရိယာမျိုး။ ~ကောက်/စောင်းဂေါက်/န– ကိုယ်ထည်ပိုင်း လှေပုံရှိ၍ လက်ရုံးကောက်သော စောင်းတစ်မျိုး။ ~ပြား/စောင်းဗျား/န–အိုးပြားသော စောင်းတစ်မျိုး။ ~သံခုနစ်ပါး/စောင်းသုန်ခွန်နပါး/ န–စောင်း၏ အသံခုနစ်ပါး။ (၁၊သုံးပေါက်သံခေါ် နွားတွန်သံနှင့်တူသော အသံ ၂၊ခြောက်ပေါက်သံ ခေါ် မြင်းဟီသံ နှင့်တူသောအသံ ၃၊ငါးပေါက်သံခေါ် ဥဒေါင်း တွန်သံနှင့်တူသောအသံ ၄၊နှစ်ပေါက်သံခေါ် ဆိတ် မြည်သံနှင့်တူသောအသံ ၅၊ပုလဲသဖြန်သံခေါ် ကြိုးကြာ သံနှင့်တူသောအသံ ၆၊လေးပေါက် အောက်ပြန်သံ ခေါ် ဥသြတွန်သံနှင့် တူသောအသံ ၇၊ညှင်းလုံးသံ ခေါ် ဆင်ဟီသံနှင့် တူသောအသံ) ~အိုး၊န–စောင်း၏ ကိုယ်ထည်ပိုင်း။

စောင်း[၂]၊နဝိ–မတည့်မတ်သော။ မဖြောင့်တန်းသော။ ရွဲ့သော။ ကြိဝိ–သွယ်ဝိုက်လျက်(ပြောသည်)။

မာတိကာသို့ ▶▶▶

http://www.lknt11.com

/ဇောင်း/ န–၁၊ဘေးဘက်နိမ့်လျှောသော နေရာ။ "ကန် ~။" ၂၊ထောင့်ဖြစ်နေသော နံဘေးသား။ **~ကန်းဇောင်းကန်း**/ဇောင်းဂန်းဇောင်းဂန်း/ကြိဝိ– တည့်တည့်ဖြောင့်ဖြောင့် မဟုတ်ဘဲ။ **~ရိုက်၊ ~ရိုး၊** ကြိ–သွယ်ဝိုက်သော စကားဖြင့် ထိနိုက်ပုတ်ခတ်သည်။ **~စလွယ်**၊န–ခြင်းခတ်နည်း တစ်မျိုး။ **~တန်း**/ဇောင်းဒန်း/ န–၁၊ဘုရား၊ ကျောင်း စသည်တို့တွင် ရှည်လျားစွာ လုပ်ထားသော လှေကား။ ၂၊ဘုရားရင်ပြင်သို့သွားရန် ဆောက်လုပ်ထားသော အဆောင်ရှည်။ **~ပါးရိုက်ခြည်**/ဇောင်းဘားယိုက်ချီ/ ကြိဝိ– အရိပ်အခြည်မျှပြ၍ သွယ်ဝိုက်သောနည်းဖြင့်။ **~မြောင်း**၊ကြိ–ဇောင်းချိတ်သည်။ **~မွေး** /ဇောင်းမွေး/ န–ကြက်၊ငှက်၊မြင်းစသည် တို့တွင် ဦးခေါင်းနောက်ဘက်၊ လည်ပင်း နောက်ဘက်၌ ပေါက်သောအမွေး။ **~လျား**/ဇောင်း လယား(ယား)/ န–အရသာအချဉ်ဖျော့ အချိုဖျော့ ရှိသော၊ အမြောင့် ငါးမြောင့်ပါ အသီးသီးသည့် သစ်ပင်။

စိုင် ^၁^၊နဝိ–စုခဲသော။ ပေါင်းစုများပြားသော။ **~ရှူး**၊န– သောကြာကြယ်။ သောက်ရှူးကြယ်။

စိုင် ^၂^၊န–၁၊နွားနှင့်အလွန်တူသော တောတိရစ္ဆာန်။ ၂၊အတွင်းတာရာ၊ အပြင်တာရာမှ လွတ်သော တာရာတစ်လုံး။ **~ပေါင်**/စိုင်ဗောင်/န–၁၊မုခ်ဝ အထက်တွင် တပ်ဆင်ထားသော ပန်းထောင် တစ်မျိုး။ ၂၊ရေးသေနတ်တွင် မီးခတ်ကျောက် တပ်ထားသော မီးမောင်းသံကောက်။ **~လျော်**/ စိုင် ယော်/န–မြင်းမွေးနီရောင်။

စိုင်း၊ကြိ–အလျင်အမြန် ပြုမူသည်။ **~နှင်**၊ကြိ–မြင်း စသည်ကိုစီး၍ အလျင်အမြန်ပြေးအောင် မောင်းသည်။ **~ပြင်း**/စိုင်းဗျင်း/ကြိ–အပူတပြင်း တိုင်ပင် စီစဉ်သည်။

စစ် ^၁^၊န–၁၊တိုင်းပြည်အချင်းချင်း လက်နက်အားကိုးဖြင့် တိုက်ခိုက်ခြင်း။ ၂၊ပဋိပက္ခဖြစ်ခြင်း။ **~ကစား**/စစ် ဂစား/ကြိ–၁၊ပရိယာယ်သုံး၍ အမျိုးမျိုး တိုက်ခိုက်သည်။ ၂၊စစ်တိုက်သည်။ **~ကူ၊ ~ကူစစ်ထောက်၊** န–စစ်တိုက်ရာတွင် ကူညီတိုက်ခိုက်ရန် ဖြည့်တင်းသော အင်အား။ **~ကဲ**၊န–၁၊ရှေးခေတ် စစ်အရာရှိကြီးတစ်မျိုး။ ၂၊မြို့ဝန်နှင့်တွဲ၍ အမှုထမ်းရသော ရှေးခေတ် မြို့ပြအုပ်ချုပ်ရေးအရာရှိ တစ်မျိုး။ ၃၊မြန်မာစစ်တုရင်ရုပ်တစ်မျိုး။ **~ကပ်**၊ကြိ–တိုက်ခိုက်ရန် ရန်သူ့အနီးသို့ ချဉ်းကပ်သည်။ **~ကြိုခေတ်** /စစ်ကျိုခေတ်/န–ကမ္ဘာစစ်ကြီး မဖြစ်ပွားမီ အချိန်ကာလ။ **~ကြောင်း**၊ န–၁၊ စစ်ချီတက်ရာ လမ်းကြောင်း။ ၂၊တစ်နေရာသို့ ဦးတည်ချီတက် ကြသော စစ်သည်စသည် အစုအဝေး။ **~ခင်း**၊ ကြိ–စစ် အစီရင်ပြု၍ တိုက်ခိုက်သည်။ **~ခုံရုံး**၊န–စစ်တရားခံများကို စစ်ဆေးစီရင်ရန် အခါ အားလျော်စွာ ဖွဲ့စည်းထားသည့် ခုံအဖွဲ့။ **~ချီ**၊ ကြိ–စစ်တိုက်ရန် ချီတက်သည်။ **~ခွာ**၊ ကြိ–တပ်ဆုတ်သွားသည်။ **~ဆင်**၊ကြိ–စစ်တိုက်သည်။ **~ဆင်ရေး**၊န–၁၊ စစ်ဆင် တိုက်ခိုက်ခြင်းဆိုင်ရာ လုပ်ငန်းကိစ္စများ။ ၂၊လုပ်ငန်း တစ်ရပ်ရပ်ကိုစစ်ဆင်သကဲ့သို့ အထူး ဆောင်ရွက်ခြင်း။ "မြစိမ်းရောင် ~။" **~ညှိ**၊ ကြိ– [ရှေး] စစ်ရေးနိမ့်မည့် အရိပ်အယောင်ပေါ်သည်။ **~ညောင်း**၊ကြိ–[ရှေး]စစ်တိုက်ရသည်မှာ ကာလ ကြာမြင့်ပြီဖြစ်သည်။ စစ်အိုသည်။ **~တမံ**၊ န– [ပေါ] စစ်ထွက်သည့်ဆင်တွင် စိုက်ထူသည့် အလံ။ **~တရားခံ**/စစ်တယခံ/န–စစ်နှင့်ပတ်သက်သော နိုင်ငံတကာ ထုံးတမ်းများကို ဖောက်ဖျက်၍ ပြစ်မှု ကျူးလွန်သူ။ **~တရားရုံး**၊န–ပြစ်မှုကျူးလွန်သော စစ်သည်များကို စစ်ဥပဒေနှင့်အညီစစ်ဆေးစီရင် ဆုံးဖြတ်သောအဖွဲ့။ **~တလောက်**၊န–[ပေါ] စစ် မောင်း။ **~တိုင်း**၊န–နိုင်ငံတစ်ခုတွင် စစ်ရေးစစ်ရာ အတွက် စစ်ဌာနချုပ် တစ်ခုဖြင့် ကွပ်ကဲရသော ဒေသအပိုင်း အခြား။ တိုင်းစစ်ဌာနချုပ်။ **~တပ်**၊ န–စစ်သည် အဖွဲ့အစည်း။ **~တွေ့**၊ ကြိ–[ရှေး] စစ်တပ် တစ်ဖက်နှင့် တစ်ဖက် ရင်ဆိုင်တွေ့သည်။ စစ်ဖြစ် သည်။ **~ထိုး**၊ကြိ–၁၊ထိုးစစ်ဆင်သည်။ ၂၊ စစ်တိုက် သည်။ **~ထွက်**၊ကြိ–၁၊စစ်တိုက်ရန် ထွက်ခွာသည်။ ၂၊[ရှေး] စစ်ကိစ္စ ပေါ်ပေါက်သည်။ **~နှင်း**၊ကြိ–[ရှေး](အထူးသဖြင့် ညအချိန်မတော် တွင်) ရန်သူ့ တပ်စခန်းကို အပြင်းဝင်စီးသည်။ **~နွမ်း**၊ ကြိ–[ရှေး] စစ်တိုက်ရာတွင် စိတ်ဓာတ် ပျက်ပြား အားလျော့သည်။ **~ပရိယာယ်**/စစ် ပရိယယ်/ န–စစ်ဆင်နည်း။ **~ပျက်**၊ကြိ–[ရှေး] စစ်ရှုံး၍ ကစဉ့်ကလျားဖြစ်သည်။ **~ပြေး**၊န– စစ်ဘေးကို ရှောင်တိမ်းရန် နေရပ်ကို စွန့်ခွာခဲ့သူ။ **~ပြင်**၊ကြိ–စစ်တိုက်ရန် စီစဉ်ပြင်ဆင်သည်။ **~ပြိုင်**၊ ကြိ–[ရှေး]စစ်တိုက်သည်။ စစ်ဖြစ်သည်။ **~ပြန်**၊န– စစ်ပြီး၍ စစ်တပ်မှ ပြန်လာသူ။ **~ပွဲ**၊န–စစ်အင်္ဂါ အပြည့်အစုံ ခင်းကျင်း၍ တိုက်သော စစ်။ **~ဗိုလ်**၊န– စစ်သားများကို ကြီးကြပ် အုပ်ချုပ်ရသော စစ် အရာရှိ။ **~မက်၊ ~မက်အင်္ဂါ**၊ န–စစ်တိုက်ခိုက်မှု။ စစ်မက်အင်္ဂါ။ **~မျက်နှာ**၊န–စစ်တိုက်ရာ အရပ်။ **~မြေပြင်**/စစ်မြေဗျင်/န–စစ်ဖြစ်ပွားရာ နေရာ အရပ်။ စစ်တလင်း။ **~မှုထမ်း** /စစ်မှုဒန်း/န– စစ်ဘက်ဆိုင်ရာအမှုထမ်း။ **~မြူ**၊ ကြိ–တစ်ဖက် ရန်သူစစ်သည်တို့ကို မိမိတို့ရှိရာသို့ ထွက်လိုက်လာ အောင် အရိပ်အယောင်ပြ၍ သွေးဆောင်သည်။

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

စစ်ငင်သည်။ စစ်ရေးငင်သည်။ ~ရေးတောင်း၊ကြိ-[ရှေး]စစ်ဖြစ်အောင် ရန်စသည်။ ~ရေးပြ၊ကြိ-စစ်သားများစုဝေး၍ စစ်ရေး ကျွမ်းကျင်မှု အမျိုးမျိုးကို ပြသသည်။ ~ရေးလှ၊ကြိ-[ရှေး] စစ်တိုက်ရာတွင် အရေးသာသည်။ ~ရပ်စခန်း၊န-[ရှေး] ရန်သူကို မထိုးဖောက်နိုင်အောင် ရပ်တည် စခန်းခြင်း။ ~ရိပ်စစ်ရြည်၊န-စစ်၏အခြေအနေ။ ~ရိပ်စစ်ငွေ့၊ န-စစ်မက်ဖြစ်ပွားမည့် အရိပ်အယောင်။ ~ရှုံး၊ ကြိ-[ရှေး]စစ်သည်အင်အားကို မှန်းဆသည်။ ~ရှေ့၊ ကြိ-[ရှေး] ရန်သူ၏တိုက်ခိုက်မှုကြောင့် တပ်ရပ်တည်ရာ အရပ်မှ ဆုတ်ခွာရသည်။ ~လျော်ကြေး /စစ်ယော်ကျေး/ န- စစ်ရှုံးသော တိုင်းပြည်က အခြား တိုင်းပြည်များ နစ်နာဆုံးရှုံးမှု အတွက် ပေးဆောင်ရသော ငွေကြေးစသည်။ ~လျှင်/စစ်လယင်/န-[ရှေး] ရှေ့ဆုံးက ကင်းထောက် ချီတက်သော စစ်တပ်။ ~သား၊ န-စစ်မှုထမ်းသူ။ ~သူကြီး /စစ်သူကျီး/ န-ရှေးခေတ် စစ်သည် ရဲမက်တို့၏ အကြီးအချုပ်။ ~သံ၊ န-နိုင်ငံခြားတွင် စစ်မှုကိစ္စ ဆောင်ရွက်ရန် ခန့်ထားသော စစ်ဘက် သံအရာရှိ။ ~သည်၊ န- ၁၊စစ်သား။ ၂၊အရာခံ အကြပ်တပ်သား တို့ကို မြှုအေါ်သော အမည်။ ~သိမ်း ၁၊ကြိ-[ရှေး] စစ်ပွဲပြီး၍ စစ်သည် ရဲမက်တို့ကို စုစည်းသည်။ ~ဥပဒေ/စစ်အုပဒေ/န-စစ်တပ်က စစ်နည်းအရ အုပ်ချုပ်သော ဥပဒေ။ ~ဦးအိလူးပါ /စစ်အုးဗလူးဗါ/ န-စစ်စဖြစ်သည်နှင့် အလျှင်အမြန် အပြင်းအထန် တိုက်ခိုက်ခြင်း။ ~အေး၊န-စစ်မက် ယှဉ်ပြိုင် တိုက်ခိုက်ခြင်းမပြုဘဲ အခြားနည်းများဖြင့် နိုင်ငံအချင်းချင်း ထိုးနှက်မှု။ [လိပ်ပြန်၊ cold-war] ~အင်္ဂါ၊န-စစ်တပ်၏ အင်္ဂါ အစိတ်အပိုင်း။ (ဆင်၊ မြင်း၊ ရထား၊ ခြေသည် သူရဲ ဟူ၍ ရှေးက လေးပါး ခွဲခြားသည်။) ~အုပ်ချုပ်ရေး၊ န-တိုင်းပြည် ကွပ်ကဲမှု ကိစ္စ အဝဝကို စစ်တပ်ကသာ ဦးဆောင်၍ စီမံ ဆောင်ရွက်ခြင်း။

စစ် ၂၊ကြိ-၁၊အရောအနှောမဟုတ် အတုအယောင် မဟုတ် ပကတိအတိုင်းဖြစ်သည်။ ၂၊ညှံသည် ကောင်းသည်၊ မှားသည် မှန်သည် စသည်တို့ကို ကြည့်ရှု မေးမြန်းသည်။ ၃၊အနည်၊ အဖတ်နှင့် အရည်ကို တခြားစီဖြစ်အောင် လုပ်သည်။ ၄၊ လျော့ပါးသွားသည်။ "ရေ~ပြီ။" ~ချက်၊ န-စစ်ဆေးမေးမြန်းရရှိသော အချက်အလက်။ ~ငုတ်၊ ကြိ- [ရှေး] ဆင်ခြင်စဉ်းစားသည်။ ~စီ၊ ကြိ-၁၊နှမြောသည်။ ၂၊ အသုံးအစွဲ ချွေတာ ကျစ်လျစ်သည်။ ~စစ်နဝိ-အရောအနှောမဟုတ်သော။ အတုအယောင် မဟုတ်သော။ ~စစ်ပေါက်ပေါက်၊ ကြိဝိ- အသေးစိတ် စေ့စပ်စွာ။ ~ဆေး၊ကြိ-ညှံသည် ကောင်းသည်၊ မှားသည် မှန်သည် စသည်ကို ကြည့်ရှုမေးမြန်း စီရင်သည်။ စစ်ကြောသည်။ ~တမ်း၊ န- မြို့ရွာနယ်ပယ်တို့၏ လူဦးရေ၊ စီးပွားရေး၊ အခွန်အတုတ်စသည်ကို စိစစ်၍ မှတ်တမ်းတင်ထားချက်။ ~သိမ်း ၂၊ ကြိ- [ရှေး] အစုအဝေန်းဆိုင်ရာ စာရင်းကောက်ယူ၍ ပြန်လည် စိစစ်ပွဲစည်းသည်။

စစ် ၃၊န-မြန်မာကုက္ကိုနှင့် တူသော သစ်ပင်ကြီး။

စစ်လေ၊ န-လေရှုန်သံပြု၍ ဖွံ့တတ်သော၊ လည်တံ၊ ခြေတံရှည် ဝမ်းဘဲနီ။

စစ်တုရင်/စစ်တု(ဗ)ယင်/န-အကွက် ရေးထားသော ပျဉ်တွင် နယ်ရုပ်၊ မြင်းရုပ်၊ မင်းကြီးရုပ် စသည်တို့ဖြင့် နှစ်ဦးယှဉ်ပြိုင်ကစားရသော ကစား နည်းတစ်မျိုး။ [ပါ၊စတုရင်္ဂ]

စစ်တုံ၊န-အမြစ်ဖုကို ဆေးဖော်ရသော ဂမုန်းတစ်မျိုး။

စစ်ပါရီ/စစ်ပါရိ/န-ဗြိတိသျှခေတ် အိန္ဒိယ တိုင်းရင်းသား စစ်သည်။[ဟိန္ဒူ၊sipārhī]

စစ်ဖြူ၊န-အမှုဝိုင်းဒေသပေါက် ဆူးပါသော သစ်ပင်ငယ်။

စစ်သိမ်၊န-သနပ်ဖက်နှင့် ခပ်ဆင်ဆင်တူသော အရွက်ရှိ သစ်ပင်။

စဉ် ၁၊ကြိ-လွှင့်ထွက်သည်။

စဉ် ၂၊ကြိ-စီတန်းသည်။ သမ-ပြုဆဲ ဖြစ်ဆဲကိုပြသော စကားလုံး။ ~တိုက်/စင်နိုက်/ကြိဝိ-ဆက်တိုက်။ ~နက္ခတ်၊န-မွေးဖွားချိန်တွင် စန်းနှင့်ယှဉ်သည့် နက္ခတ်။

စဉ့်၊န-မြေထည်ပစ္စည်းကို သုတ်လိမ်းရသော ချော်ရည် တစ်မျိုး။ ~ကွင်း ၁/စင့်ဂွင်း/န-စဉ့်ရည် သုတ်ထားသောစာ၊ အရုပ်ပါသည့် နံရံကပ်အုတ်ချပ်။

စဉ့်ကွင်း ၂/စင့်ဂွင်း/ကြိဝိ-[ပေါ] အစဉ်အဆက်။

စဉ်း ၁၊ကြိ-သေးသေးနုပ်နုပ်ဖြစ်အောင် ခုတ်ဖြတ်သည်။ ~ဓား၊ကြိ-သားငါး စသည်ကို နုပ်နုပ်စဉ်းသည်။ ~ငယ်/စင်းငယ်/ကြိဝိ-အနည်းငယ်။ နိုးစဉ်း။ ~တီတုံး /စင်းတိ(န်)ခုန်း/ န- တစ်စုံတစ်ခုကို ဓားဖြင့် ခုတ်စဉ်းရာတွင်သုံးသော အောက်ခံသစ်တုံး။

စဉ်း ၂၊န-၁၊အလေးချိတ်၍ ချိန်ရသော လက်တံ တစ်ဖက်ရှည် တစ်ဖက်တိုသည့် ချိန်ခွင်။ ၂၊မြားသွား။ ~စား/စင်းစား/ကြိ-ဆင်ခြင်သည်။ တွေးတောသည်။ ~လဲ၊ကြိ-လိမ်လည် ကောက်ကျစ်သည်။ ~သွား/စင်းသွား/န-မြားလက်နက်၏အသွား။

စဉ်းပါး၊န-အပြစ်သနစ်။ အခြေအနေ။

စဉ်းသိရှုံးသိ/စင်းသိမျှင်းသိ/န-အတွင်းကျကျသိသူ။ အစဉ်းသိ။

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

စည်၊ကြိ-များပြားထူထပ်သည်။ န-၁၊သစ်သားခေါင်းပေါက်ဝကို သားရေကြက်၍ တီးခတ်ရသော တူရိယာ။ ၂၊ဆီ၊ ရေ စသည်ထည့်ရန် သစ်သား၊ သံပြား စသည်တို့ဖြင့် ပြုလုပ်ထားသောအရာ။ **~ကား**/စီဂါး/ကြိ-များပြားထူထပ်သည်။ ပြန့်ပွားကြီးကျယ်သည်။ **~တော်**/စီဒေါ်/န-တီးသုံးနန်းသုံး စည်ကြီး။ **~တော်သံ**/-သုန်/န-စည်တော်ရွှမ်းသော အခါ ဆိုရသော သီချင်း။ **~တို**/စီဒို/န-ထောင်၍ လက်ခတ်ဖြင့်တီးရသော စည်ငယ်။ **~ပင်**/စီဗင်/ကြိ-အစွန့်ရှည်ဖွာ စည်ကားသည်။ **~ပင်သာယာရေး**/-သာယာယေး/န- မြို့နယ် အပိုင်းအခြား တစ်ခု၏ စည်ပင်သာယာမှုကို စီမံခန့်ခွဲရသော အုပ်ချုပ်ရေး။ **~ဝိုင်း**/စီဝိုင်း/န-ထည့်စရာ စည်ဖြတ်ပိုင်း။ **~ဖောင်း**/စီဘောင်း/န-၁၊အချို့ငါးမျိုးတွင် ပါသည့် လေအိတ်။ ၂၊သတ္တဝါတို့တွင် ကျင်ငယ်ရည် တည်ရှိ ရာအိတ်။ ၃၊ပူဖောင်းနှင့်အတူတူ။ ၄၊ရွှေကို စည်ဖောင်းပုံလုပ်၍ သီကုံးထားသော လည်ဝတ် တန်ဆာ။ **~သွတ်**၊ကြိ-စားဖွယ်ကို ကျက်နပ်အောင် မြဲ၍ ဟာရှည်ခံအောင် လေလုံသတ္တုဘူးတွင် ထည့်သည်။

စည့်၊န-စပါးကျီ။ **~စည့်**/စိစိ/ကြိဝိ-[ပေါ]ထွန်းလင်းတောက်ပလျက်။

စည်း[1]၊န-၁၊ပိုင်းခြားသတ်မှတ်ထားသော ခြံဝင်း အကာအရံ၊ အရေးအကြောင်း၊ နယ်နိမိတ်။ ၂၊ ကျင့်ဝတ်စည်းကမ်း။ ၃၊ သီဆိုတီးမှုတ်ရာတွင် အဖြတ်အရပ် ကန့်သတ်ပေးသော တူရိယာ။ ၄၊ တီးမှုတ်သီဆိုရာတွင် စည်းတူရိယာသံဖြင့် ကန့်သတ်ပေး သော အဖြတ်အရပ်။ ကြိ-ပစ္စည်းတို့ကို စု၍ ချည်သည်။ ချည်နှောင်သည်။ **~ကမ်း**၊န-လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်။ **~ကမ်းချက်**/စီးကန်းဂျက်/န-လိုက်နာစောင့်ထိန်းရမည့် အချက်အလက်။ **~ကုံး**/စီးဂုန်း/န-လှည်းသန်နှင့်လှည်းထမ်းပိုးကို ချည်တုပ်ရသော လွန်ကြိုး။ **~ကျိုး**၊ကြိ-တီးမှုတ်၊ သီဆို၊ ကခုန်ရာတွင် စည်းချက်မကိုက် ဖြစ်သည်။ **~ကြပ်**၊ကြိ-၁၊ကွပ်ကဲသည်။ ၂၊အခွန်အတုတ်ကို ကောက်ခံသည်။ **~ခေါင်း**/စီးဂေါင်း/န-ကောက်နိုက်အဖွဲ့၏ ခေါင်းဆောင်။ **~ချ**၊ကြိ-၁၊စည်းဖြင့် ပိုင်းခြားကန့်သတ်သည်။ ၂၊ပရိတ် စသည်ကို ရွတ်၍ စည်းဝိုင်းသတ်မှတ်သည်။ **~ချက်ဝါးချက်**/စီးဂျက်ဝါးဂျက်/န-သီဆိုတီးမှုတ်ရာတွင် စည်းဝါးဖြင့် ကန့်သတ်ပေးသော အဖြတ်အရပ်။ **~စုပ်**၊န-စည်းတူရိယာ။ **~ထုပ်ပစ်** /စီးဒုတ်ပျစ်/ န-၁၊တစ်ဦးကိုတစ်ဦး ခွစီး၍ ဝိုင်းဖွဲ့ပြီး စီးသူအချင်းချင်း အဝတ်ထုပ် ပစ်ဖမ်းကစားသော ကလေး ကစားနည်း။ ၂၊စည်းထုပ်ဖန်နှင့်အတူတူ။ **~ထုပ်ဖန်**/စီးဒုတ်ဖန်/န-အဝတ်ထုပ်ကို ခြေမကြားညှပ်၍ ကင်းမြီးကောက်ထောင်ကာ ပစ်လွှတ်ကစားသော ကလေးကစားနည်းတစ်မျိုး။ **~ပုံ** /စီးဗုန်/န-(ဦးခေါင်းထက်တွင် ဆံပင်စုစည်းထားသည့် ပုံလုပ်ထားသော) အမျိုးသမီးဦးခေါင်းစွပ်စရာ အဆင်တန်ဆာ။ **~ပြေးဝါးပြေး**/စီးဗျေးဝါးဗျေး/န-တီးမှုတ်၊ သီဆို၊ ကခုန်ရာတွင် ခပ်သွက်သွက်လိုက်၍ တီးသော စည်းနှင့်ဝါး။ **~ဖွဲ့**/စီးဗွဲ့/န-ကောက်လှိုင်းစည်းကြိုး။ ဖွဲ့ကြိုး။ **~မျဉ်း**၊ န- လူအများ စောင့်ရှောက်ထိန်းသိမ်းလိုက်နာရမည့် ကျင့်ထုံးကျင့်စဉ်။ **~ရိုး**၊န-အိမ်မြေ၊ ယာမြေစသည်တို့ကို သတ်မှတ်ထားသော အကာအရံ။ စည်းတန်း။ **~ရုံး**၊ကြိ-၁၊စုပေါင်းဖွဲ့စည်းသည်။ ၂၊မိမိအလိုသို့ ပါလာအောင် သိမ်းသွင်းသည်။ **~လေး**၊န-နရီစည်း ကို ခပ်ကျဲကျဲတီးသော စည်း။ **~လိုက်**၊ကြိ-သီဆိုတီးမှုတ်ရာတွင် စည်းကို အချက်ကျကျ တီးသည်။ **~လုံချည်**/စီးလုန်ချီ/န- ဖောက် ချည်ကို စည်းနှောင် ၍ ဆေးဆိုးပြီးမှ ရက်သော လုံချည်တစ်မျိုး။ **~လုံး**၊ကြိ-ညီညွတ်သည်။ ပူးပေါင်းသည်။ **~လွတ်ဝါးလွတ်**၊ကြိဝိ-၁၊စည်းဝါးနှင့် မကိုက်ညီဘဲ။ ၂၊[ဥပစာ] အထိန်းအချုပ် မရှိဘဲ။ **~ဝါးကိုက်**၊ကြိ-၁၊သီဆို တီးမှုတ်ရာတွင် စည်းဝါး ညီညွတ်သည်။ ၂၊[ဥပစာ] ညီညွတ်အောင် တိုင်ပင် ထားသည်။ **~ဝေး**၊ကြိ-စုရုံးတိုင်ပင်ကြသည်။ **~ဝိုင်း**၊န-၁၊ မျက်နှာပြင် တစ်ခုခုပေါ်တွင် စက်ဝိုင်းပုံ စည်းသားထားသော အကွက်၊ အပိုင်းအခြား။ ၂၊[ဥပစာ]ကန့်သတ်ထားသော အပိုင်းအခြား။ ဘောင်။ **~သား**၊ကြိ-အရေးအကြောင်း ရေးဆွဲပိုင်းခြားသည်။ /စီးသား/န-ကောက်စိုက်သမ အဖွဲ့ဝင်။ **~သွက်** /စီးသွက်/န-ခပ်သွက်သွက်တီးသော စည်း။

စည်း[2]၊ န- မြစ်ရေကျသောအခါ ကျန်နေခဲ့သည့် သဲသောင်။ **~ခုံ**/စီးဂုန်/န-၁၊မြစ်ရေကျသောအခါ ကျန်နေခဲ့သည့် သဲသောင်ခုံ။ ၂၊စေတီပုထိုး။ **~စိမ်** /စီးဇိန်/ န-၁၊သုံးဆောင် ခံစားစရာ ရွှေငွေစသော ပစ္စည်းဥစ္စာ။ ချမ်းသာမှု။ ၂၊နန်းစံနှစ်။ **~တန်း** /စီးဒန်း/ န-သဲသောင်တန်း။ **~တိမ်**/စီးဒိန်/န- မြစ်ရေတိမ်တိမ် လွှမ်းနေသောသဲသောင်။

စဏ္ဍာလ/စန်ဒါလာ/န-အမျိုးဇာတ် ယုတ်နိမ့်သောသူ။ (သုသာန်စောင့် စသည်။) [ပါ၊စဏ္ဍာလ]

စဏ္ဍီ/စန်ဒီ/န-ဟိန္ဒူနတ်သမီးတစ်ပါး၏ အမည်။ [သ၊စဏ္ဍိကာ]

စုဏ္ဏိယ၊န-စကားပြေ အရေးအသား။ [ပါ၊စုဏ္ဏိယ]

စိတ်[1]၊န-၁၊အာရုံကို သိတတ်သော သဘောတရား။ ၂၊ သဘောထား။ ၃၊ စွဲလမ်းချက်။ "သား ~နှင့်

မာတိကာသို့ ▶▶▶

http://www.lknt11.com

သေပြီ။" [ပါ၊စိတ္တ] ~ကူး၊ ကြိ–တွေးတောသည်။ ကြံစည်သည်။ န–အတွေးအတော။ အကြံအစည်။ စိတ်ကူး စိတ်သန်း။ ~ကူးပေါက်၊ကြိ–တွေးမိသည်။ အကြံရသည်။ ~ကူးယဉ်၊ကြိ–ဖြစ်ချင်သောအရာတို့ကို တွေးတောသည်။ ~ကောက်၊ ကြိ–အတွင်းကျိတ် မကျေမနပ် ဖြစ်သည်။ ~ကုန်၊ ကြိ–စိတ်ဝင်စား စွဲလမ်းမှု မရှိဖြစ်သည်။ ~ကြီး၊ ကြိ–အလွယ်တကူ မဖြေဖျောက်နိုင်အောင် ဒေါသပြင်းထန်သည်။ ~ကြီးဝင်၊ ကြိ–မိမိကိုယ်ကို အထင်ကြီးသည်။ ဘဝင်မြင့်သည်။ ~ကွက်၊ ကြိ– မူလသဘောထား ပြောင်းလဲကာ မကြည်မဖြူ ဖြစ်သည်။ ~ချ၊ ကြိ–တွေးတော ပူပန်စရာ မရှိဖြစ်သည်။ ယုံကြည်သည်။ ~ချလက်ချ၊ ကြိဝိ– ကြောင့်ကြပူပန်မရှိဘဲ။ စိတ်အေး လက်အေး။ ~စော၊ကြိ–အာရုံစိုက်မှု လွန်ကဲသည်။ လောကြီးသည်။ ~ဆိုး၊ ကြိ–အမျက်ထွက်သည်။ ဒေါသဖြစ်သည်။စိတ်ထွက်သည်။ ~ဆိုးမာန်ဆိုး/စိတ်ဆိုးမန်ခိုး/ကြိဝိ–ဒေါသတကြီး။ ~ဆောင်၊ကြိ–စိတ်အား တင်းထားသည်။ ~ဓာတ်၊န–ပြင်းထန် ကြီးမားသောစိတ်။ ~ညစ်၊ကြိ–စိတ်နှလုံး မသာမယာရှိသည်။ စိတ္တဇ / စိတ်ဒဇာ/ န– စိတ်ရောဂါ။ စိတ္တဇနာ။ စိတ္တဇရောဂါ။ [ပါ၊ စိတ္တဇ] စိတ္တဇနာမ်/–နန်/ န–[သဒ္ဒါ] စိတ်ဖြင့်သာ တွေးတော သိနိုင်သော နာမ်။ ~တူကိုယ်မျှ၊ကြိဝိ–အစစအရာရာ လိုက်လျောညီညွတ်စွာ။ ~တို၊ကြိ–သည်းခံစိတ်မရှိ။ စိတ်ဆိုးလွယ်သည်။ ~တင်း၊ကြိ–စိတ်ကို မလျှော့ဘဲ ထားသည်။ ~တိုင်းကျ၊ကြိ–အလိုဆန္ဒနှင့် ကိုက်ညီသည်။ အကြိုက်ဖြစ်သည်။ စိတ္တုပ္ပါဒ်/စိတ်တုတ်ပတ်/ န–ဖြစ်ပေါ်လာသောစိတ်၊ စေတသိက်။ [ပါ၊စိတ္တုပ္ပါဒ] ~တမ်း၊ကြိ–မျှော်မှန်းတမ်းတသည်။ ~တွေ့၊ ကြိ–သဘောကျသည်။ ~တွက်၊န–စိတ်ဖြင့်သာ ပေါင်း၊ နုတ်၊ မြှောက်၊ စားရသော သင်္ချာတွက်နည်း။ ~ထ၊ ကြိ–၁၊ဒေါသဖြစ်သည်။ ၂၊(စိတ္တဇဝေဒနာရှင်) စိတ်ဖောက်ပြန်သည်။ ~ထား၊န–သဘောထား။ စိတ်အမူအကျင့်။ ကြိ–သဘောထားသည်။ ~ထောင်း၊ ကြိ–စိတ်ပူပန်မှု လွှမ်းမိုးနှိပ်စက်သည်။ ~ဓာတ်၊ န–စိတ်သဘောထား။ ~နာ၊ကြိ–မကျေနပ်မှု ပြင်းထန်သည်။ နာကြည်းသည်။ အသည်းနာသည်။ ~နု၊ ကြိ–၁၊သဘောထား ပျော့ညံ့သည်။ ၂၊သဘောထား သေးသိမ်သည်။ ~နေမြင့်၊ ကြိ–သွေးကြီးသည်။ ~နောက်၊ကြိ–၁၊ရှုးသည်။ ၂၊စိတ်မကြည်မလင်ဖြစ်သည်။ ~နောက်ကိုယ်ပါ/စိတ်နောက်ကိုဗာ/ ကြိဝိ–စိတ်အလိုသို့ လိုက်လျက် မဆင်မခြင်ဘဲ။ ~နှစ်ခွ/စိတ်နှခွာ/ န–သို့လော သို့လော ဖြစ်လျက် မဆုံးဖြတ်နိုင်ခြင်း။ ~ပညာ/စိတ်ပျင်ညာ/ န–လူ့စိတ်ကို လေ့လာသော အတတ်။ ~ပါ၊ ကြိ–စိတ်ဝင်စားသည်။ ~ပါလက်ပါ၊ကြိဝိ–အထူးတလည် စိတ်ဝင်စားစွာ။ စိတ်ရော ကိုယ်ပါ။ ~ပူ၊ကြိ–ကြောင့်ကြသည်။ စိုးရိမ်သည်။ ~ပေါက်၊ကြိ–၁၊စိတ်ထား ယမ်းပုံတစ်ရာ ဖြစ်ပေါ်သည်။ ၂၊စိတ်ဆိုးသည်။ ~ပျိုကိုယ်နု၊န–စိတ်နုပျိုနေသဖြင့် ကိုယ်ခန္ဓာနုနယ်နေခြင်း။ ~ပျက်၊ ကြိ–လုပ်ကိုင်လိုသော ဆန္ဒကုန်ဆုံး ပျောက်ပျက်သည်။ ~ပျက်လက်ပျက်၊ ကြိဝိ–အလွန် စိတ်ပျက်လျက်။ ~ပြေလက်ပျောက်၊ ကြိဝိ–စိတ်ခံစားမှု တစ်ခုခု ပြေပျောက်စေရန်။ ~ဖောက်ပြန်၊ ကြိ–စိတ်အခြေအနေ မမှန်။ ရူးသည်။ ~မကောင်း၊ ကြိ–၁၊ စိတ်မချမ်းမသာ ဖြစ်သည်။ ၂၊ရူးသည်။ ~မကျေမွဲ/စိတ်မကျေမွဲ/ န–စိတ်မကျေနပ်သဖြင့် နောက်တစ်ကြိမ် ထပ်မံ ယှဉ်ပြိုင်မှု။ ~မနှံ၊ကြိ–စိတ်မမှန် ဖြစ်သည်။ ~များ၊ကြိ–စိတ်အာရုံ များသည်။ ကြောင့်ကြမှု များပြားသည်။ ~မြန်လက်မြန်၊ ကြိဝိ–မစဉ်းမစား အဆောတလျင်။ ~မှူးပေါက်၊ ကြိ–ထင်ရာမြင်ရာကို လုပ်လိုသော ဆန္ဒဖြစ်သည်။ ~ရောဂါ၊န–၁၊စိတ်ကြောင့် ဖြစ်သော ရောဂါ။ ၂၊ ရူးသွပ်သောရောဂါ။ ~ရင်း၊န–ပင်ကိုမူလ စိတ်သဘောထား။ ~ရှိလက်ရှိ၊ ကြိဝိ–အလိုရှိသလောက်။ အားရပါးရ။ ~ရှည်/စိတ်ယှေ/ ကြိ–သည်းခံနိုင်သည်။ ဖွဲကောင်းသည်။ ~လိုလက်ရ၊ ကြိဝိ–လိုလိုလားလား။ ~လိုက်မာန်ပါ /စိတ်လိုက်မန်ဗာ/ ကြိဝိ– ဒေါသအလျောက်။ ~လည် /စိတ်လယ်/ကြိ–ပြန်လည်၍ စိတ်ဝင်စားလာသည်။ ~လုံ၊ကြိ–မိမိကိုယ်မိမိ သက်သာကင်းသည်။ ယုံမှား သံသယ ကင်းသည်။ ~လျှော့ /စိတ်ယှော့/ ကြိ–၁၊စိတ်မာန်ကို လျှော့နည်းစေသည်။ ၂၊ အားထုတ်မှုကိုရပ်တန့်သည်။ လက်လျှော့သည်။ ~ဝမ်း/စိတ်ဝမ်း၊ စိတ်ဝန်း/ န–စိတ်နှလုံး။ စိတ်သဘော။ ~ဝမ်းကွဲ/–ကွဲ/ကြိ–စိတ်သဘောချင်း ကွဲပြားသည်။ စည်းလုံးညီညွတ်မှု မရှိဖြစ်သည်။ ~သန္တာန် / စိတ်သန်တန်(ဒန်)/ န–စိတ်အစဉ်။ ~အေး၊ ကြိ–စိတ်ချလက်ချဖြစ်သည်။ ~အေးလက်အေး၊ ကြိဝိ–ပူပင်ကြောင့်ကြမှုကင်းစွာ။ ~အိုက်၊ကြိ–စိတ်ဝေခွဲမရ ဖြစ်သည်။ စိတ်ရှုပ်သည်။

စိတ် ²၊ကြိ–ခွဲခြမ်းသည်။ န–တစ်တင်း၏ လေးပုံတစ်ပုံ။ ~စေး၊ကြိဝိ–[ပေါ]စေ့စပ်သေချာစွာ။

စုတ် ¹၊ကြိ–၁၊စက္ကူ၊ အဝတ်စသည် ကွဲပြတ်သည်။ ၂၊နုံချာသည်။ ~ပဲ့၊ကြိ–၁၊ညံ့ဖျင်းနုံချာသည်။ ၂၊ယုတ်ညံ့သည်။

စုတ် ²၊ ~တံ၊န–၁၊အမွှေးအမှင်တို့ကို စုစည်းပြုလုပ်

http://www.lknt11.com ...

ထားသော ပန်းချီဆွဲသည့် ကိရိယာ။ ၂။မင်ကြောင် စသည် ထိုးနှံသော အသွားခွဲစိတ်ထားသည့် သံချွန်။ **~ချွန်းချွန်း**/စုတ်ချွန်းချွန်း/နဝိ–ပိန်ကြုံ ညစ်နွမ်းသော။ **~စုတ်လန်**၊ကြိ–(ချဉ်ရာ၌)အလွန်အကြူးဖြစ်သည်။ **~ထိုး**[၁]၊ကြိ–ဆေးမင်ရည်ကို စုတ်ဖြင့် ကိုယ်တွင် ထိုးနှံသည်။

စုတ်[၄]၊န–[ဗေဒင်]၁၊ကောင်းသောလက္ခဏာများ စုံသော ကာလအပိုင်းအခြားတစ်မျိုး။ ၂။ရဖွယ်ရှိသော လင်၊ မယား။ နှစ်သက်မြတ်နိုးအပ်သောအရာ။ [သ၊ ယုဂ]

စုတ်[၅]၊ကြိ–ဂါထာ၊ မန္တန်တို့ကို အထပ်ထပ်ရွတ်ဆိုသည်။ **~ထိုး**[၂]၊ကြိ–(အိမ်မြှောင်) စုတ်စုတ်ဟူသော အသံကို ပြုသည်။ **~သပ်**၊ ကြိ–၁၊(သနားမှု၊ နာကျင်မှု စသည်တို့ ဖြစ်ပေါ်သောအခါ) ပါးစပ်မှ 'ကျွတ်' 'ကျွတ်' 'ကျွတ်'ဟူသော အသံပြုသည်။ ၂။(လှုပ်ရှားရုန်းကန်နေသော နွား မြင်း စသည်ကို ရပ်တန့်သွားစေရန် ချော့သည့်အနေဖြင့်) 'ကျွတ်' 'ကျွတ်' ဟူသော အသံပြုသည်။

စုတ်[၆]၊ကြိ–[ရှေး] ရှေ့သို့ဖွတ်တိုးသည်။

စန္ဒကူး/စန်ဒဂူး/န–အနံ့စံ့သောပင်တစ်မျိုး။ [ပါ၊ စန္ဒန+ကုလ]

စန္ဒရား/စန်းဒယား/န–ခလုတ်ခုံပါသော ကြိုးတပ် သံစုံတူရိယာ။ [သ၊ယန္တြ]

စန္ဒာ၊န–မိုးကောင်းကင်ရှိ လ။ [ပါ၊စန္ဒ]

စန္ဒြကန်/စန်ဒရကန်/န–[ကျမ်းဂန်] လရောင်ကြောင့် အရည်အသွေးတက်သော ကျောက်မျက်တစ်မျိုး။ [သ၊စန္ဒြကာန္တ]

စန္ဒြမာသ/စန်ဒရာမာသာ/န–ကမ္ဘာကို လက တစ်ပတ်ပတ်မိရန် ကြာမြင့်သော ကာလကို မှတ်ည၍ တွက်ချက်သော လ။ (သူရိယမာသ လည်းရှု) [သ၊စန္ဒြမာသ]

စန့်၊ကြိ–၁၊ကွေးကောက်နေရာမှ ဖြောင့်စင်းသွားသည်။ ၂။[ဗန်း] သေသည်။ **~စန့်ရန့်ရန့်**၊ ကြိဝိ–ညီညွတ်ပြေပြစ် ဖြောင့်တန်းစွာ။ စန့်စန့်။

စန်း၊န–၁၊မိုးကောင်းကင်ရှိ လ။ ၂။[ဗေဒင်] ဇာတာခွင်တွင် (၂)ဂဏန်းဖြင့် ဖော်ပြထားသော တနင်္လာဂြိုဟ်။ ၃၊အကျိုးပေးသည့်ကံ။ [ပါ၊စန္ဒ] **~တင်**/စန်းတင်/ ကြိ–ချီးမြှောက်ပြောဆိုသည်။ **~ထ**၊ကြိ–ကံကောင်းသည်။ ခေတ်ကောင်းသည်။ **~ပွင့်**၊ကြိ–လူချစ်လူခင်များသည်။ ထင်ပေါ်သည်။ **~ယှဉ်နက္ခတ်**၊န–လပြည့်ဝန်းနှင့် ယှဉ်သော နက္ခတ်။

စိန်[၁]၊န–၁၊အမာဆုံး အဖိုးတန်ကျောက်မျက်။ ၂။ကိစ္စတစ်ခုတစ်ရာ ဆောင်ရွက်ရာတွင် သဘောတူညီချက်ကို အခိုင်အမာပြသော စကား။ [ပါ၊ဝဇိရ] **~ခေါ်**၊ ကြိ–ယှဉ်ပြိုင်ရန် ဖိတ်ခေါ်သည်။ **~ခြယ်**၊န–အဝါရောင်၊ အဝါညိုကျားရောင် ပွင့်သော ရာသီပန်းပင် တစ်မျိုး။ **~တံချူ**/စိန်ဒံဂျူ/န–၁၊ပစ္စည်း တစ်စုံ တစ်ရာကို ဆွဲချူ ခိုးယူရာတွင် သုံးသော တံချူ။ ၂။ခေါင်းလောင်းပုံ အပွင့်ဝါပွင့်သော အပင်တစ်မျိုး။ **~ထောင်**/စိန်ဒေါင်/န–ကျောင်း၊ ဇရပ်၊ မောက်ရူ၊ မောက်တို စသည်တို့တွင် သစ်ရွက်များ ထောင်နေ သကဲ့သို့ ပြုလုပ်ထားသော အပြောက်အမွှမ်း။ **~နားပန်**/စိန်နဗန်/န–နားကပ်နှင့်ဆင်တူသော ပန်းပွင့်သည့် ချုံပင်။ **~ပေါက်**၊ကြိ–ဓားငယ်ဖြင့်ခွဲ၍ သွေးထုတ်သည်။ /စိန်ဖောက်/ န–ရှပ်အင်္ကျီတွင် စိန်ကြယ်သီး စသည်တပ်ရန် ဖောက်ထားသော ကြယ်သီးပေါက်။ **~ပန်း**/စိန်ဗန်း/န–၁၊မိုးဦးကျတွင် အဝါ၊ လိမ္မော်၊ အနီရောင် အပွင့်များ ပွင့်လေ့ရှိသော လမ်းဘေးစိုက် သစ်ပင်ကြီး။ ၂။အဝါ၊ နီဝါပွင့်များ တစ်နှစ်ပတ်လုံးမျှ ပွင့်သော ဆူးရှိအပင်ငယ် တစ်မျိုး။ **~ပြေးတမ်း** /စိန်ပြေးဒန်း/န–စိန်ဟုခေါ်၍လိုက်တမ်း ပြေးတမ်း ကစားခြင်း။ **~ပြောင်း**/စိန်ဗျောင်း/န–ကျည်သွားလမ်း မြင့်သောလက်နက်မျိုး။ **~ဖူး**/စိန်ဖူး/န–ထီးတော်၏ အထက် ထေတီ ထိပ်ဖျားရှိ အဖူးသဏ္ဌာန် အစိတ်အပိုင်း။ **~ရတု**/စိန်ယဒု/န–နှစ်ဖြမြောက် နှစ်လည် အခါသမယ။ [လိပ်ပြန်၊ **diamond jubilee**]

စိန်[၂]၊န–အဆိပ်ပြင်းသော သတ္တုကြွပ်တစ်မျိုး။ [ပါ၊ စိန] **စိန္နဘော်**/စိန်န(ဒ)ဖော်/န–အဒူ၊ အမြစ် ဆေးဖက်ဝင်သော နွယ်ပင်တစ်မျိုး။ [ပါ၊စိန +မြန်၊ ပေါ်] **~နီမြင်းသွား**/စိန်နီမျင်းသွား/န–အဆိပ် စိန် တစ်မျိုး။

စိန္တာမဏိ၊နဝိ–စိတ်ကြံသမျှ အလိုရှိရာကို ပေးနိုင်စွမ်းသော (ပတ္တမြား၊ မန္တန်)။ [ပါ၊စိန္တာမဏိ]

စိန္တာမယဉာဏ်/စိန်တာမယာညန်/န–မိမိဘာသာ တွေးတောကြံဆ၍ သိသောဉာဏ်။ [ပါ၊စိန္တာမယ +ဉာဏ]

စိန္တိတကထာ/စိန်တိတာ့ကထာ/န–[ခေတ်ကုန်၊သချာ] သီအိုရမ်။ [ပါ၊စိန္တိတ+ကထာ]

စိန္တေယျာ/စိန်ဒေယာ/န–**အစိန္တေယျ**နှင့်အတူတူ။ [ပါ၊ အစိန္တေယျ]

စိန့်တိုင်း၊န–တရုတ်ပြည်ကို ရှေးကခေါ်သောအမည်။ [ပါ၊စိန+မြန်၊တိုင်း]

စိန်းစိန်းကြည့်/စိန်းဇိန်းကျီ/ကြိ–စူးစူးစိုက်စိုက်ကြည့်သည်။

စိန်းစိန်းဝါးဝါး/စိန်းဇိန်းဝါးဝါး/ကြိဝိ–စူးစူးစိုက်စိုက် (ကြည့်သည်)။

မာတိကာသို့ ►►►

စုန်၊ကြိ–အထက်မှ အောက်သို့သွားသည်။ ဆင်းသည်။

စုန့်၊ကြိ–မိုမောက်သည်။ ရှုကြွတက်သည်။

စုန်း၊န–ပြုစားတတ်သည်ဆိုသော လောကီအတတ်ပညာသည်။ နဝိ–အရောင်တောက်သော။ "မီး–။ ပိုး–ကြူး။" **~တောက်**၊ကြိ–ညအခါ စုန်းများ မီးတို့ ပညာစွမ်းဖြင့် အလင်းရောင် ထုတ်လွှတ်သည်။ **~ပြူး**၊ကြိ–၁၊အများနှင့်မတူ တစ်မူကွဲလွဲ ဖောက်ပြန်သည်။ ၂၊ပဲစေ့ကို ရေစိမ်ရာတွင် မပွဘဲနေသည်။

စပ်[1]၊နဝိ–၁၊ငရုတ်သီး၏ အရသာမျိုးရှိသော။ ၂၊ပူလောင်နာကျင်၍ မခံသာဖြစ်သော။ **~ရှားရှား**၊ကြိဝိ–အရသာ အနည်းငယ် ပူလောင်ဆိုးရှားလျက်။ **~ရှိန်းရှိန်း**၊ကြိဝိ–အရသာ အနည်းငယ် ပူစပ်လျက်။ **~သီး**၊န–ငရုတ်သီး။

စပ်[2]၊ကြိ–၁၊ပူးကပ်သည်။ "နယ်ချင်း ~လျက်တည်၏။" ၂၊ပေါင်းသည်။ ရောသည်။ ၃၊သက်ဆိုင်သည်။ "သူနှင့် ~သမျှ ပြောပါ။" ၄၊(အမျိုး)ဟော်သည်။ "ဆွေမျိုး ~–။" ၅၊စိုက်ပျိုးဖွံ့ဖြိုးသည်။ ၆၊(အရောင်း အဝယ်ကိစ္စ၊ အိမ်ထောင်ရေးကိစ္စ စသည်အတွက်) အဆက်အသွယ် ပြုလုပ်သည်။ န–၁၊ရှေးဟောင်း မြန်မာလည်းဘီးတွင် အလယ်ဗဟို 'မ'နှင့် တွယ်ကပ်ရသော စက်ဝိုင်းခြမ်းပုံ ပျဉ်နှစ်ခု၏ အမည်။ ၂၊လှေနံအထက်ပိုင်းတွင် ကပ်ရိုက်ထားသော ပျဉ်ချပ်။ **~ကူးမကူး**/စက်ကူးမာကူး/န–ချပ်ဘီး လုပ်ရာ၌ စပ်နှင့် မ အကူးအဆက်။ **~ကူးမပ်ကူး**၊န–ခေတ်၊ ကာလ တစ်ခုနှင့်တစ်ခုအကြား ကာလ။ အကူးအပြောင်း ကာလ။ **~ကျ**၊ကြိ–အမျိုးမတူသူ နှစ်ဦးပေါင်းသင်းရာမှ ပေါက်ဖွားသည်။ **~စု**၊ကြိ–သိသင့်သည်ထက်ပို၍ မေးမြန်းစုံစမ်းသည်။ **~ဆောင်**၊န–အခန်းသေးအလှာများကို စပ်ချုပ်ထားသော ဆောင်။ **~စပ်**၊ကြိဝိ–၁၊[ပေါ]မှုချ။ စေကန်။ သေသေချာချာ။ တိတိကျကျ။ ၂၊ထောင့်များ အနားများ ညီညာစွာ ထိစပ်လျက်။ "လေးထောင့်~။" ၃၊ ရေ၊ အရည် အနည်းငယ်ရှိလျက်။ "ရေ~" ၄၊(အနီရောင်၊ အဖြူရောင် စသည်) ပါဝင်လျက်။ ၅၊နေရာတကာတွင် ဝင်ရောက်စွက်ဖက်တတ်လျက်။ **~ဆရာ**၊န–ဘုန်းကြီးပျံ့ လောင်တိုက်၊ တလား စသည်ကို ပြုလုပ်သောသူ။ စပ်သမား။ **~တူ**၊န–အတူတကွ တွဲဖက် လုပ်ကိုင်ခြင်း။ **~ထုံး**၊န–ရှေးပညာရှိတို့ အစဉ်အလာ စပ်ဆို ခဲ့ဖူးသော အပင့်အရစ် အသတ်အလတ် စသည်။ **~ပညာ**/စက်ပျင်ညာ/န–ဘုန်းကြီးပျံ့ လောင်တိုက်၊ တလား စသည်ကို ပြုလုပ်သော အတတ်ပညာ။ **~ဖြိုဖြို**/စက်ဖိုဖို/ကြိဝိ–မျက်နှာအမူအရာ ပြောင်ချော်ချော် နောက်တောက်တောက်။ **~ယှက်**၊ကြိ–၁၊ဆက်ဆံသည်။ ဆက်သွယ်သည်။ ၂၊ကာမ ဆက်ဆံသည်။ **~လျှဉ်း** / စက်လုယင်း / ကြိ–အကြောင်း ဆက်စပ်သည်။ ဆက်နွယ်သည်။ **~လှည်း**/စက်လှဲ/န–ဘီးကို ပျဉ်ချပ်စပ်၍ လုပ်သော လှည်း။ (ဒေါက်လှည်းလည်းရှု) **~ဟပ်**၊ကြိ–၁၊ ဖက်တွဲသည်။ ပူးယှဉ်သည်။ ၂၊စိုက်ပျိုးဖွံ့ဖြိုးသည်။ ၃၊ (အကြောင်းကိစ္စ တစ်စုံတစ်ရာအတွက်) အဆက်အသွယ်ပြုသည်။

စပ်[3]၊န–ရှေးခေတ်က ရာဇဝတ်သားများကို သွင်းလှောင်ရာ နှောင်အိမ်။

စိပ်[1]၊နဝိ–မကျဲသော။

စိပ်[2]၊ကြိ–၁၊ရွတ်မန်းသည်။ ၂၊ပုတီးတစ်လုံးချင်း မှတ်သားလျက် ဘုရားဂုဏ်တော် စသည်ကို အာရုံပြုပွားများသည်။ **~ပုတီး**/စိတ်ဗဒီး/န–စိပ်ရန် ပုတီး။

စုပ်၊ကြိ–၁၊လျှာနှင့် နှုတ်ခမ်းတို့ကို အသုံးပြု၍ အရည် စသည်ကို ပါးစပ်တွင်းသို့ ရှုပ်သွင်းသည်။ ၂၊မှုလိဝက်အူစသည်ကို လှည့်ရစ်၍ မြဲမြံအောင် လုပ်သည်။ **~စုပ်မြုပ်**/စုတ်စာမျုတ်စာ/ကြိဝိ–မြုပ်ကွယ် သွားသည့် အစအနမျှ။ **~စုတ်**၊ကြိဝိ–နစ်မြုပ်ကွယ်ပျောက်လျက်။

စမ္ပာ၊န–စံကားပင်၏ အနှစ်၊ အမြစ်။ [ပါ၊ စမ္ပက]

စမ္မခဏ်/စမခန်/န–၁၊သားရေနယ်အခင်း။ ၂၊ဘုရားဆင်းတုတော်အောက်ခံ ပလ္လင်။ [ပါ၊စမ္မခဏ္ဍ]

စမ္မခန်း/စမခန်း/န–[ဗေဒင်] မွေးနေ့နှင့်အညီ သတ်မှတ်ရသော နက္ခတ်။ [သ၊ ဇန္မခဏ္ဍ]

စမ်း[1]၊န–ရေ အမြဲ စိမ့်ယိုစီးထွက်ရာနေရာ။ **~စလုတ်**/စန်းဇလုတ်/န–စမ်းရေကျ၍ ဖြစ်ပေါ်သော ကျင်း။

စမ်း[2]၊ကြိ–အခြေအနေ၊ အရည်အချင်း စသည်ကို သိရန် ထောက်ဆကြည့်သည်၊ ထိတွေ့ကြည့်သည်။ အခြေအနေကို သိနိုင်ရန် လက်တွေ့ ဆောင်ရွက်ကြည့်သည်။ စည်း–[အပြော] တိုက်တွန်းပြောဆိုရာ၌ ကြိယာကို ပိုမိုလေးနက်အောင် ထောက်ပံ့သော စကားလုံး။ **~တဝါးဝါး**၊ကြိဝိ–မတိကျ မသေချာဘဲ။ မပိုင်မနိုင်။ **~ဝါး**၊ကြိ–တွေးကြံ မှန်းဆသည်။ **~သပ်**၊ကြိ–ဘာစ်ခုံတစ်ရာဖြင့် ထိတွေ့၍ သိရအောင် လုပ်သည်။ အခြေအနေကို သိနိုင်ရန် လက်တွေ့ ဆောင်ရွက်ကြည့်သည်။

စိမ်၊ကြိ–ရေတွင်ဖြစ်စေ၊ အရည်တွင်ဖြစ်စေ နှစ်ထားသည်။ ကြိဝိ–ကြာရှည်စွာ။ "အလုပ်ကို ~လုပ်နေလျှင် ပြီးနိုင်မည်မဟုတ်။" **~ပြေနပြေ**/စိန်ပြေနပြေ/ကြိဝိ– အေးအေးဆေးဆေး။ **~ရေကွက်**/စိန်ယေဂွက်/န–ကိုယ်ရေပြားရောဂါတစ်မျိုး။ **~ရေသင့်**၊ကြိ–ရတနာသုံးပါး၊ မိဘ၊ ဆရာစသော ရှိသေထိုက်သူကို မရှိမသေပြုမိသောကြောင့် မကောင်းကျိုး

http://www.lknt11.com

ကို ခံစားရသည်။ ~ရည်/စိန်ယီ၊ စိန်ယေ/န-ကစော်ရည်။ စိမ့်ပင်။

စိမ့်[၁]။ကြိ-(အရည်၊အအေးဓာတ်) တဖြည်းဖြည်း ထွက်သည်၊ ဝင်သည်။ န-၁။စေးစိမ့်ထွက်ရာ စိုစွတ်သော အရပ်။ ၂။စိမ့်ရေဖြင့် တောချုံပေါက်သောအရပ်။ **~ရေး**။ကြိ-[ပေါ] တည်ကြည်ငြိမ်သက်သည်။ **~ဝင်**။ ကြိ-၁။ဆီ၊ ရေ စသည် မြေကြီး၊ သဲစသည်အထဲသို့ တဖြည်းဖြည်း ဝင်သွားသည်။ ၂။ခံယူချက်၊ သဘောတရား စသည် တဖြည်းဖြည်း သက်ဝင်သည်။

စိမ့်[၂]။စည်း-အလုပ်ကိစ္စပြီးမြောက်စေမည့် အဖြစ်ကို ပြသည့် စကားလုံး။ စေအံ့။ စေမည်။

စိမ်း။နဝိ-မြရတနာ၊ မြက်တို့၏ အရောင်မျိုး ဖြစ်သော။ ကြိ-၁။(အသီးအနှံ) မမှည့်သေးသော အနေတွင် ရှိသည်။ ၂။(သစ်ဝါး) မခြောက်သေးသော အနေတွင် ရှိသည်။ ၃။(ဟင်းလျာ)မကျက်သေးသော အနေတွင် ရှိသည်။ ၄။အကျွမ်းဝင်မှု၊ ရင်းနှီးမှု မရှိဖြစ်သည်။ ၅။ မချစ်ခင်၊ မငဲ့ကွက်၊ ပစ်ပယ်သည်။ **~ကား**/စိန်းဂါး/ကြိ-ချစ်ခင်တွယ်တာခြင်း၊ ငဲ့ညှာထောက်ထားခြင်း အလျှင်းကင်းသည်။ **~စားငါးပိ**/စိန်းစားငပိ/န-ငွေးပုစွန်၊ မှျင်တို့ကို ဆားနယ်၍ ညက်အောင် ထောင်းထားသော ငါးပိတစ်မျိုး။ **~စားဥ**/စိန်းစားအု/န-ပဲစိမ်းစားဥ။ **~ဆတ်ဆတ်**/စိန်းဇတ်ဇတ်/ကြိဝိ- မနူးမနပ် မပျော့မပျောင်း။ **~ဆွဲ**။ကြိ-[ပေါ] ခင်မင်ရင်းနှီးမှု မရှိ။ အကျွမ်းမဝင်။ **~မန်မန်**/စိန်း ပန့်ဗန့်/န-စိမ်းပျော့သောအရောင်။ **~ရွှေရွှေ**။ကြိဝိ-ဘိန်းစိမ်းအနံ့ကဲ့သို့ အနံ့ရှိလျက်။

စိမ်းကော။ကြိ-စဉ်းကောနှင့် အတူတူ။

စုံ။ကြိ-အကြွင်းအကျန်မရှိ။ အပြည့်အဝဖြစ်သည်။ သေသည်။ စုံလင်သည်။ န-၁။သစ်ပင်ချုံနွယ်များ ထူထပ်စုံလင်စွာ ပေါက်ရာတော။ ၂။[ပေါ]တော။ ၃။နှစ်ခု၊ နှစ်ကောင်၊ နှစ်ယောက်ဖြစ်သော အရေအတွက်။ ၄။၂နှင့် စား၍ ပြတ်သောကိန်း။ စည်း-လိုအပ်သော အရေအတွက်စေ့ခြင်းကို ပြသော စကား။ **~ကန်**/စုန်ကန်/ကြိ-၁၊ ခြေထောက်နှစ်ချောင်းဖြင့် ကန်သည်။ ၂။[ဥပစာ] ငဲ့ကွက်ထောက်ထားခြင်း မရှိဘဲ စွန့်ခွာသွားသည်။ **~စီနဖာ**/စုန်စိနဖာ/ န-တိုလီမိုလီ။ ဗူလိနတ်စ။ **~စမ်း**/စုန်စန်း/ကြိ-အခြေအနေကိုသိရအောင် မေးမြန်းထောက်လှမ်းသည်။ **~တွဲ**/စုန်ဒွဲ/န-၁။ယှဉ်ဖက်နေသော အရာနှစ်ခု။ ၂။မိန်းမနှင့် ယောကျ်ား နှစ်ဦးပေါင်း။ **~ထောက်**/စုန်ဒေါက်/န-စုံစမ်းထောက်လှမ်းသူ။ **~ပင်လယ်**။န-အိမ်တိုင် ခြောက်လုံးတွင် အရှေ့မြောက်ထောင့်ရှိ တိုင်၏ အမည်။ **~မက်**။ကြိ-ထိမ်းမြားသည်။ ပေးစားသည်။ **~မက်**။ကြိ-ချစ်သည်။ နှစ်သက်သည်။ မြတ်နိုးသည်။ **~မြိုင်**။န-၁။သစ်ပင်ကြီးများ ထူထပ်အုပ်မိုး နေသောတော။ ၂။[ပေါ] တော။ **~ရေမက်ရေ**။ကြိဝိ-နှစ်သက်စွာ။ **~ရေမျက်မြိုး**။ကြိဝိ-နှစ်နှစ်ခြိုက်ခြိုက်။ လိုလိုချင်ချင်။ **~ရယ်**/စုန်ယတ်/ကြိ-ခြေနှစ်ချောင်း ပူးယှဉ်လျက် ရပ်သည်။

စုံပတက်/စုန်ဗဒတ်/န-တနင်္သာရီဒေသတွင် ပေါက်သော အနံ့ပြင်း ပိန္နဲတစ်မျိုး။ [မွန်၊စမ္ပဒ္ဒာက်]

စုံးစုံးမြုပ်/စုန်းစုန်းမျုတ်/ကြိ-လုံးဝမပေါ်ဘဲ နစ်မြုပ်သွားသည်။

စွ။စည်း-လွန်ကဲသော အနက်ကိုပြသည့် စကားလုံး။ "ကောင်းလေ ~။"

စွာ။ကြိ-၁။ပိုသည်။ ကဲသည်။ ၂။သူတစ်ပါးအပေါ် ရန်လိုစိတ်ဖြင့် ပြောဆိုပြုမူသည်။ စည်း-ကြိယာ၊ နာမဝိသေသနကို ကြိယာဝိသေသနဖြစ်အောင် ဆက်သုံးသော စကားလုံး။ "ချစ်ခင် ~။ ပြင်းထန် ~။" **~ကျယ်စွာကျယ်**/စွာဂျယ်စွာဂျယ်/ကြိဝိ-စကားကို မောက်မာကျယ်လောင်စွာ ပြောလျက်။ စွာလောင် စွာလောင်။

စွေ[၁]။ကြိ-အနည်းငယ်စောင်းသည်။

စွေ[၂]။ကြိ-(မိုး) အဆက်မပြတ်ရွာသည်။

စွေ့။န-၁။နုတ်သီးချွန်သော ရှဉ့်ငယ်တစ်မျိုး။ /ဇွေ့/ ၂။အရောင်ညိုမွဲ၍ အမြီးအလွန်ရှည်သော ငှက်တစ်မျိုး။ **~ခနဲ**/ဇွေ့ဂနဲ/ကြိဝိ-ရုတ်ခြည်း။ ဖျတ်ခနဲ။ "~မ-။" **~စွေ့**/ဇွေ့ဇွေ့/ကြိဝိ-ကြွကြွရွရွ။

စွေးစွေး/ဇွေးဇွေး/ကြိဝိ-အသွေးအရောင် ဟောက်ပ စိုပြည်လျက်။ "နီ ~။"

စွဲ။ကြိ-၁။မြဲမြံစွာတည်နေသည်။ ၂။စူးဝင်တည်နေသည်။ "သံ ~နေပြီ။" ၃။လွန်စွာ တွယ်တာသည်။ ၄။ ကိုင်ဆောင်သည်။ ၅။အခြေခံသည်။ "အကြောင်းကို ~၍ အကျိုးဖြစ်သည်။" ၆။တစ်စုံတစ်ခုသော အခြေ အနေသို့ ရောက်သည်။ "နံပါတ်တစ် ~ သွားပြီ။" ၇။ယိုးစွပ်သည်။ ကြိဝိ-အမြဲ။ စွဲစွဲမြဲမြဲ။ "ဤဆေးကို ~စားပါ။" **~ကြိုး**/စွဲကြိုး/န-ကန့်ကြိုးနှင့်အတူတူ။ **~ချက်**/စွဲဂျက်/န-တရားရုံးတွင် တင်သွင်းသော တရားစွဲသည့် အကြောင်းအရာ။ **~ဆို**။ကြိ-တရားစွဲသည်။ **~မက်**။ကြိ-နှစ်သက် ခင်တွယ်သည်။ **~လမ်း**။ ကြိ-လွန်စွာတွယ်တာသည်။

စွံ။ကြိ-၁။ကုန်ပစ္စည်း ရောင်းရသည်။ ၂။ကျေးဇူး ဖြစ်ထွန်းသည်။ နေရာကျသည်။

စွက်။ကြိ-၁။အနည်းငယ်ဖြည့်သည်။ ၂။သူတစ်ပါးကိစ္စတွင် ဝင်ရှုပ်သည်။ စွက်ဖက်သည်။

စွင့်။ကြိ-၁။မြင့်သည်။ မတ်သည်။ ၂။(နားဖြင့်) အာရုံ

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

စိုက်သည်။

စွတ်[၁]။နေ–ဘီးမတပ်ဘဲဆွဲယူရသော ဝန်တင်စရာ။ စွတ်ဖား။ **~ကြောင်း**။နေ–စွတ်ဖား၊ သစ်တုံးစသည်တို့ကို ဆွဲသွားရာတွင် ထင်၍ကျန်ခဲ့သော လမ်းကြောင်း။

စွတ်[၂]။နဝိ–(ရေ)စိုသော။ **~စွတ်နာ**။နေ–လျှာနာခွာနာရောဂါ။

စွတ်[၃]။ကြိဝိ–သင့်မသင့် ရာမရာ မဆင်ခြင်ဘဲ တစ်သမတ်တည်း။ **~ကယ်စွတ်ကယ်**။ကြိဝိ–ခုတင်ခု။ ခဏခဏ။ **~စွတ်ရွတ်ရွတ်**။ကြိဝိ–ဟစ်စွတ်ယိုး။

စွတ်ကပါဓိ နပါဓိ။နေ–နောက်ပစ်ထားသော ကျောက်ချပ်ထဲသို့ ခဲငယ်ယည့်ကာမြေးစေသော ကလေးကစားနည်းတစ်မျိုး။ [ထိုင်း၊?]

စွန်[၁]။နေ–၁။ကောင်းကင်တွင်ဝဲ၍ ငှက်ငယ်၊ ကြက်ငယ် စသည်တို့ကို ထိုးသုတ်စားမျိုးသောငှက်။ ၂။လေတံစွန်နှင့်အစားတူ။ **~ကုပ်/စွန်ဂုတ်/**နေ–လက်ဝတ်ပဝါသည်း စသည်တွင် အမျက်ကြောက်ကို နိုင်မြဲအောင် ကုပ်ထားသည့်အရာ။ **~တောင်ဆွဲ/စွန်ဒေါင်ဆွဲ/**ကြိဝိ–ထင်တီစသည်ကို တစ်ဖက်နိမ့် တစ်ဖက်မြင့် စောင်းစောင်းရွေ့ရွေ့ ကိုင်မလျက်။ **~ရဲ**။နေ–အတင့်ရဲသောစွန်။ **~လက်သည်း/စွန်လက်သဲ/**နေ–အသီးကို ဆိုးဆေးအဖြစ်သုံးရသော နွယ်ယောင်ပင်ယောင်ချုံပင်တစ်မျိုး။ **~သုတ်/စွန်သုတ်/**နေ–စွန်ငှက်သုတ်ပုံပေါ်အောင်စီးသော မြင်းစီးနည်းတစ်မျိုး။

စွန်[၂]။ကြိ–ပိုသည်။ လွန်သည်။

စွန်တာနီ။နေ–အစေ့ခွံနီသော ဆောပတ်ပဲမျိုးဝင် ပဲတစ်မျိုး။ [ဟိန္ဒီ၊ သုလတာနီ]

စွန်တာပြာ/စွန်တာဗျာ/နေ–အနီရောင်တွင် အပြာရောင် အနည်းငယ်သန်းသော စွန်တာနီပဲ။ [ဟိန္ဒီ၊ သုလတာနီ+မြန်၊ပြာ]

စွန်ပလွံ/စွန်ဗလွန်/နေ–အသီးချိုသည့် ထန်း၊ အုန်းမျိုးဝင် အပင်။ [မွန်၊ စမ္ဗလံ]

စွန့်။ကြိ–၁။ပယ်ခွာသည်။ လွှတ်သည်။ ပေးသည်။ ၂။ထုတ်ပစ်သည်။ ၃။ရဲရဲဝံ့ဝံ့ လုပ်ဆောင်သည်။ စွန့်စားသည်။ **~ကြဲ**။ကြိ–လှူသည်။ ပေးကမ်းသည်။ **~လွှတ်**။ကြိ–ပယ်ခွာသည်။

စွန်း[၁]။ကြိ–၁။ဆေးအရောင်၊ အညစ်အကြေး စသည်တို့ ငြိစွဲသည်။ စွန်းထင်းသည်။ ၂။(အပြစ်အနာ)ငြိစွဲသည်။ "အပြစ်ဟူ၍ မှဲ့တစ်ပေါက်မျှ မ~။"

စွန်း[၂]။ကြိ–ပိုသည်။

စွပ်။ကြိ–၁။အပေါက်အတွင်းသို့ တစ်စုံတစ်ရာကို လျှိုသွင်းသည်။ ၂။အခန့်သင့်သည်။ ကိုက်ဆိုင်သည်။ "ကံ~~။" ၃။ကိစ္စတစ်ခုခုကို ပြုလုပ်ကျူးလွန်သည်ဟု တန်းတန်းစွဲပြောဆိုသည်။ စွပ်စွဲသည်။ ယိုးသည်။ **~ကျယ်**။နေ–ချည်မျှင်ကို စက်ဖြင့်ထိုးထားသော ယောက်ျားဝတ် အတွင်းခံအင်္ကျီတစ်မျိုး။ **~စွပ်ရွပ်ရွပ်/စွတ်စွတ်ယွတ်ယွတ်/**ကြိဝိ–တိုက်တိုက်ဆိုင်ဆိုင်။ "~တွေ့–။"

စွပ်ပြုတ်။နေ–အမဲသားငါး အရိုး စသည်တို့ကို ပြုတ်ထားသော အရည်သောက်ဟင်းတစ်မျိုး။ [လိပ်၊ soup+မြန်၊ပြုတ်]

စွမ်း/စွမ်း၊စွန်း/နဝိ–ခွန်အားသတ္တိနှင့်ပြည့်စုံသော။ **~စွမ်းတမံ/စွန်းဖွန်းတမန်/**ကြိဝိ–အစွမ်းကုန်ကြိုးစားလျက်။ **~ဆောင်**။ကြိ–ပြီးစီးအောင်မြင်အောင် လုပ်ကိုင်သည်။ **~ပကား/စွမ်းဗကား/**နေ–သတ္တိ။ခွန်အား။ **~ရည်**။နေ–လုပ်ကိုင်ဆောင်ရွက်နိုင်သောအရည်အချင်း။ **~အား**၊ **~အင်**၊ **~အန်**။နေ–လုပ်ကိုင် ဆောင်ရွက်နိုင်သောအင်အား။

စွယ်/ဖွယ်/နေ–တစ်စုံတစ်ရာမှ ငေါ်ချွန်ထိုးထွက်နေသော အရာ။ **~စုံ/စွယ်စုန်/**နေ–၁။အစွယ်နှစ်ချောင်းရှိသော ဆင်။ ၂။[ဥပစာ] အဘက်ဘက်မှ ကျွမ်းကျင်သူ။ **~စုံကျမ်း/–ကျန်း/**နေ–ပညာရပ်ဆိုင်ရာ အကြောင်းမျိုးစုံကို ဖွင့်ဆိုထားသောကျမ်း။ **~တော်/စွယ်ဒေါ်/**နေ–၁။ဗုဒ္ဓမြတ်စွာ၏ လေးဆူသော စွယ်သွားတော်။ ၂။ရွက်လွှာနှစ်ခု ပူးကပ်နေသကဲ့သို့ သော အရွက်ရှိသည့်အပင်။ **~ပေါင်တိုင်/စွယ်ဖေါင်ဒိုင်/**နေ–ကညင်ဆီမီးတိုင်။ **~ဖုံး/စွယ်ဖုန်း/**နေ–ဆင်အစွယ်ရင်းကို ဖုံးကွယ်နေသော အစိတ်အပိုင်း။ **~ယောင်ပြ**။ကြိ–[ဥပစာ]တစ်စုံတစ်ရာကို ဟန်ပြအဖြစ် ထားသည်။ အရိပ်အယောင်ပြသည်။ **~ရုံ**။နေ–အစွယ်နှင့် အနီးဆုံး အံသွား။ **~ရန်း**။ နေ– ၁။အာတစ်ဖက်တစ်ချက်မှ ရှေ့သို့ ကော့ထောင် ထွက်နေသော အစွယ်။ ၂။ လှည်းဆောင်ဝန်း ဘေးတစ်ဖက်တစ်ချက်တွင် ရှေ့သို့ ကော့ထောင်နေသော သစ်သားချောင်း။ **~သွား /စွယ်သွား/** နေ– ရှေ့သွား ဘေးတစ်ဖက် တစ်ချက်ရှိ သွားချွန်။

ဆ

ဆ[၁]။နေ–ဗျည်းသုံးဆယ့်သုံးလုံးတွင် ခုနစ်လုံးမြောက်ဗျည်း။ (ဆလိမ်ဟုခေါ်သည်။)

ဆ[၂]။ကြိ–၁။ဝန်အလေးအပေါ့ကိုသိအောင် မ၍ ခန့်မှန်းကြည့်သည်။ ၂။နှိုင်းယှဉ်ချင့်ချိန်သည်။ စည်း–တူညီသော ပမာဏကို ရေတွက်ရာတွင် သုံးသော စကား။ **~ကဲ**။ကြိဝိ–အဆများစွာပိုလျက်။ **~ခွဲကိန်း/ဆဂွဲကိန်း/**နေ–[သင်္ချာ] ကိန်းတစ်ခုကို ပြတ်အောင်စားနိုင်သည့် (၁ ထက်ကြီးသော) ကိန်းပြည့်။ (သာဓက။ ။ ၂၊ ၃၊ ၄ နှင့် ၆တို့သည် ၁၂၏ ဆခွဲ ကိန်းများဖြစ်သည်။) **~တူ/ဆဒူ/**နေ–တူညီသော

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ပမာဏ။ **~တိုးကိန်း**/ဆာ့ဒိုးကိန်း/န-[သင်္ချာ] ကိန်းတစ်ခုကို (၁ထက်ကြီးသော) ကိန်းပြည့်ဖြင့် မြှောက်၍ရသောကိန်း။(သာဓက။ ။ ၆၊ ၉၊ ၁၂၊ ၁၅ စသည်တို့သည် ၃၏ ဆတိုးကိန်းများ ဖြစ်သည်။) **~တက်ထမ်းပိုး**/ဆာ့ဒက်ဒိုး/ကြိဝိ- အဆတစ်ပြန်တက်၍။ အဆများစွာတက်၍။ **~နာ** /ဆာ့နာ့/ကြိ-ချင့်ချိန်သည်။ နှိုင်းချိန်သည်။ **~ပွား** /ဆာ့ပွား/ကြိ-အဆများစွာ တိုးပွားသည်။ **~ဝါး** /ဆာ့ဂါး/ကြိ-ချင့်ချိန်မှန်းဆသည်။

ဆနွင်း၊န-နနွင်းမှုန့်။

ဆနွင်းမကင်း၊န-ဆွေးချိုမှုန့်၊ အုန်းနို့၊ သကြား၊ ဆီ၊ ထောပတ် စသည်တို့ကို ရောယှက်ကျို၍ အယက်မီး အောက်မီးဖြင့် ဖုတ်သော မုန့်တစ်မျိုး။ [ထိုင်း၊ kanom maw gkaang]

ဆပွတ်/ဆဗွတ်/န-[ဗေဒင်] မွေးနံကို အစပြု၍ ရေလျှင် ခြောက်ခုမြောက်နံဂြိုဟ်။ [ပါ၊ ဆ+ မြန်၊ ပွတ် (ယှဉ်သည်)]

ဆရာ၊န-၁၊ပညာသင်ကြားပေးသူ။ သွန်သင်ဆုံးမ နည်းလမ်းပြသူ။ ၂၊အတတ်၊ လုပ်ငန်းတစ်ရပ်ရပ် တွင် ကျွမ်းကျင်သူ။ ၃၊ယဉ်ကျေးသမှုဖြင့်ခေါ်သော စကားလုံး။ [သ၊အာစာရျ] **~ကြီး**/ဆယာဂျီး/န- ၁၊ ကျောင်းအုပ်။ ၂၊ အသက်၊ သိက္ခာ၊ ပညာ စသည် ကြီးရင့်သူအား ခေါ်သော စကား။ **~စားချန်** /ဆယာစားချန်/ ကြိ-၁၊ ပညာကုန် သင်မပေးဘဲ ခြွင်းချန် ထားသည်။ ၂၊ ဆရာကို ဦးစားပေး၍ ခြွင်းချန်ပြောဆို ပြုမူသည်။ **~ဖောင်** /ဆယာဖောင်/ န-လက်ထောက်ဆရာ။ အကူဆရာ။ **~ရွဲ**/ဆယာ ရွဲ/န-မိမိဆရာသာ တတ်ကျွမ်းသည် ကောင်းသည် စသည်ဖြင့် ခွဲလမ်းခြင်း။ **~တော်**/ဆယာဒေါ်၊ ဇေါ်/ န-၁၊ တံဆိပ်တော်ရ ရဟန်းတော်။ ၂၊ကျောင်းထိုင် ဘုန်းတော်ကြီးကို ရိုသေသမှု ခေါ်သောစကား။ **~တင်**၊ ကြိ-ဆရာအရာ၌ ထား သည်။ **~မွေး**၊ ကြိ-မိမိကိုယ်ကျိုးကို စွမ်းဆောင် ပေးနိုင်စွမ်းသော အခွင့်အာဏာရှိသူကို ဆရာအရာ တင်ထားသည်။ **~လုပ်**၊ကြိ-[ဥပစာ] သူသိသူတတ် လုပ်သည်။ ဩဝါဒပေးသည်။ **~ဝန်**၊ န-အနောက် တိုင်း ဆေးပညာဘွဲ့ရသူ။ ဒေါက်တာ။

ဆရာ့လက်ဆုပ်၊န-ဆရာက တပည့်ကို ပညာကုန် သင်ကြား မပေးဘဲခြွင်းချန်ထားသော ပညာ။ [ပါ ပြန်၊အာစရိယ+မုဋ္ဌိ]

ဆလာမီ၊န-အပျောက်ငွေ။ [ဟိန္ဒီ၊ဆလာမိ]

ဆလံ၊န-၁၊လက်ဝါးကိုဖြန့်၍ နဖူးပေါ်သို့ မြှောက်တင် လျက် အလေးပြုခြင်း။ ၂၊[အရပ်]မဆက်ဆံဝံ့ခြင်း၊ ဆက်ဆံရန် ရှုံ့ကြောက်ခြင်းသဘောကို ပြသော စကား။ "သူ့ကိုတော့ ~ပါပဲ။" [အရဗီ၊ salam] **~တိုက်**၊ကြိ-[အရပ်]မပြိုင်လို၍ အလျှော့ပေးသည်။ ရှောင်သည်။ မဆက်ဆံဝံ့ဖြစ်သည်။

ဆလိုက်၊န-လျှပ်စစ်မီးမောင်း။ [လိပ်၊search-light]

ဆလင်၊န-သင်္ဘောသားတို့၏ အကြီးအကဲ။ [ပါရှင်၊ serang]

ဆလတ်၊န-အစိမ်းစားရသော ဟင်းရွက်ပင်တစ်မျိုး။ [လိပ်၊salad]

ဆလုံ၊န-မလေးစကားနှင့်ဆက်နွှယ်သော ဘာသာ စကားကို ပြောသည့် မြန်မာတိုင်းရင်းသား တစ်မျိုး။ (မြန်မာနိုင်ငံ တောင်ဘက်စွန်း ကျွန်းစုများတွင် နေထိုင်သည်။)

ဆလွန်းကား၊န-မှန်တံခါးဖြင့် အလုံပိတ်သော မော်တော် ကားငယ်တစ်မျိုး။ [လိပ်၊saloon+car]

ဆာ[၁]၊ကြိ-၁၊အစာကိုတောင့်တသည်။ ၂၊လိုလား တောင့်တသည်။ **~လောင်**၊ကြိ-အလွန်ဆာသည်။

ဆာ[၂]၊ကြိ-ခြေလက် ချည့်နဲ့ အားနည်း၍ ဖျော့ယမ်း သည်။

ဆာကျူလာ၊န-ရုံးတွင်းဖြန့်ဝေသောစာ။ [လိပ်၊ circular]

ဆာကျင်၊န-တပ်ကြပ်ကြီး။ [လိပ်၊sergeant]

ဆာပါ၊န-ပိုးဝါ။ [ဟိန္ဒီ၊ဆာပါ]

ဆာရီ/ဆာရိ/န-အိန္ဒိယအမျိုးသမီးများ ကိုယ်ကိုရစ်ပတ် ခြုံရုံသော အဝတ်ရှည်။ [ဟိန္ဒီ၊သာရိ]

ဆာလာအိတ်၊န-၁၊ငွေဒင်္ဂါးထည့်ရသောအိတ်။ ၂၊ဂုန်နီ အိတ်။ [သ၊ဇာလ+မြန်၊အိတ်]

ဆား၊န-၁၊ရေ၌ပျော်လွယ်သော၊ ငန်သော အရသာ ရှိသည့် ဖြပ်ပေါင်း။ ၂၊ဆားနှင့်တူသည့် ဆေးဖက်ဝင် ဓာတုပစ္စည်း။ **~ကျင်း**/ဆားဂျင်း/န-ဆားထွက်ရာ ထုတ်ရာ မြေကွက်။ **~ခါး**/ဆခါး/န-ဝမ်းနုတ်ဆေး အဖြစ် သုံးသည့် ခါးသောဆား။ **~ငန်သီး**/ဆား ငန်သီး/န-ဆားဖြင့် ကြာရှည်ခံအောင် လုပ်ထား သော သစ်သီးခြောက်တစ်မျိုး။ **~စိမ်**/ဆားဇိန်/ နဝိ-ကြာရှည်ခံအောင် ဆားရည်စိမ်ထားသော (သရက်သီး၊ မရန်းသီးစသည်)။ **~ပေါ့**/ဆဗော့/ န-အငန်အရသာနည်းသည့် ငါးခြောက် စသည်။ **~ပေါက်**၊ကြိ-မာတ်ခဲ၊ ဘက်ထရီစသည်တို့တွင် ဆားပွင့်ကဲ့သို့ အမှုန်များ ဖြစ်ပေါ်လာသည်။ **~ပုပ်** /ဆဗုတ်/န-အရောင်မည်းညစ်သော ဆေးဖက်ဝင် ဆားတစ်မျိုး။ **~ပျားသင့်**/ဆားပျား(ဗျား)သင့်/ ကြိ- ဟင်း(ချက်ရာတွင်) အရသာ အစပ်တည့် သည်။ **~မြက်**၊ကြိ-စားသောက်ဖွယ်တွင် အငန် အရသာ အနည်းငယ်ပိုသည်။ **~မြည်း**၊ ကြိ- ဟင်း၏အငန်အပေါ့ အရသာကို ခံကြည့်သည်၊

မာတိကာသို့ ▶▶▶

ဆီ[၁]၊နာ–သတ္တဝါ၊ အစေ့၊ အသီး၊ အပင်၊ ဓာတ်သတ္တု စသည်တို့မှ ထုတ်ယူရရှိသော ရေနှင့်မရောသည့် အရည်။ **~ကျန်ရေကျန်**/ဆီဂျန်ယေဂျန်/နာ–ဆီ မပြန်မီရေအနည်းငယ် ကျန်သောဟင်း။ **~ချေး** /ဆီဂျီး/နာ–ဆီတွင်ထိုင်နေသော အနည်အနှစ်။ **~ချိုလိပ်** /ဆီဂျိုလိတ်/နာ–အခွံကို ဆီစပ်ခွက်၊ ဆီထည့်ခွက် လုပ်ရသော လိပ်တစ်မျိုး။ **~ချက်** /ဆီဂျက်/နာ–ကြက်သွန်ထည့်၍ ကြော်ထားသော ဆီ။ **~ချက်ခေါက်ဆွဲ**/–ခေါက်ဆွဲ/နာ–ခေါက်ဆွဲ ပြုတ်ကို ဆီချက်၊ အသားတို့နှင့် ရောနှောပြုပြင် ထားသော စားဖွယ်။ **~စိမ်စက္ကူ**/ဆီစိန်စက်ကူ/ နာ–၁၊ရေစိမ့်အောင် ဆီဖြင့် ပြုပြင်ထားသော စက္ကူ တစ်မျိုး။ ၂၊စက္ကူပေါ် တစ်မျိုး။ **~ဆေး**/ဆီဇေး/ နာ–ဆီတစ်မျိုးနှင့် ဖျော်စပ်ထားသော ပန်းချီဆေး။ **~ဆုံ** /ဆီဇုန်/နာ–ဆီပွတ်ရာဆုံ။ **~ထမင်း** /ဆီ ဒမင်း/နာ–ကောက်ညှင်းကို ဆီနှင့် ချက်ထားသော စားဖွယ်။ **~ထွေး**/ဆီဒွေး/နာ–နှမ်း၊ မြေပဲ စသည် ကို ဆုံတွင် ကြိတ်ရာ၌ ဆီထွက်စ အဖတ်များ။ **~မှုတ်**/ဆီဖူထိုး/နာ–ငါးစသည်ကို ဆီပါရုံမျှဖြင့် ကျက်အောင် ကြော်သည်။ **~ပြန်**/ဆီဗျန်/နာ– ရေခန်း၍ ဆီသာ ကျန်အောင် ချက်ထားသော ဟင်း။ **~ပွတ်**၊ကြိ–ဆီဆုံ တွင် ပဲ၊နှမ်း စသည် ထည့်၍ ဆီထွက်အောင် ကြိတ်သည်။ **~ပွတ်ကျည်မွေ့**/ဆီဗွတ်ဂျမွေ့/နာ–(ကျည်မွေ့သည် ဆီထွက်အောင် နှမ်းကို အကြိမ်ကြိမ် ကြိတ် သကဲ့သို့) လိုသည်ကိုရအောင် အကြိမ်ကြိမ် အထပ် ထပ် ပြောသော စကားပြောနည်းတစ်မျိုး။ **~ဘူး**၊ နာ–ကြက်ငှက်တွင် စအိုရှိရာအစွန်း။ **~ဘူးဆွဲ** /ဆီဖူးဆွဲ/နာ–အခြင်ဝါးများကို အောက်ဘက်မှ တွယ်၍ ကန့်လန့်ချည်တုပ်ထားသော ဝါး။ **~မီး** နာ–ဆီကို လောင်စာအဖြစ် ထည့်ထွန်းသောမီး။ **~မီးတောက်** /ဆီ(ဆာ)မီးဒေါက်/နာ–မီးတောက် သဏ္ဍာန် ပွင့်ချပ် အဖျားချွန်သည့် နီဝါရောင်ပန်း ပွင့်သော နွယ်ပင်။ **~မန်း**၊နာ–၁၊ဂါထာမန္တရား မန်းမှုတ်ထားသောဆီ။ ၂၊ အမြစ်ကိုသွေး၍ အနာ မြီ စသည်ကို လိမ်းရသော အပင်တစ်မျိုး။ **~မန်းမန်း**၊ ကြိ– [ဥပစာ] တတွတ်တွတ် တီးတိုး ရေရွတ်သည်။ **~လည်ရေလည်**/ ဆီလယ်ယေ လယ်/ နာ–သားငါးကို ဆီ နည်းနည်း ရေနည်းနည်း ကျန်အောင် ချက်သောနည်း။ ဆီကျန်ရေကျန်။ ဆီထွေးရေထွေး။ **~သတ်**၊ ကြိ– ဆီကို ကျက်အောင် ချက်၍ ကြက်သွန် စသည်တို့ကို ထည့်သည်။ **~ဦး**၊နာ–နို့ခမ်းကို ဒလက်ဖြင့် မွှေသောအခါ အထက်သို့တက်လာသော အဆီခဲ။

ဆီ[၂]၊ နာ – တည်ရာ။ ရှိရာ။ အနီးအပါး။ **~ဆိုင်**၊ ကြိ – ၁၊ ပတ်သက်သည်။ ၂၊ တိုက်ဆိုင်သည်။ **~လျော်** / ဆီလယော်/ ကြိ – တိုက်ဆိုင် ညီညွတ် သည်။ လျော်ကန် သင့်မြတ်သည်။

ဆီလီကာ၊နာ–ဖန်ချက်ရာတွင် အသုံးပြုရသော သဲ ကျောက်၊ သလင်းကျောက် စသည်တွင် ပါဝင်သည့် မာကျောသော ဖြူပွန်းသည်း။ [လိပ်၊silica]

ဆီး[၁]၊ကြိ–၁၊ကာကွယ်ပိတ်ဆို့သည်။ တားသည်။ ၂၊ ခါးတွင် ပတ်ဝတ်သည်။ ခြုံရုံသည်။ ကြိဝိ– ဆုံမိသည်နှင့်တစ်ပြိုင်နက်။ နာ–ပိတ်ဆီးနေသော နှင်းငွေ့။ **~ကြို**၊ကြိ–လမ်းခရီးကနေ၍ စောင့်ဆိုင်း ကြိုဆိုသည်။ **~နှင်း**၊နာ–ဆောင်းရာသီတွင် ပေတတ် ကျတတ်သော ရေခိုး ရေငွေ့၊ ရေမှုန်။

ဆီး[၂]၊ နာ–ကျောက်ကပ်ကို ဖြတ်သန်း၍ ဆီးအိမ်၌ တည်ကာ ခန္ဓာကိုယ်မှ စွန့်ထုတ်သော အရည်။ ကျင်ငယ်။ သေး။ **~ခုံ**/ဆီးဂုန်/နာ–ဆီးစပ် အောက် ဘက် မို့မောက်နေသော အရာ။ **~ချို**/ဆီးဂျို/နာ– ဆီးတွင် သကြားဓာတ်လွန်ကဲသော ရောဂါ။ **~ချိုက်** /ဆီးဂျိုက်/နာ–ဆီးအိမ်။ **~စပ်**/ဆီးဇတ်/နာ–ဆီးခုံ နှင့် ချက်အကြားနေရာ။ **~ပူညောင်းကျ**/ဆီးဘူ ညောင်းဂျ/နာ–ယောကျ်ားမိန်းမတို့၏ အင်္ဂါဓာတ် မှ အကျိအချွဲ ကျဆင်းသောရောဂါ။ **~အိမ်**၊နာ– ခန္ဓာအတွင်း ကျင်ငယ်တည်ရှိသော အိတ်။

ဆီး[၃]/ဇီး/နာ–သီးလုံးငယ်ကို စားရသော ဆူးရှိ ပင်ပျပ် တစ်မျိုး။ **~ကင်း**/ဇီးဂင်း/နာ–သီးခါစ ဆီးသီး။ **~ပန်**/ဇီးဗန်/နာ–ဆီးသီးပင်တစ်မျိုး။ **~ပေါင်း** /ဇီးဘောင်း/နာ–ဆီးမှုန့်ကိုပေါင်း၍ သကာနှင့် ရော ထားသော စားဖွယ်။ **~ဖြူ**/ဇီးဖြူ/နာ–ချဉ်ဖန်သော သီးလုံးငယ် သီးသည့် ပင်စည်ဖြောင့်ချောသော ပင်လတ်တစ်မျိုး။ **~သီးကောက်**/ဇီးသီးဂေါက်/ နာ–စာတ်ပွဲတွင် ပညာသင် မင်းသား မင်းသမီးတို့ စမ်းသပ်ကပြ သီဆိုခန်း။

ဆီးတောင်း/ဇီးတောင်း/နာ–ရှားတောင်းပင်။

ဆု၊နာ–၁၊လိုအင်ဆန္ဒ။ တောင့်တလိုလားအပ်သော အရာ။ ၂၊ကြိုးပမ်းလုပ်ဆောင်မှုအတွက် ဂုဏ်ပြု နှင်းအပ်သော အရာ။ ဥပမာ ပေါက်၍ရသည့်ငွေ စသည်။ **~ကြီးပန်**/ဆုဂျီးဗန်/နာ–ဘုရားဆု တောင်း သောသူ။ **~ချ**၊ကြိ–တစ်စုံတစ်ရာကို ဆုအဖြစ် ပေးသည်။ **~တောင်း**၊ ကြိ–ဖြစ်စေချင်သည်ကို တောင့်တ တောင်းဆိုသည်။ **~ပန်**၊ကြိ–(မိမိအတွက်) ဆုတောင်းသည်။ **~လာဘ်**၊နာ–ကြိုးပမ်း လုပ်ဆောင် မှု အတွက် ရသောဆု။

ဆု[၁]၊ကြိ–၁၊အပူရှိန်ရသောကြောင့် ရေ၊ အရည် စသည် တို့ ပွက်သည်။ ၂၊အသံများစွာ ထွက်ပေါ်သည်။

မာတိကာသို့ ▶▶▶

http://www.lknt11.com

၃၊အပြစ်တင်ဆိုမြည်သည်။ ၄၊ထကြွသောင်းကျန်းသည်။ နဝိ–အဆိမ့်များဖြင့် ဝဖြိုးသော။ ~ကြွနီမှိုင်းမြင့်၊န–[ဥပစာ]အတန်းအစား အနိမ့်အမြင့်။ ~ဆေး /ဆူစေး/ န–ရေနှင့်ထိတွေ့လျှင် အမြှုပ်ပွက်ပွက်ထသော သစ်သီးဆားဝမ်းနုတ်ဆေး။ ~ညံ၊ကြိ–အသံ များစွာမြည်သည်။ ~ပူ၊ကြိ–၁၊နားမခံသာဖွယ်အသံများစွာ ဖြစ်ပေါ်သည်။ ၂၊ကြိမ်းမောင်း ဆိုမြည်သည်။ ၃၊ထကြွသောင်းကျန်းသည်။ ~လွှယ်နပ်လွှယ်၊ကြိဝိ–[ဥပစာ] လွယ်လင့်တကူ ပြီးမြောက်အောင်(လုပ်သည်)။ ပြီးစလွယ်။

ဆူ^၄စည်း–ဘုရားစေတီ၊ ပေပုရပိုက် စသည်တို့ကို ရေတွက်ရာတွင် သုံးသော စကားလုံး။ ~လုယ်၊ကြိဝိ–တစ်လှည့်စီ။ အပြန်အလှန်။

ဆူး၊န–စူးတတ်သည့် အချွန်အတက်။ ~ကောက်နက် /ဆူးဂေါက်နက်/ န–အရွက်ဝိုင်းယောင်ရှိ၍ အပွင့်ဖြူပွင့်ပြီး အမှားကောက်သော ဆူးနက်ရှိ ချုံပင်ငယ်။ ~ကျင်/ဆူးဂျင်/ န–အပွင့်ဖြူ ပွင့်သော ဆူးပေါက်ချုံပင်တစ်မျိုး။ ~ကြမ်းဖိုး/ဆူးဂျဖိုး/ န–အပွင့်ဝါပွင့်သော ဆူးပေါက်နွယ်ပင်တစ်မျိုး။ ~ခြောင်စလုတ်၊န–[ဥပစာ] အနှောင့်အယှက်။ အဆီးအတား။ ~ဆူးရေးရေး၊ကြိဝိ–(အမျက်ပြင်းစွာ ထွက်လျက်) စူးစူးရှရှ။ ~တောင်/ဆူးဒေါင်/ န–ငါး၏ကျောနှင့် ကိုယ်လုံးအောက်ပိုင်းရှိ ရွှေလျားမှု၊ ဝှဲထိန်းမှု ပြုလုပ်သော အစိတ်အပိုင်း။ ~တပ် /ဆူးဒတ်/ န–ဆူးစက် အထပ်ထပ် ကာရံပြုလုပ်ထားသော စည်းရိုး။ ~တောက်ချွ/ဆူးဒေါက်ချွာ/ န–ဆူးစက်ရှင်းရန် ဝါးရိုးရှည်အဖျားကို ခွ၍ ကွင်းစွပ် သပ်ပင်းထားသောအချွ။ ~ပလွေ၊န–ဝါ၍ မာသော အသားရှိပြီး အကိုင်းအခက်တွင် ဆူးများရှိသော ပင်လတ်တစ်မျိုး။ ~ပန်း/ဆူးဗန်း/ န–အရွက်စားရွေးသွားစိပ်ပုံရှိ၍ ဆူးနပေါက်သော ဟင်းစားပင်ငယ်။ ~ပန်းတောင်း/ဆူးဗေါင်း/ န–အပွင့်ဖြူ၍ အဆစ်တွင် ဆူးပေါက်သော ဆေးဖက်ဝင်အပင်တစ်မျိုး။ ~ပုပ်/ဆူးဗုတ်/ န–အနံ့ပြင်းသည့် အရွက်နုကို ချက်စားရသောဆူးပေါက်နွယ်ယောင်ပင်ယောင်။ (ဆူးပုပ်ကြီး၊ ဆူးပုပ်ကလေး ဟူ၍ ရှိသည်။) ~ဖြူ/ဆူးဖြူ/ န–အဝါနရောင် ပန်းပွင့်ကလေးများ စုပြုံပွင့်၍ ပင်စည်တွင် အဖြူရောင်ဆူးကြီးများရှိသော ပင်လတ်။ ~ရစ်၊န–ဆူးပုပ်ရွက်နှင့်တူသော အရွက်ရှိသည့် ဆူးရှိ နွယ်ယောင်ချုံပင်ကြီး။ ~လေ၊န–ဆူးသီးသီးသော မြေကပ်ပင်တစ်မျိုး။ ~လေဝိုက်၊န–အနားနှစ်ဖက်ကို ဝါးလုံးချည်၍ လှေနစ်စင်းကြားချကာ ငါးဖမ်းရသော အတောင် ၂၀ခန့်ရှိ ကြိုဂံပုံ ပိုက်တစ်မျိုး။

ဆေး^၁ကြိ–အရည်ဖြင့် သန့်စင်စေသည်။ ~ကြော၊ကြိ–ဆေးလျှော်သည်။ ~ဖော်ကြောဖက်/ဆေးဖော်ကျောဖက်/ န–ခေါ်ပြောဆက်ဆံမှု။

ဆေး^၂၊န–၁၊အနာရောဂါကာကွယ်ရန်နှင့် ကုသရန် သုံးဆောင်ရသော အရာ။ ၂၊အရွက်အရိုးတို့ကို ဆေးလိပ်၊ ဆေးတံ၌ ထည့်၍ မီးညှိသောက်ရှုရသော အပင်။ ၃၊(အများအားဖြင့်) သူတစ်ပါးအား မကောင်းကျိုးဖြစ်စေနိုင်သည်ဆိုသော ပယောဂနည်းဖြင့်ပြုလုပ်စီရင်ထားသည့်အရာ။ ၄၊ သေစေတတ်သော အဆိပ်။ ၅၊အရောင်အမျိုးမျိုး ဆိုးရန်၊ ရေးခြယ်ရန် ပစ္စည်း။ ၆၊ဘိန်း၊ ဆေးခြောက် စသည့် မူးယစ်ထုံထိုင်းစေသည့်အရာ။ ~ကလာပ်ကျော်၊ န–ဆေးအမည် တစ်ခုခုကဲ၍ ဖော်စပ်ထားသော ဆေး။ ~ကုလားမ /ဆေးကလမာ/ န–၁၊လျှော်ဖြူပြင်မှ ထွက်သောအစေး။ ၂၊ယင်းအစေးနှင့် ပြုလုပ်ထားသော ဖျော်ရည်။ ~ကင်ဗိန်/ဆေးကင်ဗိန်/ န–အရွက်ထူ၍ အပြွတ်လိုက် သီးသော နွယ်ပင်တစ်မျိုး။ (အရိုးနီ၊ အရိုးစိမ်း နှစ်မျိုးရှိသည်။) ~ကတ်ကြေး /ဆေးကတ်ကျီး/ န–ထိပ်ကွဲ နေသော အရွက်ငယ်ရှိ ဆေးဖက်ဝင် အပင်တစ်မျိုး။ ~ကျ၊ကြိ–၁၊သံကို ဆေးဖန်များ၍ မီးလွန်သွားသော ကြောင့် ညှိုဖျင်း သွားသည်။ ၂၊ပန်းချီရေးရာတွင် ရေးစအရောင် မဟုတ်တော့ဘဲ အရောင်မှိန်သွားသည်။ ~ကြမ်း/ဆေးဂျန်း/ န–ပယောဂဆေး။ ~ခါးကြီး/ဆေးဂါးကျီး/ န–၁၊သေးငယ်သွယ် ချွန်းသော အရွက်ရှိ အလွန်ခါးသည့် ချုံပင်ငယ်။ ၂၊ယင်းအပင်နှင့် ဖော်စပ်ထားသောဆေး။ ၃၊[အင်းလေး] အရသာခါးသော အစေ့တစ်မျိုးဖြင့် ချက်သောဟင်းရည်။ ~စော်၊ ကြိ–၁၊သေစေတတ်သောဆေး၊ ချစ်ခင်စေတတ်သောဆေး စသည်ကို စားသောက်စရာထဲသို့ ထည့်သည်။ ၂၊ ရေတွင်းရေကန်တွင် ပိုးသတ်ဆေး ထည့်သည်။ ~ခန်း /ဆေးဂန်း/ န–ရောဂါသည်များကို ကုသပေးရာ အခန်း။ ~ချေး /ဆေးဂျီး/ န–ဆေးလိပ်၊ ဆေးတံ အငွေ့တို့မှ ဖြစ်လာသော အညစ်အကြေး။ ~ချက်/ဆေးဂျက်/ န–ရောဂါနှင့်ကိုက်ညီအောင် ဆေးပေးနိုင်စွမ်း။ ~ခြောက်/ဆေးချောက်/ န–အရွက်ခြောက်ကို စားသုံး သောက်ရှုလျှင် မူးယစ် ကြောက်ရွံ့စေတတ်သည့် အပင်တစ်မျိုး။ ~ဂချွန်၊ န–နှတ်သီးကဲ့သို့ အသီးတွင် နှစ်ချွန်ရှိသော အပင်ငယ်။ ~ဂန္ဓမာ၊ န–အပင်ရင်းမှ အကိုင်းပွားထွက်၍ အပင်အုံကြီးပြီး အရွက်နား အဟိုက်အတွန့် များစွာပါသော၊ အပွင့်အပြာနုရောင်ပွင့်သော နှစ်ရှည်ခံ ဆေးဖက်ဝင်အပင်။ ~စစ်၊ ကြိ–ကျန်းမာရေး စစ်ဆေးသည်။

http://www.lknt11.com ...

~စပ်/ဆေးဇတ်/န-ဆေးလိပ် လိပ်ရန် ဆေးရွက်၊ ဆေးရိုး၊ မန်ကျည်းမှည့် စသည်တို့ကို သင့်အောင် ရောထားသောအရာ။ **~ဆိုးပန်းရိုက်**/ဆေးဒိုးပန်းယိုက်/န-အထည်များကို ဆေးရောင် အမျိုးမျိုး ဆိုးခြင်းနှင့် ပုံအမျိုးမျိုး ရိုက်နှိပ်ခြင်း။ **~ဆုံး**၊ကြိ-မည်သည့်ဆေးမျှ မတိုးနိုင် ဖြစ်သည်။ **~ညွှန်း**၊န-ဆေးအသုံးပြုနည်း အညွှန်း။ **~တဘက်**၊ န-ဆေးပြင်းလိပ် လိပ်ရာတွင် အပေါ်က ပတ်လိပ်ရသော ဆေးရွက်။ **~တံ**/ဆေးဒန်/န-ဆေးရွက်ကြီး အမှုန့်ထည့်၍ သောက်ရှူရသော ပြွန်တပ်ဆေးအိုး။ **~တို့ဖတ်** /ဆေးတို့ဗတ်/ န-တို့၍ လိမ်းရသော သုငယ်နာဆေးတစ်မျိုး။ **~တိုး**၊ကြိ- ဆေးသည် ရောဂါကို သက်သာပျောက်ကင်း စေနိုင် စွမ်းသည်။ **~တစ်လုံး**/ဆေးတလုန်း/န-ဗုဒ္ဓသရဏပင်နှင့် ဆင်၍ ဥတစ်လုံးတည်းထွက်သော အပင်တစ်မျိုး။ **~ထ**၊ကြိ-ထိုးနှံထားသော၊ သုံးစွဲထားသော ဆေးအစွမ်းပြသည်။ **~ထမင်းချိုး**/ဆေးထမင်းဂျိုး/န-အမြစ် ဆေးဖက်ဝင် အပင်တစ်မျိုး။ **~ထိုး**၊ကြိ-၁၊ဆေးရည်ကို ပြွန်အပ်ဖြင့် အသားထဲ၊ အကြောထဲသွင်းသည်။ ၂၊ဆေးနီဆေးနက်ကို အသားအရေတွင် စွဲထင်အောင် စုတ်ဖြင့် ထိုးနှံသည်။ **~ဒန်း**၊န-ပရဆေးအဖြစ်လည်းကောင်း၊ ပန်းချီဆေး အဖြစ်လည်းကောင်း သုံးရသော အဝါရောင် ကျောက်န။ **~ပုလဲ**/ဆေးပလဲ/န-ခါးသော အမြစ်ကို ဆေးဖော်ရသော၊ အမွှင့်ပြာ၍ ငှက်တောင်ပုံ အရွက်ရှိသော အပင်ငယ်။ **~ဆေးမီးယူ**/ဆေးဖေးမီးယူ/န-အပေါ်တွင်ထား၍ အတိုအထွာကိစ္စ နိုင်းစေရသူ။ **~ပဲစိတ်** /ဆေးပဲဇိတ်/န-အရွက်ကင်ပွန်းရွက်နှင့် ဆင်ပြီး အမြစ်ခြောက်လျှင် နီသော ဆေးဖက်ဝင် အပင်တစ်မျိုး။ **~ပေါ့လိပ်** /ဆေးဗော့လိတ်/ န-သနပ်ဖက်၊ ပြောင်းဖူးဖက် စသည်တွင် ဆေးစပ်သွင်း၍ လိပ်ထားသော ဆေးလိပ်။ **~ပြင်းလိပ်** /ဆေးဗျင်းလိတ်/န-ဆေးရွက်ချည်းသာ လိပ်ထားသော ဆေးလိပ်။ **~ဖော်ဝါးဖက်**/ဆေးဖော်ဝါးဗက်/န-ဆေးဝါးအဖြစ် အသုံးပြုနိုင်သော ပစ္စည်း။ **~ဖိုးဝါးခ** /ဆေးဖိုးဝါးဂ/ န-ဆေးကုရာတွင် ကုန်ကျ စရိတ်။ **~ဖက်ဝင်** /ဆေးဗက်ဝင်/ ကြိ-ဆေးဝါးအဖြစ် ဖော်စပ်နိုင်သည်။ **~မီး**၊ ကြိ-ဆေးခတ် ခံရသည်။ **~မီ**၊ကြိ-ရောဂါအခြေအနေ မလွန်ခင် ဆေးနှိပ်ခွင့် ရသည်။ **~မန်ကျည်း**/ဆေးမဂျီး/န-အမေါက်နုံညံ့၍ အရွက် မန်ကျည်းရွက် နှင့်တူပြီး အသီးလုံးဝိုင်းသော ဆေးဖက်ဝင် ချုံပင်ကြီး။ **~မြီးတို** /ဆေးမီး(မျိုး)ဒို/န-အလွယ်တကူ ဖော်စပ်သုံးစွဲနိုင်သော ဆေး။ **~ မြွေပါ** /ဆေးမွေဗာ/န-ဆေးဖက်ဝင် အပင် တစ်မျိုး။ **~ယဉ်**၊ကြိ-ဆေး တစ်မျိုးမျိုးကို မှီဝဲ လွန်းသဖြင့် ဆေးအာနိသင် မပြနိုင်ဖြစ်သည်။ **~ ရေးပန်းချီ** /ဆေးယေးဗဂျီ/န-ဆေးရောင်စုံဖြင့် ရေးခြယ်သော ပန်းချီ။ **~ရိုး**၊ န-ဆေးလိပ်တွင် ထည့်ရန် နုပ်နုပ်စဉ်းထားသော ဆေးရွက်ကြီးပင်၏ အရိုးအခက် သို့မဟုတ် ဥနဲ့သား စသည်။ **~ရင်း**၊န-အခြေခံ အဖြစ် ဖော်စပ်ထားသောဆေး။ **~ရုံ**၊န-အတွင်း လူနာများ လက်ခံ ကုသပေးရာ အဆောက်အအုံ။ **~ရွက်ကြီး**၊န-အရွက်ခြောက်ကို ဆေးလိပ် လိပ်ရာတွင် သုံးသော ဆေးပင်။ ယင်းအပင်၏ အရွက်ခြောက်။ **~လိုက်**၊ ကြိ-ဆေးကုသမှုထက်မြက် ထိရောက်သည်။ **~လိပ်**၊န-ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ် စသည်တို့ကို ခြုံငုံခေါ်သောအမည်။ **~လိပ်ခုံ**၊န-၁၊ဆေးလိပ်လိပ်ရာ၌ သုံးသောခုံ။ ၂၊ဆေးလိပ် လိပ်သော လုပ်ငန်းလုပ်ရာ အဆောက်အအုံ။ **~ဝါး**၊ န-အနာရောဂါ ပျောက်ကင်း စေသော ဆေး။ ပယောဂဆရာများ သုံးသော ဆေး။ **~သကြား** /ဆေးသဂျား/ န- ကျောက်မီးသွေး၊ ကတ္တရာစေးမှ ထုတ်ယူသော အချိုလွန်ကဲသည့် သကြားတစ်မျိုး။ **~သား**/ဆေးသား/န-၁၊ဆေးရွက်၏အနှစ်အသား။ ၂၊ပန်းချီကား၊ ဓာတ်ပုံ စသည်၏ မျက်နှာပြင်ရှိ ဆေးအနေအထား၊ အခြေအနေ။ **~သုဉ်း**၊ ကြိ-ဆေးကုသ၍ မရနိုင်တော့သော အခြေအနေသို့ ရောက်သည်။ **~အိုး**၊န-၁၊ဆေးတံတွင် ဆေးထည့် ရသော ခွက်။ ၂၊ဆေးတံ။ **~အိုးပုတ်**/ဆေးအိုးဗုတ်/န-ခရမ်းရောင် အပွင့်ပွင့်၍ စားရသော အိုးပုတ်ပုံ အသီးသီးသော အပင်ပျပ်။ **~အိပ်**၊ကြိ-ရေးခြယ် သုတ်လိမ်းထားသော ဆေး အသားသေ၍ ခြောက်သွေ့သည်။

ဆေးလေး၊ကြိ-[ပေါ] ၁၊တည်ငြိမ်သည်။ ဣန္ဒြေရှိသည်။ ၂၊လေးပင်သည်။ နှေးသည်။

ဆဲ[1]၊ကြိ-ရုန့်ရင်းကြမ်းတမ်းသော စကားတို့ဖြင့် ထိပါးပုတ်ခတ် ပြောဆိုသည်။ **~ရေးတိုင်းထွာ**၊ကြိ-ယုတ်ညံ့သောအရာနှင့် နှိုင်းနိုင်းဆဲဆိုသည်။

ဆဲ[2]၊သမ်-မျက်မှောက် အခိုက်အတန့်တွင် ဖြစ်နေ၊ ပြုနေခြင်းကို ပြသော စကားလုံး။ ခိုက်။ စဉ်။ တုန်း။

ဆဲလျှင်/ဆဲလယင်/ကြိဝိ-လျင်မြန်စွာ။

ဆော့၊ကြိ-လှုပ်လှုပ်ရှားရှား ကစားသည်။

ဆော်၊ကြိ-၁၊တီးခတ်သည်။ "စည် ---။" ၂၊ရိုက်ပုတ်သည်။ ၃၊ထိပါးပုတ်ခတ်သည်။ ၄၊နှိုးဆော်သည်။ **~ဖန်**၊ကြိ-စီမံခန့်ခွဲသည်။ **~ဩ**၊ကြိ-တိုက်တွန်း နှိုးဆော်သည်။

မာတိကာသို့ ▶▶▶

http://www.lknt11.com

ဆော်ဒါ၊နာ–၁၊ဆေးအဖြစ်လည်းကောင်း၊ မုန့်ဖုတ်ရာတွင် ထည့်သော ပဖွည်းအဖြစ်လည်းကောင်း သုံးရသော ဖြုပ်ပေါင်းတစ်မျိုး။ ၂၊အဝတ်ဖွပ်လျှော်ရာတွင် သုံးရသော ဖြုပ်ပေါင်းတစ်မျိုး။ ၃၊အနည်းငယ် ခါးသက်သော ဘိလပ်ရည် တစ်မျိုး။ [လိပ်၊soda]

ဆဲ[၁]၊ကြိ–ရောနှောသည်။ ပေါင်းသင်းသည်။

ဆံ[၂]၊နာ–ခေါင်းမွေး။ အမွေးအမှင်။ **–ကျင်**/ဆန်ကျင်၊ ဇကျင်/နာ–ဆံထိုး။ **–ကျစ်**/ဆန်ဂျစ်/နာ–၁၊ကျစ်၍ ဦးခေါင်းထက်တွင် ခွေရစ်ထားသော ဆံပင်။ ၂၊ **ကျစ်ဆံမြီး**နှင့် အတူတူ။ **–ချ**၊ ကြိ– သူငယ်၊ ရှင်လောင်း၏ ဆံပင်ကိုရိတ်သည်။ **–ခြည်**/ဆန်ကြိ၊ ဇကြိ/နာ–၁၊ ဆံခြည်မျှင်။ ၂၊နာရီတွင် ငါးကြင်းမြီးကို ထိန်း ထားသော သံနန်းခွေ။ **–ခြည်တိုင်**/ဇကြိုဒိုင်/နာ–နာရီ ဆံခြည်တပ်ရာတိုင်။ **–ခြည်ထွေး**/ဇကြိထွေး/နာ– ၁၊ ကျွတ်ကျသော ဆံမျှင် အလုံးအထွေး။ ၂၊အုန်းသီးရင့်၊ ထန်းသီးခေတို့တွင် ဖြစ်ပေါ်လာသော၊ ဆံခြည်မျှင် အလုံးအထွေးနှင့် သဏ္ဌာန်တူသော အစို့ပေါက်စ အိပ္ပသည့်အဆန်။ **–စု**/ဆန်စု၊ ဒစု/ နာ–ဆံထုံးရာတွင် ထည့်ပေါင်ရန် အရင်းက စုစည်း ထားသော ဆံပင်စု။ **–စပ်**/ဆန်ဇတ်/နာ–နဖူးပြင် စသည်နှင့် ဆံပင်ပေါက်ရာ နေရာ အစပ်။ **–ညှပ်**/ဆညှတ်/နာ–ဆံပင်မပြုတ် မပြေ၊ မပွ မဖွာအောင်ထိန်းပေးရသော ညှပ်စရာ။ **–တောက်**/ဇခေါက်/နာ–ဦးထိပ် တွင် ဆံထုံးထုံးပြီး နားထင်အထက်မှ နောက်ဘက် ချာရစ်တစ်လျှောက် ဆံပင်ကို လည်ကုပ်တွင် ဖြတ်ထားသော ဆံပင်ပုံ။ **–တောက်သိမ်း** /–သိန်း/ ကြိ– ဆံတောက်ကို အရှည်ထား၍ ဦးလုံးသိမ်းသည်။ **–ထိုး**/ဇဒိုး/နာ–ဆံထုံးတွင် ထိုးစိုက်သော ဦးခေါင်း တန်ဆာတစ်မျိုး။ ဆံကျင်။ **–ထုံး**၊ကြိ–ဆံပင်ကို ရစ်ပတ်ဖွဲ့ချည်သည်။ /ဇဒုန်း/နာ–ဖွဲ့ချည်ထားသော ဆံပင်။ **–နှ**/ဆံနှ/ နာ–ဆံစပ်တွင် ပေါက်သော ဆံပင် အနု။ **–နွယ်**/ဆနွယ်/နာ–သေးသွယ် ပျော့ပျောင်းသော ဆံပင်။ **–ပင်**/ဇဗင်/နာ–လူဦးခေါင်းတွင် ပေါက်သော အမွေး။ **–မွှင်**၊ ကြိ–ဆံပင်ဖြူ တစ်ပင်စ နှစ်ပင်စ ပေါက်သည်။ **–မြိတ်**/ဆန်မျိုက်၊ဆမိတ်/နာ–ဆံထုံးမှ ထွန်းထွက်နေသော ဆံ အစွန်းအမြိတ်။ **–ရစ်** /ဆယစ်/နာ–(ဦးထိပ်တွင်ဆံရှည်ထား၍ ထုံး ဖွဲ့ပြီး) ပတ်လည် တိုတိုဖြတ်ထားသော ဆံပင်။ **–ရစ်ဝိုင်း** /–ဝိုင်း/နာ–ဦးထိပ်တွင် ဆံထုံးထုံးပြီး အနား ပတ်လည် ချာရစ်တစ်လျှောက် အရှည် တစ်လက်မခွဲ ခန့် ဖြတ်ချထားသော ဆံပင်ပုံ။ **–လျှော်**/ဆယင်/ နာ– နဖူးဆံစပ်တွင် ကျနေသော ဆံပင်နု။ **–သဆိုင်** /ဆန်သဒ္ဒိုင်/နာ–ဆံပင်ညှပ်ဆိုင်။ **–အိတ်**/ဆအိတ်/ နာ–ဆံထုံးအောက်ရှိ စပ်ပုံ့ပုံ့ ဆံပင်စု။

ဆုံ၊ကြိ–ဝင်ရောက်တည်နေလောက်သည်။

ဆို၊ကြိ–၁၊ပြောသည်။ ၂၊(ပေါ) ကြိုဆိုသည်။ ၃၊ပြည်တွန်သည်။ အပြစ်ပြောသည်။ ၄၊သီဆိုသည်။ ၅၊စိတ်ဆိုးဖွဲ့ဖွဲ့သည်။ ၆၊ ခေါ်တွင်သည်။ စည်း– [အပြော] အမေးသဘောဖြင့် ထောက်ပံ့သော စကားလုံး။ "သွားမယ်–။ ဖျားနေတယ်–။" သမ်–[အပြော] ဖြစ်လျှင်။ ဆိုလျှင်။ "ဒီလို–မလာဘူး။ ဒါမျိုး – မရဘူး။ မလုဘူး– ငိုချင်တယ်။" **–ဆုံးမ**၊ ကြိ– သွန်သင်ဆုံးမသည်။ **–နိုင်စကာ်**၊ ကြိ–ဆုံးမ ရ ခဲယဉ်း သည်။ **–မြည်**၊ ကြိ–ပြစ်တင် ပြောဆိုသည်။ **–ရိုးစကား**/ဆိုယိုးဇဂါး/နာ–အစဉ်အလာ ပြောဆို ခဲ့ကြသော မှတ်သားဖွယ်ရာစကား။ **–လို**၊ကြိ– ရည်မှတ်ပြောဆိုသည်။ အဓိပ္ပာယ် ဖော်ဆောင်သည်။ **–လိုရင်း**၊ နာ– ပြောလိုရင်းအချက်။ ပြောလိုရင်း အနက်။

ဆိုဖာ၊နာ–ဖုံပါသော ထိုင်စရာ။ [လိပ်၊sofa]

ဆိုရှယ်လစ်စနစ်၊နာ–ကုန်ထုတ်အရင်းအနှီးကို လုပ်သား ပြည်သူများက ပိုင်ဆိုင်၍ အကျိုးအမြတ်ကို လုပ်အား အလိုက် အချိုးကျ ခံစားရသော လူနေမှုစနစ်။ [လိပ်၊socialism+မွန်၊စွတ်]

ဆို့၊ကြိ–ပိတ်ကာ ဆီးတားသည်။ **–နင့်**၊ကြိ–၁၊မွင့်ထွက် ခြင်းမရှိဘဲ တစ်နေသည်။ ၂၊ဝမ်းနည်း ဝမ်းသာလွန်း၍ ရင်မှာ အခံရခက်သည်။

ဆိုး[၁]၊နဝိ–မကောင်းသော။ မနှစ်သက်ဖွယ်ဖြစ်သော။ **–တူကောင်းဖက်**/ဆိုးဒူကောင်းဇက်/နာ–ဆင်းရဲချမ်းသာတို့ကို ဝေမျှခံစားသူ။ **–တေ**၊ကြိ–ဆိုးညစ်တေပေသည်။ /ဆိုးဒေ/နာ–ဆိုးညစ်တေပေသူ။ **–မျိုးခံ**/ဆိုးမျိုးခန်/ကြိ–အနှံ့အတာခံသည်။ **–ရွား**၊ နဝိ–အလွန်ဆိုးသော။ ဆိုးဝါးသော။ **–သွမ်း**၊နဝိ– ဆိုးရွားသောင်းကျန်းသော။

ဆိုး[၂]၊ကြိ–ဆေးရောင် စွဲငြိအောင်လုပ်သည်။ **–ဆေး** /ဆိုးဇေး/နာ–အရောင်ဆိုးသော ဆေး။

ဆိုးဆိုးဆတ်ဆတ်/ဇိုးဇိုးဇတ်ဇတ်/ကြိဝိ–လျင်မြန် သွက်လက်စွာ။ ဆိုးစနဲ ဆတ်စနဲ။

ဆက်၊ကြိ–၁၊တစ်ခုနှင့်တစ်ခု ပူးစပ်သည်။ ၂၊ယင်းသို့ ပူးစပ်စေသည်။ ၃၊ဆက်သွယ်သည်။ ၄၊မြင့်မြတ်သူအား ပေးသည်။ ၅၊ရှေ့သို့တိုး၍ ပြုလုပ်ဆောင်ရွက်သည်။ "ခရီး––။ စကား––။" ကြိဝိ– ဆက်လက်၍။ "–လုပ်ပါ။" နာ–မိမိအောက်ဆွေမျိုး ခုနစ်ဆက်တွင် နောက်ဆုံး ဆွေမျိုးဆက်။ **–ကပ်**၊ ကြိ–အရိုက်အဝါရှိသူအား ပေးသည်။ **–ကြေး**၊နာ– ပေးဆက်ရသော ငွေကြေး။ **–ခံ**၊ကြိ–အမွေအနှစ်၊ လုပ်ငန်းစသည်ကို ဆက်လက်ခံယူသည်။ **–စပ်**၊

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ကြိ-တစ်ခုနှင့်တစ်ခု ပူးပေါင်းသည်၊ ဆက်သည်။ နီးနွယ်သည်။ **~ဆံ၊** ကြိ-ဆက်သွယ်သည်။ ပေါင်းသင်းသည်။ **~ဆက်၊** ကြိဝိ-မပျက်မကွက်။ **~တိုက်**/ဇက်တိုက်/ကြိဝိ-အဆက်မပြတ်။ တောက်လျှောက်။ **~နွယ်၊**ကြိ-ဆက်စပ် နီးနွယ်သည်။ **~လက်၊** ကြိဝိ-တစ်ဆက်တည်း။ ဆက်၍။ **~သ၊** ကြိ- ကြီးမြတ်သူအား ပေးသည်။ **~သား၊** န-တစ်ဦးနှင့် တစ်ဦး၊ တစ်ဖက်နှင့် တစ်ဖက်အကြား အကြောင်း သတင်းပေးပို့ ဆက်သွယ်ပေးသူ။ **~သွယ်၊** ကြိ-ဆက်မိအောင် ပြုသည်။

ဆက္ကွဂ်/ဆက်ကဂန်/န-အနား ဖြဲ့ ထောင့်ဖြဲ့ပါသော ဗဟုဂံ။ [ပါ၊ ဆက္က+ကောဏ]

ဆက်တင်၊န-ဇာတ်၊ ရုပ်ရှင်စသည်တို့တွင် ဇာတ်လမ်း ဇာတ်ကွက်အလိုက် ပြုလုပ်ထားသော အပြင်အဆင်။ [လိပ်၊setting]

ဆက်ရက်/ဇယက်/န-ကျောနှင့်ရင်အုပ် နီညိုရောင်ရှိသော ငှက်တစ်မျိုး။

ဆောက်[၁]၊ကြိ-အဆောက်အအုံကို တည်လုပ်သည်။ **~တည်၊**ကြိ-၁၊စိတ်ကို တည်ကြည်နိုင်မြဲစွာ ထားသည်။ ၂၊သီတင်း၊ သီလစသည်ကို စောင့်ထိန်းသည်။ **~နှင်း၊**ကြိ-ပေးအပ်သည်။

ဆောက်[၂]၊န-သစ်သား စသည်ကို ထွင်းထုရာတွင် အသုံးပြုသည့် အရိုးတပ် သံအသွား။ (ဆောက်ကောက်၊ ဆောက်ခုံး၊ ဆောက်ပြား၊ ဆောက်လုံး စသည်ဖြင့် အမျိုးမျိုးရှိသည်။) **~ကြောင်း၊**န-ဆောက်ဖြင့် ဖော်ထားသော အရေးအကြောင်း။ **~ခေါက်၊**န-ထန်းမပင်၏ ထန်းသီးခိုင်အညှာရင်းကို ထုရသော သံကိရိယာ။ ထန်းထု။ **~ပုတ်၊**န-၁၊ ဆောက်ကိုရိုက်ရန် လက်ရိုက်။ ၂၊တုတ်လက်နက်။ **~မြတ်၊**နဝိ-ရွှေကို အကွက်ပေါ်အောင် ဆောက်ဖြင့် ဖြတ်လုပ်ထားသော။ "**~**လက်ကောက်။" **~လိပ်၊**န-စိမ့်မြေတွင် ကျက်စားသော လိပ်တစ်မျိုး။ **~ဝိုင်း၊**န-အသွားဝိုင်းသော ဆောက်တစ်မျိုး။ဆောက်ဝန်း။

ဆောက်ရှူး၊န-တပို့တွဲလတွင် ခရမ်းရောင် အပွင့်ပွင့်သော လုံ့စွပ်ပုံအရွက်ရှိ ပင်ပျပ်။

ဆိုက်၊ကြိ-၁၊ကျရောက်သည်။ "ကပ် --။" ၂၊(ယာဉ်) ရောက်လာ ရပ်နားသည်။ ၃၊(လောင်စာအဖြစ်) ထင်းကို ထည့်သည်။ **~ဆိုက်မြိုက်မြိုက်၊** ကြိဝိ-မပျက်မကွက် မလွဲမရှော်။

ဆိုက်ကား၊ န-စက်ဘီးတွင် ဘေးတွဲ တပ်ထားသော သုံးဘီး ခြေနင်းယာဉ်။ [လိပ်၊side+ car]

ဆင်[၁]၊ကြိ-၁၊ပြုပြင် ဖန်တီးသည်။ တည်ဆောက်သည်။ ၂၊လှပအောင် မွမ်းမံပြုပြင်သည်။ ၃၊ဖြစ်ပေါ်မည့် လက္ခဏာရှိသည်။ "မုန်တိုင်း **~**နေ-။" ၄၊လုပ်ကြံဖန်တီးသည်။ "အမှု **~**-။" ၅၊သွင်ပြင် တူယောင်ရှိသည်။ **~ကွန်း၊**န-ခုန်းတစ်မျိုး။ **~ခြေ**/ဆင်ဂျေ/န- ပြန်လှန်အကြောင်းပြချက်။ ဆင်ခြေဆင်လက်။ **~ခြေကန်**/-ကန်/ကြိ-တစ်ဖက်လူ၏ စကားကို အကြောင်းအမျိုးမျိုးပြ၍ ချေပခုခံသည်။ **~ခြေတက်**/-တက်/ကြိ-ဆင်ခြေပေးသည်။ ဆင်ခြေလဲသည်။ **~ခြင်**/ဆင်ဂျင်/ကြိ-ချင့်ချိန်သည်။ စဉ်းစားသည်။ သုံးသပ်သည်။ **~ခြင်တုံတရား**/-တုန်တယား/ န-သင့်၊ မသင့် အကြိမ်ကြိမ် ဆင်ခြင်စဉ်းစားမှု။ **~တူ**/ဆင်ဒူ/န-အသွင်အပြင်၊ အရောင်အသွေး စသည် တစ်မျိုးတည်းကဲ့သို့သော အရာ။ **~တူယိုးမှား**/-ယိုးမှား/ ကြိဝိ- တူသယောင်ယောင်။ **~နွှဲ၊** ကြိ- ပွဲလမ်းသဘင် စသည်တွင် ပါဝင်ဆောင်ရွက်သည်။ **~မြန်း၊**ကြိ-၁၊ ဝတ်ရုံသည်။ ၂၊ လှပတင့်တယ်အောင် ဆင်ယင်မွမ်းမံသည်။ **~ယင်၊** ကြိ-၁၊ တင့်တယ်လှပအောင် ပြုလုပ်သည်။ ၂၊ကျင်းပသည်။

ဆင်[၂]၊န-၁၊နှာမောင်းကို လက်ကဲ့သို့ အသုံးပြုနိုင်သော အစွယ်ပါသည့် ခြေလေးချောင်း တိရစ္ဆာန်ကြီး။ (စွယ်ရုံ၊ တည်၊ တံ၊ ဟိုင်း၊ ဟံ လည်းရှု) ၂၊မြန်မာစစ်တုရင်တွင် ပါဝင်သော ဆင်ရုပ်။ **~တဲ**/ဆင်ဂဲ/န-ရှေးမြန်မာမင်းလက်ထက် ဆင်ဦးစီးများကို အုပ်ချုပ်ရသူ။ **~ကန်းတောတိုး** /ဆင်ဂန်းတောဒိုး/ ကြိဝိ- [ဥပစာ] အရမ်း။ မဆင်မခြင်။ **~ကပ်**/ဆင်ဂတ်/န- ဆင်ပေါ်မှ ဆင်းရန်၊ ဆင်ပေါ်တက်ရန် အပြင်ဘက်သို့ ထုတ်ထားသော ကြမ်းပြင်။ ဆင်ကပ်လည်း။ **~ကြိုကြို**/ဆင်ဂျန်ကျန်/ကြိ-သူတစ်ပါး ပျက်စီးရာ ပျက်စီးကြောင်းကို တိတ်တိတ်ကျိတ်ကြံသည်။ **~ကွမ်း**/ဆင်ကွန်း/န-ကွမ်းပင်ကဲ့သို့ သစ်ပင် ကို တွယ်ကပ်နွယ်တက်၍ အဆစ်မှ အမြစ်များ ထွက်သည့် အပင်တစ်မျိုး။ **~ခုလည်ပြတ်**/ဆင်ဂုလယ်ဗျတ်/န-လည်ကုပ်ဆံရင်းတွင် ပေါက်သော အနာ။ **~ခေါင်းပဲ**/ဆင်ခေါင်းစဲ/ န-ကုလားပဲ။ **~ချေးတုံးဆပ်ပြာ** /ဆင်ချီးဒုန်းဆတ်ပျာ/ န- အဝတ်လျှော် ဆပ်ပြာကြမ်းတုံးတစ်မျိုး။ **~ခြေထောက် ရောဂါ**/ဆင်ချီထောက်ယောဂါ/န-ပိုးတစ်မျိုးကြောင့် ခြေထောက် ကြီးလာသောရောဂါ။ **~ခြေပေါ်** /ဆင်ဂျေဗော်/န-ပင်စည်ပေါ်ခါစ ထန်းပင်ငယ်။ **~ခြေဖုံး** /ဆင်ဂျေဗုန်း/ န-၁၊ဆင်၏ ခြေထောက်ကို ကာကွယ်စောင့်ရှောက်ရသော ရှေးခေတ် မင်းမှုထမ်း။ ၂၊မြို့၏ နယ်နိမိတ်နှင့် တစ်စပ်တည်းရှိသော အရပ်ဒေသ။ **~ခြေလျှော**/ဆင်ဂျေယျော/န-အမြင့်မှ စပ်ပြေပြေနိမ့်ဆင်းသွားသော မျက်နှာပြင်။ **~ငိုမြက်၊**န-

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

အမြစ် အလွန်နိုင်၍ နုတ်ရခက်သောမြက်။ **~ဖွယ်ရောင်**/ဆင်ဖွယ်ယောင်/န-အဝါရောင် သန်းသော အဖြူရောင်။ **~တောင်**/ဆင်ဒေါင်/န-လက်မ ၂၀ ရှိသော အတိုင်းအတာ။ (တောင်၊ သံတောင်လည်းရှု) **~တုံးမနွယ်**/ဆင်ဒုန်းမနွယ်/န-အရွက်ကွမ်းရွက်နှင့် တူ၍ ဥရှိသည့် အသက်ပြင်း ဆေးဖက်ဝင် နွယ်ပင်တစ်မျိုး။ ဆင်သမနွယ်။ **~နားစာပေါက်**/ဆင်နားစာဘောက်/န-သီဟာသနပလ္လင် လက်ဝဲလက်ယာတွင် စာကွန့်ရက်ပုံ လုပ်ထားသော အဆင်တန်ဆာ။ **~နားရွက်တံခါး**/ဆင်နယွက်ဒဂါး/န-တံခါးရွက်ကို အတွင်းအပြင် တွန်းဖွင့်နိုင်သည့် တံခါးတစ်မျိုး။ **~နှာမောင်း**/ဆင်နှမောင်း/န-ဆင်၏ နှာမောင်းနှင့်ဆင်သော ပွင့်နိုင်တံ ထွက်သည့် အပင်ငယ်။ **~ဖိုး** /ဆင်ဖိုး/န- ကြံ့ဖိုးနှင့် အတူတူ။ **~ဖိုက်**/ဆင်ဖိုက်/န-အရွယ်ရောက်ပြီး ဆင်ထီး။ **~ဖစ်မြွေ**/ဆင်ဖျစ်မွေ/န-ကင်းလိပ်ချော ယောင်ယောင်မြွေယောင်ယောင်ရှိသော တွားသွားကောင်။ **~ဖြူသည်း**/ဆင်ဖျာသဲ့/န-ပဒုမ္မဝါပင်။ **~ပြောင်**/ဆင်ပျောင်/န-အရွယ်ရောက်ပြီး သန်မာသော ဆင်ထီး။ **~ဖိနပ်နှာ**/ဆင်ဖနတ်နှာ/န- ခြေဖဝါး ကွဲအက်သော အနာတစ်မျိုး။ **~ဖြူ** /ဆင်ဖျူ/န-အရေပြားဖြူသော ဆင်။ **~ယှဉ်**၊ န-ဆင် ကျောက်ကုန်းထက်တက်ရန် လုပ်ထားသောစင်။ **~ရာတိမ်မိုး**၊ န-နတ်တော်လတွင် ဆင်ခြေရာပျောက် ရုံမျှ ရွာသောမိုး။ **~ရုံ**၊ ကြိ-တောဆင်ရိုင်းကို ဖမ်းသည်။ န-(ဆင်ကိုရုံ၍ လိုက်သကဲ့သို့) ဖြည်းဖြည်းမှန်မှန်သွားသော မြင်းသွားပုံ။ **~လမ်း**၊ န-မိန်ရာသီ၊ မိဿရာသီ၊ ကန်ရာသီ၊ တူရာသီတွင် နေသွားရာလမ်း။ [ပါဠိမြန်၊နာဂ+ဝီထိ] **~လိမ်**၊န-ငါးဆောင်မြူးတစ်မျိုး။ **~ဝင်**၊န-အိမ်မကြီး၏ အပေါ်ထပ်မှ ရှေ့ဘက်ဆက်၍ ထုတ်ထားသော အဆောင်။ (ဘေးဘက်လည်း ထုတ်လေ့ရှိသည်။) **~ဇေ့ရန်ရှောင်**၊န-(ဆင်ဇေ့သောအခါ လွတ်အောင် ရှောင်သကဲ့သို့) အပြစ်လွတ်အောင် ရှောင်တိမ်း ပြောဆိုသော စကားပြောနည်း။ **~ဦးစီး**/ဆင်အူးစီး/န-ဆင်ဦးပိုင်းတွင်ထိုင်၍ ချွန်းဖြင့် ဆင်ကို မိမိလိုရာ စေနိုင်းသူ။ **~အုံ**၊န-ငှက်ပျောတစ်မျိုး။

ဆင်ဆာ၊န-အများပြည်သူအတွက် သင့်မသင့်ကို စိစစ်ခြင်း။ [လိပ်၊censor]

ဆင်ဒီကိတ်၊န-၁၊လုပ်ငန်းဆိုင်ရာ သီးခြားအဖွဲ့ငယ်။ ၂၊မိမိတို့ စီးပွားရေး အကျိုးအမြတ်အတွက် စုပေါင်းဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် ကုန်သည်ကြီးများအဖွဲ့။ [လိပ်၊syndicate]

ဆင့် [၁]၊ ကြိ- တစ်ခုပေါ်တစ်ခု တင်သည်။ ကြိဝိ- တစ်ကြိမ်ပြီး တစ်ကြိမ်၊ တစ်ခုပြီးတစ်ခု။ "ရေနုစ်ရွက် ~သောက်-။" န-၁၊ဖျဉ်ခင်းရန် ရက်မပေါ်တွင် ကန့်လန့် တင်ထားသော သစ်သားချောင်း။ ၂၊အိမ်နံရံတွင် ပစ္စည်းတင်ရန် ပြုလုပ်ထားသော တန်း။ **~ကဲဆင့်ကဲ**/ဆင့်ဂဲဆင့်ဂဲ/ကြိဝိ-အဆင့်ဆင့်။ **~ကဲဖြစ်စဉ်**/ဆင့်ဂဲဖျစ်စင်/န-ပတ်ဝန်းကျင်နှင့် လိုက်လျောစေရန် သတ္တဝါတို့ တဖြည်းဖြည်း တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲသော ဖြစ်စဉ်။ **~ပွား**၊ကြိ-တိုးဆင့်ပွားများသည်။

ဆင့် [၂]၊ကြိ-အမိန့်အာဏာဖြင့် ခိုင်းသည်၊ ခေါ်ယူသည်။

ဆင့်ဆန်/ဆင့်ဇန်/န-သုံးပုံဖဲတွင် မြန်မာဘက်က ဒုတိယအငယ်ဆုံးဖြစ်သော ခြောက်ပွင့်ပါ ဖဲချပ်။[?]

ဆင်း [၁]၊ကြိ-အမြင့်မှ အနိမ့်သို့ ရွေ့သည်၊ ရွှေ့သည်။

ဆင်း [၂]၊န-အဆင်းနှင့်အတူတူ။ **~တု**/ဆင်းဒု/န-မြတ်စွာဘုရား၏ ရုပ်ပွားတော်။ **~ပု**/ဆင်းဗု/န-[ရှေး] ဆင်းတု။

ဆင်းတောင့်ဆင်းရဲ/ဆင်းဒေါင့်ဆင်းယဲ/ကြိဝိ-အလွန်ဆင်းရဲစွာ။

ဆင်းရဲ၊ကြိ-၁၊ကိုယ်၊ စိတ် ပင်ပန်းသည်။ ၂၊ပစ္စည်းဥစ္စာချို့တဲ့သည်။ မွဲသည်။ [ရှေးမြန်ဆိုဝ်+ပါဠိရယ] **~တွင်း**/ဆင်းယဲဒွင်း/န-ဆင်းရဲမွဲတေသောအဖြစ်။ **~သား**/ဆင်းယဲသား/န-ဆင်းရဲချို့တဲ့သူ။

ဆောင် [၁]၊ကြိ-၁၊ကိုယ်နှင့်မကွာယူသည်။ ထားသည်။ ၂၊(အစီပွာယ်)သက်ရောက်သည်။ ၃၊ဖော်ပြသည်။ "ဥပမာ ~-။" ၄၊ဆောင်ရွက်သည်။ "အများ အကျိုး ~-။" ၅၊(အသွင်သဏ္ဌာန်တစ်ခုခုကို) ယူသည်၊ တူအောင် ပြုသည်။ "သူဇွေးအယောင် ~-။" **~ကြဉ်း** /ဆောင်ကျင်း(ဂျင်း)/ ကြိ- ၁၊ သယ်ယူသည်။ ယူဆောင်သည်။ ၂၊ ပြုလုပ်သည်။ ဆောင်ရွက်သည်။ **~ပါး**၊ ကြိ-၁၊ ပစ္စည်း တစ်စုံတစ်ရာကို လူလွှတ်၍ဖြစ်စေ၊ လူကြုံအပ်၍ဖြစ်စေ ရပ်ဝေးသို့ ပေးပို့သည်။ ၂၊ ကိုယ်နှင့်မကွာ ဆောင်ယူသည်။ /ဆောင်ဗား/န-ဆောင်းပါးနှင့်အတူတူ။ **~ပုဒ်** /ဆောင်ဗုတ်/န- တိုတိုဖွဲ့သီထားသည့် မှတ်သားဖွယ် စာပိုဒ်။ **~ရွက်**၊ ကြိ-ပြုလုပ်သည်။

ဆောင် [၂]၊န-အဆောင်နှင့်အတူတူ။ **~ကပ်** /ဆောင်ဂတ်/န-ဆောင်မနှင့် စပ်နေသော အဆောင်ငယ်။ **~တော်ကူး**/ဆောင်ဒေါ်ဂူး/န-ဆောင်းဥတုတွင် မွှေးကြိုင်သော အပွင့်ဖြူများ အဆုပ်လိုက်ပွင့်သည့် နွယ်ပင်။ **~ပန်း**/ဆောင်ဗန်း/န-၁၊လှည်းဦးရှိ ထိုင်ရန် နေရာ။ ၂၊သစ်သားပုခက်။ **~ပုံ** [၁]/ဆောင်ဗုန်/န-အဆောက်အအုံ၏ အမိုးအုံ။ **~မ**၊န-ပင်မဖြစ်သော အဆောင်ကြီး။

ဆောင်ပုံ [၂]/ဆောင်ဗုန်/ န-မိုန်းသွားများ တပ်ထားသည့်

မာတိကာသို့ ▶▶▶

http://www.lknt11.com

ငါးထိုး လက်နက်။

ဆောင့်၊ကြိ-၁၊အရှိန်ဖြင့်တိုက်သည်။ ၂၊တင်းကျပ်သိပ်သည်းအောင် ထုရိုက်သည်။ ၃၊ယာဉ်စသည်တို့ လမ်းမညီညွတ်၍ ခုန်သည်။ "လှည်း---။" **~ကြီးဆောင့်ကြီး**/ဆောင့်ကြီးဆောင့်ကြီး/ကြိဝိ-စိတ်ကောက်၍ စူဆောင့်လျက်။ **~ကြောင့်**/ဆောင့်ကျောင့်/ကြိဝိ- ခြေဖဝါးနှစ်ဖက်ချ၍ သလုံးသားနှင့် ပေါင်သားကို ထိစေလျက်(ထိုင်သည်)။ **~ကြွားကြွား**/ဆောင့်ကျွားကျွား/န-မောက်မာသော အမူအရာ။ **~အောင့်**၊ကြိ-ခြေစသည်ကို ဆောင့်လျက် စိတ်ကောက်သော အမူအရာကိုပြသည်။

ဆောင်း[၁]၊ကြိ-၁၊ထီး စသည်ကို ဦးခေါင်းထက်တွင် မိုးသည်။ ၂၊ခမောက်၊ ဦးထုပ်စသည်ကို ဦးခေါင်းတွင် စွပ်သည်၊ တင်သည်။ ၃၊ဆောင်းဖြင့် အုပ်ဖမ်းသည်။ ၄၊အုပ်ပေးသည်။ န-ငါးဖမ်းရန်၊ ကြက်လှောင်ရန် ဝါးခြမ်းကို ရက်ထားသော ကိရိယာ။ **~ထပ်**/ဆောင်းဒတ်/ န-၁၊ကုလားအုံးဆောင်းထပ် နှင့် အတူတူ။ ၂၊တောင်များ၊ ချုံများအထပ်ထပ် ရှိသော နေရာ။

ဆောင်း[၂]၊န-မိုးဥတုနှင့် နွေဥတုအကြား ချမ်းအေးသော လေးလ ရာသီ။ **~ခိုင်း**၊ကြိ-(သလိပ်၏နှိပ်စက်ခြင်း စသည်ကို) ဆောင်းတွင်းတစ်ခုလုံး ခံစားရသည်။ **~ဖြီးနာ**၊န-အအေးမိ၍ နှာမွှန် နှာစေးသောရောဂါ။ ဆောင်းဖြီးနာ။ ဖွတ်သိုနာ။ **~မေးခါး**/ဆောင်းမေးဂါး/န-အမြစ်ကို ဆေးဖော်ရသော နွယ်ပင် တစ်မျိုး။ **~မေးခါးနာ**/-နာ/န-နာခေါင်းရောဂါ။ **~ယဉ်စွန်းရှိန်**/ဆောင်းယင်စွန်းကျိန်/န-တောင်ယဉ်စွန်းတန်းဆီ နေရောက်စဉ် ကမ္ဘာမြောက်ခြမ်း၌ နေ့တာအတိုဆုံးကာလ။ (ဒီဇင်ဘာ ၂၂ ရက်နေ့ ခန့်တွင် ကျရောက်သည်။) (နွေယဉ်စွန်းရှိန်လည်းရှု)

ဆောင်းပါး/ဆောင်းဗား/န-၁၊လူ့လွတ်၍ဖြစ်စေ၊ လူကြိုတွင်အပ်၍ ဖြစ်စေ ရပ်ဝေးသို့ ပေးလိုက်သော ပစ္စည်း၊ စာ။ ၂၊သတင်းစာ၊ မဂ္ဂဇင်း စသည်တို့တွင် ဖော်ပြသည့် ဗဟုသုတဆိုင်ရာစာတမ်း။

ဆိုင်၊ကြိ-၁၊တွေ့ဆုံသည်။ ဆုံမိသည်။ ၂၊အရောင်းအဝယ်လုပ်ရန် ဈေးစပ်ပြောဆိုထားသည်။ ၃၊ပတ်သက်သည်။ ၄၊ပိုင်ခွင့်ရှိသည်။ န-၁၊ပစ္စည်းရောင်းရာအခန်း။ ၂၊အဖိုးအခယူ၍ လုပ်ငန်းတစ်ခုတစ်ရာ ပြုလုပ်ပေးသောအခန်း။ **~ပုံထိုး**/ဆိုင်မုန်ထိုး/ကြိ-ကောက်လှိုင်းများကို အနံ့ချင်းဆိုင်၍ ဆင့်ပုံသည်။

ဆိုင်း၊ကြိ-၁၊ဆက်သွယ်ချည်နှောင်သည်။ ၂၊လေထုတွင် ချိတ်ဆွဲထားသကဲ့သို့ တည်သည်။ "မြူ~~။" ၃၊ငုံ့သည်။ စောင့်သည်။ ၄၊(အကြောစသည်) သွက်လက်စွာ မလှုပ်ရှားနိုင်ဖြစ်သည်။ န-၁၊အိုးစသည်ကို တည့်သွင်းကာ ထမ်းဆောင်ရသော သို့မဟုတ် ချိတ်ဆွဲရသော ဝန်သယ် ကိရိယာ။ ၂၊ကြေး၊ သားရေ၊ ဝလ၊ လက်ခုပ် တူရိယာများ ပါဝင်သော အတီး အမှုတ်ဝိုင်း။ စည်း-အဆိုင်းကို ရေတွက်ရာတွင် သုံးသော စကားလုံး။ **~ဆော်**၊ကြိ-ဓာတ်ထွက်ရန် အချိန်သင့်ပြီဖြစ်ကြောင်းကို ဆိုင်းတီး၍ နှိုးဆော်သည်။ **~ဆင့်**၊ကြိ-ဓာတ်ကပြနေသူက ဆိုင်းဆရာကို ဆီလျော်ရာ တီးကွက် တီးပေးရန် ဆော်ဩသည်။ /ဆိုင်းဇင့်/န-ဆိုင်းဆင့်သော စကား။ **~တွ**၊ကြိ-၁၊ ဆက်သွယ် ချည်နှောင်သည်။ ၂၊အကြော စသည် ဆိုင်းသည်။ ၃၊နှောင့်နှေးသည်။ **~နောက်ထ**၊န-ဆိုင်းဝိုင်း နောက်မှထကာ ပြောဆိုဆိုင်းဆင့်ပြက်လုံး ထုတ်ရသူ။ **~မဆင့်** ဗုံမဆင့်၊ ကြိဝိ-ကြိုတင် အကြောင်း မကြားဘဲ။ **~ဝိုင်း**၊န-၁၊ပတ်လုံးများကို ကြီးစဉ် ငယ်လိုက် ချိတ်ဆွဲထားသော တူရိယာ တစ်မျိုး။ ၂၊ဆိုင်းဝိုင်း၊ ကြေးဝိုင်း၊ မောင်းဆိုင်း၊ ပတ်မကြီး၊ နှဲစသည်တို့ ပါဝင်သော တူရိယာ အဖွဲ့။

ဆိုင်းဘုတ်/ဆိုင်းဗုတ်/န-ကြော်ငြာ၊ နာမည် စသည် ရေးထားရာ ပျဉ်စသည်အချပ်။ [လိပ်၊sign-board]

ဆစ်၊ကြိ-၁၊ကြံပင်၊ ဝါးပင် စသည်တို့ကို အဆစ်လိုက် ပိုင်းသည်။ ၂၊ကျောက်တုံး၊ ကျောက်ခဲကို လိုရာ ပုံသဏ္ဌာန် ဖြစ်လာအောင် ထွင်းထုသည်။ ၃၊ဈေးနှုန်း စသည် လျှော့အောင်ပြောသည်။ ၄၊ပိုင်းခြား ရေတွက်သည်။ ၅၊မပြေမပြောင်၍ ခက်ခဲသည်။ **~ဖို**၊န-ပေါးရှုလျှောက်ဖိုးနှင့် အတူတူ။

ဆစ်ဖလစ်၊န-ကာလသားရောဂါ။ [လိပ်၊syphilis]

ဆည်/ဆယ်/ကြိ-၁၊စီးလာသည့်ရေကို ကန်ပေါင်ရိုးဖြင့် တားဆီးသိုလှောင်သည်။ ၂၊ချုပ်ထိန်းသည်။ /န-၁၊ရေကိုဆည်ရန် ဖို့လုပ်ထားသော ကန်ပေါင်ရိုး။ ရေကို ဆည်ထားသောကန်။ ၂၊ငါးဖမ်းရန် ရေစီးကို ဖြတ်ကာထားသော ယင်းတန်း။ **~ရေသောက်**/ဆယ်ယေသောက်/န-ဆည်မှရေကိုရယူ အသုံးပြုသော လယ်ယာ စသည်။

ဆည်း၊ကြိ-၁၊စုဆောင်းသည်။ ၂၊ချဉ်းကပ်သည်။ စားသည်။ **~ကပ်**၊ကြိ-ရိုသေစွာ ချဉ်းကပ်သည်။ မှီခိုအားထားသည်။ **~ပူး**/ဆီးဗူး/ကြိ-စုဆောင်းသည်။

ဆည်းဆာ/ဆီးဇာ/န-၁၊နေဝင်ချိန်။ ၂၊သာမန်အားဖြင့် တစ်ရက်အတွင်း အကူးအပြောင်း အချိန်လေးရပ်။ (၁၊နံနက်ဆည်းဆာ ၂၊မွန်းတည့်ဆည်းဆာ ၃၊ညနေဆည်းဆာ ၄၊သန်းခေါင်ဆည်းဆာ။) [သ၊သံချော]

ဆည်းလည်း/ဆွဲလဲ/န-လှုပ်ခတ်လျှင် အသံမြည်သည့် ခေါင်းလောင်းငယ်။

http://www.lknt11.com

ဆဋ္ဌမ/ဆဟ်ထမာ့/န–ခြောက်ခုမြောက်ဖြစ်သော။ [ပါ၊ဆဋ္ဌမ]

ဆတ်[၁]၊ကြိ–၁၊ကျိုးလွယ်သည်၊ ကြွပ်သည်။ ၂၊အမျက်ထွက်လွယ်သည်။ ၃၊ကျိုးပဲ့အောင် ရက်ခနဲ ရိုက်ခတ်သည်။ ၄၊ကျောက်ကို ဆစ်သည်။ ၅၊ရုတ်ခနဲ လှုပ်ခါသည်။ **~ကော့လတ်ကော့**၊ကြိဝိ–မတည်မငြိမ် ဣန္ဒြေ မဲ့စွာ။ **~ဆော့**၊ကြိ–စောင့်စည်းမှု မရှိဘဲ ပြောဆိုပြုမူ မိသည်။ **~ဆတ်**၊ကြိဝိ–အသေအချာ။ "နားနှင့် ~ကြား–။" **~ဆတ်ကြဲ**/ဇတ်ဇတ်ကျဲ/ကြိဝိ–မဟုတ် မခံ ရဲရဲတင်းတင်း။ **~ဆတ်ခါ**၊ကြိဝိ–မခံမရပ်နိုင် ဖြစ်လျက်။ **~ဆန်**၊န–အနာဖုထဲတွင် တည်သော အဆန်မာ။ **~တင့်ငုံ**၊ကြိဝိ–မသာသာဆန္ဒ မပြည့်မဝ။ **~တွန့်**၊နဝိ–အတွန့်အတွန့်ဖြစ်အောင် ရက်ထား သော (အထည်)။ **~တုပ်**၊န–မာဆတ်သော ပုစွန်တုပ် အငယ်စား။

ဆတ်[၂]၊န–သမင်မျိုးဝင် သားကောင်တစ်မျိုး။ (ဦးချိုနကို ဆေးဖော်လေ့ရှိသည်။) **~ချိုရစ်**/ဆတ်ချိုယစ်/ န–၁၊ခွာညိုမျိုးဝင် နွယ်ပင် တစ်မျိုး။ ၂၊အသားထူ၍ ဝါသော အမွှင့်ငယ်မွှင့်သော နွယ်ပင်တစ်မျိုး။

ဆတ္တာသည်/ဆတ်တာသယ်/န–ဆံပင်၊ မုတ်ဆိတ်၊ ခြေသည်း လက်သည်းတို့ကို ရိတ်ဖြတ်ပြုပြင်ခြင်းဖြင့်အသက်မွေးသူ။ [ပါ၊ဆတ္တာ+မြန်၊သည်]

ဆိတ်[၁]၊န–ခေါင်းပွဦးချိုရှိ၍ ကိုယ်နံ့ပြင်းသော စားမြုံ့ပြန် ခြေလေးချောင်း သတ္တဝါတစ်မျိုး။ **~ကုလား**/ဆိတ်ကလား/န–သိုးသတ္တဝါ။ **~ရေး**၊န–အမွေး ပြောင်ချော၍ အသီးမည်းပြာသော ပင်စောက် တစ်မျိုး။ (အဖိုပွင့်စိမ်းလဲ့၍ အမပွင့် နီရဲသည်။) **~ချို**/ဆိတ်ချို/န–ဆိတ်ချိုသဏ္ဌာန် အစွန်းကောက် နှစ်ခု ပါသည့် သံတူ။ **~နံ**၊န–၁၊လှေခုတ်ရသော တောင်ကုန်းပေါက် သစ်ပင်တစ်မျိုး။ (အရွက် ဆိတ်သိုးနံ့ နံသည်။) ၂၊ပျဉ်းတော်သိမ်။ **~နံကြီး**/ဆိတ်နန်ကြီး/န–၁၊အသား အတန်အသင့်မာသော၊ အိမ်ဆောက်ရာ ထွန်ထယ်လုပ်ရာ၌ သုံးရသော ကုန်းမြင့်ဒေသပေါက် သစ်ပင်ကြီး။ ၂၊ အရွက်၊ အခေါက် ဆေးဖက်ဝင်သော နွယ်ယောင်ပင်ယောင် တစ်မျိုး။ **~မျက်လုံး**၊န–လှည်းပုံတောင်းကို ဝင်ရိုး မှတ်စား မသွားအောင် ထည့်တပ်ထားသည့် သံခွေ။ **~လမ်း**၊န–ပြိဿာရာသီ၊ နေရာသီ၊ မကရရာသီ၊ ကုံရာသီတို့တွင် နေသွားရာလမ်း။ [ပါ၊ပြန်၊ အဇ+ဝီထိ]

ဆိတ်[၂]၊ကြိ–အသံမရှိ၊ တိတ်ငြိမ်သည်။ **~ကွယ်ရာ**၊န–တစ်ပါးသူ မတွေ့မြင်နိုင် မကြားနိုင်သော နေရာ။ **~ညံ**၊ကြိ–[ပေါ]တိတ်ဆိတ်သည်။ **~သုဉ်း**၊ကြိ–ကင်းမဲ့သည်။

ဆိတ်[၃]၊ကြိ–၁၊လက်သည်းနှစ်ခုဖြင့် ဖိညှပ်သည်။ ၂၊ကြက်၊ ငှက် စသည် နှုတ်သီးဖြင့် ကိုက်ဖဲ့သည်။ **~ဆွန်း**၊နဝိ–အနည်းငယ်သော။

ဆိတ်[၄]၊စည်း–ပြုရက်မှုရက်သည် ဟူသော အနက်ဖြင့် ကြိယာကို ထောက်ပံ့သော စကားလုံး။ "ရှု~။"

ဆိတ်ဖွား၊န–တစ်စုံတစ်ဦး နှာချေသောအခါ အခြားသူ တစ်ဦးက အသက်ရှည်ပါစေဟု တုံ့ပြန်သော စကား။ [ပါ၊ဇီဝ]

ဆုတ်[၁]၊ကြိ–၁၊နောက်သို့သွားသည်။ ၂၊တဖြည်းဖြည်း လျော့ပါးသည်။ "သွေး~။" **~ကန်ကန်**၊ကြိ–ခေါ်ရာ ဆွဲရာသို့ လိုက်လို မပါလို၍ နောက်ပြန်ရုန်း အားထုတ်ရုန်းခွာသည်။ **~ကပ်**[၁]၊ န–သက်တမ်း စသည် ယုတ်လျော့လာသောကပ်။ **~ခံ**၊ ကြိ–နောက်သို့ ဆုတ်ရင်း ခုခံတိုက်ခိုက်သည်။ **~ဆိုင်း**၊ကြိ–ဖင့်နွှဲသည်။ နှောင့်နှေးသည်။ **~နစ်**၊ကြိ–(စိတ်ဓာတ်)ကျဆင်း လျော့ပါးသည်။ **~ယုတ်**၊ကြိ–လျော့နည်းသွားသည်။ ညံ့ဖျင်းသွားသည်။

ဆုတ်[၂]၊ကြိ–၁၊(စက္ကူစသည်ကို)ပြဲအောင်၊ ပြတ်အောင် ပြုသည်။ ၂၊(အရေခွံကို) ခွာသည်။

ဆုတ်ကပ်[၂]၊န–ငါးထောင်မြူးတစ်မျိုး။

ဆန်[၁]၊န–စပါးကို အခွံချွတ်ထားသော အစေ့အဆန်။ **~ကော**/ဇဂေါ်/န–ဆန် စသည် ပြာရန် ဝါးနှီးဖြင့် ရက်လုပ်ထားသော ဗန်းဝိုင်း။ **~ကောဝိုင်း**/–ဝိုင်း/ကြိဝိ–ဆန်ဝိုင်းရာတွင် ဆန်ကောလှုပ်ရှား သကဲ့သို့ ဝေ့ဝိုက်လှုပ်ရှားလျက်။ **~ကုန်မြေလေး**/ဆန်ဂုန်မျေလေး/န–မည်သည့်နေရာတွင်မှ အသုံး မကျသူ။ **~ကျော့**/ဆန်ဂျော့/န–ကောက်ညှင်းဆန် တွင် ရောနေသော ဆန်ကြမ်း။ **~ကြမ်း**/ဆန်ဂျန်း/ န–ထမင်း ချက်စားသော ဆန်ကို ကောက်ညှင်းဆန် နှင့် ခွဲ၍ သိရအောင် မှည့်ခေါ်သောအမည်။ **~ကွဲ**/ဇကွဲ/န–ဆန်စေ့အကျိုးအပဲ့။ **~ခါ**/ဇဂါ/န–အပေါက်ငယ်များ ဖော်၍ ဝါးနှီးဖြင့် ဖြစ်စေ၊ နန်းကြိုးဖြင့်ဖြစ်စေ ရက်လုပ်ထားသော ဗန်းဝိုင်း။ **~ခါချ**/–ချ/ကြိ–ဆန် စသည်ကို ဆန်ခါတွင်ထည့် ၍ သေးငယ်သော အရာတို့ကို ဆန်ခါပေါက်မှ ကျအောင် လှုပ်ခါသည်။ **~ခါတင်**/–ဒင်/န–[ဥပစာ] အကောင်းဆုံး။ လက်ရွေးစင်။ **~ခတ်**၊န–အသံရသ ရအောင် လုံးကြီးတင်ထဲတွင် ရေးမှတ်သော သင်္ကေတ။ **~ခုတ်**၊ကြိ–ဆန်ကို ဆန်ကောတွင် ထည့်၍ ပြာပြီး မလိုအပ်သည်ကို ခါထုတ်သည်။ **~ညှာ**၊န–ဆန်ကွဲအောက် ငယ်သော ဆန် အကျိုးအပဲ့။ ဆန်ဖျား။ **~နုပ်**၊န–ဆန်ကွဲအောက်ငယ်သော ဆန်အကျိုးအပဲ့။ **~နှစ်**၊ န–အရည်ဖျော်ထားသော ဆန်မှုန့်။ **~ပန်း**/ဆန်ဗန်း/န–အလှူမင်္ဂလာ အခမ်း

မာတိကာသို့ ▶▶▶

အနားများတွင် ပန်းအဖြစ် ကြိုသောဆန်စေ့။ ဆန်ပန်းပေါက်ပေါက်။ ~ပြောင်း/ဆန်ဗျောင်း/ န-ဖြူ သော အစေ့ဆန်များ ရှိသည့် နံစားပြောင်း တစ်မျိုး။ ~ဖြုန်း/ဆန်ဖျုန်း/န- အမှုန့်ထောင်းရာ တွင် မကြေဘဲကျန်နေသော ဆန်မှုန့်ကြမ်း။ ~ဖွပ် /ဆန်ဖွတ်/ကြိ-အခွံခွင်ပြီး ဆန်ကို ဖြူအောင် ထောင်းသည်။ ~ရေစပါး /ဆန်ယေဇပါး/န- အသက်တည်တံ့ရေးအတွက် အားထားရာ ကောက်ပဲ သီးနှံ အစာရေစာ။ ~ရိုးဆန်သား/ဆန်ယိုး ဆန် သား/န-ဆန်စေ့ဆန်လုံး။ ~ရင်း၊န-ဆန်ကွဲ ဆန်နုပ် ထုတ်ပြီးသောဆန်။ ~လတ်၊န-ဆန်ကွဲ လည်းမကာ၊ ဆန်ရင်းလည်း မကျသော ဆန်စေ့။ ~လုံးညို၊န- ဖြူအောင် ဖွပ်မထားသောဆန်။ ~လုံးတီး/ဆန် လုန်းဒီး/န-လုံးတီးဆန် နှင့်အတူတူ။ ~လွှတ် နနွင်း/ဆန်လွတ်ဆနွင်း/န-ဆန်မှုန့် ရောမထား သော နနွင်းမှုန့်။

ဆန်²၊ကြိ-၁၊ရေစုန်လစုန်ကို ဆန့်ကျင်၍သွားသည်။ ၂၊ အထက်သို့ တက်သည်။

ဆန်³၊ကြိ-အသွင်အပြင် အမူအရာရှိသည်။ ဆင်သည်။ "လူကြီး~~။ နန်း~~။"

ဆန္ဒ၊န-လိုချင်မှု၊အလိုရှိမှု။ [ပါ၊ဆန္ဒ] ~စော၊ကြိ- ဖြစ်လို ပြုလိုစိတ် ပြင်းပြနေသည်။ လောကြီးသည်။ ~ပြု၊ ကြိ-အလိုရှိသည်ကို ထုတ်ဖော်တင်ပြသည်။ ~မဲ၊န-မိမိ၏ဆန္ဒကို ထုတ်ဖော်ရာတွင် သုံးသော စက္ကူ။ ကတ်ပြား စသည်။

ဆန့်၊ကြိ-၁၊စန့်စေသည်။၂၊ကွာလှမ်းသည်။ ဝေးသည်။ ~ကျင်၊ကြိ-ဖီလာကန့်လန့်ဖြစ်သည်။ အတိုက်အခံ ပြုသည်။ ~ကျင်ဘက်၊န-ဆန့်ကျင်သောသူ။ ဆန့်ကျင် သောအရာ။ ~ငင်ဆန့်ငင်၊ကြိဝိ-အကြော ဆွဲသဖြင့် ခြေလက်အင်္ဂါများ ဆတ်ခနဲဆတ်ခနဲ ရုန်းကန်လှုပ်ရှားလျက်။

ဆန်း¹၊ကြိ-၁၊အသစ်ဖြစ်ပေါ်သည်။ "~စလ။" ၂၊ ထူးသည်။ ထူးခြားသည်။ ~ကြယ်၊ကြိ-ထူးထွေ ဆန်းပြားသည်။ ~ပြား၊ကြိ-၁၊ရိုးရိုးမဟုတ် ထူးခြား သည်။ ၂၊မရိုးမဖြောင့် ဖြစ်သည်။ ~သစ်၊ကြိ- အသစ်ပြန်လည်ဖြစ်ပေါ်သည်။

ဆန်း²၊န-ပါဠိဂါထာ ဖွဲ့ဆိုနည်းအတတ်။ [ပါ၊ဆန္ဒ] ~ဂိုဏ်း၊န-ဆန်းကျမ်း၌ ဂိုဏ်းအဖြစ် သတ်မှတ်ထား သော အက္ခရာစု။ ~စစ်၊ကြိ-စိစစ်သည်။

ဆန်း³၊စည်း-သာမန်မှုဖြစ်သည်ကို ပြသော စကားလုံး။ ရိုးမှု။

ဆုန်း¹၊ကြိ-၁၊သင်္ကန်းစသည် ချုပ်ရန် တိုင်းတာ ဖြတ်တောက်သည်။ ၂၊ဖြတ်သည်။ ပိုင်းသည်။ ၃၊ ချင့်ချိန်သည်။ ၄၊သင်္ကန်းချုပ်သည်။ ~ဆ၊ကြိ- ချင့်ချိန်သည်။

ဆုန်း²၊န-ခဲမပုပ်ပြာ အနီ။ [သ၊ ဇေါတ]

ဆုန်းဆုန်း/ဆုန်းဇုန်း/ကြိဝိ-[ပေါ] အဟုန်ပြင်းစွာ။

ဆပ်¹၊ကြိ-၁၊(ကြွေး) ပြန်ပေးသည်။ ၂၊(ကျေးဇူး) တုံ့ပြန် သည်။

ဆပ်²၊န-အလုံးအစေ့သေးငယ်၍ ဝါသောကောက်ပေါး တစ်မျိုး။ ~ကုံး၊န-ဆပ်အနှိုင်သဏ္ဌာန် ပြုလုပ် သီကုံး ထားသော လည်ဆွဲပုတီး။

ဆပ်ကော်မတီ၊န-အဖွဲ့ကြီးမှ တစ်ဆင့်ခွဲ၍ ဖွဲ့စည်း ထားသော အဖွဲ့ငယ်။ [လိပ်၊sub-committee]

ဆပ်ကပ်၊န-လူ၊တိရစ္ဆာန်တို့၏ ကျွမ်းထိုးအတတ်၊ ကြိုးတန်းလျှောက်အတတ် စသည်တို့ကို လှည့်လည် ပြသသောပွဲ။ [လိပ်၊circus]

ဆပ်ပြာ၊န-၁၊သဘာဝအတိုင်း မြေပေါ်တွင် ဖြစ်ပေါ် နေသော ဆေးကြောလျှော်ဖွပ်ရန် သုံးသည့်အမှုန့်။ ၂၊ဆေးကြော လျှော်ဖွပ်ရန် အဆီ၊ ဆော်ဒါ စသည်တို့ဖြင့် ဖော်စပ်ထားသော ပစ္စည်း။

ဆပ်သွား၊န-၁၊ချဉ်ခင်ပြီးရသော ဆပ်သွားသီးခြောက်။ ၂၊ဆပ်သွားဖူးပင်။ ~ဖူး/ဆတ်သဖူး/န-၁၊ အရွက် ချွန်တက် ရှည်မျော၍ အမွှင့်မွေးသော၊ အရံ့လိုက် ပေါက်သည့် အပင်တစ်မျိုး။ ၂၊စေတီထီးအောက်ရှိ ဆပ်သွားဖူးပုံ အစိတ်အပိုင်း။

ဆိပ်၊န-၁၊ယာဉ်များဆိုက်ကပ်၊ ရပ်နား၊ ထွက်ခွာရာ နေရာ။ ၂၊လူအများ ရေချိုး ရေခပ်ရာ မြစ်ချောင်း စသည်၏ ကမ်းပါးနေရာ။ ~ကမ်း၊န-လှေ၊ သင်္ဘော စသည် ဆိုက်ကပ်ရပ်နားရာ အရပ်။ ~ကမ်းမြို့၊န- ပင်လယ်ကူးသင်္ဘော ဆိုက်ကပ်ရာ ဆိပ်ကမ်းရှိသော မြို့။ ~ခံ၊န-လှေသင်္ဘောများ ဆိုက်ကပ်ရာဇော။

ဆိပ်ဖလူး၊န-လိမ္မော်ရင့်ရောင် ပွင့်တံထိပ်တွင် ပွင့်ဖတ်ဖြူ များရှိသော၊ ရနံ့မွှေးသော ပန်းပွင့်သည့် အပင်။ [သ၊ဇေဖာလိကာ]

ဆုပ်၊ကြိ-၁၊လက်ချောင်းများကို ကျစ်ကျစ်ခေါက်သည်။ ၂၊တစ်စုံတစ်ရာကို ကိုင်ဆုပ်သည်။ ~ကိုင်၊ကြိ- [ဥပစာ] အပြောင်းအလဲမရှိ စွဲမြဲစွာ ခံယူသည်။

ဆမ်း၊ကြိ-တစ်စုံတစ်ခုပေါ်သို့ ဆီ၊ အရည် စသည်ကို ပျံ့နှံ့အောင် ဖျန်းသည်။

ဆိမ့်၊နဝိ-ပဲမျိုးအရသာ၊ နို့မျိုးအရသာရှိသော။

ဆုံ၊ကြိ-၁၊ကြုံကြိုက်သည်။ တိုက်ဆိုင်သည်။ တွေ့ သည်။ ၂၊အတူဝယ်ယူခွဲဝေသည်။ န-၁၊အခွဲ အစု နေရာ။ ၂၊ရေတ်သီးစသည် ထည့်၍ ထောင်းရန် ကြိတ်ရန် လုပ်ထားသောခွက်။ ၃၊ ဆေးတံတွင် ဆေးထည့်ရာခွက်။ ~ကျည်၊န-ဆုံခွက်။ ~ဆည်း /ဆုန်ဇီး/ကြိ-တိုက်ဆိုင်သည်။ တွေ့ဆုံကြုံကြိုက် သည်။ ~ဆို့နှာ/ ဆုန်ဇို့နှာ/ န-လည်ချောင်းတွင်း၌

http://www.lknt11.com ...

ဖြစ်သော အနာတစ်မျိုး။ ~ထုံးငါးပိ/ဆုန်ဒုန်းငပိ/ န-မညက်တညက် ထောင်းထားသော ငါးကြီးငါးပိ။ ~မျှို/ဆုန်ဗျင်/န-ဆီဆုံတွင် ဆုံချက်၏ နှုတ်ခမ်းသား။ ~လည်/ဆုန်လယ်/န-ပတ်လည် လှည့်၍ ရအောင် ပြုလုပ်ထားသောအရာ။ ~လည့်နွား/-နွား/န-ဆီပွတ်ရာတွင် ဆီဆုံကို ပတ်ချာလည် လှည့်နေသောနွား။

ဆုံ့ဆည်း/ဆုန့်စီး/နဝိ-[ကဗျာ] (ပြေပြစ်တင့်တယ်မှု အပေါင်း) စုဝေးသော။

ဆုံး၊ကြိ-၁၊အပြီးသို့ ရောက်သည်။ ၂၊ပျက်စီးသည်။ ပျောက်ပျက်သည်။ ပြန်မရဖြစ်သည်။ "မျက်စိတစ်ဖက် ~ခဲ့ပြီ။" ၃၊အသက်သေသည်။ စည်း-အားလုံးထက် သာလွန်သော အဆင့်ရှိခြင်းအနက်ဖြင့် ထောက်ပံ့သော စကားလုံး။ "အကောင်း~။" ~ပါး/ဆုန်းဗား/ကြိ-၁၊ပျက်စီးသည်။ ပျောက်ပျက်သည်။ ၂၊ သေသည်။ ~ဖြတ်၊ကြိ-အပြီးအစီးသတ်မှတ်သည်။ ပြီးပြတ်စေသည်။ ~ရှုံး၊ကြိ-၁၊ ပျက်စီးသည်။ ပျောက်ပျက်သည်။ ၂၊အကျိုးမရှိဖြစ်သည်။ နစ်နာသည်။

ဆုံးမ၊ကြိ-၁၊လိမ္မာယဉ်ကျေးအောင် သွန်သင်သည်။ ၂၊အပြစ်ဒဏ်ပေးသည်။ စီရင်သည်။ ၃၊သင်းကွပ်သည်။

ဆယ်[၁]၊န-ခု၊ ဆယ်၊ ရာ၊ ထောင် စသော ဆယ်ဆတက်ကိန်းစဉ်တွင် ဒုတိယကိန်း။ ~ကြိုးဆယ်လ/ဆယ်ကျိုးဆယ်လာ/န-ကိုယ်ဝန်ဆောင်ရသော လပေါင်းတစ်ဆယ်ကာလ။ ~မူးရှည်/ဆယ်မူးယေ/န-အရောမရှိသော ရွှေစင်ရွှေကောင်း။ ~ရေး တစ်ရေး ကိုးရေးတစ်ရာ/ ဆယ်ယေးတယေး ကိုးယေးတယာ/န-မသေမရှာ မရေမရာသောအဖြစ်။ ~လီကျေ၊ ကြိ- ၁၊ဂဏန်းအတွက်အချက် ကျွမ်းကျင်သည်။ ၂၊[ဥပစာ]နောစပ်သေချာသည်။ ကပ်စေးနဲသည်။ ~လီစနစ်၊ န-ဆယ်ကိန်းကို အခြေခံ၍ တွက်ချက်သော စနစ်။ ~လီစိတ်၊ကြိ-၁၊အလီလီခွဲ၍ ပြုလုပ်သည်။ ၂၊နောစပ်သေချာစွာလုပ်သည်။ ~လီမူး၊န-တစ်ကျပ်တွင် ဆယ်မူးရှိသော ရှေးမြန်မာတို့ ၏ ငွေကြေးတွက်ပုံစနစ်။ ~သား/ဆယ်သှား/န- ကက်ဖဲတွင် အဖြူခြောက်ပွင့် အနီ လေးပွင့်ပါ ဖဲချပ်။

ဆယ်[၂]၊ကြိ-တစ်စုံတစ်ရာကို ရေမှထုတ်ဆောင်ရယူသည်။ ~တင်၊ကြိ-အပျက်အစီးထဲမှ အကောင်းကို ရနိုင်သမျှ ထုတ်ယူသည်။

ဆယ့်နစ်ကြိုး/ဆဲ့နကျိုး/န-အဆင့်မြင့် စုန်းကဝေတစ်မျိုး။

ဆယ့်နှစ်ပွဲသမား/ဆဲ့နပွဲသမား/န-ပွဲတကာလှည့်၍လောင်းကစားသူ။

ဆယ့်နှစ်မှုမင်းကိုင်း/ဆဲ့နမှုမင်းခိုင်း/န-မြန်မာမင်းလက်ထက် အသည်များက မင်းကို ဆက်ရသော အသေးအဖွဲပစ္စည်း ၁၂မျိုး။ (၁၊ တမာဆေး ၂၊လျှော် ၃၊အုံတုံခေါက် ၄၊ ဥသျှစ်သီး ၅၊တင်လဲ ၆၊မှိုးမီးသွေး ၇၊ထန်းဖူး ၈၊မန်ကျည်းမှည့် ၉၊ရေနံ ၁၀၊အင်တွဲ ၁၁၊လဲဝါ ၁၂၊ကျွဲကော်)

ဆယ့်နှစ်ရာသီ/ဆဲ့နယာသီ/န- ရာသီတစ်ဆယ့်နှစ်ပါး။ ၁၊မိဿ(တန်ခူး) ၂၊ပြိဿ(ကဆုန်) ၃၊မေထုန်(နယုန်) ၄၊ကရကဋ်(ဝါဆို) ၅၊သိဟ်(ဝါခေါင်) ၆၊ကန်(တော်သလင်း) ၇၊တူ(သီတင်းကျွတ်) ၈၊ဗြိစ္ဆာ(တန်ဆောင်မုန်း) ၉၊ဓနု(နတ်တော်) ၁၀၊မကာရ(ပြာသို) ၁၁၊ကုံ(တပို့တွဲ) ၁၂၊မိန်(တပေါင်း)။

ဆယ့်နှစ်ရာသီရုပ်/-ယုတ်/န-ရာသီအလိုက် သတ်မှတ်ထားသော အရုပ်ဆယ့်နှစ်မျိုး။ ၁၊မိဿ-ဆိတ်ကုလား(သိုး)ရုပ် ၂၊ပြိဿ-နွားလားရုပ် ၃၊ မေထုန်-မိန်းမ၊ယောကျ်ားရုပ် ၄၊ကရကဋ်-ပုစွန်လုံးရုပ် ၅၊သိဟ်-ခြသေ့ရုပ် ၆၊ကန်-လှေစီး သတို့သမီးရုပ် ၇၊တူ-ချိန်ခွင်ကိုင်ယောကျ်ားရုပ် ၈၊ဗြိစ္ဆာ-ကင်းမြီးကောက်ရုပ် ၉၊ဓနု-လေးခွဲယောကျ်ားရုပ် ၁၀၊မကာရ-မကန်းရုပ် ၁၁၊ကုံ-အိုးထမ်းယောကျ်ားရုပ် ၁၂၊မိန်-ငါးကြင်းပွတ်ရုပ်။

ဆွ၊ကြိ-ကြွအောင်၊ ပွအောင် လုပ်သည်။

ဆွဆွ/ဆွာဇွာ/ကြိဝိ-၁၊ကြွကြွရွရွ။ ၂၊ဖြူဖြူ စင်စင်။

ဆွေ၊ န-၁၊ ခင်မင်သူ။ ရင်းနှီးသူ။ ၂၊ ဆွေမျိုး။ ~ကြီးမျိုးကြီး/ဆွေကျီးမျိုးကျီး/ န-ရာထူးဂုဏ်၊ ဥစ္စာဂုဏ် ရှိသော အဆွေအမျိုး။ ~ခုနစ်ဆက်/ဆွေခွန်နဆက်/န-၁၊ မိမိအထက် ဘ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်၊ ဘဲ၊ ဘောဟူသော မျိုးဆက်ခုနစ်ဆက်။ မိမိအောက် သား၊ မြေး၊ မြစ်၊ တီ၊ တွတ်၊ ကျွတ်၊ ဆက်ဟူသော မျိုးဆက်ခုနစ်ဆက်။ ၂၊[မှုသတ်] မိမိနှင့်တကွ အထက်သုံးဆက်(ဘ၊ ဘိုး၊ ဘေး) အောက် သုံးဆက် (သား၊မြေး၊မြစ်) ရေတွက်ရသော မျိုးဆက်ခုနစ်ဆက်။ ~စဉ်မျိုးဆက်/ဆွေစင် မျိုးဖက်/န-ဆွေမျိုးအစဉ်အဆက်။ ~နီးမျိုးစပ်/ဆွေနီး မျိုးဇတ်/န-အရင်းအချာမဟုတ်၊ တော်စပ်ကာမျှဖြစ်သော ဆွေမျိုး။ ~နည်း၊န-ချစ်မြတ်နိုး အပ်သောသူ။ ~ပြမျိုးပြ/ဆွေဗျာမျိုးဗျာ/ကြိဝိ-မယားသို့မဟုတ် လင်ကို မမြင်ဖူးသေးသော ဆွေမျိုးများမြင်တွေ့စေရန်။ ~ပြတ်မျိုးပြတ်/ဆွေဗျတ် မျိုးဗျတ်/ ကြိဝိ-၁၊ဆွေမျိုးများနှင့် အဆက်အဆံကင်းလျက်။ ၂၊ဆွေမျိုးအဖြစ်မှ စွန့်လွှတ်လျက်။ ~မျိုး၊န-သွေးစပ်၍ဖြစ်စေ၊ အိမ်ထောင်စပ်၍ ဖြစ်စေ တော်စပ်သောသူ။ ~ဝါး၊န-[ရှေး] ဆွေမျိုး။

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ဆွေ့ဆွေ့ခုန် /ဆွေ့ဇွေ့ခုန်/ကြိ- ခံစားမှုပြင်းထန်၍ တဖျပ်ဖျပ် ခုန်သည်။

ဆွေး၊နဝိ-၁၊ဟောင်းလွန်းသဖြင့် ရိသော မြည့်သော။ ၂၊ ဟောင်းမြင်း ယိုယွင်းသော။ ကြိ-တသသ ဝမ်းနည်းသည်။ **~မြည့်**/ဆွေးမျိ၊ ဆွေးမျေ့/နဝိ-အလွန်ဆွေးသော။

ဆွေးနွေး၊ကြိ-တိုင်ပင်ညှိနှိုင်းသည်။

ဆွဲ၊ကြိ-၁၊တွဲလျားကျအောင် ပြုလုပ်သည်။ ၂၊ကိုက်သည်။ ကိုက်ချီသည်။ "ခွေး~~။" ၃၊မိမိဘက်သို့ ပါလာအောင် ပြုသည်၊ ငင်သည်။ ၄၊ကြန့်ကြာစေသည်။ "အလုပ်ကို အချိန်~လုပ်-။" ၅၊ အရေးအကြောင်း၊ ရုပ်ပုံ စသည်ကို ရေးသည်။ ၆၊ခေါ်ယူသည်။ "အသုံးလို၍ ငွေငါးရာ ~ခဲ့ရ-။" ၇၊အတင်းခေါ်ဆောင်သည်။ ယူငင်သည်။ "ချေးတပ် ~-။" န-၁၊ချိန်ခွင်ကြီး တစ်မျိုး။ ၂၊၂၅ ပိဿာချိန်ဝန်။ ၃၊ချိန်ခွင်တစ်ခါချိန်ဝန်။ **~ကြိုး**/ဆွဲဂျိုး/န-လည်တွင် ဆွဲဆင်ရသော ရွှေကြိုး၊ ငွေကြိုးစသည်။ **~ကြိုးချ**/ဖွဲဂျိုးချာ/ကြိ-ကြိုးဆွဲ ချသည်။ **~ချ**/ဆွဲဂျာ/န-[အရပ်] အနိုးရရှေ့နေ။ **~ချိန်ခွင်**/ဆွဲချိန်ဂွင်/န-၁၊ချိန်ခွင်ကြီးတစ်မျိုး။ ၂၊ သံမဏိစပရင်၏ ပြန်ကန်တတ်သော သတ္တိဖြင့် ဝန်ချိန်ရသော ကိရိယာတစ်မျိုး။ **~ခြင်း**/ဆွဲဂျင်း/န-လက်ဖြင့်ဆွဲ၍ ယူဆောင်ရသောခြင်း။ **~ငင်**၊ ကြိ-မိမိဘက်သို့ ပါလာအောင်ဆွဲသည်၊ **~ငင်အား**၊ န-ဆွဲငင်သော စွမ်းအား။ **~ဆောင်**၊ကြိ-စိတ်ပါလာအောင် ပြုလုပ်သည်။ **~ဆွဲငင်ငင်**/ဆွဲဖွဲငင်ငင်/ကြိဝိ-အသံ ရှည်လျားစွာ ပြုလျက်။ **~ပိုက်**၊န-ရေအောက်မြေပြင်ကို ရုပ်တိုက်ဆွဲငင်၍ ငါးဖမ်းရသော ပိုက်ကြီးတစ်မျိုး။ **~ပြား**/ဆွဲဗျား/န-လည် တွင် ဆွဲဆင်ရသော ရွှေပြား၊ ငွေပြားစသည်။ **~မိုင်း**၊န-အဝေးကကြိုးဆွဲ၍ ဖောက်ခွဲရသော မိုင်းတစ်မျိုး။ **~အံ**၊န-အံဆွဲနှင့်အတူတူ။

ဆွံ့၊ကြိ-၁၊ကိုယ်လက်အင်္ဂါ မစွမ်းမသန် ဖြစ်သည်။ ၂၊စကားထစ်သည်။ **~အ**၊ကြိ-စကားပြောနိုင်စွမ်းမရှိဖြစ်သည်။

ဆွတ်[၁]၊ကြိ-အသီး၊ အရွက် စသည်တို့ကို ခူးသည်။ ချွေသည်။ **~ခူး**၊ကြိ-[ဥပစာ] ရယူသည်။

ဆွတ်[၂]၊ကြိ-စိုစွတ်အောင် လုပ်သည်။ **~ဆွတ်ဖြူ**၊နဝိ-အလွန်ဖြူသော။ **~ပျံ့**၊ ကြိ-နှစ်သက် ကြည်နူးစိမ့် ပျံ့နှံ့သည်။

ဆွန်၊ **~ရှား**၊ ကြိ-[ပေါ်]အလွန် ရှားပါးသည်။

ဆွပ်၊ကြိ-ငှက်နှုတ်သီးဖြင့် ပေါက်ဆိတ်သည်။

ဆွမ်း/ဆွမ်း၊ဆွန်း/န-ရဟန်းသံဃာတို့အား ကပ်လှူသော စားဖွယ် သောက်ဖွယ်။ ဆွမ်းကွမ်း။ ဆွမ်းပန်း။ **~ကပ်**/-ကတ်/ကြိ-ရဟန်းသံဃာတို့အား ဆွမ်းလှူသည်။ **~ကြီးလောင်း** /-ဂျီးလောင်း/ ကြိ-ပင့်ဖိတ်ထားသော သံဃာတို့အား လှူဖွယ်အမျိုးမျိုးကို ဒကာ ဒကာမများက လှူဒါန်းသည်။ **~ကျွေး**/-ကျွေး/ကြိ-ရဟန်းသံဃာတို့အား ပင့်ဖိတ်၍ ဆွမ်းကပ်သည်။ /-ငွေး/န-ဆွမ်းကျွေးသည့် အလှူပွဲ။ **~ခံ**/-ခန်/ကြိ-ရဟန်းသံဃာများ မြို့ရွာအတွင်းသို့ ကြွ၍ ဆွမ်းအလှူခံသည်။ **~ခံပြန်ချိန်**/-ဂန်ပျန်ဂျိန်/န-နံနက် ၉နာရီ၁၀နာရီခန့်အချိန်။ **~စဉ်**/-စင်/ကြိ-၁၊ဆွမ်း သို့မဟုတ် လှူဖွယ်ပစ္စည်းများကို သံဃာအား လှူရန် ခွဲဝေစီစဉ်သည်။ ၂၊အသုဘအတွက် ခုနစ်ရက်မလည်မီ နေ့စဉ် ဆွမ်းသွတ်သည်။ **~ဆန်**/-ဇန်/န-ရဟန်းသံဃာတို့အား လှူသော ဆန်။ **~ဆန်စိမ်း**/-ဇန်ဇိန်း/န-ဆွမ်းဆန်နှင့်အခြားလှူဖွယ် ပစ္စည်း။ **~တော်ကြီးတင်**/-ဒေါ်ဂျီးတင်/န-လူအများ ဝိုင်းဝန်း၍ ရပ်ရွာရှိ တန်ခိုးကြီးဘုရားတွင် ဆွမ်း ခဲဖွယ်တို့ကို ကပ်လှူခြင်း။ **~တော်တင်**/-ဒေါ်တင်/ကြိ-ဘုရား အား ဆွမ်းကပ်လှူသည်။ /-ဒေါ်ဒင်/န-ဘုရားအား ကပ်လှူသောဆွမ်း။ **~ဖိတ်**/-ဖိတ်/ကြိ-ဆွမ်းခံကြွရန် ဆွမ်းဘုဉ်းပေးကြွရန် ဒါယကာက ရဟန်းအား လျှောက်ထားသည်။ **~မွေး**/-မွေး/န-ထမင်းကျင် ထည့်နှပ်လျှင် မွှေးသော၊ ရှည်မျောသောအရွက်ရှိ မြေဝပ်ပင်။ (ညောင်ရေအိုးတွင်လည်း ထိုးကြသည်။) **~ရပ်**/-ယတ်/ကြိ-ဆွမ်းအလို့ငှာ ရည်ရွယ်၍ ရပ် သည်။ ဆွမ်းခံသည်။ **~လောင်း**/-လောင်း/ကြိ-ဆွမ်းခံသော သံဃာ၏သပိတ်ထဲသို့ ဆွမ်းထည့်၍လှူသည်။ **~လုပ်ကျွေး**/-လုတ်ကျွေး/ကြိ-သံဃာအား ဆွမ်းကျွေးသည်။ **~သိမ်းပွဲ**/-သိန်းဗွဲ/န-အပတ်စဉ် သံဃာ ဆွမ်းလောင်းခြင်းကို တစ်ဝါတွင်းအတွက် အပြီးသတ် ပြုလုပ်သည့်ပွဲ။ **~သွတ်**/-သွတ်/ကြိ-ကွယ်လွန်သူကို ရည်စူး၍ ခုနစ်ရက်အတွင်း သံဃာအားပင့်ဖိတ်၍ ဆွမ်းလှူသည်။ **~အုပ်**/-အုတ်/န-ဆွမ်းထည့်ရန်အုပ်။

ဆွယ်၊ကြိ-၁၊ပေါင်မတစ်ခုခုတွင် တစ်စုံတစ်ရာကို ယှဉ်ကပ်သည်။ ၂၊သွေးဆောင်သည်။ ဖြားယောင်းသည်။

ဆွယ်တာ၊န-သိုးမွေး၊ နိုင်လွန် စသည်တို့ဖြင့် ထိုးထားသော အနွေးအင်္ကျီ တစ်မျိုး။ [လိပ်၊ sweater]

ဇ

ဇ၊န-ဗျည်း သုံးဆယ့်သုံးလုံးတွင် ရှစ်လုံးမြောက်ဗျည်း။ (ဇကွဲဟုခေါ်သည်။)

ဇနပုဒ်/ဇနဗုတ်/န-ကျေးလက်တောရွာ။ [ပါ၊ဇနပဒ]

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ဇနီး၊န-မယား။ [ဟိန္ဒီ၊ဇနီ] **~မောင်နှံ**၊န-လင်နှင့်မယား။

ဇယ¹၊ကြိဝိ-တစ်ဖက်နှင့် တစ်ဖက် မပိုမလို။

ဇယ²၊န-လေးဂဏန်း။ [ဟိန္ဒီ၊ဇာရ]

ဇယတု၊ကြိ အောင်မြင်ပါစေသတည်း။ [ပါ၊ဇယတု]

ဇယား၊န-၁၊ရေးသွင်းမှတ်သားရန် ဆွဲသားထားသော မျဉ်းများ။ ၂၊စည်းကမ်း။ စနစ်။ [သ၊ဇ္ယာ] **~ကိုက်**၊ကြိ-ဟက်ခြေကိုက်သည်။ အကျိုးရှိသည်။ **~ကျ**၊ကြိ-စည်းစနစ်ကျသည်။ **~ကျော**၊ကြိ-စည်းကမ်းရှိသည်။ အကွက်စေ့သည်။ **~ကြီး**၊ကြိ-စည်းကမ်းကြီးသည်။ စနစ်ကြီးသည်။ **~ချ**၊ကြိ-၁၊ဇယား ရေးဆွဲသည်။ ၂၊လုပ်ငန်းကိစ္စ တစ်ရပ်ရပ်အတွက် အစီအစဉ် ပြုလုပ်သည်။ **~တန့်**/ဇယားဒန့်/န အဆင့်ဆင့် လုပ်ထားသော ဇယားစု။ **~ရှုပ်**၊ကြိ-အမှုကိစ္စ ရှုပ်ထွေးပွေလီသည်။ **~အင်းဇောက်**/ဇယားအင်းဇောက်/န-ဇယားကွက်။

ဇယ်ဇယ်၊ကြိဝိ-တော်စွလျော်စွ၊ ဖြစ်ကတတ်ဆန်း။

ဇရာ၊န-အိုမင်းရင့်ရော်ခြင်း။ [ပါ၊ဇရာ] **~ထောင်း**၊ကြိ-ဇရာဖိစီးသည်။ **~ဒုဗ္ဗလ**/ဇယာဒုတ်ဗလာ/န-အိုမင်း အားနည်းခြင်း။ [ပါ၊ ဇရာ+ဒုဗ္ဗလ]

ဇရိုက်၊န-ငါးသောင်မြူး တစ်မျိုး။

ဇရစ်၊န-အရိုးတွင် ဆူးပေါက်၍ အရွက်လက်ခြား ရှိသော ဟင်းရွက်ပင်။

ဇရန်း၊န-လက်ဖက်ခြောက် တစ်မျိုး။

ဇရပ်၊န-လူအများ နားနေတည်းခိုရန် ဆောက်လုပ်ထားသော အဆောက်အအုံ။ [မွန်၊ဇြပ်]

ဇရုံး၊န-(ပေါ) ချွေးပေါင်းအိမ်။ [မွန်၊ဇြုင်]

ဇလဗေဒ/ဇလာဗေဒ/န-မြေထု လေထုတွင် ရေပျံ့နှံ့မှုနှင့်အကျိုးသက်ရောက်မှုကို လေ့လာသော ပညာရပ်။ [ပါ၊ဇလ+ဗေဒ]

ဇလား၊န-၁၊ဆန်စသည် ခြင်တွယ်ရန် ပြုလုပ်ထားသော အထက်ကား အောက်ရှူးခွက်။ ၂၊ယင်သဏ္ဌာန် ပြုလုပ်ထားသော ခွက်။ [ဟိန္ဒီ၊ဇလာဂယ]

ဇလီဖားတုံး/ဇလီဖာ ဒုန်း/န-မီးရထားသံလမ်း အောက်က ကန့်လန့်ခံထားသော သစ်သားတုံး။ [လိပ်၊ sleeper+မြန်၊တုံး]

ဇလီသတ်၊ကြိ-ထရံ၏ အနား၊ အဆက်တို့ကို မျဉ်ချပ်စသည်ဖြင့် ဖိကပ်ရိုက်သည်။ [ဟိန္ဒီ၊ဇာလီ+မြန်၊သတ်]

ဇလဲထော်၊န-သစ်ခွပန်းဝါ တစ်မျိုး။ [မွန်၊ဇလာဲထင်]

ဇလ္လာ၊န-ပန်းပင်တစ်မျိုး။ [မွန်၊ဇလာဲထင်]?

ဇလပ်၊န-အခေါက်၊ အရွက်တို့မှ အမွှေး ဖြူ ယွက်၍ အပွင့်ဖြူ ပွင့်သော ပန်းပင်တစ်မျိုး။

ဇလုံ၊န-အဝကျယ်၍ အောက်တိမ်သော ခွက်တစ်မျိုး။

ဇဝနဉာဏ်/ဇဝနညန်/န-လျင်မြန်သော ဉာဏ်။ [ပါ၊ဇဝန+ဉာဏ]

ဇဝါ၊န-ရွှေရောင်၊ ငွေရောင် စသည်ဖြင့် စာလုံး၊ ပန်းခက်၊ ပန်းနွယ် စသည် ရေးခြယ်သော အတောက်။ [သ၊ဇပေါ]

ဇဝေဇဝါ၊ ဇဝေဇဝက်၊ကြိဝိ-မကွဲမပြား။ မသေမချာ။

ဇက်သာ၊န-အေးသော အနံ့ပြင်းသော ဓာတ်ဆား တစ်မျိုး။ [သ၊ယဝက္ခာရ]

ဇာ၊န-အပေါက်များပါအောင် ပုံဖော်၍ ထိုးရက်ထားသော အထည်။ [သ၊ဇာလ] **~ထိုး**၊ကြိ-အပ်တစ်မျိုးမျိုးကို သုံး၍ဇာဖြစ်အောင် ပြုလုပ်သည်။

ဇာချဲ့၊ကြိ-အကျယ်ချဲ့သည်။

ဇာဂနာ၊န-အများချွန်း ညှပ်တစ်မျိုး။ [ဟိန္ဒီ၊ဇျာဂနာ]

ဇာတာ၊န-၁၊တစ်စုံတစ်ဦး မွေးဖွားချိန်၊ တစ်စုံတစ်ခု ဖြစ်ပေါ်ချိန်။ ၂၊ထိုမွေးဖွား ဖြစ်ပေါ်ချိန်၌ ဂြိုဟ်နက္ခတ်များ တည်နေပုံတို့ကို ရေးမှတ်ထားသော ထန်းရွက် ပေရွက်စသည်။ ၃၊[ဥပစာ] ကံအကြောင်း တရား။ [သ၊ဇာတက] **~ခွင်**/ဇာတာဂွင်/န-ဇာတာတွင် ဂြိုဟ်နေ ဂြိုဟ်ထိုင်များ ပါဝင်သော ဆယ့်နှစ်ရာသီခွင်။ **~စန်းလဂ်**၊န-ဇာတာခွင်တွင် စန်းတည်ပုံ လဂ်တည်ပုံ။ **~ဆေး**၊ကြိ-ဇာတာကို တွက်ချက်စစ်ဆေးသည်။ **~ပေတာ**၊န-ဇာတာအနေအထား။ ဇာတာ။ **~ဖွဲ့**၊ကြိ-ထန်းလွှာ၊ ဆင်စွယ် စသည်ဖြင့် လုပ်ထားသော အချပ်အလွှာတွင် ဇာတာရှင်၏ မွေးဖွားချိန်၊ ဂြိုဟ်ခွင် စသည်ကို ရေးသွင်းသည်။ **~သန့်**၊ကြိ-ဇာတာ၌ ဂြိုဟ်စီးဂြိုဟ်နင်း ကင်းလွတ်စင်ကြယ်သည်။ **~အိမ်**၊ န-ဇာတာ ထည့်ရသော အဖုံးပါသည့် ခြင်းကြားငယ်။

ဇာတိ၊ န-၁၊ ပဋိသန္ဓေနေခြင်း။ ၂၊ မျိုးရိုးမျိုးနွယ်။ ၃၊မွေးဖွားရာအရပ်။ [ပါ၊ဇာတိ] **~ခေတ်**/ဇာတိခစ်/န-ဘုရားလောင်း ပဋိသန္ဓေနေသောအခါ၊ ဖွားမြင်သောအခါ၊ ဘုရားဖြစ်သောအခါ၊ ဓမ္မစကြာ တရားဟောသောအခါ၊ အာယုသင်္ခါရ လွှတ်တော်မူသောအခါတို့၌ မြေငလျင် ဘုန်လှုပ်သော စကြဝဠာတစ်သောင်း။ **~ချက်ကြွေ**၊န-မွေးဖွားရာအရပ်။ **~စိတ်**/ဇာတိဇိတ်/န-စိတ်ဓာတ်။ **~ဉာဏ်**၊န-မွေးကတည်းက ပါလာသော ဉာဏ်။ ပင်ကိုဉာဏ်။ **~မာန်**၊န-အမျိုးအနွယ်ကိုစွဲ၍ ဖြစ်သော မာန်မာန။ **~ရုပ်**၊န-ပင်ကိုရုပ်။ မူလရုပ်။ **~သား**/ဇာတိသား/န-မိမိနှင့် မွေးဖွားရာ အရပ်ချင်းတူသူ။ **~သွေး**/ဇာတိသွေး/န-တိုင်းပြည်နှင့် လူမျိုးအတွက် သက်စွန့် ကြိုးပမ်းတတ်သော သတ္တိ။

ဇာတိပွိုလ်/ဇာဒိတ်ဖို/န-အသီးဆန်ကို ပရဆေးအဖြစ် သုံးသော အရွက်ကြီးမားရှည်လျား၍ အခေါက်ထူ

မာတိကာသို့ ▶▶▶

သည့် ပင်စောက်ကြီးတစ်မျိုး။ [ပါ၊ဇာတိဖလ]

ဇာတိဿရဉာဏ်/ဇာတိတ်သရာညန်/န–ဘဝဟောင်းကို ပြန်လည်သိရှိသော ဉာဏ်။ [ပါ၊ဇာတိဿရ+ဉာဏ]

ဇာနည်၊န–အာဇာနည်။ [ပါ၊အာဇာ နေယျ]

ဇာမနီ၊န–ခွေးသေးပန်းပင်နှင့် ဆင်သော အလွန်တိုးပွားလွယ်သည့် ချုံပင်တစ်မျိုး။ [လိပ်၊ Germany]

ဇာရီ၊န–တရားရုံး စီရင်ချက်ကို အတည်ပြုခြင်း။ ဒီကရီကို အတည်ပြုခြင်း။ [ဟိန္ဒီ၊ဇာရီ]

ဇာဝီ၊န–မှုလီချောင်းတွင် တပ်ရသည့် အတွင်းကွင်းဝက်အူရစ်ပါသော သတ္တုတုံး။ [ဟိန္ဒီ၊ဇာဝီ]

ဇိ၊န–လည်ဇက်။ ~**ကုပ်**၊ကြိ–လည်ဇက်ကို ဆုပ်ကိုင်သည်။

ဇိန၊န–မြတ်စွာဘုရား။ [ပါ၊ဇိန]

ဇီဇဝါ၊န–ဖြူ ရာမှ ဝါ သွားတတ်သော အလွန်မွှေးသော ပန်းပွင့်သည့် အပင်တစ်မျိုး။

ဇီဇာကြောင်၊ကြိ–ကျေနပ်နိုင်ခဲသည်။

ဇီနွန်၊န–လေထု ထုထည် သန်းပေါင်း ၁၇၁တွင် ၁ ပုံသာ ပါဝင်သည့် အရှားဆုံးဓာတ်ငွေ့။ [လိပ်၊ xenon]

ဇီရာ၊န–၁၊မဆလာ စသည် ဖော်စပ်ရာတွင် သုံးသည့် ခါးစပ်ပူမွှေးသော စပါးစေ့ပုံ အစေ့ထွက်သည့် အပင်ငယ်။ ၂၊ထို့၏ အရည်ရွှမ်းသော ဆေးဖက်ဝင် အရွက်ရှိ ပင်ပျော့တစ်မျိုး။ [သ၊ဇီရက]

ဇီဝစက်/ဇီဝဲ့စက်/န–[ဇီဝ] အပင်နှင့် သတ္တဝါတို့တွင် မျိုးဥမှ ပေါက်ဖွားခြင်း၊ ကြီးရင့်ခြင်း၊ မျိုးပွားခြင်း၊ အိုမင်းခြင်း၊ သေဆုံးခြင်းဟူသော အဆင့်ဆင့် ပြောင်းလဲမှု ဖြစ်စဉ်။ [ပါ၊ဇီဝ +စက္က။ လိပ်ပြန်၊ life-cycle]

ဇီဝနီ၊န–၁၊[ကျမ်းဂန်] ဥဒေါင်းနှင့်တူသော ဆန်းကြယ်သော အတောင်ရှိငှက်။ ၂၊မိမိ၏ အန်ဖတ်ဖြင့် အသိုက်ပြုလုပ်သော ပျံလွှားငှက်နှင့် တူသော ငှက်တစ်မျိုး။ [ပါ၊ဇီဝ+ဇီဝ]

ဇီဝဗေဒ/ဇီဝဲ့ဗေဒ/န–သတ္တဝါနှင့် အပင်ကို လေ့လာသော ပညာရပ်။ [ပါ၊ဇီဝ+ဗေဒ]

ဇီဝိတဒါန/ဇီဝိတဒါနဲ့/န–သူတစ်ပါးအသက်ကို ချမ်းသာပေးခြင်း၊ သူတစ်ပါး၏ အသက်ကို ကယ်တင်ခြင်းဟူသော အသက်အလှူ။ [ပါ၊ဇီဝိတ ဒါန]

ဇီဝိန်ချုပ်၊ကြိ–သေဆုံးသည်။ [ပါ၊ဇီဝိတိန္ဒြိယ+မြန်၊ချုပ်]

ဇီး၊န–ကျွဲ၊ နွား စသည်တို့၏ကိုယ်ဝန်။ [ပါ၊ဇိဝ]?

ဇီးကွက်/ဇီးဂွက်/န–ဇီးကွက်ဟု အော်မြည်တတ်သော ညဉ့်ငှက်။

ဇူလိုင်၊န– အင်္ဂလိပ် ဆယ့်နှစ်လတွင် သတ္တမလ။ [လိပ်၊July]

ဇေတဝန်/ဇေဒဝန်/န–၁၊ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ သာဝတ္ထိပြည့် ဇေတမင်းသား၏ ဥယျာဉ်မြေတွင် အနာထပိဏ်သူဌေး၏ ကောင်းမှု ကျောင်းတော်။ ၂၊သုံးထပ်လည်ပေါ် ဆောက်ထားသော အဆောင်။ [ပါ၊ဇေတဝန]

ဇေယျ၊န–အောင်ခြင်း။ [ပါ၊ဇယ]

ဇော၊န–အရှိန်အဟုန်ဖြင့် ဖြစ်သောစိတ်။ [ပါ၊ဇဝန] ~**ကပ်**၊ကြိ–စွဲလမ်းငြိတွယ်သည်။ ~**ချွေးပြန်**/ဇောချွေးပျန်/ကြိ–စိတ်ချောက်ချားခြင်း၊ ဝေဒနာ ပြင်းထန်ခြင်းတို့ကြောင့် ချွေးစေးအကြိမ်ကြိမ် ထွက်သည်။ ~**သန်**၊ကြိ–စိတ်အားထက်သန်သည်။

ဇောတိရသ/ဇောတိရာသ/န–အလွန်ထွန်းတောက်သော အရည်အရောင်ရှိ ကျောက်မျက်အထူး၊ ဇောတိရည်။ [ပါ၊ ဇောတိရသ]

ဇော်၊န–၁၊ဇော်ဂျီ။ ၂၊[ဥပစာ] ထိပ်တန်း။ ထိပ်တန်းရောက်သူ။ [သ၊ ယောဂီ] ~**ဂနီ**၊ န–စုန်းတစ်မျိုး။ [သ၊ ယောဂိနီ] ~**ဂျီ**၊ န–ဆေးဝါးမန္တရားအတတ်၊ မြေလျှိုး မိုးပျံအတတ် စသည် တတ်ကျွမ်းသူ။ [သ၊ယောဂီ] ~**ဂျီတောင်မွှေး**/ဇော်ဂျီတောင်မွေး/ န–ရှည်လျားသော ပင်စည်တံထိပ်မှ အရွက်ရှည်များ ထွက်သော ဂမုန်းတစ်မျိုး။ ~**မ**၊ကြိ–အပူခံနိုင်ရန်နှင့် အတွင်းရှိ ဓာတ်များ ထွက်မသွားနိုင်ရန် လုံ စသည်ကို ရွံ့၊ အဝတ် စသည်ဖြင့် အထပ်ထပ် အုပ်သည်။ ဇော်မံသည်။ ~**မှတ်ဆိတ်**၊န–ပွင့်ချပ်ရင်းမှ အမျှင်မွှေး တွဲလျားကျသော လိပ်ပြာပုံ ခရမ်းရင့်ရောင် အပွင့်ပွင့်သည့် ဂမုန်းပင်။ ~**ဒွဲ** /ဇော်ဒွဲ/န–[ဥပစာ] အတော်ဆုံးဖြစ်သူ။ ~**မွှား**၊ န–ပွင့်ချပ် အနားတွင် ခွေသွားစိပ်ပါသော အရောင်အမျိုးမျိုးရှိ ဆောင်းတွင်းစိုက်ပန်းပင်ငယ် တစ်မျိုး။ ~**ရန်း**၊န–မရန်းစေ့ရောင်။

ဇော်တာ၊န–[စာပေ] ပန်းအခိုင် လှော်ကားဦးပုံ ကော့သော အပင်တစ်မျိုး။ [ပါ၊ဇောတက] ~**နိုင်လုံး**/ဇော်တာ့နိုင်လုန်း/န–အကွက်ရာ တစ်ဆယ့်ကိုးလုံး ရှိသော ရတုချနည်း တစ်မျိုး။ [ပါ၊ဇောတက+မြန်၊နိုင်+လုံး]

ဇက်၊န–ကျောရိုးနှင့် လည်ကုပ်ရိုးဆက်စပ်ရာ ကိုယ် အစိတ်အပိုင်း။ ~**ကုန်**၊ကြိဝိ–အစွမ်းကုန်။ လက်ကုန်။ ~**ကြိုး**၊န–မြင်းကို ချုပ်ထိန်းရန် ဇက်သွားအစွန်းနှစ်ခုနှင့် ဆက်ထားသော ကြိုးရှည်။ ~**ချုပ်**၊ကြိ–မြင်း အသွားနှေးရန် ဇက်ကြိုးကို ချုပ်ကိုင်သည်။ ~**ခွံ**၊ ကြိ–ဇက်သွားကို မြင်းပါးစပ်ထဲထည့်သည်။ ~**ခွံ့မွေး**၊န–မြင်းအာခေါင်တွင် ရှိသော အမွေးဗွေတစ်မျိုး။ ~**ပုံပေး**၊ကြိ–မြင်း၏ ဇက်ကြိုးကို လျှော့ပေးထားသည်။ ~**ရဲလက်ရဲ**၊ကြိဝိ–အတင့်ရဲစွာ။ ~**သေ**

မာတိကာသို့ ▶▶▶

လက်သေး၊န-မြင်းစီးရာတွင် ကျွမ်းကျင်လိမ္မာခြင်း။ **~သတ်**၊ကြိ-မြင်းအသွားရပ်အောင် ဇက်ကြိုးကို ဆွဲသည်။ **~သွား**၊န-မြင်းပါးစပ်ထဲထည့်ရသော ဇက်ကြိုးအစိတ်အပိုင်း။

ဇောက်၊န-အနက်။ အမြင့်။ **~ချ**၊ကြိဝိ-၁၊အောက်သို့ တစ်ဖြောင့်တည်းဖြစ်အောင်။ "မြေကို ~တူး-။" ၂။(ဥပစာ)ရှူးရှိုက်ဆွဲမြဲစွာ။ "အလုပ်ကို ~လုပ်-။" **~ထိုး**၊ကြိဝိ-၁၊ဦးပိုင်းအောက်သို့ စိုက်လျက်၊ ၂၊ ပြောင်းပြန်ဖြစ်လျက်။ **~ထိုးမိုးမျှော်**၊ကြိဝိ-၁၊ ဇောက်ထိုးဖြစ်လျက်။ ၂၊ကမောက်ကမ။ ကပြောင်းကပြန်။

ဇင်၊န-ပိတ်အထူစား တစ်မျိုး။ [လိပ်၊jean]

ဇင်္ဂမဥစ္စာ/ဇင်ဂမာအုတ်စာ/န-ရွှေ့ပြောင်းနိုင်သော သက်ရှိ သက်မဲ့ ပစ္စည်းစု။ (ထာဝရဥစ္စာနှင့်နှိုင်းယှဉ်) [ပါ၊ဇင်္ဂမ+ဥစ္စ?]

ဇင်္ဂလ၊န-ခြောက်သွေ့ကြမ်းတမ်းသော မြေအရပ်။ [ပါ၊ဇင်္ဂလ]

ဇင်တုံး/ဇင်ဒုန်း/န-လှည်းသန်ပေါ်တွင် ကန့်လန့် တင်ထားသော တုံး။

ဇောင်း၊န-မြင်းထားရာ အဆောက်အအုံငယ်။ **~ဂေါ**၊ န-မြင်း၊ လားတို့တွင် ဖြစ်တတ်သော ကူးစက် ရောဂါ တစ်မျိုး။ **~ပေး**၊ကြိ-အဓိကထား၍ အလေးပေး ဆောင်ရွက်သည်။

ဇစ်၊န-အစနှစ်ခုကို ဆွဲစေ့ရာ၌ သုံးသော ခွေးသွားစိပ် နှစ်ဖက်ပါ ကိရိယာ။ [လိပ်၊zip]

ဇာစ်မြစ်၊န-အကြောင်းရင်း။ အရင်းခံအချက်အလက်။ [ပါ၊ဇာတိ+မြန်၊မြစ်]

ဇေဋ္ဌ/ဇစ်ထာ/န-ကြယ်ငါးလုံးပါဝင်၍ နဂါးချက်မ သဏ္ဌာန်ရှိသော နက္ခတ်။ [ပါ၊ဇေဋ္ဌ]

ဇာတ်[၁]၊န-၁၊အဖြစ်။ ဘဝ။ ၂၊မင်းမျိုး၊ ပုဏ္ဏားမျိုး စသည်ဖြင့် ခွဲခြား သတ်မှတ်သော အမျိုးအဆင့် အတန်း။ [ပါ၊ဇာတိ] **~ကြီး**၊ကြိ-၁၊အမျိုးဇာတ် မြင့်မြတ်သည်။ ၂၊အမျိုး ဇာတ်ကို မှီ၍ မာန်မာန တက်သည်။ **~တူသားစား**/ဇတ်တူသားစား/ကြိ- ဘဝတူချင်းအပေါ် အမြတ်ထုတ်သည်။ **~ပျက်**၊န- အမျိုးဇာတ်၏ ထုံးတမ်းစဉ်လာကို မလိုက်နာဘဲ နေသူ။ **~သွင်း**၊ကြိ-၁၊အမျိုးဇာတ်အတွင်းသို့ ဝင် ရောက်စေသည်။ အယူဝါဒတစ်ခုခုကို ယုံကြည် သက်ဝင်လာအောင် ဆွဲဆောင်သည်။ ၂၊အလေ့အထ တစ်ခုခုကို လုပ်ဆောင်ရန် သိမ်းသွင်းသည်။

ဇာတ်[၂]၊န-၁၊ဘုရားလောင်းစသည်၏ ရှေးဘဝ အဖြစ်အပျက်။ "ဝေဿန္တရာ~။" ၂၊ဇာတ်လမ်း ဇာတ်ကွက်ဖြင့် ကပြသောပွဲ။ ၃၊ဇာတ်ကပြသော အဖွဲ့။ [ပါ၊ဇာတက] **~ကား**၊န-ရုပ်ရှင်ကား။ **~ကောင်**၊န-ဇာတ်လမ်းတွင် ပါဝင်သူ။ **~ကြီး ဆယ်ဘွဲ့**၊န-ဂါထာ အမြောက်အမြား ပါဝင်သော မဟာနိပါတ် လာ ဘုရားလောင်း၏ ဇာတ်တော်ကြီး ဆယ်ခု။ (၁၊တေမိဇာတ် ၂၊ဇနကဇာတ် ၃၊သုဝဏ္ဏ သာမဇာတ် ၄၊နေမိဇာတ် ၅၊မဟော်သဓာဇာတ် ၆၊ဘူရိဒတ် ဇာတ် ၇၊စန္ဒကုမာရဇာတ် ၈၊နာရဒဇာတ် ၉၊ဝိဓုရဇာတ် ၁၀၊ဝေဿန္တရာဇာတ်။ အစ စကားလုံး ဖြင့် တေ၊ဇ၊သု၊နေ၊မ၊ဘူ၊စန်၊နာ၊ဝိ၊ဝေ ဟူ၍ အတိုမှတ်သည်။) **~ကြောင်း**၊န-ဇာတ်လမ်း အဖြစ် အပျက် အကြောင်းအရာ။ **~ကြောင်းပြန်**၊ကြိ- အဖြစ်အပျက် အကြောင်းအရာတို့ကို ပြန်လည် ပြောပြသည်။ **~ကြမ်း**၊န-အထိုးအကြိတ် အသတ် အပုတ် များများပါသော ရုပ်ရှင်ဇာတ်လမ်း။ **~ကွက်**၊န-ဇာတ်ဝတ္ထုတို့တွင် ပါဝင်သောအခန်း။ **~ကွက်လည်** /ဇတ်ကွက်လယ်/ကြိ-၁၊အဖြစ် အပျက်၊ ဇာတ်ကွက် ဇာတ်လမ်း ပြီးပြည့်စုံသည်။ ၂၊အဖြစ်အပျက်၊ ဇာတ်ကွက် ဇာတ်လမ်းကို ကောင်းစွာသိရှိနားလည်သည်။ **~ခုံ**၊န-ဇာတ်၊ အငြိမ့်စသည် ကပြသော စင်မြင့်။ **~ချင်း**၊န- နန်းတွင်းပြဇာတ်၊ ဇာတ်တော်ကြီးများ၌ ဇာတ်ကွက် အလိုက် သီဆိုရန် သီချင်းတစ်မျိုး။ **~စီး**၊န- ဇာတ်ကပြရာတွင် ဦးစီးသူ။ **~စင်**၊န-ဇာတ်ခုံ။ **~စုံခင်း**၊ကြိ-အဖြစ်အပျက်ကို စုံလင်အောင် ပြောပြသည်။ **~ဆောင်**၊န-ဇာတ်၊ ရုပ်ရှင်တို့တွင် ပါဝင်သရုပ်ဆောင်သူ။ **~ညွှန်း**၊န-ဇာတ်လမ်း ဇာတ် ကွက်ကို သရုပ်ဖော်နိုင်စေရန် အသေးစိတ် ရေးသား ညွှန်ကြားချက်။ **~တိုက်**၊ကြိ-၁၊ဇာတ်၊ အငြိမ့် စသည် ကပြရန် ကြိုတင် လေ့ကျင့်သည်။ ၂၊(ဥပစာ) ကြိုတင်ညှိနှိုင်း စီစဉ်သည်။ **~ထုပ်**၊န-၁၊ဇာတ်လမ်း အပြည့်အစုံ။ ၂၊(ဥပစာ)အဖြစ်အပျက်အကြောင်းအရာ။ **~နာ**၊ကြိ-ပွဲကြည့်ပရိသတ်၊ စာဖတ်ပရိသတ်တို့၏ စိတ်ကို ထိခိုက်စေသည်။ **~ပို့**၊ကြိ-ဇာတ်ကွက် ဇာတ်လမ်းကို ပိုမိုထိမိအောင် အထောက်အကူ ပေးသည်။ န-ယင်းသို့ အထောက်အကူပေးသူ။ **~ပေါင်း**၊ကြိ-၁၊ငါးရာငါးဆယ် ဇာတ်တော်များ အဆုံး တွင် ဘုရားလက်ထက်တွင် မည်သူမည်ဝါ သည် အတိတ်ဘဝတွင် မည်သူမည်ဝါ ဖြစ်ခဲ့ကြောင်း စသည်ဖြင့် ပစ္စုပ္ပန်နှင့်အတိတ်ကို ဆက်စပ်ဖော်ပြ သည်။ ၂၊ဇာတ်လမ်းနိဂုံးချုပ်သည်။ ၃၊နောက်ဆုံး တွင် ပြန်လည်တွေ့ဆုံသည်။ **~မျော**၊ကြိ-၁၊ ဇာတ်လမ်း လိုရင်းသို့ မရောက်ဘဲ ရှည်လျားသွား သည်။ ၂၊(ဥပစာ) ကိစ္စမပြီးပြတ်ဘဲ ကြန့်ကြာ နေသည်။ **~မြူး**၊န-ရွှင်မြူးဖွယ်ရာ ဟာသခန်း များဖြင့် သွက်လက်သော ဇာတ်လမ်း။ **~မြုပ်**၊ ကြိ-သတင်းအစအန မကြားမသိရအောင်နေသည်။

~ရုံ၊နာ-ဇာတ်၊ ရုပ်ရှင် စသည်တွင် အကအပုံအဖြစ် သရုပ်ဆောင်သူ။ ~ရည်လည်/ဇတ်ယေလယ်/ကြိ-အဖြစ်မှန်ကို ရှင်းလင်းစွာ သဘောပေါက်သည်။ ~ရှုပ်၊ကြိ-အဖြစ်အပျက်၊ အကြောင်းအရာတို့ ထွေးရောယှက်တင်ရှိသည်။ နာ-ထွေးရောယှက်တင်ရှိသည့် အဖြစ်အပျက်၊ အကြောင်းအရာ။ ~လိုက်၊ နာ-ဇာတ်၊ ရုပ်ရှင် စသည်တွင် အဓိက ဇာတ်ဆောင်။ ~လမ်း၊နာ-ရုပ်ရှင်၊ ပြဇာတ်၊ ဝတ္ထု စသည်တို့တွင် ပါဝင်သော အဖြစ်အပျက်၊ အကြောင်းအရာ အစအဆုံး။ ဇာတ်ကြောင်း။ ~လုံးပေါ်၊ကြိ-အဖြစ်အပျက်၊ အကြောင်းအရာတို့ ထင်ရှားလာသည်။ ~လှန်၊ကြိ- ဇာတ်ကြောင်းပြန်သည်။ ~ဝင်ခန်း/ဇတ်ဝင်ဂန်း/နာ-ဇာတ်လမ်း၏ အဓိက အခန်း။ ~သိမ်း၊ ကြိ-၁၊ ဇာတ်လမ်းပြီးဆုံးသည်။ နိဂုံးချုပ်သည်။ ၂၊ [ဥပစာ] သေဆုံးသည်။ ~အိမ်၊နာ-တည်ဆောက်ထားသော ဇာတ်ကွက် ဇာတ်လမ်း။

ဇန်နဝါရီ၊နာ-အင်္ဂလိပ် ဆယ့်နှစ်လတွင် ရှေ့ဆုံးလ။ [လိပ်၊January]

ဇုန်၊နာ-၁၊အပူအအေးအလိုက် သတ်မှတ်ထားသော ရာသီဥတုရပ်ဝန်း။ ၂၊ခရိုင်နယ်ပယ် အကျယ်အဝန်း၊ သီးနှံထွက် အနည်းအများ စသည်ကို ဝပေါင်း သတ်မှတ်ထားသော ဒေသ။ [လိပ်၊zone]

ဇမ္ဗူသပြေ/ဇဗုသပျေ/နာ-၁၊တောင်ကျွန်း၏ အထိမ်းအမှတ် ဖြစ်သော သစ်ပင်ကြီး။ ၂၊အသီးကိုစားရ၍ အသားကို လှည်း၊ လှေ စသည်လုပ်ရသော သစ်ပင်ကြီး။ [ပါ၊ဇမ္ဗူ + မြန်၊သပြေ]

ဇမ္ဗူ/ဇဗူ/နာ-၁၊ဇမ္ဗူသပြေပင်။ ၂၊ဇမ္ဗူဒိပ်ကျွန်း။ [ပါ၊ဇမ္ဗူ] ~ဒီပါ/-ဒီပါ/ ~ဒိပ်/-ဒိတ်/နာ-မြင်းမိုရ်တောင်၏ တောင်ဘက်တွင်ရှိသော ဇမ္ဗူသပြေပင် ပေါက်ရာကျွန်း။ တောင်ကျွန်း။[ပါ၊ဇမ္ဗူ+ဒီပ] ~ပနီ/-ပနီ/ နာ-ညောင်ရွက်နှင့် အရွက်ချင်းဆင်၍ အရွက်ကို ကြော်စားရသော အပင်တစ်မျိုး။ [ပါ၊ဇမ္ဗူ+ မြန်၊ပန်းနီ] ~ရစ်/-ယစ်/နာ-ဇမ္ဗူသပြေသီးမှ ဖြစ်သည် ဆိုသော ရွှေ။ [ပါ၊ဇမ္ဗူရသ/ဇမ္ဗူနဒ]

ဇိမ်၊နာ-စည်းစိမ်။ ~ခံပစ္စည်း/ဇိန်ဂန်ပျစ်စီး/နာ-စည်းစိမ်ခံရန်အတွက် သုံးသောပစ္စည်း။ ~ဆွဲ၊ကြိ-အချိန်ကြာအောင် ပြုလုပ်သည်။ ~မယ်၊နာ-[ခေတ်ကုန်၊ ဗန်း] ပြည့်တန်ဆာမ။

ဇယ်၊နာ-၁၊ရွှေ့၍ တောက်၍ ကစားရသော မန်ကျည်းစေ့ စသည့် အရာ။ ၂၊[ဗန်း] အမျိုးသမီး။ ~ခွံ၊ကြိ-ဇယ်ကို မြောက်၍ ကောက်၍ ဖမ်း၍ ကစားသည်။ ~စက်၊ကြိ-၁၊ဇယ်များ တစ်ခုကိုတစ်ခု ဆက်ကာ ဆက်ကာ ထိမိုက်သည်။ ၂၊[ဥပစာ] ဆက်တိုက် ဖြစ်သည်။

ဇွဲ၊ နာ-အလုပ်တစ်ခုခုကို အားမလျှော့ဘဲ စွဲစွဲမြဲမြဲ လုပ်ဆောင်နိုင်သော သတ္တိ။ ဇွဲနပဲ။

ဇွတ်၊ကြိဝိ-မဆင်မခြင်။ အတင်းအဓမ္မ။ ဇွတ်တရွတ်။ ~တိုး၊ကြိ-ရှေ့သို့ အတင်းတက်သည်။ အတင်းအဓမ္မ ဆက်လက်လုပ်ဆောင်သည်။ ~နှစ်၊ကြိ-နစ်နာမှုနှင့်သိလျက် ဆက်လက်ပြုမူသည်။ ~မှိတ်၊ကြိ-မှားမှန်းသိလျက် ဇွတ်တိုးပြောဆို ပြုမူသည်။

ဇွန်[1]၊နာ-သင်းပျံ့သော အပွင့်ဖြူငယ်များ ပွင့်သည့် ချုံပင်။ [ဟိန္ဒီ၊ဇူဟီ]

ဇွန်[2]၊နာ-အင်္ဂလိပ်ဆယ့်နှစ်လတွင် ဆဋ္ဌမလ။ [လိပ်၊ June]

ဇွန်း၊နာ-စားဖွယ်သောက်ဖွယ်တို့ကို ခပ်ယူရသည့် အရာ။ ~ခြစ်/ဇွန်းဂျစ်/နာ-ဇွန်းဖြင့်ခြစ်၍ရသော မနုလွန်း မရင့်လွန်းသော အုန်းသီး။

ဈ

ဈ၊နာ-ဗျည်းသုံးဆယ့်သုံးလုံးတွင် ကိုးလုံးမြောက်ဗျည်း။ (ဈ မျဉ်းဆွဲဟု ခေါ်သည်။)

ဈာပန၊နာ-၁၊မီးသင်္ဂြိုဟ်ခြင်း။ ၂၊မသာ။ အသုဘ။ [ပါ၊ဈာပန]

ဈေး၊နာ-၁၊လူအများစုဝေး၍ ကုန်ပစ္စည်းများကို ရောင်းဝယ်ရာနေရာ။ ၂၊ကုန်ပစ္စည်းအတွက် သတ်မှတ်သော တန်ဖိုးငွေ။ ဈေးနှုန်း။ ၃၊အဖိုးတန်မှု။ တန်ဖိုး။ ဂုဏ်ရည်။ ~ကစား/ဈေးဂဇား/ကြိ-ကုန်ဈေးနှုန်း တက်ချည် ကျချည် မတည်မငြိမ် ဖြစ်အောင် လုပ်သည်။ ~ကောက်/ဈေးဂေါက်/နာ-၁၊ဈေးတွင် ဈေးရောင်းသူထံမှ ကောက်ယူသော အခွန်။ ၂၊ဈေးကောက် ကောက်ခံသူ။ ~ကိုက်၊ ကြိ-အမြတ်အစွန်းရသော ဈေးနှုန်းဖြင့် ရောင်းရသည်။ ~ကောင်း၊ကြိ-တန်ဖိုးကြီးသည်။ ဈေးနှုန်းမြင့်မားသည်။ ~ကိုင်၊ကြိ-၁၊ကြိုက်ဈေး မရမချင်း မရောင်းဘဲထားသည်။ ၂၊[ဥပစာ] ဂုဏ်သိက္ခာ မယုတ်လျော့စေရန် အလွယ်တကူ မလိုက်လျောဘဲ နေသည်။ ~ကုန်/ဈေးဂုန်/နာ-အရောင်းအဝယ် ဖြစ်နိုင်ရန် အစွမ်းကုန် လိုက်လျောသည့်ဈေး။ ~ကြီး၊ကြိ-ဈေး နှုန်းမြင့်သည်။ ~ကြို၊ကြိ-တစ်ဆင့်ပြန်ရောင်းရန် ကုန်ပစ္စည်းကို ဈေးမရောက်မီ ကြိုဝယ်သည်။ /ဈေးဂျို/ နာ-ယင်းသို့ ကုန်ပစ္စည်း ဝယ်ရာနေရာ။ ~ကွဲ၊ ~ပွဲ၊ ကြိ- ဈေးတွင် ရောင်းသူဝယ်သူ နည်းပါးသွားသည်။ ~ကွက်/ဈေးဂွက်/နာ-ကုန် အရောင်းအဝယ် ဖြစ်သည့်နေရာ။ ~ခေါ်၊ကြိ-၁၊ ရောင်းလိုသော ဈေးနှုန်းကို ဆိုသည်။ ၂၊ဈေးဝယ် လာသူကို ဆွဲဆောင်ပြောဆိုသည်။ /ဈေးဂေါ်/နာ-၁၊ဈေးဝယ်များများ လာစေစွမ်းသည် ဆိုသော

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

အဆောင်ပစ္စည်း။ ၂။ဈေးဝယ်များများ လာအောင် ဆွဲဆောင်ခေါ်ယူသူ။ **~ခေါင်း**/ဈေးခေါင်း/န-ဈေးတွင် ဈေးခွန်ကောက်ခြင်း၊ အုပ်ထိန်းခြင်း စသည့် အလုပ်တို့ကို လုပ်ရသောသူ။ **~ခိုင်**၊ကြိ-ကုန်ဈေးနှုန်း တက်လည်းမတက် ကျလည်း မကျဘဲ ကြာရှည် တည်နေသည်။ **~ချောင်**၊ကြိ-ဈေးပေါသည်။ ဈေး အလွန်သက်သာသည်။ **~ချုပ်**/ဈေးဂျုတ်/န-ဖြစ်ရုံချုပ်ထားသော ရောင်းတမ်း အဝတ်အထည်။ **~ငုတ်**၊န-နောက်ဆုံး အရောင်းအဝယ်ဖြစ်ခဲ့သော ဈေးနှုန်း။ **~ဆစ်**၊ကြိ-၁၊တန်ဖိုးလျှော့ပေါ် ရောင်းရန် ပြောသည်။ ၂။[ဥပစာ] အပေးအယူလုပ်သော ကိစ္စတစ်ရပ်ရပ်တွင် မိမိ၏ လိုအင်ဆန္ဒအတိုင်း ဖြစ်လာစေရန် ညှိနှိုင်းသည်။ **~တင်**၊ကြိ-၁၊ ဈေးနှုန်းကို တိုးမြှင့်သည်။ ၂၊ ကုန်ပစ္စည်းကို ဈေးသို့ သွားရောက် ရောင်းချသည်။ **~တည့်**/ဈေးတဲ့/ကြိ-ရောင်းသူဘက်က ရောင်းနိုင်သောဈေးနှင့် ဝယ်သူဘက်က ပေးနိုင်သော ဈေးချင်း ညီညွတ်သည်။ **~တန့်**၊ ကြိ-ဈေးနှုန်းကျသည့်အရှိန်၊ တက်သည့်အရှိန် ရပ်သွားသည်။ **~တန်း**၊ ကြိ-ဈေးနှုန်း တက်လည်းမတက် ကျလည်းမကျဘဲ တည်ငြိမ်နေသည်။ **~တွက်**/ဈေးဒွက်/န-ကျသင့်ငွေကို လွယ်ကူသော အခြေခံဖြင့် အဆင့်ဆင့်ရှာသော တွက်နည်း တစ်မျိုး။ **~နှာ**၊န-ဈေးနှုန်းကို စုံစမ်း၍ ရောင်းဝယ် ရာနေရာ။ဈေး။ ကြိ-ဈေးနှုန်းကို စုံစမ်းသည်။ **~နေ့**၊န-ငါးရက် တစ်ကြိမ်၊ ခုနစ်ရက် တစ်ကြိမ် စသည် သတ်မှတ် ရောင်းဝယ်သောနေ့။ **~ပေါင်ကျိုး** /ဈေးဗောင်ကျိုး/ န- ဈေးကွဲခါနီးအချိန်။ **~ပတ်** /ဈေးဗတ်/ န- ငါးရက်တစ်ကြိမ် စသည်ဖြင့် သတ်မှတ်သော ဈေးနေ့အပိုင်းအခြား။ **~ပိတ်နေ့** /ဈေးဗိတ်နေ့/န-ဈေးနေ့မရောက်မီတစ်နေ့။ **~ဖျက်**၊ ကြိ-၁၊ ဈေးနှုန်းကမောက်ကမ ဖြစ်အောင် လုပ်သည်။ ၂၊တန်ဖိုးကျဆင်းအောင် လုပ်သည်။ **~လိုက်**၊ကြိ-ရောင်းဈေးတဖြည်းဖြည်း မြင့်တက်လာသည်။ ဈေးအရောင်းရသွက်လာသည်။ **~လန်**၊ ကြိ-ဈေးနှုန်း မတည့်၍ ဝယ်သူ နောက်ဆုတ် သွားသည်။ **~လန့်**၊ ကြိ-အကြောင်းတစ်ခုခုကြောင့် ဈေးတွင် လှုပ်လှုပ်ရွရွ ဖြစ်သည်။ **~လှန့်**၊ ကြိ- အကြောင်းတစ်ခုခုကို အခြေပြု၍ ဈေးနှုန်းကို မတည်မငြိမ်ဖြစ်အောင် လုပ်သည်။ **~သည်**/ဈေးသယ်/န-ဈေးရောင်းသူ။ **~သုံး**/ဈေးသုန်း/န-ဝယ်ခြမ်း စားသောက်ရန် ငွေ။ **~ဦးဈေးဖျား** /ဈေးအူးဈေးဖျား/န-ပထမဦးဆုံး အရောင်းအဝယ်ပြုချိန်။ **~ဦးပေါက်**၊ ကြိ-၁၊ပထမဦးဆုံး ရောင်းရသည်။ ၂၊ [ဥပစာ] ပထမဦးဆုံး အကြိမ် ဖြစ်သည်။

ဈာန်၊န-ရှုရှုစိုက်စိုက် အဆူးမြဲမြဲစွာ ရှုသောတရား။ [ပါ၊ ဈာန] **~ကြွ**၊ ကြိ- ဈာန်အဘိညာဉ်ဖြင့် ကောင်းကင်တွင် သွားလာသည်။ **~ရ**၊ကြိ-ဈာန်အဘိညာဉ် တန်ခိုးကို ရရှိသည်။ **~လျှော**/ဇန်ယော/ကြိ-၁၊ဈာန်၏အစွမ်းသတ္တိ ပျက်ပြယ်သွားသည်။ ၂၊[ဥပစာ] ဂုဏ်သိက္ခာ လျှောကျသည်။ **~ဝင်စား** /ဇန်ဝင်ဇား/ကြိ-၁၊ဈာန် ချမ်းသာဖြင့် မွေ့လျော်နေသည်။ ၂၊ဆိုင်ရာအဘိညာဉ်၏ အခြေခံဖြစ်သော ဈာန်တရားကို အထပ်ထပ်ပွားသည်။

ဉ

ဉ၊န-ပါဠိ ဗျည်း သုံးဆယ့်သုံးလုံးတွင် ဆယ်လုံးမြောက်ဗျည်း။ (မြန်မာမှုတွင် ဉကလေးဟု ခေါ်သည်။)

ဉာဏ၊ န-ဉာဏ်။ [ပါ၊ဉာဏ] **~လုပ်သား** /ဉာနလုပ်သား/န-ဉာဏ်ပညာကို အသုံးပြု၍ အလုပ်လုပ်သောသူ။

ဉာတက/ညာဒဂါ/န-ဆွေမျိုး။ [ပါ၊ ဉာတက]

ဉာတိ၊န-ဆွေမျိုး။ [ပါ၊ဉာတိ]

ဉာဉ်/ညင်/န- ၁၊ ဉာဏ်။ ၂၊ စိတ်သဘောထား။ အလေ့အထ။ [ပါ၊ဉာဏ]

ဉာဏ်၊န-သိမြင်တတ်သော တရား။ အသိတရား။ ပညာ။ [ပါ၊ဉာဏ] **~ကစား**/ညန်ဂဇား/ကြိ-ဉာဏ်ကို နည်းမျိုးစုံဖြင့် အသုံးပြုသည်။ **~စဉ်** /ညန်ဇင်/န- ဝိပဿနာတရား၏ အဆင့်ဆင့်ဖြစ်ပေါ်သော ဉာဏ်အစီအစဉ်။ **~ဆင်**၊ ကြိ-လုပ်ကြံဖန်တီးသည်။ **~တော်**/ညန်ဒေါ်/န-စေတီ၊ ပုထိုး၊ ဘုရားဆင်းတု၏ အမြင့်ပမာဏ။ **~နီ ဉာဏ်နက်**၊န-ကောက်ကျစ် စဉ်းလဲသော အကြံအစည်။ **~ပူဇော်ခ**/ညန်ပူဇော်ဂ/န-ပညာရှင်အား ဉာဏလုပ်အားအတွက် ချီးမြှင့်သော ကြေးငွေ။ **~မီ**၊ကြိ-ပေါ့တော့ကြံစည်နိုင်စွမ်း ရှိသည်။ **~များ**၊ ကြိ-၁၊အမျိုးမျိုး ကြံစည်တတ်သည်။ ၂၊ကလိမ်ကျသည်။ **~သမား**/ညန်သမား/န-ဉာဏ်သုံး၍ မကောင်း ကြံစည်တတ်သူ။ **~သစ်လောင်း**/ညန်သစ်လောင်း/ကြိ-အသိအမြင်သစ်ရအောင် ပြုလုပ်ပေးသည်။ **~သွား**၊ကြိ-တွေးတော ကြံစည်ရာ၌ လျင်မြန် ပေါက်ရောက်သည်။

ဉတ်၊ န- ဥပုသ်ပြုခြင်း၊ ရဟန်းခံခြင်း စသော ကိစ္စတစ်ခုခု၌ အချိန်ကျရောက်ပြီ ဖြစ်ကြောင်းကိုလည်းကောင်း၊ ဆောင်ရွက်ဖွယ် ကိစ္စကိုလည်းကောင်း သံဃာအားသိစေခြင်း။ [ပါ၊ ဉတ္တိ] **~ကာယိန်**၊န-ကာယိန်နှင့်အတူတူ။ **~သတ်**နီး/ညတ်

မှာတိကာသို့ ▶▶▶

http://www.lknt11.com ...

သင်္ဂန်း/န-ကထိန်သင်္ကန်းကို ကထိန်ခံယူ နိုင်သော ရဟန်းအား ဥဿုံဒုတိယကမ္မဝါစာဖြင့် သိမ်အတွင်း ပေးအပ်သည်ကို ခွဲ၍ ခေါ်သောအမည်။

ဉာဏ်ကျမ်း/ညဉ်ကျန်း/န-ပါဠိ သဒ္ဒါကျမ်း တစ်စောင်၏ အမည်။ ဉာသကုမ်း။ [ပါ၊ဉာဿ+မြန်၊ကျမ်း]

ည

ည[၁]၊န-ဗျည်းသုံးဆယ့်သုံးလုံးတွင် ဆယ်လုံးမြောက်ဗျည်း။ (ညကြီးဟုခေါ်သည်။)

ည[၂]၊န-နေဝင်မှ နေထွက်ထိ အချိန်။ **~ကြီးမင်းကြီး**/ညဂျီးမင်းဂျီး/န-ညအချိန်မတော်။ ညတွင်းကြီး။ **~ချမ်း**/ညာချန်း/န-ညဦးပိုင်း အချိန်။ **~တွင်းချင်း**/ညာ့ဒွင်းဂျင်း/ကြိဝိ-နေ့မကူးမီတစ်ညအတွင်း။ **~နေ**/ညာ့နေ/န-မွန်းလွဲ သုံးနာရီခန့်မှ နေဝင်ချိန်ခန့် အတွင်းကာလ။ ညနေခင်း။ ညနေစောင်း။ **~နေချမ်း**/-ဂျန်း/န-နေဝင်ခါနီးကာလ။ **~မွှေးပန်း**/ညာ့မွှေးဗန်း/န-ညအခါတွင် အလွန်မွှေးသော ပန်းပွင့်သည့် အပင်တစ်မျိုး။ **~ရေးညတာ**/ညာ့ယေးညာ့ဒါ/န-ညအချိန် ပေါ်ပေါက်တတ်သော အရေးကိစ္စ။ **~လူ**/ညာ့လူ/န-သူခိုး။ **~လုံးပေါက်**/ညာ့လုန်းပေါက်/ကြိဝိ-ညဦးမှ စ၍ မိုးလင်းသည်အထိ။ တစ်ညလုံး။ **~ဝါ**/ညာ့ဝါ/န-ဘုန်းတော်ကြီးကျောင်းများတွင် ညအခါ ပို့ချသည့်စာ။ (နေ့ဝါနှင့်နှိုင်းယှဉ်) **~သိပ်ရေ** /ညာ့သိတ်ယေ/ န- ညကတည်းက သိုလှောင်ထားသော ရေ။

ညာ[၁]၊န-လက်ယာဘက်။ **~သက်ရုံး**၊န-[ဥပစာ] အထူးတလည် အားကိုးရသူ။

ညာ[၂]၊ကြိ-မဟုတ်မမှန် ပြောဆိုပြုလုပ်သည်။ လိမ်လည်သည်။ **~တာပါတေး**၊ကြိဝိ-ဟိုလိုလို သည်လိုလို။

ညာတရာ၊န-ဆန်မှုန့်ညက်ရည် ဖျစ်ဖျစ်တွင် ထန်းလျက်ရော၍ ကြော်ထားသော မုန့်တစ်မျိုး။ (ညာတရာ ဟုလည်းခေါ်သည်။)

ညာတိုင်/ညာဒိုင်/န-မြာတိုင်နှင့်အတူတူ။

ညား၊ ကြိ-၁၊တွေ့ကြုံ ဆုံစည်းသည်။ ၂၊လင်မယားအဖြစ်သို့ ရောက်သည်။

ညိ၊ကြိ-မီးကူးစွဲသည်။

ညီ[၁]၊န-ညီအစ်ကိုတွင် အငယ်ဖြစ်သူ။ **~နောင်**၊န-ညီနှင့်အစ်ကို။ **~မ**၊န-ညီအစ်မတွင် အငယ်ဖြစ်သော မိန်းမ။ **~အစ်ကို**/ညီအကို/န-ညီနှင့်အစ်ကို တော်စပ်ပုံ။ **~အစ်ကို မသိတသိအချိန်**/-မသိဒသိ အချိန်/န-နေဝင်ပြီးစ အချိန်။ နေဝင်ရီတရော။ **~အစ်မ**/ညီအမာ့/န-ညီမနှင့် အစ်မ တော်စပ်ပုံ။

ညီ[၂]၊ **~ညာ**၊ကြိ-၁၊တစ်ပြေးတည်းဖြစ်သည်။ ၂၊ထပ်တူဖြစ်သည်။ ၃၊စည်းစည်းရုံးရုံးရှိသည်။ **~ညာဖြိုဖြို** /ညီညာဖျိုဖျို/ကြိဝိ-ညီညီညွတ်ညွတ် စည်းစည်းလုံးလုံး။ **~ညွတ်**၊ကြိ-၁၊ညီသည်။ ညီညာသည်။ ၂၊မျှတသည်။ **~တူ**၊ကြိ-၁၊မျှတသည်။ ၂၊ တစ်ညီတည်း တစ်ထပ်တည်းဖြစ်သည်။ **~တူညာတူ** /ညီဒူညာဒူ/ကြိဝိ-၁၊အညီအမျှ။ မျှမျှတတ။ ညီတူညီမျှ။ ၂၊ တစ်ပြိုင်တည်းအတူ။ **~လာခံ**၊ကြိ-ရှင်ဘုရင်သည် မှူးမတ်တို့နှင့် စည်းဝေးတိုင်ပင်သည်။ /ညီလာဂန်/န-၁၊ယင်းသို့ ပြုလုပ်သော အစည်းအဝေး။ ၂၊ကိုယ်စားလှယ်များ စုဝေးဆွေးနွေးရာ အစည်းအဝေးကြီး။

ညီး၊ကြိ-အလွန်ဟောက်ပသည်။

ညူ၊ကြိ-စွဲလမ်းနှစ်သက်အောင် ပြောဆိုပြုမူသည်။ ခရာသည်။

ညဲ၊နဝ-[ရှေး] ညည်း၊နှင့်အတူတူ။ န-မိန်းမ။ လုံမ။ **~မင်း**၊န-[ရှေး] ယမင်းရုပ်။

ညံ[၁]၊ကြိ-အသံဆူသည်။

ညံ[၂]၊ကြိ-[ပေါ]တိတ်ဆိတ်သည်။

ညံ[၃]၊န-အရွက်သေး၍ တို့စားရသော တစ်နှစ်ခံ စိမ့်မြေပေါက် အပင်။

ညံကောင်/ညန်ဂေါင်/န-ရှည်လျားသော ကိုယ်ဖြင့် ရစ်ပတ်တတ်သော ရေသတ္တဝါတစ်မျိုး။

ညံ့ ၊နဝိ-၁၊ပျော့ပျောင်း သိမ်မွေ့သော။ ၂၊အရည်အချင်းနည်းပါးသော။ ဖျင်းသော။ ၃၊ယုတ်နိမ့်သော။ ကြိ-(အနာ)သက်သာသည်။ (အနာရှိန်)လျော့သွားသည်။

ညို၊နဝိ-သိမ်မွှော်ရောင်နှင့် အမည်းရောင် ရောထားသော အရောင်မျိုးရှိသော။ **~စိမ့်စိမ့်**/ညိုစိန့်စိန့်/န-အနည်းငယ်ညို၍ စိုပြည်သော အသားရောင်။

ညို့၊နဝိ-အုံ့မှိုင်းသော။ ကြိ-(မျက်နှာ၊ စိတ်နှလုံး) မသာမယာ မကြည်မလင်ဖြစ်သည်။

ညို့သကျည်း/ညို့သဂျီး/န-ခြေသလုံး၏ ရှေ့ဘက်ပိုင်း။

ညိုးညံ၊ကြိ-အသံမျိုးစုံမြည်သည်။

ညီးညီးညိတ်ညိတ်၊ကြိဝိ-အသံမျိုးစုံ သာယာစွာမြည်လျက်။

ညက်၊ကြိ-၁၊ထောင်း၍၊ ကြိတ်၍ နူးညံ့သော အမှုန့်ဖြစ်သည်။အလွန်ကြေသည်။ ၂၊အသားအရေ စသည် ချောမွေ့နူးညံ့သည်။ ၃၊အဆိုအက၊ အရေးအသား စသည် ပြေပြစ်သည်။ **~ညော**၊ကြိ-အလွန်ညက်သည်။

ညင်သာ၊ကြိ-အပြောဆို၊ အပြုအမူသိမ်မွေ့နူးညံ့သည်။

ညင်း၊နဝိ-သိမ်မွေ့ညင်သာသော။ **~ပျောင်း**၊နဝိ-ချိုသာနူးညံ့သော။

ညောင်၊န-အသီးငယ်၍ အစေးရှိသော အရိပ်ကောင်း

မာတိကာသို့ ▶▶▶

http://www.lknt11.com

သစ်ပင်ကြီး။ (ညောင်ကြုတ်၊ ညောင်ချဉ်၊ ညောင်ခြေထောက်၊ ညောင်လန်း၊ ညောင်အုပ်၊ ဗောဓိညောင် စသည်ဖြင့် ရှိသည်။) **~ကုက္ကား**၊န-ညောင်ပင် တစ်မျိုး။ **~ကန်**/ညောင်ဂန်/န-တာယ်ပြူး၊ တာယ်လုံ၊ ညောင်ကန်၊ ကမ်းပိုး၊ အကျိုး ဟူ၍ သုငယ်တို့ နှစ်ရက်တွဲ ရေတွက်ရာတွင် ၆ သချာကို ရည်ညွှန်းသော စကား။ **~ကန်ကြက်**/-ကျက်/န-တိန်ညင်ကြက် နှင့် ပဒိုးဒယားကြက် စပ်၍ပေါက်သော ကြက်။ **~ကြုတ်**/ညောင်ဂျုတ်/န-ညောင်ပင်တစ်မျိုး။ **~ချဉ်**/ညောင်ဂျင်/န-ချဉ်သောအရသာရှိသည့် ရွက်နုဖူးကို သုပ်စားရသော ညောင်ပင်။ **~ခြေထောက်**/ညောင်ချီဒေါက်/န-ပညောင်ပင်။ **~စေး**/ညောင်ဇီး/န-၁၊ညောင်ပင်မှ ထွက်သော အစေး။ ၂၊ ကြသကာကို ကျိုချက် ပြုလုပ်၍ရသော အစေး အခဲစားဖွယ်။ **~စေးကျ**/-ကျာ/ကြို-ထန်းလျက် စသည်ကို ကျိုသောအခါ ညောင်စေးကဲ့သို့ စေးပျစ် လာသည်။ **~စောင်း** /ညောင်ဇောင်း/ န- မင်း၊ မိဖုရား စသူတို့ အိပ်စက်သော ခုတင်။ **~ပတ်ပင်** /ညောင်ဗတ်ပင်/ န-ညောင်ပင်၏အမြစ် ရစ်ပတ် ခြင်း ခံရသော အပင်။ **~ပိန္နဲ**/ညောင်ပိန်းနဲ/န-ပိန္နဲရွက်နှင့် ဆင်သောအရွက်ရှိသည့် ညောင်ပင် တစ်မျိုး။ **~ဗုဒ္ဓဟော**၊ န-ဗောဓိညောင်။ **~ရေ**၊န-ကဆုန်လပြည့်နေ့တွင် ဗောဓိညောင်ပင်ကို သွန်း လောင်း ပူဇော်သော ရေ။ **~ရေအိုး**၊န-ဘုရား ပူဇော်ရန် ပန်းစိုက်သည့်အိုး။ **~ရမ်းတိုင်**/ညောင် ယန်းဒိုင်/န-အိမ်မဆောင်တွင် အနောက် မြောက် ဘက်ရှိတိုင်။ **~ရွက်**၊ န-၁၊ ယီး၊ ဆည်းလည်း စသည် တို့တွင် ဆွဲသော ညောင်ရွက်ပုံ သတ္တုပြား။ ၂၊စောင်းကောက်၏ လက်ရုံးထိပ်စွန်း အစိတ်အပိုင်း။ **~လန်း**၊န-အရိပ်ကောင်းသော ညောင်ပင်ပုတစ်မျိုး။ **~အုပ်**၊ န- အရိပ်ကောင်းသော ညောင်ပင်ကြီး တစ်မျိုး။

ညောင်ညည့်ညည့် / ညောင်ညိညိ / ကြိဝိ ပျော့စိစိ ချည့်နဲ့နဲ့။ ညောင်နာနာ။

ညောင်း၊ကြို-၁၊ကြာမြင့်သည်။ ဟောင်းသည်။ ၂၊ပင်ပန်း နွမ်းနယ်သည်။ အကြောအခြင်တောင့်သည်၊ ဆိုင်း သည်။ ညောင်းညာသည်။၃၊တွန့်ရွံ့နေရာမှ ပြန့်ကား သွားအောင် ပြုသည်။ "ခက်~~။" ၄၊ ရန်းကန်အား ပျော့ညံ့သွားသည်။ "စပရင်~~။" န-ညောင်းကျ ရောဂါ။ **~ကျ**၊ ကြို-အင်္ဂါဇာတ်အတွင်းက ကျိုခွဲရည် များ ကျဆင်းသော ရောဂါဖြစ်သည်။

ညောင်းညောင်းညှန်းညှန်း၊ကြိဝိ-စည်မောင်း စသည် အသံမျိုး‌စုံမြည်လျက်။

ညစ်၊နဝိ-၁၊မသန့်မပြန့်သော။ မကြည်မလင်သော။ ၂၊ကောက်ကျစ်စဉ်းလဲသော။ **~ကျို**၊ **~ကျူ**၊နဝိ- မကြည်မလင် ကျိုခွဲသော။ **~ကျယ်ကျယ်** /ညစ် ကျယ်ဂျယ်/ ကြိဝိ- သူတစ်ပါးအပေါ် မတရား အနိုင်ကျင့်လျက်။ **~စုတ်**၊ကြို-ယုတ်မာဆိုးဝါးသည်။ **~ညူး**၊ကြို-မသန့်မစင်ဖြစ်သည်။ မကြည်မလင် ဖြစ်သည်။ **~ညမ်း**၊နဝိ-၁၊ရေ၊ လေ၊ ဝန်းကျင် စသည် မသန့်မစင်သော။ ၂၊ မျက်စိရှက်ဖွယ် နား ရှက်ဖွယ် ဖြစ်သော။ **~တီးညစ်ပတ်**၊ကြိဝိ-၁၊မသန့် မစင်ဖြစ်လျက်။ပေရေညစ်ပတ်လျက်။ ၂၊ညစ်ညစ် ညမ်းညမ်း။ **~ထည်း**/ညစ်ထီး(ထေး)/နဝိ-မသန့် မစင်သော။ ပေကျံသော။ **~ထတ်ထတ်**၊ ကြိဝိ- မသန့်စင်၊ ပေကျံလျက်။ **~နွမ်း**၊နဝိ-ပေကျံညှိုးမှိန် သော။ မသန့်မစင်သော။ မကြည်မလင်သော။ **~ပတ်**၊နဝိ-၁၊ မသန့်မပြန့်သော။ ၂၊ ကောက်ကျစ် စဉ်းလဲသော။ **~ပုပ်ပုပ်**၊ကြိဝိ-အရောင် မတောက်မပ မကြည်မလင်။

ညဥ့်/သင့်/န-ညအချိန်။ **~နက်**/ညင့်နက်/ကြို-ညဥ့် ဦးယံကို ကျော်သည်။ **~နက်သန်းခေါင်**/-သုဂေါင်/ န-သန်းခေါင်အချိန်တစ်ဝိုက်။ **~သုံးယံ**/ညှင့်သုန်း ယန်/န-ညဥ့်ဦးယံ၊ သန်းခေါင်ယံ၊ မိုးသောက်ယံ ဟူသော ညဥ့်ကာလအပိုင်းအခြား သုံးခု။ **~ဦးယံ** /ညင့်အူးယန်/န-ညဥ့်သုံးယံတွင် ပထမဆုံးကာလ။ **~အိပ် ညဥ့်နေ**/ညင့်အိက်ညင့်နေ/ကြိဝိ-နေ့ချင်းပြန် မဟုတ်ဘဲ။

ညည်း[၁]၊ ကြို-၁၊ ကိုယ်စိတ် ဆင်းရဲပင်ပန်းကြောင်း ထုတ်ဖော်ပြည်တမ်းသည်။ ညည်းညူသည်။ ညည်း တွားသည်။ ၂၊ဝေဒနာခံစားရမှုကြောင့် မြည်တမ်း သည်။ ညည်းတွားသည်။ ၃၊သီချင်း တိုးတိုးဆိုသည်။ ၄၊ခိုငှက်စသည် အော်မြည်သည်။ **~ချင်း**/ညီးဂျင်း/ န-[တေး]လွမ်းဆွတ်တမ်းကပုံကို ဖွဲ့ဆိုသော ကဗျာ တစ်မျိုး။

ညည်း[၂]၊နစ-[အပြော] ရွယ်တူမိန်းမချင်း ဖြစ်စေ၊ မိမိ အောက်ငယ်သော မိန်းမကိုဖြစ်စေ ခေါ်ဆိုသော စကား။

ညိတ်၊ကြို-ဦးခေါင်းကို ရှေ့သို့ငိုက်ချသည်။ **~ညိတ် မွှမ်း**/ညိတ်ညိတ်မွှန်း/ကြို-ရုရုရုံးရုံး လှုပ်လှုပ်ရွရွ ဖြစ်သည်။

ညန်၊န-သစ်အယ်မျိုးအဝင် ပင်စောက်တစ်မျိုး။

ညပ်၊ကြို-အကြားနေရာတွင် ကျပ်တည်းစွာ ကည်သည်။ **~သပ်**၊ကြို-များပြားပြည့်ကျပ်သည်။

ညွတ်၊ကြို-၁၊ကိုင်းကျသည်။ ၂၊စိတ်ရောက်သည်။ **~ကျိုး**၊ကြို-ကျိုးနွံရှိသေသည်။ **~တုပ်**၊ကြို-ညွတ် တွားတုပ်ကွသည်။ **~တွား**၊ ကြို- ဦးညွတ်ပျပ်ဝပ် သည်။ **~ပက်ညွတ်ပက်**၊ ကြိဝိ- (ထမ်းပိုးစသည်)

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ဝန်အလေးကြောင့် မတောင့်တင်းဘဲ နိမ့်တုံ မြင့်တုံ ဖြစ်လျက်။

ညွှန်၊န–နိစ္စတ်ပျော့အိသော ရွှံ့။ ~**ဗျောင်း**၊န–စေးပျစ်သော ရွှံ့ဗွက်။

ညွှန့်၊ကြိ–၁၊ချွန်တက်သည်။ ၂၊အလွန်ကောင်းသည်။ ၃၊[ဥပစာ] သူတစ်ပါးအပေါ် အသာစီးယူသည်။ ကျော့သည်။ ~**ပေါင်း**/ညွှန့်ဖောင်း/န–အကောင်းအမွန်များကို စုပေါင်းထားသောအရာ။ "ဆောင်းပါး ~။" ~**လန်း**၊န–[စာပေ]ပထမပိုဒ်နှင့် ဒုတိယပိုဒ်ထက် တတိယပိုဒ်က ပိုရှည်သော ပိုဒ်စုံရတုမျိုး။

ညှာ၊ကြိ–၁၊သူတစ်ပါးအတွက် အနစ်နာခံသည်။ ငဲ့ကွက်ထောက်ထားသည်။ ၂၊ လျှော့ပေါ့ ပြုမူသည်။ သက်သက်သာသာ ပြုမူသည်။ ~**တာ**၊ကြိ–ငဲ့ကွက်ထောက်ထားသည်။ ~**တံ**/ညှာဒန်/န–အညှာနှင့် ဆက်စပ်နေသော အတံ။

ညှိ၊ကြိ–၁၊ညီအောင်လုပ်သည်။ ၂၊အချင်းချင်း သဘောတူညီအောင် လုပ်သည်။ ၃၊မီးဖွဲ့ညှိစေသည်။ ~**နှိုင်း**၊ကြိ–တိုက်ဆိုင်နှိုင်းယှဉ်၍ ညီညွတ်စေသည်။

ညှီ၊နဝိ–သားစိမ်းငါးစိမ်းနံ့ကဲ့သို့ စက်ဆုပ်ဖွယ် အနံ့ရှိသော။ ~**စော်**/ညှီဇော်/န–စက်ဆုပ်ဖွယ် ကောင်းသော အညှီနံ့။ ~**စို့စို့**/ညှီစို့စို့/ကြိဝိ–ညှီသော အနံ့ ထွက်လျက်။ ~**ဟောက်**၊နဝိ–စက်ဆုပ်ဖွယ် အညှီနံ့ နံစော်သော။

ညှော်၊ကြိ–သားငါး စသည်ကို ကြော်လှော် ဖုတ်ကင်သောအခါ အနံ့ထွက်လာသည်။ ~**နံ**၊ကြိ–၁၊အညှော်နံ့ရှိသည့် နေရာတွင်နေသည်။ ၂၊အညှော်နံ့ကို ခံနိုင်ရည်ရှိသည်။ ~**တိုက်**၊ကြိ–တစ်ပါးသူအား အညှော်နံ့ နံအောင် လုပ်သည်။ ~**မိ**၊ကြိ–၁၊အညှော်နံ့ကို ရှူမိသည်။ ၂၊အညှော်နံ့ ရှူမိ၍ နေမကောင်းဖြစ်သည်။ ~**ဝင်**၊ ကြိ–ညှော်မိသဖြင့် အနာမြုံသွားသည်။

ညှို၊န–ဆန့်ထားသော လက်မထိပ်နှင့် လက်ညှိုးတို့အကြားရှိ အတိုင်းအတာ။ ~**ဆိုင်** /ညှိုဖိုင်/န–လက်မထိပ်ချင်း လက်ညှိုးထိပ်ချင်း ကိုင်၍ တိုင်းရသော အတိုင်းအတာ။

ညှို့[၁]၊ကြိ–မိမိအလိုသို့ ပါလာအောင် စိတ်အစွမ်းဖြင့် ဆွဲဆောင်သည်။ ~**ဓာတ်**၊ န–သူတစ်ပါးစိတ်ကို ညှို့ယူနိုင်သော အစွမ်းသတ္တိ။

ညှို့[၂]၊န–၁၊ဝေါင်းတွင် တပ်သောကြိုး။ ဝေါင်းကြိုး။ ၂၊လေးတွင်တပ်သောကြိုး။

ညှိုး၊ကြိ–၁၊ရွှင်ပျခြင်း၊ လန်းဆန်းခြင်း မရှိဖြစ်သည်။ နွမ်းသည်။ ၂၊အရောင်တောက်ပခြင်း ယုတ်လျော့သည်။ မှိန်သည်။ ~**ငယ်**၊ကြိ–၁၊ ရွှင်ပျခြင်းမရှိဖြစ်သည်။ ၂၊ သေးသိမ်သည်။ သိမ်ငယ်သည်။

~**နွမ်း**၊ ကြိ–၁၊လန်းဆတ်ခြင်း၊ ရွှင်ပျခြင်း ကင်းသည်။ ၂၊ဘုန်းတန်ခိုး၊ သီလ စသည် မှေးမှိန်သည်။

ညှက်၊နဝိ–ပိန်လှီသေးငယ်သော။

ညှင်း[၁]၊န–၁၊အဖြူပြောက်ငယ်များ ပေါ်သော အရေပြားရောဂါတစ်မျိုး။ ၂၊စက္ကူပဲ့ရွှံ့ အနက်ရောင်ဖဲပွင့်တစ်မျိုး။ ~**လုံးပြောက်**/ညှင်းလုန်းဗျောက်/န–ညှင်းပြောက်သဏ္ဌာန် အဆင်တစ်မျိုး။

ညှင်း[၂]၊ကြိ–အမဲသား၊ ဆိတ်သား စသည်ကို အမြှောင်းငယ်များ ဖြစ်အောင် လှီးသည်။

ညှင်းလုံး၊န–[ဂီတ]ခုနစ်ပေါက်သံဖြင့် မှုတ်ညည်သည့် စောင်းသံစဉ်။ ကြိုး၊ ဘွဲ့၊ သီချင်းခံများကို တီးမှုတ်လေ့ရှိသည့် သံစဉ်။

ညှောင့်၊ကြိ–ကိုယ်ကို ရှေ့ကိုးနောက်ငင်လှုပ်ရှားသည်။

ညှစ်၊ကြိ–၁၊တင်းကျပ်စွာ ဆုပ်ကိုင်သည်။ ဖျစ်သည်။ ၂၊တစ်စုံတစ်ရာ ထွက်လာအောင် အားစိုက်ဖိညှပ်သည်။

ညှဉ်း၊ကြိ–၁၊နှိပ်စက်သည်။ ၂၊ရင်းနှီးမှုကို အကြောင်းပြု၍ လိုသားချက်ရအောင် ပြုသည်။ ~**ပန်း**/ညှင်းဗန်း/ကြိ–ကိုယ်စိတ် ပင်ပန်းဆင်းရဲအောင် ပြုသည်။ နှိပ်စက်သည်။ ညှဉ်းဆဲသည်။

ညှဉ်းသိုးသိုး/ညှင်းသိုးသိုး/ကြိဝိ–ရုပ်သွင် မကြည်မလင်၊ မလန်းမဆန်းဖြစ်လျက်။ ညှဉ်းဆိုးဆိုး။

ညှပ်၊ကြိ–၁၊အချောင်းအတံ နှစ်ခုဖြင့် ဖိကိုင်သည်။ ၂၊(ကွမ်းညှပ်၊ ကတ်ကြေး စသည်တို့ဖြင့်) ကိုက်ဖြတ်သည်။ ၃၊အကြားတွင် ထည့်သွင်းသည်။ ၄၊အား တစ်ဖက် တစ်ချက်မှ ကပ်၍ရသည်။ န–ညှပ်၍ ကိုင်တွယ်ရသော ကိရိယာ။ ~**မူးညှပ်ပိတ်**၊ကြိဝိ–မည်သည့်ဘက်မျှ ထွက်မရအောင် ပိတ်ဆို့လျက်။ ~**ပုံ**၊န–ဒင်္ဂါးစသည် ပုံစံတစ်ခုခုရရန် ဖိညှပ်ရသော ကိရိယာ။ ~**ရိုး**၊န–ရင်ရိုးနှင့်လက်ပြင်ရိုးကို ဆက်ထားသော အရိုး။ ~**ရည်**/ညှတ်ယေ/န–ကန်းနို့ခိုင်ကို ထန်းညှပ်ဖြင့်ညှပ်၍ လှီးဖြတ်ခံယူရရှိသော ထန်းရည်။ ~**အုတ်**၊န–အုတ်စီရာတွင် တစ်လွှာနှင့် တစ်လွှာ ဆက်ကြောင်းလွဲစေရန် ထည့်ရသော အုတ်။

ညွှတ်၊ကြိ–ညွှတ်စေသည်။ န–ငှက်သည်ကို ထောင်ဖမ်းရသော ကွင်းလျှောကြိုးကွင်း။ ကျော့ကွင်း။ ~**ကွင်း**၊န–၁၊ညွှတ်။ ၂၊ [ဥပစာ] အနှောင်အဖွဲ့။ "အိမ်ထောင် ~။"

ညွှန်၊ကြိ–၁၊လက်ညှိုး စသည်ဖြင့် ထိုး၍ပြသည်။ ၂၊ တစ်စုံတစ်ခုကို လိုက်နာဆောင်ရွက်ရန် ဖော်ပြပြောဆိုသည်။ ညွှန်ကြားသည်။ ~**ကြားရေးမှူး**၊န–ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးအောက် ရာထူးတစ်ဆင့် ငယ်သော အရာရှိ။

မှာတိကာသို ▶▶▶

~ကြားရေးမှူးချုပ် /ညွှန်ကျားယေးမှုးဂျူတ်/ န- ဦးစီးဌာနတစ်ခုကို တာဝန်ယူ အုပ်ချုပ်ရသော အကြီးအကဲ။

ညွှန်း၊ကြိ-၁၊ကိုးကားဖော်ပြသည်။ ၂၊ညွှန်ပြသည်။

ဋ

ဋ၊န-ဗျည်းသုံးဆယ့်သုံးလုံးတွင် ဆယ့်တစ်လုံးမြောက် ဗျည်း။ (ဋသန်လျင်းချိတ်ဟုခေါ်သည်။)

ဋီကာ/ဋိဂါ/န-အဋ္ဌကထာကို အကျယ်ဖွင့်ဆိုရေးသားသော ကျမ်း။ [ပါ၊ဋီကာ] ~ချဲ့/-ချဲ့/ကြိ-ချဲ့ထွင် ပြောဆိုရေးသားသည်။

ဌ

ဌ၊န-ဗျည်းသုံးဆယ့်သုံးလုံးတွင် ဆယ့်နှစ်လုံးမြောက် ဗျည်း။ (ဌဝမ်းဘဲဟု ခေါ်သည်။)

ဌာန၊န-၁၊နေရာ။ အရပ်။ ၂၊လုပ်ငန်းရပ် တစ်ခုခုကို စီမံခန့်ခွဲရာ နေရာ။ [ပါ၊ဌာန] ~ချုပ်/ထာနာဂျုတ်/ န-ဗဟိုဌာန။

ဌာနေ၊န-၁၊မွေးဖွားရာ အရပ်ဒေသ။ ၂၊ဒေသတစ်ခုတွင် ကြာရှည်စွာ နေထိုင်လာသူ။ [ပါ၊ဌာန]

ဌာနန္တရ/ထာနန်ဒရာ/န-ရာထူး။ [ပါ၊ဌာနန္တရ]

ဌာပနာ၊ကြိ-၁၊မွေတော်၊ ဓာတ်တော် စသည်ကို စေတီပုထိုးတွင် ထည့်သွင်းသည်။ ၂၊မုန့်အတွင်းတွင် ထန်းလျက်စသည်ကို ထည့်သည်။ န-ထိုသို့ ထည့်သွင်းသော ပစ္စည်း။ [ပါ၊ဌပန]

ဌီ၊န-တည်ဆဲအခိုက်အတန့်။ အဖြစ်နှင့်အပျက်တို့၏ ကြား အခိုက်အတန့်။ [ပါ၊ဌိတိ]

ဌေး၊ကြိ-ကြွယ်ဝ ချမ်းသာသည်။

ဌာန်၊န-အက္ခရာအသံဖြစ်ရာအရပ်။ [မြန်မာသဒ္ဒါကျမ်း အရ ဌာန် ၇ပါး ခွဲခြားသည်။ ၁၊လည်ချောင်းဌာန်-အ၊အာ၊ဟ(၃လုံး) ၂၊အာခေါင်ပျော့ဌာန်-က၊ခ၊ဂ၊ဃ၊င(၅လုံး) ၃၊အာခေါင်မာဌာန်-ဣ၊ဤ၊ဧ၊အဲ၊ည၊ယ၊ရ(၇လုံး) ၄၊အာထိပ်ဌာန်-ဋ၊ဌ၊ဍ၊ဎ၊ဏ၊တ၊ထ၊ဒ၊ဓ၊န၊လ၊ဠ(၁၂)လုံး ၅၊သွားဌာန်-စ၊ဆ၊ဇ၊ဈ၊သ(၅လုံး) ၆၊နှုတ်ခမ်းဌာန်-ဥ၊ဦ၊ဩ၊ဪ၊အို၊ပ၊ဖ၊ဗ၊ဘ၊မ၊ဝ(၁၁လုံး) ၇၊နှာခေါင်းဌာန်-င၊ည၊ဏ၊န၊မ(၅)လုံးဟူ၍ဖြစ်သည်။] [ပါ၊ဌာန] ~ကရိုဏ်းကျ /ထန်ကရိုင်းကျ/ ကြိ- ၁၊ ရွတ်ဖတ်ပြောဆိုရာ၌ ပီသပြတ်သားသည်။ ၂၊[ဥပစာ]စည်းကမ်းနည်းလမ်းနှင့် ညီညွတ်သည်။

ဍ

ဍ၊န-ဗျည်းသုံးဆယ့်သုံးလုံးတွင် ဆယ့်သုံးလုံးမြောက် ဗျည်း။ (ဍရင်ကောက်ဟုခေါ်သည်။) ~ရင်ကောက် /ဒ့ယင်ဂေါက်/ န-ကွေးကောက်သည့် အညွှန့်နကို စားရသော ဟင်းရွက်ပင်တစ်မျိုး။

ဎ

ဎ၊န-ဗျည်းသုံးဆယ့်သုံးလုံးတွင် ဆယ့်လေးလုံးမြောက် ဗျည်း။ (ဎရေမှုတ်ဟု ခေါ်သည်။)

ဏ

ဏ၊န-ဗျည်းသုံးဆယ့်သုံးလုံးတွင် ဆယ့်ငါးလုံးမြောက် ဗျည်း။ (ဏကြီးဟု ခေါ်သည်။)

တ

တ[၁]၊ န- ဗျည်းသုံးဆယ့်သုံးလုံးတွင် ဆယ့်ခြောက်လုံး မြောက် ဗျည်း။ (တဝမ်းပူဟု ခေါ်သည်။)

တ[၂]၊ကြိ-အောက်မေ့ပြောဆိုသည်။ ~တိုင်းမွေး/တဒိုင်း မွေး/န-မွှင့်ဖတ်ထူ၍ ရန့်စူးသော ပန်းမွှင့် မွှင့်သည့် အပင်တစ်မျိုး။ ~ရှ /တဲ့ယု/ ကြိ - [ဒေါ]ဆိုဖြည် တမ်းတသည်။ ~သ / တဲ့သာ /ကြိ-အောက်မေ့ ပြောဆိုသည်။

တ[၃]၊န-သချာတစ် အရေးအသားတွင် နိရုတ္တိနည်းအရ စသတ်(စ်) ကျေသော အက္ခရာ။ ~တာ /ဒဂါ/ စည်း- အစေ့အနှံ့၊ အများ၊ အားလုံး ဟူသော အနက်ဖြင့် နာမ်ပုဒ်ကို ထောက်ပံ့သော စကားလုံး။ တိုင်း။ "မြို့ ~ ။ လူ ~ ။"

တ[၄]၊ စည်း-၁၊ အဆက်မပြတ် ဖြစ်ကြောင်းပြရန် နှစ်ထပ်ပြုထားသော စကားလုံးရှေ့၌ ထည့်သုံးသော စကားလုံး။ "~ဖွဲဖွဲ။ ~ရွေ့ရွေ့။ ~ငွေ့ငွေ့။" ၂၊ တစ်လုံးတည်းဖြစ်စေ၊ နှစ်လုံးပြု၍ဖြစ်စေ ပုဒ်တွင် ကျရောက်လျက် ဝါစင်္ဂပြောင်းလဲအောင် ဖန်တီး ပေးသော စကားလုံး။ "တိတ်~ဆိတ်။ အရေး ~ကြီး။ ~ရင်း~နှီး။ ~ပို~ပါး။" ~ကတဲ /ဒဂဲ/ အာ-[အပြော] သဘောမကျမှု၊ အံ့ဩမှု စသည်တို့ကို ဖော်ပြသော စကားလုံး။ ~ကား /ဒဂါး/ စည်း-ဝါကျ အဆုံးသတ် စကားလုံး။ ~ကူးတက /ဒဂူးဒဂါ/ ကြိဝိ- အထူးတလည်။ ~ကဲက်/ဒဂဲဂဲ/ကြိဝိ-(တစ်စုံတစ်ရာလုပ်ရန်)အားယူ ဟန်ပြင်လျက်။ ~ကောက်ကောက်/ဒဂေါက်ဂေါက်/ ကြိဝိ-(နောက်မှ) ထက်ကြပ်မကွာ (လိုက်သည်)။ ~ကယ်/ဒဂယ်/ကြိဝိ-အမှန်။ စင်စစ်။ ကောန်။ တကယ်တမ်း။ ~ကျက်ကျက်/ဒဂျက်ဂျက်/ကြိဝိ- မကြာ ခဏရန်ဖြစ်လျက်။ ~ကျည်ကျည်/ဒဂျီဂျီ/ ကြိဝိ-နားပူနားဆာ။ ~ကွ/ဒဂွါ/ကြိဝိ-အတူ။ ~ချို၊ န-တစ်စိတ်တစ်ဒေသ။ အချို့။ ~ချို့တလေ၊န- တစ်စိတ်တစ်ဒေသခန့်။ ~ခြား၊ န-၁၊ ဖော်ပြပြီး မဟုတ်သောအရာ။ အခြား။ ၂၊တစ်မျိုး တစ်ဖုံ၊

မှာတိကာသို့ ▶▶▶

http://www.lknt11.com ...

~ငွေ့ငွေ့၊ကြိဝိ–အရှိန်မပြတ် တဖြည်းဖြည်း (မှုပန်သည်၊ လောင်ကျွမ်းသည်)။ **~စာစာ**/တစာစာ/ကြိဝိ–မပြတ်မလပ် စီစီညည်း။ **~စိ**/ဒစိ/ကြိဝိ–အနည်းငယ်။ တစိုးတစိ။ **~စိစိ**/ဒစိဒိ/ကြိဝိ–၁၊(အသံ)အဆက်မပြတ် ဆူညံစွာ။ ၂၊(ချွေး၊ အမြှုပ်စသည်) အဆက်မပြတ် (ထွက်သည်)။ **~စီတလျှင်**/ဒစီဒလယင်/ကြိဝိ–[ပေါ] စီကာစဉ်ကာ။ **~စီးတစောင်း**/ဒစီးဒစောင်း/ကြိဝိ–မညီမညွတ် မပြေမပြစ်။ **~စူးစား**/ဒစူးစား/ကြိဝိ–တစောက်ကန်း။ **~စေ**/ဒဇေ/ ကြိဝိ–[ပေါ] အမြဲ။ **~စေ့တစောင်း**/ဒဇေ့(စ်)ဒစောင်း/ ကြိဝိ– တည့်တည့် မဟုတ်။ တိုက်ရိုက်မဟုတ်။ မသိမသာ။ **~စောင်း**/ဒစောင်း/ကြိဝိ–၁၊နံပါးဖြင့် လျှောင်းလျက်။ ၂၊ တည့်တည့် မဟုတ် စောင်းလျက်။ **~စိမ့်စိမ့်**/ဒစိန့်စိန့်/ကြိဝိ–တဖြည်းဖြည်း အဆက်မပြတ်။ "မိုး~ ရွာ–။ ~တွေး–။" **~စွတ်စွတ်** /ဒစွတ်စွတ်/ ကြိဝိ–ခဏခဏ။ တသွတ်သွတ်။ "မုန့်ကို ~ စား–။" **~စောက်ကန်း** /ဒစောက်ကန်း/ကြိဝိ–မဆင်မခြင် မိုက်မိုက်ကန်းကန်း။ န–တစောက်ကန်း လုပ်တတ်သူ။ **~တောက်ပတ်ပတ်**/ဒဒေါက်ပတ်ပတ်/ကြိဝိ–[ပေါ]အကြိမ်ကြိမ်အဖန်ဖန်။ **~တန်တက**/ဒဒန်ဒဂါ/ကြိဝိ–တကူးတက အပင်ပန်းခံ၍။ "တွေ့ချင်လွန်း၍ ~လာရ–။" **~တွတ်တွတ်**/ဒဒွတ်ဒွတ်/ကြိဝိ–အသံမကျယ်လှဘဲ အဆက်မပြတ်။ **~ထေရာတည်း** /တထေယာဒီး(ဒဲ)/ ကြိဝိ– တစ်ထပ်တည်း။ တစ်သဝေမတိမ်း။ **~ထောင်းထောင်း**/တထောင်းဒေါင်း/ ကြိဝိ–(ဖုန်၊ မီးခိုးစသည်) အများအပြား (ထွက်ပေါ်သည်)။ **~ထစ်ချ**၊ကြိဝိ–ဧကန်။ မုချ။ ကျိန်းသေ။ **~နင့်တပိုး** /တနင့်ဒမိုး/ ကြိဝိ–အလွန်။ များစွာ။ **~နှံ့နှံ့**၊ကြိဝိ–(စိတ်တွင်) တဖြည်းဖြည်း အဆက်မပြတ် (ခံစားရသည်)။ **~ပိတပိုင်း** /ဒဗိဒပိုင်း/ ကြိဝိ– တစ်ပိုင်းတစ်စ။ တစ်စိတ်တစ်ပိုင်း။ **~ပဲ** /ဒဗဲ/ ကြိဝိ– [ပေါ] အလားတူ။ ထပ်တူ။ **~ပိုတပါး**/ဒပိုဒဘား/န–အခြား တစ်ပါး။ **~ပိုတပါးသွား**/–သွား/ကြိ–ကျင်ကြီး ကျင်ငယ်စွန့်သည်။ **~ပုံ့ပုံ့**/ ဒဗုန့်ဗုန့်/ ကြိဝိ– မကျန်မလျော့ဘဲ ပုံလျက်သားအတိုင်း။ **~ဖြိုးဖြည်းဖြည်း**/ဒဗျုန့်ဖိုးဖိုး/ ကြိဝိ–[ပေါ] အဖန်တလဲလဲ။ **~ဖျင့်**၊ကြိဝိ–[ပေါ] မညီမညွတ်။ တဖျင့်တပါး။ **~ဖျစ်တောက်တောက်**၊ ကြိဝိ–တတွတ်တွတ်(မြည်တွန်သည်)။ **~ဖျင်းဖျင်း** /တဖျင်းဗျင်း/ကြိဝိ–ဝေဒနာခံစားမှု အဆက်မပြတ်ဖြစ်လျက်။ **~ဖြုးဖြုး**/တဖျူးဗျူး/ကြိဝိ–(လေ) အသာအယာ အဆက်မပြတ် (တိုက်သည်)။ တသုန်သုန်။ **~ဖြုတ်ဖြုတ်**၊ကြိဝိ–တစ်ခုပြီး တစ်ခု အဆက်မပြတ် (ကြွေကျသည်)။ **~ဖွဖွ**/တဗွာ့ဗွာ့/ ကြိဝိ– တတွတ်တွတ် (ပြောဆိုသည်)။ **~မေ့တမြော**၊ ကြိဝိ–အချိန် ကြာမြင့်စွာ။ **~မင်တကာ** /တမင်ဒဂါ/ကြိဝိ–၁၊တကူးတက။ အထူးတလည်။ တမင်။ ၂၊ သက်သက်မဲ့။ **~မင်သက်သက်**၊ကြိဝိ–၁၊ အကြောင်းမဲ့။ ၂၊ တကူးတက။ တမင်။ **~မုံ့**၊ စည်း– လေးနက်စေသော သဘောဖြင့် ကြိယာဝိဘတ် နောက်တွင် ဆက်သုံးသော စကားလုံး။ **~မျှားမျှား**၊ ကြိဝိ– (သွားရည်) အဆက်မပြတ် (ယိုစီးလျက်)။ **~မြမြ**၊ ကြိဝိ–၁၊ (သေရည်ကို) နည်းနည်းချင်း အရသာခံကာ မပြတ်မလပ်(သောက်သည်)။ ၂၊(ဓား၊ ဦးချို စသည်ကို) ထက်မြအောင် မပြတ်မလပ် (သွေးလျက်)။ **~မြည့်မြည့်** /တမျေ့မျေ့/ ကြိဝိ– တသာလွမ်းဆွတ်လျက်။ တသက်သက်။ **~မြန်နေ့**၊ န–မနေ့က အလျင်ဖြစ်သောနေ့။ **~မြန်နှစ်**၊ န–မနှစ်က အလျင် ဖြစ်သောနှစ်။ **~မြန်မနေ့**၊ န–တမြန်နေ့။ **~မြန် မနှစ်**၊န–တမြန်နှစ်။ **~မွတ်**၊န–[ပေါ] ၁၊အခေါင် အထွတ်။ အကြီးအမြတ်။ ၂၊ဘုရင်တို့ ယာဉ်စီးသည့်အခါ ဆောင်းသည့်ထီး။ **~မျှ**၊ စည်း–ကဲ့သို့။ သဖွယ်။ တနှန်း။ **~မြှင့်**၊ စည်း– [ပေါ] တမျှ။ **~ယောင်တဆောင်**၊ ကြိဝိ–တခမ်းတနား။ **~ရကြမ်း**/ဒရ(လ)ဂျန်း/ ကြိဝိ – ပြင်းထန်စွာ။ အတင်း။ တရမန်းကြမ်း။ **~ရစပ်**/ဒရ(လ)ဇတ်/ ကြိဝိ–အဆက်မပြတ်။ **~ရတွန်း** /ဒရ(လ)ဒွန်း/ကြိဝိ– အလျင်အမြန် ဆက်တိုက်။ **~ရထည်**/တရထိ/န–[ပေါ] အလားတူ။ ထပ်တူ။ **~ရနံ့** /ဒရ(လ)နန့်/ ကြိဝိ– အနံ့အပြား။ **~ရရ** /တယာ့ယာ့/ ကြိဝိ– ထပ်တလဲလဲ (မှာသည်)။ **~ရီရီ**၊ ကြိဝိ–တဖြည်းဖြည်းနှင့် ကြာရှည်စွာ (ပွဲဆွေးသည်)။ **~ရိပ်ရိပ်**၊ ကြိဝိ–၁၊ အရိပ်အယောင် မသဲမကွဲ အဆက်မပြတ်ဖြစ်ပေါ်လျက်။ ၂၊အရှိန်မပြတ်၊ မရပ်မနား (မြင့်တက်သည်၊ ရွေ့လျားသည်)။ **~ရွှတ်ဆွဲ**/ဒယွတ်ဆွဲ/ ကြိ– မြေတွင် ကျစေလျက် ပွတ်ဆွဲသည်။ **~ရွှတ်တိုက်**/ဒယွတ်တိုက်/ကြိဝိ–ထိပွတ် ရွေ့လျားစေလျက်။ တရွတ်တသိ။ **~ရှို**၊ စည်း– [ပေါ] တမျှ။ **~ရှောင်ရှောင်**၊ ကြိဝိ–အမြဲလိုလို မကျန်းမမာဖြစ်လျက်။ **~ရှည်** /တယှင့်/ ကြိဝိ–[ပေါ]တမျှ။ တနှန်း။ **~လိမ့်ခေါက်ကွေး** /ဒလိန့်ခေါက်ခွေး/ ကြိဝိ– (ကိုယ်ခန္ဓာ) ကွေးကွေးခေါက်ခေါက် လိမ့်ကာ လိမ့်ကာ။ **~လိမ့်တုံး** /ဒလိန့်ဒုန်း/န–၁၊ မျက်နှာပြင် ညီအောင် ဖိလိမ့်ပေးရသော ကိရိယာ။ ၂၊ တစ်စုံတစ်ရာကို ရွေ့လျားစေရန် အောက်က ခံရသော တုံး။ **~လုံ့လဲလဲ**၊ ကြိဝိ–[ပေါ] အကြိမ်ကြိမ်

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

အဖန်ဖန်။ ~လွဲ၊ ကြိဝိ- မှားမှားယွင်းယွင်း။ ချွတ်ချွတ်ချော်ချော်။ ~ယောင်းယောင်း၊ ကြိဝိ- ၁၊ မကောင်းသော အနံ့ များစွာထွက်လျက်။ ၂၊ (ယင်ကောင် စသည်) အများအပြား အုံနေလျက်။ ~လှုပ်လှုပ်၊ ကြိဝိ- ရင်ထဲတွင် တုန်တုန်ယင်ယင် ဖြစ်လျက်။ ~ဝ၊ ကြိဝိ-စိတ်ကျေနပ်အောင် များစွာ။ ~ဝဲလည်လည် /တာဝဲလယ်လယ်/ ကြိဝိ- ရစ်သီရစ်သီ။ ~သီတတန်းကြီး/ တသီဒန်းဂျီး/ကြိဝိ- ဆက်ကာဆက်ကာ စီတန်းလျက် များစွာ။ ~သွင်သွင် /တသွင်သွင်/ ကြိဝိ - အဆက်မပြတ် (စီးဆင်းသည်)။ ~ဟုန်းဟုန်း၊ ကြိဝိ- (မီး၊ ဒေါသ စသည်) အရှိန်အဟုန်ပြင်းစွာ။ ~အား၊ ကြိဝိ- ၁၊အင်အားရှိသမျှ။ ၂၊အလွန်အမင်း။ ~အိအိ၊ ကြိဝိ- ညင်ညင်သာသာ။ ဖြည်းဖြည်းနေးနေး။ ~အုံ့နွေးနွေး၊ ကြိဝိ-တနံ့နံ့ ကြောင့်ကြ ပူပန်လျက်။

တကောင်း/ဒဂေါင်း/န-လည်တံရှည် အိုးတစ်မျိုး။

တကျည်း/ဒဂျီးဂျိုး/န-ချက်၌ ဆုံသော ကြွက်သားနှင့် အကြောစု။

တစပြင်/ဒဇာဗျင်/န-သုသာန်။ သချိုင်း။

တစိမ်း/ဒစိန်း/န-သူစိမ်းရှူ။

တဆေး၊န-ကစော်ဖောက်ရသော ဆေးတစ်မျိုး။

တညင်း/ဒညင်း/န-အနံ့ပြင်းသော အသီးစေ့ကို စားရသော ပင်စောက်တစ်မျိုး။ [မွန်၊ ဂနေင်]

တညင်းလုံး/-လုန်း/န-ချည်ခင်မှ ချည်မျှင် ရစ်ပတ်ရာ ဘီးလုံး။

တဏှာ၊န-တပ်မက်ခြင်း။ [ပါ၊ တဏှာ]

တတိယ/တတ်တိယာ့/နဝိ-သုံးခုမြောက်ဖြစ်သော။ [ပါ၊ တတိယ]

တတောယမ/တာ့တောယမာ့/န-ယာမမင်းကြီး။ [ပါ၊ တဝွေ့ာ+ယမ]

တထေဝ ၊ကြိဝိ-တထေရာတည်းနှင့်အတူတူ။ [ပါ၊ တထေဝ]

တဒင်္ဂ၊န-တစ်ခဏ။ [ပါ၊တဒင်္ဂ]

တန/တာ့နာ့/ကြိဝိ-[ပေါ] သေချာစွာ။

တနင်္ဂနွေ/တနင်းဂနွေ/န-၁၊နေ့ခုနစ်နေ့တွင် ပထမနေ့။ ၂၊[ဗေဒင်] ဂြိုဟ်ကြီးကိုးလုံးတွင် ပထမဂြိုဟ်။ နေမင်း။ ~ထောင့်/-ဒေါင့်/န-အရှေ့မြောက်ထောင့်။

တနင်္လာ/တနင်းလာ/န-၁၊နေ့ခုနစ်နေ့တွင် ဒုတိယနေ့။ ၂၊[ဗေဒင်] ဂြိုဟ်ကြီးကိုးလုံးတွင် ဒုတိယဂြိုဟ်။ လမင်း။ ~ထောင့်/-ဒေါင့်/န-အရှေ့ဘက်အရပ်။

တနယ်မြေ၊န-စနယ်မြေနှင့်အတူတူ။

တပသီ၊န-ရသေ့။ [ပါ၊တပဿီ]

တပါ/ဒဗာ/န-၁၊မြစ်ကြောင်းသွား လှေကြီးတစ်မျိုး။ /တပါ/ ၂၊ငါးဖမ်းရန် ဒေါင်လိုက်ချ မြှုပ်ထားသော ဝါးယင်း။

တပို့တွဲ/ဒပို့ဒွဲ/န-မြန်မာဆယ့်နှစ်လတွင် ကောဒသမလ။

တပေါင်း /ဒဗောင်း/ န- မြန်မာ ဆယ့်နှစ်လတွင် နောက်ဆုံးလ။

တပည့်/ဒဗိ၊ ဒဗဲ့/န-၁၊ဆရာ့ထံမှ ပညာသင်ယူသူ။ အဆုံးအမခံယူသူ။ ၂၊နောက်လိုက်ငယ်သား။ ~ပည့်တပန်း/-ဒဗန်း/န-တပည့်။ တပည့်များ။ တပည့်လက်သား။ တပည့်သားမြေး။ ~တော်/-ဒေါ်/နစ-ရဟန်းအချင်းချင်းဖြစ်စေ၊ သီလရှင် အချင်းချင်းဖြစ်စေ၊ လူက ရဟန်းကိုဖြစ်စေ ပြောဆိုရာတွင် မိမိကိုယ်ကို နှိမ့်ချရည်ညွှန်းသော စကား။

တပျင်း/ဒဗျင်း/န-[ပေါ]အိမ်မဆောင်၏ အပြင်ဘက်သို့ ထုတ်ထားသော အမိုးမဲ့ကြမ်းပြင်။ လသာဆောင်။

တဖြူ/ဒဖြူ/န-အရသာ ချဉ်ဖန်၍ လုံးဝိုင်းသော အသီးကို စားရသည့် သစ်ပင်ကြီးတစ်မျိုး။ သပြု။

တပြက်/ဒဗျက်/န-အရွက်ကို ဟင်းချက်စားရသော နွယ်ပင်တစ်မျိုး။

တပွတ်/ဒဗွတ်/န-နှံ့အခင်ရှုပ်ရသော သတ္တုမြွှန်တံ။

တမြွတ်/ဒမျွတ်/န-အပင်တစ်မျိုး။

တဗလာ၊န-သားရေတစ်ဖက်ကြက် ဗုံငယ်နှစ်လုံးတွဲ။ [ဟိန္ဒီ၊တဗလာ]

တဘက်/ဒဗက်/န-ကိုယ်ပေါ်တွင် လွှမ်းခြုံရသော ပဝါ တစ်မျိုး။

တဘောင်/ဒဗောင်/န-နိမိတ်စကား။

တမလန်း၊န-မယောင်ဂနိုသားနှင့်ဆင်သော အကွက်လှသော သစ်သားထွက်သည့် သစ်ပင်တစ်မျိုး။

တမလွန်၊န-သေပြီးနောက်ဘဝ။

တမာ၊န-အရွက်ခါး၍ အစေးထွက်သော သစ်ပင်တစ်မျိုး။

တမံ၊န-ရေစီးကြောင်းကို ဖြတ်၍ ပိတ်ထားသော တာရိုး။ ~ဘုတ်၊ ကြိ-တာရိုး ဆည်ဖို့သည်။

တမုတ်၊န-ဖန်ခါးသီးနှင့် သံချေးကို ရော၍ စိမ်ရသော နက်ပြာရောင် ဆိုးဆေး။ ~ကြိုး၊န-ရောင်စုံ ချည်မျှင်များကို ကျစ်ထားသော အဆင်တန်ဆာ ကြိုးတစ်မျိုး။

တမန်၊န-သံ၂ နှင့်အတူတူ။

တမန်း၊န-ကောက်စိုက်ရန် ထွန်ယက်ထားသော မြေညက်။ ~ဆွဲ၊ကြိ-ကောက်စိုက်ရန် အသင့်ဖြစ်အောင် နောက်ဆုံး ထွန်ယက်ပေးသည်။ ~နှီး၊ကြိ-စိုက်ပြီး ပေါင်းပင်အကြားတွင် မြေမွအောင် လုပ်ပေးသည်။

တယီ၊န-[ရက်ကန်း]တစ်ယီ ရှု။

တယော၁၊န-ဘိုးတံဖြင့် ထိုးရသော ကြိုးတပ် တူရိယာ

မာတိကာသို့ ▶▶▶

http://www.lknt11.com

တစ်မျိုး။ **~ထိုး**၊ကြိ-တယောကြိုးကို ဘိုးတံဖြင့် ပွတ်အွဲ၍ ဂီတသံထွက်စေသည်။

တယော²၊ န-အစေးတွင် အမည်ပ်ရှိသော အခေလှကျ ပေါက် အပင်တစ်မျိုး။ ကယောပင်။

တရပတ် /တရဗတ်/ န- ပေရှက် ယပ်တောင်။ [ပါ၊ ကာလဝဏ္ဏ]

တရှူး /တရယှူး/ န-ကြံသူတော်။

တရား၊ ကြိ-မှန်ကန် မျှတသည်။ န-၁၊မှန်ကန်မျှတခြင်း။ ၂၊အကျိုးသင့် အကြောင်းသင့် ပြောဆိုသော စကား။ ၃၊အမှုအခင်း။ ၄၊မြတ်စွာဘုရား၏ အဆုံးအမ။ **~ကိုယ်**/တယကို/န-အရင်းခံ သဘောတရား။ **~ကျ**၊ကြိ-၁၊အကြောင်းအဆိုး သိမြင်လာသည်။ ၂၊သံဝေဂရသည်။ တရားရသည်။ **~ခံ** /တယခန်/ န-၁၊တရားစွဲခံရသူ။ ၂၊[ဥပစာ]လွဲမှားသော ကိစ္စတစ်ခုခုအတွက် တာဝန်ရှိသူ။ **~ချ**၊ကြိ-အကောင်းနှင့် အဆိုးကို သိမြင်လက်ခံလာအောင် ပြောပြသည်။ **~ခွင်** /တယခွင်/ န- တရားစီရင်သော နေရာ။ **~စွဲ**၊ ကြိ- တရားရုံးတွင် တိုင်ကြား အမှုလုပ်သည်။ **~ဆိုင်**၊ကြိ-အမှုအခင်းဖြစ်၍ တရားရုံးသို့ ရောက်သည်။ **~တပေါင်**/တယားဒဖောင်/န-တရားရုံးတွင် ဖြေရှင်းရမည့် အမှုအခင်း။ **~တွေ့**၊ကြိ-၁၊တရားဖြစ်သည်။ တရားလို တရားခံတို့ အမှုဖြစ်သည်။ ၂၊တရားထိုင်သောအခါ မတွေ့ဖူးသေးသော တရားသဘော တစ်ခုခုကို တွေ့သည်။ **~ထိုင်**၊ကြိ-တရား ကျင့်သည်။ ကမ္မဋ္ဌာန်းထိုင်သည်။ **~နာခံ** /တယားနခန်/ န-၁၊ မြန်မာမင်းများလက်ထက် တရားရုံးတွင် အမှုအခင်းနှင့် စပ်ဆိုင်ရာတို့ကို တရားသူကြီး၏ အမိန့်အရ နာခံဆောင်ရွက်ရသော ပင်းမှုထမ်း။ ၂၊တရားပွဲတွင် မေးကထိက အမေးကို ဖြေဆိုရသူ။ **~ပျက်**၊ကြိ-အကျင့်သီလ ပျက်ပြားသည်။ **~ပြိုင်** /တယပြိုင်/ န- တရားရုံးတွင် တရားမမှုနှင့် ပတ်သက်သော အမှုပြိုင်ဘက်။ **~မကြောင်း**/တယမာ့ကျောင်း/ န-တရားမ ကျင့်ထုံး ဥပဒေနှင့် လျော်စွာဖြစ်ခြင်း။ **~မမှု**/တယမာ့မှု/ န- အမွေမှု စသော ကိုယ်ပိုင်အခွင့်အရေးနှင့် ပတ်သက်သည့် အမှုအခင်း၊ (ရာဇဝတ်မှုနှင့် နှိုင်းယှဉ်) **~မျှတ**၊ ကြိ-သာနာညီမျှမှု ရှိသည်။ တရားသည်။ **~ရုံး**၊န-တရားစီရင်သော ရုံး။ **~ရှင်လွှတ်** /တယယှင်လွှတ်/ ကြိ- အထောက်အထား ခိုင်လုံလျှင် ပြန်လည် တရားစွဲဆိုနိုင်အောင် တရားခံကို ယာယီလွှတ်ထားသည်။ **~လို** /တယလို/န-တရားစွဲသူ။ **~လက်လွှတ်**၊ကြိဝိ-တရားမဲ့စွာ။ **~လွန်**/တယလွန်/ကြိဝိ-အလွန်အကျွံ။ **~ဝင်**၊ကြိ-ဥပဒေ၊ ကျင့်ထုံး၊ စည်းကမ်းစသည်တို့နှင့် ညီညွတ်သည်။ **~သဖြင့်**၊ကြိဝိ-တရားနည်းလမ်းနှင့်အညီ။ **~သူကြီး**/တယားသူကြီး/န-တရားစီရင်သူ။ **~သော** /တယသော/ကြိဝိ-အယူအဆတစ်ခုခုကို အပြောင်းအလဲမရှိ စွဲကိုင်လျက်၊ လှေနံဓားထစ်။ **~သောလွှတ်** /-လွှတ်/ ကြိ- အထောက်အထား မခိုင်လုံသဖြင့် တရားခံကို အပြီးအပြတ်လွှတ်သည်။

တရိဂံ/တရိဂန်/န-တြိဂံ ရှု။

တရော်၊န-ခေါင်းလျှော်ရာတွင် သုံးသည့် အခေါက် စေးချွဲသော နွယ်ပင်။

တရုတ်ကတ်၊န-အလင်းရောင်နှင့် လေရရန် အရွက်များ ကန့်လန့် ထပ်ဆင်ထားသော တံခါးတစ်မျိုး။

တရုတ်စံကား/တယုတ်ဇဂါး/န-အပင်၊ အရွက်တို့မှ အစေးထွက်သော အပွင့် အဖြူ အနီစသည်ပွင့်သည့် အပင်ကြီး တစ်မျိုး။

တရုတ်မြောင်း၊န-သက်နှဲးချုပ်ရိုးကြောင်းတွင်ရှိ မြောင်း အတို။

တရုတ်အိမ်၊န-သင်္ကန်းတွင် ဟာမ်ခန်းတစ်ခန်း၌ ပါသော အိမ်ခန်းငယ်။

တလာစီ၊ကြိ-[ထောင်]အကျဉ်းသားများ ဥပဒေနှင့် ငြိစွန်းသော ပစ္စည်းပါမပါ စစ်ဆေးရှာဖွေသည်။ [ဟိန္ဒီ၊တလာရီ]

တလား၊န-၁၊[ရှေး] ရေသွားမြောင်း။ ၂၊သေတ္တာ။ ၃၊လူ့သေခေါင်း။

တလင်း၊န-စပါးနယ်ရာ မြေညီကွက်၊ ညီညာရှင်းလင်းသော မြေမျက်နှာပြင်။ **~ခေါက်**၊ကြိ-တလင်းကို ကျွဲ နွား လှည်းတို့ဖြင့် နင်း၍ မာသည်ထက် မာအောင် လုပ်သည်။ **~ချေးခါ**/တလင်းဂျီးခါ/ ကြိ-တလင်းတွင်ကြွင်းကျန်နေသော စပါးပဲစသည် တို့ကို ဖြာကီး ရယူသည်။ **~တက်**၊ ကြိ-လယ် လုပ်ငန်းအားလုံး ပြီးစီးသည်။ **~တက်ကျိုဝင်** /တလင်းဒက်ကျိုဝင်/န- လယ်လုပ်ငန်း အားလုံး ပြီးစီး၍ ပေါးများ ကျီထဲသို့ သွင်းပြီးသည့်အထိ ဖြစ်သော အချိန်ကာလ။ **~နယ်**၊ ကြိ-ကောက်ပြန့် ပေါ်တွင် ကျွဲ၊ နွား စသည်ကို အထပ်ထပ် လှည့် ပတ်၍ နင်းစေသည်။

တလည်း¹/တလဲ၊သလဲ/န-အခွံမာ၍ အစေ့များ အကန့်လိုက် ပြွတ်သိပ်နေသော အသီးသီးသည့် အပင်။ [ပါ၊ဒါလိမ]

တလည်း²/တလဲ/န-[ပေါ] ရေစီးရေကျ။

တလန်းကြား /တလန်းဂျား/ ကြိဝိ-[ပေါ] ပက်လက်။

တလိန်း၊န-လှေ စသည်တို့ကို ဖာထေး လိမ်းသုတ်ရသော ပွဲ့လျက် စသည်။ **~ထိုး**၊ ကြိ-တလိန်းဖြင့် ဖာထေးသည်။

တာ¹၊ ကြိ-တိုင်းတာသည်။ န-၁၊ အတိုင်းအတာ

မာတိကာသို့ ▶▶▶

တစ်မျိုး။ (လေးတောင်ကစ်တာ၊ ခုနစ်တောင် တစ်တာ၊ ဆယ်တောင်တစ်တာ စသည်ဖြင့် အမျိုးမျိုးရှိသည်။) ၂။ရေအဝင်အထွက် မရှိအောင် ပိတ်ဆီး၍လုပ်ထားသော မြေရိုး။ တာရိုး။ ၃။လုပ်ငန်းတာဝန်။ "သူ့စည်း ကိုယ့်စည်း၊ သူ့ ~ ကိုယ့် ~။" ၄။ကာလအတိုင်းအရှည်။ "ခဏ ~။" ၅။ခရီး အတိုင်းအရှည်။ "~ဝေး။" ~ခု။ကြိ-၁။အပြေးပြိုင်ပွဲ စသည်တွင် စည်းမှထွက်ရန် အသင့် ဖြစ်နေသည်။ ၂။[ဥပစာ] အသင့် ပြင်ဆင်သည်။ ~တို/တာဒို/န-ခရီးတိုသော အပြေးပြိုင်လမ်း။ ~ထိုး။ကြိ-တာကြီး၊ တာဝါးဖြင့် တိုင်းတာသည်။ ~ထွက်။ကြိ-၁၊ တာစုနေရာမှ စတင် ထွက်ခွာသည်။ ၂။[ဥပစာ] လုပ်ငန်းတစ်ခုခုကို စတင်လုပ်ကိုင်သည်။ ~ပတ်ကွင်း /တာဗတ်ကွင်း/ န-ပြိုင်မြင်းများ ပြေးရာလမ်း ပတ်လျက်ရှိသော ကွင်း။ မြင်းပြိုင်ကွင်း။ ~ရှည်/တာယှီ၊တာယေ့/ ကြိ-ကြာညောင်းသည်။ ကြာမြင့်သည်။ ~လွတ်၊ ကြိ-တာထွက်ရန် ခွင့်ပြုသည်။ တာထွက်စေသည်။ ~ဝေး။န-ခရီးရှည်သော အပြေးပြိုင်လမ်း။ ~ဝန်။န-ဆောင်ရွက်ရန် အမှုကိစ္စ၊ ဝတ္တရား။ ~သွား။ကြိ-အကျိုးရှိသည်။ ခရီး ရောက်သည်။

တာ၄။ကြိ-စရာသည်။ ချွဲသည်။

တာ၅။န-[ရှေး] အဖုံးပါသော ထည့်စရာ။

တာ၆။စည်း-[အပြော] ကြိယာပုဒ်၊ နာမဝိသေသနပုဒ်တို့ကို နာမ်ပုဒ်ပြောင်းစေသော ပုဒ်။

တာတေလံ။ကြိဝိ-အလွန်အကျွံ (ဆိုးသည်)။

တာပန။န-ငရဲကြီး ရှစ်ထပ်တွင် မဟာရောရုဝငရဲအောက် ယူဇနာ၁၅၀၀၀ ဝေးကွာသော ဆဋ္ဌမငရဲ။ [ပါ၊တာပန]

တာပလာ။န-အကွက်ပေါ်အောင် သွေးထားသော အမျက်ကျောက်။ [?]

တာပင်တိုင်။န-အရောင်တင်ဆေးတွင် သုံးသော ဆီတစ်မျိုး။ [လိပ်၊ turpentine]

တာဗလာ။န-တာဗလာ ရှု။

တာယာ။န-ကြက်ပေါင်စေးဖြင့် ပြုလုပ်ထားသော ဘီးခွံ။ [လိပ်၊tyre]

တာရာ။န-ကောင်းကင်ကြယ်။ [ပါ၊တာရာ]

တာလပတ်/တာလဗတ်/န-မိုးကာရွက်ထည်။ [ပါ၊တာလပတ္တ]

တာလီ။န-ဂရိန်နှင့်အတူတူ။ [လိပ်၊tally]

တာလုဋ္ဌာန်။န-[ပါ၊သဒ္ဒါ](စ၊ဆ၊ဇ၊ဈ၊ဉ၊ည၊ဣ၊ဤ၊ယ အက္ခရာ ရှစ်လုံးဖြစ်ရာ) အာစောက်အရပ်။ (ဌာန်လည်းရှု) [ပါ၊တာလု+ဋ္ဌာန]

တာဝတိံသာ/တာဝဒိန်သာ/န-နတ်ပြည်ခြောက်ထပ်တွင် ဒုတိယနတ်ပြည်။ [ပါ၊တာဝတိံသ] ~ပွဲ/-ပွဲ/န-မြင်းနိဗ္ဗိန္နှင့်အတူတူ။

တား၁။ကြိ-ကာဆီးသည်။ ဟန့်တားသည်။ ပိတ်ပင်သည်။ မြစ်သည်။ တားမြစ်သည်။

တား၂။ကြိ-[အပြော] (မျဉ်း) သားသည်။

တားတား။စည်း-အလွန်နီးကပ်သည့်အဖြစ်ကို ပြသော စကားလုံး။

တိ။ကြိ-တိုအောင်၊ တုံးအောင်၊ ညီအောင် ဖြတ်တောက်သည်။ ~ကျ။ကြိ-အပိုအလိုမရှိ ဖြစ်သည်။ ~တိ /တိဒိ/စည်း-မပိုမလိုဟူသော အနက်ဖြင့် ထောက်ပံ့သည့် စကားလုံး။ ~တိစေ့/-ခစ်/ကြိ-အဖြောင့်တိုင်းတာသည်။ ~တိပပ/-ပါ့ဗာ့/ကြိဝိ-သေသေချာချာ ပြတ်ပြတ်သားသား။ ~တိရိရိ/-ယိယိ/ကြိဝိ-ညီညီညာညာ။ မပိုမလို။ အစွန်းမထွက်ဘဲ။ ~တိလင်းလင်း/-လင်းလင်း/ကြိဝိ- မကွယ်မဝှက် ပွင့်ပွင့်လင်းလင်း။ ~လင်းကျည်။န-[ပေါ] အကွယ်အကာမဲ့သော အရပ်။ ဟင်းလင်းပြင်။

တိစီဝရိတ်/တိစီဝရိတ်/န-သင်းပိုင် (ခါးဝတ်)၊ ဧကသီ (ကိုယ်ရုံ)၊ ဒုကုဋ်(နှစ်ထပ်သင်္ကန်း) တည်းဟူသော သင်္ကန်းသုံးထည်။ [ပါ၊တိစီဝရိက]

တိထိ။န-(လဆန်းတစ်ရက်စသော) ရက်။ [ပါ၊တိထိ]

တိပိဋကဓရ/တိပိတကာ့ဓရာ့/န-ပိဋကတ်သုံးပုံကို အာဂုံ ဆောင်သော ပုဂ္ဂိုလ်။ [ပါ၊တိပိဋက+ဓရ]

တိရစ္ဆာန်/တရိတ်ဆန်/န-ကျွဲ၊ နွား၊ ကြက်၊ ငှက်၊ မြွေ၊ ငါးစသော သတ္တဝါ။ [ပါ၊တိရစ္ဆာန] ~ဥယျာဉ် /-အုယင်/န-အများပြည်သူများ အပန်းဖြေ ကြည့်ရှုလေ့လာရန် တိရစ္ဆာန်မျိုးစုံ မွေးမြူထားရာ ဥယျာဉ်။

တိလက်ဂသာ/တိလင်ဂသာ/န-အရွက်ဝိုင်းယောင်ရှိ၍ မိုးဥတုတွင် အလေ့ကျပေါက်သော ဆေးဖက်ဝင် နွယ်ပင်တစ်မျိုး။ [?]

တိဟိတ်။န-အလောဘ၊ အဒေါသ၊ အမောဟ ဟူသော ဟိတ်သုံးပါး။ [ပါ၊တိဟေတုက]

တီ၁။ကြိ-ခုက်တွင်ရှင်းလင်းသည်။ အသစ်ပြုလုပ်သည်။ တီကျင်းသည်။ "လယ် ~~။" န-၁၊ မြေတွင်းတွင်းတူးနေသော ကျောရိုးမဲ့အကောင်။ ၂။မိမိအောက် ဆွေစုနစ်ဆက်တွင် ဗဟုတ္တမျိုးဆက်။ ~ထွင်။န-စတင်ဖန်တီးပြုလုပ်သည်။

တီ၂။န-ကက်၊ သုံးပုံဖဲတို့တွင် နှစ်ပွင့်ပါသည့် ဖဲချပ်။ (သုံးပုံဖဲတွင် မြန်မာဘက်က ဒုတိယ အကြီးဆုံးဖဲ) [တရုတ်၊di]

တီ၃။နဝ-[ပေါ]အတီနှင့်အတူတူ။

တီတီတာတာ/တီဒီတာဒါ/ကြိဝိ-တွတ်တီးတွတ်တာ။ ခရာတာတာ။

တီတီတွတ်/တီဒီတွတ်/န-တီတီတွတ်ဟူ၍ အော်မြည်တတ်သော မြေတံရှည်ငှက်တစ်မျိုး။ တစ်တီတူး။

http://www.lknt11.com ...

တီဘီ၊နာ-အဆုတ်ရောဂါ။ {လိပ်၊T.B. (tuberculosis)}

တီး၊ကြိ-၁၊တူရိယာတို့ကို အသံမြည်အောင် ရိုက်ခတ်သည်။ ၂၊ရိုက်ခတ်သည်။ ပုတ်ခတ်သည်။ **~ကွက်**/တီးဂွက်/ နာ-တေးသွားအလိုက် တီးမှုက်ပုံ။ **~ခေါက်**၊ ကြိ-[ဥပစာ] သွယ်ဝိုက်၍ စုံစမ်းမေးမြန်းသည်။ **~တိုး**/တီးဒိုး/ကြိဝိ-သူတစ်ပါး မကြားအောင် လေသံဖြင့် (ပြောသည်)။ **~တုံး**/တီးဒုန်း/ကြိဝိ-[ရှေး] တီးတိုး။ **~ပြာ**၊ကြိ-ဆန် စသည်ကို ပြာသည်။ ပြာတီးသည်။ **~မိခေါက်မိ**၊ကြိ-အသင့်အတင့် သဘောပေါက်သည်၊နားလည်သည်။ **~လုံး**၊နာ တေးသွားအလိုက်တီးသော တူရိယာသံ။ **~ဝိုင်း**၊ နာ-တူရိယာ တီးမှုတ်သောအဖွဲ့။

တု၊-ဝ၊ ကြိ-၁၊တူအောင်လုပ်သည်။ ၂၊ ဖက်ပြိုင်သည်။

တုဏှီဘော/တုန်နိဗော/နာ-စကားမပြောဘဲနေခြင်း၊ ဆိတ်ဆိတ်နေခြင်း။ [ပါ၊တုဏှီဘာဝ]

တုရင်/ဒုယင်/နာ-ပြာသာဒ် အထောင့်အချိုးတို့တွင် ကောင်လျက် တပ်ဆင်ထားသော အပြောက်အမွမ်းတစ်မျိုး။ [ပါ၊တောရဏ]

တုရိဏ်/တုရိင်/နာ-၁၊တံခါးအုံ။ မုခ်မုံ။ ၂၊နန်းတော်တံခါး၊ မြို့ရိုးတံခါး စသည်၏ အတွင်းအပြင်ဝဲယာတို့တွင် စိုက်ထူထားသော တိုင်။ [ပါ၊တောရဏ]

တုသိတာ/ပုသိတ်သိဒါ/နာ-နတ်ပြည်ခြောက်ထပ်တွင် ဝတုတ္ထ နတ်ပြည်။ [ပါ၊တုသိတာ]

တူ၁၊ကြိ-အမျိုးအစား၊ အသွင်သဏ္ဌာန် စသည် တစ်မျိုးတည်းဖြစ်သည်၊ **~ညီဝတ်စုံ**၊နာ-အရောင်အသွေးနှင့် ပုံစံတစ်မျိုးတည်းဖြစ်သော ဝတ်စုံ။ **~ရူ**၊ကြိဝိ-တည့်တည့်။ နာ-မျက်နှာမူရာအရပ်။

တူ၂၊နာ ညီအစ်ကို မောင်နှမတို့၏သား။ **~မ**၁၊နာ-ညီအစ်ကို မောင်နှမတို့၏ သမီး။ **~သားနှောင်မယ်**၊နာ-မိမိအောက်ငယ်သော ဆွေမျိုးသားချင်း။ **~အရီး**/တူအယီး၊ဟူပယီး/နာ-တူ၊ တူမနှင့် ဦးကြီး၊ ဦးလေး စသည်တို့ အချင်းချင်း ဆွေမျိုးတော်စပ်ပုံ။

တူ၃၊နာ-ထုရိုက်ရန် သုံးသော အရိုးတပ် သံတုံးကိရိယာ။ **~မ**၂၊နာ-ပန်းပဲလုပ်ငန်းသုံး သံတူကြီး။ **~မီး**၊နာ-ယမ်း၊ ကျည်စေ့ စသည်တို့ကို ပြောင်းဝမှ ထိုးထည့်ကာ ဘုပုံသဏ္ဌာန် မောင်း၏ ရိုက်ချက်ဖြင့် မီးပွင့်စေပြီး ပစ်ခတ်ရသော သေနတ်။ (ကျောက်မီးနှင့် နှိုင်းယှဉ်)

တူ၄၊နာ-အစားစားရာတွင် အသုံးပြုရသည့် ကုတ်ချောင်းအစုံ။ [တရုတ်၊zhu]

တူ၅၊နာ-ဆယ့်နှစ်ရာသီတွင် ချိန်ခွင်ကိုင် ယောက်ျားရုပ်ဖြင့် မှတ်အပ်သော သတ္တမရာသီ။ [ပါ၊တုလာ]

တူတူပုန်းတမ်း/တူတူပုန်းဒန်း/နာ-'တူ' ဟုအော်၍ ပုန်းဟမ်း ရှာတမ်း ကစားသော ကစားနည်း။

တူရိယာ/တူရီယာ/နာ-စည်၊ စောင်း၊ မောင်း၊ နှဲစသည် တီးမှုတ်ရသော ပစ္စည်း။ (မြန်မာမှု၌ ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ် ဟူ၍ တူရိယာငါးပါး သတ်မှတ်သည်။) [ပါ၊တုရိယ]

တူး၁၊ကြိ-ပေါက်တူး၊ တူးရွင်း စသည်တို့ဖြင့် မြေကြီးကို ပေါက်သည်၊ ပေါက်၍ တွင်းဖြစ်အောင် လုပ်သည်။ **~မြောင်း**၊နာ-ရေယာဉ်သွားရန်ဖြစ်စေ၊ ရေသွယ်ရန်ဖြစ်စေ တူးဖော်ဖောက်လုပ်ထားသောမြောင်း။ **~ရွင်း**/တယွင်း/နာ-တွင်းတူးရာ၌ သုံးသော ကိရိယာ။

တူး၂၊ကြိ-ချက်၊ ပြုတ်၊ ကြော်၊ လှော်ရာတွင် အကျက်လွန်သည်။ **~ချစ်**၊ကြိ-အလွန်တူးသည်။ **~ခါးခါး**/တူးဒူးခါးဂါး/ကြိဝိ-[ဥပစာ] အလွန်အကျွံ။ "~မုန်း –။"

တော၁၊ကြိ-၁၊အကြိမ်ကြိမ်ထုနှက်သည်။ "ငါးဖယ်ကို ~–။" ၂၊(ဆေးနှင့် ပျားရည် စသည်ကို) ရောနှော ကြိတ်နယ်သည်။ **~ဆေး**/တောဇေး/နာ-မွေးကိုင်းမှုန့်စသည်ကို ထန်းလျက်၊ မန်ကျည်းမှည့် စသည်ဖြင့် နယ်ထားသော ဆေး။ **~သံ**၁/တောသန်/နာ-သန့်စင်ပြီးသော သံမဏိ။

တော၂၊ကြိ-ဆိုးသည်။ ပေသည်။ မိုက်သည်။ **~လေ**၊နာ-လေလွင့်ပျက်စီးနေသူ။

တောဓ၊နာ-ဘုန်း။ တန်ခိုး။ အာနုဘော်။ [ပါ၊တေဇ]

တောဇော၊နာ-အပူမာတ်။ မီးဓာတ်။ [ပါ၊တေဇော]

တောမိ၊နာ-[ဥပစာ] စကားနည်းသူ။ [ပါ၊တေမိယ]

တောသံ၂/တေသန်/ နာ-တီးမှုတ်ရာတွင် မှုတည်သော တျာသံ၏ လက်ဝဲဘက် ဒုတိယအသံ။

တော့၊ကြိ-ထိထားသည်။ **~တော့ဆိုင်ဆိုင်**/တော့ဒေ့ဆိုင်ဒိုင်/ကြိဝိ-မျက်နှာချင်းဆိုင်လျက်။ **~ဖြုတ်**၊ကြိ-[ဥပစာ] တစ်ပက်သား၏ လုပ်ငန်းကိစ္စ တစ်ခုခုကို အချိန် အလွန်နီးကပ်မှ လွှဲချော်ပျက်စီးအောင် လုပ်သည်။ **~လွှဲ**၊ကြိ-ကပ်၍လွှဲသည်။

တေး၁၊ကြိ-၁၊စိတ်၌မှတ်သားသည်။ အရေးအသားဖြင့် မှတ်သားသည်။ ၂၊[ဥပစာ]ရန်ငြိုးထားသည်။

တေး၂၊နာ-သီချင်း။ **~ထပ်**/တေးဒတ်/နာ-ဆယ့်ရှစ်ပိုဒ်ဖွဲ့ဆိုရသော ကဗျာတစ်မျိုး။ **~သား**/တေးသား/နာ-သီချင်းစာသား။ **~သံရှင်**/တေးသန်ယှင်/နာ-အဆိုတော်။ **~သွား** /တေးသွား/ နာ- သီချင်းသံအလိုက်။

တဲ၊နာ-ရပ်နားရန်၊ နေထိုင်ရန် သစ်ငယ်ဝါးငယ် တို့ဖြင့် ဆောက်လုပ်ထားသော အဆောက်အအုံ။ **~ကုပ်**/တဲဂုတ်/နာ-တဲငယ်ကလေး။ တဲပုတ်။

တဲတဲ/တဲဒဲ/ကြိဝိ-(ပြုတ်ဖြစ်)လုနီးနီး။

မာတိကာသို့ ▶▶▶

http://www.lknt11.com

တဲ့စည်း–[အပြော] ၁၊တစ်ဆင့်ကြားစကားဖြစ်ကြောင်း ဖော်ပြသော စကားလုံး။ ၂၊သည်။ သော။ ၃၊[ကဗျာ] တည်း။ "ချီလေ ~ ချီလေ"

တဲ့တိုး/ဒဲ့ဒိုး/ကြိဝိ–မသွယ်မဝိုက်။

တော¹နာ–၁၊သစ်ပင်ချုံနွယ်ထူထပ်သော အရပ်။ ၂၊မြို့မှ ဝေးလံသောအရပ်။ ၃၊သက်ရှိ၊ သက်မဲ့တို့ စုဝေးတည်ရှိရာအရပ်။ "လူ ~။ မြက် ~။" ၄၊မကောင်းဆိုးဝါး။ အမှောင့်ပယောဂ။ **~ကစား**၊ကြိ–(မင်းညီမင်းသား) အမဲလိုက်သည်။ **~ကောင်**/တောကေါင်/နာ– ၁၊ တောနေတိရစ္ဆာန်။ ၂၊ ကျားသံဃာ။ ၃၊ မကောင်းဆိုးဝါး။ အမှောင့်ပယောဂ။ **~ကျ**၊ ကြိ–၁၊မြို့မှ ဝေးလံသည်။ ခေါင်သည်။ ၂၊မြို့အလေ့အထနှင့် မကိုက်မညီ ဖြစ်သည်။ **~ကြီးမျက်မည်း**/တောဂျီးမျက်မဲ/နာ–အလွန်ထူထပ်သောတော။ **~ကြီးမြွေဟောက်**/တောဂျီးမွေဟောက်/နာ–အလွန်အဆိပ်ပြင်းသော မြွေဟောက်ကြီး တစ်မျိုး။ **~ကြောင်**/တောကျောင်/နာ–[ဥပစာ] နိုးသားစားပြ။ **~ကြမ်း**၊ ကြိ–၁၊ သားရဲတိရစ္ဆာန်တို့၏ အနှောင့်အယှက်များသည်။ ၂၊တော၌ မကောင်းဆိုးဝါးတို့၏ အနှောင့်အယှက်ရှိသည်။ **~နို**ကြိ–၁၊တရားကျင့်ရန် ဆိတ်ငြိမ်သော တောသို့ သွားရောက်နေထိုင်သည်။ ၂၊ တော စသော လုံခြုံရာအရပ်သို့ ဝင်ခို ပုန်းအောင်းသည်။ ၃၊ တောတွင်ပုန်း၍ ပုန်ကန်သောင်းကျန်းသည်။ **~ခေါင်း**/တောဂေါင်း/နာ–သစ်တောဌာန အမှုထမ်းတစ်မျိုး။ **~ခြောက်**ကြိ–၁၊သားကောင်များ ထွက်လာအောင် တောချုံတို့ကို ရိုက်ပုတ်သည်။ ၂၊တောထဲတွင် မကောင်းဆိုးဝါးတို့က ခြောက်လှန့်သည်။ **~စာ**/တောဇာ/နာ–၁၊သစ်လုံးတို့၏ အသုံးမဝင်သော အစိတ်အပိုင်း။ ၂၊ အမျက်ကျောက်တို့၏ အပြစ်အနာတစ်မျိုး။ ၃၊ အစေ့ကြီး၍ အသားပါးသော သရက်တစ်မျိုး။ **~စိုးသစ်ပင်**/တောစိုးသစ်ပင်/နာ–၁၊နတ်ရှိသည်ဟူ၍ လူတို့ပူဇော်သော အလွန်ကြီးမားသည့် သစ်ပင်။ ၂၊မပွင့်ဘဲ သီးသော ညောင်ကြတ်စသည့် အပင်မျိုး။ **~တက်**၊ကြိ–၁၊ ထင်းဝါးခုတ်ယူရန် တောသို့သွားသည်။ ၂၊ အမှုထမ်းအရာထမ်းတို့ ကျေးရွာများသို့ သွားရောက် စစ်ဆေးသည်။ **~တိုင်**၊ ကြိ–၁၊ အသုဘမြှုပ်နှံရန် သုသာန်တွင် ဆိုင်ရာတို့အား တိုင်တန်းသည်။ ၂၊ မိမိတောလိုက်မည့်နေရာကို သတ်မှတ်ကာ ဆိုင်ရာတို့အား ပူဇော်ပသသည်။ **~ထ**၊ ကြိ–သစ်ပင်ချုံနွယ်များ ထူထပ်စွာ ပေါက်သည်။ **~ထိုင်**၊ ကြိ–ကျင်ကြီးစွန့်သည်။ တောသွားသည်။ **~ထုတ်**၊ ကြိ–မကောင်းဆိုးဝါးတို့ကို လူနေရပ်မှထွက်ခွာသွားအောင်လုပ်သည်။ /တောဒုတ်/ နာ–၁၊ တောမှ ထုတ်ယူခါစ မပြုပြင်ရသေးသောသစ်။ ၂၊[ဥပစာ] မလည်မဝယ်သေးသူ။ **~ထွက်**၊ ကြိ– အိမ်ထောင်သားမွေး ဘဝကိုစွန့်၍ တရားကျင့်ရန် တောသို့သွားသည်။ /တောဒွက်/ နာ–အိမ်ထောင်ကျပြီးမှ ရဟန်းပြုသူ။ (ငယ်ဖြူနှင့် နှိုင်းယှဉ်) **~နက်**၊ ကြိ–တောအလွန်ထူသည်။ တောကြီးမျက်မည်းထဲသို့ ရောက်သည်။ နာ–တောကြီးမျက်မည်း။ **~နင်း**၊ကြိဝိ–တော တစ်ခွင်လုံး ခြေရာချင်းထပ်အောင် အနှံ့အစပ် (ရှာဖွေသည်)။ **~ပစ်**/တောပျစ်/ကြိ–အမဲလိုက်သည်။ တောလိုက်သည်။ **~ပုန်း**/တောဗုန်း/ နာ–တောတွင်ခိုအောင်းနေသော လူဆိုး။ **~ဖိတ်နေ့**/တောဗိတ်နေ့/ နာ–အဖိတ်နေ့ မတိုင်မီနေ့။ **~မှား**၊ ကြိ–တောတွင် ကျားကိုက်ခံရသည်။ **~မှောက်**၊ကြိ–အမဲလိုက်သူ အချင်းချင်း လူကို သားကောင် ထင်မှတ်၍ပစ်ခတ်သည်။ **~ရကျောင်း** /တောယာ့ကျောင်း/နာ–အနီးဆုံးရွာမှ အနည်းဆုံး တာငါးရာ (အတောင်နှစ်ထောင်) ဝေးသောအရပ်ရှိ ဘုန်းကြီးကျောင်း။ **~ရဆောက်တည်**/တောယာ့ဆောက်တီ/ကြိ–တောရကျောင်းတွင် သီတင်းသုံးသည်။ **~ရမ်းပယ်မှဲ့**၊ကြိဝိ–အကိုအကျ အနိုင်အမာ မဟုတ်ဘဲ ထင်ရာမြင်ရာ။ **~လား**၊နာ–[စာပေ] တောတောင် ရေမြေအကြောင်း ဖွဲ့ဆိုသော ကဗျာမျိုး။ **~လိုက်**၊ ကြိ–အမဲလိုက်သည်။ **~လိုက်အုံပါ**/တောလိုက်အုန်ဗာ/ကြိဝိ–ကျေးလက်တောရွာတို့၏ ဓလေ့အလျောက်။ **~လည်**/တောလယ်/ကြိ–တောသို့ အမဲလိုက် ထွက်သည်။ **~လန့်**၊ကြိ–တောတွင် အချို့ အချို့နေရာ၌ အလိုလို မြည်ဟိန်းသည်။ **~ဝင်**၊ ကြိ– ၁၊သူတော်တရားကျင့်ရန် တောသို့ သွားသည်။ ၂၊ငှက်ပျောပင်စသည် ရိုင်းသွားသည်။ ၃၊အမှောင့် ပယောဂ ကပ်သည်။ **~သား**/တောသား/ နာ–၁၊ တောရွာနေ။ ၂၊တောရိုင်းတိရစ္ဆာန်။ ၃၊ကျားသင်္ဃာ။ **~သူတောင်သား**/တောသူ တောင်သား/ နာ–ကျေးလက်တောရွာတွင် နေထိုင်သူ။ **~အုပ်**၊နာ–၁၊သစ်ပင်အစုအဝေး။ ၂၊သစ်တောဌာန အရာရှိငယ် တစ်မျိုး။ **~အုံကနား**၊ နာ–ကျေးလက်။ ရွာသိမ် ရွာငယ်။

တော²၊ ကြိ–၁၊ မဆိုင်သောစကား ဝင်ပြောသည်။ ၂၊ စာသားမပါသော တီးလုံးအပိုဖြည့်၍ တီးမှုတ်သည်။

တော့¹၊ကြိ–ခြေလက်စသည်တို့ဖြင့် တစ်ခုံတစ်ရာကို ပုတ်ခတ်၍ အကြိမ်ကြိမ်ခြောက်သည်။ **~တီးတော့တ**၊ကြိဝိ–၁၊စကားပြောတတ်ခါစကဲ့သို့ မပီကလာ ပီကလာ။ ၂၊လမ်းသွားတတ်ခါစကဲ့သို့ ယိုင်တီးယိုင်တိုင်။

တော့[၂]၊ စည်း–ပုဒ်ကို ပြေပြစ်လေးနက်စေသော စကားလုံး။

တော်၊ကြိ–၁၊သင့်လျော်သည်။ လျောက်ပတ်သည်။ အံကျဖြစ်သည်။ ၂၊ဆွေမျိုးဖြစ်သည်။ ၃၊ကျွမ်းကျင်သည်။ လိမ္မာသည်။ ၄၊ ရပ်နားသည်။ ဆက်လက်မပြုလုပ်။ "မစားတော့ဘူး၊ ~ပြီ။" န – အရှင်သခင်။ မင်း။ "~သုံး။ ~ဘုရား။ ~သခင်။" နစ– မိန်းမက သူတစ်ပါးကို ရည်ညွှန်းပြောဆိုသော စကား။ စည်း–၁၊ မြင့်မြတ်သူ၊ မြင့်မြတ်သော အရာတို့နှင့်ဆိုင်သည့် နာမ်နောက်တွင် ဆက်သုံးသော စကားလုံး။ "ဆရာ~။ သံဃာ~။ နိုင်ငံ~။ နန်း~။" ၂၊ မြင့်မြတ်သူတို့နှင့် စပ်လျဉ်း၍ သုံးနှုန်းပြောဆိုရာတွင် ကြိယာနောက်၌ ဆက်သုံးသော စကားလုံး။ "စား~ခေါ်။ စက်~ခေါ်။ ဟော~မူ၏။" ၃၊ မိန်းမကထူးသော စကား။ **~ကာကျ** /တော်ဂါကျ/ကြိ–သင့်ရုံရှိသည်။ **~ကာလျော်ကာ** /တော်ဂါယော်ဂါ/ကြိဝိ–သင့်တင့်ရုံမျှ။ ဖြစ်ကတတ်ဆန်း။ တော်စွလျော်စွ။ တော်ရုံလျော်ရုံ။ **~တော်** /တော်ဒေါ်/ကြိဝိ–အလွန်။ **~တော်တန်တန်** /–တန်ဒန်/ကြိဝိ–အသင့်အတင့်။ **~တည့်**/တော်တဲ့/နဝိ–သဘောထား တည့်မတ်သော။ **~နေရာ**၊န– နေရာ ငါးသွယ်အနက် ပထမနေရာ။ **~ဖြောင့်**၊နဝိ– သဘောထား ဖြောင့်မတ်သော။ **~ဘုရား**/တော် ဖယား/န–မင်းညီမင်းသား၊စော်ဘွားတို့ကို ခေါ်သော အမည်။ **~မှန်**၊နဝိ–သဘောထား ဖြောင့်မတ် မှန်ကန်သော။ **~ရာလျော်ရာ**/တော်ယာယော်ယာ/ န–၁၊ သင့်တင့်သောနေရာ။ ၂၊ သာမန်ဖြစ်သော နေရာ။ **~ရုံတန်ရုံ**၊ ကြိဝိ–သင့်တင့်ရုံ။ **~လေးဝ**၊န– အမရာဒေဝီ၊ စန္ဒကိန္နရီ၊ မဒ္ဒီဒေဝီ၊ သမ္ဘုလ မိဖုရား တည်းဟူသော မိန်းမမြတ် လေးပါး။ **~လည်း** /တော်လဲ/ကြိ–ခြေကြီး မြည်ဟည်းသည်။ **~လှန်**၊ ကြိ–၁၊ကျွန် အဖြစ်မှ လွတ်အောင် လုပ်သည်။ အချုပ်အနှောင်၊ အဖိအစီးမှ လွတ်မြောက်အောင် လုပ်သည်။ ၂၊ဖီဆန်သည်။ ပုန်ကန်သည်။ ကာပြန်သည်။ ၃၊စနစ် တစ်ခုမှ တစ်ခုသို့၊ အခြေအနေ တစ်ခုမှ တစ်ခုသို့ ပြောင်းလဲပစ်သည်။ **~လှန်ရေး**၊ န–ခေတ်ဟောင်း စနစ်ဟောင်းမှ ခေတ်သစ် စနစ်သစ်သို့ ရောက်ရှိအောင် အပြင်းအထန် အားထုတ်လုပ်ကိုင်မှု။ **~ဝင်**၊ကြိ–မင်းသုံး စိုးသုံး ဖြစ်သည်။ န–၁၊မင်းသုံး စိုးသုံးဖြစ်သောအရာ။ ၂၊ [ဥပစာ] တော်လေးဝဝင်ကဲ့သို့ မြင့်မြတ်သူ။ **~သလင်း**/တော်သုလင်း/န–မြန်မာဆယ့်နှစ်လတွင် ဆဋ္ဌမလ။ **~အောင်လျော်အောင်**/ တော်အောင် ယော်အောင်/ ကြိဝိ–ပေါ့ပေါ့ဆဆ။ ဖြစ်ကတတ်ဆန်း။

တော်ပီဒို၊န–ရေထဲတွင် ခုတ်မောင်းရန် စက်တပ်ဆင်ထားသော သဘော်ဖျက်လက်နက်။ [လိပ်၊ torpedo]

တော်ဖီ၊န–သကြားစသည်နှင့်လုပ်သော ဝါးမြုံ့ရသည့် သရေစာတစ်မျိုး။ [လိပ်၊toffee]

တော်ရနောင်/တော်ရနောင်/န–ဗုလစ်တွင် ပါဝင်သော အပြောက်အမွှမ်းတစ်မျိုး။ [ပါ၊ တောရဏ]

တံ[၁]၊န–အတံနှင့်အတူတူ။ **~ကူ**/ဒဂူ/န–၁၊လှေနံ လှေဝမ်း ပျဉ်ချပ်ရိုက်ရာ သစ်သားချောင်း။ ၂၊လှည်းဘီး သစ်သားခွေ။ **~ကောက်**/ တန်ဂေါက်/ န–၁၊[ရှေး] အတံကောက်သော လေမှုတ်တူရိယာ တစ်မျိုး။ /ဒဂေါက်/ ၂၊ ဒူးဆစ်ကွေး အတွင်းဘက်နေရာ။ တံကောက်ကွေး။ **~ကျင်**/ဒဂျင်/န–ရှေးက အပြစ်ဒဏ်ခံရသူကို ထိုးလှို့ရသော အချောင်းအတံ။ **~ချူ**/ဒဂျူ/န–အသီးအပွင့် စသည်ကို ဆွတ်ချူရသောအရာ။ **~ခူးဝါး**/ဒခူးဝါး/န–လူသေကောင်ကို မီးရှို့ရာတွင် ထိုးဆွသော ဝါးချွန်း။ **~ငို့**/ဒငို့/ န–သားငါးကို မီးကင်ရန် ထိုးလှို့ရသော အဖျားချွန် အချောင်းအတံ။ **~စဉ်** /ဒဇင်/န–မြက်ပင်၊ ကောက်ပင် ရိတ်ဖြတ်ရသည့် အသွားကောက်သော ကိရိယာ။ **~စဉ်း**/ဒဇင်း/န–သံကို တိုက်စားရန် မျက်နှာပြင် တွင် အသွားစိပ်စိပ် ဖော်ထားသော ကိရိယာ။ **~စည်း** /ဒဇီး/န–ပဲခွပ်တစ်မျိုး။ **~စုန်း** /ဒဇုန်း/န– ရေတွင် နစ်မြုပ်နေသော သစ်ငုတ်။ **~ညှပ်** /ဒညှတ်/န–သားငါးကို ညှပ်၍ ကင်ရသော ဝါးတံ။ **~တောင်** /ဒဒေါင်/န–လက်မောင်းနှင့် လက်ဖျံ ဆက်ရာ အပြင်ဘက်နေရာ။ **~ပူ**/ဒပူ/ န–သွားကို ပွတ်တိုက်ရန် တမာကိုင်း စသည်ကို သပ်ထားသော အချောင်းအတံ။ [မြန်၊တံ+ ပါ၊ပေါ်ဏ] **~ပူစား**/–စား/ကြိ–တံပူဖြင့် သွားကို ပွတ်တိုက်သည်။ **~ဖိုး**[၁]/ဒဖိုး/န–ကျွဲချို စသည်ဖြင့် လုပ်ထားသော မှုတ်စရာတစ်မျိုး။ **~ပွတ်**/ဒဗွတ်/ န– နံ့အခင် ခွပ်ရသော သတ္တုမြှုန်တံ။ **~မျှာ** /ဒမျာ/န–နှင်တံ။ **~မျဉ်** /တမျင်/ န– [ရှေး] နည်းလမ်း။ **~မျဉ်းကြိုး** /တမျင်းကျိုး/န–မျဉ်းချရသောကြိုး။ **~မြက်စည်း** /ဒမျက်စီး/န–အမှိုက်လှည်းစရာပစ္စည်း။ **~မြက်လှည်း** /ဒမျက်လှဲ/ ကြိ– တံမြက်စည်းဖြင့် အမှိုက်ရှင်းသည်။ **~မွှာ** /တန်မွှာ/န–အတံနှစ်ခု ပူးလျက်ရှိသော လေမှုတ် တူရိယာ တစ်မျိုး။ **~ရှူးဝါး**/ ဒယှူးဝါး/န– [ရှေး]တံခူးဝါး။ **~ရှည်**၊န–အတံရှည်သော လေမှုတ် တူရိယာ တစ်မျိုး။ **~သင်း** /ဒသင်း/န–[ပေါ] ခြောင်း။ ခလုတ်။ **~သုတ်**/ဒသုတ်/န–စတုတ်နှင့်

မာတိကာသို့ ▶▶▶

http://www.lknt11.com

အတူတူ။ **~သုတ်ကျုမ်း** /-ကျုန်း/ကြိ-တံသုတ်ဖြင့် ညီအောင်ညှိသည်။

တံ၂။ နာ-သစ်ခွံကို ထိုးနိုင်ရုံမျှဖြစ်သော အစွယ်တို တစ်ချောင်းသာ ရှိသောဆင်။ **~ကဲ**/ဒဂဲ/န-ပလွှင် နောက်မှီ။ **~ခါး**/ဒဂါး/န-ဖွင့်နိုင် ပိတ်နိုင်သော အရွက် တပ်ဆင်ထားသည့် အပေါက်။ **~ခါးကျင်**/ဒဂကျင်/န-ကန့်လန့်ကျင်။ **~ခါးခုံ**/ဒဂခုန်/န-တံခါးတပ်ရာ အခြေခံခုံ။ **~ခါးပေါင်**/ဒဂါး(ဂ) ဗောင်/န-တံခါး၏ ပတ်လည်အနားကွပ်။ **~ခါးမရှိ စားမရှိ** /ဒဂါးမယှိဒါးမယှိ/ ကြိဝိ-အတားအဆီး မရှိဘဲ။ **~ခါးရွက်**/ဒဂယွက်/န-တံခါး၌ တပ်ဆင်ထားသော တံခါးချပ်။ **~ဆိပ်**/ဒဇိတ်/န-၁။ပေး စာ၊ ငွေပြားငွေပြား စသည်တွင် ခတ်နှိပ်ထားသော အမှတ်အသား။ ၂။ အသင်းအဖွဲ့၊ ကုန်ပစ္စည်း စသည်တို့၏ အမှတ်အသား။ **~ဆိပ်ခေါင်း** /-ဂေါင်း/န-တာအိတ်၊ စာချုပ်စသည်တွင် ကပ်ရန် အစိုးရက ပုံနှိပ်ရောင်းချသော တံဆိပ်အမှတ်အသား။ **~ဆိပ်တုံး**/-တုန်း/န-တံဆိပ်အမှတ်အသား ထွင်း ထုထားသည့် ရော်ဘာတုံးစသည်။ **~တင်း**/တန် ခင်း/န-[ပေါ]သေတ္တာ။ **~တိုင်း**/ဒနိုင်း/န-အုတ်၊ ကျောက်စသည်တို့ဖြင့် ပြုလုပ်ထားသော ခြံဝင်း အကာအရံ။

တံ၃။ န-ရေ။ အရည်။ **~ခွန်**/ဒဂွန်/န-၁။ဘုရားအနီး၊ ကျောင်းအနီးတွင် မြင့်မြင့် လွှင့်ထူရသော အရာ။ (တံခွန်လုံး၊ တံခွန်ကုက္ကား စသည်ဖြင့် ရှိသည်။) ၂။ကသတ်၊ သေတ် စသည်တွင်ပါသော အသတ် လက္ခဏာ။ (်)။ **~ခွန်စိုက်**/-စိုက်/ကြိ-[ဥပစာ] အကောင်းဆုံး အတော်ဆုံး ဖြစ်သည်။ **~ခွန်တိုင်** /-ဒိုင်/န-ဘုရားအနီး၊ ကျောင်းအနီးတွင် တံခွန် အဖြစ် စိုက်ထူထားသော တိုင်။ **~ခွန်လုံး**/-လုန်း/န-အဝတ်ဖြင့် ငါးလုံးသဏ္ဍာန် လုပ်ထားသော တံခွန်။ **~ခွန်လွှား**/-လွှား/ကြိ-၁။တံခွန်ကို တိုင် တွင် လွှင့်တင်သည်။ ၂။အက္ခရာပေါ်၌ အသတ် သင်္ကေတကို တင်သည်။ /န-အဝတ်တံခွန်။ **~ငါ** /တငါ/န-ငါးဖမ်းခြင်းဖြင့် အသက်မွေးသူ။ **~ငါ ကွန်တိုင်**/-ကွန်ဒိုင်/န-တံငါသည်များ ပိုက်ကွန် လှန်းသည့် တိုင် လေးတိုင်နှင့်တူသည့် ကြက်ခြေပုံ ကြယ် လေးလုံးအစု။ **~စိုး**/ဒစိုး/န-မိမိအလိုသို့ ပါစေလို၍ ပေးသောလက်ဆောင်။ လာဘ်။ **~စက် မြိတ်**/ဒစက်မိတ်/န-အမိုး၏ အောက်ဘက် အနား စွန်း။ **~စက်လက်ပြန်ရေ** /ဒစက်လက်ပျန်ယေ/ န- အိမ်အမိုးပေါ်သို့ နောက်ပြန်ပက်တင်၍ တံစက်မြိတ်မှ ပြန်ကျလာသောရေ။ (ပယောဂဆေး အတွက် အသုံးချသည်။) **~တား** /ဒဒါး/န-

မြစ်ချောင်းစသည်ကို ဖြတ်ကျော်ရန် ဆောက်လုပ်ထားသောလမ်း။ **~တွေး**/ဒဒွေး၊ဇဒွေး/န-ခံတွင်း၌ ဖြစ်ပေါ်လာသော အရည်။ **~ပိုး**၂/ဒဗိုး/န-လှိုင်း။ **~ပြက်**/ဒဗျက်/န-ဘောင်ကျစမ်းရေ။ **~လျှောက်** /ဒယောက်/ န-ရေတံလျှောက်။ **~လျှပ်** / တန် လယတ်/န-နေ၏ အပူရှိန်ကြောင့် မြေပေါ်တွင် ရေပြင်ပမာ တလျှပ်လျှပ် ပေါ်နေသော အရိပ် အယောင်။ တံလှပ်။

တံတွာ။ န-[ပေါ] ဖြစ်မြဲသဘော။ ဓမ္မတာ။ [သ၊တတွ]

တံ့ တံ့ / တန့်ဒန့် / ကြိဝိ-တည်တည်ကြည်ကြည်။ **~စားစား**/-စားဇား/ကြိဝိ-တည်တည်ကြည်ကြည်။ ကြံ့ကြံ့ခိုင်ခိုင်။ မြဲမြဲမြံမြံ။

တို။ နဝိ-၁။အတိုင်းအတာ မရှည်သော။ ၂။နမြော တွန့်တိုသော။ **~တိုတုတ်တုတ်**/တိုဒိုတုတ်တုတ်/ ကြိဝိ-လိုရင်းကိုချုပ်လျက်။ **~တိုထွာထွာ**/တိုဒို ထွာဒွါ/န-တိုလီမိုလီ။ **~တောင်း**/တိုဒေါင်း/နဝိ- အလွန်တိုသော။ **~နံ့နံ့**၊ ကြိဝိ-ခပ်တိုတို။ **~ရေ ရှားရေ**၊ ကြိဝိ-ရှားရှားပါးပါး။

တိုကင်။ န-၁။ငွေနှင့်လဲလှယ်ရန် ခေတ္တ ထုတ်ပေး ထားသည့် အမှတ်အသားပါသော သတ္တုပြား စသည်။ ၂။အစီအစဉ်အတိုင်း နံပါတ်ရေးထားသော ကတ်ပြားစသည်။ [လိပ်၊token]

တိုရှူ။ န-မတ်ပဲဟင်းရည်ဖြင့် စားရသော အိုးကင်းကပ် မုန့်။ [ဟိန္ဒူ၊dosi]

တိုလီမိုလီ န-အသေးအဖွဲ့ပစ္စည်းစု။ တောက်တိုမည်ရ။ တိုလီမုတ်စ။ [ဟိန္ဒူ၊ထိုရာမိုရာ]

တိုဟူး။ န-ပဲဖြင့်လုပ်သော စားဖွယ်တစ်မျိုး။ [တရုတ်၊ doufu]

တို့၁၊ ကြိ-၁။ အသာအယာ ထိသည်။ ၂။သာမန်မျှ ရေးမှတ်သည်။ ၃။(ချဉ်ဖတ်စသည်ကို ငါးပိနှင့်တွဲ၍ ထမင်းတွင်) မြုပ်စားသည်။ ၄။တိတ်တဆိတ် သတင်းပေးသည်။ **~ကနန်းထိတ်ကနန်း**/တို့ဂနန်း ဆိတ်ဂနန်း/ကြိဝိ-ထိရုံတို့ရုံ။ အနည်းအကျဉ်း။ **~ကာပင့်ကာ**/တို့ဂါပင့်ဂါ/ကြိဝိ-တော်ရုံသင့်ရုံ။ **~စရာ**/တို့ဇယာ/န-ငါးပိရည်၊ ငံပြာရည်နှင့် တို့စား ရသော ဟင်းသီးဟင်းရွက်။ အတို့အမြုပ်။ **~တို့ တိတိ**/တို့ဒို့တိဒိ/န-၁။အသေးအဖွဲ။ တိုလီမိုလီ။ ၂။အနည်းအကျဉ်း။ **~ဖတ်**/တို့ဗတ်/န-မျက်နှာကို လိမ်းခြယ်ရာတွင် နံ့သာမှုန့် တို့ယူရန် အဝတ်။ **~မီးရှို့မီး**၊ ကြိဝိ-ရန်တိုက်ကုန်းချောလျက်။

တို့၂။ စည်း-၁။ပေါင်းစည်းခြင်းကိုပြသောစကားလုံး။ ၂။နာမ်ကို လေးနက်အောင် သုံးသော စကားလုံး။ /ဒို့/နစ-[အပြော] ငါတို့အစားသုံးသော စကားလုံး။ "~ကျောင်း။ ~အိမ်။" န-လေးတင်းနှင့်ညီမျှသော

ချင့်ဝန်။ လေးတင်းဝင်တောင်းကြီး။

တိုး ၁၊ကြိ–၁၊ကျပ်ကျပ်တည်းတည်း ထိုးမှတ်၍ ဝင်သည်၊ ထွက်သည်။ ၂၊ရှေ့သို့ တက်သည်။ ၃၊ရင်ဆိုင်တွေ့ဆုံသည်။ ၄၊ပွားများလာသည်။ မြင့်မားလာသည်။ **~တက်**၊ကြိ–၁၊ပွားများလာသည်။ ၂၊စည်ပင်ထွန်းကား လာသည်။ ၃၊အတွေးအခေါ်၊ အယူအဆ စသည်တွင် အဆင့်မြင့်လာသည်။ **~လျှိုပေါက်** /ဒိုးယိုဖောက်/ကြိဝိ–ထုတ်ချင်းပေါက်။ **~လျှိုး** /တိုးယှိုး/ကြိ–ငုံ့ဝပ်တိုးဝင်သည်။ ကြိဝိ–ဦးနှိမ် ချလျက် ကြောက်ရွံ့ရှိသေစွာ။ "~တောင်းပန်–။"

တိုး ၂၊ နဝိ– အသံမကျယ်သော။ **~တိုးတိတ်တိတ်** /တိုးဒိုးတိတ်တိတ်/ ကြိဝိ– သူတစ်ပါး မကြားမသိအောင်။ **~တိုးဖော်** /တိုးဒိုးဖော်/ န–တိုးတိုးတိတ်တိတ် တိုင်ပင်ရသည့် အပေါင်းအဖော်။ **~တိုးသား**/တိုးဒိုးသား/န–ခွင့်မိန့်မရှိ၍ တိုးတိုးတိတ်တိတ် ရောင်းချရသော အမဲသား။ **~တိုးသက်သာ**/တိုးဒိုးသက်သာ/ကြိဝိ–အသံသာယာ ဖြည်းညင်းစွာ။

တိုး ၃၊ **~နရား**၊ န–ဟိမဝန္တာတွင် နေသည်ဆိုသော သားကောင် တစ်မျိုး။

တိုးလိုးတန်းလန်း၊ကြိဝိ–မပြီးမပြတ်ဘဲ။ တစ်ပိုင်းတစ်စ။

တိုးလိုးတွဲလဲ၊ကြိဝိ–တန်းလန်း တွယ်ကပ်၍ ပါလာလျက်။

တက် ၁၊န–လက်ကိုင်အဖျား၌ ရေယက်စရာ အရွက်ပြားရှိသော လှေလှော်ရ ခတ်ရသည့် ကိရိယာ။ **~ကုန်လက်ကုန်**၊ကြိဝိ–[ဥပစာ]အစွမ်းကုန်။ **~နေ လက်နေ**၊ကြိဝိ–[ဥပစာ] လစ်ဟင်းခြင်း မရှိဘဲ။ အပြည့်အစုံ။ **~စွဲ**၊န–ပြိုင်လှေတွင် ပဲ့နင်းမဟုတ်သော လှေလှော်သမား။ **~ညီလက်ညီ**၊ ကြိဝိ– အားထုတ်ကြိုးပမ်းမှု ညီမျှစွာ။ **~မ**၊ န–၁၊လှေကို ပဲ့ကိုင်ရသော တက်ကြီး။ ၂၊ ပုစွန်လုံး လက်မ။ **~မကျင်** /တက်မဂျင်/ န–ဘက်မတွင် တပ်ထားသော လက်ကိုင်တံ။ **~မလှဲ** /တက်မှာလှဲ/ န–အနံ၁၀ပေ အလျားပေ ၅၀ကျော် ဖိနဲးပါးရှိသည့် ကျွန်းသားဝန်တင်လှေကြီး။ **~သုတ်နှင်**၊ **~သုတ်ရိုက်**၊ ကြိ–လျင်မြန် သွက်လက်စွာ လုပ်ကိုင်သည်။

တက် ၂၊ကြိ–၁၊အနိမ့်မှ အမြင့်သို့၊ အောက်မှ အထက်သို့၊ ရပ်တည်ရာမှ ရှေ့သို့ ရွေ့သွားသည်။ ၂၊တိုးပွားသည်။ ၃၊အောင်မြင် ရယူသည်။ ၄၊ ရုံး၊ ကျောင်း၊ အစည်းအဝေး စသည်သို့ သွားရောက်သည်။ **~ကစီး**/တက်ဂစီး/ကြိဝိ–အဆင်သင့်။ **~ကပ်**၊န–၁၊အသက်တမ်း ၁၀နှစ်မှစ၍ အသင်္ချေယျတိုင်အောင် ဖြစ်တည်သောကပ်။ ၂၊လူမှုရေး၊ စီးပွားရေး စသည် တိုးတက်ထွန်းကားသော ကာလအပိုင်းအခြား။(ဆုတ်ကပ်လည်းရှု) **~ကျမ်း**၊န–[ခေတ်ကုန်] ယုတ္တိဗေဒအကြောင်း ရေးထားသောကျမ်း။ **~ကြွ**၊ ကြိ–စိတ်အားထက်သန်သည်။ **~ခေတ်**/တက်ခေတ်/ န–တိုးတက်နေသောခေတ်။ **~နေ**၊န–မွန်း မတည့်မီ ဖြစ်သော နေ။ နံနက်ပိုင်းနေ။ **~ဖျားကျဖျား** /တက်ဖျားကျဖျား/ န– ကိုယ်မှု အတက်အကျ ရှိသော အဖျားရောဂါတစ်မျိုး။ **~လူ**၊န–လူငယ် လူရွယ်။ **~လမ်း**၊န–တိုးတက်ရန် အကြောင်း၊ နည်းလမ်း။ **~လှမ်း**၊ကြိ–မြင့်မားသော အခြေအနေ သို့ ရောက်အောင် ကြိုးစားသည်။ **~သံ**၊န–မြှင့်၍ ရှည်စွာ ရွတ်ရသောအသံ။ သံရှင်။ (အာ၊ အီ(ဤ)၊ အူ(ဦ)၊ အေ(ဧ)၊ အော်(ဪ)၊ အို၊ အင်၊ အောင်၊ အိုင်၊ အဉ်၊ အည်၊ အန်၊ အိန်၊ အုန်၊ အမ်၊ အိမ်၊ အုမ်(အုံ)၊ အယ်ဟူ၍ ၁၉မျိုးရှိသည်။)

တက် ၃၊ကြိ–၁၊ရောဂါကြောင့်ဖြစ်စေ၊ စိတ်ချောက်ချားခြင်းကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါတို့ ရုတ်တရက် တွန့်လိမ်သည်။ ၂၊ကိုယ်လက် အကြောအခြင် ညောင်းညာတောင့်တင်းသည်။ **~စာ**၊န–ကိုယ်လက် အကြောအခြင် တောင့်တင်းညောင်းညာ စေတတ်သော အစားအစာ။

တက္ကစီ/တက်ကစီ၊ /န–အငှားလိုက်သော မော်တော်ကား။ [လိပ်၊taxi]

တက္ကတွန်း/တက်ဂဒွန်း/န–အဝတ်မဝတ်သော ပရိဗိုဇ်။ တိတ္ထိ။ [ပါ၊တက္က+ဒွန္န]?

တက္ကဗေဒ/တက်ကာဗေဒ/န–[ခေတ်ကုန်]ယုတ္တိဗေဒ။ [ပါ၊တက္က+ဗေဒ]

တက္ကသိုလ်/တက်ကသို/န–အဆင့်မြင့် ပညာရပ်များကို သင်ကြားပေးသည့်ပူးရာ ကျောင်းကြီး။ [ပါ၊တက္ကသိလာ]

တက်ခေါက်၊ကြိ–တောက်ခေါက်နှင့်အတူတူ။

တက်တူ၊န–အိမ်မြှောင်နှင့်တူသော အကောင်တစ်မျိုး။

တက်တက်စင်၊ကြိဝိ–အကုန်အစင်။ လုံးဝ။ "~များ–။"

တက်တင်း၊န–အပ်ချည်ကို လွန်းငယ်တစ်မျိုးဖြင့် ထိုးယူသော ဇာ။ [လိပ်၊tatting]

တောက် ၁၊ကြိ–မီးအလျှံထသည်။ နဝိ–လင်းထိန်သော။ ပြောင်လက်သော။ **~ရပ်**၊န–အခေါက်ကို ဆိုးရည် လုပ်ရသော သစ်ပင်တစ်မျိုး။

တောက် ၂၊ ကြိ–၁၊အဆိပ်သင့်သည်။ ၂၊(ကား၊ လှည်း စသည်ကို စီး၍) မူးမော်သည်။

တောက် ၃၊ကြိ–၁၊လက်ချောင်းများဖြင့်ခတ်၍ တစ်စုံ တစ်ရာကို လွှင့်စဉ်စေသည်။ ၂၊ရေကို လက်ချောင်း ဖျားနှင့်ဆွတ်၍ ခါပက်သည်။ ၃၊(လက်ချောင်းထိပ်၊ နှုတ်သီးဖျား စသည်တို့ဖြင့်) ခေါက်သည်။ ၄၊

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

(ဝိုးကောင်)ကိုက်ဖောက်သည်။ ၅။[ဥပစာ]တီးခေါက်သည်။ **~လျှောက်**/ခေါက်ယျောက်/ကြိဝိ–တစ်ဆက်တည်း။ ရပ်နားခြင်း မရှိဘဲ။

တောက် [၅]ကြိ–(သမင်)အော်သည်။ **~ခေါက်**။ကြိ–အာခေါင်ကို လျှာထိပ်ဖြင့်ထိ၍ 'တောက်' ဟူသော အသံထွက်အောင် လုပ်သည်။ **~တို**/တောက်ဒို/ကြိဝိ–[ပေါ] အလျင်အမြန်။ ချက်ချင်း။ **~တီးတောက်တဲ့**။ကြိဝိ–တွေ့ကရာ မဟုတ်က ဟုတ်က။ **~တဲ့**။န–တောက်တဲ့ဟု အော်မြည်၍ ဖြောက်ကျားသောကိုယ်၊ တွယ်ကပ်နိုင်သော စုပ်ခွက် ရှိသည့် ခြေဖဝါး၊ လက်ဖဝါးရှိ တွားသွားကောင်။ **~တဲ့ကပ်**။ကြိဝိ–[ဥပစာ]အမြဲမကွာဘူးကပ်လျက်။ **~တဲ့ခေါင်းပြူ**/တောက်တဲ့ခေါင်းပျူ/ကြိ–စပါးဖုံးထဲမှ စပါးနှံ ပြူထွက်လာသည်။ **~တက်စော်**။ကြိဝိ–ခေါက်တုံ့ခေါက်ပြန် သွားလိုက်လာလိုက်။ **~တောက်ကြော်**။န–အသားကိုစဉ်း၍ ကြော်ထားသော တရုတ်အစားအစာတစ်မျိုး။ **~ပတ်**။ကြိဝိ–[ပေါ] အလျင်အမြန်။

တောက်တိုမည်ရ/တောက်တိုမယ်ယာ/န–အတိုအထွာ။ အသေးအဖွဲ။

တိုက် [၁]ကြိ–၁။အရှိန်အဟုန်ဖြင့် ထိခတ်သည်။ တိုက်မိုက်သည်။ ၂။(လေ)တိုးဝှေ့ ရွေ့ရှားသည်။ ၃။(သွားပွတ်တံ၊ ဘီးစိပ်၊ မီးပုစသည်တို့ဖြင့်) အဖန်ဖန် ပွတ်ဆွဲသည်။ ၄။သောက်စေသည်။ နို့စေသည်။ ၅။(စစ်ရေးအရ) ထိုးခုတ်ပစ်ခတ်သည်။ တိုက်ခိုက်သည်။ ၆။(ဘေးပြု) လက်နက်အားကိုးဖြင့် အနိုင်အထက် ပစ္စည်းလုယူသည်။ ၇။အချင်းချင်း မသင့်မတင့် ဖြစ်အောင် လှုံ့ဆော်ပေးသည်။ ၈။ စုန်း၊ နတ် စသည်ဖြင့် အန္တရာယ်ပြုသည်။ ၉။ယှဉ်ဖက်နှိုင်းယှဉ်ကြည့်သည်။ ၁၀။ ကြုံကြိုက်သည်။ **~တင်း**။န–ရန်သူကို တိုက်ခိုက်ရန် လှည့်လည်နေသောကင်း။ **~ကုန်ရိုက်ကုန်**။န–ရိုက်ကုန်တိုက်ကုန်နှင့်အတူတူ။ **~ချွတ်**။ကြိ–အညစ်အကြေး စင်ကြယ်အောင် ပွတ်တိုက်သည်။ **~စား**၊ ကြိ–မြေကြီးစသည်ကို ရေလေစသည်က တိုးဝှေ့၍ ပွန်းပဲ့ ပြိုပျက်စေသည်။ **~ စစ်**။န–၁။ရန်သူကို မိမိကစတင် တိုက်ခိုက်ရသော စစ်ရေးကိစ္စ။ ၂။[ဥပစာ] ယှဉ်ပြိုင်ကစားရာတွင် မိမိတို့ဘက်က စတင် ထိုးဖောက်ကစားခြင်း။ **~ဆိုင်**။ကြိ–၁။ယှဉ်ဖက် ညှိနှိုင်းသည်။ ၂။ဆုံစည်း ကြုံကြိုက်သည်။ ၃။(စိတ်သဘောထားချင်း) ညီညွတ်သည်။ **~ဈေး**/တိုက်ဈေးဒိုက်ဈေး/န–တစ်ကျပ်သားလျှင် တစ်ကျပ်၊ တစ်တင်းလျှင် တစ်ကျပ်၊ တစ်ပိဿာလျှင် တစ်ကျပ် စသည့်နှုန်းဖြင့် ရောင်းချသော စနစ်။ **~တွန်း**။ ကြိ–တစ်စုံတစ်ရာပြုမှုဆောင်ရွက်ရန် နှိုးဆော်သည်။ **~ပွဲ**။န–၁။စစ်ရေးအရ တစ်ဖက်နှင့် တစ်ဖက် ယှဉ်ပြိုင်တိုက်ခိုက်မှု။ ၂။လူအများစည်းရုံး၍ အင်အား တစ်ခုခုကို ဆန့်ကျင်မှု။ **~ဖျက်**။ကြိ–၁။တိုက်ခိုက် ဖျက်ဆီးသည်။ ၂။ပပျောက်ကင်းရှင်းအောင် လုပ်သည်။ **~ရာပါပစ္စည်း** /တိုက်ယာဗာပျစ်စီး/ န– ဓားပြ တိုက်ယူထားသော ပစ္စည်း။ **~ရိုက်**/ဒိုက်ယိုက်/ကြိဝိ–တည့်တည့်။ မသွယ်ဝိုက်ဘဲ။ ကြားခံမရှိဘဲ။ **~လေယာဉ်**။န–ရန်သူနှင့် ရန်သူ့လေယာဉ်ကို လက်နက်ဖြင့် တိုက်ခိုက်သော စစ်လေယာဉ်။

တိုက် [၂]ကြိ–ကား၊ လှည်း စသည်ဖြင့် ပစ္စည်းကို သယ်ဆောင်သည်။

တိုက် [၃]န–၁။အုတ်၊ ကျောက်တို့ဖြင့် တည်ဆောက်သော အဆောက်အအုံ။ ၂။ဓာနယ်ဇင်း စသည် ပုံနှိပ်ထုတ်ဝေရာ အဆောက်အအုံ။ ၃။တစ်အုပ် တစ်ချုပ်တည်းအောက်တွင်ရှိသော ရဟန်းကျောင်းအစု။ ၄၊ မြို့နယ် အပိုင်းအခြား တစ်မျိုး။ ၅။နိုင်ငံအများပါဝင်သော ရေမြေအပိုင်းအခြားကြီး။ **~ကတုံး** /တိုက်ဂဒုန်း/န–အမိုးပြားပြန့်သော တိုက်အိမ်။ **~ခံအိမ်**။န–အောက်ထပ်ကို အုတ်ဖြင့်၊ အထက်ထပ်ကို သစ်သားဖြင့် ဆောက်သောအိမ်။ **~ချင်းပစ်ဒုံး**/တိုက်ချင်းဗျစ်ဒုန်း/န–ကမ္ဘာတိုက် တစ်ခုမှ တစ်ခုသို့ လှမ်းပစ်နိုင်သော ဒုံးပျံလက်နက်။ **~တာ**။န–အုတ်၊ ကျောက်တို့ဖြင့် တည်ဆောက်သောအဆောက်အအုံ။ **~ပိတ်**။ကြိ–[ယောင်] အခြားအကျဉ်းသားများနှင့် ရောမထားဘဲတစ်ဦးတည်း အခန်းကျဉ်း၌ ထားသည်။ **~ပန်း**။န–အဖြူရောင် ပန်းရောင်အပွင့်များ ပွင့်သည့် ချုံနွယ်ပင်တစ်မျိုး။ **~ပန်းကန်**/တိုက်ဗဂန်/န–ကြွေပန်းကန် အကောင်းစား တစ်မျိုး။ **~ပုံ**။န–ယောက်ျားဝတ် အပေါ်အင်္ကျီ။ **~အုပ်**။န–ရဟန်းကျောင်းတိုက်တွင် အုပ်ချုပ်မှု တာဝန်ယူရသော ဆရာတော်။

တိုက်ဖွိုက်။န–အူရောင်ငန်းဖျားရောဂါ။ [လိပ်၊ typhoid]

တင် [၁]ကြိ–၁။နိမ့်ရာမှ မြင့်ရာသို့ ပို့သည်။ ၂။မြင့်ရာ၌ ထား၍ ပူဇော်သည်။ ၃။အရာတစ်ခု၏ အပေါ်သို့မဟုတ် ရှေ့တွင် အရာတစ်ခုကို ထားသည်။ ၄၊ လေးကြိုးကို လေးတွင် တပ်ဆင်သည်။ လေးပစ်ရန် လေးကြိုးကို ဆွဲသည်။ ၅။သယ်ဆောင်သည်။ ပို့ဆောင်သည်။ ၆။(ရေနှင့်ပါမသွားဘဲ) ကုန်းတွင် ကျန်ရစ်သည်၊ ကျန်နေသည်။ ၇။ကြွေးကျန် ရစ်သည်။ အပတ်တင်သည်။ "သားသမီး ငါးယောက်တွင် လေးယောက်~။" ၈။အကြွေးရာ စသည်ဖြင့် ရေးမှတ်သည်။ "ကမ္ပည်း~။ မော်ကွန်း~။"

မာတိကာသို့ ▶▶▶

၉၊ လျှောက်ထားပြောဆိုသည်။ တင်ပြသည်။ ၁၀၊အရွယ်မကျဘဲ ရှိသည်။ ၁၁၊ ပစ်ခတ်ရန် ခမောင်းခလုတ်ကို အသင့်ပြင်သည်။ န–ပစ္စည်းထည့်သို၍ ဝန်တင်နွားတို့ ကုန်းပိုးသယ်ဆောင်ရသော ခြင်းတောင်းကြီး။ **~ကူး**/တင်ဂူး/ကြိဝိ–စောစောက ကြိုတင်လျက်။ **~ကျည်း**/တင်ကျီး/ န–၁၊ရိုက်နှက်ရန်တုတ်။ ၂၊ဝန်တင်နွားမြင်းတို့တွင် တင်ချိတ်ဆွဲရာ အချောင်းအတံ။ **~ကြို**၊ကြိဝိ–ကြိုတင်နှင့်အတူတူ။ **~ငိုက်း**၊န–အတင်ငိုက်းနှင့်အတူတူ။ **~စား** /တင်ဇား/ ကြိ–တစ်စုံတစ်ခု၏ အမည်ကို အခြားတစ်စုံတစ်ခု၌တင်၍ ခေါ်ဝေါ် ပြောဆိုသည်။ **~စီး**/တင်ဇီး/ကြိ–စီးပိုးသည်။ အသားယူသည်။ **~ဆက်**၊ကြိ–ရှပ်ရှင်၊ ပြဇာတ် စသည်ဖြင့် ပရိသတ်ကို ပြသဖြေဖျော်သည်။ **~တောင်း**၊ကြိ–သတို့သားဘက်က ငွေကြေးပစ္စည်းပေးအပ်၍ သတို့သမီးကို လက်ထပ်ခွင့်တောင်းခံသည်။ **~ပါ**/တင်ဘာ/စည်း–လူကြီးက ရဟန်းသံဃာနှင့် ပြောဆိုရာတွင် ရှိသေစွာ တုံ့ပြန်သောစကား။ **~ပြ**၊ကြိ–သိသာရန် ရှင်းလင်းဖော်ပြသည်။ **–ပြည့်ကျပ်ပြည့်** /တင်ဖျေ့ကျပ်ဖျေ့/ ကြိဝိ–တင်းပြည့်ကျပ်ပြည့်နှင့်အတူတူ။ **~သွင်း**၊ ကြိ–၁၊ ရှေ့မှောက်သို့ ရောက်အောင် တင်ပြသည်။ ၂၊ကုန်ပစ္စည်း စသည်ကို နိုင်ငံခြားမှ မှာယူသည်။

တင်[2]၊န–ခေါင်နှင့်ခါးဆုံရာ ကိုယ်နောက်ပိုင်း။ **~ပါး** /တင်ဗား/န–တင်၏သားသား။ **~ပါးခွက်**/တင်ဗခွက်/န–တင်ပါးတွင် ချိုင့်ခွက်သော နေရာ။ **~ပါးဆုံ**/တင်ဗဆုန်/န–တင်နစ်ဖက်။ **~ပါးဆွဲ**/တင်ဗဆွဲ/န–တင်ပါးအောက်ပိုင်း အသားစိုင်။ ဖရုံဆွဲ။ ခွေးဆွဲ။ **~ပါးလွှဲထိုင်**/တင်ဗလွှဲထိုင်/ကြိ–တင်ပါးတစ်ဖက်ဖြင့် ဘေးတိုက်ထိုင်သည်။ **~ပျဉ်ခွေ** /တင်ဗျင်ခွေ/ကြိ–ခွေထားသော ခြေတစ်ချောင်းပေါ်သို့ အခြားခြေတစ်ချောင်းကို ခွေ၍ ထပ်တင်သည်။ တင်ပျဉ်ချိတ်သည်။

တင်ကျီး/ခင်ကျီး/န–ရေငုပ်၍ ငါးရှာစားတတ်သော ငှက်နက်။

တစ်ဆုပ္ပတ္တိဉာဏ်/ တင်ခနုတ်ပတ်တိညန် / န–ရုတ်တရက် ပေါ်ပေါက်သောဉာဏ်။ [ပါ၊ တဓ်ဆုပ္ပတ္တိ+ဉာဏ]

တင်ချာ၊န–ထိခိုက်ရှနသော ဒဏ်ရာတွင် ထည့်ရန်ဆေးရည်တစ်မျိုး။ [လိပ်၊ tincture (of iodine)]

တင်ဒါ၊န–ပစ္စည်းပေးသွင်းရန်၊ လုပ်ငန်းဆောင်ရွက်ရန် ကတိစကား ကမ်းလှမ်းသောစာ။ [လိပ်၊ tender]

တင်လဲ၊န–ကြံရည်၊ ထန်းရည် စသည်ကို ချက်၍ ဖြစ်သော အရည်ပျစ်။ [မွန်၊ တင်လာဲ]

တင့်၊**~တယ်**၊ နဝိ– ၁၊ ကြည့်ရှု၍ ကောင်းသော။ ၂၊လျော်ကန်သင့်မြတ်သော။ **~တောင့်တင့်တယ်** /တင့်ခေါင့်တင့်ဒယ်/ကြိဝိ–သင့်တင့်လျောက်ပတ်စွာ။

တင့်ကား၊န–သံကိုယ်ထည်ရှိ၍ သံရိုန်းကြိုးဖြင့် ရွေ့လျားသော စစ်သုံးတိုက်ယာဉ်။ [လိပ်၊ tank+ car]

တင့်ရည်း၊ကြိ–၁၊[ပေါ] ရဲရဲရင့်ရင့် ရည်မှန်းသည်။ ၂၊ အတင့်ရဲသည်။

တင်း[1]၊နဝိ–ကြိုး၊ အရေပြားစသည် မာတောင့်သော။ မလျော့ရဲသော။ ကြိ–၁၊ရိုန်ခွင်လျှာ တည့်မတ်အောင် အလေးပြည့်ဖွက်ပေးသည်။ ၂၊ လျှော့နည်းသည်။ "မူး ~ ပဲ ~။" ၃၊အလျှော့မပေးဘဲ နေသည်။ တောင့်ခံသည်။ **~ကျမ်း**/ ခင်းဂျန်း/ကြိဝိ–တစ်ပြင်လုံး အပြည့်အလျှံ။ **~တင်း**/တင်းခင်း/ကြိဝိ–၁၊မာမာတောင့်တောင့်။ ခိုင်ခိုင်မြဲမြဲ။ ၂၊ ပြည့်ပြည့်ဝဝ။ "အသက် ဆယ်နှစ် ~ပြည့်ခဲ့ပြီ။" **~တင်းရင်းရင်း**/တင်းခင်းယင်းယင်း/ကြိဝိ–တောင့်တောင့်မာမာ။ ပြည့်ပြည့်ဖြိုးဖြိုး။ **~တိပ်**/တင်းဒိတ်/န–မျက်နှာပေါ်တွင် ဖြစ်ပေါ်သော ညို မည်းသောအပြောက်။ **~တိမ်**၊ကြိ–ရောင့်ရဲသည်။ ကျေနပ်သည်။ **~တိမ်** /တင်းဒိန်/န–ကာရန်၊ မြဲရန်အတွက် ချုပ်ထားသော အထည်။ **~ပုတ်**/တင်းဗုတ်/ န–ထုနက် ရိုက်ပုတ်ရာ၌ သုံးသော လက်နက် တစ်မျိုး။ **~မာ**၊ နဝိ–တောင့်တင်းခိုင်မာသော။ ကြိ–တစ်ဖက်နှင့်တစ်ဖက် လိုက်လျောလိုစိတ် မရှိ ဖြစ်သည်။ **~ဝါး**၊ န–ကောက်ညှင်း ကျည်တောက်၊ ထီးရိုး၊ တင်းတောင်း စသည် လုပ်ရသော ဝါး။

တင်း[2]၊န–၁၊တစ်ဆယ့်ခြောက်ပြည်ပမာဏ။ ၂၊ တင်းတောင်း။ **~စဉ်းလဲ**၊န–စံမမီသော တင်း။ **~တောင်း** /တင်းခေါင်း/န–တစ်တင်း ဝင်သော တောင်း။ **~ပြည့်ကျပ်ပြည့်**/တင်းဖျေ့ကျပ်ဖျေ့/ကြိဝိ–အပြည့်အဝ။

တင်းကုပ်/တင်းဂုတ်/န–တဲငယ်။

တင်းလင်း၊ကြိဝိ–[ရှေး]တန်းလန်း။

တောင်[1]၊န–မိုးမောက်မြင့်မားစွာ ဖြစ်တည်နေသော မြေထု။ **~ကလပ်**၊န–ကလပ်ပုံသဏ္ဌာန်ဖြစ်နေသော တောင်။ **~ကုန်း**/ တောင်ဂုန်း/ န–တောင်နိမ့် တောင်ငယ်။ **~ခြောင်း**/တောင်ချောင်း/န–တောင်၏ ဆင်ခြေလျှောအရပ်။ **~စဉ်**/တောင်ဇင်/န–ဖက်ရွက်ကို ပစ္စည်းထုပ်ရာတွင် သုံးသော အပင်တစ်မျိုး။ **~စဉ်ခုနစ်ထပ်**/–ခွန်နထတ်/န–မြင်းမိုရ်တောင်ကို ဝန်းရံနေသော တောင်ကြီးခုနစ်တောင်။ (၁၊ယုဂန္ဓရ တောင် ၂၊ ဣသန္ဓရ တောင် ၃၊ ကရဝိကတောင်

မာတိကာသို့ ▶▶▶

၄၊ သုဒဿနတောင် ၅၊ နေမိန္ဓရတောင် ၆၊ ဝိနတက တောင် ၇၊ အဿ ကဏ္ဏတောင်ဟူ၍ အတွင်းမှ အပြင်သို့ အစဉ်လိုက် ဝန်းရံသည်။) **~စဉ်ရေမရ** /-ယေမယာ့/ကြိဝိ-အကျိုးမရှိ အချည်းနှီး။ ရောက်တတ်ရာရာ။ **~စလယ်**၊နှ-တောင်ပေါ်ဒေသ တွင် ပေါက်လေ့ရှိသော အပွင့်အဖြူ သို့မဟုတ် အနီပွင့်သည့် အပင်ကြီး တစ်မျိုး။ **~တလည်း** /တောင်တလဲ/နှ-အဝါရောင် အရောင်တင်ဆေး ထုတ်လုပ်နိုင်သော ပင်စောက်တစ်မျိုး။ **~တံပြက်** /တောင်ဒချက်/နှ-တောင်ကျ ရေတံခွန်။ **~တန်း သား**/တောင်ဒန်းသွား/နှ-တောင်တန်းဒေသတွင် နေသောသူ။ တောင်ပေါ်သား။ **~ထိပ်ပန်း**၊နှ- အထက်မြန်မာပြည်တွင် စိုက်ပျိုးသော မျိုးကောင်း စပါးတစ်မျိုး။ **~နှာမောင်း**/တောင်နမောင်း/နှ- တောင်ကြော၏ နိမ့်ရှိုင်း လျှောဆင်းသွားသော အပိုင်း။ **~ပူစာ**/တောင်ဗူဇာ/နှ-တောင်ကုန်းငယ်။ **~ပို့**/တောင်ဗို့/နှ-မိုမောက် နေသော မြေအစုအပုံ။ **~ပိန္နဲ**/တောင်ပိန်းနဲ/နှ-အသားကို လျှော်၊ လှည်းဘီး စသည် လုပ်ရသော ပိန္နဲမျိုးဝင် သစ်ပင်ကြီး တစ်မျိုး။ **~ပုံရာပုံ**/တောင်ပုန်ရာဗုန်/ကြိဝိ-ထောင်ပုံ ရာပုံ နှင့်အတူတူ။ **~ပြုန်းပွဲ**/တောင်ဖျုန်းပွဲ/နှ- ရှေမျဉ်းကြီး ရှေမျဉ်းငယ် နတ်ညီနောင်ကို အကြောင်းပြု၍ နှစ်စဉ် ဝါခေါင်လတွင် တောင်ပြုန်း ရွာ၌ ကျင်းပသော နတ်ပွဲ။ **~မည်းအုပ်**၊နှ- ခြောက်လျှင် မည်းသွားသော ခါးသော အစေးဖြူ ထွက်၍ အစေးနှင့်အခေါက် ဆေးဖက်ဝင်သော သစ်ပင်ကြီး။ (ဆေးခါးကြီး၊ တောင်မုရိုး၊ လက်ထုတ်၊ သင်ပုန်း ဟူ၍လည်း ခေါ်သည်။) **~ယာ**၊နှ-တောင်စောင်း ကုန်းတန်းတို့တွင် ခုတ်ထွင် ၍ ကောက်ပဲသီးနှံစိုက်ရာ မြေ။ **~ရိုး**၊နှ-ရှေးကျသော မြန်မာစကားကို ပြောသော မြန်မာတိုင်းရင်းသား တစ်မျိုး။ (ရှမ်းပြည်နယ် တောင်ပိုင်းတွင် နေထိုင် သည်။) **~သူ**/တောင်သူ/နှ-၁၊နှမ်း၊ ပဲ၊ ပြောင်း၊ ဝါ စသည်စိုက်ပျိုးသူ။ ၂၊ ပအိုဝ်လူမျိုးကိုခေါ်သော အမည်တစ်မျိုး။ **~သူကြီး** /-ကြီး/နှ- ယာသမား။ **~သူယာခုတ်**/-ယာခုတ်/နှ-ယှဉ်ပြိုင် ပြောဆိုရာ တွင် သာမညဖြစ်သော စကားကို ဦးစွာပြောပြီးမှ အဓိကကျသော စကားဖြင့် ဖိ၍အနိုင်ယူ ပြောဆို သော စကားပြောနည်း။ **~သူလယ်သမား** /- လယ်သမား/နှ-လယ်ယာ ကိုင်းကျွန်း လုပ်ကိုင်သူ။

တောင်[၂]၊ နှ- နေထွက်ရာကို မျက်နှာမူသူ၏ လက်ယာ ဘက် အရပ်။ **~ကျွန်း**၊နှ-[ကျမ်းဂန်] မြင်းမိုရ်တောင် ၏ တောင်ဘက်တွင် ရှိ၍ ကျွန်းဦး၌ ဇမ္ဗုသပြေပင် ပေါက်ရာကျွန်း။ ဇမ္ဗူဒီပ။ (သုံးထောင့်ပုံရှိ၍ ယုဇနာတစ်သောင်း ကျယ်ဝန်းသည်။) **~ညာစံ** /တောင်ညာဇန်/နှ-တောင်နန်းစံ မိဖုရားခေါင်ကြီး။ **~တောင်ရေရေ၊ ~တောင်ဤဤ**၊ ကြိဝိ-ထိုထို ဤဤ။ ရောက်တတ်ရာရာ။ **~နန်း**၊နှ-မိဖုရား ခေါင်ကြီး စံရာနန်း။ **~မြှန်**/တောင်ဗျန်/နှ- ကောက်ကြီးစပါးတစ်မျိုး။ **~မြှန်လေ**/-လေ/နှ- တောင်ဘက်အရပ်မှ ပြန်၍ တိုက်ခတ်သော လေ။ **~မကျမြောက်မကျ**၊ကြိဝိ-စကောစက။ ဟိုမရောက် သည်မရောက်။ **~ရောက်မြောက်ရောက်**၊ ကြိဝိ- အစီအစဉ်မရှိဘဲ။ ရောက်တာဘ်ရာရာ။

တောင်[၃]၊ကြိ-တံတောင်ဖြင့် တိုင်းတာသည်။ နှ- တံတောင်ဆစ်မှ လက်ခလယ်အဖျားထိ အတိုင်း အတာ။ ပကတိအတောင်။ ၁၈" ရှိသည့် အတိုင်း အတာ။ (ဆင်တောင်၊ သံတောင်လည်းရှု) **~ဆုပ်** /တောင်ဇုတ်/နှ-တံတောင်ဆစ်မှ ဆုပ်ထားသော လက်သီးထိပ်အထိဖြစ်သော အတိုင်းအတာ။ **~ရှည်ပုဆိုး**/တောင်ယှေပဆိုး/နှ-အတောင် ၂၀ရှိ ယောကျ်ားဝတ်ပုဆိုးရှည်။

တောင်[၄]၊ကြိ-ခက်မာတောင့်တင်းသည်။ **~ပံ**/တောင် ဗန်/နှ-၁၊ကြက်၊ ငှက်စသည်တို့ ပျံရာတွင် အသုံးပြု သည့် အင်္ဂါအစိတ်အပိုင်း။ ၂၊[ဥပစာ]ပင်မ၏ လက်ဝဲဘက် သို့မဟုတ် လက်ယာဘက် အစု။ “ဘယ်~။ ညာ~။” ၃၊လေယာဉ်၏ ကိုယ်ထည် ဘေးရှိ အတောင်ကဲ့သို့သော အရာ။ **~ဘီးမွေး** /တောင်ဗီးမွှေး/နှ-အမောက်ကား၍ နှုတ်သီးချွန်းသော ငှက်တစ်မျိုး။ **~မွေး**/တောင်မွေး/နှ-အားပြု ကိုင်ဆောင်ရသော တုတ်။

တောင်[၅]၊စည်း-[အပြော] ပုဒ်တို့ကို လေးနက်စေသော စကားလုံး။ ပင်လျှင်။

တောင်တန်ကတိုး/တောင်ဒန်ဂဒိုး/နှ-မွှေးသော အနှစ် ရှိသည့် သစ်ပင်တစ်မျိုး။

တောင်တန်ကြီး/တောင်ဒန်ဂျီး/နှ-မွှေးသော အသား ရှိသည့် သစ်ပင်တစ်မျိုး။

တောင့်[၁]၊နဝိ-၁၊သန်မာသော။ အလွယ်တကူ မခေါက် မကွေးသော။ ၂၊(ကိုယ်လက်အင်္ဂါ) ညောင်းညာ တင်းမာသော။ ၃၊(ငွေကြေး၊ လက်နက်၊ လူအင်အား စသည်) ပြည့်စုံသော။ **~ခံ**၊ကြိ-အလျှော့မပေးဘဲ ရပ်တည်နေသည်။

တောင့်[၂]၊နှ-(မြားစသည်ထည့်ရန်) ဝါးနှီး စသည်ဖြင့် ရက်လုပ်ထားသော ကျည်တောက်။ **~တ**/တောင့် ဒါ့/ကြိ-အလိုရှိသည်။

တောင့်တဲစာ/ဒေါင့်ဒဲဇာ/နှ-တောက်တဲ့စာဟုလည်း ခေါ်သော အပင်တစ်မျိုး။

တောင့်တဲတွန့်ရတု /ဒေါင့်ဒဲဒွန့်ယဒု/ နှ- [စာပေ]

လေးလုံးတစ်ပိုဒ်၊ ငါးလုံးတစ်ပိုဒ် တစ်လှည့်စီ စပ်သော ရတု။

တောင်း[၁]၊ ကြိ–ပေးရန်ပြောသည်။ ~ခံ၊ကြိ–၁၊ပေးရန်ပြောသည်။ ၂၊(အခွန်တော်၊ ကြွေး စသည်ကို) လိုက်လံယူသည်။ ~ပန်/တောင်းဗန်/ကြိ–၁၊အပြစ်မှ ခွင့်လွှတ်ရန်ပြောသည်။ ၂၊တစ်စုံတစ်ရာ ပြုလုပ်ပေးရန် မေတ္တာရပ်ခံသည်။ ~ရမ်း၊ ကြိ–၁၊တောင်းသည်။ ၂၊ ဆော့စပ်ကြောင်းလမ်းသည်။

တောင်း[၂]၊နဝိ–တိုသော။

တောင်း[၃]၊ န– ဝါးနှီးစသည်ဖြင့် ရက်လုပ်သော ထည့်စရာ။ ~စဉ်းလဲ၊န–စံမမီသော တောင်း။

တောင်း[၄]၊စည်း–ကြိယာကို အလွန်အထူးအနက်ဖြင့် ထောက်ပံ့သော စကားလုံး။ "ရခဲပေ ~။"

တိုင်၊ကြိ–၁၊အကြောင်းကြားသည်။ ၂၊အခွင့် တောင်းသည်။ ၃၊မကျေနပ်ချက်ကို လူကြီးအား ပြောသည်။ ၄၊အမှုအခင်းကိုအာဏာပိုင်ထံတွင် အစီရင်ခံသည်။ ၅၊အခြားသူလိုက်ဆိုရန် အစချီပေးသည်။ ၆၊ ရောက်ရှိသည်။ "ငါးလ ~ပြီ။" န–၁၊အဆောက်အအုံ တည်ဆောက်ရာတွင် ရက်မနှင့် ထုပ်တန်းများကို ထမ်းဆောင်ရန် စိုက်ထူရသော သစ်၊ ဝါး၊ အုတ် စသည်တို့ဖြင့် လုပ်ဆောင်သည့် အချောင်းအတံ။ သီးခြားစိုက်ထူသော အချောင်းအတံ။ ၂၊တာပေါင်း၁၀၀၀ရှိသော အကွာအဝေး။ (နှစ်မိုင်ခန့်နှင့် ညီမျှသည်။) ~ကြား၊ကြိ–၁၊အထက်လူကြီးကို ပြောပြသည်။ အစီရင်ခံသည်။ သတင်းပေးသည်။ ၂၊အခွင့်တောင်းသည်။ ~ချက်ဖွင့်/တိုင်ဂျက်ဖွင့်/ကြိ–သက်ဆိုင်ရာ ပုဒ်မတပ်၍ အမှုအခင်းအဖြစ် လက်ခံသည်။ ~ချည်/တိုင်ဂျီ/န–ရက်ကန်းစင်တွင် အလျားလိုက် တန်းထားသော ချည်။ (ဖောက်ချည်လည်းရှု) ~တော၊ကြိ–လူကြီးကို တိုင်တန်းပြောကြားသည်။ ~တိုင်/တိုင်ဒိုင်/ဝိ–ဆက်တိုက်ဖြစ်ကြောင်းပြသော စကားလုံး။ "ငါးကြိမ်~။" ~တည်/တိုင်တီ၊ တိုင်တယ်/ကြိ–သက်သေအဖြစ်ထား၍ တိုင်တန်းသည်။ ~တန်း/တိုင်ဒန်း/ကြိ–၁၊မကျေနပ်ချက်ကို လူကြီးစသည်တို့အား ပြောကြားသည်။ ၂၊အမှုအခင်း ရှိ၍ အာဏာပိုင်ထံတွင် အစီရင်ခံသည်။ ~ပင် /တိုင်ဗင်/ ကြိ– ၁၊ အတွေးအကြံအယူအဆတို့ကို ညှိနှိုင်းနီးနှောသည်။ ၂၊အကြံဉာဏ်တောင်းသည်။ ~ဖူး/တိုင်ဖူး/န–တိုင်၏အထွတ်။ ပြာသာဒ်တွင် ထီးအစားစိုက်ထူရသော အထွတ်။ ~သံ/တိုင်သုန်/န–အက်၊ အောက်၊ အိုက်၊ အစ်၊ အတ်၊ အိတ်၊ အုတ်၊ အပ်၊ အိပ်၊ အုပ်ဟူသော အသံ၁၀မျိုး။

တိုင်ကီ၊န–သတ္တုစည်ကြီး။ [ဟိန္ဒူ၊ tanki]

တိုင်း[၁]၊~ထွာ၊ ကြိ–၁၊စံတစ်ခုခုဖြင့်ယှဉ်၍ အတိုင်းအတာကို သိအောင်လုပ်သည်။ ၂၊နှိုင်းနှိုင်း ဆဲရေးသည်။

တိုင်း[၂]၊ စည်း– တစ်ခုစီတစ်ခုစီ အားလုံးဟူသော အနက်ကိုပြသည့် စကားလုံး။ "မြို့~။" သမ်–၁၊အကြိမ်ကြိမ်ဟူသော အနက်ဖြင့် ဆက်စပ်ပေးသော စကားလုံး။ "အမေလာ~မုန့်ပါ–။" ၂၊(သည့်) အတိုင်း၊ (သည့်)အညီဟူသော အနက်ဖြင့် ဆက်စပ်ပေးသော စကားလုံး။ "ဟုတ်~ မှန်ရာပြောပါ။"

တိုင်း[၃]၊န–၁၊နိုင်ငံရှိနယ်ပယ်ကြီးတစ်ခု။ ၂၊နိုင်ငံ။ ~ကျွတ်/တိုင်းဂျွတ်/န–တိုင်းပြည်ကြီးအကြားတွင် တည်ရှိသော တိုင်းငယ် ပြည်ငယ်။ ~ခန်းလှည့်/တိုင်းဂန်းလှဲ့/ကြိ–တိုင်းနိုင်ငံတွင် ဘုရင်၊ အကြီးအကဲတို့ လှည့်လည်ကြွမြန်းသည်။ ~ချေပြည်မြှစ်/တိုင်းချေပျီမျှစ်/န–တိုင်းပြည်၏ အားထားမှီခိုရာ။ ~စွန်ပြည်နား/တိုင်းဇွန်ပျီနား/န–တိုင်းပြည် အစွန်းအနားအရပ်ဒေသ။ ~ပြည်၊န–ဘုရင် တစ်ဦးတည်းသို့မဟုတ် အစိုးရတစ်ဖွဲ့တည်း၏ အုပ်ချုပ်မှုအောက်တွင် တည်ရှိသော နယ်မြေ အပိုင်းအခြား။ ~ရင်းသား/တိုင်းယင်းသား/န–မိမိဘိုးဘွား အစဉ်အဆက် နေထိုင်လာသည့် တိုင်းပြည်တွင် မွေးဖွား နေထိုင်သူ။ ~သူပြည်သား/တိုင်းသူ့ပျီသား/န–တိုင်းပြည်ကို မှီတင်းနေထိုင်သူ။ ပြည်သူလူထု။

တိုင်း[၄]၊န–ရှမ်းလူမျိုး။ [ရှမ်း၊ တိုင်း]

တစ်[၁]၊ကြိ–သား၊ ငါး စသည်ကို အတုံးငယ်များ အဖြစ်ဖြတ်တောက်သည်။ ~တစ်စွစွ/တစ်တစ်ဇွဇွ/ကြိဝိ– ပက်ပက်စက်စက် ပြောင်ပြောင်ရှင်းရှင်း။ ~တစ်ရစ်ရစ်၊ကြိဝိ–ပြည့်ပြည့်ဖြိုးဖြိုး။ ကျစ်ကျစ်လျစ်လျစ်။

တစ်[၂]၊ကြိ–ဆို့နေသည်။ ထစ်နေသည်။ ~လစ်၊ ကြိဝိ–တစ်နေလျက်။

တစ်[၃]၊န–ဂဏန်းတွင် အငယ်ဆုံး။ ၁။ ~ကောင်ကြွက်/ဒဂေါင်ဂျွက်/ န–မိဘဆွေမျိုးမရှိတော့သောသူ။ ~ကောင်တစ်မြီး/ဒဂေါင်တမျိး/န–တစ်ကောင်တလေ။ တစ်ယောက်တလေ။ ~ကိုယ်ကောင်း/ဒကိုဂေါင်း/ကြိဝိ–မိမိတစ်ဦးတည်း ကောင်းစားရေးအတွက်။ ~ကိုယ်တော်/ဒကိုဒေါ်/န–တစ်ယောက်ထီးတည်း။ ~ကိုယ်ရေတစ်ကာယ /ဒကိုယေဒဂါယာ/န–အိမ်ထောင်မရှိဘဲ တစ်ယောက်ထီးတည်း။ ~ကျုံ့တည်း/ဒဂျုန့်ဒီး/ကြိဝိ–ပြေပြစ်ညီညွတ်စွာ။ ~ ကျိတ်တည်းတစ်ဉာဏ်တည်း / ဒကျိတ်ထဲတညန်ဒဲ/ကြိဝိ–(မကောင်းမှု၌) စိတ်တူသဘောတူ (ပြုလုပ်သည်)။ ~ကြော/ဒကျော/န–တစ်လျှောက်။ ~ကြိုးတည်း /ဒကျိုးဒဲ(ဒီး)/ ကြိဝိ– တစ်ဆက်

မာတိကာသို့ ▶▶▶

တည်း။ **~ကျွန်း** /ဒကျွန်း/ န–၁၊ ပင်လယ်ရပ်ခြား ကိုင်းတစ်ပါး။ ၂၊ထောင်ဒဏ်တစ်သက် ကျခံသူ တို့ကို ထားရာအရပ်။ **~ခဏချင်း**/တခနာ့ဂျင်း/ ကြိုဝိ–ချက်ချင်း။ **~ခါတလေ**/တခါတလေ/ကြိုဝိ– အမြဲ မဟုတ် အခန့်သင့်သည့်အခါ။ **~ခါတစ်ခါ** /တခါတခါ/ကြိုဝိ–အမြဲမဟုတ် ရံဖန်ရံခါ။ တစ်ခါ တစ်ရံ။ **~ခါတည်း**/တခါဒီး(ဒဲ)/ကြိုဝိ–[အပြော] တစ်ဆက်တည်း၊ တစ်လက်စတည်း။ **~ခုလပ်** /ကခုလက်/ န–တစ်လင်ကွာ မိန်းမ။ **~ခဲနက်** /တခဲနက်/ကြိုဝိ–တစုတခဲ တစ်ပြိုင်တည်း။ **~ခေါ်**/တခေါ်/န–လှမ်း၍ခေါ်သော် ကြားနိုင် လောက်သော အကွာအဝေး။ **~ခို**/တခို/န တစ်ဝန်း တစ်ဝိုက်။ **~ခေါက် တစ်ကျင်း**/တခေါက်ဒကျင်း/ ကြိုဝိ–တစ်ကြိမ်တစ်ခါ၊ **~ခန်းရပ်ပြဇာတ်**/တခန်း ယတ်ပျာဇတ်/န–ဇာတ်ခန်း တစ်ခန်းသာရှိသော ပြဇာတ်တို။ **~ချိုးတည်း** /တချိုးဒီး(ဒဲ)/ကြိုဝိ– တစ်မျိုးတည်း။ တစ်ပုံစံတည်း။ **~ချက်စည်း** /ကချက်စီး/န–[ဂီတ] စည်းတစ်ချက်၊ ဝါးတစ်ချက် တီးရသော စည်းဝါး။ **~ချက်လွှတ်** /တချက်လွှတ်/ ကြိုဝိ– ပြန်လည် ရုပ်သိမ်းခြင်း ပြောင်းလဲခြင်းမရှိဘဲ။ **~ချောင်းငင်** /တချောင်းငင်/န–အုသရှည်အတွက် ဗျည်းအက္ခရာ အောက်တွင် ရေးသော သင်္ကေတ။ (ု)။ **~ချောင်း ပုဒ်**/တချောင်းဗုတ်/န–စာအဖြတ် အတောက် အရပ်အနားအတွက် ရေးမှတ်သော မျဉ်းမက်ကို တစ်ချောင်း။ **~ခွင်**/တခွင်/န– တစ်ဝန်းတစ်ဝိုက်။ **~ခွင်တစ်ပြင်** /တခွင်ဒပျင်/ န–ပတ်ဝန်းကျင် အနှံ့အပြား။ **~ဇတစ်စ**/ဒဇာ့ဒဇ/ ကြိုဝိ–နည်းနည်းချင်း။ တဖြည်းဖြည်း။ **~စင် ထောင်** /ဒဇင်ထောင်/ ကြို– [ဥပစာ] သီးခြား ခွဲ ထွက်၍ အပြိုင်ပြုမှု လုပ်ကိုင်သည်။ **~စိတ် တစ်ဒေသ** /ဒဇိတ်ဒဒေသာ/ န– အားလုံးထဲမှ အနည်းငယ်။ အချို့။ **~ စိတ် တစ်ဝမ်းတည်း** /ဒဇိတ်တဝန်းဒဲ/ကြိုဝိ–သဘောချင်းထပ်တူထပ်မျှ။ စိတ်တူသဘောတူ၊ **~စုံတစ်ယောက်**/ဒဇုန် တယောက်/ နစ–တပ်အပ်သေချာ မဆိုလိုသောသူ။ တစ်စုံတစ်ဦး။ **~စုံတစ်ရာ** /ဒဇုန်တယာ/ နစ– တပ်အပ်သေချာ မသိသောအရာ။ တစ်စုံတစ်ခု။ **~စွန်းတစ်စ** /ဒဇွန်းဒဇာ့/ န–အနည်းငယ်မျှ။ **~ဆက်တည်း** /တဆက်တီး(ဒဲ)/ ကြိုဝိ– အဆက် မပြတ်။ တောက်လျှောက်။ **~ဆင့်**/တဆင့်/ ကြိုဝိ–တိုက်ရိုက်မဟုတ်ဘဲ။ **~ဆိတ်** /တဆိတ်/ န–အနည်းငယ်။/စည်း–[အပြော] ကျေးဇူးပြုစေ လိုသော သဘောဖြင့် အယဉ်အကျေး သုံးသော စကားလုံး။ **~ဆွေ့ရုန်** /တဆွေ့ဂုန်/ န– ထိလျှင် တစ်ဆွေ့သာ ခုန်နိုင် လောက်အောင် ပြင်းသော မြားဆိပ်။ **~ဖွတ်ထိုး** /ဒဖွတ်ထိုး/ကြိုဝိ–မဆင်မခြင် မဆုတ်မဆိုင်းဘဲ။ တိုက်ရှူးထိုး။ **~တရားခံ**/ဘတ် တယခန်/န–အပြစ် တစ်ခုခု ကျူးလွန်ရာ၌ အဓိက အကျဆုံး ဖြစ်သူ။ **~တိတစ်တိ** /ဒဒိဒဒိ/ ကြိုဝိ– တစ်စတစ်စ (ယုတ်လျော့သည်)။ **~တန်** /ဒဒန်/ န–တစ်မျိုး။ တစ်ပုံ။ တစ်နည်း။ "လော့~၊ လှည်း~။" **~တပ်တစ်အား**/ဒဒတ်တအား/ ကြိုဝိ– အစုအဝေး၊ အလုံးအရင်းတွင် မိမိစွမ်းဆောင်နိုင်သည့် ဘက်မှ (ပါဝင်သည်)။ **~တုံးထွန်** /ဒဒုန်းဒွန်/ န–ထွန်တစ်တုံး၊ နွားတစ်ရှဉ်းဖြင့် ထွန်ယက် စိုက်ပျိုးနိုင်သော လယ်ယာမြေ။ **~တွေ** /ဒဒွေ/ န–တစ်စု။ တစ်အုပ်။ "တို့ ~။" **~ထောက်နား** / တထောက်နား/ ကြို–တစ်ကြိမ်တစ်ခါ ရပ်နား သည်။ **~ထိုင်တည်း** /တထိုင်ဒဲ/ကြိုဝိ–တစ်ကြိမ် ထိုင်နေစဉ် အတွင်း။ **~ထပ်တည်း**/တထတ်ထဲ/ ကြိုဝိ–တစ်မျိုးတည်း။ တစ်ပုံစံတည်း။ **~နေကုန်** /တနေဂုန်/ ကြိုဝိ–တစ်နေ့လုံး။ နေထွက်မှ နေဝင်အထိ။ **~နေကုန် တစ်နေခန်း** /–တနေဂန်း/ ကြိုဝိ– တစ်နေကုန်။ **~နေ့က** /တနေ့ဂ/ ကြိုဝိ– ၁၊ မနေ့က အလျင် ဖြစ်သောနေ့။ ၂၊ မကြာသေးမီ တစ်နေ့နေ့။ **~နေ့ တခြား**/တနေ့တချား/ကြိုဝိ– တစ်နေ့ထက် တစ်နေ့။ **~နိုင်**/တနိုင်/ ကြိုဝိ–လူ တစ်ယောက် စွမ်းဆောင်နိုင် သမျှ။ **~နည်းတစ်ဖုံ** /တနည်းတဖုန်/ကြိုဝိ–တစ်နည်းအားဖြင့်။ တစ်နည်း တစ်လမ်း။ တစ်ပေါက်တစ်လမ်း။ တစ်ဖက် တစ် လမ်း။ **~နပ်စားဉာဏ်**/တနတ်စားညန်/န–ရေရှည် မကြည့်ဘဲ လက်ငင်း အကျိုးအမြတ် ရရှိရုံသာ ကြည့်တတ်သော အသိဉာဏ်။ **~နှစ်အံကျ**/တစ်နှစ် အန်ဂျာ့/ကြိုဝိ–ဂဃနဏ။ သေသေချာချာ။ **~ပါ တည်း** /ဒဗာဒဲ/ ကြိုဝိ– အတူတကွ။ **~ပေါက်** /ဒဗောက်/န–[ဂီတ] ၁၊ အသံခုနစ်ပါးတွင် အဓိက အသံ။ ၂၊ ယင်း အသံဖြင့် မူတည်သည့် သံစဉ်။ သံမှန်။ ပုလဲ။ **~ပင်တိုင်**/ဒဗင်ဒိုင်/န–တစ်ယောက် ထီးတည်း။ တစ်ခုထီးတည်း။ **~ပိုင်းကြောင်**/ဒဗိုင်း ကျောင်/န–အပြည့်ထိုးမထားသော ထိုးကွင်း မင် ကြောင်။ /ကြိုဝိ–[ဥပစာ]မပြည့်မစုံ။ **~ပိုင်းတစ်စ** /ဒဗိုင်းဒဇာ့/န–မပြည့်မစုံဖြစ်ခြင်း။ အပြည့်အစုံ မဟုတ်သော အရာ။ တစ်ပိုင်းတစ်ပဲ့။ တစ်ပိုင်း တစ်ပျက်။ တစ်ပက်တစ်ပျက်။ **~ပိုင်းသေ**/ဒဗိုင်း သေ/ကြို–[ဥပစာ] ဆန္ဒ အလွန်ပြင်းပြသည်။ **~ပတ်ကျော့**/ဒဗတ်ကျော့/ ကြို– တစ်ကြိမ်တစ်ဖန် ထပ်၍ လုပ်သည်။ **~ပတ်နှမ်း**/ဒဗတ်နှမ်း/န– တစ်ပတ်ရစ် နှင့်အတူတူ၊ **~ပတ်ရိုက်**/ဒဗတ်ယိုက်/

မှာတိကာသို ▶▶▶

http://www.lknt11.com

ကြိ– မလိမ့်တပတ်လုပ်သည်။ ~ပတ်ရစ်/ဒပတ်ယစ်/န–အသင့်အဟင့် သုံးစွဲပြီးသော အခြေအနေ။ ~ပတ်လိမ့်/ဒပတ်လှိန့်/ကြိ–[ဥပစာ] တစ်ပတ်ရိုက်သည်။ ~ပတ်လျှို /ဒပတ်ယှို/န–ဆံပင်ကို စုကိုင်၍လက်တွင် တစ်ပတ်ရစ်ပြီး ဆံမြိတ်ကို ဆွဲထုတ်၍ ထုံးသော ဆံထုံး။ ~ပန်းရှုံး/ဒပန်းယှုန်း/ကြိ– (ယှဉ်ရာတွင်) တစ်ဖက်ဖက်၌ အစကပင် အားနည်းချက် တစ်စုံတစ်ရာရှိသည်။ ~ပန်းသာ/ဒပန်းသာ/ ကြိ–(ယှဉ်ရာတွင်) ဘစ်ဖက်ဖက်၌ အစကပင် အားသာချက် တစ်စုံတစ်ရာရှိသည်။ ~ပုံတစ်ခေါင်း /ဒပုန်ဗာခေါင်း/ န– အများကြီး။ တစ်ပြုံကစ်ခေါင်း။ ~ပြားသား /ဒဗျားသား/န– အနည်းငယ်။ ~ပြေးတည်း /ဒပြေးဒဲ/န–တစ်ညိတည်း။ ~ဖြိုင်နက် /ဒဗျိုင်နက်/ကြိဝိ–တစ်ချိန်တည်း။ တစ်ချက်တည်း။ ~ပွဲတိုး/ဒပွဲဒိုး/န–တစ်ခါသာ အကျိုးရှိသောအရာ။ ~ပွဲတစ်လမ်း /ဒပွဲတလန်း/န–တစ်ခါ။ တစ်ချီ။ ~ဖူနာ/တဖူနာ/ကြိ–ရသင့်ရသိုက်သောအကျိုး တစ်ကြိမ်နစ်နာသွားသည်။ ~ဖက်ကမ်းခပ်/တဖက်ကန်းခတ်/ကြိ–(ပညာတစ်ရပ်တွင်) အပြီးပိုင် ဘတ်ကျွမ်းသည်။ ~ဖက်စီးနင်း / တဖက်စီးနင်း/ ကြိဝိ–တစ်ဖက်ဖက်ကို နစ်နာစေလျက်။ ~ဖက်ဆောင်းနင်း /တဖက်ဆောင်းနင်း/ ကြိဝိ– တစ်ဖက်နှင့်တစ်ဖက်မညီမျှဘဲ။ ~ဖက်ဆည်ကန် /တဖက်ဆယ်ကန်/န–လျှိုတစ်ဖက်တွင် မြေဖို့၍ ဆည်ထားသော ရေကန်။ ~ဖက်တစ်ချက်/တဖက်တချက်/န–တစ်စုံ တစ်ခု၏ ပဲဘက်နှင့် ယာဘက်။ ~ဖက်ယပ်တဲ/တဖက်ယတ်တဲ/ န–တစ်ဖက်ဆောင်း အမိုးရှိသော တဲ။ ~ဖက်လှည့်/တဖက်လှဲ့/န–တစ်နည်းတစ်လမ်း သွယ်ဝိုက်သော နည်းပရိယာယ်။ ~ဖက်သား /တဖက်သား/ န–သူတစ်ပါး။ အခြားသူ။ ~ဖက်သတ်/တဖက်သတ်/ကြိဝိ–တစ်ဖက်တည်းကသာ။ ~ဖန် /တဖန်/ ကြိဝိ– နောက်တစ်ကြိမ်။ ထပ်၍။ ~ဖြစ်လဲ/တဖျစ်လဲ/ကြိ–ဘဝအဖြစ် တစ်မျိုးတစ်ဖုံ ပြောင်းလဲသည်။ ~ဖြတ်တည်း/တဖျတ်ထဲ/ကြိဝိ–တစ်မျိုးတည်း။ ~ဘီးလှိမ့်/ဒဗိန်းလှိန့်/ကြိဝိ–[ဥပစာ] တစ်ဖက်သတ်။ ~မဟုတ်ချင်း/တမဟုတ်ချင်း/ ကြိဝိ–တစ်ခဏချင်း။ [မြန်၊ တစ်+ပါ၊မုဟုတ္တ+မြန်၊ချင်း] ~မျိုးတမည် /တမျိုးတမျိ/ ကြိဝိ–တစ်မျိုးအားဖြင့်။ ~မြုတစ်မ/တမျုန်တမာ/ကြိဝိ–အစုလိုက် အအုပ်လိုက်။ ~မှေး/တမှေး/န–အခိုက်အတန့်မျှ အိပ်ပျော်ခြင်း။ ~မှောင့်/န–အနှောင့်အယှက်တစ်ခု။ ~မျှော်တစ်ခေါ်/တမျှော်တခေါ်/ ကြိဝိ–မျက်စိ တစ်ဆုံး။

ဝေးဝေးလံလံ။ ~ယီ/တယိ/န–[ရက်ကန်း] ချည်မျှင် လေးပင်။ ~ယီစည်း/တယိစီး/န–[ရက်ကန်း] ချည်မျှင် လေးပင်ပူးကာ လွန်းတစ်ခါ ထိုးပြီး လက်ခတ် တစ်ခါခတ်ရာမှ စည်းကဲ့သို့ ပေါ်လာသော ချည်တန်း။ ~ယုသန်/တယုသုန်/န–အယုအဆ တစ်မျိုးတည်းကို စွဲလမ်းနေသူ။ ~ယောက်တစ်ပေါက် /တယောက်ဒပေါက်/ ကြိဝိ– သူကတစ်မျိုး ငါကတစ်ဖုံ။ ~ယောက်တစ်ပြန် /တယောက်ဒဗျန်/ ကြိဝိ– သူတစ်ပြန် ငါတစ်ပြန်။ တစ်လှည့်စီအပြန်အလှန်။ ~ယောက်တစ်လဲ/တယောက်တလဲ/ကြိဝိ–သူတစ်လှည့် ငါတစ်လှည့်။ ~ယောက်တစ်လက်/တယောက်တလက်/ကြိဝိ–ကိုယ်စီကိုယ်င ပါဝင်လျက်။ လူတိုင်းလူတိုင်း ပါဝင်လျက်။ ~ရေခဲ/တယေဂန်/န–၁။တစ်ကြိမ်လျှော်ရုံအထိသာ အသွေးအရောင်ခံသော အဝတ်အထည်။ ၂။[ဥပစာ]ခဏမျှသာ တည်မြဲသောအရာ။ ~ရေး /တယေး/ န–တစ်ကြိမ် အိပ်ပျော်ခြင်း။ တစ်ရေးတစ်မော။ ~ရံဆံ/တယန်ဇန်/န–တစ်ခါတစ်ရံသာ ဆက်ဆံဖူးသူ။ သူစိမ်း။ ~ရံရောအခါ /တယန်ယော့အခါ/ န– လွန်ခဲ့ပြီးသော အချိန်တစ်ချိန်။ ~ရပ်တစ်ကျေး /တယတ်ဒကျေး/န–အခြားသော အရပ်ဒေသ။ ဝေးကွာသော အရပ်ဒေသ။ ~ရှိန်ထိုး/တယှိန်ဒိုး/ကြိဝိ–ဆုတ်ဆိုင်းခြင်းမရှိ လျင်မြန်စွာ။ ~လကိုးသီတင်း/တလကိုးသုဒင်း/န–တစ်လနှစ်လခန့် အချိန်။ ~လောက/တလောဂါ/ကြိဝိ–မကြာသေးသောအချိန်အခါက။ ~လံ/တလန်/န–တစ်ပြူး၊ တစ်လံ၊ ညောင်ကန်၊ ထမ်းပိုး၊ အကျိုးဟူ၍ သူငယ်တို့ နှစ်ခုတွဲ ရေတွက်ရာတွင် ၄ သချ်ာကို ရည်ညွှန်းသော စကား။ ~လက်စတည်း/တလက်စာဒဲ/ကြိဝိ–တစ်ဆက်တည်း။ တောက်လျှောက်။ ~လုံးတစ်ခဲ/တလုန်းတခဲ/ကြိဝိ–တစုတဝေး။ တစုတပေါင်း။ ~လုံးတစ်ပါဒ /တလုန်းတပါဒ/ န–စကားတစ်ခွန်းကလေး။ ~လုံးတစ်ဝတည်း/တလုန်းတဝဒီး/ကြိဝိ–တပေါင်းတစည်းတည်း။ ~လှေကြီး/တလှေကြီး/န–အများကြီး။ ~လျှောက်/တယှောက်/န–ရှည်လျားသော အစဉ်အတန်း။ ~လွှား/တလွှား/န–တစ်ခွင်တစ်ပြင်။ ~ဝ/တဝါ/န–တစ်မျိုး။ တစ်ဖုံ။ ~ဝိုက်/တဝိုက်/န–အနီးအနားဝန်းကျင် တစ်ခုလုံး။ ~ဝန်း/တဝန်း/ န–နယ်ပယ်အပိုင်းအခြား တစ်ခုလုံး။ ~ဝမ်းတစ်ခါး/–တခါး/န–တစ်ယောက်တည်းအတွက် စားဝတ်နေရေး။ ~သမတ်တည်း/တသမတ်ထဲ/ကြိဝိ–အပြောင်းအလဲမရှိ တစ်ဖြောင့်တည်း။ ~သဝေမတိမ်း /တသွေမတိန်း/ကြိဝိ–

မှာတိကာသို့ ▶▶▶

http://www.lknt11.com ...

အနည်းငယ်မျှ မတိမ်းမစောင်းဘဲ၊ မကွဲမပြားဘဲ။ **~သားတည်း** /တသားဒဲ/ ကြိဝိ–တစ်မျိုးတည်း။ တစ်ညီတည်း။ **~သီကြီး**/တသီဂျီး/ကြိဝိ–တစ်တန်းကြီး များစွာ။ **~သီးပုဂ္ဂလ**/တသီးပုတ်ဂလ/န–သူတစ်ပါးနှင့် ဖက်စပ် ရောနှောမှုမရှိ သီးခြားဖြစ်သူ။ **~သက်** /တသက်/ ကြိဝိ–၁၊ တစ်ဘဝတောကာလပတ်လုံး။ ၂၊အသက်ရှင်နေသမျှ ကာလပတ်လုံး။ **~သက်တစ်ကျွန်း**/–ဒဂျွန်း/တစ်သက်တာလုံး ကျခံရသော ထောင်ဒဏ်။ **~သက်နှင့်တစ်ကိုယ်** /–နဲ့ဒဂို/ကြိဝိ– မွေးသည်မှယနေ့အထိ။ **~သက်ပန်** /–ပန်/ န– တစ်သက်လုံး။ **~သက်လျှာ** /–လယာ/န–၁၊ တစ်သက်တာကာလ။ ၂၊[ပေါ] တစ်ခဏ။ **~သိုက်တစ်ဝန်း**/တသိုက်တဝန်း/ကြိဝိ–တစုတဝေး တည်း စုစည်းလျက်။ **~သွေးတစ်မွေး** /တသွေး တမွေး/ ကြိဝိ–အဆင်းသဏ္ဌာန် တစ်မျိုးတစ်ဖုံ တင့်တင့်တယ်တယ်။ **~ဟုန်ထိုး**/တဟုန်ဒိုး/ကြိဝိ–မရပ်မနား။ မဆုတ်မဆိုင်း။ **~အား**/တအား/န–အားကိုးအားထား။ "သားကြီးရှိတာ မိဘအတွက် ~ပါပဲ။" **~အုထုံ့ဆင်း** /တအုဒုန့်ဇင်း/န–တစ်မိတည်းမှ မွေးဖွားသူ။ **~ဦးဆိုင်နာမ်** /တအူးဆိုင်နန်/ န–[သဒ္ဒါ] တစ်ဦး၊ တစ်ယောက်၊ တစ်ခုအတွက် မှည့်ခေါ်ထားသော နာမ်။ **~အောင့်** /တအောင့်/ ကြိဝိ–တစ်ခဏ။ **~အောင့်တစ်နား** /–တနား/ ကြိဝိ–ခဏတစ်ဖြုတ်။

တစ်[၃]၊ကြိ–ကျားသတ္တဝါသည် တစ်တစ်ဟူသော အသံကိုပြုသည်။ "ကျားမရဲ–၊ လူမရဲဟစ်–။"

တစ်[၄]၊ကြိ–[ပေါ] စိုစွတ်အောင်ပြုသည်။ ဆွတ်ဖျန်းသည်။

တစ္ဆေ/တဆေ/န–ခြောက်လှန့်တတ်သော မကောင်းဆိုးဝါး။ [ပါ၊တစ္ဆက]?

တစ်တီတူး/တစ်တီဒူး/န–တီတီတွတ်တွတ်နှင့်အတူတူ။

တည်[၁]/တီ၊တယ်/ကြိ–၁၊ရောက်ရှိတုံ့နေသည်။ ဖြစ်ပေါ်ရှိနေသည်။ ၂၊(ထမင်းအိုး စသည်ကို) မီးဖိုထက်တွင် တင်ထားသည်။ ၃၊(စားသောက်စရာကို) ညှော်သည် ရှေ့တွင် ချသည်။ "ဆေးလိပ် ~–။" ၄၊(မြို့၊ ရွာ၊ တိုက်၊တာ စသည်ကို) ဆောက်လုပ်သည်။ တည်ထောင်သည်။ ၅၊ မြဲမြံနိုင်ခံ့သည်။ "ကတိ ~–။" ၆၊ အချဉ်ဓာတ် ဖြစ်ပေါ်လာအောင် လုပ်သည်။ "အချဉ် ~–။" ၇၊(ကြက်ငှက်စသည်ကို)ဖမ်းယူရန် သွေးဆောင်သည်။ "ကြက် ~–။" ၈၊ ဣန္ဒြေသိက္ခာရှိသည်။ ၉၊ အကြောင်းရင်း အခြေခံဖြစ်သည်။ "ဤကိစ္စ အောင်မြင်ရန် လုံ့လပေါ်၌ ~–။" **~ကိန်း**/တိဂိန်း/န–[သင်္ချာ]အခြေခံထားသောကိန်း။ **~ကြက်**/တယ်ဂျက်/န–၁၊တောကြက်ကို ဖမ်းရန် တည်ရသော အိမ်ကြက်။ ၂၊[ဥပစာ] တစ်စုံတစ်ရာကို ရရှိရန်အတွက် ဟန်ဆောင် မြှူဆွယ်ရသူ။ **~ကြည်**၊ ကြိ–စိတ်ဓာတ် ဖြောင့်မတ်တည်ငြိမ်သည်။ သိက္ခာသမာဓိ ရှိသည်။ **~ခင်း**/တယ်ခင်း/ကြိ–(ညှော်ခံ ကျွေးမွေးရန်) စားသောက်ဖွယ်ရာများကို နေရာတကျ ထားသည်။ **~ခြင်းငါးပါး** /တီဂျင်းငါးဖား/န–ဦးချရာတွင် ဒူးနှစ်ဖက်၊ တံတောင်နှစ်ဖက်၊ နဖူးတို့ ကြမ်းခင်း၌တည်စေခြင်း။ **~တည်ပပ** /တီဒီပပ့ဗ/ကြိဝိ–တည်တည် ကြည်ကြည်။ **~ပုဒ်** /တီဗုတ်/န–အဘိဓာန်၌ အနက်ဖော်ရန် အခြေခံ တည်ထားသော စကားလုံး။

တည်[၂]/တီ၊တယ်/န–ချိုဖန်သော အသီးလုံးသီးသော သစ်ပင် တစ်မျိုး။ [ပါ၊တိန္ဒုက]

တည်[၃]၊န–အစွယ်ရှည်တစ်ချောင်းသာထွက်သော ဆင်။

တည့်/တဲ့/နဝိ–၁၊ဖြောင့်သော။ မတ်သော။ မတိမ်းမစောင်းသော။ ၂၊သင့်မြတ်သော။ စည်း–၁၊ဝါကျအဆုံးသတ် စကားလုံး။ ၂၊ရှေ့ပုဒ်တို့ကို လေးနက်အောင်ပြုသော စကားလုံးတစ်မျိုး။ **~တည့် လင်းလင်း** /တိဒိလင်းလင်း/ကြိဝိ–**တိတိလင်းလင်း** ရှု။

တည်း[၁]/တဲ/ကြိ–၁၊ရပ်နားနေထိုင်သည်။ ၂၊ချည်နှောင်သည်။ ချုပ်ထိန်းသည်။ /တီး/၃၊တိုက်ဆိုင်ညီနှိုင်းသည်။ တည်းဖြတ်သည်။ **~ခို**/တဲခို၊တီးခို/ကြိ–ညဉ့်အိပ်ညဉ့်နေ ရပ်နားနေထိုင်သည်။ **~စပ်** /တဲဇတ်/န–ထိုးသီ၍ တည်းထားရသော အချောင်းအတံ။ **~လည်း**၊ ကြိဝိ–[ပေါ]ကန်းလန်း။ **~အပ်** /တဲအတ်/န–ထိုးသီ၍ တည်းထားရသော အပ်။ တွယ်အပ်။

တည်း[၂]၊စည်း–၁၊ပုဒ်တို့ကို လေးနက်အောင် ထောက်ပံ့သော စကားလုံး။ ၂၊အရေအတွက်တို့ကို အတိအကျ ကန့်သတ်ခြင်း အနက်ဖြင့် လေးနက်စေသော စကားလုံး။

တတ်၊ကြိ–နားလည်သဘောပေါက်သည်။ ပြုနိုင်စွမ်း ဖြစ်နိုင်စွမ်းရှိသည်။ စည်း–၁၊ပြုနိုင်စွမ်း ဖြစ်နိုင်စွမ်း ရှိသည်ကို ပြသော စကားလုံး။ "တာဖတ် ~–။" ၂၊ပြုလေ့ ဖြစ်လေ့ရှိသည်ကို ပြသော စကားလုံး။ "နံနက်စောစော လမ်းလျှောက် ~–။" **~တိုင်း**၊ကြိဝိ–သည့်အတိုင်း။ ဘာသာ။ အလိုအလျောက်။ **~ခွန်**၊ ကြိ–ကျွမ်းကျင်လိမ္မာသည်။ **~ယောင်ကား**/တတ်ယောင်ဂါး/န–တတ်ကျွမ်း နားလည်ဟန်ဆောင်ခြင်း။ ယင်းသို့ ဟန်ဆောင်သူ။ **~သိလိမ္မာ**၊ကြိ–အထူးသိမြင်နားလည်သည်။

တိတ်၊ကြိ–၁၊အသံမမြည်။ ငြိမ်သည်။ ဆိတ်သည်။ ၂၊(မိုးရွာခြင်း၊ မီးခိုးထွက်ခြင်း၊ လာဘ်ရခြင်း စသည်) ရပ်စဲသည်။ **~တခိုး**၊ကြိဝိ–ပုန်းလျှိုးကွယ်လျှိုး။

http://www.lknt11.com

တိတ်တိတ်ပုန်း။ ~တဆိတ်၊ကြိဝိ–အသံမပြုဘဲ၊ လျှို့လျှို့ဝှက်ဝှက်။ ပုန်းလျှိုးကွယ်လျှိုး။

တိတ္တိ/ဒိတ်ထိ/န–အယူမှားသောသူ။ [ပါ၊တိတ္ထိယ]

တိတ္ထုံ၊န–အတိတ်နိမိတ်၊ အိပ်မက်တို့၏ ကောင်းကျိုး ဆိုးပြစ်ကို ဟောသောကျမ်း။ [သ၊ဒိဗျ+စွမ]

တုတ်¹၊နဝိ–အလုံးအဖန် ဖွံ့ထွားကြီးနိုင်သော။ ~**တုတ်ခဲခဲ**/တုတ်တုတ်ခဲခဲ/န–ဝဖြိုးတောင့်တင်းခြင်း။

တုတ်²၊ကြိ–၁၊(ဈေးစသည်ကို)မှတ်သည်။ ၂၊ (ဖတ်မကြီးကို) တီးသည်။ ၃၊ကလော်ဆဲသည်။

တုတ်³၊ကြိ–(တာတမံ)ဆည်ဖို့သည်။

တုတ်⁴၊ကြိ–၁၊[ရှေး]သောက်သည်။ ၂၊[ဗန်း]အားရပါးရ စားသည်။

တုတ်⁵/ဒုတ်/န–ရိုက်နှက်ရန် ပစ်ခတ်ရန် သစ်ချောင်း၊ ကြိမ်လုံးစသည်။ ~**ခနောင်း**/ဒုတ်ခနောင်း/န–အိမ်သာသုံး တုတ်တံ။ ~**တပြက်ဓားတပြက်**/ဒုတ်ဒဗျက်ဒါးဒဗျက်/ ကြိဝိ–ဒေါသတကြီး တုတ်ကို တပြပြကိုင်လျက်၊ ဓားကို တပြပြကိုင်လျက်။ ~**မီး**/ဒုတ်မီး/န–[ဒေသ] လက်နှိပ်ဓာတ်မီး။

တုတ်⁶၊န–သတ္တဝါ၏ အူတွင်း၌နေသော ကပ်ပါး ပိုးကောင်တစ်မျိုး။

တုတ်⁷၊န–နွားခြေထောက်တရွတ်ဆွဲသော ရောဂါ။

တုတ်⁸၊စည်း–ယုန်သတ္တဝါ အရေအတွက်ကို ပြသော စကားလုံး။

တုတ်တုတ်၊ ကြိဝိ–အဆက်မပြတ်စီးလျက်။ တသွင်သွင် စီးလျက်။

တုတ်တုတ်မျှ၊ကြိဝိ–အနည်းငယ်မျှ(မလှုပ်)။

တန်¹၊ကြိ–၁၊တန်ဖိုးထိုက်သည်။ ၂၊ သင့်လျော်သည်။ ၃၊ရပ်နားသည်။ ရှေ့မဆက်။ နဝိ–ဆိုးသော။ ယုတ်ညံ့သော၊ ဖျင်းသော။ "အကျည်း~။ အကျင့်~။" စည်း–အကြိမ်အဖန်၊ အရေအတွက် ကိုပြသော စကားလုံး။ "ရေတစ်~၊ ကုန်းတစ်~။" ၂၊ သင့်လျော်သော၊ ထိုက်တန်သောသဘောဖြင့် ကြိယာကို ထောက်ပံ့သော စကားလုံး။ ~**ကာကျ**/တန်ဂါကျ/ ကြိ–သင့်လျော်ရုံမျှဖြစ်သည်။ တော်ကာကျသည်။ ~**ကြေး**/တန်ဂျေး/န–တန်ဖိုး ငွေ။ ~**ခို**/တန်ဂို/န–[ပေါ]လူလင်ပျို။ ~**ဆွက်**²/ဒဆွက်/ န–[ပေါ]လေ့ငယ်။ ~**ဆာ**³/တန်ဇာ၊ဒဇာ/န–၁၊ဆင်ယင်စရာ။ ၂၊တန်ဆာပလာ။ ၃၊အင်္ဂါ ဓာတ်။ ~**ဆာပလာ**/ဒဇာဗလာ/န–အသုံးအဆောင် ပစ္စည်း ကိရိယာ။ ~**ဆေး**၊ န–[ပေါ] သံတမန်။ **တန္တ**၊ /တန်ဒ/န–[ပေါ] ဥပမာ။ ~**တော့**/တန်ဒေါ့/ စည်း–[အပြော] ဖြစ်တန်ရာကြောင်း ထင်မြင် ပြောဆိုသောအခါမျိုးတွင် ရှေ့ကခံသုံးသော စကား။ ~**ပြန်** /တန်ပျန်၊ဒပျန်/ ကြိ–၁၊ မကောင်းသော အကြံအစည် အပြုအမူတို့သည် ကြံစည်ပြုမူသူသို့ ပြန်၍ ထိခိုက်သည်။ ၂၊တုံ့ပြန်သည်။ ~**ဖိုး**/တန်ဖိုး/ န–၁၊ပစ္စည်းတစ်ခုခုကို ရောင်းဝယ်ရန် သတ်မှတ် ထားသောငွေ။ ကျသင့်သောအခ။ ၂၊[ဥပစာ] ကျေးဇူးဂုဏ်။ အဖိုးတန်မှု။ "အလုပ်~။" ~**မဲ့**၊ စည်း– မထိုက်မတန်ကြောင်း ဖော်ပြသော စကား လုံး။ "လူကြီး~။" ~**ရာတန်ဖိုး** /တန်ယာတန်ဖိုး/ န–ထိုက်တန်သော အဖိုးအခ။ တန်ရာတန်ကြေး။

တန်²၊န–ပေါင် ၂၂၄၀ရှိသော အလေးချိန်။ [လိပ်၊ton]

တန်ကျစ်¹/တန်ဂျစ်/န–နွယ်ပင်တစ်မျိုး။

တန်ကျစ်²/ဒဂျစ်/န–[ပေါ]၁၊ကျားထိုးကစားရသော အကွက်။ ၂၊ကျားထိုးနည်းတစ်မျိုး။ ၃၊ကျားကွက်ပုံ ပုဆိုးအဆင်တစ်မျိုး။

တန်ခူး/ဒဂူး/န–မြန်မာဆယ့်နှစ်လတွင် ရှေ့ဆုံးလ။

တန်ခိုး/ဒဂိုး/န–ထူးခြားထက်မြက်သော အစွမ်း။ အရှိန်အဝါ။

တန်ခီး /တန်ခီး၊ဒဂီး/ န–[ပေါ]ရွံ့ညွန်။

တန်စမ်း/တန်ဇန်း/န–ကျောက်သားမှ စိမ့်ထွက်သော ရေ။

တန်ဆွက်²/ဒဆွက်/န–ရွက်ညှာရင်းတွင် အသီးများ အပြွတ်လိုက် သီးသော ပုပြင်းသော ဒေသပေါက် ဆေးဖက်ဝင် အပင်တစ်မျိုး။

တန်ဆာ²/တန်ဇာ/န–ကုန်တင်ပို့ရာတွင် ပို့ခ၊ ပစ္စည်း စာရင်းစသည်တို့ကို ရေးမှတ်ထားသော ပြေစာ။ [ဟိန္ဒီ၊တာမ်ဇာန်]

တန်ဆင်း/တန်ဇင်း/န–ရင်းတိုက်ပင်။

တန်ဆောင်တိုင်ပွဲ/ဒဇောင်ဒိုင်ပွဲ/န–တန်ဆောင်မုန်း လပြည့်နေ့တွင် ကျင်းပသော မီးထွန်းပွဲ။

တန်ဆောင်မုန်း/ဒဇောင်မုန်း/န–မြန်မာဆယ့်နှစ်လတွင် အဋ္ဌမလ။

တန်ဆောင်း/ဒဇောင်း/န–ဘုရားအာရုံပြုရန်၊ ဝတ်ပြုရန် စေတီပုထိုးအနီးအပါးတွင် ရှိသော အဆောက်အအုံ။

တန္တ /တန်ဒ/န–[ပေါ]လူဆိုးလူသွမ်း။ [ပါ၊ဒဏ္ဍ]

တန်တား/တန်ဒါး/န–[ပေါ]မှာကြားသောစာ။ ပေးပို့ သောစာ။

တန်ရှယ်၊န–ဗိုကြက်ရာတွင်သုံးသော သားရေကြိုး။

တန်လင်း၊န–[ပေါ] ညီညာရှင်းလင်းသော မြေအပြင်။

တန်လည်း၊န–တောင်ကျချောင်း။

တန်သို့/တန်သို့/န–[ပေါ]တိုင်အထွက်။

တန့်၊ ကြိ–ရပ်ဆိုင်းသည်။ စည်း– ရှည်သွယ်သော အပိုင်းအကန့်တို့ကို ရေတွက်ရာတွင် သုံးသော စကားလုံး။ ~**တီး**၊ ကြိ–[ပေါ] ရပ်တန့်သည်။

တန့်ကျွဲ/ဒန့်ဂျွဲ/န–ဒန့်ကျွဲရှု။

တန်း၊ကြိ–၁၊တည့်သည်။ ဖြောင့်သည်။ ၂၊ရှည်သွယ်

http://www.lknt11.com

သောအရာကို အလျားလိုက်ဆန့်သည်။ ၃၊ မတိုးမဆုတ်ဖြစ်သည်။ န–၁။သွယ်တန်းထားသော အရာ။ ၂။အစဉ်လိုက်တည်ရှိသောအရာ။ "အိမ်~။" ၃၊ အဆင့်အတန်း။ ၄၊ မြန်မာမင်းများလက်ထက် ရာဇဝင်သားကို ယောင်သို့မဟုတ်မိ အမှုစစ်ဆေးစဉ်ကာလ ချုပ်ထားရာနေရာ။ ~စီ၊ ကြိ–၁၊ ရင်ပေါင်တန်း၍ ရပ်သည်။ ၂၊ တစ်ယောက် နောက်က တစ်ယောက်စီ၍ ရပ်သည်။ ~တူ /ဒန်းဒူ/ န–အဆင့်အတန်း အရည်အချင်း အမျိုးအစားချင်း တူညီသောသူ။ ~တန်းမတ်မတ်/တန်းဒန်း မတ်မတ်/ ကြိဝိ– ဖြောင့်ဖြောင့်တန်းတန်း။ ~လန်း၊ ကြိဝိ–၁။မပြတ်ကျဘဲ ငြိတွယ်လျက်။ ၂။မပြီးမပြတ်ဘဲ။ ~လျား /တန်းယား/ န–တစ်ဖြောင့်တည်း ရှည်လျားစွာ ဆောက်လုပ်ထားသော အဆောက်အအုံ။

တိန်ကျစ်/တိန်ဂျစ်/န–ငှက်တစ်မျိုး။

တိန်ညင် /တိန်ညင်၊တညင်/ န–ကြက်၊ ငှက်အရိုင်းစသည်ကို ထောင်ဖမ်းရန်မွေးထားသော ကြက်ငှက်စသည်။

တိန်ညင်း။န–ပိန်ညင်းငှက်။

တိန်းညက်။န–အပွင့်နှင့်အနှစ်သားဝါ၍ သီးတောင့်ရှည်သီးသော နွယ်ယောင်ပင်ယောင်။

တုန်။ကြိ–လှုပ်ခါသည်။ ~ရှည်း။န–ရှောက်သံပရာမျိုးဝင်ပင်လတ်တစ်မျိုး။ ~တုန်ယင်ယင်/တုန်ဒုန်ယင်ယင်/ကြိဝိ–တုန်တုန်လှုပ်လှုပ်။ ~လှုပ်။ကြိ–၁၊ တုန်ခါသည်။ ၂။ချောက်ချားသည်။

တုန်ကင်း။န–ကုန်ပစ္စည်းသယ်ဆောင်သော လှေကြီးတစ်မျိုး။ [မလေး၊ tong kang]

တုန်းသမ်–ပုဒ်တစ်ခုပြုချိန်၊ ဖြစ်ချိန်၊ ရှိချိန်ကိုပြသော စကားလုံး။ "လသာ~ ဗိုင်းငင်။"

တပ်[1]။ကြိ–၁၊ စွဲလမ်းသည်။ စွဲနိုင်သည်။ ၂၊ စွဲနိုင်စေသည်။ ၃၊ (ဘွဲ့အမည်)အပ်နှင်းသည်။ အမည်ပေးသည်။ ~ကြွပ်[1]။ကြိဝိ–မျက်မြင်ကိုယ်တွေ့။ အသေအချာ။ ~ဆင်။ကြိ–၁။စွဲနိုင်စေသည်။ ၂။(လက်နက်)စွဲကိုင်စေသည်။ ~တပ်စွဲ။ကြိ–အလွန်စွဲလမ်း ငြိတွယ်သည်။ ~မြို့။ကြိ–[ပေါ]ချစ်ခင်နှစ်သက်သည်။ ~မက်။ကြိ–စွဲလမ်းမက်မောသည်။ ~မြို့[2]၊ ကြိ–[ပေါ]တပ်မက်သည်။ ~အပ်၊ ကြိဝိ–သေသေချာချာ။ ထင်ထင်ရှားရှား။

တပ်[2]။န–၁။စစ်တပ်စသည် အဖွဲ့အစည်း။ ၂။ထန်းလုံး၊ သစ်လုံး၊ ဆူးခက်စသည်တို့ကို စိုက်ထူ၍ လုံခြုံစွာ ပြုလုပ်ထားသော အကာအကွယ်။ "ထန်းလုံး~။ သစ်~။ဆူး~။" ~ကြွပ်[2]။န–တပ်သားအနည်းငယ်ကို ကြီးကြပ်ရသည့် စစ်မှုထမ်း။ ~ကြပ်ကြီး။န–တပ်ကြပ်ထက် ရာထူးတစ်ဆင့်မြင့်သော စစ်မှုထမ်း။ ~ခေါက်။ကြိ–၁။တပ်ကိုရုပ်၍ ပြန်လာသည်။ ၂။[ဥပစာ]လက်လျှော့၍ပြန်သည်။ ~ခွဲ။န–တပ်စု သုံးစုပါ၍ တပ်ရင်းအောက် တစ်ဆင့်ငယ်သော တပ်အဖွဲ့အစည်း။ ~စခန်း။န–တပ်များစခန်းချရာ အရပ်။ ~စု၊ န–တပ်စိတ်သုံးစိတ်ပါ၍ တပ်ခွဲအောက် တစ်ဆင့်ငယ်သော တပ်အဖွဲ့အစည်း။ ~စိတ်။န–စစ်သည် ဆယ်ဦးခန့်ပါဝင်သော တပ်စုအောက် ငယ်သော တပ်အဖွဲ့အစည်း။ ~စွဲ ကြိ–စစ်တပ်ကို အခိုင်အမာ ချတည်သည်။ ~ဆွယ်။န–၁။ပင်မတပ်ကြီး၏ အဆွယ်အပွားတပ်။ ၂၊ မူလတပ်၏ တာဝန်ကိုပင် ခွဲယူဆောင်ရွက်ရန် အခြားတပ်တစ်ခုတွင် ပေါင်းဖွဲ့ထားသောတပ်။ ~ဓောင်တာဗိုလ်ထု /တပ်တောင်ဒါဗိုဒု/ န–စစ်သည် အများအပြား။ ~ထောက်၊ န–၁။တပ်၏ ရိက္ခာ၊ အဝတ်အစား၊ လက်နက်ခဲယမ်း၊ ယာဉ်၊ နေအိမ် အဆောက်အအုံ စသည်တို့ကို တာဝန်ယူစီမံခန့်ခွဲရသည့် ဌာန။ ၂။ယင်းဌာနတွင် တာဝန်ယူစီမံခန့်ခွဲရသည့် အရာရှိ။ ~ထိန်း။န–စစ်သည်များ၏ စည်းကမ်းထိန်းသိမ်းမှုအတွက် ဆောင်ရွက်ရသော စစ်သည်တပ်ဖွဲ့။ ~နုတ်။ကြိ–စစ်တပ်ကို ရုပ်သိမ်းဆုတ်ခွာစေသည်။ ~ပြေး။န–စစ်တပ်မှ ထွက်ပြေးတိမ်းရှောင်သော စစ်သား။ ~ဖျောက်။ကြိ–တပ်အဖြစ် ထင်ရှားပေါ်လွင်စွာ စုဝေးမနေဘဲ ဖြန့်ကြဲလျက် သိုသိပ်စွာ နေသည်။ ~ဖွဲ့။န–ဖွဲ့စည်းထားသော စစ်သားစု။ ~မ။န–တပ်မဟာ အဆင့်ရှိသော တပ်ဖွဲ့သုံးဖွဲ့ပါဝင်သည့် တပ်အဖွဲ့အစည်း။ ~မတော် /တတ်မဒေါ်/န–ကြည်းတပ်၊ ရေတပ်၊ လေတပ်ပါဝင်သောနိုင်ငံတော်၏ ကာကွယ်ရေးတပ်ပေါင်းစု။ ~မတော်နေ့/–နေ့/န–တပ်မတော်နှင့် ပြည်သူလက်တွဲကာ ဖက်ဆစ်စနစ်ကို တော်လှန်ခဲ့သော ၁၉၄၅ခုမတ်လ ၂၇–ရက်နေ့ကို အထိမ်းအမှတ်ပြု၍ နှစ်စဉ်ကျင်းပမြဲ ဖြစ်သောနေ့။ ~မဟာ၊ န–တပ်မအောက် တစ်ဆင့်ငယ်၍ တပ်ရင်းထက် တစ်ဆင့်ကြီးသော တပ်အဖွဲ့အစည်း။ ~မြို့[2]။န–၁။[ရှေး]စစ်တပ်အမျိုးမျိုး အခိုင်အမာတည်ရှိသော နယ်မြေ။ ၂။စစ်တပ် အမျိုးမျိုးတည်ရှိ၍ သီးခြားစည်ပင်သာယာရေး လုပ်ငန်းများရှိသော တပ်မြေ။ ~မှူး။န–တပ်စုတပ်ခွဲ စသော တပ်အဖွဲ့အစည်းကို ကြီးမှူးကွပ်ကဲရသော အရာရှိ။ ~ရေး။န–၁။တပ်၏ ငွေရေးကြေးရေး၊ သက်သာချောင်ချိရေး စသည်ကို စီမံခန့်ခွဲရသည့် ဌာန။ ၂။ယင်းဌာနတွင် တာဝန်ယူစီမံခန့်ခွဲရသည့် အရာရှိ။ ~ရင်း။န–တပ်ခွဲ အများပါဝင်သော စစ်သည်အဖွဲ့အစည်း။ ~ရင်းမှူး။န–

မာတိကာသို့ ▶▶▶

တပ်ရင်းကို ကြီးမှူးကွပ်ကဲရသော အရာရှိ။ ~လန်၊ ကြိ–၁၊ရန်သူတပ်နှင့်တိုက်ရာမှ အရေးမလှသဖြင့် ပြန်ဆုတ်သည်။ ၂၊[ဥပစာ] အကြံမအောင်မြင်ဘဲ ပြန်လှည့်လာရသည်။ ~လှန့်၊ ကြိ–၁၊ တပ်များ အဆင်သင့် ဖြစ်နေစေရန် နှိုးဆော်စုစည်းသည်။ ၂၊[ဥပစာ] အရေးကိစ္စ ပေါ်ပေါက်လာလျှင် အဆင်သင့် ဖြစ်နေစေရန် နှိုးဆော်သည်။ ~သား၊ န– အကြပ် အဆင့်အောက်ဖြစ်သော စစ်သည်။

တိပ်ခွေ၊န–အသံ၊ ရုပ်ပုံသွင်းထားနိုင်သော လျှပ်စစ်သံလိုက်ပလပ်စတစ်ကြိုးခွေ။ [လိပ်၊tape +မြန်၊ခွေ]

တိပ်ရီကော်ဒါ/ဘိတ်ရကော်ဒါ/န–တိပ်ခွေထည့်၍ အသံသွင်းနိုင် ဖွင့်နိုင်သော လျှပ်စစ်ကိရိယာ။ [လိပ်၊tape-recorder]

တုပ်[၁]၊ ကြိ–၁၊ မရွေ့လျားနိုင်အောင် ချည်နှောင်သည်။ ၂၊(ခြေလှမ်းရာတွင် လုံချည်ကွင်းက) တုပ်ထားသကဲ့သို့ ဖြစ်သည်။ ၃၊(သန်း၊သန်းဥကို) လက်မ လက်သည်း နှစ်ခုဖြင့် ဖိညှပ်သည်။ ~ကျ၊ ကြိ–ညှက်တွားခယသည်။ ~ကွေး၊န–ကိုယ်လက်ကိုက်ခဲသော အဖျားရောဂါတစ်မျိုး။ ~ပျပ်၊ကြိ–ညှက်တွား ပျပ်ဝပ်သည်။

တုပ်[၂]၊ကြိ–ဝိတုန်း၊ ပျားစသည် အဆိပ်ဆူးဖြင့် ထိုးသည်။

တမ္ဗဒီပ/တန်ဗဒီပါ/န–[ရှေး] ဧရာဝတီမြစ် အရှေ့ဘက်ရှိ ပုဂံ၊ ပင်းယစသော ဒေသတို့ကို ခေါ်သော အမည်။ [ပါ၊တမ္ဗ+ဒီပ]

တမ်း၊ကြိ–၁၊အရှည်သဖြင့် နိုင်မြဲအောင် ရေးမှတ်သည်။ ၂၊အောက်မေ့ရော်ရမ်းသည်။ န–ထုံး။ ဓမ္မတာ။ သဘောသဘာဝ။ စည်း–အမိုင်အမဟ သဘောတူညီမှုကို ပြသော စကားလုံး။ "သစ္စာမဖောက် ~။" ~ချေ / တန်းချေ၊ တန်းစိ / ကြိ– အဆင့်မီသည်။ ပြည့်ဝသည်။ ~တ၊ကြိ–အောက်မေ့ပြောဆိုသည်။ ~တမ်းစွဲ /တန်းဒန်းစွဲ/ကြိဝိ–မက်မက်မောမော စွဲစွဲလမ်းလမ်း ဖြစ်လျက်။ ~မှန်း၊ကြိ–ရော်ရမ်းတမ်းတသည်။

တိမ်[၁]၊ကြိ–၁၊ဖောက်မနက်။ ၂၊[ဥပစာ] (ဉာဏ်အရည်အချင်း၊ အသံ စသည်) လျော့နည်းသည်။ ~ကော /တိန်ဂေါ/ ကြိ– ၁၊ ဖောက်အနက်လျော့နည်း၍ ပြည့်ဝိုလာသည်။ ၂၊[ဥပစာ]မှေးမှိန်ပျောက်ကွယ်သည်။ မတွင်မကျယ်ဖြစ်သည်။ ~ငုပ်၊ ~မြုပ်၊ ကြိ–မှေးမှိန် ပျောက်ကွယ်သည်။

တိမ်[၂]၊န–၁၊ကောင်းကင်တွင် မြင်တွေ့ရသော ရေနိုးရေငွေ့အစု။ ၂၊ရောဂါကြောင့် မျက်စိအကြည်ဓာတ်ကို ပိတ်ဖုံးလာသော အရာ။ ~ကျ၊ကြိ–မျက်စိတွင် တိမ်စွဲကပ်သည်။ ~ခြေ /တိန်ဂျေ/ န–တိမ်အစုအဝေး။ ~ခြည် / တိန်ဂျီ/ န – တိမ်မျှင်တန်း။ ~ညွန့်စား/တိန်ညွန့်ဇား/န–၁၊ ကောင်းကင်ပျံနိုင်၍ တိမ်ညွန့်ကို စားလေ့ရှိသည် ဆိုသော မြင်းပျံမျိုး။ ၂၊နှာမောင်းကို လေထဲမြှောက်ပြီး ပါးစပ်ထဲပြန်ထည့်သော အလေ့ရှိသည့်ဆင်မျိုး။ ~တောက်၊ ကြိ–နေဝင်ခါနီး၌ တိမ်ကို နေရောင်ဟပ်၍ အရောင်တောက်သည်။ ~တိုက် /တိန်ဒိုက်/န–တိမ်ထု။ ~သလာ၊န–မျက်စိကို ဖုံးလွှမ်းနေသော အမှေးလွှာ။ [မြန်၊တိမ်+ပါ၊သလ္လ]

တိမ်[၃]၊ကြိ–ရေကို အနည်ထိုင်အောင် လုပ်သည်။

တိမ်း၊ကြိ–၁၊စောင်းသည်။ ယိမ်းယိုင်သည်။ ၂၊ဘေးသို့ ဖယ်သည်။ ရှောင်သည်။ ~ညွတ်၊ကြိ–၁၊ယိမ်းယိုင်သည်။ ၂၊တပ်မက်သည်။ ~ပါး/တိန်းဗား/ကြိ–၁၊မှားယွင်းချွတ်ချော်သည်။ ၂၊[ဥပစာ]သေဆုံးသည်။ ~မပ်၊ကြိ–၁၊ညွတ်ယိုင်သည်။ ၂၊တပ်မက်သည်။

တုံ[၁]၊န–ကုန်းမြင့်နေရာ။ "မန်ကျည်း ~။" ~ဗိုလ်ထီး၊န–အတင်ဂိုထီးနှင့်အတူတူ။ (စနေမင်းလက်ထက် ရွှေဘိုမြို့နယ် တုံရွာဆရာတော်ကို အစွဲပြု၍ ခေါ်တွင်ခြင်း ဖြစ်သည်။) (ရုံဂိုထီးလည်းရှု)

တုံ[၂]၊ကြိ–ရပ်သည်။ တန့်သည်။

တုံ[၃]၊စည်း–၁၊တစ်ကြိမ်ပြီးတစ်ကြိမ် ဖြစ်ခြင်းပြုခြင်းကို ပြသော စကားလုံး။ "နား ~ ပျံ ~။" ၂၊ ရှေ့ပုဒ်ကို လေးနက်အောင် ထောက်ပံ့သော စကားလုံး။ "အဘယ်~နည်း။"

တုံ့၊ကြိ–၁၊ပြန်လှန်ပြုမူသည်။ ၂၊နောက်သို့ ပြန်ဆုတ်သည်။ ~ပယ်တုံ့ပယ်၊ ကြိဝိ– [ပေါ] ခေါက်တုံ့ခေါက်ပြန်။ ~ပြန်/တုန့်ပျန်/ ကြိ– ပြန်လှန်ပြုမူပြောဆိုသည်။

တုံး[၁]၊ကြိ–၁၊ပွန်းတီးပျက်ပြုန်းသည်။ "အသွေး ~~။" ၂၊ သီးချိန်ပွင့်ချိန် ကုန်ဆုံးသည်။ ၃၊ဆံပင်ကို ပြောင်အောင် ရိတ်သည်။ ၄၊ အပိုင်းအတစ် ဖြစ်အောင် ဖြတ်တောက်သည်။ နဝိ–၁၊ မထက်သော။ ၂၊မပါးနပ်သော။ န–၁၊သစ်သား သစ်ပင် စသည်တို့ကို ဖြတ်တောက်ထားသော အပိုင်းအစ။ ၂၊ တုံးမောင်း။ ~ကုလား/ဒုန်းကလား/န–ငှက်ကုလားနှင့်အတူတူ။ ~ကျော်၊ ကြိ–၁၊သေသည်ဟု သတင်းဖြစ်ပြီးမှ မသေမပျောက် ဖြစ်သည်။ ၂၊သေတော့မည့် အခြေအနေမှ ပြန်လည် ကျန်းမာလာသည်။ ~စပ် /ဒုန်းဇတ်/န–ငှက်ကြီး တုံးစပ် နှင့်အတူတူ။ ~တီ /ဒုန်းဒီ/ကြိဝိ–၁၊ အညွန့်အခက်၊ အစွန်းအစ စသည်မရှိဘဲ။ ၂၊(စကားကို) တိုတိုတောင်းတောင်း (ပြောသည်)။ ~တင်/တုန်း ဒင်/န–တိုင်ခွကြား၌ သစ်သားတန်းတင်ထား သော စည်းရိုး။ ~တုံးချ /ဒုန်းဒုန်းချ/ကြိဝိ–ယတိပြတ် စိတ်ပိုင်းဖြတ်လျက်။

မာတိကာသို့ ▶▶▶

~ပလုတ်၊နှ–သစ်တုံးအခွံးတွင် တွေ့ရတတ်သော ကိုယ်လုံးအရစ်ရှိသည့် တီကောင် ကဲ့သို့သော ပိုးကောင်ဖြူ။ ~ပေကတ်သတ် /ဒုန်းပေကတ်သတ်/ ကြိဝိ–အကြမ်းပတမ်း၊ အပင်ပန်း၊ အဆင်းရဲတို့ကို ခံနိုင်လျက်။ တုံးပေသားရေနား။ ~မောင်း၊နှ–၁၊ မြို့ရိုးမြို့ခြေသို့ ကပ်လာသော ရန်သူပေါ်သို့ ဖြုတ်ချရန် ဆွဲထားသော သစ်တုံး။ ၂၊အုန်းမောင်း။ ကလတက်။ ~မြီးကွက်/ဒုန်းမီးဂွက်/ နှ–တုံးစပ်ငှက် အငယ်စားတစ်မျိုး။ ~လုံး၊ ကြိဝိ–၁၊အလျားလိုက် လဲလျောင်းလျက်။ "~လှဲသည်။" ၂၊အဝတ်မပါဘဲ။ ~လုံးစာ / တုန်းလုန်းစာ / နှ – အိမ်မင်းမစွမ်းဖြစ်သောအခါ နာမကျန်း ဖြစ်သောအခါ၌ သုံးစွဲရန် ဥစ္စာပစ္စည်း။ အိုနာစာ။ (မတ်တတ်စာလည်းရှု) ~လုံးနာ၊ နှ–တုံးလုံးလဲ နေအောင် နာမကျန်း ဖြစ်ခြင်း။ (မတ်တတ်နာနှင့် နှိုင်းယှဉ်) ~လုံးပက်လက်၊ကြိဝိ–ခြေပစ်လက်ပစ် လဲလျောင်းလျက်။

တုံး²၊စည်း–[အပြော]အမေးပြုဝါကျအဆုံးသတ် စကားလုံး။ "ဘာ~။ ဘယ်~။"

တယ်¹၊ ကြိဝိ–[အပြော]အလွန်။ သိပ်။ "~မှန်တဲ့စကား။"

တယ်²၊ဝိ–[အပြော] "သည်" အစားသုံးသော ကြိယာနောက်ဆက်စကားလုံး။ အာ–[အပြော] မကျေနပ်သည့်သဘောဖြင့် နှုတ်မှ ရုတ်တရက် ထွက်ဆိုသည့် စကား။

တယ်လီဖုန်း၊နှ–လျှပ်စစ်ဓာတ်အား အသုံးပြု၍ အဝေးသို့ စကားပြောသော ကိရိယာ။ [လိပ်၊ telephone]

တလ္လ/တန်လ/နဝိ–[ပေါ] ရွံရှာဖွယ် စက်ဆုပ်ဖွယ် ဖြစ်သော။

တျာချင်း/တယာချင်း/နှ–[စာပေ]ထံတျာဝေတျာအသံများအနက် တျာသံနှင့်သီကျူးသော ကဗျာ၊ သီချင်း။

တျာတျာ/တယာတယာ/နဝိ–နီမြန်းသော။

တျာသံ/တယာသန်/နှ–တီးမှုတ်ရာတွင် သံစဉ်ခုနစ်မျိုး အနက် သံစဉ်တစ်မျိုးမျိုးကို မှုတည်သောအသံ။

တျားတျား/တယားတယား/စည်း–[ပေါ]လုနီးပါး။ ဆဲဆဲ။

တျော့သံ/တယော့သန်/နှ–တီးမှုတ်ရာတွင် မှုတည်သော တျာသံ၏ လက်ဝဲဘက် စတုတ္ထအသံ။

တျင်းတျင်း/တယင်းတယင်း/ကြိဝိ–[ပေါ]အကြွင်း အကျန်မရှိ။ အကုန်အစင်။

တြိ/တရိ/နဝိ–သုံးခု။ [သ၊တြိ] ~ကချက်/–ဂဒုတ်/ နှ–ငရုတ်၊ ပိတ်ချင်း၊ ချင်း တည်းဟူသော ပူစပ်သည့် အရာသုံးမျိုး။ [သ၊တြိကဋုက] ~ချိုး/–ဂျိုး/နှ–အချိုး သုံးချိုးထား၍ ရေးဖွဲ့သော ကဗျာ။ ~ဂံ/–ဂန်/နှ–ထောင့်သုံးထောင့်ရှိသောပုံ။ [သ၊ တြိကောဏ] ~ဒေါသ/–ဒေါသာ/နှ–သည်းခြေ၊ လေ၊ သလိပ်တည်းဟူသော ကိုယ်ခန္ဓာ အပြစ်သုံးမျိုး။ [သ၊တြိဒေါဿ] ~ဖလ/–ဖလာ/နှ–ဖန်ခါး၊ သစ်ဆိမ့်၊ ဆီးဖြူတည်းဟူသော အသီးသုံးမျိုး။ [သ၊တြိဖလ]

တြင်း/တရင်း/နှ–၁၊[ဗေဒင်]တစ်ရာသီ၏ သုံးစိတ် တစ်စိတ်။ ၂၊[ပေါ]တဘောင်နိမိတ်။ [သ၊တြင်္ဂ] ~ကျေ/–ကျေ/ကြိ–သုံးဂဏန်းဖြင့်စားလျှင် ပြတ်သည်။

တွ၊ကြိ–၁၊အကြောအခြင်ဆိုင်းသည်။ ၂၊တုံ့ဆိုင်းသည်။ ၃၊ချည်နှောင်သည်။

တွား၊ကြိ–၁၊မှောက်လျက် ရွေ့လျားသည်။ ၂၊မြက်ပင် စသည် မြေတွင်ကပ်တွယ်လျက် ပြန့်ပွားသည်။ ~သွား၊ကြိ–တွား၍ ရွေ့လျားသည်။ ~သွားကောင် /တွားသွားဂေါင်/နှ–မိကျောင်း၊ လိပ်၊ မြွေ စသည် တို့ကဲ့သို့သော တွားသွားတတ်သော သွေးအေး တိရစ္ဆာန်မျိုး။

တွေ¹၊ကြိ–၁၊မပြတ်မသားဖြစ်သည်။ မဆုံးမဖြတ်နိုင် ဖြစ်သည်။ တွေဝေသည်။ ၂၊ငေးငိုင်သည်။ ~တွေ /တွေဒွေ/ကြိဝိ–အစဉ်မပြတ် (စီးဆင်းသည်)။

တွေ²၊စည်း–[အပြော]အများပြစကားလုံး။

တွေ့၊ကြိ–၁၊ဆုံမိသည်။ ထိသည်။ ၂၊မြင်သည်။ ~ကရာ /တွေ့ဂယာ/ကြိဝိ–ထင်ရာမြင်ရာ။ ပေါက်ကရ။

တွေး၊ကြိ–စဉ်းစားသည်၊ စိတ်ကူးသည်။ ~ခေါ်၊ကြိ–တွေးတောကြံဆသည်။ ~တော၊ကြိ–ဆင်ခြင် စဉ်းစားသည်။

တွေးတွေး/တွေးဒွေး/နဝိ–နီမြန်းသော။

တွဲ¹၊ ကြိ–၁၊ချိတ်တွယ်သည်။ ယှဉ်ကပ်သည်။ ၂၊အဖော် အပေါင်းပြုသည်။ ၃၊တန်းလန်းကျသည်။ နှ–တစ်စုနှင့်တစ်စု ချိတ်ဆက်ရသော လူစီးကုန်တင် ရထားတွဲ။ စည်း–ပူးတွဲနေသောအရာကို ရေတွက် ရာ၌သုံးသော စကားလုံး။ ~ခုတ်၊ကြိ–မိန်းမနှင့် ယောကျ်ားအတူသွား အတူလာပြုသည်။ ~ပလွေ၊ နှ–ချည်မျှောင်းနှင့်အတူတူ။ ~ဖက်၊ကြိ–ပူးတွဲ သည်။ ယှဉ်ဖက်သည်။ /တွဲဖက်/နှ–ပူးတွဲ လုပ်ကိုင် သူ။ ~လဲ၊ကြိဝိ–တန်းလန်းကျလျက်။ တွဲလောင်း။ တွဲလျား။ တန်းလန်း။ ~လုံချည်/တွဲ လုန်းဂျီ/နှ– ပိုးနှင့်ချည် ရောရက်ထားသော လုံချည်။

တွဲ²၊နှ–ကိုးမီးဖဲကစားရာတွင် နှစ်ခုအရေအတွက်ကို ခေါ်သော စကား။

တွဲ့၊ကြိ–[ကဗျာ] ဆွဲဆွဲငင်ငင်ပြောဆိုသည်၊ သီဆိုသည်။

တွက်¹၊ကြိ–၁၊ဂဏန်းပုစ္ဆာ၏ အဖြေကိုရှာသည်။

http://www.lknt11.com

၂။ရေထွက်သည်။ ၃။ချင့်ချိန်သည်။ ခန့်မှန်းသည်။ ၄။ထွက်ကတ်သည်။ ~ကတ်။ကြိ-သူမလုပ်လျှင် ငါမလုပ်၊ သူလုပ်မှ ငါလုပ်မည် စသော တိုင်းဟာ စိတ်မျိုး ရှိသည်။ ~ကိန်း။န-၁။အရေအတွက်။ ရေတွက်ခြင်း။ ၂။ခန့်မှန်းချက်။ ~ချက်။ကြိ-၁။ဂဏန်း ပုစ္ဆာ၏ အဖြေကို ရှာသည်။ ၂။ထွက်ဆသည်။ ~ခြေ၊ န-၁။ချင့်ချိန် ခန့်မှန်းချက်။ ၂။ဂဏန်းတွက်ရန် အခြေခံ။ ~ခြေကိုက်၊ ကြိ-မှန်းထားသည့်အတိုင်း အကျိုးအမြတ် ရှိသည်။ ~တာ။န-တာဝန်။ အဖို့။ ~သားကိုက်။ကြိ-တွက်ခြေကိုက်သည်။

ထွက်၂။ကြိ တံတောင်၊ တးစသည်ဖြင့် လျှင်မြန်စွာ ထိခတ်သည်။ စည်း- လက်ခလယ်နှင့် လက်မ ဖိပွတ်တီးခတ်၍ အသံထွက်ပေါ်သည့် အလွန် ကိုတောင်းသောကာလကို ရေတွက်ရာ၌ သုံးသော စကားလုံး။ (လက်ဖျစ်တစ်တွက်ဟူ၍ အသုံး များသည်။)

တွင်၁။ကြိ-၁။ အများခေါ်ဆိုသည်၊ သုံးစွဲသည်။ ၂။ ထင်ရှား တည်နေသည်။ "ရာဇဝင်~~။" ၃။ မြန်မြန် နှင့် အလုပ်များများပြီးသည်။ ခရီးပေါက် သည်။ ~ကျယ်။ကြိ-၁။အရေးပါအရာရောက်သည်။ ၂။ အများပြောဆို သုံးစွဲသည်။ ၃။ မြန်မြန်နှင့် အလုပ် များများပြီးသည်။ ~ယယ်။န-[ပေါ] ခုတ်ထွင် ရှင်းလင်း၍ ဟိုင်းယွာပိုင်းခြားထားပြီး ဖြစ်သော လယ်မြေ။

တွင်၂။ ဝိ-အချိန်၊ နေရာကို ပြသော စကားလုံး။ ၌။ မှာ။ ဝယ်။

တွင်၃။န-သွေး၊ မြွေဆိပ်စသည်ကို စုပ်ထုတ်ရန် ချို စသည်ဖြင့် လုပ်ထားသောကိရိယာ။ ~စုတ်၊ ~စုပ်၊ ကြိ-သွေး၊ မြွေဆိပ်စသည်ကို တွင်ဖြင့် စုပ်ထုတ် သည်။

တွင်၄။~ခုံ / တွင်ဂုန်/ န-သစ္စာတိုင်ကို ပွတ်တိုက် ထွင်းဖောက် ဖြတ်တောက်ရာစက်ခုံ။ ~ခုံ။ကြိ- သစ္စာ စသည်ကို တွင်ခုံတွင် ပုံဖော် ပွတ်ချောသည်။ ~စုတ်။ကြိ-သစ္စာကို တွင်ခုံတွင် ပြုပြင်သည်။

တွင်း။န-တူးဖော်ထားသောကျင်း။ သဘာဝအလျောက် ဖြစ်နေသောကျင်း။~ရေးဆယ်/တွင်းကိုးဆယ်/ကြိ- ရေတွင်းထဲတွင် ကျရောက်နေသော အမှိုက်သရိုက် များကို ဆယ်ယူသည်။ ~စား/တွင်းစား/န-ရှေး ခေတ်က ရေနံတွင်းပိုင်သူ။ ~ထွက်ပစ္စည်း/တွင်း ထွက်ပျစ်စီး/န-မြေကြီးမှ တူးဖော်ရယူသော ရေနံ၊ သတ္တု၊ ကျောက်မျက် စသည့် ပစ္စည်း။ ~ဗိုး /တွင်းဗိုး/န-မုံရွာနယ် တွင်းတောင်မှ ထွက်သည့် ကြော်စားရသော ပိုးကောင်။ ~ရိုး။န-ရှေးခေတ်က ရိုးရာအလိုက် ရေနံမြေပိုင်ဆိုင်ခွင့်ရသူ။

တွတ်။န-မိမိအောက် ဆွေမျိုး ခုနစ်ဆက်တွင် ပဋ္ဌမ ဆွေမျိုးဆက်။

တွတ်တီးတွတ်တာ။ကြိဝိ-ရေရာတာတာ အဆက်မပြတ် ပြောဆိုလျက်။

တွတ်တွတ်/တွတ်ဒွတ်/နဝိ-နီမြန်းသော။

တွတ်ထိုး။ကြိ-၁။နှုတ်က တွတ်တွတ်မြည်၍ တစ်ဖက်လူ ကို လိုက်ပုတ်တမ်း ကစားသည်။ ၂။အဆက်မပြတ် စကားပြောသည်။

တွန်။ကြိ-(ကြက်၊မျှစသည်)အော်မြည်သည်။ ~ကျူး၊ ကြိ-(ငှက်စသည်)သာယာစွာ အသံပြုသည်။

တွန့်။ကြိ-၁။ရှုံ့တွသည်။ ၂။ကြိုးမျှင် စသည် ကောက် လိမ်သည်။ ၃။နောက်သို့ ဆုတ်သည်။ ၄။စိတ် စေတနာ မထက်သန်။ ~တို/ တွန့်ဒို/ကြိ-နှမြော သည်။

တွန်း။ကြိ-၁။အားဖြင့် ရွေ့ရှားအောင်ပြုသည်။ ၂။ကြေး ရှော့ ကင်းစင်အောင် ပွတ်တိုက်သည်။ ၃။[ဗန်း] တစ်ဖက်သား ဒုက္ခရောက်အောင် ကြံဆောင် ပြောဆို သည်။ ကြိဝိ-အပြင်းအထန် အားထုတ်လျက်။ "အလုပ်ကို ~လုပ်-။" ~ကန်။ကြိ-တစ်ဖက်အားကို ဆန့်ကျင်တိုးသည်။ ~ခုံ/ တွန်းဂုန်/ န-တလင်းတွင် စပါးကို တွန်းရခွဲရသော ကိရိယာ။ ဂျုတ်။ ~လှန်။ကြိ-ဆန့်ကျင်ဘက်အင်အားကို ပြန်လှန် ဖြိုဖျက်သည်။ ~အား။န-အားပေးလှုံ့ဆော်မှု။

တွပ်/တွတ်/ကြိ-၁။အမျက်ကျောက်တွင် အကွက် ပေါ် အောင် သွေးသည်။ ၂။(ငါး)အစာကို အနည်းငယ် ဟပ်သည်။ ၃။(ဗန်း)စားသည်။ ~ကွက်/တွတ်ကွက်/ န-ကျောက်မျက်ခွဲ သွေး၍ ဖော်ထားသော အကွက်။

တွယ်။ကြိ-၁။ချိတ်ဆွဲသည်။ ကပ်ငြိသည်။ ၂။[ဗန်း] တိုက်ခိုက်သည်။ ဆော်သည်။ ~ချိတ်/တွယ်ဂျိတ်/ န-အထည်စ တစ်ခုနှင့် တစ်ခုကို ချိတ်တွယ်ရသော သံချိတ်ငယ်။ ~တာ။ကြိ-စွဲလမ်းသည်။ ခင်မင် သည်။ ငဲ့ကွက်သည်။ ~အပ်။န-ပင်အပ်နှင့်အတူတူ။

ထ

ထ၁။န-ဗျည်း သုံးဆယ့်သုံးလုံးတွင် ဆယ့်ခုနစ်လုံး မြောက် ဗျည်း။ (ထဆင်ထူးဟုခေါ်သည်။)

ထ၂။ကြိ-၁။လဲလျောင်းနေရာမှ ထိုင်သည်၊ ရပ်သည်။ ထိုင်နေရာမှ ရပ်သည်။ ၂။ကြွတက်လှုပ်ရှားသည်။ ၃။သောင်းကျန်းသည်။ ၄။ဖြစ်ပေါ်သည်။ "အဝိမ် ~~။ အမြုပ်~~။" ၅။အပင်များ ပေါက်ရောက် တိုးပွားသည်။ ၆။အနေအထိုင် ပိပြားသေဝပ်ခြင်း မရှိ၊ အလုပ်အရှုပ် များသည်။ ၇။ ဖျားနာရာမှ ပြန်ကောင်းသည်။ ~ကားရားထိုင်ကားရား /ထဲကားယားထိုင်ကားယား/ ကြိဝိ- အနေအထိုင်

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ပိပြားသေဝပ်မှုမရှိဘဲ။ **~ကြွ** /ထာ့ကျွာ့/ ကြိ- ၁၊ ကြွတက်လှုပ်ရှားသည်။ ၂၊ ဆူပူသောင်းကျန်းသည်။ **~ထကြွကြွ** /ထာ့ဒါ့ကျွာ့ကျွာ့/ ကြိဝိ- တက်ကြွ ဖျတ်လတ်စွာ။

ထ[၃]၊ စည်း-'သော'ရှေ့တွင်ထား၍ ကြိယာအနက်ကို ခံညားအောင်သုံးသော စကားလုံး။ "ဖြစ်တော်မူ ~ သော။"

ထနောင်း၊ န- အပူပိုင်းဒေသတွင် ပေါက်သော အခက် အလက်တွင် ဆူးပါသည့် သစ်ပင်တစ်မျိုး။

ထဘီ/ထမိန်(မီ)/န-မိန်းမဝတ်လုံချည်။ **~နားစိုစား** /ထမိန်နားနိုစား/ ကြိ- [ဥပစာ] မယားပခွည်း၊ မယားလုပ်စာကို မှီခို နေထိုင်သည်။

ထမနဲ၊ န-ကောက်ညှင်းဆန်ကို ဆီ၊ မြေပဲ၊ နှမ်း၊ အုန်းသီးစသည်တို့ ရော၍ ထိုးသော စားဖွယ်။

ထမင်း၊န-ဆန်ကိုချက်ထားသည့် စားဖွယ်။ **~ကြမ်း** /ထမင်းဂျန်း/န-တစ်နပ် အချိန်အခါလွန်သော ထမင်း။ **~ခံ**/ထမင်းဂန်/န-ထမင်းထည့်စရာခွက်။ **~ချဉ်**/ထမင်းဂျင်/န-ခရမ်းချဉ်သီး စသည်နှင့် ရောနယ်ကာ ချဉ်အောင်လုပ်ထားသော ထမင်း။ **~စားကျွန်ခံ**/ထမင်းစားကျွန်ဂန်/န-ထမင်းစား ရရုံမျှဖြင့် သူတစ်ပါး၏အလုပ်ကို ကျွန်သဖွယ် လုပ်ဆောင်ပေးသူ။ **~စားရေသောက်** /ထမင်းစား ယေသောက်/န-[ဥပစာ] ၁၊ အနည်းအကျဉ်းမျှ တတ်ခြင်း။ ၂၊ ပြုရိုးပြုစဉ် သာမန်ကိစ္စ။ **~ဆုပ်** /ထမဇုတ်/န-အမြစ်ဆေးဖက်ဝင် အပင်တစ်မျိုး။ **~ပွဲရှေ့ရောက်** /ထမင်းဗွဲယှေ့ယောက်/ ကြိဝိ- [ဥပစာ]စားသောက်ရန် အဆင်သင့် အခန့်သင့်။ **~ဖြူ**/ထမင်းဖျူ/န-အုန်းထမင်း စသည် မဟုတ်သော ရိုးရိုးထမင်း။ **~ရည်ချောင်းစီး** /ထမယေ ချောင်းစီး/ကြိဝိ-[ဥပစာ] အကြီးအကျယ် (ကျွေးမွေး လှူဒါန်းသည်)။ **~ရည်ပူစည်း**/ထမယေဗူစီး/န- ထုပ်ဆီးတိုး ကစားရာတွင် ဘေးနှစ်ဖက်၌ သတ်မှတ် ရေးဆွဲထားသော စည်းများ။ **~ရည်ပူလာ လျှာလွှဲ** /ထမယေဗူလာယှာလွှဲ/ကြိ-[ဥပစာ] ကိစ္စတစ်ရပ် ရပ်နှင့် ကြုံလာသောအခါ တာဝန်ကို ရှောင်လွှဲသည်။ **~လက်ဆုံစားမယား**/ထမင်းလက်ဆုန်စားမယား/ န-၁၊ထမင်းလက်ဆုံစားခြင်းဖြင့် လက်ထပ်ယူသော မယား။ ၂၊ထုံးစံနှင့်အညီ တောင်းရမ်းယူသော မယား။ **~လုံးတစ္ဆေခြောက်**/ထမင်းလုန်းတဆေ ချောက်/ ကြိ-၁၊ထိတ်လန့်ဖွယ် အိပ်မက်ဆိုး မြင်မက်သည်။ ၂၊[ဥပစာ] အကြောင်းတစ်ခုခုကိုစွဲ၍ အမြဲတမ်း တုန်လှုပ်ချောက်ချားနေသည်။ **~ဦးပေါင်း** /ထမင်း အူးဗောင်း/န-မြေအိုးဖြင့် ချက်ရာ၌ ထိပ်တွင် ဖလောင်းပုံးသဏ္ဌာန် ဖောင်းမို့နေသော ထမင်းစု။ **~အိုးခွဲ**၊ကြိ-[ဥပစာ]စားဝတ်နေရေး ပျက်စီးအောင် လုပ်သည်။ **~အိုးတစ်လုံးချက်** /ထမင်းအိုးတလုန်းဂျက်/န-ထမင်းတစ်အိုးချက် ခန့်မျှ ကြာသောအချိန်။

ထမှန်၊န-၁၊ရွာသူကြီး။ ၂၊[ရှေး]လှေသူကြီး။ [ရှမ်း၊ထမှန်]

ထရံ၊န-၁၊ဝါး၊ ကျူ စသည်ကို ခွဲဖြာ၍ ရက်လုပ်ထားသော အကာအရံ။ ၂၊မတ်စောက်သော နံရံ။

ထရန်စစ္စတာ /ထရန်စစ်စတာ/ န- လျှပ်စစ်ခါတ် ကူးခြင်းကို တစ်စိတ်တစ်ပိုင်း ခုခံနိုင်သည့် အီလက် ထရွန်နစ် ကိရိယာ။ (ရေဒီယို၊ ရုပ်မြင်သံကြား စသည်တွင်သုံးသည်။) [လိပ်၊transistor]

ထာဝစဉ် /ထာဝဇင်/ ကြိဝိ-ထာဝရ။ အစဉ်။ [ပါ၊ ထာဝရ + မြန်၊ အစဉ်]

ထာဝရ/ထာဝရ့(ယာ့)/ကြိဝိ-အမြဲ။ အစဉ်။ [ပါ၊ ထာဝရ] **~ဥစ္စာ**/-အုတ်စာ/န-လယ်ယာမြေ ကဲ့သို့ မရွှေ့မပြောင်းနိုင်သော ဥစ္စာ။ (ဇင်္ဂမဥစ္စာနှင့် နှိုင်းယှဉ်)

ထား၊ကြိ-၁၊တည်ရှိစေသည်။ ၂၊ခြွင်းချန်သည်။ "ကလေးဆိုတာ ~ ၊ လူကြီးပင်မစွမ်းဆောင်နိုင်။" စည်း-၁၊ ဖြစ်တည်ဆဲကို ပြသော စကားလုံး။ "ထိုးဆောင်း ~သောလူ။" ၂၊ ကြိယာ၏ ပြီးနှင့် အောင် အနက်ဖြင့် ထောက်ပံ့သော စကားလုံး။ "ထမင်းစား ~လိုက်-။"

ထားဝယ်ဆောင် /ဒဝယ်ခေါင်/ န- အမိုးနှစ်ထပ် လည်ပေါ်ဆောက်ထားသော နန်းတော်ဆောင် စသည်။

ထားဝယ်မှိုင်း /ဒဝယ်မှိုင်း/ န- အပွင့်အဖြူ၊ အနီ၊ ပန်းရောင် အဆုပ်လိုက်ပွင့်သော နွယ်ပင်တစ်မျိုး။

ထိ၊ကြိ-၁၊တစ်ခုနှင့်တစ်ခု အကြားအလပ်မရှိ တွေ့ဆုံသည်။ ခိုက်တိုက်မိသည်။ ၂၊ကျရောက်သည်။ "ဘေး ~-။" ၃၊ အချက်ပိုင်သည်။ ထိမိသည်။ ၄၊ လက်နက်ကြောင့် ဒဏ်ရာရသည်။ ၅၊ဆုံးရှုံးသည်။ နစ်နာသည်။ **~ကပါးရိုက်ပါး** /ထိဂဗားယိဂဗား/ ကြိဝိ-မထိတထိ (ပြောဆိုပြုမူသည်)။ **~ကပေါက်** /ထိဂဗောက်/န-ဓါးပတ်ကြိုးမြဲအောင် ချုပ်ထိန်း သောကွင်း။ **~ကရုံး**/ထိဂယုန်း/န-ထိလျှင် အရွက် များ ရုံးစုသွားတတ်သော အပင်။ (ကုန်းထိကရုံး၊ ရေထိကရုံးဟူ၍ နှစ်မျိုးရှိသည်)။ **~ခိုက်**၊ ကြိ-၁၊ အရှိန်အဟုန်နှင့် တိုးမိတိုက်မိသည်။ ၂၊ (စိတ်) မချမ်းမသာ ဖြစ်သည်။ ၃၊ အခြေအနေ ယွင်းပျက် သည်။ ဆုံးရှုံးနစ်နာသည်။ **~ခြင်းငါးပါး**/ထိဂျင်း ငါးဗား/န-တည့်ခြင်းငါးပါးမျှ။**~တွေ့**၊ကြိ-၁၊တစ်စုံ တစ်ရာနှင့် ထိသည်။ ၂၊တွေ့ဆုံ ဆက်ဆံသည်။ **~ပါး** /ထိဗား/ ကြိ- ရန်ရှာသည်။ နှောင့်ယှက် သည်။ ကြိဝိ-ပုတ်ခတ်လျက်(ပြောဆိုသည်)။ **~မိ**၊

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

~ရောက်၊ ကြိ– အကျိုးသက်ရောက်သည်။ လိုရင်းရောက်သည်။ အချက်ပိုင်သည်။

ထိနမိဒ္ဓ/ထိနှာမိတ်ဒ့ါ/န–ထိုင်းမှိုင်းခြင်း။ ငိုက်မျဉ်းခြင်း။ [ပါ၊ထိနမိဒ္ဓ]

ထိ[၃]၊န–အမှတ်စဉ် ရေးထိုးထားသော ကံစမ်းမဲတစ်မျိုး။ [လိပ်၊lottery] ~ထိုး၊ ကြိ– ၁၊ ကံစမ်းရန် ထီလက်မှတ်ဝယ်သည်။ ၂၊ [ဥပစာ] ကံစမ်းသည်။ ~ပေါက်၊ကြိ–၁၊ပေါက်မဲနှင့် ထီလက်မှတ်နံပါတ်ကိုက်ညီသည်။ ၂၊[ဥပစာ] မမျှော်လင့်ဘဲ အကျိုးခံစားရသည်။ ~ပေါက်စဉ်၊န–ထီပေါက်ဂဏန်းစဉ်စာရင်း။ ~ဖွင့်၊ကြိ–ထီထိုးသူတို့အတွက် ကံစမ်းမဲနှိုက်ပွဲ ပြုလုပ်သည်။

ထိ[၂]၊ကြိ–ကြောက်ရွံ့လေးစားသည်။ (မနှင့်တွဲ၍ အသုံးများသည်။) ~မထင်၊ ကြိ– မလေးစား။ မခန့်ညား။ မကြောက်ရွံ့။

ထီး[၁]၊န–၁၊နေ၊ မိုးဒဏ်ကာကွယ်ရန် အရိုးတပ် ဆောင်းစရာ။ ၂၊ မင်း၊ မှူးမတ် စသည်တို့၏ အဆောင်အယောင်ထီး။ ၃၊ စေတီအထွတ် စသည်တွင် စိုက်ဆောက်သော ထီးပုံ အဆင်တန်ဆာ။ ၄၊စက္ကူ စသည်ကို ထီးပုံ ပြုလုပ်ထားသော လှူဖွယ်ပစ္စည်း။ ~ကိုးစည်ပေါက်၊ကြိ–ရန်သူက တိုက်ခိုက်သိမ်းပိုက်သဖြင့် ထီးနန်းစည်းစိမ် လက်လွှတ် ဆုံးရှုံးသည်။ လွတ်လပ်ရေး ဆုံးရှုံးသည်။ ~ဓေါင်း/ထီးဂေါင်း/န–ထီးလက်တံများ စိုက်သည့် နေရာ။ ~ဈက်/ထီးဂျက်/န–ထီး၏အထွတ်။ ~တင်၊ကြိ–စေတီအထွတ်တွင် ထီးကို တပ်ဆင်သည်။ ~ထမ်းလမ်းလျှောက် /ထီးဒန်းလန်းယှောက်/ န–[ဥပစာ] အလုပ်အကိုင် မည်မည်ရရ မလုပ်ဘဲဟိုဟိုသည်သည် လျှောက်သွားနေသူ။ ~နန်း၊န–ထီးဖြူနှင့်တကွ နန်းတော်။ ~ဖြိုင်နန်းဖြိုင် /ထီးဗျိုင်နန်းဗျိုင်/ ကြိဝိ–တစ်ခေတ်တည်းတွင် တစ်နိုင်ငံစီ၌ မင်းဖြစ်လျက်။ ~ဖြူ /ထီးဗျူ/ န– မင်း၊ မိဖုရားခေါင်တို့၏ အသုံးအဆောင်ထီး။ ~မှုနန်းရာ၊ န–နန်းတွင်းသူ နန်းတွင်းသားတို့၏ ဟန်အမူအရာ။ ~ရုံနန်းရုံ၊န–လက်အောက်ခံ ဘုရင်။ စော်ဘွား။ ~ရိုး၊န–၁၊ထီးလက်ကိုင်အရိုး။ ၂၊[ဗေဒင်] လက်ဖဝါးအလယ်တွင် အထက်အောက် တန်းနေသော အရေးအကြောင်း။ ~ရိုးနန်းနွယ်၊န–ဘုရင့် အရိုက်အရာကို ဆက်ခံမည့်သူ။ ~ရိုးဝါး၊န–ထီးရိုးလုပ်လေ့ရှိသော တောင့်တင်း၍ ဖြောင့်စင်းသော ဝါးတစ်မျိုး။ ~ရှန်နန်းရှန်၊ န– မင်းအဖြစ် လျာထားခြင်း ခံရသူ။ အိမ်ရှေ့မင်း။ ~သုဉ်းနန်းသုဉ်း/ထီးသုန်းနန်းသုန်း/ န–ထီးနန်းမရှိသော အဖြစ်။ ~သုံးနန်းသုံး/ထီးသုန်းနန်းသုန်း/န–နန်းတွင်းသူ နန်းတွင်းသားတို့ သုံးနှုန်းသော စကား၊ သုံးသောပစ္စည်း။ ~အုံ၊ န–ထီးရိုင်အစု။

ထီး[၂]၊ကြိ–တစ်ဦးတည်း ဖြစ်သည်။ တစ်ခုတည်းဖြစ်သည်။ "သက်သေပင်ကြီးသော်လည်း မ~စေရာ။" စည်း–အထီးဖြစ်ကြောင်း ပြသော စကားလုံး။ ~တည်း/ထီးဒီး/ကြိဝိ–တစ်ဦးသာ။ တစ်ခုသာ။ ~ထီးကြီး/–ဂျီး/ကြိဝိ–တစ်ဦးတည်း တစ်ခုတည်း ထင်ရှားပေါ်လွင်စွာ။ ~ထီးမားမား/–မားမား/ ကြိဝိ– ထင်ထင်ရှားရှား။ မားမားမတ်မတ်။

ထီးလိုင်ကာ၊န–ငှက်ဆင်နှင့်အတူတူ။ [ပါ၊ဟတ္ထိလိင်္ဂ]

ထု[၃]၊ကြိ–၁၊လက်သီး၊ တူစသည်တို့ဖြင့် ရိုက်နှက်သည်။ ၂၊ခဲစသည်တို့ဖြင့် ပစ်သည်။ ၃၊ဆောက် စသည်တို့ဖြင့် ရုပ်ပုံပေါ်အောင် ပြုလုပ်သည်။ "ပန်းပု~~။" ၄၊[ဗန်း]သူတစ်ပါး ထိခိုက်နစ်နာအောင် ပြောဆိုရေးသားသည်။ ~ချေ/ထုဂျေ/ကြိ–ဖွပ်ခွဲချက်နှင့် ပတ်သက်၍ ချေပသည်။ ~ချေလွှာ/–လွှာ/န–ထုချေတင်ပြသောစာ။ ~ခွဲ/ထုခွဲ၊ထုဂွဲ/ကြိ–ငွေအသုံးလို၍ စုဆောင်းထားသော အဖိုးတန်ပစ္စည်းကို ရောင်းချသည်။ ~သားပေသားရ /ထုသားပေသားယာ/ကြိ–ဆင်းရဲဒုက္ခ အမျိုးမျိုးနှင့် တွေ့ကြုံ ဖူး၍ ခံနိုင်ရည်ရှိသည်။(ထုသားတေသားရဟုလည်း သုံးသည်။)

ထု[၂]/ထုဒု/န–၁၊ဒု ရှု။ ၂၊အစုအဝေး။ "ကျောင်းသား~။ လူ~။" ~ထည်/ဒုဒယ်/န–၁၊အစိုင်အခဲ။ အစိုင်အခဲပမာဏ။ ၂၊[သင်္ချာ]ကုဗအတိုင်းအတာ။ ~ဗိတ်/ဒုဗိတ်/န–လေကားထစ် တစ်ခုနှင့် တစ်ခုအကြား နောက်ဘက်မှ ပိတ်ထားသောအကာ။

ထုတိ၊န–ချီးမွမ်းခြင်း။ ကောင်းချီးစကား။ [ပါ၊ထုတိ]

ထုပိကာ/ဒုပိကာ/န–ပြာသာဒ်အထွတ်။ [ပါ၊ထူပိက]

ထူ[၃]၊ကြိ–၁၊ ထောင်မတ်အောင်လုပ်သည်။ "တိုင်~–။" ၂၊ လဲလျောင်းရာမှ ထိုင်နိုင်ထနိုင်အောင် ချီမပေးသည်။ ~ထူထောင်ထောင်/ထူဒူထောင်ဒေါင်/ကြိဝိ–အခြေအနေ ဆိုးနေရာမှ ပြန်လည်ကောင်းမွန်လာလျက်။ ~ထောင်၊ကြိ–၁၊တည်ဆောက်သည်။ ၂၊ဖွံ့ဖြိုးတိုးတက်လာအောင်ပြုသည်။

ထူ[၂]၊နဝိ–၁၊ချပ်ပြားသောအရာ၏အထုကြီးသော။ ၂၊ သိပ်သည်းသော။ များပြားသော။ "ကြေး~။ မှုန်~။" ၃၊(ဥာဏ်)ထိုင်းသော။ ဖျင်းသော။ ~တဲ၊နဝိ–အထုအထည်ကြီးသော။ ~ထပ်၊နဝိ–သိပ်သည်းသော။ များပြားသော။ ~ပိန်း၊နဝိ–အကြားအလပ်မရှိ ပိတ်နေသော။ ~ပြော/ထူဗျော/နဝိ–များပြားသော။ ~အန်း၊နဝိ–ဖောရောင်သကဲ့သို့ ဖြစ်သော၊

ထူပါ၊န–စေတီ။ ဝုထိုး။ [ပါ၊ထူပ]

ထူး[၃]၊နဝိ–အများနှင့်မတူခြားနားသော။ သာမန်ထက်

မာတိကာသို့ ▶▶▶

http://www.lknt11.com

ပိုလွန်သော။ စည်း-[ကဗျာ] တစ်ယောက်ထိုးတည်း အနက်ဖြင့် ဖောက်ပုံသော စကားလုံး။ "ကိုယ်~ ကြံရရှာ။" **~ချွန်**/ထူးချွန်/နဝိ-ထူးထူးခြားခြား ကောင်းမွန်သော။ **-ထွေ** /ထူးခွေ/နဝိ-အမျိုးမျိုး အဖုံဖုံဖြစ်သော။

ထူး²၊ကြိ-ခေါ်သည်ကို တုံ့ပြန်အသံပေးသည်။

ထူး³၊ **-ကွင်း** /ထူးဂွင်း/န- ဆင်၏သွားလာမှုကို ထိန်းချုပ်ရန် ခြေတွင် တပ်ဆင်ထားသော ကြိုးကွင်း၊ သံကွင်း။ **~တပ်**၊ကြိ-ထူးကွင်းတပ်သည်။ **~ဖွတ်** /ထူးဗွတ်/န-ထူးကွင်းအစုံ။

ထူး⁴၊န-မြေကြီးတွင် ရေစားသဖြင့် ဖြစ်ပေါ်နေသော တွင်း၊ ကျင်း။ ထူးတွင်း။

ထေ¹၊ကြိ-၁၊သုံးပုံဖဲကစားရာတွင် ခင်းထားသော ဖဲကို မရိုက်ချင် မရိုက်နိုင်သောအခါ မိမိလက်ထဲမှ မလိုသော ဖဲကိုမှောက်၍ ပေးလိုက်သည်။ ၂၊အစား ထိုးသည်။ ရင်းစားရသည်။

ထေ²၊န-ကျွဲ ရေ နွားရေကို မီးဖုတ်ရေစိမ်ကာ နပ်နပ် လှီးပြီး သုပ်ထားသော စားဖွယ်။

ထေရဝါဒ/ထေရာ့ဝါဒ/န-ရှင်မဟာကဿပ စသော မထေရ်ကြီးတို့မှ အစဉ်မပျက် ဆင်းသက်လာသော ဗုဒ္ဓသာသနာ။ [ပါ၊ ထေရဝါဒ]

ထေရီ/ထေရီ/န-ရဟန်းမိန်းမ။ [ပါ၊ ထေရီ]

ထေရုပ္ပတ္တိ /ထေရုတ်ပတ်တိ/ န- ရဟန်းတော်၏ အတ္ထုပ္ပတ္တိ။ [ပါ၊ထေရ+ဥပ္ပတ္တိ]

ထော့၊ကြိ-မထိတထိ စောင်းချိတ်ပြောဆို ပြုမူသည်။ **~သံ**/ထော့သန်/န-အောက်မြစ်သံ။ အမြစ်သံ။

ထေး၊ကြိ-ရှလှ သမွန် စသည်တို့၏ စပ်ကြောင်းများကို မွဲ့လျက်စသည်ဖြင့် ပိတ်ဆို့သည်။ **~ဆံ**/ထေးဇန်/ န-လှေ သမွန် ဖျဉ်စပ်ကြောင်းတွင် ဖာထေးရ သော အုန်းဆံ၊ ဂုန်နီစသည်။

ထဲ၊ဝိ-အထဲ။ အတွင်း။

ထော၊ကြိ-[အရပ်]ငွေကြေးပေါများသည်။

ထောပေး/ထောဗေး/န-နို့ဓမ်းကို ချက်ရာမှ ရသော ထောပတ် မဖြစ်မီ ဆီဦး။

ထောပတ်/ထောဗတ်/ န- ထောပေးကို ချက်ရာမှ အထက်တွင် တည်လာသော အဆီ။ **~ပဲ**/-ပဲ/ န- အရေအဖြူရောင်ရှိသော ပဲတစ်မျိုး။ **~သီး** /-သီး/ န-မှည့်သောအခါ အပြင်ခွံညိုမည်း၍ ထောပတ်အသွင်ရှိ အတွင်းသားကို စားရသော အသီး။

ထောမနာ၊ န-ချီးမွမ်းခြင်း။ ကြိ- ချီးမွမ်းသည်။ [ပါ၊ထောမနာ]

ထောလပတ်/ထောလဗတ်/န-ကျိုင်းပုံ အပွင့်သေးပွင့်ပြီး အရွက်ကို ယုမြေ၍ ခေါင်းလျှော်ရည်တွင် ထည့်လေ့ ရှိသော ချုံပင်တစ်မျိုး။

ထော့ကျိုး/ထော့ဂျိုး/န-ခြေထောက်တစ်ဖက် မသန် စွမ်းသူ။ **~ထော့ကျိုး**/-ထော့ဂျိုး/ကြိဝိ-ခြေထောက် တစ်ဖက် မသန်စွမ်းသူ လမ်းလျှောက်သကဲ့သို့။ ထော့နဲ့ထော့နဲ့။ ထော့နင်း ထော့နင်း။

ထော်၊နဝိ-ကော့လန်သော။ "နှုတ်ခမ်း~~။" **~လော်**၊ ကြိဝိ-မပြေမပြစ်။ မညီမညွတ်။ မပိမပြား။ **~လော် ကန့်လန့်**၊ ကြိဝိ-ဖီလာဆန့်ကျင်လျက်။

ထော်ပည်/ထော်ပျီ/န-ရေကန်စပ်တွင် ပေါက်လေ့ရှိ သော အပင်တစ်မျိုး။

ထော်ပန်၊န-မြန်မာဘုရင်များလက်ထက် ရှမ်းအရာရှိ တစ်မျိုး။ [?]

ထော်မိုင်း၊န-မြန်မာဘုရင်များလက်ထက် ရှမ်းအရာရှိ တစ်မျိုး။ ထော်မိုင်းထော်ကန်။ [?]

ထံ၊န-တည်ရာ။ ရှိရာ။ အနီးအပါး။ အထံ။ **-ပါး** / ထန်ဗား/န-အနီးအပါး။ ထံရင်း။ **~မှောက်**၊န- မျက်မှောက်။ ရှေ့မှောက်။

ထံတျာ/ထန်တယာ/န-၁၊ဂီတသံ။ ၂၊ဂီတအခြေခံ သင်ရိုးအစ ကြိုးသီချင်း။

ထို၊နစ-ကွာလှမ်းသည့် သက်ရှိသက်မဲ့ နာမ်ပုဒ်အစား သုံးသော စကားလုံး။ နဝိ- ကွာလှမ်းသည့် သက်ရှိ သက်မဲ့ နာမ်ပုဒ်ကို အထူးပြုသော စကားလုံး။ **~မြို့**၊သမ်-[ပေါ] ထို့ပြင်။ ထို့နောက်။ ထိုမှတစ်ပါး။

ထို့ကြောင့်/ထို့ချောင့်/သမ်-ထိုအကြောင်းကြောင့်။

ထို့နောက်၊သမ်-ထိုသို့ပြုပြီး၊ ဖြစ်ပြီးသည့်နောက်။

ထို့ပြင်၊သမ်-ဆိုခဲ့ပြီးသောအရာမှ အခြားတစ်ပါး။

ထိုး၊ကြိ-၁၊တစ်စုံတစ်ရာကို အရှိန်ဖြင့် တိုက်မိုက်မိ အောင်လုပ်သည်။တိုက်မိုက်သည်။ "လက်သီးဖြင့်~၊ တုတ်ဖြင့်~၊ စီးချင်း~ စသည်။" ၂၊ရှုးဝင်အောင် လုပ်သည်။ ရှုးသည်။ "ဓားဖြင့်~၊ လေကျင့် ~စသည်။" ၃၊စစ်တုရင်ရုပ် စသည်ကို တိုးရွှေ့ ကစားသည်။ "ကျား~~။" ၄၊ရှေ့သို့ ဆန့်ထုတ် သည်။ "မေး~၊ ခြေ~ စသည်။" ၅၊ပိုးကောင် ကိုက်ခဲသည်။ "ပိုး~၊ လောက်~၊ ကြမ်းပိုး~ စသည်။" ၆၊အကြားဖြတ်ဝင်သည်။ "သေနတ် ခါးကြား~၊ သွားကြား~ စသည်။" ၇၊အတွင်းသို့ ရောက်အောင် ထည့်သည်၊ ဖြည့်သည်။ "ရေ~၊ လေ ~စသည်။" ၈၊တိုးဝင်နေသည်။ "ရေစွယ်~၊ အရပ်မိုး~စသည်။" ၉၊ ဖိတွန်းပွတ်ဆွဲသည်။ "ရွှေပေါ်~၊ မီးပူ~စသည်။" ၁၀၊ထိခတ်ခြင်းဖြင့် အသံမြည်စေသည်။ "တယော~၊ ခေါင်းလောင်း~ စသည်။" ၁၁၊ တစ်စုံတစ်ခုသောအချိန်နာရီသို့ ဆိုက်ရောက်သည်။ ၁၂၊ အလင်းအရိပ် စသည် ကျရောက်သည်။ ကျရောက်စေသည်။ "လရောင်~၊

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

မိုးမောင်း ~ စသည်။" ၁၃၊ စိုက်သွင်းသည်။ စိုက်ဆောက်သည်။ "ဆံထိုး ~၊ တဲ ~၊ ကျွမ်း ~ စသည်။" ၁၄၊ လျှိုသွင်းဖွဲ့ယှက်သည်။ "ကြိမ် ~၊ ဖွတ်မြီး ~၊ ပန်း ~ စသည်။" ၁၅၊ ရေးသားစွဲထင်စေသည်။ "ဘမ္ဗည်း ~၊ လက်မှတ် ~၊ မင်ကြောင် ~ စသည်။" ၁၆၊ မွှေနှောက် ကော်လှန်သည်။ "ယို ~၊ ဘမနဲ ~၊ ယယ် ~၊ မြွက် ~ စသည်။" ၁၇၊ ကံစမ်းကြေး၊ လောင်းကြေးပေး၍ ကံစမ်းသည်၊ လောင်းကစားသည်။ "ထီ ~၊ လေးကောင်ဂျင် ~ စသည်။" ၁၈၊ တံစိုးလက်ဆောင် အဖြစ် ငွေကြေး ပစ္စည်းပေးသည်။ "ငွေ ~၊ လာဘ် ~ စသည်။" **~ကျ**၊ကြိ-အရှိန်နှင့်အောက်သို့ စိုက်ကျသည်။ **~ကျင့်**၊ကြိ-(ဝမ်းတွင်းလေ) တွန်းထိုး၍ ရှူးအောင့်သည်။ **~ကြိတ်**၊ကြိ-လက်သီးဖြင့် ထိုးနှက်သည်။ **~ကွင်း** /ထိုးဂွင်း/ န-ယောက်ျား၏ ခါးနှင့်ပေါင်တွင် မင်ဖြင့်ထိုးထားသော အကွင်းအကွက်။ **~ကွင်းဒူးကျ**/-ဒူးကျ/ န-ဒူးဆစ်ထိအောင် ထိုးထားသော မင်ကြောင်။ **~ကွင်းမြေနိုက်**/-မျေနိုက်/ န-ခြေမျက်စိအထိ ထိုးထားသော မင်ကြောင်။ **~စစ်**/ထိုးဇစ်/ န- ရန်သူ၏ နယ်မြေတွင်းသို့ ထိုးဖောက် ဝင်ရောက်သော စစ်ရေးကိစ္စ။ မိမိက စတင်တိုက်ခိုက်သော စစ်ရေးကိစ္စ။ **~စစ်ဆင်**/-ဆင်/ကြိ-မိမိက စတင်တိုက်ခိုက်သည်။ **~စည်**/ထိုးဇီ/ န-ကြိုးခွဲ၍ တီးတော်ရသော ကြေးပြားဝိုင်းကြီး။ ကျောက်စည်။ **~ဆေး** /ထိုးဇေး/ န-ကိုယ်တွင်းသို့ ပြွန်အပ်ဖြင့် ထိုးသွင်းကုသရသော ဆေးရည်။ **~ဓာတ်**၊န-ကြံဖန်တီထွင်ရေးသားသောဓာတ်။ **~ထိုးတောင်တောင်**/ထိုးဒိုးထောင်ဒေါင်/ကြိဝိ-မသေမသပ် ထိုးထွက်လျက်။ **~ထိုးထွန့်ထွန့်** /ထိုးဒိုးထွန့်ဒွန့်/ ကြိဝိ-ဆတ်ခနဲဆတ်ခနဲ တွန့်လိမ် လှုပ်ရှားလျက်။ **~ထွင်း**/ထိုးဒွင်း/ ကြိဝိ-ကိုယ်တိုင်ထွင်းဖောက်လျက် နက်နဲစွာ။ **~နှက်**၊ကြိ-၁၊အရှိန်အဟုန်ဖြင့် ရန်မူတိုက်ခိုက်သည်။ ၂၊[ဥပစာ] သူတစ်ပါးမခံနိုင်အောင် ပြောဆိုရေးသားသည်။ **~ဖောက်**၊ကြိ-၁၊ချွန်ထက်သောအရာဖြင့် ပေါက်အောင် ထိုးသည်။ ၂၊ ချင်းနင်းဝင်ရောက်သည်။ **~မုန့်**၊န- ကောက်ညှင်း၊ သကြား၊ ဆီ စသည်တို့ကို ရောမွှေပြုလုပ်ထားသော မုန့်တစ်မျိုး။ **~ဝါး**၊န-လှေရွေ့အောင် ထိုးစိုက်တွန်းကန်ရသော ဝါးလုံး။ **~သား**/ထိုးသား/ န-၁၊လှေထိုးသမား။ ၂၊ကစားဝိုင်းတွင် လက်သည်မဟုတ်သော လောင်းကစားသူ။ **~အပ်**၊ကြိ-လုံးပအပြီးအပိုင်ပေးအပ်လိုက်သည်။

ထက် ¹၊ နဝိ- ၁၊ (ဓားစသည်၏) အသွားမတုံးသော၊ မြသော။ ၂၊[ဥပစာ] (စေတနာ၊ ဉာဏ်၊ အာဏာ စသည်) ရှူးရှသော၊ ထိရောက်သော။ **~မြက်**၊နဝိ-အလွန်ထက်သော။ **~သန်**၊ကြိ-(စိတ်၊ စေတနာ) အားကောင်းသည်၊ ပြင်းပြသည်။ အလွန်စိတ်ဝင်စားသည်။

ထက် ²၊န-အထက်။ အပေါ်။ ဝိ-ပိုလွန်သည့် အနက်ရှိသော စကားလုံး။ သမ်-ပိုလွန်သည့် အနက်ဖြင့် ဆက်စပ်ပေးသော စကားလုံး။ "မနီလှသည်~ မဖြူကာ ပိုလှ-။" **~ကြပ်မကွာ**၊ ကြိဝိ-နောက်မှ အတူတကွ(လိုက်ပါသည်)။ **~ရှည်**၊ ကြိဝိ-[ပေါ] မကြွင်းမကျန်။ **~မြှမ်း**၊န-နှစ်ခြမ်း၏ တစ်ခြမ်း။ **~တိုက်**၊ ဝိ-[ပေါ] ထက်တိုင်။ **~တိုင်**၊**~ထိ**၊ ဝိ-(ယခု၊ ယနေ့စသည်) ကာလတိုင်အောင်။ **~ပိုင်း**၊ ကြိဝိ-နှစ်ပိုင်းဖြစ်အောင်။ **~ရုံ**၊ ကြိ-[ပေါ] ထက်ဝန်းကျင် ခြုံရုံသည်။ အလုံးစုံ ပြည့်စုံသည်။ **~လောင့်ထက်လဲ**၊ ကြိဝိ-[ပေါ] တအုံ့နွေးနွေး။ **~ဝက်**၊န-တစ်ဝက်။ **~ဝန်းကျင်**၊န-အရပ်မျက်နှာအားလုံး။

ထက်ဝယ်ဖွဲ့ခွေ၊ကြိဝိ-တင်ပျဉ်ခွေလျက်။ [မွန်၊ထဝ်+မြန်ဖွဲ့ခွေ]

ထောက်၊ကြိ-၁၊အချောင်းအတံမျိုးဖြင့် ပင့်မထားသည်၊ ဖိ၍ထားသည်။ ၂၊ကူညီမစသည်။ ၃၊နှိုင်းချိန် ဆင်ခြင်သည်။ ၄၊အကိုးအကားပြုသည်။ ၅၊ငုံ့ကွက်သည်။ ၆၊အကူအညီပေးလို၍ ဖြစ်စေ၊ မေးမြန်းလို၍ ဖြစ်စေ ကြားဖြတ်ပြောဆိုသည်။ ၇၊(အသက်အရွယ်) ကြီးရင့်ရှိန် ရောက်သည်။ "ဇရာ ~ပြီ။" ၈၊(ခရီးလမ်း) ကွာလှမ်းသည်။ "ခရီး ~~။" **~ကြံ့**၊န-သစ်မာပင်ကြီး တစ်မျိုး။ **~ကွက်**၊န-၁၊ထောက်ခံသလိုလိုနှင့် ကန့်ကွက်ခြင်း။ ၂၊ သူတစ်ပါး ထောက်ပြစရာဖြစ်သော အားနည်းချက်။ **~ခံ**၊ကြိ-မှန်ကန်ကြောင်း၊ သဘောတူကြောင်း ဖော်ပြသည်။ **~ထား**၊ကြိ-၁၊ဆင်ခြင်နှိုင်းဆသည်။ ၂၊ငုံ့ကွက်သည်။ ၃၊ကိုးကားသည်။ **~ပံ့ကြေး** /ထောက်ပန့်ကျေး/ န-အစိုးရသို့မဟုတ် ဆိုင်ရာအဖွဲ့အစည်းတစ်ခုခုက အကူအညီပေးသောငွေ။ **~ပြ**၊ကြိ-ညွှန်ပြသည်။ **~လှမ်း**၊ကြိ-မေးမြန်းစုံစမ်းသည်။

ထောက်ရှာ၊န-၁၊အသီးကို စားရသော သစ်ပင်တစ်မျိုး။ ၂၊အသားမာ၍ အမြင့်ပေ ၁၀၀ခန့်ရှိသော သစ်ပင်ကြီး တစ်မျိုး။

ထိုက်၊ကြိ-၁၊သင့်သည်၊လျောက်ပတ်သည်၊ တန်သည်။ ၂၊အဖိုးတန်သည်။

ထင် ¹၊ကြိ-၁၊ပုံသဏ္ဌာန်ပေါ်လာသည်။ မြင်သာသည်။ ၂၊ယူဆသည်။ **~ကြေး**/ထင်ချေး/ န-ထင်မြင်ယူဆချက်။ **~စား**/ထင်ဇား/ကြိ-မျှော်လင့်သည်။ အားကိုးသည်။ **~ပေါ်**၊ကြိ-ထင်ရှားပေါ်လွင်သည်။

မာတိကာသို့ ▶▶▶

http://www.lknt11.com

~ယောင်ထင်မှား။ကြိဝိ–ယုံမှားသံသယ ဖြစ်လျက်။ ~ရာနိုင်း။ကြိ–ထင်ရာမြင်ရာ ပြုမူလုပ်ကိုင်သည်။ ~ရာမြင်ရာ။ကြိဝိ–မစဉ်းစား မဆင်ခြင်ဘဲစိတ်ကူး ပေါက်ရာ။ ပေါက်ကရ။ ~ရှား။ကြိ–ပေါ်လွင်သည်။ သိသာသည်။ ~ရှားပင်/ထင်ယှားပင်/န–[ရှေး] ထင်းရှူးပင်။ ~ဟပ်။ကြိ–(မှန်စသည်တွင် ကဲ့သို့) သဏ္ဌာန် ထိဟပ် ပေါ်ထင်သည်။

ထင်[၂]။န–ကက်ဖဲနှင့်သုံးပုံဖဲတွင် ၁၂ပွင့်ပါ ဖဲချပ်။ (ကက်ဖဲတွင် တတိယအကြီးဆုံးဖြစ်၍ အဖြူ ခြောက်ပွင့် အနီခြောက်ပွင့် ပါသည်။ သုံးပုံဖဲတွင် မြန်မာဘက်က အကြီးဆုံးဖြစ်သည်။) [တရုတ်၊ tian]

ထင့်။ကြိ–အနည်းငယ်နိုးရိမ်ကြောင့်ကြသည်။ "စိတ် ~ ~။" စည်း– ဝါကျအဆုံး၌ ထင်မှတ်မိကြောင်း အနက်ဖြင့် ထောက်ပံ့သော စကားလုံး။

ထင်း[၁]။ကြိ–၁။ထွန်းကွက်သည်။ ၂။ပေါ်လွင်သည်။ ထင်သာမြင်သာသည်။

ထင်း[၂]။န–လောင်စာသစ်သား။ ~ကလား။န–လူသေ ကောင် မီးရှို့ရာတွင်၊ ထောမီးလောင်ရာတွင် မကျွမ်း ဘဲတစ်ပိုင်းတစ်စ ကျန်နေသောထင်း။ ~ခွေရေ စပ်။န–အသေးအဖွဲ့ အိမ်မှုအလုပ်။ ~ဆိုက်။ကြိ– ထင်းကို လောင်စာအဖြစ်ထည့်သည်။ ~ပေါက် /ထင်းဗောက်/န–ထင်းအတိုအစ။ ~ရှူး/ထင်းယှူး/ န–အေးသော ဒေသများတွင်ပေါက်၍ အပ်ချောင်းပုံ အရွက်ရှိ အစေးအဆီထွက်သော သစ်ပင်ကြီး တစ်မျိုး။

ထောင်[၁]။ကြိ–၁။မတ်မတ်တည်သည်။ ၂။ယင်းသို့ တည်စေသည်။ ၃။ကြက်ငှက်စသည်ကို ဖမ်းဆီးရန် ညှတ်ကွင်း စသည် ဆင်ထားသည်။ ထောင်ချောက် ဆင်သည်။ ၄။ထူထောင်သည်။ ၅။[ဥပစာ] မာန တက်ကြွသည်။ န–တရားဥပဒေအရ အပြစ်ဒဏ် ရရှိသူကို အကျဉ်းချထားရာ အဆောက်အအုံ။ ~ကြီးချုပ်/ထောင်ဂျီးဂျုတ်/န–အမှုစစ်ဆေးဆဲ တရားခံကို ထောင်တွင် ချုပ်နှောင်ထားခြင်း။ ~ကြွပ်/ထောင်ဂျွတ်/န–ထောင်အမှုထမ်းတစ်မျိုး။ ~ခါ။ကြိ–၁။ထောင်သားတို့ကို အစုလိုက် အပြုလိုက် လွှတ်သည်။ ၂။ထောင်သားများကို ထောင်စန်းမှ ထွက်စေပြီး ပစ္စည်းရှာဖွေသည်။ ~ချောက်/ထောင် ဂျောက်/န–၁။လူ၊ တိရစ္ဆာန်ကို ထောင်ဖမ်းသော ချိုင့်၊ ကွင်း၊ ကျင်း စသည်။ ၂။[ဥပစာ]တစ်စုံ တစ်ဦးအား ဘေးအန္တရာယ် ကျရောက်အောင် စီမံပြုလုပ်ထားချက်၊ ဆင်ထားသော အကွက်။ ~တိုက်/ဒေါင်တိုက်/ကြိ–၁။လေးညှို့ကို လေး၏ ဖျက်သို့ အရောက်ဆွဲတင်သည်။ ၂။လှေစင်တွင် လှေကို အထက်နှင့်အောက် တစ်ဖက်စီဆွဲသည်။ ၃။ ဆန့်ကျင်သည်။ ~ထ။ကြိ–ထောင်တွင်း၌ အကျဉ်း သားများ ဆူပူသည်။ ထောင်ဆူသည်။ ~ထား။ကြိ–ပုန်ကန်သည်။ ~ထောင်မောင်းမောင်း/ ထောင် ဒေါင်မောင်းမောင်း/နဝိ–အရပ်အမောင်း မြင့်မား သော။ ~နှုတ်စမ်းနှင်း/ထောင်နစန်းနှင်း/ ကြိ–[ဥပစာ] ပြစ်မှုသင့်ရောက်နိုင်သော ကိစ္စတစ်ခု ခုကို ပြုလုပ်နေသည်။ ~ပိုင်/ထောင်မိုင်/န– အကျဉ်းထောင် တစ်ခုလုံးကို စီမံရသော အကြီး အကဲ။ ~ဘူးဝ၊ န–အကျဉ်းထောင်၏ တံခါးတွင် လူဝင်ထွက်ရာ တံခါးပေါက်။ ~မှူး[၁]။န–ထောင်ကို အုပ်ချုပ်ရသော အရာထမ်း။ ~လှန့်၊ ကြိ– ထောင်တွင်း၌ အရေးကိစ္စ တစ်စုံတစ်ရာ ပေါ်ပေါက် ၍ အမှုထမ်းများ အသင့်ရှိစေရန် ထောင်သံချောင်းကို ခပ်မြန်မြန် တီးခေါက်သည်။ ~လွှား။ကြိ–မောက်မာ သည်။ ~ဝင်စာ/ထောင်ဝင်ဇာ/န–အကျဉ်းသားကို တွေ့ရန် အခွင့်တောင်းသောစာ။ ~သား/ထောင် သား/န–ယောင်ကျနေသူ။

ထောင်[၂]။န–ခု၊ဆယ်၊ရာ၊ထောင် စသော ဆယ်ဆတက် ကိန်းစဉ်တွင် စတုတ္ထကိန်း။ ~ကဲ[၁]။န–မြန်မာ ဘုရင် လက်ထက် အစုအမှုထမ်း တစ်ထောင်ကို ကြီးကြပ်ရသော အရာရှိ။ ~ပုံရာပုံ/ထောင်ဗုန် ယာဗုန်/ကြိဝိ–စုပုံများပြားစွာ။ ~မှူး[၂]၊ န–မြန်မာ ဘုရင်လက်ထက် မြို့လေးမျက်နှာတွင် လူ တစ်ထောင်စီကို ကြီးမှူးရသော အရာရှိ။

ထောင်ကဲ[၂]။န–တရုတ်အမျိုးသားကို လူကုံထံအဖြစ် ဂုဏ်ပြုခေါ်သောအမည်။ [တရုတ်၊ toujia]

ထောင့်။ကြိ–၁။မဖြောင့်မဖြူ ဖြစ်သည်။ မပြေမပြစ် ဖြစ်သည်။ ၂။စိတ်နှလုံး မကြည်မသာ ဖြစ်သည်။ /ဒေါင့်/န–၁။မျဉ်းနှစ်ကြောင်း၊ မျက်နှာပြင်နှစ်ခု ဆုံရာ။ ၂။ အရပ်မျက်နှာနှစ်ခု ဆုံရာ။ ~ကျဉ်း /ဒေါင့်ဂျင်း/န–[သင်္ချာ]ထောင့်မှန်အောက် ငယ် သောထောင့်။ ~ကျယ်/ဒေါင့်ဂျယ်/န–[သင်္ချာ] ထောင့်မှန် တစ်ခုထက်ကြီး၍ နှစ်ခုအောက် ငယ် သောထောင့်။ ~ကြီးအုပ် /ဒေါင့်ဂျီးအုတ်/န– လယ်ကွက်ထောင့် တစ်ခုမှ မျက်နှာချင်းဆိုင် ထောင့်သို့ ထွန်ပြီးလျှင် လက်ဝဲရစ်လှည့်ပြန်၍ ထွန်ရေးစပ်သည်အထိ အပြန်ပြန်ထွန်နည်း။ ~ချိုး /ဒေါင့်ချိုး/ န–အထောင့် ဖြစ်နေသော နေရာ။ ~စေ့ /ဒေါင့်စေ့/ ကြိ–အကွက် စေ့သည်။ ~တန်း /ဒေါင့်ဒန်း/ ကြိဝိ–ထောင့်တစ်ခုမှသည် အခြား ဆန့်ကျင်ဘက် ထောင့်တစ်ခုသို့ တန်းလျက်။ ~တန်းဆွဲ/–ဆွဲ/ကြိ–လေပြတ်၍ လက်ယာလက် နှင့် လက်ဝဲခြေ သို့မဟုတ် လက်ဝဲလက်နှင့်

http://www.lknt11.com ...

လက်ယာခြေတွဲလျက် အကြောဆိုင်းသည်။ ~ဖြတ်မျဉ်း/ဒေါင့်ဖျက်မျင်း/န–စတုဂံတွင် မျက်နှာချင်းဆိုင် ထောင့်များကို ဆက်သောမျဉ်း။ ~မကျိုး/ဒေါင့်မကျိုး/ ကြိ–အပြုအမူအပြောအဆို မပြေမပြစ် ဖြစ်သည်။ ~မှန် /ဒေါင့်မှန်/န–ဒီဂရီ ၉၀ ရှိသောထောင့်။ ~သန်းနာ/ဒေါင့်သန်းနာ/န–အဖုအကျိတ်ပေါ်သည့် ကူးစက်တတ်သော ကျွဲနွားရောဂါတစ်မျိုး။

ထောင်း၊ ကြိ–၁၊ ဆုံတွင်ထည့်၍ ကျည်ပွေ့ဖြင့် ညက်အောင်လုပ်သည်။ ၂၊ စပါးကို ဆုံတွင်ထည့်၍ ဆန်ဖြစ်အောင် ကျည်ပွေ့ဖြင့် ခွဲသည်။ ၃၊လုံးတီးဆန်ကို ဆုံတွင်ထည့်၍ ဆန်ဖြူ ဖြစ်အောင် ဖွပ်သည်။ ၄၊(တံတောင်ဖြင့်)ထိုးနှက်သည်။ ၅၊ဖိစီးနှိပ်စက်သည်။"စိတ် ~ကိုယ်ကြေ။" ~ထောင်းကြေ/ထောင်းဒေါင်းကျေ/ကြိ–မှန့်မှန့်ညက်ညက် ကြေသည်။ ထောင်းလမောင်းကြေသည်။ ~ထောင်းထ/ထောင်းဒေါင်းထာ/ ကြိ–အရှိန်အဟုန်ဖြင့် ထွက်ပေါ်သည်။ ထောင်းလမောင်း ထသည်။

ထိုင်၊ကြိ–၁၊တင်ပါးဆုံကိုချ၍ ကိုယ်အထက်ပိုင်းကို မတ်မတ်ထားသည်။ ၂၊ရေ၊ အရည်အောက်ခြေတွင် အမှုန်အမွှား အမှိုက်သရိုက်တို့ ကျရောက်တည်နေသည်။ ~စား၊ကြိ–အလုပ် မလုပ်ကိုင်ဘဲစားသောက်နေထိုင်သည်။ ~မသိမ်းအင်္ကျီ/ထိုင်မသိန်းအင်းကျီ/န–ရှေးခေတ်ကိုယ်ကျပ် လက်ကျပ် အနွံတပ်အင်္ကျီ။ ~သပိတ် /ထိုင်သုဗိတ်/ န–အလုပ်ခွင်တွင် အလုပ်မလုပ်ဘဲထိုင်၍ ဆန္ဒပြသော သပိတ်။

ထိုင်း[၁]၊ နဝိ–၁၊ မစိုမခြောက်သော။ ၂၊ သွက်သွက်လက်လက်မရှိ၊ လေးကန်သော။ ၃၊ (ဓားကြားစွမ်းရည်) အားနည်းသော။ ~မှိုင်း၊ကြိ–ထိုင်းမှိုင်းငိုက်မျဉ်းသည်။ ~မှိုင်း၊နဝိ–၁၊မစိုမခြောက်သော။ မှောင်မှိုင်းစိုထိုင်းသော။ ၂၊မသွက်လက်၊ လေးကန်သော။

ထိုင်း[၂]၊န–ယိုးဒယားလူမျိုး။ [ထိုင်း:Thai]

ထစ်[၁]၊ကြိ–၁၊သစ်သား ဝါးစသည်တို့၌ အချိုင့် ဖြစ်ပေါ်အောင် ခုတ်သည်။ ၂၊စကားသံ တောက်လျှောက်မထွက်ဘဲ တုံ့ဆိုင်းတုံ့ဆိုင်း ဖြစ်သည်။ ၃၊[ဥပစာ] နှောင့်နှေးသည်။ /ဒစ်/ န–၁၊ဖုထစ်နေသောအရာ။ ၂၊အဆင့်ဆင့် ဖြစ်နေသော အရာ။ အထစ်။ ~ငေါ့၊ ကြိ–မပြေမပြစ်ဖြစ်သည်။ နှောင့်နှေးကြန့်ကြာသည်။

ထစ်[၂]၊ကြိ–အသံပြင်းစွာမြည်သည်။ ~ကြူး၊ ~ကြိုး၊ ~ချုန်း၊ ကြိ–(မိုးကြိုးသံ) မြည်ဟည်းသည်။ ~ထစ်၊ ကြိဝိ– [ပေါ] ထင်ထင်ရှားရှား။

ထည်[၁]/ထယ်/ကြိ–၁၊ခုံညားပေါ်လွင်သည်။ ၂၊မာနကြီးသည်။ ~ဝါ/ထယ်ဝါ/ကြိ–၁၊ခုံညား ကြီးကျယ်သည်။ ၂၊မာနကြီးသည်။ သွေးကြီးသည်။

ထည်[၂]/ထယ်/န–အထည်နှင့်အတူတူ။ စည်း–အဝတ်အထည်ကို ရေတွက်ရာတွင် သုံးသော စကားလုံး။ ~ဖွတ်ထည်လဲ/ထယ်ဖွတ်ထယ်လဲ/န–လဲလှယ် ဝတ်ဆင်ရန် အဝတ်။ ~လဲ/ထယ်လဲ/န– ၁၊ပြောင်းလဲဝတ်စရာ အထည်။ ၂၊ [ဥပစာ]တစ်ဦးပြီး တစ်ဦး ပြောင်းလဲခြင်း။

ထည့်/ထဲ့/ကြိ–၁၊အတွင်းသို့ သွင်းသည်။ ၂၊သူတစ်ပါးနှင့်အတူလိုက်ပါစေသည်။

ထတ်၊နဝိ–မစိုမခြောက် မပျော့မမာဖြစ်သော။

ထိတ်[၁]၊ကြိ–တုန်လှုပ်ချောက်ချားသည်။ ~ထိတ်ကြဲ/ဒိတ်ဒိတ်ကျဲ/နဝိ–အကျော်ကြားဆုံး။ အကောင်းဆုံး။ အတော်ဆုံး။ ~ထိတ်ပျာပျာ/ထိတ်ထိတ်ပျာပျာ/ကြိဝိ–ဣန္ဒြေမဲ့အောင် တုန်လှုပ်ချောက်ချားလျက်။

ထိတ်[၂]၊န–ခြေလက်စသည်တို့ကို ချုပ်နှောင်ရန် ကိရိယာ။ ~တုံး၊န–ခြေကို ထည့်သွင်း ချုပ်နှောင်ရန် ပြုလုပ်ထားသော သစ်သား။

ထုတ်၊ကြိ–၁၊အတွင်းမှ အပြင်သို့ ရောက်အောင် ပြုသည်။ ၂၊ ဖန်တီး ပြုလုပ်သည်။ ၃၊အပြစ်တစ်စုံတစ်ရာကြောင့် ရာထူးတာဝန် စသည်မှ ထွက်သွားစေသည်။ ၄၊အပြင်သို့ ဖွင့်ထွက်စေသည်။ ၅၊ထုတ်ပြန်သည်။ ၆၊ကောက်နုတ်သည်။ ~ချောက်၊ ကြိဝိ– အဆီးအတား အနှောင့်အယှက်မရှိဘဲ။ တောက်လျှောက်။ ~ချင်းစပ်၊~ချင်းပေါက်/ထုတ်ချင်းဖောက်/ ကြိဝိ–တစ်ဖက်မှ တစ်ဖက်သို့ ထွင်းဖောက်လျက်။ တိုးလျှိုပေါက်။ ~ဆင့်၊ ကြိ–ထုတ်ပြန်သည်။ ~ဆောင်၊ကြိ–(ကျမ်းဂန်စာပေမှ) ထုတ်နုတ်ယူသည်။ ~ပြန်၊ ကြိ–(အမိန့်၊ ညွှန်ကြားချက် စသည်ကို) ကြေညာသည်။ ~လုပ်၊ကြိ–ပစ္စည်းတစ်ခုခု ဖြစ်အောင် ဖန်တီးပြုလုပ်သည်။ ~ဝေ၊ကြိ–(စာအုပ်၊ စာတမ်းစသည်ကို) ပုံနှိပ်ဖြန့်ဖြူးသည်။

ထန်၊ ကြိ–၁၊(အရှိန်အဟုန်၊ စွမ်းအင်) ပြင်းသည်။ ၂၊(စိတ်နေသဘောထားအပြောအဆို) မာကျောသည်။

ထန့်၊နဝိ–ထတ်သော။

ထန်း၊န–အကိုင်းမထွက်သော အပင်မျိုးဝင်၊ ပင်စည်မတ်စောက်လုံးချော၍ အဖျားတွင်သာ ယပ်ဝန်းပုံအရွက်ထွက်သော အပင်ကြီးတစ်မျိုး။ (ကျေးမြီး၊ လက်မြော်၊ ဆင်ခြေပေါ်၊ သမီးလှ၊ ရည်ရ၊ ပင်ထွက်ဟူ၍ အရွယ်အလိုက် ခြောက်မျိုး ရှိသည်။) [ပါ၊ တာလ] ~ကျင့်လေ့ကား /ထန်းဂျင့်လေ့ဂါး/ န–၁၊ ရွှေ့ပြောင်းနိုင်သော လှေကားတစ်မျိုး။ ၂၊ ရင်းထောင်နှင့်အတူတူ။ ~ကြော/ထန်း(ထ)ကျော/

မာတိကာသို့ ▶▶▶

န-ထန်းလက်မှခွာ၍ သပ်ယူရသော အကြော။ **~စလက်တဲ** /ထဂလက်တဲ/ န- ထန်းခက် ထန်းလက်ဖြင့် မိုးကာထားသောတဲ။ **~ခေါက်ဖာ** /ဒဂေါက်ဖာ/န-ထန်းကြောဖြင့် ရက်လုပ်သော ဖာ။ **~စေ့မှုတ်**/ဒစိမှုတ်/န-၁၊ထန်းစေ့ခွံဖြင့် လုပ်ထားသော မှုတ်။ ၂၊ရေဝမ်းဘဲတစ်မျိုး။ **~စိ**/ဆစိ/န-ထန်းလက်ရင်းနှင့် ထန်းပင်စည် ကြားတွင်ဖြစ်သော ကွန်ရက်သဏ္ဍာန် အစိတ်အပိုင်း။ **~ဆော်လေ**/ထန်း(ထ)ဓော်လေ/န-ထန်းတက် လုပ်ငန်းစတင်ရာ တပို့တွဲလ၊ တပေါင်းလတို့တွင် တိုက်သော လေ။ **~ညှပ်**/ထညှတ်/န-ထန်းရည် ထွက်အောင် ထုန်းနို့ကို ဖိညှပ်ပြုပြင်ရသော သစ်သားညှပ်။ **~တက်**၊ ကြိ-၁၊ ထန်းရည်ခံရန် ထန်းပင်ပေါ် တက်သည်။ ၂၊ ထန်းတက် လုပ်ငန်းဖြင့် အသက်မွေးသည်။ **~တစ်ဖျား**/ထန်းတဖျား/န-ထန်းပင်ကြီးတစ်ရပ် ပမာဏ။ **~တစ်ရင်းတက်**/ထန်းတယင်းဒက်/န-ထန်းသမားတစ်ဦး တစ်နေ့ တက်သော ထန်းပင် ၅၀ ဝန်းကျင် အရေအတွက်။ **~ထု**၊ ကြိ-ထန်းရည် ထွက်အောင် ထန်းသီးညှာတံကို ဆောက်ခေါက်ဖြင့် ထုသည်။ /ထန်းဒု/န-ထန်းထုရသော ပစ္စည်း။ ဆောက်ခေါက်။ **~နှေး**၊ ကြိ-ထန်းရည်ထွက်စေရန် ထန်းနို့မှ ရင့်သောအလွှာများကို ခွာပြီးနောက် ထန်းဖူးရွက်ဖြင့် စည်းနှောင်သည်။ **~ပလပ်**/ထန်း(ထ)ဗလတ်/န-ထန်းလက်အပိုင်း။ **~ပင်မြစ်**/ထဗင်မျစ်/န-ထန်းစေ့ကို မြေတွင် မြှုပ်ထားရာမှ ပေါက်လာသော ထန်းပင်အစို့။ **~ပဲ့**/ထန်းဗတ်/န-ထန်းလက် ခုတ်ရာတွင် ထန်းပင်၌ ကပ်၍ ကျန်ရစ်သော အပိုင်း။ **~ပြင်**၊ကြိ-ထန်းရည်ရရန် ထန်းနို့များကို စုစည်းပြင်ဆင်သည်။ **~ဖူး**/ထဖူး၊ထဘူး/န-ထွက်ခါစ ထန်းရွက်။ **~ရည်** /ထန်းယေ၊ထယေ/ န-၁၊ ထန်းနို့မှ ထွက်သော အချိုရည်။ ၂၊ ယင်းအရည်ကို ဖောက်ထားသော အခါးရည်။ **~လက်**/ထန်းလက်၊ ထလက်/န-အရိုးတံနှင့်တကွဖြစ်သော ထန်းရွက်။ **~လည်ဆစ်ကျိုး** /ထန်းလယ်ဇစ်ကျိုး/န-၁၊ ထန်းရွက်ထွက်ရာ အဖျားပိုင်း ပြတ်သွားသော ထန်းပင်။ ၂၊[ဥပစာ] အညွန့်တုံးသော ဘဝ။ **~လုံးဖျောက်** /ထန်းလုန်းဖျောက်/န-ထန်းပင်လုံးကို ကွဲကွဲပြားပြား မမြင်နိုင်လောက်သော အကွာအဝေး။ **~လျက်** /ထန်းလယက်၊ ထညက်/န- ထန်းရည်ချိုကို ချက်၍ရသော ခဲဖွယ်။ **~လျက်ခိုးကောင်**/-ခိုးဂေါင်/န- ဝါချဉ်နှင့်တူသော၊ အရောင်နက် အဆိပ်မဲ့ ပုရွက်ဆိတ်ကြီး။ **~လွယ်** /ထန်း(ထ)ယှော်/န-ထန်းကြောကို စိတ်ဖြာထားသော လျှော်။ **~သမား** /ထန်းသမား/န-ထန်းတက် လုပ်ငန်းဖြင့် အသက်မွေးသူ။ **~သီးမုန့်**/ထ(ထန်း)သီးမုန့်/န-ထန်းသီးမှည့်၏ အခွံမျှင်မှ ညှစ်ယူသော အနှစ်နှင့် ဆန်နှစ်၊ ထန်းလျက်တို့ကို ရော၍ လုပ်သောမုန့်။

ထန်းကျင့်/ထန်းဂျင့်/န-အနီရောင်ရှိသော ငှက်ပင်တစ်မျိုး။ [ဟိန္ဒီ၊မဇိန္ဓ]

ထိန်၊နဝိ-ထွန်းတောက်သော။

ထိန့်၊ကြိ-အသံမြည်ဟိန်းသည်။

ထိန်း၊ကြိ-၁၊ကြည့်ရှုစောင့်ရှောက်သည်။ ၂၊ချုပ်တည်းသည်။ စောင့်စည်းသည်။ ၃၊[ပေါ] (ဂဏန်းကို) ရေတွက်သည်။ **~ကျောင်း**၊ကြိ-ကြည့်ရှုစောင့်ရှောက်သည်။ **~ချုပ်**၊ကြိ-ချုပ်တည်းသည်။ သိမ်းဆည်းသည်။ **~ယ**၊ကြိ-(ကလေးသူငယ်ကို) ကြည့်ရှုစောင့်ရှောက် ပြုစုသည်။ **~သိမ်း**၊ကြိ-၁၊လုံခြုံအောင် စောင့်ကြပ်ထားသည်။ ၂၊ထိန်းချုပ်သည်။

ထပ်၊ကြိ-၁၊တစ်ခုပေါ်တစ်ခုဆင့်သည်။ ၂၊တစ်ခုနောက် တစ်ခုဆက်၍ တည်သည်။ ၃၊တန်ဖိုးတူထား၍ ပစ္စည်းချင်းလဲသည်။ ကြိဝိ-နောက်တစ်ကြိမ်ပြန်၍။ စည်း-အထပ်ထပ်ဖြစ်သောအရာကို ရေတွက်ရာတွင် သုံးသော စကားလုံး။ **~ကိန်း**၊န-[သင်္ချာ] ဂဏန်းတစ်ခုကို ဂဏန်းတူဖြင့် နှစ်ကြိမ် သုံးကြိမ် စသည်မြှောက်၍ ရသော ရလဒ်။ **~ခိုး**၊န-အိမ်၊ အခန်းတွင်း၌ နေရာလုပ်၍ ပြုလုပ်ထားသော အထပ်ကလေး။ **~ဆင့်**၊ကြိဝိ-နောက်တစ်ကြိမ်ပြန်၍။ **~တလဲလဲ**၊ကြိဝိ-အကြိမ်ကြိမ်အဖန်ဖန်။ **~တူ**၊ ကြိဝိ-တစ်ပုံစံတည်း။ **~တူထပ်မျှ**၊ကြိဝိ-တစ်ပုံစံတည်း အတူတူ။ **~တစ်ရာ**/ထတ်တယာ/န-၁၊ မွှင့်ချပ်လွှာ အထပ်ထပ်ရှိသော ပန်းမွှင့်သည့် အပင်တစ်မျိုး။ ၂၊ဂျုံမှုန့်ကို အထပ်ထပ်အလွှာလွှာ ဖြစ်အောင် လုပ်၍ ဆီပူထိုးထားသော မုန့်။ ၃၊အဖြူရောင် အမျက်ကျောက် အညှံစားတစ်မျိုး။ ၄၊ ကျွဲနွား စသည်တို့၏ ဝမ်းတွင်း အထပ်ထပ် အလွှာလွှာ ဖြစ်နေသည့် အူကြမ်း။ **~တွန့်**၊ ကြိ-ကစ်ဖန်ပြန်၍ ပြောဆိုပြုလုပ်သည်။ **~မနား**၊ ကြိဝိ-မနားမနေ ထပ်ကာထပ်ကာ။ **~မံ**၊ကြိဝိ-နောက်တစ်ကြိမ်ပြန်၍။ **~လောင်း**၊ကြိ-ထပ်ဖြည့်သည်။

ထိပ်၊န-၁၊အမြင့်ဆုံးနေရာ။ အပေါ်ဆုံးနေရာ။ ၂၊ ဦးခေါင်းအထွတ်။ ၃၊အစွန်အဖျား။ အဦးအစ။ **~ကပ်နှာ**/ထိတ်ခတ်နှာ/န-နှာခေါင်းပိတ်ဆို့သော ရောဂါ။ **~ခေါင်တင်**/ထိတ်ခေါင်ဒင်/န-၁၊ လက်မထပ်သေးသော ဘုရင့်သမီးတော်ကို ခေါ်သော ဝေါဟာရ။ ၂၊ဦးထိပ်ထက်၌ တင်ထားအပ်သော မြင့်မြတ်သူ။ **~ဆုံကြိုး** /ထိတ်ဆန်ကြိုး/န- ဆိုက်

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ကပ်ထားသော လှေသင်္ဘောကို မျောပါ မသွားအောင် ချည်နှောင်သောကြိုး။ **~တိုက်**၊ ကြိဝိ-ရင်ဆိုင်။ မျက်နှာချင်းဆိုင်။ **~တန်း**၊ န- အကောင်းဆုံး။ အမြင့်ဆုံး။ **~တန်းလျှို့ဝှက်** /ထိတ်တန်းယို့ဝှက်/န-အထူးဂရုစိုက် ထိန်းသိမ်း လျှို့ဝှက်ထားရမည့် အကြောင်းအရာ။ **~ဖေါက်**၊န-အညွှာသရက် တစ်မျိုး။ **~ဖျား**၊န-အဖျားပိုင်း။ "ကျည်ဆန်~။" **~သီး**၊ န-အကြီးမြင့်ဆုံး။ **~သီးညီလာခံ** /ထိတ်သီးညီလာခံ/ န-နိုင်ငံ အကြီးအကဲများ တွေ့ဆုံဆွေးနွေးသော အစည်းအဝေးကြီး။

ထုပ်၊ကြိ-၁၊စက္ကူ၊ ဖက်ရွက်စသည်ဖြင့် ပတ်ရစ်ဖွဲ့ချည်သည်။ ၂၊ပတ်ရစ်စုဖွဲ့သည်။ "မုန်လာပင်~။"န-၁၊လက်ခံတိုင်တွင် လျောက်နှစ်ခုကို ဆက်သွယ် ထုံးဖွဲ့ထားသောတန်း။ ၂၊လှည်းထုပ်နှင့်အတူတူ။ **~စွပ်လျောက်စွပ်**/ထုတ်စွတ် ယောက်စွတ်/န-အိမ်၏ လက်ခံတိုင်ထိပ်ရှိ စရွေးတွင် စွပ်ကာ လေးဖက်လေးတန် ဖမ်းချုပ်ထားသော ထုပ်လျောက်အစုံ။ **~ဆီးတိုး**၊န-ကန့်လန့်စည်းတွင် ဆီးကာနေသူကို ရှောင်တိမ်း တိုးဖြတ်ကစားသော ကစားနည်း။ **~ပိုး**၊ ကြိ-သယ်ယူသွားရန် အထုပ်ပြုလုပ်သည်။ **~ပတ်လျောက်ပတ်** /ထုတ်ပတ်ယောက်ပတ်/န-အိမ်၏ လက်ခံတိုင်ထိပ်များကို လေးမျက်နှာ ဖမ်းချုပ်ထားသော ထုပ်လျောက်အစုံ။

ထမ်း၊ကြိ-၁၊ဝန်ကို ပခုံးပေါ်တင်ဆောင်သည်။ ၂၊ဝန်ကို ပခုံး၊ တန်းစသည်ဖြင့် ပင့်မထားသည်။ ၃၊(အလုပ်တာဝန်)ဆောင်ရွက်သည်။ ၄၊(အခွန်အတုတ်ကို) ပေးဆောင်သည်။ စည်း-အထမ်းအရေအတွက်ကို ပြသည့် စကားလုံး။ **~စင်**/ထန်းဇင်/န-၁၊ထမ်းပိုးနှစ်ခုအပေါ်တွင် ထိုင်စရာပါသည့် လူထမ်းယာဉ်။ ၂၊သစ်သားချောင်း နှစ်ခုတွင် ရွက်ထည်စသည်တပ်၍ လူနာသယ်ရသော အရာ။ **~ဆောင်**၊ ကြိ-၁၊(အမှုတာဝန်ကို) လုပ်ကိုင်သည်။ ၂၊(အခွန်အတုတ်ကို)ပေးသည်။ **~ပိုး**/ဒိုး/န-၁၊ဝန်ကို ထမ်းရာ၌သုံးသော အချောင်း အတံ။ ၂၊ထယ်၊ ထွန်၊ လှည်း စသည်ကို ဆွဲသော ကျွဲ၊ နွားတို့၏ ပခုံးပေါ်တွင် တပ်ဆင်ရသည့် သစ်သားတုံး။ ထမ်းပိုးတုံး။ ၃၊ရှိရင်း၏တစ်ဆ ပမာဏ။ ၄၊တစ်ပြိုင်တစ်လဲ၊ ညောင်ကန်၊ ထမ်းပိုး၊ အကျိုး ဟူ၍ သူငယ်တို့ နှစ်ခုတွဲရေတွက်ရာတွင် ၈-သချာကို ရည်ညွှန်းသောစကား။ **~ပိုးကောင်း**/-ကောင်း/ ကြိ-(ကျွဲ၊နွားတို့)ထမ်းပိုးထမ်းပြီး ဝန်ကို ဆွဲရာတွင် ချောမောသွက်လက်သည်။ ထမ်းပိုး နပ်သည်။ **~ပိုးကျင့်**/-ကျင့်/ကြိ-ကျွဲ၊နွား တို့ကို ထမ်းပိုးတပ်၍ ရန်းဆွဲတတ်အောင် လေ့ကျင့်ပေးသည်။ **~ပိုးကျည်း**/-ဂျီး/န-ကျွဲ၊ နွားတို့ကို ထိန်းချုပ်ရန် ထမ်းပိုးအပေါက်တွင် ထိုးစိုက်သော တုတ်။ **~ပိုးကြိုး**/-ဂျိုး/န-ကျွဲ၊ နွားလည်ပင်းတွင် သိုင်း၍ ထမ်းပိုးကျည်းတွင် စွပ်ရသောကြိုး။ **~ပိုးငုတ်**/-ငုတ်/န-ထွန်ညှင်းကွင်း မရွေ့ရှားနိုင်အောင် ထမ်းပိုးတုံး အလယ်တွင် စိုက်သွင်းထားသော ငုတ်တိုင်။ **~ပိုးတက်**/-တက်/ကြိ-အဆတစ်ပြန်တက်သည်။ **~ပိုးထမ်း**/-ဒန်း/ကြိဝိ-တစ်ခုနှင့်တစ်ခု၊ တစ်ဖက်နှင့်တစ်ဖက် တန်းလျက် တစ်ပြေးညီ။ **~ရွက်**၊ကြိ-အမှုတာဝန်ကို ထမ်းဆောင်သည်။

ထိမ်[၁]၊ကြိ-၁၊ကွယ်သည်။ ဖုံးသည်။ ဖျောက်သည်။ ၂၊မိန်းမတို့၏ ဓမ္မတာ သွေးလာသင့်လျက် မလာဘဲနေသည်။ **~ချန်**၊ကြိ-ကွယ်ဝှက်ထားသည်။ **~မြှုး**၊ ကြိ-[ပေါ]ဖုံးဖိကွယ်ဝှက်သည်။

ထိမ်[၂]၊ အဖေ့တွင် တောင်ပံသဖွယ် ဒလက်ပါသော အပွင့်ဝါ ပွင့်သည့် သစ်ပင်ကြီးတစ်မျိုး။

ထိမ်း၊ကြိ-၁၊[ပေါ]ခုတ်ဖြတ်သည်။ ၂၊အမှတ်အသားပြုသည်။ **-မြား** /ထိန်းများ၊ထိန်းမျန်း/ ကြိ-လက်ထပ်သည်။ မင်္ဂလာဆောင်သည်။ **~မှတ်**၊ကြိ-[ရှေး]အထိမ်းအမှတ် ပြုသည်။ သမုတ်ခေါ်ဝေါ်သည်။

ထုံ[၁]၊ကြိ-၁၊ထိုင်းမှိုင်းလေးကန်သည်။ ဉာဏ်ထိုင်းသည်။ ၂၊အထိအတွေ့ကို မသိသကဲ့သို့ ဖြစ်သည်။ **~ဆေး** /ထုန်ဆေး/န-ခွဲစိတ်ရာ၌ နာကျင်မှုကို မခံစားရအောင် ထိုးရသော ဆေး။ **~နာကျဉ်နာ**၊ န-ခြေလက် လေးလံ ထုံကျဉ်သော ရောဂါ။ **~နာစို** /ထုန်နာ(န)ဇို/န-အာဟာရဓာတ် ချို့တဲ့မှုကြောင့် ဖောရောင်သော ထုံနာကျဉ်နာ တစ်မျိုး။ **~ပေပေ** /ထုန်ပေဗေ/ ကြိဝိ- ပေကတ်ကတ်။ ထုံတောတော။

ထုံ[၂]၊ကြိ-၁၊ စွဲမြဲအောင် အထပ်ထပ် အခါခါလုပ်သည်။ ၂၊စွဲမြဲသော အလေ့အထရှိသည်။ "ဝါသနာ~။" ၃၊ အနံ့စွဲသည်။ ၄၊ အနံ့ကို စွဲစေသည်။ **~မွှမ်း** /ထုမ်မွှမ်း/ကြိ-ရနံ့စသည် စွဲငြိတည်နေစေသည်။ **~သင်း**၊န-နံ့သာမှုန့် နံ့သာခဲ။

ထုံ့ပိုင်းထုံ့ပိုင်း/ထုန့်ဗိုင်းထုန့်ဗိုင်း/ကြိဝိ-ပြတ်တောင်းပြတ်တောင်း။ ကြိုးကြားကြိုးကြား။

ထုံ့ပိုင်းနေ/ထုန့်ဗိုင်းနေ/ ကြိ-ပုဆစ်တုပ်လျက် ထိုင်သည်။

ထုံး၊ကြိ-စုစည်းသည်။ ရစ်ဖွဲ့သည်။ န-၁၊ ရှေးကပြုခဲ့ ဖြစ်ခဲ့ဖူးသော ဖြစ်ရပ်။ ၂၊ ရေ စီးဝင် စုဝေး၍ ဖြစ်ပေါ်သော ရေအိုင်ကြီး။ ၃၊ ထုံးကျောက်ကို မီးဖုတ်၍ရသော အဖြူရောင် အရာဝတ္ထု။ **~ကျောက်** /ထုန်းကျောက်/န-ထုံးဓာတ်အများပါသော မြေဖြူ

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ကျောက်။ အဖြူရောင်ရှိသော သတ္တုဒြပ်တစ်မျိုး။ **~ကြက်တက်ရည်** /ထုန်းကျက်တက်ယေ/နာ–ထုံး စိမ်ထားသော ရေကြည်။ **~ခြောက်ရောင်**/ထုန်း ချောက်ယောင်/နာ–လိမ္မော်ရောင် အဖျော့။ **~စံ** /ထုန်းဇန်/ နာ–လိုက်နာစံပြုစရာနည်းလမ်း။ အရိုး အစဉ်။ အစဉ်အလာ။ ဓလေ့။ **~တီး**၊နာ–[ပေါ] ရေးထုံး။ **~တမ်းစဉ်လာ**၊နာ–အစဉ်အလာ လိုက်နာ မှတ်သားဖွယ်ရာ။ ဓလေ့ထုံးစံ။ **~ပေါက်**၊ ကြိ– ထုံးကြောင့် ပူလောင်နာဖြစ်သည်။ **~ဖွဲ့**၊ ကြိ– ၁၊ရစ်ဖွဲ့သည်။ ၂၊ ကဗျာ၊ လင်္ကာ စသည်ရေးသား စီကုံးသည်။ **~မီးစုံ**၊ ကြိဝိ–အရိုးအစဉ်နှင့်ညီစွာ။ **~သင်္ကန်း**/ထုန်းသင်ဂန်း/နာ–ဓောက်၌ သုတ်လိမ်း ထားသော ထုံး။ **~ယောင်း**၊နာ–အရိုးအစဉ် ဆင်းသက် လာသော ထုံး။

ထယ်၊နာ–နွား၊ ကျွဲဖြင့်ဆွဲ၍ စိုက်ပျိုးမည့်မြေကို ထိုးခွဲ လှန်လှောသည့် သံပြားချွန်တပ် ကိရိယာ။ **~စာ** /ထယ်ဇာ/ နာ– ထယ်ထိုး၍ လန်တက်လာသော မြေစာ။ **~တုံး**/ထယ်ဒုန်း/နာ–ထယ်သွား တပ်ဆင် ရာ သစ်သားတုံး။ ထယ်ဒူး။ **~ထိုး**၊ကြိ–ထယ်ဖြင့် မြေကို ထိုးခွဲလှန်လှောသည်။ **~ရေး**/ထယ်ယေး၊ ထယေး/ နာ–ထယ်ထိုး၍ မြေတွင်ပေါ်လာသော အရေးအကြောင်း။ **~သန့်**/ထယ်သုန့်/နာ–ထယ်ကို နွားဆွဲရန် တပ်ဆင်ထားသော သစ်သားချောင်း။ **~သွား**/ထယ်သွား/နာ–ထယ်တုံးတွင် တပ်ထား သော သံပြားချွန်။

ထေရ် /ထီ၊ ထေ/ နာ–ဆယ်ဝါအထက်ဖြစ်သော ရဟန်း။ (မဟာထေရ်၊ အနုထေရ်တို့လည်းရှိ) [ပါ၊ထေရ]

ထွာ၊ ကြိ– ဆန့်ကားထားသည့် လက်မထိပ်မှ လက် ခလယ်၊ လက်သန်းစသည့် ထိပ်အထိ အကွာအဝေး ဖြင့် တိုင်းတာသည်။ နာ–ဆန့်ကားထားသော လက်မ ထိပ်မှ လက်ခလယ်ထိပ် အတွင်းရှိ အတိုင်းအရှည်။ တစ်တောင်၏ ထက်ဝက်။ **~ဆိုင်** /ထွာဇိုင်/ နာ– ဆန့်ကားထားသော လက်မထိပ်ချင်း လက်ခလယ် ထိပ်ချင်း စသည်ထိ၍ တိုင်းရသော အဝန်း အတိုင်းအတာ။

ထွား၊နဝိ–(အရပ်အမောင်း၊ အလုံးအထည်)ဖွံ့ဖြိုးသော၊ ကြီးမားသော။ **~ထီး**/ထွားဒီး/နာ–ဘုရားရှေ့တွင် အလှအပ ကပ်လှူသော ထီး။ **~ထွား** /ထွားဒွား/ ကြိဝိ–မုန့်မုန့်ညက်ညက်။

ထွေ[၁]၊ ကြိ–၁၊အမျိုးမျိုး အဖုံဖုံ ဖြစ်သည်။ "ရောဂါ ~–။" ၂၊(စိတ်) ရှုပ်ထွေးသည်။ ၃၊ (သေရည် အနည်းငယ်) မူးသည်။ စည်း–အမျိုးကွဲပြားသော အရာတို့ကို ရေတွက်ရာ၌ သုံးသော စကားလုံး။ **~ထွေထူးထူး** /ထွေဒွေထူးဒူး/ ကြိဝိ– ထူးထူး ခြားခြား။ **~ထွေရာရာ** /ထွေဒွေယာယာ/ နာ– အမျိုးမျိုး အဖုံဖုံ။ ထွေထွေလည်လည်။ **~ပြား**၊ကြိ– ၁၊ထူးထွေ ကွဲပြားသည်။ ၂၊စိတ်ဇဝေဇဝါ ဖြစ်သည်။ **~ရာလေးပါး**/ထွေယာလေးဗား/နာ–အမျိုးမျိုး အဖုံဖုံ။ **~လာ**၊နဝိ–အမျိုးမျိုး။ **~လီကာလီ**၊ကြိဝိ– [အပြော] အမျိုးမျိုးအဖုံဖုံ။ ပွေပွေလီလီ။

ထွေ[၂]၊နာ–ပစ်ကစားရသော အိုးခြမ်းကွဲ စသည့် ချပ်ပြား သောအရာ။ **~ဝင်း**၊ကြိ–၁၊ထွေကို စည်းနှင့်နီးအောင် ပစ်လှည့်စီအပြိုင်ပစ်သည်။ ၂၊တစ်ဦးက ပစ်လွှတ် ထားသော ထွေကို အခြား တစ်ဦးက ထွေတစ်ခုဖြင့် ထိအောင်ပစ်သည်။

ထွေ[၃]၊နာ–[ပေါ] မြင့်မြတ်သူတို့၏ စကား။ **~ငေါ**၊နာ– [ပေါ]နှုတ်မြွက်စကား။

ထွေး[၁]၊ကြိ–တံတွေး၊ အစာ စသည်တို့ကို ခံတွင်းမှ ရွှန့်ထုတ်ပစ်သည်။ **~ခံ** /ထွေးဂန်/ နာ– တံတွေး ထွေးရာခွက်။ **~အင်**၊နာ–ထွေးခံ။

ထွေး[၂]၊ကြိ–၁၊ဆောင်၊ အနှီးစသည်ဖြင့် ရစ်ပတ်ခြုံရုံသည်။ ၂၊ ငြိယှက်ရှုပ်ထွေးသည်။ အရောရောအနှောနှော ဖြစ်သည်။ **~ရောယှက်တင်**/ထွေးယောယှက်တင်/ ကြိဝိ–အရောရော အနှောနှော။

ထွေး[၃]၊နာ–အထွေးနှင့်အတူတူ။ **~တော်**/ထွေးဒေါ်/နာ– မိခင်၏ညီမ။ **~လေး**/ထွေးလေး/နာ–ဖခင် သို့မဟုတ် မိခင်၏ ညီမ။

ထွက်၊ ကြိ– ၁၊ အတွင်းမှ အပြင်သို့ ရောက်သည်။ ၂၊အခြားတစ်ပါးသို့သွားသည်။ ဖဲခွာသည်။ ၃၊ထုတ် ဖော်ပြောဆိုသည်။ ၄၊ ပေါ်ပေါက်သည်။ ဖြစ်ထွန်း သည်။ ၅၊ထုတ်ပြန်ပြီး၊ ထုတ်ဝေပြီး ဖြစ်သည်။ "အောင်စာရင်း ~–။ မဂ္ဂဇင်း ~ပြီ။" **~ကုန်**၊ နာ– ၁၊ ဒေသအလိုက် ဖြစ်ထွန်းသော ကုန်ပစ္စည်း။ ၂၊နိုင်ငံခြားသို့ တင်ပို့သော ကုန်ပစ္စည်း။ **~ခေါ်ခေါ်**၊ ကြိ–အထွက်တွင် ဒုက္ခပေးသည်။ **~ချက်**၊ နာ– တရားရေးအရ မေးမြန်းသဖြင့် ထုတ်ဖော်ပြောဆို သော စကား။ **~စာ**၊ နာ–အသင်းအဖွဲ့ အလုပ်ရှင် စသည်၌ ပါဝင်လုပ်ကိုင်ခြင်းမှ ရပ်နားခွင့်ပြုရန် ပန်ကြားစာ။ **~နပ်**၊ကြိ–[ပေါ] ဧည့်ဝတ်ပြုသည်။ **~ရပ်လမ်း**၊ နာ–၁၊ လွတ်မြောက်ရာလမ်းကြောင်း။ ၂၊ပြဒါးတတ်၊ သံတတ် စသည် သေအောင်လုပ်သော အဂ္ဂိရတ်နည်းလမ်း။ **~သက်**၊ နာ–နှာခေါင်းမှ ပြန် ထုတ်သောလေ။

ထွင်၊ ကြိ–၁၊ ခုတ်ပယ်ရှင်းလင်းသည်။ ဖယ်ထုတ် ရှင်းလင်းသည်။ ၂၊အသစ်အဆန်း ဖန်တီးသည်။ **~လုံး**၊ နာ– ကြံဖန်ပြောဆို ပြုလုပ်သည့် အရာ။

ထွင်း၊ကြိ–၁၊သစ်၊ ကျောက်စသည်ကို ဆောက်စသော ကိရိယာဖြင့် တွင်းဖြစ်အောင် လုပ်သည်။ ၂၊ထွင်းထု

http://www.lknt11.com ...

ပုံဖော်သည်။ ၃၊ ဖောက်သည်။

ထွတ်၊ကြိ-၁၊အခွံချွတ်သည်။ အရေထုတ်သည်။ ၂၊ အဖုအပိမ့်များ ဖြစ်ပေါ်သည်။ နဝိ-နသော၊ အထွတ် အထိပ်ဖြစ်သော။ **~မြင်းနာ**၊န-အကျိတ်အဖု ထွက်သော အနာ။ **~မြတ်**၊နဝိ-အထွတ်အထိပ် ဖြစ်သော၊ မြင့်မြတ်သော။ **~အိုင်းနာ**၊န-အဖုအဖောင်း ပေါက်သော ပြည်တည်နာ။

ထွန်၊န-လယ်ယာတွင် မြေစိုင် မြေခဲများကို ခွဲခြေရသော၊ အသွားများတပ်ထားသည့် ကိရိယာ။ ကြိ-ထွန်ဖြင့် ထယ်စာ မြေစိုင်မြေခဲများကို ခွဲခြေသည်။ **~ကိုင်း** /ထွန်ကိုင်း/န-ထွန်တုံးတွင် တပ်ထားသော လက်ကိုင်ကိုင်း။ **~ကြောင်း**/ထွန်ကြောင်း/န- ထွန်သွား ခြစ်၍ ပေါ်သော အရေးအကြောင်း။ **~ချ**၊ ကြိ- လယ်ယာလုပ်ငန်း စတင်သည်။ **~ချေး**/ထွန်ကျိုး/ န-၁၊ထွန်ဖြင့် ထွန်၍ ချေထားသော မြေစိုင်မြေခဲ။ ၂၊ထွန်သွားတွင် ကပ်ပါလာသော မြေကြီး။ **~ချေးခါ** /-ခါ/ကြိ-၁၊ထွန်တွင် ကပ်ပါလာသော ထွန်ချေးများကို ကွာကျအောင် လုပ်သည်။ ၂၊ထွန်ယက် စိုက်ပျိုးမှုလုပ်ငန်း ပြီးပြတ်သဖြင့် စုပေါင်းကာ အပျော်စားသောက်သည်။ **~ခြစ်**/ထွန်ဂျစ်/န- နယ်ပြီး ကောက်ပဲသီးနှံမှ အမှော်အမှိုက်များကို ခြစ်ဆွဲ ဖယ်ထုတ်ရသည် အသွားတပ် ကိရိယာ။ **~စာ**/ထွန်စာ/န-လယ်ယာမြေ ထွန်ရာ၌ ထွက်ပေါ်လာသော မြေစိုင်မြေခဲ။ **~စက်** /ထွန်စက်/န- လယ်ယာ ထွန်ရသော စက်တပ်ယာဉ်။ **~ညှင်းကွင်း** /ထညှင်းဂွင်း/န-ထွန်သန် နှစ်ချောင်းဆုံရာနှင့် ထမ်းပိုးတုံးကို ဆက်သွယ်ရသော သားရေကြိုးကွင်း။ **~ညှင်းငုတ်** /ထညှင်းငုတ်/ န- ထွန်ညှင်းကွင်း မရွေ့ရှားစေရန် ထမ်းပိုးတုံး အလယ်တွင် စိုက်ထားသော ငုတ်နှစ်ချောင်း။ **~တုံး**/ထွန်ဒုံး/န-ထွန်သွား တပ်ရာ သစ်တုံး။ **~တုံးပိတ်** /-ပိတ်/ ကြိ- ထွန်ယက်စိုက်ပျိုးသော လုပ်ငန်း ပြီးပြတ်သည်။ **~ယက်**၊ကြိ-လယ်ယာမြေကို ထွန်ဖြင့် ထွန်သည်။ **~ရေး** /ထယေး/န-၁၊ လယ်ယာမြေ ထွန်ပုံထွန်နည်း။ ၂၊ထွန်ကြောင်း။ **~ရေးငေး**၊ကြိ-လယ်ထွန်သည်။ **~ရေးစပ်**၊ ကြိ- ထွန်ရေးထွန်ကြောင်းချင်း ထိစပ်အောင် ထွန်သည်။ လယ်ကွက် ယာကွက် တစ်ခုလုံး နှံ့စပ်အောင် ထွန်ယက်ပြီးဆုံးသည်။ **~သန်** /ထွန်သုန်/ န- ထွန်ဆွဲရန် ထွန်တုံးနှင့် ထမ်းပိုးကို ဆက်သွယ်ထားသော သစ်သားချောင်း။ **~သွား** /ထွန်သွား/ န-မြေစိုင်မြေခဲကို ခြေဖွရန် ထွန်တုံးတွင် တပ်ရသော အသွား။

ထွန့်ထွန့်လူး/ထွန့်ဒွန့်လူး/ကြိ-၁၊တွန့်လိမ် လူးလိမ့်နေသည်။ ၂၊[ဥပစာ]ကျေနပ်မဆည်နိုင်အောင် ဖြစ်သည်။

ထွန်း၊ ကြိ-၁၊ မီးညှိသည်။ ၂၊တောက်ပသည်။ ၃၊ ပေါ်ပေါက်သည်။ **~ကား** /ထွန်းဂါး/ ကြိ-၁၊ (သားသမီး) ပေါက်ဖွားသည်။ ၂၊တိုးတက်ကြီးပွားသည်။ စည်ပင်ပြန့်ပွားသည်။ **~ပေါက်**၊ ကြိ- တိုးတက်ကြီးပွားသည်။

ဒ

ဒ၊န-ဗျည်းသုံးဆယ့်သုံးလုံးတွင် ဆယ့်ရှစ်လုံးမြောက် ဗျည်း။ (ဒထွေးဟုခေါ်သည်။)

ဒကာ/ဒဂါ/န-ဒါယကာနှင့်အတူတူ။ [ပါ၊ဒါယက] **~ခံ** /-ခံ/ကြိ-ဆေးလှူသည်။ကျွေးမွေးသည်။ **~မ** /ဒဂမာ/န-ဒါယိကာမနှင့်အတူတူ။

ဒဓိ၊န-ဒိန်ချဉ်။ [ပါ၊ဒဓိ]

ဒယီးဒယိုင်၊**ဒယိမ်းဒယိုင်**၊ ကြိဝိ-ယိမ်းယိုင်လျက်။

ဒယဉ့်တိုက်၊ကြိဝိ-အခင်းအပြင်ကို ပုဆိုးနားနှင့် ထဘီနား ဖြင့် တိုက်ဆွဲလျက်။

ဒရဝမ်၊န-တံခါးစောင့်သူ။ အစောင့်။ [ဟိန္ဒီ၊ ဒရဝါန်]

ဒရောသောပါး/ဒယောသောဗား/ကြိဝိ-ကတိုက်ကရိုက်၊ အလောတကြီး။ ဒရောမျောပါး။

ဒရိုင်ဘာ၊န-မော်တော်ယာဉ် မောင်းနှင်သူ။ ယာဉ်မောင်း။ [လိပ်၊driver]

ဒရယ်၊န-သမင်မျိုးဝင် ဦးချိုလှသော တိရစ္ဆာန်တစ်မျိုး။

ဒလဟော၊ကြိဝိ-အကာအရံ မရှိဘဲဖြစ်လျက်။

ဒလဟော၊ကြိဝိ-အဆက်မပြတ် သွန်ထွက်လျက်။

ဒလီ၊န-ဖျင်ကြမ်းအခင်း။ [ဟိန္ဒီ၊ ဒရီ]

ဒလက်၊ န-၁၊လည်အောင်လှည့်ရသော အရိုးတပ် ကြက်ခြေပုံ ပန္နည်း။ ၂၊ ပန်ကာ၊ ရဟတ် စသည် တို့တွင် ပါသော အရွက်တံ။ **~လည်**/ဒလက်လယ်/ ကြိ-[ဥပစာ]အလွန် အလုပ်ရှုပ်သည်။

ဒလိန္ဒလာ/ဒလိတ်ဒလာ/ န-[ပေါ]သူဆင်းရဲ။ [သ၊ဒရိဒြ +ပါ၊ဒလိဒ္ဒ]

ဒလန်၊န-တစ်ဖက်တစ်ယောက်၏ အကျိုးအတွက် အခြားသူကို လှည့်ဖြား၍ ဆောင်ရွက်ပေးသူ။ [ဟိန္ဒီ၊ ဒလာလ်]

ဒသမ/ဒါ့သမာ့/နဝိ-ဆယ်ခုမြောက်ဖြစ်သော။ /န-[သင်္ချာ]ခုဂဏန်းနောက်ရှိ ဆယ်လီစိတ် အမှတ်အသားပြ အစက်။ [ပါ၊ဒသမ]

ဒဟတ်၊န-အသားကို ထွန်သွား၊ လှည်းသန် စသည် လုပ်ရသော သစ်ပင်တစ်မျိုး။

ဒဟတ်သကိုင်း/ဒဟတ်သဂိုင်း/န-အဆစ် တစ်ဆစ်၌ အရွက် သုံးလေးရွက်စုထွက်တတ်သည့် ဆေးဖက်ဝင် အပင်တစ်မျိုး။ [သ၊ဒသဂုဏ္ဍ]

ဒါ၊နစ-[အပြော]အနီးရှိ သက်ရှိသက်မဲ့ကို ရည်ညွှန်းသော စကားလုံး။ သည်အရာ။ **~ထက်**၊သမ-[အပြော]တို့ထက်။ **~နဲ့**၊သမ-[အပြော] သို့နှင့်။ သည်နှင့်။ **~ပေမဲ့**၊သမ-[အပြော] သို့သော်လည်း။

~ဖြင့်၊သမ်-[အပြော] သို့ဖြစ်လျှင်။

ဒါဇင်၊န-တစ်ဆယ့်နှစ်ခု။ [လိပ်၊**dozen**]

ဒါန၊န-အလှူပေးခြင်း။ [ပါ၊ဒါန]

ဒါဘာ၊န-၁၊မင်းပွဲသဘင်။ ၂၊အဖွဲ့အစည်း တစ်ခုခု အတွင်း အကြီးအကဲနှင့် လက်အောက် အမှုထမ်းများ မွှင့်မွှင့်လင်းလင်း တွေ့ဆုံ ဆွေးနွေးပွဲ။ [ဟိန္ဒီ၊ဒရ်ဗာရ်]

ဒါယကာ၊န-၁၊ပေးလှူသူ။ ၂၊ရဟန်းက လူယောက်ျားကို ခေါ်သောစကား။ ဒကာ။ [ပါ၊ဒါယက]

ဒါယိကာမ/ဒါယကာမ့/န-၁၊ပေးလှူသော အမျိုးသမီး။ ၂၊ရဟန်းက လူမိန်းမကို ခေါ်သော စကား။ ဒကာမ။ [ပါ၊ဒါယိကာ+မြန်၊မ]

ဒါရု၊န-အသားနံ့သာတစ်မျိုး။ [ပါ၊ဒါရု]

ဒါရိုက်တာ/ဒါရိုက်တာ/န-၁၊ဦးစီးအုပ်ချုပ်သူ။ ၂၊ရုပ်ရှင် ကားရိုက်ရာတွင် ညွှန်ကြားစီမံသူ။ [လိပ်၊**director**]

ဒါလီ၊န-လည်ဆွဲပုတီးတစ်မျိုး။ [သ၊ဒါလီ]

ဒါဟဗျား/ဒါဟဗျား/န-ကိုယ်မှအလွန်ပြင်းသော အဖျား။ [ပါ၊ဒါဟ+မြန်၊ဖျား]

ဒိစတြိတ်/ဒိစထရိတ်/န-[ခေတ်ကုန်] ခရိုင်ခေါ်သော အုပ်ချုပ်ရေးနယ်။ စိရင်စု။ [လိပ်၊**district**]

ဒိဿာပါမောက္ခ၊န-အရပ်လေးမျက်နှာတွင် ထင်ရှားသော ရှေးခေတ် တက္ကသိုလ်ဆရာကြီး။ [ပါ၊ဒိသာပါမောက္ခ]

ဒီ[1]၊နစ၊နဝိ-[အပြော] ဤနှင့်အတူတူ။

ဒီ[2]၊န-လ၏ဆွဲငင်မှုကြောင့် ဖြစ်ပေါ်လာသော ပင်လယ်ရေအတက်အကျ။ [မွန်၊ဒီ] **~ဒိုး**/ဒီဒိုး/န-လှေ၊ သမ္ဗန်တို့၏ ရေမြုပ်နေသော အပိုင်းကို ဖောက်စားတတ်သော ရေငန်ပိုး ပိုး။ **~လုံး**၊န-၁၊လမ်းခင်းရန် သုံးသော မြေကျက်လုံး။ ၂၊ဒီချောင်းအရပ် လတာပြင်များတွင် ကျက်စားသော ငှက်ငယ်တစ်မျိုး။ **~လှိုင်း**၊န-လှိုင်းလုံးအဖြစ် တက်လာသော ဒီရေ။

ဒီကရီ /ဒီကရီ/ န-စီရင်ချက်အတိုင်း လိုက်နာဆောင်ရွက်ရန် တရားမ တရားသူကြီးက ချမှတ်သည့် အမိန့်။ [လိပ်၊**decree**]

ဒီဂရီ/ဒီဂရီ/န-၁၊တက္ကသိုလ်ကပေးအပ်သောဘွဲ့။ ၂၊ထောင့်တိုင်းယူနစ်။ ၃၊အပူချိန်ယူနစ်။ [လိပ်၊**degree**]

ဒီဃနုစ်/ဒီဂါနုစ်/န-သဏ္ဌာန်ရှည်နှင့်အတူတူ။ [ပါ၊ဒီဃ+မြန်၊နုစ်]

ဒီဃသရ/ဒီဂါသရ/န-သံရှည်သရ။ ရွတ်ဆိုသော အခါ မျက်စိ ၂မှိတ် လျှပ်၂ပြက် ကြာသော သရ။ (ၚင်းတို့မှာ အာ၊ ဤ၊ ဦ၊ ဧ၊ အဲ၊ ဩ၊ ဪ၊ အို တို့ဖြစ်ကြသည်။ ရဿသရနှင့်နှိုင်းယှဉ်) [ပါ၊ဒီဃ+သရ]

ဒီဇင်ဘာ၊န-အင်္ဂလိပ်ဆယ့်နှစ်လတွင် နောက်ဆုံးလ။ [လိပ်၊**December**]

ဒီဇိုင်း၊န-အပြောက်အကွက်စသော အနုပညာ လက်ရာပုံစံ။ [လိပ်၊ **design**]

ဒီဇယ်၊န-ဒီဇယ်အင်ဂျင်တွင် အသုံးပြုရသော လောင်စာဆီ။ [လိပ်၊**diesel**] **~အင်ဂျင်**၊န-(၁၈၉၃-ခုနှစ်တွင် ဂျာမန်လူမျိုး ရူးဒေါ့ဖ်ဒီဇယ် တီထွင်သော) ဖိသိပ်အားဖြင့် လောင်စာဆီမှုန်ကို ပေါက်ကွဲစေပြီး စက်လည်စေသော အင်ဂျင်စက်မျိုး။ (မာတ်ဆီအင်ဂျင်လည်းရှု) [လိပ်၊**diesel-engine**]

ဒီထိုး၊န-'ဒီ'ဟု အဆက်မပြတ်အော်၍ ကျွန်ကစားဖော်များကို လိုက်ပုတ်ကစားရသော ကစားနည်း။

ဒီဒီတီ၊န-ပိုးသတ်ဆေး တစ်မျိုး။ [လိပ်၊**D.D.T. (Dichloro-Diphenyl-Trichloroethane)**]

ဒီပနီ၊န-အကြောင်းရပ်တို့ကို အကျယ်တဝင့် ရှင်းလင်းဖွင့်ပြသောကျမ်း။ [ပါ၊ဒီပနီ]

ဒီပလိုမာ၊န-ပညာရပ် တစ်ခုတွင် ကျွမ်းကျင်မှုအတွက် ပေးသည့် ဘွဲ့လက်မှတ်။ [လိပ်၊**diploma**]

ဒီပ၊န-ကျွန်း။ [ပါ၊ဒီပ]

ဒီပါဝလီ၊န-ဟိန္ဒူတို့၏ မီးထွန်းပွဲ။ [ဟိန္ဒီ၊ဒီပါဝလီ]

ဒီမိုကရေစီ/ဒီမိုကရေစီ/န-ပြည်သူတို့၏ ဆန္ဒအရ ပြည်သူ့ကိုယ်စားလှယ်များဖြင့် နိုင်ငံအုပ်ချုပ်သော စနစ်တစ်မျိုး။ [လိပ်၊**democracy**]

ဒီမိုင်း၊န-အလျား ၂၂½" အနံ ၁၇½" ရှိစက္ကူ အရွယ်။ [လိပ်၊ **demy**]

ဒီးဒီး၊ကြိဝိ-(ချေးစသည်) အဆက်မပြတ်စီးလျက်။

ဒီးဒူး၊န-လက်ပံ၊ ကုတ်ဟည်းတို့နှင့် အမျိုးတူသော သစ်ပင်ကြီးတစ်မျိုး။

ဒီးဒုတ်၊န-ဦးချိုကဲ့သို့ အမွေးဖုတ်ရှိသော ညဥ့်ငှက်ကြီး။

ဒု၊န-အရာဝတ္ထုတစ်ခု၏ အထူပမာဏ။ အထု။ **~တက်**၊ကြိ-တစ်ထပ်ပြီးတစ်ထပ် စုပုံသည်။ **~နဲ့ဒေး**၊န-အများအပြား။

ဒုကုဋ်/ဒုဂုတ်/န-နှစ်ထပ်သင်္ကန်း။ [ပါ၊ဒုဂုဏ]?

ဒုစရိုက်/ဒုဇယိုက်/န- ပါဏာတိပါတ စသည်ကို ကျူးလွန်သော အမှု။ မကောင်းသောအကျင့်။ မကောင်းမှု။ (၁၊သူ့အသက်သတ်ခြင်း ၂၊သူ့ဥစ္စာခိုးခြင်း ၃၊ သူတစ်ပါး သားမယားပြစ်မှားခြင်း (ကာယဒုစရိုက် သုံးပါး) ၄၊ လိမ်လည်ခြင်း ၅၊ ကုန်းတိုက်ခြင်း ၆၊ ဆဲရေးတိုင်းထွာခြင်း ၇၊အကျိုးမရှိသောစကားကို ပြောဆိုခြင်း (ဝစီဒုစရိုက် လေးပါး) ၈၊သူတစ်ပါးကို မကောင်းကြံခြင်း ၉၊သူတစ်ပါး ပျက်စီးအောင်ကြံခြင်း ၁၀၊ အယူမှားခြင်း (မနော ဒုစရိုက်သုံးပါး) ဟူ၍ ဒုစရိုက်ဆယ်ပါး ရှိသည်။] [ပါ၊ဒုစ္စရိတ]

http://www.lknt11.com

ဒုတိယ၊နဝိ–နှစ်ခုမြောက်ဖြစ်သော။ [ပါ၊ဒုတိယ]

ဒုမင်္ဂလ၊န–နှာရေးကိစ္စ။[ပါ၊ဒု+မင်္ဂလ]

ဒုယင်/ဒုယင်၊ဒယင်/န–မင်းသုံးအင်္ကျီ၏ ပခုံးစွန်းစသည့်တွင် တပ်ဆင်သော အချွန်အတက် အကော့အညွှတ်။ ဒုယင်တပ်အင်္ကျီ။ [ပါ၊တောရဏ]

ဒုသနသော/ဒုသာ့နာ့သော/န–သူတစ်ပါး သားမယားကို ပြစ်မှားခြင်း။ [ပါ၊ဒု(ဒုန္နိဝိတ...)+သ(သဋ္ဌိ...)+န (နတ္ထိ...)+ သော (သောဟံ...)]

ဒုဿနာဿ/ဒုဿနာဿ/ကြိဝိ–အကြမ်းပတမ်း ခံနိုင်ရည်ရှိလျက်။

ဒုရဂ/ဒုရဂ/န–[ဂီတ]နှစ်ပေါက်သံဖြင့် မှုတ်သည့် ခေါင်းသံစဉ်။ [ပါ၊ဒုရဂ]

ဒုလာ၊န–အဆစ်အမျက် ကိုက်ခဲသော ယောက်ျားရောဂါ။ ဒုလာပါဒရက်။ [သ၊တုလာ]

ဒုဝါ၊န–ကချင်လူမျိုးတို့၏ အကြီးအကဲ။ [ဂျိန်ဖော၊ဒုဝါ]

ဒူး၊န–ပေါင်နှင့် ခြေသလုံးဆက်စပ်ရာ အဆစ်။ ~ခေါင်း/ဒူးခေါင်း/န–ဒူးဆစ်အပေါ်ဘက်။ ~ဆစ်/ဒူးဇစ်/န–ဒူးခေါင်းရှိရာ နေရာ။ ~တိုက်ဆွေးနွေး/ဒူးဒိုက်ဆွေးနွေး/ကြိ–ရင်းနှီးပွင့်လင်းစွာ စည်းဝေးဆွေးနွေးသည်။ ~တိုင်/ဒူးဒိုင်/ကြိ–လယ်ယာ မြေကွက်တို့၌ နယ်ခြားသတ်မှတ်ရန် စိုက်သောတိုင်။ ~တုန်၊ကြိ–[ဥပစာ] အလွန်ကြောက်၍ တုန်လှုပ်သည်။ ~တုပ်၊ ကြိ–ပုဆစ်တုပ်သည်။ ~ထောက်၊ ကြိ– ၁၊ ဒူးကို အခင်းအပြင်တွင် ထောက်သည်။ ၂၊[ဥပစာ] အရှုံးပေးသည်။ ~ထောင်ပေါင်ကား /ဒူးဒေါင် ပေါင်ကား/ကြိဝိ–(အနေအထိုင်)ကိုးရိုးကားရား၊ မကျစ်မလျစ်။ ~နေရာ၊န–နေရာပါ:သွယ်အနက် ဒုတိယနေရာ။ ~ဗိတ်/ဒူးဗိတ်/န–အုတ်တံတား၊ ဝရန်တာ၊ တိုက်ခေါင်မိုးများ စသည်တို့တွင် လုပ်ထားသော အကာနိမ့်။ ~ပုန်းတိုက်/ဒူးဗုန်းတိုက်/ကြိ–[ဥပစာ] တိတ်တိတ်ပုန်း မကောင်းကြံစည် ပြုလုပ်သည်။ ~မှန်၊ န– မှန်ကြွပ်လုံး။ ~လေး၊ န– သစ်သားလက်ကိုင်တွင် လေးကိုင်းကို ကြက်ခြေခတ်တပ်၍ မြားဖြင့် ပစ်ရသော လေးတစ်မျိုး။ ~လမ်း၊ န–[ရှေး] လမ်းတို။ ဖြတ်လမ်း။ ~လုံး၊န–ဆိုင်းဝိုင်းတွင် လက်ဝဲဘက် အကြီးဆုံးမှ ခြောက်လုံးမြောက် ဖြစ်သော ဗုံ။

ဒူးရင်း၊န–အသီးခွံတွင် ဆူးပါ၍ အနံ့ပြင်းပြီး ချိုမြိန်သော အသားမြွှာကို စားရသည့် သစ်ပင်တစ်မျိုး။ [မလေး၊durian]

ဒေလီယာ၊န–ပွင့်ချပ်လွှာများ ထပ်လျက်ပွင့်သော၊ ဥမှပေါက်သည့် ပန်းပင်တစ်မျိုး။ (အပွင့်ရောင်စုံရှိသည်။) [လိပ်၊dahlia]

ဒေဝ၊န–နတ်။[ပါ၊ဒေဝ]

ဒေဝဒတ်၊န–၁၊ ဂေါတမမြတ်စွာဘုရားကို ဖက်ပြိုင်အန်တုသော ရဟန်း။ ၂၊ [ဥပစာ] ဖျက်လိုဖျက်ဆီး ပြုတတ်သူ။ [ပါ၊ ဒေဝဒတ္တ]

ဒေဝစံ၊န–အရှက်အကြောက် တရားနှစ်ပါး။ [ပါ၊ဒေဝဓမ္မ]

ဒေဝါလီခံ၊ကြိ–ကြွေးမဆပ်နိုင်၍ ရှိသမျှပစ္စည်းများကို ကြွေးရှင်များအား ပေးအပ်ရသော အဖြစ်သို့ ရောက်သည်။ လူမွဲစာခံသည်။ [ဟိန္ဒီ၊ဒေဝါလိယာ+မြန်၊ခံ]

ဒေဝီ၊န–၁၊နတ်သမီး။ ၂၊မိဖုရား။ [ပါ၊ဒေဝီ]

ဒေဝေါ၊န–နတ်။ မိုးနတ်။ [ပါ၊ဒေဝ]

ဒေဝစ္ဆရာ /ဒေဝစ်ဆရာ/ န– နတ်ကချေသည်။ [ပါ၊ဒေဝစ္ဆရာ]

ဒေသ၊န–နေရာ။ အရပ်။ [ပါ၊ဒေသ] ~ခံ/ဒေသာ့ခံ/န–ဒေသတစ်ခုခုတွင် အချိန်ကြာမြင့်စွာကပင် နေနှင့်သူ။ ~စာရီ/ဒေသ့စာရီ/န–ဘုရား၊ ရဟန္တာတို့ အရပ်ရပ်သို့ လှည့်လည်သွားလာခြင်း။ [ပါ၊ဒေသစာရီ] ~စိတ် [၁]/ဒေသာ့စိတ်/န–နယ်မြေအစိတ်အပိုင်း။ ~စိတ် [၂]/ န–မိမိဒေသကို စွဲလမ်းခင်တွယ်သော စိတ်။

ဒေသနာ၊ န–မြတ်စွာဘုရား ဟောကြားသည့် တရားတော်။ [ပါ၊ဒေသနာ] ~ကြား၊ ကြိ– [ဝိနည်း] ရဟန်းက မိမိတွင် သင့်ရောက်သော အာပတ်ကို ရဟန်းတစ်ပါးပါးထံ ဖွင့်ဟပြောကြားသည်။ အာပတ်ဖြေသည်။

ဒေသိယဝေါဟာရ/ဒေသိယာ့ဝေါဟာရ/န–ဒေသအလိုက် ပြောဆို သုံးနှုန်းသောစကား။ [ပါ၊ဒေသိယ+ ဝေါဟာရ]

ဒေသန္တရ/ဒေသန်တရ/နဝိ–ဒေသတစ်ပါးနှင့် ဆိုင်သော။ [ပါ၊ဒေသန္တရ]

ဒေါ၊န–စိတ်ဆိုးခြင်း။ ဒေါသ။ [ပါ၊ဒေါသ] ~ကန်၊ ကြိ–[အပြော] ဒေါသထွက်သည်။ စိတ်ဆိုးသည်။ ဒေါထသည်။ ဒေါပွသည်။ ဒေါဖောင်းသည်။ ~ကြီးမောကြီး /ဒေါကြီးမောကြီး/ ကြိဝိ– အမျက်ပြင်းစွာ ထွက်လျက်။ ~သ/ဒေါသ့/န–၁၊ စိတ်ဆိုးခြင်း။ အမျက်။ ၂၊ (တာပေ၊ ကျောက်မျက်၊ ခွောကိုယ် စသည်၏) အပြစ် အနာအဆာ။ [ပါ၊ဒေါသ] ~သလုံးပါး/–သုန်းဗား/န–ကြီးဒေါသနှင့်အတူတူ။ ~သအိုး /ဒေါသ့အိုး/န–[ဥပစာ] ဒေါသကြီးသောသူ။ ~သူပုန်ထ /ဒေါသ့ ဗုန်ထ/ ကြိ–အမျက်ပြင်းစွာ ထွက်သည်။

ဒေါဒေါရာ/ဒေါဒေါရာသ/န–သရေခေတ္တရာပြည်၊ သုဗ္ဗမြို့မင်းလက်ထက် သာသနာနှစ် ၆၂၄မှ နှစ်ပေါင်း

မာတိကာသို့ ▸▸▸

၆၂၂ကို ဖြိုသော သင်္ချာရာဇ်ဖြိုကိန်း။ (ဒေါ=၂၊ ဒေါ=၂၊ ရသ=၆။ ခဆပဥကိန်းလည်း ရှ)

ဒေါနှ၊န-တစ်ပင်လုံး အနံ့မွှေးသော ပန်းပင်ငယ် တစ်မျိုး။ [ဟိန္ဒီ၊ဒေါနာ]

ဒေါမနဿ/ဒေါမနတ်သာ့/န-စိတ်မချမ်းသာခြင်း။ နှလုံးမသာယာခြင်း။ [ပါ၊ဒေါမနဿ]

ဒေါမား၊န-[ပေါ]အိုးကြီး။ [သ၊ ဒေါဏ + မြန်၊ မား]

ဒေါ့ရင်းကောင်/ဒေါ့ယင်းဂေါင်/န-ဝှစဉ်းရင်ကွဲနှင့် အတူတူ။

ဒေါ်၊စည်း-ယဉ်ကျေးသောအားဖြင့် မိန်းမ၏ အမည် ရှေ့က ထည့်သုံးသော စကား။ ~**ကြီး**/ဒေါ်ဂျီး/ န-အမေ၏အစ်မ။ ကြီးတော်။ ~**လေး**၊န-အမေ၏ ညီမ။

ဒေါ်လာ၊န-အမေရိကန်ပြည်ထောင်စု၊ ကနေဒါနိုင်ငံ စသည်တို့တွင် သုံးသော ငွေကြေး။ [လိပ်၊ dollar] ~**ပြား** /ဒေါ်လာဗျား/ န- ငွေနာရီကြိုး၊ ငွေချဲကြိုး တို့၌ တပ်ဆွဲလေ့ရှိသော ငွေဒင်္ဂါးပြား။

ဒေါ်လီကျို၊ကြိ-ဆေးဖက်ဝင်ပစ္စည်းများကို ရောနှော ကျိုချက်သည်။ [သ၊ဒွလီ+မြန်၊ကျို]

ဒေါ်လီမွှေ၊ကြိ-ဆေးဖက်ဝင်ပစ္စည်းများကို ရောနှော အောင် မွှေသည်။ [သ၊ဒွလီ+မြန်၊မွှေ]

ဒံပေါက်/ဒန်ပေါက်/န-အသား၊ ထောပတ်ကြက်သွန်၊ ငရုတ်ကောင်း၊ ဖာလာစေ့ စသည်တို့နှင့် ပေါင်း ချက်ထားသော ထမင်း။ [ပါရှင်၊dumpukht]

ဒိုတီ၊န-ဟိန္ဒူလူမျိုးတို့၏ ခါးဝတ်ပုဆိုးရှည်။ [ဟိန္ဒီ၊ ဓိုတီ]

ဒိုဘီ၊န-အဝတ်လျှော်လုပ်ငန်း။ အဝတ်လျှော်သမား။ [ဟိန္ဒီ၊ဓိုဗီ]

ဒို့၊နစ-[အပြော]တို့ ရှု။

ဒိုး[1]၊ န-လက်ဖြင့်လှည့်ကာ ပစ်ကစားရသော ချပ်ပြား ဝိုင်း။ လက်ဖြင့်လိမ့်ကာ ပစ်ကစားရသော အလုံး။ ရုံညင်းစေ့။ ~**ကလိမ်**၊န-အသီးတောင့်ရှည်၍ အစေ့ဆန်ဆေးဖက်ဝင်သော ဆူးချုံနွယ်ပင်။

ဒိုး[2]၊န-ဆိုင်းဝိုင်းတွင် အပါဝင်ဖြစ်သော စုံတစ်မျိုး။ [ဟိန္ဒီ၊ဓိုလ်] ~**ဝတ်**/ဒိုးဗတ်/န-လည်တွင်လွယ်၍ တီးရသော စုံတို။

ဒိုးခနဲဒက်ခနဲ/ဒိုးဂနဲဒက်ခနဲ/ကြိဝိ-ထစ်ငေါ့ဆိုင်းတွ ခြင်းမရှိ လျှင်မြန်စွာ။

ဒိုးခြောက်/ဒိုးဂျောက်/န-ငါးကလေးခြောက်။

ဒိုးငါးဖိ /ဒိုးငဖိ/ န- ငါးဖယ်အောင်း ငါးဖိကောင် အလတ်စားနှင့် အငယ်စား။

ဒိုးတူပေါင်ဖက် /ဒိုးဒူဗောင်ဗက်/ ကြိဝိ- ဆိုးအတူ ကောင်းအတူ။

ဒိုးဒိုးဒေါက်ဒေါက်၊ကြိဝိ-သွက်သွက်လက်လက် ပွင့်ပွင့် လင်းလင်း (ပြောဆိုသည်)။

ဒက်[1]၊န-ဦးခေါင်းခွံတွင် ပေါက်သော အရေပြားရောဂါ တစ်မျိုး။ [ဟိန္ဒီ၊ဒဒ်]

ဒက်[2]၊န-ရင်လွှမ်းတန်ဆာတစ်မျိုး။

ဒက္ခိဏယဥ်စွန်းတန်း /ဒက်ခိနာ့ယင်စွန်းဒန်း/ န- အီကွေတာ တောင်ဘက် နေသွားလမ်း အစွန်ဆုံး ဖြစ်သော ၂၃½လတ္တီတွဒ် မျဉ်းကြောင်း။ [ပါ၊ ဒက္ခိဏ+အယန+ မြန်၊ စွန်း+တန်း]

ဒက္ခိဏသာခါ/ဒက်ခိနာ့သာခါ/န-မဟာဗောဓိပင်၏ တောင်ဘက်အကိုင်းမှ အသားကို ထုလုပ်သည့် ဗုဒ္ဓရုပ်ပွားတော်။ ယင်းရုပ်ပွားတော်၏ ပုံအတိုင်း ထုလုပ်ကိုးကွယ်သည့် ဗုဒ္ဓရုပ်ပွားဆင်း။ [ပါ၊ဒက္ခိဏ +သာခါ]

ဒက်ထိ၊ကြိဝိ-ပက်ပင်း။ ရင်ဆိုင်။ တန်းတန်းမတ်မတ်။

ဒုက္ကရစရိယာ/ဒုတ်ကရာ့စရိယာ/န-ဘုရားလောင်း နောက်ဆုံးဘဝတွင် ခဲခဲယဉ်းယဉ်း ကျင့်ရသော အကျင့်။ [ပါ၊ဒုက္ကရစရိယာ]

ဒုက္ခ၊န-ဆင်းရဲမှု။[ပါ၊ဒုက္ခ] ~**ပေး**/ဒုတ်ခါ့ပေး/ကြိ- ဆင်းရဲ ငြိုငြင်အောင် လုပ်သည်။ ~**များ**/ဒုတ်ခါ့ များ/ကြိ-ဆင်းရဲငြိုငြင်သည်။ ~**ရောက်**/ဒုတ်ခါ့ ယောက်/ကြိ-ပင်ပန်းဆင်းရဲသောအဖြစ်သို့ ရောက် သည်။ ~**ရှာ**/ဒုတ်ခါ့ယှာ/ကြိ-၁၊ဆင်းရဲပင်ပန်း အောင် ဖန်တီးသည်။ ၂၊အပင်ပန်းခံ၍ အရေး စိုက်သည်။ ~**သုက္ခ**/ဒုတ်ခါ့သုတ်ခါ့/န-ပင်ပန်း ဆင်းရဲမှု အမျိုးမျိုး။ ~**သည်**/ဒုတ်ခါ့သယ်/န- ဒုက္ခဆင်းရဲ ရောက်နေသူ။

ဒုက္ခိတ၊န-၁၊ကိုယ်အင်္ဂါချို့တဲ့သူ၊ မစွမ်းမသန်သူ။ ၂၊ဒုက္ခသည်။ [ပါ၊ဒုက္ခိတ]

ဒေါက်၊န-၁၊ဝန်၏ဖိအားကို ထောက်ကန် ပင့်မ ထားသော အချောင်းအတံ။ ၂၊လှည်းဘီးတွင် ပုံတောင်းမှ ဘီးကူသို့ ဖြာထွက်သွားသော အချောင်း အတံ။ ၃၊ကျွဲဆိုး၊ နွားဆိုးတို့ အသွားအလာ ခက်အောင် လည်ပင်းတွင် တပ်ဆွဲထားသော အချောင်းအတံ။ ၄၊ကိုယ်ခန္ဓာအမြင့်။ အရပ် အမောင်း။ ~**ခြာ**၊ န-ရသေ့များ ခေါင်းဆောင်းသော အရာ။ ~ **ခွ** /ဒေါက်ဂွ/န-၁၊လှည်းထောက်။ ၂၊သဲဆန်သော ကုန်းမြင့်နေရာများ၌ ပေါက်တတ် သော အရွက်ထူ၍ အပွင့် အလွန်သေးငယ်သော အပင်ငယ်တစ်မျိုး။ ~**တိုင်**၊ န- [ဥပမာ] အခြေခံ အားဖြင့် အထောက်အကူပြုသူ။ ~**ဖိနပ်**/ဒေါက် ဖနတ်/ န- ခုံမြင့်ဦးနိမ့် မိန်းမစီးဖိနပ်။ ~**မြုတ်**၊ ကြိ- [ဥပမာ] သိက္ခာချသည်။ ~**လှည်း**/ဒေါက်လှဲ/ န-ဘီးတွင် ဒေါက်တပ်၍ ပြုလုပ်သော လှည်း တစ်မျိုး။

ဒေါက်ကပ်၊ န–အမိုးရှင်ပါသော နှစ်ဘီးတပ် မြင်းရထား တစ်မျိုး။ [လိပ်၊dog-cart]

ဒေါက်စရစ်၊ န–အနံ့သင်းကြိုင်ပြီး အပွင့်ဝါများ အဆုပ် အခိုင်လိုက်ပွင့်သည့် ဆေးဖက်ဝင်နွယ်ပင် တစ်မျိုး။

ဒေါက်တာ၊ န–၁၊ပါရဂူ။ ပါရဂူဘွဲ့။ ၂၊ဆရာဝန်။ ဆရာဝန်ဘွဲ့။ [လိပ်၊doctor]

ဒေါက်ဒေါက်ကြဲ၊ ကြိဝိ–အထစ်အငေါ့မရှိ သွက်သွက် လက်လက်။

ဒိုက်၊ **~သရော**၊ န–ရေစီးတွင် မျောလိုက် ကမ်းတွင် တင်လိုက် ရှိသော အမှိုက်စု။ **~စပါး**/ဒိုက်ဗော:/ န–အင်းအိုင် ရေစပ်တွင် အလေ့ကျပေါက်သော စပါးရိုင်းတစ်မျိုး။

ဒုဂ္ဂတိ/ဒုဟ်ဂဒိ/န–မကောင်းသောလားရာ။[ပါ၊ဒုဂ္ဂတိ]

ဒင်¹၊ န–၁၊သေနတ်၏အရင်းပိုင်း။ ၂၊မြေကြီး သိပ်သည်း အောင် ဆောင့်၍ ဖိပေးရသော ကိရိယာ။

ဒင်²၊ န–အကောင်းဆုံး အကော်ဆုံး။ **~ဒင်ပြေး**၊ ကြိ– စံချိန်မီသည်။ အကောင်းဆုံး အခြေအနေတွင် ရှိသည်။

ဒင်္ဂါး/ဒင်းဂါး/န–အလေးချိန်၊ တန်ဖိုးသတ်မှတ်ကာ တံဆိပ်ခတ်နှိပ်၍ သွန်းလုပ်ထားသော ရွှေ ငွေစသည့် သတ္တုပြား။ [သ၊ဋင်္က]

ဒေါင်၊ န–အရပ်အမောင်း၊ ကိုယ်ခန္ဓာအမြင့်။ **~ကျကျ ပြားကျကျ** / ဒေါင်ကျဂျကျ ပျားကျဂျကျ/ ကြိဝိ– [ဥပစာ] ဆင်းရဲသည် ဖြစ်စေ ချမ်းသာသည်ဖြစ်စေ။ ဖြစ်လိုရာဖြစ်စေ။ **~ချာခိုင်း**/ဒေါင်ဂျာခိုင်း/**~ ချာလည်** /ဒေါင်ဂျာလယ်/ **~စိုင်း**၊ ကြိ–၁၊ချာချာ လည်သည်။ ၂၊လက်မလည်နိုင်အောင် အလုပ်များ သည်။ **~ဆောက်**၊ န–စရွေး ထွင်းရာတွင် အသုံး ပြုသော ဆောက်တစ်မျိုး။ စရွေးဆောက်။ **~တင်း**၊ ကြိ–သွေးကြီးသည်။ မာနကြီးသည်။

ဒေါင်ဒေါင်မြည်၊ ကြိ–[ဥပစာ]အရည်အချင်းအပြည့်ဝဆုံး ဖြစ်သည်။ အကောင်းဆုံး အခြေအနေတွင် ရှိသည်။

ဒေါင့်တလောင်/ဒေါင့်ဒလောင်/န–ရှည်၍ တောက်ပ သော အရွက်ရှိသည့် ချုံပင်ကြီးတစ်မျိုး။

ဒေါင့်တလိပ်/ဒေါင့်ဒလိတ်/န–စိမ်းဝါရောင်အပွင့်ငယ် များပွင့်သည့် နွယ်ပင်တစ်မျိုး။

ဒေါင့်ပဆိတ်၊ န–ပိုးတီကောင်တစ်မျိုး။

ဒေါင့်သိုး၊ ကြိဝိ–[ရှေး] စောင်းစောင်းရွဲ့ရွဲ့။

ဒေါင့်သန်းနာ/ဒေါင့်သန်းနာ/န–**တောင့်သန်းနာ**ရှု။

ဒေါင်း၊ န–အမြီးလှပတင့်တယ်ပြီး အိုးဝေဟု မြည်တွန် သော ငှက်ကြီး။ **~ ခြေ**၊ န–ကျီးခြေပင်။ **~ ဂြိုဟ်** /ဒေါင်းဂျိုဟ်/ န–ရာဇမတ်။ ရာဇမတ်အကာအရံ။ **~ခွက်** /ဒေါင်းဂွက်/ န–ဒေါင်းရုပ်ပါသော ဘယက် ခွက်။ **~ဆံပြာ**၊ န–အပင်တွင် အပြာရောင် အဝါ ရောင် အမွေးအမှင်များရှိ၍ အပြွတ်လိုက် သီးသော အပင်ငယ်တစ်မျိုး။ **~ဆုပ်**/ဒေါင်းဇုတ်/န–အဝါ သို့မဟုတ် နီဝါပွင့်များ တစ်နစ်ပတ်လုံးမှ ပွင့်သော၊ ဆူးရှိသည့် အပင်ငယ်။ (စိန်ပန်းကလေး ဟုလည်း ခေါ်သည်။) **~တောက်**၊ ကြိဝိ–အနံ့အပြား လှည့်ပတ် လျက် (ရှာဖွေသည်)။ **~တောင်ယပ်**၊ န–နန်းသုံး ဒေါင်းမြီးယပ်။ **~ပေါင်**/ဒေါင်းဖောင်/န–၁၊ ဒေါင်း၏ ပေါင်သဏ္ဌာန် အခြေသုံးခုတပ် ဖျပ် တစ်မျိုး။ ၂၊အသားကို ဒန်ပူလုပ်ရသော ပင်လက် တစ်မျိုး။ **~မုတ်ဆိတ်**၊ န–ပြိတ်မြွက်နှင့် အတူတူ။ **~ရွှေ**၊ န–တောင်း၊ တင်း၊ ဖျာ၊ ရိုင် ရက်သော အလုပ်။ (ဒေါင်းရွှေဟုလည်း ခေါ်ရသည်။) **~လန်း**၊ န–သစ်စေး၊ ဟသ်ပဒါးသရိုးကိုင်ထားသော အခြေတပ် ဗန်းကြီး။ **~သိုး**၊ န–ကြက်သွန်ဖြူ ဥ တစ်လုံး။ **~သိုးယင်**၊ ကြိ– ပုဆိုးကို တိုတိုပင့်မသည်။

ဒေါင်းတလူမောင်းတလူ/ဒေါင်းဒလူမောင်းဒလူ/ကြိဝိ– ကိုယ်အမူအရာ မာန်ပါပါ။ ဒေါင်းတင်မောင်းတင်။ ဒေါင်းတည်မောင်းတည်။

ဒိုင်၊ န–၁၊ရှေးခေတ် အုပ်ချုပ်ရေးနယ်မြေအပိုင်းအခြား တစ်မျိုး။ ဒိုင်နယ်။ ၂၊ရောင်းဝယ်ရန် ပေါက်စျေး သတ်မှတ်သည့်အဖွဲ့၊ သတ်မှတ်သူ။ ၃၊ရောင်းဝယ်ရာ ဗဟိုဌာန။ ၄၊အားကစားပွဲ စသည်ကို စည်းမျဉ်း စည်းကမ်းနှင့်အညီ ကြီးကြပ်ကွပ်ကဲရသော လူကြီး။ ၅၊လောင်းကစားပွဲဖြစ်မြောက်အောင် လုပ်ပေး၍ လောင်းကစားသူထံမှ အကောက်ကောက်ယူသူ။ ၆၊လောင်းကစားဝိုင်းတွင် ကိုယ်တိုင်ပါ၍ ထိုးသား များနှင့် ယှဉ်ပြိုင်လောင်းကစားပြီး ငွေအလျော်အစား ပြုသူ။ ၇၊ငွေစင်ရာခိုင်နှုန်း ဖြစ်ခန့်ပါသော ငွေခွက်။ **~ခံ**၊ ကြိ–လောင်းတမ်း ကစားဝိုင်းတွင် အလျော် အစားကို တာဝန်ယူ လုပ်ဆောင်သည်။ ကြိဝိ– [ဥပစာ]တစ်ဦး တစ်ယောက်တည်း၊ တစ်ဖွဲ့တည်းက တာဝန်ယူလျက်။ **~လူကြီး**/ဒိုင်လူကျီး/ န–ဒိုင် ⁴နှင့် အတူတူ။

ဒိုင်ခွက်/ဒိုင်ဂွက်/ န–နာရီမျက်နှာပြင်ကဲ့သို့ အမှတ် အသားများပါသော စက်အစိတ်အပိုင်း။ “**နာရီ~**၊ တယ်လီဖုန်း~။ မိုင်နှုန်းပြ~။” [လိပ်၊dial+ မြန်၊ခွက်]

ဒိုင်နမို၊ န–စက်စွမ်းအင်ကို လျှပ်စစ်စွမ်းအင်အဖြစ်သို့ ပြောင်းပေးသောစက်။ [လိပ်၊dynamo]

ဒိုင်နိုဆော၊ န–(မျိုးသုဉ်းသွားပြီဖြစ်သော) တွားသွား သတ္တဝါကြီးတစ်မျိုး။ [လိပ်၊dinosaur]

ဒိုင်ဗင်ထိုး၊ ကြိ–အမြင့်မှဦးစိုက်၍ ဝမ်းလျားထိုး ဆင်း သည်။ [လိပ်၊diving+မြန်၊ထိုး]

ဒိုင်ယာရီ၊ န–နေ့စဉ်မှတ်တမ်း။ [လိပ်၊diary]

http://www.lknt11.com

ဒိုင်အာခီ၊ န– နိုင်ငံခြားအစိုးရနှင့် တိုင်းရင်းသား ကိုယ်စားလှယ်များ တာဝန်ခွဲဝေ အုပ်ချုပ်သော အုပ်ချုပ်ရေး။ အုပ်ချုပ်သူ နှစ်မျိုး တာဝန်ခွဲဝေ အုပ်ချုပ်သော အုပ်ချုပ်ရေး။ [လိပ်၊ dyarchy]

ဒိုင်း၁၊န–အိမ်ခေါင်လျောက်နှင့် လက်ခံလျောက်တွင် အမိုးစောင်းနှင့် တစ်ပြေးညီစွာ တန်းနေသော သစ်သား။ **~လွှ**၊န–လေးကိုင်းပုံလက်ကိုင် တပ်ထားသော လွှတစ်မျိုး။

ဒိုင်း၂၊န–၁၊သားရေနှင့် ပြုလုပ်ထားသော ကာတစ်မျိုး။ ၂၊ယှဉ်ပြိုင်ပွဲတွင် ဆုအဖြစ်ပေးသော ဒိုင်းပုံပစ္စည်း။ [သ၊ပါလိ]? **~ဝန်**၊န–မြန်မာမင်း လက်ထက် နိုင်းအစုဆိုင်ရာဝန်။ **~ဝန်း**၊န–ရေစစ်ပုံကဲ့သို့ ဝါးခြမ်းကို ပိုက်တပ်၍ ရှူးသွားသော အစွန်းပိုင်းကို ဖုံလုံ မြုံးတွင် စွပ်တပ်ရသော ငါးဖမ်းပိုက်တစ်မျိုး။ (လက်ကိုင်ပါသော ဒိုင်းဝန်းလည်း ရှိသည်။)

ဒိုင်း၃၊န–(အမှုန့်ချသည့်) ဆန်ခါစိပ်တစ်မျိုး။

ဒိုင်းနမိုက်၊န–ယမ်းဘီလူး။ [လိပ်၊dynamite]

ဒိဋ္ဌ/ဒိတ်ထာ့/ကြိဝိ–၁၊မျက်မြင်ကိုယ်တွေ့။ ၂၊စကန် မုချ။ [ပါ၊ဒိဋ္ဌ] **~မာ**/–ဒမာ့/ကြိဝိ–မျက်မှောက် ထင်ထင်။

ဒိဋ္ဌိ/ဒိတ်ထိ/န–၁၊အမြင်။ အယူအဆ။ ၂၊မှားသော အယူကို ယူသောသူ။ [ပါ၊ဒိဋ္ဌိ]

ဒဏ်၊န–၁၊ကျရောက်သော ဘေးအန္တရာယ်။ ဖိစီး နှိပ်စက်မှု။ ၂၊ ကျူးလွန်မိသော အပြစ်အတွက် စည်းကမ်းဥပဒေအရ ခံယူရသောအပြစ်။ "ငွေ ~။ ထောင် ~။" ၃၊ရှင်သာမဏေများ ကျူးလွန်လျှင် သဲဒဏ် ရေဒဏ်စသည် ဒဏ်ပေးခံရသော သိက္ခာပုဒ် ဆယ်ပါး။ ၄၊ထိခိုက်ချွတ်ယွင်းမှု။ [ပါ၊ဒဏ္ဍ] **~ခံ**၊ ကြိ–တစ်စုံတစ်ယောက်၌ ကျရောက်မည့် ဘေးကို ယင်းကိုယ်စား ဝင်၍ခံသည်။ **~တပ်**၊ကြိ–ဒဏ်ငွေ ပေးဆောင်စေသည်။ ဒဏ်ရိုက်သည်။ **~ပေး**၊ကြိ– ကျူးလွန်သည့်အပြစ်အတွက် ဒဏ်ခံစေသည်။ ဒဏ် ခတ်သည်။ **~ရာ**၊န–တိုက်မိခိုက်မိခြင်း စသည် တို့ကြောင့် ဖြစ်ပေါ်သော အနာ။ ဒဏ်ရာ ဒဏ်ချက်။ **~သော** /ဒန်သော့/ ကြိဝိ– ပြုပြင်ပြောင်းလဲ၍ မရ။ နိုင်နိုင်မာမာ မြဲမြဲစွဲစွဲ။

ဒဏ္ဍာရီ၊န–ပန်တီးပြောဆိုရေးသားသော ပုံပြင်။ [သ၊ တဏ္ဍီ]?

ဒုဏ္ဍာ၊န– စိမ်းပြာပြာ အရောင်ရှိသော ဆေးဖက်ဝင် ပစ္စည်းတစ်မျိုး။ [သ၊တုတ္ထ]

ဒုတ်ဒုတ်ထိ၊ကြိဝိ–အဆုံးတိုင်အောင်(ရောက်သည်)။

ဒန်၊န–၁၊အိုးခွက် စသည်လုပ်ရသော ပေါ်ပါးသည့် သတ္တုပြဖြူ။ ၂၊[အင်္ဂရတ်] ကြေးနီ။ [သ၊ တာမြ]

ဒန္တဓို/ဒန်ဒို/န–ရေစီးကမ်းပြို သွားပုံးရောဂါ။ [ပါ၊ဒန္တ +မြန်၊ဓို]

ဒန္တဝွာန်/ဒန်တာ့ထန်/န–[ပါ၊သဒ္ဒါ] (တ၊ထ၊ဒ၊ဓ၊န၊လ၊ သ အက္ခရာ ဂုဏ်ဖြစ်ရာ)သွားအရပ်။ (ဌာန်လည်းရှု) [ပါ၊ဒန္တ+ဌာန]

ဒန္တသုခ/ဒန်တာ့သုခါ/န–သွားနာပျောက်ဆေးအဖြစ် သုံးရသော အပင်ငယ်တစ်မျိုး။ [ပါ၊ဒန္တ+သုခ]

ဒန်ပူ /ဒပူ/န–တံပူနှင့်အတူတူ ။ [ပါ၊ဒန္တပေါဏ]

ဒန့်ကျွဲ၊န–အရွက်ကိုပြုတ်၍ သုပ်စားရသော အလေ့ ပေါက် အပင်ငယ်တစ်မျိုး။

ဒန့်သစွား၊န–သစွားငယ်တစ်မျိုး။ ငှက်သစွား။

ဒန့်သလွန် /ဒန့်သ(ဒ)လွန်/န–အရွက်နှင့် သီးတောင့် ရှည်ကို ဟင်းချက်စားရသောအပင်။

ဒန်း၁၊န–ကြိုးဖြင့် တွဲလဲဆိုင်းထားသော လွဲစီးစရာ။

ဒန်း၂၊န–၁၊အရွက်နှင့်အညွန့်ကို လက်သည်း၊ ခြေသည်း အနီဆိုးရာတွင် သုံးလေ့ရှိသော အပင်ငယ်။ (ဒန်းကြီးပင်ဟုလည်း ခေါ်သည်။) ၂၊အပွင့်ရောင်စုံ ပွင့်သော ပန်းပင်ငယ်တစ်မျိုး။

ဒိန်ခဲ/ဒိန်ဂဲ/န–ထောပတ်ထိုးရာမှ ကျန်ရှိသောအခဲ။ [ဟိန္ဒီ၊ဒဟီ+မြန်၊ခဲ]

ဒိန်ချဉ်/ဒိန်ဂျင်/န–ချဉ်၍ ခဲပျစ်နေသော နွားနို့၊ ကျွဲနို့ စသည်။ [ဟိန္ဒီ၊ဒဟီ+မြန်၊ချဉ်]

ဒိန္နက်သဲ၊န–[ဗေဒင်]တိထိရက် တစ်ရက်ပြိုခြင်း။ [သ၊ ဒိနက္ခယ]

ဒိန်းဘလိန်းနတ်ဖမ်း/ဒိန်းဒလိန်းနတ်ဖန်း/ကြိ–အချစ် အတွက် အရူးအမူးဖြစ်သည်။

ဒိန်းသံ/ဒိန်းသန်/န–၁၊ထားဝယ်ဘက်တွင် ထွန်းကား သော သီချင်းသံတစ်မျိုး။ ၂၊မြန်မာသီချင်းကြီး တေးသွားတစ်မျိုး။

ဒုန်းစီး၊ကြိ–မြင်းကို အလျင်အမြန်စီးသည်။

ဒုန်းဆိုင်း၊ကြိ–၁၊မြင်းကို ဒုန်းစီးသည်။ ၂၊အပြေးအလွှား အလျင်အမြန်သွားသည်။

ဒုန်းပြေး၊ကြိ–အလျင်အမြန်ပြေးသည်။

ဒိဗ္ဗစက္ခု/ဒိတ်ဗာ့စက်ခု/န–နတ်မျက်စိ။နတ်မျက်စိကဲ့သို့ ထွင်းဖောက်မြင်နိုင်သော အဘိညာဉ်။ [ပါ၊ဒိဗ္ဗစက္ခု]

ဒုတိယက္ကန္ဒရကပ် /ဒုတ်ဗိတ်ခန်ဒရာ့ကတ်/ န– အစာ တော်မှတ်ခေါင်းပါးသော ကပ်။ [ပါ၊ ဒုတိယက္ကန္ဒရ+ ကပ္ပ]

ဒုံ၊န–၁၊ထွေပစ်ကစားရာတွင် ထွေပစ်သူတို့ ရပ်နေရာ စည်းကြောင်း။ ၂၊ဂေါ်လီပစ်ကစားရာတွင် ခွင် နောက်က ထောင်ထားသော ဖျဉ်ချပ်စသည်။ **~ရင်း**၊ န–စတင်ရာနေရာ။ မူလအခြေအနေ။ မူလနေရာ။

ဒုံနာ၁၊န–ထုံထိုင်း ရိုးအသောသူ။ အသိတရား ခေါင်းပါး သောသူ။

ဒုံနာ၂၊န–မွဲ့လျက်၊ ရေနံ၊ ထုံးမှုန့်တို့ကို ရောစပ်

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ထားသော လှေထေးရသည့် ပဲ့စွည်း။ [ဟိန္ဒီ၊ ဓုနာ]

ဒုံမင်း၊န–၁၊ရှေးခေတ် လေမှုတ်တူရိယာတစ်မျိုး။ ၂၊ ယခုခေတ်ပေါ် ကြိုးတပ်တူရိယာတစ်မျိုး။ [သ၊ဓမနီ]

ဒုံး [၁]၊န–[ဂီတ]စည်းသုံးချက် ဝါးတစ်ချက် ပါဝင်သော နရီစည်း နှမ်ခုအပေါင်း။

ဒုံး [၂]၊န–လောင်စာပေါက်ကွဲတွန်းကန်အားကြောင့် အမြင့်သို့ဖြစ်စေ၊ အဝေးသို့ဖြစ်စေ ပြေးထွက်သော တစ်ဖက်ပိတ်ကျည်။ ~ကလား၊န–နိမ့်ကျသွားသော အဆောင်များကို မြင့်ရာတွင်သုံးသော လက်သမားကိရိယာ။ ~ခံ၊ကြိ–အကြမ်းပတမ်း ပေပေတေတေ အသုံးပြုသည်၊ အသုံးချသည်။ ~ချင်း/ဒုန်းဂျင်း/ န–[စာပေ]ဒုံးမီးကျည်များကို မီးရှို့ပစ်လွှတ်သော ပွဲတွင် သီဆိုရသော ကဗျာသီချင်း။ ~ချောက် /ဒုန်းချောက်/န–အမြီးမချီးသော ပုစွန်တုပ်ခြောက်။ ~စပ်လှေ /ဒုန်းဇတ်လှေ/ န– လှေနံ နှစ်ဖက်ကို မြင့်ထားသော လောင်းလှေကြီးတစ်မျိုး။ ~တိုက်၊ ကြိ–ဘုန်းတော်ကြီး အလောင်းကို လောင်တိုက်ပေါ် တင်ပြီး မီးသဂြိုဟ်ခါနီးတွင် ဒုံးလွှတ်၍ ပူဇော်သည်။ ~ဖျံ /ဒုန်းဗျန်/န–၁၊ ဒုံးဖြင့် ပစ်လွှတ်သော ဗုံးလက်နက်။ ၂၊အာကာသယာဉ်ကို အာကာသအတွင်းသို့ ပစ်လွှတ်တင်ပေးသော ဒုံးတစ်မျိုး။ ~ရောင်း၊ ကြိ–အရေအတွက် အမျိုးအစားစသည် မခွဲခြားဘဲ ရောင်းသည်။ ~လှေ၊န–အလျားရှည် သစ်တွင်းလှေ တစ်မျိုး။ ~ဝေး၊ကြိ–[ဥပစာ] တော်ရုံတန်ရုံနှင့် သဘောမပေါက်နိုင် ဖြစ်သည်။ နားဝေးသည်။

ဒုံး [၃]၊န–ကရင်တိုင်းရင်းသားတို့၏ သွက်လက်မြူးကြွသော ရိုးရာအက။

ဒယ်အိုး၊န–ဓာက်တိမ်၍ အဝပက်သော ကြော်လှော်ချက်ပြုတ်ရန် သတ္တုအိုး။

ဒုလ္လဘ/ဒုန်လဗှာ/န–ရခဲခြင်း။ (၁၊ဘုရားပွင့်သည့် ကာလကို ရခဲခြင်း ၂၊လူ့အဖြစ်ကို ရခဲခြင်း ၃၊သဒ္ဓါ ပြည့်စုံမှုကို ရခဲခြင်း ၄၊ရဟန်းအဖြစ်ကို ရခဲခြင်း ၅၊သူတော်ကောင်းတရားနာရမှုကို ရခဲခြင်း ဟူ၍ ဒုလ္လဘ တရားငါးပါး ရှိသည်။) [ပါ၊ဒုလ္လဘ] –ရဟန်း/–ယဟန်း/န–ကာလအပိုင်းအခြားဖြင့် ရဟန်းအဖြစ်ကို ခံယူသော ပုဂ္ဂိုလ်။

ဒဿနိကဗေဒ/ဒတ်သနိကာ့ဗေဒ/န–တွေးခေါ် မြော်မြင်မှု ပညာရပ်။ [ပါ၊ဒဿန+ဣက+ဗေဒ]

ဒုဿီလ/ဒုတ်သီလာ့/န–အကျင့်ယုတ်သောသူ။ သီလ မရှိသောသူ။ [ပါ၊ဒုဿီလ]

ဒျန့်/ဒယန့်/န–မြန်မာဓောင်းပညာတွင် ကြိုးတွဲနည်း တစ်မျိုး။

ဒြဗျဂုဏ်း /ဒရဗျဂုန်း/ န– သက္ကတဆေးကျမ်း တစ်စောင်၏အမည်။ [သ၊ဒြဗျ+ဂုဏ]

ဒြပ်/ဒရတ်/န–အထည်ကိုယ်။ အကောင်အထည်။ [သ၊ ဒြဗျ] ~စင် /–စင်/န– [ဓာတု] ဓာတုဗေဒ သဘောဖြင့် ထပ်မံ၍ မခွဲစိတ်နိုင်တော့သော ဒြပ်။ ~နှော/–နှော/န–[ဓာတု] ဒြပ်စင်များ သာမန် အားဖြင့် မူလဂုဏ်များ ဓာတ် မပြောင်းဘဲ ရောနှော နေသော အရာ။ ~ပေါင်း /–ပေါင်း/န– [ဓာတု] ဒြပ်စင်များ အချိုးမှန်ကန်စွာ မူလဂုဏ်များ ဓာတ် ပြောင်းကာ စုပေါင်းနေသော အရာ။

ဒွယ်ဒွယ်၊ကြိဝိ–အစုံအစုံ။ [ပါ၊ဒွယ+ဒွယ]

ဒွါဒရာ၊န–ဓါးစည်းအဆင်တန်ဆာ။ [ပါ၊ဒွါဒသ+ရာသိ]

ဒွါရ၊န–၁၊ထွက်ရာဝင်ရာအပေါက်။ တံခါးပေါက်။ ၂၊စိတ် စေတသိက်တို့ဖြစ်ရာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် တည်းဟူသော အပေါက်ခြောက်ခု။ ၃၊အညစ်အကြေးထွက်ရာအပေါက်။ [ပါ၊ဒွါရ]

ဒွါလောင်း၊န–[ရှေး]နှစ်စင်းတွဲလှေငယ်။ [ပါ၊ဒွိ+မြန်၊ လောင်း]

ဒွိစုံသကိန်း /ဒွိဇုန်သင်ဂန်း/ န– သင်းပိုင်နှင့် ဇကာသိ သင်္ကန်းအစုံ။ [ပါ၊ဒွိ+မြန်၊စုံ+ပါ၊အာသင်္ဂ/ သံဃာဋိ]

ဒွိလိင်/ဒွိလိန်/န–[သဒ္ဒါ] အထီးအမသဘာဝ နှစ်မျိုး စလုံးနှင့် ဆိုင်သောနာမ်။ [ပါ၊ဒွိ+လိင်္ဂ]

ဒွိဟ၊န–စိတ်နှစ်ခွဖြစ်ခြင်း။ ယုံမှားသံသယဖြစ်ခြင်း။ [ပါ၊ဒွိဟိတိကာ]

ဒွေးချိုး/ဒွေးဂျိုး/န–အချိုးနှစ်ချိုးထား၍ ဖွဲ့ဆိုသော ကဗျာ။ [ပါ၊ဒွိ+မြန်၊ချိုး]

ဒွေးဘော်၊န–၁၊နှစ်ခုတွဲ။ နှစ်ယောက်တွဲ။ ၂၊နှစ်လုံးဆင့် အက္ခရာ။ [ပါ၊ဒွိဘာဝ]

ဒွေးရောဥပဒ်ရော၊န–ဘေးဒုက္ခမျိုးစုံ။

ဒွေးလမ်း၊န–အစုန်အဆန် တစ်ပြိုင်တည်း သွားလာ နိုင်သော လမ်းနှစ်ကြောင်း။ [ပါ၊ဒွိ+မြန်၊လမ်း]

ဒွန်တွဲ၊ကြိ–နှစ်ခုယှဉ်ဖက်သည်။ [ပါ၊ဒွေ့+မြန်၊တွဲ]

ဒွန်းစဏ္ဍား/ဒွန်းစန်းဒါး/န–သူတောင်းစား။ စဏ္ဍာလ။ [သ၊ဋ္ဌောမ+စဏ္ဍာလ]

ဓ

ဓ၊န–ဗျည်းသုံးဆယ့်သုံးလုံးတွင် ဆယ့်ကိုးလုံးမြောက် ဗျည်း။ (ဓအောက်ခြိုက်ဟုခေါ်သည်။)

ဓန၊န–ပစ္စည်းဥစ္စာ။ [ပါ၊ဓန] ~ရှင်/ဒနာ့ယှင်/န– ငွေ အရင်းအနှီး များစွာရှိသောသူ။

ဓနသိဒ္ဓိ/ဒနာ့သိတ်ဒိ/န–ကြယ်လေးလုံးပါဝင်၍ အင်ကြင်းသီး သဏ္ဌာန်ရှိသော နက္ခတ်။ [သ၊ဓနိ ဋ္ဌာ]

ဓနိ၊န–အုန်းရွက်နှင့်တူသော အရွက်ရှည်ကို ပျစ်၍ အမိုးလုပ်ရသော ရေငန်ပိုင်းပေါက်အပင်။ ~တိုး၊ ကြိ–ဓနိရွက်ကို ပျစ်သည်။

ဓနိတအက္ခရာ/ဒနိတာ့အက်ခယာ/န–[သဒ္ဒါ]အင်အား

မာတိကာသို့ ▶▶▶

http://www.lknt11.com

နိုက်ထုတ်၍ အသံတင်းတင်းရွတ်ဆိုရသောအက္ခရာ၊ သံတင်းအက္ခရာ။ (သိထိလအက္ခရာနှင့်နှိုင်းယှဉ်) [ပါ၊ဓနိတ+အက္ခရ]

ဓနု ^၁^၊န–ဆယ့်နှစ်ရာသီတွင် ခလေးစွဲယောက်ျားရုပ်ဖြင့် မှတ်အပ်သော နဝမရာသီ။ [သ၊ဓနုသ်]

ဓနု ^၂^၊န–တိဗက်မြန်မာအုပ်စုဝင် ဘာသာစကား တစ်မျိုးကို ပြောသော မြန်မာတိုင်းရင်းသားတစ်မျိုး။ (ရှမ်းပြည်နယ်တောင်ပိုင်းတွင် အများအားဖြင့် နေထိုင်သည်။)

ဓနုန်း၊န–ချောင်းဘေးရေစပ်တွင် ပေါက်သော ဆူးပါသည့် အုန်းထန်းပင်တစ်မျိုး။

ဓမကရိုဏ်/ဓမကရိုင်/န–ရဟန်းတို့၏ ပရိက္ခရာရှစ်ပါးအဝင်ဖြစ်သော ရေစစ်။ [ပါ၊ဓမကရဏ]

ဓမင်း၊န–ပင်လယ်စပ်နှင့် မြစ်ဝများတွင် ငါးငယ်၊ ပုစွန်ငယ်များကို ထောင်ဖမ်းရသော ကတော့ပုံ ငါးဖမ်းကိရိယာ။ [မွန်၊ဓမင်] ~ငါးပိ/ဒမင်းငပိ/န–ဓမင်းနှင့် ဖမ်း၍ရသော ငါးငယ်၊ ပုစွန်ငယ်များကို ကောင်းလားသော ငါးပိတစ်မျိုး။

ဓလေ့၊န–ထုံးစံ။ အလေ့။

ဓဝယ်ညှင်း၊န–[ပေါ] အမိုးအုတ်ကြွပ်။

ဓာတုစေတီ/ဒါတုဇေဒီ/န–၁၊ဓာတ်တော်။၂၊ဓာတ်တော်ကို ဌာပနာ၍တည်သော စေတီ။ [ပါ၊ဓာတုစေတိယ]

ဓာတုဗေဒ၊န–ဒြပ်စင်တို့တည်ရှိပုံ၊ ပြုမှုလှုပ်ရှားပုံတို့ကို လေ့လာသော သိပ္ပံပညာ။ [ပါ၊ဓာတု+ဗေဒ]

ဓာန္ဒန္တရီ/ဓာန္ဒန်ဒရီ/န–သက္ကတဆေးကျမ်း တစ်စောင်၏ အမည်။ [သ၊ဓာန္ဒန္တရီ]

ဓား၊န–သံဖြင့် ပြုလုပ်သော၊ အသွားပါသော လက်ကိုင်ရိုးတပ် လက်နက်။ **~ဂုတ်ကောင်**/ဒါးဂုတ်ကောင်/န–ရှည်လျားသောဦးမှင်များရှိ၍ ညအချိန် ကျက်စားတတ်သည့် နံကောင် တစ်မျိုး။ **~စာခံ**/ဒဇာခံ/ကြိ–[ဥပစာ] သူတစ်ပါးအတွက်ကြားမှ ဒဏ်ခံသည်။ /ဒဇာဂန်/န–[ဥပစာ] သူတစ်ပါးအတွက် အခန့်မသင့်လျှင် ကြားမှဒဏ်ခံရမည့်သူ။ **~ဆေး**၊ ကြိ–ဓားကို မီးတွင်ဖုတ်၍ ရေတွင်နှစ်ကာ မာအောင် လုပ်သည်။ **~ထက်**၊ ကြိ–[ဥပစာ]အာဏာ ပြင်းသည်။ **~နီး**၊ န–ထန်းလှီးဓား။ **~နှောင့်**/ဒနှောင့်/န– ဓားသွား၏ ဆန့်ကျင်ဘက် ကျောရိုး။ **~ပြ**/ဒပြာ/န– လက်နက်ဖြင့် အကြမ်းဖက် ခြိမ်းခြောက်၍ ပစ္စည်းလုယူသူ။ **~မ**/ဒမာ့/န–သစ်ကြီးဝါးကြီးများကို ခုတ်သော ဓားကြီး။ **~မချပ်**/ဒမချက်/န–၁၊လှည်းဆောင်ပန်း တွင် ဓားမစသည်ထိုးစိုက်ရာ သစ်သားတန်း။ ၂၊ ခါးတွင် ချိတ်ဆွဲရသော ဓားထည့်စရာ။ ၃၊ဓားမချပ် ချိတ်ဆွဲလေ့ရှိသည့် ခါးနောက်ပိုင်းနေရာ။ **~မ ဆေးကျ**/ဒမာ့ဆေးဂျာ/န–ပန်းပဲဖိုတွင် ပြင်ရခန်များ၍ အသားမကောင်းတော့သော ဓားမ။ **~မ နောက်ပိတ်ချွေး**/ဒမာ့နောက်ပိတ်ချွေး/န–၁၊ဓားရိုး၏ နောက်အစွန်းကို ပတ်ထားသော သံပြားခွေ။ ၂၊ [ဥပစာ] အညံ့ဆုံး အဖျင်းဆုံးလူ။ **~ မဦးချမြေ** /ဒမအူးဂျာ့မြေ/ န – မြေလွတ်မြေရိုင်းကို စတင် ခုတ်ထွင် ယူသော လယ်ယာမြေ။ **~ မောက်** /ဒမောက်/န– ဓားဦးကော့ချွန်သော အရိုးရှည်တပ် ဓားတစ်မျိုး။ **~မင်း** /ဒမင်း/န–ဓားတွင် လက်ကိုင်ရိုးတပ်စရာ အရင်းပိုင်း။ ဓါးဆောင်။ **~မြှောင်**/ဒမြှောင်/န– ခါးကြားတွင် ဆောင်လေ့ရှိသော ဓားချွန်။ **~ရေး**၊ န– ဓားကစားခြင်း။ ဓားကစားပုံ။ **~ရိုး**/ဒယိုး/န–ဓားလက်ကိုင်ရိုး။ ဓါးဆောက်။ **~လွတ်**/ဒလွတ်/န–ဓားအိမ်မှချွတ်ထားသော ဓားရှည်။ **~လွယ်**/ဒလွယ်/န–ဓားအိမ်တွင်သွင်းကာ ကြိုးတပ်၍ လွယ်သော ဓားရှည်။ **~လွယ်ခုတ်** /–ဂုတ်/ကြိဝိ–မျက်နှာမူရာ ရှေ့တည့်တည့်မဟုတ်၊ ခပ်စောင်းစောင်း။ **~ သွေး**၊ ကြိ–ဓားကို ပန်းပဲဖိုတွင် ပြန်လည်ပြုပြင်သည်။ **~သားများ**၊ န– ဓားသွား ကြီးငယ်၊ ဝက်အူလိမ်၊ ဘူးဖွင့်၊ ဝက်အူလှည့်၊ ရှူးချွန် စသည် ပူးတွဲ လုပ်ထားသော မောင်းချများ။ **~အိမ်** /ဒအိန်/ န– ဓားရှက် လျှိုသွင်းထားရန် ပစ္စည်း။

ဓိမိုင်း၊န–[ပေါ] ကြီးမြတ်သော ပုဂ္ဂိုလ်။

ဓူတင်/ဒူဒင်/န–ကိလေသာကို ဖယ်ရှားနိုင်သောအကျင့်။ (ဓုတင်ဆယ့်သုံးပါးရှိသည်။) [ပါ၊ဓုတင်္ဂ]

ဓူဝံ၊န–ကမ္ဘာ၏ မြောက်ဝင်ရိုးစွန်းဘက် ကောင်းကင်တွင် အမြဲတည်နေသော ကြယ်။ [ပါ၊ဓုဝ]

ဓိဋ္ဌာန်/ဒိတ်ထန်/ကြိ–အဓိဋ္ဌာန်ပြုသည်။ စိတ်ကိုစွဲမြဲစွာ ဆောက်တည်သည်။ [ပါ၊အဓိဋ္ဌာန]

ဓာတ်၊န–၁၊ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ကဲ့သို့သော အရင်းခံသဘော။ ၂၊ ရွှေငွေကဲ့သို့သော မြေထွက်သတ္တု။ ၃၊အစာဟောင်း။ [ပါ၊ဓာတု] **~ကူး**၊ ကြိ–[ဥပစာ]အမူအကျင့်၊ စရိုက်စသည် တစ်ဦးမှတစ်ဦး သို့ ကူးစက်သည်။ **~ကင်**၊ ကြိ–အနာရောဂါကို ဓာတ်ရောင်ခြည်ပြ၍ ကုသသည်။ **~ကြော**၊န–အတွင်းသဘော။ **~ကြိုး**၊န–လျှပ်စစ်ဓာတ်အား ပို့ဆောင်သောကြိုး။ **~ကြမ်း**၊ န– နုနယ်နယ် မဟုတ်သောဆေး၊ ဓာတ်စာ။ **~ခဲ**၊ န– လျှပ်စစ်ဓာတ် သိုလှောင်ထားရာ သတ္တု ကျည်တောက်ငယ်။ **~ခံ**၊န–အရင်းခံသဘော။ အခြေခံသဘော။ **~ခွဲ**၊ ကြိ–ရောယှက်ပေါင်းစုနေသော ဓာတ်တို့ကို ခွဲထုတ်သည်။ **~ခွဲခန်း**/ဒတ်ခွဲဂန်း/န–သိပ္ပံနည်းအရ ဓာတ်တို့ကို စမ်းသပ်လေ့လာရာ အခန်း။ **~ငွေ့**၊ န–သဘာဝ အားဖြင့် အငွေ့အဖြစ်

မာတိကာသို့ ▶▶▶

တည်ရှိသောဓာတ်။ **~စာ**၊နဓာတ်ကြီးလေးပါးကို မျှတစေသောအစာ။ **~စာကျေ**၊ ကြိ- ဓာတ်စာအဖြစ် သင့်မြတ်သည်။ **~စက်**၊န-လည်နေသော ဓာတ်ပြား ကို အပ်ဖြင့်ခြစ်ကာ အသံ ထွက်စေသောစက်။ **~ဆရာ**၊ န-ဆေးမပေးဘဲ ဓာတ်စာကျွေး၍ ရောဂါ ကုသော ဆရာ။ **~ဆား**၊န-၁၊ဓာတုဗေဒဆား။ ၂၊ဓာတ်မြေဩဇာ တစ်မျိုး။ (အမိုနီယံဆာလဖိတ်)။ **~ဆီ**၊န-ရေနံစိမ်းမှ ထုတ်ယူ ရရှိသော လောင်စာဆီ တစ်မျိုး။ **~ဆီအင်ဂျင်**၊န-လေနှင့် ဓာတ်ငွေ့ကို မီးလောင်ပေါက်ကွဲစေခြင်းဖြင့် စက်လည်စေသော အင်ဂျင်စက်မျိုး။ (ဒီဇယ်အင်ဂျင်လည်းရှိ) **~တော်**၊ န-ပရိနိဗ္ဗာန်စံတော်မူသော ဘုရား၊ ရဟန္တာတို့မှ ကြွင်းကျန်ရစ်သော အရိုး စသည်။ **~တိုင်**၊ န- ၁၊လျှပ်စစ်ဓာတ်နန်းကြိုး ဆက်သွယ်ထား ရာတိုင်။ ၂၊ဓာတ်တာဇယား။ **~နှတ်**၊ကြိ-ဝမ်းနှုတ်သည်။ **~ပုံ**၊ န-၁၊ဓာတ်တော်များ ရုဆေးရာစေတီ။ ၂၊ကင်မရာဖြင့် ရိုက်၍ ကူးယူထားသောရုပ်ပုံ။ **~ပြာ**၊ န-ဓာတ် သတ္တု တစ်မျိုးမျိုးကို အပူပြင်းပြင်းပေး၍ လောင် ကျွမ်းစေရာမှ ဖြစ်သောပြာ။ (ဆေးဝါး အတွက် သုံးတတ်သည်။) **~ပြား**၊န-ဓာတ်စက်ဖြင့် အသံ လွှင့်ထုတ်ရန် အသံသွင်းထားသော ချပ်ပြားဝိုင်း။ **~ဖက်**၊န-အချွေ၊ ဂဏ္ဌေ၊ စရေ၊ ဝံသေပှုသော အချင်းချင်း သင့်မြတ်သည့် နံဂြိုဟ်အတွဲအဖက်။ **~ဘူး**၊န-အအေး သို့မဟုတ် အပူကို ထိန်းချုပ်နိုင် အောင် ဖန်သား နှစ်လွှာအကြားတွင် လေဟာနယ် ထား၍ ပြုလုပ်ထားသည့် ဘူး။ **~မီး**၊န-(အလင်း ရောင်ရရန် အတွက်) ဓာတ်ဆီ၊ ဓာတ်ငွေ့၊ လျှပ်စစ် ဓာတ်အားတို့ဖြင့် ထွန်းညှိရသော ကိရိယာ။ **~မီး ခြစ်**/ဒတ်မီးဂျစ်/န-ဓာတ်ဆီ၊ ဓာတ်ငွေ့ကို အသုံးပြု ၍ ခြစ်သော မီးခြစ်တစ်မျိုး။ **~မြေဩဇာ**၊ န- ဓာတုဗေဒနည်းအရ ဖော်စပ်ထုတ်လုပ်ထားသော မြေဩဇာ။ **~မှန်**၊ န-၁၊ အိတ္တစရေးဟု ခေါ်သော ရောင်ခြည်ဖြင့် ဓာတ်ပုံရိုက်သောကိရိယာ။ ၂၊ယင်းသို့ ရိုက်သော ဓာတ်ပုံဖလင်ပြား။ **~ရထား**၊န-သံလမ်း ပေါ်တွင် လျှပ်စစ် ဓာတ်အားဖြင့် သွားသောယာဉ်။ **~ရိုက်**၊ကြိ-မိမိ အလိုအတိုင်းဖြစ်အောင် လောကီ ပညာဖြင့် စီမံဆောင်ရွက်သည်။ ဓာတ်ဆင်သည်။ **~ရှင်**၊န-ရုပ်ရှင်။ ဘိုင်စကုတ်။ **~လိုက်**၊ ကြိ- လျှပ်စစ်ဓာတ်အား စီးဝင်ထိခိုက်သည်။ **~လုံး**၊န- ၁၊အင်္ဂါရုတ်တိုး၍ရသော သတ္တုလုံး။ ၂၊ရှေးခေတ်က ဓာတ်စက်ဖြင့်ဖွင့်ရသော ကျည်တောက်ပုံ အသံသွင်း ပစ္စည်း။ **~လှေကား**/ဒတ်လှေဂါး/န-မြင့်မားသော အဆောက်အအုံ စသည်၌ လျှပ်စစ်ဓာတ်အားဖြင့် အတက်အဆင်း ပြုရသည့် အခန်းငယ်။ **~လျှော**/ဒတ်ယှော/ကြိ-ဝမ်းလျှောသည်။ **~သိ**၊န-အခြေ အနေ၊ အတွင်းစိပ် စသည်ကို သိထားသောသူ။ **~သက်**၊ကြိ-သာမန်ထက် အနည်းငယ်ပို၍ ဝမ်းသွား သည်။ **~သတ္တု**၊ န-ခဲ၊ သံ၊ ကြေး စသော တွင်းထွက်ပစ္စည်း။ **~သွား**၊ ကြိ- ဝမ်းသွားသည်။ **~အား**၊န-လျှပ်စစ်ဓာတ်၏ စွမ်းအား။ **~အိုး**၊န- လျှပ်စစ်ဓာတ်အား သိုလှောင်ထားရာ အိုး။

ဓမ္မ/ဒမ္မ/န-၁၊ဟုတ်မှန်သော သဘော။ ၂၊ဗုဒ္ဓ၏ တရားတော်။ [ပါ၊ဓမ္မ] **~ကထိက**/-ကထိကာ့/ န- တရားဟော ပုဂ္ဂိုလ်။ **~ ခန်**/ဒမခန်/န- ဓမ္မက္ခန္ဓာ နှင့်အဟူတူ။ [ပါ၊ ဓမ္မက္ခန္ဓ] **~စကြာ** /ဒမစက်ကျာ/န- ပဉ္စဝဂ္ဂီ ရဟန်းငါးဦးအား ဗုဒ္ဓ ရှေးဦးစွာဟောသော တရား။ **~စကြာနေ့**/-နေ့/ မြတ်စွာဘုရား ဓမ္မစကြာ တရားတော်ကို ဟောကြား တော်မူခဲ့သော ဝါဆိုလပြည့်နေ့။ **~စေတီ**/ဒမ္မာ ဇေဒီ/န-၁၊ ပိဋကတ်တော်လာ တရားတော်တို့ကို ဌာပနာထားရာ စေတီ။ ၂၊ပိဋကတ်ကျမ်းဂန်များ။ **~စက်** /ဒမစက်/ န-၁၊ ဓမ္မစကြာတရားတော်။ ၂၊တရားတော်၏ တန်ခိုး အရှိန် အစော်။ **~တာ** /ဒမဒါ/န-၁၊ဖြစ်မြဲသော အစဉ်အလာ။ ၂၊မိန်းမ၏ ဥတုသွေး။ [ပါ၊ဓမ္မတာ] **~ဒါန** /ဒမ္မာဒါနာ့/န- တရားအလှူ။ **~ဒူတ**/ဒမ္မာဒူတာ့/န-တရားတမန်။ သာသနာပြု ပုဂ္ဂိုလ်။ [ပါ၊ဓမ္မဒူတ] **~ ဒေသနာ** /ဒမ္မာဒေသနာ/န-တရားဓမ္မဟောခြင်း။ ဟောပြော သော တရား။ **~ဒိဋ္ဌာန်**/ဒမ္မာဒိတ်ထန်/န-ပုဂ္ဂိုလ်ကို မရည်ရွယ်ဘဲ တရားသဘောကို ရည်ရွယ်ခြင်း။ (ပုဂ္ဂလ ဓိဋ္ဌာန် လည်းရှိ) **~ ဘဏ္ဍာဂါရိက** /ဒမ္မာဗန် ဒါဂါရိကာ့/န-တရားဘဏ္ဍာစိုး။ [ပါ၊ဓမ္မ+ ဘဏ္ဍာ ဂါရိက] **~မိတ်ဆွေ**/ဒမ္မာမိတ်ဆွေ/န-တရားနှင့် ပတ်သက်သော မိတ်ဆွေ။ **~ရာဇာ**/ဒမ္မာ ယာဇာ/ န-၁၊တရားမင်း။ မြတ်စွာဘုရား။ ၂၊တရား နှင့်အညီ အုပ်စိုးသော ဘုရင်။ **~ဝါဒီ**/ဒမ္မာဝါဒီ/န-ဖြောင့်မှန် သော အယူဝါဒရှိသူ။ **~သာလာ** /ဒမ္မာသာလာ/ န-တရားဟောရာ၊ တရားဆွေးနွေးရာ ဇရပ်။ [ပါ၊ ဓမ္မ+သာလာ] **~သေနာပတိ**/ဒမ္မာသေနာ ပတိ/န-တရားစစ်သူကြီး။ **~သတ်** /ဒမသတ်/ န-တရားဥပဒေဆိုင်ရာကျမ်း။ [ပါ၊ ဓမ္မသတ္တ]

ဓမ္မာစရိယ/ဒမာစရိယာ့/န-၁၊ပါဠိ၊ အဋ္ဌကထာ စသည်ကို သင်ကြားပို့ချသော ဆရာ။ ၂၊စာချတန်း စာမေးပွဲ အောင်မြင်သူ။ [ပါ၊ ဓမ္မာစရိယ]

ဓမ္မာရုံ[၁]/ဒမာယုန်/န-တရားဟောရာ၊ ဘုရားရှိခိုး ဝတ်တက်ရာ အဆောက်အအုံ။ [ပါ၊ဓမ္မ+ အာရာမ]

ဓမ္မာရုံ[၂]/န-တရားအာရုံ။ [ပါ၊ဓမ္မ+အာရမ္မဏ]

ဓမ္မာသောက/ဒမာသောကာ့/န-မတည့်ခြင်း။ ဆန့်ကျင်

ဘက် ဖြစ်ခြင်း။

ဓမ္မိယလဒ္ဓ/ဒမိယာ့လတ်ဒ/န–တရားသဖြင့် ရှာဖွေရရှိသော ပစ္စည်း။ [ပါ၊ဓမ္မိယ+လဒ္ဓ]

ဓမ္မကျွန္နာ/ဒမက်ခ်မန်ဒါ/န–မြတ်စွာဘုရား ဟောဖော်မူအပ်သော တရားတစ်ပုဒ်၊ တရားတစ်ရပ်၊ တရားတစ်လုံး။ မြတ်စွာဘုရား ဟောတော်မူအပ်သော တရား အစုအပေါင်း။ [ပါ၊ဓမ္မက္ခန္ဓ]

ဓမ္မန္တရာယ် /ဒမန်ဒရယ်(ယယ်)/န–တရားတော်ကို ထိခိုက်စေနိုင်သော အန္တရာယ်။ [ပါ၊ဓမ္မ+ အန္တရာယ]

န

န[1]န–ဗျည်းသုံးဆယ့်သုံးလုံးတွင် အလုံးနှစ်ဆယ် မြောက်ဗျည်း။ (နငယ်ဟုခေါ်သည်။) **–ကန်း** /နာ့ကန်း/န–(ပါဠိစကားလုံး ‘နမော’တွင် ပါသည့် ‘န’အက္ခရာကဲ့သို့) အနက်သီးခြားမရှိသော န အက္ခရာ။ **–ငယ်နားပင်းဗိတ်**/နာ့ငယ်နဗင်းဗိတ်/ န–ဗိတ်ဆို့ထားသကဲ့သို့ဖြစ်အောင် အောက်ခြေမှ တစ်ဆက်တည်း ရစ်ဝိုက် ရေးထားသော ‘န’ အက္ခရာ။

န[2]ကြိ–ဖျင်းသည်။ နုံသည်။ **~ လပိန်းတုံး**/နာ့လဗိန်းဒုန်း/န–ဘာမျှမသိသောလူ။ လူအလူန။ လူဖျင်းလူညံ့။

နကန် /နဂန်/ န–နွားမောင်းသော တုတ်။ **~ နာ** /–နာ/ ကြိ–[ဥပစာ]ကျိုးနွံသည်။ ကြောက်ရွံ့ရှိသေသည်။

နကမ္ဘတိ /နာ့ကန်ပတိ/ ကြိ– မတုန်မလှုပ်။ [ပါ၊န+ကမ္ပတိ]

နကျယ်/နဂျယ်/န–မြစ်ပျဉ်းကို ပုဆိန်ရိုး စသည် လုပ်ရသော သစ်ပင်တစ်မျိုး။

နကျယ်ကောင် /နဂျယ်ဂေါင်၊ နဂျိဂေါင်/ န– ရွှံ့ဖြင့် အိမ်ပြုလုပ်တက်သော ပျားမျိုးနွယ် ပိုးကောင်။

နခေါ်နချည်းကြိဝိ–[ပေါ]စနောင့်ဝနင်း။

နဂထာန–ရက်ထည်တွင် ဖောက်ထားသော ရွှေချည်၊ ငွေချည်။ ယင်းအမှုန့်။ [သ၊နာဂ+မွန်၊ထဝ်]

နဂဘာရီန–(နာဂဘာရီကျွန်းမှ လာသော)အလုံးသေး အသားထူသော အုန်းတစ်မျိုး။

နဂါးန–ကျမ်းဂန်လာ မြွေကြီးတစ်မျိုး။ [ပါ၊နာဂ] **–ကျစ်**/နဂါကျစ်/န–နဂါးပွက်အိုင်ပတ်လည်ရှိ မြေခဲမြေစိုင်။ **~ငွေ့တန်း**/နဂငွေ့ဒန်း/န–ကောင်းကင်တွင် အခိုးအငွေ့တန်းသဖွယ် မြင်ရသော ကြယ်အစုအဝေးကြီး။ **~စက်**/နဂဇက်/န–အရွက်ပြား ထူ၍ အပြူးစင်း အဝါစင်းများရှိသော၊ မြေပေါ်သို့ စုပြုထောင်ထွက်သောအပင်။ **~ပတ်** /နဂဗတ်/ န–ကျမ်းဂန်လာ ကျောက်ကွင်းတစ်မျိုး။ [သ၊နာဂ+ပါက] **–ပွက်** /နဂဗွက်/န–မြေတွင်းမှ သဘာဝ မာယာဓာတ်ငွေ့များ ထွန်းကန်သဖြင့် ညွန်များ ပွက်ထနေသောအိုင်။ နဂါးကျစ်ကွင်း။ **~မောက်**/နဂမောက်/န–အရွက် လုံ့ဖွင့်ပုံ၊ အပွင့်အန်ရောင်၊ ပင်စည် စိမ်းညိုရောင် ရှိသော နှစ်ကြာခံအပင်ငယ်။ **~ရုံ**/နဂယုန်/န–နဂါးရစ်ပတ် ခြုံရံထားသော ပုံ။ **~လှည့်**/နဂလှဲ့/န–[ဗေဒင်]အိမ်ရာကို စောင့်သည် ဆိုသော နဂါး၏ ဦးခေါင်းပြုရာ အရပ်မျက်နှာ။ **~သွဲ့**/နဂသွဲ့/န–အစိမ်းရောင်၊ စိမ်းပြာရောင်ရှိ၍ ဆင်းတု၊ ရုပ်တု စသည် ထုလုပ်နိုင်သော တန်ဖိုးရှိ ကျောက်တစ်မျိုး။

နဂိုန–မူလ။ ပင်ကို။ **~ရည်**/နဂိုယီ၊နဂိုယေ/န–ပင်ကို အရည်အသွေး။

နဂိုရ်န–[ရှေး]မြို့။ [ပါ၊နဂရ] **~ယာယီ**န–[ဗေဒင်]လမ်းကြောင်းတည်ငြိမ်သော ဂြိုဟ်နှင့် မတည်ငြိမ်သော ဂြိုဟ်။ [ပါ၊နဂရ+ယာယီ]

နဒီန–မြစ်။[ပါ၊နဒီ]

နနွင်း/နနွင်း/န–အမြစ်အတက်ခြောက်ကို အဝါရောင် ဟင်းခတ်မှုန့်လုပ်ရသော အပင်။

နပန်းလုံး/နဗန်းလုန်း/ကြိ–တစ်ဦးနှင့်တစ်ဦး လုံးထွေးသတ်ပုတ်ကြသည်။

နပန်းသတ်/နဗန်းသတ်/ကြိ–နပန်းလုံးသည်။

နပုန်းပဏ္ဍုက်/နပုန်းပန်းဒုတ်/န–ယောကျ်ားလည်း မဟုတ်၊ မိန်းမလည်း မဟုတ်သူ။ လိင်မထင်ရှားသူ။ [ပါ၊နပုံသက+ပဏ္ဍက]

နပမ်းဗုံး/နဗန်းဗုန်း/န–မီးလောင်ဗုံးတစ်မျိုး။ [လိပ်၊ napalm+bomb]

နပုံသကန–နပုန်းပဏ္ဍုက်နှင့်အတူတူ။ [ပါ၊နပုံသက]

နပုလ္လိင်/နပုန်းလိန်/န–[သဒ္ဒါ] အထီးအမသဘာဝ မရှိသော နာမ်။ [ပါ၊နပုံသက+လိင်]

နဖားန–၁၊ကျွဲနွားတို့၏ နှာခေါင်းတွင် ကြိုးလျှိုရန် ဖောက်ထားသော အပေါက်။ ၂၊အပ်စသည်တွင် ကြိုးလျှိုရန် ဖောက်ထားသော အပေါက်။ ၃၊ဝက်အူခေါင်းတွင် ရှိသောမြောင်း။ **~ကြိုး** /နဖားကျိုး/ န–ကျွဲနွားတို့၏ နဖားပေါက်တွင် သွင်းလျှိုကာ ချိုနောက်တွင် သိုင်းချည်ထားသောကြိုး။ **~ကြိုးတပ်** /–တပ်/ကြိ–[ဥပစာ] သူတစ်ပါးကို အလိုရှိသလို အသုံးချနိုင်ရန် တစ်စုံတစ်ခုဖြင့် ချုပ်ကိုင်ထားသည်။ **~ကြမ်း၊ ~ဖြင်း**၊ ကြိ–နဖားကြိုးဖြင့် ထိန်းရခက်သည်။ **~လွယ်**၊ ကြိ– နဖားကြိုးဖြင့် ထိန်းရ လွယ်သည်။

နဖူးန–၁၊မျက်ခုံးနှင့် ဆံစပ်အကြား အသားပြင်နေရာ။ ၂၊မြစ်ကမ်းစသည်၏ထိပ်အပြင်။ **~စာ**/နဖူးဇာ/ န–မိန်းမနှင့် ယောကျ်ားပေါင်းသင်းရအောင် ဖန်တီး

မာတိကာသို့ ▶▶▶

ပေးသော ကံ။ ရှေးရေစက်။ ~စည်း/နဖူးစီး/န-၁။လူ၏နဖူးတွင် စည်းနှောင်ရသော အဆင်တန်ဆာ။ ၂။တိုက်တာမဏ္ဍပ်တို့၏အထက်ပိုင်း အပြင်ဘက်တွင် တပ်ဆင်သော အဆင်တန်ဆာ တစ်မျိုး။ ~တွေ့ဒူးတွေ့/နဖူးဒွေ့ဒူးဒွေ့/ကြိဝိ-တော့တော့ဆိုင်ဆိုင်။ ~ရေးရေး|န-ရုပ်အသွင်အပြင် လက္ခဏာ။ ~သင်းကျစ်/နဖူးသင်းကျစ်/န-၁။ဗုဒ္ဓ၏ နဖူးထက်တွင်ပေါ်သော အသားလွှာ။ ၂။နဖူးတွင် စည်းနှောင်ရသော အဆင်တန်ဆာ။ နဖူးစည်း။

နဘူး|န-တောင်းပလုံး ရက်ရာ၌ ကြိမ်အစားသုံးရသော ချုံနွယ်ပင်တစ်မျိုး။ ~လိမ်|န-သေနတ်ပြောင်းတွင်း၌ ထွင်းထားသော အရစ်ခြောင်း။

နဘောထပ်/နဗေဒတ်/န-၁။ဟက်ထားသော သစ်သား အနားချင်းထပ်သော ဆက်နည်း။ ၂။[စာပေ] ကာရန်တူများကို ထပ်ကာထပ်ကာစပ်သော ကဗျာစပ်နည်း တစ်မျိုး။ နဘော။

နဘာ|န-ကောင်းကင်။ [ပါ၊နဘ]

နမသလေး|န-ကောက်စပါးတစ်မျိုး။

နမူနာ|န-စံ။ ပုံစံ။ [ဟိန္ဒူ၊ na mū nā]

နမူးနထူး|ကြိဝိ-ဆင်ခြင်ဉာဏ်ကင်းမဲ့စွာ။ ယုံယိုင်းဖျင်းအစွာ။

နမော်နမဲ့|ကြိဝိ-သတိမမူဂရုမစိုက်ဘဲ။ ပေါ့ပေါ့ဆဆ။

နယ|န-နည်းနာ။ [ပါ၊နယ]

နယူပဒေသ/နယူပဒေသာ့/န-နည်းလမ်းညွှန်ပြချက်။ နည်းဥပဒေသ။ [ပါ၊နယ+ဥပဒေသ]

နယုန်|န-မြန်မာဆယ့်နှစ်လတွင် တတိယလ။

နရား|န-ခြေလေးချောင်းပါသော နဂါးရုပ်။ (အုတ်တိုင်စသည်တွင် အလှအပ မွမ်းမံထုလုပ်လေ့ရှိသဖြင့် တိုင်ဆင်းနရားဟုခေါ်သည်။)

နရီစည်။ န-[ဂီတ] စည်းသုံးချက် ဝါးတစ်ချက် ပါဝင်သော စည်းဝါးတစ်မျိုး။ [သ၊နာဍီ+မြန်၊စည်း]

နရက်/နရက်/န-အပါယ်ငရဲ။ [ပါ၊နရက]

နရည်း|န-ကြေးနှောင်ကို အသားပေး၍ တီးမှုတ်ရသော တူရိယာသံ။ [ပါ၊နေရဉ္ဇရာ]

နရန်း|န-၁။လက်ရန်းအစွန်းအနား။ ၂။စည်းကမ်း။ ထုံးစံနည်းနာ။

နရွဲ|န-မီးညိုရောင်ရှိ၍ အသားချွဲသော အသီးလုံးငယ်ကို စားရသည့် ပင်စောက်တစ်မျိုး။

နလင်ကျော်/နလင်ကျော်/န-လူလင်ကျော်ရူ။

နဝကမ္မ/နဝါကန်မာ့/န-ရဟန်းတော်များ၏ အသစ်အသစ် ပေါ်လာသော ကိစ္စအထွေထွေ။ [ပါ၊နဝကမ္မ]

နဝတတ်အိုင် /နဝဒတ်အိုင်/ န- အနဝတတ်အိုင်နှင့် အတူတူ။

နဝဒေး။ န- [ရှေး]ပညာရှိ စာဆိုအား ချီးမြှင့်သော၊ အပြစ်ဆိုဖွယ်ရာ မရှိဟူသော အနက်ရှိသည့် ဘွဲ့။ [ပါ၊နဝဒေ]

နဝမ|နဝိ-ကိုးခုမြောက်ဖြစ်သော။ [ပါ၊နဝမ]

နဝရတ်/နဝရတ်/န-စိန်၊ ပတ္တမြား၊ နီလာ၊ ပုလဲ၊ သန္တာ၊ မြ၊ ဥဿဖရား၊ ဂေါမိတ်၊ ကြောင်ဟူသော ကျောက်မျက် ရတနာကိုးမျိုး။ [သ၊နဝ+ရတ္န]

နဝလီ|န-၁။အဖိုးအခယူ၍ ဆန်စပါးစသည်ကို ကြိတ်ခွဲပေးခြင်း။ ၂။အဖိုးအခယူ၍ ဆန်စပါး စသည်ကို ပျော့သယ်ဆောင်သည်ဖြင့် သယ်ယူပို့ဆောင် ပေးခြင်း။ [တမိလ်၊nelli]

နဝံပီယံ|န-အသစ်အသစ်ကို နှစ်သက်ခြင်း။ သစ်ဆန်းဆဲ အခိုက်အတန့်၌ ခုံမင်နှစ်သက်ခြင်း။ [ပါ၊နဝံပိယံ]

နဝင်း|န-[ဗေဒင်]တစ်ရာသီ၏ကိုးစိတ်တစ်စိတ်။ [သ၊နဝံသ] ~ကျေ|ကြိ-ကိုးဂဏန်းနှင့် စားလျှင်ပြတ်သည်။

နာ[1]|ကြိ-၁။မကျန်းမမာဖြစ်သည်။ဝေဒနာခံစားရသည်။ ဒဏ်ဖြစ်သည်။ ၂။စိတ်အလွန် မကျေမနပ် ဖြစ်သည်။ ၃။ဆုံးရှုံးသည်။ ယိုခိုက်သည်။အခွင့်အရေးလက်လွှတ်သည်။ ~ကျင်|ကြိ-ရောဂါ၊ဒဏ်ရာ စသည်ကြောင့် အခံရခက်သည်။ ~ကြည်း|ကြိ-မခံချင်ဖွယ်၊ မကျေနပ်ဖွယ်ကြောင့် စိတ်မကျေမချမ်း ဖြစ်သည်။ ~တာရှည်/နာဒါယှေ(ယှီ)/န-နှစ်သကြာရှည်စွာ ဖျားနာသောရောဂါ။ ~မကျန်း|န-မကျန်းမမာ ဖြစ်ခြင်း။ ~ရေး|န-နာမှုကိစ္စ။ သေမှုကိစ္စ။ ~လန်ထ/နလန်ထ့/ကြိ-၁။ဖျားနာ နေရာမှ ပြန်လည်၍ ထူထူထောင်ထောင် ဖြစ်လာသည်။ ၂။[ဥပစာ] အခြေအနေ ဆိုးညံ့နေရာမှ ပြန်လည် ကောင်းမွန်လာသည်။ /နလန်ဒါ/န-ဖျားနာနေရာမှ ပြန်လည်၍ ထူထူထောင်ထောင် ဖြစ်လာသူ။ ~ လန်ထူ /နလန်ထူ/ ကြိ- ၁၊ ဖျားနာနေရာမှ ပြန်လည်၍ သက်သာလာသည်။ ၂။[ဥပစာ] ဆိုးညံ့ရာမှ အခြေအနေ ပြန်လည် ကောင်းမွန်လာသည်။

နာ[2]|ကြိ-၁။(ဟောကြားခြင်း၊ ဖတ်ရွတ်ခြင်း စသည်ကို) နားထောင်သည်။ ၂။(ခိုင်းစေခြင်း၊ ဆုံးမခြင်း စသည်ကို) ခံယူသည်။ ၃။(တဘောင်၊ သတင်း၊ ဈေးနှုန်း စသည်ကို) ထောက်လှမ်းစုံစမ်းသည်။ ~ခံ/နာဂန်/ကြိ-ပြောဆိုဆုံးမခြင်း စသည်ကို လေးလေးစားစား နားထောင်သည်။ နာယူသည်။ ~ယူ|ကြိ-လေးစားစွာ နားထောင်သည်။ ~လို|ကြိ-(သူတစ်ပါး ကောင်းစားသည်ကို) လိုလားနှစ်သက်သည်။ ~လိုခံခက်|ကြိ-စိတ်ထဲတွင် မခံချိမခံသာဖြစ်သည်။

နာ[3]|န-[အင်္ဂရိတ်] ခဲသတ္တု။ [သ၊နာဂ]

နာဂ[1]|န-တိဗက်မြန်မာအုပ်စုဝင် ဘာသာစကား တစ်မျိုးကို ပြောသော မြန်မာတိုင်းရင်းသားတစ်မျိုး။

(မြန်မာနိုင်ငံအနောက်မြောက်ဘက်နှင့် အိန္ဒိယမြန်မာ နယ်စပ်တွင် နေထိုင်သည်။)

နာဂ ²နာ–၁၊ဆင်။ ၂၊နဂါး။ [ပါ၊နာဂ]

နာဂရီ/နာဂရီ/န–သင်္သကရိုက်ဘာသာ၊ ဟိန္ဒီဘာသာကို ရေးလေ့ရှိသော အက္ခရာ။ [သ၊နာဂရီ]

နာတာလူးပွဲ/နာတာလူးဗွဲ/န–ခရစ္စမတ်ပွဲ။ [လက်တင်၊ nātālis+မြန်၊ပွဲ]

နာနာ၊ကြိဝိ–ပြင်းပြင်းထန်ထန်။ “~ထု။ ~ရိုက်။”

နာနာဘာဝ၊န–၁၊ရှင်ကွဲကွဲခြင်း။ ၂၊တစ္ဆေ၊ သရဲစသော မကောင်းဆိုးဝါး။ [ပါ၊နာနာဘာဝ]

နာနတ်၊န–မျက်ကွင်းများဖြစ်ပေါ်နေသော အသီးလုံး ထိပ်တွင် အပင်ငယ်ပေါက်သည့် အပင်။ [ပြင်သစ်၊ ananas] **~ကြီး**၊န–နာနတ်ပင်နှင့်ဆင်၍ အသား ထူပြီး ချွန်သောအဖျားမြွှဆူးရှိသော အရွက်ကြီးများမှ ပိုးကဲ့သို့ ပြောင်ချောသော လျှော်ချည်မျှင် ထုတ်ရသည့် အပင်။

နာမ၊န–အမည်။ နာမည်။ [ပါ၊နာမ] **~ဝိသေသန** /နာမဟ္ဝိသေသနာ့/န–[သဒ္ဒါ] နာမ်ကို အထူး ပြုသော ပုဒ်။

နာမည်/နာမျိ၊နန်မယ်/န–အမည်။ [ပါ၊နာမ+မြန်၊ အမည်] **~ကောင်း** /နန်မယ်ဂေါင်း/ န– ထင်ရှား ကျော်စောသော ကောင်းသတင်း။ **~ကြီး**/နန်မယ် ကျီး/ကြိ–အမည်သတင်း ထင်ရှားကျော်စောသည်။ /နန်မယ်ဂျီး/န–အမည်သတင်း ထင်ရှားကျော်စော သော ပုဂ္ဂိုလ်။ **~ခံ**/နာမျိခန်၊နန်မယ်ခန်/ကြိ–၁၊ အမည် တစ်ခုခုကို ခံယူသည်။ ၂၊မူလအမည်အပြင် မိမိနှစ်သက်ရာ အခြား အမည်တစ်ခုခုကို ရယူသည်။ ၃၊အမှန်တကယ်မဟုတ်ဘဲနာမည်မျှသာ ခံယူသည်။ **~ထွက်**/နန်မယ်ထွက်/ကြိ–အမည်သတင်း ပျံ့နှံ့ ထင်ရှားသည်။ **~ပျက်**/နန်မယ်ပျက်/ကြိ–အမည် သတင်းဆိုး ထွက်သည်။ ဂုဏ်သိက္ခာ ကျဆင်းသည်။ **~ပြေး**/နန်မယ်ပျေး/ကြိ–အမည်သတင်း ကြိုတင် ကျော်ကြားသည်။ **~ဖျက်**/နန်မယ်ဖျက်/ကြိ–အမည် ဂုဏ်သတင်း ပျက်အောင်လုပ်သည်။ **~ယူ**/နန်မယ် ယူ/ကြိ–နာမည်ကောင်းရအောင် ယူသည်။ **~ရ** /နန်မယ်ရ/ကြိ–အမည်သတင်း ကျော်စောသည်။ **~ရင်း**/နန်မယ်ယင်း/န–မူလမှည့်ခေါ်သောအမည်။ **~ဝှက်**/နန်မယ်ဝှက်/န–လျှို့ဝှက်ခံယူထားသော အမည်။

နာယက၊န–အကြီးအမှူးဖြစ်သူ။ [ပါ၊နာယက] **~ဂုဏ်** /နာယကဂုန်/န–အကြီးအမှူးဖြစ်သူတို့တွင် ရှိအပ် သော အရည်အချင်း။ (၁၊ခမာ–သည်းခံခြင်း ၂၊ ဇာဂရိယ–နိုးကြားခြင်း ၃၊ဥဋ္ဌာန–ထကြွလုံ့လရှိခြင်း ၄၊သံဝိဘာဂ–ခွဲခြမ်းဝေဖန်ခြင်း ၅၊ဒယာ–သနား ကြင်နာခြင်း ၆၊ဣက္ခနာ–မျှော်မြင်ဆင်ခြင်ခြင်း ဟူ၍ ခြောက်ပါးရှိသည်။)

နာရဏီ/နာရနီ/န–ရွှေတစ်မျိုး။ [?]

နာရီ ¹၊န–၁၊ အချိန်ကိုပြသော ကိရိယာ။ ၂၊[ရှေး] ဟာစ်ရက်၏ အပုံခြောက်ဆယ်တွင် တစ်ပုံ၊ ၃၊တစ်ရက်၏ နှစ်ဆယ့်လေးပုံတွင် တစ်ပုံ၊ မိနစ်ခြောက်ဆယ်။ [သ၊နာဍီ] **~ပြန်**/နာယီဗျန်/ န–ဆယ့်နှစ်နာရီထိုးပြီးနောက် တစ်နာရီ နှစ်နာရီ ကာလ။

နာရီ ²/နာရီ/န–၁၊မိန်းမ။ ၂၊မိန်းမရုပ်အမျိုးမျိုး ရေးဆွဲ သော ရှေးရိုးမြန်မာပန်းချီ။ (ကနုတ်၊ ကပီ၊ ကဇာ တို့လည်းရှိ) [ပါ၊နာရီ]

နာသိကဋ္ဌာန်/နာသိကာ့ထန်/န–[ပါ၊သဒ္ဒါ] (င၊ ဉ၊ ဏ၊ န၊ မ အက္ခရာ ၅လုံးဖြစ်ရာ) နှာခေါင်းအရပ်။ (ဌာန်လည်းရှိ) [ပါ၊နာသိက+ဌာန]

နား ¹၊န–အသံကိုကြားတတ်သော အာရုံခံအင်္ဂါ။ **~ကလော**၊ကြိ–နားမခံသာဖြစ်သည်။ **~ကင်း** /နကင်း/န–၁၊နား၏ရွက်လွှာ။ ၂၊မကိုင်နှင့် တွဲဆက် ထားသော နားအဆင်တန်ဆာ။ **~ကပ်**/နဂတ်/ န–၁၊နားပေါက်တွင် ပန်ဆင်ရသော နောက်ပိတ် ပါသည့် အဆင်တန်ဆာတစ်မျိုး။ ၂၊နားတွင်ကပ်၍ ပန်ဆင်ရသော နားအဆင်တန်ဆာတစ်မျိုး။ **~ကျ**၊ကြိ–သဘောပေါက်ကျေနပ်သည်။ နားလည် လက်ခံသည်။ **~ကြားဖြင်းကတ်**/နားကျားဖျင်း ကပ်/ကြိ–နားမထောင်ချင်ဖြစ်သည်။နားကလော သည်။ **~ကြားလွဲ**/နားဂျားလွဲ/ကြိ–အကြားမှား သည်။ ဘာလွဲကြားသည်။ **~ကြပ်**/နဂျပ်/န–၁၊ နှလုံး၊ အဆုတ် စသည်တို့၏ လှုပ်ရှားမှုကို နားထောင်ရသော ဆေးဝန်သုံး ကိရိယာ။ ၂၊နား နှစ်ဖက်တွင်ကပ်၍ နားထောင်ရသော ကိရိယာ။ ၃၊နားလေးသူတို့နားတွင် တပ်သော အသံချဲ့ ကိရိယာ။ **~ကွင်း**/နဂွင်း/န–နားပေါက်တွင်ပန်ဆင် သော အကွင်းအဆင်တန်ဆာ တစ်မျိုး။ **~ခါး**၊ကြိ– နားမကြားချင်ဖြစ်သည်။ ကြားရသည်မှာ မနှစ်သက် စရာဖြစ်သည်။ **~ခံတော်**/နခန်ဒေါ်/န–ဘုရင့် အမိန့်တော်ကို နာခံခဲ့၍ လွှတ်တော်သို့ အမိန့်ပြန်ရ သော အရာရှိ။ **~ခင်**/နခင်/န–နားပေါက်အတွင်း အသံလှိုင်းရိုက်ခတ်ရာ အမြှေး။ နားစည်။ **~ချ**၊ကြိ– နားလည်လက်ခံလာအောင် ပြောပြသည်။ နားသွင်း သည်။ **~ချွက်**/နချွက်/န–၁၊နားရွက်အရင်း၏ အတွင်းဘက်။ ၂၊ရှေးခေတ် သေနတ်တွင် ယမ်း ထည့်ရသည့်ချွက်။ **~ငြီး**၊ ကြိ–ကြားရဖန်များ၍ မကြားချင်ဖြစ်သည်။ **~စိုက်**၊ကြိ–စူးစိုက် နားထောင် သည်။ **~စောင့်**/နစောင့်/န–လှည်းဘီး ကျွတ်ထွက်

http://www.lknt11.com

မသွားအောင် ဝင်ရိုးစွန်းအပေါက်တွင် လျှိုစိုက်ရသော အတံ။ ~စွင့်၊ကြိ–၁၊ဖူးစိုက်၍ နားထောင်သည်။ ၂၊တမင်အာရုံထား၍ သတင်းကို နားထောင်သည်။ ~စွန်နားများ/နစွန်နများ/ကြိဝိ–ကောအစအနမျှ (ကြားရသည်)။ ~ဆွဲ/နဆွဲ/န–နားတွင် တွဲလဲချ၍ ပန်ဆင်ရသော အဆင်တန်ဆာတစ်မျိုး။ ~ညောင်း၊ကြိ–[ကဗျာ] လိုလိုလားလား လေးလေးစားစား နားထောင်သည်။ ~တောင်း/နဒေါင်း/န–နားပေါက်တွင် ပန်ဆင်ရသော နောက်ပိတ်မပါသည့် အဆင်တန်ဆာတစ်မျိုး။ ~တောင်းကြိုး/–ဂျိုး/န–ဖုံကို သားရေကြက်ရာတွင် သားရေကို စွပ်ထားရသော သားရေကြိုးကွင်း။ ~ထင်/နထင်/န–နဖူးနှင့် နားရွက်ကြား ပါးရိုးအထက် အစိတ်အပိုင်း။ ~ထောင်၊ကြိ–၁၊ကြားရအောင် အားထုတ်သည်။ ၂၊နာခံသည်။ လိုက်နာသည်။ ~ထိုင်း၊ကြိ–နားကြားစွမ်းရည် အားနည်းသည်။ ~ထွင်း၊ကြိ–(နားတောင်း၊ နားကပ် ပန်ဆင်ရန်) နားပျဉ်းတွင် အပေါက်ဖောက်သည်။ ~ပါးနဝိ–နားကြား လွယ်သော။ ~ပူ၊ကြိ–၁၊ဆူညံသံကြောင့် နား မချမ်းသာဖြစ်သည်။ ၂၊ ထပ်တလဲလဲ တောင်းဆိုသည်။ ပူဆာသည်။ ~ပူနားဆာ /နပူနခဆာ/ ကြိဝိ–ထပ်တလဲလဲ တောင်းဆိုလျက်။ ပူဆာလျက်။ ~ပူသံကျပ်/နပူသန်ဂျတ်/ကြိဝိ–နားမချမ်းသာအောင် အတင်းမရမက (ပြောဆိုသည်)။ ~ပေါက်၊ကြိ–သတင်းစကား ရောက်သွားသည်။ /နဗောက်/န–နားတောင်းပန်ရန် ဖောက်ထားသော အပေါက်။ ~ပင်းကိုးကန်း /နဗင်းကိုးဂန်း/ ကြိဝိ–နားထိုင်းလျက်။ ~ပင်းပိတ်/နဗင်းဗိတ်/န–အခေါင်းပေါက်ရှိသင့်လျက် မရှိသော အရာ။ ခေါင်းပိတ်။ ~ပန်/နဗန်/န–၁၊နားအဆင်တန်ဆာတစ်မျိုး။ ၂၊နားအဆင်တန်ဆာ ပန်ဆင်ရာ နားအောက်ပိုင်း အစွန်း။ ~ပန်း/နဗန်း/န–၁၊နားပတ်ဝန်းကျင်။ ၂၊လှည်းနားစောင့်။ ~ပန်းဆံ /–ဆန်/ န– နားပန်းပေါ်တွင် တွဲလျားကျနေသော ဆံပင်စု။ ~ပန်းပေါက် /–ဗောက်/န–၁၊လှည်းဝင်ရိုး၌ နားစောင့် သွင်းလျှိုရာ အပေါက်။ ၂၊လက်ဆွဲပုံးတွင် လက်ကိုင်တပ်ရာ အပေါက်။ ~ပျဉ်း/နဗျင်း/န–တွဲကျနေသောနားပန်။ ~ဖာကလော် /နဖာကလော်/ န–နားဖာချေးကို ကော်ထုတ်ရသော အရာ။ ~ဖာချေး /နဖာဂျီး/ န–နားအတွင်း ဖြစ်ပေါ်သော အညစ်အကြေး။ ~ဖောက်၊ ကြိ–၁၊နားပေါက် ဖောက်သည်။ ၂၊ ထိမ်းမြားပေးရန် သဘောတူပို့အတွက် မိဘတို့ကို ကြိုတင် ပြောကြား တောင်းခံသည်။ ~မရုံကွင်း /နမယန်ငွင်း/န–လေ့ရွက်၏ တိုင်ဆိုင်းကြိုးများကို ထိန်းသောခွေ။ ~မရုံဆိုင်း/နမယန်ဆိုင်း/န–လေ့ရွက်၏ တိုင်ဆိုင်းကြိုးအစု။ ~ယောင်၊ ကြိ–မဟုတ်မမှန် ပြောဆိုသည်ကို အဟုတ်အမှန်ဟု မှတ်ယူသည်။ ~ယောင်ပက်ကား / နယောင်ပက်ကား/ကြိဝိ–မအူမလည် ယောင်တောင်တောင်။ ~ယဉ်၊ကြိ–ကြားရဖန်များ၍ ရိုးနေသည်။ ~ရင်း /နယင်း/န–နား၏ အရင်းပိုင်းနေရာ။ ~ရိုင်း၊ကြိ–ကြားနေကျမဟုတ်၍ ထူးဆန်းနေသည်။ ~ရည်ဝ /နားယီ(ယေ)ဝ/ ကြိ– ကြားရဖန်များ၍ တတ်ကျွမ်းနေသည်။ ~ရွက်/နယွက်/န–၁၊နား အဝတွင် အရွက်သဏ္ဌာန်ဖြစ်နေသောအရာ။ ၂၊အစွန်း အနားရှိ အရွက်သဏ္ဌာန်ဖြစ်နေသော အရာ။ ~ရှက်၊ ကြိ–မဖွယ်မရာ၊ မသင့်မလျော်သည်တို့ကို ကြားရ၍ ရှက်သည်။ ~ရှင်း၊ကြိ–ရှင်းလင်းစွာ သဘောပေါက် နားလည်သည်။ ~ရှုပ်၊ကြိ–၁၊ရှင်းလင်းစွာ သဘောမပေါက် ဖြစ်သည်။ ၂၊ရှုပ်ထွေး၍ နားမကြားလိုဖြစ်သည်။ ~လေး၊ကြိ–နားကြားစွမ်းရည် အားနည်းသည်။ ~လည် /နားလယ်/ ကြိ– သဘောပေါက်သည်။ သိသည်။ ~လည်မှု/–မှု/န–၁၊အခြေအနေကို သဘောပေါက်မှု။ ၂၊စိတ်သဘောချင်း တိုက်ဆိုင်ညီညွတ်မှု။ ~လှည့်ပါးလှည့်/နလှဲ့ပလှဲ့/ကြိဝိ–လိမ်လည် လှည့်ပတ်လျက်။ ~လွှဲ/နားယှန်/ကြိ–၁၊ကြားရဖန်များလွန်းသည်။ ၂၊နားမဝင်ဖြစ်သည်။ ~ဝေတိမ်တောင်/နဝေတိန်ဒေါင်/ကြိဝိ–မသဲမကွဲ မသေမချာ။ ဇဝေဇဝါ။ ~ဝေး၊ကြိ–သဘောပေါက်နိုင်ခဲသည်။ ~ဝင်၊ ကြိ– သဘောပေါက် နားလည်သည်။ ~ဝင်ချို/နဝင်ချို/ကြိ–နားထောင်၍ သာယာပြေပြစ်သည်။ ~ဝင်ပီယံ/နဝင်ပီယန်/န–နားဝင်ချိုခြင်း။ [မြန်၊နား၀င်+ပါ၊ပိယံ] ~သမင်္ဂလာ /နားသာ့ မင်ဂလာ/န–နားထွင်းမင်္ဂလာ။ ~သန်သီး /နသုန်သီး/န–တွဲလောင်းဆွဲ၍ ဝတ်ဆင် ရသော နားအဆင်တန်ဆာ။ ~သယ် /နသယ်/ န–နား ပန်းကျင်နေရာ။ ~သွင်း၊ကြိ–နားဝင်အောင် ပြောပြသည်။ နားချသည်။ ~အေးပါးအေး၊ ကြိဝိ–တိတ်ဆိတ် အေးချမ်းစွာ။ ~အူ၊ကြိ–နားတွင်း၌ ဆူဆူညံညံ အသံများ ဖြစ်ပေါ်နေသည်။ ~အုံ /နအုန်/န–နား၏ လိုဏ်ခေါင်းသဏ္ဌာန်ဖြစ်သော အစိတ်အပိုင်းနှင့် ဝန်းကျင်တစ်ဝိုက်။

နား၂၊ကြိ–၁၊လှုပ်ရှားသွားလာနေရာမှ ရပ်တန့်သည်။ (ငှက်) သစ်ကိုင်းစသည်၌ အငြိမ်အတန့် ရပ်နေသည်။ ၂၊အပန်းဖြေသည်။

နိကာယ၊န–၁၊ဘုရားဟော ပါဠိတော်များကို သုတ်ရှည်၊ သုတ်လတ်၊ သုတ်ငယ် စသည့် စုပေါင်းထားသော သုတ်အစုအပေါင်း။ (ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊

မာတိကာသို့ ▶▶▶

http://www.lknt11.com

သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ခုဒ္ဒကနိကာယ် ဟူ၍ ငါးပါးရှိသည်။) ၂၊ရုပ်အသွင်အပြင် အနေအထား။ [ပါ၊နိကာယ]

နိဂုံး[၁]၊ န– အဆုံးသတ်စကား။ [ပါ၊ နိဂမန] ~ **ချုပ်** /နိဂုန်းဂျုတ်/န–အဆုံးသတ် အချုပ်စကား။

နိဂုံး[၂]၊န–[ရှေး] ဈေးသာရှိ၍ မြို့ရိုး မရှိသော အရပ်။ ဈေးမြို့။ [ပါ၊နိဂမ]

နိယဗ္ဗာကျမ်း၊န–အဘိဓာန်ကျမ်း။ [ပါ၊နိဃဏ္ဍု+မြန်၊ကျမ်း]

နိတုံ၊န–ရွှေဟစ်မျိုး။ [သ၊နိဒ္ဓုမ]

နိဒါန်း၊န–တစ်စုံတစ်ရာ ဖြစ်ပေါ်လာခြင်း၏ အကြောင်းအရင်းကို ဖော်ပြသောစကား။ စကားပလ္လင်ခံ။ အချီးစကား။ [ပါ၊နိဒါန]

နိပါတ်/နိပတ်/န–ဘုရားမြတ်စွာ၏ ရှေးဘဝ အဖြစ်အပျက် ဇာတ်တော်များကို ဂါထာအရေအတွက် အလိုက် စုစည်းထားသော ဇာတ်ဝတ္ထုအစု။ [ပါ၊ နိပါတ]

နိမိတ်/နမိတ်/န ၁၊အမှတ်အသား။ အရိပ်အယောင်။ ၂၊ နောင်တွင် မည်သို့ဖြစ်မည်ကို ကြိုတင်သိစေနိုင်သော အရိပ်အခြည်။ ၃၊အပိုင်းအခြား။ ၄၊ အင်္ဂါဇာတ်။ [ပါ၊နိမိတ္တ] ~**ကြီးလေးပါး**/–ကြီးလေးဘား/န–(ဘုရားလောင်း သိဒ္ဓတ္ထမင်းသားအား သံဝေဂဖြစ်စေသည့်) သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်ကြီးလေးမျိုး။ ~**ပြမေးခွန်း** /–ပျာမေးဂွန်း/န–အဖြေကို မသိမသာ အစဖော် လမ်းခင်းပေးသော မေးခွန်း။ ~**ဖတ်**/–ဖတ်/ ကြိ– ဖြစ်ပေါ်လာသော နိမိတ်၏အဓိပ္ပာယ်ကို ကောက်ယူသည်။

နိယတဗျာဒိတ်/နိယတဗျာဒိတ်/န–ဘုရားအလောင်းအား နောင်သောအခါ ဘုရားဧကန် ဖြစ်လတ္တံ့ဟု ဘုရားတစ်ဆူက အတိအကျ မြွက်ကြားသည့် ဗျာဒိတ်စကား။ [ပါ၊နိယတ+ဗျာဒိတ္တ]

နိယတုံ၊ န–[ဗေဒင်] ဂြိုဟ်မရွေ့မပြောင်းဘဲ ရပ်တည်နေခြင်း။ [ပါ၊နိယတ+မြန်၊တုံ]

နိယာမ၊န–သဘာဝဖြစ်ရိုးဖြစ်စဉ်။ ဖြစ်မြဲသဘော။ [ပါ၊နိယာမ]

နိယံ၊ကြိဝိ–အမြဲ။ န–အမြဲဆောင်မှတ်အပ်သောတရား။ နိယံကျမ်း၊ [ပါ၊နိယာမ]

နိရုတ္တိနည်း/နိရုတ်တိနီး/န–အက္ခရာတိုးခြင်း၊ လျော့ခြင်း၊ အက္ခရာ ရှေ့နောက်ပြောင်းခြင်း စသည်ကို ပြသောနည်း။ [ပါ၊နိရုတ္တိ+နယ]

နိဝါတ၊န–မိမိကိုယ်ကို နှိမ့်ချခြင်း။ [ပါ၊နိဝါတ]

နိသိဒိုင်၊န–ရဟန်းသုံး နေရာထိုင်။ [ပါ၊နိသီဒန]

နီ၊နဝိ–သွေးရောင်ကဲ့သို့ အရောင်ရှိသော။ ~**ကြင်ကြင်** /နီကျင်ကျင်/ နဝိ– ဖျော့သော အနီရောင်ရှိသော။ နီကြင့်ကြင့်။ နီကြန့်ကြန့်။ ~**စပ်စပ်**၊ နဝိ–အနီရောင်သန်းသော အရောင်မျိုးရှိသော။ ~**တာရဲ**၊ နဝိ–အလွန်နီသော။ ~**တာလံ**၊ န–နီလွန်းသော အနီရောင်။ ~**နှမ်းနှမ်း**၊ နဝိ–နီမွဲမွဲ အရောင်ရှိသော။ ~**ပါး**/နီဘား/န–၁၊နီပါးဆေးပင်။ ၂၊ဂျင်းအပင်မှ ရသော အနီရောင် ဆိုးဆေး။ /နဝိ–နီသော။ "~သည်။ ခွေး~။" ~**ပါးဆေး** /နီပဆေး/ န–အနီရောင်ဆိုးဆေး ထုတ်ယူရသော အပင်တစ်မျိုး။ ~**ပါးသိမ်**/နီပသိန်/န–နီပါးဆေးပင် အငယ်မျိုး။ ~**ပြာတဲ**/နီပျာဒန်/န–ခဲအနီတစ်ဖက်၊ ခဲအပြာတစ်ဖက် ပါသော ခဲတံ။ ~**ဖလ**၊န–အစည်အညှိဆုံးရွှေ။ [မြန်၊နီ+ပါ၊ဖလ]? ~**မြန်း**၊နဝိ–တောက်ပြောင်နီရဲသော။

နီတိ၊န–လမ်းညွှန်ဆုံးမသော စကား၊ ကျမ်း။ [ပါ၊နီတိ]

နီယွန်၊န–လျှပ်စစ်ဓာတ်နှင့် ထိတွေ့သောအခါ အရောင်တောက်သော အနံ့မဲ့ဓာတ်ငွေ့တစ်မျိုး။ (လျှပ်စစ်ဆိုင်းဘုတ်တို့တွင် သုံးသည်။) [လိပ်၊ neon]

နီလာ၊န–အပြာရောင် အဖျက်ကျောက်တစ်မျိုး။ [ပါ၊နီလ]

နီး၊ကြိ–နေရာ၊ ကာလ စသည် အချင်းချင်း မကွာမဝေး ဖြစ်သည်။ ~**ကပ်**၊ကြိ–နီးကပ်သည်။ ~**စပ်**၊ကြိ–၁၊မဝေးမကွာဖြစ်သည်။ နီးသည်။ ၂၊ဖြစ်နိုင်ဖွယ်အကြောင်းရှိသည်။ ~**နီးစည်း**–ဖြစ်လုနီးပါး။ ရှိလုနီးပါး။ ~**နီးနားနား**၊န–မဝေးမကွာ မလှမ်းမကမ်း။ ~**ပါး**/နီးဘား/စည်း–နီးနီး။

နု၊နဝိ–၁၊ညက်သော။ နူးညံ့သော။ ၂၊ပျိုမျစ်သော။ မရင့်သော။ ၃၊သဘောထား မရင့်ကျက်သော။ ~**ထွား**/နဒွါး/န–ပျိုမျစ်ဖွံ့ဖြိုးသူ။ ~**ထွတ်**၊နဝိ–အလွန်နုနယ်ဖွံ့ထွားသော။ ~**နယ်**၊နဝိ–၁၊ ပျိုမျစ်ငယ်ရွယ်သော။ နုမျစ်သော။ ၂၊နူးညံ့သော။ ~**ဖပ်**၊ နဝိ–နူးညံ့စိုပြည်သော။

နူ၊ကြိ–၁၊အနာကြီးရောဂါဖြစ်သည်။ ၂၊အပင်တွင် သစ်ရွက်များ ပွန့်လိမ်ကုပ်ကွေးသည်။

နူး၊ကြိ–ပျော့ပျောင်းသွားသည်။ ~**ညံ့**နဝိ–ပျော့ပျောင်းချောမွေ့သော။ သိမ်မွေ့ညက်ညောသော။ ~**ညွတ်**၊ ကြိ– စိတ်နူးညံ့ပျော့ပျောင်းသည်။ ~**နပ်**၊ ကြိ–ပျော့ပျောင်းနူးညံ့သည်။

နေ[၁]၊ န–၁၊ အပူဓာတ်နှင့် အလင်းရောင်ပေးသော ကောင်းကင်ဗိမာန်။ ၂၊တနင်္ဂနွေဂြိုဟ်။ ~**ကုန်**၊ကြိ–နေ၏အလင်းရောင် ကုန်ဆုံးသည်။ မိုးချုပ်သည်။ ~**ကုန်နေခန်း**/နေဂုန်နေခန်း/ကြိဝိ–တစ်နေ့လုံး။ ~**ကျ**[၁]၊ကြိ–ညနေစောင်းအချိန် နေပူရှိန် လျော့နည်းသွားသည်။ ~**ကျော်** /နေကျော်/ နဝိ– တောင်နှင့်

မာတိကာသို့ ▶▶▶

မြောက်တန်းလျက် ရှိသော (အိမ်စသည်)။ ကြိ–နေမွန်းတည့်ချိန်ကို ကျော်သွားသည်။ **~ကြာ**/နေကျာ/ န–နေသွားရာကို ပန်းပွင့်လိုက်၍လှည့်သော အပင်။ **~ကြတ်**။ကြိ–ကမ္ဘာမြေကြီးနှင့်နေ အကြားတွင် လဖြတ်သွားခိုက် အလုံးစုံသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း နေရောင်ကွယ်သွားသည်။ နေကြတ်သည်။ **~ခို**။ကြိ–နေပူခိုက် အရိပ်တွင် ခေတ္တနားသည်။ **~ချို**။ကြိ–ညနေဘက် ရောက်၍ နေ၏အပူရှိန် လျော့နည်းသည်။ **~ခြည်**/နေဂျီ/ န–နေ၏ရောင်ခြည်။ **~စာမြက်**/နေဇာမျက်/ န–အရွက်ရှည်ချွန်း၍ မြေ၌တွားပေါက်သော ဆေးဖက်ဝင်မြက်တစ်မျိုး။ **~စား**။ကြိ–နေရောင်ကြောင့် အရောင်အဆင်း ဖျက်ပြယ်သည်။ နေလျက်သည်။ **~စောင်း**။ကြိ–နေသည် မွန်းတည့်ပြီး၍ အနောက်ဘက်သို့ ရောက်သွားသည်။ **~စွယ်ကျိုး**/နေဇွယ်ကျိုး/ကြိ–ညနေစောင်း နေပူရှိန်လျော့ကျသည်။ **~ဆာ**/နေဇာ/ န–ပူပြင်းသော နေရောင်ခြည်။ နေပူဆာ။ **~ညာသီး**/နေညာသီး/ န–နေထွက်ရာဘက်ရှိ အသီး။ **~ညို**။ကြိ–ညနေချမ်း နေပူရှိန် ညိုးလာသည်။ **~တီးဆောင်း**၊ ကြိ–နေဝန်း၏ပတ်လည်တွင် အရောင်အဝန်းထင်သည်။ နေအိမ်ဖွဲ့သည်။**~ထန်းတစ်ဖျား**/နေထန်းတဖျား/ န–နံနက်ရှစ်နာရီခန့် အချိန်။ **~ထွက်တပြူ**/နေထွက်ဒဗျူ/ န–နေထွက်စအချိန်။ **~နာရီ**။န–ပိုင်းခြား သတ်မှတ်ထားသော အမှတ်အသားပါသည့် ဂိုရီယာပေါ်တွင် နေရိပ်ကျခြင်းကိုစွဲ၍ အချိန်ကိုသတ်မှတ်သော နာရီ။ **~နည်း**/နေနဲ/ကြိ–နေဝင်ခါနီးအချိန်သို့ ရောက်သည်။ **~ပူမပ်ဓါး**၊ န–အလွန် ပူပြင်းသော နေရှိန်ကျရောက်ရာ နေရာ။ **~ပြု** ကြိ– ခဏတစ်ဖြုတ် နေပူ လှန်းသည်။ **~ပြောက်** /နေပျောက်/န–၁။နေရောင် ခြည်တန်း။ ၂။(သိပ္ပံ) နေမျက်နှာပြင်တွင် ကာလ ခြား၍ ပေါက်ကွဲဖြစ်ပေါ်လေ့ရှိသော အမည်းပြောက်။ (ယင်းအမည်းပြောက်များ ပေါ်ချိန်တွင် ရေဒီယို ဆက်သွယ်မှု၌ အနှောင့်အယှက်တွေ့ရတတ်သည်။) **~ပွင့်**၊ကြိ–မိုးသားတိမ်တိုက်ကြားမှ နေရောင် ထွက်ပေါ်သည်။ **~မြင်လမြင်**/နေမျင်လာမျင်/န–ပညာရှိ ပုဂ္ဂိုလ်။ **~မြင့်**၊ ကြိ–နံနက်ခင်း၏ နောက်ပိုင်းသို့ ရောက်သည်။ **~လိုက်**။နဝိ–အရှေ့နှင့်အနောက် တန်းလျက်ရှိသော(အိမ်စသည်)။ **~လောင်**။ကြိ–နေပူရှိန် သိလွန်းသဖြင့် အသားအရေ၊ ပန်း၊ သစ်ပင်စသည်တို့ ညှိုးမော့သည်။ **~လွဲ**။ကြိ–မွန်းတည့်ချိန်ကို ကျော်လွန်သည်။ န–မွန်းယိမ်းချိန်။ **~လွဲညစာ**/နေလွဲညာဇာ/န–မွန်းတည့်ပြီးနောက် စားသောအစာ။ **~လှည့်ပင်**/နေလှဲ့ဗင်/န–မိုးဦးကျတွင် လွှန်ဖွားပေါက်သော ဆေးဖက်ဝင် အပင်ငယ်တစ်မျိုး။ **~ဝင်ဖျိုးဖျ**/နေဝင်ဖျိုးဖျာ့/န–နေဝင်စအချိန်။ နေဝင်ရီတရော။ **~ဝင်မိုးချုပ်** /နေဝင်မိုးဂျုတ်/န–နေဝင်ပြီးနောက် နေ၏အလင်းရောင်ကွယ်ချိန်။ **~ဝင်ရီတရော**၊ **~ဝင်ရိုးရီ**၊ န–ညဦးမှောင်စပျိုးချိန်။ ညီအစ်ကို မသိတသိ အချိန်။ **~သာ**[၁]၊ ကြိ–နေရောင် သာသာယာယာပွင့်သည်။ **~အေး**၊ ကြိ– နေပူရှိန် လျော့သွားသည်။ **~အောက်သီး**။န–နေထွက်ရာဘက်ရှိအသီး။

နေ [၂]။ကြိ–၁။မှီတင်းရပ်တည်သည်။ နေထိုင်သည်။ ၂။ရပ်နားသည်။ "~ပါဦး။" ၃။လင်မယားအဖြစ် ပေါင်းသင်းသည်။ စည်း–ဆက်လက်ဖြစ်တည် ဆောင်ရွက်သည်ကို ပြသော စကားလုံး။ "ထမင်းစား ~~။" **~ကောင်း**။ကြိ–ကျန်းမာသည်။ **~ကျ**[၂] /နေဂျ/စည်း–ဖြစ်တည်ဆောင်ရွက်လေ့ ရှိသည်ကို ပြသော စကားလုံး။ "လုပ်~ အလုပ်။" **~ခင်းထိုင်ခင်း**/နေဂင်းထိုင်ဂင်း/န–နေထိုင်စရာ နေရာ၏ အခြေအနေ။ **~ဆိတ်**/နေဇိတ်/ကြိ–လျစ်လျူပြုသည်။ **~ထားတကျ**/နေထားဒကျာ့/ကြိဝိ–အနေအထား မှန်ကန်စွာ။ **~ထိုင်**။ကြိ–မှီတင်းရပ်တည်သည်။ **~ထိုင်မကောင်း**။ကြိ–မကျန်းမမာဖြစ်သည်။ **~နေသာသာ**/နေနေသာသာ/သမ်–[အပြော] မဆိုထားနှင့်။ "အမြတ်~ အရင်းတောင်မရ။" **~နိုင်**၊ ကြိ–နေရက်သည်။နေဆိတ်သည်။ **~မထိထိုင်မသာ**၊ ကြိဝိ–ဟည်ဟည်ငြိမ်ငြိမ် မနေနိုင်ဘဲ ဖြစ်လျက်၊ နေမထိထိုင်မထိ။ **~ရာ**။န–နေထိုင်စရာ အရပ်။ တည်ရှိရာဒေသ။ **~ရာကျ**။ကြိ–သင့်လျော် လျောက်ပတ်သည်။ အဆင်ပြေသည်။ **~ရာချ**။ကြိ–၁။နေရာကျအောင် လုပ်ပေးသည်။ ၂။အိမ်ထောင် ပြုစေသည်။ **~ရာငါးသွယ်**/နေယာငါးသွယ်/န–ဘုရင်မင်းမြတ် ညီလာခံသဘင်တွင် လက်ဝဲ လက်ယာ ခစားရသော တော်နေရာ၊ ဒူးနေရာ၊ စနည်း(စနည်)၊ အတွင်းဘဝေါ၊ အပြင်ဘဝေါ ဟူသော နေရာငါးမျိုး။ (ဆိုင်ရာပုဒ်ရှု) **~ရာတကာ**/နေယာဒဂါ/န–၁။ အရပ်ခပ်သိမ်း။ ၂။အမှုကိစ္စ အားလုံး။ **~ရာတကျ** /နေယာဒကျာ့/ကြိဝိ–သင့်လျော် လျောက်ပတ်စွာ။ အဆင်ပြေပြေ။ သူ့နေရာနှင့်သူ။ **~ရာထား**။ကြိ–လေးလေးစားစား ပြုမူဆက်ဆံ သည်။ **~ရာထိုင်** /နေယာထိုင်/ န–ရဟန်းတော်တို့ ထိုင်စရာအခင်း။ **~ရာထိုင်ခင်း**/နေယာထိုင်ဂင်း/န–နေစရာ ထိုင်စရာ အခင်းအကျင်း။ **~ရာယူ**။ကြိ–မလိုအပ်ဘဲတကူးတက ပြုမူသည်။ အပင်ပန်းခံသည်။ **~သာ**[၂] /နေသာ/ ကြိ– ၁။ ဝေဒနာသက်သာသည်။ ၂။ နေလောက်ထိုင်လောက်ရှိသည်။ ၃။ မိမိနှင့် မဆိုင်

မာတိကာသို့ ▶▶▶

http://www.lknt11.com

သကဲ့သို့ သဘောထားနိုင်သည်။ ~သာထိုင်သာ /-ထိုင်သှာ/ ကြိဝိ-အနေရအထိုင်ရ သက်သာစွာ။ ~သားတကျ/နေသှားဒကျှ/ ကြိဝိ-နေရေး ထိုင်ရေး ကိစ္စသည် တည်တည်တံ့တံ့ ဖြစ်လျက်။ အသားကျလျက်။ ~ဦးသား/နေအူးသှား/ န-[မွေးသတ်]ပထမ မယားက မွေးသောသား။

နေ့၊န-၁။နေထွက်မှ နေဝင်အထိဖြစ်သော ကာလ အပိုင်းအခြား။ ၂။တနင်္ဂနွေ၊ တနင်္လာစသည်။ ၃။အထိမ်းအမှတ် တစ်ခုခုထားရှိအပ်သော ရက်။ **~ကောက်**/နေ့ဂေါက်/ န-၁။နေ့စားလုပ်သား ငှားခြင်း။ ၂။ နေ့စားလုပ်သား။ **~ကောင်းရက်သာ** /နေ့ဂေါင်းယက်သာ/ န- ပြဿဒါး စသည်တို့မှ ကင်းလွတ်သော နေ့ရက်။ **~ကျော်သား**/နေ့ကျော်သှား/ န-ရှင်ဘုရင်နှင့် နေ့နံတူသူ။ **~ကျောင်းသား** /နေ့ကျောင်းသှား/ န-ကျောင်းအိပ်ကျောင်းစား မဟုတ်သော ကျောင်းသား။ **~ကြီးရက်ကြီး** /နေ့ကျီးယက်ကျီး/ န-အခါကြီးရက်ကြီးနှင့်အတူတူ။ **~ခင်း** /နေ့ဂင်း/ န-နေမွန်းတည့်ခန့်မှ မွန်းယိမ်း သုံးနာရီ ခန့်အထိ အချိန်အပိုင်းအခြား။ **~ခင်းကြောင်တောင်** /-ကျောင်ဒေါင်/ န-ထင်ထင်ရှားရှား မြင်သာသော နေ့ခင်းအချိန်။ **~ချင်း**/နေ့ဂျင်း/ ကြိဝိ-တစ်နေ့ အတွင်း။ **~ချင်းညချင်း**/-ညာ့ဂျင်း/ ကြိဝိ-တိုတောင်းသော ကာလအတွင်း။ **~ချင်းပြန်** /-ဗျန်/ နဝိ-တစ်နေ့တာအတွင်း သွား၍ ပြန်ရောက် လာနိုင်သော(ခရီး)။ **~စား** /နေ့ဇား/ န-၁။ တစ်နေ့ အလုပ်လုပ်သည့်အတွက် လုပ်ခကို နေ့ချင်း ရှင်းပေး သော စနစ်။ ဤသို့သော အလုပ်မျိုး။ ၂။နေ့စား အလုပ်လုပ်သူ။ **~စေ့လစေ့**/နေ့ဇေ့လာ့ဇေ့၊ နေ့ဇိလာ့ဇိ/ န-မွေးဖွားရန် အချိန် စေ့ရောက်နေသော အခြေအနေ။ **~စဉ်မှတ်တမ်း**/နေ့ဇင်မှတ်တန်း/ န-နေ့စဉ်အတွေ့အကြုံများကို မှတ်တမ်း တင်ထား ချက်၊ မှတ်တမ်းတင်သော စာအုပ်။ **~စွဲ**/နေ့ဇွဲ/ န-ခုနှစ်၊ လ၊ ရက် အမှတ်အသား။ **~ဆွမ်း** /နေ့ဖွန်း/ န-ရဟန်း၊ သာမဏေတို့ နံနက် ဆယ် နာရီခန့်မှ မွန်းမတည့်မီ အတွင်း ဘုဉ်းပေးသော ဆွမ်း။ **~တွက်**/နေ့ဒွက်/ န-တစ်နေ့အလုပ်လုပ်၍ ရသော အကျိုးအမြတ် အခကြေးငွေ။ **~ထူးနေ့မြတ်**/နေ့ဒူးနေ့မျတ်/ န-ဘာသာရေးဆိုင်ရာ နေ့ကြီးရက်ကြီးနှင့်လွတ်လပ် ရေးနေ့ စသောနေ့မျိုး။ **~ပြန်တိုး**/နေ့ဗျန်ဒိုး/ န-နေ့ပြန်ပေးအတွက် သတ်မှတ်သော အတိုးငွေ။ **~ပြန်ပေး**/နေ့ဗျန်ပေး/ န-၁။ချေးငွေအချို့နှင့် အတိုးငွေကို နေ့စဉ်အရစ်ကျ ပြန်ဆပ်ရသော ငွေတိုးချနည်း။ ၂။ချေးငွေနှင့် အတိုးကို နေ့ချင်း ပြန်ဆပ်ရသော ငွေတိုးချနည်း။ **~ဖို့ညစာ**/နေ့ဖို့ညဇာ/ န-လိုသောအခါ အဆင်သင့် ရရန် သိမ်းဆည်းထားသော စားဖွယ်ပစ္စည်း။ **~မအားညမအား** /နေ့မအားညာ့မအား/ ကြိဝိ- မရပ်မနားဆက်တိုက်။ **~မိုးညမိုး** /ခနေ့မိုးညာ့မိုး/ ကြိဝိ-နေ့မအား ညမအား မပြတ်မလပ်။ **~လားညလား** /နေ့လားညာ့လား/ န-[ဥပစာ] အရေး တစ်စုံတစ်ရာ မကြာမီ ဖြစ်ပေါ်တော့မည့် အခြေ အနေ။ **~လယ်**၊န-နေ့၏ အလယ်ပိုင်း အချိန်။ **~ဝါ**၊န-ဘုန်းတော်ကြီး ကျောင်းများတွင် နေ့အခါ မှို့ချသည့်စာ။ (ညဝါ နှင့်နှိုင်းယှဉ်) **~သင့်နံသင့်** /နေ့သင့်နန်သင့်/ နဝိ-မွေးနေ့မွေးနံနှင့် လိုက်လျော ညီညွတ်သော။ **~သန့်**၊ ကြိ-ရဟန်းတော်များ နေ့ အချိန်၌ သီးသန့် သီတင်းသုံးသည်။

နဲ၊န-[ကဗျာ]နည်း။ နည်းနာ။

နဲ့[၁]၊ကြိ-မခိုင်မခံ့ ယိမ်းယိုင်လှုပ်ရှားသည်။

နဲ့[၂]၊သမ်-[အပြော] နှင့်[၁]၊ သမ်-နှင့်အတူတူ။ ဝိ-[အပြော] နှင့်[၁] ဝိ-နှင့်အတူတူ။

နဲ့[၃]၊စည်း-[အပြော] နှင့်[၂]၊ ၁နှင့်အတူတူ။

နော၊စည်း-[အပြော]နော် နှင့်အတူတူ။

နောကျေ၊ကြိ-[ဥပစာ]အလွန်သိသည်။ အလွန် ကျွမ်းကျင်သည်။ [ပါ၊နဝ+မြန်၊ကျေ]

နောကြောင်း/နောဂျောင်း/န-ကိုးကြောင်းနှင့်အတူတူ။ [ပါ၊နဝ+မြန်၊ကြောင်း]

နောဧကနော/နောအေကာ့နော/ကြိ-[ဥပစာ] နောကျေ သည်။ [ပါ၊နဝ+ဧက+နဝ]

နှော့၊ကြိ-ပလီပလာလုပ်သည်။ ချွဲပျစ်ပြောဆိုသည်။

နော်၊စည်း-[အပြော]စည်းရုံးတိုက်တွန်းသည့် သဘော၊ လေးနက်စေသည့်သဘောဖြင့် ခထောက်ပံ့သော စကားလုံး။

နော်ဇာပန်း/နော်ဇာဗန်း/န-ဝတ်ဆံနှမ်ခုရှိ၍ ပွင့်ချပ် ငါးခုဆိုင် ကတော့သဏ္ဌာန် ပွင့်သောပန်း။ [ပါ၊ အနောဇ-မြန်၊ပန်း]

နံ[၁]၊နဝိ-မကောင်းသောအနံ့ရှိသော။ မကောင်းသော အနံ့ထွက်သော။ ကြိ- မကောင်းသော အနံ့ကို ခံစားရသည်။ **~စော်**၊ နဝိ-မကောင်းသော အနံ့ ထွက်သော။ **~နံ**၊န-အမွှေး၊ အရွက်အနံ့ပြင်းသော ဟင်းခတ်ပင်။

နံ[၂]၊န-ခုနစ်ရက်သားသမီးနှင့် စပ်ဆိုင်သော ဂြိုဟ်၊ အမည်စသည်။ [ပါ၊နာမ] **~နိပ်**၊ ကြိ-နံနှိမ်သည်။ **~နှိမ်**၊ ကြိ-ဗေဒင်ကိန်းခန်းအရ နံနှိမ့်အောင် ယတြာ လုပ်သည်။ **~ဖက်**/နံဖက်/ န-(အောင်ပ၊ ကုလား၊ ဆွေသား၊ နောင်ရင်း ဆိုသော) မိတ်ဖက် မွေးနံ။ **~မည်** /နန်မျို၊နန်မယ်/ န- နာမည်။ အမည်။ **~သင့်ဂဏန်း**/နန်သင့် ဂနန်း/န-ဂြိုဟ်တို့အတွက်

မာတိကာသို့ ▶▶▶

သတ်မှတ်ထားသော ဂဏန်း။ ~သင့်အကွရာ /နန်သွင့်အက်ခယာ/ န-ဂြိုဟ်တို့အတွက် သတ်မှတ်ထားသော အကွရာ။

နံ²၊ န-ခန္ဓာကိုယ်စသည်၏ ဝဲဘက်ယာဘက်ဘေး။ **~ကြား** /နန်ဂျား/ န- နံရိုးတို့၏ ကြားအရင်း။ **~ငယ်ပိုင်း** /နန်ငယ်ဗိုင်း/ န- ၁၊ အနံတိုသော ခါးဝတ်။ ၂၊ရေလဲပိုင်း။ **~စောင်း**/နန်ဇောင်း/ န-၁၊နံပါး။ နံဘေး။ နံစောင်း။ ၂၊လယ်ကွက်၏ အနံအလိုက် ခပ်စောင်းစောင်းယွန်းသော ထွန်ရေး။ **~စပ်**/နန်ဇတ်/ န-အောက်ဆုံးနံရိုးနှင့်ခါး စပ်နေသောနေရာ။ **~ညွှန့်**၊န-နံရိုးအောက်ပိုင်း။ **~တောင်း** /နန်ဒေါင်း/န-ခန္ဓာကိုယ်၏ နံပါးအရပ်။ **~တောင်** /နန်ဒေါင်/န-၁၊ဖျင်စ၏အနံ။ ၂၊လေ့တွင် ပျဉ်ချပ်များဖြင့် စပ်ထားသော နံဘေး။ **~ပါး**/နန်ဗား/ န-၁၊ချိုင်းအောက် ခါးအထက်အရပ်။ ၂၊ဘေးဘက် အနီးအပါးအရပ်။ **~ပေါ်နံကြားထောက်**/နန်ဗော် နန်ဂျားထောက်/ကြိ-ကလေးသူငယ်များ ပါးစောင်ထဲ ထည့်ထားသော လက်ညှိုးကို ကော်ထုတ်၍ နံရိုးထောက်ပြီး ဖြစ်မည် မဖြစ်မည် စသည်ကို အဖြေထုတ်ကစားသည်။ နံဖိုနံမ ထောက်သည်။ **~ဘေး**/နန်ဗေး၊ နဗေး/န-ခန္ဓာကိုယ် ဝတ္ထုပစ္စည်း စသည်တို့၏ ဘေးအရပ်။ **~ရံ**၊န-အဆောက်အအုံ ကွင် ကာရံထားသော အရာ။ **~ရိုး**၊န-ကျောရိုးမှ ရင်ဘတ်သို့ အစုံလိုက် ဖြာထွက်လာသော အရိုး။

နံကထိုင်၊န-ဂျုံ၊ ထောပတ်၊ သကြားစသည်တို့ဖြင့် ပြုလုပ်ထားသော မုန့်တစ်မျိုး။ [ဟိန္ဒီ၊နာန်ခတာဤ]

နံကာလ၊န-[ရှေး] ဝါခေါင်လ။

နံကျဉ်း/နန်ဂျင်း/န-နိဿယအကျဉ်း။ အနက်ကျဉ်း။

နံကျယ်/နန်ဂျယ်/န-နိဿယအကျယ်။ အနက်ကျယ်။

နံစံ/နန်ဇန်/န-ပို့ချရန် စံပြုထားသော နိဿယ။ ချနက်။

နံနက်၊န-နေ့၏ အဦးပိုင်းအချိန်။ မနက်။ ~ ခင်း၊ န- နံနက်ပိုင်းအချိန်။

နံပါတ်/နန်ဗတ်/န-အရေအတွက် သင်္ကေတအမှတ်။ [လိပ်၊number] **~တုတ်**/-ဒုတ်/န-ရဲအမှုထမ်း ကိုင်သော တုတ်။

နံပြား/နန်ပျား/န-ဂျုံမှုန့်ညက်ကိုပြားကာ ဖိုခွံကပ်၍ ကင်ရသော မုန့်တစ်မျိုး။ [ဟိန္ဒီ၊နာန်ပလာ]

နံပြောက်/နန်ပျောက်/န-ခက်ခဲသောပုဒ်လောက်ကိုသာ ရွေးချယ်၍ ပြောက်ကျားပြန်ဆိုထားသော နိဿယ။

နံ့သာ/နန့်သာ၊နသာ/န-အမွှေးနံ့၊ အမွှေးနံ့ရှိသော ဝတ္ထုပစ္စည်း။ **~ဆီ**/နသာဆီ/န-နံ့သာမှ ထုတ်ယူသောအဆီ။ **~နီ**/နန့်သာနီ၊နသနီ/န-အဆင်းနီသော အနှစ်နံ့သာတစ်မျိုး။ **~ပု**/နသာဗု/န-အသီးလုံး ပုတို၍ အနံ့အရသာကောင်းသော ငှက်ပျော။ **~ပျောင်း**/နန့်သာပျောင်း/န-နံ့သာရည်အပျစ်။ **~ဖြူ**/နသဖြူ/န-အဆင်းဖြူသော အသားနံ့သာတစ်မျိုး။ **~ရောင်**/နသာယောင်/န-အဝါဖျော့ရောင်။

နိုကိုဥ၊န-မြေကြက်တွင် အမြစ်ပုပေါ်သော မုန်လာပင်။ ခါးဖုမုန်လာ။ [ဟိန္ဒူ၊ nulkol+မြန်၊ဥ]

နိုဝင်ဘာ၊န-အင်္ဂလိပ် ဆယ့်နှစ်လတွင် ဧကာဒသမလ။ [လိပ်၊November]

နို့¹၊န- ၁၊သတ္တဝါ၏ ရင်သား။ မိန်းမ၏ အသားမြွတ်။ ၂၊နို့မှထွက်သောအရည်။ ၃၊သစ်ပင်၊ သစ်သီး စသည်မှ ထွက်သော နို့ရောင်အစေး။ ၄၊ကရား၏ နှုတ်သီး။ ၅၊လှေဝမ်းထဲတွင် တပ်သော သစ်သားဖု။ **~ကင်**/နို့ဂင်/န-ကင်ထားသော နို့ခဲ။ **~ကန်း**၊ကြိ- နို့ရည် လုံးဝမထွက်ဘဲရှိသည်။ **~ကြောင်းပိတ်** /နို့ချောင်းပိတ်/ကြိ-နို့ရည်ထွက်သည့် အကြောတွင် အကျိတ်အခဲဖြစ်၍ နို့မထွက်ဘဲနေသည်။ **~ခဲ**/နို့ဂဲ/ န-နို့ရည်ကိုခဲအောင် လုပ်ထားသော စားဖွယ်။ **~ချဉ်** /နို့ဂျင်/ န-ဒိန်ချဉ်။ **~ချွဲ**၊ ကြိ- မိခင်က သားငယ်ကို နို့မတိုက်တော့ဘဲ အခြားအစားအစာကို စားစေသည်။ နို့ဖြတ်သည်။ **~စားနွားမ**/နို့ဇားနဝါ/ န- နို့ရည်အလို့ငှာ မွေးထားသော နွားမ။ **~စို့** /နို့ဇို့/န-မိခင်နို့ကို စို့ဆဲဖြစ်သော ကလေး။ **~စို့ဖက်** /နို့ဇို့ဖက်/ န- မိန်းမတစ်ဦးတည်း၏ နို့ရည်ကို အတူစို့သောက်ဖက်ဖြစ်သူ။ **~စိမ်း** /နို့ဇိန်း/န- ၁၊ မကျိုချက်ရသေးသောနို့ရည်။ ၂၊ကျိုချက်၍ စည်သွတ်ထားသောနို့ရည်။ **~ဆီ**/နို့ဇီ/န-သကြားနှင့် ကျိုချက်၍ရသော နို့ပျစ်။ **~ဆွဲ**၊ ကြိ-နို့စို့ ကလေးငယ်သည် မိခင်၏နို့ကို အလွန်စို့သည်။ **~ညှာ**၊န-နို့စို့ကလေး၏ အထက်ဖြစ်သော ကလေး။ **~တိုက်သတ္တဝါ** /နို့ဒိုက်သဒဝါ/ န- သားငယ်ကို နို့တိုက်သော သတ္တဝါမျိုး။ **~ထိန်း**/နို့ဒိန်း/န- သူတစ်ပါးသားငယ်ကို အငှား နို့တိုက်သော သားသည်မိခင်။ **~မမ်း**၊ န- ၁၊နို့ချဉ်။ ၂၊နို့ခဲ။ **~နှစ်ရောင်**၊န-ဝါဖျော့ဖျော့ အဖြူရောင်။ **~မှန်းစား** /နို့မုန်းဇား/န-အမိမရှိသဖြင့် သူတစ်ပါးနို့ကို စို့၍ အသက်ရှင်ရသော ကလေး။ **~ပုံ**/နို့ဗုန်/န-နို့အုံတွင် တပ်ရသော နို့သီးခေါင်း။ **~ဖျင်း**/နို့ဖျင်း/ န-မိန်းမ၏ တွဲလျားကျသော ရင်သား။ **~ဖြတ်**၊ ကြိ- ကလေးငယ်သည် မိခင်၏ နို့ရည်ကို မစို့တော့ဘဲရှိသည်။ **~ဖိုး**/နို့ဗိုး/န-[ဥပစာ] မိခင်၏ မွေးကျေးဇူး။ **~ဖြတ်**၊ ကြိ-ကလေးငယ်အား နို့တိုက်ခြင်းကို ရပ်စဲလိုက်သည်။ **~ဘူး** /နို့ဗူး/

http://www.lknt11.com ...

န-နို့သီးခေါင်းစွပ်၍ ကလေးအား နို့တိုက်ရသော ဘူး။ **~မျက်**၊ ကြိ-ပင်ရိုသမ္မေရှိသော မိခင်၏နို့ကို စို့ရ၍ သားငယ်သည် ပိန်ကြုံချည့်နဲ့သည်။ **~မှုန့်**၊ န-နို့ရည်ကို စိမ့်ပြုလုပ်ထားသော အမှုန့်။ **~ရည်** /နို့ယီ၊နို့ယေ/ န-၁၊ မိခင်၏ နို့မှ ထွက်သော အရည်ဖြူ။ ၂၊သစ်ပင်မှထွက်သော အစေးရည်ဖြူ။ ၃၊ပေါ်သီးတွင် အဆန်ဖြစ်ရန် စတင်တည်လာသော အရည်။ **~ရည်တည်**/နို့ယေတယ်/ကြိ-စပါးလုံး မပြစ်မီ နို့ရည်အသွင် စကင် ဖြစ်ပေါ်သည်။ **~လည်**/နို့လယ်/ကြိ-စိတ် အနှောင့်အယှက် တစ်စုံ တစ်ရာကြောင့် သားသည်အမေ နို့ထွက်ရပ်သွားသည်။ **~လိမ်**၊ န-ကလေးငယ် အာသာပြေစို့သော နို့သီးခေါင်းအတု။ ချိုလိမ်။ **~သီး** /နို့သိုး/န-သားမြတ်၏ထိပ်။ **~သီးခေါင်း** / ဂေါင်း/န-၁၊နို့သီးထိပ်။ ၂၊ကလေးနို့ရည် စုပ်ရန် နို့ဘူးတွင် တပ်ရသော အရာ။ **~သက်ခံ**/နို့သက်ခန်/ ကြိ-[ဥပစာ]ကိုယ်တိုင် အားမထုတ်ဘဲ သူဟစ်ပါးကို မှီခိုအားထားသည်၊ **~သည်** /နို့သယ်/န-၁၊ နို့ရောင်းသူ။ ၂၊ နို့ထိန်း။ **~အေးချောင်း** /နို့အေးချောင်း/န-နို့ဖြင့် လုပ်ထားသော ရေခဲချောင်း။ **~အစ်**၊**~အတ်**၊ န-နို့စို့ကလေး၏ ခံတွင်း၌ ကပ်ငြိနေသော နို့ရည် အငွေ့အသက်။

နို့[၂]၊ သမ်-[အပြော]ဆိုသို့ဆိုလျှင်။ သို့ဖြစ်လျှင်။

နို့တစ်၊ န- ဟာရုံးဝင် ကြိုတင် အကြောင်းကြားစာ။ [လိပ်၊notice]

နိုး[၁]၊ကြိ-အိပ်ပျော်ရာမှ ထသည်။ **~ကြား**၊ကြိ-၁၊သတိ မပြတ်ရှိနေသည်။ ၂၊အိပ်ပျော်ရာမှ ထသည်။

နိုး[၂]၊စည်း-ထင်မြင်ခြင်းအနက်ဖြင့် ထောက်ပံ့သော စကားလုံး။

နိုးနိုးနန့်နန့်၊ကြိဝိ-မဒိုမ်မသက်ဖြစ်လျက်။

နက်[၁]၊နဝိ-မီးသွေးအရောင်ဖြစ်သော။ မည်းသော အရောင်ရှိသော။ **~ကျော**၊နဝိ-နက်ပြောင်သော။ **~ကြုတ်**၊နဝိ-မည်းမှောင်သော။ **~ရှိပ်**၊နဝိ-အလွန် မည်းနက်သော။

နက်[၂]၊နဝိ-၁၊မြေအောက်သို့များစွာနိမ့်ဆင်းသော။ ၂၊အကြံ အစည် အတွေးအခေါ် စသည် လေးနက်သော။ **~စံ**၊နဝိ-[ကဗျာ]စံထားလောက်အောင် နက်နဲသော။ **~နဲ** နဝိ- အလွန်လေးနက်သော။ **~ရှိုင်း**၊ နဝိ- အစောက် အလွန်နက်သော။

နက္ခတ်၊န-ကြယ်။ တာရာ။ ကြယ်တာရာအစု။ (၁၊အဿဝဏီ ၂၊ဘရဏီ ၃၊ကြတ္တိကာ ၄၊ရောဟဏီ ၅၊ မိဂသီ ၆၊အဒြ ၇၊ပုနဗ္ဗုသျှ ၈၊ပုသျှ ၉၊အာသလိဿ ၁၀၊မာဃ ၁၁၊ပြုဗ္ဗဖလဂုန် ၁၂၊ဥတ္တရဖလဂုနီ ၁၃၊ဟဿဟ ၁၄၊စိတြ ၁၅၊သွာတိ ၁၆၊ဝိသာခါ ၁၇၊အနုရာဓ ၁၈၊ဇေဋ္ဌ ၁၉၊မူလ ၂၀၊ပြုဗ္ဗာသာဠ် ၂၁၊ဥတ္တရာသာဠ် ၂၂၊သရဝဏ် ၂၃၊ဓနသိဋ္ဌ ၂၄၊သတဘိသျှ ၂၅၊ပြုဗ္ဗဘဒြပိုဒ် ၂၆၊ဥတ္တရာဘဒြပိုဒ် ၂၇၊ရေဝတီဟူ၍ နက္ခက် ၂၇လုံး ရှိသည်။ ဥတ္တရာသာဠ်နှင့် သရဝဏ် အကြားတွင် အဘိဇိ နက္ခတ်ကို သွင်း၍ ရေတွက်သည်လည်း ရှိသည်။) [ပါ၊နက္ခတ္တ] **နက္ခတ္တဗေဒ**/နက်ခတ်တဗေဒ/န-နက္ခတ်နှင့်ဆိုင်သော ပညာ။ [ပါ၊နက္ခတ္တ+ဗေဒ] **~သဘင်**/နက်ခတ်သဗင်/န-နက္ခတ်ပူဇော်ပွဲ။

နက်ပကျွန်း၊န-နေမှရောက်အစဉ်အားဖြင့် အဋ္ဌမဖြစ်၍ အရံဂြိုဟ်သုံးလုံးရှိသော ဂြိုဟ်။ [လိပ်၊**Neptune**]

နက်ဖြန်၊န-ယနေ့မှ အခြားမဲ့ဖြစ်သော နောက်တစ်နေ့။

နက်သတ်၊န-[ရှေး]နက္ခတ်။ [သ၊နက္ခတြ]

နက်သန်၊ နဝိ- ကောင်းမြတ်သော လက္ခဏာနှင့် ပြည့်စုံသော (မြေ)။ [သ၊ လက္ခဏ]

နိက္ခ၊န-ရွှေစင်အလေးချိန်တစ်မျိုး။ [ပါ၊နိက္ခ]

နိက္ခမ/နိတ်ခမာ/န-တောထွက်ခြင်း၊ ရသေ့ရဟန်း ပြုခြင်း။ [ပါ၊နိက္ခမ]

နောက်[၁]၊ကြိ-၁၊(မြူမှုန်၊အနည်အနှစ် စသည်ကြောင့်) မကြည်မလင်ဖြစ်သည်။ ၂၊(စိတ်နှလုံး) ရှုပ်ထွေးသည်။ **~ကျို**၊**~ကျူ**၊ ကြိ-၁၊ မြူမှုန် အညစ်အကြေးကြောင့် ရေမကြည်မလင်ဖြစ်သည်။ ၂၊စိတ်နှလုံး မကြည်မလင် ရှုပ်ထွေးသည်။

နောက်[၂]၊ကြိ-ကျီစားသည်။ ပြောင်လှောင်သည်။

နောက်[၃]၊န-၁၊ကုန်ဆုံးခဲ့ပြီးသော ကာလ။ ၂၊ နောင် ကာလ။ ၃၊ကျောဘက်အရပ်။ **~ကျ**၊ကြိ-အချိန် လွန်ပြီးမှ ဖြစ်သည်။ နှောင်းသည်။ **~ကျော**၊န-ကျောကုန်း။ **~ကြောတက်**၊ကြိ-ကျောကုန်းနှင့် ကုပ်ဆက်ရှိ အကြောများ တောင့်တင်းသည်။ **~ကြောင်းပြန်**၊ကြိ-ဖြစ်ခဲ့ပြီးသော အကြောင်းများကို ပြန်ပြောပြသည်။ **~ကွယ်**၊န-မမြင်ကွယ်ရာအရပ်။ **~ခံ**၊န-နောက်ဘက်တွင် ရှိနေသောအရာ၊ ကျောပံ့ မည့်သူ။ **~ခိုင်း**၊ကြိ-ကျောခိုင်းသည်။ ကျောပေးသည်။ **~ချေး**/နောက်စိ/န-ခေါင်းနောက်ပိုင်း အနည်းငယ် ဖုနေသော နေရာ။ **~ဆံငင်**၊ **~ဆံတင်း**၊ ကြိ- [ဥပစာ] ထောက်ထားစရာ တစ်ခုခုအပေါ်က် စိတ်မဖြောင့်၊ ပူပင်သောက ရောက်သည်၊ **~ဆက်တွဲ**၊ န-၁၊စာအုပ်စသည်တို့တွင် နောက်က ဖြည့်စွက် ထည့်သွင်းထားသော အကြောင်းအရာ။ ၂၊[ဥပစာ] မူလအဖြစ်အပျက်နှင့် ဆက်စပ်နေသော အဖြစ် အပျက်။ **~ဆိုင်းကြိုး**/နောက်ဆိုင်းဂျိုး/န-လှည်း အိမ် ခိုင်မြဲစေရန် လှည်းအိမ်နှင့် လှည်းသန် နောက်စွန်း ချည်ရသောကြိုး။ **~ဆုတ်**၊ကြိ-[ဥပစာ] တစ်စုံတစ်ခုကို ဆက်လက် ဆောင်ရွက်ခြင်းမပြု။

လက်လျှော့သည်။ ~ဆုံး၊နဝိ-အားလုံး၏ နောက်ဖြစ်သော၊ ~ဆွယ်၊ နဝိ နောက်ဘက် အစွန်းတွင် ယှဉ်ကပ် တည်ရှိသော။ ~ထိုင်၊ န-၁၊ ဆင်ကျောက်ကုန်း နောက်ပိုင်းတွင်စီးသူ။ ၂၊ ဆိုင်းဝိုင်း နောက်ဘက်တွင် ယိုင်၍ သီဆိုတီးမှုတ်သူ။ **~နောက်က**၊န-ယခင် ယခင်အခါက။ **~နောင်**၊န-နောင်အခါ။ လာလတ္တံ့သော အချိန်။ **~ပိုး**၊န-၁၊လည်ကုပ်ပိုး။ ၂၊ တွယ်ကပ်ပိုးပန်းသူ။ ၃၊မျောက်မြားမြက်။ **~ပေါက်**၊န-နောက်မှ ပေါ်ပေါက်သောသူ။ **~ပစ်** /နောက်ပျစ်/ န-အက္ခရာ၏ အထက်တွင် အဲသရသင်္ကေတ အဖြစ် ရေးမှတ်သော မျဉ်းစောင်း။ ဲ။ နောက်ထိုးပစ်။ **~ပိတ်**၊ န-နောက်ပိုင်းတွင် ပိတ်ထားသော အရာ။ **~ပိတ်ချေး**၊ န-ဓားရိုး၏ နောက်အစွန်းကို ပတ်ထားသော သံပြားခွေ။ အခွေး။ **~ပိတ်ဆုံး**၊န-နောက်အကျဆုံး ဖြစ်သောအချိန်၊ နေရာ စသည်။ **~ပိတ်ဖိနပ်** /နောက်ပိတ်ဖနတ်/ န-ခြေဦးနှင့် ခြေဖနောင့်တို့ကို ဖုံးအုပ်နေသော ဖိနပ်တစ်မျိုး။ **~ပြန်**၊ ကြိဝိ-နောက်ဘက်သို့ ပြန်လှည့်။ **~ဖေး**၊ န-၁၊အိမ်၊ ရွာစသည်၏ နောက်ဘက်အရပ်။ ၂၊မစင်။ကျင်ကြီး။ **~ဖေးနောက်ဖီ**၊န-၁၊အိမ်၏ နောက်ဘက်ပိုင်း။ ၂၊ ကျင်ကြီး။ မစင်။ **~ဖယ်**၊န-နောက်စေ့၏ အောက်ဘက် နေရာ။ **~ဖယ်တွင်း**/နောက်ဖယ်ဒွင်း/န-ဦးခေါင်းနောက်ဘက်ရှိ ချိုင့်ခွက်။ **~မြီး**/နောက်မျိုး(မီး)/ န- နောက်ဘက် အစွန်းပိုင်း။ **~မြီးဆွဲ** /-ခွဲ/န-[ဥပစာ] နောက်လိုက်။ **~ယောင်ခံ**၊ကြိ-၁၊တစ်စုံတစ်ဦး နောက်မှ မသိမသာလိုက်၍ စုံစမ်းသည်။ ၂၊ သဲ့ယောင်လိုက်သည်။ **~လိုက်**၊ န-တစ်စုံတစ်ဦး၏ ဦးဆောင်မှုနောက်မှ လိုက်ပါဆောင်ရွက်သူ။ ငယ်သား။

နိဂ္ဂဟိတ်/နိတ်ဂဟိတ်/ န-'အံ၊အိံ၊အုံ'အသံများ ရအောင် 'အ၊အိ၊အု'ထက်တွင် တင်သော အစက် အပြောက်။ သေးသေးတင်။ [ပါ၊နိဂ္ဂဟိတ]

နင်¹၊နစ-ငယ်သူ သို့မဟုတ် ရွယ်တူဖြစ်သော နာသူကို ရည်ညွှန်းပြောဆိုသော စကားလုံး။ နာသူနာမ်စား။ **~ပဲဆော**/နင်ဗဲဆော့/ကြိဝိ-မရှိမသေ။ ရိုင်းရိုင်းစိုင်းစိုင်း၊ **~လားငါလား**၊ကြိဝိ-အကြိတ်အနယ်။ အပြိုင်အဆိုင်။

နင်²၊ ကြိ-၁၊လည်ချောင်းတွင် တစ်ဆို့သည်။ ၂၊(စိတ်နှလုံး၊ နားစသည်တွင်) တစ်ဆို့သည်။

နင့်၊ကြိ-၁၊တင်းကျပ် ပြည့်လျှံသည်၊ ဝန်တုပ်ဝန်ပိုး လေးသည်။ ၂၊စိတ်နှလုံး မခံသာအောင် ဖြစ်သည်။ **~နာ**၊ကြိ-[ရှေး] နာကြည်းသည်။ **~သီး**၊နဝိ-မခံမရပ်နိုင်ဖွယ်ဖြစ်သော။

နင်း၊ကြိ-၁၊တစ်စုံတစ်ခုပေါ်သို့ ခြေကိုချသည်။ ၂၊ ခြေဖြင့်ဖိသည်။ ၃၊အညောင်းပြေအောင် ခြေဖြင့် ဖိနှိပ်ပေးသည်၊ ၄၊ခြေဖြင့်ဖိ၍ လှုပ်ရှား လည်ပတ်စေသည်။ ၅၊တစ်စုံတစ်ခုပေါ်သို့ မော်တော်ကား၊ လှည်း စသည်တို့ဖိ၍ ဖြတ်ကျော်သွားသည်။ ၆၊ ဖောက်ထွင်း ဝင်ရောက်သည်။ ၇၊ အနှံ့အပြား သွားလာကြည့်ရှုသည်။ ၈၊(ကျမ်းဂန်)နှံ့စပ် ပေါက်ရောက်သည်။ ကြိဝိ-[အပြော]အလွန်။ လွန်စွာ။ **~ကန်**၊ကြိဝိ -[အပြော]အလွန်အကျွံ အပြင်းအထန်။ **~ကြမ်း** /နင်းဂျမ်း/န-၁၊ချောင်း၊ မြောင်းစသည်ကို ဖြတ်ကူး ရန် ပြုလုပ်ထားသော လက်ရန်းမဲ့အခင်း။ ၂၊တံတား၏အခင်း။ **~ကွင်း**/နင်းဂွင်း/န-မြင်းစီးသူ ခြေဖျား ထိုးသွင်းရာ သံကွင်း။ **~နယ်**၊ကြိ-အနှံ့ အပြား နင်းသည်။ **~ပြား**/နင်းဗျား/န-[ဥပစာ] အဖိအနှိပ် ခံနေရသူ။

နောင်¹၊ န-အနာဂတ်ကာလ။ **~ကြဉ်**၊ ကြိ-နောင် မလုပ်ရဲအောင် ဖြစ်သည်။ **~တ** /နောင်ဒ/န-ပြုသင့်သည်ကို မပြုမိ၍ဖြစ်စေ၊ မပြုသင့်သည်ကို ပြုမိ၍ဖြစ်စေ ပူပန်ခြင်း။ **~လာနောက်သား**၊န-သားမြေးအစဉ်အဆက်။

နောင်²၊န-၁၊အစ်ကို။ ၂၊အများအနက် အကြီးအကဲ ဖြစ်သူ ။ **~ကြီး**/နောင်ဂျီး/န-အစ်ကိုကြီး။

နောင်ကျိန်တီး၊ကြိ-[အရပ်]ရန်ဖြစ်ထိုးကြိတ်သည်။

နိုင်၊ ကြိ-၁၊ရိုမရန် စွမ်းအားရှိသည်၊ စွမ်းရည်ရှိသည်။ ၂၊ယှဉ်ပြိုင်ရာတွင် အသာရသည်။ ၃၊ထိန်းသိမ်း နိုင်သော စွမ်းရည်ရှိသည်၊ နိုင်နင်းသည်၊ ၄၊စီးပိုး နှိပ်နင်း ပြုမူသည်။ "မိန်းမက ယောကျ်ားကို ~ ။" ၅၊ များသည်။ "အသုပ်ကို ဆီ~အောင် သုပ်ပါ။" စည်း-စွမ်းသည်ဟူသော အနက်ဖြင့် ကြိယာကို ထောက်ကူသော စကားလုံး။ **~ကွက်** /နိုင်ဂွက်/န-အောင်နိုင်ရန် အခွင့်အလမ်း။ **~ချင်ကြက်**/နိုင်ဂျင်ကျက်/န-အခြားကြက်ကို မြင်လျှင် ဆိတ်ချင်၊ ခွပ်ချင်စိတ် ပြင်းထန်သော ကြက်။ **~ခြေ**/နိုင်ချေ/န-အောင်နိုင်မည့်အခြေအနေ။ **~ငံ** /နိုင်ငန်၊နိုင်ဂန်/န-၁၊ဘုရင် တစ်ဦးတည်း သို့မဟုတ် အစိုးရတစ်ဖွဲ့တည်း၏ အုပ်ချုပ်မှု အောက်တွင် ရှိသော နယ်မြေအပိုင်းအခြား။ ၂၊[ဥပစာ]တစ်စုံတစ်ဦး၊ တစ်စုံတစ်ခု၏ လွှမ်းမိုးရာ နယ်ပယ်။ "မိန်းမ~။ လောဘ~။" /နိုင်ငန်/ နဝိ- [ရှေး] ပြည့်ဝသော။ သာယွန်သော။ **~ငံကူးလက်မှတ်** /နိုင်ငန်ကူးလက်မှတ်/န-နိုင်ငံခြားသို့ သွားရောက်ခွင့် လက်မှတ်။ **~ငံခြား**/နိုင်ငန်ဂျား/န-မိမိနိုင်ငံမှ အခြားတစ်ပါးဖြစ်သော နိုင်ငံ။ **~ငံခြားသား**/-သား/ န-အခြားနိုင်ငံသား။ **~ငံတကာ**/နိုင်ငန်ဒဂါ/နဝိ

http://www.lknt11.com ...

နိုင်ငံအများနှင့် ဆိုင်သော။ **~ငံတော်သီချင်း**/နိုင်ဂန်ဒေါ်သချင်း/န–နိုင်ငံတော်ကို ကိုယ်စားပြုရန် တရားဝင် သတ်မှတ်ပြဋ္ဌာန်းထားသော သီချင်း။ အမျိုးသားသီချင်း။ **~ငံတော်အလံ**/နိုင်ဂန်ဒေါ် အလန်/န–နိုင်ငံတော်ကို ကိုယ်စားပြုရန် တရားဝင် သတ်မှတ်ပြဋ္ဌာန်းထားသော အလံ။ **~ငံရေး** /နိုင်ဂန်ယေး/ န–နိုင်ငံနှင့်စပ်ဆိုင်သော အရေးကိစ္စများ။ **~ငံသား** /နိုင်ဂန်သား/ န– နိုင်ငံတော်၏ သစ္စာကို ခံယူစောင့်ထိန်းသော၊ နိုင်ငံတော်က ပေးအပ်သော တာဝန်ကို ထမ်းဆောင်ရသော၊ နိုင်ငံတော်က ခွင့်ပြုသည့် အခွင့်အရေးများကို ရရှိသောသူ။ **~ထက်စီးနင်း**/နိုင်ဒက်စီးနင်း/ကြိဝိ–ဖိနှိပ်စီးပိုးလျက်။ **~နင်း**၊ကြိ–၁၊အောင်နိုင်သည်။ နိုင်သည်။ ၂၊ထိန်းသိမ်းနိုင်စွမ်း ရှိသည်။ ကျွမ်းကျင် ပိုင်နိုင်သည်။ **~ပေါက်**/နိုင်ဘောက်/န–အောင်နိုင်ရန် အခွင့်အလမ်း။ **~ဖတ်**/နိုင်ဗတ်/န–အများ၏ အနိုင်ကျင့်ခြင်းခံရသူ။ **~ရာစား**၊ကြိ–အားကြီးသူက အားနည်းသူကို ဖိစီးနှိပ်စက်၍ အမြတ်ထုတ်သည်။ **~လိုမင်းထက်**/နိုင်လိုမင်းဒက်/ကြိဝိ–နိုင်ထက်စီးနင်း။

နိုင်လွန်၊န–ဓာတုဗေဒနည်းအရ ဖန်တီးသော ချည်မျှင်ဖြင့် ရက်လုပ်သည့် အထည်တစ်မျိုး။ [လိပ်၊ nylon]

နိုင်းချင်း/နိုင်းဂျင်း/ကြိဝိ–၁၊အချိုးအဆ တူညီစွာ။ ဆတူ။ ၂၊များများ။

နစ်[၁]၊ကြိ–၁၊မြုပ်သည်။ ၂၊မိန်းမောသည်။ မြောသည်။ ၃၊စိုခြယ်သည်။ ၄၊နောက်ဆုတ်သည်။ **~နာ**၊ကြိ–အကျိုးပျက်စီးသည်။ ဆုံးရှုံးသည်။ **~နော**၊ကြိ–[ပေါ] လေးလေးနက်နက် တွေးတောဆင်ခြင်သည်။ **~မွန်း**၊ ကြိ–[ဥပစာ]အဝပျက်စီးဆုံးရှုံးသည်။

နစ်[၂]၊န–ကလောင်အသွား။ [လိပ်၊nib]

နိစ်/နိတ်/န–[ဗေဒင်]နိမ့်သောနေရာသို့ ရောက်နေသောဂြိုဟ်။ [ပါ၊နီစ]

နိစ္စ/နိတ်စ/န–အမြဲ။ [ပါ၊နိစ္စ] **~ဓူဝ**/နိတ်ဇူဝ/ကြိဝိ–အမြဲမပြတ်။ ထာဝစဉ်။ [ပါ၊နိစ္စဓုဝ] **~ဘတ်ဆွမ်း** /နိတ်စဗတ်ဆွန်း/ န– အမြဲမပြတ်လှူသောဆွမ်း။ [ပါ၊နိစ္စဘတ္တ+မြန်၊ဆွမ်း] **~သီလ**/နိတ်စသီလ/န–အမြဲစောင့်ထိန်းအပ်သော သီလ။

နည်း[၁]/နဲ/နဝိ–မများသော။ နည်းပါးသော။ **~နည်းနောနော**/နဲနဲနောနော/ကြိဝိ–[အပြော] နည်းနည်းပါးပါး။ ခတော်သင့်ရုံ။ “လူ့ပရိသတ် ~စည်ကားသည်မဟုတ်။”

နည်း[၂]၊န–လိုက်နာဖွယ်စနစ်။ စည်း–၁၊ကဲ့သို့။ သဖွယ်။ ၂၊မေးခွန်းဝါကျ၏ အဆုံးသတ်စကားလုံး။ [ပါ၊နယ] **~ကျ**၊ကြိ–နည်းလမ်းနှင့်ကိုက်ညီသည်။ **~စံ**၊ကြိ–သင်ယူသည်။ **~တူ**/နီးဒူ/ကြိဝိ–အလားတူ။ **~နာ**၊ န–လိုက်နာဖွယ်နည်း။ **~ပညာ**/နီးပျင်ညာ/န–ပညာရပ်ဆိုင်ရာနည်းနာ။ **~ပရိယာယ်**/နီးပရိယယ်/န–အလဲအလှယ်နည်းလမ်း။ **~ပေးလမ်းပြ**/နီးဘေးလန်းဖျ/ကြိဝိ– ညွှန်ကြားပြသ ပေးလျက်။ **~ပြဆရာ**/နီးဗျဆယာ/န–နည်းပေးသင်ကြားပြသသူ။ **~ဗျူဟာ**၊ န– ၁၊ စစ်ရေး နိုင်ငံရေး စသည်တွင် ရည်မှန်းချက်တစ်ရပ် အောင်မြင်ပြီးမြောက်စေရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်း၏ စီစဉ်ခင်းကျင်းမှုဆိုင်ရာ နည်းပညာ။ (မဟာဗျူဟာ လည်းရှု) ၂၊စစ်မြေပြင်တွင် တပ်ဖွဲ့များကို ခင်းကျင်း စစ်ကစားခြင်းနှင့် ပတ်သက်သောပညာ။ [ပါ၊နယ+ဗျူဟ] **~ယူ**၊ကြိ–အတုယူသည်။ မှီးသည်။ **~လမ်း** န–လိုက်နာဖွယ်နည်း။ **~သေ**/နီးသေ/န–ပြုပြင်ပြောင်းလဲမရသောနည်း။ ပုံသေဖြစ်သောနည်း။ အနိုင်အမာ သတ်မှတ်ထားသောနည်း။ **~ဥပဒေ** /နီးအုဗဒေ/န–ပင်မဥပဒေပါ ကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ချောမောစေရန် အစိုးရက အသေးစိတ် ဖွင့်ဆိုပြဋ္ဌာန်းပေးသော ဥပဒေတစ်မျိုး၊

နိဋ္ဌိတံ/နိတ်ထိတန်/ကြိ–ပြီးဆုံးသည်။ [ပါ၊နိဋ္ဌိတ]

နတ်၊န–ချမ်းသာရှိသော၊ တောက်ပသော၊ ကိုးကွယ်ရာဖြစ်သော ပုဂ္ဂိုလ်။ (သမ္မုတိနတ်၊ ဥပပတ္တိနတ်၊ ဝိသုဒ္ဓိနတ် ဟူ၍ သုံးမျိုးရှိသည်။) [ပါ၊နာထ] **~ကတော်**/နတ်ဂဒေါ်/န–၁၊နတ်က ကောက်ထားသူ။ ၂၊ နတ်ပူးဝင် ဟောပြောတတ်သောသူ။ နတ်ဝင်သည်။ ၃၊ ဓာတ်၊ ရုပ်သေးတွင် ပွဲဦးထွက်ကပြသော အပျိုတော်။ **~ကနားပေး**၊ကြိ–မဏ္ဍပ်ဆောက်လုပ်၍ နတ်ပွဲကျင်းပသည်။ **~ကောက်**၊န–အသိအလျောက် ပေါက်သော ကောက်ပင်မျိုး။ နတ်စပါး။ **~ကျ**၊ ကြိ–နတ်ပူးဝင်သည်။ **~ကြီး**၊ကြိ–နတ်၏ တန်ခိုး အရှိန်အဝါ ကြီးမားသည်။ နတ်ကြမ်းသည်။ **~ကြမ်း**၊ကြိ–ပြောမှားပြုမှားသူအား နတ်က ဒုက္ခပေးတတ်သည်။ **~ကွန်း**၊ န– နတ်နေရန် ဆောက်လုပ်သော ဗိမာန်။ **~ကွပ်**/နတ်ကွတ်/န–ငွေးစေ့တစ်လုံးတည်း ရှိခြင်း။ ငွေးစေ့ တစ်လုံးတည်း ရှိသူ။ **~ခရိုင်**၊ န–နတ်စင်၊ **~ချင်း**၊န–[ဂီတ] နတ်နှင့်ဆိုင်သော သီချင်း။ **~စင်**၊ န–နတ်နေရန် ဆောက်လုပ်ထားသော အဆောက်အအုံငယ်။ **~စိမ်း**၊န–အသေဆိုးနှင့် သေပြီးနောက် ဖြစ်သော နတ်တစ်မျိုး။ **~တော်**/နဒေါ်/န–မြန်မာ ဆယ့်နှစ်လတွင် နဝမလ။ **~ထင်း**၊န–ထင်းရှူးပင် ကာတ်မျိုး၊ **~ထိန်း**၊န–နတ်မှုကိစ္စကို ကြီးကြပ် ဆောင်ရွက်ရသူ၊ **~ဒိုး**၊ န–[ဂီတ] နတ်နှင့်ဆိုင်သော တီးမှုတ်ခြင်း

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

တစ်မျိုး။ **~နေ၊** န– [ဗေဒင်] မည်သည့်နေ့တွင် မည်သည့်အရပ် ချက်နှာ၌ နတ်နေသည်ကို ပြခြင်း။ (နတ်နေကို နောက်ထား၍ ခရီးသွားရသည် ဟု ဆိုသည်။) **~နေကိုင်း** /နတ်နေဂိုင်း/ န–အခေါင် အများရှိ သစ်ကိုင်း။ **~နိုးလ၊** န–တန်ဆောင်မုန်းလ။ ဗိသနိုးစသော နတ်များ နိုးသောလ။ **~ပေါက်၊** န– အုန်းသီးအခွံမာရှိ အစိုထွက်မည့် အပေါက်ငယ်။ **~ပြ၊** ကြိ–ရှင်လောင်းစသည်ကို နတ်စင်၊ နတ်ကွန်း ရှိရာသို့ ခေါ်သွားပြီး ကောင့်ရောက်ပါရန် ပြသသည်။ **~ပြည်၊** န–နတ်တို့၏ နေရာဌာန။(စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတ ဝသဝတ္တီဟူ၍ နတ်ပြည်ခြောက်ထပ် ရှိသည်။) **~ပွဲ၊** န–၁၊နတ်ကိုပသရန် ပြင်ထားသော ပွဲတော်။ ၂၊နတ်ကနားပေးသည့်ပွဲ။ **~မေး၊** ကြိ– သိလိုသော အကြောင်းအရာကို နတ်ကတော်ထံ မေးမြန်းသည်။ **~ယဉ်၊** ကြိ–နတ်ပူးရန် လွယ်ကူ သည်။ **~ရကာ၊** န–နတ်ပုဖော်ခြင်း။ [ပါ၊နာထ+ ယာဂ?] **~ရှာစ်၊** ကြိ–ဘုရင်၊ မိဖုရား စသူတို့ ကွယ်လွန်သည်။ **~လမ်း၊** န–၁၊ ဘုရားကျောင်း စသည် သွားရန် ဖောက်လုပ်ထားသောလမ်း။ ၂၊ ဘုန်းကြီးပုံ အခမ်းအနားအတွက် ဆောက်လုပ်ထား သောလမ်း။ **~လမ်းညွှန်၊** န– နတ်ကညွှန်ပြသည့် အလား ရေးသားထားသော လမ်းညွှန်စာ။ ကြိ– သိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်အောင် လမ်းညွှန်ပြသည်။ **~လျှောင်းလ**/နတ်လယောင်း လာ့/န–ဝါဆိုလ။ ဗိသနိုးစသော နတ်များ အိပ် သော ကာလ။ **~ဝင်၊** ကြိ–နတ်က လူကိုပူးသည်။ **~သမီး၊** န–နပ်မိန်းမ။ **~သမီးကမ်းပါး**/နတ်သမီး ကန်းဗား/န–အလွန် မတ်စောက်သော ကမ်းပါး။ **~သမီးချည်ခင်**/နတ်သမီးချိဂင်/န–ဆောင်းငင်စ လယ်တော၌ တွေ့ရသော ဖြူဖွေးသည့် အမျှင်တန်း၊ **~သမီးပေါက်**/နတ်သမီးဖောက်/န–စောင်းကောက် တွင် ကြက်ထားသော သားရေ၌ ဖောက်ထားသည့် အပေါက်၊ **~သား၊** န–နတ်ယောက်ျား။ **~သုစာ** /နတ်သုတ်ဒါ/န–နတ်တို့သုံးဆောင်သော အစာ။ နတ်သြဇာ။သုဓာဘုတ်။[ပ၊ နာထ၊ သုဓာ] **~သူငယ် မှူး**/နတ်သငယ်မှူး/ကြိ–ကလေးငယ် အိပ်နေစဉ် ရယ်မြူးသည်။ **~သံနော၊** ကြိ–နတ်ကဝင်ပူး၍ ဖြစ်ပျက်ခဲ့သော အကြောင်းတို့ကို သနားစဖွယ် ပြောပြသည်။ **~သံပစ်**/နတ်သန်ပျစ်/ကြိ–နတ်ပွဲ၊ ဇာတ်ပွဲများတွင်နတ်၏ဘဝ ဖြစ်ကြောင်းများ ဖွဲ့နွဲ့ ထားသော သီချင်းကို ထိုနတ် ပူးဝင်သီဆိုဟန်ဖြင့် ဟစ်ဆိုသည်၊ **~သက်ကြွေ၊** ကြိ–နတ်စုတေသည်။ **~သတ်၊** န–သဘာဝအလျောက်သေ၍ ထောင်လျက် ခြောက်သွေ့နေသော သစ်ပင်။ **~သွေးကျောက်၊** န– သွေးထားသကဲ့သို့ သဘာဝ အလျောက်ဖြစ်နေသော အမှုက်ကျောက်။ **~အုန်းသီး**/နတ်အုန်းသိုး/န–မင်း မဟာဂီရိနတ်ကို ရည်စူး၍ အိမ်တွင်း၌ဆွဲသော အုန်းသီး။

နတ္ထိ၊ ကြိ–မရှိ။ [ပါ၊နတ္ထိ]

နုတ်၊ ကြိ–၁၊စွဲစိုက်နေရာမှ ဆွဲငင်ထုတ်သည်။ ၂၊ရုပ်သိမ်း သည်။ ၃၊အများမှ အနည်းကို ထုတ်ယူသည်။ **~ထွက်၊** ကြိ–(တစ်စုံတစ်ရာသော ရာထူး အလုပ် တာဝန်ကို) စွန့်လွှတ် ထွက်ခွာသည်။ **~ပယ်၊** ကြိ– ထုတ်ယူပယ်ပစ်သည်။ ထုတ်ပယ်သည်။ **~သိမ်း၊** ကြိ–ပြန်ယူသည်။ ပြန်၍သိမ်းယူသည်။

နိဒ္ဒေသ/နိတ်ဒေသာ့/န–အကျဉ်းကို အကျယ်ညွှန်ပြ ခြင်း။ [ပါ၊နိဒ္ဒေသ]

နန္ဒမူလိုဏ်၊ န–[ကျမ်းဂန်]အနောတတ်အိုင်ကို ရုံလျက် ရှိသော တောင်ငါးလုံးအနက် ဂန္ဓမာဒနတောင်ခြေ ရင်းရှိ ပစ္စေကဗုဒ္ဓါတို့ သီတင်းသုံးတော်မူရာဂူလိုဏ်။ [ပါ၊နန္ဒမူလ+လေဏ]

နန္ဒဝန်၊ န–[ကျမ်းဂန်]နတ်ဥယျာဉ်တစ်ခု၏အမည်။ [ပါ၊နန္ဒဝန]

နန့်၊ ကြိ–၁၊(ရွှေးမြီး၊လူဒူး)လှုပ်ခါသည်၊ ၂၊ကူခြေမဲ့စွာ ပြုမူသည်။ ကမြင်းသည်။ **~ကြောဆွဲ**/နန့်ကျောဆွဲ/ ကြိ–[အပြော]ကူခြေမဲ့စွာ ပြုမူသည်။ **~နန့်တက်၊** ကြိ–[အပြော]ကူခြေမရဖြစ်သည်။

နန်း ²၊န–၁၊မင်းနေရာအဆောက်အအုံ။ ၂၊နတ်နေရာ အဆောက်အအုံ။ **~ကျ၊** ကြိ–ရှင်ဘုရင်အဖြစ်မှ လျှော ကျသည်။ **~ချ၊** ကြိ–ရှင်ဘုရင်အဖြစ်မှ လျှောကျ စေသည်။ **~စံ၊** ကြိ–မင်းအဖြစ် အုပ်စိုးသည်။ **~စိုက်၊** ကြိ–နန်းတော်ဆောက်၍ မင်းအဖြစ် စိုးစံ သည်။ **~စဉ်၊** နဝိ–ထီးနန်းအစဉ်အဆက် အသုံး ပြုလာသော။ "~ပတ္တမြား။" **~ဆန်၊** ကြိ–နန်းတွင်းသူ နန်းတွင်းသားတို့၏ သွင်ပြင်၊ အမူအရာ၊ အသုံး အဆောင်နှင့် ဆင်တူသည်။ **~တော်**/နန်းဒေါ်/ န–မင်းနေရာ မြင့်မြတ်သော အဆောက်အအုံ။ **~တက်၊** ကြိ–ရှင်ဘုရင်အဖြစ်ကို ခံယူသည်။ **~တင်၊** ကြိ–၁၊ရှင်ဘုရင်အဖြစ် တင်မြှောက်သည်။ ၂၊မိဖုရား မြှောက်သည်။ **~တွင်းဇာတ်**/နန်းဒွင်းဇတ်/န– [တပေ]နန်းတွင်းတွင် ပတ်ရန်၊ နာရန်၊ ခင်းကျင်း ပြသရန် ရေးသောဇာတ်ဝတ္ထု။ **~ထိုင်၊** ကြိ–မင်းလုပ် သည်။ **~မ၊** န–အကြီးဆုံး နန်းတော်ဆောင်။ **~မတော်**/နန်းမဒေါ်/န–မိဖုရားခေါင်ကြီး။ **~မြို့၊** န–၁၊နန်းတော်ရှိရာ နေပြည်တော်ကို ကာရံထား သော မြို့ရိုး။ ၂၊မြို့ရိုးကာရံထားသော နန်းတော်ရှိရာ အရပ်။ **~မြင့်၊** န–၁၊အမိုးပြာသာဒ်ပါ၍ ကြောင်လိမ်

http://www.lknt11.com

လှေကား တပ်ဆင်ထားသော အဆောကြည့် မျှော်စင်။ ၂။ဘုရင်မင်းမြတ်စံရာ အဆောင်။ ~ရုံ၊ န–ဘုရင့် အခြံအရံဖြစ်သော တော်ဘွား၊ ဘုရင်ခံ စသည်။ **~ရင်းဝန်**၊န–[ခေတ်ကုန်] (ဘုရင်စနစ် ကျင့်သုံးသော နိုင်ငံ၏) ရာထူးအကြီးဆုံး ဝန်ကြီး၊ ဝန်ကြီးချုပ်။ **~ရန်**၊န အိမ်ရှေ့မင်း၊ ဥပရာဇာ။ **~လုံးကြိုင်**၊န–မွှေးကြိုင်သော ပန်းဝါပွင့်သည့် အပင်တစ်မျိုး။ **~သက်**/နန်းသက်/န–မင်းအဖြစ် နိုင်ငံကို အုပ်စိုးသော ကာလအပိုင်းအခြား။

နန်း[၂]၊န–ရွှေ ငွေ၊ ကြေးစသည်တို့ကို နန်းဆွဲထားသော ကြိုးမျှင်၊ **~ကြိုး**/နန်းကြိုး/န–ဆံန်ကြမ်းကို အမျှင်ကြီးကြီး ပြုလုပ်ထားသော မုန့်ဖတ်။ **~ဆွဲ**၊ကြိ–၁။သတ္တု၊ ကြိမ်တို့ကိုနန်းပေါက်တွင်သွင်း၍ ဆွဲကာ အမျှင်ဖြစ်အောင် ပြုလုပ်သည်။ ၂။သားရေကို ကြိုးငယ်ဖြစ်အောင် ခိုက်ကာခိုက်ကာ လှီးသည်။ **~ပေါက်** /နန်းပေါက်/ န–၁၊ နန်းကြိုးဆွဲရန် ကြေးပြား စသည်တွင် ဖောက်ထားသော အပေါက်။ ၂။လှည်းဘီးဝင်ရိုး တပ်ရာ အပေါက်။ **~များငွေ** /နန်းများငွေ/န လှည်းပုံတောင်း အဖျားတစ်ဖက်တစ်ချက်တွင် စွပ်တပ်ထားသော သံခွေ၊ **~ရင်းငွေ** /နန်းယင်းငွေ/န–လှည်းပုံတောင်း အရင်းတစ်ဖက်တစ်ချက်တွင် စွပ်တပ်ထားသော သံခွေ။ **~လိမ်**၊န–ရွှေ၊ ငွေ နန်းကြိုးများကို လိမ်ကျစ်ထားသော လက်ကောက်၊ ခြေချင်း စသည်။ **~လှီး**၊ကြိ–၁။သတ္တု၊ သားရေကို ကြိုးသွန်းငယ် ဖြစ်အောင် လှီးသည်။ ၂။ချင်းစိမ်း၊ သရက်သီးစိမ်း စသည်တို့ကို အမြောင်းအမြောင်း လှီးသည်။ **~သေး**/နန်းသေး/န–ဆန်ကြမ်းကို အမျှင်သေးသေး ပြုလုပ်ထားသော မုန့်ဖတ်။

နန်းကထိ၊န–ကောက်ညှင်းပေါင်းတွင် ထန်းလျက်ညှပ်၊ အုန်းနို့ဆမ်းထားသော မုန့်။ [ထိုင်း၊nahkati]

နန့်နဲ့၊ကြိ–မနိုင်မခံ့ဖြစ်သည်။

နန်း၊န–ရေစီးနှင့်ပါလာပြီး မြစ်ချောင်းစသည်တို့တွင် အနည်ထိုင်ကျန်နေသော ရွံ့နှစ်မြေဆီ။ **~တင်မြေ**၊န–နန်းများ အနည်ထိုင်တင်ကျန်၍ ဖြစ်ပေါ်လာသော မြေ။

နပ်၊ကြိ–၁။အမှုတော်ကြောင့် ထမင်းဟင်းစသည် ကျက်သည် ပျော့ပျောင်းနူးညံ့သည်။ ၂။အကျိုးရှိသည်။ "ကြိုးစားရကျိုး ~ ၊" ၃။မိမိအကျိုးအတွက် ဟုတ်သိ လိမ္မာသည်။ လည်သည်။ **စည်း**–ကမင်းစားသော အကြိမ်ကို ရေတွက်ရာတွင် သုံးသော စကားလုံး။ **~နော**၊ကြိ–ဟုတ်သိလိမ္မာသည်။ ပါးသည်။

နိပ်[၁]၊နဝိ–[ဗန်း]ကောင်းသော။ ဟန်ကျသော။ [ပါ၊ နိပ္ပက]?

နိပ်[၂]၊ကြိ–ကျဆင်းသည်။ ဝပ်သည်။ နိမ့်သည်၊

နုပ်၊နဝိ–သေးဖွဲသော။ သိမ်ဖျင်းသော။ **~နုပ်**၊ကြိဝိ–သေးသေးဖွဲဖွဲဖြစ်အောင်။ "~စဉ်း–။"

နိဗ္ဗာန်၊ န–ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ။ [ပါ၊ နိဗ္ဗာန]
~ကူးတို့/နိတ်ဗန်ဂူးဒို့/န–၁။နိဗ္ဗာန်ရောက်အောင် ပို့ဆောင်သောတရား။ ၂။ကုသိုလ်ဖြစ်အခမဲ့ ပို့ဆောင်သောယာဉ်။ **~ကုန်**/နိတ်ဗန်ဂုန်/န–ရဟန်းသုံးပါးနှင့်ဆိုင်သော ရောင်းဝယ်ရန်ပစ္စည်း။ **~ကျောင်း** /နိတ်ဗန်ကျောင်း/န–ရဟန်းတော်၏ အဆောင်းထားရာကျောင်း။ **~ဆော်**/နိတ်ဗန်ဇော်/န–ကောင်းမှုကုသိုလ်ပြုလုပ်ရန် ဆော်ဩသူ။ **~ဈေး**၊န–ဘုရားပွဲ ကျောင်းပွဲတို့၌ ဆိုင်ခင်း၍ ကုသိုလ်ဖြစ် ကျွေးမွေးခြင်း။ **~ယာဉ်**၊န–၁။နိဗ္ဗာန် ရောက်ကြောင်းတရား။ ၂။ကုသိုလ်ဖြစ် အခမဲ့ပို့ပေးသော ယာဉ်။ ၃။အသုဘယာဉ်၊

နိမ္မိန/နိတ်မိန်ဒ/န–ပင့်ဆင်းရဲကို ငြီးငွေ့ခြင်း။ [ပါ၊ နိဗ္ဗိန္န]

နမ်း၊ကြိ ၁။အနံ့ကို နှာခေါင်းဖြင့် ရှူယူသည်။ ၂။နဖူး၊ ပါး စသည်တို့ကို နှာခေါင်းဖြင့် ထိတွေ့သည်။ **~ထုပ်**/နန်းဒုတ်/န–မီးနေသည်နမ်းရန် စမုန်နက်စေ့ လှော်ကို ထုပ်ထားသော အထုပ်။ **~ရှုပ်**၊ကြိ–နှာခေါင်းဖြင့်ထိ၍ အနံ့ကို ရှူရှိုက်သည်။

နာမ် န–၁။ခံစား၊ မှတ်သား၊ ပြုပြင်၊ သိမြင်တတ်သော သဘော။ ၂။ [သဒ္ဒါ] သက်ရှိသက်မဲ့၊ ဒြပ်ရှိဒြပ်မဲ့ တို့၏ အမည်။ [ပါ၊နာမ] **~စား** /နန်ဇား/န–[သဒ္ဒါ] နာမ်၏အစားသုံးရသော စကားလုံး။

နိမ်၊ကြိ–ကျဆင်းသည်။ ဝပ်သည်။ နိပ်သည်။

နိမ္မာနရတိ/နိန်မာနရတိ/န–နတ်ပြည်ခြောက်ထပ်တွင် ပဉ္စမနတ်ပြည်။ [ပါ၊နိမ္မာနရတိ]

နိမ္မိတ၊န–ဗုဒ္ဓကိုယ်ပွားတော်။ [ပါ၊နိမ္မိတ]

နိမ့်၊နဝိ–၁။ပုသော။ ဖျင်သော။ မမြင့်သော။ ၂။ညံ့သော။ အောက်ကျသော။ **~ကျ**၊ကြိ–အောက်ဘက်သို့ ရောက်သည်။ ကျဆင်းသည်။ **~ပါး**/နိန့်ဗား/ကြိ– နိမ့်ကျသည်။ ဆုံးရှုံးသည်။ **~သံ**/နိန့်သန်/န–အသံရှည်ရှည် ရွတ်ရသော၊ ဝိသဇ္ဇနီသံ ပါသော အသံ။ (အား၊ အီး၊ အူး(ဦး)၊ အေး၊ အော(သြ) အိုး၊ အင်း၊ အောင်း၊ အိုင်း၊ အဉ်း၊ အည်း၊ အန်း၊ အိန်း၊ အုန်း၊ အမ်း၊ အိမ်း၊ အုမ်း(အုံး)၊ အဲဟူ၍ ၁၈မျိုး ရှိသည်။)

နုံ့၊နဝိ–ညံ့ဖျင်းသော။ သိမ်ငယ်သော။

နုံ့၊ကြိ–အားနည်းသည်။ ညံ့သည်။ "ပညာ~။"

နုံး၊နဝိ–အားနည်းသော။

နယ်[၁]၊ကြိ–၁။ရောနှောသွားအောင် လက်ဖြင့် ဖိနှိပ်သည်။ ၂။ကောက်သီးကြွေအောင် ကောက်ပြန့်ပေါ်တွင်

မာတိကာသို့ ▶▶▶

ကျွဲ၊ နွားများကို လှည့်ပတ် နင်းစေသည်။ ၃၊ သားရေစိမ်းကို ပျော့ပျောင်းအောင် သစ်ခေါက် ပြုတ်ရည် စသည်တို့ဖြင့် ပြုပြင်သည်။ **~နှံ**၊န- မဲနယ်ဆိုးရည်။ **~ဖတ်**၊ ကြိ-ရောနှောအောင်နယ် သည်။

နယ်²၊န-၁၊သတ်မှတ်ထားသော ဒေသအပိုင်းအခြား။ ၂၊ကျင်လည်ကျက်စားရာ လောက။ **~ကျဉ်း**၊နဝိ- အကြောင်းအရာ၊ အတွေးအခေါ် စသည် မကျယ် ပြန့်သော။ **~ကျယ်**၊နဝိ-အကြောင်းအရာ၊ အတွေး အခေါ် စသည် ကျယ်ပြန့်သော။ **~ကျွံ**၊ ကြိ- သူတစ်ပါးပိုင်နက်ထဲ ကျော်လွန် ရောက်ရှိသည်။ **~ခံ**/နယ်ဂန်/န-နယ်တစ်ခုခုတွင် မွေးဖွား ကြီးပြင်း သူ။ နယ်တစ်ခုခုတွင် အချိန်ကြာမြင့်စွာကပင် အခြေတကျ နေနိုင်သူ။ **~ချဲ့**၊ကြိ-သူတစ်ပါး ပိုင်နက်ကို သိမ်းယူ၍ မိမိနယ်ကို ချဲ့ထွင်သည်။ /နယ်ချဲ့/ န- မိမိပိုင်နက်ကို ချဲ့ထွင်သူ။ **~ခြား** /နယ်ချား/ န- နိုင်ငံနှစ်ခု၏ အကြားအရပ်၊ နယ်နိမိတ်။ **~ခြားမှတ်တိုင်**/-မှတ်တိုင်/န-နိုင်ငံ နယ်နိမိတ်ကို ပိုင်းခြားသတ်မှတ် စိုက်ထူထားသော တိုင်၊ နယ်သတ်တိုင်။ **~စားပယ်စား**/နယ်ဇား ပယ်ဇား/န-နယ်ပယ် တစ်ခုခုကို အုပ်ချုပ်အပိုင်စား ရသော အရာရှိ။ **~စပ်** /နယ်ဇပ်/န-နယ်နှစ်ခု ဆက်စပ်ရာအရပ်။ **~ဆင်း**၊ ကြိ- တာဝန်အရ ကျေးရွာနယ်ပယ်သို့ သွားသည်။ **~နိမိတ်** /နယ် နမိတ်/န-နယ်မြေ အပိုင်းအခြား။ နယ်ခြား၊ နယ်စပ်။ **~နှင်**၊ ကြိ- အပြစ်ဒဏ် ပေးသည့်အနေဖြင့် နေဆဲအရပ်မှ အခြားအရပ်သို့ ထွက်သွားစေသည်။ **~ပယ်**၊ န-၁၊ သတ်မှတ်ထားသော အရပ် အပိုင်း အခြား။ ၂၊ ကျင်လည်ကျက်စားရာ လောက။ "စာပေ ~။" **~ဘက်**၊ န-စစ်အဖွဲ့အစည်း မဟုတ် သော အစိုးရဌာန။ အရပ်ဘက်။ **~မြေ**၊န- နယ်ပယ်အရပ်။ **~လု**၊ ကြိ-ပိုင်နက်ကိုသူရ ငါရ အပြိုင် အားထုတ်သည်။ **~လှည့်**/နယ်လှဲ့/ကြိ- တာဝန်အရ ဆိုင်ရာနယ်သို့ လှည့်လည် သွားရောက် သည်။

နယ်³၊န-ရက်လက်စ အထည်ကို မတွန့်မရှုံ့အောင် ထောက်ကန်ရသော သံနှုတ်တပ် တုတ်တံ။ **~ကန်**၊ ကြိ- ရက်လက်စ အထည်၏ အနံ၏ တစ်ဖက် တစ်ချက်ကို နယ်ဖြင့် ထောက်ကန်သည်။ **~ရှူး** /နယ်ရှူး/န-ရက်ကန်းစင်သုံး နယ်ကိရိယာတွင် တပ်ထားသော ရှူး။

နယ်⁴၊န-စစ်တုရင် အရုပ်တို့တွင် အဆင့်အနိမ့်ဆုံး အရုပ်။ [သာ၊နာယက]

နိဿယ/နိတ်သယာ့/န-၁၊ပါဠိတစ်ပိုဒ်၊ အနက်တစ်ပိုဒ် ပြန်ဆိုထားသော ဘာသာပြန်။ ၂၊မှီငြမ်းပြုရာ နည်းနာ။ [ပါ၊နိဿယ]

နိဿရည်း/နိတ်သယီး/န-နိဿယ။ နည်းနာ။ [သ၊နိဿယ]

နှာသကျမ်း၊န-ဉာဏ်ကျမ်းနှင့်အတူတူ။ [သ၊နှာသာ+ မြန်၊ကျမ်း]

နျူကလိယ၊န-အဏုမြူတွင် ပရိုတွန်နှင့် နျူထရွန် ပါဝင်သော ဗဟိုအစိတ်အပိုင်း။ [လိပ်၊ nucleus]

နျူကလီးယားဓာတ်ပေါင်းဖို၊ န- အထိန်းအချုပ်ဖြင့် နျူကလိယစွမ်းအင် ထုတ်လုပ်ပေးသော ယန္တရား။ [လိပ်၊nuclear+ပါ၊ဓာတု၊မြန်၊ပေါင်း+ဖို]

နျူထရွန်/နယူထရွန်/န-နျူကလိယတွင် ပါဝင်သော လျှပ်စစ်ဓာတ်မဲ့ ဒြပ်မှုန်။ [လိပ်၊neutron]

နွား၊န-၁၊လှည်းဆွဲရန် ထွန်ယက်ရန် အသုံးပြုသော ခြေလေးချောင်း သတ္တဝါ တစ်မျိုး။ ၂၊ရက်မတင်ရန် ဘိုင်တွင် ကပ်ရိုက်ထားသော သစ်သားအစ်။ ၃၊ပန္နက်တိုင် မြေထဲဝင်အောင် ကြိုးဖြင့်ချိမ လွှတ်ချ ဆောင့်ပေးရသော အလေးတုံး။ **~ကန်**/နဂန်/ န-နကန်ရှ။ **~ကျ**၊ကြိ-[ဥပစာ]နုံသည်။ အသည်။ **~ကျောင်းသား**/နွားကျောင်းသား/န-စားကျက်တွင် နွားကိုလွှတ်၍ ထိန်းစောင့်သူ။ **~ကျစ်**/နဂျစ်/ န-နီညိုရောင်နွား။ **~ကြော့**/နချော့/န-အလုံး အရပ်၊ အပြေးအလွှား လှပကောင်းမွန်သဖြင့် အထူး မွေးထားသောနွား။ **~ကြောင်**/နဂျောင်/ န-ကိုယ်တွင် အနက်စင်းရှိသောနွား။ **~ချေးပိုး** /နောက်ချီးပိုး/န-နွားချေးပုံ၌ ပေါက်ပွားသော ချေးပိုးထိုး။ **~တော်ရောကျ**/နဗော်ယောဂျာ/ကြိဝိ- [ဥပစာ] အဝမ်းမရ။ ငမ်းငမ်းတက်။ **~စာငုတ်** /နွားစငုတ်/ န-ရေနီးရပ်ဝှင် ပေါက်လေ့ရှိသော ဆေးဖက်ဝင် အပင်ငယ်တစ်မျိုး။ **~နောက်** /နနောက်/န-ရှေ့ပိုင်း ကျွဲနှင့်တူ၍ နောက်ပိုင်း နွားနှင့်တူသော သတ္တဝါ တစ်မျိုး။ **~နင်း**/နနင်း/ န- နွားလိုက် နှင့်အတူတူ။ **~ပုခက်**/နွားပခက်/ န-ခြေစုံရင်လျက် ဝမ်းဗိုက်ကို ပုခက်ကဲ့သို့ လွဲ့တတ် သော နွား။ **~ပေါ့**/နဖော့/န-မိုးရာပါ နွား။ **~ပေါက်**/နဖောက်/န-အရွယ်ရောက်စနွားထီး။ **~ပိုက်**/နဗိုက်/န-အရွယ် ရောက်ပြီး နွားထီး။ **~ပြီး**/နဗျီး/န-သင်းကွပ်ပြီး နွား။ **~ပြေး**/နဗျေး/ န-ပြိုင်လှည်းတွင် အတိုင်ဘက်က ထားရသည့် ဒုန်းပြေးသောနွား။ **~မီးရှူး**၊ ကြိ-နွားများကို ခြင်မကိုက်ရန် မီးခိုးမှိုင်းတိုက်သည်။ **~မှန်းခြုံထုတ်**/နမှန်းချုန်ဒုတ်/ န- [ဥပစာ] အလိုမရှိ၍ နေရာဌာနတစ်ခုခုမှ ပယ်ထုတ်ခြင်း ခံရသူ။ **~မြင်း**၊

http://www.lknt11.com

န–ပင်စည်တံ အဖျားတွင် အရွက်ရှည်များ စုရုံးထွက်သော မြက်တစ်မျိုး။ **~ရိုင်းသွင်းချိန်**/နယိုင်းသွင်းကျိန်/န–ညနေ နေဝင်ချိန်။ **~လဖို**/နွားလဖို/န–နွား၏ လက်ပြင် အထက်တွင်ရှိသော အဖုအလုံး။ **~လားဥသဘာ**/နွားလားအုတ်သုဖာ/န–နွားအုပ်ကို ရှေ့ဆောင်သော နွားထီး။ **~လိုက်** /နလိုက်/န– ဖြိုင်လှည်းတွင် အလှည့်ဘက်က ထားရသည့် မှန်မှန်ထိန်း လိုက်တတ်သော နွား။ **~လမ်း** န– ပြိသာ၊ မေထုန်၊ ကရကဋ်၊ သိဟ် ရာသီတို့တွင် နေသွားရာလမ်း။ [ပါဠိ+ဗီထိ] **~လျှာကြီး** /နယှာကျီး/န–ကျောက်ရောဂါ ကာကွယ်ဆေး အဖြစ် သုံးရသော ဆေးဖက်ဝင် နွယ်ပင်တစ်မျိုး။ **~သိုး**/နသိုး/န–မသင်းရသေးသော နွား။ **~သိုးကြီးပြုတ်**/–ကျိုးဗျုတ်/ကြိဝိ–[ဥပစာ] ဣန္ဒြေမဲ့စွာ အငမ်းမရ။ **~သိုးကြောင်** /–ကျောင်/ န–သင်းသော်လည်း မစင်သော နွား။

နွေ၊န–တပေါင်းလပြည့်ကျော်တစ်ရက်မှ ဝါဆို လပြည့်နေ့အထိဖြစ်သည့် ပူပြင်းသောကာလ။ **~ပေါက်**၊ကြိ–နွေဥတု အစပြုသည်။ **~ယဉ်စွန်းချိန်**/နွေယင်ဖွန်းကျိန်/န–မြောက်ယဉ်စွန်းတန်းပေါ် နေရောက်စဉ် ကမ္ဘာ့မြောက်ခြမ်း၌ နေ့ဟာအရှည်ဆုံးကာလ။ (ဇွန် ၂၂ရက်နေ့ခန့်တွင် ကျရောက်သည်။)

နွေး၊နဝိ–အနည်းငယ်ပူသော အတွေ့ရှိသော။ **~နွေးထွေးထွေး**/နွေးနွေးထွေးဒွေး/ကြိဝိ–အဝတ်ရစ်ပတ်လွှမ်းခြုံ၍ ပူနွေးစေလျက်။

နွဲ့၊ကြိ–၁၊ညွတ်ယိမ်းသည်။ ၂၊ခရာသည်။ တာသည်။ ချွဲသည်။ ၃၊နည်းပါးသည်။ **~ဆိုးဆိုး**/နွဲ့ဇိုးဆိုး/ကြိ–အလိုလိုက်မှန်း သိ၍ မိမိအလိုပြည့်စေရန် ဖွတ်တရွတ် ပြောဆို ပြုမူသည်။ **~နှောင်း**၊နဝိ–(ကိုယ်ဟန်)ပျောပျောင်းသော။

နွံ၊ကြိ–၁၊ကျွံနစ်မွဲသွားသည်။ ၂၊ပုပ်ဝပ်သည်။ ၃၊ငြိမ်သက်သွားသည်။ “လေ~~။” န–မြစ်ချောင်းတို့တွင် အနည်ထိုင် တင်ကျန်နေသော ရွံ့နစ်။ **~နာ**၊ကြိ–ကျိုးနွံရှိသေသည်။

နွမ်း/နွမ်းနွန်း/နဝိ–၁၊ညှိုးမြိန်သော။ ၂၊ပင်ပန်းအားနည်းသော။ **~နယ်** /–နယ်/နဝိ–ပင်ပန်း၍ ခွန်အားနည်းပါးသော။ **~ပါး** /–ဗား/နဝိ–ဆင်းရဲသော။ မပြည့်မစုံဖြစ်သော။ **~လျ**/နွမ်းလယာ့/နဝိ–ပင်ပန်းညှိုးငယ်သော။

နွယ်၊ကြိ–(ကြိုးနှင့်တူသောအပင်) တွယ်ယှက် ရစ်ပတ်သည်။ န–တွယ်ယှက်ရစ်ပတ်တတ်သော ကြိုးနှင့်တူသော အပင်မျိုး။ **~ကြိုး**/နွယ်ကျိုး/န–ကြိုးသဖွယ် သုံးရသော နွယ်ပင်ပြတ်။ **~ ချို** /နွယ်ချို/ န–ဆေးဖက်ဝင် ချိုသော နွယ်ပင်တစ်မျိုး။ **~ငန်း**၊န–နွယ်ကြီးတစ်မျိုး။ **~စပ်** /နွယ်ဇတ်/န–ဖြူစပ်စပ် အပွင့်များ ပွင့်သော နွယ်ပင်ကြီးတစ်မျိုး။ **~နိုင်း**၊န–ရွှေ့ကို ပုရပိုက်လုပ်ရသော နွယ်ပင်တစ်မျိုး။ **~နမ်း**၊န–ကမ်းစပ်တွင်ပေါက်သော နွယ်ပင်တစ်မျိုး။ **~ယောင်ပင်ယောင်**၊န–အနွယ် ယောင်ယောင် အပင် ယောင်ယောင်ထင်ရသော အပင်မျိုး။ **~သာကီ** /နွယ်သာကီ/န–အရွက်လုံ့စွပ်ပုံရှိ၍ အပွင့်အဖြူရောင် အနီရောင် စသည်ပွင့်သော ပန်းပင်တစ်မျိုး။ [မြန်၊ နွယ်+ပါ၊သာကီယ] **~သာကီသံဖြုတ်**/–သန်ဗျုက်/ န–[စာပေ] နသောထပ်များဖြင့် စပ်ဆိုရသော ကဗျာ တစ်မျိုး။

နွယ်တား၊န–[ရှေး]ဝါဆိုလ။

နှမ၊ န– သားချင်းတွင် အစ်ကိုအောက်ငယ်သော မိန်းကလေး။ **~စုံမွေး** /နမဇုန်မွေး/ န–နှစ်ပါးစုံမွေးရှူ။

နှမြော၊ကြိ–မစွန့်လွှတ်နိုင်ဖြစ်သည်။ ကပ်စေးနှဲသည်။ တွန့်တိုသည်။

နှလုံး၊န–၁၊ပိန်ချည်ဖောင်းချည်ဖြင့် သွေးလှည့်ပတ်မှုကို ပံ့မှန်ဖြစ်စေသော ကိုယ်တွင်းအင်္ဂါ။ ၂၊စိတ်။ သဘောထား။ **~စုန်**၊ကြိ–ထိတ်လန့်ခြင်း၊ အံ့သြခြင်း စသည်တို့ကြောင့် နှလုံးသားပိုမို လှုပ်ခါသည်။ **~ချွေ**၊ကြိ–အလွန်သဘောကျသည်။ အလွန်ကျေနပ်သည်။ **~နာ**၊ကြိ–၁၊စိတ်နာသည်။ ရွံရှာစက်ဆုပ်သည်။ ၂၊မသတီသဖြင့် အော့ချင် အန်ချင်ဖြစ်သည်။ **~ပိုက်**၊ကြိ–နှလုံးသွင်းသည်။ ယုမှတ်ယုံကြည်သည်။ **~ဖြူ**၊ကြိ–ယုမှတ်သည်။ **~ရည်**/နလုန်းယိ(ယေ)/ န–စိတ်နှလုံးနှင့်ဆိုင်သော ဓွမ်းရည်သတ္တိ။ **~သွေးပျက်** /နလုန်းသွေးပျက်/ ကြိ– (ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာကို မြင်တွေ့ရသဖြင့်) စိတ် ဖောက်ပြန်သည်။ **~သွင်း**၊ကြိ–အာရုံစူးစိုက်သည်။/နှလုံးသွင်း/န–သဘောထား။

နှာ၊န–၁၊နှာခေါင်း။ ၂၊နှာချေရန် နမ်းရှူရသော ဆေးမှုန့်။ ၃၊အုတ်တစ်ချပ်နှင့် တစ်ချပ်ကြားရှိ သရိုးကြောင်း၊ နှာကြောင်း။ **~ခေါင်း**/နခေါင်း/န–၁၊အာရုံကို ခံယူတတ်သော အင်္ဂါ အစိတ်အပိုင်း။ /နှာဂေါင်း/ ၂၊ရှူဆေးမှုန့်။ နှာဆေး။ **~ခေါင်းကျည်ဖွေ့တွေ့** /နခေါင်းဂျဖွေ့တွေ့/ကြိ–[ဥပစာ] အခက်အခဲ တွေ့သည်။ **~ခေါင်းရှုံ့**/နခေါင်းယှုန့်/ကြိ–၁၊နှာခေါင်းကို တွန့်ရှုံ့၍ မနှစ်သက်သည့် သဘောကို ပြသည်။ ၂၊[ဥပစာ] မနှစ်သက်သည့် သဘောကို ပြသည်။ **~စေး**/နှာစီး/ကြိ–၁၊အအေးမိ၍ နှာရည် ယိုသည်၊ နှာခေါင်းပိတ်သည်။ ၂၊[ဥပစာ] အကြောင်း တစ်ခုခုကြောင့် မပြောဘဲ နှုတ်ပိတ်နေသည်။ **~တံ** /နှာဒန်/ န– နှာခေါင်း အပေါ်ပိုင်း

http://www.lknt11.com

တစ်လျှောက်။ **~နု**၊န–နှာခေါင်း၀၊ နှာမောင်း၀ရှိ နုနယ်သော အစိတ်အပိုင်း။ **~နှတ်**၊ ကြိ–မေ့မြော နေသူကို ကွမ်းရွက်နံ့၊ ရေမွှေးနံ့ စသည်ပေး၍ သတိရအောင် လုပ်သည်။ **~မောင်း/နှမောင်း/** န–၁၊ဆင်၏ ရှည်သော နှာတံ။ ၂၊နွယ်ပင်၏ မိုနိုချိတ်တွယ်သော အစိတ်အပိုင်း။ **~မှုတ်**၊ကြိ– ၁၊နှာခေါင်းဖြင့် လေပြင်းပြင်း မှုတ်ထုတ်သည်။ ၂၊နှာခေါင်းတွင်းသို့ နှာဆေးကို မှုတ်ထည့်သည်။ **~မွှန်**၊ကြိ–အအေးမိ၍ နှာရည်ယို မျက်စိဝေကာ နှာချေချင်သည်။ **~ရောင်** /နှာ(န)ယောင်/န– မျက်စိနှစ်လုံးအကြားရှိ နှာခေါင်း အစိတ်အပိုင်း။ **~ရည်**/နှာယီ၊နှာယေ/န–နှာခေါင်းမှ ယိုကျသော အရည်။ **~ရည်ဆုပ်**/နှာယီဇုတ်/န–သမင်းခြောက် လော်မှုန့်နှင့် ထန်းလျက်ရော၍ လုံးထားသော မုန့်။ **~ရွပ်** /နှာယွတ်/ န–ဆင်၏ မုန်တွင်း။ **~ရွပ်ကြိုး**၊န–ကျွဲဆိုး၊ နွားဆိုးတို့ကို ထိန်းချုပ်ရန် နဖားကြိုးတွင် ဆွဲချည်ထားသော ကြိုး။ **~သီးဖျား** /နှာသီးဗျား/န–နှာခေါင်းအစွန်းပိုင်း။ **~သံ** /နှာသန်/န–နှာခေါင်းသံ။

နိုး၊ကြိ–၁၊ခင်းသည်။ ခုသည်။ ၂၊ပတ်သက်သည်။ ဆက်နွယ်သည်။ န–ဝါး၊ ကြိမ်ကို ပါးပါးလွှာလွှာ စိတ်ဖြာထားသော အမျှင်။ **~ကြောဖျာ**/နိုးချောဗျာ/ န–ဝါးနိုးအကြောဖြင့် ရက်ထားသော ဖျာ။ **~တို**၊ ကြိ–နိုးဖြစ်အောင် စိတ်ဖြာသည်။ **~နှော**၊ကြိ– ဆွေးနွေး တိုင်ပင်သည်။ **~နွယ်**၊ကြိ–ဆက်စပ်သည်။ ဆက်သွယ်သည်။ **~ဝါး**၊န–နိုးဖြာရသော ဝါး။ **~ဝါးလောင်း**/နိုးဝလောင်း/န–နိုးထိုးရန် အကြမ်းခွဲ စိတ်ထားသော ဝါးခြမ်း။ **~အူ**၊န–ဝါးအတွင်းဘက် အသားကို ဖြာထားသော နိုး။

နှူး၊ကြိ–၁၊နူးအောင်လုပ်သည်။ ၂၊မိမိအလိုသို့ပါအောင် ဖြားယောင်းပြောဆိုသည်။ ၃၊မှတ်မိအောင် ထပ်မံ လေ့လာသည်။

နေး၊နဝိ–လေးကွေးသော။ **~ကန်**၊ **~ကွေး**၊နဝိ–လေးလံ ဖင့်နွှဲသော။

နဲ့ [၁]၊န–လေမှုတ်တူရိယာတစ်မျိုး။

နဲ့ [၂]၊ကြိ–ဧးကပ်အောင်၊ ပျဉ်းတွဲအောင် နယ်သည်။ နဝိ–ဧးကပ်ပျဉ်းတွဲသော။ **~ကော**/နဲ့ဂေါ်/န– ငှက်ထောင်ဖမ်းရန် ညောင်စေးသုတ်ထားသော ညှတ်စသည်။ **~တံ** /နဲ့ဒန်/ န– ငှက်ဖမ်းရန် ညောင်စေးသုတ်ထားသော ဝါးတံ။

နှဲ့၊ကြိ–နဲ့အောင်၊ လှုပ်အောင်လုပ်သည်။

နော [၁]၊ကြိ–ရောသည်။ **~ကိန်း**/နောဂိန်း/န–[ဗေဒင်] ထည့်ပေါင်းရန် အရေအတွက်။

နော [၂]၊န–အပြင်ဘက်သို့ အကိုင်းအခက် ထည့်တည့် ထွက်၍ ပေါက်တတ်သော သစ်ပင်ကြီးတစ်မျိုး။

နံ [၁]၊ကြိ–၁၊အပ်နှင်းသည်။ ၂၊မြေတွင် မြုပ်သည်။ ၃၊ ဆေးမင်စသည်ကို စုပ်ဖြင့် ကိုယ်တွင် ထိုးမှတ်သည်။ ၄၊ထိုးနှက်သည်။ ရိုက်ပုတ်သည်။ ၅၊ထိခိုက် နစ်နာအောင် ပြောဆိုပြုမူသည်။

နံ [၂]၊န–အနံ နှင့်အတူတူ။ **~ကောင်**/နန်ဂေါင်/န– မြက်ကြားတွင် ခုန်ပျံ အော်မြည်နေတတ်သည့် အစိမ်းရောင် အင်းဆက်ပိုး။ **~စားပြောင်း**/နန်ဇား ပျောင်း/န–အစေ့အဆန်ကိုထောင်း၍ ဆန်ကဲ့သို့ ချက်စားရသော ပြောင်းတစ်မျိုး။ **~ဖြတ်ပိုး**/နန် ဖျတ်ပိုး/န–စပါးနံ့ကိုဖျက်ဆီးတတ်သော ပိုးတစ်မျိုး။

နံ့ပဲ/နံဘဲ/န–ပူပြင်းသော ဒေသတွင် ပေါက်လေ့ရှိ၍ အစေးထွက်သော ပင်လတ်တစ်မျိုး။

နံ့ဖြူစုတ် /နန်ဖျူဇုတ်/န–ပန်းဝတ်ရည်ကို သောက်မျို တတ်သော နှုတ်သီးကောက် ငှက်ငယ်တစ်မျိုး၊ နံ့စုပ်။

နံ့၊ကြိ–၁၊နံ့သည်။ ၂၊ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိ သည်။ ၃၊စိတ်အခြေအနေမှန်သည်။ **~စပ်**/နန့်ဇတ်/ ကြိ–၁၊နံ့သည်။ ကျယ်ကျယ်ပြန့်ပြန့်သိသည်။

နိှုး၊ကြိ–၁၊အိပ်ပျော်သူကို နိုးအောင်လုပ်သည်။ ၂၊ဂါထာ မန္တန်ကို တန်ခိုးအာနိသင် ထကြွလာအောင် ရွတ်ဆို သည်။ **~စက်**/နှိုးဇက်/န–လိုသော အချိန်ကျလျှင် အသံမြည်နိုင်အောင် ပြုလုပ်ထားသော နာရီစက်။ **~ဆော်**/နှိုးဇော်/ကြိ–တိုက်တွန်းစေ့ဆော်သည်။ **~ဆွ**၊ကြိ–တက်ကြွလှုပ်ရှားအောင် လုပ်သည်။

နက်၊ကြိ–၁၊ပြည့်သည်။ ၂၊ထုရိုက်သည်။ ရိုက်သွင်းသည်။ ၃၊ထိခိုက်နစ်နာအောင် လုပ်သည်။ ဆော်သည်။

နှောက်၊ကြိ–၁၊ကြည်လင်သောအရာကို နောက်အောင် လုပ်သည်။ ၂၊ရောနှောစေသည်။ ၃၊ဝင်ရှုပ်သည်။

နှိုက်၊ကြိ–၁၊လက်စသည်ကို တစ်စုံတစ်ရာ၏ အတွင်းသို့ ထည့်သွင်းသည်။ ၂၊ယင်းသို့ထည့်သွင်း၍ တစ်စုံ တစ်ရာကို ထုတ်ယူသည်။ ၃၊[ဥပစာ]ထိုးထွင်း ကြံဆသည်။ ၄၊ဟိုက်အောင် လုပ်သည်။ "အကို ချိုင်းအိုး ပွနေသည်။ အနည်းငယ် ~ ပြီးချုပ် လိုက်ပါ။" ၅၊ဝိ–အချိန်၊ နေရာကိုပြသော စကား လုံး။ (နှိုက်ကို ၌ဟု၍ အကျဉ်းရေးသည်။) **~နှိုက် ချွတ်ချွတ်**၊ကြိဝိ–စေ့စေ့စပ်စပ်။ သေသေချာချာ။ **~နှိုက်နဲ့နဲ့**၊ကြိဝိ–နက်နက်နဲနဲထိုးထွင်းလျက်။

နှင်၊ကြိ–၁၊(အိမ်စသည်မှ) ထွက်ခွာစေသည်။ ၂၊မြင်း၊ လှည်း စသည်ကို ရှေ့လျားစေသည်။ မောင်းသည်။ **~တံ**/နှင်ဒန်/န–(ကျွဲ၊နွားစသည်ကို) ရိုက်မောင်း ရသော တုတ်ချောင်း။ တံဖျာ။

နှင်နှင်၊ကြိဝိ–၁၊စင်စစ်။ ထပ်တူ။ ၂၊သာမန်။ နယ်နယ် ရရ။ သာမည။

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

နှင့်[၃]၊ သမ်- ပုဒ်အချင်းချင်း ဆက်စပ်ပေးသော စကားလုံး။ ဝိ- အသုံးခံပစ္စည်းကို ညွှန်ပြသော စကားလုံး။ "ဓား- ဖြတ်-။"

နှင့်[၄]၊ စည်း-၁၊ 'မ' နှင့် တွဲဖက်၍ တားမြစ်ခြင်း အနက်ကိုပြသော စကားလုံး။ "မသွား-။" ၂၊ကြိုတင်ပြသည်ကို ပြသော စကားလုံး။ "သွား-မယ်။"

နှင်း[၁]၊ ကြိ-ပေးအပ်သည်။

နှင်း[၂]၊ န-ဆောင်းဥတုတွင် စုဝေးကျရောက်တတ်သော ရေမှုန်ရေမွှားစု၊ **~ခါးရိုက်**/နှင်းဂါးယိုက်/ ကြိ-(အပွင့်အသီးများပေါ်သို့) နှင်းမှုန် သည်းထန်စွာကျရောက်ထိခိုက်သည်။ **~ဂူ**/နှင်းဂူ/န-အရေပြားတွင် အဖုအပိမ့် အပုဥ်လိုက်ပေါက်သော ယားနာတစ်မျိုး။ **~ဆီ** /နှင်းဇီ/ န- ရနံ့သင်းပြီး အဖြူရောင်၊ အနီရောင်၊ အဝါရောင် စသည်ပန်းများပွင့်သော ဆူးရှိသည့် ပန်းပင်တစ်မျိုး။ **~ပန်း**[၁] /နှင်းဗန်း/န-၁၊ရိုးတံရှည်၍ မွှေးသောအပွင့်ဖြူပွင့်သည့် ဥရှိသော ပန်းပင်တစ်မျိုး။ ၂၊အနီပွင့်၊ အဝါပွင့် စသည်ပွင့်သော ဥရှိသည့် အပင်ငယ်တစ်မျိုး။ **~ပွင့်**/နှင်းပွင့်/န-အဖတ်လိုက်ကျသော နှင်း။ **~ဖွဲ**/နှင်းဖွဲ/န-မိုးရေပေါက်ကဲ့သို့ တဖွဲဖွဲကျသော နှင်းမှုန်။ **~ရည်**၊န-၁၊နှင်းဆီပန်းမှ ထုတ်ယူသော နံ့သာရည်။ ၂၊အဖျော်ယမကာတွင် ထည့်လေ့ရှိသော အမွှေးရည်။ **~သီး** /နှင်းသီး/ န-၁၊ ချို၍ အရည်ရွှမ်းသော ဖြူစိမ်းရောင် အသီးတစ်မျိုး။ ၂၊လိုက်ချီးသီး။ **~သတ်**၊ ကြိ-နံ့သာနှင်းရည်ဖြင့် ရနံ့ဖွဲ့ပေးသည်။ **~သပ်**၊ ကြိ-နံ့သာနှင်းရည် လိမ်းသည်။

နှင်းပန်း[၂]/နှင်းဗန်း/ ကြိ-[ပေါ] တူညီသည်။

နှောင်၊ကြိ-ဖွဲ့ချည်သည်။ **~ကြိုး**/နှောင်ကျိုး/န-၁၊ရှည်တုပ်ရန်ကြိုး။ ၂၊[ဥပစာ]အနှောင်အဖွဲ့။ **~ချိုင့်** /နှောင်ချိုင့်/န-တိရစ္ဆာန်လှောင်အိမ်။ **~အိမ်**၊န-အကျဉ်းထောင်။ ထောင်၊

နှောင့်၊ကြိ-၁၊အနှောင့်အယှက် ဖြစ်သည်။ ၂၊ကိုယ်စိတ်ဆင်းရဲအောင်လုပ်သည်။ **~နှေး**၊ကြိ-ကြန့်ကြာသည်။ ဖင့်နွဲ့သည်။ **~ယှက်**၊ကြိ-ဝင်ရောက် စွက်ဖက်သည်။ ဖျက်လိုဖျက်ဆီး လုပ်သည်။ ဆင်းရဲ ငြိုငြင်အောင် ပြုသည်။

နှောင်း၊ကြိ-နောက်ကျသည်။ **~စို**၊န-[ပေါ] နှောင်ကြာမြင့်သောကာလ။ **~တန်ခူး**/နှောင်းဒဂူး/န-နှစ်သစ်မဆန်းမီနှစ်ဟောင်း၏ အဆုံးပိုင်းဖြစ်သော တန်ခူးလ။

နှိုင်း၊ကြိ-ယှဉ်ဖက်သည်။ **~နှိုင်း**၊**~ယှဉ်**၊ ကြိ-တစ်ခုနှင့်တစ်ခု ယှဉ်၍ အကောင်းအဆိုး အကျိုးအပြစ်စသည် ချင့်ချိန် တိုင်းတာသည်။ **~ရှည်**၊ ကြိ-[ရှေး] နှိုင်းယှဉ်သည်။ **~သွေး**၊ ကြိ-ယှဉ်ဖက်ခိုင်းနှိုင်းသည်။

နှစ်[၁]၊န-ဆယ့်နှစ်လရှိသော ကာလအပိုင်းအခြား။ **~ကူး**၊ကြိ-နှစ်ဟောင်းမှ နှစ်သစ်သို့ ပြောင်းသည်။ **~ရှည်**၊နဝိ-ဟာစ်နှစ်တာကာလ ကျော်လွန်သော။ **~ရှင်းစွဲ**၊ကြိ-တစ်နှစ်တည်းနှင့် အောင်မြင်သည်။ **~ရှင်းပေါက်**/နှစ်ချင်းပေါက်/ကြိဝိ-တစ်နှစ်တည်းနှင့် အပြီး။ **~ချုပ်**၊န-တစ်နှစ်တာ လုပ်ဆောင်ချက်မှတ်တမ်း။ **~ဆန်းတစ်ရက်**/နှစ်ဆန်းတယက်/န-နှစ်သစ်၏ ပထမဆုံးရက်။ **~တိုး**၊န-သတ်မှတ်ထားသော လုပ်သက်နှစ်ကာလ ပြည့်တိုင်း ပြည့်တိုင်းတိုး၍ရသော ငွေ။ **~ထပ်တိုး**၊နှစ်စဉ်အရင်းငွေတွင် အတိုးငွေထည့်၍ တွက်ယူရသော ငွေဟို။ **~ပရိစ္ဆေဒ** /နှစ်ပရိတ်ဆေဒ/န-နှစ်ကာလ အပိုင်းအခြား။ [မြန်နှစ်+ပါ၊ပရိစ္ဆေဒ] **~ပတ်လည်**/နှစ်ပတ်လယ်/ နဝိ- နှစ်တစ်ပတ်လည်သော။ **~ရှည်လများ** /နှစ်ယှို(ယေ့)လာ့များ/ကြိဝိ-နှစ်လကြာမြင့်စွာ။ **~လည်**/နှစ်လယ်/ကြိ-တစ်နှစ်တာအချိန် ပြည့်မြောက်သည်။ **~လည်ဓါကျူး**/-ဓါကျူး/ကြိဝိ-တစ်နှစ်တာကာလ ကုန်ဆုံးကျော်လွန်လျက်။ **~လုံးပေါက်**/နှစ်လုန်းပေါက်/ကြိဝိ-တစ်နှစ်ပတ်လုံး။ နှစ်ပေါက်။ **~သစ်ကူး**၊န-နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသော ကာလ။ **~ဦး**၊န-နှစ်၏ အဦးအစ ကာလ။

နှစ်[၂]၊န-တစ်နှင့်သုံးအကြားရှိ အရေအတွက်။ ၂။ **~ကုန်းတစ်ကော့**/နကုန်းဒဂေါ့/နဝိ-[အရပ်] ခန္ဓာကိုယ် မခြေပြစ် ကုန်းကော့သော၊ **~ကိုယ်ကြား**/နကိုကျား/ကြိဝိ-(ပြောသူနှင့် နာသူ) နှစ်ဦးသာ ကြားရုံ။ **~ကိုယ်ခွဲ**/နကိုခွဲ/န-ရုပ်ရှင် စသည်တွင် လူ တစ်ယောက်တည်းက နှစ်မျိုးနှစ်သွင် သရုပ်ဆောင်ခြင်း။ **~ကိုယ်တစ်စိတ်**/နကို့ဒစိတ်/ကြိဝိ-စိတ်တူကိုယ်တူ။ **~ကျိပ်ရှစ်ဆူ** /နကျိတ်ယှစ်ဆူ/ န-တဏှင်္ကရာ မြတ်စွာဘုရားမှ ဒီပင်္ကရာမြတ်စွာဘုရားအထိ ပွင့်တော်မူပြီးသော ၂၈ဆူသော ဘုရားများ။ **~ချက်သင့်** /နချက်သင့်/ န- နှစ်မျိုးလုံးနှင့် သင့်လျော်သော အရာ။ **~ချောင်းငင်**/နချောင်းငင်/ ကြိ-အက္ခရာ၏ အောက်တွင် ဉ သရသင်္ကေတအဖြစ် မျဉ်းမတ်နှစ်ချောင်းရေးသည်။ န-ယင်းသို့ ရေးထားသော မျဉ်းမတ်နှစ်ချောင်း၊ ူ။ **~ထပ်ကိန်း** /နထတ်ကိန်း/န-[သင်္ချာ]ဂဏန်းတစ်ခုကို ယင်းဂဏန်းဖြင့်ပင် မြှောက်ရန် ဂဏန်းအထက်တွင် သင်္ကေတအဖြစ်ပြသော ၂ ဂဏန်းငယ်။ **~ထပ်သက်န်း**/နထတ်သင်ဂန်း/န-နှစ်ထပ်စပ်၍ ချုပ်ထားသော သင်္ကန်းကြီး။ ဒုကုဋ်၊ **~ပါးနုံ**/နပါးနုန်/

မာတိကာသို့ ►►►

http://www.lknt11.com ...

န–လင်နှင့် မယားနှစ်ဦး အစုံအလင်။ **~ပါးစုံမွေး** /နပါးဇုန်မွေး၊ နမဇုန်မွေး/ န– အခမဲ့တူအမေတူ သားသမီး။ **~ပါးသွား**/နပါးသွား/န–ဓာတ်သဘင်တွင် မင်းသားနှင့် မင်းသမီးတွဲ၍ သီဆိုကခုန်ခြင်း။ /နပါးသွား/ကြိ– [ဥပစာ] ကွယ်ရာတွင် ချစ်ခန်းကြိုက်ခန်း ဖွင့်သည်။ /နပါးသွား/နဝိ–နှစ်ထပ်၊ နှစ်ပာန်းပါသော။ " ~လက်ခွပ်။ ~ထွန်။" **~ပေါက်** /နပေါက်/န–[ဂီတ]၁၊အသံခုနစ်ပါးတွင် တစ်ပေါက်အောက် တစ်ဆင့်နိမ့်သော အသံ။ ၂၊ယင်းအသံဖြင့် မူတည်သည့်သံစဉ်။ **~ပေါက်တစ်ပေါက်ရိုက်**/–ဒဗောက် ယိုက်/ကြိ–[ဥပစာ] လက်တစ်လုံးခြား လိမ်လည်သည်။ **~ပတ်လျှို**/နပတ်ယှို/န–ဆံပင်ကို နှစ်ပတ် ပတ်၍ ထုံးဖွဲ့သော ဆံထုံးနည်း။ **~ဖက်ချွန်**/နဖက်ချွန်/န–၁၊ရန်သူကိုပစ်ရန် အစွန်းနှစ်ဖက် ချွန်ထားသော သစ်သားချောင်း။ ၂၊[ဥပစာ] ဟိုဘက် သည်ဘက် နှစ်ဖက်စလုံးတွင် ပါဝင်တွင်ကျယ်သူ။ **~လုံးမြွေး**/နလုန်းဗျူး/န–ဖြောင်းရှည်နှစ်ခုတွဲလျက် ပါရှိသော သေနတ်။

နှစ်[၃]ကြိ–၁၊ရေစသည်တွင် နှစ်စေသည်။ မြှုပ်သည်။ ၂၊နစ်နာစေသည်။ နိုပ်စက်သည်။ ကြိဝိ–ဖွတ်မိုတ်လျက်။ အနစ်နာခံလျက်။ **~မြိုက်**၊ ကြိ–သဘောကျနှစ်သက်သည်။ **~ခြင်းမင်္ဂလာ**၊ န–လူကို ရေတွင်နှစ်ခြင်းဖြင့် ခရစ်ယာန်ဘာသာတွင်းသို့ သွတ်သွင်းသော မင်္ဂလာ။ **~တောင်းအားရ**၊ ကြိဝိ ဝမ်းသာအားရ။ ဝမ်းပန်းတသာ။ **~နှစ်ကာကာ** /နှစ်နှစ်ကာဂါ/ ကြိဝိ– လေးလေးနက်နက် လှိုက်လှိုက်လှဲလှဲ။ **~မြို့**၊ ကြိ–နှစ်သက်သဘောကျသည်။ **~ရှောင့်နှစ်ရှား**၊ ကြိဝိ–[ပေါ]နှစ်သက်စွာ။ **~လို့**၊ ကြိ–သဘောကျသည်။ နှစ်သက်သည်။ လိုလားသည်။ **~သက်**၊ ကြိ–ကြိုက်သည်။ သဘောကျသည်။ မြတ်နိုးသည်။ **~သိမ့်**၊ကြိ–ကျေနပ်သည်။ ကျေနပ်အောင်ပြုသည်။ **~သိမ့်ဆု**၊ န–သတ်မှတ်ထားသော ဆုများမှတစ်ပါး နှစ်သိမ့်သည့်အနေဖြင့် ချီးမြှင့်သောဆု။

နှတ်[၁]၊န–လွန်းကို ထိုးပစ်ရန် ရက်ကန်းအတိုင်ချည်အထက်အောက် နှစ်လွှာကွဲအောင် ခွဲပေးသော အတိုင်ချည်ထိန်း ကိရိယာ။ **~ကောက်**၊ကြိ–၁၊ အတိုင်ချည်များကို နှတ်ပေါက်ထဲသို့ သွင်းယူသည်။ ၂၊ကျစ်ထားသောချည်ကို နှတ်ဖြစ်အောင် လုပ်သည်။ **~ကျော်**၊ကြိ–နှတ်များ၏ ချွတ်ယွင်းမှု၊ ဖောက်ချည်မှန်မှန် မဝင်မှုတို့ကြောင့် အထည်သား မမှန် ဖြစ်သည်။ **~ကြိုး**၊ န–လွန်းထိုးရန် ရက်ကန်း အတိုင်ချည် အထက်အောက် နှစ်လွှာကွဲအောင် ခွဲပေးသော ချည်မျှင်စု။ **~ကြောင်း**၊န–၁၊ကုလားဖန် ထိုးယားသော ဖဲချပ်ပုံတွင် တစ်ဖက်သားကို လှည့်ဖြားရန် အရာပေးထားသော အကြောင်း။ ၂၊(ဝက္ကူ စသည်တွင်) ဖြတ်လိုသည့် နေရာ၌ အရာပေးထားသော အကြောင်း။ **~ကွင်း** ၊န–အတိုင်ချည်ပင် သွင်းရသည့် နှတ်တွင်ပါသော အကွင်း။ နှတ်ပေါက်။ **~ဆံ**၊န–နှတ်ကောက်သော ချည်မျှင်။ **~ဆွဲသွား**၊န–နှတ်လွှားများကို ဆွဲထားရာ စက်သီး။ **~ထိုး**၊ကြိ–ကျစ်ထားသော ချည်မျှင်ဖြင့် နှတ်ပြုလုပ်သည်။ **~ပိုးတံ**/နှတ်ပိုးဒန်/ –နှတ်သီတံ တောင့်တင်းအောင် ပိုးထားသော တုတ်တံ။ **~မောင်း**၊န–နှတ်ချိတ်နှင့် ခြေနင်းကြားရှိ မောင်းတံ။ **~လွှား**၊ န– ရက်ကန်းရက်ရာ၌ အတိုင်ချည်ကို အထက်အောက် ကွဲအောင် ခွဲပေးသော နှတ်အစုံ။ **~သီတံ**/နှတ်သီဒန်/န–နှတ်ကောက်ရာတွင် နှတ်များကို သီထားသော ဝါးတံ။

နှတ်[၂]၊ကြိ–နှာမှုန့် စသည်ကို နှာခေါင်းတွင်းသို့ မှုတ်သွင်းသည်။

နှုတ်၊န–၁၊ခံတွင်း။ ပါးစပ်။ ၂၊[ဥပစာ]နှုတ်မှထွက်သော စကား။ **~ကတိ**/နှုတ်ဂဒိ/န–နှုတ်ဖြင့်ပေးသော ကတိ။ **~ကပါဋ်**/နှုတ်ဂဗတ်/န–မုက္ခပါဋ်ရှု။ [မြန်၊ နှုတ်+ပါ၊မုက္ခပါဋ်] **~ကျိုး**၊ကြိ–ပြောကျင့်၊ ခေါ်ဝေါ်ကျင့် ရှိနေသည်၊ ပြောကျင့်ပါနေသည်။ **~ခမ်း** /နှုတ်ခန်း၊နခန်း/န–၁၊ခံတွင်း၏ အပြင်စွန်းအသားစု။ ၂၊တွင်း၊ ခွက် စသည်၏ အဝပတ်လည်အနားသား။ **~ခမ်းစူ**/နခန်းစူ/ကြိ–နှုတ်ခမ်းကိုစူ၍ သဘောမကျ မနှစ်သက်ကြောင်းပြသည်။ **~ခမ်းတလန်ပန်းတလန်**/နခန်းတလန်ပန်းတလန်/ကြိဝိ–ဒေါနှင့်မောနှင့်။ **~ခမ်းသား**/နခန်းသား/န–မုန့်စသော အပြားအချပ်တို့၏ အနားသား။ **~ချို**၊ကြိ–စကားကို ချိုသာစွာပြောဆိုတတ်သည်။ **~ခြည်**၊န–[ကဗျာ] ၁၊စကား။ ၂၊စကားအရိပ်အခြည်။ **~ခွန်းဆက်**၊ကြိ–လူချင်းတွေ့သောအခါ ပျူငှာစွာ စကားဆိုသည်။ **~ငုံ**၊ကြိဝိ–(စာကို) အလွတ် (ရသည်)။ နှုတ်တက်(ဆောင်သည်)။ န–[ဥပစာ] ကိုယ်ဝန်ပဋိသန္ဓေ။ **~စလျှာစ**/နှုတ်စာ့ယှာဇာ့/န– စကားအပြောအဆို စွမ်းရည်။ **~စောင့်**၊ကြိ–စကားပြောရာ၌ ထိန်းသိမ်းစောင့်စည်း သတိထားသည်။ နှုတ်လုံသည်။ **~ဆော့**၊ကြိ–စကားပြောဆိုရာတွင် ထိန်းသိမ်းစောင့်စည်းမှု ကင်းသည်။ **~ဆက်**၊ကြိ–တစ်ဦးနှင့်တစ်ဦး တွေ့ဆုံသောအခါဖြစ်စေ၊ ခွဲခွာသောအခါဖြစ်စေ ပျူငှာစွာ ပြောဆိုသည်။ **~တက်**၊ကြိ–၁၊စာကို အလွတ်ရသည်၊အာဂုံဆောင်သည်။ ၂၊စာကို အလွတ် ရအောင် ကျက်သည်။ **~တက်ရ**၊ကြိ–(စာကို) အလွတ် ဆိုနိုင်သည်။အာဂုံဆောင်သည်။ **~တိုက်**၊ ကြိဝိ–ဆိုပြသည်ကိုလိုက်၍ ဆိုစေလျက်။

မာတိကာသို့ ▶▶▶

http://www.lknt11.com

"~ချ။ ~သင်။" **~နည်း** /နှတ်နဲ/ကြိ-စကား အပြောအဆို နည်းသည်။ စကားနည်းသည်။ **~ပူလက်ကြမ်း**၊ ကြိဝိ-မောင်းမဲ ရိုက်ပုတ်လျက်။ **~ပေါ့**၊ ကြိ-၁၊ စကားကို သွက်သွက်လက်လက် ပြောဆိုတတ် သည်။ ၂၊စကားကို ပေါ့ပေါ့တန်တန် ပြောဆိုတတ်သည်။ **~ပိတ်**၊ကြိ-၁၊မပြောမဆိုဘဲ ဆိတ်ဆိတ်နေသည်။ ခရင့်နေသည်။ ၂၊ မပြော မဆိုရန် တားမြစ်သည်။ **~ပိတ်ခ**၊န-မသိစေလိုသော စကားကို မပြောအောင် ပေးရသော ငွေကြေး။ **~ပွား**၊ ကြိ-၁၊ တွေ့ကရာစကား ပြောသည်။ ၂၊ နှုတ်မလုံ။ **~မိန့်**၊ န-နှုတ်ဖြင့်ပေးသော အမိန့်၊ **~မှုပညာ**/နှုတ်မှု ပျင်ညာ/ န-အပြောအဆို၊ အရွတ် အဖတ်တို့နှင့် စပ်လျဉ်းသော ပညာ။ **~ရဲ**၊ကြိ-ပြောဝံ့ဆိုဝံ့ရှိသည်။ **~လေး**၊ကြိ-၁၊အလွယ်တကူ ပြောဆိုလေ့မရှိ တုံ့ဆိုင်းသည်။ ၂၊ စကား ပြော ဆိုရာတွင် သွက်လက်မှုမရှိ နှေးကန်သည်။ **~လုံ**၊ ကြိ- မပြောသင့်သည့် စကားကို မပြောဘဲ စောင့် ထိန်းသည်။ **~လှံ့ဆိုး**၊ကြိ-[ဥပစာ] မခံသာအောင် ပြောဆိုသည်။ မိဘဆရာ စသည့်တို့ကို ပြန်ခံ ပြောဆိုသည်။ [ပါပြန်]မူလသတ္တိ ဂိကုဒန] **~သီး**၊န-၁၊ကြက်၊ ခွေး စသည်၏ ပါးစပ်တွင် ရှုထွက် နေသောအစိတ်အပိုင်း။ ၂၊ ကရား စသည်၏ ရေ သွန်ရာ ပြွန်ပိုင်း။ **~သီးကောင်း**၊ကြိ- ရန်တွေ့ စကား ပြောတတ်သည်။ စွာသည်။ **~သီးကောင်း လျှာပါး**/နှုတ်သီးဂေါင်းယှာဗား/ကြိဝိ-သွက်သွက် လက်လက်အချက်ကုကျ ရန်တွေ့ပြောဆိုတတ် လျက်။

နှန့်၊ကြိ-(လူ့ရှုး၊ ခွေးမြီးကို) လှုပ်အောင်ပြုသည်။

နှန်း၊ကြိ-[ပေါ]နှိုင်းခိုင်းသည်။ န-၁၊အရေအတွက်၊ ပမာဏ၊ အရှိန်အဟုန်စသည်ကို တစ်ပြေးညီ သတ်မှတ်ချက်။ ၂၊အလားတူ၊ ပုံစံတူ။ **~ထား** /နှုန်းဒါး/န-၁၊သတ်မှတ်ထားသော အဖိုးအခ။ ၂၊အရေအတွက်၊ အရှိန်အဟုန်စသည်ကို တစ်ပြေးညီ သတ်မှတ်ချက်။ **~ဖွဲ့**၊ကြိ-နှိုင်းနှိုင်းစပ်ဆိုသည်။

နပ်[၁]၊န-နှာခေါင်းမှ ထွက်သော အကျိအချွဲ။ **~ချ**၊ကြိ-သူတစ်ပါးထိခိုက်နစ်နာအောင် လိမ်လည်လှည့်ဖြား သည်။ **~ရှူ**၊န-အစေ့ကို ဝမ်းနှုတ်ဆေး ဖော်ဝပ် ရာတွင်သုံးရသောအပင်။ **~ပစ်ခံရ**/နှုတ်ပျစ်ခံယာ/ ကြိ-[ဥပစာ] (အပွဲပွဲတွင် အနိုင်အသာရလာခဲ့ပြီးမှ ဤပွဲတွင်) အရေးနိမ့်သည်။

နပ်[၂]၊ကြိ-၁၊ယမင်း၊ ဟင်း စသည်တို့ကို နူးနပ်အောင် လုပ်သည်။ ၂၊လက်ဖက်ခြောက်၊ ဆေးရွက်ကြီး စသည်ကို လိုအပ်သော အခြေအနေသို့ရောက်အောင် ပြုပြင်သည်။ ၃၊[အရပ်]အယုံသွင်းပြီး လှည့်ဖြား သည်။ တစ်ပတ်ရိုက်သည်။ ၄၊[အရပ်]အရသာခံ၍ မှိန်းနေသည်။

နိပ်၊ကြိ-၁၊အပေါ်ကစီး၍ ဖိသည်။ ၂၊အညောင်း ပြေအောင် ကိုယ်လက်တို့ကို လက်ဖြင့်ဖိညှစ် ဆုပ်နယ်ပေးသည်။ ၃၊အောက်ခံအရာတွင် တံဆိပ် စသည် အမှတ်အသားပေါ်အောင် ဖိပေးသည်။ ၄၊[ဗန်း]စားသည်၊ သောက်သည်။ ၅၊[ဗန်း] ရိုက် သည်။ နှက်သည်။ နှိမ်သည်။ **~ကြယ်သီး**/နှိတ် ကျယ်သီး/န-ဖိနှိပ်၍ တပ်ရသော ကြယ်သီး တစ်မျိုး။ **~ကွပ်**/နှိတ်ကွတ်/ကြိ-ဖိနှိပ်ဆုံးမသည်။ **~စက်**၊ကြိ-ညှဉ်းဆဲသည်။ အနိုင်အထက်ပြုသည်။ **~နယ်**၊ကြိ-၁၊ဖိနှိပ်ဆုပ်နယ်သည်။ ၂၊နှိမ့်ချ ပြောဆို သည်။

နမ်း[၁]၊န ဆီကြိတ်ရသော အစေ့ငယ်များထွက်သည့် အပင်ငယ်။ **~ကြီး**/နှန်းဂျီး/န-ရက်ပေါင်း ၁၀၀မှ ၁၂၀အထိ သက်တမ်းရှိသော နှမ်းမျိုး။ **~ကြတ်** /နှန်းဂျတ်/ န- အဝတ်ရက်ရသော လျှော်နှင့် ဆီထုတ်ရသော အစေ့ထွက်သည့်အပင်၊ (ဇီဇဝါ လည်းရှု) **~ခါ**၊ကြိ-ယောင်ထားသော နှမ်းပင်များ ခြောက်သောအခါ အစေ့ထွက်အောင် တုတ်ဖြင့် ရိုက်ခါသည်၊ **~ထောင်း**/နှန်းဒေါင်း/န-နှမ်းပျော် နှင့် ဆားရော၍ ထောင်းထားသော အရာ။ **~ပျစ်** /နှန်းဗျစ်/န-ထန်းလျက်နှင့် နှမ်းလှော်ရော၍ လုပ် ထားသော စားဖွယ် အခဲအပျဉ်။ **~ဖတ်**/နှန်းဗတ်/ န-နှမ်းကို ဆီကြိတ်ရာမှ ကျန်ရစ်သော အဖတ်။ **~ဖတ်ကျောက်**/-ကျောက်/န-လမ်းခင်းရာတွင် အသုံးပြုသော မီးသင့်ကျောက်တစ်မျိုး။ **~ဖတ်ချဉ်** /န(နှန်း)ဗတ်ချင်/ န- အချဉ် တည်ထားသော နှမ်းဖတ်။ **~ဖြူး**၊ကြိ-[ဥပစာ] သူတစ်ပါးလုပ်၍ ပြီးစီးလုနီးဖွင် ယူတော်လူဘတ် ဝင်လုပ်သည်။ **~လျှင်**/နှန်းသင်/န-ရက်ပေါင်း ၆၀ မှ ၁၀၀ အထိ သက်တမ်းရှိသော နှမ်းမျိုး။

နမ်း[၂]၊ကြိ-ရှူးပေါ်ပေါ် ဖြင်သည်။

နဝိ-အရောင်အသွေး ဖျော့သော။ "ပြာ ~။ နီ ~။"

နှိမ်၊ကြိ-၁၊နိမ့်ကျစေသည်။ ဖိနှိပ်သည်။ ၂၊ရှုတ်ချ ပြောဆိုသည်။ ၃၊ရရန်ရှိသော အကြွေးကို ပေးရန် ရှိသည့် အထဲမှ နုတ်ယူသည်။ **~နင်း**၊ကြိ- ရန်စသည်ကို ဖိနှိပ်ဖြိုဖျက်သည်။

နှိမ့်၊ကြိ-နိမ့်ကျအောင် လုပ်သည်၊ နိမ့်စေသည်၊ **~ချ**၊ ကြိ-ထောင်လွှားတက်ကြွခြင်း ကင်းအောင်ပြုသည်။

နယ်၊စည်း-၁၊တုသည့်အဖြစ်ကိုပြသော စကားလုံး။ ကဲ့သို့။ သဖွယ်။ လို။ ၂၊သည်းညှုသံ အပြစ်တင်သံ ပါသော စကားလုံး၊ **~နယ်**၊ **~နယ်ရရ**၊ ကြိဝိ- သာမန်။

မာတိကာသို့ ▶▶▶

နှာ၊ကြိ-အခွံ၊ အမြေး၊ အရေစသည်ကို တွယ်ကပ်နေရာမှ ခွာဆုတ်သည်။
နွေး^၁၊ကြိ-၁၊ပူနွေးအောင် လုပ်သည်။ နွေးစေသည်။ ၂၊ကျက်ပြီး၊ မှတ်ပြီးသည်တို့ကို ပြန်လည်လေ့ကျင့်သည်။
နွှေး^၂၊ကြိ-အခွံကိုနွှာသည်။
နွဲ့၊ကြိ-၁၊အများနှင့်အတူ ပါဝင်ဆောင်ရွက်သည်။ ၂၊ကိုင်းညွတ်ယိမ်းနွဲ့အောင်ပြုသည်။ ၃၊ပူးယှက်ယှဉ်တွဲသည်။
နှံ့၊ကြိ-ပျပ်ဝပ်အောင် ပြုသည်။ နှံ့စေသည်။
နွှင်၊ကြိ-အခွံစသည်ကို နွှာသည်။
နွယ်၊ကြိ-ဆက်သွယ်သည်။ နွယ်စေသည်။

ပ

ပ^၁၊န-ဗျည်းသုံးဆယ့်သုံးလုံးတွင် နှစ်ဆယ့်တစ်လုံးမြောက် ဗျည်း။ (ပစောက်ဟု ခေါ်သည်။)
ပ^၂၊ကြိ-၁၊ကွယ်ပျောက်သည်။ ၂၊ဖယ်ရှားသည်။ ၃၊ကြဉ်သည်။ **~ကာသား** /ဗဂါသား/န-သစ် အကာသား။ **~လပ်** /ပါ့လတ်/ကြိ-ကင်းလွတ်ခွင့်ပေးသည်။ "ဤအမှုကို ~စေ။" **~လပ်မြေ**/-မျေ/န- မစိုက်မပျိုးဘဲ အလွတ်ထားရသည့် မြေ။ **~လွှား** /ပါ့လွှား/ကြိ-ဝင့်ဝါသည်။ ကြွားဝါသည်။
ပ^၃၊ကြိ-ထွန်းတောက်သည်။ စည်း-ကြိယာကို လေးနက်စေသော စကားလုံး။ "ပြော ~။ ချီး ~။"
ပ^၄၊ကြိ-ပူဇော်သည်။ "နတ် ~~။" **~သ**/ပါ့သ/ကြိ- တင်မြှောက်ပူဇော်သည်။
ပ^၅၊စည်း-[အပြော] ပါ့နှင့်အတူတူ။
ပ^၆၊န-ပေယျာလကို အတိုရေးသော အမှတ်အသား တစ်မျိုး။
ပကတိ/ပဂဒိ/န-ပင်ကိုသဘော။ [ပါ၊ပကတိ]
ပကတူး/ပဂဒူး/န-အစအဦး။ ရှေးဦးကာလ။ [ပါ၊ ပကတူပနိဿယ/ပကတိ]
ပကာသန၊န-ပေါ်လွင်ထင်ရှားအောင် ဂုဏ်ဖော်ပြသမှု။ [ပါ၊ပကာသန]
ပကာသနိယာကံ/ပကာသနိယာ့ကန်/န-၁၊ထိုပုဂ္ဂိုလ်၏ အပြုအမူသည် ထိုပုဂ္ဂိုလ်နှင့်သာဆိုင်သည်ဟု အထင်အရှား ပြုခြင်း။ ၂၊[အရပ်] ရပ်ဟန်းတစ်ပါးပါးအား သံဃာက ဝိုင်းကြဉ်ခြင်း။ [ပါ၊ပကာသနိယ-ကမ္မ]
ပခုံး၊န-လက်မောင်းရင်းနှင့် လည်ပင်းကြားရှိ ကိုယ်အစိတ်အပိုင်း။ **~ချင်းယှဉ်**/ပခုန်းကျင်းယှင်/ကြိ-[ဥပစာ]တန်းတူပြု၍ ယှဉ်ပြိုင်သည်။
ပချြပ်၊န-နှီး၊ ထန်းခေါက် စသည်တို့ဖြင့် ပြုလုပ်သည့် အဖုံးပါ ထည့်စရာတစ်မျိုး။

ပဂေး၊န-ဆိုဖွယ်မရှိအောင် သာလွန်သူ။ [ပါ၊ပဂေဝ]
ပင်္ဂိ၊န-ကိုယ်ပေါ်တွင် အနံ့မာရှုပ်ချပ်ကို ကန့်လန့်နစ်သော ထပ်ထားသည့် ဘဲဥခြမ်းပုံရှိ ခရုမျိုးဝင် ပင်လယ်သတ္တဝါ။
ပစားပေး/ပါ့စားပေး/ကြိ-ပါစားပေးရှု။
ပစီပစပ်/ဗစိဗဇတ်/ကြိဝိ-တစ်မျိုးပြီးတစ်မျိုး ထွေထွေရာရာ ပြောင်းလဲပြောဆိုတတ်လျက်။
ပစေးပအူ၊န-[ပေါ] မရိုမသေ မချေမငံသော စကား။
ပဆစ်၊န-ကြွေစေ့ခြောက်စေ့ပစ်၍ ဝိုကို အကွက်ရွှေ့ကစားရသည့် ကစားနည်း။ [ဟိန္ဒီ၊ပစိသ်] **~အိမ်**၊န-ပဆစ်ကစားရာတွင် ဝိုရွှေ့ရန် အကွက်ပါသော အခင်း။
ပဆုပ်ပနီ၊န-နကျယ်ကောင် အမျိုးအစားဝင် အဆိပ်ပြင်းသော ပိုးကောင်ပျံတစ်မျိုး။
ပဇာ၊နစ-အဘယ်။ မည်သည်။ ဘာ။
ပဉှာ/ပျင်ညာ/န-အမေး။ မေးခွန်း။ ပြဿနာ။ "မိလိန္ဒ ~။" [ပါ၊ပဉှာ]
ပညဝါ/ပျင်ညဝါ/န-ပညာရှိ။ [ပါ၊ပညဝါ]
ပညာ/ပျင်ညာ/န-၁၊ခွဲခြမ်းသိမြင်နိုင်သော အသိဉာဏ်။ ၂၊အတတ်။ [ပါ၊ပညာ] **~တော်သင်**/-ဒေါ်သင်/န-သက်ဆိုင်ရာ အထောက်အပံ့ဖြင့် နိုင်ငံခြားသို့ သွားရောက်၍ ပညာသင်သူ။ **~ပေး**/-ပေး/ကြိ-၁၊ပညာသင်ပေးသည်။ ၂၊ပြည်သူ့ကျင့်ဝတ်ကို နားလည်လိုက်နာအောင် ဆုံးမသည်။ **~ပြ**/-ပျ/ကြိ-ပညာစွမ်းကို တမင်ဖော်ထုတ်သည်။ **~ရပ်**/-ယတ်/န-ပညာအမျိုးအစား။ **~ရှိ**/-ယှိ/န-ဉာဏ်ပညာ အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံသူ။ **~ရှင်**/-ယှင်/ န-ပညာတစ်ရပ်ရပ်ကို တတ်မြောက်ကျွမ်းကျင်သူ။ **~သားပါ**/-သားပါ/ကြိ-ပညာစွမ်းကို ထိရောက်စွာ အသုံးပြုထားသည်။ **~သင်နှစ်**/-သင်နှစ်/န-စာသင်တန်းတစ်ခု စတင်သည်မှ ဆုံးသည်အထိ တစ်နှစ်တာအပိုင်းအခြား။ **~သည်**/-သယ်/န-၁၊ပညာရှင်။ ၂၊စုန်း။
ပညောင်/ပျင်ညောင်/န-ပြစ်ပျဉ်းများရှိသည့် ညောင်ပင်ကြီးတစ်မျိုး။
ပညတ်/ပျင်ညတ်/ကြိ-၁၊ ခေါ်ဝေါ်သမုတ်သည်။ ၂၊ ပြဋ္ဌာန်းသည်။ ၃၊ ဥပဒေ၊ စီနည်း စသည်ဖြင့် တားမြစ်သည်။ န-အခေါ်အဝေါ်။ [ပါ၊ပညတ္တိ]
ပဋိဃာတ်/ပတိဂတ်/န-အခဲမကျေနိုင်သော ဒေါသ အမျက်။ [ပါ၊ပဋိဃာတ]
ပဋိဇီဝဆေး/ပဋိဇီပါ့ဆေး/န-ရောဂါပိုးကို သုတ်သင်နိုင်သောဆေး။ [ပါ၊ပဋိ+ဇီဝ+မြန်၊ဆေး]
ပဋိညာဉ်/ဗဒိန်ညင်/န-ဝန်ခံခြင်း။ ကတိပြုခြင်း။ [ပါ၊ ပဋိညာ]

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ပဋိပက္ခ/ပတိပက်ခ/န–ဆန့်ကျင်ဘက်။ ဆန့်ကျင်ခြင်း။ [ပါ၊ပဋိပက္ခ]

ပဋိပတ်/ပတိပတ်/န–အကျင့်တရား။ ပဋိပတ္တိ။ [ပါ၊ ပဋိပတ္တိ]

ပဋိဘာန်/ပတိဗန်/န–ထက်မြက် ဖျတ်လတ်သော ဉာဏ်။ [ပါ၊ ပဋိဘာန]

ပဋိလောမ/ပဋိလောမာ့/န–ပြောင်းပြန်အစဉ်။ ပဋိလုံ။ [ပါ၊ ပဋိလောမ]

ပဋိဝေဓ၊န–၁၊ထိုးထွင်း၍သိခြင်း။ ၂၊ရှာန်တရား၊ မဂ်တရား၊ ဖိုလ်တရားတို့ကို ရရှိခြင်း။ [ပါ၊ပဋိဝေဓ]

ပဋိသေဓပုဒ်/ပတိသေဒါပုတ်/န–တားမြစ်ခြင်း အနက်ကိုပြသောပုဒ်။ [ပါ၊ ပဋိသေဓ+ ပဒ]

ပဋိသန္ဓာရစကား/ပတိသန်ဒါရာဇကါး/န– ရင်းနှီးပျူငှာစွာ ပြေပြေပြစ်ပြစ် ပြောဆိုသော စကား။ [ပါ၊ ပဋိသန္ဓာရ +မြန်၊ စကား]

ပဋိသန္ဓေ/ပတိသန်ဒေ၊ ဗဒိတ်သုဒေ/န–၁၊ဘဝသစ်၌ ဖြစ်ခြင်း။ ၂၊ကိုယ်ဝန်။ [ပါ၊ ပဋိသန္ဓိ]

ပဋိစ္စသမုပ္ပာဒ်/ဗဒိတ်စာ့သမုတ်ပတ်/န–(ဗုဒ္ဓဟောကြားတော်မူသော) ကြောင်းကျိုးဆက် သဘောတရား။ [ပါ၊ပဋိစ္စသမုပ္ပာဒ]

ပဌာမ၊ န–၁၊ရှိမိုးခြင်း။ ၂၊ရှေးဦး။ အစ။ အချီး။ [ပါ၊ပဌာမ]

ပဏ္ဍာပန၊ န–ငရဲကြီးရှစ်ထပ်တွင် တာပနငရဲအောက် ယူဇနာ ၁၅၀၀၀ ဝေးကွာသော သတ္တမငရဲ။ [ပါ၊ ပတာပန]

ပတ္တူ/ဗဒူ/န–မှားတူရူ။

ပတူပယင်၊ကြိဝိ–[ပေါ]မွဲ့.ဖွဲ့.နွဲ့.နွဲ့.။

ပတေပတာ၊ကြိဝိ–[ဖပေါ]ရှိရှိသေသေ။

ပတဲကော /ဗဒဲဂေါ/ န– ပုစပ်ခါးအရသာရှိသည့် ဥမြစ်သုံး ဆေးပင်တစ်မျိုး။

ပတောက်/ဗဒေါက်/န–၁၊ နီးစသည်ဖြင့် ရက်သော ခြင်းငယ်တစ်မျိုး။ ၂၊ [ဒေသ] တစ်လမယ် ရှိသော ချင့်ဝန်။

ပတောက်ပရစ်/ဗဒေါက်ပယစ်/ကြိဝိ–တဖျစ်တောက် ဟောက်(ပြောသည်)။

ပတတ်ရပ် /ဗဒတ်ယတ်/ ကြိ– ရှေ့ခြေနှစ်ချောင်းကို မြှောက်လျက် နောက်ခြေနှစ်ချောင်းဖြင့် ရပ်သည်။

ပတုန်ပလှဲ၊ကြိဝိ–[ပေါ] အကုန်အစင်။ အလုံးစုံ။

ပထမ၊နဝိ–အစဖြစ်သော။ အဦးဖြစ်သော။ [ပါ၊ပဌမ] **~ကျော်**/ပထမကျော်/န–ပထမပြန် စာမေးပွဲတွင် အမှတ်အများဆုံးနှင့် အောင်မြင်သော ပုဂ္ဂိုလ်။ **~ပြန်စာမေးပွဲ**/ပထမဗျန်စာမေးဗွဲ/န–ပ ဋ္ဋိဘာသာဆိုင်ရာ ကျမ်းစာများကို ပြန်ဆိုဖြေကြားရသည့် စာပြန်ပွဲတစ်မျိုး။ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်ဟူ၍ သုံးပိုင်းခွဲခြားသည်။)

ပထဝီ၊န–၁၊မြေဓာတ်။ မြေကြီး။ ၂၊ပထဝီဝင် နှင့် အတူတူ။ [ပါ၊ပထဝီ] **~ကြော** /ပထဝီကျော/ န–ခြေဖဝါး အလယ်ရှိ အကြော။ **~ဝင်**၊န–ကမ္ဘာမြေနှင့် စပ်လျဉ်းသော ပညာရပ်။ [ပါ၊ပထဝီ+ဝံသ]

ပထွေး၊န–မိခင်၏ နောက်လင်။

ပဒ/ဗဒ/န–ကဗျာလင်္ကာတွင် လေးလုံးငါးလုံးစသည် ပိုင်းခြားသော စကားလုံးအစု။ [ပါ၊ပဒ]

ပဒေသရာဇ်/ဗဒေသရစ်/န–နယ်မြေဒေသ တစ်ခုခုကို ပိုင်စိုးသော အရှင်သခင်။ [ပါ၊ပဒေသရာဇ] **~စနစ်** /–စနစ်/ န–ဘုရင်၊ မြို့စားစသည်တို့က ကုန်ထုတ် အရင်းအနှီးများကို ပုဂ္ဂလိက ပစ္စည်းအဖြစ် ပိုင်ဆိုင် ခြယ်လှယ်သော လူနေမှုစနစ်။

ပဒေသာပင်/ဗဒေသာ(သု)ဗင်/န–၁၊[ကျမ်းဂန်] အလိုရှိရာကို ဆွတ်ယူ သုံးဆောင်နိုင်သော မြောက်ကျွန်း၏ အထိမ်းအမှတ် သစ်ပင်။ ၂၊လှူဖွယ်ပစ္စည်းမျိုးစုံကို ဝေဖြာအောင် ဆွဲဆင်ထားသောအရာ။ [သပြန်၊ကပ္ပ+ဝဿ ကွ–မြန်၊အပင်]

ပဒိုး/ဗဒိုး/န–ကျွဲချိုစသည်ဖြင့် လုပ်ထားသည့် မှုတ်စရာကိရိယာ။

ပဒေါင်/ဗဒေါင်/န–တိဗက်မြန်မာအုပ်စုဝင် ဘာသာစကားတစ်မျိုးကို ပြောသော မြန်မာတိုင်းရင်းသားတစ်မျိုး။ (ကယားပြည်နယ်တွင် အများအားဖြင့် နေထိုင်သည်။)

ပဒိုင်း/ဗဒိုင်း/န–ခေါင်းလောင်းပုံ အပွင့်ရှိ၍ အသီးခွံတွင် ဆူးရှိသော ပင်ငယ်တစ်မျိုး။ **~ခတ္တာ**/–ခတ်တာ/ န–ပွင့်ချပ်အတွင်းသားဖြူ၍ အပြား ခရမ်းရောင်ရှိသော ပန်းပွင့်သည့်ပဒိုင်းတစ်မျိုး။ ပဒိုင်းညို။

ပဒုမ္မာ/ဗဒုန်မာ/န–၁၊ရိုးတံမှာ၍ ဆူးရှိသော၊ အများအားဖြင့် ပန်းရောင်အပွင့်ကြီးပွင့်သော ကြာမျိုးငါးပါးဝင် ကြာတစ်မျိုး။ ၂၊ပါးလှပ်သော ချည်ခေါ ပိတ်တစ်မျိုး။ [ပါ၊ပဒုမ]

ပဓာန/ဗဒါနာ/န–၁၊လိုရင်း။၂၊အရေးကြီးသောအချက်။ [ပါ၊ပဓာန]

ပနံ့စား၊ကြိ–၁၊လိုက်ဖက်တင့်တယ်သည်။ ၂၊အဆင်ပြေ ညီညွတ်သည်။ ပနံရသည်။ ပနံသင့်သည်။

ပမာ၊န–ဥပမာ။ [ပါ၊ဥပမာ]

ပမာဏ၊န–အတိုင်းအရှည်။ အရွယ်အစား။ [ပါ၊ပမာဏ]

ပမာဏပြု/ပမာနာ့ပျု/ကြိ–လေးစားသည်၊ဂရုပြုသည်။

ပမာဒလေခ/ပမာဒါ့လေခါ/န–မေ့မှားရေးမိသော အရေးအသား။ [ပါ၊ပမာဒလေခ]

ပမာမခန့်၊ကြိဝိ–ရှိသေလေးစားခြင်း မရှိဘဲ။ မထီလေးစား။ [ပါ၊ပမာဏ+မြန်၊မခန့်]

ပမုန်း၊န–ဆေးဖက်ဝင် အပင်တစ်မျိုး။

မာတိကာသို့ ▶▶▶

ပယောဂ၊နု–၁၊အားထုတ်မှု။ လှုံ့ဆော်မှု။ ၂၊စုန်းအတတ်။ စုန်းအတတ်ဖြင့် ပြုစားနှောင့်ယှက်မှု။ [ပါ၊ပယောဂ]

ပယင်း၊နု–ကြည်လင်သော အစေးမှ ပြောင်းလဲဖြစ်ပေါ်သည့် ဝါညိုရောင်ရှိ ကျောက်တစ်မျိုး။ [ပါ၊ပိယင်္ဂု]
~ရောင်၊နု–ဝါညိုရောင်။

ပယတ် နု–[သဒ္ဒါ]စကားသံ ဖြစ်ပေါ်စေရန် အားထုတ်ရွတ်ဆိုမှု။ [ပါ၊ပယတန]

ပရစေတနာ/ပရာ့စေဒနာ/နု–**အပရစေတနာ**နှင့် အတူတူ။ [ပါ၊အပရစေတနာ]

ပရဆေး /ပရ(ဂ)ဆေး/နု– ဆေးဖက်ဝင်ပစ္စည်း။ [ဟိန္ဒီ၊ပံဆာရီ]

ပရနိမ္မိတဝသဝတ္တီ/ပရာ့နိန်မိကာ့ဝသာ့ဝတ်ကီ/နု–နတ်ပြည်ခြောက်ထပ်တွင် အထက်ဆုံးအထပ်။ [ပါ၊ပရနိမ္မိတ+ဝသဝတ္တီ]

ပရမာဏုမြူ/ပရမာနုမျူ/နု–[ကျမ်းဂန်]အဏုမြူ၏ ၃၆ပုံ ၁ပုံရှိ မြူမှုန်။ [ပါ၊ပရမာဏု+မြန်၊မြူ]

ပရမတ်/ပရမတ်/နု–အဟုတ်အမှန် ခကန်ရှိသော တရား။ [ပါ၊ပရမတ္ထ]

ပရလောက/ပရာ့လောကာ့/နု–သေပြီးနောက်ဖြစ်ရာဘဝ။ တမလွန်ဘဝ။ [ပါ၊ပရ+လောက]

ပရဝဏ်/ပရဝန်/နု–**ပရိဝုဏ်**နှင့်အတူတူ။ [ပါ၊ပရိဝေဏ]

ပရဟိတ /ပရာ့ဟိတာ့/ နု–သူတစ်ပါး အကျိုး။ [ပါ၊ပရဟိတ]

ပရိကံ/ပရိကန်/နု–ရှေးဦး စီမံဆောင်ရွက်မှု။ ကြိုကြင်ပြင်ဆင်မှု။ [ပါ၊ပရိကမ္မ]

ပရိဒေဝ/ပရိဒေဝါ့/နု–ပူဆွေးငိုကြွေးခြင်း။[ပါ၊ပရိဒေဝ]

ပရိနိဗ္ဗာန်စံ /ပရိ(ရိတ်)နိတ်ဗန်စန်/ ကြိ–ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့၏ ခန္ဓာချုပ်ငြိမ်းသည်၊ နောက်ဆုံးဘဝ ချုပ်ငြိမ်းသည်။ [ပါ၊ ပရိနိဗ္ဗာန + မြန်၊ စံ]

ပရိဖိုက်/ပရဖိုက်/နု–သာသနာပ ရဟန်းတစ်မျိုး။ [ပါ၊ပရိဗ္ဗာဇက]

ပရိဘောဂ/ပရိဘောဂါ့/နု–၁၊အသုံးအဆောင်ပစ္စည်း။ ၂၊စားပွဲ၊ ကုလားထိုင်စသည့် အသုံးအဆောင်ပစ္စည်း။ [ပါ၊ ပရိဘောဂ] **~စေတီ**/–စေဒီ/နု–၁၊ မြတ်စွာဘုရား၏ အသုံးအဆောင်ပစ္စည်း။ ၂၊ယင်းတို့ကို ဌာပနာထားရာ စေတီ။

ပရိယေသန/ပရိယေသနာ့/နု–ဝမ်းစာ ရှာမှီးခြင်း။ အသက်မွေးဝမ်းကျောင်းမှု။ [ပါ၊ပရိယေသန]

ပရိယတ်/ပရိယတ်/နု–ပိဋကတ်စာပေသင်ကြားမှု။ ပရိယတ္တိ။ [ပါ၊ပရိယတ္တိ]

ပရိယာယ်/ပရိယယ်/နု–၁၊အဓိပ္ပာယ်တူစကားလုံး။ ၂၊ဆိုလိုရင်းကို သွယ်ဝိုက်ပြောသော စကား။ ၃၊ ဟန်ဆောင်လှည့်စားမှု။ [ပါ၊ပရိယာယ]

ပရိဝုဏ်/ပရေဝုန်/နု–ဘုရားကျောင်းကန် အဆောက်အအုံ၏ အကာအရံ တံတိုင်း။ [ပါ၊ပရိဝေဏ]

ပရိသတ်/ပရိတ်သတ်/နု–လူစုလူဝေး။ [သ၊ပရိမဒ်]

ပရီမီယံ/ပရီမီယန်/နု–အာမခံကြေး။ [လိပ်၊ premium]

ပရု/ပရု/နု–အကြမ်းရိုက်နှိပ်ထားသော ပုံနှိပ်စာ။ [လိပ်၊ proof]

ပရောပရည်၊ကြိဝိ–ဣန္ဒြေမဲ့စွာ အရောတဝင်။

ပရံပရ /ပရန်ပရာ့/နု–အစဉ်အဆက်။ အဆက်ဆက်။ [ပါ၊ပရံပရ]

ပရိုတင်း/ပရိုတင်း/နု–အသားဓာတ်။ [လိပ်၊protein]

ပရိုတွန်/ပရိုတွန်/နု–အဏုမြူ တစ်ခုတွင် ဖွဲ့စည်းပါဝင်သော လျှပ်စစ်အဖိုဓာတ်ဆောင်ဒြပ်မှုန်။ [လိပ်၊ proton]

ပရိက္ခရာ၊နု–ရဟန်းအသုံးအဆောင်ပစ္စည်း။ (၁၊သင်းပိုင် ၂၊ဧကသီ ၃၊နှစ်ထပ်သင်္ကန်း ၄၊သပိတ် ၅၊ပဲခွပ် သို့မဟုတ် သင်တုန်းဓား ၆၊အပ် ၇၊ ခါးပန်းကြိုး ၈၊ရေစစ်ဟူ၍ ပရိက္ခရာရှစ်ပါး ရှိသည်။) [ပါ၊ ပရိက္ခာရ]

ပရိစ္စာဂ/ပရိတ်စာဂါ့/နု–ပေးကမ်းစွန့်ကြဲခြင်း။ [ပါ၊ ပရိစ္စာဂ]

ပရိတ်၊နု–ထက်ဝန်းကျင် ဘေးအန္တရာယ်တို့မှ ကာကွယ်စောင့်ရှောက်တတ်သော ဗုဒ္ဓမြတ်စွာ၏ သုတ်တရားတော်။ [ပါ၊ပရိတ္တ] **~ကြိုး**၊နု–သီးခြားသတ်မှတ်စုပေါင်းထားသည့် ပရိတ်တော် ၁၁ သုတ်ကို ခေါ်သော အမည်။ **~ချည်**၊နု–ရွတ်ဆိုသော ပရိတ်အာနိသင်ရှိသော ချည်။ (ပရိတ်ဆီ၊ ပရိတ်သဲ၊ ပရိတ်ရေ ဟူ၍လည်းရှိသည်။) **~မွန်း**၊ နု–ပရိတ်တော် ဖြစ်ပေါ်လာပုံနှင့် အကျိုးအာနိသင်တို့ကို ရွတ်ဆိုရန် စီကုံးထားသောစာ။

ပရုတ်၊နု အရသာပူ၍ အနံ့အေးသည့် ပရဆေးတစ်မျိုး။ [သ၊ ကပ္ပူရ] **~လုံး**၊နု–ပိုးမွှားကာကွယ်နိုင်သော အနံ့ရှိ အဖြူရောင် အလုံး။

ပရွတ်ဝါ၊နု–မြေတွင်တူး၍ ပေါက်သော ကြွပ်ဆတ်သည့် ဆေးပင်တစ်မျိုး။ [သ၊ပုနနဝါ]

ပရမ်းပတာ/ဗယန်းဗဒါ/ကြိဝိ–ကစဉ့်ကရဲ။ ဖရိုဖရဲ။

ပလာတာ၊နု–ထပ်တစ်ရာ ၂ နှင့်အတူတူ။ [ဟိန္ဒီ၊ပရာဌာ]

ပလာယာ၊နု–သံသေသည်ကို ညှပ်၍ ကိုင်ရန်သုံးသော ကိရိယာ။[လိပ်၊pliers]

ပလီဗောဓ၊နု–ကြောင့်ကြရမှု။ [ပါ၊ပလိဗောဓ]

ပလီ၊ကြိ–၁၊လိမ်လည်လှည့်ပတ်သည်။ ၂၊[ကဗျာ]ထုံးကွဲဆန်းပြားသည်။ **~စီချောက်ချက်**/ပလီစီ ချောက်

http://www.lknt11.com ...

ချက်/န-အမျိုးမျိုး ညာပြန်းပြောဆိုသော စကား။
~ပလာ။ကြိဝိ-၁။အမျိုးမျိုး ပလီ၍။ ၂။ချစ်စွယ် တီတီတာတာ။

ပလူ၊ န- ခြကောင်မှ ဖြစ်လာသည့် ပျံတတ်သော အင်းဆက် ပိုးကောင်တစ်မျိုး။ ~မျှ၊ကြိ-[ဥပစာ] အလွန်ပေါများသည်။

ပလူတို၊န-ဂြိုဟ်ကြီးကိုးလုံးတွင် နေနှင့်အဝေးဆုံးဖြစ်၍ အရံဂြိုဟ်တစ်လုံးရှိသော ဂြိုဟ်။ [လိပ်၊Pluto]

ပလူး၊ကြိ-ဣန္ဒြေမဲ့စွာ အရောတဝင် ဆက်ဆံသည်။ ~ပလဲ၊ကြိဝိ-ပလူးလျက်။

ပလေကတ်၊န-(မူလက အိန္ဒိယပြည်မှ လာသော) စက်ရက် ချည်ချောလုံချည်။ [ဟိန္ဒူ၊Pulicut]

ပလေပစာ/ပလေဗဇာ/ကြိဝိ-[ပေါ] ပေါ့ပေါ့ဆဆ။

ပလေလက်ချား၊န-[ပေါ] ပေါ့ပေါ့တန်တန်စကား။

ပလဲနံပသင့်/ပလဲနန်ပါသင့်/ကြိ-ကျွမ်းဝင်သင့်မြတ်သည်။

ပလက်တီနမ်၊န-အပူဒဏ်ခံနိုင်သည့် အဖြူရောင် အဖိုးတန် သတ္တုတစ်မျိုး။ [လိပ်၊platinum]

ပလက်ဖောင်း၊န-လမ်းဘေးစင်္ကြံ။ [လိပ်၊platform]

ပလောင်၊န-မွန်ခမာအုပ်စုဝင် ဘာသာစကားတစ်မျိုးကို ပြောသော မြန်မာတိုင်းရင်းသားတစ်မျိုး။ (ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ဆန်ဒေသတွင် အများအားဖြင့် နေထိုင်သည်။)

ပလိုင်း၊န-ကြိုးတပ်၍ လွယ်ရသည့် ထည့်စရာ ခြင်းတောင်းရှည်။

ပလတ်၊န-လျှပ်စစ်သွယ်ခေါင်း။ [လိပ်၊plug]

ပလတ်စတာ၊န-၁။ထုံး၊ သဲ၊ ရေ စသည် ရောစပ်ထားသော ခြောက်လျှင် မာခဲသည့် သရွတ်။ ၂။ဆေးပါ၍ ကော်စေးသုတ်ထားသော အနာကပ်စရာ။ ၃။ကျောက်ပတ်တီးပြုလုပ်ရာတွင်သုံးသော ဂျစ်ပဆမ်ကျောက်မှုန့်နှင့် ရောထားသော သရွတ်။ [လိပ်၊plaster]

ပလတ်စတစ်၊န-ပုံအမျိုးမျိုးသွန်းလုပ်နိုင်သည့် ပေါ့ပါးသော ဖြပ်ပေါင်းပစ္စည်းမျိုး။ [လိပ်၊plastics]

ပလုတ်ကျင်း၊ ကြိ- ရေ သို့မဟုတ် ဆေးရည်ကို ခံတွင်း၌ ငုံ၍ လှုပ်ခတ်ဆေးကြောသည်။

ပလုတ်တုတ်၊ န- လက်ကိုင်ကို ဘယ်ပြန်ညာပြန် လှည့်ပြီး အသံမြည်စေသော ကလေးကစားစရာ တစ်မျိုး။

ပလုတ်ပလောင်း၊ကြိဝိ-ပါးစောင်နှစ်ဖက် ပြည့်ဖောင်းအောင်ထည့်လျက်(စားသည်)။

ပလိပ်၊န-အကျိတ်ရောင်ရမ်း၍ အပြင်းဖျားသော ကူးစက်ရောဂါဆိုးတစ်မျိုး။ [လိပ်၊plague]

ပလုပ်၊န-နီးဖြင့် ရက်သော ဖားငယ်။

ပလိမ်းပကျံ/ပလိန်းပကျန်/ကြိဝိ-မရိုးမသား လိမ်လည်လှည့်ပတ်လျက်။

ပလုံး၊န-နီးမျှင်ဖြင့် ရက်လုပ်သော ခြင်းတောင်းငယ်။

ပလွေ၊န-လက်နှိပ်ပေါက်များပါသည့် လေမှုတ်တူရိယာတစ်မျိုး။

ပဝါ၊န-ခေါင်းပေါင်းစရာ၊ ကိုယ်သိုင်းခြုံစရာ အထည်။ [ပါ၊ပါဝါရ]

ပဝါရဏာ/ပဝါရနာ/ န- အပြစ်ရှိလျှင် ဆုံးမပါဟု ဟောန်းတစ်ပါးစီက သံဃာအား လျှောက်ထားဖိတ်ကြားမှု။ [ပါ၊ပဝါရဏာ]

ပဝေဏီ၊န-ရှေးအစဉ်အလာ။ ကုံးတမ်းစဉ်လာ။ [ပါ၊ပဝေဏီ]

ပဝေသဏီ၊န-အလွန်ဝေးသော ရှေးအခါကာလ။ [ပါ၊ပဝေဏီ]

ပဝတ္တိ၊န-၁။မွေးသည်မှ သေသည်အထိ ကာလ။ ၂။မွေးဖွားပြီးနောက် ရွှေ့ပြောင်း နေထိုင်ကြီးပြင်းရာအရပ်။ [ပါ၊ပဝတ္တိ]

ပသာဒ၊န-၁။အကြည်ဓာတ်။ ပသာဒရုပ်။ ၂။ကြည်၍လှပပြေပြစ်ခြင်း။ [ပါ၊ပသာဒ] ~ဂုဏ်/ပသာဒါဂုန်/န - [စာပေ] စာအရေးအသား၊ အထားအသို၊ ရှင်းလင်းပြတ်သားသော ဂုဏ်။ ~စက္ခု/ပသာဒါစက်ခု/န-ပကတိမျက်စိ။

ပသိ၊န-ဘာခေါင်အတွင်းပိုင်း အသက်ရှုလမ်းကြောင်း ထိပ်ရှိ အသားဖု။

ပသျှူး/ပယှူး/န-မလေးလူမျိုးကို ယခင်ကခေါ်သော အမည်။ [သာပရုဒ္ဓ] ~ချုပ်/-ချုတ်/န-နှစ်ဖက်လှ ချုပ်နည်း။

ပဟေဠိ၊န-၁။အဓိပ္ပာယ်ဝှက်ထားသော စာ၊ စကား။ ၂။စကားထာ။ [ပါ၊ပဟေဠိ]

ပဟိုရ်/ပဟို/န-၁။ပဟိုရ်စည်။ ၂။စက်သုံးနာရီနှင့် ညီမျှသော ရှေးမြန်မာအချိန်အပိုင်းအခြား။ (နေ့လေးပဟိုရ် ညလေးပဟိုရ် သတ်မှတ်သည်။) [ပါ၊ပဟာရ] ~စည်/-စီ/န-မြန်မာဘုရင်လက်ထက်တွင် အချိန်နာရီအချက်ပေး တီးခတ်သည့် စည်ကြီး။

ပအုံး၊န-ဆေးဖက်ဝင် အပင်တစ်မျိုး။

ပအုံးရည်/ပအုန်းယေ/န-အချဉ်ခံထားသော ဆန်ဆေးရည်၊ ခနိရည် စသည်။ ပုံးရည်။

ပအိုဝ့်/ပအို့/န-ကိုဗက်မြန်မာအုပ်စုဝင် ဘာသာစကားတစ်မျိုးကို ပြောသော မြန်မာတိုင်းရင်းသား တစ်မျိုး။ (ရှမ်းပြည်နယ်တောင်ပိုင်းနှင့် သာတုံဒေသတွင် အများအားဖြင့် နေထိုင်သည်။)

ပါ[၁]၊ကြိ-၁။အရေအတွက် ဝင်သည်။ အကျုံးဝင်သည်။ ၂။အတူတကွ လိုက်လာသည်။ ၃။သယ်ဆောင်ခြင်းခံရသည်။ ၄။တိမ်းညွတ်ဝင်စားသည်။ "ဝါသနာ~ -။ စိတ်~-။" ၅။ပေါ်လွင်သည်၊ မိုင်နိုင်

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ထိရောက်သည်။ "သရုပ်---။ အခပြော---။" **စည်း**–၁။ပူးတွဲပါဝင်ကြောင်းပြသော စကားလုံး။ ၂။ ကြိယာနှင့်နာမ်ကို လေးနက်အောင် ထောက်ပံ့သော စကားလုံး။ **~လေကာ**/ပါလေဂါ/န–ပါသည်ဆိုရုံမျှ အနည်းငယ်။ **~ဝင်**။ကြိ–အရေးအကွက်ဝင်သည်။ အကျုံးဝင်သည်၊

ပါ ၂။န–၁။ပဆစ်ပစ်ရာ၌ ကြွေလေးစေ့မှောက်၍ နှစ်ခုစလုံးလန်နေခြင်း။ (နှစ်ကွက်ရွေ့ခွင့်ရသည်။) ၂။ပါတင်းနှင့်အတူတူ။[တရုတ်၊ba] **~စင်**၊န–သုံးပုံဖဲကစားရာတွင် တစ်ဦးတည်းက ပဲရှစ်မူစလုံးရရှိခြင်း။ **~စင်အောင်**၊ ကြိဝိ– [ဥပစာ] လုံးပ။ အလျှင်း။ "~မှား–။" **~တင်း**၊ န–သုံးပုံဖဲတွင် ရှမ်းဘက်က ဒုတိယ အကြီးဆုံး ဖြစ်သော ရှစ်ပွင့်ပါဖဲချပ်။(ပါဟုအတိုခေါ်သည်။ ပါကင်းဖြောင့်၊ ပါကင်းကောက်ဟူ၍ တစ်စုံ ပါသည်။) [တရုတ်၊ ba+?]

ပါချည်ပါချို့၊န–သိမ်ငယ်သေးနုပ်သော အရာ။

ပါစက၊န–ဝမ်းမီး။ [ပါ၊ပါစက]

ပါစားပေး၊ကြိ–မျက်နှာသာပေးသည်။

ပါစဉ်ဆေး၊န–အစာကြေဆေး။ [သ၊ပါစန+မြန်၊ဆေး]

ပါစွဲ၊န–ငါးကလေးများကို အစိမ်းလိုက် ဆား၊ ဆန်ကွဲတို့ဖြင့် ရက်ကြာအောင် သိပ်ထားသော စားဖွယ်။ [ရှမ်း၊ပါစွမ့်]

ပါဆယ်၊န–သယ်ယူပို့ဆောင်ရန် ထုပ်ထားသော ပစ္စည်းထုပ်။ [လိပ်၊parcel]

ပါဏာတိပါတ်၊န–သူ့အသက်ကို သတ်ခြင်း။ [ပါ၊ ပါဏာတိပါတ]

ပါတိမောက်၊န–[ဝိနည်း] ရဟန်းတို့၏ သိက္ခာပုဒ်များကို အကျဉ်းပြသော ကျမ်း။ [ပါ၊ပါတိမောက္ခ]

ပါတီ၊န–၁။လမ်းစဉ်တစ်ရပ်ရပ်ကို ချမှတ်ဆောင်ရွက်သော နိုင်ငံရေးအဖွဲ့အစည်း။ ၂။မိတ်ဆွေတို့ကို ဖိတ်ကြားကျွေးမွေးသော လူမှုပွဲလမ်း။ [လိပ်၊party] **~ကျ**။ကြိ–ကျွမ်းဝင်သင့်မြတ်သည်။

ပါတိတ်၊န–အင်ဒိုနီးရှားမှ စပေါ်သည့် ထည်လုံးပြည့်ပန်းရိုက်ထည်။ [မလေး၊batik]

ပါဒ၊န–၁။ဂါထာ၏အစိတ်တစ်စိတ်။ ၂။ကဗျာလင်္ကာတွင် အရေအတွက် သတ်မှတ်ထားသော စကားလုံးစု။ [ပါ၊ပါဒ]

ပါဒရက်/ပါဒရက်/န–ခြေထောက်ပိုင်းတွင် သွေးလေအလိုက် မညီခြင်းကြောင့် ဖြစ်သောရောဂါ။ [သ၊ပါဒရက္တ]

ပါပကြိုဟ်/ပါပ့ဂျိ/န–မကောင်းသောဂြိုဟ်။ [သ၊ ပါပဂြဟ]

ပါပရာ/ပါပရာ/န–ပဲမှုန့်တွင် ရှိန်းခို၊ ဇီရာ စသည်ရောစပ်၍ အပြားလုပ်ပြီး ကြော်စားရသော စားဖွယ်။ [ဟိန္ဒီ၊ပါပရာ]

ပါမောက္ခ၊န–၁။အကြီးအမှူး။ ၂။တက္ကသိုလ်ပညာရပ်တစ်ခုခု၏ အကြီးအကဲဆရာကြီး။ [ပါ၊ပါမောက္ခ]

ပါမွှား၊န–လူရာမဝင် သေးနုပ်သိမ်ငယ်သူ။

ပါရဂူ/ပါရဂူ/န–၁။အတတ်ပညာတစ်ရပ်ရပ်တွင်အထူးကျွမ်းကျင်သူ။ ၂။ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုဘွဲ့ထူး။ [ပါ၊ပါရဂူ]

ပါရမီ/ပါရမိ/န–ဖြည့်ဆည်းအပ်သော ဒါန သီလ စသည်။ [ပါ၊ပါရမီ] **~ဖြည့်**/–ဖျေ့/ကြိ–ပါရမီပြည့်အောင် ဆည်းပူးကျင့်ဆောင်သည်။

ပါရာဇိကကျ/ပါရာဇိကာ့ကျ/ကြိ–မေထုန်မှီဝဲခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ လူ့အသက်သတ်ခြင်း၊ ဈာန်မဂ်ဖိုလ်မရဘဲ ရသည်ဟု ပြောခြင်းတည်းဟူသော အပြစ်တစ်မျိုးမျိုးကို ကျူးလွန်သဖြင့် ရဟန်းအဖြစ်မှ ဆုံးရှုံးသည်။ [ပါ၊ပါရာဇိက+မြန်၊ကျ]

ပါလဒုတ္တာ/ပါလာ့ဒုတ်ထာ/န–ဒုတ္တာတစ်မျိုး။ [သ၊ ပလာဂ+တုတ္တ]

ပါလီမန်၊ န–(ပါလီမန်ဒီမိုကရေစီစနစ်ကျင့်သုံးသော တိုင်းပြည်တွင်) မဲဆန္ဒရှင်များက ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ်များ ပါဝင်သည့် ဥပဒေပြုအမြင့်ဆုံး အာဏာပိုင်အဖွဲ့။ [လိပ်၊ parliament]

ပါဝါ၊န–၁။သြဇာအရှိန်အဝါ။ ၂။လျှပ်စစ် စသည်၏ အင်အား။ [လိပ်၊power]

ပါဠိ၊ န– ၁၊ ဗုဒ္ဓ၏စကားတော်။ ၂၊ ဗုဒ္ဓဘာသာစာပေရေးသားရာ ရှေးဟောင်း ဘာသာတစ်မျိုး။ [ပါ၊ပါဠိ] **~ပါဠိ်သား**၊န–ပါဠိတော်။ ပါဠိစကား။ **~သက်**/ပါလိသက်/န–ပါဠိဘာသာမှ ရွေ့လျောလာသော စကား။

ပါ့၊ စည်း–[အပြော]ကြိယာကို အတည်ပြုသော အနက်ဖြင့် ထောက်ပံ့သော စကားလုံး။ ပါ၏။ ပေါ့။

ပါး၊ နဝိ– ၁၊ နီးသော။ ၂၊ မထူသော။ မများသော။ ၃၊ပါးနပ်သော။ ကြိ–တစ်စုံတစ်ဦးမှ တစ်ဆင့်ပေးပို့သည်။ န–နှာဘက်နှင့် ပါးစပ် ဝဲယာနှစ်ဖက်ရှိအသားပြင်။ စည်း–ရေတွက်ရာ၌ သုံးသော စကားလုံး။ **~ကန့်**/ဗဂန့်/န–လှေကန့်ထောက်။ **~ကွက်**/ဗဂွက်/န– ၁၊ ပါးပေါ်တွင် လိမ်းထားသော သနပ်ခါး စသည်အကွက်။ ၂။မြန်မာမင်းလက်ထက်ပါးပေါ်တွင် ဆေးမည်းထိုးမှတ်ထားသော လူသတ်လက်မရှုံ့အမှုထမ်း။ **~ချောင်ကျ**/ပချောင်ကျ/ကြိ– ပါးပြင်သား ပိန်လျော့ချိုင့်ဝင်သည်။ **~ချိုင့်**/ပချိုင့်/န–ပြုံးရယ်သည့်အခါ ပါးတွင် ဖြစ်ပေါ်သည့် ချိုင့်ခွက်ငယ်။ **~ချိတ်**/ပချိတ်/န–မေးရိုးအဆုံးနေရာ။ **~ချပ်**/ပချတ်/န–မြင်းစသည်၏ ပါးတွင်

http://www.lknt11.com ...

ကပ်ညှပ်ထားသော အရာ။ **~ချုပ်**/ပချုတ်/န-၁၊ ဖက်သွား နှင့်အတူတူ။ ၂၊ တလင်းနယ်ရာတွင် ကျွဲ နွားတို့၏ နှုတ်များတစ်ခုလုံးကို စွပ်ထားသော ခြင်းငယ်၊ **~ဆောင်**/ပဆောင်/န-ပါးပြင်အတွင်းပိုင်း။ **~ရန့်**/ပရန့်/န-မို့ဖောင်းနေသော ပါး။ **~စပ်**/ပဇတ်/န-အစားသွင်းရာ စကားပြောရာဖြစ်သော မျက်နှာအစိတ်အပိုင်း ။ခံတွင်း။ **~စပ်ကြမ်း**/-ကျန်း/ကြိ-အပြောအဆို ရန့်ရင်းကြမ်းတမ်းသည်။ **~စပ်ဆော့**/-ဆော့/ကြိ-ဖါ.စပ်အငြိမ်မနေ စည်းကမ်းမဲ့ ပြောဆိုသည်။ **~စပ်ရာဇဝင်**/-ယာဇဝင်/န-တာပေ အထောက်အထားမရှိဘဲ ဘစ်ဆင့် စကားအားဖြင့် မှတ်သားလာခဲ့သော ရာဇဝင် အကြောင်းအရာ။ **~စပ်သတင်း**/-ယာ့ဒင်း/န-တစ်ဆင့်စကားဖြင့် ပျံ့နှံ့နေသော သတင်း။ **~နပ်**၊ ကြိ-အရိပ်အခြည် သိမြင်လွယ်သည်။ လည်လည်ပတ်ပတ်ရှိသည်။ **~ပျဉ်း**/ပဗျင်း/န-အပြားအပျဉ် အဖြစ်တွဲလျား၊ ခေါင်း၊ ထောင်ရှိနေသောအရာ။ "မြွေ ~။ ပြောင် ~။ ခေါင်း ~။" **~မို့**/ပမို့/န-ပါးပြင်ရှိ ဖောင်းမို့သော အစိတ်အပိုင်း။ ပါးအို့။ **~မှန်းမွေး**/ပမှန့်.မွေ့./န-အားထင်စင် ပါးပြင်၌ ပေါက်သော အမွေးအမှင်။ **~မြိုင်းမွေး**/ပမျိုင်းမွေး/န-ပါးမှန်းမွေး။ **~ရဲထိုး**/ပယဲထို့./ကြိ-ပါးပြင်တွင် ဆေးမည်းထိုးနှံသည်။ **~ရည်နပ်ရည်**/ပါးယေနတ်ယေ/န- လိမ္မာပါးနပ်သော အပြော်အချင်း။ **~လျား**/ပါးလယား၊ ပါးယား/ နဝိ- ၁၊ ပိန်ပါးသော။ ပါးလှပ်သော။ ၂။ လိမ္မာသော။ ပါးနပ်သော။ **~လျှပ်** /ပါးယှတ်/ နဝိ-အလွန်ပါးသော။ ပါးလှပ်သော။ ပါးလွှာသော။ **~သက်နာ**/ပသက်နာ/န-ကျိုးကန်း ပါးစပ်နာ။ **~သိုင်းမွေး**/ပသိုင်းမွေး/ န-ပါးပြင်ကို သိုင်းပတ် ပေါက်သော အမွေးအမှင်။ **~ဟက်**/ပဟက်/န-ငါး၏ အသက်ရှူရာ အစိတ်အပိုင်း။

ပိ၊ကြိ-အဖိခံရသည်၊ **~ပြား**၊ကြိ-အမနေအထိုင်စသည် သေပ်ကျစ်လျစ်သည်။ **~ရီ**၊ကြိ-၁၊စေ့စပ်သေသပ်သည်။ ၂၊ကျိုးနွံသေဝပ်သည်။

ပိစပ်/ပိဇတ်/န-အပင်ရိုးဘဲထိပ်တွင် အပွင့်ငယ်များ အဆုပ်လိုက်ပွင့်၍ အရွက်တွင် အမွေးနုရှိသော ဆေးဖက်ဝင် ချုံပင်တစ်မျိုး။

ပိဋက / ပိဒကါ / န-ဗုဒ္ဓ၏ အဆုံးအမ ဒေသနာ အစုအပေါင်း။ [ပါ၊ ပိဋက]

ပိဋကတ်/ပိဒကတ်/န-သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူသော ပိဋကသုံးပုံ။ [ပါ၊ပိဋကတ္တယ] **~တိုက်**/-တိုက်/ န-ပိဋကတ်တော်ကျမ်းကို ထားသိုရာတိုက်။

ပိတောက်/ပဒေါက်/န-အနံ့မွှေးသော ရွှေဝါရောင် ပန်းပွင့်ငယ် အခိုင်လိုက်ပွင့်သော ပင်စောက်။

ပိတာန်/ပိတ်ဒန်/န-မျက်နှာကြက်။ မျက်နှာကြက် သဖွယ် ဆွဲဆိုင်းထားသောအရာ။ [ပါ၊ ဝိတာန]

ပိတုန်း/ဗဒုန်း/န-ဝတ်ရည်စုပ်သော အနက်ရောင် ပိုးတောင်မာ။

ပိရမစ် /ပိရမစ်/န- အောက်ခြေ စတုရန်းပုံ ရှိ၍ အထက်သို့ ရှူးတက်သွားသော ရှေးဟောင်းအီဂျစ် ဘုရင်တို့၏ သချိုင်း။ [လိပ်၊ pyramid]

ပီ၊နဝိ-၁၊ပြည့်မီသော။ ၂၊(စကားသံ) ထင်ရှားပြတ်သားသော။ **~ပြင်**/ပီဗျင်/နဝိ- (စကားသံ စသည်) ပေါ်လွင်ထင်ရှားသော။ **~သ**၊နဝိ-၁၊ရှိသင့်သော အရည်အချင်း ပြည့်မီသော။ ၂၊(စကားသံ စသည်) ထင်ရှားပြတ်သားသော။

ပီဆို၊န-လက်တင်အမေရိက နိုင်ငံများနှင့် ဖိလစ်ပိုင် နိုင်ငံတွင် သုံးသော ငွေကြေး။ [စပိန်၊ peso]

ပီတိ၊န-နှစ်သက်ခြင်း။ [ပါ၊ပီတိ]

ပီနံသီး/ပီနန်သိုး/န-အလွန်စပ်သော အတောင့်သေး ငရုတ်သီးတစ်မျိုး။ [မလေး၊ Pinang+မြန်၊သီး]

ပီပါ၊န-သစ်သားစည်ပိုင်းကြီး။ [ဟိန္ဒီ၊ပီပါ]

ပီယဆေး/ပီယာ့ဆေး/န-ချစ်ခင်စေတတ်သော ဆေး။ [ပါ၊ပိယ+မြန်၊ဆေး]

ပီယဝါစာ၊န-ချစ်ခင်ဖွယ်စကား။ [ပါ၊ပိယဝါစာ]

ပီလမ၊န-လယ်သမားများ ဆောင်းလေ့ရှိသော ဦးခေါင်းမှ တင်ပါးအထိ မိုးလုံသော ခေါင်းဆောင်း တစ်မျိုး။ ပက္ကလာ။ ဂုန်း။ [?]

ပီလား/ဗီလား/န-အခွံမာ၍ မြင်းခွာပုံကျောကုန်းနှင့် ဆူးကဲ့သို့သော အမြီးရှိသည့် ရေသတ္တဝါတစ်မျိုး။ [?] **~ကြိုး**/-ဂျိုး/န-ကြိုးဖျားတွင် အလေးဆွဲ၍ တိုင်၊ နံရံ စသည်၏ အထက်နှင့်အောက် ခေါင်းသိုက် ညီမညီချိန်ဆရသော လက်သမားသုံး ကိရိယာတစ်မျိုး။

ပီလော၊န-ခူကျိုသော အရွက်ကို ဟင်းချိုချက်စားရသော အပင်တစ်မျိုး။

ပီလောပီနံ/ပလောပိနန်/န-အရွက်လက်ခြားရှိသော ဥစားပင်တစ်မျိုး။ [မလေး၊ Pulo Pinang]

ပု၊နဝိ-(အရပ်)နိမ့်သော။ ကြိ-(လည်ပင်းကို) တိုဝင်အောင်လုပ်သည်။ **~စုခရု**/ပုစုခရု/န-၁၊ကလေးစု။ ၂၊အရွယ်သေးငယ်သောအရာစု၊ **~ပျပ်**၊နဝိ-အရပ်အမောင်းနိမ့်သော။ **~လုကျွေးလေး**၊န-မွေးကင်းစကလေး။

ပုခက်/ပခက်/န-၁၊ကလေးငယ်ကိုထည့်၍ လွှဲသိပ်ရန် ဆွဲဆင်ထားသည့်အရာ၊ ၂၊စောင် စသည်ကို ဝါးလုံး တန်းတွင်ချည်၍ လူကိုသယ်ဆောင်ရသော ထမ်းစင် တစ်မျိုး။ ၃၊ဆောင်ဖသည်တွင် လူသယ်ဆောင်ရန် ကြိမ်စသည်ဖြင့် လုပ်ထားသော ထိုင်စရာ။

မာတိကာသို့ ▸▸▸

ပုစဉ်း /ဗဇင်း/ န- ပါးလှပ်သော အတောင်ပံကို ဘေးတိုက်ဖြန့်ကား၍ နားနေတတ်သော ပိုးကောင်တစ်မျိုး။ **~ထိုး**/-ဒိုး/န-ပျံသန်းရင်း ပိုးကောင်များကို ဖမ်းယူလေ့ရှိသော အသွေးအရောင် လှပသည့် ငှက်။ **~ရင်ခွဲ**/-ယင်ကွဲ/န-အသံစီစီမြည်တတ်သော ပျံနိုင်သည့် ပိုးကောင်တစ်မျိုး။

ပုစွန်/ဗဇွန်/န-အခွံမာ၍ ခြေများစွာရှိသော မျက်လုံးပြူးသည့် ရေသတ္တဝါတစ်မျိုး။ **~ကျော**/-ဂျော/န-ပုစွန်ဆိတ်အကြီးစား။ **~ခြေကြွေ**/-ချီကျွေ/န-ဆေးဖက်ဝင် နွယ်ယောင်ပင်ယောင်တစ်မျိုး။ **~ခွံ**/-ဂွန်/န-ပုစွန်ခွံပုံစံလုပ်ထားသော ရွှေငွေ အမွှမ်းအမံ။ **~စာ**/-ဇာ/န-စားရသည့် မြေကပ်ပင်တစ်မျိုး။ မှိုကြွပ်။ မြက်ကြွပ်။ **~ဆိတ်**/-ဇိတ်/န-ပုစွန် အသေးစား။ **~တာရာ**/-တာယာ/န-အတွင်းတာရာကိုးလုံးအနက် ပုစွန်လုံးပုံရှိသော ကြယ်စု ဖြစ်သည့် တတိယတာရာ။ **~တုပ်**/-ဒုတ်/န-ပုစွန်အကြီးစား။ **~တုပ်ကွေး**/-ဒုတ်ကွေး/န-၁၊ ရင်ကို ဒူးနှစ်ဖက်နှင့် ထိစေ၍ ကိုယ်ကို ကောင်းလျက် အနေအထား။ ၂၊အရစ်အကွေးပုံစံ။ **~လုံး**/-လုန်း/န-လယ်ကွင်းရေတိမ်ကမ်းစပ်တွင်တွင်းနှင့်နေလေ့ရှိသော ကဏန်းတစ်မျိုး။

ပုဆိုး/ပဆိုး/န-၁၊[ရှေး]အဝတ်အထည်။ ၂၊ယောကျ်ားဝတ်အထည်။ **~ကြမ်း**/-ဂျန်း/န-နွား၊ဆိတ် စသည်တို့၏ ဝမ်းတွင်း အစာသစ်အိမ်။ **~တန်းတင်** /-တန်းဒင်/ န- မြန်မာထုံးတမ်းစဉ်လာအရ သတို့သား၏ ပုဆိုးကို သတို့သမီးအိမ်ရှိ တန်းတွင် တင်ခြင်း။ ယင်းသို့တင်ခြင်းဖြင့် လင်ယောကျ်ားအဖြစ်သို့ ရောက်ခြင်း။

ပုဆစ်/ပဆစ်/န-ဒူးဆစ်။ **~တုပ်**/ပဆစ်ဒုတ်/ကြိ-ဒူးနှစ်ဖက်ကို အခင်းအပြင်နှင့်ထိလျက် ထိုင်သည်။

ပုဆိန်/ပဆိန်၊ပေါက်ဆိန်/န-ထင်းစသည် ခွဲစိတ်ရသော အသွားတစ်ဖက်ပါ သံတုံးကို လက်ကိုင်ရိုးရှည် တပ်ထားသည့် လက်နက်ကိရိယာ။ [သ၊ပရဂု] **~ရိုး** /ပဆိန်ယိုး/န-[ဥပစာ] ကိုယ့်အမျိုးသားချင်း သစ္စာဖောက်သူ။

ပုည/ပုန်ညာ့/န-၁၊ကောင်းမှုကုသိုလ်။ ၂၊ရှေးကပြုခဲ့ဖူးသော ကောင်းမှုကုသိုလ်၏ အကျိုးဆက်။ ရှေးဘုန်းရှေးကံ။ [ပါ၊ပုည]

ပုတီး/ဗဒီး/န-အလုံးငယ်များ သီထားသည့်အကုံး။ "ပုလဲ~။ စိပ်~။" [သ၊ ဝတီ] **~ဖြူ** /ဗဒီးဗျူ/ န-စိပ်ပုတီးလုပ်လေ့ရှိသော အဖြူရောင် အသီးစေ့သီးသော သစ်မာပင်။

ပုတတ်/ဗဒတ်/န-ကိုယ်တွင် အပြောက်အစက်ရှိသော တွင်းအောင်း ဘွားသွားသတ္တဝါတစ်မျိုး။ **~စာ** /-ဇာ/န-အမှင့်ဖြူ၍ ဝတ်ဆံဝါပြီး မြေတွင် ကပ်ပေါက်သည့် ဟင်းလျာပင်။

ပုထုဇဉ်/ပုထုဇင်/န-အရိယာ မဟုတ်သော ပုဂ္ဂိုလ်။ [ပါ၊ ပုထုဇန]

ပုထိုး/ပထိုး/န-အုတ်ကျောက်တို့ဖြင့် တည်လုပ်ထားသော ဘုရားစေတီ။ [ပါ၊ ဗုဒ္ဓေါ/ထုပ]

ပုရပိုက်/ပရပိုက်/န-ရှေးက စာရေးသားရာ၌သုံးသည့် ခေါက်ထပ်ထားသော စက္ကူ။ (ပုရပိုက်ဖြူ၊ ပုရပိုက်နက်၊ ယွန်းပေါင်ပုရပိုက်တို့အပြင် ရွှေငွေကြေးတို့ဖြင့်ပြုလုပ်ထားသော ပုရပိုက်များလည်းရှိသည်။) [သ၊ပုသ္တ+ပတ္တ]? **~ခေါက်ရွှေ**/-ခေါက်ယွှေ/န-ပျော့ပျောင်းသော ချွစင်ရွှေကောင်း။

ပုရိသ/ပုရိသာ့/န-ယောကျ်ား။ [ပါ၊ပုရိသ]

ပုရောဟိတ်/ပရောဟိတ်/န-မင်းဆရာပုဏ္ဏား။ [ပါ၊ ပုရောဟိတ]

ပုရစ်/ပယစ်/န-၁၊ညတွင်ထွက်တတ်သော အသံစူးရှသည့် ပိုးကောင်တစ်မျိုး။ ၂၊ယွက်ခါစ အရွက်ဖူး။

ပုရာဏ်ကျမ်း/ပုရန်ကျန်း/န-ရှေးဟောင်း ဖြစ်ပျက်ကြောင်းရာတို့ကို မှတ်သားထားသောကျမ်း။ [သ၊ ပုရာဏ+မြန်၊ကျမ်း]

ပုရွက်/ပယွက်/န-ပုရွက်ဆိတ်။ **~ကြောင်း**/-ကျောင်း/ န-ပုရွက်ကောင် လမ်းကြောင်းကဲ့သို့ အတက်အဆင်း အတွန့်အချိတ်ပါသော အဆင်တစ်မျိုး။ **~ဆိတ်**/-ဆိတ်/န-အုပ်စုဖွဲ့၍ နေတတ်သော အနံ့ခံကောင်းသည့် အင်းဆက်ပိုးတစ်မျိုး။

ပုလဲ/ပလဲ/န-၁၊မှတ်ကောင်မှရသော အနှစ်ရတနာ။ ၂၊[ဂီတ]တစ်ပေါက်သံဖြင့် မှုတ်သည့်သည့် စောင်းသံစဉ်။ ယိုးဒယား၊ မွန်သံ၊ ဘောလယ်နှင့် ရှေးသံဆန်းများကို တီးလေ့ရှိသည့် သံစဉ်။ သံမှန်။ [မွန်၊ ဌေယ်]

ပုလင်း/ပလင်း/န-ထည့်သိုစရာဖန်ဘူး။

ပုလိပ်/ပလိတ်/န-[ခေတ်ကုန်]တရားဥပဒေ ချိုးဖောက်သူကို အရေးယူရသော ယခင်ခေတ် အမှုထမ်းတစ်မျိုး။ [လိပ်၊police]

ပုသိမ်ထီး/ပသိန်ဒီး/န-(မူလထုတ်လုပ်ရာ ပုသိမ်မြို့ကိုစွဲ၍ ခေါ်တွင်သော) ဝါး၊ ပိတ် စသည်တို့ဖြင့် ပြုလုပ်သော အလှဆောင်းထီး။

ပူ[၁]နဝိ-နေ၊မီးစသည်တွင် ရှိသော အရှိန်မျိုးရှိသော။ ထိုအရှိန်မျိုး ထိတွေ့ခံစားရသော။ ကြိ-၁၊ စိုးရိမ်သည်။ ၂၊ထပ်တလဲလဲ တိုက်တွန်းသည်။ ပူဆာသည်။ ၃၊မကြာမကြာ အနှောင့်အယှက် ပြုသည်။ "သူခိုး~~။" ၄၊ဘေးရန် အနှောင့်အယှက်ကြောင့် မငြိမ်းမအေးဖြစ်သည်။ **~စပ်ပူလောင်**၊ ကြိဝိ-ပူ၍ အခံရခက်လျက်။ **~ဆာ** /ပူဇာ/ ကြိ- ထပ်

တလဲလဲ တောင်းဆိုသည်။ **~ညံ့ပူညံ့**၊ ကြိဝိ-ဆူပူပြော်ဆိုလျက်။ **~ထူ**၊ ကြိ- စိတ်လှုပ်ရှား၍ ရုတ်တရက် ဘာလုပ်ရမှန်းမသိ ဖြစ်သည်။ **~ပူနွေးနွေး**/ပူပူနွေးနွေး/ကြိဝိ-[ဥပစာ] လောလော လတ်လတ်။ **~ပန်**/ပူပန်/ကြိ-စိုးရိမ်ကြောင့်ကြ သည်။ ပူပင်သည်။ **~ရှိန်း**၊နဝိ-ပူသော အငွေ့အရှိန် ရှိသော။ န-ပူရှိန်းသော အရသာရှိ သကြားလုံး တစ်မျိုး။

ပူ၂၊ နဝိ- ဖူဖောင်းသော။ **~ဖောင်း**/ဖူဖောင်း/န-၁။လှုပ်ရှားတွန်းကန်မှုကြောင့် ရေ၊ အရည်တို့တွင် ဖြစ်ပေါ်သော လေလုံး။ ၂။လေသွင်းထားသော ကလေးကစားစရာ ရော်ဘာလုံး။

ပူ၃၊န-ထည့်စရာကျည်တောက်။ **~တာ**၊န-အဖုံး ပါသည့် ထည့်စရာကျည်တောက်။

ပူဇော်၊ကြိ-ရိုသေမြတ်နိုးစွာ ဆက်ကပ်သည်။ [ပါ၊ပူဇာ] **~သကာ**၊န-ပူဇော်သက္ကာရနှင့်အဟုတူ။ [ပါ၊ပူဇာ သက္ကာရ] **~သက္ကာရ**၊န-ရိုသေစွာ ပူဇော်ခြင်း။ [ပါ၊ ပူဇာသက္ကာရ]

ပူတာဂေ၊န-ပေါ်တူဂီလူမျိုးကို ရှေးက ခေါ်သောအမည်။ [ပေါ်တူဂီ၊ **Portugal**]

ပူတင်း၁၊န- ကြက်ဥ၊ နွားနို့၊ သကြားတို့ဖြင့် လုပ်သော မုန့်တစ်မျိုး။ [လိပ်၊**pudding**]

ပူတင်း၂၊န-သစ်သား၊ ပျဉ်တွင် အပေါက်အပြဲအပွန်း အပဲ့ကို ထေးဖာရသော မြေဖြူ မှုံ့လျက်။ [လိပ်၊**putty**]

ပူဒီနာ၊န-အနံ့ပြင်းသော ဟင်းရွက်စိမ်းပင်တစ်မျိုး။ [ဟိန္ဒီ၊ပူဒီနာ]

ပူရီ/ပူရီ/န-ဂျုံမုန့်ညက်ကိုဖြား၍ ကြော်ထားသော ကုလားမုန့်တစ်မျိုး။ [ဟိန္ဒီ၊ပူရီ]

ပူး၁၊န-ကြွက်နှင့်ဆင်သော သတ္တဝါတစ်မျိုး။

ပူး၂၊ ကြိ-၁။ထိကပ်သည်၊ တွဲစပ်သည်။ ၂။ထိကပ် စေသည်။ တွဲစပ်စေသည်။ ၃။(နတ်စသည်) မှီတွယ် သည်။ **~သတ်**၊ကြိ-၁။ကိုယ်ချင်းထိကပ်၍ ထိုးနှက် သည်။ ၂။အနီးကပ်ပေါင်းပြီး ရန်ပြုသည်။

ပေ၁၊န-၁။အရွက်ကို စာရေးရန် အသုံးပြုသော တစ်သက်တွင် တစ်ကြိမ်သာ သီးပွင့်သည့် အပင်မြင့် တစ်မျိုး။ ၂။ရေးမှတ်ရန် ပြုပြင်ထားသော ပေရွက်။ **~ထုပ်**/ပေဒုတ်/န-၁။ပေစာအထုပ်။ ၂။ယမ်းစသည် နှင့် ကျောက်စရစ်ခဲတို့ကို ထုပ်၍ လုပ်ထားသော ပစ်ဖောက်စရာအလုံး။ **~သီးတွက်ခုံ** /ပေသီး တွက် ခုန်/န-ပေါင်းနုတ်မြှောက်စားရာ၌ လွယ်ကူအောင် သုံးသော အသီးလုံးတန်းများပါသည့် ကိရိယာ။

ပေ၂၊န-ပန်းပဲ၊ ပန်းထိမ်စသည် လုပ်ငန်း၌သုံးသော ထုရိုက်ရာ အောက်ခံသတ္တု။

ပေ၃၊န-ဆယ့်နှစ်လက်မ အတိုင်းအရှည်။ [ပေါ်တူဂီ၊ **pei**] **~ကြိုး**/ပေဂျိုး/န-တိုင်းထွာရန် ပေ၊ လက်မ စသည် အမှတ်အသားပါသော ကြိုး။ **~တံ** /ပေဒန်/န-တစ်ပေတိုင်းတာရန် စံထားသောတုတ်။ **~မိဒေါက်မီ**၊န-စံချိန်မီသော အရုပ်အမောင်း။

ပေ၄၊ကြိ-အညစ်အကြေး ကပ်ငြိသည်။ စွန်းထင်းသည်။ **~ကျံ**၊**~ရေ**၊ ကြိ-အညစ်အကြေး ကပ်ငြိသည်။

ပေ၅၊နဝိ-ကတ်သော။ ခေါင်းမာသော။ ကြိ-အဖျားစွန်း ကော့လန်လိပ်ခွေသည်။ "ဓားသွား~~။" **~ကလတ် ပေကလတ်**၊ ကြိဝိ- မျက်တောင်ကို ဆက်ကာ ဆက်ကာခတ်လျက်။ **~ကတ်ကတ်**၊ကြိဝိ- ရှောရှော ရှုရှု။ လိုက်လျောခြင်း မရှိဘဲ တင်းခံလျက်။ **~စောင်းစောင်း** /ပေစောင်းဇောင်း/ ကြိဝိ-ပေ ကတ်ကတ် အမူအရာဖြင့် မျက်စိစွေကာကြည့် လျက်။ **~မြေး** /ပေမေး/နဝိ-မျက်စိမေးသော။

ပေ၆၊စည်း-ကြိယာကို ပြေပြစ်လေးနက်စေသော စကားလုံး။

ပေမ၊န-ချစ်ခြင်း။ ချစ်မြတ်နိုးခြင်း။ [ပါ၊ပေမ]

ပေယျာလ၊န-စကား၊ စာ မြှုပ်ချန်ထားကြောင်း သိစေ ရန် ရေးမှတ်ထားသော ပ၊ ယ၊ လ သင်္ကေတ။ [ပါ၊ပေယျာလ] **~ကန်**/ပေယျာလဲ့ကန်/ကြိ-၁။ ပေယျာလသင်္ကေတတစ်မျိုးမျိုး ရေးမှတ်သည်။ ပေယျာလ ထိုးသည်။ ၂။စကား၊ စာ မြှုပ်ချန်သည်၊ ၃။လျစ်လျူရှုသည်။

ပေ့၊စည်း-[အပြော]ပေ၏။

ပေး၊ကြိ-၁။အပ်နှင်းသည်။ ရယူပိုင်ဆိုင်စေသည်။ ၂။တစ်စုံတစ်ရာ တစ်စုံတစ်ယောက်အဟုတ် ဆောင်ရွက်သည်။ "သံပတ်~~။ ကြာ~~။" စည်း- သူတစ်ပါးအတွက် ဆောင်ရွက်သည့် သဘောကို ပြသော စကားလုံး။ "ပြော~ -။" **~ဖကမ်းဖ**/ပေးဖကန်းဖ/န-သူတစ်ပါးက ထောက်ပံ့ ပေးကမ်းသော ဥစ္စာပစ္စည်း။ **~စား** /ပေးဇား/ကြိ-လက်ထပ်ပေးသည်။

ပဲ၁၊န-အသီးအစေ့စားရသော အသီးတောင့်သီးသည့် အပင်မျိုး။ **~ကတ္တီပါ**/ပဲကဒီဖါ/န-အရောင်နီညို၍ ပြားသော အစေ့ရှိသည့် ပဲတစ်မျိုး။ **~ကပ်ကြော်** /ပဲကတ်ကျော်/န-ကောက်ညှင်း မုန့်ညက်လုံးတွင် ကုလားပဲခြမ်း စသည်ကပ်၍ ကြော်ထားသော စားဖွယ်။ **~ကျား**/ပဲဂျား/န-အရောင် အနီ အဖြူ ကျား၍ အစေ့ပြားသော ပဲတစ်မျိုး။ **~ကျပ်ပျဉ်**၊န-ပဲ ငံပြာရည်၊ ပဲငါးပိစသည် ပြုလုပ်ရသော ပဲတစ်မျိုး။ **~ကြီး**/ပဲဂျီး/န-ပြား၍ ဖြူသော အစေ့ရှိသည့် ပဲတစ်မျိုး။ **~ကြီးရှုံ့တွန့်**/-ဂွန်တွန့်/ ကြိ- [ဥပစာ]လက်ထိပ် အရေပြားချိုင့်ခွက် ရှုံ့တွန့်

သည့်။ **~ပါးပိ**/ပဲပေါ်/န-ပဲပိစပ်စသည်ဖြင့် ပြုလုပ်ထားသော အင်နစ်ဆားဖွယ်တစ်မျိုး။ **~စင်းငုံ**/ပဲဇင်းငုံ/န-အတောင့် အပြွတ်လိုက် သီးသော ပဲတစ်မျိုး။ **~ဆောင်းလျား**/ပဲဆောင်းယား/န-အမြောင့် လေးမြောင့် ပါသော သီးတောင့်ကို စားရသော ပဲတစ်မျိုး။ **~စိမ်းစား**/ပဲစိန်းဇား/န-အရည်ရွှမ်းသော ဥမြစ်ဖုကို စားရသည့် အပင်တစ်မျိုး။ **~ဆုပ်**/ပဲဇုတ်/န-၁၊ ကုလားပဲလှော်မှုန့်ကို ထန်းလျက်ဖြစ်စေ၊ သကြားဖြစ်စေ ရောစပ် ပြုလုပ်သော မုန့်တစ်မျိုး။ ၂၊ပဲလှမ်းစသည်ကို ပြုတ်၍ ဆန်မှုန့်နှင့် ရောနယ်ပြီး အဆုပ်လိုက် ပေါင်းထားသော မုန့်တစ်မျိုး။ **~တီ**/ပဲဒီ/န-အမွေးနုရှိသော အသီးတောင့် သီးသည့် ပဲတစ်မျိုး။ **~တီချဉ်**/-ဂျင်/န-ပဲတီပင်ပေါက်ကို အချဉ်ထည့်ထားသော စားစရာ။ **~တောင့်ပြုတ်**/ပဲဒေါင်ဖျုတ်/န-အညာဒေသတွင် တွေ့ရသော ငှက်ငယ် တစ်မျိုး။ **~တောင့်ရှည်**/ပဲဒေါင့်ယှေ/န- အသီးတောင့်ရှည် သီးသည့် ပဲတစ်မျိုး။ **~ဒလက်**၊ န-အစေ့အနီအဖြူ နှစ်မျိုးရှိသော ပြားချပ်ရှည်သော အသီးတောင့်သီးသည့် ပဲပင်တစ်မျိုး။ **~နပြား**/ပဲနဗျား/န-ပြား၍ အရည်ရွှမ်းသော အသီးတောင့်သီးသည့် ပဲတစ်မျိုး။ **~နီကလေး**/ပဲနီဂလေး/န- အစေ့သေး၍ နီသော ပဲတစ်မျိုး။ ပဲရာဇာ။ **~နံ့သာ** /ပဲနံ့သာ/န-အစေ့သေး၍ အနံ့သင်းသော ဆေးဖက်ဝင် ပဲတစ်မျိုး။ **~နောက်**၊န-ပဲပင်ပေါက်အဖြစ် အပင်ဖောက်ရာတွင် သုံးသည့် ပဲတစ်မျိုး။ **~ပိစပ်** /ပဲဗိဇတ်/န-အစေ့အနီရောင်၊ အညိုရောင် ရှိသော ပဲတစ်မျိုး။ (များသောအားဖြင့် အစေ့ကို ပုန်းရည်ကြိုး ကျိုရာတွင် သုံးသည်။) **~ပုစွန်**/ပဲဗဇွန်/န-အသီးတောင့်များ ကွေးကောက်ရွှာ အပြွတ်လိုက်သီးသည့် ပဲပင်တစ်မျိုး။ **~ပိုးတီ**/ပဲပိုးဒီ/န-ပိုးတီကောင်နှင့်တူသော ပဲတစ်မျိုး။ **~ပင်ပေါက်**/ပဲဗင်ဖောက်/န-ပဲနောက်စေ့ စသည်ကို အစို့ဖောက်ထားသော ပဲညှောက်။ **~ပုပ်**/ပဲဗုတ်/န-ပဲကျပ်ပျဉ်ကို ပြုတ်၍ အပုပ်ခံ လုပ်ထားသော စားဖွယ်။ **~ပြား**/ပဲဗျား/န-မတ်ပဲစသည်၏ အမှုန့်ကို မုန့်ညက်အဖြစ်နယ်၍ ပေါင်းထားသည့် စားစရာ။ **~ပြုတ်**/ပဲဗျုတ်/ န- စားတော်ပဲကို ပြုတ်ထားသော စားဖွယ်။ **~ဖြူကလေး**/ပဲဖျူဂလေး/န-လှော်စားလေ့ရှိသည့် အစေ့လုံးဖြူသော ပဲတစ်မျိုး။ **~မြစ်**၊န-ပဲစောင်းလျားပင်၏ ပြုတ်စားရသော အမြစ်။ **~မှုန့်**၊န-ကုလားပဲကို ကြိတ်ထားသော အမှုန့်။ **~ယဉ်း**၊န-အသီးမှာအလျား အနည်းငယ်ရှည်သော ပဲတစ်မျိုး။ **~လေးညှင်း**၊န-လေးညှင်းပွင့်သဏ္ဌာန် အသီးသီးသော ပဲပင်တစ်မျိုး။ **~လင်းမြွေ**၊န-လင်းမြွေ သဏ္ဌာန်ရှည်သော အသီးတောင့်သီးသည့် နွယ်ပင် တစ်မျိုး။ **~လိပ်**၊န-ပဲမှုန့်ကို အပြားလုပ်၍ ပေါင်းတင် အခြောက်လှန်းပြီး ဟင်းချိုတွင် ထည့်ရသော စားဖွယ်။ **~လွှမ်း**/ပဲလွန်း/န-အသီးတောင့်ရှည်၍ အစေ့များ အကန့်လိုက်ရှိသော ပဲတစ်မျိုး။ **~လှော်**၊ န-ပဲကြီး၊ ပဲကျားစသည်ကို ရေစိမ်၊ နေလှန်း၍ ဆားနှင့် လှော်ထားသော စားဖွယ်။ **~ဝါ**၊န-အစေ့သေး၍ ဝါသော ပဲတစ်မျိုး။ **~သီတာ**/ပဲသီဒါ/န-အဖုလုံးငယ်များ ထွက်သော ကျောက်ရောဂါ တစ်မျိုး။

ပဲ[၂]၊ ညွှန်း-[အပြော]ရည်ညွှန်းသော ပုဒ်ကို လေးနက်စေသော စကားလုံး။ "လူ~။ နတ်~။ စားရဲ့~ စားတယ်။ စား~ စားနိုင်လွန်းတယ်။"

ပဲ[၃]၊န-၁၊(တစ်ကျပ်သား၊ တစ်လက်မ၏)ဆယ့်ခြောက်ပုံ တစ်ပုံမာဏ။ ၂၊(ငြိတိသျှခေတ်သုံး) ငွေတစ်ကျပ်၏ ဆယ့်ခြောက်ပုံတစ်ပုံ ပမာဏ။ (ရှေးမြန်မာနိုင်ငံသုံး) ငွေတစ်ကျပ်၏ နှစ်ဆယ်ပုံတစ်ပုံ။ **~တင်းပဲလျော့**/ပဲဒင်းပဲလျော့/ကြိဝိ-[ဥပစာ]အပိုအလို အသာအလျော့ မရှိ။

ပဲခူးဆား/ပဂိုးဆား/န-[ဥပစာ] နေရာတကာတွင် ပါဝင်ဆောင်ရွက်တတ်သူ။

ပဲခွပ်/ပဲဂွတ်/န-သစ်ရွေရာတွင် သုံးသော အသွားကန့်လန့်ရှိ လက်ကိုင်ရိုးတိုတပ် ကိရိယာ။

ပဲငွေး/ပဲငွေး/န-ရေစပ်တွင် ကျက်စားလေ့ရှိသော ငှက်တစ်မျိုး။

ပဲနီ၊ တစ်သျှီလင်၏ ၁၂ ပုံ ၁ ပုံ တန်ဖိုးရှိ ဒင်္ဂါး။ [လိပ်၊ penny]

ပဲလဝါ၊န-ကြေးကြက်စရာပုံလုပ်ထားသော မျက်နှာဖုံး။ [သ၊ဘဲရဝ]

ပုံ[၁]၊န-၁၊ရေယာဉ်၊ လေယာဉ်၏ နောက်ပိုင်းတွင်ရှိ၍ လိုရာဘက်သို့ ရွေ့လျားအောင် တည့်မတ်ပေးသည့် ကိရိယာ။ ၂၊ပဲ့ပိုင်း။ ကြိ-ရေယာဉ်၊လေယာဉ် စသည်ကို လိုရာဘက်သို့ ရွေ့လျားအောင် ထိန်းကျောင်းပေးသည်။ **~ကိုင်**၊ကြိ-လိုရာရောက်အောင် ထိန်းကျောင်းပေးသည်။ /ပဲ့ဂိုင်/န-လှေ၊ သင်္ဘောစသည်ကို လိုရာရောက်အောင် ထိန်းပေးသူ။ **~ချိတ်**/ပဲ့ဂျိတ်/န-ပဲ့တွင် စက်ချိတ်တပ်ထားသော လှေငယ်။ **~စီး**/ပဲ့ဇီး/န-၁၊လှေတွင် တက်မ ကိုင်ရသူ။ ၂၊ဆင်၏ နောက်ပိုင်းတွင် ထိုင်လိုက်ရသော ဆင်မှူးထမ်း။ **~တုံး** /ပဲ့ဒုန်း/ န- လှေကြီးများ၏ ပဲ့ပိုင်းတွင် ပန်းခက်ပန်းနွယ် ဖော်ထားသော သစ်တုံး။ **~နင်း**၊န-ပဲ့ကိုင်။ လှေသင်္ဘောကို အုပ်ချုပ်သူ။ **~ပိုင်း**/ပဲ့ဗိုင်း/န-ရေယာဉ် လေယာဉ်၏ နောက်

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ပိုင်း။ ~မြင်/ပုံမျင်/ကြိ–ဆုံးမသွန်သင်သည်။
ပွဲ[၂]၊ ကြိ–တစ်စိတ်တစ်ပိုင်း ကျိုးပျက်သည်။ အစ အပေါင်းမှ ကွာထွက်သည်။
ပွဲတင်စော်၊ ပွဲတင်ထပ်၊ ပွဲတင်ရိုက်၊ ကြိ–တုံ့ပြန်ရိုက်ခတ်သည့်အသံ ဖြစ်ပေါ်သည်။
ပွဲတင်သံ/ပဲ့တင်သန်/န–ပဲ့တင်ထပ်၍ ဖြစ်ပေါ်လာသော အသံ။
ပေါ၊နဝိ–၁၊ကြွယ်ဝများပြားသော။ ၂၊စျေးနှုန်းသက်သာသော။ ကြိ–လေးနက်တည်ကြည်မှုမရှိဘဲပြုမူပြောဆိုသည်။ စည်း–ဖျိုးစည်းများကို ရေတွက်ရာတွင် သုံးသော စကားလုံး။ **~ယယ်**၊ နဝိ–[ပေါ] များပြားသော။ **~လော** /ပေါလော၊ဖောလော/ ကြိဝိ–ရေမျက်နှာပြင်ထက်တွင် ပေါ်လျက်။ **~လောပေါ်** /–ပေါ်/ကြိ–[ဥပစာ] ဖုံးဖိထားသည့် ကိစ္စ အထင်အရှား ဖြစ်လာသည်။ **~သော** /ဖောသော/ န–ဉာဏ်ပညာ အသိအလိမ္မာ နည်းပါးညံ့ဖျင်းသူ။
ပေါရာဏ /ပေါရာနှ/ န– ပညာရှင်အဆက်ဆက် ရှေးသုံးအဖြစ် သတ်မှတ်ခဲ့သော ဝေါဟာရ။ [ပါ၊ ပေါရာဏ]
ပေါ့[၁]၊နဝိ– (အလေးချိန်၊ အရသာ၊ လုံ့လ၊ သတိ စသည်) လျော့နည်းသော။ **~အ**၊နဝိ–လုံ့လသတိ လျော့နည်းသော။ ပေါ့လျော့သော။ **~ပါး** /ပေါ့ဗား/နဝိ–၁၊အလေးချိန် ပေါ့သော။ ၂၊သွက်လက်လျင်မြန်သော။ **~ပေါ့တန်တန်**/ပေါ့တော့တန်ဒန်/ ကြိဝိ–အလေးအနက် မထားဘဲ။ ပြက်ချော်ချော်။ **~ပြက်ပြက်**၊ **~ရွတ်ရွတ်**၊ ကြိဝိ–အလေးအနက် မရှိဖြစ်လျက်။ အနှစ်သာရ မရှိဖြစ်လျက်။ အရသာ မရှိဖြစ်လျက်။
ပေါ့[၂]၊ စည်း–[အပြော]ပါ့။ ပဲ။.
ပေါ်၊ကြိ–၁၊အထင်အရှားဖြစ်လာသည်။ ပေါ်လွင်သည်။ ပေါ်ပေါက်သည်။ ၂၊(ရေ စသည်၏) မျက်နှာပြင်ထက်၌ တည်သည်။ ၃၊ဖုံးကွယ်၊ မြုပ်ကွယ်နေသည်မှ ထွက်ပေါ်လာသည်။ ၄၊(အသီး၊ အပွင့် စသည်) ဖြစ်ထွန်းချိန် ရောက်သည်။ ၅၊(ကျွဲ၊ နွားစသည်ကို) ဟင်းလျာအလို့ငှာ သတ်ဖြတ်သည်။ **~ကြော** /ဖော်ကျော/ န–အလုပ်အကိုင် မည်မည်ရရ ပင်ပင်ပန်းပန်း မလုပ်ဘဲ ကြော့ကြော့မော့မော့ ဝတ်စား၍ သွားလာ နေထိုင်သောသူ။ **~ဆန်းမွှေး**၊န–အနံ့မွှေးသော စပါးကောင်းတစ်မျိုး။ **~တော်မူ**/ပေါ်တော်မူ/န–၁၊ကာလ ကြာကြာ ကွယ်ပျောက်နေရာမှ ပြန်လည်ဖူးမြင်ခွင့် ရသော ရုပ်ပွားတော် စသည်။ ၂၊ [ဥပစာ] အတန်ကြာ ပျောက်နေရာမှ ရောက်လာသူ။ **~ဗင်** /ပေါ်ဗင်/ န– အခိုက်အတန့်တွင်ကျုယ်နေသောအရှုး **~လွင်**၊ ကြိ–၁၊ထင်ရှား

သည်။ သိသာမြင်သာသည်။ ၂၊ ပလွှားဝင့်ဝါသည်။ **~ဦးပေါ်ဖျား** /ပေါ်အူးပေါ်ဗျား/ န– ရာသီအလိုက် ပေါ်ခါစ သီးနှံ စသည်။
ပေါ်လစီ[၁]၊န–မူဝါဒ။ [လိပ်၊policy]
ပေါ်လစီ[၂]၊န–အသက်အာမခံ၊ မီးအာမခံ စသည့် အာမခံစာချုပ်စာတမ်း။ [လိပ်၊policy]
ပုံ၊ကြိ–ကူညီသည်။ **~ပိုး**/ပန့်ပိုး/ကြိ–ထောက်ပံ့ကူညီသည်။
ပုံသကူ/ပန့်သုကူ/န–စွန့်ပစ်ထားသည့် သင်္ကန်း စသည်။ [ပါ၊ပံသုကူလ] **~သား**/**~သုား**/န–မိမိ ပယောဂ မပါဘဲပေါ်သည့် အမဲသားငါး။
ပို[၁]၊နဝိ–၁၊သာလွန်သော။ ၂၊ရှိသင့်သည်ထက်၊ လိုအပ်သည်ထက် များသော။ ၃၊အသုံးမလိုသော။ **~မို**၊ နဝိ–ပို၍များပြားသော။
ပို[၂]၊န–သနပ်ဖက် စသည်ထည့်ရသော ခြင်းတောက်ကြီး။
ပို[၃]၊န–ပဆစ်ပစ်ရာတွင် ရွှေ့ကစားရသော အရာ။ [ပါ၊ဗလ]?
ပို[၄]၊ န–တိုင်လုံးငယ်။ [လိပ်၊pole] **~စွန်း** /ပိုစွန်း/ န– ၁၊ ကမ္ဘာတောင်မြောက် ဝင်ရိုးစွန်း။ ၂၊သံလိုက်ဝင်ရိုးစွန်း။
ပိုကာ၊န–၁၊ဖဲ့ချပ်ရှေ့ ခုချပ်ဝေ၍ ကစားရသော ဖဲကစားနည်း တစ်မျိုး။ [လိပ်၊poker]
ပိုစတာ၊န–အများမြင်သာသည့် နေရာတွင် ပြထားသော ကြော်ငြာကြီး။ [လိပ်၊poster]
ပိုတက်၊န–မြေသြဇာ၊ ဆပ်ပြာစသည်နှင့် တတုပစ္စည်းများ ပြုလုပ်ရာတွင် အသုံးပြုသည့် ပြာဆား။ [လိပ်၊potash]
ပိုလီယို၊န–ကလေးသူငယ်များတွင် ဖြစ်ပွားတတ်သော အကြောသေ ရောဂါတစ်မျိုး။ [လိပ်၊polio]
ပို့၊ကြိ–၁၊တစ်နေရာမှ တစ်နေရာသို့ ရောက်အောင် ပြုသည်။ ၂၊စုပုံမို့တက်သည်။ ၃၊မုံ့ပိုးပေးသည်။ အထောက်အပံ့ ပြုသည်။ "ဓာတ် ~–။ ဆိုင်းဖြင့် ~ပေး–။" **~ချ**၊ကြိ–ဟောပြောသင်ကြားပေးသည်။ **~သ**၊ ကြိ–အမြတ်တနိုး ပို့သည်။
ပို့စကတ်၊န–၁၊စာအိတ်မပါဘဲစာတိုက်မှ တစ်ဆင့် ပို့နိုင်သော စာရေးကတ်ပြား။ ၂၊ရုပ်ပုံပါသော စက္ကူကတ်ပြား။ [လိပ်၊post-card]
ပိုး[၁]၊န–၁၊သေးမွှားသော၊ သေးငယ်သော သက်ရှိ။ ၂၊နူးညံ့သော ချည်မျှင်အိမ်ပြုလုပ်သည့် ပိုးတစ်မျိုး။ ၃၊ယင်းပိုးအိမ်မှရသော နူးညံ့သည့်အမျှင်။ ၄၊ထိုအမျှင်ဖြင့် ရက်လုပ်ထားသည့် အထည်။ **~ကျ**၊ကြိ–စိုက်ခင်းကို ပိုးများဝင်ရောက်ဖျက်ဆီးသည်။ **~ချင်းမ**၊န–ဆေးဖက်ဝင်သော ပိုးကောင်ပျံတစ်မျိုး။ **~ဇာ**/ပိုးဇာ/န–အရွက်ကို ပိုးကျွေးရသည့် အပင်

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

တစ်မျိုး။ ~ခေးနဲ့/ပိုးစီးနဲ့/န–ပင်ဖျက် ပိုးကောင်ငယ်တစ်မျိုး။ ~စုန်းကြူး၊န–ညအခါတွင် အရောင်ထွက်သည့် ပိုးကောင်တစ်မျိုး။ ပိုးရည်မြူး။ ~စပ်ကောင်/ပိုးဇတ်ကောင်/န–မီးရောင်တွင် လူးလာပျံသန်းလေ့ရှိသည့် အနံ့ဆိုးသော ပိုးကောင်တစ်မျိုး။ ~စိမ်းကောင်/ပိုးဇိမ်းဂေါင်/န–အစိမ်းရောင်ရှိသည့် ပင်ဖျက်ပိုးတစ်မျိုး။ ~တီ/ပိုးဒီ/န–ကိုယ်လုံးအရစ်အရစ်ရှိသော ပိုးကောင်ငယ်တစ်မျိုး။ နဝိ–အရစ်အရစ် လိုးထားသော (သစ်သီးသစ်ဥ)။ ~တောင်မာ/ပိုးဒေါင်မာ/န–အတောင်ပေါ်တွင် မာကျောသော ကိုယ်ခွံတစ်ထပ်ရှိသည့် အင်းဆက်ပိုး။ ~တောင့်တဲ/ပိုးဒေါင့်ဒဲ/န–တွန့်၍ သွားတတ်သော ပိုးကောင်တစ်မျိုး။ ~တုံးလုံး၊န–လိပ်ပြာ ဖြစ်လာမည့် အတောင်မပေါက်သေးသော ပိုးလောင်း။ ~ထိ၊ကြိ–မြွေဆိုး အကိုက်ခံရသည်။ ~ထိုးလောက်ကိုက်/ပိုးဒိုးလောက်ကိုက်/န–မကောင်းတော့သော ပစ္စည်း။ ~နားသန်/ပိုးနသန်/န–ခြေချောင်းများ၍ ကိုယ်လုံးရှည်လျားသော ထိလျှင် ခွေသွားတတ်သည့် ပိုးကောင်။ ~နံကောင်/ပိုးနန်ခေါင်/န–အနံ့နံသော ပျံတတ်သည့် ပိုးကောင်တစ်မျိုး။ ~ပရုန်၊န–မိုးရွာပြီးခါစ မြက်ခင်းပေါ်တွင် ထွက်လာလေ့ရှိသော အနီရောင် ပိုးကောင်ပျံတစ်မျိုး။ ~ဖလံ၊န–ညအခါ မီးရောင်တွင် ပျံဝဲတတ်သော ပိုးကောင်ငယ်တစ်မျိုး။ ~မည်းတောင်ဇာ/ပိုးမဲ တောင်ဇာ/န–စိမ်းဝါရောင် ပြောင်လက်သော အတောင်မာရှိသည့် ပိုးကောင်တစ်မျိုး။ ~မြည်မြူး၊ ~ရည်မြူး၊ န– ပိုးစုန်းကြူး။ ~မွှား၊န–သေးငယ်သော ပိုးကောင် အမျိုးမျိုးကို ခြုံခေါ်သော စကား။ ~ရုပ်ဖုံး၊ န–အတောင်ပါ အင်းဆက် ပိုးကောင် အချို့၏ ဖြစ်စဉ်၌ ရှူ၊ ပိုးလောင်းဘဝမှ အတောင်အလက်စုံသည့် ပိုးကောင်အဆင့်သို့ ရောက်ခဲတွင် အမြေးအမျှင်ဖြင့် ကိုယ်ကို ရစ်ဖုံး အိမ်ဖွဲ့နေသော ပိုးကောင်။ ~လောင်မီး၊န–စပါးဖျက် ပိုးကောင် တစ်မျိုး။ ~လောင်း၊ န–အဂါရုံသော ပိုးကောင်အဆင့်သို့ မရောက်သေးသော ပိုးကောင်။ ~ဟပ်၊န– လူနေအိမ် အကြိုအကြားတွင် နိုအောင်း နေလေ့ရှိသော အရေခွံလဲတတ်သည့် ပိုးကောင် တစ်မျိုး။

ပိုး[၂]၊ကြိ–၁၊ကျောပေါ်တွင် ကပ်လျက်တင်သည်။ ၂၊ ထပ်တင်သည်။ ၃၊ မိမိချစ်ကြိုက်သူကို ရည်းကပ်၍ မေတ္တာရယူရန် ကြိုးပမ်းသည်။ ပိုးပန်းသည်။ ~လွှ၊န–ဓားကောက်လွှနှင့်အတူတူ။

ပိုးကရင်၊န–ကရင်လူမျိုးတစ်မျိုး။

ပိုးစိုးပက်စက်/ပိုးဇိုးပက်စက်/ကြိဝိ–၁၊မညာမတာ။ ၂၊မရှုမလှ။

ပိုးလိုးပက်လက်၊ကြိဝိ–မသေမသပ် ပက်လက်ဖြစ်လျက်။

ပက်[၁]၊ကြိ–၁၊ရေစသည်ကို ပစ်လွှင့်သည်။ ၂၊ရေကို ခပ်ထုတ်ပစ်သည်။ ၃၊(ဝက်က အစွယ်ဖြင့်) ပင့်ကော်၍ ထိုးသည်။ ၄၊ကြီးသူ၏စကားကို မနာခံဘဲ ပြန်လှန်ပြောသည်။ နဝိ–ဖောက်တိမ်၍ ဖြတ်ကျယ်သော။ ပက္ကလာ၊န–ပီလမနှင့် အတူတူ။ ~ကျိ၊န–နေ့ကွေးဖျား ရှေ့သွားသော ချွဲကိုသည့် အကောင်မျိုး။ ~ခွန့်၊န–လှေတွင်းသို့ စိမ့်ဝင်လာသော ရေကို ပက်ထုတ်ရသော ခွက်။ ~စက်၊ကြိ–၁၊ မထောက်မထားပြုသည်။ "အကြီ~–။" ၂၊(အနေအထိုင်၊ အစားအသောက်) မဆင်မခြင် ပြုသည်။ ~ဖြို/ဗက်ပျဲ/ နဝိ– မသပ်မရပ် ပြန့်ကားနေသော။ ~လက်၊ ကြိဝိ–၁၊အပေါ်သို့ မျက်နှာမူကာ ကျောခင်းလျက်။ ၂၊အဖုံးအအုပ်မရှိ၊ ဟင်းလင်းပွင့်လျက်။ ~လက်ကုလားထိုင် /ပက်လက်ကလထိုင်/ န– ပက်လက် ကျောမှီ ထိုင်နိုင်သော ကုလားထိုင် တစ်မျိုး။

ပက်[၂]၊စည်း–[ကချာ] ပင်။ ပဲ။ "မြင်လျှင် ~။" ~ပါ၊ ကြိဝိ–[ရှေး]ရင်ဆိုင်။ ပက်ပင်း။ ~ပင်း၊ကြိဝိ– မျက်မြင်တပ်အပ်။ တန်းတန်းမတ်မတ် ရင်ဆိုင်လျက်။

ပေါက်[၁]၊ကြိ–၁၊ပွင့်ထွက်သည်။ အပေါက်ဖြစ်သည်။ ၂၊ ထိခိုက်ပွန်းရှိသည်။ "ဖိနပ် ~ –။ ထုံး ~ –။" ၃၊ ဥမှ အကောင်ထွက်သည်။ ဖွားမြင်သည်။ ၄၊ ပေါ်ထွက်သည်။ "သစ်ပင် ~–။ စိတ်ကူး ~–။" ၅၊ရေးလမ်း ပွင့်သည်။ မြဖြစ်ပေါ်သည်။ "ဈေး–ပြီ။" ၇၊ အောင်မြင် ပြီးမြောက်သည်။ "တတ်လုံး ~–။ နှစ်ချင်း ~–။" ၈၊အရှိန်နှင့် ထိုးစိုက်သည်။ ပစ်ခတ်သည်။ ၉၊(ခြေဖနောင့်ဖြင့်) ဆောင့်ကန်သည်။ နဝိ–ပျိုမျစ်သော။ "ဆင် ~။ ကျွဲ ~။" ~ကရ၊ ~တတ်ကရ၊ ကြိဝိ–ထင်ရာမြင်ရာ (ပြောဆိုပြုမူသည်)။ န–အသုံးမကျ အရာမဝင်သော အရာ။ ~ကရိ၊ န–မြေသယ် ခြင်းတောင်း။ ~ကြား၊ ကြိ–သတင်း စကား သိုသိပ် ကွယ်ဝှက်ထားရာမှ ပေါ်ထွက်သွားသည်။ ~ကွဲ၊ ကြိ– ၁၊ပွင့်ထွက်သည်။ ၂၊ မထိန်းချုပ်နိုင်တော့သဖြင့် ခံစားမှုတစ်ခုခု ပွင့်ထွက်သည်။ ~ခြမ်း၊န–သစ်ကိုင်းကို ခွဲထားသော ထင်းခြမ်း။ ~ချွန်း၊န–လက်ကိုင်ရိုးရှည် တပ်၍ မြေပေါက်ရသော၊ တစ်ဖက်ချွန်၍ တစ်ဖက်တွင် ကန့်လန့် အသွားပါသော ကိရိယာ။ ~စ၊န– မွေးခါစအရွယ်။ သေးငယ်သောအရာ။ ~ဆတ် ပေါက်ဆတ် /ဗောက်ဆတ်ဗောက်ဆတ်/ ကြိဝိ– ခြေကို အရှိန်ဖြင့် မြှောက်ချည်ချချည် လှမ်းလျက်။

မာတိကာသို့ ▶▶▶

http://www.lknt11.com

~ဈေး၊နဲ–လောလောဆယ် ဖြစ်နေသော ရောင်းဈေး ဝယ်ဈေး။ **~တူး**၊ နဲ–၁၊ မြေဆွရာ ပေါင်းသင်ရာတွင် သုံးသော အသွားကန့်လန့်တွင် လက်ကိုင်ရိုးတို တတ်ထားသည့် ကိရိယာ။ ၂။ ပေါက်ပြား။ **~ပေါက်**၊ နဲ– လှော်ထား၍ ပွင့်အာနေသော ကောက်ညှင်းစပါးဈေ့ စသည်။ **~ပေါက်ဆုပ်**၊နဲ–ပေါက်ပေါက်ကို ထန်းလျက်ရည်၊ သကာရည် စသည်ဖြင့် လုံးဆုပ်ထားသော စားမှုန်။ **~ပေါက်ရှာရှာ**၊ကြိဝိ–ကြက်ကြဖန်ဖန်။ **~ပန်းဈေး**၊ကြိဝိ–တွေ့ကရာ။ "~ဝယ်မစားနှင့်။" **~ပြ**၊ ကြိ–[ပေါ] ကျော်စော ထင်ရှားသည်။ (ကျော်ပေါက်ပြ ဟု တွဲသုံးလေ့ရှိသည်။) **~ပြား**၊ နဲ– လက်ကိုင်ရိုးရှည် တပ်၍ မြေပေါက်ရသော ကန့်လန့်အသွားပြားရှိသည့် ကိရိယာ။ **~ဖော်**၊နဲ–၁၊သားချင်း။ ၂၊တရုတ်အမျိုးသားကို ရင်းနှီးစွာခေါ်သော အမည်။ **~ဖတ်** /ဖောက်ဖတ်/ နဲ–လိပ်ပြာ၊ ပိုးဖလံ စသော ပိုးများ၏ ဥမှပေါက်သည့် ပိုးလောင်း။ **~ဖွား**၊ကြိ–၁၊မျိုးဆက်ဖြစ်ထွန်းတည်လာသည်။ ၂၊(အရင်းမူလမှ) ဖွားထွက်ဖြစ်ပေါ်သည်။ **~မဲ**၊ နဲ– အောင်ဘာလေဆု တစ်စုံတစ်ရာ ရေးမှတ်ထားသော မဲ။ **~မြောက်**၊ ကြိ–ပြီးမြောက်သည်။ **~ရောက်**၊ကြိ–၁၊နှံ့စပ်ဝင်ဆံ့သည်။ ၂၊ခရီးတွင်သည်။ **~လွတ်ပဲစား** /ပေါက်လွတ်ပဲစား/ ကြိဝိ–အထိန်းအကွပ်မဲ့။ စည်းမရှိ ကမ်းမရှိ။ နဲ–ထိုသို့ပြောဆို ပြုမူနေထိုင်သူ။ **~သောက်**/ဖောက်သောက်/ကြိဝိ–အစီအစဉ် စနစ်တကျ မရှိဘဲ။

ပေါက်၂၊နဲ–တပို့တွဲလဆန်း အနီရောင် အပွင့်များ ပင်လုံးကျွတ် ပွင့်သော ပင်စောက်ကြီးတစ်မျိုး။

ပေါက္ခရဝဿမိုး/ပေါက်ခရာဝတ်သာ့မိုး/နဲ–ကြာတောမှာ ရွာသော မိုးကဲ့သို့ စွတ်စေ လိုသူကိုသာ စွတ်အောင် ကွက်ကျားရွာသော မိုး။ [ပါ၊ပေါက္ခရဝဿ+မြန်၊မိုး]

ပေါက်စီ၊နဲ–နယ်ထားသော ဂျုံမုန့်ညက်ထဲ အဆာသွတ်၍ ပေါင်းထားသည့် မုန့်တစ်မျိုး။ [တရုတ်၊ baozi]

ပေါက်ပန်းဖြူ/ပေါက်ပန်းဗျူ/နဲ–အပွင့်ဖြူ၍ အရွက်သေးသော ပင်လတ်တစ်မျိုး။

ပိုက်၃၊ကြိ–ရင်နှင့် ကပ်လျက်ထားသည်။ ရင်နှင့်ကပ်လျက် ထိန်းမွေ့သည်။ နဲ–၁၊သားငါးစသည် အုပ်ဖမ်းရန် ချည်စသော အမျှင်တစ်မျိုးမျိုးဖြင့် အကွက်ဖော်ထားသော ကွန်ရက်။ ၂၊ဆံထုံးကို အုပ်သည့် ကွန်ရက်။ ၃၊ကစားပွဲ၌ ခြားကန့်ရန် ကွန်ရက်။ **~စိပ်တိုက်**၊ကြိဝိ–[ဥပစာ]အကြိုအကြား မကျန်အောင် နေရာအနှံ့အစပ်။ **~ထုပ်**၊ကြိ–မွေ့ပိုက်ယုယသည်။

ပိုက်၄၊ နဲ–ပြွန်ချောင်း။ [လိပ်၊ pipe]

ပိုက်ကျူး၊နဲ–စက္ကူပဲချပ်ရှည်တစ်မျိုးဖြင့် ကစားသော ဖဲကစားနည်းတစ်မျိုး။ [တရုတ်၊ paijiu]

ပိုက်ဆံ၊နဲ–ရောင်းဝယ်ရာတွင် ကုန်ပစ္စည်းနှင့် ဖလှယ်ရန် တန်ဖိုးသတ်မှတ်ထားသည့် အရာ။ ငွေ။ [ဟိန္ဒီ၊ ပိုက်ဆာ]

ပိုက်ဆန်၊နဲ–အခေါက်မှ လျှော်မျှင်ထုတ်ယူရရှိသော အပင်တစ်မျိုး။ [မြန်၊ပိုက်+ဟိန္ဒီ၊သာဏ]?

ပုဂ္ဂလဓိဋ္ဌာန်/ပုတ်ဂလာ့ဒိတ်ထန်/ကြိဝိ–တစ်ဦးဦးအား ဦးတည်ရည်ရွယ်လျက်။ [ပါ၊ပုဂ္ဂလာဓိဋ္ဌာန]

ပုဂ္ဂလိက/ပုဂ်ဂလိကာ့/နဝိ–တစ်ဦးတည်းနှင့် ဆိုင်သော။ [ပါ၊ပုဂ္ဂလိက]

ပုဂ္ဂိုလ်/ပုတ်ဂို/နဲ–၁၊လူ၊ သတ္တဝါ။ ၂၊လေးစားအပ်သောသူ။ [ပါ၊ပုဂ္ဂလ] **~ဓွဲ** /–ဓွဲ/ နဲ–ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အပေါ် အစွဲရှိမှု။

ပင်၃၊နဲ–အပင်။ **~ကို**/ပင်ဂို/နဲ–မူလ။ **~ကျရည်** /ပင်ဂျာ့ယေ/နဲ–ထန်းပင်မှချပြီးခါစ ထန်းရည်။ **~ကျော်ပင်ချ**/ပင်ဂျော်ပင်ချာ့/နဲ–ဖောက်ချည်ကတိုင်ချည်ကို တစ်ပင်အထက် တစ်ပင်အောက်ထား၍ ရက်သော ရက်ကန်းရက်နည်း။ **~ကျပ်နုတ်**/ပင်ဂျတ်နုတ်/ကြိ–လွတ်လပ်စွာ ကြီးထွားဖွံ့ဖြိုးခွင့်ရစေလိုသော အပင်များ အကြားရှိ မလိုသော အပင်များကို သုတ်သင်ဖယ်ရှားသည်။ **~စောက်** /ပင်ဇောက်/ နဲ– ပင်စည်မြင့်သော သစ်ပင်မျိုး။ **~စည်** /ပင်ဇီ/နဲ–သစ်ပင်၏ ကိုယ်ထည်။ **~စိမ်း** /ပင်ဇိမ်း/နဲ–ဟင်းခတ်အမွှေးအကြိုင်အဖြစ်သုံးသော အနံ့ပြင်းသည့် အပင်ငယ်တစ်မျိုး။ **~တိုင်**/ပင်ဒိုင်/ နဲ– ၁၊ ပုံသေတာဝန်ယူဆောင်ရွက်သူ။ ၂၊ ပုံသေပါရှိသော အရာ။ "~ဟင်း။" **~ထောင်**/ပင်ဓေါင်/ နဲ–၁၊မတ်မတ်ထောင်၍ ပေါက်နေသော အပင်။ ၂၊ မရိတ်မသိမ်းရသေးသော စပါးပင်၊ မြေပဲပင် စသည်။ **~ထောင်ဈေး** /–ဈေး/ ကြိ– နောင်ကောက်ပဲသီးနှံပေါ်လျှင် မည်ရွေ့မည်မျှနှုန်းဖြင့် ပေးချေရန် ကြိုတင်သတ်မှတ်၍ ငွေချေးသည်။ **~ထောင်စရိတ်**/–ဇယိတ်/နဲ–အစိုးရက တောင်သူလယ်သမားများအား ကြိုတင် ထုတ်ချေးသော စိုက်ပျိုးရန် စရိတ်ငွေ။ **~ထွက်** /ပင်ဒွက်/နဲ–၁၊အပင်မှထွက်သော ပစ္စည်း။ ၂၊ထန်းရည်၊ ဓနိရည် စသော အပင်မျိုးမှရသော သေရည်။ ၃၊ထန်းပင်ငယ်။ ၄၊ပင်ကို။ **~နီ**၊နဲ–၁၊အနုန်းခွဲရောင်ရှိသော ဝါ။ ၂၊ယင်းဝါချည်ဖြင့် ရက်လုပ်သော အထည်။ **~ပျပ်** /ပင်ဗျတ်/နဲ– ပင်နိမ့် အမျိုးအစား။ **~ဖြတ်ပိုး**/–ပိုး/နဲ–သီးနှံပင်ကို ရိုးတံတွင်းမှနေ၍ ဖျက်ဆီး တတ်သော ပိုးတစ်မျိုး။ **~မ**၊နဲ–အခြေခံ။

မာတိကာသို့ ▶▶▶

http://www.lknt11.com

အရင်း မူလ။ **~မှည့်**/ပင်မှဲ့/န–၁။အပင်ပေါ်တွင် မှည့်သော သစ်သီး။ ၂။ ဖျော်ရည်လုပ်သော အသီးသီးသည့် နွယ်ပင်တစ်မျိုး။ **~ရင်း**။န–အခြေခံ။ မူလ။ ပင်မ။ **~လှဲရိတ်**|ကြိ–ကောက်ပင်များကို ဝါးလုံးဖြင့် ဖိလှဲပြီးမှ တံစဉ်ဖြင့် ကော်၍ ရိတ်ဖြတ်သည်။ **~သည့်**/ပင်သှယ်/န–ကုန်ပစ္စည်းကို ပင်တိုင်ရောင်းချသူ။ (ဖောက်သည်နှင့်နှိုင်းယှဉ်)

ပင်[၂]၊ စည်း– ကြိယာနှင့်နာမ်ကို လေးနက်အောင် ထောက်ပံ့သော စကားလုံး။ **~ပန်း** /ပင်ဗန်း/ ကြိ–မောပန်းနွမ်းနယ်သည်။

ပင်ဂွင်၊န–(အန္တာတိတ်ဒေသတွင်သာ တွေ့ရသော) ခြေချောင်းတွင် ရေယက်ပြားရှိ၍ တောင်ပံကို ရေကူးရာ၌သာ အသုံးပြုနိုင်သော မပျံနိုင်သည့်ငှက်။ [လိပ်၊penguin]

ပင်စင်၊ န–၁၊ အစိုးရဝန်ထမ်းအဖြစ်မှအနားယူခြင်း။ ၂၊ အငြိမ်းစားလစာ။ [လိပ်၊pension]

ပင်နယန်၊န–စက်ယန္တရားရှိ ဘီးကိုလည်အောင် ပြုလုပ်ပေးသော ခွေးသွားစိပ်ပါ ဘီး။ [လိပ်၊pinion]

ပင်နီဆီလင်/ပင်နီ ဆလင်/န–ရောဂါပိုးကို တိုက်ဖျက်နိုင်စွမ်းရှိသည့် ပဋိဇီဝဆေးတစ်မျိုး။ [လိပ်၊ penicillin]

ပင်ပေါင်၊ န– ကော်သောလုံးငယ်ကို စားပွဲအလယ်ပိုက်တန်းကျော်အောင် ရိုက်ပို့ကစားရသော ကစားနည်း။ [လိပ်၊ pingpong]

ပင်လယ်၊န–ကမ်းမမြင်အောင် ကျယ်ပြန့်သော ဆားငန်ရေပြင်ကြီး။ **~ကသစ်**၊န–ပင်လယ်ကမ်းနားတွင် ပေါက်လေ့ရှိသော အမွှင့်နီ၍ ဆူးရှိသည့် ပင်စောက်တစ်မျိုး။ **~ကူး**/ပင်လယ်ဂူး/န–ကြိုးနှစ်စ ပေါင်းကူးစုသွင်းထားသော စိပ်ပုတီးခေါင်း။ **~ကြမ်းပြင်** /ပင်လယ်ကျန်းဗျင်/ န– ပင်လယ် အောက်ခြေမြေပြင်။ **~ကွေ့**/ပင်လယ်ငွေ့/န–အရပ်သုံးမျက်နှာ နီးပါး ကုန်းမြေဝိုက်ပတ်နေသော ပင်လယ်။ **~တိမ်** /ပင်လယ်ဒိန်/န–ပင်လယ်ရေတိမ်ပိုင်း။ **~မှို**၊န–ပင်လယ်အောက်ခြေရှိ အရာဝတ္ထုများတွင် တွယ်ကပ်နေဟာတ်၍ ပန်းပွင့်နှင့်တူပြီး ဖြည်းဖြည်းချင်းတွားသွားသော ပင်လယ်သတ္တဝါ တစ်မျိုး။ **~ရပ်ခြား**၊ န–ပင်လယ်ခြားနေသော အခြား အရပ်ဒေသတိုင်းပြည်။ **~အူလျှောက်နာ**/ပင်လယ် အူယောက်နာ/န–ဝမ်းနှင့် ပြင်းထန်စွာ ရစ်၍နာပြီး အော့အန်၊ ဝမ်းလျှောသည့် ရောဂါ။ (ပင်လယ် အူလိမ်နာ ဟုလည်း ခေါ်သည်။ အထက်လှန် အောက်လျှောဟုလည်း ခေါ်သည်။) **~အော်**၊န–ကြီးမားသော ပင်လယ်ကွေ့။

ပင်အပ်၊န–စက္ကူစသည်တွဲရန် ထိပ်ဖူးတစ်ဖက်ပါသော အပ်။ တွယ်အပ်။ [လိပ်၊ pin + မြန်၊ အပ်]

ပင့်၊ ကြိ–၁၊မ၍ မြှင့်တင်သည်။ ၂၊ချီးမြှောက် ပြောဆိုသည်။ ၃၊ကြွရောက်ပါရန် ပန်ကြားသည်။ ဖိတ်ကြားသည်။ **~ကန်** /ပင့်ဂန်/ န– လှေကန့်ထောက်။ **~ဖိတ်**၊ ကြိ–ကြွရောက်ပါရန် လေးစားစွာ ပန်ကြားသည်။ **~သက်**/ပင့်သှက်/န–ကိုယ်စိတ် ပင်ပန်းမှုကြောင့် ရှူရှိုက်သော ဝင်သက်ထွက်သက်။

ပင့်ကူ/ပင့်ဂူ/န–မိမိ၏အမျှင်ဖြင့် အိမ်ဖွဲ့နေတတ်သော ခြေရှစ်ချောင်းရှိ ပိုးကောင်။

ပင်း၊ကြိ–၁၊ချောင်နေသော နေရာထဲသို့ သပ်သွင်း၍ တင်းကျပ်စေသည်။ ၂၊နားလုံးဝမကြားဖြစ်သည်။ ၃၊ဟာစ်ဖက်ဖက်သို့ လိုက်ပါပူးပေါင်းသည်။ ဘက်လိုက်သည်။ **~သကား** /ပင်းသှဂါး/ န– [ရှေး] ရာဇဝတ်သား၏လည်တွင်စွပ်သည့်လည်ထောက်။

ပင်းမင်း၊န–အဝတ်လျှော်ဖွပ်ခြင်း၊ ဆေးဆိုးခြင်းစသည့်လုပ်ငန်း။ [?]

ပင်းသား/ပင်းသှား/န–[ရှေး]ဗင်သားရှူ။

ပေါင်[၁]၊ကြိ–၁၊အကူတကွ ရှိစေသည်။ ကပ်မြှောင်သည်။ ၂၊ငွေချေးယူရာတွင် ပစ္စည်းကို အာမခံအဖြစ် အပ်နှံသည်။ န–၁၊ ဒူးအထက်ဖြစ်သော ခြေထောက်အစိတ်အပိုင်း။ /ဖောင်/ ၂၊ထိန်းကွပ်ထားသော ပတ်လည်အနားသတ်။ "မှန်~။ ကန့်~။" (ဘောင်လည်းရှု)။ **~ခြံ** /ပေါင်ဂျန်/န–ပေါင်ရင်း အတွင်းဘက်အပိုင်း။ **~တံထိုး** /ပေါင်ဒန်ထိုး/ ကြိဝိ–ပေါင်နှစ်ဖက်ဖြင့် ညှပ်လျက်။ "သစ်ပင်ကို ~တက်–။" **~ပိုးနု** /ပေါင်ပိုးနု/ ကြိ–ပေါင်ခြံရှိ အကျိတ်ရောင်သည်။ ပေါင်ပိုးစမနာသည်။ **~ပိုးစမ**/ပေါင်ပိုးဇမာ့/န–ပေါင်ခြံတွင် ထွက်သော အကျိတ်နာ။ **~ပုပ်လက်ပုပ်နာ**/ပေါင်ဗုတ်လက်ပုတ်နာ/န–ကျွဲနွားတို့၏ လည်ပင်း၊ ပခုံး စသည်တို့တွင် အဖုအကျိတ် ပေါက်သော ကူးစက်ရောဂါတစ်မျိုး။ **~အိုး**၊န–ပေါင်လုံးပတ်။

ပေါင်[၂]၊ န– ၁ ၊၁၆အောင်စရှိ အလေးချိန်။ ၂၊ဗြိတိန်နိုင်ငံသုံးငွေ။ [လိပ်၊pound] **~ချိန်**/ပေါင်ဂျိန်/ န– ၁၊ ပေါင်အလေးချိန်။ ၂၊ ပေါင်အလေးဖြင့် ချိန်သော ကိရိယာ။

ပေါင်[၃]၊စည်း–[အပြော] ငြင်းပယ်ရာတွင် လေးနက်အောင် ထောက်ပံ့သော စကားလုံး။ "မသိ~။"

ပေါင်တုတ်/ပေါင်ဒုတ်/န– အမွေးအတောင် ညို၍ မျက်လုံးဝါသော ငှက်ငယ်တစ်မျိုး။

ပေါင်ဒါ၊န–မျက်နှာကိုယ်လက်ကို လိမ်းခြယ်သော အမွေးမှုန့်။ [လိပ်၊powder]

ပေါင်မုံ့/ဖောင်မုံ့/န–ဆီးရွက်သဏ္ဌာန် အရွက်ရှိ၍ ချိုသော အသီးငယ်များသီးသည့် ဆေးဖက်ဝင်ချုံတစ်မျိုး။ သိကြားရေစင်။

ပေါင်မုန့်၊န–နယ်ပြီးဂျုံမှုန့်ညက်ကို ဖောင်းပွအောင်

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ဖုတ်ထားသော မုန့်တစ်မျိုး။ [ဟိန္ဒီ၊ပါဝ်+မြန်မုန့်]

ပေါင်း။ကြိ–၁၊ရောနှောသည်။ ရောစုရောတွက်သည်။ ၂၊အပေါ်အဖက်ပြုသည်။ အိမ်ထောင်ဖက် ပြုသည်။ ၃၊ဦးခေါင်းကို ပဝါစသည်ဖြင့် ရစ်ပတ်သည်။ ၄၊ရေနွေးငွေ့ဖြင့် ကျက်နပ်စေသည်။ န–၁၊လှည်း၊ လှေ စသည်၏ အမိုးခုံ။ ၂၊ဆင်၏ ကျောပေါ်ရှိ လှတိုင်စရာ။ ၃၊အမိုးပါသော ထမ်းစင်။ ၄၊ကောက်ပဲ သီးနှံပင်များကြားတွင် ပေါက်နေသော အလေ့ကျ အပင်ငယ်များ။ /မောင်း/န–အရုပ်ရုပ်အားလုံး။ ~ကူး။ကြိ–တစ်ဖက်နှင့်တစ်ဖက် ဆက်သွယ်ပေးသည်။ ~ကုပ်/ပေါင်းဂုတ်/န–လှည်း၊ လှေ စသည်၏ အမိုးခုံ။ ~ကွတ်/ပေါင်းဂွတ်/န–အဆောက်အအုံ၌ ဆင့်တင်သည့် ရက်မတန်း။ ~ ကွပ်/ပေါင်းကွတ်/ကြိ–ကြမ်းခင်း စသည်၏အနားကို သိမ်းကွပ်သည်။ ~ခံ၊ ကြိ–ပေါင်းချေးကို ခံယူသည်။ ~ချောင် /ပေါင်းချောင်/န–စားဖွယ်တို့ကို အောက်ခံ အိုးဖြင့် အငွေ့ခံ၍ ကျက်နပ်စေသည့် အငွေ့ဝင်ပေါက်ရှိသော အိုး။ ~ချုပ်/ပေါင်းဂျုတ်/န–အမျိုးမျိုး စုပေါင်းပါဝင်သောအရာ။ ~ချေး/ပေါင်းချေး/န–ပေါင်း၍ ရသောအငွေ့မှ ထုတ်ယူသော အရည်။ ပေါင်းပြန်ရည်။ ~တင်။ကြိ–အငွေ့သို့မဟုတ် လေပူဖြင့် အပူပေးသည်။ ~တင်းကျည်၊ န–ကောက်ညှင်း ကျည်တောက်။ ~ဖော်၊~ဖက်၊ ကြိ–၁၊ မိတ်ဆွေအဖြစ် ဆက်ဆံသည်။ ၂၊အိမ်ထောင်ဖက် ပြုသည်။ ~မိုး။န–လှေ၊ လှည်း တို့၏အမိုး။ ~လန်/ပေါင်းလန်/ကြိ–ပြည့်လျှံသည်။ ~သင်၊ ကြိ– ပေါင်းပင်တို့ကို သုတ်သင် ဖယ်ရှင်းသည်။ ပေါင်းလိုက်သည်။ ~သင်း။ကြိ–ပေါင်းဖက်သည်။ ပေါင်းဖော်သည်။ ~အိုး။န–၁၊ပေါင်းချောင်။ ၂၊အငွေ့လုံအောင်ပိတ်၍ အငွေ့ဖြင့် နူးနပ်အောင် ချက်ရသော အိုးတစ်မျိုး။

ပေါင်းလည်းတော် /ပေါင်းလဲဒေါ်/ န–ရှင်ပင်ပေါင်းလည်း နှင့်အတူတူ။

ပိုင်¹။ကြိ–၁၊မိမိဥစ္စာအဖြစ် သိမ်းဆည်းသုံးစွဲခွင့် ရှိသည်။ ၂၊ကျွမ်းကျင်သည်။ ၃၊နိုင်သည်။ ဩဇာညောင်းသည်။ ~ခဲ/ပိုင်ဂဲ/န–[ဒေသ]ပန်းကန်ပြားစသည်တွင် လောင်းထည့်ထားသည့် ထန်းလျက်ခဲကြီး။ ~နိုင်နင်း/ပိုင်နိုင်ပိုင်နင်း/ကြိဝိ–ပိုင်ဆိုင်သော အမူအရာ ပေါ်လွင်ထင်ရှားစွာ။ ~နက်။န–၁၊ ပိုင်ဆိုင်သည့် ဒေသအပိုင်းအခြား။ ၂၊ပိုင်ဆိုင်သည့် ဥစ္စာပစ္စည်း။ ~နိုင်၊ ကြိ–ကျွမ်းကျင် နိုင်နင်းသည်။ ~ရှင်၊ န–ပိုင်သူ။ အရှင်ဖြစ်သူ။

ပိုင်²၊ စည်း– ပဝါကို ရေတွက်ရာတွင် သုံးသော စကားလုံး။

ပိုင်³၊ န–ဗြိတိသျှခေတ်သုံး ငွေတစ်ပဲ၏ ၁၂ပုံ ၁ပုံ။ [ဟိန္ဒီ၊ ပါဤ]

ပိုင်း။ကြိ–၁၊တသီးတသန့်ဖြစ်အောင် ခွဲခြားသည်။ ၂၊ဓား စသည်ဖြင့်ဖြတ်တောက်သည်။ ၃၊တစ်စုံတစ်ယောက်ထံမှ ကိုယ်ကျိုးရယူပြီး စွန့်ခွာသွားသည်။ ~ခြေ/ပိုင်းချေ/န–[သင်္ချာ] အပိုင်းကိန်းတွင် အောက်ခြေကိန်းဂဏန်း။ ~တန်း/ပိုင်းဒန်း/န–ပိုင်းခြားကာသီးထားသော စည်းတန်း စည်းရိုး။ ~ဖြတ်၊ ကြိ–အဝိအကျ ဆုံးဖြတ်သည်။ ~လုံး။န–[ဗန်း] ချစ်ဟန်ဆောင်ကာ ပစ္စည်းကို ချူပြီး စွန့်ခွာသူ။ ~ဝေ၊န–[သင်္ချာ] အပိုင်းကိန်းတွင် အပေါ်ကိန်းဂဏန်း။

ပစ်/ပျစ်/ကြိ–၁၊အခြားတစ်နေရာသို့ အရှိန်နှင့် ရောက်စေသည်။ ၂၊စွန့်ခွာသည်။ စွန့်ပစ်သည်။ စည်း–မထောက်ညှာသည့် သဘောကို ပြသော စကားလုံး။ (သတ်ပစ်၊ ဖျက်ပစ် စသည်ဖြင့် သုံးသည်။) ~ကွင်း။န–၁၊လေးမြားသေနတ်စသည် ပစ်ခတ်ရန် ဦးတည်ချိန်ရွယ်ရာ ဝန်းကျင်။ ၂၊ [ဥပစာ] သူတစ်ပါး၏ ယိပါးတိုက်ခိုက်မှုကို မပြတ်ခံရသူ။ ~စလက်ခတ် /ပျစ်စလက်ခတ်/ ကြိဝိ– တန်ဖိုးမထားဘဲ၊ ထိန်းသိမ်းခြင်း မရှိဘဲ။ ~စာ/ပျစ်စာ/န–ပေးပို့သူ အမည် လိပ်စာ မပါသော တိုင်ကြားစာ။ ပစ္စင် /ပျစ်စင်/န–မြို့ရိုးတွင် သေနက်ပစ်ခတ်ရန် ပြုလုပ်ထားသော နေရာ။ ~တိုင်းထောင် /ပျစ်တိုင်းဒေါင်/ န–ပစ်လိုက်တိုင်း အမြဲထောင်နေသော ကလေးကစားစရာအရုပ်။ ~ပစ်ခါခါ/ပျစ်ဗျစ်ခါဂါ/ကြိဝိ–မထောက်ထားဘဲ။ မငဲ့ညှာဘဲ။ ~မှတ်/ပျစ်မှတ်/ န– ပစ်ခတ်ရန် သတ်မှတ်ထားသည့် နေရာ။

ပစ္စယာ/ပျစ်စယာ/န–စေတီတော်၏ အောက်ခြေအဆင့် အစိတ်အပိုင်း။ [ပါ၊ပစ္စယာ]

ပစ္စူ/ပျစ်စူ/န–[ပေါ]၁၊ပုဆိုးဖြူ။ ၂၊ထီးဖြူ။ [ဟိန္ဒီ၊ ပဋ္ဋူ]?

ပစ္စေကဗုဒ္ဓါ/ပျစ်စေကာ့ဗုတ်ဒါ/န–သစ္စာလေးပါးကို ကိုယ်တိုင်သိတော်မူသော ဘုရားငယ်။ [ပါ၊ပစ္စေကဗုဒ္ဓ]

ပစ္စက္ခ/ပျစ်စက်ခ/န–မျက်မြင်၊ မျက်မှောက်ကာလ။ [ပါ၊ပစ္စက္ခ]

ပစ္စည်း/ပျစ်စီး/န–၁၊အသုံးအဆောင် အရာဝတ္ထု။ ၂၊ရွှေငွေဥစ္စာ။ ၃၊[သဒ္ဒါ]နာမ်၊ နာမ်စား၊ နာမဝိသေသန၊ ကြိယာ၊ ကြိယာဝိသေသနတို့၏ အဓိပ္ပာယ်ကို ထူးခြား လေးနက်အောင် ကူညီထောက်ပံ့သော စကားလုံး။ [ပါ၊ပစ္စယ] ~ပစ္စယ /–ပျစ်စယာ့/န–အသုံးအဆောင် အရာဝတ္ထု။ ပစ္စည်းပစ်ယံ။ [ပါ၊ပစ္စယာ+ပစ္စယ] ~မဲ့လူတန်းစား /–မဲ့လူဒန်းဇား/န–ကုန်ထုတ်အရင်းအနှီး မပိုင်ဆိုင်

http://www.lknt11.com ...

သော လူတန်းစား။ ~လေးပါး/-လေးဗား/န- သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးဟူသော ရဟန်း အသုံးအဆောင်။

ပစ္စုဒ္ဒေရ/ပျစ်စုတ်ဒေယာ့/န-စွန့်ပယ်ခြင်း။ /ပျစ်စုတ်ဒယာ့/ကြိဝိ-[အရပ်]မသပ်မရပ်။ မတင့်မတယ်။ [ပါ၊ပစ္စုဒ္ဒါရ]

ပစ္စန္တ ရစ်/ပျစ်စန်ဒရစ်/န-၁၊သာသနာမထွန်းကားသော အရပ်။ ၂၊တိုင်းပြည်၏ အစွန်အဖျား အရပ်ဒေသ။ နယ်စွန်နယ်ဖျား။ [ပါ၊ပစ္စန္တ ရဋ္ဌ]

ပစ္စုပ္ပန်/ပျစ်စုတ်ပန်/န-မျက်မှောက်ကာလ။ [ပါ၊ပစ္စုပ္ပန္န]

ပုစ္ဆာ/ပုတ်ဆာ/န-အမေး။ ဖြေရှင်းရန် မေးခွန်း။ [ပါ၊ပုစ္ဆာ]

ပုစ္ဆန်း/ပုတ်ဆန်း/န-နတ်ဝင်သည်။ [သ၊ပြောသွေကာ]

ပစ္စုန်/ပျစ်စုန်/န-မိုးနတ်သား။ ရွာသွန်းသောမိုး။ [ပါ၊ပဇ္ဇုန္န]

ပဉ္စကာနီ/ပျင်စကာနီ/န-ဝက်သစ်ချမျိုးဝင် ချုံပင်တစ်မျိုးတွင် ပိုးကောင်ကြောင့်ဖြစ်သည့် ဆေးဖက်ဝင် အဖုအလုံး ကျိုးပေါင်း။ [ဟိန္ဒူ၊**majakanee**]

ပဉ္စဂံ/ပျင်စဂန်/န-အနားငါးခုရှိ ပြင်ညီပုံ။ [ပါ၊ပဉ္စ+ကောဏ]

ပဉ္စငါးပါး /ပျင်စ့ငါးဗား/ န- ၁၊ အပင်၏အမြစ်၊ အခေါက်၊ အရွက်၊ အပွင့်၊ အသီးတည်း ဟူသော အစိတ်အပိုင်း အားလုံး။ ၂၊[ဥပစာ]အလုံးစုံ။ [ပါ၊ပဉ္စ+မြန်၊ ငါးပါး]

ပဉ္စပွတ်/ပျင်စဖွတ်/န-[ဗေဒင်] မွေးနံ့မှစ၍ ရေတွက်သော် ငါးခုမြောက်ဖြစ်သော နံ။ (အောင်မြတ်စေသော အမည်။) [ပါ၊ပဉ္စ+မြန်၊ပွတ် (ယှဉ်သည်)]

ပဉ္စဘုတ်ကျမ်း/ပျင်စဗုတ်ကျန်း/န-ရောဂါဖြစ်ပုံကို ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ အာကာသ ဟူသော ဓာတ်ငါးပါးဖြင့် ခွဲခြားပြသော ဆေးကျမ်း။ [ပါ၊ပဉ္စ+ဘူတ+မြန်၊ကျမ်း]

ပဉ္စမ/ပျင်စမာ့/နဝိ-ငါးခုမြောက်ဖြစ်သော။ [ပါ၊ပဉ္စမ]

ပဉ္စမတပ်သား/ပျင်စမန်တတ်သား/န-နိုင်ငံရင်းတွင် နေထိုင်၍ ရန်သူအကျိုးအတွက် လျှို့ဝှက်တာဝန်ထမ်းဆောင်သူ။ [လိပ်ပြန်၊ **fifth-columnist**]

ပဉ္စရုပ/ပျင်စ့ယူပါ့/န-အကောင်ငါးမျိုး၏ ခန္ဓာကိုယ်အစိတ်အပိုင်းများပါသော အရုပ်။ (ဆင်၊ နွားတို့၊ မြင်း၊ ငါးကြင်း တစ်နည်း ခြသေ့၊ ဆင်၊ ကျွဲ၊ ငါးကြင်း၊ ဟင်္သာ စသည်။) [ပါ၊ပဉ္စ+ရူပ]

ပဉ္စလောဟာ/ပျင်စ့လောဟာ/န-ရွှေ၊ ငွေ၊ ကြေး၊ သံ၊ သလွှဲ ငါးမျိုးပေါင်းစပ်ထားသော သတ္တုစပ်။ [ပါ၊ပဉ္စလောဟ]

ပဉ္စလက်/ပျင်စလက်/န-လှည့်စားသော လက်လှည့်အတတ်ပညာ။ [ပါ၊ပဉ္စ+မြန်၊လက်]

ပဉ္စဝဂ္ဂီ/ပျင်စ့ဝက်ဂီ/န-ဓမ္မစကြာတရားကို ရှေးဦးနာကြားရသော ရဟန်းငါးပါးအစု။ (ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ)။ [ပါ၊ပဉ္စဝဂ္ဂီ]

ပဉ္စာနန္တ ရိယကံ/ပျင်စာနန်ဒရိယာ့ကန်/န-သေသည်၏ အခြားမဲ့၌ အဝီစိငရဲလားစေသော အကုသိုလ်ကံကြီး ငါးပါး။ [ပါ၊ ပဉ္စ+အာနန္တရိယ + ကမ္မ] (အာနန္တ ရိယကံလည်း ရှု)

ပဉ္စင်တုရိယာ /ပျင်စင်တူရိယာ/ န-ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်တည်းဟူသော တူရိယာငါးပါးစု။ [ပါ၊ပဉ္စင်္ဂ+တုရိယ]

ပဉ္စင်း/ပဇင်း/န-ရဟန်း။ [ပါ၊ပဉ္စင်္ဂ]? ~ခံ/-ခန်/ကြိ- ရဟန်းပြုသည်။ ~တက်/-တက်/ကြိ- ဥပသမ္ပဒါ ကံဆောင်၍ ရဟန်းဘောင်သို့ တက်သည်။ ပဉ္စင်းခံသည်။

ပည်း/မျိုး/နဝိ-[ပေါ]များပြားသော။

ပဋ္ဌာန်း/ပထန်း/န-အကြောင်းတရား၂၄ပါးကို အကျယ်ဝေဖန် ဟောပြောသော ဗုဒ္ဓဒေသနာ တစ်ရပ်။ [ပါ၊ပဋ္ဌာန]

ပါဠ်/ပတ်/န-ပါဠိတော်။ ပါဠိစကား။ ပါဠ်သား [ပါ၊ပါဠ] ~ဆင့်/ပတ်ဆင့်/န-ပါဠိဘာသာ၌ပါသော အက္ခရာလုံးဆင့်။ ~ရှော့ာက် /ပတ်ယှောက်/နဝိ- ပါဠိရှိအတိုင်း စကားတစ်လုံးချင်း ဘာသာပြန်သော။

ပဏ္ဍိတ/ပန်ဒိတာ့/န-ပညာရှိ။ ပဏ္ဍိတ်။ [ပါ၊ပဏ္ဍိတ]

ပဏ္ဍုကမ္ဗလာ/ပန်ဒုကဗလာ/န-သိကြားမင်းထိုင်ရာကျောက်ဖျာ။ [ပါ၊ပဏ္ဍုကမ္ဗလ]

ပဏ္ဍုတ်/ပန်းဒုတ်/န-နပုန်းပဏ္ဍုတ်နှင့် အတူတူ။ [ပါ၊ပဏ္ဍက]

ပဏ္ဏာ/ပနာ/န-လက်ဆောင်ပဏ္ဏာ။ ပဏ္ဏာကာရ။ [ပါ၊ပဏ္ဏာကာရ]

ပိဏ္ဍပါတ်ဆွမ်း/ပိန်ဒဗတ်ဆွန်း/န-ဆွမ်းခံ၍ရသော ဆွမ်း။ [ပါ၊ပိဏ္ဍပါတိက+မြန်၊ဆွမ်း]

ပိဏ္ဍတ္ထ/ပိန်ဒတ်ထာ့/န-အပေါင်းဖြစ်သော အနက်။ စာပိုဒ် တစ်ခုလုံး ပြန်ဆိုသော အနက်။ [ပါ၊ပိဏ္ဍတ္ထ]

ပုဏ္ဏရိက် ၁/ပုန်နယိတ်/န-ကြာဖြူ။ [ပါ၊ပုဏ္ဍရိက]

ပုဏ္ဍရိက် ၂/န-အပွင့်ကလေးများ အဆုပ်လိုက်ပွင့်သော ချုံပင်တစ်မျိုး။ [ပါ၊ပုဏ္ဍရိက]?

ပုဏ္ဏကတိုက်/ပုန်နကာ့တိုက်/ကြိ-ပယောဂ အစီအရင်ဖြင့် နေအိမ်ပေါ်သို့ ခဲများကျစေခြင်း စသဖြင့် နှောင့်ယှက်သည်။ [ပါ၊ပုဏ္ဏက+မြန်၊တိုက်]

ပုဏ္ဏား၊န-ဗြာဟ္မဏဓာတ်ဝင် လူမျိုးတစ်မျိုး။ [ပါ၊ဗြာဟ္မဏ] ~ကွယ်/ပုန်နဂွယ်/န-၁၊ဓာတ်ရုံ တစ်ဖက်တစ်ချက်ရှိ ဘေးအကာ။ ၂၊အိမ်၊ကျောင်း

မာတိကာသို့ ►►►

http://www.lknt11.com

စသည် တံခါးဖေါ်ရှိ အကာ။ **~တိုင်**/ပုန်နဒိုင်/ န–အားကိုးတိုင်တည်ရာပုဂ္ဂိုလ်။

ပုဏ္ဏေးမ၊န–ပုဏ္ဏားအမျိုးသမီး။ [ပါ၊ဗြာဟ္မဏီ+မြန်၊မ]

ပတ် ¹၊ကြိ–လှည့်ဝိုက်သည်။ ရစ်သည်။ စည်း–ခုနစ်ရက် တစ်ကြိမ် စသည်ထား၍ ရေတွက်ရာ၌ သုံးသော စကားလုံး။ **~ကုံး**၊ န– ဝန်းကျင်။ **~ချာလည်** /ပတ်ချာလယ်/ကြိ–ချာချာလည်သည်။ **~ချွဲနပ်ချွဲ** ကြိဝိ–ချွဲချွဲပျစ်ပျစ် ပြောဆိုလျက်။ **~ပေါင်း**၊န– ဦးခေါင်းကို ပဝါပတ်၍ ပေါင်းသော ခေါင်းပေါင်း နည်း။ (အုပ်ပေါင်းလည်းရှု) **~ပတ်နပ်နပ်**၊ကြိဝိ– နံ့နံ့စပ်စပ်။ ကျွမ်းကျွမ်းကျင်ကျင်။ **~ယက်**၊န– [ပေါ]ခင်ကိုယ်တွင် ရေ့ပိုင်းနှင့်နောက်ပိုင်း ကြန်အင် လက္ခဏာ။ **~လည်** /ပတ်လယ်/ န–ဝန်းကျင်။ ပတ်ပတ်လည်။ **~လမ်း**၊န–[သိပ္ပံ] ဒြပ်တစ်ခုက အခြားဒြပ်တစ်ခုကို ပတ်လှည့်ရာ လမ်းကြောင်း။ **~လုံး** ¹၊ ဝိ–ကာလ တစ်လျှောက်။ "တစ်နှစ် ~။" **~လျှ**/ပတ်လယာ့/နဝိ–[ပေါ]ပျို့မျှစ်နနယ်သော။ **~ဝန်းကျင်**၊န–ပတ်လည်တစ်ဝိုက်။ **~သက်**၊ ကြိ– သက်ဆိုင်သည်။

ပတ် ²၊န–စုံ။ [သာ၊ဝါချ] **~ကြမ်းတိုက်**၊ကြိ–၁၊ပတ်မသံ ညံနေအောင် ခပ်ကြမ်းကြမ်း တီးသည်။ ၂၊[ဥပစာ] ရန်ရှင်းကြမ်းတမ်းစွာ ပြောဆိုသည်။ **~ချောက်**၊န– ၁၊တူရိယာမပါဘဲနှုတ်ဖြင့် တူရိယာ တီးမှုတ်သံ ပြုခြင်း။ ၂၊အသံမပြည်သော တူရိယာအတုများဖြင့် တီးမှုတ်ဟန်ပြုခြင်း။ **~စာ**၊န–အသံညှိရန် ပုံမျက်နှာ၌ ကပ်ရသော ထမင်းနှင့် ပြာနယ်ထားသည့်အရာ။ **~စာစွာမျှာသိမ်း**၊ကြိဝိ–[ဥပစာ] ပြီးဆုံးသည်အထိ။ **ပဏ္ဏလား**၊န–အသံနိမ့်မြင့် ကွဲပြားအောင် လုပ်ထား သော ဝါး သို့မဟုတ် သတ္တုအဆံများကို လက်ဝေ ဖြင့် တီးရသော တူရိယာတစ်မျိုး။ [သာ၊ဝါချ+မြန်၊ တလား/သာ၊ဝါချ] **~တိုက်**၊န–ဓာတ်သဘင်တွင် အပြေးအလွှား၊ အလှုပ်အရှားခန်း၌ ဆိုင်းဆင့်သော စကား။ **~တုတ်**၊ကြိ–ပတ်မသံ လွှမ်းမိုး သွားအောင် တီးသည်။ **~မျိုး**၊န–မြန်မာရေးရိုး သီချင်းကြီး တစ်မျိုး။ **~မကြီး**/ပတ်မာ့ကြီး/န–ဆိုင်းဝိုင်းတွင် အကြီးဆုံးစုံ။ **~မလုံးနှံ**/ပတ်မာ့လုန်းနှန်/ ကြိဝိ– အစခပ်သိမ်း။ အကုန်အစင်။ **~လုံး** ²၊န–ဆိုင်းဝိုင်း တွင် ချိတ်ဆွဲ၍ တီးသည့် စုံများ။

ပဏ္ဏိုက်ဓူတင်/ပတ်ဒဗိုင်ဒူဒင်/န–တစ်ခုတည်းသော သပိတ်စသည်၌ ရှိသမျှကိုသာ စားသော ဓူတင်။ [ပါ၊ပတ္တပိဏ္ဍိကဓုတင်]

ပဏ္ဏမြား/ဗဒများ/န–များသောအားဖြင့် အနီရောင် ရှိသော ကျောက်မျက်တစ်မျိုး။ [သာ၊ပဒ္မရာဂ]

ပတ္တရောင်၊န–တာဝန်အရ လှည့်ပတ် စောင့်ကြပ်ခြင်း။ စောင့်ကြပ်သူ။ [လိပ်၊patrol]

ပတ္တာ၊န–တံခါးရွက် စသည် တပ်ရာ၌ သုံးသော သတ္တုပြားလက်ယှက်။ [ဟိန္ဒီ၊ ပဋ္ဋာ] **~စံ**၊ ကြိ– မြေကွက်တစ်ခုခုကို အစိုးရထံမှ ကာလအပိုင်း အခြားအားဖြင့် စာချုပ်ပြုလုပ်၍ အသုံးပြုခွင့် ရယူသည်။ **~မြေ**၊ န– ပတ္တာစံထားသော မြေ။ ဂရန်မြေ။

ပတ်တီး၊န–ဒဏ်ရာကို စည်းရသော အဝတ်ရှည်။ [သာ၊ပဋ္ဋိ]

ပတ္တူ၊န–ဖျင်အထူတစ်မျိုး။ ရွက်ထည်။ [ဟိန္ဒီ၊ ပဋ္ဋူ]

ပဏ္ဏနာ/ပထနာ/န–ဆုတောင်း။ [ပါ၊ပတ္ထနာ]

ပိတ် ¹၊ကြိ–၁၊အပေါက်ကို ဆို့သည်။ ဖုံးသည်။ ကာဆီး သည်။ ၂၊တားမြစ်သည်။ ၃၊(လုပ်ငန်း တစ်ခုခုကို) ရပ်ဆိုင်းသည်။ "ကျောင်း ~–။ ရုံး ~ –။ ဆိုင် ~ –။" ၄၊ ရပ်စဲပြတ်တောက်စေသည်။ "မီး ~–။ ရေဒီယို ~–။" **~ပင်**၊ကြိ–ဟန့်တားသည်။ တားမြစ် သည်။ **~ပေါင်း**၊န–ထူထပ်သော ချုံပင်နွယ်ပင်စု။ **~ပိတ်သား**/ပိတ်ပိတ်သား/ကြိဝိ–အလျှင်း။ လုံး၀။ **~ဝမ်း**၊န–အကျိအချွဲအမြှုပ် စသည်ပါသော ဝမ်း ကိုက်နာ။ (သွေးဝမ်းလည်းရှု)

ပိတ် ²၊န–ချည်ချောထည်။ **~စိမ်းပါး**/ပိတ်စိန်းဗား/ န–ကျဲကျဲရက်ထားသော ပိတ်ပါးတစ်မျိုး။

ပိတ်ချင်း၊န–အရသာ ပူစပ်သော အစေ့ရှိ အသီးတောင့် ငယ်များသီးသည့် ဆေးဖက်ဝင် နွယ်ပင်တစ်မျိုး။ [ပါ၊ပိပ္ပလိ+မြန်၊ချင်း]

ပိတ်နွယ်၊န–အစို့ကို ဟင်းလျာအဖြစ် စားရသော ရေစပ်ပေါက် အပင်တစ်မျိုး။ ရှင်မွေးလွန်းပင်။

ပိတ်တကျည်/ပိတ်ဒကျိ/န–အရွက်ဝါ၍ ကြမ်းပြီး အနီပွင့်များ အဆုပ်လိုက်ပွင့်သည့် ဆေးဖက်ဝင် အပင်တစ်မျိုး။

ပိတ်သင်းစေတ်/ပိတ်သင်းဂတ်/န–လှပသော အဝါရောင် အပွင့် ပွင့်၍ ဒန့်ကျွဲရွက်ကဲ့သို့သော အရွက်ရှိပြီး အသီးတောင့်ရှည်ထွက်သော ဆေးဖက်ဝင်အပင် တစ်မျိုး။

ပုတ် ¹၊ကြိ–လက်ဖြင့် ရိုက်ဝေ့သည်။ **~ခတ်**၊ကြိ– သူတစ်ပါးအား နစ်နာအောင် ထိပါးပြောဆိုသည်။ **~သင်ညို**၊န–ဦးခေါင်းကိုညိုတ်တတ်၊ ကိုယ်အရောင် ပြောင်းလဲတတ်သည့် တွားသွားကောင် တစ်မျိုး။

ပုတ် ²၊န–စပါးပဲပြောင်း ထည့်သိုရသော ၀ါးတင်းဝင် တောင်းကြီး။ **~ပေါင်း**၊န–ပိတ်ပေါင်းနှင့်အတူတူ။ **~ပြတ်**၊န–အားလုံးအတွက်ခြုံ၍ အပြီးအပြတ် ကြိုတင် သတ်မှတ်သော အဖိုးအခ။

ပုတ်တလုတ်/ဗုတ်တလုတ်/န–ပုန်းစလုတ်နှင့်အတူတူ။

ပါဒ်/ပတ်/န–၁၊နက္ခတ်တစ်လုံး၏ လေးစိတ်တစ်စိတ်။

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

၂။မြန်မာ တစ်နာရီ၏ လေးပုံတစ်ပုံ အပိုင်းအခြား။ ၁၅မိနစ်။ [သ၊ပါဒ]

ပုဒ်၊န–၁၊သီးခြားစကားလုံး။ (သာမက။ ။ ကျောင်း။ အိပ်။ လီမွာ။) ၂၊သီးခြားစကားလုံးကို ပစ္စည်း ဆက်ထားသော စကားလုံး။ (သာမက။ ။ အိပ်ခြင်း။ အစား။) ၃၊သီးခြား စကားလုံးကို ဝိဘတ်ဖြင့် ဆက်သွယ်ထားသော စကားလုံး။ (သာမက။ ။ ကျောင်းသို့။ သွားသည်။) စည်း–အစအဆုံးပြည့်စုံအောင် ရေးဖွဲ့ထားသည့် စာ၊ ကဗျာ စသည်ကို ရေတွက်ရာ၌ သုံးသည့် စကားလုံး။ [ပါ၊ပဒ] ~ကလေး၊န–ပုဒ်တစ်ခုနှင့်တစ်ခု ခြားကန့်ရာတွင် သုံးသော မျဉ်းမတ်အတို။ (၊) ~ဖြတ်၊န–စာအဖြတ်အတောက်၊ အရပ်အနားကို ပြသော သင်္ကေတ။ ~ဖြတ်ပုဒ်ရပ်သင်္ကေတ၊န–စာရေးသားရာ၌ အဓိပ္ပာယ် ရှင်းလင်းစေရန် အသုံးပြုသည့် ပုဒ်မ၊ ဝိုက်ကွင်း စသော သင်္ကေတများ။ ~မ၊န–၁၊ဝါကျဆုံးရာ၌ ရေးသော မျဉ်းမတ်အတိုနှစ်ချောင်း။ (။)။ ၂၊ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်။ ~မကြီး /ပုတ်မာ့ကျီး/ န–စာရေးသားရာ၌ ပုဒ်မနှစ်ခုဖြင့် အမှတ်အသားပြုသည့် ပုဒ်ဖြတ်ပုဒ်ရပ် သင်္ကေတ။ (။ ။)

ပိုဒ်၊စည်း–စာပိုဒ်ကို ရေတွက်ရာ၌ သုံးသော စကားလုံး။ [ပါ၊ပဒ] ~စုံရတု/ပိုက်စုန်ယဒု/န–[စာပေ]သုံးပိုဒ်ပါသော ရတု။ (ကေပိုဒ်ရတု၊ အဖြည့်ခံရတုလည်း ရှ)

ပန်²ကြိ–၁၊ဦးခေါင်း သို့မဟုတ် နား၌ ဆင်မြန်းသည်။ ၂၊လေးစားစွာ ခွင့်တောင်းသည်။ ပန်ကြားသည်။ ~ထွာ၊ကြိ–ခွင့်ပန်သည်။ တောင်းပန်သည်။

ပန်²၊န–ပန်းချီပန်းပုစသည့် လက်မှု အနုပညာ။

ပန်ကာ၊န–၁၊အမြင့်တွင်ချိတ်၍ ကြိုးဖြင့် ဆွဲပြီး လေခတ်ရသော ယပ်ကြီးတစ်မျိုး။ ၂၊လည်ပတ်၍ လှုပ်ရှားစေသော ဒလက်။ ၃၊[ဥပစာ]အလွန်ပါးနပ်လည်ဝယ်သူ။ [ဟိန္ဒီ၊ပံခါ]

ပန်တူ၊န–[ရှေး]၁၊ရေမြွှာ။ ၂၊ဆေးတံ။

ပန်တော်မြက်/ဗဒေါမျက်/န–အပေါ်သို့ အရွက်ခွင့်ထောင်ပေါက်သော အရိုးအဆစ်တို မြက်တစ်မျိုး။ (အညို၊ အဖြူ၊ အနီဟူ၍ ရှိသည်။)

ပန်တျာ/ပန်တယာ/န–၁၊[ရှေး] စည်တစ်မျိုး။ ၂၊အတီးအမှုတ်။ ၃၊အဆိုအတီး အကပညာ။ [သ၊ဝါချ]

ပန်ထွေဖျော်/ပန်ထွေဖျော်/န–ခရမ်းချဉ်သီးမှည့်ကို မီးအုံး၍ ငရုတ်စိမ်း၊ ကြက်သွန်ဖြူ၊နံနံစသည်နှင့် ရောဖျော်ထားသည့် စားဖွယ်။

ပန္နက်/ပနက်/အဆောက်အအုံ ဆောက်လုပ်မည့် မြေနေရာ၌ ဦးစွာစိုက်သောငုတ်။[မွန်၊တွက်] ~သဲ/–သဲ/န–ပန္နက်နှင့်အတူတူ။ [မွန်၊တွက်ဗသယ်]

ပန်း¹၊န–၁၊အပင်စသည်မှ မျိုးပွားရန် ပွင့်သော အပွင့်။ ၂၊အပွင့်၊ အခက်၊ အရွက်စသည့် အပြောက်အမွမ်းပုံ။ ၃၊ဂေါ်၊ ပိုက်ဆံပြားတို့တွင် ပန်းပုံပါသော ဘက်။ ၄၊ပြေးပြိုင်ပွဲ စသည်၏ တာဝင်အမှတ်အသား။ ၅၊ယောကျ်ားလိင်အင်္ဂါ။ ၆၊မိန်းမ ဓမ္မတာသွေး။ ~ရုံ/ပန်းဂုန်/န–နန်းတွင်းဥယျာဉ်တော်ရှိမင်းမိဖုရားတို့ နားနေရာ။ ~ချဉ်ပေါင်/ပန်းချင်ဖောင်/န–အပွင့်ရောင်စုံရှိသော ချဉ်ပေါင်မျိုးဝင် အလှစိုက်ပန်းပင်။ ~ဂေါ်ဖီ၊န–ဂေါ်ဖီပန်း။ ပန်းမုန်လာ။ ~စည်းကြိုး/ပန်းဇီးကျိုး/န–မိန်းကလေးများ ဆံပင်ကို စုစည်းရစ်ပတ်ရာတွင်သုံးသော ရောင်စုံ သိုးမွေးကြိုး။ ~စုံ/ပန်းဇုန်/နဝိ–အမျိုးမျိုး အထွေထွေ ရောနှော ပါဝင်သော။ "~သစ်သား။ ~ငါးပိ။" န–ထိပ်၊ ခွာလေးဖက်နှင့် အမြီးဖြူသော ကြန်စုံမွှား။ ~ဆီ/ပန်းဇီ/န–ပန်းရောင်ဆိုးဆေးတစ်မျိုး။ ~ဆိုး၊ကြိ–အထည်ကို ဆေးရောင်ဆိုးသည်။ ~ဆိုင်း /ပန်းဇိုင်း/န–အလှအပအလို့ငှာ တွဲလျားဆွဲထားသော ပန်းခိုင်၊ ပန်းကုံး။ ~ဆွဲ /ပန်းဇွဲ/ န– ၁၊ စေတီခေါင်းလောင်းပုံ အထက်ပိုင်း ပတ်လည်ရှိ အမွှမ်းတန်ဆာ။ ၂၊အမိုး တံစက်မြိတ် အောက် ပတ်လည်တွင် ပန်းဖော်ထားသည့် အိမ်အစိတ်အပိုင်း။ ~ဆွတ်၊ကြိ–ပန်းတိုင်၌ စိုက်ထားသော အောင်ပန်းကို ရယူသည်။ ~တင်ခုံ /ပန်းတင်ဂုန်/ န–ပန်းတည်ခုံရှ။ ~တိုင်/ပန်းဒိုင်/န–၁၊အပြေးပြိုင်ပွဲ စသည်တွင် အနိုင်အရှုံးဆုံးဖြတ်ရာ အဆုံးနေရာ။ ၂၊[ဥပစာ] ရည်မှန်းချက်။ ~တည်ခုံ/ပန်းတီဂုန်/ န–စေတီ၏ အောက်ဆုံးအခြေ အုတ်ခုံ။ ~နီ၊န–အသားနီ၍ အခေါက်တွင် ကန့်လန့်စင်းများ ရှိသော အပွင့်လှပသည့် သစ်ပင်။ ~နု၊န–မွေးသွားစိပ် အနားပါသော သုံးမြှောင့်ပုံ အရွက်ရှည်ရှိသည့် နှစ်ရှည်ခံ ချုံပင်တစ်မျိုး။ ~နုရောင်၊န–အရောင်နုသော ပန်းရောင်။ ~ပေး၊ကြိ–၁၊စကားထာ၊ ပုစ္ဆာ စသည် မဖြေဆိုနိုင်၍ အရှုံးပေးကြောင်း ဝန်ခံသည်။ ၂၊အရှုံးပေးသည်။ ~ပေါင်းရည်/ပန်းဖောင်းယီ/ န–ရနံ့မွှေးကြိုင်သော ပန်းမျိုးစုံမှ ထုတ်လုပ်သည့် နံ့သာရည်။ ~ပြားပင်/ဗျားပင်/န–လေတိုက်ရာ ယိမ်းနွဲ့သော မြက်ရှည်တစ်မျိုး။ ~ပြောက်/ပန်းဖျောက်/န–ထုလုပ်ထားသည့် ပန်းပွင့်ပန်းခက် စသည့်ပုံစံ။ ~ဖွား/ဗဖွား/န–အဖျားဦးဖြာနေအောင် အရင်းတွင် စည်းထားသော ပိုးချည်မျှင် စသည် အမျှင်စု။ ~မ၊န–အခေါက် ပန်းရောင်ဖျော့ဖျော့ အသွေးရှိ၍ အပွင့်သေးသော ဆေးဖက်ဝင် ပင်လတ်တစ်မျိုး။ ~မန်၊န–ပန်းအမျိုးမျိုး။ [မြန်၊ပန်း+ပါ၊

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

မာလ] ~ရက်၊န-ပန်းပွင့်တွင် တည်သော ချိုသော ဝတ်ရည်။ ~ရိုက်၊ကြိ-အဝတ်အထည်တွင် ပန်းပုံစံ စသည် ခတ်နှိပ်သည်။ ~ရောင်၊န-အနီနုရောင်။ ~ရည်စုပ်/ပန်းယီစုတ်/န-ပန်းဝတ်ရည်ကို စုပ်ယူ တတ်သော ငှက်ငယ်တစ်မျိုး။ ~လည်/ပန်းလယ်/ န-[ပေါ]စက်ဝန်း ရေးဆွဲသည့် ကိရိယာ။ ~လည် တိုင်/-ဒိုင်/န-ညီညာဖြောင့်တန်း လုံးဝန်းသော မှဲ့ဟိုချက်တိုင်။ ~ဝင်၊ကြိ-ပြိုင်ပွဲတွင် ပန်းတိုင်သို့ ရောက်သည်။ ~သီး/ပန်းသိုး/န-အသားမွှ၍ ချို သော အသီးတစ်မျိုး။ ~သေရောဂါ /ပန်းသေ ယောဂါ/န-လိင်အင်္ဂါ တောင့်တင်း နိုးကြွခြင်း မရှိသောရောဂါ။ ~သုန်း/ပန်းသုန်း/န-သော်ကာ ပင်။ ~သုန်းတိုင်/-ဒိုင်/န-ရေးမင်းတို့ အောင်နိမိတ် ယူ၍ သတ်မှတ်ပိုင်းခြား စိုက်ထူသော တိုင်။ ~အိ၊န-အပွင့်အဖြူရောင်၊ ပန်းရောင်၊ မရမ်း ရောင် စသည်ရှိပြီး အဆုပ်လိုက် ပွင့်သည့် ပန်းပင် တစ်မျိုး။ ~အိုး၊န-၁၊ပန်းပင်စိုက်သည့်အိုး။ ၂၊ ကြည့်၍လှအောင် ပန်းများ ထည့်ထားသော အိုး။

ပန်း[၂]၊ကြိ-နွမ်းနယ်သည်။ ~နာ၊န-ရင်ကျပ်၍ အသက် ရှူမဝသော ရောဂါ။ ~ဖျားဖျား/ပန်းဖျားဖျား/ ကြိ-ပင်ပန်းလွန်းသောကြောင့် ဖျားသည်။

ပန်း[၃]၊ကြိ-အရှိန်နှင့် သွန်ထွက်သည်၊ သွန်ထွက်စေ သည်။

ပန်း[၄]၊ ကြိဝိ-ကျွဲ့ပိုက်၍။ "နံဘေးမှ ~တက်-။" ~ကန်/ဗကန်/န-အစားအသောက် ထည့်စရာ အသုံးအဆောင် တစ်မျိုး။ ~ကန်ခွက်ယောက်/- ခွက်ယောက်/ န-စားသောက်ရာ၌ သုံးသော ပန်းကန်၊ ခွက်၊ ဇွန်း စသည့် ပစ္စည်း။ ~ကုံး /ပန်းဂုန်း/န-၁၊ ခြေသည်း လက်သည်းတို့၏ အခြေအရစ်။ ၂၊အိုးစည် သားရေပြင် ပတ်လည်ကို တင်းအောင် ဆွဲဆိုင်းသောကြိုး။ ~ဆင်၊ န- တစ်ကောင်တည်း ထွက်၍ ဆင်အုပ်ကို လှည့်ပိုက် စောင့်ရှောက်သော တောဆင်။

ပန်း[၅]၊န-ပန်းချီပန်းပုစသည့် လက်မှုအနုပညာ။ ~ချီ /ဗချီ/န-ရုပ်ပုံရေးခြယ်သော အတတ်ပညာ။ ~ဆယ်မျိုး၊န-လက်မှုအတတ်ပညာဆယ်မျိုး။ (၁၊ပန်းထိမ် ၂၊ပန်းပဲ ၃၊ပန်းတဉ်း ၄၊ပန်းပု ၅၊ပန်းပွတ် ၆၊ပန်းချီ ၇၊ပန်းယွန်း ၈၊ပန်းတော့ ၉၊ ပန်းတမော့ ၁၀၊ပန်းရန်။ ပန်းရန်အစား ပန်းရွဲဟူ၍လည်း ရေတွက်ကြသည်။) ~တမော့၊န-ကျောက်ဆစ် အတတ်ပညာ။ [မြန်ပန်း+မွန်၊တွေအမ်] ~တော့ /ပန်းဒေါ့/န-အင်္ဂတေသရွတ်ဖြင့် ရုပ်လုံးရုပ်ကြွ ဖော်သော အတတ်ပညာ။ ~တဉ်း/ဗဒင်း/န- ကြေးထည်အမျိုးမျိုး သွန်းထု လုပ်ကိုင်သည့် အတတ် ပညာ။ ~ထိမ်/ဗဒိန်/န-ရွှေငွေကိုလက်ဝတ်တန်ဆာ စသည်ပြုလုပ်သည့် အတတ်ပညာ။ ~ထိမ်ငို/- ငို/န-လိမ္မော်ရောင်၊ အဖြူရောင်စသည့် အပွင့်ငယ် များပွင့်သော ပန်းပင်တစ်မျိုး။ ~ထိမ်ဖိုငှက်/- ဖိုငှက်/န-ပန်းထိမ်တူထုသံကဲ့သို့ တိန်တိန်ဟု အော်မြည် တတ်သော ငှက်တစ်မျိုး။ ~ပု/ဗပု/ န-သစ်သား၊ ဆင်စွယ် စသည်တို့ကို ရုပ်လုံးရုပ်ကြွ ထွင်းထုသော အတတ်ပညာ။ ~ပဲ/ဗဗဲ/န-သံထည် အမျိုးမျိုး သွန်းထုသည့် အတတ်ပညာ။ ~ပွတ် /ပန်းဘွတ်/န-သစ်သား၊ ဆင်စွယ်စသည်ကို ပွတ်ခုံ ၍ ပုံဖော်သည့် အတတ်ပညာ။ ~ယွန်း၊န-ယွန်း ထည် ပြုလုပ်သော အတတ်ပညာ။ ~ရန်/ပယန်/ န-၁၊ အုတ်၊ အင်္ဂတေတို့ဖြင့် အဆောက်အအုံ လုပ်သည့် အတတ်ပညာ။ ၂၊ယင်းအတတ်ပညာဖြင့် အသက်မွေးသူ။ ~ရွဲ၊န-ကျောက်သွေး အတတ် ပညာ။

ပိန်၊နဝိ-၁၊ကြုံလှီသော။ ၂၊ချိုင့်ဝင်သော။ ~ကပ်၊နဝိ- အသားအရေကြုံလှီ၍ အသားနှင့်အရိုး ထိစပ်လု သော။ ~ချော်၊နဝိ-ပိန်၍ ချည့်နဲ့သော။ ~မသာ လိမ်မသာ/ပိန်မသာလိန်မသာ/ကြိဝိ-ယှဉ်ကြည့်က အရှည်အချင်းစသည် မကွာခြားလှဘဲ။

ပိန်ညင်း/ပိန်ညင်း/န-ရေထဲမှ ငါးကို ထိုးငုပ်ဖမ်းစား တတ်သော ငှက်တစ်မျိုး။ တိန်ညင်း။

ပိန္နဲ/ပိန်းနဲ/န-ချိုသော အသားမြှာပါ၍ ဆူးရှိ အသီးကြီး များသီးသည့် ပင်စောက်တစ်မျိုး။ [ပါ၊ပနသ] ~တိုင်/-ဒိုင်/န-၁၊စေတီ၏ ငှက်ပျောဖူးတွင် စိုက်ဆောက်ထားသော ထီးတင်ရန် တိုင်လုံး။ ၂၊အဆောက်အအုံ၏ ထုပ်တန်း အလယ်ဗဟိုတွင် စိုက်ဆောက်သော တိုင်။

ပိန်း[၁]၊နဝိ-အကြားအလပ်မရှိ တစ်ပြင်လုံး ဖုံးပိတ်လျက် ရှိသော။ ~ကော/ပိန်းဂေါ/~ကောမ/-မှာ/ န- သစ်လုံးကို ထွင်းထားသော လှေတစ်မျိုး။ ~ကျား ရိုက်/ပိန်းကျားယိုက်/ ကြိ-သနပ်ခါးကို မျက်နှာတွင် ကွက်တိကွက်ကျား လိမ်းသည်။ ဘဲကျားရိုက်သည်။ ~ပိတ်/ပိန်းပိတ်/ကြိ-အကြားအလပ်မရှိ တစ်ပြင် လုံး ဖုံးသည်။ ~ဖြူကိုယ်ရောင် /ပိန်းဖျူကိုယောင်/ န-အသားအရေ တစ်ကိုယ်လုံး ဖောရောင်သော ရောဂါ။ ~ရိုက်/ပိန်းယိုက်/ကြိ- သနပ်ခါး စသည် ကို လက်ဝါးဖြင့် ရိုက်၍ တစ်ပြင်လုံး ထူထဲစွာ လိမ်းကျံသည်။

ပိန်း[၂]၊န-အမြစ်ဥရှိ၍ အရွက်ပြန့်သော အပင်တစ်မျိုး။ ~မန်း/ပိန်းဗန်း/န-ပွင့်ဖတ်နှင့်တူသော တစ်ခု တည်းသော ပွင့်ခံရွက်အရင်းမှ ပွင့်တံထွက်သော ပိန်းပင် တစ်မျိုး။

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ပိန်းတန်းဖိနပ်/ပိန်းဒန်းဖနတ်/န–ကတ္တီပါအုပ်၍ ချုပ်ထားသော ညှပ်ဖိနပ်တစ်မျိုး။

ပုန်ကန်၊ ပုန်စား / ပုန်ဇား/ ကြိ–လက်နက်စွဲကိုင်၍ ထကြွသောင်းကျန်းသည်။ ဆန့်ကျင်သည်။ ဖီဆန်သည်။

ပုန္နဝုသျှ /ပုန်နာ့ပုတ်ယှ/ န– ကြယ်ငါးလုံးပါဝင်၍ သင်္ဘောသဏ္ဌာန်ရှိသော နက္ခတ်။ [သ၊ပုနဝ်သု]

ပုန်း၊ကြိ–မတွေ့မြင်အောင် ကွယ်ရာတွင် နေသည်။ ဘေးရန်ကင်းလွတ်အောင် တစ်နေရာရာတွင် ခိုမှီနေသည်။ **~လျှောက်**/ပုန်းလျှောက်/န–မျက်စိ ပိတ်ဆီးထားသော လူက ကျန်လူများကို အဝတ်ထုံးဖြင့် မိအောင် ရိုက်ကစားသော ကစားနည်း။ **~လျှိုးကွယ်လျှိုး**/ပုန်းယှိုးကွယ်ယှိုး/ ကြိဝိ– သူတစ်ပါးမသိမမြင်အောင်။

ပုန်းညက်၊န–အနံ့မွှေးသော အဖြူရောင်ပန်း အခိုင်လိုက်ပွင့်သည့် ပင်စောက်တစ်မျိုး။ [ပါ၊ပုန္နာဂ]

ပုန်းမကြည်/ပုန်းမကျီ/န–ပုဗ္ဗကြယ်နှင့်အတူတူ။ [ပုဗ္ဗကြယ်]

ပုန်းမဲဇာ/ပုန်းမဲဇာ/န–အခေါက်မှ ထွက်သော အစေးဆေးဖက်ဝင်သည့် အမြဲစိမ်းလန်းသော ပင်စောက်တစ်မျိုး။

ပုန်းရည်တောင်စာ /ပုန်းယီတောင်ဇာ/ န– မိုးမည်းတောင်စာနှင့်အတူတူ။

ပပ်၊ကြိ–အက်ကွဲသည်။ **~ကြားအက်**၊ကြိ–(လယ်မြေစသည်တွင်) အက်ကွဲကြောင်း ပေါ်သည်။ န–အက်ကွဲကြောင်း။ **~သေးထ**၊ကြိ–အက်ကွဲကြောင်းငယ်များ ဖြစ်ပေါ်သည်။

ပုပ်၊နဝိ–၁၊ရိုရွဲလျှက် အနံ့ဆိုးထွက်သော။ ၂၊အလဟဿဖြစ်သော။ "အချိန် ~–။" ၃၊ယုတ်ညံ့သော။ "သဘော ~–။" ၄၊ မည်းညစ်ရောင်သန်းသော။ "အစိမ်း ~။" **~အဲ့အဲ့**၊နဝိ–အပုပ်နံ့အနည်းငယ်ထွက်သော။

ပုဗ္ဗကြယ်/ပုတ်ဗာ့ကျယ်/န–ကောက်ပဲသီးနှံ မွှေ့ဖြိုးရန်အတွက် ကောက်သစ်ပေါ်စတွင် ပသရသည့် လယ်ယာဆိုင်ရာ နတ်။ [ပါ၊ပုဗ္ဗ+မြန်၊ကြယ်]

ပုဗ္ဗဒေဝတာ/ပုတ်ဗာ့ဒေဝနာ/န–ရှေးဦးဖြစ်သော ဝေဒနာ။ [ပါ၊ ပုဗ္ဗဝေဒနာ]

ပုဗ္ဗနိမိတ်/ပုတ်ဗာ့နမိတ်/န–ကြိုတင်၍ ဖြစ်ပေါ်သော နိမိတ်။ [ပါ၊ ပုဗ္ဗနိမိတ္တ]

ဗိမ်[၁]၊နဝိ–အနည်းငယ်ရှိုင့်ဝင်သော။ /ဗိန့်/န–ဖူးနီနှင့်အတူတူ။

ပိမ်[၂]၊န–ပြန့်သော အဖုငယ်။

ပိမ်[၃]၊စည်း–ပေအုံ့။

ပုံ[၁]၊န–၁၊အသွင်သဏ္ဌာန်။ ၂၊ရေးဆွဲရိုက်နှိပ်ထားသော အရုပ်စသည်။ ၃၊အစဉ်အဆက်က ပြောလာသော အဖြစ်အပျက်၊ ဇာတ်ကြောင်း။ ပုံပြင်။ ၄၊ဟန်ပန်လက္ခဏာ။ "သနား ~ရ–။" **~ကျ**၊နဝိ–အချိုးအစားညီညွတ်သော။ **~ကျပန်းကျ**/ပုန်ကျပန်းကျ/ကြိဝိ–အချိုးအစား ညီညွတ်စွာ။ **~ကြီးချဲ့**/ပုန်ဂျီးချဲ့/ကြိ–၁၊ဇာတ်ပုံစသည်ကို မူလအရွယ်ထက် ပိုကြီးအောင်ကူးသည်။ ၂၊(ဥပစာ)ရှိရင်းထက် ပိုပြောသည်။ **~ကြမ်း**/ပုန်ဂျန်း/န–အကြမ်းပြုလုပ်ထားသော ပုံ၊ ဝတ္ထုပစ္စည်း။ **~ကြမ်းလောင်း**/–လောင်း/ကြိ–ပုံချောမပြုလုပ်မီ ပုံကြမ်းပေါ်အောင် ဦးစွာ ပြုလုပ်သည်။ **~ခိုင်း**၊ကြိ–ဥပမာဖြင့် နှိုင်းယှဉ်ပြောဆိုသည်။ **~စံ**/ပုန်ဇံ/န–၁၊တစ်စုံတစ်ခု၏ အချိုးတူပုံငယ်။ နမူနာပုံ။ ၂၊သာဓက။ ပြယုဂ်။ ၃၊ဖြေဆိုရန် အချက်များပါသည့် စာရွက်မျိုး။ **~စံခွက်**/–ခွက်/ န–၁၊ထမင်းဟင်း စသည်ကို သတ်မှတ်သည့်အတိုင်း ထည့်စားရသည့်ခွက်။ ၂၊သတ္တုရည်စသည်သွန်း၍ ပုံဖော်ရသော ခွက်။ **~စံထိုင်**/–ထိုင်/ကြိ–၁၊စက်ကိရိယာ၊ အဆောက်အအုံ စသည် တည်ဆောက်ရန်အတွက် အခြေခံအစိတ်အပိုင်းတို့ကို နေရာတကျတပ်ဆင်သည်။ ၂၊[ထောင်] ခေါင်း သို့မဟုတ် ဒူးနှစ်ဖက်ပေါ်တွင် လက်နှစ်ဖက်ယှက်ပြီး မျက်လွှာချလျက် ဆောင့်ကြောင့် ထိုင်သည်။ **~ဆောင်ခဲ**/ပုန်ဆောင်ဂဲ/န–ပုံသဏ္ဌာန်နှင့် မျက်နှာပြင် အရေးအကွက် ပုံသေပါရှိသော ဒြပ်အစိုင်အခဲ။ **~တူ**/ပုန်ဒူ/န–ပဏာကိုပုံနှင့်တူအောင် လုပ်ထားသော ပုံ။ **~တော်ဖိနပ်** /ပုန်ဒေါ်ဖနတ်/န–ရတနာပုံခေတ်တွင် ထင်ရှားခဲ့သော သားရေအောက်ခံ၊ ကတ္တီပါ သည်းကြိုးတပ်၊ ဖိုင်းသော ဦးပိုင်းနောက်ပိုင်း၌ ကတ္တီပါ အတွန့်ထည့်၍ ထားသော ဖိနပ်။ **~တိုပတ်စ**/ပုန်ဒိုပတ်စာ/န–ပုံပြင်အတိုအစ။ **~တိုက်**/ပုန်ဒိုက်/ကြိဝိ–ရွေးချယ်ခွဲခြားခြင်း မရှိဘဲ အစုလိုက်။ **~နှိပ်**၊ကြိ–ခဲစာလုံး စသည်ကို မင်သုတ်၍ စက္ကူပေါ်တွင် ရိုက်သည်။ **~ပန်း**၊န–အသွင်သဏ္ဌာန်။ ဟန်ပန်အမူအရာ။ **~ပျက်ပန်းပျက်**/ပုန်ဗျက်ပန်းဗျက်/ကြိဝိ–သွင်ပြင်အချိုးအစား မကျမန။ သေဝပ်သပ်ရပ်မှု မရှိဘဲ။ **~ပြမျဉ်း**၊န–ကိန်းအတိုးအလျှော့ကို ဇယားကွက်ပေါ်တွင် အချိုးမှန်စွာ ဖော်ပြသော မျဉ်းကြောင်း။ **~ပြင်**/ပုန်ဗျင်/န–အစဉ်အဆက်က ပြောလာသော အဖြစ်အပျက်၊ ဇာတ်ကြောင်း။ **~ဖမ်း** ၊ကြိ – ၁၊ တစ်စုံတစ်ဦး၏ အသွင်ဟန်ပန် အမူအရာကို တုပသည်။ ၂၊ပုံဖော်မှန်းဆသည်။ **~မှားရိုက်**၊ကြိ–အယောင်ဆောင်၍ လိမ်လည်လှည့်ဖြားသည်။ **~မှန်**၊ကြိဝိ–အပြောင်းအလဲမရှိ

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

မှုလအတိုင်း။ လုပ်ရိုးလုပ်စဉ် အတိုင်း။ **~သေ** /ပုန်သေ့/ကြိဝိ-အပြောင်းအလဲမရှိ၊ တထစ်ချ။ **~သေကားကျ**/-ကားကျ/ကြိဝိ-အပြောင်းအလဲမရှိ တစ်သမတ်တည်း။ **~သေနည်း** /-နီး/န-၁၊သချာတွင် မှုသေထားတွက်ရသော အခြေခံတွက်နည်း။ ၂၊တစ်သမတ်တည်း လိုက်နာနိုင်သည့် နည်းနာ။ **~သေလစာ**/-လာ့ဇာ/န-နစ်တိုးမရှိသော လစာ။ **~သွင်း**၊ကြိ-၁၊လိုအပ်သောပုံစံကို ရရှိအောင် လုပ်သည်။ ၂၊[ဥပစာ]မိမိလိုလားသော စရိုက် အယူအဆ စသည် စွဲဝင်အောင် သိမ်းသွင်းသည်။ **~သွန်း**၊ကြိ-သတ္တုရည်တစ်ခုခုကို ပုံစံခွက်ထဲသို့ လောင်းချ၍ ပုံဖော်သည်။

ပုံ ၂၊ ကြိ-၁၊တစ်နေရာတည်းတွင် စုနေသည်၊ စုထားသည်။ ၂၊အမြောက်အမြားရှိသည်။ **~ယင်**၊နဝိ-[ပေါ]များပြားသော။ ရှည်ကြာသော။ **~အပ်**၊ကြိ-အလုံးစုံကို ယုံကြည်စွာ အပ်နှံသည်။

ပုံတလုတ်/ဖုတ်တလုတ်/န-ပေါင်တုတ်ငှက်။

ပုံတောင်း/ပုန်ဒေါင်း၊ ဗဒေါင်း/န-ဝင်ရိုးစွပ်ရာ ဘီးအစိတ်အပိုင်း။

ပုံလုံ/ဗုန်လုန်/န-၁၊အသီးတောင့်ရှည်ကို စားရသော နွယ်ပင်တစ်မျိုး။ ပဲလင်းမြွေ။ ၂၊အသီး မာလကာသီးငယ်ခန့်ရှိသော မြစ်ချောင်း ကမ်းပါးပေါက် အပင်ငယ်တစ်မျိုး။ ၃၊အသီးကင်းပုံသီးပုံ ရှိသော နွယ်ပင်တစ်မျိုး။ (အချို အခါး နှစ်မျိုးရှိသည်။) **~တိုင်** /-ဒိုင်/န-လှေသင်္ဘောကုန်းပတ်ပေါ်တွင် စိုက်ထားသော ကြိုးချည်ရန် ငုတ်တိုင်။

ပုံ့ပုံ့/ပုန့်ဖုန့်/ကြိဝိ-၁၊ပြည့်ပြည့်ဖောင်းဖောင်း။ ၂၊ကျုံ့ကျုံ့ယုံ့ယုံ့။ "~ကလေး ထိုင်နေ-။"

ပုံး၊န-ရေ စသည် ထည့်သိုသယ်ငင်စရာ ပစ္စည်း။

ပုံးရည်၊န-ပအုံးရည်။ **~ကြီး**/ပုန်းယေကြီး/န-ပဲပိစပ် စသည်ဖြင့် ပြုလုပ်ထားသည့် စားစရာ အရည်ပျစ်။

ပယ် ၁၊န-ရှေးခေတ် မြေအတိုင်းအတာ ပမာဏ။ (၁.၇၅ဧကနှင့် ညီမျှသည်။)

ပယ် ၂၊ကြိ-ပယ်သည်။ ချန်သည်။ လက်မခံ။

ပယ် ၃၊နဝိ-[ရှေး] ချစ်အပ်သော။ မြတ်နိုးအပ်သော။ အဘယ်။ [ပါ၊ပိယ]

ပယ်ပယ်နယ်နယ် /ပယ်ဗယ်နယ်နယ်/ ကြိဝိ-အားရပါးရ။

ပလ္လင်/ပလင်/န- မြင့်မြတ်သော ပုဂ္ဂိုလ်တို့ထိုင်ရန် ပြုလုပ်ထားသော ခုံမြင့်။ [ပါ၊ပလ္လင်္က] **~ဆေးမိုး** /-ဇေးမိုး/န-သီတင်းကျွတ်လတွင် သည်းထန်စွာ ရွာသောမိုး။ **~တိုင်**/-ဒိုင်/န-ပေချပ်များ ထပ်ဆင့်ရာတွင် မရွေ့အောင် ပလ္လင်ပေါက်တွင် လျှိုသော ဝါးတံ။ **~ပေါက်**/-ဖောက်/န-ပလ္လင်တိုင်စိုက်ရန် ပေချပ်အလယ်တွင် ဖောက်ထားသော အပေါက်ငယ် တစ်ခု။

ပုလ္လိင်/ပုန်းလိန်/န-[သဒ္ဒါ]အထီး၊ အဖိုသဘော ရှိသော နာမ်။ [ပါ၊ပုလ္လိင်္ဂ]

ပိုလ်၊န-၁၊ငါးကျပ်သား။ ၂၊လေးကျပ်သား။ [သ၊ပလ]

ပိဿာ/ပိတ်သာ/န-ကျပ်တစ်ရာရှိ အလေးချိန်။ [သ၊ဝိသ]

ပျူ၊န-ပင်ပျက် ပိုးကောင်ငယ်တစ်မျိုး။

ပျပျ/ပျာ့ဗျာ့/ကြိဝိ-မထင်မရှား။ အနည်းငယ်။

ပျာ၊ကြိ-ကူခြေမရ အလျင်စလိုနိုင်သည်။ **~ကလတ်**၊ကြိဝိ-ပျာယာခတ်လျက်။ **~ကသီ**/ဗျာကသီ/ကြိဝိ-ကပျာကသီ။ **~ပျာသလဲ**၊ ကြိဝိ-၁၊အလျင်စလို။ ၂၊ အရေးတယူ ပျူငှာစွာ။ **~ယာခတ်**၊ **~ပျာလောင်ခတ်**၊ ကြိ-ပျာယီးပျာယာဖြစ်သည်။ **~ယီး ပျာယာ**၊ ကြိဝိ-အလှုင်စလို။

ပျား၊န-ပန်းဝတ်ရည်ကို စုပ်ယူစုဆောင်း၍ အအုံဖွဲ့နေသော တုပ်တတ်သော ပိုးကောင်ပျံတစ်မျိုး။ **~ကြီးဖွဲ့**/ပျားကျီးဖွဲ့/န-ပျားဖွဲ့အဆင်တန်ဆာ။ **~စားလက်ဆေး**/ပျားဇားလက်ဆေး/ကြိဝိ-(ပျားရည်စွန်းပေသောလက်ကို ရေဆေးလိုက်သကဲ့သို့) မကြွင်းမကျန် အကုန်အစင်။ **~စွဲ**၊ကြိ-အဆောက်အအုံ စသည် တစ်နေရာရာတွင် ပျားများ ပျားအုံလုပ်သည်။ /ပျားဇွဲ/န-တန်ဆောင်း ပြာသာဒ်တို့၏ မုခ်အထက်ပိုင်းတွင် အောက်သို့တွဲလျားသဖွယ်ချွန် လုပ်ထားသော ဗိသုကာလက်ရာ။ **~တူ**/ဗဒူ/န-သစ်ခေါင်း၊ မြေတွင်းတို့၌ အုံဖြင့် နေတတ်သော ပျားကဲ့သို့ တုပ်တတ်သည့် အတောင်ပါ အင်းဆက် ပိုးကောင်။ **~တူငှက်**/-ငှက်/န-မြေတွင် တွင်းတူး၍ အသိုက်လုပ်လေ့ရှိသော ဦးခေါင်းပြာ၍ ကိုယ်ရောင် စိမ်းသည့်ငှက်။ **~ပန်းခတ်**/ပျားဗန်းခတ်/ကြိ-ပန်းဝတ်ရည်ကို ပျားများ အခေါက်ခေါက် အပြန်ပြန် စုပ်ယူသည်။ ကြိဝိ-[ဥပစာ] အသွားအလာ များပြား ရှုပ်ထွေးစွာ။ **~ဖယောင်း**၊န-ပျားအုံမှရသော ဖယောင်း။ **~ဖွပ်**/ပျားဖွတ်/ကြိ-ပျားရည်ကို ရယူရန် ပျားကောင်များကို ပျားအုံမှ ဖယ်ရှားသည်။ **~ဖွပ်ငှက်** /-ငှက်/န-ပျားရည်ကို ရှာဖွေ စားသောက်တတ်သော ငှက်ငယ်တစ်မျိုး။ **~ဘုရင်မ** /ပျားဗယင်မှာ/ န-ပျားအုံတစ်ခုတွင် အကြီးအကဲဖြစ်သော ဥဥသည့် တစ်ကောင်တည်းသော ပျားမ။ **~ရည်**/ပျားယီ၊ပျားယေ/န-ပျားကောင်များ ပန်းပေါင်းစုံမှ စုပ်ယူ၍ ပျားလပို့တွင် စုဆောင်း သိုလှောင်ထားသော အရည်ချို။ **~ရည်စုပ်** /-ဇုတ်/န-မွှေးသောအပွင့် ပွင့်သည့် ချုံပင်ငယ် တစ်မျိုး။ **~ရည်ဆမ်း**/-ဇန်း/န-ပိန္နဲ၊ နာနတ်စသော

http://www.lknt11.com ...

အသီးမျိုးတွင် အရသာ ချိုလေးသော အသီးကို ခေါ်သောအမည်။ ~ရည်ဆမ်းခရီး /-ဖန်းခယီး/ န-လက်ထပ်ပြီးစ ဇနီးမောင်နှံ၏ အပျော်ခရီး။ [လိပ်ပြန်၊ honey moon] ~ရည်နှင့်ဝမ်းချ/-နဲ့ ဝမ်းချာ/ကြိ-သူတစ်ပါးကို တစ်စုံတစ်ရာလိုက်လျော၍ ကျေနပ်နှစ်သိမ့်စေသည်၊ ကျေနပ်နှစ်သိမ့်စေပြီး အလိုသို့ပါအောင် ဆွဲဆောင်သည်။ ~လဗို့/ပျားလဗို့/န-ပျားကောင်တို့ ဝတ်ရည် သိုလှောင်ရာ ပျားအုံအထက်ပိုင်း။ ~သလက်၊န-ပျားဥနှင့် ပျားကောင်ကလေးများရှိရာ ပျားအုံအောက်ပိုင်း။ ~အုံ၊ န-ပျားများ စုဝေးနေရာအိမ်။

ပျူ၊န-၁၊ရှေးခေတ် မြန်မာနိုင်ငံတွင် ထွန်းပေါ်ဖူးသော လူမျိုးတစ်မျိုး။ ၂၊ယင်းလူမျိုး၏ ဘာသာစကား။

ပျူငှာ၊ကြိ-ဖော်ရွေသည်။ လောကွတ်ကောင်းသည်။

ပျော့၊နဝိ-မာခြင်း၊ တောင့်တင်းခြင်း၊ ကြံ့ခိုင်ခြင်း မရှိသော။ ~ကြောင်း/ပျော့ချောင်း/န-မြွေကြောင်း ရှ။ ~စိစိ/ပျော့စိဒိ/~စိပျော့နဲ့/ ပျော့ဇိပျော့နဲ့/ ပျော့အိပျော့နဲ့/ ကြိဝိ-၁၊တောင့်တင်းခြင်း၊ ခက်မာခြင်း မရှိဘဲ။ ၂၊ အားအင် လျော့နည်းလျက်။ ~ညံ့၊ နဝိ-စိတ် မကြံ့ခိုင်သော။ ~ပျော့/ပျော့ဖျော့/ကြိဝိ-အနည်းငယ် လျော့လျက်။ မရှိတရှိ။ နီးပါး။ ~ပျောင်း/ပျော့ဖျောင်း/နဝိ-နူးညံ့ပျော့အိသော။ နူးညံ့ သိမ်မွေ့သော။ ~ဖတ်/ပျော့ဗတ်/န-စက္ကူပြုလုပ် ရန်အတွက် ဝါး၊ သစ်သား စသည်တို့ကို ကြိတ်ပြတ် ခြေနယ်၍ ရေဖျော်ထားသော အဖတ်။ ~ဖယ်၊ နဝိ-၁၊အင်အား ကုန်ခန်းချည့်နဲ့သော။ ၂၊ အလွန် ပျော့သော။

ပျော်၊ကြိ-၁၊အစိုင်အခဲအဖြစ်မှ အရည်အဖြစ်သို့ ရောက်သည်။ ၂၊ဝမ်းသာသည်။ ၃၊နှစ်မြို့က်မွေ့လျော်သည်။ ၄၊ကောင်းစွာမှည့်သည်။ စည်း-သင့်တင့်သည် ဟူသော အနက်ဖြင့် ကြိယာကို ထောက်ပံ့သော စကားလုံး။ "စား ~-။ နေ ~-။" ~တော်ဆက်/ပျော်ဒေါ်ဇက်/န-သူတစ်ပါးပျော်ရွှင်အောင် ဖျော်ဖြေသူ။ ~ပါး/ပျော်ဗား/ကြိ-၁၊ပျော်ရွှင်မြူးထူးသည်။ ၂၊ကာမဆက်ဆံသည်။ ~ပိုက်/ပျော်မိုက်/ကြိ-စိတ်ရွှင်လန်း နှစ်သိမ့်သည်။ ~ပွဲစား/ပျော်ပွဲစား/န-စိတ်ကြည်နူးဖွယ်ရာ ဒေသတစ်ခုခုသို့ စုပေါင်း ထွက်ခွာ၍ ပျော်ရွှင်စွာ စားသောက် အပန်းဖြေခြင်း။ ~ဝင်၊ ကြိ-အရည် သို့မဟုတ် ရေထဲ၌ အစိုင်အခဲ ပျော်သွားသည်။

ပျံ၊ကြိ-၁၊ ကောင်းကင်၌ ရွေ့လျားသွားလာသည်။ ၂၊(မြင့်မြတ်သူတို့) ဘဝတစ်ပါး ပြောင်းသွားသည်။ ၃၊ဣန္ဒြေမရ ပေါ့ပြက်သည်။ ~ကျ/ဗျန်ကျာ/န-နေရာ၊ အလုပ်အကိုင် အတည်တကျ မရှိဘဲ ကြုံသလို နေထိုင်လုပ်ကိုင်သူ။ ~တံတံနန့်တန့်တန့်/ပျန်တန်ဒန်နန့်တန့်တန့်/ကြိဝိ-ဣန္ဒြေမရ ကလက်တက်တက်။ ~လွန်၊ကြိ-(ရဟန်းသံဃာ) စုတေသည်။ ~လွှား/ဗျန်လွှား/န-အမြဲလိုလို ပျံသန်းနေတတ်သော ငှက်ငယ်တစ်မျိုး။ ~သန်း၊ ကြိ-တစ်နေရာမှ တစ်နေရာသို့ ပျံသည်။

ပျံ့၊ကြိ-ကူးရောက်သည်။ အနှံ့ရောက်သည်။ ~နှံ့၊ ~ပျူး၊ ကြိ-နေရာအနှံ့ပျံ့သည်။ ~လွင့်၊ ကြိ-မတည်မငြိမ် ဟိုရောက်သည်ရောက် ဖြစ်သည်။

ပျို၊ နဝိ- နုနယ်သော။ န- [ကဗျာ] မိန်းကလေးကို ရည်ညွှန်းသော စကား။ ~မျစ်၊နဝိ-နုနယ်စိုပြည်သော။ ~ရွယ်၊နဝိ-ငယ်ရွယ်နုနယ်သော။

ပျို့၊ကြိ-၁၊မို့တက်သည်။ ၂၊ထွက်ပြူသည်။ "ချောင်ခြည် ~-။" ၃၊နှစ်သက်သည်။ ၄၊(ဝမ်းမှ)လေဆန်တက်သည်။ န-ပိုဒ်ရေပေါင်းများစွာ ဖွဲ့ဆိုသော လေးလုံးစပ် လင်္ကာရှည် တစ်မျိုး။

ပျိုး၊ကြိ-၁၊အပင်ကလေးများ ပေါက်လာအောင် မျိုးချသည်။ ၂၊[ဥပစာ] တစ်စုံတစ်ခုလုပ်ရန် ပြင်ဆင်သည်။ အစပြုသည်။ န-ရှင်သန်စ ကောက်ပင်စသည်။ ~ကြဲ၊ ကြိ-(ပျိုးပင်ပေါက်လာစေရန်) အခြောက်ထွက်စ ပေါးစေ့များကို အဖျံ့အနှံ့ ပက်သည်။ ~ခင်း/ပျိုးဂင်း/န-ပျိုးထောင်ထားသော အခင်း။ ~နှုတ်/ပျိုးနှုတ်/ကြိ-ပျိုးနုတ်သောအခါ ပျိုးပင်နှင့် ပါလာ သော ရွှံ့များကို စင်အောင် ပြုသည်။ ~ထောင်၊ကြိ-၁၊ပျိုးကြဲသည်။ ၂၊[ဥပစာ] ဖြစ်မြောက်အောင် ထူထောင်ပေးသည်။ ~ပေါ/ပျိုးဗော/န-စည်းထား သော ပျိုးပင်များ။ ပျိုးစည်း။ ~ဖတ်/ပျိုးဗတ်/န-ကောက်စိုက်ရန် ပျိုးပေါမှ ခွဲထုတ် ထားသော ပျိုးပင်စု။ ~ယမ်း၊န-ယမ်းအုံ ပေါက်ကွဲစေရန် စနက်တံ၏ ပေါက်ကွဲမှုကို ထပ်ဆင့်မြှင့်တင်ပေးသော ယမ်း။ (ပရိုင်မာ)။

ပျက်၊ကြိ-၁၊ချွတ်ယွင်းသည်။ ယွင်းယိုသည်။ ဆောက်ပြန်သည်။ ၂၊တာဝန်ဝတ္တရား စသည် လစ်ဟင်းသည်။ ပျက်ကွက်သည်။ ~စီး၊ကြိ-၁၊ယွင်းယိုသည်။ ၂၊သေသည်။

ပျောက်၊ကြိ-၁၊အမြင်အကြားစသည့် အာရုံမှ ကွယ်သွားသည်။ ရှိတည်ရာမှ ကွယ်သည်။ ၂၊ကင်းစင် လွတ်ကွာသည်။ ~ကင်း၊ကြိ-အနာရောဂါ စသည်မှ ကင်းစင်သည်။ ~ခြင်းမလှပျောက်၊ကြိ- သဲလွန်စမျှ မကျန်အောင် ပျောက်သည်။ ~ပျက်၊ကြိ- တဖြည်းဖြည်း လျော့ပျက်ကုန်ခန်းသည်။ ~ရှ၊ ကြိ- ပျောက်ဆုံးသည်။

ပျင်း၊ကြိ-အလုပ်မလုပ်ချင် ဖြစ်သည်။ ငြီးငွေ့သည်။ ~တိပျင်းတွဲ/ပျင်းဒိပျင်းဒွဲ/ကြိဝိ-ပျင်းရိလေးကန်

http://www.lknt11.com ...

စွာ။ ~ရှိ၊ကြိ–ထက်သန်တက်ကြွမှုမရှိ။

ပျော့င်း၊နဝိ–နူးညံ့ပျော့အိသော။

ပျစ်၊နဝိ–၁။(အရည်) မကျဲသော။ ၂။တစ်ခုနှင့်တစ်ခု ပူးကပ်လျက်တည်သော။ ကြိ–(သက်ငယ်၊ ခနီ စသည်ကို) အတွဲအချပ်ပြုလုပ်သည်။ **~တောင်း**၊န–အဝကျယ်ကျယ် အခြေလေးထောင့် စိပ်စိပ်ရက်၍ သစ်စေးသုတ်ထားသော တောင်း။ **~ထူ**/ဗျစ်ထူ/ နဝိ–ထူပိန်းသော။ **~တိုင်း**/ဗျစ်တိုင်း/န–ဝဖြိုး၍ လေးလံထိုင်းမှိုင်းသူ။ **~ပျစ်နှစ်နှစ်**၊ကြိဝိ–၁။စေးပွဲ့ သိပ်သည်းစွာ။ ၂။တစ်တစ်ခွခွ။ မထောက်မထား။ ပျစ်ပျစ်ညစ်ညစ်။ "~ဆဲ–။"

ပျဉ်၊န–သစ်သားပြား။ ကြိ–သိပ်သည်းစွာ ပြန့်ထွက်သည်။ **~ကြွပ်**/ပျင်ဂျွတ်/န–အမိုးမိုးရန် တစ်ဖက်ထူ တစ်ဖက်ပါး ပျဉ်ချပ်။ (ပျဉ်အုတ်ကြွပ်လည်း ခေါ်သည်။) **~ခုံ** /ပျင်ဂုန်/ န– လူသေအလောင်း တင်သည့်ခုံ။ ကလပ်။ **~ထောင်အိမ်** /ပျင်ဒေါင် အိန်/ န– ပျဉ်ချပ်များဖြင့် ကာရံဆောက်လုပ် ထားသည့်အိမ်။ **~မြီးဆက်ရှောင်း** /ပျင်မီးဇက် ယောင်း/ ကြိ–လိုအပ်သော အတိုင်းအတာရှိ ပျဉ် ရှောင်းမရ၍ ဆက်ရသောပျဉ်ချပ်နှင့်တကွ ရှောင်း သည်။

ပျဉ်း၊န–သစ်မာပင်စောက်ကြီးမျိုး။ (ပျဉ်းကတိုး၊ ပျဉ်းမ၊ ပျဉ်းဖြူ စသည်ဖြင့် ရှိသည်။) **~ကတိုး**/ပျင်းဂဒိုး/ န–ပျဉ်းမျိုးဝင် ပင်စောက်သစ်မာပင်ကြီး တစ်မျိုး။ **~တိပျဉ်းတွဲ**၊ကြိဝိ–ပျဉ်းတွဲတွဲ။ **~တော်သိမ်**/ပျင်း ဒေါ်သိန်/န–အနံ့စူးသော အရွက်ကို ဟင်းစော် ရသော အပင်တစ်မျိုး။ **~တွဲ**၊နဝိ–ပျော့တွဲစေးဖွဲ့ သော။ **~မ**၊န–အပွင့်မရနံ့ဆေးရောင်ရှိသော ပျဉ်းမျိုး ဝင် သစ်ပင်ကြီးတစ်မျိုး။

ပျပ်၊ နဝိ– ၁။ နိမ့်သော။ ၂။ပုသော။ **~စပ်**၊ ကြိဝိ– တုံးလုံးလဲလျက်။ **~ဝပ်** /ပျတ်ဝတ်/ ကြိ–နိမ့်ချ ရှိသေသည်။

ပျမ်း၊ကြိ–နှံ့စေသည်။ ဝေသည်။ မျှသည်။ **~မျှ**၊ကြိ– စုပေါင်း၍ အချိုးကျခွဲထုတ်သည်။ န–စုပေါင်းပြီး အချိုးကျ တွက်၍ရသော နှုန်း။ ကြိတ်နှုန်း။ ပျမ်းမျှခြင်း။

ပြ၊ကြိ–၁။မြင်စေသည်။ ပြသသည်။ ၂။သင်ကြားသည်။ လမ်းညွှန်သည်။ န–၁။မြို့ရိုးပေါ်တွင် ပြာသာဒ်နှင့် တကွ ဆောက်လုပ်ထားသော အဆောင်ငယ်။ ပြအိုး။ ၂။ပြအိုးတစ်ခုနှင့်တစ်ခု အကွာအဝေး။ **စည်း**– ကြိယာအနက်ကို ထောက်ကူသည့် စကား လုံး။ "ယော ––။ စား ––။" **~ခန်း**/ပျာ့ဂန်း/ န–အများ ကြည့်ရှု လေ့လာဖွယ်ရာ ပစ္စည်းများ ခင်းကျင်းပြသထားရာ အခန်း။ **~ဇာတ်**၊န–၁။ ဇာတ်လမ်းကို ကပြသရုပ်ဆောင်နိုင်ရန် ရေးဖွဲ့သော စာပေ။ ၂။ယင်းဇာတ်ကို သရုပ်ဆောင်ကပြသောပွဲ။ **~တိုက်**/ပျာ့ဒိုက်/န–အများကြည့်ရှု လေ့လာဖွယ်ရာ များကို ခင်းကျင်း ပြသထားသော အဆောက်အအုံ။ **~ပွဲ** /ပျာ့ဗွဲ/ န–ကြည့်ရှုလေ့လာစရာတို့ကို ပြသထား သော အခမ်းအနား။ **~ရုပ်**၊န–အမည်ခံမျှ ဖြစ်သော သူ၊ အရာ။ **~လမ်း**၊န–ပြကို ဦးတိုက်နေသော လမ်းကြောင်း။

ပြကတေ့/ပျာ့ဂဒေ့/န–ပကတိ။ [သ၊ပြကၟ တိ]

ပြတို့/ဗျဒို့/န–[ရှေး]ထွေးခံ။ [သ၊ပြတိဂြဟ]

ပြတက်ဖျား/ပျာ့ဒက်ဖျား/န–လေ၊ သည်းခြေ၊ သလိပ် စသည် အကြောင်းတစ်ပါးပါးကြောင့် ဖြစ်သော အဖျား။

ပြတင်းပေါက်/ဗဒင်းဗောက်/န–အဆောက်အအုံတွင် အလင်းရောင်နှင့် လေဝင်လေထွက်ရရန် ပြုလုပ် ထားသော အပေါက်။ [မွန်၊ဗတင်+မြန်၊ပေါက်]

ပြဒါး/ပျဒါး၊ ဗဒါး/န–ကျုံ့ခြင်း၊ ပြန့်ခြင်း မြန်သော၊ အလွန်လေးသော ငွေရောင် သတ္တုဒြပ်စင်။ [သ၊ ပါရဒ] **~တိုင်**/ဗဒါးဒိုင်/န–ပြဒါးရည် ထည့်ထား သော အပူအအေးတိုင်း ဖန်ပြွန်ကိရိယာ။ **~ရှင်လုံး** /ဗဒယှင်လုန်း/န–အင်္ဂရတ် အတတ်ဖြင့် စီရင် ထား၍ သိဒ္ဓိအမျိုးမျိုးရှိသည်ဆိုသော ပြဒါးလုံး။

ပြယိုးယား၊န– ပြာလဲ့လဲ့အရောင်ရှိ ကျောက်မျက် တစ်မျိုး။

ပြယုက်/ပျာ့ယုတ်/န–သုံးစွဲပုံကို ထုတ်ဆောင်တင်ပြ ချက်။ ဥဒါဟရုဏ်။ ပုံစံ။ [သ၊ပြယောဂ]

ပြယာယ်၊န–[ကဗျာ] ပရိယာယ်နှင့်အတူတူ။

ပြာ၊နဝိ–၁။မဲနယ်အရောင်မျိုးရှိသော။ ၂။မှုန်ဝါးသော။ မကြည်လင်သော။ "မျက်စိ ~။ အသံ ~။" ကြိ– ဆန်စသည်မှ အမှုန်အမွှားတို့ကို ဆန်ကောဖြင့် မြှောက်ခတ် ထုတ်ပစ်သည်။ ပြာတီးသည်။ န– မီးလောင်ကျွမ်းပြီးနောက် ကျန်ရစ်သည့် မွဲသော အရောင်ရှိ အမှုန့်။ **~ချ**၊ကြိ–ပြာဖြစ်သည်အထိ လောင်ကျွမ်းအောင် လုပ်သည်။ **~စေ့**/ပျာဇေ့/ န– [ပေါ်] သောက်ဆေးဘူး။ **~ထုပ်**/ပျာဒုတ်/န– ကောက်ညှင်းဆန်ကို ပြာရည်နှင့်နယ်၍ ပေါင်းထား သော မုန့်ထုပ်။ **~နှမ်း**၊နဝိ–အရောင်မွဲပြာသော။ **~ပုံဆိုက်**/ပျာဗုန်ဆိုက်/ကြိ–[ဥပစာ]ဆင်းရဲမွဲတေ သည်။ **~သိပ်မီး**/ပျာသိပ်မီး/န–အများအားဖြင့် ပြာသိုလတွင် ရှာတတ်သော ပြာကို ပိသွားစေသည့် မိုး။

ပြာကရိုက်/ပရာကရိုက်/န–အိန္ဒိယနိုင်ငံ အလယ်ပိုင်း နှင့် မြောက်ပိုင်းတွင် သက္ကတဘာသာစကားနှင့် ခေတ်ပြိုင်ဖြစ်သော ဘာသာစကားများ။ သက္ကတမှ

မာတိကာသို့ ▶▶▶

http://www.lknt11.com

ဆင့်ပွားလာသော တိုင်းရင်းဘာသာ စကားများ။ [သ၊ ပြာကၒ တ]

ပြာဋိဟာ/ပျာဒိဟာ/န- ထူးကဲထင်ရှားစွာ ပြသော တန်ခိုး။ [သ၊ပြာတိဟာယ]

ပြာတာ၊န-[ခေါက်ကုန်] ရုံးတွင်း အသေးအဖွဲ့အလုပ် ဆောင်ရွက်ရသော အမှုထမ်း။ [ဟိန္ဒီ၊ပျာဒါ]

ပြာသို/ပျာသို/န-မြန်မာဆယ့်နှစ်လတွင် ၁၀သမလ။

ပြာသာဒ်/ပျတ်သတ်/န-ဘုံအဆင့်ဆင့်နှင့် ထုပိကာ တင်သော အဆောက်အအုံ။ [သ၊ ပြာသာဒ]

ပြား[၁]၊နဝိ-မျက်နှာပြင်ပြန့်သော၊ ချပ်သော။ ကြိ- ပျပ်ပပ်သည်။ န-၁၊ဗြိတိသျှ ကိုလိုနီခေတ် ငွေ တစ်ကျပ်၏ ၆၄ပုံ ၁ပုံ။ ၂၊ငွေတစ်ကျပ်၏ ၁၀၀ပုံ ၁ပုံ။ ~ပြားဝပ်/ပျားဗျားဝတ်/ကြိဝိ-၁၊ကြောက်ရွံ့ လျက်။ ၂၊နှိမ့်ချရိုသေလျက်။

ပြား[၂]၊ကြိ-ကွဲပြားသည်။ ထွေပြားသည်။ န-၁၊ ဖြူးပင်။ ဖျိုက်ပင်၊ လမုပင် စသည်တို့ ထူထပ်ရှုပ်ထွေးစွာ ပေါက်ရောက်လေ့ရှိသော၊ ရွှံ့နွံများရှိသော ပင်လယ် ဒီရေရောက်ရာ တော။ ပြားတော။ ၂၊[ပေါ] တော။

ပြီ၊ဝိ-ကြိယာ၏ ပစ္စုပ္ပန်ကာလ၊ အတိတ်ကာလကို ဖော်ပြရာတွင် သုံးသော စကားလုံး။

ပြီး /ပျီး၊ ပီး/ ကြိ-၁၊အဆုံးသတ်သည်။ ဆုံးသည်။ ၂၊ဓား လှံ လက်နက် မထိရှ မထိနိုက်နိုင်သော အစွမ်း ရှိသည်။ ၃၊အရောဝတ္ထုတစ်မျိုးတည်းနှင့် ပြုလုပ်ထားသည်။ /စည်း-ပြုမှု၊ ဖြစ်မှု ကျော်လွန် ခဲ့ပြီဖြစ်ကြောင်း ဖော်ပြသော စကားလုံး။ /သမ်- ကြိယာတို့ တစ်ခုပြီးတစ်ခု ဖြစ်ပျက်သည့် အနက်ဖြင့် ဆက်စပ်ပေးသော စကားလုံး။ ~ကပစ်/-ဂပျစ်/ ကြိဝိ-ပြီးသည်ဆိုရုံမျှ။ ပစ်စလက်ခက်။ ~ငြိမ်း /-ညိန်း/ကြိ-ချောမောစွာ ပြီးစီးသည်။ ~စလွယ် /-ဇလွယ်/ ကြိဝိ-ပြီးလျှင်ပြီးရော။ ပေါ့ပေါ့ဆဆ။ ~စီး/-ဇီး/ကြိ-ကိစ္စ၊ အလုပ် အဆုံးသတ်သည်။ ~ပြီးပျောက်ပျောက်/-ပျီးပျောက်ပျောက်/ကြိဝိ- ဖြစ်ပျက်ပြီးသည်နှင့် စိတ်၌ အမှတ်မထားဘဲ။ ~ပြေ/-ပျေ/ကြိ-[ရှေး] ချောမောစွာ ပြီးစီးသည်။ ~ပြည့်စုံ/-ပျေ့ဇုန်/ ကြိ-အလုံးစုံ ပြီးစီးသည်။ ~မြောက်/-မျောက်/ကြိ-အောင်အောင်မြင်မြင် ပြီးစီးသည်။

ပြု၊ကြိ-လုပ်သည်။ ဆောင်ရွက်သည်။ ဖန်တီးသည်။ စည်း-[အပြော] ကြိယာပုဒ်ကို လေးနက်အောင် တွဲသုံးတတ်သော စကားလုံး။ "လိမ့်-ကျနေဦး မယ်။" ~ကျင့်၊ ကြိ-၁၊ အကြိမ်ကြိမ် ပြုသည်။ ၂၊ကျူးလွန်သည်။ ~စား/ပျုစား/ကြိ-ပယောဂ ပညာဖြင့် သူတစ်ပါး ဒုက္ခရောက်အောင် လုပ်သည်။ ~စု /ပျုဇု/ကြိ-၁၊ယုယုယယ ကျည်စောင့်ရှောက် သည်။ ၂၊စာအုပ်စာတမ်း စုဆောင်း စီစဉ်ရေးသား သည်။ ~ပြင်/ပျုပျင်/ကြိ-ကောင်းမွန်သော အခြေနေသို့ ရောက်အောင် ဆောင်ရွက်သည်။ ~မူ၊ ကြိ-လုပ်ကိုင် ဆောင်ရွက်သည်။

ပြူ၊ကြိ-ပြင်ပသို့ တစ်စွန်းတစ်စ ထွက်သည်။ ~တစ် ပြူတစ်၊ကြိဝိ-တစ်စွန်းတစ်စပေါ်လိုက် ပျောက် လိုက်။ ~ပြတင်း/ပျူဗဒင်း/န-ပြတင်းပေါက်။

ပြူး[၁]၊နဝိ-၁၊(မျက်စိ)ဝန်းဝိုင်း ကျယ်ပြန့်သော။ ၂၊အပြင် သို့ စွန်းထွက်နေသော။ ၃၊ထင်ရှားမြင်သာအောင် ကြီးသော။ ကြိ-အပြင်သို့ စွန်းထွက်စေသည်။ "မျက်စိကို ~၍ ကြည့်-။" ~တူးပြဲတဲ/ပျူးဒူးပျဲဒဲ/ ကြိဝိ-ထိတ်လန့်ခြင်း၊ အံ့သြခြင်း၊ ဒေါသဖြစ်ခြင်း စသည်ကြောင့် မျက်လုံးမျက်ဆန်ပြူးလျက်။

ပြူး[၂]၊စည်း-နှစ်ခုတစ်စုံကို ရေတွက်ရာ၌ သုံးသော စကားလုံး။

ပြေ /ပျေပျို/ ကြိ-၁၊ စုစည်းမှုပျက်သည်။ "အစည်း ~-။ ဆံထုံး~-။" ၂၊ပုက်ပြယ်သည်။ "အဆိပ် ~-။ အမူး~-။" ၃၊တာဝန်ပြီးပြတ်ကျေကုံသည်။ /ပျေ/နဝိ-၁၊အထစ်အငေါ့ မရှိသော။ ၂၊မမတ်လွန်း မစောက်လွန်းသော။ ဆင်ခြေလျှော ဖြစ်သော။ ၃၊ အရောင်အသွေး မနုလွန်း မရင့်လွန်းသော၊ တစ်ခုနှင့်တစ်ခု လိုက်ဖက်သော။ ၄၊အချိုးအချဉ် အရသာ မျှတသော။ ~ကုံ၊ကြိ-[ပေါ] အပြည့်အဝ ပြီးမြောက်သည်။ ~ငြိမ်း၊ကြိ-ပြီးပြတ်ကျေအေး သည်။ "စစ်~-။" ~စာ/ပျေဇာ/န-ငွေ၊ ပစ္စည်း လက်ခံရရှိကြောင်း ရေးမှတ်ထားသည့် စာရွက်။ ~ပြစ်/ပျေပျစ်/နဝိ-၁၊အချိုးအစားကျနသော။ ချောမောသော။ ၂၊ချောင်သော။ ~ရာပြေကြောင်း /ပျေယာပျေကျောင်း/ န- နှစ်ဦးနှစ်ဖက်ကြား အမျက်ဒေါသ၊ မကျေလည်မှု စသည်လျော့ပြယ် ငြိမ်းအေးစေရန် အကျိုးသင့် အကြောင်းသင့် ညှိနှိုင်း ပြောဆိုချက်။ ~လည်/ပျေလယ်/ ကြိ-အစက်အခဲ မရှိ၊အဆင်ပြေသည်။ ~အေး၊ ကြိ-အမှုကိစ္စ တစ်စုံ တစ်ရာ ပြီးပြတ်ငြိမ်းချမ်းသည်။

ပြေး၊ကြိ-၁၊အဟုန်ဖြင့်သွားသည်။ ၂၊ခုတ်မောင်း သွား လာသည်။ ယာဉ်ကို သယ်ယူပို့ဆောင်ရန် အသုံးချ သည်။ ၃၊စွန့်ခွာသွားသည်။ ၄၊လွှပ်ရှားသည်။ "အရောင်~-။" ~ခုန်ပစ်/ပြေးခုန်ပျစ်/န-ပြေး ခြင်း၊ ခုန်ခြင်း၊ ပစ်ခြင်း အားကစား ယှဉ်ပြိုင်မှုမျိုးကို ခြုံခေါ်သော စကား။ ~ဆွဲ၊ကြိ-သယ်ယူပို့ဆောင်ရန် ယာဉ်ကို အသုံးပြုသည်။ ~ပေါက်/ပြေးဗောက်/ န-လွတ်မြောက်ရန် လမ်းပေါက်။ လွတ်မြောက်ရန် အခွင့်အလမ်း။

မာတိကာသို့ ▶▶▶

http://www.lknt11.com

ပြဲ၊ကြိ–၁၊ကွဲပြတ်သည်။ စုတ်သည်။ ၂၊ပါးစပ်ပေါက် စသည် ကျယ်သည်။ **–ပြဲစင်**/ပြဲမဲ့စင်/ကြိဝိ– နေရာ အနှံ့အပြား။

ပြဲ့၊ကြိ–[ပေါ]ထင်ရှားသည်။

ပြော[၁]၊ ကြိ–စကားဆိုသည်။ စကားဖြင့် သိစေသည်။ **–ခြေပြောလက်**/ပျောချေပျောလက်/န–ပြောဆိုပုံ အမူအရာ။ **–စမှတ်**/ပျောစမှတ်/န–အမှတ်တရ ပြောနေရမည့် အကြောင်းအရာ။ **–ပလောက်**/ပျောပ့လောက်/ကြိ–စကားအဖြစ် ပြောလောက်သည်။ **–ရေးဆိုခွင့်**/ပျောယေးဆိုဂွင့်/န–ပြောပိုင်ခွင့်။

ပြော[၂]၊နဝိ–များသော။ လွန်ကဲသော။

ပြော့၊န–မြန်မာမင်းများလက်ထက် မြေနန်းစမှတ်ဦး မင်းတက်လှေကားရင်း ဝဲယာတွင် ဆောင့်ရသော အမှုထမ်း။ **–ကြီးမှူး**/ပျော့ဂျီး မှူး/န–ရှေးခေတ် ပြော့အမှုထမ်းတို့၏ အကြီးအကဲ။

ပြော့ကြောင်း /ပျော့ချောင်း/ န– မျော့ကြောင်းနှင့် အတူတူ။

ပြော့ရွေပေါ/ပျော့ယွေပေါ်/န–မျော့ရွေပေါနှင့်အတူတူ။

ဖြို၊ကြိ–၁၊ရှိရင်းအခြေအနေ ယိုယွင်း၍ အောက်သို့ ပုံကျသည်။ ၂၊ကစဉ့်ကလျား ဖြစ်သွားသည်။ ဖြိုကွဲသည်။ "လူအုပ် —။ ကျိုး —။" ၃၊ကျေပျောက်သည်။

ဖြိုးဖြိုးဖြက်ဖြက်/ပျိုးဗျိုးပျက်ပျက်/ကြိဝိ–အရောင် လှပ်ရှား တောက်ပလျက်။

ဖြိုးဖြိုးပြောင်ပြောင်/ပျိုးဗျိုးပျောင်ဗျောင်/ကြိဝိ–အရောင် အလွန်တောက်ပလျက်။

ဖြိုးမြှမ်း/ပျိုးဗျှမ်း၊ ပျိုးဗျှန်း/ကြိ–အမျိုးမျိုး ရောနှော ပါဝင်သည်။

ဖြက်[၁]၊ ကြိ– ၁၊ ထွန်းလင်းသည်။ ၂၊ ထင်ရှားသည်။ **–ဖြက်ထင်ထင်**/ပျက်ပျက်ထင်ဒင်/ကြိဝိ–ထင်ထင် ရှားရှား။

ဖြက်[၂]၊ကြိ–ရယ်စရာပြောသည်။ နဝိ–မတည်ကြည် သော။ ပေါ့တန်သော။ **–ကယ်ဖြက်ကယ်**၊ **–ချော် ချော်**၊ **–တီးဖြက်ချော်**၊ ကြိဝိ–တည်ကြည်ခြင်း မရှိဘဲ။ ကပျော်ကမည်။ **–ရယ်ဖြူ**၊ကြိ–သရော်သည်။ ပြောင်လှောင်သည်။ **–လုံး**၊န–ရယ်မောဖွယ်စကား။

ဖြက်[၃]၊ကြိ–သင့်တော်ရုံထည့်စွက်သည်။ **–သီကာ**၊န– အနည်းငယ်။ ပါရုံမျှဖြစ်သော ပမာဏ။

ဖြက္ခဒိန်/ပျက်ကဒိန်/န–နှစ်၊လ၊ရက်၊နေ့ စသည်တို့ကို မှတ်သား ဖော်ပြထားသော ဇယား။ [ပါ၊ပက္ခဒိန]?

ပြောက်၊ကြိ–အစက်အပြောက်ထင်သည်။ **–ကျား**၊ကြိ– အရောင် ကွဲပြားသော အကွက်အပြောက်များ ရောပါနေသည်။ ကြိဝိ–တစုတဝေးတည်း တစ်ခါတည်း မဟုတ်ဘဲ ပြတ်တောင်းပြတ်တောင်း။ န– အခွင့်သာလျှင် ရန်သူကို တိုက်ခိုက်၍ တပ်ပျောက် နေလေ့ရှိသောတပ်။ ယင်းတပ်သား။ **–ကျဲ ပြောက်ကျား**၊ကြိဝိ–ကွဲပြားသော အရောင် ကွက်များ ရောပါနေလျက်။ **–သောက်**/ပျောက်သောက်/ ကြိဝိ–အမျိုးမျိုး အစားစား ပါဝင်ရောနှော နေလျက်။

ဖြိုက်၊စည်း–မိုးရွာသည့်အကြိမ်နှင့် ဆီးနှင်းကျသည့် အကြိမ်ကို ရေတွက်ရာတွင် သုံးသောစကား။ **–ခနဲ**၊ကြိဝိ–မြန်မြန်၊ ချက်ချင်း (ကုန်သွားသည်)။ **–ဖြိုက်**၊ကြိဝိ–(ချွေးစသည်)အဆက်မပြတ်(ကျ သည်)။

ပြင်[၁]၊ **–ဆင်**၊ကြိ–၁၊စီစဉ်ပြုလုပ်သည်။ "ခရီးထွက်ရန် အထုပ်အပိုး —။" ၂၊ လှပတင့်တယ်အောင် ပြုလုပ်သည်။ ၃၊ ကောင်းမွန်၊ မှန်ကန်လာအောင် ပြုလုပ်သည်။ "စက် —။ စာ —။" ၄၊ ပြောင်းလဲ သည်။ "စကားကို မ —နှင့်။"

ပြင်[၂]/ပျင်/န–အပြန့်အပြင်။ စည်း–အဆိုအမိန့်၊ အယူအဆ အရေအတွက်ပြ စကားလုံး။ "ဝါဒ နှစ် —။" **–ညီ** /ပျင်ညီ/ န– တစ်ပြေးညီသော မျက်နှာပြင်။ **–ပ**၊န–အတွင်း၏ အခြားတစ်ဖက်။ အပြင်ဘက်။ **–ပြင်**/ပျင်ဗျင်/ ကြိဝိ–ဝိဝိသသ။ **–သာလိဝ်**/ပျင်သာ့လိတ်/န–ပင်လယ်လိပ်ကြီး တစ်မျိုး။

ပြင်တောင်ဦး/ပျင်ဒေါင်အူး/န–ဖလံတောင်ဓေ့ပင်။

ပြင်သစ်ကျောက်၊န–ဓာတုဗေဒနည်းဖြင့် ရျက်လုပ်သည့် ကျောက်မျက်အတု။

ပြင်း၊နဝိ–၁၊အရှိန်အဟုန်ကြီးသော။ "လေ —။" ၂၊(ဂုဏ် သတ္တိ) လွန်ကဲသော၊ ထက်မြက်သော။ "ဆေး —။" **–ပြ**၊ကြိ–(ဆန္ဒ၊ဝေဒနာ) အားကြီးသည်။ **–ဟုပ်**၊န– [ပေါ]အကြမ်းဖက်လုယက်သူ၊ ဓားပြ။

ပြောင်[၁]၊နဝိ–၁၊အရောင်လက်သော။ ၂၊ထူးခြား ထင်ရှား သော။ ကြီးမားသော။ ၃၊အကြွင်းအကျန် မရှိ ဖြစ်သော။ တစ်စုံတစ်ရာ ဘာမျှမရှိ ဖြစ်သော။ **–ချော**/ပျောင်ချော/န–အပြောက်အကွက် အဖု အဆစ် စသည့် အဆင်အမွမ်းအမံ မပါသော အထည် ပစ္စည်း။ **–တလင်းခါ**၊ကြိ–ဘာမျှမကျန်ဘဲ ကုန်ခန်းသည်။ **–ပြောင်** /ပျောင်ဗျောင်/ ကြိဝိ– ပွင့်လင်းစွာ။ မကွယ်မဝှက်ဘဲ။ **–ပြောင်တင်းတင်း** /–တင်းဒင်း/ ကြိဝိ– ၁၊ ပေါ်လွင်ထင်ရှားစွာ။ ၂၊ မငဲ့ကွက် မထောက်ထားဘဲ။ **–ပြောင်ရောင်ရောင်** /–ယောင်ယောင်/ကြိဝိ–တောက်တောက် ပြောင် ပြောင်၊ တင့်တင့်တယ်တယ်၊ စိုစိုပြည်ပြည် ဖြစ် လျက်။ **–မြောက်**၊နဝိ–အရည်အသွေး ထူးခြား ကောင်းမွန်သော။ **–လက်**၊ နဝိ– မျက်နှာပြင်

http://www.lknt11.com ...

ချောမွတ်တောက်ပသော။

ပြောင်[၂]၊ကြိ–သရော်သည်။ **~ချော်ချော်**/ပျောင်ချော်ချော်/ကြိဝိ–နောက်ပြောင်သလို အမူအရာဖြင့် ဣန္ဒြေ မဲ့စွာ။ **~စပ်စပ်**၊ကြိဝိ–စပ်ဖြဲဖြဲဣန္ဒြေမဲ့စွာ။

ပြောင်[၃]၊န–ကျွဲနှင့်တူသည့် တောရိုင်းသတ္တဝါ တစ်မျိုး။ **~ခေါင်းစိမ်း**/ပျောင်ခေါင်းဇိန်း/န–(မိုးကုတ်မြို့ ပြောင်ခေါင်းအရပ်မှ ထွက်သည်ကိုစွဲ၍ ခေါ်သော) စိမ်းဝါရောင် တွင်းထွက်ကျောက်မျက် တစ်မျိုး။ **~စာ** /ပျောင်ဇာ/ န–တံမြက်စည်း လုပ်ရသော ကိုင်းပင် တစ်မျိုး။

ပြောင်း[၁]၊န–၁၊နှံစားပြောင်း နှင့် အတူတူ။ ၂၊အစေ့ ပါသော အဖူးထွက်သည့် သီးနှံပင်တစ်မျိုး။ ဖူးစားပြောင်း။ ၃၊ (ဖန်၊ သံ စသည်) ပြွန်ချောင်း။ ၄၊ မြားထည့်၍ မှုတ်လွှတ်ရသော ဝါးလက်နက်။ **~ဆန်**/ပျောင်းဇန်/န–ဆန်အဖြစ်စားရသော နှံစားပြောင်း၏အစေ့။ **~ဖူး**/ပျောင်းဗူး/န–ပြောင်းပင်၏ စားရသော အဖူး။

ပြောင်း[၂]၊ကြိ–၁၊တစ်နေရာမှ တစ်နေရာသို့ ရွှေ့သည်။ ၂၊အခြေအနေတစ်ခုမှ အခြား အခြေအနေတစ်ခုသို့ ရွှေ့သည်။ ၃၊ရှိရင်းတစ်ခုနှင့် အခြား တစ်ခုကို လှယ်သည်။ **~ပြန်**/ပျောင်းဗျန်/ကြိဝိ–အစီအစဉ်၊ အနေအထား စသည် မူလအတိုင်း၊ ပုံမှန်အတိုင်း မဟုတ်ဘဲ ယင်းနှင့်ဆန့်ကျင်လျက်။

ပြိုင်၊ကြိ–၁၊ဂုဏ်၊ စွမ်းရည် စသည်ချင်း ယှဉ်သည်။ အသာလုသည်။ ၂၊ယှဉ်လျက်တည်သည်။ ကြိဝိ–တစ်ချိန်တည်း၌ အတူ။ **~စံရှား**၊ကြိ–ယှဉ်ပြိုင်နိုင်သည့်သူ ရှားသည်။ **~ဆိုင်**၊ကြိ–ဂုဏ်၊ စွမ်းရည် စသည်ချင်း ယှဉ်ဖက်သည်။ **~တူ**/ပျိုင်ဒူ/ကြိဝိ–တစ်ချိန်တည်း အတူတူ။ **~ဘက်**၊န–ယှဉ်ပြိုင်သူ။ **~မြင်း**၊န–အပြေးပြိုင်ရန် အတွက် အထူးလေ့ကျင့်မွေးမြူသော မျိုးကောင်းမြင်း။

ပြိုင်းပြိုင်း/ပျိုင်းဗျိုင်း/ကြိဝိ–ပေါ်လွင်စွာ ယှဉ်တန်းလျက်။ "နံရိုး–။"

ပြိုင်းရရိုင်း၊ကြိဝိ–အစီအရီယှဉ်လျက်။

ပြစ်၊န–အပြစ်နှင့်အတူတူ။ **~ချက်**၊န–ကျူးလွန်မိသည့် အမှု။ **~ဆာ**၊န–အပြစ်အနာအဆာ။ **~တုတ်**၊န–[ပေါ]အပြစ်ဒေါသ။ အပြစ်အနာအဆာ။ **~ဒဏ်**၊န–ပြစ်မှုအတွက် ခံရသည့်ဒဏ်။ **~မှား**၊ ကြိ–မိဘ ဆရာ ကျေးဇူးရှင်စသူကို မကောင်းကြံစည် ပြောဆိုပြုမူသည်။ **~မှု**၊န–ဥပဒေကို ဆန့်ကျင်ကျူးလွန်မှု၊ ကျူးလွန်သော အပြစ်။

ပြစ်ပြစ်၊ကြိဝိ–[ပေါ]အကုန်အစင်။

ပြည်[၁]/ပျည်/န–၁၊ရှေးခေတ်မင်းနေမြို့တော်။ ၂၊နိုင်ငံ။ တိုင်းပြည်။ **~ကြီးငါး**/ပျီကြီးငါး/န–စုပ်ခွက်များပါသော လက်တံတို ၈ချောင်းနှင့် လက်တံရှည် ၂ချောင်းရှိပြီး ကိုယ်သေးသွယ်၍ အမြီးပြားရှုပ်သော ပင်လယ်သတ္တဝါတစ်မျိုး။ (ကင်းမွန်လည်းရှု) **~ကြီးဒါလီ**/ပျီကြီးဒါလီ/န–ပြည်တန်ဆာ။ **~ကြီးပန်း**/ပျိကြီးပန်း/န–ဇေဒါပန်း။ **~တဲ**၊န–[ပေါ] တိုင်းရေးပြည်မှု။ **~တော်ပြန်**/ပျီဒေါ်ဗျန်/န–[ဂီတ] သုံးဆယ့်ကြက်သံဖြင့် မှုတည်သည့် စောင်းသံစဉ်။ **~တွင်းစစ်**/ပျီဒွင်းဇစ်/န–နိုင်ငံတစ်ခုတွင် အချင်းချင်း ဖြစ်သောစစ်။ **~ထဲရေး**/ပျီဒဲယေး/န–နိုင်ငံ၏ စီမံခန့်ခွဲရေးနှင့် တရားဥပဒေ စိုးမိုးရေးလုပ်ငန်းတာဝန် ကိစ္စရပ်များ။ **~ထောင်စု**/ပျီဒေါင်ဇု/န–ပြည်နယ်နှင့် တိုင်းများကို ပေါင်းစည်း၍ ဗဟို အာဏာပိုင်အဖွဲ့က စီမံခန့်ခွဲ သည့်နိုင်ငံ။ **~ထောင်စုနေ့** /–နေ့/ န– မြန်မာနိုင်ငံ တိုင်းရင်းသားများ စည်းလုံး ညီညွတ်စွာ ပင်လုံစာချုပ်ချုပ်ဆိုခဲ့သည့် ၁၉၄၇ခု၊ ဖေဖော်ဝါရီလ၊ ၁၂ရက်နေ့။ **~နယ်**၊န–တိုင်းရင်းသား လူမျိုးအလိုက် ဖြစ်စေ၊ ပထဝီ နယ်နိမိတ်အလိုက်ဖြစ်စေ ပိုင်းခြားထားသော ဒေသ။ **~နှင်ဒဏ်** /ပျီ(ပျေ)နှင်ဒန်/ န– နိုင်ငံအတွင်းမှ ထွက်ခွာသွားရန် ချမှတ်သည့် ပြစ်ဒဏ်။ **~ပန်းညို** /ပျီဗန်းညို/န–အရွက်ကို ဟင်းချို ချက်ရသော ပင်မျိုးတစ်မျိုး။ **~ဖုံးကား**/ပျီဗုန်းကား/န–ဓာတ်ပွဲ၌ မြို့ရိုးပုံကားကို ဖုံးကွယ်ရန် ရှေ့ဆုံးမှ ချထားသော ကန့်လန့်ကားကြီး။ **~ဖုံးကားချ**/–ချာ/ကြိ–[ဥပစာ] ကိစ္စ တစ်ခုတစ်ရာအတွက် ပြောဆိုပြုမူခြင်းကို အပြီးအပြတ် ရပ်စဲလိုက်သည်။ **~လုံးချမ်းသာ** /ပျီလုန်းချန်းသာ/န–မွှေးကြိုင်သော ပန်းပွင့်သည့် အပင်တစ်မျိုး။ **~လှေပြည်မှူး**၊န–သူခိုး၊ ဓားပြ စသည့် ဘေးရန်အသေးအဖွဲ။ **~သူပိုင်**/ပျီသူ့ပိုင်/နဝိ– ပြည်သူလူထု တစ်ရပ်လုံး ပိုင်ဆိုင်သော။ **~သူလူထု**/ပျီသူ့လူဒု/န–နိုင်ငံတွင်းရှိ လူအပေါင်း။ **~သူ့စစ်** /ပျီသူ့ဇစ်/ န–၁၊ ပြည်သူများ ပါဝင် တိုက်ခိုက်သော စစ်။ ၂၊ပြည်သူ့စစ် ဆင်နွှဲရန် လက်နက် တပ်ဆင်ပေးထားသည့် အဖွဲ့။ **~သူ့နီတိ** /ပျီသူ့နီတိ/န–ပြည်သူများ လိုက်နာဆောင်ရွက်ရန် ကျင့်ဝတ်။ **~သူ့ရဲတပ်ဖွဲ့**/ပျီသူ့ယဲတတ်ဖွဲ့/န–လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို စောင့်ရှောက် ကာကွယ်ရသော အမှုထမ်းအဖွဲ့။ **~သူ့ဝန်ထမ်း** /ပျီသူ့ဝန်ဒန်း/ န–နိုင်ငံ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရသော အမှုထမ်း။

ပြည်[၂]၊န–တစ်တင်း၏ ဆယ့်ခြောက်ပုံတစ်ပုံရှိသော အခြင်အတွယ်။ **~တောင်း**/ပျီဒေါင်း/န–တစ်ပြည် ဆံ့သော ခြင်တွယ်စရာ တောင်းငယ်။ **~ဝင်အိုး**၊န–ဆန်တစ်ပြည် ချက်နိုင်သော အိုး။

http://www.lknt11.com

ပြည် ၃၊ န–အနာတွင် ဖြစ်ပေါ်လာသော အရည်ပျစ်။

ပြည် ၄၊ ကြိ–ကျိုးစယ်သည်။ **~တည်တည်**၊ ကြိဝိ–မရိုးသားသည့် စိတ်ထားဖြင့် အရောဝင်လိုဟန် ပြုလျက်။

ပြည့်/ပြို၊ပျေ့./နဝိ–လိုခြင်း၊ လျော့ခြင်း မရှိဖြစ်သော။ **~နက်**/–နက်/နဝိ–ပြည့်သိပ်သော။ **~ဝ**/–ဝါ/နဝိ–လျော့ခြင်း ပိုခြင်းမရှိ၊ ပြည့်စုံသော။ **~သိပ်**/–သိတ်/နဝိ–များပြား ပြည့်ကျပ်သော။

ပြည့်ကျေး /ပြိဂျွေး/န–[ရှေး]ပြည့်တန်ဆာ၊

ပြည့်စင်/ဖြိစင်/န–ချဉ်ဖြုံ့ဖြုံ့အရသာရှိသော ကုလားပဲခြမ်းခန့် အသီးကလေးများသီးသော ဆေးဖက်ဝင် ပင်ပျပ်တစ်မျိုး။

ပြည့်တန်ဆာ/ပြိဒဇာ/န–အဖိုးအခယူလျက် ကာမလိုအင် ဖြည့်ပေးသော မိန်းမ။ ဖာ။

ပြဋ္ဌာန်း/ပျတ်ထန်း၊ ပျာထန်း/ကြိ–ဥပဒေစသည်ကို သတ်မှတ်ပေးသည်။ [သ၊ပြဋ္ဌာန]

ပြတ်၊ကြိ–၁၊တစ်ဆက်တည်းရှိရာမှ တစ်ပိုင်းစီဖြစ်သွားသည်။ တစ်ဆက်တည်း မဟုတ်ဘဲ အကြားဦး လပ်သည်။ ၂၊အဆက်အသွယ် မရှိဖြစ်သည်။ အဆက်အဆံ ရပ်စဲသည်။ ၃၊ကုန်သွားသည်။ ကုန်ပျောက်သည်။ "ရိက္ခာ ~–။ ဆေးလိပ် ~–။ အများ ~ပြီ။" ၄၊တိကျပြတ်သားသည်။ "စကားပြော ~–။" ၅၊ပြီးစီးသည်။ "လုပ်ငန်းအားလုံး ~ပြီ။" ၆၊အသွားထက်သည်။ "ဤကတ်ကြေး အလွန် ~–။" ၇၊တန်ဖိုးသတ်မှတ်သည်။ **~စဲ**၊ ကြိ–အဆက်အဆံ ရပ်စဲသည်။ ကွာရှင်းသည်။ **~ဆို**၊ ကြိ–တန်ဖိုးဖြတ်သည်။ **~တောက်**၊ကြိ–အပိုင်းအပြတ် ဖြစ်သွားသည်။ **~တောင်းပြတ်တောင်း**၊ ကြိဝိ– တစ်ဆက်တည်း မဟုတ်ဘဲ။ ကြိုးကြား ကြိုးကြား။ **~ပြတ်**၊ ကြိဝိ–တိုတိုတောင်းတောင်း။ **~လပ်**၊ကြိ–ကုန်သွားသည်။ ကုန်ပျောက်သည်။ **~သား**၊ကြိ–၁၊ ပီသထင်ရှားသည်။ "ရုပ်ပုံ ~–။" ၂၊တိကျစွာ လုပ်လေ့ရှိသည်။

ပြိတ္တာ/ပြိတ်တာ၊ပိတ်တာ/န–သရဲ၊ တစ္ဆေ၊ မှင်စာစသော နာနာဘာဝ။ [သ၊ပြေတ]

ပြိတ်မြက်၊န–အရွက်ရှည်၍ အမြစ်ဆေးဖက်ဝင်သည့် မြက်တစ်မျိုး။

ပြုတ် ၁၊ကြိ–၁၊ဆက်တွဲနေရာမှ ကွာလွတ်သည်၊ ကျွတ်ထွက်သည်။ ၂၊တာဝန်မှ ဖြုတ်ပယ်ခြင်း ခံရသည်။ "အလုပ် ~–။" ၃၊ကုန်ဆုံးပျောက်ပျက်သည်။ "ရန်သူကို ~အောင်တိုက်။" **~ပြုတ်ပြန်း**၊ကြိ–အလုံးစုံ ပျက်စီးဆုံးရှုံးသည်။

ပြုတ် ၂၊ကြိ–စားဖွယ်စသည်ကို ရေတွင်ထည့်၍ ကျိုသည်။ **~ကြော်**၊န–ဆီနှင့် ရေ တစ်ပေါင်းတည်း ထည့်၍ ရေခန်းအောင်ချက်သော စားဖွယ်။ **~ဆန်**၊ န–စပါးကို ပေါင်းပြုတ် နေလှန်းပြီးနောက် ကြိတ်ခွဲသည့်ဆန်။

ပြုတ်တူ၊ကြိဝိ–[ပေါ်] မချွတ်မလွဲ၊ ကေန်။

ပြုတ်တူ၊န–ဝက်အူတံကို အလျော့အတင်းလုပ်၍ ပစ္စည်းတစ်ခုတစ်ရာကို မြဲမြံအောင် ထိန်းညှပ်ရသော ကိရိယာ။

ပြုတ်ပြုတ်၊ကြိဝိ–ပြုတ်ပြုတ်ပြုတ်ပြုတ်ဟူသော အသံမြည်လျက်။

ပြန် ၁၊ ကြိ– ၁၊ မူလနေရာသို့ သွားသည်။ "အိမ်သို့ ~–။" ၂၊ပြန်ဆိုသည်။ ၃၊ပြန်ကြားသည်။ စည်း–၁၊ ထပ်ဆင့်ပြုလုပ်ကြောင်း ဖော်ပြသည့်စကားလုံး။ "စား ~ပြီ။" ၂၊ အကြိမ်အဆကို ရေတွက်ရာ၌ သုံးသော စကားလုံး။ "သုံးထက်ဆယ် ~သာ–။" **~ကဗျာ**/ပျန်ဂဗျာ/န–[စာပေ] ရှေ့အပိုဒ်၏ အဆုံးကာရန်ကို အပိုဒ်ခြားပြီး ပြန်စပ်သော ကဗျာ စပ်နည်းတစ်မျိုး။ (သာဓက။ ။ဂန္ဓမာဒူ၊ မြေတလင်း၊ နေမင်းက ပွသနင်။) **~ကြား**၊ ကြိ–၁၊တုံ့ပြန်သိစေသည်။ ၂၊ ထုတ်ဖော်သိစေသည်။ **~ကြော်**/ပျန်ကျော်/န– ကျက်ပြီးအသားနှင့် အသီးအရွက်စိမ်းတို့ကို ကြော်ထားသော စားဖွယ်။ **~စင်ရေ**၊န–ပေါင်းခွေးခံ၍ ရသောရေ။ မိုးရေ။ **~စင်အရက်**၊န–ပေါင်းခွေးခံ၍ ချက်သော အရက်။ အရက်ပြန်။ **~ဆို**၊ကြိ–၁၊ကျက်မှတ်ပြီး တက်ကို နှုတ်တက်ရွတ်သည်။ ၂၊ အဓိပ္ပာယ်ဖော်ထုတ်သည်။ ၃၊ ဘာသာပြန်သည်။ **~တမ်း** /ပျန်ဒန်း/ န–၁၊ဘုရင့်လွှတ်တော် အမိန့်။ ၂၊အစိုးရ၏ တရားဝင် ထုတ်ပြန်ချက်များကို စုပေါင်းထုတ်သော စာစောင်။ ၃၊အစိုးရ၏ ထုတ်ပြန်ချက်အမိန့်။ **~တမ်းဝင်**/–ဝင်/န–ရာထူးခန့်အပ်ကြောင်း ပြန်တမ်းတွင် ဖော်ပြခံရသော အရာရှိ။ **~ဖေးဆွဲ**/ပျန်ဗေးဆွဲ/ကြိ–လိုလားချက်ကို အကျပ်ကိုင်တောင်းဆိုရန် တစ်စုံတစ်ဦးကို အဓမ္မ ဖမ်းဆီးသွားသည်။ **~ပေါင်း** /ပျန်ဘောင်း/န–အုန်းသီးမှုန့်ရောစွဲ၍ နယ်ထားသော ကောက်ညှင်းပေါင်း။ **~ပေါင်းထုပ်**/–ထုတ်/ကြိ–ပြန်လည် သင့်မြတ်သည်။ **~ပြောင်း**/ပျန်ဗျောင်း/ကြိဝိ–(နောက်ကြောင်းကို) ပြန်လည်၍။ "~ပြောပြ–။" **~လည်** /ပျန်လယ်/ ကြိဝိ–၁၊ တုံ့ပြန်၍။ ၂၊ နောက်တစ်ကြိမ် ထပ်မံ၍။ **~လမ်း**၊န–ပြန်လာရန် အခွင့်အလမ်း။ **~လှန်**၊ကြိဝိ–၁၊ထပ်မံ၍။ ၂၊တုံ့ပြန်လျက်။ ဆန့်ကျင်လျက်။

ပြန် ၂၊န–ဆယ်ခရာရှိသော အချိန်အပိုင်းအခြား။ [သ၊ ပြာဏ]

ပြန့်၊နဝိ–၁၊မျက်နှာပြင်စန့်သော။ ၂၊မျက်နှာပြင်ညီညာ

မာတိကာသို့ ▶▶▶

ကျယ်ဝန်းသော။ "မြေ~။" ကြိ-အခန်းကျယ်စွာ ရောက်ရှိသည်။ "သတင်း ~~။" ~ဖြူး/ပျန့်ဖျူး/ နဝိ-မျက်နှာပြင် ညီညာကျယ်ဝန်းသော။ ~ပြော /ပျန့်ပြော/ နဝိ-၁။ကြွယ်ဝသော။ များပြားသော။ စည်ပင်သာယာသော။ ၂။ညီညာကျယ်ဝန်းသော။

ဖြိန်ဖျင်း၊နဝိ-အနှစ်သာရမရှိသော၊ အကျိုးမရှိသော (စကား စသည်)။

ဖြိန်း၊နဝိ-ထူသော။ အ သော။ ~သွမ်း၊နဝိ-အသိဉာဏ် နည်းပါး၍ ဆိုးမိုက်သော။

ဖြိန်းမြက် /ဖိန်းမျက်/ န-ကျူ၊ ကိုင်းမျိုးဝင် မြက်ကြမ်း တစ်မျိုး။

ဖြုန်း၊ကြိ-၁။ပျက်စီးကုန်ပျောက်သည်။ အကျိုးမဲ့ကုန်ဆုံး သည်။ "တော ~~။" ၂။(ဝက်အူရစ်၊ ချွေးသွားစိပ် စသည်) ပွန်းသည်။ ~တီး/ပျုန်းဒီး/ကြိ-လေလွင့် ကုန်ခန်းသည်။ ပျက်စီးကုန်ပျောက်သည်။

ဖြုပ်/ဖျုတ်/န-စုပြုဖြစ်ပေါ်နေသော အဖုအပိမ့်များ။ ~ဆတ်ဆတ်/ဖျုတ်ဆတ်ဆတ်/ကြိဝိ-နူးနပ်ခြင်း မရှိဖြစ်လျက်။ ~ရှုပ်ရှုပ်/ဖျုတ်ယှတ်ယှတ်/ကြိဝိ- အထိအတွေ့ ကြမ်းတမ်းလျက်။ မချောမညက်။

ဖြုဗ္ဗဖလဂုနီ/ပျုတ်ဗာ့ဖလဂုနီ/န-ကြယ်နှစ်လုံးပါဝင်၍ ညောင်စောင်း၏ ရှေ့ခြေသဏ္ဌာန်ရှိသော နက္ခတ်။ (ဥတ္တရ ဖလဂုနီနှင့်တွဲလျက် လေးလုံး၊ ညောင်စောင်း သဏ္ဌာန်ရှိသည်။) [သ၊ပုဗ္ဗဖာလ္ဂုနီ]

ဖြုဗ္ဗဘဒြပိုဒ်/ပျုတ်ဗာ့ဗာ့ဒရမိုက်/န-ကြယ်နှစ်လုံး ပါဝင်၍ ညောင်စောင်း၏ ရှေ့ခြေသဏ္ဌာန်ရှိသော နက္ခတ်။ (ဥတ္တရာဘဒြပိုဒ်နှင့်တွဲလျက် လေးလုံး၊ ညောင်စောင်းသဏ္ဌာန်ရှိသည်။)[သ၊ပုဗ္ဗဘဒြပဒ]

ဖြုဗ္ဗာသာဠ်/ပျုတ်ဗာသန်/န-ကြယ်နှစ်လုံးပါဝင်၍ ဆင်မ၏ ရှေ့ခြေသဏ္ဌာန်ရှိသော နက္ခတ်။ (ဥတ္တရာ သာဠ်နှင့် တွဲလျက် လေးလုံး၊ ဆင်မ ခြေလှမ်းဟန် ရှိသည်။) [သ၊ ပုဗ္ဗါဗါဎ]

ဖြူ၊ ကြိ-အများအပြား စုနေသည်၊ အုံနေသည်။

ဖြူး[၁]၊ ကြိ- အသံမထွက်ဘဲ ရယ်ယောင်ပြုသည်။ ~စနဲ့နဲ့၊ ကြိဝိ-နှုတ်ခမ်းကိုစေ့၍ ပြုံးလျက်။ ~စိစိ /ပျုန်းစိစိ/ ကြိဝိ- အတန်ငယ်ပြုံးလျက်။ ~ဖြဲဖြဲ /ပျုန်းဖျဲဖျဲ၊ ပျုန်းဖျိုးဖျိုး/ကြိဝိ-အပိုးမသေ လှခြေမရ ပြုံးလျက်။

ဖြူး၂၊ကြိ-[ပေါ] ပွားများသည်။

ဖြယ်၊ကြိ-၁။ကုန်ခန်း လွင့်ပျောက်သည်။ ၂။လျော့ပါး ဆုတ်ယုတ်သည်။

ဖြသာဒါး/ပျက်သ့ဒါး/န-လုပ်ငန်းဆောင်တာ မဆောင် ရွက်ကောင်းဟု ယူဆထားသော ရက်။ [သ၊ဗုဒ္ဓ]

ဖြသနာ/ပျက်သနာ/န-ဖြေရှင်းရန် လိုသောကိစ္စ။ အမေးပုစ္ဆာ။ [သ၊ပြဒ္ဓ]

ဖြိသာ/ဖိုတ်သာ့/န-ဆယ့်နှစ်ရာသီတွင် နွားလားရုပ်ဖြင့် မှတ်အပ်သော ဒုတိယရာသီ။ [သ၊ဝၚဗ]

ဖွ၊နဝိ-၁။ဖောင်းကြွသော။ မကျစ်မလျစ်ဖြစ်သော။ မချပ်မရပ်ဖြစ်သော။ ၂။ ရှုပ်ထွေးပြန့်ကျဲသော။ ကြိ- အစွင့်ကောင်းကြဲသည်။ ~တတက်/ ဖွာ့ဓာတက်/ ကြိ-များပြားရှုပ်ထွေးသည်။ ~ရောင်းရောင်း၊ န- ဖွတတဖြစ်သော အနေ။

ဖွား၊ကြိ-၁။အရေအတွက် များလာသည်။ များအောင် လုပ်သည်။ ၂။ပျံ့နှံ့ကူးစက်သည်။ ၃။အဖန်ဖန် အောက်မေ့ ဆင်ခြင်သည်။ အားထုတ်သည်။ "တရားဘာဝနာ ~~။" ~စီး၊ ကြိ-များပြားတိုးတက် သည်။ ~များ၊ကြိ-၁။အရေအတွက် များပြားလာ သည်။ ၂။အဖန်ဖန် အောက်မေ့ဆင်ခြင်သည်။ အားထုတ်သည်။

ဖွေ၊ကြိ-၁။ဟိုဟိုသည်သည် လှည့်လည် ဝင်ရှုပ်သည်။ ၂။ရှုပ်ထွေးသည်။ "အမှု ~~။ သောက ~~။" ~လီ၊ ကြိ-အမျိုးအမျိုးအဖုံဖုံဖြစ်သည်။ ထူးထွေဆန်းပြား သည်။

ဖွေ့၊ကြိ-လက်ဖြင့် သိမ်းကျုံးမရှိ၍ ရင်၌ ကပ်ထား သည်။ ပိုက်သည်။

ဖွေး၊န-၁။ မျက်စိမှေးသော တွင်းအောင်းတွားသွား သတ္တဝါငယ် တစ်မျိုး။ ၂။အကွက်အကွက်ဖြစ်၍ ပြန့်ပွားတတ်သော ယားနာတစ်မျိုး။ ~စုန့် /ဖွေး စုန့်/န-၁။တွင်းလုပ်ရန် ဖွေးသတ္တဝါယက်ထုတ်ထား သော မြေစာ အစုအပုံ။ ၂။အရေပြား စူကြွနီကြန် သော ဖွေးနာတစ်မျိုး။

ဖွေးကိုင်း /ဖွေးဂိုင်း/ န- ဝမ်းနုတ်ဆေး ဖော်စပ်ရာ၌ သုံးလေ့ရှိသော ပရဆေးပင်တစ်မျိုး။

ပွဲ[၁]၊န-၁။ပရိသတ်စုဝေးရာသဘင်။ လူအများစုဝေး ဆင်နွှဲသော ပျော်ရွှင်မှုအခမ်းအနား၊ ဖြေဖျော်မှု အခမ်းအနားစသည်။ ၂။ကန်တော့ပွဲ။ အမျိုးအမည် စုံစုံ ပြင်ဆင်ခင်းကျင်းထားသော အရာ။ ၃။များသော အားဖြင့် ကျွဲနွားစသည်ကို စုဝေးရောင်းဝယ်ရာဌာန။ စည်း-ကန်တော့ပွဲ၊ ဟင်းပွဲစသည်ကို ရေတွက်ရာ၌ သုံးသော စကားလုံး။ ~ကျ၊ ကြိ-ပရိသတ်နှစ်မြို့က် သဘောကျသည်။ ~ကြီးပွဲကောင်း၊/ပွဲဂျီးပွဲဂေါင်း/ န-အကြိတ်အနယ် ပြိုင်ဆိုင်ပွဲ။ ~ခ/ပွဲဂါ့/န- ပွဲစားလုပ်၍ ရသောအခ။ ~စံ၊ကြိ-ပွဲကျင်းပသည်။ ~ခင်း/ပွဲဂင်း/န-ပွဲ ကျင်းပရာနေရာ။ ~ချင်းပြီး /ပွဲဂျင်းဗီး/ ကြိဝိ- အခင်းဖြစ်သော နေရာတွင် တစ်ခါတည်း (သေသည်)။ ~ငြိမ်း၊ကြိဝိ-ပွဲခ ပေးရန်မလို အပြီးအငြိမ်း။ ~စား/ပွဲဇား/န-ရောင်း သူနှင့် ဝယ်သူကြား အရောင်းအဝယ် ဖြစ်အောင် ဆက်သွယ်ပေးသူ။ ~ဆက်များ /ပွဲဇက်များ/

http://www.lknt11.com ...

ကြိ–၁၊ပွဲဆက်တိုက်ကရသည်။ ၂၊အခမ်းအနားပွဲများ ဆက်တိုက် တက်ရောက်ရသည်။ ~တော်/ပွဲဒေါ်/ န–၁၊ရာသီအလိုက်ကျင်းပသည့် ပွဲသဘင်။ ၂၊မင်း မိဖုရားတို့အတွက် တည်ခင်းထားသော အစားအစာ။ ~တော်တည် /–တယ်/ကြိ–(မင်းမိဖုရား) စား သောက်သည်။ ~တိုး၊ကြိ–၁၊ပရိသတ် အလယ်၌ တင့်တယ်သည်၊ ပါဝင်ဆင်နွှဲရသည်။ ၂၊(ယှဉ်ပြိုင်ပွဲ) အတွေ့အကြုံ ရှိသည်။ ~တောင်း၊ ကြိ–ဖြေဖျော်ရန်၊ ဟောပြောရန် ပရိသတ်က တောင်းဆိုသည်။ ~တွေ့ /ပွဲဒွေ့/ န–စမ်းသပ် အောင်မြင်ပြီး အတွေ့အကြုံ။ ~ထိုး၊ ကြိ– နတ်စသည်ကို အုန်း ငှက်ပျောပွဲ စသည်ဖြင့် ပူဇော်ပသသည်။ ~ထုတ်၊ ကြိ–၁၊ လုပအောင် ပြင်ဆင်၍ ပရိသတ် ရှေ့မှောက်သို့ ထုတ်ပြသည်။ ၂၊[ဥပစာ] တစ်ဦး တစ်ယောက်၏ အရည်အချင်းကို လူသိများအောင် လုပ်ဆောင် သည်။ ~ထွက်၊ ကြိ–ပွဲစတင်ကပြသည်။ ~နေ ပွဲထိုင်/ပွဲနေပွဲဒိုင်/န– အလှူ မင်္ဂလာဆောင် စသည့် အခမ်းအနား။ ~ပြီးမီးသေ /ပွဲပီးမီးသေ့/ကြိဝိ– [ဥပစာ] ဆက်လက် လုပ်ဆောင်ခြင်း မရှိတော့ဘဲ ပြီးပြီးပျောက်ပျောက်။ ~ဖွတ်၊ ကြိ–ပစ္စည်း အရောင်းအဝယ်လုပ်ရာတွင် တန်ဖိုးကို သတ်မှတ် ပေးသည်။ /ပွဲဗျတ်/ န–ယင်းသို့ တန်ဖိုးသတ်မှတ် ပေးသူ။ ~ရုံ၊န–ကုန်ပစ္စည်း လက်ကား ရောင်းဝယ် ရာ အဆောက်အအုံ။ ကုန်စည်ဒိုင်။ ~လန့်၊ ကြိ– ပွဲခင်းတွင် အနှောင့်အယှက် တစ်စုံတစ်ရာကြောင့် ပရိသတ်များ ထိတ်လန့်ချောက်ချားသည်။ ~လန့် ဖျာခင်း၊ကြိ–[ဥပစာ] ဗရုတ်ဗရက် အခြေအနေတွင် အခွင့်အရေးကို အချောင်ရယူရန် အားထုတ်သည်။ ~လမ်း၊န–၁၊ပွဲ။ သဘင်။ ၂၊စစ်ပွဲတွင် အနိုင်ရခြင်း။ အောင်ပွဲ။ ~ဦးထွက်/ပွဲအူးဒွက်/န–၁၊ဇာတ်အငြိမ့် စသည်တွင် ရှေးဦးထွက်၍ ကပြဖြေဖျော်ရသူ။ ၂၊[ဥပစာ]အစအဦး။ အစအဦးဖြစ်သော အလုပ်။

ပွဲ၊ကြိ–စဲသည်။ ကုန်ဆုံးသည်။ "နှင်း ~–။"

ပွဲ့လျက်/ပွဲညက်/န–အင်တွဲမှုန့်ကို ရေနံချေးနှင့် နယ် ထားသော ဖာထေးစရာ အစေး။

ပွက်၊ကြိ–၁၊(အရည်၊ ရေ) ဆူပြီး လေပူဖောင်းများ တက်လာသည်။ ၂၊ငါး စသည် လှုပ်ရှားသောကြောင့် ရေမျက်နှာပြင်တွင် လေပူဖောင်းများ ထကြွသည်။ ၃၊[ဥပစာ] မြည်တွန် တောက်တီးသည်။ ~ပွက်ဆူ၊ ကြိ–၁၊ရေ၊ အရည်အလွန်ဆူသည်။ ၂၊မငြိမ်မသက် ဆူဆူညံညံ ဖြစ်သည်။ ~ပွက်ညံ၊ ကြိ–အလွန် ဆူညံသည်။ ~လောရိုက်၊ကြိ–အလွန်ဆူညံလှုပ်ရှား သည်။ ~သေးကြွမ်း၊ကြိ–ဆူညံရှုပ်ထွေးသည်။ ~သေးထ၊ကြိ–ရေ၊ အရည်ဆူစ၊စတွင် ပူဖောင်း ကလေးများ တက်လာသည်။

ပွင့်၊ကြိ–၁၊ပေါ်ထွန်းသည်။ ပေါ်ပေါက်သည်။ "ဘုရား ~တော်မူ–။ ဉာဏ် ~–။" ၂၊(ပန်း) ငုံရာမှ အာသည်။ ၃၊(ဖုံးပိတ်နေရာမှ) ဟလာသည်၊ ဟင်းလင်း ဖြစ်သည်။ ၄၊တိုးလျှိုပေါက်သည်။ "လမ်း ~–။" ၅၊ ကိုယ်တွင်းမှ အနိုးထွက်သည်။ "အနိုး ~–။" ၆၊ လက်သည်း ခြေသည်းတို့တွင် အဖြူအစက်ပွင့် ပေါ်သည်။ ~ချပ်/ပွင့်ဂျတ်/ န– ပန်းပွင့် အဖတ် အလွှာ။ ပွင့်ဖတ်။ ~ဆံ /ပွင့်ဇန်/န–ပန်း ဝတ်ဆံ။ ~တံ/ပွင့်ဒန်/န–ပန်းပွင့်ညှာတံ။ ~ဖတ် /ပွင့်ဗတ်/ န–အဖူးဖုံး။ ပန်းပွင့် အညှာအရင်းရှိ အလွှာ။ ~လင်း၊ နဝိ–၁၊ မလျှို့ဝှက် မမျိုသိပ်ဘဲ ပြောင်ပြောင် ပြောဆို ပြုမူလေ့ရှိသော။ ၂၊ အပိတ် အကွယ် အကာအဆီး မရှိသော။ ~လန်း၊ နဝိ–လန်းဆန်း စိုပြည်သော။ ~ဝတ်၊ န–ပန်း ဝတ်ဆံ ဝတ်မှုန်။

ပွိုင့်၊န–၁၊(ပုံနှိပ်) ခဲစာလုံးအရွယ်အစား။ ၂၊လက်မ၏ ၁သမ အစိတ်အပိုင်းဖြင့် ဖော်ပြသော သေနတ် ပြောင်း အကျယ်။ "~၂၂။ ~၃၈။" ၃၊အချက်အချာ နေရာ။ [လိပ်၊ point]

ပွတ်၊ကြိ–၁၊အရာဝတ္ထုနှစ်ခုကို ထိကပ်၍ ဖိတိုက်သည်။ ထိကပ်၍ ရွေ့လျားသည်။ ၂၊ပျံ့နှံ့အောင် လိမ်းသည်။ ၃၊ချောမွတ်အောင် တိုက်စားသည်။ ၄၊သစ်သား၊ ဆင်စွယ် စသည်ကို လည်စေလျက် လိုရာပုံ ပေါ် အောင် ဆောက်သွားဖြင့် ညှိဖော်သည်။ ~ကာ သီကာ /ပွတ်ခါသီခါ/ကြိဝိ–ထိလုနီးပါး။ ~ကျေ၊ န–မီးထွက်အောင် ပွတ်ခုံတွင် ပွတ်တိုက်ရသော သစ်သားချောင်း။ ~ခုံ၊ကြိ–သစ်သား၊ ဆင်စွယ် စသည်ကို ပွတ်ခုံတွင် လည်စေလျက် ဆောက်သွား ဖြင့် ပုံဖော်သည်။ ~ခုံ၊န–၁၊ ပွတ်ခုံရာ ခုံ။ ၂၊မီး ဖြစ်အောင် ပွတ်တိုက်ရာ အောက်ခံခုံ။ ~စေတီ /ပွတ်ဇေဒီ/န–သစ်သားကို ပွတ်ခုံ၍ ပြုလုပ်ထား သော စေတီ။ ~တိုင်၊န–အဖုအဆစ် အလုံးအရစ်ပုံ ဖော်ထားသော တိုင်။ ~လုံး၊န–အဖုအဆစ် အလုံး အရစ်ပုံ ဖော်ထားသောအတံ။ ~သဘင်/ပွတ်သဘင်/ န–[ခေတ်ကုန်] ယောကျ်ားနှင့် မိန်းမ ရင်ချင်းအပ်၍ ကသော အနောက်တိုင်းအက။ ~သီးပွတ်သပ်၊ ကြိဝိ–အရောတဝင် ပွတ်သပ်၍။

ပွန်၊ကြိ–အလုပ်ကျေကုံပြီးစီးသည်။ ပြီးပြည့်စုံသည်။

ပွန်း၊ကြိ–၁၊ပွတ်တိုက်မှုကြောင့် အပေါ်ယံတွင် အရာ ထင်သည်။ ၂၊တစ်စတစ်စ ကုန်ကျယိုကိုက်သည်။ "စရိတ် ~–။ ပိုက်ဆံ အ ~မခံနိုင်ပါ။" ~တီး၊ကြိ– ၁၊တတ်မြောက်ကျွမ်းကျင်သည်။ ၂၊ကျွမ်းဝင်ရင်းနှီး သည်။

ပြွတ်[၁]၊ ကြိ– စုပြုသည်။ ပြည့်ကျပ်သည်။ ~သိုက်

မာတိကာသို့ ▸▸▸

http://www.lknt11.com ...

/ဖွတ်သိုက်/ ကြိဝိ- ပြွတ်သိပ်ရှုပ်ထွေးလျက်။ ~သိပ်၊ ကြိ- များပြား ပြည့်ကျပ်သည်။ ~အိုး /ဖျွတ်အိုး:/ န-၁၊ လှည်းလမ်းခရီးတွင် ဆောင်ယူသော သောက်ရေအိုး။ ၂၊ကြိုးစဉ်ငယ်လိုက် ထပ်ထားသော အိုးအစုံ။

ပြွတ်[၂]/ဖျွတ်/န-ရေအရည်ကို ပန်းထုတ်ရန် ဖိတံနှင့် လုပ်ထားသော ပြွန်ရှည်။ ပြွတ်တံ။

ပြွတ်[၃]/ဖျွတ်၊ဖွတ်/န-ဖွတ်ဖင်နီ၊ ဖွတ်ကလုံ စသည့် ငှက်မျိုး။

ပြွန်၊န-တိုးလျှိုပေါက် အခေါင်းရှိသော ပိုက်လုံးရှည်။ ~ထွက်၊ကြိ-ပြူထွက်သည်။

ပြွမ်း/ပျွန်း၊ ပျွမ်း/ကြိ-ရောနှောသည်။

ဖ

ဖ[၁]၊န-ဗျည်းသုံးဆယ့်သုံးလုံးတွင် နှစ်ဆယ့်နှစ်လုံးမြောက် ဗျည်း။ (ဖဦးထုပ်ဟုခေါ်သည်။)

ဖ[၂]၊ကြိ-[ရှေး] လဲလှယ်သည်။ ပည်း-အဖို၊ အထီးဖြစ်ကြောင်း ပြသောစကားလုံး။ ~ရည်၊န-[ပေါ] သေရည်။ ~လှယ်၊ကြိ-အပြန်အလှန် လဲလှယ်သည်။

ဖ[၃]၊န-အဖနှင့်အတူတူ။ "~တဆိုး။ မိရိုး~လာ။" ~ခင် /ဖာ့ဂင်/န-၁၊မိဘနှစ်ပါးတွင် အဖဖြစ်သူ။ ၂၊[ဥပစာ]ထူးခြား ပြောင်မြောက်စွာ စွမ်းဆောင်နိုင်သော အားကိုးအားထားပြုရသူကို ဂုဏ်ပြုခေါ်သော စကား။ "လွတ်လပ်ရေး ~ ဗိုလ်ချုပ်အောင်ဆန်း။" ~တဆိုး/ဖာ့တဆိုး/န-ဖခင်သေဆုံးသွားသော သားသမီးငယ်။ ~အေ၊န-ဖခင်။

ဖစောင်/ဖဆောင်/န-ခြေဖဝါးဘေးပိုင်း။

ဖထိုင်/ဖဒိုင်/န-၁၊ခြေလေးချောင်းတပ် နေရာတော်တစ်မျိုး။ ၂၊ထိုင်စရာဖုံ။

ဖနောင့်၊ ~ဖကျည်း/ ဖနောင့်ဖဂျီး/ န-ဖဝါးပြင်၏ နောက်ဘက်အစွန်း။

ဖမိုး၊န-ဖဝါးနှင့် ဆန့်ကျင်ဘက် မုံးနေသော အပိုင်း။

ဖမျက်၊န-ဖနောင့်အထက် ခြေမျက်စိနှစ်ခု ဝန်းကျင်နေရာ။

ဖယောင်း၊န-ပျားလပို့ သို့မဟုတ် ရေနံမှ ထုတ်လုပ်သည့် မှုလျှင်ပျော့လွယ် ပျော်လွယ်သော ပစ္စည်း။ ~ချက် /ဖယောင်းဂျက်/န-အနာကိုအုံသော ဆေးတစ်မျိုး။ ~စက္ကူ၊န-ဖယောင်းရည် သုတ်ထားသော မိတ္တူကူးစက္ကူ။ ~တိုင်/ဖယောင်းဒိုင်/န-အူတိုင်အဖြစ်မီးစာချည် ထည့်သွင်းထားသော ဖယောင်းချောင်း။ ~ပုဆိုး/ဖယောင်းပဆိုး/န-၁၊ရေလုံစေရန်ဖယောင်းစသည် သုတ်ထားသည့် အဝတ်။ ၂၊ပစ္စူ အောက်ခံပေါ်တွင် မျက်နှာပြင် ချောပြောင်အောင်

ပြုလုပ်ထားသော ကြမ်းခင်းတစ်မျိုး။ ~ပန်း /ဖယောင်းဗန်း:/န-ဖယောင်းသားကဲ့သို့ မွှင့်ချပ်ရှိသော အဝါရောင်သစ်ခွ။ ~ဝါ၊န-နီးဖြာရသော အသားညက်ညောသည့် ဝါးတစ်မျိုး။

ဖရဏာပီတိ/ဖရနာပီတိ/န-တစ်ကိုယ်လုံးပျံ့၍ ဖြစ်ပေါ်သော နှစ်သက်ဝမ်းမြောက်ခြင်း။ [ပါ၊ဖရဏ+ပီတိ]

ဖရုသဝါစာ/ဖရုတ်သာ့ဝါစာ/န-ရုန့်ရင်းကြမ်းတမ်းသော စကား။ [ပါ၊ဖရုသဝါစာ]

ဖရဲ၊န-မျိုး၍ အရည်ရွှမ်းသော အသီးလုံးကြီးများ သီးသော နွယ်ပင်တစ်မျိုး။ ~အူ၊န-ပန်းရင့်ရောင် ကျောက်မျက်တစ်မျိုး။

ဖရိုဖရဲ၊ကြိဝိ-အစီအစဉ်မကျ ပြန့်ကျဲလျက်။ မသေမသပ်။

ဖရင်း၊န-[ပေါ]သံထွန်သွား။

ဖရင်းချား/ဖရင်းဂျား/န-ယိုးဒယားဓားသွားတစ်မျိုးကို နွယ်၍ တီးကွက်ဖန်တီးဖွဲ့စပ်ထားသော သီချင်းကြီးတစ်မျိုး။ [ထိုင်း၊ fleng chah]

ဖရန့်/ဖရန့်/န-ပြင်သစ်နိုင်ငံသုံးငွေ။ [ပြင်သစ်၊ franc]

ဖရုံ၊န-၁၊ဟင်းချက်စားရသော အသီးလုံးကြီးများ သီးသည့် နွယ်ပင်တစ်မျိုး။ (ကျောက်ဖရုံ၊ ရွှေဖရုံ၊ ဖရုံခါး စသည် ရှိသည်။) ၂၊ရွှေဖရုံ။ ~ခါး/ဖယုန်ဂါး/န-အရသာခါးသည့် ဆေးဖက်ဝင် ကျောက်ဖရုံတစ်မျိုး။ ~စိတ်/ဖယုန်စိတ်/န-၁၊ရွှေထည်တွင် ကျောက်မျက်ကို ကုပ်တွယ်ရန် လုပ်ထားသော ဖွန်ကုပ်တစ်မျိုး။ ၂၊မျက်နှာသုံးဖက်ဖြစ်အောင် ခွဲစိတ်ထားသော ထင်းခြမ်း။ ~ဆွဲ/ဖယုန်ဆွဲ/န-တင်ပါးအောက်ပိုင်း အသားစိုင်။

ဖလား၊န-၁၊ဒန်ကြေး စသည်ဖြင့် လုပ်သော ခွက်ဝိုင်းတစ်မျိုး။ ၂၊ဓောင်းကောက်၏ ပုံပိုင်း။

ဖလံ[၁]၊န-ပိုးဖလံနှင့်အတူတူ။ ~ဖြူ/ဖလန်ဖျူ/န-စပါး၊ ဂျုံ စသည်တို့၌ ကျရောက်တတ်သည့် အဖြူရောင် အကွက်များပေါ်သော ရောဂါတစ်မျိုး။

ဖလံ[၂]၊န-၁၊ပြား၍ရှည်သော အသီးတောင့်သီးသည့် ဆေးဖက်ဝင် နွယ်ပင်တစ်မျိုး။ ၂၊အဝါရောင်သန်းသော အဖြူမွှင့် အနိုင်လိုက်ပွင့်၍ ပင်စည်ကောက်ကွေ့ပြီး အကိုင်းအခက် မြေသို့ညွှတ်တတ်သော သစ်ပင်ငယ်တစ်မျိုး။

ဖလံတောင်မွေး/ဖလန်တောင်မွေး/န-အဆစ်ပါသည့် ပင်စည်ရိုးတံများမှ အရွက်ထွက်သော၊ အဖြူရောင် အမွှင့်ပွင့်၍ ပင်ပေါက်ကို ဟင်းချက်စားရသော အပင်။ ပြင်တောင်ဦး။

ဖလင်၊န-ဓာတ်ပုံရိုက်ကူးရာ၌ ရုပ်ပုံစွဲထင်စေရန် ဓာတုဗေဒနည်းဖြင့် စီမံထားသော ကော်ပြားလွှာ။ [လိပ်၊ film]

မာတိကာသို့ ▶▶▶

ဖလန်နယ်၊န–အနွေးထည်ချုပ်ဝတ်လေ့ရှိသော မျက်နှာပြင် အမွေးပွသည့် အထည်စ တစ်မျိုး။ [လိပ်၊ **flannel**]

ဖဝါး၊န–ခြေဖမိုး၏ အောက်ဘက် အပြင်။ လက်ဝါး၏ အတွင်းဘက် အပြင်။ **~ခြေထပ်/ဖဝါးချေဒတ်/** ကြိဝိ– နောက်ပါးမှ အတူမကွာ။

ဖအောင်း၊န–အခေါက်ကို ဆိုးရည်ပြုလုပ်ရပြီး အသီးကို စားသုံးရသည့် သဖန်းမျိုးဝင် ပင်စောက်တစ်မျိုး။

ဖာ[၁]၊ကြိ–၁၊မစေ့မစပ် ပွင့်လပ်သည်ကို ပိတ်ဆီးသည်။ အပေါက်ကို ပိတ်သည်။ ထေးသည်။ ၂၊ပြောဆိုမိသော စကားကို ပြေပြေလည်လည် ဖြစ်စေရန် ထပ်မံ ဖုံးဖိပြောဆိုသည်။ ၃၊ကုန်ကျသည်ကို ကာမိအောင် ဖြည့်တင်းသည်။

ဖာ[၂]၊န–၁၊ထန်းကြောစသည်ဖြင့် ရက်လုပ်ထားသည့် အဖုံးပါသော ထည့်စရာ။ ၂၊[ရိုင်း] ပြည့်တန်ဆာ။

ဖာလာ၊န–အစေ့ကို ဟင်းခတ်အမွှေးအကြိုင်အဖြစ် သုံးသော အပင်တစ်မျိုး။ [သ၊ဖာလာ] **~ဖိတ်**၊န–အသီးစေ့ပြားချပ်သော ဖာလာပင်တစ်မျိုး။ [သ၊ ဖာလာ+မြန်၊နားပိတ်?]

ဖာလူဒါ၊န–ကျောက်ကျော၊ သာဂူစေ့၊ သကြားရည်၊ နို့ စသည်ရောစပ်ထားသော ဖျော်ရည်။ [ဟိန္ဒီ၊ ဖာလူဒါ]

ဖာလုံ၊န–တစ်မိုင်၏ ရှစ်ပုံတစ်ပုံ အကွာအဝေး။ [လိပ်၊ **furlong**]

ဖား[၁]၊ န–၁၊ ခုန်၍ခုန်၍ သွားတတ်သော ရေထဲနှင့် ရေစပ်တွင် နေလေ့ရှိသော သတ္တဝါငယ်တစ်မျိုး။ ၂၊သစ်သားချင်း ဆက်စပ်ရာတွင် မျက်နှာပြင် ညီအောင် အောက်ကခုရသော သစ်သားတို့။ **~ကူး** /ဖားဂူး/န–ဖားရေကူးသကဲ့သို့ ခပ်ကွေးကွေး အနေအထားမှ လက်ခြေကို အစုံလိုက် တစ်ပြိုင်တည်း ဆန့်ထုတ်တွန်းယက်၍ကူးသော ရေကူးနည်းတစ်မျိုး။ **~ခုန်ဖားဆင်း**/ဖဂုန်ဖင်း/ကြိဝိ–[ပေါ] မညီမညွတ်။ **~ခုံညင်း**/ဖဂုန်ညင်း/န–ကိုယ်ထည်ပိုင်း၍ ဗိုက်ဖောင်းသော ဖားတစ်မျိုး။ **~စီးငါးစီး** /ဖားစီးငါးစီး/ကြိဝိ–အငမ်းမရ။ လိုက်လံ့တက်ကြွစွာ။ **~စည်**/ဖားဇိ/န–ကယား၊ ကရင်၊ မွန်တို့သုံးသော ကြေးသွန်း တစ်ဖက်ပိတ်စည်။ **~တလက်** /ဖဒလက်/န–အသံပြတ်တောင်းစွာ အော်တတ်သော ဖားကလေးတစ်မျိုး။ **~တစ်ပိုင်းငါးတစ်ပိုင်း** /ဖားဒပိုင်းငါးဒပိုင်း/န–၁၊ဖားလောင်း။ ၂၊[ဥပစာ] ဟိုမရောက် သည်မရောက်အခြေအနေ။ **~ဖေါင်** /ဖဖောင်/န–အရိုးအဆစ် နီကြန်ကြန်ရှိသော ခြေကပ် နွယ်ပင်တစ်မျိုး။ **~ပေါင်စင်း** /–ဇင်း/ န–ပေါင်တံသွယ်သော ဖားတစ်မျိုး။ **~ပျံ**/ဖပျန်/ န–ပေါ်ပါးစွာ ခုန်ပျံ၍သွားတတ်သော ဖားတစ်မျိုး။ **~ပြုပ်**/ဖဗျုတ်/န–ကျောတွင် ပြုပ်ထသော အရောင်မွဲခြောက်သည့် ဖားတစ်မျိုး။ **~ပြုပ်ဆုတ်ဆိုင်းပင်** /–ဆုတ်ဆိုင်းဗင်/န–အင်္ဂရက်လုပ်ငန်းတွင် ပြဒါးကို သတ်ရာ၌ သုံးသော အပွာတက်လွန်ကဲသည့် ဆေးပင်တစ်မျိုး။ **~ဖို**/ဖားဗို/န–ဗိန်ချည်ဖောင်းချည် ပြုလုပ်၍ မီးသွေးဖိုကို လေမှုတ်ပေးသော သားရေလေအိတ်။ ယင်းကို အသုံးပြုသော မီးဖို။ **~လက်တက်**/ဖလဒက်/န–ဖားတလက်ရှ။ **~လောင်း** /ဖလောင်း/န–ခေါင်းကြီး၍ အမြီးသွယ်ပြီး ရေ၌နေသော ဖားဖြစ်လာမည့် သတ္တဝါ။ **~ဥစ္စဲ**၊ ကြိဝိ–စိုထိုင်းမှုကြောင့်အဝတ်အထည်တွင် အမည်းစက်များ ဖြစ်ပေါ်သည်။

ဖား[၂]၊ကြိ–[ဖန်း] ဖော်လံဖားသည်။

ဖား[၃]၊ကြိ–[အပြော] အလွန်ပင်ပန်း မောဟိုက်သည်။

ဖား[၄]၊နဝိ–ရှည်လျားတွဲကျသော။ **~ဖား**/ဖားဗား/နဝိ–၁၊ပြန့်ကားကြီးမားသော။ "အရွက် ~။" ၂၊ပွရှ ရှည်လျားသော။ "မုတ်ဆိတ် ~။" ၃၊(အပျို၊ လူပျို၏ အရွယ် အရပ်အမောင်း) အပြည့်အဝ ရှိသော။ "အပျိုကြီး ~။" **~လျား** /ဖားယား/ ကြိဝိ– ဆံပင် စသည် တွဲလျားကျလျက်။

ဖိ၊ကြိ–၁၊တစ်စုံတစ်ခုကို မရွေ့၊ မကြွအောင် အပေါ်တွင် အခြားတစ်ခုကို တင်သည်။ ၂၊အပေါ်မှ အားနှင့် နှိပ်ချသည်။ ကြိဝိ–အလွန် (ပြုလုပ်သည်)။ "အလုပ်ကို ~လုပ်–။" **~စီး**/ဖိဇီး/ကြိ–၁၊လွှမ်းမိုးသည်။ နှိပ်စက်သည်။ ၂၊အားစိုက် ကြိုးစားသည်။ **~နှိပ်**၊ကြိ–၁၊အားနှင့်ဖိသည်။ ၂၊လွှတ်လပ်မှု ကင်းအောင် ချုပ်ကိုင်သည်။ ၃၊နှိမ့်ချပုတ်ခတ်သည်။ **~ဖိစီးစီး**/ဖိဖိဇီးဇီး/ကြိဝိ–အားသွန်ခွန်စိုက်။

ဖိနပ်/ဖနတ်/န–၁၊ခြေတွင် စွပ်လျှိုစီးရသော အရာ။ ၂၊စေတီအောက်ခံအခြေ။ **~ချွတ်**/–ချွတ်/န–အိမ်အတက် လှေကားထိပ်ရှိ ကြမ်းပြင်။ ခွေးကတက်။

ဖိဆန် /ဖိဇန် / ကြိ–မလိုက်နာဘဲ ငြင်းပယ်သည်။ ဆန့်ကျင်သည်။

ဖိနိုင်၊န–ပိုးမွှားနှင့် အနံ့ဆိုးကို နှိမ်နင်းကာကွယ်သော ဆေးရည်။ [လိပ်၊**phenyl**]

ဖီလာ၊ကြိဝိ–၁၊ကန့်လန့်ဖြစ်လျက်။ ၂၊ဆန့်ကျင်ဖီဆန်လျက်။ **~ပြု**၊ကြိ–ဆန့်ကျင်သည်။ အတိုက်အခံပြုသည်။

ဖီး၊နဝိ–ဝဖြိုးသော။ စည်း–ငှက်ပျောအဖီးကို ရေတွက်ရာတွင် သုံးသောစကားလုံး။ **~ကြမ်း**/ဖီးဂျန်း/ န–အသီးခွံထူ၍ အမြှောင့်ထင်ရှားသော ငှက်ပျောသီးတစ်မျိုး။

ဖု၊နဝိ–မို့မောက်စုထွက်သော။

ဖုသျှ/ဖုတ်ယှာ/န-ကြယ်ဆယ်လုံးပါဝင်၍ ဂုက်ချေးခံ သဏ္ဌာန်ရှိသော နက္ခတ်။ [သ၊ ပုဗ္ဗ]

ဖူစည်း-သုံးပုံပဲကစားရာတွင် တစ်အိမ်က ထေ၍ရသော ဖဲသုံးချပ်စုကို ရေတွက်သော စကား။ **~မောက်**ကြိ-သုံးပုံဖဲကစားရာတွင် ဖူလုံသည်ထက်ပို၍ အဖူ ရရှိသည်။ **~လုံ**၊ ကြိ- ၁၊ သုံးပုံဖဲ ကစားရာတွင် လေးဖူရရှိသည်။ ယင်းသို့ရရှိ၍ မရှုံးဖို့ သေချာ သွားသည်။ ၂၊ [ဥပစာ]လောက်ငပြည့်စုံသည်။

ဖူး[၁]ကြိ-၁၊မြတ်နိုးသော ပုဂ္ဂိုလ်ကို တွေ့မြင်သည်။ ၂၊ရိုသေလေးစား ဂါရဝပြုသည်။ စည်း-ကြုံတွေ့ သိမြင်ဖြစ်ပျက်ခဲ့ပြီးကြောင်း ထင်ရှားစေသည့် စကား လုံး။ **~စာ**/ဖူးဇာ/န-နဖူးစာနှင့်အတူတူ။ **~မြော်**၊ ကြိ-ဘုရား၊ ပုထိုး၊ ရဟန်းစသည်တို့အား ရိုသေစွာ ပူဇော်ဝတ်ပြုသည်။

ဖူး[၂]နဝိ-ဖောင်းမို့ရောင်ရမ်းသော။ ကြိ-ပန်းဖြစ်လာ မည့် အဖူးလုံးပေါ်ထွက်သည်။ န-စက္ကူပဲတွင် အနက်ရောင် အဖူးပုံ မဲပွင့်။ **~နီ**၊န-စက္ကူပဲတွင် အနီရောင် အသည်းပုံဖဲပွင့်။ ဗိမ့်။

ဖူးဖူးမှုတ်/ဖူးဗူးမှုတ်/ကြိဝိ-[ဥပစာ]ရှစ်ခင်စွာ အရေး ပေးသည်။

ဖေဘော့မောင်တော့၊န-ချစ်ရေး ကြိုက်ရေး၊ ကာမဂုဏ် အရေးကို အသားပေး ရေးဖွဲ့မှု။

ဖေဖော်ဝါရီ၊န-အင်္ဂလိပ် ဆယ့်နှစ်လတွင် ဒုတိယလ။ [လိပ်၊ **February**]

ဖေး[၁]ကြိ-၁၊ကူညီသည်။ ၂၊ထိန်းပင့်ထားသည်။ **~မ**၊ ကြိ-၁၊ကူညီရိုင်းပင်းသည်။ ၂၊အသာအယာ ထိန်းပေး သည်။

ဖေး[၂]ကြိ-ပင်ပန်းဆင်းရဲသည်။ **~ဖေး**/ဖေးဗေး/ကြိဝိ- ပင်ပင်ပန်းပန်းအားထုတ်လျက်။ "~ထက်-။"

ဖဲ[၁]န-လောင်းကစားရာ၌ အသုံးပြုသော အပွင့်၊ အပြောက် စသည်ပါသော စက္ကူ သစ်သားစသည် ချပ်ပြား။ ယင်းအရာများဖြင့် ကစားသော လောင်းကစားနည်းအမျိုးမျိုး။ [တရုတ်၊ **pai**] **~တက်**၊ကြိ-ဖဲကစားရာ၌ လိုချင်သောဖဲအရများ သည်။ **~ရိုက်**၊ကြိ-ဖဲကစားသည်။ ဖဲချသည်။ **~သေ**၊ကြိ-ဖဲကစားရာ၌ လိုချင်သောဖဲမတက်ဘဲ ရှုံးဖဲ အရများသည်။

ဖဲ[၂]န-ချောမွတ်ပြောင်လက်သည့် အထည်တစ်မျိုး။ [?] **~ကြိုး**/ဖဲဂျိုး/န-ဖဲသားကဲ့သို့ ချောမွတ် တောက်ပြောင်သော ချည်မျှင်နှင့် အရှည်ရက်လုပ် ထားသော ကျပ်ကြိုးပြား။

ဖဲ[၃]ကြိ-ရှောင်ရှား ထွက်ခွာသည်။

ဖဲ့၊ကြိ-ပဲ့အောင်လုပ်သည်။ ကြိဝိ-တစ်စိတ် တစ်ပိုင်း ခွဲလျက်။ "~ဆပ်-။"

ဖော၊နဝိ-ရောဂါတစ်ခုခုကြောင့် အသားအရေ ဖောင်း သော။ **~ခြင်းသောခြင်း**/ဖောဂျင်းသောဂျင်း/ကြိဝိ- အလွန်ပေါ်များစွာ။ ဖောဖောသီသီ။ **~သွပ်** /ဖောသွတ်/နဝိ-အသားအရေ ဖောင်းပွသော။

ဖော့၊ကြိ-၁၊ရေ၌ကိုယ်ကို ပေါ်အောင်ပြုသည်။ ၂၊ သက်သာပေါ့ပါးစေသည်။ လျှော့ပေါ့သည်။ ကြိဝိ- ဖိအားကို လျှော့လျက်။ "~နင်း-။" န-၁၊ ရေစပ်တွင်ပေါက်သော အရွက်ရှည်တံရှိ မြက်ပင်တစ်မျိုး။ ၂၊ဝက်သစ်ချပင်တစ်မျိုး၏ အခေါက်ဖြင့် ပြုလုပ် ထားသော အများအားဖြင့် ဆို့စရာအဖြစ်သုံးသော ပစ္စည်း။ **~ရိုက်**/ဖော့ရိုက်/န-အခွံပျော့သော ပုစွန် အလတ်စား တစ်မျိုး။ **~ဖြူလိပ်**/ဖော့ဖျူလိတ်/ န-အရောင်ဖြူသော ကွမ်းသီးဖက်၊ ပြောင်းဖူးဖက် ဆေးလိပ်။ **~လုံး**၊န-ပဝါဖြူကိုလိပ်၍ ပတ်ထား သော ခေါင်းပေါင်းတစ်မျိုး။ (အစတစ်စထောင်သော ဘုရင်သုံးနှင့် နှစ်စထောင်သော မှူးမတ်သုံးဟူ၍ ရှိသည်။)

ဖော်၊ကြိ-၁၊ဖုံးကွယ်နေသောအရာ၊ နစ်မြုပ်နေသော အရာကိုပေါ်အောင် လုပ်သည်။ ၂၊ထင်ရှားပေါ်လွင် အောင် ပြုသည်။ "ဂုဏ် ~-။" ၃၊(ဆေးဖြစ်အောင်) လိုသော ပရဆေးများကို ရောပေါင်းစပ်သည်။ **~ကောင်** /ဖော်ဂေါင်/န-၁၊မှုခင်းတွင် ကိုယ်တိုင်ပါဝင်ခဲ့ပြီး သိသမျှကို မထိမ်မချန် ထုတ်ဖော် အစစ်ခံသူ။ ၂၊သဘောတူလျှို့ဝှက်စွာ ကြံစည်လုပ်ဆောင်ပြီးမှ သူတစ်ပါးအား ထုတ်ပြောသူ။ **~ကျူး**၊ ကြိ- ထုတ်ဖော်ချီးကျူးသည်။ **~ဆောင်**၊ ကြိ-အနက် အဓိပ္ပာယ် သဘောကို ထွန်းပြသည်။ **~နည်းကား**၊ န-လက်တွေ့မဟုတ်ဘဲ စာအုပ်စာတမ်း စသည်မှ ရသည့် နည်းလမ်း။ **~ပြ**၊ကြိ-ထင်ရှားသိမြင်အောင် ပြသည်။ **~ရွေ**၊ကြိ-လိုက်လံ့ ပျူငှာသည်။

ဖော်လံဖား၊ကြိ-[ဗန်း]အကျိုးကို မျှော်ကိုး၍ သူတစ်ပါး ကို မျက်နှာလို မျက်နှာရလုပ်သည်။ [တရုတ်၊ **paw lang pa**]

ဖို[၁]စည်း-၁၊ အဓိုသတ္တဝါ ဖြစ်ကြောင်းကို ပြသော စကားလုံး။ "ဒရယ် ~။" ၂၊ဆန့်ကျင်ဘက်နှစ်ခု တစ်စုံ ရှိရာ၌ တစ်ဖက်ကို ရည်ညွှန်းသော စကားလုံး။ "ဓာတ်~ဓာတ်မ။"

ဖို[၂]န-၁၊ မီးဖို။ ၂၊ မီးအား၊ အပူအားသုံး အလုပ်ရုံ။ "ပန်းထိမ်~။ ပန်းပဲ~။" ကြိ-၁၊မီးပုံပြုသည်။ ၂၊ရင်ထဲတွင် ရုတ်တရက် လှုပ်ရှားသည်။ **~ချောင်** /ဖိုချောင်/န-နှစ်လုံးပူးဝါးပိုးပြွန်၌ ထိုးတံနှစ်ချောင်း ဖြင့် တစ်လှည့်စီထိုး၍ လေအားပေးသောဖို။ **~နံ လောက်** /ဖိုနံ့ဘောက်/န-မီးဖိုတွင် အိုးတင်စရာ အဖြစ် အခြေသုံးခုဆိုင် လုပ်ထားသော အောက်ခံ

http://www.lknt11.com ...

ပစ္စည်း။ **~နံ့လောက်ဆိုင်**/~ဆိုင်/ကြိဝိ–သုံးပွင့်ဆိုင်အနေ အထားဖြစ်လျက်။ **~ထိုး**၊ကြိ–၁၊ဖားဖိုကို သုံး၍ ဖြစ်စေ၊ ဖိုကျင်ဖြင့်ဖြစ်စေ မီးကို တောက်လောင်အောင် ပြုသည်။ ၂၊အင်္ဂရုတ် ထိုးသည်။ **~လင်ကဲ**၊ ကြိ–[ပေါ] ပြည့်လျှံသည်။ **~သီဖတ်သီ** /ဖိုသိဖတ်သီ/ ကြိဝိ–မသပ်မရပ်။

ဖိုမင်၊န–အလုပ်သမားများကို ကြီးကြပ်ရသူ။ [လိပ်၊ **foreman**]

ဖို့၊ကြိ–၁၊ကျင်း၊ ချိုင့်သည်ကို ပြည့်အောင်လုပ်သည်။ ၂၊မို့မောက်အောင်ပြုသည်။ ၃၊[အပြော] တစ်ဖက်သတ် ထောက်ပံ့ပေးကမ်းသည်။ ဝိ–တစ်စုံတစ်ဦး၊ တစ်စုံတစ်ရာအတွက် ရည်စူးကြောင်း ဖော်ပြသော စကားလုံး။ "ငါ့ ~စာအုပ်။" စည်း–ကြိယာကို နာမ်အဖြစ်ပြောင်းရန် ဆက်သော စကားလုံး။ "စား ~၊ အိပ် ~။"

ဖိုး၊န–ဘိုးရှူ။ စည်း–ခင်မင်ရင်းနှီးသော သဘောဖြင့် ယောကျာ်းအမည် ရှေ့၌တပ်ခေါ်သော စကားလုံး။ **~ခေါင်ငှက်**/ဖိုးခေါင်ငှက်/န–ကိုယ်လုံးစိမ်းသည့် ငှက်ငယ်တစ်မျိုး။ (မြည်သံကို စွဲ၍ ခေါ်သည်။) **~ဝရှုပ်**/ဖိုးဝါ့ယုတ်/န–ဆံပင်ကြက်တောင်စည်း၍ ပုဆိုးခါးတောင်းကျိုက်ထားသော ကလေးကစားစရာ လူဝပုံ စက္ကူအရုပ်။ **~သူတော်**/ဖိုးသူဒေါ်/န– ခေါင်းတုံးတုံး၊ ဝတ်ဖြူ စင်ကြယ် ဝတ်၍ သီလစောင့်ထိန်းသော ယောကျာ်း။ **~အေ**၊န–ဘိုးအေရှူ။

ဖိုးရိုးဖားရား၊ကြိဝိ–ဆံပင်၊ အဝတ် စသည် ဖားလျားကျလျက်။

ဖက်၊ကြိ–၁၊သိမ်းကျုံးပိုက်ယူသည်။ ၂၊ယှဉ်တွဲသည်။ ၃၊ညီညွတ်သည်။ လိုက်သည်။ ကြိဝိ–ယှဉ်လျက်။ ပြိုင်လျက်။ န–၁၊ထုပ်ရာ၌ အသုံးဝင်သော အင်ရွက်၊ ငှက်ပျောရွက် စသည် ပြားပြန့်သော သစ်ရွက်မျိုး။ ၂၊ဆေးလိပ်လိပ်ရာတွင် အသုံးပြုသော သနပ်ဖက် စသည်။ စည်း–အစုံရှိသော အရာကို တခြားစီ ရေတွက်ရာ၌သုံးသော စကားလုံး။ "ဖိနပ်တစ် ~။" **~ခွက်နာ**၊န–အရေပြားပေါ်တွင်ပေါက်သည့် ချိုင့်ခွက်နေသော ပြည်တည်နာတစ်မျိုး။ **~စပ်**၊ ကြိဝိ–ပူးပေါင်းလျက်။ စပ်တူ။ န–ပူးပေါင်း၍ အရင်းအနှီး နိုက်ထုတ်ပြီးလုပ်သော လုပ်ငန်း။ **~စုပ်**၊ကြိ–သစ်ရွက်ကိုခေါက်၍ ပါးစပ်ဖြင့် စုပ်ပြီး သားကောင်အသံမျိုး မြည်စေသည်။ **~ဆွတ်**၊န–ကုန်းမြင့်ပိုင်းတွင် ပေါက်လေ့ရှိ၍ ရနံ့မွှေးသော ပန်းအခိုင်များ ပွင့်သည့် ပင်စောက်တစ်မျိုး။ **~ဆွတ်မိုး**၊န–တပေါင်းလအကုန် တန်ခူးလဆန်းတွင် သစ်ရွက်ရော်များကို ကြွေစေသောမိုး။ ဖက်ခြွေမိုး။ **~ဆွတ်မှို**၊န–တောချုံများအောက် သစ်ရွက်ဆွေးများတွင် ပေါက်လေ့ရှိသည့် စားရသော မှိုတစ်မျိုး။ (မှိုဖြူ၊ ဖက်သွတ်မှိုဟုလည်း ခေါ်သည်။) **~ထစ်**၊ ကြိဝိ–[ပေါ]အမြဲ။ **~ထုပ်**၊ န–အသားကို ဂျုံမုန့်ညက်အပြားနှင့် ထုပ်၍ ပြုတ်ထား၊ ကြော်ထားသော စားစရာ။ **~ဖူးရောင်**၊န–ငှက်ပျောညွန့်ရောင်ကဲ့သို့ ရှိသော အစိမ်းနုရောင်။ **~မှုတ်**၊ကြိ– သစ်ရွက်ခေါက်ကို မှုတ်ခြင်းဖြင့် သားကောင်အသံမျိုး မြည်စေသည်။ **~ယား**၊န–ကွမ်းရွက်ပုံ အရွက်ငယ်များတွင် ယားယံစေတတ်သော အမွေးနုများရှိသည့် ပင်ငယ်တစ်မျိုး။ **~ယမ်း**၊ကြိ–အားရပါးရ ဖက်သည်။ **~လဲတကင်း** /ဖက်လဲဒကင်း/ ကြိဝိ–ပွန်းပွန်းတီးတီး။ အလွန်ခင်မင်ရင်းနှီးစွာ။ **~လိပ်**၊ န–၁၊လေမှုတ် တူရိယာတစ်မျိုး။ ၂၊ဖက်ကို လိပ်ထားဟန် အခေါင်းရှိနားတောင်းတစ်မျိုး။ **~ဝန်း**၊န–အနီရင့်ရောင် အသားရှိ၍ ထွန်၊ ထယ်စသည် လုပ်ရသော ပင်စောက်ကြီးတစ်မျိုး။ **~သကတ်နာ**၊ န–ကိုယ် အစိတ်အပိုင်းတစ်နေရာရာတွင် အာကာသ ပေါက် ဗိတ်နေ၍ ဖြစ်သော ရောဂါ။ **~သရှာနာ**၊န–ဖက်သကတ်နာ အနံ့ဖြစ်နေသော ရောဂါ။ **~သက် တရော်**၊န–တစ်ခက်လျှင် အရွက်သုံးရွက် ထွက်ပြီး အကိုင်းများ၌ ဝါသောအပွင့် ပွင့်၍ မှည့်လျှင် အသီးညိုသော အပင်ငယ်တစ်မျိုး။ ခွေးတရော်။ **~သန်း**၊ န–ကွေးညွတ်၍ရသော လိမ္မော်ရောင် အသားရှိသည့် ပင်လတ်တစ်မျိုး။ **~အုပ်**၊ န– တရော်အ၊ ဆင်မနို့ပျဉ်းဟူ၍လည်းခေါ်သော သစ်ပင်ငယ်။

ဖက်ဆစ်ဝါဒ၊ န–ကြမ်းတမ်းရက်စက်စွာ ဖိနှိပ်အုပ်စိုးသော အာဏာရှင်ဝါဒ။ [လိပ်၊ **fascist**+ ပါ၊ဝါဒ]

ဖက်ရှင်၊န–ဆန်းသစ်တီထွင် ဝတ်စားဆင်ယင်မှု။ [လိပ်၊ **fashion**]

ဖောက်၊ကြိ–၁၊အပေါက်ဖြစ်အောင် လုပ်သည်။ အဆီးအတားကို ရှင်းနင်းဖြတ်သန်းသည်။ ၂၊ လမ်းကြောင်းပေါ်အောင် လုပ်သည်။ "လမ်း ~၊ မြောင်း ~။" ၃၊တိုင်ချည်ကို ကန့်လန့်လျှိုဝင်၍ ရက်သွင်းသည်။ ၄၊ချွတ်ယွင်းဖောက်ပြန်သည်။ "ဤမြင်း ~သွားပြီ။" ၅၊(လက်နက်) ပစ်ခတ်ပေါက်ကွဲစေသည်။ "သေနတ် ~။ ဗုံး ~။" ၆၊(အပင်၊ အဉစသည်ကို) ပေါက်ပွားအောင် လုပ်သည်။ ၇၊အရျဉ်ပေါက်အောင် လုပ်သည်။ ၈၊ အစချီ ဆိုထားသည်ကို နောက်က လိုက်၍ ပြည့်ဆိုသည်။ ၉၊သူတစ်ပါး စကားပြောစဉ် ကြားဖြတ်ပြောသည်။ ကြိဝိ–၁၊ကြားဖြတ်လျက်။ "~ပြော–။" ၂၊ချင်းနင်း ဖြတ်သန်းလျက်။ "~ထွက်–။" **~ကား**၊ကြိ–ကျူးသန်းရောင်းဝယ်သည်။ **~ချည်**၊န–တိုင်ချည်ကို ဖောက်ရက်သော ချည်။

မာတိကာသို့ ►►►

http://www.lknt11.com

~ထွင်း၊ကြိ-၁၊အပေါက်ဖြစ်အောင် လုပ်သည်။ ၂၊ချင်းနင်းဖြတ်သန်း၍ထိုးထွက်သည်။ ~ထွင်းမှု၊န-အဆောက်အအုံကို တိတ်တဆိတ် ဖောက်ထွင်း၍ ခိုးယူသော ပြစ်မှု။ ~ပြန်၊ကြိ-၁၊မူလအခြေအနေမှ ချွတ်ယွင်းပြောင်းလဲသည်၊ ၂၊အိမ်ထောင်ရှိလျက် အခြားသူနှင့် မှောက်မှားသည်။ ဖောက်ပြားသည်။ ~ပြန်ရေးသမား/ဖောက်ပျန်ရေးသမား/န-မူလ ခံယူချက်မှ ကြောင်းလဲသွေဖည်သွားသူ။ ~ဖျက်၊ကြိ-ကတိ၊ စည်းကမ်းစသည်ကို မထိန်းသိမ်း မလိုက်နာဘဲနေသည်။ ~လဲ၊ ကြိ-မတည်မမြဲ ပြောင်းလဲချွတ်ယွင်းသည်။ ~သည်/ဖောက်သယ်/ န-အမြဲဝယ်ယူနေကျဖြစ်သူ။ ~သည်ချ/-ချ/ ကြိ-[ဥပစာ] သတင်းကို တစ်ဆင့်ဖြန့်ဖြူးသည်။ ~သည်ဈေး/-ဈေး/န-အများအပြားဝယ်ယူသူအား ရောင်းချသည့် သီးသန့်ဈေးနှုန်း။ ~သည်ပင်သည် /-ပင်သယ်/န-ဝယ်နေကျဖြစ်သူနှင့် ပင်တိုင်ရောင်းချသူ။

ဖောက်ကြွ န-[ရှေး] ယောက်ကြွပင်။

ဖင်၊န-၁၊[ရိုင်း] စအို။ ၂၊[ရိုင်း] တင်ပါး။ တင်ဆုံ။ ၃၊ပုလင်း၊ ဖလား စသည်၏ အခြေပိုင်း။ ~ပေါ့၊ကြိ- သွားလာ လုပ်ဆောင်ရာတွင် သွက်လက်ဖျတ်လတ်သည်။ ~ဘူးတောင်းထောင်/ဖင်ဗူးခေါင်းထောင်/ ကြိ-ခေါင်းကို အောက်စိုက်၍ ဒူးထောက်ကာ တင်ကိုမြှောက်ထားသည်။ ~မြဲ၊ကြိ-အလုပ်ခွင် စသည်တွင် စွဲမြဲစွာရှိသည်။ ~လေး၊ကြိ-သွားလာ လုပ်ဆောင်ရာတွင် လေးကန်သည်။

ဖင့်၊ကြိ-ကြန့်ကြာသည်။ နှောင့်နှေးသည်။ ဖင့်နွှဲသည်။

ဖောင်¹၊န-၁၊ရေခွဲမျှောရန် နှောင်ဖွဲ့ထားသော သစ်၊ ဝါးအစု။ ၂၊လှေနှစ်စင်းပေါ်၌ ကြမ်းခင်းပြုလုပ်ထားသော ရေယာဉ်တစ်မျိုး။ ဖောင်ပန်း။ ~စီးကဏန်း/ဖောင်စီးကနန်း/န-ဒီရေနှင့် မျောပါလာပြီး တင်ကျန်နေကကျသော ကဏန်းအငယ်စား။

ဖောင်²၊န-၁၊ပုံနှိပ်ရန် ခဲစာလုံးစီသွင်း၍ စာမျက်နှာဖွဲ့ထားသော ဘောင်ခွေ။ ၂၊ယင်းကို ပုံနှိပ်၍ ရသော စာမျက်နှာစု။ [လိပ်၊ form] ~စား /ဖောင်ဇား/န-စာစီရာတွင် စာဖောင်အလိုက် အဖိုးအခ ပေးသော စနစ်။ ~စိမ်း /ဖောင်စိမ်း/ န-[ပုံနှိပ်]မချုပ်ရသေးသော ပုံနှိပ်ပြီး စာရွက်ထပ်။ ~သွင်း၊ကြိ- စာစီပြီး ခဲစာလုံးများကို မြဲမြဲအောင် ဘောင်ခွေထဲထည့်သည်။

ဖောင်တိန်၊န-မင်ထည့်၍ ရေးရသော ကလောင်တံတစ်မျိုး။ [လိပ်၊fountain-pen]

ဖောင်ဖောင်/ဖောင်ဖောင်/ကြိဝိ- ၁၊ အသံကျယ်လောင်စွာ။ ၂၊ ဖြိုးမောက် များပြားစွာ။

ဖောင်း¹၊နဝိ-လေသွင်းထားသကဲ့သို့ တင်းမို့နေသော။ ကြိ-လေသွင်းလိုက်သကဲ့သို့ တင်းမို့အောင် ပြုသည်။ န-၁၊နောက်ပိတ်ထည့်ရန် ခေါင်းပွပါသော နားတောင်းအုတိုင်တံ။ ၂၊ရွှေလည်ပင်းကြိုးနှင့် နဖားကြိုးကို ပွဲယားသော ခေါင်းပွကြေးကွင်း။ ၃၊(စောင်၊ အိမ်၊ လှေ စသည်ကိုကွင်) အမွှမ်းအမံ အဖြစ် ကြွခုံးအောင် လုပ်ထားသော အစိတ်အပိုင်း။ ~ကန် /ဖောင်းဂန်/ န- [ရှေး] အဝကျဉ်း၍ ဝမ်းပူသော ရေအိုး။ ~မှု၊ကြိ-၁၊သိပ်သည်းခြင်း မရှိဖြစ်သည်။ ၂၊အရေအတွက် များပြားလွန်းကဲသည်၊ ၃၊အရေအတွက် များပြားလွန်းကဲ၍ တန်ဖိုးကျသည်။ "ငွေ ~~။" ~ဖျဉ်း၊န-[ရှေး] မြို့ရိုး သူရဲခို ၁၀လုံးအကြား အလုံး ၂၀ အကြားတို့၌ မီးထည့်ရန် ထားသော အိုး။ ~ရစ်၊န-၁၊ခုံးမောက်လုံးကြွအောင် ပြုလုပ်ထားသော အစစ်၊ အခွေ။ ၂၊စေတီသပိတ်မှောက် အထက်ရှိ ခုံးကြွနေသော အစိတ်အပိုင်း။ ၃၊ နားတောင်း အုတိုင်အဖျားတွင် ဖော်ထားသော အရစ် ခွေ။ ~လုံး၊န-ခုံးကြွအောင် လုပ်ထားသော သစ်သားတန်း၊ အင်္ဂတေတန်း။

ဖောင်း²၊န-မီးခိုးရောင်သန်းသော အပွင့်ဖြူ ပွင့်သည့် ကိုင်းပင်တစ်မျိုး။ ~ကား/ဖောင်းဂါး/န-မြက်ရှည်တစ်မျိုး။ ~ကြက်/ဖောင်းဂျက်/န-ဖောင်းပွင့်ကဲ့သို့ ဖြူသော ကြက်။ ~ဝတ်၊န-မီးခိုးရောင်သန်းသော အဖြူရောင်။ "~မြင်း။"

ဖိုင်၊န-စာတွဲ၊ [လိပ်၊file]

ဖိုင့်၊နဝိ-(ကိုယ်ခန္ဓာ) ဝဖြိုးသော။

ဖည်/ဖယ်/နဝိ-လိမ်သော။ စောင်းသော။ /ဖီဖယ်/ ကြိ-ရှောင်သည်။ တိမ်းသည်။ ~ယမ်း/ဖယ်ယန်း/ နဝိ-စောင်းရွဲ့သော။

ဖောဋ္ဌဗ္ဗာရုံ/ဖုတ်ထတ်ဗာယုန်/န-အတွေ့အထိ အာရုံ။ [ပါ၊ဖောဋ္ဌဗ္ဗာရမ္မဏ]

ဖတ်¹၊ကြိ-၁၊အသံထွက်၍ဖြစ်စေ၊ မထွက်ဘဲဖြစ်စေ စာကို ကြည့်ရှုသည်။ ၂၊(အိပ်မက်၊ နိမိတ် စသည်ကို ဆင်ခြင်၍) အကြောင်းအဆိုး၊ အကျိုးအပြစ်ကို ဟောသည်။ ၃၊လဲ၊ ဝါစသည်ကို ဝါဖတ်လေးကြိုးဖြင့် တောက်၍ညက်အောင် ပြုသည်။ ~တင့်တင့် ကြိဝိ-မရောင့်မရဲဖြစ်လျက်။ ~ဖတ်မော၊ကြိ-အလွန် မောပန်းသည်။

ဖတ်²၊န-အဖတ်နှင့်အတူတူ။ ~လတ်ကျ/ဖတ်(ဗတ်) လတ်ကျ/ ကြိ-အဖက်ဖ စသည် တစ်စုံတစ်ခု၏ ဘေး၌ကပ်ကာ တွဲလောင်းကျသည်။ ~သီဖတ်သီ၊ ကြိဝိ-ပင်ပန်းနွမ်းနယ်၍ မသပ်မရပ် ဖြစ်လျက်။

ဖိတ်¹၊ကြိ-၁၊ကည့်စရာအတွင်းမှ အပြင်သို့ စဉ်ကျသည်။ ၂၊ ထွန်းပသည်။ ~စဉ်၊ ကြိ-၁၊ ပြင်ပသို့

http://www.lknt11.com

လှုံ့ထွက်လွင့်ကျသည်။ ၂။သောသည်။ **~ဖိတ်တောက်**၊ ကြိဝိ–(အရောင်)တလက်လက် တပြောင်ပြောင်။

ဖိတ်[၂]။ကြိ–၁။လာရန်ပန်ကြားသည်။ ဖိတ်ကြားသည်။ ၂။အလှူခံ ကြွလာပါရန် ရဟန်းသံဃာအား လျှောက်ကြားသည်။ **~မန္တကပြု**/ဖိတ်မန်ဒကာပြု/ ကြိ–ဖိတ်ကြားသည်။ [မြန်၊ဖိတ်+ပါ၊နိမန္တက +မြန်၊ ပြု]

ဖုတ်[၁]။ကြိ–မီးတွင်ထည့်၍ ကျက်စေသည်။ **~ ကြည်း**၊ ကြိ–မီးသဂြိုဟ်သည်။

ဖုတ်[၂]။န–မြေမှုန့်။ **~ကောင်**။န–ဖုတ်ထူသောမြေကွင် ကတော့ပုံ ကျင်းကလေးလုပ်ပြီး အလယ်တွင်နေကာ ကျင်းထဲသို့ ကျလာသည့် ပိုးမွှားများကို ဖမ်းစား တတ်သည့် အင်းဆက်ပိုးတစ်မျိုး။ **~ပူမီးတိုက်** /ဖုတ်ပူမီးဒိုက်/ ကြိဝိ– အပူတပြင်း အလျင်အမြန်။

ဖုတ်[၃]။န–ပြိတ္တာတစ်မျိုး။ [ပါ၊ ဘူတ] **~သွင်းရထား**။န– [အရပ်] ဖုသရထား။ [ဖုသရထား]

ဖုတ်[၄]။န–အစုလိုက်ပေါက်နေသော ကိုင်း၊ မြက် စသည်။ **~စု**/ဖုတ်စု/န–အစုအအုံလိုက် တည်နေသော မြက်ပင်၊ ချုံပင်စသည်။ **~ သိုက်** /ဖုတ်သိုက် / နဝိ– ပွရောင်းရှုပ်ထွေးနေသော။

ဖုတ်လှိုက်ဖုတ်လှိုက်။ကြိဝိ–ပင်ပင်ပန်းပန်း အသက်ရှူ မမှန်ဖြစ်လျက်။

ဖန်[၁]၊ နဝိ–၁၊ ဖန်ခါးသီး၊ ဆီးဖြူသီး စသည်တို့၏ အရသာမျိုးရှိသော။ ၂။အိပ်ရေးပျက်သော အခါမျိုး၌ ကဲ့သို့ မျက်စိကြည့်မကောင်းသော။ **~ခါး**/ဖန်ဂါး/ န–အရသာ ဖန်ခါးသော အသီးလုံးငယ်များ သီး သည့် ပင်မြောက်ပင်တစ်မျိုး။ **~တွတ်တွတ်**၊ နဝိ– လျှာ၌ မနစ်သက်ဖွယ် အနည်းငယ်ဖန်သော။ **~ရည်** /ဖန်ယေ/န–၁၊ အနာကို ဆေးကြောရသည့် တမာရွက် ပြုတ်ရည်စသည်။ ၂၊ သက်နှ်း စသည် ဆိုးရသော ပိန္နဲသား၊ ညောင်ခေါက် စသည် ပြုတ်ရည်။

ဖန်[၂]။ကြိ–၁။စီမံပြုလုပ်သည်။ ၂။စုခဲနေသည်ကို ပွရွလာ အောင် ပြုသည်။ "ဝါ ~–။ အုန်းဆံ ~–။"စည်း– အကြိမ်ကို ရေတွက်ရာတွင် သုံးသော စကား၊ **~ရန်**။ကြိ–ကလေးငယ်များ ခြေဆင်းထိုင်၍ ခြေ လက်တို့ကို တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်ကာ အကြိမ်ကြိမ် ခုန်ကစားရသော ကစားနည်း။ **~ဆင်း** /ဖန်ဇင်း/ကြိ–ကန်ဒိုးဖြင့် ဖြစ်ပေါ်စေသည်။ **~တလီ ဖန်တလာ** /ဖန်တလီဖန်တလာ/ **~တီဖန်တွတ်**၊ ကြိဝိ– တီကီကာကာ။ **~တီး** /ဖန်ဒီး/ ကြိ– စီမံ ပြုလုပ်သည်။ **~တို့တမ်း** /ဖန်တို့ဒန်း / န–အသံ မထွက် မပြုံးမရယ်ဘဲ တစ်ဖက်အသင်းက လူကို ထိအောင်တို့ကာ ပြန်လှည့်ပြေးသောသူကို စည်း မကျော်မီ အကိုခံရသည့်ကက်က လိုက်၍ ထိအောင် ပြန်တို့ရသော အချိုးသမီး ကစားနည်း။ **~တစ်ရာ ဆော**/ဖန်တယာဇော/ကြိ–ကြိမ်ဖန်များစွာ ကြုံတွေ့ ခဲ့ရပြီး ဖြစ်သည်။

ဖန်[၃]။န–သဲတွင် ပါဝင်သော ဆီလီကာနှင့် ဆော်ဒါ၊ ပိုတက်စသည် ပေါင်းစပ်ချက်လုပ် ရရှိသော ကြည်လင် ပျောက်ပြောင်သည့် အရောဝတ္ထု။ [ပါ၊ ဖလိက] **~ပဒိုင်း**/ဖန်ဗဒိုင်း/န–မီးထည့်ထွန်းစရာ ပဒိုင်းပွင့်သဏ္ဌာန် ဖန်ပစ္စည်း။ **~ပေါင်းချောင်** /ဖန်ပေါင်းကျောင်/န–အုပ်ဆောင်းပုံ ဖန်ပစ္စည်း။ **~သီး** /ဖန်သီး/န–လျှပ်စစ်ဓာတ်အားဖြင့် မီးလင်း သော ခေါင်းပွဖန်လုံး။

ဖန့်။နဝိ–၁။အဖန်အရသာနည်းသော။ ၂။ခြောက်သွေ့ လုနီးဖြစ်သော။

ဖိန်း။နဝိ–ကိုယ်ခန္ဓာ လေးလံထိုင်းမှိုင်းသော။

ဖိန်းချား။န–ဖရင်းချားရှု။

ဖိန်းနွဲခါ/ဖိန်း(ဖ)နွဲဂါ/န–လာမည့် သုံးရက်မြောက်နေ့။

ဖုန်။န–မြေမှုန့်။ နဝိ–၁။ညက်သော၊ "လမ်း ~–။ သနပ်ခါး ~–။" ၂။ ပွသော။ မကျစ်လျစ်သော။

ဖုန်း။န–တယ်လီဖုန်း။ [လိပ်၊ phone]

ဖုန်းဆိုး/ဖုန်းဇိုး/န–မြို့၊ ရွာ စသည် ပျက်စီးကိန်ကော၍ တောချုံ ဖုံးလွှမ်းနေသော နေရာ။

ဖုန်းတောင်းယာစကာ /ဖုန်းဒေါင်းယာဇဂါ/ န– သူတောင်းစား။ [သ၊ ပုဏ္ဏ + မြန်၊ တောင်း ၊ ပါ၊ ယာစက]

ဖမ်း။ကြိ–၁။မလွတ်မထွက်အောင် အရအမိ ချုပ်ကိုင် သည်။ ၂။တရားဥပဒေနှင့်ငြိစွန်း၍ ထိန်းသိမ်းသည်။ ထိန်းသိမ်း ချုပ်နှောင်သည်။ ၃။တစ္ဆေသရဲစသည် နှောင့်ယှက် စွဲဝင်သည်။ **~ချုပ်**။ကြိ–မလွတ်မထွက် အောင် ကိန်းကိုင်နှောင်ဖွဲ့သည်။ **~စား**/ဖန်းဇား/ ကြိ–အစွမ်းတစ်မျိုးမျိုးဖြင့် ဆွဲဆောင်လွှမ်းမိုးသည်။ "အလှနှင့် ~–။" **~ဆီး**/ဖန်းဇီး/ကြိ–လွတ်ထွက် မသွားအောင် ချုပ်ထိန်းသည်။

ဖိမ့်ဖိမ့်တုန်။ကြိ–အလွန်ချောက်ချား တုန်လှုပ်သည်။

ဖုံ။န–၁။လဲမှိုသည် သွတ်ထားသော ထိုင်စရာအခင်း၊ ၂။အုန်းဆံစသည် သွတ်သားသော ခြေသုတ်အခင်း။ စည်း–၁။စုပုံနေခြင်းကို ခွဲ၍ခေါ်သော အရေအတွက် ပြ စကားလုံး။ "ဆေးတစ် ~။ ဖဲဘစ် ~၊ ပိုက် တစ် ~။" ၂။အမျိုးအမည် ခွဲခြားရေတွက်ရာ၌ သုံးသော စကားလုံး။ "တစ်ညည်းတစ် ~။"

ဖုံး။ကြိ–၁။အပေါ်မှ လွှမ်းအုပ်သည်။ ၂။ကွယ်ဝှက်သည်။ **~တုန်းလုံးတုန်း**/ဖုန်းဒုန်းလုန်းဒုန်း/န–စပါးပင်တွင် စပါးနှံ စဖြစ်နေချိန်။

ဖုံးမသိန်။န–ပရုတ်ဓာတ်ပါသော ဆေးဖက်ဝင်အပင်

တစ်မျိုး။ [ဟိန္ဒီ၊ ဘီမသေနီ(ကပုရ်)]

ဖယ်၊ကြိ–၁၊တည်ရှိရာမှ ရွေ့စေသည်။ ၂၊လွှသွားများ ဘယ်ညာအနည်းငယ် ရွဲ့စောင်းအောင် ပြုပြင်သည်။ န–လွှသွားကို ဖယ်သော လက်သမား ကိရိယာ။ **~ရှား**၊ကြိ–တည်ရာမှ ရွေ့စေသည်။

ဖယ်ရင်ဟိုက်/ဖယ်ရင်ဟိုက်/န–ရေခဲမှတ် ၃၂ဒီဂရီ၊ ရေဆူမှတ် ၂၁၂ဒီဂရီမှတ်သားထားသော ပြဒါးတိုင် အမှတ်အသား။ (စင်တီဂရိတ်လည်းရှု)။ [လိပ်၊ **Fahrenheit**]

ဖလ်/ဖန်/န–ဖန်ရွှ။ [ပါ၊ဖလိက]

ဖိုလ်/ဖို/န–မဂ်၏အကျိုး။ [ပါ၊ဖလ]

ဖဿ/ဖတ်သ/န–အာရုံကို တွေ့ထိခြင်းသဘော။ [ပါ၊ ဖဿ]

ဖုဿရထား /ဖုက်သ္ဒယထား/ န– မင်းဖြစ်အံ့သော သူထံသို့ ဆိုက်ရောက်စေသတည်းဟု အဓိဋ္ဌာန်ပြု၍ လွှတ်သော မင်္ဂလာရထား။ [ပါ၊ဖုဿရထ]

ဖျ၊နဝိ–သေးမွှားသော။ မှေးမှိန်သော။

ဖျာ၊န–နီး၊ သင်စသည်ဖြင့် ရက်လုပ်ထားသော အခင်း။

ဖျား၊ကြိ–ကိုယ်အပူချိန်တိုးပြီး နေမကောင်းဖြစ်သည်။

ဖျားရေ၊န–ဒီရေ။

ဖျော့၊နဝိ–အသွေးအရောင်လျော့သော။ **~တော့**၊နဝိ–၁၊အသွေးအရောင် လျော့မှိန်သော။ ၂၊သွေးအား နည်းသဖြင့် နွမ်းနယ်သော။

ဖျော်၊ကြိ–၁၊ရေ၊ အရည်တွင် ရောနှော ပျော်ဝင်စေသည်။ ၂၊အဖျော်ရည်တစ်စုံတစ်ရာ စီမံသည်။ **~ဖြေ** /ဖျော်ဖျေ/ကြိ–ပျော်ရွှင်အောင် ပြုသည်။ **~ရည်** /ဖျော်ယေ/န–သစ်သီးစသည်ကို ဖျော်စပ်ထားသော အရည်။

ဖျံ ၁၊န–ခြေတွင် ရေယက်ပြားပါ၍ ရေတွင် ငါးရှာစား သော သားမွေးရှိ သတ္တဝါ။

ဖျံ ၂၊န–ပင်ပေါက်နှင့်ဥကို ချက်စားရသော အလေ့ကျ ပေါက် အပင်တစ်မျိုး။

ဖျိုးဖျိုးဖျတ်ဖျတ်/ဖျိုးဖျိုးဖျတ်ဖျတ်/ကြိဝိ–သွက်လက် ဖျတ်လတ်စွာ။

ဖျက်၊ကြိ–၁၊မူလအခြေအနေကို ယွင်းပျက်စေသည်။ ပျက်စီးအောင်ပြုသည်။ ၂၊ရှုပ်ထင်နေသည်ကို ပျောက်ပျက်အောင် လုပ်သည်။ ကွယ်ပစေသည်။ ၃၊သားကောင်ကို ပိုင်းဖြတ်ခုတ်ထစ်သည်။ "အမဲ ~။" ၄၊ငွေအကြွေနှင့် လဲလှယ်သည်။ "ကျပ်တန် တစ်ချပ် ~ပေးပါ။" **~ဆီး**၊ ကြိ–၁၊ပျက်စီးအောင် ပြုသည်။ ၂၊ကျူးလွန်စော်ကားသည်။ **~လိုဖျက်ဆီး**၊ ကြိဝိ–ပျက်စီးစေလိုသော ဆန္ဒဖြင့်။ **~သင်္ဘော** /ဖျက်သင်းဘော/န–ရန်သူ့ရေယာဉ်ကို နှစ်မြှုပ် နိုင်သော လက်နက်တပ်ဆင်ထားသည့် စစ်ရေယာဉ်။ **~သိမ်း**၊ကြိ–မူလစီစဉ်ထားချက်ကို ပယ်ဖျက် ရုပ်သိမ်းသည်။

ဖျောက်၊ကြိ–၁၊ပျောက်စေသည်။ ၂၊[ရှေး]ကွပ်မျက် သည်။ **~ဖျက်**၊ကြိ–၁၊ပျောက်ပျက်စေသည်။ "စာရင်း~~။ ပစ္စည်း~~။" ၂၊သတ်ပစ်သည်။

ဖျောက်ဆိပ် ၁၊န–၁၊အသားဝါမှိုင်းရောင်ရှိပြီး အတန် အသင့်မာ၍ ယွန်း၊ လှည်း စသည် လုပ်ရသော ပင်စောက်တစ်မျိုး။ ၂၊အရွက်ကို ဟင်းခါးချက်စား ရသော အခက်အလက်ပြန့်ကားသည့်အပင်တစ်မျိုး။

ဖျောက်ဆိပ် ၂၊န–ကြတ္တိကာနက္ခတ်။

ဖျင် ၁၊န–၁၊အထည်ဝ။ ၂၊ချည်ကြမ်းထည်။ ၃၊အင်္ကျီ။ **~ထပ်ပွဲ**/ဖျင်ဒတ်ပွဲ/န–ရှေးက နတ်တော်လတွင် မင်းက မှူးမတ်များအား အဝတ်အထည်သစ်များ ထပ်မံချီးမြှင့်သော ပွဲသဘင်။

ဖျင် ၂၊ကြိ–ခုတ်ဖြတ်ရှင်းလင်းသည်။ **~ဖျင်**/ဖျင်ဗျင်/ ကြိဝိ–မှုးစွာ။ "မိုး~ရွာ–။"

ဖျင်း ၁၊နဝိ–၁၊အရည်အသွေးညံ့သော။ ၂၊အဆန်မထောင် သော။ **~မကြီး** /ဖျင်းမာ့ကြီး/ န– အမျိုးအစား ရောနှောနေသော စပါး။ ရောကျော်စပါး။

ဖျင်း ၂၊ကြိ–အကြမ်းရွှေသည်။ "သစ်ကို ~–။"

ဖျောင်းဖျ/ဖျောင်းဗျ/ကြိ–လိုက်လျောအောင် ချော့မော့ ဆွဲဆောင်သည်။

ဖျစ်၊ကြိ–အားနှင့်ညှစ်သည်။ **~ညှစ်**၊ ကြိဝိ–မရအရ အတင်းအားထုတ်လျက်။

ဖျဉ်၊ကြိ–နှစ်ဦးနှစ်ဖက်ကြား ခိုက်ရန်ဖြစ်ပွားမှုကို ရပ်စဲ အောင် ပြုသည်။ ဖျန်သည်။

ဖျဉ်း၊န–သွေး၊ လေ၊ အရည်စသည်ကြောင့် ဝမ်း ပူဖောင်းသောရောဂါ။ **~စွဲ**၊ကြိ–ဖျဉ်းရောဂါ ခံစား ရသည်။ **~အိုး**၊န–အဝကျယ်သော ရေအိုးတစ်မျိုး။

ဖျဉ်းဖျဉ်း/ဖျင်းဗျင်း/ကြိဝိ–တရှိန်ရှိန် နာကျင်လျက်။

ဖျတ်လတ်၊ကြိ–သွက်လက်သည်။

ဖျန်၊ကြိ–ဖျဉ်သည်။ **~ဖြေ** /ဖျန်ဖျေ/ ကြိ–အကျေ အလည် ပြေငြိမ်းအောင် ပြုသည်။

ဖျန်း၊ကြိ–ရေ၊ အရည်ကို အနံ့ဖြာသွန်းသည်။ **~သတ်**၊ကြိ–နံ့သာရည် ထုံစေသည်။ **~သပ်**၊ကြိ–နံ့သာရည် ဆွတ်လိမ်းသည်။

ဖျပ်ဖျပ်လူး၊ကြိဝိ–အောင့်အည်းသည်းမခံနိုင်၍ မငြိမ် မသက် ဂနေ့မဲ့စွာ လှုပ်ရှားလျက်။

ဖြာ၊ကြိ–၁၊အဘက်ဘက်သို့ ပြန့်ထွက်သည်။ ၂၊ဝါး စသည်ကို ဓားဖြင့်လှာသည်။ စည်း–ခွဲခြားရေတွက် ရာတွင်သုံးသော စကားလုံး။

ဖြား၊ကြိ–သွေးဆောင်သည်။ **~ယောင်း**၊ကြိ–မိမိအလိုသို့ လိုက်ပါအောင် လှည့်ပတ် ဆွဲဆောင်သည်။ သွေးဆောင်သည်။

မာတိကာသို့ ▶▶▶

ဖြိုး၊နဝိ–[ပေါ] များသော။ /ဖိုး၊ ဖျိုး/ကြိ–၁၊သပ်ရပ်ရှင်းလင်းအောင် ဘီးဖြင့်သပ်သည်။ /ဖျိုး/ ၂၊ဖြန်းသန်းပြောဆိုသည်။ ~လိမ်း/ဖိုးလိမ်း/ကြိ–တင့်တယ်လှပအောင် ကိုယ်ကို ခြယ်မှုန်းသည်၊ အလှပြင်သည်။

ဖြူ၊နဝိ–၁၊ထုံး၊ နွားနို့စသည်ကဲ့သို့သော အရောင်မျိုးရှိသော။ ၂၊စင်ကြယ်သော။ န–တစ်ကိုယ်လုံးတွင် ဆူးများပေါက်သော နို့တိုက်သတ္တဝါငယ် တစ်မျိုး။ ~ခါစင်/ဖျူဂါစင်/ကြိ–မွဲတေဆင်းရဲသည်။ ~ခါပြာခါ၊ကြိဝိ–ရှိသမျှပစ္စည်း မကျန်အောင် (ဆင်းရဲသည်)။ ~ဖပ်ဖြူရော် /ဖျူဇတ်ဖျူယော်/ ကြိဝိ–ဖျော့တော့လျက်။ ဖြူဖျော့လျက်။ ~ဖွေး၊ နဝိ–အလွန်ဖြူသော။ ဖြူဆွသော။ ဖြူဆွတ်သော။ ဖြူလှပ်သော။ ~ရော်၊နဝိ–မူလအရောင်မှ မှိန်ဖျော့သွားသော။

ဖြူး[1]၊ကြိ–ဆားစသည်ကို အနှံ့ဖြန့်သည်။

ဖြူး[2]၊နဝိ–ဖြောင့်စင်းသော။ ချောပြေသော။

ဖြေ၊ကြိ–၁၊အမေးကို ပြေလည်အောင်ပြုသည်။ ၂၊လျော့ပြယ်အောင် ပြုသည်။ "စိတ် ~–။ အဆိပ် ~–။" ၃၊အထုံးအဖွဲ့ ပြေအောင် ပြုသည်။ "ကြိုး ~–။" ~ဆေး /ဖျေဆေး/န– တစ်စုံတစ်ခု၏ အစွမ်းအာနိသင်ကို ပျက်ပြယ်စေနိုင်သော ဆေးမျိုး။ ~ဆည်၊ကြိ–ပြင်းထန်သော ခံစားရမှုကို ထိန်းသိမ်းချုပ်တည်းသည်။ ~ဖျော်/ဖျေဖျော်/ကြိ–ပျော်ရွှင်အောင်ပြုသည်။ ~ရှင်း၊ကြိ–အရှုပ်အထွေး၊ ပြဿနာကို ပြေလည်အောင် လုပ်သည်။ ~သိမ့်/ဖျေသိမ့်/ကြိ–စိတ်ခံစားရမှု တစ်ခုခုကို ပြေပျောက်အောင် အားထုတ်သည်။

ဖြဲ၊ကြိ–ပြဲအောင်ပြုသည်။ ~ခြောက်၊ကြိ–ကြောက်ရွံ့အောင် ချဲ့ထွင်၍ ခြောက်လှန့်သည်။ ~စပ်စပ်၊ ကြိဝိ–ပြောင်ချော်ချော်။

ဖြော၊ကြိ–အသီးအရွက်စသည်ကို ရေနွေးတွင် နှစ်သည်။ ~ဖြော/ဖျောဖျော/ကြိဝိ–များများ။ "ဝမ်း ~သွား–။" ~ရေ၊န–ပျားရေ။ ဒီရေ။

ဖြော်ဖြော်/ဖျော်ဖျော်/ကြိဝိ–ကြိမ်ဖန်များစွာ အဆက်မပြတ်။ "သေနတ် ~ပစ်–။"

ဖြို၊ ကြိ– အထုအထည်ကို ကွဲပျက်ကွာကျအောင် ပြုသည်။ ပြိုကွဲအောင် လုပ်သည်။

ဖြိုး၊နဝိ–ပြည့်ဝသော။ ပေါများသော။ ~မောက်၊နဝိ–ပြည့်လျှံပိုကဲသော။ ဖောင်းပြည့်တင်းမို့သော။

ဖြိုးဖြိုးဖြောက်ဖြောက်/ ဖိုးဖိုးဖျောက်ဖျောက်/ကြိဝိ–အစည်းအပါ။ ကွက်ကျားကွက်ကျား။

ဖြင်၊နဝိ–[ပေါ]များသော။

ဖြင့်၊ဝိ–၁၊အသုံးပြုခံရသော အရာကို ပြသော စကားလုံး။ "တုတ် ~ရိုက်–။" ၂၊အကြောင်းပြ စကားလုံး။ "ရောဂါ ~သေ–။" စည်း–ပုဒ်တို့ကို လေးနက်အောင် ထောက်ပံ့သော စကားလုံး။ "ကျွန်တော် ~မလုပ်ပံ့ပါ။"

ဖြောင်၊ကြိ–[ဗန်း]၁၊လုပ်ကြံသတ်ဖြတ်သည်။ ၂၊မသိအောင် ယူသွားသည်။

ဖြောင့်၊နဝိ–၁၊မကောက်မကွေ့သော။ တည့်သော။ မှန်ကန်သော။ ၂၊ချောမောပြေပြစ်သော။ ကြိ–ကွေးကောက်သည်ကို တည့်တန်းအောင်လုပ်သည်။ ~ချက်/ဖျောင့်ချက်/န–ပြစ်မှုကိုထုတ်ဖော်ဝန်ခံချက်။ ~ဖြူး၊နဝိ–၁၊ဘည့်မတ်သော။ ၂၊အဆင်ပြေသော။ ~မတ်၊နဝိ–ဖြောင့်မှန်သော။ တည့်မတ်သော။ ရိုးသားသော။ ~မှန်၊နဝိ–ကောက်ကျစ်စဉ်းလဲခြင်း ကင်းသော။ တည်ကြည်သော။

ဖြိုင်ဖြိုင်/ဖျိုင်ဖျိုင်/ကြိဝိ–အများအပြား တစ်ပြိုင်တည်း။ "မိုး ~ကျ–။ မျက်ရည် ~ကျ–။"

ဖြစ်၊ကြိ–၁၊ပေါ်ပေါက်သည်။ ၂၊အစစ်အမှန် ဟုတ်သည်။ "သူသည် မောင်ဘ ~–။" ၃၊ကျွမ်းကျင်သည်။ "လက်သမားအတတ်မှာ အလွန် ~သည့်လူ။" ၄၊ပြုလုပ်သည်။ "ပြည်တွင်း ~။ လက် ~။" စည်း–ဆောင်ရွက်မှု တစ်စုံတစ်ရာ ထမြောက်ကြောင်း ဖော်ပြသည့် စကားလုံး။ "လုပ် ~–။" ~ကတတ်ဆန်း/ဖျစ်ဂဒက်ဆန်း/ကြိဝိ–ဖြစ်သည်ဆိုရုံမျှ။ ပြီးစလွယ်။ ~ခေါင့်ဖြစ်ခဲ၊ ကြိဝိ–ဖြစ်ရန် မလွယ်ဘဲ။ ဖြစ်ရိုးဖြစ်စဉ် မဟုတ်ဘဲ။ ~စဉ်၊န–ဖြစ်ပျက်သမျှ အကြောင်းအရာ အဆင့်ဆင့်။ ~ဆန်း၊ကြိဝိ–ဖြစ်သည်ဆိုရုံမျှ။ ဖြစ်ကာမတ္တ။ ~မြောက်၊ကြိ–၁၊အောင်အောင်မြင်မြင် ဖြစ်သည်။ ၂၊အောင်မြင်အောင် လုပ်ကိုင်နိုင်စွမ်း ရှိသည်။ ~ရပ်၊န–အဖြစ်အပျက်။

ဖြည့်/ဖျေ့/ကြိ–၁၊ပြည့်အောင်လုပ်သည်။ ၂၊ထပ်ထည့်သည်။ ၃၊အရေအတွက် ဝင်စေသည်။ အပါအဝင်ဖြစ်စေသည်။ ~ကျင့်/ဖျေ့ကျင့်/ကြိ–ပြည့်စုံအောင် အားထုတ်သည်။ ~တင်း/ဖျေ့တင်း/ကြိ–ပြည့်ဝစေသည်။ ပြည့်ဝအောင် အားထုတ်သည်။ ~ဖြူး /ဖျေ့ဖျူး/ ကြိ–အလိုဆန္ဒ ပြည့်ဝစေသည်။ ဖြည့်ဆည်းသည်။

ဖြည်း/ဖျေး/ကြိ–(အသံ၊ လှုပ်ရှားမှု တစ်စုံတစ်ရာ) ညင်သာသည်။ ~ညင်း/ဖျေးညှင်း/နဝိ–ညင်သာသော။ ~ဖြည်း/ဖျေးဖျေး/ကြိဝိ–အမြန်မဟုတ်ဘဲ။ ~ဖြည်းဆေးဆေး/ဖျေးဖျေးဆေးဆေး/ကြိဝိ–အလျင်စလို မဟုတ်ဘဲ။

ဖြတ်၊ကြိ–၁၊ဓားကဲ့သို့သော ထက်သော အရာမျိုးဖြင့် အပိုင်းအပြတ်ဖြစ်အောင် ပြုသည်။ ၂၊ပြတ်တောက်ရပ်စဲအောင် ပြုသည်။ ကင်းပြတ်အောင် ပြုသည်။

http://www.lknt11.com ...

"စကားကို ~~။ အဆက်အသွယ် ~~။ ဆေးလိပ် ~~။" ၃၊ တင်ဖက်မှ တစ်ဖက်သို့ ကူးသည်။ ကျော်လွန် ကူးသန်းသည်။ ၄၊ တစ်စိတ်တစ်ပိုင်းကို နုတ်ယူ ထားသည်။ "လခထဲက ငွေ ၅၀ကျပ် ~ပါ။" ~ကူးတို့/ဖျတ်ဂဒို့/န–မြစ်ချောင်း တစ်ဖက်မှ တစ်ဖက်သို့ ကူးဖြတ်ပို့သော ကူးတို့။ (ကူးတို့လျှား လည်းရှ) ~ခြင်း၊န–ခြင်းဝိုင်းတွင် တစ်ဦးရှေ့သို့ ကျခဲ့သည့်ခြင်းကို မကျမီ အခြားတစ်ဦးက ဖြတ်၍ ခတ်သောခြင်း။ ~စာ၊ န– ၁၊ ဖြတ်တမ်းစာနှင့် အဟူတူ။ ၂၊ဖြတ်စဲကြောင်း၊ အဆက်ဖြတ်ကြောင်း ဖော်ပြသော စာ။ ~စာချု၊ကြိ–[ရှေး] တရားပြိုင် နှစ်ဖက်အကြား အမှုကိုစစ်ဆေး၍ ပြီးပြတ်ကျေလည် အောင် စီရင်ချက် ချမှတ်သည်။ ~စားလျှပ်စား /ဖျတ်စားယတ်စား/န–မိမိရပိုင်ခွင့်မရှိသော ဥစ္စာကို ကြားမှ မတရား ဖြတ်ယူခြင်း။ ~တောက်၊ကြိ– ၁၊အပိုင်းအပြတ် ဖြစ်အောင် ဖြတ်သည်။ ၂၊တစ်စိတ် တစ်ပိုင်း နုတ်ယူထားသည်။ ~တမ်းစာ/ဖျက် တန်းစာ/ န–[ရှေး] တရား အဆုံးအဖြတ် ကောက် ရက် ရေးသားသောစာ။ ~ထိုးဉာဏ်၊ န– အကြောင်းရှိလျှင် ရုတ်တရက် ပေါ်ပေါက်လာသည့် ဉာဏ်။ ~ထုံး၊ န–ရှေးကကျင့်သုံးခဲ့သော အမှုအခင်း စီရင်ဆုံးဖြတ်ချက်။ ~နှုန်း၊ န–သတ်မှတ်ထားသော နှုန်းထား။ ~ပိုင်း၊ န–ဖြတ်၍ သိမ်းယူထားသော အကောက်အထား စာရွက်ပိုင်း။ ဖြတ်၍ ပေး လိုက်သော အထောက်အထား စာရွက်ပိုင်း။ ~လမ်း န–၁၊ရိုးရိုး သွားလမ်းထက် ခရီးတိုအောင် ဖြတ်သွား သော လမ်း။ ၂၊အမြန်အလွယ် ပြီးစီးနိုင်သောနည်း၊ ~သန်း၊ကြိ–လွန်မြောက်သည်။ ကျော်လွန်သည်၊

ဖြုတ်[၁]၊န–ကိုက်တတ်သည့် သေးငယ်သော ယင် တစ်မျိုး။ ~စိမ်းပိုး/ဖျုတ်ဇိမ်းဗိုး/န–အဖူးအညွှန့်တို့ တွင် ဝိုင်းအုံ၍ သစ်ရည်ကို စုပ်ယူတတ်သော ပျံသန်းနိုင်သည့် အစိမ်းရောင် ပင်ဖျက်အင်းဆက် ပိုး။ ~များ၊န–ဝိုင်းရပ်ပိုးကြောင့်ဖြစ်သော၊ တစ်ဦးမှ တစ်ဦးသို့ ဖြုတ်ကိုက်ခြင်းဖြင့် ကူးစက်သော အဖျားကစ်မျိုး။ (သုံးရက်ဖျားဟုလည်းခေါ်သည်။)

ဖြုတ်[၂]၊ကြိ–ပြုတ်အောင် လုပ်သည်။ မူလတည်ရှိရာမှ ဖယ်ထုတ်သည်။

ဖြုတ်ခြည်း၊ကြိဝိ–[ပေါ] ရုတ်တရက်။ ချက်ချင်း။

ဖြုန့်၊ကြိ–၁၊ကားပြန့်စေသည်။ စန့်အောင် ဖြေချသည်။ ၂၊အနံ့အပြားရောက်ရှိစေသည်။ "သတင်း ~~။" ~ကြက်၊ကြိ–ပြန့်ကားအောင် ဖြန့်သည်။ ~ချိ ကြိ– နေရာအနံ့ရောက်အောင် ပို့သည်။ ~ဖြူး /ဖျန့်ဗျူး/ ကြိ–အနံ့ရောက်အောင် ပြုသည်။

ဖြန်း၊ကြိ–၁၊တိတိကျကျ မည်မည်ရရ မဟုတ်ဘဲ ခေါ်ဝိုက် ပြောဆိုသည်။ ၂၊သွေးပေးနိုးဆောင်း၍ အန်းသည်။ "သွေးလေ ~~။" ၃၊ခံစားမှုတစ်ခုခု ကြောင့် သွေးရုတ်တရက်ပြန့်သည်။ "ရှက်သွေး ~~။" ~တော၊ကြိဂိ–[ပေါ]အလျင်အမြန်။ ~ဖြန်းကွဲ /ဗုန်းဗျန်းကွဲ/ကြိ–ဖြန်းဖြန်းမြည်လျက် ကွဲသည်။ ~သန်း၊ကြိဝိ–တတ်ယောင်ကား (ပြောဆိုသည်)။

ဖြုန်း၊ကြိ–အကျိုးမဲ့အချည်းနှီး ကုန်ဆုံးစေသည်။ ဖြုန်း တီးအောင် ပြုသည်။ ဖြုန်းတီးသည်။ ~ကျောက် /ဖျုန်းကျောက်/န–အရည်အသွေးညံ့သော ကျောက် မျက် အစအနများ။ ~ကြော /ဖျုန်းကျော/ န– ဖြုန်းကျောက်များရှိရာ မြေကြော။ ~ စပ်ကျို /ဖျုန်းဇပ်ကျို/ ကြိ–ညံ့သောဆန်၊ အသား၊ အသီး အရွက် စသည်ကို ရောစပ်ကျိုချက်သည်၊

ဖြူ၊ကြိ–မှုသည်။ ကြောက်သည်။

ဖွ၊ကြိ–၁၊ပွရှုစေသည်။ ၂၊ရှုပ်ပွေစေသည်။

ဖွာ[၁]၊ကြိ–စုစည်းခြင်းမရှိ၊ ကွဲဖြာထွက်သည်။ နဝိ– အပြောအဆို၊ အသုံးအစွဲစသည် မကျစ်လျစ်သော။ ~ဆန်ကြဲ/ဖွာစန်ကျဲ/ ~လန်ကြဲ၊ ကြိဝိ–ဖရိုဖရဲ ကွဲဖြာလျက်။ ~လောင်၊ ကြိဝိ– အသံ ကျယ်လောင် ကျယ်လောင်ဖြင့်။

ဖွာ[၂]၊ကြိ–ဆေးလိပ်စသည်၏ အခိုးကို ခံတွင်းဖြင့် စုပ်ထုတ်သည်၊ စည်း–ဆေးလိပ်စသည် ဖွာသည့် အကြိမ်ကို ရေတွက်ရာ၌ သုံးသော စကားလုံး။

ဖွား[၁]၊ကြိ–၁၊မိခင်ဝမ်းမှ သားသမီးကို မွေးထုတ်သည်၊ ၂၊မိမယ်ဝမ်းမှ မွေးလာသည်။ ~စာရင်း/ဖွားဇယင်း/ န–မွေးစာရင်း။ ~ဖက်/ ဖွားဗက်/န–၁၊တစ်ဝံ့တစ်ဦး နှင့် တစ်ချိန်တည်း အပြိုင်ဖွားမြင်ယူ။ ၂၊ယောကျ်ား အင်္ဂါ။ ၃၊ငုတ်ပင်။ ~မြင်၊ကြိ–မျက်နှာမြင်သည်၊ မွေးဖွားသည်။

ဖွား[၂]၊နဝိ–စုစည်းသိပ်သည်းခြင်းမရှိ၊ ဖွာသော။

ဖွားသီလ၊န–သီလရှင်။

ဖွားအေ၊န–ဘွားအေရှ။

ဖွေနှည်၊ကြိ–[ရှေး] အနံ့ရှာသည်။

ဖွေး၊နဝိ–၁၊အလွန်ဖြူသော။ ၂၊[ဥပစာ] အလွန်များပြား သော။ ~ဖွေးလှုပ်/ဖွေးဗွေးလှုတ်/ကြိ–အလွန် များပြားသည်။

ဖွဲ၊နဝိ–သေးနုပ်သော။ ကြိ– (မိုး၊ နှင်း) အမှုန်အမွှား အစက်အပေါက်ငယ်အဖြစ်ကျသည်။ န–၁၊စပါးခွံ။ ၂၊ဆန်ကဲ့ အပေါ်မြေး။ ၃၊[ဗန်း] အသုံးမကျ ညံ့ဖျင်းသောသူ၊ အရော။ ~ကြမ်း /ဖွဲဂျန်း/န– စပါးခွံ။ ~နု န–ဆန်စေ့အပေါ် မြေးမှ ဖြစ်သော အမှုန့်။ ~ပြာ /ဖွဲဗျာ/န–ဖွဲကြမ်းမီးကျွမ်း၍ ဖြစ်သော အရာ။

ဖွဲ့၊ကြိ ၁၊စည်းနှောင်သည်။ ပေါင်းစည်းသည်။ ၂၊

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

(အသင်း၊အဖွဲ့) တည်ထောင်သည်၊ ၃၊ကိန်းဂဏန်း တစ်ခုကို အသွင်ပြောင်းလဲ ဖော်ပြသည်။ "ပေကို လက်မ~ပါ။" ၄၊စီကုံးသည်။ ဖွဲ့ဆိုသည်။ "ကဗျာ ~။" ~ကြိုး/ဖွဲ့ကျိုး/န-၁၊ကောက်လှိုင်းစည်းရန် ကောက်ပင်များကို ရစ်လိမ်ထားသောကြိုး။ ၂၊နွား လည်ပင်းကို ပတ်၍ ထမ်းပိုးကျည်းတွင် စွပ်ချည် သောကြိုး။ ၃၊စောင်းကြိုး အလျော့အတင်း ပြုလုပ် နိုင်ရန် စောင်းလက်ရုံးတွင် ချည်ပတ်ထားသော ကြိုး။ ~စည်း၊ကြိ ၁၊စည်းနှောင်သည်။ ပေါင်းစု သည်။ ၂၊ကျစ်လျစ်စေးကပ်စေသည်။ ၃၊(အသင်း အဖွဲ့)စည်းရုံးတည်ထောင်သည်။ ~နွဲ့၊ကြိ-၁၊(ကဗျာ လင်္ကာ)စပ်ဟပ်သီကုံးသည်။ ၂၊ဘန်ဆာဆင်၍ ပြောသည်၊ ရေးသည်။

ဖွံ့၊နဝိ-ပြည့်ဖြိုးသော။ **~ဖြိုး**၊နဝိ-စည်ပင်တိုးပွားသော။ ပြည့်ဖြိုးသော။

ဖွင့်၊ကြိ-၁၊ပိတ်ဆို့ထားဆီးနေသည့်အရာများကို ပွင့်စေ သည်။ ၂၊ပြုပွဲသည်ကို စတင်ဆောင်ရွက် ခွင့်ပေး သည်၊ ၃၊အနက်ဖော်သည်။ **~ချ**၊ကြိ-မျိုသိပ်မထားဘဲ ထုတ်ဖော်သည်။ **~ဆို**၊ကြိ-အနက်ဆုတ်ဖော် ရှင်း လင်းသည်။ **~လှစ်**၊ကြိ ၁၊အဖုံးအအုပ်အကာကို လှပ်သည်။ ၂၊ထုတ်ဖော်ရှင်းလင်း ပြသည်။ ၃၊အခမ်း အနား၊ ပြပွဲ စသည်ကို စတင် ဆောင်ရွက်ခွင့် ပေးသည်။ **~ဟ**၊ကြိ-ထုတ်ဖော် ပြောဆိုသည်။

ဖွတ်၊န-မိကျောင်းနှင့်ဆင်ဆင်တူပြီး အရောင်မွဲသည့် မြေတွင်းအောင်း သတ္တဝါ။ **~ကျား**၊န-၁၊အရောင် ပြောက်ကျားရှိသော ဖွတ်တစ်မျိုး။ ၂၊(ဥပစာ) အသုံးမကျ အရာမဝင်သူ။ **~ချေးမြေ**/ဖွတ်ချီးမြေ/ န-သဲကျောက် ပေါများ၍ စိုက်ပျိုးရန် မကောင်း သော မြေ။ **~တက်**၊ကြိ-[ဥပစာ] အလွန်ဆင်းရဲ မွဲတေသည်။ **~ဖွတ်ကြေ**၊ကြိ-ကြေမွပျက်စီးသည်။ **~မြီး**/ဖွတ်မီး/န-သုံးပင်ကို တစ်ပင်နှင့်တစ်ပင် လိမ်ယှက်ပြီး ကျစ်ထားသော ပုံ။ **~သိုနား**၊ န-၁၊ ဆောင်းဖြီးနား။ ဖွတ်စအိုနား။ ၂၊ခြေဖဝါး၌ အသား ငုတ်ထွက်သော အနာ။ **~ဥကျည်**/ဖွတ်အုကျီ/န- ကုန်းမြင့်ဒေသတွင် တွေ့ရသော ဖွတ်သတ္တဝါ တစ်မျိုး၊

ဖွန်း၊န-တိဗက်မြန်မာအုပ်စုဝင် ဘာသာစကား တစ်မျိုး ကို ပြောသော မြန်မာတိုင်းရင်းသား တစ်မျိုး။ (ဗန်းမော် အထက်ဘက်ဒေသတွင် နေထိုင်သည်၊)

ဖွပ်/ဖွတ်/ကြိ-၁၊အဝတ်လျှော်သည်။ ၂၊(ဆန်စသည်ကို) အမြွှေးစင်ကြယ်အောင် ထောင်းသည်။ ၃၊အရည် ရယူရန် ပျားကောင်များကို မီးခိုးတိုက်၍ ဖယ်ရှင်း သည်။ **~နယား**/ဖွတ်နယား/န-အရွက်ရှည်၍ ကျော ဘက်တွင် ကြမ်းရှသော မြက်တစ်မျိုး၊

ဖွယ်[၁]၊နဝိ-မခေးမကပ်သော။

ဖွယ်[၂]၊စည်း-ကြိယာကို နာမ်ပုဒ်အဖြစ် ဖန်တီးရာတွင် တွဲဆက်သော စကားလုံး။ "စား~။ သောက်~။" **~ဖွယ်ရာရာ**/ဖွယ်ဗွယ်ယာယာ/ကြိဝိ-နှစ်သက်ဖွယ် စုံလင်များပြားစွာ၊ **~ရာ**၊ နဝိ-လျောက်ပတ်သော။ သင့်တင့်သော။ သင့်တော်သော။

ဗ

ဗ၊န-ဗျည်းသုံးဆယ့်သုံးလုံးတွင် နှစ်ဆယ့်သုံးလုံးမြောက် ဗျည်း။ (ဗထက်ခြိုက်ဟုခေါ်သည်။) **~ထက်ခြိုက် သေနတ်**/ဗ့ထက်ချိုက်သနတ်/ န- မောင်းတံ အကောက်၌ ကျည်ထိုးသွင်းနိုင်ရန် မြောင်းပါသော သေနတ်။

ဗမာ၊ န-တိဗက်မြန်မာ အုပ်စုဝင် ဘာသာစကား တစ်မျိုးကို ပြောသော မြန်မာတိုင်းရင်းသား တစ်မျိုး။

ဗယာကြော်/ဗယာကျော်/န-ကုလားပဲစသည်ကို ရေစိမ် ၍ ထောင်းပြီး ကြော်ထားသော အကြော်တစ်မျိုး။ [ဟိန္ဒီ၊ဗရာ+မြန်၊ကြော်]

ဗယားအိတ်/န-[ရှေး] လွယ်ရသော အလျားရှည် အိတ်ကြီး။

ဗယောက်ဗယက်၊ကြိဝိ-ဂနာမငြိမ်ဖြစ်လျက်၊

ဗရချာ/ဗရချာ/ကြိဝိ-နံချာညံ့ဖျင်းလျက်။ အစုတ်စုတ် အပြတ်ပြတ်ဖြစ်လျက်။

ဗရပွစ်/ဗရပေါ့စ်/ကြိဝိ-ရောယှက်ပွက်ခဲလျက်။ ထုထပ် များပြားလျက်၊

ဗရပွ/ဗရဗွ/ကြိဝိ-ရှုပ်ပွလျက်။

ဗရပွေ/ဗရဗွေ/ကြိဝိ-ရောနှောရှုပ်ထွေးလျက်။

ဗရပြွတ်/ဗရဗျွတ်/ကြိဝိ-ရှုပ်ထွေးပြွတ်သိပ်လျက်၊

ဗရုတ်၊န-[အပြော]ရှုပ်ပွေသူ။ **~ကျ**၊ကြိ-[အပြော] စည်းမရှိ ကမ်းမရှိ ရှုပ်ပွေသည်။ **~ဗရက်**၊ ကြိဝိ-ရှုပ်ရှုပ်ယှက်ယှက် ရှုပ်ထွေးလျက်။ **~သုတ်ခ**၊ကြိဝိ- ရှုပ်ရှုပ်ထွေးထွေး။

ဗရန်းသုန်းကား/ဗယုန်းသုန်းဂါး/ကြိဝိ-ဆံပင်လှုပ်ရှား ရှုပ်ထွေးလျက်။ ဝရန်းသုန်းကား၊

ဗရွတ်ရွတ်တ၊န-အပြောင်အပြက်စကား။

ဗလ၊န-ခွန်အား၊ [ပါ၊ဗလ] **~ငါးတန်**/ဗလာ့ငါးဒန်/ န-၁၊ ကာယဗလ-ကာယအား ၂၊ ဉာဏဗလ-ဉာဏ်အား ၃၊ဘောဂဗလ-ပစ္စည်းအား ၄၊စာရိတ္တဗလ-ကိုယ်ကျင့်အား ၅၊မိတ္တဗလ-မိတ်ဆွေအား ဟူသော အားငါးပါး။

ဗလဝါမုခ၊န-အဝကျယ်သော ဝဲကြီး။ [ပါ၊ဗလဝါမုခ]

ဗလာ၊န-ဘာမျှမရှိခြင်း။ **~ကျင်း**၊ကြိ-အဖုံးအအုပ် မရှိ ဖြစ်သည်၊ **~စာအုပ်**၊န-စာရွက်လွတ်များကို ချုပ်ထားသည့် စာအုပ်။ **~ဆိုင်း**၊န-အကြီးအမှုတ်

http://www.lknt11.com

ချည်းသက်သက် အသားပေး ဖြေဖျော်သော ဆိုင်းအဖွဲ့။ **~ထဘီ**/ဗလာထမိန်/န–အချိတ်ဆင် မဟုတ်သော ထဘီ။ **~ပုဆိုး**/ဗလာပဆိုး/န–အချိတ်ဆင် မဟုတ်သော ပုဆိုး။ **~ပွဲ**/ဗလာပွဲ/ န–အခကြေးငွေ မပေးရဘဲကြည့်နိုင်သည့်ပွဲ။ ကြည့်ချင်ပွဲ။ **~မဲ**၊န–ဆုမပါသော မဲ။

ဗလီ၊ န– ကျွေးမွေးပေးကမ်း ပူဇော်မှု။ [ပါ၊ဗလိ] **~နတ်စာ**၊န–နတ်ပူဇော်ရန် စားဖွယ်။

ဗလီ[၂]၊န– ဗလီ နှင့်အတူတူ။ [သ၊ ဂေါလီ] **~ကွက်** /ဗလီ ဂွက်/န–ဂေါက်သီးကစားရာတွင် ဘောလုံးကို ကျင်းစိမ်နိုင်ရန် ပြုပြင်ထားသော အကွက်။

ဗလီ[၃] န– မွတ်စလင်ဘာသာဝင်တို့ ဝတ်ပြုသည့် အဆောက်အအုံ။ [ဟိန္ဒီ၊ပလ္လီ]

ဗလက္ကာရပြု/ဗလက်ကာယာ့ပျု/ကြိ–အမျိုးသမီးကို ကာယိန္ဒြေ ထိခိုက်အောင် အနိုင်အထက် ပြုသည်။ [ပါ၊ဗလက္ကာရ+မြန်၊ပြု]

ဗလောင်ဆူ၊ကြိ–၁၊အလွန်ဆူညံသည်။ ၂၊အလွန်ပူပန်သောကရောက်သည်။

ဗလောင်ဆန်၊ကြိ–ဖြောင်းဆန်သည်။

ဗလောင်းဗလဲ၊ကြိဝိ–တစ်သမတ်တည်းမဟုတ် အမျိုးမျိုးပြောင်းလဲလျက် (ပြုမူပြောဆိုသည်)။

ဗလန်း၊န–ဖြန်းသန်းပြောသော စကား။

ဗလုံ၊န–ရေပွက်ငယ်။ ရေပူဖောင်း။

ဗလုံးဗထွေး၊ကြိဝိ–ကွဲကွဲပြားပြားမရှိ ရှုပ်ထွေးလျက်။

ဗဝန်း၊န–ရေတက်၌ ပါလာသော ငါးများ ရေကျသောအခါ တင်ကျန်နေရန် ဝါးခြမ်းထရံဖြင့် ဝင်းခတ်ထားသော ငါးဖမ်းကိရိယာတစ်မျိုး။

ဗဟုဂံ၊န–လေးခုထက်ပိုသော အနား၊ ထောင့်များပါရှိသည့် ပုံ။ [ပါ၊ဗဟု+ကောဏ]

ဗဟုဝုစ်၊န–အများပြကိန်း။ [ပါ၊ဗဟုဝစန]

ဗဟုသုတ၊န–များပြားသော အကြားအမြင် အတွေ့အကြုံ။ [ပါ၊ဗဟုသုတ]

ဗဟို၊န–၁၊အလယ်။ ၂၊အချက်အချာ။ **~ချက်**/ဗဟိုဂျက်/န–အလယ်တည့်တည့်ဖြစ်သော နေရာ။

ဗဟိဒ္ဓ/ဗဟိတ်ဒ/န–ပြင်ပ။ [ပါ၊ဗဟိဒ္ဓ]

ဗဟန်း၊ န–ကန့်နှင့် သံ အများဆုံးပါသော ကျောက်တစ်မျိုး။

ဗာဂျီးနီးယားဆေး၊ န– (အမေရိကန်ပြည်ထောင်စု၊ ဗာဂျီးနီးယား ပြည်နယ်တွင် စတင်စိုက်ပျိုးသော) စီးကရက် ဆေးစာ၊ ဆေးတံသောက်ဆေး စသည် ထုတ်လုပ်ရသော ဆေးပင်။ [လိပ်၊Virginia+မြန်၊ဆေး]

ဗာဒံ၊န–အကိုင်းအခက် ဘေးပတ်လည်တည့်တည့် ဖြာထွက်သည့် အစေ့ဆန်ကို စားရသော ရွက်ကြွေပင်စောက် တစ်မျိုး။ [သ၊ ဝါတမ္မ]

ဗာရာ[၂]၊န–[ထောင်] ထောင်မှူး၊ ထောင်ပိုင် စသည်တို့၏ ကောက်ကိုမည်ရ ဗာဟိရကိစ္စများကို ထောင်အတွင်း၌ ဆောင်ရွက်ပေးရသော ထောင်ကျအကျဉ်းသား။ [?]

ဗာရာ[၃]၊န–ပဆစ်ပစ်ရာတွင် ခကြွေစေ့ ခြောက်စေ့လုံး ပက်လက်ကျခြင်း။ [ဟိန္ဒီ၊ဗာရာ]

ဗာရာဏသီ၊န–မဇ္ဈိမဒေသ ကာသိတိုင်း၏ မြို့တော်။ [ပါ၊ဗာရာဏသီ] **~ရှဲ့**၊ကြိ–[ဥပစာ]ရှဲ့ထွင်ပြောဆိုပြုမူသည်။

ဗာလ၊န–လူမိုက်။[ပါ၊ဗာလ]

ဗာလချောင်၊န–စိမ်းစားငါးပိကို ပုစွန်ခြောက်၊ ငရုတ်၊ ကြက်သွန်တို့အပြင် မန်ကျည်းသီး မှည့်ရည်အနည်းငယ် ဖျန်း၍ ကြော်ထားသော စားဖွယ်။ [မလေး၊belachan]

ဗာလည်ကွေး/ဗာလီငွေး/န–ရှေးခေတ် စစ်ဝတ်အင်္ကျီတွင် လည်တစ်ဝိုက်ကို လုံခြုံရန် လုပ်ထားသော အဆင်တန်ဆာ။

ဗာဟိရကိစ္စ /ဗာဟီယာ့ကိတ်စ/ န– အမည်မတပ်သာသော ကိစ္စအထွေထွေ။ [ပါ၊ ဗာဟိရ+ကိစ္စ]

ဗာဟိရဝိထိ/ဗာဟီယာ့ဝိထိ/န– နေသွားလမ်းသုံးခု အနက် အပြင်လမ်း။ [ပါ၊ ဗာဟိရဝိထိ]

ဗိတာန်/ဗိတ်ဒန်/န–ဝိတာန်ရှု။ [ပါ၊ ဝိတာန]

ဗိမာန်/ဗိတ်မှန်/န–မွန်မြတ်သော အဆောက်အအုံ။ [ပါ၊ဝိမာန]

ဗိသုကာ၊န–ဆောက်လုပ်မှုဆိုင်ရာ ပညာ။ ဆောက်လုပ်မှုပညာ ဘတ်ကျွမ်းသူ။ [ပါ၊ဝိသုကမ္မ]

ဗီဇ၊န–၁၊မျိုးစေ့။ ၂၊မျိုးရိုး။ ၃၊ပင်ကိုစရိုက်။ ၄၊မိန်းမအင်္ဂါ။ [ပါ၊ဗီဇ]

ဗီနာ၊န–မြန်မာနာရီ ခြောက်ဆယ်ဗီတ် တစ်ဗီတ်မျှရှိသော အချိန်။ (နှစ်ဆယ့်လေးစက္ကန့်နှင့် ညီမျှသည်။) [သ၊ဝိကလာ]?

ဗီဓဝါ၊န–နမ်းကြတ်စေ့။ ယင်းအစေ့ချိန်ဝန်ရှိသော အလေး။ (စိန်ရတနာ ချိန်တွယ်ရာ၌ သုံးသည်။) [ဟိန္ဒီ၊ဗီသဝါ]

ဗီဇာ၊န–ပြည်ဝင်ခွင့်လက်မှတ်။ [လိပ်၊visa]

ဗီတာမင်၊န–ကိုယ်ခန္ဓာကျန်းမာစေသည့် သက်ဇောင်ဩဇာဓာတ်။ [လိပ်၊vitamin]

ဗီတိုအာဏာ၊န–တားဆီးပိတ်ပင်နိုင်ခွင့် အာဏာ။ [လိပ်၊veto+ပါ၊အာဏာ]

ဗီဒီယို၊နဝိ–ရုပ်မြင်သံကြားနှင့်ဆိုင်သော၊ "~တိပ်ခွေ။ ~ကင်မရာ။" [လိပ်၊video]

ဗီရို/ဗီဒို၊ဗိရို/န–အဆင့်များပါရှိသော ပစ္စည်း ထည့်သိုစရာ ပရိဘောဂတစ်မျိုး။ [ပြင်သစ်၊bureau]

http://www.lknt11.com ...

ဗီသွာ၊န-နမ်းကြတ်ပင်။ [ဟိန္ဒီ၊ဗီသဝါ]

ဗူလီနတ်စ၊န-ပစ္စည်းအသေးအဖွဲ့ရု။ တိုလီမိုလီ။

ဗူး၊န-ဘူး³ ရှု။

ဗူးမှုတ်၊ ကြိ-မွေးစကလေးငယ် နှုတ်ခမ်းစေ့၍ ဗူးဗူး ဟူသော အသံမြည်အောင် လေမှုတ်ထုတ်သည်။

ဗေဒ၊န-အသိပညာ။ [ပါ၊ ဝေဒ]

ဗေဒါ၊ န-ခရမ်းပြာအပွင့်များ ပွင့်သည့် ရေမျောပင် တစ်မျိုး။ **~ပေါက်**/ဗေဒါပေါက်/န-လှေကြီး များ၏ ဦးပိုင်း၊ ပဲ့ပိုင်းတို့တွင် ဖောက်ထားသော အပေါက်။

ဗေဒင်၊န-၁၊ဝေဒ၏ အစိတ်အပိုင်းဖြစ်သော ကျမ်း ခြောက်မျိုး။ ၂၊မွေးသက္ကရာဇ် စသည်ကို အခြေခံ၍ ကောင်းကျိုးဆိုးပြစ်ကို တွက်ချက် ဟောပြောသော ပညာ။ [ပါ၊ဝေဒင်]

ဗေလုံး၊န-ငှက်ဖျားရောဂါကြာရှည်ဖြစ်၍ ဝမ်းဗိုက် အတွင်း၌ သရက်ရွက်ကြီးခြင်း။

ဗော၊ န- ဗော်ယာနှင့် အတူတူ။ [လိပ်၊ buoy]

ဗောတံတား/ဗောဒါး/န-ဆိပ်ခံဗောနှင့် ကမ်းကို သွယ် ထားသော တံတား။

ဗောဓိညောင်၊န-ဂေါတမဘုရား ပွင့်တော်မူရာ ညောင် ပင်။ ယင်းညောင်ပင်မျိုး။ [ပါ၊ဗောဓိ+မြန်၊ညောင်]

ဗောဓိသတ်၊န-ဘုရားလောင်း။ [ပါ၊ဗောဓိသတ္တ]

ဗော့ခါး၊န-ရေစပ်တွင် ပေါက်သော မြက်မျိုးဝင် အပင်တစ်မျိုး။

ဗော်ယာ၊န-၁၊လှေ၊ သင်္ဘောကို မျောပါမသွားအောင် ကြိုးချည်ရသော ကျောက်ချထားသည့်အရာ။ ၂၊ရေတွင် ပေါလောပေါ်နေသည့် ရေကြောင်းပြ ပစ္စည်း။ [လိပ်၊buoy]

ဗို့အား၊န-လျှပ်စစ်အား ပမာဏ။ [လိပ်၊volt+မြန်၊ အား]

ဗက်တီးရီးယား/ဗက်တီးရီးယား/န-သာမန်မျက်စိဖြင့် မမြင်နိုင်သော အလွန်သေးငယ်သည့် သက်ရှိ။ (အချို့ အမျိုးအစားမှာ ရောဂါများကို ဖြစ်ပွား စေသည်။) [လိပ်၊bacteria]

ဗောက်¹၊န-၁၊ဦးခေါင်းအရေခွံတွင် ဖြစ်တတ်သည့် ယားနာတစ်မျိုး။ ၂၊ယင်းမှ ကွာမှဲ့သည့် အဖတ်။

ဗောက်²၊န-စားရသော အဝါရောင်သီးလုံးငယ်များ သီးသော အပင်ငယ်တစ်မျိုး။

ဗောက်ချေး၊န-အပွင့်ဝါသော၊ အသီးဗိုင်းတွင် အကန့် များစွာပါသော ဆေးဖက်ဝင် အပင်ငယ်တစ်မျိုး။

ဗောက်လောက်ညို၊န-အပွင့်သေး၍ဖြူကာ အခက် အလက် ကောက်ကွေးပြီး ပဋ္ဌါးပါးဆေးဖက်ဝင် သည့် အပင်ငယ် တစ်မျိုး။

ဗိုက်၊န-၁၊နွားကိုယ်၏ ဝမ်း။ ၂၊သန္ဓေ။ ကိုယ်ဝန်။ **~ကြီး**၊ကြိ-[ရိုင်း]ကိုယ်ဝန်ရှိသည်။ **~သူနီး**/ဗိုက် သနီး/န-မည်မျှပင် စားသော်လည်း ရှုထွက်မို့ ခေါက်ခြင်းမရှိသော ဗိုက်မျိုး။

ဗင်သား/ဗင်သွား/န-ဆည်မြောင်းတွင် ရေအသွင်း အထုတ် လုပ်ရသူ။

ဗောင်းတော်/ဗောင်းဒေါ်/န-ဘုရင်၊ နတ်စသည်တို့၏ ခေါင်းပေါင်းတစ်မျိုး။

ဗောင်းထုပ်/ဗောင်းဒုတ်/န-အထပ်ထပ် ရစ်ပတ်ထား သော ခေါင်းပေါင်းတစ်မျိုး။

ဗိုင်း၊န-၁၊ဝါဂွမ်း။ ၂၊ဖတ်ပြီးသားဝါကို တစ်ညီခြန့် အတောင့်ပြုလုပ်ထားသော ဂွမ်းလိပ်။ ဗိုင်းတောင့်။ **~ကောင်းကျောက်ဖိ**/ဗိုင်းဂေါင်းကျောက်ဖိ/ကြိဝိ- [ဥပစာ] ဖိပြားလိမ္မာစွာ။ **~ငင်**/ကြိ-ဗိုင်းတောင့်မှ ချည်ဖြစ်အောင် ဆွဲငင်သည်။ **~တာ**၊န-မြန်မာမင်း များလက်ထက် ဆိမ်းထွန်းညှိရန် ဗိုင်းတောင့် ပြင်ဆင်ပေးရသော အမှုထမ်း။ **~တာမ**၊န- အမျိုးသမီးကို နှိမ့်ချဆဲဆိုသော စကား။ **~လိပ်တံ**၊ န-ဝါကိုဖတ်ပြီး ဗိုင်းတောင့်ဖြစ်အောင် လိပ်သော တုတ်တံ။

ဗိုင်းဗိုင်းလဲ၊ ကြိ- မတ်မတ်အနေအထားမှ ပစ်လဲ ကျသည်။

ဗုဒ္ဓ၊န-သစ္စာလေးပါးကို မဖောက်မပြန် အလိုလိုသိတော် မူသော မြတ်စွာဘုရား။ [ပါ၊ဗုဒ္ဓ] **~နေ့**/ဗုဒ်ဒါ့နေ့/ န- သိဒ္ဓတ္ထမင်းသား မြတ်စွာဘုရား အဖြစ်သို့ ရောက်တော်မူသော ကဆုန်လပြည့်နေ့။ **~ဘာသာ** /ဗုဒ်ဒါ့ဗာသာ/န-၁၊မြတ်စွာဘုရား ဟောကြား တော်မူခဲ့သော အဆုံးအမတရားတော်။ ၂၊ယင်း တရားတော်ကို ယုံကြည်သူ။ **~ဝင်**၊ န-မြတ်စွာ ဘုရား၏ ဘဝဖြစ်တော်စဉ်။ [ပါ၊ဗုဒ္ဓဝံသ] **~သရဏပင်**/ဗုဒ်ဒါ့သရနာ့ဗင်/န-အရွက်ဖားဖား၊ အပွင့်အရောင် အမျိုးမျိုးရှိ ပန်းပင်တစ်မျိုး။ [ပါ၊ဗုဒ္ဓသရဏ+မြန်၊ အပင်]

ဗုဒ္ဓဟူး၊န-၁၊နေ့ခုနစ်နေ့တွင် စတုတ္ထနေ့။ ၂၊[ဗေဒင်] ဂြိုဟ်ကြီးကိုးလုံးတွင် စတုတ္ထဂြိုဟ်။ ၃၊[သိပ္ပံ] ဂြိုဟ်ကြီး ကိုးလုံးတွင် နေနှင့်အနီးဆုံးဂြိုဟ်။ [သာမုဒ] **~ဆောင့်**/ဗုတ်ဒဟူးခေါင့်/န-တောင်ဘက်အရပ်။

ဗန်တို၊န-လက်ဖြင့်သာ ခုခံကာကွယ်သည့် ကိုယ်ခံ ပညာ။ [?]

ဗန္ဓတ်၊န-လူမျိုးကွဲနှစ်ဦးမှ မွေးဖွားသော သားသမီး။ [ပါ၊ဗန္ဓု]

ဗန်ရှည်၊န-လက်နက်ဖြင့် ခုခံကာကွယ်သည့် ကိုယ်ခံ ပညာ။ [?]

ဗန်လတ်၊န-ဖဲနှစ်ချပ်မှ ငါးချပ်အတွင်း ရယူနိုင်၍ ဖဲပွင့် အားလုံးပေါင်း ၁၆ပေါက်မှ ၂၁ပေါက်အတွင်း

မာတိကာသို့ ►►►

ဖဲပွင့်ချင်း ယှဉ်ပြိုင်ကစားသော ဖဲကစားနည်း။ [ပြင်သစ်၊ vingt(et-)un]

ဗန်း၊န–နှီးစသည်ဖြင့် ရက်လုပ်ထားသော အောက်တိမ်၍ ပြန့်သည့် ထည့်စရာ။ **~စကား**/ဗန်းဇဂါး/န–အချင်းချင်း နားလည်အောင် မပြောဆိုသုံးနှုန်းရာမှ အသုံးကျယ်ပြန့်လာသည့် ဝေါပင်စကား။ **~တင်**ကြိ–[ဥပစာ]အမွှမ်းတင်သည်။ **~ပြ**ကြိ–[ဥပစာ] ကောင်းသောအရာကို အများမြင်သာအောင် အလေးထား ပြသသည်။

ဗိန္ဒု၊န–၁၊အစက်အပေါက်၊ ၂၊သေးသေးတင်၊ ၃၊အနည်းအကျဉ်း။ [ပါ၊ဗိန္ဒု]

ဗိန္ဒော/ဗိန်းဒေါ်/န–သစ်ရွက်၊ သစ်ဖု စသည်တို့ဖြင့် ဖော်စပ်ကုသသော ဆေးပညာ။ [သ၊ဝေ န္ဒ/ဝေဇ္ဇော/ ဝိဇ္ဇော]

ဗိန်းမောင်း၊န–ဓာတ်သဘင်စသည်တွင် တိုက်ခိုက် ယိုးမှယ်မန်းများ၌ တီးလေ့ရှိသည့် နောက်ခံတီးလုံး။

ဗုန်းကြိ–[ဗန်း]မသိမသာ ကဲ့ဝှက်ယူထားသည်။ ခိုးယူသည်။

ဗုံ၊န– ၁၊အခေါင်းထွင်းထားသော သစ်သားလုံး၏ ထိပ်နှစ်ဖက်တွင် သားရေပါးကြက်ထားသော တီးစရာ တူရိယာ။ ၂၊ဗုံသဏ္ဌာန် ငါးဖမ်းမြှုံးတစ်မျိုး။ **~ကြီးသံ**/ဗုန်ဂျီးသုန်/န–[ဂီတ] ဗုံကြီးနှင့် တွဲဖက် တီးရသော တေးသွား။ **~ထောက်သံ**/ဗုန်ဒေါက် သန်/ န– [ဂီတ] ဒိုးပတ်နှင့် တွဲဖက်တီးရသော တေးသွားတစ်မျိုး။ **~မဟုတ်ပတ်မဟုတ်**၊ န– မည်သို့မျှ အရာမဝင်သောအရာ၊ သူ။ **~မဲဇာ**၊ န– အနှစ်ညို၍ အသားပျော့သော အိမ်သုံးပရိဘောဂ လုပ်ရသည့် သစ်ပင်ကြီး။ **~လုံ**၊ န–အခင်တပ် ထားသော မြှုံးတစ်မျိုး။ **~သာ** /ဗုန်သာ/န–ရှေး မင်းခမ်းမင်းနားတွင် ထည့်တီးလေ့ရှိသော ဗုံငယ်။

ဗုံး န– ပြင်းထန်စွာပေါက်ကွဲပြီး ပျက်စီးစေသော ယမ်းစသည် ထည့်ထားသည့် လက်နက်တစ်မျိုး။ [လိပ်၊bomb]

ဗုံးပေါလအော/ဗုန်းဗောလအော/ကြိဝိ–ပေါများစွာ။

ဗိုလ်၊န–၁၊ဘပ်မတော်တွင် အရာရှိအဆင့်ရာထူး။ ၂၊အစုအဖွဲ့တစ်ခု၏ ခေါင်းဆောင်။ ၃၊အများတွင် သာလွန် ထက်မြက်သူ။ [ပါ၊ဗလ] **~ကာ**၊န– အနောက်နိုင်ငံသားများ ညှပ်လေ့ရှိသော ဆံပင်ပုံ တစ်မျိုး။ [ပါ၊ဗလ+ကောသ] **~ကိတ်**၊န–အနော့ဝါ၍ ဆိမ့်သော ပဲတစ်မျိုး။ **~ကျ**ကြိ–(သူတစ်ပါးအပေါ်) နိုင်လိုမင်းထက် ပြုမူသည်။ **~ကြီး**/ဗိုဂျီး/န– တပ်မတော်၌ ဗိုလ်အထက် ဗိုလ်မှူး၏ အောက် ဖြစ်သောရာထူး။ **~ချုပ်**/ဗိုဂျုတ်/န–တပ်မတော် တွင် ဗိုလ်မှူးချုပ်အထက် ဒုတိယ ဗိုလ်ချုပ်ကြီး၏ အောက်ဖြစ်သော ရာထူး။ **~ချုပ်ကြီး** /–ကျီး/ န တပ်မတော် ကြည်း ရေ လေတွင် ဒုတိယ ဗိုလ်ချုပ်ကြီးအထက် ဗိုလ်ချုပ်မှူးကြီးအောက် ဖြစ်သော ရာထူး။ **~ချုပ်မှူးကြီး**/–မှူးဂျီး/န– တပ်မတော် ကြည်း ရေ လေတွင် ဗိုလ်ချုပ်ကြီး အထက်ဖြစ်သော အမြင့်ဆုံးရာထူး။ **~ခြေ**/ဗိုဂျေ/ န–စစ်သည်အင်အား။ **~စားပဲ**/ဗိုဇားပဲ/န–အသီး တောင့် ထူပွနူးသွဲ့သော ပဲတစ်မျိုး။ **~စွဲ**ကြိ– ယှဉ်ပြိုင်သူများအနက် အထူးချွန်ဆုံးအဆင့်ကို ရရှိသည်။ **~တဲ**/ဗိုဒဲ/န–နယ်လှည့်အစိုးရ အမှုထမ်း များ တည်းခိုရာ ရိပ်သာ။ ~ပါ/ဗိုဗာ/န–၁၊စစ်သည် တပ်သား။ ၂၊လူအများ။ **~ပုံ**/ဗိုဗုန်/န–လူသူ အစုအဝေး၊ **~မှူး**၊န–တပ်မတော်တွင် ဗိုလ်ကြီး အထက် ဒုတိယဗိုလ်မှူးကြီးအောက် ဖြစ်သော ရာထူး။ **~မှူးကြီး**/ဗိုမှူးဂျီး/န–တပ်မတော်တွင် ဒုတိယ ဗိုလ်မှူးကြီးအထက် ဗိုလ်မှူးချုပ်အောက် ဖြစ်သော ရာထူး။ **~မှူးချုပ်**/ဗိုမှူးဂျုတ်/န– တပ်မတော်တွင် ဗိုလ်မှူးကြီးအထက် ဗိုလ်ချုပ်၏ အောက်ဖြစ်သော ရာထူး။ **~ရွှံ**/ဗိုယွှဂန်/န– မင်းစေရာစက သေနာပတိ စသည်တို့ကို ကြည့်ရှု စစ်ဆေးသော အခမ်းအနား။

ဗိဿနိုး/ဗိတ်သနိုး/န–ဟိန္ဒူနတ်ကြီးတစ်ပါး။ [သ၊ ဝိဿု]

ဗိုဟ်/ဗို/န–[ရှေး]တစ်ထယ်ကျပ်သား။ [သ၊ပလ]

ဗျ၊စည်း–ခင်ဗျ အစား အတိုသုံးသော စကား။

ဗျသနတရားငါးပါး/ဗျာသနတ္တယားငါးဗား/န– ပျက်စီးခြင်းတရားငါးပါး။ (၁၊ ဉာတိဗျသန– အဆွေအမျိုး ပျက်စီးခြင်း ၂၊ဘောဂဗျသန–စီးပွား ပျက်စီးခြင်း ၃၊ရောဂဗျသန–အနာရောဂါ နှိပ်စက်၍ ပျက်စီးခြင်း ၄၊သီလဗျသန–အကျင့်သီလပျက်စီး ခြင်း ၅၊ဒိဋ္ဌိဗျသန–မှန်ကန်သော အယူဝါဒပျက်စီး ခြင်း။) [ပါ၊ဗျသန+မြန်၊တရားငါးပါး]

ဗျာ၊စည်း–ခင်ဗျာအစား အတိုသုံးသော စကား။

ဗျာကရုဏ်းကျမ်း/ ဗျာကရန်းကျန်း/**ဗျာကရိုဏ်းကျမ်း** /ဗျာကရိုင်းကျန်း/န–၁၊သဒ္ဒါကျမ်း။ ၂၊ယာယီ ယတြာ အဟောကျမ်း။ [သ၊ ဝျာကရဏ+ မြန်၊ ကျမ်း]

ဗျာဒိတ်၊ န– ၁၊ မြတ်စွာဘုရားက နောင်ဖြစ်မည့် အကြောင်းနှင့် စပ်လျဉ်း၍ မိန့်မြွက်သည့်စကား။ ၂၊ဘုရင်စသည်တို့၏ အမိန့်အမှာစကား။ [သ၊ ဗျာဒိဂ]

ဗျာဓိ၊န–နာခြင်း။ အနာရောဂါဖြစ်ခြင်း။ [ပါ၊ဗျာဓိ]

ဗျာပါဆံ/ဗျာဗာဆန်/န–နားနောက်ရှိ ဆံပင်ကို တိုတို ဖြတ်၍ ဘေးသို့ ကားအောင် ပြုပြင်ထားသော

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

မိန်းကလေး ဆံပင်ပုံ။ [ပါ၊ဖျာပါရ+မြန်၊ဆံ]

ဖျာပါဒ/ဖျာဗာဒါ/န-သူတစ်ပါးအား ပျက်စီးစေလို သော စိတ်ထား။ [ပါ၊ဗျာပါဒ]

ဖျာပါရ/ဖျာဗာရာ/န-၁၊အားထုတ်မှု။ ၂၊ကြောင့်ကြမှု။ [ပါ၊ ဗျာပါရ]

ဖျာများ၊ကြိ-၁၊ကြောင့်ကြမှုများသည်။ ၂၊အလုပ်ရှုပ် သည်။ [ပါ၊ဗျာပါ+မြန်၊များ]

ဖျာသင့်၊ကြိ-စိုးရိမ်သောကရောက်သည်။ [ပါ၊ ဗျာပါ+ မြန်၊ သင့်]

ဖျား၊စည်း-၁၊(ယောကျ်ား) လူးသောစကား။ ၂၊အရိ အသေ ပြန်ပြောသော ယောကျ်ားအာလုပ်စကား။

ဖျူရို/ဗျူရို/န-လုပ်ငန်းဆောင်ရွက်သော အဖွဲ့။ [လိပ်၊ bureau] **~ကရေစီ**/ဗျူရိုကရေစီ/န-အဆင့်ဆင့် တင်းကျပ်စွာ ချုပ်ကိုင်ထားသော အုပ်ချုပ်ရေးစနစ်။ [လိပ်၊bureaucracy] **~ကရက်**/ဗျူရိုကရက်/ န-**ဗျူရိုကရေစီစနစ်အတိုင်း** လေ့နံ့ခံထား‌သ အုပ်ချုပ် တတ်သူ။ [လိပ်၊bureaucrat]

ဖျူဟာ၊ န- ၁၊ ခင်းကျင်းခြင်း။ ၂၊ ဗစ်ဆင်ခြင်း၊ ၃၊စစ်သည်မိုလ်ပါ။ [ပါ၊ဗျူဟ]

ဖျို၊စည်း-ယောကျ်ားလူးသောစကား၊

ဖျို့၊စည်း-ယောကျ်ားအာလုပ်စကား။ **~ရေးဖျာရေး**၊န- ရပ်ရွာထဲ၌ လိုက်လံဆော်ဩရသော ရပ်ရေးရွာရေး။

ဖျိုး၊စည်း-ယောကျ်ားလူးသောစကား။ **~ဟစ်**၊ကြိ- ဖျိုးဟူ၍ ဟစ်အော်ပြီး ရပ်ရွာကိစ္စကို လူအများ ကြားသိအောင် ကြေညာသည်၊

ဖျိုက်တော၊န သစ်ပင်ငယ်နှင့် ဆူးပင်များပေါက်သည့် နန်းမြေတောစပ်။

ဖျုဂ္ဂစရိယာ/ဗျက်ဂါ့စရိယာ/န-ကောင်းကင်ဂြိုဟ်သည် ရှေ့သွားမြဲ အစဉ်အတိုင်း မသွားဘဲ (ကျားသည် ခုန်ရန် နောက်သို့ဘုံ့၍ အားယူသကဲ့သို့) နောက် ရာသီခွင်သို့ ပြန်ဆုတ်ခြင်း။ [ပါ၊ဗျဂ္ဂ+စရိယ]

ဖျိုင်း၊န-ရေစပ်တွင် ကျက်စားလေ့ရှိသော နှုတ်သီးနှင့် ခြေတံရှည်သည့် အဖြူရောင်ငှက်တစ်မျိုး။ **~ငန်း**၊န- ကိုယ်ထည်ကြီး၍ လည်ဆံမွေးရှိသော ဖျိုင်းတစ်မျိုး။ **~တောင်**/ဖိုင်းဒေါင်/န-၁၊အသုဘတွင်သာ တီးရ သည့် စည်ငယ်တစ်မျိုး။ ၂၊ယင်းစည်ဖြင့်တီးသော တီးလုံး။ **~နမ်း**၊ **~အောက်**၊န-ကိုယ်ရောင်ညစ်ပုပ် သော ဖျိုင်းငယ်တစ်မျိုး။

ဖျစ်၊န-ဘီယာ။ [ပြင်သစ်၊ biere]

ဖျစ်တောက်ဖျစ်တောက်၊ကြိဝိ-တဘွတ်ဘွတ် မြည်ဟွန် တောက်တီးလျက်။

ဖျဥ္စတား/ဗျင်ဇတား/န-အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေဟူသော ဂြိုဟ်ငါးလုံး။ [သ၊ပဥ္စ+ ဗ၁၊ပျာ]

ဖျဥ္စနဗုဒ္ဓိ/ဗျင်ဇနာ့ဗုတ်ဒိ/န-သဒ္ဒါဆယ်ပါးနှင့်အတူတူ။ [ပါ၊ဗျဥ္စန+ဗုဒ္ဓိ]

ဖျည်း၊ န- သရနှင့်တွဲမှ အသံပြည့် ရွတ်ဆိုနိုင်သော အက္ခရာ။ [ပါ၊ဗျဥ္စန] **~ပေါက်**/ဗျီးဗောက်/န-နံ့၊ ပလွေတွင် အပေါ်ဘက်၌ ဖောက်ယားသော လက်နှိပ်ပေါက်။ (သရပေါက်လည်းရှု)

ဖျတ္တိ၊န-သတ္တိဖွမ်းအား ပေါ်လွင်ထင်ရှားမှု။ [ပါ၊ဗျတ္တိ]

ဖျပ်၊န-အနက်ရောက်ပါ သစ်သား သို့မဟုတ် သရိုးကိုင် နီးသား ဗန်းဘစ်မျိုး။ **~တောင်း**၊န-ပုပ်ပုံ၊ ဘူးသီးခြမ်း ပုံ စသည့် အိုးရှိသော တောင်းတစ်မျိုး၊ **~ပြည့်** /ဗျတ်ပျေ့/န-အသီးလုံးကြီး၍ အရသာမရှိလှသော ငှက်ပျော တစ်မျိုး။

ဖျုပ္ပတ်၊န ဝေါဟာရ ဖြစ်ပေါ်လာခြင်း၏ အကြောင်း ရင်း။ [ပါ၊ဗျုပ္ပတ္တိ]

ဖြာမ၊န-အပြာရောင်အမွေးရှိ နွားမ၊ ကြက်မစသည်။

ဖြူး၊န-ပင်လယ်ကမ်းစပ်၊ ဒီရေမရောက်ရာ ဒေသတို့၌ ပေါက်လေ့ရှိ၍ အခေါက်ကို ဆေးဆိုးရာတွင် သုံးရသော အပင်တစ်မျိုး။ **~မြေထောက်**/ဗျူးချိ ဒေါက်/န-အရွက်ဝါ၍ အပွင့်မွှေးသော ဆေးဖက်ဝင် အပင်တစ်မျိုး။ **~မိုင်းတောင့်**/ဗျူးမိုင်းဒေါင့်/န- အရွက်ရှည်၍ အပေါ်အနီရင့်ရောင်၊ အောက်နီညို ရောင်ရှိပြီး အပွင့်များ စုပြုံပွင့်တတ်သော ဆေးဖက် ဝင် အပင်တစ်မျိုး။

ဖြူးဒါး၊န-မုံလုံခါး။ [ဟိန္ဒီ၊ပရိချာ]

ဖြတိုက်/ဗျဲဒိုက်/န-၁၊လူပျိုတော်သားတို့ ခစားရသည့် အဆောင်။ ၂၊မြန်မာမင်းလက်ထက် အတွင်းဝန် လေးယောက် စသည်တို့ အမှုထမ်းရွက်ရာ ဖြစ်သော အတွင်းရုံး။ [မွန်၊ဗွာဲ+မြန်၊တိုက်]

ဖြော၊ န-၁၊နှစ်ဖက်ပိတ် စည်ဟစ်မျိုး။ ၂၊ဖြောကို အခြေခံ၍ အလှူအတန်းတို့တွင် တီးလေ့ရှိသည့် တီးလုံး။

ဖြို့ဟတ်၊န-နက္ခတ် ဗေဒင်ဆိုင်ရာ ကျမ်းကြီး တစ်စောင် ၏ အမည်။ [သ၊ဝဒ ဟတ်]

ဖြက်၊န-မျက်နှာပြင်အနံ။

ဖြောက်၊န-၁၊မီးရှို့လျှင် ပေါက်ကွဲ အသံမြည်စေရန် စီမံထားသော ယမ်းထုပ်။ ဖြောက်အိုး။ ၂၊[ဗန်း] ခြောက်လုံးပြူးသေနတ်။

ဖြောင်၊ ကြိဝိ-၁၊ မငဲ့ကွက်ဘဲ ပွင့်လင်းစွာ။ "~ ပြော-။" ၂၊လူမြင်သူမြင်။ ထင်ထင်ပေါ်ပေါ်။ "~လု-။" န-အကွယ်အပြောက် အမွမ်းအမံ မပါသောအရာ။ **~ကျ**၊ကြိ-(အပြောအဆိုအပြုအမူ) မကွယ်ပုက် ပွင့်လင်းသည်။ **~ကွမ်းသီး**/ဖျောင်ကွမ်း သီး/န- အမှည့်လွန် ကွမ်းသီးကို အခွံခွာထားသည့် ကွမ်းသီးလုံးချော။ **~တိုက်**၊ ကြိ- ဖြောင်ဖြောင်

မာတိကာသို့ ▸▸▸

တင်းတင်း ပြုမူပြောဆိုသည်။

မြောင်းဆန်၊ကြိ–ဖရိုဖရဲဖြစ်သည်။

ဗြိစ္ဆာ/ဗိုတ်ဆာ/န–ဆယ့်နှစ်ရာသီတွင် ကင်းမြီးကောက်ရုပ်ဖြင့် မှတ်အပ်သော အဋ္ဌမရာသီ။ [သ၊ဗ၁ ဝ္စိက]

ဗြတ်၊ န– မြန်မာပြည်အလယ်ပိုင်း၌ စိုက်ပျိုးသည့် မျိုးကောင်း ကောက်ကြီးစပါးတစ်မျိုး။

ဗြုတ်စဗျင်းတောင်း/ဗျုတ်စာ့ဗျင်းဒေါင်း/န–အမျိုးစုံရောနေသည့် အသေးအဖွဲပစ္စည်းစု။

ဗြုန်းစားကြီး/ဗျုန်းဇားဂျီး/ကြိဝိ–[အပြော] ရုတ်တရက်။ ချက်ချင်း။ မမျှော်လင့်ဘဲ။

ဗြုန်းစားဗြင်းစား/ဗျုန်းဇားဗျင်းဇား/ကြိဝိ–ရုတ်တရက်။ ချက်ချင်း။ ဗြုန်းချင်းဒိုင်းချင်း။ ဗြုန်းဗြင်းမနှောင်ဗြင်း။

ဗြုန်းဗြင်းဆန်ခတ်၊ကြိဝိ–ကမောက်ကမ ကစဉ့်ကလျား။

ဗြုန်းဗြုန်းဒိုင်းဒိုင်း၊ကြိဝိ–ရုတ်တရက် အလျင်အမြန်။

ဗြိုးမွေး၊န–ဆေးဖက်ဝင် တို့စရာအပင်ငယ် တစ်မျိုး။ (ရေမြင်းစွာ ဟုလည်း ခေါ်သည်။)[သ၊ဗြဟ္မီ]

ဗြဟ္မစရိယ /ဗျမာ့စရိယာ့/ န– မြတ်သောအကျင့်။ မေထုန်မှုမှ ရှောင်ကြဉ်သော အကျင့်။ [ပါ၊ဗြဟ္မစရိယ]

ဗြဟ္မစိုရ်တရား/ဗျမဇိုတယား/န–မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟူသော တရားမြတ် လေးပါး။ [ပါ၊ဗြဟ္မစရိယ+မြန်၊တရား]

ဗြဟ္မဒတ်/ဗျမဒတ်/န–ဗာရာဏသီပြည်ကို အစိုးရသော မင်း၏အမည်။ [ပါ၊ဗြဟ္မ+ဒတ္တ]

ဗြဟ္မဝိဟာရတရား /ဗျမာ့ဝိဟာရာ့တယား/ န–ဗြဟ္မစိုရ်တရားနှင့်အတူတူ။ [ပါ၊ဗြဟ္မဝိဟာရ+ မြန်၊တရား]

ဗြဟ္မာ/ဗျမာ်/န–၁၊နတ်ပြည်ခြောက်ထပ်၏အထက် မြင့်မြတ်သည့် ဘုံ၌ ဖြစ်သော ပုဂ္ဂိုလ်။ ၂၊ဟိန္ဒူ နတ်ကြီး တစ်ပါး။ [သ၊ဗြဟ္မာ]

ဗြာဟ္မဏ/ဗျမနာ့/န–၁၊မြင့်မြတ်သော အကျင့်ရှိသူ။ ၂၊အမျိုးလေးပါးတွင် တစ်ပါးအပါဖြစ်သော ပုဏ္ဏားမျိုး။ [သ၊ဗြာဟ္မဏ]

ဗြာဟ္မီအက္ခရာ/ဗရန်မီအက်ခယာ/န–အိန္ဒိယပြည်တွင် တွင်ကျယ်စွာ ရေးထိုးခဲ့သော ရှေးဟောင်းအက္ခရာ တစ်မျိုး။ (ယိုအက္ခရာမှ နာဂရီ၊ ဘင်္ဂါလီစသော အက္ခရာများ ပွားများလာသည်။) [သ၊ဗြာဟ္မီ+ပါ၊အက္ခရ]

ဗွီပီပီ၊န–လက်ခံရမည့်သူက တန်ဖိုးပေးပြီး ရွေးယူရသော ချောစာ၊ ချောထုပ်။ [လိပ်၊V.P.P(Value Payable Post)]

ဗွေ၊န–၁၊အလယ်အချက်အချာနေရာ။ ၂၊ခြေချောင်း၊ လက်ချောင်းများထိပ်ဘက်တွင် ခရုပတ်သဏ္ဌာန် ရစ်ခွေနေသော အရစ်ကြောင်း။ ၃၊ဦးခေါင်းတွင် ရစ်လည်၍ ပေါက်နေသော ဆံပင်စု။ ၄၊မြင်း၊ နွားစသည်တို့၏ ကိုယ်တွင် ရစ်လည်၍ ပေါက်နေသော အမွေးစု။ ၅၊(ကစားရာတွင်) ပထမအလှည့်။ **~ကောင်**/ဗွေဂေါင်/န–ဒုက္ခအခက်အခဲ ပန်တီးဖြစ်ပေါ်စေသူ။ **~ချာ** /ဗွေဂျာ/န–အချက်အချာနေရာ။ **~စာဖွင့်**/ဗွေဇာဖွင့်/ကြိ–ဦးစွာ ပထမစပါးနယ်သည်။ **~ဆော်ဦး** /ဗွေဇော်အူး/ ကြိဝိ–ပထမဦးစွာ။ ဦးဦးဖျားဖျား။ **~ဆိုင်ထိုး**/ဗွေဇိုင်ထိုး/ကြိ–ကောက်လှိုင်းများကို ဖြန့်ကာ ပတ်ချာလှည့်၍ စီသည်။ **~ဖောက်**၊ကြိ–မူလစိတ်ထား ပြောင်းလဲဖောက်ပြန်သည်။ **~ယူ**၊ကြိ–သည်းမခံဘဲအပြစ်ယူသည်။

ဗွက်၊ န– မြေပြင်တွင် ရေဝပ်သဖြင့် ဖြစ်ပေါ်သော မြေပျော့။

ဗွတ်ကလုံ၊န–နွတ်သီးရင်း၏ ပတ်လည်တွင် အမွေးနီပါ၍ ဗွတ်ဖင်နီနှင့် မျိုးရင်းတူသော ငှက်တစ်မျိုး။

ဗွတ်ကုလား/ဗွတ်ကလား/န–ထင်းရှူးတော၊ အင်တိုင်းတောများတွင် ကျက်စားလေ့ရှိသော အမောက်နှင့် အမြီးနက်သည့် ငှက်တစ်မျိုး။

ဗွတ်ဖင်နီ၊ န– အမွေးအတောင် ရောင်စုံပါရှိသော ငှက်ငယ် တစ်မျိုး။

ဘ

ဘ[၁]၊န–ဗျည်းသုံးဆယ့်သုံးလုံးတွင် နှစ်ဆယ့်လေးလုံးမြောက် ဗျည်း။ (ဘကုန်းဟု ခေါ်သည်။)

ဘ[၂]၊န–အဖေ။အဖ။ **~ကြီး**/ဘာ့ဂျီး/န–ဖခင်၏ အစ်ကို။ **~တစ်ပြန်ကျွားတစ်ပြန်**/ဘာ့ဒဖျန်ကျွားဒဖျန်/ကြိဝိ–[ဥပစာ] တစ်ယောက်တစ်ပြန်။ သူနိုင်ကိုယ်နိုင် အကြိတ်အနယ်။ **~ထွေး**/ဘာ့ဒွေး/န–ဖခင်၏ ညီ။ **~သားရော**/ဘာ့သားရော/န–ယောကျ်ားငယ်ကို ရည်ညွှန်းသော စကား။

ဘဂန္ဒိုလ်နာ/ဗဂန်ဒိုနာ/န–စအိုကွဲ၍ သွေးယိုသော ရောဂါ။ [ပါ၊ဘဂန္ဒလ+မြန်၊နာ]

ဘနန်း၊စည်း–လုနီးပါး။

ဘယဆေး/ဗယာ့ဆေး/န–ပရဆေးရှူ။ [ပါ၊အဘယ/သ၊ဖြဝျ+မြန်၊ဆေး]

ဘယာ၊န–ဘောရန်။ [ပါ၊ဘယ]

ဘယာနကရသ /ဗယာနကာ့ယာ့သာ့/ န– [စာပေ] ထိတ်လန့် ကြောက်ရွံ့မှုရသ။ [ပါ၊ဘယာနက+ရသ]

ဘယက်၊န–လည်ဆွဲတန်ဆာ တစ်မျိုး။

ဘရဏီ/ဗရနီ/န–ကြယ်သုံးလုံးပါဝင်၍ ခုံလောက်သဏ္ဌာန်ရှိသော နက္ခတ်။ [သ၊ဘရဏီ]

ဘရာစီယာ/ဗရာစီယာ/န–အမျိုးသမီးများဝတ်သည့် အတွင်းခံရင်စည်း။ [ပြင်သစ်၊ brassiere]

http://www.lknt11.com ...

ဘရင်ဂျီ၊န-ပေါ်တူဂီ စသော ဥရောပတိုက်သား မျက်နှာဖြူ လူမျိုး။ [ဟိန္ဒူ၊ farangi] **~နာ**၊ န-အဒို၊ အင်္ဂါအတ်တွင် တွင်းကလေးဖြစ်၍ ပေါက်တတ်သော အနာ။ ဂရင်ဂျီနာ။ ခွေးဂရင်ဂျီနာ။ ခွေးဘရင်ဂျီနာ။

ဘရိတ်/ဗရိတ်/န-စက်ယာဉ်အချို့တွင် အရှိန်ကို သတ်သည့် ကိရိယာ။ [လိပ်၊brake] **~အုပ်**/-အုတ်/ကြိ-၁၊ဘရိတ်ဖြင့် အရှိန်ကို သတ်သည်။ ၂၊(ဥပစာ) ပြောဆိုပြုလုပ်နေသည့် အရှိန်ကို ရုတ်တရက် ထိန်းချုပ်သည်။

ဘရန်ဒီ/ဗရန်ဒီ/န-စပျစ်ရည်စသည်မှ ချက်လုပ်သော နိုင်ငံခြား အရက်ပြင်းတစ်မျိုး။ [လိပ်၊brandy]

ဘလောက်၊န-ရိုက်နှိပ်ရန် ပုံဖော်ထားသော သတ္တုပြား စသည်။ [လိပ်၊block]

ဘဝ၊န-အဖြစ်။ ဖြစ်ခြင်း။ [ပါ၊ဘဝ] **~တူ**/ဗဝါ့တူ/န-အခြေအနေ အလုပ်အကိုင် စသည် တူညီသူ။ **~တုံး**/ဗဝါ့တုန်း/ကြိ-တိုးတက်မှု အလားအလာ လုံးဝ ကုန်ဆုံးသည်။ **~နာ**/ဗဝါ့နာ/ကြိ-ဘဝ၌ ဒုက္ခသုက္ခ အမျိုးမျိုး တွေ့ကြုံခံစားပြီး ဖြစ်သည်။ **~မေ့**/ဗဝါ့မေ့/ကြိ-မိမိ၏ မူလဘဝအခြေအနေကို သတိမရတော့ဘဲ စိတ်ကြီးဝင်သည်။

ဘဲ၊န-စုပ်ခွက်များပါသော လက်တံရှည် ရှစ်ခုပါသည့် ပင်လယ်သတ္တဝါ။ [?]

ဘဝဂ်/ဗဝက်/န-ဥဘုံတွင် အထက်ဆုံးဘုံ။ (နေဝသညာနာသညာယတနဘုံ။) [ပါ၊ဘဝဂ္ဂ]

ဘဝင်၊န-၁၊ဝီထိစိတ်အစဉ်နှစ်ခု၏ အကြားဖြစ်သော စိတ်အစဉ်။ ၂၊စိတ်နှလုံး။ [ပါ၊ဘဝင်္ဂ] **~ကိုင်**၊ကြိ-စိတ်ကြီးဝင်သည်။ မာနကြီးသည်။ **~ကျ**၊ကြိ-၁၊ဝီထိစိတ်အစဉ်ပြတ်၍ ဘဝင်စိတ်အစဉ်သို့ ရောက်သည်။ ၂၊ကျေနပ်သည်။ သဘောကျသည်။ **~မြင့်**၊ကြိ-မိမိကိုယ်ကို အထင်ကြီးသည်။ စိတ်ကြီးဝင်သည်။

ဘာ၊နစ-နာမ်တစ်ခုခုကို ရည်ညွှန်းသုံးသော စကားလုံး။ "~ရဲ့သလဲ" နဝိ-အမျိုးအမည် မကွဲပြားသော နာမ်ပုဒ်တစ်ခုခုကို ရည်ညွှန်းသော စကားလုံး။ "~ပစ္စည်းလဲ။"

ဘာဂျီ၊န-ဘီးလေးဘီးတပ် မြင်းရထား တစ်မျိုး။ [ဟိန္ဒီ၊ဗဂ္ဂီ]

ဘာဂျာ၊န-၁၊ပါးစပ်ဖြင့် မှုတ်ရသော သံစုံထွက် တူရိယာတစ်မျိုး။ ၂၊လက်နှိပ်လေဘုတ်များကို နှိပ်၍ သံစုံမြည်စေသော လေအိတ်ပါတူရိယာတစ်မျိုး။ [ဟိန္ဒီ၊ဗာဇာ]

ဘာဘူ၊န-အိန္ဒိယနိုင်ငံသား လူကြီးများကို ခေါ်သော အမည်။ [ဟိန္ဒီ၊ ဗာဗူ] **~ဖောင်**/ဘာဗူဖောင်/န-ပွမ်းဖောင်တစ်မျိုး။

ဘာလီ၊န-မုယောစပါးတစ်မျိုး။ [လိပ်၊barley]

ဘာဝ၊န-၁၊ပင်ကိုသဘော။ အဖြစ်။ ၂၊လိင်အင်္ဂါ။ ၃၊(စာပေ)စိတ်၌ ဖြစ်ပေါ်သော ခံစားမှုအတွေး။ [ပါ၊ဘာဝ]

ဘာဝနာ၊န-ကမ္မဋ္ဌာန်းပွားများခြင်း။ [ပါ၊ဘာဝနာ]

ဘာသာ/ဗာသာ/န-၁၊စကား။ ဘာသာစကား။ ၂၊ဓလေ့ထုံးစံ။ ၃၊ယုံကြည်ကိုးကွယ်သည့် အယူဝါဒ။ ဘာသာတရား။ ၄၊ပညာရပ်။ ဘာသာရပ်။ ကြိဝိ-အလိုအလျောက်။ [ပါ၊ဘာသာ] **~ပြန်**/-ပျန်/ကြိ-ဘာသာစကား တစ်ခုခုဖြင့် ရေးသားပြောဆိုချက်ကို အခြားဘာသာစကား တစ်ခုခုဖြင့် ပြောင်းလဲ ရေးသားပြောဆိုသည်။ /-ဗျန်/ ၁၊ ဘာသာပြန်ထားသော စာအုပ်စာပေ။ ၂၊ဘာသာပြန်သူ။ **~ဗေဒ**/-ဗေဒ/န-ဘာသာစကားကို စိစစ်လေ့လာသည့် ပညာရပ်။ **~ဘာဝ**/-ဗာဝ/ကြိဝိ-ပင်ကို စရိုက်အတိုင်း။ ပင်ကိုဓလေ့ အားလျော်စွာ။

ဘာသာလဝါ / ဗာသာလဝါ/ **ဘာသီဘာသာ**/ဗာသီဗာသာ/ ကြိဝိ-ပတ်ဝန်းကျင်ကို ဂရုမမူဘဲ။ သီးခြား။

ဘာသန္တရ /ဗာသန်ဒရ/ န- မိမိ ဘာသာစကားမှ တစ်ပါးသော ဘာသာစကား။ [ပါ၊ ဘာသန္တရ]

ဘား၊န-၁၊တန်း၊ သံကွင်းစသည်တို့၌ ကိုယ်ကို လွှဲမြှောက်ခုန်လွှားခြင်း၊ ကျွမ်းထိုးခြင်း စသည်ဖြင့် အမျိုးမျိုးလှုပ်ရှားပြသသည့် ကစားခုန်စားမှုမျိုး။ ၂၊အရက်ဆိုင်။ [လိပ်၊bar]

ဘီ[၁]၊န-၁၊ဖိစရာ ပစ္စည်းတစ်မျိုး။ ၂၊သားကောင်ဖမ်းသည့် ထောင်ချောက်တစ်မျိုး။ **~ကျုပ်**/ဗီဂျုတ်/န-၁၊ပုပျပ်သော အစ်တစ်မျိုး။ ၂၊နိမ့်ပျပ်သော အဖီဆောင်တစ်မျိုး။

ဘီ[၂]၊စည်း-ကြိယာ၏ အနက်ကို လေးနက်သေချာစေသော စကားလုံး။

ဘီလီယက်၊န-သက္ကလတ်ခင်း စားပွဲရှည်တွင် ဘောလုံးငယ်များတင်၍ ကျူတံဖြင့် ထိုးကစားသော ကစားနည်း။ [လိပ်၊billiards]

ဘီလစ်၊န-တရားရုံး ပစ္စည်းထိန်းစာရေး။ [လိပ်၊ bailiff]

ဘီလပ်၊န-ဗြိတိန်နိုင်ငံ။ [ဟိန္ဒူ၊ wilayat] **~မြေ**၊န-အင်္ဂတေဖျော်စပ်ရာတွင် ခွဲကပ်နိုင်မြဲစေရန် အသုံးပြုသည့် ကျောက်မှုန့်။ **~ရည်**/ဗိလတ်ယေ/န-ကာဗွန်ဒိုင်အောက်ဆိုက် ထည့်သွင်းစိမ်ထားသော အချိုရည်တစ်မျိုး။

ဘီသိက်/ဗိတ်သိတ်/န-ရေစင်သွန်း၍ မင်္ဂလာပြုခြင်း။ [ပါ၊အဘိသေက] **~မြောက်**/-မျောက်/ကြိ-ရေစင် သွန်း၍ ကျက်သရေမင်္ဂလာပြည့်စုံအောင် ဆောင်ရွက်သည်။

http://www.lknt11.com ...

ဘိ၊နာ–မိမိအထက် ဆွေမျိုးခုနစ်ဆက်တွင် စတုတ္ထ ဆွေမျိုးဆက်။ ဘေး၏အဖေ။

ဘိကျား/မိကျား/နာ–ကြာဖက်နင်းငှက်။

ဘိစကွတ်၊နာ–ဂျုံမုန့်ညက်ကို အပြားလုပ်၍ ကြွပ်ရွအောင် ဖုတ်ထားသော မုန့်တစ်မျိုး။ [လိပ်၊biscuit]

ဘီစီ၊နာ–ခရစ်တော် မပေါ်မီကာလကို ရေတွက်သည့်နှစ်။ [လိပ်၊B.C (Before Christ)]

ဘိဒီ၊နာ–ဘန့်ဖွေးဖက်စသည်ဖြင့် လိပ်သည့် ဆေးလိပ် ငယ်တစ်မျိုး။ [ဟိန္ဒီ၊ဗီဍီ]

ဘီယာ၊နာ–ဂျုံ၊ မုယောစပါးညှောက်တို့ဖြင့် ပြုလုပ်သည့် သေရည်တစ်မျိုး။ ဖျစ်။ [လိပ်၊beer]

ဘီလူး/ဗလူး/နာ–ဇာတ်၊ ဒဏ္ဍာရီများတွင် ဖော်ပြလေ့ ရှိသော၊ အစွယ်အမွေးပါသော၊ လူနှင့်ဆင်တူသော ကြီးမားကြမ်းကြုတ်သော သတ္တဝါ။ [သ၊ဘဲရဝ]? **~စီး**/–စီး/ကြိ–အိပ်ပျော်နေစဉ် လှုပ်ရှားရန်းကန်၍ မရသကဲ့သို့ ခံစားရပြီး ယောင်ယမ်းထိတ်လန့် အော်ဟစ်သည်။ **~စည်းလှူစည်း**/–စီးလှူ့စီး/နာ–သူ့ဘက်ကိုယ့်ဘက် အပြန်အလှန် စောင့်စည်း အပ်သော စည်းကမ်း။ **~စွယ်ထိုး**/–ဇွယ်ဒိုး/နာ–အများအားဖြင့် သစ်သားချင်း တော့ဆက်ရာတွင် သံကို စောင်းစောင်းရိုက်သွင်းနည်း။ **~ပန်းကိုက်**/–ပန်းဂိုက်/နာ–ပန်းခက် ပန်းနွယ် ကိုက်ထားသော ဘီလူးခေါင်းပုံ အပြောက်အမွမ်း။ **~ပန်းဆွဲ**/–ပန်းဆွဲ/နာ–ပန်းခက်ပန်းနွယ် ဆွဲကိုင်ယားဟန်ပါသော ဘီလူး ခေါင်းပုံ အပြောက်အမွမ်း။

ဘိလုံး၊နာ–ကွင်းပြင်၌ ကျက်စား၍ အထက်သို့ မတ်မတ် ပျံတက်နိုင်သော ငှက်ငယ်တစ်မျိုး။

ဘိသွာ၊နာ–ဗိသွာ ရှု။

ဘီအေပေါင်း/ဘီအေဗောင်း/နာ–ရှေးခေတ်က ရန်ကုန် ကောလိပ်ကျောင်းသားများ ပေါင်းလေ့ ရှိသည့် ခေါင်းပေါင်းနည်းတစ်မျိုး။ [လိပ်၊ B.A. + မြန်၊ ပေါင်း]

ဘီး[၁]၊နာ–ဆံပင်၊ အမွေးအမှင်စသည်ကို ဖြီးရသည့် ပစ္စည်း။ **~ကုပ်**/ဘီးဂုတ်/နာ–ဆံပင်ထိန်းရန် စိုက်ရသောဘီးခုံ။ **~ကျော်ပတ်**/ဘီးကျော်ဗတ်/နာ–စိုက်ထား သော ဘီးကို မဖုံးမိစေဘဲကျော်ပတ်ထုံးသော ဆံထုံး။ **~စိပ်**/ဘီးဇိတ်/နာ–အလွန်စိပ်သော အသွား နှစ်ဖက် ပါသည့် ဘီး။ **~ဆံထုံး**/ဘီးဇခုန်း/နာ–စိုက်ဘီးကို ဖုံးအုပ်ရစ်ပတ်ပြီး ထုံးသော ဆံထုံး။ **~ဆံပတ်**/ဘီးဇဗတ်/နာ–ဘီးများခံ၍ ဆံပင်ကို အပြားလိုက် ရစ်ပတ်ထုံးသော ဆံထုံး။ **~တောင်မို**/ဗီးဒေါင်မို/နာ–တောင်ဘီစုးငှက်။ **~မို**/ဗီးမို/နာ–ဆင်စွယ်ဘီး။ **~မ**၊နာ–နံ့သာဘီး။

ဘီး[၂]/ဗိန်း/နာ–ခင်ရိုးကို ဗဟိုပြု၍ လည်ပတ်သော အပြားဝိုင်း၊ ခွေ။ **~လုံး**/ဗိန်းလုန်း/နာ–ချည်၊ ကြိုး စသည်ကို ရစ်သည့် ရစ်လုံး။

ဘု၊နာ–၁၊အဖုအလုံးဖြစ်နေသောအရာ။ ၂၊[အရပ်] မချေ မငံ ပြောသော စကား။ **~ကျ**၊ကြိ–[အရပ်]တစ်ဦးနှင့် တစ်ဦး စကားအပြောအဆို မပြေမပြစ် ဖြစ်သည်။ မချေမငံဆန့်ကျင်စွာ ပြောဆိုလေ့ရှိသည်။ **~ မှတ်**၊ ကြိ–[အရပ်] မချေမငံပြောသည်။

ဘုဇပတ်/ဗုဇဗတ်/နာ–ကတော့ပုံ အသီးသီး၍ အခေါက် ပါးလွှာနိုင်ခံ့သော ကုန်းမြင့်ဒေသပေါက် အပင်။ (အခေါက်ကို ရှေးက စာရေးရန် သုံးသည်။) [သ၊ ဘူဇ်ပတြ]

ဘုမသိဘမသိ၊ ကြိဝိ– အကြောင်းအဆိုး ရေရာစွာ မသိဘဲ။ ဘာမျှရေရာစွာ မသိဘဲ။

ဘုရား/ဖယား/နာ–၁၊သစ္စာလေးပါးကို အလိုလိုသိသည့် ပုဂ္ဂိုလ်မြတ်။ ၂၊ ဘုရားဆင်းတုတော်၊ စေတီ၊ ပုထိုးစသည်။ /စည်း–ရဟန်း၊ မင်း စသူတို့ကို ပြောဆိုရာတွင် အရိုအသေ သုံးသည့် အာလုပ် စကား။[သ၊ဝရ/ပုဇဟ်] **~ကု**/ဖယဂု/နာ–ရတနာ သုံးပါးအား အထူးဆည်းကပ်ခြင်းဖြင့် ရောဂါဝေဒနာ ပျောက်အောင် ကုသမှု။ **~ကိုးဆူ**/ဖယားကိုးဆူ/ နာ–၁၊ဘုရားနှင့် ရဟန္တာရှစ်ပါး။ (ရဟန္တာရှစ်ပါးမှာ ရှင်ဂဝံပတိ၊ ရှင်ကောဏ္ဍည၊ ရှင်ရေဝတ၊ ရှင်သာရိပုတ္တရာ၊ ရှင်ဥပါလိ၊ ရှင်အာနန္ဒာ၊ ရှင်ဂဝမ္ပတိ၊ ရှင်မောဂ္ဂလ္လာန်တို့ ဖြစ်သည်။) ၂၊ ယင်းတို့အားပူဇော်သည့်ပွဲ(ဘုရားကိုးဆူပူဇော်ရာ၌ ကြိုးဖြင့်ကြိုးကိုးလုံးကိုလည်း ကြိုးဖြင့်စာ ကျွေးလေ့ရှိ သည်။) **~ကျွန်**/ဖယဂျွန်/နာ–[ရှေး] ဘုရားပုထိုး၏ အမှုကြီးငယ်များ လုပ်ဆောင်ရန် လှူထားသူ။ **~ငယ်**/ဖယငယ်/နာ–ပစ္စေကဗုဒ္ဓါ။ **~စူး**/ဖယားစူး/ ကြိ– ၁၊ဘုရားကို ပြစ်မှားမိ၍ ဘေးဒဏ်သင့်သည်။ ၂၊ဘုရားကို တိုင်တည်၍ ကျိန်ဆိုသည့် အတိုင်း ဘေးဒဏ်သင့်သည်။ **~ဖူး**/ဖယားဖူး/ကြိ– ဘုရား စေတီကို ဖူးမြော်ကန်တော့သည်။ /ဖယားဖူး/ နာ–ဘုရားဖူးသူ။ **~ရှိခိုး**/ဖယားယှစ်ခိုး/နာ–ရတနာ သုံးပါးကို ပူဇော်ကန်တော့ရာတွင် ရွတ်ရသည့်ဂါထာ။ **~လှူကြီး**/ဖယားလှူကျီး/နာ–ဘုရားပုထိုး စောင့် ရှောက်သူ။ ဂေါပက။ **~လောင်း**/ဖယားလောင်း/ နာ–ဘုရားဖြစ်ရန် ပါရမီဖြည့်ဆည်း နေသည့် ပုဂ္ဂိုလ်။ **~အရှေ့တော်** /ဖယားအယှေ့ဒေါ်/ နာ–[ဥပစာ] သက်နိုး။

ဘုရင်/ဗယင်/နာ–တိုင်းနိုင်ငံတွင် ထီးနန်းစိုးစံ အုပ်ချုပ် သူ။ မင်း။ [ဘုရား+မြန်၊ရှင်] **~ခံ**/–ဂန်/နာ–နိုင်ငံ သို့မဟုတ် ပြည်နယ်တစ်ခုကို ဘုရင်၏ကိုယ်စား အုပ်ချုပ်သူ။

http://www.lknt11.com

ဘူ၊န–ကိုးမီးကစားရာတွင် ဖဲသုံးချပ်ပေါင်း အပွင့်ရေ ဆယ်ပြည့်ရှိခြင်း။[?] **~ကောင်**/ဗူကောင်/န–ဥစ္စာ ငွေကြေးကင်းမဲ့သူ။ အသုံးမကျသူ။ **~ကြီး**/ဗူဂျီး/ န–ဖဲခါးချပ်ဝေ၍ ဖဲသုံးချပ်တစ်တွဲ ပွင့်ရေ ဆယ်ပြည့် ရှိလျှင် ကျန်ဖဲနှစ်ချပ်ပေါင်း ပွင့်ရေချင်း ယှဉ်ပြိုင် ရသော ဖဲကစားနည်း။

ဘူဇွာ၊ န– လူလတ်တန်းစား ပစ္စည်းရှင်၊ ငွေရှင်။ [ပြင်သစ်၊ **bourgeois**]

ဘူတရုပ်/ဗူတာ့ယုတ်/န–ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသော ရုပ်ကြီးလေးပါး။ မဟာဘုတ်။ [ပါ၊ဘူတ+ရူပ]

ဘူတာ/ဗူဒါ/န–မီးရထားဆိုက်ကပ်၊ ရပ်နား၊ ထွက်ခွာ ရာ အဆောက်အအုံ။ ဘူတာရုံ။ [ဟိန္ဒူ၊ **guda**]

ဘူမိနက်သန်၊န–မြေကြန်လက္ခဏာ ညီညွတ်သော အောင်မြေ။ [ပ၊ဘူမိလက္ခဏာ]

ဘူမိဗေဒ၊န–မြေလွှာမြေထုနှင့်ပတ်သက်သော ပညာရပ်။ [ပါ၊ဘူမိ+ဗေဒ]

ဘူး[၁]၊န–၁၊ချက်ပြုတ်စားသောက်ရသည့် အသားပြည့် အသီးသီးသော နွယ်ပင်တစ်မျိုး။ ၂၊ဘူးသီးခြောက် အခွံ။ ၃၊အဝိတ်ပါသည့် ပစ္စည်းထည့်စရာ ကျည်၊ ကြွတ်မျိုး။ **~ခါး**/ဘူးဂါး/န–အသီးခွံကို ဘူးတောင်း ပြုလုပ်ရသည့် အရသာခါးသော ဘူးပင်။ **~တောင်း** /ဗူးဒေါင်း/န–အများအားဖြင့် ရေထည့်ဆောင်လေ့ ရှိသော ဘူးခါးသီးခြောက်အခွံ။ **~ဒယောင်း**၊န– အခွံခြောက်ကို ရေဘူးအဖြစ် သုံးရသည့် အသီး လည်တံကောက်သော ဘူးပင်။ **~မျှော**၊န– ငါးမျှား ချိတ်တပ်ဆွဲ၍ ရေတွင်ရကာ ငါးမျှားရသော နှစ်ဖက်ပိတ် ဝါးဆစ်၊ **~လည်သီးခေတ်**/ဗူး လယ်သီး ဂတ်/န–တစ်ပုံတစ်ရာကို နှစ်ပတ် ဖွပ်မိအောင်လုပ်၍ ချည်သော ကြိုးချည်နည်း။ ကြိုး တစ်စကိုတစ်စ ဝိုက်ကျော်၍ ချည်သော ကြိုးဆက်နည်း။ **~လုံး နားမထွင်း**၊ ကြိဝိ–ရှင်းလင်း ပြတ်သား ရေရာခြင်း မရှိဘဲ။ **~သဗိတ်**/ဗူးသုဗိတ်/န–လည်တံ မပါသော ဘူးသီး။ **~သွင်း**၊ကြိ–စန်းဖြစ်သူက မခြား သူအား စန်းပညာတတ်မြောက်စေရန် အပင်းလုံး သွင်းသည်။

ဘူး[၂]၊ စည်း–ငြင်းပယ်သော အနက်ဖြင့် ကြိယာကို ထောက်ကူသော စကားလုံး။ **~ကွယ်**၊ ကြိ– ထုတ်ဖော်၍ ဝန်မခံဘဲလုံးဝငြင်းဆိုသည်။ **~ခံ**၊ကြိ– မသိဘူး၊ မဟုတ်ဘူး၊ မလုပ်ဘူးစသည်ဖြင့် တစ်သမတ်တည်း ငြင်းပယ်သည်။ **~သင်း** /ဗူး သင်း/န–ဗြိတိသျှ ကိုလိုနီခေတ်က အစိုးရကို ဆန့်ကျင်လျက် လူခွန်နှင့် သဿမေဓခွန် မပေး ရေးကို ဦးတည်ဖွဲ့စည်းခဲ့သော အသင်း။

ဘော၊ကြိ–၁၊ချခင်းထားသော ဖဲချပ်များတွင် တွဲ၍ရသော ဖဲချပ်ကို ဆက်ဖြည့်သည်။ ၂၊[ဗန်း] ရိုက်သည်။

ဘောထုပ်/ဗေဒုတ်/န–ကုန်ပစ္စည်း အထုပ်အပိုးကြီး။ [လိပ်၊**bale**+မြန်၊ထုပ်]

ဘော[၁]၊န–၁၊ဟာစ်ဝှံတစ်ခု၏ ဝဲဘက် ယာဘက် ဝန်းကျင်။ နံဘေး။ ၂၊မိမိအထက် ဆွေမျိုး စုနှစ်ဆက်တွင် တပါယဆွေမျိုးဆက်။ အဘိုး၏ အဖေ။ **~ကျုပ်နံကျပ်**/ဗေးဂျုတ်နန်ဂျတ်/ကြိဝိ– မချောင်သော မတိမ်းသာအောင် အခက်အခဲ ဝိုင်းရံ လျက်။ **~ချင်းတိုက်**/ဗေးဂျင်းဘိုက်/ကြိ–ရန်စောင် သည့် သဘောဖြင့် နံဘေးချင်း ထိတိုက်သည်။ /ဗေးဂျင်းဒိုက်/ကြိဝိ–နံဘေးချင်း ယှဉ်ကပ်လျက်။ **~ချိတ်ထား**၊ကြိ [ဥပစာ]လျစ်လျူရှု၍ ဖယ်ချန်ထား သည်။ ဘေးဖယ်သည်၊ **~ခေါင်း**/ဗေးခေါင်း/ ကြိဝိ–တည့်တည့်မဟုတ် ဘေးသို့ စောင်းလျက်။ **~တီး**၊ကြိ–[ဗန်း]သူဟာစ်ပါးကိစ္စတွင် ဝင်၍ လှုံ့ဆော် ပြောပေးသည်။ **~တိုက်**/ဗေးဒိုက်/ကြိဝိ–ဘေးရင်း ယှဉ်လျက်။ **~ပေါက်**/ဗေးဖောက်/န–၁၊မိမိ အလုပ်နှင့်ဆက်နွယ်၍ ကြားဖြတ်ဖြစ်ပေါ်သော အခွင့်အလမ်း။ ၂၊မူလအလုပ်အပြင် အပို လုပ်ကိုင် သော အလုပ်။ ကြိဝိ–ကစားဝိုင်းတွင် ကိုယ်တိုင် မပါဘဲ ဘေးမှနေလျက် (လောင်းကစားသည်)။ **~ဗန်း**/ဗေးဗန်း/န–၁၊ဘေးပေါက်ဖြစ်သော အလုပ်။ ၂၊ဘေးဘက်အနီးအပါးအရပ်။ **~လူ**၊န–ကိစ္စ တစ်စုံ တစ်ရာနှင့် မသက်ဆိုင်သောသူ။ အပြင်လူ။

ဘေး[၂]၊န–ကြောက်မက်ဖွယ် ရန်၊ အန္တရာယ်။ [ပါ၊ ဘယ] **~ဆီးရန်ကာ**/ဗေးဇီးယန်ဂါ/ကြိဝိ–ဘေးရန် ကာကွယ်နိုင်ရန် အလို့ငှာ။ **~ဘျမ်း** /ဗေးဗျန်း/ န ဘေးရန် အန္တရာယ်။ [ပါ၊ဘယ+ဘယ] **~မဲ့ပေး**၊ ကြိ– ၁၊ အသက်အန္တရာယ် ထိပါးခြင်း မခံရမည့် အခွင့်အလမ်းကို ပေးသည်။ ၂၊[ဥပစာ] အစစ ခွင့်လွှတ်ထားသည်။

ဘဲ[၁]၊န–အတောင်ပါ၍ ခြေချောင်းအကြား အရေပြား ဆက်ရှိသော ရေကူးတတ်သည့် သတ္တဝါ။ **~ငန်း**၊န– ကိုယ်ထည်ကြီးသောလည်တံရှည် ဘဲကြီးတစ်မျိုး။ **~စာ**/ဗဲဇာ/န–အဆစ်များမြေတွင် တွားပေါက် တတ်ပြီး မြက်ခင်းအဖြစ် စိုက်လေ့ရှိသည့် အရွက်ပြား မြက်တစ်မျိုး။ **~စားဘဲရေ**/ဗဲဇားဗဲရေ/ကြိဝိ–အရ နှင့်အကုန် ထေမိလျက်။ **~တောင်**/ဗဲဒေါင်/န– ၁၊အဆောက်အအုံ၏ အမိုးခေါင်အုပ်အောက် တစ်ဖက်တစ်ချက်၌ ဖိရိုက်ထားသော ပျဉ်ချပ်။ ၂၊လွန်းပျံရက်ကန်းစင်၌ လွန်း အသွားအပြန် ရွေ့လျားအောင် ရိုက်ထားသော သားရေသီးနှင့် တွယ်ထားသည့် ပစ္စည်း။ **~မြီး**/ဗဲမီး/န–နောက်စေ့ နှင့် နားယင်တွင် ပါးပါး၊ ဦးကိုပ်တွင် တိုတို

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ထားသော ဆံပင်ပုံတစ်မျိုး။ ～လိပ်၊န–ဦးခေါင်း တစ်ဖက် တစ်ချက်၌ နားရွက်ကဲ့သို့သော အစွန်းပါသည့် လိပ်ကျောက် တစ်မျိုး။

ဘဲ ၂၊ သမ်–အငြင်းပြ ပစ္စည်း'မ'နှင့်တွဲဖက်၍ ဆန့်ကျင်ခြင်း အနက်ဖြင့် ဝါကျအချင်းချင်း ဆက်ပေးသော စကားလုံး။

ဘဲ ၃၊န–မိမိအထက် ဆွေမျိုးခုနစ်ဆက်တွင် ဆဋ္ဌမ ဆွေမျိုးဆက်။ ဘင်၏အဖေ။

ဘဲကျားရိုက် /ဗဲဂျားယိုက်/ ကြိ– ဝိန်းကျားရိုက် နှင့် အတူတူ။

ဘဲလေး၊န–တေးသံအလိုက် အကဖြင့် ဇာတ်လမ်း ဇာတ်ကွက်ကို သရုပ်ဖော်သော အနောက်တိုင်း အကတစ်မျိုး။ [ပြင်သစ်၊ ballet]

ဘော ၁၊န–မိမိအထက် ဆွေမျိုးခုနစ်ဆက်တွင် သတ္တမ ဆွေမျိုးဆက်။ ဘဲ၏အဖေ။

ဘော ၂၊န–၁၊ဘောလုံး။ ၂၊သံမဏိအစေ့လုံး။ [လိပ်၊ ball] ～လုံး၊ န– ၁၊လုံးဝန်းသော သဏ္ဌာန်ရှိပြီး ကန်မြောက် ရိုက်ပုတ်ကစားရသော အားကစား ပစ္စည်း။ ၂၊တစ်ဖက် ၁၁ယောက်စီဖြင့် ဘောလုံးကို ကန်၍ ဂိုးသွင်းကစားရသော ကစားနည်း။

ဘောဂဗေဒ/ဗောဂ့်ဗေဒ/န–ကုန်ထုတ်အရင်းအနှီး၊ ကုန်ထုတ်လုပ်မှု၊ ကုန်လုပ်ဆက်ဆံရေး စသည်တို့ကို လေ့လာသော ပညာရပ်။ [ပါ၊ဘောဂ+ဝေဒ]

ဘောစကိုင်း/ဗောစဂိုင်း/န–ရှက်ဆိုင်အတံများရှိသည့် ဆေးဖက်ဝင် အပင်တစ်မျိုး။ အခေရာပင်။

ဘောစဉ်/ဗောဇင်/န–(ထမင်း၊ မုန့်မှုန့်၊ မုယောမှုန့်၊ ငါး၊ အသားဟူသော) စားဖွယ်။ [ပါ၊ဘောဇန]

ဘောမဂြိုဟ်/ဗောမာ့ဂျို/န–[ဗေဒင်] အင်္ဂါဂြိုဟ်။ [ပါ၊ ဘောမ+သ၊ဂြဟ]

ဘောလယ်၊န–ကုန်းဘောင်ခေတ်တွင် ထွန်းကားခဲ့သည့် သီချင်းတစ်မျိုး။

ဘော့ဝါး၊န–လှေ၏ဘေးတစ်ဖက်တစ်ချက်၌ တွဲချည်ထားသော ဝါးပိုးလုံး။

ဘော်၊န–သန့်စင်သော ငွေသတ္တု။ ～ကြယ်၊န–အဝတ် အထည်တွင် အလှအပ စီခြယ်ချုပ်တပ်သော အလယ်အပေါက်ပါ သတ္တုစသည် အပြားဝိုင်းသေး။

ဘော်ဒါ၊ န– ကျောင်းအိပ်ကျောင်းစား နေသူ။ [လိပ်၊ boarder]

ဘော်လီ၊န–မိန်းမချွေးခံအင်္ကျီ။ [လိပ်၊bodice]

ဘော်လီဘော၊န–ဘောလုံးကို အလယ်ပိုက်တန်း ကျော်အောင် လက်နှင့်ရိုက်ပုတ် ကစားရသည့် ကစားနည်း။ [လိပ်၊volley-ball]

ဘို့၊န–၁၊နွားစသည်၏ လည်ကုပ်နောက်တွင်ရှိသည့် အဖု။ ၂၊လေး၏လက်ကိုင်နေရာတွင် ပိုးထားသော သစ်သားဖု။

ဘိုး၊န–အဖေ၏ အဖေ။ အမေ၏အဖေ။ ～စဉ် ဘောင်ဆက်/ဗိုးဇင်ဗောင်ဇက်/န–ဘိုးဘွားအစဉ် အဆက် တစ်လျှောက်။ ～ဘိုင်/ဗိုးဗှာဗိုင်/နဝိ– ဘိုးဘွားမိဘ ပိုင်ဆိုင်ခဲ့သော။ ～အေ၊န–အဘိုး။

ဘိုးတဲ/ဗိုးဒန်/န–တယောထိုးရန် မြင်းမြီးတပ်ထားသည့် တုတ်တံ။ [လိပ်၊bow+မြန်၊တံ]

ဘက်၊န–၁၊အရပ်မျက်နှာ။ ၂၊ရပ်တည်ရာ အပိုင်းအခြား။ "သူ့～ကိုယ့်～။" ～စုံ၊နဝိ–အဘက်ဘက်စုံလင်သော။ ～ညီ၊ကြိ–ညီညွတ်လိုက်ဖက်သည်။ အတွဲညီသည်။ ～တော်သား /ဖက်တော်သား/ န– တစ်ဖက်ဖက်တွင် လိုက်ပါရပ်တည်သူ။ ～မဲ့၊ကြိ– အတွဲအဖက် ကင်းမဲ့သွားသည်။ ～လိုက်၊ ကြိ– တစ်ဖက်ဖက်ကို မတရားသဖြင့် အလေးပေးသည်။

ဘက်တံ၊န–ကြက်တောင်၊ ဘောလုံး စသည်ရိုက်ကစားရာ၌ သုံးသော အားကစားပစ္စည်း။ [လိပ်၊bat +မြန်၊တံ]

ဘက်ထရီအိုး/ဖက်ထရီအိုး/န–လျှပ်စစ်ဓာတ်အားသိုလှောင်ထုတ်လုပ်ပေးသော အိုး။ ဓာတ်အိုး။ [လိပ်၊battery+မြန်၊အိုး]

ဘိက္ခု /ဗိတ်ခု/န–ရဟန်း။ [ပါ၊ ဘိက္ခု] ～နီ/–နီ/ န–ရဟန်းမ။ [ပါ၊ဘိက္ခုနီ]

ဘောက်၊န–မပြေမပြစ် မချောမင် ပြောသော စကား။ ～ဆတ်ဆတ်၊ကြိဝိ–မချောမင် ကြွပ်ဆတ်ဆတ်။

ဘောက်ချာ၊န–ပြေစာ။ [လိပ်၊voucher]

ဘောက်တူ၊န–ဝန်တင်လှေကြီးတစ်မျိုး။ လှော်တက်နှင့် လှော်ရသော လူစီးလှေငယ်။ [ပြင်သစ်၊ bateau]

ဘောက်ဘက်စော်၊ကြိ–မငြိမ်မသက် လှုပ်ရှားရိုက်စော်သည်။

ဘောက်အဖွဲ့၊န–တစ်ဦးချင်း ခေါ်ယူထားသောရွေးချယ်ထားသော ကောက်စိုက်သမအစု။

ဘင် ၁၊န–မိမိအထက် ဆွေမျိုးခုနစ်ဆက်တွင် ပဉ္စမ ဆွေမျိုးဆက်။ ဘီ၏အဖေ။

ဘင် ၂၊န–ပျက်ဆဲ အနိုက်အတန့်။ [ပါ၊ဘင်္ဂ]

ဘင် ၃၊န–[အဂ္ဂိ] ခဲမဖြူ ။ [သ၊ဝင်္ဂ]

ဘင် ၄၊န–အနောက်တိုင်း စည်တူရိယာတစ်မျိုး။ [လိပ်၊ band] ～ခရာ၊န–ဘင်နှင့် လေမှုတ်တူရိယာများ ပါဝင်သော တီးဝိုင်း။

ဘင် ၅၊န–မစင်။ ကျင်ကြီး။

ဘင် ၆၊ န– ကာလသားရောဂါကြောင့် ဖြစ်ပေါ်သော အကျိတ်ရောင်နာ။

ဘင်္ဂလားကျွဲ/ဗင်းဂလားကျွဲ/န–အောက်သို့ ဦးချိုကွေးကုပ်သောကျွဲတစ်မျိုး။ [ဟိန္ဒူ၊bengala+မြန်၊ကျွဲ]

ဘင်ဂျို၊န–သားရေကြက်အိုးပြားတွင် လက်တံတပ်ထား

http://www.lknt11.com

သော ကြိုးတပ် တူရိယာတစ်မျိုး။ [လိပ်၊ banjo]

ဘင်း၊နာ–ဆေးခြောက်ပင်။ [သ၊ဆာဂ်]

ဘောင်[၁]၊ နာ– ၁၊ ထိန်းကွပ်ထားသော ပတ်လည် အနားသတ်။ "~ခတ်–။" (ပေါင်လည်းရှု) ၂၊ သတ်မှတ်ထားသော အပိုင်းအခြား။ "လူ့~။ နတ်~။" **~ခတ်**၊ကြိ–၁၊ ပတ်လည် အနား သတ်သည်။ ၂၊ပိုင်းခြားသတ်မှတ်သည်။ **~ဝင်**၊ ကြိ–သတ်မှတ်ချက်နှင့် ကိုက်ညီသည်။

ဘောင်[၂]၊နာ–အဘွား။

ဘောင်ဘင်ခတ်၊ကြိ–ရေ၊ အရည်မျက်နှာပြင် လှုပ်ရှားရိုက်ခတ်သည်။ ယောက်ယက်ခတ်သည်။

ဘောင်ဘင်ဆော၊ကြိ–ရေလှိုင်း နိမ့်ချည်မြင့်ချည် မငြိမ်မသက် လှုပ်ရှားသည်။

ဘောင်း၊နာ–ဆီဆုံတွင် ကျည်ပွေ့ထိပ်နှင့် ကားကို ဆက်သွယ်ထားသော ကိုင်းတံ။

ဘောင်းဘီ၊နာ–ခြေထောက်မှ စွပ်လျှိုဝတ်ရသည့် အခွပါသော ခါးဝတ်အထည်။

ဘိုင်၊နာ–အရွက်နား မွေးသွားစိပ်ပုံရှိ၍ ပင်ခြေတွင် မြစ်ပျဉ်းကြီးများ ထွက်သော၊ အသားပေါ့၍ ယွန်းထည်၊ လုံးထွင်းလှေ စသည် လုပ်ရသော ပင်စောက်ကြီး။ သစ်ဟုပ်ပင်။

ဘိုင်ကောင်/ဗိုင်ဂေါင်/နာ–[ဗန်း]ငွေကြေးအမြဲပြတ်လပ်သူ။

ဘိုင်ကျ၊ကြိ–[ဗန်း]ငွေကြေးပြတ်လပ်သည်။

ဘိုင်စကုတ်၊နာ–ရုပ်ရှင်။ [လိပ်၊bioscope]

ဘိုင်သား/ဗိုင်သှား/နာ–သစ်သားအညံ့စား။

ဘုဉ်းပေး/ဖုန်းပေး/ကြိ–(ရဟန်းသာမဏေတို့) စားသောက်သည်။ [ပါ၊ဘုဉ္ဇ+မြန်၊ပေး]

ဘဏ်၊နာ–၁၊အပ်ငွေ၊ စုငွေနှင့် အဖိုးတန်ပစ္စည်း လက်ခံထိန်းသိမ်းပေးရာ၊ ငွေထုတ်ချေးရာဌာန။ ၂၊အသုံးလိုသည့်အခါ အသင့်ရရန်(သွေးစသည်) စုဆောင်းထားရာ ဌာန။ [လိပ်၊bank]

ဘဏ္ဍာ၊နာ–ပစ္စည်းဥစ္စာ။ [ပါ၊ဘဏ္ဍ] **~စိုး**/ဗန်ဒါစိုး၊ ဗဒါစိုး/နာ–ပစ္စည်းဥစ္စာထိန်းသိမ်း စောင့်ရှောက်သူ။ **~ထိန်း**/ဗန်ဒါဒိန်း၊ ဗဒါဒိန်း/နာ–အသင်းအဖွဲ့၏ ငွေဝင်ငွေထွက်ကို စိစစ်ထိန်းသိမ်းခွင့်ရှိသူ။ **~ရေးနှစ်**၊ နာ– နိုင်ငံဘဏ္ဍာကို စီမံခန့်ခွဲရာ၌ တစ်နှစ်တာ ပိုင်းခြား သတ်မှတ်ထားသည့် ကာလ။

ဘတ်၊နာ–ထိုင်းနိုင်ငံသုံးငွေကြေး။ [ထိုင်း၊ baht]

ဘတ်ဂျက်၊နာ–တစ်နှစ်တာအတွက် ရငွေနှင့်သုံးငွေကို ခန့်မှန်းတွက်ချက် ရေးဆွဲထားသည့် စာရင်း။ [လိပ်၊budget]

ဘတ်စကား၊နာ–ခရီးသည်များကို ပို့ဆောင်သောယာဉ်။ [လိပ်၊bus+car]

ဘတ်စကက်ဘော၊ နာ–အသင်းနှစ်ဖက် ယှဉ်ပြိုင်၍ ဘောလုံးကို တိုင်အမြင့်၌ ချိတ်ထားသည့် သံကွင်းထဲသို့ ပစ်သွင်းရသည့် ကစားနည်း။ [လိပ်၊ basket-ball]

ဘိတ်၊နာ–နောက်ဆုံး။

ဘုတ်၊နာ–ကိုယ်ထည်မည်း၍ အတောင် နီညိုသော ငှက်တစ်မျိုး။

ဘုတ်ကိုင်၊နာ–[ဆောင်]အကျဉ်းသားတစ်ဦးစီ၏ အမည်၊ ဆောင်နံပါတ်၊ ပုဒ်မစသည် မှတ်သားထားသော မှတ်တမ်းစာအုပ်ကို ကိုင်ဆောင်၍ နေ့လုပ်ငန်းတာဝန်၊ ညကင်းတာဝန် ထမ်းဆောင်ရသော ထောင်ကျအကျဉ်းသား။ [လိပ်၊book+မြန်၊ကိုင်]

ဘုတ်ဆုံ၊နာ–ပုပျပ်ဝဖိုင့်သော မိန်းကလေး။

ဘုတ်ထိုင်း၊နာ–၁၊ဝဖြိုးလေးလံသူ။ ၂၊ ဉာဏ်ထိုင်းမှိုင်းလေးလံသူ။

ဘုတ်အဖွဲ့၊နာ–သီးခြားတာဝန် တစ်ရပ်ကို ဆောင်ရွက်ရန်ဖွဲ့ထားသော အဖွဲ့အစည်း။ [လိပ်၊board+မြန်၊အဖွဲ့]

ဘုတ်အုပ်၊နာ–စာအုပ်။ [လိပ်၊book+မြန်၊အုပ်]

ဘဒ္ဒကမ္ဘာ/ဗတ်ဒါဂဘာ/နာ–ဘုရားငါးဆူပွင့်သော ကမ္ဘာ။ [ပါ၊ဘဒ္ဒ+သ၊ကလ္ပ]

ဘန်ကာ၊နာ–၁၊ရန်သူ၏ပစ်ခတ်မှုကို ကာကွယ်ရန် မြေလုပ်ထားသော ကတုတ်။ ၂၊ဂေါက်သီးကွင်းရှိ သဲကျင်း သို့မဟုတ် မြေကမူစသည် အတားအဆီး။ [လိပ်၊bunker]

ဘန်ချည်ကြိုး/ဗန်ဂျီကြိုး/နာ–ခိုင်သောကျစ်ကြိုး တစ်မျိုး။ [သ၊ဘင်္ဂ+မြန်၊ချည်+ကြိုး]

ဘန့်မွေး/ဗန့်မွေး/နာ–အရွက်ကို ဆေးလိပ်ဖက်လုပ်ရသည့် ပင်စောက်တစ်မျိုး။

ဘန်းမုန့်၊နာ–ချိုသော ပေါင်မုန့်လုံးငယ်။ [လိပ်၊bun +မြန်၊မုန့်]

ဘိန်း၊နာ–အပွင့်အုံမှ မူးယစ်ဆေးဝါးပြုလုပ်ရန် အစေးရသည့် အပင်တစ်မျိုး။ [သ၊အဟိဖေန] **~မစ**/ဗိန်းမိ/နာ–မုန့်အချို့လုပ်ရာတွင် ထည့်သုံးရသော ဘိန်းပင်မှ ရသည့်အစေ့။ **~ဖြူ** /ဗိန်းဖြူ/နာ–ဘိန်းကို ချက်လုပ်၍ရသော မူးယစ်ဆေးဝါး ဖြစ်သည့် အဖြူမှုန့်။ **~မုန့်**၊ နာ–ဆန်မှုန့်နှင့် ထန်းလျက်ရည်ရော၍ အထက်မီးအောက်မီးဖြင့် ဖုတ်ပြီး ဘိန်းစေ့ဖြူးထားသော မုန့်။

ဘုန်း၊နာ–၁၊ရှေးကောင်းမှု။ အတိတ်ကာလကောင်းမှု၏ အကျိုးဆက်။ ၂၊တန်ခိုး။ အရှိန်အဝါ။ [သ၊ဘဂ] **~တံ**၊နာ–ကုသိုလ်အလျောက်ဖြစ်သည့် တန်ခိုးအရှိန်အဝါ။ **~ကြီး**/ဖုန်းကြီး/နာ–ရဟန်းတော်။ ကြိ–တန်ခိုးအရှိန်အဝါကြီးမားသည်။ **~ကြီးကျောင်း**/ဖုန်းကြီးကျောင်း/ နာ– ရဟန်းတော်တို့ သီတင်းသုံးရာ

မာတိကာသို့ ▶▶▶

အဆောက်အအုံ။ ~ကြီးဖုံ/ဖုန်းဂျီးဖုန်/န-ပုံလွန်တော်မူသော ရဟန်းကို သဂြိုဟ်သည့် အခမ်းအနား။ ~သမ္ဘာ/ဖုန်းသဗ္ဘာ/န-ဘဝအဆက်ဆက်က ဖြည့်ဆည်းလာခဲ့သော ကုသိုလ်ကောင်းမှု။

ဘုမ္မစိုး /ဖုန်မစိုး/ န- မြေ၌တည်ရှိသော နတ်။ [ပါ၊ဘုမ္မဒေဝ]

ဘုမ္မရာဇာ၊န-အမြစ်အရသာခါး၍ အလွန်ဆေးဖက်ဝင်သော အပင်ငယ်တစ်မျိုး။ [ပါ၊ဘုမိ+ရာဇာ]

ဘုံ¹၊န-၁၊သတ္တဝါတို့ ဖြစ်တည်ရာဌာန။ ၂၊ပြာသာဒ်အဆင့်အထပ်။ [ပါ၊ဘူမိ] ~ပြတ်/ဖုန်ဗျတ်/န-[ဒေသ]မြင်းလှည်းတစ်မျိုး။ ~ဗိမာန်/ဖုန်ဗိတ်မန်/န-နေရာအဆောက်အအုံ။

ဘုံ²၊န-အများနှင့် သက်ဆိုင်သောအရာ။ ~ကထိန်၊န-အများစုပေါင်းကျင်းပသော ကထိန်။ ~ကျောင်း/ဖုန်ကျောင်း/န-တရုတ်အမျိုးသားများ ဝတ်တက်ရာကျောင်း။ ~ကျွန်/ဖုန်ဂျွန်/န-[ဥပစာ]အများတကာ၏ အခိုင်းခံဖြစ်သူ။ ~ဆခွဲကိန်း/ဖုန်ဆာ့ခွဲဂိန်း/န-[သင်္ချာ] ကိန်းနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော ကိန်းများကို ပြတ်အောင် စားနိုင်သောကိန်း။ (ဆခွဲကိန်းလည်းရှု) ~ဆတိုးကိန်း/ဖုန်ဆာ့တိုးဂိန်း/န-[သင်္ချာ] ကိန်းနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော ကိန်းများ၏ ဆတိုးကိန်း။ (ဆတိုးကိန်းလည်းရှု) ~ဆိုင်/ဖုန်ဇိုင်/န-အများလာရောက်သောက်စားရာ အရက်ဆိုင်ကို ယခင်ကခေါ်သောအမည်။ ~သုဉ်းကိန်း/ဖုန်သုန်းဂိန်း/န-ဘုံဆတိုးကိန်း။

ဘုံပတီး/ဖုန်ဗဒီး/န-[ပေါ] ခင်းနှီးပိတ်ပါး။ [မြန်ပုံ+ပါ၊ပဋိကာ]

ဘုံပိုင်/ဖုန်ပိုင်/န-၁၊ရေဖြန့်ဖြူးသော ပြွန်ပေါက်နှုတ်သီးတည်နေရာ။ ရေတိုင်။ ၂၊ပြွန်ချောင်းတွင် ခွက်တပ်ထိုးတံထိုး၍ အရည်စုပ်ယူသော ကိရိယာ။ [ပေါ်တူဂီ၊ bomba]

ဘုံမတီး/ဖုန်မဒီး/န-မြေသောက်ဝါ၍ ကိုယ်လုံး စိမ်းသော ငှက်တစ်မျိုး။

ဘုံလျှို/ဖုန်ယှို/န-[ပေါ]မွေ့ရာ။ [သ၊ယဇီ]

ဘယ်¹၊န-လက်ဝဲဘက်။ ~ပြန်ညာပြန် /ဗယ်ပျန်ညာပျန်/ကြိဝိ-ဘယ်မှညာသို့ ညာမှဘယ်သို့ အထပ်ထပ် အပြန်ပြန်။

ဘယ်²၊နဝ-[အပြော] အမျိုးအမည် မကွဲပြား မသေချာသော နာမ်တစ်ခုခုကို ရည်ညွှန်းမေးမြန်းရာ၌ သုံးသော စကားလုံး။ "~ကလာသလဲ။ ~မှာလဲ။" နဝိ-[အပြော] အမျိုးအမည် မကွဲပြား မသေချာခြင်းကို ပြသော စကားလုံး။ မည်။ မည်သည့်။ "~သူ။ ~ဥစ္စာ။" ~နှ/ဗယ်နှ/နဝိ-အရေအတွက်ကို သိလိုရာ၌ သုံးသော အမေးစကားလုံး။ ဘယ်မျှ။ မည်မျှ။ "~ယောက်။ ~ခု။" ~သူဘယ်ဝါ/ဗယ်သူဗယ်ဝါ/နဝ- တပ်အပ်သေချာ မသိသော လူပုဂ္ဂိုလ်ကို ရည်ညွှန်းသော စကားလုံး။

ဘယ်နှယ်၊ကြိဝိ-[အပြော] မည်ကဲ့သို့။

ဘွာတော်၊ကြိ-၁၊ကစားနေစဉ် ခေတ္တ ရပ်ဆိုင်းရန် ဘွာဘွာဟု ရွတ်ဆို အချက်ပြသည်။ ၂၊ပြောဆိုပြုမူမိသည်ကို ပြန်လည်ရုပ်သိမ်းသည်။

ဘွား၊န-မိခင်၏ အမေ။ ဖခင်၏အမေ။ ~အေ၊ န-အဘွား။

ဘွားဘွားပေါ်၊ကြိ-ဖုံးကွယ်ထားရာမှ ထင်ထင်ရှားရှား ပေါ်ထွက်လာသည်။

ဘွဲ့၊န-၁၊ ထူးခြားပြောင်မြောက်သော စွမ်းဆောင်မှုအတွက် ဂုဏ်ပြုချီးမြှင့်သော အမည် အရည်၊တံဆိပ်။ ၂၊သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့၏ အမည်။ ၃၊သတ်မှတ်ထားသော တက္ကသိုလ်ပညာရည် အဆင့်တစ်ခုခုကို အောင်မြင်သူအား ချီးမြှင့်သော အမည်အရည်။ ၄၊ ပွဲ့နဲ့သီဆိုတီးမှုတ်ရသော သီချင်းကြီးတစ်မျိုး။ ~နှင်းသဘင်/ဗွဲ့နှင်းသဘင်/န-ဘွဲ့ ချီးမြှင့်ပေးအပ်သည့် အခမ်းအနား။ ~ဖြူပုဆိုး /ဗွဲ့ဖြူပဆိုး/ န- ဖြူစင်သန့်ရှင်းသော အဝတ်ပုဆိုး။ ~ဖြူလက်နက်/ဗွဲ့ဖြူလက်နက်/န-၁၊အာဠဝကဘီလူး၏ ဘွဲ့ဖြူ ပုဆိုးလက်နက်။ ၂၊[ဥပစာ] တံခိုး လက်နက်။ ~လွန်သင်တန်း/ဗွဲ့လွန်သင်ဒန်း/န-တက္ကသိုလ်ဘွဲ့တစ်ခုခု ရပြီးနောက် ထပ်မံတက်ရောက်သော တက္ကသိုလ်သင်တန်း။

ဘွဲ့ချဉ်ပင်/ဗွဲ့ချင်ဗင်/န-အပွင့်အသီး အဆုပ်လိုက်ပွင့်သီးသည့် နှစ်ခွကွဲသော အရွက်အမြွှာရှိ တောသစ်ပင်။

ဘွိုင်လာ၊န-ရေနွေးငွေ့အားကို အသုံးချရန် ရေကိုကျိုရသည့် သံအိုးကြီး။ [လိပ်၊boiler]

ဘွတ်ဖိနပ်/ဘွတ်ဖနတ်/န-ခြေခုံလုံသော အကြမ်းခံဖိနပ်တစ်မျိုး။ [လိပ်၊boot+မြန်၊ဖိနပ်]

မ

မ¹၊န-ဗျည်းသုံးဆယ့်သုံးလုံးတွင် နှစ်ဆယ့်ငါးလုံးမြောက် ဗျည်း။ ~ကာရလောပ/မာ့ကာရာလောပ/န-မသိ၊ မတတ်၊ နားမလည်ဟူ၍ မရှိသော အလုံးစုံ တတ်သိနှံ့စပ် ကျွမ်းကျင်သော ပုဂ္ဂိုလ်။ မတစ်လုံးကျေ။ [ပါ၊မကာရ+လောပ]

မ²၊ ကြိ-၁၊ချီပင့်သည်။ ၂၊ထောက်ပံ့သည်။ ကူညီချီးမြှောက်သည်။ ၃၊ထိန်းသိမ်း ဆောင်ယူသည်။ "ဆိတ်အုပ်ကို ~။" ~စ /မာ့စ/ ကြိ-ကူညီထောက်ပံ့သည်။ ~တည် /မာ့တီ/ကြိ-အခြေခံ အရင်းအနှီး စိုက်ထုတ်သည်။

မ[၄]၊နဝိ-၁၊အရင်းမူလဖြစ်သော။ "အိမ်~။"၂၊ကြီးသော။ "လမ်း~။" န-၁၊မိန်းမကို အတိုကောက်ခေါ်သော စကား။ ၂၊ ရှေးခေတ် လှည်းဘီးတွင် ပင်ရိုးပေါက်ရှိသည့် အလယ်ဖျဉ်ချင်။ (စပ်နှင့် ချပ်ဘီးလည်းရှု) စည်း-၁၊မိန်းမအမည်ရှေ့၌ တပ်သော စကားလုံး။ ၂၊အမဖြစ်ကြောင်း ပြသော စကားလုံး။ "နွား~။ အိမ်ရှင်~။" **~ကား**/မဂါး/ န-[ပေါ] (နွား၊ မြင်းစသည်) အမ။ **~အေ**၊န- မိခင်။ အမေ။

မ[၅]၊န-စုံမဟုတ်သော အရေအတွက်။

မ[၆]၊စည်း-ကြိယာ၏အနက်ကို ငြင်းပယ်တားမြစ်လိုရာတွင် သုံးသော စကားလုံး။ **~က**၊ကြိ-ပိုလွန်သည်။ **~ကင်းရာမကင်းကြောင်း** / မကင်းယာမကင်းကျောင်း/ န-၁၊ဆက်စပ်ပတ်သက်နေသည့်အကြောင်းအရာ။ ၂၊ထောက်ထားငဲ့ညှာရလောက်အောင် ဆက်စပ် ပတ်သက်နေသော ပုဂ္ဂိုလ်။ **~ကောင်းဆိုးဝါး**၊န-သရဲတစ္ဆေစသည်။ **~ကောင်းတရောင်း** /မကောင်းဒယောင်း/ နဝိ၊ အကောင်းမဟုတ်သော။ **~ကောင်းမှု**၊န-မကောင်းကျိုး ဖြစ်စေသော အပြုအမူ၊ အကုသိုလ်။ **~ကြာခဏ**၊ **~ကြာမကြာ**၊ ကြိဝိ-တစ်ကြိမ်နှင့် တစ်ကြိမ် အချိန်များစွာ မကွာဘဲ။ အကြိမ်ကြိမ်။ **~ကြားဝံ့မနာသာ**/မကျားဝန့်မနာသာ/ န-နားမခံသာအောင် ရိုင်းစိုင်း ယုတ်ညံ့သော စကား။ **~ခံရှိ မခံသာ**/မခန်ဂျိမခန်သာ/ ကြိဝိ-အခံရခက်လျက်။ **~နိုင်တရို**/မခိုဒယို/ ကြိဝိ-ဟန်အမူအရာ နစ်သက်စဖွယ် ခပ်ယို့ယို့ လုပ်လျက်။ **~ခေါက်မရက်**၊ ကြိဝိ- ထောက်ထားညှာတာစွာ။ **~ခန့်လေးစား** /မခန့်လေးစား/ ကြိဝိ- လေးစားရှိသေခြင်း ကင်းလျက်။ မထီလေးစား။ မနိုးမခန့်။ မခန့်တရန့်။ မထီတရီ။ မထီမဲ့မြင်။ **~ချိ**၊ကြိ- ဖြေဆည်နိုင်စွမ်းမရှိ။ **~ချိတရိ** /မချိဒယိ/ ကြိဝိ- ဝေဒနာကို မသက်မသာ ခံစားရလျက်။ **~ချိတင်ကဲ** /မချိတင်ဂဲ/ ကြိဝိ-ဝမ်းနည်း ကြေကွဲလျက်။ မဖြေဆည်နိုင်ဘဲ။ **~ချိမဆံ့**၊ကြိဝိ- ပြင်းပြင်းထန်ထန် ခံစားရလျက်။ **~ချိသွားဖြဲ**၊ကြိဝိ-မခံသာသော်လည်း ခံသာဟန် မျက်နှာအမူအရာလုပ်လျက်။ **~ချိုမချဉ်**၊ ကြိဝိ-အပိုးမသေသော မျက်နှာပေးဖြင့်။ ပြောင်စပ်စပ်။ **~ချင့်မရဲ**၊ကြိဝိ-အားမလိုအားမရ။ **~ချွတ်**၊ ကြိဝိ-စကန်။ မုချ။ မလွဲ။ **~နိုးမပို့**၊ကြိဝိ-မဖြစ်စလောက်။ **~စင်**၊န-ချေး။ ကျင်ကြီး။ **~စွမ်းမသန်**၊ န-ကိုယ်လက်အင်္ဂါ တစ်စုံတစ်ရာ ချို့ယွင်း၍ လူသာမန်ကဲ့သို့ သွားလာလှုပ်ရှားနိုင်စွမ်း မရှိသူ။ **~ဆီမဆိုင်**၊ကြိဝိ-ဆက်စပ် အကျုံးဝင်ခြင်း မရှိဘဲ။ လိုက်ဖက်စပ်ဟပ်ခြင်းမရှိဘဲ။ **~ဆူးမရဲ**၊ ကြိဝိ-မခံမရပ်နိုင် ဆူကြွလှုပ်ရှားလျက်။ **~ဆုံးမပြီ**၊ကြိဝိ-လက်ခံနိုင်သည့် ပမာဏထက် ပိုလွန်လျက်။ မတန်မမျှ။ **~ဆုံးရင်ကန်**/မဆန့်ယင်ဂန်/ကြိဝိ-တော်သင့်သည်ထက် ပိုလွန်လျက်။ **~ဆုံ့အင်တန်**၊ ကြိဝိ- ဆံ့ဝင်နိုင်ခြင်းမရှိဘဲ ပိုလွန်လျက်။ **~ဆို**၊ စည်း- သတ်မှတ်ချက် မရှိဟုသော အနက်ဖြင့် ထောက်ပံ့သည့် စကားလုံး။ "မည်သူ~။" **~ဆိုစလောက်**/မဆိုစလောက်/ကြိဝိ-မဖြစ် စလောက်။ **~ဆိုင်းမတွ**၊ကြိဝိ-လေးဖင့်ခြင်း မရှိဘဲ။ ချက်ချင်း။ **~ဆစ်ဆီ**၊န-သေးအစီအရင်ပြုရန်အတွက် ဈေးမဆစ်ဘဲ ဝယ်ခဲ့သည့်ဆီ။ **~ဆတ်တငံ့**၊ ကြိဝိ-အာသာဆန္ဒ မပြေတပြေ။ **~တကာ**/မဒဂါ/ကြိဝိ-[ပေါ]မသင့်မလျော်။ **~တူတရူ**/မတူဒယူ/ကြိဝိ-၁၊သံသယဖြစ်ဖွယ်။ ၂၊မဖြောင့်မမှန်။ မတော်မသင့်။ **~တော်တဆ**၊ ကြိဝိ-ရည်ရွယ်ရင်းမရှိဘဲ။ အမှုမဲ့အမှတ်မဲ့။ **~တော်တရော်**/မတော်ဒယော်/ မသင့်မလျော်။ မဖွယ်မရာ။ **~တော်မတရား**၊ကြိဝိ-လူ့ကျင့်ဝတ်နှင့် မညီဘဲ။ **~တော်လောဘ**၊ န-လွန်ကဲသော လောဘ။ ဝိသမလောဘ။ **~တော်လို့**၊ သမ်-[အပြော]အခန့်မသင့်၍။ "~နောက်ကျရင် စောင့်ပါ။" **~တောက်တခေါက်**၊ ကြိဝိ-နံ့စပ်ကျွမ်းကျင်ခြင်း မရှိဘဲ။ **~တင်မကျ**၊ကြိဝိ-မပြီးမပြတ်။ မပြတ်မသား။ **~တစ်လုံးကျေ**/ မာတလုန်းကျေ/ န- မကာရလောပ နှင့်အတူတူ။ **~တန်တဆ**၊ကြိဝိ-သင့်သည့် ပမာဏထက်ကျော်လွန်လျက်။ အဆမတန်။ **~တန်ရစာ**/မတန်ယစာ/န-မတန် တဆဈေးပေး၍ ဝယ်စားရသောအရာ။ **~တန်သီး** /မဒန်သီး/န-သီးချိန်ကာလ မဟုတ်ဘဲ စော၍ဖြစ်စေ နောက်ကျ၍ဖြစ်စေ သီးသောအသီး။ **~တမ်း** /မဒန်း/န-(သားမပေါက်သေးသည့်) ပျိုရွယ်သော နွားမငယ်၊ ကြက်မငယ်။ **~တိမ်းမယိမ်း**၊ ကြိဝိ-အရွယ်ပမာဏချင်း များစွာ မကွာခြားဘဲ။ **~ထိတထိ**/မထိဒဒိ/ကြိဝိ-ထိနိုက်သလိုလို မထိနိုက်သလိုလို။ "~ပြော-။" **~ထောင်းတာ** /မထောင်းဒါ/ ကြိ- ပြောပလောက်အောင် ထိနိုက်နစ်နာခြင်းမရှိ ဖြစ်သည်။ **~ထုံတက်သေး**၊ ကြိဝိ-လေးတွဲ့ပေကတ်လျက်။ **~ထွေးနိုင် မမျိုနိုင်**၊ **~ထွေးနိုင်မအန်နိုင်**၊ ကြိ-[ဥပစာ] မပြတ်သားနိုင်ဘဲ အကျပ်အတည်းဖြစ်လျက်။ မတိုးသာ မဆုတ်သာ ဖြစ်လျက်။ **~နာလို**၊ ကြိ-သူတစ်ပါး ကောင်းစားသည်ကို မကြားလို၊ မလိုလား ဖြစ်သည်။ **~နိုးမကမ်း**၊ ကြိဝိ- ခပ်လှမ်းလှမ်း။ **~နီးယိုးစွဲ**/မနီး ယိုးစွဲ/ကြိဝိ-နီးနီးစပ်စပ်တူညီလျက်။ **~နုံး မနပ်**၊ န-[ဥပစာ]ငယ်ရွယ်သဖြင့် အသိအလိမ္မာ နည်းပါး

http://www.lknt11.com ...

သူ။ အတွေ့အကြုံနည်းပါးသူ။ **~နိုင်မကာန်၊** ကြိုဝိ–အလွန်များပြားစွာ၊ အပြည့်အလျှံ။ **~နိုင်ရင်ကန်** /မနိုင်ယင်ဂန်/ကြိုဝိ–ရင်းရင်းနှီးနှီး။/န– အလွန်ရင်းနှီးသူ။ **~နည်း**/မနဲ/ကြိုဝိ–များစွာ။ **~ပီကလာ** ပီကလာ၊ ကြိုဝိ– စကားသံ မပီတပီဖြစ်လျက်။ **~ပေါ့မပါး၊** ကြိုဝိ–[ဥပစာ]ကိုယ်ဝန်ဆောင်လျက်။ **~ပိုင်ဝက်မွေး၊** ကြိုဝိ–[ဥပစာ]ပိုင်နိုင်စွာ စီမံနိုင်ခွင့် မရှိဘဲ။ **~ပြတ်၊** ကြိုဝိ–အမြဲ။ **~ပွင့်တပွင့်**/မပွင့်ဒပွင့်/ ကြိုဝိ– ကွဲကွဲပြားပြား ပွင့်ပွင့်လင်းလင်း မရှိဘဲ (ပြောသည်)။ **~ဖောက်ထုံး၊** န– ထုံးကျောက်ကို မီးဖုတ်ရေဖျန်း၍ ရသော ထုံးမှုန့်အရိုင်း။ (၎င်းကို ရေစိမ်၍စစ်ပြီးမှ ကွမ်းစားထုံး ရရှိသည်။) **~ဖြစ်စလောက်၊** ကြိုဝိ–အနည်းငယ်မျှ။ မဆိုစလောက်။ **~ဖြစ်ညစ်ကျယ်၊** ကြိုဝိ–မစွမ်းဘဲ စွမ်းဟန်ပြုလျက်။ **~ဖွယ်မရာ၊** န–မလျောက်ပတ် မသင့်တော်သော အပြုအမူအပြောအဆို။ **~မီမကမ်း၊** ကြိုဝိ–မမီသာ ဖြစ်လျက်။ **~မိုမရွား၊** ကြိုဝိ–[ပေါ] မဟောင်းမနွမ်း။ သစ်လျက်။ **~မြင်ကွယ်ရာ၊** န–မမြင်နိုင်သော နေရာ၊ အရပ်။ **~မြင်မကန်း၊** ကြိုဝိ–ကွဲကွဲပြားပြား မမြင်ဘဲ။ **~မှိတ်မသုန်၊** ကြိုဝိ–မတွန့်မဆုတ် တစ်သမတ်တည်း။ စူးစူးစိုက်စိုက်။ **~ယိုးမယိမ်း၊** ကြိုဝိ–မတိမ်းမယိမ်း။ **~ယောင်မလည်**/မယောင်မလယ်/ ကြိုဝိ–မသိမသာ အမှတ်တမဲ့။ **~ယှတ်မလွန်၊** ကြိုဝိ–၁။မပိုမလို။ ၂။ဆုတ်သာတက်သာ၊ လျှော့သာတိုးသာ ရှိစေလျက်။ **~ယုံသင်္ကာ** /မယုန်သင်ဂါ/ န–သံသယရှိခြင်း။ **~ရမက၊** ကြိုဝိ–မရမနေ။ မရရအောင်။ **~ရှိမသေ၊** န–အသက်အရွယ်ကြီးသူကို တစ်စုံတစ်ရာ လုပ်နိုင်း စေလိုရာ၌ ရှိသေမှုကင်းမဲ့ရာ ရောက်မည် စိုး၍ ကြိုတင် တောင်းပန်သည့်အနေဖြင့် ပြောသော စကား။ **~ရိုးမရွ၊** ကြိုဝိ–ရိုးတိုးရွတ။ **~ရှိမရှား၊** န–မချမ်းသာ၊ မဆင်းရဲ အလယ်အလတ် အခြေအနေ။ **~ရှိမဲ့ရှိမဲ့၊** ကြိုဝိ–မရှိရသည့်အထဲမှ ရတတ်သရွေ့။ **~ရှုစိတ်**/မယှုစိတ်/ကြို–သူတစ်ပါး၏ ကောင်းစားမှုကို မမြင်လို။ **~ရှုမလှ၊** ကြိုဝိ–ကြည့်မကောင်း ရှုမကောင်း ဆိုးဆိုးရွားရွား။ **~ရှုနိုင်မကယ်နိုင်၊** ကြိုဝိ–မဖြေရှင်းနိုင်ဘဲ အကျပ်အတည်းဖြစ်လျက်။ မရှုသာ မရှိက်သာ။ **~ရှေးမနှောင်း၊** ကြိုဝိ– အချိန်မကွာလှဘဲ။ ရှေ့ဆင့်နောက်ဆင့်။ **~လေးမနေ့၊** ကြိုဝိ–မရှိမသေ။ **~လိုတမာ၊** ကြိုဝိ–မလိုလားနိုင်ဘဲ။ မနာလိုဘဲ။ **~လိုလဲလိုလဲ၊** ကြိုဝိ–လိုလိုမည်မည်။ **~လောက်လေးမလောက်စား၊** န–အရေးမထားလောက်သော သူ။ **~ လည်မဝယ်** /မလယ်မဝယ်/ကြိုဝိ–မပါးမနပ် မကျွမ်းမကျင်။ **~လိမ်မိုးမလိမ္မာ၊** န–တတ်သိလိမ္မာမှု မရှိသေးသော ငယ်ရွယ်သူ။ **~လိမ့်တပတ်**/မလိန့်ဒဗတ်/ကြိုဝိ–မသိမသာ လိမ်လည်လှည့်စားလျက်။ **~လုံမလဲ၊** ကြိုဝိ– ၁။ အဝတ် လုံလုံခြုံခြုံ မဖုံးအုပ်မိဘဲ။ ၂။[ဥပစာ] တစ်စုံတစ်ရာကို ပြုမူမိသဖြင့် စိတ်မသန့် ဖြစ်လျက်။ **~လွဲမသွေ၊** ကြိုဝိ – အမှန်။ စေကန်။ မုချ။ **~လွယ်ပေါက်** /မလွယ်ဗောက်/ န–၁။ မြို့ရိုး၌ တစ်ယောက်ချင်းသာ ဝင်ထွက်နိုင်ရန် အဆီးအတား လုပ်ထားသော အပေါက်ငယ်။ ၂။အရေးအကြောင်းရှိက ဝင်ထွက်နိုင်ရန် ဖောက်ထားသော အပေါက်ငယ်။ ၃။ တံခါးမကြီးဘေးရှိ အပိုတံခါးပေါက်ငယ်။ **~လှမ်းမကမ်း၊** န–မနီးလွန်း မဝေးလွန်းသော အကွာအဝေး။ **~လွှဲမကင်းသာ** /မလွှဲမကင်းသာ/ ကြိုဝိ–မတတ်သာ၍။ မလွှဲသာ။ **~ဝရေစာ** /မဝါ့ယေဇာ/ န–ဝလင်အောင် မစားရသောအစာ။ **~သကာ**[၁]/မသုဂါ/ကြိုဝိ–ယုတ်စွအဆုံး၊ အလွန်ဆုံး။ **~သတိ** /မသဒိ/ကြို–ရှုံ့သည်။ **~သမာ၊** နဝိ–တရားနည်းလမ်း မကျသော။ မဖြောင့်မှန်သော။ [မြန်၊မ+ပါ၊သမ္မာ] **~သာ၊** န–လှသော အလောင်းကောင်။ အသုဘ။ **~သာချ၊** ကြို–အသုဘကို သုသာန်သို့ ပို့ဆောင်သည်။ **~သိစိတ်**/မသိစိတ်/ န–အာရုံ စူးစိုက်မှုမရှိဘဲ အမှတ်မထင် ပြုပြင်စီရင်စေတတ်လျက် ရှိသော အတွင်းသိစိတ်တစ်မျိုး။ **~သိလိုက်မသိဘာသာ** /မသိလိုက်မသိဖာသာ/ ကြိုဝိ– မသိသကဲ့သို့၊ မသက်ဆိုင်သကဲ့သို့ ဘာသိဘာသာ။ **~သိသားဆိုးဝါး**/မသိသွားဆိုးဝါး/နဝိ–အသိတရား ခေါင်းပါးလွန်းသော။ **~သေကောင်းမပျောက်ကောင်း** /မသေဂေါင်း မပျောက်ကောင်း/ ကြိုဝိ–သေလောက်သော ဘေးနှင့် ကြုံပါလျက် မသေဘဲ။ **~သေထမင်း မသေဟင်း**/မသေဒမင်း မသေဟင်း/ န–အသက်မသေရုံမျှသာ စားရသော အစားအစာ။ **~သိုးထမင်း မသိုးဟင်း**/မသိုးဒမင်း မသိုးဟင်း/ န–ကာလကြာရှည် မသိုးမပုပ်အောင် စီမံထားသော စားဖွယ်။ **~သိုးမသန့်၊** ကြိုဝိ–၁။ မသတိလျက်။ ၂။ ယနမကင်းဖြစ်လျက်၊ သံသယဝင်လျက်။ **~သိုးသက်နိုး** /မသိုးသင်ဂနိုး/ န–တန်ဆောင်မုန်း လပြည့်နေ့ ညတွင်းချင်း အပြီးရက်လုပ် လှူဒါန်းသော သင်္ကန်း။ **~သင်္ကာ** /မသင်ဂါ/ ကြို–မယုံမကြည် ဖြစ်သည်။ သံသယရှိသည်။ **~သဒ္ဓါရေစာ** /မသဒ္ဓါယေဇာ/ န–စေတနာမရှိဘဲ ကျွေးမွေးသော အစားအစာ။ **~ဟားတရား** /မဟားဒယား/ကြိုဝိ–၁။မဖွယ်မရာ။ ၂။ ဣန္ဒြေ ပျက်လောက်အောင် ရေးကြီးသုတ်ပျာ။ **~ဟူ၊** ကြိုဝိ–မခွဲခြားဘဲ အတူအညီ။ **~ဟုတ်ကဟုတ်က**/မဟုတ်ကာ့ဟုတ်ကာ့/ န–မဟုတ်သည်ကို

မာတိကာသို့ ▶▶▶

http://www.lknt11.com

ဟုတ်သကဲ့သို့ ပြောဆိုပြုမူခြင်း။ **~ဟုတ်တရုတ်**၊ န- မဟုတ်မမှန်သော အကြောင်းအရာ အပြုအမူ။ **~ဟုတ်တမ်းတရား** /မဟုတ်တန်းဒယား/ န- **မဟုတ်တမ်းတရမ်း** ရှု။ **~ဟုတ်တမ်းတရမ်း** /မဟုတ်တန်းဒယန်း/ န- မဟုတ်မမှန် ပြောဆိုချက်။ **~ဟုတ်မဟုတ်**၊ န-မမှန်ကန်သော စကား။ မသင့်တော်သော အပြုအမူ။ **~အား**၊ န-ယောကျ်ားလိင်။ ဖော့နေ။ **~အိမလည်**/မအိမလယ်/ကြိဝိ- မနေသာ မထိုင်သာသော ကိုယ်တွင်း ခံစားမှု တစ်မျိုး ဖြစ်ပေါ်လျက်။ **~အိမသာ**၊ ကြိဝိ- နေထိုင်မကောင်းဖြစ်လျက်။ **~အူမလည်** /မအူမလယ်/ကြိဝိ-လည်ပတ်ပါးနပ်ခြင်း မရှိဘဲ။ **~ဦးမချွတ်**၊ ကြိဝိ-ဦးဦးဖျားဖျား မဆင်မခြင်ဘဲ လက်လွှတ်စပယ်။ **~အပ်မရာ**၊န-မသင့်တော် မလျော်ကန်သော အပြောအဆို၊ အပြုအမူ။

မကရ/မကရာ/န-ဆယ့်နှစ်ရာသီတွင် မကန်းရုပ်ဖြင့် မှတ်အပ်သော ဒသမရာသီ။ [သ၊မကရ]

မကိုဋ်/မဂိုက်/န-ဘုရင် စသော မြင့်မြတ်သူတို့ ဆောင်းသည့် ဦးခေါင်းတန်ဆာ။ [ပါ၊မကုဋ]

မကန်း/မဂန်း/န-၁။ဆူးရှိသော ကိုယ်ခွံအထပ်ထပ်နှင့် လက်မကြီးနှစ်ခု၊ လက်ခြောက်ဖက်၊ အမြီးပါရှိသည့်ပင်လယ်သတ္တဝါတစ်မျိုး။ ၂။ဗုဒ္ဓဘာသာရိနှင့် ဇာတ်တော်များတွင် ဖော်ပြလေ့ရှိသည့် ကိုယ်အကြေးခွံ၊ နှာမောင်း၊ ခြေလေးဖက်၊ အမြီး စသည်ပါရှိသော ရေသတ္တဝါ။ [သ၊မကရ]

မကန်း/မဂန်း/န-မကန်းရှု။ [သ၊မကရ]

မဂဓဘာသာ/မဂဒါ့ဘာသာ/န-၁။မဂဓတိုင်းသားတို့ ပြောဆိုသော ရှေးဟောင်းဘာသာစကား။ ၂။ပါဠိဘာသာ။ [ပါ၊မဂဓ+ဘာသာ]

မဆလာ၊န-၁။နံ့နံ့စေ့၊ စီရာစသည်တို့ကို ရောစပ်ထောင်းထားသည့် ဟင်းခတ်အမွှေးအကြိုင်အမှုန့်။ ၂။ထုံး၊ သဲ၊ ဘိလပ်မြေ စသည်တို့နှင့် ရေရောစပ်ထားသည့် အင်္ဂတေသရွတ်။ [ဟိန္ဒူ၊ masa la]

မဆွေ၊န-[ပေါ]ရှေးဦး။

မဏိ၊န-၁။ကျောက်မျက်။ ၂။ဘုရားရုပ်ပွားတော်၏ ဦးခေါင်းတော်။ [ပါ၊မဏိ] **~ကွမ်းစား**/မနိကွန်းစား/ ကြိ- [ဗန်း] အရိုက်ခံရ၍ ခေါင်းကွဲသည်။ **~ဆံကျင်**/မနိဆန်ဂျင်/န-၁။ပတ္တမြားဆံထိုး။ ၂။[စာပေ] အက္ခရာကိုးလုံးဖြင့် ချသော ရတုချနည်း။ **~ဇောတ**၊ န-အရည်အရောင် တောက်ပသော ပတ္တမြား။ မဏိဇောတိရသ်။ [ပါ၊မဏိဇောတိရသ] **~သုတ္တရ**/မနိယုတ်တရာ/န-ကျောက်မျက် ပညာရပ် ဆိုင်ရာကျမ်း။ [သ၊မဏိဂါဒ္ဓ] **~ဦးဖြည်း**/မနိအူးဖျိုး/န-[စာပေ] အက္ခရာ ၁၅လုံးဖြင့် ချသော ရတုချနည်း။

မဏိသြဃ၊န-ပင်စည်တွင် အမွေးရှိ၍ အသီးလုံးသေးငယ်သော၊ အမြစ်အခေါက် ဆေးဖက်ဝင် ပင်စောက်ကြီး တစ်မျိုး။ [သ၊မနောဟ/မနှောဟ]?

မတကဘတ်/မတာဂ့ဗတ်/န-ကွယ်လွန်သူကို ရည်စူး၍ ပေးလှူသော ဆွမ်း။ သပိတ်သွတ်ဆွမ်း။ [ပါ၊မတက ဘတ္တ]

မတြာ/မတ်တရာ/န-မျက်စိတစ်မှိတ်၊ လက်ဖျစ် တစ်တွက်ခန့်ကာလ။ [သ၊မာတြာ]

မထေရ်/မထီမထေ/န-မဟာထေရ်။ [ပါ၊ မဟာထေရ]

မဒမ၊န-ပင်လယ်စပ်တွင်ပေါက်သော သစ်ပင်ငယ် တစ်မျိုး။ [မွန်၊မဒ္ဒ]

မဒရတ်ခေါင်၊န-ခေါင်မှ အမိုးစောက် လေးဖက်ချသော အိမ်ခေါင်မျိုး။ [Madras+မြန်၊ခေါင်]

မဒရတ်အိမ်၊န-သွပ်မိုး၊ ပျဉ်ထောင်ကာ ခြေတံရှည်အိမ်တစ်မျိုး။ [Madras+မြန်၊အိမ်]

မဒီ၊န-[ဗန်း] မိန်းမပျို။ [ပါ၊မဒ္ဒီ] **~ကိုင်**/မဒီဂိုင်/န-ရုပ်သေး သဘင်တွင် မင်းသမီးရုပ်ကို ကြိုးဆွဲရသူ။

မဓိရည်၊န-ဒိန်ခဲထုတ်ပြီးနောက် ကျန်သော အရည်ကြည်။ [ဟိန္ဒီ၊မဓိ+မြန်၊အရည်]

မဓုဋီကာ၊န-အနုဋီကာကို ထပ်၍ဖွင့်သော ကျမ်း။ မဓု။ [ပါ၊မဓု+ဋီကာ]

မဓုရတာဂုဏ်/မဒုရတာဂုန်/န-ကာရန်တူ၊ အသတ်တူ၊ တလုံးတူစသည်ဖြင့် ချိုသာနာပျော်ဖွယ်ဖြစ်အောင် စပ်ဆိုထားသော ဂုဏ်။ [ပါ၊မဓုရတာ+ဂုဏ]

မနသိကာရ/မနသိကာရာ/န-နှလုံးသွင်း။ [ပါ၊ မနသိကာရ]

မနုဓမ္မသတ်/မနုဒမသတ်/န-မဟာသမ္မတမင်း လက်ထက်က အသုံးပြုသော မနုရသေ့ စီရင်သည့် ဓမ္မသတ်။ [ပါ၊မနု+ဓမ္မသတ္ထ]

မနေ့က/မနေ့ဂ/ကြိဝိ-ယနေ့မတိုင်မီနေ့က။

မနေ့တစ်နေ့၊န-မကြာသေးမီရက်။

မနော၊န-စိတ်။ စိတ်ထား။ [ပါ၊မနော] **~ကံ**/မနောဂန်/န-စိတ်ဖြင့် ကြံစည်မှု။

မနောသွဲ့ /မနောဗွဲ့/ န- ကချင်ရိုးရာ နတ်ပူဇော်ပွဲ။ [ဂျိန်ဖော၊ မနော+မြန်၊ပွဲ]

မနက်၊န-နံနက်။ **~ဖြန်**၊န-ယနေ့၏နောက်တစ်နေ့။ နက်ဖြန်။

မနုဿ/မနုတ်သာ/န-လူသား။ [ပါ၊မနုဿ] **~ဗေဒ** /-ဗေဒ/န-လူသားတို့ ဖြစ်ပေါ်လာပုံနှင့် ဓလေ့ထုံးစံ၊ ယုံကြည်မှု စသည်ကို လေ့လာသော ပညာရပ်။

မနုဿီဟ/မနုတ်သိဟာ/န-လူမျက်နှာတစ်ခုနှင့်ခြင်္သေ့ကိုယ်နှစ်ခုပါသော အရုပ်။ [ပါ၊မနုဿ+သီဟ]

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

မနစ်၊န–လွန်ခဲ့သောနှစ်။

မယား၊န–ဇနီး။ **~ညီအစ်ကို**၊န–ညီအစ်မတို့၏ လင်သား အချင်းချင်း တော်စပ်ပုံ။ **~တရူး**/မယဒါ့ယူး/န– မယားကို စွဲလမ်းသော စိတ်ဖြင်းပြနေသူ။ မိန်းမ ရလိုစိတ် ပြင်းပြနေသူ။ **~မြိုင်**/မယမျိုင်/န– ယောကျ်ားတစ်ဦးက လူသိရှင်ကြား ယူထား၍ အခွင့်အရေးညီတူရှိသော မယားများ။

မယောင် ၊ သမ်– အရိပ်အယောင်ရှိမည့် အနက်ဖြင့် ဆက်စပ်ပေးသော စကားလုံး။

မယှငက်၊န–[ကျမ်းဂန်] ငှါဟာ၊ ငှါဥစ္စာဟူသော အမိပ္ပာယ်ရှိသည့် အသံဖြင့် မြည်တွန်သည်ဆိုသော ငှက်။ [ပါ၊မယူ+မြန်၊ငှက်]

မရကာန်/မယဂန်/န–ပင်စည်အကိုင်းအခက် ပျော့ ပျောင်းသော ပဒူငါးပါး ဆေးဖက်ဝင် ပင်မျပ် တစ်မျိုး။

မရဏ/မရနာ/န–သေခြင်း။ [ပါ၊မရဏ]

မရမန်[၁]/မရမန်/န–အနံ့အရသာကောင်းသော ခွံစိမ်း ငှက်ပျောတစ်မျိုး။ ငရမန်။ [ပါ၊မနောရမ]

မရမန်[၂]/န–ဝိတ်ပါးတစ်မျိုး။ [ဟိန္ဒီ၊မလ်မလ်]

မရီး၊န–အစ်ကို၏မယား။ မယား၏အစ်မ။

မရှူ/မရှူ/န–ကချင်လူမျိုးတစ်မျိုး။

မရန်း၊န–အသီး အချဉ်မျိုး အချိုမျိုးရှိသည့် ရွက်အုပ် ပင်ဆောက် တစ်မျိုး။ [ပါ၊မုရဂ်] **~ရောင်**၊န–အနီ တွင် အပြာ အနည်းငယ် ရောစပ်နေသော အရောင်။ မရန်းစေ့အရောင်။

မရွေး၊န–လှော်ထားသောဆန်၊ ကောက်ညှင်းစသည်ကို ထန်းလျက် သို့မဟုတ် သကာနှင့် နယ်ထားသော မုန့်တစ်မျိုး။

မရှော်၊ န– အဆိပ်ဖြေဆေးအဖြစ် သုံးသော ကချင် ပြည်နယ်ပေါက် ဆေးပင်တစ်မျိုး။ [ကချင်၊ မရှော]

မလိုင်[၁]၊န–၁၊နို့ကိုချက်ရာမှ အပေါ်ယံတွင် ဖျစ်ခဲတက် လာသော နို့နှစ်။ ၂၊အခေါက်ကို မိုင်းကိုင်စက္ကူ လုပ်ရသော အပင်။ (သာလဲ၊ တာလဲ ဟုလည်း အရပ်ဒေသအလိုက် ခေါ်ကြသည်။)[ဟိန္ဒီ၊ မလာဤ]

မလိုင်[၂]၊န–ကလိုင်[၄]ရှု။ [ဟိန္ဒီ၊ကလဤ]

မလွှ၊န–ရောပုံအပွင့်နှင့် အသီးတောင့်ကို စားရသော ပင်လတ်တစ်မျိုး။

မသကာ[၂]၊ န– ထောပေး နှင့်အတူတူ။ [ဟိန္ဒူ၊ maskā]

မသာရကာန် /မသာရဂန်/ န–[ကျမ်းဂန်] ပတ္တမြား ပြောက်။ [ပါ၊မသာရဂလ္လ]

မဟာ၊နဝိ–ကြီးသော။ မြတ်သော။ [ပါ၊မဟာ] **~ကပ်**၊န– သံဝဋ္ဋ၊ သံဝဋ္ဋဌာယီ၊ ဝိဝဋ္ဋ၊ ဝိဝဋ္ဋဌာယီ ဟူသော အသင်္ချေယျကပ် လေးပါးအပေါင်း။ [ပါ၊မဟာကပ္ပ] **~ဂီတ**၊န–သီချင်းကြီးများကို စုပေါင်း ထားသော ကျမ်း။ **~ဂိရိ**/မဟာဂိရိ/န–အိမ်တွင်း၌ အုန်းဆွဲ၍ ပူဇော်ကြသော၊ ၃၇မင်းတွင် ပါဝင်သော နတ်။ အိမ်တွင်းနတ်။ [ပါ၊မဟာ+ဂိရိ] **~ဆီမဟာ သွေး** /မဟာဒ်မဟာသွေး/န–မင်းမျိုး။ **~ထန်**၊နဝိ– ထီးမှ နန်းဟန် ယဉ်ကျေး ခွဲ့နှောင်းသိမ်မွေ့သော။ **~ထေရ်**/မဟာထိ၊မဟာထေ/န–ဝါ ၂၀မှ အထက် ဖြစ်သောရဟန်း။ **~ဒေဝီ**၊န–မိဖုရားခေါင်။ **~ဒုတ် ဆွမ်း** /မဟာဒုတ်ဆွန်း/န– တရေးတံမဲ ချ၍ လှူ သော ဆွမ်း။ [ပါ၊မဟာဒုဂ္ဂတ+မြန်၊ဆွမ်း] **~ဒါန်**၊ န–မင်းလှူသောအလှူ။ [ပါ၊မဟာ+ဒါန] **~ဒါန်ဝန်**၊ န–ဘုရင်၏ အလှူအတန်းကိစ္စကို လည်းကောင်း၊ ရဟန်းတော်တို့၏ ဝိနည်းသိက္ခာနှင့်အညီ ကျင့်ကြံမှု ကို လည်းကောင်း ကြပ်မတ်သော အမတ်။ **~နဖူး**၊ န–၁၊ကျယ်ပြန့်သောနဖူး။ ၂၊ဆံပင်ရှစ်ကြောင်းနှစ်ဖက် ထောင့် ကျကျ ဖြစ်နေသော နဖူး။ **~ပိန္နဲ** /မဟာပိန်းနဲ/ န–လူကိုယ် ဆင်ခေါင်းရှိ ဟိန္ဒူနတ်။ [သ၊မဟာ ဝိနာယက] **~ဗျူဟာ**၊န–စစ်ရေး နိုင်ငံရေး စသည် တွင် အဓိကရည်မှန်းချက် ပြီးမြောက် အောင်မြင် စေရေးအတွက် အကျိုးဝင်သော ကဏ္ဍအသီးသီး တို့ကို ဆက်စပ်လွှမ်းခြုံ၍ စီစဉ် ခင်းကျင်းခြင်း။ **~ဘုတ်**၊န–၁၊ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဟူသော ဓာတ်ကြီးလေးပါး။ ၂၊အခြေခံ ဗေဒင် တွက်နည်းတစ်မျိုး။ [ပါ၊မဟာဘူတ] **~မိတ်**၊ န– ချစ်ကြည်ရင်းနှီးသောသူ။ **~ယာန**၊န–လူသားတိုင်း ဘုရားဖြစ်နိုင်သည်ဟု ယူဆသော ဗုဒ္ဓဘာသာဂိုဏ်း တစ်မျိုး။ (မြောက်ပိုင်း ဗုဒ္ဓဘာသာဟုလည်း ခေါ်သည်။) (ဟီနယာန နှင့် ထေရဝါဒလည်းရှု) [ပါ၊မဟာယာန] **~ရောရဝ** /မဟာရောရဝ့်/န– ငရဲကြီးရှစ်ထပ်တွင် ရောရဝငရဲအောက် ယူဇနာ ၁၅၀၀၀ ဆေးကွာသော ပဉ္စမငရဲ။ [ပါ၊မဟာရောရုဝ] **~ရံတံတိုင်း** /မဟာယန်ဒနိုင်း/န–ဘုရား ကျောင်း ကန်ကို ကာရံထားသော တံတိုင်း။ [ပါ၊ မဟာ အာရာမ+မြန်၊တံတိုင်း] **~လတာ**၊န–ရတနာများဖြင့် ပန်းနွယ်ပန်းပြောက် စီခြယ်ထားသော ထူးမြတ်သည့် အမျိုးသမီး အဝတ်တန်ဆာ။ [ပါ၊မဟာလတာ] **~ဝင်**၊န–မဟာသမ္မတမင်းမှစ၍ မင်းအဆက်ဆက် အကြောင်းအရာများကို ရေးသားထားသည့်ကျမ်း။ [ပါ၊မဟာဝံသ] **~ဝုန်**၊န–ကာပိလဝတ်ပြည်အနီးရှိ တောကြီးတစ်ခု၏ အမည်။ [ပါ၊မဟာဝန] **~သ မယနေ့**/မဟာသမယာနေ့/န–မြတ်စွာဘုရား မဟာ သမယသုတ်ကို ဟောတော်မူသည့် နယုန်လပြည့် နေ့ကို အစွဲပြု၍ခေါ်သော နေ့ထူးနေ့မြတ်။ **~သမယ သုတ်**/မဟာသမယာသုတ်/န–နတ်ဗြဟ္မာ အစည်း

မာတိကာသို့ ▶▶▶

အဝေးကြီးတွင် မြတ်စွာဘုရား ဟောတော်မူသော သုတ်။ **~သာဝက**၊န-မြတ်စွာဘုရား၏ ကြီးမြတ်သော တပည့်။ (ရှစ်ကျိပ်ရှိသည်။) **~သက္ကရာဇ်** /မဟာသက်ဂယစ်/ န-ဘိုးတော် အဥ္စနမင်း သက္ကရာဇ် ဖြိုသည်မှစ၍ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသောနှစ်အထိ တည်ရှိခဲ့သော သက္ကရာဇ်။ **~သမ္မတ**/မဟာသမဒ/န-ကမ္ဘာဦးကာလ လူအများ သဘောတူ တင်မြှောက်သောမင်း။

မဟုရာ၊န-(မူလက သိဟိုဠ်မဓုရာဒေသမှလာသော) အမျိုးအားဖြင့် အနက်ရောင်ရှိသော တွင်းထွက်ကျောက်တစ်မျိုး။ [သ၊မဓုရာ]

မဟေသရ/မဟေသရာ/န-သိဝနတ်။ [သ၊မဟေသွရ]

မဟေသီ¹၊န-မြတ်စွာဘုရား။ [ပါ၊မဟေသီ]

မဟေသီ²၊ န- ဘိသိက်အတူခံဖက် မိဖုရားကြီး။ [ပါ၊မဟေသီ]

မဟော်ဂနီ၊န-ပရိဘောဂပြုလုပ်သော အသားနီညိုရောင်ရှိ အမေရိက အပူပိုင်းဒေသပေါက် အပင်ကြီး။ [လိပ်၊mahogany]

မဟော်ရုတ်/မဟော်ရတ်/န-[ကျမ်းဂန်] ကြောင်မျက်ရွဲ တစ်မျိုး။ [ပါ၊မဟာ+ရတ္တန] ?

မဟိဒ္ဓိ၊န-ကြီးသောတန်ခိုး။ [ပါ၊မဟာ+ဣဒ္ဓိ]

မာ၊နဝိ-၁၊ခိုင်ခံ့တောင့်တင်း သိပ်သည်းသော။ ပျော့ပျောင်းခြင်းကင်းသော။ ၂၊အနာရောဂါ ကင်းသော။ ကျန်းမာသော။ **~ကျော**၊နဝိ-၁၊တောင့်တင်းခိုင်မာ ကျစ်လျစ်သော။ ၂၊သိမ်မွေ့ ပျော့ပျောင်းခြင်း ကင်းသော။ **~ခေါက်ခေါက်**၊ကြိဝိ-ပျော့ပျောင်းခြင်းမရှိ မာကျောလျက်။ **~ရွှာ**၊နဝိ-အနာရောဂါကင်းရှင်းသော။ **~ရေကျောရေ**၊ ကြိဝိ- မောက်မာသော လေသံဖြင့်။

မာကျီ/မာကျီ/န-လှေစသည်ကို ဖာထေးရာ ပွဲ့လျက် တစ်မျိုး။ [ဟိန္ဒူ၊ mam jhi]

မာကျူရီမီး/မာကျူရီမီး/န-ပြဒါးငွေ့ပါ၍ အလင်းအားကောင်းသော လျှပ်စစ်မီးတစ်မျိုး။ [လိပ်၊ mercury + မြန်၊ မီး]

မာဃ¹၊န-သိကြားမင်း၏ အမည်တစ်မျိုး။ [ပါ၊မာဃ]

မာဃ²၊န-ကြယ်လေးလုံးပါဝင်၍ သံကောက်သဏ္ဌာန်ရှိသော နက္ခတ်။ [သ၊မဃာ]

မာဆရိုက်ချည်/မာဆရိုက်ချီ/န-ပိုးကဲ့သို့ အရောင်တောက်ပြောင်အောင် ပြုပြင်ထားသော ချည်မျှော။ [လိပ်၊mercerized+မြန်၊ချည်]

မာဏဝ၊န-လုလင်ပျို။ [ပါ၊မာဏဝ]

မာဏဝီ၊န-လုံမပျို။ [ပါ၊မာဏဝီ]

မာတလိ၊ န- သိကြားမင်း၏ ရထားထိန်းနတ်သား အမည်။ [ပါ၊မာတလိ]

မာတိကာ၊န-ခေါင်းစဉ်အညွှန်း။ [ပါ၊မာတိကာ]

မာတုဂါမ၊န-၁၊မိန်းမ။ ၂၊ရဟန်းတော်က အမျိုးသမီးကို ခေါ်သောအမည်။ [ပါ၊မာတုဂါမ]

မာတင်၊န-ဆင်ပြောင်။ [ပါ၊မာတင်္ဂ]

မာတြာ/မာဒယာ/န-၁၊ကလေးသူငယ်တို့ကို ဖမ်းစားတတ်သည်ဟု ဆိုသော နတ်သမီး။ ၂၊သူငယ်နာရောဂါတစ်မျိုး။ [ပါ၊မာတရ]

မာန၊န-ထောင်လွှားတက်ကြွမှု။ [ပါ၊မာန]

မာဖလာ၊ န- လည်ပင်းနွေးရန် ပတ်သောအထည်။ [လိပ်၊muffler]

မာယာ၊န-လှည့်ပတ်ဖြားယောင်းခြင်း။ [ပါ၊မာယာ]

မာရဘင်/မာရဗင်/န-၁၊နန်းဆောင်တွင် ကြမ်းပြင်မှ အမိုးအထိ ပိတ်ဆီးထားသော အကာအရံ။ ၂၊မြန်မာဘုရင်လက်ထက် နန်းဆောင်တွင် ထမ်းရွက်ရသော သေနတ် အမှုထမ်း။ [ပါ၊မာရဘင်္ဂ]

မာရသွန်/မာရသွန်/န-၂၆မိုင်ခန့်ရှိ တာဝေးပြေးပွဲ။ [လိပ်၊marathon]

မာလကာ၊န-မှည့်လျှင် အသားပွသော အသီးလုံးသီး၍ ပင်စည်အခွံပေါ်ကွာလေ့ရှိသည့် အပင်တစ်မျိုး။ [Malacca]

မာလကာပေါက် /မာလကာဖောက်/ န- သင်္ဘော ကုန်းပတ်ပေါက်။

မာလကျင့်/မာလကျင့်/န-စက်ရက်ချည်ကြမ်း ပိတ်ပါး တစ်မျိုး။ [ဟိန္ဒူ၊marakim]

မာလာ၊န-ပန်းကုံး။ ပန်း။ [ပါ၊မာလာ] **~ကျိုကျ**၊န-ကိုကုမံ နှင့်အတူတူ။ [ပါ၊မာလာ+ကဏ္ဏ] **~ မှုး** /မာလာဖူး/ န-တို့စရာအဖြစ် စားရသော မြေကပ်ပင် တစ်မျိုး။

မာလီ၊န-ဥယျာဉ်မှူး။ [သ၊မာလီ]

မာလေသနွယ်၊န-[ကျမ်းဂန်] မိုရာအပင်ကို ဖျက်ဆီးတတ်သော နွယ်ပင်ကြီး တစ်မျိုး။ [ပါ၊မာလုဝ+မြန်၊နွယ်]

မာလိန်၊န-သင်္ဘောရေကြောင်းပြ အရာရှိ။ [အရဗီ၊muallim]

မာသ၊န-ပြက္ခဒိန်လ။ [ပါ၊မာသ]

မား၊စည်း-လွန်ကဲခြင်းအနက်ဖြင့် ထောက်ကူသော စကားလုံး။ "ကြီး~။ မြင့်~။" **~မားမတ်မတ်**၊ ကြိဝိ-၁၊ဖြောင့်မတ်မြင့်မားစွာ။ ၂၊ကြံ့ကြံ့ခိုင်ခိုင်။

မိ¹၊ ကြိ- ၁၊ ထိရောက်သည်။ ၂၊ ဖမ်းဆီးရရှိသည်။ ၃၊လျှို့ဝှက်ချက် တစ်စုံတစ်ရာကို လက်ဆုပ်လက်ကိုင် တွေ့သည်။ ၄၊တစ်စုံတစ်ရာ၏ လွှမ်းမိုးတိုးဝင်ထိတွေ့ခြင်းကို ခံစားရသည်။ "မိုး~။ အအေး~။ အညောင်း~။" စည်း-၁၊အမှတ်မထင် ပြုမှုခဲ့ခြင်း သဘောကိုပြသော စကားလုံး။

၂။ပြုမူခဲ့ခြင်းကို မသင့်ဟုထင်၍ နောင်တရသည့်သဘောဖြင့် သုံးသော စကားလုံး။ **~မိရရကြိဝိ**-ပြမြဲခိုင်ခံ့စွာ။ ပိုင်ပိုင်နိုင်နိုင်။

မိ[၂]။န-အမိ နှင့်အတူတူ။ "~တဆို။ ~ရီးဖလာ။" စည်း-မိန်းမကို ခေါ်ရာ၌သုံးသည့် အမည်ရှေ့တပ်စကားလုံး။ **~ကောင်းဖခင်**/မိကောင်းဖခင်/န-ကောင်းသောမိဘ။ **~ခင်**/မိကင်/န-မိဘနှစ်ပါးတွင် အမိဖြစ်သူ။ **~တဆိုး**။န-မိခင်သေဆုံးသွားသော သားသမီးငယ်။ **~ထွေး**/မိဒွေး/န-၁။မိခင်၏ညီမ။ ၂။ဖခင်၏နောက်မယား။ **~ဖုရား**/မိဖယား/န-ဘုရင်၏ နန်းရဆောင်ရ ကြင်ရာတော်။ [အမိ+ဘုရား] **~ဖုရားခေါင်**/မိဖယခေါင်/န-ဘုရင်၏ ဘိသိက်ခံဖက် ကြင်ရာတော်။ **~ဘ**။န-မိခင်နှင့်ဖခင်။ **~ဘမောင်ဖွား**/မိဘမောင်ဖွား/န-မိန်းကလေး၏ ဆွေမျိုးသားချင်းစု။ **~ဘမောင်ဖွား**/မိဘမောင်ဖွား/န-မိဘမောင်ဖွားရှ။ **~မွေးတိုင်းဖမွေးတိုင်း**/မိမွေးဒိုင်း ဖှာမွေးဒိုင်း/ကြိဝိ-၁။မွေးရာပါ အခြေအနေအတိုင်း။ ၂။ကိုယ်တုံးလုံး။ **~ရီးဖလာ**။န-မိဘရီးရာအစဉ်အလာ။ **~လိုက်ဖပါ**/မိလိုက်ဖှာဗာ/ကြိဝိ-မိရိုးဖလာအလိုက်။ မိရိုးဖလာကို လိုက်လျက်။ **~သားစု**/မိသားဇု/န-မိဘနှင့် သားသမီး အစု။ အိမ်သားစု။ **~သားဖသား**/မိသားဖှာသား/ န-မိကောင်းဖခင် သားသမီး။

မိကျောင်း/မိကျောင်း/န-၁။ပင်လယ်စပ် ချောင်း မြောင်းတို့တွင် ကျက်စားသော အသားစားတွားသွား သတ္တဝါကြီး။ ၂။ကြိုးသုံးချောင်းတပ် မိကျောင်းပုံ တူရိယာ။ [သ၊မကရ] **~ကြည်းတင်**/-ကျီးဒင်/ကြိဝိ-[ဥပစာ] အခြေအနေကျပ်တည်း ကျဉ်းမြောင်းလျက်။ **~ကွမ်းဖတ်** /-ကွန်းဗတ်/ န-အရေကို ရေစိမ်၍ အနာအုံဆေးအဖြစ် သုံးရသော အရိုးပျော့အပင်ငယ်တစ်မျိုး။ **~တုံး**/-ဒုန်း/န-ရက်မစသည်ကို ထောက်ခံထားသော ခုတုံး။ **~ပန်း**/-ဗန်း/န-ဝါဆိုလတွင် အပွင့်ဖြူများပွင့်သော နွယ်ပင်တစ်မျိုး။ **~ပြေး** /-ဗျေး/ န-၁။အိမ်ရက်မနှစ်ခုအကြား အပိုထည့်ထားသည့် ရက်မ။ ၂။ရေတွင် မပေါ်တပေါ် ဖြစ်နေသည့် အနေအထား။

မိဂဒါဝုန်၊ န- သားကောင်များကို ဘေးမဲ့ပေးရာ ဗာရာဏသီပြည်အနီးရှိ တော။ မြတ်စွာဘုရား ဓမ္မစကြာတရားဟောတော်မူရာတော။ [ပါ၊မိဂဒါယ+ဝန]

မိဂသီ။န-ကြယ်သုံးလုံးပါဝင်၍ သမင်ဦးခေါင်းသဏ္ဌာန်ရှိသော နက္ခတ်။ [သ၊မႀ ဂရိရ]

မိနစ်။န-၁။တစ်နာရီ၏ ခြောက်ဆယ်ပုံတစ်ပုံ အခိုက်အတန့်။ ၂။ထောင့်တိုင်း ဒီဂရီ၏ ခြောက်ဆယ်ပုံတစ်ပုံ။ [လိပ်၊minute]

မီ၊ကြိ-လှမ်း၍ရောက်နိုင်၊ ယိနိုင်သည်။ တိုင်ရောက်သည်။ စည်း-'မ'နှင့်တွဲ၍ အချိန်မတိုင်သေးခင် အနက်ဖြင့် ထောက်ပံ့သော စကားလုံး။ "မလာ~။"

မီတာ[၁]။န-(လျှပ်စစ်ဓာတ်အားစသည်၏) အတိုင်းကိရိယာ။ [လိပ်၊meter]

မီတာ[၂]၊ န-၃၉.၃၇လက်မရှိသော အတိုင်းအတာ။ [လိပ်၊metre]

မီလီမီတာ၊ န-တစ်မီတာ၏ တစ်ထောင်ပုံ တစ်ပုံ။ [လိပ်၊millimetre]

မီး။န-၁။လောင်မြိုက်သောအရာ။ ၂။အပူ၊ အလင်းစွမ်းအားကို ပေးသောအရာ။ **~ကာ**/မီးဂါ/န-၁။မြို့ရိုးအခင်ဝတွင် ခံယမ်းလက်နက် ပစ်ခတ်မှုကို ကာကွယ်ရန် ပြုလုပ်ထားသော အုတ်ရိုး။ ၂။ သေနတ်ပစ်ရာ၌ မီးရောင်မမြင်စေရန် ပြောင်းအဝတွင် တပ်ထားသောအရာ။ **~ကုန်ယမ်းကုန်** /မီးဂုန်ယန်းဂုန်/ကြိဝိ-[ဥပစာ]အစွမ်းကုန်။ **~ကပ်** /မီးဂတ်/န-၁၊ မီးကိုမှိုက်၍ငြိမ်းသတ်ရန် အရိုးရှည်တပ်ထားသော ဝါးကပ်စသည်။ ၂။မီးနေသည်နေရန် ယာယီ ပြုလုပ်ထားသော ဝါးကပ်အခင်း။ **~ကျီး** /မီးကျီး/န-အပူရှိန်ပြင်းစွာ လောင်နေသော မီးခဲ။ **~ကျိုးမောင်းပျက်**/မီးဂျိုးမောင်းဗျက်/န-၁။သုံးမရသော သေနတ်လက်နက်။ ၂။သုံးမရသော အရာ။ **~ကျည်**/မီးဂျီ/န-၁။ညဥ့်အခါ မြေပြင်ကို လင်းထိန်စေရန်နှင့် အချက်ပြနိုင်ရန် ပစ်လွှတ်သည့် မီးရှူးမီးပန်း။ ၂။မီးတောက်၍ ကျည်သွားလမ်းကို မြင်နိုင်စေသော ကျည်တစ်မျိုး။ **~ကြိုး**/မီးဂျိုး/န-လျှပ်စစ်ဓာတ် ကူးလျှောက်နိုင်အောင် ပြုလုပ်ထားသော သတ္တုကြိုး။ **~ကွင်း**၊ ကြိ- မီးလောင်ခြင်းဘေးမှ လွတ်ကင်းသည်။ လောင်နေသောမီးက တစ်နေရာရာကို ကွက်၍ချန်ပြီး ရှောင်သွားသည်။ /မီးဂွင်း/ န- လောင်စာ ပတ်ထားသော ကွင်း။ **~ကြွေ** /မီးဂျွေ/န-အဝတ်အထည်ကို ပြောင်ချောအောင် ဖိတိုက်ရသော ပစ္စည်း။ မီးပူ။ **~ခ**၊ ကြိ-(မြင့်မြတ်သော အရာကို) မီးလောင်ကျွမ်းသည်။ **~ခဲ** /မီးဂဲ/န-၁၊ မီးရဲနေသော မီးသွေး။ ၂။[ဥပစာ] အန္တရာယ် ပေးနိုင်စွမ်းသူ။ **~ခဲပြာဖုံး**/-ပျာဇုန်း/န-[ဥပစာ] အရည်အချင်း ရှိပါလျက် အကြောင်းမသင့်၍ တိမ်မြုပ်နေသောသူ။ **~ခံပြား**/မီးဂန်ပျား/န-မီးလောင်ကျွမ်းခြင်း မရှိသည့် ကျောက်ဂွမ်းနှင့် ပြုလုပ်ထားသော အပြား။ **~ခံသေတ္တာ** /မီးဂန်သစ်တာ/န-ရွှေငွေအဖိုးတန် ပစ္စည်း စသည် ထည့်သော မီးပြင်းဒဏ်ခံနိုင်သော သံသေတ္တာ။ **~ခံအုတ်** /မီးဂန်အုတ်/ န- မီးပြင်းကို ခံနိုင်အောင်

မှာတိကာသို့ ▶▶▶

လုပ်ထားသောအုတ်။ ~နိုး၊ ကြိ–မီး၏အနိုးသင့်သည်။ /မီးကိုး/န–မီးလောင်၍ ထွက်ပေါ်သောမြင်သာသည့် အငွေ့။ ~နိုးကြွက်လျှောက်/မီးကိုးကျွက်ယောက်/ကြိဝိ–သဲလွန်စ ရသမျှ။ ဆက်သွယ်ပတ်သက်သမျှ။ ~နိုးဘိတ် /မီးကိုးဒိတ်/ ကြိဝိ–[ဥပစာ]မိမိအိမ်၊ မိမိရပ်ရွာတွင် ချက်ပြုတ်စားသောက်ရန် မလိုတော့အောင်။ ~နိုးမဆုံး မိုးမဆုံး /မီးကိုးမဆုန်းမိုးမဆုန်း/ကြိဝိ– အဆုံးမရှိ။ အကန့်အသတ်မရှိ။ ~နိုးရောင်/မီးကိုးယောင်/န–အနက်နှင့်အဖြူ ရောစပ်နေသော အရောင်။ ~စက် /မီးဂက်/န–၁။မီးစက်ကျောက်ကို ပွတ်စေ်ရသည့်သံခဲ။ ၂။ယင်းသံခဲ၊ မီးခတ်ကျောက်နှင့် လဲစအစုံ။ ~စက်ကျောက်/–ကျောက်/န–မီးပွင့်မီးပွား ပေါ်ထွက်အောင် သံခဲဖြင့် ပွတ်ခတ်ရသော အောက်ခံကျောက်။ ~ချိတ်/မီးကျိတ်/န–မီးခွဲလောင်သောအရာကို ခွဲချငြိမ်းသတ်ရန် အရိုးရှည် တပ်ထားသော သံကောက် စသည်။ ~ခြစ် /မီးဂျစ်/န–ခတ်ဆီ သို့မဟုတ် ယမ်း စသည်သုံး၍ မီးတောက်ရရှိအောင် ပြုလုပ်သည့် ပစ္စည်း။ ~ခြစ်ကျောက်/–ကျောက်/န–ခတ်မီးခြစ်တွင် သံဘီးဖြင့်ပွတ်၍မီးတောက်အောင် လုပ်သော ကျောက်အတောင့်ငယ်။ ~ခြစ်ဆံ/–ဆန်/န–ထိပ်ဖျားတစ်ဖက်တွင်မီးပွင့်အောင် ပွတ်တိုက်ရသည့် ယမ်းပါသောသစ်သားချောင်းငယ်။ ~ခွက်/မီးဂွက်/န–မီးစာတပ်၍ လောင်စာဆီထည့်ပြီး မီးထွန်းရသောခွက်။ ~ခ /မီးဂ/ န– မီးခွဲငြိလောင်နေဆဲ ထင်း၏။ ~ခတစ်ဖက်ရေမွှတ်တစ်ဖက် /–တဖက်ယေမှုတ်တဖက်/ ကြိဝိ–တစ်ဖက်တွင် ဖျက်ဖြေဟန်ပြုပြီးတစ်ဖက်တွင် ရန်ဆွပေးလျက်။ ~စာ/မီးဇာ/န–မီးခွဲရန် လောင်စာဆီစုပ်ထားနိုင်သည့် ချည်မျှင်စသည်။~စာကုန်ဆီခန်း/မီးစာကုန်ဆီခန်း/ကြိဝိ–၁၊ [ဥပစာ] အသက်တမ်းနှင့်ကံ ပြိုင်တူ ကုန်ဆုံးလျက်။ ၂။[ဥပစာ]မကြံသာ မဖန်သာ အဆိုးဝါးဆုံးအခြေအနေ ကျရောက်လျက်။ ~စား၊ နဝိ–မီးရောင်ကြောင့် အလှပိုသော။ ~စဉ်ကြည့်က/မီးဇင်ကျီကာ/ကြိ–[ဥပစာ]အခြေအနေကို ကြည့်၍ ပြုမူဆောင်ရွက်သည်။ ~စုန်း /မီးဇုန်း:/န– အမှောင်ထဲ တွင်လင်းသော ခတ်ပစ္စည်းတစ်မျိုး။ (ဖော့စဖရတ်)။ ~စွယ် /မီးဇွယ်/ န–မီးတောက်ကြီးမှ ဘေးသို့ ထိုးထွက်နေသော အစွယ်။ ~ဆေး၊ကြိ–သံကို ပို၍မာစေရန် မီးရဲအောင် ဖုတ်ပြီး ရေတွင်နှစ်သည်။ ~ဆိုက်၊ကြိ–ထင်းစသည်ကို လောင်စာအဖြစ် မီးတွင်ထည့်သည်။ ~ဆောင်း၊ ကြိ–အလျော့တွက် ပေးသည်။ ဖြည့်စွက်ပေးသည်။

~ညွန့်၊န–မီးလျှံ၏ ထိပ်ဖျား။ ~ညှပ်၊န–မီးခဲ၊ မီးစကို ကိုင်တွယ်ရာတွင် သုံးသောညှပ်။ ~တား /မီးဒါး/န–၁။မီးဘေးကာကွယ်ရန် ကာရံထားသည့် အုတ်တံတိုင်း။ ၂။မီးမကူးစက်ရန် လောင်စာကို ဖယ်ရှင်း ထားသည့် နေရာ။ ~တို့၊ကြိ–ဆေးလိပ်ကို မီးညှိသည်။ ~တောက်၊ကြိ–[ဥပစာ] အကြီးအကျယ် ပူပန် သောကရောက်သည်။ /မီးဒေါက်/န–တောက်လောင်နေသောမီး။ ~တောင်/မီးဒေါင်/န–မီး၊ မီးခိုး၊ ပြာ၊ ချော်ရည်၊ ချော်မြုပ်တို့ထွက်သော တောင်။ ~တောင်မြို /–မျုန်/န–ပေါက်ကွဲမှု မရှိသေးသော်လည်း ပေါက်ကွဲရန် အလားအလာရှိသော မီးတောင်။ ~တိုင်/မီးဒိုင်/န–၁။မီးစာတပ်၍ လောင်စာဆီဖြင့် ထွန်းသော အမြေပါသည့် မီးထွန်းစရာပစ္စည်း။ ၂။လျှပ်စစ်ခတ်ကြိုးသွယ်ထားသော တိုင်။ ခတ်တိုင်။ ~တုတ်/မီးဒုတ်/န–ထိပ်တွင် မီးစာတပ်ထားသည့် မီးထွန်းစရာ တုတ်ချောင်း။ ~တွင်း /မီးဒွင်း/န–မီးဖွားပြီးသည်မှ စုနစ်ရက် အတွင်းကာလ။ ~ထိုး၊ကြိ–၁။မီးရှိန်မြင့်စေရန် လောင်စာများကို ဆွခြင်း၊ ဖြည့်ခြင်းစသည် ပြုလုပ်သည်။ ၂။ [ဥပစာ] လှုံ့ဆော်တိုက်တွန်းသည်။ ~ထင်းကိစ္စ၊ န–၁။တစ်မိုးတွင်းစာသုံးရန် ထင်းရှာဖွေ စုဆောင်းမှုကိစ္စ။ ၂။ ထင်းမီးသုံးစွဲရာမှ ဖြစ်ပေါ်တတ်သော မီးဘေးအန္တရာယ်။ ~ထောင်ချောက် /မီးထောင်ချောက်/န–စပါးဖျက်ပိုးများကို နှိမ်နင်းရန် ထွန်းညှိထားသော မီးတုတ်။ ~ထွက်၊ကြိ–မီးနေသည့်ရက်လွန်မြောက်သည်။ ~နား၊ ကြိ–မီးရှိန် ပြင်းပြင်းသင့်သည်။ ~နေ၊ကြိ–၁။သားဖွားပြီးနောက် မီးလှုံခြင်း စသည်ကို ပြုလုပ်သည်။ ၂။မီးဖွားသည်။ ~နေဝင်၊ ကြိ–၁၊ မီးဝင်သည်။ ၂။မီးနေသည့်အား မွေးစကလေးအတွက် လက်ဆောင်တစ်စုံတစ်ရာ ပေးသည်။ ~ပလွေ၊န–မီးပြောင်း။ ~ပူ/မီးဗူ/န–အပူဓာတ် ကို သုံး၍ အဝတ်အထည်ကို ပြန့်အောင် ဖိတိုက်ရသော ပစ္စည်း။ ~ပေါက်၊ ကြိ–အဝတ်အထည် စသည်၌ မီးပွားကျ၍ အပေါက်ဖြစ်သည်။ /မီးဗောက်/န–၁။မီးလောင်ပေါက်။ ၂။နားခွက်ရှိ ယမ်းကို မီးရှို့၍ပစ်ရသော ရှေးခေတ်သေနတ်၊ အမြောက်။ ~ပေါင်[၁] /မီးဗောင်/ န–မီးအာမခံ။ ~ပေါင်[၂]၊ န–ဘိုင်လာအိုး၌ပြသော ရေနွေးငွေ့ဖိအား။ [မြန်၊မီး+လိပ်၊pound] ~ပန်း/မီးဗန်း/န–မီးရှို့သောအခါ မီးပွားမီးမှုန်များ ဖြာထွက်သော ယမ်းကပ်ထားသည့်အတံ။ ~ပုံပွဲ /မီးဗုန်ဗွဲ/ န–ကွင်းပြင်၌ မီးဗိုက ဗိုင်းပတ်တီးမှုတ်ကခုန်ကြသည့် ပျော်ရွှင်ပွဲ။ ~ပုံး/မီးဗုန်း/န–အလှအပ ရောင်စုံစက္ကူမီးအိမ်။ ~ပုံးပျံ /–ဗျန်/န– ရေနံချေး မှိုင်းခံ၍

မှာတဲ့ကာသို့ ▶▶▶

http://www.lknt11.com

ကောင်းကင်သို့ လွှတ်တင်သော မီးပုံးကြီး။ မီးအိမ်ပျံ။ ~ပြတိုက်/မီးဖျာဒိုက်/န-ရေယာဉ်များ သွားလာရာ၌ အန္တရာယ်ကင်းအောင် မီးထွန်းပြသည့် အဆောက်အအုံ။ ~ပြောင်း /မီးပျောင်း/န-မီးတောက်အောင် မှုတ်ရသော ပြွန်ချောင်း။ ~ပွား/မီးပွား/န-၁၊ မီးတောက်မှ လွင့်စဉ်ထွက်ကျသော မီးမှုန် အစအန။ ၂၊[ဥပစာ]ကျယ်ပြန့် သွားနိုင်သော အန္တရာယ်ရန်စ။ ~ပွတ်/မီးဖွတ်/န-မီးထွက်အောင် ပွတ်ရသော ကိရိယာ။ ပွတ်ခုံ ပွတ်ကျော။ ~ဖို၊ ကြိ-မီးမွေးသည်။ /မီးဖို/န-၁၊မီးဖိုရာနေရာ။ ၂၊ထမင်းဟင်း ချက်ပြုတ်ရာ အခန်း။ မီးဖိုချောင်။ ~ဖုန်းပွဲ/မီးဖုန်းဖွဲ/န-တပို့တွဲ လပြည့်နေ့ညတွင် ဘုရားပုထိုးရှေ့၌ မီးဖို၍ လှူဒါန်းသော ပွဲ။ ~ဖွား၊ ကြိ-ကလေးမွေးသည်။ ~ဖွားခွင့်/မီးဖွားခွင့်/န-အမျိုးသမီးအမှုထမ်းတို့ မီးဖွားရန် ခံစားခွင့်ရှိသော ခွင့်ရက်။ ~မကင်ဆေး၊န-မီးဖွားပြီးနောက် အုတ်ပူတိုးရမည့်အစား သောက်သုံးရသည့် တိုင်းရင်းဆေး။ ~မသေရေမနောက်၊ ကြိ-[ဥပစာ] ~မသေရေမနောက်၊ ကြိဝိ-[ဥပစာ] တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်ဆံရေးကောင်းမွန်၍ နိုင်ငံအေးချမ်း သာယာလျက်။ ~မောင်း၊န-၁၊ ထင်ရှားမြင်သာအောင် ထိုးပြသော အလင်းရောင်တန်း။ ၂၊ယင်းအလင်းရောင်တန်းကို ဖြစ်ပေါ်စေသော ကိရိယာ။ ~မယ်ဖျူး၊န-မီးထည့်သော အိုးကင်း။ ~မွှေး၊ကြိ-၁၊ထင်း စသည်ကိုစုအုံ၍ မီးတောက်အောင် လုပ်သည်။ ၂၊[ဥပစာ] ဒုက္ခရောက်အောင် ဖန်တီးသည်။ ~ယပ်၊န-၁၊မိန်းမတို့တွင် ဖြစ်ပေါ်သော ရာသီသွေး။ ဥတုသွေး။ ၂၊မီးယပ်နှင့် သက်ဆိုင်သောရောဂါ။ ~ယပ်ချုပ်၊န-မီးယပ် ရောဂါကြောင့် ရာသီမရွေး ရုတ်တရက် ခိုက်ခိုက်တုန် ချမ်းခြင်း။ ~ယပ်ဝိန် မီးယပ်ခြောက်၊ န-မီးယပ်ရောဂါကြောင့် အသားအရေ ခြောက်ခန်း ပိန်ကပ်သူ။ ~ယပ်ဝမ်း၊န-သားဖွားပြီးနောက် ဖြစ်တတ်သော ဝမ်းပျက်ရောဂါ။ ~ရထား၊န-ရေနွေးငွေ့အား စသည်ဖြင့် မောင်းနှင်သည့် သံလမ်းပြေးယာဉ်။ ~ရှူး၊န-မီးတိုင်။ မီးတုတ်။ ~ရှူးမီးပန်း /မီးယှူးမီးဗန်း/ န- ရောင်စုံ မီးမှုန်မီးပွားများ ကောင်းကင်၌ ဖြာထွက်ထွန်းလင်းအောင် ရှို့မြိုက်ပစ်လွှတ်ရသော ယမ်းဖြင့် ပြုလုပ်ထားသည့်အရာ။ ~ရှူးသန့်စင် /မီးယှူးသန့်ဇင်/ကြိ-ဖွားမြင်သည်။ ~လင်းဖို/မီးလင်းဖို/န-၁၊အုတ်ဖြင့်ကာရံ၍ ဖြစ်စေ၊ မြေ၌ ကျင်းတူး၍ဖြစ်စေ လုပ်ထားသော မီးဖို။ ၂၊မီးလှုံရန် မီးထည့်ထားသည့် အိုးကင်း။ ~လောင်ဖု /မီး လောင်ဖု/န-မီးလောင်၍ အသားအရေပေါ်တွင် သားနုရည်စုနေသည့်အဖု။ ~လောင်ရာလေပင့်၊ ကြိ-[ဥပစာ] ဆိုးဝါးသော အခြေအနေကို ပိုဆိုးအောင်ပြုသည်။ ~လန့်၊ ကြိ-မီးလောင်မည်ထင်၍ ထိတ်လန့်သည်။ ~လုံး၊န-၁၊တုထည် ကြီးမားစွာ တက်လာသော မီးတောက်ကြီး။ ၂၊လျှပ်စစ်အားဖြင့် မီးလင်းသော ဖန်လုံး။ ~လွတ်၊ ကြိ-မီးလောင်ဘေးမှ လွတ်ကင်းသည်။ န-မီးဖြင့် စိမ့်ချက်ပြုတ်ခြင်းမပြုဘဲ အမှုအားဖြင့် အဝိဋ္ဌာန်နှင့် စားသောက်သော သစ်သီးသစ်ဥ စသည်။ ~လျှံ/မီးလယန်/န-မီးတောက်ကြီးမှ လွင့်ဖြာထွက်နေသော မီး။ ~ဝင်၊ကြိ-မီးနေစခန်းတွင် သားဖွားသည်။ ~ဝင်မီးထွက် /မီးဝင်မီးဒွက်/ ကြိဝိ-တစ်ဦးနှင့်တစ်ဦး မွေးရက်ခုနစ်ရက်ခန့် ကွာခြားလျက်။ ~သီး /မီးသီး/န-လျှပ်စစ်မီးလုံး။ ~သေ၊ ကြိ-၁၊မီးငြိမ်းသည်။ ၂၊ [ဥပစာ] ပိုင်နိုင်စိတ်ချရသည်။ ~သဘော/မီးသင်းဘော/န-ရေနွေးငွေ့အားဖြင့် မောင်းနှင်သော သင်္ဘော။ ~သင့်ကျောက်၊န-[ဘူမိ] မြေအောက်အလွှာတွင် အပူကြောင့် ပျော်နေသော ကျောက်ရည်အေးခဲ၍ ဖြစ်လာသော ကျစ်လျစ် မာကျောသည့် ကျောက်။ ~သတ်/မီးသုတ်/န-၁၊ မီးဘေးအန္တရာယ်ကို ကာကွယ်နှိမ်နင်းသော အဖွဲ့အစည်း။ ၂၊ယင်းအဖွဲ့အစည်းဝင်။ ~သတ်ဘူး/-ဗူး/န-မီးငြိမ်းစေနိုင်သော ဓာတ်ဆေးရည် ထည့်ထားသည့်ဘူး။ ~သွေး /မီးသွေး/န-၁၊မီးလောင်ပြီး ထင်းမှရသည့် အတုံးအခဲ။ ၂၊ထင်းကိုဖုတ်၍ရသည့် လောင်စာ အတုံးအခဲ။ ~အိုး၊န-၁၊ပြောက်အိုး။ ၂၊မီးကြွေ။ မီးပူ။ ~အုပ်၊န-မီးရောင်ကို တစ်ဖက်၌သာ လင်းစေရန် အုပ်ကာထားသော မီးအိမ်တစ်မျိုး။ ~အိမ်၊န-၁၊ဖန်ပြောင်းကာ၍ ထွန်းရသည့် မီးခွက်တစ်မျိုး။ ၂၊မီးခွက်၊ မီးတိုင်ထည့်သွင်းထားသော မှန်အိမ်။

မုချ/မုတ်ချာ/ကြိဝိ-မလွဲ။ ဧကန်။ [ပါ၊ မုချ]

မုဆိုး/မုတ်ဆိုး/န-အမဲလိုက်ခြင်းဖြင့် အသက်မွေးသူ။ ~ကျော့်ဆေး/-ကျော့်ဆေး/န-ငန်းဆေးတစ်မျိုး။ ~တိုင်/-ဒိုင်/န-ဒူးတစ်ဖက်ထောက်၊ တစ်ဖက်ထောင် ထိုင်ပုံ။ ~ဖို/-ဖို/န-မယားသေဆုံးသော ယောကျ်ား။ ~မ/-မာ့/န-လင်သေဆုံးသော မိန်းမ။

မုတာ၊န-၁၊နှံခြင်း၊ လျက်ခြင်း၊ ထိတွေ့ခြင်းဟူသော အာရုံသုံးပါး။ ၂၊ကိုယ်တွေ့။ [ပါ၊မုတ]

မုဒရက်၊န-[ရှေး]စပျစ်ပင်။ [သ၊မၒဒီကာ]

မုဒိတာ၊န-သူတစ်ပါးကောင်းကျိုး ခံစားရသည်ကို ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်း။ [ပါ၊မုဒိတာ]

မုဒိမ်း/မဒိန်း/န-၁၊[ပေါ]နိုးသားဓားပြ။ ၂၊အလိုမတူသောမိန်းမကို ကာမကျူးလွန်ခြင်း။

မုနိ၊န-ဘုရားရဟန္တာစသည့် သူတော်သူမြတ်။ [ပါ၊မုနိ]

မုနော၊န-[ပေါ]တင့်တယ်ခြင်း။ အသရေ။ [ပါ၊

မနောဟရ]? **~လင်ပန်း** /မနောလင်ဗန်း/ န-တင့်တယ်သော မင်းသုံးလင်ပန်း။

မုယော/မယော/န-၁၊ကောက်ပဲသီးတစ်မျိုး။ ဘာလီ။ ၂၊မုယောစေ့တစ်လျှားရှိသော အတိုင်းအတာ။ [မွန်မ+ပါ၊ယဝ]

မုရားကြီး/မယာကြီး/န-ပဥ္စငါးပါးဆေးဖက်ဝင်သော အပင်ငယ်တစ်မျိုး။

မုရားသိမ်/မယာသိန်/န-ပင်စည်တွင် ရွက်ဆိုင်တွက်၍ အပွင့်ဖြူ ပွင့်သော ဆေးဖက်ဝင်အပင်ငယ် တစ်မျိုး။

မုရိုး/မယိုး/န-နို့ကိုခဲစေသော အစေးဖြူထွက် အပင်ငယ်တစ်မျိုး။ (ပြေမြူကြီးဟုလည်းခေါ်သည်။)

မုရိုးစည်/-စီ/န-လွယ်၍တီးလေ့ရှိသော နှစ်ဖက် အဝကျဉ်း၊ အလယ်ကျယ်သော စည်တစ်မျိုး။ [ပါ၊မုရဇ+မြန်၊စည်]

မုရင်း/မယင်း/န-ဆောင်းရာသီ၌ ချောင်းစပ်၊ ကမ်းစပ်ရှိ လယ်တွင်စိုက်ပျိုးသော သက်ငယ်စပါး တစ်မျိုး။

မုလေး/မလေး/န-အလွန်မွှေးသော အဖြူရောင် အပွင့်ငယ်များ ပွင့်သော ပန်းပင်တစ်မျိုး။ [ပါ၊မာလတီ] **~မွှား**/-မွှား/န-စက္ကူကို မုလေးပန်းပွင့်သဏ္ဌာန် ဖြစ်အောင် ကိုက်ညှပ်ထားသော ပုဇော်မှုယ်ပစ္စည်း။

မုသာဝါဒ/မုသာဝါဒ/န-လိမ်လည်ပြောဆိုခြင်း။ [ပါ၊ မုသာဝါဒ]

မုသား/မုသား/န-လိမ်လည်ပြောဆိုသောစကား။ [ပါ၊ မုသာဝါဒ]

မုဟုတ်၊န-တစ်ဆယ်လယနှင့်ညီမျှသော အချိန်ကာလ။ [ပါ၊မုဟုတ္တ]

မူ၊ကြိ-၁၊ပြုသည်။ ဆောင်ရွက်သည်။ "သတိ~။ သစ္စာ~။ ရန်~။ မျက်နှာ~။" ၂၊ကနဲ့ကလျ ပြုသည်။ ၃၊အလိုဆန္ဒနှင့် ဆန့်ကျင်ဘက်အမူအရာကို ဆောင်သည်။ န-၁၊အမူအကျင့်။ ဟန်။ "ငယ်~။" ၂၊အခြေခံယတ်မှတ်ချက်။ ၃၊အရင်းခံဖြစ်သောအရာ။ စည်း-နာမ်ကို လေးနက်စေသော စကားလုံး။ "တာဆုပ်ကို ~ယူ၏။" သမ်-လျှင်၊ ခဲ့သော်။ "သူလာ~ ငါသွားအံ့။" **~ကြမ်း**/မူဂျန်း/န-အတည်မပြုရသေးသော တမူ။ **~ကွဲ**/မူဂွဲ/န-ကွဲလွဲခြားနားချက်ရှိသောမူ။ **~မျှ**၊ကြိ-မူသတ်မှတ်သည်။ **~တည်**၊ကြိ-အခြေခံအဖြစ် ထားသည်။ **~တည်သံ**/မူတီသန်/န-[ဂီတ]သံစဉ် တစ်ခု အခြေပြုသည့် အသံ။ **~နည်း**၊န-[ဓပါ] အကျင့်။ **~ပိုင်** /မူပိုင်/ န-၁၊ မူလတီထွင်ဖန်တီးသူ၏ ပိုင်ဆိုင်ခွင့်။ ၂၊ယင်းပိုင်ဆိုင်ခွင့် ရရှိသူ။ **~ပျက်**၊ ကြိ-အမူအရာပျက်သည်။ ရူးနှမ်းမျက်သည်။ /မူဗျက်/န-မာနယွင်းချော်ချော်သောမူ။ **~ပြောင်း**၊ကြိ-မူလကရှိသော စရိုက်၊ အမူအကျင့် ပြောင်းလဲသည်။ **~မှန်**၊ ကြိ-ဖြောင့်မှန်သည်။ **~ရာမာယာ**/န-အမျိုးမျိုး အဖုံဖုံ ပြုမူသော ဟန်ပန်။ [မြန်၊အမူအရာ+ ပါ၊မာယာ] **~ရင်း**၊ န-မူလ အခြေအနေ။ မူလ ဖြစ်သောအရာ။ **~ဝါဒ**၊ န-လိုက်နာရမည့် အခြေခံချမှတ်ချက်။ **~သော** /မူသော့/ န- အပြောင်းအလဲ မရှိသော မူ။

မူကြို/မူဂျို/န-[အပြော] မူလတန်းကြို။

မူလ [၁]၊န-အခြေခံ။ အရင်းခံ။ [ပါ၊မူလ] **~ တန်း** /မူလာဒန်း/န-သူငယ်တန်းမှ စတုတ္ထတန်းအထိ ဖြစ်သော အခြေခံပညာသင်တန်း။ **~တန်းကြို**/-ကျို/န-သူငယ်တန်းမတိုင်မီအကြိုဖွင့်သောသင်တန်း။ **~ဘူတ**၊န-အခြေခံအကြောင်းရင်း။ [ပါ၊ မူလ+ဘူတ]

မူလ [၂]၊န-ကြယ်လေးလုံးပါဝင်၍ ကြောင်ရုပ်သဏ္ဌာန်ရှိသော နက္ခတ်။ [သ၊မူလာ]

မူလီ [၁]၊န-မူလမှ ဆင့်ပွားသောအရာ။ [သ၊မူလိ]

မူလီ [၂]၊န-တိုင်စသည်ကိုနိုင်မြဲအောင် စုပ်ရသော အရင်းအဖျားညီ၍ခေါင်းပါသော ဝက်အူ။ [ဟိန္ဒီ၊ မူလီ] **~ခေါင်း**/မူလီဂေါင်း/န-မူလီထိပ်တွင် လှည့်တပ်ရသော အရာ။ ဇာဝီ။

မူး [၁]၊ကြိ-ခေါင်းထဲတွင် နောက်ကျိရီဝေ၍ မရပ်တည်နိုင်ဖြစ်သည်။ အရက်သေစာသောက်၍ ယင်းသို့သော ဝေဒနာ ခံစားရသည်။ **~မူး**၊ စည်း-လုနီးပါး။ **~မော်**၊ ကြိ-မူးသောဝေဒနာ ခံစားရသည်။ **~ယစ်ဆေးဝါး**၊ န-မူးယစ်ထုံထိုင်းစေ၍ ဥပဒ်ပေးနိုင်သော ဆေးခြောက်၊ ဘိန်း၊ ဘိန်းဖြူစသည်။

မူး [၂]၊န-၁၊(ရှေးခေတ်မြန်မာနိုင်ငံသုံး) ငွေတစ်ကျပ်၏ ဆယ်ပုံတစ်ပုံ ပမာဏ။ (ဗြိတိသျှခေတ်သုံး) ငွေ တစ်ကျပ်၏ ရှစ်ပုံတစ်ပုံ ပမာဏ။ ၂၊ (တစ်ကျပ်သား၊ တစ်လက်မ၏) ရှစ်ပုံတစ်ပုံ ပမာဏ။ **~စုပဲစု**/မူးဇုပဲဇု/ကြိဝိ-ငွေကြေးကို နည်းနည်းချင်း စုဆောင်းလျက်။ **~တင်းပဲတင်း** /မူးဒင်းပဲဒင်း/ ကြိဝိ-[ဥပစာ] မပြည့်မဝ တွန့်တွန့်တိုတို။

မူး [၃]၊န-ချောင်း။ ချောင်းငယ်။ **~တိမ်** /မူးဒိန်/န-ကောနေသော မူးချောင်း။

မေ [၁]၊ နစ- ချစ်ခင်မြတ်နိုးရသော အမျိုးသမီးကို အမျိုးသားက ခေါ်သောအမည်။

မေ [၂]၊န-အင်္ဂလိပ်ဆယ့်နှစ်လတွင် ပဥ္စမလ။[လိပ်၊ May] **~မြို့ပန်း**/မေမြို့ဗန်း/န-ပွင့်ဖတ်အထပ်ထပ်ပါ၍ အရောင်အမျိုးမျိုးရှိသောပန်းပွင့်သည့် တစ်နှစ်ခံ ပန်းပင်။ [လိပ်၊May+မြန်၊မြို့+ပန်း]

မေထုန် [၁]၊န-ဆယ့်နှစ်လရာသီတွင် မိန်းမယောကျ်ား ရုပ်ဖြင့် မှတ်အပ်သော တတိယရာသီ။ [သ၊မိထုန]

မေထုန် [၂]၊န-ကာမ ဆက်ဆံခြင်း။ [ပါ၊ မေထုန]

မေ့၊ကြိ-၁၊မမှတ်မိဖြစ်သည်။ ၂၊အသိအာရုံ ကင်းကွာ

မာတိကာသို့ ▶▶▶

သည်၊ သတိလစ်သည်။ ~ကြော/မေ့ကျော/န–လည်တိုင်ဘေးရှိ ဖိနှိပ်လျှင် သတိမေ့သွားနိုင်သော အာရုံကြော။ ~ဆေး/မေ့ဆေး/န–သတိမေ့၍ အသိအာရုံကင်းကွာစေသော ဆေး။ ~မြော၊ကြိ–အချိန်ကြာမြင့်စွာ သတိလစ်နေသည်။ ~လျော့/မေ့လော့/ကြိ–အမှတ်မရ ဖြစ်သည်။

မေး[၁]၊ကြိ–အဖြေရရန် နှုတ်ဖြင့် ဖြစ်စေ၊ စာဖြင့်ဖြစ်စေ စူးစမ်းသည်။ ~ခွန်း/မေးဂွန်း/န–အဖြေရရန် နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ စူးစမ်းချက်။ ~ထူးခေါ်ပြော၊ ကြိဝိ– ရင်းရင်းနှီးနှီးမဟုတ်၊ သာမန်ဆက်ဆံရုံမျှ။ ~မြန်း၊ကြိ–[ရှေး] အကျိုးအကြောင်းမေးမြန်းပြောဆိုသည်။ ~မြန်း၊ကြိ–နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဆက်သွယ်၍ဖြစ်စေ မေးသည်။

မေး[၂]၊န–မျက်နှာ၏ အောက်အစွန်း။ ~ခိုင်ရောဂါ၊န–ကွဲနာရှနာမှတစ်ဆင့် ပိုးပင်၍ မေးရိုးလှုပ်ရှားမရသော ရောဂါ။ ~ငေါ့၊ကြိ–၁၊မနှစ်မြို့ကြောင်းကို မေးအမူအရာဖြင့် ပြသည်။ ၂၊[ဥပစာ]ကဲ့ရဲ့ ရှုတ်ချသည်။ ~စေ့/မေးဇိ/န–မေး၏အစွန်း။ ~တွင်းကြီး/မေးတွင်းကျိုး/န–မြင်းစသည်၏ မေးရိုးနှစ်ဖက်ကို သိုင်းပတ်ချည်ထားသော ကကြိုးကန်ဆာ။ ~ထိုး၊ကြိ–မေးစေ့ကို ရှေ့သို့ ဆတ်ခနဲတွန်းထုတ်သည်။ ~ဝဲမေးရိုက်၊ န–မေးကို တုန်ခါလှုပ်ရှား၍ သီဆိုခြင်း။

မဲ[၁]၊ကြိ–၁၊တစ်ခုတည်းကိုသာ အာရုံစိုက်သည်။ ၂၊ ကွက်၍ အပြေးထားသည်။ ~မဲသဲ/မဲမဲသဲ့/ကြိဝိ–ဖွံ့ဖွံ့ဖြိုးဖြိုး ဖွံ့ကြီးစွာ။

မဲ[၂]၊န–အရွက်မှ မဲနယ်ဆိုးဆေးထုတ်ရသော အပင်တစ်မျိုး။ ~နယ်၊န–အပြာရောင် ဆိုးဆေးတစ်မျိုး။

မဲ[၃]၊န–၁၊ဆန္ဒကို ဖော်ပြသော အမှတ်အသား။ ၂၊ ပေါက်ဂဏန်းကို ကံစမ်းနှိုက်ရန် ပြုလုပ်ထားသော စက္ကူလိပ်စသည်။ ~ခွဲ၊ကြိ–မဲစနစ်ဖြင့် အများ၏ သဘောထားကို သိရအောင် လုပ်သည်။ ~ဆန္ဒနယ်/မဲဆန်ဒါနယ်/န–ပြည်သူ့ကိုယ်စားလှယ် ရွေးကောက် တင်မြှောက်ရန် ရပ်ကွက်ဒေသလူဦးရေအလိုက် ပိုင်းခြားထားသော နယ်ပယ်။ ~ဆန္ဒရှင်/မဲဆန်ဒါယှင်/န–မိမိ၏ဆန္ဒကို မဲဖြင့်တင်ပြနိုင်ခွင့်ရှိသူ။ ~ဆွယ်၊ကြိ–မဲရအောင် သွေးဆောင်သည်။ ~တင်း၊ကြိ–တစ်ဖက်ဆောင်းနင်းမဖြစ်အောင် ဖြည့်ပေးသည်။ ~ပြား/မဲပျား/န–မဲပေးရာ၌ မိမိဆန္ဒကို ဖော်ပြသော အမှတ်အသား။ ~လိပ်၊န–ပေါက်ဂဏန်း ကံစမ်းမဲနှိုက်ရာ၌ သုံးသော စက္ကူလိပ်။

မဲ[၄]၊နဝိ–မည်းရှု။ ~ကြိုး/မဲကျိုး/န–ကလေးငယ်များ အန္တရာယ်ကင်းအောင် ခါး၊ လည်၊ လက်တို့၌ စည်းနှောင်ထားလေ့ရှိသော ကြိုး။

မဲဇလီ /မယ်ဇလီ/ န–အရသာ ခါးသက်သည့်အရွက် အဖူး အပွင့်တို့ကို စားသုံးရသော ပင်စောက်တစ်မျိုး။ [သ၊မဋ္ဌရီ]

မဲအိုး၊ န– သုံးပုံပဲတွင် မြန်မာဘက်က တတိယ အငယ်ဆုံးဖြစ်သော ဆယ်ပွင့်ပါ ဖဲချပ်။ (အမယ်ကြီး၊ မဲကျားဟုလည်းခေါ်သေးသည်။)[?]

မဲ့[၁]၊နဝိ–မရှိသော။

မဲ့[၂]၊ ကြိ– ၁၊ ပါးစပ်ကို တွန့်ရွဲ့သည်။ ၂၊ ပါးစပ်ကို တွန့်ရွဲ့၍ မကြည်သာသည့် သဘောကိုပြသည်။

မဲ့[၃]၊စည်း–[အပြော]မည့်နှင့်အတူတူ။

မော၊ကြိ–ကိုယ်စိတ်အင်အား ကုန်ခန်းသည်။ မောပန်းသည်။ စည်း–အလွန်ဟူသော အနက်ဖြင့် ထောက်ပံ့သော စကားလုံး။ "သာ~။ ရှု~။ တင့်~။"

မောနေယျအကျင့်၊န–ဘုရားတစ်ဆူ၏ သာသနာတွင် သာဝက ပုဂ္ဂိုလ်တစ်ပါးသာလျှင် ကျင့်နိုင်သော အလွန် ပြင်းထန်သည့် အကျင့်။ [ပါ၊မောနေယျ+မြန်၊အကျင့်]

မောသော/မောသော့/န–[ပေါ]သူခိုးဓားပြ။ [ပါ၊မောသက]?

မောဟ၊န–တွေဝေခြင်း။ အမှန်အမှား မခွဲခြားနိုင်ခြင်း။ [ပါ၊မောဟ]

မော့၊ကြိ–၁၊အထက်သို့ မျက်နှာမူသည်။ ၂၊မြင့်တက်သည်။ "ဆီဈေး~။" ၃၊[ဗန်း]သောက်သည်။

မော်၊ကြိ–၁၊မျက်နှာကို အနည်းငယ်မော့သည်။ ၂၊[ဥပစာ] ဝင့်ကြွားသည်။ န–မြင့်မောက်သော အငူစွန်း။ အမော်။ ~နာ၊န–ပါးချိတ်ရောင်နာ။

မော်ကွန်း/မော်ဂွန်း/န–၁၊[စာပေ] နောင်ကာလ ကြာရှည်စွာ အမှတ်တရဖြစ်စေရန် မှတ်တမ်းတင်ရေးဖွဲ့သည့်စာ။ ၂၊ကာလကြာရှည် တည်တံ့အောင် ရေးထိုးထားသော စာ၊ ထိန်းသိမ်းထားသော မှတ်တမ်း။ ~ထိန်း/–ဒိန်း/န–တက္ကသိုလ်၊ကောလိပ်စသည်တွင် စာရင်းအင်း မှတ်တမ်းများကို စီမံထိန်းသိမ်းရသူ။ ~ဝင်/–ဝင်/စစ်ရေး၊ နိုင်ငံရေးစသည်ကို ထူးခြားစွာ ဆောင်ရွက်ခဲ့သဖြင့် မှတ်တမ်းတင်ခံရသူ။

မော်ဇာ၊န–ခြေအိတ်။ [ဟိန္ဒူ၊moja]

မော်တာ[၁]၊န–လျှပ်စစ်စွမ်းအင်ဖြင့် လည်ပတ်လှုပ်ရှား တွန်းကန်အားပြုသော စက်။ [လိပ်၊motor]

မော်တာ[၂]၊န–စိန်ပြောင်း။ [လိပ်၊mortar]

မော်တော်ကား၊န–စက်ဖြင့် မောင်းနှင်သော ဘီးတပ်ယာဉ်။ [လိပ်၊motorcar]

မော်တော်ဆိုင်ကယ်၊န–စက်ဖြင့်မောင်းနှင်သော နှစ်ဘီးတပ်ယာဉ်။ [လိပ်၊motor cycle]

မော်တော်ဘုတ်၊န–စက်ဖြင့် ခုတ်မောင်းသော ရေယာဉ်။ မော်တော်။ [လိပ်၊motorboat]

မာတိကာသို့ ▶▶▶

မော်တော်ယာဉ်၊နာ–မော်တော်ကား။ [လိပ်၊motor+ပါ၊ယာန]

မော်ဖီးယား၊နာ–နာကျင်မှု သက်သာစေရန်သုံးသော မူးယစ်ဆေး တစ်မျိုး။ [လိပ်၊morphia]

မော်လဗီ၊နာ–အစ္စလာမ်ဘာသာရေး၌ ရှေ့ဆောင်ရှေ့ရွက် ပုဂ္ဂိုလ်။ [အရဗီ၊maulivi]

မော်လီကျူး၊နာ–ဒြပ်တစ်ခု၏ မူရင်းဂုဏ်သတ္တိ မပျက်သော အသေးဆုံးယူနစ်။ [လိပ်၊molecule]

မံ၊ကြိ–အပေါ်ယံတွင် ထပ်အုံလိမ်းကျံသည်။ **~ဘုရား**/မန်ဖယား/နာ–ဆင်းတု ထုလုပ်ရာမှ ထွက်သော လွှစာသစ်စတို့နှင့် သက်နံ့စသည်ကို သစ်စေးသရိုးနယ်၍ ပြုလုပ်ထားသော ရုပ်ပွားတော်။

မံသ၊နာ–၁၊အသား။ ၂၊အမဲသား။ [ပါ၊မံသ]

မို၊နဝိ–ပြည့်မောက်သော။

မိုတယ်၊ နာ– မော်တော်ယာဉ်များကို ညဉ့်အိပ်ညဉ့်နေထားရှိ၍ တည်းခိုနိုင်သော ဟိုတယ်။ [လိပ်၊motel]

မို့[၁]၊နဝိ–မောင်းကြွသော။ မြင့်မောက်သော။

မို့[၂]၊စည်း–[အပြော] ဖြစ်သောကြောင့်၊ ဖြစ်၍ဟူသော အနက်ဖြင့် နာမ်ပုဒ်ကို ထောက်ပံ့သော စကားလုံး။ နို့လို့။

မိုး၊ နာ– ၁၊ ကောင်းကင်။ ၂၊ ရွာသွန်းသော ရေစက်ရေပေါက်။ ၃၊မိုးသားတိမ်တိုက်။ ၄၊မိုးရွာသော ရာသီ။ ကြိ–၁၊အမြင့်မှ လွှမ်းသည်၊ အုပ်သည်။ ၂၊အထက်တွင် မြှောက်တင်ထားသည်။ "ဓား–။ လက်စုံ–။" **~ကာ** /မိုးဂါ/ နာ–၁၊မိုးရေကာကွယ်နိုင် သည့် ရွက်ထည်မျိုး။ ၂၊ယင်းရွက်ထည်မျိုးဖြင့် ချုပ်ထားသည့်အင်္ကျီ။ **~ကောင်း**၊ ကြိ– ၁၊ မိုးဦး မိုးလယ် မိုးနှောင်း သုံးပါးလုံး သင့်တင့်ညီညွတ်စွာ ရွာသွန်းသည်။ ၂၊ မိုးအဆက်မပြတ် သည်းထန်စွာ ရွာသွန်းသည်။ ၃၊[ဥပစာ] ခေတ်ထသည်။ ခေတ်ကောင်းသည်။ (မလိုလားသည့် သဘောဖြင့် သုံးသည်။) **~ကောင်းငှက်**/မိုးဂေါင်းငှက်/နာ–အသံစူးရှ၍ ငှက်ခါးနှင့်မျိုးတူသော ငှက်တစ်မျိုး။ **~ကောင်းတော**/မိုးဂေါင်းတော/နာ–မိုးကောင်းစွာ ရွာသွန်းသည့်အခါမှ စိုက်ပျိုးလုပ်ကိုင်ရသော ဒေသ။ **~ကောင်းလယ်**/မိုးဂေါင်းလယ်/နာ–မိုးရေကို အမှီပြု၍ စိုက်ပျိုးလုပ်ကိုင်ရသောလယ်။ **~ကုပ်စက်ဝိုင်း**/မိုးဂုတ်စက်ဝိုင်း/နာ–မိုးနှင့်မြေထိနေသည်ဟု ထင်မှတ်ရသည့် စုံးနေသော အရေးအကြောင်း။ **~ကျ**၊ကြိ– မိုးဥတုဆိုက်ရောက်သည်။ **~ကျွေးကိုယ်**/မိုးကျွေယွေကို/နာ–၁၊ပြိုင်ဘက်ကင်းအောင် ထူးခြားသာလွန်သူ။ ၂၊ယခုမှ ရုတ်တရက် ပေါ်ထွက်လာသော ပုဂ္ဂိုလ်၊ အရာ။ **~ကျလက်ဖက်**/မိုးဂျလဖက်/နာ–ဒန့်ကျွဲရွက်နုကိုပြုတ်၍ သုပ်ထားသည့် စားဖွယ်။ **~ကြီး**၊ကြိ–မိုးသည်းထန်လွန်ကဲသည်။ **~ကြိုး**[၁]/မိုးကြိုး/နာ–၁၊အာကာသတွင်ဆန့်ကျင်ဘက်လျှပ်စစ်ဓာတ်ချင်း ထိခတ်ရာမှ ဖြစ်သော ပေါက်ကွဲသံ။ ၂၊ကြေးနှင့်ရွှေရောစပ်ထားသော သတ္တု။ **~ကြိုးပစ်**/–ပျစ်/ကြိ–မိုးကြိုးလျှပ်စစ်ဓာတ် ကျရောက် ထိမှန်သည်။ **~ကြိုးလွှဲ**/–လွှဲ/နာ–မိုးကြိုးအန္တရာယ်မှ ကာကွယ်ရန် မြင့်မားသော အဆောက်အအုံထက်၌ တပ်ဆင်ထားသော သတ္တုပြွန်။ **~ကြိုးသွား**/–သွား/နာ–၁၊မိုးကြိုးပစ်ရာမှ ဖြစ်ပေါ်လာသည်ဟု ယူဆသော အတုံးအခဲ၊ ကျောက်ခေတ်သုံး လက်နက်ပစ္စည်း။ ၂၊သိကြားမင်း၏ ဝရဇိန်လက်နက်။ **~ခါးရေသောက်**/မိုးဂါးယေသောက်/ကြိ–[ဥပစာ] အများနည်းတူလိုက်လျော၍ ပြုမူဆောင်ရွက်သည်။ **~ခေါ်**၊ကြိ–မိုးရွာစေရန် လွန်ဆွဲခြင်း စသည်ဖြင့် ဒေသစရိုက်အလိုက် ဆောင်ရွက်သည်။ **~ခို**၊ကြိ–၁၊မိုးရေမစိုစေရန် တစ်စုံတစ်ခုသော အမိုးအကွယ်အောက်တွင် ခဏ္ဍဝင်နေသည်။ ၂၊မိုးရာသီရောက်လာသဖြင့် အလုပ်အကိုင်ရပ်နား၍ မိုးရာသီ ကုန်ဆုံးချိန်ကို စောင့်သည်။ **~ခိုသား**/မိုးဂိုသား/နာ–ကျွဲ၊ နွားစသည်၏ ကျောဆစ်ရိုး၌ မြှောင်နေသည့်အသားနု။ **~ခေါင်**၊ကြိ–ရွာသင့်ချိန် တန်လျက် ရက်ကာလအတန်ကြာ မိုးမရွာဘဲ နေသည်။ **~ချုပ်**၊ ကြိ–နေဝင်၍ မှောင်လာသည်။ **~စည်းနီး**၊နာ–အိမ်မိုးရာတွင် သက်ငယ်ပျစ် စသည်ကို အခြင်နှင့်တွဲချည်ရသည့် အရှည်တောင်ဆုပ်ခန့်ရှိ အပြားသေးသော နီး။ မိုးနီး။ **~ဆင်**၊ကြိ–မိုးရွာချရန် မိုးသားတိမ်လိပ်များ မည်းမှောင်အုံ့မှိုင်းစုဝေး လာသည်။ **~ဆွေငှက်** /မိုးဆွေငှက်/ နာ– ပျံလွှားငှက်တစ်မျိုး။ **~တိုးမတ်တတ်**/မိုးဒိုးမတ်တတ်/ကြိဝိ–မတ်တတ်ရပ်လျက်။ **~ထိုး**၊ကြိ–[ဥပစာ]အလွန်မြင့်မားသည်။ **~နံ**၊နာ–အပူပိုင်းဒေသတွင် ပေါက်လေ့ရှိသော အရွက်ပြောင်စိမ်း၍ အပင်၌ ဆူးရှည်ပေါက်သော ချုံပင်တစ်မျိုး။ **~နှောင်း**၊နာ–မိုးဥတု၏ နောက်ပိုင်းကာလ။ **~နှောင်းဆည်**/မိုးနှောင်းဆယ်/နာ–မိုးနှောင်းကာလ မြစ်ရေကျချိန်တွင် အင်းမှ ငါးများပါသွားခြင်း မရှိစေရန် ရေကြောင်းကို ဖြတ်၍ ဆောက်သော ဆည်ဘာတစ်မျိုး။ **~နှောင်းသံထင်**၊နာ–[ပေါ]၁၊နှောင်းအခါ။ နှောင်းကာလ။ ၂၊ ဘုန်းတန်ခိုး အာဏာ ကြီးသူ။ ပညဝါ။ **~ပါး**၊ကြိ–မိုးရွာခြင်း လျော့နည်းသည်။ **~ပြေး**/မိုးဗျေး/နာ–ရုတ်တရက်ရွာ၍ ရုတ်တရက်တိတ်သော မိုး။ **~ပြဒယ်**/မိုးဗျဲဒယ်/နာ–အဝ ကားလန်သော ဒယ်အိုးကြီး။ **~ဖွား**/မိုးဖွား/နာ–မိုးစက်အမှုန်အမွှားများ။ **~ဖွဲ**/မိုးဖွဲ/နာ–၁၊အနည်းငယ် ရွာသွန်းသော မိုး။

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

၂မိုးစက်အမှုန် အမွှားများ။ မိုးဖွား။ မိုးသေးမိုးဖွဲ့။ ~မခ၊န-မြစ်ချောင်းကမ်းပါးတွင် ပေါက်လေ့ရှိပြီး အက်ကွဲသော အခေါက်နှင့် ပျော့သောအသားရှိသည့် ပင်စောက်သစ်မျိုး။ ~မဆုံးမြေမဆုံး၊ကြိဝိ-အပိုင်းအခြား မရှိ။ အတောမသတ်။ ~မမြင်လေမမြင်၊ကြိဝိ-ဘဝင်မြင့်လျက်။ စိတ်ကြီးဝင်လျက်။ ~မီးလောင်၊ကြိ-[ဥပစာ] ကြီးကျယ်သော အရေးအခင်းဖြစ်ပွားသည်။ ~မှောင်ကျ၊ကြိ-မိုးအုံ့၍ အမှောင်လွှမ်းသည်။ ~မှန်၊ကြိ-အချိန်အခါအလိုက် မိုးသင့်တင့် လုံလောက်စွာ ရွာသွန်းသည်။ ~မျှော်၊ကြိ-အထက်သို့ မျက်နှာမူသည်။ န-အပေါ်သို့ ထောင်၍ သီးသော အလွန်စပ်သည့် ငရုတ်သီးတစ်မျိုး။ ~မွှန်၊ကြိ-များပြားလွန်ကဲသည်။ "ချိုးမွှမ်းသံများ ~နေ-။" ~ရေ၊န-၁၊ကောင်းကင်မှ ရွာချသော ရေ။ ၂၊ပေါင်းခံ၍ ရသော ရေစင်ရေသန့်။ ~ရေချိန်/မိုးယေကျိန်/န-အချိန်ကာလအလျောက် တွက်ယူသည့် မိုးရွာသွန်းမှု ပမာဏ။ ~ရိပ်၊န-မိုးရွာမည့် အရိပ်အယောင်။ ~လားကဲလား၊ကြိဝိ-[ဥပစာ] ရှိရင်းထက် ပိုမိုချဲ့ထွင်လျက်။ လေလုံးထွားလျက်။ ~လေဝသ၊န-အပူအအေး၊ လေ၊မိုးစသော သဘာဝအခြေအနေ အရပ်ရပ်။ [မြန်၊မိုး+လေ+ပါ၊ဝဿ] ~လင်း၊ကြိ-ညအမှောင် ကုန်ဆုံး၍ နံနက် နေရောင်ခြည် ပေါ်ထွက်သည်။ မိုးသောက်သည်။ ~သား/မိုးသွား/န-အုံ့မှိုင်း ယှက်ဆိုင်းနေသည့် တိမ်စု။ ~သီး/မိုးသို/န-အာကာသတွင် အအေးဓာတ် လွန်ကဲသဖြင့် အေးခဲ၍ ကျလာသော မိုးရေအတုံးအခဲ။ ~သက်မုန်တိုင်း/မိုးသက်မုန်ဒိုင်း/န-ပြင်းထန်သော မိုးနှင့်အတူ ကျသော မုန်တိုင်း။ ~သောက်ယံ/မိုးသောက်ယန်/န-ညဉ့်သုံးယံတွင် နောက်ဆုံးဖြစ်သော ကာလအပိုင်းအခြား။ [မြန်၊မိုးသောက်+ပါ၊ယာမ] ~ဦး၊န-မိုးရာသီ၏အစအဦးကာလ။ ~ဦးကျ၊ကြိ-မိုးဥတု စတင်သည်။ /မိုးအူးကျ/န-မိုးဥတုစတင်ချိန်။ ~အေး၊ကြိ-မိုးရွာသွန်းထားသောကြောင့်ဖြစ်စေ၊ မိုးအုံ့သောကြောင့် ဖြစ်စေ စိမ့်အေးသည်။

မိုးကြိုး ၂/မိုးကျိုး/ န-သုံးပုံဖွဲ့တွင်ခြောက်ပေါက်မနှင့် စီတင်းကောက် နှစ်ချပ်တွဲကို ခေါ်သော အမည်။

မက်၊ကြိ-၁၊ တပ်မက်သည်။ ခွဲလမ်းသည်။ တွယ်တာသည်။ ၂၊လျှောကို ကမ်းနှင့်ကပ်အောင် ပွဲသည်။ ၃၊ဆင်ကို ဝပ်စေသည်။ ~မော၊ကြိ-စွဲလမ်းစိတ်ပြင်းပြသည်။ အလွန်မက်သည်။ ~လုံး၊န-မက်မောလောက်သည့်အခွင့်အလမ်း။

မက်ကလောင်၊န-အပြင်းဖျား၍ ခေါ်ဝတွင် ပြည်ဖုငယ်များ ပေါ်တတ်သော ရောဂါ။ [ပါ၊မဂ္ဂ+ မြန်၊လောင်]

မက်ကတ်၊န-အသီးကို ဟင်းခတ်အဖြစ်၊ ဆေးဖက်အဖြစ် သုံးရသော ဆူးပင်တစ်မျိုး။ [ရှမ်း၊ မတ်ကတ်]

မက်ကွန်၊န-ငါးကြီးဖမ်းရသော ပစ်ကွန်တစ်မျိုး။

မက်ထရစ်စနစ်၊န-မီတာ၊ လီတာ၊ ဂရမ်ကို အတိုင်းအတာ၊ ချင့်ဝန်၊ ချိန်ဝန်ဆိုင်ရာ အခြေခံယူနစ်များအဖြစ် ထား၍တွက်သော ကမ္ဘာသုံးဆယ်လီစနစ်။ [လိပ်၊metric+မြန်၊စနစ်]

မက်မန်း၊န-အရသာ ချဉ်ဖန်သော သီးလုံးငယ်သီးသည့် ပင်လတ်တစ်မျိုး။ [ရှမ်း၊ မတ်မန့်]

မက်မွှန်၊ န-အသီးခွံတွင် အမွေးနုပါးပါး ရှိသော ပင်လတ်တစ်မျိုး။ [ရှမ်း၊ မတ်မွှန်]

မက်လင်၊န-အသားနက်၍ အသီးချဉ်သော ပင်လတ်တစ်မျိုး။ [ရှမ်း၊ မတ်လမ်]

မဂ္ဂပါဠိ/မတ်ခပေါ်/န-မြတ်စွာဘုရား ဟောကြားသော တရားတော်။ [ပါ၊မဂ္ဂပါဠိ]

မောက်၊နဝိ-၁၊ပြည့်ဖြိုးမြင့်တက်သော။ ၂၊မာနတက်သော။ ~ချ၊န-အကျရာအပေါ်မှ မိုး၍ချသော ရေးချတစ်မျိုး။ -ါ။ (ဝိုက်ချလည်းရှု) ~တို၊န-ရှေးမြန်မာ စစ်သည်ရဲမက်တို့ ဆောင်းသော ထိပ်ဖူးပါသည့် ခေါင်းဆောင်း။ ~တင်၊န-အမိုးတွင် နှုတ်သီးရင်း၌ အသားအမောက်ရှိသော ဝမ်းဘဲမျိုးဝင်ငှက်တစ်မျိုး။ ~မာ၊ကြိ-မာနဆောင်လွန်းသည်။ ခက်ထန်သည်။ ~ရှ/မောက်ရှ/န-ရှေးမြန်မာစစ်သည်တပ်သားတို့ ဆောင်းသော ထိပ်ဖူးရှည်သည့် ခေါင်းဆောင်း။ ~လှ၊န-မောက်ရှ။

မောဂ္ဂိုဟော၊န-ယုဇနပန်း။ [ပါ၊မောဂ္ဂ+ဣတ]?

မိုက် ၁၊နဝိ-အလင်းရောင်ကင်းမဲ့သော။ မှောင်သော။ ကြိ-ဆင်ခြင်ဉာဏ်ကင်းမဲ့၍ ထင်ရာပြုမူတတ်သည်။ ~ကန်း၊ ကြိ- ဆင်ခြင်ဉာဏ် ကင်းမဲ့ရိုင်းပျသည်။ ~ကြေးခွဲ၊ကြိ-သူတစ်ပါးထံမှ ငွေကြေးစသည်ကို အနိုင်အထက် တောင်းယူသည်။ ~တွင်းနက်၊ကြိ-အလွန်မိုက်မဲသည်။ ~မဲ၊ ကြိ-အလွန်မိုက်သည်။ ~ရူးရဲ၊န-ဆင်ခြင်ဉာဏ်မရှိဘဲ တစ်ဇွတ်ထိုးပြုမူသူ။ ~လုံးကြီး၊ကြိ-မိုက်မဲလွန်းသည်။

မိုက် ၂၊န-လက်မထောင်ထားသော လက်ဆုပ်၏ အတိုင်းအတာ။ [ပါ၊မုဋ္ဌိ]

မိုက် ၃၊န-ရွှံ့မှုန်ရောစပ်ပါဝင်နေသော ပန်းထိမ်မိုမြေ အမှိုက်သရိုက်။ ~ထုတ်၊ကြိ-ရွှံ့မှုန်ရောပါနေသော မြေမှ ရွှေကို ထုတ်ယူသည်။

မိုက် ၄၊ ~ချက်၊ န-လုံ။ [ပါ၊မုသာ]

မုခ်/မုတ်/န-ဥဘုရား၊ လိုဏ်စသည်၏ မျက်နှာစာ။ အပေါက်။ [ပါ၊မုခ] ~ဦး/မုတ်အူး/န-ဝင်လမ်းထွက်လမ်း၏ ဆင်ယင်မွမ်းမံထားသော ထိပ်စ။

မဂ်/မက်/န-၁၊လမ်းကြောင်း။ ၂၊ကိလေသာကို ပယ်၍ နိဗ္ဗာန်ကို အာရုံပြုနိုင်သော လမ်းကြောင်း။ မဂ်စိတ်။ [ပါ၊မဂ္ဂ]

မဂ္ဂဇင်း/မက်ဂဇင်း/န-ဝတ္ထု၊ ဆောင်းပါး၊ ကဗျာစသည့် အကြောင်းအရာမျိုးစုံ ပါဝင်သော လစဉ်ထုတ် စာစောင်။ [လိပ်၊magazine]

မဂ္ဂင်/မက်ဂင်/န-နိဗ္ဗာန်ရောက်ကြောင်း အကျင့်လမ်းစဉ်။ (၁၊ သမ္မာဒိဋ္ဌိ- ကောင်းစွာမြင်ခြင်း ၂၊သမ္မာသင်္ကပ္ပ-ကောင်းစွာကြံခြင်း ၃၊သမ္မာဝါစာ-ကောင်းစွာပြောခြင်း ၄၊သမ္မာကမ္မန္တ-ကောင်းစွာပြုခြင်း ၅၊သမ္မာအာဇီဝ-ကောင်းစွာအသက်မွေးခြင်း ၆၊သမ္မာဝါယာမ-ကောင်းစွာအားထုတ်ခြင်း ၇၊သမ္မာသတိ-ကောင်းစွာ အောက်မေ့ခြင်း ၈၊သမ္မာသမာဓိ-ကောင်းစွာ တည်ကြည်ခြင်းဟူ၍ ရှစ်ပါးရှိသည်။) [ပါ၊မဂ္ဂင်]

မင်¹/ကြိ-တပ်မက်တွယ်တာသည်။

မင်²/မှင်/န-ရေးခြစ်၊ ပုံနှိပ်၊ ထိုးနှံရာတွင် သုံးသော အရောင်ရှိ အရည်၊ အဆေး။ [ပါ၊မသိ] **~ကျမင်န**/မှင်ကျ့မှင်နာ့/ န- ရေးသားပုံနှိပ်ရာတွင် စာလုံးစွဲထင်မှုအခြေအနေ။ **~ကြောင်**/မှင်ကျောင်/ န-စုတ်ဖြင့် မင်တို့၍ ကိုယ်ခန္ဓာတွင် ထိုးနှံထားသည့် အရုပ်၊ စာလုံးစသည်။ **~ခံစက္ကူ**/မှင်ဂန်စက်ကူ/ န-တစ်ဖက်တွင် မင်စေး တင်ထားသော စက္ကူပါးတစ်မျိုး။ (မိတ္တူပွားရာ၌ သုံးသည်။) **~စာ**/မှင်ဇာ/ န-၁၊မင်ဖြင့် ရေးသားထားသည့်စာ။ ၂၊ဘုရားပုထိုးနံရံ စသည်တို့၌ ကြာရှည်ခံမင်ဖြင့် ရေးသားထားသည့်စာ။ **~နှိပ်စက္ကူ**/မှင်နှိတ်စက်ကူ/န-မင်စက်မင်ရာကို မပြန့်အောင် စုပ်ယူရန်သုံးသော စက္ကူပွတစ်မျိုး။ **~သေ့**/မင်သေ့/န-မင်ကြောင်။ [ပါ၊မသိ]

မင်္ဂလာ၊န-၁၊တိုးတက်ကြီးပွားကြောင်းတရား။ ၂၊ ကောင်းမြတ်ခြင်း။ တင့်တယ်ခြင်း။ ကျက်သရေရှိခြင်း။ ၃၊သုံးပုံဖဲတွင် ခြောက်ပေါက်မနှင့် သုံးပေါက်ချွန်းအတွဲ တစ်စုံ။ [ပါ၊မင်္ဂလ] **~ကြေး**/မင်ဂလာ ကျေး/န-၁၊ရပ်ကွက်ကာလသားတို့အား မင်္ဂလာဆောင်သူတို့က ပေးရသော ငွေ။ ၂၊သုံးပုံဖဲကစားရာတွင် ငွေဆော်ဦး မင်္ဂလာထွက်လျှင်ဖြစ်စေ၊ နောက်ဆုံး မင်္ဂလာ ဖမ်းလျှင်ဖြစ်စေ ပေးရသော ငွေကြေး။ **~ဆောင်**၊ကြိ-သတို့သားသတို့သမီးတို့သည် တရားဝင် ဇနီးမောင်နှံအဖြစ် အသိအမှတ်ပြုခြင်းကို ခံယူသည်။ /မင်ဂလာဆောင်/ န-မင်္ဂလာဆောင်သော အခမ်းအနား။ **~ဆွမ်း**/မင်ဂလာဆွန်း/ န-လက်ထပ်မင်္ဂလာကို အကြောင်းပြု၍ ကျွေးမွေးလှူဒါန်းသော ဆွမ်း။ **~စမ်း**၊ကြိ-သုံးပုံဖဲကစားရာတွင် နောက်ဆုံး နှစ်ဖူကို မင်္ဂလာစုံဖြင့် ရယူ၍ ကျယ်သည်။ **~ဦး**၊ န-မင်္ဂလာဆောင်ပြီးစ နေ့ရက်ကာလ။

မင့်၊စည်း-မြဲမြဲသေချာသောအနက်ဖြင့် ကြိယာကို ထောက်ကူသော စကားလုံး။

မင်း၊န-၁၊ဘုရင်။ ၂၊ဘုရင့်ဆွေတော်မျိုးတော်။ ၃၊အစိုးရ အမှုထမ်းအကြီးအကဲ။ နဝိ-ဂုဏ်ပြုချီးမြှင့် ခေါ်သော စကားလုံး။ “ဦး~။ လူကြီး~။” နစ-မိမိက ဦးတည်ပြောဆိုသူကို ရည်ညွှန်းသော စကားလုံး။ သင်။ စည်း-လွန်ကဲခြင်းအနက်ဖြင့် ကြိယာကို ထောက်ပံ့သော စကားလုံး။ “လွန်~။ အို~။ ကြီး~။” **~ကိုချည်**၊န-ရှင်ပြောင်းပတ်လည် ရစ်ပိုင်းထားသောချည်။ **~ကျင့်တရား**/မင်းဂျင့် တယား/န-နိုင်ငံကို အုပ်စိုးသော မင်းတို့ဖြည့်ကျင့်အပ်သည့် ကျင့်ဝတ်။ (ဒါန-အလှူပေးခြင်း၊ သီလ-သီလဆောက်တည်ခြင်း။ ပရိစ္စာဂ-ပေးကမ်းစွန့်ကြဲခြင်း၊ အဇ္ဇဝ-ဖြောင့်မတ် မှန်ကန်စွာကျင့်ခြင်း၊ မဒ္ဒဝ-ကိုယ်နှုတ်နှလုံး နူးညံ့သိမ်မွေ့ခြင်း၊ တပ-ဥပုသ်ဆောက်တည်ခြင်း၊ အက္ကောဓ-အမျက်မထွက်ခြင်း၊ အဝိဟိံသာ-မညှဉ်းဆဲခြင်း၊ ခန္တီ-သည်းခံခြင်း၊ အဝိရောဓန-မဆန့်ကျင်ခြင်းဟူ၍ ဆယ်ပါးရှိသည်။) **~ကြီး**/မင်းဂျီး/န-၁၊ဘုရင်။ ၂၊မြန်မာဘုရင်လက်ထက် ဝန်အဆင့်ရှိ မင်းမှုထမ်း။ “ကင်းဝန်~။ ယော~။” ၃၊ဌာနတစ်ခု၏ အကြီးအချုပ်။ ၄၊စစ်တုရင်ကစားပွဲ၌ အနိုင်အရှုံးအတွက် အရေးပါသော အရုပ်တစ်မျိုး။ **~ခစား**/မင်းခါ့စား/န-မင်းမှုထမ်း။ **~ခယောက်ျား** /မင်းခါ့ယောက်ကျား/ န- မင်းမှုထမ်း။ **~ခမ်းတော်**/မင်းဂန်းဒေါ်/န-[ရှေး] မင်းခမ်းမင်းနားဆိုင်ရာ လက်ဝဲလက်ယာ အခင်းအကျင်း။ **~ခမ်းမင်းနား**/မင်းဂန်းမင်းနား/န-မင်း၊ အစိုးရတို့၏ အစဉ်အလာနှင့်အညီခင်းကျင်းရသည့် အခမ်းအနား။ **~ချင်း**/မင်းဂျင်း/န-မင်းအပါး၌ ခစားထမ်းရွက်ရသော အမှုထမ်း။ **~စံ**၊ န-(ရွှေစသည်တို့နှင့် ပတ်သက်၍) မင်း၊ အစိုးရတို့က သတ်မှတ်ထားသော စံချိန်စံညွှန်း။ **~စိုးရာဇာ** /မင်းဇိုးယာဇာ/န-အုပ်ချုပ်မှု အာဏာရှိသော ပုဂ္ဂိုလ်စု။ **~ဆက်**/မင်းဇက်/န-အဆက်အနွယ် မပြတ် ဆက်ခံ အုပ်စိုးလာသော မင်းများ။ **~တိုင်းကျေ**/မင်းဒိုင်းကျေ/ကြိဝိ-[ဥပစာ] ဝတ်ကျေတတ်ကုံ။ ဝတ်ကျေ တမ်းကျေ။ **~ဒဏ်သင့်**၊ကြိ-ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်သဖြင့် မင်း၊ အစိုးရတို့၏ စီရင်အပြစ်ပေးခြင်း ခံရသည်။ **~ပါးစိုးနှင့်**/မင်းဗါးစိုးဗှင်/န-မင်းအစိုးရတို့၏ ရှေ့မှောက်၊ ဝန်းကျင်။ အာဏာ ရှိသူအသိုင်းအဝိုင်း။ **~ပေါက်စိုးပေါက်**

http://www.lknt11.com ...

/မင်းဖောက်စိုးဖောက်/ န–မင်းသို့မဟုတ် အရာအထူးကြီးသူ အသိုင်းအဝိုင်းတွင် ဝင်ဆံ့ ပေါက်ရောက် သူ။ **~ဖျိုမင်းလွင်**/မင်းဖျိုမြင်းလွင်/ န–ငယ်ရွယ်နုပျိုသော မင်းညီမင်းသား။ **~ဖြိုင်**/မင်းဖျိုင်/ န–တစ်ချိန်တည်းတွင် နေရာဒေသ တခြားစီ၌ အသီးသီး မင်းပြုနေသူ။ **~ဖြစ်မင်းဒက်** /မင်းဖျစ်မင်းဒန်/ န– မင်းအစိုးရတို့က အပြစ်အလျှောက် စီရင်သော အပြစ်ဒဏ်။ **~ဘုန်းပေါက်** /မင်းဖုန်းဖောက်/ န–သိကြွားပေါက်နှင့်အတူတူ။ **~မူ** ကြိ–၁။မင်းအဖြစ် စိုးစံအုပ်ချုပ်သည်။ ၂။[ဥပစာ] သူတစ်ပါးအပေါ် နိုင်ထက်စီးနင်း လွှမ်းမိုးသည်။ ထောင်လွှား စိုးမိုးသည်။ **~မဲ့စရိုက်**/မင်းမဲ့ဇယိုက်/ န–အထိန်းအကွပ်မရှိ ပရမ်းပတာ နေထိုင်ပြုမူလိုခြင်း။ **~မဲ့တိုင်းပြည်**၊န–အုပ်စိုးသူ မင်း၊ အစိုးရကင်းလပ် နေသည့် တိုင်းပြည်။ **~မြောက်တန်ဆာ** /မင်းမျောက်တန်ဇာ/ န– မင်းစကေရာဇ်တို့၏ အဆောင်အယောင် ငါးပါး။ (သန်လျက်၊ ထီးဖြူ၊ မကိုဋ်(သင်းကျစ်)၊ ခြေနင်း၊ သားမြီးယပ်) **~မှူထမ်း**/မင်းမှုဒန်း/န–မင်း သို့မဟုတ် အစိုးရ၏ လုပ်ငန်းတာဝန်ကို ဆောင်ရွက်သူ။ **~မြှောင်**၊န–မင်းအပါး၌ ခစားလျက် မင်းအကြိုက် မြှောက်ပင့်ကာ ကိုယ်ကျိုးရှာတတ်သူ။ **~လေးပါးနှာ**/မင်းလေးဗားနှာ/န–စိန်နီ၊ ကန့်၊ ဆေးခန်း၊ ဟင်းရိုင်းအနီတို့ကို ဆတူကြိတ်၍ ဖော်စပ်ထားသော နှာ။ **~လောင်း**၊န–မင်းဖြစ်မည့် ပုဂ္ဂိုလ်။ **~လမ်း**၊န–၁။မင်းအကြီးအကဲတို့ သွားလာရန် ပြုလုပ်ထားသောလမ်း။ ၂။ဇာတ်ရုံ စသည်တွင် အလယ်၌ နေရာလွှတ်ချန်ထားသော လူသွားလမ်း။ ၃။လမ်းမကြီး။ **~လျာ** /မင်းလယာ/ န–မင်းအဖြစ် တင်မြှောက်ရန် လျာထားခြင်း ခံရသူ။ **~သမီး** /မင်းသမီး/ န–၁။ဘုရင့်သမီးတော်။ ၂။ ဇာတ်၊ အငြိမ့်တွင် သီဆိုကပြ သရုပ်ဆောင်သူ မိန်းမ။ ၃။ရုပ်ရှင်၊ ပြဇာတ်တွင် အဓိက သရုပ်ဆောင်သော မိန်းမ။ **~သား** /မင်းသား/ န–၁။ဘုရင့်သားတော်။ ၂။ဇာတ်၊ အငြိမ့်တွင် သီဆိုကပြ သရုပ်ဆောင်သူ။ ၃။ရုပ်ရှင်၊ ပြဇာတ်တွင် အဓိက သရုပ်ဆောင်သူ။ **~သားကြီး**/မင်းသားကြီး၊ မင်းသုကြီး/ န–၁။ဘုရင်၏ သားတော်ကြီး။ ၂။ဇာတ်ရုပ်သေးတွင် ဘုရင်၊ နောင်တော်၊ သိကြားစသော အရံဇာတ်ဆောင်အဖြစ် သရုပ်ဆောင်ရသည့် ဝါရင့်သက်ကြီး မင်းသား။ **~သားကြမ်း**/မင်းသုဂျန်း/ န–ဇာတ်ရုပ်သေးတွင် လူဆိုးခန်း၊ ထိုးကြိတ် သတ်ပုတ်ခန်း စသည်တို့၌ သရုပ်ဆောင်ရသောသူ။ **~သားလတ်**/မင်းသုလတ်/ န–၁။ဇာတ်ရုပ်သေးတို့တွင် ဇာတ်ရုံမင်းသားအဖြစ် လိုရာတွင် ပါဝင်သရုပ်ဆောင်သော လေးခင်း၊ ဓားခင်း၊ အခုန်အပျံစသည် ကျွမ်းကျင်သည့် ငါးရင့်မင်းသား။ ၂။ဇာတ်ရုပ်သေးတွင် ပညာလေ့ကျင့် သင်ကြားဆဲ မင်းသားငယ်။

မင်းကိုကာ/မင်းကိုဂါ/ န–ကန်စွန်းမှုန့်ပုံအမှုန့်ကွမ်းရွက်ပုံအရွက်ရှိ အမြစ်ကို ဆေးဖော်ရသော နွယ်ပင်တစ်မျိုး။

မင်းကွတ်/မင်းဂွတ်/ န–နီညိုရောင်အခွံထူရှိ၍ အရည်ရွှမ်းသော အသားမြှာကို စားရသည့် အသီးသီးသည့်အပင်။ [မလေး၊ **manggusta**]

မင်းထုပ် /မင်းဒုတ်၊ မင်းဒုန်း/ န–တံခါးပိတ်ရာတွင် တံခါးပေါင်ရှိ ကွင်း သို့မဟုတ် တွင်းချိုင့်၌ သွင်းလျှိုသော အချောင်းအတံ။ ကန့်လန့်ကျင်။

မင်းပေါ်/မင်းဗော/ န–အသီးခါး၍ ဆေးဖက်ဝင်ပြီး အသားအလွန်မာသဖြင့် ထွန်သန်စသည် လုပ်ရသော အန်းထန်းမျိုးဝင် ပင်စောက်တစ်မျိုး။

မင်းလွင်၊န–မြူမှုန်ရော၍ ပျံ့လွင့်နေသော အခိုး။

မောင်၊န–၁။သားချင်းတို့အနက် မိန်းမက ယောကျ်ားကို ခေါ်မြီး တော်စပ်ပုံ။ ၂။မောင်ဘွဲ့ရသောသူ။ နစ–၁။ကြီးသူက ငယ်သူယောကျ်ားကို ရည်ညွှန်းခေါ်သော စကား။ ၂။ချစ်မြတ်နိုးသော အမျိုးသားကို အမျိုးသမီးက ခေါ်သောအမည်။ စည်း–ယောကျ်ား၏ အမည်ရှေ့၌ တပ်ခေါ်သော စကားလုံး။ **~နှမ** /မောင်နှမာ/ န–မောင်နှင့်နှမ အပြန်အလှန် ခေါ်မြီးတော်ပုံ။ **~နှံ**၊ န– လင်မယား။ **~မား** /မောင်ဗား၊ မောင်မွှား/ န–မွေးချင်းဖြစ်သော မောင်။ **~မွှား**၊န–မောင်မားရှု။ **~ဘွဲ့**၊န–၁။မယ်က မောင့်အကြောင်း ဖွဲ့ဆိုသော ကဗျာလင်္ကာ။ ၂။ ကာလအလှ ပြိုင်ပွဲတွင် ပထမရသော အမျိုးသားကို ချီးမြှင့်သော ဘွဲ့။ **~မင်း**၊နစ–မင်း။ သင်။ **~ရင်**၊ နစ–ကြီးသူက ငယ်သူယောကျ်ားကို ရည်ညွှန်းခေါ်သော စကား။ **~ရင်ငိုး**၊န–ကပ်ငြိလွယ်သော အသီးချွန်ကလေးများ သီးသော မြက်တစ်မျိုး။ **~ရှင်**၊ န–သာမဏေ။ ကိုရင်။ **~ရှင်ဆိုင်းထမ်း** /မောင်ယင်ဆိုင်းဒန်း/န–မိဂသီ၏ တောင်ဘက်၌ အရှေ့တောင်နှင့် အနောက်မြောက်တန်းလျက် ဆိုင်းထမ်းနေသည့် သဏ္ဌာန်ရှိသော ကြယ်သုံးလုံး။ **~လည်နှမလည်**/မောင်လယ်နှမလယ်/ န–မောင်နှမ နှစ်ဖုံတို့ အပြန်အလှန် အိမ်ထောင်ပြုခြင်း။

မောင်း[၁]၊–နှင်း၊ ကြိ–၁။နေရာမှ ထွက်ခွာအောင် နှင်လွှတ်သည်။ ၂။(စက်၊ ယန္တရားကို) လှုပ်ရှား လည်ပတ်စေသည်။ ယာဉ်ကို ရွေ့သွားအောင် ပြုသည်။ **~မဲ**၊ ကြိ–ဖြစ်တင် ကြိမ်းမောင်းသည်။

မောင်း[၂]၊န–၁။ကုတ်သဘောဖြင့်သုံးသော အချောင်း

မာတိကာသို့ ▶▶▶

အတံ။ ၂။အလေးအပင်ပစ္စည်းကို ပင့်မရာတွင် အသုံးပြုသော ဓါတ်တန်နှင့်ဆိုင်းကြိုးပါ ကိရိယာ။ ၃။ စပါး၊ ပြောင်း စသည်ကို ထောင်းရသော ကိရိယာ။ ၄။ မောင်းတက်။ ၅။ လက်မောင်း။ ၆။ သေနတ်တွင် ကျည်ဆန်၊ ဒူးလေးတွင် မြားကို ပစ်လွှတ်ရန် အသုံးပြုသော အစိတ်အပိုင်း။ **~ကျောက်**/မောင်းကျောက်/ န-ဆန်ဖွပ်မောင်း၏ ကျည်ပွေ့။ **~ချား** /မောင်းချားဒါး/ န-ဓားသွားကို အရိုးအိမ်တွင်ပြန်၍ ချိုးခေါက်ထားနိုင်သော ဓား ငယ်တစ်မျိုး။ **~ချွေးလက်စွပ်**/မောင်းချွေးလက် စွပ်/ န-ကျောက်မစီ၊ ပန်းမဖြယ်ဘဲလုပ်ထားသော လက်စွပ်။ **~ခွက်**/မောင်းဂွက်/ န-မောင်းထောင်းရန် ထွင်းထားသော သစ်သားခွက်၊ ကျောက်ခွက်။ **~စည်းလက်ဖွဲ့**/မောင်းစီးလက်ဖွဲ့/ န-လက်မောင်း တွင် စည်းရသော လက်ဖွဲ့။ **~တံ**/မောင်းဒန်/ န- ၁။ ဝန်စည်ကို မြှောက်ပင့်ရာတွင် သုံးသော မောင်း၏ ကိုယ်ထည်။ ၂။စက်ယန္တရားစသည်တွင် ဘီးကို လည်စေရန် သွယ်ထားသော အတံ။ **~တက်**/မောင်းဒက်/ န-ဝါးလုံးရင်းတွင် အလေး ပိုးလျက် အဖျားဘက်ပုံးကို နိမ့်ချ၍ တွင်းရေငင်ရ သော ကိရိယာ။ မောင်းလက်။ **~တင်**၊ ကြိ- ၁။သေနတ်၊ ဒူးလေးစသည် ပစ်ရန် မောင်းလေ့တ် အသင့် ပြင်သည်။ ၂။(ဥပစာ) တစ်စုံတစ်ရာ ပြုလုပ်ရန်အတွက် အသင့်ပြင်ဆင်ထားသည်။ **~တုံး** /မောင်းဒုန်း/ န-၁။ခြေဖြင့်နင်း၍ မောင်းထောင်း ရသော သစ်တုံးရှည်။ ၂။ဝန်ကို မ သော မောင်းတံ။ **~ထောင်ချိုင့်**/မောင်းဒေါင်ကျိုင့်/ န-မောင်းထောင် ရာတွင် စတင်ပြုလုပ်သော ခွက်ခောက်တစ်မျိုး။ **~ထောင်ခွက်**/မောင်းဒေါင်ဂွက်/ န-မောင်းထောင် ချိုင့်။ **~ပြန်သေနတ်**/မောင်းဗျန်သနတ်/ န-ယမ်း ငွေ့အား၊ ကျည်တွန်းကန်အားကြောင့် အလို အလျောက် မောင်းပြန်တင်သော သေနတ်တစ်မျိုး။

မောင်း[၃]န-၁။ကြေး စသည်ဖြင့် သွန်းလုပ်ထားသော၊ အသံမြည်ဟည်းအောင် ထုနက်တီးခတ်ရသော ပစ္စည်း။ ၂။မြန်မာနာရီ တစ်နာရီ။ **~ခတ်**၊ကြိ- ၁။မောင်းထု၍ ကြေညာ သည်။ ၂။(ဥပစာ) လူအများ ကြားသိအောင်ပြုသည်။ **~ဆိုင်း** /မောင်းဆိုင်း/ န-မောင်းအကြီးအငယ် စီတန်း၍ ဆွဲချည်ထားသော တူရိယာတစ်မျိုး။ **~လည်** /မောင်းလယ်/ကြိ- လှည့်လည်၍ မောင်းခတ် ကြေညာသည်။

မောင်း[၄]နဝိ-အနီရင့်ရောင်ရှိသော။ စည်း- အရောင် ရင့်သော၊ မှိုင်းသော အနက်ဖြင့် ထောက်ပံ့သော စကားလုံး။ "ညို ~။ နီ ~။" **~ညို**န-စပါး ရင့် မှည့်ခါစအချိန်တွင် ဖြစ်ပေါ်လာသော မှိုင်းညိုသည့် အရောင်။

မောင်းမ၊န-ဘုရင်မိဖုရားတို့၏ ရှံရွှေတော်။ [မွန်၊ မောင်မ] **~မိသံ**/မောင်းမာ့မိတ်သန်/ န-ဘုရင် မိဖုရားတို့၏ အခြွေအရံ မိန်းမများ။ [မွန်၊ မောင်မ+ မြန်(ရှေး)မိသင်] **~လည်**/မောင်းမလယ်/ န-၁။နန်း တော်တွင် မောင်းမမိသံများ စံနေရာနေရာ။ ၂။နန်းကြမ်းပြင် အနိမ့်အမြင့်ရှိသော နေရာတွင် ပိတ်ကာထားသော ပျဉ်။

မိုင်၊န-ပေပေါင်း ၅၂၈၀ရှိသော အကွာအဝေး။ [လိပ်၊ mile] **~တိုင်**/မိုင်ဒိုင်/ န-လမ်းဘေးတွင် စိုက်ထူ ထားသည့် ခရီးလမ်း မိုင်အကွာအဝေးကို ပြသော တိုင်။

မိုင်း၊န-၁။သတ္တုတူးဖော်ရာ နေရာ။ ၂။လူ့ယာဉ်သတ်သော စသည်တို့ကို သေကျေပျက်စီးစေရန် ဖောက်ခွဲရသော ဗုံးတစ်မျိုး။ [လိပ်၊ mine]

မိုင်းကိုင်စက္ကူ/မိုင်းဂိုင်စက်ကူ/ န-ရှမ်းပြည် မိုင်းကိုင်မြို့မှ စတင်ပြုလုပ်သော စက္ကူတစ်မျိုး။ [ရှမ်း၊ မိုင်းကင်+ မြန်၊စက္ကူ]

မိုင်းသား၊န-တိဗက်မြန်မာ ဘာသာစကား တစ်မျိုးကို ပြောသော မြန်မာတိုင်းရင်းသား တစ်မျိုး။ (ကချင် ပြည်နယ် တာဝိန်မြစ်တောင်ဘက်တွင် နေထိုင် သည်။)

မစ္ဆရိယ/မစ်ဆရိယာ့/ န-ဝန်တိုစိတ်။ [ပါ၊မစ္ဆရိယ]

မစ္ဆေရစိတ်/မစ်ဆေရာ့စိတ်/ န-မစ္ဆရိယ။ [ပါ၊မစ္ဆေရ+ စိတ္တ]

မိစ္ဆာ/မိတ်ဆာ/ နဝိ-မှားသော။ [ပါ၊မိစ္ဆာ] **~ဒိဋ္ဌိ** /- ဒိတ်ထိ/ န-မှားသော အယူ။

မၛ္ဈိမ/မျစ်ဇိမ့/ န-အလယ်အလတ်။[ပါ၊မၛ္ဈိမ] **~ဒေသ** /-ဒေသာ့/ န-အိန္ဒိယအလယ်ပိုင်း။ **~ပဋိပဒါ**/- ပတိဗဒါ/ န-အလယ်အလတ်လမ်းစဉ်၊ ကျင့်စဉ်။ [ပါ၊မၛ္ဈိမ+ပဋိပဒါ]

မၛ္ဈေဝီထိ/မျစ်ဇေဝီထိ/ န-နေသွားလမ်းသုံးခုအနက် အလယ်လမ်း။ [ပါ၊မၛ္ဈေ+ဝီထိ]

မဥ္ဇူ/မင်ဇူ၊ မျစ်ဇူ၊ မျေဇူ/ န-၁။မဥ္ဇူသကပန်း။ ၂။ အော်လန်ပုံအပွင့် အဖြူ အနီ အဝါ အကျား ပွင့်သော၊ အစေ့သေးငယ်၍ နက်သော ပန်းပင်ငယ်။ (ညနေလေးနာရီခန့်တွင် ပွင့်လေ့ရှိသည်။) [ပါ၊မဥ္ဇူ သက] **~သက**/-သကာ့/ န-ဟိမဝန္တာနန္ဒမူလိုဏ်ဝ၌ ပေါက်သော ပန်းပင်။ [ပါ၊မဥ္ဇူသက]

မုဥ္စစေတနာ/မုန်စာ့စေဒနာ/ န-စွန့်လှူခိုက်ဖြစ်ပေါ် သော စေတနာ။ (ပုဗ္ဗစေတနာ၊ အပရစေတနာ လည်းရှု) [ပါ၊မုဥ္စ+စေတနာ]

မည်[၁] /မျီ/ ကြိ-၁။ အမည်ရသည်။ ၂။ အဓိပ္ပာယ် သက်ရောက်သည်။ /မျီမယ်/စည်း-သက်မဲ့အရာ

ကို အမျိုးအစား ခွဲခြားရေတွက်ရာ၌ သုံးသော စကားလုံး။ "ဆေးတစ်~။ ဟင်းတစ်~။"/မျိ/ နစ- မကွဲပြား မသေချာသည့်အရာကို ရည်ညွှန်း သုံးသော စကားလုံး။ "~ရွေ့ ~မျှ။" နဝိ-မကွဲပြား မသေချာသည့် အရာကို ပြညွှန်းသော စကားလုံး။ "~သူ ~ဝါ။" **~ကာမတ္တ** /မျိဂါမတ်တာ/န- အမည်ခံနိုင် ရုံမျှ ဖြစ်သောအရာ။ [မြန်၊ မည်+ ကာ+ပါ၊မတ္တ] **~မည်ရရ** /မယ်မယ်ယာ့ယာ့/န- ပြောပလောက် သော အရာ။ /ကြိဝိ-ပြည့်စုံပိုပြင်စွာ။ ဟုတ်တိ ပတ်တိ။ **~မည်ဝါးဝါး**၊ နဝိ-အမည်ရှိကာမျှ ဖြစ်သော၊ သာမန်ဖြစ်သော။ **~ရွေ့မည်မျှ**/မျိယွေ့ မျိမှျာ/နစ-အဘယ်မျှဟု မသိရ၍ မေးယူရသော ပမာဏ။ **~သူမည်ဝါ**/မျိသူ့မျိဝါ/နစ-မည်သူဟု မသိရ၍ မေးယူရသည့် သူ။

မည်²/မျိ/ဝိ-အနာဂတ်ကာလကို ညွှန်းသော စကား လုံး။

မည်စည်/မယ်ဇယ်/န-မြန်မာနိုင်ငံအထက်ပိုင်းတွင် ပေါက်လေ့ရှိ၍ အပွင့်ခြောက်ကို စားသုံးရပြီး အစေ့မှ အဆီထုတ်ယူနိုင်သည့် ရွက်အုပ်ပင်စောက်ကြီး။ သစ်မည်စည်။

မည့် /မျိ/ စည်း- နာမဝိသေသန ဖြစ်ကြောင်းပြ စကားလုံး။ (အနာဂတ်ကာလကို ညွှန်းသည်။) "သွား~သူ။ လျှောက်~လမ်း။"

မည်း/မဲ/နဝိ-မီးသွေး၏ အရောင်ကဲ့သို့သော အရောင် မျိုးရှိသော။ **~ကျော**/မဲကျော/နဝိ-မည်းနက် ချော ပြောင်သော။ **~ကြီး**/မဲကျီး/န-မဲကြီးရှူ။ **~ကြုတ်** /မဲကျုတ်/နဝိ-အလွန်မည်းသော၊ မည်းချိပ်သော၊ မည်းသည်းသော။ **~နမ်း**/မဲနန်း/နဝိ-အမည်းရောင် အနည်းငယ် ဖျော့သော။ **~သည်း**/မဲသဲ/နဝိ-၁၊ အလွန်မည်းသော။ ၂၊စုပြုံများပြားသော။

မုဋ္ဌော/မုတ်ထော/န-၁၊ဆင်းတုတော်။ ၂၊စေတီပုထိုး။ [ပါ၊မုဋ္ဌိ/မုဋ္ဌော]

မဏ္ဍိုင်/မန်ဒိုင်/န-၁၊ဝန်းဝိုင်းသော အပြင်။ ၂၊ ကြည်လင်ခြင်း။ ကြည်လင်ရာ။ ၃၊အလယ်ဗဟို။ အချက်အချာ။ ၄၊ကြီးမားကြံ့ခိုင်၍ မလှုပ်မရှား တည်သောအရာ။ [ပါ၊မဏ္ဍလ]

မဏ္ဍပ်/မန်းဒတ်/န-အလှူ မင်္ဂလာဆောင်စသည် ကျင်းပရာ ယာယီအဆောက်အအုံ။ [ပါ၊မဏ္ဍပ]

မတ်¹၊နဝိ-ဒေါင်လိုက်တည့်သော၊ ဖြောင့်သော။ **~တတ်**၊ ကြိဝိ- ၁၊ ကိုယ်ခန္ဓာ အထက်အောက် တစ်ဖြောင့်တည်း တည်စေလျက်။ ၂၊ဒေါင်လိုက် ထောင်လျက်။ သမ်- တစ်စုံတစ်ရာ ပြုလုပ်ဆဲ အနက်ဖြင့် ဆက်စပ်ပေးသော စကားလုံး။ **~တတ်စာ**၊န-လုပ်ကိုင်ဆောင်ရွက်နိုင်ဆဲတွင်သာ သုံးစွဲနိုင်လောက်သော ငွေကြေးဥစ္စာ။ **~တတ်နာ**၊ န- ထူထူထောင်ထောင်ရှိလျက် နာမကျန်းဖြစ်ခြင်း။ **~ရုပ်တော်**၊ န-ရပ်လျက်နေတော်မူပုံ ပြုလုပ် ထားသည့် ဗုဒ္ဓရုပ်ပွားတော်။

မတ်²၊န-လင်၏ညီ။ ညီမ၏လင်။

မတ်³၊န-(ငွေတစ်ကျပ်၊ တစ်ကျပ်သား၊ တစ်လက်မ၊ တစ်နာရီစသည်၏)လေးပုံတစ်ပုံပမာဏ။ [သ၊မာဃ] **~ပဲ**၊န-အစေ့နက်သော ပဲတစ်မျိုး။

မတ်⁴၊န-အင်္ဂလိပ် ဆယ့်နှစ်လတွင် တတိယလ။ [လိပ်၊March]

မတ်⁵၊န-ဂျာမဏီနိုင်ငံသုံးငွေကြေး။ [ဂျာမန်၊mark]

မတ်ခွက်၊န-လက်ကိုင်ကိုင်းပါသော ခွက်ဝိုင်း။ [လိပ်၊ mug+မြန်၊ခွက်]

မိတ်¹၊န-မှဲ့ဆိုက်သည့်အခါ အရေပြားပေါ်တွင် ပေါ် ထွက်တတ်သည့် ယားယံစေသော အဖုငယ်များ။

မိတ်²၊န-၁၊အဆွေခင်ပွန်း။ ၂၊သင့်မြတ်သော အတွဲ အဖက်။ [ပါ၊မိတ္တ] **~ဆက်**၊ကြိ-မိတ်ဆွေဖြစ်အောင် ဆက်သွယ်သည်။ **~ဆွေ**၊န-ခင်မင်သောသူ။ **~တုန့် တုံ့**/မိတ်တုန့်ဒုံ့/န-အသွင်တူအဆင်တူ။ **~ပျက်**၊ ကြိ-မိတ်ဆွေအဖြစ် ဆက်ဆံရင်းနှီးမှု ပျက်ပြား သည်။ **~ဖက်**၊န-သင့်တော်လိုက်ဖက်သော အတွဲ အဖက်။ **~ဖွဲ့**၊ကြိ-မိတ်ဆွေဖြစ်အောင် ပြုသည်။ **~လိုက်**၊ကြိ-၁၊တိရစ္ဆာန် အဖိုနှင့်အမ စပ်ယှက် သည်။ ၂၊တိရစ္ဆာန်အထီးက အမအောက် တကောက် ကောက်လိုက်သည်။ **~လင်စုံ**/မိတ်လင်ဇုံ/န-အတွဲ အဖက်အစုံ။ **~သဟာ**၊န-အဆွေခင်ပွန်း။ [ပါ၊မိတ္တ+ သဟာယ] **~သင်္ဂဟ**၊ န- ခင်မင်ရင်းနှီးသော အပေါင်းအသင်း။

မိတ်ကပ်၊န-မျက်နှာကို ပြုပြင်လိမ်းခြယ်ရသော အလှ ကုန်ပစ္စည်း။ [လိပ်၊make-up]

မိတ္တူ၊န-မူရင်းကို ကူးယူထားသော စာ၊ ရုပ်ပုံစသည်။ [ပါ၊မိတ္တ+မြန်၊တူ]

မုတ်¹၊ မုတ္တ၊ န- ၁၊ (တိရစ္ဆာန်) ကျင်ငယ်ရည်။ "မြင်း ~။ နွား ~။" ၂၊ ကပ်ပယ်အိတ်ရောင်နာ။ [ပါ၊ မုတ္တ] **မုတ္တကတ်**/မုတ်ဒကတ်/န-ဆီးအိမ်တွင် ထိုးကျင့် ကိုက်ခဲသော ရောဂါ။ [ပါ၊ မုတ္တ+ဃာတ] **မုတ္တကျိတ်** /မုတ်ဒကျိတ်/ န- ဆီးအောင့်သော ရောဂါ။ [ပါ၊မုတ္တ+ ကိစ္ဆ]

မုတ်²၊န-ပုလဲ။ [ပါ၊မုတ္တာ] **~ကောင်**၊န-ပုလဲဖြစ်ရာ ပင်လယ်ယောက်သွားတစ်မျိုး။ **~ပုတီး**/မုတ်ဗဒီး/ န-၁၊ပုလဲပုတီး။ ၂၊မုတ်ကောင်အခွံကို အလုံးငယ် များဖြစ်အောင် သွေး၍ သီထားသော ပုတီး။

မုတ်ခါး၊န-ရှားစောင်းလက်ပပ်အနှစ်ကို ကျိုချက်ထား သည့် ခါးသော ဆေးဖက်တစ်မျိုး။

မာတိကာသို့ ▶▶▶

http://www.lknt11.com

မှတ်ဆိတ်၊နဲ–မေးဖျားတစ်ဝိုက်တွင် ပေါက်သော အမွေး အမှင်။ [ဟိန္ဒီ၊ မိုဆ]

မှတ်တိုင်၊နဲ–၁၊ရက်ကန်းစင်တွင် လိပ်တုံးကို ထိန်းသော တိုင်။ ၂၊ချည်ရစ်သော ခုံပေါ်၌ ရစ်ဘီး တပ်ဆင်ရန် စိုက်ထားသော တိုင်ငယ်။ ၃၊ထယ်သန်တပ်ဆင်ရန် စရွေးပေါက်ပါသော တိုင်တို။ (ထယ်လျှာတိုင်ဟု လည်း ခေါ်သည်။) [ပါ၊မုစ+မြန်၊တိုင်]

မှတ်သုံလေ၊နဲ–အာရှတိုက်တောင်ပိုင်းတွင် မိုးရာသီ၌ အနောက်တောင်ဘက်မှ လည်းကောင်း၊ ဆောင်းနှင့် နွေရာသီ၌ အရှေ့မြောက်ဘက်မှ လည်းကောင်း အချိန်မှန် တိုက်ခတ်သောလေ။ [အရဗီ၊mausim+မြန်၊လေ]

မေတ္တာ/မျစ်တာ/နဲ–ချစ်ခင်ခြင်း။ [ပါ၊မေတ္တာ] **~စာ**/မျစ်ဒဇာ/နဲ–၁၊မေတ္တာကို အခြေပြု၍ ရေးသား ပေးပို့ သောစာ။ ၂၊ရည်းစားစာ။ **~ပို့**/မျစ်တာပို့/ ကြိ–သတ္တဝါတို့အတွက် ကျန်းမာချမ်းသာစေရန် ဆုတောင်းသည်။ **~မျှ**/မျစ်တာမျှ/ကြိ–ချစ်ကြိုက် သည်။ **~ရှိ**/မျစ်တာယိ/ကြိဝိ–၁၊စေတနာ သန့်သန့် ဖြင့်။ ၂၊အကြောင်းမဲ့သက်သက်။ **~ရပ်ခံ**/မျစ်တာ ယတ်ခန်/ကြိ–မေတ္တာအရင်းခံ၍ ပန်ကြားသည်၊ တောင်းခံသည်။

မုဒ္ဒဇှာန်/မုတ်ဒါထန်/နဲ–[ပါ၊သဒ္ဒါ] (ဎ၊ ဋ၊ ဍ၊ ဎ၊ ဏ၊ ရ၊ ဠ အက္ခရာ ၇လုံးဖြစ်ရာ) အာထိပ်အရပ်။ (ဌာန်လည်းရှ) [ပါ၊မုဒ္ဒ+ဌာန]

မန်ကျည်း/မကျီး/နဲ–ချဉ်သော အသီးတောင့်သီးသည့် ပင်စောက်ကြီးတစ်မျိုး။ [ပါ၊ရှင်၊tamar-i-Hindi] **~ပန်**/မကျီးပန်/နဲ–အပွင့်၊ အရွက်၊ အခေါက်နီသော မန်ကျည်းပင်တစ်မျိုး။

မန္တရား/မန်းဒယား/နဲ–မန္တန်။ [သ၊မန္တြ]

မန္တန် /မန်ဒန်/ နဲ– မန်းမှုတ်ရွတ်ဆိုရသောစကားစု။ [သ၊မန္တြ]

မန်ဒါလီ၊နဲ–ခြေတို၍ ကိုယ်ထည်ကြီးသော ဘဲတစ်မျိုး။ [လိပ်၊muscovy (duck)]

မန္တာတ်၊ နဲ– မန္တာတုမည်သော စကြဝတေးမင်း။ [ပါ၊ မန္တာတု]

မန်နေဂျာ၊ နဲ– လုပ်ငန်းတာဝန်တစ်ခုခုကို ကြီးကြပ် စီမံသူ။ [လိပ်၊manager]

မန်း[၁]၊ကြိ–ဘေးအန္တရာယ် ပျောက်ပြယ်စေရန် မန္တန်ကို ရွတ်ဆိုသည်။ [သ၊မန္တြ]

မန်း[၂]၊ နဲ– အနာပတ်လည်၌ ညိုမည်းရောင်ရမ်း နေ သော အခြေအနေ။ **~ရောင်နှမ်းရည်** /မန်းယောင်နှမ်း ယေ/နဲ–ရောင်ရမ်းနေသော အနာဝမှ ထွက်သည့် အရည်။

မန်း[၃]၊နဲ–[ပေါ]၁၊ဆန်ကောဲ။ ၂၊ဆန်ကောကြီးသဏ္ဌာန် ဆောင်းစရာ တစ်မျိုး။

မန်းမရွှေး၊နဲ–ထမင်းခြောက်လှော်ကို ထန်းလျက်ရည်နှင့် နယ်၍ အပြားအပျဉ်လုပ်ထားသော မုန့်တစ်မျိုး။

မာန်၊ ကြိ– ကြိမ်းမောင်းသည်။ နဲ– ထောင်လွှား မောက်မာမှု။ ခက်ထန်မှု။ [ပါ၊မာန] **~စောင်**၊ကြိ– ရန်ပြုလိုစိတ် ဖြစ်ပေါ်သည်။ /မန်ဇောင်/နဲ– ရန်ပြုလိုစိတ်။ မောက်မာစိတ်။ **~စွယ်ကျိုး**/မန်ဇွယ် ကျိုး/ကြိ–[ဥပစာ]မောက်မာစိတ် ကင်းပသွားသည်။ မောက်မာနိုင်စွမ်းမရှိသည့် အခြေအနေသို့ ရောက်ရှိ သည်။ **~တင်း**၊ကြိ–၁၊မောက်မာ ခက်ထန်သည်။ ၂၊စိတ်အားတင်းသည်။ **~ပါ**၊ကြိ–တက်ကြွသော အသွင်ဆောင်သည်။ **~ဖီ**၊ကြိ–ရန်စောင်သည်။ **~မဲ**၊ကြိ–ကြိမ်းမောင်း မြည်တွန်သည်။

မိန်၊နဲ–၁၊ဆယ့်နှစ်ရာသီတွင် ငါးနှစ်ကောင်ရုပ်ဖြင့် မှတ်အပ်သော ၁၂ခုမြောက်ရာသီ။ ၂၊တပေါင်းလ။ [သ၊ မီန]

မိန်ကောင်/မိန်ဂေါင်/နဲ–လင်ကောင်ဝိုး။ ငှက်ဆိုး။

မိန့်၊ကြိ–(လေးစားထိုက်သူက)ပြောဆိုသည်။ **~ကြား**၊ ကြိ–(လေးစားထိုက်သူက) စကားပြောဆိုသည်။ **~ခွန်း**/မိန့်ဂွန်း/နဲ–ပရိသတ်ရှေ့မှောက်တွင် ပြောဆို သော စကား။

မိန်းကလေး/မိန်းခလေး/နဲ–ငယ်ရွယ်သော မိန်းမ။

မိန်းမ၊နဲ–၁၊သန္ဓေဆောင်ယူပေးနိုင်သောလူ။ ၂၊ဇနီး။ မယား။ **~ကိုယ်**၊ နဲ– မိန်းမအင်္ဂါဇာတ်။ **~ချည်**၊ နဲ–ကြိုးစ တစ်ဖက်တစ်ချက်ကို ကျော့၍ချည်သော ချည်နည်း တစ်မျိုး။ **~ဉာဏ်**၊ နဲ– မိန်းမတို့တွင် ရှိတတ်သော ဖြတ်ထိုးဉာဏ်။ လိမ္မာယဉ်ဉာဏ်။ **~ထွက်**/မိန်းမဒွက်/နဲ–ဈေးထွက်။ **~ပျော့**/မိန်းမ ဗျော့/နဲ–ကိုယ်ကျင့်သိက္ခာကို အလေးမထားဘဲ အနေအထိုင်၊ အပြုအကျင့် ပေါ့တန်သော မိန်းမ။ **~ရှင်**၊နဲ–ပြည့်တန်ဆာ။ ဖာ။ **~လို မိန်းမရ**၊ကြိဝိ– ယောက်ျားဖြစ်လျက်နှင့် မိန်းမ ဆန်ဆန်။ **~လျှာ** /မိန်းမယှာ/နဲ–ယောက်ျားဖြစ်လျက် မိန်းမစိတ်၊ မိန်းမအမူအရာရှိသူ။

မိန်းမော၊ကြိ–သတိလစ်မေ့မြောသည်။

မိန်းမှိုင်၊ကြိ–တွေဝေငေးမောသည်။

မုန်၊နဲ–ကာမစိတ်ကြောင့် ဆင်ထိုး၏ နားသယ်ရှိ အပေါက်မှ ယိုဆင်းသော အရည်။ **~ယစ်**၊ ကြိ– ဆင်မုန်ယို၍ မာန်ယစ်သည်။

မုန်ညင်း၊နဲ–အရွက် အစေ့ကို စားသုံးရသော တစ်နှစ်ခံ ပင်ငယ်တစ်မျိုး။

မုန့်တိုင် /မုန့်ဒိုင်/ နဲ– ၁၊ လုံးဝိုင်းသော ပင်စည်မှ အုန်းလက်ကဲ့သို့ အရွက်ဖြာထွက်သော အပင် တစ်မျိုး။ ၂၊ အင်တိုင်းတောများတွင် ပေါက်လေ့

http://www.lknt11.com

ရှိသော သစ်ခွပင် တစ်မျိုး။

မုန့်တိုင်း/မုန့်ဒိုင်း/န–အဟုန်ပြင်းစွာ တိုက်သော လေ။ လေပြင်း။

မုန့်ပင်/မုန့်ဗင်/န–အခေါက်မှ မွဲပြာရောင်ဆိုးဆေး ထုတ်လုပ်ရသော အပင်တစ်မျိုး။

မုန့်လာ၊န–အမြစ်အဖုကို စားသုံးရသော တစ်နှစ်ခံ ဟင်းပင်တစ်မျိုး။ [သမ္ဘူလက] **~ထုပ်**/မုန့်လာဒုတ်/ န–ဂေါ်ဖီထုပ်နှင့်အတူတူ။

မုန့်၊ န – အဆာပြေစားရသော စားဖွယ်၊ ခဲဖွယ်။ သရေစာ။ **~ကြာခွက်**/မုန့်ကျာဂွက်/န–နယ်ပြီး မုန့်ညက်နှင့် ထန်းလျက်ရည်ရောစပ်ကြော်ထား သည့် အလယ်ဖောင်းမို့ပြီး အနားကြွပ်သော မုန့်။ **~ကြာစေ့** /မုန့်ကျာဇိ/ န – ပြုတ်ထားသော ကောက်ညှင်း မုန့်ညက်လုံးငယ်များကို ထန်းလျက် ရည်ကျဲနှင့် ရောထားသည့် မုန့်တစ်မျိုး။ **~ကြိုးလိမ်**၊ န–ကောက်ညှင်းရော ဆန်ကြမ်းမုန့်ညက်၊ ပဲ မုန့် ညက်ကို ကြိုးလိမ်ပုံလုပ်၍ ကြော်ပြီး သကြားရည် လူးထားသည့် မုန့်တစ်မျိုး။ **~ကြက်အူ**၊ န– ကောက်ညှင်းရောသော ဆန်ကြမ်းမုန့် ညက်ရည်ကို အခွေဖြစ်အောင် ကြော်ကာ ထန်းလျက်ရည် စိမ် ထားသောမုန့်။ **~ကျွဲသည်း** /မုန့်ကျွဲသဲ့/န–ဆန် ကြမ်းမုန့်ညက်ကို ထန်းလျက်ရည်နှင့် ထုံး ကြက် တက်ရည် အနည်းငယ်ရောကာ ကျိုချက်ထားသော မုန့်။ **~ကြွပ်**/မုန့်ဂျွတ်/န–ဂျုံမုန့်ညက်ကို အပြား၊ အချောင်းပုံ မာကြွပ်အောင် ဖုတ်ထားသော စားဖွယ်။ **~ချိုသွင်း**/မုန့်ဂျိုသွင်း/န–**မုန့်ကြက်အူ**နှင့်အတူတူ။ **~စလင်း တောင်**/မုန့်စလင်းဒေါင်/န–မုန့်ကြာခွက်။ **~စိမ်းပေါင်း** /မုန့်စိန်းဗေါင်း/ န– ဆန်ကြမ်း မုန့်ညက် အစိမ်းသက်သက် အဖြူထည် တစ်ပိုင်း၊ ထန်းလျက်ရည်ရော၍တစ်ပိုင်း ပေါင်းထားသော မုန့်။ **~ဆီကြော်**/မုန့်ဆီဂျော်/န–ကောက်ညှင်းနှင့် ဆန်ကြမ်း မုန့်ညက်ကို ထန်းလျက်ရည်နှင့် ရောမွှေ၍ ကြော်ထားသော မုန့်တစ်မျိုး။ **~ဆန်း**/မုန့်ဇန်း/ န–ကောက်ညှင်းစပါးနကို လှော်၍ ပြားအောင် ထောင်းထု အခွံချွတ်ထားသည့် စားဖွယ်။ **~ဆန်း မွှေး**/–မယွေး/န–မုန့်ဆန်းကို လှော်၍ ထန်းလျက် ရည်နှင့် နယ်ထားသည့် မုန့်တစ်မျိုး။ **~ဆပ်သွားဖူး** /မုန့်ဆတ်သဖူး/န–ကောက်ညှင်း အနည်းငယ် ရော သော ဆန်မှုန့်ကို ဆန်ခါချ၍ ကျက်နပ်စေလျက် အုန်းသီး၊ ထန်းလျက် စသည် ထည့်၍ ခေါက်ထား သော မုန့်။ **~ညက်**၊န–မုန့် လုပ်ရန် ညက်အောင် ကြိတ်ထားသော ဆန်၊ ဂျုံ၊ ပဲစသည်။ **~တီ**၊ န– ၁၊နယ်ပြီး ဆန်မုန့်ညက်ကို ပေါင်း၍ ဖြစ်စေ၊ မပေါင်းဘဲဖြစ်စေ ညှစ်ခွက်ဖြင့် ရေနွေးထဲအမျှင်အမျှင် ညှစ်ချ၍ရသော မုန့်ဖတ်။ ၂၊ ယင်းမုန့်ဖတ်နှင့် လုပ်ထားသော စားဖွယ်။ **~တွန်စာ**/မုန့်တွန်ဇာ/ န–ဆန်မုန့်ညက် နန်းဖျင်ကို သကြား၊ အုန်းသီးနှင့် စားရသော မုန့်တစ်မျိုး။ **~နပ်**၊န–ဆန်မုန့်ညက် အနှနှင့် ထန်းလျက်ရော၍ ပျစ်အောင် ကျိုထားသော စားဖွယ်။ **~ပဲသရေစာ**/မုန့်ပဲသယေဇာ/န–အဆာ ပြေစားရသောမုန့် အမျိုးမျိုး။ **~ပေါင်း**/မုန့်ဖောင်း/ န–ရေအနည်းငယ်နှင့် ရောသိပ်ထားသော ဆန် မှုန့်ကို ခြစ်ယူ၍ ပေါင်းသော မုန့်တစ်မျိုး။ **~ပျား တုအုံ** /မုန့်ဗျာဒုအုန်/ န–ဆန်မုန့်ညက်ရည်ကို ထန်းလျက်ရည်ရော၍ လုပ်ထားသော ပျားတုအုံပုံ မုန့်တစ်မျိုး။ **~ပျားသလက်**၊ န– ဆန်မုန့် ညက် ရည်ကို ထန်းလျက်ရည်နှင့် ရော၍ဖြစ်စေ၊ မရောဘဲ ဖြစ်စေ အိုးကင်းပူဖြင့် ကျက်နပ်စေသော ပျား သလက်ပုံ မုန့်တစ်မျိုး။ **~ဖက်ထုပ်**၊န–ကောက်ညှင်း မုန့်ညက်တွင် အုန်းသီး၊ သကြား စသည် ထွာပနာ၍ ဖက်နှင့်ထုပ်ကာ ပေါင်းထားသော မုန့်တစ်မျိုး။ **~ဖတ်** / မုန့်ဗတ် / န – မုန့်ညက် အမျှင်ချည်း သက်သက်။ **~ဖိုင်းတောင့်** / မုန့်ဖိုင်းဒေါင့် / န– ဆန်မုန့်ညက်ကို ပေါင်း၍ အတောင့်ကလေးများ ပြုလုပ်ပြီး နှမ်းထောင်းဖြူး၍ ရောစားရသော မုန့်တစ်မျိုး။ **~မုန့်ညက်ညက်**၊ကြိဝိ–အလွန် ကြေ ညက်စွာ။ **~လေပွေ**/မုန့်လေဗွေ/န–ကောက်ညှင်း ပေါင်းကို ထန်းလျက် ရော၍ဖြစ်စေ၊ မရောဘဲဖြစ်စေ ထောင်း၍ အပြားအချပ် ပြုလုပ်ပြီး ကြွပ်ရွအောင် ကင်ထားသော မုန့်တစ်မျိုး။ **~လက်ကောက်**၊န– ကောက်ညှင်းမုန့်ညက်ကို အခွေလုပ်၍ ကြော်ကာ ထန်းလျက်ရည်နှင့် တို့စားရသော မုန့်တစ်မျိုး။ **~လက်ဆောင်း**၊န–ထန်းလျက်ရည်၊ အုန်းနို့ စသည် ၌ ကျက်နပ်ပြီး ဆန်မုန့်ညက် အဖတ်ကလေး များကို ထည့်၍ စားရသော မုန့်။ [မြန်၊မုန့်+ထိုင်း၊ laut chaung] **~လင်မယား**၊ န– **မုန့်အုပ်ကလေး** နှင့်အတူတူ။ **~လုံးကြီး** /မုန့်လုန်းကြီး/ န– ကောက်ညှင်းမုန့်ညက်လုံးတွင် ထန်းလျက်၊ သကြား စသည် ထွာပနာ၍ ကြော်ထားသော မုန့်တစ်မျိုး။ **~လုံးရေပေါ်**/မုန့်လုန်းယေဘော်/န–ထန်းလျက် စသည်ထွာပနာ ထားသော ကောက်ညှင်းမုန့်ညက်လုံး များကို ပြုတ်ထားသည့် မုန့်တစ်မျိုး။ **~သိုင်းမြို** /မုန့်သိုင်းဂျုန်/န–ကောက်ညှင်းအနည်းငယ် ရော ထားသော ဆန်ကြမ်း မုန့်ညက်ပြားကို ကျက်နပ် စေပြီး ဆီသုတ်ကာ သကြား၊ အုန်းသီးထည့်၍ ခေါက်လိပ်ထားသောမုန့်။ **~သေတ္တာ**/မုန့်သစ်တာ/ န– သံဖြူ သေတ္တာဘူးတွင် လေလုံပိတ်ထား သော မုန့်။ **~ဟင်းခါး**/မုန့်ဟင်းဂါး/န–ဆန်လှော်၊

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ပဲမှုန့်၊ ငါး၊ ငှက်ပျောအူစသည်တို့နှင့် ချက်ထားသော ဟင်းရည်နှင့် မုန့်ဖတ်ကို ရောစပ်စားရသည့် စားဖွယ်။ ~ဦးနှောက်/မုန့်အုန်းနှောက်/န–ဆန်မှုန့်ညက်နှကို ဖက်နှင့်ထုပ်၍ ပေါင်းထားသော မုန့်တစ်မျိုး။ ~အိုးကင်းကပ်/မုန့်အိုးဂင်းဂတ်/န–ဒယ်အိုးကင်းတွင် ဆန်မှုန့်ရည်ကျဲ လောင်း၍ လုပ်သော မုန့်တစ်မျိုး။ ~ အုပ်ကလေး /မုန့်အုတ်ခလေး/ န– အိုးကင်းရှိ ချိုင့်ခွက်ငယ်များတွင် ဆန်မှုန့်ညက်ရည်လောင်းကာ ကျက်နပ်စေပြီး နှစ်ခု အုပ်ထပ်ထားလေ့ရှိသော မုန့်တစ်မျိုး။ မုန့်လင်မယား။

မုန်း၊ကြိ–မနှစ်သက်ဖြစ်သည်။ ~တီး /မုန်းဒီး/ကြိ–အလွန်မုန်းသည်။

မယ်၊ကြိ–တိမ်းသည်။ စောင်းသည်။

မုံ၊န–အငုံ။

မယ်၁၊န–၁၊အမိ။ မိခင်။ ၂၊မယ်ဘွဲ့ရသော အမျိုးသမီး။ နစ–၁၊ငယ်ရွယ်သူမိန်းမကို ရည်ညွှန်းခေါ်သော စကား။ ၂၊ချစ်မြတ်နိုးသူအမျိုးသမီးကို အမျိုးသားက ခေါ်သောအမည်။ စည်း–ငယ်ရွယ်သူ မိန်းမ၏ အမည်ရှေ့တပ် စကားလုံး။ ~စော၊န–ကောက်လတ်စပါးတစ်မျိုး။ ~ညို၊ န– ရေအိုင်တောစပ်တွင် ကျက်စားတတ်သော ခြေတံရှည်နှင့် အမွေးအတောင်ရောင်စုံရှိသည့် ငှက်တစ်မျိုး။ ~ဘွဲ့/မယ်ဗွဲ့/န–၁၊မောင်က မယ့်အကြောင်း ဖွဲ့ဆိုသော ကဗျာလင်္ကာ။ ၂၊ကာယအလှပြိုင်ပွဲတွင် ပထမရသော အမျိုးသမီးကို ချီးမြှင့်သောဘွဲ့။ ~မင်း၊ နစ–အမျိုးသမီးကို ရည်ညွှန်းခေါ်သော စကား။ ~သီလ၊ န–သီလရှင်။

မယ်၂၊ဝိ–[အပြော]အနာဂတ်ကာလပြ စကားလုံး။ မည်။

မယ်ဒလင်၊န–ကြိုးတပ်တူရိယာတစ်မျိုး။ [လိပ်၊ **mandolin**]

မယ်န၊န–သံ။ သံမှို။

မယ်ချူး၊န–[ဝေါ] အိုးကင်း။

မာရ် /မန်/ န–ကောင်းမှုကို ပယ်သတ်တတ်သော တရား။ (၁၊ဒေဝပုတ္တမာရ်–မာရ်နတ် ၂၊ကိလေသာမာရ်–ကိလေသာဆယ်ပါး ၃၊အဘိသင်္ခါရမာရ်–ကမ္မဝဋ် ၄၊ခန္ဓမာရ်–ခန္ဓာငါးပါး ၅၊မစ္စုမာရ်–သေခြင်းတရား ဟူ၍ ငါးမျိုးရှိသည်။) [ပါ၊မာရ] ~နတ်/မန်နတ်/န–ပရနိမ္မိတဝသဝတ္တီနတ်ဘုံတွင် နေထိုင်သော နတ်ဆိုး။

မလ္လိကာတန်ဆာ/မန်လိကာတန်ဇာ/န–(ပသေနဒီကောသလမင်းကြီး၏ မိဖုရားကြီး မလ္လိကာဝတ်ဆင်သည့်) မဟာလတာတန်ဆာ။ [ပါ၊ မလ္လိကာ+မြန်၊ တန်ဆာ]

မိလ္လာ၁/မိန်လာ/န–၁၊ညှို့မှိုင်းသော အရောင်။ ၂၊ငွေတစ်ဆ၊ ကြေးနီတစ်ဆ၊ ခဲနှစ်ဆရောစပ်ထားသည့် သတ္တုစပ်။ [ဟိန္ဒီ၊ မိုင်လာ]

မိလ္လာ၂၊န–အညစ်အကြေး။ မစင်။ [ပါ၊မိဠ္ဌ]

မိဿ/မိတ်သာ့/န–ဆယ့်နှစ်ရာသီတွင် ဆိတ်ကုလား (သိုး) ရုပ်ဖြင့် မှတ်အပ်သော ပထမရာသီ။ [သ၊မေဗ]

မိဿလင်/မိတ်သလင်/န–အရှသာမှုသော အမြစ်ဥကို ဆေးဝါးအဖြစ်သုံးသော အပင်တစ်မျိုး။

များ၊ နဝိ–အရေအတွက် မနည်းသော။ စည်း–၁၊ဗဟုဝုစ်ကိန်းပြစကားလုံး။ ၂၊နာမ်ကြိယာတို့ကို လေးနက်စေသော စကားလုံး။ ၃၊ထပ်ဆင့်သုံးသော ကြိယာနှစ်လုံးကြားတွင်ထည့်သုံးသော စကားလုံး။ "လာ ~လာလေမလား။" ~လျှား /များလယား/ ကြိဝိ–[ဝေါ]တိုးလိုးတွဲလဲ။

မျော၁၊ ကြိ–၁၊ရေစီးအတိုင်း ရွေ့လျား လိုက်ပါသည်။ ၂၊အလိုက်သင့်ပါသွားသည်။ ~လေး၊န–ပင်လယ် မြစ်ချောင်း အင်းအိုင်တို့တွင် မျောပါနေသည့် အကောင်မွှားအပင်မွှား အစုအဝေး။

မျော၂၊န–တိုင်အဖြစ် အသုံးများသော ဖြောင့်တန်း ရှည်မျောသော သစ်။ မျောတိုင်။ ~ခွက်/မျောဂွက်/န–မောင်းထောင်ရိုင့်နှင့်အတုတူ။

မျောကျောက်/မျောဂျောက်/န–မိုးကုတ်ဒေသထွက် အမျက်ကျောက်တစ်မျိုး။

မျို၊ကြိ–၁၊ခံတွင်းမှ မျောချသည်။ ၂၊ငုံအုပ်ဖုံးလွှမ်းသည်။ "ညောင် ~ –။" ~သိပ်/မျိုသိုတ်/ကြိ–ချုပ်တည်းသည်။ အောင့်အည်းသည်။

မျိုး၊န–၁၊အမျိုးအစား။ ၂၊အမျိုးအနွယ်။ ၃၊အနွယ်ဆက်ပွားစေနိုင်သော အစေ့၊ အမြစ် စသည့်အရာ။ ~ကန်း၊ကြိ–မျိုးနွယ်ဆက် ဖြစ်ထွန်းနိုင်စွမ်း ပျက်သုဉ်းသည်။ မျိုးဆက်တိမ်ကောသည်။ ~ကပ်၊ကြိ–(တိရစ္ဆာန်အမ) ဝရိုသနွေ့ခွဲကပ်သည်။ စီးကပ်သည်။ ~ချစ်စိတ်/မျိုးဂျစ်စိတ်/န–တိုင်းပြည်နှင့် လူမျိုးကို ချစ်ခင်သော စိတ်ဓာတ်။ ~စေ့/မျိုးစေ့မျိုးဇိ/န–အနွယ်ဆက်ပွားနိုင်ရန် စိုက်ပျိုးရသော အစေ့။ ~စေ့ချ/–ချာ/ကြိ–၁၊မျိုးစေ့ကို ပျိုးသည်။ ၂၊[ဥပစာ] အခြေခံ စတင်သည်။ ~စဉ်/မျိုးဇင်/န–မျိုးရိုး။ ~စိတ် /မျိုးဇိတ်/ န– မျိုးစဉ်တစ်ခုတွင်ပါဝင်၍ ယေဘုယျလက္ခဏာများ တူညီသော အုပ်စု။ ~ဆက် /မျိုးဇက်/န–အမျိုးအနွယ် အစဉ်အဆက်။ ~မှုန်၊ န–မျိုးစေ့ဝတ်မှုန်။ ~ရိုး၊န–အမျိုးအစဉ်အဆက်။ ~ရိက္ခာ၊ န– ၁၊ ကာလကြာရှည် စားသုံးနိုင်ရန် အတွက် ပေးဝေထောက်ပံ့သော ရိက္ခာ။ ၂၊ရိက္ခာအလို့ငှာ စိုက်ပျိုးရန် မျိုးစေ့။

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

မျိုးတိုးမျက်တက်/မျိုးဒိုးမျက်တက်/ကြိဝိ–အနည်းငယ် မျက်လျက်။

မျက်ကြိ–၁။ကိုယ်လက်အင်္ဂါ လှုပ်ရှားသည့်အခါ အတွင်းမှ နာကျင်သည်။ ၂။အရိုး၊ ဆူး စသည် စူးဝင်သဖြင့် နာကျင်သည်။ ၃။စိတ်နာသည်။ စိတ်ဆိုးသည်။ စည်း–ချည်ခင်၏ အစိတ်အပိုင်းကို ရေတွက်ရာ၌ သုံးသော စကားလုံး။ **~ကလဲဆန်ပျာ**/မျက်ကလဲဆန်ပျာ/ကြိဝိ–မျက်လုံးပြူး မျက်ဆန်လည်လျက် ထိတ်ထိတ်ပျာပျာ။ မျက်ကလူးဆန်ပျာ။ **~ကဲခတ်**၊ ကြိ–မျက်စိဖြင့် အကဲခတ်သည်။ **~ကန်းမျိုးချစ်**/မျက်ကန်းမျိုးချစ်/န–မိမိအမျိုးအနွယ် တိုးတက်ကောင်းစားရေးမှတစ်ပါး အခြားဘာကိုမျှ ထည့်တွက် ဆင်ခြင်ခြင်း မရှိသူ။ **~ကြောတင်း**။ကြိ–[ဥပစာ]အမြင်ကတ်သည်။ **~ကြည်**။န–မျက်စိ သူငယ်အိမ်ကို အုပ်ထားသော အပေါ်ဆုံးအလွှာ။ **~ကြွတ်**။န–[ပေါ]အမျက်။ ရန်ငြိုး။ **~ကွက်**။န–အနားခြောက်ဖက် ထောင့်ခြောက်ထောင့်ပုံအကွက်။ **~ကွင်း**၊ န– ၁၊ မျက်လုံးပတ်လည် အဝန်း။ ၂၊ နာနတ်သီးအခွံရှိ အကွက်။ ၃၊အပင်၊ အခု စသည်တွင် အညှောက်ထွက်ရာ နေရာ။ **~ကွယ်**။န–မမြင်ကွယ်ရာအရပ်။ **~ကွယ်ပြု**၊ ကြိ–၁။မကြည့်ဘဲ ရှောင်လွှဲသည်။ လျစ်လျူရှုသည်။ ၂။[ဥပစာ] ကွယ်လွန်သည်။ **~ခေါက်**။န–မျက်ခွံရှိ ပျော့တွဲသော အရေပြား။ **~ခမ်း**။န–မျက်ခွံ၏ အနားပတ်လည်။ **~ခမ်းစပ်**/မျက်ခန်းဇက်/န–မျက်ခမ်းတွင် ရောင်ရမ်း နီရဲဖုဖွတ်သည့် မျက်စိဝေဒနာမျိုး။ ယင်းဝေဒနာဖြစ်သူ။ **~ခုံး**။န–မျက်လုံးအိမ်အထက် အမွေးအမှင်ပေါက်သည့် အစိတ်အပိုင်း။ **~ချေး** /မျက်ချေး/ န– မျက်စိထဲမှ ယိုထွက်သော အညစ်အကြေး။ မျက်ဝတ်။ **~ချောင်ကျ**၊ ကြိ–မျက်တွင်း ချွက်ဝင်သည်။ **~ချစ်ဆေး**။န–မျက်နှာမြင် ချစ်ခင်အောင် စီရင်ထားသော ဝိယဆေး။ **~ချည်ပြတ်**/မျက်ချေပျတ်/ ကြိ– ၁၊ မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။ ၂၊ အဆက်အစပ် ပျောက်ကွယ်သည်။ **~ခွံ**၊ န–မျက်စိကို ဖုံးအုပ်သော အရေပြား။ **~ခွက်**၊ န–မျက်နှာ။ မျက်နှာပုံ။ **~စပစ်** /မျက်စပျစ်/ကြိ–၁။မျက်ခုံးကို ဆတ်ခနဲလှုပ်ရှား ပြသည်။ ၂။[ဥပစာ] ရယူလိုကြောင်း လက္ခဏာပြသည်။ **~စမျက်နှ** /မျက်စမျက်နှ/န– မျက်ခုံးမျက်လုံး လှုပ်ရှားမှု။ **~စိ**၊ န–အမြင်အာရုံကို ယူနိုင်သော အင်္ဂါ အစိတ်အပိုင်း။ **~စိကျ**၊ န–အမြင်အာရုံ၌ နှစ်သက်တပ်မက်သည်။ **~စိကျယ်**၊ ကြိ–၁။အိပ်ချင်စိတ်ပြယ်သည်။ ၂။ [ဥပစာ] အမြင် ကျယ်သည်။ **~စိကြီးနားကြီး** /မျက်စိဂျီးနားဂျီး/န–အကြားအမြင် များသူ။ **~စိဖပါးမွေးစုး**/မျက်စိဖပမွေးစုး/ကြိ– အမြင်ကတ်သည်။ **~စိစွန်**၊ ကြိ–မျက်ခမ်း သို့မဟုတ် မျက်ခွံအတွင်းဘက်တွင် ပြည်တည်သော အဖုငယ် ပေါ်ထွက်သည်။ **~စိတကျည်းလွှဲ**/မျက်စိဒဂျီးလွှဲ/ကြိ–မျက်စိအမြင် မှားသည်။ **~စိတစ်ဆုံး** /မျက်စိတဆုန်း/ ကြိဝိ–မြင်နိုင်သော အပိုင်းအခြား အဆုံး။ **~စိတစ်မှိတ်**/မျက်စိတမှိတ်/ န–မျက်တောင်တစ်ခါခတ်မျှ ကာလ။ **~စိပျက်မျက်နှာပျက်**/ မျက်စိဗျက်မျက်နှာဗျက်/ကြိဝိ–မျက်နှာအမူအရာ ပျက်လျက်။ **~စိပွင့်**၊ ကြိ–[ဥပစာ]အသိအမြင် တိုးတက်သည်။ ဉာဏ်ပွင့်လင်းသည်။ **~စိမှောက်**၊ ကြိ–မြင်သာလျက် မမြင်မိဘဲ ဖြစ်သည်။ **~စိမှိတ်**၊ ကြိ–[ဥပစာ] ကွယ်လွန်သည်။ ကြိဝိ– ဆန္ဒမပါဘဲ မျိုသိပ်လျက် (လက်ခံသည်)။ **~စိရည်နားရည်ဝ** /မျက်စိယေနားယေဝ/ကြိ–အကြားအမြင် အတွေ့အကြုံ များသည်။ **~စိရှက်**၊ ကြိ–မဖွယ်မရာကို မြင်ရ၍ မကြည့်ဝံ့ မကြည့်ရဲ ဖြစ်သည်။ **~စိရှင်**၊ ကြိ– မြင်လွယ်၊ တွေ့လွယ် ဖြစ်သည်။ **~စိလည်** /မျက်စိလယ်/ ကြိ– ၁၊ လမ်းစ ပျောက်၍ တဝဲလည်လည် ဖြစ်သည်။ ၂။[ဥပစာ] ရှင်းရှင်းလင်းလင်း သဘောမပေါက်ဘဲ ဖြစ်နေသည်။ **~စိလျှံ**/ မျက်စိယှန်/ ကြိ–မျက်စိအာရုံ မစူးစိုက်မိ ဖြစ်သည်။ **~စိလျှမ်း**/မျက်စိယှန်း/ကြိ– မျက်စိအာရုံ မစူးစိုက်မိ၍ မမြင်မိဖြစ်သည်။ **~စိသငယ်**၊ **~စိသငယ်နားသငယ်**၊ န–ညှိုးငယ်သော သွင်ပြင်။ **~စိသန်လည်** /မျက်စိသန်လယ်/ကြိ– [ပေါ] မျက်စိလည် လမ်းမှားသည်။ **~စောင်းထိုး**၊ ကြိ–၁၊ မနှစ်သက်သောစိတ်ဖြင့် မျက်လုံးစွေ၍ ကြည့်သည်။ ၂။[ဥပစာ] ရလိုစိတ်ဖြင့် ရည်မှန်းသည်။ /မျက်စောင်းနိုး/ န– စားလွယ်စုတ်နှင့်အတူတူ။ **~စဉ်း**၊ န–မျက်စိခတ်ရသော ဆေး။ **~စဉ်းကျောက်**၊ န–မျက်စဉ်းဆေးဖော်ရာတွင် သုံးရသော ဆေးဖက်ဝင် အညိုရောင်ကျောက်။ **~ဆန်**။န–မျက်လုံးအတွင်းရှိ အရည်လုံး။ **~ဆန်ကျယ်**/မျက်ဆန်ဂျယ်/န–အဆစ် အမျက် ကျယ်သော ဝါးပိုးတစ်မျိုး။ **~ဆန်ကြောင်** /မျက်ဆန်ကျောင်/န–အရောင်ကြောင်သော မျက်ဆန်။ **~ညွှတ်**။န–၂၅နှစ်ရွယ် မိန်းကလေး။ **~တောင်**။န–မျက်ခမ်းတွင် ပေါက်သော အမွေး။ **~တွင်း**။န–မျက်လုံးတည်ရာ တွင်းချိုင့်။ **~တွင်းကျ**။ **~တွင်းချောင်**၊ ကြိ–မျက်လုံးအိမ် ချွက်ဝင်သည်။ **~ထောင့်**၊ န–မျက်လုံး၏ ထောင့်စွန်း။ **~နက်**၊ န–မျက်လုံးအလယ်ရှိ နက်သော အဝန်းအဝိုင်း။ **~နှာ**။န–၁။မျက်စိ၊ နှာခေါင်း၊ စသည် တည်ရှိရာ ဦးခေါင်း၏ ရှေ့ဘက်ပိုင်း။ ၂။ပြင်ညီ။ ၃။အရှေ့

http://www.lknt11.com

အနောက် စသည့် ရည်ညွှန်းရာဘက်။ ၄။[ဥပစာ] ငုံ့ကွက်သောက်ထားရမည့် ဂုဏ်၊ ကျေးဇူးစသည်။ **~နှာကဲ**/မျက်နှဂဲ/န-မျက်နှာတွင်ပေါ်သော အရိပ်အသွင်။ **~နှာကြီး**၊ကြိ-ဂုဏ်အရှိန်အဝါ ကြီးသည်။ /မျက်နှကြီး/န-ဂုဏ်အရှိန်အဝါကြီးသူ။ **~နှာကြောတင်း**/မျက်နှကျောတင်း/ကြိ-မျက်နှာထား တင်းမာသည်။ **~နှာကြောတည့်**/မျက်နှကျောတဲ့/ကြိ-တစ်ဦးနှင့်တစ်ဦး ဆက်ဆံမှု ပြေလည် သင့်မြတ်သည်။ **~နှာကြက်**/မျက်နှဂျက်/န-အမိုးအောက်ကပ်ခင်းထားသော အပြင်။ **~နှာချ**၊ကြိ-၁။မျက်နှာကို အောက်သို့ ငုံ့၍ နေသည်။ ၂။[ဥပစာ] အောက်ကျ ခံသည်။ **~နှာချေး**/မျက်နှချီ/န-ရေဖြင့်ဖျော်၍ မျက်နှာတွင်လိမ်းသသော နံ့သာမှုန့်။ **~နှာချိုသွေး** /မျက်နှချိုသွေး/ကြိ- တစ်စုံတစ်ဦးထံမှ အခွင့်အရေး ရယူလိုသဖြင့် ချိုသာသော မျက်နှာအမူအရာကို ပြသည်။ **~နှာချင်းဆိုင်** /မျက်နှဂျင်းဆိုင်/ ကြိဝိ- တစ်ခုနှင့်တစ်ခု တူရှုမျက်နှာမူလျက်။ **~နှာခြယ်**/မျက်နှချယ်(ချိ)/န-မျက်နှာကို ခြယ်သသော အရာ။ **~နှာငယ်**၊ကြိ-ဂုဏ်အရှိန်အဝါ နည်းသည်။ /မျက်နှငယ်/န-ညှိုးငယ်နေသော မျက်နှာသွင်ပြင်။ **~နှာစာ**/မျက်နှဇာ/န-အဆောက်အအုံ၏ ရှေ့ဘက်။ **~နှာစိမ်း**/မျက်နှဇိမ်း/န-မတွေ့ဖူး မမြင်ဖူးသူ။ **~နှာစုံညီ**၊ နဝိ-ပါဝင်ရမည့်သူများ အစုံအလင် ပါဝင်သော။ **~နှာတန်းမီ**၊ကြိ-ဆုံတွေ့ဖန်များ၍ မျက်နှာကို မှတ်မိနေသည်။ **~နှာထား**/မျက်နှထား/န-၁။ မျက်နှာအနေအထား။ ၂။တင်းမာသော မျက်နှာ အနေအထား။ မျက်နှာထိ မျက်နှာထား။ **~နှာထောက်**၊ ကြိ-ငုံ့ကွက်ထောက်ထားသည်။ **~နှာနာ**၊ ကြိ-မကောင်းရာ မကောင်းကြောင်းဖြစ်၍ အားနာရမည့်အခြေရှိသည်။ **~နှာနူ**၊ ကြိ-ရှက်ရွံ့ အားနာသည်။ **~နှာပေး**/မျက်နှဘေး/ န- မျက်နှာ အမူအရာ။ **~နှာပိုးသေ**/မျက်နှဗိုးသေ/ ကြိ-မျက်နှာ အမူအရာ တည်ငြိမ်သည်။ **~နှာပိုးသတ်** /မျက်နှဗိုးသတ်/ ကြိ-မျက်နှာအမူအရာကို တည်ငြိမ်အောင် ပြင်သည်။ **~နှာပေါက်**/မျက်နှဗောက်/န-၁။မျက်နှာပုံပန်း။ ၂။မျက်နှာအမူအရာ။ **~နှာပန်း**/မျက်နှဗန်း/ န- ၁။ အမြစ်ခါးသော ဆေးဖက်ဝင် ချုံပင်ကြီးတစ်မျိုး။ ၂။အိမ်ခေါင်ပရိဘောဂ စသည်လုပ်ရသော အသားထွက်သည့် သစ်ပင်တစ်မျိုး။ **~နှာပန်းလှ** /-လှ/ ကြိ-အမြင်တင့်တယ်သည်။ **~နှာပုပ်**၊ကြိ-အလိုမကျသော မျက်နှာအမူအရာ ရှိသည်။ **~နှာပျက်**၊ ကြိ-၁။မျက်စိပျက် မျက်နှာပျက်ဖြစ်သည်။ ၂။[ဥပစာ] ခင်မင်ရင်းနှီးမှု ပျက်ပြားသည်။ **~နှာပြင်** /မျက်နှာ(နှ)ပျင်/ န-ရေ၊ မြေ စသည်၏ အပေါ်ယံ အပြင်အပြန့်။ **~နှာပြောင်တိုက်** /မျက်နှပျောင်တိုက်/ ကြိ-မရှက်မရွံ့ အားမနာဘဲ ပြုသည်။ **~နှာပွင့်**၊ ကြိ-[ဥပစာ]အများ၏ နှစ်သက်ခြင်း၊ အလေးပေးခြင်း ခံရသည်။ **~နှာဖုံး**/မျက်နှဖုန်း/ န-၁။မျက်နှာမပေါ်အောင် ဖုံးအုပ်တပ်ဆင်သော အရာ။ ၂။စာအုပ်၏ ရှေ့ဘက်အဖုံး။ ၃။[ဥပစာ] အရပ်ဒေသတစ်ခုတွင် ထင်ရှားသော ပုဂ္ဂိုလ်။ **~နှာဖျက်**၊ ကြိ-[ဥပစာ] ဂုဏ်သိက္ခာ နိမ့်ကျထိခိုက်အောင် ပြုသည်။ **~နှာဖြူ**/မျက်နှဖျူ/န-အနောက်နိုင်ငံသားကို ရှေးကခေါ်သော အမည်။ **~နှာမကောင်း**၊ ကြိ-မျက်နှာတွင် စိတ်မချမ်းမြေ့မသာယာသော အသွင် ဖြစ်ပေါ်သည်။ **~နှာမူ**၊ကြိ-တစ်ဖက်ဖက်သို့ ရှေးရှုသည်။ မျက်နှာပြုသည်။ **~နှာမည်း**/မျက်နှမဲ/န-စာလုံးမျက်နှာပြင်ထူသော ပုံနှိပ်စာလုံး။ **~နှာများ**၊ ကြိ-တစ်ယောက်တည်းနှင့်မဟုတ် အများနှင့် ဆက်ဆံချစ်ကြိုက်တတ်သည်။ **~နှာမြင်**၊ ကြိ-သားသမီး မွေးဖွားသည်။ မျက်နှာသန့်စင်သည်။ **~နှာမွဲ** / မျက်နှမွဲ / န-ဂုဏ်ခြိပ်သိမ်ငယ်သူ။ **~နှာရ**၊ ကြိ-နှစ်သက် သဘောကျခြင်းခံရသည်။ **~နှာရူး** /မျက်နှယူး/ န-ပြက်ချော်ချော်မျက်နှာအမူအရာ ရှိသူ။ **~ နှာရိပ်မျက်နှာကဲ** /မျက်နှယိတ် မျက်နှဂဲ/ န-မျက်နှာတွင်ပေါ်သော စိတ်အရိပ်အခြည်။ **~နှာရွေး**၊ ကြိ- လိုလားသူ၊ မလိုလားသူဟူ၍ ခွဲခြားသည်။ **~နှာရှိ**၊ ကြိ-ဂုဏ်သိန်ရှိသည်။ **~နှာလိုမျက်နှာရ** /မျက်နှလို မျက်နှယ/ ကြိဝိ-အခွင့်အရေးကို မျှော်ကိုးလျက် သူတစ်ပါး အလိုကျ(ပြုမူပြောဆိုသည်)။ **~နှာလိုက်**၊ ကြိ- လိုလားသူကို အခွင့်အရေး ပိုပေးသည်။ **~နှာလုပ်**၊ ကြိ- ကိုယ်ကျိုးကို မျှော်ကိုးကာ သူတစ်ပါးအကြိုက် ပြုမူဆောင်ရွက်သည်။ **~နှာလွှဲ**၊ ကြိ- ၁၊ လျစ်လျူရှုသည်။ ၂၊ မိမိဆောင်ရွက်ရန် တာဝန်ကို တစ်စုံတစ်ဦးအား လွှဲအပ် ဆောင်ရွက်စေသည်။ ၃၊ကွယ်လွန်သည်။ **~နှာလွှဲခဲပစ်**/မျက်နှလွှဲဂဲပျစ်/ကြိဝိ-[ဥပစာ]ဖြစ်လိုရာဖြစ်စေဟု တာဝန်မဲ့သဘောထားလျက်။ **~နှာသာပေး**/မျက်နှသာပေး/ ကြိ- လိုလားသဖြင့် အခွင့်အရေး ပိုပေးသည်။ **~နှာသိ**/မျက်နှသိ/န-သိကျွမ်းသူ။ **~နှသော**/မျက်နှသော/န- ညှိုးငယ်နေသော မျက်နှာသွင်ပြင်။ **~နှာသစ်**၊ ကြိ-၁။မျက်နှာကို ဆေးကြောသည်။ ၂။သစ်သီးစသည်၏ ထိပ်ဝကို လှီးပ်၍ လိုးဖွင့်သည်။ ၃။သစ်တုံးစသည်ကို မျက်နှာပြင်ညီအောင် ရွေသည်။ /မျက်နှသုစ်/ န-မတွေ့မမြင်ဖူးသောသူ။ **~နှာအို**၊ကြိ-နှစ်သက် အလိုကျခြင်းမရှိ၍ မျက်နှာ မရွှင်မပျ

မှာတော်ကာသို့ ▶▶▶

မကြည်မလင် ဖြစ်သည်။ ~ပါး၊န-အလွန် ပါးလွှာအောင် ထုဝေ်ထားသော ရွှေချပ်။ ~ပေါက်၊ န-အထက်အောက် မျက်ခမ်းနှစ်ခုကြား ဖြစ်သော မျက်စိအဝန်း။ ~ပျဉ်း၊ န-အိကျနေသော မျက်ခွံ။ ~ပွင့်၊န-ချစ်ခင်မြတ်နိုးအပ်သူ။ ချစ်ခင်မြတ်နိုး အပ်သောအရာ။ ~ဖြူဆိုက်၊~ဖြူလန်၊ ကြိ-၁၊ ဝေဒနာပြင်းထန်သောကြောင့် မျက်နက်အပေါ်သို့ ကပ်၍ မျက်သား အဖြူချည်း ပေါ်သည်။ ၂။[ဥပစာ] ကြီးမားသော အခက်အခဲ အကျပ်အတည်းကို ကြုံတွေ့ရသည်။ ~မမြင်၊ န- မျက်စိကွယ်သူ။ ~မုန်းကျိုး၊ ကြိ- ကြည့်ရှုချင်စိတ် မရှိအောင် ရွံမုန်းသည်။ ~မည်း၊န-၁၅နှစ် အရွယ် မိန်းကလေး။ ~မြင်၊ န- တပ်အပ်တွေ့မြင်သော အခြေအနေ၊ အခြင်းအရာ။ ~မွေးတစ်ဆုံး /မျက်မွေးတဆုန်း/ ကြိဝိ-[ဥပစာ] အရည်ကို မမြော်မြင်ဘဲ။ ~မှောက်၊ န-၁၊မျက်စိရှေ့မှောက်။ ၂၊မျက်မြင်လက်ငင်း၊ လက်ငင်းကာလ။ ~မှောင်၊ န-မျက်ခုံးနှစ်ခုအကြားနေရာ။ ~မှောင်ကုတ်၊~မှောင်ကြုတ်၊ ကြိ-မျက်မှောင် အရေပြားကို တွန့်သည်။ ~မှန်၊ န-မျက်စိ အမြင်အား ကောင်းမွန်ရန် ဖြစ်စေ၊ အလင်းရောင် မစူးရန်ဖြစ်စေ တပ်ရသော မှန်ချပ်အစုံ။ ~မှန်း၊န-အမြင်အားဖြင့် မှန်းဆခြင်း။ ~မှန်းတန်း၊ ကြိ-မြင်ဖန်များ၍ သိနေသည်။ ~မြွေး၊ န-မျက်ကြည်လွှာ၏ အပေါ်မြွေး။ ~ရစ်၊န-မျက်ခမ်းရှိ အရစ်ကြောင်း။ ~ရည်/မျက်ယီ၊မျက်ယေ/န-စိတ်ထိခိုက်လှုပ်ရှားသည့်အခါ မျက်လုံးအိမ်ထဲမှ စိမ့်ထွက်တတ်သော အရည်။ ~ရည်စီထိုး/-ဂန်ထိုး/ကြိ-ငိုယို တောင်းပန်သည်။ ~ရည်စီမုံ့/-ဂန်မုံ့/န-မျက်ရည်စီးရာ လမ်းကြောင်းတွင် ရှိသောမှဲ့။ ~ရည်စမ်းစမ်း/-စန်းစန်း/ကြိဝိ-မျက်ရည် စိမ့်ထွက်လျက်။ ~ရည်နှင့် မျက်ခွက်/-နဲ့မျက်ခွက်/ကြိဝိ-အမြဲမပြတ် ငိုယိုလျက်။ ~ရည်ယိုခုံး/-ယိုဗုန်း/န-အစိုးအငွေ့သင့်လျှင် မျက်ရည်ကျစေနိုင်သော မှုံးတစ်မျိုး။ ~ရည်လည်/-လယ်/ကြိ-မျက်လုံးအိမ်တွင် မျက်ရည်များ ထွက်ပေါ်သည်။ ~ရည်လည်ရွဲ /-လယ်ယွဲ/ ကြိဝိ - မျက်လုံးအိမ်တွင် မျက်ရည်များ ပြည့်တွဲလျက်။ ~ရည်ဝိုင်း/-ဝိုင်း/ကြိ- မျက်လုံးအိမ်တွင် မျက်ရည်များ ပြည့်လျှမ်းလာသည်။ ~ရည်ဥ/-အု/ကြိ-မျက်ရည်ယို မကျမီ စုအိုင်နေသည်။ ~ရိပ်ပြ၊ ကြိ-မျက်နှာအမူအရာဖြင့် အချက် ပေးသည်။ ~ရိပ်မျက်ခြည်/မျက်ယိတ်မျက်ချိ(ချေ)/ န-မျက်နှာရိပ် မျက်နှာကဲ။ ~ရမ်းဆ၊ ကြိ-ဆင်ခြင်မှန်းဆသည်။ ~ရှု၊န-ရှုမငြီး ဟူသော အနက်ဖြင့် သားသမီးကို ချစ်စနိုး ခေါ်သော စကား။ ~လုံး၊န-မျက်စိအလုံး။ ~လုံးမျက်ဖန်၊ န-မျက်လုံး၏ ပုံပန်းသဏ္ဌာန်။ ~လုံးအိမ်၊ န-မျက်လုံး တည်ရှိရာ တွင်းချိုင့်။ ~လှည့်/မျက်လှဲ့/ န-မျက်စိကို လှည့်စားပြသော အတတ်။ ~လွှာ၊ န-၁၊မျက်ဆန်၌ ဖွဲ့တည်နေသော အကြည်လွှာ။ ၂၊ မျက်ခွံအရေပြား။ ~လွှာချ၊ ကြိ-မျက်ခွံချ၍ အောက်သို့စိုက်ကြည့်သည်။ ~ဝါးထင်ထင်/မျက်ဝါးထင်ခင်/ကြိဝိ-မျက်စိဖြင့်အထင်အရှား။ ~ ဝန်း၊ န-၁၊မျက်စိအ ဝန်းအဝိုင်း။ ၂၊ အသက်၂၀ရွယ် မိန်းကလေး။ ~သား၊ န-မျက်လုံး၏ အဖြူသားနှင့် ယင်းအပေါ်တွင်ရှိသောသွေးကြောငယ်များ။ ~သားတက်၊ကြိ-မျက်သား နီမြန်းရောင်ရမ်းလာသည်။

မျောက်၊န-၁၊လူနှင့် ပုံပန်းသဏ္ဌာန်တူသော တောသတ္တဝါတစ်မျိုး။၂၊ပိုက်ဆံပြားတွင် ပန်း၏ အခြားဘက်။ ~ကြိမ်၊န-အပွင့်ဖြူ၍ အရွက်ညှာ မည်းသော နွယ်ပင်တစ်မျိုး။ ~ခေါင်း/မျောက်ဂေါင်း/န-ဆောင်းဘောက်တွင် ပုံပိုင်းပလားနှင့် ခင်တံကြားရှိ အစိတ်အပိုင်း။ ~ခုံညင်း/မျောက်ဂုန်ညင်း/န-ဆေးဖက်ဝင် ခုံညင်းပင် တစ်မျိုး။ ~ချော၊န-အပွေးပါးလွှာ၍ ပြောင်ချောသော သနပ်ခါးရောင် ပင်စည်ရှိ ပင်စောက်ကြီးတစ်မျိုး။ မျောက်လွှေ့ပင်။ ~ဆယ်၊န-မျောက်တစ်မျိုး။ ~ဆိပ်၊န-အခေါက်ထူ၍ အသားကို လှည်းလုပ်လေ့ရှိသော ပင်စောက်ကြီးတစ်မျိုး။ ~တည်/မျောက်တယ်/န-တည်ဝင်တစ်မျိုး။ ~နဲ့ဆေး/မျောက်နဲ့ဆေး/န-ငှက်စသည် ထောင်ဖမ်းရသော အလွန်စေးကပ်သည့် အစေး တစ်မျိုး။ ~ပန်းလှန်၊ကြိ-၁၊ခေါင်းပန်းလှန်နှင့် အတူတူ။ ၂၊မျောက်ပန်းလှန်၍ လောင်းကစားသည်။ ~မဟား /မျောက်မာဟား/ ကြိ- လင်ရှိ မိန်းမဖြစ်လျက် အခြားယောကျ်ားနှင့် ဖောက်ပြားသည်။ လင်ငယ်နေသည်။ မျောက်မွေးသည်။ ~မောင်းမ၊ န-ကိုယ်လုံးဖြူ မဲ၍ မျက်စိပြူးကျယ်ပြီး ညနှံသာ ကျက်စားတတ်သော မျောက်တစ်မျိုး။ ~မျှင်း /မျောက်မျှင်း(မိုး) / ကြိ- မပျော်တစ်ချက် ပျော်တစ်ချက် အိပ်သည်။ ~မြီး / မျောက်မီး/ န-၁၊မောင်ရင်ငိုမြက်။ မျောက်မြီးမြက်။ ၂၊မျောက်လက်။ ~မြီးချ/-ချာ/ ကြိ- တောင်ရှည်ပုဆိုးကို ခါးတောင်းကျိုက်၍ ပုဆိုးစကို နောက်၌ ရှည်ရှည်ချသည်။ ~လက်၊န-တံခါးချက်၊ သေတ္တာဖုံး စသည်တွင် သော့ခတ်ရန် တပ်သော ပစ္စည်း။ ~လောင်း၊န-၁၊အလွန်ဆော့သူ။ ၂၊[ဥပစာ] အခြေအနေ တိုးတက်တော့မည် မဟုတ်သောသူ။ ~လုတ်၊ န-ဝါညို ရောင် ပျော့ပျောင်းသော အသီးသီးသည့် လွှင်ပြင်နှင့် တောင်နိမ့်သစ်တောပေါက် ပင်စောက် တစ်မျိုး။

မာတိကာသို့ ▶▶▶

~လောကား/မျောက်လေကါး/န–ပင်စည်ပြားစွဲ ကွေးကောက်ပြီး အရွက်အရင်းပိုင်း၌ အမြီးမွေပုံရှိသော နွယ်ပင်ကြီး။ မျောက်ယောက်မပင်။ ~ဝံ၊ န–လူဝံလောက် မကြီးသည့် မတ်ရပ်သွားနိုင်သော မျောက်တစ်မျိုး။ ~သား၊ န–ဘုရင် မင်းသား မင်းသမီး စသည်တို့၏ ကြင်ရာတော်။ ~သစ်ကိုင်းလွတ်၊ ကြိဝိ–[ဥပစာ] မှီခိုအားထားရာ ကင်းမဲ့လျက်။ ~ဥ၊ န– အမြစ်ဥကို ချက်ပြုတ်စားရသော နွယ်ပင်တစ်မျိုး။

မျဉ်း၊န–တစ်ဆက်တည်း ရေးဆွဲထားသော အရေးအကြောင်း။ ~ကျား/မျင်းကျား/န–ယာဉ်သွားလမ်းပေါ်တွင် လူဖြတ်ကူးရန် အဝါရောင်မျဉ်းကြောင်းများ ရေးမှတ် ပြထားသော နေရာ။ ~ကြီး/မျင်းကျီး/ န– တံမျဉ်းကြီးနှင့်အတူတူ။ ~ချ၊ ကြိ–မျဉ်းကြောင်း ရေးဆွဲသည်။ ~စောင်း/မျင်းဇောင်း/န–ဒေါင်လိုက် စောင်းသောမျဉ်း။ ~ညှစ်၊န–လက်ရေးညီညီ အရေး ကျင့်နိုင်ရန်အတွက် သားထားသော နှစ်ကြောင်းပြိုင်၊ လေးကြောင်းပြိုင်မျဉ်း။ ~တံ/မျင်းဒန်/ န– မျဉ်း ရေးဆွဲရာ၌ သုံးသည့် အနားဖြောင့်သော အချောင်း အတံ။ ပေတံ။ ~တို/မျင်းဒို/န–ရှေးခေတ် စစ်ဝတ် အင်္ကျီတို။ ~နီ၊ န–အနားပတ်လည်တွင် ဟင်္သပဒါး ပိန်းအောင် သုတ်ထားသော ပေထုပ်။ ~နက်၊ န– အနား ပတ်လည်တွင် သစ်စေး ပိန်းအောင် သုတ် ထားသော ပေထုပ်။ ~ပစ်ကြိုး/မျင်းပျစ်ကျိုး/န– မျဉ်းသားရန်ကြိုး။ ~ပြိုင်/မျင်းဗျိုင်/န–တစ်ကြောင်း နှင့် တစ်ကြောင်း အကွာအဝေးညီစွာ ယှဉ်လျက် ရှိသော မျဉ်း။ ~မတ်၊န–ဖြောင့်သော ဒေါင်လိုက် မျဉ်း။ ~ရှည်/မျင်းယှေ/န–ရှေးခေတ် စစ်ဝတ် အင်္ကျီရှည်။ ~လုံး၊န–မျဉ်းတံကဲ့သို့ အသုံးပြုရသော လုံး၍ ရှည်သောအရာ။

မြ¹၊ နဝိ–ထက်သော။ စည်း–ရှေ့ပုဒ်၏ အနက်ကို လေးနက်စေသော စကားလုံး။ "ချို ~။ အေး ~။" ~စိမ်း /မျာ့စိန်း/န–၁။ကောက်လတ်စပါး တစ်မျိုး။ ၂။အပူပိုင်းဒေသပေါက် အပင်တစ်မျိုး။ ~မန်းသုပ် /မျာ့မန်းသုတ်/န–[ဒေသ] သဘော်သီးလက်သုပ်။ ~ရာ၊န–အကိုင်းအခက် အုပ်ဆိုင်းသော ပင်စောက် တစ်မျိုး။ ~လွှ၊န–[ရှေး]သူစိမ်း။

မြ²၊န–အစိမ်းရောင် ကျောက်မျက်တစ်မျိုး။

မြာ၊န–[ဝန်း] အမျိုးသမီးကို ညွှန်းသောစကား။

မြာတိုင်/မျာဒိုင်/န–ယုပ်နှင့်ခေါင်ကို ဆက်သွယ် ထောက်ခံထားသော တိုင်။

မြား/များ/န–၁။လေးညှို့၏ ကန်အားဖြင့် ပစ်လွှတ် ရသော အဖျားချွန်ထက်သည့် လက်နက်။ ၂။ အခြင်တင်ရန် ဒိုင်းများပေါ်တွင် ကန့်လန့်ရိုက်ထားသော တန်း။ ~ဆိပ်/မျှားဇိတ်/န–အခေါက် နက် ပြာရောင်ရှိ၍ အဆိပ်ရှိသော အစေးထွက်သည့် ပင်စောက်ကြီး။ မြားလှံပင်။ ~ထောက် /မျှား ဒေါက်/ န – မြားတစ်ပစ် အကွာအဝေး။ ~မြက် /မျှားမျက်/န–အရိုးလေးဖြောင့်ရှိ မြက်တစ်မျိုး။ ~ရွက်/မျှားယွက်/န–မြားတံဖြောင့်မတ်စွာ သွား အောင် မြားတံအရင်း၌ ပုံသဘောတပ်ထားသည့် အချပ်အလွှာ။ မြားလွှ။ ~ဦးလှည့်/မျှားအူးလှဲ့/ ကြိ–[ဥပစာ] ဦးတည်သည်။

မြားမြောင်၊နဝိ–[ပေါ]အလွန်များပြားသော။

မြီ၊န–ပြန်လည်ပေးဆပ်ရမည့် ချေးယူငွေ။ အကြွေး။ ~ချ၊ ကြိ–အကြွေးပေးသည်။ ~စား/မျီဇား/န– ကြွေးချေးယူသူ။ ~ဆယ်၊ ကြိ–ကြွေးမြီကို ပြန် သိမ်းသည်။ ~ရှင်၊န–ကြွေးထုတ်ချေးသူ။

မြီး၊ န – အမြီးနှင့်အတူတူ။ ~ကူး /မျီးဂူး/ န–အိမ် နောက်ပိုင်းတွင် တိုးချဲ့ထားသော အဆွယ်။ ~ကောင်ပေါက် /မျီးဂေါင်ဗောက်/ န–[ဥပစာ] အရွယ်ရောက်စ ဖြစ်သူ။ ~ခေါင်/မျီးဂေါင်/န– အရွယ်ရောက်သော ကြက်ဖ၏ မြီးဆံ။ ~စုပ် /မျီးဇုတ်/န–အမြီးစွန်းဖြူသောနွား။ ~ဆံ/မျီးဇန်/ န– အမြီးမွေး။ ~ဆောင်း၊ ကြိ– မီးဆောင်းရှူ။ ~ညှောင့်ရိုး /မျီး(မီး)ညှောင့်ယိုး/န–လူ၏ ကျောရိုး အောက်ဆုံးရှိ အရိုး။ ~ညှောင့်ကောင် /မျီးညှောင့် ဂေါင်/န–အမြီးရှည် အထက်အောက် အမြဲလှုပ်ရှား နေတတ်သော ငှက်ငယ်တစ်မျိုး။ ~ညှပ်ကောင်၊န– ညှပ်ကဲ့သို့ အမြီးနှစ်ခွပါသော အင်းဆက်ပိုး။ ~တုန်း /မီးဒုန်း/ န–ကောက်ကြီးစပါး တစ်မျိုး။ ~ထူး /မျီးဒူး/န–တိရစ္ဆာန်၏ အလယ်ကျောရိုး နောက် ဘက်စွန်း။ ~ဖျန်း/မျီးဖျန်း/န–မြင်းမြီးအောက်ကို သိုင်းပတ်သော ကြိုး။

မြီးရှေ၊န–ဆန်မှုန့်ညက်အမျှင်ကို အသားပြုတ်၊ အချဉ်၊ အငန်၊ ကော်ရည် စသည်နှင့် ရောစားရသော စားဖွယ်။ [တရုတ်၊ mixian]

မြူ¹၊န–လေထဲတွင် ရစ်ဆိုင်းနေသော အမှုန်။ မြူခိုး။ ~ခွေ/မျူဂျေ/န–မြူမှုန်အစုအဝေး။ ~ခြည်/မျူဂျီ/ န–မြူမှုန်။ ~မှုန်၊န–[ပေါ]အညစ်အကြေး။

မြူ²၊န–နုန်းမြေတွင် ပေါက်တတ်သော အရွက်ကို သုပ်စားရသည့် အပင်တစ်မျိုး။

မြူ³၊စည်း–မြူအိုးကို ရေတွက်ရာတွင်သုံးသော စကား လုံး။ ~တာအိုး၊န–အတာအိုးကဲ့သို့သော အိုးတစ်မျိုး။ ~အိုး၊န–ထန်းရည်ခံယူသော အဝကျယ် မြေအိုး ကလေး။

မြူစွမ်၊န–သေးနုသော ဂျုံမုန့်ညက်အမျှင်။ [တရုတ်၊ mianxian]

http://www.lknt11.com ...

မြူနီစီပယ်/မျူနီစပယ်/န–ဆိုင်ရာဒေသ၏ စည်ပင်သာယာမှုကို တာဝန်ယူဆောင်ရွက်ရသော အုပ်ချုပ်ရေးအဖွဲ့။ [လိပ်၊ **municipal**]

မြူးကြ–၁၊ကြွရွှယှပ်ရှားသည်။ "လေပြည် ~–။" ၂၊ ပျော်ရွှင်ဝမ်းသာ၍ လှုပ်ရှားသည်။ စည်း–ကြွရွလှုပ်ရှားသည့်အနက်ဖြင့် ကြိယာကို ထောက်ပံ့သော စကားလုံး။ "ကွန့် ~။ ရွှင် ~။ လွင့် ~။" **~ထူး**/မျူးဒူး/ကြ–စိတ်တက်ကြွပျော်ရွှင်၍ လှုပ်ရှားသည်။

မြေန–၁၊သတ္တဝါနှင့် သစ်ပင်တို့တည်ရာ မျက်နှာပြင်။ ၂၊မြေမှုန့်မြေခဲ။ **~ကိုင်**ကြ–(မြေပေါ်လဲကျ၍ မြေမှုတ်ဖမ်းစားသည် ဆိုသော) ကိုယ်လက်အင်္ဂါ လှုပ်ရှားမရ၊ ထုံကျဉ် ကိုက်ခဲသော ဝေဒနာဖြစ်သည်။ **~ကျက်** /မြေဂျက်/ န– (စိုက်ပျိုးရန်) ခုတ်ထွင်ရှင်းလင်း မီးရှို့မီးသင်းထားသော မြေ။ **~ကျဉ်ပစ်** /မြေကျင်ပျစ်/ ကြိ– မြေစေး၊ နွားချေး စသည်ကို ရေနှင့်ရောနယ်၍ နံရံစသည်တွင် လိမ်းကျံသည်။ **~ကြီး**/မြေဂျီး/န– ၁၊မြေထု။ ၂၊မြေမှုန့် မြေခဲ။ **~ကြီးလက်ခတ်မလွဲ**/–လက်ခတ်မလွဲ/ကြိဝိ–ဧကန်မုချ။ မလွဲမသွေ။ **~ကြော့ရှုပ်** /မြေကျော့ယှုတ်/ **~ကြော့ရှုံ့** /မြေကျော့ယှုန့်/ ကြိ– ခရီးချိန်တာကို ကျုံ့စေသည်။ **~ခံ**/မြေဂန်/န–[ဗေဒင်] အဆောက်အအုံ ဆောက်ရန် လဆန်းလဆုတ်အလျောက် အချိန်အခါကောင်း တွက်ချက် ရွေးချယ်နည်းတစ်မျိုး။ **~ခွေး**/မြေခွေး/န–၁၊နှုတ်သီးချွန်သော မြေတွင်းအောင်း သားစား တောရိုင်းတိရစ္ဆာန်ငယ်။ ၂၊ ပုရပ်နှင့်တူသော တွင်းအောင်း ပိုးကောင်ငယ်။ **~ခွဲထွန်**/မြေဂွဲထွန်/န–အသွားသုံးခုပါသော ထွန်။ **~ငုံး**န–သာယာသော လေချွန်သံ ပြုတတ်သည့် အစိမ်းရောင် ငှက်တစ်မျိုး။ (တောင်ငုံး ဟုလည်းခေါ်သည်။) **~စာ** /မြေဇာ/န–၁၊ နေစာမြက်။ ၂၊မြေတူးရာမှ ထွက်လာသော အစအနများ။ **~စာပင်** /–ဇင်/ န– [ဥပစာ] နှစ်ဖက် ယှဉ်ပြိုင်တိုက်ခိုက်မှုကြားတွင် ပုကွဲရောက်ရသူ။ **~စိုက်**/မြေဇိုက်/န–မြေနှင့် ထိစပ်အောင် ဆောက်ထားသော အဆောက်အအုံ။ **~စိမ်း**/မြေဇိမ်း/န–ထွန်ယက်စိုက်ပျိုးခြင်း မပြုဖူးသေးသောမြေ။ **~ဆီမြေနှစ်** /မြေဇီမြေနှစ်/ န – ဩဇာဓာတ်ရှိသည့် မြေသား။ **~ဆီလွှာ** /မြေဇီလွှာ/ န– ဩဇာဓာတ်ရှိသော အပေါ်ယံ မြေလွှာ။ **~ဆွေး**/မြေဇွေး/န–သစ်ရွက်ဆွေး၊ အမှိုက်ဆွေးစသည် ရောနှောပါဝင်သော ဩဇာဓာတ်ရှိ မြေပွ။ **~တောင်မြှောက်**/မြေဒေါင်မျှောက်/ကြိ–၁၊အပင်ကို ရှင်သန် ကြီးထွားအောင် မြေဆွခြင်း၊ မြေဖို့ခြင်းစသည် ပြုလုပ်သည်။ ၂၊[ဥပစာ]တိုးတက် ကြီးပွားအောင် အားပေးကူညီသည်။ **~တိုင်း**/မြေဒိုင်း/န–မြေပြင်နှင့် ပတ်သက်၍ တိုင်းထွာစစ်ဆေး ပိုင်းခြားသတ်မှတ်မှုဆိုင်ရာ အတတ်ပညာ။ **~ထည်** /မြေဒယ်/ န–ကြွေရည်၊ စဉ့်ရည်မသုတ်သော မြေဖြင့်လုပ်သည့် အသုံးအဆောင်ပစ္စည်း။ **~နုကျွန်းဖော်**/မြေနုကျွန်းဖော်/န–နုန်းတင်၍ ကျွန်းဖြစ်ပေါ်သောဒေသ။ **~နှင်းခွာစိုက်**/မြေနှင်းခွာဇိုက်/န–ကျွဲနွား အကြီး အငယ်အားလုံးကို ခြုံခေါ်သော စကားလုံး။ (ခွာကြီးခွာငယ် လည်းရှု)**~နန်းတော်**/မြေနန်းဒေါ်/န–သိဟာသနပလ္လင် ထားရှိသော ညီလာခံဆောင်။ **~ပဲ**/မြေဗဲ/န–မြေတွင်ဥသော ပဲပင်တစ်မျိုး။ ယင်း အပင်၏ ဆီကြိတ်ယူနိုင်သော အစေ့။ **~ပဲလိပ်** /–လိတ်/ န–မြေပဲမှုန့်ကို သကြားစသည်နှင့် ရောလိပ် ထားသော မုန့်တစ်မျိုး။ **~ပစ်** /မြေဗျစ်/န–မြေတွင် ကပ်တွယ်လျက် ပေါက်သော ဟင်းလျာပင် တစ်မျိုး။ **~ပုံ** /မြေဗုန်/န–၁၊ကမ္ဘာ သို့မဟုတ် ဒေသတစ်ခုခုတည်နေရာကို ရေးဆွဲဖော်ပြထားသောပုံ။ ၂၊ လူသေအလောင်းမြှုပ်ထား၍ မြေဖို့မောက်နေသော နေရာ။ **~ပုံရေမ်း**/–ခယန်း/န–မြေတွင် စုဖြာပေါက်ပြီး တစ်ပင်လုံး အရွက်ပါမကျန် ဆူးများရှိသော ခရမ်းပင် တစ်မျိုး။ **~ပုံသီး**/–ဒှိုး/န–[ဒေသ] ၁၊ ခရမ်းချဉ်သီး။ ၂၊အနှစ်အသားများ၍ ပြောင်ချောသော ခရမ်းချဉ်သီးတစ်မျိုး။ **~ပြန့်**/မြေဗျန့်/န–တောင်ကုန်းဒေသ မဟုတ်သော မြေညီအရပ်။ **~ဖြူခဲ** /မြေဗျူဂဲ/ န–သင်ပုန်းတွင်ရေးရန် ဖြူသော မြေမှုန့်ဖြင့် ပြုလုပ်ထားသည့် အတောင့်။ **~မနင်းသား** /မြေမနင်းသား/ န– (ဝက် စသော တိရစ္ဆာန်၏) ဝမ်းတွင်းရှိ သနွေသား။ **~မျို**၊ ကြိ–မြေအပြင် ကွဲအက်လျက် မြေအတွင်းသို့ နစ်မြုပ်သွားသည်။ **~ယာ**၊ န–လယ်ကွက် ယာကွက်။ **~ရာ**၊ န–မြေနေရာ။ **~ရိုင်း**၊ န–ထွန်ယက်စိုက်ပျိုးခြင်း မရှိသော မြေ။ **~လူး**၊န–မြေတွင် အများဆုံး အစာရှာစားပြီး ခုန်ဆွခုန်ဆွ သွားတတ်သော မြေတံရှည် ငှက်တစ်မျိုး။ **~လတ်**၊ န– မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ။ **~လပ်**၊ န–၁၊မစိုက်ပျိုးဘဲ ချန်လုပ်ထားသော မြေ။ ၂၊ရှေးခေတ် ရှမ်းပြည်နယ်ဒေသတွင် စော်ဘွားပိုင် မဟုတ်သော မြေ။ **~လုံး**၊န–ငှက်တစ်မျိုး။ **~လှန်**၊ ကြိ– မြေပေါ်ရှိ အရာဝတ္ထု အားလုံးကို ဖျက်ဆီးသည်။ **~ဝိုင်းဓာတ်**န–မြေပြင်တွင် ပန်းပင်၊ ပန်းကိုင်းစိုက်၍ ဝိုင်းပတ်ကပြသော ရှေးခေတ်ဓာတ်ပွဲ။ **~ဝပ်**/မြေဝတ်/န–နေ့အခါမြေ၌ ဝပ်နားပြီး ညအခါ အစာရှာထွက်သော ငှက်။ **~သား** /မြေသား/ န–မြေ အစိုင်အခဲ။ **~သင်းခဲ**/မြေသင်းဂဲ/ န– ချင်ခြင်းတပ်လျှင် စားသော မြေနုခဲ။

~ဟပ်မြေကိုင်၊န-မြေပေါ်လဲကျပြီးနောက် ရောဂါဝေဒနာ ဖွဲကပ်ခြင်း။ ~ဩဇာ၊န-၁၊မြေဆီမြေနှစ်။ ၂၊ဩဇာဓာတ်ပါသော နွားချေး၊ မြေဆွေး စသည်။ ~အောက်၊နဝိ-[ဥပစာ] ဥပဒေဘောင်၏ ပြင်ပ၌ တည်သော။ ~အောင်းသား/မြေအောင်းသှား/န-မြေတွင်းနေ မွှတ်၊ ပုတတ် စသော သတ္တဝါတို့၏ အသား။

မြှေ၊စည်း-အလွန်အလှူးဟူသော အနက်ဖြင့် ကြိယာကို လေးနက်စေသော စကားလုံး။ "ချမ်း ~။ ချော ~။"

မြေး၊န-သားသမီးမှ ပေါက်ဖွားသူ။

မြဲ၊ကြိ-တည်တံ့စွဲနိုင်သည်။ မပြောင်းမရွေ့တည်တံ့သည်။ စည်း-ဖြစ်နေကျသဘောကို ဖော်ပြရာ၌ ကြိယာနှင့်ဆက်သုံးသော စကားလုံး။ ~မြဲ၊ ကြိ-မလှုပ်မရွေ့ ခိုင်မာစွာ တည်သည်။ တည်တံ့ခိုင်မြဲသည်။

မြော၊ ကြိ-အချိန်ကြာမြင့်စွာ သတိလစ်နေသည်။

မြော၊ ကြိ-မထူမထောင်နိုင်လောက်အောင် နွမ်းနယ်ပျော့ခွေသည်။

မြော်၊ကြိ-၁၊မြင်သည်။ ၂၊ချင့်ချိန်ဆင်ခြင်သည်။~မြင်၊ ကြိ-၁၊ချင့်ချိန်ဆင်ခြင်သည်။ ၂၊မိမိပစ္စည်းဥစ္စာကို နမြောစိတ်ဖြင့် မိမိကိုယ်ကျိုးကိုသာ ထောက်ဆတွက်ချက်သည်။

မြို /မရို/ န- တိဗက်မြန်မာအုပ်စုဝင် ဘာသာစကားတစ်မျိုးကို ပြောသော မြန်မာတိုင်းရင်းသား တစ်မျိုး။ (ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တွင် နေထိုင်သည်။)

မြို့[၁]၊န-၁၊တံတိုင်းမြို့ရိုး။ ၂၊မြို့ရိုးနှင့် ဈေးရှိသော လူနေရပ်ဝန်း။ ၃၊ရွာထက်ကြီးသော လူနေရပ်ဝန်း။ ~ကြီးပြကြီး/မျို့ကြီးပျာကျီး/န-အချက်အချာကျ၍ စည်ကားသော မြို့ကြီး။ ~ကြီးသား/မျို့ကျီးသှား/န-မြို့ကြီးပြကြီးတွင် နေထိုင်၍ လူမှုဆက်ဆံရေးတွင် ရည်မွန်သူ။ ~ခံ/မျို့ဂန်/န-၁၊[ရှေး]မြို့ရိုးမှ ဆင်နွဲသော ခံစစ်။ (မြို့ထိုးလည်းရှ) ၂၊မြို့တွင်မူလက နေထိုင်နှင့်သူ။ ~တော် /မျို့ဒေါ်/ န-နိုင်ငံတော်အစိုးရ ရုံးစိုက်ရာမြို့ကြီး။ ~ထိုး/မျို့ဒိုး/န-[ရှေး]မြို့ရိုးမှ ထွက်၍ ဆင်နွှဲသော ထိုးစစ်။ (မြို့ခံလည်းရှ) ~နယ်၊န-မြို့နှင့် ကျေးရွာအုပ်စုများ ပေါင်းစုထားသော အုပ်ချုပ်ရေးဒေသ အပိုင်းအခြား။ ~မျက်စရမ်း /မျို့ဗျက်ခယန်း/န-အသီးငယ်များ အပြွတ်လိုက် သီးသော ခရမ်းတစ်မျိုး။ ~ဗိတ်နေ့ /မျို့ဗိတ်နေ့/န-ဥပုသ်နေ့ မတိုင်မီတစ်နေ့။ (တောဗိတ်နေ့လည်းရှ) ~မိမြို့ဖ၊ န-ဂုဏ်သရေရှိ မြို့အကျိုးဆောင်ပုဂ္ဂိုလ်။ ~မျက်နှာဖုံး/မျို့မျက်နှဖုန်း/န-မြို့တွင် ထင်ရှားသော ဂုဏ်သရေရှိ ပုဂ္ဂိုလ်။ မြို့မိမြို့ဖ။ ~ရာနင်း၊ကြိ-မြို့တည်ထောင်ရန် မြေနေရာ ရှင်းလင်းပြုပြင်သည်။ ~ရုံ၊န-မင်းနေပြည်မှတစ်ပါး ပတ်ဝန်းကျင်ရှိ အခြားသော အရံမြို့ငယ်များ။ ~ရိုး၊ န-နန်းတော် တည်ရှိရာ မြို့ပတ်လည်တွင် ကာရံထားသည့် တံတိုင်း။

မြို့[၂]၊စည်း-မှတစ်ပါး။ (ထိုမြို့ဟူ၍ သုံးလေ့ရှိသည်။)

မြိုးမြိုးမြက်မြက်၊ကြိဝိ-၁၊အရသာရှိရှိ။ ၂၊[ဥပစာ] ထိုက်သင့်သည်ထက် များပြားစွာ။ "အမြတ်အစွန်း ~ ရလိုက်-။"

မြက်[၁]၊ကြိ-အရသာခံစားမှု ထိရောက်သည်။ ~မြက်၊ ကြိဝိ-၁၊အရသာရှိရှိ။ ၂၊ကျေနပ်လောက်အောင် များစွာ။ ~မြက်စက်စက်၊ကြိဝိ-စုံးစုံးရှရှ။ ထက်ထက်မြက်မြက်။

မြက်[၂]၊န-အများအားဖြင့် အဆစ်မှ အရွက်တံထွက်သော အမြစ်မွှာသည့် အလေ့ကျပေါက်ပင်။ ~ကလုံး၊န-ဖုးတံရိုးကို ဖျာစသည် ရက်လုပ်ရသော မြက်တစ်မျိုး။ ~ကြားမှို၊န-မြက်ပင်များကြား၌ ပေါက်လေ့ရှိသော စားကောင်းသည့် မှိုတစ်မျိုး။ ~ကြွပ်၊န-ပုစွန်ဓာ။ မှိုကြွပ်။ ~နရား၊ န-ခြောက်သွေ့သော ဒေသတွင် ပေါက်သော မြက်တစ်မျိုး။ ~မုန်ညင်း၊ န-ဥမြစ်ငယ်ရှိသော ဆေးဖက်ဝင် မြက်တစ်မျိုး။ ~လက်သည်း/မျက်လက်သဲ/န-စိုစွတ်သော နေရာတွင် ပေါက်လေ့ရှိသော မြက်တစ်မျိုး။ ~လျှော /မျက်ယှော/န-မြက်ခင်း၌ ကျက်စားတတ်သော အဆိပ်မဲ့ မြွေငယ်တစ်မျိုး။ ~သီးဆန်/ မျက်သီးဇန်/ န-ကောက်မျိုးဝင် မြက်ပင်တစ်မျိုးမှသီးသော ဆန်ကဲ့သို့ ချက်စားရသည့် မာကြမ်းသော အဖွဲအဆန်။ ~သင်တုန်း/မျက်သင်ဒုန်း/န-၁၊မြက်တစ်မျိုး။ ၂၊ စိမ့်မြေပေါက် အပင်တစ်မျိုး။

မြောက်[၁]၊ ကြိ-၁၊ကြွတက်သည်။ ၂၊(အတတ်ပညာစွမ်း) အောင်မြင်ပေါက်ရောက်သည်။ ၃၊[ဥပစာ] ဘဝင်မြင့်သည်။ သွေးကြွသည်။ စည်း-၁၊အရေအတွက်အစဉ်ကိုပြသော စကားလုံး။ "သုံးယောက် ~။" ၂၊ ကြိယာနှင့်တွဲစပ်လျက် ပြီးစီးခြင်း သဘောကို ပြသော စကားလုံး။ "ပြီး ~။ လွန် ~။" ~မြား၊ နဝိ-အလွန်များပြားသော။ ~မြီ၊န-[ပေါ] မကောင်းသော ကြွေးမြီ။

မြောက်[၂]၊န-တောင်ဘက်၏ ဆန့်ကျင်ဘက်အရပ်။ ~ကျွန်း၊န-[ကျမ်းဂန်]မြင်းမိုရ်တောင်၏ မြောက်ဘက်၌ ရှိ၍ ကျွန်းဦး၌ ပဒေသာပင် ပေါက်ရာကျွန်း။ ဥတ္တရကုရု။ (လေးထောင့်အင်းပျဉ်ပုံရှိ၍ ယူဇနာ ရှစ်ထောင် ကျယ်ဝန်းသည်။) ~အိမ်တော် /မျောက်အိန်ဒေါ်/ န-နန်းတော် မြောက်ဘက်၌ဆောက် ရမြဲဖြစ်သည့် အိမ်ရှေ့မင်း အိမ်တော်။

မြောက်သား၊န–မျောက်သား၊ရှု။

မြိုက်၊ကြိ–လျှင်မြန်စွာ ဖွဲလောင်သည်။

မြင်၊ကြိ–၁၊မျက်စိဖြင့် ကြည့်၍ သိသည်။ ၂၊ကြိုတင် တွေးခေါ်တတ်သည်။ အလားအလာကို ကြိုသိသည်။ တွေးထင်သည်။ ၃၊မွေးဖွားသည်။ ~ကွင်း/မျင်ဂွင်း/န–ရှုမြင်ရသော အကွက်အကွင်း၊ အပိုင်းအခြား။ ~ပြင်းကတ်/မျင်ဗျင်းကတ်/ကြိ–မကြည့်ချင် မမြင်ချင် ဖြစ်သည်။ မုန်းသည်။ ~မြင်ထင်ထင်/မျင်မျင်ထင်ဒင်/ကြိဝိ–မျက်မြင်အထင်အရှား။

မြင်နိုင်း/မျင်နိုင်း/န–[ဂီတ]ငါးပေါက်သံဖြင့် မှတည်သည့် စောင်းသံစဉ်။ ရေကင်းသံ၊ တေးထပ်စသည်တို့ကို တီးလေ့ရှိသည့် သံစဉ်။

မြင်ဆံ/မျင်ဇန်/ မြင်ဖြူ/မျင်ဗျူ/န–ဝါးဖောင်ဖွဲ့ရာတွင် အသုံးပြုလေ့ရှိသော ဝါးတစ်မျိုး။ ဝါးဖြူ။

မြင်ဝါး၊န–ဆောက်လုပ်ရေးလုပ်ငန်းတွင် သုံးလေ့ ရှိသည့် ဖြောင့်သော ဝါးတစ်မျိုး။

မြင့်၊နဝိ–၁၊အောက်မှ အထက်သို့ အရပ်ပမာဏ ရှည်သော။ ၂၊အဆင့်အတန်း၊ စိတ်နေ စသည် အထက်ရောက်သော။ ၃၊ကာလရှည်ကြာသော။ ~မြဲ၊ နဝိ–ကြာရှည်သော။ ~မြတ်၊ နဝိ– အဆင့်အတန်း၊ စိတ်ဓာတ်စသည် သာမန်ထက် ထူးကဲသာလွန်သော။

မြင့်မိုရ်/မျင့်မို/န–မြင်းမိုရ်ရှု။

မြင်း၊န–ဟီတတ်သော၊ အပြေးမြန်သော ခွာရှိ ခြေလေးချောင်း တိရစ္ဆာန်။ ~ကောင်ရေအား၊ န–စက်စွမ်းအားကို မြင်းစွမ်းအားဖြင့် တိုင်းတာသော စံကိန်း။ ~ကောင်းခွာလိပ်/မျင်းဂေါင်းခွာလိတ်/ကြိဝိ–[ဥပစာ]အရည်အချင်းရှိလျက်နှင့် ချွတ်ချော်ကာ။ ~ကျား/မျင်းဂျား/န–ကိုယ်တွင် အဖြူစင်းအနက်စင်းများရှိသော မြင်း။ ~ခံ/မျင်းဂန်/န–စီးတော်မြင်းကို ထိန်းသိမ်းရသော အမှုထမ်း။ ~ခင်းသဘင်/မျင်းဂင်းသဘင်/န–မြန်မာဘုရင်လက်ထက် မြင်းစီးစွမ်းရည်ပြပွဲ။ ~ခေါင်း/မျင်းဂေါင်း/န–မြန်မာဘုရင်လက်ထက် မြင်းစီး အမှုထမ်းများကို ကြီးကြပ်ရသူ။ ~ခုံ/မျင်းဂုန်/န–ပျဉ်ချပ်ရှည်ကို ခြေလေးချောင်း တပ်ထားသော ခုံမြင့်။ ~ခွာရွက်၊န–မြေတွင် တွားပေါက်သော မြင်းခွာပုံအရွက်ရှိ ဆေးဖက်ဝင်အပင်။ ~ခွဲ/မျင်းဂွဲ/န–မြင်းကို အပြေးပြိုင်စေခြင်းဖြင့် အလောင်းအစားပြုလုပ်သောပွဲ။ ~လား၊န–သားစပ်ရန် သင်းကွပ်ခြင်း မပြုဘဲထားသော မြင်းထီး။ ~လောင်း၊ကြိ–မြင်းပြေးပြိုင်ပွဲ၌ အလောင်းအစား လုပ်သည်။ ~ဝံ၊န–၁၊ဒီးခုတ်မျိုးဝင် ညဉ့်ငှက်တစ်မျိုး။ ၂၊ဝက်ဝံတစ်မျိုး။ ~ဝမ်းဆည်/မျင်းဝန်းဆယ်/န–ရေကျတွင်ပါလာသောငါးများ တင်ကျန်ရစ်ရန် ရေစီးကြောင်းကို ဖြတ်၍ ယင်းများဖြင့် ထောင်ချောက် ဆင်ထားသော ဆည်တစ်မျိုး။ ~သွား/မြင်းသွား/ န–စစ်တုရင် မြင်းသွားသကဲ့သို့ ခုန်ကျော်၍ အင်းဆန်သွင်းသောနည်း။

မြင်းစဂုံနီ/မျင်းဇဂုန်နီ/န–ခွေးတောက်ရွက်နှင့် အရွက်ချင်းဆင်၍ အမြစ် ဆေးဖက်ဝင်သော နွယ်ပင်တစ်မျိုး။ [?]

မြင်းဖု/မျင်းဖု/န–လူ၏ ကိုယ်အပြင်တွင် ဖောင်းမို့ဂူကြွနေသော အကျိတ်လုံး။

မြင်းမိုရ်/မျင်းမို/န–၁၊ကျမ်းဂန်လာ ကျွန်းကြီးလေးကျွန်း၏ အလယ်ရှိ ရေအောက်ယူဇနာ ရှစ်သောင်းလေးထောင်၊ ရေပေါ်ယူဇနာ ရှစ်သောင်းလေးထောင်ရှိသော တောင်ကြီး။ ၂၊ကျောက်ပျဉ်အလယ်ရှိ မို့မောက်နေသော အစိတ်အပိုင်း။ ၃၊မို့မောက်ချွန်ထက်နေသော သဏ္ဌာန်။ "စိန် ~။ ကျပ် ~။" ၄၊ဇာပ်စောင်းစသည် တူရိယာတွင် ကြိုးကိုခုထားသည့်အရာ။ [မြန်၊မြင့်+ပါ၊မေရု] ~စိတ်/မျင်းမိုစိတ်/အဆောက်အအုံတွင် ထုပ်တန်းနှင့် ခေါင်မိုးအကြား ပိတ်ကာထားသော အကာ။ ~ပွဲ/မျင်းမိုပွဲ/န–သီတင်းကျွတ်လပြည့်နေ့ညတွင် မြင်းမိုရ်တောင်သဏ္ဌာန် စင်ဆောက်၍ ဆီမီးပူဇော်သော ပွဲ။

မြင်းသရိုက်/မျင်းသုယိုက်/န–စအိုဝတွင် အသားပိုထွက်၍ ဖြစ်သော ရောဂါ။ [သ၊မံသရဂ်]

မြင်းသီလာကျောက်၊န–ဆေးအန်းကျောက်တစ်မျိုး။ [သ၊မနသီလာ+မြန်၊ကျောက်]

မြောင်၊ န– ကုန်းမြင့်နှစ်ခုအကြား အလျားရှည်၍ အနံကျဉ်းသော ချိုင့်ဝှမ်း။

မြောင်နီး၊န–တိဗက်မြန်မာ အုပ်စုဝင် ဘာသာစကားတစ်မျိုးကိုပြောသော မြန်မာတိုင်းရင်းသား တစ်မျိုး။ (ရှမ်းပြည်နယ် ကိုးကန့်နှင့် သိန္နီဒေသတွင် နေထိုင်သည်။)

မြောင်း၊န–သဘာဝအလျောက် ဖြစ်နေသော အလျားရှည်ချိုင့်။ ယင်းသို့ဖြစ်အောင် တူးဖောက်ထားသော ရေစီးလမ်းကြောင်း။ ~တူး၊န–အသက် ၃၀အထက်မိန်းမ။ ~ထိုး၊ကြိ–၁၊ဆို့ပိတ်နေသော မြောင်းကို ပွင့်သွားအောင် လုပ်သည်။ မြောင်းကိုဖော်သည်။ ၂၊သစ်သားတွင် မြောင်းသဏ္ဌာန်ပေါ်အောင် ရွေပေါ်ဖြင့် တိုက်သည်။ ~မြောင်း၊ကြိဝိ–အလျားရှည်၍ အနံကျဉ်းလျက်။

မြိုင်၊နဝိ–တစ်ခုတည်း၊ တစ်မျိုးတည်းမဟုတ် အသိုင်းအဝိုင်း၊ အဖြည့်အစွက်တို့ဖြင့် ပြည့်စုံသော။ န–၁၊သစ်ပင်ကြီးများ ထူထပ်စွာ ပေါက်လျက် စိမ်းစိုအုပ်မှိုင်းနေသော တော။ ၂၊[ပေါ]တော။ ~ကျ၊ကြိ–

http://www.lknt11.com

တိရစ္ဆာန်များ ရာဂစိတ်ဖြင့် မြူးကြသည်။ **~စိန်၊** န–အလွန်မာသော သလင်းကျောက်တစ်မျိုး။ **~ဆိုင်** /မျိုင်ဇိုင်/ နဝိ– ဝေဆာသိုက်မြိုက်သော။ **~ထ** /မျိုင်ဒ့ါ/ န–ဇာတ်ပွဲတွင် မင်းသားမင်းသမီးတို့ တော စခန်းမှ ခရီးဆက်ရာတွင် သီဆိုသော တောဘွဲ့၊ မယ်ဘွဲ့စသည် နှစ်ပါးသွားသီချင်း။ **~ပေါ်၊** ကြိ– တိရစ္ဆာန်အမ ပဋိသန္ဓေဆောင်ရန် အသင့်ဖြစ်သည်။ **~လိုက်၊** ကြိ– တိရစ္ဆာန်များ မိတ်လိုက်သည်။

မြစ်[1]၊န–ပင်လယ်သမုဒ္ဒရာ စသော ရေပြင်ကျယ်များ ထဲ စီးဝင်သော ရေကြောင်းကြီး။ ကြိ–တားဆီးသည်။ ပိတ်ပင်သည်။ **~ကူးချောင်းခြား**/မျစ်ကူး ချောင်းဂျား/န–မြစ်ချောင်းစသည်ကို ကျော်ဖြတ်၍ ခက်ခဲစွာ သွားရသောအရပ်။ **~ကျိုး**၊န–မြစ်ကြောင်း ပြောင်းသွားသဖြင့် ပြတ်ကျန်ရစ်ခဲ့သော မြစ်အစိတ်အပိုင်း။ **~ကျိုးအင်း**၊န–[ပထဝီ] ကွေ့ကောက်စွာ စီးဆင်းသော မြစ်သည် အကွေ့တစ်ခုမှ တစ်ခုသို့ တိုက်စား ဖြတ်စီးသွားရာမှ မြစ်ကြောင်းဟောင်း နေရာတွင် ဖြစ်ပေါ်လာသောအင်း။ **~ကျဉ်း**၊န–မြစ်ကြောင်းတစ်လျှောက်၌ အခြားနေရာများထက် ပို၍ ကျဉ်းသော နေရာ။ **~ကြောင်း**၊န–၁၊မြစ်စီးဆင်းရာလမ်း။ ၂၊မြစ်လမ်းခရီး။ ရေကြောင်း။ **~ခုံ**၊န–မြင့်မားသော မြစ်ကမ်း။ **~ခြင်းလုံး**၊န–ဘူးမျှော့နှင့် အတူတူ။ **~ဆိပ်**၊ န– ၁၊ လှေ သင်္ဘောစသည် ဆိုက်ကပ်ရာ မြစ်ကမ်းနေရာ။ ၂၊လူအများ ရေချိုးရေခပ် လျှော်ဖွပ်ရာ မြစ်ကမ်းနေရာ။ **~ဆုံ**၊ န– မြစ်များဆုံရာနေရာ။ **~ညာ**၊န–မြစ်၏ အထက်ပိုင်းအရပ်။ **~တွေး**၊ န–မြစ် အင်းအိုင်များတွင် ကျက်စားလေ့ရှိသော စင်ရော်မျိုးဝင် ငှက်တစ်မျိုး။ **~တား**၊ကြိ–[ပေါ] တားမြစ်သည်။ ဆုံးမသွန်သင်သည်။ **~များခံ**၊ ကြိ–၁၊မြစ်ကြောင်းအစပြု စီးဆင်းသည်။ ၂၊[ဥပစာ] မူလအခြေခံသည်။ **~မ**၊ န–ပင်လယ်၊ သမုဒ္ဒရာထဲသို့ တိုက်ရိုက် စီးဝင်သော မြစ်ကြီး။ **~ရေချိန်**/မျစ်ယေကျိန်/န–မြစ်ရေ အတိုးအလျှော့အတိုင်းအတာ ပမာဏ။ **~လက်တက်**၊န–မြစ်မကြီးသို့ စီးဝင်သော မြစ်။ **~ဝကျွန်းပေါ်** /မျစ်ဝ့ါကျွန်းဗော်/ န–မြစ်မကြီးမှ ခွဲထွက်သော မြစ်ငယ်ကလေးများ စီးဝင်ရာ ပင်လယ်ကမ်းဝန်းကျင်ဒေသ။ **~ဝှမ်း**၊န–မြစ် ဖြတ်သန်းစီးဆင်းရာ ဝဲယာဝန်းကျင် မြေပြန့်အရပ်။ **~အောက်**၊ န– [ရှေး] မြောက်အရပ်။

မြစ်[2]၊န–၁၊အမြစ်၁၊၂နှင့်အတူတူ။ ၂၊မြေးမှ ပေါက်ဖွားသူ။ **~ချင်းပြီးဆေး**/မျစ်ချင်းပီးဆေး/န–အခြားဆေးမည် တွဲဖက်ရန် မလိုဘဲ တစ်မျိုးတည်းဖြင့် ရောဂါ ပျောက်စေနိုင်သော ဆေးမြစ်၊ ဆေးပင်။ **~ခြောက်နာ**၊န–အသွေးအသား ခန်းခြောက်သည့် ရောဂါ ။ အဆုတ်နာ။ **~ဖျဉ်း**၊န–အချို့သစ်ပင်၏ ပင်စည်ရင်းကွင် အပြားအပျဉ်လိုက် ဖြာဆင်းနေသော အမြစ်။ **~ဖြတ်ဆေး**၊န–ရောဂါကို ယုံးဝ ပျောက်ကင်းအောင် ကုသနိုင်သော ဆေး။ **~လိုက်ဥပင်**/မျစ်လိုက်အုဗင်/န–ကဒတ်ပင်။ **~လျှောက်နာ** /မျစ်ယှောက်နာ/န–မြစ်ပွားနာ။ ကင်ဆာရောဂါ။

မြည်၊ကြိ–အသံထွက်ပေါ်သည်။ **~ကြွေး**၊ကြိ–(သား ငှက်တို့)တွန်ကျူးသည်။ **~တမ်း**၊ ကြိ–ရေရွတ် တမ်းတသည်။ **~တွန်တောက်တီး**/မျီဒွန်တောက် တီး/ ကြိ–အပြစ်ဖော်၍ တဖျစ်တောက်တောက် ရေရွတ်ပြောဆိုသည်။ **~သံစွဲအလင်္ကာ**/မျီသံဇွဲ အလင်ဂါ/န– [စာပေ] မြည်သံကို ထည့်သွင်း ဖွဲ့ဆိုသော စကားတန်ဆာ။ **~ဟည်း**၊ ကြိ–အသံ ကျယ်လောင် ပြင်းထန်စွာ ဖြစ်ပေါ်သည်။

မြည့်၊နဝိ–၁၊ပျော့အိနူးမှုသော။ ၂၊ဆွေးရိသော။ ၃၊ အသွား အလွန်ထက်သော။

မြည်း[1]၊ကြိ–၁၊အရသာသိအောင် အနည်းငယ် စားကြည့်သည်။ သောက်ဖွယ်နှင့်တွဲ၍ အနည်းငယ်မြီစားသည်။

မြည်း[2]/မျီး၊မြဲ/န–ကုန်းတက်ခရီးသွားရန်နှင့် ဝန်တင်ရန် အသုံးပြုသော အရပ်ပု၍ နားရွက်ရှည်သည့် မြင်းမျိုးဝင် သတ္တဝါ။

မြွတ်၊နဝိ–ဂုဏ်အရည်အချင်း သာလွန်ကောင်းမွန်သော။ ကြိ–၁၊ရင်းနှီးကုန်ကျငွေထက် ဖွန်းပို ရရှိသည်။ ၂၊အကျိုးရလဒ် ဖြစ်ထွန်းသည်။ **~စွာဘုရား** /မျတ်စွာဖယား/န–ဗုဒ္ဓဘုရားရှင်။ **~စွန်း**၊ကြိ– အမြတ်ပေါ်ထွက်သည်။ **~နိုး**၊ကြိ–အထူးနှစ်သက် ချစ်ခင်သည်။ **~နိုးတနာ**၊န–အလွန်မြတ်နိုးခြင်း။ **~လေး**၊န–မုလေးနှင့်အတူတူ။ **~သတ်**၊န–[ပေါ] အမြတ်အစွန်း။

မြိတ်၊န–အမြိတ်နှင့်အတူတူ။ **~ဖို**၊န–ရှေးခေတ် ဆံထုံးနည်း တစ်မျိုး။ **~ဆာ**၊ န–၁၊ ရက်ကန်းစင်ပေါ်င် အထည်မရက်သာတော့၍ ချန်ထားသော ကိုင်ချည်အစွန်းအစ။ ၂၊တဘက်စသည့်၏ အနားစွန်းချည်မျှင်ဖူ။ အမြိတ်။ **~ဆွဲ**၊န–အရသာကောင်းသော သရက် တစ်မျိုး။ **~လွှတ်**၊န–ရှေးခေတ် ဆံထုံးနည်း တစ်မျိုး။

မြန်၊နဝိ–ရွေ့လျားမှု၊ ဆောင်ရွက်မှု သွက်လက်သော။ **~ဆန်**၊ကြိ–မြန်သည်။ **~မြန်ထက်ထက်**၊ကြိဝိ– မြန်စွာ။

မြန်မာ/မျန်မာ၊ဗမာ/န–၁၊မြန်မာနိုင်ငံတွင် အစဉ် အဆက် နေထိုင်ခဲ့ကြသော တိုင်းရင်းသားများကို ခြုံခေါ်သော အမည်။ ၂၊ဗမာ။ **~ပြည်**/မျန်မာပျည်/

မာတိကာသို့ ▶▶▶

နာ-မြန်မာဘာသာသို့ ပြန်ဆိုထားသော စာအုပ်စာတမ်း။ **~မှု**၊နာ-မြန်မာ့ယဉ်ကျေးမှုနှင့်ဆိုင်သော အကြောင်းအရာ၊ လေ့လာ စသည်။

မြန်လူ၊နာ-[ပေါ] မြူလူ နှင့်အတူတူ။

မြန်း၊ကြိ-၁၊ခြေစပ်ကြောင်းလမ်းသည်။ ၂၊သွားသည်။ ကြွသည်။ စည်း-ကြိယာ၏အနက်ကို လေးနက်စေသော စကားလုံး။ "သိမ်း~။ ကြွ~။"

မြိန် /မျိန်၊မိန်/ ကြိ- ခံတွင်းတွေ့သည်။ စားသောက်၍ ကောင်းသည်။ မြိန်ရှက်သည်။ **~ရေရှက်ရေ** /-ယေယှက်ယေ/ကြိဝိ-နှစ်ခြိုက်အားရစွာ (စားသောက်သည်၊ ပြောဆိုသည်)။

မြိန်မြိန့်၊ကြိဝိ-အခုံသား။

မြုပ်၊ကြိ-၁၊ရေမြေစသည်အတွင်း၌ ကျနစ်တည်ရှိသည်။ အတွင်းသို့ နစ်ဝင်သည်။ ၂၊မြင်မြင်ထင်ထင်ရှိရာက ပျောက်ကွယ်နေသည်။

မြုံ၊ကြိ-၁၊အပြင်သို့ မထွက်ပေါ်ဘဲအတွင်း၌ ငုပ်နေသည်။ ၂၊မပြောဘဲ သိုသိပ်ထားသည်။ ၃၊သန္ဓေသားဖြစ်ထွန်းနိုင်စွမ်းမရှိ ဖြစ်သည်။ နာ-အစုအအုံ။ အသိုက်။ **~စိစိ**/မျုန်စိဇိ/ကြိဝိ- မပွင့်မလင်း။

မြုံ့၊ကြိ-ခံတွင်း၌ငုံ၍ တဖြည်းဖြည်း ပွတ်ခြေစားသည်။

မွ၊နဝိ-၁၊နုးရွသော။ ပွရွသော။ ၂၊ပြန့်ကျဲရှုပ်ပွေသော။

မွေတော်/မွေဒေါ်/နာ-ပရိနိဗ္ဗာန်စံတော်မူသော ဘုရားရဟန္တာတို့၏ ကြွင်းကျန်ရစ်သော အသုံးအဆောင်၊ ဓာတ်တော်။

မွေ့၊ကြိ-နှစ်သက်ခံစားသည်။ **~ရာ**၊နာ-လဲရှိ၊ ဝါဂွမ်းစသည် သွတ်ထားသော လဲလျောင်းအိပ်စက်ရန်အခင်းထူ။ **~လျော်**/မွေ့လယော်/ကြိ-ပျော်ပိုက်သည်။

မွေး[၁]၊ကြိ-၁၊ဖွားမြင်သည်။ မွေးဖွားသည်။ ၂၊ထိန်းသိမ်းစောင့်ရှောက်သည်။ ၃၊စည်းရုံးသိမ်းသွင်းသည်။ "တပည့်~။" **~ကင်းစ**/မွေးဂင်းဇ/ နာ-ဖွားမြင်ခါစအရွယ်။ **~ချင်း**/မွေးဂျင်း/နာ-ညီအစ်ကို မောင်နှမအရင်းများ။ **~စာရင်း**/မွေးဇယင်း/နာ-ဖွားမြင်သည့် ကာလနှင့် ပတ်သက်သည့် လိုအပ်သော အကြောင်းအရာတို့ကို သက်ဆိုင်ရာက ရေးမှတ်ထားသော မှတ်တမ်း။ **~စား**/မွေးဇား/ကြိ- သူတစ်ပါးသားသမီးကို မိမိ သားသမီးအရင်းကဲ့သို့ တာဝန်ယူစောင့်ရှောက်သည်။ **~နံ**၊ နာ-မွေးဖွားသောနေ့။ **~မြူ**၊ကြိ-ပြုစုစောင့်ရှောက်သည်။ ထိန်းသိမ်းစောင့်ရှောက်သည်။ **~လူနာ**၊နာ-မီးဖွားရန် ဆေးရုံတက်နေသော မိန်းမ။ **~သဖခင်**/မွေးသဖှာင်/နာ- ကျွေးမွေး ပြုစုစောင့်ရှောက်သည့် ဖခင်။ **~သမိခင်**/မွေးသမိဂင်/နာ-ကျွေးမွေးပြုစု စောင့်ရှောက်သည့် မိခင်။ **~သက္ကရာဇ်**/မွေးသက်ဂယစ်/ နာ-ဖွားမြင်သည့် ခုနှစ်၊ လ၊ ရက်၊ နေ့၊ အချိန်။

မွေး[၂]၊နာ-အမွေးနှင့်အတူတူ။ **~ကျွတ်နာ**/မွေးဂျွတ်နာ/ နာ-အရေပြား အမွေးရင်း၌ ဖြစ်တတ်၍ အမွေးကို ကျွတ်စေသော ပြည်တည်နာ။ **~ညင်း**၊နာ-ကိုယ်တွင်ပေါက်သော အမွေးနု။ **~ညှပ်**၊နာ-အမွေးအမှင်ကို ဆွဲနုတ်ရသော ညှပ်။ **~တွင်း**/မွေးဒွင်း/နာ-မွေးညင်းပေါက်။ **~ရှင်တော်**/မွေးယှင်ဒေါ်/နာ-မြတ်စွာဘုရား၏ မျက်မှောင်တော် နှစ်ဖက်ကြားတွင် ရှိသော အမွေးတော်။ ဥဏ္ဏလုံ။

မွဲ၊နဝိ-၁၊ဆင်းရဲသော။ ၂၊အရောင်အဆင်း မှိန်သော။ ၃၊အမြင်အားနည်းသော။ **~ဆေးဖော်**/မွဲဆေးဖော်/ ကြိ-[ဥပစာ] ငွေကြေးကုန်ဆုံးမည့် အလုပ်ကို အားထုတ်လုပ်ကိုင်သည်။ **~တေ**၊နဝိ-အလွန်ဆင်းရဲသော။ **~ပြာ**/မွဲဗျာ/နာ-အပြာရောင်သန်းသော မီးခိုးရောင်။ မှိုင်းသော အရောင်။ **~ပြာကျ**၊ကြိ-အလွန် ဆင်းရဲသည်။

မွတ်[၁]၊နဝိ-ချောမွေ့သော။

မွတ်[၂]၊**မွတ်သိပ်**၊ကြိ-၁၊စားသောက်လိုစိတ် ပြင်းပြသည်။ ၂၊အလိုဆန္ဒပြင်းပြသည်။

မွန်၊နာ-မွန်မောအုပ်စုဝင် ဘာသာစကား တစ်မျိုးကို ပြောသော မြန်မာတိုင်းရင်းသား တစ်မျိုး။ (မွန်ပြည်နယ်နှင့်မြစ်ဝကျွန်းပေါ်ဒေသတွင် အများအားဖြင့် နေထိုင်သည်။)

မွန်မြတ်၊နဝိ-ကောင်းမွန် မြင့်မြတ်သော။

မွန်ရည်၊နဝိ-ပေါင်းသင်းဆက်ဆံရေး၌ ချောင်သော။ ယဉ်ကျေး သိမ်မွေ့သော။

မွန်း၊ကြိ-အသက်မရှူနိုင်သဖြင့် မသက်မသာ ခံစားရသည်။ **~တီး**၊ကြိ-[ကဗျာ] ရေတွင် နစ်မွန်းသည်။

မွန်းတည့်/မွန်းတဲ့/ကြိ-နေ့ ၁၂နာရီအချိန်ရောက်သည်။ /မွန်းဒဲ့/ နာ-နေ့၁၂နာရီအချိန်။

မွန်းတိမ်း၊ကြိ-မွန်းတည့်ချိန်ကို ကျော်လွန်သည်။ မွန်းယိမ်းသည်။/မွန်းဒိမ်း/ နာ-နေ့၁၂နာရီကျော်ကျော်အချိန်။

မွန်းလတ်၊နာ-နံနက်၉နာရီ ၁၀နာရီ ခန့်အချိန်။

မွန်းလွဲ၊ ကြိ-မွန်းတည့်ချိန်ကို ကျော်လွန်သည်။ နာ-မွန်းတည့်နှင့် ညနေအကြား အချိန်။

မွမ်းချွန်/မွန်းဂျွန်/နာ-ဗြာသာဒ်တွင် မွမ်းမံထားသော အချွန်အတက် အဆင်တန်ဆာ။ (စုလစ်လည်းရှ)

မွမ်းဖြိုး၊နဝိ-[ပေါ] များသော။

မွမ်းမံ/မွန်းမန်/ကြိ-ပိုမိုကောင်းမွန်၊ လှပအောင် ပြုလုပ်သည်။

မွမ်းမွမ်းညိတ်၊ကြိ-[ပေါ] များပြားသည်။

မှ၊ဝိ-ထွက်ခွာရာကိုပြသော စကားလုံး။ "မန္တလေး~လာ-။" စည်း-[အပြော]နာမ်ပုဒ်၊ ကြိယာပုဒ်ကို

ထင်ရှားစွာ ပြလိုရာ၌ ဆက်တွဲသုံးသော စကားလုံး။ "ငါ ~ငါ။ စား ~ပဲ။" သမ်- အခြေအနေတစ်ခု ဖြစ်ရန် အခြားအခြေအနေ တစ်ခုပေါ် မူတည်ကြောင်း ပြသော စကားလုံး။ "သူလာ ~ငါသွားမည်။"

မှာ^၁|ကြိ-၁|အဝေးရှိသူထံ တစ်ဆင့် ပြောခိုင်းသည်။ ၂|မိမိထံလာရောက်ရန် သို့မဟုတ် ပေးပို့ရန် အကြောင်းကြားသည်။ ၃| သတိပြုလိုက်နာဖွယ်ကို ညွှန်ပြသည်။ **~တမ်း**/မှာတန်း/န-၁|ချစ်ရေးကြိုက်ရေး နှင့်ပတ်သက်၍ မှာကြားသောစာ။ ၂|အကြောင်းအရာတစ်ခုခုနှင့် ပတ်သက်၍ မှာကြားသောစာ။

မှာ^၂|ဝိ-[အပြော] ၁|အချိန်၊ နေရာကိုပြသော စကားလုံး။ ၂|ကတ္တားကို ထင်ရှားစေသော စကားလုံး။

မှား|နဝိ-မမှန်ကန်သော။ အမှန်၏ ဆန့်ကျင်ဘက်ဖြစ်သော။ ယွင်းသော။ ကြိ-ကာမကျူးလွန်သည်။ မှောက်မှားသည်။ **~ယွင်းမှု**|န-အတောက်အထားမခိုင်လုံ၍ ပယ်ဖျက်လွတ်ကင်းစေသော အမှု။

မှီ|ကြိ-၁|တစ်စုံတစ်ရာကို ယှဉ်ကပ်အားပြုသည်။ ၂|အားကိုးအားထားပြုသည်။ **~ခို**|ကြိ-အားကိုးပြု၍ နေထိုင်သည်။ အားထားသည်။ **~ငြမ်း**| ကြိ-အခြေခံအဖြစ် ကိုးကားသည်။ မှီးသည်။ **~တင်း**| ကြိ-မှီခိုနေထိုင်သည်။ **~ဝဲ**|ကြိ-၁|အာဟာရအလို့ငှာ ခွဲမြိ စားသုံးသည်။ ၂|ဆည်းကပ်သည်။ "ပညာရှိကို ~ရာ၏။" ၃|သာယာမှု ခံစားသည်။ မေထုန်မှုပြုသည်။ **~အုံး**|န-မှီရာအုံး။

မှီး|ကြိ-၁|အားထားသည်။ မှီခိုသည်။ ၂|အခြေခံအဖြစ် ကိုးကားသည်။ နည်းယူသည်။ ၃|မှီဝဲစားသုံးသည်။

မှု|ကြိ-အရေးထားသည်။ စည်း-ကြိယာကို နာမ်ဖြစ်အောင် ဆက်သောစကားလုံး။ **~ခင်း**/မှုကင်း/ န-ပြစ်မှုကျူးလွန်သောဖြစ်ရပ်။

မှူး|ကြိ-အကြီးအကဲပြုသည်။ ဦးဆောင်သည်။ န-အကြီးအကဲ။ **~ကြီးမတ်ရာ**/မှူးကြီးမတ်ယာ/န-မှူးမတ်များ။ [မြန်|မှူး+ကြီး+သ|အမာတျ] **~မတ်**|န- ရှင်ဘုရင်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်။ [မြန်|မှူး+သ|အမာတျ]

မှေး|ကြိ-၁|မျက်လုံး မပွင့်တပွင့်ဖြစ်သည်။ ၂|အခိုက်အတန့်မျှ အိပ်သည်။ ၃|အသားအရေ မိုတွယ်သည်။ နဝိ-မျက်ပေါက်ကျဉ်းမြောင်းသော။ **~မှိန်**| နဝိ-အရောင်အဆင်း၊ အရှိန်အဝါလျော့ပါးသော။

မှဲ့|န-အသားအရေပေါ်တွင် ဖြစ်ပေါ်သော အနီအနက် အစက်အပြောက်၊ အဖုလုံးငယ်။ **~စွန်း**| ကြိ-[ဥပစာ] အပြစ်အနာအဆာ ဖြစ်သည်။ **~ရှင်**| န-ပေါ်လိုက် ပျောက်လိုက် နေရာ ပြောင်းလိုက် ဖြစ်တတ်သော မှဲ့မျိုး။

မှော်^၁|န-၁|ရေသေမျက်နှာပြင်၌ အညိုတက်၍ ပေါက်သောအပင်။ ၂|အပြောက်အမွမ်းတစ်မျိုး။ **~ရုံ**^၁|န-တောမြိုင်။

မှော်^၂|န-စုန်းပယောဂ စသည်တို့နှင့် ပတ်သက်သော လောကီပညာရပ်။

မှော်^၃|န-မြန်မာနိုင်ငံရှိ ကျောက်စိမ်းထွက်ရာဒေသ။ [ရှမ်း၊ မော်]

မှော်ချဉ်/မှော်ဂျင်/န-အရသာချဉ်၍ ရိုးတံတွင် အရွက်သုံးရွက်ဆိုင်ထွက်သော မြေကပ်အပင်ငယ် တစ်မျိုး။ (မှိုချဉ်၊ မှိုနားတိုဟုလည်း ခေါ်သည်။)

မှော်ရုံ^၂|န-အနန်းဒိုပင်။

မှို^၁|န-၁|ဆွေးမြည့်သော အရာဝတ္ထုကိုမှီ၍ ပေါက်ပွားလေ့ရှိသော အပင်တစ်မျိုး။ ၂|စိုထိုင်းသော အရာဝတ္ထုတွင် မွေးယုက်ဖြစ်ပေါ်သောအရာ။ ၃|မှိုပွင့်သဏ္ဍာန် ပြားသော ထိပ်ဖူးပါရှိသော သတ္တုချောင်း။ **~ကြွပ်**/မှိုဂျွတ်/န-ပုစွန်စာပင်။ **~ချိုးမျှစ်ချိုး**/မှိုဂျိုးမျှစ်ချိုး/ကြိဝိ-[ဥပစာ] သူတစ်ပါး နစ်နာအောင် ပက်ပက်စက်စက် (ပြောသည်)။ **~ချဉ်**^၁/မှိုဂျင်/ န-အချဉ်တည်ထားသော မှို။ **~တက်**|ကြိ-မှို မွေးယုက်ဖြစ်ပေါ်သည်။ **~ပေါက်** |ကြိ-[ဥပစာ] အလွန်ပေါများသည်။

မှို^၂|န-[ပေါ]ကာလ။ (မှိုခုနစ်နေ့၊ မှိုခုနစ်ရက် စသည်ဖြင့် နေ့၊ ရက်၊ လ၊ နှစ်တို့နှင့် တွဲသုံးသည်။)

မှိုချဉ်^၂/မှိုဂျင်/န-မှော်ချဉ်ပင်။

မှိုချွန်/မှိုဂျွန်/န-နွယ်ပင်တစ်မျိုး။

မှိုနားတို/မှိုနဒို/န-၁|မှော်ချဉ်ပင်။ ၂|ရိုးတံတွင် အရွက်လေးရွက် ဆိုင်ထွက်သော ဟင်းချိုချက်စားရသည့် ရေစပ်ပေါက် အပင်ငယ်တစ်မျိုး။

မှို့|န-လက်ပံပင်စသည်တို့၏ အသီးမှ ရရှိသော အမျှင်ထွေး။

မှက်|န-ယင်ကောင်ကြီးနှင့် သဏ္ဍာန်တူ၍ ကိုက်ခဲသွေးစုပ်တတ်သော ပျံနိုင်သည့် ပိုးကောင်။

မှက္ခရု|န-ကလေးသူငယ်တို့၏လျှာ၊ နှုတ်ခမ်း အတွင်းပိုင်းတို့၌ အဖြူအစက်အပြောက်များ ပေါ်သော ရောဂါ။ [မြန်|မြူမှက်+မွန်|ကနု]

မှောက်|ကြိ-၁|အောက်ဘက်သို့ မျက်နှာမှလျက် လဲလျောင်းသည်။ ၂|အရာဝတ္ထုထက်အောက် ပြောင်းပြန်ဖြစ်သည်။ ၃| ယင်းသို့ ဖြစ်အောင် လုပ်သည်။ ၄|လွဲမှားသည်။ "အကြံ ~~။" **~ခုံ**| ကြိဝိ-ကုန်းကုန်းမှောက်လျက်။ **~တော်**| န- [ပေါ] အရှင်သခင်။ **~မှား**| ကြိ- မိုက်မဲစွာ ကျူးလွန်မိသည်။

မှင်|န-ဟန်နေဟန်ထား။ **~တက်မိ**|ကြိ-ရုတ်တရက် အံ့အားသင့်၍ မလှုပ်နိုင်မရှားနိုင်ဖြစ်သည်။ **~မောင်း**| န-ခံ့ညားသော ဟန်နေဟန်ထား။ **~သေ**| ကြိ-

http://www.lknt11.com ...

ဟန်နေဟန်ထား ဝိရိုသေသပ်သည်။

မှင်၊မှင်စာ/မှင်ဇာ/န–တန္တေငယ်။ [သ၊ပိဂါစ]

မှင်ဆိ/မှင်ဇန်/န–ခြသေ့်၊ မြင်းစသော တိရစ္ဆာန်၏ လည်ကုပ်တစ်လျှောက်၌ ပေါက်သော အမွေးရှည်။

မှင်ရိုး၊န–ခင်တဲ နှင့်အတူတူ။

မှောင်၊နဝိ–အလင်းရောင်ကင်းသော။ **~ကြီးမည်းကြီး** /မှောင်ကြီးမဲကြီး/န–အလင်းရောင် လုံးဝမရှိသော ဝန်းကျင်။ **~နို**၊ကြိ–ရောင်းဝယ်ရန် ပိတ်ပင်ထားသော ကုန်ပစ္စည်းကို အရောင်းအဝယ်ပြုလုပ်သည်။ **~ချ**၊ကြိ–၁၊အလင်းရောင် မရှိအောင် လုပ်သည်။ ၂၊[ဥပစာ] သတင်းကို လူအများ မကြားမသိရအောင် ဖုံးကွယ်သည်။

မှောင့်၊ကြိ–နှောင့်ယှက်သည်။ **~ရှောင့်**၊ကြိ–[ပေါ]နှောင့်ယှက်သည်။

မှိုင်၊ကြိ–ညှိုးငယ်စွာ ငေးငိုင်သည်။ **~တွေ**၊ **~ပုံထုတ်**၊ /မှိုင်ဖုန်ထုတ်/ကြိ–တွေဝေငေးငိုင်သည်။

မှိုင်း၊န–မီးလောင်ကျွမ်းရာမှ ထွက်သော မြူမှုန်မြှမ်းသည့်အနိုး။ နဝိ–မှုန်ဝါးသော။ မှိန်သော။ **~ခံ**၊ကြိ–မှိုင်းနိုးစုဝင်အောင် ပြုသည်။ မှိုင်းနိုးသင့်အောင် ပြုသည်။ **~တိုက်**၊ကြိ–၁၊မှိုင်းနိုးစွဲအောင် ပြုသည်။ ၂၊[ဥပစာ]မမှန်သော အကြောင်းအရာကို ယုံကြည်လက်ခံလာအောင် ဆွဲဆောင်သည်။ **~မ**၊ကြိ–ဆောင်မကြည့်ရှုသည်။ **~မိ**၊ကြိ–[ဥပစာ]မှိုင်းတိုက်ဆွဲဆောင်ခြင်းကို ခံရသည်။

မှိုင်းလုံးကော်ဇော၊န–အထည်ပြည့် အကွက်အပြောက်ဖော်၍ ရက်ထားသော ကော်ဇောကြီး။ [ရှမ်း၊ မိုင်းလုံ+ပါ၊ကော‌ဇော]

မှည့်[၁]/မှဲ့/နဝိ–၁၊အသီးအနှံရင့်၍ ဆွတ်ရန်၊ ရိတ်ရန်၊ စားရန် အခြေအနေသို့ ရောက်သော။ ၂၊ပြည်တည်နာ စသည်၌ ပြည်ဖောက်၍ ရနိုင်သော အခြေအနေရှိသော။

မှည့်[၂]၊ကြိ–အမည်သတ်မှတ်သည်။ အမည်တပ်သည်။

မှတ်၊ကြိ–၁၊စိတ်တွင်စွဲမြဲစွာထားသည်။ သဘောပိုက်သည်။ ၂၊မမေ့ပျောက်ပျက်အောင် အမှတ်အသားပြုသည်။ ၃၊ထင်မြင်သည်။ ထင်စားသည်။ **~ကျောက်**၊န–ရွှေရည် ကောင်းမကောင်း သိရန် ပွတ်တိုက် ကြည့်ရသော ကျောက်တုံးငယ်။ **~ကျောက်တင်**၊ကြိ–၁၊ ရွှေကို မှတ်ကျောက်တွင် ပွတ်တိုက် စစ်ဆေးသည်။ ၂၊[ဥပစာ] အရည်အချင်းကို သိရအောင် လက်တွေ့စစ်ဆေး အကဲဖြတ်သည်။ **~ကျုံ**၊ ကြိ–ပေါင်းရုံးမှတ်သားသည်။ **~ချက်**၊န–၁၊ရေးမှတ် ထားသော အကြောင်းအရာ အတိုချုပ်။ ၂၊ဂရုပြု၍ မှတ်သားရန် ညွှန်ပြချက်။ ၃၊လေ့လာသုံးသပ်ချက်။ **~စာ**၊န–ကျောက်မျက်သွေးရာတွင် မှတ်ပြင်ပေါ်၌ ထည့်ရ သော ကျောက်မီးသွေးမှုန့်၊ စိန်မှုန့်စသည်။ **~စု**၊န–စုဆောင်းမှတ်သားထားသော စာစု။ **~ဉာဏ်**၊ န–စိတ်တွင် စွဲမြဲမှတ်သားနိုင်သော စွမ်းရည်။ **~တိုက်**၊ကြိ–မှတ်ကျောက်တွင် ပွတ်တိုက်သည်။ **~တိုင်**၊ န–၁၊ အများ မြင်သိအောင် အမှတ်အသား တစ်စုံတစ်ရာ ရေးထိုးစိုက်ထူထားသော တိုင်။ "နယ်ခြား~။ ကား~။" ၂၊[ဥပစာ] အစဉ်သတိရဖွယ် ဖြစ်သော ထူးခြားသည့် အဖြစ်အပျက်။ **~တမ်း**၊န–အရှည်သဖြင့် သိမှတ်ဖွယ်ရာတို့ကို ရေးမှတ်ထားသော စာ။ **~ပုံတင်**၊ကြိ–၁၊ တရားဥပဒေအရဆိုင်ရာ ရုံးတွင် အသိအမှတ် စာရင်းဝင်စေသည်။ ၂၊ပစ္စည်း၊ အမှတ်တံဆိပ် တစ်စုံတစ်ရာကို မိမိတစ်ဦးတည်းသာ ပိုင်ဆိုင်ကြောင်း ဥပဒေအရ အသိအမှတ်ပြု ခံယူသည်။ /မှတ်ပုန်ဒင်/န–မှတ်ပုံတင်ထားသော လက်မှတ်။ **~ဖြင်**၊န–ကျောက်သွေးရာတွင် အသုံးပြုသော အောက်ခံပစ္စည်း။ **~မိ**၊ကြိ–အမှတ် စွဲမြဲသည်။ **~မီး**၊န–အနက်ရောင်ရှိ အလှဆင်ကျောက် တစ်မျိုး။ **~မှတ်ရရ**/မှတ်မှတ်ယာ့ယာ့/ကြိဝိ–မမေ့ မပျောက် မှတ်မိသော အားဖြင့်။ **~သား**၊ကြိ–၁၊စိတ်တွင်စွဲမြဲစွာထားသည်။ ၂၊စာ၊သင်္ကေတဖြင့် အမှတ်အသား ပြုသည်။

မှိတ်၊ကြိ–၁၊မျက်စိပိတ်သည်။ ၂၊ထွန်းထားသော မီးကို ငြိမ်းသည်။ **~တုတ်မှိတ်တုတ်**၊ကြိဝိ–၁၊မှိန်ရျည်လင်းချည် ဖြစ်လျက်။ ၂၊(မျက်စိ) ဖွင့်ချည်ပိတ်ချည် ဖြစ်လျက်။

မှုတ်[၁]၊ကြိ–၁၊ခံတွင်းမှလေကို ခပ်ပြင်းပြင်း ထုတ်သည်။ ၂၊နှဲ၊ ပလွေစသည်ကို ခံတွင်း လေအားဖြင့် အသံမြည်စေသည်။ ၃၊[အပြော] ဒေါသဖြင့် ပြောဆိုသည်။

မှုတ်[၂]၊န–အရိုးလက်ကိုင် စသည်ပါရှိသော အရည် ခပ်စရာ ခွက်ငယ်။ စည်း–မှုတ်ခွက်ဖြင့် ခပ်ရာ၌ ရေတွက်သော စကားလုံး။

မှန်၊နဝိ–၁၊မမှားယွင်းသော။ မလွဲသော။ ဖြောင့်မတ်သော။ မှန်ကန်သော။ ၂၊အစဉ်ဖြစ်မြဲအတိုင်း ဖြစ်သော။ ကြိ–အရှိန်နှင့်ထိသည်။ "ခဲ —။" န–၁၊ကြည်လင်သော ဖန်သားအချပ်။ ၂၊နောက်ကျော၌ ပြဒါးသုတ်ထား၍ အရိပ်သဏ္ဌာန် ထင်ရှားမြင်သာသော ဖန်သားအချပ်။ **~ကင်း** /မှန်ဂင်း/ န–၁၊ပြာသာဒ်တွင် တုရင်ထိပ်များရှိ အထွတ် အဆင်တန်ဆာ။ ၂၊[ဥပစာ] အထွတ်အမြတ်။ **~စာ**[၁] /မှန်ဇာ/န–မှန်ဖြင့်ကြည့်မှသာ အမှန်အတည့် ထင်သော ပြောင်းပြန် အရေးအသား။ **~စီရွှေချ**/မှန်စီယွှေချာ/ န–လှပသော ပုံစံပေါ်အောင် ရောင်စုံမှန်ချပ်ငယ်များကို သရိုးတွင် မြှုပ်၍ ယင်းသရိုးပေါ်

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

တွင် ရှေ့ဝိန်းချသော အတတ်ပညာ။ ယင်း အတတ်ပညာလက်ရာ။ ~တင်ရုံ/မှန်တင်ဂုန်/န–အလှပြင်ပစ္စည်းများထားရာနှင့် ကြည့်မှန် တပ်ဆင်ထားသော ခုံ။ ~တိုင်/မှန်ဒိုင်/န–၁၊ ရစ်ခေါင်းတွင်ရှိသော တိုင်သုံးတိုင်အနက် ရစ်ကြိုးကို နေရာမှန်ရှိအောင် ထိန်းသော အလယ်တိုင်။ ၂၊နေ နာရီပြုလုပ်ရာတွင် စံထားရသော တိုင်။ ၃၊သိပ္ပံဟာသနပလ္လင်ထိပ်ရှိ သိကြားရုပ်၏ နဖူးနှင့်တည့်တည့် မျဉ်းမတ် ဖြစ်သော နေရာ။ ~တုပ်/မှန်ဒုတ်/န–[ပေါ] အမှန်အကန်အဖြစ် ထိန်းသိမ်း လျှို့ဝှက်ထားသော အသိပညာ။ ~တမ်း /မှန်ဒန်း/ ကြိဝိ–အထူးတလည် မဟုတ် မယုတ်မလွန်။ ~ထုပ် /မှန်ဒုတ်/န–ရှိန်ထုပ်နှင့်အတူတူ။ ~ပြောင်း/မှန်ဗျောင်း/န–၁၊အဝေးကြည့်ရန် မှန်ဘီလူးတပ်ထားသော ပြောင်းတံ ကိရိယာ။ ၂၊မီးအိမ်၌ တပ်ဆင်သော ဖန်ပြောင်း။ ~ဘီလူး/မှန်ဗလူး/န–ပကတိမြင်အားထက် အဆများစွာရှု၍ မြင်နိုင်အောင် လုပ်ထားသော မှန်ချပ်။ ယင်းမှန်ပါ ကိရိယာ။ ~အိမ်၊န–မှန်ပြောင်းတပ်၍ ရေနံဆီ၊ မီးစာဖြင့် ထွန်းညှိရသော မီးအိမ်။

မှန်ကူ/မှန်ဂူ/န–၁၊မှည့်လျှင်နီရဲ၍ စားရသည့် လုံးဝန်းရှည်မျောသော အသီးသီးသည့်အပင်။ ၂၊ဗြာဟ္မဏတို့ နဖူးမျက်မှောင်ကြားတွင် ရေးခြယ်လေ့ရှိသော အစက်အပြောက် သို့မဟုတ် ထောင့်ချွန်းကွက်။ ၃၊အနားညီပြိုင်၍ ထောင့်ချွန်းနှစ်ဖက်ပါ အကွက်ပုံ။ ရာဇမတ်ကွက်။ ဆန့်ငင်းမကောင်းကွက်။ ၄၊[ဥပစာ] အထွတ်အမြတ်။

မှန်စာ²/မှန်စာ/န–စက္ကူဖြန့်ကြီးကို မှန်းရနိုင်စွမ်းရှိအောင် သုတ်ရန် ဖန်မှုန့်နှင့် ကော်ရည်ရောထားသော အရာ။ [ဟိန္ဒီ၊မာံဇာ]

မှန်တော့/မှန်ဒေါ့/န–အရည်ရွှမ်း၍ ဝါသော သီးလုံးငယ်ကို စားရပြီး၊ အခေါက်မှ အဝါရောင် ဆိုးဆေး ထုတ်လုပ်ရသော ပင်လတ်တစ်မျိုး။

မှန်ဖြူ/မှန်ဖျူ/န–မာ၍ဖြူသော အသားရှိသည့် လွင်ပြင်သစ်တောပေါက် သစ်ပင်တစ်မျိုး။

မှန်လာ၊န–အသီး၌ ဆူးငယ်ရှိသော နွယ်ပင်တစ်မျိုး။

မှန်လျှင်း/မှန်လှယင်း/န–အသီးစားရသော အပင်တစ်မျိုး။

မှန်း၊ကြိ–၁၊ချင့်ချိန်ကြည့်သည်။ တွက်ဆကြည့်သည်။ ၂၊ ရည်ရွယ်ထားသည်။ စည်း– ၁၊ အဖြစ်သနစ်၊ အခြေအနေမှန်ကို သိသည်၊ မသိသည်ကို ဖော်ပြရာ၌ သုံးသည့်စကားလုံး။ "လူ~မသိ။ စားရ~သိ–။" ၂၊အဖြစ်သနစ်၊ အခြေအနေမှန်ကို သိလို၍ စုံစမ်းလိုသောအခါ ပြစမ်းဟူသော အနက်ဖြင့်သုံးသော အာလုပ်စကား။ "~ကြည့်ရအောင်။" ~ချေကိုက် /မှန်းချေကိုက်/ကြိ–မှန်းထားသည့်အတိုင်း ဖြစ်မြောက်သည်။ ~ဆင်မ၊န–တောဆင်ရိုင်းကို ချေးဆောင်ကျူးသွင်းရသော ဆင်ယဉ်မ။ အောက်မားဆင်။

မှိန်၊နဝိ–၁၊အလင်းအားနည်းသော။ ၂၊အရောင်ဖျော့တော့သော။ ၃၊မထင်ရှား မပေါ်လွင်တော့သော။

မှိန်း¹၊ကြိ–မျက်စိမှိတ်လျက် ငြိမ်သက်စွာ နေသည်။ ~ဆင်၊န–သုံးမရသေးသော ဆင်ငယ်။

မှိန်း²၊န–အဖျားလုံးချွန် သို့မဟုတ် အခွရှိသော အရိုးရှည်တပ် သံလက်နက်။ [မွန်၊ဗိုင်]

မှုန်၊နဝိ–၁၊အမြင်အား လျော့နည်းသော။ ၂၊သဲကွဲကြည်လင်စွာ မမြင်သာအောင်ဖြစ်သော။ ~ကုပ်ကုပ်၊ကြိဝိ–မကြည်မလင် မလှပ်မယှက်။ ~ဝေ၊ကြိ–[ပေါ]မကျေမနပ် မကြည်သော ဖြစ်သည်။ ~မွှားမွှား၊ကြိဝိ–မကွဲမပြားရေးရေးမျှ။ န–သေးမွှဲသောအရာ။ ~သိုးသိုး/မှန်သိုးသိုး/ကြိဝိ–မကြည်သာ မနှစ်မြို့သော အမူအရာနှင့်။

မှုန့်၊နဝိ–အလွန်ကြေညက်သော။

မှုန်း၊ကြိ–၁၊ပြန့်ညီအောင် ပြုသည်။ ၂၊ချေဖျက်သည်။

မြွေ/မွေ/န–ခြေလက်မဲ့၍ ကိုယ်လုံးဖြင့် လူးလွန့်သွားသော အလျားရှည် သားစားသတ္တဝါ။ ~ကျောင်ကောင် /မွေကျောင်ဂေါင်/န–သေးငယ်သော မြွေတစ်မျိုး။ ~စိမ်းမြီးခြောက်/မွေစိန်းမီးကျောက်/န–အမြီးဖျားမဲ့ညိုရောင်ရှိသော အဆိပ်ပြင်း မြွေစိမ်း။ ~ဆိုး /မွေဆိုး/န–မြွေပွေး၊ မြွေဟောက်စသော အဆိပ်ပြင်းသည့် မြွေမျိုး။ ~ပတဲ့/မွေဗဒဲ့/န–အမြီးကို ခေါင်းသဖွယ်ထောင်၍ လှည့်စားတတ်သည့် အဆိပ်မဲ့ မြွေတစ်မျိုး။ ~ပါ/မွေဗာ/န–မြွေကို နိုင်နင်းစွာ ဖမ်းဆီးကိုက်ဖြတ်တတ်သော ခြေ လေးချောင်းသတ္တဝါငယ် တစ်မျိုး။ ~ပါးကင်းပါး /မွေဗားကင်းဗား/န–မြွေများ ကင်းများ ရှိနိုင်သော အရပ်။ ~ပူရာကင်းမှောင့်/မွေပူယာကင်းမှောင့်/ ကြိ–[ဥပစာ]ဒုက္ခ အခက်အခဲ ကြုံတွေ့နေဆဲတွင် နောက်ဒုက္ခ အခက်အခဲ တစ်ခု ဖြစ်ပေါ်သည်။ ~ဗုပ်မ /မွေဗုတ်မှာ/န–အဆိပ်မဲ့ရေမြွေ တစ်မျိုး။ ~ဖြဒါး /မွေဗဒါး/န–ပြဒါးရောင်ရှိသော အဆိပ်မဲ့ မြွေတစ်မျိုး။ ~မွေး/မွေမွေး/န–ငြိမ်သက်စွာ ခွေနေတတ်၍ ထိလျှင် လျင်မြန်စွာ ပေါက်တတ်သော မြွေဆိုးတစ်မျိုး။ ~မွေးပေါ်ပိုက်ပိုက်/–ဂနိုက်ပိုက်/ ကြိ–[ဥပစာ] အန္တရာယ်ပြုတတ်သူကို မွေးမြူထားသည်။ ~မွေးပိုးထိ/–ပိုးထိ/ကြိ–[ဥပစာ] သူတစ်ပါးကို လှည့်ပတ် အကောက်ကြံတတ်သူမှာ အခြားသူ၏ လှည့်ပတ်အကောက်ကြံခြင်းကို ခံရသည်။ ~မသေတုတ်မကျိုး/မွေမသေဒုတ်မကျိုး/ကြိဝိ–

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

နှစ်ဦးနှစ်ဖက် နစ်နာခြင်းမရှိ ခြေလည်စေလျက်။ ~ရိုး/မွေယိုး/န-၁။ပန်းပုလက်ရာ ပန်း နွယ် ပန်းခွေ စသည်တို့တွင် အလယ်မောက်သော နေရာ။ ၂။လှံ သွား အလယ်တွင် ဒုအထူဆုံးနေရာ။ ၃။လယ်ထွန်ရာ တွင် ထွန်ရေးမစပ်ဘဲကျန်နေသော မြေကြော။ ~လက်ပံ /မွေလက်ပတ်/န- မြွေတစ်မျိုး။ ~လိမ် မြွေကောက်/မွေလိမ်မွေဂေါက်/ ကြိဝိ-တွန့်တွန့် ကောက်ကောက်။ ~သံဖြတ်/မွေ သန်ဖျတ်/န- ခါးသံ သက်နက်ထိုပြီး မသေသေးဘဲ ဒေါသတကြီး ဖြစ်နေသည့် မြွေ။ ~သံရောင်/မွေသန်ယောင်/ န-သံရောင်လက်သော မြွေတစ်မျိုး။ ~ဟောက် /မွေဟောက်/န-ဒေါသထွက်သောအခါ ပါးပျဉ်း ထောင်လာတတ်သော မြွေဆိုးတစ်မျိုး။ ~ အန် /မွေအန်/န-ကင်းပုံရွက်နှင့် အရွက်ချင်း ဆင်၍ အမြစ်ကို မြွေဆိပ်ဖြေဆေးအဖြစ် သုံးရသော ဆေး ဖက်ဝင် နွယ်ပင်တစ်မျိုး။

မြွက်/မျွက်မွက်/ကြိ-ထုတ်ဖော်ပြောဆိုသည်။ မြွက်ဟ သည်။ ~ကြား/-ကျား/ကြိ-ထုတ်ဖော်ပြောဆို၍ သိစေသည်။ မြွက်ဆိုသည်။

မျှ။ကြိ-၁။မပိုမလျော့ဖြစ်သည်။ ညီသည်။ ၂။ခွဲဝေသည်။ စည်း-ခန့်မှန်း နှိုင်းယှဉ်ဖော်ပြလိုရာ၌ သုံးသော စကားလုံး။ ~တ။ကြိ-၁။မပိုမလျော့ဖြစ်သည်။ ညီမျှ သည်။ ၂။သင့်တင့်စွာ လုံလောက်ပြည့်ဝစေသည်။ ၃။ခွဲဝေသည်။

မျှား။ကြိ-၁။မက်မောဖွယ်ရာတစ်ခုခုဖြင့် သွေးဆောင် သိမ်းသွင်းသည်။ ၂။ငါးမျှားချိတ်တွင် အစာတပ်၍ ငါးကို ထောင်သည်။

မျှော။ကြိ-၁။ရေပြင်ပေါ်၌ ရွေ့ပါစေသည်။ မျှောစေ သည်။ ၂။ [ဥပစာ] တစ်စုံတစ်ခုသော အတိုင်းအတာ၊ အခြေအနေအထိ အလိုက်သင့် ဆိုက်ရောက်စေ သည်။ ~စာ/မျှောစာ/န-၁။ဆိုင်ရာ အာဏာပိုင်က ပေးသော၊ ပစ္စည်းတစ်စုံတစ်ရာ သယ်ယူပို့ဆောင်ခွင့် လက်မှတ်။ ၂။ရုံးတွင်းဖြန့်ဝေသောစာ။ ~ဝိုက်။န- ရေစီးတွင် ချ၍ မျှောပါစေလျက် ထောင်ရသော ငါးဖမ်းပိုက်တစ်မျိုး။ ~ဘူး။န-ဘူးမျှောနှင့်အတူတူ။

မျှော့။န-၁။သတ္တဝါကို တွယ်ကပ်၍ သွေးစုပ်တတ်သော ရေနေကျောရိုးမဲ့ အကောင်တစ်မျိုး။ ၂။မျှော့ကုပ်။ ~ကုပ်/မျှော့ဂုတ်/န-ထပ်ပိုးထားသောတန်း စသည် ကို မြဲမြံအောင် တွယ်ကုပ်ရသော သံ။ ~ကြိုး /မျှော့ဂျိုး/န-ဆန့်နိုင် ရှုံ့နိုင်စွမ်းရှိသော ကြက် ပေါင်ကြိုး။ ~ကြောင်း/မျှော့ဂျောင်း/န-ဓား စသည် တွင် အလျားလိုက်ဖော်ထားသော အကြောင်း။ ~ရွှေပေါ်/မျှော့ယွှေဗော်/န-မျှော့ကြောင်းဖော်ရ သော ရွှေပေါ်တစ်မျိုး။ ~လုံး။န-ခုံးကြွ၍ တန်းနေ သော မျှော့ကြောင်းတစ်မျိုး။ ~ဝမ်း/မျှော့ဝန်း/ န-မျှော့ကြောင်းတွင် ချိုင့်ဝှမ်းနေသော မြောင်း ကြော။ ~သွေးစမ်း/မျှော့သွေးစန်း/ကြိ-[ဥပစာ] အခြေအနေကို မဝံ့မရဲတရွေ့ရွေ့ စူးစမ်းသည်။

မျှော်။ကြိ-၁။(အဝေးအရပ်သို့) မျက်နှာမူ၍ ကြည့်သည်။ ၂။စောင့်လင့်သည်။ ငံ့လင့်စောင့်စားသည်။ ~ကိုး /မျှော်ကိုး/ကြိ-တမ်းတငံ့လင့်သည်။ ~ခေါ်။ကြိ- ရှေ့အလားအလာကို တွေးတောကြည့်သည်။ ~စင် /မျှော်ဇင်/န-အဝေးသို့ လှမ်းကြည့်ရန် အဆောက် အအုံမြင့်။ ~လင့်။ကြိ-ရည်မှန်း စောင့်စားသည်။

မျှို့။န-မင်္ဂလာ။ ကျက်သရေ။ [သ။ဗြိ(ဂ>သျှ။ဗ>မျှ)]

မျှင်။ကြိ-အစိတ်စိတ် အမြှာမြှာဖြစ်အောင် ခွဲဖြာသည်။ နဝိ-သေးသွယ်သော။ "နန်းကြိုး~။" န-မျှင်ငါးပိ လုပ်ရသော အလွန်သေးငယ်သော ရေသတ္တဝါ။ ~ငါးပိ/မျှင်ငပိ/န-မျှင်ကောင်ကို ဆားနယ်၍ ထောင်းထားသော ငါးပိ။

မျှစ်။န-စားသုံးရသော ဝါးပင်အစို့။ ~ချဉ်။န-ချဉ်အောင် ဆားနှင့်နယ်၍ ဆန်ဆေးရည် ထည့်သိပ်ထားသော မျှစ်။ ~ဆောက်။န-ပါးပါးလှီး၍ ရေစိမ်ထားသော မျှစ်စိမ်း။

မျှဉ်း။ကြိ-ဖြည်းညင်းသက်သာ ကြာရှည်စွာ ပြုလုပ် သည်။

မြှူ။ကြိ-၁။အလိုသို့ လိုက်ပါအောင် သွေးဆောင်သည်။ ၂။ကြည်သာပျော်ရွှင်အောင် ယုယသည်။ ~မြှိုက်။ ကြိ-ဥစ္စာပစ္စည်း စသည်ရအောင် ချော့မော့ ဖြား ယောင်းသည်။

မြှေး။ကြိ-ယှက်သန်းသည်။ ငြိကပ်ဖုံးအုပ်သည်။

မြှောက်။ကြိ-၁။တစ်စုံတစ်ရာကို ပင့်မသည်။ ၂။မြင့်သော အရာအထူးသို့ တင်သည်။ ၃။ချီးကျူးသည်။ ပင့်သည်။ ၄။[သင်္ချာ] ကိန်းတစ်ခုကို အခြားကိန်း တစ်ခုဖြင့် အလီပွားသည်။ ~ကိန်း။န-[သင်္ချာ]မြှောက်ရမည့်ကိန်း။ ~ခြေ။န- [သင်္ချာ]မြှောက်ကိန်း။ ~စား။ကြိ-တစ်စုံတစ်ဦးကို အရေးပေး ချီးမြှောက်သည်။ ~စည်။န-မင်းဧကရာဇ် တို့ ဝင်တော်မူရာတွင် တီးရသည့်စည်။ ~ထိုး ပင့်ကော် /မြှောက်ထိုးပင့်ဂေါ်/ကြိဝိ-သွေးကြွအောင် လှုံ့ဆော်လျက်။

မြှိုက်။ကြိ-တစ်စုံတစ်ရာကို မီးတောက်ဖြင့် ပူလောင် စေသည်။ လောင်ကျွမ်းစေသည်။

မြှင့်။ကြိ-အထက်သို့ ရောက်စေသည်။ မြင့်စေသည်။

မြှောင်။ကြိ-၁။အနီးအပါး၌ ကပ်၍တည်သည်။ ယှဉ်ကပ် သည်။ ၂။မှီခိုသည်။ ကြိဝိ- ပုဆိုးစကို လုံး၍ တင်းတင်းကျပ်ကျပ် ကပ်နေအောင် (ခါးတောင်း ကျိုက်သည်)။

http://www.lknt11.com ...

မြှောင်၊စည်း–အမြှောင်ကို ရေတွက်သော စကားလုံး။

မြှုပ်၊ကြိ–၁၊ရေ၊ မြေစသည်အတွင်း၌ နစ်ဝင်အောင် လုပ်သည်။ မြုပ်အောင် လုပ်သည်။ ၂၊မဖော်ပြဘဲ ခြွင်းချန်သည်။ ၃၊လုပ်ငန်းတစ်ခုတစ်ရာအတွက် ရင်းနှီးထားသည်။ ~ကွက်၊န–ဖုံးကွယ်ထားသော အရေးပါသည့် အကြောင်းအချက်။ ~နှံ၊ကြိ–၁၊ရေ၊ မြေစသော တစ်စုံတစ်ရာအတွင်း၌ အလုံးစုံ နစ်ဝင်အောင် မြှုသည်။ ၂၊လုပ်ငန်း တစ်စုံတစ်ရာ အတွက် ရင်းနှီးထားသည်။

မြှူး၊န–ဝါးတံများဖြင့် လုပ်ထားသည့် ဝင်ပေါက်သာ ရှိသော ငါးဖမ်းကိရိယာတစ်မျိုး။ ~ကတုံး/မှျုန်းဂဒန်း/န–ငါးထောင်ချောက် မြှူးကျဲ တစ်မျိုး။ ~ကျုမ်း၊ကြိ–မြှူးဖြစ်အောင် လုပ်သည်။ ~ပေါင်းလဲ၊ န–လှံ၍ ငါးထောင်ရသော မြှူးတစ်မျိုး။ ~သားလှည့် /မှျုန်းသလှဲ/န–မြှူးဘေးတွင် ဖွင့်နိုင်ရန် လုပ်ထားသော နေရာ။

မွှား၊နဝိ–အလွန်သေးငယ်သော။ အလွန်မှုန်သော။ န–ကျွဲမွှားစသည်ကို တွယ်ကပ်၍ သွေးစုပ်တတ်သော ပိုးကောင်ငယ်။ ~ပေါက်/မွှားဖောက်/န–မီးလင်းဖို၏ အနီးထွက်ရာ အပေါက်ငယ်။

မွှေ၊ကြိ–၁၊ရောနှောအောင်၊ သမအောင် တစ်စုံတစ်ရာဖြင့် အကြိမ်ကြိမ် ဖေ့ဝိုက်သည်။ ၂၊အနှံ့လှန်လှော ရှာဖွေသည်။ ဖရိုဖရဲ ရှုပ်ပွအောင် ပြုသည်။ ၃၊ နှောင့်ယှက်သည်။

မွှေ့၊ကြိ–အရှိန်ပြင်းစွာ ဖေ့ဝိုက်သည်။

မွှေး[၁]၊နဝိ–ကောင်းသော ရနံ့ရှိသော။ ကြိ–၁၊ကောင်းသော ရနံ့ကို ခံစားရသည်။ ၂၊နမ်းသည်။

မွှေး[၂]၊ကြိ–လောင်စာကို မီးခွဲတောက်အောင် ပြုလုပ်သည်။

မှွတ်၊နဝိ–၁၊ပြေပြစ်လည်ပတ်သော။ ၂၊ပိုင်နိုင်ကျွမ်းကျင်သော။ ၃၊အိညက်သော။

မွှန်၊ကြိ–၁၊ဖျံ့နှံ့လွှမ်းမိုးသည်။ ၂၊ပြင်းသော အနံ့အငွေ့ကို ရှူရှိုက်မိ၍ အသက်ရှူရခက်သည်။ ၃၊အာရုံ ရှုပ်ထွေး၍ ကယောင်ချောက်ချား ဖြစ်သည်။ ~ထူ၊ကြိ–အလွန်မွှန်သည်။

မွှန်း၊ကြိ–၁၊ဓားဖြင့် အနှံ့လှီးသည်။ ၂၊(အသံ၊ ရနံ့) ဖျံ့နှံ့သည်။

မြှာ/မွှာ/ကြိ–အစိတ်စိတ် ခွဲဖြာသည်။ စည်း–အမြှာကို ရေတွက်ရာတွင် သုံးသော စကားလုံး။

မြှောင်း၊ကြိ–ဓားဖြင့် အမြှောင်းအမြှောင်း လှီးသည်။

ယ

ယ[၁]၊န–ဗျည်းသုံးဆယ့်သုံးလုံးတွင်နှစ်ဆယ့်ခြောက်လုံးမြောက်ဗျည်း။ (ယပက်လက်ဟုခေါ်သည်။) ~ပင့်၊ န–ဗျည်းတွင် ယှဉ်တွဲသော ယသင်္ကေတ။ ျ။

ယ[၂]၊န–ယေယျာလကို အတိုရေးသော အမှတ်အသား တစ်မျိုး။

ယကွင်း/ယငွင်း/န–ဝိုက်၏ ထောင့်စွန်းကို ကိုင်းတံ ၂ ချောင်းဖြင့် ကန့်လန့်တပ်ထားသော ရေတိမ်ပိုင်း သုံး ငါးဖမ်းကိရိယာ။

ယခု၊န–လက်ငင်းကာလ။

ယခင်၊န–လွန်ခဲ့သောကာလ။

ယခေါင်၊န–[ပေါ]ရှေးရှေးကာလ။

ယင်၊န–ရှေးခေတ် ဆံထုံးနည်းတစ်မျိုး။

ယတိ/ယဒိ/န–ကဗျာရေးရာ ရွတ်ဖတ်ရာ၌ တန့်ရပ်ရသော အပိုင်းအခြား။[ပါ၊ယတိ] ~ဖြတ်/ယဒိဖျတ်/ကြိဝိ–အပြီးအပြတ်။ ~မှတ်/ယဒိမှတ်/န–ယတိကို သိသာထင်ရှားအောင် ပြသော အမှတ်အသား။

ယတြာ/ယဒယာ/န–ဖြစ်ပေါ်လာနိုင်သော မကောင်းကျိုးကို ပျက်ပြယ်စေရန် ဗေဒင်ပညာအရ ဆောင်ရွက်သော အစီအရင်။ [သ၊ယာတြာ] ~ချေ/-ချေ/ ကြိ– ယတြာ အစီအရင်ပြုလုပ်သည်။

ယထာဘူတ၊န–မှန်ကန်ညီညွတ်ခြင်း။ အမှန်အတိုင်း ဖြစ်ခြင်း။ [ပါ၊ယထာဘူတ] ~ကျ၊ကြိ–ဖြစ်စဉ် သဘာဝအတိုင်း မှန်ကန်ညီညွတ်သည်။

ယနမကင်း/ယနှာမကင်း/ကြိ–သံသယဖြစ်သည်။ ယုံမှားသည်။ (သက်သယနလည်း ရှု)

ယနေ့၊န–ကျရောက်ဆဲရက်။ ကနေ့။

ယမက၊န–အတွဲအဖက်။ အစုံ။ [ပါ၊ယမက]

ယမကာ၊န–သောက်ဖွယ်၊ ဖျော်ရည်။ [ပါ၊ယာမကာလိက]

ယမနေ၊န–အသားမပျော့မမာ ညက်သော၍ အဖြူရောင်ရှိသော ပင်စောက်တစ်မျိုး။

ယမင်း/ယမှာမင်း/န–ငရဲပြည်ကို အစိုးရသူ။ ငရဲမင်း။ [ပါ၊ယမ+မြန်မင်း]

ယမား၊န–မိုးရွာချိန်တွင် တောင်ပေါ်ချောင်းများမှ အရှိန်ပြင်းစွာ စီးဆင်းသောရေ။ တောင်ကျချောင်း။

ယမံဆဲ/ယမန်စန်/န–[ရှေး] နောက်လှန်ဖြီးချထားသော ဆံပင်ရှည်။

ယမိုက်ပြာဋိဟာ၊န–မြတ်စွာဘုရား ကိုယ်တော်မှ ရေမီးအစုံ ထွက်စေလျက်ပြသော တန်ခိုးတော်။ [သ၊ယမက+ပြာဋိဟာရိယ]

ယမင်း၊န–လှပသော မိန်းမငယ်။

ယမန်၊နဝိ–လွန်ခဲ့သော။ "~နေ့။ ~နှစ်။"

ယမုန်နာ၊န–၁၊အိန္ဒိယပြည်ရှိ မြစ်တစ်စင်း၏အမည်။ ၂၊(ကဗျာ) မြစ်။ [ပါ၊ယမုနာ]

ယမြား၊န–[ပေါ]အလောင်းဝင် စသည်ကို ချည်၍ဆွဲသွားရသော ဖိတ်ဖြူရှည်။

မာတိကာသို့ ▶▶▶

ယရည်း၊န–[ပေါ]ဆင်ထိန်း။

ယသေး/ယသေ့း/န–ကောက်စပါးတစ်မျိုး။

ယာ¹၊န–ပဲပြောင်းစသည် သီးနှံစိုက်ပျိုးသော မြေကွက်။ ~ခင်း/ယာခင်း/န–ပဲပြောင်းစသော သီးနှံစိုက်ပျိုးရာ စိုက်ခင်း။ ~တော/ယာဒေါ/န–ယာခင်းများ။

ယာ²၊ကြိ–ကွမ်းရွက်တွင် ထုံး၊ ကွမ်းသီးစသည်ထည့်၍ ထုပ်သည်။ စည်း–ကွမ်းယာကို ရေတွက်သော စကားလုံး။

ယာ³၊န–လက်ယာဘက်။ လက်ယာ။

ယာစု၊န–ဆန်ပြုတ်။ [ပါ၊ယာဂု]

ယာစကာ/ယာစဂါ/န–သူတောင်းစား။ [ပါ၊ယာစက]

ယာမာ၊န–နတ်ပြည်ခြောက်ထပ်တွင် တတိယနတ်ပြည်။ [ပါ၊ယာမာ]

ယာယီ၊နဝိ–ခေတ္တမျှသာဖြစ်သော။ အတည်အမြဲမဟုတ်သော။ ကြိဝိ–ခေတ္တ။ [ပါ၊ယာယီ]

ယား၊ကြိ–၁၊ကုတ်ခြစ်ခံလိုသော ခံစားမှုဖြစ်ပေါ်သည်။ ၂၊[ဥပစာ] တစ်စုံတစ်ခုပြောဆို ပြုမူလိုစိတ် ကြွရွပြင်းပြသည်။ ~နာ၊န–ယားယံသော အရေပြားနာတစ်မျိုး။ ~ယံ၊ကြိ–ယား၊ကျိကျိဖြစ်သည်။

ယီးတီးယားတား/ယီဒီးယားဒါး/ကြိဝိ–ဟိုလိုလို သည်လိုလို။ မပြတ်မသား။ ယီးတီးယောင်တောင်။

ယီးတိုက်၊ကြိ–လှေလှော်ရာ၌ ပြိုင်တူအားထုတ်ကြရန် အသံပေး အားညှိသည်။

ယီးလေလေ၊န–ယီးတိုက်ရာတွင် တစ်ညီတည်း အော်ဆိုကြသော အသံ။

ယုဂန္ဓိုရ်/ယုဂန်ဒို/န–တောင်ခုနစ်ထပ်တွင် အတွင်းအကျဆုံးဖြစ်၍ နေလသွားလမ်းနှင့် အမြင့်တစ်ညီတည်းဖြစ်သော တောင်။ [ပါ၊ယုဂန္ဓရ]

ယုဇန၊န–ပွင့်ဖတ်ဖြူ ငါးခုပါရှိသည့် ရနံ့မွှေးသော အပွင့်ငယ်များ အဆုပ်လိုက်ပွင့်သော ပန်းပင်တစ်မျိုး။ မောကြီတော။ [?]

ယုယ၊ကြိ–ချစ်ခင်ကြင်နာစွာ ပြုစုသည်။

ယုဝ၊န–ပျိုရွယ်သော ယောကျ်ား။ [ပါ၊ယုဝ]

ယုဝတီ/ယုဝဒီ/န–ပျိုရွယ်သော မိန်းမ။ [ပါ၊ယုဝတိ]

ယူ၊ကြိ–၁၊လက်ဖြင့် လှမ်းကိုင်၍ ရအောင် ပြုသည်။ ၂၊ရရှိပိုင်ဆိုင်အောင်ပြုသည်။ ၃၊သယ်ဆောင်သည်။ ၄၊စွဲမှတ်သည်။ မှတ်ယူသည်။ ၅၊လက်ခံယုံကြည်သည်။ ~ကျုံးမရ/ယူဂျုန်းမယ/ကြိဝိ–ဖြေဆည်မရအောင် ဝမ်းနည်းကြေကွဲလျက်။ ~ဆ၊ကြိ–သဘောရသည်။ ထင်မှတ်သည်။ ထင်မြင်သည်။

ယူကလစ်၊န–ရှည်ချွန်းသောအရွက်မှ အမွှေးကိန်းသော အဆီထွက်သည့် သစ်ပင်မြင့်တစ်မျိုး။ [လိပ်၊ eucalyptus]

ယူစနာ၊န–တာခြောက်ထောင်လေးရာရှိ အကွာအဝေး။ [ပါ၊ယောဇန]

ယူနီဖောင်း၊န–တူညီဝတ်စုံ။ [လိပ်၊uniform]

ယူနစ်၊န–၁၊အခြေခံဖြစ်သော အဖွဲ့အစည်း။ ၂၊အခြေခံအတိုင်းအတာ။ [လိပ်၊unit]

ယူရေနီယံ/ယူရေနီယန်/န–(အဏုမြူစွမ်းအား ထုတ်လုပ်ရာ၌ အခြေခံဖြစ်သော) အလွန်လေး၍ ငွေရောင်ရှိသော ရေဒီယိုသတ္တိကြွ သတ္တုဒြပ်စင်။ [လိပ်၊uranium]

ယူရေနတ်ဂြိုဟ်/ယူရေနတ်ဂျို/န–နေရှိရာမှ အစဉ်အားဖြင့် သတ္တမဖြစ်၍ အရံဂြိုဟ် ငါးလုံးရှိသော ဂြိုဟ်။ [လိပ်၊Uranus+သ၊ဂြဟ]

ယူးယူး၊စည်း–[ပေါ]လုနီးပါး။

ယေဘုယျ/ယေဘုယ်ယာ့/နဝိ–အများအားဖြင့် ဖြစ်သော။ [ပါ၊ယေဘုယျ]

ယေရှု၊န–ခရစ်ယာန် အယူဝါဒကို စတင်ပြောဟော ဖြန့်ချိသော ပုဂ္ဂိုလ်မြတ်။ [လိပ်၊Jesus]

ယဲ့၊နဝိ–ချည့်နဲ့သော။ ယိုင်နဲ့သော။

ယောဂီ၊န–ကမ္မဋ္ဌာန်းအားထုတ်သော ပုဂ္ဂိုလ်။ [ပါ၊ယောဂီ] ~ရောင်၊န–နီညိုရင့်ရောင်။

ယောဇနာ၊ကြိ–အနက်ပြန်ဆိုသည်။ န–ပါဠိကျမ်းတစ်ခုခုကို ပါဠိဘာသာဖြင့် တစ်ပိုဒ်ချင်း အနက်ပေးသော ကျမ်း။ [ပါ၊ယောဇနာ]

ယောနိ၊န–၁၊ပဋိသန္ဓေ။ ၂၊မိန်းမကိုယ်။ [ပါ၊ယောနိ]

ယောနိသောမနသိကာရ/ယောနိသောမနသိကာရ/န–သင့်မြတ်စွာ နှလုံးသွင်းခြင်း။ အထိုက်အလျောက် သဘောထားခြင်း။ [ပါ၊ယောနိသော+မနသိကာရ]

ယောဖက်/ယောဖက်/န–ယောနယ်ထွက် ပြောင်းဖူးဖက်။

ယံ¹၊န–ညဉ့်၏အပိုင်းအခြား။ "ညဦး~။ သန်းခေါင်~။ မိုးသောက်~။" [ပါ၊ယာမ]

ယံ²၊န–နေရာအပိုင်းအခြား။ "မြစ်~။ ကောင်းကင်~။ တောင်~။"

ယို¹၊ကြိ–၁၊အောက်ကြောင်း၊ အပေါက်စသည်မှ စီးထွက်သည်၊ စီးဝင်သည်။ ၂၊ပျက်ယွင်းသည်။ လျော့နည်းသည်။ ၃၊ မစင်စွန့်ထုတ်သည်။ ~ပေါက် /ယိုဖောက်/န–၁၊စီးထွက်သော အပေါက်။ ၂၊[ဥပစာ] အကျိုးမဲ့ ဖြုန်းတီးသော အခြေအနေ။ ~စိတ်၊ကြိ–၁၊ထည့်သိုစရာ တစ်ခုခုမှ ပြင်ပသို့ ထွက်စေ ကျသည်။ ၂၊[ဥပစာ]လေလွင့်ဆုံးပါးသည်။ အလဟဿ ကုန်ဆုံးသည်။ ~ယွင်း၊နဝိ–ပကတိအခြေအနေမှ ဖောက်ပြန်ချွတ်ယွင်းသော။ ပျက်စီးသော။ ~အိမ်၊န–အိမ်သာ။

ယို²၊န–အသီးအနှံတို့ကို သကြားစသည်ဖြင့် ပျစ်ပျစ်ကျို ချက်ထားသော စားဖွယ်မျိုး။

http://www.lknt11.com ...

ယှိုယီး။န–ယီးတိုက်ရာတွင် တစ်ညီတည်း အော်ဆိုကြသော အသံ။

ယှို့။ကြိ–ကိုယ်ကို ကျုံ့ယုံ့သည်။

ယှိုး၊ **~ရှပ်**၊ ကြိ–ရှပ်ခွဲသည်။ **~ခွဲ**။ကြိဝိ–ထပ်တူနီးပါး။ **~မယ်ဖွဲ့**။ကြိ–လိုးလွဲရန် အကြောင်းရှာ ပြောဆိုသည်။ **~မှား**၊ ကြိ– အရာဝတ္ထုတစ်ခုကို တုံ့ရာ အခြား အရာဝတ္ထုအဖြစ် မှားယွင်း ထင်မှတ်သည်။ **~မှားကြော်**/ယှိုးမှားကျော်/န–ဘူးသီးကြော်နှင့် ယှိုးမှားဖွယ်ဖြစ်သော အကြော်။ **~ယံ**[၁]၊ ကြိ–[ပေါ] ယှိုယွင်းသည်။

ယှိုးဒယား။န–ထိုင်းနိုင်ငံကို ယခင်က မြန်မာတို့ ခေါ်သော အမည်။ [ပါ၊အယုဒ္ဓယ] **~ပန်း**။န–ကနုတ်ပန်းနှင့် အတူတူ။ **~သီချင်း**/ယှိုးဒယားသချင်း/န–ယှိုးဒယားလူမျိုးတို့ တီးမှုတ် သီဆိုဟန်ကို အခြေခံ၍ ပြုပြင် ဖွဲ့ဆိုထားသော မြန်မာသီချင်းကြီး တစ်မျိုး။

ယှိုးယား။ကြိ–[ပေါ]ရွေ့ရှားသည်။ ရောင်ကြဉ်သည်။ ကြိဝိ–[ပေါ]မတိမ်းမယိမ်း။

ယှိုးယံ[၂]။ကြိဝိ–[ပေါ]အမြဲမပြတ်။

ယက်။ကြိ–လက်၊ ခြေစသည်ဖြင့် တစ်စုံတစ်ရာကို တူးဆွ ခြစ်ထုတ်သည်၊ ကော်ထုတ်သည်၊ တွန်းဖယ်သည်။ **~ကန်ယက်ကန်**၊ ကြိဝိ– ၁၊ ဖည်ယမ်း ဖည်ယမ်း။ ၂၊ရုန်းမထွက်နိုင်အောင် အကျပ်အတည်း ဖြစ်လျက်။ **~ကြောင်း**။န–ခုတ်မောင်းသွားသော လှေ သင်္ဘော[illegible]ာက်တွင်ဖြစ်ပေါ်သော ရေလမ်းကြောင်း။ **~ပန်းစား**။ကြိ–လှေသင်္ဘောအဟုန်ပြင်းစွာ သွား သဖြင့် ရေပန်းဖြာထွက်သည်။ **~ပြား**။န–အဝတ်အထည်တွင် အဆင်တန်ဆာ လုပ်ရသော ရွှေချည် ငွေချည်ပြား။ **~သုံ**။န–ငါးဖမ်းကိရိယာ တစ်မျိုး။

ယက္ခ။န–ဘီလူး။ [ပါ၊ယက္ခ]

ယက်မန်း။န–အရည်ကျဲဆန်ပြုတ်။

ယောက်[၁]ကြိ–၁၊(ရက်ဖောက်တွင်) ချည်ရစ်သွင်းသည်။ ၂၊(အဝတ်ကိုလည်၌) ရစ်သိုင်းသည်။ **~ရိုးတံ**/ယောက်ယိုးဒန်/ န– ယောက်လုံးလက်ကိုင်တံ။ **~လည်တံ** /ယောက်လယ်ဒန်/ န– ယောက်လုံး ဝင်ရိုးတံ။ **~လုံး**။န–တညင်းလုံးနှင့်အတူတူ။

ယောက်[၂]၊ စည်း– လူကို ရေတွက်ရာ၌သုံးသော စကားလုံး။

ယောကျာ်း။န–၁၊အဖိုဖြစ်သောလူသား။ ၂၊ လင်။ **~ဘသား**/ယောက်ကျားဗသား/န–ယောကျာ်းတို့အား ပေးကြွေးကြော်သော စကား။ **~လျှာ**/ယောက်ကျုယှာ/န–မိန်းမဖြစ်လျက် ယောကျာ်းစိတ်၊ ယောကျာ်းအမူအရာရှိသူ။

ယောက္ခမ။န–လင် သို့မဟုတ် မယား၏ မိဘ။

ယောက်ချို။န–လက်ကိုင်ရိုးပါသော ဟင်းရည်ခပ်စရာ ခွက်။

ယောက်ဖ။န–၁၊အစ်မ သို့မဟုတ် နှမ၏လင်။ မယား၏ အစ်ကို သို့မဟုတ် မောင်။ **~ခွေးခေါ်**/ယောက်ဖှာ ခွေးခေါ်/န–ယောက်ဖခွေးခေါ်ဟူ၍ အော်မြည်တတ်သော ဥဩမျိုးဝင် ငှက်တစ်မျိုး။

ယောက်မ[၁]/ယောင်းမှာ/န–အစ်ကို သို့မဟုတ် မောင်၏ မယား။ လင်၏အစ်မ သို့မဟုတ် နှမ။

ယောက်မ[၂]။န–မွှေစရာအရွက်ပြားပါသည့် သစ်သား ချောင်း။

ယောက်ယီးယောက်ယက်၊ ကြိဝိ– ယောက်ယက် ခတ်လျက်။

ယောက်ယက်ခတ်။ကြိ–မငြိမ်မသက် လှုပ်လှုပ်ရှားရှား ဖြစ်သည်။

ယောက်သွား။န–၁၊အခွံမာနှစ်ဖက် ရင်ဆိုင်ကပ်နေသော ကိုယ်ခွံရှိ ရေသတ္တဝါ။ ၂၊ရိုးတံတပ်ထားသော ခပ်စရာခွက် တစ်မျိုး။

ယုဂ်/ယုဝ်/န–၁၊ယှဉ်တွဲခြင်း။ ၂၊ကာလအပိုင်းအခြား။ [သ၊ယုဂ]

ယင်။န–ရောဂါပိုးကို သယ်ဆောင် ဖြန့်ပွားစေတတ်သော ကိုယ်လုံးကြီး၍ တောင်ပံသေးသော ပျံနိုင်သည့် အင်းဆက် ပိုးကောင်။ **~ချေး**/ယင်ချေးအု/န–လူ၏ မျက်နှာပြင်တွင် ပေါ်ပေါက်တတ်သော အစက်အပြောက်။ **~ဖျား**/ယင်ဖျား/န–သေးငယ်သော ဖျားတစ်မျိုး။ **~မမဲရိုင်း**/ယင်မှာမဲယိုင်း/ န–အစိမ်းရောင် ပြောင်လက်သော ယင်ကောင်ကြီး တစ်မျိုး။ **~ရုံ**။န–ခြောက်လှန့်မောင်းနှင်၍ မရသော ယင်။

ယင်ပေါင်/ယင်ဗောင်/န–ငှက်ကြီးဝန်ပို။ [မွန်၊ယင်မံင်] **~ဓာ**/–ဓာ/န–ရေချိုငါးကလေးတစ်မျိုး။

ယင်း[၁]။န–၁၊ငါးစိတ်ငယ်များကို ဖော်ထားသော ငါးဖမ်း ကိရိယာတစ်မျိုး။ ၂၊ယင်းသို့ ပြုလုပ်ထား၍ လိပ်တင်နိုင်သော နေကာမိုးကာပစ္စည်း။ **~ကပ်**/ယင်းဂတ်/န–လှေသမ္ဗန်တွင် ထိုင်စရာအဖြစ် ခင်းထားသောယင်း။ **~သွင်း**။ကြိ–[ဥပစာ]သွေးဆောင် ဖြားယောင်းသည်။

ယင်း[၂]။နဝိ၊နစ–ထို နှင့်အတူတူ။

ယင်း[၃]၊ န – သုံးပုံဖဲတွင် မြန်မာဘက်က တတိယ အကြီးဆုံးဖြစ်သော ရှစ်ပွင့်ပါ ဖဲချပ်။ ကက်ဖဲတွင် ဒုတိယအကြီးဆုံး ဖြစ်သော အနီရောင်ရှစ်ပွင့်ပါ ဖဲချပ်။

ယင်းကျား/ယင်းဂျား/န–ရှမ်းပြည်နယ် တောင်ပိုင်း နမ့်စန်ဒေသတွင် အများအားဖြင့် နေထိုင်သော မြန်မာတိုင်းရင်းသားတစ်မျိုး။

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ယင်းတလဲ၊န–တိဗက်မြန်မာ အုပ်စုဝင် ဘာသာစကား တစ်မျိုးကို ပြောသော မြန်မာတိုင်းရင်းသား တစ်မျိုး။ (ကယားပြည်နယ်တွင် နေထိုင်သည်။)

ယင်းနက်၊န–ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်ဒေသတွင် အများအားဖြင့် နေထိုင်သော မြန်မာ တိုင်းရင်းသား တစ်မျိုး။

ယင်းဘော်၊န–တိဗက်မြန်မာအုပ်စုဝင် ဘာသာစကား တစ်မျိုးကိုပြောသော မြန်မာ တိုင်းရင်းသား တစ်မျိုး။ (ကယားပြည်နယ်တွင် နေထိုင်သည်။)

ယောင်¹၊ **–ယမ်း**၊ ကြိ–၁၊သတိလစ်ဟင်း၍ အလွဲလွဲ အချော်ချော် ပြောဆိုပြုမူသည်။ ၂၊အိပ်ပျော်ရာ၌ ပုံမှန်အသိစိတ် မပါဘဲပြုမူ ပြောဆိုသည်။ **–ချာချာ** /ယောင်ချာချာ/ ကြိဝိ–မည်သို့ လုပ်ကိုင်ဆောင်ရွက်ရမည်ကို ဝေခွဲ မရ ဖြစ်လျက်။ ယောင်ကန်းကန်း။ ယောင်နန။ ယောင်လည်လည်။ ယောင်အအ။ **–ခြောက်ဆယ်**၊ န–အလုပ်တစ်စုံတစ်ရာ မည်မည်ရရ တည်တည်တံ့တံ့ မရှိသောသူ။ ယောင်သုံးဆယ်။ **–ဝါးဝါး**၊ ကြိဝိ– အသေအချာ အတပ်မသိဘဲ။

ယောင်²၊န–ပုံသွင်။ ဟန်ပန်။ **–ယောင်**၊ကြိဝိ–မဆို စလောက်။ မတိမ်းမယိမ်း။

ယောင်း၊နဝိ–သွေ့ခြောက်သော။ "သစ်– ဝါး–။"

ယောင်းယင်၊န–အောက်ချင်းငှက်နှင့်ဆင်သော ငှက်ကြီး တစ်မျိုး။

ယိုင်၊ကြိ–၁၊မတ်မတ် မတည်နိုင်ဘဲတိမ်းစောင်းသည်။ ၂၊[ဥပစာ] မူလအခြေအနေ ယိုယွင်းသည်။

ယစ်၊ကြိ–၁၊အရက်သေစာသောက်စားခြင်း စသည့်ကြောင့် မူးဝေသည်။ ၂၊မိန်းမောသည်။ "စည်းစိမ် ––။ အာဏာ––။" **–ထုတ်**၊န–အမြဲတစေ အရက်သေစာ သောက်စားသူ။ **–မျိုး**၊န–ဘိန်းအရက် စသည့် မူးယစ်စေတတ်သော အရာများ။

ယစ်/ယဇ်/န–ဆိုင်ရာကိုးကွယ်မှုအရ ပူဇော်ပသမှု။ [သ၊ယဇ္ဇ]

ယဉ်၊နဝိ–၁၊သိမ်မွေ့သော အမူအရာရှိသော။ ပြေပြစ်သော။ ၂၊နှစ်သက်ဖွယ်ဖြစ်သော။ ၃၊ထိတွေ့မှုများ၍ ရိုးနေပြီဖြစ်သော။ **–ကျေး**၊နဝိ–၁၊သိမ်မွေ့သော အမူအရာရှိသော။ ပြေပြစ်သော။ ၂၊နှစ်သက်ဖွယ် ဖြစ်သော။ ၃၊တိုးတက်သော လူမှုအဆင့် အတန်း ရောက်သော။ **–ကျေးမှု**၊န–၁၊သိမ်မွေ့ ပြေပြစ်သော တတ်သိလိမ္မာမှု။ ၂၊တိုးတက် ထွန်းကားလာသော လူမှုအဆင့်အတန်း။ ၃၊အစဉ်အလာ အားဖြင့် ထိန်းသိမ်းတည်ရှိလာသော ဓလေ့ထုံးတမ်း စသည်။ **–ပါး** /ယင်ဖား/ နဝိ– ထိတွေ့မှုများ၍ ကျွမ်းဝင် ရင်းနှီးသော။

ယဉ်စွန်းတန်း/ယင်ဇွန်းဒန်း/န–အီကွေတာမျဉ်း၏ တောင်ဘက် မြောက်ဘက် ၂၃½° အကွာအဝေးရှိ မျဉ်းကြောင်း။ [ပါ၊အယန+မြန်၊စွန်း+တန်း]

ယဉ်တောင်၊န–[ပေါ]မြစ်ရေပြင်။

ယဉ်သွား/ယင်သွား၊ ယသွား/န–တိုင်ချည်ထဲ မောက်ချည်သွင်းပြီး သိပ်သည်းအောင် ရိုက်ခတ်ရသော ကိရိယာ။ [သ၊ယန္တ+မြန်၊သွား]

ယဉ်၊ ကြိ–အစွန်းအမြိတ် ထိစပ်သည်။ **–သီး**၊ ကြိဝိ–အစွန်းအမြိတ် ထိစပ်လုနီးပါးဖြစ်လျက်။

ယဉ်းနာ၊န–ကူးစက်တတ်သော အများကြီးသည့် ရောဂါဆိုးတစ်မျိုး။

ယာဉ်၊န–စီးနင်းသွားလာရန်၊ ကုန်ပစ္စည်းသယ်ယူ ပို့ဆောင်ရန် ဆွဲအား၊ တွန်းအား၊ စက်အားဖြင့် ရွေ့လျားသော အရာမျိုး။ [ပါ၊ယာန] **–ကြော**/ယင်ကျော/န–ယာဉ်များဆက်တိုက် ဦးတည်မောင်းနှင်သွားရာ လမ်းကြောင်း။ **–ထိန်း** /ယင်ဒိန်း/ န–ယာဉ် အသွားအလာကို အန္တရာယ်ကင်းရှင်း လွယ်ကူအောင် ကြီးကြပ်သော အမှုထမ်း။ **–မောင်း**၊န–ယာဉ်မောင်းနှင်သူ။

ယုတ်၊နဝိ–၁၊လျော့သော။ မပြည့်သော။ လိုသော။ ၂၊နိမ့်ကျ ညံ့ဖျင်းသော။ ၃၊အကျင့်မကောင်းသော။ **–ကန်း**၊ နဝိ– ၁၊အလွန်ယုတ်မာသော။ ၂၊မိုက်မဲဆိုးရွားသော။ **–စွအဆုံး**၊ကြိဝိ–အနည်းဆုံးအားဖြင့်။ **–ယုတ်**၊ကြိ–ယုတ်မာသည်ဟု စွပ်စွဲပြောဆိုသည်။ **–မာ**၊နဝိ–အကျင့် အလွန်ယုတ်သော။

ယုတ္တိ၊န–လက်ခံ ယုံကြည်နိုင်လောက်သည့် အထောက်အထား အကြောင်းအချက်။ [ပါ၊ယုတ္တိ] **–တန်**၊ကြိ–ယုတ္တိရှိသည်။

ယန္တရား/ယန်းဒယား/န–လည်ပတ်လှုပ်ရှားခြင်းဖြင့် တစ်စုံတစ်ခုသော စွမ်းအင်ကို ထုတ်ပေးနိုင်သော ကိရိယာ။ စက်။ [သ၊ယန္တ]

ယန်း၊န–ဂျပန်နိုင်ငံသုံးငွေကြေး။ [ဂျပန်၊yen]

ယုန်၊န–နားရွက်ရှည်၍ ထောင်သော၊ ခြေလေးချောင်းရှိ၊ မြက်စားတိရစ္ဆာန်ငယ်တစ်မျိုး။ **–တုတ်**၊န–ယုန်ကောင်။ **–ထင်ကြောင်ထင်**၊ ကြိဝိ–[ဥပစာ] တစ်မျိုးတစ်မည် ထင်ယောင်ထင်မှား။ **–သမား**၊န–ကိန္နရာနာ။

ယပ်¹၊ကြိ–ယပ်တောင်စသည်ဖြင့် လေကို ခတ်သည်။ န–လေခတ်ရသော အပြားအချပ်ပစ္စည်း။ ယပ်တောင်။ **–တောင်တရား**၊န–ရဟန်းတော်များ မိမိရှေ့တွင် ယပ်ကို ထောင်၍ စကျူခြေရှုကာ အသံ တည်ကြည်စွာဖြင့် ဟောသော တရား။ (ယပ်လို တရား ဟူသော အခေါ်အဝေါ်ကို အကြောင်းပြု၍ ပေါ်ပေါက်ခဲ့သော ဝေါဟာရဖြစ်သည်။) **–မား**၊န–ရှည်သော အရိုးတံတွင် အရွက်ပိုင်း တပ်ထားသော

http://www.lknt11.com ...

နန်းတွင်းသုံးယပ်။ **~လှဲတရား**၊န–ရဟန်းတော်များ ယပ်ကိုလှဲချထား၍ ဖြစ်စေ၊ ယပ်မပါဘဲဖြစ်စေ အသံသာယာအောင်ပြု၍ ဟောသော တရား။

ယပ် ၂၊န–အမြင့်။ "ကမ်း–။ အိမ်–။"

ယမ်း ၁၊ကြိ–လက်စသည်ကို လှုပ်ရှားသည်။

ယမ်း ၂၊န–ယမ်းစိမ်း၊ ကန့်၊ မီးသွေးစသည် ရောစပ်ထားသော ဖောက်လောင်ပေါက်ကွဲ စေနိုင်သည့် ပစ္စည်း။ **~ကပ်**/ယန်းဂတ်/န–ကျည်ကပ်။ကျည်အိမ်။ **~စိမ်း**/ယန်းဇိန်း/န–အသား မပုပ်မသိုးစေရန် အတွက် လည်းကောင်း၊ ယမ်းမှုန့်ပြုလုပ်ရန်အတွက် လည်းကောင်း အသုံးဝင်သည့် အဖြူရောင် သယံဇာတပစ္စည်း တစ်မျိုး။ **~တောင့်**/ယန်းဒေါင့်/န–သေနတ်ကျည်ဆန်။ **~ပုံမီးကျ**/ယန်းဗုန်မီးကျ/ကြိဝိ–[ဥပစာ] ဒေါသပြင်းထန်စွာ ထွက်လျက်။ **~ဘီလူး**/ယန်းဗလူး/န–ပေါက်ကွဲအား ပြင်းထန်သော ယမ်းတစ်မျိုး။

ယမ်းပည်း၊ကြိ–[ပေါ]ရှိသောကိုင်းရှိုင်းသည်။

ယိမ်း၊ကြိ–၁၊တည့်မတ်ခြင်းမရှိ၊ တိမ်းစောင်းသည်။ ၂၊ရှေ့နောက်ဝဲယာ တိမ်းညွှတ်သည်။ န–စုပေါင်း၍ ညီညီညာညာ ကပြသော အကတစ်မျိုး။ **~သမ**/ယိန်းသမာ/ န– ယိမ်းကရာတွင် ပါဝင်သော အမျိုးသမီး။

ယုံ၊ကြိ–၁၊အမှန်အဖြစ် မှတ်ယူသည်။ ယုံကြည်သည်။ ၂၊စိတ်ချသည်။ ယုံကြည်သည်။ **~ကျုံ**၊ကြိ–[ပေါ] ယုံကြည်သည်။ **~စား**/ယုန်စား/ကြိ–လုံးဝအားကိုး စိတ်ချထားသည်၊ ယုံကြည်သည်။ **~တမ်းစကား**/ယုန်ဒန်းဇဂါး/န–ယုံကြည်နိုင်ဖွယ် မရှိသော စကား။ **~မှား**၊ ကြိ–၁၊ သံသယဖြစ်သည်။ ၂၊ မယုံကြည်သင့်ဘဲ ယုံကြည်သည်။

ယုံ့၊ကြိ–ကျုံ့သည်။

ယွ၊ကြိ–[ပေါ]၁၊ရွံ့တွသည်။ ၂၊ယိုယွင်းဆုတ်ယုတ်သည်။

ယွက်၊နဝိ–[ပေါ]ယွင်းသော။

ယွင်း၊နဝိ–၁၊ပကတိအခြေအနေ ပျက်သော။ ၂၊လွဲချော်သော။ မှားသော။

ယွတ်၊ကြိ–[ပေါ]ယိမ်းသည်။ ယိုင်သည်။ ယွင်းသည်။ **~ယို**၊နဝိ–ယိုယွင်းပျက်စီးသော။

ယွန်း ၁၊နဝိ–အနည်းငယ်စောင်းသော။ ကြိ–ရွေ့သည်။ သွားသည်။

ယွန်း ၂၊န–ဝါးထည်၊ သစ်သားထည်တို့ကို သစ်စေးသုရိုးကိုင်၍ မွမ်းမံသော အတတ်ပညာ။ **~ပေါင်းပုရိုက်**/ယွန်းဗောင်ပရိုက်/န–အဖုံးချပ်တွင် သစ်စေးသရိုးကိုင်ထားသော ပုရိုက်။

ယွန်း ၃၊န–ရှမ်းလူမျိုးတစ်မျိုး။ (ကျိုင်းတုံ၊ တာချီလိတ်ဒေသတစ်ဝိုက်တွင် နေထိုင်သည်။) [ပါ၊ယောနက]

ယွမ်၊ န– တရုတ်ပြည်သူ့သမ္မတနိုင်ငံသုံး ငွေကြေး။ [တရုတ်၊**yuan**]

ယေ့လကျောက်/ယေ့လာ့ကျောက်/န–ဘိလပ်မြေ၊ မတ်မြေညီစာစသည်ပြုလုပ်ရာတွင် အသုံးဝင်သော အနည်ကျကျောက်တစ်မျိုး။ [လိပ်၊**shale**+မြန်၊ကျောက်]

ယှက်၊ကြိ–ပေါင်းစပ်ငြိတွယ်သည်။ **~သန်း**၊ကြိ–အပြန်အလှန် ကူးလူးဆက်သွယ်သည်။

ယှဉ်၊ကြိ–အပြိုင်ရပ်တည်သည်။ **~ဖက်**၊ကြိ–အပြိုင်ပြုသည်။ **~ဘက်**၊န–ပြိုင်ဆိုင်ဖော်။

ရ

ရ ၁၊န–ဗျည်းသုံးဆယ့်သုံးလုံးတွင် နှစ်ဆယ့် ခုနစ်လုံးမြောက် ဗျည်း။(ရကောက်ဟုခေါ်သည်။) **~ရစ်**/ယာ့ယစ်/ န– ဗျည်းကိုရစ်သော ရ သင်္ကေတ။ ြ ။

ရ ၂၊ကြိ–၁၊လက်ဝယ်ရောက်ရှိသည်၊ ပိုင်ဆိုင်မှု အပိုင်းအခြားသို့ ရောက်ရှိသည်။ ၂၊အိမ်ထောင်ကျသည်။ ညားသည်။ ၃၊ဆိုက်ရောက်သည်။ သက်ရောက်သည်။ စည်း–အခွင့်ရခြင်းအနက်၊ မလွဲရှောင်သာခြင်းအနက်ဖြင့် ကြိယာကို ထောက်ပံ့သော စကားလုံး။ "စား–။ လုပ်–။" **~ပေါက်ရလမ်း**/ယာ့ပေါက်ယာ့လန်း/န– ရနိုင်စရာ အခွင့်အလမ်း၊ အခြေအနေ။ **~ရှားစား**/ယာ့ယာ့စားစား/ကြိဝိ–အပိုအလျှံမရှိဘဲ။ **~လဒ်**/ယာ့လတ်/န–၁၊[သချာ] တွက်ချက်ရရှိသော ကိန်း။ ၂၊ဆောင်ရွက် လုပ်ကိုင်မှုကြောင့် ရသော အကျိုးဆက်။ [မြန်၊ရ+ ပါ၊လဒ္ဓ]

ရကန်/ယဂန်/န–ကာရန်ကိုကန်၍ စာဆိုပြိုင်ဘက်ကို နှိမ်နင်း ကန့်ကျောက်စပ်ဆိုလေ့ရှိသော ကဗျာတစ်မျိုး။

ရခိုင်/ရခိုင်/န–ရခိုင်ပြည်နယ်တွင် အများဆုံးနေထိုင်သော မြန်မာတိုင်းရင်းသား တစ်မျိုး။

ရဂုံ/ယဂုန်/န–၁၊သစ်ပင်များပြားစွာ ပေါက်ရောက်ရာတော။ ၂၊[ပေါ]တော။

ရတနာ/ယဒနာ/န–၁၊နှစ်သက်ဖွယ်၊ မြတ်နိုးဖွယ်ဖြစ်သော အရာ။ ၂၊နှစ်သက်တန်ဖိုးထားသော သားသမီး၊ ဆင်မြင်းစသည်၊ ၃၊ပတ္တမြား စသည့် အမျက်ကျောက်။ [ပါ၊ရတန] **~ပုံဆိုက်**/–ဗုန်ဆိုက်/ကြိ–[ဥပစာ] ကြီးပွားချမ်းသာကြောင်း အခွင့်အခါကောင်း ကြုံကြိုက်သည်။ **~ရွှေချိုင့်**/–ယွှေဂျိုင့်/န–ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို ဖော်ညွှန်းသောစာ။ **~သုံးပါး**/–

မာတိကာသို့ ▶▶▶

http://www.lknt11.com

သုန်းဗား/န–ဘုရား၊ တရား၊ သံဃာတည်းဟူသော မြတ်နိုး ကြည်ညိုဖွယ် သုံးပါး။

ရတီ၊န–စိန်စသည့် ကျောက်မျက်ကို ချိန်တွယ်သည့် အရာ။ [သ၊ရတ္တိကာ]

ရတု/ယဒု/န–၁၊နွေ၊ မိုး၊ ဆောင်းတည်း ဟူသော ဥတုသုံးပါး။ ၂၊နွေဦး၊ နွေနှောင်း၊ မိုးဦး၊ မိုးနှောင်း၊ ဆောင်းဦး၊ ဆောင်းနှောင်းတည်းဟူသော ရတု ခြောက်ပါး။ ၃၊ဆိုင်ရာ ရာသီဥတုနှင့် ကျင်းပသည့် ပွဲလမ်းသဘင်။ ၄၊လေးလုံးတစ်ပိုဒ် ရေးဖွဲ့သော ကဗျာ တစ်မျိုး။ [သ၊ ဥတု]

ရတက်/ယဒက်/န–စိုးရိမ်ကြောင့်ကြမှု။

ရထား၊န–မြင်းဆွဲအား၊ စက်အား၊ ဓာတ်အား စသည်ဖြင့် ရွေ့လျားသောယာဉ်။ [ပါ၊ရထ]~ထိန်း/ယထားဒိန်း/ န–[ရှေး] ရထားမောင်းသူ။

ရထည်း၊န–[ပေါ]၁၊ရင်လွှမ်းပိတ်ပါး။ ၂၊ခြုံထည်။

ရနံ့၊န–ကောင်းသောအနံ့။

ရနယ်၊န–အမိုးအောက်ခံ သစ်သားတန်း။

ရဖ၊န–နီးဖန်း။

ရမတီ၊န–[ပေါ]ပိတ်တစ်မျိုး။ [?]

ရမထာ၊န–ကြိမ်တစ်မျိုး။ [မွန်၊ဝဝ်ရမ္မတာ]?

ရမင်း၊န–အသားနီ၍ အတန်အသင့်မာသော ပင်လတ် တစ်မျိုး။

ရမန်၊ န– တရားခံကို ဆက်လက်ချုပ်နှောင်ထားရန် ရဲအဖွဲ့ကို တရားရုံးက ချမှတ်သောအမိန့်။ [လိပ်၊ **remand**]

ရမယ်ရှာ၊ကြိ–တမင်အကြောင်းရှာဖွေသည်။

ရဝေ၊ န– [ပေါ]နန်းတော်။ ~တိုင် /ယဝေဒိုင်/ န– အဆောက်အအုံတွင် အနောက်တောင်ဘက်တိုင်။

ရဝိန်၊န–[ကဗျာ] နေမင်း။ [ပါ၊ရဝိ+ဣန္ဒ]

ရဝမ်/ရဝမ်/န–ကချင်လူမျိုးတစ်မျိုး။ (ပူတာအိုဒေသ တွင် အများအားဖြင့် နေထိုင်သည်။)

ရသ/ရာသ၊ယာ့သ/န–၁၊လျှာဖြင့် ထိတွေ့ခံစား ရသော အာရုံ၊ အရသာ။ ၂၊သာယာနှစ်သက်သော ခံစားမှု။ ၃၊ချစ်ခင်ခြင်း၊ ရဲရင့်ခြင်း၊ ကြောက်ရွံ့ခြင်း စသော အနုပညာခံစားမှု။ [ပါ၊ရသ]~စာပေ/–စာပေ/န–အနုပညာရသပေါ်အောင် ဖွဲ့နွဲ့ရေးသား ထားသော လင်္ကာ၊ စကားပြေ စသည်။

ရသေ့၊န–ခေါက်ခြာဆောင်း၍ လျှော်တေ သို့မဟုတ် သစ်ခေါက်ဆိုးဝတ်ရုံကို ဆင်မြန်းလျက် ကျင့်ဝတ် သီလ ဆောက်တည်နေသူ။[သ၊ဣသိ]~ဖူး/ယသေ့ဖူး/ န–အပေါက်ဖောက်ရန် သုံးသော ဖူးချွန် တစ်မျိုး။ ~စိတ်ဖြေ၊န–[ဥပစာ] ၁၊လိုအင်ဆန္ဒ မပြည့်ဝသည့် တိုင်အောင် တစ်နည်းတစ်ဖုံနှစ်သိမ့်ခြင်း။ ၂၊တစ်ဦး တည်း အာရုံရှူးစိုက်၍ စဉ်းစားဉာဏ်ဖြင့် ကစား ရသည့် ကစားစရာပစ္စည်း။

ရဟိုင်း၊န–ကောက်လတ်စပါးတစ်မျိုး။

ရဟတ်၊န–၁၊ဆုံချက်ကို အခြေပြု၍ လည်ပတ်သော အရာ။ ၂၊ချည်သေ့ရာတွင်သုံးသော ကိရိယာတစ်မျိုး။ [ဟိန္ဒီ၊ရဟာဋ်] ~ယာဉ်၊န–အထက်အောက် တည့်မတ် စွာ ဆင်းနိုင်တက်နိုင်သော ရဟတ်တပ် လေယာဉ် တစ်မျိုး။

ရဟန္တာ/ယဟန်းဒါ/န–အရိယာလေးဆင့်တွင် စတုတ္ထ အဆင့်၌ တည်သောပုဂ္ဂိုလ်။ ကိလေသာ အာသဝေါ ကင်း၍ အပူဇော်ခံထိုက်သော ပုဂ္ဂိုလ်။ [ပါ၊အရဟန္တ]

ရဟန်း၊န–ဗုဒ္ဓသာသနာတော်၌ မြင့်မြတ်သော ပဉ္စင်း အဖြစ်သို့ ရောက်သူ။ [ပါ၊အရဟန္တ]~ခံ၊ကြိ– ရဟန်း အဖြစ်ကို ရယူသည်။ ~ဘောင်၊ န– ရဟန်းအဖြစ်။ ရဟန်းလောက။

ရဟုံး၊န–အရွက် နှလုံးပုံရှိ၍ အသီးအလွန်ခါးသော ဆေးဖက်ဝင်နွယ်ပင်တစ်မျိုး။ ဟုံးနွယ်ပင်။

ရာ¹၊န–ဒု၊ ဆယ်၊ ရာ၊ ထောင်စသော ဆယ်ဆတက် ကိန်းစဉ်တွင် တတိယကိန်းအမည်။ ~ကျုပုဆိုး /ယာကျုပဆိုး/န–ရောင်စုံပိုးချည် လွန်းငယ်တစ်ရာ ဖြင့် အချိတ်အကွက်ဆင် ရက်ထားသော ပုဆိုး။ ~ကျော်စပါး/ယာဂျော်ဇပါး/န–တစ်ကလျှင် စပါး တင်းတစ်ရာကျော်အထိ ထွက်သော သက်တို စပါးမျိုး။ ~ခိုင်နှုန်း/ယာခိုင်နှုန်း/န–တစ်ရာ အရေ အတွက်ကို အခြေခံ၍ တွက်သောနှုန်း။ ရာနှုန်း။ ~စုနှစ်/ယာဇုနှစ်/န–နှစ်တစ်ရာစီပိုင်းခြားရေတွက် ထားသောကာလ။ ~တွင်း/ယဒွင်း/န–တာတစ်ရာ အကွာအဝေး။ (ငါးရာတွင်းဟူ၍ အသုံးများသည်။) ~နှုန်းပြည့်/ယာနှုန်းဗျို ယာနှုန်းဗျေ့/ကြိဝိ–တစ်ရာ ရာခိုင်နှုန်းအပြည့်။ ~ပြည့်အိုင်/ယာဗျီအိုင်/န– မြန်မာသက္ကရာဇ် ၁၁၀၀ ပြည့်လောက်တွင် ပေါ်ပေါက် ခဲ့သော အိုင်ချင်းအမျိုးအစား။ ~သက်ပန်၊ ကြိဝိ– တစ်သက်လုံး။ အသက်ထက်ဆုံး။

ရာ²၊ကြိ–ထိုက်သင့်လျော်ကန်သည်။ "မိမိနှင့် ~မရာ ချင်ချိန်ပါ။" စည်း–၁၊ကြိယာကို နာမ်ပြုလုပ်ရန် ဆက်တွဲသော စကားလုံး။ "နေထိုင်~။" ၂၊သင့်ခြင်း၊ အပ်ခြင်းဖြင့် ကြိယာကို ထောက်ကူသော စကားလုံး။ "သွား~၏။ စား~၏။" ၃၊[အပြော] တစ်စုံတစ်ဦး အား ရေးရှုပြောဆိုရာတွင် နာမ်နောက်၌ ဆက်တွဲ သော စကားလုံး။ သမ်–အခြေအနေ တစ်ခု၏ အကြောင်းနှင့် အကျိုးကို ဆက်စပ်ပေးသော စကားလုံး။ "အမှုအခင်းကို ရှင်းပြ~ အားလုံးက လက်ခံကြသည်။" ~ထူး /ယာဒူး/န–အဆိုးရကာ ခန့်အပ်သော အလုပ်တာဝန်အဆင့်။ ~ဖြတ် /ယာဖျတ်/န–ပစ္စည်းတန်ဖိုး သတ်မှတ် ဆုံးဖြတ်

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ပေးသူ။ ~ရာစစ/ ယာယာစာ့စာ့/ ကြိဝိ- ရာရာသသ ရှ။ ~ရာသသ/ယာယာသာ့သာ့၊ ယာယာစာ့စာ့/ကြိဝိ-မထိုက်တန်ဘဲလျက်။ မတန်မရာ။

ရာဂ၊န-တပ်မက်မှု။ [ပါ၊ရာဂ]

ရာဂီ၊န-ရွှေ၊ ငွေစသည်တွင် ဖွဲ့ကပ်သော အညစ်အကြေး။ [ပါ၊ရာဂီ]

ရာဇ၊ န- မင်း။ ဘုရင်။ ရာဇာ။ [ပါ၊ရာဇ] ~ဌာနီ /ယာဇ(ဇာ့)ထာနီ/န-ရာဇဓာနီ နှင့်အတူတူ။ [ပါ၊ ရာဇ+ဌာနီ] ~ဒိုင်/ယာဇဒိုင်/န-လှေသင်္ဘောတွင် ရာ၏ နံလျောက်များ အမြဲပြုရာ ဒေါက်တိုင်။ ~ဒဏ်၊န-မင်းပေးသော အပြစ်ဒဏ်။ ~ဓာနီ၊ န-မင်းနေပြည်။ [ပါ၊ရာဇဓာနီ] ~မံ၊န-မင်းကျင့်တရား။ [ပါ၊ရာဇဓမ္မ]~ပလ္လင်/ယာဇပလင်/န-မင်း ထိုင်တော်မူရာ ပလ္လင်။ ~မတ်၊န-နီ၊ ဝါ၊ ပြာ စသည်ဖြင့် မှန်ကူကွက်ပုံ ရက်ထားသော မင်းလမ်းအကာအရံ။ [ပါ၊ရာဇ+မြန်၊မှတ်] ~မတ္တဏ်/ယာဇာ့မတ်တန်/န-ဗြိဟ်နက္ခတ် စသည့် အကြောင်းအရာတို့ကို ပြဆိုသော ကမ္ဘာတန်ဆာကျမ်း။ [သ၊ ရာဇမာတဏ္ဍ] ~ဝင်၊ န-မင်းစဉ်မင်းဆက် အကြောင်းအရာမှတ်တမ်း။ [ပါ၊ရာဇဝံသ] ~ဝင်ချုပ်/ယာဇဝင်ဂျုတ်/န-ရာဇဝင်ကျမ်းများတွင် မပါဝင်သေးသော အကြောင်းထူးများကို မှတ်တမ်း တင်ထားသည့် ရာဇဝင်စာ။ ~ဝင်တွင်၊ ကြိ-အရှည်သဖြင့် အမှတ်တရဖြစ်သည်။ ပြောစမှတ် ဖြစ်သည်။ ~ဝင်ရိုင်း၊ကြိ-အစဉ်အဆက် ကဲ့ရဲ့ပြစ်တင်ဖွယ် ဖြစ်သည်။ ~ဝင်လူဆိုး/ယာဇဝင်လူဇိုး/န-ရဲ မှတ်တမ်းဝင် လူဆိုး။ ~ဝတ်/ယာဇာ့ဝတ်၊ ယာဇဝတ်/ န-၁မင်းတို့၏ ကျင့်ဝတ်။ ၂ပြည်သူတို့ လိုက်နာရန် မင်းအစိုးရတို့က ပညတ်ထားသည့် ကျင့်ဝတ်၊ စည်းကမ်း၊ ဥပဒေ။ [ပါ၊ရာဇ+ဝတ္တ] ~ဝတ်မှု၊န-ပြစ်မှုဥပဒေကို ချိုးဖောက် ကျူးလွန်သောအမှု။ ပြစ်မှု။ (တရားမမှု လည်းရှု) ~ဝတ်သား၊န-ပြစ်မှုဥပဒေကို ကျူးလွန်သူ။ ~သံ /ယာဇသန်/န-မင်းတစ်ပါးမှ မင်းတစ်ပါးသို့ အကြောင်းကြားချက်။ ~သတ်၊ န- ၁မင်းမိန့်။ "ဓမ္မသတ်ကို ~ က ချုပ်-။" ၂ပြစ်မှုဆိုင်ရာ ဥပဒေ။ [ပါ၊ရာဇ+သတ္ထ]

ရာဇူ၊န-ချိန်ခွင်ကြီးတစ်မျိုး။ [ဟိန္ဒူ၊ taraju]

ရာတန်ဇေ/ယာဒန်ဇေ/န-အလွန်မြင့်သော တောင်ပေါ် ဒေသတွင် ပေါက်ပြီး လိပ်ပြာပုံ အပွင့်ဝါပွင့်၍ အနေအလွန်ခါးသော ဆေးပင်ငယ်။ [တရုတ်၊yadanzi]

ရာဘက်ရုံး၊န-[ခေတ်ကုန်] ရာဇဝတ်မှုခင်းများကို စစ်ဆေးစီရင်ရာရုံး။ [ပါ၊ရာဇဝတ္တ+မြန်၊ ဘက်+ရုံး]

ရာမညး၊ န- မွန်လူမျိုးတို့၏ နေထိုင်ရာ ဒေသကို ခေါ်သောအမည်။ [မွန်၊ ရးမညး]

ရာရှင် /ရာယှင်/ န-ကန့်သတ် ဝေငှသော ရိက္ခာ။ [လိပ်၊ration]

ရာသီ/ယာသို/န-၁တန်ခူး၊ ကဆုန် စသော တစ်လကာလအပိုင်းအခြား။ "ဆယ့်နှစ်~။" ၂နွေ၊ မိုး၊ ဆောင်း ဟူသော ကာလသုံးပါး။ ၃၊နှစ်ကာလ။ ၄အရွယ်ရောက်သည့် မိန်းမတွင် လစဉ်မှန်မှန် ဖြစ်ပေါ်သော သွေး။ ဓမ္မတာသွေး။ [ပါ၊ရာသိ] ~စက်/-စက်/ န-တစ်ဆယ့်နှစ်ရာသီ အဝန်း။ ~ပန်း/-ဗန်း/န-၁၊ရာသီအလိုက် ဖူးပွင့်သော ပန်း။၂၊ရာသီ ၄နှင့်အတူတူ။ ~ပွဲ/-ဗွဲ/န-တစ်နှစ်အတွင်း လစဉ်ကျင်းပမြဲဖြစ်သော ပွဲလမ်းသဘင်။ ~ရုပ်/-ယုတ်/န-ဆယ့်နှစ်ရာသီတွင် ရာသီအလိုက် အမှတ်အသားပြုသော အရုပ်။ ~လေ/-လေ/န-မုတ်သုံလေနှင့်အတူတူ။

ရာဟု၊န-၁ဗုဒ္ဓဟူးနေ့ မွန်းလွဲသည်မှ နောက်ပိုင်းကာလ။ "~ဖွား။" ၂နေ၊ လကို ဖမ်းယူ၍ ခံတွင်း၌ ငုံထားတတ်သည်ဆိုသော အသူရိန်နတ်။ [သ၊ရာဟု] ~ထောင့်/ယာဟုဒေါင့်/န-အနောက်မြောက်ထောင့်။

ရိ၊နဝိ-သွေးမြဲသော။ ကြိ-မထိတထိ ပြောဆိုပြုမူသည်။ ~နာ၊န-ကျင်ငယ်သွားရာလမ်း ရောင်ရမ်း၍ ကျိချွဲရည်များ ယိုဆင်းတတ်သော ရောဂါတစ်မျိုး။ ~မွှယ်/ယိမွှတ်/ကြိ-[ဓလေ့]ယိုယွင်းသည်။ ~ရွဲ၊ကြိ-သွေးရိကျိချွဲသည်။ ~ရှုး၊ကြိ-[ဓလေ့]နွမ်းလျ အားကုန်သည်။ ပင်ပန်းသည်။ ~သဲ့သဲ့/ယိသဲ့သဲ့/ကြိဝိ-မသိမသာ ရိတ်ရိပ်ပြောဆိုလျက်။ မထိတထိ ပြောဆိုပြုမူလျက်။

ရီ၊ကြိ-၁အမြင်မကြည်လင် မှုန်ဝါးသည်။ ၂ မူး နောက်နောက် ဖြစ်သည်။ ~ဝေ၊ ကြိ- ၁အမြင် မသဲမကွဲ ဖြစ်သည်။ ၂အနည်းငယ်မူးဝေသည်။

ရှုရှု၊ကြိဝိ-[ကဗျာ] ရောရောနှောနှော။

ရူဇီ/ရုန်လို/န-ရူဇီ ရှု။

ရူတ၊ကြိ-[ဓလေ့] ဆိုမြည်တသသည်။

ရူပကအလင်္ကာ/ယုပကာ့အလင်ဂါ/န-ဂုဏ်ရည်တူ နှစ်ခုကို ထပ်တူပြု၍ ဖွဲ့တွဲသုံးသော အလင်္ကာ။ (သာဓက။ ။တရားရေအေး။ မေတ္တာမိုး။) [ပါ၊ ရူပက+အလင်္ကာရ]

ရူပကာ၊န-ရုပ်အဆင်း။ [ပါ၊ရူပကာယ]

ရူပနိကာယ် /ယုပါနိကယ်/ န- ရုပ်ဆင်းသွင်ပြင်။ [ပါ၊ရူပ+နိကာယ]

ရူပဗေဒ/ယုပါ့ဗေဒ/န-ရုပ်ဝတ္ထု စွမ်းအင်စသည်တို့ကို လေ့လာသည့် သိပ္ပံပညာရပ်။ [ပါ၊ရူပ+ဗေဒ]

ရူပဘုံ/ယုပါ့ဗုန်/န-ရုပ်ရှိသော ဗြဟ္မာများဖြစ်ရာ ၁၆ဘုံ။

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ရှုပဘာဝ။ [ပါ၊ရူပဘူမိ]

ရှုပါရုံ၊န–မျက်စိဖြင့် မြင်နိုင်သော အာရုံ။ အဆင်း။ [ပါ၊ရူပါရမ္မဏ]

ရှုပီး/ရူပီး/န–အိန္ဒိယ၊ ပါကစ္စတန်၊ သီရိလင်္ကာစသည် နိုင်ငံသုံး ငွေကြေး။ [သ၊ရူပျ]

ရှုပက္ခန္ဓာ၊န–ရုပ်တရားအစု။ [ပါ၊ရူပက္ခန္ဓ]

ရှုဘယ်/ရူဗယ်/န–ဆိုဗီယက်ရုရှားနိုင်ငံသုံးငွေကြေး။ [ရုရှား၊ rouble]

ရှုဋ္ဌီ/ရန်ဒီ/န–တွင်နေသော အခေါ်အဝေါ်။ [ပါ၊ရူဋ္ဌိ]

ရှူး၊ကြိ–၁၊လွန်လွန်ကဲကဲ မတည်မငြိမ် ဖြစ်သည်။ "ရေ ~၊လေ ~။" ၂၊စိတ်ဖောက်ပြန်သည်။ ရှူးသွပ်သည်။ ၃၊တစ်စုံတစ်ခု၌ အလွန်အကဲတမ်းတမ်းစွဲ ဖြစ်သည်။ **~ရှူးမူးမူး**၊ကြိဝိ–သတိလက်လွတ် ထင်ရာ ပြုမူပြောဆိုလျက်။

ရေ[1]၊န–မြစ်ချောင်းအင်းအိုင်စသည်တို့တွင်ရှိသော အရည်၊ **~ကာတာ**/ယေဂါတာ/န–ရေလွှမ်းမိုး တိုက်စားခြင်း အန္တရာယ်ကို ကာကွယ်ရန် ဖို့လုပ်ထားသော တာရိုး။ **~ကူးညာတင်**/ယေဂူးညာဒင်/န– (လိုရာဆိပ်ကမ်းသို့ ရောက်အောင် ရေညာက တင်ကြို ကူးသကဲ့သို့) မိမိလိုရာရောက်သည်အထိ လျှော့ချနိုင်အောင် ဝိုဝိုမိုမို အစပျိုးပြောလာသော စကားပြောနည်း။ **~ကုန်ရေခန်း** /ယေဂုန်ယေဂန်း/ ကြိဝိ–အစွမ်းကုန်။ နည်းလမ်းကုန်။ **~ကျ**/ယေကျ/ န–၁၊လျော့ဆင်းနေသော ဒီရေ။ ၂၊ဒီရေ လျော့ကျ သော ရက်ပိုင်း၊ ၃၊ရေတံခွန်။ ကြိ–၁၊လျှော်ဖွပ်ပြီး ဖြစ်သည်။ ၂၊လျှော်ဖွပ်ရာတွင် ဆေးကျွတ်သည်။ **~ကျိုငါးပိ**/ယေဂျိုငပိ/န–အရည်ကျို၍ စားသုံး သော ငါးငါးပိ။ **~ကျက်အေး**/ယေဂျက်အေး/ န–ကျက်အောင်ကျို ပြီး အအေးခံထားသော ရေ။ **~ကျောက်**/ယေကျောက်/န–ပူသောရာသီ၌ ကလေး ငယ်များတွင် ပေါက်တတ်သော ကျောက်ရောဂါ တစ်မျိုး။ ကျောက်ဖြူ။ **~ကြီး**၊ကြိ–ရေထုမြင့်တက်၍ ကျယ်ပြန့်စွာ ဖုံးလွှမ်းသည်။ **~ကြော**/ယေကျော/ န–၁၊မြစ်ပြင်၊ ပင်လယ်ပြင် စသည်၌ နက်ရှိုင်းရာ အလိုက် သိသာထင်ရှားသော ရေစီးကြောင်း။ ၂၊မြေအောက် ရေရှိရာတစ်လျှောက်။ **~ကြော မြေကြောလိုက်**/–မျေကျောလိုက်/ကြိ–ရေမြေအသ ချင်း နီးစပ်ဆက်နွယ်သဖြင့် စရိုက်သဘာဝချင်း တူညီလာသည်။ **~ကြက်**/ယေဂျက်/န–မြေဝံစိမ်း တွင် အနီရစ်ရှိပြီး အင်းအိုင် ရေစပ်တွင် ကျက်စား သည့် ငှက်တစ်မျိုး။ **~ကြောင်း** /ယေကျောင်း/ န–ရေလမ်းခရီး။ ▪နဝိ–ရေယာဉ်ဆိုင်ရာ အတတ် ပညာနှင့်ပတ်သက်သော။ **~ ကြည်ရာ မြက်နုရာ**၊ န–[ဥပစာ]အစားအသောက်၊ အနေအထိုင် လွယ်ကူ ချောင်လည်သောဒေသ။ **~ခဲ**၊န–၁၊ရေခဲသော အိုး။ ၂၊နွယ်ပင်တစ်မျိုး။ **~ခအုံး**၊ န–ခအုံးပင်။ **~ခဲ** /ယေဂဲ/န–အအေးဓာတ် လွန်ကဲခြင်းကြောင့် ခဲနေသော ရေ။ **~ခဲခြစ်**/–ဂျစ်/န–ရေခဲကို ခြစ် ၍ ဖိသိပ် တုတ်ထိုးပြီး အချိုရည်၊ အမွှေးရည် ဆမ်းထားသောစားဖွယ်။ ရေခဲပေါက်စီ။ ရေခဲ ပလုတ်တုတ်။ **~ခဲတိုက်**/ –ဒိုက် /န–လူသေ အလောင်းများထားရာ အအေးခန်း။ **~ခဲမုန့်**/– မုန့်/န–နို့၊ ကြက်ဥ၊ သကြားတို့ကို ရော၍ အေး ခဲအောင် လုပ်ထားသော စားဖွယ်။ **~ခဲမှတ်**/– မှတ်/န– ရေသည် အရည် အဖြစ်မှ ရေခဲအဖြစ်သို့ ကူးပြောင်းရာတွင်ရှိသည့် ပြဒါးချိန်အမှတ်။ (စင်တီ ဂရိတ်အားဖြင့် ၀˚ ၊ ဖယ်ရင်ဟိုက်အားဖြင့် ၃၂˚ ဖြစ်သည်။) **~ခဲသေတ္တာ**/–သစ်တာ/န–အစား အစာ၊ သားငါးစသည်ကို အေးနေစေရန်၊ ကြာ ရှည်ခံစေရန် ထည့်သိုထားရသော အိမ်သုံးပစ္စည်း တစ်မျိုး။ **~ချို**/ယေဂျို/န–အငန် ဓာတ် မရှိသော အင်းအိုင် မြစ်ချောင်းရှိရေ။ **~ချိုး**၊ ကြိ–ကိုယ်ခန္ဓာ ကို ရေဖြင့် သန့်စင်အောင် ပြုသည်။ **~ချင်းယား**၊ န–အဖြူရောင် အသီးလုံးကလေးများ အကိုင်း တွင် တွယ်ကပ်၍ သီးသော အပင်ငယ်တစ်မျိုး။ **~ချိန်**/ယေဂျိန်/န–မျက်နှာပြင် ညီမညီ စမ်းသပ် ရာ၌သုံးသော ကိရိယာ။ **~ ချိန် ကိုက်**/–ကိုက်/ ကြိ– ၁၊ မျက်နှာပြင်ညီသည်။ ၂၊ [ဥပစာ] စံချိန် ပြည့်မီသည်။ တွက်ခြေ ကိုက်သည်။ ၃၊[ဥပစာ] (ယစ်မူးမှု)စံချိန်သို့ ရောက်သည်။ **~ချမ်း**/ယေဂျန်း/ န–အေးမြသော သောက်ရေ။ **~ချမ်း စင်**/–ဇင်/ န–အများသောက်ရန် တည်ထားသော ရေအိုးစင်။ **~ငန်**၊န–အငန်ဓာတ်ပါသော ပင်လယ်ရေ စသည်။ **~ငုပ်သင်္ဘော** /ယေငုတ်သင်းဗော/န– ရေမျက်နှာ ပြင်အောက်တွင် သွားလာနိုင်သောသင်္ဘော။ **~ငုံ နေ**၊ ကြိ– [ဥပစာ] သိလျက်နှင့် မသိဟန်ဆောင် မပြော ဆိုဘဲ နေသည်။ **~စာ** /ယေဇာ/န–၁၊ အတုအပ မပြုလုပ်နိုင်အောင် ငွေ စက္ကူ စသည်တွင် အလင်း ရောင်၌ ထောင်ကြည့်မှ မြင်သာအောင် စက္ကူ ပြုလုပ်စဉ်ကတည်းက စီမံထားသော ရုပ်ပုံ စသည်။ ၂၊ ရေစိမ်သည့်အခါမှ မြင်သာအောင် စီမံ ရေးသား သောစာ။ **~စီး**/ယေဇီး/စည်း–ပုရပိုက်အလျှာကို ရေတွက်ရာတွင် သုံးသော စကားလုံး။ **~စီး ကမ်းပြို** /–ကန်းပျို/ န–သွားဖုံး သွားခြေတို့၌ ရှိ သော အနာရောဂါ။ **~စီးကြောင်း** /–ချောင်း/ န–ရေစီးရာလမ်း။ **~စီးဖောင်ဆန်**/–ဖောင်ဇန်/ န–(ရေစီးတွင် လှေဖောင်ကို ဖြည်းညင်းစွာ ဆန် တက်သကဲ့သို့) ဥပမာ၊ ဥပမေယျတို့ဖြင့် အသာ အယာ တင်ပြပြောဆိုသော စကားပြောနည်း။ **~စူး**/ယေဇူး/န–၁၊ သတ်မှတ်ထားသော ဝန်ချိန်

မာတိကာသို့ ►►►

http://www.lknt11.com ...

တင် ဆောင်ထားချိန်တွင် လေ့သဘော်၏ ရေတွင် နစ်ဝင်နေသော ကိုယ်ထည် အစောက်ပမာဏ။ ၂။ လေ့ သဘော် သွားလာရာ ရေထု၏ အနက်ပမာဏ။ **~ဆေး**/ယေဆေး/န-သတ္တု ဓာတ်သားအများအပြား ပျော်ဝင်နေသဖြင့် ဆပ်ပြာ အမြှုပ် အလွယ်တကူ မထွက်နိုင်သော ရေ။ (ရေသွက်နှင့်နှိုင်းယှဉ်) **~စက်**/ယေစက်/န-တစ်ဦးနှင့်တစ်ဦး ဆုံစည်းရန် ရေးက ပြုခဲ့ဖူးသော ကောင်းမှုအကျိုးဆက်။ **~စက်ကုန်**/-ကုန်/ကြိ-(ပေါင်းသင်းဆုံစည်းနိုင်ရန်) ကံ အကျိုးဆက် ကုန်ဆုံးသည်။ **~စက်ချ**/-ချ/ ကြိ-ကုသိုလ် ကောင်းမှု ထမြောက်ပြီးစီးသောအခါ မြေစောင့်နတ်ကို တိုင်တည်သည့် အမှတ်ဖြင့် မြေသို့ ရေစင် သွန်းလောင်းသည်။ **~စက်ဆုံ**/-ဆုန်/ ကြိ-ရေးကံအကျိုးဆက်ကြောင့် တွေ့ဆုံပေါင်းသင်း ရသည်။ **~စင်**/ယေစင်/န-စင်ကြယ်မြင့်မြတ်သည့် ရေ။ **~စင်မိုး** /ယေစင်မိုး/ န- ၁။နတ်ကရာတွင် နတ်ဝင်သည် ကိုင်သော ရေစင်ခွက်ထဲသို့ နတ်ပွဲလာ ပရိသတ်က ထည့်သောငွေ။ ၂။နတ်မေးရာတွင် နတ်ဝင်သည်အား ပေးရသောငွေ။ **~စောင်း**/ယေ စောင်း/န-ရေ၏ ကိုက်စားမှုအင်အား။ **~စစ်**ကြိ- ၁။ရေ စီးထွက်ယိုကျခြင်း ရပ်တန့်သည်။ ၂။ယင်းသို့ ဖြစ်အောင် လုပ်သည်။ ၃။ဒီရေအကျ ရပ်တန့်သည်။ /ယေစစ်/န-ရေကို သန့်စင်အောင် စစ်သည့်ပစ္စည်း။ **~စစ်ကရား**/ယေစစ်ယေား/န-(ရေစစ်ကရားကို ရေတွင် နှစ်၍ အပေါက်ကို ပိတ်ကာ ဆွဲယူလိုက်လျှင် ရေထွက်မကျသကဲ့သို့) သူတစ်ပါး ဆောဒက မတက် နိုင်အောင် ဆို့ပိတ်ပြောဆိုသော စကားပြောဆိုနည်း။ **~စုန်**/ယေစုန်/န-ရေစီးဆင်းရာဘက်။ **~စုန်မျော** /ယေစုန်မျော/ကြိ-[ဥပစာ] တိုးတက်မှုမရှိ တဖြည်းဖြည်း ဆုတ်ယုတ်သည်။ **~စိမ်ကျွဲ**/ယေစိန်ကျွဲ/ န-[ဥပစာ] ပင်ပန်းမှုဒဏ်ကို တာရှည်ခံနိုင်ရည် ရှိသူ။ **~စိမ်း** /ယေစိန်း/န-မကျိုချက် ရသေးသော ရေ။ **~စွယ်** /ယေဇွယ်/န-ပင်မရေစီး ကြောင်းမှ ခွဲထွက်၍ အဟုန်ဖြင့် ကမ်းတစ်ဖက်သို့ ဦးတည် လာသော ရေအလျဉ်။ **~ဆူမှတ်**/ယေဇူမှတ်/န- ရေသည် အရည်အဖြစ်မှ အငွေ့အဖြစ်သို့ ကူးပြောင်း ရာတွင် ရှိသည့် ပြဒါးချိန်အမှတ်။ (စင်တီဂရိတ် အားဖြင့် ၁၀၀˚ ဖယ်ရင်ဟိုက်အားဖြင့် ၂၁၂˚ ဖြစ် သည်။) **~ဆေး**/ယေဆေး/န-ရေနှင့်စပ်၍ သုံး ရသော ပန်းချီဆေး။ (ဆီဆေးလည်းရှု) **~ဆိုး** /ယေဆိုး/ န- ရေပုပ်ရေသိုး။ **~ ဆင်နှာမောင်း** /ယေဆင်နှမောင်း/ န- လေဆင်နှာမောင်းကြောင့် ပင်လယ်သမုဒ္ဒရာ ရေမျက်နှာပြင်မှ အပေါ်သို့ ထိုးတက်သွားသော ရေတန်း။ **~ဆန်**/ယေဇန်/ န-ရေစီးဆင်းရာ၏ ဆန့်ကျင်ဘက်။ **~ဆုံးရေဖျား** /ယေဇုန်းယေဖျား/ကြိဝိ-[ဥပစာ] ဆုံးခန်းတိုင်။ အပြီးတိုင်။ **~ညှိ**၊န-၁။ရေတွင် ဖြစ်ပေါ်သော အကျိ အချွဲ။ ၂။ အစိုဓာတ်ရှိသော ကျောက်တုံး၊ သစ်ဆွေး စသည်တွင် ကပ်လျက် ပေါက်တတ်သော အစိမ်း ရောင်ပင်ငယ် တစ်မျိုး။ **~ညှိရောင်**၊ န-အဝါ၊ အစိမ်းနှင့်အနက် ရောစပ်ပါဝင်သော အရောင်။ **~ညှောင့်ကောင်** /ယေညှောင့်ဂေါင်/န-ကန်စပ် အိုင်စပ်တို့တွင် ကျက် စားတတ်သော နှုတ်သီးချွန်၊ ခြေတံရှည်၊ ဝမ်းဗိုက် ဖြူသော ငှက်တစ်မျိုး။ **~တကောင်း**/ယေဒဂေါင်း/န-သောက်ရေ ထည့် သော လည်ပင်းရှည် အိုးငယ်တစ်မျိုး။ **~တံခွန်** / ယေဒဂွန်/န-တောင်ကမ်းပါး စသည်မှ အဟုန်ဖြင့် စီးကျနေသော ရေအလျဉ်။ **~တံလျှောက်** /ယေ ဒယောက်/န-ရေသွယ်ရန် သွပ်၊ ဝါးစသည်ဖြင့် လုပ်သောအရာ။ **~တို**/ယေဒို/န-မကြာမြင့်သော ကာလ။ **~တက်**/ယေဒက်/န-၁။တက်နေဆဲဒီရေ။ ၂။ရေတက်နေဆဲ အချိန်ကာလ။ **~တိုင်**/ယေဒိုင်/ န-ပိုက်ဖြင့်သွယ်ထားသော ရေကို ခံယူရာ မြွှန်တိုင်။ ရေဘုံဘိုင်။ **~တပ်**/ယေဒတ်/န-ရေကြောင်း စစ် ဆင်ရန် ရေယာဉ်တို့ဖြင့် ဖွဲ့စည်းထားသော တပ်။ **~တိမ်**/ယေဒိန်/န-မျက်စိ ကွယ်စေတတ်သော တိမ်ရောဂါတစ်မျိုး။ **~တိမ်နစ်**/-နစ်/ကြိ-[ဥပစာ] မပြောပလောက်သော အကြောင်းမျှဖြင့် ပျက်စီး ဆုံးရှုံးရသည်။ **~ထ**/ယေဒ/န-ဒီရေမြင့်တက်သော ရက်ပိုင်း။ **~ထွက်** /ယေဒွက်/ န- ကျောက်ကြို ကျောက်ကြားမှ ဖြစ်စေ၊ မြေမှဖြစ်စေ အလို အလျောက် ရေထွက်သောနေရာ။ **~နဂါး**၊ န- ရေမြင်း၂ နှင့် အတူတူ။ **~နရား**၊န-မြွှန်ပုံကိုယ်ထည် ရှိ၍ အကြေး ခွံမာဖြင့် ဖုံးနေသော ပင်လယ်သတ္တဝါ တစ်မျိုး။ **~နံ**၊ န-မြေလွှာထုအတွင်းမှ ရရှိသော သဘာဝ လောင်စာဆီ။ **~နံချေး**/ယေနန်ဂျီး/န- ရေနံစိမ်းမှ ဓာတ်ဆီ၊ ရေနံဆီစသည် ထုတ်ပြီး ကျန်သော အရာ။ **~နံစိမ်း**/ယေနန်စိန်း/န-ရေနံဆီ၊ ဓာတ်ဆီ မထုတ်မီ ရေနံအရိုင်း။ **~နံဆီ**/ယေနန်ဇီ/ န-ရေနံမှ ထုတ်ယူရရှိသော မီးထွန်းစရာဆီ။ **~နံ ရောင်**၊ န-အဝါနှင့်အညို ရောစပ်ပါဝင်သော အရောင်။ **~နုတ်မြောင်း**၊ န- ရေထုတ်လွှတ်ရာ မြောင်း။ **~နွေး**၊ န- ၁။အပူငွေ့ မကုန်သေးသောရေ။ ၂။ရေနွေးကြမ်းနှင့်အတူတူ။ **~နွေးကြမ်း** /ယေနွေး ဂျန်း/န-လက်ဖက်ရည်ကြမ်း။ **~ပူစမ်း**/ယေဗူစမ်း/ န- မြေအောက်မှ ရေပူများ သဘာဝအလျောက် ထွက်ရာနေရာ။ **~ပေါ်ဆီ**/ယေဗော်ဇီ/န-[ဥပစာ] အရည်အချင်း အစစ်အမှန် မရှိသူ။ **~ပေါင်**ကြိ-

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

မိုးမဖွားမီ ရေများ ဦးစွာ သွန်သည်။ ~ပန်း/ယေ ဗန်း/န–ရေအမှုန်အမွှားများ ပန်းထွက်အောင် ပြုလုပ်ထားသောအရာ။ ~ပန်းစား/–စား/ကြိ–[ဥပစာ] တွင်ကျယ်ခေတ်စားသည်။ လူသိ လူသုံး များသည်။ ~ပြွန်/ယေဗျွန်/န–၁၊ပေါင်းချွေး ခံထားသော ရေ။ ၂၊ကျင်ငယ်ရည်။ ~ပွက်/ယေဗွက်/ န–ရေမျက်နှာပြင်တွင် ဖြစ်ပေါ်သော ပူဖောင်း။ ~ဖတ်တိုက်/ယေဗတ်တိုက်/ ကြိ– ခန္ဓာကိုယ်ကို ရေဆွတ်ထားသည့် အဝတ်ဖြင့် သန့်ရှင်းအောင် ပွတ်တိုက်သည်။ ~ဖိတ်စပါး/ယေဖိတ်ဇဗား/ န–[ဥပစာ] တံ့ပြန်အကျိုး မမျှော်လင့်သော အရာ။ ~ဗလုံ၊ န–ကိုယ်လျား ရှည်သော တောဘဲ တစ်မျိုး။ ~မာကျီ၊န–လှေ သင်္ဘောကို ဖာထေးရသည့် ရေနံ၊ ထုံး၊ လဲမှို့စသည် ရောဖော်ထားသော အရာ။ ~မော်၊ န–မြစ်တွင်ရေအောက် ကျောက်ဆောင် ကြောင့် ရေမောက်၍ အစီးသန်သောနေရာ။ ~မိုင်၊ န–ရေပြင်၌ တိုင်းတာသော အကွာအဝေးဝံ။ (ရေမိုင် တစ်မိုင်တွင် ပေ ၆၀၈၀ ရှိသည်။ ကုန်းမိုင်ထက် ပေ ၈၀၀ ပိုသည်။) ~မန်း၊ န–ဂါထာမန္တရား ရွတ်ဆို၍ မန်းမှုတ်ထားသောရေ။ ~မုန့်၊န–ဒယ်ပြား တွင် မုန့်ရည်ကျဲကိုလောင်းဖြန့်ပြီး အဆာ ဖြူး ကာ ကြော်ထားသည့် မုန့်တစ်မျိုး။ ~မျောကောင် /ယေမျောဂေါင်/ န– ရေတွင် မျောပါနေသည့် သတ္တဝါ အသေးအမွှား အစုအဝေး။ ~မျောကမ်း တင်/ယေမျောကန်းဒင်/န–၁၊ရေတွင်မျောလာပြီး ကမ်းတွင် တင်ကျန်နေသော ပိုင်ရှင်မဲ့သစ်။ ၂၊ [ဥပစာ] အခြေအနေမဲ့သူ။ ~မျောပင်/ယေမျောဗင်/ န–ရေတွင် မျောပါနေသည့် အပင်မွှားအစုအဝေး။ ~မျို၊န–လည်မျို။ ~မျောက်၊ န–[ဒေသ] ဘဲဝဲ။ ~မြွင်း၊န–၁၊ခန္ဓာကိုယ်ကြီးမား၍ တုတ်တိုသော ခြေလေးချောင်းရှိသည့် ရေနေ နို့တိုက်သတ္တဝါ တစ်မျိုး။ ၂၊မြင်းခေါင်းသဏ္ဌာန် ဦးခေါင်းရှိပြီး ခြေလက် မပါသော ပင်လယ်သတ္တဝါငယ်တစ်မျိုး။ ရေနဂါး။ ~မှတ်၊န–ရေ၏ အတိမ်အနက် အတက် အကျကို ပြသော အမှတ်အသား။ ~မှတ်ကမ်း၊န– မောင်ရှင် ဆိုင်းထမ်းမှ တန်းလန်းကျနေသော အရိုးကောက် တပ်ထားသည့် ရေမှုတ်နှင့် သဏ္ဌာန် တူသည့်ကြယ်စု၊ ~မြေ /ယေမြေ/ န–၁၊ ရေတွင် ကျက်စားသော အဆိပ်မဲ့မြွေ။ ၂၊[ဥပစာ] ရန် မပြုတတ်သောသူ။ ~မြှုပ်၊န–၁၊ရေ မျက်နှာပြင်ရှိ အညစ်အကြေးများ ရောပါနေသော ပူဖောင်းငယ် အစု။ ၂၊အရိုးမဲ့ ပင်လယ်သတ္တဝါငယ် တစ်မျိုး၏ ရေစုပ်ဝင်နိုင်သော ရုပ်ကြွင်း။ ၃၊ယင်းကဲ့သို့ ပြုလုပ်ထားသည့်အရာ။ ၄၊ ကင်းမွန်၏ ကိုယ်တွင်းရှိ အရိုးပွ။ ၅၊ စက္ကူတုံးပင်။ ~မြွှာ /ယေမွှာ/န– သန္ဓေသားကို ပတ်ဖွဲ့တည်ရှိနေသော ရေအိတ်။ ~ယက်၊ န–၁၊ရေတွင် လှုပ်ရှားကူးခပ်ရာ၌ အသုံး ပြုသည့် ငါးကိုယ်ထည်ရှိ အတောင်သဖွယ် အစိတ် အပိုင်း။ ၂၊လှေ၊ သင်္ဘောစသည် ရွေ့ရန် ရေကို ယက်ကန်ပေးသည့် ကိရိယာ။ ~ယုန်၊န–အထူး သဖြင့် နှုတ်ခမ်းဝန်းကျင်တွင် ပေါက်တတ်သော ကျိန်းစပ်နာကျင်သည့် အနာတစ်မျိုး။ ~ရူး၊န–မိုး သည်းသဖြင့် ရုတ်တရက် အဟုန်ပြင်းစွာ စီးဆင်း လာသောရေ။ ~ရှုတ်၊န–ရေစီးအားဖြင့်လှေကို ရွေ့ လျားအောင် ရေအောက်တွင် တပ်ဆင်ထားသော အပြား။ ~ရှင်၊ န–အလျဉ်မပြတ် စီးဆင်းနေသော ရေ။ ~ရှည်/ယေယို၊ ယေယှေ/န–ကြာမြင့်သော ကာလ။ ~လာမြောင်း ပေး/ယေလာမျှောင်းဗေး/ ကြိဝိ–မိမိအလိုကျ ဖြစ်စေရန် လမ်းကြောင်းပေး လျက်။ ~လား၊ န–၁၊မင်း မိဖုရားတို့ ရေလမ်းခရီး ထွက်ခြင်း။ ၂၊ရေလမ်းခရီး အတွေ့အမြင်တို့ကို ဖွဲ့ဆိုသော ကဗျာ။ ၃၊ တရားပြိုင်နှစ်ဦးအား ရေ ငုပ်စေခြင်းဖြင့် အပြစ်ကျူးလွန်သူကို ထုတ်ဖော် သော ရှေးဟောင်းတရား စီရင်နည်းတစ်မျိုး။ ~လဲ၊ န–၁၊ ဆေးတစ်မည်ကို မှုတည်၍ ရောဂါအလိုက် တွဲဖက်စားသုံးရမည့် ပစ္စည်း တစ်မျိုးမျိုး။ ၂၊[ဥပစာ] အမျိုးမျိုးအဖုံဖုံ ပြောင်းလဲသော နည်းကွဲများ။ ၃၊ရေချိုးရာ၌ ဝတ်သော လုံချည်။ နံငယ်ပိုင်း။ ~လက်ကြား၊န–ကုန်းမြေနှစ်ခုကြားကို ဖြတ်၍ ရေ ပြင်ကျယ်နှစ်ခုကို ဆက်စပ်သော ကျဉ်းမြောင်းသည့် ရေစီးကြောင်း။ ~လက်ဝါး၊န–လက်တံ ၅ချောင်း သို့မဟုတ် ၅ ချောင်း အထက် ပါဝင်၍ လက်တံ အောက်တွင် စီတန်းနေသော ပြွန်ပုံ ခြေတံများကို ကျုံ့ခြင်း၊ ဆန့်ခြင်းဖြင့် ရွေ့လျားသော ပင်လယ် သတ္တဝါငယ် တစ်မျိုး။ ~လိုက်ငါးလိုက်၊ ကြိဝိ– [ဥပစာ] မဆန့်ကျင်ဘဲ အလိုက်သင့်။ ~လိုက်မှား၊ ~လိုက်လွဲ၊ ကြိ–[ဥပစာ] လမ်းလွဲကို လိုက်မှားမိ သည်။ ~လည်/ယေလယ်/ကြိ–၁၊ကွဲပြားရှင်းလင်း သည်။ ၂၊ ကျွမ်းကျင် နိုင်နင်းသည်။ ၃၊ ဒီရေ အတက်အကျ စတင် ပြောင်းလဲသည်။ ~လုပ်ငန်း၊ န–ရေသတ္တဝါများကို မွေးမြူခြင်း၊ ဖမ်းဆီးခြင်း စသည်နှင့်ဆိုင်သော လုပ်ငန်း။ ~လုပ်သား၊ န– ရေလုပ်ငန်းဖြင့် အသက်မွေးသူ။ ~လမ်း၊န– ရေကြောင်းခရီး။ ~လုံပြုတ် /ယေလုန်ဗျုတ်/န– ရေများများနှင့် ဆီပါရုံချက်သောဟင်း။ ~လုံ ဟင်းခါး/ယေလုန်ဟင်းဂါး/န–ဆီမပါဘဲ ရေတ် ကောင်းစေတ်သော ဟင်းခါး။ ~လုံအိုး၊န–အသုဘ ရှုသောအခါ အိမ်မှအဆင်းတွင် ခွဲပစ်ရသော ရေအိုး။

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

~လျဉ်/ယေလယင်၊ယေယင်/န-အဆက်မပြတ် စီးသောရေ။ ~လှည့်သင့်/ယေလှဲ့သင့်/ကြိ- ဒီရေအတက်အကျ နှင့် အလိုက်သင့်သည်။ ~လှန်၊ ကြိ-ဒီရေကျပြီးနောက် ရေအိနေရာမှပြန်၍ တက်စ ပြုသည်။ ~ဝေးကုန်းတန်း/ယေဝေကုန်းဒန်း/န- မြစ်များခံရာ တောင်စောင်းတစ်ကြော။ ~ဝက်၊န- ရေယက်နှင့်တူသော ရေ့ခြေနှင့် သန်မာသော အမြီးရှိ ရေကူးသန်သည့် ပင်လယ်နို့တိုက် သတ္တဝါ တစ်မျိုး။ ~သကျည်း/ယေသဂျီး/န-လှို၊ ချိုင့် များတွင် အလေ့ကျ ပေါက်တတ်သော ဆေးဖက်ဝင် ပင်စောက်တစ်မျိုး။ ~သနပ်၊န-ရေလဲလုံချည်။ ရေလဲ သင်းပိုင်။ [မြန်၊ရေ+မွန်၊ သွုက်] ~သဖန်း၊န- သဖန်းပင်။ ~သဘင်/ယေသုဗင်/န-၁၊မင်း၊ မိဖုရားတို့ ရေကစားသော ပွဲ။ ၂၊မြန်မာ နှစ်သစ်ကူး သကြန်ပွဲ။ ~သရဲ၊န-ဘဝဲနှင့် အတူတူ။ ~သာစို /ယေသာစို/ကြိ-အရောင်စိုသည်။ ~သိကြီး/ယေ သိုကြီး/န-၁၊လှေသင်္ဘော၌ ရှက်၏ အောက်အစွန်း နှစ်ဖက်တွင် ချည်သောကြိုး။ ~သိနား /ယေသိုနား/ န-၁၊လှေသင်္ဘော၌ ရှက်၏အောက်အနား။ ၂၊ထဘီ ၏ အောက်အနား။ ~သိလဲ /ယေသိုလန်/ န- ရှိနိုင် ငှက်ပျော။ ~သူ/ယေသူ/န-[ရှေး] ဇာတ်ငါ။ ~သူမ /-မာ/ န-လူကိုယ်နှင့် ငါးအမြီး ရှိသည် ဆိုသော ရေသတ္တဝါမ။ ~သေ/ယေသေ/န-၁၊ အင်း၊ အိုင် စသည်အတွင်းရှိ စီးဆင်းမှုမရှိသော ရေ။၂၊ အနိမ့်ဆုံးဒီရေ။ ~သောက်မြစ် /ယေ သောက်မျစ်/ န- ၁၊ သစ်ပင်၏ အမြစ်မကြီး။ ၂၊[ဥပစာ]အခြေခံ အားပြု ထောက်တည်ရာ။ အရင်း မူလ။ ~သပ္ပာယ်၊ကြိ-ဆင်းတုတော်ကို ရေဖြင့် သွန်းလောင်း သန့်စင်သည်။ ~သိမ်/ယေသိန်/ န-မြစ်ချောင်းတို့၌ ရဟန်းတို့ ကံဆောင်ရန် ရေ တစ်ကျ (ရေ တစ်လက်ခုပ် မြှောက်ပစ်ရာမှ ကျ သည်အထိ အကွာအဝေး)ဖြင့် သတ်မှတ်သော ပတ်ဝန်းကျင်နေရာ အပိုင်းအခြား။ ~သွက်/ယေ သွက်/န-သတ္တု ဓာတ်ဆား အနည်းငယ်မျှသာ ပါဝင်သော ရေ။ (ရေစေးနှင့် နှိုင်းယှဉ်) ~အိ၊ကြိ- ဒီရေတက်ခါနီးနှင့် ကျခါနီးအချိန်တွင် မည်သည့် ဘက်သို့မျှ ရေမစီးဘဲ ဖြစ်နေသည်။ ~ဦးရေဖျား /ယေအူးယေဖျား/န-၁၊ မိုးဦးကျစ၌ မိုးရွာသဖြင့် စီးဆင်းသော ချောင်းရေ မြစ်ရေ။ ၂၊ဦးဦးဖျားဖျား တက်သော ဒီရေ။ ~အိုးတင် /ယေအိုးဒင်/ န- ဒူးအပေါ်ဘက်နေရာ။ ~အောင်၊ ကြိ-လိုအပ်သော ရေ ပြည့်ပြည့်ဝဝရသည်။ ~အိမ်၊န-အိမ်သာ။

ရေ[၂]/ယေ၊ယီ/ကြိ-အရေအတွက်ကိုသိအောင် အစဉ် လိုက် မှတ်သားသည်။ ~တွက်၊ကြိ-တစ်၊ နှစ် စသည်ဖြင့် မှတ်သားသည်။ အရေအတွက်ကို သိ အောင် ပြုသည်။ ~ရာ၊ ကြိ-ကွဲပြားသိသာသည်။ ~ရွတ်၊ ကြိ-၁၊ပြစ်တင်ဆဲဆိုသည်။ ၂၊မြည်တမ်း သည်။

ရေ[၃]၊စည်း-[အပြော]ခေါ်ပြောရာတွင် အမည်နှင့်ဆက် သုံးသော စကားလုံး။

ရေဇစ္စရီ/ယေဇစ်စရီ/န-[ဓေတ်ကုန်] မှတ်ပုံတင်ခြင်း။ [လိပ်၊registry]

ရေဒါ/ရေဒါ/န-တစ်စုံတစ်ရာသော အကွာအဝေးမှ ဒြပ်ထုထည်ကို ဒိုင်ခွက်တွင် ပုံရိပ်ဖော်ပြသော ရေဒီယိုလှိုင်း ကိရိယာ။ [လိပ်၊radar]

ရေဒီယံ/ရေဒီယန်/န-ယူရေနီယံ သတ္တုရိုင်းမှ ရရှိ၍ ဓာတ်ရောင်ခြည်ဖြင့် ရောဂါကုသရာတွင် အသုံးပြုရ သည့် ရေဒီယို သတ္တိကြွ သတ္တုဒြပ်စင်။ [လိပ်၊ radium]

ရေဒီယို/ရေဒီယို/န-ထုတ်လွှင့်သော အသံကို ဖမ်းယူ နားထောင်နိုင်ရန် ပြုလုပ်ထားသော ကိရိယာ။ [လိပ်၊radio] ~တယ်လီစကုပ်/-တယ်လီစကုတ်/ န-အာကာသမှ ရေဒီယိုလှိုင်းများကို ဖမ်းယူ၍ နက္ခတ်တာရာ စသည်ကို စူးစမ်းသော ကိရိယာ။ [လိပ်၊radio-telescope] ~သတ္တိကြွမှု/-သတ်တိ ကျွာမှု/န-[ရူပ] ရေဒီယံ၊ ယူရေနီယံစသော ဒြပ်စင် တို့၏ အတွင်း၌ သဘာဝအလျောက် ပြောင်းလဲ မှုကြောင့် ထွက်ပေါ်လာသော ရေဒီယိုလှိုင်းနှင့် ဒြပ်မှုန့်များ ဖြာထွက်မှု။

ရေဖ/ရေဖာ/န-သက္ကတဘာသာ၌ ရ သံ၏ သင်္ကေတ အဖြစ် ဗျည်းအက္ခရာအထက်တွင် ရ အက္ခရာဖြစ်စေ၊ ဖ သင်္ကေတဖြစ်စေ တင်ရေးသော အမှတ်အသား။ [သ၊ရေဖ]

ရေဝတီ/ယေဝဒီ/န-ကြယ်ကိုးလုံးပါဝင်၍ မြှုံးသဏ္ဌာန် ရှိသော နက္ခတ်။ [သ၊ရေဝတီ]

ရေ့၊စည်း-[အပြော]တစ်စုံတစ်ဦးအား တိုင်တည်ပြောဆို ရာတွင် အမည်နောက်၌ ဆက်သုံးသော စကားလုံး။

ရေး၊ကြိ-၁၊စာ၊ ရုပ်ပုံစသည်ကို ထင်အောင် ခဲတံစသည် ဖြင့် ဆွဲခြစ်သည်။ ရေးသားသည်။ ရေးချတ်သည်။ ၂၊စီကုံးဖွဲ့နွဲ့သည်။ ရေးသားသည်၊ စည်း-၁၊ အရေး ကိစ္စဟူသော အနက်ရရန် ကြိယာကို နာမ်ဖြစ်အောင် ဆက်သော စကားလုံး။ "စား~။ ဝတ်~။" ၂၊အကြောင်းကိစ္စဟူသော အနက်ရရန် နာမ်ကို ထောက်ကူသော စကားလုံး။ "စီးပွား~။ စစ်~။" ၃၊အိပ်ပျော်သည့် အခိုက်အတန့်ကို ရေတွက်ရာ၌ သုံးသော စကားလုံး။ ~ကြီးခွင့်ကျယ်/ယေးကြီး ခွင့်ကျယ်/ကြိဝိ-အရေးမကြီးသည်ကို အရေးကြီး သကဲ့သို့(ပြုသည်)။ ~ကြီးသုတ်ပျာ/ယေးကျီး သုတ်

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ပျာ/ ကြိဝိ–အလောတကြီး။ အလျင်စလို။ ~ချ၊န– ဗျည်းနှင့်ယှဉ်သော အာ သရ၏ သင်္ကေတ။ –ာ။ –ါ။ ~ဆွဲ၊ကြိ–၁၊ပန်းချီကားစသည်ကို ရေးသည်။ ၂၊စီမံကိန်းစသည်ကို ရေးသား ပြုစုသည်။ ~ထုံး၊န– အစဉ်အလာ ရေးသားခဲ့သော စာလုံးပေါင်း။ ~ရေး၊ ကြိဝိ–မြင်သာရုံမျှ။ ဝိုးတဝါး။ ရေးတေးတေး။

ရဲ၊နဝိ–၁၊သတ္တိရှိသော။ ဝံ့သော။ ၂၊သောင်းကျန်း ရမ်းကားသော။ "ကျား ~~။" ၃၊အလွန်နီသော။ န–ပြည်သူ့ရဲတပ်ဖွဲ့အမှုထမ်း။ စည်း–ရဲဝံ့ကြောင်း အနက်ဖြင့် ကြိယာကို ထောက်ပံ့သော စကားလုံး။ ~ချုပ်/ယဲချုပ်/န–ပြည်သူ့ရဲတပ်ဖွဲ့တွင် အဆင့် အမြင့်ဆုံး ရာထူး။ ~စွမ်းသတ္တိ/ယဲစွမ်းသတ်တိ/ န–ရဲဝံ့စွာ စွမ်းဆောင်နိုင်သော အရည်အချင်း။ ~ဆေးတင်/ယဲဆေးတင်/ကြိ–ဝံ့ဝံ့ရဲရဲ တက်ကြွလာ အောင် စိတ်ဓာတ်ကို မြှင့်တင်ပေးသည်။ ~တိုက် /ယဲဒိုက်/န–ရှေးခေတ် ဥရောပတိုက်တွင် မြို့စား နယ်စားစသူတို့ ခံတပ်သဖွယ် အခိုင်အခံ့ ဆောက် လုပ် နေထိုင်သော တိုက်အဆောက်အအုံ။ ~တင်း /ယဲဒင်း/နဝိ–အလွန်ရဲဝံ့သော။ န–၁၊ပုဆိန်နှင့် တူသော လက်သမားသုံး ကိရိယာတစ်မျိုး။ ၂၊ [စာပေ] ရဲရဲရင့်ရင့် ပြုမူဆောင်ရွက်သည့် အကြောင်း အရာများကို ဖွဲ့ဆိုထားသော ကဗျာလင်္ကာ။ ~ဘော်၊ န–၁၊တပ်မတော်သား။ ၂၊ပြည်သူ့တာဝန် ထမ်း ဆောင်ဖက်။ လုပ်ဖော်ကိုင်ဖက်။ ~ဘော်စိတ်/ယဲ ဖော်ဇိတ်/န–ဘဝတူချင်း စာနာစိတ်။ ~ဘော်ရဲဘက်၊ န–လုပ်ဖော်ကိုင်ဖက်။ ~ဘက်၊န–[ထောင်]အကျဉ်း ထောင် ပြင်ပ အလုပ်စခန်းများ၌ တာဝန်လုပ်ဆောင် နေရသော အကျဉ်းသား။ ~မက်၊န–၁၊စစ်သည် တပ်သား အလုံးအရင်း။ ၂၊စစ်သည်တပ်သား။ ~မက်ဗိုလ်ပါ/ယဲမက်ဗိုဗာ/န–စစ်သည်တပ်သား အလုံးအရင်း။ ~ရဲတောက်၊နဝိ–၁၊အလွန်ရဲရင့်သော။ ၂၊နီရဲတောက် ပြောင်သော။ ~ရင့်၊ကြိ–အစွမ်းသတ္တိ ထက်မြက်သည်။ ~လောင်း၊န–၁၊ နန်းမြို့တံခါးဝ တွင် အပြင်ကားပြီး အတွင်းသို့ ကျဉ်းမြောင်းသွား အောင် ဆောက်ထား သော လမ်းမြောင်း။ ၂၊တစ်ဖက်တစ်ချက်တွင် ကာရံထားသည့် လမ်း မြောင်း။ ၃၊ငါးဖမ်းဆည်တွင် ငါးဝင်ရာလမ်း။ ~သား/ယဲသား/န–ပြည်သူ့ရဲ တပ်ဖွဲ့ဝင် တပ်သား။

ရဲစား/ယဲဇား/န–ရည်းစား။

ရဲယို၊န–အခွံတွင် မျက်ကွက်သဏ္ဌာန် အကွက်ငယ်များ ပါသော အသီးသီးသည့် အသီးအရွက်စား ပင်မျိုး တစ်မျိုး။

ရဲ့၊ဝိ–[အပြော]၁၊'၏'အစားသုံးသော ပိုင်ဆိုင်ခြင်းပြ နာမ်ဝိဘတ်။ ၂၊ကြိယာဝိဘတ်။ စည်း–[အပြော] ရှေးရှုခေါ်ဝေါ်ရာ၌သုံးသော အာလုပ်စကား။

ရော[၁]၊ကြိ–၁၊ပေါင်းစပ်သည်။ နှောသည်။ ၂၊အပေါင်း အသင်းပြုသည်။ "သူနဲ့ မ ~နဲ့။" စည်း–ပေါင်းစည်း ခြင်းအနက်ဖြင့် နာမ်ကို ထောက်ကူသောစကားလုံး။ "သူ့ကို ~ မုန့်ပေးပါ။ တော ~ မြို့ပါ။" ~ကျော် /ယောကျော်/န–၁၊အမျိုးမျိုးရောနှော ပါဝင်နေသော အရာ။ သောင်းပြောင်း။ ၂၊အများနှင့် ရောယောင် ပါဝင်သူ။ ~ယောင်၊ကြိဝိ–ဘာမျှမသိဘဲ အခြား သူများနည်းတူ။ ~ရီရောရော၊ကြိဝိ–အမျိုးမျိုးရောနှော ပါဝင်လျက်။ ~ရှ၊ကြိ–ရောနှောသည်။

ရော[၂]၊ အာ– အံ့သြခြင်း စသည်ကြောင့် ရုတ်တရက် ထွက်ပေါ်သော စကား။

ရောဂါ၊ န–နာခြင်း။ နာကျင်ခြင်း။ [ပါ၊ရောဂ] ~ဘယ၊န–များ:နာခြင်းဘေး။ ရောဂါအမျိုးမျိုး။ [ပါ၊ရောဂဘယ] ~သည်/ယောဂါသယ်/န–ရောဂါ တစ်စုံတစ်ရာ တာရှည် ခံစားနေရသူ။

ရောဂန္တရကပ်/ယောဂန်ဒရာကတ်/န–ရောဂါဘေး ဆိုက်သော ကာလ။ [ပါ၊ရောဂန္တရ+ကပ္ပ]

ရောမဂဏန်း/ယောမဂနန်း/န–ရောမလူမျိုးတို့ သုံးစွဲခဲ့သောကိန်းအမှတ်အသား။ (I=၁၊ V=၅၊ X=၁၀၊ L=၅၀၊ C=၁၀၀၊ D=၅၀၀၊M=၁၀၀၀) [လိပ်၊Roman+ပါ၊ဂဏန]

ရောမအက္ခရာ/ယောမအက်ခယာ/န–ရောမလူမျိုးတို့ သုံးစွဲခဲ့သော ယခု အင်္ဂလိပ်၊ ပြင်သစ်စသော ဥရောပ ဘာသာများစွာ၌ ပြုပြင်သုံးစွဲနေကြသော A မှ Z အထိ ၂၆ လုံးသော အက္ခရာ။ [လိပ်၊Roman + ပါ၊အက္ခရ]

ရောရုဝ/ရောရုဝါ/န–ငရဲကြီးရှစ်ထပ်တွင် သင်္ဃာတ ငရဲအောက် ယူဇနာ ၁၅၀၀၀ ဝေးကွာသော စတုတ္ထငရဲ။ [ပါ၊ရောရုဝ]

ရောဟဏီ၊န–ကြယ် ၁၀လုံးပါဝင်၍ ငါးကြင်းပွတ် သဏ္ဌာန်ရှိသော နက္ခတ်။ [သ၊ရောဟိဏီ]

ရော့၊စည်း–၁၊ကြိယာကို လေးနက်စေရန် ထောက်ကူ သော စကား။ "အသက်သုံးနှစ်ပြည့် ~မည်။" ၂၊ ပစ္စည်းကို လက်ထဲလက်ရောက်ပေးစဉ် ပြောဆိုသော စကား။

ရော်[၁]၊နဝိ–၁၊ညိုးသော။ နွမ်းသော။ ၂၊ဖြူဖျော့သော။

ရော်[၂]၊ကြိ–၁၊ကျေးငှက်အော်မြည်သည်။ ၂၊ရည်ရွယ် မှန်းဆသည်။ ~ရမ်း၊ကြိ–မျှော်မှန်းတမ်းတသည်။

ရော်ဘာ/ရောဘာ/န–များစွာအသုံးဝင်သော အစေး ထွက်သည့် အပင်တစ်မျိုး။ ကြက်ပေါင်ပင်။ [လိပ်၊rubber]

ရို[၁]၊ကြိ–၁၊ပတ်လည်မှ ဝိုင်းထားသည်။ ၂၊လောင်းကစား ရာတွင် တစ်အိမ်တွင်အောင်၍ တစ်အိမ်တွင် အရှုံ

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

အဖြစ်အနည်းငယ် လောင်းသည်။ **~တိုင်**/ယန်ဒိုင်/ န- လှည်းကက်အိမ် ဘေးတစ်ဖက် တစ်ချက် လက်ရန်းကို လျှိုစိုက်ထားသော တိုင်ငယ်များ။ **~ရွှေတော်**/ယန်ယွေဒေါ်/န-မင်းမိဖုရားတို့ထံ၌ ခစားထမ်းရွက်ရသူ။

ရဲ[၂]န-အခါ။အကြိမ်။ "တစ်ခါတစ် ~။ တစ် ~ရော အခါ။ တစ် ~တစ်ဆစ်။" **~ဖန်ရံခါ**ကြိဝိ-တစ်ခါ တစ်ခါ။

ရဲကျိုးကြိ-ရဲသောကျိုးနွံသည်။

ရဲညွတ်ကြိ-ရဲသေစွာ ညွတ်တွားသည်။ ရဲသေလေးစား သည်။

ရဲသေကြိ-အလေးအမြတ်ထားသည်။ လေးစားသည်။

ရို၊ စည်း- အမည်နောက်မှ တွဲဆက်၍ ခေါ်သော အာလုပ် စကားလုံး။

ရို့ရို၊ စည်း-ဝက် စသည်ကို ခေါ်ရာတွင် သုံးသော စကား။

ရိုး၊နဝိ-၁၊တည်ကြည် ဖြောင့်မတ်သော။ လိမ်လည် ကောက်ကျစ် လော်လည်ခြင်း ကင်းသော။ ၂၊ တွေ့မြင် ကြားသိနေကျဖြစ်သော။ မသစ်ဆန်းသော။ န-၁၊ရှည်လျားသော အစဉ်အတန်း။ "ကန်ပေါင် ~။ ရွာ ~။ မြစ် ~။" ၂၊ချောင်းလောက် မကြီးသော ရေစီးကြောင်း။ ၃၊အစဉ်အလာ။ "ဆို ~။ ရေး ~။ လုပ် ~ကိုင် ~။" ၄၊အမျိုးအနွယ်။ "သူကြီး ~။ တွင်းစား ~။" စည်း- မှန်ကန်ကြောင်းအနက်ဖြင့် ကြိယာကို ထောက်ကူသော စကားလုံး။ "မသိ ~အမှန်ပါ။" **~ကျပင်**/ယိုးဂျာပင်/န-မြားဆိပ်ပင်။ **~တံ**/ယိုးဒန်/န-သစ်ပင်၏ အစေ့အလက်အတံ။ **~ထုံး**/ယိုးဒုန်း/န-အဖြူရောင် အပွင့်ကလေးများ စုပြုပွင့်သော အမြစ်ဆေးဖက်ဝင် နွယ်ပင်တစ်မျိုး။ **~ပိန်ဆံမာ**/ယိုးဗိန်ဆန်မာ/န-ပိန်သော်လည်း သန်မာသူ။ **~ပုံရိုးလက်**/ယိုးဗုန်ယိုးလက်/န-ရိုးသား သည်ဟု ထင်မြင်ရသော အသွင်အပြင်။ **~ပြတ်**/ယိုးဗျတ်/န-ရိတ်ဖြတ်ပြီး ကျန်နေသော ကောက် ပင်ငုတ်။ **~ဖြောင့်**နဝိ-လိမ်လည် ကောက်ကျေခြင်း ကင်းသော။ ရိုးသားဖြောင့်မတ်သော။ **~မ**၊ န- မြင့်မားရှည်လျားသော တောင်တန်းကြီး။ "ပဲခူး ~၊ အနောက် ~။" **~မြေကျ**/ယိုးမြေကျ/ကြိဝိ-[ဥပစာ] သေသည်အထိ။ အသက်ထက်ဆုံး။ **~ရာ**၊ န- ၁၊မိဘ စဉ်ဆက်။ ၂၊မိဘစဉ်ဆက် ကိုးကွယ်ခဲ့သော နတ်။ ၃၊မိဘစဉ်ဆက် ကျင့်သုံးခဲ့သော အလေ့အထ။ **~ရာသမား**/ယိုးယာသမား/န-ရှေးရိုး အစဉ်အလာ ကို တွယ်တာစွဲပိုက်နေသူ။ **~ရိုးကုပ်ကုပ်**ကြိဝိ- ပလွှားဝင့်ဝါခြင်း မရှိ၊ အေးအေး တည်ငြိမ်စွာ။ **~ရိုးတန်းတန်း**/ယိုးယိုးတန်းဒန်း/ကြိဝိ-မလိမ်လည် မကောက်ကျစ်ဘဲ။ အမှန်အတိုင်း။ **~ရှင်း**၊ ကြိ- [ရှေး] ရည်ရွယ်သည်။ န-အသက်အရွယ်ကြီးမှ ပေါင်းဖော်ရသော မိတ်ဆွေ။ (ရှောင်းရင်းနှင့် နှိုင်း ယှဉ်) **~သား**၊ နဝိ-ရိုးဖြောင့်မှန်ကန်သော။

ရိုးတိုးရိပ်တိပ်/ယိုးဒိုးယိတ်တိတ်/ကြိဝိ-အရိပ်အမြွက်မျှ။

ရိုးတိုးရွတ/ယိုးဒိုးယွာတာ/ကြိဝိ-မတည်မငြိမ် လှုပ်ရှား လျက်။

ရိုးရဲ၊နဝိ-အရောင်ဖြိုးပြက်တောက်ပသော။

ရက်[၁]န-တစ်ခုသော သန်းခေါင်အချိန်မှ နောက်တစ်ခု သော သန်းခေါင်အချိန်အထိ ၂၄ နာရီကာလ အပိုင်း အခြား။ **~ကျပ်**န-အလွတ်အလပ်မရှိသော ရက်။ အကျပ်အတည်းရှိသော ရက်။ **~ချန်**၊ ကြိဝိ- ရက်ခြားလျက်။ **~ချိန်း**၊ န-ကြိုတင်သတ်မှတ် ထားသော ရက်။ **~ချုပ်**န-မွေးဖွားချိန် စသည်ကို ထန်းရွက် စသည်တွင် ရေးမှတ်ထားသောစာ။ **~ခြား**၊ ကြိဝိ-ရက်ခြားလျက်။ **~စုံ**န-ရက်ပေါင်း ၃၀ရှိသောလ။ (ရက်မစုံလတွင် ၂၉ ရက် ရှိသည်။) **~စုံသတ်**ကြိ-ဝါကြီးထပ်တွင် ရက် ၃၀ချည်း ၄လ ရှိသည်၊ ဝါငယ်ထပ်တွင် ရက် ၃၀ချည်း ၂လ ရှိသည်ဟု သတ်မှတ်သည်။ **~စွဲ**၊ န-နှစ်၊ လ၊ ရက် အမှတ်အသား။ **~ဆက်**၊ ကြိဝိ- ရက် မခြား ဘဲ။ **~ရာဇာ**န-ရက်ကောင်းရက်မြတ် တစ်မျိုး။ [မြန်၊ ရက်+ပါ၊ရာဇ] **~လည်**/ယက်လယ်/ကြိ- ခုနစ်ရက် တစ်ပတ်ပြည့်မြောက်သည်။ **~သတ်**ကြိ- နေ့ရက် အတိအကျ သတ်မှတ်သည်။

ရက်[၂]ကြိ-ချည်၊ လျှော်၊ နီးစသည်ဖြင့် အထည်၊ ဖျာ စသည် ဖြစ်အောင် လုပ်သည်။ **~ကန်း**၊ န- အဝတ် အထည် ရက်လုပ်သော လုပ်ငန်းအတတ် ပညာ။ **~ကန်းကြိုးမြွေ** /ယက်ကန်းဂျိုးမွေ/န- ကိုယ်လုံး သေး၍ ရှည်သော အစိမ်းရောင်မြွေငယ်။ **~ကန်းစင်** /ယက်ကန်းဇင်/န-ရက်ကန်းရက်ရန် အတွက် တန်ဆာပလာအစုံ တပ်ဆင်ထားသော စင်။ **~ကန်းရှယ်**၊ ကြိ- ရက်ကန်းတိုင်ချည်များ ကို အတုံ့အပြန် သွယ်တန်းသည်။ **~ကန်းသား** /ယက်ကန်းသား/န-ရက်ကန်းစင်တွင် ရက်ဆဲ ဖြစ်သော အထည်သား။ **~ဖောက်**န-၁၊လွန်းအိမ်၌ တပ်ဆင်ရသော ဖောက်ချည် ရစ်သွင်းထားသည့် အချောင်းအတံ။ ၂၊အပ်ချုပ်စက်တွင် အောက်ချည် ရစ်သွင်းထားသည့်ဘီးလုံးငယ်။ **~မ**၊ န-ဆင့် တင်ရာ အောက်ခံ။ **~မယှို**/ယက်မယှို/န-တိုင်ကို ဖောက်လျှိုထားသော ရက်မတန်း။

ရက်[၃]စည်း-ထောက်ထား ငဲ့ညှာခြင်း မရှိဟူသော အနက်ဖြင့် ကြိယာကို ထောက်ကူသော စကားလုံး။ "ပြော ~။" **~စက်**ကြိ-သနားကြင်နာခြင်း ကင်း

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

သည်။ မညာမတာ ပြုမူသည်။ ~ရော၊ နဝိ–စေတနာထက်သန်သော။ ~ရက်၊ ကြိဝိ–[ပေါ] ၁၊အလျင်အမြန်။ ချက်ချင်း။ ၂၊ရက်ရက်ရောရော။ ၃၊ရဲရဲဝံ့ဝံ့။

ရက္ခိုသ်၊န–ဥစ္စာ၊ ရေကန်စသည်ကို စောင့်ရှောက်သော နတ်တစ်မျိုး။ [ပါ၊ရက္ခသ]

ရက်တက်ရည်၊န–ထောပေး ထုတ်ယူပြီးသော နို့ရည်ကြည်။

ရိက္ခာ၊န–၁၊အမှုထမ်းအား အချိုးကျ ဝေငှပေးသော စားသောက်ဖွယ်ရာ ပစ္စည်း။ ၂၊လစာငွေ။ ၃၊ နောင်တွင် စားသုံးရန် စုဆောင်းထားသော ဆန်ရေစပါး စသည်။ [ဟိန္ဒီ၊ရိစကာ]

ရုက္ခစိုး/ယုတ်ဂစိုး/န–သစ်ပင်၌ တည်မှီသော နတ်။ [ပါ၊ရုက္ခဒေဝ]

ရုက္ခဗေဒ/ယုတ်ခါ့ဗေဒ]/န–အပင်များနှင့် ပတ်သက်သော သိပ္ပံပညာရပ်။ [ပါ၊ရုက္ခ+ဗေဒ]

ရုက္ခမူသား၊န–အမြစ်၊ အခေါက်စသည်ကို မီးဖုတ်ပြာချပြီး ချက်ယူသော ဆား။ [ပါ၊ရုက္ခမူလ+မြန်၊ဆား]

ရောက်၊ကြိ–တစ်စုံတစ်ခုသော အရပ်၊ အချိန်ကာလ၊ အခြေအနေသို့ ဆိုက်သည်။ ~တတ်ရာရာ၊ ကြိဝိ–ရည်ရွယ်ချက်၊ အစီအစဉ် မရှိဘဲလျက်။ ~ရာပေါက်ရာ၊ ကြိဝိ–ရည်မှန်းချက်မရှိ ခြေဦးတည့်ရာ။

ရိုက်၊ကြိ–၁၊တစ်စုံတစ်ခုကို လက်စသည်ဖြင့် ပုတ်ခတ်သည်။ ၂၊(နို့၊ ငုတ်စသည်ကို) ဖိနက် စိုက်သွင်းသည်။ ၃၊ အရှိန်အဟုန်ဖြင့် ထိစေသည်။ "ပုံတင် ~။" ၄၊ စာလုံး၊ ရုပ်ပုံ၊ တံဆိပ်စသည် စွဲထင်အောင် ပြုသည်။ "လက်နှိပ်စက်~။ ဓာတ်ပုံ~။" န–ဝါးလုံးအလျားဖြင့် တိုင်းတာ ရေတွက်ရာတွင် သုံးသော စကားလုံး။ "ဝါးတစ်~။" ~ကြူး၊ကြိ–အလွန်မြည်သည်။ ~ကြည်း၊ ကြိ–မြည်ဟည်းသည်။ ~ခြောင်း၊ကြိ–မြည်ဟိန်းသည်။ ~ညောင်း၊ကြိ–ကြာရှည်စွာ မြည်သည်။ ~နှိပ်၊ကြိ–စာလုံး၊ ရုပ်ပုံ၊ တံဆိပ်စသည်ကို အောက်ခံတစ်ခုခုပေါ်တွင် စွဲထင်အောင်ပြုသည်။ ~မောင်းပုတ်မောင်း၊ ကြိဝိ–ရိုက်မည်ဟု ကြိမ်းမောင်းလျက်။

ရိုက်ရာ၊န–အရိုက်အရာနှင့်အတူတူ။

ရင် [၁] န–၁၊လည်ပင်းနှင့် ဝမ်းဗိုက်အကြားရှိ ကိုယ်အစိတ်အပိုင်း။ ရင်ဘတ်။ ၂၊ရင်၏အတွင်းပိုင်း။ "~ကျပ်၊ ~အောင့်။" ~ကယ်၊ကြိ–အစာမကြေ ရင်ပြည့်၍ တင်းကျပ်နေသည်။ ~ကျိုး၊ကြိ–[ဥပစာ]ယူကျုံးမရဖြစ်သည်။ ~ကျစ်၊ကြိ–မွဲသလိပ်ထ၍ ရင်မချောင်သော ဝေဒနာခံစားရသည်။ ~ကြားနေ/ယင်ဂျားနေ/ကြိ– တစ်ဦးနှင့်တစ်ဦး ပြေလည် သင့်မြတ်သည်။ ~ကွဲရစ် /ယင်ဂွဲယက်/ န– အဝိုးတစ်ခုတည်းအောက်တွင် အလယ်၌လမ်းထား၍ မျက်နှာချင်းဆိုင် ဆောက်ထားသော စရပ်။ ~ကွဲနာကျ /ယင်ဂွဲနာ ကျာ/ကြိ–ဝမ်းနည်းပူဆွေးလွန်း၍ နှလုံးကြေကွဲသည်။ ~ကွဲပက်လက် /ယင်ဂွဲပက်လက်/ကြိဝိ–ဆောက်တည်ရာမရ ကြေကွဲဝမ်းနည်းလျက်။ ~ကွဲမြှုး/ယင်ဂွဲမျှုန်း/န–ရေလျှံသော ကွင်းပြင်၌ ပုစွန်နှင့် ငါးကလေးများ ဖမ်းရသော ခေါင်လိုက်ဆက်ထားသည့် မြှုံးနှစ်လုံးပူး။ ~ခံ၊ကြိ–အစာမကြေသဖြင့် မစား မသောက်လို ဖြစ်သည်။ /ယင်ဂန်/န–ထိုင်မသိမ်း အင်္ကျီနှင့် ဝတ်ရသော ရင်လွှမ်းအဝတ်။ ~ခေါင်း/ယင်ဂေါင်း/န–ရင်၏အတွင်းပိုင်း။ ~ခုန်၊ကြိ–စိတ်လှုပ်ရှားသဖြင့် နှလုံးခုန်နှုန်း ပိုမြန်လာသည်။ ~ချောင်၊ကြိ–၁၊ရင်ပြည့်နေရာမှ ချောင်သွားသည်။ ၂၊[ဥပစာ] စိုးရိမ်ခြင်းပြေပျောက်သည်။ ~ခွဲရုံ/ယင်ဂွဲယုန်/န–ဆေးရုံ၌ လူသေအလောင်းများကို ခွဲစိတ် စစ်ဆေးရာအဆောက်အအုံ။ ~ခွင် /ယင်ဂွင်/ န–ရင်ဘတ်ဝန်းကျင်။ ~ခွင်ပိုက်/–ပိုက်/န–၁၊နို့စို့ ကလေးအရွယ်။ ၂၊အရွယ်မရောက်သေးသော ဘုရင့်ကိုယ်စားအုပ်ချုပ်သူ။ အုပ်ချုပ်သောအဖွဲ့။ ~စေ့အင်္ကျီ/ယင်စိအင်းကျီ/န–ရင်ဘတ်အလယ် ထက်အောက်တစ်လျှောက် စေ့၍ရအောင် ချုပ်ထားသော အင်္ကျီ။ ~စို့/ယင်စို့/ န–ရင်ဘတ်အထက်ပိုင်း။ ~စည်း /ယင်စီး/ န– ၁၊ ရင်ကိုစည်းရသော အဝတ်စ။ ၂၊ ဓေတီတွင် သပိတ်မှောက်၊ ခေါင်းလောင်းပုံအလယ်၌ ရစ်ပတ်ထားသော အဆင်တန်ဆာ။ ရင်ဖွဲ့။ ~ဆာ၊ ကြိ– ရင်ပူသည်။ ~ဆို့၊ ကြိ–ဓာလွန်း၍ဖြစ်စေ၊ပူပင်သောက ရောက်လွန်း၍ဖြစ်စေ ရင်၌ ပူလောင်တစ်ဆို့သည်။ ~ဆိုင်၊ ကြိ–မျက်နှာချင်းဆိုင် တွေ့ဆုံသည်။ ထိပ်တိုက်တွေ့ဆုံသည်။ ~ညွန့်၊ န–ရှေ့ဘက်အောက်ဆုံး နံရိုးနှစ်ချောင်း ထိစပ်ရာနေရာ။ ~တမမ၊ကြိဝိ–[ဥပစာ] လွန်စွာ စိုးရိမ်ကြောင့်ကြဖြစ်လျက်။ ~ထား၊န–မြို့ရိုးတံခါးအပြင်ဘက် တိုင်နှစ်တိုင်တွင် တန်းသုံးဆင့် လျှိုကန့်ထားသောအရာ။ ~တွန်း /ယင်ဒွန်း/န–ရေတိမ်ပိုင်းတွင် ရင်ဖြင့်တွန်း၍ ငါး၊ ပုစွန်တို့ကို ဖမ်းသော ငါးဖမ်းကိရိယာ တစ်မျိုး။ ~ထုမနာ/ယင်ဒုမနာ/ကြိဝိ–အလွန်အမင်းတသသ ဝမ်းနည်း ကြေကွဲလျက်။ ~ထိုး /ယင်ဒိုး/ န–အင်္ကျီရင်၌ ထိုးဆင်ရသော အဆင်တန်ဆာ။ ~နာ၊ ကြိ–ဝမ်းနည်း ကြေကွဲသည်။ ~နင့်၊ ကြိ–အလွန်အမင်း စိတ်ထိခိုက်သည်။ ~နှစ်သည်းချာ/ယင်နှစ်သီးဂျာ/န–[ဥပစာ]သားသမီးအရင်း။ ~ပူ၊ကြိ–၁၊ရင်၌ပူသော ဝေဒနာ ခံစားရသည်။ ၂၊စိုးရိမ်

မှာတ်ဂိုးတားသို့ ▶▶▶

http://www.lknt11.com ...

ပူပန်သည်။ **~ပေါင်တန်း**/ယင်ဗောင်တန်း/ကြိဝိ–၁။အားတိုက် အညီယှဉ်လျက်။ ၂။တန်းတူ အပြိုင်လိုက်လျက်။ **~ပုံ** /ယင်ဗုန်/ န–ကြက်၊ ငှက်စသည်၏ ရင်ဘတ်ပိုင်း။ **~ပြင်** /ယင်ဗျင်/ န–ဘုရားစေတီ၊ နန်းတော် စသည်၏ ဝန်းကျင်ကျယ်ပြန့်သော နေရာ။ **~ပြည့်** /ယင်ပျေ့/ကြိ–အစာမကြေသဖြင့် ရင်ထဲတွင် ပြည့်ကယ်သည်။ **~ဖို၊** ကြိ–စိုးရွံ့ ထိတ်လန့်သည်။ **~ဖုံး**/ယင်ဖုန်း/ န–၁။အင်္ကျီ ရင်အလယ်ပိုင်းမှ တစ်ဖက်ခြမ်းကို ထပ်၍ဖုံးသော အလွှာ။ ၂။ ရင်ဖုံးပါသော အင်္ကျီ။ **~ဖွဲ့** /ယင်ဖွဲ့/ န–၁။ အင်းဝခေတ် ရဟန်းတော်တို့ရင်၌ ဖွဲ့စည်းသော သင်္ကန်း။ ၂။ ခေတ်တွင် သပိတ်မှောက်၊ ခေါင်းလောင်းပုံ အလယ်၌ ရစ်ပတ်ထားသော အဆင်တန်ဆာ။ ရင်စည်း။ **~ဖွင့်၊** ကြိ–မျိုသိပ်ထားခဲ့သမျှကို ဖွင့် ထုတ်ပြောဆိုသည်။ **~ဘတ်စည်တီး၊** ကြိဝိ–၁၊ အလွန်အမင်း ပူဆွေးသဖြင့် ရင်ဘတ်ကို ထုလျက်၊ ၂။အလွန်အမင်း ပူဆွေးလျက်။ **~မ၊** ကြိ–[ဥပစာ] စိုးရိမ် ကြောင့်ကြသည်။ **~ရှား**၊ကြိ–(ထဘီကို) ရင်အထိ မြှင့်၍ဝတ်သည်။ **~လေး၊** ကြိ–စိုးရိမ်ကြောင့်ကြသည်။ **~လျှောက်**/ယင်ယှောက်/ န– မြို့ရိုး တံခါးပေါက်၏ ဝဲယာတစ်ဖက်တစ်ချက် ကူးသန်းနိုင်ရန် ထုတ်ထားသော အစွန်း။ **~ဝ၊** န–ရင်ညွန့်ရှိ အချိုင့်နေရာ။ **~သား** /ယင်သား/ န– ရင်အုံ အသားစိုင်၊ သားမြတ်။နို့။ **~သပ်ရှုမော**/ယင်သတ်ယှုမော/ကြိဝိ–အလွန်အမင်း အံ့သြလျက်။ **~သွေး**/ယင်သွေး/ န– သားသမီး။ **~အေး**၊ကြိ–ပူပင်ကြောင့်ကြမှု ကင်းသည်။ စိတ်အေးချမ်းသာရှိသည်။ **~အုပ်၊** န–ရင်ဘတ်အပြင်။ **~အုပ်မကွာ၊** ကြိဝိ–[ဥပစာ] မကွဲမကွာ စောင့်ရှောက် ယိုန်းသိမ်းလျက်။ **~အုံ၊**န–ရင်ဘတ်အပြင်ရှိ မို့မောက်သော အသားစု။

ရင်[၂]၊သမ်–[အပြော]လျှင်။

ရင်[၃]၊ကြိ–[ရှေး] ပြုသည်။ စီမံဖန်တီးသည်။

ရင်ကမ်း /ယင်ဂန်း၊ယင်ငန်း/ န– အနီရောင်အခွံ၌ အူးဖတ်များရှိသော အသီးများ အပြွတ်အခိုင်လိုက် သီးသည့် ပင်နီမှတစ်မျိုး။

ရင်ခတ်/ယင်ဂတ်/ န–တန်ခူးလတွင် ဝါကြန့်ကြန့် အရောင်ပန်းပွင့်သော ပင်စောက်တစ်မျိုး။

ရင့်၊ နဝိ– ၁၊ မနုသော။ အသက်ကြီးသော။ "အသီး ––။ ရောဂါ ––။" ၂။ရင့်ကျက်သော။ ၃။အရောင်ပို၍ မှိုင်းသော။ "အစိမ်း ~။" **~ကျက်၊** နဝိ–အတွေ့အကြုံ ရှိ၍ အရည်အသွေး ပြည့်ဝသော။ ဣန္ဒြေရှိသော။ **~တော်၊** နဝိ–ရင့်ရော်ကြမ်းတမ်းသော။ ရင့်ရော်သော။ **~မာ၊** နဝိ–ကြီးရင့်သော။ ပြည့်ဝသော။ **~မာကြီး**/ယင့်မကြီး/ န–ပုဂ္ဂိုလ် အရင့်အမာ၊ **~ရော်၊** နဝိ–အိုမင်းသော။ **~သီး၊** နဝိ–ကြမ်းတမ်း ရိုင်းပျသော။ **~သန်၊** နဝိ–အရည်အသွေး ပြည့်ဝနိုင်မာသော။

ရင့်ကျူး၊ကြိ–ကျူး ရင့်သည်။ ရင့်ရှသည်။

ရင့်ကြွေး၊ကြိ–(ကျေးငှက်) သာယာစွာ အော်မြည်သည်။

ရင်း[၁]၊ကြိ–၁။ငွေ၊ပစ္စည်းစသည်ကို အခြေခံအဖြစ် မတည်သည်။ ၂။ဆွေမျိုးတော်စပ်မှုတွင် သွေးနီးသည်။ ၃။ခင်မင်ကျွမ်းဝင်သည်။ န–အရင်းနှင့် အတူတူ။ **~ချာ**၊ကြိ–၁။ဆွေမျိုးတော်စပ်မှုတွင် ပိုမို၍ သွေးနီးသည်။ ၂။ပိုမို ခင်မင်ကျွမ်းဝင်သည်။ **~ခွဲ** /ယင်းခွဲ/ န–ထန်းလည်ဆစ်မှ ခွဲချကာ ထန်းလုံးနှင့် အသေကပ်ချည်ထားသော ထန်းတက် လှေကား။ **~ထောင်**/ယင်းဒေါင်/ န–ထန်းတက်ရန် လှေကားရှည်။ **~နှီး**၊ကြိ–၁။ပစ္စည်းစသည်ကို ရင်းသည်။ ၂။ကျွမ်းဝင်သည်။ ခင်မင်သည်။ **~ပင်**/ယင်းဗင်/ န–ရင်းထောင်နှင့် ရင်းခွဲ မဆက်မီ လောက်အောင် မြင့်သော ထန်းပင်မျိုးတွင် ရင်းခွဲအောက်၌ အသေကပ်ချည်ထားရသော လှေကားတို။ **~မြစ်၊** န–ဇာစ်မြစ်။ မူလအစ။

ရင်း[၂]၊ကြိ–အနာအုံကြွ ရောင်ရမ်းသည်။

ရင်း[၃]၊ သမ်–ဆောင်ရွက်ဆဲဖြစ်ကြောင်း ပြသော စကားလုံး။ "သွား ~ လာ ~။"

ရင်းဖား/ယင်းဗား/ န–မူလအတိုင်း ပြန်ဖြစ်လာသော အခြေအနေ။

ရင်းစပ်/ယင်းဇပ်/ န–အသားကို အိမ်ထောင်ပရိဘောဂ လုပ်ရသည့် ပင်စောက်တစ်မျိုး။

ရင်းတိုက်/ယင်းဒိုက်/ န–အနှစ်မည်း၍ မာသော ပင်စောက် တစ်မျိုး။

ရင်းနှောင်း၊န–ရေစပ်ချုံပင်တို့ကို လွှမ်းခြုံပေါက်တတ်သော စားသုံးရသည့် နွယ်ပင်တစ်မျိုး။

ရင်းပြား/ယင်းဗျား/ န–ဝန်းသော ရွက်ဆိုင်ရှိ ဆေးဖက်ဝင် ပင်နိမ့်တစ်မျိုး။

ရင်းမာ၊န–အခက်လိုက် ရွက်တံထွက်၍ တော်သလင်းလတွင် ပွင့်ခိုင်များပွင့်သော သစ်မာပင်ကြီး။

ရင်းရုံ၊န–သောင်စပ်တွင် ပင်ချင်းဆောင်၍ ခပါက်လေ့ရှိသည့် အလေ့ကျအပင်တစ်မျိုး။

ရောင်[၁]၊နဝိ–အနာရောဂါကြောင့် အသားအရေ ပွဖောင်းသော။ **~ကိုင်း၊** **~ရမ်း၊** နဝိ– အနာရောဂါကြောင့် အသားအရေ မို့မောက်သော။

ရောင်[၂]၊န–အရောင်နှင့်အတူတူ။ **~ခြည်**/ယောင်ဂျီ/ န–နေစသည်မှ ထွက်သော အလင်းရောင်။ **~ခြည်တော်**/–ဒေါ်/ န–မြတ်စွာဘုရား၏ ကိုယ်တော်မှ ကွန့်မြူးသော အရောင်အဝါ။ (ညို၊ ရွှေ၊ နီ၊ ဖြူ၊

မာတိကာသို့ ▶▶▶

မောင်း၊ ပြိုးပြိုးပြက်ပြက်ဟူ၍ ခြောက်ပါးရှိသည်။)
~စဉ်/ယောင်ဇင်/န-[ရုပ]အလင်းတွင် ပါရှိသော အရောင်ခုနစ်မျိုး။ (ခရမ်း၊ မဲနယ်၊ အပြာ၊ အစိမ်း၊ အဝါ၊ လိမ္မော်၊ အနီ) **~တော်ဖွင့်**/ယောင်ဒေါ်ဖွင့်/ကြိ-ဘုရားရုပ်ပွားတော်၊ စေတီတော်များကို သစ်လွင် တောက်ပအောင် ပြုသည်။ **~နီ**န-နံနက် စောစော ပေါ်ထွက်စ နီမြန်းသော နေရောင်ခြည်။ **~ပြား**/ယောင်ဗျား/န-ကုလားရွှေ။ **~ပြုသလွင်**၊ ကြိဝိ-[ပေါ] သစ်လွင်တောက်ပအောင် ပြုပြင် ဆင်ယင်လျက်။ **~ပြေး**/ယောင်ဗျေး/န-နှစ်ရောင် သုံးရောင်စသည် ပြောင်းလဲဖြစ်ပေါ်သော အရောင်။ **~ပြန်ဟပ်**/ယောင်ဗျန်ဟတ်/ကြိ-၁၊ တစ်စုံတစ်ရာ ပေါ်သို့ အလင်းရောင် ကျရောက်ရာမှ အလင်းတုံ့ပြန် ဖြစ်ပေါ်သည်။ ၂၊[ဥပစာ] တုံ့ပြန် ဖြစ်ပေါ်သည်။ **~ဖျော့**/ယောင်ဖျော့/န-ရောင်နီ မပေါ်မီ တွေ့ရသော အလင်းရောင်။ **~လွှံတော်**/ယောင်လှယန်ဒေါ်/န- ၁၊ မြတ်စွာဘုရား၏ ဦးခေါင်းတော် တစ်ဝန်းတွင် ဖူးမြင်ရသော ရောင်ခြည်တော်။ ၂၊ဆင်းတု၊ ရုပ်ပွားတော်တို့တွင် ဦးခေါင်းတော် နောက်ဘက်၌ ထုလုပ်ရေးခြယ်ထားသော ရောင်ခြည်တော် စက်ဝန်းပုံ။

ရောင့်၊ကြိ-ကြွသည်။ မြင့်တက်သည်။ **~တက်**၊ ကြိ-၁၊ရောင့်နှင့်အတူတူ။ ၂၊မျက်နှာသာ ပေးသောကြောင့် အခွင့်အရေး ပိုယူသည်။ **~ရဲ**၊ကြိ-လက်ရှိအခြေအနေတွင် နှစ်သိမ့်ကျေနပ်သည်။ တင်းတိမ်သည်။

ရောင်း၊ကြိ-တန်ဖိုးငွေယူ၍ အရာဝတ္ထုကိုပေးသည်။ **~ချ**၊ကြိ-ရောင်းသည်။ **~စား**၊ကြိ-[ဥပစာ]ကိုယ်ကျိုးအတွက် သူတစ်ပါးကို လှည့်ပတ် အသုံးချသည်။ **~တမ်း**/ယောင်းဒန်း/နဝိ-ရောင်းချရန် သင့်တင့်အောင် ပြုလုပ်ထားသော။ **~ပန်းလှ**/ယောင်းဗန်းလှ/ ကြိ- ရောင်းချရာတွင် ဝယ်သူစိတ်ကြိုက် တင့်တယ်သည်။ **~ရင်း**၊ န-ယောသူ့ဝယ်ရင်း။ (ရိုးရင်းနှင့်နှိုင်းယှဉ်) **~ဝယ်ဖောက်ကား**၊ ကြိ-ကုန်ရောင်းကုန်ဝယ်ပြုသည်။

ရိုင်၊**~ပတ်**၊ န-ကောက်ပဲသီးနှံထည့်ရန် ခွေပတ်၍ သုံးသော ဖျာရှည်တစ်မျိုး။ **~ရိုင်**၊ ကြိဝိ-[ပေါ]စုရုံး များပြားစွာ။

ရိုင်ဖယ်/ရိုင်ဖယ်/ န- ပြောင်းဘွင်း၌ အရစ်ပါသော ပြောင်းရှည် သေနတ်တစ်မျိုး။ [လိပ်၊rifle]

ရိုင်း၊နဝိ-၁၊မယဉ်ကျေးသော။မသိမ်မွေ့သော။ ၂၊ပကတိအတိုင်းဖြစ်သော။ "ကျောက်~။" ၃၊မတွေ့ကြုံဖူးသော။ **~စိုင်း**/ယိုင်းစိုင်း/နဝိ-အလွန်မိုက်ရိုင်းသော။ **~ပျ**၊နဝိ-မယဉ်ကျေး၊ မိုက်မဲသော။ **~မျှ**၊နဝိ-[ပေါ] တောရိုင်းသဘာဝဖြစ်သော။ ကြမ်းတမ်းသော။

ရိုင်းဖင်း/ယိုင်းဗင်း/ကြိ-ကူညီသည်။ ထောက်ပံ့သည်။

ရစ်[၁]၊ ကြိ- ၁၊ ပတ်လည်လှည့်သည်။ ခွေပတ်သည်။ ၂၊တဝဲလည်လည်ပြုသည်။ ၃၊ပတ်လည် အရေးအကြောင်း ထင်အောင်လုပ်သည်။ န-မိုင်းဝင့်ရာတွင် သုံးသော ကိရိယာ။ စည်း- အကြိမ်ကို ရေတွက်ရာတွင် သုံးသော စကားလုံး။ "သုံး~နှင့် ဆပ်ပါ။" **~ခုံ**၊န-ရစ်၏ အမာခံအခြေ။ **~တံ**၊န-၁၊ချည်မျှင်ရောင်စုံရစ်၍ အထည်ဆင်ပုံစံ ဖော်ထားသော ဟုတ်တံ။ ၂၊[ဥပစာ] နမူနာ။ **~သီး**/ယစ်သိန်း/န-ရစ်တွင် ရက်ဖောက်ဝင်ရိုးကို လှည့်စေရန် ကြိုးသွယ်၍ လှည့်ပေးရသော သီး။ **~လုံး**၊န-၁၊ ချည်ခင်မှ ချည်မျှင်ရစ်ရသော တည်းလုံး။ ယောက်လုံး။ ၂၊စွန်လွှတ်ရန် ချည်ရစ်ထားသော သီးလုံး။ **~သီရစ်သီ**၊ ကြိဝိ-တစ်စုံတစ်ရာ၏ အနီးအပါးတွင် ဝေ့ဝိုက်လှည့်ပတ်လျက်။

ရစ်[၂]၊ န-ကိုယ်တွင် အစက်အပြောက်ပါသော တောကြက် မျိုးဝင် ငှက်တစ်မျိုး။

ရစ်[၃]၊ စည်း- ကျန်နေခဲ့ခြင်းအနက်ဖြင့် ကြိယာကို ထောက်ကူသော စကားလုံး။

ရဉ်/ယင်/ကြိ-[ပေါ]ပိုင်းဖြတ်သည်။

ရဉ့်/ယင့်/ကြိ-[ပေါ]**ရဉ်** နှင့်အတူတူ။

ရည်[၁]၊ကြိ-မှန်းရွယ်သည်။ **~ငံ**၊ကြိ-၁၊ယောကျ်ားနှင့် မိန်းမ ချစ်ကြိုက်သည်။ ၂၊ ပြည့်ဝက်လိုသည်။ **~စူး**/ယိဇူး/ကြိ-စူးစိုက် မှန်းရွယ်သည်။ **~စောင်**၊ ကြိ-ရည်ရွယ် စောင့်ဆိုင်းသည်။ **~ညွှန်း**၊ ကြိ-၁၊ အထောက်အထားပြသည်။ ကိုးကားသည်။ ၂၊ ဦးတည်သည်။ **~မှတ်**၊ ကြိ-ရည်ရွယ်သတ်မှတ်သည်။ **~ရွယ်**၊ ကြိ-ဦးတည် အာရုံထားသည်။ **~သန်**၊ ကြိ-အထူးရည်မှန်းသည်။

ရည်[၂]၊န-**အရည်**နှင့်အတူတူ။ **~မွန်**၊ နဝိ-**မွန်ရည်**နှင့် အတူတူ။ **~ရှ**၊န-ထန်းနို့၊ ထန်းသီးထွက်သည့် အရွယ်ဖြစ်သော ထန်းပင်။ **~သွား**/ယိသွား/န-အရည်အသွေး။

ရည်း၊ကြိ-ရည်ရွယ်သည်။ ရည်မှန်းသည်။ **~ငံ**၊ကြိ-ဆန္ဒပြင်းစွာ မျှော်ရည်သည်။ **~စား**/ယီးဇား/န-တစ်ဦးနှင့်တစ်ဦး ကြင်ဖော်အဖြစ် အထူးရည်မှန်းထားသူ။ **~စားသနှာ**/-သနှာ/န-**ရည်းစားသနဲ**။ **~စားသနဲ**/-သနဲ/န-ရည်းစား။

ရတ္တပိတ်နာ/ရတ်တပိတ်နာ/န-သွေးအန် သွေးလွန်နာ တစ်မျိုး။ [သ၊ရတ္တ+ပိတ္တ+မြစ်+နာ]

ရိတ်၊ကြိ-အမွေးအမှင်၊ စပါးပင် စသည်ကို လှီးဖြတ်သည်။

ရိတ္တာတိထိ/ရိတ်တာတိထိ/န-[ဗေဒင်] အမှုအလုပ်

မဆောင်ရွက်ကောင်းသောနေ့။ (စနေနှင့်ကြုံကြိုက်သော လဆန်း၊ လဆုတ် ၄ ရက်၊ ၉ ရက်၊ ၁၄ရက်နေ့) [ပါ၊ရိတ္တ+တိထိ]

ရုတ်ခြည်း။**ရုတ်တရက်**၊ ကြိဝိ-ချက်ချင်း။

ရုတ်ရုတ်ရက်ရက်၊**ရုတ်ရုတ်ရုတ်ရုတ်**၊ ကြိဝိ- မငြိမ်မသက် ရှုပ်ထွေးလျက်။

ရုတ်ရုတ်သဲသဲ/ယုတ်ယုတ်သဲသဲ/ကြိဝိ-မငြိမ်မသက် ဆူပူလှုပ်ရှားလျက်။

ရုဒ္ဒရသ/ရုတ်ဒါရသ/န-ကြမ်းတမ်းခက်ထန်မှု ရသ။ [ပါ၊ရုဒ္ဒ+ရသ]

ရန်¹၊န-၁၊အနှောင့်အယှက်။ အန္တရာယ်။ ၂၊တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် မသင့်မတင့် ခိုက်ရန်ဖြစ်ပွားမှု။ **~ငွေး**၊န-[ပေါ]မင်း။ **~ငြိုး**၊န-ကလဲ့စားချေလိုစိတ်။**~စ**/ယန်ဇ/န-မပြီးမပြတ်၊ မကျေမနပ် ရှိခဲ့ဖူးသည့် မသင့်တင့်မှု။ ကြိ-ရန်လိုစိတ်ဖြင့် စတင်ထိပါးသည်။ **~စောင်**၊ကြိ-ရန်ဖြစ်ရန် အခွင့်ကို ချောင်းသည်။ **~စွယ်**/ယန်စွယ်/န-ဘေးရန်အန္တရာယ်။ ရန်ဆူးရန်ငြောင့်။ **~တွေ့**၊ ကြိ-ရန်လို စိတ် ဖြင့် တစ်ဖက်သားအား အပြစ်ဆိုသည်၊ **~ထောင်**၊ကြိ-ရန်စကားကို ထောင်လွှားမောက်မာစွာပြောသည်။ **~ပြု**၊ကြိ-ထိပါးနှောင့်ယှက် တိုက်ခိုက်သည်။ **~ဖြစ်**၊ကြိ-တစ်ဦးနှင့်တစ်ဦး ခိုက်ရန်ဖြစ်ပွားသည်။ **~ဘက်**/ရန်ဇက်/န-မိမိနှင့် ခိုက်ရန်ဖြစ်ဖူးသူ။**~မူ**၊ကြိ-ရန်ပြုသည်။ **~မာန်**၊န-ဘေးရန်။ **~ရှာ**၊ကြိ-ရန်ဖြစ်ရန် အကြောင်းရှာသည်။ **~လို**၊ ကြိ-ရန်ဖြစ်ချင်စိတ် ရှိသည်၊ ရန်ဖြစ်လိုသည်။ **~လုပ်**၊ကြိ-ရန်ဖြစ်ရန် အကြောင်းကို စတင်ဖန်တီးသည်။ **~သူ**/ယန်သူ/န-မိမိကို အန္တရာယ်ပြုသူ၊ **~သူမျိုးငါးပါး** /-မျိုးငါးဖား/န-ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူ တည်း ဟူသော အန္တရာယ် သင့်ရောက်စေနိုင်သော ရန်သူငါးပါး။ **~သတ္တရု**/ယန်သတ်တရု/န-ရန်။ ရန်သူ။ [မြန်၊ ရန်+သ၊ဂတြု]

ရန်²၊ ကြိ- ရည်မှန်းသည်။ လျာထားသည်။ စည်း-၁၊ကြိယာကို နာမ်ပုဒ်ပြောင်းရာတွင် ဆက်တွဲသော စကားလုံး။ "သတိထား~မှာ။" ၂၊နှစ်ခုအစုံကို ရေတွက်ရာတွင် သုံးသော စကားလုံး။ "ဖိနပ်တစ်~။" သမ်-အကျိုးတစ်စုံတစ်ရာ မျှော်လင့်သည့် အနက်ဖြင့် ဆက်စပ်ပေးသော စကားလုံး။ "လူတော်ဖြစ်~ ကြိုးစားမည်။" **~ကော**/ယန်ဂေါ်/ စည်း-[အပြော] ကဲ့ရဲ့ပြစ်တင်လိုသော သဘောဖြင့် ကြိယာနောက်တွင် တွဲစပ်သော စကားလုံး။ **~စုငွေ**/ယန်စုန်ငွေ/န-အသင်းအဖွဲ့စသည်တို့၌ လိုအပ်သည့်အခါ သုံးရန် စုဆောင်းထားသည့်ငွေ။

ရန်း၊ ကြိ- ၁၊ (သင်္ကန်း)ဝတ်သည်။ ၂၊ အရန်းအတားပြုလုပ်သည်။

ရန့်¹၊နဝိ-မချောမွေ့သော။ ကြမ်းတမ်းသော။ **~ရင်း**၊ နဝိ- ၁၊ ကြမ်းတမ်းသော။ မပျော့ပျောင်းသော။ မာသော။ ၂၊ရိုင်းပျသော။ **~ရင်းကြမ်းတမ်း**၊နဝိ-ရန့်ရင်းသော။ ရန့်ကြမ်းသော။

ရန့်²၊ကြိ-ရှန်း ၄ နှင့်အတူတူ။

ရုန်း၊ကြိ-၁၊ကျွဲနွားစသည်တို့ ပခုံးဖြင့် လှည်းစသည်ကို ဆွဲသည်။ ၂၊တာဝန်ကို ပင်ပန်းစွာ ထမ်းဆောင်သည်။ ၃၊အနှောင်အဖွဲ့ စသည်တို့မှ လွတ်အောင် ကြိုးစားသည်။ ၄၊ကျုံ့သည်။ ကျဉ်းသွားသည်။ **~ကန်**၊ ကြိ- ၁၊ခြေလက်စသည်ဖြင့် တွန်းထိုးကန်ကျောက် လှုပ်ရှားသည်။ ၂၊လွတ်မြောက်အောင် အားထုတ်သည်။ ၃၊[ဥပစာ] တာဝန်ကို ပင်ပန်းစွာ ထမ်းဆောင်သည်။ **~ရင်းဆန်ခတ်**၊ကြိဝိ-လူအများ လုံးထွေးသတ်ပုတ် ရှုပ်ထွေးလျက်။

ရပ်၊ကြိ-၁၊မတ်မတ်ထသည်။ မတ်မတ်တည်သည်။ ၂၊ရွေ့လျားလှုပ်ရှား ဖြစ်ပျက်မှု တစ်စုံတစ်ရာ တန့်သည်။ ၃၊တန့်အောင်ပြုသည်။ တန့်စေသည်။ ၄၊ပန်ကြားသည်၊ တောင်းခံသည်။ "မေတ္တာ~။ ဆွမ်း~။" န-အရပ်နှင့်အတူတူ။ စည်း-အကြောင်းအရာ၊ အမျိုးအမည်ကို ရေတွက်ရာတွင် သုံးသော စကားလုံး။ "စကားတစ်~။" **~ကြီးသူ**/ယတ်ကြီးသူ/န-မြို့ကြီးပြကြီးတွင် မွေးဖွားကြီးပြင်းသူမိန်းမ။ **~ကွက်**၊န-မြို့ရွာ၏ တစ်စိတ်တစ်ဒေသ။**~စဲ**၊ကြိ-၁၊ဖြစ်ပျက်မှု၊ လှုပ်ရှားမှု တစ်စုံတစ်ရာ တန့်သည်။ အပြီးသို့ ရောက်သည်။ ၂၊အလုပ်တာဝန် ဆောင်ရွက်ခွင့်ကို ရုပ်သိမ်းပြီးပြတ်စေသည်။ **~စောက်စား**၊န-[ပေါ] မတ်တတ်စား။ **~ဆိုင်း**၊ကြိ-ဖြစ်ပျက်လှုပ်ရှားဆောင်ရွက်မှု တစ်စုံတစ်ရာ တန့်သည်။ **~ဆွေရပ်မျိုး**၊ န- တစ်ရပ်တည်း အတူနေ၍ ဆွေမျိုးတမျှ ခင်မင်ကျွမ်းဝင်သူ။ **~တော်မူ**၊ န-မတ်တတ်ရပ် အနေအထား ရှိသော ဗုဒ္ဓရုပ်ပွားတော်။ **~တည်**၊ ကြိ-မြဲမြဲစွာ အခြေပြုသည်။ တည်ရာပြုသည်။ **~တန့်**၊ ကြိ- တစ်စုံတစ်ရာ ရွေ့လျားလှုပ်ရှား ဆောင်ရွက်ရာမှ ခေတ္တရပ်တည်သည်။ **~နား**၊ကြိ-၁၊ လှုပ်ရှားဆောင်ရွက်မှု တစ်စုံတစ်ရာကို ရပ်တန့်သည်။ ၂၊ ခရီးသွားလာခိုက် တစ်နေရာရာတွင် နားနေအပန်းဖြေသည်။ **~ဖြစ်ရှစ်ပါး**၊ န- နိဗ္ဗာန် မဂ်ဖိုလ် မရနိုင်သော ဘဝဖြစ်တည်မှု ရှစ်မျိုး။ (၁၊ငရဲဘုံ၌ ဖြစ်ခြင်း ၂၊တိရစ္ဆာန်ဘုံ၌ ဖြစ်ခြင်း ၃၊ပြိတ္တာဘုံ၌ ဖြစ်ခြင်း ၄၊အသညသတ်ဘုံ၊ အရူပဘုံတို့၌ ဖြစ်ခြင်း ၅၊ပစ္စန္တရစ်ခေါ် သာသနာ မရှိသော အရပ်၌ ဖြစ်ခြင်း ၆၊ မိစ္ဆာဒိဋ္ဌိအယူမှားခြင်း

http://www.lknt11.com ...

၇၊သုဂတိအဟိတ် ပဋိသန္ဓေနေခြင်း (မွေးရာပါ ကန်းခြင်း၊ ပင်းခြင်း၊ ဆွံ့အခြင်း၊ ရူးသွပ်ခြင်း စသည်) ၈၊တိဟိတ်ဖြစ်သော်လည်း ဘုရားမပွင့်သော ကမ္ဘာ၌ ဖြစ်ခြင်း)။ **~မိရုပ်ဖ၊** န–ရုပ်ရှာ၏ ကောင်းကျိုးကို ဆောင်သော လေးစား ကြည်ညိုဖွယ် ပုဂ္ဂိုလ်၊ **~ရွာ၊**န–နေထိုင်ရာ အရပ်ဒေသ။ **~ဝန်း၊**န–[ပထဝီ] ရာသီဥတု တူညီမှုအလိုက် သတ်မှတ်သော ဒေသ အပိုင်းအခြား။

ရိုပ်၊ကြိ–(နေရောင်)အားပျော့ မှေးမှိန်သည်။ ကြိဝိ–ဖောင်းချိတ်လျက်။ န–၁၊အရိပ်နှင့်အတူတူ။ ၂၊အရိပ်အယောင်။ **~ကာသီကာ**/ ယိတ်ကာသိဂါ/ကြိဝိ–အရိပ်အယောင်မျှ။ **~စားမိ၊**ကြိ–အခြေအနေ အလားအလာကို တွေးတောထင်မြင် သဘောပေါက်သည်။ **~ဖမ်းသံဖမ်း** /ယိတ်ဖန်းသန်ဖန်း/ ကြိဝိ– အရိပ်အမြွက်မျှ။ **~မိ၊**ကြိ–အခြေအနေ အလားအလာကို အတော်အတန် နားလည် သဘောပေါက်သည်။ **~မြို့၊**န–မိုးတင်းနေထိုင်ရာ။ **~ရိပ်လီး၊**ကြိ–ပါးပါးလီးသည်။ **~သာ၊** န–၁၊ တည်းခို၊ နေထိုင်သူ၏ သက်သာချောင်ချိမှုအတွက် စီမံထားသော ဌာန၊ အဆောက်အအုံ။ "ဘိုးဘွား ~ ။ ဝန်ထမ်း ~။ ဧည့် ~။" ၂၊တရားအားထုတ်ရာ စခန်း။ **~သာပင်** /ယိတ်သာဗင်/န–အရိပ်ရရန် စိုက်သော သစ်ပင်။

ရုပ် ၁၊ကြိ–ပြန်၍ သိမ်းယူသည်။ သိမ်းစုသည်။ **~သိမ်း၊**ကြိ–၁၊ပြောပြီးစကား၊ ပေးပြီးအခွင့်အရေး စသည်ကို ပြန်၍ နုတ်ယူသည်။ ၂၊ဆောင်ရွက်မှုတစ်ခုခုကို ရုပ်စဲသည်။ "အစည်းအဝေး ~~။"

ရုပ်၂၊န–၁၊အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ဓေသာသဘော။ ခြင်း။ ၂၊အသွင်အပြင်။ ၃၊[ပါ၊ သဒ္ဒါ]ဆိုင်ရာဥပဒေအတွက် သက်သေပြမှု။ [ပါ၊ရူပ] **~ကလာပ်၊**န–၁၊ရုပ်အစု။ ၂၊အလောင်း။ [ပါ၊ရူပ+ကလာပ] **~ ကြိုးစင်** / ယုတ်ကျိုးဇင် / န–ပကတိလူအရွယ် နီးပါးရှိသော အရုပ်များကို ကြိုးတပ်၍ လှုပ်ရှားကပြသော သဘင်။ **~ကြွ၊** ကြိ–ဖောင်းကြွအောင် ပြုလုပ်ထားသော ရုပ်ပုံ။ **~ကြွင်း၊**န–၁၊ သေပြီးနောက် ကျန်ရစ်ခဲ့သော ရုပ်ကလာပ်။ ၂၊သေပြီး နောက်ရှည်ကြာစွာ တည်ရစ်သော ရုပ်အစုအခဲ။ **~ဆင်း၊**န–ရုပ်ရည်သွင်ပြင်။ **~တု၊**န–တစ်စုံတစ်ဦးနှင့် တူအောင် ထုလုပ်ထားသော ရုပ်လုံး။ **~တွက်၊**ကြိ–[ပါ၊သဒ္ဒါ] ပုဒ်ကို ခွဲခြမ်း စိစစ်သည်။ **~ပျက်၊**ကြိ–၁၊မူလရုပ်အဆင်း ဆုတ်ယုတ်ပျောပါးသည်။ ၂၊[ဥပစာ]အများအမြင်တွင် မတင့်မတယ်ဖြစ်သည်။ **~ပျက်ဆင်းပျက်**/ယုတ်ပျက်ဆင်းပျက်/ကြိဝိ–၁၊ပင်ကိုရုပ်သွင် ပျက်ယွင်းလျက်။ ၂၊[ဥပစာ] အများအမြင်တွင် မတင့်မတယ် ဖြစ်လျက်။ **~ပြ၊**န–အပြည်ခံမှုသာ ဖြစ်သော ပုဂ္ဂိုလ်၊ အရာ။ နဝိ–ရုပ်ပုံဖြင့် နားလည်စေသော။ **~ပြောင်၊**န–ပြောင်လှောင်သည့် အနေဖြင့် ရေးဆွဲထားသော ရုပ်ပုံ။ **~ပြောင်းရုပ်လွှဲ၊**န–ရုပ်အသွင် ပြောင်းလွှဲမှု။ **~ပွားတော်**/ယုတ်ပွားဒေါ်/န–ဗုဒ္ဓဆင်းတုတော်။ **~ဖမ်း၊**ကြိ– ၁၊ အသွင်အပြင် တစ်စုံတစ်ခုကို တုသည်။ "မင်းသား ~~။" ၂၊ပုံပန်းကိုကြည့်၍ မည်သူမည်ဝါဖြစ်ကြောင်း ခွဲခြားသည်။ **~ဖျက်၊** ကြိ–ပင်ကိုရုပ်ကိုမမှတ်မိအောင် ပြုပြင်ထားသည်။ **~မြင်သံကြား** /ယုတ်မျင်သန်ကျား/န–ရုပ်ပုံနှင့် အသံတို့ကို ဖမ်းယူခြင်း သို့မဟုတ် ထုတ်လွှင့်ခြင်း။ "**~စက်**။ **~ကင်မရာ**။" **~ရည်** /ယုတ်ယီ၊ ယုတ်ယေ/န–ရုပ်အဆင်းအသွင်အပြင်။ **~ရှင်၊**န–ဖလင်ကားကို ရွေ့လျားစေပြီး မီးရောင်ထိုးခြင်းအားဖြင့် ပိတ်ကားပေါ်တွင် လှုပ်ရှား ပေါ်ပေါက်သည့် ပုံရိပ်။ ခတ်ရှင်။ ဘိုင်စကုတ်။ **~လုံး၊**န–ထုထည်ပုံသဏ္ဌာန်ပေါ်အောင် ထွင်းထုထားသော အရုပ်။ **~လုံးပေါ်၊**ကြိ–၁၊ရုပ်ပုံသဏ္ဌာန် အကောင်အထည် ပေါ်လာသည်။ ၂၊ပင်ကိုသဘောသားပေါ်လွင်လာသည်။ **~လုံးဖော်၊**ကြိ–၁၊တစ်စုံတစ်ရာသော ရုပ်ပုံသဏ္ဌာန် ပေါ်လာအောင် ထွင်းထုသည်။ ၂၊စိတ်ကူးချက်ကို အကောင်အထည် ပေါ်အောင်ပြုသည်။ **~ဝါဒ၊**န–ရုပ်သည်သာ သက်ရှိသက်မဲ့ အရာခပ်သိမ်း၏ မူလအခြေခံဖြစ်၍ အရာရာကို ပြဋ္ဌာန်းသည်ဟု ယုံကြည်သော အယူအဆ။ [လိပ်ပြန်၊ **materialism**] **~သေး၊**န–ဓာတ်နိပ်ပါတ်တစ်ခန်းခန်းကို ပြောဆိုလှုပ်ရှားခြင်း မပြုဘဲ ပုံဆောင်ပြသော ပြကွက်။ **~သေး၊**န–ကြိုးဆွဲ၍ အရုပ်များကို လှုပ်ရှားကပြစေသည့် အမြင့်သဘင်။ (တုတ်ထိုးရုပ်သေး၊ လက်ထိုးရုပ်သေး လည်းရှိသည်။) **~သေးအစိုးရ၊** န– အခြားအဖွဲ့အစည်း၊ အခြားနိုင်ငံ၏ အမိန့်ဩဇာခံ အစိုးရ။

ရမ်/ရန်/န–ကြံ၏သကာရည်ကိုချက်၍ ရသော အရက်တစ်မျိုး။ [လိပ်၊**rum**]

ရမ္မက်/ယမက်/န–ဘပ်မက်ခြင်း။

ရမ်း၊နဝိ–အနည်းငယ် ဖောရောင်သော။ ကြိ–အဆင်အခြင်မဲ့ ပြုမူပြောဆိုသည်။ ကြိဝိ–မတွက်မဆဘဲ အမှန်းအားဖြင့်။ **~ကား**/ယန်းဂါး/ကြိ–မဆင်မခြင်ထင်ရာပြုမူသည်။ **~ဆ၊**ကြိ–မျှော်တွေး မှန်းဆသည်။ **~ရော်၊**ကြိ–မျှော်မှန်းတမ်းတသည်။ **~ရမ်း၊**ကြိဝိ–[ပေါ]နှစ်ခြိုက်အားရစွာ။ **~သန်း၊** ကြိဝိ–မတွက်မဆဘဲ အမှန်းအားဖြင့်။

ရုံ၊ကြိ–အပေါ်မှ လွှမ်းခြုံသည်။ န–၁၊စုအုံပေါက်ရောက်နေသော အပင်စု။ "ဝါး ~၊ စံပယ် ~။" ၂၊အဆောက်အအုံ။ "ဓာတ် ~၊ ကုန်လှောင် ~။" စည်း–အကာန့်

http://www.lknt11.com ...

အသတ်၊ အတိုင်းအတာသဘောကို ဖော်ပြသော စကားလုံး။ "သင့် ~၊ တော် ~။" **~ခါ**၊ကြိ-လက်မှတ်မရောင်းမီ ဇာတ်ရုံထဲ ရောက်နေသူအားလုံးကို အပြင်သို့ ထွက်စေသည်။ **~ဂိုဏ်း**၊န-အရုံဂိုဏ်းနှင့် အတူတူ။ **~တင်**၊ကြိ-ရုံတွင် ရုပ်ရှင်ကားသစ်ကို စတင်ပြသသည်။ **~ပိုင်**/ယုန်ပိုင်/န-ဘူဟာရုံကို စီမံအုပ်ချုပ်သူ။ **~ပွဲ**/ယုန်ပွဲ/န-ဝင်ကြေးယူ၍ ရုံတွင်း၌ ကပြသော ပွဲသဘင်။ (ဗလာပွဲနှင့်နှိုင်းယှဉ်) **~ဖွင့်**၊ကြိ-ရုံပွဲကို မည်သူမဆို ဝင်ရောက် ကြည့်ရှုခွင့် ပြုသည်။ **~ဝင်**၊ကြိ-ဇာတ်၊အငြိမ့် စသည် ရုံတစ်ခုခုတွင် စတင်ကပြသည်။ **~သွင်း**၊ကြိ-ဝင်ကြေးယူ၍ ရုံအတွင်း၌ ဇာတ်သဘင် စသည်ကို ခင်းကျင်းပြသသည်။

ရုံး[၁]၊ကြိ- သိမ်းစုသည်။ န-အစိုးရ လုပ်ငန်းတာဝန်ဆောင်ရွက်ရာ အဆောက်အအုံ။ **~ချိန်း** /ယုန်းဂျိန်း/ န- အမှုကြားနာစစ်ဆေးရန် ချိန်းဆိုသည့်ရက်။ **~စိုက်**၊ ကြိ-နေရာဒေသ တစ်ခုခုတွင် အုပ်ချုပ်မှုဆိုင်ရာ ရုံးဖွင့်သည်။ **~တက်ရုံးဆင်းဖြစ်ဒဏ်**/ယုန်းတက်ယုန်းဇင်းပျစ်ဒန်/န-တရားသူကြီး ရုံးတက်ချိန်မှ ရုံးဆင်းချိန်အထိ ထောင်ဒဏ်အဖြစ် သတ်မှတ်သော အပြစ်ဒဏ်။ ရုံးမင်းတစ်ထိုင်ပြစ်ဒဏ်။ **~တင်**၊ ကြိ-တရားရုံး၌ စစ်ဆေးရန် တင်ပြသည်။ **~တွင်းစာ**/ယုန်းဒွင်းဇာ/န-ရုံးတွင်း၌ ဆက်သွယ်သော စာ။ **~ထိုင်**၊ကြိ-အုပ်ချုပ်မှုဆိုင်ရာ ပုဂ္ဂိုလ်အကြီးအကဲ ရုံးတွင် ကိစ္စဆောင်ရွက်သည်။ **~ပြင်ကနား**၊န-အမှုအခင်း စစ်ဆေးရာ တရားရုံး။ **~သုံးဘာသာစကား** /ယုန်းသုန်းဘာသာဇကါး/ န-ရုံးလုပ်ငန်းဆိုင်ရာတွင် အသုံးပြုရန် တရားဝင်သတ်မှတ်ထားသော ဘာသာစကား။

ရုံး[၂]၊န-အသားမာ၍ အဝါရောင်ရှိပြီး ပုဆိန်ရိုး၊ တူရိုးစသည် လုပ်ရသော ပင်မှောက်တစ်မျိုး။

ရုံးပတီ/ယုန်းဗဒီ/န-စေးချွဲသော အသီးတောင့်သီးသည့် တင်နှစ်ခံပင်။ [မလေး၊ sayu bendi]

ရယ်[၁]/ယယ်၊ယီ/ကြိ-ရွှင်မြူးသဖြင့် ဟားဟားစသော အသံမျိုးကို ပြုသည်။ **~မော**/ယယ်မော၊ယီမော/ကြိ-နှစ်ခြိုက်စွာရယ်သည်။ **~ရယ်ဖတ်ဖတ်**၊ **~ရွှန်းဖတ်ရွှန်း**၊ကြိဝိ- ရယ်ကာမောကာ။ **~သွမ်းသွေး** /ယယ်သွမ်းသွေး/ ကြိ- ပြက်ရယ်ပြု၍ ရယ်မောသည်။

ရယ်[၂]၊စည်း-[အပြော]၁၊အတူတကွ ပါဝင်ကြောင်းပြစကားလုံး။ "သူ ~ငါ ~။" ၂၊နာမ်ပုဒ်ကို လေးနက်ခစေသော စကားလုံး။ "သား ~ အိပ်ပါတော့။"

ရသနှစ် /ရတ်သာ့နှစ်/ န- သက္ကရာဇ်တို့နှင့်အတူတူ။ [ပါ၊ ရသ+မြန်၊နှစ်]

ရသသရ/ရတ်သာ့သရ/န-သံတိုသရ။ (ဒီဃသရနှင့်နှိုင်းယှဉ်) [ပါ၊ရသ+သရ]

ရှုနဒ်-ကြွသော။ ကြွပ်သော။ ကြိ-မငြိမ်မသက်လှုပ်ရှားသည်။ န-အလွန်သေးငယ်သော ပိုးကောင်တစ်မျိုး။ **~စီရှုစီ**၊ကြိဝိ-မငြိမ်မသက်လှုပ်ရှားလျက်။ **~ပိုးထိုး** /ယွာ့ပိုးထိုး/ကြိ-[ဥပစာ] လွန်စွာ မငြိမ်မသက်ဖြစ်သည်။ **~ရှု**၊ကြိဝိ-အသာအယာ။ "~လှမ်း-။"

ရွာ၊န-၁၊လူအများ စုပေါင်းနေထိုင်ရာ ကျေးလက်အိမ်ရာ။ ၂၊လူ၊နတ်၊ပြဟ္မာ နေထိုင်ရာဘုံ။ ကြိ- ကောင်းကင်မှ မိုးစက်မိုးပေါက်များ ကျလာသည်။ **~ကိုင်**/ယွာကိုင်/ န-ရွာသူကြီး။ ကြိ- မှန်းကာဝေပြစားသည်။ **~ခံ** /ယွာဂန်/န-ရွာတွင် မူလက နေနှင့်သူ။ **~ချ**၊ကြိ-ဖမ်းစားခြင်း မပြုရန်၊ ဖမ်းစားထားသည်ကို နုတ်ပယ်ပေးရန် ရန်ကို တောင်းပန်သည့်အနေဖြင့် ဆန်ကောစသည်တွင် စားသောက်ဖွယ် ထည့်၍ ကျွေးသည်။ (ရွာစာချဟုလည်း ခေါ်သည်။) **~စား**/ယွာဇား/ န-၁၊မြန်မာမင်း လက်ထက် ကျေးရွာကို အပိုင်စားပေးခြင်းခံရသူ။ ၂၊ယင်းသို့ အပိုင်စားပေးခြင်းခံရသော ဆိုင်းဆရာ။ ၃၊ဆိုင်းဆရာကို ဂုဏ်တင်ခေါ်သောအမည်။ **~ဆော်** /ယွာဇော်/န- ကျေးရွာတွင် ရပ်မှုရွာမှု ကိစ္စတို့၌ ဆော်ဩသူ။ **~ဆိုးကုန်း** /ယွာဇိုးဂုန်း/န-ရွာဟောင်း ရွာပျက် ကုန်းနေရာ။ **~နီးချုပ်စပ်**၊န-ရွာအနီး ဝန်းကျင်ရှိ ကျေးရွာများ။ **~ရိုး**၊န-၁၊ရွာလမ်းမ တစ်လျှောက်။ ၂၊ရွာစဉ်ကမ်းလျှောက်။ **~ရိုး ကိုးပေါက်**/ယွာယိုးကိုးဗောက်/ န-၁၊ရွာများ တစ်လျှောက်။ ၂၊နေရာအနှံ့ အပြား။ **~သူ**/ယွာသူ/န-ရှုန်း။

ရွေ့[၁]၊ကြိ-တံစည်း၊ ပဲခွပ်စသည်ဖြင့် သစ်မျက်နှာပြင်ကို လိုရာရအောင် ခုတ်ဖဲ့သည်။ **~ပေါ်**/ယွေ့ဗော်/ န- သစ်သားမျက်နှာပြင် ချောပြေစေရန် ကိုက်ရသော အသွားတပ် လက်သမားကိရိယာ။

ရွေ့[၂]၊ကြိ-[ကဗျာ]ခြံရုံသည်၊ န-[ကဗျာ]ရုံရွေ့တော်။

ရွေ့၊ကြိ-မူလနေရာမှ အခြားတစ်နေရာသို့ ရောက်သည်၊ ပြောင်းသည်။ **၍**၊ သမ်-၁၊ တစ်ခုပြီး တစ်ခု ဆောင်ရွက်ခြင်း၊ ဖြစ်ပေါ်ခြင်း အနက်ဖြင့် ဆက်စပ်ပေးသော စကားလုံး။ ၂၊အကြောင်းပြအနက်ဖြင့် ဆက်စပ်ပေးသော စကားလုံး။ **~ရှား**၊ **~လျား** /ယွေ့လယား/ကြိ-ရွေ့သွားသည်။ **~လျော**/ယွေ့လယော/ကြိ-၁၊နိမ့်ရာသို့ ရွေ့ကျသည်၊ ၂၊လျော့ပါးဆုတ်ယုတ်သည်။ ၃၊အခြေအနေ၊ အချိန်ကာလ တစ်ခုမှ တစ်ခုသို့ ပြောင်းလဲရောက်ရှိသည်။

ရွေး[၁]၊ကြိ-၁၊ခွဲခြားထုတ်ယူသည်။ မိမိဆန္ဒရှိရာကို စိစစ်ယူသည်။ ၂၊ပေါင်ထားသော ပစ္စည်းကို အတိုးအရင်း ပေး၍ပြန်ယူသည်။ ၃၊သိမ်းယူထားသည့်

တစ်စုံတစ်ရာအတွက် တောင်းသည်ကိုပေး၍ ပြန်ယူသည်၊ ၄။အပ်နှံပစ္စည်းကို လုပ်ခပေး၍ ပြန်ယူသည်။ **~ကောက်ပွဲ**၊နု-အရွေးခံပုဂ္ဂိုလ်များ အနက်မှ မိမိလိုလားသည့် ပုဂ္ဂိုလ်ကို ရွေးကောက် တင်မြှောက်သည့် အခမ်းအနား။ **~ကျ**/ယွေးဂျ/နု-ကောင်းနိုးရာရာကို ရွေးနုတ်ပြီးနောက် ကြွင်းကျန်ခဲ့သော အရာ။ **~ချယ်**၊ကြိ-ကြိုက်ရာကို စိစစ်ယူသည်။ **~ချယ်တင်မြှောက်ပွဲ**၊နု-လုပ်ငန်းတာဝန် ဆောင်ရွက်နိုင်မည့်သူကို လျှို့ဝှက်မဲဆန္ဒဖြင့် ရွေးချယ်တာဝန်ပေးသည့် အခမ်းအနား။

ရွေး²၊နု-၁။ရွေးကလေးပင်။ ၂။ပမာဏငယ်သော အလေးချိန် အဖြစ်သုံးသော ရွေးကလေးစေ့၊ ရွေးကြီးစေ့။ ယင်းရွေးစေ့များနှင့် ချိန်သော အလေးချိန်။ **~ကလေး**/ယွေးဂလေး/နု-အနီရောင်တွင် အနက်စပ်သော အစေ့ငယ်များ ရရှိသည့် နွယ်ပင်တစ်မျိုး။ (ယင်းအပင်၏ အစေ့ကို ရွှေငွေချိန်တွယ်ရာတွင် တစ်ကျပ်၏ ၁၂၀ပုံ ၁ပုံ အလေးချိန်အဖြစ် အသုံးပြုသည်။) **~ကြီး**/ယွေးဂျီး/နု-အနီရောင်အစေ့ရရှိသော ပင်စောက်တစ်မျိုး။ (ယင်းအပင်၏ အစေ့ကို ရွှေငွေချိန်တွယ်ရာတွင် တစ်ကျပ်၏ ၆၀ပုံ ၁ပုံအဖြစ် အသုံးပြုသည်။)

ရွဲ၊နု-၁။အရောင်တောက်ပသော ကျောက်မျက်ရတနာ။ ၂။အရောင်လှုပ်ရှားတောက်ပအောင် အတွင်း၌ ပြဒါးခံထားသော ပါးလွှာသည့် ဖန်လုံး။ ၃။ကြာမှေးဘက်နှင့် ကြာလန်အကြားရှိ အဖုလုံးများ။ ၄။သတ္တုကွင်း၌ လက်ကိုင်သစ်သားရိုး တပ်ထားသော (ကျောက်မျက်ရွဲတပ်သည့်)ပန်းထိမ်သုံးကိရိယာ။ ၅။ကုန်စည်လက်ကား ရောင်းချသူ။ "ငါး~၊ ကွမ်း~။" နဝိ-အရည်ရွှန်းလဲ့သော။

ရွဲ့၊ကြိ-၁။အနေအထား ရွဲ့စောင်းသည်။ ၂။မခံချင်အောင် ဟာမင်ဆန့်ကျင် ပြောဆိုပြုမူသည်။

ရွံ၊ကြိ-မနှစ်မြို့ စက်ဆုပ်သည်။ **~ရှာ**၊ကြိ-လွန်စွာ စက်ဆုပ်သည်။

ရွက်၊ကြိ-ဝန်ကို ခေါင်းပေါ်၌ တင်သည်၊ တင်၍ သယ်ဆောင်သည်။ စည်း-ပြုမူသည့်အနက်ဖြင့် ကြိယာကို ထောက်ပံ့သော စကားလုံး။ "တမ်း~။ ဆောင်~။ ပန်~။" နု-၁။ **အရွက်**နှင့်အတူတူ။ ၂။လေတိုက်အားဖြင့် လှေသင်္ဘောတို့ကို ရွေ့လျားအောင် နိုက်ထောင်ဖြန့်ကြက်ရသော ဖုင်။ **~ကျပင်ပေါက်**/ယွက်ကျာပင်ဗောက်/နု-၁။ကြွေကျသော အရွက်မှ ပေါက်တတ်သော အပင်တစ်မျိုး။ ၂။[ဥပစာ]ရောက်ရာအရပ်တွင် ပျော်ပျော်နေတတ်သူ။ **~ကျင်**၊နု-ရွက်ရော်ရွက်ဟောင်း။ **~ကြမ်းရေကျို**/ယွက်ကျန်းယေကျို/နု-ရုပ်ရည် အသင့်အတင့် ရှိသူ။ **~ကြွေတော**/ယွက်ကျွေဒေါ/နု-နှစ်စဉ် အချိန်မှန်မှန် အရွက်ကြွေသော သစ်တော။ **~စုံဖွင့်**၊ကြိ-၁။လှေသင်္ဘောတွင် ရွက်အားလုံးကို လွှင့်ထူသည်။ ၂။[ဥပစာ] အဖွမ်းကုန် ဆောင်ရွက်သည်။ **~တိုက်**၊ကြိ-ရွက်ကိုဖွင့်၍ လှေသင်္ဘောကို သွားစေသည်။ **~ထည်**/ယွက်ထယ်/နု-အဝတ်ထူတစ်မျိုး။ ပတ္တူ။ **~နီ**၊နု-ငွေစင် ၈၉ရာခိုင်နှုန်းပါသော ငွေခွက်။ **~ပေါင်း**၊နု-မန်ကျည်းရွက်၊ စိန်ပန်းရွက် စသည်ကဲ့သို့သော ရိုးတံတစ်ဖက်တစ်ချက်တွင် အရွက်ငယ်များ ရှိသော အရွက်မျိုး။ **~ပုန်းသီး**/ယွက်ပုန်းသီး/နု-[ဥပစာ]အရည်အချင်းရှိသော်လည်း မထင်မပေါ်ဖြစ်နေသူ။ **~ဖျင်**၊နု-ချည်လုံးကြီး၍ သိပ်သည်းယူယံသော ဖျင် တစ်မျိုး။ **~ဖြတ်ပိုး**၊ နု-စပါးပင်စသည်၏ အရွက်များကို ကိုက်ဖြတ်စားသောက်တတ်သော ပင်ဖျက်ပိုး။ **~ဖွင့်**၊ ကြိ-ရွက်ကို လွှင့်တင်သည်။ **~လိပ်ပိုး**၊ နု-စပါးပင်စသည်၏ အရွက်ကို လိပ်၍အိမ်ဖွဲ့နေတတ်သော ပင်ဖျက်ပိုး။ **~လှ**၊နု-အရွက်ပုံသဏ္ဌာန် အရောင်အသွေးလှသော ပန်းပင်တစ်မျိုး။ **~အုပ်သီး**၊ နု-ရွက်ပုန်းသီးနှင့် အတူတူ။ ကြိဝိ-သူတစ်ပါးမသိအောင် သိုဝှက်လျက်။ တိတ်တိတ်ပုန်း။

ရွိုင်ရယ်/ရွိုင်ယယ်/နု-၁။အလျား ၂၄ လက်မ၊ အနံ ၁၉ လက်မရှိစက္ကူအရွယ်။ ၂။အလျား၁၀လက်မ၊ အနံ ၆လက်မခန့်ရှိ စာအုပ်အရွယ်အစား။ [လိပ်၊ royal]

ရွတ်¹၊ကြိ-စာကိုကြည့်၍ဖြစ်စေ၊ မကြည့်ဘဲ အလွတ်ဖြစ်စေ မြွက်ဆိုသည်။

ရွတ်²၊ကြိ-အရွဲ့တိုက်ပြုမူသည်။ ထင်ရာကို ဖွတ်တရွတ် လုပ်သည်။ **~ဆောင်**၊နု-ချည်မှုင်ပူး၍ ရက်ထားသော ဆောင်။ **~တိရွတ်တိုး**၊ ကြိဝိ-ဖွတ်တရွတ်။ **~တွ**၊ ကြိ-အသားအရေ တွန့်လိပ်သည်။ **~နား**၊ နု-အထည်အလိပ်၏ အနံစွန်းတွင် တိုင်ချည် ပူး၍ ထူအောင် ရက်ထားသော အပိုင်း။ **~ရွတ်**၊ကြိဝိ-[ပေါ]အလျင်အမြန်။

ရွတ်တီ၊နု-မီးဖိုကို လေအားပေးသော သားရေလေအိတ်။ ဖားဖို၊ [ပါ၊ရတ္တိ]

ရွပ်၊ကြိ-[ပေါ]၁။အစထော်လော်ဖြစ်သည်။ ၂။ကြွပ်ဆတ်သည်။ **~ဆတ်** /ယွတ်ဆတ်/ နဝိ- (အမှုအရာ) ကြွပ်ဆတ်သော။ **~ရွပ်**/ယွတ်ယွတ်/ကြိဝိ-[ပေါ]၁။ တရကြမ်း။ ၂။အစိတ်စိတ်အမြွာမြွာ။ **~ရွပ်ချွံချွံ** /ယွတ်ယွတ်ချွန်ချွန်/ကြိဝိ-အန္တရာယ်ကို မကြောက်မရွံ့ရဲဝံ့စွာ တိုးဝင်စွန့်စားလျက်။

ရွမ်း¹/ယွမ်း၊ ယွန်း/ကြိ-(စည်) ကီးသည်။

ရွမ်း²၊နဝိ-မှည့်လုနီးသော။ **~ဖြင်း** /ယွမ်းဖျင်း၊ ယွန်းဖျင်း/နု-မှည့်လုနီးသော အသီး။

http://www.lknt11.com ...

ရှယ်[၁]ကြိ–ရည်မှန်းသည်။ ၂၊သေနတ်၊ ခားသေည်ဖြင့် ချိန်သည်။ **~ကိုး**/ယွှယ်ဂိုး/ကြိ–သာတ်မှတ် ရည်မှန်းထားသည်။ **~ရှူး**/ယွှယ်ဖူး/ကြိ–ရည်မှန်းထားသည်။

ရှယ်[၂]၊န–အရှယ်နှင့်အတူတူ။ **~တူတန်းတူ**/ယွှယ်ဒူဒန်းဒူ/န–အသက်၊ အဆင့်အတန်း စသည်ချင်းတူမျှသောသူ။ **~ရှယ်**၊နဝိ–အလယ်အလတ်အရွယ်ဖြစ်သော။ **~လူ**၊န–ပျိုချစ်သောအရွယ်။

ရှူကြိ–၁၊ခားစသည်ဖြင့် ထိခိုက်၍ အသားကွဲပြတ်သည်။ ၂၊အရေသာရှူးသည်။ ထက်မြက်သည်။ ၃၊မရှောမမွေ့ကြမ်းသည်။ **~နာ**၊ ကြိ–ထိခိုက်ပွန်းပဲ့သည်။

ရှုလကာရည် /ယှုလကာယေ/န–ဟင်းလျာ ဖြုပြင်ရာတွင် သုံးသည့် ရဉ်သောအရည်တစ်မျိုး။ [ဟိန္ဒူ၊ ဒ´ araka+မြန်၊အရည်]

ရှုလပတ်ရည်/ယှာလဗတ်ယေ/န–ဖျော်ရည်တစ်မျိုး။ [ဟိန္ဒူ၊sharbat+မြန်၊အရည်]

ရှာ[၁]ကြိ လိုရာကို တွေ့အောင် အားထုတ်သည်၊ ရအောင် အားထုတ်သည်။ **~ကြံ**ကြိ–ရှာဖွေကြံသည်။ **~ပုံတော်**/ယှာဗုန်ဒေါ်/န–၁၊တပင်တပန်းရှာဖွေရခြင်း။ ၂၊[စာဆို] လင်ပျောက်၊ မယားပျောက် ရှာဖွေပုံကို ဖွဲ့ဆိုထားသော အလွမ်းကဗျာ။ **~ဖွေ**၊ကြိ–အနှံ့အပြားရှာသည်။ **~မှီး**၊ကြိ–လိုရာရအောင် အားထုတ်ဆည်းပူးသည်။ **~ရှာဖွေဖွေ** /ယှာယှာဖွေဖွေ/ကြိဝိ ကြံကြံစည်စည်။ ပေါက်ပေါက်ရှာရှာ။

ရှာ[၂]၊စည်း–သနားခြင်းကို ဖော်ပြသော စကားလုံး။ "သူဆုံး ~ပြီ။"

ရှာချည်၊န–အနီရောင်ဆိုးထားသော ဝါချည်မျှင်။

ရှာပန်းထည်/ယှာပန်းဒယ်/န–အနီရောင် အဝတ်စ။

ရှား[၁]၊နဝိ–၁၊တွေ့ရန်၊ ရရန်ခက်ခဲသော။ ၂၊(အရေအတွက်၊ ပမာဏ) လွန်စွာနည်းပါးသော။ "မိုးခေါင်ရေ~။" ကြိ–ရှောင်ရှားသည်။ ဖယ်ရှောင်သည်။ **~ပါး**/ယှားဗား/နဝိ–အတွေ့ရ အမြင်ရနည်းသော။ အလွယ်တကူမရနိုင်သော။ **~ပါးစရိတ်**/–ဇယိတ်/န– အခြေအနေအလျောက် အခါအားလျော်စွာ အစိုးရ အမှုထမ်းတို့အား လစာတွင် ဖြည့်ဆောင်းပေးသော ငွေ။ **~ရှေပါးရှေ**၊ကြိဝိ–ရှားရှားပါးပါး။ တိုးရရှားရှေ။

ရှား[၂]၊န–အနှစ်သားကို ကျိုချက်၍ အရသာပန်သော နီညိုရောင်အစေး ထုတ်ယူနိုင်သည့် အသားမာအပင်ကြီး။ **~ရောင်**၊န–နီညိုရောင်။

ရှားစောင်း/ယှား(ယှ)ဇောင်း/န–အသားပွ၍ အရည်ရွှမ်းသော ပင်စည်ပွား ရွက်လက်တို့ ဖြာထွက်သည့် အပူပိုင်းဒေသပေါက် အပင်တစ်မျိုး။ **~လက်ပပ်** /–လက်ပတ်/န–ဆေးဖက်ဝင် ရှားစောင်း တစ်မျိုး။

ရှိကြိ–၁၊ထင်ရှားတည်နေသည်။ "စာအုပ်သည် စားပွဲပေါ်တွင် ~။" ၂၊ပိုင်ဆိုင်သော ပစ္စည်းအဖြစ်တည်သည်။ "သူ့မှာ ကျွဲနွား ~။" ၃၊(တစ်စုံတစ်ခုသော အခြေအနေ၊ အရေအတွက်သို့) ဆိုက်ရောက်သည်။ "ငါးနာရီ~ပြီ။" စည်း–[ပေါ်]နှိုင်းယှဉ်ပြရာ၌သုံးသော စကားလုံး။ မျှ။ သောက်။ **~စုမဲ့စု** /ယှိစုမဲ့စု/န–အနည်းအပါးရှိသမျှ။ **~ရင်းစွဲ**/ယှိယင်းဇွဲ/န–မူလကရှိနှင့်သော အခြေအနေ။

ရှိုး/ယှစ်ခိုး/ကြိ–လက်အုပ်ချီ၍ ဦးချသည်။ **~ကောင်** /–ဂေါင်/န–ရှေ့လက်နှစ်ချောင်းကို မြှောက်ချီယားတတ်သော နှံကောင်တစ်မျိုး။ **~ဦးတင်**/–အူးဒင်/ကြိဝိ–တောင်းတောင်းပန်ပန်။

ရှုကြိ ကြည့်သည်။ န–မျက်နှာအမူအရာ။ **~ခင်း** /ယှုဂင်း/န–ကြည့်စရာမြင်ကွင်း။ **~ဆိတ်**/ယှုဇိတ်/ကြိ–အရေးမထားဘဲ နေရက်သည်။ **~တည်**၊ကြိ–မျက်နှာထား တည်သည်။ **~ထောင့်**/ယှုဒေါင့်/န– ဆင်ခြင်သုံးသပ်ရာဘက်။ **~မျှော်ခင်း**/ယှုမျှော်ဂင်း/န–ကြည့်ရှုမှုယ်ရာမြင်ကွင်း။ **~သိုးသိုး** /ယှုသိုးသိုး/ကြိဝိ–သုန်မှုန်သော မျက်နှာထားဖြင့်။

ရှူကြိ–၁၊လေကို အဆုတ်တွင်းသို့ သွင်းယူသည်။ ဝင်သက်ကို သွင်းသည်။ ၂၊နှာခေါင်းဖြင့် အနံ့ကို ခံစားသည်။ **~နာရှိုက်ကုန်း**၊န–ဒိန်ချူးချည့်နံ့သူ။ **~နာသည်**/ယှူနာသယ်/န–ရောဂါဆေးဒဏ်ရာတရည် ခံစားနေရသူ။ ရောဂါသည်။

ရှူး[၁]၊နဝိ–အရင်းကြီး၍ အဖျားသေးသွယ်သော။

ရှူး[၂]၊နဝိ–တောက်ပသော။ "သောက်~ကြယ်။ မီး~။"

ရှူးတိုက်၊ကြိ–ခွေးကို ရှူးရှူးဟူသော အသံပြု၍ ကိုက်အောင် နှိုးဆွပေးသည်။

ရှူးပုံ/ယှူးဗုန်/န–လက်နှင့်ကိုယ်အကြားတွင်အရေပြားပြင်ရှိသော ရှဉ့်နှင့်တူသည့် သတ္တဝါ။

ရှူးဖိနပ်/ယှူးဖနတ်/န–နောက်ပိတ်ဖိနပ်။ [လိပ်၊ shoe +မြန်၊ဖိနပ်]

ရှူးရှူးရှားရှား၊ကြိဝိ–ဒေါသတကြီး။ ရှူးရှူးရှဲရှဲ။

ရှေ့၊န–၁၊မျက်နှာမူရာဘက်။ "အိမ်~။" ၂၊မျက်မှောက်နေရာ။ "~တွင်တစ်မျိုး၊ ကွယ်ရာတစ်မျိုး။" ၃၊အလျင်အဦး ကာလ၊နေရာ။ "~ကတိုင်၍နောက်ကဆိုသည်။" ၄၊နောင်ကာလ။ "~လျှောက် ဘာလုပ်မလဲ။" နဝိ–၁၊ရှေ့ဘက်၌ရှိသော။ "~လက်။ ~သွား။" ၂၊အနာဂတ် ကာလဖြစ်သော။ "~လ၊ ~နှစ်။" **~ဆီး**/ယှေ့ဇီး/န–ဝစ္စပေါက်နှင့်အတူတူ။ **~ဆက်**/ယှေ့ဇက်/န–[သဒ္ဒါ]စကားလုံးတို့၏ ရှေ့မှ ဆက်သုံးသော စကားလုံး။ (အလုပ်၊ အမြင်စသည်တို့၌ 'အ'သည် ရှေ့ဆက် ဖြစ်သည်။) **~ဆင့်နောက်ဆင့်** /ယှေ့ဇင့်နောက်ဆင့်/ ကြိဝိ– ရှေ့နှင့်နောက် အချိန်အလွန်မကွာဘဲ။ **~ဆောင်**၊ ကြိ–

မာတိကာသို့ ▶▶▶

http://www.lknt11.com

ဦးစီးဦးဆောင်ပြုသည်။ **~ဆောင်ရှေ့ရှုက်**/ယှေ့ဆောင် ယှေ့ယှက်/န–ဦးစီးဦးဆောင်ပြုသူ။ **~တော်ပြေး** /ယှေ့ဒေါ်ဗျေး/န–ဘုရင်ထွက်တော်မူခါနီးတွင် ရှေ့က ကြိုကြင်ထွက်၍ နှိုးဆော်သော မင်းမှုထမ်း။ **~တိုးနောက်ငင်**/ယှေ့ဒိုးနောက်ငင်/ကြိဝိ–ရှေ့ရောက်ချည် နောက်ပြန်ချည် ဖြစ်လျက်။ **~တန်း** /ယှေ့ဒန်း/န–စစ်ဆင်ရေး ပြုလုပ်ရာ အရပ်။ **~တန်းစစ်မျက်နှာ**/–စစ်မှက်နှာ/န–ရန်သူနှင့် အနီးကပ်ရင်ဆိုင် တိုက်ခိုက်ရာ စစ်မြေပြင်။ **~တန်းတင်** /–ဟင်/ ကြိ– [ဥပစာ] ဦးစားပေးသည်။ **~ထိုး** /ယှေ့ဒိုး/န–အောသရကို အော်သရ ဖြစ်အောင် ပြောင်းလဲရာတွင် ရေးချ၏အထက်၌ တင်သော သင်္ကေတ။ **~ထိုးဖိနပ်**/ယှေ့ဒိုးဖနတ်/န–ဦးပိုင်းထိပ်အုပ်ထဲ ခြေချောင်းသွင်း၍ စီးရသော ဖိနပ်တစ်မျိုး။ **~နေ**၊ န–တရားရုံးတွင် ဥပဒေဆိုင်ရာ ကိစ္စတို့၌ ကူညီဆောင်ရွက် ပေးသူ။ ရှေ့နေရှေ့ရပ်။ **~ပြေး** /ယှေ့ဗျေး/ နဝိ– ရှေးဦး။ **~မျက်နှာနောက်ထား**၊ ကြိဝိ–ရှက်ရွံ့လှုက်နှင့်ပင် အရဲစွန့်လျက်။ **~မှောက်**၊ န–မျက်စိအောက် မြင်သာသော အပိုင်းအခြား။ မျက်မှောက်။ **~သွားနောက်လိုက်ညီ**၊ ကြိ–(လင်နှင့်မယား) လိုက်ဖက်သည်။ အတွဲညီသည်။

ရှေး၊ န–ကြာမြင့်စွာ ကုန်လွန်ခဲ့ပြီးသော ကာလ။ နဝိ–အတိတ်ကာလက ဖြစ်ခဲ့သော။ **~ကျ**၊ ကြိ–၁၊အချိန်ကာလပို၍ စောသည်။ ၂၊ခေတ်မမီဖြစ်သည်။ **~ဆန်**၊ ကြိ–ရှေးခေတ် အသွင်အပြင်၊ အငွေ့အငေါ် ရှိသည်။ **~ဘုန်းရှေးကံ** /ယှေးဗုန်းယှေးကန်/န–ရှေးဘဝက ပြုခဲ့သော ကောင်းမှု။ **~မီနောက်မီ**၊ န–ရှေးအဖြစ်အပျက်နှင့် ယခုအဖြစ်အပျက် နှစ်ခုစလုံးကို သိမီသူ။ **~ရိုး**၊ န – ရှေးအစဉ်အလာ။ **~ရှု**၊ ကြိ–ဦးတည်သည်။ **~သရောအခါ**၊ န–ရှေးအခါကာလ။ **~ဟောင်း**၊ နဝိ– ရှေးခေတ်ကာလက ဖြစ်ပေါ်ခဲ့သော။ **~ဟောင်းနှောင်းဖြစ်**/ယှေးဟောင်းနှောင်းဗျစ်/န–ရှေးက ဖြစ်ပျက်ခဲ့သော အကြောင်းအရာ။ **~ဟောင်းသုတေသန**၊ န–ရှေးခေတ်က ရှိခဲ့သော သက်ရှိသက်မဲ့များနှင့်ပတ်သက်၍ လေ့လာဖော်ထုတ်သော ပညာရပ်။ **~ဦး**၊ နဝိ–အဦးအစဖြစ်သော။ အလျင်ဖြစ်သော။ **~ဦးသူနာပြု**/ယှေးအူးသူနာဗျူ/န–ထိခိုက်ဒဏ်ရာ ရသူအား ဆရာဝန်မကုသရသေးမီ ကြိုတင်ပြုစုမှု။

ရှဲ၊ ကြိ–ရှောင်ဖယ်သည်။

ရှောဆောင်/ယှောဇောင်/န–အမျိုးသမီးများ ပခုံးနှစ်ဖက်လုံအောင် ခြုံလေ့ရှိသည့် အနံကြီး တဘက်။ [ဟိန္ဒီ၊ ဂလိ+မြန်၊ဆောင်]

ရှောကိုး၊န–သုံးပုံဖွဲ့တွင် ငါးပေါက်ချွန်းနှင့် သုံးပေါက်ချွန်းနှစ်ချပ်တွဲကို ခေါ်သောအမည်။ [?]

ရှောရှောရှုရှု၊ ကြိဝိ–အကာစ်အငေါ် အခက်အခဲမရှိ။ လွယ်ကူစွာ။

ရှော်၊နဝိ–[ဖန်း]ညှံ့ဖျင်းသော။

ရှုံ၊န–သိုးမွေးနှင့်ချည် ရောစပ်ထားသော အထည်။ [သ၊ဂါကာ] **~ဆောင်** /ယုန်ဇောင်/ န– သိုးမွေးနှင့်ချည်ရော၍ ရက်ထားသော တဘက်တစ်မျိုး။ **~သား** /ယုန်သား/န–ပါးသော ချည်ချောထည်တစ်မျိုး။

ရှို့၊ ကြိ–မီးလောင်အောင်လုပ်သည်။ **~မီး**၊န–မလောင်အောင် တမင်ရှို့သောမီး။

ရှိုး၊န–သုတစ်ပါး အမြင်တွင် ထည်ဝါခမ်းနားအောင် ဆင်ယင်ပြုမူခြင်း။ "~ထုတ် –။" [လိပ်၊show]

ရှိုးတိုးရှန့်တန့်/ယှိုးဒိုးယှန့်ဒန့်/ကြိဝိ–မဝံ့မရဲ၊ ရှက်ရွံ့လျက်။

ရှိုးရှား၊ ကြိဝိ–[ပေ]၁၊ရှားရှားပါးပါး။ ၂၊စွာရှောင်လျက်။ ၃၊အကုန်အစင်။

ရှက်၊ ကြိ–စိုးရွံ့တွန့်ဆုတ်သည်။ **~ကိုးရှက်ကန်း**၊ ကြိဝိ–ရှက်သဖြင့် မနေတတ် မထိုင်တတ် ဖြစ်လျက်။ **~ရမ်းရမ်း**၊ ကြိဝိ–ရှက်ရှက်နှင့် ရမ်းကားလျက်။ **~သွေးဖြန်း**၊ ကြိ–ရှက်စိတ်ကြောင့် မျက်နှာတွင် နီရောင်သန်းသည်။

ရှောက်[1]၊ န–အခွံထူထူ၍ ချဉ်သောအသီးကြီးများ သီးသော ဆူးရှိအပင်တစ်မျိုး။ **~ချို**၊န–အရသာချို၍ အရည်ရွှမ်းသော ရှောက်သီးတစ်မျိုး။ **~ပန်း**၊န–အရသာချို၍ အမွှာပါသော ရှောက်သီးကြီး တစ်မျိုး။

ရှောက်[2]၊ ကြိ–[ပေ]ငြိတွယ်သည်။ န–[ပေ]လင်ငယ်။ **~မွှာမိုး**၊န–[ပေ]မိုးသီးပါသော မိုး။

ရှိုက်၊ ကြိ–၁၊အဆုတ်တွင်းသို့ လေရောက်အောင်ပြင်းစွာ ရှုသွင်းသည်။ ၂၊ငိုလျက် ဆင့်ကာဆင့်ကာ အသက်ရှုသည်။ နဝိ–အကွင်းသို့ ချိုင့်သော။ ဟိုက်သော။ **~ကုန်း**၊န–ရင်ချပ်၍ ကျောကိုင်းသော သူ။ **~ကြီးငင်ကြီး**/ယှိုက်ကျီးငင်ဂျီး/ကြိဝိ–ပြင်းစွာ ရှိုက်လျက် (ငိုသည်)။ ရှိုက်ကြီးတငင်။

ရှင်[1]၊ ကြိ–၁၊အသက်တည်ဆဲဖြစ်သည်၊ အသက်ရှိသည်။ ၂၊အကြားအား အမြင်အား လျင်မြန် သွက်လက်သည်။ **~သံ**/ယှင်သန်/န–ရွှေဖြူ။ **~သန်**၊ ကြိ–သန်မာကြီးထွားသည်။

ရှင်[2]၊န–၁၊အရှင်။ ပိုင်ရှင်။ ၂၊ရဟန်းသာမဏေ။ နစ–အမျိုးသမီးက တစ်ဖက်သားအား ယဉ်ကျေးဖွယ်ရာ ရည်ညွှန်းပြောဆိုသော စကား။ စည်း–၁၊(မိန်းမ) ထူးသောစကား။ ၂၊(မိန်းမ) တုံ့ပြန်မေးသော စကား။ ၃၊မိန်းမက စကားပြောဆိုရာတွင် ယဉ်ကျေးဖွယ်ရာ

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

သုံးသော အဆုံးသတ် စကား။ ၄၊ မိန်းမအမည် ရှေ့တပ် စကားလုံး။ **~ကစ္စည်း**/ယှင်ကစ်စီး/န–၁၊မဟာသာဝကတစ်ပါး၏အမည်။ ၂၊လဲလူမပင်။ [မြန်၊ရှင်+ပါ၊ကစ္စာယန] **~စော**၊န–မြတ်စွာဘုရား။ **~ပါကူ**/ယှင်ဗာဂု/န–၁၊မဟာသာဝက တစ်ပါး၏ အမည်။ ရှင်ပါကုလ။ ၂၊လဲလူဗိုပင်။ [မြန်၊ရှင်+ပါ၊ ပါကုလ] **~ပင်ဆေါင်းလည်း**/ယှင်ဗင်ခေါင်းလဲ/ န–တောင်ဘက်သို့ ဦးခေါင်းပြုသော လျောင်းတော်မူ ဗုဒ္ဓ ရုပ်ပွားတော်။ **~ပြု**၊ကြိ–ရှင်သာမဏေအဖြစ် သာသနာ့ ဘောင်သို့ သွတ်သွင်းသည်။ **~ဘုရင်** /ယှင်ဗယင်/န–နိုင်ငံအုပ်ချုပ်သည့် မင်း၊ ဘုရင်၊ **~မ**၊န–၁၊လေးစားသဖြင့် အမျိုးသမီးကို ခေါ်သော စကား။ ၂၊ဇနီးကို ခေါ်သော စကား။ **~မွေးလွှန်း**၊န–ပိတ်စွယ်ပင်။ **~လူထွက်**/ယှင်လူဒွက်/န–သာမဏေ ဘဝကို စွန့်လွှတ်ပြီးစ သူငယ်။ **~လိင်ပြန်**/ယှင် လိန်ပျန်/ ကြိ–သာမဏေအဖြစ်မှ လူအဖြစ်သို့ ကူးပြောင်းသည်။ **~လောင်း**၊န–ရှင်ပြုမည့်ဆဲဆဲ သူငယ်။ **~လောင်းလှည့်**/ယှင်လောင်းလှဲ့/ကြိ–ရှင်လောင်းကို လှည့်လည် ပြသသည်။ **~သာမဏေ** န–သက်နှံးဝတ်ရုံပြီး ဆယ်ပါး သီလ စောင့်ထိန်းသူ ကိုရင်။ **~သူငယ်ဂမုန်း** /ယှင်သငယ်ဂမုန်း/န–ငှက်ပျောရွက်ကဲ့သို့ အရွက် ထွက်သော ဂမုန်း တစ်မျိုး။

ရှင်မီး၊န–မိန်းမအတွင်းခံအကျႌ။ [လိပ်၊chemise]

ရှင့်၊ စည်း–ကြိယာ၏အနက်ကို လေးနက်စေသော စကားလုံး တစ်မျိုး။

ရှင်း၊နဝိ–ရှုပ်ထွေးခြင်း ကင်းသော။ ကြိ–၁၊ရှုပ်ထွေးခြင်း ကင်းအောင်ပြုသည်။ အရှုပ်အထွေးကို ပြေလည် အောင် ပြုသည်။ ၂၊အနှောင့်အယှက် အတားအဆီး ဖြစ်သော၊ မလိုအပ်သောအရာကို ဖယ်ရှားသည်။ **~တမ်း**/ယှင်းဒန်း/န–အကြောင်းအရာ တစ်ခုခုနှင့် ပတ်သက်၍ ရှင်းလင်းချက်များ ပါရှိသောမှတ်တမ်း။ **~လင်း**၊ကြိ–၁၊သဘောပေါက်အောင် ပြောသည်။ ၂၊ရှုပ်ထွေးနေသည်ကို ရှင်းအောင်လုပ်သည်။ သုတ်သင်ဖယ်ရှားသည်။

ရှောင်၊ကြိ–၁၊တိမ်းဖယ်သည်။၂၊ဖဲကြဉ်သည်။လွတ်ကင်း အောင် ခွာထွက်သည်။ ကင်းလွတ်အောင်နေသည်။ ၃၊မပြုမိ မကျူးလွန်မိအောင် စောင့်စည်း ထိန်းသိမ်း သည်။ **~ကြဉ်**၊ကြိ–၁၊ ဖဲခွာသည်။ ၂၊အဆက်အဆံ မပြု၊ ကင်းလွတ်အောင်နေသည်။ ၃၊မပြုမိ မကျူး လွန်မိအောင် စောင့်စည်း ထိန်းသိမ်းသည်။ **~တခင်**၊ ကြိဝိ–ရက်တရက်။" **~စစ်ဆေး**–။" **~တခင်ရွှင်**၊န– ရုတ်တရက် ပေါ်ပေါက်သော ကိစ္စအတွက် အစီးရ အမှုထမ်းတို့ ရယူခံစားနိုင်သော ခွင့်အမျိုးအစား။

~တိမ်း၊ကြိ–လွတ်ရာကင်းရာသို့ ဖဲခွာသည်။ **~ရှား** ကြိ–၁၊တိမ်းဖယ်သည်။ ၂၊ဖဲကြဉ်သည်။ လွတ်ကင်း အောင် ခွာထွက်သည်။ ကင်းလွတ်ရာ၌ နေသည်။ ၃၊မပြုမိ မကျူးလွန်မိအောင် စောင့်စည်းထိန်းသိမ်း သည်။

ရှောင်း၊စည်း–[ကဗျာ] ကြိယာ၏အနက်ကို လေးနက် ပြေပြစ်စေသော စကားလုံးတစ်မျိုး။

ရှောင်းတခင်၊ကြိဝိ–[ပေါ] ရှောင်တခင်နှင့်အတူတူ။

ရှောင်းရှောင်း၊ကြိဝိ–[ပေါ] ဖြောင့်ဖြောင့်တန်းတန်း၊ မဆိုင်းမတွ။ လုင်မြန်စွာ။

ရှစ်၊န–ခုနစ်နှင့်ကိုးအကြားရှိ အရေအတွက်။ ၈။ **~စပ်**၊ န–လယ်တစ်ကွက်တွင် စပ်မိအောင် ထွန်ထားသော ထွန်ရေးရှစ်ချက်။ **~စပ်ကလည်**/ယှစ်စဝ်ကာ့ လယ်/ကြိ–[ဥပစာ] အလွန်နှံ့စပ် လည်ပတ်သည်။

ရှဉ့်၊န–သစ်ပင်တွင် နေတတ်သော၊ အမြီးမွှာသော ခြေလေးချောင်း သတ္တဝါငယ်တစ်မျိုး။ **~မတက်** /ယှင့်မဒက်/န–အနွယ်ခွဲရှားရှိပြီး အလွန်မွှေးသော အဖြူရောင် အပွင့်ငယ်ပွင့်သော ဆေးဖက်ဝင် နွယ်ပင်တစ်မျိုး။ [ကြံညွှတ်ပင်။ **~မြီး**/ယှင့်မီး/ န–ဆပ်စပါးတစ်မျိုး။

ရှဉ်း၊စည်း–နိုင်းနွား၊ နိုင်းကျွဲအစုံကို ရေတွက်ရာတွင် သုံးသော စကားလုံး။

ရှည်/ယှီ၊ယှေ/နဝိ–အနံ၊ အလျား၊ အသက်စသည် များသော၊ ပိုသော။ မတိုသော။ **~မျော**/–မျော/ နဝိ–အလျား အလွန်ရှည်သော။ **~လျား**/–လယား/ နဝိ–အလွန်ရှည်သော။

ရှုတ်ချ၊ကြိ–တစ်စုံတစ်ဦး၏ ဂုဏ်သိက္ခာကို နှိမ့်ချ ပြောဆိုသည်။

ရှန်တိန်လုပ်၊ကြိ–လမ်းကြောင်း လွှဲပြောင်းပေးသည်။ [လိပ်၊shunting+မြန်၊လုပ်]

ရှန့်၊ကြိ–မပုံမရဲတွန့်ဆုတ်သည်။

ရှိန်၊နဝိ–အပူငွေ့များသော။ ကြိ–ခန့်ညားရှု့ကြောက် သည်။

ရှိန်း¹၊နဝိ–အရှိန်အဟုန်တက်သော။ **~ဖိန်း**၊ကြိဝိ– သွေး ပွဲ့နှံ့၍ ပူထူသွားသည်။

ရှိန်း²၊ န–ကိုယ်ဖျောက်နိုင်ခြင်း စသော လောကီ အတတ်။ [သ၊ကြိ/သိဒ္ဓိ] **~ဆာယာ**၊န–ကိုယ်ယောင် ပျောက်အောင် ကွယ်ထားနိုင်သော အစွမ်းသတ္တိ။ [သ၊ကြိ/သိဒ္ဓိ+ပါ၊ဆာယာ] **~ငြိုး** /ယှိန်းငီး/ ကြိ– ရှိန်းသတ္တိနှင့် ပြည့်စုံသည်။ ရှိန်းအတတ် ရရှိ ပေါက်မြောက်သည်။

ရှိန်းမို/ယှိန်းဂို/န–၁၊ဆေးဖက်ဝင် အစေးထွက်သော အပင်တစ်မျိုး။ ၂၊ယင်းအပင်၏ အစေးမှ ချက်လုပ် ရရှိသော အနံ့ပြင်းသည့် အစေးခဲ။ [သ၊ဟိင်ဂု]

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ရှုပ်၊ကြိ–၁၊ ပြားချပ်သည်။ ပြားချပ်အောင် လုပ်သည်။ ၂ အပေါ်ယံကို ကွာလှပ်အောင် ပွတ်တိုက် သိုးခွာသည်။ **~ကောင်**၊ န–အခွံမာ ဖုံးအုပ်နေသော ပင်လယ် ခုံးကောင် တစ်မျိုး။ **~တိုက်**၊ ကြိဝိ–အခင်းအပြင်နှင့် ပွတ်ထိစေလျက် (လျှောက်သည်)။

ရှုပ်အင်္ကျီ/ယှတ်အင်းဂျီ/န–ယောကျ်ားဝတ် အင်္ကျီ တစ်မျိုး။ [လိပ်၊shirt+ဟိန္ဒီ၊အံဂိယ]

ရှုပ် ^၁^၊ကြိ–ပါးစပ် သို့မဟုတ် နှာခေါင်းတွင်းသို့ ရှိုက်သွင်းသည်။

ရှုပ် ^၂^၊နဝိ–ထွေးယှက်ရောနှောသော။ "ဖာတ် ~။" ကြိ–၁၊ထွေးယှက်ရောနှောအောင် ပြုသည်။ "အမှိုက် ~ ~။" ၂၊မသက်ဆိုင်ဘဲ ပါဝင်စွက်ဖက်သည်။ **~ပွေ**၊ နဝိ–အစီအစဉ်ကျ ရှုပ်ထွေးနေသော။ **~ယှက်ခတ်**၊ ကြိဝိ–ဖရိုဖရဲရှုပ်ထွေးလျက်။ **~ရှုပ်ယှက်ယှက်**၊ကြိဝိ–ရှုပ်ရှုပ်ထွေးထွေး။

ရှမ်ပိန်၊န–(မူလက ပြင်သစ်နိုင်ငံ ရှမ်ပိန်ဒေသမှထွက်သော) ဝိုင်အရက်တစ်မျိုး။ [ပြင်သစ်၊ champagne]

ရှမ်း၊န–ထိုင်းတရုတ်အုပ်စုဝင် ဘာသာစကားတစ်မျိုးကို ပြောသော မြန်မာတိုင်းရင်းသား တစ်မျိုး။ (ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့်ချင်းတွင်း အထက်ပိုင်းဒေသတို့တွင် အများအားဖြင့် နေထိုင်သည်။) **~ငြိမ်း**၊န–ငှက်ဒ်နွဲအုပ်စုဝင် သက်ကြီး စပါးတစ်မျိုး။ **~ဖက်**/ယှန်းဗက်/န–ရှမ်းပြည်နယ်မှ ထွက်သော သနပ်ဖက်။ **~ဖက်လိပ်**/–လိတ်/န–သနပ်ဖက် ဆေးပေါ့လိပ်။ **~ဘောင်းဘီ**၊န–ရှမ်းအမျိုးသားတို့ ဝတ်သော ဘောင်းဘီပွ တစ်မျိုး။

ရှိမ်း၊နဝိ–၁၊ပူသော။ စပ်သော။ ၂၊စုဝေးများပြားသော။ ကြိ–မဝံ့မရဲဖြစ်သည်။ ရှက်ရွံ့သည်။ **~ ပြည်း**/ယှိမ်းဗျီး/ကြိ–[ပေါ] အရှက်ရသည်။ ရှက်ကြောက်သည်။

ရှုံ့၊ကြိ–အတွင်းသို့ တွန့်ခေါက် ကျုံ့ဝင်အောင် ပြုသည်။ နဝိ–အတွင်းသို့ ကျုံ့ဝင်သော။ တွန့်ခေါက်သော။ ရှုံ့ဟွသော။ **~ချည်နှပ်ချည်**/ယှုန့်ဂျီနှတ်ချိ/ကြိဝိ–သဘောထား တည်ငြိမ်မှုမရှိဘဲ အပြောင်းအလဲ မြန်ဆန်စွာ။

ရှုံး ^၁^၊ကြိ–၁၊အရေးနိမ့်သည်။ ၂၊အရင်းမရ ဖြစ်သည်။ **~နိမ့်**၊ ကြိ–ယှဉ်ပြိုင်ရာတွင် ရှုံးသည်။

ရှုံး ^၂^၊န–[ရှေး] ပင်စိမ်းပင်။

ရှယ်၊ကြိ–ရက်ကန်းတိုင်ချည်ဖြစ်အောင် ယောက်လုံးမှ ချည်ကို တစ်ဖက်စွန်းနှင့် တစ်ဖက်စွန်း တုံ့ချည် ပြန်ချည်သွယ်တန်းသည်။

ရှယ်ယာ၊ န–အချိုးကျ ထည့်ဝင်သော ရင်းနှီးငွေ။ အစုဝပ်ငွေ။ [လိပ်၊share]

ရွှေ ^၁^၊န–အဝါရောင်ရှိသော အဖိုးတန်သတ္တုဒြပ်စင်။ နဝိ–ရွှေကဲ့သို့ အဝါရောင်ရှိသော။ စည်း–မြတ်နိုးတန်ဖိုးထားရသော ပစ္စည်း၊ ဒေသ စသည်ကို ဂုဏ်တင် ခေါ်ရာ၌ သုံးသော ရှေ့ဆက် စကားလုံး။ "~မန်း။ ~ဂုန်း။ ~ကျေး။" **~ကိုယ်လေး**၊န–အလေးအမြတ်ပြုရသော ပုဂ္ဂိုလ် တစ်စုံတစ်ဦး၏ ကိုယ်အလေးချိန်နှင့် အမျှဖြစ်သော ရွှေ။ **~ကြို**/ယွှေဂျို/န–မိမိဆိုင်မှ ရွှေစသည်ကို ဝယ်ယူရန် ကြိုဆိုခေါ်ယူသူ။ **~ကြိုးသတ်**/ယွှေဂျိုးသတ်/ကြိ–မြန်မာမင်းလက်ထက်နေပြည်တော် အကျယ်အဝန်း၊ ဘောမဲ့ဒေသစသည်ကို အရံအတား သတ်မှတ်သည်။ **~ချ**၊ကြိ–စေတီ၊ ရုပ်ပွား၊ ရုပ်တုစသည်တို့တွင် သစ်စေး သုတ်၍ ရွှေဆိုင်းကပ်သည်။ **~ချည်ထိုး**/ယွှေဂျီထိုး/ကြိ–ရွှေနန်းကြိုး စသည်နှင့် အဝတ်အထည်ပေါ်တွင် ပုံစံအမျိုးမျိုး ထိုးချုပ်သည်။ **~ငါး**၊န–ရွှေရောင်စသည် အရောင်အမျိုးမျိုးရှိ အလှမွေး ငါးငယ်တစ်မျိုး။ **~စင်**/ခယွှေဇင်/န–သန့်စင်သော ရွှေ။ **~ဆိုင်း**/ယွှေဇိုင်း/န–အလွန်ပါးသော ရွှေလွှာကပ်ထားသည့် ရွှေလှောင်စက္ကူထုပ်။ **~ဇဝါ**၊န–ယွန်းထည်၊ စာအုပ် သားရေဖုံး စသည်၌ ရွှေမင်ဖြင့် ရေးခြယ်ထားသော ပန်းခက်၊ အရုပ် စသည်။ **~တံတိုင်း**/ယွှေဒနိုင်း/န–နှလုံးပုံ အရွက်တွင် ခွေးသွားစိပ် အနားပါပြီး အဝါရောင် အပွင့်ပွင့်သော ဆေးဖက်ဝင် အပင်ငယ် တစ်မျိုး။ ကပ်စေးနဲ့ပင် တစ်မျိုး။ ဝက်ချေးပနဲပင်။ **~တိုက်**/ယွှေဒိုက်/န–ဘုရင့်ဘဏ္ဍာထားရှိရာ အဆောက်အအုံ။ **~တိုက်စာရင်း**/–စယင်း/န–မင်းမျိုးမင်းနွယ်နှင့် ဘုရင်က ချီးမြှင့်ထားသော မင်းမှုထမ်း အစဉ်အဆက် စာရင်း။ **~တောင်**/ယွှေဒေါင်/န–[ပေါ] နန်းတော်။ **~ထမင်း**/ခယွှေဒမင်း/န–ကောက်ညှင်းပေါင်းကို ထန်းလျက်နှင့် ရောစပ် ပြုလုပ်ထားသော စားဖွယ်။ **~ထီး** /ယွှေဒိး/ န– မင်းခမ်းမင်းနား၊ သာသနာရေး ပွဲသဘင်၊ မယ်တော်ပျံ စသည်တို့တွင် စိုက်ဆောက်လေ့ရှိသော ရွှေချထားသည့် ထီးကြီးတစ်မျိုး။ **~ပေါ်မြတင်**/ယွှေဗော်မျာ့ဒင်/ကြိဝိ–[ဥပစာ] အမြတ်တနိုး မြှောက်စား အရေးပေးလျက်။ **~ပန်း** /ယွှေဗန်း/န–၁၊ဝတ်ဆံဝါ၍ အပွင့်ဖြူသော ပန်း တစ်မျိုး။ ၂၊ယောကျ်ား အင်္ဂါ။ **~ပိန်း**/ယွှေဗိန်း/ကြိဝိ–တစ်ပြင်လုံး ရွှေအပြည့်။ **~ပြည်စိုး**၊ န–၁၊ ရွှေပြည်စိုးဟု အော်မြည်တတ်သည့် ငှက်ငယ်တစ်မျိုး။ ၂၊မြန်မာဘုရင်လက်ထက် ရွှေကြိုးသတ် နယ်မြေအတွင်း မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် ပတ်သက်၍ ရောင်းဝယ်ပေါင်နှံရာတွင် ကြီးကြပ်စီမံရသော

http://www.lknt11.com

အရာရှိ။ ~မွတ်၊ကြိ–ဘုရား ဆင်းတု စသည်မှ ရွှေကို ပယောင်းလုံးနှင့် ကပ်လိမ့်၍ ခွာယူသည်။ ~ဖရုံ၊န–အသား အဝါရောင်ရှိသော ဖရုံသီး တစ်မျိုး။ ~ဖြူ/ယွှေဖျူ/ န– အပူဒဏ် ခံနိုင်သည့် အဖြူရောင် အဖိုးတန်သတ္တုတစ်မျိုး။ ပလက်တီနမ်။ ~မင်၊န–အရေးအသား တစ်မျိုးမျိုး နှင့် ရေးစပ်ရေးခြယ်ရသော ရွှေရောင်တောက်သည့် အမှုန့်။ ~မျဉ်းမွေးသတ်၊န–သာလွှန်မင်းတရား လက်ထက် စံအဖြစ် သတ်မှတ်သော မွေးသတ်ကျမ်း။ ~မျောက်၊န–[ပေါ]၁၊မြင့်မြတ်သောသူ။ ၂၊မြတ်စွာဘုရား။ ၃၊ရှင်ဘုရင်။ ~ရတု/ယွှေယဒု/န–နှစ် ၅၀မြောက် နှစ်လည်အခါသမယ။ [လိပ်ပြန်၊ golden jubilee] ~ရင်အေး၊န–သာဂူ၊ ကျောက်ကျော၊ အုန်းနို့၊ ရေခဲစသည်တို့ ရောထားသော သောက်ဖွယ် တစ်မျိုး။ ~ရည်စိမ်/ယွှေယိစိန်/န– ရွှေရောင် တင်ထားသော သတ္တုထည်။ ~လမ်းငွေလမ်းဖောက်၊ကြိ–(တစ်ပြည်နှင့်တစ်ပြည် တစ်ဒေသနှင့် တစ်ဒေသ စသည်) ချစ်ကြည် ရင်းနှီးစွာ ကူးလူး ဆက်ဆံနိုင်ရန်ဆက်သွယ်သည်။ ~လှောင်စက္ကူ၊ န– ရွှေဆိုင်းပြုလုပ်ရာ၌ သုံးသော စက္ကူ တစ်မျိုး။ ~အပ်၊န–၁၊နားထွင်းသော ရွှေအပ်။ ၂၊အလွန်စပ်ပြီး သေးသွယ်သော ငရုတ်သီး။

ရွှေ [၂]၊နဝိ–ဖွေးဖောင်းသော။

ရွှေဂျီ/ယွှေဂျီ/န–မုန့်အမျိုးမျိုးပြုလုပ်ရာတွင် သုံးသည့် ဂျုံမှုန့်တစ်မျိုး။ [ဟိန္ဒီ၊သူဇီ]

ရွှေ့၊ကြိ–တစ်နေရာမှ တစ်နေရာ၊ တစ်ချိန်မှ တစ်ချိန်သို့ ကူးပြောင်းသည်၊ ကူးပြောင်းစေသည်။ ~ဆိုင်း၊ကြိ–မူလသတ်မှတ်ထားသော အချိန်အစား နောက် တစ်ချိန်ချိန်သို့ ပြောင်းရွှေ့သတ်မှတ်သည်။

ရွှဲ [၁]၊နဝိ–၁၊(ရေအရည်) များစွာ စိုစွတ်သော။ ၂၊ရှုထွက် တွဲကျသော။

ရွှဲ [၂]၊န–သျှိုးနှင့်အတူတူ။

ရွှံ့၊န–မြေစေးပျော့။ ~ညွှန်၊န–ရွှံ့အထုအထည်။

ရွှင်၊ကြိ–၁၊စိတ်လန်းဆန်းသည်။ ပျော်သည်။ ၂၊ ပေါများသည်။"လာဘ်~~။ ဆီး~~။" ~မြူ၊ကြိ–စိတ်လန်းဆန်း ကြည်လင်သည်။ ~လန်း၊ကြိ–စိတ်ကြည်လင်သည်။

ရွှတ်၊ကြိ–ရယ်ရွှင်ဖွယ် ပြောဆိုပြုမူသည်။

ရွှန်း၊နဝိ–ထွန်းလင်းတောက်ပသော။ ~ရွှန်းစားစား/ယွှန်းယွှန်းစားစား/ကြိဝိ–နှစ်နှစ်ခြိုက်ခြိုက် မှုးမှုး နိုက်နိုက်။ ~ရွှန်းဝေ၊ကြိဝိ–ဝေဝေဆာဆာ။

ရွှမ်း/ယွှမ်း၊ ယွှန်း/နဝိ–အသီး၊ အရွက်စသည်တွင် အရည် များပြားသော။

လ

လ [၁]၊န–ဗျည်းသုံးဆယ့်သုံးလုံးတွင် နှစ်ဆယ့်ရှစ်လုံး မြောက် ဗျည်း။

လ [၂]၊န–၁၊ကမ္ဘာကိုလှည့်ပတ်နေ၍ နေမှအလင်းကို ကမ္ဘာမြေသို့ ရောင်ပြန်ဟပ်ပေးသော သဘာဝဂြိုဟ်ကြီး။တနင်္လာဂြိုဟ်။ ၂၊လဆန်းတစ်ရက်မှ လကွယ် ရက်အထိ ဖြစ်သော ကာလအပိုင်းအခြား။ ၃၊တစ်နှစ် ၏ ၁၂ပုံ ၁ပုံဖြစ်သော ကာလအပိုင်းအခြား။ ~ကြတ်/လာ့ကျတ်/ကြိ–လပေါ်၌ ကမ္ဘာအရိပ် ထိုး၍ အနိုက်အတန့် မှောင်ရိပ်ကျသည်။ လငုပ်ဖမ်းသည်။ လကြစ်သည်။ ~ကွယ်/လာ့ဂွယ်/န– လဝန်းကို လုံးဝမမြင်ရသော ရက်။ ~ခ/လာ့ဂ/ န–တစ်လအတွက် လုပ်ခတန်ဖိုး သတ်မှတ်ပေးသော ငွေ။ လစာ။ ~စား/–ဇား/န–လခယူ၍ လုပ်ကိုင် သူ။ ~ချေး/လာ့ဂျီး/န–အရောင်လက်သော အလွှာပါးများ အထပ်လိုက် ဖြစ်ပေါ်နေသော တွင်းထွက်ပစ္စည်း။ ~ခြမ်း/လာ့ဂျန်း/ န– ၁၊ လ မပြည့်မီ မြင်ရသော ကွေးဝိုက်နေသော လပုံ။ ၂၊ စက်ဝိုင်းခြမ်းပုံ။ ၃၊အပ်ချုပ်စက်တွင် လွန်းအိမ် ထည့်ရာ လခြမ်းပုံ အစိတ်အပိုင်း။ ~ခြမ်းဆိုင်း/လာ့ဂျန်းဇိုင်း/န–ပဖောက်ပုံ သစ်သား အအိမ်တွင် ကြေးနောင်များ ကြီးငယ်အစဉ်လိုက် ချိတ်တပ်ထား သော မွန်အမျိုးသားတူရိယာ။ ~ငုပ်ဖမ်း/လာ့ငုတ်ဖန်း/ ကြိ–လကြတ်သည်။ ~ဇာ/လာ့ဇာ/ န– လခ။ ~စာနှုန်း/–နှုန်း/န–မူရင်းလစာ၊ နှစ်တိုး နှင့် နောက်ဆုံးလစာ သတ်မှတ်ပြဋ္ဌာန်းချက်။ ~ဆိုင်း/လာ့ဇိုင်း/န–လပိုင်းနှင့် ဆိုင်းငံ့ပြီး ပေး ဆပ်ရသော အကြွေးယူ စနစ်။ ~ဆုတ်/လာ့ဇုတ်/ န– လပြည့်ကျော်တစ်ရက်မှ လကွယ်ရက်အထိ ကာလ။ ~ဆန်း/လာ့ဇန်း/န–လစထွက်သည့်ရက်မှ လပြည့်ရက် အထိကာလ။ ~ထပ်/လာ့ထတ်/ ကြိ–ဝါထပ်သည်။ ~ပြည့်/လာ့ပြိ၊ လာ့ပျေ့/န– လဝန်းကို အပြည့်မြင်ရသော ရက်။ မြန်မာလဆန်း ၁၅ရက်။ ~ပြည့်ကျော်/–ကျော်/န–လဆုတ်ရက်။ ~မိုက်/လာ့မိုက်/ကြိ–လ ရောင်မမြင်ရ ဖြစ်သည်။ ~မုန့်/လာ့မုန့်/ န ဂျုံမုန့်ညက်တွင် သကြား သို့မဟုတ် ပဲနှင့်ထန်းလျက် ဒြပ်နာ၍ လုပ်ထား သော မုန့် အပြားဝိုင်း။ ~သာ/လာ့သာ/ကြိ– လရောင် ထွန်းလင်းသည်။ ~သာဆန်း/လာ့သာ ဂန်း/န–အိမ်အပေါ်ထပ်တွင် လရောင်ရသော အခန်း။ ~သာဆောင်/လာ့သာဇောင်/န–လရောင် ကျသော အမိုးမဲ့ အဆောင်။ ~သာမှန်အိမ် /လာ့

http://www.lknt11.com ...

သွာမှန်အိန်/န–မှန်ပြောင်းတပ် ဂျီးအိမ်တစ်မျိုး။
~သား/လာ့ သား/န–တစ်နှစ်မပြည့်မီအရွယ်။
~အိမ်ဖွဲ့/လာ့ အိန်ဖွဲ့/ကြိ–လ၏ပတ်လည်တွင် ရောင်ခြည်ဝန်း ဖြစ်ပေါ်သည်။

လ[၂]၊ စည်း–[ရှေး] ၁၊ကြိယာ၏ရှေ့တွင်နေ၍ ကြိယာကို လေးနက်စေသော စကားလုံး။ ၂၊ကြိယာ၏ နောက်တွင် လေ၊ လတ်၊ လည်း တို့အစား ပြေပြစ်အောင် ထည့်သုံးလေ့ရှိသော စကားလုံး။

လ[၃]၊န- ပေယျာလကို အတိုရေးသော အမှတ်အသား တစ်မျိုး။

လတာ၊န–ဒီရေကျချိန်၌ ကင်ကျန်နေခဲ့သော နုန်း နှစ်မြေ။

လပေါ်သရေ/လဘော်သဝေ/ကြိဝိ–ပေါ်ပေါ်ဆဆ။ သပ်ရပ်သေချာခြင်း မရှိဘဲ။

လတို့/လတို့/န–နွားစသည်၏ လည်ကုပ်အထက်ရှိ အမှ။

လဘော၊ကြိဝိ–[ပေါ]များပြား ပြည့်လျှံစွာ။

လမု၊န–ဒီရေရောက်သော မြစ်ကမ်းတစ်လျှောက်တွင် ပေါက်လေ့ရှိသော အပင်ငယ်တစ်မျိုး။ [မွန်၊လမု]

လမှဲ၊န–ရေငန်ရောက်သော ကမ်းစပ်တွင် ပေါက်လေ့ရှိ သော အပင်။ (သမဲ့ဟုလည်းခေါ်သည်။)

လမိုင်း၊န–၁၊လယ်ယာထွန်ယက်စိုက်ပျိုးရာမြေ။ ၂၊ လယ်ယာလုပ်ကိုင်သူ။ ၃၊လယ်ယာထွက်သီးနှံ မွှံ့ဖြိုးစေရန် စသည့်အတွက် ပသလေ့ရှိသော နတ်။
~ကပ်၊ကြိ–တစ်စုံတစ်ခု ဆောင်ရွက်ရာ၌ အဆင် ပြေ ချောမောသည်။ ~တင်၊ ကြိ–လမိုင်းနတ်ကို ပသ ပူဇော်သည်။

လမန်း၊န–အလေ့ကျပေါက်သော စပါးရိုင်းတစ်မျိုး။ [ထိုင်း၊လာ–မာရန]

လမယ်၊န–တစ်ပြည်၏ ရှစ်ပုံတစ်ပုံ ပမာဏ။

လမျက်၊န–တစ်လမယ်၏ ထက်ဝက်ပမာဏ။

လမြူ၊န–တစ်လမျက်၏ ထက်ဝက်ပမာဏ။

လယ၊န–၁၀စားနှင့်ညီမျှသော အခိုက်အတန့်ကာလ။ [ပါ၊လယ]

လရှီ၊န–ကချင်လူမျိုးတစ်မျိုး။

လဟာ၊န–အကာအကွယ် အတားအဆီး မရှိသော နေရာပြန့်။ ဟင်းလင်းပြင်။ ~ပြင်/လဟာဗျင်/ န–၁၊ အာကာသ ဟင်းလင်းပြင်။ ၂၊ကျယ်ပြန့်၍ အကွယ်အကာ၊ အတားအဆီး မရှိသော မြေ ကွက်လပ်။

လဟု၊န–[သဒ္ဒါ] တစ်မတြာမျှသော အသံ။ [ပါ၊လဟု]

လာ၊ကြိ–၁၊တစ်ပါးသော အရပ်မှ မိမိနေရာသို့ ဦးတည် ရွေ့လျားသည်။ ၂၊(ကျမ်းဂန်၌) ဖော်ပြပါရှိသည်။ ၃၊[အပြော] ထင်သည်ထက်ပို၍ တက်နိုင်စွမ်းသည်။ စည်း–အစပြုသည်ဟူသော အနက်ဖြင့် ကြိယာကို ထောက်ကူသည့် စကားလုံး။ "မိုးရွာ~ပြီ။"

လား[၁]၊ ကြိ– ၁၊ ဦးတည်သွားသည်။ "အရှေ့သို့~ သော်။" ၂၊တစ်စုံတစ်ခုသော ဘဝ၊ အဖြစ်သို့ ကူး ရောက်သည်။ စည်း–မြင်းပွဲ၊ လှေပွဲ စသည်တွင် ယှဉ်ပြိုင်သော အကြိမ်အလှည့်။ ~လား၊ ကြိဝိ– အလျှင်း။ လုံးဝ။ အာ– အံ့အားသင့်ခြင်းကြောင့် ရုတ်တရက်ထွက်သော စကားသံ။

လား[၂]၊စည်း–[အပြော]အမေးသဘော သက်ရောက် သော ဝါကျအဆုံးသတ် စကားလုံး။

လား[၃]၊န–မြည်းထီးနှင့်မြင်းမတို့ စပ်၍ ပေါက်ဖွားသော မြင်းနှင့်တူသည့် သတ္တဝါ။

လားဟူ၊န–တိဗက်မြန်မာအုပ်စုဝင် ဘာသာစကား တစ်မျိုးကို ပြောသော မြန်မာတိုင်းရင်းသား တစ်မျိုး။ (ကျိုင်းတုံ ဒေသတွင် နေထိုင်သည်။)

လိလိ၊စည်း–အလွန်အမင်း ဖြစ်သည်ကို ဖော်ပြသော စကားလုံး။ "အံ့ဖွယ်~။"

လီ၊ကြိဝိ–အကြိမ်ခွဲလျက်။ စည်း–အကြိမ်ကို ရေတွက် ရာတွင်သုံးသော စကားလုံး။ ~ဆယ်/လီဇယ်/ ကြိ– မဟုတ်မမှန် လုပ်ကြံပြောဆိုသည်။

လီဆူ၊န–ကချင်လူမျိုးတစ်မျိုး။ (ပူတာအိုဒေသတွင် အများအားဖြင့် နေထိုင်သည်။)

လီဟ၊န–မော်တော်ကား စသည်တွင် စက်ရှိန်အနေး အမြန်ကို ထိန်းသော ခလုတ်။ [လိပ်၊လေညာရေ]

လီရာ/လီရာ/န–အီတလီနိုင်ငံသုံးငွေကြေး။ [အီတလီ၊ လီရာ]

လု[၁]၊ကြိ–၁၊တစ်ပါးသူ၏ ပစ္စည်းကို အနိုင်အထက် ရယူသည်။ ၂၊ အသာရအောင် အကြိတ်အနယ် ကြိုးစားဆောင်ရွက်သည်။ ~ယက်၊ကြိ–သူတစ်ပါး ပိုင် ဥစ္စာပစ္စည်းကို အနိုင်အထက် ရယူသည်။

လု[၂]၊စည်း–နီးပါး။ "ပြီး~ပြီ။" ~နီးပါး/လုနီးဖား/ စည်း–တစ်စုံတစ်ခုဖြစ်တော့မည့် အခြေအနေကို ပြရန် ကြိယာ၏နောက်၌ သုံးသော စကားလုံး။

လုလင်၊န–၁၊ပျိုရွယ်သော ယောက်ျား။ ၂၊ပျိုရွယ်သော အရာ။ "ထန်း~။ နေ~။" ~ကျော့/နလင်ကျော့/ န–အကိုက်အခဲပျောက်ရန် အမြစ်ကို သွေးလိမ်း ရသောဆေးဖက်ဝင်အပင်တစ်မျိုး။ ~တိုင်/နလင် ဒိုင်/န–လှော်ကားတွင် ဗုံမောင်းစသည် ချိတ်ရာတိုင်။ ~ပြန် /နလင်ပျန်/န–ကျေးရွာ ကာလသားများ ညအခါ လှည့်လည်ရာမှ အိမ်ပြန်ချိန်။ ညသုံးနာရီခန့် အချိန်။

လူ၊န–၁၊တွေးခေါ်ဉာဏ်ရှိသော ခြေနှစ်ချောင်းသတ္တဝါ။ ၂၊တစ်စုံတစ်ဦး၏ဘက်သား။ ၃၊ယောက်ျား။ ကြိ– ၁၊အထက်သို့ တက်လာသည်။ "မိုးခို~~။ အညွန့် ~~။" ၂၊အခြေအနေတိုးတက်လာသည်။ ~ကောင်

မာတိကာသို့ ▶▶▶

http://www.lknt11.com

/လူဂေါင်/ န–လူ၏ကိုယ်ခန္ဓာ အလုံးအထည်။ **~ကုံထံ** /လူဂုန်ဒံ/ န– ပစ္စည်းဥစ္စာ ပြည့်စုံကြွယ်ဝသူ။ **~ကြီး**/လူဂျီး/န–၁၊အသက်အရွယ်ကြီးရင့်သူ။ ၂၊ရပ်ရေးရွာရေး စသည်တွင် ရှေ့ဆောင်ရှေ့ရွက် ပြုသူ။ ၃၊ရာထူးအဆင့်မြင့်သူ။ **~ကြီးမိဘ** /လူဂျီးမိဘာ/ န–မိဘအပါအဝင် ရှိသေထိုက်သော သက်ကြီးဝါကြီး ပုဂ္ဂိုလ်များ။ **~ကြီးလူကောင်း** /လူဂျီးလူဂေါင်း/ န– ရှိသေ လေးစားထိုက်သော ပုဂ္ဂိုလ်။ **~ကြီးသူမ**/လူဂျီးသူမာ/န–သက်ကြီးဝါကြီး ပုဂ္ဂိုလ်။ **~ကြမ်း**/လူဂျန်း/န–၁၊ ဇာတ်၊ ရုပ်ရှင်တို့တွင် ဆိုးသွမ်းသူအဖြစ်သရုပ်ဆောင်သူ။ ၂၊ အလုပ်ကြမ်းလုပ်သူ။ **~ခံ** /လူဂန်/ န– ၁၊ မူလက ရှိနှင့်ပြီးသူ။ ၂၊ မူလက ရှိနှင့်ပြီး အခေါက်အကူပြုမည့်သူ။ **~ခြောက်တိတ်**/လူချောက်တိတ်/ကြိ–ညအခါ လမ်း၌ လူသံသူသံ ကင်းမဲ့တိတ်ဆိတ်သည်။ /လူချောက်တိတ်/န–ယင်းသို့ တိတ်ဆိတ်နေသော ညအချိန်။ **~ခြောက်**/လူချောက်/န–မွေးကတည်းက သေးငယ်၍ ခြောက်သွေ့နေသော သားငယ်။ **~ငှားနေ**– အလုပ်လုပ်ရန် ငှားရမ်းထားသူ။ **~စား** /လူဇား/ န–၁၊ လူအမျိုးအစား။ "ငါ့ကိုဘယ်လို ~ မှတ်သလဲ။" ၂၊ လစ်လပ်သွားသူ၏နေရာတွင် ဖြည့်သွင်းခံရသူ။ ၃၊တစ်စုံတစ်ဦး၏ ကိုယ်စားဆောင်ရွက်သူ။ **~စေ့ တက်စေ့** /လူစေ့(စ်)တက်စေ(စ်)/ကြိဝိ–လူတိုင်းလူတိုင်းစေ့စေ့ငငေ။ **~စော်ပန်**/လူဇော်ပနန်/ကြိ– [ဥပစာ]လူတမ်းမစေ့ ဖြစ်သည်။ **~စဉ်မမီ**/လူဇင် မမီ/ ကြိ–၁၊လူတစ်ယောက်၌ ရှိသင့်ရှိထိုက်သော အရပ်အမောင်း၊ ခွန်အားဗလမျိုး မရှိဖြစ်သည်။ ၂၊ လူ့အဆင့်အတန်း ပြည့်မီအောင် မနေနိုင် ဖြစ်သည်။ **~စဉ်မီ**/လူဇင်မီ/ ကြိ–ရှိသင့်သော လူ့အဆင့်အတန်း အခြေအနေနှင့် ပြည့်စုံသည်။ **~စိမ်း**/လူဇိန်း/န–တွေ့မြင်သိကျွမ်းခြင်း မရှိသေးသူ။ **~စုံတက်စုံ**/လူဇုန်တက်ဇုန်/ကြိဝိ–သက်ဆိုင်ရာ ပုဂ္ဂိုလ်များ စုံညီစွာ။ **~စွမ်းကောင်း**/လူဇွမ်း(ဆွန်း)ဂေါင်း/န–လက်ရုံးရည်၊ နှလုံးရည် ထူးကဲသာလွန်သူ။ **~စွမ်းလူစ** /လူဇွမ်း(ဆွန်း)လူဇာ/န– လူ့အစွမ်းအစ။ လူ့အရည်အသွေး။ **~ဆိုး** /လူဇိုး/န–တိုက်ခိုက်လုယက် ညှဉ်းဆဲတတ်သူ၊ စရိုက်ဆိုးသွမ်းသူ။ **~ညွန့်ကျိုး**၊ ကြိ–ကြီးပွားတိုးတက်မည့် အလားအလာ ပျက်စီးသည်။ **~ညွန့်ခူး**၊ကြိ–သူတစ်ပါး၏ အပေါ်တွင် ခေါင်းပုံဖြတ်သည်။ **~ညွန့်တုံး**၊ ကြိ–ကြီးပွားတိုးတက်မှုများ လုံးဝဆုံးရှုံး ပျက်ပြားသည်။ **~တောတိုး**/လူဒေါတိုး/ကြိ–လူ့အသိုင်းအဝိုင်းတွင် ဝင်ဆံ့သည်။ **~တစ်လုံးသူတစ်လုံး** /လူတလုန်း သူတလုန်း/န–မိမိဘဝကို မိမိဘာသာ

ထူထောင်နိုင်သော အခြေအနေ။ **~တန်းစား**/လူဒန်းဇား/န–၁၊ လူနေမှုအဆင့်အတန်း အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်း တူညီသူများကို ခြုံ၍ခေါ်သော လူ့အဖွဲ့အစည်း။ ၂၊ထုန်ထုတ်အရင်းအနှီးပိုင်ဆိုင်ပုံအရ သတ်မှတ်ခေါ်တွင်သော လူ့အဖွဲ့အစည်း။ **~တမ်းစေ့**/လူဒန်းဇိ/ကြိဝိ– အများသူငါ၏ စားဝတ်နေရေးအဆင့်ကိုမီအောင်။ **~တွင်ကျယ်** /လူဒွင်ဂျယ်/န–ထင်ပေါ်လိုရှိ နေရာတကာတွင် စွက်ဖက်ပါဝင်သူ။ **~ထု** /လူဒု/န– လူအစုအပုံ။ **~ထွက်**၊ ကြိ–ရဟန်းသာမဏေအဖြစ်မှ လူအဖြစ်သို့ ပြန်လည် ပြောင်းလဲသည်။ **~နာ**၊ န–ရောဂါဒဏ်ဒဏ် ခံစားနေရသူ။ **~နေမှု**၊ န– လူတို့၏ စားသောက်နေထိုင် အသက်မွေးမှု။ **~ပါး၀**/ လူဗားပါ/ ကြိ–လူပါးဝ။ **~ပေါ်လူဇော်**/လူဗော်လူဇော်/န–သူတစ်ပါးကို လိမ္မာပါးနပ်စွာ အသုံးချ၍ ကိုယ်ကျိုးရှာသူ။ **~ပို**/လူဗို/ န–၁၊ မိသားစုတွင် အကျိုးမဲ့ အတူ နေထိုင်သူ။ ၂၊မိသားစုတွင်း၌ တာဝန်မရှိ ဖြစ်နေသော လူအား။ **~ပေါင်းဆုံ**/လူဖေါင်းဆန့်/ကြိ–လူအများနှင့် ပြေလည်စွာ ဆက်ဆံတတ်သည်။ အပေါင်းအသင်းဆုံသည်။ **~ပုံ** /လူဗုန်/န–လူပရိသတ်။ **~ပျို**/လူဗျို/န–အရွယ်ရောက်ပြီး လက်မထပ်ရသေးသော ယောကျ်ား။ **~ပျိုစကား**/လူဗျိုဇဂါး/ န– ယောကျ်ားက မိန်းမအား ချစ်ကြိုက်ကြောင်းပြောသော စကား။ **~ပျိုလှည့်**/လူဗျိုလှည့်/ကြိ–ယောကျ်ားက မိန်းမ၏ အိမ်သို့ ချစ်ကြိုက်မှု ရအောင်ကြိုးပမ်းသည်။ **~ဖြက်** /လူဖျက်/န–ဇာတ်၊ အငြိမ့်စသည်တွင် ဝင်ရောက် ရွှင်မြူးအောင် ဖြေဖျော်သူ။ **~ဖြတ်**/ကြိ–လူသူအသွားအလာ ကင်းမဲ့သည်။ **~ပြန်တော်**/လူဗျန်ဒေါ်/န–ရဟန်းအဖြစ်မှ လူဝတ်လဲလာသူ။ **~ပြိန်း** /လူဗိန်း/န–အတွေ့အကြုံ အသိပညာ နည်းပါးသူ။ **~ဗလံ**/လူဗလန်/န–ကိုယ်လုံးကိုယ်ထည် သေးသွယ် ပုညက်သူ။ **~ ဖြစ်ရှုံး**/ လူဖျစ်ယှုန်း/ ကြိ–လူ့ အခွင့်အရေး ဆုံးရှုံးသည်။ **~ဘော်ဝင်**၊ ကြိ–အရွယ်ရောက်သည်။ လူလားမြောက်သည်။ **~မမာ**၊ န–မကျန်းမမာသူ။ **~မမည်**/လူမမယ်/န–လူဘော် မဝင်သေးသောကလေးငယ်။ **~မိုက်**၊န–အသိဉာဏ် ဆင်ခြင်တုံတရား ကင်းမဲ့သူ။ မိုက်မဲသူ။ **~မျိုး**၊ န–အမျိုးအနွယ် တစ်ခုတည်းမှ ပေါက်ဖွား လာ၍ ဓလေ့ထုံးတမ်း စသည်တူသော လူစု။ **~မျိုးကွဲ** / လူမျိုးဂွဲ/ န–လူမျိုးချင်း မတူသူ။ **~ မျိုးခြား** / လူမျိုးချား/န–လူမျိုးကွဲ။ **~မျိုးစု** /လူမျိုးဇု/ န–ပင်ရင်း အခြေစိုက်ဒေသ၊ မျိုးနွယ်နှင့် ဓလေ့ထုံးတမ်း စသည်တူသော လူအစု။ **~မျိုးရေး**၊ န–

မာတိကာသို့ ▶▶▶

http://www.lknt11.com

လူမျိုးပေါင်းစုံလုံးနှင့် သက်ဆိုင်သောကိစ္စ။ **~မြင်ကွင်း** /လူမျင်ဂွင်း/ န–လူအများ တွေ့သာ မြင်သာသော နေရာ။ **~မွေးလူတောင်**/လူမွေး လူခေါင်/န–မိမိကိုယ်ကို အားကိုး၍ အသက်မွေးဝမ်းကျောင်းနိုင်သော အခြေအနေ။ **~မွဲတစ်**/လူမွဲ အခန်/ကြိ–ဒေဝါလီခံသည်။ **~မှန်းမသိ**၊ ကြိ–၁၊ငယ်ရွယ်လွန်းသဖြင့် မသိနားမလည် သေးဘဲရှိသည်။ ၂၊ရှိသေယိုက်သူကို မရိုမသေ ပြုသည်။ ၃၊ဝေဒနာဖိစီးလွန်း၍ မည်သူမည်ဂါမှန်း ခွဲခြားမသိနိုင် ဖြစ်သည်။ **~ယောင်ပြ**၊ ကြိ–တစ်စုံတစ်ဦး မြင်သာအောင် အရိပ်အခြည် ပြသည်။ **~ယုံသတ်**၊ကြိ–ယုံကြည်ထားသူက အကျိုးစီးပွား ပျက်အောင်လုပ်သည်။ **~ရတတ်**/လူယဒတ်/န– လူချမ်းသာ။ **~ရာဝင်**၊ ကြိ–လူမှုဆက်ဆံရေး နယ်ပယ်တွင် ဝင်ဆံ့သည်။ **~ရာသွင်း**၊ ကြိ–လူမှု ဆက်ဆံရေး နယ်ပယ်တွင် အများက အရေးတယူ ပြုသည်။ **~ရေးပြ**၊ ကြိ–မိမိ အရည်အချင်းကို သူတစ်ပါး သိအောင်ပြသည်။ **~ရိုသေရှင်ရိုသေ** / လူယိုသေ့ ယှင်ယိုသေ့/ကြိဝိ–ရှင်လူအများ လေးစား အောင်။ **~ရင်း**၊န–ရင်းနှီးသူ။ **~ရည်ချွန်**/လူယေဂျွန်/ န–ကာယစွမ်းရည်၊ ဉာဏ စွမ်းရည် သူတကာထက် ထူးကဲသာလွန်သူ။ **~ရည်လူစ** / လူယေလူဇ/ န– ကြီးပွားဘိုးတက်အောင် စွမ်းဆောင်နိုင်မည့် အစွမ်းအစ။ **~ရည်လည်** / လူယေလယ်/ ကြိ–လူမှုဆက်ဆံရေးတွင် အကင်းပါးသည်။ **~ရည်သန့်**/လူယေသန့်/န–ရုပ်ရည် သန့်ပြန့်သူ။ **~ရှုတ်**၊ န–စိတ်ထင်ရာကို တစ်ဖွက်တိုး ပြုလုပ်တတ်သူ။ သူတစ်ပါး မနှစ်သက်သည်ကို မိ၍ အရွဲ့တိုက် ပြုလုပ်တတ်သူ။ **~ရွယ်**၊ န–လူငယ်နှင့် လူလတ်အကြား အရွယ်။ **~ရှင်တော်** /လူယှင်ဒေါ်/န–လူပြက်။ **~ရှုတ်**၊ န– ရယ်မောဖွယ်ဖြစ်အောင် ဖောက်ပြောင် ကျီစယ်လေ့ရှိသူ။ **~လားမြှောက်**၊ ကြိ–အရွယ်ရောက်သည်။ **~လူသူသူ**/ ယူလူသူသူ/ ကြိဝိ– သူတစ်ယောက်အဖြစ် ထိုက်ထိုက်တန်တန်။ **~လည်**/လူလယ်/န–သူတစ်ပါးကို လှည့်ပတ်၍ ကိုယ်ကျိုးရှာတတ်သူ။ **~လတ်**၊ န– လူရွယ်နှင့် လူကြီးအကြား အရွယ်။ **~လတ်တန်းစား**/လူလတ်တန်းအား/န–အလယ်အလတ် လူတန်းစား။ **~လုံးပြ**၊ ကြိ–မိမိအား မြင်စေလိုသူကို မြင်အောင် ပြသည်။ **~လုံးလူဖန်**/လူလုန်းလူဗန်/န–ကိုယ်လုံးကိုယ်ထည်။ **~လွတ်**၊ န– အိမ်ထောင်မရှိသော ဘတ်ကိုယ်တည်းသမား။ **~လွန်မသား**/လူလွန်မာ့သား/န–၁၊ထူးချွန်သော မိန်းမမှ ပေါက်ဖွားသော ထူးချွန်သောသား။ ၂၊ဖောက်ပြန်လော်လည်သော မိန်းမ၏သား။ (ဆဲရေးရာ၌ သုံးသော စကားဖြစ်သည်။) **~ဝါးဝ**/လူဗားဝါ့/ကြိ–တစ်ဖက်သားအပေါ် တင်းစီးပြောဆို ပြုမူတတ်သည်။ **~ဝံ**၊န–မျောက်ကဲ့သို့ အမွေးရှည်၍ လူနှင့်နီးနီးစပ်စပ် အသွင် တူညီသော သတ္တဝါ။ **~ဝင်စား**/လူဝင်ဇား/ န–၁၊လူ့ဘဝမှ သေဆုံး ပြီးနောက် တစ်ဖန်ပြန်၍ လူဖြစ်လာသည်ဟု ယုံကြည်ရသူ။ ၂၊မိမိအိမ်တွင် လာရောက် ကပ်ရပ် မှီခိုနေထိုင်သူ။ **~ဝင်ဆံ့**၊ကြိ–လူပေါင်းဆံ့သည်။ **~ဝင်မှုကြီးကြပ်ရေး**/လူဝင်မှု ကျီးဂျတ်ယေး/န–နိုင်ငံတစ်ခုတွင် ဝင်ထွက် သွားလာသူများကို ထိန်းသိမ်းကြီးကြပ်မှု။ **~ဝတ်ကြောင်**၊ န–ရသေ့ရဟန်း မဟုတ်သော လူ။ **~ဝတ်လဲ**၊ကြိ–ရဟန်းသာမဏေအဖြစ်မှ လူဝတ်ကြောင် အဖြစ် ပြောင်းလဲသည်။ **~သား**/ လူသား/န–လူသတ္တဝါ။ **~သိရှင်ကြား**/ လူသိယှင်ဂျား/ကြိဝိ– လျှို့ဝှက်ခြင်းမရှိ အများကြားသိအောင် ထင်ထင်ရှားရှား။ **~သူလေးပါး**/ လူသူလေးဘား/ န–လူအများ။ **~သွားလူလာ**/ လူသွားလူလာ/ န–ကူးသန်း သွားလာသူ။ **~အို**၊န–အသက်အရွယ် ကြီးရင့်သူ။ **~ဦးရေ**၊န–လူအရေအတွက်။

လူရှိုင်း၊န–တိဗက်မြန်မာအုပ်စုဝင် ဘာသာစကားတစ်မျိုးကို ပြောသော မြန်မာတိုင်းရင်းသား တစ်မျိုး။ (ချင်းပြည်နယ်တွင် နေထိုင်သည်။)

လူ့ပေါက်ပန်း၊န–[ဥပစာ] အဆင်းသာရှိ၍ အချင်းမရှိသူ။

လူ့ဘောင်/လူဖောင်/န–လူအချင်းချင်း ပေါင်းသင်း နေထိုင်ရာ အသိုက်အဝန်း။ လူ့လောက။

လူး² ကြိ–၁၊အရည်ပျစ် သို့မဟုတ် အမှုန့် တစ်စုံတစ်ရာကို အနှံ့သုတ်လိမ်းသည်။ "သနပ်ခါး ~။ ဆေး ~။" ၂၊ပေကျံသည်။ ၃၊ကိုဘက်သည်ဘက် လိမ့်၍ ပြောင်းလဲလှုပ်ရှားသည်။ **~ကျင်း**/လူးဂျင်း/ န–ချောင်း၊ ရေမြောင်းဘေးရှိ ငါးထောင်သည့် တွင်း။ **~တား**၊န–၁၊လူးတားပေါက်ရာတွင် သုံးသည့် ကြိုး။ ၂၊အဆုံးပိုဒ်ကို အစပြန်ကောက်ကာ အသံရှည့်ရှည်ဆွဲ၍ သီဆိုရသည့် လေးလုံးစပ် ကဗျာတစ်မျိုး။ **~တားပေါက်**၊ကြိ–ရေစီးပြင်းသော မြစ်ချောင်းများတွင် လှေဖောင် ဆန်တက်ရာ၌ လှေဖောင်ဦးတွင် ချည်သော လူးတားကြိုးကို မြစ်ညာကမ်းခပါရှိ တိုင်ငုတ်သစ်ပင်တွင် ချည်ပြီးနောက် လှေဖောင်ပေါ်မှ ကြိုးစကို ဆွဲကိုင် ဆန်တက်သည်။ (ကြိုးဆုံးလျှင် မြစ်ညာကမ်းသို့ တစ်ဖန်တက်၍ ကြိုးစချည်ရပြန်သည်။) **~ရွှေပေါ်**/လူးယွှေဖော်/ န–ပြောကြောင်းဖော်ရာ၌ သုံးသည့် အသွားနုံးတပ် ရွှေပေါ်တစ်မျိုး။ **~လာပေါက်ပြန်**၊ကြိဝိ–အကြိမ်ကြိမ်

မာတိကာသို့ ▶▶▶

သွားကာပြန်ကာ။ လူးလာတုံ့ခေါက်။ ～လာဆန်ခတ် /လူးလာဆန်ဂတ်/ ကြိဝိ–မငြိမ်မသက်၊ ခေါက်တုံ့ခေါက်ပြန်။

သွား[၂]၊နာ–အလုံးအစေ့သေးငယ်သော ကောက်ပေါ်တစ်မျိုး။ [ဟိန္ဒီ၊လုခ်]

သွား[၃]၊နာ–တောင်စောင်းတွင် ဖြုန်းမြေကြောအလိုက် လိုက်၍ ကူးသော ကွင်း။

လေ[၁]၊နာ–၁၊ကမ္ဘာမြေထုဝန်းကျင်၌ ပျံ့နှံ့တည်ရှိသော၊ ပကတိအားဖြင့် အဆင်း အနံ့အရသာ ကင်းမဲ့သော၊ သတ္တဝါတို့ ရှူရှိုက်သော အောက်ဆီဂျင် ဓာတ်ငွေ့ ပါသည့်အရာ။ ၂၊လှုပ်ရှားထောက်ကန်တတ်သော ဝါယော သဘော။ ဝါယောဓာတ်။ ၃၊ နှံ၊ ပခွေ့ စသော လေမှုတ်တူရိယာမျိုး။ ၄၊ အပြောအဆို။ ပြောဆိုရေးသားဟန်။ ကြိ–၁၊အလဟဿ ဖြစ်သည်၊ ၂၊စိတ်မတည်ငြိမ် လွင့်ပါးသည်။ ရည်ရွယ်ချက် မရှိ သွားလာသည်။ ～ကုန်၊ကြိ–[အပြော] စကားပြောဆိုရကျိုးမနပ် ဖြစ်သည်။ ～ကျင့်ထိုး /လေဂျင့်ထိုး/ကြိ–လေထိုးသည်၊ လေနာသည်။ ～ကြီး၊ကြိ–အပြောကြီးသည်။ လေလုံးထွားသည်။ ～ကြီးမိုးကြီး/လေဂျီးမိုးဂျီး/နာ–ပြင်းထန်စွာ တိုက်ခတ် ရွာသွန်းသော လေ၊ မိုး။ ～ကြောရှည်/လေကျောယှေ/ကြိ–စကားကို ရှည်လျားစွာ ပြောသည်။ လေရှည်သည်။ ～ကြောင်း/လေကျောင်း/နာ–၁၊လေ တိုက်ခတ်ရာ လမ်းကြောင်း။ ၂၊လေယာဉ်ခရီး။ နဝိ–လေယာဉ်ဆိုင်ရာ အတတ်ပညာနှင့် ပတ်သက်သော။ ～ကြောင်းလမ်းပြ /～လမ်းဗျာ/ နာ–လေ ကြောင်းခရီး အခြေအနေ ညွှန်ပြရသည့် လေယာဉ် အမှုထမ်း။ ～ကွယ်/လေဂွယ်/နာ–လေတိုက်ခတ် ခြင်း ကင်းလွတ်ရာနေရာ။ ～ခံ၊ ကြိ–အစာအိမ် တွင်း၌ လေ လှန်ကဲ၍ အခုအခံ ဖြစ်နေသည်။ ～နီး၊ကြိ–၁၊ တစ်စုံတစ်ခုအတွင်း လေဝင်ရောက် နေသည်။ ၂၊လေပြင်းလွှတ်ရာ အကွယ်အကာ၌ ဝင်နားသည်။ ～ချိုသွေး/လေဂျိုသွေး/ကြိ–[ဥပစာ] မိမိအလိုသို့ ပါအောင် ချိုသာပျော့ပျောင်းစွာ ပြောဆိုသည်။ ～ချဉ်တက်/လေဂျင်တက်/ကြိ–အစာအိမ်မှ အချဉ် ပေါက်သော အနံ့ပါရှိသည့်လေ လည်ချောင်းမှ အထက်သို့ ပြန်တက်သည်။ ～ချွန်၊ ကြိ–နှုတ်ခမ်းကို စုချွန်ကာ လေအားဖြင့် အသံ မြည်စေသည်။ ～ငန်း၊နာ–ကိုယ်အင်္ဂါ အစိတ်အပိုင်း မလှုပ်နိုင်ခြင်း၊ အကြောဆွဲခြင်း စသည် ဖြစ်ပွားသော ရောဂါ။ ～စာ/လေဇာ/နာ–ဝါယောဓာတ်ကို ဖြစ်ပွားစေသောအစာ။ လေနာစာ။ ～စိမ်း/လေဇိမ်း/နာ–အဆောက်အအုံ ပြင်ပရှိလေ။ အပလေ။ ～ဆင်နှာမောင်း/လေဆင်နှမောင်း/နာ–အဟုန်ပြင်းစွာ ဝေ့ ယမ်း တိုက်ခတ် ဖျက်ဆီးတတ်သော လေကြမ်း တစ်မျိုး။ ～ဆိပ်/လေဇိတ်/နာ–လေယာဉ် ဆိုက်ကပ် ထွက်ခွာရာစခန်း။ ～ညာ၊နာ–လေတိုက်ရာလမ်း ကြောင်း၏ အထက်ပိုင်းအရပ်။ လေတင်။ ～ညင်း၊ နာ– ဖြည်းညင်းစွာ တိုက်သော လေ။ ～ညွှန်တံ /လေညွှန်ဒန်/ နာ– လေ တိုက်ခတ်မှုအလိုက် လည်ပတ် ရွေ့လျားခြင်းဖြင့် လေလမ်းကြောင်းကို ညွှန်ပြသော ကိရိယာ။ ～တံကျင်/လေဒဂျင်/နာ–ဝမ်းခေါင်း၊ ရင်ခေါင်း၌ ထိုးကျင့်သော လေရောဂါ တစ်မျိုး။ ～တံစွန်/လေဒဂွန်/နာ–ကောင်းကင်သို့ လွှတ်ကစားရသောအရာ။ စွန်။ ～တစ်လုံးမိုး တစ်လုံး/လေတလုန်းမိုးတလုန်း/ကြိဝိ–ကြီးကြီး ကျယ်ကျယ် ကြွားဝါလျက်။ ～တပ်/လေဒတ်/နာ–လေကြောင်း စစ်ဆင်နိုင်ရန် ဖွဲ့စည်းထားသော တပ်။ ～ထိုး /လေဒိုး/နာ–လှူ၊ ပစ္စည်းဟို့ကို လေယာဉ်မှ မြေပြင်သို့ ညင်သာစွာ ကျဆင်းစေနိုင်သော ထီးသဏ္ဌာန် ပစ္စည်း။ ～ထွား၊ ကြိ–အပြော ကြီးသည်။ ဝါကြွားသည်။ ～နာ၊ နာ–ရင်ခေါင်း၊ ဝမ်းခေါင်းအတွင်း လေထကြွ၍ ဖြစ်သော ရောဂါ။ ～နီကြမ်း/လေနီဂျန်း/နာ–အလွန်ပြင်းသော လေ မုန်တိုင်းတစ်မျိုး။ ～ပူထ/လေပူထာ/ကြိ–ရင်ခေါင်း တွင်း၌ ပူလောင်သော လေထကြွမှုကို ခံစားရသည်။ ～ပေးဖြောင့်/လေပေးဖျောင့်/ကြိ–စကားပြော၍ အဆင်ပြေသည်၊ သင့်မြတ်သည်။ ～ပေါက်/လေ ဗောက်/နာ–၁၊လေဝင်ထွက်နိုင်သောအပေါက်။ ၂၊ စကားပြောဆို သုံးနှုန်းဟန်။ ～ပျော့ /လေဗျော့/ နာ–ပျော့ပျောင်း ညင်သာသော ပြောဆိုသံ။ ～ပြေ ထိုး /လေဗျေထိုး/ကြိ–၁၊ဇာတ်ကွက် အကူး အပြောင်းတွင် ဆီလျော်ရာ တီးလုံးကို တီးပေးရန် ကပြသူက ဆိုင်းဆရာကို နဘောထပ် စကားဖြင့် ပန်ကြား ရွတ်ဆိုသည်။ ၂၊တစ်ဖက်သား၏ ဒေါသ၊ မကျေနပ်မှု စသည်ကို လျော့ပြေစေရန် ပျော့ပျောင်း သာယာ စွာ ပြောဆိုသည်။ ～ပြည် /လေဗျီ/နာ– ညင်သာစွာ တိုက်သောလေ။ ～ပွ၊ ကြိ–ဝမ်းခေါင်း တွင်း၌ လေထကြွလှုပ်ရှားသည်။ ～ပွေ/လေဗွေ/ နာ–အဟုန် ဖြင့် ရစ်၍လည်၍ တိုက်သော လေ။ ～ပြွန်၊နာ–လည်ချောင်းနှင့် အဆုတ်ကြားရှိ လေ ထုတ်ရာ သွင်းရာ အရိုးနုပြွန်။ ～ဖိအား၊နာ– အပူချိန် အနည်း အများ အလိုက် ပြောင်းလဲတတ်သည့် လေထု၏ ဖိအား။ ～ဖမ်းဒန်းစီး၊ ကြိ–[ဥပစာ] တစ်စွန်းတစ်စ သိသည်ကို အတိအကျ သိလေဟန် ပြောဆိုသည်။ ～ဖြတ်၊ ကြိ–အကြောများဆိုင်း၍ အင်္ဂါ အစိတ်အပိုင်း လှုပ်ရှားမရ ဖြစ်သည်။ ～ဖြန်း၊ ကြိ–အနည်းငယ် ဖောရောင်သည်။

http://www.lknt11.com

~ဓိ၊ကြိ-[အပြော] စကားဝိုင်းတွင် စကား အလျဉ် မပြတ်နိုင် ဖြစ်သည်။ ~မုန်တိုင်း/လေမုန်ဒိုင်း/ န-အဟုန်ပြင်းစွာ တိုက်ခတ်သောလေ။ ~ယူ လေသိမ်း/လေယူလေသိမ်း/န-စကားပြောဆိုဟန်။ အသံနေအသံထား။ ~ယာဉ်ကွင်း/လေယင်ဂွင်း/ န-လေယာဉ် ဆင်းရာတက်ရာ ကွင်း။ ~ယာဉ်မှူ/ လေယင်ဗျန်/န-ကောင်းကင်တွင် ပျံသန်း သွားလာ နိုင်သော စက်တပ်ယာဉ်။ ~ယာဉ်မောင်၊ န- လေယာဉ်ပေါ်တွင် ခရီးသည်တို့အား ပြုစု ကူညီ သော ဝန်ထမ်းအမျိုးသား။ ~ယာဉ်မယ်၊ န- လေယာဉ်ပေါ်တွင် ခရီးသည်တို့အား ပြုစုကူညီ သော ဝန်ထမ်းအမျိုးသမီး။ ~ယာဉ်မှူး၊ န- လေယာဉ်ကို တာဝန်ယူ မောင်းနှင်သူ။ ~ရူး၊န- အရပ်မျက်နှာ အမျိုးမျိုး ပြောင်းလဲတိုက်ခတ်သော လေ။ ~ရှည်/လေယှေ/ကြိ-စကားကြောရှည်သည်။ ~လည်/လေလယ်/ကြိ-စအိုမှ ဝမ်းတွင်းလေ ထွက် သည်။ လေသက်သည်။ ~လုံးထွား၊ကြိ-ဝင့်ကြွား ပြောဆိုသည်။ ~လွင့်၊ ကြိ- ၁၊ အသုံးမကျ အလဟဿ ဖြစ်သည်။ ၂၊စိတ်မတည်ငြိမ် လွင့်ပါး သည်။ ၃၊ ရည်ရွယ်ချက်မရှိ လှည့်လည်သွားလာ သည်။ ~ဝင်၊ ကြိ-ကိုယ်လက်အင်္ဂါ အရိုးအဆစ် ကြား၌ လေဖိ၍ နာကျင်သည်။ ~သဖုံး၊ န-ခန္ဓာ တွင်း လေသွားလာမှု ဖောက်ပြန်တွန်းကန်၍ အသား အရေ ရောင်အန်းပြီး ကိုယ်လေးလံသော ရောဂါ။ (သွေးသဖုံးလည်းရှု) ~သလပ်၊ ကြိ-ဝန်းကျင် လေနှင့် ထိတွေ့သည်။ ~သာဆောင် /လေသာ ဆောင်/န-လေညင်းခံရာအဆောင်။ ~သူရဲ/လေ သယဲ/န-လေတပ်တွင် လေယာဉ်ဖြင့် ပျံသန်း တိုက်ခိုက်သူ။ ~သေနတ်/လေသနတ်/န-ခဲစေ့ကို လေ တွန်းကန်အားဖြင့်ပစ်သော သေနတ်။ ~သံ /လေသန်/န-၁၊ပြောဆိုသော အသံနေ အသံထား။ ၂၊တိုးတိုးပြောသော အသံ။ ~သံပစ်/-ပျစ်/ကြိ- မိမိအလိုဆန္ဒကို သိစေလို၍ အရိပ်အမြွက် ပြော သည်။ ~သက်၊ ကြိ-လေလည်သည်။ ~သောက် /လေသောက်/န-[ရှေး] ပြတင်းပေါက်။ ~သင် တုန်း/လေသင်ဒုန်း/န-၁၊အဟုန်ပြင်းစွာ တိုက်ခတ် ဖျက်ဆီးတတ်သော လေကြမ်းတစ်မျိုး။ ၂၊ကိုယ်ခန္ဓာ အစိတ်အပိုင်း တောင့်ရှဲ့ခြင်း၊ အကြောသေခြင်း၊ ရုတ်တရက် အသက်သေခြင်းတို့ကို ဖြစ်စေတတ် သော ကိုယ်ဖွဲ့င်း လေတစ်မျိုး။ ~သင်တုန်းဖြတ် /-ဖျတ်/ကြိ-လေသင်တုန်း ဝေဒနာခံစားရသည်။ ~သင်းဘော /လေသင်းဗော/န-သေထက်ပေါ်သည့် စက်ငွေ့ ဖြည့်သွင်းထားသော သဘော်ဝမ်းသဏ္ဍာန် လေလုံ အိတ်ကြီးတွင် စက်တပ်ပြီး မောင်းနှင်သည့် မိုးပျံယာဉ်။ ~သန်၊ ကြိ-စကားပြောဆိုရာတွင် အားမာန်ပါသည်။ ~သွန် / လေသွန် / န-[ရှေး] ပြတင်းပေါက်။ ~ဟာနယ်၊န-လေမရှိသော အပိုင်း အခြား။ ~အေး၊ န-တည်ငြိမ် အေးဆေးသောစကား အသံနေ အသံထား။ ~အေးစက်/လေအေးစက်/ န-အဆောက်အအုံအတွင်း ဝင်သည့်လေကို စင် ကြယ်စေ၍ စိုထိုင်းမှုနှင့် အပူချိန်ကို ထိန်းချုပ် ပေးသော စက်။ ~အောက်၊န-လေလမ်းကြောင်း အောက်ဘက်။

လော[၂]၊စည်း-နာမ်ကြိယာကို ပြေပြစ် လေးနက်စေသော စကားလုံး။

လေဆာရောင်ခြည်/လေဇာယောင်ဂျီ/န-သိပ္ပံနည်းဖြင့် ထုတ်လုပ်သည့် အားပြင်းရောင်ခြည်တစ်မျိုး။ [လိပ်၊ လာဇရေ+မြန်၊ရောင်ခြည်]

လေလံ၊န-ပစ္စည်းတစ်စုံတစ်ရာကို ကြေညာ၍ ဈေးနှုန်း အမြင့်ဆုံး ပေးနိုင်သူကို ရောင်းချသောစနစ်။ [ဟိန္ဒူ၊ နီလာမ] ~တင်၊~ပစ်၊ ကြိ-လေလံစနစ်ဖြင့် ရောင်း ချသည်။

လေ့[၁]၊ကြိ-၁၊အကြိမ်ကြိမ်ပြုသည်။ ၂၊ကျင်လည် ကျက်စားသည်။ စည်း-အလေ့အကျင့်ရှိကြောင်း ပြသောစကားလုံး။ ~ကျက်၊ကြိ-စွဲမြဲအောင် အကြိမ် ကြိမ် ကြည့်ရှုမှတ်သားသည်။ ~ကျင့်၊ကြိ-စွမ်းရည် တိုးအောင် အထပ်ထပ်အားထုတ်သည်။ ~ကျင့်ခန်း / လေ့ကျင့်ဂန်း / န- အရည်အသွေး တိုးတက် အောင်၊ ကျွမ်းကျင်အောင် လက်တွေ့လုပ်သော လုပ်ငန်း။ ~လာ၊ကြိ- အထပ်ထပ် အပြန်ပြန် ကြည့်ရှုမှတ်သားသည်။

လေ့[၂]၊စည်း-ဝက်ကိုခေါ်သော အသံ။

လေး[၁]၊န-သုံးနှင့်ငါးအကြားရှိ အရေအတွက်။ ၄။ ~ကောင်ကျင်/လေးဂေါင်ကျင်/န-ဖား၊ ဝက်၊ ကြက်၊ ငါး၍ အရုပ်လေးမျိုး ပါသောကျင်ကို လှည့်ကစား ရသည့် လောင်းကစားနည်း။ ~ကွက်ကျား/လေး ပွက်ကျား/န-၁၊အလျား ၄ကွက်၊ အနံ ၄ကွက် ပေါင်း ၁၆ကွက်ပါသော ကျားကစားနည်း တစ်မျိုး။ ၂၊အလျားလိုက် ထွန်ကြောင်းစပ်အောင် ထွန်ပြီး နောက် အနံလိုက် ထွန်ကြောင်းစပ်အောင် ပြန်ထွန် သော လယ်ထွန်နည်းတစ်မျိုး။ ၃၊အကွက်လေးကွက် ရှိသော ပုံစံ။ "ခေါင်းတုံး~။" ~ချိုး/လေးဂျိုး/ န-အချိုးလေးခုပါသော ကဗျာတစ်မျိုး။ ~ညှင်း၊န- အရသာပူ၍ ဆေးဖက်ဝင်သည့် အမွှေးမွှန်သော သစ်ပင်ကြီးတစ်မျိုး။ ~တိုင်စင်/လေးဒိုင်ဇင်/န- တိုင်လေးတိုင်ကို အခြေခံ၍ ဆောက်လုပ်ထားသော စင်မြင့်။ ~ထောင့်စပ်စပ်/လေးဒေါင့်စက်စတ်/ ကြိဝိ-စတုရန်းပုံကျကျ။ ~နာရီပြန်း၊န-မဍ္ဍူပြန်း။

မာတိကာသို့ ▸▸▸

http://www.lknt11.com

~ပေါက် /လေးဖောက်/န-[ဂီတ] ၁၊ အသံခုနစ်ပါးတွင် သုံးပေါက်အောက် တစ်ဆင့်နိမ့်သော အသံ။ ၂၊ယင်း အသံဖြင့် မှုတ်ညီသည့် သံစဉ်။ အောက်ပြန်။ **~ပင်အိမ်**/လေးဗင်အိမ်/န-အိမ်မအ်ာ မျက်နှာစာ တွင် တိုင်လေးတိုင်၊ ခန်းဖွင့်သုံးခုရှိသော အိမ်။ **~ဖက်ထောက်**/လေးဗက်ထောက်/ကြိ-ဒူးနှစ်ဖက်နှင့် လက်နှစ်ဖက်ကို အခင်းအပြင်၌ ထိလျက် ထောက်သည်။ **~ဖက်နာ**/လေးဗက်နာ/န-အထိုင် ရ အယရောက်သည့် မြေဆစ်လက်ဆစ် နာကျင်သော ရောဂါ။ **~လုံးခြောက်ဖက်**၊န-ပြည့်ဖြိုးထွားကျိုင်း သော ကိုယ်ခန္ဓာ။ **~လုံးစပ်**/လေးလုန်းဇတ်/န-တစ်ပါဒလျှင် စာလုံးလေးလုံးစီ ပါဝင်သော ကဗျာ စပ်နည်းတစ်မျိုး။ **~လုံးမကွဲ**၊ကြိ-(စကား ပြောဆိုရာတွင်) မပီမသ မပြတ်မသား ဖြစ်သည်။

လေး[၂]၊နဝိ-၁၊ရိုန်ဝန်ပိုကဲသော။ အလေးချိန်ရှိသော။ အလေးချိန်များသော။ ၂၊(တာဝန်၊ပြစ်ဒဏ်စသည်) ပိုမိုကြီးမားသော။ ၃၊ထုံထိုင်းသော။ နှေးကွေးသော။ ၄၊အငန်အရသာ ပိုကဲသော။ ၅၊အရသာပိုကဲ ထက်မြက်သော။ ကြိ-အရေးထားသည်။ လေးစားသည်။ စည်း-ပမာဏ၊အဆကိုရေတွက်သော စကားလုံး။ **~ကန်**၊ ကြိ-နှေးကွေးသည်။ ထုံထိုင်းသည်။ **~ကုံ**၊ကြိ-[ပေါ] အေးဆေးငြိမ်သက်သည်။ **~စား**/လေးဇား/ကြိ-ရိုသေသည်။ အလေးထားသည်။ **~တွဲ့**၊ နဝိ-၁၊ဖြည်းညင်းလေးပင်သော။ ၂၊လေးလံ ထိုင်းမှိုင်းသော။ **~နက်**၊ကြိ-သိမ်မွေ့နက်နဲသည်။ **~ပင်**၊နဝိ-၁၊[ပေါ]တည်ငြိမ် လေးနက်သော။ ၂၊နှေးကွေးသော။ လေးလံသော။ ၃၊အရသာ ပိုကဲထက်မြက်သော။ **~မြတ်**၊ကြိ-ရိုသေလေးစားသည်။ **~လံ**၊နဝိ-၁၊ရိုန်ဝန်များသော။ ၂၊လှုပ်ရှားမှု နှေးကွေးသော။ ထိုင်းမှိုင်းသော။

လေး[၃]၊န-၁၊ကြိုး၏ ကန်အားဖြင့် အဝေးသို့ပစ်ရသော လက်နက်တစ်မျိုး။ ၂၊ဝန်ဗီအားကို ထိန်းပင့်ရန် ယာဉ်၏ ဝင်ရိုးတွင် တပ်ဆင်သော လေးကိုင်းပုံ သံမဏိအပြားချောင်း။ **~ကြိုးမျဉ်း**/လေးဂျိုးမျင်း/န-[သင်္ချာ]စက်ဝန်းတစ်ခုပေါ်ရှိ အမှတ်နှစ်ခုကို ဆက်သွယ်သော မျဉ်းဖြောင့်။ **~ခင်း**/လေးဂင်း/န-ဇာတ်သဘင်တွင် လေးပစ်သူ၏ လေးစွမ်းပြခန်း။ **~ခင်းပြ**/-ပျာ/ကြိ-၁၊ဇာတ်သဘင်တွင် လေးပစ်သူက မိမိနှင့် လေးဂုဏ်ကို ချီးကျူး၍ လေးတင်ဟန် ပစ်ဟန်ပြသည်။ ၂၊[ဥပစာ] ကိုးရိုးကားရား နေထိုင်သည်။ **~ခွ**/လေးဂွ/န-သားရေကြိုးတပ်၍ လောက်စာလုံးဖြင့် ပစ်ခတ်ရသော ခွ။

လေး[၄]၊စည်း-တေးထပ်စသည်တွင် အဆုံးသတ်သော စကားလုံးတစ်မျိုး။

လဲ[၁]၊ကြိ-တိမ်းစောင်းကျသည်။ **~လျောင်း** /လဲလယောင်း/ကြိ-အခင်းအပြင်တွင် ကိုယ်ကို အလျားလိုက် တည်စေသည်။

လဲ[၂]၊ **~လှယ်**၊ ကြိ-၁၊တစ်ခုနှင့်တစ်ခု ဖလှယ်သည်။ ၂၊တစ်ခုကို တစ်ခုနှင့် ပြောင်းသည်။ လဲလှယ်သည်။

လဲ[၃]၊စည်း-[အပြော]အမေးသဘောသက်ရောက်သော ဝါကျအဆုံးသတ် စကားလုံး။

လဲ[၄]၊န-၁၊မွေ့ရာခေါင်းအုံးစသည်တွင် သွတ်သွင်းရသော အမျှင်ထွေးရသည့် အပင်။ ၂၊လဲမျှင်ကဲ့သို့သော အမျှင်ထွေး။ **~လျှ**၊န-အရွက်ကို ဟင်းချိုချက်သောက်ရသော အခက်အလက်များသည့် ဆေးဖက်ဝင် နွယ်ယောင် ပင်ယောင်တစ်မျိုး။ (အဖိုပင်ကို ရှင်ပါကု၊ အမပင်ကို ရှင်ကန္ဒည်းဟု ခေါ်သည်။) **~ဝါ**၊န-လဲသီးမှရသော အမျှင်ထွေး။

လဲ့၊နဝိ-အရောင်အသွေးကြည်လင်သော။ "စိမ်း~၊ ပြာ~။"

လော၊ကြိ-သန္တာဟသည်။ အလျင်စလို ဖြစ်သည်။ စည်း-၁၊အမေးသဘော သက်ရောက်သော ဝါကျ အဆုံးသတ် စကားလုံး။ ၂၊အကြိမ်အဖန်ကို ရေတွက်ရာတွင်သုံးသော စကားလုံး။ **~ကျမ်း**၊န-မည်သည့် ရောဂါဖြစ်သော် မစက်လော၊ မည်သည့်အစီအရင် ပြုသော် မပျောက်လောဟု၍ အမေးအဖြေ သဘောမျိုး ရေးထားသောဆေးကျမ်း။ **~ကြီး**၊ကြိ-အလျင်စလိုနိုင်သည်။ စိတ်စောလွန်းသည်။ **~ဆော်**၊ကြိ-အပူတပြင်း တိုက်တွန်းသည်။ **~လော**၊ ကြိဝိ-၁၊အပူတပြင်း။ အလျင်စလို။ ၂၊လတ်တလော။ ချက်ချင်း။ ၃၊လောင်လုနီး ပူလောင်လှုက်။ **~လော ဆယ်**/လောလောဇယ်/ကြိဝိ-လက်ငင်း အခိုက် အတန့်။ **~လောသူ**၊ နဝိ- အလွန်ပူလောင်သော။ **~လောလတ်လတ်**၊ကြိဝိ-ချက်ချင်း လက်ငင်း။

လောက၊န-၁၊ဖြစ်ပျက်မှုသဘောရှိသော သတ္တဝါ၊ တောတောင်ရေမြေအရာအားလုံး။ (သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကတို့လည်းရှိ) ၂၊တစ်စုံတစ်ခုသော အကြောင်းအရာနှင့် သက်ဆိုင်သည့်နယ်ပယ်။ "ရုပ်ရှင်~။ ဂီတ~။" [ပါ၊လောက] **~ဓံ**/လောကဒန်/န-အဆိုးအကောင်း အပြောင်းအလဲ ရှိသောတရား။ (၁၊လာဘ-ပစ္စည်းရခြင်း ၂၊ အလာဘ-ပစ္စည်းမရခြင်း ၃၊ယသ-အခြံအရံရှိခြင်း ၄၊အယသ-အခြံအရံ မရှိခြင်း ၅၊နိန္ဒာ-ကဲ့ရဲ့ခြင်း ၆၊ပသံသာ-ချီးမွမ်းခြင်း ၇၊သုခ-ချမ်းသာခြင်း ၈၊ဒုက္ခ-ဆင်းရဲခြင်းဟူ၍ လောကဓံ တရားရှစ်ပါး ရှိသည်။)[ပါ၊လောကဓမ္မ] **~ဓာတ်**/လောကဒတ်/ န-စကြဝဠာ။ ကမ္ဘာလောက။ **~ဓာတ်ကျောင်း**

/–ကျောင်း/ န–[ခေတ်ကုန်] စာသင်ကျောင်း။ အတန်းကျောင်း။ **~ဓာတ်ပညာ**/ ပျင်ညာ/န–သိပ္ပံပညာ။ **~နီတိ**/လောကာ့နီတိ/န–လူတို့၏ အကျိုးစီးပွားကို ညွှန်ပြသော နီတိကျမ်း။ **~နတ်** /လောကာ့နတ်/န–၁။လောက၏ ကိုးကွယ်ရာ။ ၂။စည်းစုပ်ကိုကိုင်၍ ရန်မာန်ကို ငြိမ်းစေသော နတ်။ **~နိဗ္ဗာန်**/လောကာ့နိတ်ဗန်/န–ငြိမ်းချမ်းသာယာသော လောက။ **~ပါလတရား**/လောကာ့ပါလာ့တယား/န–လောကကို စောင့်ရှောက်သော အရှက်နှင့် အကြောက်တရားနှစ်ပါး။ ဟိရိ ဩတ္တပ္ပတရား။ [ပါ၊ လောကပါလ + မြန်၊ တရား] **~ပါလနတ်** /လောကာ့ပါလာ့နတ်/ န–စတုလောကပါလနတ်။ **~ဗျူဟာနတ်**/လောကာ့ဗျူဟာနတ်/ န–ကမ္ဘာပျက်ခါနီးတွင် လောကကို နှိုးဆော်စောင့်ရှောက်သည်ဆိုသော နတ်။ **~ဝေါဟာရ** /လောကာ့ဝေါဟာယာ့/ န–လူတို့ ခေါ်ဝေါ်သုံးစွဲသော စကား။ **~ဝတ်** /လောကာ့ဝတ်/န–လူအချင်းချင်း ဆက်ဆံရာတွင် စောင့်စည်း လိုက်နာအပ်သော တရား။ [ပါ၊လောကဝတ္တ] **~သမ္မုတိနတ်** /လောကာ့သမုဒိနတ်/န–လူတို့က တင်မြှောက်သော မင်း။ [ပါ၊လောကသမ္မုတိ+နာထ]

လောကီ၊န–လောကရေးရာ။ [ပါ၊လောကိယ] **~ပညာ** /လောကီပျင်ညာ/န–၁။လူ့လောက အကျိုးအတွက် သင်ကြားဆည်းပူးသော အတတ်။ ၂။စုန်း၊ ကဝေ စသော အတတ်ပညာ။ **~သား** /လောကီသား/ န–ကာမဂုဏ်နှင့် မကင်းနိုင်သော လူသား။

လောကုတ္တရာ၊န–လောကမှ လွတ်မြောက်သော မဂ်ဖိုလ် နိဗ္ဗာန်။ လောကမှ လွတ်မြောက်ကြောင်း တရား။ [ပါ၊လောကုတ္တရ]

လောကန္တရိက် /လောကန်ဒရိတ်/ န–စကြဝဠာသုံးခု အကြားတွင် တည်ရှိသော ငရဲ။ [ပါ၊လောကန္တရိက]

လောကွတ်/လောဂွတ်/န–ဖော်ရွေပျူငှာမှု။ [ပါ၊ လောကဝတ္တ] **~ချော်**/–ချော်/ကြိ–ဖော်ရွေပျူငှာမှုကို လိုသည်ထက် ပို၍ ပြုမူပြောဆိုသည်။

လောဇန်၊န–ကတ္တူကမျိုးနှင့်အတူတူ။ [ဟိန္ဒီ၊လိုဇာန်]

လောဘ၊န–လိုချင်မက်မောခြင်း။ တပ်မက်ခြင်း။ [ပါ၊ လောဘ] **~ဇောတိုက်** /လောဘဇော်တိုက်/ကြိ–လောဘ လွှမ်းမိုးသည်။ **~သား**/လောဘာ့သား/ န–လောဘနှင့် မကင်းသူ။ **~သက္ကာယ**/လောဘာ့ သက်ကာယာ့/န–မိမိအတွက်သာ ကြည့်သော လွန်ကဲသောလောဘ။ [ပါ၊လောဘ+သက္ကာယ]

လောဘက်တင်၊ လောဘက်တိုး၊ ကြိ– ခြုံထည်ကို လက်ယာဘက်ချိုင်းအောက် လျှိုကာ လက်ဝဲဘက်ပခုံးပေါ် ထပ်တင်သည်။

လောဟာ၊န–သပ္ပုပြပ်။ [ပါ၊လောဟ]

လော့၊ဝိ–ကြိယာနှင့်ဆက်၍ တိုက်တွန်းစေခိုင်းခြင်း သဘောကိုပြသော စကားလုံး။

လော်ကယ်၊န–ခရီးတိုအတွင်း ဘူတာစဉ် ရပ်သော မီးရထား။ [လိပ်၊လုကေလ]

လော်မာ၊လော်လည်/ လော်လီ၊ လော်လယ်/ ကြိ–လျှပ်ပေါ်သည်။ စောင့်စည်းမှုမရှိ ဖြစ်သည်။

လော်ရီ/လော်ရီ/န–ကုန်ပစ္စည်းတင်ဆောင်ရာ၌ သုံးလေ့ရှိသော ကားကြီး။ [လိပ်၊လုရရယ]

လံ၊န–လေးပေါင်နှင့်ညီမျှသော အတိုင်းအတာ။ ကြိ–တိရစ္ဆာန်ကို ကြိုးရှည်ဖြင့်ချည်ကာ စားကျက်တွင် ထားစေသည်။ **~ပါး**/လန်ဗား/န–[ပေါ]မျဉ်းအိုး။

လံဗား၊န–အရပ်ရှည်သူ။ [ဟိန္ဒီ၊လံဗာ]

လို[၁]၊ကြိ–၁။ရချင်သော ဆန္ဒဖြစ်သည်။ ၂။နှစ်သက်သည်။ ၃။ဖြည့်ရန်ကျန်သည်။ ပြည့်ရန်ကျန်သည်။ **~တရ**/လိုတာ့ယာ့/ကြိ–အလိုရှိသော အရာကို တောင့်တ လိုက်သည်နှင့် ရရှိသည်။ **~တိုးပိုလျှော့** /လိုတိုးပိုယှော့/ကြိဝိ–လိုခြင်းပိုခြင်း မရှိရအောင် ချိန်ညှိခြင်းအားဖြင့်။ **~ဖန်းကြီး**/လိုဖန်းကျီး/ကြိ–အလွန်လိုချင် တပ်မက်သည်။ **~ဘ**၊န–အလိုဆန္ဒ။ [မြန်၊အလို+ပါ၊လောဘ] **~ရမည်ရ** /လိုယာ့ မယ်ယာ့/ကြိဝိ–လိုသည့်အခါ ရရှိစေရန်။ **~ရင်း**၊န–အခြေခံကျသော အချက်။ **~လား**၊ကြိ–နှစ်သက်သဘောကျသည်။ ရယူချင်စိတ်ရှိသည်။ **~လိုချင်ချင်** /လိုလိုချင်ချင်/ ကြိဝိ– လိုလိုလားလား။ လိုက်လိုက်လှဲလှဲ။ **~လိုမည်မည်**/လိုလိုမယ်မယ်/ကြိဝိ–လိုရမည်ရ။ **~အင်**၊ န–တောင့်တချက်။ ဆန္ဒ။ **~အပ်**၊ကြိ–ဖြည့်ရန် ကျန်သည်။ ပြည့်ရန်ကျန်သည်။

လို[၂]၊စည်း–[အပြော]ကဲ့သို့။ သဖွယ်။ "သူ~လူ။"

လို့၊သမ်–[အပြော] အကြောင်းပြသဘောဖြင့် ဆက်စပ်ပေးသော စကားလုံး။ စည်း–[အပြော] ကြိယာ၏အနက်ကို ထင်ရှားစေသော စကားလုံး။

လက်[၁]၊န–၁။ပခုံးနှစ်ဖက်မှ ဖြာထွက်သော ကိုယ်အင်္ဂါ အစိတ်အပိုင်း။ ၂။ဒေသတစ်ခုခုမှ ဖြာထွက်ရာဘက်။ "တောင်~၊ မြောက်~။" ၃။[ဥပစာ] ပိုင်ဆိုင်မှု အပိုင်းအခြား။ "ငါ့~က လွတ်အောင်ပြေး။" ၄။ လေ့ စသော အနုပညာလက်ရာ။ စည်း–၁။အရေအတွက်ပြ စကားလုံး။ "စားတစ်~။" ၂။အလှည့် အကြိမ်ပြ စကားလုံး။ "ကြွေတစ်~ ကြက်တစ်နှန်။" **~ကတီး**/လက်ဂတီး/န–ချိုင်းကြား။ **~ကတော့ထိုး** /လက်ဂဒေါ့ထိုး/ကြိ–ရဟန်းသံဃာများ၊ ကိုယ်ရုံ သင်္ကန်းကို လက်ယာပခုံးဖော်ပြီး လက်ဝဲပခုံးထက် တွင် တင်သည်။ **~ကသုံးတောင်မွေး**/လက်ဂသုံး တောင်မွေး/န–[ဥပစာ] အစစအရာရာ အားထား

http://www.lknt11.com

နိုင်းစေရသူ။ **~ကား၊** န– ကုန်ပစ္စည်းများကို အစုအပြုလိုက် ရောင်းချသောစနစ်။ (လက်လီနှင့်နှိုင်းယှဉ်) **~ကောက်၊**န–ရွှေ၊ ငွေစသည်ကို အကွင်းလုပ်၍ လက်ကောက်ဝတ်၌ ဝတ်ဆင်သော အဆင်တန်ဆာ။ **~ကောက်ဝတ်၊**န–လက်ဝါးနှင့် လက်ဖျံဆုံရာ အဆစ်အပိုင်း။ **~ကိုင်၊**န–၁၊ဝတ္ထုပစ္စည်းကို အကိုင်ရလွယ်ကူရန် တပ်ထားသော အတံ၊ အကွင်းစသည်။ ၂။[ဥပစာ] အမြဲအစွဲ အသုံးပြုသောအရာ။ လက်စွဲ။ ၃၊သုံးစွဲစရာ ငွေကြေး။ နဂိ– လက်ငင်းလက်ရှိ ဖြစ်သော။ "ဒွာန ~"။ **~ကိုင်တုတ်/**လက်ကိုင်ဒုတ်/န–[ဥပစာ] တစ်စုံတစ်ယောက်၏ အကျိုးအတွက် အသုံးချခံရသူ။ **~ကိုင်ပဝါ/**လက်ကိုင်ဗဝါ/န–အမှုအားဖြင့် ချွေးသုတ်ရန် ကိုယ်တွင်ဆောင်လေ့ရှိသော အဝတ်စငယ်။ **~ကုတ်၊** ကြိ–[ဥပစာ] သိသိပ်စွာ အသိပေးသည်။ **~ကျ၊** န–၁၊တူရိယာ တီးခတ်သည့် လက်အချိန်အဆ။ လက်ကျပေက်န။ ၂၊ဆောင်ရွက်လုပ်ကိုင်ပုံ အစွမ်းအစ။ ၃၊တစ်စုံတစ်ဦး သုံးပြီး၍ စွန့်ပယ်ထားသော အရာ။ ကြိ–စွမ်းရည် လျော့ပါးဆုတ်ယုတ်သည်။ **~ကျန်၊** န–ပေးပြီး၊ ရောင်းပြီး၊ သုံးပြီး ကျန်နေသော ငွေ၊ ဝတ္ထုပစ္စည်း။ **~ကျပ်အင်္ကျီ/**လက်ကျတ်အင်းကျီ/ န– လက်မောင်းကျပ်အောင် ချုပ်ထားသော မိန်းမဝတ် အင်္ကျီတစ်မျိုး။ **~ကြားမြင်၊** န–လင်းစအချိန်။ မှောင်စ အချိန်။ **~ကြားရေယို၊** ကြိ–[ဥပစာ] အချည်းနှီး အလဟဿဖြစ်သည်။ **~ကြားလမ်း၊**န–လမ်းမကြီးနှစ်ခုကို ဆက်သွယ်ထားသော လမ်းငယ်။ **~ကြီး၊** ကြိ–လက်ဖွာသည်။ **~ကြပ်၊**န– လက်မောင်းရင်း၌ ဝတ်ဆင်သော အဆင်တန်ဆာ။ ကြိဝိ–[ပေါ] ထက်ကြပ်မကွာ။ **~ကွင်းမှတ်၊**ကြိ–လက်ညှိုးနှင့်လက်မ ထိထားသော ကွင်းကို ပါးစပ်တွင် သွင်း၍ ရှိုးခနဲမြည်အောင် မှုတ်သည်။ **~ခ၊**န–လက်မှုပညာဖြင့် တစ်စုံတစ်ခု ပြုလုပ်ပေးသည့်အတွက် ပေးရသော အဖိုးအခ။ **~ခအား** /လက်ခါအား/ န–လက်ခယူ၍ အလုပ်လုပ်သူ။ **~ခမောင်းခတ်၊** ကြိ– အားရကျေနပ်၍ ဖြစ်စေ၊ စိန်ခေါ်လို၍ဖြစ်စေ ကွေးဝိုက်ထားသော လက်မောင်းနှင့် ရင်အုပ်ဆုံရာ နေရာကို တစ်ဖက်လက်ဝါးဖြင့် မြည်အောင် ရိုက်သည်။ **~ခလယ်၊**န–လက်ညှိုးနှင့် လက်သူကြွယ်ကြားရှိ လက်ချောင်း။ **~ခု၊**န–ပုသောအိုးခွက် စသည်ကို ကိုင်တွယ်ရာတွင် ကြားခံအဖြစ်သုံးသော အဝတ်။ **~ခံ၊**ကြိ–၁၊ပေးသောအရာကို ယူသည်။ ၂၊မိမိပိုင် အိုးအိမ်နေရာတွင် ခိုလှုံနေထိုင်ခွင့်ပြုသည်။ ၃၊တစ်စုံတစ်ဦး၏ တင်ပြပြောဆို တောင်းပန်ချက် စသည်ကို သဘောတူသည်။ နဝိ–၁၊ပေးသွင်းထားသော မှုရင်းဖြစ်သော (စာရွက်စာတမ်း စသည်)။ ၂၊ခြင်စရာ ခံအဖြစ် သတ်မှတ်ထားသော(အိုး၊ ခွက်စသည်)။ **~ခံတိုင်/**လက်ခန်ဒိုင်/ န–အဆောက်အအုံတွင် ထုပ်၊ လျောက်တို့ကို ထောက်ခံထားသော အစွန်တိုင်။ **~ခက်၊**ကြိ–ပြန်ပေးရန် ရှိသော ငွေ၊ ပစ္စည်းကို ရှောရှောရှုရှုပေးကျင့်မရှိ ဖြစ်သည်။ **~ခေါက်မှုတ်၊** ကြိ–ပါးစပ်ဆဲလက်ညှိုး ခေါက်သွင်း၍ ရှိုခနဲမြည်အောင်မှုတ်သည်။ **~ခတ်၊** န–၁၊ရက်ကန်းစင်၌ ဖောက်ချည်ပင်ကို ဝေ့စပ်စွာ ထိကပ်စေရန် ဆွဲခတ်ရသော ကိရိယာ။ ၂၊ပတ္တလား စသည်ကို တီးခတ်ရသော အရာ။ ၃၊အိုးလုပ်ရာတွင် ရိုက်ရသော တဘ်၊ **~ခုပ်၊**န–၁၊လက်ချောင်းကို ကျုံ့၍စွက်အောင် ပြုထားသော လက်ဝါး။ ၂၊ယောင်း လက်ဂါး နှစ်ဖက်မှုးလျက်ဖြင့် ခြင်တွယ်သော ပမာဏ။ ၃၊ ချပ်ပါးလက်ခုပ်ကဲ့သို့သော ရိုက်ခတ်ရသော တူရိယာမျိုး။ ၄၊ အပွင့် နံ့စော်၍ အသီးခြမ်း လက်ခုပ်နှင့်တူသော အသီးသီးသည့် ပင်စောက်ကြီး။ **~ခုပ်တီး၊** ကြိ (အသံမြည်စေရန်) လက်ဝါးနှစ်ဖက်ကို ရိုက်ခတ်သည်။ **~ခုပ်တစ်ဖောင်/**လက်ခုပ်တဖောင်/ န– လူတစ်ယောက်၏ ခြေဖဝါးမှ မတ်တတ်ရပ်လျက် မြှောက်ထားသည့် လက်ထိပ်အထိ အမြင့်။ **~ခုပ်လက်ဝါး၊** ကြိဝိ–အလဲအလှယ်အားဖြင့်။ **~ခုံ၊** န–လက်ဖမိုး။ **~ချ၊**ကြိ–[ဥပစာ] အလျှော့ပေးသည်။ အရှုံးပေးသည်။ **~ချက်၊**န–တစ်စုံတစ်ယောက်၏ မနှစ်မြို့ဖွယ်လုပ်ရပ်။ **~ချောင်း၊**န–လက်ဝါးမှ ဖြာထွက်သော အချောင်းအတံ။ **~ချည်း၊** ကြိဝိ–လက်ဆောင်၊ လက်နက် တစ်စုံတစ်ရာ မပါဘဲ။ **~ချပ်၊**န–တီးမှုတ်ရာတွင် စည်းနှင့်တွဲဖက်၍ တီးရသော သစ်သား လက်ခုပ်ငယ်။ ချပ်။ **~ခြား၊**န–ချဉ်ပေါင်ရွက်၊ သဘော်ရွက် စသည်ကဲ့သို့ အနားပတ်လည်တွင် အချိုင့်ပါသော ပုံသဏ္ဌာန်။ **~ငင်း၊** ကြိဝိ–ချက်ချင်း။ **~ငုတ်၊**န–တစ်စုံတစ်ဦး လုပ်ကိုင်ဆောင်ရွက်ပြီးနောက် ကျန်ရစ်ခဲ့သော လုပ်ငန်း။ **~ငုတ်လက်ရင်း၊**န–မျိုးရိုး စဉ်ဆက် အစဉ်တစိုက်လုပ်ကိုင်ခဲ့သောလုပ်ငန်း။ **~စ၊**န–ဆက်လက်ဆောင်ရွက်ရန် ကျန်သော အလုပ်၊ **~စက/**လက်စဂါ/န–တံတောင်ဆစ်သာသာအထိ လက်ရှည်သော အင်္ကျီ။ **~စတုံး** /လက်စာတုန်း/ကြိ–၁၊ပြုဖွယ်ကိစ္စ ပြီးပြတ်သည်။ ၂၊သေသည်။ ၃၊ သေအောင်သတ်သည်။ **~စလက်န**/လက်စာလက်နာ/ န– ၁၊အစွမ်းအစ။ ၂၊ တစ်စုံတစ်ရာ ဆောင်ရွက်ခဲ့ကြောင်း ဖော်ပြရာရောက်သော လက်ရာ အကြွင်းအကျန်။ **~စသတ်/**လက်စာသတ်/ကြိ–လုပ်လက်စ

မာတိကာသို့ ▶▶▶

http://www.lknt11.com

လုပ်ငန်း ပြီးစီးအောင် လုပ်သည်။ **~စားချေ**။ကြိ- မိမိအပေါ် နစ်နာအောင်ပြုသူကို နစ်နာအောင် တုံ့ပြန်ပြုမူသည်။ **~စားလိုက်**။ ကြိ- မိမိလုပ်ငန်းတွင် တုံ့ပြန်လုပ်အားရရန် သူတစ်ပါးလုပ်ငန်းကွင်း ပါဝင် လုပ်ကိုင်ပေးသည်။ **~စောင်း**။ န-လက်ဝါးစောင်းနှင့် အတူတူ။ **~စောင်းထက်**၊ ကြိ-[ဥပစာ] တန်ခိုး အာဏာ ထက်မြက် ပြင်းထန်သည်။ **~စဉ်**။ န- ၁။အကြောင်းခြင်းရာ။ ၂။ အစွမ်းအစ။ အရည် အချင်း။ **~စည်း**။န-အင်္ကျီလက်များတွင် ကျဉ်း အောင် ချုပ်ထားသော အနားပတ်။ **~စွဲ**။န-၁။ အသုံးချရန် အမြဲတစေ ဆောင်ထားရသော အရာ။ ၂။အမြဲအားကိုးနိုင်းစေရသူ။ **~စွပ်** /လက်စွတ်/ န-ရွှေ၊ ငွေစသည်ဖြင့် အကွင်းလုပ်၍ လက်ချောင်း တွင် ဝတ်ဆင်ရသော အဆောင်တန်ဆာ။ **~စွမ်း**။န- တစ်စုံတစ်ဦး၏ ဆောင်ရွက်နိုင်မှု အရည် အချင်း။ **~စွယ်ငုပ်**၊ ကြိ-လက်သည်း ဘေးစွန်း အသားထဲသို့ စူးဝင်သည်။ **~ဆ**။န-လက်အချိန် အခါ။ **~ဆေး**ခံ/ လက်ဆေးဂန်/ န-လက်ဆေးခွက်။ **~ဆော့**၊ ကြိ- [ဥပစာ] နိုးတတ်သည်။ **~ဆံခြေဆံ** /လက်ဆန် ချီဆန်/ န-ခြေဆံလက်ဆံ နှင့်အတူတူ။ **~ဆက်**။ကြိ- လက်ထပ်သည်။ န-လှေနံပျဉ်ချပ်များ ကပ်ရိုက်ရန် တံကူကို ဆက်ထားသော အချောင်းအတံ။ **~ဆင့် ကမ်း**။ကြိ-တစ်စုံတစ်ရာကို တစ်ဦးမှ တစ်ဦးသို့ ဆင့်ကဲဆင့်ကဲ လွှဲပြောင်းပေးသည်။ **~ဆောင်**။န- ခမည်းနှင့်ပေးသော ပစ္စည်း။ **~ဆောင် လက်နက်**၊ န-[ရှေး] လက်ဆောင်။ **~ဆည်ကန်** /လက်ဆယ် ဂန်/ န-လူ့လုပ်အားဖြင့် ဆည်ဖို့ တည်လုပ်သော ရေကန်။ **~ဆိပ်**။န-၁။ထိုက်ပျိုးရာ တွင် အပင်ရှင်သန် ဖြစ်ထွန်းစေသော လက်စွမ်း။ ၂။အညွန့်အရွက် စသည်ကို ဆွတ်ခူးလျှင် အပင်ညှိုးသေသွားစေနိုင် သော လက်စွမ်း။ **~ဆုပ်လက်ကိုင်**။ကြိဝိ-ကိုယ်တိုင် မျက်မြင်ထင်ရှား။ **~ဆုံ**။န-ကျည်ပွေ့ကို လက်ဖြင့် ကိုင်ထောင်းရသောဆုံ။ **~ဆုံစား**၊ ကြိ-ထမင်း တစ်ဝိုင်းတည်းတွင် အတူတကွစားသည်။ **~ဆွန်း**၊ န-တစ်လက်ဆုပ်၏ထက်ဝက် အချင့် ပမာဏ။ **~ညှိုး**၊ န-လက်မနှင့်လက်ခလယ် အကြားရှိ လက်ချောင်း။ **~ညှိုးထိုး**။ကြိ-၁။လက်ညှိုး ဖြင့် ညွှန်ပြသည်။ ၂။[ဥပစာ]ကဲ့ရဲ့ပြစ်တင်သည်။ **~တီး**။န- အိမ်နောက်ဘက်တွင် ထုပ်ယားသည့် အဆောင်။ **~တေး**။န-လောင်းကစားဝိုင်းတွင် ကြေး သတ်မှတ်၍ ငွေဖြင့် လဲလှယ်လောင်းကစား ရသော တိုကင်ပြား။ လက်တေးပြား။ **~တေးရိုက်**။ကြိ- လက်တေးပြားများကို အသုံးပြု၍ ဖဲကစားသည်။ **~တံ**။န-၁။ပခုံးစွန်းမှ လက်ဖျားအထိ အင်္ဂါ အစိတ် အပိုင်း။ ၂။ ဒိုင်ခွက်၏ ဗဟိုကိုမှုတည်၍ လှည့်ပတ်ပြီး အမှတ်အသား တစ်စုံတစ်ရာကို ညွှန်ပြသော အချောင်းအတံ။ **~တိုလက်တောင်း**။န-အိမ်မှု အသေးအဖွဲ့အလုပ်။ **~တို့**၊ ကြိ-[ဥပစာ] သိုသိပ်စွာ အသိပေးသည်။ **~တက်**။န-ပင်စည် အဆစ်ကြားမှ ဖြာထွက်သော အကိုင်းသစ် ဖြစ်လာမည့် အစို့။ **~တောက်**၊ န-ဝါဖတ်လေးညှို့ကို ဆွဲခတ်ရန် ပြုလုပ်ထားသော ထိပ်ဖုပါသော တုတ်တိုငယ်။ **~တောက်ခုံ**၊ န-ဖယ်ပြားကို အလယ်တွင် တင်၍ တွင်းပေါက်သို့ တောက်သွင်း ကစားရသော လေးထောင့် ပျဉ်ချပ်ခုံ။ **~တစ်ကမ်း**/လက်ဒဂန်း/ န-လက်တစ်ဆန့် အကွာအဝေး။ **~တစ်လုံးခြား** /လက်တလုန်းဂျား/ကြိဝိ-၁၊ လက်တစ်လုံးခန့် ပွတ်ကာသီကာ။ ကပ်ကာသီကာ။ ၂။မလိမ့်တပတ်။ **~တည့်**/လက်တဲ့/ကြိ-ပစ်ခတ်ရာတွင် ချိန်ရွယ် သည့်အတိုင်း ထိမှန်စေနိုင်စွမ်း ရှိသည်။ **~တည့် စမ်း**/-စန်း/ကြိ-[ဥပစာ] တစ်ခုခုကို အစမ်းသဘော မျိုးဖြင့် လုပ်ကိုင်ကြည့်သည်။ **~တည်း**။ကြိဝိ- [ပေါ] ထက်ကြပ်မကွာ။ **~တန်း**။န-ဝရန်တာ၊ ကုလားထိုင် စသည်တွင် အားပြု ထိန်းကိုင်ရန် ကာရံထားသော တန်း။ ကြိဝိ-ကြိုတင်ပြင်ဆင်မှု မရှိဘဲ ရုတ်တရက် (ပြောဆိုသည်)။ **~တုံ့ပြန်**။ကြိ- ကလဲ့စားချေသည်။ **~တွေ့**၊ န-၁။ကိုယ်တွေ့ကြုံသိ ရသော အဖြစ်အပျက်။ ၂။ စမ်းသပ်လုပ်ကိုင်ဖူးသော အတွေ့အကြုံ။ **~တွဲ**၊ ကြိဝိ-[ဥပစာ] ညီညီ ညွတ်ညွတ် အတူတကွ။ **~တွဲခေါ်**၊ ကြိ-[ဥပစာ] လိုရာရောက်အောင် ဖေးဖေးမမ လမ်းညွှန်ပြသ ခေါ်ဆောင်သည်။ **~ထဲလက်ရောက်**၊ ကြိဝိ-၁၊ လက်ထဲသို့ ရောက်သည်အထိ။ ၂။ ကာယကံ မြောက်။ "အပြောနှင့်မပြီး၊ ~အလုပ်လုပ်ပါ။" **~ထက်**။န-မင်း၊ အစိုးရ၊ အကြီးအကဲ စသည် ထင်ရှားရှိချိန်ကို အမှတ်အသားပြု၍ ပိုင်းခြားသော ကာလ။ **~ထက်ပွား**၊ န-၁၊ လင်မယား အတူ ပေါင်းသင်း နေထိုင်စဉ် ဖြစ်ထွန်းလာသော စီးပွား ဥစ္စာ။ ၂။တစ်စုံတစ်ယောက်အား လုပ်ကိုင် ဆောင် ရွက်ရန် တာဝန်ပေးထားစဉ် ဖြစ်ထွန်းလာသော စီးပွားဥစ္စာ။ **~ထောက်**။န-တစ်စုံတစ်ဦးကို ကူညီ ဆောင်ရွက်ပေးသူ။ **~ထောက်ချ**၊ ကြိ-တစ်စုံ တစ်ရာ ကြံစည်နိုင်အောင် နည်းလမ်းညွှန်ပြ ကူညီ သည်။ တစ်စုံတစ်ဦး၏ အကြောင်းကို အခြားသူ တစ်ဦးအား အသိပေးသည်။ **~ထိတ်**။န-လက်ကို လျှိုသွင်းချုပ်နှောင်ရန် ပြုလုပ်ထားသော ကိရိယာ။ **~ထပ်**။ကြိ-သတို့သားနှင့် သတို့သမီး လက်ချင်း ထပ်၍ လင်မယားအဖြစ် ရောက်စေသည်။ မင်္ဂလာ

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ဆောင်သည်။ ကြိယ-ကိုယ်တိုင်ကြုံမတော် ကူညီလျက်။ "ဆရာက ကပည့်ကို ~သင်ပေးသည်။" ~ထိပ်၊န-ဖဲကစားရာတွင် မိမိလက်ဝဲဘက် နေရာ။ ယင်းနေရာတွင် ကစားသူ။ ~ထွန့်ပစ်၊ကြိ-ကိုင်းတံမပါဘဲ ငါးမျှားချိတ်ကို ကြိုးတပ်၍ ရေတွင်ပစ်ချပြီး ငါးမျှားသည်။ ~နက်၊န-၁၊ထိုး၊ ခုတ်၊ ရိုက်၊ ပစ် စသည်ပြုလုပ်နိုင်သော ကိရိယာပစ္စည်း။ ၂၊[ဥပစာ] အားကိုးပြုရသော အရာ။ ~နက်ချ၊ကြိ-လက်နက်ကိုင် တိုက်ခိုက်ခြင်းကို ရပ်စဲ၍ အရှုံးပေးသည်။ အညံ့ခံသည်။ ~နက်နိုင်ငံ၊န-သိမ်းပိုက်ထားသော နယ်ပယ်ဒေသ။ လက်အောက်ခံနိုင်ငံ။ ~နိုင်ခြေနိုင်၊ န-စွမ်းဆောင်နိုင်သည့် အခြေအနေ။ ~နီး၊န-လက်ခု။ ~နေး၊ကြိ-လုပ်ကိုင်ဆောင်ရွက်မှု နှေးကွေးသည်။ ~နိပ်စက်၊န-လက်ချောင်းဖြင့် ရိုက်နှိပ်၍ အက္ခရာ ထင်စေသည့် ကိရိယာ။ ~နိပ်ဓာတ်မီး၊န-ဓာတ်ခဲအားဖြင့် မီးလုံးငယ်ကို လင်းအောင် ခလုတ်နှိပ် သုံးရသော လက်ဖြင့် ကိုင်ဆောင်နိုင်သည့် ပစ္စည်း။ တုတ်မီး။ ~ပါးစေ/လက်ပါးစေ/န-ခိုင်းစေရန် အနီးအပါး၌ ထားသူ။ ~ပူးလက်ကြပ်၊ ကြိဝိ-ကိုယ်တိုင် မျက်မြင်ထင်ရှား။ လက်ဆုပ်လက်ကိုင်။ ~ပေါ၊ ကြိ-လက်အစွမ်းအစ ရှိသလောက် ပေါ်လွင်သည်။ ~ပေါက်ကတ်၊ကြိ-ပေးကမ်းရန်၊ ကူညီရန် စသည်ကိစ္စတို့၌ အလွယ်တကူ မလိုက်လျောတတ် ဖြစ်သည်။ ~ပိုက်၊ကြိ-လက်နှစ်ဖက်ကို ရင်ဘတ်တွင် ကွေးယှက်၍ ထားသည်။ ~ပိုက်ကြည့်၊ကြိ-[ဥပစာ] တစ်စုံတစ်ရာ ဝင်ရောက် ပြုလုပ်ပြောဆိုခြင်း မရှိဘဲဖယ်ရှောင်နေသည်။ ~ပစ်ကူး /လက်ပုစ်ကူး/ ကြိ-လက်ကို တစ်ဖက်စီ အလှည့်ကျ ရှေ့သို့ တစ်ဆုံး ဆန့်ထုတ်၍ ရေကူးသည်။ ~ပစ်ဖုံး/လက် ပုစ်ဖုန်း/န-လက်ဖြင့် ကိုင်၍ ပစ်ရသော ဗုံးတစ်မျိုး။ ~ပုတ်ရှား၊န-ရက်ကန်းရှယ်ရာတွင် လက်ဖြင့် လှည့်ရသော ရှား။ ~ပန်းကျ၊ကြိ-ပင်ပန်းမှုကြောင့် လက်များ မလှုပ်ရှားချင်၊ မလှုပ်ရှားနိုင် ဖြစ်သည်။ ~ပပ်၊န-ရှိုင်း။ ရှိုင်းကြား။ ~ပမ်း၊န-တစ်ဦးနှင့် တစ်ဦး အားပြိုင်လုံးသတ်သော အတတ်ပညာ။ ~ပမ်းပေါက်ခတ် /လက်ပန်းပေါက်ခတ်/ ကြိ-လက်ခမောင်းခတ်သည်။ ~ပုံရှောင်း၊ကြိ-အခြင်းအကွယ်၊ အရေးအတွက်စသည် မသတ်မှတ်ဘဲ အပုံလိုက်ရောင်းသည်။ ~ပျက်၊ ကြိ-လက်စွမ်းလက်စ လျော့ပါးသည်။ ~ပျဉ်း၊ န-လက်မောင်းရင်း၌ အောက်သို့ တွဲလျားကျနေသော အသား။ ~ပြ၊န-အခြေအနေ မတည်မငြိမ် ရှုပ်ရှုပ်ထွေးထွေး ဖြစ်သော ကာလ။ ~ပြင်၊န-ပခုံးအောက် ကျောဘက်အကဲ

အစိပ်အပိုင်း။ ~ပြောင်းလက်လွှဲ၊န-ပိုင်ဆိုင်သူ၊ ကိုင်တွယ်သူ ပြောင်းလဲမှု။ ~ပြန်၊ကြိဝိ-လက်ကို အလိုက်သင့်မဟုတ်ဘဲ နောက်ပြန်လျက်။ ~ပြန်ကြိုး /လက်ပြန်ကြိုး/န-လက်နှစ်ဖက်ကို ကျောဘက်သို့ ဆွဲယူ၍ ကြိုးတုပ်နှောင်သောနည်း။ ~ပွေ့၊ကြိဝိ-လက်တစ်ဖက် သို့မဟုတ် နှစ်ဖက်နှင့် ရင်ဘတ်အကြားတွင် ညှပ်ပိုက်လျက်။ "သတင်းစာကို ~ရောင်း-။" ~ပွတ်ရူး၊န-လက်ဝါးနှစ်ဖက်ဖြင့် ပွတ်လှည့်၍ အပေါက် ဖောက်ရသော ရူး။ ~ပွန်းတတီး/လက်ပွန်းဒတီး/ကြိဝိ-ရင်းရင်းနှီးနှီး။ အကျွမ်းကဝင်။ ~ဖနှောင့်၊န-လက်ဝါးပြင်၏ အရင်းပိုင်း လက်ကောက်ဝတ်နှင့် ကပ်လျက်နေရာ။ ~ဖမိုး၊န-လက်ဖဝါး၏ ကျောဘက်။ ~ဖဝါး၊ န-လက်ကောက်ဝတ်မှ လက်ချောင်းများအထိ အတွင်းဘက်မျက်နှာပြင်။ ~ဖက် /လဖက်/ န-၁၊ လက်ခုပ်တစ်ဖက်။ လက်ခုပ်တစ်ဖက် အချင့်ပမာဏ။ ၂၊ မိုးကောင်းသော တောင်စောင်းဒေသတွင် ပေါက်တတ်သည့် အမြဲစိမ်းလန်းသော ချုံပင်တစ်မျိုး။ ၃၊ယင်းအပင်၏အရွက်။ ၄၊ယင်းအရွက်ကို ပြုပြင်ထားသော စားဖွယ်။ ~ဖက်ခြောက်/-ချောက်/ န-အခြောက် လှန်းထားသည့် လက်ဖက်ရွက်။ (အချိုခြောက်၊ အကြမ်းခြောက်ဟူ၍ နှစ်မျိုးရှိသည်။) ~ဖက်ရည်ကြမ်း/-ယောဂျန်း/န-အကြမ်းခြောက် ခတ်ထားသော ရေနွေး။ ~ဖျား၊န-လောင်းကစားရာတွင် လက်ရင်းကြေး မဟုတ်ဘဲ လိုက်ရံလောင်းသော လောင်းကြေး။ (လက်ရင်း လည်းရှု) ~ဖျားခါ၊ ကြိ-၁၊လွှန်မင်းစွာ အံ့သြကြောင်းကို လက်ဖျားများ လှုပ်ခါ၍ ပြသည်။ ၂၊ [ဥပစာ] အလွန်အမင်း အံ့သြသည်။ ~ဖျံ၊န-တံတောင်ဆစ်မှ လက်ကောက်ဝတ်အထိ အစိတ်အပိုင်း။ ~ဖျောက်တီး၊ ကြိ-လက်ဖျစ်တီးနှင့် အတူတူ။ ~ဖျစ်တီး၊ကြိ-လက်မနှင့် လက်ခလယ် ထိပ်ချင်း ထိပွတ်၍ ဖြောက်ဖြောက်မြည်အောင်တီးသည်။ ~ဖြစ်၊ နဝိ-လက်ဖြင့် ပြုလုပ်သော။ ကိုယ်တိုင်ပြုလုပ်သော။ ~ဖွာ၊ ကြိ-အသုံးအဖြုန်း ကြီးသည်။ အပေးအကမ်း လွယ်သည်။ ~ဖွဲ့၊ကြိ-မွေးနေ့မင်္ဂလာ လက်ထပ်မင်္ဂလာပွဲတွင် ငွေကြေး၊ ပစ္စည်းစသည် ချီးမြှင့်သည်၊ ကူညီသည်။ န-၁၊ ယင်းသို့ ချီးမြှင့်ကူညီသည့် ပစ္စည်း။ ၂၊ဘေးရန် ကာဆီးရန် ရွှေပြား၊ ငွေပြား စသည်၌ အင်းချကာ လိပ်၍ ချည်ဖြင့် ထုံးဖွဲ့ထားသော အဆောင်ပစ္စည်း။ ~မွေ့၊န-လက်ချောင်းများတွင် ရစ်ခွေနေသော အရေးအကြောင်း။ ~မ၊ န-၁၊ လက်ငါးချောင်းအနက် ကြီး၍တိုသော လက်ချောင်း။ ၂၊တစ်ပေ၏ ၁၂ပုံ ၁ပုံ အတိုင်းအတာ။

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

~မတင်ကလေး/လက်မဒင်ဂလေး/ကြိဝိ–သိသိကလေး။ ပွတ်ကာသီကာ။ **~မထောင်**/လက်မှာထောင်/ ကြိ–[ဥပစာ] မာန်ဝင့် သည်။ ဝင့်ဝါသည်။ **~မရွံ့**၊နု–ပါးကွက်။ အာဏာသား။ **~မဲ့**၊ကြိဝိ–မည်သည့် အရာမျှ ကိုင်ဆောင် သယ်ယူခြင်း မရှိဘဲ။ မည်သည့် ပစ္စည်းမျှ လက်ဝယ် ပိုင်ဆိုင်ခြင်း မရှိဘဲ။ **~မလည်**/လက်မလယ်/ကြိ–[ဥပစာ] အနားမနေရအောင် အလုပ် အလွန် များသည်။ **~မောင်း**၊ နု–ပခုံးမှ လက်များအထိ အင်္ဂါ အစိတ်အပိုင်း။ **~မြော်**၊ နု–ထန်းလက်ထွက်စ ထန်းပင်ငယ်။ **~မွန်**၊နု–[ပေါ] ရှေးဦး ရှေးဖျား။ **~မှိုင်ချ**၊ ကြိ–[ဥပစာ] မျှော်လင့်ချက် ကင်းမဲ့သဖြင့် စိတ်အားလျှော့သည်။ **~မှတ်**၊နု–၁၊ တစ်စုံတစ်ဦး၏ အရည်အချင်း၊ လုပ်ဆောင်မှု စသည်နှင့်ပတ်သက်၍ သက်ဆိုင်ရာက အသိအမှတ် ပြုကြောင်း ထုတ်ပေးထားသော စာရွက်၊ ကတ်ပြား စသည်။ ၂၊ တစ်စုံတစ်ခုသော အခွင့်အရေး ရှိကြောင်း အသိအမှတ်ပြုသည့် စက္ကူ၊ ကတ်ပြား သေသည်။ ၃၊ ရေးထိုးထားသည့် အမည် အမှတ်အသား။ **~မှန်း**၊နု–၁၊ပစ်ခတ်ရန်အတွက် လက်ဖြင့် ချိန်ရွယ်ချက်။ ၂၊အလေးချိန်ကို လက်ဖြင့် မှန်းဆ ချက်။ **~မြှောက်**၊ ကြိ–၁၊ အရှုံးပေးသည့် အထိမ်းအမှတ်ဖြင့် လက်ကို မြှောက်သည်။ ၂၊အရှုံးပေးသည်။ **~ယာ**၊ နု–ညာဘက်။ **~ယာရံ**၊နု–ဗုဒ္ဓသာသနာတွင် မြတ်စွာဘုရား လက်ယာဘက်၌ သီတင်းသုံးသော သာဝကကြီးများ။ **~ယား**၊ ကြိ–[ဥပစာ] တစ်စုံတစ်ရာ ပြုလုပ်လိုစိတ် ပြင်းပြသည်။ **~ယပ်ခေါ်**၊ ကြိ–တစ်စုံတစ်ဦးအား လာရန် လက်ဖြင့် အချက်ပြ၍ ခေါ်သည်။ **~ယှက်**၊ ကြိ–လက်တစ်ဖက်ရှိ လက်ချောင်းများအကြားသို့ အခြား လက်တစ်ဖက်ရှိ လက်ချောင်းများကို ထည့်သည်။ **~ရ**၊ နု–[ရှေး] စစ်ပွဲတွင် လက်နက်ချ၍ သိမ်းပိုက် ရမိသော ရန်သူ။ (သုံ့၊ သုံ့ပန်း၊ သုံ့ရ လည်းရှု) ကြိဝိ–လက်ဝယ် ရမိသည်အထိ။ **~ရဖမ်း**၊ ကြိ–လက်ဝယ် ရောက်ရှိအောင် ဖမ်းသည်။ **~ရာ**၊နု–၁၊ လက်ဖြင့် ထိကိုင်သဖြင့် ထင်ကျန်ရစ်သောအရာ။ ၂၊ တစ်စုံတစ်ဦး၏ လက်မှုပညာ စသည် စွမ်းဆောင်ချက်။ **~ရေး**၊နု–လက်ဖြင့် ရေးသားသော အက္ခရာ အရေးအသား။ **~ရေးတို**/လက်ယေးဒို/နု–အတိုမှတ်သင်္ကေတများဖြင့် တီထွင်ထားသော စာရေးနည်း။ **~ရေးမူ**၊နု–လက်ဖြင့် ရေးထားသည့် စာမူ။ **~ရဲ**၊ ကြိ–အကင့်ရဲသည်။ **~ရဲဇက်ရဲ**၊ ကြိဝိ–အတင့်ရဲစွာ။ **~ရောက်မှု**၊ နု–ကိုယ်ထိ လက်ရောက် အနိုင်အထက် ပြုလုပ်ရန် ပြင်ဆင်မှု၊ အမှုအရာပြမှုတို့ကြောင့် သင့်ရောက်သော ပြစ်မှု။ **~ရင်း**၊ နဝိ–၁၊အဦးအစဖြစ်သော။ ၂၊ ရိုးတံ၊ အနိုင် စသည်၏ အရင်းပိုင်းကျသော။ နု–ခလောင်းကစားရာတွင် မူလခလောင်းကြေး။ **~ရည်တူ** / လက်ယေဒူ / ကြိ – အရည်အချင်း လက်စွမ်းလက်စချင်း တူညီသည်။ **~ရည်တစ်ပြင်တည်း**/လက်ယေဒဗျင်ဒီး/ကြိဝိ–ဆိုးတူ ကောင်းဖက်၊ သာတူညီမျှ။ **~ရန်း**၊ နု–လှေကားစသည်၏ ဘေးမှ တပ်ဆင်ထားသော ထိန်းကိုင်စရာတန်း။ **~ရမ်း လက်ဆ**၊နု–လက်ဖြင့်ကိုင်တွယ် မှန်းဆခြင်း။ လက် အချိန်အဆ။ **~ရုံး**၊နု–၁၊လက်မောင်း။ ၂၊ အားကိုး အားထားပြု သောက်သူ။ ၃၊လှည်းကက် အိမ်တွင် ရံတိုင်စိုက်ရာ အပေါ်ပိုင်းတန်းကော့။ ၄၊လှေကြီးများ ကုန်းပတ်ပေါ်တွင် လက်ကိုင်ရန် ရိုက်ထားသောတန်း။ ၅၊စောင်းကောက်တွင် ဖွဲ့ကြိုးချည်ပတ်ရာ အရိုးတံကောက်။ **~ရုံးရည်**၊နု–ခုခံနိုင်၊ တိုက်ခိုက်နိုင်သော ကာယစွမ်းရည်။ **~ရွေး**၊ နု–လက်ရွေးဝင်။ **~ရွေးစင်**/ လက်ယွေးဇင် / နု–အကောင်းဆုံး၊ အတော်ဆုံးအဖြစ် သီးသန့် ရွေးချယ်ထားသော သက်ရှိ၊ သက်မဲ့။ **~ရှိ**၊ နဝိ– လောလောဆယ် တည်ဆဲဖြစ်သော။ အခိုက်အတန့်တွင် တည်ဆဲဖြစ်သော။ **~ရှောင်**၊ ကြိ–တစ်စုံတစ်ရာ မပြုမလုပ်ဘဲ ဘေးဖယ်နေသည်။ **~လီ**၊ နု–ကုန်ပစ္စည်းများကို နည်းနည်းချင်း ရောင်းချသော စနစ်။ (လက်ကားနှင့်နှိုင်းယှဉ်) **~လိပ်**၊နု–ရက်ကန်းသားကို လိပ်ထား ရသော အလျားရှည် သစ်သားလုံး။ **~လိပ်ထိုး**၊ကြိ–သက်န်းကို ရေဆွတ်ပြီး လိပ်ကာ အင်းပျဉ်ပေါ်တွင် လက်ဖြင့် အကြိမ်ကြိမ်လှိမ့်၍ ချော်သည်။ **~လုပ်ချဉ်**၊ နု–အသီးအရွက်၊ အသား၊ ငါး စသည်ကို အချဉ်တည်ထားသော စားဖွယ်။ **~လုပ်လက်စား**၊နု– ရှာစားစား လုပ်ကိုင် စားသောက် နေရသူ။ **~လွှတ်**၊ ကြိ–ချုပ်ထိန်းခြင်း၊ ပိုင်ဆိုင်ခြင်းမှ လွှတ်ကင်းသည်။ ကြိဝိ–မည်သည့် အရာကိုမျှ မယူဆောင်နိုင်ဘဲ။ **~လွှတ်စပယ်**/လက်လွှတ်ဇဗယ်/ကြိဝိ–မဆင်မခြင်။ **~လွန်**၊ကြိ–၁၊ပြုလုပ် ဆောင် ရွက်ပြီးဖြစ်၍ နောက်ထပ်ပြုပြင်ရန် မတတ်နိုင် ဖြစ်သည်။ ၂၊ပြန်ရရန် မလွယ်ကူ ဖြစ်သည်။ **~လွယ်**၊ကြိ–အလေးအကမ်းလွယ်သည်။ **~လှည့် သင့်** / လက်လှဲ့သင့်/ကြိ–ကမ်းလှမ်းပေးရန် လက် အနေအထား အဆင်ပြေသည်၊ အလိုက်သင့် ဖြစ်သည်။ **~လှည့်သုံး**/လက်လှဲ့သုန်း/ နု– ခေတ္တချေးငွေ။ **~လှမ်းမီ**၊ကြိ–တစ်စုံတစ်ရာကို ပြုလုပ်ရန် တတ်နိုင်သော အခြေအနေတွင်ရှိသည်။ **~လျှော့** /လက်ယှော့/ကြိ–ဖြစ်မြောက်နိုင်ဖွယ် မရှိတော့၍ ဆက်လက် အားမထုတ်ဘဲ နေသည်။ အရှုံးပေး

မာတိကာသို့ ▶▶▶

သည်။ **~လှို**/လက်ယှို/ကြိ–သူတစ်ပါးကိုစွတွင်ကြားဝင်ခံသည်။ **~လွှဲ၊** ကြိ– မိမိကိုယ်စား တစ်စုံတစ်ဦးအား ဆောင်ရွက်စေသည်။ လွှဲပြောင်းပေးအပ်သည်။ **~လွှတ်**၊ကြိ–၁၊ပိုင်ဆိုင်ခွင့်၊ အုပ်ထိန်းမှုပ်ကို စွန့်လွှတ်သည်။ ၂၊လုပ်ဆောင်မှုကို ရပ်စဲသည်။ **~ဝါး**၊န–လက်ဖဝါး၊ **~ဝါးကပ်တိုင်**/လက်ဝဂတ်တိုင်/န–ကားကြက်ကတိုင်။ ကားစင်။ **~ဝါးကြီးအုပ်**/လက်ဂျီးအုတ်/ကြိ–တစ်ဦးတည်း တစ်ဖွဲ့တည်းက ခြယ်လှယ် လွှမ်းမိုးသည်။ **~ဝါးစောင်း**/လက်ဝဇောင်း/န–လက်ကောက်ဝတ်နှင့် လက်သန်းရင်း ကြားရှိ လက်ဝါးဖွန်း။ **~ဝါးရိုက်**၊ကြိ–[ဥပစာ] တင်ယောက်နှင့် တစ်ယောက် ကြိုတင်ညှိနှိုင်း သဘောတူယားသည်။ **~ဝေစံ**/လက်ဝေဇံ/န–သူတစ်ပါး ပေးကမ်းမစသည်ကို ခံယူသူ။ **~ဝေစာ**/လက်ဝေဇာ/န– သူတစ်ပါး ပေးကမ်းမစသည့် ပစ္စည်း။ **~ဝဲ၊** န– ဘယ်ဘက်။ **~ဝဲရုံ**၊ န–ဓမ္မသဘင်တွင် မြတ်စွာဘုရား လက်ဝဲဘက်မှ ဒီကင်းသုံးသော သာဝကကြီးများ။ **~ဝတ်လက်စား၊** န–လက်စွပ်၊ လက်ကောက် စသောအဆင်တန်ဆာ။ **~သမား**၊န– သစ်သားပရိဘောဂ စသည်ပြုလုပ်သူ။ **~သား၊** န–တပည့်တပန်း။ ယေ်သား။ **~သီး**၊န–လက်ချောင်းများကို ကျစ်ကျစ်စုကွေးထားသော လက်ဆုပ်။ **~သီးပုန်း**/လက်သီးဗုန်း/န–[ဥပစာ]သူတစ်ပါး မျက်စီးအောင် လျှို့ဝှက်ကြံစည်ချက်။ **~သီးလက်မောင်းတန်း**၊ကြိ–လက်သီးဆုပ်လျက်၊ လက်မောင်းတန်းလျက် ဒေါမာန်ပါပါ လှုပ်ယမ်းသည်။ **~သူကြွယ်**/လက်သူဂျယ်/န–လက်သန်းနှင့် လက်ခလယ် အကြားရှိလက်ချောင်း။ **~သေ**၊ကြိ–အလေ့အကျင့်များ၍ လက်ရာတစ်မျိုးတည်း ဖြစ် သည်။ **~သံပြောင်း**၊ကြိ–၁၊တီးခတ်မှုပြောင်းမြောက်သည်။ ၂၊ရေးသားမှုယိမ်ရောက်သည်။ ၃၊ရိုက်နက်မှု ပြင်းထန်သည်။ **~သင်**၊န–၁၊လင်ကြားလေ့ကျင့်စ ဖြစ်သူ။ ၂၊အလေ့ကျင့်ရန် လေ့ယေ်။ **~သင့်**၊ကြိ–လက်ဖြင့် ကိုင်တွယ် ဆောင်ရွက်ရာတွင် လွယ်သည်၊ အဆင်ပြေသည်။ **~သင့်ခံ၊** ကြိ-လက်ခံသည်။ **~သစ်၊** န–လက်ချောင်းတစ်ချောင်း၏ ဖြတ်ပမာဏ။ နဝိ–ရှေးဦးပေါ်သော ပစ္စည်း၏အဆင့်အတန်းကို မမီသော။ နောက်မှပေါ်သော။ **~သည်**/လက်သယ်/န–၁၊တစ်စုံတစ်ခုကို လုပ်ဆောင်သူ ကာယကံရှင်။ ၂၊ဖဲဝိုင်းတွင် ဖဲပေးရန် အလှည့်ကျသူ။ ၃၊ကလေး မီးဖွားပေးသူ။ ဝမ်းဆွဲ။ **~သည်း**/လက်သဲ/န–လက်ချောင်းများ၏ အပေါ်ဘက်တွင် ဖုံးနေသော အခွံမာ။ **~သည်းကွင်း**/-ဂွင်း/န–စာရေးရာ၊ သင်္ချာ တွက်ရာစသည်တွင် သုံးသော လက်သည်းခုံပုံစံနှင့် တူသည့် အဖွင့်အပိတ်ကွင်း။ ( )။ **~သုတ်ပဝါ**၊န– လက်ကိုသန့်စင်အောင် သုတ်သည့် အဝတ်ငယ်။ **~သန်း**၊ လက်ချောင်းငါးချောင်းအနက် အစွန်ဆုံးနှင့် အငယ်ဆုံးလက်ချောင်း။ **~သပ်မွေး**၊ ကြိ–[ဥပစာ] လိုရာအသုံးပြုနိုင်ရန် ရည်ရွယ်၍ ဂရုတစိုက် မွေး ကျွေးထားသည်။ **~သိပ်ထိုး**၊ ကြိဝိ၊ [ဥပစာ] (အခွင့်အရေး၊ အကျိုးအမြတ် တစ်စုံတစ်ရာကို မိမိနှင့် နီးစပ်သူသာ ရရှိအောင်) သိုသိပ်လျှို့ဝှက်စွာ (ပြုသည်)၊ **~သုပ်** န–အသီးအရွက်၊ ကြာဆံ၊ ခေါက်ဆွဲ စသည်ကို ဆီချက်၊ ငံပြာရည်၊ ပဲမှုန့်စသည်နှင့် နယ်ဖက်စားရသော စားဖွယ်။ **~သုံး၊** နဝိ–အမြဲတစေ သုံးစွဲလေ့ရှိသော။ **~သွက်၊** ကြိ–လုပ်ကိုင်ဆောင်ရွက်မှု လျင်မြန် ပေါ့ပါးသည်။ **~ဟောင်း**၊နဝိ ရှေးဦးပေါ်၍ စိတ်ချရသော အဆင့်အတန်းရှိသော။ ရှေးဦးပေါ်သော။ **~ဟန်ခြေဟန်**/လက်ဟန်ချီဟန်/ န– ပြောဆိုသောစကားကို ပေါ်လွင်အောင် ယှုပ်ရှားပြသော ခြေလက် အမူအရာ။ **~ဦး**၊ကြိ–သူတစ်ပါးထက် အလျင်ကျသည်။ မောသည်၊ **~ဦးဆရာ**၊န–ရှေးဦးအကျဆုံး သွန်သင်ဆုံးမသူ။ (ငယ်ဆရာလည်းရှ) **~အောက်**၊န–၁၊တစ်စုံတစ်ဦး အောက် အဆင့်နိမ့်သော နေရာ၊ အဆင့်။ ၂၊ ဖဲကစားရာတွင် မိမိလက်ယာဘက်နေရာ။ ယင်းနေရာတွင် ကစားသူ။ **~အောက်ခံ**၊န–တစ်စုံတစ်ဦး၏ သြဇာအာဏာ လွှမ်းမိုးခြင်း ခံရသူ။ **~အောက်ငယ်သား** /လက်အောက်ငယ်သား/န–တစ်စုံတစ်ဦး လက်အောက်တွင် အမှုဆောင်ရွက်သူ။ **~အန်သေ**၊ ကြိ–လက်ချောင်းများ အသုံးပြုရလွန်း၍ လက်လှုပ်ရှားနိုင်စွမ်းမရှိ ဖြစ်သည်။ **~အုပ်ရိုး**၊ ကြိ–မြတ်နိုးလေးစားသဖြင့် လက်အုပ်ကို ပင့်မြှောက်သည်။ ရှိခိုးသည်။

လက်[၂]၊ကြိ–ထွန်းလင်းတောက်ပြောင်သည်။

လက္ခဏာ၊န–၁၊လူတစ်ဦး၏ အဖြစ်အပျက်ကို ဖော်ပြသည်ဟု ယူဆသော လက်ဝါးပေါ်ရှိ အရေးအကြောင်း။ ၂၊အခြေအနေ၊ အရည်အချင်းကို သိစေနိုင်သော ထူးခြားသည့် သွင်ပြင်အမှတ်အသား။ [ပါ၊လက္ခဏ] **~ပါးရှား**၊ကြိ–စီးပွားဥစ္စာချို့တဲ့သည်။

လက်ရှား၊န–အဖြူရောင် သဘာဝဓာတ်ဆားခဲတစ်မျိုး။ [ဋ္ဌဟာလိ–လဟာကာ]

လက်တင်၊န–ရောမလူမျိုးတို့ သုံးစွဲခဲ့သော ဘာသာစကား။ [လိပ်၊ဠာကိန]

လက်ထုတ်၊န–အခေါက် ပြာနှမ်းရောင်ရှိ၍ သီးခတောင့်ရှည် သီးသော ပင်လတ်တစ်မျိုး။ **~သိမ်**၊န–အပင်မှ အဝါရောင် အစေးထွက်၍ သီးတောင့်ရှည် သီးသော

မာတိကာသို့ ▶▶▶

အခေါက်ဆေးဖက်ဝင် ပင်လတ်တစ်မျိုး။

လက်ပံ၊နု–လမ္ဗိုထွက်သော အသီးသီးသည့် ပင်စောက်ကြီး တစ်မျိုး။

လက်သန်း[၂]၊နု–အဘိဓမ္မာပါဠိတော်ကို မှတ်လွယ်ဆောင်လွယ်အောင် ချုံးကားသော အဋ္ဌကထာကျမ်း။ [သ၊လက္ခဏ]

လက်သုပ်[၂]၊နု–[ပေါ] အစေအပါး။ ကျွန်။

လောက်[၃]၊ကြိ–လိုအပ်သော ပမာဏပြည့်မီသည်။ မှုလုံသည်။ စည်း–အရေအတွက်၊ ပမာဏကို မှန်းဆပြောဆိုရာတွင် သုံးသော စကားလုံး။ **~ငေ**၊ ကြိ–ပြည့်စုံစေသည်။ **~ငံ**၊ ကြိ–[ပေါ] ပြည့်စုံလုံလောက်သည်။ **~လောက်လားလား**၊ ကြိဝိ– အားကိုး ရလောက်အောင်။

လောက်[၂]၊နု–ယင်ဥ စသည်မှ ပေါက်ပွားသည့် ပိုးကောင်ငယ်။ **~ကျ**၊ကြိ–လောက်ကောင်များ ပေါက်ပွားသည်။ **~လမ်း**၊နု–ခြင်ဥမှ ပေါက်ပွားသော ပိုးငယ်တစ်မျိုး။ **~သေ**၊နု–လောက်ကောင်ကို သေစေနိုင်သော သန်လျက်ပုံ အရွက်ရှိ အပင်ငယ်။

လောက်စာ၊နု–လောက်လေးစသည်နှင့် ပစ်ရသည့် မြေ့စေးမြေခဲအလုံး။ **~အိမ်**၊ နု–လောက်စာလုံး ထည့်ပစ်ရန် လေးကြိုးတွင် ပြုလုပ်ထားသော အစိတ်အပိုင်း။

လောက်လေး၊နု–ကိုင်းတွင် လောက်စာအိမ်ပါသော ကြိုးတပ် လေး။ **~ခွ**/လောက်လေးခွ/၊နု–လေးခွနှင့်အတူတူ။

လောက်လွှဲ၊နု–၁၊ရန်းကန်အားသုံး၍ ခဲလုံးကြီးများကို အဝေးသို့ပစ်ခတ်ရသော ရှေးခေတ် လက်နက်တစ်မျိုး။ ၂၊တုတ်တစ်ဖက်စွန်းတွင် ကြိုးတပ်၍ လောက်စာထည့်ပြီး လွှဲပစ်ရသော လေးတစ်မျိုး။

လိုက်[၁]၊ကြိ–၁၊တစ်ဦးသွားရာသို့ အခြားတစ်ဦး သွားသည်။ ၂၊အဖော်အဖြစ် အတူပါသွားသည်။ ၃၊အမိဖမ်းရန် နောက်မှ ပြေးသွားသည်။ ၄၊ ပစ္စည်းပျောက်ရာတွင် လိုအပ်သော ပါန်ဖိုးကို ဖြည့်စွက်သည်။ ၅၊လိုသည်ကို ထပ်မံဖြည့်သည်။ "ဟင်း~~။" ၆၊ ဘက်ညီသည်။ ၇၊မျိုးရိုးအတိုင်း ရုပ်သွင် အကျင့်စသည် တူညီစွာဖြစ်သည်။ ၈၊ စဉ်တိုက် ဖြစ်ပေါ်သည်။ "အနာပြည် ~~။ ရေစီးကမ်းပြို ~။ ဆီ~~။ အသယ်~~။" ၉၊ ပါဝင်လုပ်ကိုင် ဆောင်ရွက်သည်။ "ခုတ်ထဲ~~။ သက်သေ~~။ ရှေ့နေ~~။" ၁၀၊ လိုက်စားသည်။ "အလေ~~။ အပျော်~~။" စည်း–၁၊ကြိယာ၏အနက်ကို လေးနက်အောင် ထောက်ပံ့သော စကားလုံး။ ၂၊ အရှိကို အရှိအတိုင်း ဖော်ပြရာတွင် သုံးသော စကားလုံး။ "အစိမ်း~စား၊ အကောင်~ကြော်။" **~စား**၊ကြိ–ဆန္ဒရှိရာကို စွဲစွဲမြဲမြဲ လုပ်သည်။ **~တမ်းပြေးတမ်း**/လိုက်တန်းပျေးခန်း/၊နု–တစ်ယောက်က ပြေး၍ တစ်ယောက်က မိအောင် လိုက်ဖမ်းသော ကစားနည်း။ **~နာ**၊ကြိ–နာခံ ဆောင်ရွက်သည်။ **~ပြေး**၊ကြိ–မိဘအုပ်ထိန်းသူမသိဘဲ မိမိချစ်သူနောက်သို့ လိုက်သွားသည်။ **~ပွဲ**၊နု–အစားအစာ မကျွေးမွေးရာတွင် ထပ်ဖြည့်ရန် အသင့်ထည့်ထားသော စားဖွယ်။ **~ဖက်**၊ကြိ–အတွဲအဖက်ညီသည်။ **~လံ**၊ ကြိဝိ–ထက်ကြပ်မကွာ လှည့်လည်၍ လိုက်လျက်။ အရှည်အဝေး လိုက်လျက်။ **~လျော** /လိုက်လယော၊ လိုက်ယော/ ကြိ – ဆန္ဒအတိုင်း ဖြစ်စေသည်။ **~လျောညီထွေ**/–ညီဒွေ/ ကြိဝိ– လိုက်လိုက်လျောလျော။

လိုက်[၂]၊နု–အဆင်အယင်ပါသော အလောင်းစင်။ **~ကာ**၊နု–ရွှေ့မပြောင်းနိုင်သော အကာ။

လိုက်ချီး၊နု–အခွံပါးနှင့် ဖြူသော အသားပါရှိသည့် အသီးချိုသီးသော ပင်စောက်တစ်မျိုး။ [တရုတ်၊ လီခယိ]

လင်/လက်/၊နု–[ဗေဒင်]မွေးဖွားချိန် စသည်တွင် ကောင်းကင်၌ နေရောက်ရှိရာကို ပြသော ဂြိုဟ်အိမ်။ (ဆိုင်ရာ ရာသီခွင်တွင် 'လ'ဟု မှတ်သားလေ့ရှိသည်။)[သ၊လဂ္ဂ]

လင်၊နု–အိမ်ထောင်ဖက်ယောကျ်ား။ လင်သား။ ကြိ–ပြည့်ဝသည်။ **~ကောင်ဝိုင်ငှက်**/လင်ဂေါင်မိုးငှက်/၊နု–ညဘွင် ကျက်စားလေ့ရှိသော အသံစူးရှသည့် ငှက်ငယ်တစ်မျိုး။ မိန်ကောင်း ငှက်ဆိုး။ **~ကိုယ်မယား**/လင်ဂိုမယား/၊နု–လင်မယား နှစ်ဦးတည်း။ **~ကြီး**/လင်ဂျီး/ နု–လင်ငယ်ရှိသော မိန်းမ၏ လက်ဦးလင်။ **~ခန်းမယားခန်း**/လင်ဂန်းမယားဂန်း/ နု– တရားဝင် ပေါင်းသင်း နေထိုင်သော လင်မယား အဖြစ်။ **~ငယ်**၊နု–လင်ရှိလျက် နောက်ထပ်ယူသော လင်။ လင်စောင်း။ **~ငယ်နေ**၊ကြိ–တရားဝင် လင်ရှိလျက်နှင့် အခြားယောကျ်ားနှင့် ဖောက်ပြန်သည်။ **~စရွေး**/လင်ဇန်ယွေး/၊ကြိ–စိတ်ထားသော လင်ယောကျ်ားရရန် ရွေးချယ်သည်။ လင်ယောကျ်ား ရွေးရာတွင် ကြေးများသည်။ **~စိတ်သားစိတ်** /လင်ဇိတ်သားဇိတ်/ နု–(မိန်းမ) အိမ်ထောင်ပြု လိုသောဆန္ဒ၊ အိမ်ခကင်ဦ မွေ့လျော်သောစိတ်။ **~နှံမယားဖက်**/လင်ဇုန်မယားဖက်/၊နု–လင်နှင့်မယား အစုံ။ **~တရူး**/လင်ဒါ့ယူး/၊နု–၁၊လင်နှင့်ကွဲကွာနေရခြင်းကြောင့် စိတ်ရောဂါဖြစ်နေသူ။ ၂၊လင်ရလိုစိတ် ပြင်းပြသော မိန်းမ။ **~ထောင်**၊ကြိ–လင်ရရန် ကြိုးပမ်း အားထုတ်သည်။ **~နေသားမွေး**၊ နု– အိမ်ထောင်သည် မိန်းမ။

http://www.lknt11.com

~ဖန်း / လန့်ဖန်း/ န– ရွှေ၊ ငွေ၊ သံ စသည်ဖြင့် လုပ်သောဖန်း။ ~မယား၊ န– အိမ်ထောင်ဖက် ယောကျ်ားနှင့် မိန်းမတို့ တော်စပ်ပုံ။ ~မိုး၊ န– [ပေါ] လင်မယား။ ~မြှောင်၊ န– လင်ရှိလျက် တိတ်တိတ်ပုန်း ယူထားသော လင်ငယ်။

လင်္ကာ/လင်ဂါ/န–လေးလုံးတစ်ပါဒ ကာရန်ယူစပ် ထားသော ကဗျာတစ်မျိုး။ [ပါ၊အလင်္ကာရ]

လင့်၊ကြိ–၁၊စောင့်သည်။ ငံ့သည်။ ၂၊အချိန်နှောက်ကျ သည်။ န–၁၊ မုဆိုး၊ ကင်းစောင့် စသူတို့အတွက် အမြင့်တွင် ဆောက်ထားသော စင်။ လင့်စင်။ ၂၊[ဒေသ]ကျားသစ်။ စည်း– အမိန့်ပေးစကား၊ မေးခိုင်းစကား စသည်တို့၌ ကြိယာအဆုံး၌ ဖြည့်သုံး သော စကားလုံး။ ~ကဖား/လင့်ဂဖား/သမ်– ရှေ့ဝါကျနှင့် နောက်ဝါကျကို ဆန့်ကျင်ဘက် အနက်ဖြင့် ဆက်စပ်ပေးသော စကားလုံး။ "ကြိုးစား ~မအောင်မြင်သေး။" ~ကဲတဖြာ၊န–[ပေါ] အရပ် ရှစ်မျက်နှာ။

လင်း၊နဝိ–အရောင်ထွန်းပသော။ အမှောင်ကင်းသော။ ကြိ–၁၊နံနက်သို့ ရောက်သည်။ ၂၊ရှင်းလင်းပြောဆို သည်။ ~ကျင်း၊ကြိ–ရှင်းလင်းပြောဆိုသည်။ ~ကြက် /လင်းဂျက်/ န–ရောင်နီပေါ်ချိန်တွင် တွန်သော ကြက်။ ~လင်းကျင်းကျင်း/လင်းလင်းချင်းဂျင်း/ ကြိဝိ–အလင်းရောင် ကောင်းစွာရလျက်။ ~လပ်၊န– လရောင်ကြောင့် ရေပြင်မှ ထင်မှတ်ရသည့် သဲ သောင်ပြင်၊ မြေပြင်စသည်။ ~အားကြီး/လင်းအား ဂျီး/ န–မိုးလင်းခါနီးအချိန်။

လင်းကင်း/လင်းဂင်း/ န–ဓားအဖျားတွင် ဝိုက်ခွက်ထား သော ဓားလွယ်တစ်မျိုး။

လင်းကွင်း /လင်းပွင်း၊ လဂွင်း/ န– အလယ်ခုံးသော ကြေးပြားဝိုင်း တူရိယာပစ္စည်း။

လင်းဆွဲ/ လင်းဇွဲ/ န–ဖောက်ထိုးဆွဲ၍ နားနေတတ်သော အရေပါးတောင်ပံရှိသည့် ညကျင် အစာရှာသော နို့တိုက် သတ္တဝါတစ်မျိုး။

လင်းတ/ လဒ၊လင်းဒ/ န–ကောင်းကင်အမြင့်ကွင် ပျံဝဲ ကာ မြေပေါ်ရှိ အသေကောင်ပုပ်များကို ရှာဖွေ စားသောက်တတ်သည့် ငှက်ကြီး။

လင်းနို့၊န–လင်းဆွဲအောက်ငယ်၍ ညဘက်တွင် ပျံသန်း အစာရှာတတ်သော အရေပါး အတောင်ရှိသည့် နို့တိုက် သတ္တဝါတစ်မျိုး။ ~တောင်/လင်းနို့ဒေါင်/ န–မဏ္ဍပ်၊ တန်ဆောင်းစသည်တို့တွင် နဖူးစည်းနှင့် တိုင်ဖုံးကြားထောင့်တွင် မွမ်းမံတပ်ဆင်သော အဆင် တန်ဆာ။

လင်းပက်/ လင်းဗက်/ န–ရေတိမ်ကမ်းစပ်တွင် အသုံးပြု သော ငါးဖမ်းဆွဲပိုက်တစ်မျိုး။

လင်းပိုင်/လဗိုင်/န–အပူပိုင်းဒေသ ပင်လယ်ကမ်းစပ် တွင် ကျက်စားသည့် ရေပေါ်တွင် အသက်ရှူတတ် သော ရေသတ္တဝါတစ်မျိုး။

လင်းပြာ/လင်းဗျာ/န–ချိုးလင်းပြာငှက်။

လင်းမြီးဆွဲ/လင်းမျိုးဇွဲ/န–ငှက်တော်။

လင်းမြွေ/လင်းမွေ/န–ကိုယ်တွင် အကွက်အစင်းမရှိ ချောပြောင်သော မြွေတစ်မျိုး။

လင်းယဉ်၊န–လှေယာဉ်ဦးတွင် ပွင့်ဆုံသောရွက်။ ~စင် /လင်းယင်ဇင်/ န–ရွက်တိုင် ထိပ်များတွင် ရှိသော မျှော်ကြည့်ရာစင်။

လင်းယုန်၊န–မြင့်မားစွာ ဝဲပျံနိုင်ပြီး အမြင်အား ကောင်း သော နှုတ်သီးကောက် ငှက်ကြီးတစ်မျိုး။

လင်းရှူး၊န–ငှက်ကဲ့သို့ နှုတ်သီးရှည်ပြီး သွားစွယ်များ ဘေးသို့ ကားထွက်နေသော ငါးကြီးတစ်မျိုး။

လင်းလေ၊န–အနံ့ပြင်း ဥမြစ်ရှိသည့် ဆေးဖက်ဝင် အပင်ငယ် တစ်မျိုး။

လင်းလေး၊န–မြားဖြင့် ပစ်ရသော ကြိုးတစ်ချောင်းတပ် ဒလေး။

လင်းလွန်း၊န–အပွင့်များအဆုပ်လိုက်ပွင့်၍ အစေးထွက် သော အသီးများ အခိုင်လိုက်သီးသော အရိပ်ကောင်း ပင်စောက်တစ်မျိုး။

လင်းဝက်၊န–သစ်ခေါင်းများတွင် နေလေ့ရှိပြီး ညဦးအခါ တွင် ကျက်စားတတ်သော ငှက်ကြီးတစ်မျိုး။

လင်းသက်/လင်းသုက်/န–ကိုယ်မည်း၍ ဝမ်းဗိုက်ဖြူဝါ ရောင်ရှိသော ရှဉ့်ကြီးတစ်မျိုး။ ရှဉ့်နက်။

လိင်/လိန်/န–၁၊အသွင်အပြင်။ ၂၊အင်္ဂါဇာတ်။ ၃၊(သဒ္ဒါ) အထီးအမတို့၏ သဘာဝ။ ၄၊ရှင်သာမဏေများ ကျူးလွန်လျှင် ရှင်သာမဏေအဖြစ်မှ လျှောကျစေ သော သိက္ခာပုဒ် ဆယ်ပါး။ [ပါ၊လိင်္ဂ] ~ကျ၊ကြိ– ဆယ်ပါးသီလ ကျိုးပျက်ခြင်းကြောင့် ရှင်သာမဏေ ဘဝမှ လျှောကျသည်။ ~ပြန်၊ကြိ–၁၊လိင်ပြောင်း သည်။ ၂၊ရှင်လိင်ပြန်သည်။ ရှင်လူထွက်သည်။

လောင်၊ကြိ–၁၊မီးစွဲညိသည်။ ၂၊အပူရှိန်ကြောင့် ပကတိ အခြေ ပျက်ပြားသည်။ "နေ ~။ အပူ ~။" ~စာ /လောင်ဇာ/ န– ၁၊ မီးလောင်လွယ်သည့် ပစ္စည်း။ ၂၊အပူစွမ်းအင်ထုတ်ရာတွင် သုံးသော ကျောက်မီးသွေး၊ ရေနံစသည်။ ~တိုက်/လောင် ဒိုက်/န–ဘုန်းကြီးပျံ၌ မီးသဂြိုဟ်ရန် အလောင်း တင်စင်ပါသည့် ပြာသာဒ်ကြီး။ ~မီးကျ၊ ကြိ–၁၊ မိုးကြိုးကြောင့် မီးလောင်ကျွမ်းသည်။ ၂၊စပါးပင်တွင် မိုးလောင်မီး စွဲကပ်သည်။ ~လင်၊ကြိ–မူဆာသည်။ ~သင်းရေ /လောင်သုင်းယေ /န – ဘောမီးလောင် ထားသောမြေကို မိုးဦးကာလ၌ တိုက်စားစီးဆင်း လာသည့် ပြာနံ့၊ မီးသွေးနံ့ ပါရှိသော ရေ။

မာတိကာသို့ ▶▶▶

http://www.lknt11.com

လောင်ဂျီတွဒ်၊ န–ကမ္ဘာလုံးကို ၃၆ဝ ဒီဂရီ စိတ်၍ တောင်မြောက် ဖြတ်ဆွဲထားသော စိတ်မှန်းမျဉ်း။ (လတ္တီကျွဒ်လည်းရှု) [လိပ်၊ longitude]

လောင်ပန်း/လောင်ဗန်း/န–[ရှေး]ပန်းတစ်မျိုး၏ အမည်။ (လောင်းပန်းဟုလည်း ခေါ်ရသည်။)

လောင်း^၁^၊ကြိ–၁၊အရည်စသည်ကို သွန်းချသည်။ ၂၊ထပ်မံဖြည့်စွက်သည်။ "အားသစ် ––။ ဉာဏ်သစ် ––။" ၃၊ကစားနည်း တစ်ခုခုတွင် အနိုင်အရှုံး အတွက် အလျော်အစား ပြုလုပ်ရန် ငွေကြေးစသည် မြှုပ်နှံသည်။ လောင်းကြေးတင်သည်။ **~ကစား** /လောင်းဂစား/န–ငွေကြေး အလျော်အစားပါသည့် ကစားမှု၊ **~ကြေး**/လောင်းဂျေး/န–လောင်းကစား ရာတွင် အလျော်အစားပြုသော ငွေကြေး၊ **~ကြေး စားကြေး**/–စားဂျေး/န–နိုင်သူကို ရှုံးသူက လျော် ကြေး ပေးရမည်ဟူသော သဘောတူညီချက်။ လောင်းတမ်းစားတမ်း။ **~တောင်း**/လောင်းဒေါင်း/ န–ကင်းကောင်းကဲသို့ စပါးစသည် ကျုံး၍ လောင်းရသော တောင်းခေါက်။ **~တမ်းကစား** /လောင်းဒန်းဂစား/ ကြိ – လောင်းကစားသည်။ **~ရိပ်**၊န–အရိပ်ကျ၍ နေရောင်မရရှိသော နေရာ။ **~ရိပ်မိ**၊ကြိ–၁၊သစ်ပင်၊ ပန်းပင်တို့ လောင်းရိပ် အောက်တွင် ရောက်နေသည်၊ ၂၊[ဥပစာ] တစ်စုံ တစ်ဦး၏ ဩဇာလွှမ်းမိုးခြင်း ခံရသည်။

လောင်း^၂^၊န–သစ်လုံးကို ထွင်း၍ ပြုလုပ်ထားသည့် အနံကျဉ်း၍ အလျားရှည်သော လှေ။ **~ကိုယ်လှေ** /လောင်းဂိုလှေ/န–ဦးပဲ့ကော့တောင်၍ ပုံစံပါသော အညာလှေကြီးတစ်မျိုး၊ **~စပ်**/လောင်းဇတ်/န– လှေနံကို ပျဉ်ချပ်ချင်းစပ်၍ ပြုလုပ်သော လောင်းလှေ တစ်မျိုး။

လိုင်စင်၊န–တစ်စုံတစ်ရာ ဆောင်ရွက်နိုင်ရန် အာဏာပိုင် အဖွဲ့က ပေးထားသည့် ခွင့်ပြုချက်လက်မှတ်။ [လိပ်၊လိုင်စင်]

လိုင်နင်၊န–၁၊အင်္ကျီ၊ သားရေအိတ်စသည်၏ အနားစွန်း တွင် တပ်ထားသော ကြိုးလုံး။ ၂၊ကုတ်အင်္ကျီ၊ ဂျာကင်စသည်၏ အတွင်းမှ ကပ်ခံထားသော ပိတ်သား။ [လိပ်၊လိုင်နင်]

လိုင်း၊န–၁၊မျဉ်းကြောင်း။ ၂၊လမ်းကြောင်း။ ၃၊(ဝန်ထမ်း များအတွက်) စီတန်းလျက် ဆောက်လုပ်ထားသော နေအိမ်စု။ [လိပ်၊လိုင်း]

လစ်၊ကြိ–၁၊ကင်းသည်။ လပ်သည်။ "လူ –သည့်အခိုက် ဝင်ခိုး–။" ၂၊တိတ်တဆိတ် ထွက်ခွာသည်။ ၃၊ ခိုးသည်။ **~လပ်**၊ကြိ–မရှိဖြစ်သည်။ အလွတ်ကျန် သည်။ လပ်သည်။ **~ဟင်း**၊ကြိ–၁၊တာဝန်မကျေဖြစ် သည်။ ၂၊အလေးအနက်ထားသည်။ "အချိန် ––။"

လည်/လယ်/ကြိ–၁၊တစ်စုံတစ်ရာကို ဗဟိုပြု၍ ပတ် သည်။ ၂၊လှည့်ပတ် သွားလာသည်။ ၃၊ မူလ အခြေအနေသို့ ပြန်ရောက်သည်။ "စိတ် ––။ သဘော– –။" ၄၊ ငွေအဝင်အထွက် အဆင်ပြေ သည်။ ၅၊ ပါးနပ်သည်။ ၆၊ ချဉ်ဖတ် စသည် အချဉ်အရသာ ပေါ့ပြက်သွားသည်။ /န–သတ္တဝါ တွင် ဦးခေါင်းနှင့်ကိုယ် ဆက်စပ်ရာ အပိုင်း။ လည်ပင်း။ **~ကပ်** /လယ်ဂတ်/န–လည်ပင်းတွင် ကပ်၍ဆွဲရသော အဆင်တန်ဆာ။ **~ကုပ်**/လယ် ဂုတ်/န–လည်ပင်း၏နောက်ပိုင်း။ **~ချာ**/လယ်ဂျာ/ န–အင်္ကျီ၏ လည်ပင်းပတ်လည်အထပ်။ **~ချောင်း** /လယ်ချောင်း/န–လည်ပင်း၏ အရှေ့ဘက်ပိုင်း။ လည်ပင်း၏ အတွင်း အခေါင်း၊ **~စွဲ**/လယ်ဇွန်/ န–အင်္ကျီ၏ လည်ပင်း ပတ်လည်တွင် တပ်ဆင် ထားသော အဖတ်။ ကော်လာ။ **~ဆေ** /လယ်ဇီ၊ လယ်ဇေ/န–လည်ပင်း ရှေ့ဘက်ရှိ အဖု။ **~စင်းခံ** /လယ်စင်းခန်/ကြိ–[ဥပစာ]တစ်ဖက်သားပြုမူ၊ ပြောဆိုသမျှကို မတုံ့ ပြန်ဘဲ ခံနေသည်။ **~စည်း** /လယ်ဇီး/ န–လည်ပင်းတွင် စည်းပတ်သော အဝတ်စရှည်။ **~ဆံ** /လယ်ဇန်/န–ကြက်၊ ငှက် စသည်တို့၏ လည်ပင်းတွင် ပေါက်သည့် အမွေး အမှင်၊ **~ဆစ်**/လယ်ဇစ်/န–၁၊လည်ပင်း၏အဆစ်။ ၂၊ထန်းစသည့် အပင်မျိုးတွင် အရွက်အုံထွက်ရာ အပိုင်း။ **~ဆွဲ**/လယ်ဇွဲ/န–လည်၌ဆွဲရသော အဆင် တန်ဆာ။ **~ညှပ်** /လယ်ညှတ်/န–မောင်းတုံး၊ ကံခွန်တိုင် စသည်ကို မယိမ်းယိုင်အောင် ညှပ်၍ ထိန်းထားသော တိုင်။ **~တဆန့်ဆန့်** / လယ် တဆန့်ဇန့်/ ကြိဝိ– လည်ကို ဆန့်ကာဆန့်ကာ စိတ်အားထက်သန်စွာ စောင့်မျှော်လျက်။ **~တံ** /လယ်ဒန်/န–လည်ပင်းပိုင်း။ **~တောင်တင်**/လယ် ဒေါင်တင်/န–[ပေါ] မညီမညွတ်ဖြစ်နေသော ကုန်းတန်း။ **~တိုင်**/လယ်ဒိုင်/န–လည်တံ။ **~တုန်** /လယ်ဒုန်/န–လည်ပင်းရှေ့ ပတ်လည်တွင် ကွဲလျား လှုပ်ရှားသော လည်ဆွဲတစ်မျိုး။ **~ထောက်**/လယ် ဒေါက်/န–လည်ပင်းကို ရှေ့နောက်ညှပ်၍ ချုပ်နှောင် ရသော သစ်သားပြား။ ပင်းသကား။ **~ပေါ်** /လယ်ဗော်/န–အဆောက်အအုံတွင် အမိုး တစ်ထပ် နှင့် တစ်ထပ်ကြားရှိ အစိတ်အပိုင်း။ **~ပို့** /လဗို့/ န–လပို့ ရှု။ **~ပင်းနိုက်** /လယ်ဗင်းနိုက်/ ကြိ– [ဥပစာ] (အလုပ်၊ ကြွေးမြီစသည်) အလွန်များသည်။ **~ပတ်**/လယ်ပတ်/ကြိ–၁၊ပတ်ချာလှည့်သည်။ ၂၊ လှည့်ပတ် သွားလာသည်။ ၃၊နှံ့စပ်သည်။ /လယ် ပတ်/န–၁၊ လည်စည်း။ မာဖလာ၊ ၂၊တိရစ္ဆာန် ၏ လည်ပင်းတွင်ပတ်သော ကြိုးပြားခွေ။ **~ဖျဉ်း**

/လယ်ဗျင်း/န–လည်ပင်းမှ တွဲကျသော အသားအရေ။ ~ပြန်ကြည့် /လယ်ဗျန်ကျိ/ ကြိ–ကိုယ်မလှည့်ဘဲ ခေါင်းချည်း နောက်သို့ လှည့်၍ ကြည့်သည်။ ~မာ/လယ်မာ/န–[ပေါ] ဘယက်၊ ပုတီးစသော လည်ဆွဲတန်ဆာ။ [မြန်၊လည်+ပါ၊မာလာ] ~မျို/လယ်မျို/ န – လည်ချောင်း၏ အထက်ပိုင်း။ ~လည်ပတ်ပတ်/လယ်လယ်ပတ်ပတ်/ ကြိဝိ–ကျွမ်းကျင်ပါးနပ်စွာ။ ~လည်ဝယ်ဝယ်/ လယ်လယ်ဝယ်ဝယ်/ကြိဝိ– ပါးပါးနပ်နပ် ကျွမ်းကျွမ်းကျင်ကျင်။ ~သီး/လယ်သို/န–၁။ပင်စည် အထိုးတည်းရှိသော အပင်မျိုး၌ ပင်စည်ထိပ်ရှိ ရွက်လက်ထွက်ရာ အပိုင်း။ ၂။စေတီတွင် ငှက်ပျောဖူးနှင့် သပိတ်မှောက်ကြား အစိတ်အပိုင်း။ ၃။လည်ပေါ်ဆောင်၏ ပတ်လည် အကာအရံ။ ၄။ပေါးစပ်စောင်တွင် လေးစပ်ယိပ်၌ ကန့်လန့်စပ်ချုပ်ထားသော အစ။ ~သည်း/လယ်သိုး၊ လယ်သဲ/န–လက်ရင်းဘပည့်။ ~သည်းရည်/လယ်သိုးယေ/န–ပတ္တမြားတွင် အကောင်းဆုံး အရည်အသွေး။

လည်း/လဲ/စည်း–အတူတကွဖြစ်ကြောင်း၊ ပါဝင်ကြောင်းပြသော စကားလုံး။ ~ကောင်း/သဂေါင်း/ သမ်–ရှေ့ပုဒ်နောက်ပုဒ်တို့ကို တစ်ပေါင်းတည်း အနက်ကောက်ယူရန် ပြသည့် စကားလုံး။

ရင်း/ လဂေါင်း/ နဝိ၊ နစ–ထို နှင့်အတူတူ။

လိုက်/လှိုင်/န–ဂူ။ [ပါ၊လေဏ] ~ခေါင်း/လှိုင်ဂေါင်း/ န–ဂူ၊ တွင်း။

လတ်¹၊နဝိ–၁။မကြီးလွန်း မငယ်လွန်းသော။ အကြားဖြစ်သော။ "လူ~ပိုင်း။ မြေ~။" ၂။သစ်လွင်ဆဲဖြစ်သော။ မပုပ်သေးသော ၃။အသားမဖြူလွန်း မမည်းလွန်းသော။ ~ဆတ်၊နဝိ–၁။ပုပ်သိုးညှိုးနွမ်းခြင်း မဖြစ်သေးသော။ ၂။အဒိုးအနံ့စသည် ကင်းစင်သော။ "~သောလေ။" ~တလော၊ ကြိဝိ–လက်ငင်း။ ချက်ချင်း။ ~လျှားလတ်လျှား /လတ်ယားလတ်ယား/ ကြိဝိ–ရည်ရွယ်ချက်မရှိဘဲ သွားလာ အချိန်ဖြုန်းလျက်။

လတ်²၊စည်း–ကြိယာ၏အနက်ကို လေးနက်အောင် သုံးသော စကားလုံး။ လတ္တံ့/လတန့်/ဝိ–အနာဂတ်ကာလပြ စကားလုံး။

လတ္တီတွဒ်၊န–ဘီကွေတာနှင့်အပြိုင် ကမ္ဘာလုံး အရှေ့အနောက် ဆက်ဆွဲထားသော စိတ်မှန်းမျဉ်း။ (လောင်ဂျီတွဒ်လည်းရှု) [လိပ်၊လာဘိတုဒ]

လိတ္တာ၊န–[ဗေဒင်] တစ်အိမ်သာ၏ ခြောက်ဆယ်စိတ်တစ်စိတ်။ [ပါ၊လိတ္တာ]

သုတ်¹၊ န–ပါးစပ်တွင်းသို့ တစ်ကြိမ် ထည့်သွင်းစားသည့် အစားအစာပမာဏ။ စည်း–ယင်းသို့စားသည့် အကြိမ်ကို ရေတွက်ရာတွင်သုံးသော စကားလုံး။

~ကျင်း၊ ကြိ– ဗလုတ်ကျင်းသည်။

လုတ်²၊န–ကက်ဖဲတွင် အဖြူငါးပွင့်၊ အနီတစ်ပွင့်ပါသော ဖဲချပ်။ [?]

လန်၊ကြိ–၁။ကော့ပြန်သည်။ ၂။ပြန်လည်ဆုတ်ခွာသည်။ "တပ်~~။" ၃။ပွင့်လပ်နေသည်။ "အင်္ကျီ~နေ–။ အဖုံး~နေ–။" ~ဖိကျောက်/လန်ဖိကျောက်/န–သင်ဖြူး စသည် အနားမကော့အောင် ဖိရသည့် ကျောက်တုံးငယ်။

လန်ကွတ်တီ/လွန်ဂွတ်တီ/န–အရက်အကြောက် ဖုံးရုံမျှ ရှိသည့် ခါးဝတ်နံငယ်ပိုင်း။ [ဟိန္ဒီ၊လံဂေါ်ဋီ]

လန်ချား၊န–လူဆွဲသည့် လူစီးယာဉ်။ [တရုတ်၊ ren liche]

လန့်၊ကြိ–ရုတ်တရက် ကြောက်ရွံ့သည်။ ကြောက်သည်။ ~ဖျပ်၊ကြိ–ရုတ်တရက် ကြောက်ရွံ့တုန်လှုပ်သည်။

လန်း၊နဝိ–လတ်ဆတ်သော။ ကြည်လင်သော။ ~ဆန်း၊ နဝိ–ရှင်သန်လတ်ဆတ်သော။ ကြည်လင်ရွှင်ပျသော။

လပ်¹၊ကြိ–မရှိဖြစ်သည်။ ကင်းမဲ့သည်။ အလွတ်ကျန်သည်။ "နေရာ~~။"

လပ်²၊န–ကိုးမီးဖဲကစားရာတွင် ရှစ်အရေအတွက်။ (တွဲ၂လည်းရှု)

လိပ်¹၊ကြိ–အခွေဖြစ်အောင် ပြုသည်။ နဝိ–ခွေလိမ်သော။ "အသွား~သော ပုဆိန်။" ~ကျောက်၊န–ရှည်သော အမြီး၌ မာကျော၍ ဆေးဖက်ဝင်သော ဆူးပေါက်သည့် အကြေးမဲ့ ရေသတ္တဝါတစ်မျိုး။ ~ကျောက်ဆူး၊ န–လိပ်ကျောက်၏ အမြီးရင်း၌ ပေါက်သော ဆေးဖက်ဝင် ဆူးအတက်။ ~ကျောက်မြီး/လိတ်ကျောက်မီး/န–ကျာပွတ်ကဲ့သို့ ရိုက်ရန် အသုံးပြုရသော လိပ်ကျောက်၏ အမြီး တံရှည်။ ~ခဲတည်းလည်း/လိတ်ခဲတင်းလင်း/ ကြိဝိ–မပြီးမပြတ်။ မကင်းမကျ။ တိုးလိုးတန်းလန်း။ ~ခေါင်း/လိတ်ဂေါင်း/န–စအိုဝ အကြောများ ရောင်ရမ်းစူထွက်သော ရောဂါ။ ~ခုံး၊န–လိပ်၏ ကျောကုန်းပုံခုံးသောအမိုး။ ~စွန်၊န–လိပ်ကျောက် တစ်မျိုး။ ~ဆူးရွေ /လိတ်စယွေ/န–အရွက်၏အရင်းမှ ကတောပုံ အပွင့်ပွင့်၍ ဆူးငယ်ကလေးများ ထွက်သော ဆေးဖက်ဝင် ချုံပင်ငယ်တစ်မျိုး။ ~တုံး၊ န–ရက်ပြီးအထည်ကို ရစ်ပတ်ထားရသော သစ်သားလုံး။ ~ပတ်လည် /လိက်ပက်လယ်/ ကြိ– ကွဲကွဲပြားပြား နားလည်သည်။ ~လည်း /လိတ်လဲ/ ကြိ– တည်တံ့ခြင်းမရှိ ပြောင်းလဲ ယွင်းပျက်သည်။ ~သည်းကျောက်/လိတ်သဲကျောက်/ န– အသွင်ပြောင်းကျောက် တစ်မျိုး။

လိပ်²၊န–၁။အရေးအသား။ စာ။ ၂။လိပ်စာ။ [သ၊လိပိ]

http://www.lknt11.com ...

~စာ၊နာ–တစ်ဖုံတစ်ယောက်၏ အမည် နေရပ် အညွှန်း။ **~ကပ်၊ ~မူ**၊ ကြိ–စာအိတ် စသည်တွင် လိပ်စာ ရေးသည်။ လိပ်စာတပ်သည်။

လိပ်²၊န၊ မာကျောသည့် ကိုယ်ခွံရှိ ကုန်းနေရေနေ ဥပေါက်သတ္တဝါ တစ်မျိုး။

လိပ်ပြာ၊ န–၁၊ လပသည့် ရောင်စုံအတောင်ရှိသော ဝတ်ရည်စုပ် ပိုးကောင်ငယ် တစ်မျိုး။ ၂၊ယပ္ပာဝါ၏ အသက်ဟု ယူဆသော အရာ။ **~ကူး**/လိပ်ပျာကူး/ န–ယက်နှစ်ဖက်ကို ရှေ့သို့ပစ်၍ နောက်သို့ ယက်ဝိုက်ကာ ခြေကိုပူးလျက် တစ်ပြိုင်တည်း ရိုက်ခတ်ကူးသော ရေကူးနည်းတစ်မျိုး။ **~ ရှူပ်** /လိတ်ပျာဂျုတ်/ န–ကလေးငယ်များ မလန့်ဖျပ်ရန် နှင့် အန္တရာယ်ကင်းရန် ပြုလုပ်ထားသော အဆောင်၊ လက်ဖွဲ့။ **~ခွဲ**၊ကြိ–သေသူ၏ဝိညာဉ်နှင့်ကျန်ရစ်သူ မိသားစုတို့၏ ဝိညာဉ် ကင်းကွာအောင်ဟူသော အယူအဆဖြင့် အလှူအထအားလျော်စွာ လုပ်သည်၊ **~ငယ်**၊ကြိ–ကြောက်ရွံ့လွယ်သည်။ **~စဉ်**၊ကြိ–ထိတ် လန့်ချောက်ချားလွန်းသဖြင့် အသက်ထွက်လုမတတ် ဖြစ်သည်။ လိပ်ပြာလွင့်သည်။ **~တောင်**/လိတ်ပျာ ဒေါင်/န–၁။(လိပ်ပြာတောင်ပံနှင့်တူသည့်) သော့ နှစ်ဖက် မြင့်၍ အလယ် နိမ့်သော အမိုး။ ၂၊ယင်း အမိုးတပ် အဆောက်အအုံ။ **~လုံ**၊ **~သန့်**၊ ကြိ– မိမိသိက္ခာကို မိမိစိတ်ချ ယုံကြည်သည်။

လုပ်၊ကြိ–ပြုမူသည်၊ ဆောင်ရွက်သည်။ **~ကိုင်**၊ကြိ– လုပ်ငန်း တစ်စုံတစ်ရာကို ဆောင်ရွက်သည်။ **~ကြံ**၊ကြိ–၁၊ဖြစ်မြောက်အောင် ကြံဆောင်သည်။ ၂၊ကြိုးပမ်းတိုက်ခိုက်သည်။ ၃၊တစ်စုံတစ်ဦးအား ကြံတင်စီစဉ် သတ်ဖြတ်သည်။ ကြိဝိ–ယီဆယ် ဖန်တီး၍။ **~ကျွေး**၊ကြိ–ကျွေးမွေးစောင့်ရှောက်သည်။ **~ငန်း**၊န–ဆောင်ရွက်ရန် အလုပ်။ အလုပ်အကိုင်။ **~ငန်းကိုင်ငန်း**၊ န – လုပ်ကိုင်ဆောင်ရွက်သော လုပ်ငန်း။ အလုပ်အကိုင်။ **~ငန်းခွင်**/လုတ်ငန်းဂွင်/ န–လုပ်ငန်းလုပ်ကိုင်သည့် အပိုင်းအခြား။ လုပ်ငန်း တည်ရှိရာ နေရာ။ **~ငန်းဆောင်တာ**/လုတ်ငန်း ဆောင်ဒါ/န–လုပ်ကိုင်ဆောင်ရွက်ရန် တာဝန်။ **~စာ**၊န–အလုပ်လုပ်ကိုင်၍ ရရှိသော ဝင်ငွေ။ **~စားကိုင်စား**/လုတ်စားကိုင်ဇား/န–တစ်နေ့လုပ်မှ တစ်နေ့ စားရသောသူ။ **~ဇာတ်**၊န–လုပ်ကြံဖန်တီး ပြောဆို၊ ရေးသားသော အကြောင်းအရာ။ **~ထုံး** လုပ်နည်း၊န အစဉ်အဆက် လုပ်ကိုင်ဆောင်ရွက်မြဲ ဖြစ်သော နည်းလမ်း။ **~ပိုင်ခွင့်**/လုတ်ပိုင်ဂွင့်/ န–စည်းမျဉ်း၊ ဥပဒေအရ ခွင့်ပြုထားသော လုပ်နိုင် သည့် အခွင့်အရေး။ **~ဖော်ကိုင်ဖက်** / လုတ်ဖော် ကိုင်ဖက်/ **~ဖော်လုပ်ဖက်**၊ န– အလုပ် အတူ လုပ်ကိုင်သူ။ **~ရည်ကိုင်ရည်** /လုတ်ယေကိုင်ယေ/ န–လုပ်ကိုင်နိုင်သော စွမ်းရည်။ **~ရတ်**၊န–အဂ္ဂိရတ် လုပ်ငန်း။ [မြန်၊ လုပ်+သ၊ဂေါ်ဌ္ဌ] **~ရပ်**၊ န–လုပ် ကိုင်ဆောင်ရွက်ချက်၊ ဆောင်ရွက်ပုံ။ **~လီလုပ်လဲ့**၊ ကြိဝိ– ကန့်ကလျ။ **~လုပ်စားစား** /လုတ်လုတ် စားဇား/ ကြိဝိ–ရရစားစား။ **~သား**၊န–လုပ်ငန်း တစ်ခုခုတွင် လုပ်ကိုင်နေသူ။ အလုပ်သမား။ **~သား ပြည်သူ**/လုတ်သားပျီသူ/န–မိမိ၏ ကာယအား ဉာဏအားဖြင့် မိမိနိုင်ငံကို အကျိုးပြုသူ နိုင်ငံသား။ **~သေနတ်**/လုတ်သနတ်/န–လက်လုပ် သေနတ်။ **~သက်**၊ န–အလုပ် လုပ်ကိုင်သော နှစ်ပေါင်း။ **~သက်ခွင့်**၊ န–တစ်နှစ်အတွင်း အလုပ် လုပ်ရက်နှင့် အချိုးကျ တွက်၍ ပေးသော ခွင့်ရက်။ **~သက်ဆု**၊ န–အငြိမ်းစား ယူပြီးနောက် လုပ်သက်အလိုက် အချိုးကျ ချီးမြှင့်သည့် ငွေကြေး။ **~အား**၊ န– လုပ်ကိုင် ဆောင်ရွက်နိုင်သည့် လူ့စွမ်းအား။ **~အားပေး**၊ကြိ–အခမဲ့ အလုပ်လုပ်ပေးသည်။

လုပ်တိုင်း၊န–[ပေါ]သချိုင်း။

လာဘ်၊န–၁၊ ရရှိသော ဥစ္စာပစ္စည်း။ ၂၊အကျိုးကိုမျှော်၍ ပေးသော ငွေကြေးပစ္စည်း။ [ပါ၊လာဘ] **~ကောင်း**၊ ကြိ–၁၊ငွေကြေးစသည် အဝင်များသည်။ ၂၊အတိတ် နိမိတ် ကောင်းသည်။ **~စား**၊ ကြိ–တံမိုးလက်ဆောင် ယူသည်။ **~တိုက်**၊ ကြိ–အခွင့်အလမ်းကောင်းနှင့် ကြုံကြိုက်သည်။ **~တင်**၊ကြိ–အဖိုးအခ ပူဇော်သည်။ **~တိတ်**၊ **~ပိတ်**၊ ကြိ– ငွေကြေး၊ အခွင့်အရေး စသည် မရဖြစ်သည်။ **~မြင်**၊ကြိ–ရှေ့အလားအလာ ကို ကြိုမြင်သည်။ **~မှင်**၊ကြိ–လာဘ်လာဘ အဝင် များသည်။ **~လာဘ**၊န–လာဘ်နှင့်အတူတူ။ [ပါ၊ လာဘ+ လာဘ] **~သင်္ကာ**၊ န–လာဘ်အဖြစ် ရသော ဥစ္စာပစ္စည်း။ [သ၊ လာဘသတ္တာရ]

လမ်း၊န–၁၊သွားလာရာခရီးကြောင်း။ ၂၊လိုက်နာကျင့်သုံး ရန်နည်းနာ။ ၃၊အခွင့်အလမ်း။ **~ကျ**၊ ကြိ–နည်း လမ်းမှန်သည်။ **~ကြောင်း** /လန်းကျောင်း/န– ၁၊သွားလာရာလမ်း။ ၂၊ဖြစ်မြောက်ရန် အခွင့် အလမ်း၊ နည်းလမ်း။ **~ကြောင်းပေး**၊ ကြိ– မိမိ လိုရာရောက်အောင် လမ်းခင်းပေးသည်။ **~ကြိတ် စက်**/လန်းကျိတ်စက်/န–လမ်းမြေ သိပ်သည်းညီညာ အောင် ဖိလိမ့်ရသော သံဘီးတပ် စက်ယာဉ်။ **~ခုလတ်**၊ န–သွားလာသည့် ခရီးလမ်းအကြား တစ်နေရာရာ။ **~ခင်း**၊ ကြိ–[ဥပစာ] တစ်စုံတစ်ရာ ပြောဆိုပြုမူလာရန် အစ ဖော်ပေးသည်။ **~ဆုံ** /လန်းဇုံ/န–လမ်း ခွဲဖြာထွက်ရာ နေရာ။ **~ခွဲ**၊ကြိ– ၁၊အတူသွားနေရာမှ တစ်လမ်းစီခွဲ၍ သွားသည်။ ၂၊[ဥပစာ] စိတ်သဘော၊ အယူအဆ စသည် မတူ၍ ခွဲခွာသည်။ /လန်းဂွဲ/န–မူလ လမ်းမကြီးမှ ဖြာထွက်သောလမ်း။ **~စ** /လန်းဇ/န–၁၊လမ်း၏

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

အစဦးတည်ရာ။ ၂။တစ်စုံတစ်ရာ ဆောင်ရွက်ရန်၊ ဖြစ်မြောက်ရန် အစအဦး အခွင့်အလမ်း။ ~စဉ် /လန်းဇင်/ န– ၁၊ လိုက်နာရန် လမ်းညွှန်ချက်။ ၂။လေးစား လိုက်နာအပ်သော ပုဂ္ဂိုလ် တစ်စုံတစ်ဦး၏ စံပြုဖွယ် ဆောင်ရွက်မှု။ ~ဆုံး။ ကြိ–[ဥပစာ] ဆက်လက်ဆောင်ရွက်ရန် မရှိ ဖြစ်သည်။ ပြီးပြတ်သည်၊ အလားအလာအခွင့် အလမ်း ကုန်ပြတ်သည်။ /လန်းဇုန်း/န–ဆက်လက် ဆောင်ရွက်ရန် နည်းလမ်း မရှိတော့သော အခြေအနေ။ မျှော်လင့်ချက်၊ အလားအလာ၊ အခွင့်အလမ်း ကုန်ပြတ်နေသော အခြေအနေ။ ~ညွှန်။ကြိ–၁၊ ခရီးလမ်းကို သွားလာတတ်ရန် ညွှန်ပြသည်။ ၂။ လုပ်ကိုင် ဆောင်ရွက်နည်းကို ညွှန်ပြသည်။ န– ယင်းသို့ ညွှန်ပြချက်။ ~ပေါက်/လန်းဖောက်/န–သွားလာ ငင်ထွက်နိုင်သော လမ်းဝ။ ~ပန်း။န–ခရီးလမ်းကြောင်း။ ~ပြ /လန်းဗျာ့/န–သွားမည့်ခရီးကို ကူညီညွှန်ပြသူ။ ~ဖုန်။ကြိ–သွားလာဖန်များ၍ လမ်းကြောင်းနေရာ ထင်ရှားသည်။ ~များ။ကြိ–[ဥပစာ] ဟိုဟိုသည်သည် သွားလာနေတတ်သည်။ ~ရိုး။န–[ဥပစာ] အစဉ်အလာ လိုက်နာခဲ့သည့် နည်းလမ်း။ ~သလား။ကြိ–ရည်ရွယ်ချက်မရှိ သွားလာသည်။ ~သွယ်/လန်းသွယ်/န–လမ်းမကြီးမှ ခွဲထွက်သော လမ်းငယ်။ လမ်းမြောင်း။

လိမ်[1]။ကြိ–၁။အရစ်အရစ်ခွေပတ်သည်။ ၂။မဟုတ်မမှန် လှည့်ပတ်ပြောဆိုပြုမူသည်။ ညာသည်။ နဝိ–ရစ်ခွေနေသော။ ~ပိန်စံ။ကြိ–အခက်အခဲ၊ ဘေးဒုက္ခ စသည်ကို ကြိတ်မှိတ်ခံသည်။ ~ဖည်/လိမ်ဖယ်/ နဝိ–ကောက်မွေ့ ဖောင်းရွဲ့သော။ ~လည် /လိမ် လယ်/ကြိ–မရိုးသားသောစိတ်ဖြင့် မဟုတ်မမှန် လှည့်ပတ် ပြောဆိုပြုမူသည်။

လိမ်[2]။န–အသားကို လှေတက်၊ ရွက်တိုင်၊ ပုဆိန်ရိုး စသည် လုပ်လေ့ရှိသော ပင်စောက်ကြီးတစ်မျိုး။

လိမ္မာ၊ ကြိ– ၁၊ အနေအထိုင် အပြောအဆို စသည် ယဉ်ကျေးသိမ်မွေ့သည်။ ၂။ကျွမ်းကျင် တတ်မြောက်သည်။

လိမ္မော်။န–အပေါ်ခွံ နီဝါရောင်ရှိပြီး အရည်ရွှမ်းသော အမြွှာများပါသည့် အသီးသီးသော ပင်စောက် တစ်မျိုး။ [သ၊ လိမ္မာက]

လိမ့်[1]။ကြိ–လုံးဝိုင်းသော အရာ လည်၍ ရွေ့လျားသည်။ ~လည်း/လိန့်လဲ/ကြိ–လိမ့်လည်း နှင့်အတူတူ။

လိမ့်[2]။ ဝိ– အနာဂတ်ကာလပြ ကြိယာနောက်ဆက် စကားလုံး။

လိမ်း။ကြိ–ဆေးရည်၊ သနပ်ခါး စသည်ဖြင့် ပျံ့နှံ့အောင် ပွတ်လူးသည်။

လုံ။ကြိ–၁။အဖုံးအပိတ် အကာအရံ ကောင်းမွန်သည်။ အကာအကွယ် ကောင်းသည်။ ၂။မိမိ၌ အပြစ် တစ်စုံတစ်ရာမရှိဟု စိတ်ချသည်။ န–ချွေး၊ ငွေး၊ သတ္တု စသည်ကို အရည်ကျိုရန် မြေစေးနှင့် ပြုလုပ် ထားသည့် မီးခံခွက်။ ~ခြုံ /လုန်ဂျုံ/ ကြိ–၁။အဖုံးအပိတ် အကာအရံ စသည် ကောင်းမွန်သည်။ ၂။ဘေးရန် အကာအကွယ် ကောင်းသည်။ ~ခြုံရေး /–ယေး/ န– လုံခြုံအောင် ကာကွယ် ဆောင်ရွက်မှု။ ~လောက်၊ ကြိ–ပြည့်စုံစေသည်။ ~လုံလဲလဲ။ကြိဝိ–ခကောင်းမွန်စွာ ဖုံးကာ လွှမ်းခြုံ ထားလျက်။

လုံချည်/လုန်ဂျီ/န–ယောက်ျား မိန်းမတို့ ခါးဝတ် အထည်။ လုံကွင်း။ [ဟိန္ဒီ၊လုံဂီ]

လုံမ။န–မိန်းကလေးငယ်ကို ချစ်ဝန်းခေါ်သော အခေါ်။

လုံ့လ။န–ကြိုးစားအားထုတ်ခြင်း။ ဝီရိယ။

လုံး။နဝိ–၁။ထုထည် ဝန်းဝိုင်းသော။ ၂။(အသံ၊ စကားစသည်) ပီသကွဲပြားမြင်းမရှိသော။ ကြိ–၁။ထုထည် ဝန်းဝိုင်းအောင် ပြုလုပ်သည်။ ၂။လုံးထွေး သတ်ပုတ်သည်။ ၃။ရင်းရင်းနှီးနှီး ပေါင်းသင်း ဆက်ဆံသည်။ ကြိဝိ–၁၊တစုတပေါင်းတည်း ပြု လျက်။ "ကြွေးအားလုံးကို ~ဆပ်မည်။" ၂၊ ဟင်းလျာ ကို ရေမထည့်မီ ဆီ၊ ကြက်သွန်၊ ရေတ် စသည်တို့ဖြင့် ရောမွှေလျက်(ချက်သည်)။ စည်း–၁။လုံးသော၊ ဝိုင်းသောအရာကို ရေတွက်ရာ၌ သုံး သောစကားလုံး။ ၂။အရေအတွက်၊ ပမာဏ အားလုံး ကို စုပေါင်းဖော်ပြရာတွင် သုံးသော စကားလုံး။ "ဘစ်အိမ်သား ~ကြွပါ။" ၃၊ အထည်ကိုယ် ထင်ရှား ရှိသောအဖြစ်ကို ဖော်ပြရာတွင် သုံးသော စကားလုံး။ "အမေကစ်ယောက် ~ ရှိပါသေး–။" ~ကောက် /လုန်းခေါက်/နဝိ–စကား တစ်လုံးချင်း သီးခြား ရည်ညွှန်းသော။ /ကြိဝိ–တစ်လုံးချင်းရွေးလျက်။ ~ကြီးတင်/လုန်းကျီးတင်/ န– အက္ခရာအထက်တွင် ရေးသော ဠသရ သင်္ကေတ။ ိ။ ~ကြီးတင်ဆန်ခတ်/–ဆန်ခတ်/န–အက္ခရာ အထက်တွင် ရေးသော ဤသရ သင်္ကေတ။ ီ။ ~ကြီးပေါက်လှ /လုန်းကျီးပေါက်လှာ့/ န– အလုံးအဖန် ပေါပြစ် ကွားကျိုင်းသော အမျိုးသမီး။ ~ကျွတ်/လုန်းဂျွတ်/ စည်း–အားလုံး အကုန်အစင်ဖြစ်ကြောင်းပြရန် နာမ်ပုဒ်နှင့်တွဲသုံးသော စကားလုံး။ "ပင် ~။ မြို့ ~။ တန်း ~။" ~ခနဲ /လုန်းဂနဲ/ ကြိဝိ–တစုတပေါင်း တည်း။ ~ချာလိုက်၊ ကြိ–ခရေရာပြတ်သားခြင်း မရှိဘဲ ချာချာလည်သည်။ ~ချော/လုန်းချော/ နဝိ–အဖုအထစ်မရှိ လုံးဝန်းသော။ ~ချင်း/လုန်း ချင်း/နဝိ–သီးခြား တစ်ခုစီဖြစ်သော။ ~စေ့ပတ်စေ့ /လုန်းစေ့(စိ)ပတ်စေ့(စိ)/ကြိဝိ–အကုန်အစင်။ အပြည့်အဝ။ ~စိမ်းဆန် /လုန်းစိန်းဆန်/ န–

မာတိကာသို့ ▶▶▶

လုံးတီးဆန်။ **~တီး** /လုန်းဒီး/ ကြိဝိ- အဝတ်အထည် မကပ်ဘဲ။ **~တီးဆန်**/-ဆန်/ န- ဖွဲ့နှင့် အမြွေး မချွတ်ရသေးသောဆန်။ **~ထွေး**၊ ကြိ- တစ်ခုနှင့်တစ်ခု၊ တစ်ယောက်နှင့်တစ်ယောက် ရောယှက်သည်။ **~ထွင်း** /လုန်းထွင်း/ နဝိ- သစ်တစ်လုံးတည်းကို ထွင်းခုတ် ပြုလုပ်ထားသော။ **~ပါးပါး**/လုန်းဗားပါး/ ကြိ- မသိမသာ လျှော့ပါးကုန်ခမ်းသည်။ **~ပေါက်**/လုန်းဗောက်/ စည်း- အစမှအဆုံး အချိန် ကာလဆက်တည်း ဖြစ်ကြောင်းပြရန် နာမ်ပုဒ်နှင့်တွဲသုံးသော စကားလုံး။ "နှစ် ~။ ည ~။" **~ပတ်**/လုန်းဗတ်/ န-ထုထည်ရှိပြီးလုံးဝန်းသော အရာဝတ္ထု၏ ပတ်လည် အတိုင်းအတာ။ **~ပန်း**/လုန်းဗန်း/ကြိ-ဖြစ်မြောက်အောင် အပင်ပန်းခံ၍ ကြိုးစားသည်၊ **~ရပ်သဏ္ဌာန်**/လုန်းယတ်သုဒန်/န-ကိုယ်ခန္ဓာ အလုံးအရပ် ပုံပန်း။ **~လည်လိုက်** / လုန်းလယ်လိုက်/ကြိ- လုံးချာလိုက်သည်။ **~လျောင်း** / လုန်းလယောင်း/နဝိ-လုံး၍ရှည်မျောသော။ **~ဝ**၊ ကြိဝိ-အပြည့်အစုံ။ အားလုံး။ လုံးလုံး၊ လုံးလုံးလျားလျား။ **~သီးလုံးပေါ်**/လုန်းသီးလုန်းဗော/ ကြိဝိ [ပေါ] မည်ကာမတ္တ။ ပအောင်မမြင်၊

လယ်၊န-စပါးစိုက်သော မြေကွက်။ **~ကူလီ**၊န- [ခေတ်ကုန်] သူတစ်ပါးလယ်တွင် အငှါး လုပ်ကိုင်သူ။ သူရင်းငှား။ **~ကော**/လယ်ဂေါ/န-စပါးစိုက်ပျိုး၍ မရတော့သော လယ်ဟောင်း။ **~ကျက်** /လယ်ဂျက်/န-ထွန်ယက်စိုက်ပျိုးရန် အသားကျပြီးသော လယ်။ **~ကွက်**/လယ်ဂွက်/န-ကန်သင်းဖြင့် ပိုင်းခြားထားသော လယ်မြေ။ **~ခွန်ယာနက်** /လယ်ဂွန်ယာနက်/န-လယ်ယာထွက် ကောက်ပဲသီးနှံ၊ လယ်နက်။ **~တီ**၊ ကြိ-လယ်စိုက်ရန် မြေရှိုင်းကို ခုတ်ထွင်ပြုပြင်သည်။ **~တော**/လယ်ဒေါ/ န- လယ်ကွက်အများရှိရာ ကွင်းပြင်။ **~ထောက်ခ** /လယ်ဒေါက်ခ/ န-လယ်ရှင်အားပေးရသော သီးစားခ။ **~ပတူ**/လယ်ဗတူ/န-ရေစပ်စပ်ရှိသော မြေကွက်များတွင် ပေါက် လေ့ရှိသော ဘိစရာအဖြစ် စားသုံးရသော အပင်ငယ်တစ်မျိုး။ **~ပွဲ** /လယ်ဗွဲ/ န- လယ်ကွက်အစု။ **~မင်းသား** /လယ်မင်းသား/န-ကိုယ်ကျိုးရှာ အယောင်ပြလယ်သမား။ **~ယာ**၊ န-ကောက်ပဲသီးနှံ စိုက်ပျိုးလုပ်ကိုင်ရာ ဖြစ်သောမြေ။ **~ယာကိုင်းကျွန်း**၊န-ကောက်ပဲသီးနှံ စိုက်ပျိုး လုပ်ကိုင်ရာ လုပ်ငန်းများကို ခြုံခေါ်သော စကား။ **~ရိုင်း**၊န-မစိုက်ပျိုးဘဲ ပစ်ထားသည့် လယ် ကွက်။ **~သမား**/လယ်သမား/န-စပါး စိုက်ပျိုး လုပ်ကိုင်သူ၊ **~သူမ**/လယ်သုမာ/ န-လယ်ယာ စိုက်ပျိုးလုပ်ကိုင်သော အမျိုးသမီး။ **~သောက်ကန်** /လယ်သောက်ကန်/န-လယ်မြေကို ရေပေးရန် ရေလှောင်ကန်။

လယ်ဂျာ၊န-စာရင်းစာအုပ်။ [ယိပ်၊လေဒဂရေ]

လျှ/လယှာ/နဝိ-သေးသွယ်သော။ "**~**သော ခါးရှိ၏။"

လျှာ/ယှာ/ကြိ-၁၊မှန်းဆတိုင်းတာသည်။ ၂၊ရည်ရွယ်မှန်းထားသည်။ /လယှာ၊ယှာ/န-တစ်စုံတစ်ရာဖြစ်လတ္တံ့သောသူ၊ အရာ။ "မင်း ~။ ဟင်း ~။"

လျား /လယား/ နဝိ-ရှည်သော။ **~လျား** /လယားလယား/ ကြိဝိ-လုံးလုံး။ လုံးဝ။ "ချစ်သုံးလုံး၊ မုန်း ~။"

လျော့/ယော့/နဝိ-၁၊မပြည့်သော။ နည်းပါးသော။ ၂၊မတင်းမကျပ် ဖြစ်သော။ ၃၊ကြပ်ကြပ်မတ်မတ် မဟုတ်သော။ **~ပါး**/ယော့ဗား/နဝိ-အရေအတွက် ပမာဏ ယုတ်လျော့သော။ **~ရိလျော့ရဲ**/ယော့ယိယော့ယဲ/ ကြိဝိ-၁၊ တင်းကျပ်ခြင်း မရှိဘဲ။ ၂၊ ကြပ်ကြပ်မတ်မတ် မဟုတ်ဘဲ။ **~ရဲ**/ယော့ယဲ/ ကြိ- ၁၊မသိပ်သည်း မတင်းကျပ် ဖြစ်သည်။ ၂၊ကြပ်မတ်မှု နည်းသည်။

လျော်/လယော်/ကြိ-၁၊သင့်တော်သည်။ လျောက်ပတ်သည်။ လျော်ကန်သည်။ ၂၊နစ်နာမှုအတွက် ပေးဆပ်သည်။ ၃၊လောင်းကစားရာတွင် နိုင်ကနိုင်သူကို ရသင့်ငွေပေးသည်။ **~ကြေး**/ယော်ဂျေး/ န-နစ်နာမှုအတွက် ခပေးသော ငွေကြေး စသည်။ **~ကြေးပင်စင်**/-ပင်စင်/ န-ဗျာယူးကို ဖျက်သိမ်းလိုက်သဖြင့် ယင်းရာထူးကို ထမ်းဆောင်ခဲ့သူ အမှုထမ်းအား လျော်ကြေးအဖြစ် ပေးသော ပင်စင်။ **~ညီ** /လယော်ညီ/ကြိ-လိုက်ဖက်စပ်ဟပ်သည်။ အံဝင် ခွင်ကျ ဖြစ်သည်။

လျက်[၁]/ယက်/ကြိ-အရည်ပျစ် စသည်ကို လျှာဖြင့်တို့၍ စားသည်။ **~ဆား**/ယက်ဆား/န-အစာကြေခလသက်စေရန် လျက်၍ စားရသော၊ နွယ်ချိုဒဝက်သာ သိန္ဓောဆား စမုန်မျိုးငါးပါး စသော ဆေးဖက်များပါသည့် ဆေးမှုန့်။

လျက်[၂]/လယက်၊ယက်/သမ်-၁၊ရှေ့ကြိယာနှင့် နောက်ကြိယာကို၏ အနက်ကို တစ်ပြိုင်နက်ဖြစ်ကြောင်း ပြသော စကားလုံး။ "မှောက် ~ အိပ်-။" ၂၊ရှေ့ဝါကျနှင့် နောက်ဝါကျကို ဆန့်ကျင်သော အနက်ဖြင့် ဆက်ပေးသော စကားလုံး။ "ဆုံးမပါ ~ နားမထောင်။"

လျောက်/ယောက်/န-အိမ်တွင် ဒိုင်းများတင်ရန် ခေါင်တိုင် အချင်းချင်း၊ လက်ခံတိုင် အချင်းချင်း အလျားလိုက် ဆက်သွယ်ထားသော တန်း။ **~ပတ်** /လယောက်ပတ်/ကြိ-သင့်လျော် ညီညွတ်သည်၊ **~လျား**/ယောက်ယား/ကြိဝိ-သဘောအလျောက်၊ အခြေအနေအလျောက် ဖြစ်သလို။

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

လျှင်/လယင်၊လှင်/ ကြိ–၁၊မြန်သည်။ ၂၊ပေါ်းနပ် သွက်လက်သည်။ ကျင်လည်သည်။ **~နှပ်**/လယင် နှပ်/ကြိဝိ–[ပေါ] အလျှင်အမြန်။ **~လျား**/လယင် လယား/ကြိဂိ–[ပေါ]အလျှင်အမြန်။

လျှောင်/လယောင်/နဝိ–[ပေါ] ရှည်လျားသော။

လျှောင်း /လယောင်း/ ကြိ– အခင်းအပြင် ပေါ်တွင် ကိုယ်ကို အလျားလိုက် တည်စေသည်။ /နဝိ– ရှည်လျားသော။ **~စက်**/–ဇက်/ကြိ–(မြင့်မြတ်သူ) အိပ်သည်။ **~ဆက်မူ**/–ဇေါ်မူ/န–လျှောင်းနေဟန် ဘုလုပ်ထားသော ဗုဒ္ဓရုပ်ပွားတော်။

လျှစ်လျူရှု/လစ်လယူယှု/ကြိ–ဂရုမစိုက်ဘဲနေသည်။ လျစ်လျူပြုသည်။

လျှဉ်းပါး /လယင်းဗား/ ကြိ– ၁၊ ဆက်စပ်သည်။ ၂၊ ဆက်စပ်ရောထွေးသည်။

လွ၊နဂိ–[ပေါ]ကြွရွသော။

လွေ့၊နဝိ–[ပေါ]များသော။ ပြည့်ဝသော။ **~လွေ့ရမ်းရမ်း**၊ ကြိဝိ–[ပေါ] အများအပြား။ အားပါးတရ။

လွေး၊ကြိ–အားပါးတရ စားသောက်သည်။

လွဲ၊ကြိ–၁၊ညှပ်မှန်းချက်မှ တိမ်းချော်သည်။ ၂၊မှားယွင်းသည်။ ၃၊အခြားတစ်ပါး ဖြစ်သည်။ "သူက ~ရင် မွဲဆန်ကွဲမှတ်–။" **~ကမ်း**၊ကြိ–[ပေါ] လွဲချော်သည်။

လွင်၊နဝိ–၁၊ (အရောင်) ပေါ်ထင်သော။ ၂၊ (အသံ) သာယာစွာ ပျံ့ထွက်သော။ န–ပြန့်ပြူးသော ကွင်းပြင်။ **~တီးခေါင်**/လွင်တီးဂေါင်/န–မြေဟင်းလင်း ပြင်။ **~ပြင်**/လွင်ဗျင်/န–ညီညာပြန့်ပြူးသောမြေပြင် ကွယ်။ **~မှုန့်**၊န–လိမ်းသပ်ဖွယ် အမှုန့်။

လွင့်၊ကြိ–၁၊မူလတည်နေရာမှ အခြား တစ်နေရာသို့ အရှိန်ဖြင့် ရောက်သွားသည်။ ၂၊အလံ စသည် လေဟုန်တွင် လှုပ်သည်။ ၃၊အရောင်အဆင်း ပာဖြည်းဖြည်း ပြယ်သည်။ **~ပါး**/လွင့်ဗား/ကြိ– မူလနေရာမှ အခြားတစ်ပါးသို့ ရောက်သည်။

လွတ်၊ ကြိ– ၁၊ ဟာစ်စုံတစ်ရာမရှိ။ ကင်းမဲ့သည်။ လပ်သည်။ "နေရာ ~–။" ၂၊ချုပ်ချယ်မှု၊ ငြိတွယ်မှု စသည်တို့မှ ကင်းသည်။ ၃၊[ဒန်း]စည်းကမ်း အထိန်းအကွပ် မဲ့သည်။ **~ကင်း**၊ကြိ–အနှောင်အဖွဲ့ အချုပ်အချယ်စသည် ကင်းသည်။ **~ငြိမ်း**၊ကြိ– တစ်စုံတစ်ခုသော ဘေးပန်၊ အပြစ်ဒဏ် စသည်မှ ကင်းသွားသည်။ **~ငြိမ်းချမ်းသာခွင့်** /လွတ်ညိန်း ချန်းသာခွင့်/ န– ဥပဒေအရ ပြစ်ဒဏ်သင့်ရာမှ အထူးအမိန့်ဖြင့် ကင်းလွတ်စေသည့် အခွင့်အရေး။ **~မြောက်**၊ ကြိ–အနှောင်အဖွဲ့၊ ဘေးအန္တရာယ် စသည်မှ လွတ်လာသည်။ **~ရာကျွတ်ရာ**၊န–၁၊ အနှောင်အဖွဲ့၊ အချုပ်အချယ် ကင်းသော နေရာ။ ၂၊မြင်ကွယ်ရာ။ **~လပ်**၊ကြိ–အနှောင်အဖွဲ့ အချုပ် အချယ်မှ ကင်းသည်၊ **~လပ်ရေး**၊န–တိုင်းတစ်ပါး ၏ အုပ်စိုးခြင်းမှ လွတ်လပ်မှု။ **~လပ်ရေးနေ့**၊ န–တိုင်းတစ်ပါး၏ ဖိုးမိုးအုပ်ချုပ်မှုအောက်မှ မိမိနိုင်ငံ ကင်းလွတ်သောနေ့။ **~လွတ်ကျွတ်ကျွတ်**၊ ကြိဝိ– အငြိအတွယ် အနှောင့်အယှက်မရှိ လွတ်လွတ် ကင်းကင်း။

လွန်[၁]၊ ကြိ–၁၊ရှိသင့်၊ ပြုသင့်၊ ပြောသင့်သည်ထက် ပိုကဲသည်။ ၂၊ဖြတ်သန်းကျော်လွန်သည်။ "ရက် များစွာ ~ခဲ့ပြီ။" ၃၊သေသည်။ ၄၊ဖိဆန့်သည်။ ငယ်လှန်သည်။ "မိဘစကားကို မ ~ဝံ့ပါ။" **~ကဲ**၊ ကြိ–သင့်သည်ထက် ကျော်သွားသည်။ **~ကျူး**၊ကြိ– ကျူးလွန်နှင့်အတူတူ။ **~ဆန်**/လွန်ဇန်/ကြိ–အဆုံး အစ၊ အမိန့်စသည်ကို ဆန့်ကျင်သည်။ **~ဆွဲ**၊ကြိ– ၁၊တစ်ဖက်နှင့်တစ်ဖက် အားပြိုင်ရန် လွန်ကြိုးကို အပြိုင်ဆွဲသည်။ (မိုးခေါင်သော ကာလတွင် လွန် ဆွဲက မိုးရွာတတ်သည်ဟု အယူရှိသည်၊) ၂၊[ဥပစာ] ဟိုဘက်သည်ဘက် မလိုက်သာဘဲဖြစ်နေသည်။ အားပြိုင်နေသည်။ **~မင်း**၊ကြိ–သင့်သည်ထက် ပိုကဲသည်။ **~မြောက်**၊ ကြိ–တစ်စုံတစ်ခုသော အတားအဆီး၊ အကန့်အသတ် စသည်ကို ကျော်လွန် သွားသည်။ **~လွန်ကြူးကြူး**၊ **~လွန်မင်းမင်း**၊ ကြိ– လွန်ကဲစွာ။ **~လွန်း**၊ ကြိ–သင့်သည်ထက် များစွာ ပိုကဲသည်။

လွန်[၂]၊န– သစ်သား၊ ဖျဉ်ချပ်သည်ကို ဖောက်သည့် ကိရိယာ။ လွန်ပု။ **~သွား**/လွန်သွား/န–လွန် ကိရိယာ၏ အသွား။

လွန်[၃]၊န– လိမ်ကျစ်ထားသောကြိုး။

လွန်[၄]၊န–အဆန်ကို စားရသော ညိုမည်းသည့် အသီး သီးသော ပင်လတ်တစ်မျိုး။

လွန့်၊ကြိ–ကွန့်လှုပ်သည်။

လွန်း[၁]၊န–ရက်ကန်းရက်ရာတွင် ရက်ဖောက် တပ်၍ ဖောက်ချည် ရက်သွင်းရန် ကိရိယာ။ **~ကျော်**၊ကြိ– အထည်၌ တိုင်ချည်အပေါ်အငုပ် မှန်ကန်ခြင်း မရှိ သောကြောင့် ဖောက်ချည် ကျော်သွားကာ မစေ့မစပ် ကျဲနေသည်။ **~ကျင်း**/လွန်းဂျင်း/န– လေ၊ သဘော်း စသည်တို့ တည်ဆောက် ပြုပြင်ရာ ကမ်းစပ်နေရာ။ **~ချိတ်** /လွန်းဂျိတ်/န–လွန်း များစွာဖြင့် ချိတ်ကာ ချိတ်ကာ ပုံဖော်ရက်လုပ် ထားသော ရောင်စုံပိုးထည်။ **~တင်**[၁]၊ ကြိ– သဘော်ကျင်း၌ လှေသဘော် စသည်ကို ပြုပြင် သည်။ **~တစ်ရာချိတ်** /လွန်းတယာဂျိတ်/န– လွန်းပေါင်းတစ်ရာခန့်ကို အသုံးပြု၍ ရောင်စုံ ရက်လုပ်ထားသော ပိုးထည်။ **~ပြန်** / လွန်းဗျန် / န– ၁၊ ဝက်ရက်ကန်းလွန်း။ ၂ [ဥပစာ] ခရီးကို ခေါက်တုံ့ခေါက်ပြန် ပြေးဆွဲသော ယာဉ်။ **~အိမ်**၊ န–၁၊လွန်းတွင် ရက်ဖောက်ထည့်ရန် နေရာ၊ ၂၊

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

အပ်ချုပ်စက်တွင် ရက်ဖောက်တပ်ရန် လခြမ်းအိမ်။
လွန်း၂။ကြိ–ကြိုးကျစ်ရန် ချည်မျှင်စုကို လိမ်ရစ်သည်။ န–ကြိုးကျစ်ရန် လိမ်ထားသည့် အမျှင်စု။ စည်း–ပိုလွန်သောအနက်ကို ဖော်ပြသော စကားလုံး။ **~ကြွင်**။န–၁။တစ်ကောင်နှင့်တစ်ကောင် အလွန်ကြင်နာတတ်သည်ဆိုသော ငှက်တစ်မျိုး။ ၂။ယင်းငှက်သဏ္ဌာန် လုပ်ထားသော လှေ။ **~တင်**၂။ကြိ–ကြိုးလွန်းများကို ပေါင်း၍ ကျစ်သည်။ **~ပေါင်းတင်**/လွန်းပေါင်းတင်/ကြိ–လွန်းတင်ပြီး ကြိုးများကို စုပေါင်းကျစ်သည်။
လွှမ်း/လွမ်း၊လွှန်း/ကြိ–သတိရအောက်မေ့သည်။ **~ချင်း**/–ဂျင်း/န–ကြည်နူးလွမ်းဆွတ်ဖွယ်များကို ဖွဲ့ဆိုထားသည့် 'လေး'နှင့် ဆုံးသော ကဗျာတစ်မျိုး။ **~ဆွတ်**/–ဆွတ်/ကြိ–မျက်ရည်မဆည်နိုင်အောင် လွမ်းသည်။ **~နာကျ**/–နာကျာ/ ကြိ– အလွန်လွမ်းဆွေးခြင်းကြောင့် ကိုယ်စိတ် ညှိုးချုံးသည်။ **~များလွမ်းနာ**/–များ–နာ/န–လွမ်းဆွေးမှုကြောင့် ဖြစ်ပေါ်သော ဝေဒနာ။ **~သူ့ပန်းခွေ**/လွမ်းသူ ပန်းခွေ/န–သေဆုံးသူအတွက် ရည်စူး ပြုလုပ်သော ပန်းခွေ။
လွှယ်၁။ကြိ–ခက်ခဲမှုမရှိဖြစ်သည်။ **~ကူ**။ကြိ–ခက်ခဲမှု၊ ခဲယဉ်းမှု မရှိဖြစ်သည်။ **~လင့်တကူ**/လွယ်လင့်ဒကူ/ ကြိဝိ–အခက်အခဲမရှိ လွယ်ကူစွာ။
လွယ်၂။ကြိ–၁။လွယ်အိတ်စသည်ကို ပခုံး၌ ချိတ်ဆွဲသည်။ ၂။(သန္ဓေ)ဆောင်သည်။ **~အိတ်**။န–ပခုံးတွင် လွယ်ရသော အိတ်။
လှ။နဝိ–၁။တင့်တယ်သော အဆင်းအသွင် ရှိသော။ ၂။အခြေအနေ ကောင်းမွန်သော။ "စီးပွား––။" စည်း–ကြိယာကို လေးနက်စေသော စကားလုံး။ "ညဥ့်နက် ~ပြီ။" **~ပ**။နဝိ–တင့်တယ်သော။
လှာ၊ စည်း– ကြိယာကို ပြေပြစ်လေးနက်စေသော စကားလုံး။
လှို။နဝိ–ဂိန်ကြီးသော။ သေးငယ်သော။
လှီး။ကြိ–တစ်စုံတစ်ရာပေါ်တွင် ဓားတင်၍ဖြတ်သည်။ **~ဖြတ်**။ကြိ–လှီးဖြတ်သည်။
လှီးလွှဲ။ကြိဝိ–ရှောင်လွှဲလျက်။ "စကားကို ~မပြောပါနှင့်။"
လှုလှ။ကြိဝိ–[ပေါ] စိတ်ထက်သန်စွာ။ ဝမ်းမြောက်ဝမ်းသာ။
လှူ။ကြိ–ပေးကမ်းသည်။ ဒါနပြုသည်။ **~ဒါန်း**။ကြိ–ပေးကမ်းစွန့်ကြဲသည်။ [မြန်၊လှူ+ပါ၊ဒါန]
လှေ။န–ကာက်အား သို့မဟုတ် ရွက်အား သို့မဟုတ် စက်အားဖြင့် ရေလမ်းဝရီး သွားလာသော သစ်သား ဖြင့် ပြုလုပ်သည့်ယာဉ်။ **~ကြီးထိုးရိုးရိုး**/လှေကျီးဒိုးယိုးယိုး/ကြိဝိ–[ဥပစာ]ဆန်းဆန်းပြားပြား မဟုတ်ဘဲ သမားရိုးကျအတိုင်း။ **~ခွက်**/လှေဂွက်/န–လှေ၏ ကိုယ်ထည် ဝမ်းခေါင်း။ **~တော်သံ**/လှေတော်ဒေါ်သန်/ န–ဘုရင်များလက်ထက်က လှေတော်လှော်ခတ်ရာတွင် သီဆိုသော သီချင်း။ **~ထိုးသား**/လှေဒိုးသား/ န–လှေကြီးများတွင် ထိုးဒါးထိုးသူ။ **~နံဓားထစ်**/လှေနန်ဒါးဒစ်/ကြိဝိ–[ဥပစာ]အပြောင်းအလဲမရှိ။ ပုံသေ။ **~နံနှစ်ဖက်နင်း**/လှေနန်နှဖက်နင်း/ကြိ–[ဥပစာ]နှစ်ဖက်စလုံးနှင့် ဆက်ဆံ၍ အခွင့်အရေးရအောင် ယူသည်။ **~သူကြီး**/လှေသူဂျီး/န–လှေတွင် ကြီးကြပ်ကွပ်ကဲသူ။
လှေကား/လှေဂါး/န–တက်ရန်၊ ဆင်းရန် အဆစ်အဆင့်ဆင့် ပြုလုပ်ထားသောအရာ။ **~ခုံ**/လှေဂခုန်/ န–လှေကား၏ အောက်ခြေတည်ရာ အဆင့်။ **~ဆန်** /လှေဂဆန်/န–လှေကားတွင် တပ်ဆင်ထားသော နင်းရန် အဆစ်ပြား။ **~တက်**/လှေဂဒက်/န–လှေကားထိပ်စွန်း ထောက်တည်ရာ အဆင့်။ **~ထစ်** /လှေဂဒစ်/ န–လှေကားတွင် အဆင့်ဆင့်နင်းတက်ရာ အထစ်။ **~ထစ်စိုက်နည်း** /–စိုက်နီး/ န– ဆင်ခြေလျှောမြေတွင် အထစ် အဆင့်ဆင့်ပြု၍ စိုက်ပျိုးနည်း။
လှေ့၊ ကြိ– စပါးစသည်တို့မှ အမှုန်အမှိုက်များကို လွင့်စဉ်အောင် လုပ်သည်။ **~စင်** /လှေ့ဇင်/ န– စပါး လှေ့ရာ စင်မြင့်။
လှေး။န–သေးငယ်သော မိုးမွှား။
လှဲ။ကြိ–၁။တိုင်၊ သစ်ပင်စသည်ကို လဲကျအောင် ပြုသည်။ ၂။အခင်းအပြင်ပေါ်သို့ ကိုယ်ကို အလျားလိုက် တည်စေသည်။ လျောင်းအိပ်သည်။
လှော်။ကြိ–၁။လှေရွေ့သွားစေရန် တက်ဖြင့် ရေပြင်ကို ယက်သည်။ ၂။နှမ်း၊ မြေပဲစသည်ကို ဒယ်အိုးထဲ ထည့်၍ ယောက်မဖြင့်မွှေကာ ကျက်အောင်ပြုသည်။ ၃၊ [ဥပစာ] သွေးဆောင်တိုက်တွန်းသည်။ **~ကား** /လှော်ဂါး/န–မြန်မာဘုရင်လက်ထက်သုံး ဦးပဲ့ ကော့ထောင်သော လှေကြီးတစ်မျိုး။ **~ခဲ**/လှော်ဂဲ/ န–ဘိန်းစိမ်းတွင်ပါသော အဖတ်များကို ဖယ်၍ အခဲပြုလုပ်ထားသော ဘိန်း။ **~စာ**/လှော်ဇာ/န–ကောက်ညှင်းဆန်ကို ပေါင်း၍ တခဲနှင့် အချဉ်ဖောက်ထားသော မှုံးယစ်စေသည့် စားဖွယ်။
လှံ။န–အသွားချွန်တပ်ထားသည့် အရိုးရှည် လက်နက်။ **~စွပ်** /လှန်စွတ်/န–သေနတ်ပြောင်းဝ အဖျားတွင် တပ်သည့် လှံသွား။ **~တံပစ်** /လှန်ဒန်ပျစ်/ န–အထူးလုပ်ထားသော လှံကို အဝေးဆုံးရောက်အောင် ယှဉ်ပြိုင်ပစ်ရသည့် အားကစားနည်း။ **~လျင်** /လှန်လယင်/န–လှံတို။

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

လှောက်၊ကြိ-ထပ်မံဖြည့်စွက်သည်။

လှိုက်၊ကြိ-၁၊အတွင်းသို့ နက်ရှိုင်းစေသည်။ ၂၊ရင်ဟွင်း၍ လှုပ်ရှားသည်။ **~စား**၊ကြိ-အတွင်းခေါင်း ပို၍ပို၍ နက်သည်အထိ ပုံကြေပျက်စီးသွားသည်။ **~ဖို**၊ကြိ-ရင်ကွင်း၍ ပူပန်လှုပ်ရှားသည်။ **~လှိုက်လှဲလှဲ**၊ကြိ-စိတ်ပါလက်ပါ။

လှင်ကန်/လှင်ဂန်/န-နွားမောင်းသည့် ဘုတ်တံ။

လှောင်¹၊ကြိ-၁၊သိုမှီးသိမ်းဆည်းထားသည်။ ၂၊ ထွက်မပြေးနိုင်အောင် ချုပ်နှောင်ထားသည်။နဝိ-လေဝင်လေထွက်နည်း၍ အနံ့၊ အနံ့ စသည် အောင်းနေသော။ **~ချိုင့်** / လှောင်ချိုင့်/ **~အိမ်**၊ န-ကြက်ငှက်စသည်တို့ကို လှောင်ထားရာ အိမ်ငယ်။

လှောင်²၊ကြိ-ပြက်ရယ်ပြုသည်။ သရော်သည်။

လှိုင်၊နဝိ-အနံ့များစွာ ပြန့်ထွက်သော။ ကြိ-ပေါများသည်။ ပေါ များစွာ ပေါ်ထွက်သည်။

လှိုင်း၊န-၁၊လေရှိန်ကြောင့် ရေပြင်တွင် ကြွတက်လှုပ်ရှား ရိုက်ခတ်သော ရေစိုင်။ ၂၊(သိပ္ပံ) အလင်း၊ အသံ စသည် တစ်နေရာမှ တစ်နေရာသို့ ဂယက်ရိုက်တုန်ခါ သွားရာ လမ်းကြောင်း။ ကြိ-၁၊ များစွာပြောသည်။ ၂၊ဖြီးဖြန်းပြောဆိုသည်။ **~ကြီး**၊ကြိ-လှိုင်းပြင်းထန်စွာ ထကြွလှုပ်ရှားသည်။ **~ကြက်ခွပ်**/လှိုင်းကျက်ခွတ်/န-ရင်ဆိုင် ဖြစ်ပေါ်သော လှိုင်းများ။ **~ခေါင်းဖြူ**/ လှိုင်းဂေါင်းဖျူ/ န-ထိပ်တွင် ဖြူဖွေးသော ရေမြှုပ်များပေါ် အောင် မြင့်တက်သည့် လှိုင်း။ **~ထ**၊ကြိ-လှိုင်းလှုပ်ရှား ပြင်းဆန်သည်။ **~အိ**၊န-ညင်သာစွာ လှုပ်ရှားသော လှိုင်း။

လှစ်၊ကြိ-ဖွင့်သည်။

လှည့်/လှဲ့/ကြိ-၁၊လည်ပတ်ရွေ့လျားသည်။ ၂၊လှည့်လည်သည်။ ၃၊လည်စေသည်။ ၄၊တစ်ဖက်သို့ မျက်နှာမူရာမှ အခြားတစ်ဖက်သို့ ပြောင်း၍ မျက်နှာမူသည်။ ၅၊တစ်မျိုးတစ်မည် ပြောင်းလဲသည်။ "စကားကို~ပြော-။" ၆၊ချော့မော့သည်။ ၇၊လိမ်လည်သည်။ ၈၊ပိုးပန်းသည်။ /စည်း-တစ်စုံတစ်ရာ ပြုလုပ်ရန် ခေါ်ယူတိုက်တွန်းသော အနက်ဖြင့် သုံးသော စကားလုံး။ "စား~။ ယူ~။" **~ကွက်**/လှဲ့ဂွက်/န-လိမ်လည်လှည့်ဖြားရန် ဖန်တီး ပြုမူချက်။ **~စား**/လှဲ့ဇား/ကြိ-လိမ်လည်သည်။ **~ပတ်**/လှဲ့ပတ်/ကြိ-၁၊လည်ပတ် ရွေ့လျားသည်။ ၂၊လိမ်လည်သည်။/ကြိဝိ-သွယ်ဝိုက်လျက်။ **~ဖြား**/လှဲ့ဖျား/ကြိ-လှည့်ပတ်သွေးဆောင်သည်။ **~လည်**/လှဲ့လယ်/ကြိ-တစ်နေရာပြီးတစ်နေရာ သွားလာသည်။

လှည်း¹/လှဲ/န-၁၊ကိရိယာနှင့်အား၊ လူအားသုံးဘီးတပ်ယာဉ်။ ၂၊နွားလှည်း။ **~ကောက်**/လှဲကောက်/ ကြိ-လှည်းတွင် ကျွဲ၊ နွားတို့ကို တပ်သည်။ **~ကျိုးထမ်း** / လှဲကျိုးထန်း/ ကြိ-[ဥပစာ]အခြားတစ်ယောက် နှင့် ကိုယ်စန်ရှိခဲ့သောအမျိုးသမီးကို အစစ်နာခံလက်ထပ်သည်။ **~ကြမ်း**/လှဲဂျန်း/န-အများအားဖြင့် ဝန်တင်ရန် အသုံးပြုသော လှည်းမျိုး။ **~ငုံးတို**/လှဲငုန်းဒို/န-ကာကွယ်အိမ်၊ ဆောင်ပန်းမပါသော သစ်ဝါးတင်ရန် လှည်း။ လှည်းမြီးတို။ **~စာ**/လှဲဇာ/န-၁၊လှည်းပန်းတောင်း ချောမွတ်စွာ လည်ပတ်ရန် ထည့်ရသော ဆီစသည်။ ၂၊အသား ညိုမွဲရောင်ရှိ၍ လှည်းဘီး၊ လှေစသည် လုပ်ရသော ပင်ဆောက်ကြီး တစ်မျိုး။ **~ထောက်**/လှဲဒေါက်/ န-လှည်းဦးကို ထောက်ရသော သစ်သားခွ။ **~ထုပ်**/လှဲဒုတ်/ န-လှည်းတွင် ကက်ပေါင်နှစ်ဖက်ကို ကန့်လန့်တပ်ဆင်ထားသော ပျဉ်တန်း။ **~ဖနောင့်**/လှဲဖနောင့်/ န-လှည်းဘီး သံပတ်ခွေ။ **~မီးချ**/လှဲမီးချာ/ကြိ-ချောင်နေသော လှည်းဖနောင့်ကို လိုအပ်သလောက် ဖြတ်ဆက်၍ မီးဖုတ်ပြီးလျှင် ဘီးတွင်တပ်၍ ရေလောင်းခြင်းဖြင့် တင်းကျပ်စေသည်။ **~ယဉ်** / လှဲယင် / န -အမြန်၊ အလှမောင်းနှင်နိုင်ရန် ပြုလုပ်ထားသော ပေါ့ပါးသည့်လှည်း။ **~ဝိုင်း**/လှဲဝိုင်း/န-ဝိုင်းဖွဲ့ရပ်နားနေသော လှည်းအစု။ **~သန်**/လှဲသန်/န-လှည်းထမ်းပိုးကုံးတွင် မြားဦးသဏ္ဍာန်ဆုံသော လှည်းအိမ်အောက်ခံ သစ်ချောင်းအစုံ။ **~ဦးပန်း**/လှဲအုံးပန်း/ န-လှည်းသန်ဆုံရာ လှည်းဦးတွင် လုပ်ထားသော ပန်းပုလက်ရာ။ **~ဦးမွတ်**/လှဲအုံးမွတ်/န-လှည်းဦးတွင် လှည်းသန် နှစ်ချောင်းဆုံရာ။

လှည်း²/လှဲ/ကြိ-အမှိုက်သရိုက်စသည်ကို တံမြက်စည်းဖြင့် ဖယ်ရှားသည်။ **~ကျင်း**/လှဲကျင်း/ကြိ-အနံ့အစပ် လှည်းသည်။

လှန်၊ကြိ-၁၊အတွင်းနှင့်အပြင်၊ အထက်နှင့်အောက် ပြောင်းလဲစေသည်။ လန်အောင်လုပ်သည်။ ၂၊ဖုံးထားသော အရာကို လှပ်သည်။ ၃၊ပြန်လည်ထုတ်ဖော်ပြောဆိုသည်။ "ဓာတ်ကြောင်း~-။" ၄၊ ဆန့်ကျင်သည်။ ၅၊ဆန်တက်သည်။ "လေအထက်သို့ ~-။" **~လှော**၊ ကြိဝိ-အထပ်ထပ်လှန်လျက်။

လှန့်၊ကြိ-လန့်ဖျပ်အောင် ပြုသည်။

လှန်း၊ကြိ-နေပူ စသည်၌ ဖြန့်၍ သွေ့ခြောက်စေသည်။

လှပ်၊ကြိ-၁၊ပွင့်ဟစေသည်။ ဖွင့်သည်။ "တံခါး~ပါ။" ၂၊ဖယ်ချန်သည်။

လှပ်လှပ်၊ကြိဝိ-၁၊အလွန်ပါးစွာ။ ၂၊တသိမ့်သိမ့် လှုပ်ရှားလျက်။

လှုပ်၊ကြိ-၁၊မငြိမ်မသက် ဖြစ်သည်။ ၂၊မငြိမ်မသက် ဖြစ်စေသည်။ **~တုပ်လှုပ်တုပ်**၊ကြိဝိ-၁၊မတည်မငြိမ်

http://www.lknt11.com ...

လှုပ်ရှားလျက်။ ၂၊သွားလာလှုပ်ရှားမှု နှေးကွေးလျက်။ ~ရှား၊ကြိ–၁၊မငြိမ်မသက် ဖြစ်သည်။ ၂၊မငြိမ်မသက် ဖြစ်စေသည်။ ၃၊တက်တက်ကြွကြွ လုပ်ကိုင်ဆောင်ရွက်သည်။ ~လှုပ်၊ကြိဝိ–တဖြည်းဖြည်း ရွေ့လျက် ရွေ့လျက်။ ~လှုပ်ရွရွ၊ကြိဝိ–မငြိမ်မသက်။

လှမ်း၊ကြိ–၁၊ခြေထောက်ကြွ၍ ရွေ့လျားသည်။ ၂၊ရည်မှန်းချက် ရောက်အောင် အားထုတ်ကြိုးပမ်းသည်။ ၃၊တစ်စုံတစ်ရာကို မီလောက်သော အကွာအဝေးရှိသူအား ပေးသည်။ ၄၊ မီလောက်သော အကွာအဝေးရှိ တစ်စုံတစ်ရာကို ယူ၍ ပေးသည်။ နဝိ–အနည်းငယ် ကွာဝေးသော။ ကြိဝိ–မနီးမဝေးသို့ ဦးတည်၍။ "~ခေါ်–။ ~ပြော–။"

လှိမ့်၊ကြိ–၁၊ယိမ့်အောင်ပြုသည်။ ၂၊လိမ်လည် လှည့်ပတ်သည်။

လှုံ၊ကြိ–၁၊မီးစသည်မှ အနွေးဓာတ် ရယူသည်။ ၂၊အရိပ်အာဝါသ တစ်စုံတစ်ရာတွင် ခိုမှီသည်။ "ဘုန်းရိပ် ~–။"

လှုံ့၊ကြိ–နိုးကြွအောင် ပြုလုပ်သည်။ ~ဆော်၊ ကြိ–လှုပ်ရှားတက်ကြွအောင် ဆော်ဩသည်။

လှယ်၊ကြိ–၁၊အပြန်အလှန် လဲသည်။ ၂၊တစ်စုံတစ်ရာကို ထည့်စရာတစ်ခုမှ တစ်ခုသို့ ပြောင်းသည်။

လျှာ/ယှာ/န–၁၊ခံတွင်းရှိ အရသာ ခံစားနိုင်၊ လှုပ်ရှားနိုင်သည့် အသားစိုင်။ ၂၊ချိန်ခွင်လျှာ။ ၃၊ ပျဉ်ချပ်စပ်ရာတွင် တစ်ဖက်ပျဉ်ချပ်စွန်း၏ မြောင်း၌ ထိုးသွင်းရသော သစ်သားစွန်း။ ~ခင်/ယှာခင်/န–၁၊အာခေါင်နောက်ဖွန်းရှိ အသားစွန်း။ ၂၊အချို့လေမှုတ် တူရိယာတွင်ပါသော အသံမြည်စေသည့် ကိရိယာ။ ~စက်အာစက် /ယှာဇက်အာဇက်/ န – ပြောဆိုသမျှ အာဏာတည်စေနိုင်စွမ်း။ ~ထိုး/ယှာဒိုး/န–မြောင်းတစ်ဖက်၊ လျှာတစ်ဖက်ပါသော ပျဉ်ချပ်။ ~နှာခွာနှာ/ယှာနာခွာနာ/န–ခွာနှာလျှာနှာ နှင့်အတူတူ၊ ~ပွတ်ဆေး/ယှာပွတ်ဆေး/န–ခံတွင်း ပျက်ခြင်း၊ ချောင်းဆိုးခြင်း စသည်ဖြစ်သောအခါ၌ ပွတ်ပေးရသည့် ဆေးတစ်မျိုး။ ~ယား/ယှာယား/ကြိ–[ဥပစာ]ပြောလိုစိတ် အလွန်ထက်သန်သည်။ ~ရှည်/ယှာယှေ/ ကြိ – [ဥပစာ] မလိုအပ်ဘဲ စကားရှည်ရှည်ဝေးဝေး ပြောသည်။ ~လေးအာလေး /ယှာလေးအာလေး/ န – [ဥပစာ] အပြောအဆို နှေးကွေးခြင်း။ ~လည် /ယှာလယ်/ကြိ–[ဥပစာ] စားရသည့်အစာကို နှစ်သက်၍ ထပ်တလဲလဲ စားလိုသည်။ ~လိပ်သံ/ယှာလိတ်သန်/န–လျှာကို အာထိပ်နှင့် မထိတထိထားကာ ထုတ်ဆိုသောအသံ။

လျှော/ယှော/ကြိ–နိမ့်ရာသို့ ရွေ့သည်။ /န–အမြင့်မှ အနိမ့်သို့ ပွတ်တိုက်ဆင်းရသော ဆင်ခြေလျှောစင်။ ~ချ /ယှောချ/ ကြိ – [ဥပစာ] မူလစကားကို အဓိပ္ပာယ် လျော့ပေါ့အောင် ပြင်ပြောသည်။ ~မွေး /ယှောမွေး/ န–နေ့မစေ့ဘဲသန္ဓေပျက်၍ မွေးဖွားသော ကလေး။

လျှော့/ယှော့/ကြိ–၁၊နည်းစေသည်။ လျော့စေသည်။ "ဈေး ~–။" ၂၊တင်းကျပ်နေသည်ကို အနည်းငယ် ချောင်အောင် လုပ်သည်။ ၃၊အလျှော့ပေးသည်။ ~ပေါ့/ယှော့ပေါ့/ကြိ–လျော့နည်းအောင် ပြုသည်။ ~ရက်/ယှော့ယက်/န–[ထောင်] ထောင်စည်းကမ်းနှင့်အညီ နေထိုင်သော အကျဉ်းသားအား လျှော့ပေါ့ပေးသော ရက်ပေါင်း။

လျှော်¹/ယှော်/ကြိ–၁၊ဆံပင်၊ အဝတ်အထည် စသည်တို့ကို ရေ၊ ဆပ်ပြာစသည်တို့ဖြင့် အညစ်အကြေး ကင်းစင်အောင် ပြုသည်။ ၂၊ကြွေးစသည် ရရန်ရှိသည်ကို မယူတော့ဘဲနေသည်။

လျှော်²/ယှော်/န–ကြိုးကျစ်ရန်၊ အထည်ရက်လုပ်ရန် အပင်မှ ထုတ်ယူရရှိသည့် အမျှင်။ ~တောသက်နန်း /ယှော်တောသင်ဂန်း/န–အပင်မှရသော လျှော်ဖြင့် ပြုလုပ်ထားသည့် သက်နန်း။ ~ဖြူ/ယှော်ဖျူ/န–လွန်းပုံ အသီးသီး၍ အပွင့်သေးငယ်ပြီး ဖြူဝါရောင်ရှိသော၊ အခေါက်မှ ကော်စေးရသည့် သစ်ပင်ကြီး။ (၎င်းကော်စေးကို ဆေးကုလားမဟုခေါ်သည်။)

လျှံ/ယှန်/ ကြိ–ဆံ့နိုင်သည့်ပမာဏကို ပိုလွန်သည်။ /နဝိ/–၁၊ (အရောင်) တောက်ပသော။ ၂၊ လျှပ်ပေါ်လော်လည်သော။

လျှို/ယှို/ကြိ–၁၊တွင်း၊ အပေါက်စသည်၏ တစ်ဖက်သို့ ရောက်အောင် သွတ်သွင်းသည်။ ၂၊ပုန်းကွယ်သည်။ ၃၊မဖော်ထုတ်ဘဲထားသည်။ "လက်သီးစွမ်းကို ~၍ ထား–။" ၄၊သူတစ်ပါးလက်အောက်သို့ ခိုဝင်သည်။ /န–တောင်ကြားရှိ ချောက်၊ မြောင်း။

လျှို့ကတ်/ယှို့ကတ်/ကြိ–[ဝေါ] လျှို့ဝှက်သည်။

လျှို့ဝှက်/ယှို့ဝှက်/ကြိ–သူတစ်ပါးမသိအောင် သိုသိုသိပ်သိပ် ပြုမူသည်။

လျှိုး/ယှိုး/ကြိ–အောက်သို့ ငုံ့ဝင်သည်။

လျှောက်/ယှောက်/ကြိ–၁၊ရွေ့လျားသွားလာသည်။ "ခြေကျင် ~။ သွား ~။ လေ ~။" ၂၊မြင့်မြတ်သူအား ရိုသေစွာ ပြောသည်။ ၃၊မိမိရလိုသည့် ပစ္စည်း၊ အခွင့်အရေး စသည်ကို သက်ဆိုင်ရာဌာနတွင် တောင်းခံပန်ကြားသည်။ /ကြိဝိ–အနှံ့အပြား။ "~သွား။ ~ပြော။" ~ထုံး/ယှောက်ထုန်း/န–ရှေးခေတ် မှူးမတ်ပညာရှိတို့၏ မှတ်သားဖွယ် လျှောက်ထားချက်။ ~ပြန်သံပေး/ယှောက်ပျန် သန်ဗေး/န–အပျိုရှိရာ အိမ်အနီးတစ်ဝိုက်တွင် အသံပြုကာ ခေါက်တုံ့ခေါက်ပြန် သွားလာ ပိုးပန်းသူ။

http://www.lknt11.com ...

~လဲ/ယှောက်လဲ/ကြိ–အမှုအခင်းနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ တင်ပြချေပသည်။ ~လွှာ/ယှောက်လွှာ/န– ကိစ္စ တစ်စုံတစ်ရာအတွက် သက်ဆိုင်ရာ အစိုးရဌာနသို့ တင်ပြလျှောက်ထားသော စာ။

လျှင်/လှယင်၊ယင်/သမ်–အကြောင်းအရာတစ်ခုသည် အခြား အကြောင်းအရာတစ်ခုကို မှီ၍သာလျှင် ဖြစ်မည့်အကြောင်း ဆက်စပ်ညွှန်ပြသော စကားလုံး။ "သူလာ~ငါသွားမည်။ ပေး~ယူမည်။" /လှယင်/ စည်း–အရေးအတွက်ကို အတိအကျ ပြခြင်းဖြင့် လေးနက်စေသော စကားလုံး။ "တစ်ဦး~တစ်ခုစီ။"

လျှပ်/လှယတ်၊ယှတ်/န–ကောင်းကင်ပြင်၌ ရုတ်တရက် ဖြစ်ပေါ်ပြီး ရုတ်တရက် ကွယ်ပျောက်သော အလင်းရောင်။ /ကြိ–၁၊(အလင်းရောင်၊ အပူမာတ်) ဟပ်သည်၊ (ပင့်ကူ) ထိသည်။ ၂၊ အရောင် တဖျပ်ဖျပ်တောက်သည်၊ ၃၊ပေါ့တီးပေါ့ဆ၊ နမော်နမဲ့ ပြုမူလုပ်ကိုင်သည်။ /ယှတ်/ ကြိဝိ–အပေါ်ယံ ထိပွတ်ရုံမျှ။ ~စား/ယှတ်စား/ကြိ–[ခပါ] ကြားမှနေ၍ မတရားသဖြင့် ရယူသည်။ ~စားဖြတ်စား/ယှတ်စားဖျတ်စား/ န – ဖြတ်စားလျှပ်စား နှင့် အတူတူ။ ~စီး /ယှတ်စီး၊လှယတ်စီး/န–ကောင်းကင်ပြင်၌ ရုတ်တရက် ဖြစ်ပေါ်ပြီး ရုတ်တရက် ကွယ်ပျောက်သော အလင်းရောင်ဟန်း။ ~စစ် /လှယတ်စစ်/န–ဂိုင်ယာကြိုးအတွင်း စီးဝင် နိုင်ပြီး အလင်းရောင်၊ အပူဓာတ် စသည် ဖြစ်ပေါ်စေနိုင်သော စွမ်းအင်။ ~ဆေး/ယှတ်ဆေး/န–နမော်နမဲ့၊ ပေါ့တီးပေါ့ဆ ပြုမူလုပ်ကိုင်တတ်သော မိန်းကလေး။ ~တစ်ပြက်/လှယတ်ဒဖျက်၊ ယှတ်ဒဖျက်/န–တစ်ခဏမျှသော အချိန်ကာလ။/ကြိဝိ–ရုတ်တရက်။ "ရန်သူကို~တိုက်ခိုက်–။" ~ပလာမ /ယှက်ပလာမှ/န–ပျာယီးပျာယာနိုင်သော မိန်းမ။ ~ပေါ်လော်လည်/လှယတ်ပေါ်လော်လီ/ကြိ–ခံစောင့်စည်းမှုမရှိ။ အရှက်အကြောက် ကင်းသည်။

လျှမ်း/ယှန်း/ ကြိ–သတိမပြုသဖြင့် မမြင်မိ မတွေ့မိ ဖြစ်သည်။ /လယန်း/နဝိ–၁၊ပြည့်လျှံသော၊ ၂၊ အရောင် အလွန်တောက်ပသော။ ~လျှမ်းတောက် /ယှန်းယှန်းတောက်/ကြိဝိ–အမည်၊ ဂုဏ်သတင်း စသည် အလွန်ထင်ရှားလျက်။

လွှ၊န–သစ်သား၊ သတ္တုစသည်ကို ဖြတ်တောက်ရသော အသွားစိပ်များပါသည့် လက်သမားကိရိယာ။ ~စာ /လွှာစာ/န–လွှတိုက်ရာမှ ထွက်လာသော အမှုန်အစငယ်။ ~စင်/လွှာ့ခင်/န–သစ်များကို လက်ဆွဲလွှဖြင့် ခွဲဖြတ်ရန် ပြုလုပ်ထားသော စင်။ ~ဆိုင်း/လွှာ့ဒိုင်း/န–လွှဆွဲရန် လူနှစ်ယောက်အတွဲ။ ~ဆွဲ၊ ~တိုက်၊ ကြိ–သစ်သားကို လွှဖြင့်တိုက်ဖြတ်သည်။

~ထောင်/လွှာ့ဒေါင်/န–အရင်းအနှီး၊ ကိရိယာ စိုက်ထုတ်၍ လွှစင်ကို တည်ထောင် ပိုင်ဆိုင်သူ။

လွှာ၊ကြိ–ပါးသောအချပ်ဖြစ်အောင် ပြုလုပ်သည်။ စည်း–ပါးလွှာသော အရာမျိုးကို ရေတွက်ရာတွင် သုံးသော စကားလုံး။ ~ချင်း/လွှာဂျင်း/နဝိ–ဟစ်လွှာတည်းဖြစ်သော၊ တစ်လွှာစီ ဖြစ်သော။ "~ဓောင်။ ~ဖိနပ်။"

လွှား၊ကြိ–၁၊အဝေးကမှ ဖြန့်အုပ်ထားသည်။ ၂၊ခုန်ကျော်သည်။ န–ရန်သူ၏ လက်နက်ပထိခိုက်ရအောင် ကိုယ်ကိုကာကွယ်သည့်အရာ။

လွှဲ၊ကြိ–၁၊ရှေ့နောက် ဘယ်ညာ လှုပ်လာလှုပ်ရှားစေသည်။ "ပုခက်~–။" ၂၊ ပြောင်းလဲပေးသည်။ "လမ်း ~–။" ၃၊(မျက်နှာကို အခြားဘက်ဖက်သို့) လှည့်သည်။ "မမြင်လို၍မျက်နှာ~–။" ၄၊ တာဝန် စသည် ပြောင်းပေးသည်။ ~ချ၊ ကြိ–မိမိ အပြစ် တာဝန် စသည်ကို သူတစ်ပါးအပေါ် ကျရောက်စေသည်။ ~စာ /လွှဲစာ/န–သူတစ်ပါးအား မိမိကိုယ်စား ဆောင်ရွက်နိုင်ခွင့် လွှဲအပ်သည့်စာ။

လွှဲ့ကျော်၊ ကြိ–[ပေါ] အနံ့အစပ် ကျော်ကြားသည်။

လွှင့်၊ကြိ–၁၊လေတွင်လွင့်အောင် ပြုသည်။ "အလံ ~ –။" ၂၊အရပ်ရပ်သို့ ပျံ့နှံ့အောင် ပြုသည်၊ "သတင်း~–။" ၃၊အမှိုက်စသည်ကို အခြားတစ်ပါးသို့ ရောက်အောင် ပစ်သည်။

လွှတ်၊ကြိ–၁၊[ပေါ] ပေးလှူသည်။ ပူဇော်သည်။ ၂၊အနှောင်အဖွဲ့မှ လွတ်ကင်းစေသည်။ ၃၊တစ်နေရာသို့ တစ်စုံတစ်ရာ ဆောင်ရွက်ရန် သွားစေသည်။ ၄၊ချန်လှပ်သည်။ ကြိဝိ–[အရပ်] အလွန်အမင်း။ "~ကောင်း–။ ~ဆိုး–။" ~တော်၊န–၁၊ဘုရင်နှင့် ဝန်ကြီးများ တိုင်းပြည်ကိစ္စ အဝဝကို တိုင်ပင် ဆောင်ရွက်ရာ အဆောက်အအုံ။ ၂၊ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော နိုင်ငံတော်၏ အမြင့်ဆုံး အာဏာပိုင်အဖွဲ့အစည်း။ ၃၊ ယင်းအဖွဲ့အစည်းလုပ်ငန်း ဆောင်ရွက်ရာ အဆောက်အအုံ။

လွှမ်း၊ ကြိ–ခြုံရုံသည်။ ဖုံးအုပ်သည်။ ~မိုး၊ ကြိ–၁၊ အခြားတစ်ပါးအပေါ် ဖုံးအုပ်သည့်။ "ရေ~–။" ၂၊ဖိုးမိုးသည်။ ခြယ်လှယ်သည်။ "အာဏာ ~–။"

ဝ

ဝ^၁၊ဗျည်းသုံးဆယ့်သုံးလုံးတွင် နှစ်ဆယ့်ကိုးလုံးမြောက် ဗျည်း။ နဝိ–ဖွံ့သော။ ပြည့်ဖြိုးသော။ ကြိ–လုံလောက်သည်။ အားရကျေနပ်သည်။ "ထမင်း ~–။ အိပ်ရေး~–။" ~ကွက်/ဝါ့ကွက်/ကြိ–[ရှေး] သေဒဏ်စီရင်ခြင်းခံရမည့်သူကို ဝအမှတ်

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

အကွက်ရာ ထိုးနှံသည်။ ကြိယ- လုံးလုံးလျားလျား။ သေသေချာချာ။ "~အင်၊ ~ချန်။" **~ဆွဲ**/ဝါ့ဆွဲ/ နာ-ဗျည်းအက္ခရာအောက်တွင် ဆက်စပ်ရေးသော ဝအက္ခရာ။ ွ။ **~ဖျော်**/ဝါ့ဇော/နဝိ-စားရေရိက္ခာ ပေါများကြွယ်ဝ ကုံလုံသော။ **~လင်**/ဝါ့လင်/ကြိ- ၁။ကျေနပ် တင်းတိမ်သည်။ ၂။ပြည့်ဖြိုးသည်။ **~ဝတစ်တစ်** /ဝါ့ဝါ့တစ်တစ်/ ကြိဝိ- ကိုယ်ခန္ဓာ ပြည့်ဖြိုးကျစ်လျစ် စိုပြည်စွာ။

ဝ^၂^။န-မွန်ခမာအုပ်စုဝင် ဘာသာစကားတစ်မျိုးကို ပြောသော မြန်မာတိုင်းရင်းသားတစ်မျိုး။ (ရှမ်းပြည်နယ်မြောက်ပိုင်း သံလွင်မြစ်အရှေ့ဘက်တွင် အများအားဖြင့် နေထိုင်သည်။)

ဝစီ/ဝဇီ/န-စကား။ [ပါ၊ဝစီ] **~ကံ**/ဝဇီကန်/န-နှုတ်ဖြင့်ပြောဆိုသောအမှု။ [ပါ၊ဝစီကမ္မ] **~ဘေဒ**/ဝဇီဗေဒ/န-နှုတ်မြွက်ခြင်း။ နှုတ်မြွက်သော စကား။ [ပါ၊ဝစီဘေဒ]

ဝဇီရာ။န-စိန်ကျောက်။ [ပါ၊ဝဇိရ]

ဝတဲ/ဝဒဲ/န-[ဝေါ] ဥတဲ နှင့်အတူတူ။

ဝနာ။န-သစ်ပင် ချုံနွယ်တို့ ပေါက်ရောက်ရာတော။ [ပါ၊ဝန]

ဝယဝုဒ္ဓိ /ဝယာဝုတ်ဒိ /န-အသက်အရွယ်အားဖြင့် ကြီးခြင်း။ (ဝယောဝုဒ္ဓိဟုလည်း အရေးရှိသည်။) [ပါ၊ဝယဝုဒ္ဓိ]

ဝရဇိန်/ဝရဇိန်/န-သိကြားမင်း၏ တန်ခိုးထက်မြက်သည့် လက်နက်။ [ပါ၊ဝဇိရ]

ဝရီး။န-ဦးစီး။

ဝရန်တာ။န-အဆောက်အအုံ၏ တစ်ဖက်ဖက်သို့ ဆွယ်ထုတ်ထားသော နေရာ။ [ဟိန္ဒီ၊ဗရာမ်ဒါ]

ဝရုန်းသုန်းကား/ဝယုန်းသုန်းဂါး/ကြိဝိ-ကမောက်ကမ ဖရိုဖရဲ။

ဝရမ်း/ဝရန်း၊ ဝယန်း/န-၁။ခွင့်ပြုအမိန့်။ ၂။လူကို ဖမ်းဆီးရန်၊ မြေအဆောက်အအုံ ပစ္စည်းများ သိမ်းရန်၊ တားမြစ်ရန် ထုတ်ပြန်သော အမိန့်စာ။ [လိပ်၊warrant] **~ပြေး**/ဝယန်းပြေး/န-ကျူးလွန်မိသည့် ပြစ်မှုအတွက် ဖမ်းဆီးအရေးယူခြင်းကို ရှောင်ရှားရန် ထွက်ပြေးတိမ်းရှောင်နေသူ။

ဝလာ။န-ကောင်းကင်။ [ပါ၊ဝလာဟက]

ဝသီ။န-အလေ့အကျင့်။ [ပါ၊ဝသီ] **~ဘော်**။န-အကြိမ်ကြိမ် အလေ့အလာ ပြုခြင်း။ [ပါ၊ဝသီဘာဝ]

ဝသန်^၁^။န-မိုးဥတု။ ဝဿာနဥတု။ [ပါ၊ဝဿာန]

ဝသန်^၂^။န-နွေဦး။ ဝသန္တ။ [ပါ၊ဝသန္တ]

ဝသုန်။န-[ကဗျာ] မြေ။ [ပါ၊ဝသုန္ဓရာ]

ဝသုန္ဓရေ/ဝသုန်ဒရေ/န-၁။မြေ။ ၂။မြေစောင့်နတ်။ [ပါ၊ဝသုန္ဓရာ]

ဝဟည်း။န-ဆေးဖက်ဝင် အပင်တစ်မျိုး။

ဝဥ/ဝါ့အု/န-မှိုက်စွတ်စိုသော အရပ်ရှိ တောင်ကုန်း၊ ပေါင်းမြေမ်းပါးယံ စသည်တွင် ပေါက်သော ဥစားပင် တစ်မျိုး။

ဝါ^၁^။န-၁။အထည်ရက်လုပ်ရန် ချည်မျှင်ထုတ်ယူရသည့် အသီးသီးသော အပင်။ ယင်းအပင်၏ အသီးမှ ရသော အမျှင်ထွေး။ **~ကောက်**၊ကြိ-ရင့်၍ကွဲနေသည့် ဝါသီးအတွင်းမှ ဝါကို ထုတ်ယူသည်။ **~ကြိတ်**၊ကြိ-ဝါစေ့နှင့်ဝါမျှင် တခြားစီ ဖြစ်သွားအောင် တလိမ့်တုံး နှစ်ခုကြားတွင် ထည့်ကြိတ်သည်။ /ဝကိုတ်/န- ဝါကြိတ်သော ကိရိယာ။ **~ကြိတ်လိမ့်** /~လိမ်/န-၁။အရစ်ပါသော ဝါကြိတ် တလိမ့်တုံး။ ၂။အပင် တစ်မျိုး။ ၃။မြင်းစီးနည်း ၃၇မျိုးတွင် တစ်မျိုး။ **~ဂွမ်း**/ဝါ့ဂွမ်း၊ ဝါ့ဂွန်း/န-အစေ့ထုတ်၍ ဖတ်ပြီးသော ဝါမျှင်ထွေး။ **~ပေါက်**^၁^/ဝါ့ဖောက်/ ကြိ-ပါသီးရင့်၍ ကွဲအက်ပြီး ထွက်လာသော ဝါမျှင်ထွေး။ **~ဖတ်**၊ ကြိ- ဖန်ပြီးဝါများကို ဝါဖတ်ခြင်းတွင်ထည့်၍ ဝါဖတ်လေးဖြင့် ညက်ပျောအောင် ပြုသည်။ **~ဖတ်ခြင်း**/ဝါ့ဖချင်း/န-ဝါဂွမ်းကို မွရှလာစေရန် ပြုလုပ်ရာ၌သုံးသော ဆိပ်ဝကျယ်၍ အောက်ရှူးသော ခြင်းတောင်းတစ်မျိုး။ **~ဖတ်လေး**/ဝါ့ဖလေး/န-၁။ဝါဖတ်ရာတွင် အသုံးပြုသော၊ ချည်ကို လေးကြိုးအဖြစ် တပ်ထားသော လေးအငယ်စား တစ်မျိုး။ ၂။အမြီးရှည်၌ အဖြူကွက်ရှိ၍ နှုတ်သီးစိမ်းသော၊ ကူးကူးဟု တိုးတိုး မြည်တတ်သော ငှက်။ **~ဖန်**၊ ကြိ-ဝါပေါက်ကို ကြိတ်၍ရအောင် ဖြန့်မွသည်။

ဝါ^၂^။န-၁။ဝါတွင်းကာလ။ ၂။ရဟန်းအဖြစ် ဝါဆိုခဲ့သော နှစ်အရေအတွက်။ ရဟန်းသက်။[သ၊ဝဗ်] **~ကျိုး**၊ ကြိ-အခြားအရပ်သို့ ဝါပန်၍သွားရာမှ မိမိဝါဆိုရာ ကျောင်းသို့ ခုနစ်ရက်အတွင်း ပြန်မရောက်၍ ဝါပြတ်သည်။ **~ကြီး**၊ကြိ-၁။ရဟန်းသက် ကြီးရင့်သည်။ ၂။[ဥပစာ]အသက်အရွယ်၊ အတွေ့အကြုံ စသည် ပိုသာသည်။ /ဝါဂျီး/န-ဝါကြီးသော ရဟန်း။ **~ကြီးထပ်**/ဝါဂျီးဒတ်/န-ကဆုန်၊ နယုန်၊ ပထမဝါဆို၊ ဒုတိယဝါဆိုလေးလ ရက်စုံ သက်မှတ်ခြင်း။ ဝါဆိုနှစ်ထပ် သတ်မှတ်ခြင်း။ **~ကျွတ်**၊ကြိ-ဝါတွင်းကာလ ကုန်ဆုံးသည်။ဝါထွက်သည်။ **~ခေါင်**/ဝါဂေါင်/န-မြန်မာဆယ့်နှစ်လတွင် ပဉ္စမလ။ **~ငယ်**၊ကြိ-၁။ရဟန်းသက် ငယ်သည်။ ၂။[ဥပစာ] အသက်အရွယ်၊ အတွေ့အကြုံစသည် လျော့နည်းသည်။ န-ဝါငယ်သော ရဟန်း။ **~ငယ်ထပ်**/ဝါငယ်ဒတ်/န-ဝါဆို၂လ ရက်စုံ သတ်မှတ်ခြင်း။ **~ဆို**၊ကြိ-ဝါတွင်း သုံးလပတ်လုံး ရဟန်းတို့

မာတိကာသို့ ▶▶▶

အခြားတစ်ပါးသို့ ညဉ့်အိပ်ညဉ့်နေ မသွားပါဟု အဓိဋ္ဌာန်ပြု ရှက်ဆို၍ မိမိကျောင်းတွင် နေသည်။ ဝါကပ်သည်။ /ဝါဂွဲ/ န- မြန်မာဆယ့်နှစ်လတွင် စတုတ္ထလ။ [သား ဝဿါဝါသ/ ဝဿါဝါသ+မြန်၊ ဆို] **~ဆိုပန်း**/ဝါခိုဗန်း/န-၁၊ဝါဆိုလတွင် လိမ္မော်ရောင်အပွင့်ငယ်ပွင့်သော အလေ့ကျ ပေါက် ပန်းပင်ငယ်တစ်မျိုး။ ၂၊ဝါဆိုပွဲတွင် ဘုရားအား ကပ်လှူရန် ရည်ရွယ်သောပန်း။ **~တွင်း** /ဝါဒွင်း/ န- ဝါဆိုလပြည့်ကျော် တစ်ရက်နေ့မှ သီတင်းကျွတ် လပြည့်နေ့အထိ ကာလ။ **~ထပ်၊** ကြိ-မြန်မာ ဆယ့်နှစ်လတွင် နောက်ထပ် ဝါဆိုတစ်လ ထပ်တိုး၍ ရေတွက်သည်။ **~ပ**/ဝါဗာ/န-ဝါတွင်းမဟုတ်သော ကာလ။ **~ပန်၊** ကြိ-ရဟန်းတော်တို့သည် ဝါတွင်း၌ ဝါဆိုရာကျောင်းမှ အခြားသို့ ညဉ့်အိပ်သွားလိုသော် ခုနစ်ရက်အတွင်း ပြန်ပါမည်ဟု အဓိဋ္ဌာန်ပြု ရှက်ဆို လျှောက်ထားသည်။ **~ရှည်၊** ကြိ-အတွေ့အကြုံရှေးသည်။ **~ဝင်၊** ကြိ-ဝါတွင်းသို့ ရောက်သည်။

ဝါ[၄]၊န-ရဟန်းများအား စာပို့ချသည့် အကြိမ်။ စာဝါ။ [ပါ၊ဝါရ]

ဝါ[၅]၊နဝိ-၁၊ရွှေ နှင်းကဲ့သို့ အရောင်ရှိသော။ ၂၊(အသံ) အောင်မြင်ထည်ဝါသော။ ကြိ-ကြွားဝင့်သည်။ န-ထွန်းလင်းတောက်ပသော အရောင်။ "ရောင်~။ ဆီမီး~။" **~ကြန့်ကြန့်**/ဝါကျန့်ဂျန့်/ **~ကြင့်ကြင့်** /ဝါကျင့်ဂျင့်/ နဝိ-ဖျော့သော အဝါရောင်ရှိသော။

ဝါ[၆]၊ကြိ-ဇန့်မှန်းချင့်တွက်သည်။ န-အတိုင်းအတာပမာဏ။

ဝါ[၇]၊သမ်-တစ်မျိုးတစ်ဖုံဟူသော အနက်ဖြင့် ဆက်စပ်ပေးသော စကားလုံး။ "မောင်လှ(~) မောင်မြ အမည်ရှိ သူ။" [ပါ၊ဝါ] **~ပေါက်**[၂]၊ ကြိ-အနက်တစ်နည်းကို ပြလိုရာ၌ ဝါဟူသော စကားလုံးကို ထည့်သွင်း သုံးသည်။

ဝါကျ/ဝက်ကျာ့/န-ဆိုလိုသည့် အဓိပ္ပာယ် ရောက်အောင် စနစ်တကျ စီစဉ်ထားသော ပုဒ်အစုအပေါင်း။

ဝါဂီနစ်၊ န - ကီးမှုတ်ခြင်း၊ သီဆိုခြင်း၊ ကခုန်ခြင်း။ [ပါ၊ဝါဒိတ+ဂီတ+နစ္စ]

ဝါစက၊န-[သဒ္ဒါ] ကတ္တားအကြောင်းကို ဖော်ပြသော ဝါကျ၏ အဆုံးသတ် ကြိယာပုဒ်။ (သာဓက။ ။ သူသည် လိမ္မာသည်။ သူသည်-ကတ္တားပုဒ်၊ လိမ္မာသည်-ဝါစက) [ပါ၊ဝါစက]

ဝါစာ၊န-စကား။ [ပါ၊ဝါစာ]**~ကမ္မာ**၊ကြိဝိ-စကားအပြစ်။ စကားဖြစ်ရုံ။ [ပါ၊ဝါစာ+မြန်၊ကမှာ (ပုဒ်ဖြည်)] **~သိလိဋ္ဌ**/ဝါစာသိသိပ်ထာ့/န-စကားပြေပြစ်ရုံမျှ ဖြည်သွင်းသော ပုဒ်။ (သာဓက။ ။ လမ်းပန်း၌ ပန်းသည် ဝါစာသိလိဋ္ဌဖြစ်သည်။) [ပါ၊ဝါစာသိလိဋ္ဌ]

ဝါစင်္ဂ၊န-[သဒ္ဒါ]ဆိုလိုသည့် အဓိပ္ပာယ် ရောက်အောင် ပြောဆိုသော စကား၏အစိတ်အပိုင်း။ [ပါ၊ဝါစင်္ဂ]

ဝါဏိဇ္ဇ/ဝါနိတ်ဇာ့/န-ကုန်သွယ်မှု။ [ပါ၊ဝါဏိဇ္ဇ] **~ပဋိပတ္တိ**/-ပတိပက်ချိ/န-အလုပ်ရှင်နှင့် အလုပ်သမား အငြင်းပွားမှု။ **~ဗေဒ**/-ဗေဒ/န-ကူးသန်းရောင်းဝယ်မှုပညာ။

ဝါဒ၊န-အဆို။ အယူအဆ။ ခံယူချက်။ [ပါ၊ဝါဒ]

ဝါဒါ၊န-[ထောင်]အကျဉ်းသားများအား ကြီးကြပ်ရသော ထောင်အမှုထမ်း။ [လိပ်၊warder]

ဝါဒီ၊န-တစ်စုံတစ်ခုသော ဝါဒကို လက်ခံယုံကြည်သူ။ [ပါ၊ဝါဒီ]

ဝါယမ၊န-ကြိုးစားအားထုတ်ခြင်း။ လုံ့လပြုခြင်း။ [ပါ၊ဝါယာမ]

ဝါယော၊န-လေ။ လေဓာတ်။ [ပါ၊ဝါယော]

ဝါရမိတ္တရက်/ဝါရာ့မိတ်တာ့ယက်/န-ရက်ဆိုးရက်ညံ့။ နေ့သင့်ဂဏန်းနှင့် ရက်ဂဏန်းပေါင်းလျှင် ၁၃ ရရှိသော ရက်။ [သ၊ဝါရ+မဒ္ဒတျု+မြန်၊ရက်]

ဝါရှာ၊န-မူလီတပ်ရာ၌ ကြားခံအဖြစ်ထည့်သော သားရေပြားဝိုင်း စသည်။ [လိပ်၊washer]

ဝါသနာ/ဝါသနာ/န-စွဲမြဲနေသော အလေ့အကျင့်။ [ပါ၊ဝါသနာ] **~ဘာဂီ**/-ဘာဂီ/န-ဝါသနာဆိုင်ရာ။ ဝါသနာ။ [ပါ၊ဝါသနာ+ဘာဂီယ] **~အိုး**/-အိုး/န-ဝါသနာကြီးသူ။

ဝါသဝ၊န-သိကြားမင်း။ [ပါ၊ဝါသဝ]

ဝါး[၁]၊ကြိ-၁၊အစာကိုသွားဖြင့် ကြိတ်ခြေသည်။ ၂၊ဖိညှပ် ကြိတ်ဖြက်သည်။ "လက်ကို စက်~သွား-။" ၃၊မီးအလုံးစုံ လောင်ကျွမ်းသည်။

ဝါး[၂]၊ကြိ-၁၊မသဲမကွဲဖြစ်သည်။ ၂၊ရမ်းသန်းပြောဆိုသည်။ ဖြီးဖြန်းသည်။ မသဲမကွဲ ပြောဆိုသည်။

ဝါး[၃]၊န-၁၊အမြစ်ဆုံမှ အပင်များပွား၍ တစ်စုတည်းပေါက်တတ်ပြီး ပင်စည်ကို စိတ်ဖြာ၍ သက်ရှ မောင်းစသည် ရက်လုပ်ရသော အပင်။ ၂၊တီးမှုတ်ရာတွင် အချိန်ပိုင်း ကန့်ပေးရန် တီးခေါက်ရသော ဝါးပဋ္ဌည်း။ ၃၊ယင်းသို့ တီးခေါက်ပိုင်းကန့် ပေးသော နရီအကန့်။ **~ကပ်**/ဝဂတ်/န-ဝါးကို စိတ်ဖြာ၍ ရက်ထားသော အချပ်။ **~ကုပ်**/ဝဂုတ်/န-ကိုင်းညွတ်၍ ချုံသဖွယ်ပေါက်သော ဝါးတစ်မျိုး။ **~ခြမ်း** /ဝချန်း/န-ဝါးလုံးကို ခွဲထားသော အခြမ်း။ **~ညှပ်အက** /ဝညှတ်အကာ့/ န- ဝါးလုံးကိုင်သူတို့က ပူးချည်ခွာချည် အချက်ကျကျလုပ်ရှားပေးနေသော ဝါးလုံးများကြားတွင် ဆိုင်းချက်နှင့်အညီ ကခုန်ရသော အက။ **~တစ်ပြန်**/ဝါးဒဗျန်/ **~တစ်ရိုက်**

မာတိကာသို့ ▶▶▶

http://www.lknt11.com

/ဝါးတယိုက်/ န-ဝါးလုံး အရင်းမှ အဖျားအထိ ရှိသော အဟိုင်းအဟာ။ **~နက်**/ဝနက်/ န-အလုံး ချော၍ အစိမ်းပုပ်ရောင်ရှိသော ဝါးတစ်မျိုး။ **~ဖိုး** /ဝဖိုး/န-ပေ၁၀၀ ခန့်အထိ မြင့်တက်၍ အသား ထူပြီး လုံးပတ် ၂ပေခန့်ကို ရှိတက်သော ဝါးပင်ကြီး။ **~ဖပ်**/ဝဖတ်/န-ဝါးပင်အဆစ်မှ ထွက်သော အပပ် အလွှာ။ **~ဖြူ**/ဝါးဖျူ၊ဝဖျူ/န-မြင်ဆံဝါး။ **~မျက်** /ဝမျက်/န-ဝါးပင်အဆစ်။ **~ယား**/ဝယား/န-အသားပါးသော ဝါးတစ်မျိုး။ **~ယောင်းမှို**/ဝယောင်း မှို/န-ဝါးဆွေးအုံများတွင် ပေါက်တတ်သော စားရ သည့်မှိုတစ်မျိုး။ **~ရင်းတုတ်**/ဝယင်း ဒုတ်/ န-ရင့်မာ၍ အခေါင်းပိတ်သော ဝါးအရင်းပိုင်းကို ပြုလုပ်ထားသော တုတ်။ **~ရောင်းချဉ်** /ဝယောင်း ဂျင်/န-အရွက်အရည်ရွှမ်း၍ ချဉ်ဖန်သော ဟင်းလျာ နွယ်ပင် တစ်မျိုး။ **~လက်ခုပ်**/ဝါးလက်ခုတ်၊ ဝလခုတ်/န-လက်နှစ်ဖက်ဖြင့် ကိုင်၍ လက်ခုပ် ကဲ့သို့ ရိုက်တော်တီးရသော ဝါးတူရိယာ။ **~လောင်း** /ဝလောင်း/န-ဝါးပင်အနု။ **~လက်စည်း** /ဝလက် စီး/န-စည်းတစ်ချက် ဝါးဘစ်ချက် မှန်မှန်တီးစေ်တ် သော စည်းချက်။ **~လုံး**/ဝလုန်း/န-မခွဲမခြမ်း ရသေးသော ဝါး။ **~လုံးထိုး**/-ဒိုး/ကြိဝိ-(မြစ်ရေ၊ ချောင်းရေ) အရှိန်အဟုန် ပြင်းထန်စွာ (စီးဆင်း သည်)။ **~လုံးထောက်ခုန်**/-ဒေါက်ခုန်/န- မြင့်သော တန်းကို လွှတ်အောင် ဝါးလုံးစသည် ဖြင့် ထောက်၍ ခုန်သော အားကစားနည်း။

ဝါး[၆]စည်း-လက်ဝါးဖြတ်ပမာဏကို ရေတွက်ရာတွင် သုံးသော စကားလုံး။

ဝါးဥ၊န-ရှည်သွယ်၍ အဖျားချွန်းသော၊ ကစီဓာတ် ပါသော ဥသည့် အပင်ငယ်။ အာဒါလွှတ်ပင်။

ဝိကပ္ပနာ၊န-[ဝိနည်း] သင်္ကန်းကို မဝတ်ရုံဘဲထားနိုင် အောင် ပြုရသော အစီအရင်။ [ပါ၊ဝိကပ္ပန]

ဝိဂြိုဟ်/ဝိဂျို/န-စကားလုံး၏အနက်။ [သ၊ဝိဂြဟ] **~ကျေ**၊ကြိ-စကားလုံး၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုရှင်းပြသည်။

ဝိစိကိစ္ဆာ / ဝိစိကိတ်ဆာ/ န- စိတ်နှစ်ခွ ဖြစ်ခြင်း၊ မဆုံးဖြတ်နိုင်ခြင်း။ [ပါ၊ဝိစိကိစ္ဆာ]

ဝိဇယုတ်၊န-သိကြားမင်း၏ ရေသင်းအဆောင်။ [ပါ၊ ဝိဇယုတ္တရ]

ဝိညာဏက္ခန္ဓာ/ဝိန်ညာနက်ခန်ဒါ/န-သတ္တဝါတို့၏ သန္တာန်၌ ဖြစ်သော သိမှုအစု။ [ပါ၊ဝိညာဏက္ခန္ဓ]

ဝိညာဉ်/ဝိန်ညင်/န-၁၊စိတ်။ ၂၊အသက်။ လိပ်ပြာ။ [ပါ၊ဝိညာဏ] **~ချုပ်**/-ချုတ်/ကြိ-သေသည်။ **~တွယ်** /-တွယ်/ကြိ-ဘဝအသစ် တစ်ခုဖြစ်ပေါ် သည်။

ဝိတက်၊န-ကြံစည်ခြင်း။ တွေးရာလေးပါး တွေးတော ကြံစည်ခြင်း။ [ပါ၊ဝိတက္က] **~စာရ** /ဝိတက် ဝိစာရ/န-ဝိတက်။ [ပါ၊ဝိတက္က+ဝိစာရ]

ဝိနယဓရ/ဝိနယာ့ဒရာ့/န-ဝိနည်းမိုရ်ပုဂ္ဂိုလ်။ [ပါ၊ ဝိနယ+ဓရ]

ဝိနာဘာဝ၊န-သေကွဲ ကွဲခြင်း။ [ပါ၊ဝိနာဘာဝ]

ဝိနိစ္ဆယ/ဝိနိတ်ဆယာ့/န-အဆုံးအဖြတ်။ [ပါ၊ဝိနိစ္ဆယ]

ဝိနည်း၊န-ရဟန်းတို့ လိုက်နာရသည့် ဥပဒေ။ [ပါ၊ ဝိနယ] **~ဓိုရ်**/ဝိနီးဒို/န-၁၊ဝိနည်းငါးကျမ်းကို အာဂုံ ဆောင်သော ရဟန်း။ ၂၊ဝိနည်းဆိုင်ရာ ကိစ္စရပ် များတွင် အဆုံးအဖြတ်ပေးသော ရဟန်း။ [ပါ၊ ဝိနယဓရ] **~ရောစ်** ၊ကြိ-[ဥပစာ]လိုက်နာအပ်သည့် ကျင့်ဝတ်တို့ကို ပရိယာယ်ဖြင့် ရှောင်ကွင်းသည်။ **~လွတ်**၊ ကြိဝိ- [ဥပစာ] သင့်ရောက်မည့် အပြစ်မှ ကင်းလွတ်အောင်။

ဝိပါကဝဋ်/ဝိဗာဂါ့ဝတ်/န-ဘဝအဆက်ဆက်၌ ဖြစ် ပေါ်သော အကျိုးတရား။ [ပါ၊ဝိပါက+ဝဋ္ဋ]

ဝိပါက်/ဝိဗက်/န-မိမိ၏ ပြုမူဆောင်ရွက်မှုအလိုက် ဖြစ်ပေါ်သော အကျိုး။ [ပါ၊ ဝိပါက]

ဝိပတ္တိတရား /ဝိတ်ပတ်တိတရား/ န- ပျက်စီးခြင်း တရား။ (၁၊ဂတိဝိပတ္တိ-အပါယ်ဘုံတည်းဟူသော ပျက်သော ဂတိ၌ဖြစ်ခြင်း ၂၊ဥပဓိဝိပတ္တိ-ခြေလက် အင်္ဂါပျက်သော ခန္ဓာရှိခြင်း ၃၊ကာလဝိပတ္တိ-ကပ် သုံးပါးနှင့်ကြုံလျက် ပျက်သော ကာလ၌ဖြစ်ခြင်း ၄၊ပယောဂဝိပတ္တိ-ပျက်သော လုံ့လရှိခြင်း ဟူ၍ လေးပါးရှိသည်။) [ပါ၊ဝိပတ္တိ+မြန်၊တရား]

ဝိပဿနာ/ဝိပတ်သနာ/န-ရုပ်နာမ်နှစ်ပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုမှတ်ဆင်ခြင်ခြင်း။ [ပါ၊ဝိပဿနာ] **~ဓုရ**/-ဒုရာ့၊-ဒူရာ့/န-ရဟန်းတို့၏ တရား အား ထုတ်ခြင်းဟူသော တာဝန်။ (ဂန္ထဓုရလည်းရှု) [ပါ၊ဝိပဿနာ+ဓုရ]

ဝိဘတ်၊န-[သဒ္ဒါ] နာမ်၊ နာမ်စားတို့၏ နောက်၌တည်၍ ၎င်းတို့သည် ကတ္တားဖြစ်သည်၊ ကံဖြစ်သည် စသည်ကို လည်းကောင်း၊ ကြိယာ၏ နောက်၌ တည်၍ ၎င်းကြိယာ၏ ကာလနှင့် အမျိုးအစားကို လည်းကောင်း ခွဲခြားပိုင်းခြားပြသော စကားလုံး။ [ပါ၊ဝိဘတ္တိ]

ဝိမုတ္တိ၊န-ကိလေသာမှ လွတ်မြောက်ခြင်း။ [ပါ၊ဝိမုတ္တိ]

ဝိရောဓိ၊န-ဆန့်ကျင်ခြင်း။ [ပါ၊ဝိရောဓိ]

ဝိဝါဒ၊န-အငြင်းပွားမှု။ ငြင်းခုံမှု။ [ပါ၊ဝိဝါဒ]

ဝိဝါဟမင်္ဂလာ/ဝိဝါဟာ့မင်ဂလာ/ န-သမီးပေးခြင်း မင်္ဂလာ။ (အာဝါဟမင်္ဂလာလည်းရှု) [ပါ၊ဝိဝါဟ+ မင်္ဂလ]

ဝိဝဋ္ဋကပ်/ဝိဝတ်တာ့ကတ်/န-အသစ်တစ်ဖန် ကမ္ဘာ

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

တည်ထောင်နိုက် ကာလ။ [ပါ၊ဝိဝဋ္ဋ+ကပ္ပ]

ဝိဝဋ္ဋဋ္ဌာယီကပ်/ဝိဝတ်တဲ့ထာယီကတ်/န-ကမ္ဘာတည်ပြီးနောက် မပျက်စီးမီအတွင်း အချိန်ကာလ။ [ပါ၊ ဝိဝဋ္ဋ+ကပ္ပ]

ဝိသကြံ/ဝိသဲ့ဂျန်/န-သိကြားမင်း၏ ဗိသုကာနတ်။ [ပါ၊ဝိဿကမ္မ/ဝိသုကမ္မ]

ဝိသမလောဘ/ဝိသမဲ့လောဘဲ့/န-မတရားသော၊ လွန်ကဲသော လောဘ။ [ပါ၊ဝိသမလောဘ]

ဝိသယစေတီ/ဝိသယဲ့စေတီ/န-မြတ်စွာဘုရား၏ သဗ္ဗညုတ ဉာဏ်တော် ကျက်စားရာဖြစ်သော စကြဝဠာအနန္တ။ [ပါ၊ဝိသယ၊ စေတ္တ]

ဝိသာခါ၊န-ကြယ် ၁၄လုံးပါဝင်၍ ဆိုင်းဝိုင်းသဏ္ဌာန်ရှိသော နက္ခတ်။ [ပါ၊ဝိသာခါ]

ဝိသေသ၊န-ထူးခြားချက်။ [ပါ၊ဝိသေသ]

ဝိသေသန န-[သဒ္ဒါ] အထူးပြုသော ပုဒ်။ [ပါ၊ ဝိသေသန]

ဝိသဇ္ဇနာ/ဝိသစ်ဇနာ/န-အဖြေ။ [ပါ၊ဝိသဇ္ဇနာ]

ဝိသဇ္ဇနီ/ဝိသစ်ဇနီ/န-ဝစ္စပေါက် နှင့်အတူတူ။ [သ၊ ဝိသဇ္ဇနီယ]

ဝိသုဒ္ဓိနတ်၊န-မြတ်စွာဘုရား။ [ပါ၊ဝိသုဒ္ဓိ၊ နာထ]

ဝိဟာ၊န-[ကဗျာ] ဝိဟာရ နှင့်အတူတူ။ [ပါ၊ဝိဟာရ]
~ရ/ဝိဟာရ/န-ရဟန်းသံဃာတို့ သီတင်းသုံးရာ ကျောင်း။ [ပါ၊ဝိဟာရ]

ဝီစကီ၊န-မုယော၊ ပြောင်းစသည့် သီးနှံများဖြင့် ပြုလုပ်သော အရက်တစ်မျိုး။ [လိပ်၊whisky]

ဝီစီ၊န-မှုတ်ရသောခရာငယ်တစ်မျိုး။ [လိပ်၊ whistle]

ဝီထိ၊န-၁၊လမ်းခရီး။ ၂၊စိတ်အစဉ်အတန်း။ [ပါ၊ဝီထိ]

ဝီဘတ္တရသ/ဝီဗစ်ဆဲ့ရာသဲ့/န-[စာပေ]ရွံရှာစက်ဆုပ်မှုရသ။ [ပါ၊ဝီဘတ္တ+ရသ]

ဝီရရသ/ဝီရဲ့ရာသဲ့/ န- [စာပေ] ရဲရင့်မှုရသ။ [ပါ၊ ဝီရ+ရသ]

ဝီရိယ/ဂရိယဲ့/န-ကြိုးစားအားထုတ်မှု။ လုံ့လ။ [သ၊ ဝီယ+ပါ၊ဝီရိယ]

ဝေ၊ကြိ-၁၊ဖြန့်ပေးသည်။ မျှပေးသည်။ ၂၊ရှုမှုက်၍ လျှံထွက်သည်။ ၃၊ကြည်လင်ပြတ်သားမှုမရှိ မှုန်မှိုင်းသည်။ ၄၊အခိုး၊ ရနံ့ စသည် ပျံ့နှံ့သည်။ ~ခွဲ/ဝေခွဲ/ကြိ-အမှားအမှန် အဆိုးအကောင်း ပိုင်းခြားဆုံးဖြတ်သည်။ **~စားမျှစား**/ဝေစားမျှာစား/န-ရသမျှ အကျိုးအမြတ်ကို ခွဲဝေယူခြင်း။ **~စု**/ဝေစု/န-အမျိုးကျရရှိသည့် အစု။ ဝေပုံ။ **~ဆာ**၊နဝိ-မြိုင်ဆိုင်သော။ ~ပုံကျ/ဝေဗုန်ကျ/ကြိဝိ-ရသင့်သော ဝေစုအလိုက်။ **~ဖန်**/ဝေဖန်/ကြိ-၁၊အကောင်းအဆိုးကို သုံးသပ်စိစစ်သည်။ ၂၊စီမံခန့်ခွဲသည်။ ခွဲဝေပေးသည်။ **~ဖန်ချက်**/-ဂျက်/န-ဝေဖန်သုံးသပ်ချက်။ **~ဖန်ပိုင်းခြား**/ဝေဖန်ပိုင်ချား/ကြိ-ဝေဖန်နှင့် အတူတူ။ **~လီဝေလင်း**၊န-မိုးလင်းစအချိန်။

ဝေစယန်၊န-၁၊သိကြားမင်းစံရာ နန်းပြာသာဒ်။ ၂၊ သိကြားမင်းစီးသည့် ယာဉ်ရထားအမည်။ [ပါ၊ ဝေဇယန္တ]

ဝေဒ၊န-၁၊ဗေဒင်။ ၂၊အသိပညာ။ ဗေဒ။ [ပါ၊ဝေဒ]

ဝေဒနာ၊န-၁၊ခံစားမှု။ ၂၊နာကျင်သော ခံစားမှု။ ရောဂါ ခံစားမှု။ [ပါ၊ဝေဒနာ]

ဝေဒနက္ခန္ဓာ၊န-သတ္တဝါတို့၏ သန္တာန်၌ ဖြစ်သော ခံစားမှု အစု။ [ပါ၊ဝေဒနာက္ခန္ဓ]

ဝေနေယျ၊န-ကျွတ်ထိုက်သည့် သတ္တဝါ။ [ပါ၊ဝေနေယျ]

ဝေမာနိကပြိတ္တာ/ဝေမာနိကဲ့ပိတ်တာ/န-နေ့တွင် ဒုက္ခခံ၍ ညတွင် ဗိမာန်၌ စံစားရသော ပြိတ္တာ။ [ပါ၊ဝေမာနိက+သ၊ပြေတ]

ဝေယျာဝစ္စ/ဝေယာဝတ်စဲ့/န-ကိစ္စကြီးငယ်။ [ပါ၊ ဝေယျာဝစ္စ]

ဝေလာဝေး၊ကြိ-(အခွင့်အလမ်း စသည်နှင့်) အလွန်ကွာဝေးသည်။

ဝေဝုစ်/ဝေဝုတ်/န-စကားပရိယာယ်။ [ပါ၊ဝေပုစ္ဆ]

ဝေဟင်၊န-ကောင်းကင်။ [ပါ၊ဝိဟင်္ဂမ]

ဝေ့၊ကြိ-၁၊ရစ်လည်သည်။ ကွေ့ဝိုက်သည်။ ၂၊အဆီ၊ အရောင် စသည် ဖြန့်သည်။ ၃၊ပြည့်လျှမ်းသည်။ "မျက်ရည်~~။" **~လည်ကြောင်ပတ်**/ဝေ့လယ်ကျောင်ပတ်/ကြိဝိ-မရေမရာ ကွေ့ပတ်တိမ်းရှောင်လျက်။ ကွေ့လည်ကြောင်ပတ်။ **~လည်လည်**/ဝေ့လယ်လယ်/ကြိဝိ-(သိုရင်းသို့မရောက်ဘဲ) ကွေ့ပတ်လျက်။

ဝေး၊နဝိ-ကွာလှမ်းသော။ မနီးသော။ **~လံ**၊ နဝိ-အလွန်ဝေးသော။

ဝဲ[၁]၊ န- ဘယ်သက်။ လက်ဝဲ၏ အတိုကောက်စကားလုံး။

ဝဲ[၂]၊ကြိ-၁၊တစ်နေရာတည်း၌ ရစ်လည်နေသည်။ ၂၊စကားပြောရာတွင် အခြားအသံ တစ်ခုခုဖက်သို့ ယိမ်းသည်။ န-မြစ်ချောင်းတို့တွင် တစ်နေရာတည်း၌ ရစ်လည်နေသော ရေစု။ **~ကတော့**/ဝဲဂဒေါ့/န-ရေပြင်တွင် ကတော့ပုံသဏ္ဌာန် အဝကျယ်၍ အတွင်းဘက်သို့ နိမ့်ဆင်းရစ်လည်သော ဝဲ။ **~စလုတ်**/ဝဲဇလုတ်/န-စုပ်ဝဲ။ **~ပြန်**၊န-အထက်သို့ မှုတ်သော ရေဝဲ။ မှုတ်ဝဲ။ **~မကျူး**၊ကြိဝိ-[ပေါ] မကျူး၊ ဘသီးတခြား။ **~မှုတ်**၊ကြိ-(လေဖြင့်မှုတ် သကဲ့သို့) ရေမျက်နှာပြင်ထက်သို့ ဝဲအတွင်းမှ တွန်းထုတ်သည်။ **~လင်း**၊န-အိမ်များတွင် ရှေ့မျက်နှာစာ၌ အမိုးချလုက် အကာမဲ့ ဆောက်လုပ်

မာတိကာသို့ ▶▶▶

http://www.lknt11.com

သော အဆောင်။ ဝဲပျံ။ ~ကြယ်၊နာ–နှစ်မွှန်းစေသော ဝဲကြီး။ [မြန်၊ဝဲ– ပါ၊ဩယ]

ဝဲ³၊ န–အရေပြားပေါ်တွင် ဖြစ်တတ်သော ယားနာတစ်မျိုး။ ဝဲနာ။ –စား၊ကြိ ဝဲနာစွဲကပ်သည်။

ဝေါ¹၊န–မင်း၊ မိဖုရားစသူတို့ စီးနင်းသော လူထမ်းသည့် ယာဉ်တစ်မျိုး။ [မွန်၊ဝဝ်]

ဝေါ²၊န–၁၊သုံးပုံဖဲတွင် အဖြူလေးပွင့် လေးကိုင်းသင်္ကေတ ပါသော ဖဲချပ်။ ၂၊ကက်ဖဲတွင် အနီတစ်ပွင့်၊ အဖြူသုံးပွင့်ပါသော ဖဲချပ်။

ဝေါဟာရ/ဝေါဟာရ/န–အခေါ်အဝေါ်။ စကားလုံး။ [ပါ၊ဝေါဟာရ]

ဝံ၊န–ဝက်ဝံ။ ~ပုလွေ/ဝန်ပလွေ/န–ခွေးနှင့်တူသော သားစားနို့တိုက် တောရိုင်းသတ္တဝါ တစ်မျိုး။ ~ပိုင့်/ဝန်ပိုင့်/န–ကြောင်ဝံပိုင့်နှင့်အတူတူ။ ~ရွှေ၊န–အမွေး ညိုရွှေသောအရောင်ရှိ ဝက်ဝံ။ ~အူ၊န–ပြား၍ ရှည်သော အသီးတောင့်သီးသည့် နွယ်ပင်တစ်မျိုး။ (အခေါက်ကို ကျပ်စည်းရာ၌ အသုံးပြုသည်။)

ဝံသ၊န–အမျိုးအနွယ်။ [ပါ၊ဝံသ]

ဝံသာနု၊~ရက္ခိတ /ဝန်သာနုရက်ခိတ/န–၁၊မိမိနိုင်ငံနှင့် လူမျိုးကို အစဉ်စောင့်ရှောက်ခြင်း။ ၂၊မိမိနိုင်ငံနှင့် လူမျိုးကို အစဉ်စောင့်ရှောက်သူ။ ၃၊မျိုးချစ်စိတ်ရှိခြင်း။ ၄၊ မျိုးချစ်စိတ်ရှိသူ။ [ပါ၊ဝံသာနုရက္ခိတ]

ဝံ့၊ကြိ–ရဲရင့်သည်၊ စည်း–ရဲရင့်သည်ဟူသော အနက်ဖြင့် ကြိယာကို ထောက်ကူသော စကားလုံး။ ~စား/ဝန့်ဇား/ကြိ–လွန်စွာ ရဲရင့်သည်။

ဝိုးတဝါး/ဝိုးဒဝါး/ကြိဝိ–အာရုံတွင် မထင်မရှား။

ဝက်¹၊န–အသိများ၍ အခေါက်ထူသော ခြေလေးချောင်း နို့တိုက်သတ္တဝါတစ်မျိုး။ ~ကြိမ်၊န–မြစ်ချောင်းကမ်းစပ်တို့တွင် ပေါက်လေ့ရှိသော ကြိမ်ပင်တစ်မျိုး။ ~ကြွယ်/ဝက်ကျွယ်/န–ဆေးဖက်ဝင် အပင်ငယ်တစ်မျိုး။ ~ခေါင်းထိုး/ဝက်ခေါင်းဒိုး/ကြိဝိ–ရှေ့တူရူကို တည့်တည့် ဦးတည်လျက် ဘစ်ဟုန်ထိုး၊ ~ချေးပန်း၊န–၁၊အရိုးအခက်ကို တံမြက်စည်းလုပ်ရသော အပင်နိမ့်တစ်မျိုး။ ၂၊ရွှေဝါတိုင်းပင်။ ~ခြံ၊န–၁၊တရားစီရင်ရာရုံးတွင် ကာရံထားသော အစစ်အဆေးခံရာနေရာ။ ၂၊မြင့်ကာထားသော ရံတိုင်ပါသည့် လှည်းအိမ်တစ်မျိုး။ ၃၊ မျက်နှာအရေပြားပေါ်၌ ပေါက်သည့် အဖုတစ်မျိုး။ ~ခြံပုန်း/ဝက်ချန်ဗုန်း/န– မြုံ၍ ပေါက်သော ဝက်ခြံတစ်မျိုး။ ~စွယ်၊န–ခင်တုံးနှင့်လှည်းဝင်ရိုး ရွေ့မသွားအောင် လှည်းသန်တွင် ဖောက်လျှို၍ ညှပ်ထားသော သစ်သားငုတ်။ ~စွယ်ကင်းပိတ်/ဝက်စွယ်ဂင်းဗိတ်/န–အခေါင်းမရှိသော တောဝက်အစွယ်။ [ဝက်စွယ်+ နားပင်းပိတ်] ~ပုတ်၊ န–ဝဖိုင့်သောသူကို ပြောင်လှောင်ခေါ်သော စကား။ ~ဖရုံ၊န–ဖရုံတစ်မျိုး။ ~မလွှတ်၊ န–ပင်စည်ပုပျပ်သည့် ငှက်ပျော၊ အုန်းစသော အပင်။ ~မြေဘူ/ဝက်မြေဇာအု/န–မိုးဦးကျတွင် လယ်ကွက်ထဲ၌ ပေါက်လေ့ရှိသော ဥကိုပြုတ်စားရသည့် မြက်ပင်တစ်မျိုး။ ~မှင်ဘီး၊န–ဝက်မွေးသို့မဟုတ် အလားတူအရာမျိုးဖြင့် ပြုလုပ်သော ဖြီးစရာ ဘီး တစ်မျိုး။ ~ရူးပြန်၊ကြိ–ပါးဝပ်မှ အမြှုပ်ထွက်လျက် တက်သော ရောဂါဖြစ်ပေါ်သည်။ ~ရန်း၊ န– အပင်တစ်မျိုး။ ~လာ၊ န–မြက်ကြီးတစ်မျိုး။ ~ဝံ၊န–အမွေးထူ၍ ခြေသည်းချွန်ထက်သော ခြေလေးချောင်း တောရိုင်းတိရစ္ဆာန်။ ~သိုးချုပ်/ပက်သိုးဂျုတ်/န–အစနှစ်ခုထပ်၍ ချုပ်သော အပ်ချုပ်နည်းတစ်မျိုး။ ~သက်၊န–ဖျားပြီး မိတ်ကဲ့သို့ အဖုများထွက်ပေါ်သော ကလေးများတွင် ဖြစ်တတ်သော ရောဂါတစ်မျိုး။ ~သစ်ချ၊ န–အိမ်ထောင်ပရိဘောဂလုပ်ရန် အသုံးဝင်သည့် အသားမာသော အပင်တစ်မျိုး။ ~အူ၊န–သစ်သား၊ သတ္တု စသည်ထဲသို့ လှည့်ရစ်ဝိုက်သွင်းရသော ထိပ်ဖူးပါ သတ္တုချောင်း။ ~အူချောင်း/ဝက်အူချောင်း/န–ဆိတ်အူစသည် အတွင်းသို့ ဝက်သားကို လိုး၍ ထည့်သွင်းထားသော စားဖွယ်တစ်မျိုး။ ~အူလှည့်/ဝက်အူလှဲ့/န–ဝက်အူတပ်ရာ၊ ဖြုတ်ရာတွင် သုံးသော ကိရိယာ။ ဘျောက်လှည့်။

ဝက်²၊ကြိ–ထက်ဝက်ခွဲသည်။ ~ဝက်ကွဲ၊ကြိ–လွန်ကဲစွာ။ "ပရိသပ် ~စည်ကား–။"

ဝက်ခွ၊န–ထူရာ ထောက်ရာ စသည့်တွင် အသုံးပြုရန် နှစ်ခွ သုံးခွသဏ္ဍာန်ဖြစ်အောင် ထိပ်တွင် ချည်နှောင်ထားသည့် သစ်ချောင်း ဝါးချောင်း။

ဝိုက်၊ကြိ–၁၊ ကွေးအောင် ဟိုက်အောင် ပြုသည်။ ၂၊နံဘေးမှ ပတ်၍ရံသည်။ န–[ခြင်း] ကျလာသော ခြင်းလုံးကို ခြေတစ်ဖက်ဖြင့် ကျော်ကာ ကျန်ခြေတစ်ဖက်ဖြင့် ခတ်နည်း။ ~ချ၊န–အကွေရာဘေးမှ ဝိုက်၍ချသော ရေးချ တစ်မျိုး။ –ာ။ (မောက်ချလည်းရှု)

ဝင်/ဝင်/န–၁၊အစု။ ၂၊ဌာန်တူရာအလိုက် စုဖွဲ့ထားသော ဗျည်းများ။ [ပါ၊ဝဂ္ဂ] ဝဂ္ဂန္တ/ဝက်ဂန်တ/န–ဝင်ငါးခု၏ အဆုံးအက္ခရာ။ င၊ ည၊ ဏ၊ န၊ မ။ [ပါ၊ဝဂ္ဂန္တ] ~နင်း/ဝက်နင်း/န–အခံ ကာရန်နှင့် အဆုပ်ကာရန် နှစ်ခုရှိရာတွင် ယင်းတို့နှင့် တူသော ကာရန်တစ်ခုကြားပင်မနေခြင်း။ (ဘာဝကာ။ ။ တောတောင်ကသာ၊ မြစ်ညာက လေသွေး။ ရန့်ထုံမာလာမွှေးတယ်၊ စိတ်ပျော်ဖို့လေး။ ။ဤ၌ မွှေးသည် ဝင်နင်းဖြစ်သည်။) ~ဗျည်း/ဝက်ဗျီး/

မာတိကာသို့ ▶▶▶

န-ဝဂ်ငါးခုနှင့် ပါပင်သော က မှ မ အထိ ဖြစ်သော ဗျည်းနှစ်ဆယ့်ငါးလုံး။

ဝင်၊ကြိ-၁၊အပြင်မှ အတွင်းသို့ ရောက်အောင် သွားသည်။ ၂၊အသင်းအဖွဲ့၌ အဖွဲ့သားအဖြစ် ခံယူသည်။ ၃၊အရေအတွက်တွင် ပါသည်။ ၄၊ဆုံသည်။ ၅၊ တစ်စုံတစ်ခုသော အပိုင်းအခြားသို့ ရောက်သည်။ "အသက်ငါးဆယ်ထဲ ~လာပြီ၊ လူရာ---။" **~ကစွပ်**/ဝင်ဂစွတ်/န-ခရုခွံများတွင် ခိုပင်နေတတ်သော ကဏန်းငယ်တစ်မျိုး။ **~ကုန်**/ဝင်ဂုန်/န-နိုင်ငံခြားမှ တင်သွင်းသောကုန်။ **~ငွေ**၊ န-လုပ်ငန်း တစ်စုံတစ်ရာမှ ရရှိသော ငွေ။ **~စား**/ဝင်ဇား/န-၁၊စိတ်ရူးဝိုက်သည်။ ၂၊ဘဝတစ်ခုမှ သည် ဘဝတစ်ခုသို့ ပြောင်းသည်။ **~ဆံ့**၊ကြိ-ဆက်ဆံမှု ပြေပြစ်သည်။ **~နေ**၊န-အခြား ဒေသမှ လာရောက်မှီခိုနေထိုင်သူ။(ကပ်ပါး၊ **အလာ**၊ **အသည်** တို့လည်းရှ) **~ရိုး**၊န-ဘီး၏ဗဟိုကို လျှိုထားသော အတံ။ **~ရိုးစွန်းဒေသ** /ဝင်ယိုးဇွန်းဒေသ/ န-ကမ္ဘာမြေကြီး၏ တောင်ဘက်နှင့် မြောက်ဘက်ရှိ အစွန်ဆုံးဒေသ။ **~ရိုးတန်းနိုင်ငံ** /ဝင်ယိုးဒန်းနိုင်ငံ/ န- ဒုတိယ ကမ္ဘာစစ်အတွင်းက ဖွဲ့စည်းခဲ့သော ဂျာမနီ၊ အီတလီနှင့် ဂျပန်ပါဝင်သည့် ဖက်ဆစ်နိုင်ငံများအဖွဲ့။ **~သက်**/ဝင်သက်/န-ရှူသွင်းသော လေ။

ဝက်ပါ /ဝင်ဂဗာ/ န-၁၊ ခတောင်ကျွေ့တောင်ပတ်များသော လမ်း။ ၂၊အကွေ့အကောက်များစွာဖြင့် ဖြူလုပ်ထားသော လမ်း။ [ပါ၊ ဝက်-သ၊ပဗ်တ]

ဝက်ဝုတ္တိအလင်္ကာ/ဝင်ဂါဝုတ်တိအလင်ကာ/န-သွယ်ဝိုက်ဖွဲ့ဆိုရေးသားသော အလင်္ကာ။ [ပါ၊ဝက်+ဝုတ္တိ+ အလင်္ကာရ]

ဝက်န္တဉာဏ်/ဝင်ကန်တာညန်/န-ကောက်ကျစ်သော ဉာဏ်။ [ပါ၊ဝက်+အန္တ +ဉာဏ]

ဝင်ကိုးဝင်၊န-၁၊ဗုဒ္ဓဝင်-ဘုရားအစဉ်အဆက်ကို ပြသောကျမ်း ၂၊ဝံသာဝင်-ဘုရားရှင်တို့၏ ဆွေတော်မျိုးတော်အစဉ်အဆက်ကို ပြသောကျမ်း ၃၊ရာဇဝင်-မင်းအစဉ်အဆက်ကိုပြသောကျမ်း ၄၊အနာဂတဝင်-ပွင့်လတ္တံ့သော ဘုရားအစဉ်အဆက်ကို ပြသောကျမ်း ၅၊ ဓါတ္တာတုဝင်- ဘုရား၏ဓါတ်တော်အစဉ်အဆက်ကို ပြသောကျမ်း ၆၊ ဒီပဝင်-သီဟိုဠ်ကျွန်းသမိုင်း အစဉ်အဆက်ကို ပြသောကျမ်း ၇၊ထူပဝင်-စေတီပုထိုးတို့၏ အစဉ်အဆက်ကို ပြသောကျမ်း ၈၊ဗောဓိဝင်-မြတ်စွာဘုရား ပွင့်တော်မူရာ ဗောဓိပင်အကြောင်းကို ပြသောကျမ်း ၉၊ သာသနာဝင်-သာသနာတော်အစဉ်အဆက်ကို ပြသောကျမ်း တည်းဟူသော ကျမ်းကိုးပါး။ [ပါ၊ ဝံသ+မြန်၊ကိုး+ပါ၊ဝံသ]

ဝင့်၊ကြိ-၁၊ကိုင်မြှောက်၍ ဇော့ယမ်းသည်၊ ၂၊ကြွားသည်။ ငါသည်။ **~သီး**၊န-မြန်မာမင်းများလက်ထက် ဝါဂွမ်းကို ချည်ဖြစ်အောင် ငင်ရသော အမှုထမ်း၊

ဝင်း[1]၊နဝိ-အရောင်ထွန်းတောက်သော။

ဝင်း[2]၊န-၁၊ဝိုင်းပတ်ထားသော အကာအရံ။ ၂၊ဝိုင်းပတ်ကာရံထားသော နေရာ။ **~ခင်း**၊ကြိ-မင်းကြေညာစ်ထွက်တော်မူသောအခါ ဘိသိတ်ပဖွဲ့များ ရှေ့ နောက်ဝဲယာ ခင်းကျင်း လိုက်ပါသည်။ **~မှူး**၊ န-၁၊နန်းတော်ဝင်း လေးမျက်နှာတွင် အစောင့်အကြပ်များကို ကြီးမှူးရသော အရာရှိ။ ၂၊တက္ကသိုလ်ကျောင်းဝင်း လုံခြုံရေး၊ အဆောက်အအုံ ပြုပြင်ထိန်းသိမ်းရေး၊ ရေ၊ မီးကိစ္စ စသည်တို့ကို ကြီးကြပ်ဆောင်ရွက်ရသော အရာရှိ။

ဝိုင်၊ န- ကစော်ဖောက်ထားသော သစ်သီးရည်။ [လိပ်၊wine]

ဝိုင်ယာကြိုး/ဝိုင်ယာကျိုး၊ဝါယာကျိုး/န-လျှပ်စစ်ဓာတ် စီးနိုင်သည့် သတ္တုကြိုး။ [လိပ်၊wire+မြန်၊ကြိုး]

ဝိုင်း၊ကြိ-၁၊ပတ်လည်ရံသည်။ စုအုံသည်။ ဝန်းသည်။ ၂၊ဆန်၊ ပဲ စသည်ကို ဆန်ကောတွင် ထည့်၍ ဇော့ဝိုက်သည်။ န-၁၊အစုအဝေး။ "လူသည်း~။" ၂၊ခြံဝင်း။ ၃၊အတီးအမှုတ် တူရိယာအဖွဲ့။ နဝိ-လုံးဝန်းသော။ စက်ဝိုင်းပုံရှိသော။ **~ကြီးချုပ်** /ဝိုင်းကြီးချုပ်/န-စုပေါင်းတာဝန်ယူရသော စနစ်။ **~ကြီးပတ်ပတ်**/ဝိုင်းကျီးပတ်ပတ်/န-လက်ချင်းတွဲ၍ လှည့်ပတ်ကစားရသော ကစားနည်း တစ်မျိုး။ **~စက်**၊နဝိ-အလွန်ဝိုင်းသော။ **~တော်ဒီး**/ဝိုင်းဒေါ်ဒီး/န-ဆိုင်းဆရာကြီး။ **~တော်သား**/ဝိုင်းဒေါ်သား/န-၁၊တူရိယာအဖွဲ့တွင် ပါဝင်တီးမှုတ်သူ။ ၂၊[ဥပစာ] လုပ်ငန်း တစ်ခုခု လုပ်ဆောင်ရာတွင် ပါဝင်သူ။ **~ပယ်**၊ကြိ-အများစုက အပေါင်းအသင်း မပြုဘဲ ကြဉ်ထားသည်။ **~ဖွဲ့**၊ကြိ-စုဝေးသည်။ **~လုပ်ဝိုင်းစား**/ဝိုင်းလုတ်ဝိုင်းဇား/န-စုပေါင်းဆောင်ရွက်၍ ရရှိသော အကျိုးအမြတ်ကို စုပေါင်းခံစားခြင်း။ **~ဝိုင်းလည်**/ဝိုင်းဝိုင်းလယ်/ကြိ-[ဥပစာ] အဘက်ဘက်မှ ခြံရံသည်။ အလွန်များပြားသည်။ **~ဝန်း**၊ကြိ-စုပေါင်း ပါဝင်သည်။ "အလှူတွင် ~ လုပ်ကိုင်ကြ--။"

ဝစ္စပေါက်/ဝစ်စ့ပေါက်/န-[သဒ္ဒါ] သရအက္ခရာ ဗျည်းအက္ခရာတို့၏ နောက်၌ထားသော အစက်အပြောက် သင်္ကေတ။ း။ [ပါ၊ဝိသဇ္ဇနီယ+မြန်၊ ပေါက်]

ဝိဇ္ဇာ/ဝိတ်ဆာ/န-[သဒ္ဒါ]အနက်အဓိပ္ပာယ် နှံ့စေရန် စကားလုံးကို နှစ်ကြိမ်ထပ်ဆိုခြင်း။ (သာဓက။ အမြို့မြို့။ အရွာရွာ။ အမင်းမင်း။)

http://www.lknt11.com ...

ဝိဇ္ဇာ/ဝိပ်ဇာ/န–၁။ဉာဏ်ပညာ။ ၂။အသိပညာနှင့်ဆိုင်သော ဘာသာရပ်။ ၃။ဆိုင်ရာအတတ် ပညာ၌ကျွမ်းကျင်သူ။ ၄။ပြဒါး၊ သံ၊ ဆေးစသည်အစွမ်းဖြင့်အသက်ရှည်ခြင်း၊ မြေလျှိုးမိုးပျံနိုင်ခြင်း စသောတန်ခိုးများဖြင့် ပြည့်စုံသည်ဆိုသော ပုဂ္ဂိုလ်။ [ပါ၊ဝိဇ္ဇာ] **~ဓိုရ်** /ဝိတ်ဇဒို/န–**ဝိဇ္ဇာ** ၄နှင့်အတူတူ။ [ပါ၊ဝိဇ္ဇာဓရ]

ဝဋ်၊န–၁။ပြည်ပျက်တတ်သော သဘော။ (ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ဟူ၍ သုံးမျိုးရှိသည်။) ၂။ပြုခဲ့မိသော မကောင်းမှု၏ အတုံ့အလှည့်အကျိုး။ [ပါ၊ဝဋ္ဋ] **~ကျွတ်**၊ကြိ–ဝဋ်ဟူသမျှမှ လွတ်ကင်းသည်။ **~ကြွေး**၊န–အတုံ့အလှည့်အဖြစ် ခံစားရန်ရှိသော မကောင်းကျိုး။ **~ဆင်းရဲ**၊န–သံသရာ၌ကျင်လည်ရသော ဆင်းရဲ။ **~နာကံနာ**၊န–ဝဋ်ကြောင့်ကံကြောင့်ဖြစ်သော ကုမရနိုင်သည့် ရောဂါ။ **~လိုက်၊ ~လည်**/ဝတ်လယ်/ကြိ–မကောင်းမှုအကျိုးကို တန်ပြန်ခံစားရသည်။

ဝဏ္ဏ၊န–၁။အဆင်း။ ၂။အက္ခရာ။ [ပါ၊ဝဏ္ဏ] **~လောပနည်း**/ဝန်နာလောပနီး/န–အက္ခရာကို ချေသောနည်း။ ဝဏ္ဏနာသ နည်း။ [ပါ၊ဝဏ္ဏ+လောပ+နယ]

ဝတ် [၁]ကြိ–ကိုယ်၌ အဝတ်ဆင်ယင်သည်။ အဆင်တန်ဆာ ဆင်ယင်သည်။ **~ကောင်းစားလှ**/ဝတ်ကောင်းဇလှ/န–သစ်လွင်ကောင်းမွန်သော အဝတ်အစား။ **~ကြောင်**၊န–၁။အရောင်အဆင်း အမျိုးမျိုးရှိသော အဝတ်အစား။ ၂။သေ့ရဟန်း မဟုတ်သော လူပုဂ္ဂိုလ်။ **~စားတန်ဆာ**/ဝတ်စားတန်ဇာ/န–အဝတ်အထည် အဆင်တန်ဆာ။ **~စုံ**၊န–သတ်မှတ်ထားသော အဝတ်တန်ဆာ အပြည့်အစုံ၊ **~ဆင်**၊ကြိ–အဝတ်တန်ဆာ ဆင်ယင်သည်။ ဝတ်စားသည်။ **~ဖြူစင်ကြယ်**၊န–သီလစောင့်သူတို့ ဝတ်ဆင်လေ့ရှိသည့် အဝတ်ဖြူ။ **~ရုံ**၊န ခါးအောက်ပိုင်းထိရှည်လျားသော ကိုယ်ဝတ် အထည်တစ်မျိုး။ **~လဲတော်**/ဝတ်လဲဒေါ်/န–ဘုရင်၊ မင်းညီမင်းသား၊ နတ်တို့ ဆင်မြန်းသော အပေါ်အထည်။ **~လစ်စားလစ်**/ဝတ်လစ်စလစ်/န–ကိုယ်တုံးလုံး။ **~လုံ**၊န–၁။အမည်အရည်၊ အရေအယူး အလျောက်ဝတ်ဆင်ရသော အင်္ကျီရှည်။ ၂။အမိန့်တော်ရရှေ့နေကြီး။ **~လုံတော်ရ**/ဝတ်လုန်ဒေါ်ယာ့/န–[ခေတ်ကုန်] ရှေ့နေလိုက်ခွင့်ကို အင်္ဂလန်နိုင်ငံမှ ရရှိသော သူ။

ဝတ် [၂]၊န–ပြုမြဲတာဝန်။ ဝတ္တရား။ [ပါ၊ဝတ္တ] **~ကျေတမ်းကျေ**/ဝတ်ကျေတန်းကျေ/ **~ကျေဝတ်ကုံ**၊ကြိဝိ–တာဝန်ကျေပွန်ရုံ။ **~ကြီးဝတ်ငယ်**၊န–မိဘဆရာသမားစသည်အတွက် ပြုရဆောင်ရွက်ဖွယ် အမှုကြီးငယ်။ **~ချ**၊ကြိ–ရှိခိုးသည်။ **ဝတ္တရား**၊န–ဆောင်ရွက်အပ်သော အမှုကိစ္စ။ [ပါ၊ဝတ္တ+မြန်၊ယာရား] **~တက်**၊ ကြိ–ဘုရားရှိခိုးခြင်း၊ ပရိတ်ရွတ်ခြင်း စသည်ကို အချိန်မှန် ပြုမြဲပြုသည်။ **~ပြု**၊ကြိ–၁။ဝတ်ချသည်။ ၂။ဝတ်ဖြည့်သည်။ ၃။ ညှိဝတ်ပြုသည်။ **~ဖြည့်**၊ကြိ–၁။မြင့်မြတ်သူအားရှိခိုးသည်။ ၂။ရဟန်း သံဃာတို့အား ခြေဆုပ်လက်နယ် ပြုသည်။ **~ရွတ်**၊ ကြိ–ပရိတ်စသည်ကိုအချိန်မှန် ရွတ်ဖတ်သည်။ **~ရွတ်စဉ်**၊န–ဝတ်တက်သည့်အခါ အစီအစဉ် သတ်မှတ်ရွတ်ဆိုသော ပရိတ်ကြီး၊ ၁၁သုတ်၊ မဂ္ဂလာသုတ် စသည်။ **~အသင်း**၊န–ဝတ်တက်ခြင်း၊ ပရိတ်ရွတ်ခြင်း စသည်ကို ဆောင်ရွက်သော အဖွဲ့။

ဝတ်ကျောင်း၊န–ဘုရားပဟ်ပြုရာ အဆောက်အအုံ။ [သ၊ဂါဿ+မြန်၊ကျောင်း]

ဝတ်ဆံ၊န–၁။ပန်းပွင့်၏ အလယ်ချက်ဖူးရှိသော အမျှင်။ ၂။အနာစသော အဖုအလုံးအတွင်း၌တည်ရှိသော အစေ့အဆန်။

ဝတ္ထုကမြေ/ဝက်ကကာ့မျေ/န–ဝတ္ထုကံမြေရှု။

ဝတ္ထု၊န ၁။အထည်ဒြပ်ရှိသော ပစ္စည်း။ ၂။ရဟန်းတော်အတွက် နဝကမ္မ လှူဒါန်းသော ငွေ။ ၃။အကြောင်းအရာ။ ၄၊ လူ့သဘာဝ အဖြစ်အပျက်တို့ကို စိတ်ဝင်စားဖွယ် ရေးသားထားသော စာ။ [ပါ၊ဝတ္ထု] **~ကာမ**၊န–နှစ်သက်ဖွယ်သော လောကီအာရုံ။ (ကိလေသာကာမလည်းရှု။) [ပါ၊ဝတ္ထု+ကာမ] **~ကံမြေ**၊န–ရတနာသုံးပါးအား လှူထားသောမြေ။

ဝတ်ပန်း၊န–၁။ဆုံးပန်းပင်။ ၂။အနီမရောင်။

ဝတ်မိုးဝတ်မြေ၊န–သာသနာနှင့်ဆိုင်သောမြေ။

ဝတ်မှုန်၊န–ပန်းဝတ်ဆံချင်အဖျားတွင် တည်ရှိသော အမှုန်ကလေးများ။

ဝတ်ရက်၊ ဝတ်ရည်၊န–ပန်းပွင့်အတွင်းရှိ အချိုရည်။

ဝိတ္ထာရ/ဝိတ်ထာရာ့/န–အကျယ်။ [ပါ၊ဝိတ္ထာရ]

ဝုတ်၊ကြိ–[ကဗျာ] လည့်သည်။ ရစ်လှည့်သည်။

ဝန်၊န–၁။အလေးချိန်ရှိသော ပစ္စည်း တစ်စုံတစ်ရာ။ ၂။ဆောင်ရွက်ရသည့် အလုပ်။ တာဝန်။ ၃။ဆိုင်ရာအုပ်ချုပ်စီမံမှု တာဝန်ကို ယူရသော အရာရှိကြီးတစ်မျိုး။ **~ကော်**/ဝန်ဂေါ်/န–လည်းအိမ်ကိုအောက်မှ ယမ်းပိုးထားသော အမာခံသစ်သားဘန်း။ **~ကျဉ်း**၊ကြိ–သားသိုရန် နေရာများစွာ မလို။ **~ကျယ်**၊ကြိ–ထားသိုရန် နေရာကျယ်ပြန့်စွာ လိုအပ်သည်။ **~ကြီး**/ဝန်ကြီး/န–နိုင်ငံတော်၏ လုပ်ငန်းဌာနကြီး တစ်ခုကို တာဝန်ယူဆောင်ရွက်ရသော အစိုးရအဖွဲ့ဝင် ပုဂ္ဂိုလ်။ **~ကြီးချုပ်**/–ချုပ်/န–ဝန်ကြီးအဖွဲ့ကို ဦးစီးရှေ့ဆောင် တာဝန်ယူရသော ပုဂ္ဂိုလ်။

http://www.lknt11.com

~ခံ၊ကြိ-၁၊တစ်စုံတစ်ရာ ဖြစ်ကြောင်း အမှန်အတိုင်း ဖုံးကွယ်မှုမပြုဘဲ ပြောဆိုသည်။ ၂၊ကတိပြုသည်။ **~ချ**၊ကြိ-အပြစ်ကို ဝန်ခံ၍ တောင်းပန်သည်။ **~ချိုက်**/ဝန်ချိုဖက်/န-လေးလံသော ပစ္စည်းများကို မ၍ သယ်နိုင်သော ယန္တရား။ **~စည်စလယ်**/ဝန်စီဇလယ်/ န- သယ်ဆောင်ရန်ဖြစ်သော ပစ္စည်းစု။ **~ဆောင်**၊ ကြိ-အလုပ်တာဝန် တစ်စုံတစ်ရာကို လက်ခံ ဆောင်ရွက်သည်။ /ဝန်ဇောင်/န-ယင်းသို့ ဆောင်ရွက်သူ။ **~တို**၊ ကြိ-နှမြောတွန့်တိုသည်၊ **~ထောက်**/ဝန်ဒေါက်/န-၁၊မြန်မာမင်းလက်ထက် လွှတ်တော်ဝန်များကို ကူညီ၍ တာဝန်ထမ်းရွက်ရသူ။ ၂၊[ခေတ်ကုန်] ဗြိတိသျှခေတ် သက်ဆိုင်ရာ လုပ်ငန်း အပိုင်းအခြားအတွင်း ဟာဘန်ယူ ထမ်းဆောင်ရသော ပြန်တမ်းဝင် အရာရှိ။ အရေးပိုင်အောက် အရာထမ်း။ **~ထုပ်ဝန်ပိုး**/ဝန်ဒုတ်ပန်ဖိုး/ န-သယ်ဆောင်ရန် ထုပ်ပိုးထားသော ပစ္စည်း။ **~ထမ်း**/ဝန်ဒန်း/န-အစိုးရအမှုထမ်း။ **~ပို**/ဝန်ဗို/ န-၁၊ငှက်ကြီးဝန်ပိုနှင့်အတူတူ။ ၂၊မြင့်မားစွာ ပျံသန်းနိုင်၍ လည်းဘီးအိတ်ကဲ့သို့ အော်မြည်သော ရေချိုပိုင်းတွင် ကျက်စားလေ့ရှိသည့် ငှက်ကြီးတစ်မျိုး။ **~လေး**၊ ကြိ-ထမ်းဆောင်ရမည့်တာဝန် ကြီးမားခက်ခဲသည်။

ဝန်လို၊န-သစ်ပင်မြင့်များပေါ်တွင် သိုက်ဖွဲ့နေတတ်၍ ငါး၊ ဖား စသည် စားသော လင်းယုန်ငှက်တစ်မျိုး။

ဝန်လက်၊န-မြစ်ချောင်း အင်းအိုင်တွင် ကျက်စားလေ့ရှိသော လင်းယုန်ငှက် တစ်မျိုး။

ဝန်း၊ကြိ-ပတ်လည်ရံသည်။ နဝိ-လုံးဝိုင်းသော။ **~ကျင်**၊ န-ပတ်လည်တစ်ဝိုက်။

ဝုန်းဒိုင်းကြဲ၊ ကြိ- ဝုန်းဒိုင်းမြည်အောင် ကြမ်းကြမ်းတမ်းတမ်း ပြုမူသည်။ အထိန်းအကွပ်မရှိ ဆင်ရာ ပြုမူသည်။

ဝပ်¹/ဝတ်/ကြိ-၁၊ကိုယ်ကို ကျုံ့ကျုံ့မှောက်လျက် အခင်းပြင်နှင့် နီးကပ်အောင် ပြုသည်။ ၂၊ကြောက်ရွံ့၍ သိုသိပ်စွာ နေသည်။ ၃၊ထကြွလှုပ်ရှားမှု ငြိမ်သက်တန့်ရပ်သည်။ ၄၊ကြက်၊ ငှက်စသည်တို့ ဥပေါ်တွင် ငြိမ်သက်စွာ နေသည်။ ၅၊ ချိုင့်စသည်တွင် ရေတင်နေသည်။ **~ကျင်း**/ဝတ်ကျင်း/ န-ကြက်၊ ငှက်၊ သားကောင်ငယ် စသည်ကို ဝပ်ရာ အသိုက်။ **~စင်း**/ဝတ်စင်း/ကြိ-ဝပ်တွားသည်။ **~တွား**/ဝတ်တွား/ကြိ-ကိုယ်ကို ကျုံ့ဝင်လျက် ရိုသေစွာ ရှိခိုးသည်။ **~လျှိုး**/ဝတ်လှယိုး၊ ဝတ်ယိုး/ကြိ-ရိုသေစွာဆည်းကပ်သည်။

ဝပ်²၊န-လျှပ်စစ်ဓာတ် စွမ်းအင်ကို တိုင်းတာသော စံ။ [လိပ်၊watt]

ဝပ်ရှော့၊န-စက်ပြင်အလုပ်ရုံ။ [လိပ်၊work-shop]

ဝမ်ဒိုး၊န-ဂေါ်လီကစားရာတွင် ကျင်းထိမ်ရန်အတွက် သီးသန့်ထားသော ဒိုး။

ဝမ်း/ဝမ်း၊ဝန်း/န-၁၊ကိုယ်ခန္ဓာ၌ အစာအိမ် အူသိမ် အူမ စသည် တည်ရာအတွင်းပိုင်း။ ဗိုက်။ ၂၊စိတ်နှလုံး။ "ဤကိစ္စကို ~ထဲမှာ ထားပါ။" ၃၊ပေတာ၊ လှေ စသည်၏ အတွင်းဘက်။ ၄၊ အစာ ဟောင်း။ ကျင်ကြီး။ **~ကိုက်**/-ကိုက်/ကြိ-ရစ်၍ နာကျင်ကိုက်ခဲလျက် ဝမ်းအနည်းငယ် ခဏခဏ သွားသည်။ /-ဂိုက်/န-ယင်းသို့ဖြစ်ပေါ်စေသော ရောဂါ။ **~ကျ**/-ဂျ/န၊ အကြိမ်ကြိမ် ဝမ်းများစွာ သွားသောရောဂါ။ **~ကျောင်း** /-ကျောင်း/ကြိ-အသက်မွေးမှု တစ်ခုခုကို လုပ်ကိုင်သည်။ **~ကွဲ** /-ဂွဲ/န-ညီအစ်ကို မောင်နှမတို့မှဖွားမြင်သော သားသမီးတို့ အချင်းချင်း တော်စပ်ပုံ။ **~ခေါင်း** /-ဂေါင်း/န-၁၊ဝမ်းဗိုက်အတွင်းပိုင်း။ ၂၊လိုက်၊ ပူ၊ လှေ၊ ပုတ် စသည်တို့၏ အတွင်းပိုင်း။ **~စာ** /-ဇာ/န-၁၊စားသောက်ရန် အစာ။ "ကိုယ့်~ကိုယ် ရှာစားရ-။" ၂၊သိမ်းသိုထားသည့် ကောက်ပဲသီးနှံ စသည်။ ၃၊ ဆေးလိပ်၊ အရုပ် စသည်တို့၏ အတွင်းသို့ ဖြည့် သွင်း ရသော အရာ။ ၄၊ရေးသားဟောပြောရန် စုဆောင်းထားသော အချက်အလက်။ **~စာထည့်** /-ဇာထဲ့/ကြိ-တစ်နှစ်စာအတွက် ဆန်စပါး၊ ငါးပိ စသည် ကြိုတင်စုဆောင်း သိုလှောင်ထားသည်။ **~ဆွဲ**/-ဆွဲ/န-မီးဖွားပေးခြင်းအတတ်ဖြင့် အသက်မွေးသူ။ လက်သည်။ **~တွင်းစုန်း** /-ဒွင်းဇုန်း/န-မသင်ကြားရဘဲ စုန်းအတတ် တတ်မြောက်နေသူ။ **~တွင်းပါ**/-ဒွင်းဗာ/နဝိ-မွေးရာပါ ဖြစ်သော။ "~ ရောဂါ။" **~တွင်းရှူး**/-ဒွင်းယှူး/ န-မွေးဖွားကတည်း က စိတ်မမှန်သူ။ **~တွင်းသား** /-ဒွင်းသား/န-အမဲသား၊ငါးတို့၏ အူ၊ အသည်း၊ နှလုံး၊ အဆုတ် စသော ကိုယ်တွင်း အစိတ်အပိုင်း။ **~နူးစာ**/-နူးဇာ/န-ဝမ်းသွားစေတတ်သော အစားအစာ။ **~နည်း**/-နဲ/ကြိ-စိတ်ထိခိုက်၍ မသာမယာ ခံစားရသည်။ **~နည်းပက်လက်**/-နဲပက်လက်/ ကြိဝိ-အလွန် ဝမ်းနည်းလျက်။ **~နုတ်**/-နုတ်/ ကြိ-အစာဟောင်း စင်ကြယ်စေရန် ဝမ်းသက်စေသော ဆေးစားသည်။ **~ပတ်ကြိုး**/-ဗတ်ကျိုး/ န- ပန်ဟင်ဘိရုဏ္ဍာန်၏ ဝမ်းဗိုက်ကို သိုင်း၍ ချည်သော ကြိုး။ **~ပိတ်**/-ပိတ်/ကြိ ဝမ်းသွားခြင်း ရပ်တန့်သည်၊ **~ပန်းတသာ**/-ပန်းတသာ/ကြိဝိ-ဂမ်းသာအားရ။ **~ပျက်**/-ပျက်/ကြိ-ဝမ်းနူးစာ စသည်ကို စားမိ၍ အရည်ကဲ့သို့သော ဝမ်းမျိုး မကြာခဏသွားသည်။ **~ပျဉ်း** /-ဗျင်း/ န-

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ဝမ်းဗိုက်တွင် အိတ်တွဲကျနေသော အသား။ ~ဖော ဝမ်းရောင်/-ဖော-ယောင်/န-အစာမကြေ၍ ဝမ်း ခေါင်း ပြည့်တင်းသည့် ရောဂါ။ ~မီး /-မီး/န- အစာခြေချက်သော ဝမ်းတွင်း အပူဓာတ်။ ~မြောက် /-မျောက်/ကြိ-စိတ်တွင် ကျေနပ်ဝမ်းသာသည်။ ~မှန်/-မှန်/ကြိ-အချိန်မှန်မှန် ဝမ်းသွားသည်။ ~ရေး/-ယေး/န-အသက်ရှင်ရန် စားသောက် ရ သည့် ကိစ္စ။ ~လျှားထိုး/-ယားထိုး/ကြိဝိ-ကိုယ်ကို အလျားလိုက်မှောက်လျက်။ ~လျား မှောက်/- ယားမှောက်/ကြိ- ကိုယ်ခန္ဓာကို အခင်း ပြင်နှင့် ကိုလျက် စန့်စန့်မှောက်သည်။ ~လျှော/-ယော/ ကြိ-သာမန် ဝမ်းသွားသည်ထက် အကြိမ် ပို၍ သွားသည်။ ~သာ/-သာ/ကြိ-စိတ်တွင် ကျေနပ် အားရ ရွှင်လန်းသည်။ ~သာလုံးဆို့/-သာလုန်းဆို့/ ကြိ-အလွန်အမင်း ဝမ်းသာသည်။ ~သာအယ်လဲ /-သာအယ်လဲ/ ကြိဝိ- ဝမ်းသာ အားရဖော်ရွှေစွာ။ ~သက်/-သက်/ကြိ-သာမန်ထက် အနည်းငယ် ပို၍ ဝမ်းသွားသည်။ တတ်သက်သည်။ ~သွား /-သွား/ ကြိ-၁။အစာဟောင်းကို စအိုမှ စွန့် ထုတ်သည်။ ၂။အစာဟောင်းကို မကြာခဏ လွန်ကဲ စွာ စွန့်ထုတ်သည်။

ဝမ်းဘဲ/ဝမ်းဗဲ၊ဝန်းဗဲ/န-လည်ပင်းနှင့်ခြေကို၍ ခြေချောင်း ကြားတွင် အရေပြားရှိသော ရေကူးတတ်သည့် ငှက်တစ်မျိုး။

ဝယ်[၁]၊ကြိ-တန်ဖိုးပေး၍ ပစ္စည်းကို ယူသည်။ ~ခြမ်း၊ ကြိ-ပစ္စည်းမျိုးစုံ ဝယ်သည်။ ~အား၊န-ဝယ်ယူနိုင် သော ငွေအင်အား၊ လူအင်အား။

ဝယ်[၂]၊ ဝိ-တည်ရာ၊ နေရာ၊ အချိန်ကာလကိုပြသော စကားလုံး။ ၌၊ မှာ၊ တွင်။

ဝဿာန/ဝတ်သာနာ/န-မိုးဥတု။ [ပါ၊ဝဿာန]

ဝေဿ/ဝစ်သာ/န-ကုန်သည်မျိုး။ [ပါ၊ဝေဿ]

ဝေဿန္တရာ/ဝေသန်ဒယာ/န-[ဥပစာ] အပေးအကမ်း ရက်ရောသူ။ [ပါ၊ဝေဿန္တရ]

ဝှေ့/ဝှေ့၊ဖွေ့/ကြိ-၁။ဦးခေါင်း၊ ဦးချိုဖြင့် ထိုးတိုက်သည်။ "နွား ~~။" ၂။ဝှေ့ကာဝိုက်ကာ ထိတိုက်သည်။ "လေ ~~။" ~ယမ်း၊ကြိ-လက်ချည်းဖြစ်စေ၊ တစ်စုံ တစ်ရာကို ကိုင်လျက်ဖြစ်စေ ဝှေ့ဝိုက်လှုပ်ရှားသည်။

ဝှေး/ဖွေး/န-၁။အစေ့တွင် အမျှင်မှာများ ဖုံးလွှမ်းသော ချဉ်းနန်သည့် အသီးလုံးခိုင်များ သီးသည့် ပင်စောက် တစ်မျိုး။ ၂။အဖို၏ လိင်အင်္ဂါအစေ့။ ဝှေးစေ့။ ~သင်း/ဖွေးသင်း/ကြိ-မိတ်လိုက်ခြင်း မပြုနိုင် အောင် တိရစ္ဆာန်၏ဝှေးစေ့ကို ညှပ်ခြင်း၊ ထုခြင်း စသည် ပြုလုပ်သည်။

ဝှဲ ရှီး၊ကြိ-[ပေါ]အုံ့ညို့ရှိုးမှိုင်းသည်။

ဝှက်/ဝှက်၊ဖှက်/ ကြိ-၁။မတွေ့မမြင်ရအောင် ထား သည်။ ~ဖဲ၊န-[ဥပစာ] အချိန်မတိုင်မီအခြားသူများ မသိရအောင် ထိမ်ဝှက်ထားသော အရေးကြီးသော အချက်။

ဝှန်၊ကြိ-[ပေါ] လွှမ်းမိုးသည်။

ဝှန်း၊ကြိ-လွှမ်းမိုးသည်။

ဝှမ်း၊ဝိ-နိမ့်သော။ ချိုင့်သော။

သ

သ[၁]၊န-ဗျည်းသုံးဆယ့်သုံးလုံးတွင် အလုံးသုံးဆယ် မြောက် ဗျည်း။

သ[၂]၊ကြိ-၁။မွမ်းမံဆင်ယင်သည်။ ၂။စားလုံ့ စသည်ကို ပြန်လည် ပြုပြင်သည်။

သ[၃]၊ညွှန်း-ကြိယာ၏ အနက်ကို လေးနက်စေသော စကားလုံး။ "ကု ~။ ပို့ ~။ ပိုင် ~။"

သ[၄]၊စည်း-"သော၊ သည်၊ သည့်"၏ အတို စကားလုံး။ ~ကာလ၊သမ်-သောအခါ။ [မြန်၊သော+ပါ၊ကာလ] ~တဲ့/သုဒဲ့/စည်း-[အပြော] တစ်ဆင့်စကား ဖြစ် ကြောင်းကို ဖော်ပြသော စကားလုံး။ ~တည်း /သုဒီး/ ဝိ-ဝါကျအဆုံးသတ် စကားလုံး။ ~တတ် /သုဒတ်/ဝိ-သတဲ့နှင့်အတူတူ။ ~တုံး/သုဒုန်း/ ဝိ-[အပြော] အမေးစကားလုံး။ ~ပ၊~ဆို၊ စည်း- [အပြော] ဟုတ်မှန်ကြောင်း အနက်ဖြင့် ကြိယာကို ထောက်ပံ့သော စကားလုံး။ ~ဖြင့်၊ သမ်-အကြောင်း ပြသည့် အနက်ဖြင့် ဆက်စပ်ပေးသော စကားလုံး။ ~မှုယ်၊ စည်း- ဥပမာပြ စကားလုံး။ "မိဘ ~။" ~ယောင်/သုယောင်/ သမ်-အရိပ်အယောင်ရှိသည့် အနက်ဖြင့် ဆက်စပ်ပေးသော စကားလုံး။ ~ရွှဲ ~ရွေ့၊ ~လောက်၊ သမ်- အလုံးစုံ၊ မကြွင်းမကျန် ဟူသော အနက်ဖြင့် ဆက်စပ်ပေးသော စကားလုံး။ "ပြော ~ယုံ-။ ခိုင်း ~လုပ်-။" ~လား[၁]၊ စည်း- [အပြော] အမေးစကားလုံး။ ~လဲ[၁]၊စည်း-[အပြော] အမေး စကားလုံး။ ~လော၊ စည်း-[အပြော] အမေးစကားလုံး။ ~လို၊ သမ်- [အပြော] သည့် အတိုင်း။ ~ဟာ၊ စည်း-[အပြော] ကြိယာကို လေးနက်အောင် ထောက်ပံ့သော စကားလုံး။

သကဒါဂါမ် /သုဂဒါဂန်/ န- အရိယာလေးဆင့်တွင် ဒုတိယအဆင့်၌ တည်သော ပုဂ္ဂိုလ်။ လူ့ဘုံသို့ တစ်ကြိမ်သာ ပြန်လာသူ။ [ပါ၊သကဒါဂါမိ]

သကာ/သုဂါ/န-ကြံရည်ထမ်းရည် စသည်တို့ကို ကျိုချက်ရာတွင် ခဲလုဆဲဆဲဖြစ်သည့်အရည်။ [သ၊ ဂကာ]

သကျသာကီ/သက်ကျာ့သာဂီ/န-အမျိုးကိုစင်ကြယ် အောင် စွမ်းဆောင်နိုင်သော မင်းမျိုး။ သာကီဝင်

http://www.lknt11.com

မင်းမျိုး။ ဂေါတမမြတ်စွာဘုရားအနွယ်ဝင်ဖြစ်သော မင်းမျိုး။ [ပါ၊သက္ယသာကိယ]

သကြား/သဂျား/န-၁၊ကြံသည်၏ အရည်ကို ကျို ချက် သန့်စင်၍ ရရှိသော ချိုသည့်အမှုန့်။ ၂၊အခွံနက် ချိုသော အသီးလုံးသီးသည့် အရွက်ပြောင်ချောသော ပင်စောက်တစ်မျိုး။ [သ၊ဓကြ်ရာ] ~လုံး/-လုန်း/ န-သကြားကို အမွှေးရည်၊ အရောင်တင်ဆေး စသည် တို့နှင့်ပြုလုပ်ထားသော စားဖွယ်အလုံးအခဲ။

သခင်၊န-၁၊အရှင်သခင်။ ပိုင်ရှင်။ ၂၊ကိုဗမာအစည်းအရုံး ဝင် အမျိုးသားများ မိမိတို့ နာမည်ရှေ့တွင်တပ်သော စကားလုံး။

သခွား၊န-အသားထူ၍ အစိမ်းစားနိုင်သော အသီး သီးသည့် နွယ်ပင်တစ်မျိုး။

သခွတ်၊န-အပွင့် အဖြူ သို့မဟုတ် အနီပွင့်သော သစ်မာပင်မြင့်ကြီးတစ်မျိုး။

သငယ်၊နဝိ-သေးငယ်သော။ "ဓာ ~။"

သဇင်/သဇင်/န-ဥမှပွင့်ကံထွက်ပြီး တစ်နှစ်မှ ပယ်ခါ ဆောင်းရာသီ၌ မွှေးရနံ့ရှိသော သစ်ခွမျိုးဝင်အပင်။ ~မွှေ/-မွေ/န-သဇင်ညွှာတံ အစွေ့အစိုက်သဏ္ဌာန် ကနုတ်ပန်းပုံစံ။

သနိုင်း/သနိုင်း/န-[ပေါ] မျိုးမတ်။ [မွန်၊သနိုင်]

သညာ/သင်ညာ/န-၁၊မှတ်တတ်သော သဘော။ ၂၊အမှတ်အသား။ အမည်။ [ပါ၊သညာ] ~ပေး/ပေး/ကြိ-နည်းလမ်းပြသည်။ သွန်သင်သည်။

သညာက္ခန္ဓာ/သင်ညက်ခန်ဒါ/န-သတ္တဝါတို့၏ သန္တာန်၌ ဖြစ်သော မှတ်သားတတ်သော သဘောအစု။ [ပါ၊သညာက္ခန္ဓ]

သဏှရူပ/သနှ့ယုပ/န-သနှရုပ်ပနှင့်အတူတူ။ [ပါ၊ သဏှ+ရူပ]

သတတိသျှ/သတာ့ဗိတ်ယှာ/န-ကြယ်လုံးရေ ၁၀၀ ပါဝင်၍ ပန်းကုံးသဏ္ဌာန်ရှိသော နက္ခတ်။ [သ၊ ဂတာဘိမင်]

သတိ/သဒိ/န-၁၊အောက်မေ့ခြင်း။ အမှတ်ရခြင်း။ တစ်စုံတစ်ခုသော အာရုံကို အစဉ်မပြတ် သိနေခြင်း။ ၂၊တစ်စုံတစ်ခုသော အာရုံကို အရေးတကြီး သိရန် အသိပေးသော စကား။ ~ချပ်/သဒိချက်/ကြိ-သတိ ထားသည်။ ~တရားရ/သဒိတယားယာ/ကြိ-၁၊ အတွေ့အကြုံကို သင်ခန်းစာယူပြီး ဆင်ခြင် ဉာဏ် ဖြစ်သည်။ ၂၊အမှားပြုမိပြီးနောက် နောင်တ ရ၍ ကောင်းစွာ နေထိုင်သည်။ ~ပေး/သဒိပေး/ ကြိ- ၁၊သတိရှိရန် တိုက်တွန်းနှိုးဆော်သည်။ ၂၊နောင်ထပ်၍ မမှားရန် တရားဝင် အသိပေးသည်။ ~ပဋ္ဌာန်/သဒိပထန်/န-ရုပ်နာမ်နှစ်ပါးတို့၌ သက် ဝင်နေသော သတိ။ မလွတ်သော သတိ။ [ပါ၊ သတိပဋ္ဌာန] ~ပြု/သဒိပြု/ကြိ- တစ်စုံတစ်ခု၌ အာရုံစိုက်သည်။ သတိမူသည်၊ ~မေ့/သဒိမေ့/ ကြိ-၁၊အမှတ်မရ ဖြစ်သည်။ ၂၊အသိအာရုံ ကင်းမဲ့ သွားသည်။ ~လစ်/သဒိလစ်/ကြိ-၁၊သတိ မထားမိ ဖြစ်သည်။ ၂၊အသိအာရုံ ကင်းမဲ့သည်။ ~လည် /သဒိလယ်/ကြိ-မေ့မြောရာမှ သတိပြန်ရ သည်။ ~သမ္ပဇဉ်/သဒိသန်ပဇင်/န-သတိနှင့် တကွသော ဉာဏ်ပညာ။ [ပါ၊သတိသမ္ပဇည]

သတိ/သဒိ/ကြိ-နစ်မြုပ်သည်။ မရှုရှာ။

သတိုးသမီး/သဒိုးသမီး/န-၁၊ အမျိုးကောင်းသမီး။ ၂၊ငယ်ရွယ်သော မိန်းမ။ ၃၊မင်္ဂလာဆောင်မည့် အမျိုးသမီး။ [သတိုး+သမီး]

သတိုးသား/သဒိုးသား/န-၁၊အမျိုးကောင်းသား။ ၂၊ ငယ်ရွယ်သော ယောက်ျား။ ၃၊မင်္ဂလာဆောင်မည့် အမျိုးသား။ [သတိုး+သား]

သတိုး/သဒိုး/န-စွမ်းရည်ထက်မြက်သူအား မင်းက ပေးသော ဘွဲ့ကြီးတစ်မျိုး။ [သ၊သတ္တွ၀/ဂဏ္ဍဓေ]

သတင်း/သဒင်း/န-ကြားသိအပ်သော အဖြစ်အပျက် အကြောင်းအရာ။ ~ကြီး/-ကျီး/ကြိ-အကြောင်း သတင်း ထင်ရှားကျော်စောသည်။ ~စာ/-ဓာ/ န-ပြည်တွင်းပြည်ပ သတင်းများကို အများအားဖြင့် နေ့စဉ်ပုံနှိပ် ထုတ်ဝေသော စာစောင်။ ~စာဆရာ /-ဓာဆယာ/န-သတင်းစာ ပုံနှိပ်ထုတ်ဝေရေး အတွက် ရေးသားပြုစုဆောင်ရွက်သူ။ ~စဉ်/-ဇင်/န-သတင်းနှင့် သတင်းဆောင်းပါးများ တစ်ပတ်လျှင်တစ်ကြိမ် ရေးသားထုတ်ဝေလေ့ ရှိသော စာစောင်။ ~ထောက်/-ဒေါက်/န-သတင်း ကို စုံစမ်းထောက်လှမ်းသူ။ ~ပြေး/-ပျေး/ကြိ- ကြိုတင်၍ သတင်းဖြစ်ပေါ်သည်။ ~မွှေး/-မွှေး/ ကြိ-သတင်းကောင်း ပျံ့နှံ့ကျော်ကြားသည်။

သတွေး/သဒွေး/န-မျောက်ဥမျိုးဝင် စားရသော ဥဥသည့် နွယ်ပင်တစ်မျိုး။

သတွတ်/သဒွတ်/န-ကတွတ်ပင်။

သန၊ကြိ-မသန့်မရှင်း ဖြစ်သည်၊ ယုတ်ညံ့သွားသည်ဟု မှတ်ထင်ခံစားရသည်။

သနှထော်/သနှ့ထော်/န-မင်းကွတ်သီးနှင့်ဆင်သော အသီး သီး၍ အပင်မှ အဝါရောင် အစေးထွက်သော ပင်စောက်တစ်မျိုး။ [မွန်၊?]

သနှရုပ်ပ/သနှာ့ယုတ်ပ/န-ပြေပြစ်တင့်တယ်သော ရုပ်အဆင်း။ [မြန်၊သနှား+ပါ၊ရူပ]

သနှဝါး/သနှာ့ဝါး/န-အကြောမာ၍ ဝါးချွန်လုပ်လေ့ရှိ သော ဝါးတစ်မျိုး။

သနား၊ကြိ-၁၊ဒုက္ခရောက်သူအတွက် စာနာစိတ် ဖြစ်ပေါ်သည်။ ကရုဏာသက်သည်။ ၂၊ပေးကမ်း

http://www.lknt11.com ...

ချိုးမြင့်သည်။ ~ကမား/သနားဂမား/န–နှစ်သက်ကြင်နာဖွယ်။

သနိသနဲ၊ကြိုဝိ–[ပေါ] ချင့်ချင့်ချိန်ချိန်။ ခွဲခြမ်းစိတ်ဖြာလျက်။

သနံပြည်၊န–ကျွဲရေ၊ နွားရေ စသည်ကို နူးညံ့အောင် ပြုပြင်ထားသော စားဖွယ်။

သနင်း၊န–[ပေါ] အထွတ်အမြတ် ပုဂ္ဂိုလ်။

သနစ်၊န–အဖြစ်အပျက်။ အကြောင်းအရာ။ အခြေအနေ။

သနပ်¹၊န–၁၊ရုံးပတီသီး၊ ချဉ်ပေါင်ရွက်၊ ကန်စွန်းရွက်၊ မျှစ် စသည်ကို ပြုတ်၍ ဆီချက်၊ နှမ်း၊ ကြက်သွန်ကြော် စသည်တို့ဖြင့် စိမ်ထားသော စားဖွယ်တစ်မျိုး။ ၂၊သရက်သီး၊ မရန်းသီး စသည်ကို ဆီ၊ မဆလာ၊ ငရုတ်သီး စသည်တို့နှင့် ရောထားသော စားဖွယ်တစ်မျိုး။

သနပ်²၊န–အရွက်နုကို ဟင်းချက်စားရသည့် ပင်စောက်တစ်မျိုး။

သနပ်³အရွက်ကို ဆေးပေါ့လိပ် လိပ်ရာတွင် ဖက်အဖြစ် သုံးသော ပင်စောက်တစ်မျိုး။

သနပ်ခါး/သနခါး/န–အခေါက်ကို သွေးကာ မျက်နှာ၊ ကိုယ်လက်တို့ကို မွှေးအောင် လိမ်းကျံရသည့် အပင်တစ်မျိုး။

သပေါ့/သဗော့/န–အရွက်ကို သင်၍ ဖျာရက်ရသော မြက်မျိုးဝင် အပင်တစ်မျိုး။

သပေါက်မသား/သဗောက်မှာ့သား/န–ကျွန်မျိုးမှ ပေါက်ဖွားသူဟူ၍ ရှုတ်ချဆဲရေးသော စကား။

သပိတ်/သဗိတ်/န–၁၊ရဟန်းများ ဆွမ်းခံရာ၊ ဆွမ်းဘုဉ်းပေးရာတွင် သုံးသော ပရိက္ခရာ။ ၂၊လိုလားချက်ကို လိုက်လျောစေရန် အလုပ်တာဝန် ရပ်ဆိုင်း၍ ဆန္ဒပြမှု။ [ပါ၊သံယ+ပတ္တ]? ~တား/–တား/ကြိ–သပိတ်မှောက်သူများက ဝတ္ထုရား ဆောင်ရွက်ရန် လာသည့်သူများကို မိမိတို့ကဲ့သို့ သပိတ်မှောက်စေလို၍ စက်ရုံအလုပ်ရုံ စသည်၏ အဝတွင် ဆီးတား လှန့်ဆော်သည်။ ~မှောက် /–မှောက်/ကြိ–၁၊အဆက်အဆံ မပြုဘဲပယ်ထားသည်၊ ဖယ်ကြဉ်ထားသည်။ ၂၊လိုလားချက်ကို လိုက်လျောစေရန် အလုပ်တာဝန်များကို မလုပ်ဘဲ နေသည်။ /န–စေတီတွင် ပန္နယာအထက် ဖောင်းရစ်အောက် ဖြစ်သော အစိတ်အပိုင်း။ ~ရောင်/–ယောင်/န–ပြောင်လက်သော အမည်းရောင်။ ~လွယ် /–လွယ်/န–ကိုယ်မွေးဖြူလျက် ရင်မွေးနက်သော ငှက်တစ်မျိုး။ ~လှန်/–လှန်/ကြိ– သပိတ်မှောက်ခြင်းကို ရပ်စဲသည်။ ~ဝင်အိတ်ဝင် /–ဝင်အိတ်ဝင်/ကြိဝိ–အသေအချာ အပိုင်အနိုင်ရလျက်။ အသားတင်။ ~သွတ်/–သွတ်/ကြိ–သပိတ်တွင် ဆွမ်းထည့်၍ သံဃာတော်အား ကပ်လှူပြီးရသော ကုသိုလ်ကို သေဆုံးသူအား အမျှဝေသည်။ ~အိတ်/–အိတ်/န–သပိတ်ထည့်၍ လွယ်ရန်အိတ်။

သပျစ်/သဗျစ်/စပျစ်နှင့် အတူတူ။

သပြု/သဗျု/န–တပြုနှင့် အတူတူ။

သပြေ/သဗျေ/န–၁၊အရွက်နုကို ပန်းအဖြစ် ပူဇော်ရသော ပင်စောက် တစ်မျိုး။ ၂၊ခရမ်းရင့်ရောင် အသီးကို စားရသော ပင်စောက်တစ်မျိုး။ ~တိုင်/–ဒိုင်/န–အရှေ့ဘက်သို့ မျက်နှာမူသော အိမ်တွင် အနောက်မြောင်ရှိ တိုင်။ ~ပန်း/–ဗန်း/န–သပြေပင်၏ အညွန့် အခက် အရွက်။ ~လားရေလား/–လားယေလား/န–ဘုရင်များ ရေလမ်း ခရီးသွားခြင်း။

သပွတ်/သဗွတ်/န–အသီးရင့်လျှင် အတွင်းအူတွင် အမျှင်များဖြင့် ရှုပ်ထွေးသော နွယ်ပင်တစ်မျိုး။ ~လိုက်/–လိုက်/ကြိ–ခြေသပွတ် လိုက်သည်။ ~အူ/–အူ/န–၁၊သပွတ်သီးအရင့်၏ အတွင်းသား အမျှင်ထွေး။ ၂၊[ဥပစာ] အရှုပ်အထွေး။ ~အူလိုက်/–အူလိုက်/ကြိ–ရှုပ်ရှုပ်ယှက်ယှက် ဖြစ်သည်။

သဖြန်၊န–သံမှန်သို့ ပြန်ရောက်စေရန် သီဆိုရသော အချိုးကဗျာတစ်မျိုး။

သဘာဂ/သဘာဂ့/နဝိ–မိမိနှင့် သဘောတူညီသော။ [ပါ၊သဘာဂ]

သဘာပတိ/သဘာပတိ/န–အစည်းအဝေးပွဲ၊ ဟောပြောပွဲ စသည် အခမ်းအနား၏ အကြီးအကဲ။ [ပါ၊သဘာပတိ]

သဘာဝ/သဘာဝ့/န–၁၊ဖြစ်မြဲသဘော။ ၂၊လူတို့၏ စီမံဆောင်ရွက်မှုမပါဘဲ အလိုအလျောက် ဖြစ်သော အရာ။ [ပါ၊သဘာဝ] ~ကျ/–ကျ/ကြိ–အကြောင်းအကျိုး ဆီလျော်သည်။ ယုတ္တိရှိသည်။ ~ပေါက်ပင် /–ပေါက်ပင်/န–[ပထဝီ] ရာသီဥတုအလိုက် အလိုအလျောက် ပေါက်ပွားသော အပင်။ ~ယုတ္တိ/–ယုတ်တိ/န–သဘာဝနှင့်ညီသောအချက်။ ~သမိုင်း /–သမိုင်း/န–အပင်များ၊ တိရစ္ဆာန်များ၊ ဓာတ်သတ္တုများ ဖြစ်စဉ်ကို လေ့လာသော ပညာရပ်။ ~သိပ္ပံ /–သိတ်ပန်/န–သက်ရှိသက်မဲ့ သဘာဝကို လေ့လာသော ပညာရပ်။

သဘာဝဓမ္မဗေဒ/သဘာဝတ်ထာ့ဗေဒ/န–ဒဿနိကဗေဒကို ယခင်ကခေါ်သော အမည်။ [ပါ၊သဘာဝ+ဓမ္မ+ဗေဒ]

သဘော/သဗော/န–၁၊သဘာဝ။ ၂၊စိတ်နေစိတ်ထား။ ၃၊စိတ်ဆန္ဒ။ ၄၊အကျင့်စရိုက်။ [ပါ၊သဘာဝ] ~ကွဲ/–ကွဲ/ ကြိ– စိတ်ထားချင်း၊ အယူအဆချင်း

မာတိကာသို့ ▶▶▶

မတိုက်ဆိုင် ဖြစ်သည်။ ~တွေ့/ -တွေ့/ကြိ-ကြည့်နူး နှစ်သက်ယူသည်။ သဘောတွေ့သည်။ **~တရား**/ -တယား/ န- ၁၊ သဘောသဘာဝ။ ၂၊ လက်တွေ့ အကောင်အထည် ဖော်နိုင်အောင် ညွှန်ပြထား သော အခြေခံလမ်းညွှန်ချက်။ အခြေခံမူ။ **~တူ** /-တူ/ ကြိ- ၁၊ သဘောချင်း တိုက်ဆိုင်ညီညွတ် သည်။ ၂၊ တစ်စုံတစ်ယောက်၏ အကြံအစည် အပြောအဆို၊ အလုပ်အကိုင်တို့ကို နှစ်သက်လက်ခံ သည်။ **~တွေ့**/-တွေ့/ကြိ-နှစ်သက်သည်။ **~ထား** /-ထား/ကြိ-ယူဆသည်။ /-ဒါး/န-၁၊စိတ်နေ စိတ်ထား။ ၂၊ယူဆချက်။ **~ထားကြီး**/-ဒါးကျီး/ ကြိ-စိတ်ထားမြင့်မြတ်သည်။ ခွင့်လွှတ်တတ်သည်။ ဒန်တိုမှု ကင်းသည်။ **~ထားသေး**/-ဒါးသေး/ ကြိ-စိတ်ထားသေးသိမ်သည်။ မနာလိုဝန်တို ဖြစ် သည်။ **~နု**/-နု/ကြိ-သဘောထား ငယ်သည်။ **~ပေါက်**/-ပေါက်/ကြိ-နားလည်သည်။ **~ပိုက်** /-ပိုက်/ကြိ-မှတ်ယူသည်။ ယူဆသည်။ **~ပြည့်** /-ပျေ့/ကြိ-သဘောထားကြီးသည်။ **~ဖြူအူစင်** /-ဖျူအူစင်/န-စိတ်ထား တည်ကြည် ရိုးသားသူ။ **~မျှ**/-မျှ/ကြိ-၁၊ သဘောချင်း တိုက်ဆိုင်ညီညွတ် သည်။ ၂၊လိုလား သဘောကျသည်။ **~ရိုး**/-ယိုး/ န-ရိုးရိုးသားသား စိတ်ထား။ အရိုးခံစိတ်ထား။ **~ရှိ**/-ယှိ/ကြိဝိ-အလိုရှိတိုင်း။ စိတ်ဆန္ဒအတိုင်း။ **~သကာယ**/-သဂါယာ/န-စိတ်နေစိတ်ထား။ **~သကန်**/-သဂန်/န-သဘော သဘာဝ၊ ဘာရး ကိုယ်၊ **~သဘာဝ** /-သဗာပ/ န- ဖြစ်တတ် ပျက်တတ်သော သဘော။ ဖြစ်မြဲသဘာဝ။ **~သွား** /-သွား/န-တ၊ စကား စသည်၏ ဦးတည်ဆိုလိုရာ၊ ဆိုလိုချက်။

သဘက်/သဗက်/န-ဖမ်းစား တတ်သည်ဆိုသော ပြိတ္တာတစ်မျိုး။

သဘင်/သဗင်/န-အစုအဝေး။ အခမ်းအနား။ ပွဲလမ်း။ [ပါ၊သဘာယ] **~သည်**/-သယ်/န-သီဆိုကခုန်ခြင်း ဖြင့် ပရိသတ်ကို ဖြေဖျော်၍ အသက်မွေးဝမ်းကျောင်း ပြုသူ။

သမ[၁]နဝိ-မျှသော။ မျှတသော။ [ပါ၊သမ] **~ စိတ္တ** /သမာ့စိတ်တာ့/န-မျှတသော စိတ်ဓာတ်။ [ပါ၊ သမစိတ္တ] **~ပိုင်းရုန်** /သမာ့ဗိုင်းရုန်/ န-[ပထဝီ] ရာသီဥတု အပူအအေးမျှတသော ကမ္ဘာမြေ အပိုင်း အခြား။ **~ဝါယမ**/သမာ့ဝါယမာ့/န-အများ စုပေါင်း၍ ကုန်ထုတ်၊ ကုန်ရောင်း စသည် လုပ်ကိုင် ကာ ဘရားသဖြင့်ရသည့် အကျိုးအမြတ်ကို မျှတစွာ ခံစားသည့် လုပ်ငန်း။ [ပါ၊သမ+ဝါယာမ]

သမ[၂]စသံ-ညှာတွဲလိပ်သွန်း စကားလုံး။ "အငြိမ့် ~။ ယိမ်း ~။"

သမတကုဏ် /သမ့တကုန်/ န- သံလျော့သံတင်း မနည်းမများ မှုတစွာပါသော ဂုဏ်။ [ပါ၊သမတာ+ ဂုဏ]

သမထ၊န- သမာဓိရအောင် ကျင့်ကြံအားထုတ်ရသော ကမ္မဋ္ဌာန်း။ [ပါ၊သမထ]

သမနိရှည်/သမနိယေ့/ကြိ-အတွေ့အကြုံ ရင့်ကျက် သည်။ လုပ်သက်ရှည်ကြာသည်။ [မွန်၊ သမာ+ မြန်၊နည်း+ရှည်]

သမယ၊န-အချိန်အခါ။ [ပါ၊သမယ]

သမသတ်၊ န-၁၊ [ဗေဒင်] ဆယ့်နှစ်ရာသီခွင်တွင် ရာသီခွင် တစ်ခုခုနှင့် ပာဖြောင့်တတန်းတည်း ကျသော မျက်နှာချင်းဆိုင်ရာသီခွင်။ ၂၊[သင်္ချာ] ဆန့်ကျင်ဘက် မျက်နှာချင်းဆိုင်ကျသော နေရာ။ [ပါ၊သမ+သတ္တ/သ၊သမ-ဂ္ဂ]

သမာဓိ၊န-၁၊စိတ်တည်ကြည်ခြင်း။ ၂၊တည်ကြည် ဖြောင့်မတ်ခြင်း။ ၃၊တင်စားခြင်း။ နဝိ-ထံအဖြစ် သတ်မှတ်ထားသော။ "~ရှိန်ခွင်။ ~တင်း။" [ပါ၊သမာဓိ] **~ဂုဏ်**၊န-သက်မဲ့၌ သက်ရှိ၊ အဆင်း မဲ့၌ အဆင်းရှိ၊ အရသာမဲ့၌ အရသာရှိ၊ အရည် မဟုတ်သည်၌ အရည်၊ ကဏ္ဍား မဟုတ်သည်၌ ကဏ္ဍား၊ အစိုင်အခဲ မဟုတ်သည်၌ အစိုင်အခဲအဖြစ် တင်စားသော ဂုဏ်။

သမာပတ်/သမာဗတ်/န-ဈာန်ဝင်စားခြင်း။ ဖိုလ်ဝင်စား ခြင်း။ နိရောဓသမာပတ် ဝင်စားခြင်း။ [ပါ၊သမာ ပတ္တိ]

သမာသမတ်၊ကြိဝိ-မျှတဖြောင့်မတ်စွာ။ [ပါ၊သမ္မာ+ သ၊သမျာက်]

သမား၊န-ဆေးအတတ် ကျွမ်းကျင်သူ။ ဆေးဆရာ။ ပည်း - ၁၊ လုပ်ငန်းအတတ်ပညာ တစ်ခုခုဖြင့် အသက်မွေး ဝမ်းကျောင်းပြုသူဖြစ်ကြောင်းပြသော စကားလုံး။ "အထမ်း ~။ လယ် ~။ လက်ဖွဲ့ ~။" ၂၊တစ်စုံတစ်ခုသော အပြုအမူ၊ အလေ့အထကို စွဲမြဲစွာ ပြုသူဖြစ်ကြောင်း ပြသော စကားလုံး။ "အရက် ~။ ကား ~။ အပြော ~။" [မွန်၊ သမာ] **~ဂုဏ်ပြ** /သဂုန်ပျာ/ ကြိ- မိမိမည်မျှ သိမြင် နားလည် တတ်ကျွမ်းကြောင်းကို ဖော်ထုတ်ဝင့်ကြွား သည်။ **~တော်**/သမားဒေါ်/န-ဆေးကုသမှုဆိုင်ရာ ပါရဂူ။ **~ရိုးကျ**/သမယိုးဂျာ/န-ရှေးလုပ်ရိုးလုပ်စဉ်။

သမီး၊န- မိဘနှစ်ပါးတို့မှ ပေါက်ဖွားသော မိန်းမ။ သားမိန်းမ။ စသုံး-တိုက်ရိုက် သွေးမစပ်သော ဆွေမျိုး အမြန်အလုန် တော်စပ်မှုကိုပြသော စကား လုံး။ "~ယောက္ခမ။ ~ယောက်ဖ။ ~ယောက်မ။" **~ခင်ပွန်း** /သမီးခင်ဗွန်း/ န- လင်နှင့်မယား။

~မောင်နှံ၊နု–ဓနီးမောင်နှံ။ **~မျောက်သား**၊ နု–မောင်နှမတွင် မောင်ကမွေးသော သမီးနှင့် နှမက မွေးသောသားတို့ ဆွေမျိုးတော်စပ်ပုံ၊ **~မြောက်သား**၊နု–သမီးမျောက်သားရှု။ **~ယောက္ခမ**၊ နု–ယောက္ခမနှင့် မွေးမ သို့မဟုတ် သမက်တို့ တော်စပ်ပုံ။ **~ယောက်ဖ**၊ နု–အပြန်အလှန် ယောက်ဖ တော်စပ်ပုံ။ **~ယောက်မ** /သမီးယောင်းမာ့/နု–အပြန်အလှန် ယောက်မတော်စပ်ပုံ၊ **~ ရည်းစား** /သမီးယီးစား/နု–အပြန်အလှန် ချစ်ကြိုက်နေသူ နှစ်ဦး။ **~လှ**၊ နု–ထန်းပင်လုံးကို ထန်းပင်များ ပတ်ရံလျက် ရှိသေးသည့် အစွယ်။ **~သွေးသောက်** /သမီးသွေးသောက်/နု–သွေးသောက်အချင်းချင်း။ ရဲဘော်ရဲဘက်အချင်းချင်း။

သမုဒယ၊နု–ဆင်းရဲဖြစ်ကြောင်း။ တဏှာ။ [ပါ၊ သမုဒယ]

သမဲ၊နု–[မပါ] ယောက်ျားပျို၊ မိန်းမပျို။

သမံတလင်း / သမန်ဒလင်း / နု – အုတ်၊ ကျောက်၊ အင်္ဂတေ တို့ဖြင့် ပြုလုပ်ထားသည့် ညီညာသော အခင်း။ [ပါ၊သမတလ+မြန်၊တလင်း]

သမက်၊နု–သမီး၏ ခင်ပွန်း။ **~ဖမ်း**၊ကြိ· သမီးနှင့် ပေးစားရန် တစ်စုံတစ်ဦးကို အမိအရ အားထုတ် ဆွဲဆောင်သည်၊

သမိုက်၊ကြိ–[ရှေး] သမုတ်သည်။ သတ်မှတ်သည်။ ခေါ်ဝေါ်သည်။ [ပါ၊သမ္မုတိ]

သမဂ္ဂ/သာ့မက်ဂါ့/နု–၁၊ညီညွတ်ပေါင်းစည်းခြင်း။ ၂၊အဖွဲ့အစည်း။ [ပါ၊သမဂ္ဂ]

သမင်၊နု–လှပသော ဦးချိုရှိသည့် အသီးအရွက်စား သားကောင်တစ်မျိုး။ **~ရက်**၊ နု–အသားအရေ ထုံကျဉ်လျက် အရေပြားပေါ်တွင် အကွက်ဖြစ်လာ သည့် အနာကြီးရောဂါတစ်မျိုး။ **~လည်ပြန်**/သမင် လယ်ဗျန်/ကြိဝိ–မျက်နှာကို နောက်ဘက်သို့ တိမ်းငဲ့ လျက် (ကြည့်သည်)။

သမိုင်း၊နု–နိုင်ငံ၊ လူမျိုး၊ အဆောက်အအုံ စသည် ဖြစ်စဉ်။ ယင်းတို့ကို လေ့လာသော ပညာရပ်။ [ပါ၊သမ္မုတိ] **~ကြောင်း**/သမိုင်းကျောင်း/နု–သမိုင်း ဖြစ်စဉ်။ **~တင်**၊ကြိ–နောင်လာနောက်သားများ သိရှိ အမှတ်ရစေရန် မှတ်တမ်းတင်သည်။ **~ဝင်**၊နုဝိ–သမိုင်းတွင် မှတ်တမ်းတင် ခံရသော။

သမုစ္စည်း/သမုတ်စီး/နု–[ပါ၊သဒ္ဒါ] ရသင့်ရာအနက်ကို သိမ်းသွင်းပေါင်းယူခြင်း။ (မြန်မာဘာသာ၌ 'လည်း'သည် ထိုအနက်ရှိသည်။) [ပါ၊သမုစ္စယ]

သမုတ်၊ကြိ–၁၊သတ်မှတ်သည်။ ခေါ်ဝေါ်သည်။ ၂၊ယိုးစွပ်သည်။ စွပ်စွဲပြောဆိုသည်။ [ပါ၊သမ္မုတိ]

သမုဒ္ဒရာ၊နု–ကမ္ဘာ့ကုန်းမြေထုကို ပန်းရံနေသော ရေပြင်ကျယ်။ [သ၊သမုဒြ+ပါ၊သမုဒ္ဒ]

သမန်း၊နု–အနားရှသော မြက်ပင်တစ်မျိုး။ [ထိုင်း၊la-marn]?

သမန်းကျား/သမန်းကျား/နု–အောက်လမ်းပညာကြောင့် လူမှ ပြောင်းလဲ ဖြစ်လာသည်ဟုဆိုသော ကျား။

သမုန်း၊နု–အပွင့်ဖြူမွှေးသည့် ဆေးဖက်ဝင် ပင်လတ် တစ်မျိုး။

သမာသ်/သမတ်/နု–ဝိဘတ်ကိုချေ၍ ပေါင်းစပ်ထား သော ပုဒ်။ [ပါ၊သမာသ]

သယံဇာတ၊နု–မြေပေါ်မြေအောက်၌ သဘာဝအတိုင်း ဖြစ်ပေါ်နေသော ပစ္စည်းပစ္စယ။ [ပါ၊သယံဇာတ]

သယောက်၊နု–[ရှေး]လင်မြှောင်။

သယမ္ဘူ/သယန်ဗူ/နု–ဘုရား၊ ပစ္စေကဗုဒ္ဓါ။ [ပါ၊ သယမ္ဘူ] **~ဉာဏ်**/–ညန်/နု–ဘုရား၊ ပစ္စေကဗုဒ္ဓါ တို့၏ ကိုယ်တိုင်သိသော ဉာဏ်တော်။

သရ/သရာ့/နု–အဆုတ်မှ တက်လာသော လေသည် ခံတွင်းရှိ စကားသံဖြစ်အင်္ဂါ အစိတ်အပိုင်းတစ်ခုခု၏ ပိတ်ဆို့တားဆီးခြင်း မခံရဘဲဖြောင့်ဖြောင့်ဖြူးဖြူး ထွက်သွားစဉ် ဖြစ်လာသော အသံ။ (မြန်မာဘာသာ၌ အခြေခံသရအဖြစ် အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ အဲ၊ ဩ၊ ဪ၊ အိုဟူ၍ ၁၁လုံး။ သင်ရိုးသရ အဖြစ် အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ အဲ၊ ဩ၊ ဪ၊ အံ၊ အားဟူ၍ ၁၂လုံး မှတ်ယူကြသည်၊) [ပါ၊သရ] **~ပေါက်**/သရာ့ပေါက်/နု–နှဲ၊ ပလွေတွင် လက်မဖြင့် ပိတ်ရသော အောက်ဘက်ရှိအပေါက်။ (ဗျည်းပေါက်လည်းရှု)

သရဏဂုံ/သရနဂုန်/နု–ဘုရား၊ တရား၊ သံဃာတို့ကို ကိုးကွယ်ရာအဖြစ် ဆည်းကပ်ခြင်း။ [ပါ၊သရဏ ဂမန] **~တင်** /–တင်/ ကြိ– သင်္ဂြိုဟ်ခါနီးတွင် သရဏဂုံ ခံယူပြီး သေသူအား အမျှဝေသည်။ **~တည်** /–တီ/ကြိ–ဘုရား၊ တရား၊ သံဃာတို့ကို ကိုးကွယ်ဆည်းကပ်မှု စွဲမြဲသည်။

သရဖီ/သရဖိ/နု–အဖြူရောင်ပွင့်ဖတ်နှင့် အဝါရောင် ဝတ်ဆံရှိ အပွင့်မွှေးသော ပင်စောက် တစ်မျိုး။ [ပါ၊သုရဘိ]

သရဖူ/သရဖူ/နု–၁၊ရှင်ဘုရင်စသော မြင့်မြတ်သူတို့ ဆောင်းသည့် ဦးခေါင်းတန်ဆာ။ ၂၊[ဥပစာ] အယှဉ်အသိပ် ဖြစ်သူ။ [သ၊သိရ+ဘူ့သန]
~ဆောင်း/–ဆောင်း/ကြိ–[ဥပစာ] အထွတ်အထိပ် ရောက်သည်။ ဇိုလ်စွဲသည်။

သရဝဏ်/သရဝန်/နု–ကြယ်သုံးလုံးပါဝင်၍ ဖြူ သဏ္ဌာန်ရှိသော နက္ခတ်။ [သ၊ဇြဝဏ]

သရီရဓာတ်တော်/သရီရာ့ဓာတ်တော်/နု–ဘုရား၊ ရဟန္တာ တို့၏ ကိုယ်တော်မှဖြစ်သော ဓာတ်တော်။ [ပါ၊သရီရ

မာတိကာသို့ ►►►

http://www.lknt11.com ...

ဓာတု+မြန်၊တော်]

သရေ၊န–အရှုံးအနိုင်မရှိ ဖြစ်ခြင်း။

သရေစာ/သယေစာ/န–အဆာပြေရန် စားသောက်သော ထမင်း မဟုတ်သည့် အစားအစာ။

သရဲ၊န–မကောင်းဆိုးဝါးကောင် တစ်မျိုး။

သရော¹၊န–[ပေါ] ငတ်မွတ် ခေါင်းပါးခြင်း။ **–နိုင်း**၊ ကြိ–အငတ်ဘေး ဆိုက်ရောက်သည်။

သရော²၊စည်း–[ရေး]သောအခါ။ (သရော်ဟုလည်း အရေးရှိသည်။)

သရော်၊ကြိ–လှောင်ပြောင်သည်။ **–စာ**/သရော်စာ/ န–[စာပေ] အဖြစ်အပျက်၊ အပြုအမူတစ်ခုခုကို သရော်ပြောင်လှောင်သည့် သဘောဖြင့် ရေးထားသော စာပေတစ်မျိုး။

သရိုး၊န–ယွန်းလုပ်ငန်း၊ မှန်စီရွှေချလုပ်ငန်းတို့တွင် အသုံးပြုသော သစ်စေးနှင့် လွှစာမှုန့်၊ မီးသွေးမှုန့်၊ ပြာတစ်မျိုးမျိုး ရောစပ်ပြုလုပ်ထားသော အရာ။ **–ကိုင်**၊ကြိ–သရိုးဖြင့် လိမ်းကျံသည်။

သရိုးသရီ၊ကြိဝိ–အနည်းငယ် မအီမသာ ဖြစ်လျက်။

သရက်၊န–အရသာ ချိုမြိန်သော အသီးသီးသည့် ပင်ယောက်ကြီး တစ်မျိုး။ **–ကင်း**၊န–၁၊သီးခါစ သရက်သီး။ ၂၊သရက်ကင်းပုံစံရှိသော အနုပညာ လက်ရာ။ ၃၊ချင်းတက်နှင့် ဆင်သော အနံ့ပြင်းသော အတက်ကို တို့စားရသည့် အပင်တစ်မျိုး။ **–ပနီ**၊ န–အသီး မှည့်လျှင် အနီအရောင်သန်းသော သရက်တစ်မျိုး။ **–ပမွှန်**၊န–ဧပြဲရှင်ပင်၊ ငစိုင်ရှင်ပင်။ **–ယို**၊ န–သရက်သီးမှည့် အနှစ်ကို အချပ်အပြား လုပ်ထားသော စားဖွယ်။ **–ရွက်**၊န–ဝဲဘက်နံပါး၊ အစာသစ် အိမ်၏ ထိပ်ဘက်တွင်ရှိပြီး သွေးကို ပြုပြင်သော ကိုယ်အင်္ဂါ အစိတ်အပိုင်း။

သရက္ခန်/သရခန်၊သရက်စန်/န–အနှစ်နံ့သာ တစ်မျိုး။ စန္ဒကူး။ [ပါ၊သာရဂန္ဓ]

သရက်ထည်/သယက်ထယ်/န–စက်ရက်ပွင့်ရိုက် ချည်ထည် တစ်မျိုး။

သရစ်၊န–[ပေါ]ထွက်သစ်စ အညွန့်အညှောက်။

သရဇ္ဈာယ်/သရဇယ်/ကြိ–ရွတ်ဆိုသည်။ [ပါ၊သဇ္ဈာယ]

သရည်း၊ကြိ–[ပေါ]ရှောင်ခွာသည်။

သရုပ်၊န–ဘာရားကိုယ်။ ပင်ကိုသဘောသဘာဝ။ [ပါ၊သရူပ] **–ဆောင်**၊ကြိ–တစ်ဦးဦး၏ အသွင်သဏ္ဌာန်ကို တူအောင် တုပပြုလုပ်သည်။ န–ယင်းသို့ ပြုလုပ်သူ။ **–ပါ**၊ကြိ–ပကတိ သဘောနှင့် တူညီသည်။ ပကတိ သဘောနှင့်တူအောင် သရုပ်ဆောင်နိုင်သည်။ **–ပျက်**၊နဝိ–ပကတိရှိရင်း သဘောနှင့် မကိုက်ညီသော။ အမျိုးသားယဉ်ကျေးမှု အစဉ်အလာနှင့် ဗီလာဖြစ်သော။ **–ပြဆရာ**၊န– သိပ္ပံပညာရပ်ကို လက်တွေ့စမ်းသပ်သော ကျောင်းသားများအား နည်းပြပေးသော ဘာဏ္ဍသိုလ်ဆရာ။ **–ဖော်**၊ ကြိ– စရိုက်၊ လက္ခဏာ သဘာဝတို့ကို ပေါ်လွင်အောင် ပြုသည်။ **–သကန့်** /သယုတ်သကန့်/ န–သဘောသကန့်။ ဘာရားကိုယ်။

သရမ်း၊ကြိ–အဆင်ခြင်မဲ့ ပြုမူပြောဆိုသည်။ "လက်–။ ပါးစပ်––။"

သရွတ်၊ န– နံရံ စသည်ကို လိမ်းကျံရသော မြေစေး စသည်။ [မွန်၊ဗြောတ်]

သလား¹၊စည်း [အပြော] အမေးစကားလုံး။

သလား²၊ကြိ–သွားချည်လာချည်ပြုသည်။

သလေး၊န–ကောက်ကြီးမျိုးဝင် စပါးတစ်မျိုး။ [ပါ၊သာလိ]

သလဲ¹၊စည်း[အပြော] အမေးစကားလုံး။

သလဲ²၊န–သဲ။

သလဲ³၊န–ဝလည်း¹ ရှု။

သလင်း၊န–ကြည်လင်သော အသားရှိ တွင်းထွက်ကျောက် တစ်မျိုး။ **–စိပ်**/သလင်းစိပ်/န–မင်းခမ်းဝင် ပစ္စည်းများတွင် ကြာဖက်ကြီးအကြား ကြာဖက်ငယ် ချပ်၍ လုပ်ထားသော အပြောက်အမွမ်း။ **–တောင်**/သလင်းခေါင်/န–မင်းခမ်းဝင် ပစ္စည်းများ တွင် လုပ်ထားသော ကြာဖက်ချွန်း သဏ္ဌာန် အပြောက်အမွမ်း။

သလည့်သလွင်၊ကြိဝိ–[ပေါ] ရောရောနှောနှော။

သလိပ်၊န–ကိုယ်ခန္ဓာအတွင်းရှိ ချွဲမြှေးမှ ထွက်သော ပျစ်ချွဲသည့် အကျိအချွဲ။ [သ၊ၑ္လေၑ္မန်]

သလုံးသား/သလုန်းသား/န–မြေသလုံးသား။

သလွဲ၊န–ခဲသတ္တု။ [မွန်၊သွာ့ယ်]

သလွန်၊န–မင်းမိဖုရားတို့ အိပ်စက်ရာ ခုတင်။ [မွန်၊ သိလိုင်]

သလွန်း၊န–[ပေါ]သူခိုး။

သဝိညာဏက/သဝိန်ညာနကာ/န–သက်ရှိ။ (အဝိညာဏကလည်း ရှု) [ပါ၊သဝိညာဏက]

သဝေရှာလည်/သဝေကျာလယ်/ကြိ–ချာချာလည်သည်။

သဝေထိုး၊န–'အေ'သရသံ ရအောင် အက္ခရာ၏ ရှေ့တွင်ရေးသော သင်္ကေတ။ ေ–။

သဝဏ်လွှာ၊န–မင်းမှုရေးရာစသည်၌ သုံးသည့် အကြောင်းကြားစာ၊ အမှာစာစသည်။ [ပါ၊သုဝဏ္ဏ+လိပိ+မြန်၊လွှာ]

သဝန်ကြောင်၊**သဝန်တို**၊ကြိ–မနာလိုမရှုဆိတ်ဖြစ်သည်။

သဟဇာတ/သဟဇာတ/န–၁၊အတူတကွ ဖြစ်မှု။ ၂၊သင့်တင့်ညီညွတ်မှု။ လိုက်ဖက်မှု။ [ပါ၊သဟဇာတ]

သဟာယ၊န–အပေါင်းအသင်း။ [ပါ၊သဟာယ]

သဟဲ၊န–[ပေါ]၁၊အပေါင်းအဖော်။ ၂၊အမှီ။ [ပါ၊

http://www.lknt11.com ...

သဟာယ]

သဟောက် ၁ န–ပေါက်ပ်မ်းသံ။ **~သဟက်၊ ~သဟန်၊** ကြိုဝိ–မာန်ပါပါ၊ စူးစူးရှရှ။ **~သအုန်** ကြိုဝိ–[ပေါ] သုန်သုန်မှုန်မှုန်။

သဟောက် ၂ န–အညီနံ့။

သာ၊ ကြိ–၁၊အရည်အချင်း၊ အရေအတွက်စသည် ပိုလွန်သည်။ နဝိ–၁၊အသံချိုလွင်သော။ ၂၊ငြိမ်းချမ်းသော။ "ညီညာမှ ပြည်~မည်။" ၃၊အလင်းရောင် တောက်ပသော။ "လ~~။" စည်း–၁၊အခြေအနေ ပေးကြောင်း၊ ပြုလုပ်နိုင်ဖွယ်ရှိကြောင်း အနက်ဖြင့် ကြိယာကို ထောက်ကူသော စကားလုံး။ "မပြော~၍ နှုတ်ပိတ်နေရ–။" ၂၊ကန့်သတ်ခြင်း အနက်ရှိသော စကားလုံး။ "သူ့ကို~ မေးပါ။" **~ချင်း** /သာဂျင်း/ န–သာယောင်သာယာ ဖွဲ့ဆိုထားသော သီချင်းကဗျာ။ **~ခွေယိုင်၊** န ကောက်ညှင်းကို ကျက်နပ်အောင် လှုပ်၍ အုန်းနို့၊ သကြားရည် စသည် ထည့်စားရသော မုန့်။ **~တူညီမျှ**/သာဒူညီမျှာ/ကြိဝိ–တစ်ဦးနှင့်တစ်ဦး ညီမျှစွာ။ **~နိုး၊** န–[ပေ]ကံ့ကော်၊ **~ပေါင်းညာစား** / သာဗောင်းညာစား/ န–အခွင့်သာ ခိုက်ပေါင်းသင်း၍ အခွင့်မသာသောအခါ ဖဲ့ခွာသွားတတ်သော မိတ်ဆွေတု၊ **~ယာ၊** နဝိ–နှစ်သက်ဖွယ် ဖြစ်သော။ ငြိမ်းချမ်းသော၊ ကြိ–နှစ်သက်သည်။ နှစ်သက်စွာ ခံစားသည်။ **~ယာညင်းပျောင်း** /သာယာညင်းဗျောင်း/ ကြိဝိ–ညင်ညင်သာသာ။ **~ယာဝပြော**/ သာယာဝါဗျော/ နဝိ–အစာရေစာ ပေါများ၍ စည်ပင်ငြိမ်းချမ်းသော။ **~ရာစီး**/သာယာဇီး/ န–အခွင့်အရေး သာသည့်ဘက်ကို လိုက်လေ့ရှိသူ အခွင့်အရေးသမား။ **~ရေးနာရေး၊** န–ဝမ်းသာဖွယ်၊ ဝမ်းနည်းဖွယ် လူမှုကိစ္စများ။ **~လကာ** /သာလင်္ကာ/ကြိဝိ–[ပေါ] မပင်မပန်း သက်သောင့်သက်သာ။ **~လွန်၊** ကြိ–ပိုကဲသည်။ **~သာထိုးထိုး** /သာသာထိုးဒိုး/ကြိဝိ–ပိုပို မိုမို။

သာကီဝင် /သာဂီဝင်/ န– သကျသာကီမင်းမျိုး။ [ပါ၊ သာကိယ+ဝံသ]

သာစွာ၊ န–[ပေါ]ငွေစင်ငွေကောင်း။ ဘော်ငွေ။

သာဂူ၊ န–ကျို၍ စားရသော ဖော်စေးလုံး ကလေးများ ပြုလုပ်ရရှိသည့် အုန်းထန်းမျိုးဝင် အပင်။ [မလေး၊ sagu]

သာဓက၊ န–အထောက်အထား။ [ပါ၊သာဓက]

သာဓု၊ အာ–ကောင်းလေစွ။ [ပါ၊သာဓု] **~ကီဠန၊** န–ဘုန်းကြီးပျံပွဲ။ [ပါ၊သာဓုကီဠန] **~ခေါ်၊** ကြိ–သာဓုဟု ဆို၍ ကောင်းချီးပေးသည်။

သာမည/သာမျင်ညာ/ နဝိ–အထူးမဟုတ်သော။ သာမန် ဖြစ်သော။ [ပါ၊သာမည]

သာမဏေ၊ န–သင်္ကန်းဝတ်၍ ဆယ်ပါးသီလ၊ သေခိယ စသော ရှင်ကျင့်ဝတ်တို့ကို စောင့်ထိန်းသူ။ ကိုရင်။ [ပါ၊သာမဏေရ]

သာမိုမီတာ၊ န–အပူချိန်တိုင်း ကိရိယာ။ (ပြဒါးတိုင် လည်းခေါ်) [အင်္ဂ၊thermometer]

သာမန်၊ နဝိ–သာမည။ [ပါ၊သာမည] **~ကာလျှံကာ** /သာမန်ဂါယှန်ဂါ/ကြိဝိ–အပေါ်ယံမျှ။

သာရကာ/ သာရကာ/ န–၁၊သာလိကာ။ ဆက်ရက်။ ၂၊ငှက်များကို ခြုံခေါ်သော စကား။ [ပါ၊သာလိကာ]

သာလာယံ၊ န–လူအများ တည်းခိုနားနေရာ ဇရပ်။ [ပါ၊သာလာယ]

သာလိကာ /သာလိဂါ/ န– နားတွင် အဖြူအစက် အပြောက်ရှိ၍ ကိုယ်လုံးမည်းနက်ပြီး လူကိုတု၍ စကားပြောတတ်သောငှက်တစ်မျိုး။ [ပါ၊သာလိကာ]

သာဝက၊ န–မြတ်စွာဘုရား၏ တပည့်သား။ [ပါ၊ သာဝက]

သာသနာ/ သာသနာ/ န–မြတ်စွာဘုရား၏ အဆုံးအမ။ ယင်းအဆုံးအမ တည်ရှိနေဆဲကာလ။ [ပါ၊သာသန] **~နှစ်**/–နှစ်/ န–ဘုရားပရိနိဗ္ဗာန် စံသည့်နှစ်မှ စတင် ရေတွက်လာသော နှစ်အရေအတွက်။ **~ပ**/–ဗာ/ န–မြတ်စွာဘုရား၏ သာသနာတော် မရှိသော ကာလ။ **~ပိုင်**/–ဗိုင်/ န–သာသနာစည်ပင် ပြန့်ပွားရေးအတွက် ဦးစီးညွှန်ကြား ဆောင်ရွက်ရန် တင်မြှောက်ထားသော ဆရာတော်၊ **~ပြု**/–ပျု/ကြိ– သာသနာ ပြန့်ပွားအောင် ဆောင်ရွက်သည်။ **~လျှောက်**/–ယှောက်/ န–သာသနာနှစ်ကို ပဓာနထား၍ ရောက်ဆဲသက္ကရာဇ်ကို လျှောက်ဆိုသော စာ။ **~ဝင်**/–ဝင်/ န–သာသနာတော်သမိုင်း။ [ပါ၊ သာသန+ ဝံသ]

သာသနာ့ဝန်ထမ်း/သာသနာ့ဝန်ဒန်း/ န–သာသနာ၏ တာဝန်ကို ထမ်းဆောင်သော ရဟန်း၊ သာမဏေ စသည်။

သာသနိက/သာသနိကာ/ နဝိ–သာသနာနှင့်ဆိုင်သော။ [ပါ၊သာသန+ဣက]

သား ၁ န–၁၊မိဘနှစ်ပါးမှ ပေါက်ဖွားသော ယောကျ်ား။ သားယောကျ်ား။ ၂၊သားယောကျ်ား၊ သားမိန်းမကို ခြုံခေါ်သော အမည်။ ၃၊သတ္တဝါမှ ပေါက်ဖွားသော သတ္တဝါငယ်။ စည်း–၁၊ပုဂ္ဂိုလ်ဖြစ်ကြောင်း ပြသော စကားလုံး။ "လူ~၊ နတ်~။" ၂၊တစ်စုံတစ်ဦး၏ မွေးရပ်၊ ဇာတိ၊ နေထိုင်ရာ၊ လုပ်ငန်း စသည်ကို အကြောင်းပြု၍ ရည်ညွှန်းခေါ်ဝေါ်သော စကား။ "အင်္ဂါ~၊ နိုင်ငံ~၊ တော~၊ သင်္ဘော~။" ၃၊ ကျပ်ချိန်ပမာဏကို ရေတွက်ရာတွင် သုံးသော စကားလုံး။ "ငါးကျပ်~၊ တစ်ဆယ်~။" ၄၊ပုဂ္ဂိုလ် အစုဟူသော

မာတိကာသို့ ▶▶▶

http://www.lknt11.com

သဘောဖြင့် ထောက်ကူသော စကားလုံး။ "သုံးဦး ~၊ နှစ်ယောက် ~။" **~ကောင်** /သားဂေါင်/ န–၁၊ခြေလေးချောင်းရှိသော တော တိရစ္ဆာန်။ ၂၊လိုက်လံဖမ်းဆီး ခံရသော တောတိရစ္ဆာန်။ ၃၊သားစားတိရစ္ဆာန်တို့၏ အစာဖြစ်သော သတ္တဝါ။ ၄၊(ဥပစာ) တစ်စုံတစ်ခု၏ ခြယ်လှယ်သမျှ ခံရသူ။ **~ကျ**၊ကြိ–(တိရစ္ဆာန်) သားမွေးသည်။ **~ကျွေးမွေးမယားကျွေးမွေး**၊ န–မိမိအိမ်ထောင်အတွက် ရှာဖွေကျွေးမွေးရသည့် အလုပ်တာဝန်။ **~ချင်း**/သား ဂျင်း/န–ညီအစ်ကို မောင်နှမအရင်း။ **~ချွဲ**၊ ကြိ–အမိတိရစ္ဆာန်က သားငယ်ကို နို့မတိုက်တော့ဘဲ ခွာသည်။ **~ငါး**၊န–စားရသော ကုန်းနေ ရေနေ သတ္တဝါတို့၏ အသား။ **~စဉ်မြေးဆက်**/သားဇင်မြေးဇက်/ န–အဆင့်ဆင့် ပေါက်ပွားသည့် မျိုးဆက်တစ်လျှောက်။ **~စပ်**၊ကြိ–မျိုးပွားစေရန် တိရစ္ဆာန် အထီးနှင့် အမတို့ကို မေထုန်ပြုစေသည်။ သိပ္ပံနည်းအားဖြင့် အမသားအိမ်တွင်းသို့ အဖိုမျိုးရည် သွင်းပေးသည်။ **~စိမ်းငါးစိမ်း**/သားဇိမ်းငါးဇိမ်း/န–ကျက်နပ်အောင် မပြုလုပ်ရသေးသော သားငါးအစိမ်း။ **~ဆိုး**/သားဇိုး/န–ခြေလေးချောင်း တိရစ္ဆာန်ကိုသတ်၍ အသက်မွေးသူ။ **~ထောက်မြေးခံ**/သားဒေါက်မျိုး(မြေး)ဂန်/ န–အထောက်အခံ ဖြစ်သော သားသမီး မြေးမြစ်။ **~ထောက်သမီးခံ** /သားဒေါက်သမီးဂန်/န–အထောက်အခံဖြစ်သော သားသမီး။ **~နံ့ရည်**/သနန်ယီ(ယေ)/န–အနာမှ စိမ့်ထွက်သည့် အရည်ကြည်။ **~ဖိုက်ကောင်** /သားဖိုက်ကောင်/န–(သြစတြေးလျနိုင်ငံ ဇာတိမျိုးရင်းဖြစ်သည့်) သားငယ်ကို ဗိုက်၌ရှိသော အိတ်တွင် ထည့်၍ သွားလာတတ်သည့် တိရစ္ဆာန် တစ်မျိုး။ **~ဖုပ်လေလွင့်**/သဖုတ်လေလွင့်/ ကြိဝိ–သူတစ်ပါး အကြောင်းကို မဟုတ်တမ်းတရမ်း (လျှောက်ပြောသည်)။ **~ဖျိုသမီးဖျို**/သားဖျို သမီးဖျို/န–အိမ်ထောင် မပြုရသေးသော အရွယ်ရောက်ပြီး သားသမီး။ **~ဖျက်**၊ကြိ–ပဋိသန္ဓေဖျက်စီးသည်။ **~ပြောမယားပြော**/သားပျောမယားပျော/န–မိမိမယား မဟုတ်သူကို မိမိမယားကဲ့သို့ သဘောထားပြီး ပိုင်နိုးပိုင်နင်း စီးစီးပိုးပိုးပြောဆိုခြင်း။ **~မွှမ်းထမင်း**/သားမွန်းထမင်း/န–အသားနှင့် ရောချက်ထားသော ထမင်း။ ဒံပေါက်ထမင်း။ **~မောက်**၊ကြိ–၁၊သားစပ်သည်။ ၂၊ဥမှ အကောင်ပေါက်အောင် ပြုလုပ်သည်။ **~မွေး**၊ ကြိ–ကလေးမွေးသည်။ **~မယား**၊န–၁၊အိမ်ထောင်မိသားစု။ ၂၊မယား။ **~မင်း**၊ န–၁၊အာသံ မြန်မာနယ်စပ်၊ ကချင်ပြည်နယ် မြောက်ပိုင်း စသည့် အေးသော တောင်ကုန်းဒေသများတွင် ရှိတတ်သော ဦးချိုပါသည့် သတ္တဝါတစ်မျိုး။ ၂၊(စာပေ)ခြင်္သေ့။ **~မြီးယပ်**၊ န–မင်းမြောက်တန်ဆာငါးပါးတွင် ပါဝင်သည့် စာမရီသတ္တဝါ၏ အမြီးနှင့် ပြုလုပ်ထားသော ယပ်တစ်မျိုး။ **~မြွတ်**/သမျွတ်/န–မိန်းမ၏ ရင်သား။ **~မွေး**၊န–၁၊သိုး၊ ဖျံ၊ ယုန်စသော တိရစ္ဆာန်၏ ကိုယ်မှရသော အမွေး။ ၂၊ယင်းတိရစ္ဆာန်၏ အမွေး နှင့် တကွသော အရေပြား။ **~မှတ်မှတ် မယားမှတ်မှတ်**၊ ကြိဝိ–မယားတစ်ယောက်အပေါ် ထားအပ်သော တာဝန်ဝတ္တရားနှင့်ညီစွာ။ **~ရေ**/သယေ/န–၁၊သေပြီးသော တိရစ္ဆာန်မှရသော အရေပြား။ ၂၊တိရစ္ဆာန်အရေကို သစ်ခေါက်ဖြတ်ရည်၊ ထုံး စသည်ဖြင့် ပြုပြင်ပြီးသော ပစ္စည်း။ ၃၊ကြက်ပေါင်စေးနှင့် ပြုလုပ်သော ရှန်းဆွဲအားရှိသည့် ပစ္စည်း။ ၄၊ သားရေကြက်သော စည်၊ ဗုံ စသော တူရိယာမျိုး။ **~ရေနယ်**/သယေနယ်/ န–၁၊သစ်ခေါက်ပြုတ်ရည်၊ ထုံး စသည်တို့ဖြင့် ပြုပြင်ထားသော သားရေ။ ၂၊ရေသေ့ရဟန်းတို့ အခင်းအဖြစ် အသုံးပြုရသော သားရေ။ သားရေနယ်။ **~ရဲတိရစ္ဆာန်**/သားယဲတိရိတ်ဆန်/န–ခြင်္သေ့၊ ကျား စသည့် သားစား တောတွင်းတိရစ္ဆာန်ရိုင်း။ **~ရဲတွင်း** /သားယဲဒွင်း/ န–သားရဲတိရစ္ဆာန်များ နေအောင်းရာ တွင်း၊ ဂူ။ **~လှီးဓား**၊ န–အသားလှီးဖြတ်ရာ၌ အသုံးပြုသည့် ဓားတစ်မျိုး။ **~လျှော** /သားယှော/ကြိ–ပဋိသန္ဓေ ပျက်စီး လျှောကျသည်။ **~သည်အမေ**/သားသယ်အမေ/န–နို့တိုက်ဆဲ သားသမီးငယ်ရှိသော မိန်းမ။ **~ဦး**/သအူး/န–၁၊ပထမဖွားသည့် သားသမီး။ ၂၊ အကြီးဆုံးသား။ **~အုပ်မ** /သအုတ်မာ/န–သားသမီးငယ်များစွာ ရှိသော တိရစ္ဆာန်မိခင်။ **~အိမ်**/သအိန်/န–မိန်းမ၏ ဝမ်းတွင်းရှိ သန္ဓေတည်ရာ အစိတ်အပိုင်း။

သား၂၊ကြိ–အရေးအကြောင်း ထင်စေသည်။ ညွှန်း–၁၊ ကြိယာ၏ အနက်ကို ပြေပြစ်လေးနက်စေသော စကားလုံး။ "ပြတ် ~။ ရှိ ~။" ၂၊ ဆန္ဒကို ဖော်ထုတ်ရာ၌ လေးနက်စေရန် သုံးသော အဆုံးသတ် စကားလုံး။ "အောင်မြင်ပါစေ ~။" **~နား**၊ နဝိ–ခံ့ညားတင့်တယ်သော။

သီ၊ကြိ–၁၊စိတ်တွင် အာရုံထင်သည်။ နားလည်သည်။ သဘောပေါက်သည်။ ၂၊ကြားမြင်တွေ့ကြုံဆက်ဆံခဲ့ဖူးသည်။ **~တတ်**/သိဒတ်/ကြိ–လူမှုဆက်ဆံရေး တာဝန်၊ ဝတ္တရားကို နားလည်သည်။ ပါးနပ်သည်။ **~သာ**/သိသာ/ကြိ–ထင်ရှားပေါ်လွင်သည်။

သီကြား/သဂျား/န–စတုမဟာရာဇ် တာဝတိံသာ နတ်ဘုံကို အစိုးရသူ။ သိကြားမင်း။ [သက္က] **~ပေါက်**/သဂျားဖောက်/န–ဗြာဟ္မဏ်ဘုံစုနှစ်ဆင့် အနက် တတိယဘုံ၏ အနောက်မြောက်ဘက်၌

http://www.lknt11.com ...

ဖောက်ထားသော အပေါက်။ မင်းဘုန်းပေါက်။ **~ရှေ့ဇင်**/သုဂျုံးယေဇင်/န-ဝေါင်ပွဲပင်။

သိထိလအက္ခရာ /သိကိလာ့အက်ခယာ/ န- အသံလျော့လျော့ ရွတ်ဆိုရသော အက္ခရာ။ (ဝန်ိတအက္ခရာ နှင့်နှိုင်းယှဉ်) [ပါ၊သိထိလ+အက္ခရ]

သိလေသဝုဏ်/သိလေသာ့ဂုန်/န-ဗွာနိတ္တအက္ခရာချင်းနီးကပ်စွာထား၍ ချောမောပြေပြစ်အောင် ရေးဖွဲ့သော ဂုဏ်။ [ပါ၊သိလေသ+ဂုဏ]

သိဝ၊န-ဟိန္ဒူနတ်ကြီးတစ်ပါး။ [ပါ၊သိဝ]

သိသိညက်ညက် /သိသိညက်ညက်/ ကြိဝိ- မုန့်မုန့်ညက်ညက်၊

သီ၊ကြိ-၁၊ပန်း၊ အသားတစ် စသည်ကို ကြိုး၊ တုတ်တံစသည်တွင် စီသွင်းသည်။ ၂၊စီကုံးရေးဖွဲ့သည်။ ၃၊အပ်ကို အစဉ်အတိုင်း လျှိုးချည်ဖော်ချည်ပြု၍ ချုပ်သည်။ ၄၊သီချင်းဆိုသည်။ ၅၊အားနည်းချို့တဲ့သည်။ "မျက်စိ ~-။" ၆၊နီးသည်။ ကပ်သည်။ ၇၊ဝေးသည်။ **~ကာရီကာ**/သီဂါယီဂါ/ကြိဝိ-ရိုးတိုးရိပ်တိပ်။ **~ချင်း**/သချင်း/န-သီဆိုရန် သံစဉ်အမျိုးမျိုးဖြင့် ဖွဲ့ထားသော အဖွဲ့အနွဲ့။ **~ချင်းကြီး** /သချင်းကြီး/န-မြန်မာတို့အစဉ်အဆက် သီဆိုသောကြိုး၊ ဘွဲ့စသည့် သီချင်း။ **~ချင်းခံ**/သချင်းဂန်/န-ရှေးဦးစွာ သာသာယာယာ တီးမှုတ် သီဆိုရသောအခံသီချင်း၊ **~ချင်းသွား**/သချင်းသွား/န-သီချင်း၏အသံနေအသံထား။ သီချင်းအလိုက်။ **~သီကလေး** /သီသိုဂလေး/ကြိဝိ-အနည်းငယ်မျှ ကွာလျက်။ ပွတ်ကာသီကာ။

သီတဝ/သီဒဝ/န-လ။ [ပါ၊သီတ+ဝ]

သီတင်း ¹/သိဒင်း/န-အနီရောင် အသီးခွံရှိပြီး အစေ့မှာအနီရောင်ဆိုးဆေးရသော အပင်တစ်မျိုး။

သီတင်း ²/သဒင်း/န-၁၊ဥပုသ်။ ၂၊အကျင့်သီလ။ ရက်သတ္တတစ်ပတ်။ [ပါ၊သီလ+မြန်၊တည်]? **~ကျွတ်** /သဒင်းဂျွတ်/န-မြန်မာဆယ့်နှစ်လတွင်သတ္တမလ။ **~သည်**/သဒင်းသို/န-ဥပုသ်သီတင်းဆောက်တည်နေသူ။ **~သုံး**/သဒင်းသုန်း/ကြိ-(ရဟန်းရဟန်း) သီလဆောက်တည်၍ နေထိုင်သည်။

သီဒါခုနစ်တန်/သီဒါခွန်နတန်/န-မြင်းမိုရ်တောင်ကို ရစ်ခွေနေသော တောင်စဉ်ခုနစ်ထပ်တို့အကြားတည်ရှိသော သမုဒ္ဒရာခုနစ်ခု။ [ပါ၊သီဒါ+မြန်၊ခုနစ်တန်]

သီရိ၊န-တင့်တယ်ခြင်း။ ကျက်သရေ။ [ပါ၊သိရီ]

သီလ၊န-ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးစသော စောင့်ထိန်းအပ်သော ကျင့်ဝတ်။ [ပါ၊ သီလ] **~ကြောင်** /သီလကျောင်/န-အကျင့်သိက္ခာမရှိဘဲ ရှိဟန်ဆောင်သူ။ **~ခံ**/သီလာ့ခန်/ကြိ-သီလကို စောင့်ထိန်းပါမည်ဟု ဆောက်တည်သည်။ သီလယူသည်။ **~တောင်း** /သီလာ့တောင်း/ ကြိ- ငါးပါးသီလ၊ ရှစ်ပါးသီလ စသည် ဆောက်တည်လို၍ ဘုရား၊ ရဟန်းထံ တောင်းခံသည်။ **~ပေး**/သီလာ့ပေး/ ကြိ-သီလ သိက္ခာပုဒ်များကို လိုက်ဆိုရန် ပြပေးသည်။ **~ရှင်**/သီလာ့ယှင်/န-ဝတ်ကြောင်ကို ပယ်၍ ခေါင်းတုံးရိတ်ကာ မြေနီဆိုးစသော အဝတ်ကို ဝတ်လျက် သီလစောင့်သူအမျိုးသမီး။

သီဟိုဠ်သရက်/သိဟိုသယက်/န-အသီးအပြင်၌ အစေ့ပေါ်ထွက်သော အသီးသီးသည့် အပင်။ [ပါ၊သီဟဠ+မြန်၊သရက်]

သီအိုရီ/သီအိုရီ/န-ပကတိဖြစ်ပျက်သော သဘောအချက်အလက်တို့ကို အခြေခံ၍ သုံးသပ်ပြထားသော လမ်းညွှန်အယူအဆ။ [လိပ်၊theory]

သီအိုရမ်/သီအိုရန်/န-အကြောင်းအကျိုးပြ၍ ဖြေဆိုရန်ဖြစ်သော အဆိုပြုချက်။ [လိပ်၊theorem]

သီး ¹၊ကြိ-၁၊အပင်မှ အသီးများ ဖြစ်ပွန်းသည်။ ၂၊[ဥပမာ]အသီးသဏ္ဌာန် အဖုအလုံး ဖြစ်ပေါ်သည်။ ၃၊လည်ချောင်းရှိ လေပြွန်၌ တစ်စုံတစ်ရာဆို့နေ၍ အကွင်းလေက တွန်းထုတ်သည်။ **~စား**/သီ့ဇား/န-လယ်ရှင်အား အခပေး၍ လယ်ကို ငှားရမ်းလုပ်ကိုင်သူ။ **~စားခ**/-ဂ/န-လယ်ယာ ငှားရမ်းလုပ်ကိုင်သဖြင့် လယ်ရှင်အား ပေးရသော သီးနှံ၊ ငွေစသည်။ **~စားချ**/-ချ/ကြိ-လယ်မြေကို အငှားလုပ်ကိုင်သူအား ငှားရမ်းသည်။ **~စားပင်**/-ဗင်/န-အသီးကို စားရသည့် အပင်မျိုး။ **~ညှပ်**၊န-သီးနှံတစ်မျိုး စိုက်ပျိုးထားသော စိုက်ခင်းကွင်းရောညှပ်စိုက်သော အခြားသီးနှံ။ **~ထပ်**/သီးဒတ်/န-အဓိက သီးနှံရိတ်သိမ်းပြီးနောက် ဆက်လက်စိုက်ပျိုးသော အခြားသီးနှံ။ **~မှောင်းတက်**၊ကြိ-စိုက်ပျိုးထားသော အပင်မှ အသီးများ သီးချိန်ရောက်သည်။ **~ရှင့်**၊ကြိ-ရင့်သီးသည်။ န- အခွံအသားမာကျောစပြုသော အသီး။ **~သီးနှင့်နှင့်** /သီးသိုးနှင့်နှင့်/ ကြိဝိ-တစ်ဖက်သား မခံသာအောင် ကြမ်းတမ်းရိုင်းပျစွာ။ ရင့်ရင့်သီးသီး။

သီး ²၊န-အသီးကိုစားရ၍ အခေါက်ကို သွေးလိမ်းရသော ပင်လတ်တစ်မျိုး။

သီးခြား/သီးချား/ကြိဝိ-အခြားကစ်ပါးနှင့် မရောနှောဘဲ။ သီးသန့်။ /နဝိ-တသီးတခြား ဖြစ်သော။

သုခ၊န-ချမ်းသာခြင်း။ [ပါ၊သုခ]

သုခမိန်၊န-သိမ်မွေ့ထက်မြက်သော အသိအမြင်ရှိသူ။ ပညာရှိ။ [သ၊သုကွဒဒ မို/ပါ၊သုခမိန]

သုခုမပညာ/သုခုမာ့ပျင်ညာ/န-ဂီတ၊ ကဗျာ၊ ပန်းချီ၊ ပန်းပု စသော သိမ်မွေ့သည့်အတတ်။ [ပါ၊ သုခုမ+

မာတိကာသို့ ▶▶▶

ပညာ]

သုစရိတပဋိပတ်၊န–အစွပ်အစွဲတော် လွယ်ကူပြေပြစ်ခြင်း၊ အသုံးအနှုန်း ယဉ်ကျေးသိမ်မွေ့ခြင်း ရှိသောဂုဏ်။ [ပါ၊သုစရိတသတာ+ဂုဏ]

သုဂတိ၊န–ကောင်းမှုပြုသူတို့ ကွယ်လွန်သောအခါ ဆိုက်ရောက်ရာဘုံ။ ကောင်းသော လားရာဘဝ။ [ပါ၊သုဂတိ]

သုစရိုက်/သုဇယိုက်/န–ပါဏာတိပါတမှ ရှောင်ကြဉ်ခြင်း စသော ကောင်းသော အကျင့်။ [ပါ၊သုစရိတ]

သုည /သုန်ညာ/ န– ၁၊ မရှိခြင်း။ ဆိတ်သုဉ်းခြင်း။ ၂၊[သင်္ချာ] ကိန်းတစ်ခုတွင် တည်နေရာအလိုက် အရေအတွက်မရှိကြောင်းပြသည့် အမှတ်အသား။ ဝ။ ၃၊ကိန်းဂဏန်းများနောက်တွင် ရှိသောအခါ ဆယ်ဆပမာဏရှိသော အမှတ်အသား။ [ပါ၊သုည] –ကမ္ဘာ/–ဂမ္ဘာ/န–ဘုရားမပွင့်သော ကမ္ဘာ။

သုတ၊န–အကြားအမြင်။ [ပါ၊သုတ] ~စာပေ/သုတစာပေ/န–[စာပေ]ဗဟုသုတဖြစ်ဖွယ် ရေးသားထားသော စာပေ။

သုတေသန၊န–တစ်စုံတစ်ခုကို ခွဲခြမ်းစိတ်ဖြာသိရန် ရှာဖွေစမ်းစစ်ခြင်း။ [ပါ၊သုတေသန]

သုတေသီ၊န–သုတေသနပြုသူ။ [ပါ၊သုတေသီ]

သုဒ္ဓာဘုတ်/သုတ်ဒါဗုတ်/န–နတ်တို့၏ အစာအာဟာရ။ [ပါ၊သုဓာဘောဇန]

သုနာပရန္တတိုင်း/သုနာပရန်တာ့တိုင်း/န–၁၊[ရှေး] ဧရာဝတီမြစ်၏ အနောက်ဘက်ဒေသ။ ၂၊ဓမ္မဒီပါ၌ အနောက်ကျွန်းသားတို့ နေရာအရပ်။ [ပါ၊သုနာပရန္တ+မြန်၊တိုင်း]

သုဘရာဇာ/သုဘာယာဇာ/န–လူသေကောင်မြှုပ်နှံသော အလုပ်ဖြင့် အသက်မွေးသူ။ [ပါ၊သုသာန+ရာဇာ]

သုမင်္ဂလ၊န–အလှူ့အတန်း၊ မင်္ဂလာဆောင် စသော သာရေး။ [ပါ၊သု+မင်္ဂလ]

သုဝဏ္ဏလိပ်၊န–၁၊ရွှေပြားပေါ်တွင် ရေးထားသော စာ။ ၂၊သဝဏ်လွှာ။ [ပါ၊သုဝဏ္ဏ+လိပိ]

သုသာန်/သုတ်သန်/န–လူသေ သင်္ဂြိုဟ်ရာအရပ်။ သချိုင်း။ [ပါ၊သုသာန]

သူ၊န–တစ်စုံတစ်ဦးကို ရည်ညွှန်းသော စကားလုံး။ "ပြော~။ သင်ပြ~။" နစ–ပြောသူနှင့် ကြားနာသူမှ တစ်ပါး အခြား တစ်စုံတစ်ဦးကို ရည်ညွှန်းသုံးသော စကားလုံး။ စည်း–အမျိုးသမီးဖြစ်ကြောင်းပြသော စကားလုံး။ "မြို့~။ ကျောင်း~။ အရပ်~။" ~ကောင်တင်/သူခေါင်ဒင်/န–၁၊ခေါင်းမသွင်းမီ လူသေကောင် တင်သောစင်။ ၂၊နတ်ဖြတ်ရာတွင် အောက်သို့ မကျအောင်ပြတွယ် တွဲဆိုင်းထားသော သစ်။ ~ကောင်း/သူ့ခေါင်း၊သုခေါင်း/န–မျိုးရိုးအကျင့်သိက္ခာ ကောင်းမွန်သူအဖြစ် မင်း၏ ချီးမြှင့်ခြင်းခံရသူ။ –ကောင်းသား/–သား/န–၁၊မျိုးရိုး အကျင့်သိက္ခာ ကောင်းမွန်သူ။ /သခေါ်င်သား/၂၊တစ်စုံတစ်ဦးအား ဂုဏ်တင်သယောင် ငေါ်၍ ပြောသော စကား။ ~ကျွတ်/သူချွတ်/န–ယိုကျွမ်းသူ။ ~ကြီး/သုကြီး/န–ကျေးရွာကို အုပ်ချုပ်ရန် ခန့်ထားခြင်းခံရသူ။ ~ကြွယ်/သုဂျွယ်/န–ပစ္စည်းဥစ္စာ ချမ်းသာသူ။ ~ခိုး/သခိုး/န–သူတစ်ပါး၏ပစ္စည်းကို ခိုးယူသူ။ ~ခိုးပူ /သခိုးပူ/ကြိ–ခိုးမှု မကြာခဏ ဖြစ်သည်။ ~ခိုးလက်ခံ/သခိုးလက်ခံ/န–ခိုးရာပါပစ္စည်းကို ယိမ်းသိမ်းပေးသူ။ ~ခိုးသေဖော်ညှိ/သခိုးသေဖော်ညှိ/ကြိ–[ဥပစာ]တစ်ပါးသူအား မိမိကဲ့သို့ မကောင်းမှု ပြုရန် သွေးဆောင်သည်၊ ~ငယ်/သငယ်/န–၁၊ကလေးငယ်။ ၂၊အသက်ငယ်ရွယ်သူ။ ~ငယ်ချင်း/သငယ်ဂျင်း/န–ငယ်ရွယ်စဉ်ကပင် အဖော်အပေါင်း ပြုခဲ့သူ။ ~ငယ်တော်/သငယ်ဒေါ်/န–နန်းတော်အိမ်တော်တွင် ကိစ္စ အသေးအဖွဲများကို ဆောင်ရွက်ပေးရသော သူငယ်အမှုထမ်း။ ~ငယ်တန်း /သငယ်ဒန်း၊ သူငယ်ဒန်း/ န– မူလတန်းကျောင်း၌ ပညာစတင်သည်းပူးရာအဆင့်။ ~ငယ်နာ/သငယ်နာ/န–အကြောဆက်ခြင်း၊ ချည့်နဲ့ခြင်း စသော ကလေးငယ်တို့၌ ဖြစ်တတ်သော ရောဂါ။ ~ငယ်နှပ်စား /သငယ်နှပ်စား/ န– မဆင်ခြင် တတ်သေးသော ကလေးအရွယ်။ ~ငယ်ပြန် /သငယ်ပျန်/ကြိ–အိုမင်းသဖြင့် သတိလွတ်ကာ ကလေးကဲ့သို့ ပြောဆိုပြုမူသည်။ ~ငယ်အိပ်ဆိတ် /သငယ်အိတ်ဆိတ်/န–သူငယ်တို့ အိပ်လေ့ရှိသည့် ည ၈နာရီခန့်အချိန်။ ~ငယ်အိမ် /သငယ်အိန်/ န–မျက်နက်၏ ဗဟိုရှိ ရုပ်ပုံထင်ရာအဝန်း။ ~စိမ်း /သူ့စိန်း၊ဒစိန်း/န–မသိကျွမ်းဖူးသူ။ ~စိမ်းတစ်ရံဆံ /ဒစိန်းတယန်ဇန်/န–တစ်ခါတစ်ရံမျှသာ ဆက်ဆံဖူးသူ။ ~ဌေး/သထေး/န–ပစ္စည်း ဥစ္စာ ချမ်းသာသူ။ [မြန်၊သူ+ပါ၊သေဋ္ဌိ] ~တော်ကောင်း/သူဒေါ်ဂေါင်း/ န–ဖြောင့်မှန်၍ ကောင်းသော အမှုကိုသာပြုသူ။ ~တော်စင်/သူဒေါ်ဇင်/န– အကျင့်သီလ စင်ကြယ်သောပုဂ္ဂိုလ်။ ~တောင်းစား /သုဒေါင်းဇား/န–တောင်းရမ်းခြင်းဖြင့် အသက်မွေးသူ။ ~တစ်ပါး /သူ့ဒဖား/န–အခြားပုဂ္ဂိုလ်၊ သူတစ်ထူး။ ~တစ်ပြန်ငါတစ်ပြန်/သူ့ဒဗျန်ငါဒဗျန်/ကြိဝိ–တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်။ ~တစ်လူငါတစ်မင်း /သူ့ဒလူငါဒမင်း/ ကြိဝိ– တစ်ချိန်တည်းတွင် ဒေသအသီးသီး၌ တစ်မျိုးတစ်ဖုံစီ ကြီးစိုးအုပ်ချုပ်လျက်။ ~နာဖြုံ/သူနာဖျုံ/န–လူနာကို ပြုစုသည့် အမှုထမ်း။ ~ပုန်/သုဗုန်/န–အစိုးရအား ဆန့်ကျင်၍

http://www.lknt11.com ...

လက်နက်ကိုင် တိုက်ခိုက်သူ။ **~ပုန်သူကန်**/-သူဂန်/န-ပုန်ကန်သူ။ **~ဖုန်းစား**/သူဖုန်းစား/န-သူတောင်းစား။ [မြန်၊သူ+သ၊ပုဇျ+မြန်၊စား] **~မသာကိုယ်မသာ**၊ကြိဝိ-ဖြိုင်ဘက်ချင်း အရည်အချင်း ညီတူဖြစ်လျက်။ မည်သူမျှ မသာလွန်ဘဲ။ **~များ**၊နစ-၁၊အခြားသူကို ရည်ညွှန်းသော စကား။ ၂၊ [အပြော] မိမိကိုယ်ကို ရည်ညွှန်းသော စကား။ **~ယောင်**၊န-ဟိမဝန္တာတောတွင် ပေါက်သည် ဆိုသော မိန်းကလေးအသွင် ပန်းပွင့်သည့် နွယ်ပင်။ **~ယုတ်မာ**၊န-ယုတ်ညံ့သော အကျင့်ရှိသူ။ **~ရဲ**၊န-စစ်သည်။ **~ရဲကောင်း**/သူယဲဂေါင်း/န-မှန်ကန်သည်ကို ရဲဝံ့စွာ ထွန်းစား ဆောင်ရွက်တတ်သူ။ **~ရဲရိ**/သယဲဂိ/န-စစ်သည်တို့ အကာအကွယ်ယူရာ မြို့ရိုးထက်ရှိ အုတ်နံရံဝယ်။ **~ရဲမြေး** သယဲဗျေး/န-မြို့ရိုးထက်တွင် စစ်သည်တို့ သွားရန်နေရာ။ **~ရဲဘော**/သယဲဗော/န-ရဲရင့်သူတို့၏ သဘာဝ။ သူရသတ္တိ။ [မြန်၊သူရဲ+ပါ၊ဘာဝ] **~ရင်းငှား**/စယင်းငှား/န-(အထူးသဖြင့် လယ်ယာလုပ်ငန်းတွင်) အခကြေးငွေယူ၍ အလုပ်လုပ်ပေးသူ။ **~ရင်းတိုင်**/စယင်းဒိုင်/န-သူရင်းငှားကို အခပေး၍ ခေါ်ခိုင်းသူ။ **~လျှို**/ဒယို/န-သတင်းကို လျှို့ဝှက်ထောက်လှမ်းသူ။

သူဇာ၊န-၁၊သိကြားမင်း၏ မိဖုရားကြီးအမည်။ ၂၊ [ဥပစာ] လှပတင့်တယ်သော အမျိုးသမီး။ [ပါ၊သုဇာ]

သူရကန်/သူရကန်/န-၁၊နေရောင်ဖြင့် မီးဖြစ်စေတတ်သော ကျောက်။ မှန်ဘီလူး။ ၂၊နေ။ [ပါ၊သူရိယကန္တ]

သူရာသတ္တိ/သူယာသက်ကိ/န-ရဲရင့်သော စွမ်းရည်။ [ပါ၊သူရ+သတ္တိ]

သူရိယ/သူရိယာ့/န-နေမင်း။ [ပါ၊သူရိယ] **~မာသ**/သူရိယာ့မာသာ့/န-နေကို ကမ္ဘာက တစ်ပတ်ပတ်မိရန် ကြာမြင့်သောကာလကို ၁၂ ရာသီပိုင်းခြားတွက်ချက်သော လ။ (စန္ဒြမာသလည်းရှု) [ပါ၊သူရိယ+မာသ]

သူရဿတီ/သူရတ်သတီ/န-ပိဋကတ်သုံးပုံကို စောင့်သည်ဆိုသော နတ်သမီး။ [သ၊သရဿတီ]

သူ့ရှင်၊န-ပြည်သူတို့၏ အရှင်။ ဘုရင်။ [မွန်ပြန်၊တလည်း]

သူ့လက်သူ့ခြေ/သုလက်သုချီ/န-တစ်ဦးတည်းက သိမ်းကျုံးလုပ်ဆောင်မှု။

သေ၊ကြိ-၁၊အသက်ကုန်ဆုံးသည်။ ၂၊မလှုပ်ရှားနိုင်ဖြစ်သည်။ "ကိုယ်တစ်ခြမ်း ~~။" ၃၊တိုးမှု၊ ဆုတ်မှု၊ ပြောင်းလဲမှုမရှိ ဖြစ်သည်။ "အသား ~~။ အကင်း ~~။" န-သေရည်။ **~ကောင်ပေါင်းလဲ**/သေဂေါင်ပေါင်းလဲ/ကြိဝိ-မထူနိုင် မထနိုင် သေလုနီးပါး။ **~ကျေ**၊ကြိ-သေဆုံးပျောက်ကွယ်သည်။ **~ကြောင်းကြံ**/သေဂျောင်းကျန်/ကြိ-သေစေရန် တစ်နည်းနည်းဖြင့် ကြံစည်ကြိုးစားသည်။ **~ကွင်း**/သေဂွင်း/န-ထိခိုက်မိလျှင် သေဆုံးနိုင်သော ကိုယ်အစိတ်အပိုင်း။ **~ခန်းပြတ်**/သေဂန်းပျတ်/ကြိ-ဆွေမျိုးသားချင်းချင်း သေသည်အထိ အဆက်အသွယ်ပြတ်သည်။ **~ခန်းရှင်ခန်းပြတ်**/ သေဂန်းယှင်ဂန်းပျတ်/ကြိ- ဆွေမျိုးသားချင်းချင်း သာရေးနာရေးကိစ္စများတွင် အဆက်အဆံ ပြတ်သည်။ **~ချာ**/သေဂျာ/ကြိ-၁၊မလွဲမသွေဖြစ်သည်။ ၂၊စေ့စပ်ကျနသည်။ **~ချာဂန**/-ဂါနာ့/ကြိဝိ-သေချာစွာ။ **~ချာပေါက်**/-ပေါက်/ကြိဝိ-အမှန်တကယ်။ အမှန်မုချ။ **~ချင်ဇော်နန်**/သေဂျင်ဇော်နန်/ကြိ-သေလုနီးပါး ပင်ပန်းသည်။ **~ချင်ပက်ကျို**/သေဂျင်ပက်ကျို/ ကြိဝိ- သေလုနီးပါး။ **~ခြင်းဆိုး**/သေဂျင်းဆိုး/န-၁၊ရောဂါဆိုးကြောင့် သော်လည်းကောင်း၊ ဘေးအန္တရာယ် တစ်ခုခုကြောင့်သော်လည်းကောင်း ရုတ်တရက် သေခြင်း။ ၂၊ကျိန်ဆဲသည့် စကား။ **~ခွေ**၊ကြိ-[ပေါ] သေဝပ်ပိပြားသည်။ ကျစ်လျစ်သိပ်သည်းသည်။ **~ငယ်ဇော**၊န-သေခါနီး စိတ်အစဉ်။ **~စာရင်းစာ**/သေဇာယင်ဇာ/န-အသင့်အတင့်စာတတ်သူ ရေးနိုင် ဖတ်နိုင်သော၊ သာရေးနာရေးစသော လူမှုကိစ္စဆိုင်ရာစာ။ **~တစ်ပန်သက်ဆုံး**/သေတဇန်သက်ဆုန်း/ကြိဝိ-အသက်ကုန်ဆုံးသည့် တိုင်အောင်။ **~တမ်းစာ**/သေဒန်းဇာ/န-မိမိဆန္ဒအတိုင်း ဆောင်ရွက်ရန် မကွယ်လွန်မီက ရေးခဲ့သောစာ။ **~တမ်းစစ်ချက်**/သေဒန်းစစ်ချက်/န-သေလုနီး ဒဏ်ရာရသူထံမှ သက်ဆိုင်ရာက ရယူသော ဖြစ်မှုနှင့် စပ်လျဉ်းသည့် ထွက်ဆိုချက်။ **~ဒဏ်**၊န-တရားခံအား အဆုံးစီရင်ရန် ချမှတ်သော ပြစ်ဒဏ်။ **~နာကောင်**/သေနာဂေါင်/န-အနာရောဂါဖြင့် သေမည့်သူဟု ဆဲရေးသော စကား။ **~နေ့စေ့**/သေနေ့စိ/ကြိ-သေမည့်နေ့ရက်သို့ ဆိုက်ရောက်သည်။ **~ပန်းပွင့်**/သေဗန်းပွင့်/ကြိ-သေချိန်တွင် ကောင်းစားသည်၊ ထင်ထင်ပေါ်ပေါ် ဖြစ်သည်။ **~ပြေးရှင်ပြေး**/သေဗျေးယှင်ဗျေး/ကြိဝိ-၁၊အသက်ကို လုလျက်။ ၂၊[ဥပစာ]အလျင်စလို။ ရေးကြီးသုတ်ပျာ။ **~မင်း**၊န-သတ္တဝါမှန်သမျှကို စိုးမိုးနေသော သေခြင်းတရား။ **~ရေးရှင်ရေး**၊န-၁၊သေမှုရှင်မှုနှင့်ဆိုင်သောကိစ္စ။ ၂၊[ဥပစာ] အလွန်အရေးကြီးသော ကိစ္စ။ **~ရည်**၊ န- မူးယစ်စေတတ်သော အရည်။ အရက်။ သေရည် သေရက်။ **~လုမျောပါး**/သေလုမျောဗား/ကြိဝိ-ဆဒ္ဒနာ ပြင်းထန်၍ သေလုနီးပါး။ **~ဝပါးနီး**/သေဝါ့ဗားနီး/ ကြိဝိ- သေလု

http://www.lknt11.com ...

နီးပါး။ **~ဝ်** /သေဝတ်/ကြိ-ကျိုးနွံပြီပြားသည်။ **~သပ်**/သေသုတ်/ကြိ-ဗိရိ သပ်ရပ်သည်။

သေနာပတိ၊န-စစ်သူကြီး။ [ပါ၊သေနာပတိ]

သေနင်္ဂဗျူဟာ/သေနင်ဂါဗျူဟာ/န-စစ်ဆင်နည်း။ [ပါ၊သေနင်္ဂ+ဗျူဟ]

သေနတ် /သနတ်/ န-ကျည်ဆေ၊ ကျည်ဆန်ထည့်၍ ပစ်ခတ်ရသည့် ပြောင်းတပ်လက်နက်။ [ဒပ်ချ၊ snaphaan] **~တစ်ကမ်း** /သနတ်ဒဂန်း/ န-သေနတ်ကျည်ဆန်ရောက်ထိနိုင်သော အကွာအဝေး။

သေး[၁]၊နဝိ-အရွယ်ပမာဏ ငယ်သော။ **~ကွေး**၊နဝိ-သေးငယ်သော။ **~သေးတင်**/သေးသေးတင်/န-နို့ဝှဟီးယ်နှင့်အတူတူ။ **~သိမ်**၊ နဝိ- သေးငယ်ယုတ်လျော့သော။ မပြည့်ဝသော။ နိမ့်ကျသော။

သေး[၂]၊န-[ရှိုင်း]ဆီး။ ကျင်ငယ်။ **~ကလူ့ချေးကလူ့**၊ကြိဝိ-[အရပ်]အလေးအပေါ့ ကိစ္စပါမကျန် အနှံ့အတာစုံပြုစုလျက်။ **~ပေါက်**၊ကြိ-[ရိုင်း]ကျင်ငယ်စွန့်ထုတ်သည်။ ဆီးသွားသည်။

သေး[၃]၊စည်း-ကြိယာအသီးသီး၏ အနက်သဘောကို ထူးခြားအောင် ယောက်ပံ့သော စကားလုံး။ "မနေ့ကပင် ပြော~။" "ချမ်း~။" "အိုရချေ~၊ နာရချေ~။" "ယူလည်းယူ~၊ စားလည်းစား~။"

သဲ၊န-ရေ၊လေစသည်တို့ တိုက်စားသဖြင့် ဖြစ်ပေါ်လာသည့် ကျောက်အမှုန်အမွှား။ **~ကန္တာရ**/သဲဂန်ဒါယာ/န-သွားလာရန် ခက်ခဲသော သဲပြင်ကျယ်။ **~ဆပ်ပြာ**၊န-ဆပ်ပြာဓာတ်ပါသော သဲမှုန့်၊ **~ထဲရေသွန်** /သဲဒဲယေသွန်/ ကြိဝိ - [ဥပစာ] အချည်းနှီး အလဟဿ။ **~ပလုတ်**၊န-ပင်လယ်ကမ်းစပ် သဲပြင်တွင် ကျင်းတူးခနေလေ့ရှိသော ကီမျိုးဝင်၊ စားရသော အမြှုရောင်သတ္တဝါ တစ်မျိုး။ **~ပုံခေတီ**/သဲဗုန်ဖေဒီ/န-ရွှေအဆင့်ဆင့်ခံ၍ သဲဖြင့်တည်ထားသော ခေတီ။ **~ရေကျ**/သဲယေကျ/ကြိဝိ-[ဥပစာ]အချည်းနှီး အလဟဿ။ **~ရှင်**၊န-နင်းဖြတ်သွားလျှင် ကျွံမြုပ်သွားစေတတ်သော သဲဗွက်။ **~လဲဖင်**/သဲလဲဖင်/န-အပြစ်အနာလုံးဝ ကင်းရှင်းသန့်စင်သောအဖြစ်။ **~လွန်စ**/သဲလွန်ဇာ/န-အမှုကိစ္စ တစ်စုံတစ်ရာကို စုံစမ်းရာတွင် လမ်းစဖော်ပေးသော အရာဝတ္ထု၊ အချက်အလက် စသည်။ **~ဝဲ**၊ န-ရေ၊ သဲတို့ အထိများသဖြင့် ဖြစ်သောဝဲနာ။

သဲကြီးမဲကြီး/သဲကျီးမဲကျီး/**သဲသဲမဲမဲ**/ သဲသုံမဲမဲ/ကြိဝိ-စူးစူးစိုက်စိုက် ဖွဲ့ကြီးစွာ။ ပြင်းပြင်းထန်ထန်။

သဲကွဲ/သဲဂွဲ/နဝိ-ကွဲပြားထင်ရှားသော။

သဲ့၊ကြိ-အဝေးမှ အသာစုယူသည်။

သဲ့သဲ့/သဲ့သဲ့/ကြိဝိ-အသံကြားရုံမျှ။ တိုးတိုး။

သော[၁]၊ ကြိ-ရယ်မောရအောင် ပြောသည်။ **~ကား** /သောဂါး/ ကြိ- [ပေါ] စော်ကားရိုင်းပျသည်။ **~ကောရောကော**/သောဂေါ်ယောဂေါ်/ကြိဝိ-အရောရော အနောနော။ **~သော**/သောသော/ကြိဝိ-၁၊အများအပြား။ ၂၊ဆူဆူညံညံ။ **~သောကြွယ်**/-ကျွယ်/ကြိ-အလွန်ပေါများသည်။ **~သောညံ**/-ညန်/ကြိ-အလွန်ဆူညံသည်။

သော[၂]၊စည်း-၁၊နာမဝိသေသနဖြစ်ကြောင်း ပြသောနောက်ဆက်စကားလုံး။ ၂၊ဆန္ဒထုတ်ဖော်ရာ၌ လေးနက်စေရန် သုံးသော အဆုံးသတ် စကားလုံး။

သောက၊န-စိုးရိမ်ကြောင့်ကြခြင်း။ [ပါ၊သောက]

သောကြာ/သောက်ကျာ/န-၁၊နေ့ခုနစ်နေ့တွင် ဆဋ္ဌမနေ့။ ၂၊[ဗေဒင်] ဂြိုဟ်ကြီးကိုးလုံးတွင် ဆဋ္ဌမဂြိုဟ်။ ၃၊[သိပ္ပံ] နေရှိရာမှ အစဉ်အားဖြင့် ဒုတိယဖြစ်သော ဂြိုဟ်၊ [သ၊ရုက္က+ပါ၊သုက္က] **~ကြယ်**/-ကျယ်/ န- အလင်းရောင် အားကောင်းသော ကြယ်ကြီး။ သောက်ရှူးကြယ်။ သောကြာဂြိုဟ်။ **~အရပ်**/-အယတ်/ န မြောက်ဘက်၊

သောတရှင်/သောတာ့ယှင်/န-သီဆိုတီးမှုတ်သံကို နားထောင်သူ။ [ပါ၊သောတ+မြန်၊အရှင်]

သောတာပန်/သောတာဗန်/န-အရိယာ လေးဆင့်တွင် ပဌမအဆင့်၌ တည်သော ပုဂ္ဂိုလ်။ နိဗ္ဗာန်သို့ဝင်ရာ အရိယာမဂ် ရေစီးကြောင်းသို့ ဦးစွာ ဆိုက်ရောက်သူ။ [ပါ၊သောတာပန္န]

သောမနဿ/သောမနတ်သာ့/န-ဝမ်းမြောက်ခြင်း။ [ပါ၊သောမနဿ]

သောရီ/သောရီ/န-[ဗေဒင်] စနေဂြိုဟ်။ [သ၊သော်ရိ]

သော့[၁]၊ကြိ-လျင်မြန်သည်။ လျင်မြန်စွာ ပြုမူသည်။ **~သွမ်း**၊ကြိ-ဆိုးသွမ်းသည်။

သော့[၂]၊န-ဖွင့်ပိတ်နိုင်အောင် စီမံထားသော ကိရိယာ။ **~ကိုင်**/သော့ဂိုင်/န-[ဥပစာ] အချက်အချာကျသူ။ အရေးပါ အရာရောက်သူ။ **~ခလောက်**/သော့ဂလောက်/န-ချိတ်တွယ်၍ ခတ်နိုင်သော သော့တစ်မျိုး။ **~ချက်**/သော့ချက်/န-[ဥပစာ]အဓိကဖြစ်သောအရာ၊ **~တံ**/သော့ဒန်/န-သော့ခလောက်ကို ဖွင့်၊ ပိတ်နိုင်သော အချောင်းအတံ။ **~ပေး**၊ကြိ-နာရီစသည်ရှိ သံပတ်ကိုတင်းသည်။ **~သီး**/သော့သီး/န-သော့ပေးရန်နှင့် အချိန်တိုက်ရန် နာရီတွင် တပ်ဆင်ထားသော အတံပါသည့် ထိပ်ဖုံး။

သော်၊သမ်-လျှင်။ "သူပေး~ ငါယူမည်။" **~လည်း**/သော်လဲ/သမ်-ဆန့်ကျင်ဘက်အနက်ဖြင့် ဆက်စပ်ပေးသည့် စကားလုံး။ **~လည်းကောင်း**/သော်လဂေါင်း/သမ်-တစ်ခုမဟုတ် တစ်ခု ဖြစ်ကြောင်း အနက်ဖြင့် ဆက်စပ်ပေးသော စကားလုံး။

မာတိကာသို့ ▶▶▶

http://www.lknt11.com

သော်က၊န–အနီရောင်ပန်းပွင့်သော ပင်လတ်တစ်မျိုး။ [ပါ၊အသောက] **~ကြီး**/သော်ကာဂျီး/န–ဟင်္သပဒါးရောင် ပန်းပွင့်သည့် ပင်စောက်ကြီး တစ်မျိုး။

သော်တာ/သော်ဒါ/န–လမင်း။ [သ၊သုဓာံ]

သော်မော်၊န–[ပေါ] ၁၊ပန်းပွင့်ပုံစံ အမွှမ်းအမံလက်ရာ။ ၂၊နုံ့သာရည်။ နံ့သာခဲ။ [ပါ၊သောမော]

သံ [1]၊န–၁၊အလွန်မာကျောသော တွင်းထွက်သတ္တုတစ်မျိုး။ ၂၊အရာဝတ္ထုတစ်ခုနှင့် တစ်ခုတွယ်ကပ်ရန် ရိုက်သွင်းရသော ယင်းသတ္တုဖြင့် ပြုလုပ်သည့် အချောင်းအတံ။ **~ကြိုး**/သန်ဂျိုး/န–၁၊ဓါတ်အားနှင့် သိမ်းသော အကိုင်းအတား။ ၂၊ကြေးနန်းဖြင့် ပို့သော အကြောင်းကြားစာ။ ကြေးနန်း။ **~ကြိုးရိုက်**/–ယိုက်/ကြိ–ကြေးနန်းဖြင့် သတင်းပေးပို့သည်။ **~ကွန်ချာ**၊န–သံနန်းကြိုးဖြင့် ပြုလုပ်ထားသော အဖုံးအကာ။ **~ကြွပ်**/သန်ဂျွတ်/န–ဆတ်သော သံအမျိုးအစား။ **~ခမောက်**၊န–သံသတ္တုစသည်ဖြင့် ပြုလုပ်ထားသော ဦးခေါင်းဆောင်းစရာ။ **~ချေး**/သန်ချီး/န–ရေ၊ လေတို့နှင့် တွေ့ထိသဖြင့် သံပေါ်တွင် ဖြစ်ပေါ်သော အညစ်အကြေး။ **~ချပ်ကာကား**/သန်ဂျတ်ကာကား/န–သံမဏိပြားများဖြင့် အကာအကွယ်ပြုထားသော ကားတစ်မျိုး။ **~ချပ်အကျီ**/–အင်ကျီ/န–[ရှေး]သံ၊ ကြေးစသည် အပြားအချပ်ကလေးများကို နန်းကြိုးဖြင့်ခက်၍ ပြုလုပ်ထားသော စစ်ဝတ်အင်္ကျီ။ **~ခြေချင်း**/သန်ချီဂျင်း/န–အကျဉ်းသားများ ထွက်မပြေးနိုင်အောင် ခြေတွင် ခတ်ထားသော သံကွင်း။ **~ခွာ**၊န–မြင်းခွာ၊ ဖိနပ်ခွာတို့အောက်၌ ကပ်ရိုက်ရသော သံအခုအခံ။ **~စိမ်း**/သန်ဇိန်း/န–သံရိုင်းကို ကျိုချွံရသော အထည် မလုပ်ရသေးသည့် သံ။ **~ညှပ်**၊န–၁၊ ညှပ်၍ ကိုင်တွယ်နိုင်ရန် သံလက်တံအစုံကို ပူးတွဲ ပြုလုပ်ထားသည့် ကိရိယာ။ ၂၊ကြွက် စသည်ကို ညှပ်ဖမ်းသော ထောင်ချောက်တစ်မျိုး။ ကြွက်ခုပ်။ **~တိုမယ်န**/သန်ဒိုမယ်နာ့/န–သံ အတိုအစ။ **~တွေခဲ**/သန်ဒွေဂဲ/န–သံအတုံးအခဲ။ **~ပချြပ်**၊န–လက်တံများ မရှိဘဲ ပွန်ပုံခြေတံ ငါးတန်းနှင့် ဆူးရှည်များ ပါသော ပင်လယ်သတ္တဝါ တစ်မျိုး။ ကျောက်ဘာဘော။ **~ပတ်**/သန်ဗတ်/န–ရန်းကန်အား ဖြစ်ပေါ်အောင် ပြုလုပ်ထားသော သံမဏိ နန်းပြားခွေ။ **~ပတ်ကုန်**/–ကုန်/ ကြိ–သံပတ်၏ ရန်းကန်အား ပြယ်သွားသည်။ **~ပတ်ပေး**/–ပေး/ ကြိ–လျော့နေသော သံပတ်ကို ပြန်ရစ်သည်။ **~ပန်း**/–ဗန်း/ န–အပိတ်အကာ ပြုလုပ်ရန် သံချောင်း၊ သံပြားဖြင့် ပုံစံအမျိုးမျိုး လုပ်ထားသော သံထည်။ **~ပြားဝိုင်းပစ်**/သန်ဗျားဝိုင်းပျစ်/န–သတ္တုပြား အဝိုင်းကို အဝေးသို့ ရောက်အောင် ပစ်ရသော အားကစားနည်း တစ်မျိုး။ **~ဖိနပ်**/သန်ဖနတ်/န–တိုင်အောက်ခြေတွင် တိုင်ကို ထိန်းချုပ်သည့် သံကျင်တွယ်ပါသော အောက်ခံ အုတ်ခုံ။ **~ဖြူ**/သန်ဗျူ/ န–အဖြူရောင်သတ္တု အပျော့စား တစ်မျိုး။ **~မဏိ**၊န–သံတွင်ကာဗွန်ဓာတ် သွင်းထားသော အလွန်မိုင်ခံ့ မာကျောသည့် သတ္တု။ နဝိ–[ဥပစာ] အလွန် တင်းကျပ်သော။ အလွန် ခိုင်မာသော။ “~စည်းချဉ်း၊ ~စိတ်ဓာတ်။” [မြန်၊ သံ+သ၊မဏိ] **~မနိုင်ကျောက်မနိုင်**၊န–ဆေးပင်ဝင် မြေလျှောက်ပင် တစ်မျိုး။ **~မီးကျည်**/သန်မီးဂျီ/န–ယမ်း၊ လောင်စာထည့်၍ ရှို့ဖောက် ပစ်လွှတ်ရသော သံကျည်တောက်။ **~မှို**၊န–ထိပ်တွင် မှိုပွင့်ပုံရှိ သံဆူး၊ သံချွန်။ **~ရောင်တက်**၊ကြိ–သစ်သီးရင့်လာသည်။ **~ရိုင်း**၊န–မြေမှ တူးဖော်ရရှိသည့်အတိုင်း ဖြစ်၍ မသန့်စင်ရသေးသော သံ။ **~ရှင်**၊ န–သံမဏိ။ **~လာက်**၊န–အင်္ဂဆော ကိုင်ရာတွင် သုံးသော ပန်းရန်သုံးကိရိယာ။ **~လက်သီး**၊ န–လက်လေးချောင်း စွပ်၍ ဆုပ်ကိုင်ပြီး ထိုးနိုင်ရန် ပြုလုပ်ထားသော သံလက်နက်။ **~လိုက်**၊ န–သံကို ဆွဲငင်နိုင်သော သတ္တိရှိသည့် သံတစ်မျိုး။ **~လိုက်စက်ကွင်း**၊ န–သံလိုက် သို့မဟုတ် လျှပ်စစ်ဓာတ်ကြောင့် သံလိုက်စွမ်းအား ပျံ့နှံ့ပေါ်ပေါက်ရာ ဝန်းကျင်။ **~လုံးပစ်**/သန်လုန်းပျစ်/န–သံလုံးကို အဝေးသို့ ရောက်အောင် ပစ်ရသော အားကစားနည်း တစ်မျိုး။ **~လျှင်** [1]၊ န–အသီးမှရသော အဆီကို စားသုံးရာ၌ လည်းကောင်း၊ ဆပ်ပြာချက်ရာ၌ လည်းကောင်း အသုံးပြုရသော အပင်ကြီးတစ်မျိုး။ **~သော့**/သန်သော့/န–နက်ပြာရောင်ဆိုးဆေး ထုတ်လုပ်ရသော အပင်တစ်မျိုး။ **~သတ်**/သန်သုတ်/ န–မာလကာရွက်နှင့် အရွက်ချင်းဆင်၍ သံအိုးသံခွက်များ သံချေးမတက်စေရန် လည်းကောင်း၊ သန်ချဆေး ဖော်ရာတွင်လည်းကောင်း အသုံးပြုသော ပင်လတ်တစ်မျိုး။

သံ [2]၊ န–၁၊ မင်းတစ်ပါးက အခြားမင်းတစ်ပါးထံသို့ နိုင်ငံအရေးအခင်းကိစ္စ ဆောင်ရွက်ရန် စေလွှတ်ခြင်းခံရသူ။ ၂၊အခြားနိုင်ငံသို့ သွားရောက် နေထိုင်၍ နိုင်ငံကိစ္စအဝဝကို နိုင်ငံကိုယ်စား ဆောင်ရွက်ရသူ။ **~ခင်းတမန်ခင်း**/သန်ဂင်းတမန်ဂင်း/န–သံတမန် အရေးအရာ။ **~တမန်**၊န–သံ [2] နှင့်အတူတူ။ **~တဲ**/သန်ဒဲ/န–၁၊မြန်မာဘုရင်လက်ထက် သံတမန် တည်းခိုရာ အဆောက်အအုံ။ ၂၊အစိုးရအရာရှိကြီးများ တည်းခိုရာ အဆောက်အအုံ။ **~တော်ဆင့်**/သန်ဒေါ်ဇင့်/န–ဘုရင့်အမိန့်ကို ထုတ်ပြန်၍

မာတိကာသို့ ▸▸▸

http://www.lknt11.com

လွှတ်တော်က ဘုရင့်ထံတင်သွင်းသော လျှောက်ကြားစာများကို ဖတ်ကြားရသူမင်းမှုထမ်း။ ~မှူး၊ န–သံအမတ် အောက် တစ်ဆင့်နိမ့်သော သံအရာရှိ။ ~ရုံး၊န–သံအမှုထမ်းများ၏ အလုပ်ဌာန။ ~အမတ်၊ န–မိမိနိုင်ငံကိုယ်စား နိုင်ငံခြားတွင် နိုင်ငံ့ကိစ္စအဝဝကို ဆောင်ရွက်ရန် အာဏာကုန် လွှဲအပ်ခြင်းခံရသူ။

သံ²၊န–အသံနှင့်အတူတူ။ **~ကြောင်** /သန်ကျောင်/ န–၁၊နားမသာယာသော အော်ဟစ်သံ။ ၂၊သံစဉ်ခုနစ်ပါးတွင် မည်သည့်အသံနှင့်မျှ မကိုက်ညီသော ကြားသံ။ **~ချို**/သန်ဂျို/န–လေးချိုးကဗျာမျိုးတွင် ပါဝင်သော အသံချိုသာစွာ ရွတ်ဆိုရသော ကဗျာတစ်မျိုး။ **~ချိုကိုင်** /–ကိုင်/ န– ရုပ်သေးစင်တွင် နန်းတွင်းစာဆိုတော်ရုပ် ကြိုးဆွဲပြီး သံချိုရွတ်ဆိုသူ။ **~ချပ်** /သန်ဂျတ်/ န–အိုးစည်၊ ဒိုးပတ်ဝိုင်းတွင် အတိုင်အဖောက် ဆိုသော ကဗျာတစ်မျိုး။ **~ချပ်ထိုး** /–ထိုး/ကြိ–၁၊အကြောင်းအရာတစ်ရပ်ရပ်ကို သံချပ်စပ်၍ သီဆိုသည်။ ၂၊သံချပ်နှင့် ထုတ်ဖော်ပြက်ရယ်ပြုသည်။ **~စဉ်**/သန်ဇင်/န–[ဂီတ]မှတည်သံတစ်ခုကို အခြေပြု၍ အနိမ့်အမြင့် အစဉ်လိုက်တည်ရှိသော အသံအစု။ (မြင့်ရာမှ နိမ့်ရာသို့ တစ်ပေါက်၊ နှစ်ပေါက်၊ သုံးပေါက်၊ လေးပေါက်၊ ငါးပေါက်၊ ခြောက်ပေါက်၊ ခုနစ်ပေါက်ဟု အသံခုနစ်ပါးအထိ ရှိသည်။) **~ဆန်း**/သန်ဇန်း/န–မဟာဂီတ သီချင်းကြီးများကို မှီး၍ မြန်မာသံစဉ်နှင့် အသစ်ဖွဲ့စပ်ကြသော နောက်ပေါ်သီချင်းဟောင်းများ။ **~တူကြောင်းကွဲ**/သန်ဒူကျောင်းဂွဲ/န–အသံထွက်ချင်း တူသော်လည်း အနက်ကွဲပြားသော စကားလုံး။ (သာဓက ။ ။ကျိုး–ကြိုး) **~တော်ဦးတင်**/သုဒေါ်ဦးတင်/ ကြိ–မင်း၊ မိဖုရားစသူတို့အား လျှောက်ထားသည်။ **~ပေါက်**/သန်ဘောက်/န–အစတွင် လေးလုံး၊ အလယ်တွင် သုံးလုံး၊ အဆုံးတွင် ငါးလုံး ခုနစ်လုံး စသည်ဖြင့် ဖွဲ့ဆိုရသော ကဗျာတစ်မျိုး။ **~ပြိုင်** /သန်ဗျိုင်/ကြိဝိ– တစ်ပြိုင်တည်း ရွတ်ဆိုလျက်။ **~ပြတ်**/သန်ဗျတ်/န–မာကျောပြတ်တောင်းသော အသံ။ **~ဖိုသံမ** /သန်ဖိုသန်မာ/ န– ဒိုးပတ်စသည် တီးရာတွင် ဗုံမျက်နှာပြင် အကြီးအငယ်အလိုက် ထွက်ပေါ်လာသည့် အသံ အတွဲအဖက်။ **~မှန်**၊န–သံစဉ်ခုနစ်ပါးအနက် အခြေ တည်၍ တီးမှုတ်ရသော အသံ။ **~ယောင်လိုက်**၊ကြိ–သူတစ်ပါးပြောဆိုသည့် အတိုင်း လိုက်၍ပြောဆိုသည်။ **~လွင်**¹၊န–၁၊စည်း လိုက်ရာ၌ သုံးသည့် လင်းကွင်းပုံကြေးတူရိယာငယ် တစ်မျိုး။ ၂၊တက်သံ နှင့်အတူတူ။

သံခိပ်၊န–အကျဉ်းချုံးသော နည်းဖြင့် ရေးသောစာ။ [ပါ၊သံခေပ]

သံဂါယနာတင်၊ ကြိ–သင်္ဂါယနာတင်ရှု။ [ပါ၊သံဂါယနာ+မြန်၊တင်]

သံဃာ၊န–မြတ်စွာဘုရား၏ တပည့် ရဟန်းအပေါင်း။ [ပါ၊သံဃ] **~စင်**/သန်ဂါဇင်/န–အလှူမဏ္ဍပ်တွင် ရဟန်းတော်များ သီတင်းသုံးရာစင်။

သံဃိက၊နဝိ–သံဃာပိုင်ဖြစ်သော။ [ပါ၊သံဃိက]

သံတောင်/သန်ဒေါင်/န–တစ်ဆယ့်ကိုးလက်မရှိသော အတိုင်းအတာ။ (ဆင်တောင်လည်းရှု)

သံတောင်း/သန်ဒေါင်း/န–[ပေါ]နွေဥတု။

သံဒေါင်း၊န–[ဗေဒင်] ရာဟုဂြိုဟ်၏ ၁၂စိတ် ၁စိတ်ဟု သတ်မှတ်ထားသော အစိတ်အပိုင်း။ [သ၊သံဒါဟ]?

သံပရာ/သန်ဗယာ/န–အရည်ရွှမ်း၍ ချဉ်သော အသီးလုံး သီးသည့် အပင်တစ်မျိုး။ [သ၊ ဇမ္ဘိရ] **~ပွင့်ဦးထုပ်**/–ပွန့်အုဟ်ထုပ်/န–သံပရာခြမ်းပုံ ချုပ်ထားသော ဦးထုပ် အဖျော့စားတစ်မျိုး။ **~ပိုင်း**/–ပိုင်း/န–သံပရာခြမ်းပုံရှိသော ဒယ်အိုး။

သံပရို/သန်ဗယို/န–အခွံထူသော၊ သံပရာမျိုးဝင်အပင် တစ်မျိုး။

သံပိုင်း/သန်ဗိုင်း/န–၁၊အဖြစ်အပျက် အကြောင်းအရာ တို့ကို အစဉ်အလာသိစေရန် မှတ်သား ရေးထိုးချက်။ ၂၊ကဗျာ၊ စကားပြေတို့၏ နိဂုံးတွင် စပ်လေ့ရှိသော မော်ကွန်းဝင် သက်တာ။ [ပါ၊သမ္မုတိ]

သံပျင်/သန်ဗျင်/န–[ရှေး] ရွာအများကို အုပ်ချုပ်ရသူ။ [မွန်၊သမ္ဗင်]

သံယောဇဉ်၊န–နှောင်ဖွဲ့သော သဘော။ [ပါ၊သံယောဇန]

သံယံ၊ကြိ–[ပေါ] အညီအညွတ် အားထုတ်သည်။

သံယုဂ်ဗျည်း/သန်ယုတ်ဗျီး/န–နှစ်လုံးဆင့်၊ သုံးလုံးဆင့် ဗျည်း။ [ပါ၊သံယောဂ+ဗျဉ္ဇန]

သံယုတ်ကျမ်း၊န–နိကာယ်ငါးပါးတွင် သံယုတ္တနိကာယ်၌ ပါဝင်သော ကျမ်း။ (သံယုတ်ငါးကျမ်းရှိသည်။) [ပါ၊သံယုတ္တ+မြန်၊ကျမ်း]

သံဝါသ၊န–၁၊အတူတကွ ပေါင်းသင်းခြင်း။ ၂၊မေထုန် မှီဝဲခြင်း။ [ပါ၊သံဝါသ]

သံဝေဂ၊န–၁၊သံသရာဘေးကို ထိတ်လန့်ခြင်း။ ၂၊မှား ကြောင်းသိ၍ သတိတရားရခြင်း။ [ပါ၊သံဝေဂ]

သံဝဋ္ဋကပ်/သန်ဝတ်တကတ်/န–ကမ္ဘာပျက်ခိုက် ကာလ။ [ပါ၊သံဝဋ္ဋ+ကပ္ပ]

သံဝဋ္ဋဋ္ဌာယီကပ်/သန်ဝတ်တထာယီကတ်/န–ကမ္ဘာ ပျက်ပြီးသည်မှ အသစ်တစ်ဖန် ကမ္ဘာမတည်မီ အချိန်ကာလ။ [ပါ၊သံဝဋ္ဋ+ဌာယီ+ကပ္ပ]

သံသယ/သန်သယ/န–ယုံမှားခြင်း။ သင်္ကာမကင်း ရှိခြင်း။ [ပါ၊သံသယ]

သံသရာ/သန်သယာ/န–အဖန်တလဲလဲဖြစ်ခြင်း။ လည်ပတ်ခြင်း။ ဘဝအစဉ်။ [ပါ၊သံသာရ] **~ကြေး**

မာတိကာသို့ ▶▶▶

http://www.lknt11.com

/-ချေး/န-၁။အပေါ်ဘာသာမှ ဖြူခဲ့သော အကုသိုလ်ကံ အကျိုးဆက်။ ၂။နောင်ဘဝတွင် ပြန်လည်ပေးဆပ်ရန် ကြွေး။ ~ရှည်/-ယှေ/ကြိ-[ဥပစာ] အမှုကိစ္စ အမျှင်မပြတ်ဘဲ တန်းလန်းဖြစ်နေသည်။ ~လည်/-လယ်/ကြိ ၁။သံသရာမှ မလွတ်မြောက်နိုင်ဘဲဖြစ်သည်။ ၂။တစ်ခုတစ်ခုသောအဖြစ်၊ အခြေအနေတွင် တဝဲလည်လည် ဖြစ်နေသည်။

သံဃောဒိသေ/သန်ဃော့ဒိဿေ/န-မိခင်ဝမ်း၌ သန္ဓေမနေဘဲ အညီဖြင့် ဖွဲ့၍ဖြစ်သော သတ္တဝါ။ [ပါ၊သံသေဒဇ]

သုံ့သုံ့/သန့်သုန့်/ကြိဝိ-မကွဲမပြား။ အရိပ်အမြွက်မျှ။

သို၊ကြိ-သိမ်းဆည်းသည်။ န-သတ္တဝါ အသီး၏ လိင်တန်ဆာ၊ "ဖုံ-။" ~မှီးကြိ-ပစ္စည်းဥစ္စာ စသည်ကို သိမ်းဆည်းထားသည်။ ~သိပ်/သိုသိုက်/ကြိ-၁။ပိရိကျစ်လျစ်သည်။ ၂။မပေါက်ကြားအောင် လျှို့ဝှက်ထားသည်။

သိုရင်းအင်္ကျီ/သိုယင်းအင်းကျီ/န-မှူးကြီးမတ်ရာများ အဆောင်အယောင်အဖြစ် ဝတ်ဆင်သည့် လက်ပွ၍ ခါးအောက် ဖားလျားကျသောအင်္ကျီ။

သိုရုံးကြိုး/သိုယုန်းကျိုး/န-လေ့ရွက်ကို တင်နိုင်ချနိုင်အောင် စီမံထားသောကြိုး။

သို့၊ဝိ-ရှေးရှူးတည့်ရာ၊ ဆိုက်ရောက်ရာကို ပြသောစကားလုံး။ ~မဟုတ်/သို့မဟုတ်/သမ်-တစ်ခု မဟုတ် တစ်ခု အနက်ဖြင့် ပုဒ်နှစ်ခု ဝါကျနှစ်ခုကို ဆက်ပေးသော စကားလုံး။ ~ရာတွင်/သို့ရာဒွင်/သမ်-သို့သော်လည်း။ ~လောသို့လော/သို့လော သို့လော/ကြိဝိ-ဗိုဟ်ယွေပြားလျက်။ စိတ် မဆုံးဖြတ်နိုင် ဖြစ်လျက်။ ~သော်/သို့သော့်/သမ်-ဆန့်ကျင်သောအနက်ဖြင့် ဆက်စပ်ပေးသော စကားလုံး။ ~သော်လည်း/--လဲ/သမ်-သို့သော်။

သိုး[၁]၊န-၁။ဆိတ်နှင့်ဆင်ဆင်တူသည် တစ်ကိုယ်လုံး အမွေးထူထပ်စွာ ပေါက်သော နို့တိုက်သတ္တဝါ။ ဆိတ်ကုလား။ ၂။ သိုးမွေးဦးသုပ်။ ~ဆောင်း/သိုးဆောင်း/န-၁ဧရာပတိုက်သား။ (သိုးမွေးဦးထုပ်ဆောင်းလေ့ရှိသည်ကို အစွဲပြု၍ ခေါ်သည်။) ~မွေး၊န-သိုး၏ အမွေးဖြင့် ပြုလုပ်ထားသောချည်။

သိုး[၂]၊နဝိ-၁။ချက်ပြုတ်ထားသော အစားအစာ ပင်ကိုဓာတ်ပျက်သဖြင့် မကောင်းသော အနံ့တစ်မျိုး ထွက်သော။ ၂။အရွယ်ရောက်ပြီးဖြစ်သော (ကျွဲ၊ နွား၊ ဆိတ် စသည်အချို့သော အထီးသတ္တဝါ)။ ကြိ-[ဥပစာ]အလွန်အိပ်မောကျသည်။

သိုးကားသီကား/သိုးဂါသီဂါ/ကြိဝိ-၁။အနီးကပ်လျက်။ ၂။မတိမ်းမယိမ်း။

သိုးသိုးသုံ့သုံ့/သိုးသိုးသန့်သုန့်/ကြိဝိ- အရိပ်အမြွက်မျှ။

သက်[၁]၊န-အသက်နှင့်အတူတူ။ ~ကျားအို၊န-အသက်အရွယ်အိုမင်းသူ။ ~ကြီးခေါင်းချ/သက်ကြိုး ခေါင်းချာ/န-အသက်အရွယ် ကြီးရင့်သူတို့ အိပ်စာဝင်ချိန်ဖြစ်သော ညဆယ်နာရီခန့် အချိန်။ ~ကြီးဝါကြီး/သက်ကျိုးဂါဂျီး/န-အသက်၊ ပညာဂုဏ် အဆင့်ကြီးမားသူ။ ~ငယ်/သက်ငယ်၊ သက်ကယ်/န-အရွက်ရှည်ကို ပျစ်၍ အမိုးအကာ ပြုလုပ်ရသော မြက်ပင်ရှည် တစ်မျိုး။ ~ဆေး/သက်ဆေးသက်ဇိ/နဝိ-အသက်နှင့် အရေအတွက် အညီအမျှဖြစ်သော။ ~စောင့်ဆေး၊န- အသက်ရှည်ရာရှည်ကြောင်းဖြစ်စေသောဆေး။ ~စွန့်ကြိုးပမ်း/သက်စွန့်ကျိုးဗန်း/ကြိဝိ-အသက်ကို မငဲ့ကွက်ဘဲ စွန့်စွန့်စားစား။ ~ဆိုးရှည်[၁]/သက်ဆိုးယှေ/ကြိ-ဆင်းဆင်းရဲရဲနှင့် အသက်ရှည်သည်။ ~ဆိုးရှည်[၂]/ကြိ-အသက် ရှည်သည်။ [မြန်၊အသက်+ပါ၊ဇီဝ+မြန် ရှည်] ~တော်စောင့်/သက်တော်စောင့်/န-ဆိုင်ရာ အကြီးအကဲ၏ အသက်လုံခြုံမှုအတွက် စောင့်ရှောက်ပေးသောသူ။ ~တမ်း၊န-၁။သက်ရှိ၏ အရှည်ဆုံး တည်ရှိနိုင်သော ကာလအပိုင်းအခြား။ ၂။[ဥပစာ] တစ်ခုံ တစ်ရာ၏ တည်ရှိမှုကာလ အပိုင်းအခြား။ ~နံ၊န-အသက်ပေးအပ် ချစ်ခင်ရသူ။ ဇနီး။ လင်ယောကျ်ား။ ~နောင်းကပ်၊န-[ဘူမိ] လွန်ခဲ့သော နှစ်ပေါင်း၆၅သန်းမှ ယနေ့အထိဖြစ်သော ဘူမိအချိန်ကာလ။ (သက်လယ်ကပ်၊ သက်ဦးကပ် လည်းရှု) ~ပျောက်ဆွမ်း/သက်ပျောက်ဆွန်း/န-တစ်စုံတစ်ယောက် သေဆုံးသော နေ့၌ ထိုသူအတွက် ရည်စူး၍ ကပ်လှူသော ဆွမ်း။ ~ပြင်းရှူ~မရှူ/သက်မှာရှူ/ကြိ-စိုးရိမ်ပူပန်သောကြောင့်ဖြစ်စေ၊ စိတ်သက်သာရာ ရသောကြောင့်ဖြစ်စေ အသက်ကိုပြင်းစွာ ရှူထုတ်သည်။ ~မဲ့၊န-အသက်မရှိသော အရာဝတ္ထု။ ~ရှိ၊န-၁။သတ္တဝါ။ ၂။သက်ပင်စသည်၊ ~လုံ၊န-၁။ဝင်သက် ထွက်သက် အင်အား။ ၂။ကိုယ်ပင်ပန်းမှုကို ခံနိုင်သောအစွမ်း။ ~လယ်ကပ်၊န-[ဘူမိ] လွန်ခဲ့သောနှစ် ၂၃၈ သန်းမှ ၆၅သန်းအထိဖြစ်သော ဘူမိအချိန် ကာလ။ (သက်ဦးကပ်၊ သက်နောင်းကပ် လည်းရှု) ~လျာ/သက်လယာ/န-အသက်သဖွယ် လျာထားချစ်ခင် ရသူ။ ~သတ်လွတ်၊န-သားငါး မပါသော အစားအစာ။ ~ဦးကပ်၊ န- [ဘူမိ] လွန်ခဲ့သော နှစ် ၅၈၄သန်း မှ ၂၃၈သန်းအထိ ဖြစ်သော ဘူမိအချိန်ကာလ။ (သက်နောင်းကပ်၊ သက်လယ်ကပ်လည်းရှု) ~ဦးဆံပိုင်/သက်အုံး ဆန်ပိုင်/န-နိုင်ငံ၏ အာဏာကို မိမိတစ်ဦးတည်း ကသာ ချုပ်ကိုင်ထားသူ။ ~ဦးဆံပိုင်စနစ်/-စနစ်/ န-နိုင်ငံ၏အာဏာကို တစ်ဦးတည်း ချုပ်ကိုင်ကျင့်သုံးသည့် စနစ်။

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

သက်[၂]၊နဒိ–အနည်းငယ်ခါးသည့် အရသာရှိသော။

သက်[၃]၊ကြိ–၁၊ဆင်းသည်။ ၂၊ဆိုက်ရောက်သည်။ **~ဆိုင်**၊ကြိ–ပတ်သက်သည်။ စပ်လျဉ်းသည်။ **~ညှာ**၊ကြိ–ငဲ့ကွက်သည်။ ထောက်ထားသည်။ **~တံ**၊န–နေနှင့်ဆန့်ကျင်ဘက်ဖြစ်သော ကောင်းကင် တစ်နေရာတွင် အရောင်ခုနစ်မျိုးရှိ လေးကိုင်းသဏ္ဌာန် ဖြစ်နေသော အရာ။ (သက်တင်ဟုလည်း အရေးရှိသည်။) (ဇိုလည်းရှု)–**တန့်**၊န–**ကော်တန့်**ရှု။ **~ရောက်**၊ကြိ–ဆိုလိုချက် တစ်စုံတစ်ရာ၊ အကျိုး တစ်စုံတစ်ရာ ဆိုက်ရောက်သည်။ **~ဝင်**၊ကြိ–၁၊ယုံကြည် လက်ခံသည်။ ၂၊အကျိုးဝင်သည်။ **~သံ**၊န–အသံ ကိုကို ရွတ်ရသော၊ အောက်မြစ်သံပါသော အသံ။ (အ၊ အိ၊ အု(ဥ)၊ အေ၊ အော့၊ အင့်၊ အောင့်၊ အိုင့်၊ အဉ့်၊ အည့်၊ အန့်၊ အိန့်၊ အုန့်၊ အပ့်(အံ့)၊ အိမ့်၊ အုမ့်(အုံ့)၊ အယ့်(အဲ့)၊ အို့ ဟူ၍ ၁၈မျိုးရှိသည်။)

သက်[၄]၊န–တိဗက်မြန်မာအုပ်စုဝင် ဘာသာစကား တစ်မျိုးကို ပြောသော မြန်မာတိုင်းရင်းသား တစ်မျိုး။ (ရခိုင်ပြည်နယ် မောင်းတောနှင့် ဘူးသီးတောင် ဒေသတို့တွင် အများအားဖြင့် နေထိုင်သည်။)

သက္ကတ၊န–သဲသကရိုက်ဘာသာ။ [ပါ၊သက္ကတ]

သက္ကဒါန်/သက်ဂဒန်/န–၁၊ မင်းစီးလှေ တစ်မျိုး။ ၂၊သက္ကဒါန်လှေတွင်ရှိသော အချွန်အတက်ကဲ့သို့ အပြောက်အမွမ်း။

သက္ကရာဇ်/သက်ကယစ်၊ သုဂယစ်/န–မြန်မာတို့ မှတ်သား သုံးစွဲလာခဲ့သော နှစ်အရေအတွက်။ [သ၊ဧက+ရာဇ] **~ဇို**/–ဇို/န–သက္ကရာဇ် ၀၀၀တွင် မိုးညှင်းမင်းတရားက ၇၉၈ခုဖြို၍ အကြွင်း ၂ခုမှ စတင်ရေတွက်သော သက္ကရာဇ်။ ရသနှင်း။ (သက္ကရာဇ် မပြိုခဲ့။ လူအများက ရှိရင်းသက္ကရာဇ် အတိုင်းသာ ရေတွက်သည်။) **~ဖြို**/–ဖို/ကြိ–နှစ် အရေအတွက် များလာသောအခါ ထိုများလာသော နှစ်များကို ချေ၍ ၂နှစ်ကစ၍ မှတ်သားသည်။ **~ရှည်**/–ယှေ/န–ပုပ္ပားစောရဟန်းမင်း နှစ်ပေါင်း ၅၆၀ဖြို၍ အကြွင်း ၂ခုမှ စတင်ရေတွက်သော သက္ကရာဇ်။ ယခုအသုံးပြုနေသော မြန်မာသက္ကရာဇ်။ ဒီယနစ်။

သက္ကလတ်/သုဂလတ်/န–သိုးမွေးနှင့် ရက်လုပ်သော အထည်တစ်မျိုး။ [ပါရှင်၊ sakallat]

သက္ကာယဒိဋ္ဌိ/သက်ကာယာ့ဒိတ်ထိ/န–ရုပ်နာမ်အစု ဖြစ်သော ခန္ဓာကို ယောကျ်ား၊ မိန်းမ၊ သူ၊ ငါ စသည်ဖြင့် ယုံမှား စွဲလမ်းခြင်း။ [ပါ၊သက္ကာယဒိဋ္ဌိ]

သက်ရင်းကြီး/သက်ယင်းဂျီး/န–အရွက်ကို ယောင်း၍ ဒဏ်ကျေဆေးအဖြစ် သုံးရသော ဆေးဖက်ဝင် ပင်စောက် တစ်မျိုး။

သက်သာ၊ကြိ–၁၊ပင်ပန်းခြင်းမရှိဖြစ်သည်။ ၂၊ဝေဒနာ လျော့ပါးသည်။ ၃၊အဖိုးလျော့နည်းသည်။ န–၁၊သတိအနေအထားမှ အနည်းငယ်လျော့သော အနေအထား။ ၂၊ယင်းအနေအထား ပြုလုပ်ရန် အမိန့်ပေးသော စကား။ **~ခို**၊ကြိ–အချောင်ခိုသည်။ ရေသာခိုသည်။ **သက်သောင့်သက်သာ**၊ ကြိဝိ–မပင်ပန်းဘဲ။ သက်သက်သာသာ။

သက်သေ၊န–အဖြစ်အပျက်ကို မျက်မြင်တွေ့သူ။ [သ၊သာက္ခိန်] **~ခံ**၊ကြိ–သက်သေအဖြစ် တရားရုံးတွင် အစစ်ဆေးခံသည်။ **~ခံပစ္စည်း**/သက်သေခန်ပျစ်စီး/ န–အမှုအတွက် အထောက်အထား ပြနိုင်သော ပစ္စည်း။ **~တိုင်**/သက်သေဒိုင်/န–၁၊ယာယီသန်ကို ထိန်းထားရန် ကယ်ကုံးပေါ်တွင် ထောင်စိုက်ထားသော တိုင်။ ၂၊ရစ်လည်အောင် လှည့်ရသော ကြိုးကို ထိန်းထားသည့်တိုင်။ **~တည်**၊ကြိ–တစ်စုံတစ်ရာ တစ်စုံတစ်ဦးကို သက်သေအရာထားသည်။ **~သေ သက္ခာယ**၊န–သက်သေအထောက်အထား။ [သ၊သက္ခိန်+ပါ၊သက္ခာယ] **~သက်ကန်**၊န–သက်သေ။

သက်သက်၊ကြိဝိ–၁၊အရောအနှော မပါဘဲသန့်သန့်။ ၂၊တမင်တကာ။ **~မဲ့**၊ ကြိဝိ–အကြောင်း တစ်စုံ တစ်ရာ မရှိပါဘဲ လျက်။

သိက္ခာ၊န–၁၊အကျင့်သီလ။ ၂၊ရဟန်းဂုဏ်။ ၃၊အကျင့်သီလ ရှိသောဂုဏ်။[ပါ၊သိက္ခာ] **~ကျ**၊ကြိ–၁၊ရဟန်းသိက္ခာ ကင်းသွားသည်။ ၂၊သိက္ခာလျော့ပါးသွားသည်။ **~ချ**၊ ကြိ–၁၊ရဟန်းအဖြစ်ကို စွန့်သည်။ ၂၊သိက္ခာ နိမ့်ကျ အောင် ပြုသည်။ **~တင်**၊ကြိ–၁၊ရဟန်းလောင်းကို သိမ်အတွင်း၌ ကမ္မဝါစာဖတ်၍ ရဟန်းပြုပေး သည်။ ၂၊ဂုဏ်သိက္ခာ မြင့်အောင်ပြုသည်။ **~ထပ်**၊ ကြိ–ရဟန်းကို ထပ်မံသိက္ခာတင်သည်။ **~ပုဒ်**/သိတ်ခါပုတ်/ န–ရဟန်းသံဃာတို့ စောင့်ထိန်း ကျင့်သုံးအပ်သော ကျင့်ဝတ်။

သုက်/သုတ်/န–သန္ဓေပိုးပါသော အရည်။ [ပါ၊သုက္က]

သောက်[၁]၊ကြိ–၁၊ရေ၊ အရည်ကို မျိုချသည်။ ၂၊ဆေးလိပ် ဆေးတံအခိုးကို ပါးစပ်ဖြင့် ရှူသွင်းသည်။ **~စား**၊ ကြိ–အရက်သေစာ သောက်သည်။ **~တုတ်**၊ကြိ–သောက်မျိုသည်။

သောက်[၂]၊ကြိ–အပေါင်းရောင် ပေါ်ထွက်သည်။ **~ရှူး ကြယ်**၊န–အလင်းရောင် အားကောင်းသော ကြယ်ကြီး။ သောကြာကြယ်။ **~သောက်လဲ**၊ကြိဝိ–အလွန် များပြားစွာ။

သိုက်[၁]၊န–အစုအဝေး။အသိုက်။ **~မြိုက်**၊ကြိ–တင့်တယ်သည်။ စည်ကားသည်။ **~မြုံ** န– ခအေးချမ်းသာယာ သော အစိုပ်အာဝါသ။ **~ဝါး**၊န–အသားထူသော ဝါး တစ်မျိုး။ ~ **သိုက်ဝန်းဝန်း**၊ကြိဝိ–စုစုရုံးရုံး

သိုက်သိုက်မြိုက်မြိုက်။

သိုက်^၂ န–နောင်တွင် မည်သို့မည်ပုံဖြစ်လိမ့်မည်ဟု ကြိုတင် ထွက်ပေါ်သော စကား။ [ပါ၊သုတ်] **~စာ**^၂ န–နောင်တွင် မည်သို့မည်ပုံ ဖြစ်လိမ့်မည်ဟု ကြိုတင် ရေးသားခဲ့သောစာ။ "ဂဝံပဝေ့~။" **~တူး** ကြိ–၁။မြှုပ်နှံသိုဝှက်ထားသော ရွှေ ငွေ ဥစ္စာ အစုအပုံကို ရအောင် တူးဖော်သည်။ ၂။[ဥပစာ] ပစ္စည်းဥစ္စာကို အရချင်းသည်။

သင်^၁ ကြိ–၁။အတတ်ပညာကို ပို့ချသည်။ သင်ပေးသည်။ ၂။အတတ်ပညာကို ဆည်းပူးရယူသည်။ သင်ယူသည်။ ၃။သစ်သီး သစ်ရွက် စသည်မှ မလိုအပ်သော အရာကို ဖယ်ရှားသည်။ "အခွံ~။ ပယင်းမှုတ်~။" န–ပင်စည်၏ အကြေးခွံကို မျှာရက်ရသော ချုပင်။ **~ကြား** ကြိ–၁။သင်ပေးသည်။ ၂။သင်ယူသည်။ **~ခန်းစာ**/သင်ဂန်းဇာ/ န–၁။ လေ့လာကျက်မှတ်ရန် ရေးထားသော ကျောင်းစာ။ ၂။ဆင်ခြင်မှုယ်။ အတုယူမှုယ်။ **~တိုင်း**/သင်ဒိုင်း/ န– ခေါင်းမှ ဖွက်၍ ဂက်ရသော အကျီ်ု့ တစ်မျိုး။ **~တိုင်းဝတ်**/–ဝတ်/ န–ခေါင်းနှင့် လည်ပင်းဖြူ၍ အတောင်၊ အမြီးညိုမည်းသော ငှက်ကြီး။ ငှက်ကြီး တုံးဇင်။ **~တန်း**/သင်ဒန်း/ န–ပညာရပ် တစ်စုံတစ်ရာ သင်ကြားသော အဆင့်၊ အတန်း။ **~တန်းဆင်း** /–ဆင်း/ ကြိ– သင်တန်း ပြီးဆုံးသည်။ **~ဟုန်းဓား**/သင်ဒုန်းဒါး/ န–ခံ မှက်ဆိုက်ရိုက်သည့် အသွားထက်သော ဓားတစ်မျိုး။ **~ပေး** ကြိ–အတတ်ပညာကို သူတစ်ပါး တတ် မြောက်အောင် ပို့ချသည်။ **~ပေါင်း**/သင်ဗောင်း/ န–ပင်စည်ထိပ်ပိုင်းတွင် အရွက်များ စုပြုံထွက်ပြီး ရွက်လက်များ ဆူးသဖွယ် ချွန်မြသော ထန်းမျိုးဝင် အပင်တစ်မျိုး။ **~ပေါင်းဖိုး** /–ဖိုး/ န–သင်ပေါင်း ပင်၏ ပင်စည်တွင်း၌ ပေါက်ဖွားလေ့ရှိသော အဖြူရောင် ပိုးကောင်ငယ်။ **~ပုန်း**/သင်ဗုန်း/ န–စာရေးရန် ပျဉ်ချပ်၊ ကျောက်ချပ်။ **~ပုန်းကျောက်**/– ကျောက်/ န–ကျောက်တုံး၊ ကျောက်သင်ပုန်း ပြုလုပ်ရသော အသွင်ပြောင်းကျောက် တစ်မျိုး။ **~ပုန်းကြီး** /–ကြီး/ န–မြန်မာဗျည်း၊ သရ၊ ဗျည်းသရ တွဲတို့ကို ရွတ်ဖတ်ရေးသားတတ်ရန် စီစဉ်ရေးသားထားသော စာ။ **~ပုန်းချေ**/–ချေ/ ကြိ–[ဥပစာ] ကာင်နေသော အကြွေး၊ အပြစ်စသည်ကို ကျေစေသည်။ **~ဖြူး** /သင်ဖျူး/ န–သင်ပင်၏ အကြေးဖြင့် ရက်လုပ်ထားသော ဖျာချော။ **~ယူ** ကြိ–တစ်စုံတစ်ဦးထံမှ အတတ်ပညာကို တတ်မြောက်အောင် ဆည်းပူးရယူသည်။ **~ရိုး** န–ရဟန်းတော်များ သင်ကြားရန် သတ်မှတ်ထားသောပိဋကတ် ကျမ်းစာ။ **~ရိုးညွှန်းတမ်း**/သင်ယိုးညွှန်းဒန်း/ န–စာသင်နှစ် တစ်နှစ် အတွင်း သင်ကြားရမည့် ဘာသာရပ်နှင့်ဆိုင်သော ပြဋ္ဌာန်းစာများကို ဖော်ပြချက်။ **~ရိုးမာတိကာ** န– စာသင်နှစ်တစ်နှစ်အတွင်း သင်ကြားရမည့် ဘာသာ ရပ်နှင့်ဆိုင်သော ပြဋ္ဌာန်းစာများကို အသေးစိတ် ဖော်ပြချက်။

သင်^၂ န–[ရှေး] ကြီးမြတ်သူ။ ရဟန်းသံဃာ။ နစ– ကြားနာသူကို ရည်ညွှန်းသော စကားလုံး။ **သင်္ခမ်း** /သင်ဂန်း/ န–သူတော်ကောင်းတို့ နေထိုင်သီတင်း သုံးရာ အဆောက်အအုံ။

သင်္ကာ/သင်ဂါ/ န–ယုံမှားခြင်း။ သံသယ။ [ပါ၊သင်္ကာ] **~ယန**/–ယနာ့/ န– မယုံသင်္ကာဖြစ်ခြင်း။ [ပါ၊ သင်္ကာ+ အယန]? **~ရှင်း**/–ယှင်း/ ကြိ–ယုံမှားကင်း အောင် ရှင်းလင်း ပြောဆိုသည်။

သင်္ကေတ န–အမှတ်အသား။ [ပါ၊သင်္ကေတ]

သင်္ကန်း/သင်ဂန်း/ န–၁။ရဟန်းများဝတ်ရုံသော ဖန်ရည် ဆိုး အဝတ်။ ၂။မညိုရောင်သန်းသော အနက်ရောင် အခေါက်ရှိပြီး အဖွင့်ဖြူကလေးများ ပွင့်သည့် ပင်စောက်ကြီး တစ်မျိုး။ (လျှော်၊ ရွက်တိုင် စသည် လုပ်လေ့ရှိသည်။) [ပါ၊အာသင်္ဂ/သံဃာဋီ] **~ဆီး** /–ဆီး/ ကြိ–သာမဏေဘောင်၊ ရဟန်းဘောင်သို့ ဝင်သည်။ **~နက်**/သင်းဂနက်/ န–အသားနက်၍ အလွန်မာသော ပင်စောက်ကြီးတစ်မျိုး။ **~ဖွပ်** /သင်ဂန်းဖွက်/ န–ကြိုးကြာငှက်။ **~ရှန်း**/သင်ဂန်း ယန်း/ ကြိ–သင်္ကန်းဝတ်သည်။ **~လျာ**/သင်ဂန်း လှယာ/ န–သင်္ကန်းအဖြစ် ရည်ရွယ်ထားသော အထည်။

သင်္ကြန်/သင်းဂျန်၊သင်္ကြန်/ န–၁။နေ၏ဖောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့်ကာလ။ ၂။ရေပက်ဖျန်းသည့် နှစ်သစ်ကူး ပွဲတော်။ [သံ၊သင်္ကြာန္တိ] **~ကျ**/– ကျ/ ကြိ– သင်္ကြန်ကာလသို့ ကျရောက်သည်။ **~စာ**/–ဇာ/ န နှစ်ကူးမည့် နေ့ရက်ချိန်ခါနှင့် နှစ်သစ်တွင် ဖြစ်ပေါ်မည့် မိုးလေဝသ၊ သီးနှံထွက် စသည် အခြေအနေများကို ဟောထားသော စာတမ်း။ **~အမြောက်**/–အမြောက်/ န–၁။သင်္ကြန် ကျသည့် အချိန်တွင် သင်္ကြန်ကျကြောင်းသိစေရန် အဆန်မပါဘဲ ပစ်ဖောက်ရသည့် အမြောက်။ ၂။[ဥပစာ] ဖြစ်မြောက်အောင် မစွမ်းဆောင်နိုင်ဘဲ ကြွားဝါ ပြောဆိုသူ။

သင်္ချိုင်း...

သင်္ချိုရ် န–၁။ပြုပြင်စီရင်တတ်သော သဘော။ ပြုပြင် စီရင်ခြင်း ခံရသော သဘော။ ၂။မမြဲသောသဘော။ [ပါ၊သင်္ခါရ] **~လောက**/သင်ခါရလောကာ/ န– ဖြစ်ပျက် ပြောင်းလဲတတ်သော ရုပ်နာမ်အပေါင်း။

သင်္ခါရက္ခန္ဓာ/သင်ခါရက်ခန်ဒါ/ န–ပြုပြင်စီရင်တတ်

http://www.lknt11.com ...

သော တရားအစု။ [ပါ၊သင်္ခါရက္ခန္ဓ]

သင်္ခေပ၊န–အကျဉ်း။ သံခိပ်။ [ပါ၊သင်္ခေပ]

သင်္ချာ၊န–၁၊ကိန်းဂဏန်း။ အရေအတွက်။ ၂၊ကိန်းဂဏန်း တွက်ချက်ခြင်းဆိုင်ရာ ပညာရပ်။ သင်္ကေတများကို သုံး၍ ကိန်း၊ ပုံသဏ္ဌာန်၊ ပမာဏစသည်တို့၏ ဆက်သွယ်မှုများကို လေ့လာသည့် ပညာရပ်။ [ပါ၊သင်္ချာ]

သင်္ချိုင်း/သင်းချိုင်း/န–လူသေ မှတ်ကြည်း သင်္ဂြိုဟ်ရာ နေရာ။ သုသာန်။

သင်္ဂဟ၊န–အပေါင်းအသင်း။ [ပါ၊သင်္ဂဟ] ~**တရား**/သင်ဂဟာတယား/န–စည်းရုံး သိမ်းသွင်းကြောင်း တရား။ (၁၊ဒါန–ပေးကမ်းခြင်း ၂၊ပိယဝါစာ–ချစ်ဖွယ် စကားဆိုခြင်း ၃၊အတ္ထစရိယာ–အကျိုးဆောင်ခြင်း ၄၊ သမာနတ္တတာ– မိမိနှင့်တန်းတူ ဆက်ဆံခြင်းဟူ၍ လေးပါးရှိသည်။)

သင်္ဂါယနာတင်၊ကြိ–ပိဋကတ်တော်များကို သံဃာတော်အများ စုပေါင်းညှိနှိုင်းရွတ်ဆိုသည်။ [ပါ၊သင်္ဂါယနာ+မြန်၊တင်]

သင်္ဂြိုဟ်/သင်းဂျို/န–၁၊ကျူညီထောက်ပံ့ခြင်း။ ၂၊ အဘိဓမ္မာ ခုနစ်ကျမ်းကို အကျဉ်းချုံးထားသော အခြေခံ သင်ရိုးကျမ်း။ /သင်းဂျို၊ သုဂျို/ ကြိ– အသုဘကို သင်္ချိုင်းသို့ ပို့ဆောင်၍ မြေမြှုပ်သည်၊ မီးရှို့သည်။ [သ၊သံဂြဟ]

သံဃာ၊န–သံဃာနှင့်အတူတူ။ [ပါ၊သံဃ] ~**စင်**/သင်ဂ်ဇင်/န–သံဃာစင်နှင့်အတူတူ။

သံဃာတ၊န–ငရဲကြီးရှစ်ထပ်တွင် ကာဠသုတ်ငရဲအောက် ယူဇနာ ၁၅၀၀၀ဝေးကွာသော တတိယငရဲ။ [ပါ၊ သံဃာတ]

သင်ပုတ်/သင်ဖုတ်/န–ဘုရားအား ကပ်လှူသောဆွမ်း၊ [ပါ၊သံ+ဘတ္တ] ~**စင်**/–စင်/န–ဘုရားဆွမ်းတော်တင်ရာစင်။ ~**ပလ္လင်**/–ပလင်/န–ဘုရားဆွမ်းတော်စွန့်ရာ အုတ်ခုံ။

သင်္ဘော/သင်းဗော/န–၁၊ရွက်အား သို့မဟုတ် စက်အားဖြင့် ရေလမ်းခရီးသွားလာနိုင်သော ယာဉ်ကြီး။ ၂၊ချိုအေးသော အရသာရှိသည့် အသီးသီးသော အပင်တစ်မျိုး။ /နဝိ–ပင်လယ်ရပ်ခြား ဇာတိ ဖြစ်သော။ "~မဲဇလီ။ ~ဆွေး။" [သ၊သံ+ပေါတ] ~**ကျင်း**/–ဂျင်း/န–သင်္ဘောဆောက်ရာ၊ ပြုပြင်ရာနေရာ။ ~**ကြမ်း**/–ဂျန်း/န–အိမ်ခေါင်မိုးနှင့် ကပ်လျက် ပစ္စည်းထားရန် ပြုလုပ်ထားသောအဆင့်။ ~**ဆွေး**/–ငွေး/န– အမွေးမွှား နိုင်ငံခြားရှေးငယ်တစ်မျိုး။ ~**ဆီးဖြူ**/–ဇီးဖျူ/န–အသီးသေးငယ်၍ အမြောင်း ပါသော ဆီးဖြူ တစ်မျိုး။ ~**ဆေး**/–ဖေး/န–သံ၊ သစ်သား စသည်ကို သုတ်ရသော အရောင်အမျိုးမျိုးရှိ အဆေးအဆီ။ ~**မည်း**/–မည်း/န–ပင်စည်ရိုးတံနှင့် ရွက်ညှာ ခရမ်းရောင်၊ အပွင့် အဖြူ အနီနှစ်မျိုး ရှိသော သီးတောင့်ရှည် သီးသည့် ဆေးဖက်ဝင် ပင်ပျော့တစ်မျိုး။ (အမြင့် တာစ်ပေမှ နှစ်ပေခွဲအထိ ရှိသည်။) ~**မဲဇလီ**/–မယ်ဇလီ/န–အဝါနှင့် ဝါညိုရောင် အပွင့်များ ပွင့်သော ဆေးဖက်ဝင် အပင် တစ်မျိုး။ ~**သား**/–သား/န–သင်္ဘောပေါ်တွင် အမှုထမ်းသော အရာရှိမဟုတ်သူ။

သင်္သကရိုက်၊န–အိန္ဒိယပြည်တွင် အသုံးပြုသော အင်ဒိုဥရောပ ဘာသာစကား မိသားစုဝင် ဘာသာစကား တစ်မျိုး။ သက္ကတ။ [သ၊သံသ္ကၖတ]

သင့်၊ကြိ–၁၊လျော်ကန်သည်။ ထိုက်တန်သည်။ အဆင်ပြေ ညီညွတ်သည်။ ၂၊အတော်နှင့် အညှဲကြားအခြေအနေတွင်ရှိသည်။ ၃၊ကျရောက်သည်။ "ဘေး ~။ ကပ် ~။" ၄၊ထိမှန်သည်။ "ကျည် ~။" ၅၊လင်မယားအဖြစ် ပေါင်းသင်းသည်။ စည်း–ဆောင်ရွက်အပ်သော သဘောကိုပြသော စကားလုံး။ ~**ငွေ**၊န–ကျသင့်သည့် တန်ဖိုး။ ~**တော်**၊ကြိ– ထိုက်တန်သည်။ လျောက်ပတ်သည်။ ယိုးယိုးဖက်ဖက်သည်။ ~**တင့်**၊ကြိ–၁၊သင့်တော်သည်။ ၂၊သဘောချင်း ကိုက်ညီသည်။ ~**မြတ်**၊ကြိ–၁၊သင့်တော်သည်။ ၂၊ပေါင်းသင်းဆက်ဆံမှု အဆင်ပြေသည်။ သဘောချင်း ညီညွတ်သည်။ ၃၊လင်မယားအဖြစ် ပေါင်းသင်းဆက်ဆံသည်။ သင့်နေသည်။

သင်း[၁]၊နဝိ–အနည်းငယ် မွှေးသော။ ကြိ–မီးတွင်မြိုက်သည်။ ~**မွှေ**/သင်းမွှေ၊သုမွှေ/န–ဖွန်ပန်းနှင့်တူသော တောစံပယ် တစ်မျိုး။

သင်း[၂]၊ကြိ–သတ္တဝါတို့၏ အကီးအမ လိင်သဘာဝကို မြုအောင်ပြုသည်။ ဆုံးမသည်။ ~**ကြောင်**/သင်းချောင်/န–သင်းသော်လည်း မစင်သော တိရစ္ဆာန်။ ~**သတ်**၊ကြိ–သစ်ပင်၏ အောက်ခြေပတ်လည် အခေါက်ကို ခွာထုတ်ခြင်းဖြင့် သေအောင်ပြုသည်။

သင်း[၃]/သင်း၊ ၁င်း/န၊–တစ်စုံတစ်ဦးအား မနှစ်သက်သည့်သဘောဖြင့် ရည်ညွှန်းပြောသော စကားလုံး။

သင်း[၄]၊န–အသင်းနှင့်အတူတူ။ ~**ကွဲ**/သင်းဂွဲ/န–အပေါင်းအဖော်၊ အသင်းအပင်းတို့နှင့် ကွဲကွာနေသောလူ၊ တိရစ္ဆာန်စသည်။ ~**ခွဲ**၊ကြိ–၁၊အဖွဲ့အစည်း တစ်ခုခုမှ ခွဲထွက်သည်။ ၂၊အဖွဲ့သားချင်း မသင့်မတင့်ဖြစ်အောင် လုပ်သည်။ ~**သီး**/သင်းသိုး/ကြိဝိ–တသီးတခြား။

သင်းကျော/သင်းဂျော၊ သင်းချော/နဝိ–[ပေါ] ဖင်ကြယ် ချောပြောင်သော။

သင်းကျစ်/သင်းဂျစ်/န–၁၊မြတ်စွာဘုရား၏ နမ္မးတော်

မာတိကာသို့ ▸▸▸

http://www.lknt11.com ...

တွင်ရှိသော လက္ခဏာတော်။ ၂။နဖူးတွင် ဆင်ရသည့် မင်းမြောက်ဘန်ဆာ။

သင်းကြွပ်/သင်းဂျွတ်/န–ခြောက်သွေ့၍ ပပ်ကြားအက်သော မြေ။

သင်းခွေချပ်/သင်းခွေဂျတ်/န–တစ်ကိုယ်လုံး အကြေးခွံများ ဖုံးအုပ်နေသည့် နို့တိုက်သတ္တဝါ တစ်မျိုး။ (သစ်ခေါင်းနှင့် မြေတွင်းတို့၌ နေတတ်ပြီး ရန်သူတွေ့လျှင် လုံးခွေနေတတ်သည်။)

သင်းပိုင်/သင်းဗိုင်/န–ခါးဝတ်သက်န်း။ [မွန်၊သပိုင်]

သင်းအုံ၊န–ဥစားရသော နွယ်ပင်တစ်မျိုး။

သိင်္ဂနိက်ရွှေ/သိန်ဂနိတ်ရွှေ/န–ရွှေကောင်း တစ်မျိုး။ [ပါ၊သိင်္ဂီ+ နိက္ခ + မြန်၊ ရွှေ]

သိင်္ဂါရရသ/သိန်ဂါရာရှာသာ့/န–ချစ်ခင် နှစ်သက်မှုရသ။ [ပါ၊သိင်္ဂါရ+ရသ]

သိင်္ဂါသံ/သိန်ဂါသန်/န–အလွမ်းဘွဲ့ သီချင်းတစ်မျိုး။ (မင်းသိင်္ဂ အစပြုရေးသည်ကို စွဲ၍ ခေါ်သည်။)

သိင်္ဂီ/သိန်ဂီ/န–ရွှေကောင်းတစ်မျိုး။ [ပါ၊သိင်္ဂီ]

သောင်၊န–ချောင်း၊ မြစ်၊ ပင်လယ်တို့တွင် ပေါ်ထွန်းသော သဲပြင်။ **~ခုတ်သင်္ဘော**/သောင်ခုတ်သင်းဘော/န–သဲမြေ စသည်ကို တူးကော်ပယ်ရှားရန် ယန္တရားပါရှိသည့် သင်္ဘော။ (အများအားဖြင့် ရေကြောင်းဖော်ရာ၌ သုံးသည်။) **~တင်**၊ကြိ–၁၊လှေသင်္ဘော သောင်နှင့်ငြိသဖြင့် မရွေ့ရှားနိုင်ဖြစ်သည်။ ၂၊[ဥပစာ] အကြောင်း တစ်ခုခုကြောင့် ရှေ့သို့ ခရီးမဆက်နိုင်ဖြစ်သည်။ **~တင်း**၊န–မြစ်နှင့်အိုင်များတွင် ကျက်စားသည့် အမြီးတွင် အဖြူစင်းပါသော ငှက်တစ်မျိုး။ **~မတင်ရေမကျ**၊ကြိဝိ–ဟိုမရောက် သည်မရောက်၊ မပြီးမပြတ်။

သောင်သာ၊ကြိ သက်သာသည်။ ချောင်လည်သည်။

သောင်း[၁]၊န–ခု၊ ဆယ်၊ ရာ၊ ထောင် စသည့် ဆယ်ဆတက် ကိန်းစဉ်တွင် ပဉ္စမကိန်း။ **~ပြောင်း**/သောင်းပျောင်း/န–အမျိုးမျိုး ရောနှော ပါဝင်နေသော အရာ။ **~သောင်း**/သောင်းသောင်း/ကြိဝိ–အုတ်အုတ်ကျက်ကျက်။ **~သောင်းဖြဖြ**/–ဖျာဖျာ/ကြိဝိ–တညီတညွတ်တည်း လှိုက်လှဲစွာ။

သောင်း[၂]၊နဝိ–သိမ်ဖျင်းသော။ မအောင်မမြင်ဖြစ်သော။ **~ကျန်း**/သောင်းဂျန်း/ကြိ–၁၊ဆိုးသွမ်းသည်။ ဟောရမ်းသည်။ ၂၊တော်လှန်ပုန်ကန်သည်။ **~ကျန်းသူ**/–သူ/န–နိုင်ငံတော်အစိုးရအား လက်နက် ကိုင်၍ ဆန့်ကျင်ကာ ပြည်တွင်း တရားဥပဒေ စိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကို ထိပါးနှောင့်ယှက်သူ၊ အဖွဲ့အစည်း။

သိုင်း၊ကြိ–၁၊လုံကွင်းစသည်ကို ပခုံးတွင် စလွယ်ကဲ့သို့ စွပ်သည်။ ၂၊ကြိုးစသည်ဖြင့် ပတ်ချည်သည်။ န–၁၊မင်းမိဖုရားတို့ ထွက်တော်မူရာတွင် လည်းကောင်း၊ ဘုရင့်ထံ သောက်တော်ရေ စသည် ပို့ဆောင်ရာတွင် လည်းကောင်း ရှေ့မှ လမ်းရှင်းပေးသည့် အမှုထမ်း ကိုင်ဆောင်သော၊ ပဝါစ ချည်ထားသော ကြိမ်လုံး။ ၂၊ခုခံတိုက်ခိုက်သောကိုယ်ခံပညာ။ **~ကွက်**/သိုင်းဂွက်/န–သိုင်းသမားတို့ စနစ်တကျ နင်းသော ခြေနင်းကွက်။ **~ဝိုင်း**၊ ကြိ– ၁၊ဝေဝေဆာဆာ အကျယ်ချဲ့၍ သွယ်ဝိုက်ပြောဆိုသည်။ ၂၊ဝိုင်းဝန်းကူညီသည်။

သစ်[၁]၊နဝိ–မဟောင်းသော။ မသုံးစွဲရသေးသော။ မကြုံဖူးသေးသော၊ **~သစ်**၊ကြိဝိ–[ပေါ] မကြွင်းမကျန် အလုံးစုံ။

သစ်[၂]၊န–၁၊အဆောက်အအုံ၊ ပရိဘောဂလုပ်ရန် အကိုင်းအခက် ဖြတ်တောက်ထားသော သစ်လုံး။ ၂၊ယင်းသစ်လုံးကို ခွဲစိတ်ထားသောအရာ။ **~ကပ်ပင်**၊န–အခြားသစ်ပင်၌ တွယ်ကပ်၍ပေါက်သော အပင်မျိုး။ **~ကတိုး**/သစ်ဂဒိုး/န–အခေါက် နက်ပြာရောင်ရှိ၍ ထူပြီး အနံ့သင်းသော အသားရှိ ပင်စောက်ကြီး၊ **~ကြား**၊န–အခွံမှုတ်ထစ်ခာကျော၍ အဆန်ဆိမ့်သော အသီးသီးသည့် အပင်။ **~ကြံပိုး** /သစ်ဂျံဗိုး/န–အခေါက်ကို ဟင်းခတ်အမွှေးအကြိုင် အဖြစ် အသုံးပြုရသော အပင်တစ်မျိုး။ **~ခေါက်ဆိုး**၊ ကြိ–သစ်ခေါက်ပြုတ်ရည်ဖြင့် အရောင်ဆိုးသည်။ န–ယင်းသို့ အရောင်ဆိုးထားသော အဝတ်အထည်။ **~ခုတ်ကျားစီး**၊ကြိဝိ–[ဥပစာ]မဆုတ်မနစ် မြဲမြဲမြံမြံ။ **~ခွ**၊န–သစ်ပင် စသည်တွင် မှီတွယ်ပေါက်လေ့ရှိသော ပန်းပင်မျိုး။ **~ခွရည်**/သစ်ခွာယေ/န–အစိမ်းရောင် ဖျော်ရည်တစ်မျိုး။ **~စေး**/သစ်စီး၊ သစ်စေး၊ စစ်စီး/န–နှီးထည်၊ ကြိမ်ထည် စသည်ကို သုတ်လိမ်းရသော အစေးထွက်သည့် အပင်တစ်မျိုး။ ယင်းအပင်မှ ထွက်သော အစေး။ **~စေးကိုင်**/–ကိုင်/ကြိ–နှီးထည်၊ ကြိမ်ထည်စသည်တို့ကို သစ်စေးသုတ်သည်။ **~စိမ်းရိုးရိုး**/သစ်စိန်းရိုးရျိုး/ကြိ–ရုတ်တရက် မညှာမတာ အဆက်ဖြတ်သည်။ **~ဆင်နွယ်**/သစ်ဆင်နွယ်/န–အသားတွင် အဖြူစင်းများပါသော၊ ခေါင်းဖြီးသည့်ဘီးလုပ်ရသော ပင်စောက်တစ်မျိုး။ **~ဆင်း**၊ န – [ရှေး] တော်သလင်းလ။ **~ဆည်းလည်း**/သစ်ဆွဲလဲ/န–အသားမာ ပင်စောက် တစ်မျိုး။ **~ဆိမ့်**၊န–ဆိမ့်သောအသီး သီးသည့် ပင်စည်အလွန်မြင့်မားသော ပင်စောက်တစ်မျိုး။ **~တော**၊န–သစ်ပင်ကြီးများ ပေါက်ရောက်ရာတော။ **~တော်**၊န–အရသာချို၍ အရည်ရွှမ်းပြီး အသားကြွပ် အသီးသီးသော ပင်လာဘ်တစ်မျိုး။ **~တို**၊န–အသီးလုံးတွင် အသားဖြူမွှေးသော အိမ်များပါ၍ အသီးမှည့်ကို ဟင်းချက်စားရသော ပင်စောက်

မာတိကာသို့ ▶▶▶

တစ်မျိုး။ **~တက် ကျား**၊နု–ခြေတို့၌ အမြီးရှည်ပြီး ကိုယ်လုံး ဘေးတွင် အကွက်ကြီးများ ပါရှိသော ကျားတစ်မျိုး။ (သစ်ပင်တက် ကျွမ်းကျင်၍ သစ်ပင်များ၊ သစ်ခေါင်းများတွင် အသိုက်လုပ်၍ မနေလေ့ ရှိသည်။) အင်းကျား။ **~တောက်ငှက်**၊နု–နှုတ်သီးမာဖြင့် သစ်ပင်ကို ပေါက်၍ ဖောက်ကာ ပိုးကောင်ငယ်များ ရှာစားတတ်သော ငှက်တစ်မျိုး။ ခေါက်ရှာငှက်။ **~တယ်**၊ နု–သစ်ဘုံးများဖြင့် ကာရံထားသည့် ခံတပ်။ **~တွင်း ပန်းချီ**/သစ်ထွင်းဗချီ/နု–သစ်သားကို ပုံထွင်း၍ မင်သုတ်လိမ်းကာ စက္ကူပေါ်တွင် ပုံကင်စေသော အတတ်ပညာ။ **~ပကန်**/သစ်ဗဂန်/နု–ပြာလုံရောင် အပွင့်များ အစိုင်တွင် အပြွတ်လိုက် ပွင့်သော ပင်စောက်တစ်မျိုး။ **~ပလွေ**၊နု–အကိုင်းအခက်၌ ဆူးများရှိသော ပင်လယ်တစ်မျိုး။ **~ပင်**၊နု–ပင်စည်မှ အကိုင်းအခက်ဖြာထွက်သော နှစ်ရှည်ခံပင်။ **~ပုပ်**၊နု–၁၊ပြာလုံရောင် ပန်းများအဆုပ်လိုက် ပွင့်၍ အသီး ပြားပြီး သစ်အသားဖြူရော်၍ ပွသော ပင်လတ် တစ်မျိုး။ ၂၊တိုင်ပင်။ **~မာ**၊နု–ကျွန်းမှ တစ်ပါးသော အသားမာသည့် ပိတောက်၊ ပျဉ်းကတိုး စသော သစ်။ **~မင်း**၊နု–မည်းသည့် သစ် အတွင်းသို့မဆို ရိုက်သွင်းနိုင်လောက်အောင် အသား မာသည့် ဒုရင်းကောက်မျိုးဝင် အပင်တစ်မျိုး။ **~မည်စည်**/သစ်မယ်ဖယ်/နု–မည်စည်ပင်။ **~မျက်**၊နု–သစ်သားတွင် ယုံးဖွဲ့မုထစ်နေသော အစိတ်အပိုင်း။ **~မွေး**၊နု–အကျော်ပင်။ ယင်းအပင်မှရသော နံ့သာခဲ။ **~ရာ**၊နု– အခေါက်မီးခိုးရောင်ရှိ၍ အသားကျစ်ပြီး အဆောက်အအုံ၊ လှည်းစသည်ပြုလုပ်ရသော ပင်စောက်ကြီးတစ်မျိုး။ **~ရည်တက်**၊ကြိ–တပေါင်း တန်ခူးလတို့တွင် သစ်ပင်တို့၌ အမြစ်၊ ပင်စည်တို့မှ သြဇာဓာတ်အရည်တို့ အထက်သို့ တက် သည်။ **~ရိပ်**၊နု–အိမ်ကျောင်း ဆောက်ရာ၌ နိုက်ထူသော တိုင်။ **~လုံး**၊နု–ခုတ်လှဲ၍ အကိုင်းအခက်တို့ကို ဖြတ်ထားသည့် မခွဲစိတ်ရသေးသော ပင်စည်။ **~သား**၊နု–သစ်လုံးကို စိတ်ဖြာထားသော အပြား အချောင်းစသည်။ **~သီး**၊နု–သစ်ပင်၏ အသီး။ **~သီးဝလံ**၊နု–အသီးမျိုးကို ခြုံခေါ်သော စကား။ [မြန်၊သစ်သီး+ပါ၊ ဖလ/ဝလ္လိ] **~သော့**၊နု–သစ်တော်နှင့် အတူတူ။ **~ဥသစ်ဖု**၊နု–မျောက်ဥ၊ ပိန်းဥစသော ဥမျိုးကို ခြုံ၍ခေါ်သော စကား။ **~အယ်**၊နု–အဆန်ကို စားရသော အခွံမာအသီး သီးသည့် ပင်စောက်တစ်မျိုး။

သစ် [၃]၊ နု–ကျားသစ်။ **~ကုလားအုတ်**/သစ်ကလအုတ်/နု–လည်ပင်း ရှည်လျားသော အာဖရိကတိုက်သားကောင်တစ်မျိုး။ **~ကျွတ်**၊နု–ကျားသစ် အငယ်စားတစ်မျိုး။ **~ နက်**၊နု–အနက်ရောင်ရှိ ကျားသစ်တစ်မျိုး။

သစ္စာ၊နု–၁၊အမှန်တရား။ ၂၊မှန်ကန်သောစကား။ ၃၊နိုင်ငံ၊ လူမျိုးစသည်ပေါ်တွင် ထားရှိသော စောင့်သိရိုသေမှု။ [ပါ၊သစ္စ] **~ခံ**၊ကြိ–၁၊လက်အောက်ခံအဖြစ် မိမိကိုယ်ကို အပ်နှံသည်။ ၂၊သစ္စာကို စောင့်သိရိုသေလိုက်နာပါမည်ဟု ကတိပြုသည်။ **~ဂိုဏ်**/သစ်စဒိုင်/နု–**သစ္စာထား**နှင့်အတူတူ။ **~ထား**၊ကြိ–သစ္စာဆို ကတိပြုသည်။ /သစ်စထား/နု–ဇာတ်သဘင်တွင် မင်းသားနှင့် မင်းသမီးတို့ သစ္စာဆို ကတိပြု၍ သီဆိုကပြခြင်း။ **~နှံ**၊ကြိ–ချစ်သူ အချင်းချင်း ရင်းနှီးစွာ ဆက်ဆံသည်။ **~ပန်း**/သစ်စဗန်း/နု–ပွင့်ဘဲ၏ အဆစ်တိုင်းတွင် အပွင့်ပွင့်သည့် ပန်းပင်တစ်မျိုး။ **~ပြု**၊ကြိ–မှန်သောစကားကို ဆိုသည်။ **~ဖောက်**၊ကြိ–သစ္စာကတိကို ချိုးဖျက်သည်။ /သစ်စဖောက်/နု–သစ္စာချိုးဖျက်သူ။ **~ရေ**၊နု–သစ္စာဖောက်ခဲ့လျှင် ဘေးဖြစ်ပါစေဟု သစ္စာစကားဆို၍ သောက်သည့်ရေ။ **~လေးပါး**/သစ်စာလေးပါး/နု–မြတ်စွာဘုရား ဟောကြားသည့် မှန်ကန်သော တရားလေးပါး။ (၁၊ဒုက္ခသစ္စာ–ဆင်းရဲအမှန် ၂၊သမုဒယသစ္စာ–ဆင်းရဲကြောင်းအမှန် ၃၊နိရောဓသစ္စာ–ဆင်းရဲငြိမ်းရာအမှန် ၄၊မဂ္ဂသစ္စာ–ဆင်းရဲငြိမ်းကြောင်းအမှန်)

သဉ္ဇာလီ/သင်ဇာလီ/နု–မြင့်မြတ်သူတို့အတွက် ပြုလုပ်ထားသော ဆန်းကြယ်တောက်ပသည့် ထိုင်စရာတစ်မျိုး။ [ပါ၊သေယျ+ဇာလိ]

သိန္ဓိုး/သိန်းဖိုး/နု–ငရဲကြီးရှစ်ထပ်တွင် လူ့ဘုံအောက် ယူဇနာ ၁၅၀၀၀ဝေးကွာသော ပထမဆုံးငရဲ။ [ပါ၊သဉ္ဇိဝ]

သုဉ်/သုန်/နု–သုည။ [ပါ၊သုည]

သုဉ်း/သုန်း/ကြိ–ပျက်စီးသည်။ တိမ်ကောသည်။ [ပါ၊ သုည]

သေဉ်မြေ/သေမျေ/နု–ကောင်းမြတ်သောမြေ။ မင်္ဂလာရှိသော မြေ။ [ပါ၊သေယျ+မြန်၊မြေ]

သည် [၁]၊စည်း–တင်နုံတစ်ရာ ပြုသူဖြစ်သူရှိသူ ဖြစ်ကြောင်း ပြသောစကားလုံး။ "ဈေး~၊ လင်~။ ကိုယ်ဝန်~။" **~တွေး**/သိတွေး/နု–သည်ရုံတိုင်၏ အပြင်ဘက်ကျသော တိုင်။ **~မ**/သိမာ့/နု–အဆောက်အအုံတွင် ပင်မဖြစ်သော တိုင်။ **~ရုံ**/သိယန်/နု–သည်မတိုင်၏ အပြင်ဘက်ကျသော တိုင်။

သည် [၂]/သို/နစ–အနီးရှိ မျက်မြင် တစ်စုံတစ်ရာကို ညွှန်းသော စကားလုံး။ ဤ။ ဒီ။ ဗိ–[သဒ္ဒါ] ၁၊ကတ္တားဖြစ်ကြောင်းပြသော စကားလုံး။ ၂၊ဝါကျ အဆုံးသတ် စကားလုံး။

မာတိကာသို့ ▶▶▶

http://www.lknt11.com

သည့်၊စည်း–နာမဝိသေသနဖြစ်ကြောင်းပြ စကားလုံး။ သော။

သည်း¹/သီး၊သဲ/ကြိ–ပြင်းထန်သည်။ လွန်ကဲသည်။ "မိုး ~–။ ရောဂါ ~–။" **~ထန်**၊ကြိ–ပြင်းထန်သည်။

သည်း²၊န–အသည်းနှင့်အတူတူ။ **~ကြိုး**/သဲကျိုး/န–ဖိနပ် တွင် ခြေညှပ်ရန်ကြိုး။ **~ခံ**၊ကြိ–ချုပ်တည်းသည်။ ကြံ့ကြံ့ခံသည်။ **~ချာ**/သီးချာ/န–[ပေါ] ချစ်စွာသော သားသမီး။ **~ခြေ**/သီးချေ၊ သဲချေ/ န–အသည်းကို မှီတွဲလျက် ရှိသည့် အိတ်နှင့်တကွ သော အစိမ်းရောင် အရည်ခါး။ **~ခြေကြိုက်**/သီး ချေကျိုက်/ န– အလွန်ကြိုက်သောအရာ။ **~ခြေပျက်** /သီးချေပျက်/ကြိ–စိတ်ဖောက်ပြန်သည်။ **~ညည်းခံ** /သဲညီးခန်/ ကြိ– အလွန်အမင်း သည်းခံသည်။ **~ပွတ်**/သီးဗွတ်/န–၁၊အသည်းနိုင်။ ၂၊[ဥပစာ] သားသမီး။ **~အူ**/သဲအူ/န–[ဥပစာ] ချစ်ခင် မြတ်နိုးသူ။

သေ့ွး/သင်ဘော၊ သဘော/န–**သူ့ဌေး**နှင့်အတူတူ။ [ပါ၊သေဋ္ဌိ]

သဏ္ဌာန်/သုဒန်/န–ပုံပန်း။ အသွင်အပြင်။ [ပါ၊ သဏ္ဌာန]

သတ်၊ကြိ–၁၊သေအောင်ပြုသည်။ ၂၊ငြိမ်းစေသည်။ "မီး ~–။" ၃၊မှုလဓာတ် အနိုးအနံ့ စသည့်ကို ပြယ် အောင် ပြုသည်။ "ဆီ ~–။" ၄၊ဗျည်းအက္ခရာ တစ်ခုခုတွင် သရသံမရှိကြောင်း ထံခွန်အမှတ်ပြု သည်။ ၅၊ရန်ခွဲစေသည်။ "စံပယ်နှံ ~–။" ၆၊ ရိုက်နှက် ထိုးကြိတ် လုံးထွေးသည်။ ၇၊ကန့်သတ် ပိုင်းခြားသည်။ "ရက် ~–။ စည်းကမ်း ~–။" **~စုံ**၊ န–အသတ်အစုံ သတ်ထားသော စာ။ (သာဓက။ ။ ရတနာပုံမ် နေပြည်တော်၊ အောင်မြေ ဘုံသာကျောင်း။) **~ဆယ်**၊န–ရှေးမြန်မာသင်ပုန်းကြီး လာ က်၊ င်၊ စ်၊ ည်၊ တ်၊ န်၊ ပ်၊ မ်၊ ယ်၊ ဝ် ဟူသော အသတ် ဆယ်ပါး။ **~ညွှန်း**၊န–အသတ်ဆိုင်ရာ ရေးပုံ ရေးနည်းကို ကျမ်းညွှန်းနှင့်ကကွ ပြသောကျမ်း။ **~ထူး**၊န -၁၊မြန်မာသတ်ဆက်ဆယ်ပါးမှ အပဖြစ် သော အခြားအသတ်များ။(သာဓက။ ။ဓ်၊ ဂ်၊ ဒ် စသည်) ၂၊အရေးအမှန် အဖတ်ချန်သော ပုဒ်တို့၏ ရေးထုံးကို ပြသော ကျမ်း။ (သာဓက။ ။သန်းခေါင်/ သုဂေါင်) **~ထုံး**၊န–သတ်ပုံအစဉ်အလာ။ **~ပုတ်**၊ ကြိ–တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ရိုက်နှက် သည်။ **~ပုံ**၊န–၁၊အသတ်ရေးထုံး။ ၂၊အသတ်ရေးထုံး ပြ စာ။ **~ဖြတ်**၊ကြိ–သေအောင်ပြုသည်။ **~မှတ်**၊ ကြိ–၁၊ကန့်သတ် ပိုင်းခြားသည်။ ၂၊အသိအမှတ် ပြုသည်။ "သားရင်းကဲ့သို့ ~–။" **~သတ်**၊ကြိဝိ– မရောနှောဘဲ တသီးတခြား။ **~အင်း**၊ န–ဗယား အင်းဖောက်ဖြင့်ပြသော သတ်ပုံကျမ်း။

သတ္တဌာန၊န -မြတ်စွာဘုရားပွင့်တော်မူပြီးစ ခုနစ်ရက်စီ သီတင်းသုံးခဲ့သော နေရာ ခုနစ်ခု။ (၁၊ပလ္လင် သတ္တာဟ–ဗောဓိပင်ရင်းရွှေပလ္လင်ထက်၌ သီတင်း သုံးတော်မူသော ခုနစ်ရက် ၂၊အနိမိသသတ္တာဟ– ဗောဓိပင်ရင်း ရွှေပလ္လင်တော်ကို မမှိတ်သော မျက်စိ ဖြင့် ကြည့်ရှု သီတင်းသုံးတော်မူသော ခုနစ်ရက် ၃၊စင်္ကြံမသတ္တာဟ–စင်္ကြံ ကြွတော်မူလျက် သီတင်း သုံးတော်မူသော ခုနစ်ရက် ၄၊ ရတနာဃရ သတ္တာဟ–ရတနာရွှေအိမ်၌ သီတင်းသုံးတော်မူသော ခုနစ်ရက် ၅၊အဇပါလသတ္တာဟ–ဆိတ်ကျောင်း ညောင်ပင်ရင်း၌ သီတင်းသုံးတော်မူသော ခုနစ်ရက် ၆၊မုစလိန္ဒသတ္တာဟ–မုစလိန္ဒအိုင်၌ သီတင်းသုံး တော်မူသော ခုနစ်ရက် ၇၊ရာဇာယတနသတ္တာဟ– လင်းလွန်းပင်ရင်း၌ သီတင်းသုံးတော်မူသော ခုနစ် ရက်) [ပါ၊သတ္တ+ဋ္ဌာန]

သတ္တဗေဒ/သတ်တာ့ဗေဒ/န–လူမှတစ်ပါး သက်ရှိ သတ္တဝါများ အကြောင်းကို လေ့လာသော ပညာရပ်။ [ပါ၊သတ္တ+ဗေဒ]

သတ္တဘာဂ/သတ်တာ့ဗာဂ/န–မှုးတာရေးနတ်။ [ပါ၊ သတ္တ+ဘာဂ]

သတ္တမ၊နဝိ–ခုနစ်ခုမြောက် ဖြစ်သော။ [ပါ၊သတ္တမ]

သတ္တရတန်/သတ်တာရတန်/န–ခြင်းမိုရ်တောင်ကို ဝန်းရံ လျက်ရှိသော တောင်စဉ်ခုနစ်ထပ်။ [ပါ၊ သတ္တရတန]

သတ္တလောက/သတ်တာ့လောကာ/န–သက်ရှိသတ္တဝါ အပေါင်း။ [ပါ၊ သတ္တလောက]

သတ္တဝါ/သတ်တဝါ၊သုဒဝါ/န–အသက်ရှင်လူ၊ တိရစ္ဆာန် စသည်။ [သ၊သတ္တ+ပါ၊သတ္တ]

သတ္တိ၊န–၁၊စွမ်းရည်။ ၂၊ရဲရင့်ခြင်း။ [ပါ၊သတ္တိ]

သတ္တု၊န–ရွှေ၊ ငွေ၊ သံ၊ ခဲကဲ့သို့သော ဒြပ်စင်မျိုး။ [သတ္တု] **~ကျ**၊ကြိ–အပြစ်တာဝန် စုပုံရောက်ရှိ သည်။ **~ချ**၊ကြိ–ဝေဖန်ဆန်းစစ်သည်။ **~ရိုင်း**၊န– သန့်စင်ခြင်း မပြုရသေးသော သတ္တုအရိုင်း။ **~ရည်**၊န–ဆေးဖက်ဝင် အပင်တာမျိုးမျိုးကို ကြိတ် ထောင်း ညှစ်ယူ၍ရသော အရည်။

သတ္တုရတနာ/သတ်ယန်ဒနုကပ်/န–လက်နက်ဆား ကြောင့် သေကျေ ပျက်စီးသော ကပ်။ [ပါ၊သတ္တ+ အန္တ ရ+ကပ္ပ]

သုတ်¹၊ကြိ–၁၊လိမ်းကျံသည်။ ၂၊အညစ်အကြေးစသည် ကင်းစေရန် အဝတ်စသည်ဖြင့် ပွတ်သည်။ ၃၊ အလျင်အမြန် ပြုသည်။ ၄၊အလျင်အမြန် ချီယူသည်။ စည်း–တစ်စုပြီးတစ်စု ဆက်ဝိုက် ပြုလုပ်သည့် အကြိမ်ကိုရေတွက်သော စကားလုံး။ **~ခြေတင်** /သုတ်ချေ(ချိ)တင်/ ကြိ– လျင်မြန်စွာ သွားသည်။

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

~တံ၊နှ-၁၊ငါးမျှားတံ။ ၂၊သားကောင်ကို ဖမ်းရန် ဆင်ထားသော မောင်းတံ။ ~သီးသုတ်ပျာ၊ကြိဝိ-သွက်သွက်မြန်မြန်။ ~သင်၊ကြိ-၁၊သန့်စင်အောင်ပြုသည်။ ဖယ်ရှားသည်။ ၂၊သတ်ဖြတ်သည်။ ကွပ်မျက်သည်။ ~သုတ်၊ ကြိဝိ-လျင်မြန်စွာ။

သုတ်²၊နှ-၁၊ဒေသနာတော် အစီအစဉ်။ ၂၊တစ်စုံတစ်ခုသော ဒေသနာ။ [ပါ၊သုတ္တ] **သုတ္တန်**၊နှ-ပုဂ္ဂိုလ်အားလျော်စွာ မြတ်စွာဘုရား ဟောကြားတော်မူသည့် ဒေသနာ။ ယင်းဒေသနာအစု။[ပါ၊သုတ္တန္တ]

သေတ္တာ/သစ်တာ/နှ-အဖုံးပါသည့် ပစ္စည်းထည့်စရာ။ [သစ်+တာ] ~**မှောက်**/-မှောက်/နှ-၁၊ဇာတ်သဘင်တွင် အမျိုးမျိုး သရုပ်ဆောင်နိုင်သူ။ ၂၊[ဥပစာ] ပညာရပ်၊ လုပ်ငန်းအမျိုးမျိုးတွင် ကျွမ်းကျင်နှံ့စပ်သူ။

သေတ္တု/သစ်တု/နှ-အနှစ်သာရ။

သဒ္ဒနိကာယ်/သတ်ဒါနိကယ်/နှ-အသံအနေအထား။ [ပါ၊သဒ္ဒ+နိကာယ]

သဒ္ဒဗေဒ/သတ်ဒါဗေဒါ/နှ-ဗကားသံကို လေ့လာသော ပညာရပ်။ [ပါ၊သဒ္ဒ+ဗေဒ]

သဒ္ဒါ/သဒ္ဒါ/နှ-၁၊အခေါ်အဝေါ်။ ဝေါဟာရ။ ပုဒ်။ ၂၊စကားဖွဲ့စည်းပုံ၊ ဝါကျဖွဲ့စည်းပုံစသော စည်းစနစ်ကို ဖော်ပြသောကျမ်း။ [ပါ၊ သဒ္ဒ] ~**ဆယ်ပါး**/သဒ္ဒါဆယ်ဗါး/နှ-အက္ခရာတို့ကို ရွတ်ပုံရွတ်နည်းအရ ခွဲခြားထားသော အသံဆယ်ပါး။ (၁၊သမ္ဗန္ဓ-စပ်၍ ရွတ်သောအသံ ၂၊ဝဝတ္ထိတ-ခွဲခြား၍ရွတ်သောအသံ ၃၊နိဂ္ဂဟိတ-ဒိတ်၍ရွက်သော အသံ ၄၊ဝိမုတ္တ-ဖွင့်၍ရွတ်သော အသံ ၅၊ဒီဃ-ရှည်ရှည်ရွတ်သော အသံ ၆၊ရဿ-တိုတိုရွတ်သော အသံ ၇၊ဂရု-လေးလေးရွတ်သော အသံ ၈၊လဟု-ပေါ့ပေါ့ရွတ်သော အသံ ၉၊သိထိလ- လျော့လျော့ရွတ်သော အသံ ၁၀၊ဓနိတ-တင်းတင်းရွတ်သော အသံ) ~**နက်**/သဒ္ဒါနက်/နှ-စကားလုံး၏ မူလရှိရင်းအနက်။ ~**ရုံ**/သုတ်ဒါယုန်/နှ-နားဖြင့်ကြားရသော အသံ။[ပါ၊သဒ္ဒ+အာရမ္မဏ] ~**လင်္ကာရ**/သဒ်ဒါလင်ဂါယာ/နှ-စာပေအဖွဲ့၏ အသံတန်ဆာ။ [ပါ၊သဒ္ဒ+ အလင်္ကာရ]

သဒ္ဓါ/သဒ္ဒါ/ကြိ-လိုလားကြည်ဖြူသည်။ နှ-၁၊ရတနာသုံးပါး၊ ကံ၊ ကံ၏ အကျိုးကို ယုံကြည်မှု။ ၂၊လိုလားကြည်ဖြူခြင်း။ [ပါ၊သဒ္ဓါ]~**ကြေး**/သဒ္ဒါကျေး/နှ-ခေတနာအလျောက် ထည့်ဝင်ပေးလှူသော ငွေ။ ~**ပေါက်**/သဒ္ဒါပေါက်/ကြိ-ပေးကမ်း လှူဒါန်းလိုသော ခေတနာဖြစ်ပေါ်သည်။

သိမ္မိ၊နှ-ပြီးမြောက်ခြင်း။ [ပါ၊သိဒ္ဓိ]~**တင်**၊ကြိ-၁၊လက်ဖွဲ့စသည်ကို အစွမ်းထက်အောင် ဆောင်ရွက်သည်။ ၂၊ရိုးမွမ်းသည်။ အမွှမ်းတင်သည်။ ~**ပေါက်**၊ကြိ-လိုရာကိစ္စပြီးမြောက်သည်။

သုဒ္ဓ/သုတ်ဒါ/နှ-သုဆင်းရဲမျိုး။ [ပါ၊သုဒ္ဒ]

သုဒ္ဓကိန်း/သုတ်ဒါကိန်း/နှ-[သင်္ချာ] ၁၊၃၊၅၊၇၊ စသည့်ကိန်းတို့ကဲ့သို့ ၁ သို့မဟုတ် မူလကိန်းဖြင့်သာ ပြတ်အောင် စားနိုင်သော ကိန်း။ [ပါ၊သုဒ္ဓ+သ၊ကေန္ဒြ]

သုဒ္ဓကြိယာ/သုတ်ဒါကရိယာ/နှ-[ပါ၊သဒ္ဒါ] ဖြစ်ခြင်း၊ ပြုခြင်း၊ ရှိခြင်းကိုပြသော ကြိယာ။ (မြန်မာမှု၌ ဖြစ်ခြင်းကို ပြသော ကျိုး၊ ပွင့်၊ ကျက်စသော ကြိယာမျိုးကို သုဒ္ဓကြိယာအဖြစ် ယူကြသည်။) (ကာရိုက်ကြိယာလည်းရှု) [ပါ၊သုဒ္ဓ+ကြိယာ]

သုဒ္ဓဒိန်/သုတ်ဒဒိန်/နှ-[ဗေဒင်] အတာတက်သော နေ့မှစ၍ နေ့ရက်ဖြင့်သာ ရေတွက်ရသော နေ့များ။ [ပါ၊သုဒ္ဓ+ဒိန]

သန်¹၊နဝ-၁၊ဖွံ့ဖြိုးကြီးထွားသော။ ၂၊အားကြီးသော။ ၃၊ဆန့်ပြင်းသော။ ~**စွမ်း**/သန်ဇွမ်း၊ သန်ဖွန်း/နဝ-၁၊ဖွံ့ဖြိုးကြီးထွားသော။ ၂၊ခွန်အားကြီးသော။

သန်²၊နှ-သတ္တဝါတို့၏ အူမကြီးအတွင်း၌ တွယ်ကပ်နေတတ်သည့် တီကောင်နှင့်တူသော ကပ်ပါးကောင်၊ သန်ကောင်။

သန္တရသ/သန်တာရာသာ/နှ-တည်ကြည် ငြိမ်းချမ်းမှုရသ။ [ပါ၊သန္တ+ရသ]

သန္တာ/သန်ဒါ/နှ-၁၊ထုံးဓာတ်ပါဝင်၍ ကျောက်ခက်၊ ကျောက်တန်းများ ဖြစ်ပေါ်စေသော ပင်လယ်သတ္တဝါ ကောင်ငယ်တစ်မျိုး။ ၂၊ယင်းအကောင်မှ ဖြစ်သော ကျောက်။[ပါ၊သန္တာနက] ~**လန်**/သဒ္ဒါလန်/ကြိ-ကျွမ်းသန္တာလန်နှင့်အတူတူ။

သန်တူ/သန်ဒူ/နှ-[ရှေး] သီတင်းကျွတ်လ။

သန္ဓေ၊ကြိ-[ပေါ]ငြိမ်းချမ်းအောင် မင်္ဂလာပြုသည်။ /သန်ဒေ:/နှ-ထိုသို့ မင်္ဂလာပြုရာတွင် ရေစင်ယည့်သော ဖလား။ သနေး။ [သ၊ဝါန္တိ]

သန္တာန်၊နှ-ရုပ်နာမ်အစဉ်။ [ပါ၊သန္တာန]

သန္ဓိ၊နှ-[သဒ္ဒါ] ပုဒ်နှစ်ခုတို့ကို အကြား မမြင်အောင် ဆက်စပ်ထားသော ပုဒ်။ [ပါ၊သန္ဓိ]

သန္ဓေ/သန်ဒေ၊ သဒေ/နှ-၁၊ပဋိသန္ဓေ၊ ၂၊ဝမ်းတွင်းပါအကျင့်။ "~မကောင်းဘူး။" [ပါ၊ပဋိသန္ဓိ] ~**တည်** /-တီ/ကြိ-၁၊သန္ဓေသား စတင်ဖြစ်ပေါ်သည်။ ၂၊[ဥပစာ] အမြစ်အဖြစ် စွဲတည်သည်။ ~**သား** /သဒေသား/နှ-အမိဝမ်းတွင် ကိန်းအောင်းနေသော သား။

သန္နိပါတ်နာ /သန်နိဗက်နာ/ နှ- လေ၊ သည်းခြေ၊ သလိပ်တို့ ပေါင်းဆုံ၍ ဖြစ်ပေါ်သော ရောဂါ။ [ပါ၊သန္နိပါတ+မြန်၊နာ]

သန္နိဋ္ဌာန်/သန်နိတ်ထန်/နှ-ဆုံးဖြတ်ချက်။ [ပါ၊သန္နိ

မာတိကာသို့ ▶▶▶

http://www.lknt11.com

ဋ္ဌာန]

သန်ဘက်/သဒ္ဓက်/န–ယနေ့မှစ၍ ရေတွက်သော် တတိယနေ့။ သန်ဘက်ခါ။

သန်လယ်၊န–[ရေး] မိုးရေကို အားထား စိုက်ပျိုးရသော လယ်။

သန်လျက်/သန်လယက်/န–၁၊တစ်ဖက်သွား၊ နှစ်ဖက်သွားရှိသော ဓားလက်နက်တစ်မျိုး။ ၂၊အရွက်သန်လျက်ပုံရှိသော အပင်တစ်မျိုး။ လောက်သေပင်။ [သ၊ဓလျက] **~ခုံ**/–ခုန်/န–မြစ်နှစ်သွယ်ဆုံရာ၌ ဖြစ်ပေါ်နေသော သန်လျက်သဏ္ဌာန်ချွန်း၍ မိုမောက်သော မြေအငူ။ သန်လျက်စွန်း။ **~စွန်း**/–စွန်း/န–၁၊သန်လျက်ခုံ။ ၂၊ကြက်လျှာစွန်း။

သန်လျင်း/သန်လယင်း/န–၁၊ထမ်းပိုးပုံ မိုးပ်ဆွဲ၍ ရေ့နောက် ထမ်းရသော ထိုင်စရာ။ ၂၊မင်း မိဖုရား စသည်တို့ သင်္ကြိုဟ်ရာတွင် ရုပ်ကလာပ်ကို သယ်ဆောင်ရသော ယာဉ်တစ်မျိုး။ [မွန်၊သရေင်]

သန့်၊ကြိ–ရွေးချယ်ခွဲခြားသည်။ နဝိ–အညစ်အကြေးကင်းသော။ **~ပြန့်**၊ နဝိ–သန့်ရှင်းသပ်ရပ်သော။ **–သက်ရေ**၊န–ရဟန်းသံဃာတို့ ကျင်ကြီး ကျင်ငယ်စွန့်ရာ၌ အသုံးပြုသော ရေ။

သန်း[၁]ကြိ–၁၊ကပ်၍ ရွေ့လျားသည်။ ဖြတ်ကျော်သည်။ ကူးသည်။ ၂၊ ကူးယှက်သည်။ "ဓောင်နီ ~ –။" န–ဆံပင်၊ အမွှေးအမှင် စသည်တွင် တွယ်ကပ်၍ သွေးစုပ်သည့် ပိုးကောင်ငယ် တစ်မျိုး။ **~ကြေးမ**/သန်းဂျီးမာ့/န–ကိုယ်ခန္ဓာရှိ အညစ်အကြေးကို မှီတွယ်၍ ဖြစ်ပွားသောသန်း။ **~ဖျာ**/သန်းဖျာ/န ဥမှ ပေါက်ခါစ သန်းငယ်။

သန်း[၂]န–ခု၊ ဆယ်၊ ရာ၊ ထောင် စသော ဆယ်ဆတက် ကိန်းစဉ်တွင် ခုနစ်ခုမြောက်ကိန်း။

သန်း[၃]၊အခေါက်ကို ဆိုးဆေးအဖြစ် အသုံးပြုရသော ဆေးဖက်ဝင် ပင်လတ်တစ်မျိုး။

သန်းခေါင်/သဂေါင်/န–ညဉ့်လယ်။ ညဉ့် ၁၂နာရီ အချိန်။ **~ကြက်**/–ကျက်/န–သန်းခေါင်ချိန်၌ တွန်သည့်ကြက်။ **~စာရင်း**/–စယင်း/န–၁၊တစ်နိုင်ငံလုံးတွင် တစ်ပြိုင်တည်း ကောက်ယူသည့် လူဦးရေစာရင်း။ (ရှေးက သန်းခေါင်ချိန်တွင် ကောက်ယူလေ့ရှိသည်။) ၂၊အိမ်ထောင်စုပါ အမည်နှင့် တကွသော လူဦးရေစာရင်း။ **~ယံ**/–ယန်/န–သန်းခေါင်အချိန်။ **~သန်းလွဲ**၊န–သန်းခေါင်၏ နောက်ပိုင်းအချိန်။

သိန်၊န–ကျက်သရေ။ [ပါ၊သိရိ] **~သရေ**၊န–တင့်တယ်ခြင်း။ ကောင်းမြတ်ခြင်း။ ကျက်သရေ။ [ပါ၊သိရီ+သိရိ]

သိန္ဓောစား /သိန်းဒေါ်ဆား/န–ဆေးဖက်ဝင် ဆားတစ်မျိုး။ [ပါ၊သိန္ဓဝ+မြန်၊ဆား]

သိန္ဓောမြင်း/သိန်းဒေါ်မျင်း/န–၁၊သိန္ဓုမြစ်ဝှမ်း၌ ပေါက်ဖွားသောမြင်း။ ၂၊အလွန်လျင်မြန်သော မြင်းတစ်မျိုး။ [ပါ၊သိန္ဓဝ+မြန်၊မြင်း]

သိန်း၊န–ခု၊ ဆယ်၊ ရာ၊ ထောင် စသော ဆယ်ဆတက် ကိန်းစဉ်တွင် ခြောက်ခုမြောက်ကိန်း။ **~ထီ**/သိန်းဒီ/န–ပေါက်မဲတစ်ဆုံလျှင် ဆုငွေ တစ်သိန်း စသည့် ဆုကြီးများ ပါဝင်သော ထီ။

သိန်းနို/သိန်းဂို/န–[ရှေး] သီဟိုဠ်ကျွန်း။ (သိန်းယို ဟုလည်း တွေ့ရသည်။) [ပါ၊သီဟဠ]

သုန်၊ကြိ–၁၊[ပေါ] လွှဲဖယ်သည်။ ၂၊မျက်နှာ မသာမယာဖြစ်သည်။ **~မှုင်း**၊နဝိ–သီးနှံ စသည် မအောင်မြင်သော။ **~မှုန်** ကြိ–စိတ်မရွှင်လန်းသောကြောင့် မျက်နှာ မသာမယာဖြစ်သည်။ **~သုန်**/သုန်သုန်/ကြိဝိ ဒွက်သွက်။ **~သုန်မာန်မာန်**/သုန်သုန်မန်မန်/ကြိဝိ–မျက်နှာသုန်မှုန် တင်းမာလျက်။

သုန့်၊ကြိ–တွန့်ကြေသည်။

သုန်း၊ကြိ–သုဉ်းရှု။

သပ်၊ကြိ–၁၊လက်ဖြင့် အသာအယာဖိ၍ ပွတ်တိုက်သည်။ ၂၊တစ်စုံတစ်ရာ၏ အပေါ်ယံကို ချောမွတ်အောင် ထက်သော အသွားဖြင့် ပွတ်ဆွဲသည်။ န–တစ်စုံတစ်ရာကို တင်းကျပ်မြဲမြံစေရန်၊ ကွဲအက်စေရန် ရိုက်သွင်းရသော တစ်ဖက်ရှူး သစ်သား စသည်။ **~စိုက်**/သတ်စိုက်/န–ပုဒ်၏ ထိပ်ပိုင်းတွင် သပ်သဏ္ဌာန် တစ်ဖက်ရှူး အုတ်ချပ်တို့နှင့် စီထားသော ခုံ။ **~ဝင်**၊ကြိ–တင်းကျပ်မြဲမြံစေရန် သပ်ရိုက်သွင်းသည်။ **~ရပ်**၊နဝိ–သေသပ်သော။ **~လျှို**/သတ်ယှို/ကြိ–၁၊သပ်ကို ရိုက်သွင်းသည်။ ၂၊[ဥပစာ] အချင်းချင်း စိတ်ဝမ်းကွဲအောင် ကြားဝင် ဖန်တီးသည်။

သပ္ပာယ၊န–လျော်ကပတ်ခြင်း။ သင့်လျော်ခြင်း။ "~ ဖြစ်–။ ~မှု–။" [ပါ၊သပ္ပာယ]

သပ္ပုရိသ/သတ်ပုရိသာ့/န–သူတော်ကောင်း။ [ပါ၊သပ္ပုရိသ]

သပ္ပာယ်၊ကြိ–၁၊တင့်တယ်သည်။ ကြည်ညိုဖွယ် ဖြစ်သည်။ ၂၊တင့်တယ်အောင် ပြုသည်။ ကြည်ညိုဖွယ်ဖြစ်အောင်ပြုသည်။ "ရေ~–။ သင်္ကန်း~–။" [ပါ၊သပ္ပာယ]

သိပ်၊ကြိ–၁၊ပြည့်ကျပ်သည်။ ၂၊ထည့်သွင်းဖိနှိပ်သည်။ ၃၊ကလေးအိပ်ပျော်အောင် ချော့မော့ ပြုစုသည်။ ၄၊ရွှေးထွက် ရပ်စဲအောင် အပန်းဖြေသည်။ ၅၊ ညကာလလွန်အောင် သိုမှီးထားသည်။ ကြိဝိ–အလွန်။ **~သည်း**၊နဝိ–အကြား အလပ်မရှိအောင် စေ့သော။ ကျစ်လျစ်သော။

သိပ္ပံ၊န–၁၊လေ့ကျင့်သင်ယူရသော အတတ်ပညာ။

မာတိကာသို့ ▶▶▶

http://www.lknt11.com

၂။စနစ်တကျ လေ့လာစမ်းသပ် ဖော်ထုတ်ခြင်းဖြင့် ရရှိသော အတတ်ပညာ။ ၃။အတတ်ပညာ တစ်ရပ်ရပ်ကို လေ့လာရာကျောင်း။ [ပါ၊သိပ္ပ] ~ထယ်၊န–မြေမာ၌ ထယ်ထိုးရန် မြန်မာနိုင်ငံ စိုက်ပျိုးရေးဌာနက တီထွင်ခဲ့သော ထယ်တစ်မျိုး။ ~နည်းကျ၊ကြိ–စနစ်ကျသည်။ အကြောင်းအကျိုး ဆီလျော်သည်။

သုပ်၊ကြိ–အသီးအရွက် စသည်ကို စားဖွယ်အဖြစ်ဆီ၊ ပဲမှုန့် စသည်နှင့် ရောနှော နယ်ဖတ်သည်။

သောပ္ပယိုမ/သုတ်ပယိုမာ့/န–[ပေါ]ဖမ်းရွက်၍ အလှူခံသော သိလရှင်။ [ပါ၊သုပ္ပ+မှန်၊ယိုက်+မြန်၊မ]

သဗ္ဗညုတဉာဏ်/သတ်ဗင်ညုတာ့ညန်/န–အလုံးစုံကို သိမြင်သော ဉာဏ်။ အနန္တအစပ် သိမြင်သော ဉာဏ်။ [ပါ၊သဗ္ဗညုတ+ဉာဏ]

သဗ္ဗရန်/သတ်ဗရာ့နန်/န–အမျိုးမျိုးအဖုံဖုံ ပါဝင်နေသော အပေါင်းအစု။ [သ၊သဝ်+နာမ]

သမ္မတ္တိ၊န–ပြည့်စုံခြင်း။ [ပါ၊သမ္ပတ္တိ]

သမ္ဖပ္ပလာပ/သမ်ဖတ်ပလာပ/န–အကျိုးမရှိသော၊ သိမ်ဖျင်းသော စကား။ [ပါ၊သမ္ဖပ္ပလာပ]

သမ္ဗန် [၁]၊ကြိ–ပါဠိဝါကျကို ပုဒ်ချင်းဆက်စပ်၍ အဓိပ္ပာယ်ဖြောင့်အောင် အနက်ပြန်ဆိုသည်။ န–တလိမ်း၊ သစ်မေး စသည်မသုံးဘဲ ပျဉ်ချပ်ချင်းစပ်၍ လုပ်သော ရှေးခေတ် မင်းမိဖုရားများ စီးနင်းသည့် လှေတော်တစ်မျိုး။ [ပါ၊သမ္ဗန္ဓ]

သမ္ဗန် [၂]၊န–ခတ်ဘက်ဖြင့် လှော်ရသည့် စပ်လှေတစ်မျိုး။ ငှက်။ [တရုတ်၊ shan ban]

သမ္ဗန္ဓ၊န–[သဒ္ဒါ] ပုဒ်အချင်းချင်းကို ဖြစ်စေ၊ ဝါကျအချင်းချင်းကို ဖြစ်စေ ဆက်စပ်ပေးသော စကားလုံး။ [ပါ၊သမ္ဗန္ဓ]

သမ္ဘာ/သုဗာ/န–ရှေးဘုန်းရှေးကံ။ [ပါ၊သမ္ဘာရ] ~ရပရိက္ခေ/သန်ဗာရာ့ပရိတ်ခေ့/န–ဝါကျတွင်းရှိ ပုဒ်များကို နာမ်ပုဒ်၊ ကြိယာပုဒ် စသည်ဖြင့် ခွဲခြမ်းစိတ်ဖြာပြခြင်း။ [ပါ၊သမ္ဘာရ+ပရိက္ခေ]~ရှင့်/သုဗာယင့်/ကြိ–၁၊ရှေးဘုန်းရှေးကံ ကြီးမားသည်။ ၂၊အတွေ့အကြုံများ၍ ကျွမ်းကျင်သည်။

သမ္မတ/သမဒါ/န–၁၊လူအများက မိမိတို့ဆန္ဒအရ တင်မြှောက်ထားသော မင်း။ ၂၊ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ရွေးချယ်တင်မြှောက်ထားသည့် နိုင်ငံတော် အကြီးအကဲ။ [ပါ၊သမ္မတ]~နိုင်ငံ/–နိုင်ငန်/န–ပြည်သူအများ ရွေးချယ်တင်မြှောက်သောပြည်သူ့ကိုယ်စားလှယ် အဖွဲ့အစည်းက အချုပ်အခြာအာဏာပိုင်သော နိုင်ငံ။

သမ္မာဒေဝ/သမာဒေဝါ/န–နတ်ကောင်းနတ်မြတ်။ [ပါ၊သမ္မာ+ဒေဝ]

သမ္မာအာဇီဝ/သမာအာဇီဝါ/န–ကောင်းသော အသက်မွေးမှု။ [ပါ၊သမ္မာ+အာဇီဝ]

သမ္မန်စာ/သန်မန်အာ/န–တရားရုံးတော်က ဆင့်ခေါ်သော စာ။ ဆင့်စာ။ [လိပ်၊summons+မြန်၊စာ]

သမ်း၊ နဝိ–ညိုးမှိန်သော။ ကြိ–အိပ်ချင်ခြင်း စသည်ကြောင့် ပါးစပ်ဟကာ ခလကို ပြင်းစွာ ရှိုက်ထုတ်သည်။ သမ်းဝေသည်။

သိမ် [၁]၊ နဝိ–ကြုံသော။ လှီသော။ သေးသော။ ~ငယ်၊ နဝိ– သေးနုပ်သော။ မျက်နှာငယ်သော။ ~ဖျင်း၊နဝိ–ညံ့ဖျင်းသော။ ~မွေ့၊နဝိ–၁၊နူးညံ့သော။ ၂၊ကိုင်တွယ်ဖြေရှင်းရ ခက်ခဲသော။

သိမ် [၂]၊န–ရဟန်းတော်တို့ ကံဆောင်ရာ နေရာအပိုင်းအခြား။ [ပါ၊သီမာ] ~သမုတ်၊ကြိ–သံဃာတော်တို့က သိမ်အဖြစ် ရောက်အောင် ဝိနည်းကံဖြင့် ပြုသည်။ [ပါ၊သီမာ+သမ္မုတိ]

သိမ့်၊ကြိ–တုန်ခါသည်။ ခါလှုပ်သည်။ ~သိမ့်/သိန့်သိန့်/ ကြိဝိ– အဆက်မပြတ် တုန်လှုပ်လျက်။ တငြိမ့်ငြိမ့်။

သိမ်း [၁]၊ကြိ–၁၊လုံခြုံအောင် ထားသည်။ ၂၊အရယူသည်၊ ပိုင်ဆိုင်မှုပြုသည်။ ၃၊ပေါင်းရုံးသည်။ ၄၊အပြီးသတ်သည်။ "လုပ်ငန်း ~ပြီ။" ၅၊အစွန်းအစ မထွက်စေရန် သပ်ရပ်စွာ ပြုသည်။ "အစ ~။ အနား ~။" ~ဆည်း၊ကြိ–၁၊စနစ်တကျ ထားသိုသည်။ ၂၊ချုပ်တည်းသည်။"ဒေါသကို ~။" ~ပိုက်/သိန်းဗိုက်/ကြိ–[ရှေး] ထိန်းသိမ်းစောင့်ရှောက်သည်။ သိမ်းပိုက်သည်။ ~ပိုက်၊ကြိ–ပိုင်ဆိုင်အောင် ပြုလုပ်သည်။ သိမ်းမြန်းသည်။ ~ပြည်း/သိန်းပျိး/ကြိ–[ပေါ]အရက်ရသည်။ ရှက်သည်။ ~ရုံး၊ကြိ–ပေါင်းစုသည်။ စုစည်းသည်။ ~သွင်း၊ကြိ–၁၊အကျိုးဝင်စေသည်။ ပေါင်းရုံးရေတွက်သည်။ မိမိအလိုသို့ပါရန် ဆွဲဆောင်သည်။

သိမ်း [၂]၊ န – ကြက်ငယ်ငှက်ငယ်တို့ကို လျှင်မြန်စွာ ထိုးသုတ်တတ်သော ငှက်တစ်မျိုး။

သုံ့၊န–[ရှေး] မင်းကိုယ်တိုင် ပါဝင်တိုက်ခိုက်သော စစ်ပွဲတွင် ဖမ်းဆီးရမိသော ရန်သူစစ်သည်။ ~ပန်း/သုန့်ဗန်း/န–၁၊[ရှေး] မင်းညီမင်းသား စသည်တို့ ပါဝင်တိုက်ခိုက်သော စစ်ပွဲတွင် ဖမ်းဆီးရမိ၍ ဘုရင့်အား ဆက်သသော ရန်သူစစ်သည်။ ၂၊ စစ်ပွဲတွင် ဖမ်းဆီးရမိသော ရန်သူ။ ~ရ၊ န–[ရှေး] စစ်ပွဲတွင် ဖမ်းဆီးရမိသော စစ်သည်မဟုတ်သောသူ။ ~သေး/သုန့်သေး/န–[ပေါ]တမန်။

သုံး [၁]၊ကြိ–အသုံးပြုသည်။ အသုံးချသည်။ ~စွဲ၊ကြိ–မပြတ်မလပ်သုံးသည်။ ~ဆောင်၊ကြိ–၁၊အသုံးပြုသည်။ ၂၊စားသောက်သည်။ ~နှုန်း၊ကြိ–ဥပမာပါ

မာတိကာသို့ ▶▶▶

သော စကားလုံးဖြင့် မပြောဆိုရေးသားသည်။ စကားလုံး သုံးခွဲပြောဆိုရေးသားသည်။ ~မြွန်း၊ကြိ–အကျိုးမဲ့ သုံးသည်။ ~သပ်/သုန်းသုတ်/ကြိ–၁၊လက်ဖြင့် အဖန်ဖန်ထိတွေ့ ပွတ်သပ်သည်။ ၂၊သက်ဝင် ဆင်ခြင်သည်။

သုံး ²၊န–နှစ်နှင့် လေးအကြားရှိ အရေအတွက်။ ၃။ ~စားပါကျ /သန်းစားပါကျာ့/ ကြိ–၁၊ပဆစ်ကစား ရာတွင် ပဆစ်အိမ် ဘွင်းဝင်ရန် သုံးကွက်အလိုရှိ၍ ကြွေသုံးလုံး လန်ရမည့်အစား ကြွေနှစ်လုံးသာ ယန်သဖြင့် အခက်အခဲတွေ့ရသည်။ ၂၊[ဥပစာ] ခဲရာခဲဆစ်ဖြစ်သည်။ ဒုက္ခတွေ့သည်။ ~ဆယ့်မြောက်ကောင် /သုန်းဖဲ့ချောက်ကောင် / န–ကြေးစည့်နက်ရုပ်ကားချပ်ပေါ်တွင် ကျား၊ ဆင်၊ မြွေ၊ လိပ်ပြာသည့် အရုပ် ၃၆ရုပ်ကို ရေး၍ အရုပ်တစ်ခု၏ပုံကို ပေါက်မဲအဖြစ် အဝတ်နှင့် ထုပ်ကာ သတ်မှတ်သည့် အချိန်တွင် ဖွင့်လှစ်ရသော ထီတစ်မျိုး။ ~ဆယ့်တစ်ဘုံ /သုန်းဖဲ့ဟာဘုန်/ န–ကာမ ၁၁ဘုံ၊ ရူပ ၁၆ဘုံ၊ အရူပ ၄ဘုံ ဟူသော ၃၁ပါးသောဘုံ။ ~ထောင့်အိုင်ချင်း /သုန်းဒေါင့်အိုင်ဂျင်း/ န–သုံးပိုဒ်တွင် အဆုံးချသုံးခုကို အသံ သုံးမျိုး ပြောင်းလဲရွတ်ဆိုရသည်ဆိုသော အိုင်ချင်း တစ်မျိုး။ ~ထပ်သား/သုန်းဒတ်သား/၁၊သုံးလွှာ ပါသော အထပ်သား။ ၂၊အသား၊ အဆီ၊ အရေခေါက် အထပ်လိုက်ပါသော ဝက်သား။ ~ပေါက် /သုန်းဗောက်/ န–[ဂီတ] ၁၊အသံခုနစ်ပါးတွင် နှစ်ပေါက်အောက် တစ်ဆင့်နိမ့်သော အသံ။ ၂၊ယင်းအသံဖြင့် မှတည်သည့် သံစဉ်၊ ပြည်ကော်ပြန်။ ~ပေါက်ချွန်း /–ချွန်း/ န–သုံးပုံဖဲနှင့် ကက်ဖဲတွင် အနီတစ်ပွင့်အဖြူ နှစ်ပွင့်ပါသော ဖဲချပ်။ ~ပုံဖဲ/သုန်းဗုန်ဖဲ/ န– သုံးပုံ ပြု၍ သုံးယောက်ပါဝင် ကစားရသော ဆင်ခွယ် စသည်နှင့်လုပ်သော ဖဲတစ်မျိုး။ ~ဖန်လှ/သုန်း ဖန်လှာ့/ န–ပွင့်ချပ်ပေါင်း များစွာရှိ၍ တစ်နေ့လျှင် အရောင်သုံးမျိုးပြောင်းသော အပွင့်ပွင့်သည့် ပန်းပင်။

သယ် ¹၊ကြိ–ယူဆောင်သည်။ လိုရာရောက်အောင် ပို့ဆောင်သည်။ ~ပိုး/သယ်ဗိုး/ကြိ–၁၊ထမ်းပိုး ယူဆောင်သည်။ ၂၊တာဝန်ကမ်းဆောင်သည်။

သယ် ²၊အာ–ဝေါက်မေးခြိမ်းခြောက်ရာ၌ သုံးသော စကား။

သဿမေဓ/ သတ်သမေဒ/ န–၁၊ ဆယ်ခိုင့်တစ်ခိုင် ဖြစ်သော အခွန်တော်။ ၂။ ဗြိတိသျှကိုလိုနီခေတ်တွင် လူတစ်ဦးချင်းထံမှ ကောက်ယူသောအခွန်။ [ပါ၊ သဿ+မေဓ]

သိဟ်/သိန်/ န–ဆယ့်နှစ်ရာသီတွင် ခြင်္သေ့ရုပ်ဖြင့် မှတ်အပ်သော ပဉ္စမရာသီ။ [ပါ၊သီဟ]

သွာတိ၊န–ကြယ်နှစ်လုံးပါဝင်၍ ကသစ်ပွင့်သဏ္ဌာန်ရှိသော နက္ခတ်။ [သ၊သွာတိ]

သွား၊ကြိ–၁၊ရွေ့လျားသည်။ ၂၊ရွေ့လျားအောင် ပြုသည်။ န–ကိုက်ဝါးကြိတ်ခြေရန် သတ္တဝါ၏ ခံတွင်း၌ အစီအရီတည်နေသော မာကျောသည့် အရာ။ စည်း– အဟိတ်ကာလကို ဖော်ပြသော စကားလုံး။ ~ကြောင်တိုက်/သွဂျောင်ဒိုက်/ကြိ–သွားတိုက်သည်။ ~ချေး/သချီး/န–သွားတွင်ကပ်နေသော အညို။ ~ညှပ်/သညှတ်/န–သွားနှစ်ချောင်းကြားတွင် ညှပ်ပေါက်နေသော သွားငယ်။ ~တက်/သဒက်/ န–အပေါ်ရှေ့သွားနှစ်ချောင်း၏ ဝဲယာ တစ်ချောင်း ကျော် သွားပေါ်တွင် ပေါက်လေ့ရှိသော သွားငယ်။ ~ထပ်/သထတ်/န– တစ်နေရာတည်းတွင် နှစ်ယပ် ဖြစ်ပေါ်နေသော သွား။ ~ပွတ်တံ/သဗွတ်တန်/ န–သွားတိုက်ရန် အမှင်တစ်မျိုးမျိုးနှင့် ပြုလုပ်ထားသော အရာ။ ~ဖုံး/သဖုန်း/န–သွား၏အရင်း အသားအုံ။ ~ရင်းဟန်လွှဲ၊ကြိဝိ–[ဥပစာ] မူလ လုပ်ငန်းတာဝန်နှင့် တစ်ပေါင်းတည်း။ ~ရည်/သယေ/ န– ခံတွင်းမှ စိမ့်ထွက်သော အရည်။ ~ရည်ကျ /–ကျာ့/ကြိ–[ဥပစာ] မြင်တွေ့ရသော တစ်စုံတစ်ရာကို လိုလားတပ်မက်သောဆန္ဒ ဖြစ်ပေါ်သည်။ သွားရည်ယိုသည်။ ~လေသူ /သွားလေသူ/ န–[ဥပစာ] ကွယ်လွန်သူ။

သွေ၊ကြိ–လွဲချော်သည်။ ရှောင်လွှဲသည်၊ ~ဖည်/သွေဖီ၊ သွေဖယ်/ကြိ–ရှောင်လွှဲသည်။ ဆန့်ကျင်သည်။ ~လှန်၊ ကြိ– ဆန့်ကျင်သည်။ ငြင်းပယ်သည်။ ဖောက်ပြန်သည်။

သွေ့၊နဝိ–ခန်းခြောက်သော။

သွေး ¹၊န–၁၊ကိုယ်ခန္ဓာတွင် နှလုံးမှ တစ်ကိုယ်လုံးသို့ သွေးကြောများဖြင့် အသွားအပြန် လှည့်ပတ်နေသော နီရဲသော အရည်။ ၂၊ဆက်နွယ်သော မျိုးရိုးအစဉ်။ ~ကောင်း၊နဝိ–သတ္တိကောင်းသော။ ~ကြီး၊ကြိ–[ဥပစာ]ဘဝင်မြင့်သည်။/သွေးကြီး/ န–[ရှေး] သူကြီးအောက် အရာရှိလူကြီးတစ်မျိုး။ ~ကြီးမွေးကြီး /သွေးကြီးမွေးကြီး/ကြိဝိ–ဘဝင်မြင့်လျက်။ ~ကြောင်၊ နဝိ–ကြောက်ရွံ့ လွယ်သော။ ~ကွဲ၊ကြိ–၁၊မျိုးနွယ် မစပ်။ ၂၊စိတ်ဝမ်းကွဲသည်။ ~ကြွ၊ကြိ–[ဥပစာ] စိတ် ငြင်ပြ ထက်သန်သည်။ ~ခုန်၊ကြိ–သွေး လှုပ်ရှားသည်။ ~ချင်းသားချင်း/သွေးဂျင်းသား ဂျင်း/ န–၁၊သွေးမျိုး။ ၂၊အနွယ်တူ လူမျိုးမှ ဆင်းသက်လာသူ။ ~ခြည်ဥ/သွေးဂျီအု/ကြိ–ထိနိုက် သဖြင့် သွေးကြောမျှင်ငယ်များ ပျက်စီးရာတွင် သွေးစုခဲသည်။ ~ခွဲ၊ ကြိ–၁၊အချင်းချင်း စိတ်ဝမ်း ကွဲအောင် ပြုသည်။ ၂၊မိဖွားပြီးစ အမျိုးသမီး၏

သားအိမ်တွင်း၌ သွေးပုပ်များ မကျန်စေရန် ဝမ်းပိုက်ကို နှိပ်နယ် ပြုစုပေးသည်။ **~စုနာ** /သွေးဇုနာ/ န-သွေးပုပ်စု၍ ပြည်တည်သော အကျိတ်ဖား။ **~စည်း**၊ ကြိ-စိတ်ဝမ်းမကွဲ ညီညွတ်သည်။ **~စုန်း** /သွေးဇုန်း/ န-ဝခုနှစ်အရွယ် မိန်းကလေး။ **~စမ်း**၊ ကြိ-ခန္ဓာကိုယ် သွေးခုန်နှုန်းကို စမ်းသပ်သည်။ **~စိမ်း** /သွေးဇိမ်း/ န- ရုတ်တရက် လတ်တလော ထွက်သော သွေး။ သွေးစိမ်းရှင်ရှင်။ **~ဆာ**၊ ကြိ-[ဥပစာ] သတ်ဖြတ်လိုစိတ် ပြင်းပြသည်။ **~ဆူ**၊ ကြိ-စိတ်အပွန် လှုပ်ရှား တက်ကြွသည်။ **~ဆေး** /သွေးဇေး/ န-သွေးသား စင်ကြယ်စေရန် သောက်သုံးသော နံ့သာနီကဲသည့် ဆေးမှုန့်။ **~ဆိုး**/သွေးဇိုး/ န-အညစ်အကြေး ခိုအောင်းနေသော သွေး။ နဝ- ရန်ပြုတတ်သော၊ မကောင်းမှုကို ကျူးလွန်ကက်သော။ **~ဆုတ်**၊ ကြိ-နှလုံးသွေး လှည့်ပတ်မှု ရပ်ဆိုင်းစပြုသည်။ သေလုနီး အခြေ ဆိုက်သည်။ **~ဆုံး**၊ ကြိ-အမျိုးသမီးများပွင် သက်ကြီးပိုင်း၌ မွေ့တာ သွေးပေါ်ခြင်း လုံးဝရပ်စဲသည်။ **~တံကု** /သွေးဒဂု/ န-ရင်၊ ဝမ်းတို့၌ ထိုးကျင့် နာကျင်သော ရောဂါတစ်မျိုး။ **~တိုး**/သွေးဒိုး/ န-သွေးဖိအား ပိုလွန်သောရောဂါ။ **~တိုးစမ်း**/- ဇန်း/ကြိ-[ဥပစာ] တစ်စုံတစ်ဦး၏ စိတ်သဘောထားကို အကဲခတ် စူးစမ်းသည်။ **~တက်**၊ ကြိ-၁၊သွေးဖိအား ပိုလွန်သည်။ ၂၊သွေးလှုပ်ရှားမှု ရုတ်တရက် ဖောက်ပြန်၍ သတိလစ်သည်။ **~တောင်း**၊ ကြိ-တစ်ခုခု စားသောက်လိုစိတ် ပြင်းပြသည်။ **~တိုး**၊ ကြိ-ဖြောက်ပင့်လှုံ့ဆော်သည်။ **~ထိမ်**၊ ကြိ-မွေ့တာသွေး ပေါ်မြဲတိုင်း လစဉ်မပေါ်ဘဲ နေသည်။ **~ထွက်သံယို** /သွေးဒွက်သန်ယို/ န-သွေးထွက်သည်အထိ ထိခိုက်ဒဏ်ရာရမှု။ **~နားထင်ရောက်**/သွေးနထင်ယောက်/ကြိ-ဘဝင်မြင့်သည်။ **~နီဥ**၊ န- သွေးတွင်ပါဝင်သော အနီရောင် ကလာပ်စည်း။ သွေးဥနီ။ **~နီး**၊ ကြိ- ဆွေမျိုး ရင်းသည်။ **~နွေးသတ္တဝါ**၊ န-ပတ်ဝန်းကျင် အပူချိန် ကို လိုက်၍ ကိုယ်ခန္ဓာအပူချိန် မပြောင်းလဲဘဲ တစ်သမတ်တည်းရှိသော သတ္တဝါမျိုး။ (ငှက်နှင့် နို့တိုက်သတ္တဝါများသည် သွေးနွေးသတ္တဝါများ ဖြစ်ကြသည်။ သွေးအေးသတ္တဝါ လည်းရှု) **~ပူ**၊ ကြိ-၁၊ကိုယ်လက်လှုပ်ရှား၍ ကိုယ်ခန္ဓာနွေးထွေးသည်။ ၂၊စိတ်တက်ကြွ လှုပ်ရှားသည်။ **~ပေါ်**၊ ကြိ- ၁၊ မိန်းကလေးတွင် အရွယ်ရောက်သဖြင့် မွေ့တာသွေး စတင်ဖြစ်ပေါ်သည်။ ၂၊လစဉ်မွေ့တာသွေး လာမြဲတိုင်းလာသည်။ **~ပျက်**၊ ကြိ-ထိတ်လန့်ဖွယ် တစ်စုံတစ်ရာကြောင့် စိတ်တုန်လှုပ် ချောက်ချားသည်၊ ဖောက်ပြန်သည်။ **~ပြော**၊ ကြိ-[ဥပစာ] ဆွေမျိုး တော်စပ်သည်ကို မသိဘဲနှင့် ချစ်ခင်ရင်းနှီးစိတ် ဖြစ်ပေါ်သည်။ **~ပြန်ကြော**/သွေးဗျန်ကျော/ န-နှလုံးသို့ သွေးပြန်လည် စီးဝင်ရာ အကြော။ **~ဖြူဥ** /သွေးဗျူအု/ န- ရောဂါပိုးများကို ခုခံတိုက်ခိုက်နိုင်သော၊ သွေးတွင်ပါဝင်သည့် အဖြူရောင် ကလာပ်စည်း။ သွေးဥဖြူ။ **~မစွန်း**၊ န-အနာကြီးရောဂါသည်။ **~မြေကျ**၊ ကြိ-နိုင်ငံနှင့် လူမျိုးအတွက် ဆောင်ရွက်ရင်း သွေးထွက်သံယို ဒဏ်ရာကြီးစွာ ရသည်။ ကျဆုံးသည်။ **~မြောက်**၊ ကြိ-ဘဝင်မြင့်သည်။ **~မွှေးသွေးတန်း**/သွေးယူးသွေးဒန်း/ကြိဝိ-အထိတ်တလန့် ကယောင်ချောက်ချား။ **~ရင်းသားရင်း**၊ န- ဆွေမျိုးအရင်းအချာ။ **~လချောက်ချား**၊ ကြိ- သွေးလေမတည်မငြိမ် ဖြစ်သည်။ စိတ်တုန်လှုပ်ချောက်ချားသည်။ **~လေး**၊ ကြိ-ထိုင်းမှိုင်း၍ မလှုပ်မရှားချင် ဖြစ်သည်။ **~လန့်**၊ ကြိ-ရုတ်တရက် ကြောက်ရွံ့ တုန်လှုပ်သည်။ **~လွန်**၊ ကြိ-သွေးထွက်များလွန်းသည်။ **~လွန်တုပ်ကွေး**၊ န-ခြင်ကျားကိုက်ရာမှ ဖြစ်သော အဖျားရောဂါတစ်မျိုး။ **~လှူဘဏ်**/သွေးလှူဗန်/ န-သွေးလှူသူထံမှ ရရှိသော သွေးကို အမျိုးအစား အလိုက် သဘာဝမာတ်မပျက်စီးအောင် သိမ်းဆည်းထားရာ နေရာ။ **~လွှတ်ကြော**၊ န-နှလုံးမှ ကိုယ်အင်္ဂါအသီးသီးသို့ သွေးပို့ဆောင်ပေးသော အကြော။ **~ဝေး**၊ ကြိ-ဆွေမျိုး တော်စပ်မှု အလှမ်းကွာသည်။ **~ဝမ်း**/သွေးဝန်း/ န-သွေးပါသော ဝမ်းသွားသည့်ရောဂါ။ (ပိတ်ဝမ်းလည်းရှု) **~သဖုံး**၊ န-ခန္ဓာတွင်း သွေးသွားလာမှု ဖောက်ပြန်၍ ထိုင်းမှိုင်း စုခဲပြီး ကိုယ်လေးလံသော ရောဂါ။ **~သား**၊ န- ဆွေမျိုးရင်းချာ တော်စပ်သူ။ **~သံ**၊ န-သွေး။ **~သောက်**/သွေးသောက်/ န-၁၊ ရှေးမြန်မာဘုရင်များ လက်ထက် စစ်သည် ၅၅ဦး ပါဝင်သော တပ်စု။ ယင်းတပ်စုကို ကွပ်ကဲသူ။ ၂၊လုပ်ဖော်ကိုင်ဖက်မိတ်ဆွေ။ **~သွန်**၊ ကြိ-၁၊မွေ့တာသွေးလွန်ကဲစွာ ဆင်းသည်။ ၂၊မီးဖွားပြီးနောက် သွေးလွန်ကဲစွာ ဆင်းသည်။ **~အေး**၊ ကြိ-စိတ်လှုပ်ရှားမှု၊ စိတ်ထက်သန်မှု ငြိမ်ဝပ်သည်။ **~အေးသတ္တဝါ**၊ န- ပတ်ဝန်းကျင် အပူချိန်ကို လိုက်၍ ကိုယ်ခန္ဓာအပူချိန် ပြောင်းလဲသော သတ္တဝါမျိုး။ (ငါးနှင့် တွားသွားသတ္တဝါများသည် သွေးအေးသတ္တဝါများ ဖြစ်ကြသည်။ သွေးနွေးသတ္တဝါလည်းရှု) **~အုပ်စု**၊ န-သင့်လျော်သော သွေးသွင်းနိုင်ရန် အတွက် အမျိုးအစားတူရာ အို၊ အေ၊ ဘီ၊ အေဘီ ဟူ၍ လေးမျိုး ခွဲခြားထားသော လူ့သွေးအစု။

သွေး၂၊ ကြိ-၁၊ကျောက်အပြင်၌ ပွတ်တိုက်သည်။ "ဓား

http://www.lknt11.com ...

~~။ သနပ်ခါး~~။" ၂။[ဥပစာ] ထင်ပေါ်အောင် ပြသည်။ "ကိုယ်ရည်~~။" ၃။[ပေါ]ဖြားယောင်းသည်။ ၄။ဖြည်းညင်းစွာ တိုက်ခတ်သည်။ "လေပြည်~~။" **~ချို**၊န-[ပေါ] အလိုဆန္ဒ။ **~ဆောင်**၊ကြိ-မိမိအလိုသို့ ပါအောင် ပြုသည်။ ဖြားယောင်းသည်။ **~သီ**၊ကြိ [ပေါ] ခြေပြာဆိုသည်။

သွံ့၊ကြိ-ညှံ့ဖျင်းသည်။ ပျက်စီးသည်။

သွက်၊ကြိ-၁။ပေါ့ပါးလျင်မြန်သည်။ ချက်ချာသည်။ ၂။(အရောင်းအဝယ်) မအမထိုင်းဖြစ်သည်။ ၃။(ပုံအသွင်) ခေတ်မီဆန်းသစ်သည်။ ၄။အရည် ေစးပျစ်ခြင်းမရှိ၊ ကျဲသည်။ **~လက်**၊ကြိ-ပေါ့ပါး လျင်မြန်သည်။ ချက်ချာသည်။ **~သွက်ခါ**၊ကြိ-အဟုန်ပြင်းစွာ တုန်လှုပ်သည်။ **~သွက်လည်**/သွက်သွက်လယ်/ကြိ-၁။အဟုန်ပြင်းစွာ လှုပ်ရှားသည်။ ၂။အခြေအနေ အလွန်ဆိုးဝါးသည်။

သွက်ချာပါဒ၊န-သွေးကြော၊ လေကြောပိတ်၍ ခြေလက်စသည် မသန်မစွမ်းဖြစ်သော ရောဂါ။ [သ၊ပက္ခဝါတ]

သွင်သွင်/သွင်သွင်/ကြိဝိ-အလျဉ်မပြတ်။ **~ကျိုး**/-ကျိုး/ကြိ-လုံးဝကျိုးသည်။

သွင်း၊ကြိ-၁။အတွင်းသို့ ရောက်အောင် ပြုသည်။ ၂။ပါဝင်အောင် ပြုသည်။ "စာရင်း~~။ လူစာရင်း~~။" **~ကုန်**/သွင်းဂုန်/န-ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းသော ကုန်ပစ္စည်း။

သွတ်၊ကြိ-အခေါင်းအပေါက် အတွင်းသို့ ရောက်အောင် ထည့်သည်။ **~ကယ်သွတ်ကယ်**၊ကြိဝိ-စွတ်ကယ်စွတ်ကယ်နှင့်အတူတူ။ **~လှယ်**၊ကြိဝိ-[ပေါ] ခေါက်တုံ့ခေါက်ပြန်။အပြန်ပြန်အလှန်လှန်။ **~သွင်း**၊ကြိ-၁။အခေါင်းအပေါက်အတွင်းသို့ ထည့်သိပ်သည်။ ၂။အကျုံးဝင်စေသည်။ ၃။ဘာသာအယူဝါဒ ဝါဒသည် တစ်စုံတစ်ရာကို သူတစ်ပါးစွဲယူအောင် လုပ်ဆောင်သည်။

သွတ္တပတ်/သွတ်ဒဗတ်/န-လက်သီးဆုပ်ခန့်ရှိသော အသီးမှည့်ကို အချိုအာဟာရအဖြစ် စားသုံးသော ပင်စောက်တစ်မျိုး။ [ပါ>မွန်-သုတာဘုတ်]

သွတ်သွတ်၊ ကြိဝိ-[ပေါ] သွက်သွက်။ အလျင်အမြန်။

သွန်၊ကြိ-လောင်းချသည်။ ကြိဝိ-အစွမ်းကုန် အားထုတ်လျက်။ **~သင်**၊ကြိ-လိမ္မာယဉ်ကျေးအောင် ဆုံးမသည်။

သွန်း၊ကြိ-၁။အရည်ကို လောင်းချသည်။ ၂။ရုပ်ပုံပေါ်အောင် ပုံစံခွက်ထဲသို့ သတ္တုရည်စသည်ကို လောင်းသည်။ **~ပုံ**/သွန်းဗုန်/န-သတ္တုရည် သွန်းလောင်း၍ ပုံဖော်ရသော ပုံစံခွက်။ **~ဘုရား**/သွန်းဖယား/န-သတ္တုရည် သွန်းလောင်း၍ ပြုလုပ်သော ရုပ်ပွားတော်။ **~သွန်း**/သွန်းသွန်း/ ကြိဝိ-[ပေါ] ရည်သွယ်ဖြောင့်တန်းစွာ။ မြင့်မြင့်မွင့်မွင့်။

သွပ်/သွတ်/န-၁။အပြာရောင်သန်းသော အဖြူရောင်ရှိ သတ္တုတစ်မျိုး။ ၂။အခေါက်အခံ့ မိုးရန် သွပ်ရည်လောင်းထားသော မြောင်းပါ သံပြား။ သွပ်ပြား။ **~ချောင်ချောင်**/သွတ်ချောင်ဂျောင်/ကြိဝိ-ရှုးကြောင်ကြောင်။

သွမ်း၊နဝိ-[ပေါ]ညံ့ဖျင်းဆိုးရွားသော။

သွယ်၊ကြိ-ရှည်လျားစွာ ဆက်မိအောင် ပြုသည်။ နဝိ-ရှည်မျောသော။ တစ်ဖက်မှ တစ်ဖက်သို့ အလုံးအထည် သေးသွားသော။ **~မျောင်း**/သွယ်မျောင်း/န-ရွှေနန်းမျှင်များကို ဖွတ်မြီးလုံး သဏ္ဌာန်လုပ်ထားသော ဆွဲကြိုးတစ်မျိုး။ **~ဝိုက်**၊ ကြိဝိ-တိုက်ရိုက်မဟုတ်ဘဲ ကွေ့ပတ်လျက်။

သျှားဖြူ/ယှားဗျူ/န-ဆီးဖြူ။

သျှိသျှား/ယှိယှား/န-အသီးသေးငယ်သော ဆီးဖြူပင်တစ်မျိုး။

သျှီလင်၊န-ဗြိတိသျှနိုင်ငံသုံး ပေါင်ငွေ၏ ၂၀ပုံ ၁ပုံ တန်ဖိုးရှိ ဒင်္ဂါး။ [လိပ်၊shilling]

သျှို /ယှို/ န- အောင်မြင်ပြီးမြောက်မှု။ "နှတ်ရှို~တစ်ပါး။" [သ၊ဂြိ]

သျှိုးလိုက်ရတု/ယှိုးလိုက်ယဒု/န-ရှင်လောင်းလှည့်ရာတွင် တစ်ပိုဒ်ပြီးတိုင်း သျှိုးဟုလိုက်ဆိုသော ရတုတစ်မျိုး။ [သ၊ဂြိ+မြန်၊လိုက်+သ၊ဧတု]

သျှောင်/ယှောင်/န-ယောကျ်ားဆံထုံး။ **~ကြီးဇွေ**/ယောင်ကျီးဇွေ/န-ဆံပင်ကို ခွေရစ်ထုံးထားသော သျှောင်ကြီးတစ်မျိုး။

သျှက္ကရ/ယှက်ကရာ/န-ပညာရပ် တစ်ခုခုကို အခြေခံ၍ ရေးသားထားသော ကျမ်း။ "အာကာသ~။ မဏိ~။" [သ၊ဂါ]

ဟ

ဟ [၁]၊န-ဗျည်းသုံးဆယ့်သုံးလုံးတွင် သုံးဆယ့်တစ်လုံးမြောက် ဗျည်း။ **~ထိုး**/ဟဒ္ဒထိုး/န-ဆိုင်ရာအက္ခရာအောက်တွင် တွဲစပ်ရေးသော ဟအက္ခရာ၏ သင်္ကေတ။ ှ။

ဟ [၂]၊ကြိ-၁။မစေ့၊ လပ်သည်။ ၂။စေ့နေသောအရာကို လှပ်သည်။ ဖွင့်သည်။ ၃။ထုတ်၍ပြောဆိုသည်။ "တစ်ခွန်းမျှမ~နှင့်။"

ဟ [၃]၊ အာ-[အပြော] အံ့အားသင့်သည့်အခါ မြွက်ဆိုတတ်သော စကား။ စည်း-[အပြော]ငယ်သူ၊ ရွယ်တူတို့ကို ရေးရှုခေါ်ရာတွင် လည်းကောင်း၊ ပြောဆိုရာတွင် လည်းကောင်း သုံးသော စကား။ **~ရို**၊စည်း-

မာတိကာသို့ ▶▶▶

[အပြော]လူအများကို ရည်မှန်း၍ စကားအဆုံးတွင် ပြောသော အာလုပ်စကား။

ဟဒယ၊နာ-စိတ်နှလုံး။ [ပါ၊ဟဒယ]

ဟလဝါ၊နာ-ဂျုံစသည်ကို ဆီ၊ ထောပတ်၊ သကြား စသည်ဖြင့် ရောကျို လုပ်ထားသော မုန့်။ [ဟိန္ဒီ၊ ဟလဝါ]

ဟဝါ၊နစ-[အပြော] အမည်မဖော်တတ်၊ မဖော်လိုသော အရာကို ညွှန်ပြသောအခေါ်အဝေါ်။ အမည် ကွဲပြား၍ မသိသူအား ခေါ်ဝေါ်သည့်စကား။

ဟဝါ့၊နစ-[အပြော] ဟဝါ ရှု။

ဟာ[၁]၊ကြိ-၁၊(အတွင်း၌) ဟင်းလင်းဖြစ်သည်။ ၂၊မစေ့မစပ်ဖြစ်သည်။ လစ်ဟင်းသည်။ ~**ကွက်**/ဟာဂွက်/ နာ-လစ်ဟင်းချက်။ ~**လာဟင်းလင်း**၊နာ-အကွယ် အကာ အတားအဆီး ကင်းမဲ့သော နေရာ။

ဟာ[၂]၊ဝိ-[အပြော] ကဗျာပုဒ်ကို ထင်ရှားစေသော စကားလုံး။ "သူ ~လူကောင်းပါ။"

ဟာ[၃]၊အာ-[အပြော]အံ့အားသင့်သည့်အခါ မြွက်ဆိုတတ်သော စကား။

ဟာလာစက်/ဟာလာစက်/နာ-ကြိတ်ခွဲစက်ငယ် တစ်မျိုး။ [လိပ်၊huller+ပါ၊စက္က]

ဟာသ၊နာ-ရယ်ဖွယ်ရာ။ [ပါ၊ဟာသ]

ဟား၊ကြိ-[ဗန်း]ကျယ်လောင်စွာ လှောင်ပြောင်ရယ်မောသည်။ ~**ကွက်**/ဟားဂွက်/နာ-[ဗန်း] လှောင်ပြောင် ရယ်မောဖွယ်ရာ။ ~**တိုက်**၊ကြိ-[ဗန်း] အသံကျယ်စွာ ရယ်သည်။ ကျယ်လောင်စွာ လှောင်ပြောင်ရယ်မောသည်။

ဟိမဝန္တာ၊နာ-၁၊အိန္ဒိယနိုင်ငံ မြောက်ပိုင်းရှိ ဆီးနှင်းမပြတ် ဖုံးလွှမ်းနေသော တောင်တန်း။ ၂၊ကြီးမားသော ဟောတောင် အထပ်ထပ်၊ [ပါ၊ဟိမဝန္တ]

ဟိ၊ကြိ-(မြင်း) အော်သည်။

ဟိနယာန/ဟိနဉ်ယာနဉ်/နာ-မဟာယာနဂိုဏ်းက ထေရဝါဒဂိုဏ်းကို နှိမ့်ချခေါ်သော အမည်။ (မဟာယာန၊ ထေရဝါဒ လည်းရှု) [ပါ၊ဟိန+ယာန]

ဟိနတ္တဒေါသ/ဟိနတ်ထဒေါသ/နာ-[စာပေ] ဂုဏ်ကြီးသောအရာကို ဂုဏ်ငယ်အောင် ဖွဲ့ဆိုမိသော အပြစ်။ [ပါ၊ဟိနတ္တ+ဒေါသ]

ဟိရိဩတ္တပ္ပ/ဟိရိအွတ်တပ်ပ/နာ-၁၊မကောင်းမှုကို ဖြုရန် ရှက်ခြင်း၊ကြောက်ခြင်း။ ၂၊အရှက်အကြောက်။ [ပါ၊ဟိရိဩတ္တပ္ပ]

ဟီလီယံ၊နာ-အဆင်း၊ အနံ့၊ အရသာမရှိသော အလွန် ပေါ့၍ မီးမလောင်နိုင်သည့် ဓာတ်ငွေ့တစ်မျိုး။ (လေသင်္ဘောတွင် အသုံးပြုလေ့ ရှိသည်။) [လိပ်၊ helium]

ဟီးလေးနို၊ကြိ-တန်းစသည်၌ ကိုယ်ကို တွဲလဲဆွဲသည်။

ဟု၊ စည်း- ၁၊ ဝါကျချင်းဆက်ရာတွင် သုံးသော စကားလုံး။ ၂၊ဆက်တွဲထားသော နာမ်ပုဒ်ကို ထင်ရှားစေသော စကားလုံး။

ဟူ၊ကြိ-ဆိုသည်။ ပြောသည်။ ~**ဟူရာရာ**၊နာ-[ပေါ] ဟူဟူသမျှ၊ အားလုံး။

ဟူးရား၊နာ-၁၊နက္ခတ်၊ ဗေဒင်ဆိုင်ရာအတတ်။ ၂၊ယင်း အတတ်ကို တတ်ကျွမ်းသူ။ [သ၊ဟောရာ]

ဟေ /ဟေ့/ စည်း- [အပြော] ရွယ်တူ၊ ငယ်သူတို့ ခေါ်သည်ကို ထူးသော စကား၊ /အာ-[အပြော] အံ့အားသင့်သည့်အခါ မြွက်ဆိုတတ်သောစကား။

ဟေမဝန်၊နာ-၁၊ဟိမဝန္တာတောင်။ ၂၊ဟိမဝန္တာတော။ [ပါ၊ဟိမဝန္တ]

ဟေမာ၊နာ-ဟေဝန်နှင့်အတူတူ။ [ပါ၊ဟိမာလယ]

ဟေမန်[၁]၊နာ-ဆောင်းဥတု။ [ပါ၊ဟေမန္တ]

ဟေမန်[၂]၊နာ-ဟေဝန်နှင့်အတူတူ။ [ပါ၊ဟိမဝန္တ]

ဟေမန္တ/ဟေမန်ဒါ/နာ-ဆောင်းဥတု။ [ပါ၊ဟေမန္တ]

ဟေဝန်၊နာ-၁၊ဆီးနှင်းအစဉ်ဖုံးလွှမ်းသော တော။ ၂၊[ပေါ] တော။ [ပါ၊ဟိမဝန္တ]

ဟေ့၊စည်း-[အပြော] ငယ်သူ၊ ရွယ်တူတို့ကို ရှေးရှု ခေါ်ရာတွင် လည်းကောင်း၊ ပြောဆိုရာတွင် လည်းကောင်း သုံးသော စကား။

ဟေးလားဝါးလား၊ကြိဝိ-ဆူဆူညံညံ ရယ်မောပြောဆို လျက်။

ဟဲ၊ကြိ-သီချင်းကို မြည်မြည်ဟိန်းဟိန်း ဆွဲဆွဲငင်ငင် ဆိုသည်။

ဟဲ့၊စည်း-[အပြော] ငယ်သူ၊ ရွယ်တူတို့ကို ရှေးရှု ခေါ်ရာတွင် လည်းကောင်း၊ ပြောဆိုရာတွင် လည်းကောင်း ပြောဆိုသော စကား။

ဟော[၁]၊ကြိ-ဟောပြောသည်။ ~**ကိန်း**/ဟောဂိန်း/ နာ-တစ်စုံတစ်ရာ ဖြစ်မည့်အကြောင်း ကြိုတင် ဟောပြောချက်။ ~**ကြား**၊ ကြိ- ဟောပြောမြွက်ကြားသည်။ ~**စာတမ်း**/ဟောဇတန်း/နာ-ဗေဒင်လက္ခဏာ စသည် ဟောချက်ကို ရေးသားထားသည့် စာ။ ~**ပြော**၊ကြိ-၁၊ပရိသတ်အား အကြောင်း တစ်စုံ တစ်ရာကို ပြောပြသည်။ ၂၊ ဗေဒင်၊ လက္ခဏာ ဆိုင်ရာ ပညာဖြင့် ဖြစ်ပြီး၊ ဖြစ်ဆဲ၊ဖြစ်လတ္တံ့တို့ကို ပြောဆိုသည်။

ဟော[၂]၊ အာ-[အပြော] အံ့အားသင့်သည့်အခါ မြွက်ဆို တတ်သော စကား။

ဟောရတ်[၁]/ဟောရတ်/နာ-မဟော်ရတ်နှင့်အတူတူ။ [မဟော်ရတ်]

ဟောရတ်[၂]၊ နာ-[ဗေဒင်] ၁၊ နေ့ညဉ့်၏ ၂၄ပုံ ၁ပုံ။ ၂၊တစ်ဆယ့်နှစ်ရာသီ စက်ဝန်းတွင် တစ်ရာသီ၏

http://www.lknt11.com ...

သက်ဝက် အပိုင်းအခြား။ ရာသီစက်ဝိုင်း၏ ၂၄ပိုင်း ၁ပိုင်း။ [သ:အဟောရာတြီ]

ဟောဟောဒိုင်းဒိုင်း၊ကြိဝိ–ပွင့်လင်းစွာ။

ဟောဒ့ရမ်း၊ကြိ–ရိုင်းပျစွာ ပြုမူပြောဆိုသည်။ ဆင်ခြင်မှုမရှိ ပြောဆိုပြုမူသည်။

ဟော်၊န–ရှမ်းစော်ဘွားနေထိုင်ရာ မံဒိမ်။ [ရှမ်း၊ဟော်]

ဟော်မုန်း၊န–ခန္ဓာကိုယ်အင်အားကို ဖြည့်တင်းပြုပြင်သော ကိုယ်တွင်းဓာတ်ပစ်မျိုး။ [လိပ်၊hormone]

ဟံ၊န–အစွယ်ပြုရုံမျှ ထွက်သော ဆင်တစ်မျိုး။

ဟို၊နစ–[အပြော]ယို။

ဟိုတယ်၊န–အိုးအခပေး၍ တည်းခို စားသောက်နိုင်သော အဆောက်အအုံ။ [လိပ်၊hotel]

ဟိုးလေးတကျော်/ဟိုးလေးဒကျော်/ကြိဝိ–လူသိရှင်ကြား အနှံ့အပြား။ ကျော်ကြားထင်ရှားလျက်။

ဟိုးဟိုးကျော်၊ကြိ–အလွန်ထင်ရှား ကျော်စောသည်။

ဟက်၊ကြိ–၁၊ဓားစသည်ဖြင့် ခွဲဖြတ်ဖဲ့စွာသည်၊ ဟအောင် လုပ်သည်။ ၂၊သလိပ်ကို အပြင်သို့ ထွက်လာအောင် လေအားဖြင့် ခတ်ဘုက်သည်။ **~တက်ကွဲ**၊ကြိ–ဟလျက်ကွဲသည်၊ ပြဲသည်။ **~ဟက်ပက်ပက်**၊ကြိဝိ–အားရပါးရ။ စိတ်ပါလက်ပါ။

ဟောက်၁၊ ကြိ–၁၊ခြသေ့၊ ချေ စသော သတ္တဝါကို အော်မြည်သည်။ ၂၊အိပ်ပျော်နေစဉ် ခံတွင်းမှ အသံမြည်သည်။ ၃၊[ဗန်း]ဒေါသဖြင့် ပြောဆိုသည်။

ဟောက်၂၊နဝိ–အတွင်းသို့ ချိုင့်ဝင်သော။

ဟိုက်၁၊နဝိ–အတွင်းသို့ ခွက်ဝင်သော။ ကြိ–ပင်ပန်းသည်။ မောပန်းသည်။

ဟိုက်၂၊အာ–[အပြော]အံ့အားသင့်သည့်အခါ မြွက်ဆိုတတ်သော စကား။

ဟိုက်ဒရိုဂျင်/ဟိုက်ဒရိုဂျင်/န–မီးလောင်လွယ်သည့် အရောင် အနံ့ ကင်းမဲ့သော အပေါ့ဆုံး ဓာတ်ငွေ့တစ်မျိုး။ [လိပ်၊hydrogen]

ဟင်၊အာ–[အပြော]မိမိမျှော်လင့်ချက်နှင့် ဆန့်ကျင်စွာ တွေ့မြင်ရသော အခါ၊ အံ့အားသင့်သော အခါတွင် မြည်တမ်းသောစကား။ စည်း–[အပြော]၁၊ မေးမြန်းစုံစမ်းသည့်သဘောဖြင့် စကားအဆုံးတွင် ထပ်ဆင့်ဆိုသော စကား။ ၂၊ ကစ်စုံတစ်ရာ မကွဲပြား၊ နားမလည်၍ ထပ်ဆင့်မေးသော စကား။

ဟင်္သပဒါး/ဟင်းသပဒါး/န–ဟင်္သာ၏ ခြေအဆင်းကဲ့သို့ နီသော အရောင်ခြယ်ဆေးမှုန့် တစ်မျိုး။ (ဟင်းရိုင်းမှ ထုတ်လုပ်ရရှိသည့် ပြဒါးနှင့် ကန့်ဒြပ်ပေါင်း ဖြစ်သည်။) [ပါ၊ဟံသပဒါ]

ဟင်္သာ/ဟင်းသာ/န–ရေအိုင်စပ်တွင် ကျက်စားတတ်သော ဝမ်းဘဲမျိုးဝင် ငှက်တစ်မျိုး။ [ပါ၊ဟံသ]

ဟင့်အင်း၊စည်း–[အပြော] ငြင်းပယ်ရာ၌ သုံးသော စကား။

ဟင်း၊န–ထမင်း စသည်နှင့် တွဲဖက်စားရသော စားဖွယ်။ **~ကြွပ်**/ဟင်းဂျွတ်/န–အပင်တစ်မျိုး။ **~ခါး**/ဟင်းခါး/န–ကြက်သွန်ဖြူ ဝရုတ်ကောင်း များများခတ်ထားသည့် ဟင်းချို တစ်မျိုး။ **~ချို**/ဟင်းဂျို/ န–အသီးအရွက် စသည်ခတ်၍ ချက်ထားသော ဟင်းရည်။ **~ဂလာ**၊န–ချဉ်ဖတ်တည်၍ စားသုံးရသည့် တစ်နှစ်ခံ အပင်ငယ်တစ်မျိုး။ **~စား**/ဟင်းဇား/ န–ဟင်းချက်စားရန် ဖြစ်သော သားငါး။ **~စပ်တည့်**/ဟင်းဇော်တဲ့/ကြိ–၁၊ဟင်းတစ်မျိုးနှင့်တစ်မျိုး လိုက်ဖက်သည်။ ၂၊ဟင်းချက်ရာတွင် အစပ်တည့်သည်။ **~နုနယ်**၊န–ဟင်းချက်စားရသော တစ်နှစ်ခံ အပင်ငယ် တစ်မျိုး။ **~ပုပ်**/ဟင်းဗုတ်/ န–ဆူးပုပ်ပင်။ **~မျိုး**၊န–၁၊သမင်၊ ဒရယ်စသော အသားစားရသည့် တောတိရစ္ဆာန်။ ၂၊မုဆိုးက ကျားကို ခေါ်သောအမည်။ **~ရမ်း**၊န–အင်းပျက် ဖိုင်ပျက်များတွင် ပေါက်လေ့ရှိသော အပွင့်ဖြူများ အဆုပ်လိုက် အခိုင်လိုက် ပွင့်တတ်သော အပင်ငယ် တစ်မျိုး။ **~လေး**၊န–၁၊ဟင်း အမျိုးမျိုးကို အရသာ လေးအောင် ရောကျိုထားသော ဟင်း။ ၂၊ ဂဏ်သားကို သရက်သီးခြောက် စသည်ဖြင့် ရောချက်ထားသောဟင်း။ **~လေးအိုး**၊ န– ၁၊ဟင်းလေး ၁ နှင့်အတူတူ။ ၂၊ [ဥပစာ] ပေါ့သုတ စုံလင်သူ။ **~လျာ**/ဟင်းယာ၊ ဟင်းလယာ/န–၁၊ဟင်းချက်စားရန် သား ငါး စသည်။ ၂၊ဟင်း။ **~သီးဟင်းရွက်**/ဟင်းသီးဟင်းယွက်/ န– ဟင်းချက်စားရသော အသီးအရွက်။

ဟင်းချ၊ကြိ–စိတ်သက်သာရာရသည့် အနေဖြင့် သက်ပြင်းချသည်။

ဟင်းရိုင်း၊န–ဟင်္သပဒါး ထုတ်ယူနိုင်သော မြေထွက်သယံဇာတ တစ်မျိုး။ [ဟိန္ဒီ၊ဟိင်္ဂုလ်/ဟင်္သပဒါး+မြန်၊အရိုင်း]

ဟင်းလင်း၊ကြိဝိ–အပိတ်အဆို့ အကာအဆီးမရှိဘဲ။ တိုးလျိုပေါက်။ **~ပြင်**/ဟင်းလင်းဗျင်/န–လဟာပြင်။

ဟောင်၊ကြိ–၁၊(ခွေး) ရန်လိုသံဖြင့် ကျယ်လောင်စွာ အော်သည်။ ၂၊အနံ့ဆိုးထွက်သည်။

ဟောင်ဖွာဟောင်ဖွာ/ဟောင်ဖွာဟောင်ဖွာ/ကြိဝိ–နှုတ်မစောင့်စည်းဘဲ ကျယ်လောင်စွာ။

ဟောင်း၊နဝိ–သစ်လွင်ခြင်းမရှိတော့သော။ အသုံးပြုပြီး ဖြစ်သော။ **~မြင်း**၊နဝိ–အလွန်ဟောင်းသော။

ဟောင်းလောင်း၊နဝိ–အဖုံးအအုပ် အကာအဆီးမဲ့လျက်။

ဟိုင်း၊နဝိ–အိမ်ထောင်ပြုသင့်သည့်အရွယ်ကို လွန်သော။ န– အစွယ်မရှိသော ဆင်ထီးတစ်မျိုး။

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ဟစ်၊ကြိ–ကျယ်လောင်စွာ အော်သည်။ **–တိုင်**၊န–ပြည်သူတို့က ဘုရင့်အား လျှောက်တင်လိုရာကို လာရောက်ကြွေးကြော်ရန် သတ်မှတ်ပေးထားသော နေရာ။

ဟည်၊ကြိ–အသံပုံတင်ထပ်၍ မြည်သည်။ "မောင်းသံ ––။"

ဟည်း၊ကြိ–အသံပြင်းစွာ မြည်သည်။ **–တိုက်**၊ကြိဝိ–လေသားတို့ ညီညာစွာ သံပြိုင် ဟစ်ကြွေးလျက်။

ဟိတ်၊န–၁၊အကျိုးတစ်စုံတစ်ရာ ဆက်စပ်ဖြစ်ပေါ်စေသော အကြောင်း။ ၂၊မူလအရင်းအမြစ် အခြေခံတရား။ ၃၊အတိတ်နိမိတ်။ ၄၊ဝင့်ကြွားဟန်ဆောင်မှု။ [ပါ၊ဟေတု] **–ကြီးဟန်ကြီး**/ဟိတ်ကျီးဟန်ကျီး/ကြိဝိ–ဟန်ကြီးပန်ကြီး။ **–စတ်**၊ကြိ–အကြောင်းပြသည်။ **–ထုတ်**၊ကြိ–လူသိအောင် ဂုဏ်ဖော်သည်။ ဝင့်ကြွားသည်။ **–ဟန်**၊န–သူတစ်ပါး အထင်ကြီးအောင် ပြုမူပြောဆို ဟန်ဆောင်မှု။

ဟုတ်၊ကြိ–၁၊မှန်ကန်သည်။ ၂၊ဖြစ်မြောက်အောင်မြင်သည်။ "စီးပွားရေးလုပ်ငန်း အတော်–နေပြီ။" **–ကဲ့**၊စည်း–ဝန်ခံကြောင်း၊ သဘောတူကြောင်း၊ မှန်ကန်ကြောင်း ပြသော စကားလုံး။ **–တိပတ်တိ**၊ကြိဝိ–ဖြစ်ဖြစ်မြောက်မြောက် မည်မည်ရရ။ **–တိုင်းမှန်ရာ**၊ကြိဝိ–ဟုတ်မှန်သည့်အတိုင်း။ **–လေးတမတ်**၊ကြိဝိ–[ပေါ] ၁၊အသေအချာ ဖြောင့်ဖြောင့်တန်းတန်း။ ၂၊မရှိမသေ မလေးမစား။ **–ဟုတ်ညားညား**၊ကြိဝိ–ဟုတ်တိပတ်တိ။ **–ဟုတ်ဟုတ်ဟုတ်**၊ကြိဝိ–မည်မည်ရရ။

ဟန်၊န–၁၊အသွင်အပြင်။ ၂၊အမူအရာ။ ကြိ–၁၊အခြေအနေ ကောင်းမွန်သည်။ ၂၊မတ်မတ်ရပ်တည်နိုင်သည်။ **–ကျ**၊ကြိ–အကျိုးဖြစ်ထွန်း အောင်မြင်သည်။ နေရာကျသည်။ **–ကြီးပန်ကြီး**/ဟန်ကျီးပန်ကျီး/န–ကြီးမားသော ဟိတ်ဟန်။ **–ချက်**/ဟန်ဂျက်/န–၁၊ ဟိုဘက်သည်ဘက် မတိမ်းမစောင်း အလေးချိန်ချင်း ညီမျှနေမှု။ ၂၊ယင်းသို့ဖြစ်သောနေရာ။ **–ချင်း**/ဟန်ဂျင်း/န–တစ်ဦးချင်းဖြစ်စေ၊ အများနှင့်ဖြစ်စေ ဟန်ပါပါ ကိုယ်လက်လှုပ်ရှား၍ သီဆိုရသော ရှေးသီချင်း တစ်မျိုး။ **–ဆောင်**၊ကြိ–ပကတိအတိုင်း မဟုတ် သော အမူအရာ၊ အသွင်အပြင်ပေါ်အောင် လုပ်ကြံ ကြိုးစားသည်။ အယောင်ဆောင်သည်။ **–တစ်လုံး ပန်တစ်လုံး**/ဟန်တလုန်းပန်တလုန်း/ကြိဝိ–၁၊ သူတစ်ပါး အထင်ကြီးအောင် ကြီးကျယ်သော အသွင်ကို ဆောင်လျက်။ ၂၊အခြေအနေ ဟန်ရပန်ရ ဖြစ်လျက်။ **–ပါ**၊ ကြိ– အမူအရာ ကောင်းသည်။ သရုပ်ဆောင်မှုပီပြင်သည်။ **–ပန်**၊န–ဟန်အမူအရာ။ **–မြ**/ဟန်မျာ/န–အများ မြင်သာအောင် ဟန်ဆောင် ပြသထားသောအရာ။ **–ပြင်**၊ ကြိ–၁၊ ဖြီးလိမ်း ဝတ်စား ဆင်ယင်သည်။ ၂၊တစ်စုံတစ်ရာ ပြုလုပ်ရန် စတင်လှုပ်ရှားသည်။ **–ရပန်ရ**/ဟန်ယာ့ ပန်ယာ့/ကြိဝိ–အခြေအနေ ကောင်းမွန် ဟန်ကျစွာ။ **–ရေးပြ**၊ ကြိ–၁၊ မိမိ အစွမ်းသတ္တိ ပေါ်လွင်အောင် ပြသည်။ ၂၊တစ်စုံတစ်ရာ ပြုလုပ်တော့မယောင် ပြင်ဆင်သည်။ **–ဟန်ပန်ပန်**/ဟန်ဟန်ပန်ဗန်/ကြိဝိ–အခြေအနေ တင့်တင့် တယ်တယ်။

ဟန့်၊ကြိ–တစ်စုံတစ်ရာ မပြုဖြစ်၊ မပြောဖြစ်အောင် တားသည်။

ဟိန္ဒီ၊န–အိန္ဒိယပြည်နယ်မြောက်ပိုင်းတွင် မူလက အခြေစိုက်ခဲ့သော ဟိန္ဒူအမျိုးသားတို့၏ တိုင်းရင်းဘာသာ စကား။ [ဟိန္ဒီ၊ ဟိန္ဒီ]

ဟိန္ဒူစတန်နီ၊န–အူရဒူ၊ ဟိန္ဒီနှင့် အိန္ဒိယနိုင်ငံမြောက်ပိုင်းသုံး ဘာသာစကားတို့ကို ခြုံခေါ်သောအမည်။ [ဟိန္ဒူ၊ Hindustani]

ဟိန်း၊ကြိ–၁၊(ကျား၊ ကျားသစ်စသည်) ကျယ်လောင်စွာ အော်သည်။ ၂၊အသံကျယ်လောင်စွာ မြည်ဟည်းသည်။ ၃၊ကြီးကျယ်ခမ်းနားသည်။

ဟုန်း၊ကြိ–၁၊ပြင်းထန်စွာ မြည်သည်။ ၂၊(ကျားသည်) ဟိန်းသည်။ **–ဟုန်းတောက်**၊ကြိ–၁၊အရှိန်အဟုန် ပြင်းစွာ တောက်လောင်သည်။ ၂၊(ဘုန်းသမ္ဘာ) ထွန်းတောက်သည်။

ဟပ်၊ကြိ–၁၊အရာဝတ္ထုနှစ်ခုကို မျက်နှာချင်းဆိုင် ပူးကပ်သည်။ ၂၊ပါးစပ်၊ နှုတ်သီးဖြင့် ဖမ်းကိုက်သည်။ ၃၊မျက်နှာချင်းဆိုင်ရှိ အရာဝတ္ထုကို အရောင်အလင်းစသည် ထိခတ်သည်။ ၄၊လိုက်ဖက်သည်။ **–တပ်စွဲ**၊ကြိ–တမ်းတမ်းစွဲဖြစ်သည်။ **–ထိုးလဲ**၊ကြိ–အရှိန်အဟုန်ဖြင့် ရှေ့သို့ မှောက်လျက် လဲကျသည်။

ဟုပ်စား၊န–[ပေါ] လုယက်ဖျက်ဆီးတတ်သူ။ သူခိုးဓားပြ။

ဟုပ်တွန်း၊န–[ပေါ] အဟုန်ပြင်းစွာ ရုတ်ခြည်းတိုက်ခတ်သော လေ။

ဟုံ၊ကြိ–၁၊များပြားသည်။ ၂၊များလွန်း၍ မကောင်းဖြစ်သည်။

ဟုံးရုံး၊ကြိ–[ပေါ]ကြွေးဝါးသည်။ [မွန်၊ ဟိုရို]

ဟုံးနတ်၊န–မီးနတ်။ [ပါ၊ဟောမ+နာထ]

ဟုံးနွယ်၊န–ငါးကို အဆိပ်ခတ်ရာတွင် သုံးလေ့ရှိသော နွယ်ပင်တစ်မျိုး။

ဟယ်၊အာ–[အပြော]အံ့အားသင့်သည့်အခါ မြွက်ဆိုတတ်သော စကား။ စည်း–[အပြော] ၁၊ငယ်သူ ရွယ်တူကို ပြောဆိုရာတွင် သုံးသောစကား။ ကွယ်။ ၂၊ ကြိမ်းဝါးပြောဆိုရာတွင် သုံးသောစကား။

မာတိကာသို့ ▶▶▶

http://www.lknt11.com

ဟာသတ/ဟတ်သာဘ/န-ကြယ်ငါးလုံးပါဝင်၍ လက်ငါးချောင်းပုံရှိသော နက္ခတ်။ [သ၊ဟဿ]

ဟာသရသ/ဟာတ်သာ့ရာသာ့/န-ရွှင်လန်း ရယ်မြူးမှုရသ။ [ပါ၊ဟာသ+ရသ]

ဟွန်း၊န-ယာဉ်တွင် အသံဖြင့် အချက်ပေးသော ကိရိယာ။ [လိပ်၊ horn] **~တယော**၊ န-သစ်သားအသံအိုးအစား သတ္တုအသံအိုးနှင့် အော်လန် တပ်ထားသော တယော။

ဠ

ဠ၊န-ဗျည်းသုံးဆယ့်သုံးလုံးတွင် သုံးဆယ့်နှစ်လုံးမြောက် ဗျည်း။ (ဠကြီးဟုခေါ်သည်။)

အ

အ[၁]၊န-ဗျည်းသုံးဆယ့်သုံးလုံးတွင် နောက်ဆုံးဗျည်း။ စည်း- ၁၊ ကြိယာကိုဖြစ်စေ၊ နာမဝိသေသနကိုဖြစ်စေ၊ နာမ်ပုဒ်ဖြစ်အောင်၊ ကြိယာဝိသေသနဖြစ်အောင် တွဲဆက်ပေးသော စကားလုံး။ "~က။ ~ကြံ ~စည်။ ~ညို ~ညွတ်။" ၂၊ဆယ်ရာထောင်စသော ဆယ်ဆတိုးကိန်းတို့နှင့် ရေတွက်ရာ၌ အမျိုးအစားပြ စကားလုံး၏ရှေ့၌ တွဲဆက်သုံးသော စကားလုံး။ "~ယောက်နှစ်ဆယ်။ ~လုံးသုံးရာ။ ~စီးတစ်ထောင်။" ၃၊အရေအတွက် များပြားကြောင်း ပြရန် နှစ်ထပ်ပြုထားသော စကားလုံးတို့၏ ရှေ့၌ တွဲဆက်သုံးသော စကားလုံး။ "~မြို့မြို့။ ~လီလီ။" ၄၊ စကား ပြေပြစ်ရန်အတွက် အချို့ နာမ်ပုဒ်၏ ရှေ့၌ တွဲဆက်သုံးသော စကားလုံး။ "~ကလေး။ ~ညောက်။ ~တံ။ ~ခေလ့။" ၅၊ ရာဇဏန်း၊ ထောင်ဂဏန်း၊ သောင်းဂဏန်း စသည် ဖြစ်ကြောင်း ဖော်ပြရာ၌သုံးသော ရှေ့ဆက် စကားလုံး။ "~ရာ။ ~ထောင်။ ~သောင်း။"

အကဲ၊န-အခြေအနေ။ အရိပ်အခြည်။ **~ခတ်**၊ ကြိ- စိတ်နေသဘောထား၊ အခြေအနေ စသည်ကို သိနိုင်ရန် တစ်စုံတစ်ရာပြု၍ စူးစမ်းသည်။ **~စမ်း**၊ ကြိ- အရည်အချင်း၊ သဘောထား စသည်ကို သိနိုင်ရန် တစ်စုံတစ်ရာပြု၍ စူးစမ်းသည်။ **~ဆတ်**၊ ကြိ- သည်းခံနိုင်မှု နည်းပါးသည်။ **~ပါ**၊ ကြိ-ကိန်းကြီးခန်းကြီးနိုင်သည်။ **~ဖြတ်**၊ကြိ-စွမ်းရည်သတ္တိ၊အခြေအနေ စသည်ကို လေ့လာ၍ အဆုံးအဖြတ်ပေးသည်။ **~မရ**၊ကြိ-အကဲခက်၍မရ။ မသကာ်ဖွယ် ဖြစ်သည်။

အကံ၊န-[ပေါ]သုယုတ်မာ။

အကို၊န-အစ်ကိုရှ၊

အကောက်၊န-စည်းကြပ်ကောက်ခံသော ငွေကြေး။ **~ခွန်**၊ န - ကုန်စည်ပစ္စည်းအပေါ် အစိုးရက စည်းကြပ်သော အခွန်ငွေ။ **~အစား**၊န-လောင်းကစားပွဲ၌ အကောက်ကောက်ခြင်း။

အကောက်ကြံ၊ ကြိ-သူတစ်ပါး ပျက်စီးရာ ပျက်စီးကြောင်း ကောက်ကောက်ကျစ်ကျစ် ကြံစည်သည်။

အကိုက်၊န-အညွှန့်အညှောက်။

အကင်း၊န-၁၊သီးခါစအသီး။ ၂၊အရိုန်အငွေ့။ **~ပါ**၊ကြိ-အရိပ်အခြည်ကို နားလည်လွယ်သည်။ **~သေ**၊ ကြိ-အနာရောဂါ အငွေ့အရှိန် ကုန်သည်။

အကောင်၊န-၁၊ခန္ဓာကိုယ်။ ၂၊အလောင်းကောင်။ ၃၊တိရစ္ဆာန်ကို ရည်ညွှန်းသော စကား။ ၄၊နိမ့်ချလိုသော သဘောဖြင့်ဖြစ်စေ၊ ရင်းနှီးသော သဘောဖြင့်ဖြစ်စေ ယောကျ်ားကို ရည်ညွှန်းသော စကား။ **~အထည်**/အကောင်အထယ်/န-ရုပ်ဝတ္ထုထင်ရှားရှိသော အရာ။ ဒြပ်။ **~အထည်ပေါ်**/-ပေါ်/ကြိ-၁၊ ရုပ်လုံးသဏ္ဌာန် ထင်ရှားပီပြင်လာသည်။ ၂၊ [ဥပစာ] ရည်မှန်းသည့်အတိုင်း ထင်ရှားဖြစ်ထွန်းသည်။ **~အထည်ဖော်**/-ဖော်/ကြိ-အကောင်အထည် ပေါ်အောင် ဆောင်ရွက်သည်။

အကိုင်း၊န-ပင်စည်မှ ခွဲထွက်သောအခက်။

အကတ်ကိုင်၊ကြိ-တစ်ဖက်သားကို ခက်ခဲအောင် လုပ်သည်။

အကပ်အသပ်၊န-ကြွင်းကျန်နေသည့် အနည်းငယ်မျှသော အရာ။

အကယ်၍၊သမ်-သက်မှတ်ချက်ထား၍ ပြောရာတွင် သုံးသော စကားလုံး။

အကျ၊ကြိဝိ-ကောင်းမွန်တင့်တယ်စွာ။ သပ်သပ်ရပ်ရပ်။ **~ကောက်**၊ကြိ-၁၊လက်ရောက်သော အခွင့်အလမ်းကို ကောက်ယူသည်။ ၂၊အလကား ကောက်သည်။ **~နာ**၊ ကြိ-[ဥပစာ] နစ်နစ်နာနာ ယိုနိုက်ဆုံးရှုံးပျက်စီးသည်။ **~နေ့**၊န-သင်္ကြန်ကျသောနေ့။

အကျို၊န-[ပေါ]၁၊အတုံးအခဲ။ ၂၊အများ။

အကျဲသား/အကျဲသှား/န-[အပြော] ပြနိုင်ဖြစ်နိုင်ရန် ပေးကွာကြောင်း ပြောဆိုရာ၌ သုံးသော စကား။

အကျောပေး၊ကြိ-ယှဉ်ပြိုင်ဘက်ကို အသာပေးသည်။

အကျော်၊န-၁၊ဆေးဖက်ဝင် အနှစ်နံ့သာပင် တစ်မျိုး။ ၂၊တရုတ်စကားပင်၏ ဆေးဖက်ဝင် အနှစ်။

အကျော်စေယျ၊ န- ကျော်စောထင်ရှားခြင်း။ [မြန်၊ အကျော်+ပါ၊စေယျ?]

အကျိုး[၁]၊ န-၁၊အကြောင်းကြောင့် ဖြစ်ပေါ်လာသော အရာ။ ၂၊ကောင်းကျိုး။ **~ဆက်**/အကျိုးဇက်/န-ဆင့်ပွားအကျိုး။ **~ဆောင်** /အကျိုးဇောင်/ န-စေတနာဝန်ထမ်း ဆောင်ရွက်သူ။ **~နည်း**၊ကြိ-ဒုက္ခရောက်သည်။ **~နပ်**၊ကြိ-အကျိုးရှိသည်။ **~ဆေး**

မာတိကာသို့ ▶▶▶

http://www.lknt11.com

/အကျိုးပေး/န-ကောင်းမှု၊ မကောင်းမှုကြောင့် ဖြစ်ပေါ်သောအကျိုး။ **~သင့်အကြောင်းသင့်**/အကျိုးသင့်အကျောင်းသင့်/ကြိဝိ-အကြောင်းနှင့် အကျိုး ဆီလျော်အောင်။ **~အကြောင်း**၊န-ဖြစ်ပျက်ပုံ။

အကျိုး²၊န-တစ်ပြုး၊ တစ်လံ၊ ညောင်ကန်၊ ထမ်းပိုး၊ အကျိုးဟူ၍ သူငယ်တို့ နှစ်ခုတွဲရေတွက်ရာတွင် တစ်ဆယ်သချာကို ရည်ညွှန်းသော စကား။

အကျောက်အကန်၊ကြိဝိ-အလျှော့မပေးဘဲ တင်းမာစွာ ဆန့်ကျင်လျက်။

အကျင့်၊န-၁၊စွဲမြဲနေသော အလေ့။ ၂၊စာရိတ္တ။

အကျဉ်းအခဲ၊န-အစိုင်အခဲ။ အလုံးအခဲ။

အကျဉ်း၊န-၁၊အတိုချုပ်။ ၂၊အကျဉ်းထောင်။ **~ထောင်**/အကျင်းဒေါင်/န-အကျဉ်းသားများ ထားရာ ထောင်။ **~ရုံး**၊ကြိ-၁၊အကျဉ်းချုပ်သည်။ ၂၊အကျယ်မချဲ့ဘဲ ပြီးလွယ်အောင်လုပ်သည်။ **~သား**/အကျင်းသား/န-အကျဉ်းကျနေသူ။ **~အကျပ်**၊န-အခက်အခဲ။

အကျည်၊န-[ပေါ] ၁၊တံခါးကျင်။ ၂၊အဆောက်အအုံ အောက်ခံ။ ၃၊ခုံ။

အကျည်း၊န-အသွင်အပြင်။ **~တန်**၊ကြိ-အသွင်အပြင် ညှိုးသည်။ အရုပ်ဆိုးသည်။

အကျိတ်၊န-ကိုယ်တွင်ဖြစ်သော အဖုလုံး။ **~အခဲ**၊န-(အစိုင်အခဲသဖွယ်ဖြစ်နေသော) မကျေနပ်မှု။

အကျပ်ကိုင်၊ကြိ-မငြင်းဆန်သာအောင် ပြုသည်။

အကျပ်တွေ့၊ကြိ-အခက်အခဲနှင့် ရင်ဆိုင်ရသည်။

အကျပ်ရိုက်၊ ကြိ- အခက်အခဲတွေ့၍ မကြံစည်တတ် အောင် ဖြစ်သည်။

အကျပ်အတည်း/အကျတ်အတဲ/န-အခက်အခဲ။

အကျုံးဝင်၊ကြိ-သက်ဆိုင်ပါဝင်သည်။ အရေအတွက် တွင် ပါဝင်သည်။

အကျယ်ချဲ့၊ကြိ-ချဲ့ထွင်သည်။

အကျယ်ချုပ်/အကျယ်ဂျုတ်/န-ကန့်သတ်ထားသော နေရာတွင်သာ နေထိုင်စေသော အကျဉ်းချခြင်း တစ်မျိုး။

အကျယ်တဝင့်၊ကြိဝိ-ကျယ်ကျယ်ပြန့်ပြန့်။

အကြား၊န-ကြားနေရာ။

အကြားအမြင်၊န-၁၊ဗဟုသုတ။ ၂၊ပကတိ နားမျက်စိဖြင့် မကြားနိုင် မမြင်နိုင်သောအရာကို သိမြင်နိုင်သည် ဆိုသော စွမ်းရည်။

အကြီးတော်/အကျီးဒေါ်/န-ဘုရင့်သားတော် သမီး တော်များကို ဆုံးမသွန်သင် စောင့်ရှောက်ရသော အမှုထမ်း။

အကြီးအကဲ၊န-ခေါင်းဆောင်။

အကြီးအမှူး၊န-အကြီးအကဲ။ ကြီးမှူးသူ။

အကြေ၊န-အောက်အရပ်ဒေသ။

အကြေး၊န-ငါးစသည် ကိုယ်ပေါ်တွင် ထပ်လျက်ရှိ သော အခွံပြားငယ်။

အကြော၊န-၁၊ကိုယ်ခန္ဓာအရေပြားအောက်တွင် ဖွဲ့ယှက် လျက်ရှိသော အမျှင်များ။ ၂၊သစ်ပင်သစ်ရွက် စသည်၌ ယင်းကဲ့သို့သော အရာ။ သစ်ဝါးစသည်၌ ရှိသော အမျှင်အကြောင်း။ **~ဆွဲ**၊ ကြိ-ရောဂါ ကြောင့် ခြေလက်စသည် ဆန့်ငင်ဆန့်ငင် ဖြစ်သည်။ **~အခြင်**၊ န-ခန္ဓာကိုယ်ရှိ ကြောသေးကြောမ။

အကြော်၊န-ဘူးသီးကြော်၊ ပဲကြော် စသည့် ကြော်ထား သော စားဖွယ်။

အကြံ၊န-တွေးတော ဆင်ခြင်မှု။ စိတ်ကူး။ အကြံ အစည်။ **~ ပေါက်**၊ကြိ-ရုတ်တရက် စိတ်ကူး ရ သည်။ **~ပိုင်**၊ ကြိ-ကြံစည်စိတ်ကူးမှု ပိုင်နိုင် ထိရောက်သည်။ **~ ယူ**၊ ကြိ-ကြံစည်စိတ်ကူးသည်။ **~လျှော့**/အကျန်ယော့/ကြိ-လုပ်ကိုင် ဆောင်ရွက် မည်ဟူသော အကြံအစည်ကို စွန့်လွှတ်သည်။ **~သမား**/အကျန်သမား/န-၁၊တွေးတော ကြံစည် သူ။ ၂၊ တိတ်တိတ်ပုန်း မကောင်းကြံစည်တတ်သူ။ **~အဖန်**၊ န-ပယောဂမျိုးဟစ်ဖုံ ကြံစည်ဖန်တီးမှု။ **~အိုက်**၊ ကြိ- မည်သို့ ကြံရမည်ကိုမသိ ဖြစ်သည်။

အကြို့နေ့၊န-၁၊နေ့ကြီးရက်ကြီး မရောက်မီတစ်ရက်။ ၂၊သင်္ကြန်မကျမီတစ်ရက်။

အကြိုအကြား၊န-ကျဉ်းမြောင်းချောင်ကျသော နေရာ။

အကြင်၊နဝ-တိကျစွာ မသတ်မှတ်သေးသော သက်ရှိ သက်မဲ့ကို ညွှန်ပြရာတွင် သုံးသောစကား။ **~လင် မယား**၊န-ချစ်ခင်ကြင်နာအပ်သော လင်နှင့် မယား။

အကြောင်ရိုက်၊ကြိ-မဟုတ်သည်ကို ဟုတ်သယောင် ယောင် မှင်သေသေဖြင့် ပြုမူပြောဆိုသည်။

အကြောင်သား/အကျောင်သား/ကြိဝိ-မျက်လုံးကြောင် တောင်တောင်နှင့် ငေးစိုက်လျက်။

အကြောင်း၊န-၁၊ရှည်လျားစွာ တန်းနေသော အရာ။ ၂၊အကျိုးကို ဖြစ်စေသော အခြေခံတရား၊ အထောက် အပံ့တရား။ ၃၊အဖြစ်အပျက်။ **~ကုန်**၊ ကြိ- ပေါင်းသင်းဆုံစည်းနိုင်ရန် အကြောင်းကံ ကုန်ဆုံး သည်။ ရေစက်ကုန်သည်။ **~ခြင်းရာ**၊န-အဖြစ် အပျက် အခြေအနေ။ **~ဆက်**၊ ကြိ-အကြင် လင်မယား အဖြစ်သို့ ရောက်သည်။ အကြောင်းပါ သည်။ **~ဆိုက်**၊ကြိ-အခွင့်ကြုံကြိုက်သည်။ **~ပြ**၊ ကြိ-၁၊သူတစ်ပါး လက်ခံယုံကြည်နိုင်ရန် အကိုး အကားနှင့် တင်ပြသည်။ ၂၊ စွမ်းရည် စသည်ကို သူတစ်ပါးအား သိစေသည်။ **~ပြု**၊ကြိ-အခြေခံ သည်။ **~ရှာ**၊ ကြိ-အခွင့်အလမ်း ရှာကြံသည်။ **~အပေါင်းသင့်**၊ ကြိ- ဆက်ဆံရေး ပြေလည်သည်။

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

သင့်မြတ်သည်။ **~အရာ**၊ န-အဖြစ်အပျက်၊ အကြောင်းချင်းတာ။

အကြည်ဆိုက်၊ကြိ-နှစ်သက်ကြည်နူးသည်။

အကြည်တော်/အကျီးဒေါ်/န-နိုင်ငံအကြီးအကဲ စသူတို့ တစ်ဦးကို တစ်ဦး ချစ်ကြည်ရှာ ခေါ်သော စကား။

အကြည်တော်၊န-အာရုံထိခိုက်၍ ခံစားမှု၊ မှတ်သားမှု စသည့် နာမ်တရားဖြစ်ပေါ်စေသော မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် တည်းဟူသော ရုပ်။ ပသာဒရုပ်။

အကြတ်နေ့၊န-သင်္ကြန်အကျနေ့နှင့် အပြောက်နေ့အကြား ဖြစ်သောနေ့။

အကြိတ်အနယ်၊ကြိဝိ-အလျှော့မပေးဘဲအပြင်းအထန် ကြိုးစားအားထုတ်လျက်။

အကြပ်၊ န- တပ်မတော်တွင် တပ်သားအထက် အရာခံဗိုလ်အောက် အဆင့်။

အကြပ်အဆင့်၊န-[ပေါ်] အဆင့်အထပ်။

အကြမ်း၊န-လက်ဖက်ရည်ကြမ်း။ ရေနွေးကြမ်း။ **~ကိုင်**၊ကြိ-၁၊အကြမ်းပတမ်း ပြုမူသည်။ ၂၊အကြမ်းထည် ပြုလုပ်သည်။ **~ခံ**၊ ကြိ-ပင်ပန်းဆင်းရဲမှု၊ ရာသီဥတုဒဏ် စသည်ကို ခံနိုင်စွမ်း ရှိသည်။ **~ခြောက်** /အကျန်းချောက်/န-ရေနွေးကြမ်းတွင် ခတ်သော လက်ဖက်ခြောက်။ **~ထည်** /အကျန်းဒယ်/န-ကုန်ချောအဆင့် မရောက်သေးသော ပစ္စည်း။ မမွမ်းမံရသေးသော အရာ။ **~ပတမ်း** /အကျန်းဗဒန်း/ကြိဝိ-ကြမ်းတမ်းစွာ။ **~ဖက်**ကြိ-အကြမ်းနည်းကို အသုံးပြုသည်။ **~ဖျင်း**/အကျန်းဖျင်း/ကြိဝိ-ယေဘုယျအားဖြင့်။

အကြိမ်၊န-အလှည့်။ အခါ။ အခေါက်။

အကွဲကွဲအပြားပြား/အကွဲဂွဲအပျားဗျား/ကြိဝိ-မညီမညွတ်ဘဲ။ စည်းလုံးမှုမရှိဘဲ။

အကွက်၊န-၁၊စက်ဝိုင်းပုံ၊ လေးထောင့်ပုံ စသည်။ ၂၊ ရွှန်းကွက်ဒနသော အရာ။ ၃၊ပိုင်းကန့်ထားသော အရပ်၊ နေရာ။ ၄၊[ဥပစာ] အခွင့်အလမ်း။ **~ကောင်း**၊ န-[ဥပစာ] အခွင့်ကောင်း။ **~ချ**၊ကြိ-၁၊ ပိုင်းကန့် သတ်မှတ်ပေးသည်။ ၂၊မည်သို့ ဆောင်ရွက်မည်ကို စနစ်တကျ စီစဉ်သည်။ **~စေ့**/အကွက်စေ့(စိ)/ ကြိ-စေ့စပ်သေချာသည်။ **~ဆိုက်**၊ ကြိ-အခါအခွင့် သင့်သည်။ ချက်ကောင်း ကြုံသည်။ **~ဆင်**၊ကြိ-မသမာသောနည်းဖြင့် ပြုလုပ်ရန် စီစဉ် ဖန်တီးသည်။ **~ပေါ်**၊ကြိ-အခွင့်အလမ်းပေါ်သည်။ **~ဖော်**၊ကြိ-၁၊အပြောက်အကွက် ဖော်သည်။ ၂၊အခွင့်အလမ်း ဖန်တီးပေးသည်။ **~ရှာ**၊ ကြိ- ချက်ကောင်းကို ရအောင် ကြိုးစားသည်။ **~လည်** /အကွက်လယ်/ ကြိ- ကွဲပြားရှင်းလင်းစွာ သဘောပေါက်သည်။

~ဝင်၊ ကြိ-ကြိုတင်စီမံထားသည့် အတိုင်း ဖြစ်လာသည်။ **~အကွင်းကျ**၊ကြိ-အိမ် စသည် တည်နေရာ အရှက်အရာကျသည်၊ အဆင်ပြေ ကောင်းမွန်သည်။

အကွင်းအခြည်၊န-စွပ်၍ ဝတ်ဆင်ရသော အဆင် တန်ဆာများ။

အကွပ်/အကွတ်/န-ဖျာ၊ ယောင်း စသည်၏ အနားကို ထိန်းချုပ်ထားသော အရာ။

အကျွတ်တရား၊ န- ဝဋ်ဆင်းရဲမှ လွတ်ကင်းကြောင်း တရား။ မကောင်းမှုကို စွန့်လွှတ်ကြောင်း တရား။

အကြွေ၊န-ငါးပြားစေ့၊ ဆယ်ပြားစေ့ စသည်။ အနုပ်။

အကြွေး၊န-၁၊ပေးဆပ်ရန် ပေးချေရန်ရှိသော ငွေ။ ၂၊လက်ငင်းငွေ မချေဘဲ ဝယ်ယူခြင်း။ ၃၊[ဥပစာ] မပြီးပြတ်ဘဲ ကျန်နေသည့် လုပ်ဆောင်မှုယ်။ **~အငမ်း**၊ န-ကြွေးမြီ။

အကြွင်း၊န-[သင်္ချာ] စား၍မပြတ်ဘဲ ကျန်သော ဂဏန်း။ **~မဲ့**၊ကြိဝိ-ကြွင်းကျန်ခြင်းမရှိဘဲ။ လုံး၀။ ဥဿုံ။

အခ၊န-ပြုလုပ်ဆောင်ရွက်ပေးမှု တစ်ခုခုအတွက် ရရှိသော ငွေကြေး စသည်။ **~စား**/အခါစား/ကြိဝိ-အခကြေးငွေယူ၍ (လုပ်ကိုင်သည်။) **~မဲ့**/အခါမဲ့/ ကြိဝိ-အခကြေးငွေ မပေးရဘဲ၊ မယူဘဲ။ အလကား။

အခရာ၊န-လိုရင်းအကျဆုံးအချက်။ အဓိက။

အခါ၊န-၁၊အချိန်ကာလ။ ၂၊အကြိမ်။ အလှည့်။ **~ကြီးရက်ကြီး**/အခါဂျီးယက်ကျီး/န-ဘာသာရေး ဆိုင်ရာ နေ့ထူးနေ့မြတ်။ **~ခပ်သိမ်း**၊ ကြိဝိ-အမြဲမပြတ်။ **~တွင်း**/အခါဒွင်း/န-၁၊သင်္ကြန် ကာလ။ ၂၊ဝါတွင်း သုံးလကာလ။ **~မလင့်**၊ကြိဝိ-၁၊ အချိန်နှောက်မကျစေဘဲ။ ၂၊ မည်သည့်အချိန် မဆို။ "~ဝင်ထွက်သွားလာနိုင်-။" **~မလပ်**၊ ကြိဝိ- အမြဲမပြတ်။ **~မဲ့**၊ ကြိဝိ-၁၊အချိန်ရာသီ မဟုတ်ဘဲ။ "~ရွာသောမိုး။" ၂၊ သူအချိန်မတော်။ **~လည်**/အခါလယ်/ကြိ-တစ်နှစ် ပြည့်မြောက် သည်။ နှစ် တစ်ပတ်လည်သည်။ **~သမယ**၊န-အချိန်အခါ။ **~အခွင့်**၊န-သင့်လျော်သော အချိန် အခါ။ အခွင့်အလမ်း။

အခု/အခုအဂု/န-[အပြော] လက်ငင်းကာလ။ **~တင်** /-ဒင်/ **~န**/-နာ/န-[အပြော] မကြာသေးခင် ကာလ။ **~နေ**/-နေ/န-[အပြော] ၁၊ယခုအချိန်။ ၂၊ယခုအခြေအနေ။

အခဲမကျေ၊ကြိ- စိတ်နာကြည်းမှု မပြေနိုင် မပျောက်နိုင် ဖြစ်သည်။

အခံ၊န-မူလကရှိနှင့်သောအရာ။ အခြေခံ။ "ရောဂါ ~ရှိ-။" **~ရခက်**/အခန်ယာ့ခက်/ကြိ-မခံချိမခံသာ ဖြစ်သည်။

အခံ့သား/အခန့်သား/ကြိဝိ-ထည်ဝါစွာ။ ခံ့ညားစွာ၊

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

အနိုး၊နှ–မိုး၊ ရေ စသည်မှထွက်သော အငွေ့၊

အစက်၊နှ–အကိုင်းမှ ဖြာထွက်သော အတံ။

အခေါက်၊နှ–၁၊သစ်ပင်၏အခွံ။ ၂၊ခန္ဓာကိုယ်ပေါ်၌ ဖုံးအုပ်နေသော အရေထူ။ ၃၊အကြိမ်။ အခါ။ အလှည့်။ **~ရွှေ**၊နှ–ပုရပိုက်ခေါက်ရွှေနှင့်အတူတူ။

အနိုက်၊နှ–အလွန်တိုတောင်းသော ကာလ။ ခဏ။ **~အတန့်**၊နှ–တိုတောင်းသော ကာလ။

အစင်၊နှ–ဆက်စပ်ထိန်းချုပ်ပေးသော အရာ၊ "ချည် ~။ ပလွေ ~။"

အခင်း၊ နှ– ၁၊ သီးနှံစိုက်ခင်း။ ၂၊အမှုကိစ္စ။ **~ကြီး**၊ /အခင်းကျီး/ နှ– ကျင်ကြီး။ **~လေး**၊နှ–ကျင်ငယ်။ **~အကျင်း**၊နှ–မွှမ်းမံပြင်ဆင်မှု။

အခေါင်း၊နှ–တစ်ဖက်ပေါက်၊ နှစ်ဖက်ပေါက် ဖြစ်သော ဟွင်း။ လိုဏ်။

အခိုင်၊နှ–အသီးများ၊ အပွင့်များပါသော ရိုးတံ။

အစနဲ့သင့်၊ကြိ–အကြောင်းညီညွတ်သည်။ အဆင်သင့်သည်။

အခန်း၊နှ–၁၊အဆောက်အအုံတွင် ပိုင်းခြားကန့်သတ်ထားသော နေရာ။ ၂၊စာပေ၊ ပြဇာတ်၊ ရုပ်ရှင် စသည်တို့တွင် သတ်မှတ်ထားသော အပိုင်းကဏ္ဍ။

အမမ်းအနား၊နှ–သိုက်မြိုက်စွာ ကျင်းပသည့် ပွဲလမ်း။ **~မှူး**၊နှ–အစည်းအဝေး စသည်တွင် အစီအစဉ်ကြေညာသူ။

အချေး၊နှ–၁၊အဆုံးသတ်။ ၂၊ရေးချနှင့်အတူတူ။

အချော၊နှ–၁၊အလယ်။ ဗဟို။ ၂၊အထွတ်။

အချို၊နှ–[ပေါ]အများ။

အချို၊နှ–၁၊အစ။ ၂၊အကြိမ်။ **~တော်**/အချိုဒေါ်/နှ–ဘုရင်သားတော် သမီးတော်ငယ်များကို ပွေ့ပိုက်ချီပိုးရသူ။ **~အချ**၊ကြိဝိ–တစ်လှည့်စီအပြန်အလှန်။

အချိုး၊နှ–စကားဦး။ ပဏာမစကား။

အချေ၊နှ–စကားရည်လုပွဲတွင် တင်သွင်းချက်ကို ပြန်လည်ချေပချက်။ **~ရှင်**၊နှ–စကားရည်လုပွဲတွင် အဆိုရှင်တင်ပြချက်ကို ချေပပြောဆိုသူ။ **~အတင်**၊ ကြိဝိ–အပြန်အလှန် ချေပပြောဆိုလျက်။

အချောကိုင်၊ကြိ–ပစ္စည်းအကြမ်းထည်ကို မွှမ်းမံသည်။

အချောသပ်၊ကြိ–အချောကိုင်သည်။

အချိုခြောက်/အချိုချောက်/နှ–လက်ဖက်ရည်အချိုဖျော်ရသည့် လက်ဖက်ခြောက်။

အချိုတည်း/အချိုပဲ/ကြိ–အစာစားပြီးနောက် ချိုသည့် စားဖွယ်ကို စားသည်။

အချိုပွဲ/အချိုဖွဲ့/နှ–တည်ခင်းထားသော မုန့်၊ သစ်သီး စသည့်စားဖွယ်။

အချိုမှုန့်၊နှ–ဟင်းကို အရသာ ချိုလေးစေရန် ခတ်ရသော ဗီလောပီနံ့ဥမှ ထုတ်လုပ်သည့် အဖြူရောင်အမှုန့်။

အချိုသတ်၊ကြိ–အလင်္ကာသုံး၍ နှစ်သိမ့်ပြောဆိုသည်၊

အချို့၊ နဝိ– အလုံးစုံမဟုတ် တစ်စိတ်တစ်ဒေသ ဖြစ်သော။

အချိုး၊နှ–၁၊အဆစ်အပိုင်း။ ၂၊(ပါဝင်သော)အဆပမာဏ။ အချိုးအဆ။ ၃၊ အနေအထိုင် အပြုအမူ။ "ကျွန်တော် သူ့ ~ကို မကြိုက်ပါ။" **~ကျ**၊ကြိ–ပုံပန်းကျနသည်။ /အချိုးကျ/ကြိဝိ–ပါဝင်သော အဆပမာဏနှင့် လျော်စွာ။ **~အစား**၊ နှ– ၁၊ပုံပန်းသဏ္ဌာန် အနေအထား။ "ခန္ဓာကိုယ် ~။" ၂၊(ပါဝင်သော) အဆပမာဏ။

အချက်၊နှ–၁၊ဗဟို။ ၂၊အကြောင်းအရာ။ ၃၊အခွင့်ကောင်း။ **~ကျ**၊ကြိ–ပိုင်နိုင်ထိမိသည်။ **~ပေး**၊ကြိ–အသံ၊ အမူအရာဖြင့် သိအောင်ပြုသည်။ **~ပေါ်**၊ကြိ–အခွင့်ကောင်းကြုံသည်။ **~ပိုင်**၊ကြိ–ပိုင်နိုင်ထိရောက်သည်။ **~ပြ**၊ကြိ–တစ်စုံတစ်ရာ ပြုလုပ်၍ အချက်ပေးသည်။ **~အချာ**၊နှ–၁၊အလယ်ဗဟို။ ၂၊ပဓာနဖြစ်သော အရာ။ **~အလက်**၊နှ–အကြောင်းအရာ။

အချင့်၊နှ–၁၊အတိုင်းအတာ ပမာဏ။ ၂၊ဝလယ်တောင်း စသည်ဖြင့် ချင့်သော ပမာဏ။

အချင်း၊ နှ– ၁၊ သားအိမ်အတွင်းရှိ သန္ဓေသား၏ ချက်ကြိုးနှင့် ဆက်လျက်ရှိသော အရာ၊ ၂၊အရည်အချင်း။ "အဆင်းသာရှိ၍ ~မရှိ။" ၃၊သီချင်း။ ၄၊[သင်္ချာ] စက်ဝိုင်းဗဟိုကိုဖြတ်၍ တစ်ဖက်မှ တစ်ဖက်သို့ ဆွဲသော မျဉ်းဖြောင့် အကွာအဝေး။ လုံးဝန်းသောအရာ၏ မျက်နှာပြင် အဖြောင့် အကွာအဝေး။ စည်း–ချစ်ခင်သော သဘောပါသည့် အခေါ်စကား။ **~ချင်း**/အချင်းဂျင်း/နှ–တစ်ဦးနှင့် တစ်ဦး ရင်းနှီးဆက်နွယ်ခြင်းရှိသူ။ /ကြိဝိ–တစ်ဦးနှင့်တစ်ဦး အပြန်အလှန်။ **~ဖြစ်**၊ ကြိ– မှုခင်းကိစ္စဖြစ်သည်။ **~များ**၊ကြိ–ခိုက်ရန် ဖြစ်ပွားသည်။ စကားများသည်။ **~ဝက်** ၊ နှ–[သင်္ချာ] စက်ဝိုင်း၏ ဗဟိုမှ အနားသို့ ဆွဲသော မျဉ်းဖြောင့်။ **~အရာ**၊နှ–အကြောင်းချင်းတနှင့်အတူတူ။

အချောင်၊ကြိဝိ–သက်သာလွယ်ကူစွာ။ **~ခို**၊ ကြိ–အလုပ်ကို ထိုက်သင့်စွာ မလုပ်ကိုင်ဘဲ သက်သာအောင် နေသည်။ ရှောသာခိုသည်။ ချောင်ခိုသည်။ **~နိုက်**၊ကြိ–၁၊မဆိုင်ဘဲကြားဝင်၍ အကျိုးအမြတ်ရယူသည်။ ၂၊သက်သက်သာသာနှင့် ရရှိအောင်ပြုသည်။ **~လိုက်**၊ကြိ–သက်သာလွယ်ကူစွာ အကျိုးအမြတ်ရရန် ပြုသည်။ **~သမား**/အချောင်သမား/နှ–မဆိုင်ဘဲ ကြားမှ အကျိုးအမြတ် ရအောင်ယူသူ။ ပင်ပင်ပန်းပန်း အလုပ်မလုပ်ဘဲ အကျိုးအမြတ်ကို ရအောင် ယူသူ။

အရှောင်း၊နှ–ရှည်သွယ်သည့်အရာ။

မာတိကာသို့ ▶▶▶

http://www.lknt11.com

အချစ်တော်၊န-သူတစ်ပါးထက်ပို၍ ချစ်ခင် နှစ်သက်ခြင်း ခံရသူ။

အချဉ်တည်/အချင်တယ်/ကြိ-ဟင်းသီးဟင်းရွက်စသည် ကို ထမင်းစသည်နှင့် သိပ်၍ အချဉ်အရသာ ပေါ်အောင် လုပ်သည်။

အချဉ်ပေါက်၊ကြိ-အချဉ်ဓာတ် ဖြစ်ပေါ်သည်။

အချဉ်သိပ်၊ကြိ-ငါး၊ ပုစွန် စသည်ကို ဖိသိပ်၍ အချဉ်တည်သည်။

အချည်းစည်း /အချီးဇီး / ကြိဝိ- အဝတ်မဲ့။ ဘာမျှ မပါရှိဘဲ။

အချည်းနှီး၊ကြိဝိ-အကျိုးမရှိဘဲ။ အလဟဿ။

အချိတ်ဆင်၊န-ကောက်ကွေ့လိမ်ယှက်သော အဆင်။

အချိတ်အဆက်၊န-ဆက်သွယ်မှု၊

အချိန်၊ န- ၁၊ နေ့၊ လ စသည် သတ်မှတ်ထားသော ကာလ။ ၂၊ချိန်ဝန်ပမာဏ။ အလေးချိန်။ ~ပုပ်၊ကြိ-အချိန် အလဟဿ ကုန်ဆုံးသည်။ **~မတော်**၊န-ညဉ့်နက်ချိန်။ ~မရှိ **အချိန်ရှိ**၊ န-အချိန်မတော်။ **~မလှ**၊ကြိ-ကိစ္စတစ်စုံတစ်ရာ ဆောင်ရွက်ရန် မသင့်တော်သော ညဉ့်နက်ချိန် ရောက်သည်။ **~ရ**၊ကြိ-ကိစ္စတစ်ခုခု ဆောင်ရွက်ရန် အချိန် လုံလောက်သည်။

အချိန်းအချက်၊န- ကိစ္စတစ်ခုခု ဆောင်ရွက်ရန် အချိန်၊ နေရာ သတ်မှတ်ခြင်း၊ ချိန်းဆိုခြင်း။

အချုပ်၊န-၁၊အကြီးအမှူးဖြစ်သူ။ ၂၊လိုရင်း။ အတိုချုပ်။ ၃၊ပြစ်မှုကျူးလွန်သူတို့အား ယာယီထိန်းသိမ်းသော နေရာ။ **~ကျ**၊ကြိ-အချုပ်ထဲထည့်သွင်းခံရသည်။ **~အခြာ**၊န-အကြီးမြင့်ဆုံး။ **~အခြာအာဏာ**၊န-နိုင်ငံတစ်နိုင်ငံ၏ အကြီးမြင့်ဆုံးအာဏာ။ **~အလုပ်**၊ န-အဝတ်အယည် ချုပ်ခြင်း၊ ဇာထိုးခြင်းစသည့် အတတ်ပညာ။

အခြား၊နဝိ-တစ်ပါးသော။ န-အကြားအလပ်။ အပိုင်းအခြား။ အရေးအကြောင်း။ "ရေကို သားသော် ~မထင်သကဲ့သို့။" ~မဲ့၊ ကြိဝိ-အကြား အလပ် မရှိဘဲ။ တစ်ဆက်တည်း။ န-အကြားအလပ် မရှိဘဲ တစ်ဆက်တည်းဖြစ်သော ကာလ။

အခြေ၊န-၁၊မူလ။ ပင်မ။ ၂၊ခြေယောက်။ ၃၊ဖြစ်ပျက်မှုခြင်းရာ။ အခြေအနေ။ **~ကျ**၊ကြိ-နိုင်မာတည်ကြံ့မှုရသည်။ အဘည်တကျဖြစ်သည်။ **~ခံ**၊ကြိ-အရင်းခံအဖြစ် ထားသည်။ /အချေခန်/န-မူလ။ ပင်ရင်း။ အရင်းခံ။ **~ချ**၊ကြိ-အခြေတကျ နေထိုင်သည်။ အခြေစိုက်သည်။ အခြေတည်သည်။ **~တကျ** /အချေဒကျ/ကြိဝိ-မြဲမိုင်တည်တံ့စွာ။ အတည်တကျ။ **~ပျက်**၊ကြိ-၁၊မူလအခြေအနေ ပြောင်းလဲယွင်းပျက်သည်။ စည်းစိမ်ဥစ္စာ စသည် နိမ့်ပါးသွားသည်။ ၂၊မှုပျက်သည်။ **~မလှ**၊ကြိ-အခြေအနေ ပျက်ပြား ဆိုးရွားသည်။ **~အနေ**၊န-၁၊ဖြစ်ပျက်မှု။ ၂၊အဘည်တကျဖြစ်သော အလုပ်အကိုင်၊ အိုးအိမ် စသည်။ "~မရှိသောသူ။" **~အမြစ်**၊န-၁၊မူလ အရင်းခံ။ ၂၊ခိုင်လုံသော အကြောင်းအချက်။

အခြောက်ခွန်၊န-လယ်ယာကိုင်းကျွန်းထွက် ပစ္စည်း အပေါ် ကောက်ယူသော အခွန်။ (အခွတ်ခွန် လည်းရှု)

အခြောက်တိုက်၊ကြိဝိ-၁၊အကြောင်းမဲ့သက်သက်။ ၂၊အတီးအမှုတ် မပါဘဲ။

အခြောက်အခြမ်း၊န-ငါးခြောက်၊ ပုစွန်ခြောက် စသော ခြောက်သွေ့သည့် စားဖွယ်။

အခြင်၊န-အိမ်အမိုးအောက်ခံဝါးတန်း။

အခြင်းအရာ၊န-အဖြစ်အပျက်။ အဖြစ်အခြေအနေ။

အခြည်အဝါ၊န-၁၊အရောင်အဝါ။ ၂၊ရုပ်ဆင်းသွင်ပြင်။ ၃၊အရိပ်အခြည်။

အခွေး၊န-ဓား၊ တံစဉ် စသည်၏ လက်ကိုင်ရိုးတွင် စွပ်တပ်သော သတ္တုခွေ။

အခွံ၊န-သစ်ပင်သစ်သီး စသည်တွင် ပြင်ပမှ ဖုံးအုပ်ထားသော အလွှာ။

အခွင့်၊န-ဆောင်ရွက်နိုင်မှု။ အခွင့်အရေး။ **~ကောင်း** /အခွင့်ဂေါင်း/ န-ကိစ္စ တစ်ခုခုဆောင်ရွက်ရန် သင့်လျော်သည့် အခြေအနေ၊ အချိန်အခါ။ **~ထူးခံ** /အခွင့်ဒူးဂန်/န-သီးခြားအခွင့်အရေး ရရှိသူ။ **~သာ**၊ကြိ-အခွင့်ကောင်းရရှိသည်။ အခွင့်အလမ်းကောင်းမွန်သည်။ **~အခါ**၊ န-**အခါအခွင့်** နှင့် အတူတူ။ **~အရေး**၊န-ဆောင်ရွက်ပိုင်ခွင့်။ ရရှိခံစားနိုင်ခွင့်။ **~အရေးသမား**/အခွင့်အယေးသမား/န-အခွင့်သာမှုကို မျှော်ကိုး၍ လုပ်ကိုင် ဆောင်ရွက်တတ်သူ။ **~အလမ်း**၊န-တစ်စုံတစ်ရာ ဆောင်ရွက်ဖြစ်မြောက်နိုင်သည့် လမ်းစ။

အခွန်၊ ~အတုတ်၊ န - နိုင်ငံတော်ဘဏ္ဍာအတွက် စည်းကြပ်ကောက်ခံသော ငွေကြေး။

အခြွေအရံ၊ န- အနီးအပါးတွင်နေ၍ ပြုစုစောင့်ရှောက်သူများ။

အငူ၊န-ဝေါထွက်နေသော မြေ၊ ကျောက် အစွန်းပိုင်း။

အငိုက်၊န-သတိလစ်ဟင်းသည့် အချိန်။ **~ဖမ်း**၊ကြိ-တစ်ဖက်သား သတိလစ်ဟင်းချိန်ကို စောင့်၍ ပြုလုပ်သည်။ **~မိ**၊ကြိ-အငိုက်ဖမ်းခြင်း ခံရသည်၊

အငုတ်အရင်း၊န-အရင်းအမြစ်။ လက်ငုတ်လက်စ။

အငန်း၊န-မြန်မာမင်းလက်ထက် အမှုထမ်းအဖွဲ့။

အငမ်း၊န-[ရှေး]ခြကြွးမြီ။

အငမ်းမရ၊ကြိဝိ-လိုချင်တပ်မက်ခြင်း ပြင်းစွာ။

အငုံ၊န-ပွင့်ခါနီးအဖူး။

http://www.lknt11.com

အငယ်အနှောင်း။နာ–မယားငယ်။

အငြင်းပွား။ကြိ–ကျယ်ပြန့်စွာ ငြင်းခုံသည်။

အငြိမ့်။နာ–သာယာငြိမ့်ညောင်းသော အကား အဆို အကကို အခြေခံ၍ ဇာတ်လမ်းဇာတ်ကွက်မပါ၊ မင်းသမီးနှင့် လူပြက်သာ ကပြသော ပွဲသဘင်။ **~သမ**/အညိန့်သမှာ/နာ–အငြိမ့်မင်းသမီး။

အငြိမ်းစား/ အညိန်းစား/ နာ– ပင်စင်လစာ ခံစားသူ။

အငွေ့။နာ–အရှိန်အခိုး။ **~ပြန်**၊ ကြိ–အပူဓာတ်ကြောင့် ရေ၊ အရည်၊ အခိုးဘဝသို့ ပြောင်းလဲသည်။ **~အသက်**၊ နာ–အနည်းငယ်သော အရှိန်အငွေ့။

အငှားချ၊ ကြိ–အခကြေးငွေယူ၍ သူတစ်ပါးအား လယ်မြေ စသည်ကို ငှားရမ်းလုပ်ကိုင်ခွင့် ပေးသည်။

အငှားလိုက်။ကြိ–အခယူ၍ ငှားရမ်းစေနိုင်းသူ၏ အလုပ်ကို လိုက်လုပ်ပေးသည်။

အစ[၁]။နာ–ရှေးဦး။ ကနဦး။ **~ခပ်သိမ်း**/အစာခတ်သိန်း/ နာ–အရာခပ်သိမ်းနှင့်အတူတူ၊ **~စအရာရာ**/အစာ စာအယာယာ/နာ–အလုံးစုံ။ **~ပျိုး**/အစာပျိုး/ကြိ– စတင်သည်။ **~ဖော်**/အစာဖော်/ကြိ–မြုပ်ကွယ် နေသော အကြောင်းအရာ တစ်စုံတစ်ခုကို ဖော်ထုတ် သည်။

အစ[၂]။နာ–ပင်မအထည်ကိုယ်မှ ထွက်သည့် သေးငယ် သော အရာ။ **~တို**/အစာတုန်း/ကြိ–၁။ကွယ် ပျောက်သည်။ သေသည်။ ၂။ယင်းသို့ ဖြစ်အောင် လုပ်သည်။ **~ပျောက်**/အစာပျောက်/ကြိ–လုံးဝ မတွေ့မမြင်ရဘဲ ရှိသည်။ လုံးဝ ကွယ်ပျောက်သွား သည်။ **~ဖျောက်**/အစာဖျောက်/ကြိ–အစွန်းအစမျှ မကျန်အောင် ပျောက်ဖျက်ပစ်သည်။ **~သတ်** /အစာသတ်/ကြိ–ပြုလုပ်နေဆဲ ကိစ္စတစ်ခုခုကို ပြီးဆုံးစေသည်။ လက်စသတ်သည်။ **~အန** /အစာအနာ/နာ–ပင်မ အထည်ကိုယ်မှ ထွက်သည့် သေးငယ်သောအရာ။

အစာ၊ နာ–စားစရာ။ **~ရေစာ**/အစာယေစာ/နာ–စား သောက်ဖွယ်ရာ။ **~အိမ်**၊ နာ–အစာခြေချက်ရာ ကိုယ်တွင်းအင်္ဂါ အစိတ်အပိုင်း။

အစား။နာ–၁။အချိုးအစား။ ၂။တစ်စုံတစ်ခု နေရာတွင် ဝင်လာသော အခြားတစ်ခု။ ၃။[သင်္ချာ] ကိန်းတစ်ခု တွင် အခြားကိန်းတစ်ခုက အကြိမ်မည်မျှ ဝင်နိုင် ကြောင်း တွက်ခြင်း။ **~ခံ**။ကြိ–အနည်းငယ်စားရုံဖြင့် တင်းတိမ်သည်၊ ဝသည်။ တာရှည်စား၍ ရသည်။ **~ထိုး**။ကြိ–သက်ရှိသက်မဲ့ တစ်ခုခုနေရာတွင် အခြား သက်ရှိသက်မဲ့ တစ်ခုခုကို သွင်းသည်။ **~ဟုပ်**။ကြိ– အလွန်အမင်း စားသည်။ **~အစာ**။နာ–စားစရာ။ **~အသောက်**။နာ–စားသောက်စရာ။

အစိစ်/အစိဂန်/နာ–အမှုန်အမွှားကို စစ်ရန် သေးငယ်ပင်ဖြင့် တွင် ခံထားသော အရာ။

အစိမ်းရောင်။နာ–၁။စိမ်းသောင်ရှက်ချက်။ ၂။ရှေးခေတ်အုပ်ချုပ်မှု ဆိုင်ရာ အကြီးအကဲတစ်မျိုး။ **~ခံ**။ကြိ–နှုတ်ဖြင့် ဖြစ်စေ၊ စာဖြင့်ဖြစ်စေ လေးစားစွာ တင်ပြသည်။

အစီအစဉ်။နာ–ရှေ့နောက်အစဉ်။ စီစဉ်မှု။ အစီအလျဉ်။

အစီအရီ။ကြိဝိ–စီရရီနှင့်အတူတူ။

အစီးအနင်း။နာ–၁။ဆင်၊ မြင်းစသော စီးစရာ ယာဉ်။ ၂။အကွပ်အကဲ အအုပ်အချုပ်။

အစု။နာ–၁။မြန်မာမင်းလက်ထက် လုပ်ငန်းတူရာ စုစည်း ထားသော အစုအဖွဲ့။ အစို့။ ၂။ရင်းနှီးထည့်ဝင်ငွေ။ ရှယ်ယာ။ ၃။[သင်္ချာ] တိကျစွာ သတ်မှတ်ထား သော အရာများ ပါဝင်သည့် အစုအဝေး။ **~စပ်** /အစုဇပ်/နာ–အစုငွေပေါင်းစပ်၍ လုပ်ကိုင်သော လုပ်ငန်း၊ ဖက်စပ်လုပ်ငန်း။ **~ရှင်**။နာ–အစုရှယ်ယာ ထည့်ဝင်သူ။ **~လိုက်အပြုံလိုက်**၊ ကြိဝိ–စုပြုံ၍ များပြားစွာ။

အစုအစဉ်။နာ–အစဉ်အဆက်။

အစေခံ / အစေကန်/ နာ–အခကြေးငွေယူ၍ အိမ်မှုကိစ္စကို ဆောင်ရွက်ပေးသူ။

အစေအပါး။နာ–ခိုင်းစေရန်သူ။

အစေ့/အစေ့၊အစိ/နာ–၁။သစ်သီး အခွံအသားအကွင်း ရှိ အလုံးအခဲ။ မျိုးစေ့။ ၂။သေးငယ်သော အလုံးအခဲ။

အစေးကပ်/အစီးကတ်/ကြိ–သင့်မြတ်သည်။

အစေးကြီး /အစေးကျီး/ နာ–နံ့နက်စေးစေးအမျိုး။ ကြိဝိ–အလွန်စေးစွာ။

အစိုပြန်။ကြိ–ဆား၊ သကြား၊ ထန်းလျက် စသည်တို့ စိုစွတ်လာသည်။

အစို့။နာ–၁။ပေါက်စ၊ ပေါက်ခါစဖြစ်သော အညှောက်။ ၂။အစု ၁ နှင့်အတူတူ။

အစိုးရ။နာ–တိုင်းနိုင်ငံကို အုပ်ချုပ်သော အဖွဲ့အစည်း။ ကြိ–ပိုင်စိုးသည်၊ **~သက်သေ**/အစိုးယာသက်သေ/ နာ–[ဥပဒေ]ပြစ်မှုကြီးတွင် ကိုယ်တိုင်ပါဝင်ခဲ့ပြီး ပြစ်မှု ဖြစ်ပွားပုံကို မထိမ်မချန် တရားဝင် ဖော်ထုတ် အစစ်ခံသူ။

အစက်၊ နာ– ၁၊ မျက်ရည်၊ ချွေးစသည်ကဲ့သို့သော သေးငယ်သော အရည်စု။ ၂။သေးငယ်သောအကွက်။

အစောက်။နာ–စောက်သောအရာ၏ အထက်အောက် အကွာအဝေး။

အစင်း။နာ–စွဲထင်နေသော အကြောင်း။

အစိုင်အခဲ၊ နာ–ပေါင်းစည်း ခက်မာနေသောအရာ။ ခဲသော အရာ။

အစစ်ခံ။ကြိ–မည်သို့ မည်ပုံ ဖြစ်ပျက်ခဲ့ကြောင်း ထွက်ဆို သည်။

အစဉ်၊ နာ–၁၊ စီတန်းလျက်တည်ခြင်း။ အစီအရဉ်။

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

၂။အစဉ်အလာ။ အစဉ်အဆက်။ ကြိဝိ–အဆက်မပြတ်။ **~တစိုက်**/အစင်ဒိုက်/ကြိဝိ–၁။အစဉ်။ အမြဲ။ ၂။မရပ်မနား တောက်လျှောက်။ **~အဆက်**၊ န–တစ်ယောက်ပြီး တစ်ယောက် တစ်ဆက်တည်း ဖြစ်တည်လာသောအစဉ်။ မျိုးရိုးအစဉ်။ **~အလာ**၊ န–၁။အစဉ်အဆက်။ ၂။အစဉ်အဆက် ကျင့်သုံးလာသော ဓလေ့ထုံးစံ။

အစဉ်းသိ၊ကြိ–အကြောင်းတစ်စုံတစ်ရာကို ပိုင်းပိုင်းခြားခြား သိသည်။ /အစင်းသို/ န–ဟင်းသို့ သိသူ။

အစဉ်းအဝါ၊န–တစ်စုံတစ်ရာ တစ်စုံတစ်ဦး၏ ထူးခြားသော အခြင်းအရာ။

အစည်းအရုံး၊န–အဖွဲ့အစည်း။

အစိတ်၊န–၁။ခွဲစိတ်ထားသောအရာ။ ၂။လေးပုံ တစ်ပုံ ပမာဏ။ **~စိတ်အမြွာမြွာ**/အဇိတ်စိတ်အမွှာမွှာ/ ကြိဝိ–တစ်စစီကွဲပြတ်လျက်။ အကွဲကွဲအပြားပြား။ **~သား**၊ န–တစ်ပိဿာ၏ လေးပုံတစ်ပုံ။ ၂၅ ကျပ်သား။

အစုတ်၊န–[ပေ]အများ။

အစန့်သား/အစန့်သား/ကြိဝိ–အလျားလိုက် ဖြောင့်စင်းစွာ။

အစုန်၊န–ရေစီးဆင်းသွားရာ၊ လေတိုက်ခတ်သွားရာ ဘက်။ အထက်အရပ်မှ အောက်အရပ်သို့ သွားခြင်း။

အစပ်တည့်/အစတ်တဲ့/ကြိ–ဟင်းစီမံရာတွင် တစ်မျိုးနှင့် တစ်မျိုး လိုက်ဖက်သည်။ ဟင်းချက်ရာတွင် အငန်အစပ် စသည် မျှတသည်။

အစမ်းစန့်၊ကြိ–အရည်အချင်းကို စမ်းသပ်သည့်သဘောဖြင့် ယာယီခန့်ထားသည်။

အစိမ်း၊န–သရဲ၊ တစ္ဆေစသော မကောင်းဆိုးဝါး။ **~ကြော်** /အစိန်းကျော်/ န– ဟင်းသီးဟင်းရွက်ကို အသားစိမ်းနှင့်ရော၍ မကျက်တကျက် ကြော်ယားသော စားဖွယ်တစ်မျိုး။ **~ပုပ်**/အစိန်းဗုတ်/ န – မှိုင်းညို့သော အစိမ်းရောင်။ **~သေ**/အစိန်းသေ/ န – ဘေးအန္တရာယ် တစ်စုံတစ်ခုကြောင့် လတ်တလော သေရသော သေခြင်းမျိုး။

အစွေ့သား/အစွေ့သား/ကြိဝိ–အစုံသား။

အစွဲ၊န–၁။စွဲလမ်းသော အယူအဆ၊ ယုံကြည်မှု စသည်။ ၂။ပယောဂအနှောင့်အယှက်။ **~ပြု**၊ကြိ–အကြောင်းပြုသည်။ အခြေခံသည်။

အစွဲထုတ်၊ကြိ–စွဲအောင် လုပ်သည်။

အစွတ်စွန်း၊န–ရေထွက်ပစ္စည်းအပေါ် ကောက်ယူသော အခွန်။

အစွန်း၊န–၁။အဆုံး။ အဖျား။ အစွန်။ ၂။ပိုလွန်သော အရာ။ အစွန်။ **~မလွတ်**၊ကြိ–ပြုမူပြောဆိုမှုသည် သူတစ်ပါးကို ထိခိုက်နစ်နာစေရာ ရောက်သည်။ **~ရောက်**၊ကြိ–အယူအဆ၊ ယုံကြည်မှု စသည် ဘက်တစ်ဖက်သို့ ရောက်လွန်းသည်။ **~အထင်း**၊န–၁။ဆေး၊ ပင်၊ ဆီစသည် စွဲငြိပေကျံခြင်း။ ယင်းသို့ ပေကျံသောအကွက်။ ၂။[ဥပစာ] အပြစ်အနာအဆာ။ **~အမြိတ်**၊န–ဘောင်၊ တဘက် စသည်၏ အစွန်းရှိ ချည်မျှင်။

အစွမ်းကုန်/အစွမ်း(စွန်း)ဂုန်/ကြိဝိ–စွမ်းအားရှိသမျှ။

အစွယ်၊န–၁။ဆင်၊ တောဝက် စသည်၏ ခံတွင်းမှ အပြင်သို့ ထွက်နေသော ချွန်ထက်သည့်အရာ။ ၂။ယင်းပုံရှိသောအရာ။ ၃။မြွေ၏ အဆိပ်ထွက်သော ချွန်ထက်သည့် သွား။ ၄။ အထက်ရှေ့သွား၏ ဘေးတစ်ဖက်တစ်ချက်ရှိ ချွန်သောသွား။ **~ကျိုး**၊ ကြိ–[ဥပစာ] မာန်မာန ကျဆင်းသည်။

အဆ၊န–၁။တူညီသော ပမာဏ။ ၂။မှန်းဆချက်။ အချိန်အဆ။ "လက် ~မှန်–။" **~မတန်** /အဆာ့မတန်/ ကြိဝိ–လွန်မင်းစွာ။

အဆာ၊န–၁။အစွန်းအမြိတ်။ ၂။လက်ဖက် စသည်ကို ပိုမို ကောင်းမွန်အောင် ထပ်လောင်း ရောစွက်သော အရာ။ ၃။မုန့်ဖက်ထုပ် စသည်ကို ပိုမို ကောင်းမွန်အောင် ထည့်သွင်းသည့် သကြား၊ အုန်းသီး စသည်။ **~ကျယ်**၊ ကြိ–မတင်းတိမ် အားမရနိုင် ဖြစ်သည်၊ စိတ်ဆန္ဒ ထူးထွေများပြားသည်။

အဆာခံ၊ကြိ–၁။ဆာလျက် အစာမစားဘဲနေသည်။ ၂။စားပြီးနောက် အတန်ကြာ မစားဘဲနေနိုင်သည်။

အဆီ၊န–၁။ခန္ဓာကိုယ်တွင် အသားနှင့် တွဲလျက်ရှိသော စေးကပ် ကျိချွဲသောအရာ။ ၂။အသီး၊ အပင်၊ တောင်သတ္တဝါတို့မှ ထုတ်ယူရသော ဆီ။ **~ပြန်**၊ကြိ–မျက်နှာ၊ ခြေ၊ လက် စသည်တွင် အဆီထွက်ပေါ်နေသည်။ **~ယစ်**၊ ကြိ–၁။အဆီအအိမ့်စားပြီး၍ လေးလံထိုင်းမှိုင်းသည်။ ၂။စည်းစိမ်ချမ်းသာတွင် သာယာ မိန်းမောသည်။ **~အနှစ်**၊န–[ဥပစာ] အနှစ်သာရ။ **~အသားပါ**၊ကြိ–[ဥပစာ] အနှစ်သာရ ရှိသည်။ **~အအိမ့်**၊န–အဆီအဆိမ့်ပါဝင်များသော အစားအစာ။

အဆီအငေါ်တည့်/အဆီအငေါ်တဲ့/ကြိ–ပြေပြစ်ညီညွတ်သည်။ အဆင်ပြေသည်။

အဆောတလျှင်/အဆောတလယင်/ကြိဝိ–လျင်မြန်စွာ။

အဆော်၊န–စုလစ်တွင် ပါဝင်သော အစိတ်အပိုင်း တစ်မျိုး။

အဆံ၊န–အမျှင်။ အချောင်း။ အတံ။

အဆို၊န–၁။ဆိုလိုချက်။ ယူဆချက်။ အဆိုအမိန့်။ ၂။အကြံပြုတင်ပြချက်။ ၃။စကားရည်လုပွဲတွင် တင်သွင်းချက်။ **~တော်**/အဆိုဒေါ်/န–ပရိသတ်အား သီချင်းသံဆို ဖျော်ဖြေမှုတွင် ကျော်ကြားသူ၊

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

~ရှင်၊ န–စကားရည်လုပွဲတွင် သတ်မှတ်ထားသော အကြောင်းအရာကို တင်သွင်းသူ။ **~အမိန့်၊** န–ကျမ်းဂန်မှလာသော အယူအဆ။ ပညာရှိ၏ ယူဆပြောဆိုချက်။

အဆက်၊ န–၁၊မူးကပ်ထိစပ်နေသောအရာ။ ၂၊ရည်းစား။ **~ဆက်၊** န–အစဉ်အဆက်။ **~ပြတ်၊** ကြိ–ဆက်သွယ်မှု ကင်းမဲ့သည်။ ကင်းကွာသည်။ **~ဖြတ်၊** ကြိ–ဆက်သွယ်မှုကို ရပ်စဲသည်။ **~မပြတ်၊** ကြိဝိ–ဆက်ကာ ဆက်ကာ။ တောက်လျှောက်။ **~အနွယ်၊** န – သားမြေးစဉ်ဆက်။ ဆွေမျိုးအစဉ်အဆက်။ **~အပေါက်၊** န–ခန္ဓာအမျိုးအစား။ ကိုယ်လုံးကိုယ်ပေါက်။

အဆောက်၊ န–(မားစသည်၏) လက်ကိုင်ရိုး။ **~အဦ** /အဆောက်အအူ/ န–၁၊အသုံးအဆောင် ပစ္စည်း။ ကိရိယာ တန်ဆာပလာ။ ၂၊ အဆောက်အအုံ။ **~အအုံ၊** န–၁၊ စုစည်းတည်ရှိသော ခြပ်။ စုဖွဲ့တည်ရှိသော အရာ။ "ပါရမီ~။ ရောဂါ~။" ၂၊သစ်၊ ဝါး၊ အုတ် စသည်တို့ဖြင့် တည်ဆောက်ထားသော အိမ် စသည်။

အဆင်၊ န– အဝတ်အထည်တွင် ပုံဖော်ထားသော ပန်း စသည် အကွက်အပြောက်။ **~တန်ဆာ/** အဆင်တန်ဆာ/ န–တင့်တယ်လှပအောင် ဆင်ယင်ရသော လက်ဝတ်လက်စား စသည်။ **~ပြေ၊** ကြိ–လွယ်ကူချောမောသည်။ **~သင့်၊** ကြိ–အကြောင်းညီညွတ်သည်။ /အဆင်သင့်/ ကြိဝိ–တစ်စုံတစ်ရာ ပြင်ဆင်ပြီး ဖြစ်လျက်။

အဆင့်၊ န–၁၊ဆင့်၍ တည်နေသောအရာ။ အထပ်။ ၂၊အဆင့်အတန်း။ **~ဆင့်/** အဆင့်ဆင့်/ ကြိဝိ–၁၊တစ်ယောက်ပြီး တစ်ယောက်၊ တစ်ခုပြီးတစ်ခု။ ၂၊တစ်ခုပြီးတစ်ခု ထပ်ဆင့်လျက်။ **~အတန်း၊** န–ပညာ၊ ဂုဏ်ရည် စသည် အနိမ့်အမြင့် အခြေအနေ။

အဆင်း၊ န–၁၊အရောင်အသွေး။ ၂၊ရုပ်ရည်။ **~တွန်း၊** ကြိ–[ဥပစာ] ဒုက္ခရောက်မည့်သူကို မြန်မြန်ဒုက္ခရောက်အောင် လုပ်သည်။

အဆောင် ^၁^၊ န–၁၊အမိုးသီးခြားရှိသော အဆောက်အအုံငယ်။ ၂၊ကျောင်းအိပ်ကျောင်းစားများ နေထိုင်ရာ အဆောက်အအုံ။ **~မှူး၊** န–ကျောင်းဆောင်ကို ကြပ်ကဲရသူ။

အဆောင် ^၂^၊ န–ကိုယ်နှင့် မကွာဆောင်သော အင်းအိုင် လက်ဖွဲ့ စသည်။ **~အယောင်၊** န–၁၊မင်းမိဖုရားတို့၏ အခမ်းအနားဆိုင်ရာ အသုံးအဆောင်ပစ္စည်း။ ၂၊မင်း၊ အစိုးရတို့က အရည်အချင်း၊ ရာထူး စသည်အလိုက် ချီးမြှင့်သော အသုံးအဆောင်။ **~အရွက်၊** န–မင်းက ချီးမြှင့်သော ကျိုင်း၊ လက်ဖက်အုပ် စသော အသုံးအဆောင်ပစ္စည်း။

အဆိုင်း၊ န–အချိန်ပိုင်းအလိုက် အလုပ်တာဝန် လုပ်ကိုင်သော လူအစု။

အဆစ်၊ န–၁၊အရိုးတစ်ခုနှင့် တစ်ခု ဆုံရာ။ ၂၊ကြံပင်၊ ဝါးပင်စသည်တွင် တစ်ပိုင်းနှင့်တစ်ပိုင်း ဆုံရာ။ ၃၊ရောင်းသူက အပိုအဖြစ်ပေးသော အရာ။

အဆုတ်၊ န–ရင်ခေါင်းတွင်းရှိ လေရှူအင်္ဂါအစိတ်အပိုင်း။ **~နာ၊** န–ချောင်းဆိုးသွေးပါ အဆုတ်ရောဂါ။

အဆန် ^၁^၊ န–၁၊အခွံအသားတွင်းရှိ အစေ့။ အစေ့တွင်းရှိ အနှစ်ခဲ။ ၂၊ယင်းကဲ့သို့သော အရာ။

အဆန် ^၂^၊ န–ရေစီးဆင်းလာရာ၊ လေတိုက်ခတ်လာရာဘက်။ အောက်အရပ်မှ အထက်အရပ်သို့သွားခြင်း။

အဆိပ်၊ န–စားသောက် ရှူရှိုက် ထိခိုက်မိလျှင် အသက်အန္တရာယ်ဖြစ်စေတတ်သော အရာ။ **~တက်၊** ကြိ–အဆိပ်ကြောင့် မူးခြင်း၊ မေ့ခြင်းစသော ဝေဒနာများ ဖြစ်ပေါ်သည်။ **~အတောက်၊** န– မူးယစ်တွေဝေသေစေတတ်သော အရာ။

အဆုံးစီရင်၊ ကြိ–အသေသတ်သည်။

အဆုံးစွန်/ အဆုန်းဖွန်/ န–နောက်ဆုံး။ အပြီး။

အဆုံးသတ်၊ ကြိ–ပြီးဆုံးအောင် လုပ်သည်။ လက်စသတ်သည်။

အဆွေ၊ ~ခင်ပွန်း/ အဆွေခင်ဗွန်း/ န–မိတ်ဆွေ။ **~တော်** /အဆွေဒေါ်/ န–အကြီးတော်နှင့် အတူတူ။

အဆွဲ၊ န–ဝဆွဲနှင့်အတူတူ။

အဆွယ်အပွား၊ န–ပင်မနှင့် ဆက်သွယ်နေသော အရာ။ ပင်မ တစ်စုံတစ်ရာမှ ပေါက်ပွား တိုးပွားလာသော အရာ။

အညာ၊ န–အထက်အရပ်။

အညာခံ၊ ကြိ–အလိမ်ခံရသည်။

အညှိကျောက်၊ န–ပန်းရောင်၊ အနီရောင်၊ အစိမ်းရောင် စသည်ရှိ၍ သဘာဝအလျောက် ရှစ်မျက်နှာ အတုံးအခဲကလေးများ ဖြစ်နေသော အမျက်ကျောက်။ နတ်သွေး။

အညှိခံ၊ ကြိ–လက်လျှော့အရှုံးပေးသည်။

အညှိဆီး /အညနှ့်ဇီး/ န–ဆီးသီးမှည့် အရောင်ရှိသော အညှိကျောက်။

အညှိပန်း/ အညနှ့်ဗန်း/ န–ပန်းရောင်ရှိသော အညှိကျောက်။

အညောင်းဆန့်၊ ကြိ–အညောင်းပြေအောင် ကိုယ်လက် အင်္ဂါကို ဆန့်တန်းလှုပ်ရှားသည်။

အညစ်အကြေး၊ န–၁၊ကြေးညှော်။ ၂၊ကျင်ကြီးကျင်ငယ်။

အညစ်အထေး၊ န–ညစ်ပေသော အရာ။

အညွန့်၊ န–၁၊ထွက်ခါစ အရွက်နု။ ၂၊[ဥပစာ] ကြီးပွားတိုးတက်မည့် အလားအလာ။ ၃၊[ဗေဒင်] မိမိမွေးနံ

မှာတ်ကာသို ▶▶▶

http://www.lknt11.com ...

နောက်တွင် ကပ်လျက်ဖြစ်သော နံ။ (အမြစ်လည်းရှ)
~ရှုး၊ကြိ-[ဥပစာ]ခေါင်းပုံ ဖြက်သည်။ **~ရှိုး**၊ကြိ-[ဥပစာ] သူဟာစ်ပါး၏ အလားအလာကောင်းကို ဖျက်ဆီးပစ်သည်။ **~တလူလူ**၊ ကြိဝိ-[ဥပစာ] ကြီးပွားတိုးတက်မည့် အလားအလာ ဖြစ်ထွန်းလျက်။ **~တုံး**၊ကြိ-[ဥပစာ] တိုးတက်ကြီးပွားမည့် အလားအလာ ကုန်ဆုံးသွားသည်။ **~အမှူး**၊ န-[ဥပစာ] ထွန်းကားတိုးတက်လာမည့်သူ။ "တိုင်းပြည့် ~။"

အညာ၊န-၁၊အသီးအပွင့်၊အရွက် ထွက်ပေါ်ရာ နေရာ။ ၂၊[ဥပစာ] အချက်အချာ။ **~လွှယ်**၊ ကြိ-[ဥပစာ] သူတစ်ပါး ဆွဲဆောင်ရာသို့ အလွယ်တကူလိုက်ပါတတ်သည်။

အညို၊န-တစ်စုံတစ်ခုပေါ်တွင် ကပ်ငြိ ဖြစ်ပေါ်နေသော ချွဲကျိသည့်အရာ။

အညှီ၊န-သားစိမ်းငါးစိမ်း အနံ့ကဲ့သို့သော စက်ဆုပ်ဖွယ် အနံ့။ **~အဟောက်**၊န-၁၊အညှီနံ့ပြင်းသော သားငါး စသည့် စားဖွယ်။ ၂၊[ဥပစာ] ကာမနှင့် စပ်သော ညစ်ညမ်းသည့် အကြောင်းအရာ။

အညှို့၊ န- ၁၊ လည်ချောင်းပေါက် ဝဲယာ၌ရှိသော အသားမျှင် နှစ်ခု။ ၂၊မြွေတွင် သားကောင်ကို ညှို့နိုင်သည်ဆိုသော အတတ်။

အညှောက်၊န-အစေ့မှထွက်စ အညွန့်။

အညွှန်း၊န-၁၊မည်သို့ပြုမူဆောင်ရွက်ရမည်ဟု ညွှန်ပြရေးသားချက်။ ၂၊စာအုပ်ပါ အကြောင်းအရာကို ရှာဖွေရလွယ်အောင် ညွှန်ပြချက်။

အတိ၊ကြိဝိ-၁၊အပိုအလိုမရှိ တိတိကျကျ။ ၂၊အခြားအရာနှင့် ရောနှောခြင်းမရှိ။ ၎င်းချည်းသက်သက်။ **~အလင်း**၊ကြိဝိ-အသေအချာ ပွင့်လင်းစွာ။

အတိ၊နစ-[ပေါ] အဘယ်[၁] နှင့်အတူတူ။

အတိသီး/အတိသိုး /န-မတန်သီး။

အတုခိုး၊ကြိ-တုအောင်လိုက်၍ လုပ်သည်။

အတုယူ၊ကြိ-သူတစ်ပါး၏ အမူအကျင့်ကို လိုက်၍ ပြုကျင့်သည်။

အတူ၊ကြိဝိ-တစ်ပေါင်းတည်း။ **~တူ/အတူတူ**/ကြိဝိ-၁၊ထပ်တူထပ်မျှ။ ၂၊အတူတကွ။

အတော၊ န- တေးသားမပါသော အဖြည့်တေးသွား။ **~မသတ်**၊ကြိ-ပြီးဆုံးရပ်စဲခြင်းမရှိ။ **~အတွင်း**၊န-ပြုဆဲဖြစ်ဆဲရှိဆဲအခိုက်အတန့်။

အတော့်၊ကြိဝိ-၁၊အနေတော်ဖြစ်လျက်။ "ဆားအငန် အပေါ့ ~ပါပဲ။" ၂၊အခန့်သင့်။ အဆင်သင့်။ "ခင်ဗျားနဲ့ တွေ့ရတာ ~ပဲ။" ၃၊အလွန်။ "~ဟ-။"

အတံ၊န-အချောင်း။

အတိုကောက်/အတိုဂေါက်/န-အတိုချုံးထားသော စကား၊ အက္ခရာ။ (သာဓက။ ။ညွှန်ကြားရေးမှူးကို ညွှန်မှူး။ အခြေခံပညာ အထက်တန်းကျောင်းကို အ-ထ-က)

အတိုချုပ်/အတိုချုတ်/န-အကျဉ်းချုပ်ထားသည့် စာ၊ စကား။

အတိုအစ၊န-၁၊မူလအထည်ကိုယ်မှ ထွက်သော အစအန။ ၂၊သေးငယ်သော ပစ္စည်းစု။

အတိုအထွာ၊န-၁၊အတိုအစ။ ၂၊အသေးအဖွဲ။

အတို့[၁]၊နစ-[ရှေး] မိမိကိုယ်ကို ယဉ်ကျေးဖွယ်ရာ ရည်ညွှန်းသော စကား။

အတို့[၂]၊~ **အမြှုပ်**၊န-တို့စရာနှင့်အတူတူ။

အတိုး၊**~အညွှန့်**၊ န-ချေးငွေအပေါ်တွင် ချေးအဖြစ် ပေးရသောငွေ။ **~ချ**၊ ကြိ-ငွေတိုးချသည်။ ကြိဝိ-[ဥပစာ] ဆုံးရှုံးခဲ့သမျှကို ကာမိအောင် အဆတိုး၍ (ပြုမူသည်)။

အတက်၊န-၁၊မူလအထည်ကိုယ်မှ ပွားတက်လာသော အရာ။ ၂၊ကြက်၊ ငှက်တို့၏ ခြေတွင် ထွက်နေသော ချွန်ထက်သည့်ဆူး။ **~နေ့**၊န-သင်္ကြန် နောက်ဆုံးရက်။

အတိုက်အခံ၊န-ဆန့်ကျင်သူ။ ကြိဝိ-ဆန့်ကျင်လျက်။ "~ပြော-။"

အတင်ဂိုဏ်း၊န-ရဟန်းသာမဏေများသည် သင်္ကန်းကို မရုံဘဲလက်ဝဲပခုံးထက်တွင် တင်၍ ရွာသို့ ဝင်နိုင်သည်ဟု အယူရှိသော ရဟန်းအဖွဲ့အစည်း။

အတင့်ရဲ၊ကြိ-ရဲတင်းစွာ ပြုမူသည်။

အတင်း[၁]၊န-၁၊အကြောင်းအရာ စကား။ "ချစ် ~၊ ကောင်း ~။" ၂၊သူတစ်ပါး မကောင်းကြောင်း ပြောသော စကား။ **~အဖျင်း**၊ န-သိမ်ဖျင်းသော အတင်းစကား။

အတင်း[၂]၊ ကြိဝိ-၁၊နိုင်ထက်စီးနင်း။ ၂၊မရမက။ ၃၊တရကြမ်း။ **~အဓမ္မ/အတင်းအဓမ္မ**/ကြိဝိ-အနိုင်အထက်။ နိုင်ထက်စီးနင်း။ အတင်းအကျပ်။

အတောင်[၁]၊န-(ကြက်၊ငှက် စသည်၏) တောင်ပံ။

အတောင်[၂]၊န-သုံးမိုက်ရှိသော အတိုင်းအတာ။

အတောင့်၊န-များသောအားဖြင့် လုံး၍ ရှည်လျားလျား ဖြစ်သော အရာ။

အတိုင်၊န-၁၊ရက်ကန်းစင်တွင် အလျားလိုက် တန်းထားသော ချည်မျှင်။ ၂၊အတိုင်အဖောက် သီဆိုရာတွင် ရှေးဦးစွာဆိုသော အသံ။ ၃၊လှည်း၊ ထွန်တို့၏ လက်ဝဲဘက်တွင် တပ်သော နွား၊ ကျွဲ။ (အလှည့်လည်းရှ) **~ပင်ခံ/အတိုင်ပင်ဂန်**/န-အကြံဉာဏ် တောင်းခံရယူရာ ဖြစ်သည့် ပုဂ္ဂိုလ်။ **~အဖောက်ညီ**၊ ကြိ-အစချီသူနှင့် နောက်လိုက်သူတို့ ညီညွတ်ကြသည်။

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

အတိုင်း၊ဝိ–လိုက်လျော ညီညွတ်သည့် သဘောကို ပြသည့် စကားလုံး။ **~ထက်အလွန်**/အဘိုင်းဒက် အလွန်/ကြိဝိ–ပိုလွန်စွာ။ **~မသိ**၊နဝိ–မည်ရွေ့မည်မျှဟု ပိုင်းခြားရေတွက်ခြင်းငှာ မစွမ်းနိုင်သော။ **~သား** /အတိုင်းသား/ကြိဝိ–အရှိအတိုင်း။ ထင်ရှားသဲကွဲစွာ။ **~အဆ**၊ နာ–ချိန်ဆမှု။ ချင့်ချိန်တွက်ဆမှု။ **~အတာ**၊**~အရှည်**၊ နာ–တစ်ခုခု၏ ပမာဏ။ အရှည် ပမာဏ။

အတည်၊ ကြိဝိ – ၁၊တည်ကြည်စွာ။ အမှန်တကယ်။ "~ပြော–။" ၂၊အတည်တကျ။ **~တကျ**/အဘိ ဒကျ/ကြိဝိ–စွဲမြဲတည်တံ့စွာ၊ **~ပေါက်**/အတိ ပေါက်/ကြိဝိ–အမှန်တကယ်။ **~ပြု**၊ ကြိ– အခိုင် အမာ သတ်မှတ်သည်။

အတတ်၊နာ–နှုတ်မှုလက်မှု စွမ်းရည်။ **~ဆန်း**၊ ကြိ– လုပ်ရိုးလုပ်စဉ်ထက် ဆန်းပြားစွာ ပြုမှုသည်။ ပေါက်ပေါက်ရှာရှာ ပြုမှုသည်။ **~ပညာ**/အတတ် ပျင်ညာ/နာ–နှုတ်မှုလက်မှုပညာ။

အတန်၊ကြိဝိ–သင့်ရုံမျှ။ **~ငယ်**၊ကြိဝိ–အနည်းငယ်မျှ။ **~တန်**/အတန်ဒန် /ကြိဝိ–အကြိမ်ကြိမ်အခါခါ။ **~အသင့်**၊ကြိဝိ–သင့်တင့် လျောက်ပတ်ရုံမျှ။

အတန့်၊နာ–၁၊ပိုင်းခြားထားသော အရာ။ ၂၊အရေး အကြောင်း။ အစင်း။

အတန်း၊နာ–၁၊အစဉ်အတိုင်း တည်ရှိသောအရာ၊ အနေ အထား။ ၂၊ကျောင်းပညာအဆင့်။ **~အစား**၊နာ– အဆင့်အတန်း။

အတပ်၊**~အကြပ်**၊ကြိဝိ–အသေအချာ။

အတုံ့အလှည့်/အတုန့်အလှဲ့/ကြိဝိ–တုံ့ပြန်သည့်သဘော အားဖြင့်။ အပြန်အလှန်။

အတုံး၊နာ–မာ၍ခဲနေသော အရာ။ **~လိုက်အတစ်လိုက်**၊ ကြိဝိ–၁၊မပြုမပြင် အရှိအရှိအတိုင်း။ ၂၊နင့်နင့် သီးသီး။ **~အရုံး**၊ ကြိဝိ– တုံးလုံးပက်လက် အနှံ့ အပြား။

အတွေ့၊နာ–၁၊ဆုံစည်းမှု။ ၂၊ဆုံစည်းမှုကြောင့် ဖြစ်သော ခံစားမှု။ **~အကြုံ**၊နာ–တွေ့ကြုံရသော အဖြစ်အပျက်။ ကိုယ်တွေ့မျက်မြင်။ **~အထိ**၊ နာ–၁၊ အတွေ့။ ၂၊ ဆက်ဆံ ကျွမ်းဝင်မှု။

အတွေးခေါင်၊ ကြိ–တွေးသင့်သည်ထက် ပိုလွန် တွေး သည်။

အတွေးအခေါ်၊နာ–ဆင်ခြင်မြော်မြင်မှု။

အတွက်၊နာ–အပေါင်း အနုတ်စသော ဂဏန်းသင်္ချာ ပညာ။ ဝိ–တစ်စုံတစ်ရာကို ရည်စူးသော အနက်ရှိ သည့် စကားလုံး။ **~ကျ**၊ကြိဝိ–သူ့အဖို့ ကိုယ့်အဖို့ ညီစွာ။ အချိုးကျ။

အတွင်း၊နာ–၁၊အထဲဘက် နေရာ။ ၂၊ပိုင်းခြားထားသော နေရာ၊ အချိန်၏ အစနှင့်အဆုံး အကြား။ **~ကျကျ** /အတွင်းကျာ့ဂျာ့/ ကြိဝိ– နှိက်နှိက်ချွတ်ချွတ်။ နီးနီးကပ်ကပ်။ **~ကျိတ်**/အတွင်းဂျိတ်/ကြိဝိ– လျှို့ဝှက်သိုသိပ်စွာ။ **~ကြေကြေ**/အတွင်းဂျေဂျေ/ ကြိ–အပေါ်ယံတွင် ဒဏ်ရာမရှိဘဲ ကိုယ်ခန္ဓာအတွင်း၌ ထိခိုက်ဒဏ်ရာရသည်။ **~ခံ**/အတွင်းဂန်/နာ– အတွင်းကခံ၍ ပတ်သောအဝတ်။ **~စကား** /အတွင်းဇဂါး/နာ–အတွင်းရေးနှင့် ဆိုင်သောစကား။ **~တာရာ**၊နာ–နက္ခတ် ၂၇လုံးနှင့်ယှဉ်၍ နက္ခတ် လမ်းကြောင်း၏ အတွင်းဘက်၌ သွားသော တာရာ ကိုးလုံး။ (ကြီးတာရာ၊ ဟသ်ာ တာရာ၊ ပုစ္ဆန်တာရာ၊ ချိန်တာရာ၊ ဆံကျင်တာရာ၊ တံငါတာရာ၊ ဆင် တာရာ၊ မြင်းတာရာ၊ မျိုင်းတာရာတို့ ဖြစ်သည်။) **~ပစ္စည်း** /အတွင်းပျစ်စီး/နာ–သိုသိုသိပ်သိပ် သိမ်း ဆည်းထားသော ရွှေငွေ ရတနာ။ **~ဘဝေါ**၊ နာ– နေရာငါးသွယ်အနက် စတုတ္ထနေရာ။ **~မီး**၊ နာ– တိုင်းပြည်၊ မြို့ရွာ၊ မိသားစုအတွင်း၌ ဖြစ်သော ဆူပူလုပ်ရှားမှု၊ မသင့်တင့်မှု။ **~ရေး**၊နာ–မိမိနှင့်သာ သက်ဆိုင်၍ တစ်ပါးသူတို့မသိအပ်သော အကြောင်း ကိစ္စ။ **~ရေးမှူး**၊နာ–အဖွဲ့အစည်း၏ လုပ်ငန်းကိစ္စ များကို တာဝန်ယူဆောင်ရွက်ရသူ။ **~လူ**၊ နာ– အတွင်းရေး ကိစ္စများနှင့် ပတ်သက်၍ ယုံကြည် စိတ်ချရသည်ဟု သတ်မှတ်ခြင်းခံရသူ။ **~လူနာ**၊နာ– ဆေးရုံတက်၍ ဆေးကုသခံသူ။ **~သိ** /အတွင်းသို/ နာ– အတွင်းကျကျ သိသူ။ **~အောင်မြင်း**/အတွင်း အောင်ဂျင်း/နာ–မောဟစသော ကိလေသာတို့ကို မြတ်စွာဘုရား အောင်နိုင်တော်မူခြင်း။ (အပြင် အောင်ခြင်းလည်းရှ)

အတွန့်တက်၊ကြိ–၁၊ကျစ်တွန့်တက်သည်။ ၂၊ဆင်ခြေ တက်သည်။

အထမြောက်/အထာ့မျောက်/ကြိ–ဖြစ်မြောက်အောင် မြင်သည်။

အထအနကောက်/အထာ့အနာ့ကောက်/ကြိ–ဘစ်စုံ တစ်ယောက်၏ အပြုအမူအပြောအဆိုကို ဘလွဲ တချော် ကောက်၍ အပြစ်ရှာသည်။

အထာ၊နာ–သဘော။ သဘာဝ။ **~ကျ**၊ကြိ–နေသားကျ သည်။

အထားအသို၊နာ–ပစ္စည်းတစ်စုံတစ်ရာ နေရာချထား သိမ်းဆည်းမှု၊ ထားရှိသော နေရာ အနေအထား။

အထိနာ၊ကြိ–ပျက်စီးဆုံးရှုံးမှု၊ ထိခိုက်နစ်နာမှု ပြင်းထန် သည်။

အထီး၊ နာ – ၁၊ အမ မဟုတ်သော သတ္တဝါ။ အဖို။ ၂၊တစ်ခုသာ။ တစ်ဦးသာ။ **~ကျန်**၊ ကြိ–တစ်ဦးသာ ကျန်သည်။ /အထီးဂျန်/နာ–တစ်ဦးသာ ကျန်သူ။

မာတိကာသို့ ▶▶▶

အထု၊န-၁၊အစောက်ပမာဏ။ ၂၊ထုထည်ပမာဏ။ ၃၊များပြားခြင်း။

အထူ၊န-အထုပမာဏ။

အထူး၊~တလည်၊ ကြိဝိ-သီးသန့်။ ထူးထူးခြားခြား။

အထဲ၊န-အတွင်းဘက်နေရာ။

အထက်၊ န- ၁၊ မြင့်သောနေရာ။ အပေါ်။ ၂၊ အညာဒေသ။ **~ကျော်ကာရီ**၊ န-ရှေးကာလ။ [မြန်၊ အထက်+ ကျော်+ပါ၊ကာလေ] **~စီး**၊ န-၁၊အနိုင်ရနိုင်သောအနေအထား။ ၂၊စီးစီးပိုးပိုး ပြုနိုင်သော အခြေအနေ။ **~ဆင့်** /အထက်ဆင့်/ န- ယဘီ အထက် ဆင့်တပ်ထားသော အထည်စ။ **~တန်း**၊န- ၁၊ မြင့်သော အဆင့်အတန်း။ ၂၊ အလယ်တန်း အထက် ဖြစ်သော ပညာအဆင့်။ **~တန်းကျ**၊ကြိ- အဆင့်အတန်း မြင့်သည်။ **~တန်းစား**/အထက်တန်းဇား/န-အခြေအနေ အဆင့်အတန်း မြင့်မားသောသူ။ **~လူကြီး** /အထက်လူကြီး/ န- မိမိထက် ရာထူး အဆင့်မြင့်သူ။ **~လမ်း**၊န-ရတနာသုံးပါးကို ဦးထိပ်ထားသော လောကီရေးရာ အစီအရင်။ **~ဝါ**၊ န-အဆောက်အအုံတွင် ထုပ်၊ လျောက်ကာ စ၍ အမိုး အထိဖြစ်သော အပိုင်း။ **~အောက်**၊န- ညီအစ်ကို မောင်နှမတို့တွင် မွေးချင်း မခြားသော အကြီးနှင့် အငယ်။

အထောက်မတန်၊ကြိဝိ-မသင့်မလျော်။

အထောက်အထား၊န-ခိုင်လုံထင်ရှားစေသည့် သက်သေခံ၊ သာဓက။

အထိုက်အလျောက်/အထိုက်အလယောက်/ကြိဝိ- ဆိုက်သင့်သည့် အားလျော်စွာ။ အတန်အသင့်။

အထင်ကရ /အထင်ဂယာ့/ န- သိသာထင်ရှားသော အရာ။

အထင်ကြီး၊ကြိ-ရှိရင်းစွဲအခြေအနေယက် ပို၍ရှိသည်ဟု ထင်မှတ်သည်။ တော်သည်ဘတ်သည် စသည်ဖြင့် ထင်မြင်သည်။

အထင်သေး၊ကြိ-ရှိရင်းစွဲ အခြေအနေအောက် လျော့နည်းသည်ဟု ထင်မှတ်သည်။ နှိမ့်ချကာ ထင်မြင်သည်။

အထင်းသား /အထင်းသား/ ကြိဝိ-ထင်ထင်ရှားရှား။ ကွက်ကွက်ကွင်းကွင်း။

အထိုင်၊န-တစ်စုံတစ်ရာ တည်ဆောက်တပ်ဆင်ရန် အခြေခံ။ **~ကျ**၊ကြိ-နေသားတကျ ဖြစ်သည်။

အထည်/အထယ်/န-၁၊ဖျင်။ အဝတ်။ ၂၊ရွှေ၊ ငွေ၊ ဖန်၊ သံ စသည်ဖြင့် ပြုလုပ်ထားသော ပစ္စည်း။ **~ကိုယ်**/အထယ်ဂို/န-ထင်ရှားရှိသော အရာ။ ဒြပ်။ **~ကြီးပျက်**/အထယ်ဂျီးဖျက်/န-ကြီးမွား ရှမ်းသာရာမှ ဆင်းရဲနိမ့်ကျသွားသူ။ **~ဖျက်**/အထယ်ဖျက်/ န-ရွှေ အရောင်းအဝယ် လုပ်ရာတွင် လက်ကောက်၊ လက်စွပ် စသည် ရွှေထည်ပစ္စည်းကို ခေါ်သော အမည်။ **~အလိပ်**/အထယ်အလိတ်/န-လိပ်ထားသော အထည်စ။

အထည်း၊န-[ပေါ] အညစ်အကြေး။

အထိန်းတော်/အထိန်းဒေါ်/န-ဘုရင့်သားတော်၊ သမီးတော်များကို အုပ်ချုပ်စောင့်ရှောက်ရသူ။

အထပ်သား၊န-သစ်သားအလွှာချင်း ထပ်ကပ်ထားသော ချပ်ပြား။

အထုပ်ဖြေ/အထုတ်ဖြေ/ကြိ-၁၊စုဆောင်းထားသော ဥစ္စာထုပ်ကို ထုခွဲရောင်းချသည်။ ၂၊[ဥပစာ] လျှို့ဝှက်ထားသော ကိုယ်ရေးကိုယ်တာ အကြောင်းကို ဖော်ထုတ်သည်။

အထုပ်အထည် /အထုတ်အထယ်/ န-၁၊ စုဆောင်းသိမ်းဆည်းထားသော ရွှေငွေပစ္စည်း။ ၂၊မျက်မြင်ထင်ရှား တွေ့မြင်ရသော သက်သေခံပစ္စည်း။

အထိမ်းအမှတ်၊ န-ထူးခြားသော ပုဂ္ဂိုလ်၊ ဖြစ်ရပ် စသည်ကို အကြောင်းပြု၍ ပြုလုပ်သော အမှတ်အသား၊ ကောင်းမှု စသည်။

အထုံ၊န-၁၊စွဲမြဲနေသော အလေ့အကျင့်။ ဝါသနာ။ ၂၊စွဲစိမ့်အောင် မွှေးကြိုင်သော ရနံ့။

အထုံ့၊န-အဆစ်အပိုင်း။

အထွေထွေ/အထွေဒွေ/နဝိ-အမျိုးမျိုး။

အထွေအထူး၊ကြိဝိ-ထူးထူးခြားခြား။

အထွေး၊ န- မွေးချင်းတို့တွင် အငယ်ဆုံးဖြစ်သူ။ အငယ်ဆုံး။

အထွတ်၊န-၁၊အမြင့်ဆုံး။ ၂၊စေတီ၊ ပုထိုး၊ ပြာသာဒ် စသည်၏ ထိပ်ဖူး။ **~အထိပ်**၊ န-၁၊အမြင့်မားဆုံး။ ၂၊အကြီးအချုပ်။ **~အမြတ်**၊န-ထူးကဲမြင့်မြတ်သော အရာ၊ ပုဂ္ဂိုလ်။

အထွန့်တက်၊ကြိ-အတွန့်တက် ရှု။

အဒေါ်၊န-မိခင်၏ညီမ။

အနာ၊န-၁၊နာကျင်သည့် ဝေဒနာ။ ရောဂါ။ ဒဏ်ရာ။ ၂၊ကျောက်မျက်ရတနာ စသည်တွင် ဖြစ်သော မွှန်းရာ၊ ပွဲရာ စသည်။ **~ကင်း** /အနာဂင်း/ န- အနာရှိန်။ **~ကြီးရောဂါ** /အနာဂျီးယောဂါ/ န- ကိုယ်ပျက်သော ရောဂါ။ နူနာ။ **~ခံ**၊ကြိ-သူတစ်ပါး အကျိုးအတွက် ကိုယ်ကျိုးစွန့်သည်။ အနစ်နာခံသည်။ **~စက်** /အနစက်/ န-ပြည်၊ သွေး၊ နံ့ရည် စသည်တို့ထိသည့် နေရာတွင် ကူးစက်ဖြစ်ပေါ်သည့် အနာ။ **~စိမ်း**/အနစိမ်း/န-အဖုလုံးပေါ်သော ပြည်တည်နာ တစ်မျိုး။ **~တကြည်း** /အနာဒဂျီး/ ကြိဝိ-နာကြည်းလျက်။ **~တရ** /အနာဒယာ့/ န- ထိခိုက်နာကျင်သော ဒဏ်ရာ။ **~ပဆုပ်** /အနာ့

မာတိကာသို့ ▶▶▶

ပဆုတ်/ န–ကျောက်၌ ပဆုပ်ပနီအုံကဲ့သို့ ဖြစ်ပေါ်သည့် အနာ။ **~ဖေး**/အနဖေး/ န–ပျောက်လုနီး အနာ၏ အပေါ်ယံတွင် ဖြစ်ပေါ်လာသော အမြှေးလွှာ။ **~မီးအနာလျှံ**/အနမီးအနယှန်/ န–အရေ ပြားတွင် မီးလောင်ဖုကဲ့သို့ နီရဲစွာ ဖြစ်ပေါ်သော အနာတစ်မျိုး။ **~ဝင်**၊ကြိ–အနာ၏ အငှိုနီအစိုးတို့ အတွင်းသို့ ငုပ်သွားပြီး အဆိပ်ဖြစ်သည်။ **~အဆော**၊ န– အနာ။ ပွန်းပဲ့ရာ စသည်။

အနား၊န–၁၊နီးသောနေရာ။ ၂၊ပိတ်၊ဖျာ စသည်တို့၏ အစွန်းပိုင်း။ ၃၊[သင်္ချာ] ကြိဂံ၊ စတုဂံ စသည်၏ ပုံသဏ္ဌာန် ပေါ်အောင် ဆွဲထားသောမျဉ်း။ **~ပတ်**/အနဗတ်/န–သက်န်း၊အဝတ်အထည်၏ အနားပတ်လည်တွင် ထပ်ချုပ်ထားသောအပိုင်း။ **~သတ်**၊ ကြိ–အစွန်းအနားကို အစအန မထွက်အောင် ထိန်းကွပ်သည်။

အနားပေး၊ ကြိ–အနားယူစေသည်။

အနားယူ၊ ကြိ–၁၊အပန်းပြေအောင် သက်သာစွာ နေသည်။ ၂၊အငြိမ်းစားယူသည်။

အနီတောင်/အနီဒေါင်/န–ခြောက်ဖက်လုံး အနီနှင့် အဖြူ တစ်ဝက်စီပါသော အနှစ်စာတုံးကို ကြေးနီ အုပ်တွင်ထည့်၍ ဖယားကွက်ပေါ် ချကစားရသော လောင်းကစားနည်း။

အနီရောင်အောက်ရောင်ခြည် / အနီယောင်အောက်ယောင်ကျီ/ န–[သိပ္ပံ] ရောင်စဉ်တန်း၌ အနီရောင်အောက်တွင် ရှိသော၊ ပကတိမျက်စိဖြင့် မမြင်နိုင်သည့် ရောင်ခြည်။

အနုကြမ်းစီး/အနုဂျန်းစီး/ကြိ–အိမ်စသည်အတွင်းသို့ ဝင်ရောက်၍ ပိုင်ရှင်မသိအောင် လက်နက်ပြ ခြိမ်းခြောက်ပြီး ရွှေ ငွေ စသည် ပစ္စည်းကို အဓမ္မ ယူသည်။

အနုစိတ်/အနုဇိတ်/ကြိဝိ–အသေးစိတ်လျက်။

အနုဆေး/အနုဇေး/န–မျက်နှာပွင့်ဆေး။ ဗီယဆေး။

အနုထုပ် /အနုဒုတ်/ န– ဆန်လှော် ပဲလှော်မှုန့်ကို ထန်းလျက်၊ သကြားနှင့် ရော၍ ဆုပ်ထားသော စားဖွယ်။

အနုနည်း၊န–လိုရာကို အေးချမ်းစွာ ပြီးမြောက်အောင် ပြုသော နည်း။

အနုပညာ/အနုပျင်ညာ/န–ဂီတ၊ ပန်းချီ၊ စာပေ စသော သိမ်မွေ့ထက်မြက်သော ပညာရပ်။

အနူ၊န–အနာကြီးရောဂါ။

အနူးအညွတ်၊ကြိဝိ–၁၊ကျေကျေနပ်နပ်။ ကြည်ကြည်ဖြူဖြူ။ "~ခွင့်လွှတ်–။" ၂၊ ရိုရိုသေသေ။ "~တောင်းပန်–။"

အနေ၊န–၁၊ အဖြစ်။ ဖြစ်တည်ပုံ။ အခြေအနေ။ ၂၊ နေထိုင်ခြင်း။ နေထိုင်ပုံ။ ၃၊ အရွယ်အစား။ **~ကျပ်**၊ **~ကျုံ့**၊ ကြိ– နေရထိုင်ရ မလွတ်မလပ် ဖြစ်သည်။ **~တော်**/အနေဒေါ်/န–သင့်တင့်သော အခြေအနေ၊ အရွယ်အစား။ **~နဲ့**၊ စည်း–[အပြော] အနေဖြင့်နှင့်အတူတူ၊ "ဥက္ကဋ္ဌ ~ပြောရရင်။" **~ဖြင့်**၊ စည်း–တာဝန်ရှိသည့် အားလျော်စွာ ပြောဆိုဆောင်ရွက်သည့် သဘောဖြင့် သုံးသော စကားလုံး။ "မိဘ ~ဆုံးမ–။" **~သာကြီး**/အနေသာဂျီး/ န– ပတ်သက်ခြင်းမရှိ ကင်းကင်းရှင်းရှင်း နေနိုင်ခြင်း။ **~အထား**၊န–ဖြစ်တည်နေပုံ။ **~အထိုင်**၊ န–၁၊မှီခင်းရပ်တည်ရာ။ ၂၊နေပုံထိုင်ပုံ။

အနံ၊န–အလျား၏ ဆန့်ကျင်ဘက်။

အနံ့၊န–နှာခေါင်းဖြင့် သိရသော အမွှေး၊ အပုပ်၊ အညှော် စသည်။ **~ခံ**၊ကြိ–၁၊အနံ့ကို ရှူရှိုက်သည်။ ၂၊[ဥပစာ] သတင်းတစ်ခုခုကို ကြားသိအောင် အားထုတ်သည်။ **~ထွက်**၊ ကြိ–၁၊ အနံ့ဖြစ်ပေါ်သည်။ ၂၊[ဥပစာ] မကောင်းသတင်း ဖြစ်ပေါ်သည်။ **~အသက်**၊ န–နံသော အနံ့။

အနှီ၊န–၁၊ထိုင်မသိမ်းအင်္ကျီတွင် ရွှေ၊ ဝဲယာတွဲလျားချထားသော အစနှစ်ခု။ ကရန့်။ ၂၊ကရားအိုး စသည်၏ နှုတ်သီး။ ၃၊ထန်းဖိုပင်မှ ထွက်သော ထန်းရည်ယိုသည့် အဖူးအတံ။

အနက်၊ န– မှုရင်းအဓိပ္ပာယ်။ ငိ– အစုအပေါင်းမှ တစ်စိတ်တစ်ဒေသကို ထုတ်နုတ်ပြရာတွင် သုံးသော စကားလုံး။

အနောက်၊န–နေဝင်ရာ အရပ်။ **~ကျွန်း**၊န–[ကျမ်းဂန်] မြင်းမိုရ်တောင်၏ အနောက်ဘက်၌ရှိ၍ ကျွန်းဦး၌ ထိမ်ပင်ပေါက်ရာကျွန်း။ အပရဂေါယာန။ (လပြည့်ဝန်းပုံရှိ၍ ယူဇနာ ခုနစ်ထောင် ကျယ်ဝန်းသည်။) **~တောင်**၊န–အနောက်အရပ်နှင့် တောင် အရပ်တို့၏ကြား။ **~တောင်ရာသီလေ** / အနောက်တောင်ယာသီလေ/န–အာရှတိုက် တောင်ပိုင်းတွင် မိုးရာသီ၌ အနောက်တောင်ဘက်မှ တိုက်သော မုတ်သုံလေ။ **~တိုင်း**၊ န–ဥရောပတိုက်၊ အမေရိကတိုက်ရှိ နိုင်ငံများ၊ အနောက်နိုင်ငံ။ **~မြောက်**၊ န–အနောက်အရပ်နှင့် မြောက်အရပ်တို့၏ကြား။

အနိုင်ကျင့်၊ကြိ–နိုင်ထက်စီးနင်းပြုသည်။ အနိုင်အထက်ပြုသည်။

အနိုင်နိုင်၊ကြိဝိ–ခက်ခက်ခဲခဲကြိုးပမ်း၍။

အနိုင်အထက်၊ကြိဝိ–နိုင်ထက်စီးနင်း။

အနစ်နာခံ၊ကြိ–သူတစ်ပါးအကျိုးအတွက် မိမိအကျိုးကို စွန့်လွှတ်သည်။

အနည်/အနယ်/န–ရေ၊ အရည်တွင်ရှိသော အမှုန်အမွှား စသည်။ **~ကျကျောက်**/အနယ်ဂျကျောက်/န–

မာတိကာသို့ ▶▶▶

စေစီးကြောင်း တိုက်စားပို့ဆောင်မှုကြောင့် အနည် အမှုန်များ အထပ်ထပ် အလွှာလွှာ ဖြစ်ပေါ်လာပြီး အပေါ်ယံအလွှာ၏ ဖိအားကြောင့် ကျစ်လျစ် မာကျောလာသော ကျောက်။ **~ထိုင်**/အနယ်ထိုင်/ ကြိ-၁။အနည်များ ရေ၊ အရည် အောက်ခြေသို့ ရောက်သည်။ ၂။[ဥပစာ]နေသားကျသည်။

အနည်းငယ် /အနီး(နဲ)ငယ်/ **အနည်းအကျဉ်း**/အနဲအကျင်း/ န-နည်းသော အရေအတွက် ပမာဏ။

အနုတ်၊ န-[သင်္ချာ] ကိန်းတစ်ခုမှ ကိန်းတစ်ခုကို နုတ်ယူခြင်း။ **~လက္ခဏာ**။န-၁၊[သင်္ချာ] အနုတ်ပြ '-' အမှတ်အသား။ ၂။[ဥပစာ] ဆုံးရှုံးခြင်း။

အနုပ်။န-ငွေအကြွေ။ **~စုတ်ကုပ်စုတ်** /အနုတ်စုတ် ဂုတ်စုတ်/န-ဆင်းရဲနွမ်းပါးသူ။ **~အဖွဲ**။န-သေးဖွဲသော အရာ။ သိမ်ဖျင်းသော အရာ။

အနိမ့်သဘင်/အနိန့်သဗင်/န-[ရှေး] ဇာတ်သဘင်။ (အမြင့်သဘင်လည်းရှု)

အနွေးထည်/အနွေးဒယ်/န-အအေးဒဏ်ကို ကာကွယ်နိုင်ရန် ထုသော ပိတ်စ၊ သိုးမွေး စသည်ဖြင့် ချုပ်လုပ်ထားသော အဝတ်။

အနှံ့အတာခံ၊ ကြိ - သူတစ်ပါးအတွက် အပင်ပန်းအဆင်းရဲ ခံသည်။

အနှံ့အနာခံ။ကြိ-**အနှံ့အတာခံ** ရှု။

အနွယ်။န-၁။ကပ်တွယ်ရစ်ပတ်သော အပင်။ ၂။မျိုးရိုးအစဉ်အဆက်။

အနီ ။နစ-ဤ။

အနီး ။န-နို့စို့အရွယ် ကလေးငယ်၏ ကိုယ်ကို ထွေးပတ်ရာ၌ သုံးသော အဝတ်ပိုင်း။

အနေးယာဉ်၊ န-စက်တပ်ယာဉ် မဟုတ်သော မြင်းလှည်း၊ ဆိုက်ကား စသည့် ပို့ဆောင်ရေးယာဉ်။

အနံ။န-ဂျုံ၊ ပြောင်း၊ စပါးပင်တို့၏ သီးတံအခိုင်။

အနှံ့အပြား။ကြိဝိ-နေရာများစွာ။

အနှောင်အဖွဲ့၊ န- ၁၊ အချုပ်အနှောင်။ ၂။[ဥပစာ] သားမယား စသော သံယောဇဉ်။

အနှောင့်။န-၁။ဓား၊ ပုဆိန်စသည်တွင် အသွား၏ ဆန့်ကျင်ဘက် ကျောရိုး။ ၂။စာအုပ်တွင် စုစည်းချုပ်လုပ်ထားရာဘက်။ **~မလွတ်အသွားမလွတ်**၊ ကြိ-အစွန်းမလွတ် ဖြစ်သည်။

အနှစ်။န-၁။ပင်စည်အတွင်းရှိ မာကျောသည့် အသား။ ၂။ကြက်ဥ၊ ဘဲဥ စသည်၏ အကာရည် အတွင်း၌ တည်သော အရာ။ ၃။သေးငယ်သော အဖတ်များနှင့် ရောနေသည့် အရည်ပျစ်။ **~ချုပ်**။န-လိုရင်းအချက်တို့ကို စုစည်း ဖော်ပြချက်။ **~နှစ်အလလ** /အနှစ်နှစ် အလာလာ/ကြိဝိ-နှစ်ရှည်လများ။ **~သာရ**၊ န-လေးနက်မှု၊ တန်ဖိုးရှိမှု၊ ကောင်းမွန်မှု စသည်။ [မြန်၊အနှစ်+ပါ၊သာရ]

အနှိပ်သည်/အနှိတ်သယ်/န-ကိုယ်လက်နှိပ်နင်းပေးခြင်းဖြင့် အသက်မွေးသူ။

အနှမ်း။န-ပြောက်ကျားသော အရောင်အသွေး။

အပ၊ န- ၁၊ အခြားတစ်ပါး။ ၂၊ အပြင်ဘက်နေရာ။ ၃။အစိမ်းသရဲတစ္ဆေစသည်။ **~ထား**/အပ့ါထား/ ကြိ-ချန်လှပ်ထားသည်။ ဘေးဖယ်ထားသည်။ **~မှီ** /အပ့ါမှီ/ကြိ-အစိမ်းသရဲတစ္ဆေ စသည် ပူးဝင်ခြံကပ်သည်။ **~ယိက**/အပ့ါယိကာ့/နဝိ-အပေါ်ယံမျှသာဖြစ်သော၊ ရေးကြီးခွင့်ကျယ် မဟုတ်သော။

အပလိန်း။န-ပရိယာယ် မာယာဖြင့် လှည့်ပတ်ပြောဆိုပြုမူမှု။

အပါး၊ န- အနီး။ အနား။ **~တော်မြဲ**/အပါးဒေါ်မြဲ/ န- [ခေတ်ကုန်] ဌာနအကြီးအကဲ၏ ကိုယ်ရေးအရာရှိ။

အပါးနပ်၊ ကြိ- ကိုယ်ကျိုးအတွက် သူတစ်ပါးကို လှည့်ဖြားသည်။

အပူ၊ န- ၁၊ ပူသောအရှိန်၊ အငွေ့၊ အပူဓာတ်။ ၂။ကြောင့်ကြပူပန်ခြင်း။ ပူဆွေးခြင်း။ **~ကန်**။ကြိ-ကိုယ်တွင်းရှိ အပူအခိုးများ ပြင်ပသို့ ထွက်သဖြင့် လည်ချောင်းနာခြင်း၊ အဖုထွက်ခြင်း စသည် ဖြစ်သည်။ **~ကပ်**။ကြိ-ကိစ္စ တစ်စုံတစ်ရာအတွက် နားပူနားဆာ လုပ်သည်။ **~ငုပ်**။ကြိ-ကိုယ်တွင်းရှိ အပူအခိုးများ ပြင်ပသို့ မထွက်ဘဲနေသဖြင့် ဖျားနာသည်။ **~တပြင်း**/အပူဒဖျင်း/ကြိဝိ-အရေးတကြီး။ **~တိုက်**။ကြိ-၁။အပူရှိန် ရစေသည်။ ၂။ပူဆာသည်။ မရမနေ နှိုးဆော် တိုက်တွန်းသည်။ ၃။တစ်ဖက်သား စိတ်ပူပန် ဆင်းရဲမှုဖြစ်အောင် တဖွဖွပြောဆိုသည်။ /အပူဒိုက်/န- ဇာတ်သဘင်တွင် မင်းသားမင်းသမီးတို့ ပရိသတ်လွမ်းဆွေးအောင် သရုပ်ဆောင်ခန်း။ **~ထုတ်**။ကြိ-နင်းနှိပ်၍ ကိုယ်တွင်းရှိ အပူအခိုးများ ထွက်အောင် ပြုသည်။ **~ပိုင်းစုန်**/အပူပိုင်းဇုန်/ န-[ပထဝီ] အီကွေတာ၏ တောင်ဘက်နှင့် မြောက်ဘက် ၂၃ ၁/၂ ဒီဂရီစီ အကွာအဝေး အတွင်းရှိ ပူပြင်းသော ဒေသ။ **~မြန်**၊ ကြိ-၁။ကိုယ်တွင်းမှ အပူကန်ထွက်သည်။ ၂။ ပူနေသော မြေပေါ်သို့ မိုးအနည်းငယ် ရွာချသဖြင့် အပူငွေ့ ထွက်သည်။ **~မိ**၊ ကြိ-၁။အပူဒဏ် ပြင်းစွာခံရသည်။ ၂။ပူပင်သောက ဖြစ်ရသည်။ **~ရှာ**။ကြိ-ကိုယ်စိတ် ဝင်ပန်းဆင်းရဲမှုကို ရှာကြံသည်။ **~လောင်**၊ ကြိ-ပြင်းထန်သော အပူငွေ့ထိတွေ့၍ အသားအရေ လောင်သည်။ **~လျှပ်**/အပူယှတ်/ကြိ-အပူရှိန် ထိဟပ်သည်။

အပေးအယူ။န-အပြုအမူ၊ သဘောထား မျှကစွာ အပြန်အလှန် ထားရှိမှု။

http://www.lknt11.com ...

အပေါ့၊နု–ကျင်ငယ်။ ဆီး။ သေး။

အပေါ်၊နု–တစ်စုံတစ်ရာ၏ အထက်။ **~စီး**/အပေါ်ဒီး/ န–အထက်စီးနှင့်အကူတူ။ **~ယံ**၊နု–၁၊ပြင်ပ မျက်နှာပြင် နေရာ။ ၂၊ အပြင်ပန်း။ ၃၊လေးလေးနက်နက် မဟုတ် သာမန်။ **~ယံကြော**/အပေါ်ယံကျော/ နု–အပေါ်ယံ တစ်လွှာက်။ **~ရုံ**၊နု–ဧကသီ သင်္ကန်း။ **~အင်္ကျီ**/အပေါ်အင်းကျီ/နု–တိုက်ပုံအင်္ကျီ။

အပိုး၊န–ဆောင်ယူထားသော အမှုအရာ အသွင်အပြင်။ **~ကျိုး**၊ကြိ–အပြုအမူအပြောအဆို ကျိုးနွံ သေဝင်သည်။ **~သေ**၊ကြိ–အပိုးကျိုးသည်။ **~သတ်**၊ကြိ–အမူအရာ သေဝပ်အောင် ပြုသည်။

အပေါက်၊နု–၁၊ပေါက်နေသော နေရာ။ ၂၊ဝင်ထွက်နိုင်သော နေရာ။ ၃၊[ဗန်း] မလိုလားဖွယ် ဖြစ်သော ပြုမူပြောဆိုပုံ။ **~ဆိုး**၊ကြိ–အပြောအဆို ရုန့်ရင်းကြမ်းတမ်းသည်။ **~တည့်**/အပေါက်တဲ့/ကြိ–လုပ်ကိုင် ဆောင်ရွက်ရာ၌ အဆင်ပြေသည်။ **~အစများ**/အပေါက်အစာများ/ကြိ–မှုခင်း ပြဿနာပွားများစေသည်။ **~အလမ်းတည့်**/အပေါက်အလန်းတဲ့/ကြိ–ပြောဆိုလုပ်ကိုင်ရာ၌ အဆင်ပြေသည်။

အပင်၊နု–၁၊မျိုးစေ့မှ ပေါက်ပွားသော ပင်စည် အခက်အလက် စသည်ရှိသော အရာ။ သီးပင် ပွင့်ပင်။ ၂၊ရှည်မျှင်၊ တိုင် စသည် ရှည်လျားသော အရာ။ ကြိဝိ–[ပေါ] အမြဲ။ **~ပေါက်** /အပင်ဖောက်/ နု–ပေါက်ထွက်စ အပင်။

အပင့်၊နု–ယပင့်နှင့်အတူတူ။

အပင်း၊နု–ပယောဂအတတ်ဖြင့် လူ၏ခန္ဓာကိုယ်တွင်းသို့ သွတ်သွင်းသော အစာ။ **~ဆို**၊ **~ယှို**/အပင်းယှို/ ကြိ–[ရိုင်း] စားသောက်သည်။

အပေါင်၊နု–၁၊ခန္ဓာကိုယ်၏ ပေါင်အစိတ်အပိုင်း။ ၂၊ခြေထောက်သဖွယ် ထောက်ကန်ထားသော အစိတ်အပိုင်း။ ၃၊ပတ်လည်မှ ထိန်းကွပ်ထားသော အရာ။ "တံခါး~။" ၄၊ငွေချေးယူရန် ခေတ္တပေးအပ်ထားရသော အာမခံပစ္စည်း။ **~ခံ**၊ကြိ–အာမခံပစ္စည်းယူ၍ ငွေထုတ်ချေးသည်။ **~ဆိုင်**/အပေါင်ဆိုင်/နု–အပေါင်ပစ္စည်းထား၍ ငွေချေးယူရာဌာန။

အပေါင်း၊နု–၁၊[သင်္ချာ] ကိန်းများကို ပေါင်းစုရေတွက်ခြင်း။ ၂၊ အစုအအုပ်။ **~ပါ** /အပေါင်းဗာ/ န–အဘော်အဖွဲ့ ပါဝင်သူ။ **~အသင်းဆုံ**၊ကြိ–လူအများနှင့် ဆက်ဆံရာတွင် ပြေပြစ်သည်။ လူပေါင်းဆုံသည်။ အပေါင်းဆုံသည်။

အပိုင်၊ကြိဝိ–၁၊အပြီးအပိုင် (ပေးသည်၊ ယူသည်)။ ၂၊သေသေချာချာ ပိုင်ပိုင်နိုင်နိုင်။ န–စီမံခန့်ခွဲပိုင်ခွင့်ရှိသော နယ်မြေအပိုင်းအခြား။ **~စား**/အပိုင်ဇား/ နု–မြို့ရွာ ဂါသည့်၏ အခွန်အတုတ်ကို ကောက်ခံ သုံးစွဲပိုင်ခွင့်။ **~စီး**၊ ကြိ–ပိုင်ဆိုင်ခွင့်ကို မတရား ရယူသည်။ အမွေ သိမ်းပိုက်သည်။

အပိုင်းကိန်း/ အပိုင်းဂိန်း/ **အပိုင်းဂဏန်း**၊နု–[သင်္ချာ] အပြည့်ကိန်းမဟုတ်သော ဂဏန်း။

အပတ်တကုတ်/အပတ်ဒဂုတ်/ကြိဝိ–ကြိုးကြိုးပမ်းပမ်း။

အပိုဒ်/အပိုက်/နု–၁၊လင်္ကာတွင် လေးလုံး ငါးလုံး စသည် စကားလုံးအစု။ ၂၊ ဝါကျအစု။

အပန်းကြီး၊ကြိ–ခက်ခဲပင်ပန်းသည်။

အပန်းတကြီး/အပန်းဒကြီး/ကြိဝိ–ပင်ပန်းကြီးစွာ။

အပပ်၊နု–တစ်စုံတစ်ရာတွင် တွယ်ကပ်နေသော အချပ်အလွှာ။

အပုပ်ခံ၊ကြိ–သားငါးစသည်ကို ပုပ်လာသည်အထိ ထားသည်။

အပုပ်ချ၊ကြိ–၁၊ဝမ်းတွင်းရှိ အမှုအပုပ်တို့ကို ဆေးဝါးစားခြင်းဖြင့် ကင်းစင်စေသည်။ ၂၊သူတစ်ပါးကို သိက္ခာချသည်။

အပုပ်ချိန်၊နု–ညနေချိန်။ ညဘက်အချိန်။

အပိမ့်၊နု–အရေပြားပေါ်တွင် ပြန့်ထွက်သော အဖုငယ်များ။

အပယ်ခံ/အပယ်ဂန်/နု–ဖဲကြဉ်ခြင်း ခံရသူ။

အပျော့ဆွဲ /အပျော့ဇွဲ/ နု– မိမိလိုလားချက်ရအောင် တွယ်ကပ်၍ ချွဲချွဲနွဲ့နွဲ့ ပြောဆိုပြုမူတတ်သူ။

အပျော်ကြံ၊ကြိ–ယောကျ်ားက မိန်းမကို အတည်တကျ ယူရန် မဟုတ်ဘဲ ပျော်ပါးရုံအတွက် ကြံစည်သည်။

အပျော်တမ်း /အပျော်ဒန်း/ နု– အခကြေးငွေနှင့် မဟုတ်ဘဲ ဝါသနာအလျောက် ဆောင်ရွက်ခြင်း။

အပျံ့သင်စ/အပျန်သင်ဇာ/နု–[ဥပတ] အပျိုဖော်ဝင်စ မိန်းကလေးအရွယ်။

အပျို၊နု–လက်မထပ်သေးသော အရွယ်ရောက်သူ မိန်းကလေး။ **~ကြီး**/အပျိုဂျီး/နု–အိမ်ထောင်ပြုလောက်ရှိသော အရွယ်ကို လွန်သည်အထိ အိမ်ထောင် မပြုသေးသော မိန်းမ။ **~တော်**/အပျိုဒေါ်/နု–၁၊မင်း မိဖုရားတို့၏ အမျိုးသမီး ရံရွေတော်။ ၂၊ဇာတ်ရုပ်သေးများတွင် ပွဲဦးထွက် ကပြရသော မိန်းမ။ **~ပေါက်**/အပျိုဖောက်/နု–အပျိုဖော်ဝင်စ မိန်းမငယ်။ **~ဖော်ဝင်** /အပျိုဖော်ဝင်/ ကြိ– အပျိုအရွယ်သို့ ရောက်သည်။ **~ဖြန်း**/အပျိုဖျန်း/နု–အပျိုရည် အပျိုသွေး တောက်ထွန်းလာသော အရွယ်။ အပျိုပေါက်။ သွေးစုန်း။ **~ရံ**၊ နု–လက်ထပ်ပွဲတွင် သတို့သမီး၏ အခြံအရံ ဖြစ်သော အမျိုးသမီး။ **~ရည်** /အပျိုယေ/ နု– အပျိုစင် အရည်အသွေး။ **~လုပ်**၊ ကြိ– အပျိုသဖွယ် ဖြီးလိမ်း ဝတ်စားဆင်ယင်သည်။ **~ဟိုင်း**၊န–အိမ် ထောင်ပြုသင့်သည့် အရွယ်ကို လွန်လာသော အပျို။

မာတိကာသို့ ▶▶▶

http://www.lknt11.com

အပျောက်၊နု – အိမ်ခန်း၊ ဆိုင်ခန်းအတွက် လစဉ်ငှားရမ်းခအပြင် အပြီးအပိုင် ပေးရသောငွေ။ ဆလာမီ။ ~ရိုက်၊ ကြိ–[ဖန်း] ခိုးယူသည်။

အပျဉ်၊နု – တစ်ပြင်တည်းပြန့်သော အရာ။

အပြာ၊နု– ပြာသောအရောင်။ နဝိ– ညစ်ညမ်းသော (ရုပ်ရှင်၊ စာအုပ်စသည်)။ [လိပ်ပြန်၊ blue]

အပြားခတ်၊ကြိ–ရွှေငွေ စသည်တို့ကို အချပ်အလွှာဖြစ်အောင် ပြုသည်။

အပြီးသတ်/အပီးသတ်/ကြိ–ပြီးဆုံးစေသည်။ အဆုံးသတ်သည်။

အပြီးအငြိမ်း/အပီး(မျိုး)အညိမ်း/ကြိဝိ–အပြီးအစီး။

အပြီးအစီး/အပီးအစီး/ကြိဝိ–တစ်စုံတစ်ရာ နောက်ထပ်ဆောင်ရွက်ဖွယ် မရှိ။ အပြီး။

အပြီးအပိုင်/အပီး(မျိုး)အပိုင်/ကြိဝိ– ၁၊လုံးဝ ပိုင်ဆိုင်အောင်။ ၂၊ပြီးပြတ်အောင်။

အပြုသဘော /အပြုသုဘော/ နု– ကောင်းစေလိုသော သဘော။

အပြေးအလွှား၊ကြိဝိ–အလျင်စလို အရေးတကြီး။

အပြောကျယ်၊ကြိ–အလွန်ကျယ်ပြန့်သည်။

အပြောကြီး၊ကြိ–ဖြစ်နိုင်သည်ထက် ပိုလွန်၍ ပြောသည်။ ကြီးကြီးကျယ်ကျယ်ပြောသည်။

အပြောသမား /အပြောသုမား/ နု– နှုတ်ပြောသာရှိ၍ လက်တွေ့ဆောင်ရွက်ခြင်း မရှိသူ။

အပြက်အပြက်၊ ကြိဝိ– အပြောင်အပြက်၊ အရွှတ်အနောက် ပြုရင်း။

အပြောက်၊နု–သေးငယ်သောအစက်။

အပြောက်အငြိမ်း၊နု–ဗိသုကာဆိုင်ရာ အမွှမ်းအမံလက်ရာ။

အပြောက်အမွှမ်း/အပြောက်အမွှန်း/နု–ခြယ်ပန်းခြယ်နွယ်လက်ရာပုံစံ။

အပြင်၊နု–အတွင်းမှအပ ဖြစ်သောနေရာ။ သမ်–၁၊ ပေါင်းစည်းခြင်း သဘောကိုပြသော စကားလုံး။ "ငင်း~။" ၂၊အခြားတစ်ပါးအားဖြင့်။ မှတစ်ပါး။ **~တာရာ**၊နု– နက္ခတ် ၂၇လုံး သွားရာ လမ်းကြောင်းအပြင်ဘက်၌ သွားသော တာရာများ။ **~ပန်း** /အပျင်ပန်း/နု–ပြင်ပပုံပန်းသဏ္ဌာန်။ **~ဘဝေါ**၊နု– နေရာ ငါးသွယ်အနက် ပဋ္ဌမနေရာ။ **~လူ**၊ နု– လုပ်ငန်းနှင့် မပတ်သက်သူ။ **~လူနာ**၊ နု–ဆေးရုံ မတက်ဘဲ ပြင်ပမှ ဆေးကုသခံသော လူနာ။ **~အောင်ခြင်း** /အပျင်အောင်ကျင်း/နု–အပြင်ရန်သူတို့ကို မြတ်စွာဘုရား အောင်နိုင်တော်မူခြင်း။ (မာရ်နတ်၊ အာဠာဝကဘီလူး၊ နာဠာဂီရိဆင်၊ အင်္ဂုလိမာလ၊ စိဉ္စမာဏ၊ သစ္စကပရိဗိုဇ်၊ နန္ဒောပနန္ဒနဂါး၊ ဗကဗြဟ္မာတည်း ဟူသော ရန်သူရှစ်ပါးကို အောင်နိုင်ခြင်း။)(အတွင်းအောင်ခြင်းလည်း ရှု)

အပြောင်မယား၊နု–[ရေး]အမြောင်မယား။

အပြောင်အပြက်၊နု–ပျော်ရွှင်လိုစိတ်ဖြင့် နောက်ပြောင်မှု။

အပြိုင်းအရိုင်း၊ကြိဝိ–အစီအရီယှဉ်လျက်။

အပြစ်၊နု–၁၊ချွတ်ယွင်းချက်။ အမှား။ စည်းကမ်းဥပဒေ ဖောက်ဖျက် ကျူးလွန်ခြင်း။ ၂၊ပြစ်ဒဏ်။ ၃၊ကျောက်မျက်၌ရှိသော အနာအဆာ။ **~တင်**၊ကြိ–သူတစ်ပါးကို အပြစ်မကင်းကြောင်း၊ မှားကြောင်း ပြောဆိုသည်။ **~ပုံ**၊ကြိ–အပြစ်ဟူသမျှကို သူတစ်ပါး အပေါ် ပုံချသည်။ **~ရှာ**၊ ကြိ–၁၊ချို့ယွင်းချက်ကို တွေ့အောင် ရှာဖွေသည်။ ၂၊တစ်ဖက်သား၏ အပြစ်ကို ကြံဖန်ထုတ်ဖော်သည်။ **~အဆာ**၊နု– မကောင်းသော မသင့်သော အချက်အလက်။ အခြင်းအရာ။ အစွန်းအထင်း။ အနာအဆာ။ **~အနာ**၊ နု–မကောင်းသော မသင့်သော အချက်။ ချို့ယွင်းချက်။ အနာအဆာ။

အပြည့်ကိန်း/အပြေ့ကိန်း/နု–[သင်္ချာ]ကိန်းပြည့်။

အပြတ်ရှင်း၊ကြိ–အကြွင်းအကျန်မရှိ ကုန်စင်စေသည်။

အပြတ်အသတ်၊ကြိဝိ–မယှဉ်သာအောင်။

အပြန်၊နု–အဆပေါင်း။ အကြိမ်အတာ ပမာဏ။ **~တစ်ရာ** /အပျန်တယာ/ နု–၁၊ အဆတစ်ရာ။ ၂၊အဆများစွာ။ **~အလှန်**၊ ကြိဝိ–၁၊အစမှ အဆုံး၊ အဆုံးမှ အစသို့ ခေါက်တုံ့ခေါက်ပြန်။ ၂၊တစ်ဖက်နှင့် တစ်ဖက် အတုံ့အလှည့်အားဖြင့်။

အပွကြီး၊ကြိ–လွယ်လွယ်နှင့် အကျိုးအမြတ် များများ ရရန် ကြိုးပမ်းသည်။

အပွေး၊နု–ရင့်သောအခွံအခေါက်၏ အပေါ်ယံလွှာ။

အပွင့်၊နု–၁၊ငုံရာမှ အာလာသောပန်း။ ၂၊ပန်းအပွင့်နှင့် တူသောအရာ။ ၃၊သေးငယ်သော အတုံးအခဲ သဏ္ဌာန် ရှိသောအရာ။ "ဆား~။ သကြား~။"

အဖ၊နု–အဖေ။ ဖခင်။

အဖီ၊နု–၁၊အဆောက်အအုံ၏ နောက်ဘက် ဘေးဘက်တွင် မှီဆွယ်၍ ဆောက်ထားသော အဆောင်ငယ်။ ၂၊ဘေးသို့ ထွက်နေသောအကက်။ ၃၊ကြက်ငှက် စသည်၏ တောင်ပံအောက်ရှိ အသား။

အဖီး၊နု–ငှက်ပျောခိုင်ရှိ အသီးတွဲ။

အဖု၊နု–ရှူထွက်မို့ဖောင်းနေသော အရာ။

အဖူး၊နု–အပွင့်၊ အသီးဖြစ်လာမည့် အဖုလုံး။

အဖေ၊နု–ဖခင်။

အဖေး၊နု–အပေါ်ယံ၌ ဖြစ်သောအလွှာ။

အဖော်၊နု–အတူတကွ ရှိနေသူ။ မိတ်ဆွေ အပေါင်း အဖော်။ အဖော်အဖက်။ အဖော်အလော်။

အဖို၊ နု– ၁၊အထီး။ ၂၊အသီးမသီးသော အပင်။ ၃၊ဆန့်ကျင်ဘက် နှစ်ခု တစ်စုံရှိသော အရာမျိုး၌

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

အမဘက် မဟုတ်သောအရာ။

အဖို့၊နု–ဝေစု။ ဝိ–တစ်စုံတစ်ရာကို ရည်ရွယ်ကြောင်း ပြသော စကားလုံး။ **~ဘာဂ**၊နု–ဝေစု။ [မြန်၊အဖို့+ ပါ၊ဘာဂ]

အဖိုး¹၊နု–တန်ဖိုး။ **~နည်းဝန်ပါ** /အဖိုးနဲ့ဝန်ဗာ/ နု–တန်ဖိုးနည်းပြီး အသုံးဝင်သောအရာ။ **~အခ**၊နု–လုပ်အားအတွက် ပေးရသော ငွေ။

အဖိုး²၊နု–အဘိုး ရှု။

အဖက်တန်၊ကြိ–တန်းတူရည်တူဖြစ်သည်။

အဖက်လုပ်၊ကြိ–တန်းတူရည်တူအဖြစ် ဆက်ဆံသည်။

အဖောက်၊နု–၁၊ရက်ကန်းစင်တွင် အတိုင်ချည်ကို ကန့်လန့်ဖြတ် သွင်းသောချည်။ ၂၊အတိုင်အဖောက် ဆိုရာတွင် တိုင်သံကို လိုက်ဆိုသော အသံ။

အဖတ်၊နု–၁၊တစ်စုံတစ်ရာကို အရည်ညှစ်ပြီး ကျန်ရစ်သောအရာ။ ၂၊အရည်တွင် ရောနှော ပါဝင်နေသော အတုံးအခဲ။ **~ဆယ်**၊ကြိ–[ဥပစာ] ဆိုးရွားသော အခြေအနေမှ ကောင်းလာအောင် ပြန်လည်ကြိုးစားသည်။ **~တင်**၊ကြိ–တင်ကျန်ရစ်သည်။ အသားတင် ကျန်ရစ်သည်။

အဖိတ်နေ့၊နု–ဥပုသ်နေ့ မတိုင်မီတစ်နေ့။ (မြို့ဖိတ်နေ့၊ တောဖိတ်နေ့လည်း ရှု)

အဖန်၊နု–အကြိမ်။ **~တလဲလဲ**၊ ကြိဝိ–အကြိမ်ကြိမ် အခါခါ။ အကြိမ်များစွာ။

အဖျား၊နု–အရင်းပိုင်း၏ ဆန့်ကျင်ဘက် အစွန်းပိုင်း။ ထိပ်။ **~ခတ်**၊ကြိ–အစွန်းအဖျားဖြင့် အနည်းအကျဉ်း ထိခိုက်သည်။ **~ဆွတ်**၊ကြိဝိ–၁၊အမည်၏ နောက်ဆုံး စကားလုံးကိုသာ သုံးလျက်။ ၂၊အပေါ်ယံမျှ။ **~ရှူး**၊ ကြိ–[ဥပစာ] ရှေ့ပိုင်း၌ လေးနက်သည့်ဟန် ရှိသော်လည်း နောက်ပိုင်းတွင် ပေါ့ပြက်သွားသည်။

အဖျားသွေး/အဖျားသွေး/နု–အဖျားရောဂါ၏ အပူရှိန်။

အဖျော်ယမကာ၊နု–သောက်ဖွယ်ဖော်စပ်ထားသော အရည်။

အဖျက်သဘော/အဖျက်သဘော/နု–ပျက်စီးစေလိုသော သဘော။

အဖျင်းဆုံး/အဖျင်းဇုန်း/နု–အနည်းဆုံး။ ယုတ်စွအဆုံး။

အဖျဉ်း၊နု–သရက်ရွက်။

အဖြူထည်/အဖျူဒယ်/နု–၁၊မွှမ်းမံခြယ်လှယ်မှု မပါသော အကြမ်းထည်။ ၂၊အခြားအရာနှင့် ရောနှောခြင်း မရှိသော ထမင်း၊ ကောက်ညှင်း စသည်။

အဖြေ၊နု–[သင်္ချာ]တွက်ချက်၍ရသော ကိန်းဂဏန်း။ ရလဒ်။

အဖြစ်၊နု–၁၊ဖြစ်ပျက်ပုံအကြောင်းခြင်းရာ။ ၂၊သတ္တဝါ၏ ရှိရာ ဘဝ။ "လူ ~ကို ရခဲ၏။" ၃၊ဖြစ်မြောက်အောင် ပြုလုပ်နိုင်သော စွမ်းရည်။ "ချမ်းသာရှင်သော်လည်း ~မရှိ။" **~ဆိုး**၊ကြိ–မရှုမလှဖြစ်သည်။ ကြေကွဲဖွယ်ဖြစ်သည်။ **~အပျက်**၊နု–ဖြစ်ပျက်သည့် အကြောင်းခြင်းရာ။

အဖြည့်ခံရုတ္/အဖျေ့ဂန်ယဒ်/နု–တတိယပိုဒ်ကို ဖြည့်စွက် ရေးစပ်နိုင်ရန် ရည်ရွယ်၍ နှစ်ပိုဒ်တည်းသာ ရေးစပ်ထားနှင့်သော ရတု။

အဖြုန်း၊နု–အမှုန့်ထောင်းရာတွင် မကြေညက်ဘဲကျန်ရှိသော အခဲငယ်များ။ အသေးအဖွဲ၊ အစအနများ။

အဖွေးသား/အဖွေးသား/ကြိဝိ–ဖြူဖြူ ဖွေးဖွေး ထင်ထင်ရှားရှား။

အဖွဲ့ကျ၊ကြိ–ဆက်ဆံမှု အဆင်ပြေသည်။

အဘီ၊နု–မိမိအထက် ဆွေစုနစ်ဆက်တွင် စတုတ္ထ ဆွေမျိုးဆက်။ အဘေး၏ အဖေ။

အဘေး၊နု–အဘိုး၏ အဖေ။ အဘွား၏ အဖေ။

အဘဲ၊ နု– မိမိအထက် ဆွေစုနစ်ဆက်တွင် ဆဋ္ဌမ ဆွေမျိုးဆက်။ အဘင်၏အဖေ။

အဘော၊နု–မိမိအထက် ဆွေစုနစ်ဆက်တွင် သတ္တမ ဆွေမျိုးဆက်။ အဘဲ၏ အဖေ။

အဘိုး/အဖိုး/နု–မိခင်၏ အဖေ။ ဖခင်၏ အဖေ။

အဘက်ဘက်/အဖက်ဖက်/နု–ဘက်စုံ၊

အဘင်၊နု–မိမိအထက် ဆွေစုနစ်ဆက်တွင် ပဉ္စမ ဆွေမျိုးဆက်။ အဘီ၏အဖေ။

အဘယ်¹၊နုဝ–မေးမြန်းရာ၌ သုံးသော အမေးစကား။

အဘွား/အဖွား/နု–မိခင်၏ အမေ။ ဖခင်၏ အမေ။

အမ¹၊ နု– ၁၊သန္ဓေဆောင်နိုင်စွမ်းသော သတ္တဝါ၊ ၂၊အသီးသီးနိုင်သော အပင်။ ၃၊ဆန့်ကျင်ဘက်နှစ်ခု တစ်စုံရှိသော အရာမျိုး၌ အဖိုဘက်မဟုတ်သော အရာ။

အမ²၊နု–အစ်မ ရှု။

အမတော်ကြေး/အမာ့ဒေါ်ကြေး/နု–လယ်ယာ စသော လုပ်ငန်းတစ်စုံတစ်ရာအတွက် အစိုးရက ကြိုတင် ထုတ်ချေးငွေ။

အမာ၊နု–ဒဏ်ရာ။ အနာ၊ **~ရွတ်**၊ နု–အနာဖြစ်ပြီး အသားအရေပေါ်တွင် ရှုံ့ကင်ကျန်ခဲ့သော အရာ။

အမာခံ/အမာဂန်/နု–ကြံ့ကြံ့ခံနိုင်သော အရာ။

အမိ၊နု–မိခင်။ နဝ–ရှယ်ကို၊ ငယ်သူအမျိုးသမီးကို ရည်ညွှန်းခေါ်သော စကား။

အမိအရ၊ကြိဝိ–မိမိရရ။

အမှုကွန်း/အမှုဂွန်း/နု–[ပေါ] ယော်ကွန်း။

အမှုအကျင့်၊နု–အပြုအမူ အကျင့်အကြံ။

အမှုအရာ၊နု–ပြောဆိုပြုမူပုံ ဟန်ပန်။

အမေ၊နု–မိခင်။

အမေ့ကောက်၊ကြိ–တစ်ဖက်သား မေ့လျော့နေသည့် အခိုက်ကို အခွင့်ကောင်းယူသည်။

မာတိကာသို့ ▶▶▶

အမဲ၊ န- ၁၊ နွားသား စသည့် အသားဟင်းလျာ။ ၂၊ဟင်းလျာအလို့ငှာ လိုက်လံဖမ်းဆီးသတ်ဖြတ်ခြင်း ခံရသော သားကောင်။ ၃၊[ဥပစာ] အနိုင်ကျင့်ခံရသည့် ရိုးသားနုံအသူ။ **~ညှင်း**၊ န-အမြောင်းအမြောင်း လှီးထားသော အမဲခြောက်။ **~ဖမ်း**၊ကြိ-[ဥပစာ] ရိုးသားနုံအသူကို လိမ်လည်လှည့်ဖြားသည်။ **~ဖျက်**၊ကြိ-[ဥပစာ] ရိုးသားနုံအသူကို မတရားသဖြင့် အနိုင်ကျင့်သည်။

အမောစေ့ /အမောစေ့၊အမောစိ/ ကြိ- အမောဒဏ်ခံနိုင်ရည် ရှိသည်။

အမောဆို့၊ ကြိ- လွန်စွာ မောပန်းသဖြင့် အသက်မရှူနိုင်ဖြစ်သည်။

အမောဆိုက်၊ ကြိ- ရောဂါသည်းသဖြင့် လွန်မင်းစွာ မောပန်းသည်။

အမောတကော/ အမောဒဂေါ/ ကြိဝိ- ပင်ပန်းမောဟိုက်စွာ။ အလောတကြီး။

အမောဖောက်၊ ကြိ- ရောဂါသည်းသဖြင့် ရုတ်တရက် မောဟိုက်လာသည်။

အမောလုံ၊ ကြိ-အမောဒဏ်ကို ခံနိုင်ရည်ရှိသည်။ သက်လုံကောင်းသည်။

အမော်၊ န-၁၊ မြင့်မောက်သည့်အငူစွန်း။ ၂၊ ထင်ရှားသာလွန်သူ။ "ပညာရှိ ကဝိ~။"

အမိုး၊ န- အဆောက်အအုံ၏အပေါ်၌ မိုးထားသော အရာ။ ခေါင်မိုး။

အမောက်၊ န- ၁၊ ကြက်၊ ငှက် စသော သတ္တဝါတို့၏ ဦးစွန်း။ ၂၊ ဦးခေါင်းထိပ်တွင် ဖောင်းပွအောင် ပြုပြင်ထားသော ဆံပင်စု။

အမိုက်အမဲ၊ န- မသိမလိမ္မာသေးသောသူ။

အမင်း၊န-လက်ကိုင်ရိုးတွင် သွင်းရသော ဓား၊ လှံ စသည်၏ အစိတ်အပိုင်း။

အမောင်၊နစ-ရွယ်တူ၊ ငယ်သူအမျိုးသားကို ရည်ညွှန်းခေါ်သော စကား။

အမည်/အမျီ/န-သက်ရှိ သက်မဲ့တို့ကို ခေါ်ဝေါ်သော စကား။ နာမည်။ **~အရည်**/အမျီအယီ/န-ဘွဲ့ထူးဂုဏ်ထူး အရည်အချင်း။

အမိန့်၊န-လိုက်နာဆောင်ရွက်ရန် ညွှန်ကြားထုတ်ပြန်ချက်။ **~ကြော်ငြာစာ** /အမိန့်ကျော်ညာစာ/ န-လူအများ လိုက်နာဆောင်ရွက်ရန် အစိုးရ၏ ထုတ်ပြန် ကြေညာချက်။ **~ခံ**၊ကြိ-ဆောင်ရွက်နိုင်ခွင့်ကို အာဏာပိုင်ထံ တောင်းခံသည်။ **~တော်ရ** /အမိန့်ဒေါ်ယ/န တရားရုံးတွင် ဟရားလို၊ တရားခံတို့အတွက် ဆောင်ရွက်ခွင့် ရထားသူ။ ရှေ့နေ။ **~ပြန်**၊ကြိ-သေဒဏ်ပေးသူအမှုထမ်း၊ ကျောင်းသား စသည်ကို သဂြိုဟ်ဒေါင်းတွင် မှုလဘာပနှင့် မယက်ဆိုင်တော့ကြောင်း ထုတ်ပြန်သည်။ **~ပြန်တမ်း** /အမိန့်ပျန်ဒန်း/န-၁၊ဘုရင့်လွှတ်တော်က ထုတ်ပြန်သော အမိန့်။ ၂၊အစိုးရ ထုတ်ပြန်ချက်အမိန့်။ **~ရှိ**၊ကြိ-ကြည်ညိုလေးစားသော ပုဂ္ဂိုလ်က မိန့်ကြားသည်။

အမုံ၊န-အဖူးအငုံ။

အမယ်၊န-၁၊အမျိုးသမီး။ ၂၊အမေ။ မိခင်။ **~လေး**၊ အာ-အံ့သြမှု၊ ထိတ်လန့်မှု၊ နာကျင်မှု စသည်ကြောင့် ရုတ်တရက် ထွက်ပေါ်သော စကား။

အမျှားသူငါ၊န-လူအားလုံး။

အမျိုး၊န-၁၊အမျိုးအစား။ ၂၊သွေးသား တော်စပ်သူ။ ဆွေမျိုး။ ၃၊မျိုးရိုး။ အနွယ်။ ၄၊ လူမျိုး။ **~ကောင်းသား**/အမျိုးဂေါင်းသား/ န-၁၊မျိုးရိုး ကောင်းသူ။ ၂၊နိုင်ငံသားကောင်း ပီသသူ။ **~သမီး** /အမျိုးသုမီး/ န-မိန်းမတို့ကို ယဉ်ကျေးဖွယ်ရာ ခေါ်သော အသုံးအနှုန်း။ **~သား**/အမျိုးသား/န-၁၊နိုင်ငံတစ်ခုတည်းတွင် ဘိုးစဉ်ဆောင်ဆက် အစဉ်တကူ နေထိုင်လာကြသူများ။ ၂၊လူမျိုး။ ၃၊ ယောကျ်ားတို့ကို ယဉ်ကျေးဖွယ်ရာခေါ်သော အသုံးအနှုန်း။ /နဝိ-လူမျိုးတစ်မျိုးလုံးနှင့် ဆိုင်သော။ "~ဝတ်စုံ။" **~သားစိတ်**/-စိတ်/န-တိုင်းပြည်နှင့် လူမျိုး၏ အကျိုးကို ဆောင်ရွက်လိုစိတ်။ **~သားနေ့** /-သားနေ့/န-တိုင်းပြည်နှင့် လူမျိုး၏ ထူးခြားသော ဖြစ်ရပ်ဟစ်ခုကို အခြေခံ၍ သတ်မှတ်သောနေ့။ **~သားသီချင်း**/-သချင်း/န-၁၊အမျိုးသားထု ကစ်ရပ်လုံး၏ ဇာတိသွေးဇာတိမာန် တက်ကြွစေသော သီချင်း။ ၂၊နိုင်ငံတော်သီချင်း။ **~သားအလံ**/-အလန်/န-နိုင်ငံတော်ကို ကိုယ်စားပြုသည့် အလံ။ နိုင်ငံတော်အလံ။ **~သားအောင်ပွဲနေ့** /-အောင်ပွဲနေ့/ န-ယူနီဗာစတီ အက်ဥပဒေကို ကျောင်းသားများက သပိတ်မှောက်သော ၁၂၈၂ခု၊ တန်ဆောင်မုန်းလဆုတ် ၁၀ရက်နေ့ကို အစွဲပြု၍ နှစ်စဉ် ကျင်းပမြဲဖြစ်သောနေ့။ **~အစား**၊န-အသွင်အပြင်၊ အရည်အသွေး စသည် တူရာကို စုစည်းခွဲခြား သတ်မှတ်ချက်။ **~အမည်** /အမျိုးအမျီ/န- အမျိုးအနွယ် အမည်နာမ။

အမျက်၊ န- ၁၊ ပတ္တမြားစသော အဖိုးတန်ရတနာ။ ၂၊သစ်ဝါးတို့၏ အဖုအဆစ်။ ၃၊အပြစ်အနာအဆာ။ ၄၊စိတ်ဆိုးခြင်း။ဒေါသ။ **~အငြှိုး**၊န-[ရှေး] အမျက်ဒေါသ။ ရန်ငြိုး။

အမြီး /အမ်ိး/ န-၁၊တိရစ္ဆာန်၏ ကျောရိုးအဆုံးမှ တစ်ဆက်တည်း ရှည်ထွက်သော အင်္ဂါအစိတ်အပိုင်း။ ၂၊တစ်စုံတစ်ရာ၏ နောက်ပိုင်း။ **~ကုပ်** /အမီးကုတ်/ကြိ-[ဥပစာ] ကြောက်ရွံ့၍ ငြိမ်ခံပ်စွာ

http://www.lknt11.com

နေသည်။ **~စားဖက်ခေါင်းစားဖက်**/အမိးစားဇက်ခေါင်းစားဇက်/န-[ဥပစာ] မှုမမှန်သော နည်းဖြင့်ရသည့် အကျိုးအမြတ်ကို ခွဲဝေခံစားဖက်။ **~ပြန်ခေါင်းပြန်**/အမိးဖျန်ခေါင်းဖျန်/ကြိဝိ-အပြန်အလှန်။ **~အမောက်မတည့်** /အမိးအမောက်မတဲ့/ ကြိ-ရှေ့နောက် မညီမညွတ် ဖြစ်သည်။

အမြဲ၊ကြိဝိ-အစဉ်။ **~မပြတ်**၊ကြိဝိ-အစဉ်မပြတ်။

အမြောက်၊န-အခေါ်ပစ် လက်နက်ကြီး တစ်မျိုး။

အမြင်၊န-ရှုမြင်သုံးသပ်ဆင်ခြင်ချက်။ **~ကတ်**၊ကြိ-မကြည့်ချင် မမြင်ချင်ဖြစ်သည်။

အမြင့်ခုန်/အမျင့်ဂုန်/န-တစ်ဆင့်ပြီးတစ်ဆင့် မြှင့်ပေးသောတန်းကို အလွတ်ခုန်၍ ယှဉ်ပြိုင်ကစားသော အားကစားနည်းတစ်မျိုး။

အမြင့်သဘင် /အမျင့်သဗင်/ န- ရုပ်သေးသဘင်။ (အနိမ့်သဘင်လည်းရှု)

အမြှိုင့်သား/အမျိုင့်သား/ကြိဝိ-ခံ့ညားထည်ဝါစွာ။

အမြစ်၊ န-၁၊တစ်စုံတစ်ရာ၏ အခြေဖြစ်သော၊ ပင်ရင်းဖြစ်သော အပိုင်း။ ၂၊ကြက်ငှက်တို့၏ အစာဟောင်းအိမ်။ ၃၊ [ဗေဒင်] မိမိမွေးနံရှေ့တွင် ကပ်လျက်ဖြစ်သောနံ။ (အညွန့်လည်းရှု) **~ပြတ်**၊ကြိ-ရောဂါဝေဒနာ စသည် လုံးဝကင်းပျောက်သည်။

အမြည်း၊န-လက်ဖက်ရည်ကြမ်း၊ အရက်တို့နှင့် တွဲဖက်စားသုံးရန် စားဖွယ်။

အမြတ်၊န-၁၊အရင်းအနှီးထက် ပိုသာရရှိသော ငွေကြေးစသည်။ ၂၊ဖြစ်ထွန်းလာသော အကျိုးကျေးဇူး။ **~ကြီးစား** /အမျတ်ကျီးဇား/န-အလွန်အပင်းအမြတ်ယူသူ။ **~တော်ကြေး**/အမျတ်တော်ကျေး/န-ဝင်ငွေပေါ်တွင် အစိုးရ သတ်မှတ်ထားသည့်နှုန်းအတိုင်း ပေးဆောင်ရသော အခွန်ငွေ။ **~တင်**၊ကြိ-ရင်းနှီးငွေပေါ်တွင် အမြတ်ကိုထည့်ပေါင်းသည်။ **~ထုတ်**၊ ကြိ- တစ်စုံတစ်ခုသော အဖြစ်အပျက်၊ အခြေအနေ စသည်ကိုမှီ၍ ကိုယ်ကျိုးရှာသည်၊

အမြှိတ် /အမ်တ်/ န- ၁၊ တဘက်၊ စောင် စသည်၏ အစွန်းတွင် မရက်ဘဲချန်ထားသော ချည်မျှင်စု။ ၂၊ ဆံမြိတ် စသည် ကဲ့သို့သော အစွန်းအနား။ **~အစွန်**၊ န- ၁၊ သားသမီးမြေးမြစ်။ ၂၊မောင်းမကိုယ်လုပ်ကောက်ကိုမှ မွေးဖွားသော သားသမီးမြေးမြစ်။

အမွေ၊န-၁၊မိဘ၊ ဘိုးဘွား စသည်ထံမှ ဆက်ခံရရှိသော ပစ္စည်းဥစ္စာ။ ၂၊[ဥပစာ] ဆက်ခံရရှိသော ပညာ၊ ရောဂါ စသည်။ **~ခံ**/အမွေဂန်/န-အမွေကို ဆက်ခံရရှိသူ။ **~စားအမွေခံ**/အမွေဇားအမွေဂန်/န-အမွေကို ဆက်ခံခွင့်ရှိသူ။ **~ဆိုင်**/အမွေဇိုင်/န-အမွေရသင့် ရထိုက်သူ။ **~ပြတ်**/အမွေဗျတ်/န အမွေခံအဖြစ်မှ ရုပ်စဲခြင်း။ **~ပြတ်**/ ကြိ-အမွေခံအဖြစ်မှ ရုပ်စဲလိုက်သည်။ **~အနှစ်**၊န-ရွှေငွေဥစ္စာ စသည့် အမွေ။

အမွေး၊န-၁၊လူ၊ တိရစ္ဆာန်တို့၏ ကိုယ်ပေါ်တွင် ပေါက်သော အမျှင်။ ၂၊ တဘက်၊ သက္ကလတ်စသော အရာပစ္စည်းတို့တွင် ရှိသော အမျှင်။

အမွန်အစ၊န-အဦးအစ။

အမှာစာ/အမှာဇာ/န-၁၊ကုန်ပစ္စည်း စသည်ပို့ပေးရန် မှာကြားသောစာ။ ၂၊ စာအုပ်၏ အဦးအစပိုင်း၌ ယင်းစာအုပ်ပါ အကြောင်းအရာနှင့်ပတ်သက်၍ ရေးသားထားချက်။ အမှာ။

အမှာတော်ရေး/အမှာဒေါ်ယေး/န-ဘုရင်၏ မိန့်မှာချက်ကိုကို ရေးသားသူ။

အမှိတ်ကဲ/အမှိဒဂဲ/န-မှိုရိုရာ။

အမှိုမြှု၊ကြိ-မှိုမှိုသည်။

အမှိုသဟဲ၊န-အမှိ တဲကဲရှု။ [မြန်၊အမှိ+ပါ၊သဟာယ]

အမှု၊န-၁၊တရားရုံးတွင် ဥပဒေအရ ဆောင်ရွက်ဖြေရှင်းရသော ကိစ္စ။ ပြုဖွယ်ကိစ္စ။ **~ဆင်**၊ကြိ-အမှုဖြစ်အောင် လုပ်ကြံပန်တီးသည်။ **~ဆောင်**/ အမှုဇောင်/ န-အဖွဲ့အသင်း၏ လုပ်ငန်းကို တာဝန်ယူဆောင်ရွက်ရန် ရွေးချယ်တင်မြှောက်ခြင်း ခံရသူ။ **~ဆိုင်**၊ကြိ-အမှုသည်တို့ အမှုအခင်းနှင့်ပတ်သက်၍ တရားရုံး၌ ရင်ဆိုင် ဖြေရှင်းသည်။ **~တွဲ** /အမှုဒွဲ/န-၁၊ အမှုအခင်း တစ်ခုခုနှင့် သက်ဆိုင်သော ဖွဲ့ချက်၊ ထွက်ချက်၊ လျှောက်လဲချက် စသည်တို့ကို စုစည်းထားသည့် စာတွဲ။ ၂၊ အစိုးရရုံးကိစ္စ တစ်ခုခုနှင့် သက်ဆိုင်သော ဝင်စာထွက်စာနှင့် ယင်းတို့အတွက် အရေးယူရေးသားထားချက်များကို စုစည်းထားသည့် စာတွဲ၊ **~ထမ်း**၊ကြိ-အမှု အလုပ်တာဝန် ဆောင်ရွက်သည်။ /အမှုဒန်း/ န-အစိုးရဌာန တစ်ခုခုတွင် တာဝန်ထမ်းဆောင်သူ။ **~ထမ်းစာအုပ်/-စာအုတ်**/ န-အမှုထမ်း၏ မွေးသက္ကရာဇ်၊ ရာထူးကိစ္စ၊ ခွင့်ကိစ္စ စသည်တို့ကို မှတ်တမ်းတင်ထားသော စာအုပ်။ **~ပတ်**၊ကြိ-မိမိနှင့် မသက်ဆိုင်သော အမှုကိစ္စဖြစ်ပါလျက် မိမိတွင် တာဝန်မကင်း ဖြစ်လာသည်၊ **~မထား**၊ ကြိ-အလေးဂရု မပြုဘဲနေသည်။ အလေးမထားဘဲ နေသည်။ **~မဲ့အမှတ်မဲ့**၊ ကြိဝိ-အာရုံမစိုက်ဘဲ။ အလေးမပြုဘဲ။ သတိမမူဘဲ။ **~ရောက်**၊ ကြိ-အမှုအခင်း ဖြစ်သည်။ ပြဿနာပေါ်သည်။ **~လိုက်**၊ န-တရားရုံးတွင် ဖြစ်မှုနှင့်ပတ်သက်၍ တရားလိုဘက်မှ လိုက်ပါဆောင်ရွက်သော ပြည်သူ့ ရဲဗတ်ပွဲ့ ဝန်ထမ်း။ ကြိ-ရှေ့နေလိုက်သည်။ **~လုပ်**၊ ကြိ-တရားစွဲဆိုသည်။ **~သည်** /အမှုသယ်/ န-တရားလို၊ တရားခံ၊ တရားပြိုင်တို့ကို ခြုံ၍ခေါ်သော

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

အမည်။ **~သွားအမူလာ**/အမူသွားအမူလာ/န– အမူအခင်း ဖြစ်ပုံကပ်ပုံ အခြင်းအရာ၊ အခြေအနေ။ **~အခင်း**၊န– အမှု။

အမှုးထား၊ကြိ–အကြီးအကဲအဖြစ် သတ်မှတ်သည်။ ရှေ့ဆောင်ရှေ့ရွက်အဖြစ် ထားသည်။

အမှုးပြု၊ကြိ အမှုးထားသည်။ အကြီးအကဲအဖြစ် ဆောင်ရွက်သည်။

အမှော်၊န–စပါး၊ ပဲစသည်နှင့် ရောနေသော အခွံကြေ အစအနများ။

အမှိုက်၊**~သရိုက်**၊န–အသုံးမလို၍ စွန့်လိုက်သော အစအန၊ အညစ်အကြေးများ။

အမှင်၊န–ရှည်သန်သော အမွေး။

အမှောင့်ပယောဂ၊န–ဖုန်း၊ ဟုခေါ်သည့် ပယောဂ အနှောင့်အယှက်။

အမှည့်ကြွေကြွေ/အမဲ့ချွေကျွေ/ကြိ–[ဥပစာ] အသက် ဟမ်း ကုန်ဆုံး၍ သေသည်။

အမှည့်ရွေရွေ/အမဲ့ရွေရွေ/ကြိ–[ဥပစာ] သူတစ်ပါး ဒုက္ခ ရောက်စေရန် တဖြည်းဖြည်း မသိမသာ ပြုမူဆောင်ရွက်သည်။

အမှတ်၊န–၁၊အရေအတွက် တစ်ခုခုကို ကိုယ်စားပြုသော တစ်၊ နှစ် စသည် သင်္ကေတ။ နံပါတ်။ ၂၊စာမေးပွဲ၊ ယှဉ်ပြိုင်မှု ဟစ်မှုအတွက် ရမှတ်။ ၃၊လူ၏ ကိုယ်၌ အမိဝမ်းတွင်းမှ ပါလာသော အကွက်။ ဇာ။ ၄၊သိသာထင်ရှားစေရန် ပြုလုပ်ထားသော အမှတ် အသား။ ၅၊စိတ်၌ မှတ်သားခြင်း။ **~ကြီး**၊ကြိ–နာကြည်းဖွယ် တစ်ခုခုကို မမေ့မပျောက် နိုင်အောင် စွဲမြဲသည်။ **~တမဲ့**၊ကြိဝိ–သတိမမူဘဲ။ ဂရုမပြုဘဲ။ မမျှော်တဆ၊ အမှတ်မထင်။ အမှတ်မဲ့။ **~တရ**၊ ကြိဝိ–စိတ်တွင် မမေ့မပျောက် သတိရ အောင်။ စိတ်တွင် မမေ့မပျောက် သတိရလျက်။ **~ထင်ထင်**/အမှတ်ထင်ဒင်/ကြိဝိ–စိတ်တွင် စွဲစွဲ မြဲမြဲ။ မှတ်မှတ်ရရ။ **~ရ**၊ကြိ–မှတ်မိသည်။ သတိရ သည်။ **~သညာ** /အမှတ်သင်ညာ/ န–အမှတ် အသား။ **~သည်းခြေ** /အမှတ်သဲချေ/န–စိတ်၌စွဲမြဲ အောင် မှတ်သားမှု။ **~အသား**၊န–၁၊သိသာထင်ရှား စေရန် ပြုလုပ်ထားသော သင်္ကေတ၊ လက္ခဏာ စသည်။ ၂၊စိတ်၌ မှတ်သားမှု။

အမှန်တရား၊န–လွဲမှားခြင်း မရှိသော သဘော။

အမှန်းကမ်းလမ်း၊န အကောင်းအဆိုး အမှားအမှန်။

အမှုန့်၊န–သေးဖွဲသော၊ ကြေညက်သော၊ လေတွင် လွင့်သော ဖုန်စသည်။ အမှုန်အမွှား။

အမြွက်၊န–သိသာရုံမျှဖြစ်သော အနည်းငယ်မျှဖြစ် သော စကား။

အမျှ၊န–၁၊တူညီသော အချိုးအဆ၊ ပမာဏ။ ၂၊ကုသိုလ် ကောင်းမှု၏ အစုအဖို့ကို မိမိနှင့် ထပ်တူထပ်မျှ သူတစ်ပါးအား ရစေရန် ပေးဝေရာ၌ သုံးသော စကား။ **~ဝေ**၊ကြိ–ကုသိုလ်ကောင်းမှု၏ အကျိုးကို သူတစ်ပါးအား ထပ်တူကျမျှ ရစေရန် ပေးဝေ သည်။

အမျှော်စိုက်/အမျှော်ဖိုက်/န–မယ်ကမောင့်ကို၊ မောင် ကမယ့်ကို စောင့်ရမ်းတမ်းတသည့် အကြောင်း ရေးဖွဲ့ထားသော ဘာ။

အမျှင်၊န–ဆံပင်၊ ချည်ပင် စသည်ကဲ့သို့ သေးသွယ်သော အရာ။ **~တန်း**၊ကြိ–မပြီးပြတ်ဘဲ ဆက်လက်ဖြစ်နေ သည်။ **~မပြတ်**၊ကြိဝိ–ပြတ်တောက်ရပ်နားခြင်း မရှိ၊ အဆက်မပြတ်။

အမြေး၊န–အသည်းနှလုံး စသည်၏ အပေါ်ယံအလွှာ ပါး။

အမြွာကဲ၊န–[သင်္ချာ] ကိန်းတစ်ခုကို အခြားကိန်း တစ်ခုဖြင့် အဆပွားခြင်း။

အမြှောင်၊န–၁၊ကပ်မြှောင်တည်နေသော အရာ။ ၂၊ တရားဝင် ဓနီးရှိလျက် ဟိုဟိုဒီဒီပုန်း ယူထားသော မိန်းမ။

အမြှောင့်၊န–၁၊သစ်သီး စသည်၏ အစိတ်အမွှာ။ ၂၊အလျားစောင်း။

အမြှောင်း၊န–ရှည်သွယ်သော အမြှောင့်။

အမြှုပ်၊န–ရေ၊ အရည်တို့မှ ဖြစ်ပေါ်သော ပူဖောင်း ငယ်စု။

အမွေးတိုင်/အမွေးဒိုင်/န–မီးရှို့လျှင် အမွေးနံ့ထွက်ရန် နံ့သာမှုန့်များဖြင့် မွှမ်းမံလျက် ပြုလုပ်ထားသော အတံ။

အမွှမ်းတင်/အမွှန်းတင်/ကြိ– ၁၊ ချီးကျူး ဂုဏ်တင် သည်။ ၂၊တင့်တယ်အောင် မွှမ်းမံသည်။

အမွှာ/အမွှာ/န–၁၊ပိန္နဲသီး၊ လိမ္မော်သီး စသည်တို့၏ အစိတ်အမြှောင်း။ ၂၊အမိဝမ်းတွင်းမှ တစ်ကြိမ်တည်း ဆက်တိုက် မွေးဖွားလာသော ကလေးနှစ်ယောက်၊ သုံးယောက် စသည်။

အယကော်/အယာ့ဒေါ်/န–ဘုရင့်သားတော် သမီးတော် ငယ်များကို ယုယုယယ စောင့်ရှောက်သူ။

အယူ၊န–၁၊ထင်မြင်ယူဆမှု။ ၂၊ကိုးကွယ်ယုံကြည်မှု။ **~ခံ**၊ ကြိ–၁၊နှစ်ဦးနှစ်ဖက် သဘောတူသူထံတွင် အဆုံးအဖြတ် ခံယူသည်။ ၂၊[ဥပဒေ] အောက်ရုံး၏ အမိန့်ကို မကျေနပ်၍ အထက်ရုံးသို့ လျှောက်ထား သည်။ **~တိမ်း**၊ကြိ–သာသနာဝင် အယူလွဲမှား သည်။ **~ဝါဒ**၊ န–၁၊သက်ဝင်ယုံကြည်မှု။ ၂၊ ယုံကြည်ကိုးကွယ်သော ဘာသာ။ **~သီး**၊ ကြိ– တစ်ဖက်သတ် အယူဝါဒ အစွဲအလမ်းကြီးသည်။

အယောင်၊န–အသွင်။ သဏ္ဌာန်။ ဟန်။ **~ဆောင်**၊ကြိ–

မာတိကာသို့ ▶▶▶

ပုံဟန်ဆောင်သည်။ တုပဟန်ဆောင်သည်။ ~ပြ၊ ကြိ – ၁၊ အရိပ်ပြသည်။ အရိပ်အယောင်ပြသည်၊ ၂၊ဘာစ်ဓုံတစ်ရာကို ဟန်ပြအဖြစ် ထားသည်၊ ရုပ်ပြအဖြစ် ထားသည်။

အယုတ်တမာ၊န–၁၊အလွန်ယုတ်ညံ့သော အပြုအမူ အပြောအဆို။ ၂၊ယုတ်မာသူ။

အယုတ်သဖြင့်၊ကြိဝိ–အနည်းဆုံး။ ယုတ်စွအဆုံး။

အယုံသွင်း၊ကြိ–ယုံအောင် သိမ်းသွင်းသည်။

အရစ်–လျော်ညီကြောင်းပြသော စကားလုံး။

အရသာ/အယာ့သာ/န–၁၊လျှာဖြင့် ထိတွေ့ခံစားရသော အာရုံ။ ၂၊နှစ်သက်ဖွယ်၊ သာယာဖွယ်။ [မြန်၊အ+ပါ၊ရသ]

အရာ၊န–၁၊ခွဲထင်နေသော လက္ခဏာ၊ အမှတ်အသား၊ အရေးအကြောင်း။ ၂၊အကြောင်းမြင်းရာ။ ၃၊ဝတ္ထု။ ပစ္စည်း။ ဒြပ်။ ၄၊ နေရာ။ အဖြစ်။ ၅၊ရာထူးဌာနန္တရ။ ~ခံ /အယာဂန်/ န– အကြွပ်အထက်၊ ပြန်တမ်းဝင် အရာရှိ အောက်အဆင့်ရှိ စင်သည်။ ~တော်/အယာဒေါ်/န–မင်းပိုင်ပစ္စည်း။ ~ထမ်း /အယာဒန်း/န–အရာရှိ အဆင့်ရှိသော အမှုထမ်း။ ~မထင်၊ကြိ– ဆောင်ရွက်ရာတွင် ထိရောက်ခြင်းမရှိ။ ~ရောက်၊ကြိ–ထိရောက်အောင်မြင်သည်။ ~ရှိ၊ န– ၁၊မြင့်သော အရာအထူးရှိ မင်းမှုထမ်း။ ၂၊ပြန်တမ်းဝင်အဆင့်ရှိ နိုင်ငံပန်ထမ်း။ ~ဝင်၊ ကြိ–ဝင်ဆံ့သည်။ အရေးပါသည်။ ~အထောင်၊ န–အလွန်များပြားသော အရေအတွက်။

အရိအရွဲ၊န–ကျိုချွဲသော အရာ။

အရီး၊န–၁၊ဖခင်၏ အစ်မ သို့မဟုတ် နှမ။ ၂၊ဦးရီး၏ မယား။

အရူးထ၊ကြိ–မိမိဂုဏ်သိက္ခာနှင့် မလျော်သော လုပ်ရိုးလုပ်စဉ် မဟုတ်သော အလုပ်ကို ပြုမှုလုပ်ကိုင်သည်။

အရူးမီးဝိုင်း၊ ကြိဝိ– [ဥပစာ] ဆောက်တည်ရာမရ ဗျာများလျက်။

အရူးလုပ်၊ ကြိ–တစ်ဖက်သား အရူးဖြစ်အောင် အမျိုးမျိုး လိမ်ညာလှည့်ပတ်ပြောဆို ပြုမူသည်။

အရူးအမူး၊ ကြိဝိ– အဆင်ခြင်ကင်းမဲ့စွာ ထိန်းမနိုင်သိမ်းမရ။

အရူးအမိုက်၊န–ဆင်ခြင်တုံတရား ကင်းမဲ့သူ။ အသိအလိမ္မာ မရှိသူ။

အရေ၊ န– လူ၊ တိရစ္ဆာန်တို့၏ အသားပြင်ပေါ်တွင် ဖုံးအုပ်လျက်ရှိသော အလွှာ။ အရေပြား။ ~ခြုံ /အယေချုန်/န–[ဥပစာ]အပေါ်ယံ အယောင်ဆောင်ထားသူ။ ~ထူ၊ကြိ–[ဥပစာ] ခံနိုင်ရည် ရှိသည်။ ~ပြားရောဂါ/–ယောဂါ/န–၁၊ပွေး၊ ညှင်း စသည့် အရေပြားပေါ်တွင် ဖြစ်သော ရောဂါ။ ၂၊နူနာရောဂါ။

အရေအတွက်၊န–ရေတွက်ရရှိသောကိန်းဂဏန်း။

အရေး၊န–၁၊အရေးအသား။ အရေးအကြောင်း။ ၂၊အမှုကိစ္စ၊ အကြောင်းကိစ္စ။ အရေးအရာ။ ~ကုန် /အယေးဂုန်/ကြိဝိ–အစွမ်းကုန်။ ~ကြီး၊ကြိ–ဦးစားပေး၍ အလေးထား ဆောင်ရွက်ရန်လိုသည်။ ~ခိုက်၊ ကြိ–ဂရုတစိုက် ပြုမူသည်၊ ~ဆို၊ကြိ–လိုလားချက်၊ အခွင့်အရေးစသည်ကို တောင်းဆိုသည်။ ~တကြီး /အယေးဒဂျီး/ကြိဝိ–၁၊အထူးတလည် အရေးထားလျက်။ ၂၊သုတ်သီးသုတ်ပျာ၊ ကပျာကသီ။ ~တယူ /အယေးဒယူ/ ကြိဝိ–ဂရုစိုက်လျက်။ ~တော်ပုံ /အယေးဒေါ်ဗုန်/န–၁၊နိုင်ငံ၊ မင်းတို့နှင့် ပတ်သက်သော စစ်ရေးသမိုင်း။ ၂၊ တစ်နိုင်ငံလုံးနှင့် ဆိုင်သော၊ ပြည်သူ ဘားလုံးနှင့် ဆိုင်သော အရေးအခင်း။ ~ထား၊ ကြိ–အလေးထားသည်။ ဂရုစိုက်သည်။ ~နိမ့်၊ကြိ ယှဉ်ပြိုင်ရာတွင် ရှုံးနိမ့်သည်။ ~ပါ၊ကြိ–အရေးရောက်သည်။ ~ပေး၊ကြိ–အခွင့်အရေး ပိုပေးသည်။ မျက်နှာသာပေးသည်။ ~ပေါ်/အယေးဗော်/နဝိ–ရုတ်တရက် ပေါ်ပေါက်၍ အရေးတကြီး ဆောင်ရွက်ရန်လိုသော။ ~ပိုင် /အယေးပိုင်/န–[ခေတ်ကုန်] ဗြိတိသျှခေတ်က ဒိစတြိတ်တစ်ခုလုံး၏ အုပ်ချုပ်ရေး၊ တရားစီရင်ရေး စသော ကိစ္စများကို တာဝန်ယူရသည့် အကြီးအကဲ။ ~ယူ၊ ကြိ–၁၊ လိုအင်သလို ဆောင်ရွက်သည်။ ၂၊ ဂရုစိုက်သည်။ ၃၊ တရားဥပဒေနှင့် ငြိစွန်းသည့် ပြစ်မှုဟစ်ခုခုတွက် စစ်ဆေးအပြစ်ပေးရန် ဆောင်ရွက်သည်။ ~လုပ်၊ ကြိ–အရေးကာယူပြုသည်။ အဖက်လုပ်သည်။ ~လှ၊ ကြိ– အရေးကိစ္စ ချောမောအောင်မြင်သည်။ ~သာ၊ ကြိ–ယှဉ်ပြိုင်ဘက်ထက် အသာရသည်။ ~အကြောင်း၊န–၁၊ အရေးအသား မှူဉ်းကြောင်း။ ၂၊ကိစ္စ။ အမှု။ ~အခင်း၊န–လူများစု တစ်ဖက်နှင့်တစ်ဖက် ဖြစ်သော ဆူပူမှု၊ ပဋိပက္ခ စသည်။ ~အသား၊န–အကြောင်းတစ်ခုတစ်ရာကို စီကုံးဖွဲ့နွဲ့မှု။

အရဲကိုး၊ကြိ အစွမ်းသတ္တိကို အားထားလွန်းသည်။

အရဲစွန့်၊ကြိ–ဘေးအန္တရာယ်ရှိလျက် ရှေ့တိုး လုပ်ဆောင်သည်။

အရောဝင်၊ကြိ–ရင်းနှီးစွာ ဆက်ဆံသည်။

အရုံကြိုး/အယန်ဂျိုး/န–ကြိုးကြီးကို မိမိပတ်လမ်းအတိုင်း လှည့်ပတ်နေသော ကြိုးငယ်။ (လသည်ကမ္ဘာကြိုး၏ အရုံကြိုး ဖြစ်သည်။)

အရုံအတား၊န–ဝန်းရံကာဆီးထားသော အရာ။

အရိုအသေတန်၊ကြိ–ရိုသေလေးစားမှု နည်းပါးသည်။

အရိုး၊န–၁၊ခန္ဓာကိုယ် အရေ၊ အသား၊ အကြောတို့၏ တည်ရာမှီရာ ဖြစ်သော မာကျောသည့် အင်္ဂါအစိတ်အပိုင်း။ ၂၊အခက်အရွက် ထွက်ရာ အတံ။

http://www.lknt11.com ...

၃၊ထိ၊ ခား စသည်တို့၏ လက်ကိုင်။ ၄၊အနွယ် အဆက်။ အစဉ်အဆက်။ **~ခံ** /အယိုးဂန်/န– ဆန်းပြားမှုကင်းသော၊ ပရိယာယ် ကင်းသော သဘော။ ပင်ကိုသဘော၊ **~စု**/အယိုးစု/န–ခန္ဓာကိုယ်၏ အရိုးအပွဲ့ အစုည်း။ **~စွဲ**၊ ကြိ– ဝါသနာ၊ အယူအဆ စသည် နိုင်မာ စွဲမြဲသည်။ **~ထုတ်**၊ကြိ– (လက်ရှိလုပ်ငန်း၊ လက်ရှိတဝတွင်) အသက်ထက်ဆုံး စွဲမြဲသည်။ **~ပေါ်အရေတင်**/အယိုးပော် အယေတင်/ကြိ–(အရိုးပေါ် အရေတင် နေသကဲ့သို့) အလွန်ပိန်သည်။ **~အစဉ်**၊န–အနွယ် အစဉ်အဆက်။ **~အရင်း**၊န–၁၊အသားအနည်းငယ် ကပ်ကျန်ရစ်သော အရိုး။ ၂၊(ဥပစာ) သူတစ်ပါးရယူပြီးနောက် ကြွင်းကျန်သည့် အနည်းငယ်သော အကျိုးအမြတ်။

အရောက်အပေါက်၊န–သွားလာဝင်ထွက်မှု။

အရိုက်အရာ၊န–ဆက်ခံရာဖြစ်သော ရာထူး၊ စည်းစိမ်။

အရင်၊ကြိဝိ၊ န–[အပြော] အလျင်၏ နှုတ်ပြောစကား။

အရင့်အမာ၊န–၁၊(ပါဠိ) ရင့်ကျက်ပြီးသူ။ ၂၊(ပဋိသန္ဓေ) မွေးဖွားခါနီး အခြေအနေ။

အရင်း၊န–၁၊ဓာတ်မြစ်။ အခြေခံ။ ၂၊သစ်ပင်၊ ဆံပင်၊ လက်မောင်း စသည်၏ အခြေဖက်ရှိရာ အပိုင်း။ ၃၊အကျိုးအမြတ်ရရန် မတည်မြှုပ်နှံထားသော ငွေ၊ ပစ္စည်း စသည်။ **~ခံ**/အယင်းဂန်/န–မူလ အခြေခံဖြစ်သော အကြောင်းအရာ။ ပဓာနဖြစ်သော အကြောင်းအရာ။ **~ခေါက်ခေါက်**၊န–ဆွေမျိုး အရင်းအချာ စစ်စစ်။ **~မရှိ အဖျားမရှိ**၊ ကြိဝိ– စကား အဆက်အစပ် မရှိဘဲ။ **~ရှင်**၊န–ကုန်ထုတ် အရင်းအနှီးကို ပုဂ္ဂလိကပစ္စည်းအဖြစ် ပိုင်ဆိုင်၍ အရင်းမဲ့ အလုပ်သမားများ၏ လုပ်အားကို ခြယ်လှယ်သော ငွေရှင်ကြေးရှင်။ **~အချာ**၊ န–၁၊သွေးအနီးဆုံး ဆွေမျိုး။ ၂၊အလွန်ရင်းနှီးသောသူ။

အရောင်၊န–၁၊မျက်စိတွင် နီ၊ စိမ်း၊ ဝါ၊ ပြာ စသည် ဖြင့် ထင်မြင်လာသော အဆင်း။ ၂၊တောက်ပပြောင် လက်သော ရောင်ခြည်၊ အလင်း။ **~တင်**၊ကြိ–၁၊ ရှိရင်းစွဲအရောင်ကို ပိုမို တောက်ပြောင်အောင် လုပ်သည်။ ၂၊ [ဥပစာ] ဂုဏ်၊ အရည်အချင်း စသည်ကို ပိုမိုမြင့်တင်ပေးသည်။ **~တင်ဆီ**/အယောင်တင်ဇီ/ န– သစ်သားထည်ကို အရောင် တောက်ပြောင်ရန် သုတ်လိမ်းသော ဆေးရည်။ **~အဝါ**၊န–၁၊တောက်ပသော အရောင်။ ၂၊[ဥပစာ] ဘုန်းတန်ခိုး။ အရှိန်အဝါ။

အရောင်းထိုင်း၊ကြိ–ရောင်းချရာ၌ မတွင် ဖြစ်သည်။ ရောင်းမကောင်း ဖြစ်သည်။

အရောင်းအဝယ်၊ န– ကုန်ကူးသန်း ရောင်းဝယ်မှု လုပ်ငန်း။

အရိုင်း၊န–၁၊ပြုပြင်မွမ်းမံခြင်းမရှိဘဲ သဘာဝအတိုင်းရှိသော ကျောက်မျက်စသည်၊ ၂၊အတွေ့အကြုံမရှိ မသိ နားမလည်သူ။

အရစ်၊န–၁၊ဝိုက်ပတ်လျက်ရှိသော အစင်းအကြောင်း။ ၂၊ လှည့်ပတ် ရောယှက်ရှိသော အကြိမ်၊ အခါ၊ အလှည့်။ ၃၊ရရစ်နှင့်အတူတူ။ **~ကျ**၊ကြိဝိ– သတ်မှတ်ထားသော ပမာဏအတိုင်း အကြိမ်ကြိမ် ခွဲလျက်။

အရည်၊န–ယိုစီးသော အရာ။ **~ကျိုသောက်**/အယေ ကျိုသောက်/ကြိ–[ဥပစာ] အလွန် ကျွမ်းကျင်စွာ တတ်မြောက်သည်။ **~မရအဖတ်မရ**/အယိ(ယေ) မယာ့ အဖက်မယာ့/ ကြိဝိ–တစ်စုံတစ်ရာ အကျိုး ဖြစ်ထွန်းခြင်း မရှိဘဲ၊ အချည်းနှီး။ **~လည်**/အယိ (ယေ)လယ်/ကြိ– ၁၊(ကျောက်မျက်၊ မျက်လုံး စသည်) စိုပြည်တောက်ပသည်။ ၂၊ကောင်းစွာ သဘောပေါက်သည်၊ လိပ်ပတ်လည်သည်။ **~ဝ**၊ ကြိ–အရည်အချင်း ပြည့်ဝသည်။ **~အချင်း**/အယိ (ယေ)အချင်း/ န– ပြုလုပ် ဆောင်ရွက်နိုင်သော စွမ်းရည်။ **~အသွေး**၊န–၁၊ကျောက်မျက် စသည်၏ အရောင်အဆင်း။ ၂၊အရည်အချင်း။ **~အောင်**၊ကြိ– ၁၊ကျောက်မျက်၏ အရည်အသွေး ပြည့်မီ ကောင်း မွန်သည်။ ၂၊အုန်းသီး စသည် အရည်ပြည့်ဝသည်။

အရန်၊န–လျာထားခံရသောသူ သို့မဟုတ် အရာ။ **~သင့်**/အယန်သင့်/ကြိဝိ–အဆင်သင့်။

အရန်းအတား၊န–ဘေးအန္တရာယ် မကျရောက်အောင် ကာကွယ်သောအရာ။

အရပ်၊န–၁၊မတ်မတ်ရပ်တည်သည့်အမြင့်။ ၂၊အခြေ စိုက် နေထိုင်ရာ ဒေသ။ ၃၊အရှေ့၊ အနောက် စသည့် ရည်ညွှန်းရာဘက်။ **~စကား**/အယတ် ဇဂါး/န–၁၊ စာသုံးမဟုတ်ဘဲ ရပ်ရွာထဲတွင် လူ အများပြောဆိုသော စကား။ ၂၊ရပ်ကွက်ရပ်ရွာ အတွင်း၌ ဖြစ်ပေါ်သော သတင်းစကား။ **~ပျက်**၊န– အရပ်ထဲတွင် အကျင့်စာရိတ္တ ပျက်စီးနေသော မိန်းမ။ **~ဘက်**၊န–စစ် အဖွဲ့အစည်း မဟုတ်သော အစိုးရဌာန။ နယ်ဘက်။ **~ရပ်**၊ န– ၁၊ ဒေသ အမျိုးမျိုး။ ၂၊အကြောင်းအရာ အမျိုးမျိုး။ **~လူကြီး** /အယတ်လုကြီး/ န–ရပ်ရွာတွင် လူကြီးအဖြစ် သတ်မှတ်ခြင်း ခံရသူ။ **~ဝတ်အရပ်စား**၊န–ရိုးရိုး အဝတ်အစား။ **~သား**၊န–၁၊အစိုးရဝန်ထမ်း မဟုတ်သူ။ ၂၊အရပ်ဒေသ တစ်ခုခုတွင် မွေးဖွားသူ၊ နေထိုင်သူ။ **~အနေ**၊ န–၁၊ တပ်စွဲခြင်း။ တပ်စွဲရာ။ ၂၊တည်ရာ နေရာ။ တည်ရာအရပ်။ **~အမောင်း**၊ န–လူ၏ အရပ်အမြင့်။

အရိပ်၊န–၁၊အကာအဆီး တစ်ခုခုကြောင့် အလင်းရောင်

http://www.lknt11.com ...

မကျရောက်သော နေရာ။ ၂၊ကြည်လင်သော ရေပြင်၊ မှန်စသည်တို့ဘွင် ထင်ဟပ်သော အသွင်တူ ပုံသဏ္ဍာန်။ ၃၊အခြေအနေ။ အကဲ။ ၄၊[ဥပစာ] အားကားခိုလှုံစရာ။ **~နိမိတ်**/အယိတ်နမိတ်/န- တစ်စုံတစ်ရာ ဖြစ်ပျက်မည့် သဘောကို ကြိုတင် သိစေနိုင်သော လက္ခဏာ။ **~ပြ**၊ ကြိ-ဆိုလိုရင်း သဘောကို ကိုယ်အမူအရာ နှုတ်အမူအရာဖြင့် တစ်စွန်းတစ်စပြသည်။ **~သန်း**၊ ကြိ-တစ်စွန်းတစ်စ ဖော်ပြသည်။ **~အကဲ**၊**~အခြည်**၊ န-အခြေအနေ။ လက္ခဏာ။ **~အငွေ့**၊န-၁၊အရိပ်အမြွက်။ တစ်စွန်း တစ်စ။ ၂၊ဖြစ်ပေါ်လာမည့် အခြေအနေကို ကြိုတင် ပြသော လက္ခဏာ။ **~အမြွက်**၊န-သိသာရုံမျှ ဖြစ်သော သဘော။ အနည်းအကျဉ်း။ **~အယောင်**၊ န-၁၊ဖြစ်ပေါ်လာမည့် အခြေအနေကို ကြိုတင် ပြသော လက္ခဏာ။ ၂၊တစ်စွန်းတစ်စ။ အနည်း အကျဉ်း။

အရုပ်၊န ၁၊သက်ရှိသက်မဲ့တို့၏ အသွင်သဏ္ဍာန် ပြုလုပ် ရေးခြယ်ထားသော အရာ။ ၂၊[ဥပစာ] သူတစ်ပါး၏ ခြယ်လှယ်လွှမ်းမိုးမှုကို ငြိမ်ခံနေသူ။ **~ကြိုးပြတ်** /အယုတ်ကြိုးဖျတ်/ကြိဝိ-[ဥပစာ]ရပ်တည်နိုင်စွမ်း မရှိဘဲမွေ့ယျလျက်။ **~ဆိုး**၊ကြိ-မတင့်တယ်။ မသင့် တော်။

အရမ်း၊ကြိဝိ-၁၊မစဉ်းစား မဆင်ခြင်ဘဲ။ စည်းမဲ့ကမ်းမဲ့။ ၂၊လွန်ကဲစွာ။ ပိုလွန်စွာ။ **~ကာရော**၊ကြိဝိ-အရမ်း။ **~မဲ့**၊ကြိဝိ-အဆင်အခြင် ကင်းမဲ့စွာ။

အရုံဂိုဏ်း၊န-ရှင်သာမဏေများသည် ရွာတွင်းသို့ သင်္ကန်းရုံ၍ သွားအပ်သည်ဟု မှတ်ယူလိုက်နာသော သံဃာဂိုဏ်း။

အရွေလိုက်၊ကြိ-တိရစ္ဆာန်များ မိတ်လိုက်သည်။

အရွဲ့တိုက်၊ကြိ-တမင်ဗီလာကန့်လန့် ပြုမူပြောဆို သည်။

အရွက်၊န-၁၊အပြားအချပ်။ အပြားအချဉ်။ ၂၊အကိုင်း အခက် စသည်မှ ဖြာထွက်သော အချပ်အလွှာ။

အရွတ်၊န-ပျဉ်းကွဲသော အသားမျှင်။

အရွယ်၊န-၁၊အသက်နှစ် အပိုင်းအခြား။ ၂၊အရာဝတ္ထု ပမာဏ အကြီးအသေး။ အရွယ်အစား။ **~ကောင်း**၊ ကြိ-ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ဆောင်ရွက် နိုင်စွမ်းသော အရွယ်ရှိသည်။ **~ရောက်**၊ ကြိ- ၁၊ယောကျာ်း မိန်းမတို့၏ ဘာဝရုပ်လက္ခဏာ များသည် သန္တေသားကို ဖြစ်စေနိုင်လောက်အောင် ဖွံ့ဖြိုးလာသည်။ ၂၊မိမိဘဝကို မိမိကိုယ်တိုင် ထူထောင်နိုင်စွမ်းသော အချိန်အရွယ်သို့ ရောက် သည်။ **~ရှိ**၊ကြိ-အရွယ်မကျသေး၊ အရွယ်ကောင်း ဆဲဖြစ်သည်။ **~လွန်**၊ကြိ-အိုသော အရွယ်သို့ ရောက်သည်။

အရှိ၊န-ရှိရင်းစွဲအခြေအနေ။

အရှေ့၊န-နေထွက်ရာ အရပ်။ **~ကျွန်း**၊န-[ကျမ်းဂန်] မြင်းမိုရ်တောင်၏ အရှေ့ဘက်၌ရှိ၍ ကျွန်းဦးနှင့် ကုက္ကိုပြင်ပေါက်ရာကျွန်း။ ပုဗ္ဗဝိဒေဟ။ (လကက် ဝက်ပုံ ရှိ၍ ယူဇနာခုနစ်ထောင် ကျယ်ဝန်းသည်။) **~တောင်**၊န-အရှေ့ဘက်နှင့် တောင်ဘက်မျက်နှာ နှစ်ခုအကြား။ **~တိုင်း**၊ န-မြေထဲပင်လယ် အရှေ့ ဘက်ရှိ အာရှတိုက်နိုင်ငံများ။ **~မြောက်**၊ အရှေ့ ဘက်နှင့် မြောက်ဘက်မျက်နှာ နှစ်ခုအကြား။

အရှိုး၊န-တုတ် စသည်နှင့်ရိုက်သဖြင့် အသားအရေတွင် စွဲထင်သော အစင်းအကြောင်း။

အရှက်၊န-အထင်သေးခံရခြင်း၊ ကဲ့ရဲ့ခံရခြင်း စသည့် အကြောင်းတစ်ခုခုကြောင့် ဖြစ်ပေါ်သော စိတ် ခံစားမှု။ **~ကြီး**၊ကြိ-အလွန်ရှက်တတ်သည်။ **~ကွဲ**၊ကြိ-အရှက်ရသည်။ **~ခွဲ**၊ကြိ-အရှက်ရအောင် လုပ်သည်။ **~တကွဲအကျိုးနည်း** /အယုက်အခွဲ အကျိုးနဲ/ ကြိဝိ-အရှက်လည်းရ အကျိုးလည်း ယုတ်လျက်။ **~အကြောက်**၊န-မကောင်းမှုပြုရမည် ကို ရှက်ခြင်း၊ ကြောက်ခြင်း။

အရှိုက်၊န-ရင်ညွန့်တစ်ဝိုက်နေရာ။

အရှင်[၁]၊ န- ၁၊ အသက်ရှိဆဲဖြစ်သော သတ္တဝါ။ ၂၊ ရွှေ့ပြောင်း လှုပ်ရှားနိုင်အောင် ပြုလုပ်ထားသော အရာ။ **~လတ်လတ်**၊ ကြိဝိ-အသက်ရှင်နေဆဲ။

အရှင်[၂]၊န-၁၊ပိုင်ဆိုင်သူ၊ ၂၊ရိုသေမြတ်နိုးထိုက်သူ။

အရှည်ကြည့်/အယှေကျိ/ကြိ-နောင်ရေးကို ကွေးဆ မြော်ခေါ်သည်။

အရှိန်၊န-၁၊လျင်မြန်သောအား။ အဟုန်။ ၂၊နေ၊ မီး စသည်၏စွမ်းအား။ အရှိန်အဝါ။ **~ယူ**၊ ကြိ- ဆောင်ရွက်ရန် ပြင်ဆင်သည်။ အားယူသည်။ **~လွန်**၊ ကြိ-အရှိန်လိုသည်ထက် ပိုသည်။ မထိန်းနိုင် ဖြစ်သည်။ အားလွန်သည်။ **~သေ**၊ကြိ-အရှိန် ရပ်ကန့်သွားသည်။ **~သတ်**၊ကြိ-ရပ်တန့်ရန် အရှိန် ကို ထိန်းချုပ်သည်။ **~အစော်**၊**~အဝါ**၊န- တန်ခိုး သြဇာ။ အာဏာ။ အရှိန်အစော်။

အရှုပ်အရှင်း၊န-ရှင်းလင်းရန်လိုသော ပြဿနာ။

အရှုံးခံ၊ကြိ-၁၊အရင်းငွေအောက် လျှော့၍ယူသည်။ ၂၊ရရှိမည့် အကျိုးတစ်စုံတစ်ရာကို စွန့်လွှတ်သည်။ အလျှော့ပေးသည်။

အရှုံးပေး၊ကြိ-၁၊ယှဉ်ပြိုင်ဘက်အား အနိုင်ရစေသည်။ ၂၊မိမိဆန္ဒနှင့် ဆန့်ကျင်လျက် တစ်ဖက်လူအား လိုက်လျောသည်။

အရွှတ်အနောက်၊န-ရယ်ရွှင်ဖွယ်စကား၊

အရွှန်းဖောက်၊ကြိ-ရယ်ရွှင်ဖွယ်စကားကို ကြားဖောက်

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ပြောသည်။

အလာ၊န-အသည်နှင့်ကပ်ပါးဟိုမှ မွေးဖွားသူ။ (ကပ်ပါး၊ အသည်၊ ဝင်နေတို့လည်းရှု။)

အလား၊ စည်း-တူသည့်အဖြစ်ကို ပြသော စကားလုံး။ **~တူ**၊ ကြိ-တစ်စုံတစ်ခုသော အဖြစ်အပျက် အခြေအနေ နှင့်တူသော သဘောရှိသည်။ **~အလား**၊န-၁၊နောင်အခါတွင် ဖြစ်ထွန်းလာမည့် အခြေအနေ။ ၂၊တိုးတက်ဖြစ်ထွန်းလာမည့် အခြေအနေ။

အလီ၊န-[သင်္ချာ] ကိန်းတစ်ခုစီကို အကြိမ်ပွားထားသည့် မြှောက်ကိန်းဇယား။ **~လီ**၊ကြိဝိ-၁၊အကြိမ်ကြိမ်။ အခါခါ။ အလီလီအလာလာ။ ၂၊တစ်စုတည်း တစ်လုံးတည်း မဟုတ်ဘဲ အနည်းငယ်စီ ပိုင်းစိတ်လျက်။

အလုအယက်၊ကြိဝိ-ပြိုင်ဆိုင်ကြိုးပမ်းလျက်။

အလူးအလဲ၊ကြိဝိ-မခံမရပ်နိုင်လောက်အောင် ပြင်းပြင်းထန်ထန်။ သေလုမျောပါး။

အလေလိုက်၊ကြိ-လေလွင့်သွားလာနေသည်။

အလေ့၊ **~အထ** န-အကျင့်။ **~ကျ**/အလေ့ဂျ/ ကြိဝိ-မရိုက်ပျိုးဘဲ အလိုအလျောက် (ပေါက်သည်)။ **~ပေါက်**/အလေ့ဗောက်/န-သဘာဝအလျောက် ပေါက်သောအပင်။ **~အကျင့်**၊န-၁၊အကြိမ်ကြိမ် အထပ်ထပ် ကြိုးစားအားထုတ်မှု။ ၂၊ယင်းကြောင့် ရရှိလာသော အကျင့်။

အလေး၊န-၁၊ချိန်တွယ်ရာတွင် သုံးသော ဝန် ပစ္စည်း၏ ပမာဏကို ပြသည့် အရာဝတ္ထု။ ချိန်ဝန်။ ၂၊အဆ။ ၃၊ကျောင်ကြီး။ မစင်။ **~ခိုး**၊ကြိ-ရောင်းဝယ်ရာတွင် စံမမီသော အလေးဖြင့် ချိန်တွယ်သည်။ မသမာသော နည်းဖြင့် ချိန်တွယ်သည်၊ **~ချိန်**/အလေးဂျိန်/ န-ဝတ္ထုပစ္စည်းတစ်ခု၏ ဝန်ချိန်ပမာဏ။ **~ဂရုပြု**၊ ကြိ-ဂရုစိုက်သည်။ ရိုသေလေးစားသည်။ **~တင်း**၊ ကြိ-အလေးချိန် မညီမျှသည်ကို ညီအောင် လျော့သည့်ဘက်တွင် အလေးဖြည့်ပေးသည်။ **~ထား**၊ကြိ-အထူးဂရုစိုက်သည်။ တန်ဖိုးထားသည်။ ရိုသေလေးစားသည်။ **~ပေး**၊ကြိ-ဂရုပြုသည်။ ဦးစားပေးသည်။ **~ပြု**၊ကြိ-၁၊အလေးအမြတ် ထားသည်။ ၂၊ ရိုသေမှု၊ ကြည်ညိုလေးစားမှုကို ကိုယ်အမူအရာ တစ်ခုခုဖြင့် ပြသည်။ **~မ**၊ န- သံပြားဝိုင်းများ တစ်ဖက်စီလျှိုတပ်ထားသော သံဝင်ရိုးတံကို မ၍ မြှောက်ရသော အားကစားနည်း တစ်မျိုး။ **~အပင်**၊ န-လေးလံသော ပစ္စည်း။

အလေးတကြီး/အလေးဒကြီး/ကြိဝိ-ကတိုက်ကရိုက်။ အလျင်စလို။ အလောသုံးဆယ်။

အလောတော်/အလောဒေါ်/ န- အနေတော်။

အလောတန်၊ကြိ-အနေတော် ဖြစ်သည်။

အလော်အလဲ၊ကြိဝိ-[ရှေး] အပြန်အလှန်။ တစ်လှည့်စီ။

အလို[၁]၊န-၁၊ဆန္ဒ။ ၂၊ယူဆချက်။ ဆိုလိုချက်။ **~ကျ** /အလိုဂျ/ ကြိဝိ- စိတ်တိုင်းကျ။ **~တူအလိုဝါ** /အလိုဒူအလိုဗာ/န-သူတစ်ပါး၏ ကြံစည် လုပ်ကိုင်မှုတွင် ပါဝင်သူ။ **~တော်ရှိ**/အလိုဒေါ်ယိ/ န-သြဇာအာဏာရှိသူ အကြိုက်ကို လိုက်၍ ဆောင်ရွက်သူ။ **~မဲ့**၊ ကြိဝိ- အကြောင်းမဲ့။ **~ရမ္မက်** /အလိုယမက်/န-ခွဲလမ်း မက်မောမှု။ **~ရှိ**၊ ကြိ-လိုချင်သည်။ **~လို**၊ ကြိဝိ- အလိုအလျောက်။ **~လိုက်**၊ ကြိ-အလိုဆန္ဒကို လိုက်လျောသည်။ **~အလျောက်**/ အလိုအလယောက်/ကြိဝိ-အခြားပယောဂမပါဘဲ၊ ရင်းဘာသာ။

အလို့ငှာ၊ဝိ-တစ်စုံတစ်ရာကို ရည်စူးကြောင်း ဖော်ပြသော စကားလုံး။

အလို့လို့၊န-[ပေါ] အဖန်တလဲလဲ စိုးရိမ်ပူပန်မှု။ နှောင်တ ပူပန်ခြင်း။

အလက်၊န-၁၊မွေးကိုယ်၏ လက်မစိတ်အပိုင်း။ ၂၊ပင်မ အသည်ကိုယ်မှ ဖြာထွက်သော အစိတ်အပိုင်း။

အလိုက်၊န-၁၊ပစ္စည်းချင်းလဲလှယ်ရာတွင် တန်ဖိုးချင်း တူညီအောင် ထပ်မံဖြည့်စွက်ပေးရသော ငွေ၊ ပစ္စည်း စသည်။ ၂၊လျော်ညီသော တေးသွား။ ၃၊ ဓလေ့၊ စရိုက်။ ဝိ-အလျောက်။ "ရာသီ~ဖူးပွင့်သော ပန်း များ။" **~ကမ်းဆိုးမသိ**/အလိုက်ကမ်းဇိုးမသိ/ ကြိ- အကောင်းအဆိုး အလိုက်အထိုက် မသိ။ **~သိ**၊ ကြိ-သူတစ်ပါး၏ဆန္ဒ၊ သဘောထားကို သိတတ်သည်။ **~သင့်**၊ကြိဝိ-လိုက်လျောညီစွာ။ အလိုက်သင့် အလျားသင့်။ **~အထိုက်**၊ ကြိဝိ- ထိုက်သင့်သည့် အားလျော်စွာ။ လိုက်လျောညီစွာ။ အထိုက်အလျောက်။

အလင်းနှစ်၊န-[ရူပ] တစ်နှစ်အတွင်း အလင်းရောင် သွားသည့် ခရီးတာ။ (ကီလိုမီတာ ကုဋေပေါင်း ၉၄၆၀၅၃ ခန့်ဖြစ်သည်။) [လိပ်ပြန်၊Light-year]

အလင်းပြန် /အလင်းဗျန်/ န-[ရူပ] ဝတ္ထုတစ်ခုခု၏ မျက်နှာပြင်ကို ထိဟပ်ရာမှ ပြန်ထွက်လာသော အလင်း။

အလင်းယိုင်၊န-[ရူပ] လေထုမှ ဖန်၊ ရေ စသည်ထဲသို့ ဖြတ်သန်းရာ၌ တိမ်းယိမ်းသွားသော အလင်းတန်း။

အလင်းဝင်၊ကြိ-ပုန်ကန်သောင်းကျန်းရာမှ ဥပဒေဘောင် အတွင်းသို့ ပြန်လည် ခိုဝင်သည်။

အလောင်း၊န-၁၊လူသေ၏ကိုယ်ကောင်။ ၂၊နောင်အခါတွင် တစ်စုံတစ်ခုသောအဖြစ်အခြေအနေသို့ ရောက်ရှိမည့်သူ၊ အရာ။ **~အလျာ**/ အလောင်းအလယာ/ န- ဘုရား၊ ရဟန္တာ စသည် မြင့်မြတ်သူ ဖြစ်လာမည့် ပုဂ္ဂိုလ်။

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

အလောင်းအစား၊နု–လောင်းကစားမှု။

အလစ်၊နု–မမြင်လိုက်၊ မသိလိုက် သတိမမူလိုက်သည့် အခိုက်အတန့်ကာလ။ ~**သမား**၊ နု–အလစ်သုတ်သူ။ ~**သုတ်**၊ ကြိ– အလစ်တွင် သူတစ်ပါး၏ပစ္စည်းကို ခိုးယူသည်။

အလတ်၊နု–အကြီးနှင့်အငယ်ကြားရှိ အခြေအနေ၊ အရွယ်အစား စသည်။

အလုတ်၊နု–ခံတွင်းပြည့်မျှဖြစ်သော အစာ ပမာဏ။

အလန့်တကြား/အလန့်ဒကျား/ကြိဝိ–ထိတ်လန့်ဖွယ် အသံပြုလျက်။

အလုပ်၊နု–၁၊လုပ်ဆောင်ဖွယ်ကိစ္စ။ ၂၊အလုပ်အကိုင်။ –**ကြမ်း**၊နု–ကာယအားကို အသုံးရ၍ လုပ်ရသော အလုပ်။ ~**ရှင်**၊နု–အလုပ်တာဝန် ဆောင်ရွက်ရာ နေရာ။ ~**ဆင်း**၊ ကြိ–အလုပ်ခွင်သို့ သွားရောက် လုပ်ကိုင်သည်။ လုပ်ငန်းတာဝန် ထမ်းဆောင်သည်။ ~**လက်မဲ့**၊ နု–အလုပ်အကိုင် မရှိသူ။ ~**သမား**၊နု–ကာယအား၊ဉာဏအားကို အသုံးပြု၍ အလုပ်လုပ်သူ။ ~**သမားနေ့**၊ နု–ကမ္ဘာ့အလုပ်သမားတို့၏ အထိမ်းအမှတ်နေ့ဖြစ်သော မေလ ၁–ရက်နေ့။ ~**သင်**၊နု–သက်ဆိုင်ရာလုပ်ငန်းကို တတ်မြောက် နားလည်ရန် သင်ယူလေ့ကျင့်ဆဲ ဖြစ်သောသူ။ ~**အကိုင်**၊နု–အသက်မွေး ဝမ်းကျောင်းလုပ်ငန်း။ ~**အကျွေး**၊နု–၁၊လူကြီးမိဘစသည်၏ ဝတ်ကြီး ဝတ်ငယ်ကို ကျိုးနွံစွာ ဆောင်ရွက်ပေးသူ။ ၂၊အခိုင်းအစေ။ ~**အကျွေးပြု**၊ကြိ–၁၊လူကြီးမိဘ စသည် တို့အား ရိုသေစွာ ကျွေးမွေးပြုစုသည်။ ၂၊[ဥပစာ] အကျိုးပြုသည်။

အလိမ္မာ၊ နု– ၁၊ ကျွမ်းကျင်တတ်မြောက်ခြင်း။ ၂၊ ယဉ်ကျေးစွာ ပြုမူဆက်ဆံတတ်ခြင်း။ ~**ကြီး**၊ ကြိ–ကိုယ်ကျိုးအတွက် လိမ္မာပါးနပ်စွာ ပြုမူပြောဆို တတ်သည်။ ~**ဉာဏ်**၊ နု–ကိုယ်ကျိုးကို ကြည့်တတ်သော ပါးနပ် လိမ္မာသည့်ဉာဏ်။ ~**ဖက်**ကြိ– အလိမ္မာဉာဏ်သုံး၍ ပြုမူ ပြောဆိုသည်။ ~**သုတ်**၊ ကြိ–သူတစ်ပါး အကျိုးစီးပွားမဲ့အောင် အလိမ္မာဉာဏ်ဖြင့် လုပ်သည်။

အလိမ်းလိမ်း၊ကြိဝိ–မှုန်၊ မြူ စသည် လူးထပ်စွာ ကပ်ငြိလျက်။

အလုံး၊ နု– ၁၊ လုံးသော အနာ။ လုံးသောပုံ။ ၂၊ အားလုံး။ –**စုံ** / အလုန်းစုန် / နုဝိ– စင်သိမ်း။ အားလုံး။ ~**ချေး**/ အလုန်းချေး /နု–ရာလိုက် ထောင် လိုက် အစုလိုက် ရောင်းသော ဈေးနှုန်း။ လက်ကားဈေး။ ~**လိုက်အခဲလိုက်**၊ ကြိဝိ–အစုလိုက် အပြုံ လိုက်။ ~**အထည်**/အလုန်းအထယ်/ ~**အဖန်**၊ နု– ကိုယ်လုံးကိုယ်ထည်။ ~**အရင်း**၊နု– များပြားသော အစုအဝေး။ ~**အရုပ်**၊နု–ကိုယ်လုံးကိုယ်ထည်နှင့် အရုပ်အမောင်း။

အလယ်၊နု–အကြားဖြစ်သော နေရာ။ ဗဟို။ ~**ကောင်**/အလယ်ဂေါင်/နု–အလယ်ဘည့်တည့်။ ~**တန်း**/အလယ်ဒန်း/နု–အခြေခံပညာတွင် မူလတန်း အထက်နှင့် အထက်တန်းအကြားဖြစ်သော ပညာ သင်တန်း။ ~**အလတ်**၊နု–မကြီးလွန်း မငယ်လွန်း၊ မတော်လွန်း မညံ့လွန်း စသည့် အခြေအနေ၊ အဆင့်။

အလျား/အလယား/နု–အရာဝတ္ထုတစ်ခုခု၏ အရှည်။ ~**ရှန်**/–ဂုန်/နု–သတ်မှတ်ထားသော နေရာမှ ပေး နိုင်သမျှ ပေးအောင် ခုန်ရသော အားကစားနည်း။ ~**ထိုး**/အယားဒိုး/ကြိဝိ–ကိုယ်ကိုမှောက်လျက်။ "~သွား–။" ~**မှောက်**/အလယားမှောက်/ကြိ– ကိုယ်ကို အလျားလိုက်မှောက်သည်။

အလျော့တွက်/အယော့ဒွက်/နု–လေလွင့်လျော့နည်း သွားသည့်ပစ္စည်းအတွက် ကျခံရသော ငွေ သို့မဟုတ် ပစ္စည်း။ "ငွေ~၊ ပစ္စည်း~။"

အလျောက်/အလယောက်/ဝိ–လိုက်လျောညီထွေ သည့် သဘောကိုပြသည့် စကားလုံး။ ~**အလျောက်** /အယောက်အယောက်/ကြိဝိ–ထိုက်သင့်သည့် အားလျော်စွာ။

အလျင်/အလယင်၊ အယင်/ ကြိဝိ– ၁၊ ရှေးဦးစွာ။ ၂၊အမြန်။ /အယင်/နု–လွန်ခဲ့သော ကာလ။ ယခင်။ ~**စလို**/အယင်ဇလို/ကြိဝိ–ကတိုက်ကရိုက်။ အရေးတကြီး။

အလျဉ် / အလင်၊အလယင် / နု– ၁၊ အစဉ်။ အစဉ် အဆက်။ ၂၊ဖုံးရည်၊ ထန်းရည်ခါး စသည် လုပ်ရာ တွင် အောက်ခံအဖြစ်ထားရသည့် အစဉ်မပြတ် အချဉ်ဓာတ်ရှိသော အနှစ်။ ~**မိ**၊ကြိ–ရှေ့နောက် ဆက်မိသည်။

အလျဉ်းသင့်/အလယင်းသင့်/ကြိ–အကြောင်းတိုက်ဆိုင် သည်။ အခါအခွင့် ကြုံကြိုက်သည်။

အလွဲသုံးစား/အလွဲသုန်းဇား/နု–မိမိသုံးပိုင်ခွင့် မရှိသည့် အရာကို သုံးစွဲခြင်း။

အလွတ်၊ကြိဝိ–စာကိုမကြည့်ဘဲ။ "~ဆို။ ~ပြန်။" ~**ရုန်း**၊ ကြိ–အနှောင်အဖွဲ့၊ အချုပ်အချယ် စသည်မှ လွတ်မြောက်အောင် ကြိုးစားသည်။ ~**သဘော**၊ ကြိဝိ–တရားဝင် စည်းကမ်းဘောင်၊ မှတ်တမ်း မှတ်ရာ စသည်မထားဘဲ လွတ်လပ်စွာ။

အလွန်၊ကြိဝိ–ပိုလွန်စွာ။ ~**တရာ**/အလွန်ဒယာ/ကြိဝိ– အလွန့်အလွန်။ ~**အကြူး**၊~**အကျူး**၊ကြိဝိ–ရှိသင့်၊ ဖြစ်သင့်သည်ထက် ကျော်လွန်အောင်။

အလွန့်အလွန်၊ကြိဝိ–လွန်လွန်ကဲကဲ။ အလွန်အမင်း။

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

အလွှမ်းသင့်၊ကြိ–ရင်းနှီး ကျွမ်းဝင်သည်။ သင့်မြတ်သည်။

အလွမ်းသယ်/အလွမ်း(လွန်း)သယ်/ကြိ– ခွဲခွာခါနီးဖြစ်စေ၊ ပြန်လည် ဆုံတွေ့သည့်အခါဖြစ်စေ သတိရလွမ်းဆွတ်ကြောင်း စသည်တို့ကို ကြာရှည်စွာ ပြောဆိုသည်။

အလှကုန်/အလှ့ကုန်/န–အလှပြင်ရန်အတွက် သုံးသော သနပ်ခါး၊ ရေမွှေး၊ ပေါင်ဒါ စသည့် ပစ္စည်း။

အလှဆီ/အလှ့ဆီ/န–အသားအရေကို လိမ်းရသော အရောင်မှဲ့ ဆီကြည်။

အလှူ၊န–၁၊ပေးကမ်းစွန့်လွှတ်ခြင်း။ ၂၊ရဟန်းခံ၊ ရှင်ပြု စသည့်မင်္ဂလာ အခမ်းအနား။ **~ခံ**၊ကြိ–လှူသည်ကို လက်ခံသည်။ လှူရန် မေတ္တာရပ်ခံသည်။ /အလှူ့ဂန်/န–အလှူခံသူ။ **~ပေး**၊ကြိ–၁၊လှူဒါန်းသည်။ ဒါန ပြုသည်။ ၂၊ရှင်ပြုပွဲ၊ ရဟန်းခံပွဲကျင်းပသည်။

အလေး၊န–၁၊အမွှန်အမွှား။ အလွန်သေးငယ်သော မိုးမွှား။ အလေးအမွှား။ ၂၊[ပေါ] အများ။

အလော့်ကောင်း၊ကြိ–တိုက်တွန်းနှားချရာ၌ ကျွမ်းကျင် လိမ္မာသည်။

အလိုင်းတကြီး/အလိုင်းဒကြီး/ကြိဝိ–လွန်ကဲစွာ။

အလှည့်/အလှဲ့/န–၁၊ပြောဆိုပြုမူရန် ဆိုက်ရောက် လာသော အခွင့်အကြိမ်။ ၂၊လှည့်ပတ်လိမ်လည် ခြင်း။ ၃၊သီချင်းဆိုရာ၌ တစ်သံမှတစ်သံသို့ ပြောင်းလဲခြင်း။ ၄၊လှည်း၊ ထွန် တို့၌ ထမ်းပိုး၏ လက်ယာဘက်။ (အတိုင်လည်းရှ)

အလှမ်းကျယ်၊ ကြိ– [ဥပစာ] ပြုလုပ်သင့်သည်ထက် လွန်ကဲ ကျယ်ပြန့်စွာ ပြုလုပ်သည်။

အလှမ်းဝေး၊ကြိ–ကွာသည်။ ဝေးသည်။

အလျှော့ပေး/အယှော့ပေး/ကြိ–မိမိဆန္ဒကို စွန့်၍ သူတစ်ပါးဆန္ဒအတိုင်း လိုက်လျောသည်။

အလျှံ/အလှယန်/န–နေ၊ မီးစသည်မှ ဖြာထွက်သော အရာ။ **~ယံ**/အလှယန်(ယုန်၊ယု)ဗယ်/ကြိဝိ– ပိုလွန် များပြားစွာ။

အလျှိုအလျှို /အယှိုအယှို/ ကြိဝိ– တစ်ဦးပြီးတစ်ဦး၊ တစ်ခုပြီးတစ်ခု ဆက်တိုက်။

အလျှင်း/အလယင်း၊ အယှင်း/ကြိဝိ–လုံးဝ။ "~မသိ"

အလွှာ၊န–၁၊တစ်ခုပေါ်တစ်ခု ထပ်လျက်တည်သော အချပ်အပျဉ်။ ၂၊[ဥပစာ]အဆင့်အတန်း။

အလွဲ့/အလွှမ့်/န–[ပေါ] အနံ့အပြား။

အဝ၊န– ဟွင်းခေါင်းရှိသော အရာ၏ ထိပ်ပိုင်း အပေါက်။ အပေါက်ဝ။

အဝဝ/အဝါဝါ/ကြိဝိ–အမျိုးမျိုးအဖုံဖုံ။

အဝါးဝ၊ကြိ–၁၊ကျွမ်းကျင်သည်။ ၂၊လူဝါးဝသည်။

အဝေးမြို့ဝန်၊န–မြန်မာမင်းလက်ထက် နိုင်ငံတော် အစွန်အဖျားဒေသများကို အုပ်ချုပ်ရသော ဝန်။

အဝေးရောက်မင်း၊န–မြန်မာမင်းလက်ထက် အဝေးမြို့ဝန်၊ စစ်ကဲ၊ နားခံတို့က ပေးပို့သော လျှောက်ကြားစာများကို လွှတ်တော် အရာရှိများထံ သွားရောက် ဖတ်ကြားလျှောက်ထားရသော အရာရှိ။

အဝက်၊န–၁၊ထက်ဝက်။ တစ်ဝက်။ ၂၊ရှစ်ပုံတစ်ပုံ ပမာဏ။ **~သား**၊န–ပာစ်ပိဿာ၏ ရှစ်ပုံတစ်ပုံ ဖြစ်သော အလေးချိန်။ တစ်ဆယ့်နှစ်ကျပ်ခွဲသား။

အဝင်အထွက်၊န–ကူးလူးဆက်ဆံခြင်း။

အဝတ်၊န–ပတ်ရသောအထည်။ **~အစား**၊န–ကိုယ်တွင် ဝတ်ဆင်သော အဝတ်အထည်။

အဝန်း၊န–၁၊ဝန်းဝိုင်းသောအရာ။ ၂၊ဝန်းဝိုင်းသော အရာ၏ ပတ်လည်အပိုင်းအခြား။ ၃၊ပတ်လည်။ ဝန်းကျင်။ **~အဝိုင်း**၊န–၁၊လုံးဝန်းသော ပုံသဏ္ဌာန်။ ၂၊အသိုင်းအဝိုင်း နယ်ပယ်။

အဝယ်တော် /အဝယ်ဒေါ်/ န– ပစ္စည်းဝယ်ယူရန် ခန့်ထားသော ကိုယ်စားလှယ်။

အဝယ်ဒိုင်/အဝယ်ဒိုင်/န–ကုန်စည်ပစ္စည်းတို့ကို လက်ကား ဝယ်ယူရာ ဗဟိုဌာန။

အဝယ်လိုက်၊ ကြိ–ဝယ်သူများသည်။ အရောင်းရ တွင်ကျယ်သည်။

အဝှာ၊နဗ–ဟဝါနှင့်အတူတူ။

အဝှန်၊န–အရှိန်အဟုန်။

အဝှန်၊န–[ပေါ] ၁၊တစ်ဝန်းတစ်လျား။ ၂၊အမြောက် အမြား။

အဝှမ်း၊န–နိမ့်ရှိုင်းသော နေရာ။ အချိုင့်။

အသပြာ/အသ့ပျာ/န–၁၊ငွေဒင်္ဂါး။ ၂၊ငွေကြေး။

အသရေ၊န–၁၊တင့်တယ်ခြင်း။ မင်္ဂလာရှိခြင်း။ ၂၊ တင့်တယ်သော၊ မင်္ဂလာရှိသော အရာ။ [မြန်၊အ+သ၊ကြိ] **~စောင့်**/အသယေဆောင့်/ကြိ–ဂုဏ်သိက္ခာ မကျအောင် စောင့်ထိန်းသည်။ **~ဖျက်မှု**၊န–တစ်စုံ တစ်ဦး၏ ဂုဏ်သိက္ခာကို ဆုတ်ယုတ် ပျက်ပြား အောင် ပြုလုပ်သော အမှု။

အသာ၊ကြိဝိ–၁၊ဖြည်းညင်းစွာ။ ၂၊တိတ်ဆိတ်ငြိမ်သက် စွာ။ **~စီး** /အသာဇီး/ န–၁၊ယှဉ်ပြိုင်ဘက်ထက် အခွင့်အရေး ပိုမိုရရှိသော အခြေအနေ။ ၂၊အထက် စီး။ **~ကြည်**/အသာကျီ/ကြိဝိ–ကျေကျေနပ်နပ် ရောရောရှုရှု။ **~အယာ**၊ကြိဝိ–ယဉ်ကျေးသိမ်မွေ့ စွာ။ ဖြည်းညင်းစွာ။

အသား၊န–၁၊ကိုယ်ခန္ဓာတွင် အရေပြားနှင့်အရိုးတို့ အကြား၌ ဖွဲ့စည်းတည်နေသော အကြောနှင့်အဆီ မဟုတ်သည့် ပျော့သော အစိတ်အပိုင်း။ ၂၊စားသုံး ရသော ကြက်၊ ဝက်၊ နွား၊ ငါး စသည်တို့၏ အသား။ ၃၊ အသားအရေ။ ၄၊သစ်ပင်၏ အခေါက်

http://www.lknt11.com

အောက်တွင်ရှိသော အတွင်း အစိတ်အပိုင်း။ သစ်သား။ ၅၊ သစ်သီးအခွံနှင့်အစေ့အကြားရှိ အစိတ်အပိုင်း။ ၆၊ အရာဝတ္ထုပစ္စည်း တစ်ခုခု၏ အတည်ကိုယ်ခြာ။ ၇၊အနှစ်သာရ။ "စကားသော များသည်။ ~မပါ။" **~ကုန်**/အသုဂုန်/ကြိဝိ- [အပြော] အစွမ်းကုန်။ **~ကျ**၊ကြိ- နေသားတကျ ဖြစ်သည်။ / အသုဂျု/ န- မြင်းရွာ လေးဖက်ကို တစ်ဖက်စီ မြေပေါ်ကျစေလျက် မှန်မှန်ပြေးခြင်း။ **~ကြီး**၊ကြိ- သွေးကြီးသည်။ ဘဝင်မြင့်သည်။ **~စား**/အသားဇား/ နဝိ- တိရစ္ဆာန်တို့၏ အသားကိုစား၍ အသက်ရှင်သော (ကျား၊ ခြင်္သေ့ စသော သားရဲတိရစ္ဆာန်)။ **~ဆောင်**၊ ကြိ- ၁၊ အသားအရောင်ကို တစ်မျိုးတစ်ဖုံ တင့်တယ်လှပ စေသည်။ ၂၊ လှပသော အသားအရောင်ကြောင့် တစ်မျိုးတစ်ဖုံ တင့်တယ်သည်။ **~တင်**/ အသုဒင်/ န- နတ်သင့် ပယ်သင့်သည်တို့ကို နုတ်ပယ်ပြီးနောက် ကျန်ရစ်သော မွေး၊ ပစ္စည်း။ **~ဓာတ်**၊ န- နို့၊ ကြက်ဥ၊ အသား၊ ပဲ စသည်တို့မှ ရသည့် ကိုယ်ခန္ဓာဖွံ့ဖြိုးမှုကို ဖြစ်စေသော အာဟာရဓာတ်။ **~နီလန်**/ အသနီ ယန်/ကြိ- အရေပြားလန်ကာ သွေးစို့သော အသား ပေါ်သည်။ **~နုတက်**/အသာနုကက်/ကြိ-အနာ ကျက်စတွင် အသားသစ် ဖြစ်ပေါ်သည်။ **~ပါ**၊ ကြိ-အနှစ်သာရ ရှိသည်။ **~ပေး**၊ ကြိ-ဦးစားပေး သည်။ အလေးပေးသည်။ **~ပပ်**၊ ကြိ-အအေးဒဏ် ကြောင့် အရေပြား ခြောက်ခမ်း၍ ကွဲအက်သည်။ **~မာ**/အသမာ/ န-ထိတွေ့နာကျင်မှုကို မသိတော့ သည့် မာနေသောအသားပြင်။ **~ယူ**၊ကြိ-ဂုဏ်ယူ ဝင့်ကြွားသည်။ **~လွတ်** /အသလွတ်/ ကြိဝိ- အ ကြောင်းတစ်စုံတစ်ရာ ပတ်သက်ခြင်း မရှိဘဲ။ အကြောင်းမဲ့သက်သက်။ **~သေ**၊ကြိ-အခြေအနေ တစ်ခုတွင် မြဲစွဲတည်တံ့နိုင်မာသည်။ အသား ကျသည်။ **~အရေ** န-၁၊ခန္ဓာကိုယ်၏ အသား အရေ။ ၂၊ယင်း၏ အရောင်အဆင်း။

အသိ၊န-၁၊ဆင်ခြင်တတ်မှု။ နားလည်မှု။ ၂၊တွေ့မြင် သိရှိဖူးသောသူ။ **~ဉာဏ်**၊ န-တွေးခေါ်မြော်မြင် တတ်သော၊ ဆင်ခြင်တတ်သော ဉာဏ်။ **~တရား**၊ န-သိတတ်မှု။ လိမ္မာမှု။ **~ပညာ**/အသိဗျင်ညာ/ န-ကြားမြင်ရာမှဖြစ်စေ၊ ဖတ်ရှုလေ့လာရာမှ ဖြစ်စေ ရသော ပညာ။ **~ပေး**၊ကြိ-အကြောင်းကိစ္စ တစ်ခုခု ကို သူတစ်ပါးသိအောင် ပြုသည်။ **~မလုပ်**၊ ကြိ- တစ်စုံတစ်ဦးကို မသိသလို နေသည်။ **~သက်သေ**၊ န- အမှုအခင်းကို ကိုယ်တိုင်တွေ့မြင် သိရှိသူ။ သက်သေ။ **~အမှတ်ပြု**၊ ကြိ-လက်ခံ အတည်ပြု သည်။

အသီး၊န-၁၊အပင်မှဖြစ်ပေါ်သော မျိုးစေ့၊ အသား၊ အခွံ စသည်ပါသည့် အရာ။ ၂၊ ယင်း ပုံသဏ္ဌာန် ကဲ့သို့သော အရာ။

အသီးသီး /အသီးသိုး/ ~အသကအသက/~အသုဂါ အသုဂါ/ ကြိဝိ-တစ်ခုစီ။ တစ်ဦးစီ။

အသူ၊ န-မတ်မတ်ရပ်ထားသော သူ၏ခြေဖျားမှ မြှောက်ထားသော လက်ဖျားအထိ ဖြစ်သော အမြင့်။ နစ-တပ်အပ်သေချာ မသိသောသူကို ရည်ညွှန်း သော စကား။ မည်သူ။ **~တစ်ရာ**/အသူတယာ/ န-အသူအပြန် တစ်ရာ။ ကြိဝိ-အသူပေါင်းများစွာ။

အသေ၊ ကြိဝိ- ၁၊အသက်ဆုံးရှုံးအောင်။ ၂၊အရွေ့ အပြောင်းမရှိ ဘစ်သမတ်တည်း။ တစ်သမတ်တည်း မြဲစွဲ တည်နေအောင်။ "~ချည်။ ~မှတ်။" န- ၁၊အသက်မရှိသော သတ္တဝါ။ ၂၊မရွှေ့မပြောင်းနိုင် အောင် ပြုလုပ်ထားသောအရာ။ **~ဆိုး**/အသေဇိုး/ န-ဘေးအန္တရာယ် တစ်ခုခုကြောင့် ရုတ်တရက် သေခြင်း။ **~ဖြောင့်**၊ကြိ-ခကြောင့်ကြပူပင်ဖွယ် မရှိဘဲ သေသည်။ ကြောင့်ကြပူပင်ဖွယ်မရှိဘဲ သေနိုင်သော အခြေအနေရှိသည်။ **~အပျောက်**၊ န- ဘေး အန္တရာယ် တစ်စုံတစ်ရာကြောင့် သေကျေ ပျက်စီးမှု၊ သေကျေ ပျက်စီးသူ။ **~အလဲ**၊ကြိဝိ-၁၊စွန့်စွန့်စားစား အကြိတ်အနယ်။ ၂၊အလွန်အမင်း။ "~လိုချင် သည်။"

အသေးစိတ်/အသေးဇိတ်/ကြိဝိ-သေးငယ်သော အစိတ် အပိုင်း အထိ ခွဲခြမ်းစိတ်ဖြာလျက်။

အသေးအဖွဲ၊န-သေးငယ်သော၊ အရေးမပါသောအရာ။

အသံ၊န-နားဖြင့်ကြားရသော အာရုံ။ **~ကောင်းလွှင့်** /အသန်ဂေါင်းလွှင့်/ကြိဝိ-မိမိ၏ပြောဆိုပြုမူချက်ကို အကောင်းထင်အောင် သတင်း ဖြန့်လွှင့်သည်။ **~ကောင်းဟစ်**/အသန်ဂေါင်းဟစ်/ ကြိ-မိမိပြုမူ ချက်ကို အကောင်းထင်အောင် ပြောဆိုသည်။ **~ခဲ့စက်**/အသံခဲ့ဇက်/န-အသံကို ကျယ်လောင် စေရန် တိုးမြှင့်ပေးသော စက်ကိရိယာ။ **~တိတ်** /အသန်ဒိတ်/ နဝိ- စကားအသံ မယှက်သော။ "~ရပ်ရှင်။" **~ထွက်**/အသန်ဒွက်/န-စကားလုံး ကို ရွတ်ဆိုပုံ။ /နဝိ-စကားအသံ ထွက်ပေါ်သော။ "~ရုပ်ရှင်။" **~နေအသံထား**/အသန်နေအသန်ဒါး/ န-အသံ အနိမ့်အမြင့်၊ အဆွဲအငင်၊ အဖြတ် အတောက် စသည်။ **~နက်**၊န-ကျယ်လောင်စွာ အော်သည့်အခါ ရင်ခေါင်းမှ ထွက်လာသောအသံ။ **~ပေး**၊ကြိ-အသံ ကြားအောင်ပြုသည်။ **~ပြု**၊ကြိ- အသံပေး၍ သိအောင်ပြုသည်။ **~ဖမ်းစက်**/အသန် ဖန်းဇက်/န-အသံလှိုင်းကို ဖမ်းယူနိုင်သော စက် ကိရိယာ။ **~ဗလံ**၊ န-၁၊အသံ။ မြည်သံ။ ၂၊သတင်း

မာတိကာသို့ ▶▶▶

http://www.lknt11.com

စကား။ ~လှိုင်း။န–အသံကို ပျံ့နှံ့စေသော တုန်ခါမှု။ ~လွှင့်၊ ကြိ–၁။သတင်း၊ ဟောပြောချက်၊ ဓာတ်သီချင်း စသည်ကို လျှပ်စစ်သံလိုက်လှိုင်းမှ တစ်ဆင့် ထုတ်လွှင့်သည်။ ၂။သတင်းစကားကို လူအများအား ကြားသိစေသည်။ ~ဝင်၊ ကြိ–အသံတိမ်၍ ပျောက်လုနီး ဖြစ်သည်။

အသက်။န–၁။သတ္တဝါနှင့်အပင်တို့၏ ရှင်သန်မှု။ ၂။ ရှင်သန်မှုနှစ်ကာလ အပိုင်းအခြား။ ၃။ [ဥပစာ] အသက်ကဲ့သို့ အရေးပါ အရာရောက်သော အရာ။ **~ငင်**၊ ကြိ–၁။အသက်ထွက်လုဆဲဆဲဖြစ်သည်။ ၂။ [ဥပစာ] တစ်စုံတစ်ခု၏ ရှင်သန်တည်ရှိမှု၊ ဖြစ်ထွန်းကြီးပွားမှု စသည် ရပ်စဲပျက်စီးလုဆဲဆဲ ဖြစ်သည်။ **~ဆေး** /အသက်ဆေး(စ်)/ ကြိ–ဘုရားဥပဒေအရ သို့မဟုတ် ထုံးတမ်းစဉ်လာအရ သတ်မှတ်ထားသော အသက် အပိုင်းအခြားသို့ ရောက်ရှိသည်။ **~ဆက်**၊ ကြိ–၁။အသက်ဆက်လက် ရှင်သန်စေရန် အတွက် ထောက်ကူမည့် အာဟာရ၊ ဆေးဝါး စသည်ကို ဖြည့်ဆည်းပေးသည်။ ၂။[ဥပစာ] လုပ်ငန်း တစ်စုံတစ်ရာ ရပ်တန့်မသွားဘဲ ဆက်လက် တည်တံ့စေရန်အတွက် တစ်စုံတစ်ရာဖြင့် ထောက်ကူသည်။ **~ထက်ဆုံး**။ကြိဝိ–အသက်သေဆုံးသည့်တိုင်အောင်။ တစ်သက်လုံး။ **~ပါ**။ကြိ–၁။သေသည်။ ၂။ပြောဆို လှုပ်ရှားမှု စသည် သရုပ်ပေါ်သည်။ **~မြင့်**။ကြိ–သေနိုင်ခဲသည်။ **~မွေးဝမ်းကျောင်း**/အသက်မွေးဝမ်း(ဂန်း)ကျောင်း/န–စားဝတ်နေရေး တွက် လုပ်ကိုင်သော အလုပ်။ **~ရ**။ကြိ–အသက် ကြီးရင့်သည်။ **~ရှူ**။ကြိ–ဝင်သက်ထွက်သက်ကို ရှူခြင်း၊ ထုတ်ခြင်း ပြုလုပ်သည်။ **~ရှူချောင်**။ကြိ– [ဥပစာ] စားဝတ်နေရေး စသော အခက်အခဲ တစ်စုံတစ်ရာကို လွန်မြောက်သဖြင့် စိတ်သက်သာရာရသည်။ **~ရှူပေါက်** /အသက်ယှုပေါက်/န–[ဥပစာ]အခက်အခဲ အကျပ်အတည်းမှ လွတ်မြောက်နိုင်သည့် အခွင့်အလမ်း။ **~ရှူမှား**။ကြိ–ထိတ်လန့်အံ့သြဖွယ် စသည်ကြောင့် သတိလွတ်ကာ အသက်ရှူမမှန် ဖြစ်သည်။ **~ဝင်**၊ ကြိ–၁။တိတ်ဆိတ် ငြိမ်သက်နေရာမှ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ သရုပ်ပေါ်သည်။ **~သခင်**။န–မိမိ အသက်ကို ကယ်တင်သူ။ မိမိအသက်ကို ရှင်သန် အောင် အထောက်အပံ့ပြုသူ၊ ပြုသောအရာ။ **~သွေးကြော**/အသက်သွေးကျော/န–[ဥပစာ] အရေးပါ အရာရောက်သော အရာ။ **~အာမခံ**/အသက်အာမာ့ခန်/န–အာမခံ အဖွဲ့အစည်း တစ်ခုခုတွင် မိမိအသက်ကို အာမခံထားခြင်း။

အသက်သာရှိ၊ ကြိ– လုပ်သင့်သလောက် မလုပ်ဘဲ သက်သာရာ သက်သာကြောင်း ရှာကြံသည်။ အချောင်ခိုသည်။

အသောက်အစား။န–အရက်သေစာ သောက်စားမူးယစ် ခြင်း။

အသိုက်။န–၁။ငှက်စသည် သတ္တဝါတို့ ပြုလုပ်ထားသည့် နေစရာ။ ၂။အစုအဝေး။ အစုအဖွဲ့။ အသိုက်အဝန်း။ **~အမြုံ**။န–သိုက်မြုံ။

အသင်။နစ–ကြားနာသူကို ရည်ညွှန်းသောစကား။ သင်။

အသင့်။ကြိဝိ–တစ်စုံတစ်ရာ ပြုလုပ်ဆောင်ရွက်ရန် ပြင်ဆင်ပြီး ဖြစ်လျက်။ "သွားရန် ~ဖြစ်ပြီ။"

အသင်း။န–ကိစ္စတစ်ခုခုကို ဆောင်ရွက်ရန် ရည်ရွယ်၍ ဖွဲ့စည်းထားသော လူအစု။

အသိုင်းအဝိုင်း။န–၁။ပတ်ဝန်းကျင်အခြံအရံ။ ၂။ဝေဝေ ဆာဆာ ပြောဆိုရေးသားမှု။

အသစ်ကျပ်ချွတ်၊ အသစ်စက်စက်၊ န–အသုံး မပြုရ သေးသော အရာ။

အသည်။န–၁။ထမ်းဆောင်သောသူ။ ထမ်းဆောင်သော အရာ။ ၂။တိုင်။ ၃။အကြီးအကဲ။ အရှင်။ ၄။ ဆောင်ရွက်သူ။ ရောင်းချသူ။ စောင့်ရှောက်သူ။ ၅။ကုန်သည်။ သူဌေး သူကြွယ်။ ၆။မင်းမှုထမ်း မဟုတ်သော အခွန်ထမ်း။ (ကပ်ပါး၊ အလား ဝင်နေ တို့လည်းရှု။)

အသည်အဝါ။န–[ခပါ]တင့်တယ်ခြင်း။ အသရေ။

အသည်း/အသဲ/န–သည်းခြေရည်ထုတ်လုပ်၍ သွေးပြန် ကြောရှိသွေးကို သန့်စင်ပေးသော ကိုယ်တွင်းအင်္ဂါ အစိတ်အပိုင်း။ **~ကြောင်**/–ကျောင်/ကြိ–သတ္တိ ကြောင်သည်။ **~ကွဲ**/–ကွဲ/ကြိ–ဝမ်းနည်း ကြေကွဲ သည်။ **~ငယ်** /–ငယ်/ ကြိ–ကြောက်တတ်သည်။ သတ္တိနည်းသည်။ **~နာ**/–နာ/ကြိ–စိတ်နာကြည်း သည်။ **~ယား**/–ယား/ကြိ–၁။စိတ်တွင် မချင့်မရဲ ဖြစ်သည်။ ၂။ရွံရှာဖွယ်၊ စိုးရိမ်ထိတ်လန့်ဖွယ် တစ်စုံ တစ်ရာကြောင့် တုန်လှုပ်ချောက်ချားသည်။ **~လှိုက် အူလှိုက်** /–လှိုက်အူလှိုက်/ကြိဝိ–လှိုက်လှိုက်လှဲလှဲ။ **~အေး**/–အေး/ကြိ–ရင်သဲတွင် စိမ့်ခနဲ ဖြစ်သွား သည်။

အသည်းအသန်/အသဲအသန်/ကြိဝိ–(ရောဂါ)လွန်ကဲ ပြင်းထန်စွာ။

အသတ်၊ န – အဆုံးဗျည်း၏ သရသံ မထွက်စေရန် သက်ဆိုင်ရာ ဗျည်း၏အပေါ်တွင် တင်ထားသော တံခွန်အမှတ်အသား။ ်။ **~အလတ်**။န–သတ်ပုံ စာလုံးပေါင်း။

အသုတ်။န–တစ်စုပြီးတစ်စုဖြစ်သော အစုအအုပ်။

အသိပ်အနက်။ကြိဝိ–များပြားပြည့်နှက်စွာ။

အသုံး။န– သုံးစွဲခြင်း၊ သုံးခြင်း။ **~ကျ**။ကြိ–သုံးစွဲရာတွင် အကျိုးရှိသည်၊ အသုံးဝင်သည်။ **~ကြီး**၊ ကြိ–ငွေ

http://www.lknt11.com

ကို ဖောဖောသီသီသုံးလေ့ရှိသည်။ ~ခဲ၊ကြိ–ကြာကြာ သုံးစွဲ၍ရသည်။ /အသုန်းဂန်/ န–သူတစ်ပါး အသုံးပြုခြင်း ခံရသော သက်ရှိသက်မဲ့။ ~ချ၊ ကြိ–၁၊ အကျိုးရှိအောင် သုံးသည်၊ ၂၊သူတစ်ပါးကို ကိုယ်ကျိုးအတွက် သုံးသည်။ **~စာရေး** /အသုန်းစယေး/ န–မြန်မာမင်းများ လက်ထက် ကျောင်း၊ ဘုရား၊ စေတီ၊ နန်းတော်၊ အိမ်တော် တည်ဆောက်ခြင်း၊ မင်းပွဲသဘင် ကျင်းပခြင်း စသော အမှုကိစ္စတို့ကို ဝိမ်သော အမှုထမ်း။ **~တည့်** /အသုန်းတဲ့/ကြိ–အသုံးပြု၍ အဆင်ပြေသည်။ **~ဖြူ**၊ ကြိ–အသုံးချသည်။ **~ဖွာ**၊ ကြိ–အသုံးကြီးသည်။ **~ဝင်**၊ ကြိ–အသုံးကျသည်။ **~အဆောင်**၊ န–စားပွဲ၊ ကုလားထိုင်၊ ပန်းကန် ခွက်ယောက် စသော အသုံးပြုရန် ပစ္စည်းအမျိုးမျိုး။

အသွား၊န–၁၊အပ်၊ ကလောင် စသည်၏ ချွန်ထက်သော အဖျားပိုင်း။ ၂၊ဓား၊ လှံ စသည်၏ ထက်သော အပိုင်း။ ၃၊စာရေးဖွဲ့ပုံ အနေအထား။ ၄၊သီချင်း၏ အသံနေအသံထား။ သီချင်းသွား။ တေးသွား။

အသွေး၊န–၁၊သွေးရည်။ ၂၊အရောင်။ အရောင်အဆင်း။ **~ကျ**၊ ကြိ–အရောင်အဆင်း ပြေပြစ်လှပသည်။ **~အမွေး**၊ န–ရုပ်သွင်ပြင်လက္ခဏာ။ **~အသား**၊န–ခန္ဓာကိုယ်ရှိ သွေးသား။

အသွင်၊န–ပုံပန်းသဏ္ဌာန်။ ရုပ်လက္ခဏာ။ **~ပြောင်းကျောက်** / အသွင်ဗျောင်းကျောက် / န – အပူရှိန်ကြောင့်လည်းကောင်း၊ ဖိအားကြောင့်လည်းကောင်း မူလအသွင်အပြင် ဂုဏ်သတ္တိပြောင်းလဲ၍ ဖြစ်လာသော ကျောက်။ **~အပြင်**၊န–ပုံပန်းသဏ္ဌာန်။ ရုပ်လက္ခဏာ။

အသွင်းဥစ္စာ/အသွင်းအုတ်စာ/န–လက်ထပ်ထိမ်းမြားရန် အတွက် ယောကျာ်းဘက်က တင်တောင်းသော ဥစ္စာမစ္စည်း။

အသွမ်း၊န–အဆိုးအပျက်။ **~သွေး**၊ ကြိ–ပြက်ရယ်ပြုသည်။ ရယ်သွမ်းသွေးသည်။

အသွယ်သွယ်/အသွယ်သွယ်/ကြိဝိ–၁၊အမျိုးမျိုး အဖုံဖုံ။ ၂၊သွယ်တန်းလျက်။

အဟုတ်အဟတ်၊ကြိဝိ–အမှန်တကယ်။

အဟန့်၊ န– သူတစ်ပါး လေးစား စိုးရွံ့လောက်သော ခံ့ညားမှု အရှိန်အဝါ။

အဟုန်၊န–ပြင်းထန်သော အရှိန်။

အဦး၊န–စတင်ဖြစ်ပေါ်ခြင်း။ ပထမ။ ရှေးဦး။ **~အဖျား**၊ န–ပထမဦးဆုံးသော အရာ။ ရှေးဦးပထမ။

အအေးပိုင်းဇုန်/အအေးပိုင်းဇုန်/န–တောင်ဝင်ရိုးစွန်း နှင့် မြောက်ဝင်ရိုးစွန်းရှိ အအေးလွန်ကဲသော ဒေသ။

အအေးပတ်၊ကြိ–အအေးဒဏ် ခံရသဖြင့် နေမကောင်းဖြစ်သည်။

အအိုး၊န–အိမ်ထောင်ရှိပြီး မိန်းမ၊ ယောကျာ်း။

အအိပ်ကြီး၊ကြိ–အအိပ်လွန်ကြူးသည်။

အအိပ်ဆတ်၊ကြိ–ကြားကာ ထိကာမျှနှင့် နိုးလွယ်သည်။

အအိပ်အနေ၊န–အိပ်စက်ခြင်း။

အ[1]၊ကြိ–၁၊စကားပြောနိုင်စွမ်းမရှိ။ ၂၊အသံပြည့်မီပီသခြင်းမရှိ။ "ဒင်္ဂါး ~ –။" ၃၊ရိုးလွန်းသည်။ ၄၊(အပင်စသည်)ဖွံ့ဖြိုးမှု ရပ်တန့်သည်။ ၅၊(အရောင်းအဝယ်)ထိုင်းသည်။ ၆၊(ပုံအသွင်) ခေတ်မီ ဆန်းသစ်မှု မရှိ။

အ[2]၊စည်း–[ရှေး]တားမြစ်ခြင်းပြသော စကားလုံး။ "~ဖူးရစေ။"

အ[3]၊စည်း–ဆန့်ကျင်၊ ငြင်းပယ်၊ တားမြစ်ခြင်းအနက်ဖြင့် ပါဠိ၊ သက္ကတ နာမ်ပုဒ်တို့၏ ရှေ့၌ ဆက်သော စကားလုံး။ (သရနှင့်စသော ပုဒ်တို့၌ အန ဖြင့် ဆက်သည်။)

အကာလ/အာ့ကာလာ့/န–အခါ မဟုတ်။ အချိန်မတော်။ ညအခါ။ [ပါ၊အ+ကာလ]

အကုသိုလ်/အာ့ကုသို/န–မကောင်းမှု။ [ပါ၊ အ+ကုသလ]

အဂတိ/အာ့ဂဒိ/န–ဘက်လိုက်ခြင်း။ (၁၊ဆန္ဒာဂတိ–ချစ်သဖြင့် ဘက်လိုက်ခြင်း ၂၊ဒေါသာဂတိ–မုန်းသဖြင့် ဘက်လိုက်ခြင်း ၃၊ ဘယာဂတိ–ကြောက်သဖြင့် ဘက်လိုက်ခြင်း ၄၊ မောဟာဂတိ–မသိသဖြင့် ဘက်လိုက်ခြင်းဟူ၍ အဂတိ လေးပါးရှိသည်။) [ပါ၊အဂတိ] **~လိုက်စား** /–လိုက်စား/ ကြိ–မတရားသဖြင့် ဘက် လိုက်သည်။

အဃောသ/အာ့ဂေါသာ့/န–အသံပြင်းပြင်း မထွက်သော အက္ခရာ။ သံညင်းအက္ခရာ။ (က၊ ခ၊ စ၊ ဆ၊ ဋ၊ ဌ၊ တ၊ ထ၊ ပ၊ ဖ၊ သ၊ ဟ ဟူ၍ ၁၂လုံး ရှိသည်။) (ဃောသလည်းရှု) [ပါ၊အ+ဃောသ]

အစိန္တေယျ /အစိန်ဒေယာ့/ န– မကြံစည်အပ် မကြံစည် နိုင်သော အရာ။ [ပါ၊အစိန္တေယျ]

အဇရာ/အဇဒါ/န–ကောင်းကင်ပြင်။ [ပါ၊အဇ+အာကာသ]

အတုလ၊နဝိ–တူသောသူ မရှိသော။ အတုမရှိသော။ [ပါ၊အတုလ]

အဓမ္မ/အာ့ဒမ့ာ/န–မသူတော်တရား။ မတရားသော အမှု။ /ကြိဝိ–နိုင်ထက်စီးနင်း။ [ပါ၊အဓမ္မ]

အနမတဂ္ဂ/အနာ့မတက်ဂါ့/နဝိ–အစ မထင်သော။ /န–မရေတွက်နိုင်အောင် များပြားခြင်း။ [ပါ၊အနမတဂ္ဂ]

အနဝတတ်အိုင်/အနဝတတ်အိုင်/န– ဟိမဝန္တာရှိ အိုင်ကြီးခုနစ်အိုင်တွင် အပါအဝင်ဖြစ်သော၊ ရွှေရောင်

မာတိကာသို့ >>>

မထိုးသဖြင့် အလွန်အေးမြသည့် ရေအိုင်ကြီး။ [ပါ၊ အနဝတတ္တ+မြန်၊ အိုင်]

အနာဂတ်၊ န- ဖြစ်လတ္တံ့သော ရောက်လတ္တံ့သော ကာလ။ [ပါ၊ အနာဂတ]

အနာဂါမ်၊ န- အရိယာလေးဆင့်တွင် တတိယ အဆင့်၌ တည်သောပုဂ္ဂိုလ်။ ကာမဘုံသို့ ပြန်မလာသူ။ [ပါ၊ အနာဂါမိ]

အနိယတ၊ နဝိ- ၁၊ အသေအချာမဟုတ်သော။ ၂၊ အညတရ ဖြစ်သော။ [ပါ၊ အနိယတ]

အနေကဇာတင်/အနေဂဇာတင်/ကြိ- ဗုဒ္ဓ ဆင်းတုတော်ကို အနေကဇာတိ သံသာရံ အစချီသော ဂါထာဖြင့် ပူဇော်သည်။ [ပါ၊ အနေကဇာတိ+မြန်၊ တင်]

အနေကသင်္ချာ/အနေကာ့သင်ချာ/န- အရာ၊ အထောင်၊ အသောင်းစသည်ဖြင့် အတိအကျမဟုတ်သည့် များသောအရေအတွက်။ [ပါ၊ အနေက+သင်္ချာ]

အနေကန်၊ ကြိဝိ- ကေန်မဟုတ်။ တိတိကျကျ မဟုတ်။ [ပါ၊ အနေကန္တ]

အနောတတ်အိုင်/အနောဒတ်အိုင်/န- အနဝတတ် အိုင် နှင့် အတူတူ။ [ပါ၊ အနောတတ္တ+မြန်၊ အိုင်]

အနောဓိသ၊ နဝိ- အရပ်မျက်နှာ၊ ပုဂ္ဂိုလ်စသည် ပိုင်း ခြားခြင်းမရှိသော (မေတ္တာ)။ [ပါ၊ အနောဓိသ]

အနဂ္ဃ၊ န- ကြေးမဖြတ်နိုင်အောင် များသောတန်ဖိုး။ [ပါ၊ အနဂ္ဃ]

အနိစ္စ၊ န- မမြဲခြင်း။ ဖောက်ပြန်ပျက်စီးခြင်း။ [ပါ၊ အနိစ္စ] ~ရောက် /အနိတ်စာ့ယောက်/ကြိ- ကွယ်လွန်သည်။ သေသည်။

အနိဋ္ဌာရုံ/အနိတ်ထာယုန်/န- နှစ်သက်လိုလားဖွယ် မရှိသောအရာ။ [ပါ၊ အနိဋ္ဌာရမ္မဏ]

အနတ္တ၊ န- အတ္တမဟုတ်သော၊ အတ္တမရှိသော တရားစု။ အစိုးမရ အနှစ်သာရမရှိသောတရားစု။ [ပါ၊ အနတ္တ]

အနန္တ /အနန်ဒါ/န- အဆုံးမရှိခြင်း။ အတိုင်း မသိခြင်း။ [ပါ၊ အနန္တ]

အနန္တောအနန္တငါးပါး/အနန်ဒေါအနန်ဒါငါးဖား/ န- အတိုင်းမသိ ကျေးဇူးရှိသောဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ။ [ပါ၊ အနန္တ+အနန္တ+မြန်၊ ငါးပါး]

အပရိဟာနိယ/အာ့ပရိဟာနိယာ့/န- တိုင်းပြည်စည် ကားတိုးတက်ကြောင်း တရား။ (၁၊ မပြတ်စည်းဝေး ခြင်း ၂၊ ဆောင်ရွက်ရန်ကိစ္စကို အညီအညွတ် ဆောင်ရွက်ခြင်း ၃၊ ရှေးကမရှိခဲ့သော ဥပဒေ စည်းကမ်းကို အသစ်ပညတ်ခြင်း။ ရှိပြီး ဥပဒေ စည်းကမ်းကို မဖျက်ခြင်း ၄၊ အသက်အရွယ်ကြီးသူ တို့ကို အလေးအမြတ်ပြုခြင်း ၅၊ အမျိုးသမီးတို့ကို အနိုင်အထက်မပြုခြင်း ၆၊ အစဉ်အလာ လှူဒါန်း ပူဇော်မှုကို ဆက်လက်ဆောင်ရွက်ခြင်း ၇၊ သီလ ရှိသော ရဟန်းကို ချီးမြှောက် စောင့်ရှောက်ခြင်း ဟူ၍ ခုနစ်ပါးရှိသည်။) [ပါ၊ အပရိဟာနိယ]

အမတေ/အမဒေ/န- အမြုတေ ရှု။ [ပါ၊ အမတ]

အမနာပ/အာ့မနာပ/န- မနှစ်သက်ဖွယ်စကား။ [ပါ၊ အ+မနာပ]

အမင်္ဂလာ/အာ့မင်ဂလာ/န- မင်္ဂလာမရှိခြင်း။ မင်္ဂလာ မရှိသောအရာ။ [ပါ၊ အ+မင်္ဂလ]

အမြုတေ/အမျုတေ၊ အမဒေ/န- ၁၊ အနှစ်။ အနှစ်သာရ။ ၂၊ အချို့သောတိရစ္ဆာန်၊ သစ်ပင်တို့၌ရှိ သော အစွမ်းထက်သည်ဆိုသည့် အခဲမာတစ်မျိုး။ [သ၊ အမၖတ]

အမြိုက်၊ နဝိ- သေခြင်းကင်းသော။ ငြိမ်းချမ်းသော၊ "~နိဗ္ဗာန်။" [သ၊ အမၖတ]

အယုတ္တအနတ္တ/အယုတ်တာ့အနတ်တာ့/န- မသင့် မလျော် အကျိုးမဲ့သောစကား။ [ပါ၊ အယုတ္တ+ အနတ္တ]?

အလေဏဘော/အလေနာ့ဘော/န-၁၊ ခိုကိုးရာမဲ့ လေလွင့်နေသူ။ အခြေအနေမဲ့သူ။ ၂၊ သိမ်ဖျင်းပေါ့ ပျက်သောအရာ။ [ပါ၊ အလေဏဘော]

အလဇ္ဇီ/အလစ်ဇိ/န- ၁၊အရှက်မရှိသူ။ ၂၊ အရှက် မရှိ ပြောသောစကား။ [ပါ၊ အလဇ္ဇီ]

အဝိညာဏက/အာ့ဝိန်ညာနကာ့/န- သက်မဲ့။ (သဝိ ညာဏကလည်းရှု) [ပါ၊ အဝိညာဏက]

အဝီစိ/အဝိစိ/န- ငရဲကြီးရှစ်ထပ်တွင် တာပနငရဲ အောက် ယူဇနာ ၁၅၀၀၀ ဝေးကွာသောအောက် ဆုံးငရဲ။ [ပါ၊ အဝီစိ] ~ တွင်း /-ခွင်း/ န- မြေ အောက် အလွန်နက်သော အလွှာမှရေကို စက်ဖြင့် စုပ်ထုတ်ယူသော ရေပြွန်တွင်း။

အဆေရာ၊ န- ဘောစကိုင်းပင်။ [ပါ၊ အဆေရ]

အဝဂ် /အာ့ဝက်/ န- ဝဂ်ဗျည်းမဟုတ်သော ဗျည်းများ။ (မြန်မာမှု၌ ယ၊ ရ၊ လ၊ ဝ၊ သ၊ ဟ၊ ဠ၊ အ ဟူ၍ ရှစ်လုံးရှိသည်။) [ပါ၊ အ+ဝဂ္ဂ]

အဝိဇ္ဇာ/အဝိတ်ဇာ/န-အမှန်ကို မသိမမြင်ခြင်း။ [ပါ၊ အဝိဇ္ဇာ]

အသညသတ်ဘုံ/အသင်ညာ့သတ်ဖုန်/န-နာမ် မရှိဘဲ ရုပ်သာရှိသော ဗြဟ္မာဘုံ။ [ပါ၊ အသညသတ္တ+ ဘူမိ]

အသုဘ/အာ့သုဘာ့/န-၁၊ မတင့်တယ်ခြင်း။ မတင့် တယ်သောအရာ။ ၂၊ မသာ။ လူသေကောင်။ ၃၊ မသာကိစ္စ။ မသာအခမ်းအနား။ [ပါ၊ အသုဘ]

http://www.lknt11.com ...

အသုရကာယ်/အသုရကယ်/ န– အပါယ် လေးပါး အနက် တစ်ပါးဖြစ်သော ပြိတ္တာအသူရာ အအုပ် အသင်း။ [ပါ၊ အသုရကာယ]

အသူရာ/အသူရာ/န– ၁၊ အစိုးရခြင်း၊ ပျော်မြူးခြင်း စသည်ဖြင့် မတောက်ပနိုင်သော ပြိတ္တာတစ်မျိုး။ ၂၊ ဟာဂကိ သာနတ်တို့၏ ဆန့်ကျင်ဘက်ဖြစ်သော နတ်တစ်မျိုး။ [ပါ၊ အသုရ]

အသူရိန်/အသူရိန်/န– နတ်အသူရာတို့၏ အကြီး အကဲ။ [ပါ၊ အသုရိန္ဒ]

အသစ်တ/အာ့သင်ခတာ့/န– ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသော အကြောင်းတရားတို့သည် ညီညွတ်ပေါင်းဆုံ၍ ပြုပြင်ခြင်းမခံရသောတရား။ နိဗ္ဗာန်။ [ပါ၊ အသင်္ခတ]

အသင်္ချေ၊ န– ရေတွက်နိုင်စွမ်းမရှိအောင် များပြား သောကိန်း။ [ပါ၊ အသင်္ချေယျ] ~**ယျကပ်**၊ န– အန္တရကပ် ၆၄ ကပ် အပိုင်းအခြား ကာလ။ [ပါ၊ အသင်္ချေယျ+ကပ္ပ]

အဟိတ်တိရစ္ဆာန်/အဟိတ်တရိတ်ဆန်/န– ဟိတ်မဲ့ စိတ်နှင့် ပဋိသန္ဓေနေသော နွား၊ ကျွဲ စသော တိရစ္ဆာန်။ [ပါ၊ အဟေတုက+တိရစ္ဆာန]

အကော်ဒီယန်၊ န– လေဘက်ခံပါသော လက်ဆွဲဘာဂျာ တစ်မျိုး။ [လိပ်၊ accordion]

အခီး၊န–ကချင်လူမျိုးဟာစ်မျိုး။ (ကချင်ပြည်နယ် အရှေ့ မြောက်ဘက်ပိုင်းတွင် အများအားဖြင့် နေထိုင် သည်။)

အညတရ/အင်ညတ်တရာ့/န– အမျိုးအမည်မထင်ရှား သူ။ သာမညလူ၊ [ပါ၊ အညတရ]

အညမည/အင်ညာ့မင်ညာ့/ကြိဝိ– အချင်းချင်း အပြန် အလှန်။ [ပါ၊ အညမည]

အဏုကြည့်ကိရိယာ /အနကျုံကရိယာ/ န– ပကတိ မျက်စိဖြင့် မမြင်နိုင်သောအရာများကို မြင်စေနိုင် သောကိရိယာ၊ [ပါ၊အဏု+မြန်၊ကြည့်+ပါ၊ကိရိယာ]

အဏုမြူ၊ န–၁၊ အလွန့်အလွန်သေးငယ်သည့် မြူမှုန်။ ၂၊ [သိပ္ပံ] ဒြပ်စင်၏ အသေးငယ်ဆုံး အစိတ်အပိုင်း။ [ပါ၊ အဏု+မြန်၊ မြူ] ~ **ဗုံး**၊ န– အဏုမြူစွမ်းအား ပါသော အလွန်ပြင်းထန်သည့် ဗုံးတစ်မျိုး။

အဏုယုဂ်/အနုယုတ်/န– [ဘူမိ] ကမ္ဘာမြေ၏ ဘူမိ ကာလကို ပိုင်းခြားရာ၌ အခြေခံပြုသော အငယ် ဆုံးအပိုင်းအခြား။ [ပါ၊ အဏု+ယုဂ]

အတာ၊ န– နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူး ပြောင်းချိန်။ [ပါ၊ အန္တ]? ~ **စား**၊ ကြိ– သင်္ကြန် အကျနေ့နှင့် မွေးနေ့ တိုက်ဆိုင်သည်။ ~ **ရေ**၊ န– သင်္ကြန်တွင် ပက်ဖျန်းကစားရသော ရေ။ ~**အိုး**၊ န– နံ့သင့်ပန်းများထိုးစိုက်၍ နှစ်သစ်ကိုကြို သောအိုး။

အတိဇာတ၊ နဝိ– မိဘထက် အရည်အချင်းသာလွန် သော(သား)။ [ပါ၊ အတိဇာတ]

အတိဒုက္ခ၊ န– အလွန်အမင်း ဖြစ်သော ဆင်းရဲဒုက္ခ။ [ပါ၊ အတိဒုက္ခ]

အတိဝုတ္တဒေါသ/အတိဝုတ်တာ့ဒေါသာ့/န– လွန်လွန် ကျူးကျူးဖွဲ့ဆိုရေးသားသောကြောင့် သင့်သော ဒေါသ။ [ပါ၊ အတိဝုတ္တ+ဒေါသ]

အတိသယဝုတ္တိအလင်္ကာ/ အတိသယာ့ဝုတ်တိအလင် ဂါ/ န– လွန်ကဲစွာ ဖွဲ့ဆိုရေးသားသော အလင်္ကာ။ [ပါ၊ အတိသယဝုတ္တိ+အလင်္ကာရ]

အတိတေ၊ န–ရှေးလွန်လေပြီးသောအခါ၌။ [ပါ၊ အတိ တေ]

အတီး၊ န– [ပေါ] ရှေးလွန်လေပြီးသောကာလ။ [ပါ၊ အတီတ]

အတိတ်၊ န– ၁၊ လွန်ခဲ့ပြီးသောအချိန်ကာလ။ ၂၊ ပြီး ခဲ့သောအဖြစ်အပျက်။ ၃၊ နိမိတ်ကောက်ရန် အခြေ ခံအချက်။ [ပါ၊ အတီတ] ~ **ကောက်**၊ ကြိ– အဖြစ်အပျက် တစ်ခုခုကိုထောက်၍ နောင် မည်သို့ ဖြစ်မည်ဟု အဓိပ္ပာယ်ကောက်သည်၊ ~ **ဆောင်**၊ ကြိ– ပြီးခဲ့သောအဖြစ်အပျက်ကို ဖော်ပြသည်။ ~ **နိမိတ်**/အတိတ်နမိတ်/န– နောင် မည်သို့ဖြစ်မည် ကို ကြိုတင်ဖော်ပြသောနိမိတ်။

အဒြ/အဒရာ့/န– ကြယ်တစ်လုံးသာရှိ၍ လိပ်လက် သဏ္ဍာန်ရှိသော နက္ခတ်။ [သ၊ အဒြါ]

အဓိက၊ န– အရေးကြီးသော၊ အရေးပါသော၊ လိုရင်း ဖြစ်သောအရာ။ [ပါ၊ အဓိက] ~**ရ**၊ နဝိ– ထင်ရှား ကြီးကျယ်သော။ [ပါ၊ အဓိက+ တရ?]

အဓိကရုဏ်း/အဒိဂယုန်း/န– ငြင်းခုံခိုက်ရန်ဖြစ်ပွား ခြင်း။ ဆူပူလှုပ်ရှားခြင်း။ [ပါ၊ အဓိကရဏ]

အဓိပတိ/အဒိဗဒိ/န– အကြီးအချုပ်။ [ပါ၊ အဓိပတိ]

အဓိမာသ်၊ န– နေသွားနှင့် တွက်သောလ (သုရိယ မာသ)ထက် လသွားနှင့် တွက်သောလ (စန္ဒမာသ) က ရှေ့ရောက်နေသောရက်ပေါင်း။ (ယင်းရက်များ ကို နှစ်ချင်းတိုက်ဆိုင်စေရန် ရက်သုံးဆယ်ပြည့် တိုင်း ဖြည့်လေ့ရှိသည်။) [ပါ၊ အဓိ+မာသ]

အဓိဋ္ဌာန်/အဒိတ်ထန်/န– စိတ်ကို အခိုင်အမာဆောက် တည်ခြင်း။ [ပါ၊ အဓိဋ္ဌာန]

အဓိပ္ပာယတ္ထ၊ န– ဆိုလိုရင်းအနက်။ [ပါ၊ အဓိပ္ပာယ+ အတ္ထ]

အဓိပ္ပာယ်/အဒိတ်ဗယ်/န– ဆိုလိုရင်းသဘော၊ [ပါ၊ အဓိပ္ပာယ]

အစွန်၊ န– ၁၊ရှည်လျားသောဂရိ။ ၂၊ ရှည်လျားသော ကာလ။ [သ၊ အစွန်]

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

အာမသော၊ ကြိ– [ပေါ] စကား ရန့်ရင်း ကြမ်းတမ်းသည်။

အာရှင်၊ ကြိ–စကားပြော သွက်လက်သည်။ နှုတ်သွက်သည်။

အာလုတ်ကျင်း၊ ကြိ– ပလုတ်ကျင်းသည်။

အာသီး /အာသိုး/ န– အာခေါင်၏နောက် တစ်ဖက်တစ်ချက်၌ စွန်းထွက်နေသော အသားစိုင်။

အာသွက်လျှာသွက်/အာသွက်ယှာသွက်/န– စကားကို သွက်လက်ချက်ချာစွာ ပြောဆိုတတ်သူ။

အာကရုံပါကရုံ/အာဂရန်ပါဂရန်/န– အရေးမထားလောက်သော အရာ။ [ဟိန္ဒူ၊ agram-hagram]

အာကာ၊ န–[ကဗျာ]မိုးကောင်းကင်။ [ပါ၊ အာကာသ]

အာကာသ၊ န–၁၊ ဟင်းလင်းပြင်။ ၂၊ မိုးကောင်းကင်။ [ပါ၊ အာကာသ]

အာကာသနီး/အာကာသုနိုး/န– ကောင်းကင်၌တည်ရှိသောနတ်။ [ပါ၊ အာကာသ+ဒေဝ]

အာကာသယာဉ်/အာကာသာ့ယာင်/န– ဟင်းလင်းပြင်၌သွားလာရာတွင် အသုံးပြုသော ယာဉ်။

အာချာတ်/အာချတ်၊ အက်ချတ်/န– [ပါ၊ သဒ္ဒါ] ကြိယာအနက်ကိုဟောသော သွားသည်၊ လာသည် စသော ပုဒ်မျိုး။ [ပါ၊ အာချာတ]

အာဂ၊ နဝိ– သာမန်မဟုတ်သော။ ထူးခြားသော။ "~လူ"။ [ပါ၊ အာဂတာ/အဂ္ဂ]

အာဂမယုတ္တိ /အာဂမာ့ယုတ်တိ/ န– ကျမ်းဂန်အထောက်အထား။ [ပါ၊ အာဂမ+ယုတ္တိ]

အာဂန္တု/အာဂန်ဒု/န–၁၊ ခေတ္တခဏရောက်ရှိလာသူ၊ ရောက်ရှိလာသည့်အရာ။ "~ဧည့်သည်။ ~အဖျား"။ ၂၊ ခေတ္တခဏ လာရောက်နေသိုင်သော ရဟန်း။ [ပါ၊ အာဂန္တုက] **~ကဘတ်** /အာဂန်ဒုကာ့ဘတ်/ န– ဧည့်သည် ရဟန်းတို့အား လှူသော ဆွမ်း။ [ပါ၊ အာဂန္တုက+ ဘတ္တ]

အာဂုံ၊ န–အလွတ်ရခြင်း။ နှုတ်တက်ရခြင်း။ [ပါ၊ အာဂမ]

အာဂွန်၊ န– လျှပ်စစ်မီးသီးတွင် ထည့်သွင်းအသုံးပြုရသော အရောင်အနံ့ကင်းမဲ့သည့် ဓာတ်ငွေ့တစ်မျိုး။ [လိပ်၊ argon]

အာဃာတ၊ န–တစ်စုံတစ်ဦးအပေါ် မကျေနပ်သောကြောင့် အန္တရာယ်ပြုရန် စိတ်တွင် ဒေါမှတ်ထားခြင်း။ ရန်ငြိုး။ [ပါ၊ အာဃာတ]

အာစရိယ/အာစရိယာ့/န–သွန်သင်ဆုံးမ နည်းလမ်းပြသောပုဂ္ဂိုလ်။ ပညာပို့ချသင်ကြားပေးသူ။ ဆရာ။ [ပါ၊ အာစရိယ]

အာဇာနည် န–၁၊ အကြောင်းဟုတ်မဟုတ်ကို ကောင်းစွာသိသောသူ။ ၂၊ အာမန်ထက် လက်ရုံးရည်နှလုံးရည် ထူးကဲသာလွန်၍ အများအကျိုးအတွက် သက်စွန့်ကြိုးပမ်း ဆောင်ရွက်သူ။ [ပါ၊ အာဇာနေယျ]

အာဇာနည်နေ့၊ န– ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ မြန်မာ့အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် ၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက်နေ့ကို အထိမ်းအမှတ်ပြု၍ နှစ်စဉ်ကျင်းပမြဲဖြစ်သောနေ့။

အာဏာ၊ န–၁၊ ဘုန်းတန်ခိုးအရှိန်အဝါ။ ၂၊ မြတ်စွာဘုရား၏ အဆုံးအမ။ ၃၊ အုပ်ချုပ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ အမိန့်ပေးခြင်း စသည်တို့ကို ပြုလုပ်ပိုင်ခွင့်။ [ပါ၊ အာဏာ] **~ကုန်**/အာနာဂုန်/ကြိဝိ– စီမံခန့်ခွဲပြုလုပ်ပိုင်ခွင့် ရှိသမျှ။ **~ခေတ်**/အာနာခေတ်/ န– မြတ်စွာဘုရား၏ ဓမ္မစကြာအာဏာတော် ပျံ့နှံ့ရာ စကြဝဠာ ကုဋေ တစ်သိန်း။ **~စက်** /အာနာဇက်/ န–ဘုန်းတန်ခိုး အာဏာ။ အမိန့်အာဏာ။ **~တည်**၊ ကြိ– သတ်မှတ် ပြဋ္ဌာန်းသော ဥပဒေ၊ အမိန့်စသည် အခိုင်အမာ တည်တံ့သည်။ **~ပိုင်**/အာနာဗိုင်/ န– စီမံခန့်ခွဲ အုပ်ချုပ်ပိုင်ခွင့် ရှိသူ။ **~ပြ**၊ ကြိ– ၁၊ အာဏာရှိကြောင်း သိသာထင်ရှားအောင် ပြုသည်။ ၂၊ အာဏာဖြင့် မောက်မာစွာ စေစားသည်။ **~ရူး**၊ န– အာဏာကို အလွန်အမင်း လိုချင်တပ်မက်သူ။ **~ရှင်**၊ န– စီမံခန့်ခွဲပြုလုပ်ပိုင်ခွင့် စသည့် အာဏာကို တစ်ဦးတည်း ချုပ်ကိုင်သုံးစွဲသူ။ **~သား** /အာနာသား/ န– ပါးကွက်သား။ လက်မရွံ့။

အာတာ၊ န–ထက်ဝက်။ ငုက်ပျောဖူးပုလင်း၏ ထက်ဝက် အရည်ပမာဏ။ [ဟိန္ဒီ၊ အာဓာ]

အာတိတ်၊ န– ၁၊ အိကွေတာမှ မြောက်လတ္တီတွဒ် ၆၆ ဒီဂရီ အကွာအဝေးရှိ အိကွေတာနှင့် အပြိုင်ဖြစ်သော စိတ်မှန်းမျဉ်း။ ၂၊ မြောက်ဝင်ရိုးစွန်းမှ ယင်းစက်ဝိုင်း မျဉ်းအတွင်းရှိ ဒေသ။ [လိပ်၊ arctic]

အာထဗ္ဗဏ၊ န–ဝေဒလေးပုံတွင် စတုတ္ထ ဖြစ်သော ဝေဒကျမ်း၏အမည်။ [ပါ၊ အာထဗ္ဗဏ]

အာဒါလွတ်၊ န– ဝါးဥ နှင့်အတူတူ။ [လိပ်၊ arrow-root]

အာဒိဝန်၊ န–စသည်ဟူသော စကားဖြင့် ကောက်ယူရသော အခြားအနက်များ။ [ပါ၊ အာဒိဝန္တ]

အာနာပါန၊ န–၁၊ ဝင်သက်ထွက်သက်။ ၂၊ ထွက်သက် ဝင်သက်ကို ရှုမှတ်၍ စီးဖြန်းသော ကမ္မဋ္ဌာန်း။ [ပါ၊ အာနာပါန]

အာနိသင်၊ န–အကျိုးသက်ရောက်မှု။ ဂုဏ်သတ္တိ။ [ပါ၊ အာနိသံသ]

အာနီ၊ န–ပုလဲတစ်မျိုး။ [သီဟိုဠ်၊ ani]

အာနုဘော် န–ဘုန်းတန်ခိုး။ အရှိန်အစော်။ [ပါ၊ အာနုဘာဝ]

မာတိကာသို့ ▶▶▶

အာနန္တရိယကံ/အာနန်ဒရိယာ့ကန်/န-သေသည်၏ အခြားမဲ့၌ အဝီစိငရဲ လားစေသော အကုသိုလ်ကံကြီး။ (မာတုဃာတက-အမိကို သတ်ခြင်း၊ ပိတုဃာတက-အဖကို သတ်ခြင်း၊ အရဟန္တဃာတက-ရဟန္တာကို သတ်ခြင်း၊ လောဟိတုပ္ပါဒက-ဘုရားရှင်၌ သွေးစြည်ဥအောင် ပြုခြင်း၊ သံဃဘေဒက-သံဃာသင်းခွဲခြင်း ဟူ၍ ငါးပါး ရှိသည်။) [ပါ၊အာနန္တရိယ+ကမ္မ]

အာပေါ/အာဗော/န-ရေ။ ရေဓာတ်။ [ပါ၊အာပေါ]

အာပတ်/အာဗတ်/န- [ဝိနည်း] ရဟန်းတော်များ သိက္ခာပုဒ် ကျူးလွန်သောကြောင့် သင့်ရောက်သော အပြစ်။ [ပါ၊ အာပတ္တိ] **~ဖြေ**/-ဖြေ/ကြိ-[ဝိနည်း] ရဟန်းက မိမိတွင် သင့်ရောက်သော အာပတ်ကို ရဟန်းတစ်ပါးပါးထံတွင် ဖွင့်ဟပြောကြားသည်။ ဒေသနာကြားသည်။ **~လွတ်**/-လွတ်/ကြိ-[ဥပစာ] အပြစ်သင့်ရောက်မှုမှ ကင်းလွတ်သည်။

အာပုံ၊န-ဆန်မှုန့်ရည်ကို အိုးကင်းတွင်ထည့်၍ ကျက်အောင် လုပ်ထားသော အလယ်ဖောင်းပြီး အနားပါးသည့် မုန့်တစ်မျိုး။ [ဿ၊အာပူပ]

အာဘော်၊န-နှလုံးသွင်း။ ထင်မြင်ချက်။ [ပါ၊အာဘောဂ]

အာမခံ /အာမာ့ခန်/ ကြိ- ၁၊ ဝန်ခံကတိပေးသည်။ ၂၊တာရားခံက အချုပ်လွတ် ထုချေခွင့်ရရန် တစ်စုံတစ်ယောက်က ကတိဝန်ခံချက်ဖြင့် တာဝန်ယူသည်။ /အာမာ့ခန်/န-၁၊ကတိဝန်ခံချက်။ ၂၊ကတိဝန်ခံချက်ပေးသူ။[ပါ၊အာမ+မြန်၊ခံ] **~ကြေး**/-ချေး/န-အသက်အိုးအိမ်ပစ္စည်း စသည် ပျက်စီးဆုံးရှုံးပါက သတ်မှတ်ထားသောငွေ ပေးလျော်စေရန် ကြိုတင်အရစ်ကျ သွင်းရသောငွေ။ **~စနစ်**/-စနစ်/ န- အသက်အိုးအိမ်၊ ပစ္စည်း စသည်တို့အတွက် အာမခံကြေး ပေးထားပါက ပျက်စီးဆုံးရှုံးခဲ့သော် စည်းကမ်းနှင့်အညီ အာမခံငွေကို ပေးလျော်သော စနစ်။ **~ထား**/-ထား/ကြိ-အာမခံစနစ်အရ အာမခံ အဖွဲ့အစည်း တစ်ခုခုနှင့် စာချုပ်သည်။ **~ပေး**/-ပေး/ကြိ-အချုပ်ကျသူအား အချုပ်လွတ် ထုချေနိုင်ရန် တစ်စုံတစ်ဦး၏ ကတိဝန်ခံချက်ဖြင့် အချုပ်မှ ယာယီလွတ်ငြိမ်းခွင့် ပြုသည်။ **~ပစ္စည်း**/-ပျစ်စီး/န-ယုံကြည်စိတ်ချမှု ရှိစေရန် ကတိဝန်ခံချက်သဘောဖြင့် သက်ဆိုင်ရာသို့ အပ်နှံပေးသွင်းသော ပစ္စည်း။ **~သေတ္တာ**/-သစ်တာ/န-အလွယ်တကူ ချိုးဖျက် ဖွင့်လှစ်နိုင်ခြင်း မရှိစေရန် အထူးစီမံ ပြုလုပ်ထားသော သံမဏိသေတ္တာ။

အာမဘဏ္ဍခံ/အာမာ့ဗန်းဒေခန်/ကြိ-ကတိဝန်ခံချက်ပေးသည်။ [ပါ၊အာမ+ဘဏ္ဍ+မြန်၊ခံ]

အာမဝန္တံခံ/အာမာ့ဝန်ဒန်ခန်/ကြိ-လိုက်နာဆောင်ရွက်ပါမည်ဟု တာဝန်ယူကတိပြုသည်။ [ပါ၊အာမ+မြန်၊ဝန်တာခံ]

အာမေဍိတ်၊န-[သဒ္ဒါ] ထိတ်လန့်ခြင်း၊ ဝမ်းသာခြင်း၊ အံ့ဩခြင်း စသည့် တစ်စုံတစ်ခုသော အကြောင်းကြောင့် ပြင်းပြင်းထန်ထန် စိတ်လှုပ်ရှားကာ နှုတ်မှ ရုတ်တရက် ထွက်ပေါ်လာသော အသံ။ [ပါ၊အာမေဍိတ]

အာယု၊န-အသက်။ [ပါ၊အာယု] **~ကပ်**၊န-သက်တမ်း။ **~သင်္ခါရလွှတ်**/အာယုသင်ခါယာ့လွှတ်/ကြိ-မြတ်စွာဘုရားသည် မိမိအသက်တော် ရှည်ရာရှည်ကြောင်း ပြုပြင်တတ်သော တန်ခိုးဣဒ္ဓိပါဒ်ကို စွန့်လွှတ်လိုက်သည်။

အာရုံ၊န-စိတ်၏မွေ့လျော်ရာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ အတွေး။ [ပါ၊အာရမ္မဏ] **~ကြော**/အာယုန်ကျော/န-အာရုံကို ထိတွေ့ခံစားနိုင်သော အကြော။ **~ခံတန်ဆောင်း**/အာယုန်ဂန်ဒဆောင်း/န-ဘုရားကို အာရုံပြု၍ ပူဇော်ကန်တော့ရန် ဘုရားပုထိုးအနီးတွင် ဆောက်ထားသော တန်ဆောင်း။ **~စိုက်**၊ ကြိ-စိတ်စူးစိုက်သည်။ စိတ်ဝင်စားသည်။ **~မြူ**၊ကြိ-စိတ်စူးစိုက် ဝင်စားသည်။ **~ပြောင်း**၊ကြိ-စိတ်ဝင်စားရာတစ်ခုမှ အခြားတစ်ခုသို့ ကူးပြောင်းသည်။

အာလယ၊န-တွယ်တာမှု။ [ပါ၊အာလယ]

အာလာပသလ္လာပ/အာလာပါ့သန်လာပါ့/န-အပြန်အလှန် ဖွယ်ဖွယ်ရာရာ ပြောသောစကား။ [ပါ၊အာလာပသလ္လာပ]

အာလူး၊န-ဥကိုစားရသော တစ်နှစ်ခံ အပင်ငယ်တစ်မျိုး။ [ဟိန္ဒီ၊အာလူ]

အာလုပ်၊န-ခေါ်ရာထူးရာတွင် သုံးသောစကား။ [ပါ၊ အာလပန]

အာဝါသ၊န-နေမြဲဖြစ်သောနေရာ။ [ပါ၊အာဝါသ]

အာဝါဟမင်္ဂလာ/အာဝါဟာ့မင်ဂလာ/န-သမီး ဆောင်ယူခြင်း မင်္ဂလာ။ (ဝိဝါဟမင်္ဂလာလည်းရှု) [ပါ၊ အာဝါဟ+မင်္ဂလ]

အာဝါဟဝိဝါဟ/ အာဝါဟာ့ဝိဝါဟာ့/ န-သမီးပေး သမီးယူမင်္ဂလာ။ ထိမ်းမြားလက်ထပ်ခြင်း မင်္ဂလာ။ [ပါ၊အာဝါဟ-ဝိဝါဟ]

အာဝေဏိကဂုဏ်/အာဝေနိကာ့ဂုန်/န-မြတ်စွာဘုရား၌သာရှိသော ဂုဏ်တော်။ (အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်တို့ကို သိမြင်တော်မူသော ဉာဏ်တော်ရှိခြင်း၊ ကာယကံ ဝစီကံ မနောကံ အမှုကို၌ ဉာဏ်တော်ရှေ့ဆောင်မှု ရှိခြင်း စသော ၁၈ပါးသော ဂုဏ်တော်။) [ပါ၊အာဝေဏိက+ဂုဏ]

အာဝေဏိကဒုက္ခ/အာဝေနိကာ့ဒုတ်ခ/န-မိန်းမတို့သာ

မာတိကာသို့ ▶▶▶

http://www.lknt11.com

ခံစားရသော ဒုက္ခဆင်းရဲ။ (၁၊ဥတုလာခြင်း ၂၊လင်၏အိမ်သို့ လိုက်ရခြင်း ၃၊ကိုယ်ဝန်ဆောင်ရခြင်း ၄၊သားဖွားရခြင်း ၅၊လင်ကိုပြုစုရခြင်းဟူ၍ ငါးမျိုးရှိသည်။) [ပါ၊အာဝေဏိက+ဒုက္ခ]

အာဝဇ္ဇန်း/အာဝစ်ဇန်း/န–၁၊ဆင်ခြင်ခြင်း။ နှလုံးသွင်းခြင်း။ ၂၊စကားကို စိတ်ဝင်စားဖွယ် ဖြစ်အောင် စီကာပတ်ကုံး ပြောနိုင်သော စွမ်းရည်။ [ပါ၊အာဝဇ္ဇန]

အာသဝေါတရား၊န–သတ္တဝါတို့၌ အစဉ်မပြတ် ဖြစ်လေ့ရှိသော ကိလေသာတရား။ (ကာမာသဝ–ကာမရာဂ၊ ဘဝါသဝ–ရူပ၊ အရူပရာဂ၊ ဒိဋ္ဌာသဝ–ဒိဋ္ဌိ၊ အဝိဇ္ဇာသဝ–မောဟ ဟူ၍ လေးပါးရှိသည်။) [ပါ၊အာသဝ+မြန်၊တရား]

အာသဋ္ဌိ/အာသန်လို/န–ပြဗ္ဗာသာဠ်နှင့်ဥတ္တရာသာဠ် နက္ခတ်နှစ်ခု။ [သ၊အာမါပါ]

အာသာ၊န–လိုချင်တောင့်တမှု။ [ပါ၊အာသာ] **~ငမ်းငမ်း**၊ကြိဝိ–အလွန်အမင်း လိုချင်တပ်မက်စွာ။

အာသာဝတီ/အာသာဝတီ/န–တာဝတိံသာနတ်ပြည် စိတ္တလတာဥယျာဉ်ရှိ အနှစ်တစ်ထောင်တွင်မှ တစ်ကြိမ်သာ သီးသည်ဆိုသော နွယ်ပင်။ [ပါ၊အာသာဝတီ]

အာသီသ၊န–လိုအင်ဆန္ဒ။ [ပါ၊အာသီသ]

အာဟာရ/အာဟာရာ၊ အဟာယာ/န–၁၊အစားအစာ။ ၂၊အသွေးအသား၊ အင်အား စသည်ဖြစ်စေသော သြဇာဓာတ်။ [ပါ၊အာဟာရ]

အား¹၊န–၁၊ခွန်အား။ အားအင်၊ အားအန်။ အင်အား။ ၂၊စွမ်းအင်။ ကြိ–၁၊နေရာလပ်ရှိသည်။ လစ်လပ်သည်။ ၂၊လုပ်ကိုင်ဆောင်ရွက်စရာ အလုပ်ကိစ္စ မရှိဖြစ်သည်။ စည်း–ငဲ့ညှာ ထောက်ထားခြင်း မရှိသော သဘောကို ပြသည့် စကားလုံး။ **~ကစား**/အားဂစား/န–ပြေးခုန်ခြင်း၊ အလေးမခြင်း စသော ကိုယ်လက်လှုပ်ရှားမှု။ **~ကိုး**၊ကြိ–မှီခိုသည်။ အားထားသည်။ **~ကောင်း**၊ကြိ–ခွန်အား၊ စွမ်းရည်၊ အရှိန်အဟုန်ကြီးမားသည်။ **~ကျ**၊ကြိ–သူတစ်ပါး၏ အဖြစ်၊ စွမ်းဆောင်မှုစသည်ကို နှစ်သက်သဘောကျ၍ အလားတူ ဖြစ်လိုစိတ်ရှိသည်။ **~ကျမခံ**/အားဂျာ့မခန်/ကြိဝိ–တစ်စုံတစ်ဦး၏ အသာအကျော မခံဘဲ။ **~ကြီး**၊ကြိ–အားကောင်းသည်။ /အားကျီး/ ကြိဝိ–[အပြော]အလွန်။ **~ကြီးမာန်တက်**/အားကျီးမန်ဒက်/ ကြိဝိ–စိတ်ရောကိုယ်ပါ ထက်သန်စွာ။ **~ခဲ**၊ကြိ–၁၊စိတ်အားမလျှော့ဘဲ တင်းထားသည်။ ၂၊ကြိုးစားအားထုတ်သည်။ **~ခွန်ဗလ**၊န–ခွန်အား။ ဗလ။ **~ငယ်**၊ကြိ–စိတ်အား လျော့ပါးသည်။ **~စိုက်**၊ကြိ–အင်အား စိုက်ထုတ်သည်။ ကြိုးစားအားထုတ်သည်။ **~တက်**၊ ကြိ–စိတ်အား တက်ကြွထက်သန်သည်။ **~တက်သရော**/အားဒက်သယော/ကြိဝိ–စိတ်အားတက်ကြွထက်သန်စွာ။ **~တင်း**၊ကြိ–စိတ်အင်အားကို လျော့ကျမသွားအောင် ထိန်းသိမ်းသည်။ **~တုံ့အားနာ**/အားဒုန့်အားနာ/ကြိဝိ–မဝံ့မရဲ အားနာစွာ။ **~ထား**၊ကြိ–အမှီအခိုပြုသည်၊ ကိုးစားသည်။ **~ထုတ်**၊ကြိ–အင်အား စိုက်ထုတ်သည်။ ကြိုးစားဆောင်ရွက်သည်။ **~နာ**၊ကြိ–မိမိကြောင့် တစ်ဖက်သားတွင် အနှောင့်အယှက် ဖြစ်မည်ကို စိုးရိမ်သည်၊ အနှောင့်အယှက် ဖြစ်ရသည့်အတွက် စိတ်မချမ်းမသာ ဖြစ်သည်။ **~နာပါးနာ**၊ ကြိဝိ–အားနာစွာ။ **~နည်းချက်**/အားနဲချက်/ န–ချို့တဲ့မှု။ မပြည့်စုံမှု။ **~ပါးတရ**/အားဗားဒယာ့/ ကြိဝိ– အားရပါးရ။ **~ပေး**၊ ကြိ–စိတ်ဓာတ်ထက်သန် တက်ကြွအောင် ပြုမူ ပြောဆိုသည်။ **~ပေးအားမြှောက်**/အားပေး အား မျှောက်/ကြိဝိ–တစ်စုံတစ်ရာ ပြုလုပ်ဖြစ်အောင် မြှောက်ပင့်လျက်။ **~ပြိုင်**၊ကြိ–တစ်ဖက်နှင့်တစ်ဖက် အင်အားချင်း ညီနေသည်။ **~မလိုအားမရ**၊ကြိဝိ–ကျေနပ်နှစ်သိမ့်မှု အပြည့်အဝ မရဘဲ။ မချင့်မရဲ ဖြစ်လျက်။ **~မွေး**၊ကြိ–အားအင်တိုးတက် ပြည့်ဝလာအောင် ပြုသည်။ **~ယူ**၊ ကြိ–တစ်စုံတစ်ရာ ဆောင်ရွက်နိုင်ရန်အတွက် အင်အား ပြည့်ဝအောင် ပြုသည်၊ အရှိန်ယူသည်။ **~ရ**၊ကြိ–စိတ်ကျေနပ်မှု အပြည့်အဝ ရရှိသည်။ **~ရပါးရ**/အားယာ့ပါးယာ့/ ကြိဝိ– စိတ်ရှိလက်ရှိ၊ လှိုက်လှိုက်လှဲလှဲ။ **~ရဝမ်းသာ**/အားယာ့ဝမ်း(ဝန်း)သာ/ ကြိဝိ–စိတ်တွင် ကျေနပ် ဝမ်းသာလျက်။ ဝမ်းမြောက်ဝမ်းသာ။ **~လပ်**၊ ကြိ–အားသည်၊ **~လပ်ချိန်**၊န–၁၊အလုပ် တာဝန် တစ်စုံတစ်ရာမရှိဘဲ လွတ်လပ်စွာ နေနိုင်သော အချိန်။ ၂၊ဇာတ်၊ ရုပ်ရှင်၊ သင်တန်း စသည်တွင် ခေတ္တရပ်နားချိန်၊ အနားပေးချိန်။ **~လွန်**၊ကြိ–၁၊အားစိုက်ထုတ်မှု လိုသည်ထက် ပိုသည်။ ၂၊အရှိန် လွန်သည်၊ အရှိန်လွန်၍ မထိန်းနိုင် ဖြစ်သည်။ **~သွန်ခွန်စိုက်**/အားသွန်ခွန်ဇိုက်/ကြိဝိ–အထူး ကြိုးစား အားထုတ်လျက်။ **~အား ယားယား**၊ကြိဝိ–လုပ်ကိုင်ဆောင်ရွက်စရာ ဘာမျှ မရှိဘဲ အားအား လပ်လပ် ရှိနေသကဲ့သို့။

အား²၊ဝိ–လက်ခံသူကို ပြသော စကားလုံး။ **~လျော်စွာ** /အားလယော်စွာ/ဝိ–အကြောင်းတစ်စုံတစ်ရာနှင့် လိုက်လျောညီညွတ်သည့် သဘောကို ပြသော စကားလုံး။ "ကံ ~။ အကြောင်း ~။"

အားလုံး၊ နဝ၊ နဝိ– အကြွင်းအကျန်မရှိ အကုန် ဖြစ်ကြောင်းပြသော စကား။

အိ¹၊နဝိ–၁၊နူးညံ့ပျော့ပျောင်းသော။ ၂၊ထိန်းနိုင်စွမ်း နည်းသဖြင့် ညွတ်ကျသော။ **~ဖြတ်**၊န–ဖြတ်စပါး။

မာတိကာသို့ ►►►

http://www.lknt11.com ...

ဧ ²၊ဝိ–၁၊ဝါကျ အဆုံးသတ်စကားလုံး၊ ၂၊ပိုင်ဆိုင်ခြင်းပြ စကားလုံး၊

ဣရိယာပုတ်/အိရိယာပုတ်/န–လျောင်းခြင်း၊ ထိုင်ခြင်း၊ ရပ်ခြင်း၊ သွားခြင်းဟူသော နေပုံလေးမျိုး။ [ပါ၊ဣရိယာပထ]

အီ ¹၊နဝိ–၁၊ကောင်းမွန် သာယာဖွယ်ဖြစ်သော။ ၂၊အဆီအအိမ့်များလွန်းသော။ ၃၊အာရုံတစ်ခုခုကို ထပ်ကာယပ်ကာ ခံစားရသောကြောင့်ငြီးငွေ့သော။ ကြိ–၁၊ဒီရေတက်ခါနီးတွင်လည်းကောင်း၊ ကျခါနီးတွင်လည်းကောင်း ရေမည်သည့်ဘက်သို့မျှ မစီးဘဲ ရပ်တန့်နေသည်။ ၂၊လေးတွဲ့သော အသံဖြင့် ဆွဲဆွဲငင်ငင်မြည်တမ်းသည်။ ၃၊(ဘုတ်ငှက်) အော်မြည်သည်။ ၄၊လှည်းဝင်ရိုးနှင့် ဝင်ရိုးပေါက် ပွတ်တိုက်လွန်းသံဖြင့် လေးတွဲ့သောအသံ မြည်သည်။ **~လည်လည်** / အီလယ်လယ်/ ကြိဝိ–၁၊ အိတိတိခံစားမှု ဖြစ်ပေါ်လျက်။ ၂၊ မတင်မကျ မပြတ်မသားဖြစ်လျက်။ **~သာ**၊ ကြိ– [ပေါ] ကျန်းမာသည်။

ဤ ²၊နစ– အနီးရှိ သက်ရှိသက်မဲ့နာမ်ပုဒ်အစား သုံးသော စကားလုံး။ နဝိ– အနီးရှိ သက်ရှိသက်မဲ့ နာမ်ပုဒ်ကို အထူးပြုသော စကားလုံး။

အီကြာကွေး၊န–ဂျုံမှုန့်ကို နယ်ကာ နှစ်ချောင်းပူး ကြော်ထားသော မုန့်တစ်မျိုး။ [တရုတ်၊ youzha gui]

အီကွေတာ၊န–ကမ္ဘာ့ဝင်ရိုးမှန်း နှစ်ခုတို့မှ အညီအမျှကွာဝေးသော ကမ္ဘာ့မြေပြင်၏ ဗဟိုတွင် စိတ်မှန်းဖြင့် ရေ့နောက်ဆွဲထားသော မျဉ်း။ [လိပ်၊ equator]

အီလက်ထရွန်/အီလက်ထရွန်/န–နျူကလိယ ဝန်းရံလှည့်ပတ်နေသော လျှပ်စစ်အမကာတ် ဆောင်သည့် ဒြပ်မှုန့်။ [လိပ်၊ electron]**~နစ်**/–နစ်/န–အီလက်ထရွန်ဆိုင်ရာ သိပ္ပံပညာရပ်။ /နဝိ–အီလက်ထရွန်ကို အခြေခံ၍ စီမံထားသော။ [လိပ်၊ electronic]

အီး၊န–[ရိုင်း] ဝမ်းတွင်းမှ အောက်သို့ စုန်သောလေ။ **~ပေါက်**၊ကြိ–[ရိုင်း] လေလည်သည်။

အီးရှောအီးရှော၊ကြိဝိ–အလုပ်ကို မည်မည်ရရ ဟုတ်တိပတ်တိ မလုပ်ဘဲအချိန်အလဟဿ ကုန်ဆုံးစေလျက်။

ဥ၊န–၁၊လုံးဝန်းသောအရာ။ "ပုလဲ ~။ မျက်ရည် ~။" ၂၊ကြက်၊ ငှက်၊ မြွေ၊ ငါး စသည်တို့မှ ဖြစ်သော မျိုးဆက်ဖြစ်သည့် အလုံးအဝန်း။ ၃၊ အပင်၏ အမြစ်ဖု၊ ပင်စည်ဖု။ "မုန်လာ ~။ နိုကို ~။" ကြိ–ဝမ်းတွင်းရှိ ဥကို အပြင်သို့ ထွက်စေသည်။ **~ချိုး** /အုချိုး/န–ချိုးငှက်။ **~တစ်လုံးတစ်ကောင်ကြွက်** /အုတလုန်းတဂေါင်ကျွက်/န–[ဥပစာ] မိဘညီအစ်ကိုမောင်နှမ ဆွေမျိုးပရိတ်တော့သော သူ၊ **~ဒေါင်း**၊ န– ဒေါင်းငှက်။ **~ပန်း** /အုဗန်း/န–၁၊အဖြူ သို့မဟုတ် အဝါတွင် အနက်ရောင် ရောသော အမွေးရှိကြက်။ ၂၊တင်ကျီးတစ်မျိုး။ **~ဗျိုင်း**၊ န–ဗျိုင်းငှက်။ **~ဘုတ်**၊န–ဘုတ်ငှက်။ **– မကွဲသိုက်မပျက်**၊ ကြိဝိ–တစုတပေါင်းတည်း စည်းလုံးညီညွတ်စွာ၊ **~မမည်စာမမြောက်**/အုမမယ် ဇာမမြောက်/န–[ဥပစာ] ကလေးသူငယ် လူမမည်အရွယ်။ **~မွန်း** /အုက်မွန်း/န–ဥစားနွယ်ပင်တစ်မျိုး။ **~သေးပေါက်ကင်း** /အုသေးပေါက်ကင်း/ န–[ဥပစာ] မွေးကင်းစအရွယ်။ **~သေးဥမွှား** /အုသေးအုမွှား/န–[ဥပစာ] ကလေးသူငယ်များ။ **~သိမ်**/အုသိန်/န–၁၊ကြက်၊ ငှက်၊ ငါးစသည်တို့၏ ဝမ်းတွင်းရှိ ဥ အသေးအမွှား။ ၂၊ပိန်ကပ်နေသော သမ်းဥစသည်။

ဥကင်/အုဂင်/န–ရာဇပလ္လင်အထွတ်၊ [ပါ၊ဥက္ကံသ]

ဥဏှုပ္ပ/အုန်နှပ္ပ/န–နေ၊ [ပါ၊ဥဏှုပ္ပ]

ဥတု/အုဒု/န–၁၊တစ်နှစ်ကို သုံးပိုင်း ပိုင်းခြား၍ သတ်မှတ်သော နွေ၊ မိုး၊ ဆောင်းဟူသော ကာလ။ ၂၊လေမိုးစသော သဘာဝအခြေအနေ။ ၃၊ရာသီသွေး။ မမွှတာသွေး။ [ပါ၊ဥတု]

ဥတဲ/အုဒဲ/န–[ပေါ]တံခါး၊ [ပါ၊ဥဒယ]

ဥဒဟို၊ကြိဝိ–အတားအဆီး၊ အပိတ်အပင်မရှိ။ [?]

ဥဒါရတာဂုဏ်/အုဒါရတာဂုန်/န–ထူးထူးခြားခြား ချီးကျူးဖွယ်ရှိသော ဂုဏ်။ [ပါ၊ဥဒါရတာ+ဂုဏ]

ဥဒါဟရုဏ်/အုဒါဟရုန်/န–သိသာထင်ရှားစေရန် ထုတ်ဆောင်ပြချက်။ ပြယုဂ်။ [ပါ၊ဥဒါဟရဏ]

ဥဒည်း၊န–နေထွက်ရာ။ နေထွက်ရာ အရှေ့အရပ်။ [ပါ၊ဥဒယ]

ဥဒါန်း၊န–အလွန်ဝမ်းမြောက် ကြည်နူးခြင်းကြောင့် ထွက်ပေါ်လာသော စကား။ [ပါ၊ ဥဒါန] **~ တွင်**၊ ကြိ–အစဉ်အလာ ပြောစမှတ် ပြုလောက်အောင် ထင်ထင်ရှားရှား ပေါ်ပေါက်ကျန်ရစ်သည်။ **~မကျေ**၊ ကြိ– ပြောစမှတ်ပြုစရာ အချက်များ မပျောက်မပျက် အစဉ်အဆက် တည်တံ့သည်။

ဥနှဲ/အုဘ်နှဲ/န–အသားကိုစဉ်း၍ ဆေးရိုးအဖြစ် အသုံးပြုသော ပင်လယ်တစ်မျိုး။

ဥပစာ/အုဗဇာ/န–၁၊တင်စားသော စကား။ ၂၊အိမ်၊ ကျောင်း စသည်၏ မျက်နှာစာ။ [ပါ၊ဥပစာရ]

ဥပဒေ/အုဗဒေ/န–၁၊အစဉ်အဆက် လိုက်နာခဲ့သော စည်းမျဉ်း။ ၂၊အများပြည်သူတို့ လိုက်နာရန် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့က ပြဋ္ဌာန်းထားသည့် စည်းမျဉ်း၊ [ပါ၊ဥပဒေသ] **~ကြမ်း**/–ဂျန်း/န–ဥပဒေအဖြစ် ပြဋ္ဌာန်းပေးရန် တင်သွင်းသော မူကြမ်း၊ **~သ**/–သာ့/န–မှတ်သားလိုက်နာရန် ညွှန်ပြချက်၊

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

[ပါ၊ဥပဒေသ]

ဥပမိ/အုဗမိ/န–ရုပ်လက္ခဏာ သွင်ပြင်။ [ပါ၊ဥပမိ]

ဥပပတ်/အုပဗတ်/န–အရွယ်ရောက်ပြီး ကိုယ်ခန္ဓာဖြင့် စတင် ထင်ရှားဖြစ်ပေါ်သော ငရဲ၊ ပြိတ္တာ၊ နတ်၊ ဗြဟ္မာ ပဋိသန္ဓေမျိုး။ [ပါ၊ဩပပါတိက]

ဥပမာ၊န–နှိုင်းယှဉ်ခြင်း။ နှိုင်းခိုင်းခြင်း။ ('ခြသေ့်ကဲ့သို့ ရဲရင့်သူ' ဟူသော ဥပမာစကား၌ ခြသေ့်–ဥပမာန၊ ကဲ့သို့–ဥပမာဇောတက၊ ရဲရင့်သူ–ဥပမေယျ ဖြစ်သည်။) [ပါ၊ ဥပမာ] **~ဇောတက**/အုပမာဇောဒကာ/န–ဥပမာဖြစ်ကြောင်း သိသာစေသော ကဲ့သို့၊ သဖွယ် စသည့် စကားလုံး။ [ပါ၊ဥပမာ+ဇောတက] **~န**၊ န–နှိုင်းယှဉ်ပြသော အရာ။ [ပါ၊ ဥပမာန] **~အလင်္ကာ**/အုပမာအလင်ဂါ/န–ဂုဏ်တူချင်း နှိုင်းခိုင်းသော အလင်္ကာတစ်မျိုး။

ဥပမေယျ၊န–နှိုင်းယှဉ်ပြခြင်း ခံရသော အရာ။ [ပါ၊ ဥပမေယျ]

ဥပမည်း/အုပမျိုး၊ အုပမီး/န–ဥပမေယျနှင့်အတူတူ။ [ပါ၊ဥပမေယျ]

ဥပရာဇာ/အုပရာဇာ/န–အိမ်ရှေ့မင်း။ ဥပရာ။ [ပါ၊ ဥပရာဇာ]

ဥပသမ္ပဒကံ/အုပါသန်ဗဒါကန်/န–ရဟန်းအဖြစ်သို့ ရောက်အောင် ဆောင်ရွက်ရသော ဝိနည်းကံ။ [ပါ၊ဥပသမ္ပဒ+ကမ္မ]

ဥပါ၊န–[ပေါ]ဘီလူး။ [ပါ၊ဥပ္ပါတ] **~မှုံ**၊ကြိ–ဥပ္ပါတ်မှုံ နှင့်အတူတူ။

ဥပါဒါန်၊န–အလွန်အမင်း စွဲလမ်းခြင်း။ [ပါ၊ဥပါဒါန]

ဥပါသကာ၊န–ရတနာသုံးပါးကို ရိုသေဆည်းကပ်သော ယောကျ်ား။ [ပါ၊ဥပါသက]

ဥပါသိကာ၊န–ရတနာသုံးပါးကို ရိုသေဆည်းကပ်သော မိန်းမ။ [ပါ၊ဥပါသိကာ]

ဥပေက္ခာ/အုပျစ်ခါ/န–လျစ်လျူရှုခြင်း။ [ပါ၊ဥပေက္ခာ]

ဥပစ္ဆေဒကကံ/အုပျစ်ဆေဒကာ့ကန်/န–လက်နက် စသည် ထိခိုက်၍ သေဆုံးစေတတ်သော ကံ။ [ပါ၊ ဥပစ္ဆေဒက+ကမ္မ]

ဥပဇ္ဈာယ်ဆရာ/အုပျစ်ဇယ်ဆယာ/န–တပည့်ရဟန်း သာမဏေအား ကြည့်ရှုဆုံးမရသော ဆရာရင်း။ [ပါ၊ဥပဇ္ဈာယ+သ၊ အာစာယ်]

ဥပဋ္ဌာက/အုပတ်ထာကာ့/န–အနီးတွင်နေ၍ အလုပ် အကျွေး ပြုသူ။ [ပါ၊ဥပဋ္ဌာက]

ဥပတ္ထမ္ဘက၊ န– အထောက်အပံ့ပြုသော ပုဂ္ဂိုလ်၊ အဖွဲ့ အစည်း။ [ပါ၊ဥပတ္ထမ္ဘက]

ဥပဒ် /အုဗတ်/ န–ဘေးအန္တရာယ်။ [ပါ၊ဥပဒ္ဒဝ] **~ဥပဒ္ဒဝေါ** /–ဒဝေါ/ န– နှိပ်စက်ညှဉ်းပန်းမှု။ ဘေးအန္တရာယ်။ [ပါ၊ဥပဒ္ဒဝ]

ဥပါဒ်/အုဗတ်/ကြိ–ဖြစ်ပေါ်သည်။ /န–ဖြစ်ပေါ်ခြင်း။ [ပါ၊ဥပ္ပါဒ]

ဥပါယ်တံမျဉ်/အုပယ်တမျှင်/န–မိမိအလိုပြည့်ရန် ကြံစည်ပြုလုပ်သော နည်းပရိယာယ်။ [ပါ၊ဥပါယ+မြန်၊တံမျဉ်]

ဥပုသ်/အုးဗုတ်/န–ရှစ်ပါးနှင့်အထက်သီလ စောင့်ထိန်းခြင်း။ [ပါ၊ဥပေါသထ] **~ကျိုး**/–ကျိုး/ကြိ–ဆောက်တည်သော ဥပုသ်သီလ ပျက်ပြားသည်။ **~စောင့်** /–စောင့်/ကြိ–ဥပုသ်ကို စောင့်ထိန်းသည်။ **~နေ့** /–နေ့/န–ဥပုသ်ဆောက်တည်ရန် သတ်မှတ်ထားသော လဆန်းရှစ်ရက်၊ လပြည့်၊ လဆုတ်ရှစ်ရက် နှင့် လကွယ်နေ့။ **~သည်**/–သယ်/န–ဥပုသ် ဆောက်တည်နေသူ။

ဥပြုံး/အုဗျုန်း/န–[ပေါ]ခုံတိုင်။

ဥဘတောဗျည်း/အုပဘောဗျိုး/န–မုလ္လိင်၊ ဣတ္ထိလိင် နှစ်မျိုးလုံးပါသူ။ [ပါ၊ဥဘတော+ဗျဉ္ဇန]

ဥမင်၊န–လိုဏ်ခေါင်း။ [ပါ၊ဥမင်္ဂ]

ဥယျောဇဉ်၊ န– တိုက်တွန်းနှိုးဆော်သော စကား။ [ပါ၊ဥယျောဇန]

ဥယျာဉ်၊န–သစ်ပင်ပန်းမန် စိုက်ပျိုးထားရာ နေရာ၊ ခြံမြေ။ [ပါ၊ဥယျာန] **~မှူး**၊န–ဥယျာဉ်ရှိ သစ်ပင် ပန်းမန်ကို စိုက်ပျိုးပြုစု မျိုးထောင်သူ။

ဥရှောန် / အုရှာ့ထန်/န–[ပါ၊သဒ္ဒါ] (င၊ ဉ၊ ဏ၊ န၊ မ၊ ယ၊ လ၊ ဝ၊ ဠ တို့တွင် ဟ အက္ခရာယှဉ်၍ ဖြစ်သော ငှ၊ ဉှ၊ ဏှ၊ နှ၊ မှ၊ ယှ၊ လှ၊ ဝှ၊ ဠှ အသံကိုးမျိုး ဖြစ်ရာ) ရင်အရပ်။ (ဌာန်လည်းရှု) [ပါ၊ဥရ+ဌာန]

ဥရုတိုင်/အုးယုဒိုင်/န–အိမ်တွင် အရှေ့တောင် အရပ်၌ ရှိသော တိုင်။

ဥသဘ/အုတ်သဖာ့/န–၁၊နွားအုပ်ကို ရှေ့ဆောင်သော နွားထီး။ နွားလား။ ၂၊တာ၂၀ရှိသော အကွာအဝေး။ [ပါ၊ဥသဘ]

ဥသျှစ်/အုတ်ယှစ်/န–အစေ့ရှိ၍ အခွံမာသော အသီးလုံး သီးသည့် ပင်စောက်တစ်မျိုး။

ဥဩ/အုတ်အော/န–၁၊ဥဩဥဩဟု အသံသာယာစွာ တွန်မြည်တတ်၍ ကျီးနှင့်ဆင်ဆင်တူသည့် ငှက်နက်။ ၂၊လေအား၊ ရေနွေးငွေ့အားဖြင့် အသံမြည်စေသော အချက်ပေးကိရိယာ။

အူ[၁]၊န– ၁၊ အစာသစ်အိမ်နှင့် ဝအို အကြားတွင် ဆက်သွယ် ပတ်ခွေနေသည့်ရှည်လျား၍ အခေါင်း ရှိသော ကိုယ်တွင်း အင်္ဂါ။ ၂၊ငှက်ပျောပင် စသည်၏ အလယ်သား။ ကြိ– ၁၊ မီးခိုးများ အဆက်မပြတ် စုပြုံထွက်သည်။ ၂၊ပုပ်သိုးစပြုသည်။ မကောင်းသော အနံ့ အနည်းငယ် ထွက်သည်။ ၃၊ (နားတွင်)

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ဆူညံသံများ ဖြစ်ပေါ်နေသည်။ ၄။(ခွေး၊ မျောက် စသည်တို့) ဆွဲဆွဲငင်ငင် အော်မြည်သည်။ ၅။[ပေါ] ဦ နှင့်အတူတူ။ ၆။ပေါ်းနပ်မှု မရှိဖြစ်သည်။ နုံသည်။ အသည်။ ~ကျ။ကြိ–ဝမ်းတွင်းမှအူသည့် အောက်ခံ အမြှေးပေါက်၍ ဆီးခုံရိုးအောက်သို့ လျှောကျ သည်။ ~ကြောင်ကြောင်/အူကျောင်ကျောင်/ကြိဝိ– ပုံမှန်မဟုတ် ရူးသလိုလို နှမ်းသလိုလို။ ယောင် ချာချာ။ ~ကြောင်း /အူကျောင်း/န–အလယ် လယ်ကြောင်း။ ~ကြမ်း/အူချန်း/န–နွား၊ ဆိတ် စသည်၏ အစာသစ်အိမ်။ ~ချာပေါက်/အူချာ ပေါက်/ကြိ–ရှုပ်ထွေးသည်။ ~ချာလည်/ အူချာ လယ်/ကြိ–နည်းလမ်း၊ အဖြေ စသည် ရှာမရဘဲ ချာချာလည်သည်။ ~တို။ကြိ–[ဥပစာ]သဝန်တိုသည်။ သဘောသားသေးသည်၊ ~တိုင်/အူဒိုင်/န–ငှက်ပျော ပင်စသည်၏ အလယ်သား၊ နာနတ်သီး၊ ပိန္နဲသီး စသည်၏ အလယ်သား။ ~တွင်းရှေးပါး/အူဒွင်း ရှီးဂါး/န–[ဥပစာ] အတွင်းကျကျ ဖြစ်သော အကြောင်း။ ~မကြီး/အူမာဂျီး/န–အူသိမ်နှင့် ဝဒိုကို ဆက်သွယ်သော အူကြီး။ ~မြူး။ကြိ– ပျော်ရွှင်သည်။ ဝမ်းသာသည်။ ~ယား။ကြိ အားမလိုအားမရ ဖြစ် သည်။ မချင့်မရဲဖြစ်သည်။ ~ယားဖားယား၊ ကြိဝိ– ရေးကြီးသုတ်ပျာ။ ~ရောင်ငန်းများ /အူယောင် ငန်းဗျား/န–ဗိုက်၊ ရင်ဘတ်တို့တွင် အနီဖုလေးများ ပေါ်တတ်ပြီး၊ အူမကြီးကို ပြင်းထန်စွာ နာကျင် စေသည့် အဖျားရောဂါ။ တိုက်ဖွိုက်။ ~ရိုင်း။န– ၁။အရက်မသောက်ဖူးသူ။ ၂။[ဥပစာ] အချစ်ကိစ္စ စသည်တွင် အတွေ့အကြုံမရှိသေးသူ။ ~မှုင်။ကြိ– အူမြူးသည်။ ~လည်လည်/အူလယ်လယ်/ကြိဝိ– ရေရာသေချာခြင်း မရှိဘဲယောင်ချာချာ။ ~လှိုက် သည်းလှိုက်၊ကြိဝိ–စိတ်ပါလက်ပါ။ လှိုက်လှိုက် လှဲလှဲ။ ~သိမ်/အူသိန်/န–အစာအိမ်နှင့် အူမကြီးကို ဆက်သွယ်နေသော ခွေပတ်နေသည့် အူငယ်။ ~အတက်၊ န အူမကြီးဘေးမှ ငွန်းထွက်နေသော အတက်။ ~အူသဲသဲ /အူအူသဲသဲ/ ~အူ သောင်း သောင်း/ အူအူသောင်းသောင်း/ကြိဝိ ဆူဆူညံညံ။ ကျယ်ကျယ်လောင်လောင်။

ဦ၂။ကြိ–[ပေါ]နူးညံ့သည်။ ~ရူ့/အူရယ့/ကြိဝိ–[ပေါ] နူးနူးညံ့ညံ့။

အူစ်။န–၁၊ မွေးကင်းစ ကလေးငယ်၏ အော်သံ။ ၂။ မွေးကင်းစ ကလေး။

ဦး။ကြိ–၁။အလျင်ဆော၍ ဖြစ်နှင့်သည်။ ၂။အလျင်စော အောင် လုပ်သည်၊ ၃။ရှေးရှည်ကို နဂိုအတိုင်း ပြန်ဖြစ်အောင် လုပ်သည်။ န–ဦးခေါင်းပိုင်း၊ သိပ်ပိုင်း။ ရှေ့ပိုင်း။ အစပိုင်း။ "လှေ ~။ အိမ် ~။ ရေ ~။" စည်း–၁။လေးစားသည့်အနေဖြင့် ယောကျာ်း အမည် ရှေ့တွင်ထည့်သုံးသည့် စကားလုံး။ ၂။ရဟန်း ဘွဲ့၏ ရှေ့တွင်သုံးသော စကားလုံး။ ၃။ဦးလေး၊ ဦးကြီးအရွယ် ယောကျာ်းကို ရိုသေသမှုဖြင့် ခေါ်သော စကား။ ၄။လူကို ရေတွက်ရာ၌ သုံးသော စကားလုံး။ ၅။အလျင်အဦး အနက်ဖြင့် ထောက်ပံ့ သော စကားလုံး၊ ~ကင်း/အူးဂင်း/န–ဦးထိပ်ပိုင်း။ ~ကျိုး။ကြိ–၁။မာနကျဆင်းသွားသည်။ ၂။အစဉ် အလာ ဖြစ်သွားအောင် အစပြုမိသည်။ "ဈေး ~။" ~ကြီး/အူးဂျီး/န–မိခင်၏ အစ်ကိုကြီး၊ ~ခက်/အုတ်ခက်/န–မြင်းဦးခေါင်းတွင် ဖွဲ့သော ကြိုးတန်ဆာ။ ~ခိုက်၊ ကြိ–ဦးတိုက်ရှိခိုးသည်၊ ~ခေါင်း /အူးဂေါင်း၊ အုတ်ခေါင်း/န–သတ္တဝါတွင် ဆံပင်၊ မျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ် စသည် တည်ရှိရာ အစိတ်အပိုင်း။ ~ချ။ကြိ–၁။ကြည်ညို မြတ်နိုးစိတ်ဖြင့် ဦးခေါင်းညွှတ်၍ ရှိခိုးသည်၊ ၂။လူကြီးမိဘတို့အတွက် စားဦးစားဖျားကို ဖယ်ထား သည်။ လူကြီးမိဘတို့၏ ပန်းကန်ထဲသို့ စားဦး စားဖျားကို ခပ်ထည့်သည်။ ~ချို/အူးဂျို/န– တိရစ္ဆာန် ဦးခေါင်းပိုင်းတွင် ပေါက်သောချို။ ~ခွံ /အုတ်ခွန်/န–ဦးခေါင်းခွံ။ ~စားပေး/အူးဇားပေး/ ကြိ–အရေး ပေးသည်။ ရှေ့တန်းတင်သည်။ ~စီး /အူးဇီး/ကြိ–ကြီးကြပ်ကွပ်ကဲသည်။ အကြီးအကဲ ပြုသည်။ ခေါင်းဆောင်သည်။ /န–ကြီးကြပ်ကွပ်ကဲ သူ။ အကြီးအကဲ။ ~စီးဌာန/–ထာနာ/န–ဝန်ကြီး ဌာန လက်အောက်တွင် ဖွဲ့စည်းထားသည့် ဌာန အသီးသီး။ ~စီးဦးကိုင် /–အူးဂိုင်/ န– ကြီးကြပ် ကွပ်ကဲသူ။ အကြီးအကဲ။ ~ဇောက်ပြောင်းပြန် /အူးဇောက်ဗျောင်းဗျန်/ကြိဝိ–ဦးခေါင်း ဇောက်ထိုး ဖြစ်လျက်။ ~ဇွန်း /အူးဇွန်း/ န–အထွတ်အထိပ်၊ ~ဇွန်းဖုတ်/အူးဇွန်းဗုတ်/န–ကလေးဦးခေါင်းထိပ်၌ ကွက်၍ ချန်ထားသော ဆံပင်စု။ ~ဆက်/အုဘ် ဆက်/န–ဦးခေါင်းနှင့် ကျောရိုးထိပ် ဆက်ရာနေရာ။ ~ဆောက်ပန်း။န–၁။ရှေးခေတ် အမျိုးသမီးတို့၏ ဦးခေါင်းထက်၌ စိုက်ဆောက်ဆင်မြန်းသော အဆင် တန်ဆာတစ်မျိုး။ ၂။[ဥပစာ] အထွတ်အမြတ်၊ ~ဆောင်။ကြိ–ရှေ့ဆောင်ရှေ့ရွက်ပြုသည်။ ~ဆောင် ညွှန်ကြားရေးမှူး/အူးဇောင်ညွှန်ကျားယေးမှူး/န– နိုင်ငံတော်၏ စီမံခန့်ခွဲရေးလုပ်ငန်း တစ်ခုခုကို စီမံခန့်ခွဲ ရသော ကော်ပိုရေးရှင်း၏ အကြီးအကဲ။ ~ဆွေး ဆံမြည့်/အူးဆွေးဆန်မျေ့/ကြိဝိ–(တာဝန်ကို) ဦးခေါင်းမှ ဆံပင်ဆွေးမြည့်သည်အထိ (ဆောင်ရွက် သည်)။ ~ညွှတ်။ကြိ–ဦးခေါင်းကို ညွှတ်၍ အရို အသေ ပြုသည်။ ~တိုက်။ကြိ–၁။ရိုသေလေးမြတ်

http://www.lknt11.com ...

အပ်သောပုဂ္ဂိုလ်၏ ခြေကို ဦးထိပ်ဖြင့်ထိ၍ ရှိခိုးသည်။ ၂။ထိပ်ချင်းထိသည်၊ ဆုံသည်။ ၃။ရှေးရှုသည်။ ဦးတည်သည်။ **~တိုက်လျှောက်**/အူးဒိုက်ယှောက်/ ကြိ-တရားရုံးသေသည်သို့ တိုက်ရိုက်လျှောက်ထားသည်။ **~တင်**၊ကြိ-၁၊ဦးထိပ်ပေါ်၌ အလေးအမြတ်ထားသည်။ ၂။ဦးထိပ်ပေါ်၌ လက်အုပ်ချီ၍ ရှိခိုးသည်။ **~တည်**၊ကြိ-မျက်နှာမူသည်။ ရှေးရှုသည်။ **~တည်ချက်**/အူးတီကျက်/န-ရည်ရွယ်ချက်။ ရှေးရှုချက်။ **~တည့်ရာ** /အူးတဲ့ယာ/ န- မျက်နှာမူရာအရပ်။ ဦးတည်ရာဘက်။ **~တန်ခူး**/အူးဒဂူး/န-နှစ်သစ်ဆန်းပြီးဖြစ်သော တန်ခူးလ။ **~ထိပ်ထား**၊ ကြိ-အထွတ်အမြတ်အဖြစ် ထားသည်။ ရိုသေလေးစားသည်။ **~ထုပ်**/အုတ်ထုတ်/န-သင်္ကလတ်၊ အဝတ် စသည်ကို ချုပ်လုပ်ထားသော ဦးခေါင်းဆောင်းစရာ။ **~ထုပ်ကြိုး**/-ကျိုး/န-ရင်းဆွဲနိုင်မြဲနေအောင် ရင်းဆွဲထိပ်ကို ဆွဲချုပ်ထားသော ထန်းလက်မှ ဖြာထားသောကြိုး။ **~နှောက်**/အုန်းနှောက်/န-ဦးခေါင်းခွံအတွင်းရှိ အာရုံကြောများစုဝေးရာ အစိတ်အပိုင်း။ **~နှောက်ခြောက်**/-ချောက်/ ကြိ-အခက်အခဲကို ရှင်းလင်းရန် ထွေးခွဲမရဆုံးဖြတ်မရ ဖြစ်နေသည်။ ခေါင်းခြောက်သည်။ **~နှောက်ပျက်**/-ပျက်/ကြိ-စိတ်အခြေအနေ မမှန်ဖြစ်သည်။ **~နှောက်ရှင်း**/-ယှင်း/ကြိ-ရှုပ်ထွေးနေသော စိတ်ကို ပြေပျောက်အောင် ပြုသည်။ **~နှောက်ရှုပ်**/-ယှုတ်/ ကြိ-စိတ်ရှုပ်ထွေးသည်။ ခေါင်းရှုပ်သည်။ **~နိမ့်ချ**၊ ကြိ-ဦးကိုညွတ်၍ ရှိခိုးသည်။ **~ပိုင်**/အူးဗိုင်/န-ပိုင်းခြားသတ်မှတ်ပေးထားသော မြေကွက်။ **~ပဥ္စင်း**/အူးဗဇင်း/န-ရဟန်းတော်။ **~ပြည်း** /အူးဖြီး/န-ခေါင်းတုံး။ **~ဖွတ်** /အူးဖွတ်/န-လှည်းဦးတွင် လှည်းသန် နှစ်ချောင်းဆုံရာ။ **~မစို**၊ကြိ-[ပေါ] မတောင့်တ။ မရည်ရွယ်။ **~မော့**၊ ကြိ- မြင့်တက်လာသည်။ "စီးပွားရေး~လာပြီ။" **~မင်း** န- အသက်အရွယ် ကြီးသူ ယောကျ်ား ကို အယဉ်အကျေးခေါ်သော စကားလုံး။ **~ယဉ်း နား**၊ **~ယဉ်းခေါင်းခဲနား**/အူးယင်ဂေါင်းခဲနား/န-ပြင်းထန်သော ခေါင်းကိုက်နာ။ **~ရီး**၊ န-မိခင်၏ အစ်ကို။ **~ရေ**၊ န-၁၊ဆံပင် ပေါက်ရာ ဦးခေါင်း အရေပြား။ ၂။အရေအတွက်။ **~ရင်**၊ န-ယောကျ်ား တစ်ဦးကို ချစ်ခင်လေးစားသဖြင့် ခေါ်သောအမည်။ **~ရည်**/အူးယေ/န-ပထမဦးဆုံး ထုတ်ယူရရှိသော အရည်။ **~ရှေ့ရိုးအက**၊ န-ခေါင်းပေါင်းပေါင်း၍ တောင်ရှည်ပုဆိုးကွက်ကျား ဝတ်ပြီး နှုတ်ခမ်းမွေး တပ်လျက် ပုသိမ်ထီးကိုင်ကာ အိုးစည် ဒိုးပတ်ဝိုင်းနှင့် ဘွဲ့ကသော အပြောင်အပြက်အက။ **~လေး**[၁]၊ န- အမေ၏မောင်။ **~လေး**[၂]၊ ကြိ-၁၊ [ပေါ]ငြိုးဖွဲ့သည်။ ၂၊ ဆောင်ရွက်ရန် ဝန်လေးသည်။ **~လည်မသုန်**/အူးလီ(လယ်)မသုန်/ ကြိဝိ-နောက်မတွန့်ဘဲ ရှပ်ရှပ်ချွံချွံ။ **~လုံးသိမ်း** /အုတ်လုန်းသိန်း/ **~လုံး သွင်း** / အုတ်လုန်းသွင်း/ ကြိ-မိန်းကလေးများ ဆံပင်ရှည်ထားရန် ဆံတောက်ကို စုစည်းသိမ်းရုံးသည်။ **~သျှောင်**/အုတ်ယှောင်/ န-၁၊ သျှောင်ထုံး။ ၂။ ဦးခေါင်းဆောင်း အဆင်တန်ဆာ တစ်မျိုး။ ၃၊ [ဥပစာ]အထွတ်အမြတ်။ အကြီးအကဲ။ **~ဦးဖျားဖျား**/အူးအူးဖျားဖျား/ကြိဝိ-ပထမဦးဆုံး။

အေ၊ စည်း-မိန်းမချင်း ရင်းနှီးစွာ ခေါ်ပြောရာတွင် သုံးသော စကား။

ဧက[၁]၊န-တစ်။ [ပါ၊ဧက] **~စကျင့်**/အေကစကျင့်/ ကြိ-တစ်ဦးတည်းနေထိုင်၍ တရားအားထုတ်သည်။ [ပါ၊ဧကစာရ+မြန်၊ကျင့်] **~နံ**၊ န-တစ်နံတည်းရှိသော အထည်။ [ပါ၊ဧက+မြန်၊အနံ] **~ပိုဒ်**/အေဂပိုက်/န-အကြောင်းအရာကို တစ်ပိုဒ်တည်းဖြင့် ပြီးပြည့်စုံအောင် ရေးသော ရတု။ **~မူ**/အေဂမူ/ န-အခြေခံစံ။ ယူနစ်။ [ပါ၊ဧက+မူလ] **~ရီ** /အေဂယီ/န-ဘုရင်မ။ [ပါ၊ ဧက+ရာဇိနီ] **~ရာဇ်**/အေဂရစ်/န-၁၊ဘုရင်။ /အေဂယစ်/ ၂၊အမူးပြေ စေရန် သုံးသော ဆေးဖက်ဝင် ပင်စောက်တစ်မျိုး။ [ပါ၊ ဧကရာဇ] **~ဝုတ်**/အေဂဝုတ်/န-အရေအတွက်တစ်ခု ပြကိန်း။ [ပါ၊ဧကဝစန] **~သီ**၊န-အပေါ်ရုံသင်္ကန်း။ [ပါ၊ဧကစ္စိယ]

ဧက[၂]/န- စတုရန်း ကိုက် ၄၈၄၀ ရှိသော မြေ အကျယ်အဝန်း။ [လိပ်၊acre]

ဧကာဒသမ/အေကာဒါသမှ/နဝိ-၁၁ခုမြောက် ဖြစ်သော။ [ပါ၊ဧကာ+ ဒသမ]

ဧကာသနိက်ခုတင်/အေကာသနိတ်ခုဒင်/န-တစ်နေရာတည်းထိုင်၍ တစ်ထပ်သာစားသော ဓုတင်။ [ပါ၊ဧကာသနိက+ဓုတင်]

ဧကဂ္ဂတာ၊န-အာရုံတစ်ခုတည်း၌ စိတ်တည်ငြိမ်နေခြင်း။ [ပါ၊ဧကဂ္ဂတာ]

ဧကန်၊ကြိဝိ-မလွဲမသွေ။ မုချ။ ဧကန္တ။ [ပါ၊ဧကန္တ] **~ဧကေ**၊ကြိဝိ-ဧကန်။ [ပါ၊ဧကန္တ+ဧက]

ဧကွင်း/အေဂွင်း/န-သော့တံများကို ချိတ်တွယ်ရန်နှင့် ကန့်လန့်ကာ တပ်ဆင်ရန် သုံးသော သတ္တုကွင်း။

ဧချင်း/အေးဂျင်း/န-ငယ်ရွယ်သော ဘုရင့်သားတော် သမီးတော်များ ဇာတိမာန်တက်ကြွစေရန် မျိုးရိုးစဉ်ဆက် ဘုန်းကန်ဒိုးတောက်ပခဲ့ပုံကို ဖွဲ့ဆိုသော ရှေးကဗျာတစ်မျိုး။

ဧဋီ၊န-၁၊ကတိုးကောင်။ ၂၊တောဆိတ်နက်။ [သ၊ဧဏီ]

မာတိကာသို့ ▶▶▶

ဧတဒဂ်/အေတာဒက်/န-ပညာအရာ၊ တန်ခိုးအရာ စသည်တို့တွင် အထူးချွန်ဆုံးအဖြစ် မြတ်စွာဘုရားက သတ်မှတ်တော်မူသော ဂုဏ်အရည်အချင်း။ [ပါ၊ ဧတဒဂ္ဂ]

အေဒီ၊န-ခရစ်တော်ဖွားပြီး နောက်ကာလကို ရေတွက်သော နှစ်အမည်။ (ဘီစီလည်းရှု) [လိပ်၊ **A.D. (Anno Domini)**]

ဧပြီ၊ န- အင်္ဂလိပ်ဆယ့်နှစ်လတွင် စတုတ္ထလ။ [လိပ်၊ **April**]

ဧယင်ကျူး / အေးယင်ကျူး/ကြိ-၁၊ဘုရင့်သားတော် သမီးတော်ငယ်ကို ပုခက်တွင်တင်၍ ချော့ချင်းစသည် သီဆို၍ သိပ်သည်။ ၂၊ဘုန်းကြီးပွဲ့ပွဲ့တွင် ဘုန်းကြီး၏ ဂုဏ်ပုဒ်များကို ဖွဲ့ဆို၍ သီကျူးသည်။

ဧရာ၊န-၁၊ဧရာဝတီမြစ်။ ၂၊[ကဗျာ]မြစ်။ ၃၊လေ့ယသတော်၏ ဝမ်းလိုက်။ နဝိ-[ကဗျာ]ရောမ။ [ပါ၊ ဧရာဝတီ] **~မ**၊နဝိ-ကြီးမားသော။ ကြီးကျယ်သော။ [ပါ၊ ဧရာပတိ+မြန်၊မ]

ဧရိယာ /အေရိယာ/ န- မျက်နှာပြင်၏ ပမာဏ။ အကျယ်အဝန်း။ [လိပ်၊ **area**]

ဧသာန်၊န-အရှေ့မြောက်အရပ်။ [ပါ၊ဧသာန]

ဆော့၊စည်း-[အပြော] မိန်းမချင်း ရင်းနှီးစွာ ခေါ်ပြောရာ၌ သုံးသော စကား။

အေး၊နဝိ-၁၊ချမ်းစိမ့်သော အတွေ့ရှိသော။ ၂၊ချိုသာသော။ ကြိ-၁၊အဆူအပူ အနှောင့်အယှက် ဆားရန် ကင်းငြိမ်းသည်။ ငြိမ်းချမ်းသည်။ ၂၊ပြဿနာကိစ္စ တစ်စုံတစ်ရာ ပြေငြိမ်းပြီးပြတ်သည်။ ၃၊ငြိမ်သက်သည်။ "ရွှေရေး ~နေ…။" စည်း-[အပြော]ခင်မင် ရင်းနှီးသူချင်း ဟုတ်မှန်ကြောင်း၊ သဘောတူကြောင်းကို ဖော်ပြရာ၌ သုံးသောစကား။ **~ကျင်း**/အေးဂျင်း/ န-ဗုံးအန္တရာယ်မှ ပုန်းခိုရာကျင်း။ **~ချမ်း**/အေးဂျန်း/ကြိ-အဆူအပူ အနှောင့်အယှက် ဆားရန် ကင်းငြိမ်းသည်။ အေးငြိမ်းသည်။ **~ဆေ**/အေးဆေ/ န-သက်သာအနေအထားမှ ပို၍ သက်သောင့် သက်သာဖြစ်သော အနေအထားသို့ ပြောင်းရန် အမိန့်ပေးသော စကား။ **~စက်စက်**၊ ကြိဝိ-၁၊အေးသင့်သည်ထက် ပို၍အေးလျက်။ ၂၊စိတ်မပါ လက်မပါ နေးကွေးလေးလံစွာ။ **~ဆေး**/အေးဇေး/ကြိ-မှုပင်ကြောင့်ကြမှု၊ စိုးရိမ်မှု စသည် ကင်းသည်။ အေးချမ်းသည်။ **~တိအေးစက်**၊ ကြိဝိ-နေးကွေး လေးလံစွာ။ စိတ်မပါ လက်မပါ။ **~စားပြ** /အေးဒမျာ့/ န- သူတစ်ပါး မပေးချင်သော အရာကို အကြမ်းမဖက်ဘဲ ရအောင် ယူခြင်း။ ယင်းသို့ ယူသောသူ။ **~မြ**၊ကြိ-အလွန် အေးသည်။ **~အတူပူအမျှ**၊ ကြိဝိ- ဆင်းရဲခြင်း၊ ချမ်းသာခြင်းတို့ကို အတူတကွ မျှဝေခံစားလျက်။ **~အေးလူလူ**၊ကြိဝိ-အေးအေးဆေးဆေး။ **~အေး သက်သာ**၊ ကြိဝိ-အေးအေးဆေးဆေး။ အေးဆေးသက်သာစွာ။

အဲ[၁]၊ ကြိ-ခုပေါင်းအားထုတ်သည်။ **~နိုး**၊ကြိ-[ပေါ] ကြိုးစား အားထုတ်သည်။ **~နိုးသံ**၊ကြိ-[ပေါ]မိုင်နိုင် မာမာ ကြိုးစားအားထုတ်သည်။ **~ချင်း**/အဲဂျင်း/ န-'အဲ'ဟူသောအသံကို အစျိုးအရှဖြု၍ သီဆိုသော ရှေးသီချင်းတစ်မျိုး။ **~မောင်း**၊န-၁၊ပန်းဖွားတပ် လှံကြီး တစ်မျိုး။ ၂၊ရှေးခေတ် ရှေ့တန်း စစ် မျက်နှာတွင် တပ်သားများ နိုးနိုးကြားကြား ရှိစေရန် တီးခတ်သော မောင်းတစ်မျိုး။

အဲ[၂]၊ စည်း-[အပြော] စကားပြောရင်း စကားစရှာမရ၍ ဆုတ်ဆိုင်းဆိုင်း ဖြစ်နေသောအခါတွင် သုံးလေ့ရှိသော စကား။

ဩ[၁]၊နဝိ-အသံဖြည်းညင်းလေးပင်၍ ဟိန်းသော။

ဩ[၂]၊ကြိ-လောင်းကစားရာတွင် တစ်ကောင်တည်း၊ တစ်ဖက်တည်းတွင် လောင်းကြေးကို စုပုံ၍ လောင်းသည်။ **~ချ**၊ကြိ-လက်လျှော့သည်။ အရှုံးပေးသည်။ **~တိုက်**၊ကြိ-အလွန်များပြားသည်။

ဩ[၃]၊စည်း-[ပေါ]အရိုအသေ အလေးအမြတ် ဆိုသော စကား။

ဩကာသလောက/အောကာသာ့လောကာ့/န-ရေ၊ မြေ၊ တော၊ တောင်၊ သမုဒ္ဒရာ စသည်တို့ တည်ရာ လောက။ [ပါ၊ဩကာသ+လောက]

ဩဂုတ်၊န-အင်္ဂလိပ် ဆယ့်နှစ်လတွင် အဋ္ဌမလ။ [လိပ်၊**August**]

ဩဇဂုဏ် /အောဇာ့ဂုန်/ န - အကျယ်ကို အကျဉ်း၊ အကျဉ်းကို အကျယ် အနှစ်ပြည့်စွာ ရေးသားသော ဂုဏ်။ [ပါ၊ဩဇ+ဂုဏ]

ဩဇာ၊န-၁၊အစာတွင်ပါသော ခွန်အားဖြစ်စေသည့် အဆီအနှစ်။ ၂၊အပင်ကို ဖြစ်ထွန်းစေသော ဓာတ်။ မြေဆီမြေနှစ်။ ၃၊အင်အား အရှိန်အဝါ။ ၄၊အမိန့်စကား။ အမိန့်အာဏာ။ ၅၊အစေ့နက်များတွင် ချိုအေးသော အသား ဖုံးလွှမ်းပါရှိသည့် အသီးသီးသော အပင်။ [ပါ၊ဩဇ] **~ကိုက်**၊ကြိ-သူတစ်ပါးတို့ အပေါ် ဩဇာအရှိန်အဝါ သက်ရောက်သည်။ ဩဇာတည်သည်။ **~ခံ**၊ကြိ-သူတစ်ပါး၏ အမိန့်အာဏာကို လိုက်နာသည်။/အောဇာဂန်/န-ယင်းသို့ လိုက်နာသူ။ **~ညောင်း**၊ ကြိ-ဩဇာအာဏာ သက်ရောက် စူးရှသည်။ **~တိက္ကမ**၊န-သူတစ်ပါး နာခံလိုက်နာစေနိုင်သော အစွမ်းသတ္တိ။ [ပါ၊ဩဇ+အတိက္ကမ] **~ပေး**၊ကြိ-လွှမ်းမိုးလိုသော ဆန္ဒဖြင့် တိုက်တွန်း စေနိုင်သည်။ **~ရှိ**၊ကြိ-သူတစ်ပါးတို့ ကျိုးနွံလိုက်နာ ခံယူစေနိုင်စွမ်းသော အရှိန်အဝါနှင့်

မာတိကာသို့ ▶▶▶

http://www.lknt11.com

ပြည့်စုံသည်။

ဩဓိသ၊နဝိ–အရပ်မျက်နှာ၊ ပုဂ္ဂိုလ် စသည် ပိုင်းခြားသော (မေတ္တာ)။ [ပါ၊ဩဓိသ]

ဩဘာ၊န–၁၊ အရောင်အလင်း။ ၂၊အတိတ်နိမိတ်။ ၃၊ကောင်းချီး။ ကောင်းချီးစကား။ [ပါ၊ဩဘာသ] **~စာ**/အောဘာဇာ/န–အခမ်းအနားများတွင် ရွတ်ဖတ်သော ကောင်းချီးပြုသည့်စာ။ **~ပေး**၊ ကြိ–လက်ခုပ်လက်ဝါးတီးခြင်း စသည် ပြုလုပ်၍ ကောင်းချီး ပေးသည်။

ဩရသ/အောရာ့သ/န–သားရင်း သမီးရင်း။ [ပါ၊ဩရသ]

ဩဝါဒ၊န–ဆုံးမစကား။ [ပါ၊ဩဝါဒ]

ဩသဓ၊န–ဆေး။ [ပါ၊ဩသဓ]

အော့၊ကြိ–၁၊ပျို့သည်။ အန်သည်။ ၂၊[ဥပစာ] မနှစ်မြို့ စက်ဆုပ် ရွံရှာသည်။ **~ကြောလန်**/အော့ကျောလန်/ကြိ–မဆက်ဆံချင်လောက်အောင် စက်ဆုပ်ရွံရှာ မုန်းတီးသည်။ **~နှာဝမ်းကျ**/အော့နှာဝမ်းကျ/န–အော့အန်၍ ဝမ်းလျှောသော ရောဂါ။ **~နှလုံးနာ**၊ကြိ–စက်ဆုပ်ရွံရှာ မုန်းတီးသည်။

အော်¹၊ကြိ–နှုတ်မှ ကျယ်လောင်သော အသံပြုသည်။ **~ကျယ်ဟစ်ကျယ်**/အော်ကျယ်ဟစ်ကျယ်/ကြိဝိ–အားပါးတရ ကျယ်လောင်စွာ အသံပြုလျက်။ အော်ကြီးဟစ်ကျယ်။ **~လဲ**¹၊န–သဘာဝအစာပျောက်သော၍ လဲပြိုသော သစ်ပင်။ **~လန်**၊န–အသံပိုကျယ်လောင်စေရန် တပ်ဆင် အသုံးပြုသော ကတော့ပုံ ရှိသည့် အရာ။

ဪ²၊အာ–[အပြော] အံ့သြခြင်း၊ ဝမ်းမြောက်ခြင်း စသည်ကို ခံစားရသည့်အခါ ရုတ်တရက် ထွက်သော အသံ။ **~လဲ**²၊ကြိဝိ–[ပေါ]အကြိမ်ကြိမ်အဖန်ဖန်။

အော်ကလီဆန်၊ကြိ–၁၊ပျို့ချင်အန်ချင်ဖြစ်သည်။ ၂၊[ဥပစာ] ရွံရှာ စက်ဆုပ်သည်။ [ပါ၊ဥက္ကလီ?+မြန်၊ဆန်]

အော်ဒါ၊န–၁၊အမိန့်။ ၂၊ပစ္စည်းတစ်စုံတစ်ရာကို သီးသန့် မှာယူလုပ်ကိုင်စေခြင်း။ [လိပ်၊order]

အော်ပရာ/အော်ပရာ/န–ဇာတ်၊ အငြိမ့် စသည်တို့တွင် ရှေ့ပိုင်း သရုပ်ဖော်ကဇာတ်။ [လိပ်၊opera]

အော်ပရေတာ/ အော်ပရေတာ/ န– ၁၊ စကားပြော ကြေးနန်း စသည်ကို တစ်နေရာနှင့် တစ်နေရာ ဆက်သွယ်ပေးသူ။ ၂၊ ရုပ်ရှင်ပြစက် မောင်းသူ။ [လိပ်၊ operator]

အော်ရော၊ န–အညိုရောင်ရှိ၍ လည်ချောင်းနှင့် ဝမ်းဗိုက်တွင် ဖြူပြီး တင်ကျီးနှင့်တူသည့် ငှက်တစ်မျိုး။

အော်လဲ³၊န–အရွက်ပြောင်ချော၍ အဖျားချွန်ပြီး အမြစ် ဆေးဖက်ဝင် ပင်လက်တစ်မျိုး။

အံ¹၊န–၁၊အဆင့်ဆင့် သို့မဟုတ် အကန့်အကန့် အလောတော် ပြုလုပ်ထားသည့် ပစ္စည်းထည့်စရာ။ ၂၊အံသွား။ **~ကိုက်**၊ ကြိ– တိုက်ဆိုင်ညီညွတ်သည်။ အလောတော်ဖြစ်သည်။ **~ကပ်**/အန်ဂတ်/န–ဖြုတ်၍ တပ်၍ရသော သွားတု။ **~ကျ**၊ကြိ–အပိုအလိုမရှိ အံဝင်ခွင်ကျဖြစ်သည်။ **~ကြိတ်**၊ **~ခဲ**၊ ကြိ–(ခံစားမှုတစ်ခုခုကြောင့်) အံသွားချင်း ဖိကြိတ်သည်။ **~ချော်**၊ ကြိ–လွဲသည်။ ချော်သည်။ **~ချွ**၊ ကြိ– [ဥပစာ] အတွေ့အကြုံ အလွန်များသည်။ **~ဆုံး**/အန်ဇုန်း/န–နောက်ဆုံးအံသွား။ **~ဆွဲ**/အန်ဇွဲ/ န– စားပွဲ၊ ဗီရိုစသည်တွင် အလောတော် ဘောင်ခံ၍ ထုတ်နိုင် သွင်းနိုင်အောင် ပြုလုပ်ထားသည့်အံ။ **~တို**၊ ကြိ– [ဥပစာ] အတွေ့အကြုံ အလွန်များသည်။ **~ပုံ**/အန်ပုန်/န–၁၊သွားစိုက်ရန်နေရာတွင် သွားဖုံး နှင့် သွားအနေအထားကို ယူထားသော ပုံစံ။ ၂၊ယင်းပုံစံ တွင် စိုက်ထားသောသွားတု။ **~ဖွား**/အန် ဖွား/ န–အံသွားဘေးတွင် ကပ်၍ပေါက်သောအံသွားပို။ **~ဖုံး**/အန်ဖုန်း/န–အံနှင့်ကိုက်အောင် ပြုလုပ်ထား သော အဖုံး။ **~ဝင်ခွင်ကျ**/အန်ဝင်ဂွင်ကျ/ကြိဝိ–အပိုအလိုမရှိ တိုက်ဆိုင်ညီညွတ်စွာ။ **~သွား**/အန် သွား/န–စွယ်သွား၏ နောက်တွင် အစာဝါးနိုင်ရန် မျက်နှာပြင်ရှိသွား။

အံ²၊ကြိ–နှုတ်တက်ရအောင် အခေါက်ခေါက်ဆိုသည်။

အံသကိုက်/အန်သဂိုက်/န–အပေါ်ရုံသင်္ကန်း အတွင်းမှ ထား၍ ဝတ်သော သင်္ကန်းငယ်။ [ပါ၊အံသကာ သာဝ]

အံသာ/အန်သာ/န–[ဗေဒင်] တစ်ရာသီ၏ သုံးဆယ် စိတ် တစ်စိတ်။ [ပါ၊အံသ]

အံ့¹၊ကြိ–မဖြစ်တန်ကောင်းဘဲ ဖြစ်သည်ဟု စိတ်တွင် ဖြစ်ပေါ်သည်။ **~ဖွယ်သရဲ**/အန့်ဖွယ်သယဲ/န–အထူး အံ့သြဖွယ်။ အံ့အားသရဲ။ **~မခန်း**၊ကြိဝိ–အံ့သြ၍ မကုန်နိုင်အောင်။ **~အားသင့်**၊ကြိ–မမျှော်လင့်သော အဖြစ်ကို ရုတ်တရက် တွေ့ရမြင်ရ ကြားရသော အခါ မည်သို့ ပြုလုပ်ရမည်မသိ ဖြစ်သည်။ **~သြ**၊ကြိ– ဖြစ်ခေါင့်ဖြစ်ခဲဖြစ်သည်ဟု စိတ်တွင် ဖြစ်ပေါ်သည်။

အံ့²၊ဂိ–အနာဂတ်ကာလကို ညွှန်းသော ကြိယာ နောက်ဆက် စကားလုံး။

အို¹၊နဝိ–၁၊အသက်အရွယ်ကြီး၍ အရွယ်အဆင်း ဆုတ်ယုတ်သော။ ၂၊ဟောင်းနွမ်းသော။ သို့နွမ်း သော။ **~ကြီးအိုမ**/အိုဂျီးအိုမာ့/န–အလွန်အိုမင်း သောအရွယ်။ **~စာ**/အိုဇာ/ကြိ–အရွယ် ကျသည်။ အိုမင်း ရင့်ရော်သည်။ **~စာမင်းစာ**/–မင်းဇာ/န– အိုမင်းမစွမ်းသောအခါတွင် သုံးစွဲနိုင်ရန် ကြိုတင်

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

စုဆောင်း ထားသော ငွေကြေးဥစ္စာ။ **~ဓာတာ** /အိုဓါ/ န–အသက်အရွယ် အိုမင်းချိန်တွင် ဖြစ်ပေါ်သော ကံအကြောင်းတရား။ **~နာကျိုးကန်း**/အိုနာကျိုးဂန်း/ န–အသုံးမကျ အရာမဝင်သူ။ **~နာစာ** /အိုနာဇာ/ န–အိုသောအခါ၊ နာသောအခါ အတွက်ကြိုတင် စုဆောင်းထားသော ငွေကြေးဥစ္စာ။ အိုစာ မင်းစာ။ **~မင်းမစွမ်း**၊န–အသက်အရွယ်ကြီးရင့်၍ ခွန်အားနည်းကာ မစွမ်းဆောင်နိုင်တော့သောသူ။

အို၂၊စည်း–[အပြော] ရှေးရှုခေါ်ရာ၌ သုံးသော စကား။ အာ– [အပြော] ငြင်းပယ်ရာ၊ ကရုဏာသက်ရာ စသည်တို့၌ ရုတ်တရက်ပြောသော စကား။

အိုဇုန်း၊န–အောက်ဆီဂျင်ကို လျှပ်စစ်ဓာတ်ဖြတ်သန်းသောအခါဖြစ်စေ၊ ခရမ်းလွန်ရောင်ခြည် သင့်သောအခါဖြစ်စေ ထွက်ပေါ်သော အနံ့စူးသည့် ဓာတ်ငွေ့တစ်မျိုး။ [လိပ်၊ ozone]

အိုလံပစ်၊န–လေးနှစ်တစ်ကြိမ် ကျင်းပသည့် နိုင်ငံတကာ အားကစားပွဲတော်။ [လိပ်၊ Olympic]

အိုအေစစ်၊န–သဲကန္တာရအတွင်းရှိ ရေရှိ၍ စိမ်းလန်းစိုပြည်သော နေရာ။ [လိပ်၊ oasis]

အို့၊စည်း–ခွေးကို ခေါ်သံ။

အိုး၊န–မြေ၊ ကြေး၊ ဒန် စသည်တို့ဖြင့် ပြုလုပ်ထားသော ရေ၊ အရည် စသည် ထည့်စရာ၊ ချက်ပြုတ်ကြော်လှော်စရာ ပစ္စည်း။ **~ကင်း**/အိုးဂင်း/န–အောက်တိမ်၍ ပြန့်သော အိုးငယ်။ **~ကင်းပူတိုက်**/–ဗူတိုက်/ ကြိ–စားဖွယ်ကို အိုးကင်းပူတွင် ကပ်၍ ကျက်နပ်စေသည်။ **~ကပ်**/အိုးဂတ်/န–သား၊ ငါးစသည်ကို ရေမကျန်စေဘဲ ဆီဖြင့် အိုးကပ်အောင် ချက်နည်း။ **~ခြမ်းကွဲ**/အိုးဂျန်းဂွဲ/န–မြေအိုးကွဲ အပိုင်းအစ။ **~ခွဲစား**၊ကြိ–အိမ်ထောင်ခွဲ၍ နေထိုင်စားသောက်သည်။ **~စရည်း**/အိုးဇယီး/န–မြေ၊ စဉ့်စသည်တို့ဖြင့် ပြုလုပ် သော အိုးကြီး။ **~စား**/အိုးဇား/န–ရေးခေတ်မြန်မာ့ တပ်မတော်တွင် စစ်သည်ငါးယောက်ပါသော အစု။ **~စားကွဲ**/–ကွဲ/ကြိ–[ဥပစာ] တကွဲတပြားစီဖြစ်သွားသည်။ မသင့်မမြတ် မပြေမလည်ဖြစ်သွားသည်။ **~စည်**/အိုးဇီ/န–ပခုံးတွင် သိုင်းလွယ်၍ တီးရသည့် တစ်ဖက်ပိတ်စည်။ **~စွပ်ခွက်စွပ်**/အိုးဇွတ်ခွက်ဇွတ်/ကြိဝိ–အိုးတွင်းရှိ စားဖွယ်ကို နှိုက်၍ (စားသည်)။ **~တည်နစ်**/အိုးဒယ်နစ်/ကြိဝိ–အိုးတည်တည့်နစ်သကဲ့သို့ တိမ်းစောင်းခြင်းမရှိ နစ်မြုပ်လျက်။ **~တုတ်**/အိုးဒုတ်/န–အဝကျဉ်း၍ကိုယ်ထည်ကြီးသော အိုးကြီးတစ်မျိုး။ **~တန်**/အိုးဒန်/န–[ပေါ] မကြီးလွန်း မသေးလွန်းသောအိုး။ **~တန်ဆန်ခတ်** /အိုးဒန်ဆန်ခတ်/ န–(အိုးနှင့်တန်ရုံ ဆန်ကသည့်ချက်သကဲ့သို့) မယုတ်မလွန် လိုရင်းရောက်အောင် ပြောသော စကား။ **~ထိန်းစက်**/အိုးဒိန်းဇက်/ န–ရွှံ့စေးတုံးကိုတင်၍ အိုးပုံဖော်ရန် သုံးသော လည်နေသော ပျဉ်ပြားဝိုင်း။ **~ထိန်းသည်**/အိုးဒိန်းသယ်/န–အိုးလုပ်သူ။ **~နင်းခွက်နင်း**၊ကြိဝိ–[ဥပစာ] အစီအစဉ် ကျနခြင်းမရှိ၊ ကသောင်းကနင်း ဖြစ်လျက်။ **~ပစ်မကွဲ**/အိုးဗျစ်မကွဲ/ကြိဝိ–မြေအိုးကို ပစ်ချလိုက်သော် မကွဲနိုင်လောက်အောင် ကောက်ပင်စသည် အလွန်သန်မာ စည်ပင်လျက်။ **~ပစ်အိမ်ပစ်** /အိုးဗျစ်အိန်ဗျစ်/ ကြိဝိ– မိသားစု၊ အိမ်ရာနှင့် ကင်းကွာလျက်။ **~ပုတ်**/အိုးဗုတ်/န–၁၊ကလေးကစားစရာ အိုးခွက်ငယ်။ ၂၊အရွက်သန်လျက်ပုံရှိ၍ အိုးပုတ်သဏ္ဍာန် အစိမ်းဖျော့ရောင် အပွင့်ပွင့်သော အပင်တစ်မျိုး။ **~ဖျစ်**/အိုးဗျစ်/န–လည်သိမ်၍ ဝမ်းကျယ်သော ရေအိုး။ **~မဲ**၊န–ချက်ပြုတ်ရာတွင် သုံးသော အိုးတွင်ကပ်နေသည့် မီးခိုးမှုဖြစ်သော အညစ်အကြေး အမှုန့်။ **~မဲသုတ်**၊ ကြိ–[ဥပစာ] မိဘဆွေမျိုးစသည်တို့၏ မျက်နှာကို မထောက်ထားဘဲ ဂုဏ်သိမ်ငယ်အောင်၊ အရှက်ရအောင် လုပ်သည်။ **~သူကြီး** /အိုးသူကျီး/န–ထမင်းဟင်း ချက်ပြုတ်ရာတွင် ကြီးကြပ်သူ။ စားဖိုမှူး။ **~သစ် အိမ်သစ်**/အိုးသုစ်အိန်သုစ်/န–[ဥပစာ] အိမ်ထောင်ဖက် သေဆုံး၍ ဖြစ်စေ၊ ကွဲကွာ၍ဖြစ်စေ နောက်ထပ်ပြုသော အိမ်ထောင်။ **~အိမ်**၊ န–အတည်တကျ အခြေစိုက် နေထိုင်စားသောက်ရာ အဆောက်အအုံ။ **~အိမ်ထူ**၊ ကြိ–အိမ်ထောင်ပြုသည်။

အိုးတိုးအတ/အိုးဒိုးအာ့တာ့/ကြိဝိ–မလည်မဝယ်။

အိုးတိုးအင့်တင့်/အိုးဒိုးအင့်ဒင့်/ကြိဝိ–အစာကို လွန်ကဲစွာ စားခြင်းကြောင့် မသက်မသာဖြစ်လျက်။

အိုးတိုးအမ်းတမ်း/အိုးဒိုးအန်းဒန်း/ကြိဝိ–ရုတ်တရက် ဘာလုပ်ရမည်မသိ၊ ကြောင်လျက်။

အိုးဝေ၊န–ဒေါင်းဟုက်တွန်သံ။

အက်၊ ကြိ–၁၊ အကွဲကြောင်း ထင်ရှားစွာပေါ်သည်။ ၂၊(အသံ) ကြည်လင်ပြတ်သားမှု မရှိဖြစ်သည်။

အက္ခပတ်/အက်ဂဗတ်/န–ကသည်းပြည်။ [ဟိန္ဒီ၊ အဂါဗာဒ်]?

အက္ခရာ၊န–စာရေးသားရာ၌ အသံကို ကိုယ်စားပြုသော အမှတ်သင်္ကေတ။ [ပါ၊အက္ခရ] **~စဉ်**/အက်ခယာဇင်/န–ဗျည်းသရ အက္ခရာ အစီအစဉ်။ **~တင်**၊ကြိ–အဖြစ်အပျက် တစ်စုံတစ်ရာကို အက္ခရာဖြင့် မှတ်တမ်းတင်သည်။ **~ဝလီ**၊န–အက္ခရာစဉ်။ [ပါ၊ အက္ခရ+အာဝလိ] **~သင်္ချာ**၊န–[သင်္ချာ] မသိကိန်းကို အက္ခရာဖြင့်လှယ်၍ တွက်ချက်သော သင်္ချာ။

အက္ခောဘိဏီ/အက်ခေါဗနီ/န–တစ်ဖက်ရန်သူတို့က မချောက်ချားစေနိုင်သော စစ်တပ်ကြီး။ ဝါးအလုံး

မာတိကာသို့ ▶▶▶

ဖြေပါသော ပါးအစည်း ဖြေကို နင်းသွား၍ မှန်မှန် ညက်ညက် ကြေမွသွားစေနိုင်သော စစ်တပ်ကြီး။ [ပါ၊အက္ခောဘိဏီ]

အက်စစ်၊န-[ဓာတု] ဝတ္ထုပစ္စည်းများကို လောင်တတ် စားတတ်သော အချဉ်ဓာတ်ပါသည့် အရည်တစ်မျိုး။ [လိပ်၊acid]

အက်တမ်၊ န- [ရူပ] ဒြပ်စင်တစ်ခု၏ အသေးငယ်ဆုံး အစိတ်အပိုင်း။ အဏုမြူ။ [လိပ်၊atom]

အက်ဥပဒေ/အက်အုပဒေ/န-လွှတ်တော်က အတည်ပြု ပြဋ္ဌာန်းထားသော ဥပဒေ၊ [လိပ်၊act+ ပါ၊ ဥပဒေသ]

ဥက္ကာ/အုတ်ကာ/န-အာကာသမှ ပျံသန်းလှည့်ပတ် ကျရောက်လာတတ်သော အရောင်အဝ အစိုင်အခဲ။ [ပါ၊ဥက္ကာ]~မှုံ/-မျုန်/န-ကမ္ဘာ့လေထုနှင့် ဥက္ကာခဲ ထိတွေ့ရာမှ ဖြစ်ပေါ်သော အလင်းရောင်တန်း။

ဥက္ကောရွေယျ/အုတ်ကောဒွေးယာ့/ကြိဝိ-ရုတ်ရုတ်သဲသဲ။ [ပါ၊ဥက္ကောရွေယျ]

ဥက္ကဋ္ဌ/အုတ်ကထာ့/န-အဖွဲ့အစည်း တစ်ခုခု၏ အကြီးအကဲ၊ အကြီးအမှူး။ [ပါ၊ဥက္ကဋ္ဌ]

အောက်[၁]၊န-တစ်စုံတစ်ခုနှင့်ယှဉ်လျှင် နိမ့်သော နေရာ၊ နည်းသော အရာ။ စည်း-ယုတ်လျော့သောအနက်ရှိသည့် စကားလုံး။ **~ကျ**၊ကြိ-အဆင့်အတန်း၊ အခြေအနေ စသည်နိမ့်ကျသည်။ **~ကျခံ**၊ကြိ-မိမိကိုယ်ကို နိမ့်ချလျက် ပြောဆိုပြုမူသည်။ **~ကျနောက်ကျ**၊ ကြိဝိ-အဆင့်အတန်း အခြေအနေ စသည် နိမ့်ကျသိမ်ငယ်စွာ။ **~ကျို့**၊ကြိ-မိမိကိုယ်ကို နှိမ့်ချ၍ ကျိုးနွံစွာ ဆက်ဆံသည်။ **~ခံ**၊ န-တစ်စုံတစ်ခု၏ အောက်မှခံထားသောအရာ။ **~ခြေ**၊န-၁၊တစ်စုံတစ်ခုသော အရာဝတ္ထု၏ အောက်ပိုင်းနေရာ။ ၂၊မူလအရင်း အမြစ်။ အခြေခံ။ **~ခြေလွတ်**၊ ကြိ-[ဥပစာ] ဘဝမှန် ကို မေ့လျော့လျက် မိမိကိုယ်ကို အထင်ကြီးကာ ဘဝင်မြင့်သည်။ **~ခြေသိမ်း** /အောက်ချေသိန်း/ ကြိဝိ- အခြေအမြစ်မှစ၍ အသေးအဖွဲ မကျန်အားလုံး။ **~ တောကျိုက်**၊ကြိ-ခါးတောင်းကျိုက်သည်။ **~တန်းကျ**၊ကြိ-အခြေအနေ အဆင့်အတန်း စိတ်ဓာတ်စသည် နိမ့်ကျသည်။ **~တန်းစား** /အောက်တန်းဇား/န-အခြေအနေ အဆင့်အတန်း နိမ့်ကျသူ။ **~ထစ်**၊ကြိဝိ-အနိမ့်ဆုံးအားဖြင့်။ **~ပိုးကျိုက်**၊ ကြိ-ခါးတောင်းကျိုက်သည်။ **~ဖြန့်**၊န-[ဂီတ]လေးပေါက်သံဖြင့် မှုတည်သည့် စောင်းသံစဉ်။ **~မေ့**/အောက်မေ့၊ အောင်းမေ့/ကြိ-၁၊သတိရသည်။ သတိရလွမ်းဆွတ်သည်။ ၂၊ထင်မြင်ယူဆသည်။ **~မြစ်**၊ န-သံရှည်ကို မြစ်ရန် ဆိုင်ရာ စာလုံးအောက်တွင် ရေးထိုးသော အစက်အပြောက်။ ့။ **~လက်ငယ်သား**/အောက်လက်ငယ်သား/ န-**လက်အောက်ငယ်သား** နှင့် အတူတူ။ **~လင်းဓာတ်မီး**၊ န-လောင်စာဆီအိုးအောက်ဘက်တွင် ဖန်ပြောင်း တပ်ဆင်ထားပြီး ရေနံဆီ၊ မီးစာ၊ လေအားတို့ဖြင့် ထွန်းညှိ၍ အမြင့်တွင် ချိတ်ဆွဲရသော မီးအိမ်။ **~လမ်း**၊န-ယုတ်နိမ့်သည့် အစီအရင် အမျိုးမျိုးဖြင့် စေစားဖန်တီးသည့် လောကီအတတ်ပညာ။ **~ဝါ**၊န-အဆောက်အအုံတွင် မြေပြင်ကစ၍ ထုပ်လျောက်အထိ အပိုင်း။ **~သက်ကျေ**၊ ကြိ-အခြေခံမှစ၍ ကျွမ်းကျင် နားလည်သည်။

အောက်[၂]၊ ကြိ-၁၊ကာယကံရှင်က အမှန်ကို ထုတ်ဖော်ပြောဆိုအောင် ပရိယာယ်ဖြင့် မေးမြန်းသည်။ အစ်သည်။ ၂၊ရေငွေ့အစိုဓာတ်ကြောင့် မကောင်းသော အနံ့ တစ်မျိုးထွက်သည်။ ၃၊တောဆင်ထီးကို ဆင်ကျုံးသို့ ရောက်အောင် ဆင်မနှင့်ဖြားယောင်းသွေးဆောင်သည်။ **~စော်နံ**၊ ကြိ-သိုးသောအနံ့နံသည်။ **~မား**၊န-တောဆင်ရိုင်းကို ကျုံးအတွင်းရောက်အောင် ဖြားယောင်းသွေးဆောင်သော ဆင်မ။ **~သိုးသိုး** /အောက်သိုးသိုး/ ကြိဝိ-မကျေမနပ်စုပုပ်သော မျက်နှာအမူအရာဖြစ်လျက်။/န-ရဉ်သိုးသော အနံ့။

အောက်ကလီအာ၊ကြိဝိ-ဟိုမရောက် သည်မရောက်။ ကောင်းမကျ မြောက်မကျ။

အောက်ချင်း၊န-ကိုယ်ထည်ကြီးမား၍ အအုပ်အဆင်းနှင့် နေကတ်သော ငှက်ကြီးတစ်မျိုး။

အောက်ချင်းစာ/အောက်ချင်းဇာ/န-ပင်စည်ဖြောင့်မတ်၍ ဖြူမွဲရောင် အသားရှိသော လွင်ပြင် သစ်တောပေါက် ပင်စောက်ကြီးတစ်မျိုး။ **~နီ** /-နီ/ န-အသားနီသော ပင်စောက်ကြီး တစ်မျိုး။

အောက်ဆီဂျင်၊န-[ဓာတု] သတ္တဝါနှင့် သစ်ပင်တို့အသက်ရှင်နိုင်ရန် မရှိမဖြစ်သော အရောင်အဆင်း၊ အနံ့အရသာ ကင်းမဲ့သည့် ဓာတ်ငွေ့တစ်မျိုး။ [လိပ်၊oxygen]

အောက်တိုဘာ ၊န-အင်္ဂလိပ်ဆယ့်နှစ်လတွင် ဒသမလ။ [လိပ်၊ October]

အိုက်[၁]၊ကြိ-၁၊အပူဒဏ်ကို ခံစားရ၍ အနေရ အထိုင်ရခက်သည်။ ၂၊(စိတ်၊ အကြံ)အကျပ်အတည်း တွေ့သည်။ **~စပ်စပ်**၊ ကြိဝိ-မခံချိမခံသာ စိုပူသော အတွေ့ကို ခံစားရလျက်။

အိုက်[၂]၊န-မြစ်ချောင်း အင်းအိုင်တို့တွင် နိမ့်ရှိုင်းသောနေရာ။

အဂ္ဂမဟာပဏ္ဍိတ/အက်ဂါမဟာပန်ဒိတ/န-ကြီးမြတ်သော ပညာရှိအဖြစ် နိုင်ငံတော်က ဆက်ကပ်အပ်နှင်း

http://www.lknt11.com ...

သည့် ဘွဲ့တံဆိပ်။ [ပါ၊အဂ္ဂ+မဟာ+ပဏ္ဍိတ]

အဂ္ဂမဟေသီ/အက်ဂ်ါမဟေသီ/န–မိဖုရားခေါင်ကြီး။ [ပါ၊အဂ္ဂ+မဟေသီ]

အဂ္ဂသာဝက/အက်ဂ်ါသာဝကာ့/န–မြတ်စွာဘုရား၏ လက်ယာရံ လက်ဝဲရံတို့တွင် အကြီးမြတ်ဆုံးတပည့်။ (ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလ္လာန်) [ပါ၊အဂ္ဂ+သာဝက]

အဂ္ဂိရတ်/အက်ဂိယတ်/န–ပြဒါး၊ သံစသည်တို့ကို သေအောင် ဖိုထိုးသော အတတ်။ [ပါ၊အဂ္ဂိ+ရဟန?]

အင်[၁]၊န–နီညိုရောင်အခေါက်နှင့် ကြီးမားပြန့်ကားသော အရွက်ရှိသည့် ပင်စောက်ကြီးတစ်မျိုး။ **~ကြင်း**/အင်ဂျင်း/န–ရှေ့ဦးတွင် ရိုးတံနီလေးများမှ အနံ့သင်းသော ပန်းပွင့်သည့် ပင်စောက်တစ်မျိုး။ **~ကြင်းကျောက်**/–ကျောက်/န–အင်ကြင်းပင်မှ ဖြစ်သော မာကျောသည့် ကျောက်တစ်မျိုး။ **~တိုင်း**/အင်ဒိုင်း/န–၁၊အင်ပင်များစွာ ပေါက်သောတော။ ၂၊ [ပေါ] တော။ **~တွဲ**[၁]/အင်ဒွဲ/န–လှေ၊ သင်္ဘော စသည် ဖာထေးရသည့် အင်ဝင်၊ အင်ကြင်းပင်တို့မှ ထွက်သော အစေး။ **~ဥ**၊န–အင်ပင်အောက်တွင် ပေါက်သော ဟင်းချက်စားရသည့် မှိုဥတစ်မျိုး။

အင်[၂]၊န–၁၊တတ်စွမ်းနိုင်မှု အရည်အချင်း။ စွမ်းအား။ ၂၊အဖြစ်။ အခြင်းအရာ။ အခြေအနေ။ "မယ့်ဖြစ် ~။" ၃၊အရေအတွက်။ အတိုင်းအရှည်။ ပမာဏ။ "ခရီး ~။" ၄၊ မြေဖေးဖြင့် ပြုလုပ်သော အဝကျယ်၍ အောက်တိမ်သည့် ရေစသည်ထည့်စရာ။ အင်တုံ။ ကြိ–တစ်ဖက်သား၏ အလိုကို ရုတ်တရက် မလိုက်လျောဘဲ နေသည်။ **~ကုပ်**/အင်ဂုတ်/န–အနားကုပ်သော မြေအင်တုံ။ **~မြိုက်**၊ကြိ–[ပေါ] နှစ်သက်သည်။ **~ခွင်**/ အင်ဂွင်/ န– ၁၊ ပစ္စည်းဥစ္စာ။ ၂၊ အင်အား အထုအထည်။ ၃၊ ရုပ်လက္ခဏာနှင့် ပြည့်စုံခြင်း။ **~ဆောင်တုတ်**/အင်ဆောင်ဒုတ်/န–အနားထူ မြေအင်တုံ။ **~တိုက်အားတိုက်**/အင်ဒိုက်အားဒိုက်/ကြိဝိ– အင်အားကိုအစွမ်းကုန် အသုံးပြုလျက်။ အားကြိုးမာန်တက်။ **~တင်တင်**၊ကြိဝိ– ကာစ်ဖက်သား၏ အလိုဆန္ဒကို အလွယ်တကူ လိုက်လျောလိုခြင်း မရှိသည့်ဟန်ဖြင့် ဆိုင်းငံ့လျက်။ **~တန်အင်မျှ**၊ကြိဝိ–စွမ်းဆောင်နိုင်သည့် အင်အားနှင့် သင့်တင့်မျှတစွာ။ **~တွဲ**[၂]/အင်ဒွဲ/န–ရေခပ်ရန် ကြိုးဖြင့် တွဲထားသော အိုး။ **~ပြည့်**၊ကြိ–[ပေါ] အားရနှစ်သက်သည်။ **~မတန်**၊ကြိဝိ–အလွန်။ **~ရှိ**၊ ကြိ–[ပေါ]အားရနှစ်သက်သည်။ **~အား**၊န–၁၊ လှုပ်ရှားနိုင်၊ ထမ်းပိုးပင့်မနိုင်သည့် ကာယစွမ်းအား။ ခွန်အား။ ၂၊ခိုင်ခံ့များပြားသော အစုအဝေး၊ အထုအထည်၊ အရေအတွက် ပမာဏ။ "လူ ~။ ငွေ ~။"

အင်္ဂီ/အင်းဂျီ/န–ခန္ဓာကိုယ်အထက်ပိုင်းတွင် ဝတ်ဆင်ရသော အထည်။ [ပါဠိ၊အံဂိယ]

အင်္ဂတော/အင်းဂဒေါ်/န–အုတ် ကျောက်တို့ တစ်ခုနှင့် တစ်ခု တွယ်ကပ်အောင် အသုံးပြုသော သရွတ်။ [မွန်၊အင်ကဒေ]

အင်္ဂဝိဇ္ဇာ/အင်ဂါဝိတ်ဇာ/န–ရုပ်လက္ခဏာ၊ အပြောအဆို စသည်ကို ကြည့်၍ ရှေ့ဖြစ်နောက်ဖြစ် စသည်ကို ဟောနိုင်သော အတတ်။ [ပါ၊အင်္ဂ+ဝိဇ္ဇာ]

အင်္ဂသမဥစ္စာ /အင်ဂါသမှာ့အုတ်စာ/ န– ခြေလက် အင်္ဂါနှင့်အတူ တန်ဖိုးထားရသော သားမယား စသည်။ [ပါ၊အင်္ဂ+သမ+ဥစ္စ?]

အင်္ဂါ[၁]၊န–၁၊ခြေလက်စသော ခန္ဓာကိုယ် အစိတ်အပိုင်း။ ၂၊ခွဲခြားသတ်မှတ်ထားသော အချက်အလက် အမျိုးအစား အစိတ်အပိုင်း။ "စစ် ~လေးပါး"။ ၃၊ပေတာတစ်ဆယ့်နှစ်ချပ်အစု။ [ပါ၊အင်္ဂ] **~ဇာတ်**၊ န–အဖို၊ အမတို့၏လိင်။ **~ရုပ်** /အင်ဂယုတ်/ န–ရုပ်လက္ခဏာ အသွင်အပြင်။

အင်္ဂါ[၂]၊န–၁၊[ဗေဒင်] ဂြိုဟ်ကြီးကိုးလုံးတွင် တတိယ ဂြိုဟ်။ ၂၊နေ့ခုနစ်နေ့တွင် တတိယနေ့။ ၃၊[သိပ္ပံ] ဂြိုဟ်ကြီးကိုးလုံးတွင် နေရှိရာမှ အစဉ်အားဖြင့် လေးလုံးမြောက်ဖြစ်သော ဂြိုဟ်။ [သ၊အံဂါရ] **~ထောင့်**/အင်ဂါဒေါင့်/န–အရှေ့တောင်ထောင့်။

အင်္ဂုတ္တိုရ် /အင်ဂုတ်တို/န–နိကာယ်ငါးပါးတွင် အင်္ဂုတ္တရ နိကာယ်၌ ပါဝင်သော ကျမ်း။ (မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်များကို တစ်မှ တစ်ဆယ့်တစ်အထိ အင်္ဂါအရေအတွက် တစ်ခုထက် တစ်ခုတိုး၍ တစ်ကန့်စီ စုပေါင်းထားသည်။) [ပါ၊ အင်္ဂုတ္တရ]

အင်ဂျင်၊န–လုပ်အားစွမ်းအင်ကို ထုတ်လုပ်ပေးနိုင်သော စက်ယန္တရား။ [လိပ်၊engine] **~နီယာ**၊န–၁၊စက်မှု အတတ်ပညာရှင်။ ၂၊စက်မှုအတတ်ပညာ။ [လိပ်၊ engineer]

အင်ပါယာ၊န–ဘုရင်တစ်ပါးသိမ်းပိုက် အုပ်ချုပ်ရာ ဖြစ်သော လက်အောက်ခံ နိုင်ငံစု။ [လိပ်၊empire]

အင်ပျဉ်/အင်ဗျင်/န–အရေပြားပေါ်တွင် အနီအပိမ့်များ အပျဉ်လိုက်ထွက်သော ယားနာတစ်မျိုး။

အင့်[၁]၊ကြိ–အစာပြည့်လွန်း၍ ဝမ်းဗိုက် တင်းကျပ်သည်။

အင့်[၂]၊စည်း–[အပြော] တစ်စုံတစ်ဦးအား တစ်စုံ တစ်ရာကို ပေးစဉ်အခါ၌ ပြောဆိုသော စကားလုံး။

အင်း[၁]၊န–အလိုအလျောက် ဖြစ်ပေါ်နေသည့် ကျယ်ပြန့်သော ရေအိုင်ကြီး။ **~သား**/အင်းသား/န–ရှမ်းပြည်နယ် အင်းလေးဒေသတွင် နေထိုင်သော မြန်မာ တိုင်းရင်းသား တစ်မျိုး။ **~သူကြီး**/အင်းသူကြီး/ န–အင်းအိုင်ချောင်းမြောင်းတွင် တရားဝင် ငါးဖမ်း

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ခွင့် ရယူ၍ ဦးစီးလုပ်ကိုင်သူ။ အင်းတိုင်။

အင်း ²၊န–လောကီပညာအရ ဂဏန်း၊ အက္ခရာများကို ရေးသားစီရင်ထားသော ယေားကွက်။ **~ကန်း**၊ကြိ–အင်းအစီအရင် မအောင်မြင် ဖြစ်သည်။ **~ကျိုး**၊ကြိ–အင်းအစီအရင် ချွတ်ယွင်းသည်။ အင်းအစွမ်း ပျက်ပြယ်သည်။ **~ချ**၊ ကြိ–လောကီပညာအရ ဂဏန်း၊ အက္ခရာများကို အင်းကွက်တွင် စီရင် ရေးသွင်းသည်။ **~ဆန်**/အင်းဇန်/န–အင်းကွက် အတွင်း၌ရေးသားသော ဂဏန်း၊ အက္ခရာ။ **~ကျား** /အင်းဂျား/ န–**သစ်တက်ကျားနှင့်အတူတူ**။

အင်း ³၊စည်း–[အပြော] ဟုတ်မှန်ကြောင်း၊ သဘောတူကြောင်း ဖော်ပြလိုရာ၌ သုံးသော စကား။ **~မလှုပ်** **အဲမလှုပ်**၊ ကြိဝိ–တစ်စုံတစ်ရာ တုံ့ပြန် ပြောဆိုခြင်း မပြုဘဲ။ **~လိုက်**၊ကြိ–အင်း၊ အင်းဟု ဆိုကာ ထောက်ခံလိုက်လျောသည်။

အင်းဆက်ပိုး၊န–ခြင်၊ ယင်၊ ပျားစသော ကျောရိုးမဲ့ ပိုးကောင်ငယ်မျိုး။ [လိပ်၊ **insect**+မြန်၊ပိုး]

အင်းပျဉ်/အင်းဗျင်/န–ပျဉ်ချပ် ခင်းထားသော လဲလျောင်းစရာ ခုံနိမ့်။

အောင်၊ကြိ–၁၊အနိုင်ရသည်။ ၂၊ဆောင်ရွက်သည့် အမှုကိစ္စ အထမြောက်သည်။ ၃၊ဖွံ့ဖြိုးဖြစ်ထွန်းသည်။ ပြည့်မီသည်။ "သီးနှံ ~–။ အသံ ~–။" သမ္–အကျိုး တစ်စုံတစ်ရာ မျှော်လင့်ခြင်း အနက်ဖြင့် ဆက်စပ်ပေးသော စကားလုံး။ "အောင်မြင် ~ လုပ်ပါ။" န–[ရှေး]၁၊တရားအောင်သူက တရား အောင်သည့် အတွက် ရုံးတော်သို့ ပေးဆောင်ရသော ငွေကြေး။ ၂၊အောင်သွယ်။ **~ချက်**/အောင်ဂျက်/ န–၁၊ရန်အပေါင်းကို အောင်မြင်ရာ အချက်အချာ နေရာ။ ၂၊စာမေးပွဲ အောင်မြင်သည့် ဦးရေနှုန်း။ **~ချည်**၊န–ဘေးအန္တရာယ်ကို ကာကွယ်တားဆီးရန် သိဒ္ဓိတင်ထားသော ချည်။ **~စေယျတု**/အောင်စေယတု/န–အောင်မြင်စေသတည်းဟု ဆုတောင်းသော စကား။ [မြန်၊အောင်+ပါ၊ဇယတု] **~ပန်း** /အောင်ဗန်း/န–[ဥပစာ] ကြိုးပမ်းဆောင်ရွက်မှု ကြောင့် ရရှိသော အောင်မြင်မှု။ **~ပွဲ**/အောင်ဗွဲ/ န–အောင်မြင်ခြင်း။ အောင်နိုင်ခြင်း။ **~ပွဲခံ**/–ခန်/ကြိ–၁၊အောင်ပွဲအထိမ်းအမှတ်အဖြစ် ပွဲသဘင် ကျင်းပသည်။ ၂၊ကြိုးပမ်းဆောင်ရွက်ချက် အောင်မြင်သည်။ အနိုင်ရသည်။ **~မြေ**၊န–ရန်အောင်မြင်ရာ မင်္ဂလာရှိသော မြေအရပ်။ **~မြေနင်း**၊ကြိ–အောင်မြင်ရာ အောင်မြင်ကြောင်းရည်၍ အောင်မြေ၌ ခြေချသည်။ **~မြင်**၊ ကြိ–အောင်သည်။ **~မှတ်**၊န–ဆိုင်ရာစာမေးပွဲတွင် အောင်မြင်သည်ဟု သတ်မှတ်ထားသော အမှတ်အဆင့်။ **~ရေ**၊ န–စပါးနှံများ နို့ရည်တည်သော ကာလ အဆန်အောင်မြင်ရန် လယ်ထဲတွင် ထားရှိရသောရေ။ **~လံ**၊ န–အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် လွှင့်ထူသော အလံ။ [မြန်၊အောင်+အရှေ၊ **Alam**] **~လက်မှတ်**၊န–ပညာ အဆင့်အတန်း ဟစ်စုံတစ်ရာကို အောင်မြင်ခဲ့ ကြောင်း သက်ဆိုင်ရာက အသိအမှတ်ပြု၍ ထုတ်ပေးသောလက်မှတ်။ **~သေအောင်သားစား**/အောင် သေ့အောင်သွားစား/ကြိ–အောင်ပွဲရသဖြင့် သေရည် သေရက်နှင့် စားဖွယ်များကို သုံးဆောင်ကြသည်။ **~သွယ်**၊ ကြိ– တစ်ဦးနှင့်တစ်ဦး တစ်ဖက်နှင့် တစ်ဖက် ပြေပြေလည်လည် ဆက်သွယ်မိအောင် ကြားမှ ဆောင်ရွက်ပေးသည်။ /အောင်သွယ်/န–ယင်းသို့ ဆောင်ရွက်သူ။

အောင်စ၊န–တစ်ပေါင်၏ ဆယ့်ခြောက်ပုံတစ်ပုံရှိ ချိန်ဝန်။ [လိပ်၊ **ounce**]

အောင်မဲညို၊န–ခရမ်းပြာရောင်အပွင့် ပွင့်သော၊ အရွက်ကို ဟင်းချိုချက်စားရသော နွယ်ပင်တစ်မျိုး။

အောင်မဲဖြူ /အောင်မဲဗျူ/ န– အပွင့်ဖြူ ပွင့်သော ဆေးဖက်ဝင် နွယ်ပင်တစ်မျိုး။

အောင့်၊ကြိ–၁၊လေထိုး၍ဖြစ်စေ၊ ထိခိုက်မိ၍ဖြစ်စေ နာသော ဝေဒနာ ခံစားရသည်။ ၂၊စိတ်၌ အခံရခက်သည်။ မခံချိ မခံသာ ဖြစ်သည်။ ၃၊စိတ်ကို ချုပ်တည်းသည်။ ၄၊ထွက်သက် ဝင်သက်၊ ဆီး၊ ဝမ်းစသည်ကို ဆိုင်းငံ့ချုပ်တည်းသည်။ န–အလွန် တိုတောင်းသော အခိုက်အတန့်။ တစ်ခဏ။ "တစ် ~စောင့်ပါ။" **~သက်သက်**၊ကြိဝိ–၁၊အောင့်သလိုလို ဖြစ်သော ဝေဒနာ ခံစားရလျက်။ ၂၊စိတ် မသက် မသာ။ မခံချိမခံသာ။ **~အည်း**၊ ကြိ–၁၊စိတ်ကို ချုပ်တည်းသည်။ သည်းခံသည်။ ၂၊ဆီး၊ ဝမ်း စသည်ကို ဆိုင်းငံ့ချုပ်တည်းသည်။

အောင်း ¹၊ကြိ–၁၊ဂူ၊ တွင်း၊ အခန်းစသည် အတွင်း၌ ဝင်ရောက်နေသည်။ ၂၊အခိုး၊ ရေစသည် မပျံ့မထွက်ဘဲ တစ်နေရာတည်းတွင် စုပေးတည်နေသည်။ ၃၊ဦးခေါင်းပိုင်းဖြင့် အရှိန်ပြင်းစွာ တိုက်သည်။ ၄၊ဆင်က ဦးခေါင်းဖြင့် သစ်လုံးကို ထိုးတိုက်၍ ရွှေ့စေသည်။

အောင်း ²၊န–၁၊သားရဲတိရစ္ဆာန်တစ်မျိုး။ ၂၊ပန်းဖွား။ ၃၊ရှေးခေတ် ကြိုးတူရိယာ တစ်မျိုး။

ဩောင်း ³၊န–ပြီးစီးအောင်မြင်စေသတည်းဟု အနက်ရှိသော ဂါထာမန္တန်အစချီစကား။ [သ၊ဩမ်]

အိုင်၊န–သဘာဝအလျောက် ရေများစုဝေးတည်ရှိသော မြေကျင်း၊ ချိုင့်ဝှမ်း။ ကြိ– ၁၊ ရေ၊ အရည်များ စီးဆင်းမသွားဘဲ များပြားစွာ စုဝေးတည်ရှိသည်၊ ပြည့်လျှမ်းသည်။ ၂၊အသံကျယ်စွာ မြည်သည်၊

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

၃။[ဥပစာ]ဓာတ်လမ်း ဓာပ်ကွက်စသည် တဝဲလည်လည်ဖြင့် ကြန့်ကြာနေသည်။ ~ကျွင်းဖွဲ့ ကြိ–ဓာတ်ဝတ္ထုစသည်တွင် လွှမ်းခန်းဆွေးခန်းစသည် ဖွင့်ရန် ပျိုးသည်။ ~ချင်း /အိုင်ဂျင်း/ န–မောဘက် စိုက်သမ သီချင်းတစ်မျိုး။ ~ထွန်း။ကြိ–ရေ၊ အရည် မစီးဆင်းဘဲ တစ်နေရာတည်းတွင် များပြားစွာ စုတင်နေသည်။

အိုင်။နဝိ–၁။ခွက်ဝင်နက်ရှိုင်းသော။ ၂။ပုပုံပ်၍ အလယ်ပိုင်း ကားသော။ ၃။အသံ လေးတွဲ့သော။ ၄။[ရေး] စိတ်ညှိုးငယ်သော။

အိုင်း။န–သွေးပြည်ပုပ်တည်သော အဖုအလုံးအပိမ့်ထွက်သည့် အနာမျိုး။

အစ်[၁]။ကြိ–၁။ကိုယ်ခန္ဓာ တင်းကျပ်တစ်ဆို့သည်။ ၂။တင်းကျပ်တစ်ဆို့အောင် ဖျစ်ညှစ်သည်။ ၃။တစ်ဖက်သားထံမှ မိမိသိလိုသော အချက်ကို ပြောအောင်မေးမြန်းသည်။ အောက်သည်။ န–ကွမ်းဆေးစသည် ထည့်ရသော အဖုံးပါသည့် ခွက်တစ်မျိုး။

အစ်[၂]။ န–အစ္စလာမ်ဘာသာဝင်တို့၏ ဘာသာရေးဆိုင်ရာ နေ့ကူးနေ့မြတ်။ [အရဗီ၊ Id]

အစ်ကို/အကို/န–ညီအစ်ကို မောင်နှမတွင် အကြီးဖြစ်သော ယောကျ်ား။

အစ်မ/အမ့/န–ညီအစ်ကို မောင်နှမတွင် အကြီးဖြစ်သော မိန်းမ။

ဣစ္ဆာသယ/အိတ်ဆာသယ့/န–၁။လိုအင်ဆန္ဒ။ ၂။လိုအင်ကို ပြည့်ဝစေသောအရာ။ [ပါ၊ ဣစ္ဆာ+အာသယ]

ဥစ် /အုတ်/ န–ဆိုင်ရာ ရာသီခွင်၌တည်နေသော ဂြိုဟ်၏ မြင့်မားသော အနေအထား။ [ပါ၊ ဥစ္စ]

ဥစ္စာ/အုတ်စာ/န–ရွှေ ငွေ ရတနာ၊ ပစ္စည်း အသုံးအဆောင်။ /နစ–တစ်စုံတစ်ခုကို အမည်မဖော်ထုတ်ဘဲ ညွှန်ပြလိုသည့်အခါတွင် သုံးသည့် စကားလုံး။ [ပါ၊ဥစ္စ]? ~စောင့်/အုတ်စ(ဒ)စောင့်/န–၁။ရတနာသိုက်ကို စောင့်ရသည်ဆိုသော နာ့နာဘာဝတစ်မျိုး။ ၂။ဥစ္စာပစ္စည်း စွဲလမ်းစိတ်ဖြင့် သေလွန်ပြီးနောက် ထိုဥစ္စာပစ္စည်းကို စောင့်နေရသည်ဆိုသော နာနာဘာဝ တစ်မျိုး။

အဇ္ဈတ္တ/အစ်ဇတ်တ့/န–ကိုယ်တွင်း။ အတွင်းသန္တာန်။ [ပါ၊အဇ္ဈတ္တ]

အဉ္စလိ/အင်ဇလိ/န–လက်အုပ်။ လက်အုပ်ချီခြင်း။ [ပါ၊အဉ္စလိ]

ဧည့်/အဲ့/န–ဧည့်သည်။ ~ခံ/အဲ့ခန်/ကြိ–ဧည့်သည်ကို ဝတ္တရားကျေပွန်စွာ ဆက်ဆံ ပြောဆိုသည်၊ ကျွေးမွေးပြုစုသည်။ ~ခန်း /အဲ့ဂန်း/ န– ဧည့်သည်ကို ဧည့်ခံရန် သီးသန့်ပြုလုပ်ထားသော အခန်း။ ~တောက်စံ /အဲ့ဒေါက်ခန်/ ကြိ– အလိုမရှိသော ဧည့်သည်ကို မဆိုင်သူက ကြားဝင်၍ ဧည့်ခံသည်။ ~မထ/အဲ့မထေ့/န–ကောက်လတ်စပါးတစ်မျိုး။ ~မြေ/အဲ့မျေ/န–သဲမြေ၊ နုန်းမြေ။ ပို့ထားသောမြေ။ ~မြှောင်/အဲ့မျှောင်/န–ဧည့်သည်နှင့် ကပ်မြှောင်ပါလာသူ။ ~ဝတ်/အဲ့ဝတ်/န–ဧည့်သည်အတွက် ဆောင်ရွက်ရသော ဝတ္တရား။ ဧည့်ဝတ်စောင်ဝတ်။ ~ဝတ်ကျေ/–ကျေ/ကြိ–ဧည့်ဝတ်ကျေပွန်သည်။ ~ဝတ်ပြု/–ပျု/ကြိ–ဧည့်သည်ကို ခရီးဦး ကြိုဆို၍ ဆောင်ရွက်ဖွယ်အမှုကို ပြုသည်။ ~သည်/အဲ့သယ်/ ~သည်စောင်သည်/–စောင်သယ်/န–ခေတ္တ လာရောက်သူ၊ လာရောက် တည်းခိုသူ။

အဋ္ဌကထာ/အတ်ထ့ကထာ/န–ပါဠိတော်၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုသော ကျမ်း။ [ပါ၊အဋ္ဌကထာ]

အဋ္ဌမ/အတ်ထမ့/နဝိ–ရှစ်ခုမြောက်ဖြစ်သော။ [ပါ၊ အဋ္ဌမ]

အဋ္ဌာရသ/အတ်ထာရှာသ့/န–ယောကျ်ားတို့ တတ်အပ်သော ၁၈ရပ်သောအတတ်။ (၁။သုတိ–အကြားအမြင် အတတ် ၂။သမ္မုတိ–ဓမ္မသတ်အတတ် ၃။သချိာ–ဂဏန်းအတတ် ၄။ယောဂ–ဒိသုကာအတတ် ၅။နီတိ–နီတိကျမ်းအတတ် ၆။ဝိသေသိကာ–များကရိုဏ်းအတတ် ၇။ဂန္ဓဗ္ဗာ–ဝါ၊ ဂီတ်အတတ် ၈။ဂဏိကာ–လက်ဆစ်ချိုး၍ ရေတွက်သောအတတ် ၉။ဓနုဗ္ဗေဒ–လေးအတတ် ၁၀။ပုရာဏ– စကားဟောင်းအတတ် ၁၁။တိကိစ္ဆာ–ဆေးအတတ် ၁၂။ဣတိဟာသ–ရှေးဟောင်း ရာဇဝင်သမိုင်းအတတ် ၁၃။ဇောတိသတ္ထ–ဗေဒင်၊ နက္ခတ်အတတ် ၁၄။ မာယာ–လှည့်ပတ်မှုအတတ် ၁၅။ဆန္ဒတိ–ဆန်းကျမ်းအတတ် ၁၆။ ကေဋုဘ–အလင်္ကာကျမ်း အတတ် ၁၇။ မန္တ–မန္တန်အတတ် ၁၈။သဒ္ဒါ–သဒ္ဒါ ကျမ်းအတတ်)

ဣဋ္ဌာရုံ/အိတ်ထာယုန်/န–နှစ်သက်လိုလားအပ်သောအာရုံ။ [ပါ၊ဣဋ္ဌ+အာရမ္မဏ]

ဩဋ္ဌဇာန်/အွတ်ထ့ဇန်/န–[ပါ၊သဒ္ဒါ] (ဥ၊ ဦ၊ ပ၊ ဖ၊ ဗ၊ ဘ၊ မ၊အက္ခရာ ၇လုံး ဖြစ်ရာ) နှုတ်ခမ်းအရပ်။ (ဇာန်လည်းရွ) [ပါ၊ဩဋ္ဌ+ဌာန]

အဏ္ဏဝါ။န–ပင်လယ်မှုဒ္ဒရာ။ [ပါ၊အဏ္ဏဝ] ~ဗေဒ။န–ပင်လယ် သမုဒ္ဒရာတို့နှင့် ပတ်သက်သော ပညာရပ်။

ဥဏ္ဏလုံ/အုန်နလုန်/န–မွေးရှင်တော်နှင့်အတူတူ။ [ပါ၊ ဥဏ္ဏ+လောမ]

အတ္တ။န–ငါ၊ မိမိ။ [ပါ၊အတ္တ] ~နောမတိ။န–မိမိယူဆချက်။ [ပါ၊အတ္တနောမတိ] ~ဘော/အတ်ဘဇော/န–ခန္ဓာကိုယ်။ [ပါ၊အတ္တ+ဘာဝ] ~ဟိတ/အတ်

http://www.lknt11.com ...

တ္တဟိတ/-ကိုယ်အကျိုး။ မိမိအကျိုး။ [ပါ၊ အတ္တဟိတ]

အတ္တဇ္ဈတ္တိဂုဏ်/အတ်ထဇ္ဈတ်တိဂုန်/န-ဆိုလိုသော အနက်ကို ထင်ရှားအောင် ဖွဲ့ဆိုသော ဂုဏ်။ [ပါ၊အတ္တ+ဇ္ဈတ္တိ+ဂုဏ]

အတ္တာလင်္ကာရ/အတ်ထာလင်ဂါယာ/န-စာပေအဖွဲ့၏ အနက်တန်ဆာ။ [ပါ၊အတ္တ+အလင်္ကာရ]

အတ္တုပတ်၊အတ္တုပ္ပတ္တိ၊န-၁၊ပုဂ္ဂိုလ်ဟူ၍ဦးတစ်ယောက်၏ ဘဝ ဖြစ်စဉ်။ ၂၊တစ်စုံတစ်ခု၏ အကြောင်းအရာ။ [ပါ၊အတ္ထုပ္ပတ္တိ]

အိတ်၊န-သားရေ၊ ဖျင်စသည်ဖြင့် ချုပ်လုပ်ထားသည့် ထည့်စရာ။ **~ကပ်**၊န-အင်္ကျီရှေ့ပိုင်းတွင် ကပ်ချုပ်ထားသော အိတ်ငယ်။ **~ဆောင်**၊နဝိ-လိုအပ်သည့် အခါ အသုံးပြုရန် အိတ်တွင်ထည့်၍ ယူဆောင်နိုင်သော။ **~ထောင်**၊န-၁၊သားရေ၊ ဖျင်စသည်နှင့် ပြုလုပ်ထားသော ကောက်ပဲသီးနှံစသည့် ထည့်စရာ အိတ်။ ၂၊အင်္ကျီအတွင်းပိုင်းတွင် ဒေါင်လိုက် ကပ်ချုပ်ထားသော အိတ်။ ၃၊တစ်စုံတစ်ရာထည့်ရန် ခွက်အောင် လုပ်ထားသော ပုဆိုးခါးပုံစ။ **~ထောင့်**၊န-၁၊အိတ်ထောင်နှင့်အတူတူ။ ၂၊တောင်ရှည်ပုဆိုးထောင့်စွန်းတွင်ရှိသော အိတ်။ **~ရှဲ့**၊န-အဖွင့်နိုင် ပိတ်နိုင်အောင် ကြိုးကည့်၍ ပြုလုပ်ထားသည့် အိတ်။ **~သွန်ဖာမှောက်**ကြိဝိ-[ဥပစာ] အကုန်အစင်။ အကြွင်းမဲ့။

ဣတ္ထိယ/အိတ်ထိယာ/န-မိန်းမ။ [ပါ၊ဣတ္ထိယ]

ဣတ္ထိလိင်/အိတ်ထိလိန်/န-[သဒ္ဒါ] မိန်းမသဘာဝ၊ အမသဘာဝရှိသော နာမ်။ [ပါ၊ဣတ္ထိ+လိင်္ဂ]

ဥတ်၊န-ဝိုက်စသည် ဆောက်လုပ်ရာတွင် အသုံးပြုရန် ရွှံ့မြေကိုနယ်၍ ပုံသွင်းကာ မီးဖုတ်ထားသော မြေကျက်ခဲ။ [ပါ၊ဣဋ္ဌက] **~ကြားမြက်ပေါက်**၊န-[ဥပစာ] အမျိုးအမည် မသင်ရှားသူ။ **~ကြွပ်**/အုတ်ကျွတ်/ န- ရွှံ့ကို အချပ်အပြားပြုလုပ်၍ မီးဖုတ်ထားသည့် အမိုး မိုးစရာ။ (ပျဉ်အုတ်ကြွပ်လည်းရှိသည်။) **~ခွက်ဘုရား**/အုတ်ခွက်ဖယား/န-ရွှံ့ပျော့တွင် ဘုရားပုံတော် ပုံခံခွက်ဖြင့်နှိပ်၍ ပြုလုပ်ထားသော ဘုရား။ **~ပူထိုး**၊ကြိ-မီးပွားပြီး အမျိုးသမီးများ ဖက်ကျေစေရန် အုတ်ခဲကို မီးဖုတ်ရေဖျန်းပြီး အဝတ်နှင့်ပတ်ကာ ကြပ်ထုပ်ထိုးသည်။ **~ဖိနပ်**/အုပ်ဖနတ်/န-တိုင်ခြေရင်းတွင် အုတ်ကျောက်တို့ဖြင့် ပြုလုပ်ထားသောအခြေ။ **~မြစ်**၊န-အဆောက်အအုံ၏ အောက်ခြေ မြေကြီးတွင် အုတ်၊ ကျောက်၊ ကိုလင်မြေများ သည့်လောင်းထားသည့် အမာခံအခြေ။ **~မြစ်ချ**၊ကြိ-၁၊အဆောက်အအုံ၏ မူလအောက်ခြေကို ခိုင်မာစွာ တည်ဆောက်သည်၊ ၂၊

အခြေတည်သည်။ အစပျိုးသည်။

ဥတ္တရဖလဂုနီ/အုတ်တရာဖလဂုနီ/ န-ကြယ်နှစ်လုံးပါဝင်၍ ညောင်စောင်း၏ နောက်ခြေသဏ္ဌာန်ရှိသော နက္ခတ်။ (ပြုဗ္ဗဖလဂုနီနှင့်တွဲလျက် လေးလုံး၊ ညောင်စောင်းသဏ္ဌာန်ရှိသည်။) [သ၊ဥတ္တရဖလ္ဂုနီ]

ဥတ္တရဘဒြပိုဒ်/အုတ်တရာဘတ်ဒရပိုက်/န-ကြယ်နှစ်လုံးပါဝင်၍ ညောင်စောင်း၏ နောက်ခြေသဏ္ဌာန်ရှိသော နက္ခတ်။ (ပြုဗ္ဗာဘဒြပိုဒ်နှင့်တွဲလျက် လေးလုံး၊ ညောင်စောင်းသဏ္ဌာန် ရှိသည်။) [သ၊ဥတ္တရဘာဒြပဒါ]

ဥတ္တရယဉ်စွန်းတန်း /အုတ်တရာယင်ဇွန်းဒန်း/ န-အိကွေတာ မြောက်ဘက် နေသွားလမ်းအစွန်ဆုံးဖြစ်သော ၂၃½ လတ္တီတွဒ် မျဉ်းကြောင်း။ [ပါ၊ဥတ္တရ+အယန+မြန်၊စွန်း+တန်း]

ဥတ္တရာသာဠ်/အုတ်တရာသန်/န-ကြယ်နှစ်လုံးပါဝင်၍ ဆင်မ၏ နောက်ခြေသဏ္ဌာန်ရှိသော နက္ခတ်၊ (ပြုဗ္ဗာသာဠ်နှင့်တွဲလျက် လေးလုံး၊ ဆင်မခြေလှမ်းဟန် ရှိသည်။) [သ၊ဥတ္တရ+အာဖါဎ]

အုတ်အာ၊နဝိ-ပေါများသော။

အုတ်အော်သောင်းတင်း/အုတ်အော်သောင်းဒင်း/ကြိဝိ-လူသူစသည်တို့၏ အသံဆူညံစွာ၊

အုတ်အုတ်ကျက်ကျက်ကြိဝိ-ဆူဆူညံညံ။ ကျယ်ကျယ်လောင်လောင်။ အုတ်အာသရဲ။ အုတ်အာသောင်းသဲ။ အုတ်အုတ်သဲသဲ။

ဣဒ္ဓိပါဒ်/အိတ်ဒိဗတ်/န-တန်ခိုးအခြေခံတရား။ [ပါ၊ ဣဒ္ဓိပါဒ]

ဥဒ္ဒိဿစေတီ/အုတ်ဒိတ်သာ့ဇေဒီ/န-မြတ်စွာဘုရားအား ရည်မှန်း၍ ကိုးကွယ်အပ်သော ဆင်းတုတော်စသည်။ [ပါ၊ဥဒ္ဒိဿက+စေတိယ]

ဥဒ္ဓစ္စ/အုတ်ဒစ်စာ့/န-ပျံ့လွင့်သော သဘော။ [ပါ၊ဥဒ္ဓစ္စ]

အန်၊ကြိ-၁၊ပမ်းတွင်းမှအစာ၊ သွေးစသည် ခံတွင်းအပြင်သို့ ထွက်သည်။ ၂၊အန်အောင်ပြုသည်။ ၃၊ပြည့်လျှံသဖြင့် အပြင်သို့ ဖိတ်စဉ်ထွက်ကျသည်။ လျှံကျသည်၊ **~စော်**၊ကြိ-ကြွေအန်ကစားသည်။ **~ချင်း**/အန်ဂျင်း/န-၁၊အခန်ခတ်ရာတွင် သီဆိုသော သီချင်း။ ၂၊ ဖောင်ခတ်ရာတွင် သီဆိုသော သီချင်း။ **~တုံး**/အန်ဒုံး/န-၁၊လောင်းကစားရာတွင် အသုံးပြုသော အမှတ်အသားများပါရှိသည့် မျက်နှာ ခြောက်ဖက်ညီ အတုံး။ ၂၊[သင်္ချာ]အလျားအနံ့ ဒုညီ၍ ခြောက်မျက်နှာပါသော အတုံး။ **~တု**၊ကြိ-အားစွမ်းချင်း ယှဉ်ပြိုင်သည်။ **~ထောင်**၊ကြိ-[ပေါ] ကြိုးစားသည်။ အားထုတ်သည်။

အန္တရကပ်/အန်ဒရာကတ်/န-ဆယ်နှစ်သက်တမ်းမှ အသင်္ချေယျ သက်တမ်းအထိ တက်ကပ်၊

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

အသင်္ချေယျသက်တမ်းမှ ဆယ်နှစ်သက်တမ်းအထိ ဆုတ်ကပ်ဟူသော တက်ကပ် ဆုတ်ကပ် တစ်စုံ အချိန်ကာလ။ [ပါ၊အန္တရ+ကပ္ပ]

အန္တရာယ်/အန်ဒရယ်(ယယ်)/န–အန္တရာယ် အဖျက်။ ဘေးရန်။ [ပါ၊အန္တရာယ]

အန်တာတိတ်၊န–[ပထဝီ] ၁၊အီကွေတာမှ တောင်ဘက် လတ္တီတွဒ် ၆၆ ဒီ အကွာအဝေးရှိ အီကွေတာနှင့် အပြိုင် ဖြစ်သော စိတ်မှန်းမျဉ်း။ ၂၊တောင်ဝင်ရိုးစွန်းမှ ယင်းစက်ဝိုင်းမျဉ်းအတွင်းရှိ ဒေသ။ (အာတိတ် လည်းရှု) [လိပ်၊antarctic]

အန္တာပိတ်၊ကြိ–အစိုးအနံ့စသည်တို့ အပြင်သို့ မထွက် စေရန် အိုးစသည်ကို အလုံပိတ်သည်။ [အံ+တာ+ ပိတ်]

အန္တိမ/အန်းတိမာ/န–နောက်ဆုံး။ "–ဈာပန။" [ပါ၊ အန္တိမ]

အန္တေဝါသိက၊န–အတွင်းနေတပည့်။ တပည့်ရင်း။ [ပါ၊ အန္တေဝါသိက]

အန္တောဂတဝင်/အန်တောဂဒါဝင်/ကြိ–၁၊အတွင်းသို့ ရောက်သည်။ ၂၊ အကျုံးဝင်သည်။ (အန္တောဂနှင့် လျဉ်းပါး၍ သုံးသော အနက်ဖြစ်သည်။) [ပါ၊ အန္တောဂတ+မြန်၊ဝင်]

အန္တောဝီထိ၊န–နေသွားလမ်းသုံးလမ်းအနက် အတွင်း လမ်း။ [ပါ၊အန္တော+ဝီထိ]

အန္ဒုဂူ၊န–ထုံးကျောက်တစ်မျိုး။ [ပါ၊အန္တော+ဂုဟာ]?

အန္ဓ/အန်းဒ/န–ပညာမျက်စိကန်းသူ။ လူအ။ လူမိုက်။ [ပါ၊အန္ဓ]

အန်း၊နဝိ–အနည်းငယ်ရောင်သော။

အန်းမရ၊ကြိ–[ပေါ] ထောက်၍မမီဖြစ်သည်။

ဣန္ဒနီလာ/အိန်ဒနီလာ/န–မရန်းရောင် အခံတွင် အနီ ရောင် အပြာရောင်သန်းသော နီလာ။ [ပါ၊ဣန္ဒနီလ]

ဣန္ဒာ/အိန်ဒါ/န–၁၊အရှင်။ မင်း။ ၂၊သိကြားမင်း။ [ပါ၊ဣန္ဒ]

ဣန္ဒြေ/အိန်ဒရေ၊အိန်ဒယေ/န–၁၊ကိုယ်၊ နှုတ်၊ နှလုံး စောင့်စည်းမှု။ တည်ငြိမ်သော အမူအရာ။ ၂၊စက္ခု၊ သောတ စသော စောင့်စည်းအပ်သော အရာ ခြောက်ပါး။ ၃၊ပါရမီဓာတ်ခံ။ ၄၊အင်္ဂါဓာတ်။ [ပါ၊ ဣန္ဒြိယ] **–ဆောင်/–ဆောင်/ကြိ**–ကိုယ်၊ နှုတ် အမူအရာ ပျက်မသွားအောင် ထိန်းချုပ်သည်။ **–ဆည်/–ဆယ်/ကြိ**–ကိုယ်၊ နှုတ် အမူအရာကို ထိန်းချုပ်သည်။ **–ရ/–ယာ့/ကြိ**–တည်ငြိမ် လေး နက်သည်။ **–ရှင်/–ယှင်/န**–ဣန္ဒြေသိက္ခာ စောင့် ထိန်းသူ။ (အမျိုးသမီးကို ရည်ညွှန်း သုံးလေ့ရှိသည်။)

အုန်အောက်၊ကြိ–[ပေါ] ပုပ်သိုး နံစော်သည်။

အုန်း၊န–ပင်များတွင် အလက်များ စုဝေးထွက်၍ အရည်ပြည့် အသီးလုံးကြီးများ အမြိုင်လိုက်သီးသော ပင်စောက်တစ်မျိုး။ **–ခြစ်/အုန်းချစ်/န**–အုန်းသီး ဆန်ကို ခြစ်ယူရန် အသွားစိပ်ပါသောကိရိယာ။ **–ခွံရောင်/အုန်းခွန်ယောင်/န**–အနည်းငယ် ဖျော့ သော နီညိုရောင်။ **–ငှက်ပျော/အုန်းငပျော/န**– အုန်းပင် နှင့်တူသော ပင်စည်မှ ငှက်ပျောရွက်ကဲ့သို့ အရွက် များ ဖြာထွက်သော အပင်တစ်မျိုး။ **–ဆံ /အုန်းဇန်/န**–အုန်းခွံမှ ခွာ၍ရသော အမျှင်။ **–နို့၊န**– အုန်းသီးဆန်ကို ခြစ်၍ ညှစ်ထားသော အရည်။ **–ပနီ/အုန်းဗနီ/န**–နီပါရောင်အသီးသီးသော အုန်း ပင် ငယ်မျိုး။ **–ပင်စိုက်/အုန်းဗင်စိုက်/ကြိ**–[ဥပစာ] လက်နှစ်ဖက်ထောက်ပြီး ဦးစိုက်လျက် ခြေ နှစ် ချောင်းကို ဖြောင့်ဖြောင့် မြှောက်ထောင်သည်။ **–မှုတ်၊န**–အုန်းသီးဆန်ကို ခြစ်ထုတ်ထားပြီးသော အတွင်း အခွံမာ။ **–မှုတ်တယော၊န**–အသံအိုးကို အုန်းမှုတ်ဖြင့် ပြုလုပ်ထားသော တယော။ **–မုန့်ကူ /အုန်းမုန့်ဂူ/န**–အုန်းသီးဆန်ကိုခြစ်၍ သကြားနှင့် ကျိုပြီး မုန့်ကူကွက်ပုံ ဖြတ်ထားသော မုန့်။ **–လေးဖက်ချ၊ကြိ**–အဆောက်အအုံ၏ လေးဖက်လုံး အုန်းလက် အမိုးချသည်။ **–လက်၊န**–၁၊အုန်းပင်၏ အရွက်တံ။ ၂၊အုန်းလက်သဏ္ဌာန် ဆင်ခြေလျှော ပြုလုပ်ထားသော ခေါင်မိုး အစိတ်အပိုင်း တစ်မျိုး။ **–လက်ချ၊ကြိ**–အုန်းလက်ခေါင်ပါသော အမိုးပြုလုပ် သည်။

အုန်းဖွဲ/အုန်းဖွဲ/န–အပွင့်များကို မွှေ့ရာရျုပ်ရာတွင် သွတ်ရသော အလေ့ကျအပင်ငယ် တစ်မျိုး။

အုန်းမောင်း၊န–ကာလတက်အကြီးစား။ တုံးမောင်း။

အုန်းအုန်းကျွက်ကျွက်၊ကြိဝိ–ဆူဆူညံညံ။ ကျယ်ကျယ် လောင်လောင်။

အပ်၊န–၁၊ချုပ်စပ်ရာ၌သုံးသော အဖျား တစ်ဖက်ချွန်၍ တစ်ဖက်တွင် နားပေါက်ပါသော သေးသွယ်သော အချောင်းအတံ။ ၂၊ဓာတ်ပြားရာ၌ သုံးသော အချောင်း အတံ။ ၃၊ဆေးထိုးရာ၌ အသုံးပြုသော မြွန်ခေါင်း ပါသော အဖျားချွန် သံမဏိချောင်း။ **ကြိ**–၁၊ မျက်နှာပြင် တစ်ခုနှင့်တစ်ခု ထိကပ်အောင် ပြုသည်။ ၂၊စောင့်ရှောက်ထိန်းသိမ်းရန် ပေးသည်၊ လွှဲသည်။ ၃၊ပစ္စည်းတစ်စုံတစ်ရာကို ပြင်ဆင်ပြုလုပ်ရန် ပေး သည်။ ၄၊သင့်လျော် လျောက်ပတ်သည်။ အပ်စပ် သည်။ **စည်း**–၁၊သင့်တင့်လျောက်ပတ် ကြောင်းပြ သော စကားလုံး။ "ပြော –သောစကား။" ၂၊ရိုသေ လေးစားခြင်းသဘောဖြင့် ကြိယာနောက်တွင် ဆက် သုံးသော စကားလုံး။ **–ကျမပ်ကျ၊ ကြိဝိ**– ဟိတ်ဟိ ကျကျ။ သေချာရေရာစွာ။ "သူ့အကြောင်း – သိ–။" **–ကြောင်းထပ်၊ကြိ**–[ဥပစာ]အကြောင်း၊အရေး၊

မာတိကာသို့ ▶▶▶

တစ်ခုတည်းကို ထပ်တလဲလဲပြောဆိုသည်။ **~ကွက်၊** န–စင်တုရင်ကစားရာတွင် အခြားအရုပ်များ ရွှေ့စရာ အကွက်မရှိ၊ မင်းကြီးလည်း အခွေမခံရဘဲ ရွှေ့၍ မရနိုင်တော့သော ကစားကွက် အခြေအနေ။ **~ချည်၊** န–အဝတ်အထည်ချုပ်ရန် ချည်မျှင်။ **~ချုပ်ခုံ၊** န–အပ်၊ အပ်ချည်လုံးစသည်ထည့်ရန် သေတ္တာငယ် ပါသော လက်ချုပ် ချုပ်ရာတွင် အသုံးပြုသည့် ခုံ။ **~ချုပ်စက်၊** န–အဝတ်အထည်ချုပ်ရသော စက်။ **~စောင်းထိုး၊** န–အပ်ကို ခပ်စောင်းစောင်းထိုးကာ ချုပ်ရသော အပ်ချုပ်နည်း။ **~ထောက်၊** န–လက်ချုပ် ချုပ်ရာတွင် အပ်မစူးမိစေရန် လက်ထိပ်၌ စွပ်ရသော ပစ္စည်း။ **~ပြန်ပေါက်၊** န–အထည်စ ချုပ်ရာတွင် နောက်သို့ တစ်ကြော့တစ်ကျော့ ပြန်၍ ယိုးကော် ချုပ်သော အပ်ချုပ်နည်း။

အိပ်၊ ကြိ–၁၊လဲလျောင်း၍ မျက်စိမှိတ်ရာတွင် အာရုံများ ကင်းပြတ်ခြင်းသို့ ရောက်သည်။ ၂၊လှုပ်ရှားမှုမရှိ ငြိမ်သက်သည်။ "ငွေ ~။ ကျွမ်း ~။" **~ချင်မူးတူး** /အိတ်ချင်မူးဒူး/ ကြိဝိ–အိပ်ချင်စိတ် မပြေမပြယ် ဖြစ်လျက်။ **~ငိုက်၊** ကြိ–အိပ်ချင်လွန်း၍ မကြာခဏ ဦးခေါင်းညွတ်ကျသည်။ **~တန်းတက်၊** ကြိ–ကြက်၊ ငှက်တို့ အိပ်နေကျ နေရာသို့ အိပ်ရန်တက်သည်။ **~ပျော်၊** ကြိ–နှစ်ခြိုက်စွာ အိပ်သည်။ အိပ်စက်သည်။ **~ဖန်စောင့်** /အိတ်ဖန်စောင့်/ န–မင်းမိဖုရားတို့ အိပ်စက်သည့်အခါ အလှည့်ကျစောင့်ရှောက် ပေးရသော မင်းမှုထမ်း။ **~မောကျ၊** ကြိ–နှစ်ခြိုက်စွာ အိပ်ပျော်နေသည်။ **~မက်** /အိတ်မက်၊ အိန်မက်/ န–အိပ်နေစဉ် စိတ်၌ ထင်ဟပ်လာသော အာရုံ။ **~မက်မက်** /~မက်/ ကြိ–အိပ်နေစဉ် စိတ်၌ အာရုံ ထင်ဟပ်သည်။ **~မွှေ့၊** န–၁၊ရေတက်ကောင်းစေနှင့် တူသော ဆေးဖက်ဝင် အသီးကလေးများ ရှိးတံတွင် စုပြုံသီးသည့် ပင်စောက်တစ်မျိုး။ ၂၊အခေါက် ဆေးဖက်ဝင် ချုံနွယ်ကြီးတစ်မျိုး။ **~မွေ့ချ၊** ကြိ–တစ်စုံတစ်ခုသော စွမ်းအားဖြင့် သူတစ်ပါး အိပ်ပျော်အောင် လုပ်သည်။ **~မှုန်စုံမွှား၊** ကြိဝိ–အိပ်ချင်စိတ်မပြေဘဲ ဝိုးတိုးဝါးတား ဖြစ်လျက်။ **~ရာ၊** န–အိပ်ရန်ပြုလုပ်ထားသော နေရာ၊ အခင်းပြင်။ **~ရာထ၊** ကြိ–အိပ်ရာမှ နိုးသည်။ /အိပ်ယာဒ/၊ အိပ်ယထ/ န–အိပ်ရာမှ နိုးသည့် နံနက်အချိန်။ **~ရာဝင်၊** ကြိ–အိပ်ရန် အိပ်ရာသို့ သွားသည်။ န–ညအိပ်ရာဝင်ချိန်။ **~ရေးပျက်၊** ကြိ–အိပ်ရေးမဝ ဖြစ်သည်။ **~ရေးဝ၊** ကြိ–ကျေနပ်လောက်အောင် အိပ်ပျော်ခဲ့သည်။

အုပ်၊ ကြိ–၁၊အပေါ်မှ ဖုံးလွှမ်းသည်။ ၂၊ကွပ်ကဲအုပ်ချုပ်သည်။ ထိန်းသိမ်းစောင့်ရှောက်သည်။ ၃၊ဟင်းအိုးချခါနီးတွင် နံ့နံ့စသည်ကို ထည့်သည်။ ၄၊ရင့်သော သစ်သီးကို မှည့်စေရန် တစ်ခုခုဖြင့် ဖုံးသည်။ ၅၊ဖုံးဖိလျှို့ဝှက်ထားသည်။ ၆၊[ဂန္ထ]ကာစ်ဖက်သားကို ထိခိုက်နစ်နာအောင် ပြုမူပြောဆိုသည်။ ဆော်သည်။ ၇၊[ဗန်း]အငမ်းမရစားသည်။ စည်း–၁၊မွှားအုပ်၊ စာအုပ်စသည်ကို ရေတွက်ရာ၌ သုံးသော စကားလုံး။ ၂၊ဂါထာမန္တန် ရွတ်ဖတ်သည့် အကြိမ်ကို ရေတွက်ရာ၌ သုံးသော စကားလုံး။ န–၁၊နှီးစသည်ဖြင့် လုပ်သော အဖုံးပါသည့် ထည့်စရာ တစ်မျိုး။ ၂၊တစုတရုံးတည်းရှိသော သက်ရှိ သက်မဲ့။ "ကျွဲ ~၊ သစ်ပင် ~။" **~ချုပ်၊** ကြိ–ကြီးမှူးကွပ်ကဲသည်။ **~စိုး၊** ကြိ–၁၊ကြီးမှူးသည်။ အုပ်ချုပ်သည်။ ၂၊လွှမ်းမိုး ခြယ်လှယ်သည်။ **~စု၊** န–အစုအဖွဲ့။ **~စိုး၊** ကြိ–အုပ်ချုပ်ကွပ်ကဲသည်။ **~စည်းမပျက်၊** ကြိဝိ–(တပ်စသည့် လူစုလူဝေးတို့) ဖရိုဖရဲတကွဲတပြား မဖြစ်ဘဲ။ **~ဆေး** န–မျှားနာသော ကလေးအား အငွေ့ပေး၍ ကုသရသော သွေယ်နာဆေး။ **~ဆောင်း၊** န–၁၊စားသောက်ဖွယ်တို့ကို ယင်စသည်မနားစေရန် အုပ်ထားရသည့် အဖုံးအကာ။ ၂၊မီးလုံး မီးအိမ် စသည်တွင် အလင်းရောင် ပြန့်မထွက်ရန် အုပ်ထားသော စလောင်း။ ၃၊[ဥပစာ]အကြီးအချုပ်။ ဘုရင်။ **~နိုင်၊** ကြိ–၁၊သစ်ပင်များ ယှက်သွယ်စွာ ဖုံးမိုးသည်။ ၂၊ဖုံးဖိလျှို့ဝှက်ထားသည်။ **~ထိန်း၊** ကြိ–ထိန်းသိမ်းစောင့်ရှောက်သည်။ **~ထွေ၊** ကြိဝိ–[ပေါ]တစုတဝေး။ များပြားစွာ။ **~ပေါင်း၊** န–ဦးခေါင်းကို ပဝါအုပ်၍ ပေါင်းသော ခေါင်းပေါင်းနည်း။ **~မိ၊** ကြိ–အလွတ်အကင်း၊ အပျံ့အနှံ့မရှိအောင် အချိန်မီ အုပ်ထိန်းနိုင်သည်။

ဥပ္ပာတ်ပုံ့ /အုတ်ပတ်ပုန့်/ ကြိ–တော်လည်းခြင်း၊ မိုးကြိုးလောင်မီးကျခြင်း၊ ဥက္ကာပျံခြင်း စသော အတိတ်နိမိတ်များ ဖြစ်ပေါ်သည်။ [ပါ၊ဥပ္ပာတ+မြန်၊ပုံ့]

အမ္ဗုတရသ /အတ်ဗုတာရာသာ/ န–အံ့ဩဖွယ်ရသ။ [ပါ၊အဗ္ဘုတ+ရသ]

အဗ္ဗန္တရသရက် /အဗ်ဗန်တရာသယက်/ န–[ကျမ်းဂန်] ဟိမဝန္တာ၌ရှိသော အလွန်ချိုမြိန်ထူးမြတ်သည့် သရက်။ [ပါ၊အဗ္ဘန္တရ+မြန်၊သရက်]

အမ္မုန့်၊ န–မိုးတိမ်မိုးသား။ [ပါ၊အမ္ဗုဓရ]

အမ်း[၁] ကြိ–၁၊ကျသင့်ငွေထက် ပွန်းပိုသော ငွေကို ပြန်ပေးသည်။ ၂၊အများပိုင်ပစ္စည်း တစ်စုံတစ်ရာကို တစ်ဦးတည်းပိုင်ဆိုင်လိုသူက သက်ဆိုင်သူများကို အတွက်ကျ တန်ဖိုးငွေ ပေးချေသည်။ ၃၊ကတိအတိုင်း မဖြစ်သောအခါ ယူထားသော အဖိုးအခကို ပြန်ပေးသည်။

အမ်း[၂] ကြိ–မမျှော်လင့်သော အဖြစ်နှင့် ကြုံသောအခါ

မာတိကာသို့ ▶▶▶

http://www.lknt11.com ...

ရုတ်တရက် တုံ့ဆိုင်းသည်။ အုံအားသင့်သည်။

အမ်းချ၊ကြိ–[ပေါ] အားထုတ်သည်။

အိမ်၊န–၁၊နေရန် ဆောက်လုပ်ထားသော အဆောက်အအုံ။ ၂၊တစ်စုံတစ်ခုတည်နေစရာ။ "မျက်လုံး ~။" ၃၊ဖဲကစားရာတွင် သတ်မှတ်ထားသည့် ဦးရေ။ ယင်းဦးရေတွင် ပါဝင်သူ။ **~ကြီးရခိုင်**/အိန်ကြီးယခိုင်/ န–ကြီးမားခိုင်ခံ့ယည်ဝါသော အိမ်။ **~ခြေ**/အိန်ချေ/ န–၁၊အခြေတကျဖြစ်သော အိမ်။ ၂၊ အိမ် အရေအတွက်။ **~ခြေရာခြေ**/–ယာချေ/န–အခြေတကျ နေထိုင်ရာအိမ်။ **~ခွဲ**၊ကြိ–အိမ်ထောင် ကျပြီးနောက် မိဘအိမ်တွင် မနေတော့ဘဲ တသီးတခြားနေသည်။ **~စာ**/အိန်စာ/န–အိမ်တွင် လေ့ကျက်ဖြေဆိုခဲ့ရန် ပေးလိုက်သော ကျောင်းသင်ခန်းစာ။ **~စောင့်အစိုးရ** /အိန်စောင့်အစိုးယာ/န–နိုင်ငံတော်၏ အုပ်ချုပ်ရေးကို ထိန်းသိမ်း စောင့်ရှောက်ပေးရန်အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ယာယီအစိုးရအဖွဲ့။ **~တော်ပါ** /အိန်ဒေါ်ဗာ/န–မင်းညီမင်းသားဘဝကတည်းက ခစားလာခဲ့သော လူယုံ။ **~တိုင်ရာရောက်**/အိမ်ဒိုင်ယာယောက်/ကြိဝိ–နေထိုင်သော အိမ်သို့ ရောက်သည်အထိ။ **~တစ်ဆောင်မီးတပြောင်**/အိန် တဆောင် မီးဒပျောင်/န–တသီးတခြားအိုးအိမ် ထူထောင်ခြင်း။ **~တွင်းနတ်** /အိန်ဒွင်းနတ်/ န–အိမ်တွင်း၌ အုန်းဆွဲ၍ ပူဇော်ကြသော မဟာဂီရိနတ်။ **~တွင်းပုန်း**/အိန်ဒွင်းပုန်း/န–ပြင်ပသို့ သွားလာခြင်းနည်းပြီး အိမ်တွင်း၌သာ နေလေ့ရှိသူ။ **~တွင်းမှု** /အိန်ဒွင်းမှု/န–အချက်အပြုတ် အချုပ်အလုပ်စသော အိမ်မှုကိစ္စ။ **~တွင်းရေး**/အိန်ဒွင်းယေး/ န–မိသားစုအတွင်း ဖြစ်ပွားသည့် အကြောင်းအရာအမှုကိစ္စ။ **~ထောင်**၊ကြိ–ထိမ်းမြားလက်ထပ်သည်။ /အိန်ဒေါင်/န–ဇနီး သို့မဟုတ် ခင်ပွန်း။ **~ထောင်ကျ** /–ကျာ့/ကြိ–ဇနီး သို့မဟုတ် ခင်ပွန်းရသည်။ အိမ်ထောင်သည် အဖြစ်သို့ ရောက်သည်။ **~ထောင်ကြီး** /–ကျီး/ န–ပထမအိမ်ထောင်။ **~ထောင်ကွဲ** /–ဂွဲ/န–မိသားစုနှင့် စီးပွားခွဲ၍ မိမိအိမ်ထောင်နှင့်မိမိ တသီးတခြား နေထိုင်သူ။ **~ထောင်ချ**/–ချာ့/ ကြိ–ယောကျ်ားပေးစားသည်။ မိန်းမပေးစားသည်။ **~ထောင်စု** /–ဇု/ န–စီးပွားမကွဲသော အတူနေမိသားစု။ **~ထောင်ပရိဘောဂ**/–ပရိဗောဂ/န–စားပွဲ၊ ကုလားထိုင်၊ ဗီရိုစသည့် အိမ်အသုံးအဆောင်ပစ္စည်း။ **~ထောင်ပျက်**/–ပျက်/ကြိ–အိမ်ထောင်ဖက်နှင့် ကွဲကွာသည်။ **~ပြု**/–ပျု/ကြိ–လက်ထပ်သည်။ အိမ်ရာထောင်သည်။ **~ထောင်ဖက်**/–ဗက်/ န– လက်ထပ် ထိမ်းမြားထားသော လင် သို့မဟုတ် မယား။ **~ထောင်ရက်သားကျ**/–ယက်သားကျာ့/ကြိ–လက်ထပ်ထိမ်းမြားပြီး အိမ်ထောင်သည် အဖြစ်သို့ ရောက်သည်။ **~ထောင်သားမွေး** /–သားမွေး/န–အိမ်ထောင်ပြုခြင်း။ **~ထောင်သက်** /–သက်/ န–လင်နှင့် မယားပေါင်းသင်း နေထိုင်ခဲ့သည့် ကာလအပိုင်းအခြား။ **~သည်**/–သယ်/ န–ဇနီးရှိသူ။ လင်ရှိသူ။ အိမ်ထောင်ရှိသူ။ **~ထောင်ဦး** /–အူး/န–အိမ်ထောင်ပြုပြီးစ အချိန်။ **~နီးချင်း** /အိန်နီးဂျင်း/န–မိမိအိမ်၏ အနီး ပတ်ဝန်းကျင် အိမ်များတွင် နေထိုင်သူများ။ အိမ်နီးနားချင်း။ **~နိမ့်** န–၁၊မင်းစည်းစိမ်မရမီဘဝ။ ၂၊မိဖုရားအဖြစ်မှ လျှော့ကျနေရသော ဘဝ။ **~ပုဆစ်တုပ်**/အိန် ပဆစ်တုတ်/န–ရှေ့နိမ့်နောက်မြင့် နစ်ဆင့် ဆောက်ထားသောအိမ်။ **~ပေါက်စေ့**/အိန်ပေါက်စေ့/ ကြိဝိ– အိမ်တိုင်းစေ့အနှံ့။ **~ဖော်**/အိန်ဖော်/န–သူတစ်ပါးအိမ်တွင် အိမ်မှုကိစ္စများကို လုပ်ကိုင်ပေးသူ။ **~ဖွဲ့**၊ ကြိ–၁၊ခြေ၊ ပျား၊ ပင့်ကူ စသည်တို့ အိမ်ပြုလုပ်သည်။ ၂၊နေ၊ လ ဝန်းကျင်၌ အရောင်ရစ်ပတ် စုဖွဲ့သည်။ **~မ**၊န–အိမ်တွင် အဓိကပင်မဖြစ်သော အဆောင်။ **~မြှောင်**၊န–၁၊အဆောက်အအုံများတွင် ကပ်မြှောင် နေတတ်ပြီး စုတ်ထိုးတတ်သည့် သတ္တဝါငယ် တစ်မျိုး။ ၂၊မြောက်အရပ်ကို အမြဲညွှန်ပြသည့် သံလိုက်အပ် ထည့်ထားသော ကိရိယာ။ **~ရာ**၊ န–၁၊အိမ်နေရာ မြေကွက်။ ၂၊အိမ်အဆောက်အအုံ။ ၃၊သူတစ်ပါး သားမယား။ **~ရာမှား**၊ကြိ–သူတစ်ပါး သားမယား ကို ပြစ်မှားကျူးလွန်သည်။ **~ရှေ့မိဖုရား**/အိမ် ယှေ့မိဗယား/ န–အိမ်ရှေ့မင်း၏ ကြင်ရာတော်။ **~ရှေ့မင်း**၊န–ဘုရင်၏ ထီးမွေနန်းမွေကို ဆက်ခံရန် လျာထားခံရသူ။ **~ရှင်မ**၊န–ဇနီးမယား။ **~သာ**/အိန်သာ/ န– ကျင်ကြီးကျင်ငယ် စွန့်ရာ အဆောက်အအုံ။ **~သား** /အိန်သား/န–၁၊အိမ်ထောင်စုတစ်ခုတွင် ပါဝင်သူ။ ၂၊ခင်ပွန်း။ လင်။ **~သူ**/အိန်သူ/န–ဇနီးမယား။ **~ဦးခန်း**/အိန်အူးဂန်း/န–အိမ်တွင် ဘုရားခန်းနှင့် ဆက်စပ်နေသောအခန်း။ **~ဦးနတ်**၊ န–၁၊မိဘ။ ၂၊လင်ယောကျ်ား။

အိမ့်၊ကြိ–ညင်သာစွာလျှပ်သည်။ **~တလိမ့်**/အိန့်ဒလိန့်/ န–မြေပြင်တွင် လိမ့်ကာလိမ့်ကာ ကျက်စားတတ်သည်ဆိုသော စုန်းတစ်မျိုး။ **~ရှင်**၊န–[ပေါ] အသံသာယာသော စည်ကြီး။

အိမ်း၊ စည်း– ဝန်ခံစကား။ **~အည်းမလုပ်**၊ ကြိဝိ– မည်သို့မျှ စကားမတုံ့ပြန်ဘဲ။

ဥမ္မတ္တက/အုန်မတ်တကာ/န–ရူးနှမ်းသူ။ [ပါ ဥမ္မတ္တက]

အုံ[၁]၊ကြိ–၁၊ဝိုင်းဝန်းစုပြုသည်။ စုဝေးသည်။ ၂၊အနာတွင် ဆေးစသည် စုပုံတင်သည်။ န–၁၊စုဝေးစီအောင်း

မာတိကာသို့ ▶▶▶

http://www.lknt11.com

နေထိုင်စရာ။ ၂၊တစ်စုံတစ်ရာ၏ ဖောင်းကြွ မို့မောက်နေသော အစိတ်အပိုင်း။ "ရင် ~။ နား ~။" ~ကြွ၊ ကြိ-စုပေါင်းလှုပ်ရှား ထကြွသည်။ ~မွှန်း၊ ကြိ- [ဥပစာ] မျိုသိပ်ချုပ်တည်းထားသမျှ ပွင့်ထွက်သည်။

ဉုံ ²/အုန်/န-ဂါထာမန္တန်၏ အစမျိုးစကားလုံး။ [သ၊ ဥုံ(အ+ဥ+မ)] ~ခံ၊ ကြိ-ဥုံဟူသော စကားလုံးကို ဂါထာမန္တန်အစတွင် ရွတ်ဆိုသည်။

ဉုံတုံ/အုန်ဒုန်/န-သက်ရင်းကြီးနှင့် အရွက်ချင်းဆင်သော ဆေးဖက်ဝင် ပင်လတ်တစ်မျိုး။

ဉုံ့၊ကြိ-မိုးတိမ် စသည်တို့ စုအုံသည်၊ ~ဆိုင်း၊ကြိ-ဆိုင်းနှင်း၊ မိုးတိမ်စသည်တို့ ပိတ်ပုံးကာ မှုန်မှိုင်းရှိနေသည်။ ~ပုန်း /အုန့်ဗုန်း/ န- အတွင်းကျိတ် ခံစားတတ်သူ။ ပွင့်ပွင့်လင်းလင်း မရှိသူ။

ဉုံး၊ကြိ-၁၊ခေါင်းကို တစ်စုံတစ်ခု အပေါ်တွင် မှီတင်သည်။ ၂၊တစ်စုံတစ်ခုကို မီးခဲပြာပူဖြင့် ဖုံးအုပ်သည်။ န-လိမ္မော်သည် သွတ်ထားသော ခေါင်းမှီတင်စရာ။ ~တား/အုန်းဒါး/န-ညောင်စောင်း၊ သလွန်တို့၏ ခေါင်းရင်းဘက်တွင် ခေါင်းအုံးကို တားဆီးသော အရာ။ ~လွဲ၊ကြိ-ခေါင်းအုံးရာ၌ အဆင်မသင့်သောကြောင့် ဇက်ကြောနာ၍ ခေါင်းမလှည့်နိုင် ဖြစ်သည်။

အယ်၊နဝိ-ပြည့်ဖောင်းသော။ ပြည့်လျှမ်းသော။

အယ်ဒီတာ၊န-စာတည်းဖြတ်သူ။ [လိပ်၊ editor]

အလ္လာပ သလ္လာပ/အန်လာပ သန်လာပ/န-အာလာပ သလ္လာပ စကား။ [ပါ၊အာလာပ သလ္လာပ]

အဿတိုရ်မြင်း/အသတိုမျင်း/န-၁၊မြင်းမျိုးကောင်း။ ၂၊မြင်းမနှင့် မြည်းဖိုသင့်မြတ်၍ ပေါက်ဖွားသောမြင်း။ [ပါ၊အဿတရ+မြန်၊မြင်း]

ဤသရမူလီ/အိတ်သရာမူလီ/န-စိမ်းပန့်ပန့် အရောင် အပွင့်ပွင့်သည့် ဆေးဖက်ဝင် နွယ်ပင်တစ်မျိုး။ [ပါ၊ဣဿရ+မူလီ]

ဤသာမစ္ဆရိယ/အိတ်သာမျစ်ဆရိယာ/န-မနာလို ဝန်တိုခြင်း။ [ပါ၊ဣဿာ+မစ္ဆရိယ]

ဥဿဖရား /အုတ်သဖယား/ န- စိန်နှင့်တူသော အမျက်ကျောက် တစ်မျိုး။ [သ၊ ပုဿရာဂ]

ဥဿာဟ /အုတ်သဟာ/ န-လုံ့လဝီရိယ။ [ပါ၊ ဥဿာဟ]

ဥဿုံ/အုတ်သုန်/နဝိ-[ပေါ]အားလုံး။ ဝပ်သိမ်း။ [မွန်၊ အိုတ်သို]

မာတိကာသို့ ▸▸▸

ချင့်ဝန်များ

(မြန်မာ)

၂ လမြူ	=	၁ လချက်	၂ ခွက်	=	၁ ပြည်
၂ လချက်	=	၁ လမယ်	၄ ပြည်	=	၁ စိတ်
၂ လမယ်	=	၁ စလယ်	၂ စိတ်	=	၁ ခွဲ
၂ စလယ်	=	၁ ခွက်	၂ ခွဲ	=	၁ တင်း

၁ တင်း = ၁၆ ပြည်

(တစ်နည်း)

(စပါး ၁ နှံလျှင် အစေ့ ၂၀၀ ရှိသည်။)

စပါးစေ့ ၂၀၀	=	၁ လက်ဆွန်း	၂ စရွတ်	=	၁ စိတ်
၂ လက်ဆွန်း	=	၁ လက်ဆုပ်	၂ စိတ်	=	၁ ခွဲ
၃ လက်ဆုပ်	=	၁ လက်ဖက်	၂ ခွဲ	=	၁ တင်း
၂ လက်ဖက်	=	၁ လက်ခုပ်	၄ တင်း	=	၁ တို
၂ လက်ခုပ်	=	၁ စလယ်	၄ တို	=	၁ ပုတ်
၂ စလယ်	=	၁ ခွက်	၄ ပုတ်	=	၁ ကတ်
၂ ခွက်	=	၁ ပြည်	၄ ကတ်	=	၁ ကြ
၂ ပြည်	=	၁ စရွတ်	၄ ကြ	=	၁ ကျီ

(အင်္ဂလိပ်)

၂ ပိုင့် = ၁ ကွတ်

၄ ကွတ် = ၁ ဂါလန်

(မက်ထရစ်စနစ်)

၁၀ မီလီလီတာ = ၁ စင်တီလီတာ

၁၀၀ စင်တီလီတာ = ၁ လီတာ

၁၀၀၀ လီတာ = ၁ ကီလိုလီတာ

ချိန်ဝန်များ

(မြန်မာ)			(အင်္ဂလိပ်)		
မုန်ညင်း ၇ လုံး	=	နှမ်း ၁ လုံး	၁၆ အောင်စ	=	၁ ပေါင်
နှမ်း ၄ လုံး	=	ဆန် ၁ လုံး	၁၄ ပေါင်	=	၁ စတုန်
ဆန် ၄ လုံး	=	ရွေး ၁ လုံး	၂ စတုန်	=	၁ ကွာတ
ရွေး ၄ လုံး	=	၁ ပဲ	၄ ကွာတ	=	၁ ဟန္ဒြိတ်
၂ ပဲ	=	၁ မူး	၂၀ ဟန္ဒြိတ်	=	၁ တန်
၂ မူး	=	၁ မတ်	(မက်ထရစ်စနစ်)		
၂ မတ်	=	၁ ငါးမူး			
၂ ငါးမူး	=	၁ ကျပ်	၁၀ မီလီဂရမ်	=	၁ စင်တီဂရမ်
၅ ကျပ်	=	၁ ဝိုလ်	၁၀၀ စင်တီဂရမ်	=	၁ ဂရမ်
၂၀ ဝိုလ်	=	၁ ပိဿာ	၁၀၀၀ ဂရမ်	=	၁ ကီလိုဂရမ်
၂၅ ပိဿာ	=	၁ ဆွဲ	၁၀၀၀ ကီလိုဂရမ်	=	၁ တန်

ချိန်ဝန်နှိုင်းယှဉ်ချက်များ

၁ ပေါင်	=	၀.၄၅၄	ကီလိုဂရမ်
၁ ပေါင်	=	၂၇.၇၇၇	ကျပ်သား
၁ ကီလိုဂရမ်	=	၂.၂၀၅	ပေါင်
၁ ကီလိုဂရမ်	=	၆၁.၂၃၉	ကျပ်သား
၁ မက်ထရစ်တန်	=	၂၂၀၅	ပေါင်
၁ တန် (တန်ရှည်)	=	၆၂၂	ပိဿာ
	=	၂၂၄၀	ပေါင်
၁ ပိဿာ	=	၃.၆	ပေါင်
၁ ပိဿာ	=	၁.၆၃၃	ကီလိုဂရမ်
၁ မက်ထရစ်တန်	=	၀.၉၈၄	တန်ရှည်
၁ တန်ရှည်	=	၁.၀၁၆	မက်ထရစ်တန်

မာတိကာသို့ ▶▶▶

အလျားအတိုင်းအတာများ

(မြန်မာ)

၁၀ ဆံခြည်	=	၁ နှမ်း
၆ နှမ်း	=	၁ မုယော
၄ မုယော	=	၁ လက်သစ်
၈ လက်သစ်	=	၁ မိုက်
၃ မိုက်	=	၁ တောင်
၇ တောင်	=	၁ တာ
၂၀ တာ	=	၁ ဥသဘ
၂၀ ဥသဘ	=	၁ ကောသ
၄ ကောသ	=	၁ ဂါဝုတ်
၄ ဂါဝုတ်	=	၁ ယူဇနာ

(အင်္ဂလိပ်)

၁၂ လက်မ	=	၁ ပေ
၃ ပေ	=	၁ ကိုက် (ယာဒ်)
၂၂ ကိုက်	=	၁ သံကြိုး
၁၀ သံကြိုး	=	၁ ဖာလုံ
၈ ဖာလုံ	=	၁ မိုင်

(မက်ထရစ်စနစ်)

၁၀ မီလီမီတာ	=	၁ စင်တီမီတာ
၁၀၀ စင်တီမီတာ	=	၁ မီတာ
၁၀၀၀ မီတာ	=	၁ ကီလိုမီတာ

အလျားအတိုင်းအတာ နှိုင်းယှဉ်ချက်များ

၁ မီတာ	=	၃၉.၃၇	လက်မ
၁ ကီလိုမီတာ	=	၀.၆၂၁	မိုင်
၁ လက်မ	=	၂.၅၄	စင်တီမီတာ
၁ ပေ	=	၀.၃၀၄	မီတာ
၁ ကိုက်	=	၀.၉၁၄	မီတာ
၁ မိုင်	=	၁၆၁၉.၃၅	မီတာ
၁ မိုင်	=	၁.၆၀၉	ကီလိုမီတာ

မြန်မာအချိန် အတိုင်းအတာ

မျက်စိ ၁၀ မှိတ်	=	၁ ခဏ
၁၀ ခဏ	=	၁ လယ
၁၀ လယ	=	၁ ခဏ (၁ မုဟုတ်)
၁၀ ခဏ	=	၁ ပြန်
၆ ပြန်	=	၁ ဗီဇနာ

၁၅ ဗီဇနာ	=	၁ ပါဒ်
၄ ပါဒ်	=	၁ နာရီ
၆၀ နာရီ	=	၁ ရက်
၃၀ ရက်	=	၁ လ
၁၂ လ	=	၁ နှစ်

မာတိကာသို့ ▶▶▶

http://www.lknt11.com

နံသင့်ဂဏန်း၊ နံသင့်အက္ခရာပြဇယားပုံ

နံသင့်နေ့	နံသင့်ဂဏန်း	နံသင့်အက္ခရာ
တနင်္ဂနွေ	၁	အ
တနင်္လာ	၂	က၊ ခ၊ ဂ၊ ဃ၊င
အင်္ဂါ	၃	စ၊ ဆ၊ ဇ၊ ဈ၊ ည
ဗုဒ္ဓဟူး	၄ (မွန်းလွဲသော် ရာဟုနံ= ၈)	ယ၊ ရ၊ လ၊ ဝ
ကြာသပတေး	၅	ပ၊ ဖ၊ ဗ၊ ဘ၊ မ
သောကြာ	၆	သ၊ ဟ
စနေ	၇/၀	ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ တ၊ ထ၊ ဒ၊ ဓ၊ န

ဂြိုဟ်၊ ဂြိုဟ်ရုပ်နှင့် ဂြိုဟ်သက်ပြဇယားပုံ

ဂြိုဟ်အမည်	ဂြိုဟ်ရုပ်	ဂြိုဟ်သက်
တနင်္ဂနွေ	ဂဠုန်	၆
တနင်္လာ	ကျား	၁၅
အင်္ဂါ	ခြင်္သေ့	၈
ဗုဒ္ဓဟူး	ဆင်	၁၇
ကြာသပတေး	ကြွက်	၁၉
သောကြာ	ပူး	၂၁
စနေ	နဂါး	၁၀
ရာဟု	ဟိုင်းဆင်	၁၂

မာတိကာသို့ ▶▶▶

ဆယ့်နှစ်ရာသီအရပ်၊ ပွဲ၊ ပန်း၊ နက္ခတ်ပြဇယား

လအမည်	ရာသီ	ရာသီရုပ်	ရာသီပွဲ	ရာသီပန်း	စန်းယှဉ်နက္ခတ်
တန်ခူး	မိဿ	ဆိတ်ကုလား(သိုး)	သင်္ကြန်ပွဲ	ကံ့ကော်	စိတြ
ကဆုန်	ပြိဿ	နွားလား	ညောင်ရေသွန်းပွဲ	စံကား	ဝိသာခါ
နယုန်	မေထုန်	မိန်းမ–ယောကျ်ား	စာပြန်ပွဲ	စံပယ်	ဇေဋ္ဌ
ဝါဆို	ကရကဋ်	ပုစွန်လုံး	ပဉ္စင်းခံပွဲ	မုလေး၊ မုန်ညက်	အာသဠှိ
ဝါခေါင်	သိဟ်	ခြင်္သေ့	စာရေးတံပွဲ	ခတ္တာ	သရဝဏ်
တော်သလင်း	ကန်	လှေစီးသတို့သမီး	ရေသဘင်ပွဲ	ရင်းမာ	ဘဒြပိုဒ်
သီတင်းကျွတ်	တူ	ချိန်ခွင်ကိုင်ယောကျ်ား	မီးမြင်းမိုရ်ပွဲ	ကြာ	အာသဝဏီ
တန်ဆောင်မုန်း	ဗြိစ္ဆာ	ကင်းမြီးကောက်	ကထိန်ပွဲ	ခဝဲ	ကြတ္တိကာ
နတ်တော်	ဓနု	လေးစွဲယောကျ်ား	မဟာပိန္နဲနတ်ပွဲ	သဇင်	မိဂသီ
ပြာသို	မကာရ	မကန်း	မြင်းခင်းပွဲ	မှော်ညီ	ဖုဿ
တပို့တွဲ	ကုံ	အိုးထမ်းယောကျ်ား	မီးဖုန်းပွဲ	ပေါက်၊ လဲ	မာဃ
တပေါင်း	မိန်	ငါးကြင်းမွှတ်	သဲပုံစေတီပွဲ	သရဖီ	ဖလဂုနီ

http://www.lknt11.com
မှတ်စုကားညိ

http://www.lknt11.com

ရှေးဟောင်း ပေစာ၊ ပုရပိုက်တို့တွင် တွေ့ရှိရသော ကျပ်၊ မူး၊ မတ်၊ ပဲ စသည်၏ အတိုကောက် သင်္ကေတအချို့

ခွ = တစ်ရွေး
ဒ် = တစ်ကျပ်၊ တစ်စိတ်၊ တစ်မိုက်
ဒွာ = တစ်ထွာ
ဒဲ = တစ်ပဲ၊ တစ်စလယ်၊ တစ်ပယ်
ဉ = တစ်မူး
ဒံ = တစ်လက်သစ်၊ တစ်မတ်
ဂျက် = တစ်လမျက်
ဘယ် = တစ်လမယ်
ဒွက် = တစ်ခွက်
ဒ် = တစ်ပြည်
ဒွဲ = တစ်ခွဲ
ဒ် = တစ်တင်း၊ တစ်တောင်း
( ) ဗိ = ( ) ဆယ်သား
ဒ၊ (ဒါ) = တစ်ပိဿာ
ဒါး = တစ်ပြား၊ တစ်ပါး
ဒ်ါ = တစ်အင်္ဂါ

ကျပ် = ဗ
ခွဲ = ဒွဲ
ခွက် = ဒွက်
စလယ် = ဒဲ
စိတ် = ဒ်
( ) ဆယ်သား = ( ) ဗိ
တင်း = ဒ်
တောင်း = ဒ်
ထွာ = ဒွာ
ပါး = ဒါး
ပဲ = ဒဲ
ပယ် = ဒဲ
ပိဿာ = ဒ၊ (ဒါ)
ပြား = ဒါး
ပြည် = ဒ်
မူး = ဉ
မိုက် = ဒ်
မုတ် = ဒံ
ရွေး = ခွ
လမယ် = ဘယ်
လမျက် = ဂျက်
လက်သစ် = ဒံ
အင်္ဂါ = ဒ်ါ

http://www.lknt11.com

ဆယ့်နှစ်ရာသီအရုပ်၊ ပွဲ၊ ပန်း၊ နက္ခတ်ပြဇယား

လအမည်	ရာသီ	ရာသီရုပ်	ရာသီပွဲ	ရာသီပန်း	စန်းယှဉ်နက္ခတ်
တန်ခူး	မိဿ	ဆိတ်ကုလား(သိုး)	သင်္ကြန်ပွဲ	ကံ့ကော်	အဿဝဏီ
ကဆုန်	ပြိဿ	နွားလား	ညောင်ရေသွန်းပွဲ	စံကား	ဝိသာခါ
နယုန်	မေထုန်	မိန်းမ–ယောကျ်ား	စာပြန်ပွဲ	စံပယ်	ဇေဋ္ဌ
ဝါဆို	ကရကဋ်	ပုဇွန်လုံး	ပဉ္စင်းခံပွဲ	မုလေး၊ ပုန်းညက်	အာသဠ်
ဝါခေါင်	သိဟ်	ခြင်္သေ့	စာရေးတံပွဲ	ခတ္တာ	သရဝဏ်
တော်သလင်း	ကန်	လှေစီးသတို့သမီး	ရေသဘင်ပွဲ	ရင်းမာ	ဘဒြပိုဒ်
သီတင်းကျွတ်	တူ	ချိန်ခွင်ကိုင်ယောကျ်ား	မီးမြင်းမိုရ်ပွဲ	ကြာ	အာသဝဏီ
တန်ဆောင်မုန်း	ဗြိစ္ဆာ	ကင်းမြီးကောက်	ကထိန်ပွဲ	ခဝဲ	ကြတ္တိကာ
နတ်တော်	ဓနု	လေးစွဲယောကျ်ား	မဟာဂီရိနတ်ပွဲ	သခင်	မိဂသီ
ပြာသို	မကာရ	မကန်း	မြင်းခင်းပွဲ	နှင်းဆီ	ဖုဿျှ
တပို့တွဲ	ကုံ	အိုးထမ်းယောကျ်ား	မီးဖုန်းပွဲ	ပေါက်၊ လဲ	မာဃ
တပေါင်း	မိန်	ငါးကြင်းပွတ်	သဲပုံစေတီပွဲ	သရဖီ	ဖလဂုနီ